www.burmeseclassic.com

အခန်း(၁)

နောင်ဒိုင်းဟု နှစ်ချက်ဆင့်နက်လိုက်သော ပဟိုရ် စည်တော်သံကြီးမှာ ရတနာပုံ နေပြည်တော်ကြီး တစ်ခုလုံး တုန်ဟီးလျက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံစေရန်၊ အသံသြဇာဖြင့် ဖြန့်ချီ ပေးဝေဘိသကဲ့သို့ ရှိလေ၏။

အချိန်ကား လင်းအားကြီးပြီဖြစ်၍ နေမင်း၏ ရှေ့တော်ပြေးဖြစ်သော ရောင်နီတန်း မှာ အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးပေါ်မှ ပေါ်လွင်ထင်ရှား၊ အလင်းအားကို ဆောင်စေတော့၏။

ရတနာပုံ ရွှေမြို့တော်ကြီးမှာ ကြည်လင် ငြိမ်သက်ကြာမျိုး ငါးပါးနှင့် ပြည့်နက်သည့် ကျုံးတော်ကြီး လေးဘက် အလယ်တွင် မြင့်မတ်သော မြို့ရိုးနှင့်ပြအိုး ပစ္စင်တို့ ဒုပိကာထိပ်ဖျားမှ တချွင်ချွင်ပြည်သော ဆည်းလည်းသံ ကလေးများဖြင့် သာယာကြည်နူးဖွယ်ဖြစ်နေစဉ်၊ မင်းတုန်းမင်းဘုရင် မင်းတရားကြီးဘုရား၏ အမိန့်တော် မြတ်အရ၊ ပြအိုးတစ်တစ်ခုလျှင် ဂတ်ဖြူစင်ကြယ် ကြေးစည်ငယ် စိတ်ပုတီးတို့ ဖြင့် ပရိတ်ကြီးကအစ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ် ပဋ္ဌာန်းပါဠိတော်များကို ဘုရားရှိခိုးအပြီးက လင်းအားကြီးအထိ ရွတ်ဆိုရသော ရိက္ခာတော်စား လူသူတော်များမှာ နေရောင် နေရောင်ခြည် လာသည်နှင့် တစ်ပြိုင်တည်း အသီးသီး ပြအိုးထိပ်တို့မှ ကြေးစည်သံအချက်ပေးကာ ဥပဒေတယံ အစရှိသော မောရသုတ် ပရိတ်တော် ကြီးကို သံပြိုင်ညီညာ၊ ရွတ်ဆို ကာဖြင့်၊ အာရုဏ်တက် အချိန်၏ သာယာခြင်းကို ဆောင်လျက် ရှိလေသည်။

များမကြာမီ သူရိယာဖလ်နေဝန်းသည် အရှေ့ဥဒည်းစွန်းမှ ပေါ်ထွန်းပြူထွက်၍ ကြက်ပုံ မကျစည်ကား လှသော ရွှေမြို့တော်ကြီး တစ်ခုလုံးမှာလည်း၊ ဆူညံ လှုပ်ရှား လျက် အသက်ဝင်၍ လာဘိသကဲ့သို့ရှိကာ၊ မြို့တွင်း, မြို့ပြင်များတွင် ဂါဂါထိန်ထိန်၊ သာမက ရဟန်းတို့၏ သင်္ကန်းရောင်ရှိန်သည်၊ နိစ္စဘတ်၊ ဂိဏ္ဍပါတ် ဆွမ်းလောင်း သော အိမ်တိုင်းစေ့ ရှေ့မျက်နှာစာတွင်၊ ရှုပ်ရှက်ခတ်သွားလာ ကူးသန်းလျက် ရှိခြင်းဖြင့် သာသနာတော်၏ အရောင်အဝါသည် အရှေ့လောကဓာတ်မှ တက်သစ်စ နေဝန်းနှင့် အပြိုင်အဆိုင်၊ အနိုင်လု လျက်ရှိကြောင်း ထင်ရှားလေတော့သတည်း။

www.burmeseclassic.com

ထိုအချိန်တွင် ခြောက်စထောင်၊ ရွှေပိန်းချ စာဥရောင် နွားလား ဥသဘတစ်စုံက သော လှည်းယာဉ် တစ်စီးမှာ၊ တံခါးနီ အပြင်လမ်းမှ ရွှေနန်းတော်ကြီးကို ပမ်း၍၊ နန်းဦးမှန်စီ ကျောင်းတော်ရှိရာသို့ ရှေ့ရှုမောင်းနှင် လာသည်ကို တွေ့မြင်နိုင်ပြီး လှည်းပေါ်တွင် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါး အသားဖြူဖြူ အထက်တန်းကျသော နန်းတော်သူ တစ်ပါးသည် နှစ်ပတ်ရစ်ထိပ်ဆံချ ဆံထုံးနှင့် ပုလဲစစ်တစ်ကုံးကို ဆွဲကာ ပုသိမ်ပါစမွယ် ကြဲကို လောဘက်တင် ဒေဂီခြုံခြုံ လျက် စစ်ကိုင်းချိပ်ကြိုး ထဘီကိုဝတ်ခါ၊ ငြိမ်သက်တည်ကြည်စွာ လိုက်ပါလာပြီးလျှင် လှည့်းရှေ့ပိုင်းတွင် ဆွမ်းအုပ်တစ်ခုကို တင်လျက် လှည်းနောက်ပြီးတွင် နောက်လိုက် အပျိုတော်ငယ်နှစ်ဦး ဒူးပုဆစ်တုပ် ရှိသေစွာထိုင်လျက်ပါရှိ၍ လှည်းအောက်တွင် ခြေကျင်ခရီးဖြင့် ရွှေထီးတစ်လက်မိုး၍လည်း လူငယ်တစ်ယောက်က လိုက်လာခြင်း အားဖြင့်လည်း၊ မင်းမိဖုရား တစ်ပါးဖြစ်သည်ကို သိသာနိုင်လေ၏။

ထို့နောက်အဆိုပါ လှည်းယာဉ်သည် နန်းဦးစံကျောင်းအနီးတွင် ရပ်လျက် အပျိုတော်ငယ်တို့က ဆွမ်းအုပ်ကိုပိုက်ခါ သခင်မနောက်ပါးမှ ကျောင်းပေါ် ရောက်လိုက်ပါ သွားကြလျှင် စံကျောင်း ဆရာတော် ဘုရားကား နန်းတော်တွင်းသို့ ကြွသွားတော်မူခိုက် ဖြစ်၍ ကျောင်းပေါ်ရှိ ကပ္ပိယနှင့် ကျောင်းသား တစ်စုတို့လည်း "လောင်းရှည် မိဖုရား ထွက်တော်မူလာတယ်၊ ဆရာတော်ဘုရားလဲ မရှိဘူး"ဟု အချင်းချင်း တီးတိုးပြောလျက် ဖျာသင်ဖြူးတို့ကို ထွက်၍ခင်းသူကခင်း၊ ကျောင်းတွင်း သို့ ဝင်ပြီး ရှင်သာမဏေ ဖြစ်သော သားတော်သီပေါမင်းသားကို မယ်တော် ကြွလာကြောင်း သံတော်ဦးတင်သူကတင်သဖြင့် မိခင် လောင်းရှည် မြို့စား မိဖုရားနှင့် သားတော် ရှင်သာမဏေ သီပေါမင်းသားတို့ ကျောင်းရှေ့ဆောင်တွင် တွေ့ဆုံ တော်မူကြလေ၏။

မယ်တော်မှာ သားတော်အနည်းငယ် ပိန်ချုံးနေသည်ကိုကြည့်၍ မျက်နှာတော်ပျက် လျက်၊ သားတော် ကလည်း အခြွေအရံအနည်းငယ်နှင့် ညှိုးညှိုးငယ်ငယ် ထွက်တော်မူလာသော မယ်တော်ကိုကြည့်ကာ၊ မျက်နှာတော် မသာမယာရှိလေ၏။ သား၊ မယ်တော်နှစ်ပါး လုံးပင် တစ်ဦး၏အတွင်းစိတ်ကို တစ်ဦးက အတတ်သိဘိ အလား၊ သက်ပြင်းများ တစ်ချက်စီ ချလိုက်ကာ

"မောင်ရင်လည်း အင်မတန် အညှောင်းမခံတော်မူနဲ့ ကြရိယာပုတ် မမျှတော့လည်း ဝေဒနာရတော်မူဦးမယ် အခုတောင် မျက်နှာနည်းနည်းချောင်နေပြီ"

"သားတော်အတွက် စိုးရိမ်တော်မမူပါနှင့် မယ်မယ်ဖျား။ အခြွေအရံအနည်းအပါးနှင့် ထွက်တော် မူလာတာ လည်း သားတော် စိတ်မကောင်းပါ၊ အစစအရာရာ သားတော်မောင် အတွက် စိတ်ချတော်မူပါ၊ ဆရာတော် ဘုရားကလည်း နောင်တော်သာမဏေများနှင့်အတူ များစွာ အရေးယူတော်မူပါတယ်"

"ဩော်... မယ်မယ်ထွက်တော်မူလာတာ၊ သိမ်သိမ်ငယ်ငယ်ရှိတယ်ထင်တော်မူ လို့လား၊ လောကဓံတရား အရှိသားပဲမောင်ရင်။ ယသော၊ အယသောတဲ့ အခြွေအရံနည်း သည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မယ်မယ် ဘုရားမှာ မိဖုရား၊ မိဖုရားပါပဲ၊ ရွှေနန်းရှင် ဘုရားမှာလည်း မြှောက်စားရမယ့် သူတွေကများတော့ ပညာရှိ သတိ ဖြစ်ခဲဆိုသလို မေ့တော်မူတဲ့ အလှည့်လဲ ရှိဦးမပေါ့၊ ဒါနှင့်ခု

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ်များ ထွက်တော်မူ လာတဲ့ အကြောင်း ကတော့ မောင့်ရင့်ကို တွေ့မြင်ချင်တာတစ်ကြောင်း၊ မယ်မယ်ကိုယ်တိုင်လုပ်တဲ့ ခနေထုပ် ခန့်ပွင့်နှင့် ဂုက်သားကြာလိပ်ကြော်ကလေးကို ဆရာတော်ဘုရားလည်း ဘုန်းပေးဖို့ ကပ်ချင် မောင်ရင်ကိုလဲ ကျွေးချင်တာတစ်ကြောင်း၊ တခြား သတင်းကောင်းကလေးတစ်ခု ကို မောင်ရင်သိအောင် ပြောချင်တာ လည်း တစ်ကြောင်းကြောင့် မယ်မယ်ကိုယ်တိုင် ထွက်တော်မူခဲ့တယ်။"

"ဘယ်လိုသတင်းကောင်းများ မိန့်တော်မူပါရန် ပါပါသလဲ မယ်မယ်ဖျား"

"မောင်ရင်၊ ရှေ့လာမဲ့ နယုန်လ စာပြန်ပွဲမှာ၊ ဂင်န္တဖြေဆိုတော် မူမယ်ဆိုလို့၊ မောင့်ခမည်းတော် ဘုရားက အင်မတန်မှ အားရတော်မူနေတယ်။ ငါ့သားတော်ဟာ ဘုန်းကံပါရမီရင့်သန်တဲ့ သားတော် ဖြစ်တဲ့အတွက် သာမဏေပြု၍ တစ်နှစ်မျှအကြာမှာ ယခုလိုပထမပြန်ဂင်န္တနိုင်ပေတယ်လို့ ဘုန်းတော်ကြီး လှသော ဘုရားကိုယ်တော်တိုင် ညီလာခံမှာ မိန့်တော်မူတဲ့အပြင် ငါ၏သားတော်ကို ဘုန်းကံပါရမီနှင့် ပြည့်စုံသော သားမြတ်ရတနာဖြစ်ကြောင်း ထင်ရှားအောင် ရဟန်းရှင်လူ ပြည်သူတို့ရှေ့၊ သုဓမ္မာဇရပ် တော်မှာ ပထမပြန်ဆိုစေရမယ်လို့ အမိန့်တော်ရှိတယ်၊

အဲ...ဒီအခါမှာ မောင်ရင့်ကို ခေတ္တ လူဂတ် လဲလှယ်ပြီး အခမ်းအနား ကြီးကျယ်စွာ စီစဉ်ခင်းကျင်း ချီးမြှင့်တော်မူလိမ့်မယ်တဲ့၊ မယ်မယ်ဖြင့် မောင်ရင့် အတွက် နှစ်သက်ဂမ်းမြောက်တော်မူမိတယ်၊ မောင့်ခမည်းတော်ဟာ သာသနာတော်ရေးနှင့် စပ်ဆိုင် သမျှမှာ များစွာလိုလားနှစ်သက်တော်မူတဲ့ စိတ်တော်ရင်း ရှိတော်မူရာမှာ သားတော်တစ်ပါးက ထွန်းထွန်း ကားကား ယခုလိုပထမပြန်ဆိုတော်မူနိုင် တဲ့အတွက် တစ်မျိုးအားတက်ပြီး နှစ်သက် ဂမ်းမြောက် တော်မူလို့ မဆုံးနိုင်အောင် ဖြစ်တော်မူနေတယ်၊ သားတော်ကြီးတွေ အသီးသီးချီးမြှင့် မြောက်စားတော်မူထားတဲ့အနက် က မြင်ကွန်းစားတို့ညီအစ်ကို ဖောက်ပြန် ပစ်မှား သွားကြတဲ့အတွက် ကျန်တဲ့သားတော်ကြီး များကို စိတ်လက်ချတော်မူ၊ မည်သူကိုမှ ထူးထူးချွန်ချွန် မမြောက်စားဘဲနေခဲ့တော့ မောင့်ရင်မှာလည်း သက်တော်တစ်ဆယ့်ခြောက်နှစ်မျှ ရှိသေးတဲ့အတွက် အထက်နောင် တော်ကြီးများလို ရုတ်တရက် မမြောက်မစား 'ပိုနေမြဲ ကျားနေမြဲ' ဆိုသလို အမှတ်မထင် ထားတော်မူခဲ့ရာမှ ယခုတော့မောင်ရင့် ဘုန်းပါရမီ က နီးကြားထကြွ၊ ဘုရားရှင်စိတ်တော် အကြိုက်နှင့်အလိုက်သင့်တွေ့ရတဲ့အတွက် ရှေ့အဖို့ မယ်မယ့် သားတော်မှာ မျက်နှာတော် ပွင့်လန်း၊ ဘုန်းပန်းညွန့်တလူလူနှင့် ခမည်းတော်ဘုရား၏ ကြည်ဖြူမြောက်စားခြင်းခံရချိန် ရောက်လာပြီ၊ ကြိုးစားတော်မူရင် မယ်မယ့်သား တစ်နေ့မှာ မုချ ထွန်းကား ရမယ်၊ ယခုလည်း ဘုန်းစွမ်းနဲ့ လူစ ပြဖို့အချိန်အခါ နီးလာပြီ မောင်ရင်၊ မယ်မယ်ဘုရား ဒီအကြောင်းတွေ မိန့်တော်မူချင်လွန်းလို့၊ ကိုယ်တော်တိုင် ထွက်တော်မူလာတာကလား"

"ခမည်းတော်ဘုရားက မြောက်စားတော်မူမယ်ဆိုတဲ့သတင်းကို ကြားရတဲ့အတွက် နှစ်သက် ဂမ်းမြောက် လှပါတယ်၊ သားတော်လည်းသာသနာ့ဘောင်မှာ စိတ်ပါလက်ပါ ပျော်မွေ့စွာ နေနိုင်တဲ့အတွက် ရုတ်တရက် လူဂတ်လဲရမှာကိုပင် ခပ်ခက်ခက်ဖြစ်နေပါတယ် ခမည်းတော်ဘုရားမှာ သားတော်ကြီး တွေကလည်း အများအပြား၊ ခြားနားတဲ့ တူတော်များ ကလဲ တစ်ဖုံမို့၊ ရွှေဘုံရွှေနန်းပေါ်

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ယူမြှောက်စား စေဦး၊ တစ်သက်လုံးစိတ်အေးရမယ် လို့မထင်ပါ၊ ယခုလိုအေးမြသာယာတဲ့ သာသနာတော် အရိပ်အောက် မှာဆိုတော့ အနှောင့်အယှက်မရှိလို့ တစ်သက်နဲ့တစ်ကိုယ်၊ ခိုဝင်တော့မယ်လို့ပင် ရည်ရွယ်မိပါတော့ တယ်"

"မင်းညီမင်းသားတန်မဲ့ မဟန်တဲ့အတွေးမျိုးကို မတွေးပါလေနဲ့မောင်ရင်၊ မောင်နေ ချင်ပေမဲ့ ခမည်းတော်ဘုရားကလည်း တစ်သက်လုံး ရဟန်းဘောင်မှာ ထားချင်မှထား တော်မူမှာပါ"

"သာသနာပြု မင်းတစ်ပါးပဲ မယ်မယ်၊ သီရိဓမ္မသောကမင်းကြီးက သားတော်မဟိန္ဒ နှင့် သမီးတော်သင်္ဃမိတ္တာတို့တောင် ရဟန်းဘောင်ခွင့်ပြုတော်မူပါသေးတယ်" သားတော် ကလျှောက် လျှင် မယ်တော်လောင်းရှည်ဘုရားလည်း ငယ်စဉ်ကပင် နားအေးအေးနေတတ် သော သားတော် သီပေါမင်းအား အကြောင်းကို သိတော်မူသဖြင့် နောက်ဆုံး၌ သားတော် အလိုသို့လိုက်ခါ-

"ကိုင်းလေ... မောင်ရင်စိတ်ချမ်းသာသလို နေပေတော့၊ သို့သော်မယ်မယ် တစ်ခု သတိပေးချင်တာက တကယ်လို့ မောင်ရင့်ခမည်းတော်က ချီးမြှင့်တော်မူတဲ့ အရာမှန်လျှင် ဘာမှ မငြင်းဆန် နဲ့နော်၊ မယ်မယ်က မောင်ရင်ကောင်းစား စေချင်လွန်းလို့ မိန့်တော်မူတာ၊ မတော်တဆ အမိန့်တော်ကို ဖီဆန်လိုက်ရင် သူလည်းအာဂသား ပါကလားလို့ အထင်မှား တော်မူသွားမယ်၊ ဘုန်းတော်ကြီး လှသော ဘုရားမှာသားတော်ကြီးတွေ သားတော်ငယ် တွေအမြောက်အမြားမို့ ဘယ်သား မိုက်တယ်၊ ဘယ်သားလိမ္မာတယ်ဆိုတာ ရွှေကဲ ကျောက်ကဲခတ်သလို အကဲခတ် နေတော်မူတုန်း ရှိသေး တယ်"

မိန့်တော်မူနေစဉ် ဆရာတော်ဘုရား ကြွတော်မူလာသဖြင့် ဂတ်ပြုကန်တော့ နေလေသတည်း။

အခန်း(၂)

ဇေဂဇယံ ပြဿာဒ်ကဲ့သို့ မတ်မတ်မားမား ကြွားကြွားစွင့်စွင့် ဂင့်ဂင့်မောက်မောက်, ရွှေသားရောင် တပြောင်ပြောင် တောက်ပသော သီဟာသန နန်းမ အဆောင်တော်ကြီး ၏ အနောက်ပိုင်း တစ်စိတ်တစ်ဒေသ ဖြစ်သော အလယ်နန်းတော် မိဖုရား အဆောင် တော်တွင်၊ မင်းတုန်းမင်း တရားကြီး၏ အလယ် နန်းမတော်မိဖုရား သည်၊ ရံရွေတော် များနှင့် စံနေတော်မူ စဉ်၊ ကြိုးကြီးချိတ် ပုဆိုးကို ဂတ်ခါ လက်ယာဘက်ကို တွဲတွဲအိအိ ကျနေစေသော ရောင်တွဲကြီးဖြင့် လက်ထဲတွင် ကြိမ်ငယ်တစ်ချောင်း ကိုကိုင်ကာ ကတိုက်ကရိုက် ဂင်လာသော ဆယ်လေးငါးနှစ်ရွယ် မင်းသားငယ် တစ်ပါးကို ရုတ်တရက် တွေ့မြင်ရလျှင် သလွန်ပေါ်တွင် လဲလျောင်း နေတော်မူသော အလယ် နန်းမတော် ဖုရားမှာ ရုတ်တရက် ရင်ကိုမပြီး "အလိုလေး သမီးတော်ပါလား၊ မောကြီး ပန်းကြီးနဲ့ ဘာများဖြစ်လာသလဲ ဘယ်သူမှ မပါပါကလား"ဟု မိန့်တော်မူလျှင် အပျိုတော် များမှာလည်း ရင်တီးလက်သပ် ဖြင့်- "အလို...အရှင် ထိပ်စုမြတ် ဖုရားလတ် တစ်ပါး တည်း ထွက်တော်မူ လာပါလား၊ ကြွတော်မူပါဘုရား"လို့ ခရီးဦးကြို ပြုကြ သည်ကိုပင် မကြား။

www.burmeseclassic.com

www.burmeseclassic.com

အရှင် ထိပ်စုမြတ်ဖုရားလတ်သည် လက်တွင်း ကြိမ်ငယ်ကို ကိုင်ရင်း - "မေမေဖျား ကြောင်ကလေး ဟာ နည်းနည်းမှ မကောင်းပါဘူး စုစုမွေးထားတဲ့ ရွှေခဲကလေးကို ခုတ်သတ်သွားတယ်ဘုရာ၊ စုစုစိတ်ခဆိုးလွန်းလို့ ကြိမ်နဲ့ လိုက်ရိုက်တာ မမီဘူး" "မေမေဖျား အဆောင်တော် အောက် ဂင်သွားတယ်၊ ဖမ်းခိုင်း ပေးတော်မူပါ၊ စုစု ဒီကြောင်ကို ရာဇဂတ် အပြစ်ဒဏ်ပေးရမှ ကျေနပ်တော်မူမယ်၊ စုစုအင်မတန်ချစ်တဲ့ ကြက်တူရွေး ကို ကိုက်သတ်တာ သင့်ကိုမကျေဘူး မေဖျား"ဟု စိတ်လိုက်မာန်ပါ ပြောလေရာ မယ်တော်ကပြုံးပြီး-"ထိုင်ပါဦး စုလတ်ရယ်၊ တယ်လည်းစိတ်မြန်တော် မူတာကိုး"ဟု ပြောကာ သမီးတော်၏ ပုခုံးကို ကိုင်၍ အထိုင်ခိုင်း သဖြင့် စိတ်မကျေ သေးသော မျက်နှာဖြင့်ပင် ထိုင်ခါ "ဘယ်မှာလဲ မေဖျား၊ မြန်မြန် ဖမ်းခိုင်းတော်မူပါ။။

ဟဲ့ကောင်မတွေ သွားဖမ်းလေ"ဟု တစ်ချက်ငေါက်လိုက်သဖြင့် အချို့ လက်ပါးစေတို့ ကြောက်ကြောက် ရွံ့ရွံ့နှင့် နောက်ဆုတ် ထွက်သွားကြလေ၏။ မယ်တော်မိဖုရားလည်း သမီးတော် ကိုကြည့်၍ ပြုံးတော်မူပြီး။

"နေစမ်းပါဦး စုလတ်ရဲ့၊ ဒီကြောင်ကို မိရင် ဘယ်လိုများ စီရင်တော် မူမလို့လဲ"ဟု မေးတော်မူလျှင်- "အို... စုစုကြက်တူရွေးကို ကိုက်သတ်တဲ့ ကြောင်ပဲ ရင်ခွဲ အသည်း နေလှန်းမှာပါ မေမေဖျား"ဟု ဒေါသအရှိန် မပြေသေး သဖြင့် စိတ်ရှိ သလောက် တင်လျှောက် လိုက်လျှင် မယ်တော်တွင် ရင်ဘက်လက်တီးနှင့် - "အလိုလေး... မြတ်စွာဘုရား၊ တယ်လို့ စိတ်တော်မူလိုက် ပါကလား စုထားရယ်၊ မင်းသမီးဆိုပြီး ဒီလို စိတ်ကြမ်းတော်မူလို့ ဖြစ်နိုင်ပါ့မလား၊ အခြား ညီမတော်တွေ၊ အစ်မတော် တွေဟာ ထီးသွေး နန်းသွေးပီပီ ယဉ်ကျေး သိမ်မွေ့ ကြတယ် မဟုတ်လား၊ စုထားလည်း သူတို့လို နေတော်မူမှပေါ့၊ ခုတော့ ကြည့်စမ်းပါဦး ဆံမြိတ်ကွင်း ရောင်တဲ့ကြီး တစောင်း ထုံးတော်မူပြီး ကြိုးချိတ် ပုဆိုးကြီး ဒီလွှားနဲ့ ယောကျ်ားလို ဆင်တော် မူထားသေးတယ်၊ အခြွေရံလည်းမပါ ဘဲနဲ့ ဟိုအဆောင်လည်၊ ဒီအဆောင် ကူး၊ ထူးထူးခြားခြား အတင့်ရဲ တော်မူလှတယ်" "အို...မေမေဖျား ကလည်း မပူတန်ရာမှ ပူတော် မူလှတယ်၊ စုစု ဒီလိုထင်ရာ တစ်ပါးတည်း လည်ချင်လို့ ယောကျ်ား အသွင်နဲ့ ဒီပုဆိုး တွေကို ဆင်တော် မူထားတာပေါ့။

ခမည်းတော်ဘုရား ရွှေနန်းတော် ပေါ်မှာ စုစုကို ဘယ်သူလာစော်ကားပွဲမှာလဲ ဘုရား" "မစော်ကားပွဲပေမဲ့ ကိုယ့်သိက္ခာနဲ့ ကိုယ့်အဆောင်တော်မှာ ကိုယ့်အပျိုတော်၊ အခြွေအရံများနဲ့ မင်းသမီးပီပီ ယဉ်ယဉ်နန စံနေမှပေါ့၊ စုစုသက်တော်လဲ ငယ်တော် မူတော့တာ မဟုတ်ဘူး၊ အပျိုတော်စာရင်း ဂင်နေပြီ၊ တည်တည် ကြည်ကြည် နေတော် မူစမ်းပါ၊ စုစု ခမည်းတော်ဘုရား ကလည်း ငါ့သမီးတော် တွေထဲမှာ အားလုံးကို စိတ်ချ ပေမဲ့ လုံမလေး အတွက် ငါစိတ်ချတော်မမူဘူးလို့ မကြာခဏ မိန့်တော်မူနေတယ်၊ တဆိတ် အနေအထိုင်လည်း ပြင်တော်မူဦးမှပေါ့"
"အို... စုစုကလေးပဲ ၊ ကလေးလို နေမှာပေါ့ မေမေဖျား၊ ရောမအပျိုကြီးတွေလို ဟန်တွေပန်တွေ လုပ်ပြီး မှုန်ကုတ်ကုတ် ကြီး နေတော်မူရမှာ ပျင်းတော်မူပါဘိတယ်၊ အဆောင်တော် ထဲမှာ အသာကုတ်ပြီး စာတွေ၊ ပေတွေ လုပ်လို့ ကျဉ်းကျဉ်း ကြုတ်ကြုတ် နေရမှာများတော့ စုထား မနှစ် သက်တော်မူပါဘူး" "ဒါဖြင့် စုလတ်တော့ ဘယ်တော့မှ ပင်တိုင်စံလုပ်ရမှာ မဟုတ်ပါဘူး၊ ခမည်းတော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကလဲ သိမ်သိမ် မွေ့မွေ့ လိမ္မာ ပိရိတာမှ နှစ်သက် တော်မူတယ်၊ စလင်း စုစုကိုကြည့်စမ်း၊ စာပေ ကျမ်းဂန် တတ်သိလိမ္မာတယ်၊ ဣန္ဒြေ သိက္ခာနဲ့ အနေအထိုင်လည်း ကျစ်လစ်တော် မူတယ်၊ ဒါကြောင့်လည်း သမီးတော်တွေ ငါးဆယ် ကျော်တွေထဲမှာ သူတစ်ပါး လည်း ထူးထူးချွန်ချွန် တပင်တိုင်နန်းနဲ့ မြှောက်စား ချီးမြှင့်တာ ခံရပေတယ်" "ဒါကြောင့် ချည်းလည်း မဟုတ်သေးပါဘူး မယ်မယ်ဖျား၊ ခမည်းတော် ဘုရား က သူ့မယ်တော် ဂင်စားတယ်လို့ အယူရှိတော်မူပြီး တခြား မင်းသမီးတော် တွေထက် ပိုပြီး ချစ်တော်မူလို့ မြှောက်စားတော်မူတာပေါ့၊ တကယ့် တကယ် လမ်းအတိုင်းဆိုတော့ မိကြီးတော် နန်းမတော် စကြာဒေဝီ ဘုရားကြီးက လွဲရင် မယ်မယ်ဖျားပဲ အကြီးဆုံး ဖြစ်ရုံမက မောင်နမ ဂမ်းကွဲလည်း တော်နေတဲ့ အတွက် အသက်ငယ်ပေမဲ့ စုစုတို့သာ ပင်တိုင်စံ ထိုက်တာပါ။

နန်းမတော် ဘုရားကြီး ကလည်း သားတော် သမီးတော် ထွန်းကားတော်မူတာမှ မဟုတ်ပဲလား ဘုရား" "ဒါကြောင့် မယ်မယ်မိန့်တော်မူပြီ မဟုတ်လား၊ ကလေး စိတ်ဖျောက် လူကြီးစိတ် ရောက်အောင် နေပါလို့ မကြာမကြာ မိန့်တော် မူပါတာပေါ့" "ခုမှတော့ ထူးမှာလည်း မဟုတ်ပါဘူး မေမေဖျား၊ ကိုင်း... တကယ်ဆိုရင် စုစုက ကလေး စိတ်မကန်လို့ အနေအထိုင်နဲ့ အလိမ္မာ လိုသေးလို့ မပေးဘူးထားပါဦး၊ အစ်မတော် မိုင်းနောင်စုစုကိုတော့ ဘာဖြစ်လို့ မပေးသတုံး"

"အို... ဒီလုံမလေးက စကားလေး တစ်ခွန်းပြောမှဖြင့် ဆင်ခြေ ဆင်လက်တွေ ပေါပါသဘိနဲ့၊ ဟဲ... မယ်ဘွား တို့ လာကြစမ်း၊ သဇင်ပန်းကလပ်နဲ့ မြတ်လေးဆီ ရွှေခွက်ယူခဲ့၊ ဘယ့်နယ်လဲတော် ငါ့သမီး ဒီနေ့ ဘယ်သူမှ ဆံတော်ရှင်း မပေးကြသေးဘူး ထင်ပါရဲ့" "ရှင်းပေးပါတယ်၊ စုစုက ခံရမှာပြင်းလို့ ဆံတော် မရှင်းဖြစ်ဘဲ နေပါတယ် မယ်မယ် ကျေအေးစွာခံ၍ နေတော်မူစဉ် အစ်မတော် မိုင်းနောင်မြို့စား စုဖုရားကြီး ဂင်လာပြီး ရှေ့လာမည့် နယုန်လ သုဓမ္မာ စာပြန်ပွဲတော်ကြီး တွင် အသီးသီးသော၊ မိဖုရား၊ သားတော်၊ သမီးတော်များက ဆရာတော်၊ သံဃာတော်တို့အတွက် ဆွမ်းအုပ် ပို့ကြရမည်ဟု မင်းတရားကြီး ဘုရားက အမိန့်တော် ထားရှိသည့်အတိုင်း ဆွမ်းအုပ်ရေ မည်၍မည်မျှ ပို့ရန် စီမံမည့် အကြောင်း မယ်တော်ထံတွင် အမိန့်တော် တောင်းပြီးလျှင် ပြင်ဆင် လုပ်ကိုင်ဖွယ် ရှိသည်တို့ကို သာဟတ္ထိက ဒါနမြောက်အောင် ကိုယ်တော်တိုင် ပြင်ဆင် လုပ်ကိုင်မည့် အကြောင်း သားမယ်တော်တို့ တိုင်ပင် ဆွေးနွေး လျက် ရှိကြ လေသတည်း။

ရွှေသားငယ်မှ သိင်္ဂီလေး၊ အဒြကြယ်၊ ပါဒ်သုံးသွယ်နှင့် နေစွယ်ရထား ယှဉ်ပြိုင်ငယ် သွားကြသည်။ စက်နား မေထုန်၊ လွမ်းဘို့ငယ်ဆုံးသည့် နယုန်ဆီကိုတဲ့လေး။ နဒီမှစိမ်းမှည့်၊ ရေမှာကြည့်လည်း ရေ၏ထုံးတမ်း၊ တောင် ကမ်းဖွယ်ရာ၊ မြေမျက်နှာမှာ၊ မသာစတောင်း၊ ရှုမညောင်းအောင်၊ နွေနှောင်းလမို့၊ ကမ္ဘာ့ ကျက်သရေ၊ ရရုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စံပယ်မလေး၊ ပျံ့ပျံ့မွှေးနှင့်၊ စာမေးသဘင်၊ ငှက်ပေါင်း ရွှင်လို့၊ မင်းလွင်ငယ်ဂေသည်၊ တောင်လေပြည် မှိုင်းမှုန်နှင့် ကြုံရလေခြင်း။ မလင်းမှ ကောင်းကင်၊ တိမ်ခိုးကမှောင်၊ ရာဟုထောင့်က၊ မြရောင်ပမာ၊ လက္ခဏာ ကို၊ လာယွန်ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တစ်ဆယ့်ခုနစ်၊ ပြင်နာရီလစ်တုံးမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလရောင်သာ ဘဲနှင့် တံငါကြယ်မှိန်သည်၊ ပြည်ကလိန် ကရာဇ်နေလို့နေတို့၊ စန်းရွှေတိုင်ညှိုး။ လရာသီစု၊ ဆိတ်စာမှ ရှုနိုင်ဘု၊ ရွှေဥမင်းမိ၊ ဂေးခိုက်မှ ရှိတယ်လို့၊ ကလိမျက်ညှိ ဘယ်ငြိုးတော်သိုလေသိ၊

www.burmeseclassic.com

www.burmeseclassic.com

ငိုတတ်တဲ့သူငယ်ကို အသွယ်သွယ် မကျီစားပါနှင့်၊ တအားကိုးလေး။ ပြောင်ပြောင်ဝင်း၍ လမင်းနှင့် ယှဉ်ပြိုင်လျက် သူနိုင်-ငါနိုင် ထွန်းခဲ့လေပြီ။

နယုန်လတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရာသီတော်ပွဲတို့အနက် စာမေး၊ စာပြန်ပွဲတော် ကြီးမှာ ပြည်သား-ပြည်သူတို့ ကြွက်ကြွက်ညံဆူမျှ စည်ကားပြည့်နှက်၍ နိုင်ငံတော် လေးရပ်တွင် သာသနာတောင် ထွန်းပြောင်ပွင့်လင်း စည်ပင်ခြင်းရှိသလောက် သုဓမ္မာ စာပြန်ပွဲကြီးမှာ ကြက်ပျံမကျ စည်ကားပြီး ဘုရင်မင်းတရားကြီး အမှူးပြုကာ သုဓမ္မာ ဇရပ်ကြီး အတွင်း သက်န်းရောင်ချင်း ယှက်သန်းလျက် စာပြန် ပွဲတော်ကြီး၏ အခမ်းအနား ကို ခင်းကျင်းခဲ့မြဲ ဖြစ်လေရာ ယခုနှစ်အဖို့ သားတော် သီပေါမင်းသား ကိုယ်တော်တိုင် သုဓမ္မာ စာပြန်တော်ကြီးသို့ ဝင်နွှဲဖြေဆိုတော် မူသည့်အတွက် နှစ်တိုင်း ထက် တိုး၍ ဆယ်တန်ပိုး စည်ကား လေတော့၏။

နိုင်ငံတော် လေးရပ်မှ ရောက်လာကြသော လူပရိသတ် ရဟန်းပရိတ်သတ် တို့မှာ ရတနာပုံ ရွှေမြို့တော်ကြီး အတွင်းတွင်ပင် ပခုံးချင်းတိုက် လှူဒါန်း ပျားပန်းခတ်မျှ စည်ကား လှပြီး အယုတ်၊ အလတ်၊ အမြတ်မရွေး မြို့ခံမြို့နေ ဖြစ်သူတို့မှာ မိမိတို့ ဆိုင်ရာဆိုင်ရာ ရောက်လာသမျှ လူပရိသတ်၊ ရဟန်းပရိသတ်တို့အား တတ်အား သလောက် သဒ္ဓါတရား ပေါက်ခါလှူဒါန်း ကျွေးမွေး ဧည့်ခံရေးကို ဂရုပြု၍ သူ့ထက်ငါ စေတနာ ပြိုင်လျက် ရှိကြလေသတည်း။

ရွှေနန်းတော်ကြီးအတွင်းတွင်လည်း မင်းမိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေမျိုးတော်၊ မှူးတော်၊ မတ်တော် အပေါင်းနှင့်တကွ မင်းခစားမှန်သမျှတို့မှာ လည်း သုဓမ္မာဇရပ်သို့ ကြွရောက်လာ ကြသော ဆရာတော်၊ သံဃာတော် အပေါင်းတို့အား တစ်ဦး တစ်ဦးလျှင် ဆွမ်းအုပ်ပြိုင်ပွဲ ကျင်းပသည့်အလား ဝါဝင်းသော သင်္ကန်းရောင်တွေ များပြား သလောက် နီထွေးသော ဆွမ်းအုပ်များက အရှုံးမပေးဘဲ တရဲရဲ တောက်ပြောင် ၍ နေလေသတည်း။

တိပိဋကရေ၊ တိပိဋကဆောက၊ ဗျတ္တိဗလ၊ သတ္တိဗလ ရှိတော်မူသော လဇ္ဇီပေသ လသိက္ခာကာ မဖြစ်တော်မူသော တံဆိပတော်ရဆရာတော်၊ သံဃာတော်၊ စသော ရဟန်းတော် ပရိသတ်နှင့် နေရာတော် နေမင်းသားကြီး၊ မင်းသားလတ်၊ မြင်းမှူး မင်းသား စသော အဆွေတော် မျိုးတော်၊ မှူးတော်မတ်တော်၊ ပရိတ်သတ်မှစ၍ အများ ပြည်သူ ပရိတ်သတ်ပေါင်းတို့မှာ စာတော်ပြန်ပွဲ အတွက် ပြည့်နှက်စည်ကားစွာ သားတော် သီပေါမင်း ထွက်တော်မူ အလာကို ငံ့မျှော်ကာ နေလင့် ကြလေ၏။

သားတော် သီပေါမင်းသားကား ခမည်းတော် မင်းတရားကြီးဘုရား၏ အမိန့်တော် မြတ်အရ ခေတ္တ လူဝတ်လဲလှယ်တော်မူကာ မိမိအဆောင်တော်အတွင်းတွင် လူပျိုတော် လက်သုံးတော် များ ခြံရံလျက် ဝတ်လဲတော် များ ဆင်ယင်ကာ ထွက်တော် မူရန် အချိန်အခါကို ငံ့ဆိုင်း၍နေတော်မူရာမှ အချိန်နာရီကျတော်မူလျှင် ခမည်းတော် ဘုရား ချီးမြှင့်တော် မူသည့်အတိုင်း ရထားဆင်မြင်း တပ်ဝင်းအခင်းအကျင်း ကြီးကျယ် စွာသော အဆောင်အရွက်တို့ဖြင့် မင်းညီမင်းသား၊ မှူးတော်မတ်တော်များ ခြံရံ စေလျက် စည်တော်စုံ တီးရွှမ်း၍ သုဓမ္မာဇရပ်သို့ ထွက်တော်မူလေရာ လူပရိတ်သတ်၊ ရဟန်း ပရိတ်သတ် တို့ ပြည့်ညှက် စည်ကားစွာသော သုဓမ္မာဇရပ်ဦးသို့ ရောက်တော်

www.burmeseclassic.com

မူ၍ ဇရပ်ပေါ်သို့ တက်ဝင်တော် မူသောအခါ ပျဉ်စည်မင်းသား၏ သားတော် မင်းရဲသခ်ယာ ကောလင်း မင်းသား၏ သားတော် မင်းရဲသီဟကျော်၊ ပြည်မင်းသား မင်းရဲသီရိ ရာဇာကျော်၊ ပခမ်းမင်းသား မင်းရဲမင်းတင်တို့ ကိုယ်တော်တိုင် ဖောင်းနားဘောင်း ဂတ်လုံ ဆင်ယင်၍ အလှည့်ကျ ရှေ့တော်က ပန်းကလပ်ကို ကိုင်ခင်းတော် မူကြရပြီး လျှင် လှိုင်းတက် မြို့စား မင်းသား၊ မင်းသား သီရိသုဓမ္မရာဇာ၊ စိန်တုံးလေှအုပ်မင်းသား သီရိမဟာ ဓမ္မရာဇာ ပွဲတိုင်းကျော် လေှအုပ်မင်းသား သုသီရိဓမ္မာရာဇာ ဆွေတော် အုပ်မင်းသား၊ သီရိ သုဓမ္မရာဇာ ကောလင်းမင်းသား၊ သီရိမဟာ ဓမရာဇာ ယက္ကန်းတော် အုပ်မင်းသား၊ သုသီရိမဟာ ဓမ္မရာဇာတို့ကလည်း ဖောင်းနားဘောင်းဂတ်လုံ ဆင်ယင် တော်မူ၍ သုသီရိမဟာဓမ္မရာဇာ ဘွဲ့တော်ခံ သီပေါမင်းသားအား၊ ပထမပြန် ဆိုတော်မူရမည့် နေရာသို့ တွဲမ,လိုက်ပို့တော်မူ ကြရလေရာ၊ မယ်တော် လောင်းရှည်မိဖုရား သီရိ မဟာသုပဘာဒေဝီ တွင် ရင်သွေးတော် ဖြစ်သော သီပေါမင်းသား အတွက် မင်းတရားကြီးဘုရား မြှောက်စားတော် မူချက်ကို နှစ်သက် ဂမ်းမြောက်တော် မူ မဆုံးသဖြင့် နေရာတော် တွင် တပြုံးပြုံး စံတော်မူ ရှိလေသနည်း။

ဘဂရှင် မင်းတရားကြီး ဘုရားလည်း ကိုယ်တော်ပိုင် ထွက်တော်မူကာ သားတော် ပထမပြန် ဆိုတော်မူသည်ကို နှစ်ခြိုက်စွာ စာနာတော်မူ၍နေလေရာ သားတော်သီပေါ မင်းသားမှာ 'ပညာရဲရင့် ပွဲလယ်တင့်' ဟူသော စကားနှင့်အညီ၊ ခမည်းတော် ဘဂရှင်မင်း တရားကြီး ဘုရားနှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်နှင့်တကွ များစွာသော ရဟန်းရှင်လူ ပြည်သူတို့ အလယ်တွင် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်တည်ကြည်ခြင်း ဣန္ဒြေတော်ဖြင့် သဒ္ဒါရှစ်စောင်ပါဠိ၊ အနက်၊ သင်္ဂြိုလ် ကိုးပိုင်းသရုပ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာတ်ပါဠိ အနက်၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်ငါးကျမ်းပါဠိအနက် အရကောက်များမှာအစ၊ တိပိဋကဆိုင်ရာ ပြန်ဆိုရန် ရှိသမျှ တို့ကို အလုံးစုံ အာဂုံ ပြန်ဆိုတော် မူသည်။

ပိဋကတ္တယကောသလ္လ၊ ညာဏခုံမြောက်၊ တစ်ဖက်ကမ်းရောက် ဖြစ်တော်မူသော တံဆိပ်တော်ရ ဆရာတော် မထေရ်မြတ်တို့ မေးမြန်းအပ်သော သရုပ်ဖော်အဓိပ္ပါယ် ခက်ဆစ် ပုစ္ဆာ အမျိုးမျိုး တို့ကိုလည်း၊ ကောင်းမွန်ချောစွာ ဖြေစွမ်းတော် မူနိုင်သည် ဖြစ်၍ စာနာ လာရောက်သူ အမျိုးမျိုး တို့ကို လည်း၊ ကောင်းမွန်ချောမောစွာ ဖြေစွမ်းတော် မူနိုင်သည်ဖြစ်၍ စာနာ လာရောက်သူ ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့မှာ အံ့သြသရဲ ချီးကျူးမကုန်၊ မြေဂသုန် ရိုက်ဟည်း၊ ကောင်းချီးမင်္ဂလာ၊ သြဘာငြိမ်းလေးအောင် ဆုပေးကြသော အသံတို့သည် ပွဲတင်ထပ်မျှ ရှိတော့၏။

သာသနာ့ ဒါယကာ အစစ်ဖြစ်ကြီး ဖြစ်တော်မူသော ခမည်းတော် မင်းတရားကြီး ဘုရားမှာ ရက်ပေါင်း သုံးဆယ်လုံးလုံး တစ်နေ့လျှင်နှစ်ကြိမ် မှန်မှန် စာပြန်ဆိုတော် မူသော သားတော်အတွက်၊ နှစ်သက်အားရတော်မူကာ ငါ၏နည်းတူ သာသနာတော်ကို ပရိယတ် ပရိပတ်ဖြင့် ဖြည့်အပ် ချီးမြှင့်နိုင်မည့် သားတော် ပေတကားဟု များစွာသော ပရိသတ ်ဗိုလ်ပုံ အလယ်တွင် အသွယ်သွယ် ချီးမွမ်းတော် မူလေသတည်း။

ယင်းသို့လျှင် နယုန်လပွဲကြီး ပြီးစီး အောင်မြင် သွားခဲ့ပြီးနောက် သီပေါမင်းသား ၏ ဂုဏ်သတင်း၊ ထုံသင်း ကြေညာသော သြဘာသံကြီးမှာ နိုင်ငံတော်အလုံး၏တွင် လွှမ်းဖုံးပြန့်နှံ့လျက် ရှိခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းတော်အတွင်းမှာလည်း အသံချင်းမစဲအောင်၊ အဆောင်ဆောင် အခန်းခန်းတို့တွင် တအံ့တသြ ပြောမဆုံးနိုင် ရှိကြလေ၏။

သီပေါ မင်းသား ကား ခမည်းတော်ဘုရား အမိန့်တော်အရ၊ ခေတ္တ လူဂုတ် လဲလှယ်တော် မူထားရရာမှ ပထမပြန် ဆိုခြင်းကိစ္စ ပြီးမြောက်တော် မူ၍ များမကြာမီပင် ရဟန်း သာမဏေ၊ ဘောင်သို့ ပြန်လည် ဂင်ရောက်တော်မူရန် အမိန့်တော်ခံ ပြီးလျှင် သာမဏေဂုတ် မလဲမီနောက်ဆုံးနေ့ တစ်နေ့တွင် မင်းသားတို့ အဆောင်အရွက်ဖြင့် ခမည်းတော် ဘုရား၏ ညီလာသဘင်သို့ အကန်တော့ ဂင်တော် မူရလေ၏။

သို့မိဖုရား၊ သားတော်၊ အဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော် အစရှိသော မင်းယောကျာ်း မင်းမိန်းမ ပရိတ်သတ်စုံလင်လှသည့် ညီလာသဘင်သို့ ဂင်တော် မူလာသော နေ့တွင်လည်း ပရိတ်သတ် ဗိုလ်ပုံကြီးရှေ့တွင် ခမည်းတော် ဘဂရှင် မင်းတရားကြီးက ချီးမွမ်းစကား မိန့်ကြားတော် မူလေရာ သားတော် သီပေါမင်းသား မှာ မျက်နှာတော် ပွင့်လန်းလျက် ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူ သော မျက်နှာတော် ဖြင့်၊ ရှေ့တော်တွင် ခစားတော် မူနေစဉ် ယာဘက်တွင်ရှိသော မင်းမိန်းမ ပရိတ်သတ် တို့ အတွင်းမှ ပြည့်ဂင်းသော အသရေနှင့် ကပိုကရိုစံနေသာတော်မူသော နမတစ်ပါးကို သတ္တ ဘောဂနတ်တို့ သွေးဆောင်၍ မြင်အောင်ညွှန်ပြဘိအလား ကြယ်တာရာ အပေါင်း ခြံရံသော လ,ရထားတို့ အထင်အရှား မြင်နိုင်သကဲ့သို့ မင်းမိန်းမ ပရိတ်များ အလယ်တွင် သီရိသုပဘာ ရတနာဒေဂီအား ထင်ထင်ရှားရှား တွေ့မြင်ရှုစား တော်မူ မိလေ၏။

ယခင်ရေးအခါ သံသရာက  ပါလာသော ရေစက်အဟုန်ကြောင့် ရှုတ်တရက် ရှောင်တခင် တစ်ပါးနှင့် တစ်ပါးကို စက္ခုတော် တမန်နတ်သားက ဖြားယောင်း ညွှန်ပြလျက် ရှုတ်တရက် တိုက်ဆိုင်ပေးရကား၊ လောကီဘုံသား မှန်သမျှ အယုတ်အမြတ် မရွေး စကြဂတေးမန္ဓာတ် မင်းအထိ ငြိအပ်သော ပီယဓာတ် စက်ခလုပ် က တလှုပ်လှုပ် နှိုးဆွ၍ ပေးလိုက်သဖြင့် မင်းသား၏ စိတ်တော်တွင် ကြင်နာဆပွား မေတ္တာတော်ထား မိသလောက် စုဖုရား ကလည်း ရွှေစိတ်တော် လှုပ်ရှား လျက် အထက်အခါ များက မင်းယောကျာ်း သဖွယ်  စိတ်တော် ကျယ်ကျယ်နှင့် မတ်တော်ကို နွဲ့ဆိုးဆိုးတော် မူနေသောကြောင့် လေကီမှု ဆိုင်ရာတွင် ဘာကိုမျှ စိတ်မဂင်စား ခဲ့သူပင် ဖြစ်လင့်ကစား ရှေ့သွားသော မေတ္တာတော်က လှုံ့ဆော် အားပေး၍ ရေးရေး ကကဲ့သို့ ရဲစိတ် ရဲမာန်နှင့် ခပ်ထန်ထန် နေတော် မမူနိုင်ဘဲ စိတ်တော် ထဲတွင် တလှုပ်လှုပ် နှင့် အနေအထိုင် ကျဉ်းကြပ် သွားသကဲ့သို့ ထင်တော်မူခါ တစ်ဖက် သို့ မျက်နှာတော် လွှဲ၍ စံတော် မူလိုက် လေသတည်း။

ညီလာခံသဘင်တွင် မင်းယောကျာ်း၊ မင်းမိန်းမ၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်တို့သည်ကား ရွှေနန်းရှင်ဘုရား ရှေ့တော်ဂယ် နေရာအသွယ်သွယ်ဖြင့် သူကောင်း ပြုတော်မူထားသည့်အတိုင်း ဒူးနေရာ-တော်နေရာ၊ အဆင့်အတန်းခွဲကာ ဂဲယာမှ ခစားလျက် ရှိကြရာမှ သားတော် သီပေါမင်းသား၏ ပညာစွမ်းရည်ကို အလီလီ ချီးမွမ်း ထောပနာလျက် မကြာမီ ဘုန်းသွှာ လျှမ်းတက်လာဦးတော့မည်ဟု အချင်းချင်း တီးတိုး ထင်မြင်ချက် ပေးနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်လည်း သီပေါမင်းသားနှင့် ထိပ်စုဖုရားလတ်တို့မှာ အသက်အရွယ် နုနယ်တော်မူ သေးသော သားတော်၊ သမီးတော်များ ဖြစ်သည့်အားလျော်စွာ လောကီရေးရာကို များစွာလိုက်စားတော် မမူတတ်ကြသေး သဖြင့် ခပ်အေးအေးပင် နေတော်မူလိုက်ပြီး သီပေါမင်းသားလည်း ခမည်းတော်ဘုရားကို ကန်တော့လျက် နောက်တစ်ရက်တွင် ရှင်သာမဏေ ဘောင်သို့တက်၍ အထက်က စံတော် မူရင်းဖြစ်သော နန်းဦး မှန်ကျောင်း ဆရာတော် ထံတွင် စာပေသင်အံကျက်မှတ်တော်မူခြင်းဖြင့် ပျော်ပိုက် တော်မူမြဲ ပျော်ပိုက်တော် မူခါ ထိပ်စု ဖုရားလတ်မှာ အဆောင်ထဲတွင် ယခင်အတိုင်း စိတ်တော် အကြိုက် အလိုက်သင့် စံနေတော်မူကာ အချိန်ကာလ အတန်ကြာ သွားပြန်လေ သတည်း။

အခန်း (၃)မျှော်
အခန်း(၃)

ရွှေပဟိုရ်စည်သံဖြင့် တစ်ရံမစဲ အမြဲသာယာ၍ သတ္တဂါ ဗိုလ်လူ-ပြည်သူအပေါင်းတို့၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းလျက် ဘေးဘယာကင်းကွာ သီတာရေတမျှ ရှိကြသဖြင့် ရွှေနန်းမ အဆောင်တော်တွင် စည်းစိမ်ရှင် ဖြစ်တော်မူကြသော မင်းမိဖုရား၊ သားတော်၊ သမီးတော် များမှာလည်း အေးမြချမ်းသာ ပျော်ရွှင်စွာ စံစားလျှက်၊ ဘဂရှင် မင်းတရားကြီး ဘုရား၏ ဘုန်းတော်ရိပ်ကို ခိုလှုံ၍ နေကြရသည်မှာ ကုဏ္ဍလကြာအိုင်တွင် အဖြိုင်ဖြိုင် ပွင့်လန်းသော ပဒုမ္မာကြာပန်းများ၏ အလား အဆောင်ဆောင် အခန်းခန်းတို့တွင် ခြွေရံသင်းပင်းဖြင့် ပျော်ပွဲ ကျင်း၍သာ အချိန်ကုန်ကြ လေသတည်း။

အလယ်နန်းမတော် ဘုရား၏ အဆောင်တွင်သာ မယ်တော်လေးပါးဖြစ်ကုန်သော၊ မယ်တော် ဆင်ဖြူမရှင်၊ (ထိုစဉ်အခါက ဆင်ဖြူမကို သနားတော်မြတ် မခံရသေး) အလယ်နန်းမတော် ဘုရားနှင့် သမီးတော်ကြီး မိုင်းနောင်မြို့စား ထိပ်စုဖုရားကြီး၊ သမီးတော်လတ် မြတောင်မြို့စား ထိပ်စုဖုရားလတ်၊ သမီးတော်ငယ် ရမည်းသင်းမြို့စား ထိပ်စုဖုရားကလေးတို့မှာ လွန်ခဲ့သော လက ပြီးစီးခဲ့သည့် သုဓမ္မာ စာပြန်တော်ပွဲကြီး၏ စည်ကားပုံနှင့်တကွ ထိုစာတော်ပြန်ပွဲကြီးကို ဆွမ်းဘောဇဉ်နှင့် ချိုချဉ်ရသာတို့ကို မည်သူ့ထက် မည်သူကသာအောင် မည်သို့ လှူဒါန်း ကြောင်း၊ မည်သည့်ရဟန်းတော်မှာ မည်မျှအဖိုးတန် သော စာရေးတံ ဆွမ်းအုပ်ကို ရရှိကြောင်း၊ သုဓမ္မာရွှေဇရပ်တွင် ရက်ပေါင်း သုံးဆယ်လုံးလုံး နိုင်ငံတော်လေးရပ်မှာ ကြွရောက်ကုန်သော သံဃာတော်များနှင့် မြို့ခံဖြစ်သော သံဃာတော်တို့အား နံနက်ဆွမ်းစား ရန်အတွက် ကိုယ့်အတွက်နှင့်ကိုယ် တာဂန်အသီးသီးပို့ရောက်သော ဆွမ်းအုပ်များအပြင် အလယ် နန်းမတော် ဖုရားနှင့် သမီးတော်သုံးပါးတို့က ဆွမ်းအုပ်ရေ မည်၍မည်မျှဟု မပိုင်းမခြား လိုသလောက် တာဂန်ယူ၍ လှူဒါန်းခဲ့သည့် အကြောင်းများနှင့်တကွ သုဓမ္မာ စာပြန်ပွဲတော်ကြီးနှင့် စပ်လျဉ်းသမျှတို့ကို အမျိုးတော်များက မျက်နှာလိုအားရ လျှောက်တင်သမျှ များကိုသာ မယ်တော်လေးပါး အားရနှစ်သက်စွာ ရွှေနားဆင်၍ နေတော် မူကြစဉ် မယ်တော် မိဖုရားကြီး မှာ စာတော်ပြန်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com

ရဲရင့်စွာ ပထမ ပြန်ဆိုတော် မူသွားသော သားတော် သီပေါ မင်းသား ကို ရုတ်တရက် သတိရတော် မူသဖြင့်...

"အို... ဒါထက် စကားမစပ် သုဓမ္မာ စာသဘင်မှာ မကြာခင်က ဂင်ရောက်ပြီး ပထမပြန်ဆိုတော် မူသွားတဲ့ သီပေါ မင်းသားကလေး ဟာ အင်မတန်မှ ချီးမွမ်းစရာ ကောင်းပါသလား၊ ရွှေနန်းရှင်ဘုရင်ရဲ့ သားတော်တွေထဲမှာဖြင့် ဗိုလ်ဆွဲခဲ့တဲ့ သားတော် တစ်ပါးပါပေပဲ၊ သက်တော်ကလေး ငယ်ငယ်နုနုနဲ့ ယခုလို တကယ့် စာတော်ပြန် ပွဲကြီးမှာ ဆရာတော်၊ သံဃာတော် အကျော်အမော်တွေရှေ့တွင် ရဲရဲပွံ့ပွံ့စွန်းစွန်းစားစား ပြန်ကြား ဖြေဆိုတော် မူနိုင်တဲ့အတွက် အဖိုးအနဂ္ဂထိုက်တန်တဲ့ သားကောင်းတစ်ပါးမို့ မယ်မယ်ဖျားဖြင့် ယခုလို အဖိုးတန်တဲ့ သားတော်ရဲ့မိခင်ဖြစ်တော်မူရလျှင် အင်မတန် ကောင်းမှာပဲ၊

သူ့မယ်တော် လောင်းရှည် မြို့စားဖြင့် ဘယ်လောက်များ အားရတော်မူ ရှာမလဲ၊ ရွှေနန်းရှင် ဘုရားလဲ သားတော် တွေ ငါးဆယ်ကျော်ထဲက ထူးထူးကဲကဲရဲရဲတောက် ပေါ်ထွက်လာတဲ့ သားတော်တစ်ပါးအတွက် အန်မတန်မှ အားရနှစ်သက်တော်မူပြီး အမြှောက်စားကြီး မြှောက်စား တော်မူလိုက်ပေတယ် အသက်ပင် ငယ်သော်လည်း အကြီးအကဲဖြစ်တဲ့ သားတော်ကြီးများ ထက် ပညာဘက်က အစွမ်းထက်တော် မူပါပေတယ်" ဟု ချီးမွမ်းစကား မိန်းကြားတော် မူလျှင် သမီးတော်သုံးပါး အနက်မှ တစ်ပါးကမျှ နှုတ်ပြန်မမြွက်ဘဲ မယ်တော်၏ အရိပ်အကဲ ကိုသာ ကြည့်ကြလျက် ဣန္ဒြေမပျက် ခစား၍နေကြလေရာ မယ်တော်မိဖုရားလည်း စကားကို ဆက်လက်ခါ- "သားတော်ထဲမှာဖြင့် မြင်ကွန်းစားနဲ့ မြင်းခုံတိုင်စားတို့ဟာ အကဲဆုံးပါပဲ၊ တော်တော် လည်းမွှေလိုက်ပါပေရဲ့၊ မတ်တော်မောင် အိမ်ရှေ့မင်းလည်း တစ်ခါတည်း ကံတော်ကုန်ရှာ တယ်၊ မယ်မယ်ဖြင့် မတ်တော်မောင်အကြောင်းကို တွေးမိတိုင်းရွှေရင်တော် တခုန်ခုန်နဲ့ နလုံးတုန်လွန်းလို့ သတိမရအောင် လုပ်တော်မူရတယ်" မိန့်တော်မူလျှင် မိုင်းနောင် ထိပ်စုဖုရားကြီးကဂင်၍-

"ဘထွေးတော် နတ်ရွာစံပြီးကတည်းက အိမ်ရှေ့မိဖုရား အရီးတော် လှိုပ်ထိပ်ထားမှာ စိတ်အား တော်တငယ်ငယ်၊ ရွှေမျက်ရည် အသွယ်သွယ်နဲ့ နွမ်းလျ ညှိုးငယ်စွာ စံတော်မူနေ ရာပါသတဲ့ မယ်မယ်ဖျား၊ ဘထွေးတော်ဘုရား ဥပဒ္ဒေဒကကံနဲ့ ရုတ်တရက် နတ်ရွာလားရ လို့ လွမ်းဆွတ်တာသတဲ့ ပရိဒေဝမီးအပူကလည်း အူကျွမ်းလောက်အောင် ခတဲ့အတွက် အသက် အန္တရာယ်တော်ကိုပင် ထိခိုက်မှာ စိုးရိမ်ရတဲ့အခြေအနေရောက်နေလို့ ခမည်း တော်စိတ်အား မငယ်ရန် အတန်တန်တရားချပြီး မိကြီးတော်စကြာဒေဝီမဟေသီ မိဖုရား ခေါင်ကြီးဘုရားကလဲ အပါးတော်ကို မကြာမကြာခေါ်တော်မူပြီး တရားဓမ္မဟောပြမိန့်ကြား ရင်း အိမ်ရှေ့ထိပ်ထားကို သနားသဖြင့် အရေးတယူရှေးကထက်မြှောက်စားတော်မူသတဲ့၊

သို့ပေမဲ့ အရီးတော်ဘုရားမှာ သွားလေသူ မောင်တော်အတွက် တစ်ရက်မှစိတ်မအေးဘဲ တဆွေးတည်း ဆွေးတော်မူရှာလို့ အင်မတန်မှ သနားစရာကောင်းနေပါတယ် မယ်မယ်ဖျား" ဟု သနား

www.burmeseclassic.com

ဂရုဏာသံနှင့် တင်လျှောက်လျှင် စိတ်တော်မြန်မြန်နှင့် မဟုတ်မခံချင်တတ် သည့်ဝါသနာ ရှိတော်မူသည့် ထိပ်စုဖုရားလတ်က ရုတ်တရက်ဝင်တဲ့ကာ-

"မယ်တော်ဖျား၊ စုထားဖြင့်ဘထွေးတော်ဘုရားအကြောင်း တွေးမိတိုင်း မောင်တော်မြင် ကွန်းစားကို လက်ရသွားဖမ်းပြီး ခမည်းတော် ရွှေနန်းရှင်ဘုရားလက်ကို အရောက် ဆက်ချင် တော့တာပဲ၊ တကယ့် တကယ်ဆိုရင် ရှင်ဘုရင်များ လုပ်ချင်ဦးတော့ ကိုယ့်ခမည်းတော်နဲ့ ဘထွေးတော်ကို ရက်ရက်စက်စက် ကြံတော်မူဖို့ မသင့်ပါဘူး၊ ဘထွေးတော် အိမ်ရှေ့ ဘုရားဟာ ဘထွေးတော် ဖြစ်ရုံမက မြင်ကွန်းကိုယ်တော် အင်မတန် မြတ်နိုးနေတဲ့ အတွက် တတုံ့မကြင် တတုံ့ကြင် ထိုက်ပါသေးတယ်။

ခုတော့ ကိုယ့်အကြံအစည်လည်း ခရီးမရောက်ဘဲနဲ့ မြင်ကွန်း ကိုယ်တော်ကြီး တယ်ဆိုးတယ် ဆိုတဲ့ သတင်းဆိုး ကြီးသာ အဖက်တင်ရတော့တာပဲ"ဟု ဆတ်ဆတ်ကြဲ ရဲရဲတောက်၊ တင်လျှောက် တော်မူလိုက်လျှင် မယ်တော်က ပြုံးလျှက်- "ငါ့သမီးတော် တင်လျှောက်လိုက် မှဖြင့် ဒိုးဒိုးဒေါက်ဒေါက် ရှိလှတယ်၊ မြင်ကွန်းစားများ ကြားလျှင် သီလဝင်ဓား ထမ်းပြီး ငါ့သမီးတော် ဖမ်းသွားမှာ စိုးလှပါဘိ"ဟု ကျီစယ်တော် မူလိုက်ရာ..

"စုစုက ဘယ်သူ့မှ မကြောက်ဘူး မယ်မယ်ဖျား၊ သီလဝင်ဓား မကလို့ ယိမ်းနွဲ့ပါး ဖြစ်ဖြစ် အပြစ်ရှိရင် ရှိသလို သံတော်ဦးတင်မှာပဲ၊ ဟုတ်တာပြောတာ မယ်မယ်ဖျား၊ မြင်ကွန်း ကိုယ်တော်ကြီး သေတော်မူပုံ များတော့ အရေးတော် မပေါ်မီ ခမည်းတော် ရွှေနန်းရှင် ဘုရားက သားတော်ကြီး တွေဖြစ်တဲ့ သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ကျပင်းမင်းသား၊ မြင်ကွန်း မင်းသားစတဲ့ မင်းသားကြီး များကို အပါးတော်မှာ ခစားကြတဲ့အခါ သားတော်များကို ရောနှော ချစ်ခင်တော် မူတဲ့ သဘောနဲ့ ငါ့သားတော်များ ကိုယ်တိုင်ချက်တဲ့ ဟင်းများကို ခမည်းတော် ဘုရား ပွဲတော်တည်ချင်တယ်။

ဘယ်ဟင်း၊ ဘယ်ဟင်းများကို ကောင်းကောင်း ချက်တတ်ကြ သလဲ လို့ သားတော်တွေကို တစ်လှည့်စီမေးတော်မူတဲ့အခါ မက္ခရာတို့ သုံးဆယ်တို့က အသီးသီး ကောင်းရာနိုးနိုး ကြိုက်တတ်ရာ ဟင်းများကို အမည်တပ်လျက် ချက်တတ်ကြောင်း၊ ကောင်းအောင် လျှောက်တင် ကြပေတဲ့၊ မြင်ကွန်းကိုယ်တော်အလှည့် ရောက်လို့ မေးတော်မူတဲ့အခါ- "မှန်လှပါဘုရား၊ သားတော် အမဲသားဟင်းကို ကောင်းကောင်း ချက်တတ်ပါတယ်"လို့ လျှောက်တင်လိုက်လို့ ခမည်းတော်ဘုရား ရွှေရင်တော်ထဲမှာ မသက်မသာ ဖြစ်တော် မူရ ရှာတယ်။

နိုင်ငံလေးရပ်မှာ အမဲကျွဲသား မစားရ၊ မသတ်ရလို့ အတင်းအကြပ် တားမြစ်နေတဲ့ ဘုရင်တစ်ဆူကို သူမို့အရွဲ့တိုက်ပြီး လျှောက်တင်ပံ့တယ် မယ်မယ်ဖျား၊ စုစုလို ခမည်းတော် မျိုးဖြင့် ဒီနေရာတွင် ဓားတော်နဲ့ပိုင်းပြီး သချိုင်းပို့လိုက်ပါ ရဲ့၊ ခုတော့ သူတော်ကောင်း ဘုရင်မို့ထင်သလို

www.burmeseclassic.com

www.burmeseclassic.com

အမက်မထားတော် မမူတာကလား မယ်မယ်ဖျား ရဲ့"ဟု နောက်တစ်ကြိမ် ဆင့်၍ လျှောက်တင်လေရာ မယ်တော်ဘုရားက စိုးရိမ်ထိတ်လန့် တော်မူသော မျက်နှာတော် ဖြင့် - "အို... တယ်ခက်တဲ့ လုံမကလေး ပါလား၊ မယ်ဖျား မိန့်တော် မူတာ နားထောင်တော် မူစမ်းပါဦး။

ဘုန်းတော်ကြီးလှသော ဘုရား စုထားပြောတဲ့ စကားတွေကို ရွှေနားတော်ကြားမှဖြင့် တယ် ထက်မြက်လှတော်မူတဲ့ သမီးတော်တစ်ပါးရယ်လို့ လက်သုံးတော်ဓားကို အပ်လို့ စစ်တပ် မှူးကြီးခန့်တော် မူပြီး မောင်တော် မြင်ကွန်းစားကြီးကို အဖမ်းခိုင်း တော်မူတော့မှာပဲ"ဟု ရယ်ပွဲဖွဲ့သကဲ့သို့ ခနဲ့၍ မိန့်တော်မူလျှင် ထိပ်စုဖုရားလတ်က ပြုံးတော်မူကာ- "သားမယ်တော် အချင်းချင်းတွေ စံနေတော်မူတုန်းမို့ ပွင့်ပွင့်လင်းလင်း လျှောက်တင် မိတာပါ မယ်မယ်ဖျား၊ သူများကိုတော့ ဘယ်မှာပြောတော် မူပါမတုံး၊ လျှောက်တင် လက်စနဲ့ စကားစပ်မိလို့ ဆက်လက် သံတော်ဦးတင်ပါရစေ၊ ခမည်းတော် ရွှေနန်းရှင် ဘုရားကြီးမှာ သားတော်ကြီး တွေကလည်း၊ အဆိုင်းအဆိုင်း၊ သားတော်လတ်၊ သားတော်ငယ် တွေကလည်း အသွယ်သွယ်၊ သမီးတော် အကြီးအငယ်တွေကလည်း အများအပြားမို့ အထိုက် အမ ထိုက် သင့်ရာသင့်ရာ မြှောက်စား ချီးမြှင့်တော်မူရတာလည်း ရွှေစိတ်တော် အားရှုရာမယ် မဟုတ်ဘူး၊

ဘထွေးတော်ကို တိုင်းပြည် တည်ထောင်တော်မူဖက် ဖြစ်တော်မူတဲ့အတွက် နိုင်ငံတော် တစ်ဝက်နှင်းပြီး အိမ်ရှေ့မင်း စည်းစိမ်ကို ပေးတော်မူထားတာ၊ တရားနည်းလမ်း မှန်အတိုင်း ပြုတော်မူခြင်း ဖြစ်သော်လည်း ခမည်းတော် ထီးနန်းစံလျှင် သားတော်များသာ နန်းရံ ဖြစ်သင့်တယ် ဆိုတဲ့ စနစ်ကို လိုက်တော် မူချင်ကြတဲ့ သားတော်ကြီးများကဖြင့် ကျေနပ်တော် မူကြပုံ မရဘူးလို့ ခမည်းတော်ဘုရား က ရွှေဉာဏ်ရင်မို့ ဆင်ခြင် အကဲခတ်မိပြီ ဖြစ်လို့ သားတော်ကြီး တို့ကို စိတ်ဂမ်းမနည်းရအောင် အသီးအသီး ချီးမြှင့်မြှောက်စားတော်မူ ရာက သားတော်ကြီးတွေ၊ အဆိုင်းဆိုင်း ရှိတော်မူကြတဲ့ အထဲက မြင်ကွန်း၊ မြင်းခုံတိုင်၊ မောင်တော်ကြီး များက ထူးထူးချွန်ချွန် ဆိုးတော်မူ လိုက်ကြတာ၊ ဘထွေးတော် ဘုရားကလည်း ကံတော်ကုန် သွားရရှာပြီ၊ မောင်တော်ကြီးများမှာလည်း အကြံအစည် မအောင်ရုံမက အောက်ပြည် ရန်ကုန်ကို စုန်ဆင်းထွက်ပြေးတော်မူကြရတယ်၊

'သူများမနာလို ကိုယ်အကျိုး မရှိ'ဆိုတဲ့ စကားအတိုင်း ဘထွေးတော် အိမ်ရှေ့မင်း ကံတော်ကုန်ရတာ အဖတ်တင်ပြီး မြင်ကွန်း မောင်တော်ကြီး များလဲ စံစားခွင့် စံစားထိုက်ရှိသလောက်က ပေးသထက်ပေးတဲ့အပြင် ရှေ့ရေးအတွက် ဆိုတော့ ကျန်ရစ်တဲ့ သားတော်ကြီး တွေထဲက ခမည်းတော်ဘုရား နှစ်သက်တော် မူရာ ရွေးပြီး အိမ်ရှေ့ ပေးတော်မူဖို့ပဲရှိတဲ့အတွက် သားတော်ကြီးများ မိခင် ဖြစ်ကြတဲ့ မိဖုရားများက ဖြင့် စိတ်အား တကိုးကိုးနဲ့ အမျိုးမျိုး မျှော်လင့်တော်မူနေကြမှာပဲ မယ်မယ်ဖျား" "အင်း... ငါ့သမီးတော် လျှောက်တင်တဲ့ အတိုင်း သားတော် ကြီးကြီးမားမား ရှိကြတဲ့ မိဖုရား တွေကဖြင့် မျှော်လင့်ချက် ပေါ်လာတဲ့ အတွက် စိတ်လက်

www.burmeseclassic.com

မအားအောင် ရှိကြ လိမ့်မယ်၊ မယ်မယ်ဖျားတောင် ကြီးကြီး မားမား သားတော် ယောက်ျား ထွန်းကားတော်မမူလို့၊ ဒီအပူမျိုး အေးရတာ၊ သူ့ခမြာ များမှာတော့ သူ့သားရနိုးနိုး၊ ငါ့သားရနိုးနိုး အမျှော်ကြီး မျှော်ကိုး နေရှာကြမယ်"

ထိပ်စုဖုရားကြီး။ ။ "ကိုယ်နဲ့မဆိုင်တဲ့ စကားမျိုးလိုဖြစ်သော်လည်း စကားစပ် မိတဲ့အတွက် ညီမတော် စုလတ် လျှောက်တင်တဲ့ စကားကို ဂင်လျှောက်ရပါဦးမယ်၊ ဒီအရေးနဲ့ ပတ်သက်ပြီး ထိပ်စုကြီး ထင်မြင်ချက်ကဖြင့် ခုရှိတဲ့ သားတော်ကြီးတွေဟာ မဟေသီ မိဖုရားခေါင်ကြီး ဘုရားက ဖွားတော်မူတာ မဟုတ်ဘဲ သူလိုကိုယ်လို မိဖုရားငယ် အချင်းချင်း တွေက ဖွားတော်မူ ထားတာ ဖြစ်ကြတဲ့အတွက် ခမည်းတော် ရွှေနန်းရှင်ဘုရားက အဂတိကို လိုက်စားပြီး ဘယ်သားတော် ကိုမှ ထူးထူးချွန်ချွန် သဒ္ဒါတော်မူဦးမယ် မဟုတ်ဘူးလို့ ထင်ပါတယ်၊ ပြည်သူအများကို ရင်ဂယ်သားကဲ့ သို့ သနားတော်မူပြီး မြတ်စွာဘုရား၏ သာသနာ တော်ကြီးလည်း နက်နက်နဲနဲ ခိုင်မြဲကြီးပွားအောင် အကျိုး ဆောင်တော်မူ ချင်တဲ့အတွက် မိမိကဲ့သို့ သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို ငဲ့ညှာ ထောက်ထားပြီး တရားနဲ့အညီ တိုင်းပြည် ကို အုပ်ချုပ်နိုင်မဲ့ သားတော်မျိုးကိုမှ ထီးညွှန့်နန်းလျာ ထားတော် မူချင်တဲ့ လက္ခဏာပါ၊ ဒါကြောင့်သာ ခုထက်ထိ အတတ်မပြော နိုင်သေးပေတဲ့ ခမည်းတော် ဘုရားရဲ့ ရွှေစိတ်တော် ထဲမှာတော့ ဘယ်သားတော်နဲ့ သင့်လျှော်မယ် ဆိုတာ အတွင်းကြိတ် အကဲ ခတ်တော် မူတုန်း ရှိတော်မူမှာပဲ

"ထိပ်စုထားလတ်။ ။ "အမတော် မိန့်တော်မူတာ မှန်ပါတယ်၊ စုဖျားဖြင့်လေခမည်းတော် ဘုရား ရွှေစိတ်တော်ထဲ ဂင်ကြည့်တော်မူချင်စမ်းလှတယ်၊ ငယ်ရွယ်တဲ့ သားတော်တွေကို မထည့်ဘဲ သားတော်ကြီးကြီးမားမားတွေ ရှိတော်မူတဲ့အထဲက ဘယ်သူ့ကိုပိုပြီး ရွှေမေတ္တာ စူးရှတော် မူပါလိမ့်မလဲနော်

"ထိပ်စုဖုရားကြီး။ ။ "အစ်မတော်တို့ တစ်ဆင့်စကားနဲ့ မယ်ဖျား မိန့်တော်မူထားတာ ကြားရတော့ဖြင့် သားတော်ကျပင်းကိုယ်တော်ကြီးဟာ သဘောနလုံးတော်ကလည်း အချိုတော် မူဆုံးမို့၊ ခမည်းတော် ဘုန်းတော်ကြီးလှသော မယ်တော်ဂင်စားတယ် ထင်တော်မူထားတဲ့၊ သမီးတော် ထဲမှာလည်း မယ်တော်ဂင်စားတယ် ထင်တော်မူထားတဲ့ စလင်းစုဖုရားခေါ်တဲ့ တစ်ပင်တိုင်နဲ့ထားတဲ့ သုသီရိမြတ်စွာ ရတနာဒေဂီကို ချစ်တော်အမူဆုံးမို့ (သားကျပင်း၊ သမီးစလင်း)လို့တောင် ကွယ်ရာမှာ အတိုကောက် မှတ်ဆစ်ကလေးလုပ်ပြီး ပြောနေကြပါ သေးတယ်၊ သို့ပေမဲ့ အရည်တူသမီးတော်တွေအများထဲက တစ်ပါးကိုတစ်ပင်တိုင်နန်း စံမြန်းစေ တာက မိန်းမသားများ ဖြစ်ကြတဲ့အတွက် မဆူမပွက်ကြပေမဲ့ အရည်တူ သားတော်တွေ အများအပြားထဲက သားတော်တစ်ပါးပါးကို အိမ်ရှေ့နန်းလျာ ထားတော် မူလိုက်ရင် သည့်ပြင်သား တော်များက ခံကြမှာမဟုတ်လို့ မြင်ကွန်း ကိုယ်တော်ကြီး အရေးတုန်းကလို ဗရုတ်သုတ်ခဖြစ်လာမှာ ကို ပညာရှိ မင်းဖြစ်တော်မူတဲ့ အတိုင်း ဆင်ခြင် စဉ်းစားတော် မူနေဟန် တူနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com

တကယ်လို့ ကျပင်းကိုယ်တော်ကြီးကို အိမ်ရှေ့နန်းတော် မှုလိုက်ရင်လဲ မဏ္ဍရာ ကိုယ်တော်ကြီး တို့ သုံးဆယ် မင်းသားကြီး၊ ပင်လယ်မင်းသားကြီးခေါ် သတ္တိမင်းသား သာဂရမင်းများက ဓားထက်တဲ့မင်းသားတွေ ဖြစ်တဲ့အတွက် မငြိမ်မသက် ဖြစ်ကြ ရဦးမှာပဲ

"စုလတ်။ ။"အို...ဒီမင်းသားကြီးတွေထဲမှာ သာဂရမောင်တော်ကို ဆွဲမထည့်တော်မူပါနဲ့ အစ်မတော်ဘုရား၊ သူ့ခမြာတခြားမင်းသားတွေလို မဟုတ်ရှာပါဘူး၊ အေးအေး နေတော်မူတတ် ရှာပါတယ်၊ ရုပ်ဆင်းလက္ခဏာကလည်းလှ နူးညံ့သိမ်မွေ့ တဲ့ဘက်ကလည်း မိန်းကလေး ရှုံးလောက်ပြီးရုက်တတ်၊ ကြောက်တတ်တာကလည်း အလွန်မို့ ဟို... အချွန် စားမင်းသား တွေထဲ ဆွဲသွင်းတော် မမူပါနဲ့၊ သူက လူအေးပါ ဘယ်သူ ဘာလုပ်လုပ်ဆူဖို့ရှုပ်ဖို့ စိတ်ကူး ထည့်တော်မူမှာ မဟုတ်ပါဘူး၊ တကယ်ထက်မဲ့သားကတော့ မဏ္ဍရာကိုယ်တော်ကြီးဗိုလ်ပဲဖျာ့ စုစုသိတော် မူရသလောက်ဖြင့် ခမည်းတော်ဘုရားကတောင် သူ့ကိုအလိုက်သင့် လုပ်တော် မူရတဲ့အခါ လုပ်တော်မူ ရပါသေးတယ်

"စုကြီး။ ။"ခမည်းတော်ဘုရားက ဘယ်လိုများအလိုက်သင့်လုပ်တော်မူရတာလဲ စုရယ်၊ စုဒီအကြောင်းတွေ ဘယ်ကကြားတော်မူသလဲ

"စုလတ်။ ။"စုစုကိုခစားတဲ့ ခင်ကြီးအမေ ကျောက်တစ်လုံးရွာသားဟာ ဘုန်းတော် ကြီးလှသော ခမည်းတော်ဘုရားအတွင်းဆောင်တော်မှာ အမြဲထမ်းရွက် ခံစားနေရတဲ့သူမို့ အတွင်း တော်က အရေးအကြောင်းမှန်လျှင် သူအကုန်ဒိုင်ခံသိပြီး သူ့သမီးခင်ကြီးကို တစ်ဆင့်ပြောရာက ခင်ကြီးကလဲ စုစုအပျင်းပြေလျှောက်တာနဲ့ စုစုသိရတာပေါ့

"စုကြီး။ "သြော်...ငါ့ညီမတော်ဟာ အမှတ်မဲ့နေတော်မမူဘူး တော်ပါသေးတယ်၊ ကဲ...ကဲ ဘယ်လိုအလိုက်သင့်လုပ်တော်မူရတာလဲ ညီမတော်စုစုရဲ့"

စုလတ်။ ။"စုစုကြားရတာကတော့ ဒီလိုတဲ့ဖျာ့၊ မောင်တော်မဏ္ဍရာကိုယ်တော်ကြီးဟာ ပြင်အိမ်တော်မှာ ကိုယ်လုပ်တော်တွေနဲ့ ပျော်တော်မူနေတဲ့အတွက် ခမည်းတော်ဘုရားက သမီးတော် ပင်းမြို့စားသီရိသုဓေသာ ဒေဝီနဲ့ ရေသွန်း နှင်းအပ်လက်ထပ် ပေးစားတော် မူထားတယ် မဟုတ်ပါလား

"ထိပ်စုကြီး။ ။"ဟုတ်ပေတယ် ဒီအကြောင်းတွေအားလုံး သိကြပြီးပဲ၊ အဲဒါယခု ဘာဖြစ်တော် မူပြန်သတဲ့တုံး စုစုရဲ့၊ မဏ္ဍရာ ကိုယ်တော်ကြီးက နှစ်သက်တော် မမူဘူးတဲ့လား"

စုလတ်။ ။ "မှန်လှပါတယ်၊ ခမည်းတော်ဘုရား အမိန့်တော်နဲ့မို့သာ ခေါင်းခါလို့ ငြင်းတော်မမူပံ့ဘဲ ရွံ့ရွံ့နဲ့ လက်ထပ်ပေးတော်မူတာ ခံလိုက်ရပေမဲ့ မောင်တော်ကြီးက ပင်မင်းသမီး ရဲ့ အဆောင်တော်ကို လုံးလုံးကူးတော်မမူလာဘဲ ပြင်အိမ်တော်က ကိုယ် လုပ်တော် များနဲ့သာ ပျော်ပါးတော်မူနေတဲ့အတွက် အစ်မတော်ပင်းမင်းသမီးမှာ လက်ထပ်တော် မူတဲ့ နာမည်နဲ့အအိုရယ် လို့ အထင်ခံရရုံသာ ရှိတော်မူတဲ့အတွက် ပင်းမင်းသမီးမှာ လက်ထပ်တော်မူတဲ့ နာမည်နဲ့အအို ရယ်လို့

www.burmeseclassic.com

www.burmeseclassic.com

အထင်ခံရရုံသာ ရှိတော်မူ တဲ့အတွက် ရှက်ရှက်နဲ့ အဆောင်တော်ထဲမှာသာ ကြိတ်ပြီး ငိုတော်မူနေရှာပါတယ်၊ စိတ်တော် ပဲ ဘယ်မှာ ချမ်းသာတော် မူနိုင်ပါ့မလဲ။

"အဲဒီလို ဖြစ်နေတာတွေကို ခမည်းတော်ဘုရား ရွှေနားတော်ကြားလို့ သားတော်ကို နှစ်ခါသုံးခါ 'အရိပ်ပြ အကောင်ထင်' ဆိုတာကို သတိပေးတော်မူတဲ့အခါ မကွရာ ကိုယ်တော်ကြီး က မှန်လှပါဘုရား၊ နမတော်အဆောင်ကို သွားပါမယ်လို့ရှေ့တော်မှာ ဝန်ခံသွားပြီး သမီးတော် အဆောင်ကိုတော့ တစ်ခေါက်မှ ပေါ်တော်မူမလာဘူးတဲ့၊ အမတော့ဖျာ့ပင်မင်းသမီးမှာပဲ တငိုတည်း ငိုတော်မူရလွန်းလို့ 'စိတ်ထောင်းကိုယ်ကျေ'အရိုးနဲ့အရေ ဖြစ်တော်မူရှာတယ်၊ ခမည်းတော်ဘုရား ကလည်း သားတော်နဲ့ သမီးတော်စပ်ကြားမှာ အတော်ဗျာများ တော်မူလိုက် ရသေးတယ် အမတော်ဖျာ့"

"အတွင်းဆောင် စံတော်မူတဲ့အခါတိုင်း သမီးတော်ပင်းမင်းသမီး စိတ်မချမ်းမသာဖြစ်ရှာ တော်မူတဲ့အကြောင်းတွေ ရွှေနားတော်ကြားရတဲ့အတွက် အပါးတော်မှာ ခစားတဲ့လူများကို 'ဟဲ့ မောင်ရင်က ဘာဖြစ်လို့ငါ့သမီးတော်ရဲ့အဆောင်ကို မကူးရတာတုံး ဟရို့'လို့မေးတော် မူတဲ့အခါ အပါးမှာ ခစားရရှာသူတွေ ကတော့ သားတော်ကြီး အကြောင်းသိ တွေမို့ သံတော်ဦး မတင်လို့ မဖြစ်ချေဘူးဆိုပြီး။

"ကိုယ်တော်ကြီး အဆောင်တော်မကူး တဲ့ အကြောင်းရင်းတွေ ပြင်အိမ်တော်က ကိုယ်လုပ်တော်များ နဲ့သာ ချစ်ခင်ကြင်နာစွာ ပျော်ပါးတော်မူပြီး သမီးတော်ကို မေတ္တာ ယိမ်းတော်မမူလို့ပါ ဘုရား"လို့ မှန်ရာလျှောက်ထား သံတော်ဦးတင်ကြရတဲ့အခါ ခမည်းတော် ဘုရားက "ငါပေးစားတာ သင်းမကြည်ဖြူ နေရိုးလား"ဟု မိန့်တော်မူပြီး သမီးတော် အဆောင် သားတော် ကူးအောင်လို့ သားတော်မကွရာ ကိုယ်တော်ကြီးအား ရွှေနန်းတော်အတွင်း အိမ်တော်မှာ တစ်ပါးတည်း လာရောက် စံနေတော်မူရမယ်လို့ အမိန့်တော် ထုတ်တော် မူထားပါသတဲ့။

မကွရာ ကိုယ်တော်ကြီးလည်း မလွန်ဆန် သာတော်မူဘဲ အတွင်းအိမ်တော်မှာ ပြောင်းရွှေ့ စံနေတော်မူရတဲ့ အတောအတွင်းမှာ ပြင်အိမ်တော်မှ ကျန်ရစ်တဲ့ ကိုယ်လုပ်တော် များကို ခမည်းတော် မင်းတရားကြီး ဘုရား အမိန့်တော်နဲ့ မယ်မင်းတို့ ကိုယ့်မိဘအိမ် အသီးသီး ခေတ္တပြန်နေချေရမယ် လို့ အမိန့် ထုတ်ဆင့်တော်မူ တဲ့အခါ ကိုယ်လုပ်တော် များမှာလည်း ခမည်းတော်ဘုရား အမိန့်တော် ကို ကြောက်ရွံ့ရှာတဲ့အတွက် အထုပ်အပိုးများ ပြင်ဆင်ပြီး မြို့ပြင်ထွက်ရာ မကွရာကိုယ်တော်ကြီး ကို ကန်တော့ နှုတ်ဆက်ဖို့ စောင့်နေရှာ ကြတုန်း ကိုယ်တော်ကြီး ကလည်း လွှတ်တော်တက်ရာက လှည့်ပြီး ချစ်မငြီးတဲ့ ကိုယ် လုပ်တော် ကြီးများထံ ဝင်လာတော်မူတဲ့ အခိုက် ငိုကာ, ရယ်ကာနဲ့ ဘုရား ကျွန်မများ မိဘအိမ် ခေတ္တပြန် နေရမယ်လို့ အရှင့်ခမည်းတော် ဘုရားက အမိန့်တော် ထားလို့ သွားရပါမဲ့ အကြောင်းပါ ဘုရားလို့ လျှောက်ကြတဲ့ အခါ မကွရာ ကိုယ်တော်ကြီး ပြုံးတော်မူပြီး

www.burmeseclassic.com

www.burmeseclassic.com

"အေး...အေး...ခေတ္တခဏ သွားနေကြချေဦး၊ မသွားရင် အမိန့်တော် လွန်ဆန်တယ် ဆိုပြီး နင်တို့ကို သတ်လိမ့်မယ်၊ ကြွက်မနိုင် ကျီမီးရှို့နေတုန်း နင်တို့ ခဏရှောင် နေကြတာ ကောင်းတယ်" လို့ မိန့်တော်မူပြီး သူ့ကိုယ်လုပ်တော်ထဲက အချစ်ဆုံး ကလေး တစ်ယောက် ကိုတော့ မခွဲနိုင်လို့ထင်ရဲ့။

"နင်မလိုက်နဲ့ ဟောဒီမီးဖို အုတ်တိုက်ထဲ ပုန်းနေရစ်ခဲ့၊ ငါသော့နဲ့အပြင်က ခတ်သွားပြီး ရွှေလှတ်တော်ကြီး က လာတိုင်း ငါဖွင့်လာမယ်"လို့ မိန့်တော်မူတယ်။

ကိုယ်တော်ကြီး လာတော့ ခမည်းတော်အာဏာ အတိုင်း အတွင်း အိမ်တော်မှာပဲ ဟန်မပျက် စံတော်မူတယ်ဘုရား၊ ခမည်းတော်ကတော့ အတွင်တော်ရောက်ရင် ပင်းမင်းသမီး အဆောင်တော် ကူးမှာပဲလို့ ထင်တော်မူတယ်၊ ကိုယ်တော်ကြီးကတော့ ဘယ်ကူးတော် မူလိမ့်မလဲ၊ အတော်ဖွဲ့ကြီး တော်မူတာ၊ ခမည်းတော်အကြံကိုယ်ပဲ သိတော်မူသားမို့ သာပြီးမသွား မိအောင် ရှောင်တော်မူတဲ့ လက္ခဏာပဲ၊ ခမည်းတော်က မယ်တော်ဖြစ်သူ ကိုလည်း သားတော် ပင်းမင်းသမီးရဲ့ အဆောင်တော် ကို ကူးရဲ့လား ဆိုတာ အခါမပြတ် မေးတော် မူသတဲ့။

မယ်တော်ကလည်း မကူးကြောင်း သံတော်ဦးတင်ရရှာတယ်၊ သမီးတော်ပင်းမြို့စားမှာ ရှက်အားကြီးတာနဲ့ နောက်ဆုံးစိတ်တော်နောက်ပျက်ပျက် ဖြစ်လာပြီး တစ်ပါးတည်း ဟိုထွက်သွား၊ ဒီထွက်သွားသွားနေတဲ့အတွက် ခမည်းတော်ကိုယ်တိုင် သက်သာရာ မဲ့နည်းလမ်း မေးတော်မူမှာ "ဖျာ့ကျွန်မဖြင့် ရှက်လှချည်ရဲ့၊ ဒီမင်းသားနဲ့ မြန်မြန်ကွာရှင်း လို့သာ ပေးတော် မူပါ"လို့ ငိုယိုပူဆာ တာနဲ့ သားတော်ကို လက်လျှော့မှန်းမသိ လက်လျှော့ပြီး ကွာရှင်း ပေးတော် မူလိုက်ရတယ်တဲ့ အစ်မတော်ဘုရား။

ဒီအကြောင်းတွေ စုဖျာ့ အပျိုတော်ခင်ကြီးအမေက အားလုံးသိလို့ စုစုတို့ တစ်ဆင့် သိရတာ ပါဟုပြောတော်မူလျှင် သလွန်တော်တွင် သမီးတော်များစကားပြောကြသည်ကို နားဆင်တော် မူနေသော မယ်တော်က ပြုံးလျက်-

"အေး ငါ့သမီးကတော့ ရွှေနန်းတော်ကြီးပေါ်မှာ လွတ်လွတ်လပ်လပ်ကြီး ပျော်တော်မူနေ တဲ့အတိုင်း အဆောင်တော်အသီးသီးက သတင်း အမျိုးမျိုးတွေ ခရေစေ့တွင်းကျ သိတော်မူ ရတာပဲ ထင်ရဲ့၊ ဟဲ့... ခင်ကြီးရဲ့၊ နင့်အမေကပြောတာတွေ နင်မို့ စိတ်ရှည်လက်ရှည်၊ ငါ့သမီးကို လျှောက်နိုင် လေတယ်ကွယ်၊ ဒီမက္ခရာကလဲ တယ်ဖွဲ့ကောင်းတဲ့ သားတော် ပါကလား၊ ပင်းမင်းသမီးကလေးဟာလည်း လှကလှတော်မူရှာပါဘိသနဲ့ သူမို့ မသနားမညှာ စိတ်ထားတတ်ရှာ လေတယ်၊ သူ့ကိုယ်လုပ်များကို တယ်ပြီးငဲ့ညှာ ထောက်ထား လိုက်ပါ ကလား၊ ဘယ်နှယောက်များ လှလှပပရှိသလဲ ခင်ကြီးရဲ့"

ခင်ကြီး။ ။"ဘုရားကျွန်မ မမပြောတော့ဆောင်ရ ကိုယ်လုပ်တော်ကြီးသားတော်၊ သမီးတော် တွေနဲ့ ခနစ်ယောက်ရှိပါသတဲ့ဘုရား၊ ခင်နန်းရင်ဆိုတာ တစ်ယောက်ပါဘုရား၊ ခင်မျိုးနွယ်၊ မရှင်လေး၊ ခင်သစ်၊

www.burmeseclassic.com

www.burmeseclassic.com

ခင်မိမိဆိုတဲ့ ခုနစ်ယောက်ဟာလုလည်း အင်မတန်လှပြီး အဆောင်ရကိုယ်လုပ် တော်ကြီးတွေ ဖြစ်ပါတယ်၊ ဒီအထဲမှာ ခင်ခင်ကို သူများတကာထက်ပိုပြီး မြတ်နိုးတော် မူပါသတဲ့ ဘုရား"

မယ်တော်။ ။"အေး…အေး သန်တုန်း, မြန်တုန်း, ထက်တုန်း, အရွယ် လူငယ်တွေဆိုတော့ ကိုယ်ထင်ရာကိုယ် အကောင်း မှတ်ကြတာပေ့ါ၊ သူ့ခမျာကတော့ ခမည်းတော် ဘုရားကို ချစ်ခင်ကြည်ညိုတဲ့ သားတော်ပါ။ မဟုတ်မခံဘူး ဆိုတဲ့ မာနကလေး လည်း ရှိတယ်၊ ခမည်းတော်က လည်း သားတော်ရဲ့သဘောကို သိတော်မူပြီး အချစ်ကြီး ချစ်တော် မူပါပေတယ်၊ ဘယ်သားတော် ကိုမှ မေတ္တာပြယ်တော်မူတယ်လို့ မရှိပါဘူး၊ မြင်ကွန်း မြင်ခုံတိုင်တို့အပေါ်မှာတောင် မေတ္တာတော် မပျက်ရုံမက တစ်ခါက ငါ့သားတော်များ ဆင်းဆင်း ရဲရဲများ ဖြစ်နေရှာကြမလားလို့ ဂရုဏာ စကား မိန့်ကြားတော်မူတာ ကြားရပါသေးတယ်။

မေတ္တာရေဆိုတာ နိမ့်ရာစီးမြဲပဲလေ ခုရှိကြတဲ့ သားတော်ကြီးတွေ အပထားပြီး ငယ်ရွယ်တဲ့ သားတော်တွေထဲကလည်း ဘယ်သူက ဘယ်လိုလာဦးမယ် မသိနိုင်ဘူး၊ အခါတိုင်း အမှတ်မဲ့ နေလာကြတဲ့ သီပေါမင်းသားကလေးဟာ သုဓမ္မာစာပြန်ပွဲမှာ ဂင်န္တဲတော် မူနိုင်တာ ထောက်ရင် နောက်ပေါက်တွေကလည်း အနည်းနှင့်အများ ထူးထူးခြားခြား အားကိုးအားထား ပြုလောက်မဲ့ အရာရောက်တဲ့ သားတော်တွေ ဖြစ်ဦးမှာပဲ၊

အရည်တူ သားတော်ထဲက 'တောက်မဲ့ မီးအရှိန်နဲက ရဲရဲ' ဆိုသလို စိန်ကဲကျောက်ကဲခတ်သလို ဘယ်သူဘယ်လို ထူးချွန် လာမယ် ဆိုတာ စောင့်ကြည့်ကြဖို့ လိုတာပဲ"ဟု အဆောင်တော် ထဲတွင် သားမယ်တော်များ ပြောဆို စံနေတော် မူကြစဉ် မန်ကျည်းကန် ရွာစားအပျိုတော်ခင်နှစ် ဂင်လာပြီး မြတ်လေးကုံးကြီးများ ရွှေကလပ် တွင်တင်၍ ဆက်လာသဖြင့် မယ်တော်ဖျားက"ဟဲ့ မယ်နှစ်ကဲ့ဘယ့်နယ် ဒီရာသီက မြတ်လေးပန်း ပေါ်တဲ့ ရာသီ မဟုတ်ပါကလား"

ခင်နှစ်။ ။"မှန်လှပါအရှင်ထိပ်စု မြတ်ဖုရားလတ် နှစ်သက်တော် မူတယ်လို့ မိန့်တော် မူတာနဲ့ ဖျာ့ကျွန်မတို့အဖေ အထူးရေလောင်း စိုက်ပျိုးပြီး အရေးတကြီး ပြုပြင်လာတဲ့ အတွက် အခါရာသီ မဟုတ်ဘဲ ရွက်နတွေ ပေါက်ရာက ဖူးညောက်တွေ ပေါ်လာပြီး တစ်ခါတည်း ပွင့်လာတဲ့ အတွက် ရွှေလက်တော် ရောက်ဆက်ပါဆိုပြီး အမေ လာပို့ပါသည်ဘုရား"

ထိပ်စု ဖုရားလတ်လည်း မြတ်လေးပန်းတစ်ခိုင်ကို လက်တော်နှင့်ကိုင်ယူ ရှူစားတော် မူပြီး မကြာမီက ရွှေစိတ်တော်တွင် စွဲငြိစွန်း ထင်လာသော အမှတ် အသားကလေး တစ်ခုသည် မြတ်လေး ပန်းယနံ့ကြောင့် ရုတ်တရက် ပေါ်ပေါက်တော်မူလာပြီး

"အင်း… ဒီပန်းရနံ့ကလေး ရှူစားမူမိတော့ နယုန်လဆီမှာ သုဓမ္မာ စာတော်ပြန်ပွဲကြီးကို တွေးမြင်တော်မူမိတယ်၊ နှစ်တိုင်းထက် စည်ကားလို့ အားရစရာလဲ အတော်ကောင်းတာပဲ၊ သုဓမ္မာ စာတော်ပြန်ပွဲမှာ မောင်တော်သီပေါမင်းသား ပါဂင်ဖြေဆိုတော်မူလို့လည်း အခါတိုင်း ထက် ကြီးကျယ် ခမ်းနားပါပေတယ်၊ နောက်လာမဲ့ ပွဲများမှာ ဒါလောက်မှ စည်ကားပါဦးမလား"

www.burmeseclassic.com

www.burmeseclassic.com

ခင်နစ်။ ။"မှန်လှပါ စည်ကားကြီးကျယ်ဦးမယ်လို့ ဘုရားကျွန်မ ထင်ပါတယ်၊ သီပေါကိုယ်တော်ကလေးကလည်း သုဓမ္မာစာမေးပွဲတော်အတွက် ပထမလတ်ဖြေဆိုတော်မူရန် စာများအင်မတန်ကြိုးစားနေတော်မူတယ်လို့ လက်ဖက်ရည်တော် မောင်မောင်တုတ်တို့ လူစုက ပြောနေကြပါတယ်၊ ဘုရားကျွန်မတို့က အနောက်ပိုင်းကမို့ ရွှေနန်းတော် အရှေ့ပိုင်းက သတင်းများ အကြားအမြင်နည်းတော့ ဘကြီးအိမ်သွားတုန်းက အိမ်ဦးခန်းမှာ ဘဘတို့ ပြောနေကြတာ ကြားခဲ့ရပါတယ်ဘုရား

"စု။ ။"အို...နောင်နှစ်ည်း မောင်တော် သီပေါမင်းသား သုဓမ္မာ စာပြန်ဆိုပွဲမှာ ဝင်နွှဲ ဖြေဆိုတော်မူဦးမယ်လို့လား"ခင်နစ်။ ။"မှန်လှပါဘုရား၊ ဘုန်းတော်ကြီးလှသော အရှင့်သားတော် သီပေါကိုယ်တော်ကလေးဟာ ပထမငယ်, ပထမလတ်, ပထမကြီးအထိ အာဂုံပြန်ဆိုတော်မူရန် စိတ်ဖွဲတော် သန်လွန်းလို့ မှန်စီရွှေကျောင်းတော်မှာ ဦးခေါင်းတော်မျှ မဖော်နိုင်အောင် စာဂါကြိုးစား တော်မူနေတယ်၊ မယ်တော်လောင်းရှည်ဘုရားလည်း သားတော်အတွက် အလွန်အားတက် တော်မူ နေကြောင်းပါ ဘုရား"

စု။ ။"အင်း...သည်လိုဖြင့် လာမဲ့နယုန်လသုဓမ္မာစာပြန်ပွဲကြီးမှာ ပြီးခဲ့တဲ့နှစ်ကလို ကြီးကျယ် စည်ကားဦးတော့ မှာပနော်၊ မယ်မယ်ဖျားဖြင့် ဆွမ်းအုပ်တော် များများလှူဖို့ စိတ်ကူးတော် မူနေမှာပဲ"

အလယ်မနန်းတော်ဖုရားလည်း သမီးတော်များ ပြောနေကြသည့်စကားများကို သလွန် တော်ပေါ်မှ ပုတီးစိပ်တော်မူရင်း ကြားသိတော်မူရလျှင်

"ဟဲ့...ခုနကမိနစ် စုလတ်ကို လျှောက်တင်တာ ဘာတဲ့၊ သီပေါမင်းသား ကလေး ဘာဖြစ်သလဲ " ဟု မေးတော် မူလျှင် ခင်နစ်မှာ ထိပ်ထိပ်ပြာပြာနှင့်

သီပေါကိုယ်တော် ဘာမှမဖြစ်ပါဘုရား၊ အသျှင် ထိပ်စုမြတ်ဖုရားက မြတ်လေးပန်းနှင့် ပတ်သက်ပြီး စကားဆက်တော် မူမိတဲ့အတွက် နယုန်လ စာတော်ပြန်ပွဲ အကြောင်း ရောက်သွား ရာက နောက်နှစ်ကလောက် စည်ကားမှ စည်ကားတော့မယ်လို့ မိန့်တော်မူတဲ့ အတွက် လာမဲ့ နှစ်မှာလည်း သီပေါကိုယ်တော် ပထမလတ် ဖြေဆိုတော်မူဦးမယ်လို့ သတင်းအမှန် ကြားရသဖြင့် ပြီးခဲ့တဲ့နှစ်များကလို စည်ကား ကြီးကျယ်လိမ့်မယ် ထင်ကြောင်း လျှောက်တင် နေပါသည်ဘုရား"ဟု တင်လျှင် အလယ်နန်းမတော် ဖုရားလည်း မျက်ထားတော် ရွှင်ရွှင်နှင့်-

"သြော်...သီပေါမောင်ရင်က အင်မတန် ကြိုးစားတော် မူလိုက်ပါကလား၊ ဘုန်းတော် ကြီးမားလှသော ဘုရားကဖြင့် ဒီလိုထူးခြားတဲ့ သားတော်မျိုးကို အတော် အားကိုးရလိမ့်မယ်၊ ညီမတော် လောင်းရှည်မိမိ မှာလဲ ခုလိုထူးကဲတဲ့ သားတော်အတွက် ရှေးကလို ဆက်လက်ပြီး မျက်နှာ ပွင့်လန်းတော် မူစရာရှိပါရဲ့

www.burmeseclassic.com

www.burmeseclassic.com

"မိန့်တော်မူကာ အတန်ကြာလျှင် ညောင်းညာတော် မူသည်နှင့် သလွန်တော် ထက်တွက် လျောင်းစက်တော်မူလိုက်လျှင် အပျိုတော် ခင်ဖော့လည်း အနီးတွင် ဒူးပုဆစ်တုတ် ဂပ်ခါ ခေါင်းယပ် တောင်ဖြင့် ဖြည်းညှင်းစွာ ယပ်လေသွေးဆက်နေလေလျှင် သမီးတော် ထိပ်စုဖုရားကြီး လည်း မိမိအဆောင်တော်ထဲသို့ ထွက်တော်မူ လာကာ တောင်ငူခရိုင်မှ ဆက်ရောက် လာသည့်များစွာသော ဂမုန်းအင်နှင့် သဇင်ပန်းများကို ကိုယ်တော်တိုင် ရွေးချယ် လျက် ပန်းထီးသဏ္ဍာန် လှပစွာ စီမံပြုလုပ်ခါ စွယ်တော်စင်ဘုရား နှင့် မဟာမြတ်မုနိ ရုပ်ပွားတော် များအား ဆက်ကပ် လှူဒါန်းပူဇော် လျက်နေတော်မူ လေ၏ ။

ထိပ်စုဖုရားလတ်မှာလည်း မိမိ၏ အဆောင်တော်တွင် အပျိုတော်များနှင့် ညီမတော် ရမည်း သင်းစုဖုရား ကလေးပါ ငယ်ရွယ်သူ ဖြစ်သည့်အလျောက် ရွှေခဲ၊ ငွေခဲ၊ ပုလဲ ပတ္တမြား စသော ရတနာ များနှင့် ပျော်ရွှင်စွာ ဇယ်ထောက် ကစားတော်မူလျက် ရှိကြလေ သတည်း။

အခန်း (၄) ဆက်ရန်

အခန်း(၄)

ပိုက်လို့သာဂန်းတော့တယ်၊ သိုက်ညွှန်း ရွှေဗျာနှင့် ကေလာဂီငွေငါးက၊ ထွေပြား ရည်ညွှန်လို့၊ စည်ပုစွန် ဂုဏ်ပြေပေ့၊ စုန္ဒမောင်။

ဂိဇ္ဈလတာ၊ အလျှံငယ်ဖြာသည်၊ မဏ္ဍာဂီစစ်၊ နက်သုံးမြစ်က ကွန်ရက်ကယ် နတ်ပြွန်၊ ငြီးလို့ပင် သွန်သထင့်၊ ဖြိုးပုန်ဆုံ့အနေတွင်၊ တိမ်ထုငယ် မှင်ဆိုင် လှိုင်းပါဘိ၊ မှိုင်းလဲ့မှောင်မှောင်။

ခနစ်ခွေငယ်၊ တောင်ရေလည်ပတ်၊ ပြည်သုဒသ်လိုရ ဟတ်ကယ်ယဉ်ဖြာ၊ မြသဉ္ဇာနှင့် ရောထူးဆန်း၊ ဒေးဂန်းနန်းက လွမ်းငန်းငယ် ကုဋေ၊ ထပ်ပစေအောင် ရွှေထွန်တော်ယက် နယုန်လက်မှာ၊ စုံချက်ကယ်ခန်းဂါ၊ သာ့ထက်သာပင်၊ မလ္လာကျိုကျူ၊ ပန်းအစုတွင်၊ နန်းသူ့ချစ်ရန်၊ တော်ကြီးခံလို့၊ ဓမ္မာစမ္ဗီ၊ ထုံဂက်ကယ်ချီကြတဲ့၊ ရာသီခေါင်ကို ငွေဆောင် ယုန်းနန်းလနာဂိန်နှင့်။

ရာတာငယ်ကေးဂဋ္ဌ-ထွန်းလျှံလွှတ်လို့၊ မွန်းထွက်ကယ်စဉ်လာ သည်သို့ခါကို ရွှေစာတော်ပြန် သဘာယံနှင့် ညာမန္တလ၊ ရေကြည်းစုံလှချိန်မို့ အဆင်ယပြန်ဆယ် ကြံဘွယ်ဘွယ်ကို ဘန်ချယ်လေလေ စောမပြေအောင် ကြင်ဆွေမစပ် ကင်းတဲ့နတ်မှာ မတတ်ကယ်ဆည်ယူ အလွမ်းသာကူလိမ့်မည်၊ ကျွန်းဘူမိနက်သန်တွင် ဗိမာန်တည် ရွှေဘုံသစ်မှာမှ ဘုန်းလှစ်ချိန်သင့်။

ရာသီမာသ နယုန်လသို့ တကွမကွာ ဆိုက်ရောက်လာ ပြန်လေ၏။ ရွှေမြို့တော်လေးပြင်လေးရပ်လုံး အုံးအုံးဆူညံ သုဓမ္မာ စာတော်ပြန်ပွဲအတွက် အမိန့်တော်ကြီးကို ဦးထိပ်ရွက်လျက် သူ့ထက်ငါသာ

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာရစေရန် ကိုယ်၏တာဝန် ကျရောက်လာသည်တို့ကို စိတ်ရောကိုယ်ပါ မရိမကပ် ကြိုးပမ်းစွာ လုပ်ကိုင်စီမံလျက် ရှိကြလေရာ မန္တလေး တောင်ခြေရင်းရှိ သုဓမ္မာဇရပ်တော်ကြီးတွင် ယခင်နှစ်ကထက် ကြီးကျယ် စည်ကားလျက် ရှိလေ၏။

အဝေးရောက် သံဃာတော်များမှာလည်း ယမန်နှစ်က ထက် မြောက်မြားစွာသုဓမ္မာ စာတော်ပွဲကို အားခဲ ကြွရောက်လာကြကုန်သည် ဖြစ်ရာ သာသနာ့ဒါယကာ မဟာ ဧကရာဇ်မင်းမြတ် အမှူးထားလျက် မိဖုရား၊ သားတော်၊ သမီးတော် ဆွေတော်မျိုးတော်၊ မှူးတော် မတ်တော်များနှင့် နန်းတော်သူ နန်းတော်သား သူဌေးသူကြွယ် ကုန်သည်ဆင်းရဲသားမကျန် မြို့ခံဖြစ်သည့် အလျောက် သဒ္ဓါတရား ပေါက်၍ စွမ်းအားရှိသလောက် လှူဒါန်းကျွေးမွေး ကုသိုလ်ရေးကု လေးစားသမှု အာရုံပြုကြပြီးလျှင် စာပြန်ပွဲကို ဝင်နွဲဖြေဆိုကြကုန်သော ရဟန်းရှင်လူ ဘိုးသူတော် မယ်သီလ မကျန် ထိုက်တန်သည်ထက် ပိုကဲစွာအောင်ဆုပေးလှူ ပညာဉာဏ် ပူဇော်ကြကုန်ရာ စာတော်ပြန် ရောက်လာသော ရဟန်းသာမဏေမှန်သမျှမှာလည်း ပျော်ပျော်ပါးပါးနှင့် စိတ်အားတက်ကြွ ဝမ်းမြောက် ဝမ်းသာ ရှိကြရလေ၏။

သားတော် `သုသီရိမဟာဓမ္မရာဇာ သီပေါမင်းသားမှာလည်း ခမည်းတော် မင်း တရားကြီးဘုရား၏ အားရစွာ မြောက်စားချီးမြှင့်တော်မူခြင်းကြောင့် ယမန်နှစ်ကဲ့သို့ပင် ခေတ္တလူဝတ်လဲကာ အတွဲအစ်မ များနှင့်တကွ ခမ်းနားကြီးကျယ်လှစွာသော မင်းခမ်း မင်းနားဖြင့် သုဓမ္မာဇရပ်သို့ ထွက်တော် မူပြီးလျှင် ခမည်းတော် ဘုရားနှင့်တကွ များစွာသော ဆရာတော် သင်္ဃာတော် မဟာ ထေရ်မြတ်ကြီး တို့ရှေ့တွင် ပထမလတ် အဖြစ် သဒ္ဒါရှစ်စောင် ပါဠိအနက် ရုပ်ဆန်းပါဠိအနက် အလင်္ကာ ပါဠိအနက် အဘိဓာန် ပါဠိအနက် သင်္ဂြိုလ်ကိုးပိုင်းပါဠိအနက် မာတိကာပါဠိအနက် အရကောက် ဓာတုကထာပါဠိအနက် အရ ကောက်များနှင့် ဖြေဆိုဖွယ်ဆိုင်ရာများကို ပေါ့ပါးလျင်မြန်စွာ အာဂုံပြန်ဆိုတော်မူလျှင် ရဟန်း ရှင်လူပြည်သူပြည်သား အပေါင်းတို့ သောင်းသောင်းဖြဖြ ကောင်းချီးသြဘာများ ပေးကြကုန်လေသည်။

ဘဂရှင်မင်းတရားကြီးဘုရား သားတော်ကို နှုတ်တော်ဖြင့် ချီးမွမ်းတော်မူလျက များစွာအားရ နှစ်သက်တော် မူသော လက္ခဏာကို ပြတော်မူလေသတည်း။

သို့နှင့်လည်း ယခင်နှစ်၏ အစဉ်အလာအတိုင်း ရက်ပေါင်းသုံးဆယ်ပတ်လုံး စာတော်ပြန်ပွဲကြီး ဆင်နွဲပြီးစီး အောင်မြင်ခဲ့ပြီးနောက် ဂါဝင်ကန်တော့ခံပွဲအတွက် ဘဂရှင် မင်းတရားကြီး ဘုရားနှင့် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဘုရားနှစ်ပါးစုံ အရှေ့ စမုခ်တွင် ရှိခိုးကန်တော့ခံတော်မူရာ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်၊ ကတော်မယားအစုံနှင့် ရွှေဘုံဦးခိုက် ရောက်လာကြရုံမက နန်းတော်သူ နန်းတော်သား၊ စော်ဘွား မြို့စားစသော အဝေးရောက် ကျွန်တော်မျိုး များနှင့် သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားတို့ပါ ရှိခိုးလက်ဆောင်တော် ဆက်ရောက် လာကြသဖြင့် အရှေ့မုခ် ဦးကင်နန်းရင်ပြင်တွင် သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်ကအစ ဆင်းရဲသားအဆုံး အလုံးစုံသော ပရိသတ်တို့ ပြည့်ကျပ်စွာ ခစားလျက် နေကြစဉ် သုသီရိဓမ္မရာဇာ သီပေါမင်းသားလည်း သာမဏေဘောင်သို့ ပြန်လည် ဝင်ရောက်ရန်၊ လူဝတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ခမည်းတော်ထံမှောက်သို့ ရှိခိုးကန်တော့ ဂင်ရောက်လာရတော့ သည်ဖြစ်ရာ ယမန်နှစ်ကကဲ့သို့ပင် ယာဘက်မှ ခစားလျက်ရှိကြသော သမီးတော်များ အနက်မှ သံသရာရေစက်ရှင် ဖြစ်တော်မူသော နမတော် သီရိသုပဘာရတနာဒေဝီ၊ မြတောင် မြို့စားအရှင်ထိပ်စုဖုရားလတ်နှင့် နတ်တို့ညွှန်ကြားအပ်သည့် အလား ဤမျှ မြောက်မြားသော ပရိသတ် ဗိုလ်ပုံတွင် နှစ်ပါးအစုံ စက္ခုတော် ဆုံမိကြပြန်လေရာ တစ်ပါးနှင့်တစ်ပါး ဒုတိယအကြိမ်မြောက် ရှုစားတော်မူမိကြပြီးလျှင် ယခင်နှစ်က တွေ့မြင်တော်မူလိုက်ကြရသည်ထက် မေတ္တာတော် တစ်ဆင့်တက်၍ ရင့်သည်ထက် ရင့်ကာ ပွင့်အာလုနီးသော ရွှေကြာငုံသည် နေအရုဏကို မျှော်လင့်သည်၏အလား စုဖုရားနှင့် မင်းသားမှာ လင်းရောင်ခြည်တည်းဟူသော အခွင့်အရေးကို စိတ်တော်တွင် ကိုယ်စီတွေးတော် မူလိုက်မိကြပြန်လေသတည်း။

ယင်းသို့ မင်းနှစ်ပါးမှာ အလားတူညီစွာ စိတ်အယူအဆ တူမျှတော်မူကြသည့် တိုင်အောင် တစ်ပါးနှင့်တစ်ပါး စက္ခုအကြည့် ဓာတ်အားဖြင့်သာ ထိခိုက်သိသာစေလျက် ဆက်သွယ်ကမ်းလှမ်းရန် အချင်းချင်း စခန်းဝေးနေရုံမက သီပေါမင်းသားမှာလည်း မူလရည်ရွယ်ချက်အကြီးအတိုင်းပင် ရှင်သာမဏေဘဝသို့ ပြန်လည်ကူးပြောင်း တော်မူရလျှင် နောင်နှစ်ခါ စာပြန်ပွဲတော်တွင် ပထမကြီးအဖြစ် နောက်ဆုံးဖြေဆိုပွဲ ဂင်တော်မူရမည့်အတွက် စာဂါကို ကြိုးစားကျက်မှတ်တော်မူ နေရပြန်လေရာ နဂိုဂါသနာတော်ကလည်း စာပေထဲတွင်သာ ပျော်ပါးဂင်ဆန့်လိုသောကြောင့် အပိုအမိုမလုပ် လောကီမှုအရှုပ်အထွေးကို စဉ်းစားခွင့်မပေးဘဲ ခပ်အေးအေးပင် နေတော်မူခဲ့လေ၏။ ရွှေနန်းတော်အနောက်ပိုင်းတွင် ပျော်ရွှင်စွာ စံတော်မူနေသော ထိပ်စုဖုရားမှာလည်း ထိုအရေးကို စိတ်တော်တွင်ထည့်၍ မတွေးတတ်သေးဘဲ မယ်တော်၊ အစ်မတော်များနှင့် တစ်လှည့် မိမိအပျိုတော်များနှင့်တစ်သွယ်၊ အဆောင်ဆောင် အခန်းခန်းသော ရွှေနန်းတော်ကြီး အနောက်ပိုင်းဂယ် လွှန်းပုဆိုးဒီးလွှားနှင့် မင်းယောက်ျား ကလေးသဖွယ် လှည့်လည်သွားလာ၍ လွတ်လပ်စွာ စံနေတော်မူလျက် ရှိလေ၏။

ထို့သို့အားဖြင့် ဘဂရှင် သာသနာ့ဒါယကာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းဘုရင်မင်းမြတ်ကြီး လက်ထက်တော်တွင် နန်းတွင်းနန်းပြင်မှအစ မြို့နယ်အပိုင်း နိုင်ငံတော်တလွှားတွင် တရားနဲ့ညီသော မင်းကောင်းမင်းမြတ် စိုးမိုးအုပ်ချုပ်တော်မူသည့် အားလျော်စွာ ချမ်းမြေ့သာယာစွာ ရှိကြစဉ် ဘုရင်မင်းတရားကြီးဘုရားနှင့် စီးပွားဖက် တိုင်းပြည်၊ တည်ထောင်ဖက် ဖြစ်တော်မူကြသော စကြာဒေဝီ၊ မဟေသီမိဖုရားခေါင်ကြီး ဘုရားသည် စံစားတော်မူသော နန်းမတော်ဆောင်တွင် မကျန်းမမာ ဝေဒနာ အသည်းအသန် ဖြစ်တော်မူလာသဖြင့် သမားတော်၊ သမားကျော်ကြီးများနှင့် ဘဂရှင် မင်းတရာကြီးဘုရား ကိုယ်တော်တိုင် ကြပ်မတ်ကုစား နေတော်မူရသည်ဖြစ်ရာ ရွှေနန်းတော်သူ၊ ရွှေနန်းတော်သားများနှင့်တကွ တိုင်းနေပြည်သူတို့မှာ တရားဓမ္မ ပြည့်စုံတော်မူလှသည့် အရှင်မိဖုရားခေါင်ကြီးဘုရားအတွက် ပူဆာညှိုးနွမ်း မချမ်းမမြေ့ ဖြစ်၍နေကြရပြီးလျှင် ဘဂရှင်မင်းတရားကြီးဘုရားမှာလည်း မိခင်နှင့်အတူ သည်ကတဖြာ၊ ဆရာနှင့်တူသော တိုင်းပြည်တည်ဖက်၊ စီးပွားဖက် ဖြစ်တော်မူသော မိဖုရားခေါင်ကြီး မမာတော်မူသည့်အတွက် စိတ်ဂမ်းမကြည် ရှိတော်မူသည်ဖြစ်ရကား နန်းတော်သူ၊ နန်းတော်သားများမှာ 'အိမ်ရှေ့ပူလျှင် အိမ်နောက်မချမ်းသာ'ဆိုသော စကားပမာ ကိုယ့်အဆောင်မှာပင်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်စကားကျယ်ကျယ် မပြောဂံကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာနှင့် နန်းမတော်ဆောင်ကြီးက သတင်းစကားကို နားစွင့်၍ နေကြကုန်၏။

သို့ ရွှေနန်းတော်တစ်ခွင်တွင် အပ်ကျသည်ပင် ကြားရမတတ် တိတ်ဆိတ် ခြောက်ကပ်စွာ ရှိကြစဉ် နောက်ဆုံးတွင် ဘိဇ္ဇနသဘောအ ပျက်စီးပြိုကွဲ မခိုင်မြဲသော အနိစ္စသဘောတို့မည်သည် ရေမြေ့ရှင် ဘုရင်ဧကရာဇ်တို့ကို မဆိုထားဘိ သုံးလူ့ထွဋ်ထား၊ မြတ်ဘုရားနှင့် ရဟန္တာအရှင်မြတ်များကို စဉ်လျက် ချမ်းသာခွင့်မပေး၊ မျက်နှာကြီးငယ်မရွေး မျိုးဂါးစားသောက်တတ်သော သေမင်းပါးစပ်ဖြင့် ဟတ်ယူ ဆောင်ကြဉ်း ရုပ်နှင့်နာမ်ကို ခွင်းတတ်သည့်အားလျော်စွာ စကြာဒေဝီမဟေသီခေါင်ဖျား အရှင်မိဖုရားကြီးအားလည်း ငဲ့ကွက်မညှာ ရက်စက်စွာဖြင့် မရဏသေမင်း ဆောင်ကြဉ်း ခေါ်ယူရာ လိုက်ပါတော်မူရလေတည်း၊

ဘုရင်မင်းကြီး ဘုရားလည်း အဆွေခင်ပွန်းစစ်ပမာ မာတာမိခင်နှင့်မခြား စီးပွားဖက် ပြည်တည်ဖက် ဘိသိက်ခံဖက်ဖြစ်တော်မူသော နန်းမတော်ဘုရားကြီး နတ်ပြည်စံတော်မူ သည်ကို အထူးသဖြင့် ကြေကွဲ ဂမ်းနည်းတော်မူသော စကြာဂတေးမန္တာတ်မင်းတို့၏ မိဖုရားခေါင်ကြီးကို သင်္ဂြိုဟ်သည့် အစီအရင်ဖြစ်သော စာတမ်းနည်းလမ်းအတိုင်း အခမ်းအနား ကြီးကျယ်စွာ ခင်းကျင်းကျင်းပတော်မူပြီးလျှင် ဘဂရှင်မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ကြပ်မတ်တော်မူ၍ ဆွေတော်မျိုးတော်၊ မင်းညီမင်းသား၊ မှူးတော် မတ်တော်၊ ကတော်မယား အပျိုတော်၊ အထိန်းတော်များနှင့်တကွ ရွှေနန်းတော်၏ အရှေ့မြောက်ရှိ ဥယျာဉ်တော်အတွင်းတွင် အုတ်ဂူပြာသာဒ် ထားတော်မူရာဖြစ်သော မြောက်ဥယျာဉ် တော်တွင်းမှာ ဘဂရှင်မင်းတရားကြီးဘုရား သုံးလပတ်လုံး ဗိုလ်ရှုညီလာ သဘင်ခံ၍ စံတော်မူပြီးလျှင် အရှင်နန်းမတော် မိဖုရားကြီး၏ ရုပ်ပုံတော်ကို ရွှေသားဖြင့် သွန်းလုပ်၍ မိဖုရားကြီး စံနေတော်မူသော နန်းမတော်ဆောင်တည်းမှာပင် ရွှေပြာသာဒ်နှင့် ထားလျက် မိဖုရားကြီး ရှိတော်မူစဉ်က ခံစားထမ်းရွက်မြဲဖြစ်သော မှန်နန်းအပျိုတော်ကြီး များအားလည်း အခြားမိဖုရားများကို မခံစားစေရ၊ သက်တော်ရှိစဉ်က ခစားကြဘိသကဲ့ သို့ပင် အသျှင် နန်းမတော်မိဖုရားကြီး၏ ရွှေရုပ်တော်ကို ခစားကြစေပြီး မြို့စားရွာစား၊ လခရိက္ခာတော်များကိုလည်း ရှေ့ကနည်းအတိုင်း မနိမ်မကျ ချီးမြှင့်သုကောင်းပြု တော်မူလေ၏။

ဘဂရှင်မင်းတရားကြီးဘုရားသည် မိမိ၏ ဥသျှောင်တော်ကို ဆံတော်ရှင်များအား မထိ မကိုင်စေရ။ နေ့စဉ်နှင့်အမျှ အသျှင်နန်းမတော်မိဖုရားကြီး၏ ဆံတော်ရှင်း ပေးခြင်းကိုသာ ခံတော်မူခဲ့မြဲ ဖြစ်လေရာ မိဖုရားခေါင်ကြီး နတ်ရွာစံသောနေ့မှစ၍ မည်သည့်မိဖုရား၊ မည်သည့်ဆံတော်ရှင်းတို့ကိုမျှ ခိုင်းစေတော် မမူရုံမက ဆံတော်ကိုမျှ လုံးလုံးရှင်းတော်မမူတော့ဘဲ ဘွဲ့ဖြူ (ပိတ်ဖြူကိုဆိုလိုသည်)ဖြင့် ဥသျှောင်တော်ကို တစ်ခါတည်း အငြိမ်းရစ်ပတ်ထားတော်မူလိုက်၍ မကိုင္မသရဖူ ဆောင်းတော်မူရန်ရှိသည့် အခါ ဘွဲ့ဖြူ ဦးခေါင်းပေါ်တော်မှပင် အလိုက်သင့်တင်၍ ဆောင်းဆင်တော်မူလေသတည်း။

(စကြာဒေဝီ မိဖုရားခေါင်ကြီး နတ်ရွာစံပြီးနောက် ကျန်ရှိသော 'ဆောင်ရ' 'နန်းရ' မိဖုရားကြီးများက ဆံတော်ရှင်းပေးလိုကြသည်။ ဆံတော်ရှင်းခွင့်ရသော မိဖုရားမှာ မိဖုရားခေါင်ကြီးနေရာကို

www.burmeseclassic.com

www.burmeseclassic.com

ရရှိလိမ့်မည်ဟု ထင်ကြသည်။ သို့ရာတွင် မင်းတုန်းမင်း တရားကြီးသည် ပညာရှိမင်းပီပီ နောင်ရေးကို ဆင်ခြင်တော်မူသည့်အလျောက် မိမိဆံတော်ကို မည်သည့်မိဖုရားကိုမျှ မကိုင်စေလို၍ ဥပါယ်တံမျဉ်ဖြင့် ကိစ္စငြိမ်းအောင် ပြုမူခြင်း ဖြစ်သည်။

အချို့သော အင်္ဂလိပ်လူမျိုးတို့၏ မှတ်တမ်းတွင် မင်းတုန်းဘုရင်မှာ ခေါင်းတွင် အဂတ်ဖြူတစ်ခုနှင့် အမြဲရစ်ပတ်ထားသည်ကို တွေ့ရသည်ဟု ရေးကြသည်မှာ အကြောင်းရင်းဇစ်မြစ်ကို မသိရှာ၍ ရေးကြခြင်း ဖြစ်ပါသည်။)

ရတနာပုံမြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါနာတင်၊ ဘဂရှင်မင်းတုန်းမင်းတရားကြီး ဘုရားသည် ဆောင်ရ၊ နန်းရ၊ မိဖုရားကြီးငယ်ပေါင်း ငါးဆယ်ကျော်ရှိတော်မူသည့်အနက် ဤစကြာဒေဝီ မိဖုရားခေါင်ကြီးအား အထွက်အထိပ်ထား၍ များစွာမြတ်နိုး ကြည်ဖြူတော်မူလေ၏။

စကြာဒေဝီ မိဖုရားခေါင်ကြီးမှာ အမရပူရ ဒုတိယမြို့တည် နန်းတည်(သာယာဝတီ) သို့မဟုတ် ရွှေဘိုမင်းတရားကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးမှ ဖွားမြင်တော်မူလျက် သီရိပဝရ ဟိလောကရတနာ မင်္ဂလာဒေဝီဟူသော ဘွဲ့အမည်ဖြင့် ပင်တိုင်စံ သမီးတော်ကြီး ဖြစ်တော်မူပြီးလျှင် ပိဋကတ်ပေဒင် ရာဇဂင်နိပါတ် တတ်ကျွမ်းလိမ္မာ၊ ပညာရှိလက္ခဏာ အရာရာပြည့်စုံတော်မူသည့်အပြင် သုဓမ္မစာရီ မင်းသမီးကဲ့သို့ အကျင့်သိက္ခာ ပြည်စုံတော်မူ ပေသော သမီးတော်မြတ် ဖြစ်သည့်အားလျော်စွာ ခမည်းတော် ရွှေဘိုမင်းတရားကြီးကပင် လျှင် တိုင်းရေးပြည်ရာနှင့် ပက်သက်ရာတို့တွင် တစ်ခါတစ်ရံ သမီးတော် မြတ်ထံသို့ အကြံဉာဏ်တောင်းတော်မူရသော ပညာရှိ မင်းသမီးကြီးတစ်ပါး ဖြစ်တော်မူလေ၏။

ခမည်းတော်ရွှေဘိုမင်းတရားကြီးဘုရား နတ်ပြည်စံတော်မူပြီးနောက် မောင်တော်၊ မင်းတော်ဖြစ်သော (အမရပူရ စတုတ္ထနန်းစံ ပုဂံမင်း) ခမည်းတော်အရိုက်အရာ စိုးစံတော်မူခဲ့ရာမှ မောင်တော် မင်းတရားမှာ တိုင်းရေးပြည်မှုကို ဂရုပြုတော်မမူဘဲ မျက်နှာတော်လွှဲလျက် နှစ်သက်တော်မူရာ စရိုက်ဖြင့် လိုက်စားပျော်ရွှင်တော်မူသဖြင့် မတရားသောမြို့ဝန် ဘိုင်ဆပ်စသူတို့ ကြီးစိုးလွှမ်းမိုးနေဆဲတွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားများအား မလိုမုန်းထားသူများ လျှောက်တင်စကားဖြင့် ပုဂံမင်း အမျက်တော်ရှိလျှင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်နှစ်ပါးတို့မှာ အရေးဆိုက် ရောက်လာသဖြင့် နောင်တော်ကို မလွှဲသာ၊ မရှောင်သာ ခြားနားပုန်ကန်ခြင်း ပြုကြရသောအခါလည်း ပညာရှိမင်းသမီးကြီး (စကြာဒေဝီ)ပေးသောအခါတော်ဖြင့် ကြံစည် အောင်မြင်တော်မူရခြင်း၊ မင်းတုန်းမင်းသား ဘုရင့်အဖြစ် ရောက်တော်မူသောအခါ ကောင်းမြတ်သော မိန်းမမြတ်တို့ လက္ခဏာ အကျင့်သိက္ခာ သီလသမာဓိနှင့် ပြည့်စုံတော် မူသော (စကြာဒေဝီ) မင်းသမီးကြီးကိုပင် အဂ္ဂမဟေသီ မြှောက်တင်တော်မူခဲ့ခြင်း ဖြစ်လေသတည်း။

မင်းတုန်းမင်းတရားကြီးကား ရွှေဘိုမင်းတရားကြီးဘုရား၏ သားတော်ဖြစ်၍ ကျောက်ဆောက်မိဖုရားမှ ဖွားတော်မူသဖြင့် စကြာဒေဝီရှင်မိဖုရားကြီးနှင့် ခမည်းတော် တစ်ပါးတည်းမှ ဖွားမြင်တော်မူသော

www.burmeseclassic.com

www.burmeseclassic.com

သားတော်၊ သမီးတော်များ ဖြစ်တော်မူကြသည့် အနက် မင်းတုန်းမင်းတရားကြီး၏ အလယ် နန်းမတော် မိဖုရား (ဆင်ဖြူရှင်)မှာ မင်းတုန်းမင်း တရားကြီး၏ ခမည်းတော်ရွှေဘိုမင်း၏ နောင်တော်ရင်းဖြစ်သော ဘကြီးတော်ဘုရားနှင့် နန်းမတော်မယ်နုခေါ် သီရိပဝရတိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ မိဖုရားမှ ဖွားမြင်တော်မူသော သမီးတော်ဖြစ်၍ မောင်နမဂမ်းကွဲပင် တော်စပ်တော်မူကြကြောင်း။

သို့ဖြစ်၍ စကြာဒေဝီ မိဖုရားကြီးမှလွဲ၍ အလယ်နန်းမတော်ဖုရားသာ အကြီးအကဲ ဖြစ်သောကြောင့် မိဖုရားခေါင်ကြီး ဖြစ်ထိုက်၍ ဘိသိက်ခံတော်မူထိုက်သော်လည်း မင်းတုန်းမင်းတရားကြီးမှာ ကြီးစွာသော သတိပညာနှင့် ရှေ့နောက်နိုင်းဆ တွေးတော ဆင်ခြင်တော်မူတတ်လှသော နတ်ရွာစံ မိဖုရားခေါင်ကြီး အားလည်း လွမ်းအား တော်မပြေယ်သေး ဘိ အလားများစွာ စိတ်လက်ကြည်သာတော် မမူသေးသဖြင့် ထိုအရေး၊ ထိုကိစ္စများကို အရေးတကြီး စဉ်းစားတော်မမူနိုင် ရှိလေ၏။

ထိုအချိန် ထိုအခါတွင် ဘဂရှင်မင်းတုန်းမင်း ဘုရင်မင်းတရားကြီးမှာ ညီတော် မဟာဥပရာဇာ အိမ်ရှေ့မင်း ကံကုန်တော်မူသဖြင့် များစွာသော သားတော်များအနက်မှ တစ်ဦးတစ်ယောက်ကို အိမ်ရှေ့အပ်နှင်းတော်မူရမည့်တာဝန်မှာ ဖယ်လွှဲတော်မမူနိုင်အောင် ကြုံကြိုက်တော် မူရပြီဖြစ်သောကြောင့် အသီးသီးသော သားတော်များ မိခင်ဖြစ်သည့် မိဖုရားများမှာ မိမိတို့ သားတော်များအတွက် မျှော်လင့်ချက်ရှိကြရသည့်အပြင် ၎င်းတို့အထဲ မှ နန်းရ၊ ဆောင်ရ မိဖုရားများသည်ကား အဂ္ဂမဟေသီ ဘွဲ့ထူးကိုပင် ရအံ့နီးနီး မျှော်ကိုးနိုင်သော အခြေများ ဆိုက်ရောက်ခဲ့ပြန်သည်။

ဆောင်ရ မိဖုရားကလေးများတွင်ကား မိမိသားတော်များ ထွန်းကားမည့် အရေးတစ်ခုကိုသာ အားကိုး ပြုရရှာတော့လျက် အချို့ယောကျ်ား မထွန်းကားသည့် မိဖုရားငယ် များမှာမူ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်ရမည့် မိဖုရားသည် စကြာဒေဝီ မိဖုရားကြီးကဲ့သို့ တရားနှလုံးပြည့်ဝသူ မောင်းမမိသံ ခြွေရံသင်းပင်းနှင့် ကျေးတော်မျိုး၊ ကျွန်တော်မျိုးများအား သနားညှာတာ ကရုဏာကြီးမားသူ ဖြစ်ပါစေသားဟုသာ ဆုတောင်းလျက် နေရရှာကြလေသတည်း။

ယင်းသို့သော အရေးတော်ကြောင့် ရှေ့ပိုင်းတွင် မင်းတရားကြီးဘုရား အေးဆေးစွာ စံတော် မူနေသလောက် အနောက်ဆောင်တစ်ပိုက်တွင် တကြိတ်ကြိတ်နှင့် စိတ်ရောနှုတ်ပါများစွာ အလုပ်ရှုပ် နေကြသည့် အချိန်အခါဖြစ်၍ အသီးသီး ကိစ္စများလျက် ရှိကြစဉ် မြတောင်မြို့စား ထိပ်စု ဖုရားလတ်မှာမူကား အနောက်ပိုင်းရှိ အဆောင်ဆောင်သို့ လွတ်လပ်စွာ သွားလာစံနေတော်မူသူ ဖြစ်သည့်အတိုင်း အဆောင်ဆောင်မှ ပြေးကြဆိုကြ တိုင်ပင်ကြသော အရပ်ရပ် သတင်းစကားများကို မကြားချင်အဆုံး ရှိလေ၏။

နတ်ရွာစံ စကြာဒေဝီ မိဖုရားကြီးမှလွဲလျှင် မိမိမယ်တော် အလယ်နန်းမတော်ဖုရားမှ အိမ်တော်ပါ ခမည်းတော်၏ နမတော်ဂမ်းကွဲ ဖြစ်သည်သာမက ဘိုးတော်ဖြစ်သော ဘကြီးတော် ဖလ်နန်းရှင်

www.burmeseclassic.com

www.burmeseclassic.com

မင်းတရားကြီးဘုရား၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးမှာ မနောဟရထီးဖြူတော်အောက်တွင် သစ်နက်ရေခံလျက် ရွှေနန်းတော်ထက်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သူလည်း ဖြစ်သောကြောင့် ခမည်းတော် မင်းတုန်းမင်း တရားကြီး၏ တောင်ညာစံထားအဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မြှောက်စား ချီးမြှင့်တော် မူရန် များစွာထိုက်တန်လျက် လက်ရှိမိဖုရားများအနက်မှလည်း မယ်တော်ထက် အရည်အစား သာသောသူ မရှိဟူ၍ ယူဆတော်မူပြီးဖြစ်ရာ အခြားမိဖုရားများ အထင်အမြင်ကြီးကာ မျှော်လင့် ရှာကြသည်တို့ပင် အခြားမိဖုရားများ အထင်အမြင်ကြီးကာ မျှော်လင့်ရှာကြသည် တို့ကိုပင် ပြုံးရယ်တော် မူချင်မိလေ၏။

အခန်း (၅)

မောရဂီဂိန်၊ ဖလ်စက်အိမ်သည်၊ အရိုန်ယုန်လျှော့၊ ပျော့တော့ညံ့ပြောင်း၊ တစ်နေ့ သောညနေစောင်း အချိန်တွင် ရွှေအိမ်၊ ရွှေနန်းအခန်းခန်း အဆောင်ဆောင်တို့၌ ရာထောင်မကများ လှသော နန်းတွင်းသူ နန်းတွင်းသားတို့မှာ ဆိုင်ရာဆိုင်ရာ အဆောင်တော်များစွာ ၌ ပျော်ရွှင်ချမ်းသာစွာ ခစားနေထိုင် လျက်ရှိကြစဉ် ရွှေနန်းတော်ကြီးအနောက်ပိုင်း စလင်းစု ဖုရားသုသီရိမြတ်စွာ ရတနာဒေဝီ စံမြန်း တော်မူသော ကြိုင်ထုံသင်းပျံ့၊ ပင်းဖန့်ဂါရွှေ၊ အထွေထွေသော ပန်းမျိုးစုံတို့ဖြင့် မွှမ်းမံခြယ်လှယ်အပ်သော ပန်းခံတော်ဂယ် စွယ်တော် ပန်းများကို ပန်းထီးသဖွယ် လှပစွာပြုပြင်စီရင်လျက် ရှိကြသော အပျိုတော် သာစည်ရွှာ ခင်ထားနှင့် ကျောက်ကာ ရွာစားခင်နှစ် တို့မှာ နှစ်ယောက်ချင်းရှိကြသဖြင့် လွတ်လပ်ခွင့်ရှိ သည့်အားလျော်စွာ ပြောလိုသော စကားများကို အပြန်အလှန် ပြောဆိုနေကြရာမှ၊

ခင်ထား။ ။"ဒါနဲ့စကားမစပ် အရှင်နန်းတော်ဖုရားကြီး ကံတော်ကုန်မှ အနောက်ပိုင်းက မိဖုရားတွေတော်တော်ပဲ စိတ်အလုပ်များတော်မူနေကြပါကလား မမရဲ့"

ခင်နှစ်။ ။"ဘယ်လိုစိတ်အလုပ်များပုံပါလိမ့် မမရယ်၊ ခင်နှစ်ကတော့ အမှတ်တမဲ့မို့ သတိမထားမိပေဘူး"

ခင်ထား။ ။"တခြားဟုတ်ပါရိုးလား၊ မိဖုရားခေါင်ကြီးအဖြစ်သို့ အဆောင်ရ၊ နန်းရမိဖုရားထဲက တစ်ပါးပါးဖြစ်ရတော့မယ်ဆိုတဲ့ အာရုံကလေးဟာ ကိုယ်စီကိုယ်စီ မျှော်လင့်တော်မူမိကြပြီး ဘုန်းတော်ကြီး လှသော ဘုရားအမိန့်တော်က ဘယ်သူ့အပေါ် ကျမယ်ဆိုတာ စောင့်စားနေရှာကြတယ်၊ မမက ဒါကိုရည်ရွယ်ပြောတာပါ"

ခင်နှစ်။ ။"အထူးမျှော်လင့်ကြလို့ အပိုဖြစ်နေမှာပေါ့ မမရယ်၊ နန်းရမိဖုရားတွေထဲမှာ အလယ် နန်းတော်ဘုရားဟာ အရာလည်းအကြီးဆုံးဖြစ်တယ်၊ နမတော်ကြီးလည်းဖြစ်တယ်၊ ဒီတော့ အခြားမိဖုရား တွေ မျှော်လင့်ဖွယ်မရှိဘူးလို့ ထင်မိတာပဲ မမရဲ့"

ခင်ထား။ ။"ဒီလိုလည်းအတတ်မစွပ်စွဲနဲ့ဦး၊ ကံကရှိပေသေးတယ်၊ ဘဂကုသိုလ်ကံကို ဘယ်သူမှ အတတ်မထင် မဟောနိုင်ပေဘူး၊ ယခုမျက်မြင်အတိုင်း သေချာသလောက် ဖြစ်နေသော်လည်း အလယ် နန်းတော်ဘုရားထက် ထူးကဲပြီးချစ်မြတ်နိုးတော်မူတဲ့ မိဖုရား တစ်ဦးဦး အထူးသဒ္ဒါ တော်မူမယ်ဆိုရင် ဘယ်သူက ဂင်ပြီး ကန့်ကွက်နိုင်ပါ့မလဲ၊ သားတော်ကြီးတွေရဲ့ မျက်နှာနဲ့လည်းသဒ္ဒါမူမယ်ဆိုရင် မဖြစ်နိုင် ပေဘူးလား"

www.burmeseclassic.com

ခင်နှစ်။ ။"မဖြစ်နိုင်ပါဘူး မမရယ်ဒီကိစ္စမှာတော့ ဘယ်နည်းနဲ့မဆိုအလယ် နန်းတော် ဘုရားသာ ဖြစ်နိုင်စရာလမ်းရှိပါတယ်၊ ဘုန်းတော်ကြီးလှသော ဘုရားကလည်း ဒီနမတော်ကြီးကလွဲပြီး အခြားမိဖုရား တွေကို ရွေးချယ်တော်မူမယ် မထင်ပါဘူး မမရဲ့"

ခင်ထား။ ။"မမကလည်း ဖွတ်အတင်းသာ အတတ်စွဲနေတော့တာပဲ၊ ကံတရား ကိုလည်း စဉ်းစားစမ်းပါဦး၊ တခြားဟာကို ဥပမာမပေးဘဲ အလယ်နန်းတော် ဘုရားရဲ့ မယ်တော်ကို ဥပမာပေးစမ်းပါရစေ၊ သေသေ ချာချာ နားထောင်တော်မူစမ်းပါဦး"
ခင်နှစ်။ ။"ကဲ...ကဲ၊ အားလပ်ခွင့်ရတဲ့အခါ ကိုယ်ထင်ရာကိုယ်ပြောရအောင်၊ ဟောတော်မူ စမ်းပါဦး မမရယ်"
ခင်ထား။ ။"ယခုအရှင်နန်းတော် မိဖုရားခေါင်ကြီးဘုရား ကံတော်ကုန်တာ လ,ရက် အတော်ကြာသွားပြီနော်၊ အဲ...ကြာတာထားပါဦး အရှင်နန်းမတော်ဘုရားကြီး စံမြန်း တော်မူတဲ့ နန်းမတော်ဆောင်ကြီးကို ရှိတော် မူစဉ်ကလို ခင်းကျင်းပြင်ဆင်ပြီး အသျှင် မိဖုရားခေါင်ကြီး ဘုရားကိုယ်စား၊ ရွှေသားရုပ်ပုံသွန်းလျက် ရွှေပြာသာဒ်ထက်မှာထားလို့ မှန်နန်း အပျိုတော်ကြီး များရှေ့က ခစားမြဲအတိုင်း ခစားစေတဲ့သဘောဟာ သာမာန်တွေး မယ်ဆိုရင်ဖြင့် ဘုန်းတော်ကြီး လှသောဘုရားသည် အရှင်နန်းမတော်ကြီးအား ရွှေရုပ် သွန်းလို့ အလွမ်းပြေရှုစားတော်မူဖို့ သို့မဟုတ် မောင်းမမိဿံ၊ အခြွေအရံများကို အလကား အသက်ကင်းမဲ့သည့်ရွှေရုပ်ကို အလုပ် တစ်ခုလုပ်၍ ရှိခိုးခစား ကြသည့်အတွက် အကျိုးမရှိ၊ နိသက်သက် စေခိုင်းတော်မူထားသကဲ့သို့ ထင်ရပေမယ်၊ သို့သော် ဘဂ အရှင် မင်းတရားကြီး ဘုရားမှာ ငယ်ရွယ်တော်မူသေးသဖြင့် သခ်ါရဓမ္မကို မတွေးထင် မသိမ်းဆည်နိုင်၍ စိတ်င်တော်မူရာ လုပ်တော်မူသည်ဟု ဆိုဖွယ်မရှိပါကလား မမရယ်၊ သတိသမ္ပဇဉ်နှင့် ဆင်ခြင်နှိုင်းစာ တော်မူတတ်တဲ့ အရွယ်ကြီးရင့်ပြီး ထောက်ချင့်စဉ်းစား ပညာရှိတဲ့ မင်းတစ်ပါး မို့ အလကားလို့ မဆိုနိုင်ဘူး၊ ဘယ်အရေး၊ ဘယ်အချင်း ကြောင့် သည်ကဲ့သို့ ပြုကြသည် ဆိုတာ စဉ်းစားစရာ မဟုတ်ပါလား"
ခင်နှစ်။ ။"ဟုတ်ကဲ့...နှစ်နှစ်တော့ မစဉ်းစားတတ်ပါဘူး၊ မမ စဉ်းစားပြီးရင်လည်း မိန့်တော်မူပါ"
ခင်ထား။ ။"ဒါကြောင့် မမက(ကံ)လို့ပြောတာပေါ့ (ကံ)ထူးရင်ရမယ်၊ မိဖုရားတွေ ထဲက တစ်ယောက်မှရဖို့ (ကံ)မပါရင် တစ်ပါးမှမရဘူးသာ မှတ်ပေတော့"
ခင်နှစ်။ ။"အဲဒီကံက ဘယ်နယ့်လည်း မမရဲ့၊ အလယ်နန်းမတော်ဖုရား မိဖုရား ခေါင်ကြီး ဖြစ်နိုင်တဲ့ကံ မပါဘူးလို့ ထင်ပါသလား"
ခင်ထား။ ။"မထင်ပံပါဘူး မမရယ်၊ မမနယ်ပြောရတာ ပေ့လယ်လယ်ရှိပါဘိတော့နော်၊ အရှင် ထိပ်စု မြတ်ဖုရား အပါးတော်မှာ လောကုတ္တရာ ကျမ်းဂန်များအပြင် လောကီ ဗေဒင်ကျမ်းကို တစ်ဖက်ကမ်း ရောက်မလောက် တတ်မြောက်နေတဲ့ တစ်ပင်တိုင် အပျိုကြီးတစ်ပါး ဖြစ်ရက်သားနှင့် ကံတရား လှည့်စားတဲ့အကြောင်းကလေးများ စဉ်းစား တော်မူလိုက်စမ်းပါ၊

အိမ်ရှေ့မင်းဖြစ်နေပကောလို့၊ တစ်နေ့ရှင်ဘုရင်ဖြစ်ချင်မှဖြစ်မယ်၊ ဘုရင်ဖြစ်ထိုက်တဲ့ ကံမပါရင်မဖြစ် နိုင်ဘူး၊ အရည်အချင်းမပြည့်စုံသူကလည်း ကံရှိရင် မမျှော်လင့်ဘဲနဲ့ ရတတ်တာမျိုး၊ အလယ် နန်းမတော်ဘုရားရဲ့ မယ်တော်ဟာမဟာမျိုး မဟာနွယ် မဟုတ်ဘဲနဲ့ ကံထူးတော့မိဖုရားခေါင်ကြီး ဖြစ်ရတယ်မဟုတ်လား၊ မမပြောတာ တွေးမိရဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

ခင်နှစ်။ ။"ဟုတ်ပါလေရဲ့ နည်းနည်းနားပွင့်လာပါပြီ၊ သည်အကြောင်းကလေး ထပ်ပြီး အကျယ်အမိန့်ရှိပါဦး မမ"

ခင်ထား။ ။"ဟင်… နားပွင့်လာပြီလဲဆိုသေးရဲ့၊ ထပ်ပြီးတော့လည်း အကျယ်ချဲ့ ပြောစမ်းပါဦးတဲ့၊ ဒီလို… ဒီလို မမရဲ့၊ ဘကြီးတော်ဘုရားဟာ သက်တော်နနယ် အရွယ် တော်ငယ်ငယ်မှာ ပထမ အိမ်ရှေ့မင်း မိဖုရားဟာ ဆင်ဖြူရှင်မယ် ကွယ်လွန်ပြီးတဲ့နောက် သူ့ဘိုးတော်ဘုရားက (၇)နှစ်သမီးသာရှိတော်မူသေးတဲ့ ပန်းတောင်း မင်းသမီးလေးနဲ့ ကြိုကြိုတင်တင် ရေသွန်းနှင့်အပ် လက်ထပ်တော်မူပြီး မဟာဥပရာဇာ အိမ်ရှေ့မိဖုရားကြီး အစီး၊ အနင်း၊ အဆောင်အရွက် ခန့်အပ် ပေးသနားတော် မူထားတဲ့အတွက် ပန်းတောင်း မင်းသမီးကလေးဟာ ဘကြီးတော်ဘုရားရဲ့ ငယ်ကြင်ဖော်အစစ်၊ လက်ထပ် မိဖုရားကြီးဖြစ် နေပြီး အထွတ်အထိပ်ရောက်လို့ နန်းတက်တော် မူတဲ့အခါ အချိန်အရွယ်ရောက်လာတဲ့ ပန်းတောင်း မင်းသမီးကိုသာ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မြှောက်သင့်ပါလျက် အချစ် လက်သစ် ဖြစ်တဲ့ မယ်နုနဲ့ ရွှေလက်ဆွဲပြီး နန်းတက်ပွဲ ဂင်တော်မူတယ်၊ မယ်နုဟာ နန်းတက်ဖွားမဟုတ်ပဲ ထူးကဲတဲ့ကံပါလို့ မဆိုင်ရာကဂင်ပြီး မိဖုရားခေါင်ကြီးဖြစ်သွားတယ်၊ မိဖုရားခေါင်ကြီးဖြစ်ထိုက်တဲ့ ကံမပါတဲ့ ပန်းတောင်း မင်းသမီး ကလေးမှာတော့ ဘိုးတော် ကိုယ်တိုင် အိမ်ရှေ့မိဖုရားအဖြစ် ရေသွန်းနှင်းအပ် လက်ထပ် ပေးစားတော် မူလျက် ရက်စက်စိမ်းကား အနိမ့်အကျ ပစ်ပယ်တော်မူထားတာ ခံရရှာတယ် မဟုတ်ပါလား။

အဲ… ဒါ ကံတရားပေါ့၊ သူဟာဖြစ်ထိုက်တယ် သူပဲဖြစ်မှာပါလို့ ဘယ်အခါမှ ကိန်းသေ တွက်မထား ကောင်းဘူး၊ တစ်လောက မြင်ကွန်းကိုယ်တော်အရေးမှာ ကံတော် ကုန်သွားတဲ့ မင်းထပ်ကိုယ်တော် အိမ်ရှေ့ဘုရားကိုကြည့်၊ ဘုန်းတော်ကြီးလှသောဘုရား မရှိတော်မူတဲ့နောက် ရာဇပလ္လင်ပေါ် ရောက်လိမ့်မယ်ဆိုတာ လူတိုင်းသိကြတယ် မဟုတ် လား၊ ဒါပေမဲ့ ကံတရားက ဘုရင်မဖြစ်ရဘူးလို့ စီရင်ချက် ချထားတော့ မြင်ကွန်းကိုယ်တော် ဓားနဲ့ နတ်ရွာလားရရှာပြီ။

အခုဒီနေရာကို ဘယ်သူတက်ဦးမလဲ ဘယ်သူမှမပြောနိုင်သေးဘူးနော်၊ သား တော်ကြီးတွေက တစ်ပါးလည်းမက နှစ်ပါးလည်းမက များလှတော့ ဒီအထဲက ကံထူးကဲတဲ့ သားတော်တစ်ပါးပါး ခမည်းတော် အရိပ်အရာကို ရတော်မူမှာပဲ၊ ဒါကြောင့် မိဖုရားခေါင်ကြီး ဖြစ်ဖို့လဲခုရှိတဲ့မိဖုရားတွေထဲက တစ်ပါးပါးဟာကံထူးလာလိမ့်မယ်၊ တကယ်လို့ဘုန်းတော် ကြီးလသောဘုရားက ဂတိလိုက်စားတော်မမူဘဲ ဘယ်သူ့ကိုမှ မမြှောက်စားရင်ဖြင့် ဘယ်မိဖုရားမှ ကံမပါဘူးလို့ ပြောရမယ်၊ သမီးတော်ကြီးတွေ အများထဲမှာလည်း ထူးကဲတဲ့ ကံဇာတာပါလို့ မမတို့အရှင် စလင်း ထပ်စုဖုရား တစ်ပါးသာ ပင်တိုင်တော်နဲ့ထားပြီး ခမည်းတော်ဘုရား အချစ်ဆုံးမြှောက်စား သူကောင်းပြုတော်မူတဲ့ သမီးတော် တစ်ပါး ဖြစ်ရတယ်မဟုတ်လား"

ခင်နှစ်။ ။ "ဟုတ်ပါ မမ၊ ကံပင့်မြှောက်သလောက် မြောက်ကြရတာပါကလား၊ နှစ်နှစ်ဖြင့် ခုမှ အရေလည်ပါတယ်"

ယင်းသို့ ပြောဆိုနေကြစဉ် ပင်တိုင်ဆောင်မှ သာယာကြည်ညိုဖွယ်ကောင်းလှ သော ကြေးစည်သံ များကြားရသဖြင့် "ဟော… မမ အရှင်ထပ်စုမြတ်ဖုရား သမ္ဗုဒ္ဓေပန်း ကပ်လှူတော့မလို့ အချိန်နီး နေပါကလား၊ ကြည့်စမ်းပါဦး၊ စကားတွေမဆုံးနိုင်အောင် ပြောပြီး လေကြောရှည်နေလိုက်ကြတာ ထပ်စုမြတ်ဖုရား သိတော်မူရင် သမ္ဗုဒ္ဓလာပ အကျိုးမရှိတဲ့စကားတွေ ပြောနေရမလားလို့

www.burmeseclassic.com

www.burmeseclassic.com

များများကြီး အပြစ်တင်တော်မူလိမ့်မယ်၊ လာလာ ပန်းထီးတော်ကို မြန်မြန်ယူပြီး သွားကြစို့." ဟုပြောကာ လုပဆန်းကျယ်စွာ ပြုပြင် စီမံထားသော ပန်းထီးကိုယူလျက် ကသုတ်ကရက် ပင်တိုင်အဆောင်တော် ဘက်သို့ ထွက်သွားကြလေသတည်း။

သက္ကရာဇ် (၁၂၃၉) ခုနှစ် နယုန်လ သုဓမ္မာ စာပြန်ပွဲတော်ကြီးကား နီးကပ်၍လာပြန် လေ၏ ။ ရွှေနန်းတော်သူ၊ ရွှေနန်းတော်သားတို့နှင့်တကွ တိုင်းနေပြည်သူ ရှင်လူရဟန်းတို့ လည်း စာတော်ပြန်ပွဲကြီးအတွက် နှစ်စဉ်နှစ်တိုင်း ကဲ့သို့ စည်ကားကြီးကျယ်စွာ ဆိုင်ရာ ဆိုင်ရာ ပြုပြင်စီမံလျက်ရှိကြလေရာ ထိုနှစ်အဖို့ကား ဘ၀ အရှင်မင်းတရားကြီးဘုရားမှာ တိုင်းပြည်တည်ဖက်၊ နန်းစံဖက်၊ ကုသိုလ် ကောင်းမှုတော်ပြုဖက် ဖြစ်တော်မူသော စကြာ ဒေဝီ မဟေသီဖုရားခေါင်ကြီးဘုရား နတ်ပြည်စံ တော်မူပြီဖြစ်သောကြောင့် ထိုနှစ်အတွက် သုဓမ္မာ စာပြန်ပွဲသဘင်သို့ တစ်ပါးတည်းပင် ထွက်တော်မူ ရတော့မည် ဖြစ်လေ၏ ။

သားတော်သီပေါမင်းသားလည်း လာလတ္တံ့သော စာတော်ပြန်ပွဲတွင် နောက်ဆုံး အကြိမ် ပထမကြီးအဖြစ်နှင့် ပြန်ဆိုတော်မူမည်ဖြစ်ရာ ခမည်းတော်မင်းတရားကြီးဘုရား လည်း အထက်အကြိမ်များက ချီးမြှင့်တော်မူသော အခမ်းအနားအတိုင်း ခမ်းနားကြီးကျယ် စွာ ချီးမြှင့်တော်မူရန် အမိန့်တော် ထုတ်ပြန်တော်မူလေ၏ ။

သီပေါမင်းသား၏ မယ်တော် လောင်းရှည်မိဖုရားလည်း သားတော်အတွက် အားတက် ဂမ်းမြောက်တော် မူကာ သားတော်စံနေတော်မူရာ ခမည်းတော် မင်းတရားကြီး ဘုရားလည်း အထက်အကြိမ်များက ချီးမြှင့်တော်မူသော အခမ်းအနားအတိုင်း ခမ်းနားကြီး ကျယ်စွာ ချီးမြှင့်တော်မူရန် အမိန့်တော် ထုတ်ပြန် တော်မူလေ၏ ။

သီပေါမင်းသား၏ မယ်တော်လောင်းရှည်မိဖုရားလည်း သားတော်အတွက် အားတက် ဂမ်းမြောက်တော်မူကာ သားတော် စံနေတော်မူရာ နန်းဦးမှန်စီ ကျောင်းတက်သို့ ထူးခြားသော ရသာချိုချဉ် ဆွမ်းကွမ်းပြင်လျက် နေ့စဉ်ဂတ်မပျက် စေလွှတ်ပို့သခြင်း၊ သုဓမ္မာစာတော်ပြန်ပွဲသို့ ဆင်နွဲတော်မူကြမည့် သမုတိ သံဃာတော်မြတ်တို့အား သဒ္ဒါ တတ်အားတော် မူသလောက် သက္ကစ္စမြောက် လှူဒါန်းရန်၊ သက်ိန်းများ ကိုယ်တော်တိုင် ချုပ်လုပ်လျက် ရှိတော်မူလေ၏ ။

အလယ်နန်းတော်ဘုရားနှင့် သမီးတော် ထိပ်စုဖုရားကြီးမှာလည်း နှစ်စဉ်လှူဒါန်းခဲ့ သည့်နည်းအတိုင်း ယခုနှစ်အဖို့လည်း အသီးသီးသော ဆရာတော်၊ သံဃာတော်များ အတွက် ဆွမ်းအုပ်ရေမြောက်မြားစွာ ဆက်ကပ် လှူဒါန်းရန် ရည်သန်တော်မူလျက် သက္က စ္စဒါနမြောက်ရန် စံဆောင်တော် အတွင်းတွင် ခြွေရံသင်းပင်း ကျွန်တော်မျိုးမ ရင်းချာတို့ဖြင့် စီမံစိုင်းပြင်း လှူစာရင်းကောက်လျက် ရှိကြသည့်အခါတွင် အသျှင်စုဖုရားလတ်သည် အပါးကော်တွင် နီးကပ်စွာ အမှုတော်ထမ်းရသော လက်ရင်း အပျိုတော် ကလေးတစ်ဦးနှင့် မှန်ဆောင်တော်တွင်း စံတော်မူကာ ရွှေကလပ်နှင့် ဆက်လာသော မြတ်လေးပန်း များကို နှစ်သက်စွာ ပန်ဆင်တော်မူရင်း ယမန်နှစ် နယုန်လအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ဟာဒယနလုံးသားကို အနည်းငယ် ထိခိုက်လှုပ်ရှားစေသော အကြောင်းထူးတစ်ခုသည် တစ်နစ်အတွင်း မေ့မေ့ လျော့လျော့၊ ပေါ့ပေါ့ဆဆ နေတော်မူမိရာမှ မြတ်လေးပန်းရန့်က နှိုးဆွသတိပေးလိုက် ခြင်းဖြင့် အလင်းဉာဏ် ပေါ်ထွက်၍ ရုတ်တရက် သတိတော်ရမိသဖြင့် ဘုန်းတော်ကြီးလှ သော ခမည်းတော်ဘုရား၏ ကန်တော့ခံ ညီလာခံသဘင်တွင် တိမ်စင်သော လဂန်းကဲ့သို့ တင့်ရှန်းကြည်သာ မင်္ဂလာ ကျက်သရေ အပေါင်း စုဝေးရာဖြစ်သော မောင်တော် သီပေါမင်း သား၏ မျက်နှာတော်နှင့် ရှုစား တော်မူမိခြင်းဆုံ၍ ရွှေရင်တော်ခုန် မိသည်များ၊ ထင်ရှားစွာ တွေးတောသတိရတော်မူလာပြီးလျှင် ယခုပင် ဖြစ်ပျက်တွေ့ဆုံ နေဘိ အလား များစွာလှုပ် ရှားထိခိုက်တော် မူသွားလေတော့၏ ။

ထိုအခိုက်တွင် အထိန်းတော်သုမနဂတီ ခင်ဘွားသစ် အဆောင်တော်ထဲသို့ ဂင်လာပြီး စုဖုရား အပါးတော် အနီးတွင် ထိုင်ကာ

"သစ်သစ်ရဲ့ စုထားဖုရားကလေးဟာ ဘာများတွေးပြီး ငေးငေးကလေး စံတော်မူ နေပါလိမ့်မယ်"

ရုတ်တရက် ကျီစယ်လျှောက်တင်လိုက်ရာ ဘဂင်ခိုက်မျှ တွေးတော်စဉ်းစားတော်မူ နေသော စုဖုရားလည်း ရုတ်တရက် အံ့အားသင့်တော်မူသွားပြီးမှ အထိန်းတော် ခင်ဘွားသစ်ကို မြင်တော်မူလျှင် ပြုံးရွှင်စွာ ရှုစားတော် မူလျက်ပခုံးကို ဆီး၍ဖက်တော်မူပြီး-

"အို... သစ်သစ် ဘယ်ဆီများသွားနေလဲ၊ စုထားတစ်ယောက်တည်း ပျင်းတော်မူ လွန်းလို့ ပုံတော်ဆက်စမ်းပါ ပြောမလို့၊ သစ်သစ်ရောက်လာတာနဲ့ အတော်ပဲ"

မိန့်တော်မူလျှင်-

သစ်။ ။"သစ်သစ် ဘယ်မှမသွားပါဘူး၊ စုထားသာလည်တော်မူနေလို့ သစ်သစ်ကို တွေ့တော်မမူတာပါ၊ အလို...စုထားလေးဘာများ စိတ်ကူးရတော်မူလို့ လွန်းများပုဆိုးကြီး ကိုချွတ်ပြီး ဟောဒီစစ်ကိုင်းချိပ်ထဘီကို ဆင်တော်မူထားပါသလဲ၊ သစ်သစ်တို့ စုထားလည်း ခုတလော ရွှေစိတ်တော်များ ဂဏ္ဍာမငြိမ် တော်မူဘူးထင်ပါရဲ့၊ အစကတော့ ပုဆိုးမှတစ်မျိုးလှတယ်ထင်လို့ ဆင်တော်မူမယ်ဆိုပြီး ယခုတော့ ပုဆိုးချွတ်ပြီး ထဘီဂတ် တော်မူတာ ဘာအဓိပ္ပာယ်ပါတုံး စုထားဖုရား"

စုထား။ ။"ဩော်... ဒီမိန်းမကြီးဟာ စစ်စစ်ပေါက်ပေါက် မေးတတ်လေတယ်၊ စုစု ကောင်းတယ်ထင်လို့ ဆင်တော်မူတာပေါ့ သစ်သစ်ရဲ့၊ မယ်မယ်ဖျားကလည်း စုထားကို လုံမလေးငယ်တော့ဘူး၊ မိန်းမပီပီ ဂတ်ဆင်တော်မူဖို့တော်ပြီလို့ မိန့်တော်မူတာနဲ့ အကျင့်ရအောင် ဆင်တော်မူကြည့်ပါတယ်"

သစ်။ ။"အမယ်လေး...ဒီအတိုင်းမှန်ရင်၊ သစ်သစ်လည်း အင်မတန်ဂမ်းသာပါတယ် စုထားဖုရား၊ စုထားဖုရားကို ရွှေနားဂင်အောင် တင်လို့မရတဲ့အတွက် စိတ်ပျက်ပျက်နဲ့ လက်လျော့ပြီး ဒီပုဆိုးရှည်ကြီး ဆင်တော်မူတာကို ကြည့်နေရပါတယ်၊ ယခုလိုမယ်တော် မြတ်များ အမိန့်တော်နားဂင်တော်မူပြီး မင်းသမီးပီပီ ဆင်တော်မူထားတဲ့အတွက် သစ်သစ် တို့စုထိပ်ဖျားမှာ ဘယ်လောက်များ အလှကျက်သရေ တိုးတော် မူနေတယ်ဆိုတာ မတင် တတ်သလောက်ပါဘဲ"

စုထား။ ။"အလိုလေး... တယ်လည်းဆိုလိုက်တဲ့ စာပါကလား သစ်သစ်ရဲ့၊ ဒါနဲ့ စကားမစပ် နယုန်လ သုဓမ္မာစာတော်ပြန်ပွဲကြီး နီးကပ်လာပြီနော်၊ မယ်တော်ဖျားဖြင့် လှူဖွယ်တန်းဖွယ်များ ပြင်ဆင်တော်မူလှပြီ၊ စုထားလဲ ဒီတစ်ခါစာတော်ပြန်ပွဲမှာ စာအောင် တဲ့ကိုယ်တော်များအတွက် တစ်စုံတစ်ခု လှူတော်မူချင်တယ် သစ်သစ်ရဲ့၊ ဘယ့်နယ်သ ဘောရပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"ကောင်းသားပဲစုထားဘုရား၊ စာအောင်တဲ့ကိုယ်တော်များကို တိစီဂရိတ် သင်္ကန်းများ လှူတော်မူပါလား၊ အဲဒီစာအောင်တဲ့ ကိုယ်တော်များအထဲမှာ မောင်တော် သီပေါ ကိုယ်တော်လဲ ပါတဲ့အတွက် တခြားကိုယ်တော်များထက် မောင်တော်သီပေါကိုယ် တော်ကို ပိုပြီး လှူတော်မူ ထိုက်ပါသေးတယ်"
စုထား။ ။"ဟင်... သစ်သစ်ကလည်း သီပေါမောင်တော်ဘုရားကို လှူလိုဖြစ်ပါတော် မူရတာ၊ စုထားကတိစီဂရိတ် သင်္ကန်းသွားလှူလို့ နေရာမကျဘူးထင်တာပဲ"
သစ်။ ။"ဒါဖြင့်လည်း တခြားကိုယ်တော်များကို သင်္ကန်းလှူတော်မူပြီး မောင်တော် သီပေါမင်းသား အတွက်လည်း သီးခြားသင့်လျော်မယ်ထင်တဲ့ လက်ဆောင်တော်တစ်ခုခု ဆက်ရရင် အင်မတန် နေရာကျ တော်မူပါလိမ့်မယ်"
စုထား။ ။"ဟာ...ရာရာဖွေဖွေ သစ်သစ်ရယ်"
သစ်။ ။"ရှာရှာဖွေဖွေတင်တာမဟုတ်ပါဘူး စုထားဖုရားရဲ့၊ အရှင်စုထားဖုရားက စာအောင်တဲ့ ကိုယ်တော်များကို တစ်စုံတစ်ခုလှူချင်တယ်ဆိုလို့ လှူတော်မူဖို့မကြံပေးရာမှာ သီပေါကိုယ်တော် ကလေးမပါရင် ကောင်းနိုင်ပ့ါမလားဘုရား၊ တစ်ရံဆံပြည်သူ ဆင်းရဲသား များကတောင် အောင်ဆု ဆက်ကြပါလျက် စုထားဖုရားက ဝကွက်ပြီး ချန်တော်မူထားရင် မတရားတော်မူဘူးပေ့ါ"
ထိပ်စုထားလတ်လည်း အနည်းငယ် ငေးစိုက်စဉ်းစားတော်မူနေရာမှ ပြုံးရွှင်တော် မူကာ
"အင်း... သစ်သစ်ပြောထားလည်း ဟုတ်ပေသားပဲ၊ နို့ဒါဖြင့် ဘယ်လိုလက်ဆောင် တော်များ ဆက်ရမလဲ သစ်သစ်လဲ စဉ်းစားစမ်းပါဦး"
ခင်ဘွားသစ်လည်း အနည်းငယ်စဉ်းစားနေပြီးမှ-
"သည့်ပြင်လက်ဆောင်တော် ဆက်ရတာထက် ကိုယ်တော်လေး သုဓမ္မာဇရပ်သို့ ထွက်တော်မူတဲ့အခါ ဆင်တော်မူစရာ ဂတ်လဲတော် ပုဆိုးကောင်းတစ်ထည် ဆက်ထားနှင့်ရင်မသင့်တော် ပေဘူးလား စုထားဖုရား"
စုထား။ ။"အို...ဟုတ်ပါလေရဲ့၊ သစ်သစ်အကြံပေးတဲ့အတိုင်း ဂတ်လဲတော်ပုဆိုး ဆက်ရင် လူထွက်တော် မူတဲ့အခါ အဆင်သင့်ဆင်တော်မူရမယ်"
သစ်။ ။"ဂတ်လဲတော်ဆက်တာက ဟုတ်ပါပြီ၊ စုထားဖုရားမှာ ဂတ်လဲတော်ပုဆိုး အဆင်သင့် ရှိတော်မူ ပါသေးရဲ့လား"
စုထား။ ။"အို...ရှိပါသော်ကော၊ ဟောဟု ရွှေရေးအစ်ကြီးထဲမှာ စုစုဆင်တော်မမူရ သေးတဲ့ပုဆိုးအသစ်တွေရှိပါတယ်၊ ဟဲ့...ခါနွေယူခဲ့စမ်း"
မိန့်တော်မူလျှင် အပျိုတော်ခါနွေလည်း ရွှေရေးယွမ်းအစ်ကြီးကို အပါးတော်သို့ လာဆက်လေ၏။ စုဖုရားလတ် လည်း ယွမ်းအစ်ကို ဖွင့်စေပြီး အထဲကလွန်းများပုဆိုးများကို ကိုယ်တော်တိုင် ထုတ်ယူတော် မူပြီးလျှင်
"သစ်သစ်ရဲ့ဟောဒီဂတ်လဲတော် အသစ်တွေထဲက အကောင်းဆုံးတစ်ထည် ရွေးစမ်းပါ" မိန့်တော်မူ၍ ခင်ဘွားသစ်လည်း လွန်းပုဆိုးများကို ရွေးချယ်လျက်ရှိလေ၏။
သစ်။ ။"စုထားဖုရား။ ဟောဒီနွယ်သာကီကြိုးကလေး မကောင်းပါလား"
စုထား။ ။"ဟင်...နွယ်သာကီကြိုးက နီစပ်စပ်နဲ့ သစ်သစ်ရယ်၊ စုစုကြိုက်တော် မမူပါဘူး"
သစ်။ ။"ဒီစစ်ကိုင်းချိပ် အဂါနကလေးကော ဘုရာ့"
စုထား။ ။"ဟာ...ဒါကြီးလဲရိုးလှပါတယ်"

www.burmeseclassic.com

သစ်။ ။"နို့ဖြင့် ဟောဒီဖက်ဖူးသွေးလွန်းခြောက်ဆယ်ကော ဘုရာ့"
စုထား။ ။"မကြိုက်တော်မူသေးဘူး၊ ဟောဟိုအောက်ဆုံးက ကရဂိတ်နွတ်သီးဂမန်း ပန်းချီတဲ့ ပန်းစုံကြီး ပုဆိုးကို ယူလိုက်စမ်းပါ၊ အဲဒါကမှ လုလည်းလုမြိုင်လည်းမြိုင်တယ်၊ ပုဆိုးအမြိတ်မှာလည်း ဒေါင်းတံဆိပ် ပါတဲ့အတွက် မောင်တော်ဆင်တော်မူလိုက်ရင် အင်မတန်ကျက်သရေရှိတော်မူမှာပဲ သစ်သစ်ရဲ့"
သစ်။ ။"ဩော်...ဟုတ်ပါရဲ့၊ စုထားဘုရား၊ သီပေါကိုယ်တော်နဲ့ လိုက်တော်မူ အောင်ရွေးတော်မူတတ်ပေရဲ့၊ ကိုင်း...ဒီဂတ်လဲတော်ကို စောစောကသွားပြီးဆက်ထားရ အောင်သီးခြားထားရမှာပ"
ပြောကာ ခင်ဘွားသစ်လည်း ပုသိမ်ဆာပါပဂါနှင့် ဂတ်လဲတော်ပုဆိုးကို ယုယစွာ ထုတ်လျက်၊ အီစတန်နှင်း ရေမွှေးနှင့်ပက်ဖျန်းပြီး မြတ်လေးပန်းကုံးကြီးများနှင့် ရစ်ပတ်၍ ရွှေကလပ်တစ်ခုတွင်တင်၍ ထားလေ၏ ။
စုဖုရားလည်း ခင်ဘွားသစ် လုပ်ကိုင်နေသည်ကို ပြုံးရယ်ရှုစားတော်မူကာ
"ပြင်ဆင်လှချည်လား သစ်သစ်ရဲ့၊ ဘယ်တော့သွားဆက်မလို့လဲ"
သစ်။ ။"အရှင်ထိပ်စုမြတ်ဖျား ခိုင်းစေတော်မူတဲ့နေ့ သွားမှာပဘုရား၊ စာတော်ပွဲ မပင်ခင် အရင်တင်ကူးပြီး ဆက်ထားမှာဘုရာ့၊ မတော်တဆ တခြားမင်းသမီးတွေက ဦးသွားရင်..."
စုထား။ ။"ရက်လည်း လိုပါသေးတယ် သစ်သစ်ရယ်၊ သည်ကလောက်လည်း အရင်မလိုပါနှင့်၊ တခြားမင်းသမီးတွေက ဦးပေတဲ့ စုစုဆက်တဲ့လက်ဆောင်တော်မှ သီပေါ ကိုယ်တော်က နှစ်သက်တော် မူမှာပါ"
သစ်။ ။"အလို...စုထားဖုရား၊ ဘယ်လိုအကြောင်းကြောင့် သီပေါကိုယ်တော်ရဲ့ စိတ်တော်ကို သိတော်မူရပါသလဲ"
စုထား။ ။"စုထားလေ၊ ရှေ့တော်ကန်တော့ဂင်တော်မူတုန်းက မင်းသမီးတွေအများ ကြီးရှိလျက်သားနဲ့ မောင်တော်သီပေါမင်းသားဟာ စုထားကိုမှတမင်ရွေးပြီး ငေးငေးကြီး ရှုစားတော်မူတာနှစ်ခါတောင်မှပဲ၊

ဟိုပထမနှစ်တုန်းကတစ်ခါ သစ်သစ်ရဲ့၊ မနှစ်ကတစ်ခါ၊ ဒါကြောင့်ယခုလည်း စုစုဆက်တဲ့ လက်ဆောင် တော်ကို အများထဲကတမင်ရွေးပြီး၊ အရေးတကြီးဂတ်ဆင်တော်မူပါလိမ့်မယ်လို့ အင်္ဂဇာနဲ့ ဟောတော်မူ လိုက်တာကလား"
သစ်။ ။"အမယ်လေးဟဲ့လေး သစ်သစ်တို့ စုထားဖုရားလည်း စကားတတ်တော်မူ လှပါပကော၊ ဒါထက်အဲဒီတုန်းက သီပေါကိုယ်တော်က စုထားဖုရားကို ရှုစားတော်မူ ကြောင်း ဘယ့်နှယ် သိတော် မူပါသလဲ"
စုထား။ ။"စုစုကိုယ်တော်တိုင် မြင်တော်မူရတဲ့အတွက် သိတော်မူတာပေါ့ သစ်သစ်ရဲ့"
သစ်။ ။"စုထား ကိုယ်တော်တိုင်ကော ဘောက်မဲ့ကြောင့် မြင်တော်မူရသတုံးဘုရား"
စုထား။ ။"အို...ဒီမိန်းမကြီးဟာ ပခန်းချည်ပါတစ်ရှာရှာက ဇာတိလားမသိဘူး၊ အင်မတန် စကားကပ် တင်တယ်၊ စုစုကကြည့်လို့မြင်ပါတယ်တဲ့၊ ကဲသိပလား"
သစ်။ ။"စုစုကကော မင်းသားတွေအများကြီးထဲက သီပေါကိုယ်တော်တစ်ပါးတည်း မှ ဘောက်မဲ့ရွေးပြီး မြင်တော်မူ တတ်ရသတုံး"

www.burmeseclassic.com

www.burmeseclassic.com

ပြုံးစိစိနှင့် မထိတလ လျှောက်တင်လျှင် စုထားဖုရားသည် ချစ်တော်မူသော အထိန်းတော်ကြီး ဖြစ်သည့်အားလျော်စွာ ခင်ဘွားသစ်၏ ကျောကိုမနာ့တနာထုတော်မူပြီး
"ဒါနဲ့ စုစုပျင်းတော်မူလိုက်တာ သစ်သစ်ရယ်၊ ပုံတော်များ ဆက်စမ်းပါ"
သစ်။ ။"ရာမဇာတ်တော်ကြီးလား၊ အီနောင်ဇာတ်တော်ကြီးလား၊ စုထားဖုရား ရွှေနားဆင်တော်မူလိုသော မိန့်တော်မူပါ"
စုထား။ ။"ဟင်…ဒါတွေပွဲကြည့်ဆောင်တော်ထဲမှာ ငြီးစော်နံအောင် မြင်တွေ့နေရ တာ နားထောင် တော်မမူချင်ပါဘူး"
သစ်။ ။"ဒါဖြင့်ဆရာကြီး ဦးကြင်ဥရေးတဲ့ ဂင်္ဂဇာတ်ကို နားဆင်တော်မူမလား"
စုထား။ ။"ဒီဇာတ်သွားလည်း နားမထောင်ချင်ဘူး သစ်သစ်ရဲ့"
သစ်။ ။"ဆရာကြီးဦးပုညရေးတဲ့ ပဒုမဇာတ်လည်းအကောင်းသားပါ"
စုထား။ ။"ဒါလည်းမကြိုက်သေးပါဘူး"
သစ်။ ။"ကေသာသီရိ နန်းတွင်းဇာတ်တော်ကြီး"
စုထား။ ။"ဒါလည်းရိုးလှပါပြီ"
သစ်။ ။"ဒီလိုဖြင့်လှိုင်ထိပ်ခေါင်တင်ဘုရား ရေးသားတော်မူတဲ့ ကုန္ဒာဂံသဇာတ်ကြီး နှင့်ဂိဇယကာရိ ဇာတ်တော်ကြီးများ ရွှေနားဆင်တော်မူပါ"
စုထား။ ။"ဒီမင်းသားတွေမယားပေါက်ပန်းဈေး လျှောက်ယူတာမကြားချင်ပါဘူး"
သစ်။ ။"သည့်နယ်ဖြင့် ဘိုးတော်ရွှေဘိုမင်းရဲ့မိဖုရားအနောက်နန်းမတော်ဘုရား စီရင်ရေးသား တော်မူသွားတဲ့ သိင်္ဂိပြဇာတ်ဂတ္တုကို နှစ်သက်တော်မမူပါလား"
စုထား။ ။"သဘောကျသော် မမူသေးပါဘူး သစ်သစ်ရယ်"
သစ်။ ။"ဒါဖြင့် ဘယ်လိုပုံတော်များ ဆက်ရမလဲဘုရား၊ ရွှေယုန်နဲ့ရွှေကျား သက်ကယ်ရိပ်သွားတဲ့ ပုံတော်ကိုကော သဘောကျတော်မမူဘူးလား"
စုထား။ ။"အို ကလေးကလားနဲ့"
သစ်။ ။"ဒါဖြင့်စုထားဖုရား နှစ်သက်တော်မူရာကို မိန့်တော်မူပါလား"
စုထား။ ။"စုစုအကြိုက်ကိုပြောရရင်ဖြင့် မယားတစ်ယောက်တည်းကို စွဲစွဲမြဲမြဲချစ် တဲ့စိတ်နဲ့ သိပ်ဒုက္ခခံရတဲ့ မင်းသားတစ်ပါးရဲ့ ဇာတ်ကို နားထောင်တော် မူချင်တယ်"
သစ်။ ။"ဘယ်ဇာတ်များပါလိမ့်နော်၊ ကဲစုထားဖုရားရယ်၊ အမည်နာမကိုဖော်ပြီး အတိအလင်း မိန့်တော် မူပါလော့"
စုထား။ ။"ဒါမှအတွေးမပေါ်သေးဘူးလား၊ စုစုပြောမယ်လေ သေသေချာချာနား ထောင်၊ ငွေတောင်သူနဲ့ညားတဲ့ သုဓနု မင်းသားဇာတ်ကို ပြောတာသစ်သစ်ရဲ့"
သစ်။ ။"ဩော်…ဖြစ်မှဖြစ်ရပလေ စုထားဖုရားနယ်၊ အစကတည်းက စုစုဖြင့်သုဓနု ဇာတ်တော်ကို နားဆင်တော်မူချင်တယ်လို့ တစ်ခါတည်းမိန့်တော်မူလိုက်ရောပေ့ါ၊ ကဲ… ကဲ ရွှေနားဆင်တော်မူပါ"
လျှောက်ခါ သလွန်တော်နံဘေး၌ ကြုံ့ကြုံ့ကလေးထိုင်ပြီး အထိန်းတော်ကြီး ခင်ဘွားသစ်က သုဓနုမင်းသား ဇာတ်ကြောင်းကို အာဂဖွာန်းကောင်းကောင်းနှင့် နားထောင်ကောင်းအောင် ရွှေဒေါင်းတောင် နှင့် တပ်လေသွေး ရင်း တဖြည်းဖြည်း လျှောက်တင်၍ နေလေသတည်း။

အခန်း (၆) မျှော်

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၆)

အထိန်းတော်ကြီး ခင်ဘွားသစ်သည်၊ များမကြာမီ နေ့ရက်အတွင်းမှာပင် ဂတ်လဲတော် ပုဆိုးကို ယူဆောင် ကာ သီပေါမင်းသား စံတော်မူရာဖြစ်သော နန်းဦးမှန်စီရွှေကျောင်း သို့ရောက်လာပြီး တစ်ပါး တည်း စာကျက် နေတော်မူသည့် မင်းသားအပါးသို့ ခစားမိလေ၏ ။ မင်းသားလည်းစာထဲတွင် စိတ်တော် စူးဝင်နေသည်နှင့် ရုတ်တရက်အားဖြင့်အပါးသို့ ခင်ဘွားသစ်ရောက်လာသည်ကိုပင် သိတော် မမူသော ကြောင့် မင်းသမီးအထိန်းတော်ဟူ သော မာနကလေးနှင့် မင်းသားများ၏ အရေးပေး ခြင်းခံရမည်ကို တင်ကြို သိမြင်ထားသော ပါးနပ်လှသည့်ခင်ဘွားသစ်မှာ မင်းသားအပါးသို့ ဒူးပုဆစ်ဖြင့် အနည်းငယ် ထပ်မံ၍ သွားပြီး ဂတ်လဲတော်ပုဆိုး တင်သည့် ရွှေကလပ်ကို လှမ်းတင်လျက်

"အရှင်ကိုယ်တော်ဖျား၊ စာကြီးစားတော် မူပါပေရဲ့ဘုရား" ဟု စကားစသောအသံ ပြုလိုက်သည်တွင် ရှင်သာမဏေ သီပေါမင်းသားလည်း ရုတ်တရက် လှည့်၍ ရှုစားတော်မူ ကာ-
"အလို… အထိန်းတော် ခင်ဘွားသစ်ကြီးပါကလား၊ ကိုယ့်တော့ထံ မလာစဖူး အကြောင်းထူးများ ရှိသလား" ဟု မျက်နှာ ချိုသာစွာ နှင့် မိန့်တော်မူလျှင်-

သစ်။ ။"မှန်လှပါ၊ အကြောင်းထူးတယ်၊ မဟုတ်လှပါဘုရား၊ ဘုရာ့ကျွန်မတို့ရဲ့ အရှင် ထိပ်စုမြတ် ဖုရားလတ်က ယခုလာမည့် စာတော်ပြန်ပွဲမှာ စာဖြေမည့်ရဟန်းသာမ ဏေများကို တိစီဂရိတ် သင်္ကန်း တော်များ ဆက်ကပ်လှူတော်မူမည်၊ ရည်ရွယ်တော်မူခဲ့အခါ အရှင်ရွှေကိုယ်တော်မှာ သင်္ကန်း ဂတ်တော် နှင့်မဖြေဘဲ လူဂတ်လဲ၍ ဖြေဆိုတော်မူမြဲဖြစ်တဲ့ အတွက်သင်္ကန်းလှူရမည့် ရဟန်း, သာမဏေ စာရင်းတွင် မပါဖြစ်၍ စာတော်ပွဲအဝင်တွင် လူဂတ်လဲဆင်တော်မူစရာ ယခုကကြိုတင်၍ ဂတ်လဲတော် ဆက်ထားသင့် ကြောင်း လျှောက်တင်သဖြင့်အခြားသော ရဟန်းသာမဏေများကို လှူဒါန်း လျက်သား မှ ရွှေကိုယ် တော်တစ်ပါး တည်း ခြွင်းချန်မထားကောင်းဘူးအထင်နှင့် အသုံးဝင်မည့် ဆင်တော်မူရန် ဂတ်လဲတော် ဆက်သလာရကြောင်းပါဘုရား" ဟု လျှောက်ထားကာ ရွှေကလပ်ပေါ်တွင် ဖုံးလွှမ်း တင်ထားသော ပိုးဆာပဝါကို ဖွင့်လှစ်ပြရာ မြတ်လေးကုံးကြီးများဖြင့် ရစ်ပတ်ထားသော လွန်းတရာကျ ဂတ်လဲတော် အုပ်ကို တွေ့မြင်ရလျှင် အရှင်သီပေါမင်းသားလည်း အားတက် ရွှင်လန်းတော် မူသော မျက်နှာ တော်ဖြင့် အထိန်းတော် ခင်ဘွားသစ်ကို ရှုစား တော်မူကာ-

"ဩော်… နှမတော်စုလတ်က ဆက်တော်မူလိုက်တဲ့ ဂတ်လဲတော်ပုဆိုးလား ခင်ဘွားသစ်ရဲ့"

ဟု ထပ်မံ မိန့်တော်မူကာ ပုဆိုးခေါက်ကို မြတ်နိုးစွာ ကိုင်ယူ ရှုစားတော်မူပြီး-

"နှမတော်စုလတ်က သတိတရဆက်သတော်မူတဲ့အတွက် အင်မတန်မှ အားတက် ဝမ်းမြောက်တော် မူပါတယ်၊ သုဓမ္မာစာပြန်ပွဲ ဝင်နွဲတော်မူတဲ့အခါ နှမတော်စုလတ် ဆက်သတော်မူတဲ့ ဂတ်လဲတော်

www.burmeseclassic.com

ကိုသာ နေ့စဉ် ဂတ်ဆင်တော်မူပါမယ်လို့ ခင်ဘွားသစ် တို့ စုဖုရားကို လျှောက်ထားလိုက်ပါ" ဟု မိန့်တော်မူလျှင် ခင်ဘွားသစ်လည်း...

"မှန်ပါတင်ပမည်ဘုရား၊ အရှင်စုဖုရားကလည်း သူဆက်တဲ့ ဂတ်လည်းတော်ကို မောင်တော်ဘုရားက အမြတ်တနိုး ဆင်တော်မူတယ်ကြားရလျှင် များစွာ ဂမ်းမြောက်တော် မူလိမ့်မယ်လို့ဘုရား ကျွန်မ ထင်ပါရဲ့ ဘုရား"ဟု အဓိပ္ပာယ်တာ သွားသည့် ခပ်ပြုံးပြုံး မျက်နှာထားနှင့် လျှောက်တင်လိုက်ရာ

သီပေါမင်းသားမှာ ခင်ဘွားသစ်ကို စိတ်အားထက်သန်စွာ ရှုစားတော်မူပြီး-

"နေပါ...ခင်ဘွားသစ်တဲ့ အထိန်းတော်ကြီး ခင်ဘွားသစ်ကို ကျုပ်လုပ်ရင်း အနေထား လို့နားမလည်တာ တစ်ခု နားရှင်းအောင် အတိအလင်း ထုတ်ဖော်မေးတော်မူပါရစေ၊ အထိန်းတော်မအေက ရေလယ် ကွဲပြား ရွှေနား ရှင်းအောင် ဖြေစမ်းပါလား"

သစ်။ ။"အရှင်ကိုယ်တော်မြတ်ဖျား သိလိုတော်မူတာ မေးမြန်းတော်မူပါ၊ မချွင်းမကျန် မှန်ကန်ရာကို အစစ် ခံမဲ့ ကျွန်တော်မျိုးမ ဖြစ်ကြောင်းပါဘုရား"

မင်းသား။ ။ "အခြားဟုတ်ပါရိုးလား ခင်ဘွားသစ်ရဲ့၊ စုစုက ယခုဆက်သတော်မူတဲ့ ဂတ်လဲတော်ပုဆိုးမှာ ကျုပ်ကိုသက်သက် သဒ္ဒါတော်မူတဲ့စေတနာကြောင့်လား အများကို ပေးလှူတဲ့အခါ ကျုပ်တစ်ဦးတည်း ချွင်းချန်ထားရမှာ မတော်လှလို့ ဂတ်ကြေဂတ်ကုန်၊ အပေါ်ယံရွှေမှုန်ကြဲအထဲက သစ္စာခံဆိုတဲ့ အနှစ်မပါ အကာသက်သက် စေတနာမျိုးများ ဖြစ်နေသလားဆိုတာ သိချင်ပါတယ်၊ ဒီစကားဟာ အထိန်းတော်ကြီးကို ကိုယ်တော့် လူရင်း ထားပြီး မှန်ရာ ကြားရအောင် မေးတာနော်"

သစ်။ ။"အစကတော့ဘုရာ့ကျွန်မ ကိုယ်တိုင်ကပင် ဂတ်ကြေဂတ်ကုန်စေတနာလို့ ထင်မိပါတယ်၊ သို့ရာတွင် ကိုယ်တော်ဖျားကို ဆက်စရာဂတ်လဲတော်များကို ရွေးချယ်ရာ၌ အလွန်အကျူး အထူးဂရုစိုက် တော်မူပုံကို တွေ့မြင်ရသဖြင့် အသင့်အတင့်မျှသော စေတနာမျိုးမဟုတ်ကြောင်း ရိပ်မိခဲ့သည့်အပြင် ယမန်နှစ် များက ဘဂရှင်မင်းတရားကြီး ဘုရားပွဲတက်ကန်တော့ခံ အခမ်းအနားတွင် ကိုယ်တော် အရှင်ဖျား နှင့် စက္ခုတော်နှစ်ပါးဆုံ မိခဲ့ကြောင်း အပုံကြီး ရှက်ရွံ့ဟန်နှင့် မိန့်တော်မူဖူးတဲ့အတွက် ကပြက် ကချော် စေတနာ မဟုတ်ကြောင်းရဲရဲကြီး ဂန်ခံဂုံ့ပါသည်ဘုရား"

မင်းသား။ ။"အင်း...အထိန်းတော်ကြီးခင်ဘွားသစ်ကဲ့ စကားကြားရတာ ကိုယ်တော် ဖြင့်အများကြီး စိတ်အားထက်တော်မူမိတယ်၊ သည်ကိစ္စမှာ ခင်ဘွားသစ်ကို အရာရာအား ထားပြီး စကားကုန်မိန့်တော်မူ တော့မယ်၊ သစ္စာရှိရှိနှင့် ပိရိလုံခြုံပါစေ"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"စေသောကျွန်ထွန်သောနွားကဲ့သို့ သစ္စာတရားစောင့်စည်းမည့် အထိန်း တော်ကြီး ဖြစ်ကြောင်း ပါဘုရား"

မင်းသား။ ။"ကိုယ်တော့်အကြောင်းကိုလည်း အထိန်းတော်ကြီးများသိပါလိမ့်မယ်၊ ယခုသာမဏေ ဘောင်ဝင်လို့ စာတော်များ သင်ကြားတော်မူခဲ့ရာမှာ ကျုပ်ဂါသနာကလည်း နဂိုကပင် ရှုပ်ရှုပ်ထွေးထွေး လောကီ ရေးရာတွေ မတွယ်တာတော်မူချင်ပဲ အေးအေးစံတော် မူချင်တဲ့ စိတ်တော်ရှိသူဖြစ်လို့ သာမဏေ ဘောင်တွင်မက ရဟန်းဘဂရောက်သည်အထိ သာသနာ့ဘောင်မှာ အေးချမ်းစွာတစ်သက်လုံး နေလိုတဲ့ စိတ်ရှိပြီး ခမည်းတော်ဘဂရှင် မင်းတရားကြီးက ခွင့်ပေးသနားတော်မူမယ်ဆိုလျှင် ရဟန်းဘဂ နှင့်ပင် အရိုး ထုတ်တော့ မည် စိတ်ပိုင်းဖြစ်ထားခဲ့တယ် ခင်ဘွားသစ်ရဲ့"

သစ်။ ။"မှန်လှပါဘုရား"

မင်းသား။ ။ "အဲ...သည်လို စိတ်ပိုင်းဖြတ်တော်မူထားသော်လဲ ပထမတစ်ကြိမ်စာ ပြန်ပွဲတော်အပြီး ခမည်းတော် ဘုရားထံ ကန်တော့ဝင်တဲ့အခါ နမတော်စုလတ်ရဲ့ ရွှေမျက်နှာ တော်ကို ပထမအကြိမ် ရှုမြင်တော်မူရလျှင်ပဲ ခဲထားတဲ့ ယခင်ရည်ရွယ်ချက်များ ပျက်ပြားတော့မလောက် ဖြစ်တော်မူမိဘယ်၊ သို့သော်လည်း သုံးနှစ်သုံးကြိမ် စာတော် ပြန်ပွဲတွင် ဂင်နွဲဖြေဆိုတော်မူရန် သန္နိဋ္ဌာန်ချတော်မူပြီး ဖြစ်တာ တစ်ကြောင်း စုစုသက်တော် လည်း ငယ်ရွယ်တော်မူသေးတာတစ်ကြောင်းမို့ ရွှေစိတ်တော် ဖျောင်းဖျပြီး မနည်းမေ့ ပျောက်တော်မူရန် အတန်တန်ဖြေဖျောက်တော်မူခဲ့ရတယ်၊

ဘယ်လိုပင်ဖျောက်သော် လည်းစွဲလမ်းတဲ့ အာရုံဆိုတာတစ်ခါတစ်ခါ ပေါ်ပေါက်လာသေးတာလား ခင်ဘွားသစ်ရဲ့၊ ဒီလိုနဲ့မနှစ်ကတစ်ကြိမ် ကန်တော့ဝင်ပြန်ရာမှာ စုစုရဲ့ရွှေမျက်နှာကို ဒုတိယအကြိမ် တွေ့မြင်တော်မူပြန်တော့ အရင်ကစွဲလမ်းတော်မူခဲ့တဲ့ အာရုံကို အစွမ်းကုန်မြှောက်ပင့်ပေး လိုက်တဲ့အလား ကိုယ်တော့စိတ်တွေအမှောက်မှောက် အမှားမှားဖြစ်ပြီး သင်္ကန်းကြီးကို ပြန်မဂတ်ချင်သလို ဖြစ်သွားတော် မူလိုက်မိတယ်၊ နောက်မှသည်တစ်နှစ် နောက်ဆုံးပထမ ကြီးဖြေတော်မူရန် ကျန်သေးကလားလို့ ကိုယ့်ကိုယ်ကိုယ် တရားချပြီး စွဲလမ်းတဲ့အာရုံကြီး ကို တားဆီးဖြေဆည်တော်မူခဲ့ရပေတယ် ခင်ဘွားသစ်ရဲ့"

"ဒီတစ်နှစ်လုံးမှာဖြင့် စာတော်များ ကြိုးစားရပေတဲ့ စုစုရဲ့ ရွှေမျက်နှာကို ကိုယ်တော့်စိတ်မှာ အနှောင့် အယှက်ဖြစ်လာအောင် မကြာမကြာ မြင်ယောင်နေတဲ့ အတွက် စာတော်သင်ပျက်ရတဲ့ ရက်တွေလဲ အတော်များခဲ့ပြီ၊ တစ်ခါတစ်ရံတော့လဲ စုစု တို့မှာ ရွှေနန်းတော်ထက်က မျက်နှာကြီးတဲ့ မင်းသမီးမို့ ဒီက မောင်တော်ကို အရေး လုပ်တော်မူတော်မှ ရပ့ါမလားလို့ တအားငယ်တော်မူမိခဲ့တာ စုစုစေတနာတော်နှင့် ယခုလို အထိန်းတော်ကြီး ခင်ဘွားသစ်ကို စေလွှတ်ပြီး ဂတ်လဲတော်ပုဆိုးများ ပို့ဆက်စေ တဲ့အတွက် အတိုင်း ထက်အလွန် အားတက်ဂမ်းသာတော်မူမိတယ်၊ အထိန်းတော်ကြီး ကိုလည်း ဒီကိစ္စနဲ့ပက်သက်လို့ လက်ရင်း လူယုံကြီး အရာထားပြီး အစစ အားကိုးတော်မူ ပါရစေ...."

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။ "အလိုတော် ပြည့်ဂအောင် အစစ ဆောင်ရွက်၍ အမှုတော်ထမ်းဆက်မည်၊ ယုံကြည်စွာ စေစားတော်မူပါဘုရား၊ အရှင်ထိပ်စုဖုရားကလည်း ကိုယ်တော်ဖျားကို စိမ်း ကားတော်မူမည် မဟုတ်တဲ့ အတွက် ရွှေမေတ္တာတော် ကူးယှက်ရန် အခက်အခဲတွေ့ကြဖို့ မရှိပါဘုရား"

မင်းသား။ ။ "အထိန်းတော်ကြီးမို့ မိန့်တော်မူရဦးမယ်၊ စုစုနဲ့ဖြင့် ဘဂသံသရာက ပင် သင်းကျစ်အက္ခရာ ရေစက်တော်ပါလို့များ ထင်ရဲ့ မြင်လျှင်မြင်ချင်း ကိုယ်တော်ရဲ့ ခိုင် မာတဲ့ ရွှေစိတ်တော်များ တစ်မျိုးတစ်ဖုံ ပြုပြင် ပြောင်းလွှဲ သွားတော်မူရတဲ့အပြင် အင်မတန် ဆန်းကြယ်တဲ့ အိပ်မက်တော်များ ကိုလည်း မြင်မက်တော် မူထားတယ် ခင်ဘွားသစ်ရဲ့"

သစ်။ ။ "မိန့်တော်မူပါဘုရား"

မင်းသား။ ။ "အိပ်မက်တော်အလိုကဖြင့် နောင် အနာဂတ်ကာလတွင် ကိုယ်တော် နှင့်စုစုတို့ အထွတ်အထိပ်ရောင်နိုင်ဖို့ နိမိတ်များနှင့်ပင် တူပါတယ်၊ ဘယ်လိုအိပ်မက်ဆို တာအထိန်းတော်ကြီးကို မိန့်တော်မူပါမယ်၊ ကိုယ်တော့ မယ်မယ်ဖျားကိုပင် မလျှောက် တင်ရသေးဘူး ခင်ဘွားသစ်ကဲ့၊ အိပ်မက်ကတော့ ကိုယ်တော်သည် ညီတော် ဂန်းသိုမင်းသား၏ အသားကို သန်လျက်ဓားနှင့်လှီး၍ ပွဲတော် တည်ပြီး နမတော်စုလတ်နှင့်အတူ ဆင်ဖြူတော် စီး၍ ကောင်းကင်သို့ ပျံတက်ရသည်လို့ တစ်ကြိမ် အိပ်မက်တော် မြင်ပြီး နောက် တစ်ကြိမ်လည်းနမတော် စုလတ် မြင့်မြတ်သော နေရာထက်၌ နှစ်ပါးယှဉ်ပြိုင် ထိုင်တော်မူနေကြစဉ် ကောင်းကင်က နေနှင့်လတို့ ကျလာ၍ ကိုယ်တော်၏ ခြေဖဝါး တော် နှစ်ပြင်ဂယ် ကပ်လျက် တည်နေကြတယ်လို့ မြင်မက်တော်မူတယ်"

သစ်။ ။ "အံ့ဖွယ်သရဲ ထူးကဲတဲ့ အိပ်မက်တော်များ ဖြစ်ပါသည် အရှင်မြတ်ဘုရား၊ ဒီအိပ်မက်တော်များဟာ အထူးသဖြင့် အရှင် ကိုယ်တော်မြတ်ဖျား မင်းဖြစ်အံ့သော ပုဗ္ဗနိမိတ်မြတ်ဖုရားလတ်ပါ အိမက်တော် မြင်လာသည်မှာလည်း နောင်သံသရာက ပါရမီ ဖြည့်ဖက်၊ ကုသိုလ်ပြုဖက်ဖြစ်တော်မူခဲ့သည့် အားလျော်စွာ အရှင့်သားတော် ရွှေဘုန်းပွင့် လန်းမည့်အချိန်အခါ အရှင်ထိပ်စုထားနှစ်ပါး အတူစံလျား ပြိုင်တော်မူရမည့် နိမိတ်ပင်ဖြစ် ပါသဖြင့် စုဖျားအတွက်မှာ အရှင့်သားတော်၏ အလိုဆန္ဒတော် အတိုင်း၊ မဆုတ် မဆိုင်းပြည့် ဂတော်မူရန်ရှိပါသည်။ သို့အတွက် အရှင်ထိပ်စုမြတ်ဘုရား၏ မေတ္တာတော် ပန်းမဥ္ဇူကို လှမ်းယူတော် မူစရာ ဘုရားကျွန်မက ရွှေတံချူဆက်ရပါမည့်အကြောင်းပါဘုရား"

မင်းသား။ ။"နှစ်သက်အားရတော်မူလိုက်တာ ခင်ဘွားသစ် ချစ်မြတ်နိုးတော်မူတဲ့ စေတနာကအခါခါ နှိုးဆွတော်မူလှတဲ့အတွက်တစ်ကြောင်း၊ အားတက်ဖွယ်နိမိတ်ကောင်း တွေပြရာမှာ နမတော်စုလတ် ပါဂင်တော်မူနေတာတစ်ကြောင်း၊ ခင်ဘွားသစ်ဆိုတဲ့ အမှီသဟဲကောင်းကြီးနဲ့ တွေ့ရပြီး စုစုရဲ့စေတနာ တော်မနကြောင်းလည်း သိရတဲ့အတွက် တအားတက်တော် မူတဲ့အတိုင်း စုစုရဲ့မေတ္တာတော် ပန်းမဥ္ဇူကို လှမ်းချူတော် မူတော့မယ် ရွှေတံချူနဲ့ကူတဲ့ ခင်ဘွားသစ်က အစစတာဂန်ယူပြီး လျှို့ပှက်သိပ်သည်းစွာ ဆောင်ရွက် ရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"စိတ်ချတော်မူပါဘုရား၊ စုဖျားကိုဘုရားကျွန်မ အချော့နိုင်ဆုံးပါ"

မင်းသား။ ။"ဒါထက်စုလတ်က ရွှေစိတ်တော်ခပ်ဆတ်ဆတ်မို့ ဆတ်ဆတ်ကြဲဖြစ်ပြီး ချစ်တော်မမူနိုင်ပါဘူး ဆိုလိုက်ရင်နဂိုကမှ မရဲချင်နေတဲ့ကိုယ်တော်မှာ စိတ်ပျက်တော်မူ စရာကြီးများဖြစ်နေမလား ခင်ဘွားသစ် ရယ်"

သစ်။ ။"စိုးရိမ်တော်မူပါနင့်ပါဘုရား၊ စုဖျားဘယ်လောက်ဆိုးဆိုး၊ ဘယ်လောက် ပေပေ ဘုရားကျွန်မက အမေတစ်ပိုင်း၊ အထိန်းတော်တစ်ပိုင်းမို့ ကိုယ့်လက်ပေါ်မှာ ကြီးလာရသူ ကလေးဖြစ်တဲ့အတွက် စုဖျား နှုတ်တော်က တစ်ချက်ဟလိုက်ရင် သဘောတော် ရှိသမျှ အလုံးစုံသိခဲ့ရတဲ့ အထိန်းတော် တစ်ဦး ဖြစ်ကြောင်းပါ၊ စစ်ရေးမသာဘူးထင် လျှင် တိုက်ခိုက်ရန် မြားမပြင်ပေါင်ပါဘုရား"
သီပေါမင်းသားလည်း အားရနှစ်သက်စွာ ပြုံးတော်မူပြီး-

"ကောင်းလှပြီ၊ ကောင်းလှပြီ၊ ဒီယနေ့ပင်ခင်ဘွားသစ်တိုက စုဖုရားထံ အချစ်တမန် စေစားတော် မူတော့မယ်၊ ခင်ဘွားသစ်အဖို့လည်း ခမည်းတော်ဘုရားက ကျုပ်ကိုခမဲပေး တော်မူထားတဲ့ လက်ဖဝတ်တော် များထဲမှ ပတ္တမြား လက်စွပ်တချည် ဆုတော်သနားတော်မူ လိုက်ဦးမယ်"

မိန့်တော်မူကာ ရွှေသေတ္တာမှ ပတ္တမြားလက်စွပ်တချည်ကို ကိုယ်တော်တိုင် ထုတ်ယူ ပေးသနားတော် မူလိုက်လျှင် ခင်ဘွားသစ်လည်း ဝမ်းမြောက်ဝမ်းသာ ဆုတော်ခံယူ လေ၏ ။

ထို့နောက် သီပေါမင်းသားလည်း ရွှေပြားတွင် ပတ္တမြားစီချယ်ထားသော ကညစ် တော်နှင့်နမတော် စုလတ်ထံ ဆက်သရန် တေးထပ်တစ်ပုဒ်ကို ကိုယ်တော်တိုင် စီကုံးရေး သားတော်မူနေရာ ခင်ဘွားသစ် မှာလည်း မင်းသားအနီးတွင် ငြိမ်ဝပ်စွာစောင့်စားခစား လျက် ရှိလေ၏ ။

သီပေါမင်းသားသည် မြတောင်မြို့စား စုဖုရားလတ်ထံတော်သို့ ရေးဦးစွာ ကိုယ်တော်တိုင်း စီကုံးရေးသား ပေးတော် မူသော'တေးထပ်'

သီဟာပျံ့ဆောင်ကြာသိုက်၊ နှောင်ရာရိုက်စိုးတင့်စေ၊ တောင်ညာတိုက် ကိုးလင့်နေ ရယ်၊ ရှိုးနှင့်မြေပြာကျ။

ဇေယျတုသာပန်းဆင်သည်၊ ညာနန်းခင် တောင်းဆုပန်။

မင်းသားအတွက် အစစ်မှန်တယ် ဆယ့်ရှစ်တန်ဘာဂ၊ သက္ကစ္စံဂါရဂယ်နှင့် အာစာရ တောင်တော်။

သူ့ထံ-ခုအံ့ကျက်ပါလို့ စုပြန်ဆက်ရွက် ပထမအကျော်။

www.burmeseclassic.com

ရွှေနန်းက ဗဟိုရပ်ဆော်လျှင်၊ တစ်ကိုယ်တော်ပွေခင်းနှင့်၊ ဖြေရင်းပ မသက်သာ စုစုမျက်နှာ။

တစိမ့်စိမ့်မြင်ချေပါလျှင် တအိန့်အိန့်ကြင်စေတနာငယ်၊ သင်ရွှေစာပျက်လွန်းလို့ လေး။

သီပေါမင်းသားသည် အထက်ပါတေးထပ်ကို ရွှေပြားတွင် ရေးသားတော်မူပြီး အထိန်းတော်ကြီး ခင်ဘွားသစ် လက်သို့ ပေးအပ်သနားတော်မူကာ

"ကိုင်း...သည်တေးထပ်ကို နမတော်စုလတ် လက်တော်ရောက်အောင် ဆက်သ လိုက်ပါ၊ ခင်ဘွားသစ် ကလည်း စုဖုရား ရွှေနားတော်ပင်အောင် ကိုယ်တော့အကြောင်းများ များများသံတော်ဦးတင်လိုက်ပါ၊ စုစုဘယ်ကဲ့သို့ မိန့်တော်မူတယ်ဆိုတာလည်း ကိုယ်တော်အမြန်သိလိုတယ်၊ ခင်ဘွားသစ် အားလပ်ခွင့် ရှိတဲ့အခါ ကိုယ်တော့ထံသို့ မကြာမကြာ ရောက်လာနိုင်ပါစေ"

သစ်။ ။"စိတ်ချတော်မူပါဘုရား၊ အကယ်၍ထိပ်စုမြတ်ဖုရားက တင်းမာတော်မူနေ သည့်တိုင်အောင် ဘုရားကျွန်မက စုဖုရားရွှေစိတ်တော် ညွတ်နူးယိမ်းယိုင်လာသည့် တိုင်အောင် ကြိုးကိုင် လျှောက်တင် ပေးပါမယ်၊ သည်အတွက်ဖြင့် စိတ်ရတက်ဖြောင့်၍ ကြောင့်ကြတော်မမူဘဲ စာတော်ပြန်ပွဲအတွက်သာ စာတော်များ ကြိုးစားတော်မူပါ၊ အချိန်အခါကလည်းနီး၊ နောက်ဆုံးအောင်ပွဲကြီးလည်း အခွင့်အခါရတိုင်း ကိုယ်တော်မြတ် ဖျားထံတော်ပါးသို့ အခစားရောက်ပါမည်ဘုရား"

မင်းသား။ ။"ကောင်းလှပါပြီ၊ အလို...ကိုယ်တော်မေ့နေတော်မူလိုက်တာ၊ တစ်ခုမှာ တော်မူစရာ ကျန်သေး တယ် ခင်ဘွားသစ်ရဲ့"

သစ်။ ။"မိန့်တော်သံနာခံလျက်ရှိပါတယ် ဘုရား"

မင်း။ ။"စုဖုရားအတွက်တော့ အထိန်းတော်ကြီး ခင်ဘွားသစ်လက်ကလူမို့ စိတ်တော် ဆတ်သော်လည်း ပူပန်စိုးရိမ်တော်မမူပါဘူး၊ အထူးတစ်ခုမှာတော်မူလိုတာက စုစုရဲ့မယ်တော်ဖြစ်တော်မူတဲ့ အလယ် နန်းမတော် ဖုရားကို များများကြီးရှိခိုးတော်မူမိတယ်၊ မိမိနဲ့ကိုယ်တော်နဲ့ ရွှေမေတ္တာတော် ဆက်သွယ်တော် မူတာများ ရိပ်မိတော်မူသွားပါက လိုလားတော်မူလျှင် သင့်တော်ပါရဲ့၊ လိုလားနှစ်သက်တော်မမူဘဲ အနှောင့် အယှက်ပေး တော်မူမယ်ဆိုက ကိုယ်တော်နဲ့ စုစုတို့ရဲ့ အချစ်ခန်းဟာ စခန်းမဆုံးခင် အတိုရှုန်းလို့နိဂုံး ချုပ်တော်မူလိုက်ရမှာများစွာ စိုးရိမ်တော်မူမိတယ်၊ အလယ်နန်းမတော်ဖုရား စိတ်တော် ကလည်း အထက်သားပဲ၊ ဘယ်နည်းနဲ့မဆို သူ့မယ်တော်သွေး နည်းနည်းပါတော့ မလို့လျှင် မလိုတဲ့ အလျောက် တစ်ဖက်သား ဒုက္ခရောက်လောက်အောင် နှိပ်စက်တဲ့ သတ္တိရှိလို့ ဒီကိစ္စကိုမသိအောင် ဖုံးဖိနိုင်မှ တော်မယ်"

သစ်။ ။"မှန်လှပါ လုံခြုံပါစေမည်ဘုရား... တလောက ဘုရားကျွန်မတို့ ကြားသိရ သလောက်ဖြင့် အလယ်နန်းမတော်ဖုရားကလည်း ပထမပြန်အောင်ပွဲနွှဲတော်မူပြီး ခမည်း တော်ဘုရားက အထူး ချီးမြှင့်

www.burmeseclassic.com

www.burmeseclassic.com

စားတော်မူတယ် ကြားကတည်းက ကိုယ်တော်အရှင်မြတ်ဖျား အကြောင်းတော်ကို ခဏ ခဏချီးမွမ်းစကား မိန့်ကြားတော်မူနေတယ်လို့ သတင်းကြားရ တဲ့အတွက် အကယ်၍ဒီအကြောင်း ရိပ်မိတော်မူစေကာမူ စိုးရိမ် ပူပန်တော်မူစရာ အကြောင်းမမြင်ဘူး ထင်ကြောင်းပါ၊ သို့ရာတွင် အရေးဆိုတာ ပြေး၍မြင်နိုင်သည် မဟုတ် တဲ့အတွက် အရှင်မြတ်ဖျား အမိန့်တော်အတိုင်း လျှို့ဝှက်ဖုံးဖိနိုင်သလောက် လျှို့ဝှက်ဖုံးဖိ ထားပါ့မည်ဘုရား"

မင်းသား။ ။"ကြံသာလျှင် အစဉ်ချိုတယ်၊ လူဆိုတာအစဉ်မချိုနိုင်ဘူး ဆိုတဲ့စကားပုံ ကိုထောက်ထားပြီး မသိစေတဲ့ လျှို့ဝှက်ထားတာဟာ ကောင်းပါတယ် ခင်ဘွားသစ်ရယ်၊ ကဲ...ပြန်ပေတော့ စုစုလက်တော်သို့ ရွှေလွှာတော် ဆက်ပြီးတဲ့နောက် အကျိုးအကြောင်း သိတော်မူရအောင် ကိုယ်တော်စံတဲ့ မှန်ကျောင်းဆောင် ကို လာခဲ့ပါဦး၊ အထိန်းတော်ကြီးရဲ့ " ဟု မှာကြားတော်မူရာ တင်ပါ့ဘုရားဟု လျှောက်တင်ကာ သီပေါ မင်းသား အပါးမှ အထိန်း တော်ကြီး ခင်ဘွားသစ် ထွက်ခွာသွား လေသတည်း။

အခန်း (၇) ဆက်ရန်

အခန်း (၇)

အထိန်းတော်ကြီး ခင်ဘွားသစ်သည် သီပေါမင်းသားထံတော်မှ ဂတ်လဲတော်ပုဆိုး ဆက်သ ပြန်လာ ပြီးနောက် ထိပ်စုဖုရားလတ် စံတော်မူသောအတွင်း စံဆောင်တော်သို့ ဂင်ရောက်ခစားမိလေရာ စုဖုရားလည်း မျက်နှာထား ခပ်ရွှင်ရွှင်နှင့်ဂင်လာသော အထိန်း တော်ကြီး ခင်ဘွားသစ်ကို ခပ်ပြုံးပြုံး ရှုစား တော်မူကာ-

"ပြန်လာပလား သစ်သစ်ရဲ့၊ သီပေါကိုယ်တော်က စုစုဆက်သတော်မူလိုက်တဲ့ ဂတ်လဲတော်ပုဆိုးကို နှစ်သက်တော်မူပါရဲ့လား"

ဆီးကြိုမိန့်တော်မူလျှင် အူရွှင်နေသော ခင်ဘွားသစ်မှာ လက်ဆောင်တော်ကောင်း ပါလာသဖြင့်လည်း တစ်နည်းအားဖြင့် စုဖုရားကို မျက်နှာချိုသွေးဖြင့် သလွန်တော်ဘေးမှ ထိုင်ပြီးလျှင်-

"သီပေါကိုယ်တော်ဘုရား နှစ်သက်တော်မူပုံများတော့ ဘုရာ့ကျွန်မသံတော်ဦး မတင်တက် သလောက်ပါပဲ စုဖုရားရဲ့၊ ဖျာ့ကျွန်မအစက အဆုံးထိအောင် လုံးစေ့ပတ်စေ့ လျှောက်ပါရစေ"

ဂမ်းသာအားရတင်လျှင် ထိပ်စုဖုရားလတ်တွင်လည်း ခင်ဘွားသစ် အူရွှင်သည်ကို မြင်တော်မူရ သည်ပင် အလိုလို စိတ်နှလုံးကြည်လင်တော်မူလာလျက်

"အမယ်လေး...ဘယ်လိုအားရစရာအကြောင်းများ တွေ့လာလို့သည့်လောက် ဂမ်းမြောက်တဲ့သဘောနဲ့ မောကြီးပန်းကြီးဖြစ်နေရတာလဲ သစ်သစ်ရယ်၊ ခမည်းတော် ဘုရားက

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တစ်လုံးရွာကို ရွာစား ပေးတော်မူပြီး ရွှေထီးနဲ့ရွှေလှည်းများ သနားတော် မူတုန်းကမှ သစ်သစ်ဒါလောက် ဂမ်းမြောက်တာ မမြင်ရဖူးပါဘူး၊ယခုဘယ်လိုများ အကြောင်းထူးလို့ အမောဆို့အောင် ရွှင်မြူးနေရတာလဲ သစ်သစ်ရဲ့" မိန့်တော် မူလေ၏ ။

"ဒီအကြောင်းနောက်များတော့ လျှောက်ထားပါ့မည်ဘုရား၊ သီပေါကိုယ်တော်ထံ ရှေးဦးစွာ ရောက်သွားတဲ့ အခါကစပြီး လျှောက်တင်ပါရစေ၊ ဘုရာ့ကျွန်မ အရှင်ထိပ်စုဖုရား အပါးတော်က ဂတ်လဲတော်ရွှေကလပ် ယူဆောင်ပြီး မှန်စီရွှေကျောင်းဆောင်ကို သွားပါ ရောဘုရား"

စု။ ။"အင်း...ဆိုစမ်းပါဦး"

သစ်။ ။"သွားတော့...သီပေါကိုယ်တော်စံတော်မူတဲ့ နန်းဦးမှန်စီ ရွှေကျောင်းတော် ကို ရောက်သွားပါတယ်ဘုရား၊ ရောက်သွားတော့ စကားအပေါက်အရှများမှာ စိုးရိမ်လို့ မည်သူမှ မရှိပါစေနဲ့လို့ ဆုတောင်း ပြီး ဘုရားကျွန်မကုတ်ချောင်း၊ ကုတ်ချောင်းနဲ့ သာသနာ ကျောင်းတော်ပေါ် တက်သွားတော့ ကံအားလျော်စွာ နန်းဦးကျောင်းဆရာတော်ဘုရားလဲ သာသနာပိုင် ဆရာတော်ဘုရား ကျောင်းတော်ကို ကြွသွားတာနဲ့ အခြားကျောင်းသား ကိုရင်နှင့် စာသင်သားများ ဆရာတော်ဘုရားနောက် ပါသွားလို့ အစောင့်ကျောင်းသား ငယ်ကလေးများနှင့် ကျောင်းဆောင်ထဲတွင် တစ်ပါးချင်း စာကြိုးစားတော်မူနေတဲ့ သီပေါ ကိုယ်တော် တစ်ပါးတည်း တွေ့ရပါတယ်၊ သီပေါကိုယ်တော်ဖျားဟာ စာတော်များ ဘယ်လောက်ကြိုးစားတော်မူနေတယ်ဆိုတာ စဉ်းစားတော်မူပါတော့ ဖျာ့ကျွန်မရှေ့တော် ရောက်နေတာ သိတော်မမူဘူး စုဖုရား၊ ဒါနဲ့ဖျာ့ကျွန်မက အပါးတိုးခစားပြီး ဂတ်လဲတော် တင်ထားတဲ့ရွှေကလပ်ရှေ့တင်ပြီး အရှင် ကိုယ်တော်ဖျား စာကြိုးစားတော်မူပါပေရဲ့ဘုရား လို့ လျှောက်တင်လိုက်တဲ့အခါကျမှ စာတော်ရှုစား တော်မူရာက မျက်နှာတော်လှည့်မူပြီး 'အလို...အထိန်းတော်ကြီးပါကလား မလာစဖူး ဘာအကြောင်းထူး ပါသလဲ'လို့ ရွှေမျက်နှာ တော် ချိုချိုနှင့် မိန့်ခွန်းဆိုတော်မူပါတယ်"

စု။ ။"သည်တော့သစ်သစ်က ဘယ့်နယ်လျှောက်တင်လိုသလဲ"

သစ်။ ။"ဖျာ့ကျွန်မက အကြောင်းထူးလှတယ်တော့ မဟုတ်ပေါင်ပါဘုရား၊ ဖျာ့ကျွန်မ သခင် အရှင် ထိပ်စုမြတ်ဖုရားက စာတော်ပြန်ပွဲ ဂင်န္တဲ့ဖြေဆိုတော်မူကြမဲ့ ရဟန်းသာမဏေ များကို သင်္ကန်းတော်များ ကပ်လှူတော် မူရန် စီမံကြံရွယ်တော်မူတဲ့အခါ အရှင်ကိုယ်တော် မြတ်ဖုရားမှာ လူဂတ်လဲတော်မူပြီးမှ စာတော်ဖြေဆိုတော်မူမှာဖြစ်တဲ့အတွက် သင်္ကန်းတော် လှူမည့်အစား ဂတ်လဲတော်ပုဆိုးများ ဆက်သရန် စေလွှတ်တော် မူလိုက်ပါတယ်၊ စာတော် ပြန်အခမ်းအနားထွက်တော်မူတဲ့အခါ အရှင်စုဖုရား ဆက်သတော်မူတဲ့ ဂတ်လဲတော်ကို ဆင်မြန်းတော်မူပါလျှင် သင်္ကန်းတော်လှူသည်နှင့်မခြား ကုသိုလ် ပွားများ လိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရားလို့ လျှောက်တင်ပြီး ဂတ်လဲတော်ရွှေကလပ်ကို ရှေ့တော် တိုးပြီး ဆက်လိုက်တဲ့အခါ အို... အရှင်ထိပ်စုဖုရား သီပေါကိုယ်တော်ရဲက ရွှေမျက်နှာတော်ဟာ အာကာ ဂေဟာင် ကောင်းကင်ဘုံဖျားက

www.burmeseclassic.com

www.burmeseclassic.com

ယုန်ရထားသီတာလလို ရွှင်ပျကြည်လင်အင်မတန် ပြောင်းလွဲတော် မူသွားတာ မြင်ရပါတယ်၊ အဲ...ဒီအခါတုန်းက ဖူးမြင်ရတဲ့ ရွှေကိုယ်တော်ရဲ့ မျက်နှာကို အဓိပ္ပာယ်ပေါ်အောင် ဖျော့ကျွန်မ မလျှောက်တင်တတ်တော့ဘူးဖျာ့"

စု။ ။(ပြုံးတော်မူလျက်)"ကဲလေ လျှာရှည်လိုက်တာ၊ သီပေါကိုယ်တော်က စုစုဆက်တဲ့ဂတ်လဲတော်အတွက် အင်မတန် နှစ်သက်ဂမ်းသာဖြစ်တော်မူတယ်လို့ ခပ်တိုတိုလိုရင် ကို ဘွင်းဘွင်းကြီး လျှောက်တင် လိုက်စမ်းပါ၊ စုစုကလဲ မြန်မြန်မှကြိုက်တာနဲ့ သစ်သစ် ကလဲထစ်ငေါ့ငေါ့ စကားအမျှင်တန်းပြီး လေငန်းကြီး ဆွဲနေတတ်တာနဲ့ နည်းနည်းမှ ပဏာမကပ်အောင်ဖြစ်နေပြီ၊ ကဲ...ကဲလေရှည်ကြီးမဆွဲနဲ့၊ နောက် ဘာဖြစ် သေးလဲပြော..."

မိန့်တော်မူလျှင် အထိန်းတော်ခင်ဘွားသစ်လည်း မင်းသမီးကို မျက်လုံးပြူးကြီးနှင့် ငေးကြည့်ကာ နှုတ်ခမ်း ကို မစူချင့်စူလျက် တစ်ဖက်သို့ လှည့်သွားပြီး

သစ်။ ။"သူများကတော့ ကိုယ့်ထိပ်စုဖျားကလေး အစအဆုံးကိုယ်တိုင်ပြေးမြင်သလို သိတော်မူပါစေလို့ စေတနာနဲ့ ရေရေလည်လည် အမောခံပြီး လျှောက်တင်စရာမလိုပါဘူး သီပေါကိုယ်တော်ကို ဂတ်လဲတော် ဆက်ပြီး ပြန်ခဲ့တာပါပဲဘုရား"

ခပ်ငေါ့ငေါ့လျှောက်တင်လိုက်မှ ထိပ်ဖုရားက ပြုံးတော်မူလာပြီး-

"အို...ဒီမိန်းမကြီး စိတ်ကောက်သွားပြန်ပြီ၊ ကဲ...ကဲ၊ လျှာရှည်တယ်လို့ ပြောမိတာ မှားပါပြီတဲ့ သစ်သစ်ရယ်၊ ဆက်ပြီး လျှောက်စမ်းပါဦး၊ စုစုက ရှေ့ဆက်မဲ့စကားကို ပြန်းခနဲ ကြားချင်အားကြီးနဲ့ အမှတ်တမဲ့ ပြောလိုက်တာပါ"

ပြုံးရယ်တော်မူရင်း မိန့်တော်မူရာ ခင်ဘွားသစ်လည်း စိတ်ပြေသလိုပြုံးရွှင်လာပြီး

"အရေးကြီးတဲ့စကားတွေ လျှောက်တင်စရာ အများကြီးကျန်သေးတယ်နော် စုထား ဖျား၊ နောက်တော့သာ လျှာရှည်တယ်မကြားချင်ဘူးလို့ မိန့်တော်မမူနဲ့ဦးဘုရာ့"

စု။ ။"စိတ်ချ၊ စိတ်ချ ဒီတစ်ခါ သစ်သစ်လျှောက်တင်တဲ့စကား မဆုံးမချင်းစုစု တစ်လုံးမှ ဂင်မပြောဘဲ ငြိမ်ငြိမ် ကလေး နားထောင်တော်မူမယ်"

သစ်။ ။"တကယ်နော် စုထားဖုရား၊ သစ်သစ်လျှောက်တင်နေသမျှ စကားကို အစအဆုံး နားထောင်တော်မူရမယ်နော်၊ တကယ်လို့ ဒီစကားထဲက နှစ်သက်တော်မမူတဲ့ စကားလုံးများ ပါလာပါလျှင်လဲ တားမြစ်တော်မမူဘဲ လျှောက်ချက်မဆုံးမချင်း နားဆင် တော်မူနေရမယ်ဖျား၊ 'မင်းမှာသစ္စာ-လူမှာ ကတိ'တဲ့၊ ကတိသစ္စာတော်သွေယွင်းမှုဖြင့် စေတီယမင်းလို မြေခွင်းလို့ မျိုတတ်ပါသတဲ့၊

www.burmeseclassic.com

ထားတော်မူတဲ့ ကတိတော် ကိုဖျက်ပြီး စကားတစ်ဂက်တပျက်နဲ့များ အမျက်တော်မပွားလိုက်ပါနဲ့ ထိပ်စုဖျား"
စု။ ။"ကဲပါ...သစ်သစ်ရယ်၊ စုစုစကားနဲ့ စုစုမိနေမှုရှိပါစေတော့၊ ပြောသာ ပြောပါ၊ ကတိမဖျက်ပါဘူး"

သစ်။ ။"ဒါဖြင့်လျှောက်တင်ပါတော့မယ်၊ ဩော်...ဒါနဲ့စကားအစပျောက်ပြီး ဘယ်ရောက်လို့ ဘယ်ပေါက် သွားမှန်းတောင် မသိတော့ဘူး၊ စကားတစ်ပိုင်းတစ်စနဲ့ ထိပ်စုဖျား သူပုန် ဂင်ထတော်မူလိုက်တာ ပြောရမှာတောင် မေ့ကုန်ပြီ ကဆုန်ချပြီး သီပေါ ကိုယ်တော်ထံပြေးလိုက်ချင်သလိုတောင် ဖြစ်လာပြီ၊ ဩော်...ဘယ်ဆီ စကားရောက်သွား လိုက်ပါတယ်လို့ လျှောက်ထားလိုက်တော့ ရွှေကိုယ်တော်ဖျား ကလည်း အားရနှစ်သက် တော်မူလှတဲ့ မျက်နှာတော်နှင့် ရွှေကလပ်ပေါ်က ဂတ်လဲတော်ကို လက်တော်နှင့် လှမ်းယူ ပြီး စိမ်းစိမ်းလဲ့လဲ့ကြီး ရှုစားတော်မူရာက ယခုလို နမတော်စုစု သတိတရ ဆက်သတော်မူ တာများ ကိုယ်တော်ဖြင့် ဂမ်းသာလို့မဆုံးနိုင်အောင် ရှိတော့တယ် အထိန်းတော်ကြီးရဲ့တဲ့၊ စုစုလို ရွှေနန်းတော်ကြီး ပေါ်တွင် မျက်နှာတော်ကြီးတဲ့ သမီးတော်က ဒီကမောင်တော်ကို အရေးတယူပြုတော်မမူဘူးရယ်လို့ တအားငယ်တော်မူမိတာ ခုလိုသတိရတော်မူတယ် ဆိုတာ သိတော်မူရတော့ ကိုယ်တော်ဖြင့် အများကြီး အားတက်တော်မူမိတယ်" လို့ မိန်တော်ပြီး-

"အထိန်းတော်ကြီးရယ် ကျုပ်ဂါသနာနဂိုကပင် လောကီရေးရာ မတွယ်တာတော် မူချင်တဲ့အတွက် ခမည်းတော်ဘုရားကို သံတော်ဦးတင်ပြီး သာသနာဘောင်မှာပဲ အရိုး ထုတ်တော်မူမယ်လို့ စိတ်ပိုင်း ဖြစ်ထား ခဲ့မိတယ်"

သို့ပေမဲ့ ကိုယ်တော်ရဲ့ စိတ်တော်ကို ပုံသေမကျအောင် သွေးဆောင်ဖျက်ဆီးပြီး လောကီဇာတ်ခုံကြီးပေါ် ရောက်တော်မူရမဲ့ အနှောက်အယှက်ကြီးတစ်ခုတွေ့တော်မူနေပြန်ပြီတဲ့ဘုရား'

"အဲသည်အနှောင့်အယှက်ကြီးဟာ ဘာလဲဆိုတော့ (စုထားဖုရားကတိတော်မမေ့နဲ့ ဖျားနော် ဆုံးအောင် နားဆင်တော်မူပါ၊ စုစုမေ့တော်မူမှာစိုးလို့ သတိတော်ဆက်ရတယ် ဘုရား)အဲ- သည်အနှောင့်အယှက် ကြီးဆိုတာ တခြားဟုတ်ပါရိုးလား အထိန်းတော်ကြီးတို့ သခင်အရှင်ထိပ်စုလတ်တစ်ပါး၏ သော်တာ လဂန်းကဲ့သို့ တင့်ရှန်းထိန်ဂေ ကျက်သရေရှိ တော်မူလှတဲ့ ရွှေမျက်နှာတော်ကလေးပါပဲတဲ့"

"ဟိုတစ်နှစ်ကတစ်ကြိမ်၊ မနှစ်ကတစ်ကြိမ်၊ ဘုန်းတော်ကြီးလှသောဘုရား၏ပွဲတက် ကန်တော့ခံ အခမ်းအနားမှာ ရွှေဖူးစာနတ် တမန်တို့က ကြဲကြဲဖန်ဖန်ရှုစားတော်မူမိအောင် သွေးဆောင် နှိုးဆော‌င် ကတဲ့အတွက် စုစုရဲ့ ရွှေမျက်နှာတော်ကို ရှုမြင်တော်မူရပြီးကတည်း က ကိုယ်တော်ရဲ့အမိပ္ပာယ်စည်းရိုးကြီး ပျက်ကျိုးတော်မူရတယ်"

www.burmeseclassic.com

"တစ်ကြိမ်ထက်တစ်ကြိမ် နလုံးအိမ်လှုပ်ရှားပြီး စွဲလမ်းတော်မူခဲ့တဲ့ အာရုံကြီးကို တားဆီးတော်မမူနိုင်တဲ့အတွက် စာတော်သင်ပျက်ခဲ့ရတဲ့ ရက်တွေလဲမနည်းပါဘူး အထိန်းတော်ကြီးရဲ့တဲ့၊ (မဆုံးသေးဘူး ဘုရာ့နော် ကတိတော်ကို မေ့တော်မမူနဲ့) ကိုယ်တော်က စုစုအတွက်အနေ့နေ့ အရက်ရက်တစ်ပါးတည်း ကြိတ်ပြီး စိတ်ဒုက္ခခံတော်မူ နေရသော်လဲ နမတော်စုထားကဖြင့် သီပေါမင်း တစ်ပါးရှိတယ်လို့မှ စိတ်တော် မှာ အသိ အမှတ်ပြုတော်မူပါမလား"

"တစ်ဦးမေတ္တာတစ်ဦးမှာ မေတ္တာနွယ်ညွန့်၊ တစ်ဘက်လွန့်က တစ်ညွန့်မှာလာ၊ ယိမ်းနွဲ့ပါ"ဆိုတဲ့စကား ရှိပါပြားလည်းကိုယ်တော်ရဲ့ ရွှေမေတ္တာတော်ဟာ မေယုတောင်တော်လိုကြီးမားကြံ့ခိုင်တော်မူသလောက် စုထိပ်ဖျားက မေတ္တာတော်ခေါင်းပါး၍ သနား ကြင်နာတော်မမူလျှင် ရွှေစိတ်တော်ငြိုငြင်၍ အင်မတန်ဆင်းရဲပင်ပန်းတော်မူရတော့မှာပဲ လို့ မိန့်တော်မူပါတယ်၊ မဆုံးသေးဘူးဘုရား

"နို့ပြီးတော့ ယခုနှစ် အတောအတွင်းမှာလဲ အရှင်ထိပ်စုဖုရားနှင့် ပတ်သက်လို့ ကြီးကျယ်တဲ့ အိမ်မက်တော် ကြီးများလဲ မကြာခဏမြင်မက်တော်မူရပြီး အိပ်မက်တော်မြင် တိုင်းမှာလဲ စုထားဖုရားနဲ့ နှစ်ပါးအတူ စံတော် မူရတယ် လို့သာ မြင်မက်တော်မူပါသတဲ့"

"မြင်တော်မူသမျှ အိပ်မက်တော်ထဲမှာ အင်မတန့် အင်မတန်၊ သာမန်လူတို့ မြင်မက်တော်ရခဲ့တဲ့ အိပ်မက်တော်ကြီးတစ်ရပ်မှာတော့ အရှင်သီပေါကိုယ်တော်ဖျားသည် ညီတော်ဂန်းသိုမင်းသား၏ အသားကိုထက်လှစွာသော သန်လျက်တော်နှင့်လှီး၍ ပွဲတော် တည်ပြီးအရှင်စုထားဘုရားနှင့်အတူ ဆင်ဖြူတော်ရတနာစီး၍ ကောင်းကင်ခရီးဖြင့် လှည့်လည်တော်မူရတဲ့အခါ နေစကြာနှင့်လစကြာ ရထား နှစ်သွယ်သည် သီပေါကိုယ် တော်၏ ဖဝါးတော်အလယ်တွင် ကပ်တွယ်လာသည်ဟု မြင်မက်တော် မူပါသတဲ့"

"တကယ့်အထိကရ အိပ်မက်တော်ကြီးပါပေပဲ"

"အဲဒီလို ပုဗ္ဗနိမိတ် ကောင်းဟိတ်ညွှန်ပြတဲ့ အိမ်မက်တော်ကြီးများကလဲ မကြာခဏ မြင်တော်မူရတဲ့အတွက် မေတ္တာတော်အချစ်ပန္နက်နှင့် နှစ်သက်တော်မူအားများလဲ တစ်နေ့တခြားတိုးပွားတော်မူရပါတော့တယ်၊ မသွေမဖီဒေဂီလောင်းလျာကောင်းငါးဖြာနှင့် ပြည့်စုံသောနိတုံသီဂါ၊ ရွှေကြာမြင့်ပျော်၊ နမတော်စုထားက သနားကြင်နာသဖြင့် မေတ္တာတော်ယှက်ကူးခွင့်အရေးကို ကြေအေးစွာ ခွင့်ပန်လို့မပေးနိုင်ဘူးလား အထိန်းတော် ကြီးရဲ့လို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ မိန်တော်မူလိုက်တာတွေလည်း အများအပြားမို့ စကားရှိသ၍ပင် အကုန်မလျှောက်တင်တတ်တော့ပါ"

"အဲဒီလိုမိန့်မှာတော်မူနေတဲ့အခါ ရွှေကိုယ်တော်ဖျားရဲ့ မျက်နှာထားတော်ကလေးဟာ လည်း အင်မတန်မှ ညိုးလျော်နွမ်းလှပြီး ရွှေရင်တော်ထဲမှာ မီးတမျှ တောက်လောင်ပူပန်နေ တော်မူဟန်လက္ခဏာရှိပါတယ်၊ စုထားဖုရားမှာသာ ဘာမသိ၊ ညာမသိ အစဉ်ထာဂရပျော်

www.burmeseclassic.com

www.burmeseclassic.com

ပါးတော်မူနေ၍ချည်း စံတော်မူနေတယ်၊ ဟိုခမျာ တစ်ဖက်သားမှာဖြင့် စုထားဖုရားအတွက် နလုံးသွေးပွက်ပွက်ဆူပြီး အသက်ရှူတော်တွေမှားလို့ နေ့လားညလား နတ်ရွာကြွသွား တော်မူမလောက် ဖြစ်တော်မူနေပါတယ်၊ လျှောက်တင်တဲ့စကား မဆုံးသေးဘူး ဘုရာ့၊ ရွှေမျက်နှာတော် ညှိုးတော်မူပါနဲ့ဦး၊ ဆုံးခါနီးပါပြီ ဟဲ...ဟဲ...ဟဲ မေ့တော်မူသွားမှာစိုးလို့ သတိတော်ဆက်လိုက်ရတာကလဲ ဖတ်ဖတ်မောနေပါပြီ"

"သီပေါကိုယ်တော်ဖျားဟာ စိတ်ထားတော်ကလည်း သိမ်မွေ့၊ မင်းသားတို့ဓလေ့နဲ့ မာနငွေ့တထောင်းထောင်း၊ နဂါးမျက်စောင်းအကြောင်းမရွေးဆိုတဲ့ ခက်ထန်တဲ့ စိတ်မာန် မျိုးတွေရှိတော်မူတဲ့ သူတော်ကောင်းမင်းသားကလေးတစ်ပါး ဖြစ်တော်မူတဲ့အတွက် ချစ်ဖက်ချစ်ဖော် ကြင်ယာတော်များကို အားကြီးအလိုတော်လိုက်မဲ့ မင်းသားပါ၊ သီပေါကိုယ်တော်ဖျားရဲ့ ကြင်ယာတော် ဖြစ်တဲ့ မင်းသမီးများဟာ ဘဂပါရမီအတော်ထူးခြား သူများလို့သာ အတတ်ဆိုချင်ပါတယ်၊ စာပေပိဋကတ်တတ်သိကျွမ်းကျင်တော်မူတဲ့ အရာ လည်း ပြည်သူပြည်သားအပေါင်းပါသိပြီးဖြစ်၍ အထူး ကွန့် ပြီး အညွန့်တက် လျှောက်တင် စရာမလိုတော့ပါ"

"အတွင်းအဖွဲ့တ္တ သန္တာန်တန်က အဖိုးတန်တော်မူသလောက် အပြင်ဗဟိဒ္ဓသန္တာန်မှာလဲ သာမန် မင်းသား တို့ထက် ထူးကဲတင့်တယ် ရှုဖွယ်သောအဆင့်နှင့် ရွှေလိုဝင်းတဲ့အသား တော်မှာမြရည်လိမ်းသလို ဦးရေတော် စိမ်းစိမ်းလဲ့လဲ့ကလေးနှင့် အဝေကမြင်ရသည်ထက် နီးနီးကပ်ကပ်တွေ့ရတော့ ကေသာသီရိ မင်းသမီးပြဇာတ်ထဲက သုဂဏ္ဏဟာသကုမ္မာ မင်းသားကလေးရဲ့ ရုပ်ဆင်းသဏ္ဌာန်တော်ကို ဖွဲ့နွဲ့ပြီး ရေးထားတဲ့ စာများ ရုတ်တရက် သွားပြီးသတိရမိပါတယ်"

"ရွှေရောင်အဆင်းကဲ့သို့သော အသားအရေတော်ရှိသည်ကို အကြောင်းပြုပြီး သုဂဏ္ဏဟံ သကုမ္မာ မင်းသားရယ်လို့ အမည်ကြေညာ ရွှေဘွဲ့တော်သာခဲ့တယ်ဆိုတာ၊ စာတွေနဲ့သာ လွှမ်းခဲ့ရတယ်၊ ဟုတ်နိုင်ပ့ါမလား၊ လူစင်စစ်က ဇမ္ဗူရာဇ်ရွှေရောင်လို ဝင်းပြောင်တောက်ပ သို့ကလောက် အသွေးအသားလှနိုင်ပ့ါမလား"

"စာရေးဆရာများက ဉာဏ်ကစားပြီး အားရပါးရအမွှမ်းတင်လိုက မလွမ်းချင်-လွမ်းချင် အောင် ရေးပစ်ခဲ့တာကို နောက်လူများက အကယ်တင်စားနေကြတာဆင်ပါရဲ့ဟု တစ်ယောက်တည်း စောဒက ဝင်ခဲ့မိသည်များလဲ သီပေါကိုယ်တော်ရဲ့အပါး နီးနီးနားနား တိုးခစားမိမှ သြော်... ဟုတ်ပေလိမ့်မယ်၊ ဟိုဟာက စာတွေ့မို့ ရေးထားသလောက် လွှမ်းမယ်မလွမ်းဘူး၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ လိုက်ပြီး မမြင်နိုင်ပေမဲ့ ယခုကိုယ်တွေ့ ဖြစ်တဲ့ သီပေါကိုယ်တော်မှာတော့ ဇမ္ဗူရာဇ် ရွှေစင်ကို ဖော့်ဦးစ, မြင်ရသလို တင့်တယ်လှ ပတဲ့အသား၊ ပတ္တမြားလိုနီတဲ့နှုတ်ခမ်း၊ စိမ်းလဲ့ နက်မှောင် ဝင်းပြောင်ကြည်လင်တဲ့မျက်လုံး။"

စု။ ။(ပြီးတော်မူပြီ)"သစ်သစ်..."

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"ဘုရား..."

စု။ ။"သစ်သစ်ရဲ့စကားဟာ ဒီကနေ့ဆုံးပါဦးမလား"

သစ်။ ။(ပြုံး၍)"မှန်လှပါဆုံးလှပါပြီဘုရား၊ စုထားဖုရား ကတိတော်မဖျက်တမ်းနော်၊ ဆုံးအောင်နားဆင်တော်မူရမယ်၊ သြော်... ဘယ်ရောက်သွားပြန်ပါလိမ့်မတုံး။ အဲ...အဲ ဂင်းပြောင်ကြည်လင်တဲ့ မျက်လုံးနဲ့ အတိုရှန်းကြပါစို့ဘုရား၊ သို့ကလိုထူးထူးခြားခြား တင့်တယ်ပြီး ကျက်သရေရှိတော်မူတဲ့ ကိုယ်တော်တစ်ပါးကို မနှစ်သက်မကြည်ဖြူနိုင်ပါဘူး လို့ ငြင်းရှောင်ဖယ်ခွာ မျက်နှာလွှဲချင်တဲ့ မင်းသမီးများဟာ ဖူးစာနှစ်ခိုင်ယှဉ်ပြိုင်တော်မူစရာ ဘဂကုသိုလ်ကံမပါရှာကြလို့သာဟု ယူဆစရာရှိတော့တယ်၊ အဲ...သို့ကလောက် စွယ်စုံ မြောက်နေတဲ့မင်းသားတစ်ပါးက စုထားကို ချစ်သနားတော် မူပါလို့ တောင်းပန်တာကို ငြင်းဆန်တော်မူမယ် မထင်တာနဲ့ ဘုရားကျွန်မကလည်း သီပေါကိုယ်တော်ဖျား အလိုတော်အတိုင်း ဘုရားကျွန်မတို့သခင် အရှင်ထိပ်စုဖျားကို အသနား တော်ပေးပါမယ် ဆိုတာ အာမခံခဲ့မိပါတယ်၊ အရှင်စုထားဖုရားနှင့်ဖြင့် ရွှေနဲ့မြေ နေနဲ့လကဲ့သို့ အလွန်တရာ မှ ရေ့သွား နောက် လိုက်ညီလှတဲ့ မင်းညီမင်းသားပါးပါပေပဲဘုရား၊ နေဦးဘုရားမဆုံးသေး ဘူး။

အဲဒါနဲ့ကိုယ်တော်ဖျားကလဲ ဘုရားကျွန်မက အာမခံစကားလျှောက်တင်လိုက်လျှင်ပဲ တကတည်း ဂမ်းသာအားရဖြစ်တောမူပြီး နေဦး...နေဦး အထိန်းတော်ကြီး၊ နမတော်စုထား က မောင်တော်အတွက် အဖိုထိုက်တန်လှတဲ့ ဂတ်လဲတော်များဆက်တော်မူတာ အလွန် တရာမှ ဂမ်းသာအားရဖြစ်တော်မူလွန်းလို့ အတုန့်အလှည့်လက်ဆောင်တော်တစ်ခု ပြန်လိုက်ပါရစေ၊ ကျုပ်တို့မှာရဟန်းသာမဏေဘောင်မှာ စံတော်မူနေရတဲ့အခါတို့ အဖိုးထိုက်၊ အဖိုးတန်ဖြစ်တဲ့ ပဏ္ဏာလက်ဆောင်တော်များဖြင့် ပြန်နိုင်ပေဘူး။ စုစုကျက်မှတ် ရွတ်ဆိုရန် အခွန္တရာယ်ကင်းဂါထာတစ်ပုဒ်ရေးပြီး ပေးလိုက်ပါရစေ၊ ရတနာရွှေငွေမဟုတ်ပေ ကလဲ အဖိုးထိုက်တယ်ထင်ရင်လဲ အဖိုးအတိုင်းမသိ တန်ချင်တန်တာမျိုးပါ၊ စိတ်သာပဓာန ပဲ အထိန်းတော်ကြီးရဲ့လို့ မိန့်တော်မူပြီးပေါသည် ရွှေပြားထဲတွင် ရတနာကညစ်နှင့် ဂါထာတစ်ဆစ်ရေးပြီး လက်ဆောင်တော်ပေးလိုက်ပါတယ် စုထားဘုရား၊ ရှုစားတော်မူစမ်း ပါ၊ ဘုရားကျွန်မရဲ့ လျှောက်တင်ချက် စကားများ နိဋ္ဌိတံလို့ ဆုံးခန်းတိုင်ပါပေါ့ဘုရားဟု လျှောက်တင်လျက် သီပေါမင်းသားကိုယ်တိုင် ရေးပေးတော် မူလိုက်သော တေးထပ်ပါရှိ သည့်ရွှေပြားကို ရွှေကလပ်တွင်တင်၍ ဆက်လေရာ ထိပ်စုဖျားလတ် လည်း ကလပ်ပေါ်က ရွှေပြားကို ရွှေကလပ်တွင်တင်၍ ဆက်လေရာ ထိပ်စုဖုရားလတ် လည်း ကလပ်ပေါ်က ရွှေပြားကို လက်တော်နှင့် ကိုင်ယူရှုစားတော်မူလေ၏ ။

အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စွန့်စား၍လျှောက်တင်ရသော်လည်း တစ်ချက်တစ်ချက် တွင် ခပ်ကြောက်ကြောက် ရှိနေသေးသဖြင့် ထိပ်စုဖျား၏ မျက်နှာထားတော်ကို မော်၍ခစား ရင်းအကဲခတ်ကြည့်နေလေရာ ထိပ်စုဖျားလည်း ဦးစွာပထမ ရွှေပြားကို ခပ်ပြုံးပြုံးရှုစား တော်မူရာက ဒုတိယ ဣန္ဒြေတော် ရင့်ရင့်ဖြစ်လာပြီး၊ တတိယမျက်နှာထားတင်းတော် မူလာကာ စာလည်းအဆုံးတွင်

www.burmeseclassic.com

လုံးလုံးမျက်မာန်တော်ရှလျက် ရုတ်တရက် ရွှေပြားကို ကလပ်ပေါ်ပေါက်ချတော်မူလိုက်ခါ ခင်ဘွားသစ် မျက်နှာကို တင်းမာခက်ထန်စွာ ရှုစား တော်မူပြီး

"အထိန်းတော်ကြီး ကိုယ့်လူသူ့ဘက်သားလုပ်ပြီး အရှုပ်ဇာတ်ခင်းလာတယ်ဆိုပါတော့၊ ငယ်စဉ် တောင်ကျေးက ပိုက်ထွေးယုယစေပြီး မယ်မယ်ဖွား ကိုယ်တော်တိုင်က ယုံစား လွှဲအပ်ထားခဲ့တဲ့ အထိန်းတော်ကြီးဖြစ်ပါလျက် မြို့စားကြီးရွာစားကြီး ပေးသနားတော်မူ ထားတဲ့အပြင် ရွှေလည်းနဲ့ ရွှေထီးတော်များနှင့် မြှောက်စားသူကောင်းပြုတော်မူတဲ့ မျက်နှာ မှမထောက်ထားဘဲ သီပေါမင်းသား စေစားတိုင်း ရွှေပြားကို ယူလာတဲ့အကြောင်းကို ခမည်းတော်ဘုရားနဲ့ မယ်မယ်ဖွားကို ခုသွားပြီး သံတော်ဦးတင်လိုက်မယ်၊ စုဖုရား ဘယ်လောက်စိတ်မြန်တော်မူတယ်ဆိုတာ အသိသားမဟုတ်လား..."

မိန့်တော်မူကာ သလွန်တော်ပေါ်က ရုတ်တရက်ထတော်မူလိုက်သောအခါ ဘေးမရှိဘူး ထင်၍ အလျင်စလိုလျှောက်မိသော ခင်ဘွားသစ်တွင် လိပ်ပြာစင်တော့မလောက်၊ ကြောက်ရွံ့တုန်လှုပ်သွားပြီး မျက်နှာတွင်လည်း သွေးများ ဆုတ်ယုတ်ခါ ရုတ်တရက် ဖြူရော်လာလျက် ရှိခိုးထားသော လက်နှစ်ဖက်လည်း သွက်သွက်ခါ တုန်လှုပ်နေရှာရင် ရင်တွင်းမှာ တထိပ်ထိပ်ကြောက်ရွံ့စိတ်အဖုံဖုံကြောင့် နှလုံးသွေးပုဖွန်ဆိတ်ခုန်ဖြစ်ခါ ကိုးကွယ်ရာမရသော မျက်နှာထားနှင့် ထိပ်စုဖုရားကို အသနားခံတောင်းပန်ရန် ကြံမိရှာ လေ၏ ။

စုဖုရားလည်း တင်းမာခက်ထန်စွာသော မျက်နှာထားဖြင့် သလွန်တော်ပေါ်မှ ရုတ်တရက် ထတော်မူပြီး ရွှေထဘီဒရင့်ကို လက်တော်နှင့်အသာပင့်လျက် သွက်လက်စွာ စွန်တောင် ဆွဲ၍ခပ်ကဲကဲခြေလှမ်းပြင်ပြီး မယ်တော်မိဖုရားကြီးထံ ထွက်တော်မူရန် ဟန်ဆင်လိုက် သောအခါတွင် အထိန်းတော်ကြီးခင်ဘွားသစ်မှာ သွေးဆုတ်သည့်လူမမာကဲ့သို့ ဖြူရော် သော်မျက်နှာတွင် ဗျာပါဒဆင့်နှောက်၊ ရင်ပွင့်မလောက်၊ ကြောက်လန့်စိုးရိမ်ပြီး "တစ်ခါဖြင့် မိုးမီးလောင်တော့မှာပါကလား၊ မိဘွားသစ်၊ မိဘွားသစ် အသင့်အချစ်တော်ယုံစားမိလို့ နင့်ကုပ်ပေါ်ဓားငဲပြီး သေပွဲဝင်ချိန်နီးနေပြီ၊ တစ်ခါဖြင့် ခက်ချေ့ပြီ"ဟု လက်လျှော့အားငယ်၊ မျက်ရည်တွေ အသွယ်သွယ်ကျရာက လက်နှစ်ဖက်မြှောက်ချီပြီး တအားထိုးထိပ်စုဖုရား၏ ခြေကိုဖက်၍ အားငယ်ကြောက်ရွံ့သော မျက်နှာဖြင့် တောင်းပန်ခယစွာ မော်ကြည့်ရင်း

"ချမ်းသာပေးတော်မူပါ စုထားဖုရား၊ သစ်သစ်မှာ စုထားဖုရားရဲ့ အထိန်းတော်ရင်ဖြစ်လို့ အချစ်ကိုယုံပြီး စကားကုန်လျှောက်တင်မိပါတယ်၊ စုထားဖုရားနှစ်သက်တော်မမူရင် ဖွားကျွန်မကို စုထားဖုရားကိုယ်တိုင် ရာဇဂတ်အပြစ်တော်ပေးပါ၊ အနေးအမြန်စီရင်တော်မူ ရာခံပါ့မယ်၊ မယ်တော်ဘုရားကိုဖြင့် သံတော်ဦးတင်တော်မူပါဘုရား..."

မျက်ရည်တွေအရွဲသားနှင့် စွန့်စား၍လျှောက်တင်လေရာ ထိပ်စုဖုရားလတ်လည်း ခြေတော်ကိုဖက်ပြီး ရှိုက်ကြီးတငင် ပူပင်သောဖြစ်နေရှာသော အထိန်းတော်ကြီး ခင်ဘွားသစ်ကို မျက်နှာတော်တင်းတင်းနှင့် ခပ်ပြင်းပြင်းစိုက်ခါ ရှုစားတော်မူနေရာက ဗျာပါသောကပိုပြီး တငိုငိုတမောမော

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်အသနားခံနေသည်ကို တွေ့မြင် ရှုစားတော်မူနေသောအခါ စိတ်တော်တွင်းက မပါသဖြင့် ကြာကြာဟန်လုပ်တော်မမူနိုင် တော့ပဲ မသိမသာပြုံး၍ နေတော်မူမိရာ ငိုရှိုက်ရာက နောက်တစ်ခါမော့ကြည့်လိုက် အထိန်းတော်ကြီးမျက်နှာနှင့် ပက်ပင်းပါတွေ့သွားလျှင် ခင်ဘွားသစ်တွင် အံ့အားသင့်နေ သလောက်ထိပ်စုဖုရားက ဂမ်းသာအားရ ရယ်မောတော်မူလိုက်ခါ

"သစ်သစ်...ဒီတစ်ခါ သိပ်ကြောက်သွားထင်ပါရဲ့"ဟု ခနဲ့တဲ့တဲ့ မိန့်တော်မူလိုက်လျှင် ခင်ဘွားသစ်မှာ သေရာက ရှင်လာရသလို ဂမ်းမြောက်သည့်ဖောနှင့် အလောတကြီး ရင်ဖို့ကာ

"ဟာ...အို...ဘုရား... အရှင်ထိပ်စုဖုရား ကျီစားတော်မူလိုက်တာကလဲ ရင်ခွဲအသည်း နေလှန်းခံရမဲ့ ရာဇဂတ်ကြောင်းကြီးဆိုတော့ သစ်သစ်ကို သိပ်ကြောက်သွားတာပေ့ါ ဘုရား၊ ဒီလိုမျှားဖြင့် ကျီစားတော်မူပါနဲ့ဘုရား၊ သစ်သစ်လက်ဖျားတွေ အေးသွားလိုက်တာ ခုမှနွေး လာတော့တယ်ဖျား"

ရယ်ရမလို၊ ငိုရမလို၊ တဖိုဖိုလျှောက်လိုက်ရာ ထိပ်စုဖုရားမှာ ကြွေပျက်လောက်အောင် ကြောက်ရွံ့တုန်လှုပ်သွားသော ခင်ဘွားသစ်ကို တစိမ့်စိမ့်ကြည့်၍ တခိခိရယ်တော် မူရင်းပင် "ကဲ...မှတ်ကရော့၊ စုစုကိုမရှုန်းသာ၊ မလှုပ်သာအောင် စကားနဲ့သေသေချာချာ ကြီးတုပ်နှောင်ပြီးမှ သူပြောချင်ရာတွေ အရှည်ကြီးလျှောက်ပြောနေရတာ သစ်သစ်မှာ သိပ်ပြီးအရသာရှိမှာပဲနော်၊ စုစုလည်း အဲဒါကို အားကျပြီး သစ်သစ်ကြီးတစ်ယောက် ကောက်ခါငင်ခါ၊ ဖြုန်းခနဲ ငိုသယော၊ ရယ်သယော ဖြစ်လာအောင် အတုံ့အလှည့် ပြန်လိုက်တာပဲ၊ စင်တော်ကြီးထဲက မဒီကိုင်ဦးသာပြောတို့ ဦးသာဖံတို့ အလွမ်းကောင်း တယ်ဆိုတာ ခုနင်က သစ်သစ်လွမ်းပြတာကို မမီသေးဘူးလို့ ထင်တာပဲ၊ အဲဒီလို စိတ်ပါကိုယ်ရောက် နှစ်နှစ်ကာကာလွမ်းပြတဲ့ အလွမ်းမျိုး ရှုစားတော်မူရတာ အင်မတန်မှ အရသာရှိပါကလားနော်"

သရော်ပြောင်လှောင်ကာ မိန့်တော်မူလေရာ ခင်ဘွားသစ်လည်း အပြုံးကြီးပြုံးလာရတော့ လျက် ရှက်သည်ထက် ဂမ်းမြောက်အားတက်ခြင်းက ဖုံးလွှမ်းနေသည့်အားလျော်စွာ "နိုပ်စက်တော်မူပါ၊ ဒီကသစ်သစ်ကတော့ ကိုယ်ချစ်ခင်တဲ့ အရှင်ထိပ်စုဖုရားရဲ့အတွက် အကျိုးတော်ဆောင်ရွက်လိုက်ရတာ၊ ဖတ်ဖတ်ကိုမောလို့၊ တကယ်သာခုနကလို အမျက် တော်ရှရင် ဒီကအကျိုးဆောင်သူ ဒုက္ခသည်မှာ လွယ်လွယ်နဲ့ သေပန်းပွင့်ရမှာပါကလား၊ နောက်များဖြင့် တန်ပါပြီ၊ သီပေါကိုယ်တော်သော သန္ဒီကိုယ်တော်သော၊ သိကြားမင်းပင် ဆင်းလာပြီးပြောဦး ဒီလိုကိစ္စမျိုးထဲဂင်ပြီး ဆံချည်မျှင်လောက်ကလေးမှ မပါချင်တော့ပါဘူး"

စိတ်ပျက်လေးလံစွာပြောပြီး သက်မကြီးချ၍ ပစ်လိုက်ရာ ထိပ်စုဖုရားကလည်း ပြုံးရယ်ရှုစားတော်မူပြီး-

"အင်း...ဒီမိန်းမကြီးအတော်တရားရသွားဟန်တူရဲ့"ဟု မိန့်တော်မူလျှင် ခင်ဘွားသစ်လည်း အကြောက်စိတ်မပြေ စိုးရိမ်လေဟန်နှင့်-

www.burmeseclassic.com

www.burmeseclassic.com

"အမှန်ပါပဲ စုထားဖုရား၊ သစ်သစ်တော့ သိပ်ကြောက်ပြီး နောင်ကျဉ်သွားတာပဲဘုရား၊ နောက်ဘယ်တော့မှ ဒီလိုကိစ္စမျိုးမှာ အကျိုးမဆောင်ပံ့တော့ပါဘူး၊ အရှင်ထိပ်စုဖုရားက အမျက်တော်မရှုဘူးထားပါဦး သည်လိုအမှုမျိုးဆိုတာ ကြာရှည်ဖုံးလို့ လုံနိုင်တဲ့ဟာမျိုး မဟုတ်လေတော့ တစ်နေ့မသိ တစ်နေ့သိဆိုတာကို မယ်တော်ဘုရား ရွှေနားတော်ပေါက် ကြားသွားရင် ကားစင်နဲ့၊ သစ်သစ်နဲ့ မိတ်ဆက်ရတော့မှာ အမှန်မို့ အကျိုးဆောင်ဖို့ အကြံစည်ပံ့တော့ပါဘူးဘုရား"

လျှောက်တင်သောကြောင့် စုထားဖုရားက အလျှော့ပေးတော်မမူဘဲ-

"သြော်... သစ်သစ်အတော်ပဲ ကြောက်လှပါသဖြင့် နောက်တစ်ခါမပံ့တော့ကြောင်းပါ၊ ယခု စုစုရွှေလက်တော်ရောက်နေတဲ့ ရွှေလွှာကလေးကိုလည်း ဖျာ့ကျွန်မလက်သို့ ပြန်သနား တော်မူပါ၊ ကိစ္စတုံး ခြေရာပျောက်သွားအောင်ဟာ သီပေါကိုယ်တော်ရဲ့ လက်တော်သို့ တစ်ခါတည်း ပြန်ပို့လိုက်ပါရစေတော့ ဘုရား"

ထိပ်စုဘုရားလတ်၏ မျက်နှာတော်ကို အကဲခတ်ရင်းလျှောက်တင်လိုက်သောအခါ ခင်ဘွား သစ်၏မာယာကို ရိပ်မိတော်မူပြီးသားဖြစ်သောကြောင့် စုဖုရားကလည်း တစ်နည်းလှည့်၍ ကပ်ဖဲ့မိန့်တော်မူကာ။

"အို...ဟုတ်ပါပေတယ်၊ သီပေါမောင်တော်ရဲ့ ရွှေလွှာကိုစုစုအဆောင်တော်မှာ လက်ခံထား တယ်ဆိုရင် မသင့်လျော်ပေဘူး၊ မောင်တော်ရဲ့ လက်တော်ရောက်အောင် ပြန်ဆက်လိုက် ပါဘိ သစ်သစ်ရယ်၊ သြော်... သို့ပေမဲ့ ဒီနေ့သစ်သစ်သွားလို့ မတော်ဘူး၊ အကူးအသန်း များရင် ရွှေနန်းတော်သူ ရွှေနန်းတော်သားတွေ တွေ့မြင်ပြီး တလွဲထင်နေဦးမယ်၊ နက်ဖြန် နံနက်စောစောမှ သစ်သစ်သွားပေတော့၊ ရွှေလွှာတော်လည်း မှန်ဆောင်တော်က ပန်းကလပ်ထဲမှာ လူသူမမြင်နိုင်အောင် ပုသိမ်ပဂါနဲ့ရစ်ပြီး ကျစ်ကျစ်ပါအောင်ထုပ်လို့ ထည့်ထားတော်မူလိုက်မယ် သစ်သစ်ရဲ့၊ ဟော...ပြောရင်းဆိုရင်း ပဟိုရ်ညောင်းလို့ ညနေတောင်စောင်းပါပေါ့လား၊ ချိုးရေတော်သုံးရအောင် မှန်ဆောတော်ထဲ ဂင်တော်မူ တော့မယ်"

မိန့်တော်မူကာ မှန်ဆောင်တော်ရှိရာသို့ ထွက်တော်မူသွားရာ အထိန်းတော်ကြီး ခင်ဘွား သစ်လည်း ငေးငေးကြီးကျန်ရစ်ကာ အသိခက်လှသော စုဖုရား၏ စိတ်ထားတော်ကို မျှော်ခေါ်စဉ်းစားမရနိုင်အောင် ရှိရတော့သည့်အပြင် နောက်ထပ် လျှောက်တင်လိုက်သာ မိမိစကားများမှာလည်း "ကိုယ့်အတက် နှင့်ကိုယ်စူး နုတ်လို့မရနိုင်ဘူး"ဟူသော စကား ကဲ့သို့ ရှေ့သို့တစ်လှမ်းကွန့်၍ အညွှန့်တက်ရန် မမြင်သောကြောင့် အောင့်သက် သက်ကြီးဖြစ်နေရာက သီပေါမင်းသားထံတွင်လည်း လေလုံးအထွားကြီး ထွားခဲ့မိသည် များကို စဉ်းစားလိုက်သောအခါ ရွှေလွှာတော်ကို ဘယ်နည်းဘယ်ပုံပြန်ဆက်၍ မင်းသား၏ မျက်နှာတော်ကိုလည်း ဘယ်ကဲ့သို့ ဖူးရတော့မည်ကို တွေးမိတိုင်း ရင်လေးလျက် ရှိလေတော့၏
အခန်း (၈) မျှော်

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

အထိန်းတော်ကြီးခင်ဘွားသစ်မှာ ထိပ်စုဖုရားလတ်၏ စိတ်ထားတော်ကို အတွေးအမျှော် ခက်၍ တစ်ညလုံး အိပ်စက်မရအောင် စဉ်းစားလျက်ရှိလေ၏။

ထိပ်စုဖုရား၏သဘောတော်အယူအဆကို သိလို၍ မထိတထိနှင့်ဂိတိတိနှင့် လျှောက်တင်မိ သော စကားမှာ ကိုယ့်အတတ်နှင့်ကိုယ်စူးပြီး စကားဦး တစ်ဖုံမလှည့်သာ ရှိခဲ့သောကြောင့် နောက်ထပ်စကားဆက်၍ လျှောက်တင်ချက် မသွင်းနိုင်ဘဲ ထိပ်စုဖုရား၏ အရိပ်အကဲတော်ကိုစောင့်စားလျက်ရှိရသော်လည်း အရှင်ထိပ်စုဖုရားက စကားမပြတ်မိန့်တော်မူဘိအလား သီပေါမင်းသား၏ ရွှေလွှာတော်ကိုပင် လက်ခံတော် မမူလိုသောအသွင့်ဖြင့် နက်ဖြန်ပြန် လည်ပို့ဆက်သစေဟု မိန့်ခွန်းတော်ခြွေထားပြီး ဖြစ်လေရာ သီပေါမင်းသားထံတော်၌ စကားကျွံလာသော ခင်ဘွားသစ်ကြီးတွင် ဘယ်နည်းဘယ်ပုံ ကြံရမည်မသိ၊ တစ်ညဉ့်လုံး မျက်စိအကြောင်းသားနှင့် စဉ်းစားခန်းထုတ်လျက်ရှိရာ စုထားစက်တော် ခေါ်သည့်အနီး တွင် နေရသူ ဖြစ်၍လည်း တစ်ခါတစ်ခါထိပ်စုဖုရား စက်တော်တော်မူရာ သလွန်တော် ဘက်သို့ မျက်နှာလှည့်၍ မချိတင်ကဲနှင့် ကြည့်ရှုကာ။

"ဩော်...ထိပ်စုဖုရား၊ ထိပ်စုဖုရား၊ သီပေါကိုယ်တော်ကလေး သနားတော်မူသင့်ပါတယ်၊ ဘယ်နည်းဘယ်ပုံ ကြောင့် ယခုလိုမတုန်မလှုပ်ရွှေရုပ်ကိုငြိမ်ပြီး ကျန်ရှကောင်းတော်မူနေရ ပါသလဲ၊ မူလကတည်းက ရွှေစိတ်တော် ညွတ်ယိုင်ချင်သလိုလို အထင်ကြောင့် ပါဂင်မိခဲ့တာ ယခုမှပဲ အကဲခတ်လွဲအောင် အနည်းနည်း အကွက်ဆင်တော်မူမှန်း သိရပေပေါ့ စုဖုရားရဲ့"

တစ်ယောက်တည်းညီးညီးတွဲ့တွဲ့ ပြောဆိုနေမိစဉ် သလွန်ပေါ်တွင် စက်ပျော်တော်မူနေ သော ထိပ်စုဖုရား မှာလည်း အခါတိုင်းနည်းတူ ငြိမ်သက်စွာ စက်တော်ခေါ်ခြင်းမရှိဘဲ ဂဲယာနစ်ဖက်သို့ မကြာခဏ လူးလွန့်ပြောင်းရွှေ့တော်မူလျက်ရှိလေရာ လွှာချီတော်မှာ မကြာမကြာလစ်သဖြင့် ခင်ဘွားသစ် ကိုယ်တိုင် ပင် ဖဲလွှာညွှန့် ညဉ့်ရုံတော်ကို ထိပ်စုဖုရား ကိုယ်တော်သို့ မကြာခဏ ပြုပြင်လွှမ်းခြုံပေးရလျက် ရှိလေ၏ ။

သို့နှင့်လည်း အထိန်းတော်ကြီးခင်ဘွားသစ်မှာ နံနက်လင်းလျှင် ရွှေလွှာတော်ကို သီပေါ မင်းသား ထံတော်သို့ ပြန်လည်ပို့ဆက်ရမည့်အတွက် အခက်ကြီးကြုံနေရသူဖြစ်သော ကြောင့် တကြိတ်ကြိတ်နှင့် စိတ်ပူကာ နံနက်မိုးမလင်းပါစေနှင့်ဟုပင် မဖြစ်နိုင်သည်ကို ဆုတောင်းနေမိရှာလေ၏ ။

သို့ရာတွင် ဓမ္မတာသဘောထား လွန်ဆန်နိုင်သည်မဟုတ်သဖြင့် မကြာမီပင် လင်းကြက်ဆော်ညောင်း၊ ပဟိုရ်ပြောင်း၍ ရွှေမောင်းနာရီ ဓာတ်စည်ရိုက်တီး ရေ့ပြုပ္ပာဂိဒေစွန်းမဟာ သူရိယာဖလ် နေဂန်းကြီး ပေါ်ထွက်ကြွချီ လင်းရောင်ခြည် ဖေငှလျက်ရှိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

မီးလောင်တို့ အသွင်းခံရမည့် ရာဇဂတ်သားပမာ၊ အထိန်းတော်ကြီးခင်ဘွားသစ်မှာ နံနက် လင်းချိန် ရောက်ကတည်းက ထိပ်စုဖုရား၏ အဆောင်တော်ထဲသို့ ပေါ်မလာဘဲ အပြင်တွင် သာရမယ်ရှာလျက် လက်အောက် အပျိုတော်ကလေးများကိုကာ ထိပ်စုဖုရား မေးတော်မူ လျှင်အပြင်တွင် တစ်စုံတစ်ရာသော ကိစ္စတာဝန်ကို လုပ်ကိုင်စီမံနေသယောင်ယောင်၊ တောင် တောင်မြောက်မြောက် လှည့်ပတ် လျှောက်တင်စေပြီး ရှောင်ရှားခိုကပ်၍နေလေရာ စက်တော်မှ ထတော်မူပြီး မှန်ဆောင်တော်ထဲသို့ ရေမိုးသန့်စင်ကာ အတန်ကြာမျှ ဂတ်လဲ တော်များ လဲလှယ်ဆင်မြန်းတော်မူနေသော ထိပ်စုဖုရားလည်း နံနက် ကတည်းက အထိန်းတော်ကြီးကို တွေ့မြင်တော် မမူသောကြောင့် အခြားသော လက်ပါးစေ အပျိုတော် ကလေး များအား။

"သစ်သစ် ဘယ်သွားလဲ သစ်သစ်ရှိရာကို လိုက်ခေါ်ချေပါ။"

မိန့်မှာတော်မူနေရာ လက်ပါးစေ အပျိုတော်များလည်း-

"ခင်ဘွားသစ်အပြင်အဆောင်တော်တွင် တစ်စုံတစ်ရာ လုပ်ကိုင်နေကြောင်း"

လျှောက်တင်ရာ တစ်ခါမှနစ်ခါ သုံးခါမျှရှိလျှင်ပင် အရှင်ထိပ်စုဖုရားလည်း အထိန်းတော်ကြီး ၏ဉာဏ်ကို ရိပ်မိတော်မူလာသောကြောင့် မှန်နံတော်အနီးရွှေကလပ်ကြီးတွင် ရွှေကြင်ခပ်၊ ပုသိမ်ပဂါနှင့် ရစ်လိမ်ထုတ်ပတ်ခါ ကိုယ်တော်တိုင်တင်ထားသော ရွှေပြားကို တစ်ချက်မျှ ခပ်ပြုံးပြုံးလှမ်း၍ ရှုစားတော် မူလိုက်ပြီးလျှင် အနီးတွင်ခစားနေသော လက်ပါးစေ အပျို တော်ကလေးတစ်ဦးအား-

"ဟဲ့ခါနွေ၊ သစ်သစ်ကို ငါခေါ်တော်မူတယ်လို့ ပြောချေ၊ အပြင်မှာသစ်သစ်ကိုယ်တိုင် ဆောင်ရွက်စရာ ဘာအလုပ်မှမရှိဘူး၊ ရှိတဲ့ဂတ္တရားကို နောက်ထားပြီး စုဖျားအပါးတော်ကို ယခုအမြန်ဝင်ရမယ်ဆိုတာ သေသေချာချာပြောခဲ့"

မိန့်တော်မူလျှင် အပျိုတော်ကလေးလည်း-

"တင်ပါ့ဘုရား"ဟု လျှောက်ကာကြောက်ရွံ့စွာနှင့်ပင် ခင်ဘွားသစ်ရှိရာသို့ ရောက်လာပြီး "သခင်ကြီးဘုရား၊ အရှင်ထိပ်စုမြတ်ဖျားက ယခုချက်ချင်းခစားစေပါတဲ့ဘုရား"

ပြောသည်တွင် ခင်ဘွားသစ်လည်း ခိုကပ်၍မနေသာတော့ဘဲ ထိပ်စုဖုရားစံတော်မူရာ မှန်ဆောင်တော် ထဲသို့ ရောက်လာကာ မျက်နှာခပ်ပျက်ပျက်နှင့် လက်ယှက်ခစားနေလေ၏

www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဖုရားလည်း အထိန်းတော်ကြီး၏ မျက်နှာကဲကို အမှတ်မဲ့ ရှုစားတော်မူပြီး ပကတိ မျက်နှာထား တော်နှင့်ပင်
"သစ်သစ်ရဲ့၊ ဒီနေ့မှ ဘယ်လိုကိစ္စများ အရေးတကြီး သွားလုပ်နေရသလဲ၊ စုစု မိန့်တော်မူ ထားတဲ့ စကားများ သတိမရတော့ဘူးလား"

မိန့်တော်မူလျှင် ခင်ဘွားသစ်လည်း

"စုထားဖုရား အပြစ်သနားတော်မူရင်လည်း ခံရပါတော့မယ်၊ သစ်သစ်ဖြင့် တကယ်ပဲ သတိ မရပါဘူးဘုရား"

(ပြုံးတော်မူလျှင်)

"သြော်......သြော် သစ်သစ်က တယ်မေ့တတ်နေပြန်တာကိုး၊ ဒါဖြင့် စုစုက ထပ်မိန့် တော်မူရဦးမှာပေါ့၊ ဟောဟို ရွှေကလပ်ပေါ်မှာ ရွှေကြင်ခပ်ပဂါနှင့် ရစ်ပတ်ပြီး တင်ထားတဲ့ သီပေါမောင်တော်ဘုရားရဲ့ ရွှေလွှာတော်ကို သူ့လက်တော်ရောက် ပြန်ပြီးဆက်ချေ ရမယ့်လို့ မိန့်တော်မူထားတဲ့အတိုင်း ယနေ့ အချိန်မဆိုင်းဘဲ မောင်တော်ဘုရား လက်တော်ထဲရောက်အောင် ပြန်ပြီးဆက်ချေပါ။ စုစုက လက်ခံတော်မမူပုံဘူးဆိုတာ လည်း လျှောက်တင်ခဲ့ပေတော့၊ ဒီရွှေပြားကို စုစုအဆောင်တော်ထဲ ကြာရှည် လက်ခံ ထားရင် မတော်တဆ မယ်တော်ဖျား တွေ့မြင်တော်မူသွားမှာ စိုးရိမ်စရာပဲ သစ်သစ်ရဲ့၊ ကဲ.....ကဲ မတော် တဆ မယ်တော်ဘုရား ထွက်တော်မူလာလို့ တွေ့မြင်တော်မူသွားမှဖြင့် သစ်သစ်ကို ရာဇဂတ် သင့်နေပါဦးမယ်၊ မြန်မြန်ဆက်ချေပါ"

အရေးတကြီး မိန့်တော်မူလေရာ မသွားချင်သဖြင့် ကပ်ပေနေသော ခင်ဘွားသစ်မှာ မလွှဲသာတော့ဘဲ ရွှေကလပ်ပေါ်က ရွှေပြားကို ဆွဲယူလိုက်ရကာ မျက်နှာမသာမယာနှင့် "တင်ပါ့ဘုရား"ဟု လိုက် လိုက်ရသောကြောင့် စုဖုရားက စိုးရိမ်စိတ်မချဟန်နှင့်ပင်

"သစ်သစ်ရဲ့ ဒီရွှေပြားကို တော်ရာမှာ ဖျောက်ဖျက်မထားရဘူးနော်၊ မောင်တော် သီပေါ မင်းသားလက်တော်ကို ရောက်အောင် ပြန်ဆက်ခဲ့ရမယ်၊ သစ်သစ် မဆက်ဘူး၊ ဆက်တယ် ဆိုတာ စုစုသိအောင် စုံစမ်းခိုင်းတော်မူရမယ်၊ လိမ်မယ်တော့မကြံနဲ့ မှန်မှန်ကန်ကန် သူ့လက်တော်ရောက်အောင် ပြန်ဆက်ခဲ့ပါဘိ"

မျက်နှာထိမျက်နှာထားနှင့် ခပ်တင်းတင်းမှာထား မိန့်ကြားတော်မူသောအခါ ခင်ဘွားသစ် လည်း-

"မှန်လှပါ မဖျောက်မဖျက် သီပေါကိုယ်တော် လက်တော်ရောက်ပြန်၍ ဆက်ခဲ့ပါမည် စုထား ဖုရား၊ ဒါပေတဲ့ မျှော်လင့်ဇောနှင့် အမောကြီးမောနေရှာသော သီပေါကိုယ်တော်ဘုရား မှာတော့ မျှော်လင့် အားထားတော် မူသလောက် အားထားရာမရောက်တဲ့အတွက် အင်မ တန်မှ စိတ်ပျက်အားငယ်တော်မူရှာတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘုရာ့ကျွန်မလည်း ရွှေမျက်နှာကလေးတငယ်ငယ်နဲ့ သနားစဖွယ်ဖြစ်နေတဲ့ သီပေါ ကိုယ်တော်ကလေးရဲ့ ရွှေမျက်နှာတော်ကို မဖူးမြော်ပံ့အောင်ဖြစ်နေတော့တာပဲ ဘုရား၊ သနားစရာကောင်းတဲ့ တစ်ဖက်သားကို အားတက်ဖွယ် သတင်းပေးရမဲ့အစား ဂမ်းနည်း စိတ်ပျက်စရာအကြောင်းကို ပြန်ကြားရတော့မှာမို့ စိတ်ထဲကမပါအောင် ရှိပါတော့တယ်၊ သို့သော်လည်း အရှင်စုဖုရားကမှ သနားကြင်နာတော်မမူတော့လည်း အခက်သားမို့ စွန့်စားပြီး ဒီရွှေပြားကို ပြန်ဆက်ရတော့မှာပ ဘုရား"

အရှိက်အချွဲနှင့် လျှောက်တင်လျှင်-

"ဟင်....သစ်သစ်ကလည်း ဒီကိစ္စမျိုးထဲ နောက်တစ်ခါ မပါဂင်ချင်ဘူး ပြောတယ်မ ဟုတ်လား၊ စုစုလည်း မယ်မယ်ဘုရား သိတော်မူသွားမှာ စိုးရိမ်တော်မူတာပဲ၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် သစ်သစ်ရယ်၊ ဒီရွှေပြားကို လက်ခံမထားတာပဲ ကောင်းပါတယ်၊ သီပေါ မောင်တော်ဆီကိုသာ ဆက်ဆက်ပြန်ဆက်ချေပါ၊ သူ့ဟာနဲ့သူ စိတ်မချမ်းသာတော်မူ ရင်လည်း မတတ်နိုင်တော်မူပါဘူး၊ ကိုင်းကိုင်း ကြာရင်မကောင်းပါဘူး သစ်သစ်ရဲ့ မြန်မြန်သွားပေတော့"

မိန့်တော်မူကာ အထိန်းတော်ကြီး ခင်ဘွားသစ်အား မသွားမနေရအောင် အမိန့်တော် စကားဖြင့် တွန်းထိုးထုတ်လိုက် သလိုရှိသောကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ရွှေပြားကို ခြုံပဂါကြားတွင် လျှို့ဝှက်ယူဆောင်ကာ မျက်နှာမသာမယာနှင့် သီပေါမင်းသား စံတော်မူနေရာ နန်းဦးမှန်စီ ရွှေကျောင်းတော် ရှိရာသို့ ထွက်လာခဲ့ရှာလေသတည်း။

သီပေါမင်းသားမှာ ထိုအချိန် ထိုအခါတွင် လိုအင်ဆန္ဒရှိတော်မူရာ အာသာစွဲငြိတော် မူခဲ့သည့် ထိပ်စု ဖုရားအတွက် အားတက်ရွှင်လန်းဖွယ်ဖြစ်သော သတင်းစကားတို့ကို ကြားတော်မူလိုလှသော အခိုက်အတန့်ဖြစ်သောကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ် ကိုသာ မျှော်မှန်းတမ်းတတော်မူနေဆဲ ဖြစ်သည့်အတိုင်း စာတော်များကိုပင် ကောင်းစွာ ကျက်မှတ်တော်မမူနိုင်ဘဲ အမျှော်ကြီး မျှော်တော်မူနေစဉ် မျက်နှာမသာမယာနှင့် ဂင်လာ သော အထိန်းတော်ကြီး ခင်ဘွားသစ်ကို မြင်တော်မူလေရာ သီပေါမင်းသားမှာ ရုတ်တရက် အားဖြင့် စိတ်အားပျက်တော်မူသွားပြီး သက်ပြင်းကြီးတစ်ချက်မှု ရှူချတော်မူလိုက်ကာ မသာမယာသောမျက်နှာနှင့် တွေတွေကြီးခေါင်းငုံ့ခစားနေသော အထိန်းတော် ကြီးမျက်နှာ ကို စိတ်ပျက်စွာ ရှုစားတော်မူလိုက်လျက်-

"မျက်နှာမကောင်းပါလား၊ အထိန်းတော်ကြီးရဲ့ ဘယ့်နှယ့်အကြောင်းကိစ္စများဖြစ်ပေါ် လာပြန်သလဲ၊ စုစုထံတော်ကို ဆက်သလိုက်တဲ့ ကိုယ်တော်ရဲ့ စာလွှာအတွက် အရေးမရ အမျက်တော် အရှခံရပြီ ဆိုပါတော့၊ ကိုယ်တော်လည်း အစကတော့ ချီတုံချတုံနှင့် အရေးမသာပုံ ပေါ်မယ်ထင်ပြီး အစဉ်းစားကြီး စဉ်းစားတော်မူနေတာပါပဲ၊ အထိန်းတော်ကြီး ကလည်း စုစုအတွက် ဘာမှအခက်အခဲမရှိလေဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com

အတန်တန် အားပေးလွန်းလို့ စွန့်စွန့်စားစားနဲ့ ရွှေပြားကို ဆက်လိုက်မိတာပဲ အထိန်တော်ကြီးရဲ့၊ ဘယ့်နယ်လဲ ကြောင်းရာကုန်စင် သံတော်ဦးတင်စမ်းပါ၊ ရွှေလွှာအတွက် စုစုက ဘယ်လိုမိန့်တော်မူသလဲ၊ အထိန်းတော်ကြီးရဲ့၊

မေးတော်မူရာ ခင်ဘွားသစ်လည်း သက်ပြင်းကြီးချလျက် ရွှေပြားကို မင်းသားလက်သို့ပြန် ဆက်ကာ-

"အထူးအထွေတော့ မိန့်တော်မူလိုက်ခြင်းမရှိပါ၊ ရွှေပြားကိုဆက်တဲ့အတွက်လည်း အမျက် တော်မူခြင်းမရှိပါ၊ သို့ရာတွင် မယ်တော်ဘုရား သိတော်မူမည်ကို ကြောက်ရွံ့စိုးရိမ် တော်မူတဲ့အတွက် ကိုယ်တော်မြတ်ဖျားရဲ့ ရွှေလွှာတော်ကို လက်မခံပွဲသဖြင့် လက်တော် ရောက်ပြန်ဆက်ချေလို့ ပေးခိုင်းလိုက်သောကြောင့် သခင့်အမိန့်အတိုင်း မဆိုင်းပွဲ၍ ကိုယ်တော်ဖျားကို ကြောက်ရွံ့လျက်နဲ့ ရောက်လာရကြောင်းပါဘုရား"

လျှောက်တင်လေရာ သီပေါမင်းသားမှာ အနည်းငယ် သက်သာရာရသကဲ့သို့

"ဩော်.... ထွေထွေထူးထူး အမျက်တော်မထားဘူးဆိုရင်လည်း တော်သေးရဲ့လို့ဖြေရမှာ ပဲ အထိန်တော် ကြီးရဲ့၊ နို့ကိုယ်တော် ရေးပေးတော်မူလိုက်တဲ့ ရွှေလွှာကိုတော့ စုစုရှုစား တော်မူသေးရဲ့လား"

"အရှင်ကိုယ်တော်ဖျား ရေးသားတော်မူလိုက်တဲ့ လေးထပ်ကိုအစအဆုံး ရှုစားတော်မူပါ တယ်ဘုရား၊ မေတ္တာတုံ့ပြန်တော်မူမယ် မမူဘူးဆိုတာကိုလည်း သဲသဲကွဲကွဲ မိန့်တော် မူခြင်းမရှိသေးပါ၊ ဒီရွှေလွှာကိုသာ မယ်တော်များမတော်မဆ တွေ့မြင်တော်မူသွားမှာ စိုးရိမ်တဲ့အတွက် အလျင်အမြန်ပြန်ပြီး အဆက်ခိုင်း လိုက် ပါသည်ဘုရား"

တင်လျှင် သီပေါမင်းသားလည်း မိမိကိုယ်တော်တိုင် ရေးပေးတော်မူလိုက်သော ရွှေလွှာကို ပဂါမှ ဖြေတော်မူရင်း

"အရေးမသာတော့ ရက်စရာလည်း ခပ်ကောင်းကောင်းပဲ အထိန်းတော်ကြီးရဲ့၊ အင်း.... အစက ကျုပ်ဟာ ကျုပ်နေတာ အကောင်းသား၊ အထိန်းတော်ကြီးတို့ လာကြ တာနဲ့ ခုလိုဒုက္ခမျိုး တွေ့ရတာပဲနော်"

မိန့်တော်မူရင် ပဂါတွင်းမှပေါ်လာသော ရွှေပြားကလေးကို ပြန်လည်ရှုစားတော်မူ လိုက်ရာ ညိုးငယ်နွမ်းလျနေသော ပန်းအသွင်၊ မလန်းမရွှင်ဖြစ်နေသော သီပေါမင်းသား၏ မျက်နှာတော်မှာ ရာဟုခံတွင်းမှ လွတ်ကင်းသော လဂန်းကဲ့သို့ ပရွှင်းသာသာ ရုတ်တရက် ရွှင်လန်းတော်မူလာလျက် မျက်လုံးတော် နှစ်ဖက်မှာလည်း အရောင်တွေလျှမ်းတက်၍ ဂင်းလျက်ထိန်ကြည် ပြုံးရီတော်မူလိုက်လာ၏ ။

အနီးအပါးမှဂမ်းနည်းစွာ ခစားနေသော အထိန်းတော်ကြီးခင်ဘွားသစ်လည်း သီပေါ မင်းသား၏ ထူးခြားရွှင်လန်းတော်မူချက်ကို အံ့အားသင့်လျက် ထူးခြားချက်ကို စောင့်စား ကြည့်ရှုနေမိ၏ ။

www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်းသားသည် လက်တော်ထဲကရွှေပြားကို စိတ်အားထက်သန်စွာ ရှုစား တော်မူနေသည်ကို တွေ့မြင်ရသောကြောင့် အနီးအပါးမှ မျက်နှာထားခပ်ပျက်ပျက်နှင့် လက်ယှက်ခစားနေသော အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ပိုမို၍အံ့အားအသင့်ကြီးသင့် ကာ မူလရွှေလွှာတော်မှ သီပေါမင်းသားကိုယ်တော်တိုင် ရေးတော်မူထားသော တေးထပ် ဖြစ်၍ ယခုကဲ့သို့ ထူးခြားရန် အကြောင်းများ မရှိသောကြောင့် တစောင်းတစိက တိတ်တိတ်ခိုးမျက်လုံးဖြင့် ချောင်းကြည့် လိုက်သောအခါလည်း ရွှေပြားတွင် သေးငယ်စွာ ရေးထားသော စာလုံးများကို ကွဲပြားစွာမမြင်သဖြင့် မင်းသား၏ ထူးခြားခြင်းကို သိခွင့် မရနိုင်အောင် ရှိနေ၏ ။

ရွှေပြားပေါ်က စာများကို အစအဆုံးတပြုံးပြုံးနှင့် ရှုစား၍အားမရနိုင် ကိုင်ရာက မချက်ရက်၊ ဆက်ကာဆက်ကာ အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အထပ်ထပ် ရှုစား၍မငြီးအောင် ဖြစ်တော်မူနေရာ ခင်ဘွားသစ်မှာလည်း ဂမ်းမြောက်ဖွယ်သတင်းဟု ရိပ်မိသည်နှင့်တစ်ပြိုင် တည်းအောင့်အီးချုပ်တီး၍ မထား နိုင်တော့ဘဲ

"အရှင်ကိုယ်တော်ဖျား၊ မျက်နှာတော်တပြုံးပြုံးနှင့် နှလုံးကြည်တော်မူချက်ကို ထက်အောက် ဖြစ်တဲ့ ကျွန်တော်မျိုး မလည်း နည်းနည်းပါးပါးဂမ်းသာရမည့်အကြောင်းပါဘုရား"

လျှောက်ထားလိုက်သည်တွင် သီပေါမင်းသားလည်း လက်ထဲက ရွှေလွှာတော်ကို ယုယစွာ ကိုင်တော် မူလျက်က-

"သြော်...ဟုတ်ပါရဲ့၊ မျှော်လင့်ချက်အကွက်မလည်သဖြင့် အားငယ်နေတော်မူရဆဲ မထင် ဘဲနဲ့ ဘွားခန် ဂမ်းမြောက်အားတက်စရာ တွေ့နေရသလို အထိန်းတော်ကြီးကို မေ့နေ တော်မူလိုက်တာ၊ ဒီမှာကြည့်ပါဦး အထိန်းတော်ကြီးရဲ့"

"ကျုပ်ကစုစုကို ဆက်လိုက်တဲ့ ရွှေပြားကို မယ်တော်ဖျား မြင်တော်မူသွားမှာ စိုးရိမ်တဲ့ အတွက် စုစုက လက်မခံပုံ့လို့ ကျုပ်လက်ကို ပြန်ဆက်လိုက်တယ်ဆိုတဲ့ မူလရွှေလွှာတော် မဟုတ်ပါကလား၊ စုထားနဲ့သစ်သစ်က ကိုယ်တော့်အချစ်ကို စမ်းချင်လို့ တစ်ပေါက်တစ် လမ်းဉာဏ်ဆင်ပြီး လုပ်လိုက်ကြ တာလား၊ ကြည့်စမ်းအထိန်းတော်ကြီး၊ ရွှေနန်းပေါ်မှာ ကြီးရတဲ့ အထက်တန်းမင်းသမီးရယ်လို့ မပြောရဘူး၊ အစီအကုံးအနှုန်းအဖွဲ့ တကယ့်ကို ချီးမွမ်းလောက်ပါပေတယ်"

မိန့်တော်မူကာ လက်တော်တွင် မြတ်နိုးစွာ ကိုင်တော်မူထားသော ရွှေလွှာတော်ကို ခင်ဘွားသစ်လက်သို့ လှမ်း၍ သနားတော် မူလိုက်သောအခါ အကြောင်းကို ရေလည်စွာ မသိရသေးသော အထိန်းတော်ကြီး ခင်ဘွားသစ်လည်း မိမိလက်ထဲသို့ ရောက်လာသော ရွှေလွှာတော်ကို စိတ်အားထက်သန်စွာ ဖတ်ကြည့် လိုက်သောအခါ-
မြတောင်မြို့စား ထိပ်စုဖုရားလတ်က သီပေါမင်းသားထံတော်သို့ ပထမဦးစွာ ရေးသားပေး ပို့တော်မူသော-

www.burmeseclassic.com

www.burmeseclassic.com

တေးထပ်

မြကေသာ ထွာခန့်က၊

ခါပွဲ့လို့ကြင်ဟန်၊

နန်းမွေရ အပြီးယူတယ်၊

ငွေထီးဖြူပွင့်လိမ့်ဘအေ့။

ရွှေသစ္စာ ယခုမူလျှင်၊

ကမ္ဘူ့သူယနေ့၊

စုတဆူ ကလေ့က၊

မမေ့ပေါင်နော်နော်။

နတ်ဆိုတာအနန္တကိုလ၊

တင်ပင့် ဆွေနှင့်ပျော်ပျော်။

မြင်သမျှ အရေးကိုဖော်မယ်၊

လေးတင်တော်မူတတ်ကဲ့၊

လောင်းသိဒ္ဓတ် ပွင့်လျာနယ်၊

အောက်မေ့လို့ရှယ်။

ရှိခိုးချ ပူဇော်လှယ်တယ်၊

ယသော်မယ်လိုပဲ ဖျလေး။ ။

www.burmeseclassic.com

www.burmeseclassic.com

ဟူသော တေးထပ်ကို ထိပ်စုဖုရား လက်ရေးတော်ဖြင့် ရွှေလွှာပေါ်တွင် တွေ့မြင်ရသော အခါ ခင်ဘွားသစ်မှာလည်း သီပေါမင်းသားကဲ့သို့ပင် ပြုံးရွှင်ဝမ်းမြောက်လာပြီးလျှင် တစ်ဖန်လည်း ထိပ်စုဖုရားက မိမိအား ဥပါယ်တံမျဉ်ဖြင့် ဟုတ်တိပတ်တိ လှည့်စားတော်မူ ချက်ကို အမိခံရသည့်အတွက်လည်း မခံချည့်မခံသာကြီးဖြစ်ရကား-

"အို… ကြည့်စမ်းပါဘုရား၊ အရှင်ထိပ်စုမြတ်ဖျား၊ အတော်ဉာဏ်များတော်မူပါပေတယ်၊ ဘုရား ကျွန်မမှာဖြင့် အရှင်ကိုယ်တော်မြတ်ဖျားထံတော်က ရွှေလွှာတော်ရယ်လို့ ပြန်ဆက် ရမှာ စိတ်အားငယ်ငယ်နဲ့ ယူခဲ့ရပါတယ်၊ ယခု ကိုယ်တော်ဖျား လက်တော်မှတစ်ဆင့် သနားတော်မူလို့မြင်မှပဲ ထိပ်စုမြတ်ဖျားက မေတ္တာတော် ပြန်ကြားလိုက်တဲ့ ရွှေလွှာတော် ဖြစ်ကြောင်း သိရပါတော့တယ်၊ ဒီအတိုင်းဆိုလျှင် ဘုရား ကျွန်တော်မျိုးမ အကျိုးတော် ဆောင်ရွက်ရကျိုးနပ်ပါပြီဘုရား၊ ယခုမှ ရင်ထဲကဆို့နေတဲ့ အလုံးကြီး လည်းကျသွားပါ တော့တယ်"

အားရရွှင်လန်းမျက်နှာခပ်ရွှမ်းရွှမ်းနှင့် လျှောက်တင်လိုက်ရာ သီပေါမင်းသားမှာလည်း စုဖျား ထံတော်မှ မေတ္တာတော်နွယ်ညွှန့် မြူးကွန့်ယိမ်းညွတ်တော်မူကြောင်း ရွှေလွှာတော် တေးထပ်များကို အားရရွှင်လန်း ပီတိတော်တဖြန်းဖြန်းနှင့် မနားတမ်းအပြန်ပြန် ရှုစားတော် မူ၍ နေပြန်ရာ အထိန်းတော်ကြီးမှာ ပိပိရိရိနှင့် မိမိကို တစ်ပတ်ရိုက် လှတ်တော်မူလိုက်တာ ထိပ်စုဖျားအား မကျေမချမ်း မရိုးမရွကြီးဖြစ်နေကာ-

"ရွှေကိုယ်တော်ဖျား နားခွင့်မရအောင် ရှုစားတော်မူပါတကား၊ ဖျားကျွန်တော်မျိုးမ ကိုလည်း လျှောက်တင်ခွင့် ပေးတော်မူပါဦး၊ မုန်းဖို့ကောင်းတဲ့ အရှင်ထိပ်စုမြတ်ဖျားကဖြင့် ဖျာ့ကျွန်မကို အားကြီး နိုပ်စက်တော် မူနေတာပဲ ဘုရား"

လျှောက်တင်လျှင် မင်းသားလည်း ပြုံးတော်မူလျက်က-

"ဩော်.. ဒီစုစုက အထိန်းတော်ကြီးကို ဘယ်နည်းဘယ်ပုံ စိတ်ဆင်းရဲအောင် ညှဉ်းဆဲတော် မူသတုံး"

"ကိုယ်တော်ဖျား ထံတော်က ရွှေလွှာတော်ကို စုစုလက်တော်ဆက်တုန်းကလည်း သဲသဲမဲမဲ ရှာတော့မဲ့ မိုးခဲကြီးလိုပဲ တကတည်း စကားလည်းဆုံးရောပြုန်းခနဲ အမျက်တော်ရှုပြီး မယ်တော်ဖျားသွားတိုင်မယ်ဆိုတဲ့ ဟန်မျိုးလုပ်ပြီး ဘုရားကျွန်မ အသည်းနှလုံးကို ပြုတ်တော့မလောက် တုန်လှုပ်ချောက်ချားသွားအောင် ကြည်စားတော်မူပါတယ်၊ ယခုလည်း မောင်တော်ဖျားကို ဟောဒီရွှေလွှာကလေးသွားပြီး ဆက်ချေပါလို့ သိသိသာသာ ခိုင်းစေတော်လိုက်ရင် ဖျာ့ကျွန်မကပါ ဝမ်းသာပြီး ကိုယ်တော်ထံမြန်မြန်ကြီး ပြေးမလာ ရပါလားဘုရား၊ အစကဒီလိုမှန်းမသိလို့ ကိုယ်တော်ဖျားထံ သံတော်ဦးတင်စရာ သတင်း ကောင်းမပါ တဲ့အတွက် ရုတ်တရက် အခစားမလာပဲ့ဘဲ တရွံ့ရွံ့နဲ့ ကျောတွန့်နေမိလို့ အချိန်အပုံကြီး နောက်ကျသွားရပါတယ်ဖျား၊ ဒီစုဖျားကို များများကြီး ဆုံးမပေးတော်မူ ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ရယ်လား၊ မောလားနှင့် လျှောက်ထားလေရာ သီပေါမင်းသားမှာလည်းများစွာ ရွှင်လန်း တော်မူလျက်က-

"မလုပ်ပါနဲ့ဗျားစုစုက ခပ်ဆိုးဆိုးခပ်နွဲ့နွဲ့ နေတော်မူတတ်ရှာလို့ ဖွဲ့မျိုးခံစရာရှိရင် ကျုပ်က သာခံရမှာပါ၊ အထိန်းတော်ကြီးတို့ သားအမိစပ်ကြားက ကျုပ်ဗျာများမနေပါရစေနဲ့၊ လိုရင်း မှာတော့ ကျုပ်ကို စုစုက မေတ္တာတော်တုံ့ပြန်တာသာ ပဓာနပါ၊ ရွှေသစ္စာနှစ်ကုံးပြိုင်ပြီး ဘုန်းနှစ်ခိုင်အတူပွင့်ကာမှ ကူပင့်စောင့်မတဲ့ ဂုဏ်ကျေးဇူးကြီးကိုထောက်လို့ ကျုပ်တို့ အထိန်းတော်ကြီးတစ်ယောက်ကိုဖြင့် စိတ်ရှိသလောက် ချီးမြှင့် သူကောင်းပြု တော်မူဖို့ စိတ်တော်ထဲမှာ အမြဲရည်ရွယ်တော်မူထားလျှက်ပါ၊ ဒါထက် စုစုရေးပေးတော်မူတဲ့ တေးထပ်က အနက်အဓိပ္ပာယ် တယ်ပြီးလေးနက်ပါကလား အထိန်းတော်ကြီးရဲ့၊ ထပ်ပြီး ဖတ်ကြည့်စမ်း ပါဦး၊ ကိုယ့်သခင် ကိုယ်တော်တိုင် ရေးတော်မူတဲ့ စာဖြစ်တဲ့အတွက် အထိန်းတော်ကြီးက ကျုပ်ထက်ပိုပြီး အဓိပ္ပာယ်ပေါ်အောင် ကောက်ပေးနိုင်လိမ့်မယ် ထင်တော်မူမိတယ်၊ စုစုက ဘယ်လိုရည်ရွယ် ရေးသား တော်မူတယ်ဆိုတာ ပိဋကတ္တ အဓိပ္ပာယ်ကောက်ပြီး ရေရေလည်လည် လျှောက်တင်တော်မူစမ်းပါ အထိန်းတော်ကြီး"

မိန့်တော်မူကာ ရွှေလွှာတော်ကို ထိုး၍ပေးတော်မူလိုက်ပြန်သောကြောင့် ခင်ဘွားသစ် လည်း ရွှေလွှာတော်ကို ဒုတိယအကြိမ်မြောက် ဖတ်ရှုပြီးလျှင်-

"ဖျားကျွန်မ မှန်သည်ဟု ထင်သလောက်၊ အဓိပ္ပာယ်ကောက်၍ သံတော်ဦးတင်ပါမည်၊ ရွှေနား ဆင်တော်မူပါဘုရား၊ အစပထမ ရွှေကိုယ်တော်ဖျားထံမှ ပေးသနားတော်မူလိုက်တဲ့ တေးထပ်ရေလွှာတော်မှာ အရှင်ထိပ်စုမြတ်ဖုရားဒ စန္ဒာရွှေဂန်းကဲ့သို့ တင်ရွှန်းသော မျက်နှာတော်ကို ကိုယ်တော် အရှင်ဖျားက တစိမ့်စိမ့်မြင်တော်မူလျက်၊ ရွှေနန်းတော် ကြီးထက်မှ ရွှေပဟိုရ် သံနက်လိုက်သည့်အခါတိုင်း တသက်သက်လွမ်းစပေါ်တော်မူကာ ကြင်နာတော်မူသော မေတ္တာ စေတနာတော် တွေကလည်း တအိမ့်အိမ့်တလိမ့်လိမ့် တငြိမ့် ငြိမ့် တလေးလေး တဖြည်းဖြည်း ပွားများတော်မူနေရသည့်အတွက် ပထမကျော် အထက် စခန်းကို တက်လှမ်းတော်မူစရာ သင်အံ့ ကျက်မှတ်တော် မူနေရတဲ့ ရွှစာတော်များလည်း အရှင်စုဖျားကို စွဲလမ်းတမ်းတ လွမ်းအားတော် ပိုရတဲ့အတွက် အမေ့မေ့အလျော့လျော့ အပေါ့ပေါ့ အပျက်ပျက် ဖြစ်နေတော်မူရကြောင်းများကို အရှင်ထိပ်စုဖျား သိရှိတော်မူ ရတဲ့အခါ "တစ်ဦးမေတ္တာ တစ်ဦးမှာ၊ မေတ္တာရစ်ဆင့် ချစ်ပန်းပွင့်" ဆိုဘိသကဲ့သို့ ရွှေမေတ္တာညီမျှ၍ ပီယဓာတ်ခံခြင်း အရည်တူနေသည့် အတွက် ယခု ရွှေ လွှာတော်ကို ပြန်၍ပေးဆက်ခြင်း ပြုတော်မူတာပဲလို့ ဘုရားကျွန်တော်မျိုးမအကဲခတ်ပြီး အတတ် ဟောပုံတဲ့အပြင် ရွှေလွှာတွင် ရေးသားပါရှိသည့် အဓိပ္ပာယ်များမှာလည်း ကိုယ်တော် မြတ်ဖျားက စွဲလမ်း ချစ်ခင်တော် မူသကဲ့သို့ပင် ဖျားကျွန်မတို့ရဲ့ အရှင်ထိပ်စုမြတ်ဖုရား ကလည်း နဂေါ်ရီကညာအရွယ်၊ ခပ်ငယ်ငယ်ကပင် ချစ်ခင်တော် မူနေသယောင်ယောင် စကားကို အနိုင်လုပြီး သူ့အချစ်တုံ့ပြန်ကြောင်း၊ သိစေတော် မူလိုက်တဲ့အပြင် အရှင် ကိုယ်တော်ဖျားကိုလည်း ရာထူးရာခံကြီး ဘွဲ့မည်ရည်ကြီးရှိတဲ့ တကယ့်ဘုရင်ခံ မင်းသား ကြီးများကဲ့သို့ ထင်မှတ်တော်မူကြောင်း အရှင်ထိပ်စုဖျား ထင်တော်မူသလိုပင် အရှင် ကိုယ်တော် မြတ်ဖျားရဲ့ ဘုန်းကံပါရမီတော်များကလည်း

www.burmeseclassic.com

www.burmeseclassic.com

နန်းမွေ ထီးမွေကို ပြီးယူနိုင်အောင် ထီးဖြူတော် ဖွင့်ပေးရ ပါလိမ့်မည်ဖြစ်ကြောင်း၊ အရှင်စုဖုရားကို ကိုယ်တော်မြတ်ဖုရားက မလွဲ မသွေ မေတ္တာရေမခြောက်တမ်းဟု သစ္စာပန်းဆင်တော်မူပါလျှင် ကမ္ဘူ့ထီးတော်အုပ်မိုး၍ ကြီးပွားတော်မူရသော အရှင်ထိပ်စုဖုရားကလည်း ကိုယ်တော်အား နေ့စဉ်နှင့်အမျှ မေ့တော် မူမည်မဟုတ်ဘဲ အထက်သိကြား၊ အောက်နတ်များကို ပူဇော် ပသပြီး အရှင့်အတွက် အစစအရာရာ အောင်စေရာ အောင်စေကြောင်းကို ဆုတော်တောင်းလျက် နေတော်မူ ပါမည်ဟု ဆိုလိုရင်းပါဘုရား"

အားရစွာ လျှောက်တင်လျှင် သီပေါမင်းသားလည်းများစွာ ဂမ်းမြောက်တော်မူလှသည်နှင့်

"ချစ်သူမို့ မြှောက်စားတယ်လည်း မထင်လိုက်နဲ့ အထိန်းတော်ကြီးရယ်၊ စုစုတယ် လိမ္မာ တော်မူပါတကား၊ ကိုယ်တော်ဖုရားမှာ အရွယ်တော်ကလည်း ငယ်ငယ်မို့ ထည်ထည်ဂါဂါ သားသားနားနား မင်းသားဆိုတဲ့ အရှိန်နှင့် တထိန်ထိန် တန်ခိုးဖြာနေတဲ့ နောင်တော် နောင်တော်ကြီးများအကြားမှာ မထင်မရှား သာမန်မင်းသား ကလေးတစ်ပါးအဖြစ်နှင့် နေတော်မူလာခဲ့ရတာ လွန်ခဲ့တဲ့ တစ်နှစ်နှစ်ကမှ ပထမပြန်ပွဲ ဝင်နွဲတော် မူလိုက်တဲ့အတွက် သားတော်ကလေး တစ်ပါးရယ်လို့ ထင်ရှားလာတော်မူခါမျှနှင့်ပင် အထိန်းတော် ကြီးတို့ အရှင်ထိပ်စုဖုရားက ကျုပ်ကို တကယ့်ဘုရင်ခံမင်းသားကြီး ထင်မှတ်ပြီး အထပ်ထပ် ကြည်ဖြူတော်မူပါတယ်လို့ ရွှေဥာဏ်တော် ကလေးကွန့်ပြီး အညွှန့်နှင့် အားပေးတော်မူ လိုက်တာများ အလွန်တရာမှ အားတက်တော်မူပါတယ်၊ ဒီက ကိုယ်တော်မှာလည်း တကယ်ဆိုတော့ အစစအရာရာ စုစုတို့ မယ်တော်ဖုရားကိုသာ အားကိုးတော်မူရမှာမို့ စုစုတို့ မယ်တော်ဖုရားက ကျုပ်ကို ကြည်သာတော်မူဖို့ တစ်ခုကိုပဲ ခဲယဉ်းပါတယ်၊ တကယ့် တကယ်ဆိုတော့လဲ၊ ကြည်ဖြူတော်မူလိမ့်မယ်လို့ ထင်တာပဲလေ"

"မှန်လှပါ၊ ယခုအခါ တောင်နန်းမဒေဝီ မဟေသီမိဖုရားခေါင်ကြီးဘုရား၊ နတ်ရွာကြွသွား တော်မူပြီး ဖြစ်တဲ့အတွက် အထွတ်အထိပ်သို့တက်ရမည့် မိဖုရားကြီးမှာ စုစုတို့ မယ်တော် ဖြစ်တဲ့ အလယ်နန်းတော် ဘုရားသာလျှင် ဖြစ်တော်မူပါသောကြောင့် မဟေသီအခေါင် တောင်ညာဥက္ကဋ္ဌ၊ နန်းလုံး နယ်မြတ်ဖြစ်တော် မူသော အလယ်နန်းမတော်ဖုရားကြီး သမီးတော်များမှာလည်း ယခုထက် ထူးကဲထင်ပေါ် မျက်နှာတော် ပွင့်လန်း ဘုန်းပန်းပျံ့ လှိုင်တော်မူကြပါလိမ့်မည်ဘုရား"

"မှန်ပေရဲ့ အထိန်းတော်ကြီး၊ မိကြီးတော် စကြာဒေဝီ မဟေသီမိဖုရားခေါင်ကြီး နတ်ရွာ စံသဖြင့် အရိုက်အရာခံ၍ တောင်နန်းစံစား မိဖုရားဖြစ်သင့်၊ ဂုဏ်ကြီးမြင့်သူမှာ စုစုတို့ မယ်တော် အလယ်နန်းမတော် မိဖုရားကြီးတစ်ပါးသာ ရှိပေတယ်၊ သားတော်ကြီးများ၏ မိခင်ဖြစ်ကြတဲ့ အချို့မိဖုရားကြီးများ ရှိကြတယ်ဆိုပေတဲ့ စုစုရဲ့မယ်တော်ဖုရားကို ကျော်လွှား လို့မမြှောက်စားသာဘူးလို့ ကျုပ်ထင်တော်မူတယ်၊ ထီးဖြူတော်အောက်မှာသစ်နက်ရေခံပြီး ရွှေလင်ပန်းနှင့် အချင်းသန့်စင် မီးရှူးတော်မြင်ခဲ့ရတဲ့ ဘိုးတော် မှန်နန်းရှင်ဘုရား၏ မိဖုရား ခေါင်ကြီးမှ ဖွားတော်မူခဲ့တဲ့ သမီးတော်ကြီးတစ်ပါးပါပေကလား။ မိကြီးတော် စကြာဒေဝီ မိဖုရားကြီးကို မလွန်ဆန်နိုင်ရှာလို့သာ မိဖုရားခေါင်ကြီး မဖြစ်ရရှာပဲ ရှိတော်မူရတယ်"

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါဘုရား၊ နောင်အနာဂတ်အရေး တွေးတောစဉ်းစားလိုက်မယ်ဆိုပါလျှင် ဖျာ့ကျွန်မတို့ အရှင်သခင်များ တစ်နေ့တခြား ဘုန်းပန်းပွင့်၍ ပျော်ခွင့်မော်ခွင့် ကြုံတော်မူကြတဲ့ အရိပ်အယောင်များသန်းပြီး ရွှေနန်းတော်ကြီးတစ်လျှောက်မှာ တေဇောတော် တောက်လင်းကြတော့မည်ထင်ပါသည်၊ ကိုယ်တော် အရှင်မြတ်ဖျားလည်း စာတော်ထဲမှာ စိတ်တော်ထား လို့ ဒီတစ်နှစ်ကြိုးစားတော် မူပြီးတဲ့နောက်..."

(ခင်ဘွားသစ်မှာ စကားမဆက်ဂွံသဖြင့် ခပ်ရှုံ့ရှုံ့ဖြစ်နေရာ) သီပေါမင်းသားလည်း ပြုံးရီရွှစားတော်ရာက

"ဘယ့်နှယ်လဲ၊ ဆက်ပြောပါဦးဗျာ၊ အထိန်းတော်ကြီးစကားက တစ်ပိုင်းတစ်စနဲ့"

"မဂွံသဖြင့် ရှုံ့နေမိကြောင်းဘုရား"

"သြော်... ကိုယ်တော်သိပါပြီလေ၊ ဒီနှစ်ပထမကြီး ပြန်ဆိုတော်မူပြီးတဲ့နောက် လူဂတ်မလဲသေးဘူးလားလို့ မေးချင်တယ်မဟုတ်လား၊ လဲမှာပေါ့ဗျာ၊ စုစုကို သံယောဇဉ်မတွယ်မိရင် ဘယ်အရွယ်အထိ သင်္ကန်းဂုတ် နေမိမယ်ဆိုတာ အပိုင်းအခြားမပြောနိုင်ပေတဲ့ ခုတော့ ချစ်ခင်တော်မူစရာ စုစုဆိုတဲ့ သံယောဇဉ်ကလေးက ငြိလာတော့ ဘယ်ကြာကြာ နေနိုင် လိမ့်မတုံး၊ ဖြန်းခနဲ လူဂတ်လဲပြီး တစ်ခါတည်းသာ စုစု အဆောင်တော်ပေးဂင်လိုက် ချင်မိသပေါ့၊ သို့ပေမဲ့ မဖြစ်နိုင်သေးတဲ့ အခိုက်မို့ စာပြန်ပွဲကြီးမပြီးမီအတွင်း ပျင်းပျင်းနဲ့ စာကျက်နေရဦးမှာပဲ အထိန်းတော်ကြီးရဲ့"

"မှန်ပါ ဆင်ပြောင်ကြီး အမြီးကျမှတစ်" ဆိုသလို မဖြစ်ရအောင် ကြိုးစားတော်မူပါဘုရား၊ စုစုတို့ မယ်တော် ဖျားကလည်း အရှင်ကိုယ်တော်မြတ်ဖျား ပထမပြန်ဆိုပွဲ ဂင်နွှဲတော်မူပြီး ဘုန်းတော်ကြီးလှတဲ့ မင်းတရားကြီး ဘုရား၏ ချီးမွမ်းမြှောက်စားတော်မူခြင်းခံရပြီး ကတည်းက ဒါမှသား၊ ဒီလိုသားမှသား၊ ဒီမင်းသား ကလေးဟာ ဂါ့သားပဲ ဖြစ်ပါစေတော့ ဆိုတာ အခါခါ ချီးမွမ်းနေတော်မူတယ်လို့ ကြားရပါတယ်ဘုရား"

"ဒီတော့ မယ်တော်ကြီးဘုရား မချစ်ခင်မကြည်ဖြူမှာကို အတွေးတော်ပိုပြီး ပူပန်စိုးရိမ် တော်မူဖို့ မလိုဘူးလို့တောင် ထင်ပါတယ်၊ သို့သော်လည်း မင်း၏ အရိပ်အခြေဆိုတာ စိတ်ရှည်ရှည်နဲ့ စောင့်စား အကဲခတ်ရ မြဲဖြစ်တဲ့အတွက်သာ အရာရာမှာ "သိသာသိစေ မမြင်စေနဲ့၊ မြင်သာမြင်စေ မသိစေနဲ့" ဆိုသလို သိုသိုသိပ်သိပ်နှင့် ခပ်ကြိတ်ကြိတ် ကြံစည်တာ အကောင်းဆုံးမို့ ဖုံးတန်သလောက်ဖုံး၊ ကွယ်တန် သလောက် ကွယ်ပြီး အလွယ် တကူ လူမရိပ်မိစေရန် ဟန်မပျက်စေခြင်းသာလျှင် ကောင်းမွန် သင့်မြတ်လှပါသည် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အင်း... အလိမ္မာဓာတ်ခံ ရင့်သန်တော်မူတဲ့ စုထားရဲ့ အထိန်းတော်ကြီးရယ်လို့ မပြော ရဘူး၊ အထူးသဖြင့် အမြော်အမြင် ကြီးပါပေတယ်၊ ကိုယ်တော်လည်း ဘယ်နည်းနှင့်မဆို ယခုရက်နီးကပ်လာတဲ့ စာတော်ပြန်ပွဲမှာ နောက်ဆုံးအကြိမ်အခါဖြစ်တဲ့အတွက် ဆက်လက် အောင်မြင်သွားရအောင် စုထားစိတ်ကို အသာ ဖြေပြီး စာတော်တွေ ကြိုးစားကျက်တော်မူ လိုက်ဦးမှပဲ၊ ဒီတစ်ကွေ့အောင်ခဲ့ရင် နောင်အတွက် စိတ်အေးတော်မူရပြီ အထိန်းတော် ကြီးရဲ့"

"မှန်လှပါ ရွှေဉာဏ်ရင် ဆင်ခြင်တော်မူနိုင်တဲ့အတိုင်း ကြိုးစားတော်မူပါဘုရား"

"ကဲ...ကဲ...ကောင်းလှပြီ အထိန်းတော်ကြီး ပြန်လိုကပြန်နိုင်ပြီ၊ သို့သော် စုစုဆီကို ရွှေလွှာ တော်တစ်စောင် နောက်ထပ် ဆက်ချင်သေးတဲ့အတွက် အထိန်းတော်ကြီး အပြင်က ခေတ္တ စောင့်ပေဦး၊ ကျုပ် အတွင်း ဆောင်တော်မှာ ရွှေလွှာကို စဉ်းစားစိတ်ကူးပြီး ရေးတော်မူ လိုက်ပါရစေ"

"မှန်လှပါ၊ အမိန့်တော်အတိုင်း စောင့်ပါမည်ဘုရား၊ ရွှေလွှာတော်ကိုသာ ရေးသားတော်မူပါ"

"ကောင်းပြီ...ကောင်းပြီ၊ ဩော်... မင်းသားဆိုပေတဲ့ လူပျိုတော်တွေ၊ ကိုယ်ရံတော်တွေနဲ့ ခမ်းခမ်းနားနား ခံစားနေတဲ့ အခိုက်အတန့်မဟုတ်ဘဲ သာသနာ့ဘောင်မှာ ရဟန်း သာမဏေအဖြစ်နဲ့ ကျစ်ကျစ်လျစ်လျစ် နေတော်မူတဲ့အချိန်ဆိုတော့ တစ်ဆင့်ခိုင်စရာ စာရေးတော်တို့၊ စာတော်ဖတ်တို့ မရှိတဲ့အတွက် ကိုယ်တော်တိုင်ပဲ ရေးရပေမယ်၊ အနို့ပြီး ကိုယ်တော့်စိတ်တော်ကလည်း ချစ်ခင်ကြင်နာတော်မူတဲ့ စုစုအတွက် မို့ ကိုယ့်လက်တော် နဲ့မှ စိတ်တိုင်းကျကျ ရေးပေးတော်မူချင်တဲ့ ဆန္ဒရှိတယ် အထိန်းတော် ကြီးရဲ့၊ ကိုင်း... ဒီမှာနေရစ်ပေဦးရော့"

မိန့်တော်မူကာ ကျောင်းခန်းထဲသို့ ဝင်တော်မူသွားပြီးလျှင် အလွှာတော်ရွှေပြား၌ တေးထပ် နှင့် သံထောက်များကို ရွှေဉာဏ်တော်ကစားပြီး စိတ်အားထက်သန်စွာ ရေးသားတော်မူ လျက်ရှိလေ၏။

အပြင်တွင် တစ်ကိုယ်တည်း စောင့်စားနေထိုင်ခဲ့သော အထိန်းတော်ကြီး ခင်ဘွားသစ် လည်း သီပေါ မင်းသား အတွင်းတော်ဝင်သွားဆဲတွင် ၎င်း၏စိတ်ထဲ၌ ထိပ်စုဖုရားလတ် မိမိကို မလိမ့်မပတ် ပြုလိုက်တော် မူပုံကို အပြန်ပြန်စဉ်းစား၍ ပြုံးအားသန်မိသော်လည်း ဣန္ဒြေကြီးကြီးနှင့် ဟုတ်တိပတ်တိ မိန့်တော် မူခြင်းတို့ကြောင့် မိမိတွင် အထိတ်ထိတ် အလန့်လန့် စိတ်လှုပ်ရှားခဲ့ရသည်မှာ နှစ်ခါရှိ ပြီဖြစ်သောကြောင့် အောင့်အီးသည်းခံ၍ မနေနိုင်တော့ဘဲ စုဖုရားအား ပြန်လှန်ကျီစယ်ရန် အမျိုးမျိုး အကြံထုတ် လျက်ရှိလေ၏။ စုထားဖုရားတော့ ဒီတစ်ခါ ဉာဏ်ထုတ်ကလဲ့စားချေဦးမှပဲဟု ကြိတ်ခဲ၍ နေစဉ်မှာပင် သီပေါမင်းသားလည်း ကိုယ်တော်တိုင် ရေးသားတော်မူခဲ့သော ရွှေလွှာတော်ကို လက်တစ်ဖက် က ကိုင်လျက် ကျောင်းဆောင်တွင်းမှ ထွက်တော်မူလာပြီး-

"ကဲ... အထိန်းတော်ကြီး၊ ကျုပ်ကိုယ်တိုင်ပဲ ရေးတော်မူပြီးပြီ၊ ကျုပ်ရေးတဲ့ စာတော်ကို အထိန်းတော်ကြီးက တစ်ဆင့် ဖတ်ပြီး လျှောက်ထားစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူကာ ရွှေလွှာတော်ကို သနားတော် မူသောကြောင့် ခင်ဘွားသစ်လည်း ရှိသေစွာ လက်ဖြင့် လှမ်းယူ၍ ရွှေပြားပေါ်တွင်တွေ့ရသော တေးထပ်နှင့် သံထောက်ကို အသံနေ ပြတ်ပြတ် သားသား နှင့် ဖတ်ကြား လျှောက်ထားလေ၏။

သီပေါမင်းသား ဒုတိယအကြိမ် မေးတော်မူသော တေးထပ်နှင့်သံထောက်။

"တေးထပ်"

ဘုံတစ်ပင် နန်းမြင့်မှ၊ စန်းတစ်ပွင့်သခ်၊

နွမ်းသဖြင့် တင်ပါမယ်၊ မင်္ဂလာရှိန်ကြွေ။

ဥကင်သကျက်သရေကို

သက်သေစေဘုန်းဖြင့်မမေ့။

ထီးဖြူဖွင့် သစ္စာကိုမူမယ်၊

ချစ်ရှာသူယနေ့။

မေတ္တာတူပူလေ့က

ကူဖြည့်လို့ကြံပါ။

စောသီတာ ဆင်းကြာကြွငယ်နှင့်၊

မင်းရာမထုံးသို့မကွာ။

ခင်းဇာလှ အုံးညာမှာ၊

ဘုန်းနှစ်ဖြာတူနီးဖို့၊

ဖြူထီးတော်ဖွင့်ပါစေ၊

လောင်းပညောင်ရေ။

www.burmeseclassic.com

www.burmeseclassic.com

အောင်ရင်ဖြင့် ရဂိဆွေငယ်၊

တဘိသေ ခံပွဲပလေး။

"ငှင်းသံထောက်"

သစ်မကွာ ပွေပွေဆွေးသူမို့၊

ချစ်စရာရွှေရေမွှေးကဲ့သို့၊

ပြေပြေကလေး ကြူလိုက်မယ်။

မကြုံတတ်ပြီဟု၊

စံရပ်ကယ် နွယ်လာက၊

ကယ်စရာ အမှူနီးပါပေ့၊

ချီးမြှင့်မဲ့ရှယ်။

ဆွေးဘဂင် အနန္တဟာမို့၊

အရေးရှင် ကြံသမျှငယ်လို့၊

ယမံကခ,ပါတယ်၊

စ,လယ်ထိတိုင် သနား။

မြေဆိုမြေ လက်ခုပ်တွင် ပမာရေသို့၊

သေလိုသေ သွေမမုန်းပါဘူးရယ်၊

ဘုန်းဘုန်းသနား။

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။ "ဆုံးပါပြီဘုရား"

မင်းသား။ ။ "ဘယ့်နှယ်လဲ သင့်မြတ်ကဲ့လား၊ အထိန်းတော်ကြီးရဲ့၊ ကိုယ်တော်ရဲ့ စိတ်တော်ထဲမှာရှိသမျှကို တိတိကျကျ အဓိပ္ပာယ်ပေါ်လို့ စုစုဉာဏ်တော်နဲ့ တွေးမယူဘဲ အကဲဖြတ်နိုင်လိမ့်မယ် ထင်ရဲ့လား"

သစ်။ ။ "မှန်လှပါ၊ ပိဋကတ်တော်ကိုပင် မွှေနှောက်ချောက်ချားတော်မူနိုင်တဲ့ ပညာတော်ရှင်မို့ ပြုပြင်တဲ့ စာသားများမှာလဲ အဓိပ္ပယ်လေးနက်တာ သွားလှပြီဖြစ်ကြောင်း ပါဘုရား"

မင်းသား။ ။"'ဒီစာတော်ထဲမှာပဲ စုစုအလိုတော်၊ ကျုပ်အလိုတော်များကို ကြိုက်ညီအောင် ရိပ်ချည်ပြပြီးသားဖြစ်တယ်၊ သို့အတွက် ဒီရွှေလွှာတော် စုစုလက်တော်ဆက်တဲ့အခါ လို့ရင်းအဓိပ္ပာယ်ကို ဘယ်လိုမိန့်တော်မူတယ်ဆိုတာ အထိန်းတော်ကြီးက အကြောင်းပြန် ပေတော့"

သစ်။ ။"မှန်လှပါ စိတ်ချလက်ချ စံတော်မူပါဘုရား"

မင်းသား။ ။"ကိုင်း...ကိုင်း...အထိန်းတော်ကြီးသွားလိုက သွားနိုင်ပြီ၊ ဒီရွှေလွှာတော်ကိုသာ လုံခြုံစွာ ဆောင်ကြဉ်းပြီး စုစုလက်တော်တွင်း ရောက်ဆောင်ဆက်လိုက်ပါ အထိန်း တော်ကြီး"

သစ်။ ။(ပြုံးလျက်)"မှန်ပါ အရှင့်ထိပ်စုမြတ်ဖျားကပေမဲ့ ပရိယာယ်တွေကများတော်မူလိုက် တာ၊ သဘောတော်အတိမ်အနက် အသိခက်အောင် ဖက်တော်မူထားတဲ့အတွက် ရွှေလွှာတော်ကို အထင်ခံ ဆက်ရမှာပင် ခပ်ခက်ခက်ဖြစ်နေသေးသဖြင့် အတွေးနှင့်စဉ်းစား ၍ အခင်းသွားလှအောင် ဉာဏ်ကစားပြီး စုထိပ်ဖျားကို ဆက်သရပါလိမ့်မည် ကိုယ်တော် ဖျားရဲ့"

မင်းသား။ ။"အေးလေ...ဒီကိစ္စမှာ အထိန်းတော်ကြီး သစ်သစ်က ကမကထအနေးနှင့်အမြန် လျော်ကန် သလိုသာ ကြည့်စီမံပါလေ၊ ကိုယ်တော်က အထူးနည်းပေးလမ်းပြပြုနေစရာ မလိုပါဘူး၊ ကဲ...ကဲကြာရင် ဆရာတော်ဘုရား ပြန်ကြွလာတာနှင့် တွေ့နေမယ်ပြန်ပေတော့ အထိန်းတော်ကြီး"

သစ်။ ။"မှန်လှပါ သွားချေပါဦးမည်ဘုရား"

လျှောက်တင်ကာ မင်းသားထံမှ အထိန်းတော်ကြီး ခင်ဘွားသစ် ထွက်ခွာလာလေ၏ ။

အခန်း(၉) နက်ဖြန်နော်

အခန်း(၉)

www.burmeseclassic.com

www.burmeseclassic.com

ထိပ်စုဖုရားလတ်သည် ယခင်က ရွှေစိတ်တော် လွတ်လွတ်လပ်လပ်နှင့် ရွှေနန်းတော် အနောက်ပိုင်း တစ်ခွင်တွင် ပျော်ရွှင်စွာ စိတ်ထင်ရာ အဆောင်ဆောင်အခန်းခန်းတို့သို့ ဖြန့်ဖြန်းတွက်၍ လှည့်လည်သွားလာ နေတော်မူပြီး တစ်ခါတစ်ရံလည်း မယ်တော်ဆောင်၊ အစ်မတော်ဆောင်များသို့ ဝင်တော်မူကာ ဆိုးတလှည့် နွဲ့တစ်ခါ ပျော်တော်မူသလို စံခဲ့ရာတွင် ယခုတစ်လောကား သီပေါမင်းသားနှင့် အချစ်တော် စုလျား ဖွဲ့ချည်မိသည်တွင် ငယ်စဉ်ကကဲ့သို့ အကလေးပမာ၊ ပေပေတေတေ ဆိုးနွဲ့နေတော်မူမည်တို့ကို မေ့လျော့တော်မူလျက် ရုတ်တရက် ပြုပြင်ပြောင်းလွဲ၊ အမူတော်ထူးကဲ၍ ဆင်ကွဲဖန်တော်မူ ဘိအလား နူးညံ့ပျော့နွဲ့၊ တကယ့်အစ်မတော်မင်းသမီးကြီးများ အမူအရာအတိုင်း အဆောင်တော်ထဲမှာ ငြိမ်သက် ပိပြားစွာ စံတော်မူပြီးလျှင် ယခင်က အလှအပအပြင်အဆင် ကို တော်ရုံတန်ရုံနှင့် တင်းတိမ် တော်မူခဲ့ သလောက် ယခုအခါမှာ နံ့သာပန်းမန်တို့ကို အထူး နှစ်လိုတော်မူလျက် ဂုတ်လဲတော်အမျိုးမျိုး၊ ကြိုးထဘီ အလဲလဲနှင့် မှန်ဆောင်တော်ထဲက ထွက်သည်မရှိအောင် အဆောင်တော်တွင်းပုန်း သည်နှင့်မခြား ဖြစ်တော်မူ နေရကား မယ်တော် အလယ်နန်းမတော် မိဖုရားပင် သမီးတော် အတွက် ထိပ်စုဖုရားလတ် အဆောင် တော်သို့ အခြွေအရံ အနည်းငယ်နှင့် ရုတ်တရက်ထွက်တော်မူလာကာ သလွန်တော်ပေါ် တွင် ထိုင်မိပြီး သမီးတော်ကို ရှုစားတော်မူလျက် လက်တော်ဖြင့် ထိပ်စုဖုရားလတ်၏ ဆံစတော် များကို သပ်ခါ-

"လုံမလေး.... မယ်မယ်ဖုရားအဆောင်တော်ကို အခစားမရောက်တာနဲ့ ငါ့သမီးတော် ကလေး နေထိုင် မကောင်း ဖြစ်တော်မူသည်အောက်မေ့ပြီး စိုးရိမ်တကြီး ထွက်တော် မူလာခဲ့တယ်၊ လုံကလေးကို ကြည်ကြည် ရွှင်ရွှင် ဖြီးလိမ်း ပြင်ဆင်နေတာတွေ့ရမှ မယ်ဖုရား စိုးရိမ်မကင်းတော်မူခဲ့တဲ့ အလုံးကြီး ကျသွား တော့တာပဲ၊ ဟဲ့...ခါနွေတို့၊ ဘွားသစ်ကြီး တစ်ယောက်မှ မမြင်ပါကလား၊ ကောင်မကြီးဟာ ကဘောက်တိ ကဘောက်ချာနဲ့ ဘယ်အဆောင်များ သွားလည်နေပါလိမ့်မလဲ မေးတော် မူလိုက်သော အခါ ထိပ်စုဖုရား လတ်လည်း အထိန်းတော်ကြီး သီပေါကိုယ်တော်ရှိရာ မှန်ကျောင်းတော်ရှိရာ သွားနေခိုက် ဖြစ်သော ကြောင့် အကြောင်း ကြောင်း ရိပ်မိတော်မမူစေရန် လှည့်ပတ်ကြံဖန်တော်မူပြီး-

စု။ ။"အထိန်းတော်ကြီး ရှိပါတယ် မယ်မယ်ဖုရား။ ခုပဲ အပါးတော်က ထသွားပါတယ်၊ ကျော်မိုးတံခါးနားက သူ့အစ်မဆင်ဂန်ကတော်ရဲ့ သားကလေးမမာနေတာ သွားမေးချင်လို့ ခွင့်ပေးပါပြောထားတဲ့အတွက် စုထား ကလည်း ထွက်ချင်တဲ့အချိန်ထွက်ဖို့ ခွင့်ပြုထားသဖြင့် သည်ဆီကိုများ သွားလေသလားဆိုတာ စုထား သံတော်ဦး မတင်တတ်ပါ မယ်မယ်ဖုရား"

မယ်။ ။"အဲ...အဲ ရှိပါစေလေ၊ သူ့ခမျာလည်း ဆွေနဲ့မျိုးနဲ့ သံယောဇဉ်ကလေး များနဲ့ ရှိရှာသေးတာကလား၊သွားပါစေ၊ တစ်ခါတလေ သွားတာကပဲ" မိန့်တော်မူကာ တစ်ဖန် သမီးတော်ကို ပြုံး၍ ရှုစားတော် မူကာ-

"အင်း... ငါ့သမီးတော်ကလေးဟာ အရင်က ပုဆိုးကြီးဒီးလွှားနဲ့ မင်းယောကျ်ား ကလေးသဖွယ်သာ ရှုစားတော်မူနေခဲ့ရတဲ့အတွက် အလှကျက်သရေ ရှိတော်မူသလောက် မျက်စိမပေါက်ခဲ့ဘူး၊ ခုလို သိမ်သိမ်မွေ့မွေ့ မင်းသမီးပီပီ ဂုတ်စားဆင်ယင်ပြီး နံ့သာပန်းမန် တို့နဲ့ ဖြီးလိမ်း ပြင်ဆင်တော် မူထား

www.burmeseclassic.com

တာတွေ့ရမှ ထက်အာကာဘုံဖျားက ယုန်ရထား ကြျုလ္လာကို မြူကာဆိုင်းတဲ့အတွင်းက ဟင်းကန် မြင်ရသလို နဂိုအလှဓာတ်ကို ပုဆိုး ကြီးရစ်ပတ်ထားရာက ခွာလိုက်တဲ့အတွက် ကျက်သရေရှိသမျှ တိတိ ကျကျ ပေါ်လာ တော်မူတယ်၊ အဲ....သည်လိုသိမ်သိမ်မွေ့မွေ့ ဣန္ဒြေရှင် သမီးတော်တစ်ပါးပီပီ တည်ကြည် ငြိမ်သက်စွာ စံတော်မူတာ တွေ့ရတဲ့အတွက်လည်း မယ်မယ်ဖျား ရွှေရင်တော်ထဲမှာ အေးခန် ဟမ်းမြောက် ဟမ်းသာ ဖြစ်တော်မူ သွားရပေပြီ၊ ဒီလိုသာ အမြဲရှုစားတော်မူပရစေ လုံကလေးရယ်၊သက်တော်လည်း မငယ်တော့ဘူးနော်"

သမီးတော်ကို ဆုံးမမိန့်ကြားတော်မူလျှင်။

ထိပ်စုမြတ်ဖုရားလတ် လည်း မယ်တော်အနီးတွင် လက်ယုက်ခစားရင်း-

"စုထား အရင်ကတော့ ယောကျ်ားစိတ် ယောကျ်ားမာန်နှင့် ခုန်လိုခုန်၊ပျံလိုပျံ၊ ရွှေနန်း တော်ကြီးပေါ်မှာ စိတ်ပျော်သလို စံခဲ့ပေမဲ့ အရွယ်အလေးကထောက်ပြီး စိတ်နောက်ကိုပါ မပြုတော့ပါဘူး၊ လူသူမြင် လို့လည်း အပိုးမသေ၊ ဣန္ဒြေမဲ့တယ်လို့ ကဲ့ရဲ့လွယ်ကြမှာ တွေးမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပြုပြင် ပြောင်းလဲ မိန်းမပီပီပဲ နေပါတော့မယ်လို့ စိတ်ကိုဆုံးမပြီး အဆောင်တော်ထဲမှာ ဖြီးလိမ်းပြုပြင် ဝတ်စားတန်ဆာ ဆင်ယင်ခြင်းအလုပ် များနှင့် စိတ်မအား၊ ကိုယ်မအားပျော်ပျော်ကြီး ခံစားနေပါတယ် မယ်မယ်ဖျား"

ယဉ်ကျေးသိမ်မွေ့စွာ လျှောက်တင်လေလျှင် မယ်တော်ရှင်မိဖုရားကြီးလည်း သမီးတော် နူးညံ့ သိမ်မွေ့တော် မူလာပုံကို စုံမက်နှစ်သက်တော်မူလှသဖြင့်

"အင်း...ဒီလိုလျှောက်တင်တဲ့စကားမျိုး ကြားရတာလည်း မယ်မယ်ဖျား အများကြီး ဟမ်းသာတော်မူမိတယ်၊ လိမ်မာဖို့ အချိန်အရွယ်ရောက်လို့ အသက်ကလေးကလည်း ထောက်လာတော့ အလိုလို အသိဉာဏ် ပေါ်ပေါက်လာရမြဲပေပဲ၊ ကဲ...ကဲယခုလို သမီးတော် မိန်းမပီပီ ဝတ်စားဆင်ယင်၊ အလှပြင်တော်မူတတ်ပြီး ဖြစ်တဲ့အတွက် မယ်မယ်ဖျား သမီး တော်ကို ဆင်တော်မူရန် ရည်သန်ပြီး ပန်းတိမ်တော်စံသူကို လုပ်စေတော် မူထားတဲ့ မြခယားသီး လည်ကပ်တော်ကြီးကို ပို့တော်မူလိုက်မယ်၊ လုံကလေးက ယောကျ်ား လိုဝတ်ပြီး ကလေးဆိုးကြီးလို ဟိုဟိုဒီဒီလှည့်လည်တော်မူနေတဲ့အတွက် ပြုတ်ပျက်ကျမှာ စိုးလို့ ဆင်တော် မူဖို့ ထုတ်မပေးဘဲ ထားခဲ့တယ်၊ စုလတ်မြတ်မြတ်နိုးနိုး ဆင်ယင်တော်မူတော့ မယ်မဟုတ်လား"

စု။ ။"တင်ပါဘုရား"

မယ်။ ။"ဒါဖြင့်ကောင်းပြီ၊ ဘွားသစ်ကြီးပြန်လာလျှင် မယ်မယ်ဖျားအဆောင်တော်ကို လွှတ်တော်ပေတော့၊ စုလတ် အတွက် မြခယားသီး လည်ကပ်တော်ကြီးအပြင် အခြားဝတ် ဆင်တော်မူစရာ ရတနာမျိုးစုံနှင့်တကွ စိန်သွယ်ချ ပုတီးကြီးငါးသွယ်နဲ့ စိန်နားဋ္ဌောင်းတော် များကို

www.burmeseclassic.com

www.burmeseclassic.com

အလဲလဲဆင်တော်မူရအောင် အလုံးစုံ သနားတော် မူလိုက်မယ်၊ ဂုတ်လဲတော်ထဘီ နှင့် အကျီလက်ရှည်များကော လိုတော်မူသေးသလား"

စု။ ။"မှန်လှပါဘုရား စုထားဆီမှာ ပုဆိုးရှည်တွေသာများလိမ့်မယ်ထင်ပါတယ်"

မယ်။ ။"ကောင်းပြီ...ကောင်းပြီ၊ သမီးတော်အတွက် ရွှေတိုက်တော်က ငွေတော်ထုတ်ပြီး ထည်မျိုးအုပ်စုံ တစ်ပုံ တစ်ခေါင်းကြီး ချုပ်စေရမှာပ"

မိန့်တော်မူရင်း အဆောင်တော် အတွင်းရှိ အပျိုတော်အလေးများ စုရုံးချုပ်လုပ် အလုပ် ရှုပ်နေသည်ကို တွေ့မြင်တော် မူရလျှင်

"စုလတ်ကဲ့ ဟိုမှာ အပျိုတော်ကလေးတွေ စုရုံးထိုင်လို့ ခေါင်းဆိုင်ပြီး ချုပ်လုပ်နေစေတာက ဘာအတွက်လဲ"

စု။ ။ "စုထား ရှေ့လာမည့် စာတော်ပြန်ပွဲမှာ စာတော်ဖြေမည့် ရဟန်းသာမဏေများကို တစ်ပါးလျှင် သင်္ကန်းတော်တစ်စုံစီ လှူဒါန်းတော်မူမယ်လို့ စပ်သင်္ကန်းတော်များကို ခါတော်မီ အမြန် ချုပ်ထားခြင်း ပါဘုရား"

မယ်။ ။ "သာဓုတော်...သာဓု...သာဓု ငါ့သမီးတော်ဟာ နေ့ချင်းညချင်းဆိုသလို ကုတ္တရာဘက်ကလည်း လက်လွှတ်တော်မမူဘဲ ကုသိုလ်ဒါနရေးကို မဆုတ်မနစ် အားပေးတော်မူတာ ဂမ်းသာပါဘိတော့ လုံကလေးရာ၊ မယ်မယ်ဖျားလည်း ပရိယတ္တိကို ဖြည့်ဆည်းတော်မူကြမဲ့ သာသနာတော်ထမ်း ရဟန်း သာမဏေများကို ကြိုးပမ်းအား ရှိအောင် စိတ်အားထက်သန်စွာ အားပေးတော်မူလိုတဲ့ စေတနာတော်များ ပေါ်ပေါက်နေ တော်မူတဲ့အတွက် နစ်စဉ်မပျက် သဒ္ဓါတရား ထက်ထက်နှင့် ဆွမ်းအုပ်တော်များ ပို့ဆက် လှူဒါန်းနေခဲ့တာကလား၊စုလတ်ကလည်း မယ်မယ်ဖျား သမီးတော်ပီပီ သည်စာတော် ပြန်ပွဲအတွက် သင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းတယ်ဆိုတော့ အတိုင်းထက်အလွန် တံခွန်နဲ့ဘုရားမို့ ခမည်းတော် ရွှေနန်းရှင်ဘုရား ရွှေနားတော်ကြားလျှင်လည်း များများကြီး ဂမ်းမြောက်သာဓုခေါ်တော်မူလိမ့်မယ် စုတ်ရဲ့"

စု။ ။ "မှန်လှပါ စုထား ကိုယ်တော်တိုင် သင်္ကစ္စမြောက်အောင် တစ်နိုင်သလောက် ဂင်ချျပ် ပါသေးတယ် ဘုရား"

ယင်းသို့ သားမယ်တော်နှစ်ပါး ကြည်သာစွာ စကားပြောဆိုနေတော်မူစဉ် အထိန်းတော် ခင်ဘွားသစ်လည်း အဆောင်တော်ထဲသို့ ဂင်ရောက်လာခဲ့ရာ သလွန်တော်ပေါ်တွင် သားမယ်နှစ်ပါး စံနေတော်မူသည်ကို မြင်ရသောအခါ မိမိကိုယ်ရေးကိုတွေး၍ မလုံသဖြင့် အပုံကြီး ထိတ်လန့်တုန်လှုပ်သွားမိသဖြင့် ရုတ်တရက် အတွင်းတော်သို့မဂင်ပုံသေးဘဲ ကပျာကယာ

www.burmeseclassic.com

www.burmeseclassic.com

အဆောင်တော်ဘေးသို့ ကွယ်နေလိုက်လျက် တစ်ဖက်ခန်းမှ သက်နန်းချုပ် နေသူ အပျိုတော်ကလေးတစ်ဦးကို မျက်ရိပ်ပြ၍ ခေါ်လိုက်ကာ-

"ဟဲ့... မိလ္လာရဲ့၊ လာစမ်းပါဦး၊ စုဖုရားအဆောင်တော်ကို အလယ်နန်းမတော်ရှင် ဖုရားထွက် တော်မူလာ ဘယ်လောက်ကြာပလဲ၊ ဘယ်လိုအရေးများကြောင့် ထူးထူးခြားခြား ထွက်တော်မူလာတာတဲ့လဲ၊ ငါ့ကိုကော မမေးဘူးလားဟဲ့" တီးတိုးမေးရာ တစ်ဆယ့် လေးနှစ်အရွယ်ချစ်စဖွယ် လက်ပါးစေအပျိုတော်ကလေး မင်းမိလ္လာလည်း အထိန်း တော်ကြီးအား

"ဖျားကျွန်မတို့တော့ ဘယ်အရေးကြောင့် အရှင်နန်းမတော်ဘုရား ထွက်တော်မူလာတယ် ဆိုတာ မသိရသေးပါ သို့သော်လည်း သားမယ်တော် မိန့်ဆိုလျှောက်တင်တော်မူနေတဲ့ စကားများကြားရတော့ဖြင့် သမီးတော် အခစားမရောက်တာကြာတာနှင့် အညောင်းပြေ ထွက်တော်မူလာတယ်ဆိုတာ ကြားရကြောင်းပါ၊ ၎င်းပြင်လည်း အရှင်ထိပ်စုမြတ်ဖျား မိန်းမပီပီ ဆင်တော်မူပြီဆိုတာ ရှုစားတော် မူရတဲ့အတွက် နှစ်သက်တော်မူလွန်းလို့ အခွန်းပေါင်း မြောက်မြားစွာ ချီးမွမ်းတော်မူနေရှာတဲ့အတွက် ရတနာ လက်ဂတ်တော်များ၊ လည်ကပ်တော်များ၊ အလုံအလောက် ပေးသနားတော်မူမယ်၊ အထိန်းတော် သခင်ကြီး လာရင် အဆောင်တော်ကို လွှတ်လိုက်ရမယ်လို့ မိန့်တော်မူရာ ကြားရကြောင်းပါဘုရား"

"နို့ အရှင်ထိပ်စုမြတ်ဖျားက ငါ့ကိုဘယ်သွားတယ်လို့ သံတော်ဦးတင်သလဲ၊ ငါလာရင် လွှတ်လိုက်ဆိုတော့ အဆောင်တော်ထဲမှာ ငါမရှိကြောင်း သိတော်မူနေလို့ပေါ့" "ထွက်တော်မူလာစက အထိန်းတော် သခင်ကြီးကို မြင်တော်မမူတာနှင့် မေးတော်မူပါ တယ်ဘုရား ဒီတော့အရှင်ထိပ်စုမြတ်ဖျားက ကျော်မိုး တံတားအနီးက အထိန်းတော် သခင်ကြီးရဲ့ အစ်မဆင်ဂန်ကတော် ခင်ဘွားချစ်၏ သားကလေး မကျန်းမမာ ဖြစ်နေတာကို သွားမေးချင်ပါသည် ခွင့်တောင်းထားလို့ သွားချင်နေတဲ့အချိန်သွားဖို့ အခွင့်ပေးတော် မူထားတဲ့အတွက် အဲသည်ဆီများ ထွက်သွားတတ်ကြောင်း မပြောတတ်ကြောင်းပါ ဘုရားလို့ အရှင် အလယ်နန်းမတော် ဖုရားကို သံတော်ဦးတင်သံ ကြားရကြောင်းပါ သခင်ကြီးဘုရား"

ဆိုမှ ခင်ဘွားသစ်လည်း ရင်ထဲကအလုံးကြီး ပြုန်းခနဲကျသွားကာ စုဖုရားလတ်၏ လျှန်မြန်ဖျတ်လတ်သော တခ်ဏုပ္ပတ္တိဉာဏ်နှင့် အကယ်၍ အတိုင်အဖောက်မညီ လျှင်လည်း အရေးမကြီးစေရန် ခင်ဘွားချစ်အိမ်သို့ သွားပါသည်ဟု တတ်အပ်မဆိုဘဲ ဖြူလိုကဖြူနိုင်၍ မည်းလိုကမည်းနိုင်ရန် မတင်မကျ သံတော်ဦး တင်ထားရှာသည်များကို လည်း အနည်းနည်းကြိတ်၍ ချီးမွမ်းမိပြီးလျှင်-

"ဟင်...ဒါဖြင့်လည်း ကိစ္စမရှိဘူး၊ ငါ့ကို သမီးတော်တစ်ပါးအတွက် မျက်စိအောက်က မပျောက်ရအောင် အမြဲထိန်းသိမ်းစောင့်ရှောက်ဖို့ ငယ်စဉ်တောင်ကျေးကတည်းက သူကောင်းပြုတော်မူထားပါလျက် အရှင် အလယ်နန်းတော်ဘုရား ထွက်တော်မူလာတဲ့ အခိုက်အတန့်ကလေးမှာ ငါမရှိခိုက်နှင့် ကြုံကြိုက် နေတဲ့အတွက် မျက်တော်မူများ၊ သွားမလားလို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com

"စိုးရိမ်တော်မူပါနှင့် သခင်ကြီးဘုရား၊ အရှင်အလယ်နန်းမတော်ဖုရားကလည်း စုထားဖျား က သံတော်ဦးတင်လိုက်တဲ့အခါ မျက်တော်မမူတဲ့အပြင် ရှိပါစေ၊ သွားပါစေ၊ သူ့ခမျာ များလည်း ဆွေနဲ့မျိုးနဲ့ သံယောဇဉ်နဲ့ဆိုတော့ သွားချင်ပေသေးတာပေါ့၊ သွားပါစေ၊ သွားပါစေလို့ မိန့်တော်မူပါသေးတယ်ဘုရား"

"အို...ဒီလိုတောင် မိန့်တော်မူသေးလား၊ အင်း...အင်း၊ ဒါဖြင့်စိုးရိမ်တာတွေ အလကားပေါ့၊ ကဲ...ကဲသွားတော့၊ ငါလည်း အပါးတော်ဝင်ပြီး ခစားချေဦးမယ်"

ပြောပြီးလျှင် အထိန်းတော်ကြီးခင်ဘွားသစ်လည်း သီပေါမင်းသားထံမှ လျှို့ဂှက်စွာယူ ဆောင်လာသော ရွှေလွှာတော်ကို လုံခြုံမြင့်မြတ်သော နေရာတစ်ခုတွင် လူမမြင်အောင် ဖုံးဂှက်ထားခဲ့ပြီးမှ ထိပ်စုဖုရားလတ်တို့ သားမယ်တော်နှစ်ပါးနှင့် စံတော်မူရာ အဆောင်တွင်းသို့ ခပ်ရှို့ရှို့လက်ယှက်ကာ ခစားရန်ဂင်လာ၏ ။

ထိပ်စုဖုရားလတ်လည်း အထိန်းတော်ကြီးအား မျက်ရိပ်နှင့်ရှုစားတော်မူလိုက်ပြီး

"ဩော်... အထိန်းတော်ကြီး သစ်သစ်၊ ဆင်ဂန်ကတော် ချစ်ချစ်တို့အိမ်သွားတာ ပြန်လာပလား၊ ချစ်ချစ်ကဲ့ သားကလေး မမာဘူးဆိုတာကော အတော်သက်သာလာပြီလား၊ မယ်မယ်ဖျားကတောင် သစ်သစ်ကို မမြင်လို့ မေးတော်မူ နေသေးတယ်"

ရေလာမြောင်းပေး၊ နူတ်သွက်ချက်ချာစွာ မိန့်တော်မူနေရာ နဂိုကပင် ချက်ဆိုလျှင် နားခွက် က မီးတောက် နေကျဖြစ်သော အထိန်းတော်ကြီး ဖြစ်သောကြောင့် အခြေမပျက်ပင် အလယ် နန်းမတော်ဖုရား အပါးသို့ ဦးချကာ ထိုင်လိုက်ပြီး-

"ပြန်ခဲ့ပါပြီ စုထားဖုရား၊ ကလေးလည်း တစ်နေ့ဆီကဖြင့် သူငယ်နာ ထောင့်တန်း တက်တက်နေတာ သမားတော် ဆရာတူဆေးနှင့် ကျမှ အတက်ကျပြီး အတော်ကြီးလန်းလာ ပါပြီဘုရား"

မျက်နာထိ မျက်နာထားနှင့် ပိပိရိရိလျှောက်တင်လိုက်သောအခါ ထိပ်စုဖုရားလတ်မှာ မိမိအထိန်းတော်ကြီး အကင်းပါးပုံကို တစ်ပါးတည်း ကြိတ်၍ ချီးမွမ်းမိလေ၏ ။

အလယ်နန်းမတော်ဘုရားလည်း အထိန်းတော်ကြီးဘက်သို့လှည့်၍ ရှုစားတော်မူပြီး "ဘွားသစ်ကဲ့ နင့်သမီးအတော်လိမ္မာနေပါပကောဟဲ့၊ အဲဒီလိုမှ ငါက နှစ်ခြိုက်တော်မူတာ၊ ကြိုးစားပြီး သင်ပါ ကြားပါဟယ်၊ ငါ့က မယ်တော်အရင်းဆိုပေမဲ့ နင်နဲ့ လက်ပွန်းတတီး ကြီးပြင်းတော်မူရတာကများလို့ စုထား ကလည်း အမေအရင်းတစ်မျှ ချစ်ခင်နေတဲ့အတွက် သွန်သင်ဖို့မခက်ပါဘူး" မိန့်တော်မူရာ ခင်ဘွားသစ် လည်း ရှိခိုးလက်ယှက်ကာ "တင်ပါဘုရား" ဟု လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် အလယ်နန်းမတော်ဘုရားလည်း သမီးတော် အဆောင်တော်တွင် အလျဉ်းသင့်ရာ မေးမြန်းပြောဆိုတော်မူလျက် အတန်နေစောင်းသွား သည့်အချိန်တွင်မှ အဆောင်တော်သို့ ပြန်လည်ထွက်ကြွ သွားတော်မူလေ၏။ အထိန်းတော်ကြီး ခင်ဘွားသစ်လည်း အလယ်နန်းမတော်ဘုရားကြီး ပြန်လည်ကြွသွားပြီးသည့်နောက် ထိပ်စုဖုရားထံတော် မှောက်သို့ အခစားမရောက်လာသေးဘဲ ခပ်လွှဲလွှဲ ခပ်ရှောင်ရှောင် တောင်ယောင်ယောင် မြောင်လိုလိုနှင့် ချောင်ခို၍နေပြီးလျှင် တစေ့တစောင်းမှလည်း ထိပ်စုဖုရား၏ မျက်နှာ တော်အကဲကို ချောင်းမြောင်းကြည့်ရှုနေလေ၏။ ထိပ်စုဖုရားလတ်လည်း မယ်တော် ဘုရားကြီး ပြန်ကြွသွားသည့်အချိန်ကစ၍ မည်သည့် သတင်းများ ကြားရမည်လဲဟု အမြဲမျှော်လင့်တော် မူရာကာ အထိန်းတော်ကြီးကိုသာ မျက်လုံးတော်က ရှာ၍နေသည်ကို တွေ့နေရလေ၏။

ခင်ဘွားသစ်လည်း တိတ်တိတ်ပုန်း ကြိတ်ပြုံးကာ "စုထားဖုရားတော့ ဒီတစ်ခါများ သိကြရောပေါ့၊ စိတ်တော ်ထဲက ရှိသမျှကို ဒီကသစ်သစ်အပေါ်မှာတောင် ဖုံးတော်မူချင်တာ ဒီတစ်ခါ ဘွားဘွားပေါ်အောင်စစ်ပြီး သစ်သစ်ကြီး ကို ဒုက္ခပေးဦးမလားဆိုတာမေးရင်း ကလေးကိုခြောက်သလို ခပ်ငေါက်ငေါက်ကလေး မေးရကောင်းမလား၊ အင်းလေကြည့် လုပ်မယ်၊ ဒီတစ်ခါတော့ သစ်သစ်ရဲ့ နဲ့ချော့မှ" ဟုတစ်ယောက် တည်းကြိမ်းဝါးလျက်ရှိစဉ်-

"ဟဲ့…ခင်ပေ၊ လာစမ်း သစ်သစ်ဘယ်မလဲ၊ ဒီမိန်းမကြီးဟာ တစ်နေ့လုံးလည်ချင် ရာလည်ပြီး ယခု ဘယ်ချောင်ဂင် ပုန်းနေမှန်းမသိဘူး၊ ရအောင်ရှာလိုက်ပြီးငါ့ရှေ့တော် ခေါ်ခဲ့" မိန့်တော်မူသံကို ကြားလိုက် ရပြီးနောက် မိမိအပါးသို့ ခင်ပေရောက်လာပြီးလျှင် "သခင်ကြီးဘုရား အရှင်ထိပ်စုဖျား ခေါ်တော်မူနေပါတယ်" ပြောသည်တွင်မှ အထိန်းတော် ကြီးလည်း စုဘုရားအနီးသို့ ရောက်လာလေ၏ စုဖျားကလည်း အထိန်းတော်ကြီးနှင့် နှစ်ယောက်ချင်း မျက်နှာဆုံမိသောအခါ အပါးကခစားနေရှာသော အပျိုတော်ကလေး များကို အပြင်ထွက်သွားစေလျက် သလွန်တော်က ရှေ့သို့အနည်းငယ်တိုးရွှေ့လာကာ" သစ်သစ်ရဲ့ အကျိုးအကြောင်းများလည်း သိတော်မူစမ်းပါရစေဦး၊ ဒီမှာဖြင့် မယ်မယ် ဖျားများ ရိပ်မိတော်မူသွားလေမလားလို့ ဖုံးလိုက်ဖိလိုက်ရတာ မောနေပါပြီ၊ လမ်းမှာကော ချောချော မောမော ရှိရဲ့လား၊ မောင်တော်သီပေါကိုယ်တော်လေးရဲ့ ရွှေလွှာတော်ကိုကော သူ့လက်တော်အရောက် မှတ်မှတ်ရရ ပြန်လို့ ဆက်သခဲ့ရဲ့သလား၊ စုစုကတော့ အခြားလူသူတွေ မြင်သွားမှာစိုးရိမ်တော်မူတဲ့အတွက် မောင်တော်လက်ကိုပဲ ပြန်ဆက် လိုက်တာ ကိစ္စအေးပါတယ်ဆိုပြီး ဆက်ခိုင်းတာပဲ အဲဒါ အစပျောက်အောင် ထိထိ ရောက်ရောက် ဆက်ခဲ့ရဲ့လား"

မေးတော်မူလျှင် ခင်ဘွားသစ်လည်း မျက်နှာခပ်ညိုးညိုးနှင့်- သစ်သစ်က စုထားဖုရား စေခိုင်းတော်မူသမျှ အစစ တာဝန်ကုန်အောင် ဆောင်ရွက်တဲ့အပြင် အရာရာမှာ လိုတာထက်ပိုလို့ပင် အကျိုးတော် ဆောင်ပါတယ်ဘုရား၊ ယခု ရွှေလွှာတော်ကလေး ကိုလည်း သီပေါကိုယ်ကလေးကို သနားနား နဲ့ပဲ မလွှဲသာတဲ့အတွက် စုထားဘုရား အမိန့်တော်အတိုင်း ပြန်ဆက်ခဲ့ပါတယ်" "အင်း.. ဒီတော့ သီပေါ မောင်မောင် က ဘာများမိန့်တော်မူသေးသလဲ" "ဂမ်းနည်းစရာကြီးပါစုထားရယ်၊ စုထားဘုရားမှ မေတ္တာ တော် မပြန်လို့ ရွှေလွှာတော်ကိုလက်မခံတဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com

လျှောက်တင်အကျယ်ချဲ့နေလို့လည်း အကျိုးထူးတော်မူမှာ မဟုတ်ပါဘူး၊ ဒီတော့တိုတိုတုတ်တုတ်နဲ့ လိုရင်းချုပ် လျှောက်ရ မယ်ဆိုလျှင် စုထားဖုရား လက်ခံတော် မမူလိုက်တဲ့ ရွှေလွှာတော်ကလေးကို နေးနေးကန်ကန် လှမ်းယူတော်မူပြီး ကိုယ်တော်အထင်ကြီးလို့ ဒီအထိ ခရီးလွန်တော်မူ လိုက်ရတာ ဂမ်းနည်းပါရဲ့ အထိန်းတော်ကြီးရယ်၊

ကဲ..ကဲ စုထားဖုရားက လက်ခံတော် မူတဲ့ မျက်နှာမဲ့ရွှေလွှာတော်ကလေးကို တစ်ခါတည်း အရည်ကျိုလို့ဖျောက်ဖျက်ပစ် တော်မူလိုက်မယ် အစအဆုံး ကြည့်သွားပါလေ၊ စုထားကိုလည်း ကျေနပ်လောက်အောင် ဒီရွှေလွှာပေါ်က စာများကို ကမ္ဘာပေါ်မှာ မထားတော့ဘူးဆိုတာ လျှောက်တင် လိုက်ပါတော့လို့ ရွှေမျက်နှာမကြည်မသာနှင့် မိန့်တော်မူကာ ရွှေလွှာကလေးကို ပြန်လည် ရှုစားတော် မူရမှာ၊ စိတ်နာလို့ထင်ပါဘုရား တစ်ခါတည်းကပ်ကြေးနဲ့ အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ကိုက်ညှပ်တော်မူပြီး ကပ္ပိယဖိုးသူတော်ကြီး အဂ္ဂိရပ်ဖိုးထိုးတဲ့လုံ တစ်ခုထဲထည့်ပြီး တစ်ခါတည်းဖားဖိုပေါ် တင်ထိုးတော်မူလိုက်တာ ရွှေပြားအလေးဘဂမှ တစ်စတစ်စ ရွှေရည်တွေပျော်ကျပြီး ရွှေထည်သွန်း ချလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေခဲ ကလေး ဖြစ်လျက်ရှိပါတော့သည်ဘုရား" လျှောက်ထားပြီး စုဖုရားမျက်နှာကို အမှတ်မဲ့ ကြည့်လိုက်သောအခါ ထိပ်စုဖုရားလတ်မှာ ရုတ်တရက် မျက်နှာတော် ပျက်သွားလျက်-

"အို..."ဟု စပြီးမှ စကားအဆက်ရခက်သောကြောင့် ရပ်တန့်စဉ်းစားတော်မူနေစဉ် ခင်ဘွားသစ်လည်း ထိပ်စုဖုရားလတ်၏ မျက်နှာကဲဖျက်ခနဲ မသိမသာ လှမ်းကြည့်လိုက်ကာ ကပျာကယာ မျက်လုံးလွှဲပြီး ဂမ်းထဲက ကြိတ်ပြုံးကာ ဆက်လက်လျှောက်တင်မည်ဟု ပါးစပ်ပြင်နေစဉ်မှာပင် ထိပ်စုဖုရားလတ်က မျက်နှာတော်အိုအိုနှင့် "ဩော်... စုစု ပြန်ပေး လိုက်တဲ့ ရွှေလွှာတော်ကလေးဟာ တစ်ခါတည်း အက္ခရာတွေပျောက်လို့ ရွှေရည်ဘဂသို့ ရောက်သွားပြီဆိုပါတော့"

မိန့်တော်မူလျှင်-

သစ်။ ။ "တင်ပါဘုရား၊ သီပေါကိုယ်တော်လေး လက်တော်နှင့် ရေးသားတော်မူထားတဲ့ အက္ခရာ စာလုံးကလေးများဟာ ရွှေပြားကလေးနှင့်အတူအရည်ပျော်ပြီး လုံထဲမှာဘဂ ပြောင်းသွား ရှာပါသည့်ဘုရား၊ နို့ အရှင်ထိပ်စုဖုရားက သူများတကာမမြင်စေချင်ဘူးဆိုလို့ ကိုယ်တော်လေးက စုစုအလိုတော် ပြည့်အောင် မချိရက်နှင့် ဖျောက်ဖျက်တော်မူရရှာခြင်း ပါဘုရား၊ စိတ်တော်တော့ ဘယ်ကောင်း နိုင်ရှာတော်မူပါမလဲ စုဖုရားရဲ့"

စု။ ။"သူရေးတဲ့ရွှေလွှာကို နောက်တစ်ခါပြန်လို့ ရှုစားတော်မမူဘဲ တစ်ခါတည်း အရည်ကျိုလိုက်ရောလား သစ်သစ်ရဲ့"

သစ်။ ။ "တင်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

စု။ ။"သစ်သစ်ကလည်း ပြန်ပြုရှုစားတော်မူပါဦးလို့မှ သတိတော် မဆက်လိုက်ဘူးလား၊ တယ်ခက်တဲ့ သစ်သစ်ကိုး"

သစ်။ ။"အလိုဘုရားဆွမ်းခံရင်း ငှက်သင့်နေပြန်ပါပြီ၊ ရွှေလွှာကို အရှင်ထိန်စုဘုရားက လက်သင့်တော် မခံချင်လို့ တမင်ပြန်ဆက်ချေပါခိုင်းတော်မူထားမှ ဘုရားကျွန်မက ကိုယ့်လူ သူ့ဘက်သား လုပ်ပြီး အလုပ်ပိုတစ်ခုဖြစ်အောင် မဆီမဆိုင်တာလျှောက်တင်ဖို့ လိုပါသေး သလားဘုရား၊ တကယ်ဆို စုထိပ်ဖျားက မောင်တော့်ရွှေမေတ္တာ လက်ခံတော်မူ တဲ့သဘောနဲ့ ရွှေလွှာတော် ပြန်ကမ်းရင်လည်း ဂမ်းသာ အားရနဲ့ ရှုစားတော်မူပါဘုရားလို့ သံတော်ဦးတင်လေရ အကောင်းသား ခုတော့သူ့အလွှာ သူ့ပြန်ဆက်ရတာမှာ ရှုစားတော် မူပါလို့ လျှောက်တင်ခဲ့ပါလို့ အရှင်ထိပ်စုဖုရားကမှ မှာတော်မမူလိုက်ဘဲနဲ့ ဖျာ့ကျွန်မနုတ် မရဲစကားတတ် မလုပ်ပံ့ပေါင်ပါဘုရား"

မျက်နှာထိမျက်နှာထားဖြင့် လျှောက်ထားနေရာ ထိပ်စုဖုရားလတ်မှာ ခင်ဘွားသစ်သိမည် ကို ရှက်စနိုးဖြစ်တော်မူမိသဖြင့် သူမသိအောင်မောင်တော်ထံသို့ မလိုမ့်တပတ်ဉာဏ်ဆင ပြီးပြန်လည်ရေးသား ပေးပို့တော်မူလိုက်သောရွှေလွှာတော်ကို မောင်တော်သီပေါမင်းသား တွေ့မြင်ရှုစားတော်မမူရဘဲ အထင်လွဲပြီး အကယ်ပင် အဂ္ဂိရပ်လုံထဲထည့်ကျိုတော်မူ လိုက်လေပြီဟု ယုံကြည်တော်မူသွားသဖြင့် မျက်နှာတော်ပျက်ပျက်ကြွေ့တော် ချို့ယွင်း လျက် ပင့်သက်ရှုတော်မူလိုက်ကာ စိတ်ရှုပ်စွာနှင့်အတန်ကြာ ငေးစိုက်စဉ်းစားတော် မူနေရာမှ-

"သစ်သစ်တကယ်ပဲ မောင်တော့လက်ထဲကို ဆက်ခံရဲ့လား"

"တကယ်လို့ ဆက်ခဲ့ပါသည်ဘုရား၊ အရှင်ထိပ်စုဖုရားကို လိမ်၍လျှောက်တင်ပံ့သူ မဟုတ်ကြောင်းပါ၊ ရွှေလွှာတော်ကို သီပေါကိုယ်တော်ရဲ့ လက်တော်တွင်းသို့ ထိထိမိမိ ရောက်အောင်ဆက်ခဲ့ရိုးမှန်ပါသည်၊ ဤအတိုင်း မမှန်ပါက ဖျာ့ကျွန်မ အဂီစိငရဲက မတက်ရ ပဲရှိပါစေဘုရား"

ခင်ဘွားသစ်က ဂမ်းတွင်းကရယ်သလောက် မျက်နှာပန်းတည်တည်နှင့် လျှောက်တင် လေ၏ ။

ထိပ်စုဖုရားလည်း တစ်စုံတစ်ရာမိန့်တော်မမူဘဲ ခပ်ငေးငေးစံတော်မူလျက် တစ်ခဏ ကြာသော နှုတ်တော်မှလုစ်ခနဲ"တယ်ခက်တာကိုး"ဟု ယောင်ယမ်းညည်းညူတော်မူ လိုက်လျှင် ခင်ဘွားသစ်လည်း အင်မတန်ရယ်ချင်လာသောကြောင့် အနိုင်နိုင်အောင့် လျက်က

"အကျိုးကြောင်းမိန့်တော်မူမှသိရမဲ့ ကျွန်တော်မျိုးမ ဖြစ်ပါတယ်၊ အရှင်ထိပ်စုမြတ်ဖျား မရိပ်မိ ဘယ်ပုံ ခက်တော်မူ တာတုံးဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မချိုမချဉ် မျက်နှာနှင့်လျှောက်တင်စုံစမ်းသောအခါ ခင်ဘွားသစ်၏ လည့်စားချက်ကို မရိပ်မိ မိမိအဘယ်နှင့် အပတ်မပြေရှိသော အတိုင်းသာလျှင် ခင်ဘွားသစ် မသိလက်စနှင့် တစ်ခါတည်း မသိပါစေနှင့်တော့ဟူသော အကြံတော်ကြောင့်

"ဩော်...ဘာမှမဟုတ်ပါဘူး သစ်သစ်ရယ်၊ ဒီနှစ်စာတော်ပြန်ပွဲမှာ ကုသိုလ်ရေးရည်မှန်းပြီး သင်္ကန်းများလှူတော်မူမဲ့အရေးနှင့် ပတ်သက်ပြီး 'အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းတွေ့' ဆိုတာလို သီပေါကိုယ်တော်က စုစုကိုအလှူတော်သခြင်းခံရတဲ့အတွက် စိတ်ပျက်ပျက်နဲ့ ညည်းတော်မူ လိုက်မိတာပါ၊ သီပေါမောင်တော်အတွက် ဂတ်လဲတော် ပုဆိုးဆက်မိရာကစပြီး အမှုကြီး လာတာပဲ သစ်သစ် ရဲ့"

သစ်။ ။"နို့ဖြင့်ဘုရား စုထားဖုရားကမှ ရွှေမေတ္တာပန်းခိုင် ယိမ်းယိုင်တုံ့ပြန်တော်မမူဘဲဟာ စဉ်းစားတော်မူနေလို့လည်း အလုပ်ပိုတစ်ခုဖြစ်နေတော့မှာပါဘုရား၊ ရွှေမေတ္တာခေါင်းပါးတဲ့ စုထားဖုရားပင် သည့်မျှလောက် ရွှေစိတ်တော်နှောက်တော်မူနေလျှင် အင်မတန်မှမျှော်လင့် တောင့်တ မေတ္တာတော် ကြီးလှတဲ့ သီပေါကိုယ်တော်ကလေးမှာဖြင့် ထင်တိုင်းမပေါက်၊ ရှယ်တော်မူတိုင်း ခရီးမရောက် လို့ မီးတော် နှင့် မြိုက်တဲ့ပမာအသည်းနှလုံး ညိုးချုံ့နာကျင် တော်မူနေရှာပြီးတဲ့ဘုရား"

"စုစုက မကြင်နာမှန်းသိတော်မူရတော့ အင်မတန်လည်း ဂမ်းနည်းရှက်ကြောက် ဖြစ်တော်မူ နေရပြီ၊ ဒီဘဂမှာ ကျုပ်ပြီကြင်နာမဲ့သူများမှ ရှိပါဦးတော့မလား အထိန်းတော်ကြီးရဲ့တဲ့၊ စုစုကိုစပြီး မေတ္တာတော် ပန္နက်ချမိတဲ့အတွက် စိတ်ကယောက်ကယက်လည်း ဖြစ်နေပြီ၊ ဒီတော့ ကျုပ်ကိုစုစုအပြင် ကြင်နာမဲ့ အခြား မင်းသမီးများ ရှိသေးတယ်ထင်လျှင်လည်း အထိန်းတော်ကြီးကလဲ သင့်တော်မယ် ထင်သူကို ညွှန်ပြစမ်းပါ"

"ကိုယ်တော့မေတ္တာကို ခံယူမယ်အထင်ရှိလျှင် ဟောဒီရွှေလွှာတော်ကို ဆက်လိုက်ပါဆိုပြီး ရွှေလွှာတော်အသစ်တစ်ခုရေးပြီး ပေးတော်မူလိုက်ရှာသေးတယ် စုထားဖုရားရဲ့"

"သနားပါတယ်ဘုရား၊ စုထားဖုရားက လက်ခံတော်မမူတာနဲ့ ဘုရားကျွန်မ သဘောတူရာ၊ သင့်လျော် မယ်ထင်တဲ့ မင်းသမီးတစ်ပါးကို ရှာပါတော့လို့ဆိုတဲ့ သဘောပါဘုရား၊ ဘုရားကျွန်မဖြင့် ထိတ်လှပါပေ့ ဘယ်သူ့ကိုများ ဆက်ပေးရမယ်လို့ မစဉ်းစားပဲ့အောင် ရှိတာ့တာပဲဘုရား"

ကြွေခြွေကြီးနှင့်တင်လျှောက်ရာ ထိပ်စုဖုရားမှာ ပိုမိုမျက်နှာညိုးနွမ်းတော်မူသွားပြီး။

www.burmeseclassic.com

ဩော်... သစ်သစ်လည်း စုစု အဆောင်တော်မှာ ခစားပြီးအတော်အလုပ်ပိုတွေ များနေပြီ ထင်တယ်၊ ကဲ...ကဲ၊ သီပေါကိုယ်တော်ကို ဘယ်မင်းသမီးနဲ့များ ဖူးစာတော်နှစ်ထွေဂဟေ ဆော်ပေးမည်ကြံစည်သလဲ ပန်းထိမ်တော်ကြီးရဲ့
မချိပြုံးပြုံး၍ မိန့်တော်မူလေ၏ ။

သစ်။ ။"အမယ်လေး... ဘယ်မင်းသမီးကိုမှ သွားအပေးပွံ့ပါဘူး စုထားဖုရားရယ်၊ ခင်ဘွားသစ် တစ်ယောက် ရှုပ်ရှုပ် ရှက်ရှက်လုပ်နေတယ်လို့ ရွှေနားနော်ကြားမှဖြင့် အလကား သေတော်ခေါ်နေရပါဦးမယ်၊ သီပေါ ကိုယ်တော် ကို သနားလွန်းလို့သာ စိတ်ကျေနပ်ပါစေလို့ သူ့ရွှေလွှာကလေး အသာယူခဲ့ရပါတယ်၊ တကယ် မမေးပွံ့ပါဘူး ဘုရား "

စု။ ။"ဘယ်သူ့ကိုပေးဖို့လို့ မရည်ရွယ်ဘဲနှင့် ရေချမ်းစင်တည်တဲ့ သဘောထားနှင့် ရေးသားတော်မူတဲ့စာမို့ ဖတ်လို့ကောင်းမှာလည်း ဟုတ်မယ်မထင်ပါဘူး"

သစ်။ ။ "ဘာတွေရေးထားတယ်ဆိုတာ ဘုရားကျွန်မလည်း ဖတ်မကြည့်မိလို့ မသိပါဘူးဘုရား၊ စုထားဖုရား သိတော်မူလိုလျှင် ရှုစားတော် မူပါလားဘုရား"

ပြောကာခြံပေါ်ကြားက ပိုးဆာပါ ပဝါနှင့်ထုပ်ထားသော ရွှေလွှာတော်ကို လှမ်းဆက် လိုက်လျှင် နဂိုကမချင့်မရဲနှင့် ရင်ထဲတွင်ဗလောင်ဆူလျက် ကြည့်ချင်ရက်ဖြစ်တော် မူနေသော စုဖုရားလည်း တစ်စုံတစ်ရာ မိန့်ကြားတော်မမူဘဲ ပိုးဆာပါပဝါအတွင်းမှ ရွှေလွှာတော်ကို ထုတ်ယူရှုစားတော်မူလျက် ရှိလေ၏ ။

ခင်ဘွားသစ်လည်း ခစားရင်းပြုံးပြုံးကြီးလုပ်နေလေရာ အလွှာတော်ရှုစားတော်မူနေသည့် ထိပ်စုဖုရား မှာလည်း စာတော် မဆုံးခင် တဖြည်းဖြည်းပြုံးသည်ထက် ပြုံးရွှင်တော်မူလာပြီး စာလည်းဆုံး အပြုံးကြီး လည်း ပြုံးတော်မူလျက် ခင်ဘွားသစ်ဘက်သို့ လှည့်တော်မူ လိုက်လျှင် အိုမလုံအုံပွင့်နေသည့် မျက်နှာ ထား နှင့် ပြုံးပြုံကြီးခစားနေသော ခင်ဘွားသစ်ကို မြင်တော်မူရကား-

"ကြည့်စမ်းပါ သစ်သစ်ကြီးဟာ ပလီစိချောက်ချက်တယ်တတ်နေပါကလား၊ ပြော...ပြော ဒီအလွှာတော်ဟာ ဘယ်သူ့ကို ပေးလိုက်တာလဲ၊ မှန်တဲ့အတိုင်းပြောပါ၊ ဒီမျက်နှာကြီး ကကောဘာပြုမဲ့ အလကား နေရင်း ပြုံးကြည့် နေရတာလဲ"

မချင့်မရဲနှင့် ဆွဲထုတော့မယောင်ယောင် ဖြစ်နေရာ ခင်ဘွားသစ်မှာ တခစ်ခစ်ရယ်ရာက

သစ်။ ။"ခုနင်က ဖျာ့ကျွန်မလျှောက်တင်ပြီးပါပကော၊ ဘယ်သူရယ်လို့ မရည်မှန်းပါဘူး၊ စခမ်း သင့်သလို လက်ခံမဲ့ မင်းသမီးတစ်ပါးပါး"(စကားမဆုံးမီ)

www.burmeseclassic.com

www.burmeseclassic.com

စု။ ။"အို...တော်ပါ၊ ပေ့လည်ကြောင်ပတ်လုပ်နေမှန်း စုစုသိပါပြီ၊ မုန်မုန်သာပြော၊ ဒီရွှေလွှာဟာ စုစုကို သေသေ ချာချာ ပေးလိုက်တာပဲမဟုတ်လား"

သစ်။ ။"အရှင်ထိပ်စုမြတ်ဖျား လက်ခံတော်မူမယ်ဆိုလျှင်လည်း အရှင့်ဖို့ပါပဲ"

စု။ ။"ဒီလိုတောင်မရောက်မြောက်မကျ ဇကပြောမနေစမ်းပါနဲ့၊ ဒီရွှေလွှာမှာပါတဲ့ တေးထပ်နဲ့ သဖြန့်များဟာစုစုကို သေသေချာချာရေးထားတဲ့ အဓိပ္ပာယ်များပါဝင်နေ တယ်၊ စုစုကရေးလိုက်တဲ့ တေးထပ်စာ နှင့် ယှဉ်ကြည့်လျှင် ဘယ်အထိအဓိပ္ပာယ်များ ပါဝင် နေတယ်၊ စုစုကရေးလိုက်တဲ့ တေးထပ်စာ နှင့် ယှဉ်ကြည့်လျှင် ဘယ်အထိ အဓိပ္ပာယ် တိုက်ဆိုင်နေကြောင်း သိရတာပေါ့"

အမှတ်မဲ့လွှတ်ခနဲ မိန့်တော်မူလိုက်ရာ ခင်ဘွားသစ်က အံ့အားသင့်သော မျက်နှာနှင့်

"ဟော...ဟော...ပေါ်ပြီ၊ ဘယ်ဆီတုန်းက စုထားဖုရား တေးထပ်လွှာဆက်လိုက်ပါသလဲ၊ ဖျာ့ကျွန်မလည်း မသိရပါကလား"

အမှားစောင့်၍ ပြောလိုက်သောအခါ ထိပ်စုဖုရားမှာလည်း အမှတ်မဲ့စကားကျွံသွားမိသဖြင့် ခင်ဘွားသစ်ကို ရှုစားတော်မူနေရုံမှတစ်ပါး စကားတစ်ခွန်းမျှ မိန့်တော်မမူသေးမီ

သစ်။ ။"ပေါ်ပြီ၊ စုထားလိမ်တော်မူလို့မရတော့ဘူး၊ ဘယ်တုန်းကအလွှာတော် ပြန်ဆက်လိုက်ပါသလဲ၊ ငယ်ကတည်းကချစ်ရတဲ့ သစ်သစ်ကိုတော့ စေတော်မမူဘဲနှင့် ဘယ်သူတွေကိုများ စေစားတော်မူလိုက်ပါသတုံး၊ အင်မတန်မုန်းစရာကောင်းတဲ့ စုထား ဖုရားပါကလား၊ မသင့်ပါဘူးလေးနဲ့ မေတ္တာတော် ကင်းဝေးတဲ့ သဘောနှင့် လှည့်စား ပြောတော်မူထားတယ်၊ တကယ်ဆို သစ်သစ်ရယ် သိပေါ်ကိုယ်တော်ကို စုစုကလည်း ချစ်တော်မူပါတယ်လို့ ဖွင့်ပြောတော်မူရင် ဒီမိခင်ကြီးက စောစောစီးစီး မကရပါကလား၊ ခုတော့ စုထားဟာ 'အတွင်းထရံအပြင်ကာဆိုတာလို သစ်သစ်ကို အသိမပေး ဘဲနှင့် သူတထူးနှင့် အလွှာတော် ပြန်ပို့တာများ၊ လားလားမှမတော်ပါဘူး "

ဆူတစ်ခါဆောင့်တစ်ခါ ငိုတစ်လှည့်ကမဲ့တဖုံဖုံ အမျိုးမျိုးခနီးခနဲ့ လျှောက်တင်နေလျှင် ပြုံးပြုံးရွှင်ရွှင်နှင့် ရှုစားတော်မူနေသော စုဖုရားကလည်း

"အို...သစ်သစ်က စုစို အမှုရှာပြန်ပြီ၊ စုစုက သစ်သစ်အပြင်ဘယ်သူ့ကိုများ စေစားတော်မူတယ်ထင်လို့လဲ၊ စုစုရေးတော်မူတဲ့ အလွှာတော်ကို သစ်သစ်ပင် ယူဆောင်သွားပြီး မောင်တော်ဘုရားကို ဆက်ခဲ့တယ် မဟုတ်လား"

မိန့်တော်မူရာ ခင်ဘွားသစ်က မသိချင်ပြုလျက်-

www.burmeseclassic.com

www.burmeseclassic.com

"ဟောတော့ခက်ရပြန်ချေပြီ၊ သစ်သစ်ကို ဘယ်တုန်းကစေတော်မူလို့ပါလဲ၊ သတိတော် များလည်းထားပါဦး စုထားဖုရားရဲ့"

"သစ်သစ်ကလည်းနော် သိရက်သားနှင့် ညာနေတော့တာပဲ၊ သစ်သစ်ယခုပို့ဆက်ခဲ့တဲ့ ရွှေလွှာတော်ဟာ စုစုရေးတဲ့ အလွှာတော်ပေါ့၊ ဒီအလွှာတော်အရ သီပေါမောင်တော်က ယခုအလွှာတော်ကို ပြန်ပေးတော် မူလိုက်တာပဲ မဟုတ်လား၊ ဒါနဲ့များ ရွှေပြားကို လုံထဲ ထည့်ပြီး အရည်ကျိုလိုက်သလေး ဘာလေးနှင့် လူများစိတ်မအေးအောင်၊ ကလီကမာ စကားတွေပြောနေရသေးတယ်၊ အင်မတန် ဉာဏ်များတဲ့ သစ်သစ်"

ပြောကာ ခင်ဘွားသစ်၏ ပေါင်ပေါ်တအားဖိထိုင်လိုက်မှ ခင်ဘွားသစ်ကြီးက အသံထွက်လာသည့်တိုင်အောင် ရယ်မောလျက် စုစုကိုပိုက်ဖက်ရင်း-

"အနို့စုထားက အမေ့ကို ဘာဖြစ်လို့ တစ်ပတ်ရိုက်ပြီး ခိုင်းတော်မူရတာလဲ၊ သစ်သစ်ဖြင့် တကယ်မှတ်လို့ သီပေါကိုယ်တော်လေး သနားလိုက်တာလေ၊ ကိုယ်တော်လေး ကလည်း အစက သစ်သစ်အထင်လွှဲသလိုပဲ လွဲနေရှာလို့ မျက်နှာတော်မသာဘူး၊ နောက်တော့ အလွှာတော်ကို စိတ်ပျက်ပျက်နဲ့ တစ်ချက်ပစ်ပြီး ရှုစားတော် မူလိုက်မှ စုထားဖုရားပြန်လည် ရေးသားပေးတော်မူလိုက်တဲ့ အလွှာတော်မှန်းသိလို့ ညို့နေတဲ့ မျက်နှာတော်ဟာ သော်တာလနန်းရေတွေ့တဲ့ ပဒုမ္မာပန်းလို ပြုန်းခနဲ ရွှင်လန်း လာတော် မူရှာတယ် စုထား ဖုရားရဲ့၊ အစက ဘာဖြစ်လို့သစ်သစ်ကို ပွင့်ပွင့်လင်းလင်းမိန့်တော်မမူရတာလဲ၊ မတော် လို့ အလွှဲလွှဲ အမှားမှား ဖြစ်သွားရင် အခက်တန်ဘဲနှင့် ခက်မနေပါလား စုထားဖုရား"

အပြစ်တင်သံကလေးနှင့် လျှောက်ထားလေ၏

"အို...သစ်သစ်ကလည်း ရှက်တော်မူသေးတာကိုး"

ပြောလျက် မျက်နှာကို လက်နှင့်အုပ်ကာ အထိန်းတော်ကြီး ရင်ခွင်သို့ ခေါင်းနှင့်ဝင်ခွေ့ နေရှာ၏ ။

ခင်ဘွားသစ်မှာ ရင်သွေးပမာ ချစ်ခင်လာသော စုဖုရားအား ရှက်အားတော်ပိုမည်စိုးသဖြင့် အခြား စကားများကို ကြားဖြတ်တင်လျှောက်ကာ ရယ်စရာပုံတိုပတ်စများနှင့် တဟားဟား ရယ်သွမ်းသွေး၍ ကလေးကို ချော့သည့်အလား ယုယပိုက်ထွေးလျက် နံ့သာပန်းမန် များကို ဆက်ရန် မှန်ဆောင်တော် ရှိရာသို့ တွဲခေါ်ယူသွားလေ၏ ။

မှန်ခုံတော်ရှေ့တွင် စံတော်မူမိသောအခါ ခါနွေနှင့်ခင်ဘုန်းတို့ အဆင်သင့်ကုံးထားသော မြတ်လေးကုံး ကြီးကို ရွှေကလပ်ပေါ်မှယူ၍ ပန်ဆင်ပေးလျက်-

www.burmeseclassic.com

www.burmeseclassic.com

"မွေးလိုက်တာစုဖုရား၊ ပန်းတကာ့ပန်းမှာ မြတ်လေးပန်းလောက် ဘယ်ပန်းမှရနံ့မထူးပါဘူး၊ စန္ဒကူး နံ့သာတွေ မွှေးတယ်ဆိုတာလည်း သူ့ဟာနှင့်သူတော့ မွှေးပါလိမ့်မယ်၊ သို့ပေမဲ့ ရွှေမြတ်လေး ရနံ့ကိုဖြင့် မလွှမ်းမိုးနိုင်ပေဘူး၊ အဲ...ဒါကြောင့် ပန်းတကာပန်းမှာ ဘယ်ပန်းဟာ အမြတ်ဆုံးပါပဲလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လျှောက်တင်တဲ့အခါ မြတ်လေးပန်းသာလျှင် မြတ်တယ်လို့ မိန့်တော်မူ တဲ့အတွက် မြတ်စွာ ဘုရားကို အထွတ် အမြတ်ထား၍ ပူဇော်ရာတွင် မြတ်လေးပန်းသာလျှင် တမြတ်တနိုး ထား၍ လှူဒါန်းကြတယ်"

"မြတ်လေးပန်းမပွင့်တဲ့ ရာသီမှာ မြတ်လေးပန်းကိုယ်စား မြတ်လေးပွါးမုလေးပွါးနှင့် တံခွန် ကုက္ကား များကိုပင် အမြတ်တနိုးအသုံးပြုကြရတဲ့ အစဉ်အလာကို ထောက်ထားပြီးသည် ပန်းကိုမှ မြတ်လေး ပန်းတော်ပါကလားလို့ အားရနှစ်သက်စွာ ပန်ဆင်တော်မူလိုက်ပါ ဘုရား"

အရိပ်အယောင်နှင့် မြတ်လေးပန်းကို ဥပမာဆောင်၍ လျှောက်တင်ပြီးတစ်ဖန်လည်း လက်ဂတ်တော် ရွှေကြုတ်ကိုဖွင့်ကာ ရတနာခုနစ်ပါးဖြင့် စီချက်ထားသော မြသားဘယက် ကြီးကို စုဖုရားလည်တွင် ဆွဲဆင်ပေးလျက် ရွှေကသယ်မှုန့်တို့ဖြင့် ပြုပြင်ထားသည့် နံ့သာမှုန်းများကို တို့ဆစ်နေလေ၏ ။

"ဟင်...စုထားဖုရား၊ ဒါနှင့်စကားမစပ် ဘယက်တော်မြင်မှ သတိရပါတော့ကလား၊ မယ်တော်ကြီးဖျား အဆောင်တော် ခစားဂင်ရဦးမယ်ဆို စုထားဖုရား ဂတ်စားပြင်ဆင်တော် မူဖို့အတွက် စိတ်ကောင်း၊ ကျောက်ကောင်း၊ ရတနာကောင်းတွေ သနားတော်မူမယ်၊ မိဘွားသစ် လာယူပေစေလို့ မှာတော်မူ သွားပါတယ်၊ သစ်သစ် အခစားဂင်ချေဦးမည် ဘုရား"

တင်လျှောက်ကာ အဆောင်တော်အပြင်သို့ ထွက်လာလျှင် အဆောင်တော်အတွင် တစ်ပါးတည်း စံတော်မူရစ်သော စုဖုရားလတ်သည် မောင်တော်သီပေါမင်းသားထံတော်မှ ဒုတိယ အကြိမ် ပေးပို့ တော်မူလိုက်သော တေးထပ်သံထောက်များကို အထပ်ထပ်အကြိမ် ကြိမ်ရှုစားတော်မူလျက် နက်နက် နဲနဲ စဉ်းစားတော်မူပြီး ပီတိသောမနဿ တည်းဟူသော လေပြည် လေညှင်းအလယ်တွင် ဘယ်ယိမ်း ညာနွဲ့ တသွဲ့သွဲ့လှုပ်ရှားနေသော သဇင်ခက် ကလေးပမာနစ်သက်ကြည်နူး အထူးပျော်ရွှင်၍ နေတော်မူ ရှာလေသတည်း။

အခန်း (၁၀) မျှော်ပါ..
အခန်း (၁၀)

အထိန်းတော်ကြီး ခင်ဘွားလည်း စုဖုရား စံတော်မူရာ မှန်အဆောင်တော်ထဲမှ လာပြီး အပြင်ဆောင် များတွင် အသီးသီး သက်န်းချုပ်နေကြသော အပျိုတော်လေးများနှင့် စုဖုရားအတွက် ဂတ်လဲတော် နံ့သာ ပန်းမန်များ ပြင်ဆင်လျက်ရှိကြသည့် အပျိုတော်များ အား စီမံဆော်သြရန် ရှိသည်များကို ကြည့်ရှု ့ စီမံကာ

www.burmeseclassic.com

www.burmeseclassic.com

"ခါနွေတို့ ခါဘုန်းတို့ စုထားဖုရားအဆောင်တော်နားမှာ နီးနီးကပ်ကပ် ခစားကြ၊ ခင်လှကြီးနဲ့ ခင်မှုံကလည်း သက်န်းချုပ်တဲ့ကိစ္စာ စိတ်ချရအောင် ကြီးကြပ်နိုးဆော်လိုက်ပါ၊ စာတော်ပြန်ပွဲ နီးလာပြီ၊ ရက်လောက်သာလိုတော့တယ်၊ ခင်ဘွားသစ်ကလည်း ချုပ်ပြီးတဲ့ သက်န်းများကို ပိန္နဲရည်ဆိုးစရာ မဟာဒါန်ဝန် မောင်မြတ်သာထံ ပို့ရန် အနောက်ဝန်မင်း ထံကအစီရင်ခံစာ မလာသေးဘူးလားလို့ မိန်းမစိုး မောင်ရွှေတောင်ကို စေလွှတ်မေးခိုင်း လိုက်ပါ၊ ငါ မယ်တော်ကြီးဖျား အဆောင်တော်ကို အခစားဝင် ချေဦးမယ်၊ ငါပြန်မလာမီ အရှင်ထိပ်စုမြတ်ဖျားအပါးမှာ မလစ်လပ်ရအောင် အလှည့်ကျ ခစားနေကြ"

ပြော၍ အပျိုတော်များ "တင်ပါ့"ဟု လိုက်ကြစဉ် ခင်ဘွားသစ်သည် နော်ကပါလက် ပါးစေငယ် နှစ်ယောက်ကို ခေါ်လျက် အလယ်နန်းမတော် ဖုရားအဆောင်တော်သို့ အခစားထွက်သွားလေ၏။

အဆောင်တော်တွင် ကျန်ရစ်သော အပျိုတော်များလည်း အချို့က စုဖုရား အဆောင်တော်တွင်းသို့ ဝင်ရောက်ခစားကြလျက် အချို့ကလည်း သက်န်းချုပ်မြဲချုပ်၍ အချို့ကား အဖတ်တော်များ နံ့သာပန်းမန် များ စုဖုရားအတွက် ပြုပြင်စီမံလျက် ရှိကြလေ၏။

သက်န်းချုပ်သောပိုင်းတွင် ခင်မြတ်မင်းဆိုသော အပျိုတော်တစ်ယောက်က အနီးရှိ ခင်တုတ်အား နားနားသို့ကပ်ကာ တီးတိုးလေသံနှင့်-

"မမတုတ်ရဲ့ အခုတလော အထိန်းတော်သခင်ကြီးဟာ မြို့ပြင်ကို ကိစ္စရှိတယ်ဆိုဆို ပြီးမကြာခဏ ထွက်တယ်၊ ပြန်လာပြီ ဆိုမှဖြင့်လည်း အဆောင်တော်ထဲမှာ ထိပ်စုမြတ်ဖုရား နဲ့ နှစ်ယောက်တည်း တိုးတိုး တိုးတိုးနဲ့ ဘာတွေ လျှောက်တင်နေမှန်းမသိဘူး၊ ကျွန်မတော့ လျှို့ဝှက်တဲ့ အကြောင်းထူး တစ်ခုခုရှိပြီ ထင်တယ်"

ပြောလျှင် ခင်တုတ်က လက်ကုန်၍ တီးတိုးလေသံနှင့်ပင်

"အို... ခင်မြတ်မင်း ကိုယ်နဲ့မဆိုင်ရာမှာ ဘာဖြစ်လို့ စကားပေါက်ရှာ ပြောချင်ရ သလဲ၊ ကြမ်းကြား လေကြား အထိန်းတော်သခင်ကြီး ကြားသွားမှ ထိပ်စုမြတ်ဖုရားကို သံတော်ဦးတင်လို့ မမတို့ ခင်မြတ်မင်းတို့ ဒုက္ခရောက်နေပါဦးမယ်၊ ဒါမျိုးတွေ နောက်မပြောနဲ့၊ ဟောဟိုက ပန်းပေါင်းကြိတ်နေတဲ့ ခင်မကြီးရဲ့အနားများ ဒီစကားမျိုး သွားပြောမိရင်အခက်ပဲ၊ ဖိုးခနဲ၊ ဖပ်ခဲ၊ ဖက်ရဲလက်ရဲ တကယ်လည်း သတ္တိကောင်းတဲ့ မဖယောင်းကလည်း၊ သူ့ကြည့်ရတော့ သေးသေးကွေးကွေးနဲ့ ကြမ်းရမယ်ဆိုတဲ့နောက် ငါးစိမ်းသည်က အစ်မခေါ်လောက်တယ်နော်၊ ထိပ်စုမြတ်ဖုရားကလည်း စိတ်တော်ကမြန် ခင်မကြီးကလည်း ငြိုတော်မူတယ်ဆိုရင် သူကအရင်ဝင်ပြီး မျက်နှာလိုအားရ တစ်ပါးကျွန်ပီပီ အမှုဆောင်လိုက်တာကြီးပဲ၊ ဒါတွေကြောင့်လည်း အရှင်ထိပ်စုမြတ်ဖျားက အပျိုတော်တွေထဲမှာ သူ့ကိုအများကြီး လက်စွဲပြုလို့ ဂရုစိုက်တော် မူနေတယ်၊ ကြောက်ပါ တယ်

www.burmeseclassic.com

www.burmeseclassic.com

ခင်မြတ်မင်း မင်းခစား ကမ်းနားသစ်ပင်တဲ့၊ သေချင်ရင် နေ့လားညလား မင်းတို့မျက်စောင်း အကြောင်းသုံးပါးမရွှးဘူးတဲ့"

ပြောလိုက်သဖြင့် ခင်မြတ်မင်းမှာ တစိမ့်စိမ့်တွေးကြောက်လာသောကြောင့် နောက်ထပ် စကားမစပ်ပုံ့ဘဲ-

"ဟုတ်ကဲ့မမ၊ မမသတိပေးတာ အင်မတန်ကျေးဇူးတင်ပါတယ်။ ခင်က ရုတ်တရက် ဆိုတော့ ကိုယ့်ဘေးကို မစဉ်းစားမိဘဲ စိတ်ထဲရှိတာ လွှတ်ခနဲ ထွက်သွားမိပါတယ်၊ နောက်မပြောပုံ့ပါဘူး မမရယ်"

ဆိုကာ သက်န်းကို သဲသဲမဲမဲ အားခဲချုပ်နေရှာလေ၏။

အဆောက်တော်တွင် တစ်ပါးတည်း စံတော်မူနေရစ်သော စုဖုရားလည်း လက်မှကိုင်တော်မူသော ရွှေပြားကို မနားတမ်းရှုစားတော်မူလျက်ရှိစဉ် အပျိုတော်ခင်ဘုန်း ဝင်လာသဖြင့် ရွှေလွှာတော်ကိုချပြီး ပုတီးပန်းမန် လိမ်းကျံခြယ်တော်မူရန် မှန်ခံတော် ရှိရာသို့ ထွက်လာလျက် ခင်ဘုန်းအား အဂတ်အစား အသစ်များ လဲလှယ်ဆင်ယင်ပေး စေပြီးလျှင် လက်စွဲအချစ်ဏ်ဖြစ်သော အပျိုတော်ခင်မကြီး ပြုပြင် ဆက်သသော ပန်းပေါင်း ပုတီးကို ဆင်တော်မူကာ အပြင်ဆောင်တော်သို့ ထွက်တော်မူလာပြီး သင်္ကန်းချုပ်လုပ် နေသည့် အပျိုတော်များကို ရှုစားတော်မူလျက်

"ရက်နီးလှပြီး ခင်လှကြီးနဲ့ ခင်မှုံတို့ရဲ့၊ နော်တစ်သီတင်းလွန်လျှင် နခုန်လဆန်း တော့မယ်၊ ခပ်မြန်မြန်ကလေး ကြိုးစားလိုက်ကြပေတော့၊ 'ကုသိုလ်ရေးမို့ ကြိုးစားပါ၊ ကျွန်မတို့မှာ ချွေးတလုံးလုံး' ဆိုတဲ့ သံချပ်ကို ခင်လှကြီးက ကြပ်ကြပ်ရွတ်နော်"

ကြည်ကြည် သာသာ မိန့်တော်မူလေရာ အပျိုတော်များမှာ ညောင်းညာပင်ပန်းလှ သည်ကိုပင် သတိမရနိုင်ဘဲ စုဖုရားမျက်နှာတော် ချိုသဖြင့် အလိုလို ဝမ်းမြောက် အားတက်နေကြပြီး ခင်လှကြီးကပင် ဘုရား ကျွန်မများ နေ့မအား ညမအား ကြိုးစားချုပ်ကြပါတယ်ဘုရား၊ ပြီးနေတဲ့သင်္ကန်းတော်များ အဆောင်တော်နံဂုံမှာ တောင်ကမ်းပါးကြီးလို မြင့်နေပါပြီ၊ ရှုစားတော်မူပါဘုရား၊ နောက်ထပ်ချုပ်ရန် သင်္ကန်းတော် အထည် နှစ်ဆယ်လောက်သာ ကျန်ပါတော့သဖြင့် လှူဒါန်းတော်မူရန် အချိန်အခါမလင့် အဆင်သင့် ရနိုင်ပါပြီ ဘုရား"

သွက်လက်စွာ လျှောက်ထားသဖြင့် စုဖုရားမှာ ဝမ်းမြောက်ဝမ်းသာနှင့် အပျိုတော်များကို ချီးမွမ်းစကား မိန့်ကြားလျက် အတွက် ဆောင်တော်ဘက်သို့ ဝင်တော်မူ လာ၍ သလွန်တော်ပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်တော်မူပြီး ခင်မကြီးကို အနီးသို့ ခေါ်တော်မူကာ

www.burmeseclassic.com

www.burmeseclassic.com

"သစ်သစ်လည်း မယ်မယ်ဖျားအဆောင်တော်ကို အခစားဝင်သွားတာ ကြာလိုက် တာနော်၊ ခုတောင် ပေါ်မလာသေးဘူး၊ မယ်မယ်ဖျားထံတော်မှာ ဘာတွေလျှောက်ရှည်ပြီး နေပါလိမ့်မလဲ၊ သစ်သစ် တစ်ယောက် သောကြာသမီးပီပီ နေရာတကာ အလျှောက်အထား နဲ့ စကားမရှည်ရရင် ပြီးတဲ့ မိန်းမကြီး မဟုတ်ဘူး"

တစ်ပါးတည်း ညည်းညူသကဲ့သို့ ညည်းတော်မူရာက -

"အို....... ပျင်းတော်မူလိုက်ပါဘိ၊ ဟဲ့....... ခင်မကြီး ဟိုကပ်ပေါ်က အရီးတော် လှိုင်ထိပ်ထားဘုရား ရေးသားတော်မူတဲ့ ကန္တာဝံသဇာတ်တော်ကြီးယူပြီး ညည်းဖတ်ချင် တဲ့နေရာက စဖတ်စမ်း"

အမိန့်တော်ရှိရာ သွက်လက်ချက်ချာ လိမ္မာနူးနပ်လှသော အပျိုတော်ခင်မကြီး လည်း ပုရပိုက်ကိုတင်၍ ဖွင့်လိုက်လျှင် ကန္တာဝံသမင်းသားနှင့် နမတော်ပဂုတာရီ မင်းသမီးလေးတို့ ပန်းခုံတော်နံဘေးတွင် ရှေးဦးစွာ တွေ့မြင်တော်မူခန်းကို တွေ့မြင်ရလျှင် ခင်မကြီးသည် ထိုနေရာကပင် စတင်၍ဖတ်လျှောက်နေလေရာ စုဖုရားလတ်လည်း စိတ်တော်ထဲတွင် အနည်းငယ် ဝင်စားစပြုလာသောကြောင့် အာရုံစူးစိုက် နစ်မြုပ်စွာ ရွှေနားဆင်လျက် ရှိလေ၏။

ပဂုတာရီမင်းသမီးလေးမှာ အသက်တော် ငယ်ငယ် အရွယ်တော်မရောက် တစ်ရောက်တွင် ခမည်းတော် မယ်တော်များ၏ ချစ်အားကိုးနှင့် ဆိုးနွဲ့တော်မူခဲ့သော ဂါသနာအတိုင်း အထိန်းတော်ကြီး မြမဟောနှင့် ရံရွှေတော်တို့အပေါ်တွင်လည်း အနည်းနည်းအဖုံဖုံ ကြုံတော်မူသလို ဆိုးနွဲ့တော်မူနေပုံများမှာ မိမိပြုမူ နေတော်မူပုံနှင့် များစွာတိုက်ဆိုင် ဆီလျော်နေတော်မူသောကြောင့် စိတ်တော်တွင်းမှ တစ်ပါးတည်း ပြုံးတော်မူမိကာ -

"အင်း.........ဒီနေရာများတော့ အရီးတော် လှိုင်ထိပ်ခေါင်တင်ဘုရားက ငါ့ကိုများ စောင်းရေးတော် မူရော့သလား ခင်မကြီးရယ်၊ ငါလည်း ငယ်ငယ်ကစပြီး အချိန်အရွယ် ကျအောင် အထိန်းတော် သစ်သစ်အပေါ် တော်တော်ဆိုးတော်မူခဲ့မိတယ်၊ ဒီအမယ်ကြီးကိုကလည်း ငါမဆိုးဆိုးအောင် ငါမနွဲ့နွဲ့အောင် အားပေး တိုက်တွန်းနေသလို နေ့ညမဆို အမြဲအလိုတော်လိုက်ပြီး စိတ်ကြိုက်ကို ချော့ချော့ နေရှာ တာပဲ၊ ငါ့မှာလည်း သစ်သစ်ရဲ့အချော့မော့ အယုအယတွေကို ခံတော်မူရလွန်းအားကြီးပြီး တစ်ခါ တလေ များ ကိုယ့်ကိုယ်ကိုယ်ပင် တကယ့်ကလေးဆိုးကြီးလို အထင်တော်မှားမိသေးတယ်"

ဖြတ်၍မိန့်တော်မူလိုက်ရာ စာတော်ဖတ် ခင်မကြီးကလည်း အနည်းငယ်ပြုံးလျှက်

"မှန်ပါဘုရား ဒီနေရာများတော့ အရှင်ထိပ်စုမြတ်ဖျားနဲ့ တစသားတည်းကျနေ တာပဲ၊ အရီးတော် လှိုင်ထိပ်ခေါင်တင်ဘုရားက အရှင်ထိပ်စုမြတ်ဖျား ဆိုးနွဲ့တော်မူတယ်ပုံ များ ဘယ်ဆီကနေ သတင်းကြား တော်မူသွားတယ် မတင်တတ်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ပြန်လျှောက်ရာ

"ကဲ......ကဲ ရှေ့ဆက်ပြီး ဖတ်လျှောက်စမ်းပါအုံး"

မိန့်တော်မူပြန်သည့်အတိုင်း ခင်မကြီးလည်း ပုရပိုက်ကြီးကို တစ်ရွက်ပြီးတစ်ရွက် လှန်ကာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားနှင့် လေသွားလေယူမှန်မှန်၊ နန်းသံ၊ ထီးသံ နှင့် စနစ်တကျ ဖတ်လျှောက်နေလေရာ ထိပ်စုဖုရားလတ်မှာလည်း စာတော်ထဲတွင် စိတ်ဝင်စားအားကြီးစွာနှင့် လေးနက်စွာ ရွှေနားတော်ဆင်လျက် ရှိလေ၏။

ရှေးယခင်အခါများကမူကား ကလေးငယ်အလား အထွေအထူး အာရုံမပွားသဖြင့် အထန်းတော် ခင်ဘွားသစ်၏ လက်ရိုး ရှေးစကားဖြစ်သော ရွှေယုန်၊ ရွှေကျား၊ သက်ကယ်ရိတ် သွားကြခြင်းနှင့် ငန်းတော် ရေမြွေမင်းသားနှင့် မဒွေးတို့အကြောင်း၊ ကမ္ဘာလိပ်မကြီးအကြောင်းတွေလောက် နှစ်သက်တော် မမူသော ကြောင့် ဖုံထူထပ်စွာ ပစ်စလက်ခပ်ထားခဲ့စေသော ဣန္ဒာဝံသ၊ ဂီဇယကာရီ၊ သိင်္ဂီ၊ အီနောင် စသော ဇာတ်တော်ကြီး ပုရပိုက်များကို တစ်ခါတစ်ရံ အပျင်းတော်ပြေ ဖတ်လျှောက်နေကြသည့် တိုင်အောင်လည်း စိတ်တော်ထဲတွင် စွဲစွဲလမ်းလမ်း ရှိတော်မမူခဲ့လှချေ။

ယခုအခါတွင်မူ အချစ်တည်းဟူသော ဓာတ်သဘာဝကြောင့် အစစ စိတ်ပြောင်းနွဲ့၍ လေတွဲ့သော သဇင်ခက်ကဲ့သို့ ရွှင်တစ်ချက် ပြုံးတစ်ချည် အလီလီ လှုပ်ရှားပြီး စိတ်ကူးတော်များလည်း ကျယ်ဝန်းစွာ နယ်ချဲ့သွားလေသည်။

ဆိုးနွဲ့တော်မူတတ်ရှာသော ပဂုတာရီမင်းသမီးလေးအကြောင်းကို နှိုင်းဆတော်မူ တတ်လာရုံမက ခင်မကြီးကလည်း တော်က်လျှောက်ကြီး ဆက်ဖတ်သွားရာ ပဂုတာရီ မင်းသမီးကလေးသည် ပန်းခုံတော်အတွင်း၌ အလိုက်ဘာသာ အထိန်းတော်၊ အချီတော်၊ ရံရွေတော်အများနှင့် ပန်းသီကုံးရင်း အပျင်းပြေ စံတော်မူ၏။

ရွှေနန်းတော်ကြီးသို့ အခစားဝင်ရန် ပန်းခုံတော်အနီးမှဖြတ်၍ ထွက်တော်မူ လာသော မောင်တော် ဣန္ဒာဝံသမင်းသားသည် နမတော်ပဂုတာရီကို ရှေးဦးစွာ တွေ့မြင်တော်မူခန်းမှစပြီး ပဂုတာရီ မင်းသမီးနှင့် ဣန္ဒာဝံသ မင်းသားတို့ အချစ်တော် စုလျားညီ၍ နှစ်ပါးကြည်တော်မူခန်း။

မင်းသားအပေါ်တွင် မင်းသမီးကလေး အမျိုးမျိုး နွဲ့ဆိုးဆိုးတော်မူခန်း၊ ဣန္ဒာဝံသမင်းသားကလည်း နမတော် ပဂုတာရီ မင်းသမီးကလေးအပေါ်တွင် အသက်တမျှ ချစ်ခင်၍ အစစ ကြင်နာယုယတော်မူခန်း။

ခမည်းတော်၊ မယ်တော်များကလည်း သားတော်ကြီးနှင့် သမီးတော်ကလေး တို့အား ယုံစား ချစ်ခင်တော်မူကြရင်းအတိုင်း ဣန္ဒာဝံသမင်းသား တစ်တိုင်းတစ်ပြည်သို့ စစ်ချီထွက်ရာ၌ပင် ပဂုတာရီ

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးလေးအား အလိုတော်အတိုင်း ယောက်ျားအသွင် ဆင်ယင်လိုက်ပါ သွားတော်မူစေခြင်းဖြင့် ရောက်ရာ တောစခန်းတို့တွင် ပျော်ရွှင်စွာ တစ်ဦး ကိုတစ်ဦး ကြင်နာယုယတော်မူခန်း။

တစ်တိုင်းတစ်ပြည်မှ သမီးကညာ ရတနာများကို ဣန္ဒာဝံသမင်းသားက လက်ခံ သိမ်းပိုက်တော် မူရသောအခါ နမတော် ပဂုတာရီမင်းသမီးကလေးအား အမျိုးမျိုးအဖုံဖုံ လှည့်ပတ်ဖျောင်းဖျ ချော့မော့ရပုံ။

မင်းသမီးလေး ဆိုးဆိုးနွဲ့နွဲ့နှင့် မောင်တော်ကိုအရွဲ့တိုက်ပုံ၊ မင်းသမီးကလေး အတွက် ဣန္ဒာဝံသ မင်းသားမှာလည်း ပူဆွေးဒုက္ခကြီးစွာ ဖြစ်တော်မူရပုံမှစ၍ နောက်ဆုံး တွင် ပဂုတာရီမင်းသမီးကလေးသည် မောင်တော် ဣန္ဒာဝံသမင်းသားအပေါ်တွင် မည်မျှ ဆိုးနွဲ့တော်မူခဲ့စေကာမူ အလိမ္မာသဘော ပြည့်ဝသူကလေးဖြစ်သည့်အတိုင်း အရှယ်တော်နှင့် မမျှအောင် အလိုက်သိစွာ အခွင့်အရေး ပေးတော်မူ လိုက်ပုံများကို နားဆင်တော်မူရသောအခါ ကိုယ်ရေးကိုယ် ကိစ္စနှင့် နှိုင်းချိန်စဉ်းစားတော် မူမိသည်။

မိမိမှာလည်း ပဂုတာရီ မင်းသမီးကဲ့သို့ ဆိုးနွဲ့တော်မူလာသူဖြစ်သည်အတိုင်း သီပေါ မင်းသားကိုလည်း ဣန္ဒာဝံသမင်းသားနှင့် နှိုင်းယှဉ်တော်မူမိကာ အတွေးနယ် ကျယ်သည်ထက်ကျယ်လာတော်မူသောကြောင့် ပဂုတာရီ မင်းသမီးက ဣန္ဒာဝံသမင်းသားအပေါ်တွင် ချစ်အားကိုးနှင့် ဆိုးနွဲ့တော်မူသကဲ့သို့ပင် မာင်တော် သီပေါမင်းသား အပေါ်မှာလည်း ချစ်အားကိုးနှင့် ဆိုးနွဲ့တော်မူချင် သယောင်ယောင် ဖြစ်တော်မူကာ အဖြာဖြာ တွေး၍ တရေးရေးစိတ်ကူး ထင်မြင်တော်မူလေ၏။

"ဟဲ့.......ခင်မကြီးရဲ့၊ ပဂုတာရီ မင်းသမီးကလေးဟာ နေရာတကာ ဆိုးချင်တိုင်းဆိုး နွဲ့ချင်တိုင်း နွဲ့တော်မူခဲ့ပေတဲ့ တကယ့်တကယ်ဆိုတော့ သူ့မောင်တော် ဣန္ဒာဝံသ မင်းသားက မယားတွေအများကြီး ယူထားတာ ကိုတော့ လက်လျှော့ကာ အရှုံးပေးပြီး ပြုံးပြုံးကလေး ကျေနပ်တော်မူရပါကလား"

မိန့်တော်မူလျှင် ခင်မကြီးက

"မှန်လှပါဘုရား၊ ပဂုတာရီ မင်းသမီးကလေးကလည်း ကိုယ်ချင်းစာတရားနဲ့ သနားတော် မူတတ်တာကြောင်း၊ မောင်တော် ဣန္ဒာဝံသမင်းသား က အချော့အမော့ ကောင်းတော် မူတာကတစ်ကြောင်း၊ ဟို.........မင်းသမီးတွေကလည်း မောင်တော်က မင်းသမီးကလေးကို ပိုမိုအရေး ပေးထားမှန်း သိတော့ ငယ်ရွယ်သူဆိုတာ အလိုက်သင့် ချော့ပေါင်းရင်ပြီးနိုင်ကြောင်း သိတဲ့အတွက် သနားအောင် ကပ်ပေါင်းထားတော့ သူ့ခမျာ ဟိုအားနာရ ဒီအားနာရနဲ့ အလိုလို သက်ညာတော်မူချင်တဲ့ စေတနာ တွေ ပေါ်ပေါက်လာ ရှာတယ် ထင်ပါ့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

လျှောက်ရာ ထပ်စုဖုရားလတ်လည်း အတန်ငယ် စဉ်းစားတော်မူနေရာက

"ဟာ.....ငါတော့ ဒီနေရာမျိုးမှာ သူ့လို စိတ်ရှည်တော် မူနိုင်မှာ မဟုတ်ပါဘူးကွယ်"

စိတ်ထင်တော်မူရာ လွှတ်ခန် မိန့်တောမူလိုက်သောအခါ အရှင်သခင်၏ အလိုတော်လိုက်၍ အကြိုက်ကျကျ ခစားတတ်လှ၍ မျက်နှာလို မျက်နှာရ အကျိုးတော်ဆောင်ရာတွင် မည်သူမှန်းမှန်း စုဖုရားပြုံးလျှင် ကျေနပ်နေကျဖြစ်သော ခင်မကြီးမှာ

"ပဂုတာရီ မင်းသမီးလေးမှာ ဘုရားကျွန်မလို အပျိုတော်မျိုး တစ်ယောက်လောက် ရှိစမ်းစေချင် လှတယ်ဘုရား၊ ဣန္ဒာဝံသမင်းသားအနီးမှာ ဘယ်မင်းသမီးမှ မကပ်နိုင်အောင် အကျိုးတော် ဆောင်ပြ လိုက်ချင်စမ်း လှပါတယ်"

ဒေါသဟန်ပါပါနှင့် လျှောက်တင်လေရာ စုဖုရားက အနည်းငယ်ပြုံး၍-

"သြော်.......အင်း...... ဒါဖြင့် ခင်မကြီးက ပဂုတာရီမင်းသမီးကလေးရဲ့ အပျိုတော်တစ်ဦးဖြစ်ပြီဆိုပါတော့ ကဲ......ဘယ်နည်းနဲ့ ဟိုမင်းသမီးကို မင်းသားအပါး မကပ်နိုင်အောင် အကျိုးတော်ဆောင်ပြ လိုက်ချင်စမ်း လှပါတယ်"

မိန့်တော်မူလေ၏။

"ခက်မကြီးလည်း ဖျော့ကျွန်မဆိုတဲ့ ဖျော့ကျွန်မက ကိုယ့်အရှင်သခင်ကလွဲရင် ဘယ်သူ့ကိုမှ လူမထင်တဲ့ အကောင်မဘုရာ့၊ 'ပျော့ရာမှာ ဖယောင်း၊ မာရာမှာ သံချောင်း' ဆိုတဲ့အစားမျိုးကလား၊ တစ်ပါးကျွန် သက်သက်မို့ သခင့်မျက်နှာရမဲ့အလုပ်ဆိုရင် ဘာမဆို စွန့်စွန့်စားစား လုပ်ပံ့ပါရဲ့၊ အပိုအမို အငယ် အနှောင်း ဆိုရင် အင်မတန်မုန်းပြီး နလုံးအနာကြီးနာတတ်လှပါတယ်ဘုရား"

(စကားမဆုံးမီ ခပ်ပြုံးပြုံးနှင့် စုဖုရားက)

"ဟုတ်ပါပြီ၊ အငယ်အနှောင်းကို မုန်းလို့ ဘယ်လိုများ စီရင်သတုံး၊ ငါမေးတာ တင်စမ်းပါအုံးဟဲ့"

"မှန်လှပါဘုရား၊ အငယ်အနှောင်းဆိုတဲ့ မင်းသမီးတွေရဲ့ အဆောင်ကိုေ နကကြောင်တောင်ဂင် ထဘီတိုတို ပြင်ဂတ်၊ ဖွတ်အခွံဆံပင်ဆွဲ သူ့ကိုယ်ကိုခွလွှဲလို့ တစ်ခါ တည်း ခဂါဆောင့်ဆောင့်ပြီး ဟဲ့ ...... မင်းသမီး လင်တော်ဦးမလား ........?

(လျှောက်တင်ချက်မဆုံးမီ စုဖုရားက)

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ..... ခင်မကြီး တန်တန်မဟန်ပါဘူး၊ ညည်းဟာက ကြမ်းလှချည့်လား၊ ဟိုဟာတွေက တကယ့် တိုင်းကြီး ပြည်ကြီး တစ်ထီးတစ်နန်းက ထီးဆောင်ဘုရင်ရဲ့ သမီးတော်တွေပါ၊ ညည်းလုပ်မှာက တံငါဖယောင်းရဲက အကျင့်စရိုက်နဲ့ပ မိုက်မိုက်ရိုင်းရိုင်း ရှိလှတယ်"

ပြုံးရယ်ကြေနပ်စွာ မိန့်တော်မူလေရာ ခင်မကြီးက ဆက်လက်ပြီး

ကြီး။ ။ "ဒီနည်းရိုင်းတယ်ဆိုရင် သည့်ပြင်တစ်နည်း လျှောက်တင်ပါဦးမည်၊

အရှင်ထိပ်စုမြတ်ဖျား၊ ရွှေနားဆင်တော်မူပါဘုရား"

စု။ ။ (ပြုံးတော်မူလျက်ပင်)

"ဟင် ..... ဘာများ တစ်မျိုးဆန်းပြီး ဘီလူးမ ပတ်ကြမ်းတိုက်ဦးမယ်လို့လဲ၊ ကဲ .... ကဲ လျှောက်တင်စမ်းပါ"

ကြီး။ ။ "ဒီလိုဘုရား၊ ခုနကနည်းက ကြမ်းတမ်းပါလျှင် နုနုနှင့် အမည့်ခြွေခြွေတဲ့ နည်းပါဘုရား၊ အကောင်းဆုံး အစွမ်းဆုံး အောက်လမ်းဆရာ၊ ထဘီခြုံဆရာတစ်ယောက် ယောက်နဲ့ ခြေရာကောက် ရိုပ်ဖမ်း၊ သံဖမ်း စုန်းတိုက်၊ အင်းမြှုပ်၊ ရုပ်ထား၊ နာမ်ထားဝို သံကြားဆိုတဲ့နည်းတွေနဲ့ အပြီးသတ်စီရင်၊ သို့မဟုတ်လို့ တိုတို တုတ်တုတ် ကလေးနှင့် ကိစ္စ ချောပြီး တစ်တောလင်းသွားစေလိုလျှင် တိုက်မြွေနဲ့ပဲ ပေါက်သတ် ခိုင်းလိုက်မယ်ဘုရား၊ ဘယ့်ကလောက်များ ယဉ်ပါသလဲ၊ ဘယ်သူမှလည်း မသိရဘူး ဘုရာ့"

စု။ ။"ဟဲ့ကောင်မ ...... လွန်းလွန်းလှချေလား၊ ခင်မကြီး ခင်မကြီး နင်လေ ရုပ်ကလေးက သေးသေးနွဲ့နွဲ့၊ တကယ့်သိမ်မွေ့ပါဘီသနဲ့ နင့်စိတ်ဟာက ရုန့်ကြမ်းလှချေလား၊ နင် ဒီစကားတွေ တကယ်စိတ်ထဲပါလို့ ပြောတာလား၊ ငါကတော့ အပျင်းတော်ပြေအောင် တောင်စဉ်ရေမရ မေးတော်မူနေတယ်၊ နင် တကယ်မနောကံ မြောက်ရင် အငီစီရောက်မှာ မကြောက်ဘူးလား"

ပြီးရင်း မိန့်တော်မူ၍

ကြီး။ ။ "တင်ပါ ပဂုတာရီမင်းသမီးဆိုတာလည်း အဟုတ်မရှိ၊ ဣန္ဒဂံသ မင်းသား ဆိုတာလည်း တကယ်မရှိ၊ ဘုရာ့ကျွန်မလည်း တကယ့်သူတို့အပျိုတော်မှ မဟုတ်ဘဲ အငီစိက ငရဲမင်းကြီးကို ဘွာခပ်လိုက် ပါမယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

စု။ ။ "(ပြုံးတော်မူကာ) "အင်း ..... အင့်ဆင်ခြေနဲ့ နင်မလေ လွတ်စေ လွတ်စေ" အပျင်းတော်ပြေ အပြန်အလှန် မိန့်ဆိုလျှောက်တင်နေကြစဉ် မယ်တော်ဆောင် သို့ အခစားဝင်သွားသော အထိန်းတော်ကြီး ပြန်ရောက်လာပြီး ပါလာသော ရွှေကလပ်ကြီး နှင့်တကွ စုဖုရားအနီး ခစားမိလေ၏။

စု။ ။ "သစ်သစ်ကြီး ပြန်ရောက်လာပြီလား"

သစ်။ ။ "တင်ပါဘုရား၊ ဟောဒီရွှေကလပ်တော်ကြီးကို ရှုစားတော်မူပါ၊ စုထား ဖုရား ဆင်တော်မူစရာ ရတနာလက်ဝတ်တော် အမျိုးမျိုးပါဘုရား"

လျှောက်ကာ ခင်ဘွားသစ်က ရွှေကလပ်ဖုံးကိုဖွင့်ပြီး အတွင်းက ကရက်မက်သား သေတ္တာကလေးကိုကိုင်လျက် စုဖုရားလတ်သို့ ဆက်သလေ၏။

စုဖုရားလည်း ကရက်မက်သား သေတ္တာကလေးကို ကိုင်ယူတော်မူပြီး ရွှေဟာသ် နှုတ်သီးကလေးကို တွန်းဖယ်တော်မူလိုက်ရာ ကရက်မက်သား သေတ္တာအဖုံးကလေး ပွင့်ကြွလာလေသည်။

အဖုံးကို အသာအယာ လှစ်မလိုက်လျှင် ရွှေဂါရောင် ကတ္တီပါပေါ်တွင် စိမ်းရွှင် တောက်ပရောင်မျိုးစုံ တဖိတ်ဖိတ်ကြွလျက်ရှိသော မြခယားသီး လည်ကပ်တော်ကြီးနှင့် စိန်နားရောင်းတော်ကြီး ရန်စုံ(၁) စိန်တစ်ရစ် မြတစ်ရစ် စီခြယ်သော လည်ဆွဲတော် မြဘယက်နှင့် လည်ဂတ်တော်၊ လက်ကောက်တော်များအပြင် စိန်သွယ်ကျ ကြိုးကြီး ငါးသွယ်ကိုပါ တွေ့မြင်တော်မူရလျှင် လှချင်တော်မူတုန်းမို့ ရွှင်ပြုံးနှစ်သက်တော်မူလေ၏။

"သစ်သစ်ရဲ့ မြလည်တော်ကပ်ကြီးဟာ တယ်လှပါကလား"

အားရစွာ မိန့်တော်မူလျှင် ခင်ဘွားသစ်ကလည်း-

"အင်မတန်လှ၊ အင်မတန်မှ ကျက်သရေရှိလှတဲ့ လည်ကပ်တော်ကြီးပါဘုရား၊ အမေ့စုထားလေး ဆင်တော် မူလိုက်လျှင် 'ရွှေပေါ်မြတင်' ဆိုတဲ့ စကားကို နဂိုအသားအရေ တော်ကလည်း ဇမ္ဗူရာဇ် ရွှေစင် အလားမို့ အဆရာထောင်မက ကျက်သရေတော် တိုးပွား စရာ ရှိပါတယ်"

"ဒီမြရတနာ လည်ကပ်တော်ကြီးနဲ့တကွ ရတနာလက်ဝတ်တော်များဟာ သာမည ဘုန်းရှင်ကံရှင်များနှင့် မတန်လို့ အမေတို့ စုစုထံ ရောက်လာရတဲ့ တော်ဝင်ရတနာများ ကလား"

"အထူးသဖြင့် ဟောဒီ မြလည်ကပ်တော်ကြီးဟာ စုထားဖုရားရဲ့ ဘွားတော်ဖြစ်တဲ့ အမရပူရ စတုတ္ထနန်းစံ ဖလ်နန်းရှင် မင်းတရားကြီး၏ မဟေသီအခေါင်(*) တောင်နန်းစံ အသျှင် မိဖုရားခေါင်ကြီးဘုရား ရာဇဘိသေက ခံတော်စဉ်က ဆင်မြန်းတော်မူဖူးတဲ့ ဂုဏ်ထူးဆောင် ရတနာကြီး ဖြစ်ပါတယ်"

www.burmeseclassic.com

"အရှင့်မယ်တော် အလယ်နန်းမတော်ဖုရားပင် အခါများစွာ ဆင်တော်မမူလှဘဲ အဲဒီ ကရမက်သားသေတ္တာနှင့် ရွှေတိုက်တော်မှာ သိမ်းဆည်းတော်မူထားရာ ယခု သမီးတော်၏ ဘုန်းကံတော်အလျောက် ပေးသနားတော်မူလိုစိတ်များ ပေါ်ပေါက်ခဲ့သဖြင့် ရွှေတိုက်တော် မှ ထုတ်ယူပေးသနားတော် မူလိုက်သည်ဟု မိန့်တော်မူလိုက်ကြောင်းပါဘုရား"

"ဩော် ...... ဒါဖြင့် စုစုဟာ ဘွားတော်ဘုရားရဲ့ အမွေတော်ခံထိုက်တဲ့ ဘုန်းကံပါရမီနှင့် ပြည့်စုံတော်မူလို့ အလိုအလျောက် မတောင့်မတရဘဲ ထူးကဲတဲ့ ရတနာများ ရောက်လာရတဲ့အတွက် နှစ်သက် ဂမ်းမြောက် စရာကြီး ဖြစ်နေပါကလား"

"မယ်တော်ဘုရားမှာ သမီးတော်သုံးပါး ရှိသည့်အနက် စုစုကိုမှ ကွက်ပြီး သည်လည်ကပ်တော်ကြီး ပေးသနားတော်မူလိုက်တာဟာလည်း ညီမတော်သုံးပါးမှာ စုစုက ကံအထူးသာတော်မူနေတယ်လို့ ဆိုစရာရှိတယ်နော်"

"ဒါနဲ့ နေစမ်းပါဦး သစ်သစ်ရဲ့၊ မယ်တော်ဖျားက ဒီရတနာတွေ သနားတော်မူလိုက် တဲ့အခါ အစ်မတော် မိုင်းနောင် မမဖျားနဲ့ ညီမတော် ရမည်းသင်း စုထားတို့၊ မယ်တော်ဖျား အပါးတော်မှာ ရှိကြသလား၊ စုစုကိုမှ ထူးထူးခြားခြား သနားတော်မူရမလားလို့ စိတ်ထား တော်ညိုကြလျှင် ......."

"အမယ်လေး ....... စိုးရိမ်အားနာတော်မူတတ်လိုက်တာ စုဖုရားရယ်၊ အစ်မတော် မိုင်းနောင်ထိပ်စုဖုရားကြီးမှာ စိပ်ပုတီးလက်စွဲပြီး ကုသိုလ်တော်ရေး ရတနာသုံးပါး ဆည်းကပ်ရေးနှင့် နေ့စဉ်ရှုပ်ထွေးတော် မူနေရာလို့ ဒီရတနာတွေ ဆင်မြန်းပြီး မှန်ဆောင်ထဲ မှာ ပျော်တော်မူနိုင်အားရှာသည် မဟုတ်တဲ့အပြင် ညီမတော် စုဖုရား ယောက်ျားအသွင် ဂတ်ဆင်တော်မူရာက မိန်းမအသွင် နနယ်ဉ်ယဉ်ပြောင်းလဲ ဂတ်တော်မူပြီကြားလို့ အားရ ဂမ်းသာနှင့် စုလတ်ဆင်တော်မူပါစေရန်၊ ရွှေတိုက်တော်က အမြန်ထုတ်၍ ခပ်သုတ်သုတ် သနားတော်မူလိုက်ပါဆိုတဲ့အကြောင်းကိုပင် မယ်တော်ဖျားကို နေ့စဉ် သံတော်ဦးတင် နေရှာပါသတဲ့"

"ငယ်တတ်မူရှာသေးတဲ့ ညီမတော် ရမည်းသင်းထိပ်ထား ဖုရားလေးမှာလည်း အဆောင်တော်ထဲမှာ အိုးပုတ်၊ ချိုးရုတ်ကလေးများနှင့် ကစားပျော်ပါးတော်မူနေသေးတဲ့ အတွက် ဒီလက်ဂတ်တွေကို ဆင်တော်မူ ချင်ရမှန်း မသိသေးရှာပါဘူးတဲ့ ဘုရား"

"အစ်မတော်၊ ညီမတော်များအတွက် ဒီလောက်တောင် ငဲ့ကွက်ညှာတာ အားနာတော်မူစရာ မရှိပါဘူး"

www.burmeseclassic.com

"ကဲ ..... ကဲ၊ အမေ့ ထိပ်စုဖျားရဲ့ ဆံတော်များ ရှင်းပြီး နံ့သာပန်းမန်များ ဆက်ရ အောင်၊ ချိုးတော်ဆောင် ထွက်တော်မူပါတော့၊ ဒီ ယနေ့ည လှလှကြီး ဂတ်စားဆင်ယင်ပြီး ပွဲကြည့်ဆောင်တော်ထဲကို ထွက်တောမူရလိမ့်မယ်"

"အများက ယောက်ျားကလေးကို ဆင်မြန်းလို့ စရိုက်ကြမ်းတော်မူတယ်လို့ ထင်နေ ကြတာ ဒီညတော့ ယဉ်ယဉ်ကျေးကျေး ထီးသွေးနန်းဟန် ကျကျနှင့် စုထားဖုရားက ထွက်တော်မူပြလိုက်စမ်းပါ"

"ခမည်းတော် ဘုန်းတော်ကြီးလှသော ဘုရားနှင့်တကွ နန်းတော်သူ နန်းတော်သား တွေဟာ စုထားကို အများကြီး အံ့ဩချီးမွမ်းလာကြပါလိမ့်မယ်၊ ဟောဒီ ရတနာတွေကို လည်း အမေကိုယ်တိုင် စုထားဖုရား အစွမ်းကုန် လှတော်မူအောင် ကျကျနနကြီး ဆင်ယင် ပေးစမ်းပါရစေ"

လျှောက်တင်လေရာ-

"ဟာ ...... သစ်သစ်ကလည်း ဒီအဂတ်အစားတွေနဲ့ ပြုန်းခနဲ လူတွေထဲ သွားရမှာ ရှက်ပါတယ် စုစုမျက်နှာ မထားတော်မူတတ်ပါဘူး"

"သြော် ..... တယ်ခက်ပါကလား၊ စုထားဖုရားရဲ့ ကြိုးပုဆိုးကြီး ဒီလှာနဲ့တော့ တောင်သွား မြောက်သွား ထင်တော်မူရာတွင် လျှောက်သွားတော်မူနေပြီး မင်းသမီးမို့ မင်းသမီးပီပီ ဂတ်စား ဆင်ယင်တော်မူ သွားရမှာတော့ ရှက်တော်မူ နေသလား၊ အမေ့စုထား က တယ်လွဲတော်မူတာကိုး၊ သစ်သစ်က ကိုယ့် အချစ်တော် စုဖုရားကို လူများတကာ ငေးကြည့်ပြီး ချီးမွမ်းကြတာ မြင်ချင်လွန်းလို့ပါ"

"မယ်တော်ဖျားကလည်း ညကို စုထား ပွဲကြည့်ဆောင် ထွက်တော်မူလာပါစေ၊ ညည်းက ငါ့သမီးတော်ကို လှလှပပ ဆင်ယင်ပြီး ခေါ်ခဲ့ပါအေလို့ မှာတော်မူလို့ တင်ပါဘုရား စုထား ဖုရားကို ဂတ်စားဆင်ယင်ပြီး ပွဲကြည့်ဆောင်တော်သို့ ထွက်တော်မူပါစေမယ်လို့ ဂန်ခံ ခဲ့တယ် စုစုရဲ့၊ ခုမှမဟုတ်တာ ရှက်တော်မူ နေစမ်းပါနဲ့၊ သမီးတော်တွေ အများအပြား ထဲမှာ စုစုက ထူးထူးကဲကဲ ကျက်သရေရောက်ပြီး ရတနာရောင် တွေ လျှမ်းလျှမ်းတောက် ပြတော်မူလိုက်စမ်းပါ"

"ဟာ ...... စု မသွားချင်ပါဘူး၊ သစ်သစ်ရာ ရှက်စရာကြီး"

"မသွားလို့မဖြစ်ဘူး၊ မယ်တော်ဖျားက မှာတော်မူလိုက်တာ၊ တော်တော်ကြာ သစ်သစ် ရာဇဂတ်ရောက်နေပါဦးမယ်၊ ကဲ ..... ချိုးရေတော် သုံးတော်မူပါတော့"

"ဟာ .... တယ်ခက်တာကိုး၊ ဒါဖြင့် ခါတိုင်းလို ပုဆိုးနဲ့ပဲ ထွက်တော်မူမယ်"

"ဟော ..... လုပ်ပြန်ပါပြီ၊ ဒီရတနာတွေဆင်ပြီး ယဉ်ယဉ်ကျေးကျေး မင်းသမီးလေး လို ထွက်တော်မူလာတာကို ရှုစားတော်မူချင်လို့ မှာတော်မူလိုက်တာ၊ နို့ပြီး ပရိသတ် ကလည်း စုံတုန်းမို့

www.burmeseclassic.com

ဘုန်းတော်ကြီးလှသော ဘုရားနှင့်တကွ ရွှေနန်းတော်ပေါ်က ဖိဖုရား တွေ၊ သမီးတော်တွေပါ စုစု လုပယဉ်ကျေး မိန်းကလေးပီသလာတာ မြင်စေချင်လို့ တမင် ခေါ်တော်မူတာ စုထားရဲ့၊ ကပ်ဖဲ့ချည်း မိန့်တတ်မနေပါနဲ့"

"ကဲ ..... ဟဲ့ ..... ခင်မကြီး၊ စုစု ဆံတော်ရှင်းရအောင် ဆံတော်ရှင်းတဲ့ ခင်ထားအို ကို ခေါ်လိုက်စမ်းပါ"

"အို ..... ခင်ထားအို ဆံတော်မရှင်းပါစေနဲ့၊ ခင်မကြီးကိုလည်း မခေါ်လေနဲ့၊ သစ်သစ်ကိုယ်တိုင် ရှင်းပေးပါ။ ကဲကဲ သစ်သစ်ပဲ ရှင်းပေးပါ"

ကလေးဆိုးကြီးလို ခေါင်းထိုး၍ ပေးတော်မူလျှင် ခင်ဘွားသစ်လည်း အသာအယာ ဆံတော် များကို ဖြီးလျက် ရှိလေ၏။

ထိပ်စုဖုရားလတ်လည်း ဆံတော်အရှင်းခံရင်း မင်းသမီးမူရာ ဟန်ပန်နှင့် ပရိသတ်အတွင်း သို့ ဝင်တော်မူရန် အကြံတော်အိုက်လျက် မျက်နှာထား မလုံမည့်အရေးကို တွေးတော စိုးရိမ်တော်မူလျက် တစ်ချက်တစ်ချက်တွင် စူအောင့်လျက်။

"မယ်မယ်ဖျားကလည်း လူများရှက်ပါတယ်ဆိုမှ ဖွတ်အခမ့ခေါ်တော်မူတာပဲ၊ ဟောဒီ သစ်သစ်ကြီးကလည်း အလကားပဲ တင်ပုံ့ဘုရား လုပ်လာတယ်၊ တို့များ ပြုန်းခနဲ ထဘီကြီး ဂတ်ပြီး မသွားတတ်ပါဘူး၊ ပုဆိုးနဲ့ဆို ဟုတ်သေးတယ်"

တစ်ပါးတည်း တွတ်တွတ်တွတ်တွတ်နှင့် ရေရွတ်တော်မူရာ ဆံတော်ရှင်းနေသော ခင်ဘွားသစ်လည်း တခစ်ခစ် ကြိတ်၍ရယ်လျက် ရှိလေ၏။

"ကဲ .... ဆံတော်ရှင်းပြီးပြီ စုထားရဲ့၊ မှန်တော်နဲ့ ရှုစားပါဦး၊ ဒီဆံတုံးကလေး မလှလား၊ 'လလယ်ယုန်ရေ' ခေါ်တဲ့ ဆံထုံးတော်ကလေးပါ။ စုစုနဲ့ အင်မတန် လိုက်တော်မူတာပဲ"

စုဖုရား မှန်ခုံတော်ကို လှည့်၍ရှုစားပြီး

"ဘယ်မလဲလှတာ၊ ဟင် ..... ဆံထုံးကြီးကလည်း အလယ်တည့်တည့်ကြီး၊ စုစု မကြိုက် ပေါင်၊ ဟောဒီလို ဟောဒီလို ..... ဟောဒီလို ဘေးစောင်းစောင်းကလေးမှ ကြည့်နေကျ အတိုင်း လှတယ်ထင်တယ်"

ပြောတော်မူကာ တည့်တည်မတ်မတ် ဇဟိုလယ်တွင် ပုံ့ပုံ့ကလေး ထုံးထားသော ဆံထုံး တော်ကို လက်ယာဘက်သို့ စောင်းငိုက်ကျလာစေရန် အတန်တန် ဆွဲယူလိုက်ရာ တည့်မတ်နေသော ဆံထုံးမှာ လက်ယာဘက်သို့ ခပ်ယွန်းယွန်းကလေး စောင်းငိုက်လာ လေ၏။ အထိန်းတော်ကြီးက ရင်ဘတ်တီး၍

www.burmeseclassic.com

www.burmeseclassic.com

"အမယ်မင်း …… တည့်တည့်ကလေး လှရက်သားနဲ့ ဘယ့်နယ့်ကြောင့် စောင်းပစ်တော်မူ ရတာတုံး စုစုရဲ့"

ပြောလျှင်

"တည့်တည့်မတ်မတ်ကြီးနေတာ စုစု မျက်စိစပါးမွေး စူးတော်မူတာကိုး၊ ခုလို စောင်းစောင်း လေးနေမှ လှတယ်ထင်တယ် (*)

"လုပ်တော်မူပါ၊ ထင်ရာသာ လုပ်တော်မူပါ၊ မင်းသမီးဆိုတာ တည့်တည့်ထုံးရတယ် ဘုရား၊ မင်းသားများမှ သျှောင်ကို လက်ယာဘက် ခပ်စောင်းစောင်း ထုံးကြတာပါ၊ စုစုက ပုဆိုးဂုတ်တော်မူတုန်းက သျှောင်တွဲ တစောင်းကြီး ထုံးတော်မူခဲ့တဲ့အကျင့် ဖျောက်တော် မမူချင်ဘဲဟာကို၊ ကိုင်း …… ကိုင်း …… ပါစေ၊ ချီးတော်ဆောင်သာ ထွက်တော်မူပါ"

"အို ….. နေပါဦး၊ တကတည်းမှပဲ ပွဲကြည့်ဆောင်များ ဘယ်အချိန်သွားမှာလဲ၊ အစောကြီး ရှိသေးတယ်၊ ဖြည်းဖြည်းပေ့ါ၊ ညပွဲတော်မှ မတည်ရသေးဘူး လွန်လွန်းတယ်"

"သြော် ….. သစ်သစ်က 'ပွဲမဂင်ခင် ပြင်ကကျင်းပ' ဆိုတာလို စုထားဖုရားကို ဂုတ်စား ဆင်ယင်ပြီး သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံတွေ ယဉ်သထက်ယဉ်အောင် လက်ထပ်သင်ပေး ချင်လို့ပါ၊ တကတည်း စိတ်တိုတော်မူလိုက်တာကလည်း လွန်ရောကိုဘုရား့ မဖြစ်ပါဘူး တိုင်ဦးမှပါပဲ"

"ဟင် ….. ဘာတိုင်မှာလဲ၊ ဘယ်သူ့များ တိုင်မှာလဲ သစ်သစ်ရဲ့ မယ်မယ်ဖုရားကိုလား"

"မဟုတ်ပါဘူးဘုရား့ ဟို … နန်းဦးမှန်စီကျောင်းတော်က …"

"အမယ် … တယ်ကြောက်ပါလိမ့်"

ခင်ဘွားသစ်က ရင်းနီးသော အထိန်းတော်ကြီးပီပီ ခပ်ငေါ့ငေါ့ မျက်နှာထားနှင့် "ယုံပါတယ် ဘုရား၊ သစ်သစ်ရဲ့ ထိပ်စုဖုရားအကြောင်းကို သစ်သစ် အသိဆုံးပါ၊ စုထားဖုရားက ချစ်အားကိုးနဲ့ နွဲ့ဆိုးကြီး ဆိုးတော်မူပြီး နိုင်ထက်စီးနင်း ပြုတော်မူမှာတွေကို ဟို ….. ရွှေကိုယ်တော်ကလေးက လူအေး၊ သဘောကောင်း၊ စိတ်ထားတော်က ပျော့ပျော့ပျောင်း ပျောင်းမို့ စုထားဖုရားရဲ့ ဖွဲမျိုးကို ကောင်းကောင်း ကြီး အလိုလိုက်ပြီး အကြိုက်ကို ပြုတော်မူ နေရရှာမှာ စုစုက မကြောက်တော် မူဘူးဆိုတာ တော့ ပုံသေကြီး ယုံကြည်ပါတယ်"

လျှောက်လျှင် စုဖုရားကလည်း ပြုံးပြုံးကြီး ရှုစားတော်မူကာ-

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လေလေ၊ စုစုကို ခမည်းတော်နဲ့ မယ်ဖွားး အလိုတော်လိုက်ထားတာ ခံတော်မူရသလို ဟို ... မောင်တော်ကလည်း အလိုတော်လိုက်ပြီး အကြိုက်ကို ပြုတော်မူရမှာ မင်းသား ဆိုတဲ့မာန်နှင့် ဟန်ကြီး ပန်ကြီးများ လုပ်တဲ့နောက် စုစုကလေ ဘယ်သူ့မှ မကြောက်ပေါင်၊ ဣန္ဒဂံသမင်းသားက နမတော် ပဂုတာရီ စုဖွားလေး ကို အရေးပေးပြီး မြှောက်စားတော်မူ တာထက်မပိုရင် သူ့ကိုလည်း စုစုက မချစ်ချင်ဘူး သိလား သစ်သစ်"

သစ်။ ။ "ဘယ်(သူ့)ကိုလဲ စုထားဖုရားရဲ့၊ ကွဲကွဲပြားပြား မိန့်တော်မူစမ်းပါ၊ ဒီအနေ ကျမှ အမေ့ကို ရှက်ဟန်နှင့်ဖိုပြီး လုံးလုံးကြီး ဘူးကွယ်မနေပါနှင့်"

ပြုံးစိစိနှင့် လျှောက်ရာ

စု။ ။ "ဟာ ... သစ်သစ်ကလည်း သိသားနဲ့ လာပြန်ပြီ"

သစ်။ ။ "ဘာကိုသိရမှာလဲ စုထားဖုရားရဲ့"

စု။ ။ "ဟော ... ခက်ပါပြီ၊ အဲ ... ဒီ ... ဒီအကြောင်းဆိုတာကိုလည်း သစ်သစ် ဘာမှန်းမှ မသိဘူးဗျ၊ ဘယ်က (သူ့)ကို ပြောနေတာလဲ"

စု။ ။ "သိရက်သားနဲ့ မသိချင်ယောင်ဆောင်နေတာ နားလည်အောင် ဘယ့်နယ် ပြောရ မလဲ၊ ကဲ ... ကဲ ... နန်းဦးမှန်စီရွှေကျောင်းတော်က သစ်သစ်ရဲ့ လင်ကြီးအကြောင်း ပြောတာပါတဲ့ သိပြီလား"

သစ်။ ။ "ဩော် ... အဂ္ဂိရပ် ထိုးထိုးနေတဲ့ ဘိုးသူတော် လူပျိုသိုးကြီးလား၊ ဟင် ... ဒါကြီးတော့ သစ်သစ် မလိုချင်ပေါင် ကျပ်တစ်လုံးနဲ့ ညောင်ပင်ကုန်းသွားနေမဲ့ လူကြီးပင်"

မသိချင်ပြု၍ စကားကို လွှဲနေရာ စုထားဖုရားမှာ စိတ်တိုတော်မူလာပြီး

"ကဲ ... ဒါဖြင့် မပြောတော့ဘူး၊ သိရက်သားနဲ့ မသိချင်ယောင်ဆောင်ပြီး စကားကို ကွေ့ရှောင်နေတဲ့ဥစ္စာ ဘယ်တော့မှ နားလည်တယ် ပြောမှာမဟုတ်ဘူး၊ ဒီတော့ ပြောလည်းမပြောဘူး၊ ချိုးတော်ရေလည်း မသုံးတော့ဘူး၊ ပွဲကြည့်ဆောင် ထွက်တော်မမူ တော့ဘူး"

စူဆောင့်မိန့်ကြား စိတ်ကောက်၍ သွားသည်တွင်မှ ခင်ဘွားသစ်လည်း ခြေမကိုင်မိ လက်မကိုင်မိနှင့် အမျိုးမျိုးချော့ကာ

"စိတ်ကောက်တော်မူပါနဲ့ စုထားရယ်၊ သစ်သစ်က အလကား ရယ်စရာဖြစ်အောင် ရွှေစိတ်ကောက်ကို စမ်းနေတာပါ၊ ဒီအကြောင်းရော၊ သူ့ရော သစ်သစ် အားလုံးသိပါတယ်၊ မပြောတော်မူချင်လဲ သိပြီးမို့ မထူးပါဘူး၊ ကိုင်း ... ကိုင်း ထတော်သာမူပါ၊ ကိုယ်တော် ကလေးက စုစုကို အလိုတော်လိုက်တဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com

ကုန္တဂံသမင်းသားက နမတော် ပဂုတာရီကို အလိုတော်လိုက်ပြီး ကြီးမားတဲ့ မေတ္တာတော်နှင့် သည်းခံတော် မူတာထက် ဆတစ်ရာ လွန်ကဲပြီး အများကြီး အလေးချိန်ပိုလို့ အလိုတော်လိုက်ပါလိမ့်မယ်။

"စုစု မကြိုက်တော်မူတာဆိုလို့၊ အို ... ကုန်ကုန်လျှောက်တင်ပါရစေ၊ ကုန္တဂံသမင်းသားနှင့် တကွ တခြား မင်းညီမင်းသားတွေ ရှင်ဘုရင်တွေ သူတို့ထုံးစံကြီးတစ်ခုလို ဖြစ်နေတဲ့ မိဖုရား အပိုထားမှုတွေပါ စုထားဖုရားရဲ့ လက်ထက်တော်ရောက်ရင် ထုံးစံကြီးကို ဖျောက်လို့မို့ တစ်ယောက်ဆိုမှ တစ်ယောက်တည်း အမေတို့ ထိပ်စုဖျားတစ်ပါးမှလွဲလို့ အချစ်တော် ပဋိညာဉ်ပေးပြီမို့ တွေးပြီး ပူတော်မူစရာ မလိုတော့ပါ၊ ကဲ ... ကဲ ... ချိုးတော်ရေ သုံးတော်မူဖို့ အချိန်သင့်ပါပြီ၊ မှန်ဆောင်တော်မှ ကြွတော်မူပါတော့ စုထားဖုရားရဲ"
ပြောပြောဆိုဆို တွဲတွဲမမနှင့် ယုယစွာ ခေါ်လေရာ-ထိပ်စုဖုရားကလည်း သုန်မှုန်ရာက မျက်ထားတော် ကြည်လင်လာပြီး-

"အင် ... 'ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲလှတယ်' ဆိုသလို ကိုယ်တို့ အထိန်းတော် ကြီးမှာလည်း ရှေ့နေတော်ကြီး ဖြစ်မှန်းမသိ ဖြစ်နေပါကလား၊ မောင်မောင့် ကိုယ်တော်စား ဟောဒီ သစ်သစ်ကြီး ပြောတဲ့ စကားနဲ့ပဲ အားရတော်မူစရာကြီး ဖြစ်နေပါပြီ"

ပြုံးပြုံးရယ်ရယ် မိန့်တော်မူပြီး အထိန်းတော်ကြီးနှင့်အတူ ချိုးတော်ရေ သုံးတော်မူရန် ထွက်တော်မူ လေရကား အဆောင်တော်တွင်းတွင် ကျန်ရစ်သော ခင်မကြီး အမှူးရှိသော အပျိုတော်များမှာ ထိပ်စုမြတ်ဖျား အဆင့်သင့်ဆင်တော်မူစရာ ဂတ်လဲတော် ရွှေကလပ်များ ပြင်သူပြင် ပန်းတော်ကလပ်၊ နံ့သာရေကလပ်၊ ဆံတော်ရှင်းရန် ဘီးကလပ်များနှင့်တကွ ရတနာခုနစ်ပါးဖြင့် စီခြယ်အပ်သော မယ်တော် မြတ်ဖျားထံမှ သနားတော်မူလိုက်သည့် အဖိုးထိုက် အဖိုးတန် လည်ဆွဲတော် ဘယက်တော်၊ နားတောင်းတော် လက်ဂတ်တော်များ တင်သည့် ရွှေကလပ်တော်များကို မှန်ဆောင်တော်ထဲတွင် အသီးသီး ပြင်ဆင်လျက် ရှုပ်ယှက်ခတ် အလုပ်များ၍ နေကြလေ၏။

* နန်းမတော်မယ်နုကို ဆိုလိုသည်။

အခန်း (၁၁) မျှော်
အခန်း (၁၁)

ထိုအချိန်တွင် နန်းဦး မှန်စီရွှေကျောင်းတော်၌ လောင်းရှည်မြို့စား မိဖုရား သီရိမဟာ သုပဘာဒေဝီသည် သားတော် သီပေါမင်းသားထံသို့ အလည်ထွက်တော်မူလာပြီး ဆရာတော်ဘုရားကြီးနှင့် အလ္လာပ ပြောဟော လျှောက်တင်နေရာက ဆရာတော်ကြီးမှာ ဘုရားဂတ်ပြုတော်မူရန် အချိန်နီးကပ်လာသဖြင့် သားမယ်တော် နှစ်ပါးစကား ဆွေးနွေး တော်မူကြရန် အေးအေးလူလူ ကျောင်းဆောင်စွန်းသို့ ထွက်တော်မူလာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မယ်တော်။ "သားတော်မောင်၊ ပထမပြန်ဆိုတော်မူစရာဖြင့် အခါတော်နီးလှပြီ၊ ဒီနှစ် လည်း ချောချော မောမောနှင့် အောင်မြင်ပြီးစီးပါစေ ဆိုတာ နေ့စဉ် မယ်မယ် ဆုတောင်းတော်မူ နေရတယ်၊ မောင် ကိုယ်တိုင် ဘယ်လို သဘောရ တော်မူပါသလဲ"

သားတော်။ "သားတော်လည်း ဒီနှစ်ဟာဖြင့် နောက်ဆုံးကြိုးစားတော်မူခြင်းဖြစ်တဲ့ အတွက် အားတက်သရော စိတ်ဇောသန်သန်နှင့် သင်အံကျက်မှတ်နေလျက် ဖြစ်ပါတယ်၊ ပထမတစ်နှစ်နဲ့ ဒုတိယနှစ်မှာပင် လွယ်လွယ်ကူကူ အောင်ပန်းဆွတ်ယူခဲ့ရသဖြင့် ယခုနှစ် နောက်ဆုံးပွဲမှာလည်း မခဲယဉ်း လှဘူးလို့ သဘောရပါတယ် မယ်မယ်ဖျား၊ သားတော် ကြိုးစားရကျိုးနပ်ပါလိမ့်မယ်"

မယ်တော်။ "သာဓု ... သာဓု ... သာဓု သားကောင်း သားမြတ်ကို မွေးရတဲ့ဆုနဲ့ ပြည့်စုံ ခဲ့ပြီလို့ မယ်မယ်ဖျားဖြင့် ဂမ်းသာလို့ဆုံးတော်မမူနိုင်ဘူး၊ သားတော်၊ ရှိတော်မူသမျှ သားတော်တွေထဲမှာ မယ်မယ့် သားတော်မောင်ဟာ ပိဋကတ် ကျမ်းဂန်၊ စွမ်းသန်ရင့်ကျူး ပါရမီထူးလှပါပေတယ်။

"ခမည်းတော် ရွှေနန်းဘုရားမှာလည်း သားတော်အတွက် အားရတော်မူနေတာပဲ၊ ကောင်းကင်အဇ္ဇာ၊ ထက်အာကာမှာ ကြယ်တာရာတွေ ပွင့်မြူးလို့ ရောင်မျိုးစုံကြူးကြ သလို ကိုယ့်အရောင်အဂါနှင့် ကိုယ်၊ ထိုက်တန် သလောက် တောက်ပကြပေတဲ့ ကြယ် တကာ့ကြယ်တကာမှာ 'သောကြာ'ဆိုတဲ့ ကြယ်ရတနာ ကြီးဟာ အခြားသော ကြယ်တာ ရာများထက် အရောင်အဂါအားဖြင့် မနှိုင်းသာအောင် သာလွန်ထူးကဲ ပိုမို မြဲဖြစ်တယ်"

"ပေဘူလတောင်ထိပ်မှာ တဖိတ်ဖိတ်တလက်လက် ရောင်မျိုးစုံထွက်နေတဲ့ ကျောက်မြက် ရတာ တလင်းကြီးတွင် ရှိရှိသမျှ ရတနာတွေဟာ ဆိုင်ရာဆိုင်ရာ ကိုယ့်အင်ကိုယ့်အား အထိုက်အလျောက် အရောင်အဂါ တောင်ပကြပေတဲ့ ရတနာ့ရတနာမှာ မနောမယ ပြည်တန်မြခေါ်တဲ့ ရတနာကြီးတစ်လုံးဟာ အားလုံးသော ရတနများထက် အရောင်အဂါ ထွန်းတောက်၍ ထိပ်ခေါင်ထိပ်ပန်းသို့ ရောက်ရပေတယ်"

"ရတနာပုံ မြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဂရှင်မင်းတုန်းမင်းတရားကြီးရဲက ရွှေရင်တော်နှစ်၊ သားတော် ချစ်ရတနာများဟာလည်း မဟာဆီ မဟာသွေး မင်းသား မင်းမြေးတွေပီပီ ဘုန်းကမ္ဘာနှင့် ပညာဉာဏ် ကိုယ်စီကိုယ်ငှ ပြည့်ဝစုံလင်တော်မူကြပေတဲ့ အဲဒီလို သားတော်တွေ၊ သမီးတော်တွေထဲမှာ လည်း မယ်မယ့်သားတော်မောင်ဟာ ထူးထူး ကဲကဲ သုံးပုံသော ပိဋကတ် ကျမ်းဂန်များကို ချောက်ချား မွှေနှောက် သုံးနှစ်မြောက်အောင် ပထမပြန်ဆောင်တော်မူနိုင်တဲ့ သတ္တိဂုဏ်၊ ပညာဂုဏ် ကျေးဇူး ကြောင့် အထူးထင်ပေါ် ကျော်စောပြီး သီပေါကိုယ်တော်ကလေး သီပေါ ကိုယ်တော် ကလေးနဲ့ ရွှေနန်းတော်ကြီး ပေါ်မှာ အတော်သတင်းမွှေးနေပြီ မောင်မောင်၊ နောင်တော် မင်းသားကြီးတွေ တန်ခိုး ထက်လို့ ကျော်စော ထင်ရှားတာကတစ်မျိုး၊ သားတော်မောင်ရဲ့ ဂုဏ်သတင်း တသင်းသင်းမွှေးပုံက တစ်မျိုး မောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ခမည်းတော် ရွှေနန်းရှင်ဘုရားကလည်း ပညာဉာဏ်အမြော်အမြင် ရင့်သန်တော်မူပြီး စာပေကျမ်းဂန် တတ်မြောက်ကျွမ်းကျင်၊ ပဥ္စမသင်္ဂါယနာတင်တဲ့ သာသနာ့ဒါယကာ မဟာ ဓမ္မရာဇ်မင်းကြီးတစ်ပါး ဖြစ်လေတော့ ရင်သွေးတော် ရတနာတွေထဲက ဘွားခနဲ ပိဋကတ် အာဂုံဆောင်နိုင်တဲ့ အဖိုးတန် သားကောင်း တစ်ယောက် ပေါ်ပေါက်လာတဲ့အတွက် ဂမ်းမြောက်အားတက်ပြီး ချီးမြှင့် သူကောင်းပြုတော် မူလို့ မရောင့်ရဲ နိုင်အောင် ရှိတော်မူရှာ ပေတယ်"

"ကြိုးစားပါ သားတော်မောင်ရယ်၊ အစကောင်းသလောက် အနှောင်းသေချာပါစေ၊ မယ်မယ်ဖျားမှာ သားတော်အတွက် အများကြီး မျက်နှာပွင့်လန်းခွင့် ရှိပါတယ်၊ ထွန်းထွန်း ကားကားနဲ့ သားတော်မောင် ကြီးပွားတာကို မယ်မယ်မသေခင် အင်မတန်မြင်လိုတယ် မောင်ရင်ရဲ့"

သားတော်။ ။"အစစအရာရာ မယ်မယ်ဖျားဖျား စိတ်ချမ်းသာတော်မူအောင် သားတော် မောင် ကြိုးစားပါ့မယ်၊ ဒီနှစ် နောက်ဆုံးပွဲကို ဝင်နွှဲတော်မူပြီးနောက် ကြီးပွားရာ ကြီးပွား ကြောင်းနှင့်တကွ မယ်မယ်ဖျားရဲ့ ဂုဏ်ကျေးဇူးကို အထူးဆပ်နိုင်ပါရန် အမြန်ကြိုးစားပါ တော့မယ်"

မယ်တော်။ ။"ဩော် ... မောင်ရင် ယခုနှစ်မှ စိတ်ပြောင်းတော်မူလာပြီလား"

အနည်းငယ် အံ့အားသင့်ဟန်နှင့် မေးတော်မူရှာ သီပေါမင်းသားလည်း ရုတ်တရက် မည်သို့မျှ မတင်လျှောက်သာသဖြင့် အတန်ကြာ ငြိမ်သက်တော်မူနေပြီးမှ-

သားတော်။ ။"မယ်မယ်ဖျား သားတော်ကို ဘယ်ပုံကြောင့် စိတ်ပြောင်းတယ်လို့ မိန့်တော် မူရပါသလဲ"

မယ်မယ်။ ။ "အခြားဟုတ်ပါရိုးလား မောင်ရင်၊ ယခင်တုန်းကတော့ သာသနာ့ဘောင် မှာ ပျော်မွေ့ရတာ အလွန်တရာ အေးမြချမ်းသာတဲ့အတွက် လူထွက်တော်မမူချင်တော့ဘဲ တစ်သက်လုံး သင်္ကန်းဝတ်ကြီးနှင့် အရိုး ထုတ်တော်မူချင်ပါတယ်၊ ခမည်းတော်ဘုရားက လူဝတ် လဲပြီး ချီးမြှင့်သူကောင်းပြုမှာကိုပင် လက်ခံတော်မမူချင်သလိုလို မိန့်တော်မူနေကျမို့ မယ်မယ်ဖျားကပင် မတော်ကြောင်း ခမည်းတော်ဘုရား အလိုတော်ကို ဘယ်အခါမှ ဆန့်ကျင်မှုမပြုစေရန် အတန်တန် သတိပေးမြဲ ဖြစ်တယ် မဟုတ်လား၊ ယခု ဒီနှစ်တော့ သားတော်မောင် အလိုတော်ကပင် လူထွက်တော်မူချင်တဲ့ ဟန်ပန်နှင့် တောသံတောင်သံ တွေ ပေးလာပါကလား၊ ဘယ်အာရုံတော်များ ငြိစွမ်းသွားလို့လဲ မောင်ရဲ့"

မပြုံးတပြုံး မိန့်တော်မူတော့မှ သားတော်ကလည်း အိုးမလုံအုံပွင့်ဘိအလား သွားတော် များပေါ်အောင် ပြုံးတော် မူလိုက်လျက်

သားတော်။ ။ "လောကဓမ္မတာ၊ မရှောင်သာတဲ့လမ်းပါ မယ်မယ်ဖျားရဲ့၊ ဒီလိုအငြိ သင်္ကန်းတော်နှင့် ပျော်တော်မူဖို့ပါ၊ ယခုလို တွေ့ကြုံငြိစွမ်းရတာကိုပင် မယ်မယ်ဖျား အလိုတော်ကျ

www.burmeseclassic.com

www.burmeseclassic.com

လောကလူ့ဘောင်မှာ ဘုန်းတေဇာ တလျှမ်းလျှမ်းနှင့် ရွှေနန်းပေါ်မှာ ထွန်းကားနိုင်စရာ လမ်းစကောင်းတစ်ခု ဖြစ်ပါတယ် မယ်မယ်ဖျားရဲ့"

မယ်တော်။ ။"ကောင်းပါတယ်၊ ကောင်းပါတယ်၊ မယ်မယ်လည်း ကျေနပ်တော်တော် ကြီး မိဘွားသစ်တစ်ယောက် မကြာမကြာ ဂင်ထါက်နေတယ်လို့ မောင်တုတ်အမေက မယ်မယ့်ကို သံတော်ဦး တင်ဖူးတယ်၊ သားတော်မောင် ငြိတွယ်တဲ့အာရုံဟာ မြတောင် မြို့စားစုလတ်ပင် ဖြစ်လေရော့ သလားကွယ်"

သားတော်။ ။ "မှန်ပါ မယ်မယ်ဖျား ထင်တော်မူတဲ့အတိုင်းပါ"

ဒီဒီ လှည့်လည်ဆိုးနွဲ့နေတော်မူတုန်းပါကလား၊ ယောကျ်ားကလေးလို ဟိုဟိုတော့ စိတ်တော်ကလေး ကလည်း ခပ်ကြမ်းကြမ်း၊ ခပ်ဆတ်ဆတ်မို့ မောင်ရင်တို့ကိစ္စက အရှည် သဖြင့် ချောမော့ကြပါမလား၊ ခမည်းတော် ဘုရားကလည်း လိုလားညီညွတ်တော်မူပါမလား ဆိုတာ စဉ်းစားဖို့ အခွင့်အရေးက ရှိသေးတယ်၊ အစစအရာရာ ညီညွတ်ကြမယ်ဆိုရင်ဖြင့် အတိုင်းထက်အလွန် တံခွန်နှင့် ဘုရားပါပဲ၊ သူ့မယ်တော် အလယ်နန်း မမကလည်း အစွမ်း အစမနည်းဘူးမောင်ရင်၊ ရှေ့အရေးဆိုလျှင် အလယ် နန်းမမ သာ တွင်တွင် ကျယ်ကျယ် တန်ခိုးထွက်တော်မူဖို့ ရှိတော့တယ်"

"အစ်မတော် မိဖုရားခေါင်ကြီး နတ်ရွာစံ ကံတော်ကုန်ပြီးသည့်နောက် အလယ်နန်းမတော် မမသာလျှင် အထွတ်အထိပ်ရောက်တော့မယ်၊ သူ့မှာလည်း သားယောကျ်ားထွန်းကား တော်မမူတဲ့အတွက် သမက်တော် ရမည့် မင်းသားများမှာ 'ရေမြင့်၊ ကြာတင့်' ဆိုသလို အများထက် ဘုန်းတန်ခိုးပိုကဲလို့ ရွှေနန်းတော်ထဲမှာ အကဲရောက်နိုင်စရာပဲ၊ သို့သော်လည်း အလယ်နန်းမရဲ့ အလိုတော်နဲ့ ညီညွတ်မယ်၊ မညီညွတ်ဘူး ဆိုတာ ဘုရားရဟန္တာများလို ဒိဗ္ဗစက္ခုနှင့် မမြင်နိုင်တဲ့အတွက် တစ်ချက်လွှတ် ယုံကြည် စိတ်ချဖို့ ခဲယဉ်းသေးတယ် မောင်ရင်"

သားတော်။ ။ "သိသာသိစေ မမြင်စေနဲ့၊ မြင်သာမြင်စေ မထင်စေနဲ့ ဆိုတာလို သတိ ဆိုသည်မှာ ပိုသည်မရှိသဖြင့် သားတော်မောင် ယခုတွေ့ကြုံ ဆက်သွယ်နေသော အရေး ကိစ္စများကို မည်သူမှ မကြားသိ မရိပ်မိနိုင်အောင် လျှို့ဝှက်ဖုံးဖိ၍ ထားတော်မှာလဲ သားတောင်မောင်အပေါ် တော်တော်ဂရုပြုပြီး ချီးမွမ်းတော် မူနေတယ်ဆိုတာ ယုံကြည် လောက်သော သူများထံမှ သဲလွန်စသတင်းများ ကြားသိ ရပြီးဖြစ်တဲ့အတွက် မိကြီးတော် ဘုရားအတွက်နှင့် ပတ်သက်၍ အနှောင့်အယှက် မဖြစ်နိုင်ဘူး လို့လည်း အနည်းငယ် အားတက်တော်မူမိပါတယ်"

မယ်တော်။ ။ (အနည်းငယ် စဉ်းစားလျက်) "အို ... မောင်ရင်ပြောတာ ဟုတ်လိမ့်မယ် ထင်တယ်၊ လွန်ခဲ့တဲ့ သုံးလေးလဆီက ရွှေနန်းရှင်ဘုရား မီးပုန်းကြီး ရှုစားတော်မူတယ်၊ အရင့်အရင်က ဘာသိဘာသာ နေတော်မူခဲ့ပြီး ယခုမှ အရေးတစ်ခုပြုပြီး ရှုသားပြုံးရယ် တယ်ဆိုတော့ နည်းနည်းထူးတာပဲ မောင်ရင်ရဲ့၊ အနို့ ... ပြီးတော့ လွန်ခဲ့တဲ့ တပေါင်းလ သဲပုံစေတီ

www.burmeseclassic.com

www.burmeseclassic.com

အလှူတော်ရေစက်ချမှာ တစ်ကြိမ် တွေ့တော်မူ ကြတဲ့အခါ အရင်လို မျက်မှန်း တမ်း ရှူစားပြီး ပြုံးရယ်သွားတော်မူရုံမက ညီမတော် လောင်းရှည် မိမိတို့များ အဖိုးတန် သားတော်ရတနာတစ်ဦး ထွန်းကားတော်မူထားရလို့ အများကြီး အားတက်တော် မူမှာပဲ နော်၊ မမတို့မှာတော့ သားတော်ကောင်းရတနာရယ်လို့ တစ်ပါးတစ်လေမှ မထွန်းကား လို့ သူများ ကုသိုလ်ထူးတာကိုပင် ကြည်နူးရတော့တာပဲလို့ မောင်ရင်ကို ချီးမွမ်းတော်မူတဲ့အသံ နှင့် အရေးတယူ မိန့်တော်မူတာကို ခံရသေးတယ်၊ ဒီတော့ မောင်ရင်တွေးသလို တွေးမယ် ဆိုရင်လည်း ဒီလိုတွေးတော မှားတယ်လို့ မဆိုသာဘူးထင်တယ်"

သားတော် ။ ။ "မှန်လှပါ ... စစ ညီညွတ်စရာတွေတော့ များနေပါပြီ၊ မယ်မယ်ဖျား သားတော် အတွက်ဖြင့် ဂိတက်၊ ဂီစာရ များတော်မူဖို့မရှိပါ၊ အိမ်တော်မှာ အေးအေးသာသာ, သာ စံတော်မူနေပါတော့"

မယ်တော် ။ ။ "အင်း ... ကောင်းပေ့ါ ... ကောင်းပေ့ါ ... မောင်ရင် သားတော်မောင် ဘုန်းကံမှာ တိုးတက်လို့ မျက်နှာတော် ပွင့်လန်းပြီး သီတဂူယုန်စန်းလို၊ ရွှေနန်းတော် တစ်ခွင်တွင် ကြည်လင်တဲ့ နှလုံးနှင့် တပြုံးပြုံး စံနေတော်မူရပါစေဆိုတာ မယ်မယ်ဖျားက မုဒိတာတရားနှင့် များများကြီး မေတ္တာ ပို့တော် မူနေမယ်"

"ဩော် ... သားတော်မောင်အတွက် အထူးသတိပေးတော်မူလိုက်တဲ့ အချက်ကတော့ အပြိုင်အဆိုင် တက်ချင်တဲ့ ခပ်ထက်ထက် မင်းသားများမသိရအောင် အစစ ပိပိရိရိ လုံခြုံပါ စေ၊ 'မင်းခယောက်ျား၊ ကမ်းနားသစ်ပင်' ဆိုတာလို မလိုသူ တစ်ချက်မွေ့လိုက်မှ လက်တွေ့ သေပွဲဝင်ရတာမျိုးနော်။

"နောင်တော် မြင်ကွန်းကိုယ်တော်ကြီး ကိစ္စပြီးစီးတည်းက ခမည်းတော်ဘုရား စိတ်တော် ထဲမှာ ရင်သွေးရတနာများစွာသော သားတော်များအား မည်သူ့ကိုမျှ ကိုးစားယုံမှတ် တော်မူ ပုံ မရသေးဘူးမောင်ရင်၊ ပညာရှိမင်းမို့ အတိအလင်း ထုတ်ဖော်တော်မမူပေတဲ့ ဘယ် သားတော်အပေါ်ကိုမျှ အမှတ်တမဲ့ နေတော်မမူဘူး၊ အထူးလျှို့ဝှက်စွာ အကဲခတ်တော်မူ နေပုံရတယ်"

ဒီတော့ မသင်္ကာစရာ အရိပ်နိမိတ်ပေါ်လျှင် အထင်တော်လွဲပြီး တစ်ခါတည်း ဒုက္ခ ကြီးကွင်း ကြီး တပ်လိုက်မှာ ကြောက်ရသေးတယ်၊ ဘယ်သူနှင့်မျှ ပလူးပြီး ထူးထူးထွေထွေ ဣန္ဒြေ မပျက်ပါစေနဲ့မောင်ရင် ဟူ၍ အကျိုးအပြစ်တွင် သတိပေးနေတော်မူပြီး နေအတန်နည်းမှ အိမ်တော်သို့ ပြန်ကြွသွားလေရာ

သားတော် သီပေါမင်းသားမှာလည်း မယ်တော်မိဖုရား ဆုံးမသွန်သင်ပြီး အစစ သတိ ကြီးစွာထားရန် မိန့်မှာတော်မူ သည့်အတိုင်း မလစ်မဟင်းရအောင် စဉ်းစားဆေဖန်တော်မူရင်း ရွှေနန်းတောကြီးအတွင်းမှ သော်တာလနန်း၊ ပုဏ္ဏမိန်စန်းအသွင် ကြည်လင်အေးမြလှသော ထိပ်စုဖျားလတ်၏ မျက်နှာတော် ကလေး ကို တရေးရေး ထင်မြင် လွမ်းဆွတ်တော်မူလျက် ရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီ မြလည်ဆွဲကြိုးကို ဆင်ယင်တော်မူလိုက်တဲ့အခါမှ သာပြီးကျက်သရေ ရှိပါတယ်၊ မှန်ခုံတော်ပေါ်မှာ ရှုကြည့်တော်မူစမ်းပါဦး၊ အို ... ဟောဒီ ဆံထုံးတော်ကလေးက ညာဘက်ဘေး စောင်းတောင်မူ နေပုံကလည်း တခြားသော မင်းသမီးတွေနဲ့ အဆင်ကွဲလို့ တစ်နည်းယဉ်တော်မူပါတယ်၊ နွယ်သာကီကြိုးကို ဆင်တော် မမူဘဲ ရေအခဲဆင်အဂါ ကြိုး ကလေး ဆင်တော်မူတာကြောင့် နချင်တိုင်း နတော်မူလိုက်တာ၊ ဟဲ့ ... ခင်မကြီး ကြည့်စမ်း၊ ဟောဒီ ရွှေနန်းတော်ပေါ်မှာ ဘယ်မင်းသမီး ဘယ်လို ယဉ်ယဉ် တို့ထိပ်ခေါင်တင် စုဖျားကိုတော့ လားလားမှ မမီဘူး၊ မယုံကြည့်နော် ပွဲကြည့်ဆောင်တော်ကို ရောက်တဲ့အခါ စုထားဖုရား ထွက်တော်မူ လာတာနှင့် တစ်ပြိုင်တည်း ရှိသမျှ မင်းသမီးတွေ၊ မိဖုရားတွေ ငေးပြီး ရှုစားတော်မူနေကြမှာ မြင်ယောင် ပါသေးတယ်၊ ယောက်ျားကလေးပုံပန်းနှင့် ခပ်ကြမ်းကြမ်း နေတော်မူ တယ်ဆိုပြီး မပြုတတ်၊ မပြင်တတ်နှင့် အယဉ်ဇာတ် မသွင်းရသေး တဲ့ မင်းသမီး အရိုင်းကလေးရယ်လို့ အစက အထင်သေး နေကြတဲ့ နန်းတော်သူတွေကို အမေတို့ စုဖျားက ယနေ့မှ ကြွားပြတော် မူလိုက်ပါ ခင်မကြီးရဲ့."

ခင်ဘွားသစ်က အလှပြင်ဆင်ပြီးသော စုဖုရားလတ်အပါးတွင် အားရဂမ်းသာ အရိပ်ကြည့် ၍ စိတ်ရှိ သလောက် ချီးမွမ်းနေသောအခါ-

စုဖုရားမှာလည်း အရွယ်တော်တိုင်ကတည်းက ဤကဲ့သို့ ကျကျနန လှလှပပ မင်းသမီးပီပီ ဖြီးလိမ်းပြုပြင် တော်မူပြီး ပရိသတ်ထဲသို့ ထွက်တော်မူခဲ့ခြင်း မရှိသေးခဲ့ဘဲ ယခုတစ်ကြိမ်မှ အရဲစွန့်၍ ထွက်တော်မူ ရမည်ဖြစ်လေရာ ဂတ်နေကျ ဆင်နေကျ အသွင်အပြင်မျိုး မဟုတ် သဖြင့် ခပ်ရှက်ရှက်ဖြစ်တော်မူနေရာ ခင်ဘွားသစ်က အနားမှ အားရဂမ်းသာ ချီးမွမ်း နေသည်တွင်မှ အတော် အသင့် စိတ်ပါတော် မူလာပြီး မှန်ခုံတော်ထဲတွင် စိတ်ဂင်စားစွာ ရှုစား တော်မူလိုက်ရာ ခင်ဘွားသစ် အပြော ထက်ပင် ပို၍ယဉ်ပြီး အဆင်ပြေလျက် ရှိသည် များကို တွေ့တော်မူသဖြင့် ဤအဆင်အပြင်နှင့် ပွဲကြည့်ဆောင် သို့ ဂင်တော်မူရမည်မှာ ရှက်ရွံ့စရာ မဟုတ်ကြောင်း စဉ်းစားတော်မူမိစဉ် အပျိုတော် ခင်ဘုန်း ဂင်လာပြီး-

"ပွဲကြည့်ဆောင်တော်မှာ အစ်မတော်များပါ အစုံအညီ ရောက်တော်မူနေပါပြီဘုရား၊ မယ်တော်ကြီး ဖျားကလည်း အရှင် ထိပ်စုဖျားလတ် ထွက်တော်မူမလာသေးဘူးလားလို့ မေးတော်မူနေပါတယ်၊ ယခု ထွက်တော်မူ သင့်ပါပြီဘုရား"

လျှောက်တင်လာသဖြင့် ခင်ဘွားသစ်ကြီး ပျာယာခပ်သွားပြီး-

"ကဲ ... ထွက်တော်မူပါတော့ စုထားဖုရား၊ ဟဲ့ ... နောက်တော်ပါးကပါမဲ့ အပျိုတော်တွေ လာကြလေ၊ ခင်မကြီးတို့တစ်တွေ ပြီးကြပြီလား၊ ညည်းတို့လည်း တော်အောင်လုပ်မလာနဲ့ အေး၊ အပျိုတော်ချင်းတူရင် တို့စုဖျား အပျိုတော်တွေက ပိုပြီးလှကြပါစေ"

ပြောလျှင် စုဖျားက ပြုံးပြီး-

www.burmeseclassic.com

"အင်း သူများသာပြောနေ သစ်သစ်တော့ ပြီးပလား၊ ဟိုရောက်မှ တခြားမင်းသမီး အထိန်းတော်ကြီးတွေက ပိုလုနေရင် သစ်သစ်ကြီး ခက်နေမယ်"မိန့်တော်မူသဖြင့် ခင်ဘွားသစ်လည်း-
"အလို ဟုတ်ပ"

ပြောကာ မှန်တင်ခုံသို့ ကပျာကယာသွားပြီး ဆံထုံးများ ထိပ်ဆံများ၊ သပ်သပ်ရပ်ရပ်ပြုကာ နံ့သာမှုံများ တို့လျက် ဖဲပဂါ အသစ်တစ်ထည်ကို ဆွဲ၍ လောဘဲတင်ခြုံလိုက်ကာ ကတိုက် ကရိုက် ထွက်လာခဲ့ပြီးလျှင် အပြင်ဆောင်တွင် စောင့်စားတော်မူလျက်ရှိသော ထိပ်စုဖျား လက်ကို တွဲမကာ ပွဲကြည့်ဆောင် တော်ရှိရာ သို့ ထွက်လာကြလေ၏။

ကျယ်ဂန်းသားနားလှသော ပွဲကြည့်မှန်ဆောင်တော်ကြီးမှာ ပျော်ခန်း၊ ရွှင်ခန်း၊ ကာမဂုဏ် စည်းစိမ် ယစ်မူးခန်း၏ အချုပ်အခြာဖြစ်သော ဌာနကြီးဖြစ်လေရာ အဆောင်တော်ကြီး တစ်ခုလုံးမှာ ဖန်မှတ်ဆိတ်၊ ဖန်ပဒေသာတို့ဖြင့် ပြုပြင်ခြယ်လှယ်အပ်ပြီး မှန်နံရံ၊ မှန်မျက်နှာ ကြက်၊ မှန်စီရွှေချပန်းခက်တို့ကို စိန်ကျောက်ပတ္တမြား၊ မြသားနီလာစီစဥ်ကာ ခြယ်ခပ်ဘိ အလား၊ ခြူး ပန်း ခြူးနွယ် အသွယ်သွယ်သေ ဒုရင်မှတ်ဆိတ်တို့မှာ ဖန်ရောင်၊ မှန်ရောင် ရွှေရောင်။ ငွေရောင် ပြောင်ပြောင်ဂင်းဂင်း ထွန်းလင်းတောက်ပ အရောင် မျိုးစုံ ဖိတ်ဖိတ် ကြွလျက် ရှိလေ၏။

ဖန်မှတ်ဆိတ်၊ ဖန်ပဒေသာ မှန်ကြာယပ်၊ ဖန်ဆွဲလွဲတို့၌ ရွှေတိုက်တော်တွေ လင်းထားသည် မှာလည်း ပြိုးပြိုးပြောင်ပြောင် နေမင်း၏အလင်းရောင်နှင့် ပြိုင်ဆောင်တုနှိုန်း အံ့မဆုံး ရှိပြီး လျှင် အဆောင်မကြီး ကြမ်းပြင်မှာလည်း ကေရိုမြို့ဖြစ် မွှေးရှည်ကော်ဇောကြီးများနှင့် ဗန်းမော်ကောင်းတုံ ကော်ဇောကြီးများ၊ တရုတ်ဥတည်မင်းတို့၏ လက်ဆောင်တော်များဖြစ် သည့် မှိုင်းလုံးကော်ဇောကြီးများဖြင့် ခင်းကျင်း ထားပေရာ မှန်ရောင်၊ ဖန်ရောင်၊ ရွှေရောင်၊ ငွေရောင်၊ ရတနာရောင်များ၊ ကော်ဇောကြီးနှင့် ရွှေတိုင်ရောင် များမှာ ဖျိုးဖျိုးဖျပ်ဖျပ် ပန်းစား လျက် သုဒဿနတ်နန်းနှင့် အထင်မှားလောက်အောင် ခမ်းနားစွာ ရှိလေ၏။

"မရှိ" ဟူသော စကားကို နားမှ လေသံတရံ မကြားဖူးသကဲ့သို့ သူဇာရွှယ်ညီနတ်ဒေဝီ အလား၊ မြောက်မြား လှသော ရွှေနန်းတော်သူ မူယာကြော့ရှင်း လှယမင်းတို့မှာလည်း ရွှေနန်းရှင် မင်းတရားကြီး အပါးဂယ် ဘယ်ဂယ် ရှေ့နောက် ဂုဏ်ထူးအလျောက် ခစားလျက် ရှိကြလေ၏။

ဝေဇယန္တာနန်းကြီးသခင်၊ အရှင်သိကြားနှင့် တင်စားတူယောင်၊ ပမာဆောင်ရန်သာ ရှိပြီး လျှင် ဘုရင်မင်းတရားကြီးနှင့် မိဖုရား၊ သားတော်၊ သမီးတော်၊ မောင်းမမိဿံ၊ ခြွေရံတော် များ၏ ဘယက်တန်ဆာ၊ ဒွါဒယာတို့မှာလည်း တစ်ခဲနက်ပြိုးပြောင် အရောင်ချင်းယှက် သန်း၊ ရှုမခန်း၊ အံ့မခန်း ကျယ်ဂန်းသော အဆောင်နန်းကြီးအတွင်း နေရောင်ခြည် ထွန်းလင်းသလို တပိုးပိုး တဂင်းဂင်း တောက်ပ ခြင်းကြီးမက တောက်ပလျက်ရှိလေရာ ပွဲကြည့်မှန်ဆောင်တော်အတွင်းတွင် သာယာသော စကြာအာရုံကို ခံစား၍ မကုန်နိုင်အောင် ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဂဲအငြိမ့်၊ ယာအငြိမ့်များမှ သာယာစွာ တီးမှုတ်သီဆိုသံများနှင့် အဆောင်တော်ကြီး၏ အောက်တွင် နန်းတွင်းဇာတ်တော်ကြီးသားများ၏ တူရိယာ တေးဂီတာသံများမှာလည်း ကြည်လင်သာယာလှသော သောတအာရုံကို ခံစား၍ မကုန်နိုင်အောင် ဖွဲ့ဖွဲ့နွဲ့နွဲ့ တွဲ့တွဲ့ လေးလေး ချိုအေးသာယာလှပြီးလျှင် အဆောင်တော်တစ်ဂန်းလုံးမှာလည်း မင်းမိဖုရား၊ သားတော်၊ သမီးတော်များနှင့် မောင်းမမိဿံ ခြွေရံများထံမှ ပျံ့လွင့်ကြိုင်လှိုင်သော သဇင်၊ ဂမုံး၊ ကြက်ရုံး၊ စံပယ် အသွယ်သွယ်သော ပန်းရနံ့များအကျော် စံပယ် နံ့သာကရက်မက်၊ ဂုန်ဂမန်ကတိုးတို့၏ နှစ်သက်ဖွယ်ရနံ့များ အီစလန်လေးတရာ ထုံမာလာ နှင်းရေမွှေးတို့ ချိုအေးသင်းပျံ့သော ရနံ့များ၊ ကျယ်ဂန်းသော အဆောင်တော်တစ်ဂန်းတွင် ဂန္ဓာရုံရနံ့ ကောင်းတို့ဖြင့် ပျံ့လှောင်းထုံသင့်လျက် ရှိ၏။

အချိုအုပ်၊ အချဉ်အုပ်၊ အဆိမ့်အုပ်၊ အပေါင်းအထုပ်၊ အကြော်အလှော်၊ သီးမျိုးစုံ ယိုမျိုးစုံ ပွဲတော်စားတော်အုပ်အမျိုးမျိုးနှင့် မင်းသုံးစိုးထိုက် အမွန်အမြတ် ရသာရုံစာတော် ကလပ်ချင်း အထပ်ထပ် ရှုပ်ထွေးလျက် နှစ်သက်စရာ သုံးဆောင်ဖို့ ဘုန်းခေါင်ဘုန်းဖျား စီမံ ထားသည်မှာလည်း စား၍မငြီး ရသာရုံကို ခံမင်၍ မပြီးနိုင်အောင် ဖြစ်လေသည်။

နှစ်သက်ကျေနပ်၍မဆုံး ရွှင်ပြုံး၍မဂ၊ အာရုံတစ်က အာရုံ အကောင်းတွေစုံလှသဖြင့် လောကစည်းစိမ် ခံစားရာသက်သက်၊ လောကုတ္တရာအကြောင်း မဖက်သည့် ဌာနကြီးဖြစ် သည့်အားလျော်စွာ အဆောင် တော်ကြီး တစ်ခုလုံးရှိ မင်းယောကျ်ား၊ မင်းမိန်းမ ပရိသတ် များမှာ ရွှင်ရွှင်ပြုံးပြုံး ပျော်မဆုံး မော်မဆုံး ဖြစ်နေကြ၏။

တင့်တယ်သော အသရေနှင့် စံနေတော်မူသော မင်းတရားကြီးဘုရားမှာလည်း မိဖုရားနှင့် သမီးတော်များ ခြံရံကာ မွန်မြတ်သော မင်းစည်းစိမ်ကို ငြိမ်သက်စွာ ခံစားတော်မူရင်း နန်းတွင်း ဇာတ်တော်ကြီးကို ရှုစားတော်မူလျက် ရှိလေ၏။

သဘင်ဂန် အမှူးထား၍ များစွာသော နန်းတွင်းဇာတ်တော်ကြီးသား များမှာလည်း လက်ရွေးစင် သဘင်ဘက်တွင် ယှဉ်ဘက်မရှိအောင် သဘင်ဂနတို့၏ ရွေးချယ်စိစစ် ခန့်ထားသော ပညာသည် ညွှန့်ပေါင်းများသာ ဖြစ်ရကား ဇာတ်တော်ကြီးတို့၏ အစီအစဉ်ကို ဆံခြည်တစ်မျှင်မျှ မတိမ်းမစောင်း မရအောင် ထန်းသိမ်းစောင့်စည်း၍ မင်းတရားကြီးတရား နှင့် နန်းတော်သူ နန်းတော်သားများ ရှေ့တွင် အတီးအက၊ အဆိုအမျိုးမျိုးကို မြန်မာသံ၊ တလိုင်းသံ၊ မွန်သံ ပတ်ပျိုး၊ ယိုးဒယားနှင့် ကြိုးကြီး၊ ဘွဲ့ကြီးများ ဘုန်းတော် ဘွဲ့ကြီးကို နားမညောင်းရအောင် ပြောင်းလွှဲဖြေဖျော် အကြည်တော်ဆက်ကြလေ၏။

မင်းတရားကြီးဘုရား၏ အပါးတော်မှ ရှုစားတော်မူနေသော အလယ်နန်းမတော်ဖုရားသည် သမီးတော် စုဖုရားလတ် ထွက်တော်မူလာခဲ့လှသဖြင့် မကြာခဏ မိမိအပျိုတော်ကြီးများ အား မေးတော်မူလျက် ရှိလေ၏။

www.burmeseclassic.com

အပျိုတော်ကြီးများတစ်ဆင့် လက်ပါးစေ အပျိုတော်ကလေးများကို အထောက်တော် သွားစေရာက နောက်ဆုံးတွင် စုဖုရား ထွက်တော်မူလာပြီဖြစ်ကြောင်း လျှောက်တင်ကြမှ စိတ်ချတော်မူပြီး "ငါ့သမီးတော် ပရိသတ်ကြီးစုံမှ ထွက်တော်မူလာပြီး ကိုးရိုးကားရားကြီး များ ဖြစ်နေမလားနော်" ဟူ၍ စိတ်တော်မအေးနိုင် ရှိတော်မူ နေလေ၏။

ပွဲကြည့်ဆောင်တစ်ဘက်မှ ငြိမ်သက်သော ကန့်လန့်ကာ နုနုညက်ညက် မလုမ်းချင်းလုမ်းချင် တစ်လုမ်းချင်း ထွက်တော်မူလာသော စုဖုရားလတ်ကို တွေ့မြင်တော်မူလိုက်ရသောအခါ အထင်တွေးထက် အယဉ် အကျေး ပိုပြီး တကယ့် မင်းသမီးကြီးများ မသာအောင် နွဲ့နွဲ့နှောင်းနှောင်း ပျောင်းပျောင်းပျော့ပျော့ ဖြစ်လာ သည်ကို မြင်တော်မူလျှင် များစွာ စိတ်အေးတော်မူပြီး ပရိသတ် ဗိုလ်ပုံထဲမှ ခမည်းတော်၊ မယ်တော်၊ အစ်မတော်များ ရှိရာသို့ ယဉ်ယဉ်ကြီး ဂင်တော်မူလာသော သမီးတော်ကိုသာ မျက်တောင်မခပ် အားရစွာ ရှုစား တော်မူလေ၏။

အစွန့်အဖျားက ပရိသတ်များနှင့်တကွ အပါးတော်ကြီး ခပ်နီးနီးတွင် ရှိကြသော မင်းပရိသတ်တို့မှာလည်း နွဲ့နွဲ့နှောင်းနှောင်း မူဟန်တော် ပြောင်းလာသော စုဖုရားအား နန်းမျက်စိနှင့် ကြည့်ပါမူ အထက်အခါများက ခပ်ကြမ်းကြမ်း ခပ်မာမာ မင်းယောကျ်ား အသွင်နှင့်သာ တွေ့ခဲ့ရကြောင်း ယခုကဲ့သို့ ရုတ်တရက် နုညက်သိမ်မွေ့ ရွှေနန်းသူဝလေ့ နှင့် ယဉ်၍မဆုံး၊ မွေ့၍မဆုံး၊ နု၍မဆုံး ဘုန်းကျက်သရေ ပြည့်ဝလှပ ကြည်လင်၊ အပြင် အဆင် ပြေပြစ်၍ ကျစ်လစ်သိမ်မွေ့ကန့်လန့်ရှင်ပီပီ ထွက်တော်မူလာသည်ကို တွေ့မြင် ကြရ လျှင် ပွဲကြည့်အဆောင်တော်ကြီးတစ်ခုလုံးအတွင်းရှိ မင်းမိဖုရား၊ သားတော်၊ သမီးတော် များနှင့်တကွ အလုံးစုံသော နန်းတွင်းသား၊ နန်းတွင်းသူတို့မှာ တစ်တိုင်းတစ်ပြည်မှ ကြွရောက်လာသော မျက်နှာစိမ်း မင်းသမီး တစ်ပါးကို တွေ့မြင်ရသကဲ့သို့ လူမှား၍ နေကြ လေ၏။

နောက်ပါ အထိန်းတော်ကြီး ခင်ဘွားသစ်နှင့် ရုံရွှေဘော် အပျိုတော်အပေါင်းကို တွေ့မြင်ရ သောအခါ မယ်တော် အလယ်နန်းမတော်မိဖုရား၏ အပျိုတော်များက ခရီးဦးကြိုပြုကြ လျက် မယ်တော် ကိုယ်တိုင် ကလည်း သမီးတော်အား သလွန်ပေါ် မှ နေရာထိုင်ခင်း ဖယ်ရှား ပေးတော်မူပြီး-

"သမီးတော် စုလတ် ဘောက်မဲ့ နောက်ကျတော်မူသတုံး"

ခပ်ပြုံးပြုံး မိန့်တော်မူလိုက်မှပင်

"ဟင် ... လက်စသတ်တော့ မြတောင်စုဖုရားကလေးပါကလား"

နန်းတော်သူ နန်းတော်သားအချင်းချင်း အတွင်းကြိတ် လက်တို့ကြပြီး တအံ့တသြ ချီးမွမ်း၍ နေကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

"မာချင်လျှင်၊ စိန်သံချောင်း နချင်လျှင်ဖဲ့ဖြဲဖယောင်း" ဆိုသလို ပျော့ပျောင်းပြေပြစ် ပင်တိုင်သူ့မူဟန် ရွှေနန်းစံ သာကီသွေးမို့ ယဉ်ကျေးသိမ်မွေ့လှပါတယ်။

"အဖြီးအလိမ်း အပြင်အဆင်မှာလည်း သူများတကာထက် တစ်ပန်းသာပြီး နည်းခိုးစရာ ဖြစ်နေပါကလား"

မိဖုရား မိဖုရားချင်း၊ သမီးတော် သမီးတော်ချင်း၊ ဆွေတော်၊ မျိုးတော်၊ အထိန်းတော်၊ အပျိုတော်အချင်းချင်း စုဖုရားကို တအံ့တဩ တီးတိုးချီးမွမ်း ပြောဆိုလျက် ဂင်တော်မူလာ သည့်ကာအစ ခမည်းတော် နှင့် မယ်တော်အပါးသို့ ကျိုးရို့ခစားမိသည်အထိ ငေးစိုက်ကြည့်ရှု နေမိကြလေ၏။

မင်းတရားကြီး ဘုရားမှာမူကား မင်းယောက်ျားကဲ့သို့ တကားယား၊ ထိုင်ကားယား၊ ကြွားကြွားမားမားသာလျှင် ရှုစားတော်မူခဲ့ရသော သမီးတော်အား ဤကဲ့သို့ ရုတ်တရက် ချက်ချင်း ပျော့ပျောင်းသိမ်မွေ့ ထီးငွေ့နန်းသွေးပီပီ ခစားလာသည်ကို ရှုစားတော်မူရသော အခါ ရှေးယခင်အခါက နမတော် အလယ်နန်းမိဖုရားနှင့် နစ်ပါးတည်း စံတော်မူခိုက်အခါ တွင် သမီးတော်သုံးပါးအကြောင်းနှင့် ပတ်သက်၍ စကားဆက်မိတော်မူတိုင်း

"အလယ်နန်း မိမိရယ်၊ မိမိ သမီးတော်သုံးယောက်မှာ အကြီးဖြစ်တဲ့ 'မိုင်းနောင်စုကြီး' ကြောင့်လည်း စိတ်မပူဘူး၊ အငယ်ဖြစ်တဲ့ 'ရမည်းသင်း စုကလေး' ကြောင့်လည်း စိတ်မပူ ဘူး၊ ဟောဒီ 'မြတော်စုလတ်'ကိုတော့ စိတ်မချဘူး၊ ကျုပ်များသေရင် ဒီလုံကလေးအတွက် ခက်ရချေရဲ့၊ အစစအရာရာ ဆိုးချင်နွဲ့ချင်တာကလည်း အင်မတန်များပြီး ယောကျ်ား ကလေးများလို ရဲရဲရင့်ရင့်နဲပ စိတ်ကလည်း ထက်ထက် မြက်မြက် ရှိလှတယ်၊ ကျုပ်မရှိရင် သူ့ကို လူစော်ကားတော့မယ်၊ မိမိကိုယ်တိုင် တဖြည်းဖြည်း သင်ကြား ဖျောင်းဖျစမ်းပါဦး၊ မိဘွားသစ်နဲ့ချည့် ပစ်မထားနဲ့'

သမီးတော်အတွက် ရတက်တော်မအေးသဖြင့် အတွင်းရေးကို မိန့်တော်မူခဲ့မြဲဖြစ်ရာ ယခု ကဲ့သို့ သမီးတော် စုဖုရားလတ်၏ ရုတ်တရက် အချိုးပြောင်းပြီး မင်းသမီးပီပီ တည်ကြည် သိမ်မွေ့သော အမူအရာ၊ အပြင်အဆင် အဂတ်အစားနှင့်တကွ နူးညံ့ယဉ်ကျေး ထီးသွေး နန်းဟန်မပျက် အချက်ကျကျ တွေ့မြင် ရှုစားတော် မူလိုက်ရသောအခါ ရွှေစိတ်တော်အေး လျက် နှစ်သက်တော်မူမိသည့်အတိုင်း သမီးတော် စုလတ်ကို အထပ်ထပ် ပြုံး၍ ရှုစားတော် မူနေလေ၏။

အလယ်နန်းတော် မိဖုရားကြီးမှာလည်း မင်းတရားကြီး အလိုတော်တွေ့ပြီဟု အားတက်၍ မဆုံး တပြုံးပြုံးဖြစ်၍ နေတော်မူကာ သမီးတော် စုဖုရားလတ်ကို မကြာမကြာ အရေးတယူ နှင့် မိန့်ခွန်းတော် စကားကြု၍ သူများထက် အလေးမူနေတော်မူပြီးလျှင် အစ်မတော် မိုင်းနောင်စုဖုရားကြီးကလည်း ညီမတော် အမူအရာပြောင်း၍ နွဲ့နှောင်းသိမ်မွေ့လာသည် ကိုပင် ပြုံးရွှင်ကျေနပ်၊ အထပ်ထပ် ယုယကြင်နာ၍ စေတနာတိုးပြီး အချစ်တော်မိုးကြီး စွေဖြိုးရွာသွန်လျက် ရှိတော်မူရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အနီးအပါးရှိ စုဖုရားကြီး၏ အပျိုတော်များအား ညီမတော် စုဖုရားလတ်အတွက် အချိုကလပ်၊ အချဉ်ကလပ်မှစ၍ စားဖွယ်ရာ စားတော်ကလပ် အထပ်ထပ်တို့ကို မပြတ် အောင် ရှေ့တော်သို့ ပို့ဆောင် ဆက်သတော် မူစေ၏။

ယင်းသို့ ခမည်းတော်၊ မယ်တော်များနှင့်တကွ ပွဲကြည့်ဆောင်တော် တစ်ခုလုံးရှိ မင်းပရိသတ်များက မူရာပြောင်းလွဲလျက် ရေးကထက် နူးညံ့ယဉ်ကာ အလှကျက်သရေ တိုးတက်လာသော စုဖုရားလတ်အား လေးလေးစားစား အရေးထား၍ ချီးမွမ်းအံ့ဩသော မျက်နှာထားနှင့် ယုယကြင်နာ၊ အရေးတော် ပါကြစေသောအခါ အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မျက်စိမျက်နှာ မပွင့်အောင် အတွင်းကြိတ် အေးမြင့်၍ သွားပြီး အနီးရှိ မိမိနှင့်အတူပါသူ အပျိုတော် ခင်မကြီး၊ ခင်ဘုန်း၊ ခင်ပေါတို့အား စုဖုရားအတွက်နှင့် 'အရှင်မြင့်၊ ကျွန်တင့်'ဆိုဘိအလား အားတက်ဂမ်းမြောက်လှသော စကားများ လူမကြား အောင် ကြိတ်၍ လက်သိပ်ထိုး ပြောကြားလျက် ရှိလေသတည်း။

ထိုသို့ ကြီးကျယ်ခမ်းနားလှသော လောကီစည်းစိမ်ခံစားရာ ပွဲကြည့်ဆောင်တော်ကြီး အတွင်းရှိ မင်းယောကျ်ား မင်းမိန်းမ ပရိသတ်အပေါင်းတို့မှာ ရွှေရောင်ငွေရောင်၊ မှန်ရောင် ပြိုးပြိုးပြောင်သော ရွှေတိုင်ရောင် အောက်ရှိ အိစက်နူးညံ့သော နေရာထိုင် သလွန်၊ မွန်မြတ် သော ကမ္ဗလာကော်ဇော ထက်တွင် နစ်သက်ဖွယ် သော အဆင်အပြင်နှင့် ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ၊ နံ့သာအထုံ အာရုံစွဲစေသော ဇာတ်တော်ပွဲကြီး တို့ဖြင့် အာရုံခြောက်ပါးကို အလဲလဲ အားရအောင် ခံစား စံစားလျက် စည်းစိမ်တော် ယစ်မူးပြီး အထူးနစ်သိမ့် ပျော်ရွှင် ၍ နေကြလေ၏။

ဂဲယာ အငြိမ့်တို့မှာလည်း တဖြည်းဖြည်း အသံပျောက်၍ အောက်ဇာတ်တော်ကြီးမှ ကျွဲခေါင်းဆောင်း၊ သမင်ခေါင်းဆောင်၊ မြင်းခေါင်းဆောင် စသော ပွဲဦးအကများလည်း ပြီးစီးလျက် လေးဆယ့်ငါးရက် အစီအစဉ် အတိုင်း ကပြခဲ့သော ဣန္ဒာ့ပုဓခေါ် အီနောင် နန်းတွင်းဇာတ်တော်ကြီး၏ ဇာတ်အိမ်ဇာတ်ကွက်ကို ဆက်လက်ပြသရန် အချိန်ရောက်ပြီး ဖြစ်သောကြောင့် နစ်နစ်ခြိုက်ခြိုက် အာရုံစိုက်လေ့ ရှိကြသော နန်းတွင်းသူတို့မှာ ဆိုင်ရာ ဆိုင်ရာ အလျင်းသင့်သူချင်း စကားပြောပဟောနေကြသည်များကို ရပ်ဆိုင်းပြီး ဇာတ်စင်ကြီး ရှိရာသို့ မျက်နှာမူကြလေတော့၏။

ထိုည၌အတွက် ဆက်လက်ကပြရမည့် အခန်းကြီးမှာ ဣန္ဒာပုဓခေါ် အီနောင်နန်းတွင်း ဇာတ်တော်ကြီးမှ တစ်ဆယ့်ခြောက်ညမြောက် ပြသရမည့် သောင္ခသမအခန်းဖြစ်သော ပုပ္ပာနယခေါ် ပွတ်စပါး မင်းသမီးနှင့် လာသံမင်း၏သားတော် စရကားမင်းသားတို့၏ လက်ထပ်အခန်းအနားမတိုင်မီ ပရမီသွာနတ်ကူသို့ ပွတ်စပါး မင်းသမီးသည် မိထွေးတော် အနောက်နန်းမိဖုရားနှင့် နတ်ဂူသို့ဂင်ရာ ဣန္ဒာပုဓခေါ် အီနောင်မင်းသားက ဥပါယ်တံမျဉ် နှင့် လိုက်လံတွေ့ဆုံသော ဂူဂင်ခန်းခေါ် ပရိသတ်အကြိုက်အများဆုံးသော အခန်းကြီး တစ်ခန်း ဖြစ်သောကြောင့် ပဏာမ အကများပြီး၍ အီနောင်မင်းသား၊ ညီတော် သခ်မရတား အထိန်းတော် ပသ္တန္တာတို့ ယိုးဒယားချူချပ်အကနှင့် ထွက်လာကြလျှင်ပင် ပွဲကြည့်ဆောင် တောင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက် ဇာတ်ခုံရှိရာသို့သာ စိတ်အားထက်သန်စွာ ရှုစား၍နေလေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုည၌ ကပြသော အခန်းမှာ ရွှေနန်းတော်ကြီးအတွင်းတော်၌ အသုံးခံရသော အီနောင် ဇာတ်တော်ကြီးတွင် လေးဆယ့်ငါးရက်ပတ်လုံး အခန်းပေါင်း(၂၈)ခန်းမျှ အပိုင်းအခြား ပြသ ရသည့်အနက်မှ ဆယ့်သုံးကြိမ် မြောက် အခန်းဖြစ်သော "ဦးချခန်း၊ ဆယ့်ခြောက်ကြိမ် မြောက် လေလွင့်ခန်းတို့မှစပြီး နှစ်ဆယ့် ခုနစ်ကြိမ်မြောက် ဇာတ်သိမ်းခန်းဖြစ်သော ကျောက်ကောက်ခန်းသို့တိုင်အောင် ပရိသတ် အထူး စိတ်ဝင်စားလျက် နှစ်သက်လှသော အခန်းကောင်းကြီးများဖြစ်၍ ထိုအကောင်းဆုံး အခန်းများအနက်မှ ယခု ညဥ့်ပြသသော 'ဂူဝင်ခန်း'ဖြစ်ရကား ဘုန်းတော်ကြီးလှသော ရွှေနန်းရှင် ဘုရားနှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်များပါ အထူးအာရုံစိုက်၍ ရှုသားတော်မူနေဆဲဖြစ်ရကား ပွဲကြည့် ဆောင်တော်ကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာ အသက်ရှူရန်ပင် မေ့လျော့နေသကဲ့သို့ ရှိကြလေသတည်း။

သို့နှင့် အတန်ကြာသော် ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားလည်း ညောင်းညာတော် မူသည့်နှင့် ရွှေနန်းမ အဆောင်တော်သို့ ပြန်လည်ထွက်ကြွတော်မူသွားလျှင် အချို့ မိဖုရား၊ မောင်းမမိဿံ၊ ခြွေရံ ကျေးကျွန်တို့ နောက်တော်ပါးမှ ပါသွားကြပြီး အချို့လည်း အလယ် နန်းမတော်မိဖုရား အပါးတော် တွင် ပွဲကြည့်ရင်း ခစားကျန်ရစ်ကြလေ၏။

အချို့ မိဖုရားငယ်၊ ကိုယ်လုပ်မောင်းမငယ်များမှာကား ရှေ့ရေး၊ နောက်ရေး၊ တွေးတော ကာ ရွှေနန်းရှင်ဘုရား ဝင်တော်မူသွားသည့်နောက်သို့လည်း မလိုက်၊ မိမိတို့ အဆောင်တော် သို့လည်း ခပ်ပြောင်ပြောင် ပြန်မသွားဘဲ အလယ်နန်းမတော်ဖုရား အပါးတွင် ဣန္ဒြေမပျက် ဆက်လက်နေကြရရှာသူများ ဖြစ်လေရာ အချင်းချင်း လက်တို့ပြီး-

"မမတို့ကလည်း ဘာမှမတွေးဘဲကိုး၊ သွားချင်ရင် ခဏလောက် အခြေမပျက်နေပြီးမှ ပြန်ပါ မှပေါ့၊ မတော်လို့ ဟို အလယ်နန်းဖုရားက ငါ့အပါး မခစားချင်းလို့ သင်းတို့ အတွင်းကြံနှင့် ဂုဏ်ခံထ သွားကြတယ်ထင်ပြီး စိတ်တော်ထဲ ငြိုငြင်သွားရင် မမတို့ မိမိတို့မှာ တိုတို ပြောကြပါစို့ မြေစာပင် အငယ်စား ကလေးတွေမို့ နှစ်ဘက်ဓားနီးလှပါတယ်"

အရှင် မိဖုရားခေါင်ကြီးဘုရား၊ နတ်ရွာစံ ကံတော်ကုန်သွားမှ ဆောင်ရ၊ နန်းရမိဖုရား အသီး သီး ရှိကြတဲ့ အထဲမှာ အလယ်နန်းတော်သခင်ကြီးဘုရား တစ်ပါးသော အကဲပါလို့ အရာ ရောက်ပြီး အထွတ်အထိပ် မြောက်တော်မူရမှာ အမှန်ပဲ မိမိရဲ့"

"ဒီတော့ 'မင်းခစား ကမ်းနားသစ်ပင်' ဆိုသလို အင်မတန် အန္တရာယ်များလွန်းလို့ သတိ ဂိရိယ အထူးထားရမယ်၊ မင်းတို့မျက်စောင်း အကြောင်းသုံးပါး မရွေးဘူးတဲ့ မိမိရဲ့၊ အရာရာ ရှေ့နောက်ကြည့်ပြီးမှ နေပါ၊ ထိုင်ပါ"

ပြောသူကပြော၍ အချို့ကလည်း-

www.burmeseclassic.com

www.burmeseclassic.com

"အို့ ... မမတို့ရယ်၊ နေရထိုင်ရတာ ကျဉ်းကျပ်လှပါတယ်၊ ဘုန်းတော်ကြီးလှသော ဘုရားလည်း ရွှေနန်းဆောင်တော်ထဲ ထွက်တော်မူသွားပြီဟာ၊ တာဝန်မရှိတော့ဘူး၊ ကျွန်မတို့လည်း အိပ်ချင်ရင် ကိုယ့်အဆောင်ကိုယ် ထပြန်ကြရုံ ရှိတာပဲ မဟုတ်လား၊ အလယ်နန်းမတော်ဖုရား မပြန်သေးလို့ တစ်ညလုံး ပွဲရှုစားတော် မူနေရင်ကော ကျွန်မတို့ အိပ်ချက်ရက်နဲ့ ဒီလိုငုတ်တုတ်ကြီး ထိုင်နေရမှာပဲလား မမရဲ့၊ ဒီပြင် ဆောင်ရ နန်းရ မိဖုရားကြီး၊ မိဖုရားလတ်တွေလည်း ဒီလိုပဲ အသီးသီး ကိုယ့်သဘောနဲ့ကိုယ် ပြန်ချင်တဲ့သူ ပြန်၊ ချန်ချင်တဲ့သူ ချန်နေရစ်တာကပဲ၊ ဒီထဲကမှ အမျက်တော်ထားရင်လည်း ခံလိုက်ရုံပေါ့ဟု.. ငေါ်တော့တော့ပြောရာ-

"အို ... မင်းသိင်္ဂါတို့ ပြောလိုက်မှဖြင့် အငေါ်တူးတူးနဲ့ အထူးလန့်စရာ ကောင်းပါကလား၊ တိုးတိုးပြောပါ၊ အရိပ်သုံးပါး နားမလည်ရင် ချေသူငယ် ကျားစာဖြစ်သတဲ့၊ သတိထားဖို့ အကြောင်း သတိပေးတာပါ၊ ဟို ... အလယ်နန်း မိဖုရားကိုလည်း ဒါလောက်ဆိုးတယ်လို့ ပြောသေးတာမှ မဟုတ်ပါဘဲနဲ့ ဒီလိုလုပ်ရင် ဒီလို ထင်သွားချင် ထင်သွားမလားဆိုတာ တွေးတောပြီး ပူမိလို့ သတိပေးတာပါ။ ဖြစ်တတ်တဲ့ သဘာဝမို့ ကျွန်မက တွေးမိတဲ့အတွက် ပြောရတာကိုး၊ ထင်မယ် မထင်ဘူးဆိုတာတော့ ဘုရားသိကြားမှ သိနိုင်မှာပေါ့၊ အထင် မလွဲရင် ကိစ္စမရှိဘူး၊ အထင်လွဲရင်တော့ တစ်နေ့ ရင်ကွဲရပြီသားဆိုတာ မှတ်ထားပါ၊ အထွတ်အထိပ် ရောက်မည့် ဆဲဆဲ ပုဂ္ဂိုလ်တစ်ဦးကို အထူးခစားလို့ မမှားဘူး၊ 'အရှင်မြင့် ကျွန်တင့်' ဆိုတဲ့စကားလို ကိုယ့်ဖို့ကိုယ် ဓာတ်တာတောင် ချီးမြှင့်သူကောင်းပြုတာ ခံရပါလိမ့် ဦးမယ်" အချင်းချင်း လက်တို့ကာ တီးတိုး ပြောဆိုလျက် ရှိကြလေ၏။

အလယ်နန်းမတော်ဖုရားနှင့်တကွ သားမယ်တော်လေးပါးလည်း အချို့သော မိဖုရား မောင်းမ မြွေရံများနှင့် အတူ အတန်ကြာ ပွဲရှုစားတော်မူပြီး လင်းအားကြီးအချိန်ကျမှ အဆောင်တော်တို့ ပြန်ကြွတော် မူလာကြသဖြင့် ပွဲကြည့်ဆောင်တော် ထဲတွင် လူစုကွဲသွား ကြလေရာ ဆီမီးထွန်း အမှုထမ်းသား များသာလျှင် ကြောင်မရှိတုန်း ကြွက်တွေမြူးကြဘိ အလား တသောသော တဟားဟားဖြစ်၍ နေရစ်ကြ လေတော့တည်း။

အခန်း (၁၂) မျှော်

အခန်း(၁၂)

"ပဟိုရ်တစ်ချက်တီးတော့မယ်၊ အရှင်ထိပ်စုဖုရား၊ စက်ရာတော်ကမှ လူးလွန့်တော် မမူသေးပါကလား၊ ပွဲတော်စာ များလည်း အေးတော့မယ်"

ပွဲတော်အုပ် ဆိုင်ရာ အပျိုတော် ခင်ဟောက ပြောလျက် ခင်မကြီးနှင့် ခင်ဘုန်းတို့ လူစုံ ကလည်း ဘီးကလပ်၊ နံ့သာကလပ်များ အဆင်သင့်ထားပြီး ခါနွေနှင့် မိလ္လာတို့က သလွန် အနီးမှ ယပ်လေများ ဆက်လျက် ရှိကြစဉ် အထိန်းတော်ကြီး ခင်ဘွားသစ် ဝင်လာပြီး-

www.burmeseclassic.com

www.burmeseclassic.com

"အလို ... စုထားဖုရား၊ စက်တော်ခေါ်လှချည့်လား၊ နေလည်းမြင့်လှပြီး၊ ပွဲတော်စာအချိန် နှောင်းမှဖြင့် နေထိုင်မကောင်း ဖြစ်တော်မူရင် မယ်တော်ဖုရား အပြစ်တင်ခံရတော့မယ်၊ စုထားဖုရား နိုးတော်မူအောင် နှိုးလေဦးမှပါပဲ"

ပြောဆိုညည်းတွားကာ စက်ရာတော်နံ ဘေးမှ ကျုံ့ကျုံ့ကလေး ဂင်ထိုင်၍ အပြစ်ကင်းမဲ့ သော ကလေးပမာ နှစ်ခြိုက်စွာ စက်တော်မူနေသော စုဖုရားကို ပါးချင်းအပ်ခါ သာယာ ဖြည်းညှင်းစွာ နှိုးလေ၏။

"စုထားဖုရားရဲ့ ထတော်မူပါတော့၊ နေမြင့်လှပါပြီဘုရား၊ စက်တော်ခေါ်ချိန်လွန်ရင် ဘဂင် နံးလို့ ကိုယ်ချိုး တတ်ပါတယ်၊ ချိုးတော်ရေများသုံး၊ ပွဲတော်များတည်ပြီးမှ တစ်ခါစက်တော်မူ ပြန်တာပဲ"

ယုယုယယ လျှောက် တင်သည်တွင် စုဖုရား နိုးတော်မူလာပြီး-

"ဩော် ... စုစု စက်တော်ခေါ်တာ သိပ်နေမြင့်သွားပြီလား သစ်သစ်ရဲ့၊ အင်း ... ညက ပွဲကြည့်ဆောင်မှာ မိုးလင်းခါနီး အောင် ရှုစားတော်မူနေမိတာကိုး"

မိန့်တော်မူကာ စက်ရာထတော်မူ၍ ဖြီးလိမ်း ဂတ်ဆင်တော်မူပြီးသည့်အဆုံး၌ ပွဲတော်များ သုံးဆောင်လျက် ရှိလေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ် အမှူးပြုလျက် အပျိုတော်ကြီးငယ် တစ်စုတို့မှာ ညဥ့်အခါက ကြည့်ရှုလာခဲ့ရသော အီနောင်ဇာတ် ဂူဂင်ခန်းမှ အကြောင်းများကိုလည်းကောင်း၊ ဇာတ်တော်ကြီးမှ အီနောင်မင်းသား ပြုလုပ်သူ ဇာတ်တော်ကြီးမင်းသား မောင်စံတုတ်၏ အဆို၊ အကအကြောင်းနှင့် မင်းသမီး မယင်းတော်ခေါ် ယင်းတော်မလေး၏ အဆိုအကများ ကိုလည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ချီးမွမ်းစကား ပြောသူက ပြောလျက် အချို့ကလည်း ပွဲကြည့်ဆောင်ထဲတွင် တွေ့ခဲ့ရသော မင်းမိန်းမ ပရိသတ်တို့ အတွင်းက ကဲ့ရဲ့စရာရှိသူ တို့ကို ကဲ့ရဲ့၍ ချီးမွမ်းစရာရှိသူကို ချီးမွမ်းစကားများ ပြောကြားခြင်း၊ မိမိတို့အရှင် ထိပ်စုဖုရား ပွဲကြည့်ဆောင်တော်ထဲသို့ ထွက်တော်မူသောအခါက ဘုန်းတော်ကြီးလှသော ခမည်းတော် ဘုရားက အားရရွှင်လန်းသော မျက်နှာတော်နှင့် သမီးတော်ကို အထပ်ထပ် အဖန်ဖန် အပြန်ပြန် ရှုစားတော် မူပုံ အဆောင်တော်တစ်ဂန်းလုံး အထူးအဆန်းကဲ့သို့ စုဖုရားကို ကြွေမြဲမဆည်နိုင်အောင် တအံ့တဩ ရှုစားပြီး တီးတိုးချီးမွမ်းကြသော စကားများ မည်သို့မည်ပုံ ကြားခဲ့ရကြောင်းတို့ဖြင့် အားရပါးရ လက်ပံပင် ဆက်ရက် ကျသလို အတော မသတ်နိုင်အောင် အချီအချ ပြောဆို၍ နေကြလေရာ စုဖုရားမှာ ပွဲတော် စားရင်း တပြုံးပြုံး နားထောင်နေတော်မူရှာလေ၏။

သခင်မျက်နှာသာခိုက်တွင် ပျော်စေပြက်စေ ကလက်စေဟူသော အခွင့်အရေးအတိုင်း လက်ပါးစေ အပျိုတော် ကလေးအစ အထိန်းတော်ကြီးအဆုံး အဆောင်တော်တစ်ခုလုံးရှိ အပျိုတော်ကြီးငယ်

www.burmeseclassic.com

တစ်စုမှာ ထင်ရာကိုပြော၍ တသောသော ရယ်မောလျက်ရှိကြစဉ် ခင်မြဖင်ခေါ် ခပ်ရွှတ်ရွှတ် အပျိုတော်တစ်ဦးက-

"ဒါထက် မမတို့ ညက ကျွန်မ လူကို သေသေချာချာ မြင်လိုက်ကြပြီမဟုတ်လား၊ ပွဲဆက်က များလာလို့ ပါးရိုးကလေးများ နည်းနည်းချောင်နေရှာပြီ"

ပြောလိုက်သောအခါ ဓာတ်သိ အပျိုတော်များက သောခနဲ ရယ်လိုက်ကြသော်လည်း တချို့က တကယ် မသိသဖြင့်-

"ဘယ်သူလဲ ခင်မြဖင်ရဲ့၊ မမတို့ မမြင်မိပါကလား၊ ခင်မြဖင် သဘောကျရင်တော့ လူချော လူလှထဲက ဖြစ်မှာပါပဲ၊ လက်ဖက်ရည်တော်သားထဲကလား၊ ကွမ်းရေတော်သားထဲကလား၊ ပြဲတိုက်တော်ကလား၊ ကိုယ်ရံတော် ထဲကလား၊ ဖိနပ်တော်လား၊ ထီးတော်လား၊ ဆီမီးထွန်း မှူးကြီးတော့ အရုပ်ဆိုးလို့ စိတ်မကူး ဘူး ဆိုတာ အတတ်သိပြီးသားမို့ ထည့်မမေးပါဘူး၊ ကဲ ... ပြောစမ်းပါ ဘယ်သူလဲ သိချင်လှပါပြီ"

ပြောကြမှ ခင်မြဖင်က ခပ်ပြုံးပြုံးနှင့် ဓာတ်သိအပျိုတော်ကလေးများဘက်သို့ လှည့်လျက် မျက်စတစ်ဖက် ချီကာ-

"ပြောလိုက်ကြပါလေ မမတို့ အသိသားပဲဟာ၊ ကိုယ့်ကိုယ်ကိုယ် မဖော်ပါရစေနဲ့၊ ခင်သီတာက မသိသေးလို့ မေးနေရှာပါတယ်"

ဆိုလျှင် ပွဲကျနေသော ဓာတ်သိ အပျိုတော်များဘက်မှ ခပ်သွက်သွက် အပျိုတော် ကလေးတစ်ဦးက ဂင်ထည့်၍-

"အိုး ... ခင်သီတာနယ်နော်၊ ခင်မြဖင်ရဲ့လူဟာ ခုမေးနေတဲ့ အမှုထမ်းသား သာမန်လူစား တွေ မဟုတ်ဘူး၊ နန်းတွင် အပျိုတော်တွေရဲ့ အသည်းကြော် လူချော လူလှ၊ တကယ့် ထူးခြားတဲ့ လူတစ်ဦးပါ၊ မနေ့ညက သူ့လူကို ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားနှင့် တကွ တစ်နန်းတော်လုံး တပြုံးပြုံး ရှုစားခဲ့ကြရပြီ မဟုတ်လား၊ ယိုးဒယားချူချပ်အကနဲ့ ကုလားကကြားထဲက ထွက်လာလျှင်လာချင်း မျက်စကလေး တစ်ဖက်ချီပြီး သူ့ရည်းစားဦး ကြီး ခင်မြဖင်ဆီကို တစ်ချက်ကြည့်လိုက်တာ၊ ဒီတော့ ခင်မြဖင်ကလည်း ဆင်စွယ် ဆံထုံး ကလေးနဲ့ပ ဦးရေစကို ထိုးထိုးပြီး တစ်မျိုးမူလိုက်ပါသော်ကော"

မဟုတ်က ဟုတ်ကနှင့် ရယ်စရာပြောလိုက်သဖြင့် တသောသော ပွဲကျသွားလေ၏။ "မလုပ်ပါနှင့် ခင်မြဖင်ရယ်၊ ဒီပြင်ဟာနဲ့ ကစားချင်ရင် ကစားပါ၊ ခံနိုင်ပါတယ်၊ ဒီအသက် ဘူးကြီးကိုတော့ မထိပါနဲ့၊ ဒီလူ့ကိုကလည်း ခက်ပါတယ်လေ၊ ဇာတ်တော်ကြီးထဲ လိုက်မက ပါနဲ့ မောင်ရယ်၊ အိမ်မှာ အေးအေးကလေး ထိုင်စားနေတော်မူပါ၊ လက်ဖက်ခြောက် ရွှေဖီဖူး ကလေးကို အိမ်ဦးက

www.burmeseclassic.com

www.burmeseclassic.com

ဒူးနန့်သောက်နေတော်မူပါ၊ မြည်းစရာ အချိုအချဉ်တွေကို လိုချင်တာ ထက် ပိုအောင်ထားပါမယ်၊ ဘယ်မှာလဲ မလည်ပါနဲ့ပလို့ မှာရက်သား နဲ့ ကျွန်မစကား နားမထောင်ဘဲ ဒီဇာတ်တော်ကြီးထဲ လိုက်မိအောင် လိုက်ကရတာက လွန်ပါရော၊ ဒီလို ကိုယ့်သားမယားပြောတဲ့စကား နားမထောင်မှုကြောင့် ခု ဟိုအပျိုကပိုး၊ ဒီအပျိုကပိုးနဲ့ အမျိုးမျိုး နာမည်ပျက်ပြီး အရှက်ကွဲနေတာ"

ခင်ဟေက မျက်နှာထိ မျက်နှာထားနှင့် ဂင်မွေလိုက်သည်တွင် အားလုံး အံ့အားသင့်စွာ နားစိုက်ထောင်နေရာမှ ဂါးခနဲ ပွဲကျသွားပြန်လေ၏။

ရာမ အီနောင်စသည့် အတွင်းတော်တွင် ကပြရသော ဇာတ်တော်ကြီးတို့တွင် အီနောင်မင်းသားအခန်းမှ ကပြရသော ဇာတ်မင်းသား မောင်စံတုတ်မှာ ဇာတ်တော်ကြီး ဦးစီးခေါင်းဆောင်ပြု၍ ကပြနိုင်သော သဘင်ပညာသည်တစ်ဦး ဖြစ်သည့်အတိုင်း ယိုးဒယားဇာတ်ကြီး အတီး၊ အက၊ အဆိုတို့ကို သူတထူးထက် ဂိဏ္ဍာမိုရ်နေသူဖြစ်သည် တစ်ကြောင်း၊ သဘင်မျိုးရိုးအတိုင်း အချိုးအစားကျကျ ကြီးပွားလာသူဖြစ်သည် တစ်ကြောင်း၊ ရုပ်ဆင်းသဏ္ဍာန် ကြန်အင်္ဂါမှာလည်း မွန်ရည်လှပ အသံအင်္ဂါနှင့်လည်း ညီညွတ်လှသဖြင့် လက်ရွေးစင် သဘင်သည်တို့သာလျှင် ပါဝင်ကပြရမည်ဖြစ်သော အတွင်းတော်က ဇာတ်တော်ကြီးတွင် သဘင်ဝန်က အထူးရွေးချယ်ထည့်သွင်းထားသော ဇာတ်မင်းသားတစ်ဦး ဖြစ်ရကား မင်းမိန်းမပိုင်းတွင် အထူးခေတ်စားလျက်လူချစ်လူခင် များလှသောကြောင့် ရွှေနန်းတော်ပေါ်သို့ ဆုတော်ခံဝင်သော အခါများတွင်ပင် မိန်းမပရိသတ်များကို မောင်စံတုတ်၏ ပကတိမျက်နှာကို ဖော်ပြခြင်းမပြုရ၊ မျက်နှာကို ပဂါအုပ်၍ အခစားဝင်ရလေ၏။

မမြင်ရသောအရာကို ပိုမိုအလိုရှိမြဲ တွေ့မြင်လိုမြဲဖြစ်သည့်အတိုင်း မြင်လိုသောဆန္ဒတွေက တစ်နည်းအားဖြင့် နိုးဆွနေလေရာ ပွဲကရာတွင် အဝေးကမြင်ရသော မျက်နှာကလေးကိုသာ အာသာပြေကြည့်ရှုရှာ ကြလေ၏။

ထို့ကြောင့် ခင်မြဇင် အစရှိသော အပျိုတော်များမှာလည်း ပျော်ပျော်ပါးပါး ရယ်ပွဲဖွဲ့ရသော အခါများတွင် အပျင်းပြေ ရယ်စရာစကားနှင့် ဇာတ်မင်းသား အီနောင်မောင်စံတုတ်ကို အကာယ်စင်စစ် နောက်ပိုင်းစိတ်ဖြင့် ကြိတ်၍ စွဲလမ်းနေသယောင်ယောင် နောက်ပြောင် ကစားနေကြစဉ် မယ်တော်အလယ်နန်းမတော်ဖုရား၏ အဆောင်မှ အပျိုတော် ခင်ပုနှင့် ခင်နတို့ စုဖုရားအဆောင်သို့ ရုတ်တရက် ရောက်လာကြလေ၏။

စု။ ။ "ဩော် ... ခင်ပုတို့ပါကလား၊ ဘာကိစ္စ ခစားရောက်ကြသတုံး"

ခင်ပု။ ။ "မှန်လှပါ မယ်တော်မြတ်ဖုရားက အဆောင်တော်သို့ အရှင်ထိပ်စုမြတ်ဘုရား ကြွရောက်ပြီး လှူဖွယ်တန်းရပ်များ ကြည့်ညိုရန် အခေါ်တော်လွှတ်လိုက်ကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com

ခင်နု။ ။ "အရှင်ထိပ်စုဖြတ်ဖျား၏ အလှူတော်သင်္ကန်းများ ချုပ်လုပ်လို့ ပြီးစီးပါက အချိန်မီပို့ရန် မှာကြားလိုက်ကြောင်းပါဘုရား"

စု။ ။ "မယ်မယ်ဖျား ခေါ်တော်မူရင် စုစုလည်း အဆောင်တော်ကို ဂင်တော်မူရမှာပ၊ ခင်ဟေတို့ ချုပ်ကြတဲ့ သင်္ကန်းတော်များလည်း ကြာပန်းခိုင်နှင့် လိပ်လို့ပင် ပြီးစီးနေပါပြီ၊ မယ်မယ်ဖျား အဆောင် ရောက်အောင် နောက်ထပ်အပို့လွှတ်လိုက်ပါ သစ်သစ်ရဲ့"

သစ်။ ။ "အရှင်ထိပ်စုဖုရား၊ မယ်တော်ဆောင် ထွက်တော်မူရာသို့ သစ်သစ် မလိုက်ပါရ တော့ဘူးလားဘုရား"

စု။ ။ "အို ... သစ်သစ်လိုက်လို့ ဘယ်ဖြစ်မလဲ၊ သင်္ကန်းတော်များကိုသာ စေ့ငှတွေ ရှိသေးတယ် မဟုတ်လား"

သစ်။ ။ "ဘာကိစ္စတွေပါလိမ့် ... သြော် ... သိပါပေ့ါဘုရား၊ ဆေးလိပ်တော်၊ တင်စရာ..."

စု။ ။ "ဟုတ်ပါတယ် သစ်သစ်ရာ၊ စုစု မယ်ဖျားအဆောင်တော် ထွက်တော်မူနေစဉ် သစ်သစ် ဆောင်ရွက်စရာ ကိစ္စများ ပြီးစီးအောင် စီမံလို့ထားလိုက်ပါဘိ"

မျက်ရိပ်ပြ၍ အမိန့်တော်ရှိပြီးလျှင် အပျိုတော်အချို့ကို နောက်တော်ပါခေါ်လျက် ခင်ပု၊ ခင်နုတို့နှင့်အတူ မယ်တော်ဆောင်သို့ ထွက်တော်မူခဲ့လေ၏။

မယ်တော် အလယ်နန်းတော်ဆောင်သို့ ရောက်တော်မူလျှင် အဆောင်တော် ဂန်းကျင် ပြည့်လုမျှ လှူဖွယ် တန်းရန် သပိတ်သင်္ကန်း ဆွမ်းအုပ်မျိုးစုံတို့ကို မယ်တော်၊ အစ်မတော်၊ ညီမတော်တို့က ခေါင်းဆောင် ပြုလျက် လက်ပါးစေများ၊ အထိန်းတော်၊ အပျိုတော်ကြီးများ ပါ တာဂန်အသီးသီးယူလျက် သက္ကစ္စမြောက် မွမ်းမံပြင်ဆင် နေကြသည်ကို တွေ့ရလေ၏။

ထိပ်စုဖုရားလတ် သည် မယ်တော်မြတ်အပါးသို့ ခစားမိလျှင်ပင် မယ်တော်ကလည်း ချစ်ခင် မြတ်နိုးစွာဖြင့် "စုလတ် ရောက်တော်မူပြီလား၊ မင်းဖျားတို့ ကုသိုလ်တော်များကို ကြည်ညို စိတ်ပွားရအောင် ခေါ်တော်မူခြင်း ဖြစ်တယ်၊ နက်ဖြန်သဘက်ဆိုသလို စာတော်ပြန်ပွဲ ခင်းကျင်းရာ သုဓမ္မာဇရပ်တော်သို့ လှူဖွယ် ပစ္စည်းများ ပို့ရတော့မယ် လုံကလေးရဲ့၊ အလှူတော်သင်္ကန်းများလည်း ယခုကပင် မယ်ဖျား အဆောင်တော်သို့ ပို့ဖို့တော်ပြီကွဲ့"

မိန့်တော်မူလျှင်-

www.burmeseclassic.com

www.burmeseclassic.com

"ယခုပင် ခင်မြဖင်တို့ သယ်ယူ၍ ရောက်လာပါလိမ့်မယ် မယ်မယ်ဖျား၊ ဒါထက် မယ်မယ်ဖျား အဆောင်တော်ကြီး တစ်ခုလုံးဟာလည်း လှျူဖွယ်ပစ္စည်းတွေနှင့်ချည်း ပြည့်လျှံ ၍ နေပါတော့သည်၊ အစ်မတော်နှင့် ညီမလေးတို့ပင် သက်နိုးတော်များကို ခေါက်နေကြပါ ကလားဖျ"

"သူတို့လည်း သာဟတ္တိကမြောက်အောင် ကိုယ်တိုင်သက်န်းတွေ ခေါက်ကြတယ်စုထားရဲ့"

မယ်တော်က ပြုံး၍ မိန့်တော်မူလျှင်

"မယ်မယ်ဖတျား စုထားလည်း ကုသိုလ်တော်လိုချင်လို့ ဂင်လုပ်ပါရစေ"

လျှောက်ကာ အပျိုတော်များလက်မှ ရှံထည်ပဂါအုပ်နှင့် ကတ်ကြေးကိုယူလျက် ရုတ်တရက် ကိုက်ဖြတ်ပေးမည်ပြုရာ အနီးတွင် ဆွမ်းအုပ်ဖုံးအများများတွင် ပဂါဖြင့် ကိုယ်တိုင်တော် ချည်နေသော အစ်မတော် မိုင်းနောင်ထိပ်စုဖုရားကြီးတွင် ရုတ်တရက် မြင်တော်မူလိုက်သည်နှင့် တစ်ပြုံးနက် ရင်ဘတ်စည်တီး အံ့သြတကြီးနှင့်-

"အလို … ဟဲ … ခင်ပု စုစုလက် ကတ်ကြေးကို မြန်မြန်ယူထားလိုက်ပါ၊ လာ … လာ … ညီမတော် စုစုရဲ့ လက်တော် ကလေးနုနု သွေးချည်တွေ ဥကုန်ပ့ါမယ် ရှန်ထည်အုပ် ကြမ်းကြမ်းကြီးတွေကို ကိုက်ဖြတ်တော် မူနေမည့်အစား မမဘုရားနှင့် အတူလာပြီး ဆွမ်းအုပ် ပဂါတွေ ချည်တော်မူလှည့်ပါ"

ညီမတော် စုထားအား ချစ်ခင်ညှာတာ၊ ကြင်နာသနား၊ ကရုဏာရှေ့ထား၍ အစ်မတော်ကြီး တစ်ပါးပီပီ ပြုံးပြုံးရယ်ရယ်နှင့် ခေါ် တော်မူလိုက်ရာ-

"နေပါစေ မမဘုရား၊ စုစု ဒါလောက်ကလေးများမှ အနာမခံနိုင်အောင် နတော်မူမနေပါဘူး၊ မယ်မယ်ဖျား ကလည်း ဆွမ်းအုပ်များ ပြင်ဆင်တဲ့ ကုသိုလ်တော်ကို ယူတော်မူပါ၊ စုစု ကလည်း လက်တော်ကလေး နည်းနည်း အနာခံပြီး ရှည်ထည်လက်သုတ်ပဂါတွေ ညှပ် တော်မူရတဲ့ ကုသိုလ်အဖို့ကို သီးသန့်ယူပါရစေ၊ ဒါမှ နောင်အခါ ကိုယ့်ကုသိုလ်နဲ့ကိုယ်၊ သီးသီးသန့်သန့် အကျိုးပေးမှာပေါ့၊ မဖုရားကြီး ဘုရာ့၊ ပြီးတော့ စုစုကလည်း ဘယ်အရာ မဆို မကောင်းသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ကိုယ့်ဟာကိုယ် သတ်သတ်မှ နစ်သက်တော် မူပါတယ်၊ သူ့ အရောရော လူအရောရော ဒွေးရောဥပါဒ်နှောပြီး ရှုပ်ရှုပ် ထွေးထွေးကြီး အကျိုးပေးလာမှာ ကြောက်တော်မူတာနှင့် ယခုလို ကုသိုလ်ရေးမှာလည်း ရှုပ်ရှုပ်ထွေးထွေ ပြုတော် မူချင်ဘူးဗျ"

ကန္တဲ့ကလျ ပြောတော်မူလိုက်ရာ အစ်မတော်ကြီးမှာ ညီမတော်မျက်နှာကို ချစ်ခင်မြတ်နိုးစွာ ကြည့်တော် မူလိုက်ပြီး-

www.burmeseclassic.com

"နှုတ်ခမ်းပါးကလေးနဲ့ စကားတတ်တော်မူတိုင်း ပြောတတ်လိုက်တာ စုထားရယ်၊ မဖုရား ကတော့ ညီမတော် လက်ကလေး နာတော်မူသွားမှာ စိုးရိမ်တော်မူတာနှင့် ညှာတော်မူတဲ့ သဘောနှင့် ကရုဏာပြော ပြောတော်မူလိုက်တာပါ။ ကိုင်း ... ကိုင်း ဒါဖြင့် စုစု အလိုတော် အတိုင်း လက်သုတ်ပဂါများကို ညှပ်တော် မူပါတော့"

အလိုတော်လိုက်ခါ ညှာတော်မူသည့်သဘောနှင့် လိုက်လျောမိန့်တော်မူလိုက်မှ စုဖုရား လတ်လည်း ကတ်ကြေးကြီးကို မနိုင်တနိုင် ကိုင်တော်မူကာ ရှန်ထည်လက်သုတ်ပဂါများ ကိုက်ညှပ်တော်မူစပြုလေ၏။
ထိပ်စုဖုရားလတ် နောက်တော်မှ ပါလာကြသော အပျိုတော် ခင်မြဖင်တို့မှာလည်း လက်ထဲက သကၠန်းထုပ် များကို စာရင်းနှင့်တကွ မယ်တော်အလယ်နန်းမိဖုရားကြီးအပါး တွင် ဆက်သနေကြ၏။

မယ်တော်ဖျားလည်း သမီးတော် ထိပ်စုဖုရားလတ်၏ ကုသိုလ်တော် လှူဖွယ်ပစ္စည်းများကို အားရကျေနပ် တော်မူသော မျက်နှာနှင့် ဂမ်းမြောက်နှစ်သက်စွာ ရှုစားတော်မူပြီး သံဃာ တော်များအတွက် လှူဖွယ် ပစ္စည်းများ ဖြစ်သည့်အားလျော်စွာ မြင့်မြတ်ရာ သလွန်တော် တစ်ခုပေါ်သို့ တင်ထားရန် ညွှန်ကြား အမိန့်ရှိတော်မူလိုက်ပြီး ဆွမ်းတော်အုပ်များကို ပြင်ဆင်မြဲတိုင်း ဆက်လက်ပြင်ဆင်တော်မူရာက သမီးတော် နှစ်ပါး အတိုင်အဖောက် ပြောဆိုလျှောက်တင်နေသော စကားများကို ကြားတော်မူသဖြင့် အလိုက်သင့် ပြုံး၍ နားဆင်တော်မူနေမိပြီးမှ သမီးတော်စုဖုရားလတ်၏ လက်တော်တွင် မနိုင့်တနိုင်နှင့် ကိုင်တော်မူ ထားသော ကတ်ကြေးကြီးကို လှမ်း၍ မြင်တော်မူမိသောအခါ-

"အမယ်မင်း ... စုလတ်ရယ်၊ ကတ်ကြေးက ကြီးလှချည်ရဲ့၊ ဟဲ့မြဖင် ငါ့သလွန်တော်ဘေးမှ မကွေးမြို့စား ဆက်တဲ့ ကတ်ကြေးထက်ထက်ကလေး တစ်စင်း ရှိပါတယ်၊ နင့်သခင်ကို ယူပြီး ဆက်လိုက်ပါဘိ"
အခိုင်းတော် မူလိုက်မှ အပျိုတော်ကလေး ခင်မြဖင်လည်း မယ်တော်ဘုရားကြီး စေခိုင်း တော်မူတဲ့အတိုင်း စုဖုရားလတ်အား ကတ်ကြေးသွား၍ ဆက်ရလေ၏။

"ဟဲ့ ... မြဖင်ရဲ့၊ မိဘွားသစ်ကြီးတစ်ယောက် မမြင်ပါကလား"

မယ်တော်ဘုရားက မေးတော်မူလျှင်-

"တင့်ပါဘုရား၊ အရှင်ထိပ်စုမြတ်ဖျားက အဆောင်တော်မှာ နေရစ်ရမယ်လို့ အမိန့်တော်ချ ထားသဖြင့် အခစား မပါလာကြောင်းပါဘုရား"

ခင်မြဖင်က လျှောက်လျှင်-

www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... အထိန်းတော်ကြီးရယ်လို့ သင်းတစ်ယောက် ကြီးကြီးမားမား ရှိပါတယ်၊ ဘယ်သဘောနဲပ စုလတ်က ထွက်တော်မူရာ အတူပါအောင် ခေါ်တော်မူမလာရသလဲ"

ထုတ်၍ မိန့်တော်မူလေရာ ရှန်ထည်ပဂါ ဖြတ်တော်ကမူနေသော ထိပ်စုဖုရားလတ်က ကြားတော်မူသဖြင့်-

"မယ်မယ်ဖျား သစ်သစ်ကြီးကို စုစု ထားပစ်ခဲ့တာ တခြားကြောင့် မဟုတ်ပါ၊ စုစု ဆင်တော် မူစရာ ပန်းပေါင်းပုတီးတစ်ခု နေ့ချင်းပြီး အမြန်ကြိတ်ပြီး ဆက်ရမယ်လို့ ခိုင်းတော်မူထားခဲ့ပါ တယ်ဘုရား၊ သူ့ခမျာတော့ အပြောသား စုစု ထွက်တော်မူရာ သစ်သစ်မပါရင် မယ်မယ်ဖျား ဆိုတော်မူနေမယ်တဲ့၊ ဒါပေမဲ့ စုစုကလည်း ခုဆိုခုမှ ကြိုက်တော်မူတာနဲ့ ပန်းပေါင်းပုတီး မပြီးမှာစိုးလို့ မယ်မယ်ဖျား မေးတော်မူရင် သံတော်ဦး တင်လိုက်ပါမယ်၊ ပန်းပေါင်းပုတီး ကိုသာ နေမဂင်မီ ပြီးအောင် ကြိတ်နှင့်ပါလို့ မှာထားခဲ့ ပါတယ်ဘုရား"

ဉာဏ်သွားတော် မူသလို လှည့်ပတ်လျှောက်တင်လိုက်သဖြင့် အဆင်သင့် ကိစ္စချောမော သွားလေ၏။

"ဩော် ... စုလတ် စုလတ် စိတ်တော်ကလေးက ပြောင်းလဲပြီး လူကြီးပိုင်းထဲ ရောက်လာပြီ ရယ်လို့ စိတ်ချတော် မူနေတာ၊ ကလေးစိတ်၊ ကလေးဟန်နှင့် စိတ်မြန်ကိုယ်မြန် ရှိတော်မူ တုန်းပါပဲကလား၊ လုံကလေးရဲ့ ဘယ့်နယ်တော် ပန်းပေါင်းပုတီးဆိုတာမျိုးဟာ တစ်နေ့တည်းနှင့် ပြီးစီးအောင်လုပ်လို့ ဖြစ်နိုင်ရိုးလား၊ မွှေးပေ့ဆိုတဲ့ ပန်းဂတ်ဆံတွေ ညက်ညက်ကြေအောင် တစ်နေကုန်ကြိတ်ရ၊ ကြိတ်ပြီးမှ အလုံးကလေး တွေလုပ်သီပြီး နေပူ ထဲမှာ ခြောက်သွေ့အောင် နှစ်ရက်၊ သုံးရက် လှမ်းရသေးတယ်၊ လှမ်းပြီးလို့ အခြောက်ကြီး ခြောက်လာမှ ခြောက်လာတဲ့ ပန်းပေါင်းအလုံးကလေးများကို အကွက်၊ အပိန့် အချိုးအစား ကျကျ သွေးလို့ အမွှေးအထုံ ကတိုးနှင့် ဂမုန်းပေါင်းစုံသပ်ပြီး ပိုးကြိုးနဲပ သီကုံးပြီးမှ နန်းသုံးတော်ဂင်၊ ပန်းပေါင်းပုတီးတစ်ကုံး ဖြစ်လာရတယ်၊ ဘယ်မှာ 'ခုရေတွင်းတူး ခုရေ ကြည်သောက်' ဆိုသလို မျက်စိအောင် တစ်နေ့တည်းနဲ့ ရောက်လာနိုင်မလဲ စုလတ်ရဲ့-

"ဒါနဲပ အဆောင်တော်ပြန်ရောက်လို့ ပန်းပေါင်းပုတီး မပြီးရလားဆိုပြီး ဘွားသစ်ကြီးကို စိတ်ကောက် တော်မူဦးမယ်၊ ဩော် ... တကယ်ဆိုတော့လည်း ဘွားသစ်ကြီးမို့သာ ဒီသမီးတော်ရဲ့ သည်းညည်း ခံနိုင်ပေတာပဲ၊ စုစုအကြိုက်ကို အလိုက်အလိုက် ကြည့်ပြီး ခစား စောင့်ရှောက်ပေတယ်၊ တစ်နေ့မှ ဘုန်းတော်ကြီး လှသော ဘုရားကို ရွှာကြီးကြီး တစ်ရွှာ ထပ်သနားတော်ပါဦးဆိုတာ အမိန့်တော် ခံပေးရ ဦးမှာပဲ"

တစ်လျှောက်တည်း ဆက်၍မိန့်တော်မူလိုက်ရာ ထိပ်စုဖုရားလတ်မှာ အထိန်းတော်ကြီး ခင်ဘွားသစ်အား ရွှာကြီးကြီး ထပ်၍သနားတော်မူစေရန် ခမည်းတော်ဘုရားထံ အမိန့်တော် ခံပေးမည်ဟု သိရှိတော်မူရလျှင် ချစ်ခင်ဆိုးနွဲ့ ကရိကထ ခံခဲ့ရှာသော အထိန်းတော်ကြီး အတွက် တပြုံးပြုံး ကျေနပ်လျက် နေတော်မူလေ၏။

www.burmeseclassic.com

သို့နှင့် မယ်တော် အလယ်နန်းအဆောင်တော်တွင် သားမယ်တော်သုံးပါး စကားအလျဉ်း သင့်ရာ လျှောက်တင် ပြောဆိုတော်မူကြရင်း အပါးရှိ အပျိုတော်တစ်စုနှင့်အတူ အလှူတော် ဆွမ်းအုပ်တွင် ပန်းကန်ဖန်ခွက်များ ပြင်ဆင်ခြင်း၊ ရှုန်ထည်လက်သုတ်ပဝါများ၊ ဆွမ်းတော် အုပ်များတွင် ချည်နှောင်ခြင်း၊ ပဝါအုပ်မှ လက်သုတ်ရန် ရှည်ထည်ပဝါများကို တစ်ပိုင်းစီ ဖြတ်၍ ကတ်ကြေးနှင့်ညှပ်ခြင်းစသော အလှူအတန်း ကိစ္စအတွက် သက္ကစ္စမြောက် ကိုယ်တိုင် ဝေယျာဝိစ္စ ဆောင်ရွက်လျက်ရှိတော်မူကြရာ အချိန်အတန်ပင် ကြာညောင်း လျက် သူရိယာနေမင်း ဝေါရာသို့ ချည်းရုံမက ရွှေနန်းတော်ကြီး၏ အဆောင်တော် အသီး သီးတို့၌ ဆီမီးထွန်း အမှုတော်ထမ်းသားတွေ ဖင်ရောက်လာကြလျက် အနောက် ဘက်ပိုင်း မိန်းမဆောင်များအဖို့လည်း (*) မိန်းမစိုး ဆီမီးထွန်းအမှုထမ်းများ ရောက်လာကာ ဆိုင်ရာ ဆိုင်ရာ အဆောင်တော်များအတွင်းသို့ ရွှေတိုင်တော်များလင်း၍ သွားကြပြီဖြစ်လေရာ အဆောင်တော်များတွင် နေရောင်ခြည် ပျောက်၍ ဆီမီးရောင် တောက်နေသည်တွင်မှ သားမယ်တော်သုံးပါး၏ ဝေယျာဝစ္စ ကိစ္စများ လည်း ပြီးဆုံးခြင်းသို့ ရောက်လေတော့၏။

"ကဲ ... အတော်လည်း မှောင်သွားပြီး၊ ဒီဆွမ်းတော်အုပ်များကို နက်ဖြန် တစ်နေ့လုံး စားဖိုဆောင်မှူး အခန်းမှာ စီတန်းပြီး နေရာတကျ ထားစေရမယ်၊ သန်ဘက်ခါ် အရုဏ်ဆွမ်း ကျက်သည်နှင့် တစ်ပြိုင်နက် ဆွမ်းအုပ်တော်များအတွင်းကို ဆွမ်းစမဲဟင်းလျာ အစုံအလင် ထည့်လျက် မိန်းမစိုးများကို သုဓမ္မာ ဇရပ်တော် အရောက် ရွက်၍ ပို့စေရမည်"

စီမံမိန့်ကြားတော် မူနေစဉ် အပျိုတော်တစ်ဦးက ပွဲတော်စာများ ပြင်ဆင်ပြီးကြောင်း သံတော်ဦးတင်သဖြင့်-

"ကိုင်း ... ကိုင်း စုကြီးရော စုလတ်ရော မိုးချုပ်လှပြီး၊ အဆောင်တော်ကို ညမှ အေးအေး ပြန်ကြတာပေါ့၊ လာ ... လာ မယ်ဖျားနှင့်အတူ ပွဲတော်တည်လှည့်ကြပေတော့"

မိန့်တော်မူသဖြင့် ထိုနေ့ညအတွက် ပွဲတော်စာကို မယ်တော်အဆောင်မှာပင် သားမယ် တော်သုံးပါး စားတော် ခေါ်ကြပြီးမှ အသီးသီး အဆောင်တော်သို့ ပြန်ကြွတော် မူကြလေတော့သတည်း။

(* မိန်းမစိုးဆိုသည်မှာ နန်းတော်ကြီး အနောက်ပိုင်း မိန်းမများအဆာင်များတွင် အမှုကိစ္စ ဆောင်ရွက်ရန် ခန့်ထားသော ယောက်ျားအမှုထမ်းများ ဖြစ်သည်။ သို့ရာတွင် ၎င်းတို့မှာ မင်းပြစ်မင်ဒဏ်ကြောင့်ဖြစ်စေ၊ သဘာဝ အလျောက်ဖြစ်စေ ယောက်ျားအင်္ဂါ မပြည့်စုံတော့သော သူများ ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃) နက်ဖြန်မှာ ဆက်ဖတ်မယ်...

အခန်း (၁၃)

"သစ်သစ် စုစုတို့ ပန်းပေါင်းပုတီးကြီး ပြီးပလား" အဆောင်တော်သို့ ပြန်ရောက် လျှင် ရောက်ချင်း အထိန်း တော်ကြီးကို မေးတော်မူလိုက်ရာ အထိန်းတော်ကြီး ခင်ဘွားသစ် မှာ ဘာမသိ ညာမသိ ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေ ရှာလေ၏။

"ဘယ်က ပန်းပေါင်းပုတီးပါလဲ စုထားဖုရား၊ သစ်သစ်ကလည်း ဒီနေ့တစ်နေ့လုံး မှန်ဆောင်တော်ကို လုံးလုံး အရောက်ရသေးပါ၊ ပန်ပေါင်းပုတီးလည်း စုထားဖုရားက အကြိတ် မခိုင်းတော်မူပါပဲကလား စုထား ဖုရား၊ မယ်တော်ဆောင်က ပြန်မလာနိုင်တာနှင့် သစ်သစ်ဖြင့် မျော်လိုက်ရတာ လည်းပင်းများ ကိုးတောင ်ပြည့်လုပ့ေ၊ ခုလာမဲ့လာတော့ လည်း လာ,လာချင်း မဆိုင်တာကစပြီး မေးတော်မူပြန်တာ သစ်သစ် မဖြေတတ် ပါကလား၊ တကယ်ဆို သွားတော် မမူခင်က ခိုင်းတော်မူထားတဲ့ ကိစ္စမေးဖို့ သစ်သစ်ရေ ဆေးလိပ် တော်များ ပြီးပလားဆိုရင်လည်း ဟုတ်သေး၊ ခုတော့ ညောင်ဦးကမ်းပါးပြို၊ စမွဲနဂိုရ်နွားမ ခါးကျိုး"

ပြော၍မဆုံးမီ စုဖုရားလတ်က ပြုံးရယ်တော်မူကာ-

"တန်စမ်းပါ၊ ကြေးလင်ပန်းကြီး လွတ်ကျသလို၊ တရုတ်လင်းကွင်းကြီးလိုလို တက တည်းတီးလိုက်မှဖြင့် နားငြီးအောင် ဆူညံသွားတာပဲ၊ စကားလေးတစ်ခွန် စကာရှိသေး၊ နေပူခံဘုရားအနီးက (*) ဦးပိန် တံတားကြီးလို ရှည်ရှည်သွားလိုက်တာ၊ မိုးမဆုံး၊ လေမဆုံး ဖြစ်ကုန် တာပဲ၊ ကဲ......ကဲ၊ လာ........ စုစု သလွန် တော်နားတိုး၊ ပန်းပေါင်းပုတီးအကြောင်း ကိုသစ်သစ် ကောင်းကောင်းကြီးသိအောင် ပြောပြ တော်မူမယ်၊ နောက်ပြီးတော့တယ်လည်း ဂမ်းသာမသွားနဲ့ဦး၊ စကားကတော့ သစ်သစ်ကြီး သိမ်ဂမ်းသာ သွားမဲ့ စကားပဲ"

မိန့်တော်မူလိုက်သောအခါ ခင်ဘွားသစ်ကြီးမှာ အတော်ကျေနပ်စွာဖြင့် -

"ဟာ.........ဒါဖြင့် သိချင်လိုက်တာ၊ မြန်မြန်မိန့်တော်မူစမ်းပါ စုထားဖုရားရယ်၊ အင်း ဒါကြောင့် နံနက်တုန်းက အသားတွေ လှုပ်လိုက်တာလေ၊ ဟိုနေရာကလှုပ်၊ ဒီနေရာကလှုပ်နဲ့ တစ်ကိုယ်လုံး ယားလာ တယ်၊ ဟားဟား.........ဟားဟား"

ကြားဖောက်၍ ပြောသောကြောင့်-

"ဟော .... လုပ်ပြန်ပြီ၊ ဒီမိန်းမကြီးလေ စကားရှည်ရှည် မပြောရရင် နေလို့မကောင်းဘူး ထင်တယ်၊ ကဲ...... သေသေချာချာနားထောင်ပါ၊ စုစု ပြောတော်မူမယ်၊ မယ်မယ်ဖျားကလေ စုစုတစ်ပါးတည်း ခင်မြဇင် တို့တစ်တွေနဲ့ ထွက်တော်မူလာတာကို ဘွားတစ်ကြီးတစ်ယောက်ကော ဘာပြုလို မပါလာသလဲတဲ့၊ ကြီးကြီး မားမား တစ်ယောက်ရှိ တဲ့ဟာ စုစုက ဘာပြုမဲ့ ထားပစ်ခဲ့ရသလဲနဲ့ မေးတော်မူလို့လေ"

www.burmeseclassic.com

www.burmeseclassic.com

ခင်ဘွားသစ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး-

" ကဲ........ အစက သစ်သစ် မပြောဘူးလား၊ စုထားဖုရားနဲ့ သစ်သစ် ပါမလာရင် အသျှင် အလယ်နန်းမတော်ကြီး ဖုရား စိတ်ဆိုးတော်မူပါလိမ်မယ်လို့ အပြောသားနဲ့၊ ကဲ... ခုတော့ ဘယ့်နယ် ရှိစေ၊ အမျက်တော် ထားရင် သစ်သစ်သာ ခံသွားနဲ့ သစ္စာနံ့ရမှာ၊ စုဖုရားတို့ကတော့ အနေသာကြီးပဲ"

အရှိက်အချွဲနှင့် ငိုမဲ့မဲ့ပြောလိုက်ရာ စုဖုရားလတ်မှာ ရယ်သထက် ရယ်ချင်လာသဖြင့်-

"သြော်..... ပြောလေကဲလေ ဖြစ်လာပြန်ပါပြီ၊ ဒီက စကားများလည်း ဆုံးအောင်နား ထောင်စမ်းပါဦး၊ တက်တည်း သူဖြစ်လိုက်မှာဖြင့် အလွန်အကျွံကြီးပါပဲကလား၊ ကဲကဲ နားထောင်ပါ၊ စုစုက ပန်းပေါင်း ပုတီးတစ်ကုံးကို မယ်ဖျားအဆောင်တော်က မပြန်ခင် ပြီးနှင့် အောင်လုပ်ထား ရမယ်ဆိုပြီး လုပ်ခိုင်းထား ခဲ့ပါတယ်ဘုရားလို့ လျှောက်တင်လိုက်တော့လေ"

"ဟုတ်ပါပြီ၊ အဲဒီပန်ပေါင်းပုတီး ကောင်းလားမကောင်းလား ကြည့်ချင်လို့ မယ်မယ့်ဆီ အလျင်အမြန် အပြခိုင်းလိုက်ပါလို့ မှာတော်မူလိုက်တယ် မဟုတ်လား၊ လူများလည်း ဘာမှမသိရ ဘဲနဲ့ ခုတော့ အလကား နေရင်း အကျပ်တွေ့ရတော့မှာပဲ"

ခင်ဘွားသစ်က ကြားဂင်ဖောက်ပြန်သဖြင့် -

'အိုး.....ဒီအထိန်းတော်ကြီးကို ပါးစပ်ပိတ်မထားနိုင်အောင် စကားများများ နေတော့တာပဲ၊ မဟုတ်သေး ပါဘူးဘုရာ့၊ စုစုပြောမဲ့စကားကို ဆုံးအောင်များ နားထောင်စမ်းပါသီး၊ ဒါလောက် ငိုချင်ရင် စကားပြောပြီးမှ တစ်ညလုံး ငိုတော်မူနေပါ"

စိတ်တိုတိုနှင့် ငေါ့သလို မိန့်တော်မူလိုက်မှ ခင်ဘွားသစ်ကြီး ငြိမ်သွားလေ၏။

ထိပ်စုဖုရားလည်း ဆက်လက်၍ -

"အဲဒီလို တင်လိုက်တော့လေ မယ်မယ်ဖျားက စုထားရယ် ပန်းပေါင်းပုတီးဆိုတာ တစ်နေ့ တည်းနှင့် လုပ်လို့ ပြီးနိုင်တာမျိုး မဟုတ်ဘူးတဲ့၊ နေလှန်းရ၊ အကွက်ဖော်ရနဲ့ အနည်းဆုံး သုံးလေးရက်ကြာမှ ပြီးတာဘဲ၊ ဒီကပြန်ရင် ပန်းပေါင်းပုတီး မပြီးရကောင်းလို့ ဘွားသစ်ကြီးကို ကော်တော်မူမနေနှင့်ဦးတဲ့၊ ပြီးတော့ သြော်.....ဒါထက် ဒီဘွားသစ်ကြီးတစ်ယောက်သာ အစစအရာရာ အလိုတော်လိုက်၊ အကြိုက်တော် ပြုနေရှာတယ်၊ သနားပါတယ်ဟဲ့၊ ဒါကြောင့် ဘုန်းတော်ကြီးလှသော ဘုရားကို အမိန့်တော်ခံပြီး သုသာန် ထုတ်၍ လည်ကုပ်ကို ဓားနှင့်ပိုင်း အို....မှားလို့ သစ်သစ်ရေ၊ အမယ်လေး မျက်ရည်လည်လည်မလာပါနဲ့ဦး၊ ဘုန်းတော်ကြီး လှသော ဘုရားကို အခွန်တော် များများသီးတဲ့ ရွာကြီးတစ်ခု ထပ်ပြီးပေးသနားတော်မူအောင် အမိန့်တော် ပေးရဦးမယ်တဲ့၊ ကဲ.... သိပြီလား သွား....သွား ငိုချင်သေးရင် အားရအောင် ငိုချေပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ခပ်ပြုံးပြုံး မိန့်တော်မူလိုက်လေ၏။ သည်တွင်မှ ခင်ဘွားသစ်လည်း ပြုံးပြုံးကြီးဖြစ်လာကာ-

"ဂမ်းသာ လိုက်တာ ဘုရား၊ အစကတော့ ဘာများလဲလို့ အသည်းတထိတ်ထိတ်နဲ့ အမယ်လေး ခုမှ စိတ်အေး ရပါတော့ကလား"

ဂမ်းသာအားရ ပြောလေ၏။ စုဖုရားလည်းပြုံး၍ -

"အင်မတန်မုန်းစရာကောင်းတဲ့ အမယ်ကြီး"

"တကယ်ဘဲ မုန်းတော်မူသလား စုထားဖုရားရဲ့"

"အို.... တော်ပါ လျှာမရှည်ရသေးရင် ရှည်ပါဦးလား၊ ဒါနဲ့ ဆေးလိပ်တော်များ စီမံပြီးပလား"

"ပြီးပါပြီဘုရား၊ အဖြူထည်ကလေးကတစ်လိပ်၊ ပန်းရည်သွေးကလေးက တစ်လိပ်၊ ဖက်ဖူးညွန့်ရောင်ကလေးက တစ်လိပ်၊ ရွှေဂါရောင်ကလေးက တစ်လိပ်၊ နဂထာဇော်မရမ်း ကလေးက တစ်လိပ် စုစုပေါင်း ငါးလိပ်ရပါပြီဘုရား"

"ဒါဖြင့် ကောင်းပါလေရဲ့၊ နက်ဖြန်နံနက် စုစုကို ပွဲတော်စာဆက်ပြီးတဲ့အချိန်မှာ ဆေးလိပ်တော်နှင့်တကွ စားတော်ကွမ်းယာများကို မောင်မောင် သီပေါကိုယ်တော်ထံသို့ ပို့ဆက်ချေပါတော့၊ နှုတ်စကား လက်ဆောင် တော်များလည်း ဆက်ခဲ့ပါ၊ အို...ရွှေလွှာတော်ကလေး တစ်ခုပါ ဆက်လိုက်လျှင် သာပြီး မကောင်း ပါလား သစ်သစ်ရဲ့"

"အို...ရွှေလွှာတော်ပါလျှင်တော့ 'အတိုင်းထက်အလွန် တံခွန်နဲ့ဘုရားပေ့ါ" စုထားဖုရား၊ ယခု ညဦးကပဲ စီကုံးရေးသားတော်မူထားပါ၊ စာတော်ပြန်ပွဲတော်ကြီးက အချိန်တော်နီးလွန်းလို့ မှန်စီရွှေ ကျောင်းတော် ကြီးမှာ နက်ဖြန် လူဂင်လူထွက် အကြိုအဆက်တွေလည်း များပါလိမ့်မယ်၊ သို့အတွက် နေ့တစ်ချက် မတီးမီ ကိုယ်တော်ကလေးဆီ ခပ်သုတ်သုတ်သွားပြီး စုထားဖုရားထံတော်က လက်ဆောင် တော်များ ဆက်ထားမှ တော်ပါမယ်၊ စီစဉ်တော်မူစရာ ရှိသ၍ ယနေ့ညအပြီးအပြီမ်း စီမံတော်မူ ပေရော့ဘုရား"

"သန်ဘက်ခါနံနက်ဆိုရင် စုစုတို့လည်း မယ်မယ်ဖျားနှင့်အတူ အလှူတော်များ ရေစက်သွန်းချတော်မူရန် သုဓမ္မာ စာပြန်ပွဲတော်ကြီးကျင်းပရာ သုဓမ္မာ ရွှေဇရပ်တော် ကြီးသို့ ထွက်ကြွလိုက်ပါတော်မူရာ ကိစ္စကလည်း ရှိပေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

'''ဒါဖြင့် ဂတ်လဲတော်များ လဲတော်မူရအောင် စက်တော်ဆောင်သို့ ကြွတော် မူပါတော့ ဘုရား၊ စိန်ကညစ် ချွန်ချွန်နှင့် သလွန်တော်ပေါ်ကမှ ရွှေလွှာတော်သစရာ၊ ကြံစည်စိတ်ကူးတော်မူပါ၊ ကဲ....ကဲ ထတော်မူ ပေတော့ စုထားဖုရား''

လျှောက်တင်ကာ ထိပ်စုဖုရားလတ်အား တွဲမခေါ်ယူကာ စက်တော်ဆောင် တွင်းသို့ ဂင်လာလေ၏။

''ခင်မကြီး ညဥ့်ရုံတော်များ အဆင်သင့်ပြင်ဆင်ပြီးပလား၊ စုထားဖုရား ဂတ်လဲတော်ကျများကိုလည်း ခင်ဘုန်းတို့တစ်တွေ သိမ်းဆည်းလှည့်ကြပေတော့''

အထိန်းတော်ကြီးက အခြားအပျိုတော်ကလေးများကို စီမံခန့်ခွဲလျက် ရှိလေ၏။

ထိပ်စုဖုရားလတ်လည်း သလွန်တော်ပေါ်တွင် ကျုံ့ကျုံ့ထိုင်တော်မူကာ ကေသာ တော်ဖြန့်ကျင်းလျက် တစ်ချက် တစ်ချက် ယပ်လေသွေး၍ တဖြည်းဖြည်း ဆက်နေသော ခါနွေကို အဆောင်တော်ပြင်သို့ ထုတ်တော်မူ လိုက်ပြီး အထိန်းတော်ကြီး အဆင့်သင့်တင်ထားသော ရွှေကလပ်ပေါ်မှ စာလွှာတော် ရွှေပြားနှင့် စိန်မြ ပတ္တမြား စီခြယ်သော ရွှေကညစ်ငယ်ကို ကိုင်တော်မူကာ မောင်တော် သီပေါမင်းသား ထံသို့ ရွှေလွှာတော် ဆက်ရန် ကြံစည်စိတ်ကူးတော်မူ၍ နေလေ၏။

ယင်းသို့ စဉ်းစားကြံဆ၍ ရွှေလွှာတော်ကို မည်သို့ရေးတော်မူရမည်ဟု အစမပေါ်မီပင် ယခင်နှစ် နယုန်လအခါ စာတော်ပြန်ပွဲပြီးစက မောင်တော် သီပေါ မင်းသားထံမှ ရရှိတော်မူသော ရွှေလွှာတော်၏ အဓိပ္ပာယ်သဘောသွားများကို လည်းကောင်း၊ စုဖုရားကိုယ်တိုင်တော် စာလွှာတော် ရေးသား ပန်ကြားတော် မူလိုက်သော တေးထပ်၏ အဓိပ္ပာယ်သဘောများကို လည်းကောင်း၊ တဖြည်းဖြည်း အတွေးတော် ပေါ်လာပြီး လျှင် ဤသို့လျှင် ဘုန်းတော်ကြီးလှသော ပဥ္စမသင်္ဂါယနာတင် ဘဂရင် မင်းတရားကြီးဘုရား၏ သားတော်၊ သမီးတော်၊ သာကီသွေးချင်း အချစ်ချင်း ဆက်သွယ်ကာနှင့် သင်းကျစ်အက္ခရာ စာထူးတော်ပါ၍ မေတ္တာတော်နွယ်ညွှန့် မြူးကွန့် တုံ့ပြန်၊ စေတနာသန်တော်မူမိကြပုံများကို မြသားကြေးမုံ၊ ရွှေမှန်ခုံတွင် ပုံတင် သွင်းပြဘိ အလား စဉ်းစားတော်မူတိုင်း ကသိုဏ်းဂန်းပမာ၊ ထင်ရှားပေါ်လွင်လာသဖြင့် ရှေ့အဖို့တွင် ဘိသေကာ အောင်ပန်းနှင့် မင်္ဂလာ လက်ထပ်နန်းတွင် ချစ်သူမောင်တော်ဘုရားနှင့် နှစ်ပါးယှဉ်၍ ရေဖျန် းဆင်တော်မူရန် အရေးများကိုလည်း တပြေးတည်း၊ စိတ်ကူး တွေးမျှော်ပြီး ရွှင်ပျော် ကြည်နူးခြင်းကြီးမက ပျော်ရွှင် ကြည်နူး၍ စိတ်ကူးယဉ်တော်မူကာ မောင်တော်သီပေါမင်းသားမှာ ဤတစ်ကြိမ် ပထမကျော် စာပြန်ပွဲသို့ ဂင်နွဲဖြေဆိုတော် မူပြီးနောက် သားတော်များကို ချီးမြှောက်တော်မူမြဲ ထုံးစံအတိုင်း ခမည်းတော်ဘုရား၏ ချီးမြှောက်သူကောင်းပြုခြင်းခံရကာ လွှတ်တက်မင်းသားကြီးများ စာရင်းသို့ တင်သွင်း ပါရှိတော် မူလာတော့မည်ဟုလည်း ယုံကြည်စိတ်ချတော်မူပြီးဖြစ်ရကား ပျော်ရွှင်တော် မူအား တိုးသည်ထက် တိုးတက်များပြားလာတော်မူပေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်တော် သီပေါမင်းသားသည် ရိုးသားတော်ဖြောင့် ကတိသစ္စာစောင့်သော မင်းသားတစ်ပါး ဖြစ်တော်မူ သောကြောင့်လည်း ရာကြီးထူးကြီးနှင့် လွှတ်တက်မင်းသားကြီး တစ်ပါး ဖြစ်တော်မူလာသောအခါ ကြင်နာချစ်ခင်၊ မေတ္တာကြီးငင်ပြီး ဖြစ်တော့မူသည့် အတွက် မာန်မာနတက်၍ သစ္စာတော် သွေဖျက်ပြီး ရက်စက် စိမ်းကား ဖောက်လွဲဖောက်ပြန် ပြုတော်မူသွားလိမ့်မည်ဟုလည်း အားခဲကြိုးပမ်း အစွမ်းတကုတ် လုံ့လ ထုတ်တော်မူနိုင် ပါရန် စကားလက်ဆောင်တော်များ ကမ်းရတော့မည်ဟု ကြံစည် ရိုးရင်း ရှိတော်မူသည့် အတိုင်း မဆိုင်းမတွ အလွှာတော်ရွှေပြားတွင် စိတ်အား ထက်သန်စွာ စာသားတော် မူလျက် ရှိလေ၏။

ယင်းသို့ စုဖုရားလတ်အတွင်းဆောင်တော်တွင် ရွှေလွှာတော်ဆက်ရန်အတွက် ငြိမ်သက်တိတ်ဆိတ်စွာ စံတော်မူနေစဉ် အဆောင်တော်အပြင် လေသာတံခါးအနီးမှာကား အထိန်းတော်ကြီး ခင်ဘွားသစ်အပါးတွင် ခင်ဘုန်း၊ ခင်မကြီးစသော အပျိုတော်ကလေးများ ပဆစ်ပစ်တမ်း ကစားလျက် တဂါးဂါး တီးတိုး ကြိတ်ပျော် နေကြလေ၏။

အထိန်းတော်ကြီးမှာလည်း အတော်ပင် စိတ်ပျော်ရွှင်နေဆဲအခါ ဖြစ်သောကြောင့် အပျိုတော်ကလေးများ ကစားနေသည်ကိုအပါးမှ ထိုင်ကြည့်ကာ တခိခိ သဘောတွေ့၍ နေလေ၏။

"ခင်ဘုန်းနဲ့ ခင်မကြီးတို့ ပဆစ်ပစ်တာ ဘာများလောင်းကြေးစားကြေး ပါသလဲဟေ့"

"ဖျားကျွန်မတို့ ကစားတာလား၊ သခင်ကြီးဘုရာ့ ဟောဒီ ခင်ဘုန်းနဲ့ ခင်မြဇင်က တစ်ဖက်၊ ခင်ဟေနဲ့ ဖျာ့ကျွန်မက တစ်ဖက် ရှုံးတဲ့လူက (*)လူမျောက် ကိုရွှေမောင်ကို ယူတမ်းလို့ လောင်းတတ်ကြပါပေတယ်၊ ထွီ.... ငါတော့ အော်ဂလီတောင်ဆန်မိသေး"

ပြောလျှင် ခင်မကြီးက -

"အမယ် သခင်ကြီးဘုရာ့၊ ကိုရွှေမောင်က လူမျောက်ပေတဲ့ ပါချီပါချဲ့အစား မဟုတ်ဘူးဗျ၊ ရတနာပုံနေပြည်တော် ကြီးရဲ့ ဈေးချိုတော်ကြီးက ထွက်သမျှ ဆိုင်ခွန်၊ ဆိုင်ခတွေ သူကအပိုင်စား ရနေလို့ ရွှေတွေ၊ ငွေတွေ အနင့်သား ချမ်းသာပြီး မကြာခင် မဟာဘောဂဆိုတဲ့ သူဌေးဘွဲ့ကြီးတောင် ရတော့မလို ဈေးစကား၊ အရပ်စကား ဖြစ်နေပါတယ်"

"လူမျောက်ပေမဲ့ ဘုန်းတော်ကြီးလှသော ဘုရားက သနားသဖြင့် မြှောက်စား သူကောင်း ပြုတော်မူထားလို့ ဈေးချိုတော်ကြီးက ထွက်သမျှ ဆိုင်ခွန် ခိုင်ခတွေ အကောက်အစားရရုံမက ဟိုတစ်လော ကတုန်းက အဲဒီလူမျောက် မောင်ရွှေက သူ့မှာ အချိန်အရွယ် ရောက်နေတာလည်း အတော် ကြာပါပြီ၊ တစ်ကိုယ်တည်း လူပျိုကြီးဖြစ် နေရတာ အင်မတန်မှ ငြီးငွေ့စရာ ကောင်းပါတယ်၊ ဘုန်းတော်ကြီးလှသော ဘုရား မြှောက်စားသူကောင်းပြုတော်မူထားလို့ ပစ္စည်းဥစ္စာမရှား ပြည့်ဂကုံလုံ နေပါသော်လည်း အဖော်သဟဲဆိုတဲ့ ကြင်ယာဇနီးကင်းပြီး ပျင်းပျင်းရိရိ နေလာရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

သင့်လျော်တဲ့ အိမ်ထောင်ဖက် ကလေးများ ထိမ်းမြားပေးစားတော်မူပါလို့ သံတော်ဦးတင်တာနှင့် ဘုန်းတော်ကြီး လှသော ဘုရားကလည်း မျောက်မင်းသား ကိုရွှေမောင်ကို ယူလိုသူ ရှိမရှိ စုံစမ်းတော်မူခိုင်းနေတယ်၊ ဟိုတစ်လော ကတောင် 'ရွှေနန်းတော်ပေါ်က အပျိုတော် လက်ပါးစေ ကလေးများထဲက ဒီမျောက် ငရွှေမောင်ကြီး လိုချင်တဲ့သူများ မရှိကြဘူးလားဟဲ့' လို့ မေးတော်မူသတဲ့ဘုရား၊ လူမျောက်ပေမဲ့ အမောက်စား ထဲကမို့ မယားတစ်ယောက် တော့ ဂင်းဂင်းတောက်အောင် ဆင်ပြင်ထားနိုင်ပါတယ် သခင်ကြီးဘုရား'

ရယ်လား မောလားနှင့် ပြောကြားလေရာ အထိန်းတော်ကြီးမှာ ပြုံးလာပြီး -

"အိုအေ...ညည်းတို့မို့ မရှုံမရှာ ပြောနေကြတာ၊ ငါတော့ အသည်းယားလှတယ်၊ ဘယ့်နယ်တော့ လူတစ်ကောင်လုံး မျက်လုံး မျက်ခုံးမပေါ်အောင် အမွေးရှည်တွေ ဖားဖားဝေဝေ ပေါက်ပြီး တောထဲက မျောက်ဂုံကြီးအတိုင်း ကြောက်စရာကြီးဖြစ်နေတဲ့အထဲ ခေါင်းပေါ်က အမွေးတွေ သျှောင်ကြီးဖွဲ့ထိပ်မှာ ထုံးပြီး ဖဲအင်္ကျီရင်ဖုံးနဲ့ ပိုးသားပုဆိုးကြီး ဖုံးထားပေတဲ့ သူ့နီစပ်စပ် မျက်ခွက်ကြီးက သရဲသဘက်လို့ ကြည့်လိုက်တိုင်း ရင်ဖိုစရာကြီး ဥစ္စာ၊ ဘယ်နေရာမှာ သူ့မယား အဖြစ်ခံချင်စရာ ကောင်းလို့လဲ၊ အိပ်ရာ ထဲမှား ဒီမျက်နှာကြီးနဲ့ နှစ်ယောက်တည်း ကျီစယ်ရင်း အိုအေ... ပြောရင်းပြောရင်း ကျောတွင်းက စိမ့်စိမ့် လာတာပဲ၊ ယောကျ်ားရှားလွန်းလွန်းလို့လား၊ ဒီမျောက်ကြီးများ ထွီ... မလိုချင်ပေါင်၊ စားစရာမရှိလို့ ငတ်ချင် ငတ်နေပါစေ အပျင်းပြေ နန်းတော်ကျွန်းက ကိုင်းခင်းထဲ သွားပြီး ခရမ်းသီးတွေ အဲ...အဲ ဖရုံသီး၊ ဘူးသီးတွေ တောင်းနဲ့ရွက်လို့ နေပူကျက်ကျက်မှာ လည်ရောင်းစားတော့မပေါ့"

အော့ချင်အန်ချင်ဟန်နှင့် ပြောရာ ခင်ဘုန်းနှင့် ခင်မကြီးတို့က ရယ်မောပြီး -

"အို...သခင်ကြီးဘုရား၊ ဘယ်သူက ဖွတ်အတင်းယူပါလို့ တိုက်တွန်းတာလိုက်နေ ရော အော့သရော အန်သရောနဲ့ ပြောတော်မူလိုက်တာ၊ ဒီလိုသာ သခင်ကြီးဘုရားက ခါးခါးသီးသီး ပြောတော်မူနေရင် ဘုန်းတော်ကြီးလှသောဘုရား ရွှေနန်းတော်ကြားပြီး သခင်ကြီးနဲ့ ဖွတ်အတင်း နေရာချထားတော်မူလိုက်မှ လှနေမယ်ဗျ"

"အို...အေ ညည်းတို့ကလည်း နိမိတ်မရှိ မင်္ဂလာမရှ မပြောကြပါနဲ့၊ ဖွဟဲ လွဲပါစေ ဖယ်ပါစေ၊ ဟင်းနော်...ခင်မကြီး ညည်းလင်ကြီးအကြောင်းကို ညည်းက သိဒ္ဓိတင်ပြီး လျှာထက် တံတွေးမတင် ပြောလိုက်ရတာ ညည်းက တိတ်တိတ်ခိုး ကြိတ်ပိုးပိုးနေမှန်း ငါသိပါတယ်အေ၊ ညည်းလင်ကြီးနဲ့သာ ညည်းသွား နေချေပါ၊ ငါတို့တစ်တွေကို သူခိုးသေဖော် လာမညှိပါနဲ့"

"အို...ဖျာ့ကျွန်မတို့လည်း ကြောက်တာပါပဲ သခင်ကြီးဗျ၊ ဒါကြောင့်သာ ပဆစ်ပစ် ရာမှ ရှုံးတဲ့လူက လူမျောက် ကိုရွှေမောင်ကို ယူတမ်းလို့ လောင်းကြေးလုပ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အေး...ငါတော့ ညည်းရှုံးပြီး ခင်ဘုန်း နိုင်ပါစေလို့ ဆုတောင်းပေးမယ်၊ ဒါမှ မောင်ရွှေမောင်အကြောင်း အပြောကောင်းတဲ့မိန်းမ ဘုန်းတော်ကြီးလှသော ဘုရား ရှေ့တော် ဆွဲခေါ်သွားပြီး လူမျောက်ကြီး ငရွှေမောင်ကို ပြုစုလုပ်ကျွေးမဲ့ အလုပ်အကျွေး မိန်းမတစ်ယောက် ရှေ့တော်မှောက် ပို့ဆက်လာ ပါတယ် ဘုရား ဆိုပြီး ငါကိုယ်တိုင် သွားဆက်မယ်၊ ကဲ...ပစ်ကြလေ၊ ဒါပဲနော် ရှုံးတဲ့လူ ကေတိကာတိ မလုပ်ကြနဲ့၊ ငါက ဒိုင်လုပ်ပြီး ကြည့်နေမယ်"

ပြောသောကြောင့် ခင်မကြီးမှာ ကျောတွန့်သွားကာ -

"ဟာ...ဒါဖြင့် လောင်းကြေးပြင်ကြဦးစို့ ခင်ဘုန်းရယ်၊ မတော်လို့ ကျွန်မရှုံးရင် သခင်ကြီးဘုရားက အဟုတ် သွား သံတော်ဦးတင်နေမှ ခက်နေဦးမယ်"

ခင်မကြီးက ပြုံးကာရယ်ကာနှင့် ပြောလိုက်ရာ -

"ဟာ...ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့ မရှိဘူးတဲ့၊ စတုန်းက ခင်မကြီးကပဲ စပြီး ခုမှ သခင်ကြီး ဒိုင်လုပ်ကြည့်မယ်ဆိုလို ကြောက်သွားတာ၊ လာပါ ဒီကြေးအတိုင်းပဲ ဆက်ကစားကြပါစို့၊ ဒါလောက်တောင် ဆတ်ဆော့တဲ့မိန်းမ ကြွေပွဲသိမ်းခါနီး သုံးစားမှာပါ ကျပြီး ပြီးခါနီးကျမှ ကန်းကျန်ရစ်ပါစေတော်"

ခင်ဘုန်းက ပြောလျက် အထိန်းတော်ကြီးကလည်း -

"ဟုတ်သားပဲ၊ ညည်း စခင်းတဲ့ဇာတ်ကို ခုလို တစ်ဂက်ကျမှ မကချင်ဘူးပြောလို့ ဖြစ်တော့မလား၊ ကိုင်း....ပြောကြစမ်း၊ ဘယ်နှချီတမ်း ကစားကြတာလဲ"

"တစ်ကိုယ်တစ်ပွဲစီ သခင်ကြီးဘုရား၊ ခုနင်က ဖျာ့ကျွန်မ တစ်ပွဲနိုင်ထားပြီးပြီ၊ ဒီတစ်ပွဲမှာ ခင်မကြီး ပြန်မနိုင်ရင် အရှုံးဘုရာ့၊ ခုတောင် ဖျာ့ကျွန်မ နစ်ပိုသတ်ထားပြီးပြီ၊ ခင်မကြီးတစ်ပိုမှ မသတ်ရသေးဘူး၊ သူ့တော့ရှုံးမှာပါပဲ၊ သူ့မျက်လုံးထဲ လူမျောက်ကြီး ကိုရွှေမောင်ဆောင့်ကြောင့် ထိုင်ပြီး စောင့်နေတာချည့် ထင်မြင်နေလှရော့မယ်၊ ဟား...ဟား...ဟား"

"ကဲ...ကဲ စ,ကစားကြည့်၊ ခု ဘယ်သူ့အလှည့်လဲ၊ ခင်မကြီးလက်ထဲ ကြွေဆုတ်ရက်ပါကလား၊ ဒါဖြင့် သူ့ပစ်ခလှည့်ပေါ့၊ ကဲ...ပစ်တော့လေ၊ ပစ်...ပစ်"

အထိန်းတော်ကြီးက အတင်းအကြပ် လောနေသောကြောင့် ခင်မကြီးမှာ မငြင်းရှောင်သာတော့ဘဲ သက်ပြင်းကြီး ဟင်းခနဲချကာ ကြွေစေ့များကို ကျောက်စိမ်းရောင် တရုတ်ကြွေပန်းကန်ထဲသို့ ပစ်ချလိုက်ရာ ကံအားလျော်စွာ အစိတ်တစ်ခါ ကျလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆက်ပစ်ပြန်ရာ ဆယ်ပွင့်ကြွေတစ်လှည့် ကျလာသောကြောင့် အတော်ကလေး အားတက် လာသော ခင်မကြီးလည်း သတိကြီးစွာနှင့် ပစ်ပြန်ရာ -

"ဟော...တစ်ဇာရာ"

ဆိုလျက် စိတ်လက်ပါ၍ လာလေ၏။ ထိုနောက် သတိကြီးစွာနှင့် ဆက်လက်ကစား ကြလေရာ ခင်ဘုန်း ကတစ်လှည့် သတ်လိုက်တင်လိုက်၊ ခင်မကြီးကတစ်လှည့် သတ်လိုက် တင်လိုက်နှင့်ပင် ပဆစ်ခွင်မှာ ပိုများကုန်သလောက် ရှိလာလေ၏။ အထိန်းတော်ကြီးမှာ ခင်မကြီး စိတ်မချမ်းမသာရှိသည်ကိုသာ ရယ်သွမ်းသွေးလိုလျက် ခင်ဘုန်းဘက်သို့ အထူးအားပေးလျက် ရှိလေ၏ ။

ခင်မကြီးမှာ တစ်စတစ်စ ပိုတွေသိမ်းလာပြီး ပိုရင့်တစ်လုံး ကျန်နေသောကြောင့် ကြောက်စရာ မရှိတော့ဘဲ စိတ်ထဲမှ အားရနေလေရာ ခင်ဘုန်းမှာလည်း ပိုရင့်တစ်လုံးသာ ရှိသောကြောင့် အထူး အေးဆေးစွာ ပစ်နေကြစဉ် နှစ်ဦးလုံး၏ ပိုများမှာ အိမ်ထဲသို့ ဂင်စပြုလာကြလေ၏။

ဤတွင်မှ နှစ်ယောက်သား အရှုံးအနိုင် အပြိုင်လုပ်ကြရတော့မည်ဖြစ်လေရာ အေး၍ မနေသာတော့ဘဲ ဖွဲနဲပဲ ကြီးကြီး၊ လက်ထဲကကြွေများကို စိတ်အားထက်သန်စွာ တစ်လှည့်စီချ၍ လာကြလေ၏။ အထိန်း တော်ကြီးကား ခင်ဘုန်းဘက်မှ အကြီးအကျယ် အားပေးလျက်ရှိလေ၏။

"ကြိုးစားလိုက်ဟော့နော် ခင်ဘုန်း၊ ညည်းက ရှုံးလို့တော့ အရေးမကြီးဘူး၊ သရေပွဲ ဖြစ်ရုံရယ်၊ ဟိုသူငယ်မ ရှုံးမှ အင်မတန် ကြည့်လို့လှမှာ၊ လူမျောက်ကြီး ငရွှေမောင်နဲ့ ခင်မကြီးမြန်မြန်ကြီး နှစ်ပါးသွားတာ ကြည့်ရအောင် ကြွေကို သတိနဲ့ ကြိုးစားပစ်လိုက် ကွဲ့နော်၊ ဂင်လာပြီ၊ ဟော...ငါးကွက်ကျန်တော့တယ်၊ တစ်ချောက်ဆိုရင် ကွက်တိ ပျောက်ပြီ၊ ကဲ...တစ်ချောက်ဆိုတာ ဘာလဲကွဲ့"

မရပ်မနား အားပေးလျက်ရှိလေ၏။

ခင်မကြီး၏ ပိုမှာလည်း ငါးကွက်တည်းသာ သွားစရာကျန်တော့ရာ လေးတစ်ခါ၊ ပါတစ်ခါကျမှ အနိုင်သေချာလျက် ရှိလေ၏။ သို့နှင့် ခင်ဘုန်းမှာ ရှေ့လောတကြီး အရင် ပြီးစီးချင်ဇောနှင့် ကြွေတစ်လှည့် ချလိုက်ရာ "သုံးပွင့်ကြွေ" ကျလာလေ၏။

"ကဲ...သုံးကွက်ရွှေ့လိုက်၊ နောက်တစ်ခါ တစ်သုံးကျရင် ပြီးရောပေါ့၊ ကိုင်း... ခင်မကြီးပစ်တော့"

ဆိုသဖြင့် ခင်မကြီးလည်း ရင်ထဲက တထိတ်ထိတ်နှင့် အံကြိတ်၍ ပစ်လိုက်ရာ 'ပါ'ဟု အထိန်းတော် ကြီးနှုတ်က ထွက်လာလေ၏။

www.burmeseclassic.com

"ကိုင်း...ခင်မကြီးက နစ်ကွက်ရွှေ့လိုက်၊ နောက်တစ်ခါ လေးပွင့်ကျရင် ပြီးနိုင်တယ်၊ ဒါပေမဲ့လို့ အခု ခင်ဘုန်းက တစ်သုံးကျသွားလို့ ခင်မကြီးက နောက်တစ်ခါ ကျနေရင် ရှုံးတော့မယ်ပော့၊ ခင်ဘုန်း ပစ်ပော့"

အလှည့် ပေးလိုက်သောကြောင့် ခင်ဘုန်းလည်း "တစ်သုံးကလေးပါလာဦး"ဟု ပြောပြီး ကြွေကို ပန်းကန်ထဲသို့ ချလိုက်ရာ

"အမယ်လေး...ပါတော့"ဟုပြောပြီး အားအလျော့ကြီး လျော့၍သွားပြီးလျှင် ခင်မကြီးက ဂမ်းသာအားရနှင့် "ဟော..ခင်ဘုန်း သုံးစာပါကျပြီး ကန်းနေပြီ၊ သူများ မကောင်းကြံလို့ ကိုယ့်ဘေးဒဏ်ထိတာ သိလား၊ ကဲ သခင်ကြီးဖျ အားရတော်မူပါစ"

မခံချင်အောင် စလိုက်သဖြင့်

"အေးပါ...ညည်းဟာညည်းသာ ပြီးအောင်ကြိုးစားပါဦး၊ ခင်ဘုန်းက ဒီကပွဲရှုံးလို့ အရေးမကြီးပါဘူး၊ သရေပွဲကျရုံပါပဲ၊ ကဲ...ပစ်ပစ် လေးစားမှာ သုံးနဲ့တစ်နေရင် ကန်းဖြစ်ဦးမှာပဲ"

ပြောသောကြောင့် ခင်မကြီးလည်း အလွန်သတိကြီးစွာနှင့် ပစ်လိုက်ရာ ကပ်ကပ်သပ်သပ်နှင့် သုံးပွင့်ပင် ကျလာပြန်လေ၏။

"ဟော...ကန်းပြန်ပြီတစ်ယောက်၊ ကိုင်း...အပြိုင်ကန်းနေပြီ၊ ဒီတစ်ခါ ခင်ဘုန်းက နိုင်အောင် ပစ်ပေတော့"

ဆိုလျှင် ခင်ဘုန်းလည်း အကြိတ်အနယ်တွင် အကယ်စိတ်ဂင်စားကာ ပစ်လိုက်ရာ ဆယ်ပွင့်ကြွေ ဖြစ်တော့ မလိုလိုနှင့် ကြွေထောင့်တစ်ခု ပက်လက်လန်ပြီး ပါဖြစ်သွားသဖြင့် ၍ ဤတစ်လှည့် အလကား ဖြစ်သွား ရပြန်လေ၏။

"ကိုင်း...ခင်မကြီးအလှည့်၊ ပစ်လိုက်ကွဲ့နော်၊ 'ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေရင်' လူမျောက် ကတော် ကလေး ဖြစ်သွားလိမ့်မယ်၊ ကိုင်း...ပစ်လိုက်စမ်း"

အားပေးသောကြောင့် ခင်မကြီးလည်း အရေးတကြီး ဂရုစိုက်၍ ကြွေချလိုက်ရာ ကံအားလျော်စွာ တစ်ဆယ် ကျလာပြီ၊ နောက်တစ်လက် အသာချမှ သုံးပွင့်နှင့် ငြိမ်းသွားရာ။

"ဟော...ခင်မကြီး ပိုနိုးသွားပြီ၊ ဒီတစ်လက် ကျန်သေးတယ်၊ ခင်ဘုန်းလည်း တစ်ပြိုင်တည်း နိုးအောင် ပစ်ရင်း ဒီပွဲသရေဖြစ်ပြီ၊ အရင်တစ်ပွဲအတွက် ခင်မကြီးကို အနိုင်ယူနိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

ပြောသောကြောင့် ခင်ဘုန်းလည်း စိတ်ရောကိုယ်ပါ ပစ်လိုက်ရာ ဖျတ်ခနဲ့ တစ်ဆယ်ကျ၍ လာလေ၏။

"ဟော...ဟော...ရည်တူလိုက်နေပြီ၊ ကဲ...ကဲ၊ ရှိရှိသေသေကလေး ပစ်လိုက်စမ်း၊ ခင်ဘုန်းရဲ့"

ပြောလေရာ ခင်မကြီးမှာ တထိတ်ထိတ်နှင့် သွေးခုန်၍ နေရှာလေ၏။

"ကဲ...ပစ်ပြီ"

ဆိုကာ ခင်ဘုန်း ဖြည်းညင်းစွာ ကြွေကိုချလိုက်ရာ တမင်တကာ ဂရုစိုက်ခါမှ လက်ကြားထဲတွင် ကြွေတစ်စေ့ ကပ်ပါပြီး ကြမ်းပေါ်ကျသွားရကား ခင်မကြီးမှာ ရွှေထုပ်ကြီး ကောက်ရမလောက် ဂမ်းမြောက် သွားပြီး

"ဟော...ကြွေအံသွားပြီ၊ ခင်မကြီးနိုင်တယ်၊ ခင်မကြီးနိုင်တယ်၊ သရေပွဲ၊ သခင်ကြီးလည်း ဖျကျွန်မကို ရှေ့တော်မပို့ရတော့ဘူးဘုရား"

အားရပါးရ ပြောလိုက်မှ အထိန်းတော်ကြီးက ပြုံးပြီး -

"ညည်းဆတ်ဆော့တာ နလုံးနာလို့ တမင်တကာ လုပ်နေတာပါ အေရယ်၊ တကယ်ရှုံးရင်လည်း အလကား၊ ဘုန်းတော်ကြီးလှသော ဘုရားရှေ့တော် ခေါ်သွားပုံပါ မလား"

ပြောလိုက်မှ ခင်မကြီးမှာ ဟင်းခနဲ သက်ပြင်းကြီးချပြီး -

"ဒါဖြင့် အစက ပြောပါတော့ဘုရားဖျ၊ ကျွန်မ တကယ်များပို့မလားလို့ စိတ်ပူလိုက် ရတာ မောလို့၊ ခုမှ အသက် ရှူနိုင်ပါတော့တယ်"

ပြောပြီး အားလုံးပင် တသောသော ရယ်ပွဲဖွဲ့၍ နေကြရာ အတော်ညဉ့်နက် လာလေ၏။ အဆောင်တော် တွင်းက စုထားဖုရားလည်း ငြိမ်ချက်သားကောင်းလှသဖြင့် အထိန်းတော်ကြီး ချောင်းကြည့် လိုက်သောအခါ ထိပ်စုဖုရားလတ်မှာ သလွန်ပေါ်တွင် ကွေးကွေးကလေး စက်ပျော်တော်မူနေသည်ကို မြင်ရမှ -

"အလို...ထိပ်စုဖုရားတောင် ဘယ်အချိန်က စက်တော်ခေါ်သွားပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com

ပြောကာ ပျာပျာသလဲဝင်လာပြီး ညဥ့်လွှာရုံကြီးများ ဖြည်းညင်းစွာ လှန်မြှ ဆက်သလျက် စောစောက ရေးတော်မူ နေသော ရွှေလွှာတော်ကို အပါးတော်၌ လိုက်လံရှာဖွေရာ မတွေ့သဖြင့် စုထားဖုရား ရေးပြီး၍ သိမ်းထား တော်မူပြီဟု တွေးမိကာ စိတ်အေးစွာနှင့် မိမိအိပ်ရာသို့ ဝင်လေသတည်း။

နံနက်မိုးသောက် အလင်းသို့ရောက်လျှင် အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ပျာယီးပျာယာ အိပ်ရာမှ ထလာကာ ထိပ်စုဖုရား၏ စက်ရာတော်ဆီသို့ ဖြည်းညင်းစွာ ခြေနင်း၍ အဆောင်တွင်း ဝင်ခဲ့လေ၏။

ထိပ်စုဖုရားလတ်လည်း လွှာခြုံတော်နှင့် ညဥ့်ဦးက ထွေးခဲ့သည့်အတိုင်း ကွေးကွေး ကလေး စက်ပျော်တော်မူဆဲ ဖြစ်သည်ကို တွေ့ရသောကြောင့် အထိန်းတော်ကြီး အသာလှည့်၍ ထွက်လာခဲ့ပြီးလျှင် အပြင် ဆောင်ဘက်တွင် လုပ်ကိုင်ပြင်ဆင်ရန် ရှိသည်များကို အရံသင့် စီမံပြင်ဆင်ထားပြီး အပျိုတော် ကလေး များကိုလည်း ထိပ်စုဖုရား မျက်နှာသစ်တောရေကျလျှင် နံ့သာ မလစ်ဟင်းရအောင် ပြင်ဆင် ထားစေရန် စီမံလျက် စုဖုရား နိုးတော်မူချိန်ကို ငြိမ်သက်စွာ စောင့်စားလျက် ရှိလေ၏။

နေခြည်ရောင်လင့် အတန်မြင့်သည်တိုင်အောင်လည်း စုဖုရားမှ နိုးတော်မမူသေး သဖြင့် နန်းဦး မှန်စီကျောင်းတော်သို့ စောစောသွားရန် အရေးကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မအေးနိုင်အောင် ဖြစ်လာလေ၏။

ဆေးလိပ်နှင့်စားတော်၊ ကွမ်းယာတော်များအတွက် ပြုပြင်ရန်များကိုလည်း အဆင့်သင့် စီမံထားပြီး ကွမ်းယာတော် များမှာ စုဖုရားလတ် လက်တော်နှင့် ကိုယ်တိုင်တော် ယာမည်ဟု အမိန့်တော်ရှိထားသဖြင့် မိမိ ကိုယ်တိုင် လုပ်ကိုင်ခွင့်မရှိဘဲ ဂေယျာဂစ္စကိုသာ မလစ်ဟင်းရန် အရံသင့်ပြင်ပြီး စောင့်နေရှာလေ၏။

အရှင်ထိပ်စုဖုရားလတ်လည်း စက်ရာတော်က ခုတောင် ထတော်မမူသေးပါဘူး၊ ဟိုကို သွားရမဲ့ အရေး ကလည်း ရှိသေးတယ်။

တစ်ယောက်တည်း စိတ်ရှုပ်စွာ ခေါင်းကုတ်စဉ်းစားနေစဉ်မှာပင် အတွင်းဆောင် တော်သို့ စုဖုရားနိုးတော်မူပြီလားဟု သွားကြည့်ပြန်လျှင် အခန့်သင့်ပင် လူးလွန့်တော်မူ လာသည်ကို တွေ့သည်နှင့် စုဖုရားကို ယုယစွာ သွား၍ဖက်ကာ

"အမေ ထိပ်စုဖျား၊ စက်တော်မူလိုကတာ နေမြင့်လှပါပြီ သစ်သစ်လည်း သွားရ လာရမဲ့ အရေးတွေ အတော်များပါသေးတယ်၊ ထတော်မူပါ၊ စားတော်ကွမ်းယာအတွက် စုဖျားလက်တော်နှင့် အသင့်ယာတော် မူစရာလည့်း အားလုံးပြင်ဆင်ပြီးပါ၊ စုဖျား နိုးတော်မမူသေးတာနှင့် ခုတိုင်မသွားရသေးဘဲ စောင့်နေ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

စုဖျားအပါးကပ်၍ တီးတိုးလျှောက်တင်လိုက်မှ ထိပ်စုဖုရားလတ်လည်း မျက်တောင် တော်ဖွင့်ကာ -

"အို...ဟုတ်ပါလေရဲ့၊ စုစု မေ့သွားတယ် သစ်သစ်ရယ်၊ နေမြင့်သွားပလား"

ပြောကာ သလွန်ပေါ်မှမ အလျင်စလို ထတော်မူလိုက်လျှင် ခင်ဟော၊ ခင်မကြီး၊ ခင်မြဇင် စသော အပျိုတော်တစ်စုတို့လည်း စုဖုရားအပါးတော်သို့ ရောက်လာကြကာ မျက်နှာသစ်တော် ရွှေဖလားဆက်သူက ဆက်၍ ပိုးတဘက် ကိုင်စောင်သူကစောင့်ပြီး လက်ပါးစေကလေးများကလည်း မျက်နှာ သစ်တော်ရေကျကို သိမ်းဆည်းလျက် နံ့သာ ပန်းမန်နှင့် ဂတ်လဲတော်များ ဆက်ပြီး အထိန်းတော်ကြီး ကိုယ်တိုင် လည်း ဆံတော်များ ရှင်းဆက်လေ၏။

"ဆံတော်ရှင်းနေတာကလည်း ကြာလိုက်တာ သစ်သစ်ရယ်၊ မြန်မြန်လုပ်ပါ၊ စုစု စက်ရာက နေမြင့် ရတဲ့အထဲ သစ်သစ်ကလည်း အလကား ကြာအောင်လုပ်နေတော့တာပဲ"

အပြစ်တင်တော်မူရာ -

"အလိုလေး...စုဖျားဟာ စုဖျား အလကားနေရင်း နေမြင့်အောင် စက်တော်ခေါ် တော်မူပြီး ခုမှ အရေးတကြီး ဖြစ်တော်မူလိုက်ရတာ၊ ကဲ...ကဲ...ပြီးပါပြီဘုရား"

ဆိုလျက် ဆံတော်ကို လက်စသပ်ထုံးဆက်လိုက်ရာ -

"ဟုတ်သားပဲ စုစုကို အစက ဘာလို့ လာပြီး,မနှိုးသလဲ၊ ခုတော့ နေတောင်မြင့် နေပြီ၊ သစ်သစ်ကြီး ဘယ်နေရာသွားသွား ဘာလုပ်နေမှန်းလဲ မသိဘဲနဲ့"

"ဘယ်မှ မသွားဘူးဗျ၊ ညက ဟောဒီ ခင်မကြီးတို့တစ်တွေပေါ့ဘုရား၊ ပဆစ်ပစ်တာ ခါတိုင်းထက်ဆန်းပြီး လောင်းကြေး စားကြေးနဲ့ ပစ်နေကြတာနဲ့ သစ်သစ်လည်း ဂင်ကြည့်နေမိတာ သူတို့ဟာက ခပ်ဆန်းဆန်း မို့ ကြည့်လို့ကောင်းတာနှင့် ညဥ့်နက်သွား တာပဲဗျ၊ ဒါကြောင့် သစ်သစ်လည်း ခါတိုင်းထက် အိပ်ရာထ နောက်ကျ သွားပါတယ်"

"အမယ်...ဘာများဆန်းသေးသလဲ သစ်သစ်ရဲ့၊ ပဆစ်ပစ်တဲ့ဟာများ အဆန်းလုပ် ကြည့်နေရသလား၊ အလကားညာတာ၊ ဟိုပြုတိုက်တော်က နှုတ်ခမ်းမွေးကောင်းကောင်းနဲ့ စကားဂါရောင် ခေါင်းပေါင်းပေါင်း တတ်တဲ့ တစ်ခုလပ်သံတော်ဆင့်ကြီးနဲ့ ချိန်းပြီး မြောက် ဉယျာဉ်တော်ထဲမှာ စကားပြော နေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"အလိုလေးဘုရား...မိုးကြိုးကျားသားပါ၊ မဟုတ်ရပါဘူး၊ တကယ့်ကို ပဆစ်ပစ်တာ ကြည့်နေတာပါဖျ၊ မယုံတော်မူရင် ဟောဒီက ခင်မကြီးတို့ကို မေးတော်မူပါ၊ သူတို့ လောင်းကြေးက ဆန်းလို့ဖျ၊ ဟောဒီ ခင်မကြီး ကံကောင်းလို့ လူမျောက်ငရွှေမောင်ကြီးနဲ့ မရတာလား ဘုရား"

ရယ်ရယ်မောမောလျှောက်လိုက်ရာ စုဖုရားလည်း အတော်စိတ်ဝင်စားတော် မူလာပြီး -

"အိုး...လူမျောက် ငရွှေမောင်ကြီးနဲ့ ဘယ်လိုဖြစ်ကြလို့လဲ သစ်သစ်ရဲ့"

ဟု မေးတော်မူသောအခါ ခင်ဘွားသစ်လည်း ညက အဖြစ်အပျက်များကို ပြန်၍ လျှောက်ထားလိုက်မှ စုဖုရားက ပြုံးတော်မူပြီး -

"အင်...ဒီအမယ်ကြီးက ဒါမျိုးမများဆို သူ့အရင် ရှေ့ကဂင်ပါချင်တာချည်းပဲ၊ ကဲ... ကဲ... ခင်မကြီးတို့ သွားကြတော့ အပြင်မှာ လုပ်စရာရှိတာလုပ်ကြ"

ပြော၍ အခြား အပျိုတော်များ အဆောင်တော် အပြင် ထွက်သွားကြသည်။

"ကိုင်းလေ...ဘယ်မှာလဲ သစ်သစ်ရဲ့၊ နေမြင့်လှပြီဆို၊ လုပ်ပါ ဖဲပဝါနဲ့ မြတ်လေးကုံးတွေကော ယူခဲ့ပါ၊ စားတော်ကွမ်းယာအတွက် စုစုရဲ့ ကွမ်းအုတ်တော်ကို အဆင့်သင့် ပြင်ထားတယ်ဆို"

စုဖုရားက အလျင်စလို မေးတော်မူလိုက်ရာ အထိန်းတော်ကြီးလည်း ထဘီကြီး ဒီလွှာနှင့် ကတိုက်ကရိုက် ပြေးလွှားဟန်ပြုကာ

"အို...အားလုံး အသင့်ပါဘုရား၊ ရှေ့တော်ကို ဆက်လာပါမယ်၊ မြန်မြန်ယူတော်မူပါ၊ စုထားဖုရား လက်တော်ကလေးနှင့် ကိုယ်တိုင်တော် လုပ်တော်မူဖို့ရာ သစ်သစ်က အကူအညီ အသယ်အပိုးဘက်က အစစပြီးစီးအောင် အကျိုးတော် ဆောင်ပမယ်ဘုရား"

ဆိုလျက် ကွမ်းတော်အုပ်ကို ပြေးယူဆက်ခြင်း၊ ဆေးလိပ်တော်ကာလပ်၊ မြတ်လေးကုံး၊ ဖဲပဝါ၊ ပုသိမ်ပဝါများကို အားလုံးစုံ ရှေ့တောအ်ရောက် ထားလေ၏။

ထိပ်စုမြတ်ဖုရားလည်း ကွမ်းအုပ်တော်ကိုဖွင့်ကာ စားတော်ကွမ်းယာကို ကိုယ်တိုင် တော် ပြင်ဆင်ပြီးလျှင် ကိန္နရာမောင်နံ ဂဲပုံကနေဟန်ကို ဖော့ပန်းပုဖြင့် ပြုလုပ်ထားသော နန်းသုံးဆေးဖုံတော် (1)နှင့် နာနတ်သီးသဏ္ဍာန် ဖော့ဖြင့် စီမံထားသော နန်းသုံး လေးညှင်း နာနတ်ပန်း(1)များကိုလည်း စားတော်ကွမ်းယာများနှင့်အတူ ရွှေကလပ်ပေါ်တွင် တင်လျက် လ,စက်ရောင် ဖဲပဝါဖြင့် စီထုပ်တော်မူကာ ထိုဖဲပဝါနစ်ထပ်ပေါ်တွင်မှ မြတ်လေးကုံးကြီးများ ရစ်ပတ်လွှမ်းဖုံးပြီး ပုသိမ်ပဝါနှင့် အပေါ်မှတစ်ထပ်၊ ခပ်ရွရွ ထုပ်တော်မူထားလေ၏။

www.burmeseclassic.com

"ကဲ...ဆေးလိပ်နဲ့ ကွမ်းယာတော်များကိစ္စကတော့ပြီးပြီ သစ်သစ်ရဲ့၊ ဂုတ်လဲတော် ပုဆိုးတစ်ထည်လည်း ထည့်ဆက်လိုက်ချင်သေးတယ်၊ ဟို...လဲကျားအစ်ထဲက နွယ်သာကီ ကြိုးပုဆိုးတစ်ထည်ကို စုစု အီစတန် ရေမွှေး သပ်ခိုင်းထားတာတွေ ယူလာခဲ့စမ်းပါ၊ အဲ..ဒါလည်း ဆက်လိုက်မယ်၊ ညက စုဖုရား ရေးသားတော် မူထားတဲ့ ရွှေလွှာတော်လည်း သလွန်တော် ခေါင်းရင်းဘက် (*) နေရပါး မပြီးယူခဲ့ပါ"

မိန့်တော်မူရာ အထိန်းတော်ကြီးလည်း ပျာပျာသလဲဂင် သလွန်တော်ခေါင်းရင်းက အလွှာတော်နှင့် အီစတန် ရေမွှေးသပ်၍ အထုံအမွှေး နပ်ထားသော နွယ်သာကီ လွန်းပြန်ပုဆိုးတို့ကို ယူလာကာ ပုသိမ်ပဂါနှင့် ပတ်၍ ရွှေကလပ်တွင် တင်၍ ဆက်လေ၏။

"ကဲ...ကဲ...သစ်သစ် သွားပေတော့လေ၊ စုဖုရားက သီပေါမောင်မောင် အောင်တော် မူစေကြောင်း ဆုတောင်းတော်မူနေတယ်ဆိုတာလဲ သစ်သစ်ရဲ့၊ နှုတ်စကားနဲ့ မောင်မောင့် ကို လျှောက်တင်ခဲ့ပါ၊ စုစုကိုယ်တိုင်တော် ယာတဲ့ စားတော်ကွမ်းယာနဲ့ ဆေးလိပ်တော်များ ကို သုဓမ္မာဇရပ်သို့ စာတော်ပြန်ထွက်တော်မူတဲ့အခါ သတိတရနှင့် သုံးဆောင်လျှင် သီပေါမောင်မောင် ဘုန်းရောင်လင်း၍ အောင်မြင်ခြင်း လာဘ်ကြီးကို အပြီးအပိုင် သိမ်းပိုက် ဆွတ်ခူးတော်မူနိုင်ပါလိမ့်မည်လို့ စုစုရဲ့ နှုတ်တော်က မှာတော်မူ လိုက်ကြောင်း သစ်သစ်က အာဂဇ္ဇန်းကောင်းကောင်းနဲ့ အပိုအမိုတွေ ဖြည့်ဆောင်ပြီး လျှောက်တင် လိုက်ပါ"

မိန့်တော်မူလျှင် သွားရန်ပြင်နေသော အထိန်းတော်ကြီးလည်း ပြုံးပြုံးကြီး နားထောင်နေရာမှ

"စိတ်ချတော်မူပါဘုရား၊ ဒီလို လျှောက်တင်ရတဲ့ဘက်ကတော့ ဘယ်တော့မှ ညံ့ခဲ့တဲ့ သစ်သစ် မဟုတ်ဘူး၊ ဘာမဆို လိုတာထက် ပိုပိုသွားမယ်ဆိုတာ ယုံကြည်တော် မူပါ၊ အနို့... သစ်သစ်နှုတ်က လျှောက်ရမှာထက် စုထားဖုရား ရေးသားတော်မူတဲ့ အလွှာ တော်ထဲမှာလည်း ဒီအဓိပ္ပာယ်မျိုးတွေ ပါပြီထင်ပဘုရား"

"အို...စုစု ရေးသားတော်မူတဲ့ အလွှာတော်က ဒါလောက် မစုံလင်ပါဘူး၊ ညက ညဥ့်နက် လာသည့် တိုင်အောင် ဘယ်လို ရေးရမလဲဆိုတာ စဉ်စားတော်မူလို့ မပေါ်တာနှင့် စိတ်တိုတော် မူလာလို့ အခြားမယ်ဘွဲ့ မောင်ဘွဲ့တွေ၊ အကျယ်ချဲ့မနေတော့ဘူး သစ်သစ်ရဲ့"

"တေးထပ်ကလေး တစ်ပုဒ်ပဲ ရေးတော်မူလိုက်တယ်၊ အကျယ်အဂန်းတော့ သစ်သစ်နှုတ်ကပဲ လျှောက်လိုက်စေချင်တာနှင့် ယခု မှာတော်မူနေတာပေါ့ သစ်သစ်ရဲ့"

"ကဲ...ဒါဖြင့် ကောင်းပါလေရဲ့ဘုရား၊ သစ်သစ် သွားပါချေတော့မည်"

www.burmeseclassic.com

ဆိုကာ အထိန်းတော်ကြီး ခင်ဘွားသစ်မှာလည်း သီပေါမင်းသားကို ဆက်သရန် ပစ္စည်းနှင့် အလှူတော်များ ယူဆောင်ကာ နန်းဦးမှန်စီ ကျောင်းတော်ရှိရာသို့ ထွက်လာခဲ့လေလျှင် အဆောင်တော် တွင် ထိပ်စုဖုရားလတ်လည်း အခြားအပျိုတော်များ နှင့် နံ့သာပန်းမန်များ ဆင်တော်မူရင်း အပျင်းပြေ စံတော်မူ နေလေသတည်း။

အခန်း (၁၄) ဆက်ရန်

အခန်း (၁၄)

"နန်းဦးမှန်စီ ရွှေကျောင်းတော်တွင် ရှင်သာမဏေဘဝဖြင့် ပထမပြန်ဆိုတော်မူလာခဲ့သည် မှာ နှစ်ကြိမ်ပြီးမြောက်၊ သုံးကြိမ်ရောက်တော့မည် ဖြစ်သော သုသီရိမဟာ ဓမ္မရာဇာဘွဲ့ခံ သီပေါမင်းသားလည်း ယခု နောက်ဆုံးအကြိမ်မ ပထမကြီး ပြန်ဆိုတော်မူရန် အချိန်လွန်စွာ နီးကပ်တော်မူနေသည့် အားလျော်စွာ ကျောင်းဆောင်အတွင်းမှ အပြင်သို့ပင် ထွက်ကြွတော် မမူနိုင်အောင် ကြိုးစားလျက် မှတ်တော်မူလျက်မ ခဲရာခဲဆစ်များကို အထူး မှတ်သားတော်မူနေလေ၏။

ကျောင်းတော်ရှိ ဆရာတော်ဘုရားနှင့်တကွ တိုက်အုပ်၊ တိုက်ကြပ်၊ ပဉ္စင်း၊ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယမကျန် နက်ဖြန် စာတော်ပြန် သုဓမ္မာပွဲသဘင်သို့ လိုက်ပါကြည့်ရှု ကြရန် အကြောင်းများနှင့် သီပေါ မင်းသားကလေး ချောမောစွာ အောင်မြင်စေလိုကြောင်း တတွက်တွက်ပြောကြား ဆုညံလျက် ရှိကြလေ၏။

သီပေါမင်းသားအား အကျိုးလိုလား ချစ်ခင်အားထားကြသူများလည်း တစ်ယောက် ပြီး တစ်ယောက် ကျောင်းတော်သို့ ရောက်လာကြကာ အားပေးစကား လျှောက်ထားပြော ဆို ဥဒဟို မစဲအောင် ရှိနေကြလေ၏။

ယင်းသို့ သုဓမ္မာ စာတော်ပြန်ပွဲကြီး၏ အရှိန်ဂယက် ရိုက်ခတ်ခြင်းမားကြောင့် ရှေးအခါက တိတ်ဆိတ်ခြောက်သွေ့ ပျင်းရိငြီးငွေ့ဖွယ်သော ကျောင်းတော်ကြီး တစ်ခွင်မှာ အသက်ဝင်လာသလို လူရိပ်လူယောင် အများနှင့် လှုပ်လှုပ်ရှားရှား ထထကြွကြွ ဖြစ်နေကြစဉ် အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ယမိုက်ကျမ်းကို အာရုံစူးစိုက်စွာ ရှုစားတော်မူနေသော သီပေါမင်းသား အနီးသို့ အခစားမိလေ၏။

စာတော်ထဲတွင် စိတ်ဝင်စားနေသော အပါးတော်တွင် ထိုင်လိုက်သည့်အရိပ်ကို မြင်သဖြင့် ရုတ်တရက် ရှောင်တခင်ပင် ပုရပိုက်ကို ရှုစားတော်မူရာက မျက်လွှာကိုမ၍ ကြည့်တော်မူလေရာ လက်ဆောင်တော်များ နှင့် ရောက်လာသော အထိန်းတော်ကြီး ခင်ဘွားသစ်ကို မြင်တော်မူလျှင် ရုတ်တရက် မျက်နှာရွှင်တော် မူသွားပြီး -

www.burmeseclassic.com

www.burmeseclassic.com

"အလို....အထိန်းတော်ကြီးပါကလား၊ ဘာများလာပြီး ဆက်သလဲ၊ စုစုလည်း မာတော်မူရဲ့နော်၊ ကိုယ်တော်ဖြင့် စာတော်ပြန်ပွဲ နီးကပ်နေတာနှင့် ဆင်ပြောင်ကြီး အမြီးကျမှ မထစ်ပါစေနဲ့လို့ ကြိုးစားတော် မူရတာပဲ အထိန်းတော်ကြီးရဲ့..."

မိန့်တော်မူရာ အထိန်းတော်ကြီးလည်း အပါးတိုးခစားကာ -

"မှန်လှပါ ကြိုးစားတော်မူပါဘုရား၊ အရှင့်သားတော်အတွက် အရှင်ထိပ်စုမြတ်ဖျား က အောင်မြင်တော် မူပါစေကြောင်း ဆုတောင်းတော်ဆက်ပြီး နက်ဖြန် သုဓမ္မာဇရပ်သို့ ထွက်တော်မူသည့်အခါ ဆင်တော်မူရန် ဂုတ်လဲတော်ပုဆိုး၊ သောက်တော်မူရန် ဆေးလိပ် တော်ထုပ်နှင့်တကွ ထိပ်စုမြတ်ဖျား လက်တော်နှင့် ကိုယ်တော်တိုင် ယာတော်မူသော စားတော် ကွမ်းယာများပါ ဘုရားအရှင် ထိပ်စုဖုရားက ဆက်သရန် စေစားလိုက်ကြောင်းပါ"

"ဒီလက်ဆောင်တော်များကို နှစ်သက်မြတ်နိုးစွာ သုဓမ္မာသဘင်သို့ ဆောင်ယူ တော်မူသွားပါလျှင် အောင်မြင်ရာ အောင်မြင်ကြောင်း သိဒ္ဓိလို့ကောင်းတဲ့ အဆောင် လက်ဖွဲ့များပမာ အရှင်ထိပ်စုဖျား၏ ရွှေမေတ္တာအရှိန်ကြောင့် အနှောင့်အယှက်ဆို၍ တစ်စွန်းတစ်ကွက် မပေါ်ဘဲ စာတော်ပြန်ပွဲကို အခက်အခဲ မရှိ အောင်မြင်တော်မူပါလိမ့်မည် လို့ အမှာတော်ရှိလိုက်ကြောင်းပါ ဘုရား၊ အရှင်ထိပ်မြတ် စုဖျားက ကိုယ်တော်တိုင် မြတ်မြတ်နိုးနိုး ကြိုးကြိုးစားစား ဆက်သတော်မူလိုက်တဲ့ လက်ဆောင်တော်များကို အရှင့်သား ကလည်း စွဲစွဲမြဲမြဲ ကိုယ်တော်နှင့် အမြဲဆောင်ယူတော်မူဖို့ပါ ဘုရား"

လျှောက်ထားလေလျှင် သီပေါမင်းသားမှာ အလွန်တရာ အားရဝမ်းသာ ဖြစ်တော်မူ လာသဖြင့် လက်ဆောင် တော်ပစ္စည်းများကို ပြုံးရွှင်စွာ ရှုစားကိုင်ယူတော်မူကာ

"အို...ဘယ်လိုပြောလိုက်ပါလိမ့်ဗျာ၊ ကိုယ်တော် အလွန်တရာ ချစ်မြတ်နိုးတော်မူတဲ့ စုစုရဲ့ လက်ဆောင်တော် များကို မထီမဲ့မြင် ပြုတော်မူနိုင်ပါမလား၊ ကိုယ်တော်သွားလေရာ ရာကို အဆောင်တော် လက်ဖွဲ့ကလေးပမာ မကွာအတူ အပါယူပြီး ထွက်တော့မူမှာပေါ့၊ တောင်းတော်မူတဲ့ ဆုအတိုင်း၊ မေတ္တာတော် အရှိန် စူးရှတော်မူပြီး စာတော်ပြန်ပွဲကြီးမှာ အခဲအယဉ်းမရှိ အောင်မြင်တော်မူဖို့ အမှန် ယုံကြည်ပါရဲ့၊ ကိုယ်တော်လည်း များစွာ ဝမ်းသာအားရ ဖြစ်တော်မူပြီး ဒီလက်ဆောင်တော်တွေကို သိမ်းဆည်း လက်ခံတော်မူ လိုက်တယ် ဆိုတာ စုစုကို သံတော်ဦး တင်လိုက်ပါ"

"မှန်ပါ၊ စိတ်ချတော်မူပါဘုရား၊ နို့ပြီးတော့ အရှင်ထိပ်စုမြတ်ဖျားက ဟောဒီ လက်ဆောင်တော်များအပြင် အလွှာတော် ရွှေပြားလည်း ဆက်သလိုက်ပါသေးသည်"

ပြောကာ ပိုးပဝါအတွင်းမှ ပါလာသော အလွှာတော်ကို ထုတ်ယူနေလျှင် သီပေါမင်းသားက စိအားထက်သန်စွာနှင့်

www.burmeseclassic.com

www.burmeseclassic.com

"အို…အလှ္တာတော် ပါသေးတာများ နောက်ချန်လို့များ ထားပလေ အထိန်းတော် ကြီးရယ်၊ ဘယ်မလဲ မြန်မြန်ဆက်စမ်းပါ"

အလျင်စလို မိန့်တော်မူနေလေ၏။

"ဒီမှာဘုရား၊ ဖျာ့ကျွန်မလည်း ဦးစွာဆက်မလို့ဟာ ဒီလက်ဆောင်တော်များကို ကိုယ်တော်ဖျားက ရှုစားတော် မူနေသေးတာနှင့် လျှောက်တင်ခွင့်ရှိသလောက် လျှောက် တင်နေရတဲ့ အတွက် နောက်ချန် ဆက်မိသလို ဖြစ်သွားရကြောင်းပါ"

ပြောကာ အလှ္တာတော် ရွှေပြားကို သီပေါမင်းသား လက်တော်သို့ ဆက်လိုက်ရာ သီပေါမင်းသားလည်း အလှ္တာတော် ပဂါကို ဖြေတော်မူလျက် မျက်နှာတော် တပြုံးပြုံးနှင့် တစ်လုံးချင်း ဖတ်တော်မူလေ၏။

"တေးထပ်"

စံရဂေ ဘုံမြင့်မတော့၊

ဂုဏ်တင့်တဲ့သာကီ၊

လှုံဆင့်မဲ့ပကာချီသည်၊

သဒ္ဒါရည်မောက်ဖြိုး။

ရွှေခွန်းတော် ဂတိသွေလျှင်၊

မြတ်ဘိသေ လွဲလိမ့်မည်စိုး၊

သပြေချက် ဒီဇမ္ဗူဂယ်၊

သည်တစ်ဆူရှယ်ကိုး။

ညီအတူ ကယ်ကြိုးလို့

သယ်ပိုးတဲ့ ခြင်းရာ။

www.burmeseclassic.com

အမိဗြာန်ငုံးရွှေငှက်လိုပ၊

နံ့သွေးမပျက် ထားသင့်လှပါ။

နေနန်းမြင့် ဥပရာငယ်၊

သွေမဆန်းသင့် စုကလျာကို၊

ပြဒ္ဒညာမောင်တင့်တော့၊

အောင်ပန်းပွင့် နှင်းဆီရုံ၊

သင်းကြည်လို့ထုံ။

အာဒိစ္စကမ္ဘုလုံငယ်၊

ခါမိသာ နံ့ပြုခြံုတယ်။

ဗန္ဓုပုံနယ်ဂေလျှမ်းပြောင်ဖို့လေး။

ဟူ၍ တွေ့မြင်တော်မူရလျှင် ပြုံးရွှင်အားရတော်မူလှသော မျက်နှာဖြင့် -

"အထိန်းတော်ကြီးကို စုစုက ခုတောင် ကိုယ်တော်အပေါ် ယုံကြည်စိတ်ချတော်မမူသေး ပါကလား၊ ဩော် စုစုက စိတ်ချတော်မမူသလောက် ကိုယ်တော်မှာဖြင့် မျှော်လင့်အားထား မေတ္တာစေစားပြီး မဖောက်မပြားဘဲ တစ်ပါးဆိုမှတစ်ပါး၊ ဂေကန်ပိုင်းခြားလို့ ချစ်အားတော် သန်သန်နှင့် သစ္စာမဏ္ဍိုင်ကြီး စိုက်ထူ၍ ထားတော် မူပါတယ်၊ ဤသစ္စာအတိုင်းမှန်လျှင် ကြံသမျှ ပြီးစီးလို့ အောင်ဆုကြီး ဆင်တော်မူပါလိမ့်မယ် အထိန်း တော်ကြီးရဲ့"

"မှန်လှပါဘုရား ကိုယ်တော်ဖျား ရွှေစိတ်တော်ကိုတော့ ဖျာ့ကျွန်မကို အထူး မိန့်တော်မူဖို့ မလိုပါ၊ အလုံးစုံ သိပြီးဖြစ်ပါကြောင်းပါ၊ အလွှာတော်မှာ စုထားဖုရားက ဘယ်လိုများ ရေးသားတော်မူလိုက်ပါသေးသလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အလှူတော်ရဲ့ သဘောကတော့ ကိုယ်တော့အတွက် အသက်သမျှ ချစ်မြတ်နိုးတော်မူလှတဲ့ စုစုက အောင်ဆုတောင်းတော်နဲ့ အောင်ကြောင်းကို ရွယ်ပြီး အောင်စေတီအောင်ဘုရားမှာ အောင်ပန်းများ ကပ်လှူတော်မူနေပါမည်။ သာကီဆွေ မောင်မောင်ဘုရားကလည်းမ ကတိတော်ထားခဲ့သည့်အတိုင်း မယိမ်း မယိုင် ကြံ့ခိုင်တော်မူပါ"

"ကတိတော် မသေလျှင် အောင်ပါစေဆိုတဲ့ဆုကို အလိုလိုပြည့်ဂစေနိုင်ပါတယ် ဆိုတဲ့ သဘောသွားရဲ့အပြင် ကိုယ်တော် ကြိုးပမ်းဖြေဆိုတော်မူမဲ့ စာတော်ပြန်ပွဲမှာ ကိုယ်တော် လုံ့လစိုက်ထုတ်တော်မူနေသည်နှင့်အမျှ နမတော် စုစုကလည်း ဒီဇမ္ဗူမှာ ဒီတစ်ဆူရွယ်ကိုးပြီး ကိုယ်တော် ကြိုးပမ်းတော်မူနေတဲ့ကိစ္စမှာ ညီတူညီမျှ သည်ပိုးကူညီ သည့် အလား စွမ်းအားရှိတော်မူတဲ့ဘက်က ဆုမွန် ကောင်းတောင်းလို့ မြတကောင် ဩောင်ရေနှင့် အောင်ပါစေကြောင်း မေတ္တာဓာတ် ရေကြည်လောင်းလျက် နေတော်မူ ရယ်ပါ"

"သို့အတွက် မောင်တော်ဖျားက မေတ္တာနှင့် သစ္စာတော်တို့ကို ခန့်ခန့်ခိုင်ခိုင် စိုက်ထူ၍ အဓိဋ္ဌာန် သစ္စာမူလျှင် အလိုတော်ရှိသမျှ အရာရာ ကိစ္စမှန်လျှင် အမြန်ပင် အောင်မြင်တော်မူပါလိမ့်မယ်၊ ရွှေခွန်းတော် ကတိမသွေမှ တစ်ဘိသေအောင်ပန်း ဆွတ်လှမ်းတော်မူနိုင်မည်ဖြစ်ပါ၍ မမေ့မလျော့ မပေ့ါမဆ နမတော်ကို သတိရတော် မူပါဆိုတဲ့ အဓိပ္ပာယ်များပါပဲ အထိန်းတော်ကြီးရဲ့၊ စုစုက ခုလို ကတိတော် မပေးပေတဲ့လဲ ကိုယ်တော်ရဲ့ စိတ်တော်ထဲမှာတော့ စုစုဆိုတဲ့ အသည်းစွဲကလေးကို နည်းနည်းမှ မေ့လျော့ တော်မူတယ်လို့ မရှိဘူး"

"စုစုရဲ့ ရုပ်ပုံတော်ကလေးဟာ ကိုယ်တော့အသည်းနှလုံးပေါ်မှာ စွဲနေအောင် လှာပုံတော် ရေးထားသလို ဖြစ်နေပါတယ်၊ စက္ခုပသာဒ ရုပ်ခေါ်တဲ့ မျက်လှာခုနစ်ထပ် အကြားက သန်းဦးခေါင်းဖျားလောက်ရှိတဲ့ အကြည်ဓာတ်ထဲမှာလည်း စုစုရဲ့ ရုပ်ပုံတော် ကလေး စွဲထင်ပြီး အမြဲမြင်နေရတဲ့အတွက် တစ်ကွက်မှ မေ့တော်မူဖို့ အချိန်မရှိပါဘူး၊ အထိန်းတော်ကြီးရဲ့"

"တင်ပဲ့ါဘုရား၊ ဖျာ့ကျွန်မရဲ့အရှင် ထိပ်စုမြတ်ဖျားကလည်း စိုးရိမ်တော်အမူသားပါ၊ ကိုယ်တော်ဖျားက မင်းသားစိတ်၊ မင်းသားမာန်နှင့် ဖောက်ပြန်စိမ်းကား ကတိတော် ပျက်သွားမှာ တွေးပူရှာတယ် ထင်ပါဘုရား၊ ဒီလိုစိတ်မျိုးဟာ မြွေဆိပ်ထက် ဆိုးကြောင်းပါ၊ မျက်မြင်အထင်အရှား တွေ့မြင်တော်မူထားရတာတွေလည်း အတော်ပဲ စိတ်မချစရာ၊ စိတ်ပူစရာ ဖြစ်နေပါတယ်"

"ဒါကြောင့် တစ်ခါတစ်ခါ စုဖုရားက သူများကို မကြည့်လေနဲ့ နတ်ရွာစံ ဘထွေးတော် အိမ်ရှေ့ဘုရားနှင့် အရီးတော် အိမ်ရှေ့ထိပ်ထားကို စံနမူနာ ထားစရာ ကောင်းတယ်၊ အထိန်းတော်ကြီးသစ်သစ်ရဲ့၊ အရီးတော် အိမ်ရှေ့ ထိပ်ထားက အသစ် အသစ် အချစ်တော်တွေ အမြောက်အမြားနှင့် မထောက်မထား ပြုရက်တော် မူနေတဲ့ အတွက် အရီးတော်ဘုရားမှာ မျက်ရည်နှင့်မျက်ခွက်၊ စက်တော်မခေါ်၊ ပွဲတော် မတည်နိုင် အောင် ကံတော်ကုန်ရှာသည်အထိ အဓိပတိ အဆွေးဆိုင်ကြီး ဖွင့်တော်မူသွားရရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အစကောင်းပေမဲ့ အနှောင်းမသေချာရင် စိတ်ဆင်းရဲစရာမျိုးပဲ၊ အစကတော့ မိန်းမသားမို့ အချစ်ကို ယုံစားလို့ အလုံးစုံပုံထားပြီး အားကိုးအားထားကြီးနဲ့ ချစ်လိုက် ပါရော၊ တော်တော်ကြာပလားဆို မင်းသားပီပီ သွေဖီဆန်းပြား အသစ်တွေ လိုက်စားပြီး ထားတော်မူခဲ့ပြီးတဲ့ အချစ်ကတိတွေ ဖျက်သိမ်းလို့ အစိမ်းကြီး စိမ်းတော်မူသွားတယ်"

"မချစ်ပြင်ပြင် သခင်ကိုယ်တော် စိမ်းတယ် ပိန်းပိတ်လို့မူဆိုတဲ့ ဘောလယ်ထဲက အဓိပ္ပာယ်သွားအတိုင်း ပြုတော်မူတာပဲ ခုများမှာ သူတစ်ညက်နှင့် မူဟန်တော်ခြား၊ ပြုတော်မူအားပါပေ့ သနားမညှာဆိုတဲ့ သီချင်းနှင့် တပြီးပြီး ဆွေးတော်မူရင်း စိတ်ဒုက္ခ ဝေဒနာတော် အပြင်းအထန် ခံစားတော်မူသွားရရှာတယ် အထိန်း တော်ကြီးရဲ့"

"အများအားဖြင့် မင်းသားများဟာ မင်းစိတ်၊ မင်းမာန်နှင့် အင်မတန် ဆိုးတော်မူ ချင်တယ်၊ ငယ်ချစ်ကို တော်ရာထားပြီး အပျော်အပါး အလေလိုက်လို့ ကြိုက်သလို မွေ့နေချင် ကြတာပဲ၊ စုစုတို့ သီပေါ မောင်မောင်လည်း ဒီပုတ်ထဲက ဒီပဲဆိုသလို ဒီမင်းသားတွေအစားထဲကမို့ နောင်ခါရေးအတွက် စိတ်မှချရပါ့မလား သစ်သစ်ရဲ့ ၊ ယခုလို ရွှေမေတ္တာသွယ်တန်းပြီး အချစ်လမ်းဖောက်တော်မူနေရာက အင်မတန် ရိုးပေမယ့် နောင်တစ်မျိုးတစ်မည်ဖြစ်တော်မူသွားဦးမှာလားဆိုတာစုစုဖြင့် ဘယ်အခါမှ စိတ်တော် မမူပါဘူး"

"စုစုတော့နောင်အရေးကိုမဆိုထားနှင့် ယခုလို မေတ္တာရွှေလမ်း၊ ငွေလမ်း ဖောက်ထား ပြီးတစ်ပါးနှင့်တစ်ပါး စကားကမ်းလှမ်းဆဲ အခါမှာပင်ယုံကြည စိတ်ချတော် မူချင်စိတ် အနည်းသားပဲ သစ်သစ်ရယ်လို့ မကြာခဏ မိန့်တော်မူတတ်တဲ့အတွက် ဖျာ့ ကျွန်မက ကိုယ်တော်ဖျားဘက်က ရှေ့နေတော်ကြီး လုပ်လိုက်ရတာလည်း ခဏခဏပါ ဘုရား"

"ဤကဲ့သို့ အယုံအကြည် နည်းတော်မူခြင်းဟာလည်း စင်စစ်တော့ ချစ်တော် မူလွန်းလှတဲ့အတွက် တစ်စက်ကလေးမှ စိတ်အေးစိတ်ချ နေတော်မမူနိုင်တဲ့ သဘောပါပဲ ၊ ကိုယ်တော်ဖျားကလည်း စုထားဖုရား စိတ်နှလုံးတော်အေးအောင် လေးနက်တဲ့ ကတိတော် ပေးလိုက်ကြောင်း ဖျာ့ကျွန်မ အာဂဖွန်းကောင်း ကောင်းနှင့်   လျှောက်တင် လိုက်ပါမယ်

ဘုရား "

" ကိုယ်တော့်အကြောင်းတော့ အထိန်းတော်ကြီး ကောင်းကောင်းသိသားပဲလေ၊ အထူးအထွေ ပြောစရာမလိုတော်ပါဘူးစိတ်မအေးရှာတဲ့ စုစုကလေး ယုံတော်မူ     အောင်သာ တင်လိုက်ပါ၊ နို့ပြီးတော့ သီပေါ မောင်မောင်ဟာ စုထားကို အများကြီးချစ်တော် မူပါတယ် ၊ ဘယ်ခါမှ ကတိမသွေဘဲ သစ္စာတော် မြဲပါမယ်၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့ သို့ရွှေမေတ္တာမဏ္ဍိုင်ကို ခိုင်ခိုင်ကြီး စိုက်ထူထားပြီး မှန်သော သစ္စာစကားကြီးတစ်ခွန်း ကိုလည်း ဆိုတော်မူလိုက်ပါမယ်"

www.burmeseclassic.com

www.burmeseclassic.com

" မောင်မောင်ဟာ စုစုအပေါ်မှာ နောက်နောက်ကစ ယနေ့အထိ ဘယ်ခါမှ သစ္စာကတိ မယိမ်းမယိုင် မသွေမလဲဘဲ တစ်ဖြောင့်တည်း ထားတော်မူခဲ့ပါတယ်၊ ဤသစ္စာ အဓိဋ္ဌာန်မှန်ကန်ပါက ယခုဖြေဆိုတော်မူရမဲ့ စာတော်ပြန်ပွဲကို အလွယ်တကူနှင့် ဖြေဆိုနိုင် ရုံမက စုစုနှင့်မကြာမတင် ရေစက်သွန်းချ စုလျှားမျှတော်မူ၍ လောကီ စည်းစိမ်ဟ ူသမျှတို့ ၏ အထွတ်အထိပ်ဘဝသို့ မကြာခဏ ရောက်ရပါစေသားလို့ သုဓမ္မာဇရပ်ကို ထွက်တော် မူချိန်နီးလျှင် စွယ်တော်စင်က ဆုတောင်းပြည့်ဘုရားရှင်မှာ ဦးတင်ရှိခိုးပြီး အမျိုးမျိုး အဓိဋ္ဌာန်ပြုတော်မူပါမယ်လို့ မှာတော်မူလိုက်ကြောင်းကိုလည်း ထက်လောင်းလို့ လျှောက် တင်လိုက်ပါ အထိန်းတော်ကြီးရယ်"

အမိန့်တော်ရှိကာ စုဖုရား၏အလွှာတော်ကို အတော်ကြာ ထပ်မံရှုစားတော်မူ၍ နေ ပြန်လေ၏။

ထိုနောက်တစ်ဖန် ဆေးလိပ်တော် ကွမ်းယာတော်နှင့် ဂတ်လဲတော်ပုဆိုးများကို အပြန်ပြန် ကိုင်ယူ ရှုစားတော်မူကာ အလွန်တရာ နှစ်သက်မြတ်နိုးတော်မူလှသော အမူအရာနှင့် သိမ်းဆည်းတော် မူလိုက်ပြီး နောက် ယမိုက်ကျမ်း ပုရပိုက်ကြီးကို ကောက်၍ ကိုင်တော်မူ လိုက်မိလျှင် နံနက်သုဓမ္မာ သဘင် ထွက်တော် မူရန်အရေး တွေးတော်မူမိသည် နှင့် "ဩော်......ကိုယ်တော် စာကြည့်ဖို့ ကိစ္စတွေလည်း ရှိသေးတယ် အထိန်းတော်ကြီးရဲ့ ၊ စုစုထံတော်သို့ စာလွှာတော် ဆက်ချင်ပေတဲ့ ယခု ရုတ်တရက် ရေးချီးဖို့အချိန် ရတော်မမူ သေးဘူး ၊ စာပြန်ပွဲ ဂင်တော်မူတဲ့ ကိစ္စအေးမှပဲ ဖြည်းဖြည်း ဆေးဆေး အလွှာတော်ရေး

တော့မယ်၊ ယခုချက်ချင်း အလွှာတော်မရေးကောင်းလားလို့ အချစ်တော်စုစုက စိတ်တော် မမူအောင်လည်း အထိန်းတော်ကြီးက ကြည့်ပြီးလျှောက်တင်လိုက်ပါ"

မိန့်တော်မူသဖြင့်-

"တင်ပါဘုရား၊ စိတ်ချတော်မူပါ၊ ဖျာ့ကျွန်မလည်း ပြန်ပါချေဦးမည်၊ အရှင်ကိုယ် တော်ဖျားသာ စာတော်များ ရှုစားတော်မူပါတော့ဘုရား"

ပြောလျက် အထိန်းတော်ကြီ ခင်ဘွားသစ်လည်း ကျောင်းခန်းအပြင်သို့ ထွက်လာ ခဲ့လေ၏။

ကျောင်းအပြင်တွင်လည်း စာသင်၊ စာအံ ၊ ကျောင်းသားကိုရင်များနှင့် စာတော်ပြန် ပွဲ နီးနေသဖြင့် အသီးသီး ရောက်လာကြသော ဧည့်ပရိသတ်များမှာ အထိန်းတော်ကြီးလာ သည်ကို ဤတစ်ကြိမ်သာ လူစုံလူညီ တွေ့မြင်ရသောကြောင့် အတော်အံ့သြနေမိကြပြီး အသီးသီးလက်တို့မေးမြန်းလျက် ရှိကြ၏။

အချို့ကလည်း တစ်စုံတစ်ရာ မရိပ်မိသဖြင့် မသိသလိုသာ နေလိုက်လျက် အချို့က လည်း အနည်း အကျင်း ရိပ်မိသောကြောင့် အကြောင်းသင့်ရာ အချင်းချင်း တီးတိုးပြောဆို

www.burmeseclassic.com

www.burmeseclassic.com

ကျန်ရစ်ကြလေ၏။

နောက်တစ်နေ့နံနက် မိုးသောက်အလင်းရောက်လျှင်ပင် မန္တလေးတောင်ခြေ၌ သိုက်မြိုက်ခန့်ညားစွာ ဆောင်လုပ်ထားသော သုဓမ္မာ ရွှေဇရပ်တော်နှင့်တကွ အသီးသီး သော ဇရပ်ကြီးငယ် ၊ အသွယ်သွယ်သော တန်ဆောင်ပြသာဒ်များသာမက စားမေးစာပြန် ပွဲတော်ကြီးအတွက် အထူးပြုပြင် ဆောက်လုပ်ထားသော ယာယီတဲကျောင်းမဏ္ဍပ်များမှာ ပင် များစွာသော လူပရိသတ် ရဟန်းပရိသတ်တို့ ပြည့်ကျပ်စည်ကား၍ သွားလာကူးသန်း ပျားပန်းခတ် ရှုပ်ပွေနေကြလေ၏။

အသီးသီးသော တန်ဆောင်းပြသာဒ်၊ ဇရပ်၊ တဲကျောင်းများတွင် ထိန်ထိန်ဂါဂင်း သော သံဃာတော်များ၏ သင်္ကန်းတော်ရောင်ချင်း ယှက်သန်းလျက်ရှိပြီးလျှင် များစွာသော သင်္ကန်းတော်ဂါဂါဂင်းတို့အတွင်းမှာ ရဲရဲနီစွာသော ဆွမ်းအုပ်တော်များမှာ အားကျမခံ ဂုဏ် ပြိုင်နေဘိအလား အဂါရောင်တွေ ဂင်းနေသလောက် ရဲရဲတောက် နီမြန်းသော ဆွမ်းအုပ် ရောင်များ ပြိုးပြွမ်းလျက် ရှိလေ၏။

နိုင်ငံတော်အနီးအဝေး လေးပြင်၊ လေးရပ်မှ သုဓမ္မာပွဲဂင်ရန် န္တဲဆင်ရောက်လာကြ ကုန်သော ရဟန်းပရိသတ်၊ လူပရိသတ်များနှင့်တကွ စာတော်ပြန်ပွဲအတွက် အကူအညီ အဆောင်အရွက် ဖြစ်သူများ အပြင်စာပွဲသဘင်ကို ရှုမြင်ကြားနာရန် ရောက်လာကြသော ရဟန်းပရိသတ်၊ လူပရိသတ်တို့မှာ ခြိမ့်ခြိမ့် မွမ်းမွမ်း စည်ကားများပြားစွာ ရှိရကား သုဓမ္မာ ဇရပ်တော် တစ်လျှောက်၌ တိုး၍မပေါက် နိုင်အောင် လူထု လူအုပ်ကြီးများ ခြံရံနေတောလေ၏။

ဘဂရှင်မင်းတရားကြီးဘုရား၏ ကုသိုလ်တော်ကို အရင်းခံထား၍ သုဓမ္မာ စာပြန်ပွဲ တော်ကြီးအတွက် အဝေးအနီး ရောက်လာသမျှသောလူပရိသတ်၊ ရဟန်းပရိသတ်များအား

နေရာထိုင်ခင်းနှင့်ဆွမ်း၊ကွမ်း၊ဆေး၊လက်ဖက်မှစ၍ ကပ်လှူပြုစု စတုဒီသာလာလာသမျှ မချို့ငဲ့ရအောင် အထူကြီးကြပ် ဆောင်ရွက်နေသူများအပြင် မိဖုရားများနှင့် သားတော်၊သမီး တော်၊ ဆွေတော်၊ မျိုးတော် တို့ကလည်း အသီးသီး တတ်စွမ်းသမျှ ကွမ်း၊ ဆေး၊ လက်ဖက် အချို၊ အချဉ်၊ ဆွမ်းဘောဇဉ်များကို ပါဂင် လှူဒါန်းကြပြီးလျှင် မှူးတော်၊မတ်တော်၊ ဂန်စု၊ မှူးစု ၊ မြို့စား၊ ရွာစား၊ အပျိုတော်ကြီးများနှင့် သူဌေး၊ သူကြွယ်တို့ကလည်း အသီးသီး သဒ္ဓါတရားအလျှောက် ဂင်ရောက်လှူဒါန်းကြသည်တွင် ထမင်းရည် ချောင်းစီးနှင့် ကြီးစွာ သော စတုဒီသာရုံကြီးများမှာ အရပ်လေးမျက်နှာမှ လာလာသမျှ လူပရိသတ်၊ ရဟန်း ပရိသတ်၊ အယုတ်အလတ် အမြတ်မရွေး တိရစ္ဆာန်၊ ခွေး၊ နွား၊ ကြက်၊ ဂက် မကျန် စား၍ မကုန် ယူ၍မခန်း ဖြစ်လေ သတည်း။

ဤမျှ ကြီးကျယ်စည်ကား သိုက်မြိုက်ခမ်းနားလှသော နှစ်စဉ်ထာဂရ ပြုမြဲသုဓမ္မာ စာပြန်ပွဲသဘင်ကြီး ကျင်းပရာအချိန်အခါတွင် နိုင်ငံတော်အလုံးရှိ ရဟန်း၊ ရှင်လူ အများတို့ မှာလည်း အထူးသဖြင့် ဂမ်းမြောက် ရွှင်လန်းကြမြဲ ဖြစ်သည့်အားလျော်စွာ ထိုနှစ်အဖို့မှာ သုဓမ္မာဇရပ်ဂန်းကျင်၌ ပရိသတ်များအခါတိုင်းထက် အထူး ပိုမို မြောက်မြားစွာ ရောက်ရှိနေ ကြလေ၏။

www.burmeseclassic.com

ဘုန်းတော်ကြီးလှသော ဘဂရှင်မင်းတုန်းဘုရင် မင်းတရားကြီး ဘုရားလည်း သား တော် သီပေါမင်းသားအား နှစ်စဉ် သူကောင်းပြု၍ ချီးမြှောက်တော်မူမြဲ အစီအစဉ်အတိုင်း သားတော်ကို လှူဂတ်လဲလှယ်တော်မူစေပြီးလျှင် ကျောင်းတော်မှသည် သုဓမ္မာဇရပ်အ ရောက် တပ်ဂင်း အခင်းအကျင်း အဆောင် အယောင်၊ အတွဲအမများနှင့် ထွက်တော်မူစေ လေ၏။

သားတော်သီပေါမင်းသားလည်းခမည်းတော်ဘုရား မြှောက်စားသူကောင်းပြုတော် မူသော အဆောင်အရောင် ၊အခမ်းအနား၊အတွဲအမများနှင့် နမတော် ထိပ်စုဖုရားလတ် ဆက်သသော နှယ်သာကီ လွှန်းပုဆိုးကို ဂတ်ဆင်တော်မူကာ သုဓမ္မာဇရပ် စာပွဲတော် အခမ်းအနားသို့ ထွက်တော်မူလာပြီး တိပိဋကဓရ တိပိဋကဆေက ဗျတ္တိဗလ သတ္တိဗလ နှင့် ပြည့်ဂကုံလုံတော်မူသော လင်္ကာပေသလသိက္ခာကာမ ဖြစ်တော်မူကြကုန်သော တံဆိပ် တော်ရ ဆရာတော်ကြီးများ ရှေ့တော်တွင် ပထမငယ်၊ ပထမလတ် ဖြစ်သော ရှေးနှစ်ကြိမ် က ပြန်ဆိုတော်မူခဲ့သည်ထက်မက ပထမကြီးပြန်ဆိုတော်မူရရာ သဒ္ဒါကြီးရှစ်ဆောင် ပါဠ် အနက်၊ ရုပ်ဆန်းပါဠ်အနက် အရကောက် ဓာတုကထာပါဠ် အနက်၊ အရကောက် ယမိုက် ဆယ်ကျမ်းပါဠ်အနက် အရကောက်များပဋ္ဌာန်း ကုသလဟိတ်နှင့် ဖြေဆိုရန် ရှိသမျှ ပြီးဆုံး အောင် နေ့စဉ် ရက်ပိုင်း၍ စာတော်ပွဲကြီး မပြီးမီအတွင်း အထူးကြိုးစား ပြန်ဆိုတော်မူလျက် ရှိလေ၏။

သီပေါမင်းသားကလေး၏ ပညာရဲရင့်တော်မူခြင်းများကို တွေ့မြင်ကြားသိရသည့် အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော ရဟန်းပရိသတ်၊ လူပရိသတ်နှင့်တကွ ခမည်းတော် မင်းတရားကြီးဘုရား၊ မိဖုရားသာတော်၊ သမီးတော်၊ ဆွေတော်မျိုးတော် အများမှာ ချီးမွမ်းထောပနာ ဩဘာပေး၍ မဆုံးနိုင် ရှိကြလေ၏။

မယ်တော်ဖြစ်သော လောင်းရှည်မိဖုရားကြီးမှာလည်း ပညာဉာဏ် ရင့်သန်ထက် မြတ်တော်မူလှသော သားတော် သီပေါမင်းသားအတွက် အာတက်ဂမ်းမြှောက်တော်မူခြင်း ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိ၊ ပီတိ သောမနဿ အကြည်တော် စိတ်နှလုံးကြောင့် တပြုံးပြုံး ဖြစ်တော် မူလျက်ရှိလေ၏။

ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်မင်းတရားကြီးဘုရားသည် ရတနာသုံးပါးကို အထူးသက်ဂင် ကြည်ညို၍ သာသနာတော်ကြီးကို အထူးပြုစုတော်မူသော ဧကရာဇ် မင်းကောင်းမင်းမြတ်ကြီးတစ်ပါး ဖြစ်တော်မ သည့်အားလျော်စွာ သုဓမ္မာဇရပ်တော်သို့ နေ့စဉ် ထွက်တော်မူကာ ကုသိုလ်တော်များ ပွားများ ကြည်ညိုတော်မူပြီးလျှင် စာတော် ပွဲသို့ ရောက်လာသမျှ အယုတ်အလတ် အမြတ်မရွေး လှူဒါန်းကျွေးမွေး ပေးကမ်းစွန့်ကြဲ တော်မူသော နေ့စဉ် ကုသိုလ်တော်များကိုလည်းကောင်း၊ မိဖုရား၊ သားတော်၊ သမီးတော် တို့၏ ဆွမ်း၊ သင်္ကန်း၊ ကွမ်း၊ ဆေး၊ အချို၊ အချဉ်၊ အလှူဂတ္တုများကိုလည်း မိဖုရား သားတော် သမီးတော်များ အတွက် ကိုယ်တိုင်တော်ပင် နေ့စဉ်နှင့်အမျှ ရေစက်သွန်းချ အမျှပေးဂေတော်မူလျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အလယ်နန်းမတော်ဖုရားလည်း သားတော်နှင့်အတူ သက်န်းတော် အလှူဆွမ်းအုပ် တော် အလှူများအတွက် သုဓမ္မာဇရပ်တော်သို့ ထွက်တော်မူပြီး အရှင်မင်းတရားကြီး ဘုရားနှင့်အတူ အလှူတော်များအတွက် ရေစက်သွန်းချ အမျှဝေတော်မူလျက် ရှိလေရာ မယ်တော်အလယ် နန်းမတော် ဖုရား၏ နောက်ပါးမှ ဖဂါးမကျွာ အတူပါသော သမီးများမှာ လည်း ဆိုင်ရာဆိုင်ရာ အထိန်းတော်၊ အပိုျတော် များ နှင့်ခမည်းတော် မယ်တော်တို့ အပါးတွင် ခစားလျက်ရှိတော်မူကြလေ၏။

အလယ်နန်းမတော်ဖုရား၏ သမီးတော်သုံးပါးအနက်မှ မြတောင်မြို့စား ထိပ်စုဖုရား လတ်မှာကား ခမည်းတော် မယ်တော်အပါးတွင် ခစားလျက်ရှိသော်လည်း မိမိ၏ အထိန်းတော်ကြီးကို အပါးတော်သို့ မကြာခဏ ခေါ်တော်မူကား သီပေါမင်းသား စံတော်မူ ရာကို တီးတိုးမေးမြန်းတော် မူလျက်ရှိလေ၏။

အထိန်းတော်ကြီးကလည်း တီးတိုးလေသံဖြင့်ပင်

"သီပေါ ကိုယ်တော်ဖျား၊ သုဓမ္မာရွှေဇရပ်မတော်ကြီးအတွင်းမှာ စာတော်များ ဖြေဆိုလျက်ရှိပါတယ် စုထား ဖုရားရဲ့"

လျှောက်တင်ထားလိုက်သည်တွင် -

"ဟင်...ဒါတော့ စုစုလည်း သိတော်မူသားပေါ့ သစ်သစ်ရဲ့၊ သို့ပေတဲ့ စုစု ဆက်တော်မူလိုက်တဲ့ ဂတ်လဲတော်ကို မောင်မောင်သီပေါကိုယ်တော် ဆင်တော် မူလာတယ် မလာဘူးဆိုတာရယ် စုစု ဆက်တော် မူလိုက်တဲ့ ဆေးလိပ်တော်နှင့် စားတော်ကွမ်းယာများပါ ဆောင်ယူတော်မူမလာဘူး လာတယ် ဆိုတာကို သိတော်မူလို၍ မေးတော်မူတာပါ"

မိန့်တော်မူမှ-

"ဒါဖြင့် ဖျာ့ကျွန်မ သွား၍ကြည့်လိုက်ပါဦးမည်ဘုရား"

တင်လျှောက်ကာ အထိန်းတော်ကြီး ခင်ဘွားသစ်လည်း လူသူအလစ်တွင် အမှတ်မဲ့ စံနန်းတော် ဇရပ်အတွင်းမှထွက်ကာ သုဓမ္မာရွှေဇရပ်ကြီးသို့ ခပ်သုတ်သုတ် လျှောက်လာ လေ၏။

သုဓမ္မာ ရွှေဇရပ်တော်ကြီး အပြင်တွင် စာပွဲသဘင် နားဆင်လျက်ရှိကြသော ရဟန်း ပရိသတ်၊ လူပရိသတ်များမှာ တိုးမပေါက်နိုင်လောက်အောင် ပြည့်ကျပ်စည်ကားလျက် ရှိသောကြောင့် အထိန်း တော်ကြီး ခင်ဘွားသစ်လည်း အနီးသို့ရောက်အောင် သွားရန်ပင် အတန့်သား ခဲယဉ်းလျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြို့စားကြီး၊ ရွာစားကြီး ကတ္တီပါဖိနပ်စီး၍ ရွှေလှည်းစီးပြီး ရွှေထီးဆောင်းရသော အထိန်းတော် ရင့်မကြီးမှာ များစွာသော လူပရိသတ် စည်ကားနေရာဌာနသို့ သာမညအရပ်သူ မိန်းမတစ်ဦးအနေဖြင့် ယောင်ပေ ယောင်ပေ ဖြစ်နေရှာလေ၏။

နောက်လိုက် နောက်ပါ တစ်ဦးမျှမပါပဲ ယောင်ချာချာဖြစ်နေစဉ် သုဓမ္မာဇရပ်အနီး အပါး၌ လူးလာခေါက်ပြန် သွားလာဝင်ထွက်၍ အလုပ်ရှုပ်လျက်ရှိနေသော နန်းတော် အမှုထမ်းသား များကို လည်းကောင်း၊ မင်းညီမင်းသား၊ မှူးတော်၊ မတ်တော် အရာရှိ အရာခံများ၏ အဆောင်ကိုင်သား၊ အဆောင်ကိုင်ခေါင်း၊ ထီးတော်မိုး၊ ဝေါတော်ထမ်း၊ လက်ျာတောင်၊ စာမျှော်စာချီ၊ ဒိုင်းတော်သား အများမှာ လည်းကောင်း၊ မိမိတို့ အရှင်များ ဇရပ်အတွင်း ထိုင်နေစဉ် ခေါင်းပေါင်းစတလူလူနှင့် ပလူပျံသလို ဆိုင်ရာဆိုင်ရာ သွားလာလျက် ကူးသန်းရှုပ်ယှက်၍ နေကြပြားသော်လည်း အထိန်းတော်ကြီးမှာ အသိများနှင့် တွေ့မြင်သွားရမည်ကိုမျှပင် သတိမရနိုင်သေးဘဲ သုဓမ္မာရွှေဇရပ်ထဲက သီပေါကိုယ်တော်ကိုသာ ရှုမျှော်ရန် အာရုံသန်၍ နေလေ၏။

"အလို...အထိန်းတော် သခင်ကြီးပါကလား၊ အပါးအစေလည်း မပါဘဲ ဘာအကြောင်းများကြောင့် ဒီအနားကို ရောက်လာပါသတုံး သခင်ကြီးဘုရား"

မေးသံကြား၍ နောက်ပါးသို့ လှည့်ကြည့်လိုက်သည်တွင်မှ ပွဲတော်ဆိုင်ရာက မိန်းမစိုးမှူးကြီး ဖြစ်နေကြောင်း သိရပြီး

"ဩော်...မိန်းမစိုးကြီးလား၊ ဟုတ်တယ် ကျုပ်လည်း၊ ဩော်...ဟုတ်ပ၊ ကောင်မ ကလေးတွေ ဘယ်များရောက်ကုန်ကြပါလိမ့်၊ အဲ...အဲ စာတော်ပြန်ပွဲကို ကြည့်ချင်တာနှင့် ထွက်လာခဲ့တယ်၊ ပရိသတ် ကများတော့ အနားလည်း မကပ်နိုင်တာနဲ့ ဒီအနားက စောင့်နားထောင်မယ် စိတ်ကူးတာ၊ ဘာသံမှလည်း မကြားရပါဘူး၊ ကျုပ်ကလည်း အသံကြားရုံတင်မက စာတော်ပြန်ကြတဲ့ ကိုယ်တော်များကိုပါ ဖူးမြင်ပါဆိုမှ နေရာမကျ နိုင်အောင် ဖြစ်နေတယ် မိန်းမစိုးကြီးရဲ့"

စကားဖာပြီး လိုရာသို့ရောက်အောင် ပြောလိုက်လျှင် -

"အို...ဒါဖြင့် သခင်ကြီး စိုးရိမ်တော်မမူပါနှင့်၊ ကျွန်တော်မျိုးတို့အိမ်က အစ်မ များလည်း စာတော်ပွဲ ကြည့်ရအောင် စောစောက နေရာယူပြီး ဇရပ်အနီးမှာ ရှိကြပါတယ် သခင်ကြီး ကြည့်တော်မူမယ်ဆိုရင် ကျွန်တော်မျိုး လိုက်ပို့ပါမည်"

ပြောသဖြင့် အထိန်းတော်ကြီးလည်း ရေငတ်တုန်း ရေတွင်းထဲကျသလို -

"အို...ဒါဖြင့် နေရာကျသားပဲ မိန်းမစိုးကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ကြုံတဲ့အခါ သေသေချာချာ ဖင်ကြည့်လိုက်ရတာပေါ့"

"ကဲ...ဒါဖြင့် ရှေ့က ကြွတော်မူပါတော့၊ ဘြော် အပါးစေတွေ စောင့်ဦးမှထင်ပါ"

"ဟာ...ကိစ္စမရှိပါဘူး၊ ကောင်မလေးတွေ ကျုပ်နဲ့မတွေ့ပေတဲ့ အလယ်နန်းမတော် ဖုရား တဲတော်ကို လိုက်လာကြမှာပါပဲ၊ ကဲ...ကဲ...မိန်းမစိုးကြီးလာပါ၊ ဒီလမ်းကသွားရ မလား"

ဆိုလျက် ဇရပ်ဆီသို့ ထွက်လာလေ၏။

မိန်းမစိုးကြီးသည် အထိန်းတော်ကြီး ခင်ဘွားသစ်အား မိမိအစ်မများရှိရာဇရပ် အတွင်း မြင်သာလောက်သာသည့် နေရာသို့ တရိုတသေ ပို့ထားခဲ့ပြီးလျှင် မိမိအလုပ်ခွင် ဆိုင်ရာသို့ ပြန်သွား လေရာ မိန်းမစိုးကြီး၏အစ်မ၊ နမများလည်း နန်းတော်သူ အထိန်းတော် သခင်ကြီးအား ရှိသေစွာ နေရာ ထိုင်ခင်း များပေးပြီးလျှင် ရှေ့ဆုံးက တင်ထားလေ၏။

ဤတွင်မှ အထိန်းတော်ကြီး ခင်ဘွားသစ်လည်း စာမေး၊ စာပြန် အခမ်းအနား ရှိရာ ဇရပ်အတွင်းသို့ ကြည့်လိုက်ကာ သီပေါမင်းသားကလေး စံတော်မူရာကို မျက်လုံးက ရှာဖွေနေလေ၏။

များစွာသော ရဟန်းပရိသတ်နှင့် လူပရိသတ်တို့အတွင်းမှ ထင်လင်းခန့်ညားလျက် ကျက်သရေထွန်းပ က္ကခြေတော်ရလှသော သီပေါမင်းသားအား ခင်ဘွားသစ် မျက်လုံးများ နှင့် မကြာမီ သွား၍ တိုက်ဆိုင် မိလေ၏။

တည်ကြည်ခန့်ညားသော ကာယက္ကန္ဓေနှင့် စာတော်များကို ပြတ်ပြတ်သားသား ဖြေဆိုတော် မူနေသေးသော သီပေါမင်းသားကလေးမှာ ထိပ်စုဖုရားလတ် အမိန့်တော်ဖြင့် မိမိကိုယ်တိုင် သွား၍ ဆက်ရသော နွယ်သာကီ လွန်းများပုဆိုးကို အမြတ်တနိုး ဆင်တော် မူထားသည်ကို တွေ့ရပြီးလျှင် ကိုယ်တော်ကလေး၏ အပါးတော်မှာလည်း လစက်ရောင် ဖဲပဂါနှင့် ဆေးလိပ်တော်ထုပ်အပြင် ပတ္တမြား ရွှေကြုတ်၊ မြကွမ်းအုပ်မှ လက်လုပ်ကြည်ဖြူ စုဖုရားကိုယ်တော်တိုင် ယာတော်မူသည့် စားတော် ကွမ်းယာ များကိုပါ တွေ့မြင်ရသောအခါ အလွန်တရာ ကျေနပ်ဂမ်းမြောက်မိရာလေ၏။

မိမိလာရင်းကိစ္စမှာ ဂတ်လဲတော်ပုဆိုးနှင့် ဆေးလိပ်တော်၊ စားတော်ကွမ်းယာများ၊ သီပေါမင်းသား မြတ်နိုးစွာ ဆောင်ယူတော်မူ၍ လာသည်၊ မလာသည် သိရန်သိမျှသာဖြစ် သဖြင့် ဤနေရာတွင် ကြာရှည် နေခွင့်မရဘဲ

"ကဲ...မိန်းမစိုးကြီး အစ်မများ၊ ကျုပ် သွားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခွန်းဆက်လျက် ရုတ်တရက် လှည့်ပြန်လာခဲ့ပြီး တဲတော်ထဲ့သို့ဝင်ကာ စုဖုရားနှင့် မလှမ်းမကမ်း နေရာတွင် ခစားနေလေ၏။

ထိပ်စုဖုရားလတ်လည်း အထိန်းတော်ကြီး ပျောက်သွားရာမှ ပြန်ပေါ်လာသောအခါ နေရာရှာ၍ အပါးတော်သို့ ခေါ်တော်မူလိုက်သဖြင့် ခင်ဘွားသစ်လည်း စုဖုရားအနီးသို့ တိုးခစားပြီးလျှင် တီးတိုးအသံဖြင့်

"မြင်ခဲ့ရပါပြီဘုရား၊ ကိုယ်တော်ဖျားမှာ တည်တံ့ခန့်ညားလှသော ကြွေတော်နှင့် စာတော်များ ဖြေဆိုတော်မူပါသည် စုထားဘုရား ဆက်တော်မူတဲ့ နွယ်သာကီလွှန်းများ ပုဆိုးကိုလည်း မြတ်နိုးစွာ ဆင်တော်မူလာပါသည်။ ဆေးလိပ်တော်နှင့် စားတော်ကွမ်းယာ များလည်း အပါးတော်မှာ လစက်ရောင် ဖဲပဂါထုပ်နှင့်တကွ သတိတရ ဆောင်တော်မူထား သည်ကို တွေ့မြင်ခဲ့ရကြောင်းပါဘုရား"

လျှောက်ထားလိုက်လျှင် ထိပ်စုမြတ်ဖုရားလည်း အားရပမ်းသာနှင့် ပြုံးရွှင်နှစ်သိမ့် တော်မူလာပြီး

စု။ ။ "ဒါဖြင့် မောင်တော်ရဲ့ ကတိသစ္စာတော် စွဲမြဲပါပေတယ်ဆိုတာကို ယုံကြည်တော် မူထိုက်ပြီဆိုပါတော့ သစ်သစ်ရဲ့"

သစ်။ ။ "မှန်ပါ၊ သီပေါကိုယ်တော်ဖျားလေးဟာ အရှင်ထိပ်စုမြတ်ဖျားအပေါ်တွင် ချစ်သဒ္ဒါ နှင့် သစ္စာတော် မြဲမြဲကြောင်း ကောင်းကောင်းကြီး စိတ်ချယုံကြည်တော်မူထိုက်ပါပြီဖြစ် ကြောင်းပါဘုရား"

စု။ ။ "ဒါနဲ့နေစမ်းပါဦး သစ်သစ်ရဲ့၊ သစ်သစ်ဒီကသွားတော့ သီပေါမောင်တော်ဖျား၊ သုဓမ္မာ ရွှေဇရပ်တော်အတွင်းမှာ စာတော်ပြန်ဆိုနေတော်မူဆဲပေါ့နော်၊ သစ်သစ်ကိုကော မြင်တော်မမူဘူးလား"

သစ်။ ။ "မြင်တော်မမူရှာဘူးဘုရား၊ သစ်သစ်ကလည်း ပရိသတ်ကြားထဲကနေပြီး ကြည့် ရတော့ ရုတ်တရတ် ဘယ်မှာမြင်တော်မူပါ့မလဲ၊ ပြီးတော့ သီပေါကိုယ်တော်ဖျားဟာ စာတော်ပြန်တဲ့ ကစ္စတွင် အာရုံ ဝင်စားတော်မူနေတဲ့အတွက် စက္ခု ကြွေ တော်ချပြီး ထေရ် ကြီး၊ ဂါကြီးပမာ မျက်နှာတော် ကြွေက ငြိမ်သက် တည်ကြည်တော်မူနေလို့ သစ်သစ်တို့ လို ဇရပ်ပြင်ဘက်က ပရိသတ်များမဆိုထားနှင့် ရွှေဇရပ်တော် အတွင်းက ဂါဂင်းနေတဲ့ သံဃာပရိသတ် များကိုပင် စေ့ငှအောင် ရှုစားတော်မူတာ မမြင်ခဲ့ ပါဘုရား"

စု။ ။ "သြော်.......ဒီလောက်တောင် တည်ကြည်တော်မူနေသလား၊ အင်း....နဂိုသ ဘောကလည်းကောင်း၊ ပျော့ပြောင်းနူးညံ့တော်မူတဲ့တော်မူတဲ့ စိတ်ဓာတ်ကလည်းအခံရှိ တော့ မင်းသားပင်ဖြစ်ပေမဲ့ တယ်ပြီး ရိုးတော်မူလှရှာတယ် ထင်ပါရဲ့၊ သစ်သစ်ကိုယ်တော ဖျားဟာ ဒါလောက် ရိုးတော်မူရက်နဲ့များ စုထားကို ရွှေမေတ္တာ သွယ်တန်း၍ အချစ်လမ်း ဖောက်တော်မူလိုက်တာများ စေ့စေ့စဉ်းစားတော့ အတော်ပဲ အံ့အား သင့်သွားလောက်စရာ ကောင်းတယ် သစ်သစ်ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

စုထားဖုရားကလည်း ဒီလောက်ရိုးတော်မူတဲ့ သီပေါ မောင်တော် ကိုမှ မေတ္တာတော်ပိုမိခြင်းဟာ အတော်ဆန်းကြယ်တာပဲ၊ အင်း........ရေးရေစက်ကံအ ကြောင်းနှင့် ဖြစ်တောင့်ဖြစ်ခဲနဲ့ပဲ ဆက်သွယ်မိအောင် ကြံဖန်ပြီး ဆက်သွယ်တော်မူမိတာ ပေါ့နော်"

သစ်။ ။ "မှန်လှပါဘုရား၊ အင်မတန် ရိုးသားတော်မူရှာတဲ့ သီပေါကိုယ်တော်ကလေးဟာ စုစုထိပ်ထားကို စွန့်စွန့်စားစား ရွေးပြားအကွာရာ မေတ္တာလွှာပါး မိလာအောင်ဟာ ဘဂက ကံ၏အကြောင်းတို့ကြောင့် 'မင်းလောင်းမှန်လျှင် ရထားဆိုက်'ဆိုသလို ဆိုက်ဆိုက်မြိုက် မြိုက်ကြီး ကြံရွယ်တော်မူလိုက်ရတာပါပဲ၊ လောကကြီးမှာ ရေးကံဟောင်းပါရမီ အထောက် အခံမပါဘဲ ဘာတစ်ခုမှ မဖြစ်မြောက်နိုင်ဘူးဘုရား"

စု။ ။"အမယ်လေး......တိုးတိုးပြောပါ ၊ ဟိုမှာ မယ်မယ်ဖျား ရှုစားတော်မူနေတယ်၊ သစ်သစ်အသံက တဖြည်းဖြည်းကျယ်ကျယ်လာပြီ၊ တော်တော်ကြာမဖုရား အပျိုတော်တွေ

ကြားသွားလို့ စကားပျံ့ကုန်မှ လှနေဦးမယ်"

မိန့်တော်မူလိုက်သောကြောင့် ခင်ဘွားသစ်လည်း-

"တင်ပါ့ဘုရား"

နောက်ထပ်စကားမဆက်ဘဲ ငြိမ်သက်သွားလေ၏။

ထိပ်စုဖုရားလည်း အစ်မတော် မိုင်းနောင်ထိပ်စုဖုရားကြီးနှင့်အတူ မယ်တော် အလယ်နန်းမတော် ဖုရားအပါးတွင် တည်ငြိမ်စံတော်မူနေရာမှ စံတဲနန်းတော်ဦးတွင် မင်းညီ၊ မင်းသား မှူးတော်မတ်တော် အပေါင်းခြံရံ၍ စံတော်မူလျက်ရှိသော ဘဂရှင်မင်းတရားကြီး ၏ ယနေ့အဖို့ အလှူတော် များကို ရေစက်သွန်းချတော်မူရန် အချိန်တန်သဖြင့် အနောက် ပိုင်းရှိ မင်းမိဖုရား၊ သမီးတော် များလည်း အရှေ့စံဆောင်တော်ရှိ မင်းတရားကြီး၏ နောက် တော်ပါးသို့ ပြောင်းရွှေ့ခစားကြရမည်ဖြစ်ရာ အလယ် နန်းမတော်ဖုရားကို အမှူးပြုလျက် အခြားသောဆောင်ရနန်းရ မိဖုရားများပါ မင်းတရားကြီးဘုရား နောက်တော်သို့ ရောက်ရှိ လာကြပြီး သမီးတော်အသီးသီးတို့မှာလည်း ကြီးစဉ်ငယ်လိုက်ပင် နေရာ ပြောင်းရွှေ့လာကြ လျက် ခမည်းတော်မင်းတရားကြီးနှင့် မယ်တော်များအနီးတွင် အသီးသီးသော အထိန်း တော်၊ အပျိုတော်များ၊ ခြံရံကာ ခစားမိကြလေ၏။

ယင်းသို့ မင်းမိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်နှင့်တကွ မှူးတော် မတ်တော်၊ ဂန်စု၊ မှူး စုအပေါင်း အရောက်စုံညီလျှင် မင်းတရားကြီးဘုရား အမှူးပြုလျက် ထိုနေ့အတွက် အသီးသီးသော အလှူတော်များကို ရေစက်သွန်းချ အမျှပေးဝေတော်မူရန် ရေစက်ချတရားဟောရန် သံဃာတော် များလည်း ရှေးဦးစွာ ငါးပါးသော ပဉ္စသီလတော် မြတ်ကိုပေး၍ ဒါနအကျိုးများ

www.burmeseclassic.com

www.burmeseclassic.com

တရားဟောပြီး အဆုံးတွင် ရေစက်ချလျက် အမျှဝေတော်မူ လေရာများစွာသော ပရိသတ်တို့လည်း ကောင်းမှု့တော် များအတွက် နှစ်သက်ဂမ်းမြောက်စွာ သာဓုအနု မောဒနာ ပြုကြလေ၏။

ထို့နောက် ဘဂရှင်မင်းတရားကြီးလည်း ရေစက်သွန်းချ ပြီးစီးတော်မူသဖြင့် စံတဲနန်းတော်ထဲမှ စာပွဲကျင်းပတော်မူဆဲဖြစ်သည့် သုဓမ္မာရွှေဇရပ်တော်သို့ ထွက်တော်မူ လေရာ စံတဲတော်တွင် ကျန်ရစ်သော မင်းမိဖုရားနှင့် သမီးတော်များလည်း အသီးအသီး အလျဉ်းသင့်ရာ ပြောဆိုလျက် စာတော်ပြန် ပွဲသဘင် ကို ရှုစားတော်မူနေကြရင်း အချိန်ကုန်မှာပင် ရွှေနန်းတော်ကြီးသို့ အသီးသီးဂင်ကြလေ၏။

အခန်း (၁၅) ဆက်ရန်

အခန်း(၁၅)

"အရှင်ထိပ်စုမြတ်ဖုရားလတ်၊ စက်တော်မူပြီလား၊ ခင်မကြီးရဲ့"

"ဩော် … ခင်ဘုန်းပါလား၊ ဘယ်ဆီကများ ပေါ်လာပါလိမ့်၊ တစ်နေ့လုံး ခင့်ကို မမြင်ဘူး"

"အဆောင်တော်မှာ အစောင့်ကျလို့ နေရစ်ရတယ်လေ၊ နက်ဖြန်မှ ခင့်အလှည့်ကျမှာကိုး ခင်မကြီးရဲ့၊ ဒါနဲ့ အရှင်ထိပ်စုဖုရား စက်တော်မူပြီလား"

"ခုနင်ကလေးကမှ စက်ပျော်တော်မူသွားတယ်၊ ခင်လည်း အနိုပ်တော်ဆက်နေရတာ ခုမှ အဆောင်တော် ထဲက ထွက်ခဲ့ရတယ် ခင်ဘုန်းရဲ့၊ အရှင်ထိပ်စုဖုရားလည်း အတော်ညောင်း ညာတော်မူလာတယ် ထင်ပါရဲ့"

"တစ်နေ့လုံးလိုလိုပဲ ထိုင်တော်မူနေရတော့ ညောင်းညာတော်မူမှာပလေ၊ ဒါဖြင့် နက်ဖြန် အရှင်ထိပ်စုဖုရား ထွက်တော်မ မူနိုင်ပါဦးမလား၊ ညောင်းတော်မူလို့ လိုက်တော်မမူချင်ဘူး ဆိုလိုက်မှဖြင့် ခင်ဘုန်းတော့ တွက်ခြေ ရှုံးတော့မှာပဲ၊ ခင်မကြီးတို့ကတော့ ရောက်ပြီးမို့ ကိစ္စ မရှိဘူးပေါ့နော်"

"အမယ်လေး … ပူရှာတတ်ပလေ ခင်ဘုန်းရယ်၊ ခင်ဘုန်း လိုက်ရပါလိမ့်မယ်၊ စိတ်ချလို့ သာနေပါ၊ အရှင်ထိပ်စုဖုရားလတ်၊ ဘယ်လိုညောင်းညာ ပင်ပန်းတော်မူပါစေ ထွက်တော်မူ ဖြစ်အောင် ထွက်တော်မူ မှာတော့ စိတ်ချထားလိုက်ပါ၊ ခင်မကြီးက အလေတရာကြောကြီး ဟောဟောဒိုင်းဒိုင်းကြီး လောင်းပွဲပါ သေးတယ်၊ နက်ဖြန် မပြောထားနဲ့ ဟောဒီ စာတော် ပြန်ပွဲကြီး မပြီးမချင်း အလယ်နန်းမတော် မယ်မယ်ဖုရား ထွက်တော်မူတိုင်း ခင်တို့ ကျွန်မတို့ အရှင်စုဖုရား လိုက်ပြီး ထွက်တော်မူပြီးသားလို့ တစ်ထစ် ချမှတ် ထားလိုက်စမ်းပါ။ နောင်ခါ တော့ ခင်ဘုန်း ကိုယ်နှိုက်ကပဲ ထွက်တော်မူတိုင်း နောက်တော်က ပါရလွန်း လို့ ငြီးငွေ့လာ ပါလိမ့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အမယ်....တယ်ဆိုတဲ့ စာပါကလား ခင်မကြီးရဲ့၊ ဘယ်နည်းဘယ်ပုံကြောင့် ဒါလောက် တောင် အလောင်းအစား ရဲနေရတာလဲ၊ သခင်ကြီးကြားမှ တစ်နေ့ကလို ဖြစ်နေပါဦးမယ်၊ ဟဲ....ဟဲ..... လူမျောက် ကိုရွှေမောင်ကြီးရဲ့ လောင်းတုန်းကလိုလေ"

"အို...... ဒါတော့ မသိစေနဲ့ ခင်ဘုန်းရဲ့၊ ဒီကိစ္စ အင်မတန် ဓားနီးသနော်၊ နို့ပြီးတော့ အထိန်တော်သခင်ကြီး ကိုယ်တိုင်က ဒီအရေးမှာ ကြိုးကိုင်တော်မူနေတယ်၊ ခင်ဘုန်းလည်း နည်းနည်းပါးပါးတော့ အရိပ်မိသား မဟုတ်လား၊ သီပေါကိုယ်တော်မူနေတယ်၊ ခင်ဘုန်းလည်း နည်းနည်းပါးပါးတော့ အရိပ်မိသား မဟုတ်လား၊ သီပေါကိုယ်တော်ဖျားက စာပြန်ပွဲ နွံတော်မူနေဆဲမို့ ခင်ဘုန်းတို့ ခင်မကြီးတို့ရဲ့ ထိပ်စုဖျားကလည်း နေ့တိုင်းပဲ မယ်မယ်ဖျားနှင့် အတူလိုက်ပါတော်မူလိုတဲ့ဆန္ဒ ရှိတော်မူနေရက်ပါ၊ ကဲ..... ရှင်ပြီးလား၊ တိုးတိုးနော် လူမသိပါစေနဲ့ သခင်ကြီးကြားလို့ ဆူလား၊ ပူလား ဖြစ်သွားမယ်"
"သြော် ... သြော် ... ဒီလိုပါလား၊ ခင်သိပါပြီ၊ အို ... ခင်လည်း ဒီလိုဆိုတော့ ကိုယ့်မျှော် လင့်ချက်တစ်ခုကြောင့် ဂမ်းသာအားရ ဖြစ်ရတော့မှာပေ့ါ ခင်မကြီးရဲ့၊ မနေ့က အဆောင် တော်စောင့်ကျလို့ မလိုက်ရတာကိုပဲ အတော်အသည်းနာမိသေးတယ်"

"အမယ်လေးလေး၊ အသည်းနာလောက်အောင် ဘယ်လိုအချက်များ ရှိလို့တုံး အတွင်းကိစ္စ ကလေးပါ၊ အခု မပြောနိုင်သေးပေတဲ့ ဖြည်းဖြည်းတော့ ခင်က မပြောဘဲနဲ့ ခင်မကြီးတို့ အလိုလို သိလာကြမှာပါပဲ"

"ဟဲ ... ဟဲ ဒါတော့ မသိချင်စမ်းပါနဲ့ ခင်မကြီးရယ်၊ ခင်ဘုန်းရဲ အတွင်းကိစ္စ ကလေးပါ၊ အခု မပြောနိုင်သေးပေတဲ့ ဖြည်းဖြည်းတော့ ခင်က မပြောဘဲနဲ့ ခင်မကြီးတို့ အလိုလို သိလာကြမှာပါပဲ"

"အဲဒီလို မသိစေချင်သေးတဲ့ကိစ္စကိုမှ ခင်မကြီးတို့က မနေနိုင်မထိုင်နိုင်အောင် သိချင်တဲ့ ဂါသနာရှိနေလို့ ခက်တာပဲ၊ ကဲ ... ကဲ ... ခင်ဘုန်း ဘူးလုံးနားမထွင်းတော့ လုပ်မနေပါနဲ့ မပြောနိုင်သေးတဲ့ ကိစ္စကိုပဲ တစ်ထိုင်တည်း သိရအောင် လင်းကျင်းတော်မူလိုက်ပါတော့"

"ဟာ.... မသိချင်ပါနဲ့ဦးလို့ တောင်းပန်နေတာပါ"

"အို......အဲဒါကိုပဲ မရမနေ သိချင်တာပဲ ခင်ဘုန်းရယ်၊ ပြောရမယ်၊ မပြောဘဲမနေရဘူး"

"မပြောပါရစေနဲ့ဦးလို့ တောင်းပန်နေတာပါ"

"ကဲ....ဒါဖြင့် နေပါလေ နက်ဖြန်ကစပြီး ခင်ဘုန်းကိုချည်း အဆောင်တော်စောင့် ချန်ထားခဲ့ပါ၊ စာတော်ပြန်ပွဲ မပြီးမချင်း အရှင်ထိပ်စုဖုရား ထွက်တော်မူတိုင်း၊ ဘယ်တော့မှ ခေါ်တော်မမူပါနဲ့လို့ အထိန်းတော် သခင်ကြီးကို တိုးတိုးတိတ်တိတ် ကြိတ်ပြီးပြောထား လိုက်မှာပဲ၊ ခင်မကြီးတဲ့ ဒီအဆောင်ထဲမှာ တစ်ကြိမ်းပဲ ရှိတယ်၊ ခင်မကြီးတို့ကြဲ့ရင် ထရံတောင် ကျည်ပွေ့ဖြစ်ရမယ် ခင်ဘုန်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ရှူးရှူးရှဲရှဲ နှင့် ပြူးတူးပြဲတဲ ပြောလိုက်လျှင် ခင်ဘုန်းမှာ ပူပန်စိုးရိမ်စွာနှင့်

"အို....အို....ခင်မကြီးရဲ့၊ ရှိကြီးခိုးပါရဲ့၊ ဒီလိုတော့ မဖျက်ဆီးလိုက်ပါနဲ့၊ ခင်မကြီး သိချင်ရက် ပြောပြပါမယ်၊ ပြီးတော့ သူများတကာလျှောက်ပြီး ပြောမနေပါနဲ့နော်"

ဟီး......ဟီး....နိုင်ရာနဲ့တို့လိုက်တော့ တစ်ခါတည်း အောက်ကျို့ပြီး အသနားခံယူ

"ဟင်.....လုပ်ပါ၊ လုပ်ပါ၊ တစ်နေ့တော့ ခင်မကြီးလည်း ဂင့်လည်ဦးမှာပဲ၊ ဒီအဆောင် တော်ထဲမှာ အရှင် ထိပ်စုဖုရားရဲ့ အပျိုတော်တွေမှန်သမျှ တစ်သက်လုံး အပျိုကြီး ဘဝနဲ့ ချည်း အရိုးထုတ်သွားကြမှာ မဟုတ်ဘူး 'သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်' ဆိုတာလို တစ်နေ့ကျ လင်ယူသားမွေးဆိုတဲ့ လောကီရေးကြီးထဲ ဂင်ကြရဦးမှာပဲ"

"မပြောရင် မရဘူးလား ခင်မကြီးရဲ့"

"ဟော......လုပ်ပြန်ပါပြီ၊ ခင်မကြီးက အကျိုးအကြောင်း အစုံအလင်ထားပြီးပါပကောလို့ မပြောတာ ပြောတာတော့ ခင်ဘုန်းသဘောပေါ့၊ မပြောချင်လည်း နေနိုင်တာပဲ၊ ပြောချင်လည်း ပြောနိုင်တာပဲ"

"မပြောတော့ ခင်မကြီးက ဖျက်လိုဖျက်ဆီး လုပ်မှာကိုး"

"ဒါတော့ လမ်းရှိသလောက် လုပ်ရမှာပဲ ခင်ဘုန်းရဲ့"

"ကဲပါလေ ဒါလောက်ရှိတာ ပြောလိုက်ပါတော့မယ်၊ နားသာထောင်တော်မူပါ"

"ကဲ....ပြောပါ အသင့်နားစိုက်ရက်ပါ"

"အပေးဂန်မင်း ဦးရွှေရီ သိတယ်မဟုတ်လား ခင်မကြီးရဲ့"

"အင်းသိပါတယ်၊ အသားညိုညို နှုတ်ခမ်းမွေးကောင်းကောင်းနဲ့ ခေါင်းပေါင်းနှစ်စ ထောင်ထောင်ပေါင်းတဲ့ ဗိုက်ရွှဲကြီးပါ၊ သူ့ဂန်ကတော်မလေးညှာ ဆိုတာလည်း ထိပ်ဆံတခါခါ ပုသိမ်ပဂါ ဒီလွှား၊ မျက်ခုံးမွှေကြီး မည်းနေအောင်ထားပြီး ကွမ်းတွေ ပါးစပ် ပြည့်အောင်စားတတ်တဲ့ အမူ အိုးမကြီးပဲ၊ ခင်မကြီး သိတာပေါ့၊ အပေးမြို့ဂန် မဖြစ်ခင် ပြဲတိုက်တော်မှာ တော်ကြာ အမှုတော်ထမ်းသွား ဖူးတာကပဲ၊ ဒီအပေးဂန်မင်း ဦးရွှေရီရဲ့ လာဖြစ်သလဲ ခင်ဘုန်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အဲ.....ဒီ အဝေးဂန်မင်း ဦးရွှေရီရဲ့ တူတော်လေ၊ ယခု လက်ဖက်တော် သားထဲမှာ အမှုထမ်းနေတဲ့မောင်မောင်လူ"

"အို.....ဒီ...မောင်မောင် လူဆိုတဲ့ လူချောလူလှကလေးဟာ ဝေးဂန် ဦးရွှေရီရဲ့ တူတော်ကလေးလား၊ ခင်မကြီးဖြင့် မသိပါဘူးနော်၊ ခုမှပဲ ဦးရွှေရီရဲ့ တူမှန်းသိရပါတယ်၊ အင်းအင်း လူပုံက ချောလိုက်တာမှ လွန်ရော ပါးကြေကလေးများ စိမ်းနေတာပဲ၊ ချက်ခုံးဆို တာလည်းတန်းလို့၊ မျက်လုံးကလည်း ကျက်သရေက ရှိပါဘိယနဲ့၊ ဒါနဲ့ ခင်ဘုန်းဟာ မောင်မောင်လူနဲ့"

"ဟုတ်တယ် ခင်မကြီးရဲ့၊ မောင်မောင်လူနဲ့ ခင်နဲ့ မေတ္တာသွယ်တန်း အချစ်လမ်းဖောက် နေတာကြာပါပြီ၊ ဒီနှစ်ပါနဲ့ဆိုလျှင် သုံးနှစ်သုံးမိုး ရှိပါတော့မယ်"

"ဩော်....ဒါဖြင့် အင်မတန် နေရာကျတာပဲ၊ ခင်ဘုန်းကလည်း လှလှယဉ်ယဉ်၊ မောင်မောင်လူကလည်း ယဉ်ယဉ်နဲ့လှလှ လူမဖက် နတ်ဖက်တဲ့ လင်မယားလို့ ဆိုကြမလား ဟဲ...ဟဲ"

"အို....ခင်မကြီးကလည်း သခင်ဖြစ်မယ် ရှင်ဖြစ်မယ် မသိရသေးဘဲနှင့် ရှက်စရာတွေ ပြောမနေပါနဲ့ဦး"

"အမယ်လေး....ဒီက အကောင်း သူ့အတွက် ဂမ်းသာလို့ပြောနေတာပဲ၊ တကတည်း အကဲရောက်ပြီး ဈေးကြီးသွားလိုက်တာ၊ ကိုင်းလေ.....ဆက်ပြီးပြောပါဦး၊ မောင်မောင်လူ နဲ့ ချစ်နေတာနှင့် သုဓမ္မာစာတော်ပွဲကို ခင်ဘုန် မလိုက်ရတာနဲ့ ဘယ်လိုများ စပ်ဆိုင်နေပါ သလဲ"

"ဒီလိုပါ ခင်ဘုန်းရဲ့၊ မောင်မောင်လူမှာ မိဘရင်ချာ မရှိရှာလေတော့ ဦးကြီးဖြစ်တဲ့ အဝေးဂန်းမင်း ဦးရွှေရီက အစစအရာရာ ကြည့်ရှုအုပ်ထိန်း စောင်မနေပါတယ်၊ မောင်မောင် လူကလည်း ဘယ်အရေး၊ ဘယ်ကိစ္စမဆို သူ့ဦးကြီးနှင့် အဒေါ်များကို တိုင်ကြားပြီးမှ ပြုလုပ်လေ့ရှိပါတယ်၊ ယခု ခင်နဲ့ မောင်မောင်လူ ချစ်ခင် လာကြတာလည်း သုံးနှစ်ရှိပါပြီ၊ ရှေ့နှစ်ကို ဖြင့် ခင့်မိဘ၊ သူ့မိဘများ တိုင်းကြားခွင့်ပန်ပြီး လက်ထပ်ကြဖို့ ပြောရမဲ့အခါ ရောက်လာတာနှင့် အရင်က ကတိစကားအတိုင်း၊ သူ့ဦးကြီးများကို တိုင်ကြား ခွင့်ပန် ဖို့ မောင်မောင်လူကို သတိပေးချင်လို့ပါ"

"အခုနေအခါဆိုတော့ စာတော်ပြန်ပွဲအတွက် ဝေးဂန်မင်း ဦးရွှေရီရဲ့ ဂန်ကတော်တို့လည်း ရွှေမြို့တော် ရောက်နေကြတဲ့ အတွက် မပြန်ခင် ဒီကိစ္စကို ပြောကြမှ ခရီးရောက်ပါ လိမ့်မယ်၊ နောက်တစ်ခေါက် လာဖို့ဆိုတော့ တကူးတကကြီး ခရီးကလည်း ဝေးပါတယ်"

"လာတဲ့အခိုက် ကိစ္စပြီးလိုက်ရင် ကောင်မလားလို့ပါပဲ၊ မောင်မောင်လူနဲ့လည်း ခုတလော မတွေ့နိုင်ဘူး ခင်မကြီးရဲ့၊ အရှင်ထိပ်စုဖုရားကို ခွင့်ပန်ပြီး အိမ်ခဏပြန်ရင် ခါတိုင်းတော့ မောင်မောင်လူတို့ လူပျိုတော်သားတွေဟာ ဘုန်းကြီးလှသော ဘုရားထွက်တော်မူရာ ပါနေရလို့ လာနိုင်ရှာမယ်မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် စာတော်ပြန်ပွဲမှာဆိုရင် ခင်ကလည်း တွေ့ဖို့လွယ်ပြီး မောင်မောင်လူ ကလည်း တွေ့ဖို့မခဲယဉ်းဘူး ခင်မကြီးရဲ့၊ မသကာဘုန်းကြီးလှသောဘုရား တရားနာရေစက်ချ တော်မနေတုန်း ဖြစ်ဖြစ် စံတဲနန်းတော် အနီးအပါးသွားတွေ့နိုင်တယ်"

"ဟင်....ဒီလောက် လူတွေစည်ကားနေတဲ့ အထဲမှာ စကားပြောရဲပါ့မလား ခင်ဘုန်းရဲ့ လူမြင်ရင် ရှက်စရာကြီးပဲ"

"ဟာ......အရေးကြီးတော့လည်း တွေ့ချင်တာပဲ ခင်မကြီးရဲ့၊ သူ့ကို မေးချင်တာကလေး မေးရုံပါပဲ၊ ဦးရွှေရီကို ပြောပြီးပလား မပြောရသေးရင်လည်း ဒီတစ်ခါလာတဲ့ တစ်လက်စတည်း ကိစ္စပြီးအောင် ပြောခဲ့ပါစေ ဆိုတာ သတိပေးမလို့ပါ၊ ဒီစကားကလေး သုံးလေးခွန်းမေးရုံ ပြောရုံနဲ့တော့ လူမကဲ့ရဲ့ တန်ကောင်း ပါဘူး၊ အမှတ်မဲ့တွေ့ပြီး မေးရုံပါ၊ သူများတကာ သမီးရည်းစားတွေလို မယ်ဘွဲ့မောင်ဘွဲ့နောပြီး ရှည်မြော နေဖို့က မဟုတ်ပါဘူး၊ ဒါပါပဲ၊ ကဲ.....ခင်မကြီး ကျေနပ်ပလား၊ သိချင်လိုက်တာ လွန်ပါရော"

"ကျေနပ်ပါပြီလေ၊ ဒါဖြင့် နေစမ်းပါဦး၊ ပေးဂန် ဦးရွှေရီက ခင့်မိဘများကို တစ်လက်စတည်း ပြောဆိုကြောင်းလမ်းသွားလို့ မောင်မောင်လူနဲ့ ခင်ဘုန်းမကြာခင် လက်ထပ်လိုက်ရင် ခင်မကြီးတို့ထိပ်စုဖုရား အဆောင်တော်မှ အပျိုတော်တစ်ဦးတော့ လျော့သွားတော့ မှာပေါ့နော်၊ ခင်ဘုန်ကတော့ ချစ်သူနဲ့ နီးရလို့ ဂမ်းသာခြင်းကြီးမက ဂမ်းသာသွားမှာ အမှန်ပဲ၊ ခင်မကြီးတို့တစ်တွေမှာသာ အပျိုတော်တစ်ယောက် လျော့သွားတဲ့အတွက် ဂမ်းနည်းပက်လက် ကျန်ရစ်ကြရတော့မယ်"

"ခင်ဘုန်းကလည်း ကိုယ့်အပျိုတော် ဖော်ချင်းတွေကို ဘယ်မှာခွဲချင်ပါ့မလဲ၊ ဂမ်းအနည်း သားပါ၊ သို့ပေတဲ့ 'ကိုယ့်ရေးကြုံတော့ သက်လုံကောင်း'မှ ဆိုတာလိုပဲ ခင်မကြီးရယ် ဒါပေမဲ့ ခင်ကလည်း အောက်မေ့တိုင်း အဆောင်တော်ကို အခစားရောက်ရမှာပါ့၊ နို့ပြီးတော့ ယခု ချက်ချင်းလည်း ခွဲရဦးမှာ မဟုတ်သေးပါဘူး၊ အရေးတကြီး ပြောတယ်ဆိုဦး အနည်းဆုံး တစ်နှစ်မျိုး ဆယ်လမျိုးရှိမှ ပြီးစီးထမြောက်ရမဲ့ ကိစ္စမျိုးကလား ခင်မကြီးရဲ့"

"ဟုတ်ပါရဲ့လေ၊ ပြုန်းခနဲတော့ ခွဲကြရဦးမှာ မဟုတ်ပါဘူး၊ ဒါပေတဲ့ လာမဲ့အရေးတွေပြီး ဂမ်းနည်းမိတာနှင့် ပြောရတာပါ၊ ကိုင်း.....နက်ဖြစ်တော့သာ ကိုယ့်လူကိုယ်တွေ့အောင်ကြံ ပြီး ပြောစရာရှိတာ ပြောကြတာပေါ့၊ လူတွေကတော့ အင်မတန်များပြီး ခြိမ့်ခြိမ့်ပွမ်းအောင် စည်ကားတာပဲ၊ လူလူလေးပါး အကဲခတ်ပြီးသာ ပြောစရာ ရှိတာ မြန်မြန်သုတ်သုတ် ပြောပြန်ခဲ့ပေတော့"

"လူတွေ အင်မတန်များသလား ခင်ရဲ့"

www.burmeseclassic.com

"အို....လူကတော့ အရင်နှစ်တွေ နှစ်တွေတုန်းကနှင့် နည်းနည်းမှမတူဘူး၊ အထူးကိုပဲ များပြားစည်းကားတယ် ခင်ဘုန်းရဲ့"

"ဒါဖြင့် မောင်မောင်လူနဲ့ ခင်နဲ့ ဘယ်လိုများ တွေ့အောင်ကြံရမလဲ၊ မျက်လုံးချင်း အချက်ပြ ရအောင်ဟာလည်း ပရိသတ်က မနည်းတော့ အဲလေ နေ့စဉ်ရက်ဆက် သွားနေရရင် တစ်နေ့မမြင် တစ်နေ့တော့ မြင်တော့မှာပဲ၊ သူကလည်း ခင်ဘုန်း လာမလာကို ပရိသတ်ထဲ မျက်လုံးနဲ့ ရှာရမှာပါပဲ၊ ခင်မကြီးကသာ ကျေးဇူးပြုပြီး ခင်ဘုန်းနေ့တိုင်း အရှင်ထပ်စုဖျား နောက်တော်က ပါရအောင် ကြံဆောင် ကူညီပါနော်၊ နောင်ခါတော့ ကျေဇူးမမေ့ပါဘူး"

"အို....စိတ်ချ ခင်ဘုန်း၊ နေ့တိုင်း လိုက်ရစေမယ်၊ အထိန်းတော်သခင်ကြီးကို ခင်မကြီးပြောရင် ပြီးပါတယ်၊ သခင်ကြီးဖျာ့ ဘာလား ညာလားနဲ့ အနားနှစ်ခါလောက်ကပ် ပြီး ချော့လိုက်ရင် သဘောကောင်းတဲ့ သခင်ကြီးဟာ တစ်ခါတည်း ပျော့ကျရမြဲပါ ခင်ဘုန်းရဲ့"

ပြောနေစဉ် ထိပ်စုဖုရားလတ်၏ အဆောင်တော်အတွင်းမှ အထိန်းတော်ကြီး ခင်ဘွားသစ် ထွက်လာသည်ကို မြင်ရလျှင် အချင်းချင်း လက်တို့ကာ¬¬¬¬...

"ဟော....ပြောရင်းဆိုရင်း သခင်ကြီးထွက်လာပြီ"

ဆိုကာ နေရာများ ပြင်ထိုင်ကြလေ၏ ။ အထိန်တော်ကြီးလည်း ခင်မကြီးတို့ အနီးသို့ ရောက်လာပြီး ညောင်းညာသော အမူအရာနှင့်ကိုယ်လက်ဆန့်တန်း အညောင်းဖြေလိုက်

ကာ-

"ဒီနေ့ဖြင့် တစ်နေ့လုံး စာတော်ပြန်ပွဲက စံတဲတော်မှာ ခစားနေရတာနဲ့ ညောင်းလိုက်တာ ကွယ်၊ အဆောင်တော်ပြန်ရောက် လာပြန်တော့လည်း စုဖုရားအပါးမှာ စက်တော်မခေါ် မချင်း စောင့်ခစားနေရတာ၊ တော်ကြာသွားတယ်၊ ခုမှ လုံးလုံးစက်ပျော်တော်မူသွားတာနှင့် ထွက်လာခဲ့ရတာပဲ"

"ဟုတ်ရှာမှာပဲ ခင်ဘုန်းရဲ့၊ နို့....သခင်ကြီး ညောင်းတော်မူရင် ခင်မကြီးရဲ့ ခင်ဘုန်းက နှိပ်ပေးပါမယ်ဖျ"

"အို....နေပါစေကွယ်၊ အတူတူချင်း ညောင်းလာကြတာကပဲ"

"ခင်ဘုန်းက အဆောင်တော်စောင့်ကျလို့ မညောင်းပါဘူးဖျ၊ ဟောဒီ....သင်ဖြူးချော ကလေးပေါ်မှာ လှဲတော်မူပါ၊ ဖျာ့ကျွန်မ အသာအသာ နှိပ်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ ခင်ဘုန်းက ပျာပျာသလဲ သင်းဖြူးကလေးခင်း၍ ကတ္တီပါ လက်ထောက်ကလေး ချပေးရာ အထိန်းတော်ကြီးမှာလည်း တစ်နေ့လုံး ပင်ပန်းညောင်းညာလာသောကြောင့် အိပ်ချင်နေတုန်း အိပ်ရာခင်း ပေးသလို ဖြစ်ရကား သင်ဖြူးပေါ်တွင် ကျောစင်းကာ လဲလျောင်းလိုက်သဖြင့် ခင်ဘုန်းက သလုံးသား ကလေးကို အသာအယာ ဆုပ်နယ်ပေးနေ လေ၏ ။ အထိန်းတော်ကြီးလည်း ခင်ဘုန်း နှိပ်ပေးသည်ကို ခပ်ပြုံးပြုံး ကျေနပ်စွာခံရင်းပင်-

"ခုနင်က ခင်ဘုန်းနဲ့ ခင်မကြီးတို့ ဘာများပြောဆို တိုင်ပ်နေကြသလဲ၊ သူတို့နှစ်ယောက် ကြည့်ရတာ ဘယ်အခါမဆို တွဲတွဲ တွဲတွဲနဲ့ အမြဲပူးနေကြတာပဲ၊ တယ်လည်း ချစ်ကြမှတ်တယ်"

စကားစလိုက်လျှင် အနီးတွင် ထိုင်းနေသော ခင်မကြီးက သွက်လက်စွာနှင့်-

"ဖျာ့ကျွန်မတို့ တခြားအကြောင်းပြောတာ မဟုတ်ပါဘူးဖျ၊ နေ့လယ်က သုမ္မော စာတော်ပြန်ပွဲ အခမ်းအနား နှင့် ပရိသတ်တွေ တယ်ရွှေ့ဘယ်မျှ စည်ကားကြီးကျယ်တယ် ဆိုတာ ပြန်ပြောနေရတာပါ၊ ခင်ဘုန်း သု့ခမျာ အဆောင်တော် စောင့်လှည့်ကျနေလို့ အရှင်ထပ်စုမြတ်ဖျား ထွက်တော်မူရာ မလိုက်ပါ ရရှာလို့ ဖျာ့ကျွန်မ တစ်ဆင့် ဖောက်သယ်ချနေရပါတယ် ဘုရား"

"သြော်.....ခင်ဘုန်း မလိုက်ရရှာပဲကိုး"

"မှန်လှပါဘုရား၊ ဖျာ့ကျွန်မလည်း သုမ္မောပွဲတော်ကြီး ကြည့်ချင်မြင်ချင်လွန်းလို့ အရှင်ထပ်စုမြတ်ဖျား ထွတ်တော်မူရာ လိုက်ချင်လိုက်တာ လွန်ပါရော၊ ဒါလောက်လိုက်ချင် တဲ့ လူကိုမှ အဆောင်တော် စောင့်ကျတာ နာလွန်းလို့ပါဖျ၊ ဒါနဲ့ အာသာပြေ ခင်မကြီးကို မေးနေရပါဘုရား"

"အို....ဒီလိုမှန်းမသိဘဲကိုကွဲ့၊ ကဲ....ကဲ နက်ဖြန် စုထားဖုရား ထွက်တော်မူရင် ခင်ဘုန်းကို အဆောင်တော်စောင့် မထားခဲ့ပါဘူး၊ ဒီလိုလိုက်ချင်ရင်လည်း အစကတည်းက လိုက်ပါရစေဘုရားလို့ ဖွင့်ပြောရောပေါ့ကွယ်၊ မလိုက်ချင်တဲ့လူကို ချန်မထားရပါလား"

ပြောလိုက်သောကြောင့် ခင်ဘုန်းသည် မိမိအလိုဆန္ဒ ပြည့်ဝတော့မည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ပြုံးရွှင်လာလေ၏ ။
အကြောင်းသိပြီးဖြစ်သော ခင်မကြီးကလည်း အထိန်းတော်ကြီး မမြင်အောင် ခင်ဘုန်းကို မျက်လုံးနှင့် ငေါ့လိုက်သည်တွင်မှ ခင်ဘုန်းကတစ်ဖန် 'အထိန်းတော်ကြီး ရိပ်မိသွားပါဦး မည်' ဟူသော အထိမ်းအမှတ်ဖြင့် မျက်စိမှိတ်ကာ လက်ကုတ်ကာနှင့် အသာအယာ နှိပ်နယ်မြဲ နှိပ်နယ်ပေးနေရာ ပင်ပန်းလာသော အထိန်းတော်ကြီး ခင်ဘွားသစ်လည်း များမကြာမီ အိပ်ပျော်သွားပြီ အဆောင်တော်ထဲရှိ အခြားသော အပျိုတော် လက်ပါးစေ စသည်တို့လည်း အသီးသီးနေ့ခင်းက စာတော်ပြန်ပွဲကြီးတွင် တွေ့မြင်လာသမျှ အကြောင်း များ ကိုယ့်လူနှင့်ကိုယ် ပြောဆို ရယ်မောနေရာမှ ပင်ပန်းညောင်းညာလာကြ သော အရှိန်ကြောင့် မကြာမီ အဆောင်တော် တစ်ဝန်းလုံး တိတ်ဆိတ်ငြိမ်သက်၍ အိပ်စက်သွားကြလေ၏ ။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသည် ပထမနေ့မှ အစပြု၍ သုဓမ္မာစာပေ စာပြန်ပွဲတော်ကြီးမှာ ကြီးကျယ်စည်ကားစွာ ဆင်ယင်ကျင်းပလျက် နေ့ရက်ကြာညောင်ခဲ့သလောက် ထိပ်စုဖုရားလတ်မှာလည်း မယ်တော်ဖြစ်သော အလယ် နန်းမတော်ဖုရာ ထွက်တော်မူတိုင်းပင် သုဓမ္မာစာသဘင်သို့ ပါဝင်ထွက်တော်မူလျက် ရှိလေ၏။ မောင်တော် သီပေါမင်းသား၏ နှစ်ထောင်းအားရစဖွယ် ပညာစွမ်းထက်မြက်တော်မူလှခြင်းကို မင်းပရိသတ်၊ ရဟန်းပရိသတ်တို့က သောင်းသောင်း ဖြဖြ ချီးမွမ်းစကားပြေကာသံများနှင့် ကောင်းချီးသြဘာ၊ ထောပနာစကားများ၊ သဲသံရုတ်ရုတ် မှု ကြားတော်မူလေရာ စုဖုရားလတ်မှာ သူတစ်ပါထက်တိုး၍ အမျိုးမျိုး နှစ်သက်လျက် အားတက်ဝမ်း မြောက်တော်မူရှာမိလေ၏ ။

ယင်းသို့ နှစ်သက်ဝမ်းမြောက်တော်မူရတိုင်းလည်း အထိန်တော်ကြီး ခင်ဘွားသစ်နှင့် မောင်တော် သီပေါမင်းသားအကြောင်းကို ခေါင်းချင်းဆိုင်၍ မြိုင်မြိုင်ကြီးပြောဆိုချီးမွမ်း တော်မူနေရသည်ပင် တင်းတိမ်ရောင့်ရဲတော်မမူနိုင် ရှိလေ၏ ။

သို့နှင့် စည်ကားကြီးကျယ်လှသော သုဓမ္မာ စာတော်ပွဲသဘင်ကြီးလည်း နေ့စဉ်ဆက် လက်ကာ စာမေး၊ စာဖြေ ကိစ္စများ မပြီးမချင်း ကျင်းပလျက်ရှိခဲ့ရာမှ အချိန်အားဖြင့် တစ်လနီးပါး ရှိသောအခါမှပင် ကိစ္စအလုံးစုံ ပြီးစီးသွားခြင်းသို့ ရောက်ခဲ့၍ စာတော်ပြန်ပွဲသို့ ဝင်နွှဲဖြေဆိုတော်မူသော သီပေါမင်းသားလည်း နောက်က်ဆုံးအကြိမ်ဖြစ်သော 'ပထမကြီး' အောင်ပန်းကို လက်လှမ်းဆွတ်ယူ၊ လွယ်လင့်တကူ အောင်မြင်တော်လေတော့သတည်း။

ခမည်းတော် ပဥ္စမသင်္ဂါယနာတင်၊ ဘဂရှင်မင်းတရားကြီးဘုရားလည်း သုံးနှစ်တိုင်တိုင် 'ပထမပြန် အောင်ပန်း' ကို ဆွတ်လှမ်းသွယ်ချူ အောင်တော်မူသော သီပေါမင်းသားအား များစွာ နှစ်သက်တော်မူလှသဖြင့် နှုတ်မိန့်ဖြင့် အထူးမြွတ်ကြား ချီးမွမ်းတော်မူရုံမက အဆောင် အယောင် အခမ်းအနား နှင့်တကွ ဆုတော်လာဘ်တော်များ မြောက်မြားစွာ ချီးမြှင့် သူကောင်းပြုတော်မူပြီးလျှင် သားတော် သီပေါမင်းသားငယ်အား ပထမပြန် သုံးကြိမ်ပြန်ဆို တော်မူနိုင်သော ပညာသတ္တိတော်ကို အထူးချီးကျူးတော်မူသောအားဖြင့် ရှေးအခါကဲ့သို့ သာမန် မင်းညီမင်းသားအဖြစ်တွင် ကျောင်းတော်၌ ပညာမျှာ ဆက်လက်သင်ကြားစေခွင့် ပြုတော်မမူတော့ဘဲ အပြီးပြိမ်း လူဂတ်လဲလှယ်တော်မူစေပြီးလျှင် မင်းသားလတ်တို့၏ အစီး အနင်း အဆောင်အယောင်ကို ချီးမြှင့်သူကောင်းပြုတော်မူလျက် ရွှေလွှတ်တော်ကြီး မြောက်ဘက်၌ စံအိမ်တော် သီးသန့်ဆောက်လုပ် ပေးသနားတော်မူကာ ခမည်းတော် မင်းတရားကြီး ဘုရား ရှေ့တော်သို့ ခစားထွက်ဝင်လျက် နေထိုင်တော်မူရလေတော့တည်း။

သီပေါမင်းသား၏ မယ်တော်ဖြစ်သော လောင်းရှည်မြို့စား သီရိမဟာ သုပဘာဒေဝီ ဘွဲ့တော်ခံ မိဖုရားကြီး မှာလည်း အတိတ်ကာလက မင်းတရားကြီးဘုရား မျက်မာန်ပွား၍ သေးသိမ်မေးမှိန်စွာ အဆောင်တော်ကြီး တွင် သနားစဖွယ်၊ အားငယ်ငယ်နှင့် ကြီးပွားလာရ သော သားတော်ကလေးအား "ရှေးကံကူပင့် ဘုန်းပန်းပွင့် သကဲ့သို့ ပညာရဲရင့် ပွဲလယ်တင့်၍ ဘုရင်မြှောက်စား သူကောင်းပြုတော်မူခြင်း ခံရသောခဏ၌ ပြာဖုံးသော မီးခဲကဲ့သို့ ရဲရဲတောက်လောင်၊ ဘုန်းရှိန်ရောင်

www.burmeseclassic.com

www.burmeseclassic.com

ကွန့်မြူးသဖြင့် အလွန်အကျူး ဝမ်းမြောက်နှစ်သက် သားတော်မိခင်တည်း ဟူသော မာန်များပင် တက်ရတော့မလောက် သွေးကြွမြောက်တော် မူမိလေ၏။

အခြွေအရံ လူပျိုတော်သားတွေ ပိုင်းရံခစားလျက် လက်သုံးဓားပိုင် မင်းသားတစ်ပါးအဖြစ် နှင့် အိမ်တော်သစ်တွင် ချမ်းမြသာယာ ငြိမ်းအေးစွာ ခံစား၍ ခမည်းတော်ထံပါးသို့ မကြာ ခဏ အခစားဝင်၊ အတိုင်ပင်ခံနေရသော သားတော် သီပေါမင်းသားအား မိမိစံအိမ်တော် ဆီမှ တမျှော်မျှော်ကြည့်၍ ဝမ်းမြောက်ခြင်းပီတိဖြင့် ဆီထိသော ဝါဂွမ်းလို တရွှမ်းရွှမ်း တအိအိ နှစ်သက်တော် ရှိလေ၏။

ပထမပြန် သုံးကြိမ်တိုင်တိုင် ပြန်ဆိုတော်မူသော အရှိန်သတင်းဖြင့် သီပေါမင်းသား ကလေး၏ ဂုဏ်သတင်း သည် နန်းတွင်း၊ နန်းပြင်မှစ၍ အရပ်ရပ်အနယ်နယ်တွင် ချီးမွမ်း ထောပနာကြသော သြဘာ မင်္ဂလာစကား တို့မှာ နုတ်ဖျားတိုင်း သီးလျက်သာ ရှိလေရာ ချစ်ခင်နှစ်သက် မေတ္တာဖက် ဖြစ်တော်မူသော စုဖုရားလတ် မှာလည်း သီပေါမင်းသား ကလေး၏ ကောင်းသောဂုဏ်သတင်းတော်ကို တသင်းသင်း မွှေးတိုင်း၊ မေတ္တာတော် ညွတ်ကိုင်း၍ အတိုင်းထက်အလွန်တံခွန်ဘုရား၊ သည်မောင်တော် ဖျားမှ ငါ့မောင်တော်ဖျား ဟု အားရကျေနပ် မူတိုင်း အချစ်လှိုင်ကြီး တအိအိကြွလျက် ရှိတော်မူပြီးလျှင် သီပေါမင်းသား ကလည်း ဒီစုဖုရားမှ စုဖုရားဟု တစ်ပါးကို မမြင် အချစ်တော်စင်စင်နှင့် ခင်မင်မြတ်နိုးတော်မူ မဆုံး ဖြစ်တော်မူကာ မိမိစံအိမ်တော်တွင် စံတော်မူသမျှ အချိန်ကာလတို့တွင် အိမ်တော်ပါ လူပျိုတော်သားများနှင့် စုဖုရားအကြောင်းကို မိန့်တော်မူရင်းသားလျှင် အချိန်ကုန်ရတော့ လျက် စုဖုရားလတ်ကလည်း အထိန်းတော်ကြီးကို ခင်ဘွားသစ်နှင့် နေ့ရှိသမျှ ပဟိုရ် ကျသမျှ အချိန်တိုင်းတွင် မောင်တော် သီပေါမင်းသား အကြောင်းလောက်သာလျှင် ပြောဆို အချိန်ကုန်တော်မူခဲ့ကြလေ၏။

အရှင်သခင်များ၏ တင်းမာကြုံ့ခိုင်တော်မူကြသော မေတ္တာတော်အဟုန်ကြောင့်လည်း သီပေါမင်းသား၏ လက်ရင်းတပည့် လူပျိုတော်သားများနှင့် စုဖုရားလတ်၏ အထိန်းတော် ကြီး ခင်ဘွားသစ်တို့မှာ အချစ်တမန်တော်ကြီးများအဖြစ်ဖြင့် အဆောင်တော်နှင့် စံအိမ်တော် များသို့ မနားမနေ ရက္ကန်းရှည်သလို ကူးချည် သန်းချည်နှင့် ကိစ္စများလျက် ရှိကြရာ သီပေါမင်းသား၏ စံအိမ်တော်မှ စေလွှတ်တော်မူသော လူပျိုတော်သားများနှင့် စုဖုရားလတ် အဆောင်တော်မှ စေလွှတ်တော်မူသော အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မြောက်ဉယျာဉ် တော်ထဲတွင် နေ့စဉ် လိုလို စတည်းချကာ ပါလာသော လက်ဆောင် တော်များနှင့် ရွှေလွှာ တော်များကို လဲလှယ်ဆောင်ယူ ဆက်သရခြင်းတို့ဖြင့်လည်း အထူးတာဝန်ကျသော အလုပ် ကြီး တစ်ခု ဖြစ်နေတော့သတည်း။

ယခင်အခါကမူ သီပေါမင်းသားမှာ နန်းဦး မှန်စီရွှေကျောင်းတော်တွင် ရှင်သာမဏေအဝတ် ဖြင့် ပရိယတ် စာပေများကို သင်းအံကြိုးစားတော်မူနေရသည်တစ်ကြောင်း အခြွေအရံ နည်းပါးသဖြင့် မည်သည့် အရေးကိစ္စ၌မဆို ကိုယ်တော်တိုင် ပြုပြင်လုပ်ကိုင်မှ ပြီးစီးရသော ကြောင့်တစ်ကြောင်း၊ နှစ်သက်မြတ်နိုးတော်မူလှသော စုဖုရားလတ်ထံတော်သို့ပင် ရွှေလွှာ တော်သဝဏ်မှာစာတမ်းတော်များ ရေးသားပို့သ လိုသလောက် မရေးတော်မူနိုင်အားဘဲ နေခဲ့ရာ ယခုအခါသော် စာတော်သင်ခြင်းကိစ္စလည်း ပြီးဆုံးအားလပ်တော်မူရုံမက စံအိမ်တော်သီးခြား၊ တပည့် လူပျိုတော်သား

www.burmeseclassic.com

www.burmeseclassic.com

ပညာတတ် စာဆိုတော်ကလေးများပင် ခစား ပိုင်းရံကာ ချမ်းသာရိပ်ငြိမ် စည်းစိမ်တော်ထက်ဂယ် နှစ်သက်ကြည်ရွှင်စွာ စံတော်မူရသော သမ္ပတ္တိအခါတော်မျိုးတွင် ရောက်ရှိနေတော်မူကား ချစ်မြတ်နိုးတော်မူသော စုဖုရားအား စိတ်တော်ရှိသမျှတိုင်း ခဏမဆိုင်း ဆိုသလို ရွှေလွှာတော် အတန်တန် မှာတမ်းတော် အစားစာ တေးထပ်၊ သံထောက်၊ ဘောလယ် စသော ကဗျာခန်းနှင့် ဉာဏ်စမ်း၍ အချစ် လမ်းခင်းလိုသမျှ ခင်းတော်မူလျက် ရှိလေ၏။

သဂါက်ရွှေပြားပေါ်တွင် အချစ်မှာတမ်းဖြစ်သော တေးထပ်၊ သံထောက်စသော မှာတမ်း တော်များကို ပညာဉာဏ် ရင့်သန်ထက်မြက်တော်မူသော မင်းသားတစ်ပါးဖြစ်သည့် အားလျော်စွာ တောင်ငူဘုရင် နတ်ရှင်နောင် မင်းသားပမာ ကိုယ်တော်တိုင် စီကုံးရေးသား တော်မူတတ်ပြီးလျှင် တစ်ခါတစ်ခါလည်း ကဗျာဂီတ အရာတွင် ပါရဂူမြောက်၍ အညွန့်တလူလူ ထွက်ပြူပေါ်ပေါက်စဖြစ်သော ကျောင်းနေဘက် လက်ရင်း တပည့် ကိုယ်ရံ တော် လူပျိုတော်သားဖြစ်သူ (*) မောင်ဖေငယ်အား စိတ်တော်တိုင်းကျ ရေးသား တော်မူ စေလေ၏။

(*မှတ်ချက်။ ။ မောင်ဖေငယ်ကား ဘိုတော်ဘုရား၏ သားတော်တစ်ပါး ဖြစ်တော်မူ သော ရွှေကူမင်းသား၏ မြေးဖြစ်သည်။ နောင်တော် သီပေါမင်းသား အထွတ်အမြတ်ရောက်သော ကာလ စီးတော်မြင်းဂန် ရွှေတိုက်စိုး၊ တောင်တမန်လယ်စားဟူသော အမည်ဖြင့် အထူး ထင်ရှား ကျော်ကြားသူ ဖြစ်လေသည်။)

မောင်ဖေငယ် ရေးသားစီကုံး ဆက်သသော တေးထပ်၊ သံထောက်များမှာ အရှင်သခင် ဖြစ်တော်မူသော သီပေါမင်းသား ရေးသားစီကုံးတော်မူသည်ထက်ပင် အနုအယဉ်၊ အညှုအခရာမှာ သာလွန်ပိုကဲလျက် ဆရာ့ထက် လက်စောင်းထက်နေသောကြောင့် ခိုင်းစေတော်မူသော သီပေါမင်းသား ကိုယ်တော်တိုင်ကပင် အထူးအားရ ကျေနပ်တော်မူ ကာ စုဖုရားထံတော်သို့ ပေးပို့ရန် ရွှေလွှာတော်တိုင်းမှာ မောင်ဖေငယ် စီကုံးဖွဲ့နွဲ့သော တေးထပ်များသာ ဖြစ်စေတော့လျက် မောင်ဖေငယ်မှာလည်း တစ်ခါတစ်ခါ ရေးသားစီကုံး ဆက်သလျှင် အရှင်သခင်၏ ပေးသနားတော်မူသော ဆုတော်၊ လာဘ်တော်များကို သိမ်းကောက်၍ပင် မနိုင်သောဟူသတည်း။

သီပေါမင်းသား စံအိမ်တော်တွင် စံတော်မူစဉ်အခါတွင် အသီးသီး ခစားထမ်းရွက်ကြသော လူပျိုတော်သား များအနက်မှ လက်ရင်းအကျဆုံး ယုံကြည်ချစ်ခင်တော်အမူဆုံး ဖြစ်သော တပည့်ရင့်များမှာ ရွှေကူမင်းသား ၏မြေး မောင်ဖေငယ်နှင့် ရေနံချောင်းမင်းကြီး၏သား မောင်တုတ် (နောင်အခါ ရနောင်မြို့စားရ၍ ရနောင်မောင်တုတ်ဟူ၍တွင်သည်) တို့ဖြစ်၍ မောင်ဖေငယ်မှာ ပဋိသန္ဓေအခံ ပညာတော်ရင့်သန်၍ နူးညံ့သိမ်မွေ့သူဖြစ်သောကြောင့် နှလုံးရည်ဖြင့် အမှုတော်ထမ်းသူဖြစ်ပြီးလျှင် မောင်တုတ်မှာ မဟုတ်မခံ ဟောဟောဒိုင်းဒိုင်း မကြောက်မရွံ့ နောက်မတွန့်တတ်သော ဂါသနာကြောင့် လက်ရုံးရည်ဘက်က အားတက် သရော အမှုတော်ထမ်းမည့် ယောက်ျားတစ်ယောက်ဟု ထိုနှစ်ယောက်ကို ဂဲယာလက်ရုံး ကြီးများပမာ အထူးအရေးပေးတော်မူထားရကား မောင်တုတ်နှင့် မောင်ဖေငယ်တို့မှာလည်း "အရှင်ဘုန်းကြီး

ကျွန်ဓားပြီး" ထိုကဲ့သို့ ကိုယ့်အရှင်သခင်၏ အကျိုးကို အထူးလိုလားလျက် ရှိသော တပည့်ကောင်းကြီးများ ဖြစ်ကြလေ၏။

စုဖုရားလတ်မှာလည်း ချစ်မြတ်နိုးတော်မူလှသော သီပေါမင်းထံမှ သဂၤဟ်လှော ရွှေပြားများ တစ်နေ့တစ်ရက်မျှ ရပ်နားသည်မရှိအောင် အပို့ရောက်သလောက် ရောက်လာသော အလှူတော်များကို ရှုစားတော်မူရခြင်း၊ အလှူတော်များ ရသလောက် ပြန်ကြားလှာ ရေး သားတော်မူရခြင်းတို့ဉာ အချိန်ကုန်တော်မူရာပြီး မောင်တော် သီပေါမင်းသားကိုလည်း မင်းညီမင်းသားတည်း ဟူသော စည်းစိမ်တော်ဖြင့် မိမိအပေါ်တွင် ရှေးခါကထက် ပေါ့လျော့ တော်မူသွားလေမည်လားဟု စဉ်းစား စိုးရိမ်တော်မူ ခဲ့မိသလောက် ယခုကဲ့သို့ ခမည်းတော် ဘုရား ချီးမြှောက်သူကောင်းပြုတော်မူထား၍ စံအိမ်တော် သီးခြားနှင့် မင်းညီမင်းသား အဖြစ် ရောက်တော်မူမှ ရှေးကထက် ထူးကဲပိုမို အလိုတော်လိုက်၊ ဂရုစိုက်တော် မူကာ အလှူတော်များ မနားတမ်းစေလွှတ် ပို့သတော်မူနေသည့်အတွက် ယခင်က စိုးရိမ်တော် မူမိသည်များကိုပင် ပြန်လှန်အပြစ်တင်တော်မူမိကာ

"သြော် ... မောင်တော်သီပေါမင်းသားဟာ စုစုကို အင်မတန်မှ မြတ်နိုးချစ်ခင်တော်မူရှာပါ ကလား၊ တခြား မင်းညီမင်းသား တွေသာဆိုလျှင် ယခုလို စံအိမ်တော်သီးခြားနှင့် မင်းသား ပီပီ စံတော်မူရတယ်ဆိုလျှင်ပဲ ကိုယ်လုပ်တော်တွေအလဲလဲ၊ ကြင်ယာတော်တွေ အနည်းနည်းနှင့် စည်းစိမ်တော်ထဲမှာ ယစ်မူးပြီး ချစ်ဦးကို မေ့မေ့လျော့လျော့ ပေ့ါပေ့ါဆဆ နေတော်မူလိုက်ကြမှာပဲ၊ ယခု သီပေါမောင်မောင်ကတော့ နောင်ခါ မဖောက်ပြား ပါဘူးဆို တဲ့ သစ္စာစကားတော်အတိုင်း တည်တည်ကြည်ကြည် ရှိတော်မူပါပေတယ်၊ စိတ်သဘော ကောင်းတော်မူသလောက် ရိုးရှာတော်မူတဲ့အတွက် စုစုဖြင့် ချစ်တော်မူတာတွင်မက သနားလည်း အင်မတန်မှ သနားတော်မူမိတာပဲ သစ်သစ်ရဲ့"
အထိန်းတော်ကြီး ခင်ဘွားသစ်နှင့် စပ်မိတိုင်း မိန့်တော်မူကာ မောင်တော် သီပေါမင်း သားအား မေတ္တာတော် ဆထက်ထမ်းပိုးတိုး၍ အချစ်နှင့်သနား၊ နှစ်ပါးစုံ စစ်ခင်း၍ ရင်တွင်း မဆန့်ဖြစ်တော်မူလျက် ရှိလေ၏။

"မောင်ဖေငယ်"

"ဘုရား"

"ဒီတစ်ကြိမ်ရေးတဲ့ တေးထပ်ဟာ အတော်ထူးခြားတဲ့ အဓိပ္ပာယ်တွေ ပါနေပါကလား မောင်မင်း"

"အမိန့်ရှိတော်မူပါဦးဘုရား"

"မောင်မင်းကို ခါတိုင်းလို သစ္စာထား တေးထပ်တစ်ပုဒ် ရေးပါလို့ ငါပြောတာ၊ ခုတော့ မင်းတေးထပ်ထဲမှာ သစ္စာထားရုံတွင်မကဘဲ သစ္စာထားတဲ့အကြောင်းကို စာလှှာနှင့် ရေးရ သည့်ထက် နှစ်ပါးတွေ့ပြီး တေ့တေ့ ဆိုင်ဆိုင် ရွှေကျမ်းကိုင်ပြီး သစ္စာမဏ္ဍိုင်ကြီး စိုက်ချက် ပါတယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ရေးထားတော့ ငါကိုယ်တော်တိုင် စုစု အဆောင်တော် သွားပြီး နှစ်ပါးတွေ့တော် မူရဦးမလိုလို အဓိပ္ပာယ်ပါဝင်နေပါပေါ့လားဟဲ့"

"မှန်ပါ၊ ကျွန်တော်မျိုးနဲ့ မောင်တုတ် ဒီကိစ္စအတွက် နှစ်ဦးတိုင်ပင်ပြီးမှ မောင်တုတ်အလိုကျ အောင် ရေးသား စီကုံးရခြင်း ဖြစ်ပါတယ်၊ မောင်တုတ်ကို မေးတော်မူပါဘုရား"

"ဟဲ့ မောင်တုတ်ကဲ့"

"ဘုရား"

"ပြုံးမနေပါနဲ့ကွဲ့၊ ဘယ့်နယ်ကြောင့် မောင်ဖေငယ်ကို ဒီလိုအရေးခိုင်းရတာတုံးဟဲ့"

"ကိုယ်တော်က ရိုးတော်မူအားကြီးလွန်းလို့ အားမရနိုင်တာနဲ့ပါဘုရား၊ ကြည့်စမ်းပါဘုရား၊ ကိုယ်တော်နှင့် စုဖုရားတို့ မေတ္တာလမ်းဖွင့်တော်မူထားတာ ဘယ်လောက်ကြာပြီလဲဘုရား၊ ဒါနဲ့တောင်မှ ကိုယ်တော့မှာ နှစ်ပါးတွေ့ရအောင် ယနေ့အထိ စိတ်ကူးရတော်မမူသေးတဲ့ အတွက် ကျွန်တော်မျိုးက အားမလိုအားမရ မရိုးမရွကြီး ဖြစ်လွန်းလို့ ဖွတ်တွန်းပြီး စုဖုရား အဆောင်တော်ရောက်အောင် ပို့ဖို့ကြံစည်ရခြင်း ဖြစ်ပါတယ်ဘုရား၊ အရှင့်ကိုယ်တော်တိုင် သစ္စာထား၍ ရွှေကျမ်းတော်များ ကျိန်တော်မူပြမယ်ဆိုရင် စုဖုရား ကလည်း ထွက်တော်မူ မလာပါနဲ့လို့ တားမြစ်တော်မူမှာ မဟုတ်ပါဘူးဘုရား၊ အထိန်းတော်ကြီး ကလည်း ကိုယ့်လူမို့ ဘယ်သူဘယ်ဂါကိုမျှ ကြောက်လန့်ရမဲ့အရေးလည်း မရှိပါသဖြင့် စုဖုရား အဆောင်တော် သို့ ထွက်တော်မူဖို့ အခါအခွင့်သင့်နေပါပြီဘုရား"

"ဟယ် ... မဖြစ်နိုင်တာတွေ မကြံစည်ကြစမ်းပါနဲ့၊ ခုလို အလှူတော်အတုံ့အပြန်စေစားပြီး ချစ်စကားဆိုနေရတာက အပြစ်ကင်းပါသေးတယ်၊ စုစုအဆောင်တော်ကို ရောက်အောင် ထွက်တော်မူ ဖို့အရေးက ဘေးအန္တရာယ် အလွန်များတာပဲ၊ မင်းညီမင်းသားဆိုပြီး ရွှေနန်း တော်ကြီးက သီးသန့် ထုတ်ပြန်ထား တဲ့ အမိန့်တော်ကို နားမလည်ရာကျတယ်၊ အနောက် ပိုင်းဆိုတာလည်း ခမည်းတော် ဘုရား ကလွဲပြီး ဘယ်မင်းညီမင်းသား မင်းယောကျ်ားမျိုးကိုမှ သွာလာဝင်ထွက်ခွင့်မရှိရအောင် အထူး စည်းကြပ် စောင့်ထိန်းပြီး မိန်းမစိုး မိန်းမကြပ်တွေ အထပ်ထပ် အစောင့်ထားပြီး အနောက်ဂန် များကိုယ်တိုင် ဓားတဝင့်ဝင့်နှင့် အသင့်ရပ်ပြီး အနောက်ပိုင်းကျူးရင် ဒူးဖြတ်ရမယ်ဆိုတဲ့ အခွင့်အာဏာ လက်ကိုင်နှင့် မြိုင်မြိုင်ကြီး စောင့်နေကြတယ်မဟုတ်လား၊ ဒီထဲကမှ အတင့်ရဲပြီး သွားလို့ အစောင့်အနေတွေနဲ့ ထက်ကြပ်မိလိုက်ရင် ရာဇဝင်တွင်အောင် ရှက်စရာလည်းကောင်း၊ ရာဇဝတ်အပြစ်လည်းခံ ရနှင့် ကျော်မကောင်း ကြားမကောင်း ဖြစ်သွားပေဘူးလား။

"သီပေါမင်းသားကလေး တော်တယ်တော်တယ်နှင့် အားလုံးက ပိုင်းပြီးချီးကျူးနေကြတုန်း ဖြုန်းဆို 'ငါ့သမီး ချောလှ ယောက်မမြင်းစီးထွက်'ဆိုတဲ့ စကားပုံမျိုးလို ဖြစ်သွားတော့မှာပဲ၊ ခမည်းတော်ဘုရားကလည်း ယခုမြှောက်စား သူကောင်းပြုတော်မူကာစ ရှိသေး တယ်၊ 'ကျီးကန်း'

www.burmeseclassic.com

သူကောင်းမြှောက် မစင်ခြောက် ကောက်စား' ကိန်းမျိုးကျနေတော့ ခမည်းတော် ဘုရားကလည်း အများကြီး မျက်တော်မူလိမ့်မယ်၊ ဒီအကြံက မဟန် ပါဘူးဟယ်၊ စုစုဆို တော့ ငါက လာမယ်ဆိုရင် ငြိုငြင်တော်မူမယ် မဟုတ်ပါဘူး၊ သို့ပေတဲ့ မတော်တဲ့ အလုပ်မို့ ဆင်ခြင်ဖို့ ဂတ္တရားရှိသဟဲ့"

"စိုးရိမ်တော်မူစရာတွေကြီး လျှောက်တွေးနေမယ်ဆိုရင် စိတ်မအေးစရာတွေသာ ပေါ်ပေါက် တတ်ပါတယ် ဘုရား၊ 'ငါဟဲယောကျ်ား၊ မ,တစ်ထောင် တစ်ကောင်ဘွား' ဆိုပြီး ဘုန်းလက်ရုံးတည်းဟူသော အားအင်နှင့် ဘာမဆိုကြံတော်မူလျှင်လည်း ယောကျ်ားတံခွန် လူရည်ချွန်က မိုးစွန်တမွတ် ကြယ်ကိုပင် ဆွတ်နိုင် ပါတယ်၊ ပူဖွယ် ပင်ဖွယ်၊ မအေးဖွယ်တွေ ကို တွေးပြီး စိတ်လေးတော်မမူပါနှင့်၊ အခါသင့်လို့ အခွင့်ရောက်တဲ့အခိုက်မှာ ပေါက်ပေါက် မြောက်မြောက်သာ ကြံစည်တော်မူပါဘုရား၊ အနောက်ပိုင်းကို ထွက်တော် မူဖို့အရေးမှာ ကျွန်တော်မျိုးများနှင့် အထိန်းတော်ကြီး ခင်ဘွားသစ် တာဝန် ထားတော်မူပါ၊ ဘယ်သူမှ မသိရအောင် ပိပိရိရိ အဆင်သင့် ကြံစည်ပေါ့မည်ဘုရား၊ ကျွန်တော်မျိုးများနှင့် အထိန်းတော် ကြီး ခင်ဘွားသစ် ကြံစည်ခင်းကျင်းထားသော လမ်းကြီးပေါ်မှာ ကိုယ်တော် ရဲရဲသာ ထွက်တော်မူပါ၊ ဘာတစ်ခုမှ စိုးရိမ်ကြောင့်ကြ တော်မူဖို့ မရှိပါဘုရား"

"ဟယ် ... ဖြစ်နိုင်ပါ့မလား၊ တေ့တ်ကယ်၊ နင်တယ်ပြီး အာမခံရဲတယ်၊ နောက်တစ်စုံတစ်ခု ဖြစ်ရော့ ခမည်းတော်ဘုရားက နင်တို့ကို ရာဇဝတ်တော် ပေးသနားမှာ မဟုတ်ဘူး၊ ငါ့ခေါင်း ပေါ် အားလုံးပုံကျမှာ ဒီလို အနောက်ပိုင်း ကျူးကျော်ဖြတ်သန်းတဲ့ ကိစ္စမျိုးဟာ ငါလို မင်းသားကလေး မပြောထားနဲ့ ငါ့ထက်ကြီးတဲ့ နောင်တော် မကွေ့ရာမင်းသားကြီးတို့ သုံးဆယ်မင်းသားကြီးတို့ မြင်ကွန်းကိုယ်တော်ကြီးတို့သော်မှ မကျူးကျော်ခဲ့ပါဘဲ ငါရဲ တင်းလွန်းလျှင် ကောင်းနိုင်ပါ့မလား တေ့တ်ရဲ့"

"ကျွန်တော်မျိုးတို့ တာဝန်ထားပါဘုရား၊ ကိုယ်တော် ရေကြည်တစ်ပေါက် မစဉ်ရပါဘူး၊ ဒီအလွှာတော်ကိုသာ စုထားဖုရားထံ ပို့လိုက်ပါရစေတော့ဘုရား"

"တယ်နော် ... တေ့တ်ဟာ တကယ့်ကို အတင်းတိုးလျှော်ကနေတော့တာပါပဲကလား၊ ငဖေငယ်ကကော တေးထပ်ကို ရေးပြီးငေးနေသလား၊ နင်တင်တဲ့စစ်ကဲ နင်မချနိုင်ဘူးလား လဟဲ့"

"ကျွန်တော်မျိုးလည်း မောင်တေ့တ် အာမခံရဲလွန်းလို့ ရေးသားစီကုံးရဲတာပါပဲဘုရား၊ ထွက်တော်မူဖို့ အရေးကိုတော့ စိတ်လေးတော်မမူပါနှင့်ဘုရား"

"အင်း ... နင်တို့တော့ ငါ့ကို အတင်းသား အခါပေးနေကြတာပဲကလားဟဲ့၊ ဖြစ်နိုင်မယ် မထင်ပါဘူးဟယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်ကြောင်း ရဲရဲကြီး တာဝန်ခံပါတယ်ဘုရား"

"နေပါဦး လဟယ်၊ မယ်မယ်နဲ့ တိုင်ပင်စမ်းပါရစေဦး"

"ဟော ... ကိုယ်တော် ရိုးတော်မူတယ်ဆိုလေ၊ ရိုးတော်မူလာတာကိုး၊ အဆောင်တော်ကူးဖို့ ကိစ္စ မယ်တော်တိုင်ပင်ရတာမျိုး မဟုတ်ပါဘူးဘုရာ့"

ညည်းညည်း ညူညူပြောကာ မောင်တုတ်က လက်ခုပ်များတီးကာရယ်လျက် မောင်ဖေငယ် ကလည်း ရောနှောရယ်သောကြောင့် သီပေါမင်းသားမှာ ရုတ်တရက် အံ့အားသင့်သွား တော်မူဘိအလား၊ လူပျိုတော် ငယ်သားများကို အကြောင်းသား ရှုစားနေတော်မူလေ၏။

မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့မှာ စိတ်အလိုက် မာန်အလိုက် ရယ်ပစ်လိုက်မိရာမှ ကိုယ့်အရှင်သခင်ကို မထီမဲ့မြင်ပြုရာ ကျသကဲ့သို့ ဖြစ်သွားလေသလားဟု သတိတရား လျင်စွာ ထားကာ ကပျာကာ မျက်နှာပိုးသတ်လိုက်ပြီး အနည်းငယ် ပြုံးယောင်ပြုလျက် ရှိခိုး လက်ယှက်၍

တုတ်။ ။"ကိုယ်တော်နယ့်ဘုရား၊ ရိုးတော်မူချက်သားကောင်းပါပေရဲ့"

ထပ်မံလျှောက်သည့် တိုင်အောင် သီပေါမင်းသားမှာ နားရှင်းတော်မမူသေးဟန်ဖြင့်

"မောင်တုတ်တဲ့ ငါက အကောင်းပြောတာဟဲ၊ သင့်မသင့် လျော်မလျော်ဆိုတာ ကိုယ့် မယ်တော်တစ်ပါးလုံးပဲ ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြီး မယ်မယ်က ထိုင်သင့်တယ်ဆိုရင်ထိုင်၊ တသင့်တယ်ဆိုရင် ထဖို့ပေါ့ဟဲ့"

မျက်နှာတော် ခပ်ရိုးရိုးနှင့်ပင် မိန့်တော်မူပြန်သဖြင့် မောင်မောင်တုတ်မှာ အပါးတော်တိုး၍-

တုတ်။ ။"ဒီကိစ္စမျိုးဆိုတာ ကိုယ်တော်တစ်ပါးတည်း ရင်းနှီးတဲ့ ကျေးကျွန်များနဲ့ တိုင်ပင်ရတာမျိုးဘုရား၊ မယ်တော်တို့ ဘာတို့ သိစေရတဲ့ကိစ္စမျိုး မဟုတ်ကြောင်းပါ"

မင်းသား။ ။"မသိပါဘူးဟယ်၊ ငါကတော့ ကျောင်းတော်တုန်းကလို တစ်နေရာရာ သွားမယ်ဆိုရင် ဆရာတော်ဘုရားထံ အမိန့်ခံသွားရသလို ခုလည်း မယ်မယ်ဘုရား အမိန့် တော်ခံသွားရရင် ကောင်းမလား လို့"

တုတ်။ ။"ဒီကိစ္စမျိုးဆိုတာ ကိုယ်တော်တစ်ပါးတည်း ရင်းနှီးတဲ့ ကျေးကျွန်များနဲ့သာ ပြီးစီးရတာပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မင်းသား။ ။"အေးအေး ဒါဖြင့်လည်း မင်းတို့ပဲ အခါပေး၊ ကိုပုညလုပ်ကြတဲ့အတိုင်း နားထောင်တော်မူရမလိုလို ဖြစ်နေပါပြီ၊ ဟုတ်မှလည်း လုပ်ကြပါကွယ်တို့ စုစုကိုတော့ ချစ်မြတ်နိုးတော်မူတာ မှန်ပါရဲ့၊ တွေ့တော်မူရန်ကိစ္စကိုဖြင့် အကြံရတော်မမူမိသေးဘူး၊ ယခု မောင်မင်းတို့ စကားဦးသန်းပြီး မှာတမ်းတော်ရေးဆက်မှပဲ သတိရတော်မူ တော့တာပဲ"

တုတ်။ ။"ကျွန်တော်မျိုးများကလည်း ရွှေကိုယ်တော်ဖျား အလိုအလျောက် သတိတော် ရမလားလို့ နှစ်ယောက်သား တိုင်ပင်ပြီး စောင့်စားနေခဲ့တာ အချိန်အတော် ကြာပါပြီ၊ ယခုတော့ နေ့ရက်သာရှည်ခဲ့ပြီး နှစ်ပါးတွေ့တော်မူဖို့ ကောင်းတယ်ဆိုတာ ကိုယ်တော့် ရွှေစိတ်တော်ထဲ နည်းနည်းကလေးမှ စဉ်းစားတော် မမူသေးကြောင်း အတတ်သိရတာ နှင့် ကိုယ်တော့်အစား အားမလိုအားမရ ဖြစ်လွန်းလို့ မောင်ဖေငယ်ကို တိုင်ပင်ပြီး ဒီခရီးမဆိုက် မနေ ရအောင် ဖွတ်ထမ်းခေါ်ခဲ့ရခြင်းပါဘုရား"

မင်းသား။ ။(ပြုံးတော်မူလျက်) "အင်း ... ငါ့ကျွန်တော်မျိုးကြီးများကဖြင့် ကိုယ်တော် ထက် အစွမ်းထက်နေကြပါပြီ၊ အေးလေ ... မှန်တာပြောရမယ်ဆိုရင် ငါလည်း ဒီစခန်း ရောက်အောင် စိတ်ကူး ပေါက်တော် မမူခဲ့သေးပဲ ဒီအရေးဟာ ဖြည်းဖြည်းဆေးဆေး အေးအေးသက်သာ ပြုရမဲ့ အရေးပဲလေလို့ ခပ်လေးလေး ခပ်ဆိုင်းဆိုင်း နေတော်မူခဲ့မိတာ ကလား"
ငယ်။ ။"မှန်ပါဘုရား၊ ယခုလောက် အချိန်ကြာ အခါလင့်အောင် လေးလေးဖင့်ဖင့် ပြုတော်မူခဲ့ရတာ ကျေနပ်တော် မူလောက်ပါပြီဘုရား"

မင်းသား။ ။"ဟုတ်ပါပြီလေ၊ ခုမှတော့ ငါ့ကျွန်တော်မျိုးကြီးများ ကြိုးဆွဲရာ ငါတစ်ကိုယ်တော်လုံး ပါရမလို ဖြစ်နေပါပြီ၊ ကိုင်း ... ဒါနဲ့ ဒီရွှေလွှာတော်ကို စုစုထံ ပို့လိုက်ပါရောတဲ့၊ တကယ်လို့ စုစုက တွေ့ဆုံတော် မမူနိုင်ပါဘူးဆိုရင် ငါ့အလွှာတော်ကြီး အဖတ်တင်မနေပေဘူးလား"

မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးစိစိ ဖြစ်သွား ကြပြန်ကာ

"အဖတ်တင်စေကာမူ ဒီကိစ္စမျိုးဆိုတာ စိုးရိမ်ကြောင့်ကြ အပူတော်ခနေစရာ မဟုတ် ကြောင်းပါ၊ နှစ်ပါး တွေ့တော်မူလိုကြောင်း ခွင့်အချိန်တောင်းတဲ့အတွက်နှင့် ဖြစ်တစ်ကြိမ် မကဆယ်ကြိမ်ပင် အလွှာတော်သရဦး ကိုယ်တော်ဖျားဘက်တော်က အရှုံးမရှိနိုင်ကြောင်း ပါ၊ စုဖုရားနှင့်လည်း ရွှေမေတ္တာ နှောင်ဖွဲ့ဆဲ အချိန်အခါ ဖြစ်ပါသဖြင့် ကိုယ်တော်၏ ရွှေမေတ္တာတော်ကို လက်ခံတော်မူ၍ ကြည်ဖြူတော်မူပြီးဖြစ်တဲ့ အရှင်စုဖုရားက ငြင်းပယ် တော်မူတဲ့စကားမျိုး မိန့်ကြားတော်မူလိမ့်မည်ဟု စိုးရိမ်တော် မူစရာမရှိပါ၊ ကြည်သာတော် မူမှာပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မင်းသား။ ။"ဒါကတော့ မင်းတို့အတွေးအထင်အတိုင်း တစ်ဖက်သတ်လျှောက်တင်တဲ့ စကားသာ ရှိသေးတာ ကလားကွယ်၊ တကယ် တွေ့တွေ့ဆိုင်ဆိုင်တော့လည်း စုထား အလိုတော်က ဖြူသလား မည်းသလား ဆိုတာ နတ်သိကြားလို အတတ်အားဖြင့် သိတော်မူ ဖို့ အခက်သားပဲ"

တုတ်။ ။"ဒါကြောင့် ထိပ်စုဖုရား အလိုတော်ကို သိတော်မူရန် ဒီရွှေလွှာတော်ကို အမြန် ပို့ဆက်လိုက်ရမည့်အကြောင်းပါဘုရား"

မင်းသား။ ။"အလွှာတော်ပို့တာ ဟုတ်ပါပြီ ငတုတ်တဲ့၊ စုစုက တွေ့တော်မမူလိုပါဘူး ဆိုရင် အဖတ်ကြီး တင်ပြီး ရှက်စရာဖြစ်တော်မူသွားမှာ စိုးရိမ်ပါတယ်လို့ ငါပြောနေပါပြီ ကော"

တုတ်။ ။"ဖျာ့ကျွန်တော်မျိုးကလည်း ဒီအတွက်နှင့် တစ်ကြိမ်တစ်ခါမက ဆယ်ကြိမ် ဆယ်ခါမျှ အဖတ်တင် ရသော်လည်း ရှက်စရာအလုပ် မဟုတ်တဲ့အကြောင်း သံတော်ဦး တင်ပြီးလို့ အလွှာတော်ပို့ဖို့ ခွင့်တောင်းခြင်း"

မင်းသား။ ။"ဟဲ့ … နင်တို့က ငါ့ကို ရိုးတယ်ရိုးတယ်နဲ့ ငါကလည်း တကယ့်ကို ဒီလို နေရာမျိုးမှာ ကျွမ်းကျင်တော်မူသေးတာ မဟုတ်ဘူး၊ ဒီအလွှာတော်အရ စုစုဆီက ငြင်းပယ် တော်မူတဲ့အဖြေကို ပေးတော် မူလိုက်ရင် တကယ့်ကို ရှက်စရာ မဟုတ်ဘူးလား၊ ဟယ် … တကယ်လို့ စုစုက အခွင့်သာလို့ ကြွလာတော် မူပါဆိုဦးတော့ ငါ့တော့ ဒီအနောက်ပိုင်းကို ရဲရဲပုံ့ပုံ့သွားဖို့ ခက်တော်မူသေးတယ်"

တုတ်။ ။"စိတ်ချတော်မူပါ၊ ဒီအရေးမှာ အရှင်ကိုယ်တော် ဘာမျှတွေးပူတော် မမူပါနှင့် ဘုရား၊ ဖျာ့ကျွန်တော်မျိုးတို့တစ်တွေက သေသေဂပ်ဂပ် ဖိဖိစီးစီးရှိအောင် အစခပ်သိမ်း ကြံဆောင်အမှုထမ်းလျက်ပါ၊ အရှင့်ကျွန်တော်မျိုးမျိုးကို ယုံယုံကြည်ကြည်ကြီး ယုတ်လျော့ စေမည့်အကြံကို တစ်ဆံခြည်မျှ တိုက်တွန်းပံ့မယ် မဟုတ်ကြောင်း ဆင်ခြင်တော်မူပါဘုရား၊ ယခုအကြံမှာ အရှင့်အကျိုးတော်သက်သက်၊ နည်းလမ်းဆက်သခြင်းဖြစ်ကြောင်းပါဘုရား"

မင်းသား။ ။"ကဲကွယ်၊ မင်းတို့ ဒါလောက်တောင် လျှောက်နေမှ ကောင်းသလိုသာ ချင့်လုပ်ကြပေတော့"

တုတ်။ ။"မှန်လှပါ၊ ဒါဖြင့် အလွှာတော်ကို အထိန်းတော်ကြီး ခင်ဘွားသစ်လက်ရောက် အောင် တွေ့နေကျဖြစ်တဲ့ ဥယျာဉ်တော်ကို ဖျာ့ကျွန်တော်ကိုယ်တိုင် သွားလိုက်ပါတော့ မယ်ဘုရား"

မင်းသား။ ။"အေးလကွယ်၊ သွားချင်သွား၊ မသွားချင်နေ၊ ငါ့ကျွန်တွေ ကောင်းသလို သာ လုပ်ကြတော့လို့ ခွင့်ပြုတော်မူပြီးပြီ မဟုတ်လား၊ ဟော … ဟိုက မယ်မယ်ဖျားတောင် ထွက်တော်မူလာပြီ"

www.burmeseclassic.com

www.burmeseclassic.com

အမိန့်ရှိကာ မယ်တော် ထွက်တော်မူလာသည်ကို ခရီးဦးကြိုပြုတော်မူနေသဖြင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်လည်း သီပေါမင်းသား အပါးတော်တွင် အခြား လူပျိုတော်များကို ခစားရန် ထားခဲ့ပြီးနောက် အမှတ်မဲ့ပျောက်သွားကြလေရာ အိမ်တော်ဦး တွင်ကား မယ်တော်လောင်းရှည်မိဖုရားနှင့် သားတော် သီပေါမင်းသားတို့ အလ္လာပ သလ္လာပ စကားဖြင့် အပြန်အလှန် မိန့်ကြားပြောဆိုနေတော်မူလျက် ရှိကြလေ သတည်း။

အခန်း (၁၆) နက်ဖြန်
အခန်း (၁၆)

"တောင်ဥယျာဉ်တော်နံဘေးရှိ ပုတ္တလုတ် ရေကန်တော်တစ် ဖက်မှာ ကျောက်တောင်ကွယ်အနီး သျှိသျှား ဆီးဖြူပင် အရိပ်တွင် တိတ်ဆိတ်စွာ ထိုင်နေကြသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့မှာ အထိန်းတော်ကြီး ခင်ဘွားသစ်လာမည့် လမ်းသို့ တမ်းမှန်း စောင့်မျှော်လျက် ရှိကြလေ၏။

တုတ်။ ။ "အထိန်တော်ကြီးနယ် လာခဲ့လိုက်တာနော်"

ငယ် ။ ။ "လာလိမ်မပေါ့ ကိုယ်လူရယ်၊ ခုနင်ကအနောက်ပိုင်း (*)သူငယ်တော် ထိုက်ကို မှာလိုက် သေးတာ၊ သာပြီးမြန်မြန် ပြောလာလိမ့်ဦးမယ်"

တုတ်။ ။"မဟုတ်သေးဘူးလေ၊ ဒီနေရာ သုံးဆယ်ကိုယ်တော် ကြီးကို မကြာမကြာထွက် တော်မူလာ တတ်တယ်၊ ကျုပ်တို့ကို မယောင်မလယ်နှင့် တွေ့မြင်တော်မူသွားရင် သီပေါမင်းသား ကလေး ကျွန်တော်မျိုး တွေ တောင်ဥယျာဉ်တော်ထဲမှာ မယောင်မလယ် နဲ့ဘာလာလုပ်သလဲ မေးကြစမ်းဆိုပြီး စစ်လာဆေးလား လုပ်နေရင် အလ္လာတော်ကို တွေ့မြင် သွားမှာ စိုးရပြီလားလူရဲ့၊ အလ္လာတော် စုဖုရား ဆက်ပြီးတဲ့ အချိန်တွေ့ရင် ကိစ္စမရှိဘူး၊ ခုနေအတိုင်းဆိုတော့ သက်သေခံ ရွှေလ္လာကြီး ငုတ်တုတ်ပေါ်လာမှာ စိုးရသေး တယ်"

ငယ် ။ ။ "ဒါလောက်တွေးပြီး ပူမနေပါနဲ့နှင့်ဦးဗျာ၊ ဒီလို ချောင်ကျတဲ့ နေရာကိုလည်း မင်းသားကြီးမလာပါဘူး၊ လာချင်းလာ ရင်ဟောကို၊ တောင်ဘက်က ရေကြည့် နန်းတော်ကိုသာ လာစရာရှိ ပါတယ်"

တုတ် ။ ။ "ဘယ်နယ်ကြောင့်တုံး"

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ ။"သြော် (**) ရေကြည့်နန်းတော် မှာတော့ ကျယ်ကျယ် ပြန့်ပြန့်နှင့် သူ့အခြွေအရံ အသင်းအပင်းပါ ဆန့်အောင် နေထိုင်ဖို့ ရှိတယ်၊ မင်းသားကြီးတွေ ထမင်း မြိန်ပွဲတော်တယ် ထွက်တော်မူ တယ်ဆိုရင်လည်း အမြဲဒီရေကြည့်နန်းမှာချည်း စတည်းချနေကြတာပဲ၊ ပြီးတော့ လည်း

ရေကြည့်နန်းတော်ဟာ ကုန်းတစ်ဂက်၊ ရေတစ် ဂက်၊ ဆောက်ထားလို့ ငါး၊လိပ်ဆိုတဲ့ ကြာပင်ထဲမှာ တိရစ္ဆာန်က လေးများဟာ သူတို့ အလိုက်ဘာသာ အသင်းအပင်ဖွဲ့ပြီး ကြာပင် ကြိုကြာပင်ထဲမှာ မြူးပျော် ပြေးလွှားနေ တာတွေကို ရှုစားအပျင်းဖြေ ရတယ်၊ ဖန်သား၊ မှန်သားလို ထုတ်ခြင်းပေါက် မြင်ရအောင် ကြည်လင်အေးမြတဲ့ ရေပြင်ပေါ်မှာ ကြာမျိုးငါးပါး၏ဂတ်မှုန်၊ ဂတ်ရည်တို့ကို တဂီဂီပျံဂဲ သောက်သုံးနေကြတဲ့ ပိတုန်းလိပ်ပြာ"

စကားမဆုံးမီ မောင်မောင်တုတ်က-

တုတ် ။ ။ "တော်ပါတော့ခင်ဗျာ၊ ကြာရင်ပြောရင်းနဲ့ တေးထပ်တွေ လေးဆစ် တွေ၊ အဆစ် ပါလာတော့မှာပဲ၊ ဒီနေရာကို လာကြာတာ စာကဗျာစီကုံး ဖွဲ့နွဲ့ရအောင်လာတ မဟုတ်ဘူး ကိုဖေငယ်ရဲ့၊ ဒါလောက်ပြောရင် သိပါပြီ၊ ဟား ......... ဟား………. ဟား" ကြားဖောက်၍ ရယ်စရာ ပြောလိုက်မှ-

ငယ် ။ ။ "ဟုတ်ပါပြီလေ သိရင်လည်း ပြီးပါရော၊ အဲ .... ဒါကြောင့် ဒီနေရာက လည်းမလာပါဘူး၊ လာခြင်းလာရင် နေရာကောင်းကိုသာ သွားမှာပါ၊ ဒါကြောင့် ဒီမှာပဲ ကျုပ်တို့ အေးအေးစောင့်ကြတာပေါ့။

တုတ် ။ ။ " ဒါဖြင့် ကိုဖေငယ်၊ ခင်ဗျား အလိုအတိုင်း ဒီနေရာမှာပဲ နေပွဲတော့ မယ်၊ ဒီအထိန်းတော် အမယ်ကြီး ကလည်း တယ်လာခဲတာကို"

ထိုအခိုက် ဆီးဖြူပင်မှ အသီးတစ်လုံးကြွေပြီး မောင်မောင်တုတ်အနီးသို့ ကျလာ လေ၏ ။ မောင်မောင်တုတ်သည် ကျလာသော ဆီးဖြူသီကို လှည့်ကြည့်ကာ ကောက်ယူပြီး

တုတ် ။ ။ "အလို .......... ဟောဒီမှာ အဆင့်သင့်ပဲ၊ ကိုဖေငယ်ရေ၊ ဆီးဖြူသီး တစ်လုံးတော့ တွေ့ပြီး" ဆိုကာ ရုတ်တရက် ကိုက်စားလိုက်မည် ဟန်ပြင်သည့်နှင့် တစ်ပြိုင် နက်မောင်မောင်ငယ်က လျင်မြန်စွာ လုယူထားပြီး

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ ။ "မစားနဲ့၊ မစားနဲ့ ဒီအသီးဟာ ယောက်ျားတွေ မစားအပ်ဘူးလို့သူကြီး သူမများ ပြောသံကြား ဖူးတယ်"

ပြောလျှင် မောင်မောင်တုတ်က မျက်မှောင်ကုတ်ခါ စဉ်းစားပြီး

တုတ် ။ ။ " အို .......ဘာကြောင့် မစားကောင်း ရတာလဲ ကိုဖေငယ်ရဲ့၊ ခင်ဗျားက ဗဟုသုတ လိုက်စားတဲ့ လူဆိုတော့ အသိအမြင် သိမ်များနေပြီထင်တယ်"

ငယ် ။ ။ " လူကြီးတွေ ပြောသံကြားဖူးလို့ပါဗျာ"

တုတ် ။ ။" ဆိုစမ်းပါဦးဗျာ၊ ဘယ်နယ်ကြောင့် မစားကောင်းရသတဲ့လဲ၊ မစား ကောင်းတဲ့အပင်ကိုကော တောင်ဉယျာဉ်တော်မှာ ဘဂရင်မင်းတရားကြီးဘုရားက ဘယ်နယ့်ကြောင့် စိုက်ပျိုးတော် မူထား စေရသလဲလို့ "

ငယ် ။ ။ "ဒါကတော့ ဆေးဘက်ဝင်တဲ့ သျှိသျှားဆီးဖြူပင်ဆိုပြီး အဂေးမြို့ဂန် များက အထူး အမြတ်ထား ဆက်တဲ့အပင်မို့ ဉယျာဉ်တော်မှာ စုံစုံလင်လင် ရှိအောင်စိုက်မူ စေတာနှင့် တူပါတယ်"

တုတ် ။ ။" ကဲ‥‥‥.. ဟုတ်ပါပြီတဲ့ဗျာ၊ မစားကောင်းတာကို လင်းကျင်းစမ်းပါဦး၊ ဘယ်ကျမ်းဂန်၊ ဘယ်ရာဇဝင်မှာ အထင်အရှား ဆိုထားတာ တွေ့ဖူးပါသလဲ"

ငယ် ။ ။ " အဲသလိုတော့ အကြွပ်မကိုင်နဲ့ ဗျ၊ ကျုပ်လည်း ကြားဖူးနားဂရှိတာ ကိုပြောရမှာ၊ ဒီအတွက်နဲ့တော့ ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်မှာလည်း မပါဘူး၊ ငါးရာ ငါးဆယ် ဇာတ်ကြီး ဆယ်ဘွဲ့မှာလည်း မပြ၊ ဗုဒ္ဓဝင် မဟာဝင်၊ ရာဇဝင်အစောင်စောင်မှာ လည်းမရေးပါ၊ လောကီ ဆေးကျမ်း များမှာတော့ အနည်းအကျဉ်းဆိုသလို ဆေးစွမ်းမဖော် ဘူးဗျ၊ ဒီအသီးကို စားဖို့မပြောထားနဲ့ အပင်အောက် ကိုပင် မဂင်ကောက်ဘူးလို့ ဆေး ဆရာများ မှာထားတတ်တယ်၊

မြွေဆေးထိုးထားသူများ၊ ပီယ၊ ကာယ၊ သိဒ္ဓိဆေးရှိသူများ အပင်အောက် ရောက်သွားမိလျှင် သနပြီး ဆေးတန်ခိုး များ ပြယ်တတ်တယ်တဲ့၊ ဟော‥ ‥ ကျုပ်တို့တောင်ဆီးဖြူပင်ရိပ်နဲ့ မလွတ်ကင်းတဲ့ နေရာမှာ ထိုင်မိရက်ဖြစ်နေပြီး လာဗျာ‥‥‥ ဟိုနားရွှေ့ထိုင်ကြဦးစို့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ နေရာရွှေ့သွားသဖြင့် မောင်မောင်တုတ် အတူထလိုက်သွားရပြန်လေ၏

တုတ် ။ ။ "ပြောပါဦး ၊ သူ့ရာဇဂင်ကို သိချင်ပါသေးတယ်၊ နေရာရွှေ့ရတာက အရင်ကိုဗျ"

ငယ် ။ ။ "ဝေါဟာရစကားပါပဲဗျာ၊ သူ့ရဇာဂင်က ဒီလိုတဲ့ကိုတုတ်ရဲ့၊ နားထောင်နော်၊ ကျုပ်တို့ တိုင်းပြည်မှာ အစက အဲဒီဆီးဖြူပင်မျိုး မရှိဘူးတဲ့၊ တစ်တိုင်းတစ် ပြည်က အထူးအဆန်းအဖြစ်နဲ့ ဆက်လာလို့ ရှေးမင်းတစ်ပါးလက်ထက်က နန်းတော်တွင်းမှာ ဒီအပင် ရောက်လာရောတဲ့၊ ဘယ်မင်း လက်ထက် ရယ်လို့ မသိဘူးဗျာ၊ ကျုပ်အထင်တော့ အစာပက်စက်တဲ့ တရုတ်ပြေးမင်း လက်ထက်ကနဲ့ တူတာပဲ"

တုတ် ။ ။ "အတော် သေချာတဲ့ ရာဇဂင်ပဲနော်"

ငယ် ။ ။ "အို ..........ခင်ဗျားက သရော်တာအရင်ကျနေပါပြီ၊ ကျုပ်ကတော့ ကျမ်း……… အကိုးအကား အခိုင်အမာပြထားလို့လား ဆုံးအောင်များ နားထောင်စမ်းပါဦး၊ အဲဒါနှင့် ဘုရင်ကလည်း ဆီးဖြူပင်ကို အမြတ်တနိုး နန်းတော်ထဲမှာ စိုက်ပျိုးပြီး အသီးသီး တဲ့အခါ ပွဲတော် တည်ကြည့်တော့ အင်မတန် အရသာရှိ၊ အင်မတန် ခံတွင်းရှင်းပြီး လျှာထဲစိ စိမ့်ဂင်သွားတိုင်း ချဉ်ရာက ချိုအေးတဲ့ အရသာ အပေါ်လာလို့ အလွန်တရာ နှစ်သက် တော်မူသွားတာနှင့် မျိုးစေ့ပြန်ပွားမှာ စိုးရိမ်ပြီး နန်းတွင်းသူ နန်းတွင်းသားများကို ၎င်းအသီး စားလိုက နန်းတွင်းမှာသာ စားရမည်၊ အပြင်အပ ယူမသွား ရဘူးလို့ ကျပ်ကျပ်တည်းတည်း အမိန့်တော်ထုတ်ဆင့်ထားသတဲ့၊ စားဖူးတဲ့ နန်းတွင်းသူ နန်းတွင်းသား များကလည်း ဒီအသီးရဲ့ အရသာကို စကားပြန့်ပွား အပြင်လူများကို ပြောကြားတော့ ဆင်းရဲသားပြည် သူများကလည်း အင်မတန်စားလိုတဲ့စိတ်ပေါ်ပြီး ဒီအသီးကို တောင့်တကြလွန်းလို့ တစ်နေ့သ၌မှာ နန်းတွင်းသူ အပျိုတော်ကြီးတစ်ဦးက ဆီးဖြူစေ့တစ်စေ့ကို လုံခြုံတဲ့နေရာမှာ ပုက်ယူလာပြီး မြို့တွင်းက လူများ ကို စိုက်ပျိုးစေရန် ပေးတာနှင့် အပင်တွေ တဖြည်း ဖြည်းပြန့်ပွားလာတာတဲ့ခင်ဗျ"

တုတ် ။ ။"သြော်……သြော် ဒါနှင့်မစားကောင်းတာ ဘယ်လိုဆိုင်ပါသတုံး၊ ကိုဖေငယ် ရဲ့ အပျိုတော်ကြီး ပုက်ယူလာလို့ မျိုးစေ့ပြန့်ပွားပြီး လူတိုင်းစားကြတာပဲ မဟုတ်လား"

ငယ် ။ ။ "ခင်ဗျားလည်း ပါးသလိုလို နပ်သလိုလိုနှင့် အပုံကြီးလိုပါသေးတယ်၊ ဒီအသီးကို စားမိတဲ့ ယောက်ျားတွေဟာ ဘုန်းကျသရေ ယုတ်နိမ့်ပြီး အာစက်လျှာစက်၊ ညှံ့ကုန်ကြ သတဲ့၊ ဆေးဂါး လက်ဖွဲ့ ရှိတဲ့ လူများ လည်း ဆေးပြယ်ကုန်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ ။ "ဟုတ်ပါပြီ ၊ ဒီအသီးက ဘာပြုလို့ အာစက်လျှာစက် ညံ့ရသလဲ"

ငယ် ။ ။" အပျိုတော်ကြီး ယူလာလို့လေ"

တုတ် ။ ။" အပျိုတော်ကြီး ယူလာရုံနဲ့ အာစက်လျှာစက် ကျွန်တော်မျိုးပီပီ ရိုးသေးတာပဲ၊ အပျိုတော်ကြီးက အစောင့်အရှောက်တွေ မမြင်နိုင် မရှာနိုင်အောင် လုံခြုံနေ ရာမှာ သိုဝှက် ယူလာတယ်ဆို ကတည်းက စဉ်းစားတော့ဗျာ"

တုတ် ။ ။" (အနည်းငယ်စဉ်းစားပြီး) " အင်း… … ..အင်း… ဟာ …ရွှံ့စရာကြီးဗျ၊ ဒီအပျိုတော်ကြီးနယ် ပေါက်ပေါက်ရှာရှာ ပုက်စရာရှားလွန်းလို့ ထွီ……. "

ငယ် ။ ။ "အဲဒါ ဆီးဖြူသီးကို ယောကျ်ားများ မစားအပ် မစားကောင်းတဲ့ ရာဇာ ဂင်ပဲဗျ၊ ဘယ်သူ ကမှလည်း ပေထက်အက္ခရာ တင်မထားခဲ့တော့ တစ်ထစ်ချယုံလိုက် မှာ အခက်သားပဲ၊ ခင်ဗျားလည်း ယုံကြည် နိုင်မယ် မဟုတ်ဘူးလေ"

တုတ် ။ ။ " ဟာ … ဒါပေတဲ့ ယုံချင်သလိုလို ဖြစ်လာပြီ၊ လာဗျ… .. ဒီအနား ကိုမနေချင်တော့ဘူး"

ငယ် ။ ။" ဒါလောက်တော်လည်း ဖြစ်မသွားနဲ့ဦးဗျာ၊ ဟို… … .. တကောင်း ရာဇာဂင် အစလောက်က အဖြစ်အပျက်နဲ့ တူပါတယ်၊ ခုအခါဆိုတော့ အပုံကြီးအဆက် ဝေးလာပါပြီ"

တုတ် ။ ။" ဟာ…… ဒီအပျိုတော်မတွေကို စုတ်ပဲ့ပါတယ်ဗျာ" ညည်းညည်း ညူညူ ပြောပြန်ရာ မောင်မောင်ငယ်လည်း တဟီးဟီး တဟားဟားနှင့် ရယ်အားသန် နေမိ လေတော့၏"

ထိုအခိုက်မှာပင်

" အလို………မောင်မောင်တို့ အများ အူရှင်တော်မူနေကြလေဘိ"

ဟူသော အသံနှင့်အတူ အထိန်းတော်ကြီး ခင်ဘွားသစ် အနီးသို့ ရောက်လာ သောကြောင့် နှစ်ယောက်သား ကျွေဆယ်လိုက်ကြပြီးလျှင် -

www.burmeseclassic.com

www.burmeseclassic.com

"ဟော……. အထိန်တော် အရှီးဖုရား ကြွတော်မူလာမှုကို၊ လာမှလာပေသေး အရှီး ဖုရားရယ်၊ ကျွန်တော်တို့ မျှော်လိုက်ရတာ ကြာပါပြီ၊ နေ့တစ်ချက်တီးလောက်က ဥယျာဉ်တော်ထဲ ရောက်နေရပါတယ်"

သစ် ။ ။ " သြော်…………တူတော်မောင်တို့ မျှော်တော်မူကြမယ်ဆိုတာလည်း အရှီးဖုရား ကြားပါတယ်၊ သို့ပေမဲ့ အလယ်နန်းမတော်ဖုရားက သမီးတော် စုဖျားအဆောင်တော် ထွက်တော်မူ လာတာနှင့် အရှီးဖုရားလည်း မလာသာသေးလို ဆိုင်းငံ့နေရခြင်းပါ မောင်မောင်တို့ရဲ့"

စာဆိုတော်

တုတ် ။ ။" ကျွန်တော်တို့လည်း အိမ်တော်ကို လောင်းရှည်ဖုရား ထွက်တော်မူ လာတာနှင့် ကပျာကယာ အိမ်တော်ဘေးပေါက်ကပင် ဆင်းလာခဲ့ရပါတယ်"

သစ် ။ ။" နို့……..ယခုလာတာ ခါတိုင်းလို အလွှာတော်ဆက်ဖို့ကိစ္စပဲ မဟုတ် လား မောင်မောင်ရဲ့"

တုတ် ။ ။" ဟုတ်ပါတယ်၊ ရွှေလွှာတော်ဆက်သဖို့ လာရခြင်းပါပဲ၊ သို့သော်လည်း ဒီတစ်ခါတော့ နည်းနည်းထူးပါတယ် အရှီးဘုရားရဲ့၊ ဒီကိစ္စမှာ အရှီးဘုရားရဲ့၊ ဒီကိစ္စမှာ အရှီးဖုရား နှင့် ကျွန်တော်တို့က ချောချောမောမော ဖိဖိစီးစီးရှိအောင် အရှင်နှစ်ပါးရဲ့ အကျိုးတော်ဆောင်ရဖို့ တာဝန်များကျလာပါပြီ"

သစ် ။ ။"အလို…… ဘာများပါလိမ့် မောင်မောင်ငယ်၊ အရှီးဖုရားနှင့် မောင်မောင်တို့က ဘယ်လို ဘယ်ပုံ များ အကျိုးတော်ဆောင်စရာ ရှိလာပြန်သတုံး မောင်မောင်တို့ရဲ့"

တုတ် ။ ။" ကိုင်……..ကိုဖေငယ်က အရှီးဖုရား နားလည်တော်မူအောင် တဆိတ် ပြောလိုက်ပါဦး"

ငယ် ။ ။" ကိုင်း ……… ကိုတုတ်က တာဝန်လွှဲမှ ကျွန်တော်ပဲ အစီရင်ခံပါမယ် အရှီးတော်ဖျားနှင့် အရှီးဖုရားတို့သခင်၊

www.burmeseclassic.com

www.burmeseclassic.com

အရှင်ထိပ်စုဖုရားတို့ မဟာနွယ်ဖွားချင်း မေတ္တာတော်စေ စား၍ အချစ်တံတား ခင်းတော်မူခဲ့ကြတာ အချိန်အခါ အတန်ပင်ကြာပါပြီ၊ သို့ကလို အချိန်ကြာသော် ရွှေလွှာတော်များနှင့်သာ အပြန်ပြန်အလှန်လှန် အချစ်တမန် စေလွှတ်၊ ရွှေစိတ် တော်ညွှတ်ပြီး အလွှာတော်တော်ထဲက အက္ခရာစာလုံးကလေးများဖြင့်သာ ရောင့်ရဲတင်းတိမ်းနေခဲ့ ရဖြင့် တစ်ဆပ်ဆင့်ထက်တစ်ဆင့် ရင်သထက် ရင့်ခဲ့သော အချစ်ဆင့် အချစ်ထပ်ကြီးက မပြတ်အောင်

မြင့်မောက်တတ်ကြွလာပါသော်လည်း နီးနီးနှောနှော အချစ်၏သဘောကို နှစ်ပါးစုံပြောဟော သဘော တော်ညှိနှိုင်းလျက် ထက်သန်တဲ့ မေတ္တာကို သစ္စာတော် တံဆိပ်ရိုက်လိုတော်မူကြောင်း ကျွန်တော်တို့ အရှင်က အခွင့်တောင်းတော်မူလိုက်ပြီ အရီးဖုရားရဲ့"

သစ်။ ။ " အလို…….. ရွှေကိုယ်တော်ဖျားကလေးကလေ"

တုတ်။ ။" ဟုတ်ပါတယ် အရီးဖုရားရဲ့၊ ရွှေကိုယ်တော်ဖျားက အရှင်ထိပ်စုလတ်ဘု ရားနှင့် နှစ်ပါးတွေ့ပြီး တေ့တေ့ ဆိုင်ဆိုင် ရွှေသစ္စာမဏ္ဍိုင်ကို ကြံ့ကြံ့ခိုင်ခိုင်ကြီး စိုက်တော်မူချင်ပါတယ်တဲ့၊ ကျွန်တော်တို့က အပိုကဲသည်ဟု မထင်ပါနှင့် ဟောဒီက အလွှာတော်တေးထပ်မှာ အရီးဖုရား ဖတ်ကြည့်တော်မူပါ"

ငယ်။ ။" ဟုတ်ပါသည် အရီးဖုရား၊ ကျွန်တော့် ညဏ်သွားနှင့် ခြယ်လှယ်ထားရလေသမျှ သဝေမှ မလွဲရအောင် ရေးခြင်းပါ"

သစ်။ ။" ဩော်…… မောင်မောင်တို့နှယ်၊ အရီးဖုရားကလည်း မောင်မောင်တို့ ပိုကဲနေ တယ်လို့ မစွပ်စွဲ ရပါသေးလား"

တုတ်။ ။" ဩော်…….ဩော်….ဟုတ်ပဲ့၊ ကျွန်တော်တို့က အစိုရိမ်လွန်လို့ပါ အရီးဖျားရဲ့"

သစ်။ ။" ဒါဖြင့် ရွှေကိုယ်တော်ဖျားက အရှင်ထိပ်ဖုရားနှင့် နှစ်ပါးတွေ့ဆုံတော်မူလိုတယ် ဆိုတော့ အရီးဖုရားက ဘယ်လိုများ ဆောင်ရွက်ရမှာတုံး မောင်မောင်တို့ရဲ့"

တုတ်။ ။" ဒီအလွှာတော်ကို အရှင်ထိပ်စုဖုရားလတ် လက်တော်ဆက်မိတဲ့အခါ ထိပ်စုဖျား အလိုတော် ဘယ်ပုံရှိတော်မူတယ်ဆိုတာ အရီးဖုရားက စကားပြန်တော်မူဖို့ပါပဲ၊ အကယ်၍ အရှင် ထိပ်စုဖုရားလတ်က တွေ့တော်မူခွင့် မပေးလိုသည့်တိုင်အောင် အရီးဖုရားက ရွှေနားတော်ဂင်

www.burmeseclassic.com

www.burmeseclassic.com

အောင်သွေးဆောင်ချော့မော့ လျှောက်ထားပြီး ကိုယ်တော်ဖျား ထွက်ကြွလာတော်မူတဲ့အခါ ကောင်းစွာ မွန်စွာ တွေ့ဆုံလက်ခံတော်မူဖို့ တိုက်တွန်းပါလျှင် မေတ္တာနွယ်ညွန့် ယိမ်းကွန့်ရစ်ယုံ၊ ချစ်စေတနာ ထုံတော်မူကြပြီးမို့ အပုံကြီးလည်း ငြင်းပယ်တော် မူလိုက်မည် မဟုတ်ပါဘူး အရှီးဖုရားရဲ့"

သစ်။ ။" ဟုတ်ပါရဲ့ မောင်မောင်၊ မောင်မောင်တို့ မိန့်သလို အရှင်စုဖုရားက ရွှေမေတ္တာတော်ပွားပြီးမို့ ကိုယ်တော်ဖျား ကြွတော်မူရန်ကို ငြင်းဆန်သွေတော်ဖျား ဘယ်လိုများ ဖင်တော်မူလာမည်ဆိုတာ စဉ်းစားစရာအပုံကြီး ကျန်ပါသေးသော်ကော မောင်မောင်ရဲ့"

ငယ်။ ။ "အဲ……ဒါကြောင့် အာရုံယုက်ကူး မေတ္တာတော်စူးကြီးပြီဖြစ်တဲ့ အရှင်သခင်နှစ် ပါး၏ အကျိုးတော်ကို ကိုးမျှော်လင့်စားပြီး လက်ရင်း ကျွန်ယုံတော်ကြီးများဖြစ်တဲ့ အရီးဖုရားနှင့် ကျွန်တော်များက အားကြိုးပါကြိုး သယ်ပိုးထမ်းဆောင် အရေးတော်ပြီးအောင် အစစအရာရာ ညာက်ရည်သွားထက်ထက်နှင့် အကွက်လယ်လယ် အဆင်ပြေပြေ အရန်သင့်ဖြစ်စေမှ တော်လိမ့်မည်လို့ စဉ်းစားမိပါသည်"

တုတ်။ ။ "အရီးဖုရားပဲ ဒီကိစ္စမှာ ညာလက်ရုံးကြီးတစ်ဆုပမာ အားထားရတော့တာပဲ၊ နန်းတော် အနောက်ပိုင်း တစ်ခွင်မှာဆိုတော့ အစစအရာရာ ဘယ်လိုဘယ်နည်းကြံလျှင် အမှန်ပင် မဖြစ်နိုင်တာ ဖြစ်နိုင်အောင် ဆောင်ရွက်နိုင်တဲ့ စိတ်ကူးများ ပေါ်ပါလိမ်မယ်၊ ထိပ်စုဖုရား အဆောင် တော်တစ်ဝိုက် မှာဆိုရင်လည်း အရီးဖုရား၏ သြဇာလွှမ်းခြုံနေသလိုမို့ အထူးပူပင်ဖို့ မရှိဘူးလို့ ယုံကြည် ပါတော့တယ်၊ မြတ်နန်းကျော် ရွှေနန်းတော်ကြီးရဲ့ အနောက်ပိုင်းတစ်ခြမ်းကို မဆိုထားမိ မိန်မများ ကြံဆောင်လျှင် ကမ္ဘာတောင် မှောက်နိုင်တယ်လို့ဆိုတဲ့ စာများကို ထောက်ထားပြီး အရီးဘုရားကို များများကြီး အားကိုး နေရမှာပဲ"

သစ်။ ။"တယ်လည်း မြှောက်ဒ်မူကြတာကိုး တူတော်မောင်တို့ရဲ့၊ အရီးဖုရားကို ဒါလောက် အားထားတော်မူကြပေတဲ့ အရီးဖုရားဟာ နတ်သိကြာလည်းမဟုတ်၊ ရုပ်ဖျက် နာမ်ဖျက် ပဥ္စလက်နဲ့ ဗားမဲ့ တို့ရဲ့ တပည့်လည်းမဟုတ်လို့ အတော့်ကို အကြံထုတ်ရဦးမည် အလုပ်ပဲနော်"

ငယ်။ ။ " ကြိုးစားတော်မူပါတော့ အရီးဖုရားရယ်"

တုတ်။ ။ "ဟုတ်ပါတယ် အရီးဖုရားရဲ့၊ အရီးဖုရားတို့ နန်းတော်သူတွေရဲ့ အကြံဉာဏ် ဟာ အင်မတန်ဆန်းကြယ်ပြီး ပရိယာယ်အရာမှာလည်း သူမတူအောင်ကျွမ်းကျင်ပါတယ်၊ ခုနင်က အရီးဖုရား မကြွလာမီကလေးတွင်ပဲ နန်းတော်သူတွေ နက်နဲကျယ်ဝန်းတဲ့ အကြံဉာဏ်နဲ့ ပြည့်စုံတဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းများကို ဟောဒီ မောင်မောင်ငယ်က စာဟောင်းပေဟောင်းတွေ အခြေထားပြီး ပြောကြားနေပါတယ်၊ ဟဲ…‥ ဟဲ……‥ဘယ့်နယ်လဲ ကိုဖေငယ် ခုနင်ကပြောတဲ့ ရာဇဂင်ကလေးဟာ လေ"

ငယ်။ ။" ဟာ……‥ကိုတုတ်ကဖြင့် လုပ်ကရော့မယ်"

သစ်။ ။" ကိုင်းလေ အကျယ်အကျယ်တွေ အညွှန်ပေါက်ပြီး မြောက်ချင်းတိုင် မြောက် မနေကြပါနဲ့ မောင်မောင်တို့ရယ်၊ အရီးဖုရား လည်ပတ်သလို အကြံစည်ထုတ်ပြီး အရှင်နှစ်ပါး တွေ့တော်မူခွင့်နီးအောင် ကြံဆောင်ပါဦးမယ်၊ ယခု ပထမအရေးကြီးဆုံးကတော့ အရှင်စုဖုရားရဲ့ အလိုတော်ကို သိရဖို့ အရေးကြီးတယ်မဟုတ်လား၊ အရီးဘုရား စိတ်ကူရှိသလို၊ အရှင်ထိပ်စုဖျား အလိုတော်ကို သိရှိဖို့ အရေးကြီးတယ်မဟုတ်လား၊ အရီးဖုရား စိတ်ကူးရှိသလို၊ အရှင်ထိပ်စုဖျား အလိုတော်သိရအောင် အကဲခတ်လို့ လွယ်လွယ်ကူကူ ကြည်ဖြူတော်မူမယ် ဆိုလျှင်လည်း တွေ့ဆုံတော်မူရန် လမ်းစခန်း ခရီးစဉ်ကို ဘယ်ပုံဘယ်နည်း ပြင်ဆင်ရမယ်ဆိုတာ စီမံကြံဖန်ရုံပေါ့၊ အကယ်၍ အရှင်ထိပ်စုဖျားက ပျော့ပျောင်း ညွှတ်နူးတော်မမူသေးရင်လည်း တဖြည်းဖြည်း ချော့မော့လျှောက်တင်ပြီး ရွှေနားဂင်အောင် ကြိုးစား ရလိမ့်ဦးမယ်"

ငယ်။ ။ " အရီးဖုရား၊ သင့်တော်မယ်ထင်သလိုသာ ကြံတော်မူပါ၊ ကျွန်တော်များသခင် အရှင ် ရွှေကိုယ်တော်ဖျား ထံတော်ကလည်း အခွင်ပန်မည့် တမန်တော်ရွှေလွှာများ၊ ပို့ဆက်နေပါ မည်"

သစ်။ ။" ကောင်းလှပါပြီ မောင်မောင်တို့ရယ်၊ မောင်မောင်တို့ ရွှေကိုယ်တော်ဖျားထံက လည်းအလွှာတော်များ မပြတ်ပို့ဆက်၊ အရီးဖုရားကလည်း တစ်ဖက်တစ်လမ်းက ရွှေနားဂင်အောင် ဖြားယောင်လျှောက်တင်နေပါမည်၊ သို့သော်လည်း အရီးဖုရားတို့အသျှင် ထိပ်ဖုရားရဲ့ စိတ်တော်ကို သိပြီးဖြစ်နေလို့ ရွှေကိုယ်တော်ဖျားကို စိတ်တော်ထဲက ဘယ်လိုပဲ ချစ်ခင်မြတ်နိုး တော်မူနေပေ အရီးဖုရားကို လက်ရင်းထားတဲ့ အထိန်းတော်ကြီးကိုပင် သိစေတော်မမူအောင် ဣန္ဒြေတော်ဆောင်နိုင် သလောက် ဆောင်တော်မူပြီး ထားသေးတယ်"

"အဲဒါကြောင့် ယခုလို တွေ့တော်မူတဲ့အရေးမှာလည်း အရှင်စုဖုရားစိတ်တော်ထဲက အခွင့် ပေးတွေ့တော်မူချင်သည့်တိုင်အောင် တငြင်းငြင်း တရှောင်ရှောင်နှင့် ဣန္ဒြေဆောင်နိုင်သမျှဆောင် ပြီးအချိန်ကုန်အောင် အကြာကြီးဆွဲတော်မူနေချင် နေမှာကလား မောင်မောင်၊ ဟိုအရှင်အစ အရှင် နှစ်ပါးစိတ်ထားရှည်ဂုံ မေတ္တာတော်မောက်လျှံ၍ လွှာတမန်ကူးသန်းစဉ်ကပင် အရှင်စုဖျားက အရီးဖုရားကို မလိမ့်တပတ် ဉာဏ်မျိုးနှင့် ဣန္ဒြေမိုးကောင်းတော်မူသေးတာကလား၊ ပြဒါးကို အဖမ်း ခက်သလို စုဖျားရဲ့ စိတ်ထားကိုလည်း အရီးဖုရားဖြင့် အများကြီးအဖမ်းခက်ခက်သွားဖူးတယ်

www.burmeseclassic.com

မောင်မောင်ရဲ့၊ ဒီလို တွေ့တော်မူဖို့အရေးမှာလည်း စုထားဖျားစိတ်ဆန္ဒတော်ရင်းကို နေ့ရက်မကြာခင် ထင်ထင်လင်းလင်း သိနိုင်မိနိုင်ဖို့တော့ အခက်သားနေမှာပါပဲ"

ငယ်။ ။"'ဒါတော့ အရီးဖုရားဟာ ' နှစ်ပြည်ထောင်တည်ကြ အလယ်က ကျောင်းဆောင်" ဆိုတာလို အရှင်နှစ်ပါးရဲ့ အချစ်တိုင်းပြည်ကြီးတည်စ မေတ္တာတော်အုတ်မြစ်ချကတည်းက (*) နန်းကံကျေးဇန်၊ အချစ်ကံကျေးဇန်ကြီးအဖြစ်နှင့် အမူတောထမ်းခဲ့ရတဲ့ ပုဂ္ဂိုလ်လ်တစ်ပါးမို့ ရွှေမြို့တည်ရွှေနန်းတည် စာတမ်းအရ၊ နန်းကံကျေးဇန်များကစီမံဆောင်ရွက်ပြီး နန်းသိမ်းမင်္ဂလာ အခမ်းအနားကြီးပြီမှ အလုပ် တာဝန် ကျသွားသလို အချစ်ကံကျေးဇန်ကြီးကလည်း အချစ်နန်းတည်စာတမ်းအရ အစစကိစ္စ ကုန်အောင်ရွက် ဆောင်အမှုထမ်းလို့ အချစ်နန်းသိမ်းမင်္ဂလာ အခမ်းအနားပြီးစီးမှာပဲ အရီးဖုရားရဲ့။

သစ်။ ။ " ဟောဒီမောင်မောင်ဟာလေ၊ ဥပမာ ဥပမည်းများနှင့် တယ်ပြီး အဆင်ပြေအောင်ပြောတော်မူတတ်လှပါတယ်၊ ဒါကြောင့်လည်း ကဗျာ့ပါရဂူ ကဂိလေးတစ်ဆူဖြစ်လို့ လူချစ်လူခင် များပြီး ကျော်ကြားတော်မူနေပေတာပဲ၊ ရွှေကိုယ်တော်ဖျားကလည်း ဒီလို စကားယဉ်စကားနနှင့် ကညုကည သုံးသုံးပြီး ဖတ်ရတဲ့လူတွေ ပြုံးပြုံးလာအောင် ကညစ်သံပြောင်လွန်းလို့ မောင်မောင့်ကို လက်သပ်မွေးတော်မူထားသော ထင်ပါရဲ့"

တုတ်။ ။" ဟောဒီမောင်မောင်ဟာလေ၊ ဥပမာ ဥပမည်းများနှင့် တယ်ပြီး အဆင်ပြေအောင်ပြောတော် မူတတ်လှပါတယ်၊ ဒါကြောင့်လည်း ကဗျာ့ပါရဂူ ကဂိကလေးတစ်ဆူဖြစ်လို့ လူချစ်လူခင်များပြီး ကျော်ကြားတော်မူနေပေတာပဲ၊ ရွှေကိုယ်တော်ဖျားကလည်း ဒီလို စကားယဉ်စကားန ကညုကညသုံးသုံးပြီး ဖတ်ရတဲ့ လူတွေ ပြုံးပြုံးလာအောင် ကညစ်သံပြောင်းလွန်းလို့ မောင်မောင့်ကို လက်သပ် မွေးတော်မူထားတာ ထင်ပါရဲ့"

တုတ်။ ။ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒါတော့ မငြင်းသာပါဘူး၊ ကျေးဇူးရှင်ကိုယ်တော် ဖျားရဲ့ ဘုန်းတော်ကံတော်အလျောက် ကျွန်တော်တို့နှစ်ယောက်ဟာ အသုံးတော်ခံ ရောက်ရခြင်း ပါ၊ ကိုဖေငယ်ကတော့ ပညာဉာဏ်ရှေ့ထားပြီး နလုံးရည်သမားသက်သက်အဖြစ်နှင့် အမှုတော် ထမ်းရတဲ့ လက်ရုံးတော်တစ်ဖက်ပါ၊ ကျွန်တော်ကတော့ မဟုတ်မခံ ဒိုးဒိုးဒေါက်ဒေါက် ပေါက်ပေါက်ရောက်ရောက်နှင့် လက်ရုံးရည်အားကို အမှုတော်ထမ်းရမည့် လက်ရုံးတစ်ဖက်ပါပဲ၊ အဲ… .ဒါကြောင့် ယခုအရေးတော်မှာလည်း ဂဲစခန်း၊ ယာစခန်း အနအကြမ်း လက်ရုံးနှစ်ဖက်နှင့် ထမ်းပြီး အရီးတော်ဖုရားတို့ အရှင်ထိပ်စုဖျားရဲ့ ဆောင်ခမ်းသို့ ကျွန်တော်တို့ ရွှေကိုယ်တော်ဖျားကို ပို့ဖို့စီမံ စိုင်းပြင်းနေရခြင်း ဖြစ်ပါတယ် အရီးဖုရားရဲ့"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။ "အမယ်မင်း… ..တကယ့် မောင်မောင်တွေနဲ့ တွေ့လို့နေရပါပြီ၊ ကဲ… … ..အလှူတော်ကိုသာ အရီးဖုရားလက် အပ်ကြပေတော့"

ပြောသဖြင့် မောင်မောင်ငယ်လည်း ဖဲပဝါနှင့် စည်းထားသည့် အလှူတော်ရွှေပြားကို အထိန်းတော်ကြီး ခင်ဘွားသစ်အား ပေးအပ်လိုက်လေ၏ အထိန်းတော်ကြီးလည်း အလှူတော် ရွှေပြားကို ခြုံလာသော နဂါး လိမ်သဲပက် ပိုးပဝါကြီးအကြားတွင် လျှို့ဝှက်စွာ ဆောင်ယူထားပြီးသွားအောင်လျှောက်တင် ထားလိုက်ပါဘိ မောင်မောင်တို့၊ ကဲ…….အရီးဖုရားလည်း သွားပါရချေဦးမယ်"

"ကောင်းလှပါပြီ၊ ကြွတော်မူပေါတော့ အရီးဖုရားရဲ့"

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့က ပြိုင်တူနှုတ်ဆက်လိုက်ကြပြီး အသီးသီးပင် တောင်ဉယျာဉ်တော်ထဲမှ ထွက်လာခဲ့ကြလေ၏ တောင်ဉယျာဉ် ထွက်လာပြီး တံခါးအနီးအပြင်လမ်း မှပန်းကာ မြောက်ဘက်လမ်းအတိုင်း လျှောက်လကြရာ လမ်းခွဲတစ်ခုသို့ ရောက်ကြသောအခါ မောင်မောင်တုတ် က အိမ်တော်သို့ သွားလမ်းဘက်ကို မလိုက်ဘဲ မြောက်ပြင်ကျော်မိုးတံခါး ထွက်သည့် လမ်းဘက်သို့ ဖဲ့၍ထွက်လိုက်သဖြင့် မောင်မောင်ငယ်က အံ့အားသင့်သလို လှည့်ကြည့် လိုက်ကာ

"ကိုတုတ် ဘယ်သွားမလို့လဲ"

"မြောက်ပြင်ကို"

"ဘာလုပ်မလို့လဲ"

"ဟဲ… .ဟဲ၊ ကျီးဉရောင်ပြာလဲ့လဲ့ကလေးဟာ ခုလို နေစောင်းလာတော့ အမြှပ်ကလေးတွေ တစီစီတက်ပြီး ချဉ်နံ့တောင်ထွက်နေရော့မယ်"

"ဟော… … ..လုပ်ကရော့မယ်၊ ခင်ဗျား တယ်ဖွေဖောက်တဲ့လူကိုး၊ ရွှေကိုယ်တော်ဖျားက မျှော်တော်မူ လှရောပေါ့ ကိုရင်ရ"

" ဟာ… .ကျုပ် မလိုက်ချင်ဘူး၊ ကိုရင့်ဓာတ်စာ ကိုရင်သွားပြီး သုံးဆောင်ပါ၊ ကျုပ်ဘာသာ ပြန်မယ်လေ"

www.burmeseclassic.com

" အို··· ··· ··· .ဒီလိုမလုပ်ပါနဲ့ဗျာ၊ အတူတူသွားပြီး ကိုရင့်တစ်ယောက်တည်း ပြန်သွားရင် ငတုတ်ကောလို့ မေးနေတော့ ဘယ့်နယ်လုပ်မလဲ၊ ကျုပ်နဲ့အတူလိုက်ခဲ့ပါ၊ ပြီးတော့မှ တစ်ခါ တည်းပြန်ကြတာပေါ့၊ လာပါဗျာ"

" အိုဗျာ·········ကိုရင့်အစာ ကျုပ်မှမကြိုက်ဘဲနဲ့"

" မကြိုက်လည်း အတင်းပါးစပ်ဖြဲ မတိုက်ပါဘူးဗျ၊ လိုက်ခဲ့ပါ၊ ထန်းသမား ဘိုးပိန်သမီး (*) စုလည်းထုံးကလေးဟာ အတော်ကိုလှတယ်ဗျ၊ ' အခြေတုတ်ပေတဲ့ ရွှေထုပ်တဲ့ပဂါ' ဆိုတာကိုပဲ ကသီ လင်တနဲ့ ဆင်းရဲရှာတဲ့အထဲက ဘယ်လိုများလှနေမှန်းမသိပါဘူး၊ နန်းထဲ ထီးထဲခေါ်ပြီး အပျိုတော် ကလေးများကို လှလှပပ ယဉ်ယဉ်ကျေးကျေး ပြုပြင်ထားလိုက်ရ 'တောက်' နေနှင့်ဦး ဒီမှိုကျင်းကလေး လူမတွေ့အောင် ဆူးခက်နဲ့ဖုံးထားပြီး ကျုပ်တစ်နေ့ ကြီးပွားရင် တစ်ခါတည်း သွားပြီး သိမ်းပိုက်ထား လိုက်မှာ"

"တယ်အပြောသန်လှပါလားဗျာ၊ ဒါဖြင့် ကျုပ်လည်း လိုက်ကြည့်မယ်ကိုရင်"

" လိုက်ကြည့်ပြီး ပြစ်မှားတော့မနေနဲ့ ကိုရင်၊ ဒါကျုပ်အဖို့ ထုံးတို့မှတ်ထားတဲ့ ပစ္စည်းကလေး"

အမယ်လေးဗျာ၊ ကျုပ်က ဒါတွေ ဂါသနာမပါပါဘူး၊ လှတယ်ဆိုတာနဲ့ စာဖွဲ့လောက်အောင် များ လှနေ မလားလို့ စာဆိုဖို့ လိုက်ကြည့်မှာပါ"

" အဲ··· ··· ··· ..အဲ .........စာဆိုဖို့တော့ အင်မတန် နေရာကျမှာပဲ ကိုရင်ရော၊ ဆံပင်ကလေး မြီးတောင်ပေါက်၊ မဲယက်ဘောက်ချည်ခင်ကလေးနဲ့ (+) စုလည်းစီးပြီး ညိုမွဲမွဲဂုံးစပ် ထဘီစုတ်ကလေး ဒူးတစ်ဂက် ပေါ်အောင်စည်းလို့ တလိုင်းပေါက် အကျီလက်ကြပ်၊ ချွေးအထပ်ထပ်ကို ဂတ်ထား ပေမဲ့ တောင့်တောင့် တင်းတင်း ဂင်းဂင်းဂါဂါ ဆပ်သဖူးလွှာလို အသားဂါကလေးက ချွေးတွေ၊ ချေးကြောင်း တွေအောက်က မရမက ထိုးထွက်ကျတာရယ်၊ မျက်ခုံးကလေး စင်းစင်း၊ မျက်လုံး ကလေး ပြောင်ပြောင် လင်းပြီး သီးတင်ဆိုးထားသလို အလိုလိုနေတဲ့ နှုတ်ခမ်းကလေးများဟာ ယခု ရတနာပုံ နေပြည်တော်ကြီးမှာ ကျော်ကြား ထင်ရှားနေတဲ့ ပန်းချီဆရာ ကိုကြာညွှန့်တို့တောင် ပြုံးပြုံး ကလေး ငေးပြီး အရှုံးပေး လောက်တယ် ထင်တာပဲ၊ တစ်ခါတစ်ခါ ထန်းပင်ကြို ထန်းပင်ကြားထဲ မှာ မြူအိုး ကလေးတွေ လိုက်ကောက် နေတာမြင်ရတဲ့အခါများ အထိုက်မတန်တဲ့ အလုပ်ကို လုပ်မှ လုပ်ရှာပေ တယ်လို့ ရင်ထုမနာ စိတ်ထားနှင့် သိမ်သနားပြီး အလျင်အမြန်ကြီး စောင့် မကြည့်ရှုပစ် လိုက်ချင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com

" ဟား……..ဟား .........တယ်ဆိုတဲ့ စာပါကလားနော၊ သြော် ဂေဠုဂန်ယျာဉ်သွားချင်း အောင် ဉဒါန်း ကျူး တာများလား ကိုရင်ရယ်၊ ဒါလောက်လည်း မသယ်ပါနဲ့၊ ကျုပ်မသောက်ပေတဲ့ စာဖွဲ့ဖို့ကလေးများ ထောက်အပံ့ ရအောင် ထန်းထတက်သမားနဲ့ဆိုင်တဲ့ ဗဟုသုတမျိုးကို လိုက်ကြည့်ရတာပေါ့၊ ကဲ… .ကြွတော်မူပါ"

"စိတ်ချပါဗျာ၊ ခင်ဗျား ထုံးမှတ်ထားတာကိုလည်း မြောက်ပြင်တံခါးလမ်းအတိုင်း ဖြောင့် ဖြောင့် တန်းတန်းကြီး ထွက်လာခဲ့ကြလေ၏ မြောက်ပြင်တံခါးမှ ထွက်မိ၍ အတန်ငယ်သွားမိကြ သေအခါ ခံကုန်းသချိုင်း မရောက်မီ ထန်းဆယ်ငါးပင် မကျဲမစိပ်ဖြင့် တမာပင်ရိပ်ကလေးကို အမှီပြု ဆောက်လုပ ထားသော ကျူရိုးကို တိုင်ထူသကဲ့သို့ မှုမှုန့်နှံ့ လေသွဲ့တိုင်း ယိမ်းယိုင်လှုပ်ရှားနေ သောဂါးကပ် တဲအိမ်ကုတ် ကလေးတစ်ခုရှေ့သို့ ရောက်လာကြရာ တဲကလေးရှေ့တွင် ယိုင်ရွဲ့ချိန့် နေသော ဂါးကွပ်ပျစ် ကလေးပေါ်မှ အသာအယာထိုင်လိုက်ပြီး တဲထဲမှ လူရိပ်လူခြေကို မမြင်သဖြင့် -

"ဗျို့……… ဦးပိန် ဘယ်သွားသလဲ"

ခပ်ကျယ်ကျယ် ခေါ်လိုက်၍ မကြာမီပင် မြူအိုးနှစ်လုံးကို ဆွဲလာသော အရိုးပြိုင်းပြိုင်း ထနေသည့် အဘိုးကြီး တစ်ယောက်နှင့် အုပ်လုံးဆံစုလည်း ကြက်မြီး မပေါက်တပေါက် ရုပ်ရေသနားကမားပုံရှိသည့် မိန်းမပျို ကလေး မိုးနံချုံတစ်ဖက်မှ ပေါ်ထွက်လာသည်ကို တွေ့ရလေ၏ ကျိုက်ထားသောခါးတောင်းကို ဖြေချ လိုက်ကာ

"သြော်… … … …မောင်မောင် ရောက်နေပြီလားဘုရာ့၊ ကျွန်တော်မျိုး အစောကြီးထဲက မျှော်နေပါတယ်၊ အခုပဲ ချဉ်နံ့ပေါက်လာလို့ ချုံထဲက ဖော်လာခဲ့တယ်ဘုရာ့၊ ကဲကဲ သုံးဆောင်တော်မူပါ "

ပြောလျက် လောကွက်ကျေစွာနှင့် ပါလာသော မြူအိုးနှစ်လုံးကို မောင်မောင်တုတ်ရှေ့သို့ ချပေးလေ၏ အဘိုးကြီးလည်း ခွက်မရှိသေးသည်နှင့်-

"ဟဲ့……မဲမှုတ်၊ တဲထဲက ယွန်းခွက်လေး ယူခဲ့စမ်းပါဦး၊ ဟဲ့….. တယ်မိုက်ခဲ့တဲ့ သမီးကို ခွက်ထည့် ပေးနေကျ ဘယ့်နှာကြောင့် မပေးလာရသလဲ"

တဲဘက်သို့လှည့်ကာ ပြောပြောဆိုဆို မြည်တွန်ကြိမ်းဂါလိုက်၍ မိန်းမပျိုးက-

www.burmeseclassic.com

" ဟုတ်ကဲ့ အဖေ လာပါပြီ"

ကြည်လင်၍ ကျက်သရေရှိသော အသံကလေးနှင့် ယွန်းခွက်ကလေးကိုင်ကာ ခပ်သွက်သွက်ထွက်လာလေ၏။

မောင်မောင်တုတ်ကား မဲမှုတ်လက်က ခွက်ကိုယူကာ အလွန် ကျေနပ် နှစ်သက် လှသော မျက်နှာနှင့် တစ်ခွက်ပြီးတစ်ခွက် သော်လျက်ရှိလေရာ မောင်မောင်ငယ် ထန်းသမားသားအဖ၏ အခြေအနေကို တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ကြည့်မိတော့လျက် တစ်ချက်တစ်ချက်လည်း မဲမှုတ် ခေါ် မိန်းမပျိုချော ကလေးကိုကြည့်ကာ ဆင်းရဲစုတ်ချာလှသော အခြေအနေ၊ လုပ်ကိုင်စားသောက်ရ သော ပရိယေသန၊ ဆိုးဝါးလှသည့် မဲမှုတ်ဟူသော အမည်နာမနှင့် အနည်းငယ်မျှ အဆင်မပြေ အောင်အလှကျက်သရေ ဆောင်နေသည်ကို စဉ်းစား၍ အထူးသဖြင့် သနားမိကာ မကြာမကြာ စုတ်သပ်မိပြီး ဗဟုသုတအတွက် မှတ်သင့် သည်ကိုမှတ်၊ မေးသင့်သည်ကိုမေးရင်း မောင်မောင် တုတ်သောက်စားခြင်းကိစ္စ မပြီးမချင်း အဘိုးကြီး ဦးပိန်နှင့် အချီအချစကားမဆုံးအောင် ပြောနေရ လေသတည်း။

မောင်မောင်တုတ်ကား ပင်ကျရေပြောလဲ့လဲ့ကို တစ်ခွက်ပြီးတစ်ခွက် ငုံ့ခပ်ကာ ကျေနပ်စွာ သောက်နေရင်း အသူရာနတ်မင်း စည်းစိမ်ဖြင့် မျက်တောင်တမှေးမှေး မျက်စိကလေးတကျဉ်းကျဉ်း နှင့် ယစ်ထုတ် ဇာတ်ခင်းစပြုလာနေလေ၏ တွေ့ကရဘောက်သော် စကားတွေကိုလည်း မနားမနေ ပြောနေရာ မောင်မောင်ငယ်မှာ ဦးပိန်နှင့် အချီအချ ထန်းသမားတို့၏ ဗဟုသုတများကို မေးမြန်း လျက်ရှိရာမှ တစ်ချက် တစ်ချက် မောင်မောင်တုတ်ဘက်သို့ လှည့်ပြီးလျှင်-

" ကိုရင်တုတ်နော်၊ တော်တော်လည်းသောက်ဗျာ၊ အိမ်တော်ပြန်ရင် ဟုတ်ပျက်နေပါဦး မယ်၊ပြီးတော့လည်း ကျုပ်တို့နှစ်ယောက်ဟာ အိမ်တော်ကထွက်လာခဲ့တာဟာ ကျုပ်တို့သဘောသက် သက်နဲ့ လွတ်လွတ်လပ်လပ် လာခဲ့ကြတာလည်း မဟုတ်ဘူး၊ ရွှေကိုယ်တော်ဖျားထံတော်မှာ အမိန့်တော်ခံပြီး အကျိုးတော် ဆောင်ရန် ထွက်လာခဲ့ကြတာ ကိုရင်တုတ်ရ"

သတိပေးလျှင် မောင်မောင်တုတ်မှာ အရေးမကြီးသလိုနှင့်

" အမယ်လေး… … .ကိစ္စမရှိပါဘူး ကိုရင်ရယ်၊ ကိုရင်ကလည်း တယ်စိတ်ပူတတ်တာကိုး၊ သော်ရတဲ့ခါ စည်းစိမ် ကလေးနဲ့ ယစ်စမ်းပါရစေဦး ကိုရင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အင်း .......စည်းစိမ်ယစ်နေဗျ၊ တော်တော်ကြာတော့ ရွှေကိုယ်တော် စိတ်ဆိုးတော်မူစရာ ဖြစ်နေလျှင် ပေဇယန္တာ ပြာသဒ်ဖျားက ဦးဖောက်ထိုးကျသွားတဲ့ သုဇိတာအဖေ ဖြစ်နေဦးမယ်"

" ဟား…ဟား……..ဟား…….ဖြစ်စမ်းပါစေ၊ သိကြားယောက္ခမဆိုတဲ့ ဂုဏ်ဟာနည်းတာ မှတ်လို့ ကိုရင်နယ့်"

" အင်း….ကျုပ်က သူရာယစ်လို့ သတိလစ်ပြီး ဒုက္ခဖြစ်ရတဲ့ အကြောင်းလောက်သာ နမူ နာထားပြီး ပြောခြင်းဗျ၊ ကိုရင်ကတော့ သမီးမရှိလို့ သိကြားကို သမက်မတော်ရဘဲ ဓားသွားနှင့် ဇက်ပေါ်အတင်ခံရမယ် ကိုယ့်လူရ"

" တော်ပါ ကိုရင်ရာ၊ နမိတ်မရှိနမာမရှိ၊ ဒါတွေပြောမနေပါနဲ့၊ ကိုယ်တော်ဖျားအတွက် တော့ကိစ္စမရှိပါဘူးဗျ၊ အင်မတန် အေချမ်းတဲ့ မင်းသားတစ်ပါးပါ၊ ဒီလိုမင်းသားအပါးမှာ ကျွန်တော် မျိုးခံရတာကြောင် ကျုပ်ကလည်း ရာဇဂတ်ရောက်မှာလောက်တော့ တယ်မကြောက်လှဘူး၊ ဟဲ… … .တေုတ်ရဲ့၊ နင်တို့သွားတာ ကြာလိုက်တာ၊ ဘယ်နေရာများ လျှောက်လည်းနေကြသလဲ။ မေးတော်မူရင် အထိန်းတော်ကြီး ခင်ဘွားသစ် မလာနိုင်တာနှင့် တောင်ဥယျာဉ်တော်ထဲမှာ အချိန် တွေမနည်း ကြာအောင် စောင့်နေရပါဘုရားလို့ စကားလုသုံးပြီး ဖုံးဖုံးကွယ်ကွယ် လျှောက်တင်လိုက် ရင် ကိစ္စငြိမ်းရောပေါ့"

"ဒီလိုလျှောက်တင်လိုက်လို့ ကိစ္စငြိမ်းတာတော့ ဟုတ်ပါပြီ၊ နို့..ကိုရင့်ပါစပ်က တထောင်း ထောင်းထ နေတဲ့ အနံ့ကြီးက ဘယ်လိုလုံအောင် ဖုံးမှာတဲ့တုံး"

" ဟား…….ဟား…….. ကိုရင်ငယ်ဟာ ဒီနေရာမှာ ကျုပ်လောက် ဗဟုသုတ မများသေးပါ ဘူး၊ ကိုရင် မသိရင်အသာနေဗျ၊ ဟော…ဟိုမှာကြည့်စမ်း တဲကလေးနားမှာပေါက်နေတာ ဘာပင်လဲ ကိုဖေငယ်ရဲ့"

ဆိုကာ လက်ညှိုးထိုးပြသဖြင့် မောင်မောင်ငယ်လည်း မောင်မောင်တုတ် ပြရာဆီသို့ ကြည့်လိုက်ပြီးလျှင်-

" ဩဇာပင်ပဲ ကိုရင်ရဲ့၊ ဘာတုံး ကျုပ်ကို ဩဇာမပေးချင်ပါနဲ့ဆိုတဲ့ သဘောလားဗျ၊ ကျုပ်က အရိပ်ပြ အကောင် ထင်တဲ့လူပါ၊ ကျုပ်ပြောတာလည်း ကိုရင့်အကျိုးအတွက်၊ ပြောရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

" ဟဲ··· ··· ..ဟဲ··· ··· ···ဟဲ··· ··· ··· အဲ ခင်ဗျားတော့ လုပ်ကရော့မယ်၊ ပညာရှိပီပီ စာဆိုတော်လောင်းပီပီ အနက်အဓိပ္ပယ် တယ်မတွေးနဲ့ ကိုယ်လူရာ၊ ကျုပ်ပြောတာက ဩဇာရွက် ကိုနှစ်ရွက်လောက်ခူးပြီး ဂါးလိုက်ရင် ကျုပ်ပါးစပ်က အနံ့တွေ တစ်ခါတည်း ပျောက်ကုန်တာပဲ၊ အဲဒါ .....မယားကြောက်တဲ့ အသောက် သမားတွေရဲ့ လျှို့ဂှက်တဲ့ နည်းမျိုးပေါ့ ကိုယ့်လူရ"

"ဩော် .......ဟုတ်ကဲ့လား၊ ဒါဖြင့်လည်း ပြီးပါရောဗျာ၊ ဟား··· ···ဟား··· ··· ··· . ဟား··· ···.တော်တယ်တဲ့ လူပဲကွဲ့၊ သူ့နည်းနဲ့သတော့ နေရာကိုကျလို့ "

ထန်းတက်သမားကြီး ဦးပိန်သည် အနီးတွင် ရှိသေစွာထိုင်ကာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အပြန်အလှန် ပြောနေကြသော စကားများကို ပြုံးပြုံးနှင့် နားထောင်နေလေရာ ဦးပိန်၏ သမီးကလေး မဲမှုတ်ကား တဲ၏အဖီကလေးတွင် စလယ်ဂင်အိုးလေးတစ်လုံးကိုင်ကာ ဆန်ဆေးနေရင်း လူရေးလူရာ နားမလည် ရှာသေးသည့် အရိုင်းအစိုင်း ဆင်းရဲသူမကလေးဖြစ်သည် အားလျော်စွာ ပန်းပုဆိုးတောင်ရှည် ဖဲအင်္ကျီ ရင်ဖုံးနှင့် သျှောင်ထုံးကြီး ညာစောင်းစောင်းတွင် ကြက်ဥနှစ်ရောင် ပုသိမ်ပဂါ စံပါယ်ကဲ့ကို လျော့ရဲရဲ ပေါင်းကာ သက္ကလပ်ပိန်းတန်း စိမ်းပုတ်ပုတ်အရောင်စီးထားသည့် ဂတ်စားသစ်လွင်သူ လူပျိုတော်သား နှစ်ဦးကို အထူးအဆန်းသဖွယ် မကြာမကြာ လှမ်းကြည့် ငေးမောနေရှာလေ၏။

(*) မှတ်ချက်။ ။သူငယ်တော်ဆိုသည်ကား နန်းတွင်းတွင် အမှိုက်သရိုက်နှင့် မသန့်မစင်တို့ကို သိမ်းဆည်း သုတ်သင် ရသူ ဖြစ်လေသည်။ ယခုခေတ် ဂျာဒူးဂါလား အလုပ်မျိုးပင်ဖြစ်၏။

(**) မှတ်ချက်။ ။ ငင်းရေကြည့် နန်းတော် ကား ကြာမျိုးငါးပါးနှင့် ရွှေငါး၊ ငွေငါးများကို မွေးမြူထားပြီး ရူစား ရန် တဲနန်းတော်ဖြင့် သာယာစွာ ပြုပြင်ထားသည်၊ အင်္ဂလိပ်အစိုးရများ သိမ်းယူပြီး နှစ်ပေါင်း ၂၅နှစ်ကျော်မှ ဖျက်သိမ်း လိုက်ပြီး ထိုနေရာကို မုန်လာခင်း အဖြစ်နှင့် အကျဉ်းသမားများ ကို စိုက်စေသည်။

(***) မှတ်ချက်။ ။ နန်းကံကျွေးဂန် ဆိုသည်မှာ နန်းတော်အိမ်တော်၊ အဆောင်တော်၊ လွှတ်တော်စသော အဆောက်အဦးများကို ရွှေဘိုနီဒါန်း၊ မြို့တော်နန်းတည် စာတမ်းစသည့်တို့ဖြင့် အစဉ်အလာထုံးစံအတိုင်း ကျနစွာစီမံဆောက်လုပ်ရသော ဗိသုကာတို့ကို စီမံအုပ်ချုပ်ရသူ အကြီးအမှူးဖြစ်သည်။ ယခုခေတ် အင်ဂျင်နီ ယာကန်ထရိုက်တာ P.W.D တို့ကို စီမံအုပ်ချုပ်ရသော လမ်းပန်းဆက်သွယ်ရေးဂန်ကြီးနှင့် အလားတူရန်ရှိ

သည်။

www.burmeseclassic.com

www.burmeseclassic.com

(***) မှတ်ချက် ။ ။ စုလည်းထုံး ဆိုသည်မှာ ဆံပင်ကို စည်းကြိုးသကဲ့သို့ စုစည်းပြီးမှ ကြိုက်ရာဆံထုံးကို ထုံးခြင်းဖြစ်သည်။

(+) မှတ်ချက် ။ ။ စုလည်းစီး ဆိုသည်မှာ ဆံပင်များကို ကြက်တောင်စည်းမီခါစဖြစ်သည်။ ကြက်တောင် စည်းကို ရွှေကန်တော့ဖြင့်စပ်၍ ဆံပင်ကို ဘူးပွင့်ကဲ့သို့ ဖွာထားခြင်းကိုခေါ်သည်။

အခန်း (၁၇) နက်ဖြန်

အခန်း (၁၇)

"ထိုအချိန်ကား သီပေါမင်းသား အိမ်တော်ဦးတွင် မယ်တော် လောင်းရှည်ဖုရားနှင့် သားတော် သီပေါ မင်းသားတို့ စကားပြောဆို နီးနှောတိုင်ပင်တော်မူလျက် ရှိလေ၏။ မယ်တော်လောင်းရှည် ဖုရားကား သားတော် သီပေါမင်းသားအား ခမည်းတော်ဘုရင် မင်းတရားကြီး ဘုရားက မင်းသားလတ်တို့ အဆောင် အယောင် အခမ်းအနားနှင့် မြှောက်စားသူကောင်းပြုတော်မူလှသဖြင့် သားတော်အား တစိမ့်စိမ့် ရှုစား၍ မဂနိုင်အောင် ရှိတော်မူလေရာ သားတော်ထံသို့ မကြာမကြာ ကြွတော်မူလိုင်းပင် နောက်နောင် အရေး အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော မယ်တော်တစ်ပါးဖြစ်သည့်အားလျော်စွာ အစစအရာရာ မမှားမယွင်း မပေါ့မလျော့ရန်နှင့်တကွ 'သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းကို ချွန်းကဲ့သို့ အုပ်'ရန်မှ စ၍ ထီးချက်စောင့် မယ်တော်နတ်သမီးပမာ အမြဲမကွာ သတိပေးလမ်းပြ ဆုံးမသွန်သင်တော်မူ၍ နေရှာ လေ၏။ "သားတော်မောင်ရဲ့ မောင့်ခမည်းတော်ဘုရားက ယခုလိုချစ်ခင်မြှောက်စား သူကောင်းပြုထားလို့ လွှတ်တက် မင်းသားတစ်ပါးအဖြစ်နှင့် အိမ်တော်သီးခြား၊ အခြွေအရံ အမှုထမ်း ကျေးကျွန်များနဲ့ မင်းညီ မင်းသား တို့၏ စည်းစိမ်ကြီးကို ခံစားရပြီရယ်လို့ ငါတကောကိုးပြီး မာန်မာန စိတ်ဆိုးကြီးများ မဂင်လာ ပါစေနဲ့နော်၊

မော်မော်မောက်မောက်နှင့် ငါမင်းသာရယ်လို့ ကြွားကြွားဂါဂါမရှိပါလေနှင့်၊ မယ်မယ်နှင့် သားတော်တို့မှာ ယခုအခါ မောင့်ခမည်းတော်ဘုရား အမျက်တော်ဂင်စားပြီး မေ့မေ့လျော့လျော့ ထားတော်မူခဲ့တာ ခံရဖူးတဲ့ အတွက် ရွှေနန်းတော်ထက်မှာ မယ်မယ် မျက်နှာတော် အများကြီးငယ်တော်မူရတာကို တွေးတော ်မူမိလျှင် မယ့်မယ့်အတွက်နှင့် သားတော်မောင်ပါ မျက်နှာငယ်တော်မူခဲ့ရဖူးတာလည်း စဉ်းစား မိပေလိမ့် မယ်၊ 'မင်းခစား ကမ်းနားသစ်ပင်' ဆိုသလို မင်းဧကရာဇ်များနှင့် အစဉ်အဆက်မပြတ် ဆက်သွယ် ယဉ်ပါးပြီး နီးနီးကပ်ကပ် ခစားရတဲ့ ရွှေနန်းတော်သူ ရွှေနန်းတော်သား မိဖုရား၊ မောင်းမိသံများဟာလည်း အနိမ့်အမြင့် အဆင့်အတန်းမှစ၍ အမြဲနိစ္စ စိတ်ချရတာမျိုး မဟုတ်တော့ မြင့်မြင့်တက်တိုင်း လက်မြဲမြဲ မကိုင်နိုင် လို့

www.burmeseclassic.com

www.burmeseclassic.com

အကျနာရတာတွေလည်း ရှိတယ် သားတော်ရဲ့၊ မောက်နိုင်တဲ့အလှည့် ငါတည်းဟူသော မာန်မာန ကို အရင်းခံထားပြီး မင်းမြောက်စား သူတစ်ပါးမုန်းအောင် များများကြီး ခြေမထောက်ရဘူး၊ မြို့ဂန်ဘောဂိုင်ဆပ်ရဲ့ဖြစ်ပုံကို နမူနာထားပြီး အထူးဆင်ခြင်ရမယ် မောင်ရင်" "တင်ပါဘုရား၊ သားတော်မောင်ရဲ့ စိတ်ထားနိမ့်ကျတဲ့ ဂါရဝတရား ရှိတတ်ပုံများကိုလည်း မယ်ဖျား သိတော်မူပြီး ဖြစ်ပါလိမ့်မယ်၊ သားတော်မောင် အလိုဖြင့် စကြဝတေး မန္ဓာတ်မင်းတို့၏ စည်းစိမ်ချမ်းသာကိုပင် ရရှိစေဦး မာန်မာနကို သုံးလိမ့်မယ် လို့ မထင်မိပါဘူး မယ်ဖျား၊ ဒီလိုနေရာဘက်မှာတော့ သားတော်ကို များများကြီး စိတ်ချတော်မူပါ" "အင်း... သာဓု...သာဓု...သာဓု၊ သားတော် ဘုန်းတော်ကြီးလို့ သက်တော်ရှည်အောင် ယခုလိုသာ မြင့်မြတ်တဲ့စိတ်ကို မွေးမြူပြီး အေးအေးကလေး စံတော်မူပါ၊

နို့ပြီး မယ်ဖျား သတိပေးချင်တာတွေ အများပဲ ရှိပါသေးရဲ့" "မိန့်တော်မူပါဘုရား" "ဒီလိုကသား သားတော်ရယ်၊ သားတော်က မာန်မာနမထားဘဲ အေးအေးကလေးစံတော်မူတယ်ထားဦး နောင်တော်မင်းသားကြီး များက ဒီကောင်ကလေးဟာ မနေ့တနေ့ကမှ ငါတို့ခမည်းတော်ဘုရား မြှောက်စားသူကောင်း ပြုတော်မူ ထားရုံမျှနှင့် မာန်မာနထားပြီး ငါတို့လို နောင်တော်ကြီးများကိုပင် မထီမဲ့မြင် အရော တဝင်မပြုဘဲ သွေးခွဲ ဂုဏ်ပြိုင်နေတယ်လို့များ အထင်အမြင်မှားနှင့် အစွဲမှတ်ထားပြီး ရာဇမာန်ပွားကြမှာကို လည်း ကြောက်ရသေးတယ်၊ ခမည်းတော်အားကိုးနှင့် ဂုဏ်ခံ အံတုရာမကျလေအောင် နော်တော် သုံးဆယ် မင်းသား၊ မကွရာမင်းသားကြီးများကအစ နောင်တော်မှသမျှကိုလည်း အရိုအသေ အလေးအမြတ်ပြုရမယ်၊ လွှတ်သဘင်မှာ ဖြစ်စေ၊ အခြားသောမင်းပွဲစိုးခွင် အပြင်အပမှာ ဖြစ်စေ၊ နောင်တော် လောကဝတ် ပျူငှာ မှုများကို အထူးသုံးတော်မူကာ နောင်တော်ကြီးများ ချစ်သနားအောင် ကြံဆောင်ကြိုးစားတော်မူပါ။

"တင်ပ့ါ၊ မယ်မယ်ဖျား မိန့်ကြားဆုံးမတော်မူတဲ့ အယူအဆအတိုင်း သားတော်စိတ်မှာ လည်း ပိုင်းဖြတ်ပြီး ဖြစ်ပါသည်၊ နောင်တော်ကြီးများကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် လေးမြတ်ရှိသေပါမည်၊ နောင်တော် ကြီး များသာမက ရွှေနန်းထက်ဖွား များစွာသော နောင်တော်၊ ညီတော်၊ အစ်မတော်၊ နမတော်များကို သားတော်မောင်နှင့် တစ်အူထုံဆင်း သွေးသားအရင်း တစ်သွေးမခြား ချစ်ခင်ကြင်နာသောစိတ်များ အမြဲထားလျက် ဖြစ်ပါတယ် မယ်မယ်ဖျား"

"ယခုလို ကြားရတာ အားရဝမ်းသာ ရှိလိုက်တာ မောင်ရင်ရယ်"

"နို့ပြီး တစ်ခုလည်း သတိပေးချင်သေးတယ်"

"မိန့်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို နောင်တော် ညီတော်၊ အစ်မတော် နမတော်ကို အလေးအမြတ်ပြု၍ ချစ်ခင်ကြင်နာတော်မူရုံလေးနှင့်လည်း မပြီးသေးဘူး သားတော်ရဲ့၊ မှူးတော်၊ မတ်တော်ကြီးများကအစ ဝန်ကြီး၊ ဝန်ထောက်၊ လက်အောက် အငယ်ဝန်ကလေးများအထိ ဆန့်ကျင်ဘက်မပြုမိပါစေနှင့်၊ လွှတ်တော် ဝန်ကြီးများရဲ့ တန်ခိုးအာဏာများဟာလည်း ဘုရင့်အာဏာတမျှ ထက်မြက်ကြပေတယ်၊ သို့အတွက် လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များနှင့် လွှတ်တော်ဝန်ထောက်များကိုလည်း အမြဲလေးစားသမှု ပြုပါလေ၊ မင်းသားပီပီ အခေါ်အပြော အမူအရာ မနင့်သီးပါစေနှင့်၊ ချစ်ချစ်ခင်ခင် ကျေကျေချမ်းချမ်းနှင့် မျက်မှန်း တမ်းမိပါစေ၊ ပြည်ကြီးလက်ရုံး၊ ပြည်ကြီးပခုံးခေါ်ရသည့် အဓိပတိ ပညာရှိ သုခမိန်ကြီးတွေက၊ ရိုရိုသေသေ လေးလေးစားစားရှိမိပါစေ၊ မောင်ရင်က ငယ်ရွယ်သူလည်း ဖြစ်တော်မူတော့ အဘိုးအရွယ်၊ ဦးကြီး၊ ဦးလေးအရွယ်ဆိုသလို အရွယ်ဂုဏ်၊ ရာထူးဂုဏ်အလိုက် ယဇ္ဇသုခဖြစ်အောင် ခေါ်ပြော ပေါင်းသင်း ပြီး နည်းပေးလမ်းပြ ဆုံးမသြဝါဒ ခံပါဘိ"

"မယ်မယ်ဖျား အမိန့်တော် စကားအတိုင်း သားတော် လိုက်နာပါမည်ဘုရား"

"သံဃရာဇ်ပျို့က မင်းသားကလေးရဲ့ အတ္တုပ္ပတ္တိများကို မောင်ရင် သင်ကြားမှတ်သားဖူးသည့် သံဃရာဇ်ပျို့ထဲမှာ အပါသားပဲ၊ အဲ... ဒီသံဃရာဇ်ပျို့ပါ မင်းသားကလေးကို စံနမူနာပြုထားပြီး လူချစ်လူခင်များအောင် နေထိုင် တော်မူစေချင်တယ်၊ သံဃရာဇ်ပျို့က မင်းသားကလေးဟာ မောင်ရင်ကဲ့သို့ပင် စိတ်တော် အင်မတန် ပျော့ပျောင်း သိမ်မွေ့တော်မူရှာတယ်၊ ပညာရှိကို ဆည်းကပ်တတ်တဲ့ အလေ့ ဂါသနာလည်းပါ၊ ကိုယ်တိုင် တော်မှာလည်း ပညာဉာဏ် အခြေခံကလေးရှိတော့ မင်းသားကလေး မဟုတ်ပါလား၊ သူ့ခမျာမှာ ဘုရင့်သား ဆိုပါသော်လည်း ဘုရင့် သားတော်ကြီးတွေ၊ နောင်တော် ကြီးတွေ အများနှင့်မို့ အငယ်ဆုံး၊ အထွေးဆုံးသားတော်ကလေးဖြစ်နေရှာတဲ့ မင်းသားကလေးပေါ့ မောင်ရင်၊ ဒီနေရာမှာတော့ မောင်ရင်နှင့် ခပ်ဆင်ဆင်ပဲ။

"သို့သော်လည်း ဒီမင်းသားကလေးဟာ ပညာရှိအမတ်ကြီးတစ်ဦးကို ဆည်းကပ်ပြီး ပညာရှိအမတ်ကြီး သွန်သင်နည်းပေးတဲ့အတိုင်း အစစလိုက်နာပြီး နောင်တော်မင်းသားကြီးတွေ၊ မှူးမတ်တွေ၊ တိုင်းသူ ပြည်သားတွေရဲ့ ချစ်ခင်မြတ်နိုးခြင်း ခံရအောင်၊ ကြံဆောင်ကြိုးစားလို့ အများက မင်းသားကလေးကို ချစ်ခင် ကြတာနှင့် အဆုံးတစ်နေ့မှာ မင်းသားကလေး ဘယ်တော့မှမမျှော်လင့်ခဲ့တဲ့ ဘုရင်အဖြစ်ကိုပင် နောင်တော်မင်းသားကြီးတွေ၊ မှူးမတ်သေနာပတိ တွေနှင့် တိုင်းသူပြည်သားတွေ စေတနာကြီးကြီးနှင့် ပိုင်းပြီးမြှောက်တင်ကြရတယ် မဟုတ်ပါလား မောင်ရင်ရဲ့၊ မယ်မယ်ဖျား မိန့်တော်မူလိုတဲ့ စကားကတော့ သားတော်ကို ရာဇပလ္လင်နှင့် ဥကင် ဘုံမြင့်ကို တော့တလိုလားစေလိုတဲ့ စိတ်ထားနဲ့ မိန့်ကြားတော်မူခြင်း မဟုတ်ဘူး၊ လူချစ်လူခင်များ ပြီး ယခုလို လွှတ်တက်မင်းသားဘဝနှင့် ထာဝစဉ်မြဲမြံလို့ ရန်စွယ်ရန်ညှောက် ပေါ်ပေါက်က မလိုမုန်းထားသူများ မရှိစေလိုတဲ့ စေတနာနဲ့ မိန့်တော်မူခြင်းပါပဲ"

"မှန်လှပါ၊ မယ်မယ်ဖျား အမိန့်တော်ကို နာယူမှတ်သားပြီး လူချစ်လူခင်များအောင် တရားသဖြင့် နေထိုင်ဆက်ဆံပါမည်၊ စိတ်ချတော်မူပါ သားတော်ရဲ့ နဂိုဂါသနာတော်ကပင် သည်းခံခြင်းတရားကို အမြဲ နလုံးသွင်းထားသူ ဖြစ်ပါတယ်၊ သူတစ်ပါး စော်ကားသည်ကိုမျှ ပြန်လှန်ခေပခဲ့ရိုး မရှိပါဘဲ

www.burmeseclassic.com

www.burmeseclassic.com

အမြဲသည်းခံ ခြိုးခြံတော်မူခဲ့သည့်အတွက် သားတော်က စတင်မာန်မာန ထောင်လွှားပြီး သူတစ်ပါး နာကျည်းအောင် ကာယကံ၊ ဝစီကံ မနောကံဆိုတဲ့ ကံသုံးပါးဖြင့် အနည်းငယ်မျှ ပြုမှားမည်မဟုတ်ကြောင်းပါ မယ်မယ်ဖျား"

"သာဓု...သာဓု...ခွန္တီတရား လက်ကိုထားတတ်လျှင် မယ်မယ် အများကြီး ဂမ်းမြောက် တော်မူပါပြီ၊ မယ်မယ်ကလည်း ကိုယ့်သားရဲ့ စိတ်ထားတော်ကို သိတော်မူပြီးပါ၊ သို့သော်လည်း 'သို့ပမာဒ လေခ'ဆိုသလို မင်းပျို မင်းလွင် ခမည်းတော် ဘုရင်မြှောက်စား သူကောင်းပြုထားတဲ့ အခိုက် စိတ်မိုက်ကို မွေးမြူ၍ လက်ခံတော်မူမိမှားမှာ စိုးရိမ်တော်မူလို့ 'မိုးမပြိုဘူး ပြိုခဲ့သော်'ဆိုတဲ့ စကားလို သတိပေး ဆုံးမတော် မူရတာကလား။

"ဩော်...ဒါထက် စကားမစပ် မယ်မယ်ဖျားမှာ သားတော်မောင်ကို အရိပ်ကြည့်ပြီး အနည်းနည်းအဖုံဖုံ အားတက်ဂမ်းမြောက်တော်မူနေရလို့ ရွှေနန်းတော်ကြီး အနောက်ပိုင်းက အတွင်းရေးများကို သတိထား တော်မမူနိုင်အောင် ရှိနေခဲ့ရာမှာ တစ်နေ့ကမှ နန်းရ၊ ဆောင်ရ မိဖုရားတွေ၊ အတော်ပင် စိတ်ရှုပ်တော် မူနေကြတဲ့အကြောင်း ကြားရတယ်၊ မယ်မယ်တော့ ဘယ်လို မိဖုရားတွေနဲ့မှ ရောရော နှောနှော မနေမိပါဘူး၊ မကြာမကြာ အောက်အိမ်တော်မှာ ခပ်အေးအေး စံတော်မူပြီး စိပ်ပုတီးနှင့် ပျော်တော် မူ နေတာ များပါတယ်၊ 'မိုးကောင်းလည်း တစ်စလောင်း၊ မိုးမကောင်းလည်း တစ်စ လောင်း'ဆိုတဲ့ စကားလို ဘယ်သူကောင်းစားလို့ ဘယ်သူတောင်းစားလို့ ဘယ်သူ ကောင်းစားလို့ ဘယ်သူ နိမ့်ကျ သွားစေ မယ်မယ်ဖျား တို့လို ခပ်အေးအေးစံနေတဲ့ သူများနှင့်တော့ လားလားမှ မဆိုင်ပါဘူး"

"သို့သော်လည်း 'တစ်နွယ်ငင် တစ်စင်ပါ'ဆိုသလို ဟိုတစ်နေ့ကမှ မြောက်ရွှေရေးဆောင် မဘုရားက မယ်ဖျားကို အခေါ်တော်စေလွှတ်ပြီး သူ့အဆောင်တော်ထဲမှာ ခေါင်းချင်းဆိုင်လို့ တိုင်ပင်တော် မူလိုက် တယ်၊ မယ်မယ်လည်း ဘယ်လိုပြုရမည်လို့ ဂေခွဲတော်မမူနိုင်သေးဘူး၊ တော်ပါရဲ့၊ နောင်ခါ အရေး မရလျှင် သူတစ်ပါး အမုန်းကြီး အဖတ်တင်နေမှာလည်း ကြောက်ရသေး တယ် မောင်ရင်ရယ်၊ ဘုရင် ဧကရာဇ် မင်းမြတ်များ၏ မိဖုရားဖြစ်ရသူများလည်း မိဖုရားဖြစ်ရသူ များလည်း မိဖုရာ စည်းစိမ် ခံစား ရတာနှင့် မမျှအောင် အင်မတန် စိုးရိမ်ပူပင်ကြောင့်ကျစိတ် ဂင်တော်မူစရာများ လှပါကလား မောင်ရင်ရယ်"

ညည်းညည်းညူညူ မိန့်တော်မူလေရာ သီပေါမင်းသားကလေးမှာ ရုတ်တရက် မယ်တော် မျက်နှာ ညှိုးငယ် သွားတော်မူသည်ကို မြင်တော်မူရသဖြင့် စိုးရိမ်ထိတ်လန့်တော်မူမိရကား

"ဘယ်လို အရေးတော်များလဲ မယ်မယ်ဖျားရဲ့၊ မိန့်ကြားတော်မူစမ်းပါဦး"

"အကြောင်းကတော့ မယ်မယ်ဖျားတို့ အနောက်ပိုင်းက မင်းမိဖုရားနှင့်သာ စပ်ဆိုင်တဲ့ကိစ္စပါပဲ၊ ဒီလိုကလား သားတော်ရယ်၊ စကြာဒေဝီ မဟေသီခေါင် တောင်ညာစံထား အစ်မတော် ဘုရားဟာ မောင့်ခမည်း တော် ရွှေနန်းရှင်ဘုရားနှင့်လည်း မောင်နမဂမ်းကွဲတော်တဲ့ မဟာသွေးချင်းဖြစ်တယ်၊ အလယ် နန်းမဘုရား ကိုယ်တိုင်တော်ကလည်း ဘဂရှင်ဘုရား၏ ဘကြီးတော် ဖန်နန်းရှင်ဘုရား၏

www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂမဟာသီ မိဖုရားခေါင်ကြီးမှာ ရွှေလင်ပန်းနှင့် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့တဲ့ ရွှေနန်းထက်ဖွား မင်းသမီး ကြီးတစ်ပါးလည်း ဖြစ်တော်မူပြီး လုပ်ရည် ကြံ့ရည်၊ ဉာဏ်ရည် ဉာဏ်သွားကလည်း ထက်မြက်တော်မူတဲ့ အစများ ရှိတော်မူတော့ ယခုလစ်လပ်နေတဲ့ အဂ္ဂမဟာသီဘွဲ့ထူးကို မြေကြီးလက်ခက် မလွဲ ခံယူရမည့် အရည်အချင်းနှင့် ပြည့်စုံတော်မူနေ တယ်၊ ဒီလိုအရည်အချင်း ပြည့်စုံပြီး အဂ္ဂမဟာသီ တောင်နန်း မိဖုရားကြီးကလွဲလျှင် မြောက်နန်း မိဖုရားသာ ဒုတိယအဆင့်တွင် ရှိကြရိုးအစဉ်အလာ ရှိခဲ့တာကို ဘဂရင် ဘုရားက ဘကြီးတော် ဖန်နန်းရှင်ဘုရား၏ ရွှေနန်းတက်ဖွား ပင်တိုင်မင်းသမီးတစ်ပါး ဖြစ်တဲ့ ဂုဏ်ကို ထောက်ထားလို့ မြောက်နန်းထားတော်မူရမှာကိုပင် မထားခဲ့ဘဲ တောင်နန်း အဂ္ဂမဟာသီ ကြီးလောက် လည်း မမျှ၊ မြောက်နန်းမိဖုရားလောက်လည်းမကတဲ့ အလယ်စကအနေမျိုးနှင့် အလယ် နန်းမိဖုရား ရယ်လို့ ဒီလက်ထက်ကျမှ သီးခြားချီးမြှင့်တော်မူထားခဲ့တာကလည်းရှိတော့ အဂ္ဂမဟာသီ ကြီးမရှိလျှင် အမှန်ပင် အလယ်နန်းမဖုရားဟာ အဂ္ဂမဟာသီကြီး ဖြစ်ထိုက်ပါတယ်။

"သို့သော်လည်း အခြားသော မိဖုရားများက အလယ်နန်းမဖုရားကို အဂ္ဂမဟာသီအဖြစ် ချီးမြှင့်စေလိုတဲ့ဆန္ဒ မရှိကြပါ မိဖုရားကလေးများ အလိုမှာလည်း ကံကုန်တော်မူသွားတဲ့ စကြာဒေဝီ မဟာသီ ခေါင်ဘုရားကြီးကဲ့သို့ ခြွေရံမောင်းမတို့အပေါ်တွင် ညှာတာသနားပြီး ရင်အုပ်မကွာ ကရုဏာ ရှေ့ထား၍ မြှောက်စားချီးမြှင့်တော်မူလိုတဲ့ တရားပြည့်ဝ လူကြီးအင်္ဂါ ညီမျှသူကိုသာ အလိုရှိကြပုံရတယ်၊ အလယ် နန်းမဖုရားဟာ အဂ္ဂမဟာသီ ဖြစ်ထိုက်တဲ့ အရည်အချင်း ပြည့်စုံတော်မူပေမယ့် အခြား မိဖုရား များက သူတို့အပေါ်မှာ မညှာမတာ၊ နှိပ်စက်ညှင်းပန်းကာ အနိုင်အထက်ပြုမှာ အလွန်တရာ စိုးရိမ်နေ ရှာကြတယ်၊ အကယ်၍ အလယ်နန်းမဖုရား အဂ္ဂမဟာသီ ဖြစ်တော်မူသွားတဲ့အခါ သူတို့ ထင်သလို မိဖုရားတွေကို နှိပ်စက်ညှဉ်းဆဲမယ်၊ အများရဲ့အထင်မှာ ဧကန်ပင် နှိပ်စက်ကလူ ပြုလိမ့်မယ်လို့ အယူသန် နေကြတာပဲ။

"ဘယ့်နှယ့်ကြောင့် အတပ်အထင် စွပ်စွဲကြသလဲလဆိုဇွ အလယ်နန်းမဘုရား မယ်တော်ဟာ ဘကြီးတော်ဖန်နန်းရှင်ဘုရား အပေါ်မှာ ဩဇာလွှမ်းမိုးပြီး ထင်သလို စီမံခြယ်လှယ်တော်မူထားလို့ ရွှေနန်းတော်သူ ရွှေနန်းတော်သားတွေဟာ ဆန်ကောပေါ်တွင် တင်၍ လှိမ့်တဲ့ ဖြစ်ခဲ့ကြရတဲ့ ပုံထုံးကို နှလုံးမူလို၍ သူလည်း ဒီပုတ်ထဲက ဒီပဲမျိုး ထွက်လာမှာပဲ ဆိုတဲ့ စိတ်ထားနှင့် အဂ္ဂမဟာသီဖြစ်မှာကို မလိုလားကြဘူး သားတော်ရဲ့"

"ဘဂရင်မင်းတရားကြီးဘုရားကလည်း ပညာရှိ အမြော်အမြင် အဆင်ခြင်ဉာဏ်နှင့် ပြည့်ဝတဲ့ မင်းတစ်ပါးမို့ အများစဉ်းစားသလို စဉ်းစားတော်မူမိတာတစ်ကြောင်း၊ အခြားသော မိဖုရား၊ မောင်းမမိသံတို့က အလိုမတူ မကြည်ဖြူကြသည်ကိုလည်း အနည်းအကျဉ်း ရိပ်မိသိရှိတော်မူတာက တစ်ကြောင်းကြောင့် အဂ္ဂမဟာသီလောင်းအဖြစ်နှင့် အချိန်အခါငံ့ဆိုင်း မျှော်လင့်နေရတဲ့ အလယ်နန်းမဘုရားမှာလည်း မျှော်တော်ဇောနှင့် မျှော်တော်မူလှရော့မယ်၊ မင်းတရားကြီးဘုရားနှင့် နှစ်ပါးစံတော်မူတဲ့ အခါတိုင်းမှာလည်း အရေးရှင်ဖြစ်၍ တိုက်ရိုက်မဆိုပ့ံ သည်တိုင်အောင် မဟာသီအခေါင် တောင်ညာဘွဲ့ထူးကို ချီးဆွတ် ပန်ဆင်ရန် အချိန်အခါ တန်ပါပြီဆိုတဲ့ အကြောင်းကို အရိပ်အခြည်ပြပြပြီး မကြာခဏ သံတော်ဦး တင်တဲ့ အခါ ထင်ရှားတယ်၊ အရေးသယ်နိုင်

www.burmeseclassic.com

အရာရောက်နိုင်တဲ့ ဂန်ကြီးအတွင်းမှစပြီး ဘဂရင် မင်းတရား ကြီးနှင့် မကြာခဏတိုင်ပင်နီးနော စကားပြောပေား တော်မူလေ့ရှိတဲ့ ဆရာတော်ကြီးများကိုပင် တစ်ဖက် လှည့် စကားဂပင်အောင် ခင်မင်ရင်းနီးအောင် အတွင်းကျကျပေါင်းလို့ အဂ္ဂမဟောသီမရှိလျှင် မတင့်တယ် ကြောင်း၊ မကြာမီပင် တင်မြှောက်တော်မူသင့်ကြောင့်၊ စောင်းပါးရိပ်ခြည် တိုက်တွန်း စေသည် ဟု ကြားသိရတယ်။

မင်းတရားကြီးဘုရားမှာလည်း ရုတ်တရက် ဝေခွဲတော်မမူနိုင်တဲ့အတွက် "စကြာဒေဝီ အဂ္ဂမဟေသီ ဘုရားကြီးလည်း အဆောင်တော်ကြီးအား ဘယ်မိဖုရားမျှ မပေးနိုင်၊ ငါ၏မိဖုရား ခေါင်ကြီးမှာ ငါနှင့် ပြည်တည်ထောင်ဖက်၊ နန်းစံဖက်၊ စီးပွားဖက်ဖြစ်တဲ့အတွက် ငါ၏ရှင်မိဖုရားကြီး ၏ အရိုက်အရာကို မည်သူ့မျှ ခွဲဝေပေးတော် မမူသေးသည်ကို အဂ္ဂမဟေသစီအရိုက်အရာ ခံလိုသည်ဟု လျှောက်တင်ပံ့သူမှာ သူပုန်ဟု ယူမှတ်တော်မည်"လို့ မိန့်တော်မူထားလိုက်သည်နှင့် ဤကိစ္စမှာ ဖင့်နေးလေးကန်နေခဲ့ရသည်ကို မယ်မယ်ဖျား သတိထားတော်မူလိုက်မိသော်လည်း ယခုတစ်လောအတွင်း အလယ်နန်းမဖုရား၏ လုံ့လတော် ကြောင့် ပင်လားမသိ အဂ္ဂမဟေသီ ရွေးကောက်တင်မြှောက်တဲ့ အရေးကိစ္စနှင့်ပတ်သက်၍ လှုပ်လှုပ် ရှားရှား ဖြစ်လာပြန်သည်ဟု ကြားရလို့ အရင်က အေးအေးလူလူ စံတော်မူခွင့်ရရှာကြတဲ့ မိဖုရား တွေ စိုးရိမ်ပူပန် ဖြစ်လာကြရပြန်သည်တဲ့ မောင်ရင်ရဲ့"

"ဘယ်ကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်ပါသလဲ မယ်မယ်ဖျား"

"အရင်အေးတော့မလိုလိုဖြစ်နေရာမှာ ယခုတစ်လောမှာ အလယ်နန်းမတော်ဖုရား၏ အခြေအနေ၊ အဆောင်တော် တွင် နေထိုင်ခစားကြရသော အခြွေအရံများနှင့်တကွ အသုံးအဆောင် အပြင်အဆင်များကို တွေ့မြင်ရ သည်မှာ ရှေးအခါကနှင့်မတူအောင် ထူးခြားကွဲပြားနေရုံမက ထူးခြားတဲ့အချက်ကလည်း အထက်တန်း အဂ္ဂမဟေသီကြီးများ၏ အပြုအမူ အသုံးအနှုန်းများသာ ဖြစ်နေတဲ့အတွက် အနောက်ပိုင်းမှာ ရှေးက လောက် မငြိမ်မသက်ဘဲ အလယ်နန်းတော်ဖုရားဟာ မကြာမီမိဖုရားခေါင် အဂ္ဂမဟေသီရာထူးကို ခံယူတော်မူရဖို့ သေချာပြီဆိုတဲ့ သတင်းရနံ့တွေ ထွက်လာတယ်၊ မိဖုရားငယ်တွေမှာလည်း အဲဒီသတင်း စကားနှင့် အလယ်နန်းမတော်မိဖုရား၏ အဆောင်တော်တွင် ထူးခြားနေသည့်အချက်များပါ ဆက်စပ်၍ အကဲ ခတ်ကြည့်သည့်အခါ ဟုတ်နိုင်စရာအကြောင်းတွေသာ များနေတဲ့အတွက် မျက်လုံးပြူးကုန်ကြပြီး ရွှေရင်တော် တမမနှင့် စိုးရိမ်ကြောင့်ကြတော်မူရှာလှကြပေါ့ မောင်ရင်ရဲ့"

"အဲဒီလိုအေးနေတဲ့အရေးက ရုတ်တရက် ပူနွေးလာပြီး မိဖုရားတွေ ခေါင်းချင်ဆိုင် တိုင်ပင်ကုန်ကြတယ်၊ ဒီအထဲမှာ ညောင်ရမ်းမင်းသားနဲ့ ညောင်အုပ်မင်းသားတို့၏ မယ်တော်ဖြစ်တဲ့ မြောက်ရွှေရေးဆောင် မိဖုရားရယ်၊ သုံးဆယ်မင်းသား၏ မယ်တော်ဖြစ်တော်မူတဲ့ ခုနစ်ရွာတိုက်စားမဖုရားရယ်၊ ရွှေဂူမင်းသား၏ မယ်တော်ဖြစ်တော်မူတဲ့ သက်ပန်းမဖုရားရယ်၊ ပင်တိုင်စံ စလင်းဖုရား၏ မယ်တော်ဖြစ်တောမူတဲ့ လင်းပန်းတိုက်စာ မဖုရားရယ်"

www.burmeseclassic.com

"အဲဒီမဖုရားလေးပါး အမှူးပြုပြီး အခြားသော မိဖုရားများနှင့် တစ်စိတ်တစ်ဂမ်းတည်း ညှိနှိုင်းတိုင်ပင်ကာ ထိုအရေးအထမမြောက်အောင် ဘဂရှင်မင်းတရားကြီးကို အတိအလင်း လျှောက်ထားသံတော်ဦးတင်ဖို့ စီမံစိုင်းပြင်းနေကြသည် မောင်ရင်ရဲ့၊ သို့အတွက် မယ်ဘုရားကိုလည်း မြောက်ရွှေရေးဆောင်မဖုရားက ခေါ်တော်မူပြီး ညီမတော် လောင်းရှည်မိမိ ရယ်၊ မမတို့မိမိတို့တော့ အလယ်နန်းမမသာ အဂ္ဂမဟေသီ ဖြစ်တော်မူသွားတဲ့နောက် တနေ့တခြား 'ရေနည်းငါး'ဆိုသလို ဒုက္ခဖြစ်တော်မူကြရတော့မှာပဲ"

"သည့်အတွက် 'ကိုယ်ရေးကြုံလျှင် သက်လုံကောင်းစေရမည်'၊ 'လာမည့်ဘေးကို အဂေးက ကာကွယ်ထား ရမည်'ဆိုသည့် စကားအတိုင်း မမတို့နဲ့အတူ ရွှေနန်းရှင်ဘုရားအထံ တော်သို့ အလျှောက်အထား ဂင်မည့် နေ့ မှာ လိုက်ပါတော်မူပါလို့ မိန့်တော်မူတယ်"

"မယ်မယ်ဖျားတော့ ဒီကိစ္စမှာ ဘယ်လိုဆုံးဖြတ်တော်မူရမယ်ဆိုတာ ဂေခွဲတော်မမူနိုင်ဘူး မောင်ရင်ရဲ့၊ မြောက်ရွှေရေးဆောင်မဖုရားတို့နှင့် အပေါင်းအပါဖြစ်သွားလို့ အရေးသာ အရာရောက်ရင် တော်ပါသေးရဲ့၊ အရေးမပါ အရာမရောက်ဘဲ ရှိမှဖြင့် အလယ်နန်းမဖုရားက မယ်မယ်ဖျားကို အငြိုးသိုထား၊ မျက်မာန်တော် ပွားပြီး ငါ၏ကောင်းစားရေးကို မလိုဖက်ျဆီးတဲ့ အပေါင်းအသင်းပါ မိဖုရားတစ်ပါးရယ်လို့ အစွဲအမှတ် ထားခြင်း ခံရမှာလည်း တစ်မျိုးစိုးရိမ်တော် မူသေးတယ် မောင်ရင်ရဲ့"

"သြော်… ဒီကိစ္စမှာ အခြားသော မိဖုရားတွေထက် မယ်မယ်ဘုရားမှာသာ၍ အရေးကြီး သည်ဟု ထင်ပါတယ်၊ အလွယ်တကူနှင့် ဆုံးဖြတ်ချက် ချတော်မမူသင့်ပါ မယ်မယ်ဖျားရဲ့"

"အလို… ဘယ်လို အကြောင်းများကြောင့် မယ်ဖျားနှင့် ဒီကိစ္စသာလို့ အရေးကြီးနေရပြန် သတုံး မောင်ရင်ရဲ့"

သီပေါမင်းသားက ပြုံးကာ

"'ဒီလိုပါ မယ်မယ်ဖျား၊ အလယ်နန်းမိကြီးတော်ဖုရား၏ သမီးတော် မြတောင်စား စုလတ်နှင့် ဖျားသားတော် တို့မှာ လူငယ်ချင်းဘာဂ ချစ်ခင်ရည်ငံ၊ မေတ္တာတမန် ကူးသန်းဆက်သွယ်နေကြတာ ကို ငဲ့ညှာ ထောက်ထား၍ မယ်မယ်ဖျားမှာ 'တစ်ကြောင်းမထောက် တစ်ကြောင်းထောက်'ဆိုသလို အလယ် နန်းမတော် ဖုရား၏ အကျိုးမဲ့စေမည့်ဘက်က လိုက်ပါသဘောတူရန် သင့်လျှောက်တော်မူ မည် မထင်လို့ပါ၊ အကယ်၍ အလယ်နန်းမတော်ဖျားက မိဖုရားများကို နှိပ်စက်ညှင်းဆဲမည် ကြံသည် တိုင်အောင်လည်း ခမည်းတော်ရွှေနန်းရှင်ဘုရားက ပညာရှိမင်းတစ်ပါးမို့ အလယ်နန်းမတော်ဘုရား ပြုပြင် စီမံတိုင်း ဖြစ်စေရမည် မဟုတ်ပါ၊ ဘကြီးတော် ဖန်နန်းရှင်ဘုရား ကဲ့သို့ ခမည်းတော်ဘုရားက အလယ် နန်းမတော်ဘုရား၏ သြဇာလွှမ်းမိုးခြင်းခံရသည့်တိုင်အောင် လည်း မယ်မယ်ဖျားမှာ သားတော် မျက်နှာ နှင့်မို့ ညှင်းဆဲနှိပ်စက်ဖု့ လမ်းမရှိဘူးထင်ပါသည်။ အဆုံးတစ်နေ့မှာ သားတော်၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com

ထောက်ညှာ တော် မမူသည်ထားဦး သမီးတော်စုလတ်၏ မျက်နှာကို ငဲ့ကွက်၍ သမက်တော်လောင်း၏ မိခင်ကို သူစိမ်းပြင်ပြင်ကြီး နိပ်စက်နိုင်မည်တော့ မထင်ပါဘူး မယ်ဘုရားရဲ့."

"ဩော်... သားတော်နှင့်ပတ်သက်၍ ချွေးမတော်လောင်း စုလတ်ရဲ့ မျက်နှာကို ထောက်ထျောက်လျှက် မြောက်ရွှေရေးဆောင်မမတို့ ခေါ်တော်မူရာ လိုက်ပါတော်မမူပါနှင့်ဟု မယ့်မယ့်သားတော်က ဆိုလိုတာပေါ့၊ အင်းလေ... ဒီနည်းနှင့် တွေးမယ်ဆိုရင်လည်း အဟုတ်ပင် ငဲ့ညှာထိုက်တဲ့ ဂုဏ္ဍာရှိပါပေတယ် မောင်ရင်ရယ်၊ သို့သော်လည်း 'တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ၊ သတ္တဝါအပေါင်း ပျက်စီး ကြောင်း ဆိုတာလို မယ်မယ်ဖွားတို့ တစ်မိသားများ ကောင်းစားရုံကလေးနှင့် အခြားတစ်ပါးသော မိဖုရားများ ဒုက္ခ ဖြစ်မှာကို မငဲ့ကွက်ဘဲ ကိုယ်လွတ် ရုန်းထွက်သလို ဖြစ်နေမှာကိုလည်း တစ်မျိုးတွေးပြီး စိုးရိမ်မိသေးတယ်"

မိန့်တော်မူရာ သားတော်သီပေါမင်းသားလည်း အတန်ငယ်ကြာအောင် တွေးတောဆင်ခြင် တော်မူနေပြီးမှ-

"မယ်မယ်ဖွား တစ်ခုလည်း စဉ်းစားဆင်ခြင်တော်မူပါ၊ အခြားသော မိဖုရားတွေက မိကြီးတော် အလယ် နန်းမတော်ဖုရားကို အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်တော်မူသွားလျှင် သူတို့ သူတို့တစ်တွေအား မတရား နိပ်စက် ညှဉ်းဆဲလိမ့်မည်ဟု တစ်ဖက်သက် အယူအဆနှင့် အမွှေစွပ်စွဲပြီး စိတ်မပူသင့်ပဲ ပူနေကြတယ် ဆိုလျှင်လည်း ဖြစ်နိုင်ပါသေးသည်။ အလယ်နန်းမတော် ဘုရားဟာ အဂ္ဂမဟေသီ ဖြစ်တော်မူ လျှင် သူတို့ထင်သလို မဟုတ်ဘဲ ပိုက်ပိုက်ထုပ်ထုပ်နှင့် ရင်အုပ်မကွာ ကရုဏာရှေ့ထား၍ လွှန်တော် မူသွားတဲ့ စကြာဒေဝီခေါင်ဘုရားကြီးပမာ တရားပြည့်ဂုစွာ အုပ်ချုပ်တော်မူမယ်ဆိုလျှင်လည်း မိဖုရားတွေ အထင်လွဲသမျှ၊ အချည်းနှီးသက် သက်မျှသာ ရှိကြပါလိမ့်မယ်၊ ခမည်းတော် ရွှေနန်းရှင် ဘုရား ကလည်း အများ ထင်သလို အဂ္ဂမဟေသီဘွဲ့ နှင်းတော်မူထားသည့်နောက် အလယ် နန်းမတော် ဖုရားက လမ်းမှား တော်မူသည့် တိုင်အောင် ပညာရှိမင်းတစ်ပါးဖြစ်တဲ့အတွက် မှန်ရာဘက်သို့ လမ်းညွှန် တော် မူမှာ အမှန်ပါပဲ"

"ဒီအတွက်ကြောင့် အလယ်နန်းမတော် ဖုရား အဂ္ဂမဟေသီကြီး ဖြစ်တော်မူမည့်အရေးတွင် အများတွေး ထင်ကြသလို မကောင်းမှာနှင့် ကောင်းမှာ နှစ်လမ်းရှိတဲ့အနက် လမ်းမှန်မှန်နှင့် မကောင်း ဖြစ်မည့် ဘက်က ချိန်ခွင်လျှာ ထွက်နေလိမ့်မ်ဟု ထင်မိပါသည်။"

"အခြားမိဖုရားများ တွေးထင်ကြသလို သာမန်တွေးလျှင်လည်း အတော်ပဲ စိုးရိမ်စရာ ကောင်းပါသည်၊ ယခု ဘုရာ့သားတော် လျှောက်တင်သလို အဖက်ဖက်ကိုငဲ့၍ တစ်မျိုးလှည့် စဉ်းစားတော်မူမည်ဆိုပါလျှင် ပူစရာ အနည်းငယ်မျှ မရှိနိုင်တော့သည့်အတွက် မြောက်ရွှေရေး ဆောင် မိဖုရားတို့၏ အပေါင်းအသင်းမှာ မယ်မယ်ဖွား မပါရုံမျှနှင့် ကိုယ်ကောင်းရှာတယ်လို့ ပိုင်ပိုင်ကြီးမဆိုနိုင် မစွပ်စွဲနိုင်သေးပါ၊ နောက်ခါ သူတို့တွေးထင်တဲ့အတိုင်း အလယ်နန်းမတော် ဖုရားက

www.burmeseclassic.com

နှိပ်စက်ညှဉ်းဆဲခြင်း ခံနေကြရပြီး မယ်မယ်ဘုရားမှာ အေးချမ်းပျော်ရွှင်စွာ စံတော်မူနေရမှသာ ခုနင်က မယ်ဖျား မိန့်တော်မူသွားတဲ့ 'တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ၊ သတ္တဝါအပေါင်း ပျက်စီးကြောင်း'ဆိုတဲ့ စကားနှင့်ညီညွတ်စွာ စွဲနိုင်ပါတယ် မယ်မယ်ဖျားရဲ့"

မယ်တော်လည်း သားတော်သီပေါမင်းသား ဖြည်းဖြည်းလေးလေး လျှောက်တင်တော်မူနေ သည်ကို နားစိုက်တော်မူလျက်ရှိရာက -

"ဩော်... သူ့ခမျာများလည်း အလယ်နန်းမဖုရားရဲ့ စိတ်တော်များကို မယုံစားပွဲ့ရှာကြတဲ့ အတွက် သောက,ကလေး ဖက်တော်မူနေကြရှာတာကိုး မောင်ရင်ရဲ့၊ မှန်တဲ့အတိုင်း မိန့်တော်မူရမယ်ဆိုလျှင် အလယ်နန်းမဘုရား၏ စိတ်တော်များဟာ သူ့မယ်တော် အကျော်ဒေးယ နန်းမတော်မယ်န အမည်ခံ၊ ရှင်မိဖုရားကြီးလောက် မထက်မြက်စေကာမ သွေးကလေးတော့ပြ လိမ့်ဦးမည်လို့ ထင်တော်မူ မိသေးတာ ကပဲ၊ ခမျာများလည်း ကြောက်လန့်ရှာကြည့်မည်ဆိုလျှင် ကြောက်လန့်စိုးရိမ်သင့်တာပဲ မောင်ရင်ရဲ့၊ အဲလေ နောက်ဆုံးတော့ဖြင့် ဘယ်သူမှ အမုန်းမခံရ အောင်ဟာ မယ်မယ်ဖျားတော့ အလိမ္မာစိတ်ထားနှင့် ကြားနေ အဖြစ်နှင့်ပဲ နေလိုက်တာ အအေး ဆုံးထင်ပ့ါ မောင်ရင်ရယ်"

(အားရကျေနပ်စွာနှင့်)

" မှန်ပ့ါတယ် မယ်မယ်ဖျား၊ နှစ်ဦးနှစ်ဖက်၊ အစွန်းမထွက် အမုန်းမခံရအောင်ဟာ ကြားက အေးအေး စံတော်မူနေလိုက်တာက ဘေးကင်းရန်ကင်း အရှိဆုံးပါပဲ၊ မယ်မယ်ဖျား သားတော်လည်း ဒီအကြံကို အင်မတန်မှ သဘောတူညီလှကြောင်းပါ"

" ကိုင်း........ကိုင်း.......... ဒါဖြင့် မောင်ရင့်အလိုတော်လည်းကျ၊ မယ်ဖျားကို လည်း နှစ်ဦးနှစ်ဖက် တို့က အမုန်းခံတော်မူရအောင်ဟာ အလိမ္မာစကားသုံးပြီး လုံးလုံးကြီး ကြား နာတော်မူ လိုက်ပါတော့မယ်၊ ကဲ.....ကဲ မောင်ရင်လည်း ဒီအရေးနှင့်ဖြင့် စိတ်အေးအေး နေတော်မူ ပေတော့၊ ဩော်.........ဒါနှင့် မယ်မယ်ဖျား ထွက်တော်မူခဲ့တာလည်း အချိန်အတန်ကြာပြီး၊ မောင်ရင့်အစ်မတော် စုကြီးနှင့် နှမတော် စုကလေး တို့လည်း မောင်ရင့်ကို များစွာတွေ့လိုတော် မူရှာကြတယ်"

" နောက်တစ်ခါ မယ်မယ် ထွက်တော်မူလာမှ စုကြီးနှင့် စုလေးပါ ခေါ်တော်မူလာရဦးမယ်၊ အလို........ဒါနှင့် မောင်ရင့် လက်စွဲတော် တုတ်နှင့် ငဖေယ်တို့လည်း မမြင်ပါကလား ဘယ်များ သွားနေကြသလဲ၊ မောင်ရင် ကလည်း ကိုယ့်အမှုထမ်း ကျေးကျွန်တွေကို တော်တော်မျက်နှာသား ပေးမှပ၊ မြှောက်စားလျှင် ရောင့်တက်သတဲ့၊ မျက်နှာသာပေးပြီး အရေးတကြီးကြာတော့ အရှင်သခင်ကို မကောင်းမှုလမ်းများကို ဖျက်ဆီးသွေးဆောင်သွားတတ်တယ်၊ မောင်ရင်ရဲ့။

"မယ်မယ်ဖျား သားတော်ထံ ထွက်တော်မူလာတိုင်း ဒီ.........အကောင်နှစ်ယောက်ဟာ အဆောင်တော် ဦးမှာ မောင်ရင်နှင့် ရင်းရင်းနှီးနှီး လက်ပွန်းတတီး အရာတဂင် နေထိုင်တော်မူတာ တွေ့မြင်တော်မူရတယ်၊ ဒီကောင် နှစ်ယောက်အနက်က ငဖေယ်ကတော့ လိမ္မာပျော့ပျောင်းပုံရပါ ရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

ငတုတ်ဆိုတဲ့ အကောင်ကဖြင့် ကျွတ်ဆတ်ဆတ်, ဆောင့်ကြွားကြွားမို့ မယ်ဖျားတယ်ပြီး စိတ်ချတော်မမူဘူး၊ ' ဂမူးရှူးထိုး' ' ဆင်ကန်းတောထိုး' လုပ်ကိုင်တတ်ပုံရတယ်၊ ဘယ်အရာမဆို သတိဂီရိယရှေ့ ထားပြီး စေစားတော်မူပါ၊ တပည့်မလိမ္မာ ဆရာ အာပတ် သင့်တတ်တယ် မောင်ရဲ့။

" မယ်မယ်ဖျား သားတော်ထံ ထွက်တော်လာတိုင်း ဒီ............ အကောင်နှစ်ယောက်ဟာ အဆောင်တော်ဦးမှာ မောင်ရင်နှင့် ရင်းရင်းနီးနီး လက်ပွန်းတတီး အရာတဂင်နေထိုင်တော်မူတာ တွေ့မြင် တောမူရတယ်၊ ဒီအကောင် နှစ်ယောက်အနက်က ငဖေငယ်ကတော့ လိမ္မာပျော့ပျောင်းပုံရပါရဲ့၊ ငတုတ်ဆို တဲ့ အကောင်ကဖြင့် ကျွတ်ဆက်ဆက် ဆောင့်ကြွားကြွားမို့ မယ်ဖျား တယ်ပြီး စိတ်ချတော်မမူဘူး၊ ' ဂမူးရှူးထိုး' 'ဆင်ကန်းတောတိုး' လုပ်ကိုင်တတ်ပုံရတယ်၊ ဘယ်အရာမဆို သတိဂီရိယရှေ့ထားပြီး စေစား တော်မူပါ၊ တပည့်လိမ္မာ ဆရာအာပတ်သင့်တတ်တယ် မောင်ရဲ့"

မိန့်တော်မူလေရာ သီပေါမင်းသားမှာ မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့၏ အကြံညဏ် နည်းပေးလမ်းပြမှုကြောင့် စုဖုရားလတ်အဆောင်သို့ ထွက်တော်မူကြရန် အခွင့်ပန်စာရွေလွှာတော် ရေးသား ပေးပို့ကာ များမကြာမီ စုဖုရားနှင့် နှစ်ပါးတွေ့ဆုံဖို့အရေးပင် သတိပေးတော်မူသော အမိန့်တော်မူသော အမိန့်တော်စကားနှင့် ဆက်သွယ်စဉ်းစားတော်မူသောအခါ -

" အင်း..........ဘာလိုလိုနဲ့ ငါကိုယ်တော်လည်း ငတုတ်တို့ ကြိုးဆွဲတိုင်း က,တော်မူနေရတဲ့ မင်းသားရုပ်ကလေးနဲ့ တူနေတော့တာပဲ၊ စုစုနှင့် တွေ့တော်မူရန်အရေးကိုလည်း ငတုတ်တို့နည်းပေးကြ ခြင်းမျှဖြစ်တယ်၊ အကယ်၍ စုစုထံက ထွက်တော်မူလာပါဟု အလွှာတော်သင့်၊ အခွင့်တော်သာလို့ ငါကိုယ် တော်အနောက်ပိုင်းကို တိတ်တဆိတ် ထွက်တော်မူမိတဲ့အခါများ ရာဇဂတ်ကောင်များ သင့်ခဲ့လျှင် မလိမ္မာတဲ့ ငတုတ်တို့ မြှောက်ပင့်စကားကို နားယောင်မိလို့ အတိဒုက္ခရောက်ရသလို ဖြစ်မှာပါကလား၊ ယခု မယ်မယ်ဖျား သတိပေးဆုံးမတော်မူတဲ့ စကားများဟာ ငါကိုယ်တော်အတွက် များစွာမှ ဆင်ခြင်တော်မူသင့် တဲ့ အချက်တွေပါပေတယ်၊ အင်း........ အလွှာတော်ရွှေပြာဖြင့်မဆိုနိုင်ဘူး၊ တကယ်လို့သာ စုစုက ကျေကျေနပ်နပ်ကြီးနှင့်

မောင်တော်ကြွလာပါဆိုသည့်တိုင်အောင် စွန့်စွန့်စားစား အနောက်ဆောင်ပိုင်းသို့ ကျူးကျူးကျော်ကျော် ထွက်တော်မူရမည့်အရေးကို အများကြီး ချင့်ချိန်စဉ်းစားတော်မူစရာ ကိစ္စတွေရှိပေသေး တာပဲ "

စဉ်းစားဆင်ခြင်တော်မူမိကာ ရုတ်တရက် တွေဝေ ငေးမောနေတော်မူမိလေ၏ မယ်တော်ဘုရာ လည်းသားတော် မျက်နှာတော် ရှုစားတော်မူမိကာ

"ကဲ.........ကဲ.... မောင်ရင်၊ မယ်ဖျား အစစ သတိပေးတောမူတာများ မမေ့မလျော့လေနှင့်နော်၊ မယ်မယ် ထွက်ကြွတော်မူရော့မယ် မောင်ရင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"မှန်လှပါဘုရား၊ မယ်ဖျား ဆုံးမသတိပေးတော်မူတာများ သားတော်၏ စိတ်တော်ထဲမှာ ရွှေမယ်န နှင့် စွဲသလို မြဲမြဲကြီး မှတ်သား၍ များများကြီး ဆင်ခြင်စဥ်းစားပါမည်ဘုရား၊ စိတ်ချပြီး နောက်ပါရံရွှေတော်များ နှင့်အတူ အဆောင်တော်ရှိရာသို့ ပြန်လည်ထွက်ကြွတော်မူလေသတည်း"

" သီပေါမင်းသားလည်း မယ်တော်ဖျား ထွက်တော်မူသွားပြီးနောက် တစ်ပါးတည်း ကျန်တော်မူစေသောအခါ ရွှေလွှာတော်ပေးရန်အတွက် တောင်ဥယျာဉ်ထဲသို့ ထွက်သွားကြသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့အား မယ်ဖျား မိန့်စကားကြောင့် များစွာစိတ်လေးတော်မူလျက်ပင် မျှော်တော်မူမိလျက် ပင်မျှော်မိလျက် ရှိနေစဉ် အိမ်တော်မလွယ်ပေါက်ဆီးသို့ သုတ်သီးသုတ်ပြာရောက်လာကြသော မောင်မောင် တုတ်နှင့် မောင်မောင်ငယ်တို့ကို တွေ့မြင်တော်မူသဖြင့်

သီးပေါမင်းသားမှာ နဂိုကပင် မယ်တော် သတိပေးဆုံးမတော်မူပြီးစဖြစ်၍ ငယ်ကျွန်တော်နှစ်ယောက်အတွက် သောကမအေးတော်မူလျက်ရှိဆဲအခါတွင် မလွယ်ပေါက်မှ ပျာယီးပျာယာဝင်လာကြသော မောင်မောင်တုတ နှင့်မောင်မောင်ငယ်တို့ကို မြင်တော်မူရပြန်သောအခါ သောကမအေးရာတွင် စိုးရိမ်စရာတစ်ဆင့်တိုး၍ တစ်မျိုးစိတ်ပူတော်မိသဖြင့် ရင်တော်ကိုလက်နှင့်ဖိပြီး တစ်ပါးတည်းပင်

" ဟော....တေုတ်တို့ ပျာယီးပျာယာနှင် ဘာများဖြစ်လာကြပါလိမ့်"

မိန့်တော်မူလိုက်မိစဉ် မလွယ်ပေါက်မှ ဝင်လာသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့က လည်း အိမ်တော်ဦးသို့ မော်၍ကြည့်တွင် သီပေါမင်းသားကို တွေ့မြင်ရသောကြောင့် မောင်ဖေငယ်က မောင်မောင်တုတ်ကို လက်ကုတ်ခါ

"ဟော......ဟိုမှာ ကိုရင်တုတ်၊ ရွှေကိုယ်တော် တယ်မသာဘူး၊ ကျုပ်တို့ကြာလို့ မျှော်တော်မူတာ နှင့်မျက်မာန်ရှတော်မူပြီထင်တယ်၊ သြော်...... ဒါနဲ့ ကိုဖေငယ်ရေ၊ မတော်လို့များ မောင်မင်းတို့ ဘာကြောင့် ကြာနေရသလဲလို့ မေးတော်မူရင် မြို့ပြင်ထွက်ကြတဲ့အကြောင်းကို စောင်းပါးရိပ်ခြည်လောက်ပင် လေသံမ ထွက်ရအောင် ဂရုစိုက်ပြီး သံတော်ဦးတင်ပါ၊ ဘယ့်ကလောက်ပင် မေးစစ်တော်မူသော်လည်း တောင်ဥ ယျာဉ်တော်ထဲမှာ အထိန်းတော်ခသင်ကြီး စောင်ရတာနှင့် ကြာနေပါတယ်ဘုရားလို့သာ လျှောက်တင်ပါဘိ"

တီးတိုးသတိပေးသဖြင့်-

" စိတ်ချပါ၊ ကိုရင်တုတ်ရယ်၊ ကျုပ် ဒါလောက် မမိုက်ပါဘူး၊ ကိုရင့်ပါးစပ်ကသာ အနံ့တွေမထွက်ပါစေနှင့်"

www.burmeseclassic.com

ပြန်ပြောမှ မောင်မောင်တုတ်လည်း သဘောကျသွားကာ-

" ဒါတော့မပူပါနှင့်၊ ကိုဖေငယ်ရဲ့၊ ဟား......ဟား.......ကဲ နံသေးသလား ဩဇာရွက်သုံးရွက်တောင် ဂါးခဲ့ပါတယ်"

ဆိုပြီး ပါးစပ်ကြီးကို မောင်မောင်ငယ်၏ နာခေါင်းဝနားတွင် 'ဟား' ပြလိုက၍ ဘာနံ့မှ မရသောအခါ တွင်မောင်မောင်ငယ်ကလည်း ကျေနပ်သွားကာ နောက်ဆောင်မှဖြတ်လျက် အိမ်တော်ဦးသို့ ထွက်လာကြ ပြီး သီပေါမင်းအပါးတော်၌ ခစားမိကြလေ၏ သီပေါမင်းသားလည်း စိတ်ချတော်မမူ၊ စိုးရိမ်တော်မူဟန်ဖြင့်-

" ဟဲ့..........မောင်မင်းတို့ ပျာပျာသလဲနှင့် မလွယ်တံခါးက ဝင်လာကြတာ ဘယ်လိုအရေးအ ကြောင်းများ ထူးထွေလာကြသလဲ"

တုတ်။ ။ " အကြောင့်မထူးပါဘူး၊ အရှင်အိမ်တော်နား ရောက်ကာနီးမှ ရှေ့တူရူက မကွေးရာကိုယ်တော်ကြီး ထွက်တော်မူလာတာ ခပ်လှမ်းလှမ်းက မြင်ရတဲ့ ကြန့်ကြာနေမည်စိုးသည်အတွက် ကသုတ်ကရက် မလွယ်တံခါးက ပြေးဝင်လာကြခြင်းဖြစ်ကြောင်းပါဘုရား"

မင်းသား။ ။ ဩော်........ဒီလိုဖြင့် တော်ပေသေးရဲ့၊ ငါက နင်တို့ သွားလိုက်တာကြာလွန်းလို့ ဒီကောင်တွေ ဘာများဖြစ်နေပါလိမ်မလဲဆိုပြီး စိတ်ပူတော်မူမိတယ်"

ငယ်။ ။" ဖျာ့ကျွန်တော်မျိုးတို့ ကြာရသည့်မှာ တောင်ဥယျာဉ်တော်တွင် အထိန်းတော်ကြီး မပေါ်လာသဖြင့် အတော်ကြာကြာကြီး စောင့်ဆိုင်းနေရသည့်အတွက်ပါဘုရား"

မင်းသား။ ။" အလွှာတော်ကို အထိန်းတော်ကြီး ခင်ဘွားသစ်လက်ကို အပ်လိုက်ပြီလား မောင်မင်း"

တုတ်။ ။"မှန်လှပါ၊ ရွှေကိုယ်တော်ဖျား၏ ရွှေလွှာတော်ကို အထိန်းတော်သခင်ကြီးလက်သို့ ချောချောမောမော ပေးအပ်လိုက်ပြီးကြောင်းပါဘုရား"

မင်းသား။ ။ " ဟင်...ငါက မပေးရသေးဘူးဆိုလျှင်လည်း ပြန်ပြီးသိမ်းတော်မူမယ်လို့ မောင်မင်းတို့က ဒီလိုနေရာမျိုးမှာတော့ တယ်ပြီးအမှုထမ်းကောင်းကြသကိုး"

www.burmeseclassic.com

www.burmeseclassic.com

မောင်မင်းတုတ်နှင့် မောင်မောင်ငယ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့ဩသလိုလို ဖြစ်နေကြလျှင် သီပေါမင်းသားကလည်း လူပျိုတော်များ၏ စိတ်ထားကို ရိပ်မိတော်မူသွားသည်နှင့်

မင်းသား။ ။" မအံ့ဩကြနှင့် မောင်မင်းတို့ရဲ့၊ ငါတော့ မယ်မယ်ဖျားက ခမည်းတော် ဘုရား မြောက်စားသူကောင်းပြုတော်မူထားစမှာ အရာခပ်သိမ်းမျိုး အစွန်းအစ မထွက်တောဘဲ အပြစ်ကင်းအောင် အလိမ္မာသဘောနှင့် အေးအေးငြိမ်ငြိမ် ကျွန်ုပ်စောင့်ထိန်းပြီး စံတော်မူစေလိုတဲ့အတွက် မောင်မင်းတို့ လျှောက်တင်တဲ့ အကြံအစည်ကို ရုတ်တရက် ပြုတော်မူလို့ မတော်သေးဘူးထင်တယ်"

တုတ်။ ။" စိုးရိပ်ပူပင်တော်မမူရန် ကျွန်တော်မျိုးများက အတန်တန် သံတော်ဦးတင်လျက်ပါ၊ ရွှေကိုယ်တော်ဖျားက စိုးရိမ်အားသန်တော်မမူပါနှင့် ဘုရား၊ ဘယ်နည်းမှ ဤကိစ္စနှင့်ပတ်သက်ပြီး အရှုပ်အယှက် ဖြစ်တော်မူစရာမရှိကြောင်းပါ"

မင်းသား။ ။" မောင်မင်းတို့စကားကို ယုံလို့ အပုံကြီး ခရီးလွန်တော်မူလာခဲ့ပြီဟဲ့"

ငယ်။ ။"ခရီးလွန်လေ ရွှေကိုယ်တော်ဖျားနှင့် အရှင်စုဖရားတို့နှစ်ပါး နီးတော်မူရန် အချိန်အခါ ရောက်လွယ်လေပါဘုရား"

မင်းသား။ ။ " အထိန်တော်ကြီး ခင်ဘွားသစ်က ဘယ်လိုများ ပြောသေးသလဲ မောင်မင်း"

တုတ်။ ။ " အထိန်းတော်ကြီးကလည်း အရှင်နှစ်ပါး စုလျှားရစ်ရုံ ရွှေမေတ္တာလုံ၍ အချစ်ဘုံ အချစ်နန်းကြီးကို သိမ်းမြန်းစိုးစံ၊ အောင်ဘိသိက်ခံဖို့ရန် အင်မတန်အားထုတ်ကြိုးပမ်း အမှုတော်ထမ်းလျက် ရှိသူဖြစ်တဲ့အတွက် အလှူတော်ကို အရှင်စုဖုရားရွှေလက်တော် အမြန်ဆုံးဆက်ပြီး အကွယ်ဆိုက်အောင် ကြံဖန်ပါမည်ဟု အလီလီ အာမခံသွားကြောင်းပါဘုရား"

မင်းသား။ ။"အင်း... မောင်မင်းတို့ အလုပ်ကဖြင့် နိုက်မရအောင် စူးနေပါ့ကလား၊ သို့သော်လည်းလေ စုစုက ကြည်ကြည်သာသာနှင့် မောင်မောင်ထွက်တော်မူလာခဲ့ပါလို့ အလှူတော် မပြန်လာသေးသမျှတော့ ငါကိုယ်တော်မှာ ခပ်အေးအေးစံတော်မူရမှာပါပဲ။ အလှူတော် တုံ့ပြန်ဖို့အရေးကို စုစုက ခပ်လေးလေး ခပ်အေးအေး နေးနိုင်သမျှ နေးပါဆိုတာ ဆုတောင်းရတော့မယ်"

မောင်မောင်တုတ်မှာ အရှင်သခင်ဖြစ်၍ ထပ်ခါလျှောက်တင်ပံ့တော့သည် မဟုတ်သဖြင့် အားမလို အားမရ ဖြစ်မိသော စိတ်များကို မောင်မောင်ငယ်ဘက်သို့ လှမ်းကြည့်လျက် တစ်ချက်မျှပင့်ရှိုက်လိုက်မိခြင်း ဖြင့် ဖြေသိမ်းလိုက်ရလေ၏ သီပေါမင်းသားကလည်း

www.burmeseclassic.com

လူပျိုတော်များအားလ ဆက်လက်လျှောက်တင်ခွင့်မရ အောင်မျက်နှာတော်ကို တည၀တ္တစွာ ပြောင်းတော်မူလျက်

" မောင်မင်းတို့ကိုလည်း စကားစပ်မိသည့်အခါ တပည့်ကျေးကျွန်ရင်ချများ ဖြစ်တဲ့အတွက် ဆုံးမတော်မူရဦးမည်"

" အရှင်မြင့်လျက် ကျွန်တင့်သည်" ဆိုသော စကားပုံအံတိုင်း ငါကိုယ်တော်ကို ခမည်းတော်ဘုရား မြောက်စားသူကောင်ပြုတော်မူလျက် လွှတ်တက်မင်းသားတစ်ပါး ဖြစ်တော်မူလာသည့် အရည်အချင်းရှိသူ များမပီပီ လက်ရုံးရည်၊ နှလုံးရည်နှင့် တည်ကြည်ငြိမ်သက်စွာ အမူတော်ကိုထမ်းရွက်ကြရမည်။ " အရှင်ဘုန်း ကြီးကျွန်စားပြီး" ဆိုသလို ကိုယ်၏အရှင်သခင် ဂုဏ်ကို၍ ဆိုးညစ်မိုက်မဲသော စိတ်ထားများ မွေးမြူလျက် ကိုယ့်လက်အောင်ငယ်သား ဆင်းရဲနွမ်းပါးနိုင်ရမည့်သူများကို မတရား မပြုမိရန် အဖန်ဖန် ဆင်ခြင်ရမယ်၊ ကိုယ်နှင့် ဂုဏ်တုဂုဏ်ယှဉ်နိုင်အားကျမခံ မပြိုင်ဆိုင်ဘဲ ကိုယ့်အရှင်မှတစ်ပါး အခြားတစ်ပါးသော မင်းညီမင်း သားဆွေတော်မျိုးတော် အနွယ်တော်များကိုလည်း မထေမဲ့မြင် မပြုလေနှင့်"

" ကိုယ်အရှင်ကို ကြိုးနွံ့ရှိသေသကဲ့သို့ပင် တွေ့မြင်ရာအရပ်နှင့် ရှိသေကိုင်းညွတ်ရမယ်၊ ငါ့ကို အားကိုး၍ တရားမဲ့ မောက်မားဆိုးသွမ်းသော အမှုကို မပြုရဘူး၊ ငါကိုယ်တော်၌ကပင် ငါ့ထက် အရွယ်တော် ကြီး ဘုန်းတန်းခိုး ကြီးမားသည့် နောင်တော့် နောင်တော် မင်းသားကြီးများကို ထမ်းရမည်၊ မောင်မင်းတို့ မတည် မကြည် လော်လီဆိုးသွမ်းလျှင် တရားလမ်းအတိုင်း ဖြစ်စေရမယ်၊ ငါကိုယ်တော် ကယ်ဆယ်တော် မမူနိုင် 'တပည့်မကောင်း သခင်ခေါင်း' ဆိုသလို တပည့်မိုက် တပည့်ဆိုးကြောင့် သခင်ဖြစ်သူ ဂုဏ်ညှိုး မခံရစေ နှင့် မောင်မင်းများ "

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း ခေါင်းအောက်ချကာ ငြိမ်သက်စွာနာခံ လျက် ရှိကြလေ၏။

သီပေါမင်းသားလည်း ငြိမ်သက်စွာ ခစားနေကြသော ကျွန်ယုံတော်နှစ်ယောက်ကို အထပ်ထပ်ရှုစား တော် မူလျက် ဆက်လက်၍ ဆုံးမစကား မိန့်ကြားလိုသေးသဖြင့်-

"နို့ပြီးတော့ မယ်မယ်ဖျားက တေုတ်ကိုလည်း များစွာစိတ်တော်မူပုံမရဘူး၊ မောင်မင်း သတင်းကို ဘယ်လိုများ ကြားတော်မူနေတယ်မသိဘူး၊ တေုတ်ကိုကြည့်ရတာ ဆောင့်ကြွားကြွား ကြွပ်ဆတ်ဆတ် နိုင်တယ်၊ သခင့်အရှင် ရှေ့တော်မှာပင် ဘယ်အရာမျိုးမဆို မဟုတ်မခံ အသံစွာစွာ နှင့်ပြောတတ် ဆိုတတ် တယ်၊ သခင့်ကွယ်ရာမှာ ဆိုလျှင် သူကျယ်ချင်တိုင်း ကျယ်နေမှာပဲ၊ ဒီလိုသာ အလိုလိုက် အရေးပေး ထားလျှင် နောင်ကို သည်ထက်ကဲလာလျှင် သားတော်မှာ 'တပည့်မ ကောင်း သခင်ခေါင်း' ဆိုသလို လွှဲစောင်း တိမ်းဖယ် မရအောင် တာဂန်ကျလိမ့်မည်တဲ့၊ အဲဒါကြောင့် မောင်မင်း တို့လည်း ကိုယ်ကို မတော်မသင့်ရာ ရှိမရှိ စိစစ်ဆင်ခြင်ပြီး ပြင်သင့်တာကို ပြင်ကြရမယ်၊ မယ်မယ်ဖျားက

www.burmeseclassic.com

www.burmeseclassic.com

ရှေ့နောက်ဆင်ခြင် မြော်မြင်တောမူလျက် သားတော်နှင့်တကွ ကျေးကျွန်တော် မျိုးများအတွက် စိတ်လက်မအေးတော်မူရှာလို့ သတိတော်ပေးသွားရှာတယ်"

မိန့်ကြားတော်မူစဉ် ညစာပွဲတော်အုပ်နှင့် အိမ်တော်အမှုထမ်းများ၊ အဆောင်တော်နှင့် အတူဝင်လာကြသဖြင့် စကားပြတ်သွားတော်မူလေရာ၊ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ လည်းမျက်နှာငယ်လေးနှင့် အပါးတော်မှ ထလာကြပြီး အိမ်ဖန်တော်ထဲသို့ ဝင်လာကာ နှစ်ယောက်သား ခေါင်းချင်းဆိုင်လုပ်ပေးနေတာ၊ သူ့မယ်တော် မိဖုရား ပိန်နာကြီး လာပွေတာနဲ့ ကျုပ်တို့တွေ အလကား နေရင်း........."

ဆုံးအောင်မပြောပသေးမီ မောင်မောင်ငယ်က မောင်မောင်တုတ်၏ ပါးစပ်ကို လှမ်းပိတ် ကာ-

" ဟာ...... ကိုရင်တုတ်၊ ဘယ့်နှာတွေ ပမာမခန့် ပြောနေရတာလဲ၊ ၊ ကြမ်းကြား လေကြား မတော်တဆ ကြားသွားမှဖြင့် ဓားတော်နဲ့ နီးလှသဗျ၊ တော်စမ်းပါ၊ ကိုရင်ကလည်း နည်းနည်းတော့ ကဲချင်တာ အမှန်ပဲဗျာ၊ စင်စစ်တော့ မယ်တော်ကြီးက ရွှေကိုယ်တော် အမှူးထားပြီ တစ်အိမ်တော် သားလုံး တပည့် ကျွေးကျွန်မှ စ၍ အစစ လူချီးမွမ်းခံရအောင် အပြစ်ကင်းကင်းစင်းလုံးချောချော ပြောစရာမမြင်အောင် နေထိုင်ကြစေချင်တဲ့ စေတနာနှင့် ဆုံးမသင် ဆုံးမထိုက်တဲ့ မယ်ဖျားမို့ သားတော်ကို စိတ်ရှုပ်ဟန်နှင့်-

" ဗျာ..........ဆုံးမတာနည်း ဆုံးမသွာပြီ၊ ဒါကိုပဲ ကျုပ်တို့ စိတ်မကောင်းအောင်ဟာ ရွှေကိုယ်တော် ဖျားက အရင်းအဖျား ပြန်လှန်ပြီး အမှန်တိုင်း တစ်ဆင့်မိန့်တော်မူပြန်တာ မကောင်းပါဘူးဗျာ၊ မသိလိုက် မသိပါနေရ အကောင်းသား၊ ခုတော့ ကျုပ်က ဆောင့်ကြွားကြွားဖြစ် နေတယ်လို့ပဲ"

ညည်းညည်းညူညူပြောလျှင်-

" အဲဒါ ကိုရင်တုတ် ဆင်ခြင်ဖို့ပေါ့၊ လူကြီးများဟာ ထော်လော်ကန့်လန့် ကြွပ်ဆတ် ဆတ်အမူအရာ၊ အပြောအဆိုမျိုးကို တယ်ပြီး နှစ်သက်ကြတာ မဟုတ်ဘူးဗျ၊ လူလိမ်မာသား ယဉ်ပါး ဆိုသလို ကိုရင်အမူအရာ ကိုရင်ပြင်နိုင်သမျှပြင်ရင် ကောင်းပါတယ်၊ ရွှေကိုယ်တော်"

ဖျားကတော့ ကိုယ်ပတည့်သားမြေး ကျေးကျွန်ခြံရံများကို သနားညှာတာ မျက်နှာသားပေ တော်မူထားရှာတာတော့ အမှန်ပဲ၊ ဒါကြောင့်လည်း ကိုရင်တို့ ကျုပ်တို့က ' ထောကထားလျှင် နှောင့်ယှက်၊ မြှောက်စားလျှင် ရောင့်တက်' ဆိုသလို ဇက်ရဲလက်ရဲ ဖြစ်နေကြတာကိုး၊ ကဲဗျာ လာပါ ဂဲဆောင်သွားပြီး အချိုပွဲကလေး စားချေရအောင်"

ဆိုလျက် မောင်မောင်ငယ်က မောင်မောင်တုတ်အား လက်ကုတ်၍ ခေါ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တုတ်လည်း မောင်မောင်ငယ် ခေါ်ရာသို့ စကားမပြော ထုံကျိဘောနှင့်လိုက် ပါသွားသည်တိုင်အောင် မကျေနပ်သေးသော မျက်နှာနှင့် တွေဝေစဉ်းစားလျက် ပါလာရာက ဂဲဆောင် ထဲတွင် မောင်မောင်ငယ်က အချိုပွဲမှ သစ်ကျားပျောက် ပန်းကန်ငယ်တစ်ခုကို ယူလျက် မြေခရားတွင် အငွေ့ အငေ့သားနှင့် နပ်သားသည့် လက်ဖက်ရည်ကြမ်းကို ငုံ့ထည့်လိုက်ပြီး မောင်မောင်တုတ်ဘက်သို့ ကမ်းပေးတာ-

" ကဲ........ကဲ.......ကိုရင်တုတ်ရဲ့ လုပ်ပါဗျ၊ ရွှေဖီညွန့်အရသာကလေးကို အာရုံခံစစ်ဦး၊ ကျုပ်ကတော့ ကိုရင့်ပင်ကျရေတို့ ၊ နေကျော်တို့ကို အရသာမခံတတ်ဘူး၊ ဟော....ဒါကလေးကို အချိုပွဲကလေးနှင့် မြည်းရှုလျှင် အင်မတန် စည်းစိမ်ကြီးတာကလား၊ ရော့......ဟောသည် (*) ခနံထုပ်ကလေးလည်း စားစမ်းပါဦး"

ပြောသည်ကိုတိုင်အောင် မောင်မောင်တုတ်မှာ ပေးသောပန်းကန်ကို လှမ်းယူလျက် ရှိစေကာမူ မျက်နှာကား မကျေမနပ်ကြီးပင် အတွေးကျွံသလို ငေးလျက်ရှိရာက သက်ပြင်းကြီးတစ်ချက် ရှိုက်ချ လိုက်ပြီး လျှင်

" ပြီးတော့ဗျာ၊ 'ခုပဲ စာကလေးကြော်၊ ခုပဲ ဆီထမင်း၊ ခုပဲ ရင်ကြောတင်း၊' ဆိုသလိုကျုပ် တို့ ရွှေကိုယ်တော်ဖျား မိန့်တော်မူပုံများ စဉ်းစားစမ်းပါဦး၊ အလှူတော်မပေးခင်တုန်းကတော့ ကောင်းပြီ ကောင်းရဲ့နှင့် ဟော.......... အခု အလှူတော် ဟိုမရောက်မှ ရွှေစိတ်တော်တစ်မျိုး ဖောက်ပြီ နောက်ဆုတ် တော်မူယောင်ယောင်၊ ကွေ့ကွေ့ရှောင်ရှောင်နှင့် တောင်တောင်မြောက်မြောက်ဖြစ်တော် မူလာပြန်ပြီ၊ ဒီဆီထိ ခရီးဆိုက်အောင် ကျုပ်တို့တစ်တွေ အားစိုက်ကြိုးပမ်း အမှုတော်ထမ်းခဲ့တာကိုပဲ အပြစ်ဆိုတော် မူချင်သလိုလို ကိုဖေငယ်ရဲ့"

ငယ်။ ။ " ကျုပ်လည်း သိပါတယ်ကိုရင်ရဲ့၊ လိုရင်းက ဒီလိုပါလေ၊ အရှင်စုဖုရားထံတော် ကကြည်သာ တော်မူပါပြီ၊ သဥ္စြောင်းစောင်းသို့ ကြွလှမ်းထွက်ချီတော်မူခဲ့ပါလို့ အလှူတော်ပြန် တဲ့အခါ ကျုပ်တို့ ရွှေကိုယ်တော်ဖျားက နှစ်ပါးတွေ့ဆုံတော်မူရမှာတွေးပြီး ကြောက်ဒူးများတုန်တော်မူ နေသေးလို့ ခပ်လေး လေး အချိန်ဆွဲတော်မူချင်ရတဲ့ အထဲမှာ မယ်တော်ကြီးကထွက် တော်မူလာပြီး ဘာဘာညာညာ ဟိုနယ် ဒီနယ်တွေ ရှုပ်ပွေလို့သွားအောင်ဆုံးမ သွန်သင်တော်မူ သွားပြန်တဲ့အတွက် အကြောက်မှာ အရွံ့ဖက်ပြီး မစွန့်စားရက်နိုင်အောင် သွေးကြောက်တော်မူ သွားပုံရပါတယ်၊ ကျုပ်တို့သခင်က အင်မတန် ရိုးတော်မူတာ ကိုရင်လည်း အသိသားပဲ၊ အခြား မင်းသားတွေ လိုသာများဖြင့် ကျုပ်တို့ကျေးကျွန်များက ခြေတော်ကို ဖက်ပြီးတားဦး အတင်းရန်း ပြီးစွန့်စားတော်မူမှာပဲ"

တုတ်။ ။ " ဒီလိုဖြင့်လည်းဗျာ အစက ဘာဖြစ်လို့ ချစ်တော်မူသေးတုံး၊ ခုလိုတွေးတွေးပြီး ဘေးက ချောက်တိုင်း လန့်တော်မူရင်လည်း.........."

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။ " သြော်......ကိုရင်နယ်၊ ချစ်တော်မူတာကတစ်လမ်း၊ စုဖုရားအဆောင်တော် ဖြန့်မြန်ရမှာကို ကျောချမ်း တာကတစ်လမ်းပဲ"

တုတ်။ ။" ကိုင်းဗျာ.........ကိုဖေငယ်၊ ကျုပ်တော့ ဒီကြောင်းနှင့်စပ်ပြီး နောက်ထပ်တော် ဖျားက စတင်ပြီး အမေးတော်မရှိဘဲ နည်းနည်းကလေးမှ မလျှောက်တင်ပါလေနဲ့၊ စုဖုရားကို ချစ်အားသန်စိတ်နှင့် စိုးရိမ်ကြောက်ရွံ့ နောက်တွန့်တော်မူလိုတဲ့စိတ်ကို ချိန်ခွင်လျှာ ဘယ်ဘက်သို့ယိမ်းမယ်ဆိုတာ အရိပ်အခြေစောင့်ပြီး ကြည့်နေရအောင်"

ငယ်။ ။ " အင်း......အဲဒါကောင်းတယ်၊ ကျုပ်တို့မှာ 'အကျိုးလိုလို့ ညောင်ရေလောင်း၊ ပတ်ထမ်းတွေ' ဆိုသလို မဖြစ်ရအောင် ဣန္ဒြေ ကိုယ်ရှိန်သက်ပြီး ရပ်တန့်လို့နေကြမယ်၊ ကိုရင်လည်းခပ်ငြိမ်ငြိမ်ကလေး ဟန်လုပ်ပြီး မခုတ်တတ်တဲ့ကြောင်လို ချောင်းခိုပြီး ခစားဗျ၊ တောင်ဥယျာဉ်တော်ကိုလည်း ရွှေကိုယ်တော် ဖျားက သွားချေမခိုင်းဘဲ မသွားစတမ်း"

တုတ်။ ။ "ဟုတ်တယ် ကိုဖေငယ်၊ ဒီအကြံဟန်ပါလေရဲ့ သူငယ်ချင်း၊ ကိုင်း........ဒီကနေ့ ကစပြီး သခင်နဲ့ကျွန် ' လွန်ပွဲကြီး'လုပ်ကြစို့၊ ဘယ်သူက ဖွဲကောင်းမကောင်း အကြောင်းပြကြရ အောင်"

ဆိုကာဖြောင်ခနဲ့ လက်ခမောင်းခတ်လိုက်သဖြင့် မောင်မောင်ငယ်က စိုးရိမ်စွာ တားဆီးလျက်-

ငယ်။ ။ " သြော်.........ကိုရင်တုတ်၊ တယ်ခက်တာကိုး၊ ကျုပ်တို့ အရွဲ့တိုက်တဲ့အကြံကို ရွှေကိုယ်တော် ရိမ်မိသွားရင် ငါ့ကို ပမာမခန့်ပြုရမလားလို့ ဓားတော်နှင့် သုကောင်းပြုလို့ လူ့ဘဝဆိုပြီး ပြုံးပြုံးကလေး သေတဲ့ မသာကလေးတွေ ဖြစ်ပါဦးမယ်"

တုတ်။ ။ " ခင်ဗျားလည်း တော်တော် ကြံကြံဖန်ဖန် ပြောတတ်တဲ့လူပဲ၊ ကဲလေ ခုနင်က ကျုပ်ပြောတဲ့ အတိုင်းသာ ကတိတည်ပါ၊ တောင်ဥယျာဉ်တော်လည်း ခိုင်းတော်မူဘဲ သွားကိုမသွား နဲ့၊ ဒီကိစ္စ ဒီအကြောင်း လည်း အမေးတော်မရှိဘဲ လျှောက်ကိုမလျှောက်နဲ့"

ငယ်။ ။ " ဟုတ်ပါပြီလေ၊ ဒီအတွက်တော့ စိတ်ချပါ၊ သြော်...........ဒါထက် အထိန်း တော်ကြီး ခင်ဘွားက ခုလိုအကြောင်းတွေ မသိရှာလေတော့ တောင်ဥယျာဉ်တော်ကို ကျွန်တော်တို့ရှိလိမ်မည့်အထင်နှင့် လာလာစောင့်နေလျှင် ဘယ်နှယ့်လုပ်မလဲဗျ"

တုတ်။ ။" ဘယ်နှယ်မှ မလုပ်ရပါဘူး၊ ကိုရင်ရဲ့၊ ဟိုကလည်း ဘယ်နည်းနဲ့မဆို ပြန်းခနဲ့တော့ လာဦးမယ်မဟုတ်ပါဘူး၊ စိတ်ချပြီး အေးအေးနေပါ၊ စုဖုရားထံက အကြောင်းပြန် မည်အချိန်နှင့် ကိုယ်တော်ဖျားက ဟန်မလုပ်နိုင်လို့ ' ဟဲ့.........တုတ်လို့ ငဖေငယ်တို့ အထိန်းတော်ကြီးနဲ့ တွေ့ရအောင် တောင်ဥယျာဉ်တော်ကို မသွားကြဘူးလားကွဲ့' လို့စတင်ပြီး မေးတော် မူရမည့်အချိန်နှင့် တစ်ပြိုင် တည်းလိုလို အခါတော်ရပါတယ်"

www.burmeseclassic.com

ငယ်။ ။ " ကောင်းပါပြီဗျာ၊ ဒါဖြင့် ရှေ့လျှောက်လို့ ရက်အတော်ကြာ ကျုပ်တို့ အမှုတော်ထမ်းစရာ အလုပ်ဂတ္တရားတွေ နည်းဦးမှာပဲနော်၊ ခုလိုအားလပ်တဲ့အခါ အမိန့်တော်ခံပြီ မြို့ထဲက ဆွေးမျိုးများအိမ် ခေတ္တသွားပြီး လည်ပတ်ချေဦးမှပဲ"

ငယ်။ ။ " ကိုရတ်က တယ်ကိုချင်းစာသကိုးနော်၊ ကျုပ်သွားမှက ရိုးရိုးသားသားပါ ဗျာ၊ ကိုရင့်လို ရှုပ်ရှုပ်ယှက်ယှက် မဟုတ်ပါဘူး"

တုတ်။ ။"စကားနောက် တရားပါအောင် မပြောပါနဲ့၊ ကျုပ်က ဘာများရှုပ်ရှုပ်ယှက်ယှက် ရှိလို့ကလဲ နဂိုကမှ နာမည်ပျက်ချင်ချင် ရှိရတဲ့ အထဲမှာ ကိုရင်က ဒီလိုမပြောပါနဲ့ဦးဗျ"

ငယ်။ ။ " ကျုပ် ရိုးရိုးသွားတာကို ထင်ရှားစေချင်တာနှင့် ပြောတာပါ ကိုရင်ရ၊ ကိုရင့်ကို နစ်နာအောင် နိုပ်စက်ပြောခြင်း မဟုတ်ပါ၊ ခင်ဗျားသွားလာလည်ပတ်တဲ့အခါလည်း ပင်ကျရေရှိတဲ့ နေရာ၊ မိန်းမပျို ချောချော ကလေးတွေ ရှိတဲ့နေရာ၊ ဒါနှစ်ခုပဲ တဂဲလယ်လယ် ပဋိစ္စသမုပ္ပါဒ်၊ ချားရ ဟတ်သဖွယ် တွေ့ရလွန်း လို့"

တုတ် ။ ။" ဒါဖြင့်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေတော့လေ၊ ကိုရင်သွားပြီလည်ပတ် မည့်အိမ်မှာ အပျိုချောချော ရှိသလား၊ လိုက်ကြည့် ကျုပ်ကိုခေါ် သွားပါဗျာ"

ငယ်။ ။"အမယ်လေး..........လျှာရှည်လိုက်လေ ကိုရင်ရာ၊ ကျုပ်တို့ ဆွေမျိုးတွေအိမ်ပါ၊ ခင်ဗျားကျုပ်နဲ့ အထက်တုန်းက လိုက်ဖူးသားတွေပဲ၊ အပျိုချောချော ကျုပ်ကို တူရင်းသားရင်ကဲ့သို့ များစွာ ချစ်ခင်ရှကြတဲ့ ဒိုင်းဂန်ကတော်ကြီးတို့ထံလည်း ဂင်ရဦးမယ် ကိုရင်ရဲ့"

တုတ်။ ။ " နေပါဦးဗျ၊ ခမ်းပတ်မင်းကြီး၏သား ဒိုင်းဂန်ဘိုးကြီးကို ပြောသည်မဟုတ်လား"

ငယ်။ ။" ဟုတ်တယ် ကိုရင်ရဲ့၊ ဘဂရင်မင်းတရာကြီးဘုရား ရွှေလက်ထက်တော်တော် မှာသူကောင်း ပြုတော်မူတဲ့ ခမ်းပတ်မင်းကြီး၏သား ဒိုင်းဂန်မင်း ဦးဘိုးကြီးပါ၊ ဒိုင်းဂန် ဒီတစ် ယောက်ပါပဲ"

တုတ်။ ။ " ကိုရင်တို့နဲ့ ဘယ်လိုနွယ်ပြီး ဆွေမျိုးတော်ပါသလဲ"

ငယ်။ ။ "ဆွေမျိုးမတော်ပါဘူးဗျ၊ ဒိုင်းဂန်မင်းနှင့် ဒိုင်းဂန်ကတော်ကြီးမှာ သားသမီးတစ် ယောက်မျှ မထွန်းကားလေတော့ ကျုပ်ကို ငယ်စဉ်ကတည်းက တူးသားရင်အချာလို အင်မတန် ချင်ခင်

www.burmeseclassic.com

www.burmeseclassic.com

အလိုလိုက်ခဲ့ရှာပါသည်၊ ယခုလည်း တွေ့လေမှဖြင့် သား၊ သားနှင့် အင်မတန်မှ ချစ်ခင်ယုယရှာပါတယ်၊ ကျုပ်က ရွှေကိုယ်တော်ဖျား အပါးတော်မှာ ခစားထမ်းရွက်ရသည်နှင့် မသွားမရောက်ရတာ၊ အတော်ကြာ တာနှင့် သွားမယ်လို့ပါ"

တုတ်။ ။" ဩော်........ဒီလိုလားဗျ၊ ဒါနဲ့ ခုမှ သတိရတယ်၊ နေပါဦး ကိုရင်ရဲ့၊ ဒိုင်းဂန်မင်းလင်မယားမှာ သားသမီး မရှိဘူးလား၊ ဟာ........မဟုတ်သေးပါဘူး၊ ဟိုလွန်ခဲ့တဲ့ နှစ်နှစ်လောက် ကလေ ရွှေကိုယ်တော်ဖျား ရှေးဦးစွာ ပထမပြန်ဆိုတော်မူတဲ့ နှစ်ကပဲလေ၊ မှတ်မှတ်ရရ ဒိုင်းဂန်မင်းကသူ့သမီးကလေး ခင်ကြီးကို နားထွင်းမင်္ဂလာပြုလုပ်လို့ ကျုပ်တို့တောင် ညကြီးသန်းခေါင်း သူ့တို့တောင်ပြင်ရပ်က သာပြောတို့ ရုပ်သေး ကြည့်ပြန်ခဲ့ကြသေးတာ မှတ်မိပါတယ်၊ သမီးက လေးရှိတယ်၊ ငယ်ငယ် ကလေးပါ၊ လုကလုသနဲ့ ဘယ်ကလာပြီး သားသမီး မရှိရမှာတုံးဗျ"

ငယ်။ ။ " ကိုရင်က ကျုပ်ထက် မသိချင်စမ်းပါနင့်ဗျ၊ သူတို့သမီးအရင်းမဟုတ်ပါဘူး ဒိုင်းဂန်ကတော်ကြီးက ကလေးမရရှာဘူး၊ ဒါကြောင့် ကျုပ်က မွေးပါရစေ၊ အပိုင်းပေးပါတောင်းတာ၊ ကျုပ်မိဘက မပေးလို့ အငှားချစ်ခဲ့ရတယ်၊ နောက်တော့ ကျုပ်ကလည်း ယောကျာ်းကလေးဆိုတော့ပညာသင်ရ၊ မင်းမှုထမ်းရွက်ရနှင့် သူတို့အနားကပ်ပြီ မနေနိုင်လေတော့ တိုးတိုးဖော်သမီးကလေး တစ်ယောက်လိုချင်လို့ ရှာနေတုန်းမှာ အဲဒီ ဒိုင်းဂန်ကတော်ကြီးရဲ့ မောင်အရင်းဖြစ် တဲ့ ဇနက် ပလာဆင် ဂန် ဦးဘိုးတင်ရဲ့ မယားတစ်ယောက်မှာ အဆင်းပြင်လျာနှင့် ပြည့်စုံတဲ့ သမီးချောကလေးတစ်ယောက် ဖွားမြင်လာတယ်၊ ဒိုင်းဂန်ကတော်ကြီးနဲ့ဆိုတော့ တူမအရင်းကလေးပါပဲ၊ အဲဒီကလေးမလေးကို အပြီးအပိုင် တစ်ခါတည်း တောင်းယူပြီး မွေးစားထားတာပါဗျ၊

မွေးစားတယ်သာဆိုရပါတယ်၊ ဂန်ကတော်ကြီးက မွေးစားတဲ့ သမီးမှန်းကို ကျုပ်တို့လို ရင်နီးတဲ့ သူများသာ သိရတယ်၊ တစ်ရံဆံဆိုလျှင် သူကိုယ်တိုင်မွေးတဲ့ ရင်သွေးကလေးမ ကသိုလ်ပဲဗျာ၊ လင်ရော မယားရော ချစ်လိုက်ကြတဲ့ ဖြစ်ခြင်း တုန်လို့နေပါရော၊ ဟိုတလောက ကြီးကြီးကျယ်ကျယ် နားထွင်းမင်္ဂလာပြုလုပ်ပြီး ခင်ခင်ကြီးလို့ အမည်ပေးထားတယ်၊ ကလေး မလေးက အင်မတန် ချောလို့ ချစ်စရာလည်း တယ်ကောင်းတယ်၊ ကိုရင်ရဲ့ ကျုပ်သွားမှဖြင့် အစ်ကိုကြီးနှင့် မောင်ကြီးအရင်းလို အင်မတန် ချစ်ခင်ရှာပါသည်၊ ချောသလောက်လည်း လိမ္မာတဲ့ ကလေးမပဲဗျ"

တုတ်။ ။ " ဩော်......ဒီလိုလား၊ အင်း ဒါနဲ့ ယခု ဒီကလေးမလေး အတော်ကြီးလာရော့ မယ်၊ အပျိုပေါက်အရွယ်ကလေး ရှိရောပေါ့နော်၊ ဩော်......ခပ်ငယ်ငယ် လွန်ခဲ့နှစ်နှစ် သုံးနှစ်လောက်ကတော့ သျှောင်ပေးစူးကလေးနှင့်ပင် အတော်ချောတယ်၊ ခုတော့ ပြောစရာ မရှိလောက်ပေါ့နော်၊ ကိုရင်၊ ဟဲ.....ဟဲ နမချောရဲ့ မောင်ဆိုတော့"

ငယ်။ ။"ဘာလဲဗျ စပ်ဖြိဖြိနဲ့၊ ကျုပ်နမကလေးကိုများ ပြစ်မှားချင်းသေးလို့လား လူချင်း ချစ်ပေမဲ့ ဒီနမကလေးတော့ မပြစ်မှားမိစေနဲ့ ကိုရင်၊ ဟဲ.......ဟဲ နမချောရဲ့ မောင်ဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ ။ " ဟဲ....ဟဲ၊ ငယ်သေးရင်လည်း စောင့်နိုင်ပါတယ်ဗျာ"

ငယ်။ ။" ဟော.......ကဲလာပြန်ပြီ၊ ဟော့ ကိုရင်တုတ်၊ ငါ့ကိုမုန်းရင် တစ်နေ့လုံး ထိုင်ဆဲ ချင်းဆဲနေပါကွာ ငါ့နမကလေးထိရင်တော့ မရှိဘူးကွ"

တကယ်ပင် ဒေါမောပါကာ မျက်နှာနီရဲရဲနှင့် ပြောသောကြောင့် မောင်မောင်တုတ်က ခပ်သောသော ရယ်ပစ်လိုက်ကာ -

" အမယ်မင်း.......... ကိုရင်နယ့်၊ တယ်လည်း ဒေါသကြီးလိုက်ပါလား၊ ဟား..... ဟား..... ဟား အလကား ကြည်စားတာပါဗျ၊ နမအရင်း မဟုတ်သေးဘဲနှင့်တောင် ယခုလောက် သဝန်ကြောင်တာ အရင်းများ ဆိုရင် ထမျှားသတ်မလား မပြောတတ်သေးဘူး"

ပြောမှ မောင်မောင်ငယ်က ရယ်ဖော်ရလာကာ-

" ဟာ .......ကိုရင်လည်း ဒါကလေးပဲ အရင်းလို ချစ်နေတာဗျ၊ ကျုပ်စိတ်က ကတယ့်အရင်းအချာထင်ပြီး ချစ်နေတာထက် ခင်ကြီးကလေးက ပိုပြီးချစ်ခင်နေရှာသေးတယ်၊ ဒါတွေတွေးမိလေ သနားလေ ချစ်လေ ကိုရင်ရဲ့"

တစ်ယောက်တစ်ပြန် စကားတန်းရှည်နေကြစဉ် အဆောင်ကိုင်းမှူးနှင့် လူပျိုတော်သားအာ ချို့တို့ ပွဲတော်အုပ်များ သိမ်းလာကြသည်ကို တွေ့ရသောကြောင့်

" ဟော.........ပွဲတော်တောင် ကျလာပြီ၊ လာ.....လာ......ကျုပ်ပါတို့လည်း အချိုပွဲဆက်ပြီး (**) ပွဲတော် ကျ ကို စားကြချေစို့" ဆိုကာ နှစ်ယောက်သား အဆောင်တွင်းမှ ထွက်လာကြလေ၏။

(*) ခနဲ့ထုပ်မှာ ဘဲဥနှင့်ဆန်မှုံ့ကို ပါးလွှာသော အပြားငယ်များပြုလုပ်၍ အတွင်းမှ ကြက်၊ ဂဏ်၊ ပုဇွန်ကြိုက်ရာ အသားကို ဌပနာ၍ အထုပ်ငယ်သဏ္ဍာန် ကြော်ထားသည့် စားဖွယ်မုန့်တစ်မျိုးကိုခေါ်သည်။

(**) မင်းညီမင်းသား၏ ပွဲတော်ကျများကို အရေးပါ အရာရောက်၍ အရှင်သခင် အထူးသူကောင်း ပြုမြှောက်စား ထားသူများသာလျှင် စားရရိုး ထုံစံရှိသည်။ မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့မှာ လည်း သီပေါမင်း ထံပါး၌ အထူးချစ်ခင် မြှောက်စားထားသော ကျွန်တော်မျိုးများဖြစ်၍ ပွဲတော်ကျကို အမြဲ စားသောက်ကြရသည်။

အခန်း (၁၈) နက်ဖြန်

အခန်း(၁၈)

www.burmeseclassic.com

www.burmeseclassic.com

မြပတီမင်းကြီးရေးသားသော ကိန္နရီချောင်းခြားငယ် သီးချင်းခန့်

"အာကာယံတဲ စံမြဲမြန်းလို့ နန်းဖန်ဆောင်လှိုင်း၊ ရွှေတိမ်တောင်၊ စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီး သာခေါင်၊ မှိုင်းဝေဆာမှောင်၊ မြအရောင်လို တစ်တောင်လုံး ရွှာမည့်ဟန်လို၊ မိုမိုဆင်လာပါ ဆိုင်းထွေထွေ၊ မှိုင်းဝေဝေ သဲခုံပေါ် ငွေပုလဲလိုကုံး၊ ဆည်းဆာညံ့ညံ့ ဖန်လာ၊ တောဟေဝန္တာ၊ တောင်ဂန္ဒာ၊ မာလာဂန္ဓာ၊ နတ်ကယ် ဖန်တော် နန်းငယ်နန္ဒာမူ၊ မဥ္ဇူရွှေရောင်လှိုင်ရနံ့မွှေး၊ ယူဆောင်လေညင်းသွေး၊ ကျေးလုံးညီညီပြာ ပေါင်စိမ်းလဲ့ငွေ ရောင်၊ ဖြန့်ရွှေတောင် ပုလဲကူတနဲထူး၊ မြိုင်ဦးရဂုံမှာ၊ မှောင်မှောင်သာ မိုက်ပါလို့ ပိန်းပိုက် ကာ ရွှာသလေ တိမ်တိမ်ညို ကြောငယ်က၊ ပန်းဖြေလှုံကာ၊ လဲ့လဲ့ငယ်ပြာပြာ၊ တောင်ရိပ်ကယ်သာ၊ မြိုင်ကြီး တေဟေမာ၊ လမ်းဘယ်ညာငယ်လေး၊ မိလ္လာငယ်ရောင်မြန်း၊ ပန်းတော်ဆွတ်သည့်ပန်း၊ ညွှန့်ရှင်လူလန်း၊ ပင်နန်းငယ်သပြေ၊ သီးမှည့်ဇမ္ဗုရွှေစီး၊ ရေ၊ မြ အဆင်း၊ သောင်ငွေပုလဲခင်း၊ အို၊ ရင်တွင်း တုန်လှုကံ၊ မြင်ဖူးကြုံရပြန်၊ နတ်ကယ်ဘန်၊ မှန်မည်ဖြစ်မြဲ ပေပလေ၊ ဆက်သရာဖူး ရွှေစာရွှေထွင် ဆိုင်းလို့လေး၊ ရေးရုပ်သွင်၊ ပါးတွင် ကွယ်ထင်ရှိလို့၊ မြင်မိယောင်သား၊ ရွှေသုံးရံကာတဲ့၊ ရွှေမျက်နှာတော် တာဂန်ငယ်ကို၊ နောင်... ထွန်းပေ,လား။

အထိန်းတော်ကြီး ခင်ဘွားသစ်မှာ တောင်ဥယျာဉ်တော်မှ မောင်မောင်တုတ် မောင်မောင်ငယ်တို့နှင့် တွေ့ဆုံ၍ သီပေါမင်းသား၏ ရွှေလွှာတော်ကို ယူဆောင်လာခဲ့ရ သော်လည်း အလွှာတော်တွင် ပါရှိသော စကားအဓိပ္ပာယ်တို့မှာ အခါတိုင်းကဲ့သို့ မဟုတ်ဘဲ ထူးကဲသော အချက်များ ပါရှိရုံမက ထိုကိစ္စကို စိတ်ချက် ကျေကုန်စွာ အမှုတော်ထမ်းပါမည် ဟု အာမဂန်တာခံလိုက်သည့်အတွက်ကြောင့် စုဖုရားလတ် အား အချက်မိမိ အကွက်စိစိနှင့် သိလိုသောအဖြေကို ရနိုင်အောင် စိတ်တော်ညွတ်နူး ပျော့ပျောင်း လာစေရန်၊ အတန်တန် သွေးဆောင်ဖြားယောင်းပြီးမှ အလွှာတော်ပါ အဓိပ္ပာယ်အနက်ကို ကွယ်ပှက် ထိန်ချန်တော် မမူစေလိုသဖြင့် မိမိပါ အသိလုပ်ပြီး ခရီးရောက်အောင် ဆက်သလိုသောကြောင့် စုဖုရား လတ်အား အမျိုးမျိုး ချော့မော့ဖျောင်းဖျမှန်းမသိ ချော့မော့ ဖျောင်းဖျရင်း အပျင်းတော်ပြေ အထက်ပါ ကိန္နရီချောင်းခြားငယ် သီချင်းခန့်ကြီးကို ကိုယ်တိုင် စိတ်ရှည်ရှည်နှင့် သီဆိုလျက် အငြိမ့် အပျိုတော် ကလေး ခင်သက်ကို တီးကွက်မြိုင်မြိုင်နှင့် စောင်းကောက် ပွေ့ကိုင်တီးစေသည်တွင် စုဖုရား လတ် လည်း သီချင်းကြီး နှင့် အတီးကို စိတ်ဂင်စားစွာ နားဆင်တော်မူလျက် ရှိလေ၏။

သီချင်းဆုံးလျှင် ခင်ဘုန်းကို စုဖုရားလတ်က အပါးတော်သို့ ခေါ်တော်မူပြီး

"ကိုင်း ... သစ်သစ်ဆိုတဲ့ သီချင်းကြီးလို စုစု နားဆင်တော်မူလို့ နှစ်သက်မဲ့ သီချင်းကြီး တစ်ပုဒ်ကို ခင်ဘုန်းကဆို ခင်သက်ကတော့ စောင်းကောက်တီးမြဲတီး စုစု အချစ်တော် သစ်သစ်ကြီးကတော့ ယင်းတော်တို့ကတဲ့ ယိုးဒယားက ပုံအတိုင်း ကျကျနန စုစုကို ကပြီး ပြပါ"

www.burmeseclassic.com

မိန့်တော်မူရာ ခင်ဘွားသစ်ကြီးမှာ ဆိုရှုံသာ ဆိုတတ်သူဖြစ်၍ က,ရန်မှာမူ အတော်ပင် ဂန်လေးလျက်ရှိသောကြောင့်

သစ်။ ။"စုထားဖုရားရဲ့၊ ကြီးထောင့်ကြီးမားနှင့် သစ်သစ် မကပါရစေနဲ့၊ သီချင်းထပ်ဆိုရ မှာဖြင့်ဆိုပေးပါရစေ"

စု။ ။ "အို ... သစ်သစ်ကလည်း သစ်သစ် က,တာကိုမှ စုစုက ရှုစားတော်မူချင်တာကို"

သစ်။ ။ "ကလေးတွေထဲမှာ ကြီးထောင့်ကြီးမားနဲ့ မဟားတရား မလုပ်ပါရစေနဲ့ပ စုထားဖုရားရဲ့၊ လူမြင်ရင် ရယ်စရာကြီး ဖြစ်နေပါလိမ့်မယ်"

သစ်။ ။"ဒါဖြင့် စုထားဖုရားနှင့် သစ်သစ် နှစ်ယောက်တည်းရှိမှ ကပြပါရစေ၊ ဒီကောင်မလေးတွေကို သီချင်းအဆိုခိုင်းတော်မူဦးမှာဖြင့် ခိုင်းတော်မူပါ၊ သူတို့တစ်တွေဆိုလို့ တီးလို့ ပြီးမှ အားလုံးအပြင်ဘက် ထုတ်ပစ်ပြီး သစ်သစ်ကိုယ်တိုင် အဆိုနဲ့တကွ ယိုးဒယား က,ရော၊ တလိုင်းက,ရော၊ ရှမ်းက,ရော၊ ဟန်အမျိုးမျိုး စုံအောင် က,ပြပါမယ်၊ ကွန္ဒလိဒ္ဒနှင့် ဟနမာန်တိုက်ခန်းလို ခပ်ကြမ်းကြမ်း ကလေးတစ်မျိုး၊ မောင်ရင် စံတုတ်တို့ လက်ချိုးသလို ယိုးဒယား အနအယဉ်အက,တစ်မျိုး မရိုးအောင် အမှုတော်ထမ်းပါမည် စုထားဖုရား"

စု။ ။ "ဒါနဲ့နော် သစ်သစ်၊ နောက်တော့မှ မကချင်ပါဘူး၊ ရှက်ပါသလေး၊ ဘာလေးနဲ့ မလုပ်ရဘူး၊ အဟုတ်ကို က, ရမယ်"

သစ်။ ။"မလိမ့်ပံ့ပါဘူး စုထားဘုရားရဲ့၊ ကဲ ... ကဲ ခင်ဘုန်းတို့ကို သီချင်းဆိုခိုင်းမှာသာ အရင်ခိုင်းတော် မူနှင့်ပါ"

စု။ ။ "ကိုင်း ... ခင်ဘုန်း ဆိုစမ်း"

အပျိုတော် ခင်ဘုန်းမှာ နဂိုကပင် အဆိုဂါသနာပါသူ ဖြစ်သည့်အားလျော်စွာ စုဖုရားလတ်ခိုင်းတော်မူရာ တွင် "ရေငတ်တုန်း ရေတွင်းထဲကျဘိ" အလား အချိန်များများဆိုရ စေခြင်းငှာ မယ်ဘွဲ့ဘောလယ် ပတ်ပျိုးသီချင်းကြီးကို စည်းဝါးကျနစွာ ဆိုလေရာ ခင်သက်ကလည်း လက်ကလေး ခပ်သွက်သွက်နှင့် တီးကွက်ကိုလိုက်၍ နေလေ၏။

လှိုင်မြို့စား အိမ်ရှေ့ထိပ်ထား ရေးတော်မူသော-
"မယ်ဘွဲ့ဘောလယ်ပတ်ပျိုး"

ကိုးမျက်ရောင်ပေ၊

www.burmeseclassic.com

www.burmeseclassic.com

သီဟာဆွေမြင့်မှာလ

မြူရှစ်ဆိုင်ဖွင့်ပါလို့ နောင်နှင့်စံ၊

ပြဟ္မာသဟံ၊

အောင်သံညွှန်းတယ်၊

သွန်း … တူဆက်ခံ။

အို … ရှုမအားနိုင်ဘု တစ်ပါးဟန်၊

သနားတော်ပိုရန်ကော့၊

ဖန်ဖန်ဆင်ကုံး၊

ဆယ်သချော်ဆုံးစေတော့၊

ဘုန်းတစ်မေ၊

အောင်ပန်းဘိသေ၊

နေနွယ်နတ်ကယ်၊

မျိုးဥက္ကင်္ဇဆွေ။

သည်လုတစ်ပါးပြင်ဖြင့်၊

ခြားမသွေ၊

နယ်ကုမ္ဘာလာစေတော့၊

သွေပေါင်ဘယ်နဲ့၊

ကမ္ဘာတိုင်ခွဲပါဘု၊

www.burmeseclassic.com

မြဲနှစ်ကိုယ်၊

နှောင်ငဲ့မေတ္တာ၊

ဂင်္ဂါသဲလို၊

ကဲဆထက်ပို။

　　ယုံတော်မူစမ်းပါတော့၊

နန်းပင်ကိုယ်၊

မှန်သစ္စာဆိုမယ်ပ၊

ငြိုမပြယ်ဘူး၊

နှောင်မဂွင်ကူးမယ်လို့၊

ဆူထူးဆင်၊

မရသည်မှန်စေတော့၊

နှောင်တစ်ဉာဏ်ဆန်းပေါင်၊

နန်းညာငဲ့ပြင်၊

　　သည်ဆွေလိုမြဲပါစေ၊

စွဲစိတ်တွင်

မြခြူးကြာညောင် သေဉ်မြင့်၊

သဇင်စက်အုံး၊

နွဲ့နိုင်ဆုံးငယ်ကဘုန်းနှင့်ရှယ်၊

www.burmeseclassic.com

www.burmeseclassic.com

သစ္စာတော်သွေဖီလို့၊

မတည်ကြည်ဆိုးရန်၊

စိုးပူမူကြွယ်။

ပန်းစုံသင်းတဲ့၊

ခင်းစက်လယ်၊

နှစ်နားကြည်ဖွယ်နှင့် စပါယ်ချိုခွန်း၊

တကယ်ညွှန်းပါမှ၊

ကျွမ်းသလိုဆွေ၊

ပတ္တမြားဂေဘူငဲ့၊

စံတစ်ဆူထူးကို

မှူးညာမြင့်နေ။

ဆွယ်ဘက်ရန်ရှားပါငဲ့၊

တစ်ပါးမေ၊

တော်လေးဂင်ညာမဟေသို့၊

နောင်သွေပေါင်ပဲ၊

ယဉ်ဟန်တော်ကဲပါဘိ၊

လှနဲစုံ၊

ဖြူရိပ်ကယ်ကြာ သေဥ်ညောင်က၊

www.burmeseclassic.com

www.burmeseclassic.com

တောင်ဆောင်တွေခေါင်ညာနေနတ်ကိုလေး၊

အားသတ်လို့ပုံ။

ခင်ဘုန်း သီချင်းဆုံးလျှင် စုဖုရားလတ်က ဆင်တော်မူထားသော လက်ဂုတ်တော်တစ်ခုကို ဆုအဖြစ် သနားတော်မူလိုက်ပြီးလျှင်-

"ခင်ဘုန်းဟာ အသံကလေးသာသာနှင့် အဆိုမှာလည်း အင်မတန် လိမ္မာတယ်၊ ခင်ဘုန်း အဆိုကောင်း သလောက် စောင်းကောက်ကို နိုင်နိုင်နင်းနင်း တီးနိုင်တဲ့အတွက် ခင်သက်ကိုလည်း လက်ဂုတ်တော် တစ်ခု သနားတော်မူရဦးမယ်"

မိန့်တော်မူပြီး ဆင်တော်မူထားသော လက်ဂုတ်တော်တစ်ခုကို ထပ်မံသနားတော်မူပြန်လေ၏။

ခင်ဘုန်းနှင့် ခင်သက်တို့လည်း စုဖုရားလတ်တော်နှင့်ကိုင်၍ ပေးသနားတော်မူသည့် ဆုတော်များကို အားရဂမ်းသာ ရှိခိုးခံယူကြလေရာ ပထမရှေးဦးစွာ အဆိုတော်ဆက်ရသော အထိန်းတော်ကြီး ခင်ဘွားသစ် က အားကျမခံ မျက်နှာထားဖြင့်

"အရှင်ထိပ်စုဖုရားက သစ်သစ်တော့ ပစ်ပယ်သလို ချန်ခြွင်းတော် မူထားပြီထင်ပါရဲ့၊ သစ်သစ်ရဲ့ အသံ လည်း ခင်ဘုန်းလို မနွဲ့တာတစ်ခုပါ၊ အရွယ်ကကြီးတာနှင့် ပွဲမမက်တဲ့ အမယ်ကြီးဆိုပြီး ဆုသနားတော်မူ လိုစိတ်များ ရှားပါးတော်မူနေပြီ ထင်ပါရဲ့"

မကြားတကြားပြောလျှင် ထိပ်စုဖုရားလည်း ပြုံးတော်မူလျက် အထိန်းတော်ကြီးဘက်သို့ ရှုစားတော်မူ ကာ-

"သစ်သစ်က စုစု ဘယ်လို ဆုတော်ပေးမယ်ဆိုတာ အစအဆုံး မသိသေးဘဲနှင့် အေးအေး စောင့်နေတာ မဟုတ်ဘူး၊ ခင်ဘုန်းနဲ့ ခင်သက်တို့က အလုည့်ပြီးသွားလို့ ဆုတော်သနားလိုက်တာပါ၊ သစ်သစ်က တကယ့်ခေါင်းဆောင် မင်းသမီးကြီးမို့ ဆိုမို့ ကဖို့တွေက အများကြီး ကျန်သေးတယ်၊ ဒီတော့ အဆိုအက ကိစ္စတွေ ပြီးစီးတော့မှ များများကြီး ဆုတော်ချမှာပေါ့၊ ကဲ … စောစောက သစ်သစ် ကတိခံထားတဲ့ အတိုင်း ယိုးဒယားအက၊ တလိုင်းအက၊ ရှမ်းအကမှစပြီး ဣန္ဒလိစ္စနှင့် ဟနမာန် စစ်တိုက်ခန်းအက ကလေးတွေပါ ခပ်ကြမ်းကြမ်း ကပြပေတော့၊ သစ်သစ် ကပြတာကို အပျိုတော်ကလေးတွေ မြင်မှာ စိုးရင် သူတို့ကို အဆောင်တော် အပြင်သို့ နှင်လို့လွှတ်လိုက်ပါမယ်"

မိန့်တော်မူသောအခါ အထိန်းတော်ကြီး ခင်ဘွားသစ်လည်း မိမိ၏ကတိနှင့် အခိုင်အမာ ပိတ်ဆို့ပြီး ဖြစ်ရကား ရှောင်လွှဲတိမ်းပါး စကားတွေ လိမ်မနေပုံ့ဘဲ စုဖုရားစိတ်ကောက်တော်မူသွားမည်ကိုလည်း တွေး၍ရွံ့ သဖြင့်-

www.burmeseclassic.com

www.burmeseclassic.com

"သစ်သစ်တော့ ဖြစ်ဖြစ်မြောက်မြောက် က,တတ်သည်မဟုတ်ပါ၊ စုဖုရား ရှုစားတော်မူလိုလို့သာ မတတ်တတတ်နှင့် ဖြစ်ကတတ်ဆန်း ကပြရပါတော့မယ်၊ ဒါပေတဲ့ အရွယ်ကကြီးမားတော့ ကလေးကလား လုပ်ရမှာ ရှက်လှပါတယ်၊ စုထားဖုရားရဲ၊ အပျိုတော်ငယ်တွေ ရှေ့မှာဖြင့် က,လို့ မပြပါရစေနှင့်"

လျှောက်ထားသည်နှင့်-

"ကဲ ... ကဲ ... ဒါဖြင့် အပျိုတော်တွေ တစ်ယောက်မှ အတွင်းဆောင်တော်မှာ မနေရအောင် ထုတ်ပစ်လိုက်ပါ မယ်၊ စုစု တစ်ပါးတည်းရှေ့မှာသာ ကပြပါတော့၊ ကိုင်း ... ခင်ဘုန်း၊ ခင်မကြီးတို့တစ်တွေ အားလုံး တစ်ဦး မကျန် အပြင်ဆောင်တော်ထွက်လို့ နေကြပေတော့၊ ဟောဒီ အမေကြီးက ရှက်သည်တဲ့၊ ဟိုအပြင်ဘက် ကလည်း ချောင်းကြည့်မနေကြနှင့်ဦး"

မိန့်တော်မူလိုက်သဖြင့် အပျိုတော်များလည်း တင်ပါဘုရားဆို၍ တစ်ဦးမကျန်အပြင်သို့ ယို့၍ ထွက်သွားကြရ လေရာ အဆောင်တော်အတွင်းတွင် စုဖုရားနှင့် ခင်ဘွားသစ်တို့သာလျှင် ကျန်ရစ်လေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း အဆောင်တော်တံခါးရွက်၊ ကျည်းရှင်နှစ်ဖက်ကို ရုတ်တရက် ပိတ်လိုက် ပြီး စုဖုရားအနီးသို့ တိုးကပ်ကာ-

"ကိုင်း ... စုထားဖုရား အမိန့်တော်အတိုင်း အထိန်းတော်ကြီး အကနှင့် အပျင်းတော်ဖြေဆက်ပါမည်၊ နှစ်သက်တော်မူတဲ့ အက,ကို အမိန့်ရှိတော်မူပါဖျ"

စု။ ။ "အီနောင်ဇာတ်ဖြည့် ယိုးဒယားသီချင်းတစ်ပုဒ်ဆိုပြီး ယင်းတော်တို့ က,သလို ယဉ်ယဉ်နနကလေး ရှေးဦးစွာ က,စမ်းပ သစ်သစ်ရဲ့

သစ်။ ။ "ဩော် ... တကယ့် အခက်ကြီးကစပြီး ကိုင်ရမှာပါကလား၊ အီနောင်ဇာတ်ဖြည့် ယိုးဒယား သီချင်းထဲက ဘာများရပါလိမ့်၊ စဉ်းစားပါရစေဦးဘုရား၊ အဲ ... အဲ ... သတိရပြီ၊

အီနောင်မင်းသားနှင့် ကိန္နရာမင်းသမီး ရေကန်တော်မှာ ရေကစားတော်မူတဲ့အခိုက် ကြာပတ်မှုံနှင့် ပစ်တဲ့ အခန်းကလေး သတိရပြီ ဘုရာ့"

စု။ ။ "အဲဒီ ... အခန်းကို စုစုလည်း ခပ်မေ့မေ့ ဖြစ်နေတယ်၊ ရေရေလည်လည်ရှိအောင် ဇာတ်ကြောင်း ပြန်ဦးမှပေါ့"

သစ်။ ။"ဒါဖြင့် နားဆင်တော်မူပေရော့ဘုရာ့၊ မံရာမင်းကြီး စိုးစံတော်မူတဲ့ မံရာပြည်ကို ခနှစ်ပြည်ထောင် စစ်သည်တို့ ပိုင်းနေတဲ့အခါ ကူရေပန်ပြည်ကြီးရှင် ကူရေပန်မင်းကြီးက သားတော် ဣန္ဒာပုဓ အီနောင် မင်းသားအား မံရာပြည်သို့ စစ်ကူစေလွှတ်တော်မူသည့်အတွက်

www.burmeseclassic.com

အီနောင်မင်းသားမှာ ဘထွေးတော် မိထွေးတော်များ စံတော်မူရာဖြစ်တဲ့ မံရာပြည်သို့ စစ်သည်တပ်သားပေါင်း မြောက်မြားစွာ ခြံရံလျက် ရတနာ ပေါက် ပြောင်ဆင်တော်ကို ပတ္တမြားက ကြိုးတင်၍ စီးနင်းထွက်တော်မူပြီး မံရာပြည်ကြီးကို ဝိုင်းဂန်းထား သည့် ခုနစ်ပြည်ထောင်သော မင်းများနှင့် စစ်သည် ဗိုလ်ထုများကို ချွံချွံရက်ရက် တိုက်ဖျက်လုပ်ကြံတော်မူ ခြင်းဖြင့် ရန်သူခုနစ်ပြည်ထောင်မင်းတို့ သေကြေ ပျက်စီးခြင်း သို့ရောက်ပြီး ကြီးစွာသော အောင်ပွဲရတော်မူပါသည်။ ထိုအခါ ဘထွေးတော်၊ မိထွေးတော်များဖြစ်တဲ့ မံရာပြည်ကြီးရှင်ဘုရားနှင့် မိဖုရားတို့က တူတော် အီနောင်မင်းသားကို အားရကျေးဇူးတင်တော်မူလှသဖြင့် မိထွေးတော် မံရာမိဖုရားကြီးက သမီးတော် နန်းကိန္နရာ မင်းသမီးအား အခေါ်တော်စေလွှတ်ပြီး

"သမီးတော် မိမိငဲ့၊ ကူရေပန်မောင်မောင်သည် ခုနစ်ပြည်ထောင်မင်းတို့ရံသည့်စစ်ကို သုတ်သင်၍ အောင်မြင် ရပေသည်၊ ကျေးဇူးလည်း အထူးကြီးလှသည်၊ ကူရေပန်မောင်ကြီးကို ရှိသေစွာ ကန်တော့လိုက်ပါဘိ"

မိန့်တော်မူတာနှင့် နန်းကိန္နရီ မင်းသမီးက မောင်တောင် အီနောင်မင်းသားကို ကန်တော့ရာ မင်းသား မင်းသမီး မျက်နှာချင်းဆိုင်မိတဲ့အခါ အီနောင်မင်းသားမှာ နှမတော်ကို စွဲလမ်းချစ်ခင်တော်မူသွားပါရော၊ မံရာ မင်းမိဖုရားတို့ကလည်း ကျေးဇူးများတဲ့ တူတော်တစ်ပါးရယ်လို့ အခွင့်အရေးများစွာ ပေးထားတော်မူလိုတဲ့ စေတနာအတိုင်း-

"တူတော်ပျော် သလို စံတော်မူပါ၊ တိုင်းတော်ပြည်တော်ကို ပြန်လိုတဲ့အခါမှ ပြန်တာပ"

ကျေကျေနပ်နပ်ကြီး မိန့်တော်မူကြပြီး နောက်တစ်နေ့ စစ်အောင်တော်မူခြင်း အထိမ်းအမှတ်အဖြစ်နှင့် ဟံသာက္ကဏ္ဍလာရေကန်သို့ထွက်၍ ဇေယျာဘိသိက်ခံလျက် ဦးဆေးသကြ်န်မင်္ဂလာ ပြုတော်မူကြရန် ဘုရင် နှင့် မိဖုရား၊ သမီးတော် နန်းကိန္နရာ၊ တူတော် အီနောင်မင်းသားတို့ စစ်သည်ဗိုလ်ပါ ခြံရံကာ ထွက်တော်မူလာ ကြပြီး နန်းကိန္နရာမင်းသမီးက အခြေအရံများနှင့် ရေကန်တော်မှာ ရေကစားတော်မူ နေတဲ့အခိုက် အီနောင် မင်းသား ဆိုက်ရောက်တော်မူလာပြီး ရေကန်တော်ထဲ သက်ဆင်း၍ ကြာဖက် တို့အတွင်း ပုန်းကွယ် ချောင်းမြောင်းကာ နန်းကိန္နရာမင်းသီး ရေကစားရာသို့ ကြာဂတ်မှုံ ကြာဂတ်ယက် တို့ကို ဆွတ်ချွေ၍ ပစ်တော် မူတဲ့အခန်းပါ သတိတော်ရပါစေဘုရာ့"

စု။ ။ "ခုလောက်ပြောရင်ဖြင့် သတိမရချင်လို့ နေပေရော့မလား၊ သစ်သစ်ကဲ့ ကိုင်း ... အီနောင်မင်းသား က ကြာဂတ်မှုံနှင့်ပစ်တော့ ဘာဖြစ်ပါသလဲ၊ က,ပါဆိုတာက မကချင်လို့ တမင်စကားရှည်နေတာ ထင်ပါရဲ့"

သစ်။ ။ "ဘာမှတော့ မဖြစ်ပါဘူးဘုရာ့၊ မက,ချင်လို့လည်း မဟုတ်ပါဘူး၊ နန်းကိန္နရီ ဘာမှမသိရှာဘဲ ရေကစား ရင်း ပန်းဂတ်မှုံတွေကျင်းပြီး သီချင်းသီဟန် ကဟန်တို့ကို ဇာတ်တော်ကြီးဟန် အက,အတိုင်း က,ပြချင်တဲ့အတွက် ပလ္လင် ခံနေတာပါ၊ စုထားဖုရားက သတိမရဘူး မိန့်တော်မူတာနှင့် အစအဆုံး သိတော်မူပါစေတော့လို့ အရင်းကလှန်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အီနောင်တစ်ဇာတ်လုံး အံ့နေရတာပါ၊ ကိုင်း ... ဘုရား၊ ကြာပါတယ်၊ ဆိုတော့, ကတော့မယ်ဘုရာ့ ရွှေလိပ်ပြာ မခုန် အောင် ရွှေရင်အုံကို လက်စုံနင့်ဖိပြီး သတိနင့် သာ ရှုစားတော်မူပါရော့"

ဆိုကာ အီနောင်ဇာတ်လာ 'မံရာခန်း'မှ နန်းကိန္နရာ မင်းသမီး ရေကန်တော်ထဲတွင် ရေကစားရင်း ကြာပတ်မှုံများ ကောက်ခြွေပျော်မြူးဟန် အက,မျိုးနှင့် ဇာတ်ကွက်တွင် သီဆိုရသော အီနောင်ဇာတ်ဖြည့် ယိုးဒယား သီချင်း တစ်ပုဒ်ကို အောက်ပါအတိုင်း

(အို ... မြင်လှည့်စမ်း၊ သည်ပန်းရွှေလျှံ၊ သည်ရေသာရန်၊ ဘယ် ... ဘုန်းစီမံ၊ ကျုံကျုံလဲ့ဝင်း၊ ပျံ့သင်းလှိုင်ညီ၊ ကန်မင်းမန္တာကီ။ အို ... တွေးတတ်ပြီး၊ ကေသီကြော့ဖျား၊ နန်း-မှန်မြင့်ဖွား၊ သည်ကိုပါးငယ်၊ နတ်ကယ်ဖန်၊ ဉာဏ်ရော်လို့၊ ခုမျှော်လား၊ မိုးနတ်ကလွန်၊ ပူညွှတ်ရုံထင့်၊ မှုံရွှေဝတ်ကယ်မှာ ကျွေလွတ်လဲ့သား ...)

လေးလေးတွဲ့တွဲ့ ဇာတ်တော်ကြီးထဲက မင်းသမီးအတိုင်း သီဆိုရင်း ကိုယ်ကလေးယိမ်းနွဲ့ကာ ယိုးဒယားဟန်အကဖြင့် ရေချိုးဟန် ပန်းဝတ်မှုံကောက်ယူ ဖြန့်ကျဲဟန်မျိုးနှင့် က,လေလျှင် ထိပ်စုဖျားရား ကလည်း အထိန်းတော်ကြီး မက,တတ် က,တတ်နှင့် က,ပြသည်ကို နှစ်သက်သဘောကျ ဟန်နှင့် အသံထွက်အောင်ပင် ပြုံးရယ်ရှုစားတော်မူလျက် ရှိလေ၏။

အထိန်းတော်ကြီး ကလည်း ဆိုရင်း က,ရင်းနှင့်ပင် အဆိုအကတွင် စိတ်ဝင်စား ပျော်ရွှင်လာဘိအလား စကားလုံး တွေ များလာပြီး-

"ကိုင်း ... တစ်မျိုးပြီးသွားပါပြီ စုထားဖုရားရဲ့၊ နန်းကိန္နရာ မင်းသမီးစံရာ အဆောင်နန်းသို့ အီနောင်မင်းသား စွန့်စား ဝင်တော်မူတဲ့အခန်းကလေးကို ရှုစားတော်မူပါဦး၊ ဒီလိုကိုးဖျ အီနောင်မင်းသား ခမည်းတော် ကူရေပန်မင်းကြီးက ညီတော် ဒါဟာမင်း၏ သမီးတော်ပွတ်စပါးနှင့် မောင်နှမချင်း ဂမ်းတွင်းကတိ ထားတော်မူကြပြီးကိစ္စကို အခြားသော ဆွေတော် မျိုးတော် ထီးဆောင်နန်းနေ အပေါင်းတို့က သိကြပြီး ဖြစ်တဲ့အတိုင်း နန်းကိန္နရာ မင်းသမီးက မောင်တော် အီနောင် မင်းသား တိမ်ညွှတ်တော်မူတာ သိတော်လည်း လက်မခံပံ့သဖြင့် ကွေ့ရှောင်တိမ်းဖယ်တော်မူလျက် နေသည်ကို အီနောင်မင်းသားက မရမက ကြိုးပမ်းတော်မူသော်လည်း ရုတ်တရက် နီးတော်မမူရဘဲ နန်းကိန္နရာ မင်းသမီး၏ အထိန်းတော်၊ အပျိုတော်များ လော်လည်မှုဖြင့် နန်းကိန္နရာမင်းသမီး လက်နင့်ယာသည့် ကွမ်းယာတော် ပန်းလွှာညှိ ရုံတော်များကို ရရှိတော်မူထားရုံမျှနှင့် ကျေနပ်တော်မမူနိုင်သဖြင့် မံရာပြည်ကို နောက်တစ်ကြိမ် အရောက် သွားပြီး နန်းကိန္နရာ မင်းသမီး အဆောင်တော်ထဲသို့ သန်လျက်ကြီးဆွဲပြီး တစ်ခါတည်း ဟောသလို ဝင်တော်မူလာပါလေ ရောဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ လက်တစ်ဖက် သန့်လျက်ကိုင်ဟန်၊ လက်တစ်ဖက်က ပုဆိုးစ မ,ဟန်ပြုလျက် ယိုးဒယား တေးသွား အလိုက်ကို ပါးစပ်ဆိုင်းချက်တီး၍ အဆောင်တော်ထဲ ဝင်လာဟန်ပြုလေ၏။ ထိုနောက် ကိုယ်ရှိန်သတ်ကာ-

"နေပါဦးဖျ ... ပြုံးတော်မူမနေပါနှင့်၊ အစအဆုံး အီနောင်ဇာတ်လုံးခင်းပြီး အပျင်းတော်ဖြေပါ့မယ်၊ အဲဒီလို အီနောင် မင်းသားက ညိုသော ဝတ်လဲတော်ပုဆိုးဆင်ပြီး သန့်လျက်ကြီးဆွဲလို့ အဆောင်တော်ထဲ ဝင်လာတော့ နန်းကိန္နရာ မင်းသမီး အဆောင်တော်မှာရှိတဲ့ အပျိုတော်တွေမှာ အံ့အားသင့်ပြီး အထိတ် အလန့်ကြီး ကြည့်နေရာက မင်းမြသားဆိုတဲ့ အပျိုတော်က ဒီလိုပြောသကိုး ဘုရား"

ဆိုကာ အပျိုတော်ဟန်မျိုး အတုခိုးလျက် ထိတ်ထိတ်ပျာပျာ ရှိဟန်နှင့် ရင်ကို လက်နှင့် ဖိပြီး သံနေ သံထားနှင့်

"အဲလို ... ဘယ့်နယ်လဲ၊ အို ... ရဲလေခြင်း၊ ရွှေသည်းလိုက်ခုန်၊ ရင်မှာပဲတုန်လှချည့် ကြုံလေရခြင်းမမရို့"

ဆိုတော့ မင်းမြည္ဘာဆိုတဲ့ အပျိုတော်ကလေးက အသံညောင်နာနာနှင့် တုန်လှုပ်ဟန် ပြုကာ။

"ဟုတ်ကဲ့လေ ... မမ ဘယ်ဆီကပါလိမ့်၊ ကြောက်လှချည့်၊ အလို ... အော်လိုချည့် ငိုရော့မယ်ဆိုရင်လည်း ဆိုလိုက်ပါ မမငဲ့"

ဆိုတော့ "မင်းမာယာဆိုတဲ့ အပျိုတော်တစ်ယောက်ကလည်း ဝင်တဲ့ပြီး နှုတ်သီးစွာစွာနှင့် ဒီလိုပြောပြန် တာကိုးဘုရာ့"

"အို ... မိမိရို့၊ အသက်ပင်ဖိုခဲ့ပြီ၊ ကြောက်ဖို့သည်မှာ ဖြစ်ပြန်လာလေခြင်း၊ ရာဇဝတ်ကို ပေါက်လွှတ်ကျင့်သူ၊ ဘယ့်နယ် လူပါလိမ့်၊ တမူတရာ၊ သူ့လက်မှာလည်း ဖြာဖြာရောင်လက်၊ စိန်သန့်လျက်နှင့် ခက်ပါပြီလား မအေရို့"

ဆိုတော့ မင်းအံ့စာဆိုတဲ့ ခပ်သွက်သွက် အပျိုတော်ကလေးက နှုတ်ခမ်းပါကလေးနှင့် ဝင်တဲ့ပြီး-

"အို ... မြင်ပါပြီ၊ မမလှလေခြင်း၊ အလို ... ဝတ်လဲတော်ညိုညိုနှင့် ဟို ... ကိုယ်တော်ပါကလား၊ လူများကြားရော့မယ်၊ သနားလှချည့်ငဲ့ မမရို့"

ဝင်တဲ့ပြီးပြောမှ အပျိုတော်တွေက ငြိမ်သွားပြီး၊ မင်းမာလာဆိုတဲ့ အပျိုတော်နဲပ ရေစမ္ဘာယ် ကတော်ဆိုတဲ့ အထိန်းတော် ကြီးက သစ်သစ်တို့လိုပ့ေါလေ၊ ထဘီနားဒယဉ်တိုက်နှင့် ထတဲ့လာပြီး-

www.burmeseclassic.com

"အလို ... တိတ်ပါစေ မိမိတို့။ ကူရေပန်မင်းသားပါ။ သူရောက်လာလို့ရှိသည်ကို အထူးကြံစရာ မလိုပါဘူး၊ ဖြစ်လိုရာ ဖြစ်ပါစေရော့။ တိတ်တိတ်သာ နောက်ဆုတ်၍ နေကြပါစို့"

"ပြောပြီး ဟောဒီလို ဟောဒီလို အသာကလေး ဒူးထောက်ပြီး နောက်ဆုတ်နောက်ဆုတ်နှင့် ရှောင်သွားကြပါရော စုဖုရား ဘုရားရဲ့"

ပြောကာ လူပါ ဒူးထောက်၍ နောက်ဆုတ်နောက်ဆုတ်သွားလျက် အဆောင်တော်နံရံအနီးရောက်မှ မတ်တတ်ပြန်ထ လိုက်လေ၏။ စုဖုရားလည်း ပြုံးအားသန်တော်မူ၍ နေရာမှ-

"ဟင် ... ဒါဖြင့် နန်းကိန္နရာ မင်းသမီးအပါးမှာ ခစားထမ်းရွက်နေကြတဲ့ အထိန်းတော်၊ အပျိုတော်တွေဟာ တယ်ယုံကြည် စိတ်ချရပါကလား။ ကိုယ့်လူ သူ့ဘက်သားတွေပေါ့လေ။ တကယ်ဆိုလျှင် သခင့်အကျိုးလိုလားပြီး အနီးအပါးမှာ တိုးကပ် ခစားနေသင့်လျက်ပါကို ရန်သူအားပေးလုပ်သလို နောက်ဆုတ် ရှောင်တိမ်းသွားကြတာ တော်ရော့လား"

မိန့်တော်မူလျှင် အထိန်းတော်ကြီးသည် အတော်လန့်သွားမိလေ၏။ သို့နှင့် ဟန်မပျက် ကျွန်ဆယ်ကာ-

"ဒီလိုပါ စုထားးဖုရားရယ်၊ သင်းတို့ အထိန်းတော်တွေ ရှောင်ဖယ်သွားကြတယ်ဆိုတာလည်း တကယ် နက်နက်နဲနဲ တွေးမည်ဆိုလျှင် အရှင်သခင်ရဲ့ကောင်းကျိုးကို လိုလားအားကြီးရာကြလွန်းလို့ပါ။ သူတို့သာ မလော်လယ် အလိုက်မသိ ဘူးဆိုလျှင် အခက်သားပါဗျ။ ခမည်းတော် မယ်တော်များ အလိုအတိုင်းကလည်း အီနောင်မင်းသားမှာ ပွတ်စပါးမင်းသမီး နှင့် လူကြီးချင်း ကတိထားပြီးကြောင်းအသိမို့ သဘောတူ မည်မဟုတ်။ နန်းကိန္နရာမင်းသမီးကလည်း မောင်တော်ကို ချစ်ခင်တော်မူရဲမည် မဟုတ်တဲ့ အတွက် အီနောင်မင်းသားမှာ အကြံတော်မပြောက်ဘဲ နလုံးအသည်းမှာ မေတ္တာလောင်မီး စွဲနေရုံရှိပြီး နန်းကိန္နရာမင်းသမီးမှာလည်း တစ်သက်မှာ ရနိုင်ခဲလှတဲ့ လူမတူနတ်တမျှ ဘုန်းလက်ရုံးနှင့် ပြည့်စုံတဲ့ ဘုရင် လောင်း မင်းသားလှလှကလေးတစ်ပါးနှင့် အလွဲကြီးလွဲသွားမှာပါဘုရား။ ယခုတော့ သူ့အထိန်းတော်၊ အပျိုတော်တွေ အကျိုးဆောင်လို့ ခေါင်ခေါင်ဖျားဖျား၊ လူမတူ နတ်တမျှ လှပပြီး ဘုန်းကျက်သရေ ရွှန်းရွှန်း ဝေတဲ့ မင်းသားတစ်ပါးနှင့် ပျော်ရွှင်စွာ စုလျားပတ်ပြီး လက်ထပ်တော်မူရသည် မဟုတ်ပါလား၊ ဟို အပျိုတော် များမှာတော့ 'မိုးကောင်းလည်း တစ်စလောင်း၊ မိုးမကောင်းလည်း တစ်စလောင်း၊ မိုးမကောင်း လည်း တစ်စလောင်း' 'ကောင်းတော့ ထန်းပင်မြစ်၊ ညောင်းတော့ ထန်းစေ့မှုတ်က' ဆိုသလိုပါဘုရား"

"အင်း ... လေတွေများပြီး စကားတန်ရှည်နေပြန်ပြီ၊ သူ့ကို ဟို ... ဇာတ်ထဲက အပျိုတော်တွေက ရှေ့နေတော် အလိုက် ငှားထားတဲ့အတိုင်း ကိုင်း ... ကိုင်း ... ခုနင်က ဇာတ်ကွက်ကို ရှေ့ဆက်လို့ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ... ဟဲ ... စုထားဖုရားက၊ ဟို ... တစ်ဖက်သားတွေကို အကျိုးလိုလို့ ညောင်ရေလောင်းနေကြတာ၊ အသီသားနှင့် အလကား အပြစ်တော်တင်နေတာကိုးဖျ။ ကဲ ... ကဲ ... ဘယ်ရောက်သွားပလဲ၊ ဩော် ... သတိရပြီး အဲ ... ဒီလို အပျိုတော်၊ အထိန်းတော်တွေ အဆောင်တော်ထဲက ရွှဲ့ပြီးထွက်သွားတော့ အီနောင်မင်းသားကလည်း သန်လျက်တော် ကို ဆွဲပြီး ရဲရဲရင့်ရင့်နှင့် မင်းသမီး စံတော်မူတဲ့ သလွန်တော် ရှိရာသို့ ဟောဒီလိုသွားပြီး ဟောဒီလို နန်းကိန္နရာ မင်းသမီး အပါးမှ ဂင်ပြီးထိုင်တော်မူပါရော"

ပြောကာ စုဖုရားအပါးတွင် အီနောင်မင်းသားဟန်နှင့် ဂင်၍ ထိုင်လေ၏။ စုဖုရားလည်း ပြုံးမြဲတိုင်းပြုံး၍ ရှုစားတော်မူလေ ၏။ ထို့နောက် အထိန်းတော်ကြီးက ဆက်လက်ခဲ၊

"အဲဒီလို အီနောင်မင်းသားက ရဲရဲရင့်ရင့် အပါးတော်ထိုင်လိုက်တဲ့အခါ နန်းကိန္နရာ မင်းသမီးကလေးမှာ ထိတ်လန့် ကြောက်ရုက်တော်မူရှာတာနှင့် သလွန်တော်ပေါ်က အသာ ဟောဒီလိုကလေး ဆင်းပြီး မျက်နှာ အောက်ချ နှင့် ဟောဒီလို ကလေး စံနေလိုက်တာ ကိုးဘုရာ့"

ဆိုကာ နန်းကိန္နရာ မင်းသမီးလေး အမူအရာနှင့် ကြမ်းပေါ်မှာ ကျုံ့ကျုံ့ကလေး ခေါင်းငုံ့ထိုင်ပြလေ၏။ ထို့နောက် ထလာကာ မင်းသားဟန် ပြောင်းလိုက်ပြီး သလွန်တော် စောင်းမှ ခြေတွဲလောင်းချထိုင်ရင်း အီနောင်မင်းသားက နန်းကိန္နရာမင်းသမီးကို စိမ်းစိမ်း စားစား ကြည့်ဟန်ဖြင့် ကြည့်ပြီး အီနောင် မောင်စံတုတ်၏ လေသိမ်းလေယူအတိုင်း လက်ဟန်ကိုယ်ဟန်များကို နွဲ့ကာနွဲ့ကာနှင့်-

"တစ်ပင့်ရိပ်ကြာ၊ နန်းမံရာမှာ၊ ရွှေကြာလုံး ပတ္တမြား လှများဖျားငဲ့၊ သနားမိရက်၊ ပျော်ရေးမှ စက်နိုင်ဘု၊ သက်ကယ်မညှာ ခရောက်ပါ၊ ယာယီနဂိုရ် ဖြစ်ဘိတယ်၊ မထိုက်တယ်မတန်လို့၊ မုန်းမာန်နှင့် လွှဲတော်မူ လေသလား၊ ထောက်ထားရေးယူ၊ မောင်ကြီးပူရော့မှာ်၊ အတူစံ နေတော်မူပါလှည့် မိမိငဲ့"

အငို အဟဲ မူမကွဲစေရအောင် ဇာတ်ချင်းကို ဆိုလိုက်ပြီး တစ်ဖန် မင်းသမီး အမူအရာနှင့် ကြိုးပြောင်းလိုက်ပြန်ကာ-

"အဲဒီလို အီနောင်မင်းသားက စကားနှုတ်ခွန်း ကြူတော်မူတဲ့အခါ နန်းကိန္နရာမင်းသမီးက ရှက်ကြောက်အားကြီးနှင့် ဖွဲ့နွဲ့ 'ညည်းညူတော်မူပြန်တာကိုး စုထားဖုရားရဲ့'

ဆိုကာ ယင်းတော်မလေး၏ ဟန်ပန်မူရာ၊ အပြောအဆိုမျိုးအတိုင်း လက်ဟန် ကိုယ်ဟန်နွဲ့လျက်-

"ရတနာတစ်ပင်၊ ဖြူရွှက်ရှင်နှင့်၊ ဥကင်နဂရတ်၊ စိုးစောင့်တတ်သည့် နတ်ကယ်မြင်လွှဲ့၊ အို ... ခက်ခဲ့ပြီ၊ မယ့်စံသလွန်၊ ကိုးမျက်ပြွန်မှာ ရောင်ပုန်တင့်ရွှန်း၊ နေနတ်ကယ်ထွန်းသည့်နယ် ဘယ်ကျွန်းခွန်ချင်၊ စိုးသည့်ရှင်ပါလိမ့်၊ သက်ခင်လိုက်ခွန်၊ အလိုကြုံလေခြင်း၊ ရွှေဘုံသာကျယ်၊ မြနန်းလယ်ကို အလယ်ချင်း ဖောက်၊ ဘယ့်နယ်နှင့် ရောက်လေသည့်၊ ရှက်ကြောက် ပူရန်၊ အတန်တန်မှာ ဖန်နိုင် အောင်လေ၊ လူလုပ်လို့နေပြီဟု သေသာ သေချင်ပါရော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ ငိုမလို မမဲ့တမဲ့နှင့် ဇာတ်တော်ကြီးထဲက နန်းကိန္နရာ မင်းသမီးလုပ်သူ၏ အမူအရာအတိုင်း လုပ်ပြရာ ထိပ်စုဖျားလည်း အားရနှစ်သက်စွာ ပြုံးရယ်ရှူစား ရွှေနား ဆင်လျက် ရှိလေ၏။ အထိန်းတော်ကြီးလည်း စုဖျားနှစ်သက် စိတ်ပါလာ တော်မူသည်ကို ရိပ်မိသည်တွင် မိမိလိုအင်ရှိရာသို့ ဆွဲယူရန် မခဲယဉ်းတော့ဟု တွေးတောစဉ်းစားမိသည့် အားလျော်စွာ-

"အဲဒီလို မင်းသမီး ကြောက်ရုက်ထိတ်လန့် စိတ်မသန့်ဟန်နှင့် ဖွဲ့နွဲ့ညည်းညူ တော်မူလိုက်တဲ့အခါ အဆောင်တော်သို့ ကျူးကျော်ပေါက်ရောက်အောင်ငေ် ချစ်အားကြီး တော်မူ၍ သွေးဆောင်ထွက်တော်မူရတဲ့ အီနောင်မင်းသားမှာ နမတော် နန်းကိန္နရာ မင်းသမီးကို စကားဖွဲ့ချိုမိန့်ဆိုတုံ့ပြန်လိုလှပါလျက် အကွက်မဆိုက်နိုင်သေးသည့်အတွက် နောက်တစ်ကြိမ် ဆက်ပြီး ဆိုပြန်သည်မှာ နားဆင်တော်မူပါ စုထားဖုရားရဲ့၊ ဒီအလှည့် ကလေးမှာ မောင်ရင်စံတုတ်တို့ နွဲ့ပုံမူပုံများ၊ ခေါင်းပေါ်က ဆောင်းထားတဲ့ သရဖူအထွတ် ကလေးဟာ ချိုင်းအောက်များတောင် ရောက်လာပါရောတဲ့၊ သစ်သစ်တို့ မိန်းမသားတွေ တောင် မောင်ရင်စံတုတ်လောက် မပျော့ပျောင်းတာ အမှန်ပါပဲ၊ ကဲ ... မတူသော်လည်း နည်းနည်း ဆင်ဆင်ပေါ့လေ၊ စုဖုရားဘုရား အပျင်းတော်ပြေရုံ၊ အပျော်တော် ဆက်ရတာ ကလား၊ အဲ ... အဲ ... ဒါနှင့် အီနောင် မင်းသားက ..."

"သြော် ... ကြုံရကုံ၊ ကြုံရာခက်ခဲ့၊ ကိုယ်လုံးနွဲ့ပါပြီ၊ လုပ်လဲ့နတ်တူ၊ နန်းကြော့သူငဲ့၊ ဆယ်ဆုနေလျှံ၊ ဆမတန်၊ ရေကန် သာဆန်း၊ မြကွန်နန်းမှာ၊ ကြော့လန်းဂတ်မှုံကို မြင်ရုံသာ အပေးက၊ အတွေးနှင့်ပူရသည်၊ သူကဖြင့် သိတော်မူပေဘူး၊ ထူးလို့တာ၊ ပူပြန်ရအောင်၊ ဘခမည်းတော်၊ ခေါ်တော်မူရာ မနေသာသနှင့် မယ့်မှာကိုယ်စား စုထားအသက်၊ ဆက်တဲ့ ညဉ့်ခြံ၊ နိတုံခြယ်သန်း၊ နန်းသူ့တဘက်၊ မယ့်လက်သိင်္ဂါ၊ ရာတော်တဆန်း ကွမ်းနှင့်မြ ကြုတ်၊ လဲ့လုပ်ညှံ့စိ၊ မိကမောင့်ထံ ပြန်လို့နှင်းသ၊ ဟုတ်လသခင်၊ သေချင်ရော့နော်၊ စက်လို့ငယ်ပျော်သလို မေ့တော်မူလေရှာ့သလား"

"မိန့်တော်မူတာပ၊ အဓိပ္ပာယ် ခပ်ရှင်းရှင်းနှင့် အတိအလင်း ဖွင့်ရမယ်ဆိုလျှင် ဟို ... ယခင်တုန်းက နမတော် နန်းကိန္နရာ မင်းသမီးကို ချစ်မြတ်နိုးတော်မူလှသဖြင့် အလှူတော်နှင့် ညဉ့်ခြံတော်များကို လူပျိုတော်သားတွေ စေလွှတ်ပို့သစေပြီး မင်းသမီး ထံက ကိုယ်တော်တိုင် ယာသည့် ကွမ်းယာတော်နှင့် ခြံတော်မူသည့် ညဉ့်ခြံတော်များ လဲလှယ်တုံ့ပြန် တောင်း တော်မူသောအခါ နန်းကိန္နရာမင်းသမီးမှာ ရှက်ရွံ့တော်မူခြင်းဖြင့် အရေးမယူသလို နေတဲ့အတွက် မင်းသမီးရဲ့ အထိန်းတော်၊ အပျိုတော်တွေက လော်လည်ကြဲဖန်ပြီး မင်းသား အလိုတော်ပြည့်ဂအောင် နန်းကိန္နရာမင်းသမီး ခြံတော်မူတဲ့ ညဉ့်ခြံတော်နှင့် မြကွမ်းကြုတ်တော်များ တုံ့ပြန်လို့ ဆက်သလိုတဲ့အတွက် အီနောင မင်းသားက နန်းကိန္နရာမင်းသမီး ကို အရင်တုန်းကတော့ ညဉ့်ခြံတော်နှင့် ကွမ်းယာတော် မြကြုတ်များ ဆက်သဖူးပါလျက် အိပ်စက်ပျော်သူအလား မေ့နိုင် မူအားပါပေ့လို့ အထေ့နှင့် မိန့်တော်မူလိုက်တဲ့အတွက် နန်းကိန္နရာ မင်းသမီးမှာ ရုတ်တရက် အံ့အားသင့်တော်မူ သွားပြန် တာကိုး စုထားဖုရားရဲ့"

"တယ်ပြီး လော်လော်မာမာရှိတဲ့ အထိန်းတော် အပျိုတော်တွေပဲ၊ မင်းသမီးကလေး သူ့ဘာသာသူ နေရှာတာ အကောင်း သားနှင့် အလကားပဲ သူတို့ ပွေပွေလီလီလုပ်ပြီး ဂင်ရှုပ်ချင်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် စောစောက တင်ပါပြီကော စုထားဖုရားရဲ့၊ ကိုယ့်အရှင်သခင် ကောင်းသည်ထက် ကောင်းတာ မြင်ချင်ရှာလွန်းလို့ အကျိုးတော်ဆောင်ရှာကြရတာပါ ဘုရား၊ အစအဆုံး နားဆင်တော်မူပါဦး၊ အဲဒါနှင့် နန်းကိန္နရာ မင်းသမီးက ဟော ... ဒီလို ရွှေရင်တော် ကလေးမပြီး"

"အို ... ကြုံရချက်၊ ခက်ခဲပြီ၊ အသက်လိပ်ပြာ၊ ကိုယ်ကကျွာအောင်၊ သိင်္ဂါစံမှူ၊ ရွှေညဥ့်ခြံနှင့်၊ နိတုံရတနာ၊ မြလှွာတဘက်၊ ကွမ်းယာဆက်သည်လို့၊ အမြွက်ထပ်မို၊ မိန့်ခွန်းတော်ချီရာမှ အို ... သိပါဘူး၊ ရွှေမျက်နှာ မှောင်ကူးလို့ စူးစူးရွယ်ကာ နန်းဒါဟာ၊ ဒီမှာထင်တော်မူ ရော့သလားလို့ ပြန်ပြီး တင်လျှောက်တာ ကိုးဘုရာ့"

ညဥ့်ခြံ ကွမ်းယာဆက်သည်ဟု စွပ်စွဲပေတဲ့ သူမသိပါဘူး၊ ယခုရောက်နေတာ မံရာပြည်ပါ၊ အီနောင် မင်းသားနှင့် ဂမ်းတွင်း ကတိထားတော်မူထားတဲ့ ပွတ်စပါးမင်းသမီးစံရာ၊ ဒါဟာ ပြည်နယ်လို့ အထင်တော်ရှိပြီး ပြောမိပြောရာ လွဲမှားတော်မူနေပါ ပြီလို့၊ ပြန်ပြီးပြောတော်မူလိုက်တဲ့အတွက် အီနောင် မင်းသားမှာ ဒါဟာ သူ့ပွတ်စပါးကြောင့် နန်းကိန္နရာမင်းသမီး ချစ်အား တော် နှောင့်နှေးသည်ကို ကြည်သာတော် မူရန် နောက် ထပ်မံပြီးတော့-

"ကိုယ်နှင့်သက်ကို ဆက်လိမ့်ရွယ်ရန်၊ နန်းကြော့စံငဲ့၊ ဖန်ဖန်စေ့ရာ၊ လျှောက်သည်မှာ မသာမယ့်နား၊ ရှိခဲ့ငြားလည်း အမှား ယူတော်မူပါနှင့်၊ လဲ့လဲ့ပြာပြာ၊ ရွှေမျက်နှာမှာ၊ တိမ်လွှာချပ်ရုံ၊ လနန်းကို အုံသည့်နယ်၊ မှုံမှုံပြေပြေ၊ ပူရသူသေအောင်၊ သွေးလို့ဆိုတော်မူပါနှင့်၊ မယ့်ကိုသက်ပုံ၊ မောင့်မှာကုန်တော့၊ ယုန်လသခင်၊ မိမိပြင်၊ နတ်ပင်ဖြစ်ကတဲ့ မချစ်သည့်တွက် မောင်ကြီးရက်လိမ့်၊ အိပ်မက်မျှ မမြင်လိုပါဘူး၊ ကူးလိုထွေထွေ၊ မုန်းမာန်တော်ဂေပါနှင့်၊ ဖြစ်လေသမျှ ကြောင်းစစကို အို... မမငယ်၊ ကြုံရတယ်၊ တာတွယ်လို့ ထောက်တော်မူပါလား၊ မိမိငယ်လို့၊ ကိုယ်ကလေး နွဲ့နွဲ့ပြီး တကယ့်ကို သနားတော် မူလောက်အောင် မိန့်တော်မူတာကိုးဘုရား"

တစ်ယောက်တည်း ဇာတ်ခင်းဘိအလား မင်းသားလိုတစ်မျိုး၊ မင်းသမီးလိုတစ်ဖုံ၊ တစ်လှည့်စီ ကြိုးမျိုးစုံ ကလျက်ရှိရာ အားရနစ်သက်စွာ ရှုစားနေသော စုဖုရားလည်း နားများငြီးငွေ့တော်မူလာသည်နှင့်-

"အို ... သစ်သစ်ရယ်၊ အီနောင်ဇာတ်ကြီးကို နှုတ်တတ်အာဂုံ၊ တစ်နေ့တည်းစုံအောင် ခင်းလို့ ပြီးနိုင်ပ့ါမလား၊ ဇာတ်တော် ကြီးများတောင်မှ အတွင်းတော်မှာ လေးဆယ့်ငါးရက် ဆက်လက်က,ပြမှ ဆုံးတာပဲ၊ သစ်သစ် လည်း မမောသေးဘူးလား"

မိန့်တော်မူလျှင်-

"ဟင် ... စုထားဖုရားကပဲ က,ရမယ်၊ ဆိုရမယ်နှင့် ခိုင်းတော်မူထားပြီး ယခုမှတော့ ကောင်းခန့်ရောက်ကာနီးမှ ဖြတ်လို့မထားပါရစေနှင့်တော့၊ တယ်ကြီးလည်း မကျန်တောပါ ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးနှင့် မင်းသား၊ အချစ်တော်စုလျားဆင်ပြီး သလွန်တော်တွင် ပျော်ရွှင်စွာ စက်တော်ခေးသည်အထိ လုံးစေ့ပတ်စေ့ကလေး ရွှေနားတော်သွင်းပါစေဦးဘုရား"

တောင်းတောင်း ပန်ပန် အမိန့်တော်ခံနေပြန်သည်နှင့်-

"ကိုင်း ... ကိုင်း ... အလိုရှိရာ ဆက်ပြီး ဇာတ်ထွက်နေပါဘိ၊ အစဖြင့် ရှက်လှသလေး ကြောက်လှသလေးနှင့်၊ အရေးသယ်လိုက်တာ က,မဲ့ကတော့လည်း တော်ပါတော့ဆိုတာ တောင် အဆစ်တွေထည့်လို့ မပြီးနိုင်ပါလား၊ ကဲ ... သစ်သစ်ရယ် မြန်မြန်လွယ်အောင် ဇာတ်သွားကို ဆက်ပါလေတော့"

မိန့်တော်မူရာ အထိန်းတော်ကြီးလည်း လိုရာခရီးသို့ နီးသည်ထက်နီးစေလိုသဖြင့်-

"ဒီလိုပါ စုဖုရားရဲ့၊ ခုနင်ကလို အီနောင်မင်းသားက မိန့်စကားဆိုလိုက်တော့ နန်းကိန္နရာ မင်းသမီးက ပြန်ပြီး လျှောက်ရသည့်စကား......"

"မဆင်ပံ့ရက်၊ အလိုခက်ပါပြီ၊ သက်ကယ်ရတနာ၊ နန်းဒါဟာ ကြားပါမည်ဘုရား။ မြတ်မိန့်တော်ထားရာမှာ တောင်လျားမြောက်နွဲ့၊ လေညင်းသွဲ့သည့်နယ်၊ ချစ်ဖွဲ့စတေ၊ မာယာတော် ပွေလွှန်းလို့၊ တသေတချာ၊ ယုံမှားပါရှေ့မည်၊ ဒါဟာ ရွှေနန်းမှာမှ၊ စံမြန်းထိုက် ပါသည် ဘုရားလို့ စိတ်အားမလျှော့ဘဲ တင်းတင်းမာမာ ပြင်းရှောင်လျှောက်တင်မြဲ လျှောက်တင်နေသည့်အတွက် အီနောင်မင်းသားက စိတ်အားရေ့တော်မူဟန်နှင့်"

"အို ... ပူဖွယ် သစ်လှချည့်၊ မချစ်တဲ့ယူ လှမဥ္ဇူငဲ့၊ တိမ်မြူတသန့်၊ တောင်တကန့်နှင့်၊ ဟန့်သမျှရန်ပုံ၊ စစ်ရေးကြီး ကုန်ခဲ့သည်၊ နန်းငုံပွင့်လျှာ၊ မယ့်မောင်ပါးကို ဘယ်ဒါဟာသူ၊ သိတော်မူပါဘူး၊ ပူရက်နှင့်သေ၊ ခုသခဲကြွေအောင်၊ ယဉ်ကေလုံ့ရတနာ၊ မိန့်ရက်ပါနှင့် မညှာမတာ၊ မုန်းဘက်က သာခဲ့လျှင်၊ ဖြာဖြာရောင်ချက်၊ သည်သန်လျက်နှင့်၊ သက်ကို မညှာ၊ ဆက်ခဲ့ပါတော့မည်၊ သိင်္ဂါမဥ္ဇူ၊ နန်းကြော့သူ၊ ယူတော်သာ မူရစ်ပါတော့ မိမိငဲ့"

ဆိုပြီး သန်လျက်တော်ကို မင်းသမီးလက်သို့ ကမ်းပေးတော်မူလိုက်တာကိုးဘုရာ့၊ ဒီတော့ မင်းသမီးကလည်း အတင်ခက်၊ အလျှောက်ခက် စိုးရိမ်ကြောက်ရွံ့လှသည်ကလည်း တဖက်ကြောင့် သန်လျက်တောကို ပြန်ဆက်ရင်း-

"ရှိဦးဆင်ရတယ်၊ မတင်နိုင်တတ် စိုးပူဖွယ် မှတ်လှချည့် မြတ်ဥပရာ၊ မိန့်ခွန်းတော်သာရာ မှာ၊ ဒါဟာသခင်၊ ညာရွှေရင်နှင့်၊ နှစ်ပင်ရွှေခိုင်၊ သစ္စာတော်ပြိုင်ကတည်းက သောင်းမြိုင် ဇာတိ၊ များဗိုလ်လူသိပါငဲ့၊ သတိလွတ်ကွာ၊ သည်မံရာကို၊ ဒါဟာအယူ ရှိတော်မူလို့၊ နေတူ လျှံလက်၊ စိန်သန်လျက်နှင့် သက်စွန့် မယ်လေ၊ မြတ်မိန့်တော်ခြွေတာဖြင့် သည်မြေဂယ်၊ မသင့်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

လျှောက်တင်ပြီး ရတနာရောင်ရှက် စိန်သန်လျက်ကို မင်းသားလက်သို့ ပြန်၍ ဆက်သည် တွင် အီနောင်မင်းသားက သန်လျက်တော်ကို လှမ်းယူသလိုနှင့် မင်းသမီးလက်ကို ယုယစွာ ဆွဲကိုင်တော် မူလိုက်ပြီး-

"မြကေသီငဲ့၊ ရွှက်ညီလဲ့လဲ့၊ လက်သင်ဖွားလို့၊ တွဲ့တွဲ့လျှော့ဖြေ၊ နောင့်သဲမှာဂေလုချည့်၊ ယဉ်ရွှေလုံး ပတ္တမြား၊ လှများဖျားငဲ့၊ သနားစရာ၊ မိန့်တတ်ကယ်ရှာပါဘိ၊ ဒါဟာသခင်၊ အသိ တော်လျှင် ရန်ကောင့်၊ အို ... ဘယ်တွင် မအေ့ မောင်ကြီးဖြင့် တွေ့ပါဘူး၊ သုံးရွှေ့ဆံညှာ၊ လှရွှေညာငဲ့ လိပ်ပြာအသက်၊ မယ့်ဂယ်ဆက်ပါပြီ၊ ပုန်းဘက်ကလေ၊ မိမနေလို့၊ တိမ်မြေ မိုးယံ၊ ရထားပျံနှင့်၊ ပျံပါသော်လည်း ကူရေပန်မောင်၊ ခုကြိုးလို့ဆောင်မယ်ပ၊ ရွှေတောင် မေရု၊ မြေအထုနှင့် ပံ သုသီလာ-မြမြေလွှာပင် ကွယ်ကာ ထားစေ လွတ်ရပေဘူး သေစေ မရှောင်ရဲသည့် မောင်ကို ပန်းအောင်သာစေ အရေးတော်ထွေပါနှင့်တော့ ကြာဂေရိပ်မွန် သည်သလွန်မှာ ပူဂန်ကို သိမ်းတော်မူပါလှည့် မိမိငယ်"

ဆိုပြီး မင်းသမီးကို ယုယဖြေဖျော်တော်မူလျက် သလွန်တော်ဘက်သို့ တင်ပါလေရောတဲ့ စုဖုရားရဲ့၊ ဒီတွင်ပဲ မင်းသားနှင့် မင်းသမီးအဆောင်တော်ထဲမှာ ရင်းနှီးချစ်ခင် မေတ္တာတော် ယှဉ်မိကြပါသည်။ မင်းသားမှာ အလိုတော်ကျ မြတ်နိုးတော်မူလှတဲ့ လူမက နတ်တမျှ အလှ ရွှေညာ နန်းကိန္နရာထိပ်ထားနှင့် အဆောင်တော် မှာ ပျော်ရွှင်စွာ စံစားတော်မူရတဲ့အတွက် ဘယ်လောက်များ နှစ်သက် ဂမ်းမြောက် လိုက်မည်ဆိုကာ တကယ့် တကယ် အမှုသွားနှင့် အသက်ထင်ရှားရှိတဲ့ မင်းသား မင်းသမီးမားဖြစ်လျှင် မေးလျှောက် ချင်စမ်း ပါဘိဘုရား"

စကား အညွှန့်နှင့် အဆုံးသတ်လိုက်သည်တွင် စုထားဖုရားကလည်း ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်တော်မမူသေးသည်နှင့် အမှတ်မဲ့ပင်-

"အလိုလေး ... မေးချင်ကမေးချေပါဘိ သစ်သစ်ရယ်၊ အီနောင်မင်းသားဆိုတာ တကယ်ပင် အသက်ထင်ရှား မရှိကထဲ အချစ်သက်ထား မြောက်သားကြင်ရာ ရှိတော်မူပြီးဖြစ်တဲ့ မကုရာကိုယ်တော်ကြီးတို့၊ သုံးဆယ် ကိုယ်တော်ကြီး တို့ကို သွားမျှ မေးပါတော့လား"

"အလိုလေးဘုရား၊ ဒီမင်းသားကြီးတွေကို သွားလို့မေးဂွံချည်ဘူး၊ အထိန်းတော်ကြီး ဆက်ဆော့လှတယ်လို့ ဓားနောင့်နှင့် ဆောင့်လွှတ်လို့ အောင့်ပြန်လာရတာ မြင်တော်မူချင် နေပြီထင်ပါရဲ့ စုထားဖုရား"

"အနို့ ... သစ်သစ်ကိုက စစ်စစ်ပေါက်ပေါက် သိချင်နေကိုး"

"သိတော့ သိချင်လှတာ၊ ရွှလို့နေပါရော့ဘုရာ့၊ ဒါပေတဲ့ ဟို ကိုယ်တော်ကြီးတွေကို မေးရမှာ သေမလောက် ကြောက်ပါတယ်၊ ဒီလို ပေါက်ပေါက်ရာရာတွေ မေးဖို့နေနေသာသာ သူတို့ ရှေ့နားတောင်သွားလို့ မခစားဂွံပါဘူး၊ မသကာ သီပေါကိုယ်တော်ကလေးလို ပျော့ပျော့

www.burmeseclassic.com

ပျောင်းပျောင်းနှင့် စိတ်သဘောကောင်းတဲ့ မင်းသားဆိုရင်လည်း အတင့်ရဲပြီး မကြောက် မရွံ့ စွန့်စွန့်စားစား သွားမေးမယ်ဆို မေးဖွံ့စရာ ရှိပါသေးလေးရဲ့"

"အို ... ဒါဖြင့်လည်း သစ်သစ်ရဲ့၊ သီပေါကိုယ်တော်လေးကိုပဲ သွားမေးပါတော့လား သစ်သစ်"

"စုဖုရားကလည်းနော်၊ မိန့်တော်မူတော့ ဟုတ်ပါရဲ့၊ ဟိုရွှေကိုယ်တော်ကလေးမှာ မေးစရာ သူ့မှာ ကြင်ရာ မြောက် သားတော်မှ မရှိသေးဘဲ၊ ဘယ်လိုသွားမေးမေး မှန်ကန်တဲ့ အဖြေကို ပေးတော်မူနိုင်ပါဦးမလား၊ တကယ်ဆို စုဖုရားနှင့် နှစ်ပါးစုံညီ ရွှေမေတ္တာညီမညီ အချစ်ရည် တူ မတူ၊ ရာဇ့ချိန်စက်၍ သစ္စာတော် ပန္နက်မြဲအောင် နှစ်ပါးတည်းတွေ့တော်မူပြီးတဲ့အခါ ဆိုလျှင်လည်း အကောင်းသား၊ ဒါနှင့် ရွှေကိုယ်တော်ဖျားကလည်း ဖျော့ကျွန်မရဲ့ အလိုဆန္ဒ ကို အလိုလို သိတော်မူထားနှင့်သည့်အလား နမတော် စုထားဖုရားနှင့် နှစ်ပါးချင်း ရွှေမျက်နှာ ဆုံရရန် အပုံကြီး အာရုံသန်တော်မူနေသည်တဲ့၊ ရွှေမေတ္တာ မဏ္ဍိုင်ကြီး ကြံ့ကြံ့ ခိုင်ခိုင် စိုက်ထူပြီး သစ္စာတော်မူချင်လှကြောင်းနှင့် အချိန်အခွင့်ကောင်းကို တောင်းဆို တော် မူတဲ့ စကားနှင့် ရွှေလွှာတော်ပင် ပါးလိုက်ပြန်...။

(စကားမဆုံးမီ စုဖုရားက)

"တန်တန် ... သစ်သစ်လည်း မညံ့ဘူးနော်၊ ဟို အီနောင်ဇာတ်တော်ထဲက ရှုပိုးထတဲ့ ရေစပွါယ်ကတော်ကြီး အားကျနေပြန်ပြီထင်တယ်"

မရယ်တပြုံး ဣန္ဒြေသုံး၍ မိန့်တော်မူလိုက်သောအခါ ခင်ဘွားသစ်မှာ ရုတ်ခနဲ ကြောက်လန့် တကြားနှင့် အံ့အားသင့်သွားပြီးမှ မျက်နှာအနည်းငယ်ပြင်၍ ရယ်ရွှမ်းပါရွှမ်း လုပ်လိုက်ကာ-

"ဟဲ ... ဟဲ ... စုထားဖုရားကလည်းနော်၊ ဒီအထိန်းတော်ကြီးရဲ့ စေတနာက ရေစပွါယ် ကတော်ဆိုတဲ့ ဟို ... အီနောင်ဇာတ်တော်ထဲက အထိန်းတော်ကြီးမျိုးထက် အဆရာ ထောင်မကအောင် သာသမို့ ကိုယ့်အရှင်သခင်ဖြစ်တဲ့ စုတစ်ပါးကို သိကြားလက်နက်ရတဲ့ ဣန္ဒာပုဓဆိုတဲ့ မင်းသားလို့ မင်းသားဆို ဆိုသလောက် ရဲရဲတောက် ဘုန်းသမ္ဘာပညာနှင့် ပြည့်စုံမဲ့ မင်းသားတစ်ပါးကို ဆက်သွယ်တော် မူထားမိလျက်သား ဖြစ်နေတော့ ကိုယ့်အရှင် သခင်နှင့် ထိုက်တန်တဲ့ ပန်တော်ဂင် သဇင်ပန်းကို အခြား သော မင်းသမီးတွေ ဆင်မြန်း သွားမှာ စိုးရိမ်ပူပန်မိတာနှင့် အဖိုးတန်တဲ့ မာလာဖူးကို ဦးဦးဖျားဖျား ဆက်ရ အောင် နေ့ရက် ဆက် အကျိုးတော်ဆောင်နေခဲ့ရတဲ့အတွက်"

"အမယ်မင်း ... စကားပလ္လင်ခင်းပုံကြီးက ရှည်လျားလိုက်တာ၊ သစ်သစ် လျှောက်တင် လိုတာကို တစ်ခါ တည်း တိုက်ရိုက်ပြောလိုက်ပါတော့ စုစုက 'ဟောဆို ... ဒိုင်းခနဲ' မှ နှစ်သက်တော်မူတယ်ဆိုတာ အသိသား နဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ယခုလို ပွင့်ပွင့်လင်းလင်း လျှောက်တင်ခွင့် သနားတော်မူရင်လည်း စကားတွေများများ ပလ္လင်မခင်းဘဲ လိုရင်းကို တင်ပံ့ပါတယ်ဘုရား၊ သစ်သစ်က ဟိုတုန်းကလိုများ ကွေ့လည် ကြောင်ပတ် ဖြစ်နေဦးမလားလို့ပ စဉ်းစားပြီး စိုးရိမ်မိတာနှင့် အခါအခွင့်ကို မျှော်ပြီး အလိုတော်စမ်းနေရခြင်း ဖြစ်နေပါတယ်"

"စုစု ရိပ်မိပါတယ်၊ ဒီနေ့ သစ်သစ်ကြီးမှာ လျှောက်တင်စရာထူးလို့ မျက်နှာကြီးရှူးနေတာ ကပဲ ဘာလဲ သီပေါမောင်မောင်ဆီက ရွှေလွှာတော်ပါလာတယ် မဟုတ်လား၊ ရွှေလွှာတော် များဟာ 'နေ့စဉ်နဲ့ ရက်မခြား' ဆိုတာလို ဟိုကပို့ ဒီကပြန်နှင့် ကူးလူးဆက်ဆံတော်မူနေကြ တာ ရိုးလို့ပင် နေပါပြီ၊ ဒီကနေ့မှ အသစ်လုပ်ပြီး ရွှေလွှာတော်မဆက်ခင် စကားပလ္လင်ခံရ တာတွေက ဘယ်လိုများ အကြောင်းထူးထွေလာပြန်လို့လဲ၊ သစ်သစ်ရဲ့ စကားစပုံကို အကဲ ဖမ်းရတာကတော့ သီပေါမောင်မောင်က စုစု အဆောင်တော် ထွက်တော်မူ လိုတဲ့ အရိပ် နိမိတ်တို့ပါကလား"

ယင်းသို့ မျက်နှာတော် ပကတိဖြင့် ခင်ဘွားသစ် တင်လိုသည့်အချက်ကို လက်စဖော်တော် မူလိုက်လျှင် ယခင်က အထင်ခံ လျှောက်တင်ရမည်ကို ကြောက်ရွံ့စိုးရိမ်နေမိသော အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ခက်မယောင်ယောင်နှင့် လွယ်လာသည်ကို တွေ့ရ သဖြင့် မျှော်လင့်အားရ စိတ်တက်ကြွလာပြီးလျှင်-

"ယခုလို စုထားဖုရားက လျှောက်တင်ခွင့်သနားမည်ဆိုပါလျှင် အလုံးစုံ လျှောက်တင်ပံ့ပါပြီ ဘုရား၊ သီပေါကိုယ်တော်ကလေးက ယခုတစ်ကြိမ် သ,တော်မူလိုက်တဲ့ ရွှေလွှာတော်မှာ အသက်တမျှ ကြင်နာစုံမက်တော်မူလှသည့် နမတော်စုထားနှင့် မေတ္တာတော် သွယ်တန်း၍ အချစ်လမ်း ဖောက်တော်မူခဲ့ကြတာလည်း အချိန်ကာလ အတန်ကြာခဲ့ပြီ၊ ဒီနေ့ ဒီရက်အထိ ချစ်မိတဲ့ စေတနာက ဂေဆာ တင့်ဖြိုး တိုးချင်တိုင်း တိုးလာခဲ့ရသော်လည်း အကျိုးတော် ဆောင် အထိန်းတော်ကြီးကို စေတမန် ထား၍ အလွှာတော်ပါးခြင်းဖြင့်သာ ရောင့်ရဲကျေနပ် တော်မူခဲ့ရပြီး မေတ္တာနှင့် သစ္စာကို အလွှာတော် များတွင်သာ ရေး၍ နှစ်ပါးစလုံး အပြန် အလှန် တုံ့လှယ်ပြီးနေရသည်မှာ ရိုးလို့ ပင်နေပါပြီတဲ့ဘုရား"

"နှစ်ပါးမေတ္တာတော် ပေါင်းကူးမိကြတဲ့ အချိန်အခါ အတန်ပင် ကြာခဲ့လို့ ကြာခဲ့သမျှ အချိန် များမှာလည်း မေတ္တာနှင့် ချစ်သဒ္ဒါရွှေမိုးက တဖြိုးဖြိုးရွာခဲ့သဖြင့် ရွှေကိုယ်တော်ဖျားမှာ ရင်တွင်းမဆန့်အောင် ချစ်မေတ္တာ ပျံ့နှံ့လို့နေပြီ၊ ဘယ်နည်းဘယ်ပုံ ချစ်တော်မူရကြောင်း၊ အလွှာတော်ပေါင်းများစွာ စာစီနှုန်းဖွဲ့ရသော်လည်း အားရတင်းတိမ်တော်မမူနိုင်ဘဲ ရှိတော် မူရုံမက ဤမျှ ချစ်မြတ်နိုးတော်မူလှတဲ့ ညာရွှေလုံးထိပ်ထား လှများအခေါင်၊ မြတောင် စုစုကို နီးနီးကပ်ကပ်ရှုပြီး စုဆောင်းသိုမှီးလာခဲ့ရတဲ့ အချစ်တော်ပဏ္ဏာများကို နှုတ်စကားနှင့် ဆက်တော်မူလိုပြန်ပါသည်တဲ့၊ ရွှေကိုယ်တော်ဖျားက ချစ်အားသန်တော်မူသလို စုထား ဖုရားကလည်း အချစ်တော်အင်အားက အတန်းအစား ညီမျှပါမလားလို့ စဉ်းစားတော်မူမိတဲ့ အတိုင်း စုထားဖုရားနှင့် နှစ်ပါးစုံညီ မေတ္တာရည်တူ မတူကို ရာဖွန် ချိန်စက်၍ သစ္စာတော် ပန္နက်သဲကို မြဲအောင် စိုက်တော်မူရန် အင်မတန်မှ

www.burmeseclassic.com

www.burmeseclassic.com

အာရုံသန်တော်မူလှသည့်အတိုင်း စုထားဖုရားထံတော်သို့ ရွှေမေတ္တာ မဏ္ဍိုင်ကို ကြံ့ကြံ့ခိုင်ခိုင် စိုက်ထူပြီး သစ္စာတော်မှုနိုင် စေကြောင်း၊ အချိန်အခွင့်ကောင်းကို တောင်းဆိုတော် မူတဲ့စကားနှင့် အလွှာတော်ပါးလိုက် ခြင်း ဖြစ်ပါသည်။ အလွှာတော်ပါးရုံနှင့် အားရတော် မမူဘဲ ဘုရားကျွန်မကိုလည်း နှုတ်တော် အထပ်ထပ် မပြတ်အောင် မှာတော်မူလိုက်ပါသေးတယ် စုထား ဖုရားရဲ့"

လျှောက်တင်ကာ ပါလာသော အလွှာတော်ကို စုဖုရားလတ်သို့ ဆက်လေ၏။ စုဖုရားသည် လည်း ရွှေကလပ်မှ ရွှေပြားအက္ခရာ အလွှာတော်စာကို အသာလက်တော်နှင့် ကိုယ်ယူ ရှုစားတော်မူပြီး အထိန်းတော်ကြီး လျှောက်တင်သောစကားများနှင့် အလွှာတော်တေးထပ် တွင် ပါဝင်သော အဓိပ္ပာယ် များကို အတန်ကြာ စဉ်းစားဂေဖန်တော်မူလျက် ရှိလေရာ အထိန်းတော်ကြီး ခင်ဘွားသစ် မှာလည်း အနီးတွင် ခစားလျက် စုဖုရာ၏ မျက်နှာရိပ် မျက်နှာကဲကို အမြဲစောင့်၍ ကြည့်နေလေ၏။ အတန်ကြာ သည်တိုင်အောင် စုဖုရားလတ်၏ အမိန့်တော်သံကို မကြားရဘဲ နေသော ကြောင့် အထိန်းတော်ကြီးမှာ ကြာကြာ အောင့်မနေ နိုင်ဘဲအလား အပါးသို့ တိုးကပ်သွားပြီ-

"ဘယ်လိုများ စိတ်ကူးတော်မူပါသလဲ စုထားဖုရား၊ သီပေါကိုယ်တော်ကလေးလည်း တကယ်ဆိုတော့ သနားစရာပါပဲ၊ သူ့ခမျာလည်း တွေ့ဆုံတော်မူချင်ရှာမှာပေ့ါဘုရား၊ မေတ္တာဆက်သွယ် ချစ်တို့လှယ်တော်မူကြတာက အတော်ကြာပြီမို့ တွေ့ဆုံတော်မူကြဖို့ သင့်တော်လောက်ပြီလို့ ထင်ပါတယ်"

ကိုယ့်အဖြေနှင့်ကိုယ်၊ လျှောက်တင်လေရာ စုဖုရားလတ်မှာမူကား အလွှာတော်ကို လက်တွင် ကိုင်ထားလျက်ပင် မျက်နှာတော် ကြွေ့ကြွေ့တည်တည်နှင့်-

"ဖြစ်နိုင်မယ် မထင်ပါဘူး သစ်သစ်ရယ်"

ခပ်လေးလေး တစ်ခွန်းတည်း မိန့်တော်မူကာ ရွှေလွှာတော်ကို ကလပ်ပေါ်ပြန်ထားပြီး နောက်ထပ် စကားမဆက်ဘဲ နေပြန်သည်နှင့် ခင်ဘွားသစ်မှာ အားမလိုအားမရနှင့် အပါးက ခစားပြီး မကျေမနပ်ကြီး ဖြစ်၍နေလေ၏။

အခန်း (၁၉) နက်ဖြန်

အခန်း(၁၉)

အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စုဖုရားလတ်ကို လျှောက်တင်ရာ၌ လွယ်ကူသလောက် စုဖုရားထံမှ အကြောင်းပြန်ရမည့် အဖြေမှာ မျှော်လင့်စရာ အားနည်းဖွယ်ဖြစ်နေလေရာ စုဖုရားကလည်း ထိုကိစ္စနှင့် စပ်လျဉ်း၍ စကားစပ်တော်မမူသည့်အတွက် မိမိက ရုတ်တရက် စတင်လျှောက်ထားရန် ခက်နေသကဲ့သို့ ရှိလေ၏။

www.burmeseclassic.com

သီပေါမင်းသား၏ လူပျိုတော် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ပေါ်တွင်လည်း ၎င်းတို့ မြှောက်ပင့် ပေးရာတွင် မိမိဘဂင်မြင့်ပြီး တာဂန်ကြီးခံခဲ့မိသည့်အတွက်လည်း စိတ်ထဲ တွင် လေး၍ နေလေတော့၏။ မိမိကို အားကိုးတကြီးနှင့် ကပ်ကြစဉ်က လွယ်လွယ်ကူကူ တာဂန်ယူလာခဲ့သလောက် ထိထိရောက်ရောက် အလုပ်လုပ်ကြည့်သောအခါ မလွယ်ကူဘဲ ရှိနေသဖြင့် မျှော်လင့်နေသူများကို ဘယ်ကဲ့သို့ အဖြေပေး ရမည်မသိ၍ တွေးမိတိုင်း ရှက်ကာ မိမိထံမှ အခွင့်သာသော စကား မပြန်နိုင်သေးသမျှ မောင်မောင်တုတ် တို့ကို မတွေ့ပွံ့အောင် ရှံ့နေလေ၏။

ရှံ့နေသဖြင့် မောင်မောင်တုတ်တို့ကို မတွေ့ရန် ဆုတောင်းပြီး အမြဲရှောင်ကွင်းနေခဲ့ရာ ထိုအချိန် အခါမှာလည်း ကံအားလျော်စွာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်မှာ အရှင် သခင်ဖြစ်သော သီပေါ မင်းသားအား စုဖုရားအကြောင်း အမေးတော်မရှိဘဲ မလျှောက်တင် စတမ်းဟု နှစ်ယောက်သား စည်းဂါး ရိုက်ထားကြသော အချိန်ဖြစ်၍ သီပေါမင်းသားက လည်း လူပျိုတော်များကို စကားမစပ်၊ လူပျိုတော် များကလည်း မတင်မလျှောက်ထားဘဲ ရှိကြရကား စုဖုရားလတ်ထံသို့ နောက်ထပ်ပင် အလွှာတော်များ အပို့ မရောက် ကြရသဖြင့် အထိန်းတော်ကြီး ခင်ဘွားသစ်က တွေ့ခွင့်မရအောင် ဆုတောင်းကာ ရှောင်ဖယ်ဖယ် ပြု နေရာတွင် အထိန်းတော်ကြီး ဆုတောင်းပြည့်နေသကဲ့သို့ ရှိလေ၏။

မောင်မောင်တုတ်တို့လည်း တောင်ဥယျာဉ်တော်ထဲသို့မလာ၊ မိမိမှာလည်း ဖြေစရာ စကား လက်ဆောင် မလုသေးသဖြင့် သူတို့မလာကြသေးသည်ပင် သက်သာရာရသကဲ့သို့ အသက်ရှူခွင့် ရနေသော အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ယခုလောလောဆယ်ဆယ် အေးသော်လည်း အဖြေပေးရမည့်နေ့ကား တစ်နေ့မတွေ့ တစ်နေ့တွေ့ရပေတော့မည်။ တွေ့ရသည့်အခါ ဘယ်ကဲ့သို့သော အဖြေကို ပေးရ မည်နည်းဟု စိတ်ထဲတွင် မအေးခဲ့ပြန် သောကြောင့် စုဖုရားနှင့် စကားအခွင့်သာတိုင်း ထိုအကြောင်းကို စကားပြန် ရရန် အတန်တန် ကြိုးစားလျက် ရှိလေ၏။

သို့ရာတွင် စုဖုရားကလည်း ဤကိစ္စကို အနည်းငယ်မျှ စကားမစမခံဘဲ နေတော်မူခဲ့ရာ ရက်ပေါင်း အတန်ကြာသော် အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ဤကိစ္စ ဖြေမရသမျှ နေမထိထိုင်မသာ ဖြစ်လာ သောကြောင့် နောက်ဆုံးတွင် ဘာဖြစ်ဖြစ် ဖွတ်နစ်စွန့်စား၍ စုဖုရားလတ်ကို စိတ်လက် ကြည်သာတော် မူခိုက်တွင် ဆံတော်ရှင်း၍ ဆက်ရင်း ...

"ဒါနှင့်ပါဘုရား၊ စကားမစပ် သီပေါကိုယ်တော်ထံက အလွှာတော်ပါးကိစ္စကို ဘယ်လိုများ အကြောင်း ပြန်ကြားတော်မူပါမလဲ၊ ကိုယ်တော်လေးကဖြင့် တစ်မျှော်တည်းမျှော်တော်မူလို့ နေရှာတော့မှာပဲဖျာ့"

ဖွတ်စ၍ လျှောက်တင်လေ၏။

စုဖုရားလတ်လည်း အထိန်းတော်ကြီးကို လှည့်၍ ရှုစားတော်ကာ-

"သစ်သစ်ကလည်း ဒီကိစ္စကိုပဲ စွဲလမ်းနေတော့တယ် ထင်ပါရဲ့၊ ဘယ့်နယ်အကြောင်း ပြန်ရမှာလဲ သစ်သစ်ရဲ့၊ မဖြစ်နိုင်တဲ့ကိစ္စမို့ စုစုစိတ်က နည်းနည်းမှ သတိရတော်မမူပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"စုထားဖုရားက သတိတော်မရပေတဲ့ ဟိုက ကိုယ်တော်ဖျားကဖြင့် ကိုယ်တော်ကလေးကို သနား လိုက်ပါဘိတယ်ဘုရား၊ စုထားဖုရားကတော့ သနားတော်မူပုံ မရပါဘူးလေ၊ ဒါကြောင့်သာ နေနိုင်တော် မူအားတာပေါ့"

စု။ ။ "အို ... စုစုကလည်း သီပေါမောင်မောင်ကို မသနားလို့မှ မဟုတ်ဘဲနဲ့

သစ်။ ။"ဒါဖြင့် ... ချစ်ကော ချစ်တော်မူရဲ့လား ဘုရား"

စု။ ။"ဩော် ... စုစုကလည်း ချစ်လို့သာ သူ့အလှာတော်တွေ လက်ခံပြီး ဒီကလည်း အလှာတော် ပြန်ဆက် နေတာပေါ့"

သစ်။ ။"ဒါဖြင့် တွေ့ဆုံတော်မူဖို့ အခွင့်ပြုတော်မူပါလား စုထားဖုရားရယ်"

စု။ ။"အို ... ဒီအမယ်ကြီး လာပြန်ပြီ၊ မဖြစ်နိုင်ပါဘူးလို့ မိန့်တော်မူနေတာများ မကြား လေရော့သလား"

သစ်။ ။"ကြားပါတယ်ဘုရာ့၊ အဲဒီလို မဖြစ်နိုင်ဘူးဆိုတာက ဘယ်လိုမဖြစ်နိုင်ပုံမျိုးလဲ လို့ သစ်သစ် သိပါရစေဦး စုထားဖုရားရဲ့"

စု။ ။"မဖြစ်နိုင်ပုံကို သစ်သစ် သိချင်လျှင် နားထောင်ပေတော့၊ သီပေါမောင်မောင်ဟာ မင်းညီမင်းသား၊ အရှေ့ပိုင်းမှာ စံနေရတယ်၊ စုစုတို့က မိဖုရားနှင့် သမီးတော်များဖြစ်လို့ အနောက်ပိုင်းမှာ စံတော်မူရတယ်၊ အရှေ့ပိုင်း မင်းယောကျ်ားများဟာ စုစုတို့ မင်းမိန်းမများ ရှိတဲ့ အနောက်ပိုင်းကို ဘယ်မင်း လက်ထက် တော်က ကူးရတဲ့ထုံးစံရှိသလဲ၊ အနောက်ပိုင်း မင်းမိန်းမများ စံစားနေထိုင်ရာအရပ်ကို ခမည်းတော် ဘုရားက လွှဲ ရင် အနောက်ဂန်မင်း တစ်ပါးသာ သွားလာဝင်ထွက်ခွင့်ရှိတာကို သစ်သစ် သိရဲ့ မဟုတ်လား"

သစ်။ ။"သိပါရဲ့ဘုရား၊ ဒါပေတဲ့ 'လူကြံလျှင် ထရံတောင်ထင်းဖြစ်ရသေးတယ်'ဆိုတဲ့ စကားလို ..."

စု။ ။"အို ... ဒီလိုကြံဖို့များတော့ စိတ်မကူးစမ်းပါနဲ့ သစ်သစ်ရယ်၊ ဘယ်နည်းနှင့်မှ ဖြစ်မယ်မဟုတ်ပါဘူး၊ စုစုတို့ စံတော်မူတဲ့ အနောက်ပိုင်းဟာ ယခု ခမည်းတော်ဘုရား လက်ထက်တော်မှာ ရှေးက ဘုရင်တွေထက် မိဖုရားတွေ၊ သမီးတော်တွေများတော့ အထိန်းတော်၊ အပျိုတော်တွေကလည်းများ၊ ကိုယ်လုပ်တော် ကလည်း ဒုနဲ့ဒေးမို့ အနောက်ပိုင်းဟာ ကြွက်ပျံမကျ စည်ကားနေတော့ အချင်းချင်းလည်း ဂုဏ်ပြိုင် နေကြတဲ့ အတွက် ဘယ်သူ့အဆောင်က အမူအရာပျက်ပြီး ဘယ်သူ့အဆောင်က ဘယ်အပြင်လူကို လက်ခံတယ် ဆိုတဲ့ သတင်းကို နားစွင့်အပြစ်ရှာပြီး နှစ်သာရင်ပိုင်းပြီး နှစ်ကြတဲ့အခါကလား၊ ဘယ်တုန်းက ဘယ်မိဖုရား၊ ဘယ်သမီးတော် အမူပေါ်လို့ အမျက်တော်ထားလိုက်တယ်ဆို တာလည်း စုစုတို့ သစ်သစ်တို့ နားနှင့်

www.burmeseclassic.com

www.burmeseclassic.com

အကြား၊ မျက်စိနှင့်အမြင်မ်ပဲ၊ ဒီတော့ စုစုကလည်း အပြစ်ကင်းတဲ့ အလုပ်မျိုးကို တိတ်တိတ်ခိုး ပြုတော်မူ လို့ တော်သင့်ပါ့မလား၊ နောင်အခါ အမူပေါ်လို့ စုစုက အပြစ်ချမ်းသာပြီထားဦး သီပေါ မောင်မောင်ကို အနောက်ဆောင် ကျူးကျော် တဲ့အပြစ်နှင့် ရာဇဂတ်သင့်မှဖြင့် ဘယ့်နှယ်ကြံမတုံး"

သစ်။ ။"သစ်သစ်လည်း အကြံအစည်မှာ ဒါလောက် အောက်တန်းမျကသေးပါဘူးဖျာ့၊ တကယ့်တကယ် ကြိုးစား မယ်ဆိုလျှင် အပြစ်လွတ်တဲ့ ခရီးက ဂိနည်းရှောင်စရာတွေ အများကြီးပါ၊ စိုးရိမ် ကြောင့်ကြ တော်မူစရာ မလိုပါဘူး"

စု။ ။"သစ်သစ်ဟာ အတော့်ကို ဇက်ရဲနေပါကလား၊ ဒီလောက် ရဲတဲ့ဇက်တစ်နေ့ မြို့ဂန် လက်ကဓားနဲ့ ယဉ်ပါး သွားမှာ စိုးရတယ်နော်"

သစ်။ ။"စုထားဖုရားက စိုးရိမ်အားသန်တော်မူလွန်းလို့ပါ၊ လျှောက်တင်လက်စနှင့် လျှောက်ပါစေဦး"

"ဟိုရှေးအခါတုန်းက ကေသာသီရိ မင်းသမီးအဆောင်တော်ဟာ ဘီလူးမ အပျိုမတော်တွေ နှင့် စောင့်ရှောက်ခစားပြီး ဓားစကြာ၊ လှံစကြာများပါ ရံပိုင်းထားသည်ကိုပင် ချစ်ခင်တဲ့ မေတ္တာ ဇောက အလောသုံးဆယ် တိုက်တွန်းတော့ ဓားမကြောက်၊ လှံမကြောက် ဘီလူး လောက်ကို ဂရုမထားဘဲ သုဂဏ္ဏဟံသကုမ္မာ မင်းသားက ယောက်ျားပီပီ ကြွချီဖြန့်မြန်းတဲ့ အခါ ကေသာသီရိခေါ်တဲ့ နမတော် မင်းသမီးကလေးကလည်း မေတ္တာစိတ်က ဆွဲဆောင် ပြီး ရဲရင့်အောင် အားပေးထားသော ဓားဘေးသော၊ လှံဘေးသော မကြောက်၊ မွေးစားတဲ့ ခမည်းတော် ဘီလူးမင်းကြီးက စူးရှတဲ့ မျက်မာန်နှင့် ဘီလူးအံကိုက် မူးမူးမိုက်မိုက် အပြစ် ပေးမှာလည်း မလန့်နိုင်ဘဲ စွဲလမ်းတဲ့ ချစ်သူနှင့် ကြည်ကြည်ဖြူဖြူ လက်ခံပြီး ချစ်သက် ကို နံ့ကြပါသေးတယ်"

စု။ ။"အို ... တကယ်မဟုတ်တဲ့ လုပ်ဇာတ်စကားတွေကို အဟုတ်အဟတ်ထင်စားပြီး စကားထဲ ထည့်မပြောစမ်းပါနှင့် သစ်သစ်ရဲ့"

သစ်။ ။"ဥပမာ ဆောင်ရတာပါဘုရား၊ လုပ်ဇာတ်ဆိုတာတွေဟာလည်း ရှေးနန်းတော် ထဲမှာ တကယ်ဖြစ်ပျက်ခဲ့ဖူးတဲ့ အကြောင်းအရာများကို ရည်မှျော်ပြီး သင့်လျော်အောင် ဇာတ်လမ်းစီစဉ်ရတာတွေ ဖြစ်ပါတယ်၊ ဒါကြောင့် သစ်သစ်ကလည်း မဖြစ်နိုင်ဘူးလို့ထင်တဲ့ အခက်အခဲများကို အကြံအား ဉာဏ်အားနှင့် အသုံးပြုသွားမည်ဆိုပါလျှင် ..."

စု။ ။"သြော် ... သစ်သစ်ကဖြင့် မဖြစ်ဖြစ်အောင် ကြံမယ်ဆိုတဲ့ ဖွဲ့နှင့် ဖွတ်လျှောက် တင်လို့ပဲ နေတော့တယ်၊ ကိုင်း ... သစ်သစ် မည်သို့မည်ပုံ ကြည်စည်မယ်ဆိုသည်ကို စုစု သိရအောင် ကြိုတင်ပြီး တိုင်ပင်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"အကြံဉာဏ်ဆိုတာ အခါအခွင့်ကိုကြည့်ပြီး ထိထိရောက်ရောက် စီမံသွားရပါ မည်၊ လူကြံလျှင် ခံနိုင်သမို့လား စုထိပ်ဖျားငဲ့၊ အနောက်ဘက် မင်းမိန်းမများ စံစားနေထိုင် ရာကို အပြင်အပ မင်းယောကျ်ားများ ဝင်ထွက်တော်မူရန် အတန်တန် ခဲယဉ်းကျပ်တည်း ထားလျက်ထားနှင့်ပင် ဟိုတစ်လောက ဒီအနောက်ပိုင်းမှာပဲ မဟုတ်ပါလားဘုရား၊ ငတုတ် ဆိုတဲ့ အကောင်းကို သမီးတော် တစ်ပါးရဲ့ အဆောင်မှာ အဝင်အထွက် ရှုပ်ရှုပ်ယှက်ယှက် ရှိလို့ ရွှေနန်းရှင်ဘုရား သိတော်မူတာနှင့် ရာဇဝတ် ဘေးကြီး ဆိုက်ကြရပါပြီ၊ သိတော်မူပြီးမို့ အထူးလျှောက်တင်ဖို့ မလိုပါဘူး၊ သူတို့တစ်တွေရဲ့ အဆောင်မှာ ယုတ်နိမ့်အောက်တန်းကျ တဲ့ သတ္တဂါကိုပင် ရည်ရှည်လများ လျှို့ဝှက်ဆက်သွယ်ထားနိုင်ကြပါသေးသည်။ ယခုလို သာကီနွယ်ဖွားချင်းမှာ အကြောင်းပင် ပေါ်သည်တိုင်အောင် ရာဇဝတ်တော် ရောက်နိုင်စရာ မဟုတ်သည့်အပြင် ခဏခေတ္တ ကြွလာမည့်အရေး ဖြစ်ပါသဖြင့် စိုးရိမ်ခွင့် မရှိနိုင်ဟု ထင်ပါ သည်။ အနောက်ပိုင်းက အစောင့်အနေ ဆိုသမျှမှာလည်း ဘုရားကျွန်မနှင့် အထူးခင်မင် ချစ်ကျွမ်းဝင် ထားသူတွေချည်း ဖြစ်ပါတယ်။ လက်ဆောင်တံစိုးနှင့် ကိုယ့်အကျိုး လိုလား သည်ထက် လိုလား အောင် သွေးဆောင်ပါမူ နေ့လယ်ကြောင်ကြောင်ပင် စုဖျားရဲ့ သီပေါ မောင်မောင် ကြွလာတော် မူသော် လည်း ခဲယဉ်းစရာမရှိဟု ထင်မိကြောင်းပါ"

စု။ ။"အမယ်မင်း ... ရဲတင်းလှတဲ့ အကြံပါကလား၊ သစ်သစ်က နေရာတကျ စီမံထား သည်ဆိုပါဦးဟု သီပေါမောင်မောင်က ရဲပုံ့စွာ ထွက်တော်မူရှာပုံ့ပဲ့မလား၊ သစ်သစ် စဉ်းစဉ်း စားစား ကြံပုံကလည်း မလျော်ကန်ပါဘူး"

သစ်။ ။"သီပေါကိုယ်တော်အတွက်တော့ ခဲခက်ဖို့ မဟုတ်ပါ၊ ချစ်မေတ္တာတော်က စေစားလျှင် အသူရာနေတဲ့ အရပ်ကိုပင် နတ်ဘုရင်သိကြားတို့ သွားရတဲ့ ထုံးနှလုံးမူပြီး အရှဲ့ကိုနောက်ထား ကြောက်အားကို ပြစ်ပယ်လျက် စွန့်စွန့်စားစား ထွက်တော်မူလာပါ ဘုရား၊ နဂိုကပင် ဒီလိုအခက်အခဲတွေကို ကြိုတင်သိမြင်တော်မူပြီး ဖြစ်ပါလျက် မေတ္တာတော်က စေစားနှိုးဆော်လှသဖြင့် နမတော်စုစုနှင့် ယခုလို တွေ့ဆုံတော်မူလို ကြောင်၊ အခါအခွင့်တောင်းခြင်း ဖြစ်ပါ၍ သီပေါကိုယ်တော်ဖျားအတွက်ဖြင့် ပူပင်ကြောင့် ကျတော်မူစရာအချက် မဟုတ်ဘူးလို့ ထင်ပါတယ်"

စု။ ။"အင်း ... သစ်သစ် အပြောကဖြင့် ဟောဟောဒိုင်းဒိုင်းနှင့် မြင်းစိုင်းသလို သာပါပြီ တဲ့ သီပေါမောင်မောင်ကလည်း စွန့်စွန်းစားစား ထွက်တော်မူလာမယ်ဆိုလျှင် စုစုက သီပေါ မောင်မောင် စုစုအဆောင်တော် ထွက်တော်မူလာပါတော့လို့ ဖိတ်မန္တကပြုတဲ့ အလွှာတော် ကို ရေးပြီး မရှက်မကြောက် ပေးပို့တော်မမူရဲပါဘူး၊ အဲဒီလို စုစု အဆောင်တော် ထွက်တော်မူလာပါလို့ စကားပြန်ရမှာ ဘယ်လောက် ရှက်စရာကောင်းသည်ဆိုတာကော သစ်သစ် မစဉ်းစားမိဘူးလား။"

သစ်။ ။"မေတ္တာတော် ကူးသန်း၍ အချစ်ခန်းဖွင့်တော်မူထားကြတဲ့ မောင်တော်နှင့် နမတော်ပါကို မောင်တော်က ကြွလာတော်မူလိုကြောင်း စတင်အခွင့်တောင်းသည့်အတွက် မငြင်းပယ်ရက်လို့ အလိုတော် လိုက်ရသည်ဟု ယူဆရမည်သာ ဖြစ်ပါတယ်၊ ရှက်စဖွယ် မဟုတ်ကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com

စု။ ။"သစ်သစ်က ရုက်စဖွယ် မဟုတ်ဘူးလို့ လျှောက်တင်ပေမဲ့ စုစုက တကယ့် တကယ်ပဲ အကြီးအကျယ် ရှက်စဖွယ်ကြီးလို့ ထင်တောမူနေတယ် သစ်သစ်ရဲ့"

သစ်။ ။"အဲဒီလိုဖြင့် အကျပ်သားပါ ဘုရား၊ သည်မျှလောက် အရှက်တော်ပွားနေမည် ဆိုပါက မျှော်လင့်တော်မူနေတဲ့ ကိုယ်တော်ဖျားကို သနားမညှာ ရက်စက်တော်မူရာ ကျနေ ချေပေ့ါဘုရား"

စု။ ။"အို ... စုစု စိတ်တော်ရင်းက ရက်စက်တော်မမူဘူးဆိုတာကို ဟို မောင်မောင် ကလည်း သိတော်မူ ပြီးသား နေမှာပါပဲ"

သစ်။ ။"သီပေါကိုယ်တော်က စုစုကို တွေ့ဆုံတော်မူလိုလှသည့်အတွက် ရုတ်တရက် အလိုတော် မပြည့်မှုဖြင့် စိမ်းကားတော်မူလှသည့် မိမိရယ်လို့ အားငယ်ငယ်နှင့် ညည်းညူ တော်မူမှာ အမှန်ပါပဲဘုရာ့"

စု။ ။"အို ... တယ်ခက်ပါကလားနော်၊ ကဲလေ ... အနောက်ပိုင်းကို သီပေါမောင်မောင် အခွင့်အလမ်းသာလို့ ထွက်တော်မူလာပါလို့ စုစုက အရှက်ကို နောက်ထားပြီး သနားတဲ့ စိတ်နှင့်ပဲ ကြိတ်ပြီး အမှာတော်စာပို့လို့ သီပေါမောင်မောင် စုစုအဆောင်တော်သို့ ထွက်တော်မူလာပါပြီတဲ့ စုစုက သူ့ကို ဘယ်လိုလုပ်ပြီး ဧည့်ခံတော်မူရမှာတုံးလို့"

သစ်။ ။"အမယ်မင်း ... ခက်သမို့လား စုထားဖုရား၊ ဟို ... တစ်နေ့က သစ်သစ်ကိုယ်တိုင် ကပြ အသုံးတော်ခံထားတဲ့ အီနောင်မင်းသားနှင့် နန်းကိန္နရီ မင်းသမီးလေး တွေ့တော်မူ ခန်းထဲကလို သို့မဟုတ် အရီးတော် လှိုပ်ထိပ်ထားဖုရား စီရင်ရေးသားတော်မူတဲ့ ဣန္ဒာဂံသ၊ ဂိဇယကာရီစတဲ့ ဇာတ်တော် ထဲကလို..."

စု။ ။"အို ... သစ်သစ်ကလည်း ရှက်စရာကြီးပါလို့ မိန့်တော်မူနေမှ၊ ဒီလိုစကားတွေ ကြားတော် မမူချင်ပါဘူး"

သစ်။ ။"နို့ ... ဘယ့်နှယ်လုပ်မလဲဘုရာ့၊ မတွေ့ဘဲနေတော်မူကြလို့ ပြီးမည့်ကိစ္စ မဟုတ်တာကို ယခုလိုသာ ရှက်တော်မူနေမှဖြင့် ခက်ရချေပေ့ါဘုရာ့"

စု။ ။"ခက်တန်သော ခက်ရမည်၊ စုစုတော့ ရှက်တော်မူသည်ကို တားမြစ်လို့ ရတော် မမူဘူး သစ်သစ်ရဲ့"

သစ်။ ။"သည့်နှယ်ဖြင့် ဘယ်လိုကြံပြီး ရွှေကိုယ်တော်ဖျားထံ အကြောင်းပြန်ရပါမလဲ ဖျာ့၊ သစ်သစ်တော့ 'ဆွမ်းခူးမျက်နှာမလှ ဆွမ်းလောင်းမျက်နှာမလှ'နှင့် စိတ်စက်များ ညစ်လှပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

စု။ ။"စိတ်ညစ်စရာ မရှိပါဘူး သစ်သစ်ရယ်၊ ဟို ... က အမေးတော်ရှိလျှင် စုစု ကိုယ်တော်တိုင်က အလွှာတော် မရေးလို့ မပေးရပါတယ်လို့ ကိုယ့်အပေါ် အပြစ်မလာ အောင် စုစုကိုသာ ပုံ၍တင်လိုက် ပါတော့လား"

သစ်။ ။"ဒီလို လျှောက်တင်ရလျှင်တော့ အလွယ်သားပေါ့ဘုရား၊ သို့သော် ရွှေကိုယ်တော် စုဖျားမျက်နှာတော်ကို နီးနီးကပ်ကပ် တွေ့ဆုံရှုစားပြီး အချစ်စကား နှုတ်ကတိတော် ထားချင်လွန်းလို့ အားကိုးမျှော်လင့်ကြီးနှင့် စောင့်စားတော်မူရှာဆဲမှာ မျှော်လင့်ဖွယ် မရှိတဲ့ ငုံးတိတိ အဖြေစကားကြီးကို သွား၍လျှောက်တင်မိပါလျှင် ရွှေစိတ် တော်တွင် အင်မတန် ငြိုငြင်ဆင်းရဲတော်မူသွားရှာတော့မဲ အရေးကို တွေးပြီး မြင်မိလွန်းလို့ ကိုယ်တော်ကလေးကို သနားပြီး လျှောက်တင်ရမည့် စကားကိုပင် မလျှောက် တင်ရက် အောင် ဖြစ်တော့တာပဲ စုထားဖုရာ့ရဲ့"

စု။ ။"ဒါက သစ်သစ်ရဲ့ သီပေါကိုယ်တော်ဘက်ကို သစ်သစ်က ယက်မှန်းမသိ ယက်ပြီး လျှောက်တင်တဲ့စကား ထင်ပါရဲ့၊ သစ်သစ်မှာ ကိုယ်တော်ဖျားကို ယခုလောက် စေတနာ ရောက်နေသည်ဆိုတာ စုစု သိတော်မူပါပြီ၊ စုစုကလည်း သီပေါမောင်မောင်ဖျားကို သနားတော်မူသားပဲ သို့ပေမဲ့ ရှက်တော်မူမတာကိုး..."

သစ်။ ။မရှက်သုံးပါးမှာ ချစ်ကြိုက်တဲ့ ဇာအတွက် မရှက်ခြင်းမျိုးက တစ်ပါးအပင်ပါမို့ တကယ်သာ ချစ်ရိုးမှန်လျှင် ရှက်တော်မူဖို့ရာ သတိပင်ရတော်မူမှာ မဟုတ်ပါဘူးတဲ့ဘုရား" ဟု ခနဲ့လိုက်လျှင်-

စု။ ။ "စုစုက တကယ်ချစ်တာမှ အဟုတ်ကို ချစ်တော်မူတာပါ သစ်သစ်ရဲ့" လွှတ်ခနဲ မျက်နှာတော် မဲ့မဲ့နှင့် မိန့်တော်မူလိုက်လေ၏။

စုဖုရားလတ်မှာ မောင်တော် သီပေါမင်းသားအား အကယ်ပင် မေတ္တာနွယ် ညွှန့်မြူးကွန့် ယိမ်းယိုင်တော်မူပြီး ဖြစ်သည့်အတိုင်း အထိန်းတော်ကြီး ခင်ဘွားသစ်က စစ်စစ် ပေါက်ပေါက် စကားနာထိုးနေသည်ကို ကျေနပ်တော် မမူဘဲ ခင်ဘွားသစ် အထင်လွဲ သကဲ့သို့ သီပေါမင်းသားကပါ အထင်လွဲမှား ချစ်ခင်တော် မမူဘူး ထင်မှတ်သွားမည်ကို စိုးရိမ်လာသဖြင့် မျက်နှာတော်ငယ်ငယ်နှင့် ဣန္ဒြေမဆယ်နိုင်အောင် အမူအရာ ပျက်တော် မူလာလေ၏။ အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ဆံတော်ရှင်းရှင်း ခနီးခနဲ့နှင့် စုဖုရားလတ် ၏ ရွှေစိတ်တော်ကို ပြောင်းနွဲ့ညွှတ်ယိုင်လာသည်တိုင်အောင် လျှောက်တင်နေသည့် အားလျော်စွာ စုဖုရားလတ်က လွှတ်ခနဲ မိန့်တော်မူလိုက်သည်တွင် အားတက် ရွှင်လန်းစွာ နှင့်-

သစ်။ ။"အဟုတ် ... ချစ်တော်မူရင်ဖြင့် ချစ်တော်မူတဲ့ သီပေါကိုယ်တော်ဖျားကို များများ ကြီး တွေ့ချင်တော်မှာပဲ၊ ဟို ကိုယ်တော်ဖျားကတော့ စုထားဖျားကို အဟုတ်တကယ်ကြီး ကို ချစ်တော်မူရှာသာနှင့် အင်မတန် တွေ့ချင်တော်မူရှာတာ အမှန်ပဲဖျား"

www.burmeseclassic.com

www.burmeseclassic.com

စု။ ။"စုစုကလည်း အဟုတ် ချစ်တော်မူလို့ သီပေါမောင်မောင်လိုပဲ တကယ်ပင် တွေ့တော်မူချင်ပါရဲ့"

သစ်။ ။" ဟော ... သည်လိုဖြင့် ဘာခက်တော်မူသလဲ၊ တွေ့တော်မူကြရအောင် သစ်သစ် စွမ်းသလောက် စီမံကြံဖန်၍ ပေးပါမည်၊ စိတ်အေးအေး စံနေတော်မူပါတော့ ဘုရား"

စု။ ။"အို ... စုစု စိတ်တော်က တွေ့တော်မူချင်တာတော့ မှန်ပါရဲ့၊ သို့ပေမဲ့ တွေ့တော် မူဖို့ရာ ရှက်ပါတယ်လို့ သစ်သစ်ကို ဘယ်နခါ မိန့်တော်မူရမှာလဲ"

သစ်။ ။"ဟော ... လုပ်တော်မူပြန်ပြီ၊ တကတည်း ချစ်တော်မူလျှင် ရှက်တော်မူမှာ မဟုတ်ဘူး၊ ခုတော့ တကယ်တမ်း ချစ်တော်မမူလို့ ဟောဒီ ရှက်တော်မူတဲ့စိတ်တော်က ခဏခဏ ပေါ်ပေါက်လာတာပဲ ထင်ပါရဲ့"

စု။ ။"ကြည့်ပါလားနော် ... သစ်သစ်ကလည်း ဒီစကားကိုပဲ တဂဲလယ်လယ် လျှောက်တင်နေတော့တယ်၊ စုစုက တကယ်လည်း ချစ်တော်မူချင်ပါတယ်၊ တကယ့်ကို လည်း တွေ့မြင်တော်မူချင်ပါတယ်၊ သို့ပေမဲ့ သီပေါမောင်မောင်ကို ကြွလာတော်မူပါလို့ အလွှာတော်ပြန်ရမှာရယ်၊ အဆောင်တော် ကို ကြွလာတော်မူတဲ့အခါ မောင်မောင်မျက်နှာ တော်ကို နီးနီးကပ်ကပ် ရှုစားတော်မူရမှာနှင့် စကား ပြောတော် မူရမှာကို တွေးမိတိုင်း စုစုမှာ အရှက်သွေးကြီး ဆိုက်တော်မူလာတာပဲ"

သစ်။ ။"အဲ ... ဒါမှ ခက်တော်မူတာပဲ၊ တွေ့လည်းတွေ့တော်မူချင်ရဲ့၊ ရှက်လည်း ရှက်တော်မူရဲ့ဆိုပါတော့ဘုရား၊ ကိုင်း ... သည့်နယ်ဖြင့် သစ်သစ်က စုထားဖုရားရဲ့ စိတ်တော်ထဲမှာ အရှက် ဆိုတဲ့ သူပုန်ရန်ကြီးကို တစ်ခါတည်း ပိပြားငြိမ်ဝပ်သွားစေရန် အချစ်တော် တပ်တော်သားတွေကို ဓားဖွေးဖွေး၊ လှံပြောင်ပြောင်နှင့် နိုင်နင်းအောင် နှိမ်ကွပ်ရစေခြင်းငှာ သီပေါကိုယ်တော်ဖျားရဲ့ အချစ်တော် အောင်တပ်ကြီးဆီကို စစ်ကူ အမြန်ကြွလာဖို့ ရာဇဂံစာသလျှင် မကြာခဏ ဆိုက်ရောက်မူလာပါလိမ့်မည်ဟု အင်္ဂါဇ္ဈာ သဘာနှင့် မှန်မှန်ကြီး ဗေဒင်အဟော ဆက်လိုက်ပါရဲ့ဘုရား"

စု။ ။"အို ... သစ်သစ်က ဘယ်လိုပဲ ဗေဒင်အဟောဆက်ဆက်၊ စုစုလက်တော်နှင့် အလွှာရေးပြီး ပေးတော်မမူနိုင်ရိုးတော့ဖြင့် အမှန်ပဲ"

သစ်။ ။"တွေ့တော်မူလိုတဲ့ စိတ်တော်ရင်း ရှိတာတော့ အမှန်ပဲလား စုထားဖျားရဲ့"

စု။ ။"မှန်ပါတယ်၊ မှန်ပါတယ်၊ တွေ့တော်မူချင်တဲ့ စိတ်တော် အရင်းခံရှိသော်လည်း ရှက်တော်မူဆဲမို့ ဒီအကြောင်းကို စဉ်းစားတော်မူလို့ မရဘူး သစ်သစ်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

သစ်။ ။"ကြွလာတော်မူပါလို့လည်း အလွှာတော်မရေး၊ တွေ့ဆုံတော်မူရမဲ့ အရေးကို လည်း ရှက်တော်မူတဲ့ စိတ်ကြောင့် နောင့်နေးတော်မူနေသေးတယ်ဆိုတာ သီပေါ ကိုယ်တော်ဖျား သိတော်မူ သွားလျှင်ဖြင့် လုံးလုံးလျားလျား ပစ်ပယ်တော်မူသေးသည် မဟုတ်၍ ရုတ်တရက် စိတ်အားပျက် မသွားဘဲ နောက်တစ်ကြိမ် နှစ်ကြိမ်ဆိုသလို တွေ့ဆုံ တော်မူလိုကြောင်း အချိန် အခွင့်တောင်း တဲ့ အလွှာတော် တွေတော့ စုဖျားရွှေလက်တော်ထဲ ဆင့်ကဲဆင့်ကဲ ရောက်တော်မူနေမှာပဲဖျ၊ အဲဒီအခါ ကျတော့ကော ဘယ့်နယ်ကြံတော်မူဦး မှာလဲ"

စု။ ။"အို ... နောက်ဖြစ်လာမဲ့ အရေးကြီးကို ယခုက ကြိုတင်ပြီးတွေးလို့ ပူတော်မူ မနေနိုင်ပါဘူး၊ သစ်သစ်လည်း ဒီစကားနှင့်ပဲ အချိန်ကုန်နေပါပြီး ကိုင်း ... မြတ်လေးဆီနှင့် ဆံတော်ရှင်းနေလိုက်တာလည်း အချိန်တော် အတော်ပဲ ကျွမ်းလာပြီး၊ သစ်သစ် ဆံတော် ရှင်းတဲ့ကိစ္စ ယနေ့ပြီးမှ ပြီးပါဦးမလား"

စကားဖြတ်လိုက်ရာ အထိန်းတော်ကြီးမှာလည်း ဆံထုံးတော်ပြီးအောင်ထုံး၍ ဆက်ပြီး သဇင်ခက်ကလေး များကို စိန်ပန်းခိုင်နှင့်ရောလျက် ဆံထုံးတော်တွင် ထိပ်စိုက်သဖွယ် ဆင်ပန်ဆင်သလျက်-

"ကဲ ... ဆံထုံးတော် ပြီးပါပြီ၊ စုထားဖုရားရဲ့၊ သစ်သစ်ကလည်း လျှောက်တင်စရာ စကားတွေ ရှိသမို့ ခပ်အေးအေး လျှောက်တင်နေရပါသည်"

ဆိုကာ ဆံထုံးတော်တင်သည့် ကလပ်ကို ယူဆက်ပြီး-

"ယနေ့ ဆင်တော်မူရာ နှစ်သက်တော်မူရာ ဆံထုံးများကို ရွေးချယ်တော်မူပါဘုရား" လျှောက်တင်ပြီး နေ့စဉ် ဆံတော်ရှင်းပြီးတိုင်း ဆင်တော်မူမြဲဖြစ်သည့် ရတနာဆံထိုးတော် များ တင်သော ရွှေကလပ်ကို ယူဆက် လေ၏။

ထိပ်စုဖုရားလတ်လည်း ရွှေကလပ်ထဲမှ ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသော ဆံထိုးများနှင့် စိန်ဆံထိုးတော်အများကို ရွေးချယ်တော်မူပြီး လက်ထဲတွင် ကိုင်တော်မူထားကာ ၎င်းမှ တစ်ဖန် နှစ်သက်တော်အမူဆုံးဖြစ်သော ရတီနှစ်ဆယ်ကျော် စိန်ဆံထိုးတော်ကို ဆံထုံး တော်အလယ်တွင် ထိုးစိုက်ဆင်မြန်းတော်မူပြီး လက်တော်ထဲတွင် ကိုင်တော်မူထားသည့် ကျန်သော စိန်ဆံထိုးတော် နှစ်ချောင်းကို အထိန်းတော်ကြီး ခင်ဘွားသစ်အား-

"ရော့ သစ်သစ်ကို ဒီဆံထိုးတော်နှစ်ချောင်း သနားတော်မူတယ်၊ အရင်တစ်လော အဆိုနှင့် အကများ ဆက်စဉ်က ခင်ဘုန်းတို့ကို ဆုတော်သနားတော်မူပြီး သစ်သစ်ကြီးကို ဆုတော် ပေးမယ် စိတ်ကူး တော်မူထားတုန်းမှာ သစ်သစ်ကလည်း အီနောင်ဇာတ်ထဲက ရေစမ္ပါယ် ကတော်ကြီးကို အားကျပြီး စကားတွေ ပေါက်ကရ လျှောက်တင်နေတဲ့အတွက် စုဖျား ကလည်း ဆုသနားဖို့ မေ့တော်မူသွားမိတာ ယခုမှ ဆုချတော်မူရမယ်"

www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူသည်တွင် အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စုဖုရား ပေးသနားတော်မူသော စိန်ဆံထိုးကြီး နစ်ချောင်းကို မရဲတရဲ ကိုင်ကြည့်နေပြီး ထိုဆံထိုးတော်ကြီးများမှာ မယ်တော် အလယ်နန်းမတော် မိဖုရားကြီး ကိုယ်တော်တိုင် သမီးတော် စုဖုရားလတ် ဆင်တော်မူရန် ရွှေတိုက်တော်က ရတနာ စိန်ကျောက်များ ထုတ်ယူ၍ ပန်းတိမ်တော်များတွင် အပ်နှံပြုလုပ် စေပြီးမှ ပေးသနားတော် မူထားသော ပစ္စည်းများတွင် အပါအဝင် ဖြစ်နေသောကြောင့် လက်ခံရမည်ကို မရဲမပွံ့ ကြောက်ရွံ့လျက် ရှိလေ၏။

စု။ ။"ဘာဖြစ်နေတာလဲ သစ်သစ်ရဲ့၊ သစ်သစ်က အရွယ်ကြီးလို့ စိန်ဆံထိုးကြီးကြီးကို သနားတော်မူတာ၊ ပြီးတော့လည်း သစ်သစ်ကြီးကို စုစုက အချစ်မူတာ၊ သစ်သစ်က ဂမ်းမသာလို့ မဲ့မဲ့ချည့် ကြည့်နေတာလား"

သစ်။ ။"အမယ်လေး ... ဂမ်းမသာလို့ မဟုတ်ပါဘူး စုထာဖျားရဲ့၊ သနားတော်မူတဲ့ ဆုတော်က အဖိုး ထိုက်တန်ပြီး အမွန်အမြတ်ထားတဲ့ပစ္စည်း၊ မယ်တော်ဖျားကြီးက သမီး တော်ကို အထူးဆင်တော် မူထားသည့် ပစ္စည်းထဲက ဖြစ်နေတဲ့အတွက် လက်မခံပွံ့အောင် ရွံ့နေပါသည်။ မယ်တော်ဖျား သိလျှင် ကလေးကပေးသည်ကို ဒီကောင်မကြီး ယူရမလားလို့ အပြစ်တော်များ တင်နေမည် စိုးရပါသည်။ သည့်ထက်ညံ့သည် ပစ္စည်းတစ်ခုခုနှင့် လဲ၍ ပေးသနားတော်မူပါဖျား"

စု။ ။"အို ... သစ်သစ်ကလည်း စုစု သဒ္ဓါလို့ ပေးတော်မူရာ မငြင်းရဘူး မယ်ဖျား ကလည်း စုစု ဆင်တော် မူစရာ သနားတော်မူထားပြီးကတည်းက အပိုင်လွှဲတော်မူပြီးပဲ စုစု လက်ထဲ ပိုင်တဲ့ပစ္စည်းကို စုစုဘာသာ ထုချင်ထု ခွဲချင်ခွဲ ရေထဲသို့ပင် လွှင့်ပစ်ပစ် မယ်ဖျား ကလည်း အပြစ်တင်တော်မမူပါဘူး၊ သစ်သစ်ကို သနား တော်မူတာ သာလို့ပင် ကျေနပ် တော်မူမှာပါ၊ ကဲ ... သစ်သစ် ဆံထုံးမှာ စိုက်စမ်းပါ"

မရမက ခိုင်းတော်မူရုံနှင့် အားမရဘဲ အထိန်းတော်ကြီး လက်ထဲက ကောက်ယူတော်မူကာ စိတ်ပါက လက်ပါ ချစ်ခင်မူရာနှင့် အထိန်းတော်ကြီး ခင်ဘွားသစ်၏ ဆံထုံးတွင် ကိုယ်တိုင် စိုက်တော်မူပေးပြီး

"အေး ... တို့ သစ်သစ်ကြီးက လှတယ်"

မိန့်တော်မူကာ အထိန်းတော်ကြီး လည်ပင်းဖက်၍ ရုတ်တရက် ကိုယ်ပေါ်ပစ်ထိုင်တဲ့ပြီ ကလေးဆိုးကြီးကဲ့သို့ နွဲ့၍ နေတော်မူစဉ် အဆောင်တော်အတွင်းသို့ အပျိုတော်ကလေး တစ်ဦးဝင်လာပြီး စုဖုရားအနီးတွင် ခစားလာသောကြောင့် စုဖုရားလတ်လည်း အထိန်းတော်ကြီး ရင်ခွင်မှ ထွက်တော်မူကာ

"ခါနွေ ... ဘာလျှောက်တင်စရာရှိသလဲ"

လုမ်းမေးတော်မူသည်တွင် အပျိုတော်ကလေး ခါနွေက-

www.burmeseclassic.com

www.burmeseclassic.com

"အရှင် ထိပ်စုမြတ်ဖျား၊ မယ်တော်ဖျား အဆောင်တော်က အပျိုတစ်ယောက် ခစား ရောက်နေကြောင်း ပါဘုရား"

"ဩော် ... ဘယ်လိုကိစ္စများ သံတော်ဦးတင်မလို့ပါလိမ့်၊ ကဲ ... ကဲ ... အထဲလာ၊ ခစားပါစေတော့"

မိန့်တော်မူလိုက်ရာ ခါနွေလည်း အဆောင်အပြင်ဘက်သို့ ထွက်သွားလေ၏။ စုဖုရားလတ် လည်း အထိန်းတော်ကြီး ရင်ခွင်မှထလျက် သလွန်တော်ထက်သို့ ပြောင်းရွှေ့ထိုင်နေ တော်မူလေ၏။

မယ်တော် အလယ်နန်းမတော်ဖုရား အဆောင်တော်မှ အပျိုတော် ခင်လေးကြီးလည်း စုဖုရား စံနေသော အဆောင်တော်သို့ ရှိသေစွာဝင်လာပြီး သလွန်တော်အနီးတွင် ခစားမိ သောအခါ စုဖုရားက-

"ခင်လေးကြီး ဘာများလျှောက်တင်စရာ ရှိသလဲ၊ မယ်မယ်ဖျားထံတော်က အမိန့်တော်ပါခဲ့ သလား"

"တင်ပါဘုရား၊ မယ်တော်ဖျားက အရှင်ထိပ်စုမြတ်ဖျားကို အဆောင်တော်သို့ အခေါ်တော် စေလွှတ်သည်နှင့် ရောက်လာရပါသည်ဘုရား"

"အလို ... ဘာဖြစ်လို့ အခေါ်တော်လွှတ်ရသည်တုံး ခင်လေးကြီးရဲ့၊ ဘာအကြောင်းထူး မိန့်တော်မူမယ်လို့ပါလိမ့်၊ ခင်လေးကြီး မရိပ်မိဘူးလား"

"ဖျာ့ကျွန်တော်မျိုးမလည်း အကြောင်းထူးရှိသည်လို့ မထင်မိကြောင်းပါဘုရား၊ သို့ရာတွင် မယ်တော်ဖျား အဆောင်တော်မှာ အစ်မတော် အရှင်ထိပ်စုဖုရားကြီးနှင့် ညီမတော် စုထား ဘုရားကလေးလည်း မယ်တော်ဖျားကြီးအပါးတော်မှာ ရှိနေကြောင်ပါဘုရား"

"ဒါဖြင့် မယ်ဖျား အဆောင်တော် ထွက်တော်မူရအောင် သစ်သစ်ရယ်"

ခင်ဘွားသစ်လည်း "တင်ပါဘုရား" ဆို၍ အပျိုတော် ခင်ဘုန်း၊ ခင်ပေ စသည်တို့နှင့်အတူ စုဖုရားလတ် အတွက် ဂတ်လဲတော်များ လဲလှယ်ဆက်သလျက် ရှိလေ၏။

အပျိုတော်ကြီး ခင်မကြီးက စုဖုရားအတွက် ဖိနပ်တော်လာ၍ ဆက်ပြီးနောက် အထိန်းတော်ကြီး ခင်ဘွားသစ် အမှူးပြုကာ အဆောင်တော်ရှိ အပျိုတော်များ ဖြစ်ကြကုန် သော ခင်ဘုန်း၊ ခင်ပေ၊ ခင်မကြီး စသည် တို့မှာ စုဖုရားလတ် ထွက်တော်မူရာ နောက်တော်မှ ပါလာကြလေသတည်း။

အခန်း (၂၈) ဆက်ရန်
အခန်း(၂၈)

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်ကား ဘဂရှင် မင်းတုန်းဘုရင် မင်းတရားကြီးမှာ စက်တော်အဆောင်တွင်းတွင် ရတနာခုနစ်ပါး စီခြယ်သော ရွှေသလွန်ပေါ်ဂယ် ကိုယ်လုပ်တော်များ၊ ရွှေသား ဒေါင်းတောင် နှင့် ခပ်ဆက်သည်ကို ခံတော်မူရင်း အနောက်ဆောင်တော်ရှိ မင်းမိဖုရားများ အကြောင်းကို စိတ်တော်တွင် ဆင်ခြင်သုံးသပ်တော် မူလေ၏။

ဘဂရှင် မင်းတရားကြီးဘုရား၏ သဘောတော်ကား ကံကုန်တော်မူပြီးသော စကြာဒေဝီရှင် မိဖုရား ခေါင်းကြီး ၏ အရိပ်အရာဖြစ်သည့် အဂ္ဂမဟေသီခေါင် တောင်နန်းမယ်တော် မိဖုရား အရာကို ယခုလက်ရှိ မိဖုရားများအနက်မှ အလယ်နန်းမတော်မိဖုရားသာလျှင် မိဖုရားများ အနက်မှ အလယ် နန်းမတော် မိဖုရားသာ လျှင် ချီးမြှင့် သူကောင်းပြုမည့် အရည်အချင်း ရှိနေ သည်ကိုလည်း တွေးတော် မူမိ၏။ သို့ရာ တွင် သားတော်ကြီးများ၏ မယ်တော်ဖြစ်သူ အခြား မိဖုရားကိုလည်း သားတော်ကြီးများ မျက်နှာနှင့် ငဲ့ကွက်တော် မူမိပြီး သားတော်ကြီးတွေ မားမားရှိတော်မူသော မိဖုရားထဲမှ တစ်ပါးပါးကို ချီးမြှင့် သနား တော်မူမည် ဆိုပါကလည်း အလယ်နန်းမတော်မိဖုရားမှာ အိမ်တော်ပါ ဖြစ်သည် တစ်ကြောင်း၊ အဘတူ အမိကွဲ နမတော် ဖြစ်လေသည်လည်း တစ်ကြောင်း၊ ဘကြီးတော် ရင်း၏ အဂ္ဂမဟေသီ မိဖုရား ခေါင်ကြီးမှ မနောဟရ ထီးဖြူတော်အောက်တွင် ရွှေလင်ပန်းနှင့် အချင်းသန့်စင် ဖွားမြင် တော်မူခဲ့သည့် သမီးတော် ရင့်မကြီးဖြစ်နေသည် တစ်ကြောင်းတို့ကြောင့် ငဲ့ကွက်ထောက် ထားစရာ တွေ များလျက်ရှိသဖြင့် မည်သည့်နည်းနှင့်မျှ အလယ်နန်းမတော် မိဖုရားကို ကျော်လွန်ချီးမြှင့်ရန် မသင့်လျော် ကြောင်း၊ စဉ်းစား တော်မူမိသောကြောင့် အဂ္ဂမဟေသီ ဘွဲ့ထူးကို အလယ်နန်းမတော် ဖုရားကိုသာလျှင် ချီးမြှင့် ပေးသနား တော်မူမှ သင့်တော်တော့ မည်ဟု ကြံတော်မူမိ၏။

သို့သော်လည်း ထိုအကြံတော်ကို တစ်ဖန် ပြန်၍ ရွှေဉာဏ်တော်နှင့် မျှော်ခေါ်စဉ်းစားတော်မူမိပြန်ရာတွင် အလယ်နန်းတော်ရှင် မိဖုရားမှာ လွန်တော်မူပြီးသော စကြာဒေဝီ မဟေသီမိဖုရားခေါင်ကြီးကဲ့သို့ နာယက ဂုဏ်နှင့်တကွ တရားပြည့်ဂတော် မူနိုင် လိမ့်မည်ဟု ယုံကြည် စိတ်ချတော်မမူနိုင်အောင် ရှိနေပြန် သောအခါ ချီးမြှင့်တော်မူလိုသည့် အကြံကို နောက်ဆံငင်တော်မူသွားပြန်လေ၏။ အချိန်အခါ တန်သင့်၍ ချီးမြှင့်ထိုက်သည့် အခါရောက်မှ ချီးမြှင့်သူကောင်းပြု ခံတော်မမူရပြန်လျှင်လည်း အလယ် နန်းမတော် မိဖုရား ဘက်မှနေ၍ တွေးတော်မူလိုက်သောအခါ ဤသို့ ဖင့်နှေးလေးဆေးစွာ ပြုတော်မူ နေသည် ကို စိတ်ခုရန် အကြောင်းဖြစ်နေဦးမည်ဟု စဉ်းစားတော်မူမိသည်တစ်ကြောင်း၊

"မင်းနား တစ်ထောင်မင်းမြောင်တစ်သိန်း" ဆိုသော စကားပမာ အလယ်နန်းမတော် ဖုရားမှာလည်း အဂ္ဂမဟေသီကြီးဖြစ်ရန် မြေကြီးလက်ခတ်မလွဲနိုင်ဟု ယုံကြည်တော်မူနေသည့် အားလျော် စွာ မိဖုရားခေါင် ကြီးတို့၏ အဆောင်အယောင် အခမ်းအနား အသုံးအနှုန်းများကို အဆော်ငတော်တွင် လျှို့ဝှက်စွာ စီစဉ်လျာထား နေခြင်း၊ "အရှင်မြင့်က ကျွန်မြင့်" ဆိုသလို မိမိ လက်ရင်းအပျိုတော်များကိုလည်း မည်သည့် အပျိုတော်ကို မည်သည့်ဘွဲ့နှင့် မည်သည့် မြို့စား၊ မည်သည့်ရွာစား ပေးသနားတော်မူမည်ဟု စီစဉ်လျာထား နေတော်မူသည့်အတိုင်း အလယ်နန်းမတော် မိဖုရား၏ အပျိုတော်များကလည်း အရှင်သခင် ကောင်းစားကြီးမြင့် တော့မည့် အရေးကြောင့် သွေးတစ်မျိုး မြောက်ကာ မာနတံခွန်ကလေးများ စိုက်နေသလို အခြားသော မိဖုရားအဆောင်က

www.burmeseclassic.com

www.burmeseclassic.com

အပျိုတော်များအပေါ်တွင် အဖက်မတန်ချင် သယောင် ယောင်၊ မျက်စိမပွင့်တပွင့်နှင့် ဘဂင်မြင့် တင်ထားနေကြပြီဖြစ်သော အကြောင်း များကို ကြားသိတော် မူပြီး ဖြစ်နေသဖြင့် အဂ္ဂမဟေသီရာထူးကို မချီးမြှင့်ဘဲ နေတော်မူပြန် ကလည်း အလယ်နန်းမတော်ဖုရားမှာ သာ၍ပင် ရှက်စိတ်နာ ဂမ်းနည်းနှင့် နာကြည်း၍ သွားရာမည်ကို ကြိုတင် သိမြင်တော်မူပြီး ဖြစ်နေရကား ဘဂရှင် မင်းတုန်းမင်းတရားကြီး ဘုရားမှာ ဤကိစ္စအတွက် ဇဝေခွဲဆုံးဖြတ်ချက် မချနိုင်ရှိတော်မူလေ၏။ တစ်ခါတစ်ခါလည်း အရည်အချင်းကို ကြည့်ရှုငဲ့ကွက်တော်မူကာ အလယ်နန်းမိဖုရား ကိုသာ နင်းအပ် သူကောင်း ပြုတော်မူလိုက်ပါမည်ဟု ပိုင်းဖြတ်တော်မူမိမလိုလို ဖြစ်တော်မူတော့လျက် ချီးမြှင့်မည်၊ မချီးမြှင့် မည် ဤနှစ်လီကို အတည်တကျ ဇေပုံချ၍ ရတော်မမူနိုင် ရှိလေ၏။

ထိုအခိုက်တွင် အဆောင်တော်အတွင်းသို့ ခုနစ်ရွာ မိဖုရား၊ လင်ပန်းတိုက်စား မိဖုရား သက်ပန်းမိဖုရား၊ မြောက်ရွှေရေးဆောင် မိဖုရား စသည်တို့ အမှူးပြုကာ များစွာသော ဆောင်ရ နန်းရ မိဖုရားကြီးငယ်တို့ တစ်စုတစ်ရုံးတည်း စုရုံးကာ ဘဂရှင်မင်းတရားကြီး ဘုရား စံတော်မူရာ အဆောင်တော်အတွင်းသို့ ဂင်ရောက်လာကြပြီး မင်းတရားကြီးဘုရား အပါးတော်တွင် ညှိုးငယ်ဂမ်းနည်းလှသော မျက်နှာများနှင့် ခစားကြလေလျှင် ဘဂရှင် မင်းတရားကြီးဘုရားလည်း များစွာ အံ့အားသင့်တော်မူကာ-

"မိမိတို့ ... အစုအရုံးအားကောင်းလှပါကလား၊ ဘာများ သံတော်ဦးတင်စရာရှိလို့ ရောက်လာကြသည်တုံး"

မေးတော်မူလိုက်ရာ မသာသော မျက်နှာနှင့် ခစားနေကြသော မိဖုရားများအနက်မှ ရှေ့ဆောင် ဦးစီးပြု လာသော ခုနစ်ရွာတိုက်စား မိဖုရားက-

"ဖျာ့ကျွန်မတို့မှာ ရွှေနန်းရှင်ဘုရားမှတစ်ပါး ကိုးကွယ်အားထားစရာ မမြင်သဖြင့် အရေး တော် မကြိမ်ခင် စွန့်စွန့်စားစား လျှောက်ထားမှ ချမ်းသာရာရတော့မည်ဖြစ်ပါ၍ တစ်စု တဂေးတည်း တိုင်ပင်ပြီး အပါးတော်သို့ ခစားရန် ရောက်လာရကြောင်းပါဘုရား"

ရှေ့ဆောင်စွန့်စား၍ လျှောက်ထားလေလျှင် ရေးမဆွကပင် မိဖုရားများ လျှောက်ထားမည့် စကားအရိပ်ကို နိမိတ်ထင်တော်မူမိပြီဖြစ်သည့်အားလျော်စွာ ရွှေမျက်နှာ ပြုံးတော်မူလျက်-

"ရုတ်တရက် အရေးတကြီးနှင့် ဘယ်လိုဘေးရန်များ နီးလာပေလို့တုံး မိမိတို့ရဲ့"

"မှန်လှပါဘုရာ့ ကျွန်မတို့တစ်စုမှာ ဘဂရှင် ရွှေနန်းရှင်ဘုရားနှင့် ကံကုန်တော်မူသွားသည့် ရှင်မိဖုရား ခေါင်ကြီး ဘုရားတို့၏ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံနေခဲ့ရသည်မှာ အလွန်သာယာ အေးချမ်းသည့် အရိပ်အာဂါသ ကြီးအောက် ရောက်နေသူများနှင့် တူခဲ့ပါသည်။ ရှင် နန်းမတော်ဘုရားကြီး ကံကုန်တော်မူ သွားသည့် အခါမှာလည်း အရှင်တစ်ပါးတည်း၏ ဘုန်းတော်ရိပ်ကို ခိုလှုံအေးချမ်းမြဲ အေးချမ်းသာယာစွာ နေထိုင် ခဲ့ရသော်လည်း ယခုအခါ ရွှေနန်းတော် အနောက်ပိုင်းတစ်ခွင်တွင် အရှင်မိဖုရားခေါင်းကြီးဘုရား ရာထူးကို အလယ် နန်းမမအား ချီးမြှင့်ပေးသနားမည်ဟု သတင်းထွက်နေပါသောကြောင့် ဖျာ့ကျွန်မတို့တစ် တွေမှာ ရေမှဆယ်တင်၍ သောင်ပြင်တွင်

www.burmeseclassic.com

www.burmeseclassic.com

အလုပ်မ်းခံရမည့် ငါးများကဲ့သို့ ပူပန်ချောက်ချား လျက် ရှိနေကြ ပါပြီ၊ ဘဂရှင် ဘုရားက သနားတော်မူသဖြင့် ဘုရာ့ကျွန်မများ၏ ပူခွင့်ကို သိမ်းတော်မူပါရန် အသနား တော်မြတ် ခံရကြောင်းပါဘုရား"

မင်းတရားကြီးဘုရားလည်း ပြုံးတော်မူမြဲ ပြုံးတော်မူကာ-

"ခုနစ်ရွာ မိမိ လျှောက်တင်တဲ့စကားက အလယ်နန်းမိမိ မိဖုရားခေါင်းကြီးဖြစ်တဲ့အခါ ဘယ်လို အရေး အကြောင်း ထူးများ ပေါ်မည်ထင်၍ ပူပင်စိုးရိမ်တော်မူရသလဲ"

"အလယ်နန်းမမဟာ စကြာဒေဂီရှင် မိဖုရားခေါင်ကြီးဘုရားကဲ့သို့ တရားပြည့်ဂ၊ နာယက ဂုဏ်ထူးနှင့် ညီမတော် များကို သနားကြင်နာတော်မူမည် မဟုတ်ဘဲ ဖျာ့ကျွန်မတို့ကို အမျိုးမျိုးညှဉ်းဆဲပါလိမ့်မည်ဘုရား၊ ဤသတင်းကို ကြားကတည်းက ဖျာ့ကျွန်မတို့ အနောက်ပိုင်းတစ်ခွင် ဆောင်ရ၊ နန်းရ မိဖုရား ကြီးကြီး ငယ်ငယ်များမှာယ ပူပန်စိုးရိမ်ခြင်း လွန်ကဲ၍ ပွဲတော်လည်း မတည်နိုင်၊ စက်တော်မှ ဖြောင့်ဖြောင့် မခေါ်နိုင်သော ဖြစ်နေကြရ ပါတော့သည်ဘုရား"

"ခုနစ်ရွာ မိမိ သံတော်ဦးတင်သည့်အတိုင်း ဟုတ်ကြသလား မိမိရို့ရဲ့၊ လင်ပန်းတိုက်စား မိမိနှင့် သက်ပန်း မိမိတို့ကလည်း သဘောတူညီချက်ခြင်း တိုက်ဆိုင်ကြသလား"

သက်ပန်း။ ။"မှန်လှပါဘုရား၊ ဖျာ့ကျွန်မလည်း အလယ်နန်းမမကို နှင်းအပ်တော်ပါ တော့သည်၊ အရှည် မျှော်ချင့်တော်မူပါ၊ အလယ်နန်းမမသာ မဂ္ဂမဟေသီကြီး ဖြစ်ပါလျှင် ဖျာ့ ကျွန်မတို့ သူ၏ ညှဉ်းဆဲခြင်း ခံရပါတော့မည်ဘုရား"

လင်ပန်း။ ။"ဖျာ့ကျွန်မလည်း ဒီသတင်းကို ကြားသိရက်ကစပြီး ပွဲတော်တည်လို့ မဖြောင့်အောင် စိတ်သောကရောက်လျက် ရှိပါသည်ဘုရား၊ ဖျာ့ကျွန်မတို့ကို သနားညှာတာ တော်မူပြီး အားကိုးရာမရ ဖြစ်မည့်အရေးကို တွေးဆဆင်ခြင်တော်မူပါရန် အတန်တန် ရှိခိုး သံတော်ဦးတင်ပဲ့ကြောင်းပါဘုရား"

မင်းတရားကြီးဘုရားလည်း ပြုံးတော်မူလျက် နောက်ဘက်က မိဖုရားများကို လှမ်း၍ ရှုစား တော်မူကာ-

"ဟိုက မိမိတို့ကကော"

အမေးတော်ရှိပြန်ရာ ကျန်သော မိဖုရားကြီးငယ်တစ်စုလည်း-

"ဖျကျွန်မတို့လည်း ဤသတင်းကို ကြားကတည်းက ပူပင်သောကများပြီး ချောက်ချား တုန်လှုပ် နေကြပါသည်။ ဖျကျွန်မတို့ချင်းချင်း စိုးရိမ်ထိတ်လန့်မှု ပြင်းလွန်းလှသဖြင့် စုရုံးတိုင်ပင်ပြီး ဘုန်းတော်ကြီး လှသော ဘဂရှင်ဘုရားကို မိဖုရားတစ်စု တညီတညွတ် တည်း ဂင်ရောက်၍ သနားတော်ခံကြရန် အကြံဉာဏ် စုပေါင်းလျက် ခုနစ်ရွာမမ သက်ပန်းမမတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ရှေ့သွားခေါင်းဆောင်ပြုစေပြီးမှ တညီတညွတ် တစ်စု တစ်စီး တည်း အပါးတော် ရောက်လာရခြင်းဖြစ်ကြောင်းပါ ဘုရား"

လျှောက်ထား သံတော်ဦးတင်ကြလေ၏။ မင်းတရားကြီးဘုရားလည်း မိဖုရားတို့၏ စကားကို ရွှေနားဆင် တော်မူပြီးနောက် စိတ်တော်မှ ဆုံးဖြတ်ချက် ချတော်မူပြီးဖြစ်သော် လည်း မိဖုရား၏ အလိုဆန္ဒကို သိရှိတော်မူလိုသောကြောင့်-

"သို့ဖြင့် ဘယ့်နှယ်ပြုတော်မူရမည်တုံး မိမိတို့ရဲ့"

မပြုံးတပြုံး မျက်နှာတော်ထားပြီး ပြန်လည်မေးမြန်းတော်မူလေရာ ခုနစ်ရွာ မိဖုရားကပင်-

"အလယ်နန်းမမတို့ အဂ္ဂမဟေသီရာထူး ချီးမြှင့်ပေးသနားတော်မမူပါမှ ဖျာ့ကျွန်မတို့ တစ်တွေ အေးချမ်း သာယာစွာ ဘုန်းတော်ရိပ်ကို ခိုလှုံခစားကြရပါမည် ကြောင်းပါဘုရား"

"သည့်နှယ်ဖြင့် မိမိတို့ နှစ်သက်ရာကို ရွေးချယ်စေရမည်လား"

"မဟုတ်ပေါင်ပါ၊ ဖျကျွန်မများ ရွေးချယ်ရန် မလိုပါဘုရား၊ ဘဂရင်ဘုရား ရွှေဉာဏ်တော်နှင့် မျှော်ချင့် စဉ်းစားတော်မူပြီး နာယကဂုဏ်နှင့် ပြည့်စုံလုံလောက်သူကို ရွေးချယ်သူကောင်း ပြုစေလိုကြောင်းပါဘုရား"

"ကံကုန်တော်မူတဲ့ ရှင်မိဖုရားခေါင်းကြီးမှတစ်ပါး ယခုရှိကြသည့် မိဖုရားထဲမှဖြင့် အလယ်နန်း(*) မသဲအူထက် အရည်အချင်းပိုသူ မရှိပါဘူး၊ သူက မိမိတို့ သိကြသည့် အတိုင်း ဘကြီးတော် ဖန်နန်းရှင် မင်းတရားကြီး ဘုရား၏ အဂ္ဂမဟေသီအခေါင် တောင်နန်း မတော်မကြီးမှ ရွှေနန်းထက်တွင် မနောဂရ ထီးဖြူဆောင်းလျက် သစ်ကနက်ပေါ်တွင် ရွှေလင်ပန်းခံ၍ မီးရှူးသန့်စင် ဖွားမြင်ခဲ့တဲ့ နန်းထက်ဖွား မင်းသမီးကြီး တစ်ပါးလည်း ဖြစ် တယ်၊ နမတော် ဂမ်းကွဲလည်း ဖြစ်တယ်၊ ငါအထွတ်အမြတ် မတိုင်မီ၊ မင်းသား ဘဂစဉ်က မြောက်သားတော် ဖြစ်ခဲ့ရတဲ့ အိမ်တော်ပါ မိဖုရားတစ်ပါးလည်း ဖြစ်တယ်၊ သူ့ကို သူကောင်း ပြုသင့်လျက် မပြုဘဲ အခြားသော မိဖုရားကို စေတနာလွန်တော်မူလို့လည်း မတော်ဘူး"

(*အလယ်နန်းမတော် မိဖုရားအား ခမည်းတော် ဖန်နန်းရှင်ခေါ် ဘကြီးတော်ဘုရားက သမီးတော်အား သူအသည်းတမျှ ချစ်တော်မူလှသဖြင့် မသဲအူဟုလည်းကောင်း၊ မသဲဟု လည်းကောင်း၊ ချစ်စနိုး ခေါ်လေ့ရှိ၍ မောင်တော် မင်းတုန်းဘုရင် မင်းတရားကြီး ဘုရား ကလည်း ဘကြီးတော်ကဲ့သို့ မသဲအူဟုလည်းကောင်း၊ မသဲဟုလည်းကောင်း အမြဲခေါ် တော်မူတတ်ပြီးလျှင် ရံဖန်ရံခါလည်း ငယ်စဉ်က နန်းတွင်းအမည်အတိုင်း ထိပ်စုအကြီးစား မစုကြီးဟု ခေါ်တော်မူတတ်လေသည်။)

www.burmeseclassic.com

www.burmeseclassic.com

သက်ပန်းမိဖုရား။ ။"ဖျာကျွန်မတို့ကလည်း အလယ်နန်းမမကို သူကောင်းပြုတော် မူရမည်လားဟု ဂန်တိုမ္ဗိစွာ မဖြစ်မိရိုးမှန်ပါသည်၊ မိဖုရားခေါင်းကြီးကို ရာထူးကိုလည်း အလယ်နန်း မမလွဲပြီး အခြားသော မိဖုရားထဲမှ ပေးတော်မမူထိုက်ကြောင်းကိုလည်း သိကြ ပြီး ဖြစ်ပါသည်။ သို့ရာတွင် အလယ်နန်းမမဟာ သူနှင့်ထိုက်တန်ရာ ဖြစ်သော အဂ္ဂမဟေသီ၊ တောင်နန်းမတော်ကြီးအရာကို ရတော်မူပါလျှင် ဖျာ့ကျွန်မတို့ အခြားသော မိဿားစုတစ်ခု မှာ 'တစ်နေ့တခြား ရေနည်းငါး' ဆိုသလို အလယ်နန်းမမ ညှဉ်းဆဲ ချုပ်ချယ် သမျှ ခံရကြရ ပါတော့မည်၊ ဒီအရေးများကို ဘဂရှင်ဘုရားမှ တစ်ပါး မကယ်နိုင်တော့ပြီဖြစ်၍ စွန့်စားပြီး လျှောက်တင် ရခြင်းဖြစ်ပါသည်ဘုရား"

"မိမိတို့အထဲက မိဖုရားခေါင်ကြီး လုပ်လိုသူများ ရှိကြသေးလို့လား"

"တစ်ဦးမျှ မရှိကြကြောင်းပါ၊ အလယ်နန်း မမကလွဲ၍ မထိုက်တန်းမှန်း သိကြပြီးဖြစ်တဲ့အတွက် မည်သူမျှ တပ်မက်ခြင်းမရှိကြကြောင်ပါ၊ သို့ရာတွင် အချို့ငယ်ရွယ်သူ မိဖုရားက လေးများက အချစ်ကို ယုံစားမိသဖြင့် ဘကြီးတော် ဖန်နန်းရှင်ဘုရား၏ နန်းမတော် မြောက်စားရေးအကြောင်းကို အထောက် အထား ပြုကောင်းပြုမိခဲ့ ကြပါလိမ့်မည်၊ သို့ရာတွင် ဖျာကျွန်မတို့လို ရှေ့နောက် တိုင်းထွာနိုင်သည့် မိဖုရား များ၏ ဆုံးမစကား ကြောင့် ဘဂရှင်ဘုရား၏ ရွှေနန်းတော် ထုံးတမ်းစဉ်လာ ဓမ္မတာကို လွန်ဆန်တော် မူမည် မဟုတ်သော စိတ်တော်ကို ရိပ်မိကြပြီး ဖြစ်ပါသည်ဘုရား"

"အင်း..... ဒီလို သိတက်ကြလျှင် သင်းတို့လည်း စိတ်ချမ်းသာ ကိုယ်တော်လည်း စိတ်အေးတော်မူရမည်၊ မိမိတို့ စိုးရိမ်ကြသလို ကျုပ်လည်း စိုးရိမ်တော်မူတာနှင့် (*)အစ်မ ကံကုန်တော်မူသွား ကတည်းက မသဲ စိတ်မာန်ကြွလာမည်စိုး၍ အဂ္ဂမဟေသီရာထူးကို မည်သူ့ကိုမျှ မပေးနိုင် လိုချင်သည်ပြောသူ သူပုန်ဟုပင် တင်ကြို မိန့်တော်မူထားခဲ့သည့် မဟုတ်လား၊ သို့ကြောင့်သာ ယနေ့အထိ နန်းမတော်ဆောင်မှာ ဘယ်မိဖုရား အသစ်မှ မတက်လာရတာပ"

(* မင်းတုန်းမင်းတရားကြီးဘုရားက စကြာဒေဝီ မိဖုရားကြီးအား မိမိထက် သက်တော် အနည်းငယ် ကြီးသည်တစ်ကြောင်း၊ လောကီ၊ လောကုတ္တရာ ပညာဉာဏ် ရင့်သက် ထက်မြက်၍ တိုင်းပြည်တည်ဖက်၊ စီးပွားဖက် ဖြစ်တော်မူခဲ့သည်တစ်ကြောင်း၊ မယား အပြား ခုနစ်ပါးတွင် အဆွေခင်ပွန်းနှင့်တူသောမယား၊ အမိနှင့် တူသော မယားဖြစ်၍ ချစ်မြတ်နိုးစွာ အရေးပေးည့်သဘောနှင့် 'အစ်မ' ဟု ခေါ်တော်မူသည်။)

လင်းပန်းတိုက်စား။ ။"ကျေးဇူးတော်ကြီးလှကြောင်းပါဘုရား"

"ယခုလည်း မိမိတို့ တစ်စုကသာ ပူပန်စိုးရိမ်ပြီး ပြေးလာကြသည်၊ ကျုပ်ကတော့ မယ်သဲကို အဂ္ဂမဟေသီ တင်ဖို့ စိတ်ပိုင်းဖြတ်တော် မမူရသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

မြောက်ရွှေရေး။ ။ (သက်ပြင်းချလိုက်ပြီးမှ) "ယခုအမိန့်တော်သံ၊ ဦးထိပ်ရွက် ပန်ဆင်ရမှပင် စိတ်အေး ရပါတော့သည် ဘုရား"

"အင်း.... အေးအေးနေကြပါ မိမိတို့ရယ်၊ ကျုပ်ကလည်း မိမိတို့အားလုံးအတွက် ချို့တွေးနေရက်ပါပဲ၊ သို့သော်လည်း ဒီကိစ္စဟာ အနောက်ပိုင်း မိဖုရားများ ရက်ကွက်တွင် အင်မတန် သတင်းကြီးနေတော့ မသဲကလည်း သူရထိုက်လျက်သားနှင့် မရတဲ့အဆုံးကြ ရင် ကျုပ်ကို အခဲကျေမယ်မဟုတ်ဘူး၊ ဒီတော့ မသဲကိုလည်း နလုံးစိတ်ဂမ်း မနည်းရ အောင်တစ်နည်းနည်းနှင့် ကြည့်ရှုချီးမြှောက်ဖို့ တာဂန်က ရှိနေ သေးတယ်"

ခုနစ်ရွာမိဖုရား။ ။ "မှန်လှပါ၊ အဂ္ဂအဟောသီ အခွင့်အာဏာကလွဲလျှင် ဘယ်နည်းနှင့် သူကောင်း ပြုသည် ဖြစ်စေ ဖျကျွန်မတို့ ကျေနပ်ကြောင်းပါဘုရား"
"ကောင်းပြီ....ကောင်းပြီ၊ မိမိတို့လည်း စိတ်အေးချမ်းစွာ နေရလေအောင် မစုကြီးလည်း စိတ်ကျေနပ်အောင် ဆွေးဆွေးနွေးနွေး အတွင်းရေးတိုင်ပင်ပြီး စီမံတော်မူရမှာပဲ"

ယင်းသို့ ဘဂရင်မင်းတုန်းမင်းတရားကြီး ဘုရားနှင့် မိဖုရားများ အချေအတင်လျှောက်တင် ပြောဆို နေကြသော စကားများကို လက်ပါးစေတို့ နားစွန်နားဖျား ကြားသိကြသည့် အတိုင်း တစ်ဦးနှင့် တစ်ဦး မျက်လုံး နှင့်ကြည့်ကာ မသိမသာ အံ့သြ၍နေကြ၏။

နန်းမတော်ဆောင်နှင့် မှန်နန်းဆောင် အကူးရှိ ဖန်မြစိမ်း ပွတ်လုံးဂရန်တာဖြင့် ပြီးတော့ နန်းမ (*) ဓနဆောင်တစ်ခုတွင် အပျိုတော် စာတော်ဖတ်၊ ခင်လေးငယ်နှင့် ကိုယ်လုပ်တော်ကြီးတစ်ဦး၏ လက်ပါးစေ ကလေး မယ်ခင်တို့ တီးတိုးစကား ပြောဆိုတိုင် ပင်လျက် ရှိလေ၏ ။

(*စနဆောင်ဆိုသည်မှာ နန်းတော်ကြီးတွင် အဆောင်ကြီးတစ်ဆောင်နှင့် တစ်ဆောင်ကို ဆက်ထားသော ဘုံသုံးဆင့်နှင့် ထရံမကာဘဲ ရွှေတိုင် ဖန်ပွတ်လုံးစိမ်း ဂရန်တာများဖြင့် ခြယ်လှယ်ထားသော အဆောင် တိုင်းကို စနဆောင်ခေါ် သည်။)

ခင်လေးငယ်။ ။ "ဟဲ့.... မယ်ခင်၊ နင့်မျက်နှာက ဘာအကြောင်းထူးများ ပြောချင်လို့ ငါ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေရသလဲ"

မယ်ခင်။ ။ "ဖျာ့ကျွန်မရယ်၊ မယ်နွဲ့ရယ် ပန်းတော်တင်ကလပ် ပို့ရအောင် ဘဂရင်ဘုရား အမြဲစံတော်မူရာဖြစ်တဲ့ ဘမရာသန ပလ္လင်တော်ထားရာ မှန်နန်းတော်ဆောင်တော်ကို ယခုပင် ရောက်ခဲ့ ပါသည်။ အထဲမှာ ခုနစ်ရွာ မိဖုရားငယ်၊ သက်ပန်းမဖုရားရယ်၊ လင်းပန်းတိုက်စား မိဖုရားရယ်၊ မြောက်ရွှေရေး ဆောင် မိဖုရားရယ်၊ ဦးစီးခေါင်းဆောင် ပြုလုပ်ပြီး ဒီပြင့် မိဖုရားတွေ အများကြီးပဲ ရောက်နေ ကြတယ်ဖျ"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။ "အင်း..... အထိတ်တလန့်နှင့်ပါကလား၊ မိဖုရားတွေအများကြီး ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး မယ်ခင်ရဲ့"

ခင်။ ။ "ဒီလိုဘုရာ့ ဘုန်းတော်ကြီးလှသော ဘုရားကို အဲ... သည်မိဖုရားတွေက ဟို..... အလယ်နန်းမတော် မိဖုရားအကြောင်းတွေ ပိုင်းပြီးလျှောက်တင်နေကြ ပါတယ်ဘုရား"

ငယ် ။ ။ "အို.... ဟုတ်ကဲ့လား၊ ဖြစ်မှဖြစ်ရလေ၊ ဘယ်လိုများ ပိုင်းပြီး လျှောက်တင် နေကြသလဲ မယ်ခင်"

ခင်။ ။ "အလယ်နန်းမတော်ဖုရားကို နန်းမတော်ကြီး မြှောက်လို့ရှိလျှင် သူတို့တစ်တွေ ကိုနိပ်စက် ညှဉ်းဆဲခံနေကြ ရပါလိမ့်မယ်တဲ့ဖျ၊ ဒါကြောင် သူတို့ကိုသနားငဲ့ညှာတော်မူပြီး အလယ် နန်းမတော် ဖုရားကို အဂ္ဂမဟေသီ မိဖုရားကြီး မမြှောက်တော်မူပါမည့် အကြောင်း ပိုင်းပြီး သံတော်ဦး တင်နေကြ တယ်ဘုရား"

ငယ် ။ ။ "သြော်.... ဟုတ်တော့ ဟုတ်ပါရဲ့၊ အလယ်နန်းမတော်ဖုရားကို အားလုံးက လန့် နေကြတယ်၊ အဲလေ.... လန့်မယ်ဆိုရင်လည်း လန့်စရာပဲပေါ့ မယ်ခင်ရဲ့"

ခင် ။ ။ "ဘာဖြစ်လို့ လန့်ရတာလဲဘုရာ့၊ အလယ်နန်းမတော်ဖုရားဟာ အင်မတန်နူးညံ့ သိမ်မွေ့ပါတယ်၊ ကိုယ်လုံး ကိုယ်ထည်ကလေးကလည်း သူများထက်တောင်မှ ပိုပြီး သေး သေးကွေးကွေး ပုပုပြတ်ပြတ် ကလေးနဲ့ ဘာများလန့်စရာ ရှိသလဲဖျ"

ငယ်။ ။"ဟဲ့ ... လူရုပ်ပုံ သိမ်မွေ့ပြီး သေးသေးသွယ်သွယ် ပုပုပြတ်ပြတ်ကလေးနေပေ မဲ့ စိတ်က သိမ်မွေ့ နနယ်ဦးမှကိုး၊ လူက သိမ်သိမ်မွေ့မွေ့ ပုပုပြတ်ပြတ် မြင်ရပေမဲ့ စိတ်က ထောင်ထောင်လွှားလွှား ဖြစ်နေတာတွေ၊ ရက်စက်ကြမ်းကြုတ်တတ် တာတွေလည်း ရှိသေးတယ်"

ခင်။ ။ "ဖြစ်တတ်တာတွေ မပြောပါဘူးဖျ၊ အဲ ... ဒီအလယ်နန်းမတော်ဖုရား အတွက်ကို ပြောတော်မူပါ၊ သူတို့က ဘာကြောင့် လန့်ကြရပါသလဲ"

ငယ်။ ။"လန့်ကြတာက ဒီလိုဟဲ့၊ အလယ်နန်းမတော်ဖုရားဟာ စိတ်တော်က နည်းနည်း ထက်မြက်ပုံရတယ်၊ ဘုန်းတော်ကြီးလှသော ဘုရားကသာ သြဇာညောင်းခံတော်မူ မယ်ဆိုရင် ရွှေနန်းရှင်ဘုရားကို သူက ကြိုးဆွဲနေမယ်၊ ဟို ... က ပညာရှိ မင်းမို့ သတိတော် မလစ်ဟင်းဘဲ နေတော်မူလို့သာပေါ့။ ဒီအကြောင်းတွေအားလုံး ရိပ်မိနေတော့ ခုလို သူနှင့် ထိုက်တန်နေတဲ့ နန်းမတော်ကြီးရာထူးကို ရသွားရင် အနောက်ပိုင်းက မိဖုရားတွေမှာ အေးအေးချမ်းချမ်းမှ နေကြရပါတော့မလားဆိုတာ အားလုံး စိတ်ပူနေကြတာလည်း အတန်ပဲ၊ အလယ်နန်းမတော်ဖုရားရဲ့ မယ်တော်ကြီးဟာကလည်း အားကြီးဆိုးတယ်လို့ ရာဇဂင်တွင်နေတော့ ဒီမယ်တော်ရဲ့ သမီးမို့ ပိုပြီးလန့်နေကြတာကလာဟဲ မယ်ခင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ခင်။ ။"ဒီလိုဆိုတော့လည်း တွေးကြောက်ရာတာပေါ့၊ ဖျာ့ကျွန်မ အထင်ကျတော့ တမင်သက်သက် ဝိုင်းပြီး ကုန်ချောနေကြတယ် ထင်တာကိုဘုရား့ခုမှ သင်္ကာရှင်းပါတော့တယ်"

ငယ်။ ။"နေပါဦး မယ်ခင်ရဲ၊ ညည်းအစအဆုံး နားထောင်ခဲ့ရသလား၊ မိဖုရာတွေက ဝိုင်ပြီးကန့်ကွက်တဲ့အခါ ဘုန်းတော်ကြီးလှသော ဘုရားကကော ဘယ်လိုပြန်ပြီး မိန့်တော်မူသေးသလဲ"

ခင်။ ။"ဘုန်တော်ကြီးလှသော ဘုရားက သူတို့ ဝိုင်လျှောက်တင်ကြတာကို နားဆင်တော်မူပြီး ပြုံးတော်မူတယ်ဘုရာ့၊ ပြုံးတော်မူပြီးမှ မိမိတို့အထဲက အဂ္ဂမဟေသီရာထူးကို အလိုရှိကြလို့လားတဲ့၊ သူတို့မရှိပါဘူးတဲ့၊ ဒီရာထူးဟာ အလယ်နန်းမတော်ဖုရားနဲ့သာ တန်ပါတယ်တဲ့၊ ဒါပေတဲ့ တန်သော်လည်း သူတို့ရဲ့ နောင်ရေကိုတွေပြီး စိုးရိမ်စရာရှိနေတဲ့ အတွက် မပေးပါနှင့်လို့ ဝိုင်းပြီးကန့်ကွက်ရခြင်း ဖြစ်ပါတယ်တဲ့ဖျ"

ငယ်။ ။ "အေးလေ... ဟုတ်ပါပြီ၊ နောက်ဆုံး ဘုန်းတော်ကြီးလှသော ဘုရားက ဘယ်လိုမိန့်တော်မူသလဲ"

ခင်။ ။"ဘုန်းကြီးဘုရားက မိမိတို့ မပြောခင်တည်းက ကျုပ်ကလည်း နောင်ရေးကို တွေးမိလို့ ဒီထိအောင် အချိန်ဆွဲလာခဲ့တာပဲလို့ မိန်တော်မူတယ်၊ နို့ ... ပြီးတော့ အေသူနဲ့ ထိုက်တန်တဲ့နေရာကို မပေးပြန်ရင်လည်း ကျုပ်ကို အကြည်ညိုပျက် ပြီးအတွင်းကြိတ် ငြိုးနေမှာစိုးရတယ်၊ ဒီတော့ သူ့ကိုလည်း ကျေနပ်လောက်အောင် ပြုစုချီးမြှင့် ပေသနားစေကာမူ ငြူစူဝန်တိုမည် မဟုတ်ပါဘူးတဲ့ဖျ"

ငယ်။ ။ "သြော်... ဒါဖြင့် အလယ်နန်းမတော်ဖုရာတော့ ဘယ်နည်းနှင့်မှ အဂ္ဂမဟေသီဖြစ်ရာတော့မယ် မဟုတ်ဘူးနော်၊ အင်း... သူ့ခမျာတော့ ထိုက်လက်ခတ်မလွဲ ဘဲလို့ အစွဲအယူသန်တော်မူနေရှာတာပဲ"

ခင်။ ။"ဟုတ်တယ်ဘုရာ့၊ အလယ်နန်းမတော်ဖုရားဆိုတာ မပြောပါနှင့်ဦး၊ အလယ်မှန်နန်း အပျိုတော်တွေဆိုတာလည်း ငါတို့တော့ မှန်နန်းအပျိုတော်တွေ ဖြစ်ရတော့မယ်ဆိုတဲ့ မာနနှင့် မျက်တောင် ပင် မကြွနိုင်ကြတော့ဘူးဖျ၊ စကြာဒေဝီ ရှင်မိဖုရားခေါင်ကြီး၏ ရေရုပ်ပုံတော်ကို ယခုတိုင် ခစားနေကြရတဲ့ မှန်နန်းတော်ကြီးက အပျိုတော် လက်ဟောင်းကြီးတွေကိုပင် ဂုဏ်ပြိုင်နေကြလှပါပြီ၊ အို... ဘုရား... အပျိုတော်တွေ မဆိုထားနှင့် သူတို့ရဲ့ လက်ပါးစေတွေကပင် 'မြို့ဂန်မင် ဘုန်တော်တော့ ပါနောက်က ခြေကြွ' ဆိုတာလို သူတို့တစ်တွေကလည်း ဖြစ်နေလိုက်ကြတာ၊ ဖျာ့ကျွန်မဖြင့် နလုံးကို နာလို့နေပါပြီ၊ ဒီလိုအတွင်း ရေးများ ကြားလိုက်ကြရရင် ဘယ်လိုများနေကြမည် မသိဘူးဘုရား၊

www.burmeseclassic.com

www.burmeseclassic.com

ဖျက္ကျွန်မတော့ သူတို့မသိအောင် ခြေဖဝါး ကလိထိုး ရယ်ပစ်လိုက်ချင်တာပဲ"

ငယ်။ ။"အို ... အလို ... ဘာတွေ လျှောက်ပြီး တောက်တီးတောက်တဲ့ ပြောနေ မင်းနား တစ်ထောင်တဲ့နော်၊ တော်တော်ကြာတော့ ညည်း အမူရောက်နေမယ်၊ ငါက သနားလို့ ပြောတာ၊ ညည်းဘာသာ သိ,ကြားလာတာ ညည်းဂမ်းထဲမှာပဲထား၊ အသိလုပ်ပြီး ဘယ်သူ့ ကိုမှ စကားဦး သွားမသန်း လေနင့်"

ခင်။ ။"ဖျက္ကျွန်မတော့ ဒါလောက်ထလုတဲ့, မိဟုပ်ါတွေ မျက်နှာညှိုးကလေးနဲ့ နေကြရအောင် သွားလို့သာ ပြောလိုက်ချင် တာပဲဘုရာ့၊ အလယ်နန်းမတော်ဖုရားကိုတော့ သနား အားနာပါရဲ့၊ ဒါပေမဲ့ ဟိုဟာမတွေ ငြိမ်သွားအောင်လို့ပါ"

ငယ်။ ။"မလုပ်လိုက်ပါနဲ့ မယ်ခင်ရယ်၊ ဒီစကားဟာ ဘယ်လောက်များ အရေးကြီးတယ် ဆိုတာ ညည်းလည်း သိသင့်သလောက်တော့ သိမှာပေါ့၊ နောင်ခါစကားတွေ တစ်ဆင့် တစ်ဆင့် ပေါက်ကြားလို့ သည်စကား ဘယ်ကစလာသည်လဲဟု အရင်းအမြစ်ထိတောင် လိုက်လာရင် ညည်းပါးစပ်ကို နတ်လမ်းညွှန် လိုက်ကြလိမ့်မယ်၊ အဲ ... ဒီတော့မှ လက်ပါးစေ ဆိုရင် လက်ပါးစေပီပီ မနေဘဲ အတွင်းရေးထဲမှာ လူရာဝင်ပြီး ပြောချင်ရမလားရယ်လို့ အပြစ်တော်သနားမှုဖြင့် ညည်းလည်ပင် ဓားတင်ပြီး ကားစင်မှာ ဇီဂိန် ချုပ်လိမ့်မယ်၊ ကိုယ့် အခွင့်အရေးကို နားလည်ရင် ညည်း ကြားခဲ့တဲ့စကားကို ညည်းဂမ်းထဲမှာသာ သိုသပ်လို့ ထားပါဘိ"

ခင်။ ။"သည့်နယ်ဖြင့် မပြောပုံချည်ပါဘူးဘုရား၊ ကိုယ့်ဂမ်းထဲမှာပင် သိုသိပ်လို့ ထားလိုက်ပါတော့မယ်၊ ခင်လေးဘုရားကလည်း သူတစ်ပါးကို တစ်ဆင့်မြွက်ကြားတော်မမူနှင့်ဖျ"

ငယ်။ ။"ငါ့ကို မသင်ပါနှင့် မယ်ခင်ရယ်၊ ငါ နားလည်ပါတယ်၊ ရွှေနန်းတော်ထက်မှာ အသက် ငယ်ငယ်ကပင် စတင်ပြီး အမှုထမ်းခဲ့တယ်၊ ဘယ်တော့မှ ငါ့နာမည် မညှိုးခဲ့ဖူးဘူး၊ ညည်း ကြားလာတဲ့ သတင်းကို ငါ့ပြောမိတာ တော်သေးရဲ့လို့ အောက်မေ့ပါအေ၊ ကဲ ... ကဲ ... သွားတော့၊ ငါလည်း စာတော် ရွှေပုရပိုက်များ သန့်ရဦးမည်"

စတော်ဖတ် ခင်လေးငယ်သည် စကြာဒေဝီ မိဖုရားကြီး စာတော်ဖတ် မှန်နန်းအပျိုတော်ကြီး ဖြစ်သည့် အားလျော်စွာ မိဖုရားကြီး ရှိတော်မူစဉ်က စာတော်ရွှေပုရပိုက်များကို ဗောင်းတော်ဆောင်တွင် အမိန့်တော်နှင့် ခေတ္တထားတော်မူရသည့်အတွင်း စာတော် ပုရပိုက်များကို မကြာခဏသွား၍ သုတ်သင် ရှင်းလင်းရသည့် ဝတ္တရားအတိုင်း ဗောင်းတော် ဆောင်ဆီသို့ ထွက်သွားလေရာ မယ်ခင်လည်း မိမိ အမှုထမ်း ရရာ အဆောင်ဘက်သို့ ခပ်သွက်သွက် ထွက်သွားလေ၏။

မင်းတုန်းဘုရင် မင်းမြတ်သည် ဘိသက်ခံဖက်၊ ထီးဖြူဆောင်းဖက် တိုင်းပြည်တည်ဖက် ဖြစ်တော်မူသော မိဖုရားခေါင် တော်ညာဥက္ကဋ္ဌ နန်းလုံး နတ်ဖြစ်သော နတ်ရွာစံ စကြာဒေဝီ ရှင် မိဖုရားခေါင်ကြီးအား သုဓမ္မစာရီ မင်းသမီးကဲ့သို့ ပညာရှိ မိန်းမမြတ်ပီပီ လောကီ လောကုတ္တရာ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖြာသော စာပေကျမ်းဂန် တို့နှင့်သာ အမြဲတစေ ပျော်မွေ့တော်မူတတ် လေသည့်အားလျော်စွာ လွန်တော်မူ သွားသည့်နောက် မိဖုရားခေါင်းကြီးဘုရား အမြဲ ဖတ်ရှု လက်သုံးပြုတော်မူသော စာတော်ပုရပိုက်များကို စာတော်ဖတ် အပျိုတော်ကြီးများအား တရိုတသေ စောင့်ရှောက်ကြစေရန် ခေတ္တ ဖောင်းတော်ဆောင်တွင် အမြတ်တနိုး ထားစေ သည်သာမက အဆိုပါ စာတော်ပုရပိုက်များ၊ ပေစာများကို အရှင်နန်းမတော်ဘုရားဂန် မိုင်းခိုင်းမြို့စားမင်းအား စာရင်းပြုလုပ်စေပြီး ထိုစာတော်များကိုပင် ပေရေး၊ မှင်ရေးတို့ဖြင့် အသစ်တစ်ဆင့် ကူးရေးထားတော်မူစေ၏။ ၎င်းစကြာဒေဝီ မိဖုရားကြီးပိုင် စာတော်များ အနက် မိုင်းခိုင်းမြို့စား အတွင်းဝန်မင်း အသစ်ထပ်မံ ရေးကူးစေသော လောကုတ္တရာ ကျမ်းဂန်စာပေ စာစောင်ရေပေါင်း (၅၁၇) (*) စာအင်္ဂါပေါင်း (၃၄၂၃) အင်္ဂါနှင့် တစ်ရွက် ဖြစ်၍ မြောင်လှမြို့စား ဂန်ထောက်မင်းသို့ အသစ်ရေးကူးရန် ပေးအပ်သည့် လောကီ စာရေပေါင်း (၃၁၁)ကျော်တို့ကို စုပေါင်းအသစ် ရေးကူးစေလျက် ဇေတဝန်ဆောင်တော် တွင် ကောင်းစွာ ထားတော်မူလေ၏။

(*စာအင်္ဂါဆိုသည်မှာ အလျား တစ်ထောင့်ကွာ၊ အနံ ၃လက်မံခန့်ရှိ ပေရွက်ပေါ်တွင် စာကြောင်းရေ (၈ မှ ၁၂)အထိ နှစ်ဖက်အပြည့် ရေးထားသော ပေရွက်ပေါင်း ၁၂ ရွက်ခန့် တစ်စည်းလျှင် စာ (တအင်္ဂါ) ခေါ်သည်။ ယခုခေတ် စာပုံနှိပ်တိုက်သုံးစကား ဒင်ဗလယ် ကရောင်းဆိုက် ၁၆မျက်နှာ၊ ဒီမိုင်းဆိုက် ၈ မျက်နှာကို တစ်ဖောင်ခေါ်သကဲ့သို့တည်း။)

ဘမရာသလနပလ္လင်တော် တည်ရှိရာ မှန်နန်းဆောင်တော်ကြီးတွင် မင်းတုန်းမင်းတရားကြီး စံနေတော်မူခိုက် ခုနစ်ရွာ မိဖုရား၊ လင်ပန်းမိဖုရား၊ မြောက်ရွှေရေးမိဖုရား၊ သက်ပန်း မိဖုရား စသည့် မိဖုရားများ အမှူးပြုကာ များစွာသော ဆောင်ရနန်းရ မိဖုရားလတ်၊ မိဖုရားငယ်များ တစ်စုတဝေးတည်း ခစားရောက်လာကာ အလယ်နန်းမတော်ဖုရားအား အဂ္ဂမဟေသီ တင်မြှောက်ရေးအတွက် ကန့်ကွက် အသနားခံ၍ နေကြသောအချိန်တွင် ရွှေနန်းတော် အနောက်ပိုင်းရှိ အလယ်နန်း မိဖုရား အဆောင်တော်၌ သားမယ်တော် လေးပါးသည် အခြွေ အရံ အပျိုတော်များနှင့် ပျော်ရွှင်ချမ်းမြေ့စွာ စံစားရင်း စကားနီးနော ပြောဟောတော်မူ၍ နေကြလေ၏။

စုဘုရားလတ်။ ။"မယ်မယ်ဖျားက အခေါ်တော်လွှတ်တယ်ဆိုတော့ စုစုက ဘယ်လို အရေးကိစ္စများ ဆွေးနွေးတော်မူမလို့ပါလဲဖျ"

မယ်တော်။ ။"တိုင်ပင်ဆွေးနွေးတော်မူစရာရှိမှ ခေါ်တော်မူရမလား စုလတ်ကဲ့၊ မယ်မယ် သမီးတော်တွေကို မယ်မယ့်အပါးတော်မှာ အမြဲရှုစားတော်မူနေချင်တာကလား၊ စုလတ်ဟာ ကိုယ့်အဆောင် တော်ထဲမှာပဲ အမြဲပျော်တော်မူနေတယ်၊ မယ်ဖျားထံများ အခေါ်တော်မရှိဘဲ အခစား ဝင်ပါတော့လား စုလတ်ရယ်၊ သမီးတော်စုကြီးလည်း အဆောင် တော် သီးခြား စံနေတော် မူတယ်ဆိုပေမဲ့ မယ်ဖျား အပါးတော်ကို နေ့စဉ် အခစားဝင် ရှာတယ်။ သမီးတော်ပင် စုလေးဆိုသည်မှာတော့ မယ်ဖျားနှင့် ရင်အုပ်မကွာ တစ်ဆောင် တည်း စံတော်မူရှာလို့ အထွေအထူး မရှိဘူး၊ သမီးတော် စုလတ်တစ်ပါးသာ အမြင်ရနည်း နေပါတယ်၊ မယ်ဖျားထံသို့ ဘာကြောင့် နေ့စဉ် အခစားမဝင်ရသတုံး သမီးတော်ရဲ့၊ မယ်မယ့် ကို ချစ်တော်မမူဘူးထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

စုလတ်။ ။"ဒီလိုတော့ မိန့်တော်မူရပါနင့်ဘုရား၊ စုစု မယ်တော်ဖျားကို အများကြီးပင် ချစ်တော်မူပါရဲ့၊ အဆောင်တော်ကို အခစားမရောက်နိုင်တာကတော့ စုစု အဆောင်တော် မှာ ပျော်စရာအချိန်တွေ များလွန်းသဖြင့် မေ့မေ့လျော့လျော့ ဖြစ်တော်မူသွားတာနင့် မယ်ဖျားအဆောင်တော်သို့ ခစား ရောက်တော်မူရန် အချိန်အခါ မရတဲ့အတွက် မရောက်ရ ခြင်း ဖြစ်ပါတယ်ဖျာ့"

မယ်တော်။ ။"ဘယ့်ကလောက်များ ပျော်တော်မူနေရသတုံး စုလတ်ရဲ့"

စုလတ်။ ။"ဟောဒီက အထိန်းတော် သစ်သစ်ကြီးပေါ့ ဘုရာ့၊ စုစုကို နည်းနည်း ကလေးမှ ပျင်းရိငြီးငွေ့ တော်မမူရအောင် အီနောင်ဇာတ်တော်ကြီးကို သူ့တစ်ယောက် တည်း ခင်းကျင်းကပြနေတာပဲဖျ။ အီနောင်မင်းသားလည်း သူပဲ၊ ပွတ်စပါး မင်းသမီးလည်း သူပဲ၊ စရကားမင်းသား အခန်းများ နှုတ်ခမ်းမွေး အငှားတပ်ပြီး ကပ်သီးကပ်သပ် ကပြပါ တယ်ဖျ၊ စုလတ်တော့ ဒါတွေကြည့်ကြည့်ပြီး တခိခိနင့် ရယ်လို့ချည်း နေတော်မူပါတယ်၊ သစ်သစ်ကြီးဟာ စုစု စိတ်ပျော်တော်မူအောင် အကျိုးတော် ဆောင်ရရှာလွန်းလို့ တစ်နေ့ တစ်နေ့မှ မောလို့ပင် နေရှာပါသည် မယ်မယ်ဖျား"

မယ်တော်။ ။"အင်း ... ဘွားသစ်တို့ကတော့ လုပ်ပါလိမ့်မယ်၊ သူ့ကိုကလည်း နင်ငယ် တော့တဲ့အရွယ် မဟုတ်ဘူး၊ ပျော်ဖို့ပြက်ဖို့ ကလက်ဖို့ချည်း စိတ်ကူးမနေနင့်၊ နင့်အသက် အရွယ်နင့် ရှာစား အထိန်းတော်ကြီးဆိုတဲ့ ဘွဲ့အရည်အချင်း ဂုဏ်သိက္ခာကို ထောက်ပြီး နေပါမှပေါ့၊ နို့ပြီး ငါ့သမီးတော် စုလတ် ဟာလည်း ငယ်တော်မူတော့သည် မဟုတ်လို့ ရှေးငယ်ရွယ်စဉ်က ချော့ပုံမျိုးကို အချိုးပြောင်းပါမှပ၊ ကြည့်စမ်း ... သမီးတော် စုကြီးဟာ သူ့ရဲ့ အထိန်းတော်ကြီး ခင်ထားကြီးကို ပုတီးလက်ကိုင်မြဲတဲ့အတွက် ဘယ့်ကလောက် နူးညံ့သိမ်မွေ့တရားပြည့်နေသလဲ၊ အကဲခတ်စမ်း နင် မရှက်ဘူးလား"

ပြုံးပြီးရယ်ရယ်နင့်ပင် မိန့်တော်မူလေရာ စုဖုရားလတ်မှာ မိမိ၏ အထိန်းတော်ကြီးကို ထိလျှင် မခံချင်စိတ် ဖြစ်ပေါ်လာတော်မူသောကြောင့်-

စုလတ်။ ။"အို ... မယ်မယ်ဖျားကလည်း သစ်သစ်ကြီးကို အပြစ်တင်တော်မူနေပါနင့်ဖျ၊ သစ်သစ် စိတ်သဘော ကလေ ပုတီးလောက်ကို ဟန်လုပ်တယ်ထင်ပြီး သူများအထင်ကြီး အောင် မလုပ်ရှာဘူးဖျ၊ ညည လူခြေတိတ်ကျမှ သူ့တစ်ယောက်တည်း ထထပြီး အာနာပါနကမ္မဋ္ဌာန်းကို သူ့တစ်ယောက်တည်း စီးဖြန်းတဲ့ဘာဂနာသည်ကြီးတစ်ဦးပါ၊ စုစု တောင် သစ်သစ်က နိသျှည်းပြလို့ အာနာပါန ကမ္မဋ္ဌာန်းကို အတော်ကလေး စီးဖြန်းမိတဲ့ အတွက် အနက်အဓိပ္ပာယ်တွေ အတော်ထင်နေပါပြီဖျ၊ ကတာ၊ ခုန်တာကတော့ စုစုကိုက မပျင်းလို့သဖြင့် အတင်းဆို အတင်းကရမယ်လို့ မရမကခိုင်းတာနင့် သူက သိုင်းဂန်းကို ဘေးဖယ်ပြီး ကလေးငယ်ကို ချော့သလို စုစုအလိုကို တမင်လိုက်၍ အကြိုက်ကို ပြနေရှာ တာပါ၊ သည်ကဲ့သို့ သမီးတော်၏အကျိုးလိုတဲ့ အထိန်းတော်မျိုး တစ်မိုးအောက် တစ်ယောက်သာရှိသဖြင့် အပြစ်တော်မတင်သင့်ဘဲ ချီးမြှင့်သူကောင်းပြုတော်မူစရာပင် ကောင်းပါသေးသည် မယ်မယ်ဖျ"

www.burmeseclassic.com

သွက်သွက်လက်လက်နှင့် အချက်ကျကျ လျှောက်တင်တော်မူလေလျှင် မယ်တော်ဘုရား က ပြုံးတော်မူကာ သမီးတော်၏ ကျောကို သပ်တော်မူပြီး

မယ်တော်။ ။"အမယ်မင်း ... သူ့အထိန်းတော်ကြီးဘက်က ရှေ့နေတော်လိုက်လိုက် မောလို့ပါကလား၊ မယ်ဖျားက ကျီစယ်တော် မူတာပါတော်၊ ကိုယ့်အထိန်းတော်ကြီးဘုရား ကို ဘယ်ကလောက် ချစ်တယ်ဆိုတာ သိချင်လို့ တမင် စိတ်တော်ကို စမ်းတာပါ၊ ဒီလို စုလတ်ပျော်ရွှင်အောင် အကျိုးတော် ဆောင်သည်ကိုပဲ ဂမ်းမြောက်တော်မူလှပါရဲ့၊ သို့ပေမဲ့ မယ်ဖျား အဆောင်တော်ကိုလည်း မကြာမကြာ မခစား ရောက်လာစေချင်တယ်၊ မယ်တော် ဘုရားကို မေ့လောက်အောင်ပင် ပျော်ရွှင်တဲ့နေကြောမှာ နစ်မျော်တော် မူမနေနှင့်ဦး စုလတ်ရဲ့"

စုလတ်။ ။"တင်ပါဘုရား၊ ယနေ့ကစပြီး မယ်ဖျား အဆောင်တော်သို့ မကြာ မကြာ အခစား ဝင်လာပါတော့မယ်၊ စုစု သဘောတော်ကတော့ (+) 'မဖျား' နှင့် 'ညလေး' စုထား တို့ အရှိသားမို့ နေသာတယ် ထင်လို့ နေမိခြင်းလည်း တစ်ကြောင်းပါဘုရား"

မယ်တော်။ ။"စုကြီးတို့ စုလေးတို့ရှိပေမဲ့ စုလတ်ကိုလည်း မယ်ဖျားက ဖွားတော်မူထား တော့ ရှုစားတော် မူချင်သေးတာပေါ့ကွဲ့"

(+ နန်းတော် မင်းသမီးကြီးများမှာ စကားကို ရင့်သီးပြတ်သားစွာပြောလျှင် ကြမ်းတမ်း သည်ဟု ယူဆ၍ 'မဘုရား ညီမလေး' စသည်ကို ပီသစွာ မခေါ်ဘဲ လျှာဖျားသံကလေးနှင့် 'မဖျား' 'ညလေး' ဟု ခယောင့်ခရာ ခေါ်လေ့ ရှိကြသည်။)

ထိုအခိုက် ဟသ်ာတသူ အပျိုတော် ခင်မှုန်သည် ရက်လက်စ ရွှေသင်ဖြူးကိုပွေ့လျက် အလယ် နန်းမတော်ဖုရား အပါးတော်သို့ ရောက်လာကာ

ခင်မှုန်။ ။"ရွှေသင်ဖြူး အနားပန်းစ၍ ဖော်ပါပြီ၊ ရှုစားတော်မူပါဘုရား၊ အလယ်က ရုပ်လုံးမှာ ဒေါင်းယာဉ်သာ နှင့် လယာဉ်သာ နှစ်ခုစလုံးပါအောင် ရုပ်လုံးဖော်ပြီး ရက်ရမည် ဟု အမိန့် ချထားသည့် အတိုင်း ရုပ်ပုံများ အောက်ခြေက စထားကြောင်းပါဘုရား"

ဆိုကာ ရွှေသင်ဖြူးကို ဖြန့်၍ ပြလေ၏။ အလယ်နန်းမတော်ဖုရားနှင့် သမီးတော်များလည်း ရွှေသင်ဖြူးကို ငုံ့၍ ရှုစားတော်မူနေကြရာမှ အလယ်နန်းမတော်ဖုရားက-

" ဟဲ့ ... ခင်မှုန် တယ်ပြီး လက်ရာကောင်းပါကလား ယိုးဒယား (*) ဒက်တွေကလည်း ပီသ ပါသူသနင့်၊ သည်အတိုင်းဆိုလျှင် စကြာဒေဝီဘုရားကြီး အသုံးအဆောင်တော်ဖြစ်သော ရွှေသင်ဖြူးတော်ထက်ပင် အများကြီး သာနေပေသေးတယ်၊ မဘုရားကြီးရဲ့ ရွှေသင်ဖြူး တော်မှာ ယခုလိုနေစက်ဂန်း၊

www.burmeseclassic.com

www.burmeseclassic.com

လစက်ဂန်းတွေပါဖို့ရာ မဆိုထားနှင့် ယိုးဒယားဒက်ကလေးမျှ ပင် မပါပေဘူး၊ ရိုးရိုး အိပ်ဖန်သင်ဖြူးက အကွက်အခန်း ကလေးလောက် ဖော်ရက်ထားတာ မြင်ဖူးတယ်၊ အဲ ... သည်ရွှေသင်ဖြူးကိုယက်တဲ့ အပျိုတော် မယ်ကွန်းဟာ အင်းဂုဘက်မှာ ဖြင့် သူ့လက်ရာမီတဲ့လူ အရှားသားလို့ ပြောသံကြားဖူးတယ်၊ ငါ့အပျိုတော် ဟသာ်တသူ ကလေး ခင်မှုန်လို ရုပ်စုံဖော်နိုင်ရင် သည့်ထက်ကျော်စောမှာပဲ၊ အဲလေ ... ဒီနေရာမှ အင်းဂုသူထက် ဟသာ်တသူက သာတာ ထင်ရှားပေပြီ"

(* ယိုးဒယား ဒက်ဆိုသည်မှာ ဥသျှောင်ထုံး ဒက်ဒယက်ဆင် အခမ်းအနားတွင် မင်းသား မင်းသမီးများ ဂုတ်ဆင်ရသော ကနပ်ခါးထောင်များနှင့် ရွှေခြည်ထိုး ချုပ်ထားသည့် သိုရင်း အင်္ကျီ မဟာလ္လတာတန်ဆာ စသည်တို့ကို အတိုချုပ် 'ဒက်' ဟုခေါ်သည်။ ယိုးဒယားပန်း ခက်တွင် ဗမာကနပ်ပန်းခက် ဖော်ထားသည်ကို နန်းတော်အတိုကော်က ယိုးဒယားဒက် ခေါ်သည်။)

မိန့်တော်မူလျှင် အပျိုတော်ငယ်မျှဖြစ်သော ခင်မှုန်မှာ အရှင်သခင်၏ ချီးမွမ်းတော်မူခြင်း ခံရသဖြင့် ရွှေထုပ်ကြီး ကောက်ရသကဲ့သို့ ဂမ်းသာအားရမဆုံး ဖြစ်သွားလေ၏။
သမီးတော်သုံးပါးလည်း မယ်တော်အပါးမှာ ရှိသည့်အားလျော်စွာ ရက်လက်စ တစ်ပိုင်း တစ်ပျက်နှင့် ဖြစ်သော ရွှေသင်ဖြူးကို ရှုစားတော်မူနေကြရာမှ စုဖုရားကလေးတို့က ခပ်အေးအေးပင် စံနေတော်မူ ကြသော်လည်း စုဖုရားလတ်မှာ ရွှေသင်ဖြူးကို လက်နှင့် ကိုင်တွယ်ရှုစားတော်မူပြီး-

"ခင်မှုန်ရယ် ဒီလောက် လက်ရာကောင်းသည်မှာ ဘယ်ဆရာနှင့် သင်ထားသည်တုံး"

မေးတော်မူသောကြောင့်-

"ဖျကျွန်မတို့ ဟသာ်တမြို့မှာ သင်ဖြူးဖျာများ အများအပြားထွက်ရာ အရပ်ဖြစ်တဲ့အတိုင်း မိန်းမမှန်က ဗိုင်းငါ၊ ရက်ကန်းမှုကို တတ်မြောက်သကဲ့သို့ ဖျကျွန်မတို့ ဟသာ်တသူများမှ လည်း ဆင်းရဲချမ်းသာမရွေး ဆိုသလို သင်ဖြူးများကို ရက်တက်ကြပါတယ်ဘုရား၊ ဆင်းရဲသူ မိန်းကလေးများက အငှားလက်ခံယူ၍ ဂမ်းရေးအတွက် ရက်လုပ်ကြသော်လည်း ပစ္စည်းဥစ္စာ ကြွယ်ဂသူတို့ရဲ့ သမီးပျိုများမှာ မိမိတို့ အိမ်သုံးရန်နှင့် ရဟန်းသံဃာတို့ကို လှူဒါန်းရန်အတွက် ဖျာ၊ သင်ဖြူးတို့ကို အိမ်မှာပင် ရက်ကြတဲ့အလေ့ ရှိပါတယ်။

တန်ဆောင်တိုင်ပွဲ၊ ကထိန်ပွဲများ သံဃာတော်အရှင်မြတ်များ လှူဒါန်းရန် သင်ဖြူးချောများ ကို တစ်ဦးနှင့် တစ်ဦး မသာလျှင် သာအောင် ဆန်းဆန်းကြယ်ကြယ် ပန်းနွယ်၊ ပန်းခက်များ နှင့် ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဂသူတို့၏ သမီးပျိုများက လုံ့လဂီရိယစိုက်ပြီး အရေးတကြီး ရက်တက်ကြပါသည်။ ပရိသတ် အလယ်မှာ ဘယ်အပျိုကလေးရဲ့ သင်ဖြူးဟာ ပန်းဖော်ပုံ သာတယ်ဆိုတဲ့ စကားကို များများကြီး ခံယူ လိုကြပါတယ်ဘုရား၊ ဒါကြောင့် ဖျကျွန်မလည်း အများနည်းတူ သင်ဖြူးရက်တတ်နေရာက အစစ အရာရာမှာ သူများတကာထက် ထူးချွန် အောင် ကြိုးစားလိုတဲ့ ဂါသနာအတိုင်း သင်ဖြူးများကို ဆန်းကြယ်သော ပန်းနွယ်၊ ပန်းခက် နှင့် ရုပ်လုံးများ ဖော်ရက်တတ်လာရခြင်း ဖြစ်ကြောင်းပါဘုရား၊ ရွှေသင်ဖြူးတော် ပိုမို၍ လှပ နယဉ်လာသည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com

ပန်းတိမ်တော်များ လုပ်ပေးသည့် ရွှေသား ရက်ပြားငယ်များမှာ မြေမှပေါက်သော 'သင်ပင်' ထက် ပိုမိုနူးညံ့ပျော့ပျောင်း၍ ဆွဲလို့၊ ငင်လို့လည်း ကောင်းပြီး လိုရာကို လွယ်လွယ်ကူကူ ပြုပြင်လို့ရတဲ့အတွက် ရက်ရာတွင် ပိုပြီး လွယ်လှခြင်းဖြစ်ကြောင်း ဘုရား"

စုလတ်။ ။"သြော် ... ဒါကြောင့် ခင်မှန် တော်ပေတာကိုး၊ ဒါနှင့် မယ်မယ်ဖျား စုစုလည်း ဒီလို ရွှေရက်ပြားသင်ဖြူးတော်တစ်ခုလောက် ရက်ခိုင်းပေးတော်မူပါလားဖျ"

မယ်တော်။ ။[ ပြုံးတော်မူလျက်] "သမီးတော် စုလတ်က ရွှေသင်ဖြူး လိုတော်မူလျှင် မယ်ဖျားကလည်း သနားတော်မူချင်ပါရဲ့၊ သို့ပေမဲ့ ရွှေသင်ဖြူးဆိုတာ လူတိုင်း ထိုင်ခွင့်ပြု တော်မူတာ မဟုတ်ဘူး စုလတ်ရဲ့"

စုလတ်။ ။"လူတိုင်း ထိုင်ခွင့်မပြုပေတဲ့ စုစုလို ဘုရင့်သမီးတော်များတော့ ထိုင်တော် မူနိုင်သည် မဟုတ်ပါလား မယ်မယ်ဖျားရဲ့"

မယ်တော်။ ။"ခက်တဲ့ လုံကလေးပါကလားနော်၊ သမီးတော်တွေလည်း ရွှေသင်ဖြူး တော်ကိုတော့ အသုံးပြုခွင့် မပေးဘူး စုလတ်ရဲ့"

စုလတ်။ ။"ဘာပြုလို့ပါလဲ မယ်မယ်ဖျ၊ စုထား သိတော်မူအောင် မိန့်တော်မူစမ်းပါ ဘုရား"

မယ်တော်။ ။"သြော် ... ရွှေနန်းတော်ပေါ်ကြီးတဲ့ သမီးတော်တစ်ပါးဆိုပြီး ရွှေနန်းတော်၏ စည်းကမ်းဥပဒေကိုမှ သိတော်မမူသေးဘူးလား သမီးတော်ရဲ့"

စုလတ်။ ။"ဟာ ... ဘုရား၊ စုစုက ကိုယ့်ဘာသာကိုယ်၊ ကိုယ့်အဆောင်တော်ထဲမှာ အထိန်းတော်ကြီး သစ်သစ်နှင့်သာ ကစားပျော်ပါးပြီး နေတော်မူတာကပဲ၊ ဒါမျိုးတွေကို ရှာရှာဖွေဖွေ မေးမြန်းမှတ်သား နေတော် မမူတဲ့အတွက် သိတော်မမူပါဘူး မယ်ဖျားရဲ့"

မယ်တော်။ ။"ကိုင်းတော် ... စုလတ် သိတော်မမူရင် ဟောဒီက အစ်မတော် စုကြီးက ညီမတော် သိရအောင် အမိန့်ရှိတော်မူလိုက်ပါဘိ"

မိန့်တော်မူလျှင် အစ်မတော် မိုင်းနောင်စုဖုရားကြီးမှာ ညီမတော်ကို ပြုံး၍ရှုစားတော်မူလျက် လက်တော်နှင့် ယုယကြင်နာစွာ ကျောလက်သပ်ပြီး-

စုကြီး။ ။"စုလတ် သိတော်မူချင်လျှင် မယ်ဖျားကိုယ်စား မဖုရား မိန့်တော်မူပါမယ်၊ နားဆင်တော်မူပါ၊ ရွှေသင်ဖြူး၊ ငွေသင်ဖြူးဆိုတာ ဘုရင်မင်းရောဇ်နှင့် မဟေသီအခေါင် တောင်ညာစံစားရသည့် ဘိသိက်ခံဖက် မိဖုရားကြီးများ သာလျှင် ရွှေသင်ဖြူး၊ ငွေသင်ဖြူး များ ထိုင်တော်မူရသည့် ရွှေနန်းစဉ် ထုံးတမ်းရှိသည် ညီမတော်ရဲ့၊ အကယ်၍ အခြားတစ်ပါး သော နန်းရ၊

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရ မိဖုရားလတ်၊ မိဖုရားငယ် များသည် ရွှေနန်း ထုံးစံလွန်ကျူး၍ ရွှေသင်ဖြူး၊ ငွေသင်ဖြူးတို့ကို မိမိတို့ရာထူးနှင့် မထိုက်တန်ဘဲ ရက်လုပ ်သုံးစွဲသည်ကို တွေ့ရှိပါက ဘုရင့်အာဏာတော်နှင့် ရွှေနန်းအစဉ်အလာတော်ကို ကျူးကျော် ဖောက်ဖျက် သူအဖြစ်နှင့် ကြီးစွာသော ရာဇဝတ်အပြစ်တော် ပေးရသည်တဲ့ ညီမတော်ရဲ့၊ သို့အတွက် ရွှေသင်ဖြူးဆိုတာ သမီးတော်များလည်း အသုံးပြုတော်မူခွင့် မရှိပေဘူး"

စုဖုရားလတ်မှာ အစ်မတော် မိုင်းနောင်စုဖုရားကြီး မိန့်တော်မူသော စကားကို နားစိုက် စဉ်းစားတော်မူလျက် ရှိရာမှ ခင်မှုန်၏ လက်ထဲက ရွှေသင်ဖြူးတော် တစ်ပိုင်းတစ်စကို ရှုစားတော်မူပြီး-

စုလတ်။ ။"ဒါလိုဖြင့် ယခု မယ်မယ်ဖျားကတော့ ဘိသိက်ခံသည့် တောင်နန်းစံ မဟေသီကြီး မဟုတ်သေး ပါဘဲလျက် ဘယ်အတွက် ရွှေသင်ဖြူးတော် အပြစ်ပေးတော်မူ မှာ စိုးရိမ်တော်မမူလို့ဟာလား အစ်မတော် ဘုရားရဲ့"

မေးတော်မူလျှင် သလွန်တော်တစ်ဖက်တွင် စံနေတော်မူသော မယ်တော်ဘုရားက သမီးတော် စုဖုရားလတ်၏ စကားကို ပြုံးရယ်နားဆင်တော်မူပြီး သမီးတော်ကြီး မိုင်းနောင် စုဖုရားအား-

မယ်တော်။ ။"သမီးတော်စုကြီးရဲ့ စုလတ် နားရှင်းတော်မူသွားအောင် စိတ်ရှည်ရှည် ထားပြီး မိန့်တော်မူလိုက်ပါ၊ စုလတ်ကတော့ ကပ်ကပ်သပ်သပ် စစ်စစ်ပေါက်ပေါက်တွေကို မကြောက်မလန့် မေးတော် မူ ပါလိမ့်မယ်"

ခပ်ပြုံးပြုံးပင် မိန့်တော်မူလိုက်လျှင် စုဖုရားကြီးက-

စုကြီး။ ။"တင်ပါဘုရား၊ ညီမတော် စိတ်တိုင်းကျ သိရအောင် ပြောလိုက်ပါမည်ဘုရား"

လျှောက်တင်ပြီး ညီမတော် စုဖုရားလတ်ဘက်သို့ လှည့်တော်မူကာ-

"မယ်မယ်ဖျား ရွှေသင်ဖြူးတော် ရက်စေတာက ဒီလို ညီမတော်ရဲ့၊ မဘုရားတို့၊ စုလတ် တို့ရဲ့ မိကြီးတော် စကြာဒေဝီရှင် မိဖုရားခေါင်ကြီး ရှိတော်မမူသည့်နောက် သည်နေရာကို မယ်ဖျားမှတစ်ပါး အခြားသော မိဖုရားများ၊ မယ်ဖျားကိုလွန်ပြီး မိဖုရားကြီး ဖြစ်ထိုက်သည့် အရည်အချင်း ရှိကြသလား စုထားရဲ့"

စုလတ်။ ။"ခမည်းတော်ဘုရားနှင့် ဂမ်းကွဲနမတော်လည်း ဖြစ်သည်တစ်ကြောင်း၊ အဂ္ဂ မဟေသီ မိဖုရားခေါင်ကြီးမှ ရွှေနန်းထက်တွင် ရွှေလင်ပန်းနှင့် အချင်းသန့်စင် ထီးဖြူရိပ်၌ ဖွားမြင်တော်မူတဲ့ သမီးတော်ကြီး တစ်ပါး ဖြစ်တဲ့အတွက် ယခုရှိတဲ့ မိဖုရားထဲမှာဖြင့် မယ်ဖျားသာ အထိုက်အတန်ဆုံးပါပဲ မဘုရား"

www.burmeseclassic.com

www.burmeseclassic.com

စုကြီး။ ။"အဲ ... ဟုတ်ပြီ၊ စုလတ်တောင်မှ ကလေးအဖြစ်နှင့် တွေးတော်မူတတ်သေး တာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူနေတဲ့ ခမည်းတော် ရွှေနန်းရှင်ဘုရားမှာတော့ ပြောဖွယ်မရှိ၊ အတိုင်းမသိသားလို့ပင် သိမြင်တော်မူထားမှာပေါ့၊ ဒီတော့ သည်မဟေသီ တောင်နန်းမတော်ကြီး ရာထူးကို မယ်ဖျားကို သနားတော့မှာ 'မြေကြီး လက်ခတ်မလွဲအပ် တဲ့' ကိစ္စတော်ကြီးပဲ စုလတ်ရဲ့၊ ဒါကြောင့် မယ်မယ်ဖျား မှာ ထိုက်ထိုက်တန်တန် မကြာ မတင် သုံးတော်မူရမည့် ပစ္စည်းဖြစ်လို့ ကြိုတင်ပြီး ရှေးရှေး မိဖုရားကြီးတွေ၏ အသုံး အဆောင်တော်ဖြစ်တဲ့ ရွှေသင်ဖြူးများထက် ပန်းနွယ်၊ ပန်းခက် ယိုးဒယား ဒက်မှစပြီး နေစကြာ၊ လစကြာပုံများပါ အစစ လှသည်ထက်လှ ခန့်သည်ထက်ခန့်အောင် စီမံရက်လုပ် တော်မူထားစေခြင်းဖြစ်တယ် စုလတ်ရဲ့"

စုလတ်။ ။"သြော် ... ခမည်းတော်ဘုရားက မယ်ဖျားကို တောင်ညာစံ မဟေသီရာထူး မြှောက်စားတော့မှာ အမှန်သေချာနေတဲ့အတွက် ရွှေသင်ဖြူးများကို ရက်လုပ်တော်မူစေ တယ် ဆိုပါတော့ မဘုရားရယ်၊ နို့ ... ဟိုတစ်လော မိကြီးတော် စကြာဒေဝီဘုရား နတ်ရွာစံ ကံတော်ကုန်တော် မူပြီးစဆီကတော့ ခမည်းတော်ဘုရားက "ငါ၏ ရှင်မိဖုရားကြီး ရွှေရုပ် ကိုယ်စားကို နန်းမတော်ဆောင်မှာ ရွှေသလွန်နှင့် ကောင်းမွန်စွာထားပြီး အသက်ထင်ရှား ရှိတော်မူစဉ်ကလို မှန်နန်း အပျိုတော်ကြီးများက ခစားမြဲ ခစားကြစေ၊ မဟေသီရာထူးကို လည်း မည်သည့်မိဖုရား တစ်ဦး တစ်ယောက် ကိုမျှ သနား တော်မမူဘူး၊ တစ်ဦးတစ်ယောက် က မိဖုရားက မဟေသီရာထူးကို သနားတော်မူပါလို့ လျှောက်တင်ခဲ့သော် လျှောက်တင်သူ မိဖုရားကို သူပုန်ဟု အသိအမှတ် ပြုတော်မူမည်လို့ပင် အထင်အရှား မိန့်တော်မူ၍ ထားဖူး သည်မဟုတ်ပါလား အစ်မတော်ဘုရား"

စုကြီး။ ။" ဟို ... အခါတုန်းကတော့ ဟုတ်ပါတယ် စုလတ်ရယ်၊ သို့ပေတဲ့ ယခုတော့ မိကြီးတော် ရှိတော်မမူသည်မှာလည်း ကာလအတန်ကြာလာတဲ့အတွက် ခမည်းတော် ဘုရား၏ အပရိက နှုတ်မိန့်တော် ပျက်ပြယ်တော်မူပါပြီ"

စုလတ်။ ။"ခမည်းတော်ဘုရား၏ နှုတ်မိန့်တော် ပျက်ပြယ်ပါပြီဆိုတာ မဘုရား တတ်အပ်သိတော်မူထားလို့ မိန့်တော်မူခြင်းပါလား"

စုကြီး။ ။"မဘုရားသာ မဟုတ်ဘူး စုလတ်ရဲ့၊ မယ်ဖျားနှင့်တကွ ရွှေနန်းအတွင်း ရှိသမျှ သော ပုပုရွရွ မင်းမိဖုရား၊ သားတော်၊ သမီးတော်တွေနှင့် တကွ မောင်းမမိဿံ အခြွေအရံ မှန်သမျှပါ သိရှိလို့နေကြပါပြီ၊ 'ချိန်ကောင်းခါသင့် ဘုန်းပန်းပွင့်' ဆိုသလို မယ်ဖျားမှာ လောက၏ အထွတ်အမြတ်သို့ ရောက်ဖို့အချိန်အခါ ကျလာပြီဟု သိတော်မူဖို့ပဲ စုလတ်တဲ့"

စုဖုရားလတ်သည် အစ်မတော် မိုင်းနောင်စုဖုရားကြီး မိန့်တော်မူသော စကားများကို ငြိမ်သက်စွာ စဉ်းစားတော်မူလျက် ရှိ၏။ မယ်တော်ကြီးကား သမီးတော်နှစ်ပါး အချီအချ ပြောတော်မူနေသည်ကို ပြုံးရယ် ရှုစားတော်မူရာမှ-

www.burmeseclassic.com

www.burmeseclassic.com

မယ်တော်။ ။" ကိုင်း ... ကိုင်း ... မယ်မယ်ဖျားတို့ သားမယ်တော်လေးပါး ပျော်ပျော် ပါးပါး ပွဲတော်စာများ သုံးဆောင်တော်မူရမယ်၊ ပွဲတော်ဖိုက ပွဲတော်အုပ်များ ရောက်ကြပြီ လား"

အပျိုတော်များကို မိန့်တော်မူလိုက်လျှင် အပျိုတော်များလည်း အသီးသီး ပြင်ဆင်နေကြ လေ၏။ ခင်မှုန်လည်း သမီးတော်များ အပါးမှ ရှိသေစွာ ထရပ်ပြီး အတွင်းမှန်ဆောင်ထဲတွင် ရွှေသင်ဖြူးကို ဆက်လက် ရက်လုပ်နေလေ၏။
အခန်း (၂၁) နက်ဖြန်နော်
အခန်း(၂၁)

ရွှေနန်းတော်ကြီး တစ်ခုလုံး အလယ်နန်းမတော်မိဖုရားအား မိဖုရားခေါင်ကြီး၏ အစီး အနင်း, အဆောင် အရွက်ကို ပေးသနားတော်မူတော့မည်ဟု သတင်းပြေး နေသည်ကိုလည်းကောင်း၊ ကာယကံရှင်ကပင်၊ ထိုက်တန်သော အရည်အချင်းရှိတော်မူသူဖြစ်သည့်အား လျော်စွာ စိတ်ချ, လက်ချယုံကြည်ပြီး စီမံပြင်ဆင် တော်မူသင့်သမျှ ပြင်ဆင်တော်မူလျက် ရှိသည်ကို သိတော်မူပြီးဖြစ်သော ဘဂရှင်မင်းတရားကြီးဘုရားမှာ အလယ်နန်းမတော် ဖုရား စိတ်ဂမ်းနည်းလျက် ရက်ကြောက်နာကြည်း သွားရမည်ကိုလည်း များစွာ သနားကြင်နာ ကရုဏာသက်တော်မူလျက် ရှိလေရာ နောက်ဆုံးတွင် အလယ်နန်းမတော်ဖုရားလည်း စိတ်ကျေနပ် တော်မူစေရန်၊ ကန့်ကွက်သော မိဖုရားများလည်း စိတ်အေးချမ်းသာစွာ နေနိုင်ကြစေရန် မြန်မာ ဘုရင်တို့၏ ရွှေနန်းစဉ်ရာဇဝင်၌မပါဖူးသည့် ထူးကဲသော ချီးမြှင့် ခြင်းနှင့် နမတော် အလယ်နန်း မိဖုရားအား ချီးမြှင့်မြောက်စားတော်မူရန် အကြံရတော်မူ လေ၏ ။ ဘဂရှင်မင်းတရားကြီးဘုရားသည် ပညာရှိ မင်းတစ်ပါးဖြစ်တော်မူသည့် အား လျော်စွာ အများနှင့်လည်း ဆန့်ကျင်တော်မမူစေဘဲ ကာယကံရှင် ဖြစ်သည့် အလယ် နန်းမတော်မိဖုရားလည်း စိတ်ကျေနပ်လောက်သင့်သော ချီးမြှင့် သူကောင်း ပြုမည့် အစီ အစဉ်များမှာ---

အရှင်မိဖုရားခေါင်ကြီး အဆောင်တော်၏ မြောက်ဘက်၌ တစ်ပင်တိုင် စလင်းစုဖုရား အဆောင်တော်နှင့်ပယ်ဉ်လျက် နန်းမတော်ဆောင်းကြီးနှင့် ညီမျှသည့် အဆောင်တော်ကြီး တစ်ခုကို သနားတော်မူရန် မဟေသီဘွဲ့ထူးကို ချီးမြှင့်အပ်နှင်းခြင်း မပြုသည့်တိုင်အောင် မိဖုရားခေါင်ကြီးတို့၏ အစီးအနင်း၊ အဆောင် အရွက်တို့ထက် မနိမ့်ကျသော အစီးအနင်း၊ အဆောင်အရွက်များကို ပေးသနားတော်မူရန်၊ ဘိသိက်ခံဖက် ထီးဖြူတော်ဆောင်းဖက် ဖြစ်သော ရာဇဝတ်အဆက်ဆက်မှ အဂ္ဂမဟေသီ မိဖုရား ခေါင်ကြီးများပင် မရရှိဖူးသည်က ထူးကဲသောဆင်ဖြူမရှင်ရတနာကို သနားတော်မူရန် ဤသုံးချက်သော ကြံရွယ်တော် မူချက်ကို တစ်နေ့သောအခါ၌ အမြဲစံနေတော်မူသည်က မှန်နန်းဆောင်တော်အတွင်းတွင်း ဘုရင့် အတိုင်ပင်ခံ ပညာရှိမှူးကြီးမတ်ကြီးအချို့နှင့် မင်းတရားကြီးဘုရားတို့ တိုင်ပင် ဆွေးနွေးတော် မူလျက် ရှိလေ၏ ။
ဘုရား။ "မိဖုရားတွေကဖြင့်များစွာ ကန့်ကွက်နေရှာကြတာပဲ မယ်သဲကလည်း သူရသင့် ရထိုက်တဲ့အတွက် စိတ်ချလက်ချ ဖြစ်နေရှာပြီ၊ သည်ကိစ္စကို မင်းကြီးတို့က ဘယ်ပုံ စိတ်ကူးရသည်ဆိုတာ သံတော်ဦး တင်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးများ။ ။"နှစ်ဦးစလုံးပင် မှန်နေပါသဖြင့် ကျွန်တော်မျိုးများ ရှိခိုးသံတော်ဦးမတင်တတ် သလောက် ရှိနေကြောင်းပါဘုရား၊ အလယ်နန်းမတော်ဖုရားမှာ ရတနာပူရ၊ စတုတ္တမြို့တည် နန်းတည် ဘကြီးတော် မင်းတရားကြီးဘုရား၏ မိဖုရားခေါင်ကြီးမှာ ဖွားမြင်တော်မူသည့် သမီးတော်စစ်ဖြစ်၍ ရွှေနန်းမ ဆောင်တော်ထက် မနောဟရ ထီးဖြူအုပ်မိုးလျက် ဖွားမြင် တော်မူခြင်း၊ သစ်နက်ရေခံခြင်း၊ ကြာချပ် တစ်ထောင် ရှိသော ရွှေသား ပတ္တမြားသုံးရစ်စီ မနောလင်ပန်းဖြင့် ချင်းတန်းသန့်စင်ခြင်း၊ မင်းခန်းစုံ ကျင်းပလျက် မဟာဥကင်တော်သ ဖွင့်တော်မူခြင်း စသည့်ဖြင့် ထူးမြတ်သော ရာဇဗိန္ဒုရာ ဇာနဘာဂတို့ကို ထွန်းတောက်ပစေ လျက် ဖွားမြင်တော်မူသည့် နေနတ်နွယ်မြစ်၊ သာကိယစစ်၊ ဖြစ်၍ တစ်ကြောင်း ၊ မိန်းမမြတ် တို့၏လက္ခဏာ ခြောက်ဆယ့်လေးပါးတို့နှင့် မချွတ်မယွင်း ပြည့်စုံလျက် သူမတူတန် လွန်ကဲထူးမြတ်သော ဂုဏ်ထူးဂိုသေသ ရှိတော်မူသည် တစ်ကြောင်း၊ ကပ်ဦး မဟာသမ္မတ မင်းမှ ဆင်းသက်ခဲ့သော ဥက္ကာမုက္ခသကျ သာကီဂင်မင်းတို့နှင့် တပေးမပြား မျိုးနွယ်စဉ် ဆက် မပျက်မယွင်းစေရန် ၊ စောင့်ရှောက်မြဲ ရာဇတ န တ္တိ ပဂေဏီထုံးတမ်းနှင့် အကြောင်း ညီစေလျက် မြတ်သော ပြည်ထောင်ဖက် မင်း မိဖုရာခေါင်ကြီးအဖြစ်သို့ ဆောင်နှင်းတော်မူ သင့်လှသည် ဖြစ်ပါကြောင်း”

"တစ်ဖန် ကျန်မိဖုရား၊ မောင်းမတို့၏ အလို့သို့ ငွဲပြန်ပါလျှင်လည်း ခမျာများမှာ နတ်ရွာစံ အရှင်နန်းမတော် ဘုရားကြီးကဲ့သို့ သီလသမာဓိတရားညှိလျက် လက်အောက်ငယ်သား မိဖုရားတို့အပေါ်တွင် ကြင်နာ ထောက်ထား သနားငဲ့ညာတော်မူမည် မဟုတ်ဘဲညှင်းဆဲက လူပြုမူခြင်းခံရပါက ၎င်းတို့မှာ"တစ်နေ့မခြား ရေနည်းငါး"ဆိုသလို ငြိုငြင်ဆင်းရဲကြရတော့ မည်ဟုအယူရှိရကား လွန်စွာစိုးရိမ်ကြောင့်ကြ နေရှာကြ သဖြင့် ဘဂရှင်မင်းတရားမှ တစ်ပါး ကိုးကွယ်အားထားရာ မမြင်သဖြင့် အလျင်စလိုငိုယိုတောင်းပန် အသနားခံ ကြရှာသည်ကို ငဲ့ညာထောက်ထားရာ မကျပါလျှင်လည်း ခမျာများမှာ စိတ်ဂမ်းနည်း စရာဖြစ်ပါမည်၊ သို့ဖြစ် ပါသည့်အတွက် နှစ်ဦးနှစ်ဖက်ငဲ့ကွက်ကာ ရွှေဉာဏ်ရှင် ဖြစ်တော်မူသည့်အတိုင်း ဆင်ခြင် ဆုံးဖြတ်တော်မူသင့်လှကြောင်း လျှောက်ထားသံတော်ဦးတင်ပါသည်ဘုရား"

ဘုရင်။ ။"ကျုပ်လည်းမင်းကြီးတို့ လျှောက်တင်သည့်အတိုင်း ဆင်ခြင်စဉ်းစားတော်မူပြီး ဖြစ်တယ်၊ အခြားသောမိဖုရားများကိုလည်း ငဲ့ကွက်ထောက်ထားရာ ရောက်အောင်၊ အလယ်နန်းမိဖုရားလည်း စိတ်နာ ကြည်းဖွယ်မဖြစ်အောင်၊ မျှတသည့်သဘောနှင့် ပိုင်းဖြတ် တော်မူထားသော အလိုတော်ကို ထုတ်ဖော် တိုင်ပင်ရန် မင်းကြီးများကို ခေါ်တော်မူခြင်းပဲ"

မင်းကြီးများ။ ။"အလိုတော်ကို ဦးထိပ်ရွက် ပန်ဆင်ရပါမည့်အကြောင်းပါဘုရား"

ဘုရင်။ ။"အလယ်နန်းကိုတော့ သူကောင်းပြုတော်မမူဘဲ နေ၍သင့်တော်မည် မထင်ဘူး ဗျ၊ သည့်အတွက် နန်းမတော်ဆောင်နှင့် ယှဉ်လျက်ရှိသော မြောက်နန်းဆောင်တော်ကို နန်းမတော်ဆောင်ကဲ့သို့ တစ်တန်းတစ်စားတည်း တူညီအောင် အဆောင်အယောင် အခမ်းအနားများကို ပြင်ဆင်ထပ်ဖြည့်လျက် သနားတော်မူပြီး ဘိသိက်ခံ၍ မဟေသီဘွဲ့ ကိုပင်

www.burmeseclassic.com

www.burmeseclassic.com

မနင်းအပ်သော်လည်း မိဖုရားခေါင်ကြီးနှင့်ညီမျှသော မင်းသုံး၊ မင်းဆောင်၊ အခမ်း အနား၊ အစီးအနင်း၊ အဆောင်အရွက်များနှင့် အခွင့်အရေး ပေးသနား တော်မူပြီး ရွှေနန်းစဉ် ဆက် ဘယ်မိဖုရားကိုမှ သနားနင်းအပ်ခြင်း မပြုဖူးသော ဒုရကတိုင်း ထား၊ဝယ်မြို့မှ ဆက်သ သည့် သီရိမဟာ သုဘတ္တာ ရတနာဆင်ဖြူတော်မကို အလယ်နန်းမိဖုရားအား ပေးသနား တော်မူလိုသည်၊ ဤသုံးခုသော သူကောင်းပြုမှုကို အလယ်နန်းမိဖုရားလည်း ဘိသိက်ခံ၍ မဟေသီ ဘွဲ့ထူးကို ချီးမြှင့်သည်မျှ စိတ်ကျေနပ်လှမည်ထင်သည် မင်းကြီးများ"

မင်းကြီးများ။ ။"မှန်လှပါ၊ မိန့်တော်မူသော အကြံမှာ အမှန်ပင်သင့်လျော်ပတ်ကြောင်းပါ၊ ဆင်ဖြူရတနာဆိုသည်မှာလည်း သာမန် မင်းဧကရာဇ်တို့ပင် ရနိုင်ခဲ့မှုဖြစ်ပြီးလျှင် ဘုန်းတန်ခိုးကြီးသော ဧကရာဇ် ဘုရင်တို့သာလျှင် ဆင်ဖြူရှင်ဘွဲ့ခံရသောကြောင့် မင်းမိန်းမကို ဆင်ဖြူမရှင်ဘွဲ့မည်တော် ခံစေသည်မှာ လည်း တစ်နည်းအားဖြင့် ဘိသိက် သွန်းမြှောက်သော မိဖုရားခေါင်ကြီးများ၏ ဂုဏ်အရည် အချင်းမျှမက မြင့်မြတ်လှသဖြင့် အလယ်နန်းသခင်သည် အမှန်ပင် ကျေနပ်ဂမ်းမြှောက်တော်မူမည် ဖြစ်ပါ ကြောင်း ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား"

ဘုရင်။ ။"သို့ဖြင့် ကျုပ်အလိုတော်ကို မင်းကြီးတို့အားလုံး သဘောတူကြရဲ့လား။ စေဒက တက်ချင်သူများရှိလျှင်လည်း ထိမ်ချန်မထားနှင့်ဗျ။ အကျိုးနှင့်အကြောင်းနှင့်ပြ၍ ကန့်ကွက် လိုကြလျှင် ကန့်ကွက်ကြပါ၊ အမျက်တော်ကို ငဲ့ပြီးမတင်လျှောက်ခဲ့ရဘူးလို့ မရှိစေနှင့်၊ ကျုပ်မစိတ်မဆိုးပါဘူးဗျ၊ လျှောက်သာ လျှောက်ကြပါ"

မင်းကြီးများ။ ။"အကြောင်းချင်းရာ အားလုံးကို အစအဆုံးသိရပြီး ဖြစ်သည့်အတွက် နှစ်ဦး နှစ်ဖက်မျှတသော အကြံမှာ ဘဂရှင်ဘုရား မိန့်တော်မူသည့် အစီအမံထက်ပို၍ လျော်ကန်သင့်မြတ်သော အကြံမရှိကြောင်းပါဘုရား"

ဘုရင်။ ။"သို့ဖြင့် ကျုပ်အလိုတော်ကို မင်းကြီးတို့သဘောကြိုက်ညီကြပြီ ဆိုပါတော့။"

"သို့သော် ဆရာတော်ဘုရားများ၏ ဩဝါဒကိုလည်း ခံလိုသေးသည်၊ လောကီလူမှု လူရေးပင် ဖြစ်သော်လည်း အနည်းငယ် ထူးခြားသောကိစ္စကြောင့် ဆရာတော်များ သိရှိအောင် တိုင်ပင်ပြီး သင့်မသင့်လျော် မလျော်ကို ဩဝါဒခံတော်မူလိုသေးတယ် ဆရာတော်ဘုရားများကပါ မင်းကြီးတို့လို သဘော ကြိုက်ညီတော်မူပါတယ်ဆိုတာ အဖြေ ကိုရလျှင် ဆင်ဖြူမရှင်ဘွဲ့နှင်းရန် အခမ်းအနားများ စီမံကြ ပေတော့ မင်းကြီးတို့ရဲ့"

မင်းကြီးများ။ ။"ဦးထိပ်ရွက် ပန်ဆင်လျက် ရှိကြကြောင်းပါဘုရား"

ယင်းသို့ ဘဂရှင်မင်းတရားကြီးဘုရားနှင့် မှူးတော်မတ်တော်ကြီးများ မှန်နန်းဆောင်တော်တွင် တိုင်ပင် ဆွေးနွေးတော်မူကြီးနောက် မင်းတရားကြီးဘုရားလည်း ရင်းနှီးစွာ ကိုးကွယ် ဆည်းကပ်တော် မူသည့် ဆရာတော်၊ သံဃာတော်များကို ဖူးမြင်တွေ့ဆုံကာ ဩဝါဒခံတော်မူမြဲဖြစ်သည့် မှန်နန်းဆောင်နှင့်

www.burmeseclassic.com

ဖောင်းတော်ဆောင် အကူးဖြစ်သော လေသာစနဆောင်တော်တွင် တွေ့ဆုံဖူးမြော်တော်မူလျက် ရည်သန် တော် မူချက်ဖြစ်သော အကြံတော်ကို သင့်, မသင့်၊ လျော် မလျော်ထုတ်ဖော်လျှောက်တင် တိုင်ပင်ဆွေးနွေး တော်မူသောအခါ ဆရာတော်သံဃာတော်များမှာလည်း နှစ်ဦးနှစ်ဖက် ငဲ့ကွက်တော်မူကာ မင်းတရား ကြီး၏အကြံတော်ကို လိုက်လျောသဘောတူညီတော်မူ သောကြောင့် များမကြာ မီနေ့ရက်တွင် အထက် တိုင်ပင်တော်မူရင်းဖြစ်သော ဂန်ကြီး၊ မှူးကြီးတို့အား အခမ်း အနားပြီးပြေအောင် စီမံလုပ်ဆောင်စေပြီး လျှင် ၁၂၃၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်နေ့တွင် အလယ် နန်းမတော်မိဖုရားအား သီရိပဝရတိ လောက မဟာရတနာ ဒေဝီဟူသော ဘွဲ့နှင့်တကွ မိဖုရားခေါင်ကြီး၏ အစဉ်အဆက်ဖြစ်သော အခမ်းအနား၊ အသုံးအဆောင်၊ အဆောင်အယောင်များစံတော်မူရန် မြောက်နန်း ဆောင်တော်ကြီးကို နန်းမတော်ဆောင်ကြီးကဲ့သို့ အလားတူ ပြင်ဆင်မွမ်းမံ ပေးသနား တော်မူကာ ဒူရကတိုင်း ထားဂယ်မြို့မှ ဆက်သသည့် မဟာသုဘဒ္ဒာ ရတနာဆင်ဖြူ တော်မကို နှင်းအပ် ပေးသနားတော်မူပြီး ဆင်ဖြူမရှင် ခံတော်မူစေသောကြောင့် အလယ်နန်းမတော် မိဖုရားဆင်ဖြူမရှင်သည် ဘိသိက်ပင်ခံတော်မမူရစေကာမူ ဘိသိက်ခံမိဖုရား ကြီးများပင် မရဖူးကြသည့် ထူးမြတ်သောဆင်ဖြူမရတနာကို ရရှိတော်မူသဖြင့် အတော် အသင့် ကျေနပ်ဂမ်းမြောက်တော်မူလေ၏ ။

သို့ရာတွင် ဘဂရှင်မင်းတရားကြီးဘုရားမှာ မိမိအားထိုက်တန်သော မိဖုရားခေါင်တော် ညာစံ မဟေသီဂုဏ်ထူးကို ဘိသိက်ခံကာ ချီးမြှင့်သူကောင်းပြုတော်မူလိုသည့် စေတနာ တော်ရှိပါလျက် အဘယ် အတွက် ဘိသိက်မခံဘဲ နေတော်မူသည်ကို သင်္ကာမကင်း တော်မူ၍ စုံစမ်းထောက်လှမ်းတော်မူသောအခါ ဆင်ဖြူမရှင်မိဖုရားကြီး၏ တန်ခိုးအာဏာ ကလည်း ရှေးကထက်ကြီးတော်မူခဲ့သဖြင့် မျက်နှာလိုအားရ တင်လျှောက် လိုကြသူတွေ ပေါ်များလာသည့်အတိုင်း ယခင်က မင်းတရားကြီးဘုရားထံတော်သို့ ခုနစ်ရွာ မိဖုရား၊ လင်ပန်းတိုက်စားမိဖုရား၊ သက်ပန်းမိဖုရားနှင့် မြောက်ရွှေရေးဆောင် မိဖုရားတို့အမှူးပြုပြီး မိဖုရားကြီးငယ်တစ်စုတို့ လာရောက်တင်လျှောက်ကာ ငိုယိုကန့်ကွက်ကြသည်ကို နားစွန်နားဖျား ကြားသူများက မျက်နှာလိုအားရ လာရောက်ကာ မျက်နှာလုပ် သတင်းပို့ ကြသည်တွင် ဆင်ဖြူမရှင် မိဖုရားမှာ အဆိုပါ မိဖုရားတစ်စုတို့ကို အမျက်တော်ခုလျက် ရှိလေ၏ ။

သည်မိဖုရားတစ်စုသည် ငါ့ကိုသက်သက်မဲ့ မနာလို၊ ဂန်တိုသဘောနှင့် သွားရောက် ကုန်းချောကြသည်၊ ငါကတော့ အထွတ်အမြတ်ရောက်လျှင် သင်းတို့ကို တိုးလို့ပင် ကြင်နာသနား မြှောက်စားချီးမြှင့် တော်မူမည်ဟု ကြံစည်ရိုးရင်းရှိတော်မူသည်။ ယခုသင်း တို့က ငါ့ကိုမကောင်းစိတ်ထားနှင့် ရွှေနန်းရှင် ဘုရားကို ကုန်းချောသည့်အတွက် ဘိသိက်ခံထိုက်လျက်နှင့် ဘိသိက်မခံရတဲ့အတူ သင်းတို့အခွင့်အရေးကို ငါလျစ်လျူရှု တော့မည်ဟု အကျိတ်အခဲနှင့် စိတ်တော်တွင် နာကြည်းတော်မူမိလေသတည်း။

သီပေါမင်းသား၏ မယ်တော်လောင်းရှည်မိဖုရားမူကာ ယခင်ကပင် သားတော်လျှောက် တင်စကားနှင့် မသိမသာ ကြားနေတော်မူကာ သားတော်၏ အိမ်တော်သို့သာ မကြာခဏကြွလာပြီး ဆုံးမသတိပေး

www.burmeseclassic.com

www.burmeseclassic.com

တော်မူလျက်ရှိသည့် အားလျော်စွာ တစ်နေ့သ၌တွင် သားတော်အဆောင်သို့ ကြွတော်မူလာပြီး အခါတိုင်းနည်းတူ သားမယ်တော်နှစ်ပါး အာလာပသလ္လာပစကားပြောဟောတော်မူရာက-

မယ်တော်။ ။"သားတော်မောင်ရဲ့ အလယ်နန်းမတော်ဘုရားတော့ မိဖုရားခေါင်ကြီးတို့၏ အစီးအနင်းအဆောင်အယောင်နှင့်တကွ မဟာသုဘဒ္ဒါ ရတနာဆင်ဖြူမရှင်ခံတော်မူ သွားရပြီး။ အခြား သော ဆောင်ရ နန်းရမိဖုရားများက ကန့်ကွက်လျှောက်ထားကြတဲ့ အတွက် ဘိသိက်ခံဖက်ဖြစ်တော် မမူရရှာဘူး။ အလယ်နန်းမဖုရားဟာ သူတို့အကြောင်းများ သိတော်မူသွားလျှင် အတော်ပင် နာကြည်း တော်မူမှာပဲ မောင်ရင်ရဲ့"

မင်းသား။ ။"ထိုက်တန်ပါလျက်သားနှင့် အပြည့်အစုံ မခံစားရသည့်အတွက် နာကြည်း မည်ဆိုကလည်း နာကြည်းလောက်ပါသည် မယ်ဖျား။ သို့ရာတွင် သာမန်ဘုရင်တို့သော်မှ အရှင်ခံရခဲ့မှုသော ဆင်ဖြူမ ရတနာ၏ အရှင်, ဘွဲ့ခံတော်မူရသည်တို့က ဘိသိက်ခံရ သည်ထက်ပင် မွန်မြတ်သေးသည်ဟု ထင်ပါသေး တယ် မယ်ဖျားရဲ့၊ ခမည်းတော် ရွှေနန်းရှင်ဘုရားမှာ ရွှေဉာဏ်တော်ရှင် ဖြစ်တော်မူသည့် အားလျော်စွာ နှစ်ဦးနှစ်ဖက် စိတ်ဂမ်းမနည်းရအောင် ချင့်ချိန်ဆုံးဖြတ်တော် မူရရှာခြင်းပါဘုရား"

မယ်တော်။ ။"မှန်တယ် မောင်ရင်။ သို့သော်လည်း ဆင်ဖြူမရှင် မိဖုရားမှာ ဘိသိက်မခံရသဖြင့် မိဖုရားခေါင်ကြီး၏ အခွင့်အာဏာကို အလုံးစုံရတော်မမူရှာသော်လည်း ဩဇာအခွင့်အာဏာတော်၊ နည်းလှမည်မဟုတ်ဘူး မောင်ရင်ရဲ့။ သည်တော့ရွှေရေးဆောင် မိဖုရားနှင့်အပေါင်းပါ မိဖုရားများ၏ ကန့်ကွက်ချက်ကို သိတော်မူတဲ့အခါ သူ၏ဩဇာ အာဏာမကင်းသဖြင့် အခွင့်သာသည့်အချက်တွင် တစ်နည်းတစ်ဖုံဆိုသလိုငြိုငြင်ဖိစီး တော်မူတော့မည်။ ဟို...ခမျာများတော့ "ဆုပ်လျှင်စူး၊ စားလျှင်ရှူး" ဆိုသော စကားပုံကဲ့သို့ ဖြစ်ကြရရှာပေါ့မောင်မောင်"

မင်းသား။ ။"မိကြီးတော်ဆင်ဖြူမရှင်က ဘယ်ကဲ့သို့ပင် မျက်တော်မူနေသော်လည်း ခမည်းတော် ရွှေနန်းရှင် ဘုရား၏ ရွှေလက်ထက်တော်မှာတော့ နှိပ်စက်တော်မူခွင့်ရမည် မထင်ပါဘူး မယ်တော်ဖျား"

မယ်တော်။ ။"ဩော်... အေးမြတဲ့ အရိပ်အာဂါသကြီးအောက်မှာ ခိုရစဉ်အခါတော့ ဘေးမခရန်မသန်းဘဲ အေးချမ်းကြပေမှာပဲ။ သခါရအတိုင်း ရွှေနန်းရှင်နတ်ရွာစံတော်မူ သွားပြီးသည့်နောက်လည်း ယခုထက်တိုင် နန်းညွန့်, နန်းလျာတစ်ဦးတစ်ယောက် ရွေးကောက်ချီးမြှင့်တော်မမူသေးဘူး။ အိမ်ရှေ့ဥပရာဇာဆိုသည်မှာ ရှိကောင်းသောအရာ ဖြစ်ပါလျက် ယခုထက်ထိ အချိန်ဆိုင်းနေတော်မူခြင်းဟာ နောင်ရေးကို ပိုမိုရှုပ်ထွေး စေအောင် ပြုတော်မူသကဲ့သို့ ဖြစ်နေပြီ။ သားတော်ကြီးတွေကလည်း အစီအရီ၊ အဆင့်အတန်းချင်း ကလည်း တူညီနေတော့ ဘယ်သူ့ကို လွှဲအပ်ဆောင်းနှင်းရပါမလဲဆို တာ ဝေခွဲလို့ရတော်မမူသေး ဘူးထင်ရဲ့။ အကယ်၍ ရှိတော်မူတဲ့ သားတော်ကြီးများက ငြိမ်ဝပ်တိတ်ဆိတ်စွာ နေကြလျှင် သင့်လျော်ပါရဲ့။ မကျေမချမ်းသူက တစ်ဘက်တစ်လမ်း၊ တစ်စခန်းထပြန်လျှင် 'တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ၊ သတ္တဂါ အပေါင်း၊ ပျက်စီးကြောင်း' ဆိုသလိုအဖနှင့်သား၊ စစ်ကစားရာတွင် ကြားကတိုင်းသူပြည်သားတွေ

www.burmeseclassic.com

www.burmeseclassic.com

နာမချမ်းသာဖွယ်ဖြစ်၍ စစ်သည်တော် အမှုထမ်းတို့ နွမ်းပါးပျက်စီးပြီး ဆင်းရဲခြင်းကြီး ဆင်းရဲရှာကြတော့မည် မဟုတ်လား။ အကယ်၍ သားတော်တစ်ပါးပါးကို အိမ်ရှေ့ဥပရာဇာအရာ နှင်းအပ်ပေးသနားတော်မူသည်ကို ကျန်သားတော်များက သဘောတူကြည်ဖြူစွာ အေးချမ်း ငြိမ်ဝပ်သက်ကြသည်ထားဦး။

နတ်ရွာစံအိမ်ရှေ့ဘုရားက၏ သားတော်ဖြစ်တဲ့ ပန်းတိမ်း မင်းသား၊ ကြေးမြင့်မင်းသား၊ တိုင်းတာမင်းသား၊ တောင်ပုံမင်းသားစတဲ့ တူတော် များကလည်း သူတို့၏ ခမည်းတော်အိမ်ရှေ့မင်း၏ အရိုက်အရာကို သူ့ကိုသာလျှင် တိုက်ရိုက်ခံစားသင့်တယ်ဆိုပြီး 'ထနောင်းပင်က မီးတကျည်'ဆိုသလို သူပုန်ထဖူးသည့် ပန်းတိမ်းမင်းသားအရေးတော်ပုံကဲ့သို့ ကျန်သော အိမ်ရှေ့သားတော်များက တစ်ချီတစ်ပွဲ နေရမည် မဟုတ်ဘူး။ သည်ကဲ့သို့ ရန်ဆူးရန်ငြောင့်တွေကို တွေးပြီး အိမ်ရှေ့ဥပရာဇာ ဆောင်နှင်းရေးကို အေးဆေးလေးဖင့်စွာ အချိန်ဆွဲထားတော်မူတဲ့အတွက်ပင် ဘဂျရှင် ဘုရား အသက်ဆွဲပြီး နန်းလုပွဲကြီး ခင်းကျင်းကြတော့မှာပဲ။ ရှေ့ရေးကိုတွေးလိုက်မှဖြင့် အေးတော်မမူဘူးမောင်ရင်ရယ်။ ဘဂျရှင်မင်းတရားကြီး ဘုရားမှာလည်း နောင် ငါမရှိမှ လျောက်လျားပဲဆိုပြီး ကိုယ့်တစ်သက်ကလေး နားအေး စိတ်အေး နေတော်မူလိုခဲ့သည်ထင်ပါရဲ့။ ဘယ်နည်းနှင့်မဆို ရွှေနန်းရှင်မင်းတရားကြီးဘုရားနောက် နောက်တစ်ဆက် နန်းတက်မည့် မင်းလက်ထက်မှာတော့ တိုင်းပြည်မငြိမ်မသက်နှင့် ဗရုတ်ဗရက်တွေ ဖြစ်ကြတော့မှာ အမှန်ပဲ။ သားတော်၊ တူတော်တွေ၊ နန်းလုပွဲမှာ အံတခဲခဲနှင့် ရန်ပွဲကြီး စည်ကားနေတုန်းဗြုန်းခနဲ 'နွားကွဲကျားကိုက်'ဆိုတဲ့ ကိန်းမျိုးကြီးဆိုက်ပြီး ကုလားဖြူတည်း ဟူသော ကျားဆိုးကြီးကိုက်မှာ စိုးရိမ်စရာပဲ မောင်ရင်။ မယ်ဖျားတော့ ရွှေနန်းရှင်ဘုရား လက်ထက်မှာ အေးချမ်းသလောက် နောက်လာသတ္တံ့သော အခါတွင် ဗျာပါကြီးဆိုက်၍ မီးလောင်တိုက်သွင်းသကဲ့သို့ နေတော့မယ်ဆိုတာ မြေကြီးလက်ခတ် မလွဲရဲရဲကြီးဆိုပွံ့ သည်"

"သားတော်, တူတော်တွေ နန်းလုကောင်းတုန်း အချိန်မှာကွယ်ရာတစောင်းက အသင့် ချောင်းဖမ်းမည့် ကုလားဖြူတွေက တကဲကဲ၊ ပြင်သစ်ကလည်း တစ်မှောင့်၊ အင်္ဂလိပ် ကြောင့် တစ်ထွေဆိုသလို အလိုရမ္မက်နှင့် လောဘဇောထွက်နေကြတဲ့ ရန်သူ တွေကလည်းနီးလှပြီ။ မယ်ဖျားတို့ မြန်မာနေပြည်တော် ကြီးမှာ ရတနာနှစ်ပါးနှင့် ဆန်ရေ စပါးပေါပြီးဂပြောချမ်းသာတဲ့ ဘူမိနက်သန် တိုင်းတော်ပြည်တော်ကြီးမှာ မင်းသားအချင်း ချင်း စည်းလုံးညီညွတ်ခြင်း၊ မရှိရာကစပြီး ဓားဆွဲ, လှံဆွဲနှင့်ရန်ပွဲကြီး စည်ကား၍ သွေးအကွဲ ကြီးကွဲသွားတဲ့ တစ်နေ့မှာ ကျားနှင့်တူသော တိုင်းတစ်ပါးသားတို့၏ အစာ ဖြစ်ပြီး နစ်ခြင်း ကြီးနစ်၊ ဆုံးခြင်းကြီးဆုံး၍ သူ့ကျွန်လုံးလုံး ဖြစ်ရချေတော့မည်"

"မယ်ဖျားတို့မြန်မာ့ဌာနီ ရွှေရောင်ဝင်းတဲ့ မင်းနေပြည်ကြီးဟာ မင်းညီမင်းသား၊ ဆွေတော်မျိုးတော်အချင်းချင်း နန်းလုပွဲကျင်းပနေကြရတာနှင့် တိုင်းရေးပြည်ရာ ဘယ်ဟာတစ်ခုမှ စစ်စစ်ငုငုမရှိနိုင်ပဲ မိမိတို့ နန်းသက်ခိုင်မြဲရုံသာလျှင် အထူးဂရုစိုက်လာခဲ့ကြသည့်အတွက် တစ်စတစ်စနှင့် စပါးကြီးမြွေ အမျိုခံရတဲ့သူလို ဖြစ်နေကြပြီမောင်ရင်"

www.burmeseclassic.com

www.burmeseclassic.com

"ယခင်ပထမ ဘကြီးတော်ဘုရားလက်ထက်တော်ဆီမှာ သာယာဂတီမင်းနှင့် အချင်းချင်း နန်းလုစစ်ခင်းနေစဉ် စပါးကြီးမြွေနှင့်တူသည့် ကုလားဖြူများသည် ခြေထောက်တည်း ဟူသော မြန်မာနိုင်ငံတော်ကြီး၏ အောက်ပိုင်းဖြစ်တဲ့ ရေး၊ မြိတ်၊ ထားဝယ် စသော တနင်္သာရီတိုင်းနှင့် ရခိုင်ကမ်း တစ်လျှောက် ကို မျိုခဲ့ပြီ"

"ဒုတိယအကြိမ်နောင်တော်ပုဂံမင်းနှင့် မောင်ရင့်ခမည်းတော် ရွှေနန်းရှင်တို့ အငိုက်ဖမ်း ပြီးခါးပိုင်းဟု ဆိုအပ်သည့် မြန်မာနိုင်ငံတော် အလယ်ပိုင်း ဒဂုန်၊ ဒလမှ သရက်တော ကျောင်းအထိမျိုမိကြပြီ။ သည်ကရှေ့လျှောက်၍ အမှုမဲ့အမှတ်မဲ့နှင့် မင်းသားချင်းနန်းလု တဲ့ကိစ္စနှင့်ချည်း အချိန်ကုန်ကြမည်ဆိုလျှင် မယ်မယ်တို့စံရာ မြန်မာနိုင်ငံတော် အထက် ပိုင်းဖြစ်တဲ့ ခေါင်းပိုင်းကိုပါ အမျိုခံရတော့မှာပဲ၊ အဲသည်တော့မှ နိုင်ငံတော်ကြီးတစ်ခုလုံး စုံးစုံးနစ်ပြီး တိုင်းသူပြည်သားတွေ သူ့ကျွန်ဖြစ်ရရှာတော့မယ် မောင်ရင်"

မင်းသား။ ။"ခမည်းတော် ဘဂျရင်မင်းတရားကြီးဘုရားမှာ ပညာရှိမင်းပီပီ အလိမ္မာသုံးပြီး အင်အားကြီးမားသော ကုလားဖြူမင်းများနှင့် မဟာမိတ်ဖွဲ့တော်မူလျက် တစ်ပြည်နှင့်တစ် ပြည် ရွှေလမ်း-ငွေလမ်း ဖောက်တော်မူထားသည့်အတွက် ရွှေလက်ထက်တော်မှာဖြင့် ကုလားဖြူတို့ရန်ကို စိုးရိမ်ရန်ရှိမည် မထင်သေးပါဘူး မယ်ဖျားရဲ့"

မယ်တော်။ ။"ကံကုန်တော်မူတဲ့ အိမ်ရှေ့'ကိုယ်တော်ကြီးသာ ရှိတော်မူပါလျှင် ကုလား ဖြူများရန်နှင့် နိုင်ငံတော်လုံခြုံရေးအတွက် လက်နက်တော်အင်အား၊ စုဆောင်း တော်မူနေမှာပဲ၊ မောင့်ခမည်းတော် ရွှေနန်းရှင်ဘုရားကဖြင့် ထာဝရကုသိုလ်အလုပ်ဆိုပြီး လက်နက်ရုံကြီးကို ဥပေက္ခာပြု၍ ကရုဏာ တော်မထားဘဲ သားတော်မက္ခရာ မင်းသား ကိုသာ အမှတ်မထင် မျက်နှာလွှဲထားတော်မူတော့တာပဲ ထင်ပါရဲ့'"

မင်းသား။ ။"လက်နက်စက်ရုံတော်ကြီးကိုဖြင့် အပြီးပြန်မကြည့်သလောက်ပါဘုရား။ သို့ရာတွင် အခြားသောစက်ရုံတော်များကိုတော့ ခမည်းတော်ဘုရားက အတော်ပင် အားပေးတော်မူထားကြောင်းပါ"

မယ်တော်။ ။"ဘယ်လိုစက်ရုံတွေလည်း မောင်ရင်ရဲ့။ မယ်မယ်ဖြင့် အမှတ်မဲ့စံတော်မူတာ နှင့် သိပဲသိတော်မမူပါဘူး။"

မင်းသား။ ။"ရွှေမြို့တော်ကြီးမှာ စုစုပေါင်းစက်ရုံမျိုးငါးဆယ်တော် ရှိနေကြောင်းပါဘုရား။ ရွှေဒင်္ဂါး, ငွေဒင်္ဂါး, ပုံရိုက်လုပ်ဆောင်တော်မူသော ဒင်္ဂါးအမျိုးမျိုး၊ ပုံးဆန်, အမြောက်ဆန်, တူဆန်အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်များ၊ သစ်ပျဉ်များကို တိုက်ခွဲသောလွှစက်ရုံ တော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သောစက်ရုံတော်၊ ဖန်ချက် စက်ရုံတော်၊ အထည်မျိုး, အုပ်မျိုး, ရက်လုပ်သော ရက်ကန်း စက်ရုံတော်၊ ကြေးသွန်းစက်ရုံ တော်မှစ၍ စက်ရုံပေါင်းငါးဆယ်ကျော်တို့ကို အလုပ်ဂန်, ပညာဂန်တို့အား လခ ရိက္ခာတော် အမြောက်အများ

www.burmeseclassic.com

www.burmeseclassic.com

ထောက်ပံ့လျက် လက်အောက်ငယ်သား တပည့်ပေါင်း များစွာနှင့် လုပ်ကိုင်အမှုထမ်းကြစေပြီးလျှင် အလုပ်တော်နှင့် စပ်ဆိုင်သမျှ ဆင့်ဆိုရန် ရှိသည်များကို အလုပ်ရုံတော် ဌာနပါ အမှုးအကြီး, ဂန်ကြီး, အတွင်းဂန်, ဂန်ထောက်, စာရေးကြီး, သံတော်ဆင့်တို့အပေါ် အုပ်ချုပ်ရန် သားတော် မက္ခရာကိုယ်တော်ကြီးကို လွှဲအပ်တော်မူထားကြောင်းပါ"

မယ်တော်။ ။"ဩော်... သည်လိုဖြင့် မက္ခရာမင်းမှာ ကြည့်ရှုအုပ်ချုပ်ရမည့် အလုပ်တော်က အများသားနေပေလိမ့်မယ်၊ အင်း...တစ်မျိုးအားဖြင့် သားတော်တွေ၊ အလုပ်တာဂန် ကိုယ်စီရှိလျှင် မကောင်းသော စိတ်မိုက်များ မမွေးမြူသာအောင် အလုပ်ပေးထားတော် မူတာနှင့် တူပါရဲ့"

မင်းသား။ ။"သားတော်ကတော့ ခမည်းတော်ဘုရား အပါးတော်သို့ ထွက်ဂင်ခစားတော်မူ နေရသည့်အတွက် အတွင်းတော်က အကြောင်းကိစ္စများကို အမြဲကြားသိနေရပါသည်။ တစ်လောဆီကဖြင့် နောင်တော်မက္ခရာကိုယ်တော်ကြီးပင် ကံကောင်း၍အမှုမရောက်ပါ သည်ဘုရား"

မယ်တော်။ ။"အလို.... ဘာများကြောပါလိမ့် သားတော်ရယ်"

မင်းသား။ ။"လူဂင်လူထွက်ကို အကြောင်းပြု၍ ဖြစ်ရသည့်အမှုပါဘုရား။ ခမည်းတော်ရွှေ နန်းရှင်ဘုရားသည်သားတော်မြင်ဂန်းမင်း, မြင်းခုံတိုင်မင်းသားတို့ အရေးတော်နှင့်တူသော ပန်းတိမ် မင်းသား အရေးတော်များချုပ်ငြိမ်းသည့်နောက် သားတော်သုံးဆယ်မင်းသား, ညောင်ရမ်းမင်းသား, မက္ခရာ မင်းသားမှ ဤအရွယ်တော်ရောက်သည့် သားတော်မြတ်ကြီး များထံသို့ ရှိရင်းအခြွေအရံ အသင်း အပင်တစ်ပါး၊ အခြားလူတို့အဂင်အထွက်မရှိစေနှင့်ဟု ပြဋ္ဌာန်းပိုင်းခြားထားတော်မူခဲ့သည်ကို အင်မြို့အုပ် မောင်ကြီးဆိုသူက သားတော်မက္ခရာ မင်းသား သတိုးသုဓမ္မမဟာရာဇာထံတော် ဂင်ထွက်ခစားသည်နှင့် ထည်မျိုး, အုပ်မျိုး, ဆုတော်, လာဘ်တော်များ ပေးကမ်းချီးမြှင့်တော်မူလိုက်ရာတွင် အမြင့် မြို့အုပ် မောင်ကြီးမှာ ဂမ်းမြောက်ဂမ်းသာရှိလှ၍ သူ၏ယောက္ခမဖြစ်သူ အလုံမြို့ဂန်၊ အမြင့်ငါး မြို့ဂန်မင်းကြီး မဟာသမိန်ဗရမ်းအား ပြန်လည်လျှောက်ကြားပါသည်။

ထိုအကြောင်းကို သိသောမင်းကြီးမဟာသမိန်ဗရမ်းမှာ သမက်ဖြစ်သူသည် ဘုန်းတော်ကြီးလှသော ဘုရား၊ ပြဋ္ဌာန်းပိုင်းခြား၊ တားမြစ်ထားသော စည်းကမ်းဥပဒေတော်ကို ကျူးတော်မိလျက် ရှိသောကြောင့် ဆိတ်ဆိတ်နေပါက မိမိပါ ရာဇဂတ်တော်မကင်းရှိမည်ကို စိုးမိသည်နှင့် မက္ခရာမင်းသားပေးကမ်းထားသော ထည်မျိုး, အုပ်မျိုး, ဆုတော်, လာဘ်တော်များကို ရှေ့တော်သို့သွင်း၍အကြောင်းစုံလျှောက်ထား အမိန့်တော်မြတ်ခံရာ အမြင့်မြို့အုပ် အောင်ကြီးမှာ သူကောင်းပြုတော်မူထားသောအရာမှ နုတ်၍မိုးကောင်းသို့ အကျဉ်းပို့ထား တော်မူခြင်းနှင့် 'မင်းပင်ကောင်းလျက်၊ မင်းမြောင်ဖျက်' ဆိုသလို မင်းသား များထံထွက်ဂင် ခစားသူတို့မှာ မကောင်းသောစိတ်ထားနှင့် ပြစ်မှားပုန်ကန်ရန် မြောက်ပင့် ဖြားယောင်း တတ်ကြသော အလေ့အထကို ပပျောက်အောင်ဆုံးမတော်မူပါသည်။ အလုံငါးမြို့ဂန် မင်းကြီး မဟာ သိန်ဗရမ်းမှာ ငါ၏ကျေးဇူးသစ္စာတော်မြတ်ကို စောင့်သိရှိသေသူဖြစ်သော ကြောင့် သမီးနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com

သမက်ကိစ္စပင်ဖြစ်စေကာမူ လျို့ပုက်ထိမ်ချန်မရှိသဖြင့် မင်းကြီးမဟာ သက်တော်ရှည်ဘွဲ့ကို လွှဲပြောင်း ချီးမြှင့်တော်မူလိုက်ပါသည်။

သားတော် မက္ခရာမင်းသားမှာ ၁၂၂၈ခုနှစ်က ပန်းတိမ်မင်းသားအရေးတော်ပုံတွင် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့သူ သားတော်ကြီးဖြစ်သောကြောင့် ရာဇဂတ်တော်မှ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးတော်မူပြီး ခမည်းတော် ဘုရားထံတော်သို့ ထွက်ဂင်ခစားမြဲ, ထွက်ဂင်ခစား တော်မူစေရန် အခွင့်အရေး ပေးတော်မူတယ်။ မက္ခရာကိုယ်တော်ကြီးမှာ ကံကြီးလို့ အပြစ်ချမ်းသာခွင့် ရတော်မူသွား တာကလား မယ်ဖျားရယ်။ နောင်တော်မြင်ကွန်း မင်းသားတို့ မကောင်းမှုတွေက ကျန်ရစ်သူ သားတော်များကိုပင် လွတ်လွတ် လပ်လပ် နေထိုင်ခွင့် ရတော်မမူကြပါဘဲကလား"

မယ်တော်။ ။"ဒါကတော့ သားတော်များက ကောင်းသောလည်းအပေါင်းဖျက်ဆိုသလို အမြောက် အကပ်တွေက သူတို့တစ်ကိုယ်ကောင်းကလေးကြည့်ပြီး စိတ်ထက်မြက်တဲ့ ငယ်ရွယ်သူများကို မြှောက်ပင့် အားပေးလို့ အရေးတော်တွေမကြာခဏပေါ်ခဲ့ရတာ ငဲ့ပြီး တိုင်းနေရှင်လူသတ္တဂါတို့ နားမချမ်းသာ, စိတ်မချမ်းသာ မဖြစ်ရန် ကြိုတင်တားမြစ်တော်မူ ထားခြင်းပဲ မောင်ရင်ရဲ့။ မောင်ရင်လည်း လူဂင ်လူထွက်ကို သတိ, ဂီရိယရှေ့ထားပြီး စဉ်းစဉ်းစားစားလက်ခံတော်မူပါ မောင်ရယ်၊ နောင်အခါမှ ခမည်းတော် ဘုရား အမျက်မာန် တော်ပွားလျှင် မကောင်းဘူး သားတော်မောင် ရဲ့အရှင်သခင် မြို့ဂန် ဘုန်းတောက် တော့ နောက်ပါက ခြေကြွဆိုတာလို တော်တို့ကိုလည်း တယ်ပြီးခြေမကြွစေနှင့်။ မယ်ဖျား မကြာခဏ သတိပေးတော်မူထားသားပဲ။ သားတော်လည်း ငယ်ရွယ်တော်မူတော့သည် မဟုတ်ဘူး မောင်မောင်။ နောင်ရေးကိုတွေးပြီးကိုယ့်ဘေးကို လွတ်အောင်ရှောင်ရမယ်"

သားတော်။ ။ "သားတော်အတွက်တော့ စိုးရိမ်တော်မမူဘဲ အေးအေးသာသာစံတော်မူပါ မယ်ဖျားရဲ့"

ထိုအခိုက်မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့သည် ဂဲဆောင်တွင် ကုပ်ကုပ်ကလေး ငြိမ်နေကြရာမှ မောင်မောင်တုတ်က။

"အင်း... သည်မိဖုရားကြီးဟာ ခိုညည်းသည့်အတိုင်း သားတော်ကလေးတစ်ယောက်ကို အာပေါက်အောင် ဆုံးမနေတော့တာပဲ၊ ကိုယ်တို့ရွှေကိုယ်တော်ဘုရားက နဂိုကမှ စိတ်တော်က ဖော့ဖယောင်း လိုပျော့ပျောင်း ရာမှာ သူလာလာပြီး မီးနှင့်ကင်နေရာမှဖြင့် မကြာမီ အရည်ပျော်ကျတော့မှာပဲ ကိုဖေငယ် ရယ်"

တိုးတိုးတိတ်တိတ်ကျိတ်ပြောလျှင် မောင်မောင်ငယ်က အသာလက်ကုတ်ပြီး။

"ဟိုကကြားသွားမယ်ဗျ။ ကိုတုတ်ကလည်း တယ်ခက်သကိုး"

www.burmeseclassic.com

ချောင်းထဲတွင်နှစ်ယောက်တည်းကျိတ်၍ ရန်ဖြစ်နေကြလေ၏ ။ မောင်မောင်တုတ်က စကားမပြောရလျှင် မနေနိုင်သောကြောင့်။

"ဒါနှင့်စကားမစပ် အထိန်းတော်ကြီး ခင်ဘွားသစ်ကဖြင့် ကိုယ်တို့ကျုပ်တို့ မလာမလာနှင့် မျှော်ရှာလှရော့ မယ်ထင်တယ်"

လေသံနှင့်ပြောလိုက်ရာ မောင်မောင်ငယ်မှာလည်း စကားမပြောဘဲ မနေသာပြန်သော ကြောင့် တစ်ကြောင်း၊ အထိန်းတော်ကြီးခင်ဘွားသစ်နှင့် မိမိတို့အမှာအထားစကား ကိစ္စ ဖြစ်၍မပြောဘဲ မနေနိုင် အောင် ပြောဆိုဆွေးနွေးချင်သော ကိစ္စအတွက်ဖြစ်၍ တစ်ကြောင်း၊ ကျေကျေနပ်နပ် အေးဆေး ငြိမ်းလေး သော အသံဖြင့်

ငယ်။ ။"ဟုတ်ပါရဲ့၊ ကိုရင်တုတ်ရယ်၊ အထိန်းတော်ကြီးကတော့ မျှော်လှရော့မယ်။ အရေးကြောင့် မေ့မေ ့ဆွေးဆွေးဖြစ်နေရသလို ရှိနေပြီ။ ရွှေကိုယ်တော်ဘုရားကလည်း စုဖုရားအကြောင်းနှင့်ပတ်သက်လို့ ယခု တစ်လော စကားစပ်တော်မမူသေးဘူး။ ကျွန်တော် တို့မှာ ဟန်သာလုပ်ရသည်၊ ရွှေကိုယ်တော်ဘုရား ဘယ်တော့အမေးတော်ရှိပါ မလဲဆိုတာ စိတ်တွင်းကတစ်တတနှင့် အချိန်တော်ကုန်လာပြီ"

တုတ်။ ။"ရွှေကိုယ်တော်ဘုရားက ယခုလို အမေးတော်မရှိတာကွေ့ ကျုပ်တို့က နှစ်ပါးတွေ့ရအောင် တိုက်တွန်းလျှောက်တင်ကြမှာစိုးလို့ တမင်£ရွှေလုပ်တော်မူနေတာ် ထင်တယ်။ စုဖုရားကိုတော့ တစ်မိနစ် တစ်ဗီဇနာ မျှ မေ့တော်မူမှာမဟုတ်ဘူး။ ကျုပ်တို့ကို နှုတ်စကားလွှန်ထားသည့်အတွက်ကြောင့်လည်း ရာဇအိန္ဒြေ မဖျက်ချင်၍ ကျုပ်တို့က တမင်စပြီး သည်အကြောင်း လျှောက်တင်အောင် စောင့်တော် မူနေတာနှင့်တူတယ်"

ငယ်။ ။"အဲ...အဲ၊ဟုတ်လိမ့်မယ် ကိုရင်တုတ်ရဲ့၊ တစ်ပါးတည်းစံတော်မူတဲ့အခါ သေသေချာချာ ချောင်းပြီး ကြည့်တယ်။ တကတည်းဗျာ၊ သူ့အချစ်တော်တုတ်ပြောသလိုမှန် ပါလိမ့်မည်။ စကားတော် လွှန်ထားသည့်အတွက် စတင်ပြီး အမေးတော်ရှိရမှာ ရှက်တော် မူတာတစ်ကြောင်း၊ မေးတော်မူတာနှင့် တစ်ပြိုင်နက် တစ်ချက်တည်း ကျုပ်တို့ကလည်း နှစ်ပါးတွေ့ဆုံတော်မူကြဖို့ အရေးကို ဘေးတီးကြ လိမ့်မယ်ဆိုတာ အတတ်အထင်သိမြင် တော်မူထားတဲ့အတွက် စတင်ရန် ခက်တော်မူနေတာပဲ"

တုတ်။ ။"ဟဲ...ဟဲကျုပ်တို့ကလည်း ညှိမြလုပ်ပြီးအဟုတ်ကို မူနေကြတဲ့အတွက် ရွှေကိုယ်တော်မှာ စုဖုရားဆီက ရွှေလွှာတော်အဟောင်းကလေးများကို တနံ့နံ့ရှုစားပြီး တစ်ပါးတည်း လွမ်းအားတော် ဖြေရနေဟန်တူသည် ကိုဖေငယ်ရဲ့။ မအောင့်နိုင်တဲ့ တစ်နေ့တော့ အလျှော့ပေးပြီး ရွှေကိုယ်တော်က စတင်၍ မေးလိမ့်မယ်။ ဒါပေမဲ့ မယ်တော်ကြီးတစ်ခါတစ်ခါ ယခုလိုလာပြီး ဘာဘာညာညာတွေ လျှောက်ပြော သွားပြန်ရင် လည်းစိတ်တော်ပျောင်းပျော့ပြီး အားလျော့သွားပြန်ရော ထင်ပါတယ်ဗျာ"

ငယ်။ ။"အထိန်းတော်ကြီးကလည်း မျှော်လှရော့မယ်ဗျ။ ကျွန်တော်တို့ကပဲစပြီး လျှောက်ကြစို့ဗျာ။"

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ ။"ဟာ...မဟုတ်တာကိုရင်ရယ်၊ ဘာလို့လျှော့ပေးရမလဲ။ မလျှော့ဘူးဗျာ၊ အထိန်းတော်ကြီးမျှော်ရုံမကလို့ ဘာပဲဖြစ်ဖြစ်ရှေကိုယ်တော်က စမမေးဘဲ နည်းနည်းကလေးမှ လေသံမစဘူး။ မူကိုနေလိုက်မယ်၊ ဒါပဲနော်... ကိုရင်တစ်ယောက်တည်း ကိုယ်ကောင်း ကြံပြီး ရှေကိုယ်တော်ဖျားကို သွားပြီးမေးမနေနဲ့ဖျ"

ငယ်။ ။"ဟား...ဟား...ဟား ခင်ဗျားနှယ်ဗျာ၊ အတူတူချင်း ကျိတ်ကြံထားတာပဲ၊ အလကားခွဲထွက်ပုံမလား"

တုတ်။ ။"နို့...ကိုရင်က ဟန်မလုပ်နိုင်သလိုလိုပြောနေသကိုး။ ဒါကြောင့်ကျုပ်က စိုးရိမ်လို့ ခင်ဗျားတစ်ယောက်တည်းကျိတ်ပြီး ရှေကိုယ်တော်ကို သံတော်ဦးတင်နေမှာစိုးလို့သတိ ပေးရတာပဲလေ။ ဒီလိုခွဲမထွက် ဘူးဆိုတာ သိရတော့လည်း ကျုပ်စိတ်အေးရမှာပဲ။ ဟုတ်တယ်ကိုဖေငယ်ရဲ့။ ရှေကိုယ်တော် ဘုရားက စုဖုရားအဆောင်တော်ထွက်တော်မူဖို့ စကားနှင့် ခင်ဗျားတို့၊ ကျုပ်တို့က လျှောက်ထားမှာကို အတော် စိုးရိမ်နေတော် မူတာကိုး။ ဒီစကားကိုလျှောက်ထားတိုက်တွန်းမှာ စိုးတော်မူတဲ့အတွက်ပင် တမင်တကာ မျက်နှာထား တော်မူနေပြီး သူ့စိတ်ထဲကတော့ စုထားဖုရားကို သတိတော်ရလှပြီ။ သည်မျှ လောက် ရင်းရင်းနှီးနှီးအလွှာတော်ဆက်သွယ်မှုမပြတ်သေးဘူးဗျ၊ သည်တော့ရှေကိုယ်တော်လည်း အတော်ပဲ နေမထိထိုင်မသာ ဖြစ်တော်မူနေမှာပဲ။ အဲဒီလိုရှေကိုယ်တော်ဖျား၏ အတွင်းစိတ်ဓာတ်က တဖျပ်ဖျပ် ဖြစ်တော်မူလေ၊ ကျုပ်တို့က မူလို့ကောင်းလေပေါ့ ကိုဖေငယ်ရဲ့"

ငယ်။ ။"ကိုရင်တုတ်ပြောတာကို ကျုပ်ကလည်း သဘောကျတာပါပဲဗျာ။ သို့ပေမဲ့ အထိန်းတော်အမေကြီးနဲ့တွေ့တဲ့အခါ ဖြေစရာခက်လို့သာ ရှေကိုယ်တော်ဆီက နောက်ထပ် ဘယ်လိုအမိန့်တော်များကျမလဲလို့ မအောင့်နိုင်ဘဲ သိချင်နေတာနှင့် ကျုပ်တို့ကစပြီး လျှောက်တင်သင့် ရင်လည်း လျှောက်တင်ကြည့်ဖို့ ပြောမိတာပါပဲ။ ရှေကိုယ်တော်ဖျားစိတ်တော်ထဲမှာ တော်တော် ဖြစ်နေမှန်း သိရလို့ ကျုပ်တို့ဟန်လုပ်ပြီး မူအားရှိပါပြီ လားဗျာ၊ ဒါနဲ့ယခုလောလောဆယ်ဆယ် အထိန်း တော်ကြီးနှင့်တွေ့လျှင် ဘယ်လိုများ ပြောထားကြမည်လဲဗျ"

တုတ်။ ။"ဟာ...အထိန်းတော်ကြီးနှင့်တွေ့ဖို့ကတော့ တောင်ဥယျာဉ်တော်ထဲ မသွားသမျှ ကျုပ်တို့နှင့် မတွေ့ရပါဘူးဗျ။ သည်တော့ကျုပ်တို့ ကိုယ်၌က ဥယျာဉ်တော်နားကို မသွားမိအောင် ကွေ့ရှောင် တိမ်းဖယ် နေလိုက်ရုံပေါ့"

ငယ်။ ။"သည်လိုဆိုတော့ အထိန်းတော်ကြီးက ကျုပ်တို့နဲ့ တွေ့နေကျဖြစ်တဲ့ တောင်ဥယျာဉ်တော်ထဲသို့ စကား ပြန်ဖို့ကိစ္စရှိလို့ လာစောင့်နေပြီတဲ့ဗျာ ကျုပ်တို့က လည်း မလာ၊ သူ့ခမျာ တစ်နေ့စောင့်လည်း မတွေ့ရ၊ တစ်နေ့စောင့်လည်း မတွေ့ရနှင့် နောက်ဆုံးကျတော့ မစောင့်နိုင်တာနှင့် ကျုပ်တို့ရှိရာ လိုက်လာ မှဖြင့် ခွအကျကြီး ကျကုန်မှာပဲဗျ"

တုတ်။ ။"ဒီတော့လည်းကျုပ်တို့တာဝန်အနည်းသားပဲ ကိုဖေငယ်ရဲ့၊ အထိန်းတော်ကြီးကို ရှေကိုယ်တော် ရှေ့တော်ခေါ်သွင်းလိုက်ရုံပေါ့ဗျ၊ သို့မှ သူ့ဟာနှင့်သူ အတိုင်အဖောက်

www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန်လျှောက်ကြလိမ့်မယ်။ ဩော်...ဒါနဲ့ဒီအကြောင်း မပြောမိလို့အခုမှပဲ သတိရ လာတယ်၊ အထိန်းတော်ကြီးလည်း ကျုပ်တို့ တွေးတဲ့အတိုင်းသာဆိုလျှင် ဥယျာဉ်တော်မှာ မစောင့်နိုင်လို့ ကျုပ်တို့ရှိရာ သည်အိမ်တော်ကို လိုက်လာဖို့ အချိန်တော်ပြီးမှ ဘောက်မဲ့ ကြောင့်မလာသလည်းဆိုတာ စဉ်းစားဖို့လိုသေးတယ် မဟုတ်လား"

ငယ်။ ။"ဩော်...ဟုတ်တယ် ကိုရင်တုတ်ရေ၊ ဒီအမေကြီးဘာများဖြစ်နေသည်မသိ။ ကျုပ်တို့က ရှောင်နေတာ ထားပါတော့ သူကလည်း ဘယ်လိုဖြစ်နေသည်မသိဘူးဗျ၊ အရင်ကဆိုလျှင် ထဘီကြီး ဒီလွှား ဒီလွှားနှင့် ဟိုအနားတွေ့၊ သည်အနားတွေ့ မကြာခဏ ဆိုသလိုတွေ့မိတယ်၊ ယခုတစ်လော ကျုပ်တို့ မတွေ့ ရတာ အတန်ကြာနေပြီ"

တုတ်။ ။"ကျုပ်တို့မှာလည်း စကားပြန်ဖို့ မလှသေးတဲ့အတွက် မတွေ့ရတာခပ်ကောင်း ကောင်းပါပဲ ကိုရင်ရယ်"

ငယ်။ ။"နေဦးဗျ၊ သူကလည်း စကားပြန်မလှသေးတဲ့အတွက် ကျုပ်တို့ကို တမင်သက် သက် ရှောင်နေ တာလားမှာ မသိဗျာ၊ကျုပ်တော့'ကိုယ်နှင့်နှိုင်းရိုင်း'ဆိုတဲ့ စကားလို ကျုပ်တို့နဲ့ ကိုယ်ချင်း စာကြည့်စမ်းရ မကောင်းလား၊ ကွေ့ဝှေ့ပဲ၊ သူလည်းကျုပ်တို့ကဲ့သို့ စကားပြန်မလှသေးလို့ ခပ်ဝေးဝေးက ရှောင်ကွင်း နေတယ်လို့ တွေးချင်ပြန်ပြီဗျို့"

တုတ်။ ။"အဲ...ဟုတ်သဗျို့၊ ကျုပ်တို့စာဆိုတော်ကလေးလည်း ခုလိုအတွေးအဆမျိုးမှာ အတော်အမြင်ကျယ်ပါကလား၊ ကျုပ်လည်းကိုရင်ပြောမှ ယခုတစ်ထိုင်တည်းမှာ ဒါကို သွား၍တွေးမိတယ်၊ တကယ် လိုသာ စုဖုရားကလည်း ကျုပ်တို့ရွှေကိုယ်တော်ဖုရားကဲ့သို့ သူ့အထိန်းတော်ကြီးခင်ဘွားသစ်အား စိတ်တော်ထဲက တစ်မျိုး၊ အပြင်ကတစ်မျိုးနှင့် မူအချိုးပြောင်းပြီး ၌ချွေတော်ကောင်းနေပြန်သလား မပြော တတ် ပါဘူးဗျာ"

ငယ်။ ။"ဟုတ်ပါလိမ့်မယ် ထင်ပါရဲ့ ကိုရင်ရယ်၊ ဒီကလည်းဟန်လုပ်၊ ဟိုဟာလည်းမူ စပ်ကြားက ကျုပ်တို့တစ်တွေလည်း ပူနှင့်၊ သုံးလေးဦးရင်ထဲမှာ ဖိုခုံလောက်ဆိုင်ဆူနေကြ ရတာ၊ ရယ်စရာ လည်း အကောင်းသားနော်"

တုတ်။ ။"မပြောတတ်ဘူးလေ၊ အထိန်းတော်ကြီးကို မတွေ့ရတာ့တော့ဖြင့် ထူးခြားတာအ မှန်ပဲ"

ငယ်။ ။"ဒါထက် အလယ်နန်းမတော်ဖုရားလည်း မိဖုရားကြီးတို့ အစီးအနင်းအဆောင် အရွက်နှင့်တကွ ဆင်ဖြူမရှင်ဘွဲ့ခံတော်မူသွားတော့၊ သမီးတော်ဖုရားများလည်း၊ ရှေးက ထက်မျက်နှာတော်ပွင့်ပြီး ဘုန်းဂုဏ်မြင့်တော် မူကြပြီ၊ သည်တော့ကျုပ်တို့ ရွှေကိုယ်တော် ဘုရားအပေါ်တွင် ဘယ်လိုများ စိတ်ထား တော်မူလေတယ်ဆိုတာလည်း တစ်မျိုးအားဖြင့် အကဲခတ်သင့်တယ်ထင်တယ်"

တုတ်။ ။"ဟုတ်တယ်ကိုရင်၊ ဒါလည်းတစ်မျိုး စဉ်းစားစရာပေပဲ၊ ကျုပ်တို့ကိုယ်တော်ဖျား အပေါ်မှာ စုဖျားကများ မတော်တဆ စိတ်ထားပြောင်းလဲသွားတော်မူလို့ အထိန်းတော်ကြီး ကအပြောရကျပ်သဖြင့် ကျုပ်တို့နှင့် မတွေ့ရအောင် တိမ်းရှောင်နေသလား၊ သို့မဟုတ် ကျုပ်တို့ကိုယ်က အထိန်းတော်ကြီးနှင့် မတွေ့ရဲလို့ အမြဲရှောင်နေကြတဲ့အတွက် မတွေ့ရခြင်းပေလား၊

www.burmeseclassic.com

www.burmeseclassic.com

သည်လိုမှမဟုတ်ရင်လည်း စုဖျားက စကားပြန်တော်မူရမှာ ရှက်တော် မူနေတဲ့အတွက် နေ့ရက်အချိန်ကုန်နေသည်လားဆိုတာကို ကျုပ်တို့ ဘယ်လိုမှစဉ်းစား ဆုံးဖြတ်လို့မရအောင် ရှိနေတာပဲ"

ငယ်။ ။"ဒီလိုဖြစ်နေရင်လည်း သည်ကိစ္စမှာ ကျုပ်တို့နှင့်အထိန်းတော်ကြီး မျက်နှာစုံညီတွေ့ ကြတဲ့ တစ်နေ့မှာ ရှင်းလင်းကွဲပြားအောင် သိကြရမှာပဲလေ"

တုတ်။ ။"ရှင်းလင်းသွားအောင် အထိန်းတော်ကြီးကို ကျုပ်တို့ကတွေ့ချင်ပေတဲ့ ပြောစရာ စကား လက်ဆောင် မပါတော့ ကျုပ်တို့က မတွေးဂွံ့သေးတာကလည်း တစ်မျိုးခက်နေတာပဲ မဟုတ်လားကိုရင်ရဲ့"

ငယ်။ ။"ဟာ...စိတ်ရှုပ်စရာကြီးပဲဗျာ၊ ကိုင်းအရေအလည်, အပတ်မစေ့တဲ့ ကိစ္စကြီးကို ရင်လေးအောင် တွေးမနေချင် စမ်းပါနဲ့ဗျာ၊ ကျုပ်ကတော့ အဆောင်တော်ဦးက မယ်တော်ကြီးပြန်လာရင် ရွှေကိုယ်တော်ထံ အမိန့်တော် ဂင်ခံပြီး မေမေဖျားတို့အိမ်နစ်ရက် လောက်နားအေးစိတ်အေး သွားနေချေဦးမယ်ကြံတယ် ကိုရင်"

တုတ်။ ။"အင်း... ကိုရင်က ကိုယ်ကောင်းကြံတယ်ဆိုပါတော့၊ ကိုရင်သွားရင် ကျုပ် တစ်ယောက်တည်းလည်း ခစားမနေရစ်ခဲ့ချင်ဘူးဗျ၊ မြောက်ပြင်က ကျုပ်ဖောက်သည် ထန်းသမားကြီးဦးပိန်နဲ့ ထဘီညစ်ထေး၊ ဆီဂေးတဲ့ကေသာနှင့် အမရာကလေး မမဲမှုတ်တို့ ရဲ့ တဲကုပ်ကိုသွားပြီး ပင်ကျရည်ကလေးများနှင့် ပျော်ချေ ဦးမယ်ဗျာ"

ငယ်။ ။"အဲဒါခက်တာပဲ ကိုရင်တုတ်ရဲ့၊ ကျုပ်ကလည်းထွက်၊ ကိုရင်ကလည်း သွားဆိုတော့ ရွှေကိုယ်တော်ဖျားရဲ့ အပါးတော်မှာ လက်သုံးတော်ရင်းချာဆို၍ ဘယ်ရှိတော့မှာတုန်းဗျ၊ တစ်ယောက် သွားစဉ် အခါ တစ်ယောက်ကအပါးတော်မှာ ရှိမှဖြစ်တော့မပေါ့"

တုတ်။ ။"ဟာ...တယ်ဟုတ်တဲ့လူပါကလား၊ ကိုရင်ကသွားပြီး ကျုပ်တော့အပါးတော်မြဲရ မယ်ဆိုပါတော့၊ ကျုပ်လည်းကိုရင့်လို သွားချင်တာပဲဗျ"

ငယ်။ ။"နို့...ကိုရင်မြောက်ပြင်က ထန်းသမားဦးပိန်ထံ သွားချင်တာနှင့် ကျုပ်ကမေဖုရားထံ မသွားရ တော့ဘူးပေါ့၊ ဒီလိုတော့ခင်ဗျားဟာ တရားပါဦးမလား။ တစ်ယောက်သွားတုန်း တစ်ယောက်က အပါးတော် မှာ ကျန်ရစ်မှဖြစ်မယ့်ကိစ္စပဲ။ အဲ...ဒီတော့ ကျုပ်အရင် သွားမယ်ဗျာ၊ ကျုပ်ပြန်လာမှ ကိုရင်တုတ်က တစ်ခါ သွားတာပေါ့ ဟုတ်ကဲ့လား"

တုတ်။ ။"အင်း... ဒါလည်း ကိုရင်က ကိုယ့်ဗိုက်အောက်ကိုယ်ရက်သညက စကားပဲဗျ၊ တကယ် ဆိုကျုပ် အရင် သွားရမှာပေါ့"

www.burmeseclassic.com

ငယ်။ ။"ဟာ...ဒါလည်းမဟုတ်သေးပါဘူး၊ ကျုပ်ကိုသာပြေနေ၊ ခင်ဗျားစကားကကော စူဋ္ဌဂစန်ပါပဲ၊ တရားအတိုင်း စဉ်းစားကြည့်မယ်ဆိုရင် ကျုပ်က ဟိုအရင်ကြီးကတည်းက မေဖုရားတို့အိမ်ကို သွားလည်ပတ် ချင်တဲ့အကြောင်း ပြောပြောနေကြောလှပြီ၊ တကယ် သွားခြင်းသွားရင် ကျွန်တော်သာ အရင် သွားဖို့ သင့်တယ်မဟုတ်လား ကိုရင်တုတ်ရဲ့"

တုတ်။ ။"ဟာ...ဒါတော့ကိုယ်လိုရာ ကိုယ်ဆွဲပြောကြမြဲပေါ့ဗျာ၊ ကျုပ်ကလည်း ကိုရင်ပြောသလို ပြောရမယ် ဆိုရင် ကိုရင်မပြောခင်ကတည်းက ဦးပိန်တို့တဲ့မှာပင်ကျ တည်နှင့် စတည်းချလာခဲ့တဲ့ လူပါကလား ကိုယ့်လူရဲ့"

ငယ်။ ။"ကဲဗျာ...ဒါဖြင့်ခင်ဗျားနှင့် ကျုပ်နှင့်ဘယ်သူက အရင်သွားရမယ်ဆိုတာကို အငြင်း မပွားရဘဲ ကံတရား အတိုင်း မဲချပြီး ကျရာလူက အရင်သွားမယ်ဗျာ"

တုတ်။ ။"အဲ...ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါမှ တရားအတိုင်းကျမယ်၊ ကိုင်း...ဘယ်လိုမဲချမ လဲဆို"

ငယ်။ ။"ဒီလိုလုပ်မယ်လေ၊ အင်္ဂလိပ်လွှာတစ်ခုကို ညီတူညီမျှ နှစ်ပိုင်းဖြတ်ပြီး တစ်ခုမှာ မင်တံနှင့် 'သွား'လို့ ရေးမယ်၊ တစ်ခုမှာ'မ'လို့ရေးမယ်၊ ပြီးတော့မဲလိပ်ပြီး ကျတာကောက် လေ'သွား'ဆိုတဲ့ မဲရတဲ့သူက အရင် သွားရမယ် ဟုတ်ပြီလား"

တုတ်။ ။"ဟုတ်ပြီဗျို့၊သို့သော်ဒီစာကိုဘယ်သူကရေးပြီး၊ မဲလိပ်ကိုဘယ်သူကလိပ်ပေးမလဲ"

ငယ်။ ။"ကျုပ်လုပ်မှာပေါ့ ကိုရင်ရဲ့"

တုတ်။ ။"ဟာ...ဒီလိုဆိုရင် မဖြစ်သေးပါဘူးလေ၊ ကိုရင်က မဲလိပ်မှာအမှတ်အသားတေး ထားရင် ဘယ့်နယ့်လုပ်မလဲ၊ ကဲလေ...တခြားတစ်နည်းကို စဉ်းစားစမ်းပါဦး၊ ဒီနည်းတော့ ကျွန်တော် မကြိုက် သေးဘူး ကိုရင်ရဲ့"

ငယ်။ ။"သည်လိုဖြင့် ကျုပ်ကိုယ်တိုင် မလုပ်ဘူးလေ၊ အဆောင်ကိုင်သားတစ်ယောက်ကို ခေါ်ပြီးခိုင်းမယ်"

တုတ်။ ။"ဒီကောင်တွေသိစေလို့ မတော်ပါဘူးဗျာ၊ မင်းညီမင်းသားရဲ့ အပါးတော်မြဲ ဓားတော်စွဲရတဲ့ လက်သုံး တော်ကြီးတွေဆိုပြီး ဒီလိုသေးသေးနပ်နပ်တွေလုပ်နေတယ် ဆိုတာ သိရင် ဒင်းတို့ အရိုသေ တန်ကုန်မယ်၊ ကျုပ်နဲ့ကိုရင်နဲ့ နှစ်ယောက်တည်းဆိုတော့ ကိုယ့်လိုသူ့လို အတူတူချင်းလည်ပင်းဖက်ပြီး တစ်ယောက် ခေါင်းတစ်ယောက် တက်နင်း နေစေဦး ကိစ္စမရှိဘူးဗျ၊ ဘယ်သူမျှမကြားရင် နှစ်ယောက်သား ပြောချင်တာ ပြော ဆိုချင်တာဆို ထင်သလိုနေကြတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

လူထဲသူထဲကျမှာသာ မောင်မောင်ဘဘနှင့် တစ်ယောက် ကို တစ်ယောက်ရှိသေလေးစားတဲ့ အမူအရာတွေ ပြနေရတာကလား"

ငယ်။ ။"ကဲဗျာ...ဒါတွေပြောမနေစမ်းပါနှင့်၊ ကံစမ်းမဲချဖို့ ကိစ္စကို စိတ်ကူးစမ်းပါဦး"

တုတ်။ ။"ဒီလိုလုပ်လေ၊ ကျုပ်ကတုတ်အရှည် အတိုနှစ်ချောင်းကို လက်ဖဲ့ပုက် ကိုင်ထားမယ်၊ ခင်ဗျားက ဆွဲယူ၊ တုတ်အရှည်ကို ကိုရင်ဆွဲမိရင် ကိုရင်အရင်သွား၊ တုတ်အတိုကို ဆွဲမိရင် ကိုရင်က နောက်မှသွား၊ ဟုတ်ကဲ့လား"

ငယ်။ ။"ကဲလေ၊ လုပ်ဗျာကြာတယ်၊ ပြီးရမယ့်ကိစ္စ မြန်မြန်ပြီးချင်တယ်"

မောင်မောင်တုတ်သည် အဆောင်ဂနားသို့ ထသွားပြီး ဂါးစကလေးတစ်ခုကို ကောက်ယူ၍ အရှည်တစ်ခု အတိုတစ်ခု ချိုးကာ အပေါ်ပိုင်းကို ညီညာစွာဖော်ထားလျက် အတွင်းကို လက်ထဲတွင် ဆုပ်၍ပုက်ထားကာ မောင်မောင်ငယ် ရှိရာသို့ ပြန်ရောက်လာလေ၏ ။

တုတ်။ ။"ကိုင်း...ကိုရင်ကြိုက်ရာကို ဆွဲယူလိုက်ပေတော့၊ ကံအတိုင်းပဲနော်"

မောင်မောင်ငယ်လည်း မောင်မောင်တုတ်လက်မှ တုတ်တိုကလေး နှစ်ချောင်းကို ကောင်းနိုးရာရာစဉ်းစားလျက် ရုတ်တရက်မဆွဲဘဲ စမ်တဂါးဂါးလုပ်နေရင် အကြံတစ်ခုရလာ လေ၏ ။ ထိုအကြံမှာ မောင်မောင်တုတ်သည် ၎င်း၏လက်တွင်းရှိ တုတ်အရှည်အတိုက သူ့ကိုယ်တိုင်သိပြီးဖြစ်သဖြင့် မိမိအား တုတ်ရှည်ကို ဆွဲမိမည်၊ စိုးရိမ်မကင်းဖြစ်ရမည်၊ သို့အတွက် မောင်မောင်တုတ်၏အမူအရာကို အကဲခတ်၍ တုတ်နှစ်ချောင်းအနက် မည်သည့်တုတ်က အရှည်အတိုဖြစ်သည်ကို သိသာမည်ဟူသော အကြံ ကြောင့်။

ငယ်။ ။"ကိုင်း...ကံအတိုင်းအရမ်းဆွဲရမှာဆိုတော့ နည်းနည်းအလန့်သား ကိုရင်ရဲ့၊ ပြစမ်းဘယ်ဘက်က ဟာကိုဆွဲရကောင်းမလဲ၊ အပေါ်ယံကနဲ့ကြည့်လေဦးမှပဲ"

ပြောကာ မောင်မောင်တုတ်၏လက်ကို မိမိ၏ တစ်ဖက်သောလက်ဖြင့် ကိုင်ထားပြီးလျှင် အခြားသော လက်တစ်ဖက် က တစ်ပိုင်းတစ်စ တုတ်ငယ်နှစ်ချောင်းကို ကိုင်စမ်းလေ၏ ။ တစ်ခုကို စမ်းလိုက်သောအခါ တင်းကျပ် စွာ ဆုပ်ကိုင်ထားသော မောင်မောင်တုတ်၏ လက်များမှာ ပို၍တင်းလာသလိုလို ထင်ရ၍ "နေဦး... နေဦး၊ ဒီဘက်ကဟာကို စမ်းဦးမယ်"ဟုဆိုကာ အခြားတုတ်တစ်ခုကို ကိုင်မိပြန်သည်တွင် မောင်မောင်တုတ် လက်သည် အနည်းငယ်အလိုက်သင့် လျှော့ပေးလိုက်သည်ကို သတိပြုမိလေရာ မောင်မောင်ငယ် သည်နောက်တစ်ကြိမ်ရှေးဦးစွာ စုံစမ်းထားသော တုတ်ကိုဆွဲယူလိုက်ပြီးလျှင်။

"ကိုင်း... ကိုရင်တုတ်၊ ကျုပ်ဟာရှည်သလား၊ ကိုရင့်လက်ကျန်က ရှည်သလား၊ တိုင်းကြည့်စို့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ပြောကာ တုတ်နစ်ချောင်းကို တိုင်းကြည့်ကြရာ မောင်မောင်တုတ်လက်ကတုတ်မှာ တို၍ မောင်မောင်ငယ် လက်က တုတ်မှာရှည်၍နေလေ၏ ။ မောင်မောင်တုတ်မှာ ကိုယ့်စကားနှင့် ကိုယ်မိနေပြီဖြစ်၍ မပြင်သာ တော့ဘဲ လက်ထဲက တုတ်တိုကလေးကို ကိုင်လျက် မျက်စိ မျက်နှာပျက်၍ နေပြီးလျှင် မောင်မောင်ငယ် တွင်မူကား မိမိရှေ့ဦးစွာ သွားရတော့မည်ဟု လက်တွင်းက ကိုင်ထားသော တုတ်ကလေး ကို ကျေးဇူးတင် စွာ အမြတ်တနိုးကြည့်လျက် ဟက်ဟက်ပက်ပက်ရယ်မောကာ။

"ကိုရင်တုတ်၊ ဒါကျုပ်ကံအတိုင်း ဖြစ်တာနော်ဟုတ်လား၊ ကျုပ်အရင်သွားရတော့မှာပဲ ကိုယ့်လူရ၊ အမယ်လေး ခင်ဗျား မျက်နှာကြီးကလဲ ဖြစ်နေလိုက်ပုံနှယ်ဗျာ၊ ဘာလဲကိုယ့်လူက ဂမ်းနည်းသလား ဟားဟား ဟား"

နှင့် ခပ်အုပ်အုပ်ကြိတ်၍ ရယ်လိုက်ရာမောင်မောင်တုတ်လည်း မှုန်ကုတ်ကုတ်ကြီးလုပ်၍ မနေသာတော့ဘဲ မချိ သွားဖြဲကြီးနှင့် ရယ်ပစ်လိုက်ရကာ။

"ဟာဗျာ...ကိုရင်ကလဲမလျောင်ပါနဲ့ဗျာ၊ ဒီလိုဖြစ်ရင်ကျုပ်က ပြန်ပြီးကံစမ်းလိုက်မှ ခင်ဗျားလှုနေမယ်"

အရှက်ပြေ ပြောလိုက်မှ မောင်မောင်ငယ်လည်း စိုးရိမ်သောအမူအရာနှင့်။

"ကဲပါဗျာ၊ မလျောင်ပါဘူး၊ ပြန်လဲကံမစမ်းပါရစေနဲ့"

မျက်နှာပိုးသတ်ခါ ချော့မော့လိုက်မှ နှစ်ဦးသားကျေနပ်စွာ လေပေးဖြောင့်လာကြလေ၏။

ယင်းသို့ အတွင်းဂဲဆောင်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ တိုးတိုးတိတ် တိတ်ပြောဆိုတိုင်ပင်နေကြစဉ် အပြင်ဆောင်တော်ဦးမှာ သီပေါမင်းသားနှင့် မယ်တော် လောင်းရှည်မိဖုရားတို့လည်း နေ့တစ်ချက် မတီးမီကပင် အကျိုးအပြစ် တိုင်ပင်ပြောဟော တော်မူနေခဲ့ကြသည့် အားလျော်စွာ မယ်တော် မိဖုရားမှာ ကိုယ်ရေးကိုယ်ရာနှင့်တကွ အစစသော ရွှေနန်းတော်အတွင်းရေးများနှင့် စိတ်မအေး ဖွယ်ရာများ တွေးတောစဉ်းစား တော်မူမိသည့် အားလျော်စွာ သက်ပြင်းကို မကြာမကြာ ချတော်မူပြီး အလွန် တရာ ငြီးငွေ့ တော်မူသော လေသံနှင့်။

"ကိုင်းလေ...အကျိုးအကြောင်းတွေသာ စုံစေ့အောင် မိန့်တော်မူမည်ဆိုပါလျှင် ရာဇဂင် တစ်စောင်တစ်ဖွဲ့ ဖြစ်လောက်ပါရဲ့မောင်ရယ်၊ မယ်မယ်ဖြင့် တရားသဘောသက်ဂင်ပြီး သည်ဇာတ်ရှုပ်ကြီးမှာ ပါဂင်လို့ပါင် မနေချင်ပါဘူး။ သူတော်, သူမြတ်ဘဂကူးပြီး ပုတီးနှင့်သာပျော်ပါးချင်ပါတော့သည် မောင်ရင်သာမယ်မယ် ဆုံးမသည့်စကားကို နားဆင်တော်မူ ပြီး လိမ္မာရေးခြားစွာ စံနေတော်မူပါတော့၊ မယ်ဖျားတော့ဖြင့် သည်တစ်ကြိမ် ရွှေနန်းရှင် ဘုရားကို ခွင့်ပေးသနားတော်မူအောင် သံတော်ဦးတင်ပြီး ဂတ်ကြောင်ကို စွန့်ခြွေကာ ဖန်လျော်တေဆင်မြန်း၍ မင်္ဂလာလမ်းကို ဂင်တော်မူမည်ဟု ကြံစည်လို့ထားမိသည် မောင်ရင်၊ သည်လူ့ဘုံကြီးဟာ အင်မတန်မှ

www.burmeseclassic.com

www.burmeseclassic.com

စက်ဆုတ်စရာလဲကောင်းရဲ့ 'ဘယ်သူမပြု၊ မိမိ'ဆိုတာလို ကိုယ့်အကြောင်း ကိုသိလျှင် အလိမ္မာရှိသလိုသုံးပြီး ဘဂကိုရှုန်းကြရတော့မှာ ပဲလေ။ ကဲ... ကဲ နေလဲအတော်စောင်းလုပြီ မယ်မယ ပြန်တော့မည် မောင်မောင်ရဲ့"

ညည်းညည်းတွားတွားနှင့် စကားကိုအဆုံးသတ်တော်မူလိုက်ရာ သားတော်သီပေါမင်းသား မှာလည်း မယ်တော် အနီးတွင် ထိုင်တော်မူနေရာမှ ရှေးဟောင်း နှောင်းပြများ စဉ်းစား တော်မူမိသည့်အတွက် မျက်နှာတော်ပင် ကောင်းစွာရွှင်လန်းတော်မမူနိုင်ဘဲ မယ်တော် ကြီးမိန့်ကြားသည်တို့ကို "တင်ပါ့ဘုရား"ဟု ခပ်လေးလေး ပြန်ကာ ဦးချဂတ်ပြုတော့ပြီ၊ ရွှေလှည်းတော်အနီးသို့တိုင်အောင် မယ်တော် လောင်းရှည် မိဖုရားအား တွဲမ, ပို့တော်မူ လိုက်ပြီး စာဥရောင်နွားမှ ချြသံကလေးများ ပျောက်သွား၍ ရွှေထီးတော် ဖျားက အထွတ် နီကလေး ကွယ်သွားသည်တိုင်အောင် ငေးစိုက်ရှုစားတော်မူလေ၏ ။

သီပေါမင်းသားလည်း အိမ်တော်ဦး၊ စိမ်းလဲ့သောမြက်ခင်းပေါ်တွင် မယ်တော်၏ ရွှေလှည်း ကလေးကို မျက်စိတစ်ဆုံးရှုမျှော်၍ အတွေးတော်ကောင်းလိုက်သည်မှာ မည်မျှကြာသည် မသိ၊ အပါးတော်တွင် လက်သုံးတော် ကြီးနှစ်ယောက် ဒူးထောက်ခစားမိမှ သတိတော် ရလေ၏ ။

"မောင်မောင်တုတ်နှင့် မောင်ဖေငယ်တို့အား"

"မှန်လှပါကြောင်း ဘုရား၊ ရွှေကိုယ်တော်ဖျားတစ်ပါးတည်း သည်နေရာတွင် ကြာမြင့်စွာ ရပ်တော်မူသည်မှာ ညောင်းညာ တော်မူလှရော့မည် ထင်ပါသည်"

"အေး...ငါလဲ မယ်ဖျားထွက်တော်မူတာကို ရှုစားတော်မူနေသော အတန်ကြာသွားပြီ ထင်ပါရဲ့"

မိန့်တော်မူကာ အိမ်တော်ပေါ်သို့ တက်လာသဖြင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့လည်း နောက်တော်ပါးမှ ပါလာပြီး သီပေါမင်းသား ထိုင်တော်မူသော သလွန်တော်အနီး တွင် ခစားမိကြလေ၏ ။

သီပေါမင်းသားမှာ အပါးတော်မြဲ လူယုံလက်စွဲတော်သားဖြစ်ကြသည့် မောင်မောင်တုတ် နှင့် မောင်မောင်ငယ်တို့ကို မြင်ရလေတိုင်း ကိုယ်တော်၏ နမသည်းပွတ်ကြားတွင် ချစ်ကြိုးနှောင်ဖွဲ့ထားသော နမတော် စုဖုရားလတ်ကို သတိတော်ရ၍ စိတ်တော်တွင် တမ်းတတော်မူမိကာ အသစ်သစ်ဖြစ်သော အချစ်လွှာ မှာတမ်းတော်များ ရှုစားတော် မမူရသည်မှာ ရက်ပေါင်းအတန်ကြာခဲ့သဖြင့် နမတော်စုဖုရား၏ သတင်း စကားကို ကြားတော်မူလိုလှသည့် ဆန္ဒမှာပြင်းစွာ လှုံ့ဆော်နှိုးကြွလျက် နေတော်မူခဲ့သည် အားလျော်စွာ အခါသင့်၍ အခွင့်လျော်လျှင် မေးတော်မူမည်ဟု ကြံစည်တော်မူမိသော်လည်း မိမိ၏နှုတ်ခွန်း စကားကိုသွား၍ သတိရလျက် ရှုတ်တရက် အမေးခက်တော်မူနေလေ၏ ။

www.burmeseclassic.com

www.burmeseclassic.com

မေးတော်မူသည်နှင့် တစ်ပြိုင်တည်း လက်သုံးတော်ကြီးနှစ်ယောက်မှာ ကောက်ခါငင်ခါများ စွာသော စကားလုံး တို့ဖြင့် မိုးမဆုံးလေမဆုံးဖြစ်နေကြပြီးလျှင် နောက်ဆုံးတွင် စုဖုရား အဆောင်တော်သို့ ထွက်တော် မူဖို့ အကြောင်းကို အရေးတကြီးလျှောက်တင်ကြခြင်းဖြင့် အဆုံးသတ်တော့မည်ဟု သီရိ ရိပ်မိတော် မူသည်ကြောင့် မေးတော်မူချင်လျက်နှင့် ကျွန်တော်မျိုးနှစ်ယောက်၏ အညွှန့် အတက် ပေါက်မည့် အရေးကြောင့် စတင်၍မမေးသေး ဘဲနှောင့်နှေးလေးဖင့်စွာ အချိန်ဆွဲပြီး စိတ်တော်ထဲကသာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့က အလိုက်သိစွာ လျှောက်တင်ကြပါစေဟု မျှော်လင့် နေတော် မူခဲ့မိ လေ၏ ။

သို့ရာတွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာလည်း အရှင်သခင်၏ စိတ်တော် ကို တစ်ပွဲတစ်လမ်း အကဲစမ်းသည့်အနေနှင့် တမင်ပေ၍နေကြသူများဖြစ်သဖြင့် သီပေါမင်းသား၏ မျှော်လင့်တော် မူခြင်းမှာ အချိန်ကြာသလောက် ခရီးမရောက်သဖြင့် အလိုက်မသိသားဆိုးဂါးသော ကျွန်တော်မျိုး များဟုသာ စိတ်တော်တွင်းမှ နလုံးနာတော်မူ လေ၏ ။

ယင်းသို့လျှင် တစ်နေ့သော် လျှောက်နိုးနိုး၊ တစ်ရက်သော် တင်နိုးနိုးနှင့် မျှော်ကိုးတော်မူခဲ့ ရင်းအချိန် ကြာညောင်း၍ ရက်ပေါင်းအတန် လွန်ကာလာခဲ့ပြန်ရာ စုဖုရားကိုလည်း ချစ်ခင် စွဲလမ်းတော် အမူသား မို့သီပေါမင်းသားမှာ စုဖုရား၏ သတင်းစကားနှင့် အလွှာတော်ကလေး

များကို ကြားသိတွေ့မြင်တော်မမူရလျှင် ဘဂင်မအေး ရွှေရင်တော် လေးလျက်ရှိကာ ကြာသော စတင်မေးရန်ပင် အတန်တန်နှုတ်ဟန်ပြင်မိရာမှ သတိတော်ရ၍ မကြာခဏ £န္တြေ ဆည်တော်မူ ခဲ့ရသော်လည်း နောက်ဆုံးတွင်ကြာရှည် သည်းခံတော်မမူနိုင်တော့ သည်နှင့် လုံးလုံးလျားလျား ဖွင့်၍ မေးတော် မမူသေးလင့်ကစား ယခုကဲ့သို့ လက်သုံး တော်များ ထံတော်ပါးတွင် ခစားနေခိုက်အခါ အခွင့် ဆိုက်သည့် အားလျော်စွာ စုဖုရား အကြောင်းကို မရောက်မချင်း ရေလာမြောင်းပေးဖြင့် သွယ်ဝိုက်သော စကားများ နှင့် မိန့်ကြားရန် ရည်သန်တော်မူလျက်ရှိ၏ ။

မင်းသား။ ။"မောင်မင်းတို့စောစောက မယ်ဖျားအပါးတော်သို့ ဘာကြောင့်မပေါ်လာကြ သလဲ"

တုတ်။ ။"အရှင့်မယ်တော်ဖျားက ကျွန်တော်မျိုးများကို မျက်စိစပါးမွေး စူးတော်မူနေသလား လို့ အပါးတော်သို့ လာရောက်မခစားပွံ့သဖြင့် ဂဲဆောင်တော်ထဲမှာ ကုပ်ပြီးနေကြရ ကြောင်းပါဘုရား"

မင်းသား။ ။"မောင်မင်းတို့ ပိပိစီးစီး ခစားနေလျှင် မယ်ဖျားက အပြစ်တင်တော်မူမှာ မဟုတ်ပါဘူး။ ငါ၏ မယ်တော်ဖျားကို မောင်မင်းတို့က ဆင်ဖြူမရှင်မိကြီးတော်ဖုရားအား အခြားသောမိဖုရားတွေ ကြောက် သကဲ့သို့ ကြောက်ရွံ့နေကြသလား၊ မယ်တော်ဖျားစိတ် တော်ဟာ အလွန်တရာမှ နူးညံ့တော် မူတယ် ဆိုတာ များ မောင်မင်းတို့မစဉ်းစားမိဘူးထင် တယ်"

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ ။"မှန်လှပါ၊ စဉ်းစားမိသော်လည်း နည်းနည်းတော့ လန့်မိသေးပါသဖြင့် သင့်လျော် ရာက နေရကြောင်း ပါဘုရား"

မင်းသား။ ။"ဒါနှင့် မိကြီးတော် ဆင်ဖြူမရှင်ဘုရားလည်း အနောက်ဆောင်ထဲမှာ ဘုန်းတန်ခိုးပေဖြာ၍ ဩဇာ အာဏာတော် အတော်ကြီးနေသတဲ့လား။ မောင်မင်းတို့ ဘယ်လိုများ ကြားကြသတုံးကွယ်ရို့"

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ သီပေါမင်းသားက "အသားလို၍ အရိုးတောင်း" ဆိုသော စကားကဲ့သို့ စုဖုရားလတ်အကြောင်း ရောက်လာစေရန် ဆင်ဖြူမရှင် မိဖုရားအကြောင်းနှင့် ရေလာ မြောင်းပေး မိန့်တော်မူလိုက်သည်ကို ရိပ်မိကြသဖြင့် တစ်ဦးနှင့်တစ်ဦး မျက်စိချင်းစကားကူးပြီး ဘူးလုံး နားမထွင်း သဏ္ဍာန် ထူပိန်းချင်ဟန်ဆောင်လျက် မောင်မောင်တုတ်က လက်အုပ်ချီကာ။

တုတ်။ ။"ကျွန်တော်မျိုးများမှာ ကိုယ်နှင့်မဆိုင်သော ကိစ္စဖြစ်ပါ၍ အနောက်ဘက် မင်းမိန်းမပိုင်းက သတင်း များကို အလျဉ်းနားမထောင်မိသဖြင့် မသိရကြောင်းပါဘုရား"

မင်းသား။ ။"မောင်တုတ်က မသိလျှင်၊ မောင်ဖေငယ်ကကော သတင်းမကြားမိဘူးလားဟဲ့"

ငယ်။ ။"ကျွန်တော်မျိုးမှာလည်း ကဗျာတေးထပ်နှင့် စာရေးစာစပ်လောက်ကိုသာ အာရုံစိုက် နေပါသဖြင့် အနောက်ဆောင် သတင်းကို အရှင်းပင်နားမဝင်မိခဲ့ပါဘုရား"

သီပေါမင်းသား ကား ထင်ချေနှင့် မကိုက်သဖြင့် စိတ်တော်အိုက်သွားတော်မူလေ၏ ။

ထို့နောက် တစ်ခဏမျှ ငြိမ်သက်စွာ စဉ်းစားတော်မူပြီး။

မင်းသား။ ။"အင်း...မောင်မင်းတို့လည်း ယခုတစ်လော အိမ်တော်ထဲမှာ ကုပ်၍ခစားနေကြ ရတာ အတော် ကြာပြီထင်တယ်။ လူငယ်တို့ဘာဂ ဘယ်မှမသွားမလာ၊ မလည်မပတ်ရတော့ ပျင်းနေကြသလားဟဲ့"

တုတ်။ ။"အရှင်သခင်အပါးတော်မှာ ပျော်ပျော်ကြီးခစားနေရတဲ့အတွက် ပျင်းရိငြီးငွေ့တယ် ဆိုတဲ့ စကားများ နားမှမလည်သလောက် ဖြစ်နေကြောင်းပါဘုရား"

မင်းသား။ ။"မောင်ဖေငယ်ကတော့ မပျင်းဘူးလားဟဲ့"

ငယ်။ ။"ကျွန်တော်မျိုးမှာလည်း စာရေးစာဖတ်အလုပ်နှင့် ယခုကဲ့သို့ အရှင့်စံအိမ်တော်မှာ အေးငြိမ်းပျော်ရွှင်စွာ အမှုတော်ထမ်းရသည့်အတွက် အပျင်းဖက်ဖို့ တစ်ကွက်ကလေးမျှ အချိန်မရ ခဲ့ကြောင်းပါဘုရား"

www.burmeseclassic.com

ဤတွင်လည်း သီပေါမင်းသားမှာ မိမိရည်ရွယ်တော်မူလိုရာသို့ ခရီးမရောက်သဖြင့် စိတ်ပျက်တော်မူမိပြန် လေ၏ ။ သင်းတို့ယခုလောက် နားပေးလှတဲ့ သတ္တဝါတွေ သည်တစ်ခါတည့်တည့်ပြောသလောက် သဘော ပေါက်လာအောင် မိန့်တော်မူလိုက်ဦး မည်ဟု ကြံစည်စိတ်ကူးတော်မူကာ။

"ဒါနှင့် စကားမစပ် မောင်မင်းများ၊ ငါကိုယ်တော်ဆင်တော်မူသည့် ဖောင်းတော်ပဂါများမှာ အမွှေးနံ့သာ များ မသပ်ရတာအတော်ကြာပြီ၊ ဘယ်ဖောင်းတော်ပဂါမှ မွှေးကြိုင်သင်းပျံ့ သည့်ရနံ့ များမရှိဘူး မောင်မင်း။ မြတ်လေးပန်းများ မရသည်မှာလည်း အတော်ကြာပြီ။ သို့အတွက် မြတ်လေးပန်း များ ရနိုင်သည့် နေရာတွင် ရှာဖွေပြီး ဖောင်းတော်ပဂါတွေကို အမွှေးသပ်ကြစမ်း မောင်မင်း များ"

တုတ်။ ။"မှန်လှပါ၊ ယခုအခါသည် မြတ်လေးပွင့်များ ရှာ၍ရနိုင်တော့မည် မဟုတ်ကြောင်းပါ ဘုရား"

မင်းသား။ ။"မဟုတ်တန်ရာပါဘူး မောင်မင်း၊ ဟိုတစ်လောကပင် ငါ့အိမ်တော်တွင် မြတ်လေးပန်းတွေဟာ အကုံးလိုက် အကုံးလိုက် တွေ့မြင်တော်မူပါသေးတယ်"

တုတ်။ ။"စိတ်ထင်တော်မူလို့ပါဘုရား။ အဲသည်မြတ်လေးကုံများဟာ မိုးဦးကျရာသီ လောက်က ပွင့်ကြခြင်းဖြစ်ကြောင်းပါဘုရား။ ယခုမြတ်လေးပန်းတုံးသွားပြီ ဖြစ်ကြောင်းပါ"

ငယ်။ ။"မြတ်လေးပန်းအခါရာသီ ကုန်ဆုံး၍ တုံးသွားသော်လည်း နတ်တော်လရာသီတွင် နတ်ပန်းသဇင်များ ဖူးပွင့်ကြပြီ ဖြစ်ပါသောကြောင့် မြတ်လေးပန်းအစား သဇင်ပန်းများနှင့် ဖောင်းတော်ပဂါများကို အမွှေး နံ့သာသပ်၍ ထားလျှင်လည်း သင့်လျော်လှကြောင်းပါဘုရား"

မင်းသား။ ။"ကိုယ်တော်က မြတ်လေးပန်းမှတစ်ပါး ဘယ်ပန်းကိုမှ စွဲလမ်းနှစ်သက်တော် မမူဘူး မောင်မင်း၊ သို့အတွက် မြတ်လေးပန်းများကိုသာ မရလျှင်ရအောင် ကြံဆောင် ရှာဖွေရမည်။ တောင်ဥယျာဉ် တော်ထဲမှာ ဆယ့်နှစ်ရာသီအမြဲပွင့်တတ်တဲ့ မြတ်လေးပင်တွေ ရှိသည်လို့ အထက်အခါဆီက ကိုယ်တော် ကြားဖူးသည်။ မောင်မင်းတို့ ကြိုးကြိုးစားစားနှင့် တောင်ဥယျာဉ်တော်တို့ သွား၍ ရှာဖွေကြလျှင် အဲ...သည်ဆယ့်နှစ်ရာသီ မြတ်လေးပင်ကို တွေ့က မြတ်လေးပန်းအနည်းနှင့်အများဆိုသလို ရမည် ထင်တယ် မောင်မင်း"

တုတ်။ ။"မှန်ပါ၊ အဲ...သည်ဆယ့်နှစ်ရာသီ မြတ်လေးပင်ကလေးတွေဟာ မင်းမိန်းမပိုင်းမှာ စိုက်ထားဖို့သင့်လျော်တယ်ဆိုပြီး အမိန့်တော်နှင့်တူးဖော်လျက် အနောက်ဆောင်တစ်ပိုက် မှာ ပြောင်းရွှေ့စိုက်ပျိုးထားလိုက်သည့်အတွက် တောင်ဥယျာဉ်တော်မှာ မြတ်လေးပင်နှင့် တူယောင်ရိုးမှား အခြားအပင်များပင် မရှိတော့ကြောင်းပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"ကိုတုတ် လျှောက်တင်ချက်အတိုင်းဆိုလျှင် ကျွန်တော်မျိုးများမှာ အနောက်ပိုင်း မင်းမိန်းမ ဆောင်တော် များသို့ သွားလာရမည့်သူများ မဟုတ်သဖြင့် ရှူးယူဆက်သရန် အင်မတန်မှ ခဲယဉ်း နေကြောင်း ပါဘုရား။ သို့အတွက် အနောက်ပိုင်း မင်းမိန်းမများထံ ခစားသူများကို တစ်ဆင့် အကြောင်း ကြားပါမှ အလိုတော်ရှိသော မြတ်လေးပန်းများ ရနိုင်ပါမည်။ သည်အတွက်ကို ကျွန်တော်မျိုး၏ မိခင် သဖွယ်ဖြစ်သူ ဒိုင်းဂန်ကတော်မေဖုရား သို့သွား၍ နားပူလျှင် မေဖုရားကိုယ်တိုင် အနောက်ဆောင် တော်များ သို့သွား၍ အလိုတော် ရှိသော မြတ်လေးပန်းများကို ရှူးဆွတ်ပေး မည်ဖြစ်ကြောင်းပါဘုရား။ သို့အတွက် အရှင့်အလိုတော်ပြည့်စေရန် ယခုပင် ကျွန်တော်မျိုးအား မေဖုရားအိမ်သို့ နှစ်ရက်, သုံးရက်ခန့် သွား၍ နေခွင့်ပေးသနားတော်မူပါဘုရား။ အလိုရှိသော မြတ်လေးပန်းများကို ကျွန်တော်မျိုး ပြန်လာသော အခါ တစ်ပါတည်း ယူဆောင်လာမည့် ဖြစ်ကြောင်းပါဘုရား"

သီပေါမင်းသားသွားတော်မူလိုသည့် စခန်းသို့ မရောက်အောင် တမင်ကွေ့ရှောင်လျှောက် တင်လျက်ရှိရုံမက မောင်မောင်ငယ်မှာ "တစ်ချက်ခုတ်နှစ်ချက်ပြတ်" ဆိုသော စကားကဲ့သို့ လည်းကောင်း "ငါးကြင်းဆီ နှင့် ငါးကြင်းကြော်"သကဲ့သို့လည်းကောင်း သီပေါမင်းသားမိန့် တော်မူသော စကားနှင့်ပင် တုပ်ချည်ကာ မိမိသွားလိုသော ဒိုင်းဂန်ကတော်ထံသို့လည်း သွားခွင့်ရစေရန် တခ်ဏပွတ္တိဉာဏ်ဖြင့် ကြံဖန်လျှောက်တင်လိုက်သောအခါ သီပေါ မင်းသားသည် မိမိအမိန့်စကားနှင့် ရှေ့သွားနောက်လိုက် ညီစေရန် မောင်မောင်ငယ် သွားလိုရာသို့ ခွင့်ပြုတော်မူလိုက်ရရှာပြီး စိတ်တော်ထဲတွင်ကား လက်သုံးတော် သားနှစ်ယောက်ကို ကိုင်၍ပေါက်ချင်သကဲ့သို့ ဖြစ်တော်မူလေ၏ ။

မူလရည်ရွယ်တော်မူရင်းမှာ စုဖုရားလတ်နှင့် အထိန်းတော်ကြီး ခင်ဘွားသစ်တို့အား တိုက်ရိုက်စတင် မေးမြန်း တော်မူရန် စိတ်ထားတော် မလုံသဖြင့် အမှတ်မဲ့စကားစပေါ်သွား လျှင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့ ကစ၍ လျှောက်တင်လေမည်လားဟု စကားစမရောက်လျှင်ရောက်အောင် အမျိုးမျိုး သွေးဆောင် လှည့်ပတ်ကာ စုဖုရားလတ်နှင့် အထိန်းတော်ကြီးတို့၏ အမည်မပါလျှင်ပါအောင် ကြံဆောင်တော် မူခဲ့သောလည်း ပါးနပ်လှ သောလက်သုံးတော်သားတွေ ထူအ သိမ်ဖျင်း လေးစွတကား ဟုသာ အားမရနိုင် ရှိတော်မူ လေ၏ ။

တုတ်။ ။"ဘယ့်နယ်တုံး ကိုရင်၊ ကျုပ်တို့ရွှေကိုယ်တော်ဖျားမှာ ဟန်လုပ်၍သာ စံတော်မူနေရရှာသည်၊ စိတ်တော် ကတော့ အရှင်ထိပ်ဖုရားထံတော်သို့ မနားမနေရောက် တော်မူနေတယ်ဆိုတာ ဒီကနေ့ အထင်ရှား ဆုံးပဲ မဟုတ်လား ကိုရင်ရ"

ငယ်။ ။"ဟုတ်လိုက် မှန်လိုက်သမှ ကိုရင်တုတ်ရယ်၊ သွေးထွက်အောင် မှန်လှသည်။ သို့ပေမင့် ရွှေကိုယ်တော်ဖျားက အလာကြီးပဲ ကိုရင်တုတ်ရဲ့၊ ကျုပ်တို့ကို ထိပ်စုမြတ်ဖျား အကြောင်း စတင်ပြီးမေးတော်မမူဘူး၊ ကျုပ်တို့ကစပြီး လျှောက်တင်အောင် တမင်ဆိုင်းငံ့ တော်မူနေတာအမှန်ပဲ၊ ကျုပ်တို့ကလည်း ဒါတွေသိလို့မို့၊ ဖမ်းလို့မမိအောင် တမင်ရှောင် လာခဲ့တာပဲ မဟုတ်လားဗျ"

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ ။"အမယ်မင်း...ပြီးတော့ သူ့စုဖုရားဆီကို စကားစမရောက်ရောက်အောင်ဟာ ဆင်ဖြူမရှင် မယ်ဖျားကြီး အကြောင်း ထည့်ပြောလိုပြော၊ မြတ်လေးပန်းနှင့် ယိုးမယ်ဖွဲ့လိုဖွဲ့၊

တည့်တည့်ကြီးမောင်မင်းတို့ တောင်ဉယျာဉ်သွားကြလို့ မဆိုချင်တာနဲ့ တမင်အပေါက် အစထွင်ပြီး မြတ်လေးပင် အရှာခိုင်းတော်မူကာ ချင့်ကြည့်လေ။ ဟဲ...ဟဲ၊ ဒီကောင်တွေက ဘာရမလဲဗျ။ လိုရင်းကိုမရောက်အောင် ကွေ့ရှောင်လာခဲ့တာ ဒီတစ်ခါဘယ့်နှယ့်ရှိစ၊ အရှင်နှင့် ကျွန်ဒီလွှန်ပွဲကို ဘယ်သူ့ဘက်က နိုင်အောင် ဆွဲနိုင်မလဲဆိုတာ အကဲခတ်စမ်း ကိုရင်"

ငယ်။ ။"ကျုပ်တို့က အရှုံးမပေးဘူး၊ ပြုံးပြုံးကလေးနဲ့ အနိုင်ယူလိုက်မယ်ဗျာ။ ရွှေကိုယ်တော်ဗျာတော့ ဒီတစ်ခါမထိလို့ အတော်မခံချိမခံသာ ဖြစ်သွားတော်မူမှာပဲ၊ အဲ...သည်လို ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲနှင့်များ စပ်ကြားက တဖားဖားအရေးသယ်နေရတဲ့ ဒီအကောင်တွေကို တောင်ဆိုမြောက်ဆိုနဲ့ အပြစ်ဆိုတော် မူလိုက်ရသေးတယ်၊ ပြီးတော့ ကြာကြာဟန်လည်း လုပ်တော်မမူနိုင်ဘဲနဲ့"

တုတ်။ ။"ဒီလိုပေ့လယ်ကြောင်ပတ်၊ အပါးနှပ်တော်မူလို့ ဘာရမည်လဲဗျာနောက်တစ်ခါ မောင်မင်းတို့အထိန်းတော်ကြီး ခင်ဘွားသစ်နဲ့ တွေ့ရအောင် တောင်ဉယျာဉ်တော်ကို သွားကြစမ်းပါဦးလို့ ပွင့်ပွင့်လင်းလင်းနှင့်ဖွင့်၍ ခိုင်းတော်မမူသမျှ ဘူးလုံးနားမထွင်း မသိကျိုးကျွန်ပြုနေလိုက်ဦးမယ်ဗျာ"

ငယ်။ ။"စိန်လိုက်ဗျ၊ သို့သော် ကျွန်တော်အပြင်သွားနေတုန်းအခါမှာ ကိုရင် တစ်ယောက် တည်း ခစားတုန်း အမေးတော်များပေါ်ရင် ဘယ်လိုလျှောက်တင်မယ် စိတ်ကူးသလဲ"

တုတ်။ ။"ဟာ...ဒီလိုတိုက်ရိုက်အတိအလင်းဖော်ပြီး စတင်မိန့်တော်မူလာတော့လည်း အရှင်းသားပဲ ကိုယ့်လူရာ၊ အထိန်းတော်ကြီးခင်ဘွားသစ်ကိုလည်း၊ ဟို...နေ့ကစ၍ အရိပ်အခြည်မှ မတွေ့ မမြင်ရတော့ ပါဘူးဆိုတာ မှန်ကန်တဲ့အတိုင်း လျှောက်တင်လိုက်ရုံ ရှိတာပေါ့"

ငယ်။ ။"သည်တော့ ဘယ့်နှယ်ဖြစ်မယ်ထင်သတုံး ကိုရင်"

တုတ်။ ။"နောက်ထပ်အလွှာတော် တစ်စောင်ရေးပြီး တွေ့ဆုံတော်မူလိုခွင့်ပေးဖို့တောင်း တော်မူပဗျာ"

ငယ်။ ။"ဒုတိယမို့အကြိမ်ထပ်၍ ပေးဖို့ဆိုပါတော့၊ ဒီလိုဖြင့် ကျွန်တော်၏ရွှေကညစ် ကလေးလည်း အလုပ်ရပြန်တာပ၊ သို့သော် ရွှေကိုယ်တော်က အရင်အလွှာတော် တစ်စောင်ပေးမိတာတောင် လက်လွှန် သွားတော်မူယောင်ယောင် မိန့်တော်မူထားတော့ ဒုတိယအကြိမ် ပေးတော်မူပါတော့မလား။ ဒါကိုလည်း စဉ်းစားစမ်းပါဦး ကိုရင်ရ"

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ ။"ဟာဗျာ...တကယ်တမ်းချစ်တော်မူပြီး ရွှေမေတ္တာအခြေခံကြီးက နှီးဆွနေတော်မူ နေတဲ့အခါ ကျလာပြီးမှဖြင့် ဘယ်ပုဂ္ဂိုလ်မျိုး တားဧျမှရနိုင်ကြတော့မည် မဟုတ်ပါ။ ချစ်မေတ္တာက စေစား၍လာပါလျှင် ခြောက်ရွှာသခင် နတ်ဘုရင်ဧန္ဒာသော်မှ ဂတဝ်သာက ကြွလှမ်းပြီးအသူရာ၏ သခွတ်နန်းကို တရကြမ်း တိုက်ခိုက်လျက် ချစ်သက်ကြင်နာသုဇိတာ ကို ဇရာအိုသဏ္ဍာန် ဖန်ဆင်းပြီး စွန့်စားခြင်း ရှေ့ဆောင် လျက်ခိုးမိအောင် ခိုးခဲ့သည့်ထုံး နလုံးမူသင့်ပါသည်။ အောက်ဟံသာဂတီမှာလည်း ဘုန်းတန်ခိုး အလွန်တရာကြီးတော်မူလှ သည့် ရာဇမိရာဇ်ဘုရင်မင်းတစ်ပါးဖြစ်မည့် ဗညားနွဲ့မင်းသားဟာ ချစ်လှတဲ့နမတော် တလမည်ဒေါကို အသက်ရောကိုယ်ပါစွန့်လျက် မကြောက်မရွံ့ခိုးယူတော်မူဖူးပါသည်။ မေတ္တာတရားက အဆမတန်ပွားများပြီး စေစားတိုက်တွန်းလာတဲ့ တစ်နေ့မှာ "မမလေး ချစ်ပါတဲ့ အာရုံ ရွှေမြင်းမိုရ် တစ်တောင်လုံးကို တုံးမှတ်လို့ခုန်"ဆိုတဲ့ ပုံလိုမယ်တော်သော၊ ခမည်းတော်သော ဘာကိုမှ စိတ်တော် မစောဘဲ မေတ္တာ သတ္တော အနန္တောဆိုတဲ့ ဘုရားဟောအတိုင်း ကဆုန်စိုင်းပြီး အချစ်မုန်တိုင်းကြီး ဆင်ကြပါ လိမ့်မယ်။ ယခုလည်း ကျုပ်တို့ရွှေကိုယ်တော်ဖျားမှာ ဘာလိုလိုနှင့်ဟန်ဆောင်တော် မမူနိုင်တော့ သလောက်

အချစ်မီးတောက်တော်မူလာပြီဗျ။ သည်အတိုင်းသာဆိုလျှင် နောက်ထပ်ကျွန်တော်တို့ လျှောက်တင်သလို နားဂင်တော်မူလာပြီး အလွှာတော်ထပ်ပေးဖို့ကိုလည်း ဂန်မလေးတော် မမူတော့မည့်အပြင် စုဖုရားစံတော်မူရာ အဆောင်နန်းသို့ပင် ဖြန့်မြန်းခြေတော်တင်ဖို့ ခဲယဉ်းလိမ့်မည် မထင်ဘူး ကိုရင်ရဲ့"

ငယ်။ ။"သည့်အတိုင်းသာမှန်ပါလျှင် အတိုင်းထက်လွန်၊ တံခွန်နှင့်ဘုရား ဆိုတဲ့ စကားလိုပေါ့ ကိုရင်တုတ်ရာ။ ကဲ...ကဲ ကျုပ်လည်းအခွင့်တော်ရခိုက် မေဖုရားတို့အိမ် သွားလိုက်ပါခေဦးမယ်။ အပြန်မှာ ကျုပ်ခံဂန်မိတဲ့ စကားအတိုင်းမြတ်လေးပန်းများလည်း မရရအောင် ရှာလာရဦးမှာ ရှိသေးတယ်ဗျ၊ ကိုရင်သာ အပါးတော်မှာ သင့်လျော်သလို ကြည့်၍ ခစားနေရစ်ပေတော့လေ၊ ကျုပ်လည်းကြာကြာတော့ မနေပါဘူး၊ အလွန်ဆုံး သုံးလေးရက်ပါပဲဗျ"

တုတ်။ ။"ကဲ....ကဲကြွတော်မူပါဗျား၊ ကိုရင်က ကျုပ်ထက်ကံသာပေသကိုး၊ နို့ပြီး လျှောက်တင်ဖို့ အချက်ကလည်း ဖြုန်းခနဲအကွက်ဆိုက်သွားတော့ ညီညွှတ်သလို ညီညွှတ် ပါစေလိုက ဆုတောင်း ရတော့ မှာပေါ့ ကိုရင်"

ငယ်။ ။"ကိုင်း...ဒါဖြင့် ကျုပ်သွားတော့မယ် ကိုရင်"

တုတ်။ ။"ကောင်းပါပြီဗျာ၊ ဒါထက်ကျွန်တော် တစ်ခုမှာလိုက်ပါရစေဦး၊ ကိုဖေငယ်ရဲ့"

ငယ်။ ။"အမယ်မင်း...ဂါဂရတရားတွေ ရှေ့ထားပြီး ဘာများမှာထားမယ်လို့ပါလိမ့် ကိုရင်တုတ်ရယ်"

တုတ်။ ။"ဩော်...တခြားမဟုတ်ပါဘူး၊ ခင်ခင်ကြီးကလေးကို ကျန်းကျန်းမာမာရှိရဲ့လားလို့ ကျွန်တော် မောင်မောင်တုတ်က မေးလိုက်တယ်ဆိုတဲ့ အကြောင်းကလေးတစ်ဆိတ် လောက် သူ့နားပေါက် သွားအောင် ပြောပေးပါလို့ မှာချင်လို့ပါ ကိုဖေငယ်ရာ"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"ဟာ...ကျုပ်က အပဟုတ်မှတ်လို့ နားထောင်နေတာ၊ ခင်ဗျားကြီးသိပ်ရှုပ်တဲ့လူပဲဗျ၊ ဒါကလေး တော့ မထိနဲ့ဗျို့၊ ဒါပဲပြောလိုက်ပါပေရဲ့"

ပြောကာ မောင်မောင်ငယ်ထွက်လာခဲ့ရာ မောင်မောင်တုတ်လည်း အိမ်တော်လေသာ ပြတင်းမှ သူငယ်ချင်း အမှုတော် ထမ်းရွက်ဖက်ဖြစ်သူ မောင်မောင်ငယ်အား မျက်စိတစ်ဆုံး မျှော်ကြည့်ပြီး ပြုံးပြုံးကြီး ကျန်ရစ်ခဲ့ လေသတည်း။

အပိုင်း (၂၂) မျှော်

အခန်း(၂၂)

မြို့တော်အတွင်း တောင်ပြင်တံခါးမှ အနောက်မြောက် ယွန်းယွန်းတွင် လည်ပေါ်စကြော နှစ်ထပ်ဇလီသပ် အိမ်ကြီး တစ်ဆောင်၏ အောက်ထပ်၌ အသက်လေးဆယ် နီးပါးခန့်ရှိ ခေါင်းပေါင်းဖြူဖော့လုံး ပိုးအကျီ ရင်ဖုံးနှင့် ဒေဂီစင်းပိုးပုဆိုး တစ်ပတ်ရစ်တို့ကို ဂတ်ဆင် ထားသည့် မင်းမှုထမ်းအရာရှိ ဂန်မင်း တစ်ဦးမှာ ကျယ်ပြန့် စွာသော ဂါးစိမ်းကွပ်ပျစ်ကြီး တစ်ခုပေါ်တွင် သင်ဖြူးချောခင်းလျက် ခေါင်းရင်ဘတ် မှ ကတ္တီပါ မှီအုံးကို နွဲ့မှီကာ လက်တွင်းရှိ ပုရပိုက်တစ်ဆူကို ကံ့ကူတံတစ်ခုနှင့် ရေးမှတ်ကာ မိမိရေးသား နေသော စာတွင် များးစွာ အာရုံစိတ်ဂင်စားလျက် ရှိလေ၏ ။

ထိုအရာကြီးနှင့် မလှမ်းမကမ်းတွင် ကွပ်ပျစ်အစွန်းတစ်ဖက်ရှိ သင်ဖြူးချောတစ်ချပ် ပေါ်တွင်ကား ပိုးသား ထဘီပန်းပျော့ကို ကချပ်ရင်လျားလျက် အနို့ပါသော ထိုင်မသိမ်း အကျီကိုဂတ်ကာ နှစ်ပတ်ရစ် လယ်ယုန် ဆံထုံးမှာ ထိပ်ဆံကိုဂဲယာချလျက်၊ ကြာပုံလက် ထောက်ငယ်ကို လက်ထောက်ကိုင်ကာ မတ္တရာကွမ်းသီး ဖက်ကြော ဆေးပေါ့လိပ်ဖြူကြီးကို မီးတရဲရဲဖွာနေသော ဂန်ကတော်ကြီးမှာလည်း အနီးရှိ လက်ဖက်အုပ် ကို ဖွင့်ခါမကြာမကြာ လက်ဖက်၏အရသာကို ခံစားလျက်ရှိလေ၏ ။

ဂန်ကတော်ကြီးမှာ စည်းစိမ်ရှင်ပီပီ တည်ကြည်အေးချမ်းစွာ နေပါသော်လည်း မီးယပ်နှင့် ယှဉ်၍ဖြစ်ခဲ့ဖူးသော ဂေဒနာကြောင့် လက်ဂဲခြေတစ်ဖက်ဆာ၍နေရှာသဖြင့် လမ်းသွား သောအခါများတွင် လူတွဲ၍သွားရရှာပြီး ထိုဂေဒနာကြီးကို အိမ်တွင်နေရင်း ထိုင်ရင်းလည်း နေ့စဉ်နှင့်အမျှ အနိပ်သည် ဆေးဆရာတို့နှင့်ပြသည် ကုမလျက်နေရရှာလေ၏ ။ သို့သော်ထိုဂေဒနာမှာ အချိန်ကာလ အတော်ကြာ ကရရှိခဲ့ခြင်းဖြင့် ယနေ့တိုင်လည်း ကောင်းစွာမပျောက်ကင်းဘဲ လူကကျန်းမာ လာသလောက် ခြေထောက် က ထော့ကျိုး ထော့ကျိုးဖြစ်နေသည်တို့က သက်သာရာမရရှာခဲ့ဘဲ နောက်ဆုံးတွင် အလျှော့ပေး၍ အေးအေးနေလိုက်ရတော့မည်ကဲ့သို့ ရှိနေရှာလေ၏ အစေခံအခြွေအရံ မိန်းမ နှစ်ယောက် ကား ဂန်ကတော်ကြီး၏ ခြေဖျားကိုဆုပ်နယ်နေ၏ ။ ဂန်ကတော်ကြီးသည် မိမိ၏ ခြေထောက်ကို ဖြည်းညင်းသာယာစွာ ဆုပ်နယ်ပေးနေသည်ကို ခံနေရာမှကွပ်ပျစ် အောက်နားတွင် ဖျာချောကလေး ပေါ်၌ ကစားဖော်မိန်းမငယ်လေးတစ်ယောက်နှင့်အတူ ငြိမ်သက်အေးချမ်းစွာ အိုးဖုတ်ကလေး များနှင့် ကစားနေသော ဆယ့်နှစ်နှစ်သမီးအရွယ် သေးသေးသွယ်သွယ် ဖြူဖြူဂင်းဂင်း ယမင်းရုပ် ကလေးပမာ ဆံပင်စုလည်း ကျေးမြီးစ ကလေးနှင့် ကလေးမလေးကာ ချစ်မဂရှုမပြီး သမီးတည်း ဟူသော

www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဖြင့် စိန်ကဲကျောက်ကဲကို ခတ်နေဘိအလား တစ်ချစ်တစ်ချက် အရိပ်ကြည့်ပြီး ပီတိအဖြစ်ကြီး ဖြစ်နေရှာ လေ၏ ။

ကလေးမလေးကား အိုးပုတ်တို့ချိုးရုပ်တို့ဖြင့် ပျော်ရွှင်စွာကစားလျက်ရှိရာမှ အိမ်တွင်းသို့ ဝင်လာသော အသက်နှစ်ဆယ် ခန့်ရှိ ကြိုးပုဆိုး ပိုးအကျႌရင်ဖုံး ဖဲပေါက်ပဝါ အဂါနကို ပေါင်းလျက် သက္ကလတ် ကျန်ရော ဖိနပ်နှင့်လူတစ်ယောက်ကို လှမ်းမြင်လိုက်သည့်ခဏ၌ ကစားနေရာတာ ရုတ်တရက် ထပြေးလာကာ-

"ဟော...အစ်ကိုကြီးလာပြီ မေမေဖုရာ့။ အစ်ကိုကြီးလာပြီ၊ အစ်ကိုကြီးရေ...အစ်ကိုကြီး ခုမှလာတော့တယ်။ ခင်ဖြင့် အစ်ကိုကြီးမလာလို့လေ ခင်တစ်ယောက်တည်း ကစားနေရ တာပျင်းလို့"

သောက်ရှူး ကြယ်ရောင်ကဲ့သို့ တပြောင်ပြောင်ဝင်း၍ အရောင်အဆင်းစိုပြည်ကျက်သရေရှိ လှသော မျက်လုံးကလေး နှင့်ပြုံးချိုစွာ ကြည့်လျက်ဝင်လာသော သူငယ်ပျို၏ လက်ကို ဆွဲကာပွတ်သီးပွတ်သပ် ခယောင့်ခယာ နှင့် ချစ်ခင်မှုရာ ခရီးဦးကြို ပြောဆိုလေရာ ဂန်ကတော်ကြီးလည်း လှမ်းတဲ့ကာကြည့်လျက်၊ ဂမ်းမြောက် ဂမ်းသာ မျက်နှာထားချိုသာ စွာနှင့်။

"သြော်...မောင်မောင်ငယ်ပါကလား၊ မေဖုရားဖြင့် ငါ့သားကလေး မပေါ်လာတာကြာလို့ မျှော်လိုက် ရတာကွယ်"

တပြုံးပြုံးနှင့် ကျေနပ်စွာ ပြောလိုက်သည်တွင် ခေါင်းရင်ဘတ်မှ စာရေးနေသော ဂန်မင်းလည်း ပုရပိုက်ကြီး ကို ဘေးသို့ အသာချလျက် မောင်မောင်ငယ်ဘက်သို့ လှည့်ကြည့်ပြီး။

"သြော်...မောင်မောင်ပါလားကွဲ့။ ဘယ်နှယ့်ငါ့သားကြီး ခုမှလာတော့သကိုး"

တည်ကြည်ခံ့ညားသော လေသံဖြင့်ပြောလျှင် မောင်မောင်ငယ်လည်း ဒိုင်းဂန်မင်းအနီးတွင် ကျုံ့ကျုံ့ ကလေး ဝင်ထိုင်ကာ ရိုသေစွာ ဦးချကန်တော့ရင်း

"ရွှေကိုယ်တော်ဖျားထံတော်က ယနေ့မှထွက်ခွင့်ရပါသဖြင့် ယခုမှရောက်လာပါသည် ဘုရား"

ဂန်မင်း။ ။"မောင်မောင် ယခုတစ်လောဘာစာများ ရေးနေသည်တုံးကွဲ့၊ ဘဘမောင့်မောင့် စာကို မဖတ်ရတာ ကြာလှပြီ"

ငယ်။ ။"ယခုတစ်လောဖြင့် ရွှေကိုယ်တော်ဖျား အသုံးတော်ခံစာများ ရေးဆက်ရသည်တို့ နှင့်သာ အချိန်ကုန်နေရပါသည် ဘဘဘုရား"

ဂန်။ ။"ကိုယ်တော်ကလေးက ဘာစာတွေများ ရေးခိုင်းနေသည်တုံး မောင်မောင်"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။(ပြုံးလျက်) "မင်းပျိုမင်းလွင်တို့ရဲ့ အတွင်းကိစ္စပါ ဘဘဘုရား"

ဂန်။ ။(အနည်းငယ်ပြုံးကာ)"ဩော်... ဩော်၊ သီပေါကိုယ်တော်ကလေးကလည်း သည့်နယ်လား မောင်ရဲ့"

ငယ်။ ။"မှန်ပါတယ် ဘဘဘုရား"

ဂန်။ ။"ဘယ်သူနဲ့တုံးကွဲ့"

ငယ်။ ။"ဆင်ဖြူမရှင်ဘုရား၏ သမီးတော်စုဖုရားလတ်ပါ ဘဘဘုရား"

ကလေးများကဲ့သို့ပေ။ မောင်မောင် ယခုဘယ်နယ်ကြောင့် သည်လောက်ရိုးရှာသည့် သီပေါကိုယ်တော် ကလေးနှင့် ဆက်သွယ်တော် မူမိကြသလဲ။ အတော်အံ့ဩဖွယ်ပေပဲ မောင်မောင်ရဲ့"

ငယ်။ ။"မူလအစကတော့ မည်သူမျှ ပါဂင်ဆောင်ရွက်ရခြင်းမရှိပါ။ သူတို့ဘာသာမေတ္တာ အလျှောက် တစ်ယောက်ကို တစ်ယောက် တိမ်းညွတ်တော်မူကြသည် ထင်ပါသည်။ နောက်မှနစ်ဦးနစ်ဖက်မှ ရှိကြတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးများက ပါဂင်အမှုထမ်းရခြင်း ဖြစ်ပါတယ်"

ဂန်။ ။"အင်း...ဘဘဖြင့် သည်မင်းသားကလေးနှင့် သည်မင်းသမီးကလေးကို ဖူးစာရေးမှ ရေးတတ်ကြ ပလေတယ်ဆိုတယ် အံ့ဩလို့ မပြီးနိုင်အောင် ဖြစ်တော့တယ်။"

ငယ်။ ။"ဘာဖြစ်လို့တုံး ဘဘဘုရား။ မသင့်မြတ်ဘူးထင်တော်မူလို့လား"

ဂန်။ ။"ဘဘ အထွေအထူးကို တွေး၍ပြောသည် မဟုတ်ဘူးမောင်ရဲ့။ သည်လောက်အေး တဲ့ရိုးတဲ့ မင်းသားကလေးနဲ့ သည်လောက်စိတ်မြန်ကိုယ်မြန် ထက်ထက်မြက်မြက်ရှိတဲ့ မင်းသမီး ကလေးတွေ့မှ တွေ့တယ် ဆုံမှဆုံမိတတ်လေတယ်လို့ အံ့ဩမိတာပါပဲ မောင်ရယ်။ နောက်ခါ သူတို့ချစ်ခင် ရည်ငံတော် မူကြတဲ့ လက်စအတိုင်း၊ စုလျားရစ်ပတ် လက်ထပ်ပြီးကြမည့်အချိန်မှာ သူတို့အချင်းချင်း အတိုင် အဖောက် ကိုက်ညီမှ ကိုက်ညီပါ မည်လားလို့ ဖြန်းခနဲတွေးမိတဲ့အတွက်လည်း တစ်ကြောင်းဆိုပါတော့ မောင်မောင်ရဲ့"

ငယ်။ ။(ပြုံးလျက်)"ဒါမှတော့ ဆုတောင်းမတတ်သော်လည်း ဘုရာအလိုက်သိ" ဆိုသလို ကျွန်တော်တို့ရွှေကိုယ်တော်ဖျားက စိတ်သဘောကောင်းကောင်းနဲ့ ရေခဲသောနေရာတွင် နှင်းဆောင်း ဆိုသလို အေးချင်တိုင်း အေးတော်မူတော့ အကယ်၍စုဖုရားက ပူတော်မူသည့်တိုင်အောင် အပူဓာတ်ကို အအေးနဲ့ သတ်နိုင်လိမ့်မယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဂန်။ ။"အင်းလေ...ဒီဇာတ်လမ်းမှာ မောင်တို့တစ်တွေပဲ ကြိုးဆွဲ ကြိုးကိုင် လုပ်နေတော့ မောင်မောင် တို့ကသာ ဘဘတို့ထက် ပို၍သိနေလိမ့်မယ်။ အင်း...ကောင်းပ ကောင်းပ၊ ဒါနှင့်မောင့်မေဖုရားလည်း မလာ မလာနှင့် မကြာခဏတမ်းတနေရှာသကွဲ့။ မနေ့ကပဲ မောင်မောင်မလာတဲ့အကြောင်း စကားစပ်၍ ပြောတာနှင့် ဘဘကပဲ မောင်မောင်မအား မလပ်အမှုတော်ထမ်းနေရသောကြောင့် မလာနိုင်တာ ဖြစ်ပါ လိမ့်မယ်။ ခင်ကြီးတို့အမိရယ် ပြောရသေးသည်။ ကိုင်း...ကိုင်း မောင့်မိခင်နှင့် စကားပြောဦးလေ။ သည်တစ်ခါ အေးအေး ဆေးဆေးနေပြီးမှ ပြန်တာပ။ မောင့်ရွှေကိုယ်တော်ဖျားဆီက ဘယ်နှစ်ရက် ခွင့်တောင်း အသနားခံလာသလဲ"

ငယ်။ ။"သုံးလေးရက်နေဖို့ အမိန့်တော်ကျပါတယ် ဘဘဘုရား"

ဂန်။ ။"အေး...အေး၊ နေရသလောက်ပဲ ပျော်ပျော်ရွှင်ရွှင် နေကြတာပေါ့ကွယ်၊ မောင်မေဖုရားကလည်း အစားကောင်း အသောက်ကောင်းကလေး စားရတိုင်းမောင့်ကို တစ်တတနဲ့။ မောင့်နမ ခင်ကြီး ကလေးကလည်း အစ်ကို မလာဘူးလား၊ အစ်ကိုမလာဘူး လား၊ အစ်ကိုမလာဘူးနှင့် ခဏခဏ တနေရှာ တယ်။ ကဲ...ကဲ ဘဘ စာကြည့် လိုက်ဦးမယ်။ မောင့်မိခင်နှင့် နမတို့ စကားပြောကြပေဦးတော့"

ဆိုကာချထားသော ပုရပိုက်ကို ကိုင်လိုက်သည်တွင် မောင်မောင်ငယ်လည်း ရောက်က တည်းက မိမိအနီး တွင် ပူးကပ်ထိုင်ရှာသော ခင်ခင်ကြီးကလေးကို ပခုံးဖက်ခေါ် ခဲ့ပြီး ဒိုင်းဂန်ကတော်ကြီးအနီးသို့ ရွေ့၍ထိုင်လာကြလျှင် ဂန်ကတော်ကြီးလည်း မောင်မောင် ငယ်အား ကျောလက်သပ်ခါ။

"ငါ့သားကြီးအသားတွေလတ်ပြီး နည်းနည်းဂလာပါကလား မေဖုရားဖြင့်ကွယ်၊ သား ကလေး မပေါ်လာတာကြာလို့ ခဏခဏလွမ်းပြီး တမ်းတနေမိတယ်။ မောင့်ဖခင်ကလည်း သူ့အမှုတော် ထမ်းရွက် နေရသဖြင့် မအားမလပ်လို့ မရောက်နိုင်တာဖြစ်ပါလိမ့်မယ်၊ တို့ကိုမေ့လျော့လို့ ဟုတ်မည်မထင်ပါဘူး ပြောရှာတယ်။ မောင့်နမကလေးကလည်း မောင့်ကို တစ်မေးတည်းမေးနေသည် မောင်မောင်ရဲ့၊ မောင်အငေး ကလာတာကို မြင်မြင်ချင်းပဲ ကစားနေရာက အူယားဖားယားနှင့်ထ၍ ပြေးတာကိုသာ အကဲခတ် ပေတော့"

ငယ်။ ။"မောင်လည်း မေဖုရားတို့ကို ဘယ်အခါမှမေ့လျော့နေသည်မရှိပါ။ နေ့စဉ်ပင် သတိရလျက်ပါပဲ။ သို့ရာတွင် အမှုတော်ထမ်းနေရသဖြင့် မကြာခဏအပြင်ထွက်ခွင့် မရသောကြောင့် မရောက်ရခြင်း ဖြစ်ပါသည် မေဖုရား"

(မောင်မောင်ငယ်က ဒိုင်းဂန်ကတော်ကြီးနှင့် စကားပြောသောအခါ မိမိကိုယ်ကို ငယ်စဉ်သကဲ့သို့ပင် "မောင်"ဟူ၍ကြီးသည်အထိ ပြောတတ်သည်။ ငယ်ကအကျင့်ကို ဖျောက်မရပေ)။

ဂန်ကတော်ကြီးက ကျေနပ်နှစ်သိမ့်သော အမူအရာဖြင့်...

www.burmeseclassic.com

"ဟုတ်ပါလေရဲ့၊ မေဖုရားကလည်း သားကြီးကိုမတွေ့မမြင်ရသည်မှာ အတန်ကြာနေလို့ တမ်းတမိတာပဲ။ အမှုတော် ထမ်းရွက်နေဆဲ မင်းခစားဆိုတော့ အမှုကိစ္စ ဆောင်ရွက်ဖွယ် ကလည်း အများသားကို မောင်မောင်ရဲ့၊ သို့သော်လည်း မောင်မောင့်ကို ယခုလို ကျန်းကျန်းမာမာ ဂဂဖြိုးဖြိုးနှင့်တွေ့ရတော့ မေဖုရား အင်မတန်မှ အားရဂမ်းသာရှိတယ်"

ငယ်။ ။"ဒါနဲ့မောင့်ကိုသာ မေးလို့နေပါတော့သည်။ မေဖုရားကော ဘယ့်နယ်ရှိတော်မူပါ သလဲ၊ ထမင်းများကော သုံးဆောင်လို့ကောင်းပါရဲ့လား"

တော်။ ။"မေဖုရားအတွက် ထူးခြားလှတယ် မရှိပါဘူး မောင်ရယ် ဒီဂင္ဂနာဟာသေရာသို့ ပါမှာပဲလို့သာ တွေးထင်မိပါတော့သည်။ သမားပေါင်းလည်း စုံလှပြီ။ ဓာတ်ဆရာ, ဗိန္ဓောဆရာ, လက်နိုပ်သည်မှစ၍ ဘုရားကုရော သမားကုရော ဆိုသလို ဘယ်အရာကမှ လိုလေသေးမရှိအောင် ကုမခဲ့ပြီး။ သမားစုံ သလောက်၊ လူကနေထိုင်ကေင်းလာသည်တိုင် အောင် သည်ခြေတစ်ဖက်ကဖြင့် မိတွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်ဖို့ အတန်ခဲယဉ်းနေတယ် မောင်ရဲ့"

မောင်မောင်ငယ်သည် ဂန်ကတော်ကြီး၏ ခြေဖျားကလေးများကို ယုယစွာ ဆုပ်နယ်စမ်း သပ်ကြည့်ရှုလျက် မေဖုရားခြေတစ်ဖဂါးက အငွေ့တော့အကောင်းသားပဲ။ သွေးလေမျှတ ပုံပါပဲ။ လမ်းသွားတဲ့ အခါမှာတော့ နာကျင်ပါသလား

တော်။ ။"လမ်းသွားတော့လည်း မနာကျင်တော့ပါဘူး မောင်မောင်ရယ်၊ သွေးလေအလျှောက်အဆင်းလဲ ညီညွှတ်ပါတယ်။ မေဖုရားဂေဒနာက ငယ်စဉ်ရောဂါနစဉ် တုန်းကခပ်ပေါ့ပေါ့ အမှတ်မထင် နေလိုက်မိသည့်အတွက် အကြောဘက်ကို လှည့်ကိုင်သွားတာဖြစ်တော့ ယခုလိုအရွယ်ကြီးမှ သတိရပြီး ကုသ လာသော်လည်း 'မိုးလွန်မှ ထွန်ချ'ဆိုသလို ဖြစ်နေတာကလား။ သမားတော်များ၏ စွမ်းအားကြောင့် လူတော့ဖြင့် နေထိုင်၍ အင်မတန်ကောင်းပါပေသည်။ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုတဲ့ စကား လိုပဲ ဖြစ်နေသည်။ ဒီအကျိုးကတော့ မိုးပေါ်က သိကြားလာကု သော်လည်း ရမည်မထင်ဘူး သားရယ်၊ မေဖုရားလည်း အသက်ကြီးပါပြီ။ လှုဖို့, ယဉ်ဖို့ အချိန်လည်းမဟုတ်တော့လို့ ခုဖြင့် သည်ခြေကျိုးပျောက်သည်ဖြစ်စေ၊ မပျောက်သည် ဖြစ်စေ မောင့်ဘဘဘုရားကသာ ကရုဏာ မကင်း ရှာသည့်အတွက် အိမ်မှာသမား တော်တွေ အပင်အထွက်မပြတ်ရအောင် ပင့်ခေါ်နေတာပဲ။ တစ်ခါ တစ်ခါ လည်း မေဘုရားဖြင့် ဆေးစားရ၊ လိမ်းရ၊ အနှိမ်ခံရတာတွေကို စိတ်မရှည်နိုင်အောင် ငြီးငွေ့ နေမိတော့တာပဲ"

ငယ်။ ။"ဩော်... ငြီးငွေ့မယ်ဆိုရင်လည်း ငြီးငွေ့လောက်ပါတယ်။ မောင်ငယ်စဉ် အခါကတည်းက မေဖုရားမှာ သမားတော်ကြီးများပေးတဲ့ဆေးဂါးတွေ စားသုံးနေရတာ မောင်မှတ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တော်။ ။"ဟုတ်ကပြီ၊ မောင်အမှတ်မိသားပဲ မေဖုရားလေ ဆေးဂါးစားရမည်ကို ငြီးငွေ့ ရွံရှာသည်နှင့် တစ်ခါတစ်ရံ မောင့်ဘဘ ဘုရားမမြင်လျှင် စားရမည့်ဆေးများကို မိနန်းခုံကို တော်ရာသွား၍ လွှင့်ပစ်လိုက်မိသည် မောင်ရင်ရဲ့"

ငယ်။ ။"ခြေမစွမ်းသော်လည်း ဒီဆေးများစားနေ၍သာ မေဖုရားယခုလို ကျန်းမာနေတော်မူ တာဖြစ်ပါတယ် ဒါကြောင့်ဆေးဂါးစားသုံးခြင်းကို လုံးလုံးကြီးပြစ်ပယ်ထားတော်မမူပါနှင့် စားတန်သည့်အခါလည်းစားပါ မေဖုရားရဲ့"

တော်။ ။"စားရပါတယ်မောင်ရယ် မောင့်ဘဘဘုရားက ဆေးသောက်ချိန်ရောက်လျှင် အမြဲကြည့်ပြီးဆေးတိုက်တယ် ရွှေနန်းတော်ကြီးကို အခစားဝင်သည့်အခါနှင့် မင်းမှုကိစ္စနှင့် အပြင်ထွက်သည့် အခါများမှသာ မေဖုရားမှာ သက်သာခွင့်ရတယ်မောင်ရဲ့ ဒါတောင်ပြန်လာပလားဆိုလျှင် မိနန်းခုံကို တစေ့ တစောင်းက ချောင်းမြောင်း မေးမြန်းသေးတယ်"

ငယ်။ ။"(ပြုံး၍) နန်းခုံက ပြောသလားမေဖုရားရဲ့"

တော်။ ။"မပြောပါဘူးတော် မိနန်းခုံက မေဖုရားလူပဲ သင်းလဲကြာတော့ မေဖုရားကိုသနားနေရှာထင်ပါရဲ့၊ မေဖုရားမှာ မလွှဲသာတဲ့ကိစ္စနဲ့ သွားစရာလာစရာရှိရင်လည်း မိနန်းခုံကို အမြဲတွဲသွားနေရတော့ သင်းလည်း မေဖုရားရဲ့ လက်သုံးတော်တောင်ပေးလို ဖြစ်နေရှာတယ်"

ယင်းသို့ မောင်မောင်ငယ်ရောက်ကတည်းက ဒိုင်းဂန်မင်းနှင့်တလှည့် ဂန်ကတော်ကြီးနှင့် တလှည့် နှုတ်ခွန်း ဆက်သ စကားအမျှင်မပြတ် ပြောနေကြရာတွင် ရောက်စက ပြေးကြို့ပြီး မောင်မောင်ငယ အနီး တွင် တခါတည်းပူးကပ်နေရှာသော ခင်ခင်ကြီးမှာ မိမိစကားနှင့် ဝင်ပြောခွင့်မရနိုင်သလောက် ရှိလာ သလောက် မျက်နှာကလေးများ အိုး၍နေရှာတော့၏ သို့နှင့် အစ်ကိုကြီးအား မိမိစကားပြောခွင့် ရနိုးရနိုးနှင့် မိခင်မျက်နှာ တစ်လှည့် မောင်မောင်ငယ်မျက်နှာတစ်လှည့် စောင့်ကြည့်နေရာက ဂန်ကတော်ကြီး ကလည်း စကားအမျှင်မပြတ် မောင်မောင်ငယ်ကလည်း ဂန်ကတော်ကြီးပြောသမျှ စကားရှိ သလောက် အခြေအတင် ပြောနေရသဖြင့် အမှတ်မဲ့နေသကဲ့သို့ ရှိရာ ခင်ခင်ကြီးမှာ မောင်မောင်ငယ်အပါးမှ ရုတ်တရက် ထလာပြီးလျှင် မူလမိမိကစားနေသော အိုးပုတ် ချိုးရုပ်ကလေးများ ရှိရာသို့ရောက်၍ ကစားသော အရုပ်အတိုအစများလေးများကို သိမ်းကောက် ကာ မျက်နှာကလေး ခပ်ဆူဆူထားပြီး အိမ်အပေါ် ထပ်သို့ တက်သွားလေ၏။

ဒိုင်းဂန်မင်းကြီးအား စာဖတ်၍ကောင်းနေဆဲဖြစ်လေ၏ ။ ဂန်ကတော်ကြီးနှင့် မောင်မောင်ငယ်မှာလည်း အတင်းတော်က အကြောင်းကိစ္စများ စကားလက်ဆုံဝင်နေသဖြင့် ခင်ခင်ကြီး ထသွားသည်ကို သတိမထား မိနိုင် ရှိလေ၏ မောင်မောင်ငယ်ကလည်း ပြောလက်စ စကားတည်းကပင် သီပေါမင်းသားအား လျှောက်တင် ကတိထားခဲ့သည့် မြတ်လေးပန်း ကိစ္စကို သွား၍သတိရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"ဒါနှင့်မေဖုရား ရွှေနန်းတော်ကြီးသို့ အခစားရောက်ပါသလား"

တော်။ ။"သားရယ် အခုတစ်လော မေဖုရားအခစားမရောက်သည်မှာ အတန်ကြာပြီ စကြာဒေဝီအရှင်မိဖုရား ခေါင်ကြီးဘုရား ရှိတော်မူစဉ်ကဖြင့် နန်းမတော်ဆောင်ကြီးသို့ မပြတ်မပြတ် အခစားဝင်မိပါရဲ့။ အရှင်မိဖုရား ခေါင်ကြီး ဘုရား နတ်ရွာစံတော်မူသွားသည့် နောက်ဖြင့် မရောက်မိပေဘူး"

ငယ်။ ။"မရောက်၍ သင့်လျော်ပါမည်လား မေဖုရားရဲ့"

တော်။ ။"ယခုအလယ်နန်းမတော်ဖုရား၊ မိဖုရားကြီး၏အစီးအနင်း အဆောင်အရွက်နှင့် ဆင်ဖြူမရှင် ခံတော်မူသည်ကို သိပါရဲ့ မောင်မောင်။ သို့သော် မေဖုရားရုတ်တရက် သွားရောက်ခစားခြင်း မပြုရ သေးသော်လည်း သန်သန်စွမ်းစွမ်း ကျန်းကျန်းမာမာ မဟုတ်သူဖြစ်တဲ့အတွက် သက်ညာတော် မူပေမှာပဲလို့ တွေးပြီးအေးအေးပင် ကုပ်၍နေမိ တယ်မောင်ရဲ့"

ငယ်။ ။"တစ်ခေါက်တစ်ခါတော့ ရောက်ဖို့ရာ သင့်တယ်လို့ထင်ပါတယ်။ ယခုအခါ အနောက်ပိုင်းတစ်ခွင်၌ ဆင်ဖြူမရှင်ဖုရားဟာ အလွန်တရာမှ ဩဇာအာဏာကြီးတော်မူ နေတဲ့အတွက် မျက်နှာပြသင့်ပါတယ်"

တော်။ ။"မေဖုရားလည်းတစ်ခါတစ်ခေါက်တော့ အခစားရောက်ရန် ကြံစည်လျက်ပါပဲ။ သို့သော်လည်း မေဖုရားတို့ သားအမိချင်းမို့ အတွင်းစကား ပြောရဦးမယ်။ မေဖုရားတို့မှာ နတ်ရွာစံ အရှင်မိဖုရားခေါင်ကြီး ကိုသာ ထွင်ဝင်ခစားခဲ့ရသူများဖြစ်တဲ့အတွက် အခြားတစ်ပါး သော မိဖုရားများနှင့် အတွေ့အကြုံ နည်းပါး လေတော့ ကိုယ့်အရှင်သခင်ရဲ့ အကြိုက်အလို တော်ကို သိသလို သူတို့အလိုတော်ကို မည်သို့လိုက်၍ မည်သို့ စိတ်ကြိုက် ခစားရမည် ဆိုတာ ကျွမ်းကျင်သူများ မဟုတ်တဲ့အတွက် ရုတ်တရက်ခစားရန် မရဲမဝံ့ ဖြစ်နေသည် တစ်ကြောင်း၊ ကိုယ့်အရှင်သခင်ကလွဲလျှင် မည်သည့်သူကိုမျှ လိုက်လိုက်လဲ့လဲ့ စိတ်မပါ တာတစ်ကြောင်းတို့ကြောင့် ယခုကဲ့သို့ နောင့်နေးနေရခြင်းဆိုပါတော့ မောင်ရယ်"

ငယ်။ ။"မေဖုရားအမိန့်ရှိတာလည်း မှန်ပါတယ်၊ သို့ရာတွင် ယခုအခါ ဆင်ဖြူမရှင်ဖုရားမှာ ဩဇာ အာဏာနှင့်ပြည့်စုံလျက် အခြားသော မိဖုရားများထက် တန်ခိုးကြီးနေသည့်အခါ မျက်တော်မူစရာ ရာတွေ့ အောင်နေဖို့ သင့်ပါတယ်"

တော်။ ။"ရှေ့သီတင်းအဖိတ်နေ့လောက်တော့ဖြင့် ကန်တော့ပန်းဆက်ရန် ဝင်မည်လို့ စိတ်ကူးထားမိတယ် မောင်မောင်။ မေဖုရားကလည်း ခစားဖူးသူမဟုတ်တော့ အယောင် ယောင်အမှားမှားဖြစ်မှာ စိုးရိမ်မိတဲ့အတွက် စိတ်လေးလေးပဲ"

www.burmeseclassic.com

ငယ်။ ။"အခစားရောက်လာသူကို ကြည်ဖြူတော်မူမှာပါပဲ မေဖုရားရဲ့၊ ဆင်ဖြူမရှင်ဖုရား လည်း အများထင်သလောက် ဟုတ်တော်မမူရှာပါဘူး၊ ဘယ်အခါမဆို ပျော့ပျော့ပျောင်း ပျောင်းနှင့်စိတ်နှလုံးကောင်းတော်မူရှာသည့် လက္ခဏာပါ၊ စိတ်ချ၍သာခစားဝင်ပါ မေဖုရားရဲ့"

တော်။ ။"သွားပါမယ်တော်၊ အမေ့သားကြီးက တယ်လို့မို့ ခစားရောက်စေချင်နေတယ် မှတ်တယ်"

ငယ်။ ။"မှန်လှတယ်၊ မေဖုရားလည်း ကိုယ့်တာဝန်ကုန်လေအောင် မောင့်ကိစ္စတစ်ခုလည်း ပြီးလေအောင်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနှင့် ပြောရခြင်းပါ"

တော်။ ။"မောင့်ကိစ္စက ဘာများလဲကွယ်"

ငယ်။ ။"တခြားမဟုတ်ပါဘူးမေဖုရားရဲ့။ မောင်တို့ရွှေကိုယ်တော်ဖျားက မြတ်လေးပန်းများ အလိုရှိတော်မူသနှင့် ယခုမောင့်ကို ရှာဖွေရန်ခွင့်ပြုတော်မူလိုက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မေဖုရားထံလဲရောက်ရင်း မြတ်လေးပန်းများလည်း ရှာဖွေရင်းဆိုသလို ရောက်လာရခြင်း ဖြစ်တဲ့အတွက် ဒီကအပြန်မှာ ရွှေကိုယ်တော်ဆက်စရာ မြတ်လေးပန်းပါမှဖြစ်မှာကြောင့်..."

တော်။ ။"သြော်...အံ့ပါလေရောမောင်မောင်ရယ်၊ ဒီအခါ ဒီရာသီမယ် ဘယ်ကလာ၍ မြတ်လေးပန်းရနိုင်မည်တုန်း မောင်ရဲ့။ မောင့်ရွှေကိုယ်တော်ဖျားကလည်း ကြံကြံဖန်ဖန် လိုမှ လိုတော်မူ တတ်ပလေတယ်"

ငယ်။ ။"ဒီကိစ္စအရှုပ်အရှင်းက မောင်တို့ လူပျိုတော်အချင်းချင်းတွေမှ သိပါတယ် မေဖုရား ရဲ့။ အကျယ်အပွားတော့ အစီရင်ခံမနေပါစေနှင့်၊ မြတ်လေးပန်းဆိုတာ အခါရာသီနှင့် ပွင့်သော်လည်း အနောက်ပိုင်းမင်းမိန်းမများ အဆောင်တစ်ပိုက်မှာ ဆယ့်နှစ်ရာသီပွင့်တတ် တဲ့မြတ်လေးပင်များရှိသည်ဟု သိရပါသည်။ ဒါကြောင့်မေဖုရားအခစားဝင်ရင်း အနည်း အကျဉ်းရအောင် ဆောင်ကြည့်ပေးနိုင်မလားလို့ အသနားခံချင်တာပါပဲ။ မောင့်မှာမေဖုရား တို့ထံရောက်ချင်တာနှင့် အိမ်ပြန်ပြီးရအောင်ရှာ၍ ဆက်ပါမယ်လို့ အာမခံလာမိပြီ မေဖုရားရဲ့"

တော်။ ။"ဖြစ်ရလေမောင်မောင်ရယ်၊ အကယ်၍ ပန်းမရမှဖြင့် မောင့်မောင့်စကားနှင့် မောင်မောင် အား ပြန်မိနေတော့မည်။ ဆယ်နှစ်ရာသီ မြတ်လေးပင်က ဘယ်အဆောင်နား မှာရှိသည်တုန်း မောင်ရဲ့"

ငယ်။ ။"ဘယ်အဆောင်နားမှာ ရှိသည်ဆိုတာတော့ အတတ်မပြောနိုင်ပါ။ အနောက်ဆောင် ပိုင်းမှာ ရှိသည် ဟုသာ သိရပါတယ်။ သြော်...မောင်စဉ်းမိပါပြီ မေဖုရားရဲ့။ ဆယ့်နှစ်ရာသီ ပွင့်သောမြတ်လေးပင်များမှာ ထူးကဲ မွှန်မြတ်သည့် ပန်းပင်မျိုးဖြစ်ပါသည့်အတွက် သာမန် မိဖုရားများအဆောင်တစ်ပိုက်တွင် စိုက်ပျိုး ထားမည့်မထင်ပါ။ ဘုန်းတော်ကြီးလှသော မင်းတရားကြီးဘုရား၊ သူမတူအောင် မြတ်နိုးကြည်ဖြူ ချစ်ခင်တော် မူလှသော သမီးတော် ပင်တိုင်စံ၊ စလင်းထိပ်စုမြတ်ဖုရားတို့၏ ပင်တိုင်နန်းတော်နှင့် နတ်ရွာစံ အရှင် နန်းမတော် ကြီးအဆောင်၊

www.burmeseclassic.com

www.burmeseclassic.com

ယခုစံတော်မူသော ဆင်ဖြူမရှင် မိဖုရားခေါင်ကြီးတို့ အဆောင်နန်း သုံးခ ု ယှဉ်လျက် ရွှေနန်းတော်အနောက်ပိုင်း၏ ထပ်ဗဟိုတွင် တည်ရှိပါသည်။ ပင်တိုင်စံ စလင်းထိပ်စု ဖုရား၏ ပင်တိုင်ဆောင်တော်မှာ အဆိုပါမိဖုရားနှစ်ပါး၏ အဆောင်တော်ကြီးနှစ်ခု၏ အလယ်ကြားတွင်ရှိသဖြင့် ပင်တိုင်ဆောင်၏ ဂဲယာနှစ်ဖက်ရှိ ပန်းခုံတော်အတွင်းမှာ ၎င်းဆယ့်နှစ်ရာသီ မြတ်ပင်လေးများ မုချရှိရ ပါမည်"

တော်။ ။"ဩော်...ဟုတ်ပေသည် မောင်ရဲ့၊ ပင်တိုင်စံသမီးတော် စလင်းထိပ်စုမြတ်ဖုရားမှာ စာပေတို့နှင့်သာ အမြဲမွေ့လျော်တော်မူလေးထောင်နှင့် သမ္မုဒ္ဒေပန်းဂတ်များကို နေ့စဉ် ရည်မှန်းလှူဒါန်းတော် မူသဖြင့် ရံရွှေတော်များက ပန်းခုံတော်မှ ပန်းတော်များကို ပွင့်ရေရှစ်သောင်းလေးထောင်ပြည့်အောင် နေ့စဉ်ခူးယူပို့ဆက်ရသည်ကို ဘုန်းတော်ကြီး လှသောမင်းတရားကြီးဘုရားက နှစ်သက် အားရတော် မူလှ၍ သမီးတော်စလင်းထပ်စုဖုရား၏ပန်းခုံဥယျာဉ်တော်ကို မွန်မြတ်မွှေးကြိုင်လှသည့် ပန်းပင်မျိုးစုံ၊ အခါ ရာသီမရွေး၊ အဆက်မပြတ်ဖူးပွင့်တတ်သည့် ပန်းပေါင်းမျိုးစုံတို့ကို အထူးအမိန့်တော်နှင့် စိုက်ပျိုး ပြုပြင်ပေးစေတော်မူထားတယ်။ မေဖုရားယခုမှသတိရတယ် မောင်မောင်၊ ဧကွန္တမောင်မောင်လို တဲ့ဆယ့်နှစ်ရာသီ မြတ်လေးပန်းများ စလင်းပန်းခုံတော်မှာပဲ ရှိမည်ထင်တယ်။ နတ်ရွာစံ နန်းမတော် ဆောင်ကြီးပတ်ဂန်းကျင်မှာလည်း ရှိကောင်းကရှိပေမယ်။ အကယ်၍ နန်းမတော်ကြီးမှာ မရှိသည့် တိုင်အောင်စလင်းထိပ်စုဖုရား ပန်းခုံတော်မှာဆိုလျှင် မခဲယဉ်း ဘူးမောင်မောင်။ မေဖုရားရအောင် ဆောင်ကြဉ်းပေးနိုင်တယ်။ နတ်ရွာစံမိဖုရားခေါင်ကြီး ဖုရားနှင့် စလင်းထိပ်စုမြတ်ဖုရားတို့မှာ စရိုက်ဂါသနာတော်ချင်းတူမျှ၍ အင်မတန်မှ သဘောပြည့်ဂတော်မူသော မိန်းမဥက္ကဋ္ဌ၊ ဂုဏ်ဒြပ်နှင့် မြင့်မြတ်ထူးခြားတော်မူသူများ ဖြစ်တဲ့အတွက် မေဖုရားတို့ ရှေးအခါကပင် ထွက်ဂင်ခစားဖူးပါတယ်။ စလင်းစုဖုရား၏ စာတော်ဖတ်အပျိုတော်ကြီး ခင်နှစ်နှင့်လည်း မေဖုရားနှင့်များစွာ ချစ်ကျွမ်းဂင်သူဖြစ်ပါ တယ်။ သို့အတွက် ဘယ်နည်းနှင့်မဆို ရှိရိုးမှန်လျှင်ရရမည် မောင်ရဲ့"

ငယ်။ ။"ကျေးဇူးကြီးလှပါသည် မေဖုရား၊ မောင့်မှာလာသာလာရသည်၊ ဒီတာဂန်ကြီးကျမှ ကျပါမည်လား လို့ စိတ်ထားမဖြောင့်နိုင်သလောက်ပါပဲ"

တော်။ ။"နေစမ်းပါဦး မောင်မောင်ရယ်၊ မေဖုရားမသိ၍ မေးစမ်းပါရစေ၊ မောင်တို့သီပေါမင်း ကိုယ်တော်ကလေးက ဘောက်မဲ့ကြောင့် စလင်းပန်းခုံတော်က ပန်းကိုလိုချင်တော်မူပုံ ဆန်းရသည်တုန်း၊ မေဖုရားဖြင့် သည်မင်းသားကို တယ်၍မသင်္ကာချင်ဘူး"

ငယ်။ ။"ဘယ်လိုမသင်္ကာခြင်းပါလဲ မေဖုရားရဲ့၊ မိန့်ကြားတော်မူစမ်းပါဦး"

တော်။ ။"အို...တွေးကြည့်လျှင်အလွယ်သားပဲ မောင်ရယ်၊ မောင့်သီပေါကိုယ်တော်ကလေး ဟာ ဘယ်လိုစိတ်ထား၍ စလင်းထိပ်စုမြတ်ဖုရား ပိုင်ဆိုင်တော်မူရာ ပန်းခုံတော်မှာရှိသည့် ပန်းကို ဆင်မြန်းတော် မူချင်ရသည်ဆိုတာ အထူးပြောစရာမလိုပါဘူး၊ ဟိုကလည်းစာပေ ပိဋကတ်နံ့စပ်လိမ္မာသူ ဖြစ်ပြီးလျှင် သီပေါကိုယ်တော်ကလေးကလည်း ပိဋကတ်ရွှေကြုတ် ကို

www.burmeseclassic.com

www.burmeseclassic.com

နှုတ်အာဂုံဆောင်တော်မူနိုင်သည့် မင်းသားတစ်ပါးဖြစ်၍ ခြသေ့်ဆီသည် သိဂဏ်ရွှေခွက် ၌သာ တည်သလို စာပေပိဋကတ် တတ်ကျွမ်း လိမ္မာတော် မူသော မင်းတစ်ပါးပီပီ မိမိနှင့် အလားတူသော ပညာရှိတရားရှင် မင်းသမီးတစ်ပါးနှင့် ရွှေလမ်း ငွေလမ်းသွယ်ပြီး..."
ငယ်။ ။"(စကားမဆုံးမီလက်ကာ၍) "အို...ဒီလိုမဟုတ်ပါဘူး မေဖုရားရဲ့၊ အထင်တော် မမှားလိုက်ပါနှင့်၊ သီပေါရွှေကိုယ်တော်ဘုရားမှ မေတ္တာတော်ညွတ်နူးပြီး မင်းသမီးတစ်ပါး နှင့် ဖြစ်ပါတယ်၊ အကယ်၍ သီပေါကိုယ်တော်ဘုရားက မေဖုရားထင်တော်မူသလို လွတ်လပ်သူဖြစ်သည်ထားဦး၊ စလင်း ထိပ်စုမြတ် ဖုရားလို တရားရှင်သူတော်ကောင်း မိန်းမမြတ်တစ်ဦးက လိုက်လျောညွတ်နူးတော်မူပြီး လောကီ စည်းစိမ် မီးအရှိန်ကိုစိတ်ကူး တော်မူမည် မဟုတ်ကြောင်း၊ ရွှေကိုယ်တော်မြတ်က ကောင်းကောင်း သိရှိတော် မူပြီးဖြစ်ပါ တယ်"

တော်။ ။"သိပါဘူး မောင်မောင်ရယ်၊ နို့...တယ်လည်း အတတ်ဆန်းသကိုး။ ဘယ်နှယ့် ကြောင့် ဒီပန်းကို မရမက လိုတော်မူသည်တုန်း"
ငယ်။ ။"ရွှေကိုယ်တော်ဖျားက သည်ပန်းကို ဘယ်မှာရှိသည်ဟု သိတော်မူသည်မဟုတ်ပါ။ ဗောင်းတော်ပဂါများ အမွှေးနံ့သပ်စရာ လိုတော်မူသည်ဟု သာမန်မျှမိန့်တော်မူသည်ကို မောင်ကသာ မေဖုရားတို့အိမ် လာလိုသောကြောင့် အပြင်ထွက်ခွင့်ပေးတော် မူပါရအောင် ရှာ၍ဆက်ပါမည်ဟု ကတိ ခံမိခဲ့ခြင်းဖြစ်ပါတယ်"

တော်။ ။"သည့်နှယ်ဖြင့် ပြီးပါလေရော မောင်ရယ်၊ ကဲ...ကဲ စိတ်အေးအေးနေပါ။ မောင့်ကတိအတိုင်း ကျေကုန်အောင်ဟာ မေဖုရားအတွင်းတော် ခစားဝင်ပြီး မြတ်လေးပန်း များရူးယူ၍ ပေးပါမယ်၊ ဒါနှင့် မောင်မောင်ဒီမှာ ဘယ်နှစ်ရက်နေမည်လဲ"

ငယ်။ ။"မောင်နှစ်ရက်သုံးရက်ခန့်သာ နေခွင့်ရပါသည်ဘုရား"

တော်။ ။"ဒါဖြင့်သန်ဘက်ခါကို မေဖုရားအတွင်းတော် အခစားဝင်ပါမယ်။ စလင်းထိပ်စုမြတ် ဖုရား အဆောင်တော်ကဖြစ်စေ၊ နန်းမတော်ဆောင်ကြီးကဖြစ်စေ ရရာကရှာဖွေတောင်းခံ ယူခဲ့မယ်။ မောင်ကနောက်နေ့နံနက်စောစောမှ မောင့်သီပေါကိုယ်တော်ထံ ပြန်ပေတော့"

ငယ်။ ။"ကောင်းလှပါပြီ မေဖုရားရဲ့"

တော်။ ။"ကိုင်း...ကိုင်း လာတဲ့အခါ ပျော်ပျော်ပါးပါးနေစမ်းပါဦး မောင်ရယ်၊ ဟဲ့...မယ်ဆုံတို့ ငါ့သားဖို့ နေ့လယ်စာ အချိုပွဲအုပ်များပြင်ခဲ့ပါဟဲ့။ မိနန်းခုံက စားဖိုထဲသွား၊ အဆိမ့်အုပ်ပြင်ခဲ့ ဖို့ထမင်းချက် လေပူဒင်ကို ပြောချင်ပါဟဲ့"

မောင်မောင်ငယ်လည်း ယခုမှစကားမျှင်ပြတ်တော့သည့်အတွက် ရှေ့သို့ရောက်လာသော အချိုအုပ် အဆိမ့်အုပ်များကို လက်နှိုက်စားသုံးမိသောအခါမှ ရုတ်တရက်ခင်ခင်ကြီးကို သတိရပြီး မိမိအနီး သို့ကြည့်မိရာ မတွေ့ရဘဲရှိသည်နှင့် အံ့အားသင့်ကာ "အလို...

www.burmeseclassic.com

ခင်အကြီးဘယ်ဆီထသွားလိုက်ပါလိမ့်"ဟု ဆိုကာ အနီးအနားတွင် လှမ်းကြည့်မိလေ၏ ။ ဂန်ကတော်ကြီးလည်း "ဟုတ်ပါရဲ့၊ ခင်ကြီး ဘယ်သွား ပါလိမ့်၊ စောစောက ဒီအနားထိုင်နေ ပါကလား"

ငယ်။ ။"စောစောက မောင့်လက်မောင်း ဖက်ကိုင်ပြီးပူးပူးကပ်ကပ် ထိုင်နေရှာပါသည်၊ မေဖုရားလည်း စကားပြောနေတာမို့ သူ့ကိုသတိလစ်သွားမိတာ ဘယ်ဆီသွားပါလိမ့်မယ်"

တော်။ ။"ခင်ကြီးရေ…အလို…အောက်မှာလည်း မရှိပါကလား။ အိမ်ပေါ်ထပ်တက်သွားထင် ရဲ့၊ ဟဲ…နန်းခုံ၊ ခင်ခင်ကြီးရှိသလား။ အပေါ်ထပ်ကို သွားကြည့်ချေစမ်း၊ ရှိလျှင် မောင်မောင်ခေါ်သည်လို့ ပြောခဲ့"

နန်းခုံလည်း "မှန်လှပါဘုရား"ဟုဆိုကာ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏ ။ ဂန်ကတော် ကြီးလည်း မောင်မောင်ငယ်အား စားသောက်ဖွယ်များကို ထုတ်၍ကျေးမွေးရုံမက နှုတ်က လည်းတဖွဖွနှင့် "စားစမ်းပါ မောင်မောင်ရဲ့၊ မေဖုရားမှာ ငါ့သားကြီးကို နေ့တိုင်းနေ့တိုင်း ကျွေးချင်ပေမယ့် ကျွေးခွင့်မရဘူး၊ ယခုလို တစ်ခါတစ်ရံ ကြုံကြိုက်တဲ့အခါမှ ကျွေးမွေးရ တော့တယ်၊ လာတဲ့အခါ မေဖုရားစိတ်ကျေနပ်အောင် အားရပါးရ သုံးဆောင်စမ်းပါ မောင်မောင်ရဲ့" ဟု ချိုချိုချဉ်ချဉ် ဆိမ့်ဆိမ့်အီအီ အလီလီသော စားကောင်း သောက်ဖွယ် တို့ကိုတစ်ခုပြီး တစ်ခုတစ်ပန်းကန်ကိုင်ပြကာ မောင်မောင်ငယ်၏ ပါးစပ်ထဲသို့ ခွံ့ပေးမ တတ် အထပ်ထပ် တလဲလဲပြောဆိုတိုက်တွန်း၍ နေလေရာ မောင်မောင်ငယ်မှာလည်း မိခင်ရင်းနှင့်မခြား ငယ်စဉ် အရွယ်ကပင် ချစ်ခင်အားထားလာခဲ့သော ဂန်ကတော်ကြီးအား ရက်လအတန်ကြာ ကွဲကွာနေရာမှ တွေ့ရသဖြင့် အားရဝမ်းသာနှင့် ကျွေးသမျှအစားတို့ကို အစုံအစေ့ပင် ကျေနပ်အောင် စားသောက် နေလေ၏ ။

နန်းခုံသည် ဂန်ကတော်ကြီးအနီးသို့ ခပ်ကျုံ့ကျုံ့လာထိုင်လေရာ ဂန်ကတော်ကြီးက "ဘာလဲဟဲ့…နန်းခုံ၊ ခင်ခင်ကြီး ဘယ်မှာတုံး"ဟု မေးပြန်ရာနန်းခုံက တုန်တုန်ယင်ယင်နှင့် "ခင်ခင်အိမ်ပေါ်မှာ ရှိပါတယ်၊ ဖဲညဉ့်ခြုံကြီး ကို ခေါင်းမြီးခြုံပြီး အိပ်ရာပေါ်မှာမှောက်လျက် တလှုပ်လှုပ်တရှုံ့ရှုံ့ လုပ်နေတာကို တွေ့ရလို့ ဖုရာ့ကျွန်, က ခင်ခင့်ခြေဖျားကလေး ကိုင်ပြီးခင်ခင့် ဖုရားကျွန်မနောက်ကြိမ် ခင်ခင့်ခြေဖျား ကလေး ကိုင်ပြီး ပြောပြန်တာကို ဘာမှပြန်မပြောမှောက်၍ ခြေထောက်ချင်းပွတ်နေပါတယ်၊ ခြေသလုံး ကလေးများမှာ ခြေထောက်ချင်းပွတ်တိုင်း ရွှေခြေချင်းနဲ့ညှပ်မိလို့ နီရဲလို့နေပါပြီ။ ဖျကျွန်မတော့ ခင်ခင် တစ်ခုခုကို စိတ်တိုင်းမကျ၍စိတ်ကောက်နေသည် ထင်ပါတယ်ဘုရား"

ပြောသည်တွင် ဂန်ကတော်ကြီးများမှာ ရုတ်တရက်ထိတ်လန့်သကဲ့သို့ ဖြစ်သွားပြီး မှတ်စ တစ်ခုသတိရ၍ ပြန်ပြုံးလာကာ စိုးရိမ်စွာကြည့်နေသော မောင်မောင်ငယ်ဘက်သို့ လှည့်လျက်။

"ကိုင်း…ခင်ကြီးတော့ မောင်မောင်ကို စိတ်ခုသွားပြီထင်တယ်၊ မောင့်ကိုပြေးကြိုပြီးမှ မောင်မောင်ကို ဘာများ စိတ်ကောက်သွားတယ် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အို...ဟုတ်ပါပြီ။ မောင်ကလည်း ပြေးလာတော့ သူ့ကိုလှမ်းဖက်ရုံသာ ဖက်လိုက်နိုင်တယ်။ ဘာဘာဘုရား ဆီသွားဂတ်ချ စကားပြောနေရ၊ မေဖုရားနှင့် စကားပြောနေရနဲ့ သူ့ဘက်ကိုမှ မလှည့်အားရတော့ဘဲကိုး မေဖုရားရဲ့။ နေ...နေ မောင်သွားချော့လိုက်ပါဦးမယ်"

ဆိုကာ မောင်မောင်ငယ်သည် ဂန်ကတော်ကြီးအပါးမှ ထလာပြီး ခင်ခင်ကြီးရှိရာ အိမ်ပေါ် ထပ်သို့တက်လာခဲ့လေရာ ဂန်ကတော်ကြီးမှာလည်း ကြည့်လို့မပြီး၊ ဩရသ သားကြီးဟူသော မေတ္တာ တရားနှင့် မောင်မောင်ငယ်အား ချစ်ခင်လှသော အမူအရာနှင့် ပြုံးရွှင်စွာ ကြည့်မျှော် ကျန်ရစ်ခဲ့ရှာလေ၏ ။ မောင်မောင်ငယ် လည်း အပေါ်ထပ်သို့ရောက် သောအခါအိမ်ဦးခန်းမှ စုံကပ်လျက်အတွင်းဘက် အခန်းများ သို့ကဲ၍ ကြည့်လိုက်ရာ အလယ်ဆောင်ရှိ ဂန်ကတော်ကြီး၏ အိပ်ရာပေါ်တွင် ဖဲညှို့ခြုံကြီးကို ခေါင်းမြီးခြုံလျက် မှောက်၍တတွန့်တွန့်တလိမ်လိမ်ဖြစ်နေသော ခင်ခင်ကြီးကိုတွေ့ရသောကြောင့် အသာ အယာ အနီးသို့ ကပ်သွားပြီးလျှင် ပခုံးလေးကိုယုယစွာ လှုပ်ကိုင်လျက်။

"ခင်ရေ...ခင်အကြီး၊ ဘာဖြစ်နေသည်တုံး၊ ထပါ၊ အစ်ကိုကြီးနှင့်အတူ အချိုအုပ်စားမယ် ခင်ရဲ့။ ခင်ဘယ်အချိန်က အစ်ကို့အနားက ထ, သွားသတုံးကွဲ့"

ပြောကာယုယစွာ ပွေ့၍ခေါ်လာ၏ ။ ခင်ခင်ကြီးလည်း ခေါင်းကိုစောင်ခြုံထဲမှ မဖွင့်ဘဲ မှောက်လျက်ကပ်ပေမြဲ ကပ်ပေ၍ နေပြန်သည်တွင် မောင်မောင်ငယ်က။

"အို...ခင်ခင်ကြီးဘာဖြစ်သလဲ၊ ထကွယ်၊ ဘယ့်နှယ့်လဲ ခင်ရဲ့။ အစ်ကို့ကိုကောက်တော်မူ တယ်ပေါ့လေ၊ အစ်ကိုက ခင်အကြီးမကြိုက်တာ ဘာများပြုမိသတုံးကွဲ့၊ ကဲ...ကဲဒါလေက် ကော်တော်မူရရင် ကျေနပ် ရောပေါ့၊ လာပါ၊ ကြည့်စမ်းတော့လေ။ ဖဲညှို့ခြုံကြီးနဲ့ ခေါင်းကို ဖုံးထားလိုက်တာ၊ မမွန်းဘူးလား ခင်ရယ်"

ဆို၍ညှို့ခြုံကို ခေါင်းမှ ခွာယူလိုက်သည်တွင် ခင်ခင်ကြီး၏ ချွေးတွေသံတွေနှင့် နီမြန်းနေ သောမျက်နှာ ကလေးကို လှစ်ခနဲသာမြင်လိုက်ရပြီး ညှို့ခြုံထဲတွင် ဖွတ်ပုက်ထားလိုက်ပြန် သောကြောင့်။

ထပ်မံ ချော့ပြန်ရာ ဖဲညှို့ခြုံကို တင်းကျပ်စွာ ပြန်ခြုံထားသောအတွင်းမှ။

"အင့်ဟင့်... မထပါဘူး၊ အစ်ကိုကြီးလည်း ခင်မခေါ်လိုတော့ဘူး"

ဟူသောအသံကို ကြားရလေ၏ ။ မောင်မောင်ငယ်လည်း ခင်ခင်ကြီး၏ စူအောင့်အောင့်နှင့် စိတ်ကောက်သံကလေးကို ကြားရပြန်သည်တွင် ငယ်စဉ်ကနှင့် ဘာမျှမခြားနားသေးသော ခင်ခင်ကြီး၏ အပြုအမူများက ချစ်အားကို တစ်မျိုးတက်စေတော့လျက် ညှို့ခြုံပေါ်မှ သေးကွေးသော ကိုယ်ကလေးကို သိမ်းပိုက်ဖက်ပွေ့ကာ။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုမှာ ဘာအပြစ်ရှိလို့တုံးခင်ရဲ့၊ အပြစ်ရှိတာကို သိအောင်ပြောပြီးမှ စိတ်ကောက် တော်မူမှပေါ့။ ယခုတော့ ဘာမသိ ညာမသိနှင့် ခင်အကြီးစိတ်ဆိုးခံရတာ၊ အစ်ကို စိတ်မကောင်းပါဘူး၊ ပြောစမ်းပါဦး ခင်ရဲ့"

ခင်ခင်ကြီးကား ညည့်ခြံထဲမှနေကာ ငိုသံပါနှင့်။

"အစ်ကို့အပြစ်ကို အစ်ကိုစဉ်းစားတော်မူရင် သိမှာပ၊ ခင့်ကို မေးဖို့ကမလိုပါဘူး"

ပြောမှမောင်မောင်ငယ် စဉ်းစားကာ ပြုံးလာပြီးလျှင်။

"သြော်...အစ်ကိုသိပါပြီ၊ အစ်ကိုရောက်လာလာချင်း ခင့်ကိုစကားမပြောလို့လား။ ဒါကို စိတ်မကောက်ပါနှင့် ခင်အကြီးရယ်၊ အစ်ကိုကစကားမပြောလို၍ မဟုတ်ပါဘူး၊ ဘဘ ဘုရားနှင့် မေဖုရားတို့က မေးမြန်းနေတဲ့ စကားတွေကို စေ့ငှအောင်ဖြေဆိုနေတာ ခင်အသိ သားမဟုတ်လား။ အစ်ကိုက ခင်အကြီးပြေးလာပြီး ကြိုဆိုကတည်း ကပင် အားရပါးရ စကားတွေပြောချင်တာပေါ့။ ကဲ...ကဲဒီအပြစ်ကို ကျေနပ်ပါတော့၊ အစ်ကို တောင်းပန်ပါ တယ်"

"အို...ဒီဟာကြောင့်မဟုတ်ပါဘူး၊ ဘဘဘုရားတို့နှင့် စကားပြောနေတာကို ခင်နားလည်ပါ တယ်"

"သို့ဖြင့်ဘာကြောင့်တုံး ခင်ရဲ့။ အစ်ကိုသိအောင် ဖွင့်လို့ပြောလိုက်ပါတော့၊ ကဲ...ပြောစမ်း ပါ ဒီညည့်ခြံကြီး ကိုလည်း ဖယ်လိုက်ပါတော့။ အထဲကနေပြီး စကားပြောနေရတာ မွန်းလှ ပါရော့မယ်"

"ဖွင့်လည်း မဖွင့်လိုပါ၊ ပြောလည်း မပြောလိုပါ။ အစ်ကို့ကတိကို အစ်ကိုပင် ဖျက်ပစ်၍ သတိမရတာကို ခင်ဖွင့်ပြောလို့လည်း အပိုပါပဲ"

"အဲဒါမှခက်တော့တယ်။ အစ်ကိုလည်းဘာမှစဉ်းစား၍မရဘူး။ ခင်အကြီးက ဖွင့်ပြောပါ တောင်းပန်တာလည်းမရ၊ အစ်ကိုတော့ စိတ်ညစ်လှတယ်။ အတွင်းတော်မှာ ခစားရတာ ကျပ်တည်း လွန်းလို့ ကိုယ့်နမလေးနဲ့ ပျော်ပျော်ပါးပါးနေရမလားထင်၍ လာမိတယ်။ ယခုမှမပျော်ရတဲ့အပြင် အင်မတန် စိတ်ညစ်ဖို့ကောင်းတော့တယ်။ အစ်ကိုကတော့ နမကလေးကို တွေ့ချင်လွန်းလှ့ တွေ့ရတော့ မယ်ဟဲ့ဆိုပြီး အားရဝမ်းသာလာခဲ့ရတယ်။ ဒီရောက်တော့ ခင်အကြီးက အစ်ကို့ကို မတရားအပြစ်ရှာပြီး စိတ်ခု မာန်စုပြု၍ နေတော့ အစ်ကိုတော့စိတ်မချမ်းသာဘူး။ အခုပဲ အိမ်တော်သို့ ပြန်ပါတော့ ခင်ရဲ့"

ခနဲ့၍ ပြောလိုက်သည်တွင် ခင်ခင်ကြီးမှာ ဖျတ်ခနဲညည့်ခြံကို လှစ်လိုက်ခါ။

www.burmeseclassic.com

"ဟင်...အစ်ကိုပြောတတ်လေတယ်။ ခင်ကအစ်ကို့ကို အပြစ်ရှာတာမဟုတ်ပါ။ အစ်ကိုက ခင်မှာသည့် ရွှေဟင်္သာရုပ်ကလေး ယူမလာတာကိုတော့ မပြောဘူးလား။ ခင်ကအစ်ကို လာရင် ရွှေဟင်္သာရုပ်ကလေး ယူမလာတာ ကိုတော့ မပြောဘူးလား။ အစ်ကိုလာတော့ ပါ၍မလာသည်မှာ ခင်အကြီးအပြစ်လား၊ အစ်ကို အပြစ်လား စဉ်းစားပါဦး"

နွဲ့သံနှင့်ပြောကာ နီထွေးထွေးဖြစ်နေသော မျက်နှာကလေးနှင့် မောင်မောင်ငယ်အား အမှတ်မဲ့ စိုက်ကြည့် နေရှာ၏။

မောင်မောင်ငယ်ကား အားရပါးရရယ်မောကာမျက်နှာကလေး နီနီရဲရဲ၊ မျက်လုံးတွင် မျက်ရည် ကလေးရွဲ လျက် ကြက်မြီးရွှေကတော့စွပ် ဆံတိုကလေးဖရိုဖရဲဖြစ်နေရှာသော ခင်ခင်ကြီးကို နမယ်ရင်း ချာစိတ်ထား နှင့် ချစ်အားသန်စွ ပိုက်ဖက်၍ မျက်နှာပေါ်တွင်ရှိ သောဆံစကလေးများကို ဘေးသို့ ဖယ်ရှားပေးရင်း။

"ခင်အကြီးက စိတ်ကောက်အရင်လိုတာကိုး။ အစ်ကို့ကိုများ ရွှေဟင်္သာရုပ်ကလေးပါ သလား မပါဘူးလား ဆိုတာ စုံစမ်းပါဦးတော့လား"

"စုံစမ်းနေဖို့မလိုပါဘူး၊ အစ်ကိုမေဖုရားနှင့် စကားပြောနေစဉ်က ခင်ကြီးအစ်ကို့တရုတ် အကျီင်္ အိတ်ထောင် ထဲမှာ နှိုက်၍ရှာပြီးပါ။ မတွေ့လို့သာ ယခုစိတ်ကောက်တာပဲ အစ်ကိုရဲ့"

"အဲဒါခင်အကြီး မှားတာ၊ သေသေချာချာမှ မရှာဘဲကိုး"

"အို...ဒါဖြင့် ရွှေဟင်္သာရုပ်လေး ပါလာခဲ့သလားအစ်ကိုရဲ့"

ဆိုကာခင်ခင်ကြီး မျက်နှာကလေးမှာ ပြုံးရွှင်ကြည်လင်၍ လာ၏ ။မောင်မောင်ငယ်က စလိုပြန်သည်နှင့်။

"မပါခဲ့ဘူး ခင်ရဲ့"

ပြောလိုက်သည်တွင် ခင်ခင်ကြီးမှာ ငယ်ရွယ်သူ အကလေးအရွယ်ဖြစ်သောကြောင့် ပြေလွယ်၊ ပျောက်လွယ်၊ ကောက်လွယ်၊ ကွေးလွယ် ဖြစ်ရကား ရုတ်တရက်မျက်နှာကလေး ပျက်သွားပြန်ပြီ။

"ကဲ...ခင်အကြီး စိတ်ကောက်တော့ ကောက်တယ်တဲ့။ အခုရွှေဟင်္သာရုပ်ကလေး မယူလာဘူး မဟုတ်လား။ အစ်ကိုစကားနှင့်အစ်ကိုပဲ။ အစကတည် အဲဒီရွှေဟင်္သာရုပ် ကလေးလှတဲ့အကြောင်း အစ်ကို့ ကို သီပေါရွှေကိုယ်တော်ဘုရားက ဆုလာဘ်အဖြစ် သနားတော်ခံရကြောင်း အစ်ကိုပဲပြောတယ်။ နို့ပြီး တော့ ဒီအရုပ်ကလေးကို ခင်အကြီး ကစားဖို့ ပေးမယ်ဆိုတာလည်း အစ်ကိုကြီးပဲ စ၍ပြောတယ်။ နောက်တစ်ခါ လာရင် ယူလာမယ်လို့ အစ်ကိုပဲကတိခံသွားတယ်။ ခင်ကြီးကတော့ အဟုတ်မတ်လို့ ရွှေဟင်္သာ ရုပ်ကလေးလိုချင်လွန်းလို့ မျှော်လိုက်ရတာ၊

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးလာလျှင် ပါလာမှာပဲ။ အစ်ကိုကြီး မေ့မှာ မဟုတ်ဘူး။ ခင်ကြီးဖို့သတိတရယူလာမှာဆိုပြီး မျှော်လိုက်ရတဲ့ နေ့တွေ၊ ရက်တွေ ဘယ်လောက် ကြာပြီ ထင်သလဲ။တစ်ခါတလေများ စိတ်စွဲအားကြီး၍ အိပ်မက်ထဲမှာပင် ရွှေဟင်္သာ ရုပ်ကလေးနှင့် မကြာခဏ ကစား ရတယ်လို့ အိပ်မက်ပါတယ်။ ခင်ကြီး ဒီလောက်စွဲလမ်းနေပါလျက် အစ်ကိုလာသောအခါ မပါဘူး ဆိုရင် အစ်ကိုဖြစ်လျှင် စိတ်မခုဘဲ နေပါတော့ မလား"

ပြောကာ ပြောရင်း ဝမ်းနည်းလာသဖြင့် ငိုသံကလေးများပါလာပြီး မျက်ရည်များလည်း တစ်ပါတည်း လိုက်လာ ပြန်သောကြောင့် ပုံထားသော ဖဲသည့်ခြုံကြီးပေါ် လှဲအိပ်လိုက်ကာ မျက်နှာကို မှောက်ထား ပြန်သည်တွင် မောင်မောင်ငယ်က ခင်ခင်ကြီးအား ပုခက်တွင်းက ကလေးငယ်များကဲ့သို့ ပွေ့ချီလိုက်ကာ။

"ဟဲ...ဟဲ ခင်အကြီးကကွယ် ငိုတယ်လား၊ အစ်ကိုအလကားကျီစယ်တာပါ၊ မငိုပါနဲ့၊ အစ်ကိုမယူလာဘဲ နေမလား၊ ဟောဒီမှာကြည့်စမ်း၊ ဒါဘာလဲ"

ပြောသော်ည်း ခင်ခင်ကြီးက ရုတ်တရက်မကြည့်ဘဲ မောင်မောင်ငယ်၏ ရင်ဘတ်တွင် မျက်နှာအပ်၍ ပုက်ထားရာက လှည့်မကြည့်တော့ဘဲ။

"အိုး...အစ်ကို လိမ်ပြောတာပါ၊ မကြည့်လိုပါဘူး"

"တကယ်ပါခင်ရဲ့ မလိမ်ပါဘူး၊ ဟောဒီမှာကြည့်၊ ရွှေဟင်္သာရုပ်ကလေးမှ လှကလှသနဲ့ အမြီး အတောင် ကလေး တွေလည်း ကော့ပျံ၍ နေတော့တယ် ခင်ရဲ့"

"လိမ်တာပါ၊ ခင်ကြီးအိတ်ထောင်ထဲမှာ ရှာပြီးပါပြီ၊ မတွေ့ရပါဘူး"

"ခင်ရှာတဲ့အိတ်ထောင်မှာ မူလကမှ ထည့်မလာဘဲ၊ ခင့်အဖို့အမြတ်တနိုးထားတဲ့ ပစ္စည်းကလေးဖြစ်တော့ မတော်တဆ ပျောက်ရှရှိမှာစိုး၍ အစ်ကို့ခါးပုံစထဲမှာ သေသေ ချာချာမှတ်မှတ်ရရထည့်၍ ယူလာခဲ့ရတယ် ခင်ရဲ့၊ တကယ်ပါ၊ မျက်နှာလှည့်ကြည့်စမ်း ပါဦး"

ဆိုလျက် မိမိပုဆိုးခါးပုံစငယ်တွင် ကျစ်ကျစ်ပါအောင် ရစ်လိမ်ထည့်လာသည့်အထဲမှ ခဲယဉ်စွာ ဖြေယူ၍ ပြလျှင် ခင်ခင်ကြီးလည်း မောင်မောင်ငယ်စကားအရ ရင်ခွင်မှမျက်နှာကို ဖော်ကာ လှည့်ကြည့် မိရာတွင် အကယ်ပင် လက်နှစ်သစ်ခန့်ရှိသော ရွှေဟင်္သာရုပ်ငယ်ကို တွေ့မြင်ရ သောကြောင့် မျက်နှာ ကလေး ပြုံးရွှင်လာပြီး မောင်မောင်ငယ်၏ ရင်ခွင်ထဲတွင် ထ၍ ထိုင်လေတော့၏ ။

"ကိုင်း... ယုံကြည်ပြီလား ခင်အကြီး။ ကဲ...ရော့ယူတော်မူပါ၊ အစ်ကိုက ပါပါတယ်ဆိုသည် ကိုပင် မယုံချင် သေးဘူး ထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဆို၍ လှမ်းပေးသည်တွင် ခင်ခင်ကြီးလည်း ဟင်္သာရုပ်ကလေးကို ယူ၍ပြုံးပြုံးကလေးကြည့် ပြီး သဘော အကျကြီးကျ၍ နေရာမှ မောင်မောင်ငယ်ကို ကျေးဇူးတင်စွာနှင့် မော့ကြည့် ပြီးလျှင်...

"အစ်ကို့ ရွှေဟင်္သာရုပ်ကလေးက အင်မတန်လှတယ်နော်။ မျက်လုံးကလေး နှစ်ဖက်က ပတ္တမြားကလေး တပ်ထားတော့ သာ၍ ကြည့်လှတာပဲအစ်ကိုရဲ့။ အစ်ကိုကလည်း အစက ပေးလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ ခင်ကြီးလည်း အစ်ကို့ကိုစိတ်မကောက်ရ လေဘူး"

"အစ်ကိုကခင်အကြီးကို ကျီစယ်လိုလို့မမေးလျှင် မပေးသေးဘဲထားခဲ့တယ်။ ခင်ကမမေး ဘဲနဲ့ စိတ်ကောက် နှင့်တယ်။ ယခုကျေနပ်ပြီလား ခင်ရဲ့၊ ကြည့်စမ်းပ၊ စိတ်ကောက်ရတာ ညဉ့်ခြံထဲမှာ ကွေ့ကောက် နေရတာနှင့် တစ်ကိုယ်လုံးလည်း ချွေးတွေသံတွေ ရွှဲ၍နေတော့ သည်။ မျက်နှာ ကလေး လည်း နီရဲ၍နေတော့သည်။ ရွှေဆံစည်းကလေးလည်း ပြေပြီ၊ ဆံပင်ကလေးတွေလည်း ကသီကရီ ကျ၍ နေတော့တယ်၊ ထ၍ပြင်ဆင်ပါဦး ခင်ရဲ့"

"နေပါစေ အစ်ကိုကြီးငယ်၊ ခင်သည်ရွှေဟင်္သာရုပ်ကလေးကို အင်မတန်ချစ်လှပါတယ်။ အစ်ကို ဒီအရုပ် ကလေး ကို သီပေါရွှေကိုယ်တော်က ဘာလုပ်မို့ သနားတော်မူသတဲ့တုံး"

"ဆုတော် လာဘ်တော်အဖြစ်နှင့် သနားတော်မူတာပေါ့ ခင်ရဲ့"

"ဒါကိုတော့ သိပါရဲ့၊ အစ်ကိုတို့သီပေါရွှေကိုယ်တော်က ဘယ်လိုအသုံးမျိုးကြောင့် ဒီရွှေဟင်္သာ ရုပ် ကလေးကို လုပ်တော်မူထားရတယ်ဆိုတာ သိလို၍မေးတာပါ အစ်ကိုရဲ့"

"ရွှေကိုယ်တော်ထံမှာ ဤကဲ့သို့ ရွှေရုပ်လုံး၊ ငွေရုပ်လုံး၊ ရွှေမန်ကျည်းတောင့်၊ ငွေမန်ကျည်းတောင့်၊ ရွှေချူလုံး၊ ငွေချူလုံးတွေ မှန်စီရွှေချအုပ်နှင့် တစ်လုံးရှိတော်မူတယ် ခင်ရဲ့"

"သြော်...ဒါဖြင့် အစ်ကိုကြီးတို့ ရွှေကိုယ်တော်ထံမှာ အများကြီးရှိတယ် ဆိုပါတော့၊ ဒါပဲ ရွှေကိုယ်တော်က အပြုမဲ့ ဒီအရုပ်တွေ၊ ချူလုံးတွေလုပ်၍ ထားရသတုံး အစ်ကိုရဲ့"

"လုပ်ထားတာ မဟုတ်ဘူးခင်ရဲ့၊ အစ်ကိုတို့ သီပေါရွှေကိုယ်တော်ဘုရား သုံးနှစ်တိုင် ဆက်လက်၍ သုဓမ္မာစာပွဲတော်မှာ ပထမပြန်ဆိုတော်မူစဉ်က ပညာဆုအဖြစ်နှင့် ရွှေနန်းရှင် မင်းတရားကြီး ဘုရား နှင့်တကွ မင်းမိဖုရားဆွေတော် မျိုးတော်များ မှူးကြီး မတ်ကြီး မတ်ရာ သေနာပတိမှစ၍ မြို့စား, ရွာစား, စော်ဘွား, စော်ခံများကပါ အသီးအသီး တတ်စွမ်းသမျှ ပိုင်းဂန်း ချီးမြှောက်ကြသော ပညာဆုတော် များ ဖြစ်တယ်။ ဒါတွေကို အစ်ကိုတို့ ရွှေကိုယ်တော်ဘုရားက အုပ်နဲ့ ထည့်၍သိမ်းဆည်းထားပြီး အလှူ အတန်း ပြုစရာရှိက ပြုတော်မူတယ်၊ အစ်ကိုတို့လို အမှုထမ်း များကို ချီးမြှင့်ပေးကမ်းစရာ ရှိတဲ့အခါ လည်းပေးကမ်း ထောက်ပံ့တော်မူတယ်၊ ဒီဟင်္သာရုပ် ကလေး ကိုလည်း အစ်ကိုတို့ ရွှေကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားက စာဆိုတော်များ ရေးသား စေခိုင်းတော် မူရာမှာ သဘောတော် ကျ၍ ချီးမြှင့်ပေးကမ်း တော်မူခြင်း ဖြစ်တယ် ခင်ရဲ့"

"သြော်...ဒါဖြင့် အစ်ကိုကြီးတို့ ရွှေကိုယ်တော်ထံမှာ ဒီအရုပ်မျိုးတွေ အများကြီးရှိသေး တယ်ဆိုပါတော့၊ ဒါတွေ ဘယ်ပန်းတိမ်တော်များက လုပ်ပါလိမ့်နော်"

"ရှမ်းစော်ဘွားများ ဆက်သတာနှင့်တူပါတယ်၊ ရွှေခြသေ့်ရုပ်ကလေးတွေ၊ တိုးနယားရုပ် ကလေးတွေ၊ ရွှေဥဒေါင်း ရုပ်ကလေးတွေ စုံလို့နေတာပဲ ခင်ရဲ့"

"ဟင်...ဒီအရုပ်ကလေးတွေ ခင်လိုချင်ပါဘိတယ် အစ်ကိုရယ်၊ အစ်ကိုတို့ မင်းသားဆီမှာ နောက်ထပ် တောင်းပေးပါလား"

"ဟာ....အစ်ကို ဘယ်မှာတောင်းပွံ့မလဲ ခင်ရဲ့"

"နို့...အစ်ကိုတို့မင်းသားက အလွန်သဘောကောင်းတော်မူတယ်ဆို"

"အို...သဘောကောင်း တော်မူပေတဲ့ ဘယ်မှာ တောင်းပွံ့မတုံးခင်ရဲ့။ လိုချင်လျှင် ခင်လိုက်ပြီး တောင်းလှည့် ပါလား"

"အမယ်...မလုပ်ပါနှင့်အစ်ကိုရာ၊ ကြောက်ပါဘိတယ် အစ်ကိုတို့ မင်းသားက နှုတ်ခမ်းမွေးကြီး ထောင် ထောက်၊ မျက်မှောင်ကုတ်ကုတ်နှင့်၊ ဟဲ့...ကောင်မလေး၊ ဘာလုပ်လိုက်လာ သလဲဟဲ့လို့ မေးရင် ဘယ်နှယ့် လုပ်ပ"

မင်းသားကြီး မေးဟန်မျိုးအတိုင်း မျက်လုံးကလေးပြူးလျက် မျက်နှာထိမျက်နှာထားနှင့်။ အာလုပ်သံ ပါပါ ပြောပြလိုက် သောအခါ မောင်မောင်ငယ်မှာ အူနာအောင် ရယ်မောလျက်။

"အမယ်လေး ဟဲ့၊ ခင်ပြောလည်း ပြောတတ်သကွဲ့၊ ဒါပေတဲ့ အစ်ကိုတို့သီပေါ်ရွှေကိုယ် တော်ကခင်အကြီး ထင်သလို နှုတ်ခမ်းမွေးထောင်ထောင်နှင့် ကြောက်စရာကောင်းအောင် အသက် မကြီးသေးပါဘူး၊ အစ်ကိုတို့ အရွယ် ဖြူဖြူတုတ်တုတ်နှင့် ချစ်စရာရုပ်ရည်မျိုးပဲ၊ အင်မတန်လည်း ကျက်သရေ ရှိပါတယ် ခင်ရဲ့"

ပြောရာ ခင်ခင်ကြီးက မယုံကြည်လေဟန်နှင့် မဲ့ရွဲ့ပြီး။

"အောင်မာ...ခင်သိပါတယ် အစ်ကိုရာ။ မင်းသားဆိုရင် ကြောက်စရာကြီးတွေနေမှာပါ။ ခင်ကြီးငယ်ငယ်က နှစ်သစ် ကန်တော့ခံပွဲရှိတာနှင့် ရွှေနန်းတော်ထဲ မေဖုရားနှင့်လိုက်သွား ဖူးပါတယ်။ လက်ဝဲမင်းခမ်း တော်အနီး မှာ အဲဒီမင်းသားကြီးဆိုတဲ့ လူကြီးတွေမြင်ခဲ့ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

မကွ္ခရာကိုယ်တော်ကြီးတို့၊ မြင်ကွန်း ကိုယ်တော်ကြီး တို့ ဆိုတာလေ၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ အစ်ကိုလည်း သိသားနဲ့"

(မောင်မောင်ငယ်က ပြုံးကာ) "မြင်ကွန်းကိုယ်တော်ကြီး မြင်တာနှင့်ခင်အကြီးက တထစ်ချ မှတ်တော်မမူပါနဲ့ကွယ်။ အစ်ကိုတို့ သီပေါ်ရွှေကိုယ်တော်က အဲဒီမင်းသားကြီးတွေလို အသက်လည်းမကြီးသေးဘူး၊ စိတ်လည်းထက်မြက်တော်မမူပါဘူး။ အင်မတန်သိမ်မွေ့ နူးညံ့တော်မူပါတယ်"

"အို... အစ်ကို့မင်းသားကို အစ်ကိုဘယ်လိုပဲ ချီးမွမ်းပေမယ့် ခင်ကြီးတော့ ကြောက်တာပါပဲ၊ မလိုက်ပွဲပါဘူး၊ အစ်ကို့မင်းသားထံက ရွှေရုပ်ကလေးများကို အစ်ကိုဘာသာရအောင်သာ ကြံယူလာပါတော့"

"အင်း...နောက်တစ်ကြိမ်ဆုသနားတော်မြတ်ခံရလျှင် ခင်အကြီးရရောပေါ့ ဟုတ်လား"

"ဟင်း...နောက်တစ်ကြိမ်ဆိုပါလျှင် အစ်ကိုတော်တော်နှင့် လာဦးမည်မထင်၊ ခုလိုရက်လ တွေ အကြာကြီး အစ်ကိုမပေါ်လာဘဲနေလျှင် ဘယ့်နှယ့်လုပ်ပ"

"မကြာရစေပါဘူး ခင်ရဲ့၊ လာမှာပေါ့၊ အစ်ကိုလာတော့သာ ခင်ကယခုလို စိတ်လုပ်၍နေ တော်မူပါ"

"ဟ...နောက်တစ်ခါမလုပ်ပါဘူး၊ အစ်ကိုရယ်၊ ဒါနှင့် ယခုအစ်ကိုဘာကြောင့် ခင်ကြီးတို့ထံ မလာဘဲ ကြာကြာကြီးနေတော်မူသတုံး"

"မအားမလပ်၍ မလာရတာဘဲ ခင်ရဲ့၊ အစ်ကိုတို့ ရွှေကိုယ်တော်ဘုရားရဲ့ အမှုတော်များကို မရပ်မနား ရအောင် အစ်ကို့ကိုသာ ခိုင်းတော်မူနေသည် ထင်ပါရဲ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ခင်၊ အခြားလူပျိုတော်များလည်း ကိုယ်နဲ့ဆိုင်ရာ ဆိုင်ရာအမှု တော်တွေကို ထမ်းဆောင်နေကြရပါတယ်"

"ဒါဖြင့်ဟိုမှာ လူပျိုတော်သားတွေ ရှိသားပဲ၊ သည်တစ်ခါခင်ကြီးတို့ထံမှာ အတော်ကြာရ အောင်နေရ မယ်နော်"

"အစ်ကို့သဘောကတော့ မပြန်ဘဲပင် နေချင်ပါဘိတယ်၊ သို့ရာတွင် မင်းခစားယောကျ်ား တို့မည်သည်မှာ ကိုယ်စိုး ကိုယ်ပိုင်နေနိုင်သည့် လွတ်လပ်ခွင့်မရကြဘူး ခင်အကြီးရဲ့၊ ယခုတောင်မှ သုံးရက်တာလောက် အတော်ပင် ကြံဖန်ခွင့်တောင်းလာခဲ့ရပါတယ်"

www.burmeseclassic.com

"ဟင်...သည်လိုဖြင့် အစ်ကိုသုံးရက်ပြင်ပို၍ ကြာကြာမနေနိုင်ဘူးဆိုတာ ခင်ကြီးကြံစည် ထားမျှ အလကားဖြစ်ရတော့မည် အစ်ကိုရဲ့"

"ခင်က ဘာများကြံစည်ထားရသတုံး"

"အခြားတော့မဟုတ်ပါ။ သည်တစ်ကြိမ် အစ်ကိုသာလျှင် ခင်ကြီးအစ်ကိုနှင့်ရန်ကင်း တောင်၊ မန္တလေးတောင် များ သို့ ဘုရားဖူးရန်သွားမည်။ တောင်သမန်အင်းနှင့်တက်သေး အင်း၊ ဇောင်ကလော ကန်၊ နန္ဒာကန်တွေကိုလည်း ထမင်းမြိန်စား သွားမည်လို့ မေဖုရားက မကြာခဏ ပြောထား၍ ခင်ကြီး အင်မတန်မှ သွားချင်၍နေပါသည်။ သို့အတွက် အစ်ကို လာလျှင်ဖြင့် ခင်ကြီး အလိုဆန္ဒ ပြည့်စုံရမှာပဲဆိုပြီး အမျှော်ကြီး မျှော်ခဲ့ပါသည်။ ယခုတော့ အစ်ကိုကြာရှည်နေတော်မမူနိုင်ဘူးဆို၍ ခင်ကြီး သွားရတော့မယ် မဟုတ်လို့ ဂမ်းနည်းတာ ပါပဲ အစ်ကိုရယ်"

"အို...ဂမ်းနည်းပါနဲ့ ခင်ရယ်၊ ခင်သွားချင်လျှင် နက်ဖြန်ကို အစ်ကိုလိုက်၍ပို့ပါမယ်၊ သို့သော် ဘဘဘုရား နှင့် မေမေဖုရားက ရွှေနန်းတော်ထဲ နက်ဖြန်အခစားဝင်တော်မူရ လိမ့်မယ်။ သည်တော့ အစ်ကိုရယ်၊ ခင်အကြီးရယ်၊ နန်းခံတို့၊ မယ်ဆုံတို့ရယ် လှည်းသမားငနွဲရယ်၊ စားဖွယ်သောက်ဖွယ်များ ယူသွားကြမယ်၊ သည်တော့ခင်အကြီး သွားချင်သည့်ဌာနတွေကလည်း များလှတယ်၊ တစ်နေ့တည်းနဲ့ နံ့စပ်အောင် သွားနိုင်ကြ မယ် မဟုတ်ဘူး။ ဒါကြောင့် ခင် သွားချင် ရောက်ချင် သည်က ဌာနထဲမှာ အကောင်းဆုံး နေရာတစ်ခုကို ရွေးချယ်ပြီး အစ်ကို့ကိုပြောစမ်းပါဦး"

"တကယ်လိုက်ပို့မှာမို့ ပြောနေတာလား အစ်ကိုရဲ့"

"တကယ်ပို့ပါမယ်ဗျား၊ ခင်သွားချင်သည့် ဌာနကိုသာ ပြောပါ"

"ခင်သွားချင်သည်မှာတော့ စုံလို့ပါပဲ၊ မန္တလေးတောင် ဗျာဒိတ်ပေးကိုယ်တော်ကြီးကိုလည်း ဖူးချင်ပါတယ်၊ ရန်ကင်းတောင်ငါးရံ့မင်းတွင်းကိုလည်း ဆင်းချင်ပါတယ်၊ ဇောင်းကလော ကန်နန္ဒာကန်များကိုလည်း သွားချင်ရဲ့၊ တက်သေးအင်းနှင့် တောင်သမန်အင်းကိုလည်း ရောက်ချင်တာပဲ၊ အဲသည်လို သွားချင်သည့် ဌာနတွေထဲက တစ်ခုတည်းပြောရမည်ဆိုလျှင် တော့ ဒါနှင့် အစ်ကိုတကယ် လိုက်ပို့ရမယ်နော်"

"အို...ပို့ပါမယ်လို့ ပြောပြီးပါပြီကောခင်ရဲ့၊ သွားလိုတဲ့နေရာတစ်ခုကိုသာ ပြောပါတော့"

"ဒါဖြင့်ခင်ကြီး ပြောတော့မယ်နော်၊ ခင်ကြီးသွားချင်တာလေ တခြားနေရာတွေပိုပြီး သွားချင် တာကတော့ တောင်သမန်အင်းကို ထမင်းမြိန်စားဖို့ပါပဲ၊ တောင်သမန်ရေပြင်ပေါ်မှာ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com

"အင်း....အကောင်းသားပဲ"

"ပြီးတော့လေ...အစ်ကိုနှင့် ခင်ရယ်လေ ထမင်းမြိန်စားပြီး ရေကစားရင် ဘုရားလှူဖို့ ကြာပန်းတွေချိုး၊ ညနေစောင်းတော့ အင်းစောင်းက ကျောက်တော်ကြီးဘုရားကို လှေကလေးနဲ့သွားပြီး ဖူးမယ်နော်အစ်ကို၊ ဒီဘုရားကို ခင်ငယ်ငယ်ကတုန်းကလည်း အစ်ကိုနှင့်အတူ မေဖုရားတို့ပါ တောင်သမန်အင်းကနေပြီး လှေကလေး နဲ့သွား၍ ဖူးဖူးတာ၊ ခင်မှတ်မိသေးသည် အစ်ကိုရဲ့၊ အင်မတန်ပျော်တာပဲနော်"

မောင်မောင်ငယ်မှာ ကလေးငယ်အလား ပြောချင်သောစကားများကို လောကတကြီး ပြောနေရှာသော ခင်ခင်ကြီးကို ချစ်စနိုးမျက်နှာနှင့် ပြုံးရွှင်စွာစိုက်နားထောင်နေရာမှ မိမိ ဆယ့်လေးငါးနှစ်သားအရွယ် ကိုရင်လူထွက်စဉ် ငါးနှစ်ကျော်ခြောက်နှစ်သမီးမျှ ရှိသေး သည့် ခင်ခင်ကြီးကလေးနှင့်အတူ ဒိုင်းဂန်မင်းကြီးနှင့် ဂန်ကတော်ကြီး အခြွေအရံများပါ တောင်သမန်အင်းသို့ ပျောပျော်ပါးပါးထမင်းမြိန်စား ဘုရားလည်း ဖူးရင်း ရောက်ကြဖူးသည် တို့ကို ပြန်လည်သတိရလာမိလေ၏ ။ သည့်တွင်လည်း မိမိ၏ ကျဉ်းကျဉ်း ကျပ်ကျပ်နှင့် လွတ်လပ်ခွင့်မရသောအဖြစ်ကို တွေးမိကာ မင်းခစားမလုပ်မီ လွတ်လပ်သော ဘဝမှ သောကမရှိ ပျော်ရွှင်ခဲ့ရသည့် အရသာကို ပြန်လည်တောင့်တမိရှာသောကြောင့် ကလေး အရွယ် လူမမယ် ခင်ခင်ကြီး ပျော်ရွှင်သလို မိမိလည်းရောနှောပျော်ရွှင်ကာ လွတ်လပ်ခွင့် အရသာကလေးကို တစ်နေ့တာ ပင် ဖြစ်ကတည်း ခံစားလိုသော ဆန္ဒများ ပေါ်ပေါက်လာမိ ရှာသော ကြောင့် လိုက်လိုက် လျောလျောပင်....

"ဟုတ်ပါရဲ့၊ ခင်ပြောမှပင် အစ်ကိုတို့ငယ်စဉ်က သွားကြဖူးသည်တို့ကို သတိရမိလေတော့၊ ယခု တစ်ကြိမ် သွားလျှင် ယခင်ကလိုပဲ ပျော်ကြမယ် ခင်ရဲ့။ ကဲ...ကဲ ထပါ အောက်သို့ ဆင်းကြစို့၊ မေဖုရားကိုလည်း အစ်ကိုတို့ နံနက်စောစော သွားကြမယ့်အကြောင်း ခွင်းတောင်းရပေဦးမယ်၊ စားသောက်ဖွယ် တို့ကို လည်း စီမံခိုင်းစရာရှိသေးတယ် ခင်အကြီး ရဲ့"

ဆိုကာ မိမိရင်ခွင်ပေါ်တွင် ထိုင်နေသော ခင်ခင်ကြီးအား ကလေးငယ်များကဲ့သို့ ပခုံးနှစ်ဖက်ကို ချီမယူ၍ ထူပေးလေ၏။

ထိုအခိုက်အတန့်မှာပင် ဂန်ကတော်ကြီး၏အသံဖြင့်........

"မောင်မောင်ရေ......ခင်ခင်ကြီးက သည်လောက်ပင် ဆိုးပေနေရပေသည်လား၊ အချိုအချပ်များ သုံးဆောင် လှည့်ပါတော့"

ခေါ်သံကြားလိုက်ရသည်တွင် ......

"ကဲ.....ခင်အကြီး မေဖုရားခေါ်နေပြီ၊ လာပါ၊ အောက်ဆင်းကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com

ထပ်၍နှိုးဆော်သည်တွင် ခင်ခင်ကြီးလည်း ကလေးငယ်ပမာ ကျေနပ်ပြုံးရွှင်စွာသော မျက်နှာကလေးဖြင့် ခုန်ကာခုန်ကာ မောင်မောင်ငယ်၏ ခါးကိုဖက်လျက် နောက်က ထက်ကြပ်ပါလာလေ၏။ ဂန်ကတော်ကြီးမှာ ဆီးကြိုပြုံးရယ်ကာနှင့်.........

"ဟော.....အကောက်တောင် ဂက်ပါမကလေး ပါလာပြီ။ ကဲ.....ကဲ လာကြ ၊အချိုပွဲ ယင်အုံမယ်ကြောင့် နန်းခုံယပ်တောင်နှင့် မောင်းနေရတာကြာပြီ ။ မောင်နှမနှစ်ယောက် သုံးဆောင်ကြဦး"

ဆို၍ မောင်မောင်ငယ်လည်း ခင်ခင်ကြီးနှင့်အတူ အချိုပွဲကိုနှိုက်ရင်း။

ငယ်။ ။"မေဖုရားခင်အကြီးက မောင့်ကိုစိတ်ကောက်လို့နေ၍ အတော်ပင်ချော့ခဲ့ရပါတယ်။"

တော်။ ။"ခင်အကြီးကတော့ မောင်မောင်လာလျှင် လုပ်ပါရော့မယ်။ ဘာများစိတ်ကောက် ရသတဲ့တုံး၊ တကယ်ပါပဲ မလာမှုဖြင့်လည်း အစ်ကိုမလာမလာနှင့် တစ်မျှော်တည်းမျှော်နေ တာပဲ။ လာပြန်လျှင်လည်း ကောက်လိုက်ရ, ကွေးလိုက်ရနှင့် အရွယ်ကလေးနည်းနည်း ထောက်လာသည်ပင်၊ မောင်မောင့် အပေါ်များဖြင့် ငယ်စဉ်ကအတိုင်း ဆိုးချင်နွဲ့ချင်ရှာသေး တယ်။ မောင်မောင်တော့ သူ့ကိုချော့ရတာနှင့် မောနေပြီထင်ရဲ့"

ငယ်။ ။"ဒါတောင် အာမခံနှင့် ခေတ္တစိတ်ပြေခြင်းပါ မေဖုရား၊ လုံးလုံးစိတ်ပြေသွားခြင်း မဟုတ်သေးပါ"

ဂန်။ ။"အမယ်မင်း ဘာမှုများမို့တုံး မောင်မောင်ရယ်။"

ဂန်။ ။"မောင် အရင်တစ်ခေါက်လာစဉ်က ဆုတော်ရသည့် ရွှေဟင်္သာရုပ်ကလေးကို ယူလာမယ်ဆိုတာကို လာလာချင်း မရကောင်းလားလို့ စိတ်ကောက်သွားပါတယ်။ ဒါကိုပင် ဘာများကောက်ရသလဲ အတော် မေးယူရပါတယ်၊ နောက်တော့ရွှေရုပ်ကလေးကို ထုတ်ပေးမှ ပထမတစ်ကြိမ် စိတ်ပြေသွားပါတယ် မေဖုရား၊ နောက်တစ်မှုကတော့ မောင်လာရင် တောင်သမန်အင်းသို့ အလယ်သွားမယ် စောင့်နေပါ သယ်တဲ့၊ မောင်ကလည်း ရက်ရှည်ကြာမနေနိုင်တာနဲ့ နက်ဖြန်မှပဲ လိုက်ပို့ပါ့မယ်လို့ အာမခံလိုက် ရပါတယ်၊ သို့အတွက် နက်ဖြန်မေဖုရားရွှေနန်းတော်ဝင်ရမယ့် ကိစ္စကလည်းရှိသေး၍ မောင်တို့ မောင်နှမ နန်းခုံတို့ကို ခေါ်၍တောင်သမန်ကို သွားလိုပါတယ်"

တော်။ ။"ဩော်....ခင်ကြီးက တယ်လဲဒုက္ခရှာသကိုးကွယ်"

ကြီး။ ။"ဟာ...မေဖုရားကလည်း ခင်သားချင်တာကို သည်လိုမိန့်တော်မူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"ဟုတ်ပါတယ် မေဖုရားရယ်၊ မိန့်တော်မူပါနဲ့၊ ခင်သွားလိုတာ မောင်လိုက်ပို့ပါ့မယ်၊ မတော်စိတ်ကောက်သွားလို့ ချော့မရ မော့မရဖြစ်နေပါဦးမယ်"

တော်။ ။"အင်း....မောင်မောင်ကလည်း အလိုလိုက်တော့ သည်မောင်နှမဟာ ကလေးရွယ် မဟုတ်တော့ပြီဘူး။ သည်ပုံသာဆိုလျှင် မောင်မောင်မရှိသည့်အခါ တစ်အိမ်လုံးကို သူဆိုးနွဲ့လို့ချည်း နေချင် တော့မှာပဲ"

ကြီး။ ။"အိုး....မေဖုရားကလည်း ခင်သွားချင်၍ သွားချင်ပါတယ် ပူဆာတာကို ဆိုးတာမှ ဟုတ်ပဲ"

တော်။ ။"ကဲပါတော်၊သွားကြပါ။ မေဖုရားမတားပါဘူး၊မောင်မောင်တို့ မောင်နှမနှံ့စောစော ထ၍ သွားကြပြီး ညနေမဟင်မီရောက်အောင် ပြန်လာကြပေတော့၊ ဟဲ့...နန်းခုံ၊ မောင်လူဒင် ကို ညှိ၍ဦးကပင် စားဖွယ်သောက်ဖွယ်များ ပြင်ဆင်ထည့်သိုပေးခိုင်းရမယ်၊ ခင်ကြီး အတွက် နန်းခုံကိုလည်း ခိုင်းစေရန် ခေါ်သွားကြ၊ မေဖုရားနန်းတော် အခစားဝင်ရာမှာ မယ်ဆုံကို တွဲပို့ဖို့ထားခဲ့ရမယ်၊ လှည်းသမား ငနွဲ့ကိုလည်း ဗွီရိုလှည်းကိုလှည်းကျင်း သုတ်သင်ပစေ၊ မှိုင်းလုံးကော်ဇောကိုလည်း အောက်က သင်ဖျာများ ထူထူခံ၍ ခင်းစေရမယ်၊ ကတ္တီပါမှီအုံးတစ်ခုလည်း အညောင်းပြေ လက်ထောက် စရာ ထည့်လိုက်ပါဘိ"

ဂန်ကတော်ကြီးကမထနိုင်ရာမှပင် ချစ်လှသောသမီးနှင့်သားတို့အတွက်အကွက်စေ့အောင် မှာထား စီမံနေရာ ခင်ခင်ကြီးမှာ မောင်မောင်ငယ်နှင့်အတူ အချိုပွဲတွင် မျက်နှာချင်းဆိုင်၍ စားရင်းအားရဖမ်းသာ ပြုံးရွှင် ပျော်မြူးကာ နေရှာလေ၏ ။ မောင်မောင်ငယ်မှာ ရှေးကထက် နုပျိုဖွံ့ဖြိုးအလှကျက်သရေ တိုးနေသော ခင်ခင်ကြီးကလေးအား ထူးခြားခြင်းအရပ်ရပ်ကို အကဲမခတ်နိုင်အား၊ အကလေးအရွယ် ငယ်စဉ်က နှင့် မခြားသာလျှင် စိတ်ထင်ရှိနေသေးရ ကား ခင်ခင်ကြီးပြောသမျှ စကား၊ ပြုသမျှအမူများမှာ စကား တတ်ခါစ ကလေးငယ်တစ်ဦး အလားကြားသမျှ ကြုံသမျှတို့တွင် အပြစ်မမြင်အချစ်သာဝင်၍ နေရှာ တော့၏ ။

ခင်ခင်ကြီးလည်း မိမိ၏ အသက်ကလေးထောက်၍ အရွယ်မရောက်တရောက် ဘဂကြောင့် အခြား နေရာတွင် အရှက်အကြောက်ကလေးများ ဝင်ခဲ့မိသည်တိုင်အောင် မောင်မောင်ငယ် ကို တွေ့ရသော အခါများတွင်ကား ငယ်စဉ်အခါတုန်းကနှင့်မခြား ချစ်အားကိုးကြောင့် ကလေးဆိုးကလေးပမာ ပွတ်သီး ပွတ်သပ် နှင့် အခါမပြတ်အောင် ဆိုးတေပေကပ်၍သာ နေရှာသည်တို့ကြောင့် မောင်မောင်ငယ်မှာ တပြုံးပြုံး နှင့် အလိုလိုက်၍ မဆုံးနိုင်ရှိလေ၏ ။

အပိုင်း (၂၃) မျှော်

အခန်း(၂၃)

www.burmeseclassic.com

www.burmeseclassic.com

ညဦ့ပဟိုရ် နှစ်ချက်တီးသည်တိုင်အောင် ဒိုင်းဂန်မင်း၊ ဂန်ကတော်၊ မောင်မောင်ငယ်နှင့် ခင်ခင်ကြီးစသော မိသားတစ်စုတို့မှာ လေသာဆောင်တွင် ပျော်ရွှင်ချမ်းမြေ့စွာ စကားပိုင်းကောင်းနေခဲ့ကြသဖြင့် အိပ်ရာ ဝင်နောက်ကျကြ၍ နောက်တစ်နေ့နံနက်စောစွာ အိပ်ရာမှ မထနိုင်ကြသေးသော်လည်း သွားချင်လှသော အာသာဆန္ဒဇောကြီးနေရှာသည့် ခင်ခင်ကြီးမှာ ရှေ့ပြုဗာမှ ရောင်နီလာလျှင်ပင် အိပ်ရာမှ နိုးလာ တော့၏။

တစ်အိမ်သားလုံး အိပ်ကောင်းနေကြတုန်းဖြစ်၍ တစ်ရေးပြန်၍ အိပ်ပါဦးမည်ဟု အုံးဂန်းသို့ ခေါင်းချလိုက် ပါလည်း သွားချင်သည့်ဇောကကြီးလှသောကြောင့် မှေးမှိတ်မရတော့သည် နှင့် အိပ်ရာမှထ၍ မျက်နှာသစ် ပြီးလျှင် အခန်းတွင်းကျောက်သားမှန်တင်ခုံရှေ့ ထိုင်မိသည် တွင် မိုးထိန်ထိန်မလင်းသေးသဖြင့် မှန်ကိုပင် ကောင်းစွာ မမြင်နိုင်သောကြောင့် အခက် ကြုံနေရှာလေ၏ ။

ထို့နောက်မှ အောက်ထပ်တွင် တချွတ်ချွတ်ပြင်ဆင်ထည့်လိုနေသော နန်းခုံနှင့်မောင်လူဒင်တို့အသံကြား ၍ နန်းခုံအားတီးတိုးခေါ်ကာ ဖန်ကာမီးအိမ် အထွန်းခိုင်းပြီး ဆံတိုစကလေး များကို မှန်ရှေ့တွင် ထိုင်၍ ရွှေကတော့နှင့် စုလည်းစီးကာ မျက်နှာကိုလည်း နံ့သာမှုန့် ကလေးများ၊ အနည်းငယ် လိမ်းကျံ ခြယ်လှယ်လျက် လက်ကောက်ပုတီးကလေးများ နေသားတကျ ပြင်ဆင်ကာ နွယ်သာကီသွေး၊ ကြိုးထဘီ နီရဲရဲကလေးနှင့် ဖန်ပန်းကြွ တရုတ်အကျီပန်းရည်သွေးကို ကလေးဘာဂ စိတ်တိုင်းကျဂုတ်ဆင်ပြီး အတန် ကြာပြီး အရိပ်ကြည့်နေမိပြီးမှအပြင်မှ မောင်မောင်ငယ်နိုးပြီအထင်နှင့် ကြော့ကြော့မော့မော့ ကလေး ထွက်လာခဲ့ရာ အပြင်ရောက်မှ မောင်မောင်ငယ်မှာ အိပ်မောကျ၍ကောင်းနေသည် ကို တွေ့သဖြင့် ခင်ခင်ကြီးမှာ စိတ်ထဲတွင် ဟာသွားလေ၏ ။ ရှေ့သို့လှမ်းကြည့်သောအခါ နေလုံးပင်ပြူလာသည် ကိုမြင်ရ၍ ခြေကလေးကို ခပ်ဆတ်ဆတ်ဆောင့်ကာ စိတ်တိုသော အမူအရာသို့ ပြောင်းလဲ သွားပြီး စင်းစင်းကြီး အိပ်နေသော မောင်မောင်ငယ်ကို သည်းမခံလို တော့သောအမူအရာဖြင့် ကြည့်ကာ အနီးသို့ တိုး၍လာလေ၏ ။

အိပ်ရာအနီးတွင် တွေတွေကလေး ရပ်နေမှညက ညဦ့နက်အောင် စကားပြောနေရသဖြင့် ဤမျှအိပ်ရာထ နေမြင့်ရသည်ဟု တွေးမိကာ ရုတ်ခြည်းပင် ဒေါသများပြေပျောက်သွားပြီး သနားကြင်နာလှသော မျက်နှာသို့ပြောင်းလဲလာတော့လျက် နုညက်ညင်သွာ စက်မွေ့ရာ ဘေးတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်သော ခေါင်းမြီးခြုံထားသောဖဲညဦ့ခြုံကို အသာ ယာဆွဲဖွင့်ပြီး မိမိကိုယ်ကလေးနှင့် အိပ်ပျော် နေသော မောင်မောင်ငယ်၏ ရင်အုပ်ပိုင်းကို တအားဖွကာ နားနားသို့ကပ်လျက်။

"အစ်ကိုကြီး...အစ်ကိုကြီး၊ ထပါတော့၊ သွားဖို့အချိန်တော်ပြီ အစ်ကိုကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

တီးတိုး ပြောကာ နီးလေလျှင် မောင်မောင်ငယ်လည်း ဖျတ်ခနဲနီးလျက် မျက်လုံးအကြောင်း သားနှင့် ခင်ခင်ကြီး အား စိုက်ကြည့်နေမိလေ၏ ။

ခင်ခင်ကြီး၏ ပြုပြင်ဖြီး လိမ်းထားသော ထူးခြားသည့်ရုပ်လက္ခဏာမှာ ဤတစ်ကြိမ်သာ ရှေးဦးစွာမြင်ရခြင်းကြောင့် မိမိအိပ်မောကျ နေစဉ် သူရသတီနတ်ဒေဝီသည် ကျီစယ်သမှု ပြုလာသလောဟု အံ့သြစွာကြည့်မိရာ ခေါင်းပေါ်က ရွှေကတော့စွတ်ထားသည့် တိုနံ့နံ့ဖွာရရာ ကျနေသော ဆံစည်းကလေးကို မြင်ရသည်တွင်မှ ရုတ်တရက် သတိဝင်လာရုံမျှမက ခင်ခင်ကြီးကလည်း။

"ထပါတော့ အစ်ကိုရဲ့၊ နေမြင့်ရော့မယ်၊ ခင်ပြီးနေတာကြာလှပြီ၊ အို...အစ်ကိုကလည်း အိပ်မှုန်မပြေ သလိုကြီး ကြည့်နေလိုက်တာ၊ ကဲ...ထပါတော့"

ပြောပြောဆိုဆိုဆွဲထူသည်တွင် မောင်မောင်ငယ်လည်း လုံးဝသတိဝင်လာပြီး ခင်ခင်ကြီး ဤရွေ့ဤမျှ လှနေသည်ကို ယနေ့မှတွေ့မြင်ရဖူးသဖြင့် အံ့အားသင့်နေမိပြီးမှ အမှတ်မဲ့ ကျွန်ဆယ်လိုက်ရတော့ကာ။

"သြော်...ခင်ပါလား၊ စောစောစီးစီးဖြီးလိမ်းဝတ်ဆင်ထားလိုက်တာ ဘယ်သွားမယ်လို့တုံး"

"ဟော....အစ်ကို မေးပြန်တော့သည်။ တောင်သမန်အင်းကို သွားဖို့လေ၊ အစောကြီး ထမယ်ဆိုပြီး ခုမှခင်နှိုး ယူရတယ်။ ကြည့်စမ်း၊ ငေးနေလိုက်တာ၊ အိပ်ရေးဝတော်မမူသေး ဘူးလား အစ်ကိုရဲ့"

ကန့်ကလျ စိတ်ဆိုးမယောင်ယောင် ပြောလိုက်သည်တွင် မောင်မောင်ငယ်သည် အမှတ်မဲ့ ထွက်မိထွက်ရာ ထွက်လိုက်မိသည့်စကားဖြစ်သောကြောင့် အဖျားခေါက်သိမ်းလိုက်ရကာ။

"သြော်...သြော်ဟုတ်ပါရဲ့၊ အစ်ကိုက အိပ်ရာကနိုးနိုးချင်းသတိမရဘူး၊ ဒါနှင့်နေမြင့်လှပြီ လား၊ ဒီလိုဖြင့် စောစောက နှိုးရောပေ့ါ ခင်အကြီးရယ်"

"အို...ခင်ကလည်း မနှိုးရဘဲနှင့် အစ်ကိုအလိုအလျောက်နိုးလိမ့်မလားလို့ မနှိုးဘဲ ထားမိတယ်။ ကဲ.... ထပါတော့၊ မျက်နှာသစ်ရေလည်း အဆင်သင့်ရောက်နေပါပြီ၊ အဝတ်များလဲတော်မူပြီး နို့ယာဂု လည်းအေး တော့မယ်၊ သုံးဆောင်ပါတော့။ အားလုံး အသင့်ရောက်နေ ကြပြီအစ်ကိုရဲ့"

ဆိုသဖြင့် မောင်မောင်ငယ်လည်း ကပျာကယာမျက်နှာသစ် အဝတ်လဲ၍ ခင်ခင်ကြီးကိုယ် တိုင်ယူပေးသော ယာဂုတင် ရွှေရေးဒေါင်းပေါင်ကလေးကို လှမ်းယူစဉ် ဘုရားဆောင်မှ ဆွမ်းတော်ကပ်၍ မယ်ဆုံကိုတွဲကာ ထွက်လာသော ဒိုင်းဂန်ကတော်ကြီး ရောက်လာပြီး...

www.burmeseclassic.com

"အလို... မောင်မောင်တို့ မသွားကြသေးဘူးလား၊ ကြာရင် နေပူမိနေကြတော့မယ် မောင်မောင်ရဲ့"

ဆိုသည်တွင် ခင်ခင်ကြီးက...

"ဟုတ်ပါရဲ့မေဖုရား၊ ခင်ကြီးဖြင့် နေရောင်မလာခင်က အဂတ်လဲ၍ထားပါတယ်။ အစ်ကိုသာ ကလနဂါး နှင့်ပြိုင်ပြီး အနိုင်ရအောင် အိပ်နေလို့မနည်းပင် နှိုးယူရပါတယ်။ ကဲ...အစ်ကိုဂရင်လည်း ထပါတော့။ ဇုဇကာ ပုဏ္ဏားနှင့် အားကျမခံဂုဏ်ပြိုင်နေတော်မူပြန် ပြီလား"

ဆိုကာ ယာဂုပန်းကန်ကို ဆွဲယူတော့မည်ကဲ့သို့ ပြုပြင်သဖြင့် မောင်မောင်ငယ်လည်း ပြုံးလျက်နှင့်ပင်...

"ကိုင်း... ကိုင်း ပြီးပါပြီ ခင်အကြီးရယ်။ တကယ်ပါပဲ။

မြည်တွန်တောက်တီးလိုက်တာ၊ အစ်မကြီးကျလို့နေပါပြီ"

ဆိုကာ ထိုင်ရာမှ ထလျှင် ဒိုင်းဂန်ကတော်ကြီးက ဂင်၍...

"အို...ခင်ကြီးကလည်း ညကမောင်မောင်အိပ်ပျက်ရှာတာကို၊ ဟဲ့...ယာဂုသောက်တာ ဂအောင်သောက် ပါစေ သမီးရဲ့၊ အတန်ကြာဆာနေပါမယ့်" ဆိုသော်လည်း မောင်မောင်ငယ်လက်ကို ဆွဲခေါ်ကာ....

"ဆာရင် လမ်းမှာစားစရာတွေ ထမင်းအုပ်နှင့် တစ်အုပ်ကြီးထည့်ယူလာပါတယ် မေဖုရား၊ ကဲ...လာပါတော့ အစ်ကိုရဲ့၊ ဒါနဲ့သာပြီး နေမြင့်တော့မှာပဲ"

ပြောကာဖြင့် အောက်သို့ ရောက်လာကြပြီး အသင့်ပြင်ဆင် စောင့်ဆိုင်းနေသော ဗွီရိုလှည်း ပေါ်သို့ တက်လျက် ထွက်ခွာလာခဲ့ကြရာ ဒိုင်းဂန်ကတော်ကြီးမှာ သားနှင့်သမီးသွားရာသို့ ပြတင်းပိုင်းမှ ပြုံးရွှင်စွာ ကြည့်မျှော်ကျန်ရစ်လေ၏ ။

မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့ စီးနင်းလိုက်ပါသည့် ဘီရိုလှည်းကလေးမှာ နွားချုသံ တချွင်ချွင်နှင့် အနောက်ဘက် အမရပူရ ရွှေမြို့တော်သို့သွားရာ လမ်းစဉ်အတိုင်း မောင်းနှင်လာခဲ့လေ၏ ။

ခင်ခင်ကြီးမှာ သွားလိုရာသို့သွားရသဖြင့် အားရဂမ်းသာဖြစ်နေရှာသော ကလေးငယ် အလား မောင်မောင် ငယ်အပါးတွင် အထွေအပြားကောက်ကရ စကားတွေကို မနားမနေ ပြောဆို လိုက်ပါလာရာသည်တွင် မောင်မောင်ငယ် မှာလည်း ချစ်ကြည်လေးမြတ်သော နှလုံးနှင့် တပြုံးပြုံးအလိုလိုက်၍ နေရှာ၏ ။ ခင်ခင်ကြီး ပြောသမျှကို တအင်းအင်းလိုက်ပြီး အကြိုက်ကို ပြု၍နေခဲ့ရာမှ စိတ်တွင်းကမူကာ ထူးခြားသောခင်ခင်ကြီး၏ ရူပသဏ္ဍာန်ကို အတန်တန်ချီးကျူးလျက်ရှိတော့၏ ။

www.burmeseclassic.com

www.burmeseclassic.com

နည်ကပ်ဟင်းဂါ၍ စကားဂါရောင်ပြေးနေသော အသားကလေးပေါ်တွင် စိမ်းရွှင်သော အကြောကလေး များသန်း၍ ပါးလွှာသော နှုတ်ခမ်းကလေးမှာလည်း ပတ္တမြားခဲပမာ စိုစို ပြည်ပြည်နှင့် ဖေဖေဆာဆာ တန်းနေသည့် ခင်ကြီး၏ မျက်ခုံးကလေးတို့ကား မောင်မောင်ငယ်မှာ ငယ်စဉ်က တွေ့မြင်လာသူ ဖြစ်သော်ငြား လည်း ယနေ့အဖို့ တွေ့မြင်ရသည်ကား အခါတိုင်းထက် ပိုမိုထူးခြား၍ နေသည်ကို သတိထား မိသောကြောင့် အံ့ဩခြင်းဖြစ်ရလေ။

ဤတွင်မှာလည်း ဂန်ကတော်ကြီး၏ "မောင်မောင်ကလည်း အလိုလိုက်တော့တယ်။ မောင့်နမက ကလေး အရွယ် မဟုတ်တော့ပြီဘူး မောင်မောင်ရဲ့"ဟူသော စကားကို ပြန်လည်စဉ်းစားမိကာ သရုပ်ပေါ် လာတော့၏ ။ နဂါရီရွှယ်မစေ့တစေ့ အစွမ်းကုန်လှတော့ ပေတော့မည်ဟု အားယူ၍ နေဆဲဖြစ်သော ကြောင့် အလှ၏ ပင်စည်ပင်မကြီးနှင့် အကိုင်း အခက်တို့ ဖြိုးဖြိုးဖေစေရန်အတွက် ခက်လက်နည့ောက် ပုရစ်ဖူးပေါက်ချိန်ကဲ့သို့ ဂေါရီတည်းဟူသော တိုင်းပြည်မှာကုမ္မာရီတည်းဟူသော တိုင်းပြည်သို့ ခြေတစ်ဖက် လှမ်း၍ နယ်နိမိတ်စခန်းကို ကူးကျော်စပြုနေရှာသူ နမငယ်ကလေးအား အကြင်နာတိုးပွားမိပြီး ခင်ခင်ကြီး ၏ ငယ်မူမပျောက်စိတ်ကောက်ဆိုးနွဲ့ကာ ပြောချင်ရာတွေ ပြောနေတတ်ရှာ သည်တွင်လည်း စိတ်ထဲမှ...

"သြော်...ခင်အကြီး...ခင်အကြီး၊ အရွယ်ကလေး ကူးလာသည့်တိုင်အောင် ကလေးစိတ်မ ပျောက်ရှာဘူး။ မိုက်တုန်း ရူးတုန်း ကလေးပါကလား။ အင်း...ဒီလိုနှင့် သူ့ခမျာကလေးအချိန် အရွယ်ဝင်လာမှ တဖြည်းဖြည်း ပြုပြင်လာတတ်ရှာတော့မှာပါတကား"

စဉ်းစားလျက် နေမိစဉ်...

"အစ်ကို ခင်တို့ရောက်လုပြီလား၊ ယခုဘယ်များရောက်လာပြီလဲ၊ ကြည့်စမ်းပါဦး အစ်ကိုရဲ့"

ပြော၍ ဗွီရိုလှည်း၏ တရုတ်ကတ်ပြတင်းပေါက်မှ နစ်ယောက်သားကြည့်မိရာတွင် နေရိုကလည်း ထန်းတစ်ဖျားခန့် မြင့်လျက် အမရပူရရွှေမြို့တော်ဘက်သို့ နီးသည်ထက် နီးလျက် အုပ်ဆိုး ညို့မှိုင်း နေသော သစ်ပင်အုပ်တို့အလယ်မှ ဖွေးဖွေးဖြူသော စေတီတော် ပုထိုးတော် အဆူဆူ တို့ကို လည်းကောင်း၊ ကြည်လင်ပြာလဲ့သော မိုးကောင်းကင်အောက်၌ တောက်ပသော နေအရှိန်ကြောင့်...။

စိန်၊ကျောက်၊ပတ္တမြား၊ ပြယိုးယားတို့ကို ကဲ့ဖြန့်ထားဘိသလား တဖျပ်ဖျပ်လှုပ်ရှား နေသော လှိုင်းကြက်ခွပ် ကလေးများနှင့် ကြည့်မဆုံး၊ မြင်မဆုံး၊ မျက်လုံးညောင်းမျှ ရေပြင်ခြင်း ဆက်အံ့ကဲ့သို့ရှိသော ဇောင်းကလော အင်း, တကီသေးအင်း, တောင်သမန် အင်းစသည့် အဏ္ဏဂါပြင်ကျယ် ပင်လယ်တမျှ ကျယ်ဝန်း လှသော အင်းကြီးများမှ ကြည်လင်စိမ်းလဲ့သော ရေပြင်ကြီးများသည် ညို့မှိုင်း အုံ့ဆိုင်း ၍နေသည့် အမရပူရရွှေမြို့ တော်ကြီးကို ပတ်လည်ဝိုင်းသကဲ့သို့ တွေ့မြင်ရပြီး အနောက်ဘက်တစ်ခွင် မှာလည်း စေတီ,ဂူ,ကျောင်း, တန်ဆောင်း,ပြာသာဒ်တို့ဖြင့်ပြီးသည့် မင်းဂံတောင်တန်းကြီးနှင့် တသွင်သွင် တဒီးဒီး ဘော်ရည်တွေ စီးနေသကဲ့သို့သော ဧရာဝတီမြစ်ပြင်ကြီးကို လည်းကောင်း၊ အရှေ့ တစ်ခွင်တွင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပြာလဲ့ကြည်လင်သော ကောင်းကင်စကြဝဠာ တစ်ခိုတွင် မှိုင်းမှိုင်းညို့ညို့ စိုစိုစိမ်း၍ နေသော ရှမ်းကုန်းမြင့်တောင်တန်းကြီး၏ တော်ထွတ် တောင်ထိပ်ဖျားများမှာ မြရတနာများဖြင့် ပြီးသော ပြာသာဒ်ဘုံဗိမာန်တွေ အစီအရီနှင့် ဝေဠုရိယ မြတိုင်းပြင်ကြီးတစ်ခု တည်ဆောက်ထားသည့်အလား ထူးခြား သာယာလှသော ရှုမျှော်ခင်းတို့ကို တွေ့ရလေရာ စာဆိုဂါသနာပါသူပင် ဖြစ်လင့်ကစား ထိုမျှ သာယာလှသော ရှုမြင်ကွင်းများကို တွေ့မြင်သော်လည်း အနည်းငယ်မျှ မမှတ်မထင်နိုင်။ ပြန့်ကားသော ခင်ခင်ကြီး၏ နဖူးကလေးပေါ်တွင် ရှုပ်ထွေးသော ဆံယဉ်နကလေးများက လေခပ်တိုင်း လှုပ်ရှားကစား နေကြသည်ပင် အဆင်ပြေလှသဖြင့် ကြည့်မဂအောင် ပီတိကျ ၍ နေမိရှာလေ၏ ။

ခင်ခင်ကြီးမှာ မောင်မောင်ငယ် ဘယ်ဆီကို ကြည့်သည်ဟု သတိမရရှာဘဲ လှည်းရှေ့ဆီမှ တွေ့မြင်ရသော တောင်သမန်အင်းကြီး၏ ရေပြင်ဖွေးဖွေးကိုအရေးတကြီး လက်ညှိုးန်ပြက...

"ဟော...အစ်ကို ဟိုမှာရေတွေ့မြင်ရပြီ။ တောင်သမန်အင်းကို ရောက်တော့မယ်၊ ဟိုရောက်လျှင် ရောက်ချင်း ခင်တော့ ရေချိုးမယ်။ အစ်ကိုလည်းချိုးမယ်မဟုတ်လား၊ နို့ပြီးမှ အစ်ကိုနဲ့ခင်နဲ့ လှေကလေး စီးပြီး အင်းထဲကကြာပန်းတွေ ချိုးမယ်နော် အစ်ကို။ အစ်ကို မပျော်ဘူးလား၊ ခင်တော့အင်မတန်ပျော်တာပဲ၊ မေဖုရားတို့များ ပါလာရင် ဘယ်လောက် ကောင်းမလဲလို့နော်။ ဒါနှင့် အနန်း၊ ခင်ရေချိုးတော့မယ်၊

ခင့်ဖို့အဂတ်လဲစရာတွေ ပါရဲ့လား။ အနန်းလည်း ခင်နဲ့အတူတူ ရေချိုးနော်"

နန်းခုံမှာ ခင်ခင်ကြီးအားရဂမ်းသာ ပျော်ရွှင်နေရှာသည်ကို ကြည့်၍ပြုံးကာ။

"ပါပါတယ် ခင်ရဲ့။ ခင်ခင်အဂတ်လဲရန် ပိုပိုမိုမိုနှစ်စုံယူခဲ့ပါတယ် ခင်ခင်ရဲ့"

ပြောလေ၏ ။ ခင်ခင်ကြီးက စကားမတိတ်သေးပေ။ စကားသင်စ သာလိကာမလေးကဲ့သို့ ပင် မောင်မောင် ငယ်ဘက်သို့ လှည့်ကာ...

"အစ်ကို...ခင်တို့နဲ့ ရေချိုးရမယ်နော်၊ ရေချိုးရင် ကြာပန်ကလေးတွေ လိုက်ခူးပေးပါနော် အစ်ကို"

"ချိုးတာပ ခင်ရယ်၊ သို့သော်လည်း ယခုလာကြတာက နေရှိန်အနည်းငယ် မိလာတယ်။ ဖြုန်းခနဲ ခရီးရောက်မဆိုက် ရေချိုးလိုက်လျှင် တော်မည်မထင်ဘူး ခင်ရဲ့။ သည်တော့ အင်းစောင်းမှာ အရိပ်ကောင်းမှာ သစ်ပင်တစ်ပင်အောက် လှည်းဖြုတ်လို့ ခေတ္တခဏ အမောပြန်နားလို့ နံနက်စာ များစားပြုပြီးမှ အေးအေးလူလူရေဆင်းချိုးတာက ကောင်းမယ်။ အစ်ကိုတို့ ကြာဖက်ကလေးတွေ ခင်း၍ ထမင်းစားရန်၊ ငနွဲ့ကိုကြာဖက် ခူးစေရမယ်။ နို့ပြီးသည်အနီး အနားတစ်ပိုက်မှာ လှေလိုက်၍ ရှာထား စေမယ်။ အစ်ကိုပြောတာ သဘောကျရဲ့လား ခင်ရဲ့"

ပြောသည် တွင် ခင်ခင်ကြီးလည်း ငြိမ်သက်စွာ ခေါင်းညိတ်နားထောင်လိုက်လေ၏ ။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်လှည်းကလေးမှာ တဖြည်းဖြည်းနှင့် နောက်ဆုံးတောင်သမန်အင်းစောင်းသို့ ရောက်လာခဲ့ရာ အရိပ်အာဂါသကောင်းသော ညောင်ပင်အောက်တွင် လှည်းဖြုတ်ထားပြီး နန်းခုံနှင့်ငန္ဓဲ့တို့လည်း လှည်းပေါ်က သင်ဖျာနှင့် မှိုင်းလုံးကော်ဇောများကို သစ်ပင်ရင်းတွင် ခင်းလျက်ပါလာသော ထမင်းအုပ်နှင့် စားဖွယ် သောက်ဖွယ်များကို ပြင်ဆင်စ ပြုလေရာ မောင်မောင်ငယ်မှာ ငန္ဓဲ့အား ကြာဖက်များခူးရန် စေလွှတ်လိုက် ပြီးလျှင် ခင်ခင်ကြီးကို ခေါ်ကာ ကန်ပေါင်ရိုးတစ်လျှောက်မှ ရေစပ်ဆီသို့ လိုက်လံပြသလျက် ရှိလေ၏။

"ခင်ရေ...ကြည့်စမ်း၊ ရေကလေးများလည်း ကြည်လိုက်သည်မှာ လွန်ပါရောကွဲ့၊ ကမ်းစတစ်လျှောက်မှာ ပေါက်နေတဲ့ ကန်စွန်းနွယ်ပင်ကလေးများနှင့် ဟင်းရမ်းပင်, ကြာရိုင်းပင်ကလေးတွေကိုလည်း ကြည့်စမ်း ပါဦး။

စိမ်းစိမ်းလန်းလန်းနှင့် သန်စွမ်း လိုက်တာ၊ ကြာပင်ကြို့ ကြာပင်ကြားမှ ဟိုကူးဒီသွားနှင့် ပြေးလွှားနေတဲ့ ငါးကလေးများကို လည်းကြည့်စမ်းပါဦး၊ သူတို့ဘာသာဘာဂ အလွန်ပျော်ရွှင်ကြသည်ထင်ရဲ့။ ဟောဟို ရေလယ်ဆီမှာလည်း လှိုင်းတဖြတ်ဖြတ်နှင့် ကြာဖူးကြာဖတ်ကလေးတွေလည်း ဟိုတစ်တွဲ သည်တစ်တွဲနှင့် ကျိုးတိုး ကျဲတဲပေါက်နေလိုက်တာနော်။ ဟော...ခင်ရေ ဟိုမှာကြည့် လိုက်စမ်းဦး၊ တင်ကျီးငှက်တွေ ရေငုတ်ပြီး အစာရှာနေကြတယ် မြင်ရဲ့လား"

ခင်ခင်ကြီးမှာ အိမ်ထဲမှ အိမ်ပြင်သို့ထွက်ရသူ မဟုတ်သဖြင့် လောကသဘာဂ သာယာလှသော သစ်ပင်ပန်းမန် ရေကန်၊ ဥယျာဉ်၊ ကျေငှက်တိရစ္ဆာန်တို့ကို တွေ့မြင်ရ သောအခါ အထူးအဆန်း တမျှဖြစ်နေရှာပြီး မြင်မြင်ရာကိုလည်း တအံ့တသြ ကြည့်မိရှာလျက် တစ်ချက်တစ်ချက်၌ မိမိစိတ်တွင် အထူးအဆန်းကဲ့သို့ ထင်သောအခြင်း အရာကို တွေ့မြင်ရလျှင် မောင်မောင်ငယ်အား မနားရအောင် မေးမြန်းတတ်သည့်အတိုင်း တင်ကျီးငှက်တစ်ကောင် တစ်နေရာမှ ရေငုပ်လျှိုးသွားပြီး မနီးမဝေးနေရာတွင် နှုတ်သီးမှ ငါးအရှင်ကလေးတစ်ကောင်ကို ကိုက်ချီပေါ်လာလျက် ကန်ပေါင်ရိုး ရေခံတက်ပေါ်သို့ ပျံသန်း သွားနားနေကာ ပါလာသော ငါးကလေးကို ခြေဖျားနှင့်ကုတ်၍ နှုတ်သီးဖြင့် ဆိတ်ကာဆွကာ ကစား နေသည်ကို တအံ့တသြကြီးကြည့်ပြီး မောင်မာင်ငယ်၏ ခါးကိုဖက်၍ လက်ကလေးတစ်ဖက်နှင့် ညွှန်ပြကာ...

"အစ်ကို....အစ်ကို ဟိုမှာကြည့်စမ်းပါ။ ငှက်ကရေထဲငုပ်နိုင်ရုံမကဘူး၊ ရေထဲကငါးအရှင် ကလေးကိုလည်း ဖမ်းယူလာသေးတယ်။ ပြီးတော့သစ်ပင်ပေါ်ပြန်သွားပြီး ပါလာတဲ့ ငါးကလေးကို အရှင်လတ်လတ် သတ်စားတယ်။ ကြည့်ပါဦးအစ်ကိုရယ်။ ငါးကလေး တဖျပ်ဖျပ်နှင့် သနားစရာကောင်းလိုက်တာ။ ဒီငှက်ဟာ အင်မတန် ရက်စက်တဲ့ ငှက်ပါလား အစ်ကိုရဲ့။ ခင်ဟာဒီလောက်တောင် ရက်စက်တဲ့ငှက်ကို အလွန် မုန်းတာပဲ

"တိရစ္ဆာန်ဆိုကာ ဒီလိုပဲ။ ကိုယ်နိုင်ရာနိုင်ရာကို သတ်ဖြတ်စားတတ်ကြတယ် ခင်ရဲ့။ သူ့ကိုနိုင်ရင် ကိုယ့်က ိုနိုင်မယ့်သူ ပေါ်တတ်စမြဲပဲ။ အခုခင်မုန်းသွားတဲ့ တင်ကျီးငှက်ဟာ အပြစ်မရှိသူ့ဘာသာသူ

www.burmeseclassic.com

www.burmeseclassic.com

ရေထဲမှာ နေရှာတဲ့ ငါးကလေးကိုအနိုင်ကျင့်ပြီး ဖမ်းယူလာသလို သူ့ကိုလည်း ငှက်ပစ်သမား မုဆိုးများက လက်ရ ဖမ်းပြီး သတ်ဖြတ်စားသောက်တာ ခံရမယ်"

"အဲဒါမှ ကောင်းတယ် အစ်ကို၊ သူ့ကိုမုဆိုးမြန်မြန်ဖမ်းပါစေဆိုတာ ငါးကလေးတွေကတော့ မေတ္တာပို့နေမှာပဲနော်"

ထိုအခိုက်တွင် ကြာဖက်ရှူးသွားသော လှည်းသမားငနွဲ့ပြန်ရောက်လာပြီး ထမင်းအုပ်လည်း ပြင်ဆင်ပြီးကြောင်းပြောသဖြင့် မောင်မောင်ငယ်မှာ ခင်ခင်ကြီး၏ ပခုံးကလေးကို ဖက်တွဲလျက် အင်းစောင်းကန်ပေါင်ရိုးမှ တဖြည်းဖြည်းလျှောက်ကာ စတည်းချရာ သစ်ပင်ရိပ်အောက်သို့ ပြန်ရောက်လာလေ၏ ။

ထမင်းအုပ်မှာ ဂန်ကတော်ကြီး အမိန့်အရမောင်လူဒင် တစ်ညဉ့်လုံး ချက်ပြုတ်ပြင်ဆင်ထည့်လိုက်သည့် အားလျော်စွာအပေါင်းအထုပ်၊ အသုပ်အကြော် အတော်စုံလင်လှလေ၏ အချိုအချဉ်ပွဲအတွက်လည်း မုန့်ပဲ သရေစာ အမျိုးစုံအောင် ပြင်ဆင်လာသည်ကို မြင်ရသောကြောင့် စောစောကဆာလောင်မွတ်သိပ်ရမှန်း မသိကြသော သူများလည်း ဆာသလိုလိုရှိလာတော့သည်ကို တွေးမိလေ၏ ။သို့နှင့်နန်းခုံကြီး အကြိုက် အတိုင်း သန့်ရှင်းစင်ကြယ်စွယ် ဆေးကြောထားသော ကြာဖက်ကလေးများနှင့် ထမင်းများကို ထည့်ပေး ထားသဖြင့် ပျော်ပျော်ပါးပါးကြာဖက်နှင့် ထည့်၍စားချင်လှသည်ဟု တောင့်တ သည့်အတိုင်း ခင်ခင်ကြီးမှာ ဂမ်းမြောက်ဂမ်းသာ စားသောက်ရာလေ၏ ။

မောင်မောင်ငယ်မှာလည်း မိမိစားရန်ရှိသည်တို့ကိုမျှ သတိမရဘဲနမငယ်ကလေးအတွက် သာကောင်းနိုး ရာရာ ဟင်းလျာများကို ထည့်ပေးနေမိတော့၏ ။

ယင်းသို့ပျော်ပျော်ပါးပါး ထမင်းမြိန်စားကြပြီးနောက် အတန်ကြာသောအခါ ရေပူရှိန်က လည်း ရင့်လာပြီဖြစ်သောကြောင့် ပူအိုက်သည်နှင့်ရေချိုးရန် သတိရလာကြလေရာ ခင်ခင်ကြီးကပင် စတင်၍....

"အစ်ကိုရေချိုးကြစို့ရဲ့လေ၊ ဒီအချိန်ဆိုနေလည်းရင့်လို့ အိုက်စပ်စပ်ဖြစ်လာပါပြီ၊ ချိုးကြပါစို့"

ဆိုသည်နှင့် မောင်မောင်ငယ်ကလည်း....

ကိုင်း... ကိုင်း၊ ခင်အကြီး ချိုးလိုလျှင် နန်းခုံနှင့်အတူ သည်ရှေ့က ရေစပ်မှာ ချိုးပေရော့။ ရေနက်ထဲကိုဖြင့် မဆင်လေနှင့်နော် ပြောလျက် ကွမ်းသီးဖက်ဆေးလိပ်ကို အသောက် မပျက် ထိုင်နေလေရာ ခင်ခင်ကြီးမှာ မောင်မောင်ငယ်ကို မကျေမနပ်ဟန်နှင့် ကြည့်နေပြီး" "အစ်ကိုတော့ ရေမချိုးဘူးဟလား၊ ခင့်ချည်း တစ်ယောက် တည်းတော့ မချိုးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုပါ အတူတူချိုးမှ ချိုးမှာပဲ ခပ်မှုန်မှုန် ပြောသောကြောင့် မောင်မောင်ငယ်လည်း မနေသာတော့ဘဲ လက်ထဲကဆေးပေါ့လိပ်ကို ချလိုက်ကာ "ကဲ... ကဲ စိတ်မကောက်ပါနှင့် ခင်အကြီးရယ်၊ အစ်ကိုလည်း ခင်တို့နဲ့ အတူတူပဲချိုးပါမယ်" ဆိုကာ ဂုတ်ဆင်ထားသော အင်္ကျီများကို ချွတ်နေသည့်တွင် ခင်ခင်ကြီးမှာ နန်းခုံရှိရာသစ်ပင်ကွယ်သို့ ကပျာကယာ ပြေးလာပြီး "ကဲ အနန်း၊ခင်အင်္ကျီတွေချွတ်ပေးပါ။ပြီးတော့ အနန်းလည်း ခင်တို့နှင့် အတူတူလိုက်ပြီး ရေချိုးရမယ်နော်"ဆိုကာ နန်းခုံအနီးတွင် အဂုတ်အစားနှင့်ပုတီး လက်ကောက်များကို ဖြုတ်နေလေ၏၊ တစ်ဖက်တွင် နံငယ်ပိုင်းကို လဲလှယ်ပြီး စီးနေသော မောင်မောင်ငယ်သည် မိမိနောက်ပါးမှနေ၍ ...."ကဲ အစ်ကိုလာပါ၊ရေထဲဆင်းကြစို့၊ ပြီးတော့ ခင့်လက် ကိုင်ထားနော်၊ရေထဲမှာ ကြောက်တယ်အစ်ကိုရဲ့" ပြောပြောဆိုဆို ရောက်လာသော ခင်ခင်ကြီးကိုမြင်ရာ ဒိန်းခနဲ အံ့ဩထိတ်လန့် ဖြစ်သွားမိရှာလေ၏။

မိမိစိတ်ထဲမှာအမှုမဲ့ပင်၊ ငယ်စဉ်ကလိုပဲဟု အထွေအထူး အခက်အခဲ သဘောမထားခဲ့ သော်လည်း ယခုတွင် ခင်ခင်ကြီးမှာ ဖက်ဖူးရောင် ပိုးဗလာ ထဘီတစ်ပတ်ရစ်ကလေးကို ခါးချပ်ရင်ရှား ဂုတ်ဆင်လာသည်ကို တွေ့မြင်ရသောကြောင့် ငယ်စဉ်ကလို အတူတစ်ကွ ရေချိုးကြရန် မသင့်တော်ကြောင်း တွေးမိပြီး ငေးငေးကြီးဖြစ်၍ နေမိတော့ရာ။

စိတ်အားထက်သန်စွာ အရေးတစ်ကြီး ခေါ်နေရှာသူ ခင်ခင်ကြီးမှာ အဖြေမပေးဘဲ ငေးငေးကြီးဖြစ်နေသော မောင်မောင်ငယ်ကို ရုတ်တစ်ရက် အံ့ဩသလို ကြည့်မိပြီးလျှင်... ဟင် "အစ်ကို ဘာဖြစ်နေတာတုံး၊ လာပါ... ရေထဲ ဆင်းကြပါစို့။ ကြည့်စမ်းပါဦး၊ရေချိုးခါနီးမှ ဘာများ တွေးနေပြန်ပါလိမ့်နော်" ပြောကာ မောင်မောင် ငယ်၏ လက်ကိုဆွဲလျက် ရေစပ်ဆီသို့ ခေါ်သွားလေ၏။

မောင်မောင်ငယ်ကလည်း ခင်ခင်ကြီးခေါ်ရာသို့ ပါလာရင်း လောကကြီး၏ ထူးခြားပြောင်းလဲမှုတို့ကို အလျဉ်းမပြုသည့်ပမာ ငယ်ရွယ်ရှာသော ကလေးနှင့်မခြား မိမိလိုရာ ကိစ္စတစ်ခုကိုသာ တစ်ယူသန် ပူဆာ ပြောဆိုတတ်ရှာသူ ခင်ခင်ကြီးအား သနားကြင်နာစွာကြည့်ကာ "သြော်... ခင်အကြီး... ခင်အကြီး၊ ဘာမှ မသိတတ်ရှာသေးဘူး၊ ကလေးအတိုင်း ရှိရှာပါသေးကလား" စဉ်းစားကာ ခင်ခင်ကြီး အလိုအတိုင်း ငယ်စဉ်ကလို အတူတကွ မောင်နှမ ရေချိုးကြရန် မသင့်တော့သဖြင့် ခတ်ဖင့်ဖင့် နေမိရာတွင် ခင်ခင်ကြီး တွင် ဖွတ်အစမွှသာ ဆွဲခေါ်လာသည်နှင့် မသင့်လျော် ကြောင်း ဖွင့်ပြောရမည်လည်း ခင်ခင်ကြီး ရှက်ကြောက် ဂမ်းနည်း ဖြစ်သွားရှာမည်လား၊ သူ့အလိုအတိုင်း မလိုက်လျော၍ စိတ်ကောက်သွား ရှာမည်လား။

မည်သည့်နည်းနှင့်မဆို ခင်ခင်ကြီး၏ စိတ်မှာ မိမိနှင့် ငယ်စဉ်ကလို ပျော်ရွှင်စွာ ရေကစား၍ လှေလောင်း အလေးနှင့် ကြာခိုင်များချိုးလိုသော အာသီသနှင့် လာရှာသည်ဖြစ်ရကား ငါက မတော်သင့်ကြောင်းနှင့် အကျိုးအပြစ်ပြ၍ ကန့်ကွက်သော စကားကိုပြောမိလျှင် သူ့ခမျာစိတ်ညစ်သွားရှာ လေတော့မည်။ သူ့ခမျာ တစ်ခါတစ်ရံမှ ထွက်ရှာသည်ကို ငါအနှောင့်အယှက် မပြုတော့ပြီ။ သူ့စိတ်တိုင်းကျ ပျော်ရွှင်ပါစေတော့ဟု ငဲ့ညှာကာ ခင်ခင်ကြီအလိုအတိုင်း ရေစပ်သို့ ဆင်းရလေတော့၏။ ခင်ခင်ကြီးမှာ ငယ်ရွယ်သူကလေး ဖြစ်ရှာသည့်အလျောက် ရေစပ်သို့ ရောက်လျှင်ပင် အတိုင်းထက်အလွန် ပျော်ရွှင်လှသော မျက်နှာ ကလေးဖြင့် နှုတ်လျှာ ကလေးများလည်း ပို၍သွက်လာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ငယ်၏ ခါးကို ကိုင်တွန်းရင်း ရေစပ်သို့ တဖြည်းဖြည်း ဆင်းကြရာမှ..." အစ်ကိုက ရှေ့ဆုံးက ဆင်းနော်၊ ခင်အကြီး အလယ်က လိုက်မယ်။ အနန်းက နောက်အလိုက်၊ အစ်ကို ခင်ကြီးကို လက်မလွှတ်ပါနဲ့။ အနန်းက လည်း နောက်ကနေပြီး ခင့်ကိုကိုင်ပါ၊ ခင် ရေနက်ထဲကျသွားမှာ ကြောက်တယ်၊ ဟင်.... အစ်ကို ရေကလည်း ကြည်လိုက်တာနော်၊ အေးလည်း အေးတယ်၊ ခင်ကြီးတို့ ငယ်ငယ် လေးတုန်းကလိုပဲ"စကားသင်စ ကလေးပမာ တတွတ်တွတ် ပြောလာရာသည်တွင် မောင်မောင်ငယ် ကပြုံးလျက်..."ခင်အကြီးက ရေလည်း အင်မတန်ချိုးလိုတယ်။ ရေနက်ထဲ ဆင်းရမှာလည်း အလွန်ကြောက်တယ်။ ရေထဲရောက်တော့လည်း အစ်ကိုနှင့် နန်းခုံတို့က လက်ကို ကိုင်ထားရမည်ဆိုလျှင်ဘယ့်နယ် ရေချိုးမည်တုန်း ခင်ရဲ့ ပြုံးရယ်ပြောရာ နန်းခုံလည်း ရယ်မော ကာ..." ဟုတ်ပါရဲ့ ခင်ခင်၊ သည့်ကလောက် ကြောက်တော်မူလျှင် ကန်ပေါင်တွင် ထိုင်၍ ချိုးတော်မူပါ။

အနန်း ဆယ့်နှစ်ရာသီ ငွေဖလားကြီးနှင့် ချိုးရေတော် ခပ်ပေးပါမည် ခင်ခင်ရဲ့" ခနဲ့၍ ပြောသည်တွင် ခင်ခင်ကြီးမှာ မိမိအကြောက်လွန်ကဲပုံကို တွေးမိသဖြင့် ရှက်ပြုံးကလေး ပြုံးလိုက်ကာ "အို... ခင်ကြီးက ရေနက်ထဲကျသွားမှာ စိုးလို့ပါ၊ အစ်ကိုနှင့် အနန်းတို့က ဒါလောက် သရော်နေမှ ခင်လက်တွဲ မထားတော့ပါဘူး၊ ခင့်ဘာသာ ချိုးပါတော့မယ်"ဆိုကာ ကိုင်ထားသော မောင်မောင်ငယ်၏ လက်မောင်း တစ်ဖက်ကို လွှတ်လိုက်ပြီး မိမိတစ်ဦးတည်းပင် ကြည်လင်အေးမြသော ရေကန်ထဲသို့ အနည်းငယ် ရှေ့တိုးကာ ဖြူဖွေးသွယ်လျသော လည်တိုင်ကလေးသာ ဖော်ထားပြီး အနီးအပါးရှိ လက်လှမ်းမီသည့် ကြာညိုပွင့် ကလေးများကို လှမ်းယူ ခူးဆွတ်ကစားလျက် ရှိလေ၏။ မောင်မောင်ငယ်ကား အလိုက်သင့်ပင် ခင်ခင်ကြီးအပါး နီးနီးမကပ်ဘဲ အမှတ်မထင် ခပ်ခွာခွာပြုရင်း ရင်ခေါင်းမျှ နက်သည့်ဘက်သို့ တဖြည်းဖြည်းတိုးသွားကာ ရေများသုံးသပ်လျက် လက်လှမ်းမီရာ ကြာဖူး၊ ကြာခိုင်များကိုလည်း ချိုး၍ နေလေ၏။

ခင်ခင်ကြီးကား ကလေးစိတ် မပျောက်တပျောက် အရွယ်ဖြစ်သည့် အားလျော်စွာ ကြည်လင် အေးမြသော ရေထဲတွင် ပျော်ပျော်ရွှင်ရွှင်နှင့် ရေကစားလျက် လက်ကလေး နှစ်ဖက်ဖြင့် ရေမြှုပ်ရေပန်းများထစေပြီး စိတ်ရှိလက်ရှိကြီး မြူးရွှင်ကျေနပ်နေရာမှ တစ်ခါတစ်ခါ နန်းခုံဘက်သို့လည်းကောင်း၊ တစ်ခါတစ်ခါ မောင်မောင်ငယ်ရှိရာ သို့လည်းကောင်း ရေကို လက်ဖြင့် လှိုင်းဂထက်ထအောင် ပို့ဆောင်လျက် နေရာသည်တွင် တစ်ခါတစ်ခါတွင် ကိုယ်ဂတ်ထဘီမှာ ရေဟုန်ဖြင့်ကသီကရီ ကလျော့ကလျည်းဖြစ်သွားရ ကား ဖြူဂင်းဂင်းလဲ့သော အသားစိုင်ကလေးများမှာ ကြည်လင်သောရေစင်ဖြင့် ထပ်မံ၍ အမွှမ်း တင်ထားဘိသကဲ့သို့ နဂိုလှနဂိုယဉ်တွင် နဂိုဏ်းငင်၍ ကူပြန်သောကြောင့် နှစ်လံကွာလောက်မျှ အမှတ်မဲ့ တွေ့မြင်မိသော မောင်မောင်ငယ်မှာ ရုတ်တရက်သော် ခင်ခင်ကြီးဟုပင် မထင်နိုင်၊ မနော်ဟရီ၊ ဒေဝီသူဇာ၊ နက်ကိန္နရီကညာကလေးပင် လူ့ရပ်ဌာနသို့ အပျင်းပြေရေကစားရောက်၍ နေလေသလောဟု တွေးတော ယုံမှားမိကာ ဆင်စွယ်နှစ်ကို စနစ်တကျထုလုပ်ထားသည့် ကိန္နရီရုပ်ကလေးပမာ ပြေပြစ် သွယ်လျ ရှုမဂ နိုင်လောက်သော နဂေါရီအရွယ်၏ ချစ်စဖွယ်အာရုံကိုမတုန်မလှုပ် ငေးစိုက် လျက်သာ၊ ကြာဖူး၊ ကြာခိုင်တွေကို ကိုင်ရင်း ငေးစိုက်လျက်သာ ကြည့်၍နေမိပြီး တစ်ဖန်လည်း နှုတ်ထက်မှ ရုတ်တရက်သတိရမိသော....။

www.burmeseclassic.com

www.burmeseclassic.com

"ပြာလွတ်မွတ်စင်၊ နှောင်သာကြင်၍ ကေရှင်မြခက်၊ ဖြာစရွက်လည်း၊ နားထက်ညွတ်ခွေ၊ စုလင်ပြေနှင့်။ စောင့်နေကျစ်လျစ်၊ စမ္ပာယ်သစ်က၊ ကျွမ်းချစ်ရအောင် ကြိုးသည်နှောင်တုံ၊ ခေါ်ယောင်ခေါ်များ၊ ကိုယ်ကား သည်မှာ၊ မေတ္တာအသက်၊ ပုံလျက်ဂမှိုင်း၊ အဆိုင်းဆိုင်း တည့်၊ နေ့တိုင်းတန့်ဆည်၊ မခန့်သည် ကို၊ ရွှေပြည်ဂယ်နတ်၊ သိပါတတ်လော့၊ ပျောင်းညွတ်တိမ်းယိမ်း၊ ဖက်ရာကြိမ်းသည်၊ ခေါင်တိမ်း ကဲ့သို့ညွတ်ကာသော"

လက်ဆောင်ယူမှူး ရှင်သန်ခိုရေး ရတုပိုဒ်မှ တတိယအပိုဒ်ကိုအလိုအလျောက် တီးတိုးတမ်းတသီဆိုမိပြီးလျှင် သီဆိုမိသော ရတု၏အနက်အဓိပ္ပာယ်ထဲမှာ လူရောစိတ်ပါလိုက် လျော်မျှောပါ၍ နေမိသကဲ့သို့ ရှိချေတော့၏ ချိန်တန်အရွယ်ရောက် လူလား မြောက်သည်က အစယနေ့မှပင် မိမိစိတ်ကို ထူးခြားစွာ ထိခိုက်လှုပ်ရှားစေသော အာရုံတစ်ခုသည် မည်သူ့ကိုမျှ မတိုင်ကြားဘဲ ကိုယ်ထဲမှ ဘွားခနဲပေါ်ပေါက်လာတော့၏ ။

ထိုခဏ၌မောင်မောင်ငယ်မှာ ကျယ်ဝန်းသော အတွေးများနှင့် စိတ်ကစားတိုင်းအတိုင်း အရှည်မရှိ စကြဝဠာနယ်အနှံ့ကျယ်ပြန့်သလောက် ပြေးလျက်ရှိချေ၏ ငယ်စဉ် တောင်ကျေးကလေးအရွယ်ကစ၍ မောင်ရင်းနမပမာ မိမိလက်ပေါ်တွင် လက်ပွန်းတတီး ချစ်ခင်ကြင်နာစွာနှင့် ကြီးပြင်းလာခဲ့သူကလေးပင် ဖြစ်လင့် ကစား ယခုကဲ့သို့ ထူးခြား ပြောင်းလဲ၍ လွန်ကဲသောအဆင်းအင်္ဂါလက္ခဏာတို့ကို တွေ့မြင်လိုက် ရသည့် ထိုတစ်ခဏ သော အချိန်ကလေးတွင်မူကား စက္ခုတည်းဟူသော အာရုံက ကာမဂုဏ်အစာကို လျှာပေါ်တွင် ရိုပ်ခနဲတင်၍ မြည်းလိုက်ရသကဲ့သို့ ဇမ္ဗူသပြေသီးကို အာသာငင်မိသည် ကြမ္မာ ဝင်ရှာသူအလား ရုတ်တရက် တိမ်းညွတ်ဖောက်ပြားပြီး ယောက်ျားတည်းဟူသော ဓာတ်သဘာဝသည် နတ်ကညာတမျှကဲ့သို့ သွယ်လျပြေပြစ်ကျစ်လျစ်ဖြောင့်စင်း ဝါဝင်းထိန်ကြည် ကိန္နရီမလေး၏ ကသီကရီ ကလျော့ကလျည်း ဟန်မူရာတွင် အာရုံဝင်စား နစ်မွန်း၍ သွားမိရှာတော့၏ ။

မောင်မောင်ငယ်သည် အမှတ်မဲ့သတိလစ်ဟင်းကာ ရိုပ်ခနဲအာရုံတွင် စိတ်ဝင်စားလျက် ရုတ်တရက်တုန်လှုပ်ချောက်ချား ဖောက်ပြားချို့ယွင်းနေမိစဉ် လောကသဘာဝကြီး၏ ပြောင်းလွဲမှုအရပ်ရပ်ကို မနူးမနပ်စိမ်းဆတ်ဆတ်နှင့် အသိအမှတ်မပြုတတ်ရှာသေးသော ခင်ခင်ကြီးကလေးမှာ မောငမောင်ငယ်ရှိရာသို့ လှမ်းကြည့်ပြီး ကရုဏ်ဟသ်ာ ရွှေကြိုးကြာတမျှ ချိုအေးသာယာလှသော အသံကလေးဖြင့်။

"ဟင်....အစ်ကို၊ ကြာပန်းတွေချိုးနေပြီ။ ခင်အစ်ကို့ဆီသို့လာချင်တယ်။ အို....ရေကလည်း အနက်ကြီးပဲ အစ်ကိုရဲ့ ခင့်ကိုလာခေါ်လှည့်ပါ"

ကန္ဒဲ့ကလျသံသာကလေးနှင့် လက်ကလေးနှစ်ဖက်ကို ဆန့်တန်းကာ ခေါ်အော်၍နေရှာ သည်တွင်မှ မောင်မောင်ငယ်၏ စကြဝဠာအနှံ့လည်၍နေသော စိတ်များမှာ ဘွားခနဲပြန် ရောက်သတိဝင်လာပြီး။

"အလို...ခင်အကြီး၊ ငါ့နမကလေးပါကလား၊ သတိထား သတိထား၊ ဘုရား ဘုရား"ဟု မိမိ၏စိတ်ထား ချို့ယွင်းမှုကို ကပျာကလာနှင်ထုတ်လိုက်လျက် တစ်ဖက်သို့လှည့်ကာ ကယောင်ကတမ်းနှင့် ရူးမိရူးရာ

www.burmeseclassic.com

ကြာပန်းတွေကိုသာ တွေ့နေသော အရေးတော်ပုံကိစ္စကြီး ကို မသိရှာသော ခင်ခင်ကြီးမှာ မိမိအော်ခေါ်နေသည်ကို မကြားသကဲ့သို့ တစ်ဖက်သို့ပင် လှည့်၍သွားပြန်သည့်အတွက် ရုတ်တရက် အသံကလေးကို ရှေးကထက်မြှင့်တက်ကာ။

"အစ်ကို...ကြည့်ပါဦးတော့၊ ခင်လာချင်ပါသည်ပြောတာကို မကြားဘူးထင်ရဲ့။ အစ်ကို ခင်ကိုလာ ခေါ်ပါ အစ်ကိုရဲ့ အစ်ကို့နေရာမှာ ကြာပန်းတွေရှိပါတယ်။ ခင်လာချင်ပါတယ် အစ်ကိုရဲ့"

လှမ်းအော်ပြောလိုက်သည်တွင် မောင်မောင်ငယ်မှာ မကြားဘဲမနေသာတော့သဖြင့် ခင်ခင်ကြီးရှိရာသို့ လှည့်၍ကြည့်လိုက်မိရာ။

"ဟင်"ဟုဆိုကာ တစ်ဖက်သို့ ကပျာကယာပြန်လှည့်လိုက်ရပြီး ကြာဖူးကြီးတစ်ခုကို လက်လှမ်းရင်း။

"ခင်အကြီး ဒီကိုမလာချင်နဲ့ ရေအင်မတန်နက်တယ်၊ ခင့်အရပ်ကလေးနှင့် ခြေထောက်မမီ ပေဘူး။ အစ်ကိုခင့် ကိုကြာပန်းတွေ များများကြီးခူးလာမယ်။ အဲဒီနေရာကနေ ငြိမ်ငြိမ်စောင့် နေပါခင်ရဲ့"

ပြောရရှာတော့၏ ခင်ခင်ကြီးကား များစွာကျေနပ်လှဟန်မရှိဘဲ တစ်ယောက်တည်းပင် မျက်မှောင် ကလေးချိုကာ။

"အစ်ကိုကလည်း ခင်ကြီးလာချင်ပါတယ်လို့ ပြောနေတာကို မလာရဘူးတဲ့။ သူတို့အနား မှာကြာပွင့်တွေ အများကြီးရှိလို့ ခူးချင်ပါတယ်ဆိုမှ"

တီးတိုးမြည်တွန် တောက်တီးနေရာမှ နန်းခုံဘက်သို့လှည့်ကာ။

"ဒီမှာအနန်း၊ ခင့်ကို အစ်ကိုနေရာရအောင်လိုက်ပို့ပါလား။ ဟိုနေရာက ရေနက်တယ်ဆို တာ အစ်ကို အလကား ညာပြောလား မသိ၊ လာပါ အနန်း၊ ခင်တို့သွားချေရအောင်"

နန်းခုံသည် ခင်ခင်ကြီးနောက်ပါးမှ အစေအပါးပီပီဘာသိဘာသာ ရေချိုးနေရာတွင် ခင်ခင်ကြီးခေါ်လိုက်မှ ရှေ့သို့ရောက်လာပြီး။

"ဟို...နေရာက ရေနက်တယ်။ မောင်မောင်မိန့်တော်မူပါတယ် ခင်ခင်၊ တကယ်ပင် ရေနက် လှပါတယ်။ မောင်မောင့်အရပ်နှင့်ပင် ရင်ခေါင်းသို့ ရောက်နေပါတယ်၊ ခင်ခင့်အရပ်ကလေး နဲ့ဆို မောင်မောင် ရပ်နေသော နေရာက ခြေထောက်၍မမီဘဲ ရှိပါလိမ့်မယ် ခင်ခင်ရဲ့"

ချော့မော့ ပြောရပြန်သောအခါ ခင်ခင်ကြီးမှာ နန်းခုံကိုမျက်လုံးကလေးနှင့် လှန်ကြည့်ပြီး။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်...အနန်းကြီးကလည်း လာပြန်ပြီ။ အစ်ကို့ဖက်ကရှေ့နေတော် ဌားထားသည်လား။ သူများသွားချင် ပါတယ်ဆိုတာကို မပို့ချင်ဘူး"

ဆိုကာ လက်တစ်ဖက်တွင် ကိုင်ထားသည့်ကြာခိုင်ကလေးများကို စိတ်လိုက်မာန်ပါချိုးဖဲ့ချေမွပစ်သည်နှင့် နန်းခုံနှင့်ခင်ခင်ကြီးကို ပွေ့ဖက်ချော့မော့ကာ။

"သြော်....ခင်ခင်ကလည်း တယ်လို့စိတ်ကောက်တော်မူတာကိုး။ အနန်းကခင်ခင်ရေနက်ရာမသွားစေလို၍ အကောင်းပြောပါတယ်။ အနန်းကို စိတ်ခုတော်မူတာနှင့် သနားစရာသူ့ဘာသာနေရှာတဲ့အပြစ်မရှိတဲ့ ကြာပန်းကလေးတွေစပ်ကြားက ဓားစာခံဖြစ်ရရှာချေ ပေါ့နော်"

ပြောသည်တွင် ခင်ခင်ကြီးမှာ အကယ်ပင် သနားစိတ်ဂင်လာဘိအလား ဒဏ်ရာ အနာတရ နှင့်ရေထဲတွင် ပိုးလိုးပက်လက် မျောနေရှာကြသည် ကြာညိုပန်းဖတ်ကလေးများကို နောင်တရသောမျက်နှာ ကလေးနှင့် ငေး၍ ငြိမ်သက်စွာကြည့်နေမိလေ၏ ဤတွင်မှလည်း နန်းခုံမှာခင်ခင်ကြီး၏ရင်ဆီတွင် ဖိုသီဖတ်သီနှင့် ကသီကရီ မပီတပီဖြစ်နေသော ထဘီစ ကလေးများကို သွား၍မြင်မိသဖြင့်။

"အို...သိနိုင်ပါဘူး၊ ခင့်ဘာသာရေချိုးရတာပျော်လို့မှ မကုန်နိုင်ပဲ။ ဒီထဘီတွေ ဘာတွေကို ဂရုမစိုက်နိုင်ပါဘူး၊ ဟော...ပြောရင်း ဆိုရင်း အစ်ကိုပြန်လာနေပြီ။ ဟို....နေရာကို ခင်တို့ မသွားရတော့ပါဘူး"

ပြောကာ တစ်ဖန်လည်း မောင်မောင်ငယ်ဘက်သို့ လှမ်း၍.....

"အစ်ကိုကလည်း ပြန်လာပြီ။ အဲ....ဟိုနေရာတွင် ခင်သွားချင်ပါတယ် အစ်ကိုရဲ့"

ဆီး၍ပူဆာပြန်ရာ လက်တွင်ကြာပန်းတွေတစ်ပွေ့ကြီးပါလာသော မောင်မောင်ငယ်သည် ခင်အကြီးအနီးသို့ ပြောရင်းပင်ရောက်လာပြီး။

"ခင်ရဲ့...ဟိုနေရာက ရေအင်မတန်နက်တယ်၊ အစ်ကိုလည်းကြာရှည်မနေရဲလို့ ပြန်လာခဲ့ တယ်။ ဒီမှာကြည့်စမ်း၊ ခင့်အဖို့ ပန်းတွေအများကြီးအစ်ကိုခူးခဲ့တယ်၊ ကျေနပ်တော့ ခင်ရဲ့၊ အလို....ကြည့်စမ်းပါဦး၊ ခင့်နှုတ်ခမ်းကလေးများလည်း ပြာ၍နေပြီ ။ ရေထဲမှာ ကြာကြာမနေနှင့်ခင်ရယ် အအေးမိ၍ နောင်ခါ ခင်နေထိုင်မကောင်းရင် မေဖုရားတို့က အစ်ကို့ကို အပြစ်တင်ကြလိမ့်မည်၊ သည့်လောက် ရေကစားရလျှင် တော်လောက်ပါပြီ ခင်အကြီးရယ် ၊ ဟောဒီ ပန်းတွေကို ဘုရားလှူရန် နန်းခုံနှင့် အတူစီမံပါဦး ၊ ငန့်လည်း လေ့ရှာသွားတာရောက်လောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

ညနေနေအနည်းငယ်ချိုလျှင် အစ်ကိုတို့ လှေကလေးနှင့် အင်းထဲလျှောက်၍ လည်ရဦးမယ်၊ ရေလည်စီမှာလည်း ပဒုမ္မာကြာပွင့် ကြီးတွေနှင့် ကြာခွက်တွေ ပြည့်၍နေတော့တယ်။ အဲသည် ပဒုမ္မာ ခိုင်တွေ လှေကလေး ပေါ်ကနေ ခူးပြီး အင်းစောင်းက ကျောက်တော်ကြီးဘုရားကို သွားလှူကြမယ်၊ အဲသည် မှာ တစ်ခါနေပူခံဘုရားဖူး၍ သူဌေးဦးပိန်တံတားကိုလည်း သွား၍လည်မယ် ဟုတ်လား ခင်အကြီး၊ ကုန်းပေါ်တက်ကြစို့နော်"

ဖျောင်းဖျချော့မော့ခေါ်သည်တွင်မှ ခင်ခင်ကြီးလည်း ပန်းစည်းကြီးကို လှမ်းယူကာနောက် ထပ်သွား စရာ တွေမှာလည်း မိမိအကြိုက်တွေချင်းနှင်နှင်ဖြစ်သောကြောင့် ကျေကျေအေး အေးနှင့်ပင် မောင်မောင်ငယ် စကား နားဂင်လျက် ရေထဲမှာတက်ခဲ့လေတော့သတည်း။

မောင်မောင်ငယ်သည် အဂတ်အစားများလဲ လဲလှယ်ဂတ်ဆင်ကာ မှိုင်းလုံးကော်ဇောနှင့် တစ်နေရာတွင် ထိုင်လျက် လောလောဆယ်ဆယ် ဖြစ်ပျက်ပြောင်းလွှဲခဲ့သော မိမိ၏ စိတ်ဆင်းကဲ့သို့ ချစ်ခင်ရင်း စိတ် စေတနာနှင့် ဖျောက်ဖျက်နေမိရှာလေ၏ တစ်မိဂမ်းတွင်း ခေါင်းနှင်းဆင်းကဲ့သို့ ချစ်ခင်ရင်း စိတ်စေတနာ နှင့် ငယ်စဉ်အခါကပင် လက်ပွန်းတတီး ရင်းနှီးစွာ ကြီးပြင်းလာခဲ့သူကလေးပေါ်တွင် သွေး မခြား သော နှမရင်းကလေးများအပေါ်ဂယ် အစ်ကိုကြီးတို့၏ သန့်ရှင်းကြည်လင်သော မေတ္တာ ရေစင် သည် ယနေ့အဖို့ မိမိမျက်စိ အာရုံတွင် အမြင်ပြောင်းလွှဲယောင် အကြည့်ရဲမိသည့် တစ်ခဏ၌ ကြည်လင် အေးမြသော ရေစင်တွင် အမှုန်အနည် ထချင်သယောင်ယောင် ဖြစ်မိခြင်းအတွက် မိမိကိုယ်ကိုယ်ပင် ဂမ်းနည်း ပက်လက်အပြစ်တင်၍ နေမိရှာရုံမက သူခိုးဓားပြကဲ့သို့ ဆိုးဂါးလှသော စိတ်ရိုင်း, စိတ်မိုက်တို့ကို ကတိုက် ကရိုက်နှင့် ထုတ်ကာမြင့်မြတ်သန့်ရှင်းသော မူလပင်ရင်းစိတ်များ ကို ကြိုးစား၍ သိမ်းသွင်း နေရရှာ လေ၏။

"ငါမတရားမိပါကလား၊ သည်မျှရိုင်းတဲ့ စိတ်ဓာတ်တွေဟာငါ့ကို ဘယ်နည်းကြောင့် ဂင်ရောက် နှောင့်ယှက် ရသလဲ၊ ခင်အကြီးဟာ ငါ၏နှမကလေးပါကလား။ မောင်မောင်ငယ် မင်းမမှားစေနဲ့"

မိမိ ကိုယ်ကိုယ် ပြစ်တင် ဆုံးမရှာရာမှ ဘာကြောင့် ငါ့စိတ်ဟာ သည်ကဲ့သို့ဖောက်ပြန်ရပါ သလဲ။ အင်း... ခင်အကြီးဟာ စင်စစ်ငါ၏နှမအရင်းမဟုတ်၊ မေဖုရားတို့ဟာလည်း ငါ၏မိဘအရင်းမဟုတ်။ အဲ... ဒီသွေးခြားမှု ကလေးတစ်ခုကြောင့် ယခုကဲ့သို့ စိတ်ဖောက်လွှဲ ဖောက်ပြန်ဖြစ်ရပါကလား။ သြော်.... ခင်အကြီး၊ ဘာမှမသိရှာသေးတဲ့ကလေးလေးအတိုင်း ရှိရှာပါသေးကလား။ အင်... ကုသိုလ်ကံ များကလည်း ဗျာ၊ ငါနှင့်ဒီကလေးမကို တစ်မိ ဂမ်းတွင်းမှ ခေါင်းနှင်းမဖြစ်ရလေအောင် ခွဲခြားလို့မှ လွှတ်တတ် ပလေတယ်၊ အကယ်၍ သွေးသားရင်းချာဖြစ်ပါက ငါ့အားဤကဲ့သို့ စိတ်ရိုင်းများ ဂင်ရောက် ချောက်ချား ခြင်း ခံရမည် မဟုတ်ပါကလား။ ဟယ်...ဘယ်လိုပင် အပြင်အပကစိတ်ရိုင်းပယောဂတွေ နှောင့်ယှက် လေလည်း၊

သတိကြီးစွာ ထား၍ခုခံဖြိုဖျက်ပြီး စင်ကြယ် သန့်ရှင်းသော မေတ္တာသက်သက်နှင့် ငါ့တစ်သက် နှင့် တစ်ကိုယ် မှာ ချစ်ခင်ကြင်နာစွာစောင့်ရှောက်ပါတော့မယ် ဟု မိမိကိုယ်ကိုယ် ကျိုးကြောင်းပြသ

www.burmeseclassic.com

www.burmeseclassic.com

တရားချ၍ နေစဉ် ခင်ခင်ကြီး သည် ဖြီးလိမ်းဂုတ်ဆင်ပြီးသဖြင့် ကြာပန်းစည်းကို ပွေ့ကာ မောင်မောင်ငယ် အပါးသို့ ရောက်လာ ပြီး။

"အစ်ကို...ခင်ကြီးကြာပန်းတွေကို စည်းခဲ့ပြီ။ အနန်းရေ...ဆယ့်နှစ်ရာသီ ငွေဖလားကြီးနှင့် ရေအပြည့် ခပ်ယူခဲ့ပါ၊ ကြာပန်းတွေမညှိုးအောင် အရိုးကိုရေစိမ်ထားမယ်နော်အစ်ကို။ ဒါနဲ့ လှေရောက်ပြီလား။ ခင်တို့သွားရင် ဟောဟိုရေလယ်ကို ရောက်ဦးမှာပဲနော်။ အစ်ကိုခုနင် ကပြောတဲ့ ပဒုမ္မာကြာပန်းတွေကို အဲသည် ရေလယ်မှာ မြင်ရတယ်အစ်ကို။ ခင်ဖြင့်သည် ကြာညိုပန်းတွေထက် ပဒုမ္မာကြာပန်းတွေက သာသို့ လှလိမ့်ထင်တာပဲ၊ ခင်တော့လှေထဲနေ ပြီး ကြာပွင့်ကြီးတွေကို လှမ်းဆွတ်မယ်နော် အစ်ကို"

စကားတွေကို ပြောချင်သလို တောင်စဉ်ရေမရအဆက်မပြတ်ပြောကာ ကြာပန်းတွေကို နန်းခုံယူလာသော ငွေဖလား တွင်ထည့်လျက် မောင်မောင်ငယ်၏ ရင်ခွင်ထက်သို့ဝင်၍ ထိုင်လိုက်ပြန်သောအခါ မောင်မောင်ငယ် မှာ စောစောကစိတ်ကစား၍ ခြေလှမ်းများလိုက်မိသောအရှိန်ကြောင့် လှုပ်ရှားသော စိတ်ထား ကို ငြိမ်ဝပ်ပိပြားအောင်အတန်ပင် ဖိနှိပ် ထိန်းချုပ်ထားပြီး တရားကျ၍ နေရပြန်လေ၏ ။

ရိုးသားသော စိတ်ထားကြောင့် ငယ်စဉ်က နမရင်းချာအလား ချစ်ခင် အရေးပေး ထား၍ ငယ်ရွယ်ရာသူ ခင်ခင်ကြီးမှာ ရှေးအခါကအတိုင်း ပြောဆိုပြုမူ နေထိုင်ရှာသော်လည်း မိမိမှာ စောစောကအမှားကြောင့် စိတ်ထားမလုံဘဲ မနေတတ်မထိုင်တတ်ဖြစ် နေရာတွင် မကြာသေးမီက ဖွတ်အဓမ္မနှင်ထုတ် မေ့ပျောက် ထားသော စိတ်ဆင်ရိုင်းမှာ ချွန်းအသိုင်း မခံဘဲ အတင်းကျုံဝင်လာမည် တကဲကဲဖြစ်နေပြီးလျှင် ခင်ခင်ကြီးနှင့် နီးကပ်စွာနေရသည် မှာလည်း တမင်သတိမရရအောင် နှိုးဆွပေးနေသကဲ့သို့ရှိနေသဖြင့် အခက်အခဲ ကြုံလျက် ရှိရှာစဉ် ကံအားလျော်စွာ အင်းရေပြင်ပေါ်မှငန်ကြီး လောင်းလှေကလေးတစ်စင်း လှော်ခတ် လာသည်ကို အဆင်သင့် တွေ့မြင်ရသောကြောင့်။

"ခင်ရေ...ထ...ထ၊ ဟောဟိုမှာ ကြည့်လိုက်စမ်း၊ ငန်ကြီး လှေကလေးယူလာပြီ"

ပြောလိုက်မှ ခင်ခင်ကြီးလည်း ဂမ်းသာအားရနှင့် မောင်မောင်ငယ်ရင်ခွင်မှ ထကြည့် ကာပျော်ရွှင် ကျေနပ်၍ နေရှာပြန်သည်နှင့် မောင်မောင်ငယ်လည်း အနည်းငယ် အသက် ရှူခွင့် ချောင်သွားရှာတော့၏။

"အစ်ကိုရေ..လှေကလေး ငယ်ငယ်ကလေးရယ်နော်၊ ခင်ကြီးရယ်၊ အစ်ကိုရယ်၊ အနန်းရယ်၊ ကိုနွဲ့ကြီးရယ်။ လေးယောက်ဆို ဘယ်ဆံ့မှာတုန်း အစ်ကိုရဲ့။ နို့ပြီးတော့ ကျုံး တော်တွင်းက လှေတော်တွေကိုလည်း မလှဘူးနော်"

"ဟို...ကျုံးတော်ထဲက လှေတော်တွေ၊ လှော်ကားတော်တွေက ဘုရင်မင်းမြတ်နှင့် ဆွေတော် မျိုးတော် မင်းမိဖုရား မှူးမတ်သေနာပတိများ စီးတော်မူကြတာကိုး ခင်ရဲ့။ ဒီလှေကလေးကတော့ အင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ရွာသားများ သွားလာကူးသန်းဖို့ ထားတဲ့ လှေကလေး ဆိုတော့ ဘယ်မှာ လှလှပပ ခမ်းခမ်းနားနား ရှိနိုင် ရှာမလဲ။ ကဲ...ကဲ လှေရောက်မှ စောစော သွားကြတာပေါ့လေ။ နန်းခုံကို သည်နေရာမှာပဲ လှည်းနွားနဲ့ ပစ္စည်းများ စောင့်နေစေပြီး ခင်အကြီးရယ်၊ အစ်ကိုရယ် သွားမယ်။ ငနွဲ့ကြီးကို လှေလှော်ပေးစေ။ အို...ဒါနှင့် ခင့်ခေါင်း ကိုလည်း နေပူမည် စိုးရသည်၊ ဟောဒီ ကြာဖက်ကလေးကို ခင့်ခေါင်းမှာ ဆောင်းခဲ့"

ဆိုကာ စိုပြည်စိမ်းလန်းသော ကြာဖက်ကြီးတစ်ခုကို ကတော့ပြု၍ ခင်ခင်ကြီး၏ ခေါင်းပေါ်တွင် ဆောင်းဆင်ပေးလိုက်သောအခါ ဖြီးလိမ်းပြင်ဆင်ပြီးစ နဂိုဓာတ်ခံလှရှာ သေခင်ခင်ကြီး၏ဂါဂင်းသော မျက်နှာကလေးမှာ စိမ်းလန်းသော ကြာရွက်အောက်တွင် များစွာအဆင်ပြေနေစေရုံမက ဇာတ်တော်ကြီးထဲမှ ကြာဖက်ဆောင်း အမှုထမ်း အပျိုတော် ကလေးများအသွင် ယဉ်လျက်ရှိရကား အမှုမဲ့အမှတ်မဲ့အားဖြင့် ဆောင်းပေး လိုက်မိသော မောင်မောင်ငယ်မှာ ခင်ခင်ကြီး၏ ရူပါရုံ ညို့ချက်တွင် မလှုပ်မယှက်နိုင်အောင် မိနေရှာ ပြန် တော့၏။
"ကဲ...အစ်ကို သွားကြစို့လေ၊ အို...ဘာများ ငေးနေမှန်းမသိပြန်ဘူး။

အစ်ကို ဟာလေ... သည်ကနေ့ဘာများဖြစ်နေသည်မသိ၊ လျောင်ကျက်မိသူလို ဟိုငေးသည်ငေးနှင့် ဖြစ်နေ တော့တယ်။ အိမ်တော်ရောက်လျှင် မေဖုရားကို ဆေးကလေး ဘာလေးများ တိုက်ပါဦးလို့ လျှောက်မှ ထင်ပါရဲ့"

ဆိုသည်တွင်မှ မောင်မောင်ငယ်မှာ ကပျာကယာ ဣန္ဒြေပြင်လိုက်ရကာ...

"အို...ခင်အကြီးကလည်း မဟုတ်တာတွေ ပြောတော်မူတတ်လိုက်တာ၊ အစ်ကိုဘာမှ မဖြစ်ပါကလား ခင်အကြီးရဲ့"

"အောင်မာ... အစ်ကို ညာပြောပြန်ရော့မယ်။ ခုနင်က အစ်ကို ငေးကြည့်နေပြီးတော့"

"ဟာ... အဲဒါ ခင်အကြီး ကြာဖက်ကလေး ခေါင်းဆောင်းထားတော့ ဇာတ်တော်ကြီးထဲက ကြာဖက်ဆောင်းအငြိမ့် အပျိုတော် လှလှကလေးတွေကို သွားပြီးသတိရလို့"

"ဟင်... ခင်ကြီးဟာ ဇာတ်တော်ကြီးထဲက အငြိမ့်အပျိုတော်ကလေးတွေလို လှနေ တယ်လား အစ်ကိုရဲ့"

"အင်း...ခင်အကြီးက သူတို့ထက် အဆပေါင်း မရေတွက်နိုင်အောင် ပိုပြီးလှသေးတယ်"
ခင်ခင်ကြီးမှာ ငယ်ရွယ်သူကလေး ဖြစ်ရှာသည့် အားလျော်စွာ မိမိကိုယ်ကိုယ်လှသည်ဟု ဆိုလျှင် အလွန်ပင် ကျေနပ်ဂမ်းမြောက်သွားရှာလေ၏။ မောင်မောင်ငယ်ကား မိမိ ပြောလိုက်မိသော

www.burmeseclassic.com

www.burmeseclassic.com

စကားသည် စေတနာ ရိုးရိုးသားသား မှ ဟုတ်ပါလေစဟု အခါခါအတန် တန်ပြန်လှန်စဉ်းစားကာ ရုတ်တရက်ပူးဝင်လာအံ့သော မကောင်း ဆိုးဝါးစိတ်များကို တားဆီးနှင်ထုတ်ပစ်လိုက်ကာ။

"ကဲ...လာ...လာ ခင်၊ အစ်ကိုတို့ သွားကြရအောင်။ နန်းခုံ ခင်ယူချင်သောပစ္စည်းများကို ထည့်ပေးလိုက်ပါ။ လှေပေါ်တွင် ခင်းစရာကော်ဇောတစ်ချပ်ကိုလည်း ငနွဲ့ကြီးလက်အပ် လိုက်တော့"

ပြောဆိုစီမံ၍ နန်းခုံနှင့်ငနွဲ့ကြီးတို့ အသီးသီးလုပ်ကိုင် ပြင်ဆင်ပြီးကြသောအခါ မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့လည်း တောင်သမန်အင်းပြင်ကြီးတွင် ပျော်ရွှင်စွာလေစီး ၍ ထွက်လာကြလေ၏။

လွန်ခဲ့သော လေးငါးနှစ်ခန့်ကမူ မောင်မောင်ငယ်ကလည်း ရှင်လူထွက်စအရွယ်၊ ခင်ခင်ကြီးကလည်း ခပ်ငယ်ငယ် တောင်သမန်ရေပြင်ထဲတွင် လှေစီးလျက် အငြိအစွန်းမ ထွက်ဘဲ ကလေးသဘော သက်သက် ဖြင့် ရက်ရက်ရောရော ပျော်ရွှင်ခဲ့ကြသော်လည်း ယခု တစ်ခါတွင် ခင်ခင်ကြီးမှာ တစ်စုံတစ်ရာ မရိပ်မိ တတ်ရှာဘဲ ငယ်စဉ်က ပျော်ရွှင်ပုံအတိုင်း လှေထက်မှ ရေယက်လှိုင်းကလေးများကို ကြည့်ကာ မောင်မောင်ငယ်ကို တီတီတာတာ ပြောဆိုရင်း ပါလာရှာစေကာမူ မောင်မောင်ငယ်တွင်ကား မကြာမီက မွှေ့ရမ်း တိုက်ခတ် သွားသော ကာမဂုဏ်လေနီကြမ်းကြောင့် စိတ်စွမ်းနောက်ကျိမချိတင်ကဲနှင့် ဖမ်းနည်းရမ လို ရင်တဖိုဖိုဖြစ်နေရသောကြောင့် ငယ်စဉ်ကလို လွတ်လွတ်ကျွတ်ကျွတ် ပျော်ရွှင်ခွင့် မရနိုင်ခဲ့ သည်ကိုလည်း တစ်နည်းအားဖြင့် ဖမ်းနည်းမဆုံး၊ ယူကျုံးမရ ရှိရှာတော့၏။

ငနွဲ့ကြီးကား လှေပဲ့မှထိုင်ကာ တက်တဖျပ်ဖျပ်နှင့်လှော်ခတ်၍ လာခဲ့လေ၏ ။ မောင်မောင်ငယ်မှာ လှေဦးတွင်ထိုင်ပြီး ခင်ခင်ကြီးက လှေဖမ်းမှ မောင်မောင်ငယ်ရှိရာသို့ မျက်နှာပြုထိုင်လျက် ရွှေပြည်စိုး ငှက်မကလေးပမာ သာယာကြည်လင်သော အသံကလေး နှင့်မြင်သမျှ တွေ့သမျှတို့ကို အဆက်မပြတ် မေးမြန်း ပြောဆိုလာခဲ့ရာ မောင်မောင်ငယ်မှာမူ ကား ခင်ခင်ကြီး နှုတ်လျှာသွက်သလောက် စကားပြန် နေးလျက် ဆေးဆေးလေးလေး လိုက်ပါလာတော့၏ ။

ထိုအခိုက် လှေကလေးမှာ ရေလယ်ဆီသို့ရောက်၍ ပဒုမ္မာကြာတောကြီးကို ထွင်းဖောက် လှော်ခတ်လာရပြန်သည်တွင် ခင်ခင်ကြီးမှာ ကြာဖူး၊ ကြာခိုင်တွေ လှိုင်လှိုင်ကြီးပေါ်သော နေရာသို့ရောက်လာသည်နှင့် တစ်ပြိုင်နက်ဆွေ့ဆွေ့ခုန် ဖမ်းမြောက်ဖမ်းသာဖြစ်ရှာလျက် လက်ကလေးများနှင့် ညွှန်ပြကာ။

"အစ်ကိုရေ...ကြာတွေ ပေါလိုက်တာနော်။ ကိုနွဲ့ကြီးလှေကို ဖြည်းဖြည်းခတ်ပါ။ အစ်ကို ဟိုကြာပန်းတွေခင့်ဟာခင် ခူးချင်တယ် အစ်ကိုရဲ့။

ဟောဟိုနားကပဒုမ္မာကြာငုံကြီးကလည်း လှလိုက်တာ အစ်ကိုရယ်၊ အို...ခင်တော့ ဒီနေရာက မပြန်ချင် တော့ဘူး၊ ကိုနွဲ့ကြီးရဲ့၊ ကြာခွက်တွေချိုးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com

စသည်ဖြင့် လူရှေ့နတ်ပါ အငြိမ်မနေနိုင်ရှာဘဲ ပျာပျာသလဲဖြစ်နေသဖြင့် မောင်မောင်ငယ် မှာ စိတ်မချသဖြင့် ခင်ခင်ကြီးအနီးသို့ ရွှေ့ထိုင်ရကာ။

"ခင်ငြိမ်ငြိမ်နေ၊ လှေစောင်းသွားမယ်။ ဖယ်ဖယ်...ခင်မရူးပါနှင့် လက်ကလေးကိုဆူးစူးသွား မည်။ ပဒုမ္မာကြာဟာ သည့်အပြင်ကြာနှင့် မတူဘူးခင်ရဲ့။ အစ်ကိုဆူးကလေးတွေ ရှိတယ်။ မတော်မဆ ခင့်လက်ကို ရှသွားမှဖြင့် ခင်မရူးပါနှင့်ကွယ်။ အစ်ကိုခူး၍ပေးပါ့မယ်"

ယုယကြင်နာစွာပြောဆိုချော့မော့ကာ လက်လှမ်းမီရာ ကြာပွင့်၊ ကြာဖူးများကို ခူးယူပေးနေ လျှင် ခင်ခင်ကြီး လည်းမောင်မောင်ငယ်လက်ကိုရသမျှ ကြာခိုင်များကို နစ်သက်အားရလှမ်း ယူပြီး အရိပ်တစ်ကြည့်ကြည့် ဖြစ်နေရှာ လေ၏။

သို့နှင့်ကြာဂတ်မှုံတသင်းသင်းလှိုင်သည့် ကြာတောကြာဂနိုင်ကြီးအတွင်း လှေကလေးကို ဖြည်းဖြည်း ညင်းညင်း ခတ်လှော်ခဲ့ပြီးလျှင် လှေပေါ်တွင် ယှဉ်တွဲထိုင်လျက်ပါလာသော မောင်မောင်ငယ် ကလည်း လက်လှမ်းမီသော ကြာခိုင်၊ ကြာရိုးတို့ကို တစ်ချိုးတည်းချိုးရင်း လိုက်ပါလာလျက် ခင်ခင်ကြီး မှာလည်း မောင်မောင်ငယ်လက်မှ ရသမျှကြာခိုင်တို့ကို ငွေဖလားကြီးတွင် လှိုင်လှိုင်ကြီးထိုးစိုက်ကာ စိတ်ပျော်ရွှင်မြူးစွာ ပါ၍ လာခဲ့ရှာလေ၏ ။

တစ်ခဏကြာသော် လှေကလေးပေါ်တွင် ကြာပွင့်ကြာခိုင်တွေ တင်းကျမ်းပြည့်စုပုံ၍ နေတော့၏ ။လှေကလေး လည်းကြာတောထဲမှာ ထွက်စပြုမိလျှင်ပင် ဇောင်းကလေကန်ဦးမှ ကြည်နူးသာယာ ဖွယ်ကောင်း သော တန်ဆောင်းပြသာဒ်နှင့် စေတီပုထိုးများကို ဘွားခနဲလှမ်း၍မြင်လိုက်ရပြီး အုံးအုံးမှိုင်းမှိုင်း ဆိုင်းဆိုင်း ညို့ညို့ မို့မို့မားမားဖြစ်သော အမရပူရွှေမြို့တော်ဟောင်းကြီးမှ ညီးညီးထိန်ပြောင် အရောင် တလျှမ်းလျှမ်း ဖြစ်သော စုလစ်မွမ်းချွန်တပ်သည့် ပြသာဒ်ဘုံဆောင် အသီးသီးတို့နှင့် နန်းမြို့ရိုး၊ ပြအိုး၊ ပြသာဒ်၊ အထပ်ထပ်တို့ကို ပြတ်ပြတ်ထင်ထင်ရှုမြင်ရကာ မင်းတုန်းဘုရင် မင်းတရားကြီး စံတော်မူရာ ရတနာပုံ ဇေယျာဘူမိ၊ သီရိအောင်ခန်း တောင်မန်းလကျာ ရှေ့ပြူဗ္ဗာဖြစ်သော ရန်ကင်းတောင်ခြေက စခဲ့သည် တိုင်အောင် ပင်လယ်မဟာနဒီမြစ်နန္ဒာ ကန်ကြီးများသည် လည်းကောင်း၊ ရွှေမြို့တော် တောင်မျက်နှာမှ အမရပူရမြို့တော်ဟောင်းအထိ တစ်စပ် တည်း ဆက်သွယ်ဘိသကဲ့သို့ဖြစ်သော တက်သေး အင်း၊ တောင်သမန်အင်း၊ ဇောင်းကလောကန်ကြီးတို့မှာလည်း ရေပြင်တစ်စပ်တည်းဆက်ကာ ပင်လယ်ပြင်ကြီးပမာ ဖွေးဖွေးဖြူလျက် လှိုင်းကြက်ခွပ်ကလေးများကို နေရောင်ဟပ်တိုင်း တဖျပ်ဖျပ် အရောင်ဖြာ သည့် စိန်တလင်းပြန့်ကြီးပမာ ကြည့်မျှော်တိုင်း သာယာလှပေ၏ ။

ကြာဖူးကြာငုံတို့နှင့် မွှေးထုံသင်းပျံ့သောရနံ့တို့တွင် ပျော်ရွှင်စွာအာရုံဂင်စားနေရှာသော ခင်ခင်ကြီးနှင့် မောင်မောင်ငယ် တို့မှာလည်း အရှေ့ဘက်ရှမ်းရိုးမခေါ် စိမ်းလန်းသော ပြင်ဦးလွင်တောင်တန်းကြီးများကို ကျောထောက် နောက်ခံထား၍ ပြာလဲ့သော ကောင်းကင် ပြာကြီးအောက်တွင် ရေပြင်ဖွေးဖွေး လှိုင်းထွေးထွေး နှင့် ပင်လယ်ကြီးတမျှ တစ်ပြေးတည်း

www.burmeseclassic.com

www.burmeseclassic.com

တစ်စပ်တည်းဆက်နေသော အင်းရေပြင်ကြီးတွင် လှေယာဉ်စီး၍နေရုံမက အမရပူရ ရွှေမြို့တော်ကြီးကိုလည်း ရေပြင်ထဲမှနေ၍ မြင်ရသောအခါ ရေးကထက် ပျော်ရွှင်ကြည်နူး စိတ်ရွှင်မြူး၍လာကြလေ၏ ။

အင်းကြီးသုံး အင်းဆက်စပ်ထားသောကြောင့် ရေပြင်ဖွေးဖွေးမှာ ပင်လယ်အဏ္ဏဝါမမျှ နက်နဲ ကျယ်ပြော လျက် လှိုင်းကြက်ခွပ်ကလေးများကား တဖျပ်ဖျပ်တရစပ် တိုခိုက်နေသော လေပြည် ကလေး ကလည်း တသွေးသွေးမိုးတိမ်ကလေးများကလည်း ပြေးတမ်းလိုက်တမ်း ကစားသည့်ပမာ အုံးတစ်လှည့်၊ လင်းတစ်ချီနှင့် ရှိနေသည့်ပြင် အစီအရီသော ကြာဖူး ကြာခိုင်များကလည်း လေခနဲ့တိုင် တနွဲ့နွဲ့ တယိုင်ယိုင်နှင့် လှိုင်းကလိုင်စံ "ငါးတန်၊ ငါးကြင်း၊ ငါးဖယ်၊ ငါးပြာစင်းတို့မှာလည်း ဘာသာဘာဂ အချင်းချင်း ပျော်ရာကြဘိအလား မကြာခဏလှိုင်းပေါ်ရေပေါ်တွင် ပေါ်ချီပွက်ချီနှင့် အလိုက်အလိုက် ကျီစယ် နေကြည်ကို တွေ့မြင်ရလေ၏ ။"

တဖျပ်ဖျပ်နှင့် လှေခတ်လာသော ငနွဲ့ကြီးပင် ဘဂင်ကြည်နူး စိတ်အူမြူး၍လာကာ ကြောက်ရွံ့ ရမည့် ဂန်ကြီးနှင့် ဂန်ကတော်တို့လည်းမပါ၊ မောင်မောင်ငယ်ဆိုသည်မှာလည်း လွန်စွာ စိတ်ထား နူးညံ့ သိမ်မွေ့ ရာသူဖြစ်ကြောင်း သိပြီးဖြစ်သဖြင့် အခါအခွင့်သင့်သည့် အားလျော်စွာလှေပဲ့တွင် ထိုင်ရာမှ သာယာ ကြည်နူး ဖွယ်ကောင်းသော ရှုမျှော်ခင်းများကို ကြည့်မျှော်ရင်း၊ လှော်တက်ကို တမျှင်းမျှင်းခတ်ကာ။

"မင်းလွင်မင်းလွင်ကအုံ့၊ လေပြေလေညင်းလှုံ့ပါလို့လေး၊ ကဆုန် နယုန်ချိန်အခါ၊ ပြည်ကြီးတောင်လက်ျာ၊ သောင်းယူဇနာ ကျယ်ဂင်း၊ တောင်သမန်တည့်အင်း၊ မြစ်ချင်း မြစ်အင်းဟင်းငန်၊ လှိုင်းတည်းလှိုင်းပေါ်စံ၊ ငါးတန် ငါးတန် ငါးတန်စုံမ၊ ငါးလူး သမီး ငါးလဲကြီးကို ဇနီးမတော်ရရလေ၊ မှင်စငယ်လေ များလျား၊ ငနောက် နောက်သွား၊ ကမ်းနားငယ်ခို, ခိုကြလေ။ ကမ်းပါငယ်ပျိုမျှ, ပျိုမျှလေ၊ ထမြူးလေမုန်တိုင်း၊ တံပိုင်း ပင်လယ်လှိုင်း။ ကလိုင်ကလိုင်ညီညွှတ်၊ လှိုင်းပင်သာ လှိုင်းကြက်ခွပ်ကယ်နှင့်လေး။"

ရေနတ် ကယ်သာ ရွှင်ပျော်မြူးကြလေး။ ခွေညွှတ်ကယ်မြင်သူမူးမျှ၊ ထူးထွေလာတည့် ထူးထွေလာ။

ဟူသော တောင်သမန်လှိုင်းကြက်ခွပ် ကြိုးသီချင်းကြီးကို ညည်းညည်းညူညူလေးလေး တွဲ့တွဲ့သီဆိုလာခဲ့ရာ လှေပေါ်တွင်ပါလာသော မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့လည်း ငနွဲ့ကြီး သီဆိုသော ကြိုးသီချင်းကြီး၏ အဓိပ္ပာယ်မှာ လွန်စွာလိုက်လျောဆီလျော်သောအခါ ကာလနှင့် ဒေသ အလျောက် ငြိမ်ငြိမ်သက်သက် စိတ်ဂင်စားပြီး နားစွင့်ထောင်လျက် လိုက်ပါလာကြလေ၏ ။

သို့နှင့် ငနွဲ့ကြီးသီချင်းဆုံးသောအခါ မောင်မောင်ငယ်သည် အခါကာလအားလျော်စွာ ကောက်ခါငင်ခါ သီဆို တတ်သော ငနွဲ့ကြီးအားချီးမွမ်းသော မျက်နှာထားဖြင့်ပြုံး၍ ကြည့်မိ လေ၏ ။ခင်ခင်ကြီးကား နားထောင် ကောင်းတန်း သီချင်းအရသာပြတ်သွား၍ သွားသည်နှင့် မချင့်မရဲကဲ့သို့ဖြစ်ကာ။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်....ကိုင်နွဲ့ကြီး၊ သီချင်းကလည်းဆုံးသွားပေါ့လား၊ ခင်နားထောင်လို့ကောင်းတုန်း ရှိသေးတယ်။ ကဲ.... တစ်ခါထပ်ပြီးဆိုစမ်းပါဦး"

"မရပါဘူး ခင်ခင်၊ သည်သီချင်းကလေး တစ်ပိုဒ်တောင် အနိုင်နိုင်ကျက်ထားရပါတယ်"

"အို.... ကိုနွဲ့ကြီးကလည်း၊ ကဲလေ....ဒါဖြင့်ရှိစေတော့။ ကိုနွဲ့ကြီးမဆိုတတ်ရင် ခင်နားထောင်ရအောင် အစ်ကိုက ဆိုပြပါလား။ နော်...အစ်ကို ဆိုပါနော် ခင်နားထောင် ချင်လို့ပါ အစ်ကိုရဲ့"

ကနွဲ့ကလျနှင့် ပူဆာနေပြန်ရာ မောင်မောင်ငယ်မှာ စိတ်ပျော်ရွှင်လာသည့်အခိုက်နှင့် ကြုံကြိုက် သောကြောင့် မိမိတို့ရှေ့တွင် တွေ့မြင်ရသော ရှုမျှော်ခင်ကို ထင်းထင်း လင်းလင်း ကွင်းကွင်းကွက်ကွက် ဖော်ပြ ထားသည်နှင့် မခြား အမရပူရရွှေမြို့တော်ကြီး ကောင်းစားစဉ်အခါက ရေးဖြစ်ဟောင်းတို့ကို အောက်မေ့ ထင်မြင်ကာ။

"ထောင်ရောင်နေ၊ မှောင်မှောင်ချွေ၊ နန်းအမရ ရွှေဘုံမြေ။ ရဂေရဂေနန်းမ ထွန်းပပါ လို့လေး။ သက ငယ်မဋ္ဌူ၊ မွှေးတည့်မွှေးလှိုင်ကြူ၊ ဇမ္ဗူခွန်ယူ၊ ပုန်ဆူဖြန့်မိုး၊ အုန်းပင် အုန်းချိမ့်စိုးပါလို့လေး။ သာမျိုးသာ မျိုးပတ်ရန်၊ တောင်တည့်တောင်သမန်။ ဆဒ္ဒန် ဆဒ္ဒန် ကြာတော၊ ရေကြည်ဖောင်းကလေးငယ်နှင့်၊ အံ့သြကုန်နိုင်ဖွယ်လေတည့်မှ၊ လျှံညီးအောင် ပင်လယ်၊ ရှုဖွယ်နက်ကျယ်၊ ရှုဖွယ်သာခင်း။ နန္ဒာမြ အဆင်းငယ်နှင့်၊ မြစ်မင်းဧရာရုံလေ တည့်မှ၊ ပျော်ခင်းသည်သာဆုံ၊ သောင်းလုံးကြေးမုံ၊ရွှေဘုံရွှေနန်း။ သော်တာ သစ်သစ်ကယ် ဆန်းသည်သို့၊ မင်းခမ်းရွှေညီလာ လေတည့်မှ မင်းခမ်းရွှေညီလာ"ဟူသော အမရပူရ ရွှေပြည်တော်ဘွဲ့ ကြိုးသီချင်းကြီးကို လေးလေးတွဲ့တွဲ့ ကျူးရင့်သီဆို၍ အဆုံးတွင်တစ်ဖန် ဆက်လက်ကာ။

"သီတာသီတာမြအေး၊ ကြာကြာကြာငါးပါး၊ ကမ်းနားဂန်းကျင်၊ ငွေသဲပြင်လေတည့်တည့်မှ ပျော်ခြင်းဖွယ်၊ မြစ်တွေးမြစ်တွေးစင်ရော်၊ ကျူးရင့်ကျူးသံကြော်၊ ငှက်တော်လေ ကြိုးကြာ၊ ကျူးရင့်ရင့်ကာ၊ ဟသာလေ ဆောင်တင်း၊ ရွှေပိန်ညင်း။ တူစုံနွဲလို့ ဂဲကာပျံလေတည့် ဂဲကာပျံ"

အောက်ကငယ်ငယ်ကြိုးသီချင်း တစ်ပုဒ်ကို ထပ်မံသီဆိုလိုက်သောကြောင့် ခင်ခင်ကြီးမှာ ကျေနပ်နှစ်သိမ့်စွာနှင့် မောင်မောင်ငယ်အား ပြုံးချိုသော မျက်နှာထားကလေးနှင့် ကြည့်နေ မိရာသည်တွင် မောင်မောင်ငယ်မှာ လှပုံတွေတဆင်တဆင်ခွဲပြီး မြင်ဆဲမြင်ဆဲတွင်ပင် တစ်သွင်တစ်နည်းပြောင်း၍ လာသည် ထင်ရသည့် ယဉ်ပေါင်းချုပ် လှမကိုင်ရှုကလေး၏ ရှုပါရုံညို့ဓာတ်တွင် စိတ်ဝင်စား၍ သွားမိ ပြန်သော ကြောင့် အာဂဇွန်းရွှင်ရွှင်နှင့် ကဗျာမူ ကျွမ်းကျင်သူဖြစ်သည့် အားလျော်စွာ ဂေါရီရွှယ်ဝင်စ ကညာ စင်ဘဝသို့ မကူးတကူး အလှကျက်သရေ ကွန့်မြူးချိန်အရွယ်၊ နမသယ်ခင်ခင်ကြီးကလေး၏ အဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာကို တိတိကျကျရေးသော တေးထပ်တစ်ပုဒ်ကို ရုတ်တရက်စပ်မည်ဟု ကြံစည်စိတ်ကူး မိရာပြီးမှ "ဟယ်....မယ်ဘွဲ့မြောက်ပင့်တေးထပ်တွေ ဘာတွေရေးစပ်တယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်မှာ တစ်ရံဆံ မိန်းမပျိုတစ်ယောက်ကိုသာ ပဋ္ဌငါးပါးခြံ၍ အလုံးစုံနိုက်နိုက်ချွတ်ချွတ် ကြည့်ရေးရ ကောင်းပေ မည်။
ယခုလိုကိုယ့်နမလေး စေ့စေ့ကြည့်၍ရေးရလျှင် မရိုးမဖြောင့် သောစိတ်များကို အားပေး အားမြှောက် ပြုရာရောက်မှာ မတော်ပါဘူးလေ။ စောစောက လည်း ငါ၏စိတ်များ တစ်မျိုးတစ်ဖုံ ဖြစ်သွားသေးတယ်။ ခင်အကြီးချောပုံ လှပုံကို ယနေ့မှ စ၍ ငါမစဉ်းစားတော့ပြီ။ မစဉ်းစားတော့ပြီ။ တော်ပြီ၊ တော်ပြီ။ သူ့ခမျာမှာတော့ ဘာမသိ ညာမသိနှင့် ငါ့ကိုမောင်ကြီးအရင်းတမျှ ချစ်ခင်ဆိုးနွဲ့နေရှာသည်ကို ငါသည် ပြင်ပမှ ဝင်လာသည့် ယုတ်ညံ့သောဓာတ်များ လက်ခံထားလျှင် အင်မတန်တရားမဲ့ရာကျချေမည် "ဟု အလီလီစိတ်ကို ဖိနှိပ်ကာ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ရာမှ မကြာမီ ဇောင်းကလော ကန်ခြေသို့ လှေဦးတိုက်မိလေတော့၏ ။

(ဒိုင်းခင်ခင်ကြီး၏ ချောကြောင်း၊ လှကြောင်းမှာ စာဖတ်၍ကောင်းရုံ၊ ဂတ္တုပါဇာတ်လိုက်များ ကို ချီးကျူးထားသည့် ထုံးစံအတိုင်း ရေးရိုးရေးစဉ်ရေးရခြင်းမဟုတ်ပေ။ လက်ထက်တော် ကလေး မီလိုက်သူတိုင်း ဒိုင်းခင်ခင်ကြီး၏ တအံ့တသြ ချောမောလှပကြောင်းကို ယနေ့တိုင်နှုတ်မဆိတ်ပြောလျက် ရှိကြသေး သည်ကို ထောက်၍ မည်မျှလောက်လှပ ယဉ်ကျေးရှာသူကလေးဖြစ်ကြောင်း အကဲဖြတ်နိုင်ပေတော့သည်။) (ကောက်ချက်)

ထို့နောက် မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့လည်း ကြာပန်းစည်းများကို အသီးအသီး ယူဆောင်ကာ ငန့်ကြီးကို နောက်ပါခေါ်လျက် ကမ်းနဖူးသို့ တက်ခဲ့ပြီး ကျောက်တော်ကြီး ဘုရားသို့ ရှေးဦးစွာ သွားရောက် ဖူးမြော် ကန်တော့ကာပါလာသော ကြာပန်းများကို ကပ်လှူလပ်လှူပြီး အသီးသီး လိုရာဆုကိုတောင်းဆိုကြရာတွင် ခင်ခင်ကြီးမှာ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနှင့်ရောက်ရပါစေကြောင်း။ ထုံးစံအတိုင်း ဆုတောင်းမိသည်တိုင်အောင် မောင်မောင်ငယ်တွင်ကား ယခုကဲ့သို့ နစ်ဦးယှဉ်၍ ကြာပန်းခိုင်တို့ကို မြတ်စွာဘုရား ရုပ်ပွားတော်ရှေ့တွင် ကပ်လှူရသော တိတ်နိမိတ်နှင့် အဓိပ္ပာယ်ကို အကျယ်ကောက်ခါ ငြိမ်သက်နေသော စိတ်တို့ရုတ်တရက် နှိုးဆွပေးသလို လှုပ်ရှားလာပြန်သောကြောင့် ကရုဏာ နှင့်သဒ္ဓါကဲဆင့်သော မျက်နှာဖြင့်လေးနက်ကြင်နာစွာကြည့်ပြီး။

"ခင်အကြီးရေ...ဘုရားရှိခိုးပြီးပြီလား၊ ကြာပန်းတွေလှူရင်းဆုတောင်းနော်"

ပြောလိုက်သောအခါ ခင်ခင်ကြီးက သွက်လက်စွာ....

"ခင် ဘုရားလည်းရှိခိုးပြီးပြီ၊ ကြာပန်းလည်းကပ်လှူပြီးပြီ၊ ဆုလည်းတောင်းပြီးပြီ၊ အစ်ကိုကော ဆုမတောင်းဘူးလား"

ရိုးရိုးသားသားပြန်ပြောသည်တွင် မောင်မောင်ငယ်မှာ ခင်ခင်ကြီးကို ပြုံးလျက်...

"အစ်ကိုလည်း ဆုတောင်းပြီးပါပြီ၊ ခင်နှင့် အစ်ကိုတို့သည်လို မကြာခဏကြာပန်းလှူနိုင်ပါ စေလို့ ဆုတောင်းလိုက်တယ်။ ခင်ကော ဘယ်လိုဆိုတောင်းသလဲ"

www.burmeseclassic.com

www.burmeseclassic.com

"အို....ဟုတ်ပါလေရဲ့ အစ်ကို၊ ခင်မေ့ပြီးဒီလိုဆုမတောင်းလိုက်မိဘူး။ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါစေ ဘုရားလို့သာ ဆုတောင်းဦးမယ်နော်"

ဆိုကာ နောက်တစ်ကြိမ်ပြန်၍ ဆုတောင်းနေရှာလျှင် မောင်မောင်ငယ်သည် မိမိစိတ်ရိုင်းများ လှုံ့ဆော်ချောက်ချားမှုကြောင့် ရည်ရွယ်ချက်တစ်မျိုးနှင့် လွှတ်ခနဲ မရိုးမသားပြောလိုက်မိသည်တွင် လောက အကြောင်းများကို ကောင်းစွာနားမလည်ရှာ သေးသော အပြစ်ကင်းမဲ့သည့် ကလေး အမိုက်အရွယ်မှာ ဘယ်သို့ဘယ်ညာမတွေးတော တတ်ရှာသေးရုံမက ငယ်စဉ်ကစ၍ တစ်အူတုံ့ဆင်း မောင်ကြီး အရင်းဟု ရိုးသားသော စိတ်ရင်းအတိုင်း ယုံကြည်စိတ်ချစွာ ယခုကဲ့သို့ မောင်နှမကြာခဏ ရောက်လာနိုင်ပါစေ ကြောင်းဖြင့် စိတ်အားထက်သန်စွာ ဆုတောင်းနေရှာသည်ကို မောင်မောင်မယ်မှာ ရင်ထုမနာ ကြည့်လျက် မိမိနှုတ်မှ မရိုးမသားအဓိပ္ပာယ်ဆန်းများပါသော စကားကို ထွက်ရက်လေစွ တကားဟု အများကြီးနောင်တရသွားမိပြန်လေ၏။

ထိုမှတစ်ဖန် တောင်မင်းကြီး နေပူခံဘုရားသို့ဂင်ဖူးကြပြီး ဦးပိန်တံတားတွင် ခေတ္တခဏ ရပ်၍ ကြည့်ကာ လှေငယ်ရှိရာရေဆိပ်သို့ ပြန်လာကြသည်တွင် ခင်ခင်ကြီးမှာ ဘုရားပရိ ပုဏ်မှ ထွက်ကတည်းက ဖိနပ် မစီးခဲ့သဖြင့် ရေဆိပ်သို့အကူးတွင် ရုတ်တရက် ဆူးကလေး စူးကာ....

"အမလေး...အစ်ကိုရဲ့"ဟု အော်လျက်ရုတ်တရက် ပုံကျသွားရှာသဖြင့် အတူပါသော မောင်မောင်ငယ်မှာ ကပျာကယာနှင့်.....

"ဟင်....ခင်ဘာဖြစ်သွားသလဲ"

ယုယစွာ ဖက်တွဲလိုက်သည်တွင် ခင်ခင်ကြီးမှာ ငိုမဲ့မဲ့မျက်နှာကလေးနှင့် ခြေဖဝါးကလေးကို နှိပ်နယ်ခါ.....

"ဆူးစူးသွားတယ် အစ်ကိုရဲ့၊ ဟောဒီမှာကြည့်ပါဦး၊ အသားထဲမှာနစ်ဂင်နေတာပဲ" ဆိုသောကြောင့်

"အို...ဖြစ်မှဖြစ်ရလေ ခင်ရယ်။ ဖယ်....အစ်ကိုနုတ်ပစ်လိုက်မယ်၊ မနာပါဘူးနော်။ ကိုင်း.... ကောင်းသွားပြီမဟုတ်လား"
ဆူးကိုဖျတ်ခနဲနုတ်ကာ သွေးစို့ရာကလေးကို လက်နှင့်ဖိနှိပ်ပေးလိုက်သည့်တိုင်အောင် ခင်ခင်ကြီး မျက်နှာ ကလေး မှာ အမဲ့မပြေပျောက်သေးဘဲ ခြေကလေးကို တဖြည်းဖြည်းဆွဲမ ပြီး မြေကြီးချ၍ ရပ်ကြည့်ရာက ဆတ်ခနဲ ပြန်ကျသွားပြန်ကာ.....

"အို....နာနေပြီ၊ ခင်ကြီးသွားလို့မရဘူး၊ ဒီဆူးကကြဲကြဲဖန်ဖန် ခင့်ကိုမှလာစူးတတ် လေတယ်"

www.burmeseclassic.com

ဆူးကိုပင် မုန်းမာန်ဂင်၍ ပြစ်တင်သယောင်ယောင် ပြောနေသောအခါ မောင်မောင်ငယ်မှာ မနေသာတော့သဖြင့် ခပ်ပြုံးပြုံးမျက်နှာထားနှင့်ပင်.....

"ကဲ....ကဲ ခင်လမ်းမလျှောက်နိုင်လျှင် အစ်ကိုလှေပေါ်ကို ပွေ့၍တင်ပါမည် ခင်ရယ်"

ဆိုကာ ခင်ခင်ကြီး၏ ကြော့ရှင်းသေးသွယ် ကလေးငယ်တမျှသော ကိုယ်ကာယကလေးကို အသာအယာ ဖေးမပွေ့ယူခဲ့ပြီး လှေထဲသို့ဖြည်းညင်းသက်သာစွာ တင်ပေးလိုက်ရသည့် တစ်ခဏ၌ ကျပ်တည်းစွာ ဖိနှိပ်ကွပ်ကဲ ထားခဲ့သော စိတ်မိုက် စိတ်ရိုင်း စိတ်မှန်တိုင်းတို့မှာ အတိုင်းအရှည်အကန့်အသတ်မရှိ ဆည်ကျိုးသည်က တာတမံအလား အရှိန်များစွာနှင့် ဘွားခနဲတိုးဂင်လာတော့သဖြင့် လက်လျှော့ကာ အရှုံးပေးပြီး ဘာမျှမသိတတ်ရှာတတ်သူ ခင်ခင်ကြီး၏ ချစ်စဖွယ်မျက်နှာကလေးကို တငေးငေး စိုက်ကြည့်ရင်း၊ ဇောင်းကလော အင်းရေပြင်ပေါ်တွင် လှေယာဉ်စီးလျက် တစ်ဖက်ကမ်းမှ စခန်းချရာသို့ ပြန်ခဲ့ရ လေတော့၏။

အခန်း (၂၄) ဆက်ရန်

အခန်း(၂၄)

မောင်မောင်ငယ်တို့ လူစုလည်း ဗီရိုလှည်းကလေးတစ်စီးနှင့် တပျော်တပါးကြီး ပြန်ခဲ့ကြလေရာ ရွှေမြို့တော် အတွင်း ဒိုင်းဂန်မင်းအိမ်ဂင်းသို့ ညဥ့်မီးခွက်ထွန်းစ အချိန်လောက်တွင် ပြန်ရောက်လာကြလေ၏။ ဂန်ကတော်ကြီးမှာ သားနှင့်သမီး အချိန်နှောင်းနေသဖြင့် စိတ်မချတချ ဖြစ်နေသော ကြောင့် မကြာခဏ မျှော်၍ နေမိရှာလေ၏။ ထိုနေ့အဖို့ ရွှေနန်းတော် အနောက်ဆောင်တစ်ပိုက်သို့ အခစားဂင်ရာတွင် နန်းတော် ဂင်စဉ်က ဒိုင်းဂန်မင်းနှင့် အတူဂင်ကြသော်လည်း တံခါးနီတော် အလွန်တွင် ဂန်မင်းနှင့် ဂန်ကတော်ကြီးသို့ အသီးသီး လမ်းခွဲကာ ဒိုင်းဂန်မင်းမှာ လွှတ်တော်ကိစ္စ နှင့် ပြဲတိုက်အရာရှိများရှိရာ ပြဲတိုက်ဆောင်သို့ ဂင်၍ ဒိုင်းဂန် ကတော်ကြီးမှာလည်း မင်းမိဖုရားများ စံစားတော်မူရာ အနောက်ပိုင်းသို့ အတွဲအဖို့ မိန်းမငယ်ဖြစ်သူ မယ်ဆုံ၏ ပခုံးကို တွဲကိုင်ကာ ဆင်ဖြူမရှင် အဆောင်တော်၊ စလင်းစုဖုရားအဆောင်တော်၊ တောင်ဆောင် တော်ဘုရား အဆောင်တော် စသည်များသို့ တစ်ဆောင်ပြီးလျှင် တစ်ဆောင် သွားရောက် ခစားပြီး အပြန်တွင် ဒိုင်းဂန်မင်းမှာ အမိန့်တော်ခံရန် ကိစ္စတစ်ခုရှိ၍ ညညီလာခံအထိ စောင့်ဆိုင်းရမည် ဖြစ်သော ကြောင့် ဂန်ကတော် ကြီးနှင့်တူ မပြန်နိုင်ဘဲ ရွှေနန်းတော်ထဲတွင် ကျန်ရစ်လေရာ ဂန်ကတော် ကြီးမှာ တစ်ယောက်တည်း အိမ်တော်သို့ ပြန်ရောက်လာရာတွင်လည်း သားနှင့် သမီးတို့ မရောက်သေး သည်နှင့် တစ်ကိုယ်တည်း မျှော်နေရှာချိန် ဖြစ်လေ၏။

ထိုအခိုက် မောင်မောင်ငယ်တို့ တရုတ်ကတ် ဗီရိုလှည်းကလေး ဆိုက်ရောက်လာပြီး ခင်ခင်ကြီးနှင့် မောင်မောင်ငယ်တို့ ဆင်းလာကြလျက် ဂန်ကတော်ကြီး အပါးသို့ အားရဂမ်းသာ ရောက်လာကြသည်တွင်မှ မျှော်ရသည့်ကိစ္စ ငြိမ်းသွားကာ ချိုသာသော မျက်နှာဖြင့်။

"ဪ ... သားနှင့် သမီတို့ ပြန်လာကြပြီလား၊ မေဖုရားဖြင့် နေမဂင်မီ အချိန်က စပြီး မောင်တို့ မောင်နှမကို စိတ်မချ၍ မျှော်နေရတယ်။ ယခုမှပင် စိတ်အေးရတော့တယ် မောင်မောင်ရဲ့။ ဘယ့်နယ်လဲ မောင်မောင်တို့ မောင်နှမ အတော်ပျော်ကခဲ့ကြသလား"

www.burmeseclassic.com

ဆီး၍ မေးလေ၏။

မောင်မောင်ငယ်ကလည်း ဂန်ကတော်ကြီးအနီးတွင် ထိုင်လိုက်တာ။

"ပျော်ကြပါတယ် မေမေဖုရား။ ခင်အကြီးလည်း အတော်ပဲ ပျော်ရှာပါသည်။ ရေချိုးကြ၊ ကြာပန်း တွေခူးကြ၊ လှေစီးကြနှင့် ခင်အကြီးဖြင့် ပျော်ရှာလွန်းလို့ မေဖုရားရဲ့၊ နို့ပြီး မောင်တို့ ညနေမစောင်း တစောင်းမှာ ဇောင်းကလော ကန်ဦးက ဘုရားတွေကို စေ့စုံအောင် လိုက်ဖူးပြီး နေ့လယ်က ဆွတ်ခူး ထားတဲ့ ကြပန်းများ၊ လှူကြပါတယ်။ အမျှယူတော်မူပါတော့ မေဖုရား"

"အင်း ... သာဓုတော် ... သာဓု၊ လိမ္မာတဲ့ သားသမီးများတော့ သွားလေရာရာမှာလည်း ရတနာ သုံးပါးကို ဦးထိပ်ထားရှာကြပေရဲ့။ ကဲ ... ကဲ သမီးကလေး ခင်ကြီးကော၊ မေဖုရားအပါး တိုးစမ်း ပါဦး၊ အတော်ပျော်ခဲ့ရှာမှတ်တယ်"

"ပျော်လိုက်တာမှ လွန်ပါရော မေဖုရားရဲ့၊ ခင်အကြီးကလေး တောင်သမန်အင်းကို ရောက်လျှင်ရောက်ချင်း ရေချိုးမယ် ဆိုတာကို အစ်ကိုက နေပူကလာစမို့ မချိုးရသေးဘူး ဆိုလို့ ခဏတဖြုတ် အမောဖြေ နားနေကြပြီးမှ နံနက်ထမင်းကို ကြာဖက်ကလေးတွေ ခင်း၍ စားကြပါတယ်။ ပျော်လိုက်တာ မေဖုရားရယ်။ မေဖုရား တို့များ ပါလာမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ ခင်ကြီး အစ်ကို့ကို ပြောမိပါသေးတယ်။ ထမင်းစား ပြီး တအောင့်တနား ကြာတော့မှ ခင်ကြီးတို့ ရေဆင်း၍ ချိုးပါတယ် မေဖုရားရဲ့။ ဒါနှင့် အစ်ကို ကလေ မေဖုရားရဲ့။ ခင်ကြီးက ရေချိုးရအောင် ခေါ်တာကို တော်တော်နှင့် မလာဘူး။ သူ ဘာတွေတွေပြီး တို့နေးနေး ကြီး လုပ်နေမှန်း မသိဘူး မေဖုရားရဲ့။ နောက် ခင်ကြီးက အတင်းရော အဓမ္မပါ ရေချိုး ရမယ်ဆိုတော့မှ စိတ်မပါ လက်မပါနဲ့ ချိုးပါလေရော။

ဒါတောင် မှ ခင်ကြီးတို့ အနားမှာ မချိုးပါဘူး။ ဟို ... အဝေးကြီးမှာသွားပြီး ခင်ကြီးမလိုက်နိုင်တဲ့ ရေနက်ကြီးထဲ သွားချိုးတယ် မေဖုရားရဲ့။ အစကတော့ ခင်ကြီးကလည်း ရေထဲဆင်းရမှာ ကြောက်တာနှင့် အစ်ကို့ လက်ကို တစ်ဖက်၊ အနန်းရဲ့လက်ကို တစ်ဖက် ဆွဲကိုင်ထားတယ်။ ဒါကို အစ်ကိုကလေ ခင်အကြီး ဒါလောက်ကြောက်ရသလားတဲ့။ အနန်းကလည်း ဂင်ပြီး ခင်ခင် ဒါလောက်ကြောက်လျှင် ကန်ပေါင်ရိုး ပေါ်မှာ ချိုးပါလေ။ အနန်း ရေသယ်လောင်း ပါမယ်လို့ လှောင်ကြတယ် မေဖုရားရဲ့။ ဒါနှင့် ခင်ကြီးလည်း အစ်ကို့ လက်ကို လွှတ်ပြီး တစ်ယောက်တည်း ရေချိုးလိုက်ပါတယ်။ နောက်တော့ အစ်ကိုတို့ကလည်း ကြာပန်း တွေ အများကြီးပဲ ခူးပေးပါတယ် မေဖုရားရဲ့"

မောင်မောင်ငယ်မှာ ခင်ခင်ကြီး အမောတကော စကားအလျဉ်မပြတ် ရှိုက်ခါရှိုက်ခါ လောဘတကြီး ပြောနေရှာ သည်ကို ခပ်ပြုံးပြုံးနှင့် အသာငြိမ်၍ နားထောင်လျက်ရှိရာ ဂန်ကတော်ကြီးကလည်း သမီး ကလေး ပြောသမျှကို သဘောကျ နားဂင်ချိုပြီး အလိုလို ပြုံး၍ နေရှာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြီးကား စကားအဆက်မပြတ်သေးဘဲ ...

"ကြာပန်းတွေကလည်း ပေါလိုက်တာ မေဖုရားရယ်၊ ခင်ကြီးတို့ ရေချိုးတဲ့အနားမှာတော့ ကြာညိုပန်းတွေ ပေါတယ်။ ရေလယ်ဆီမှာတော့ ပဒုမ္မာကြာတွေ ပေါလိုက်တာ၊ တောကြီး ကို ဖြစ်နေတာပဲ မေဖုရား။ ခင်ကြီးတို့ဖြင့်လေ လှေကလေးနဲ့ သွားပြီး ကြာပန်းတွေ အားရ ပါးရ ခူးကြပါတယ်။ ပျော်လိုက်တာလည်း လွန်ပါရော။ ကိုနွဲ့ကြီးကလည်း သီချင်းဆို အကောင်းသား မေဖုရားရဲ့။ ဒါပေတဲ့ အစ်ကို နောက်ထပ် ဆိုလိုက်တဲ့ အမရပူရ ရွှေမြို့ တော်ဘွဲ့ သီချင်းကြီးလောက်တော့ မကောင်းပါဘူး။ ဒါနှင့် ခင်ကြီးတို့ ပျော်ပျော် ပါးပါး သီချင်းတကျော်ကျော်နှင့် လှေလှော်လိုက်ကြတာ ညနေစောင်းတော့ ဖောင်းကလောကန် ထိပ်ကို ရောက်ကြပါရော၊ လှေကလေးလည်း ငယ်တော့ လူတွေလေးနေမှာ စိုးရိမ်တာနဲ့ အနန်းကို ထားခဲ့ရပြီး ခင်ကြီးရယ်၊ အစ်ကိုရယ်၊ ကိုနွဲ့ကြီးရယ်သာ ဘုရားတွေ လည်ဖူးရပါ တော့တယ်။ ဒါနှင့် အပြန်တော့ မေဖုရားရယ် အင်မတန် မုန်းစရာကောင်းတဲ့ ဆူးလေ၊ ဆူးတစ်ခုဟာ ခင့်ကို လာစူးပါရော မေဖုရားရဲ့။ အစ်ကိုက နုတ်ပေးတာတောင် နာလွန်းလို့ လမ်းမလျှောက်နိုင်တာနှင့် အစ်ကို ပွေ့ချီပြီး လှေပေါ် ခေါ်လာရတယ် မေဖုရားရယ်။ အစက ပျော်ခဲ့သလောက် ဆူးစူးလို့ နာတာနှင့် စိတ်ညစ် သွားပါ ရော"

တွေ့ခဲ့ ကြုံခဲ့သရွေ့ ခရေစေ့တွင့်ကျ အပ်ကျမတ်ကျ တစ်လုံးတစ်ပါဒမကျန် ပြန်ပြော နေသည်တွင် ဂန်ကတော်ကြီးမှာလည်း ခေါင်းတညိတ်ညိတ်နှင့် နှစ်သိမ့်ကျေနပ်၍ နေရ ရှာတော့၏။

တစ်လမ်းလုံး တွင် စိတ်တွင်းသူပုန်ထ၍ အမျိုးမျိုး အထွေထွေ စိတ်ရှုပ် စိတ်လေတွေနှင့် ဖောက်ပြန် လာခဲ့မိသော မောင်မောင်ငယ်မှာ မိမိသိက္ခာကို မိမိ မလုံမလဲဖြစ်သည့် အားလျော်စွာ တစ်ချက်တစ်ချက် မျက်နှာ မလုံနိုင် ရှိရာမှ အနိုင်နိုင် ဟန်လုပ်ကာ။

"အင်း ... ခင်အကြီးတို့ကတော့ တွေ့သမျှ မြင်သမျှ ခရေစေ့တွင်းကျ မေဖုရားကို စကား ဖောက်သည်ချ၍ ကောင်းနေမှတ်တယ်"

ပြုံးကာ ရယ်ကာနှင့် ပြောလိုက်သဖြင့်။

"ဟင်း ... အစ်ကိုကလည်း မေဖုရားက မေးတော်မူတာကိုး၊ ပြောမှပ၊ အစ်ကိုကဖြင့် မပြော ချင်ဘဲနဲ့ ခင်ကြီး ပြောတာကိုပဲ အပြစ်တင်ချင်ပြန်ပြီ"

"အမယ်လေး ... အစ်ကိုက အပြစ်တင်တယ် မဟုတ်ပါဘူး ခင်ရယ်၊ စကားတွေ အဆင် မပြတ်တော့ ခင် မောနေမှာ စိုးရိမ်လို့ပါ"

ဆိုမှ ဂန်ကတော်ကြီးကလည်း ပြုံး၍ နားထောင်နေရင်း ...။

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း ... ကိုင်း သားနှင့်သမီးများ မောလာကြ၊ ဆာလောင်လာကြထင်ပ။ ယခုလောက်ရှိ အမောများလည်း ပြေလောက်ပါပြီ။ ထမင်းအုပ်ပြင်၍ ယူခဲ့ပစေတော့"

အတွင်းခန်းသို့ လှမ်း၍ အမိန့်ပေးလိုက်ရာ နန်းခုံလည်း "တင်ပါဖုရား" ဟု ဆိုကာ နောက်ဆောင်ထဲသို့ ကူးသွားလေ၏။

ထိုညအဖို့ ထမင်းများ စားသောက်ပြီးကြ၍ အသီးအသီး လသာဆောင်သို့ ထွက်လာကြ ကာ စကား ပိုင်းဖွဲ့ ကြပြန်လေ၏။ ဒိုင်းဂန်မင်းမှာ ညညီလာခံဝင်ရာမှ ညီလာခံ မကွဲသေး သဖြင့် အိမ်ပြန် မရောက်လာ သေးသောကြောင့် လသာဆောင် သင်ဖြူးချောကလေးပေါ် တွင် ဂန်ကတော်ကြီး၊ မောင်မောင်ငယ်နှင့် ခင်ခင်ကြီး တို့ သုံးဦးသားသာ စကားလက်ဆုံ ဝင်လျက် ရှိကြပြီး၊ မောင်မောင်ငယ်ကား ဂန်ကတော်ကြီးနှင့် စကား အဆက်မပြတ် ပြောနေ ရသည်တိုင်အောင် စိတ်တွင်းတွင် နေ့လယ်က တွေ့ကြုံဖြစ်ပျက်ရသော မိမိ စိတ်ထား ပြောင်းလဲချို့ယွင်းမှု အတွင်းရေးများကိုသာ ထပ်ဖန်တလဲလဲ ပေါ်နေရှာတော့၏။ ခင်ခင် ကြီးက ရိုးသား စင်ကြယ်လှသော အမူအယာကလေးနှင့် ကလေးသဖွယ် ဘယ်ဂယ် ဘယ်သို့ ပြောနေရှာ သော်လည်း မောင်မောင်ငယ်၏ စိတ်ထဲတွင် အစဉ်သဖြင့် သာယာ တိမ်းညွတ်၍သာ နေရှာတော့၏။

ဂန်ကတော်ကြီးမှာ မိမိကို ဖြူစင်သန့်ရှင်းသော စေတနာနှင့် သားရင်းပမာ အထူးချစ်ခင် နေရှာသူ ဖြစ်သောကြောင့် မိမိအလိုဆန္ဒကို ဖွင့်ဟတိုင်ပင် ခွင့်ပန်ခြင်းအမှု ပြုပါက ဘယ်နည်းနှင့်မျှ ငြင်းဆန်ကန့်ကွက်ပုံ မရဟု ယူဆမိသည်တိုင်အောင် မိမိနှုတ်က ပြော မထွက်ရက်ဘဲ အထူးသဖြင့် အဖွင့် ခက်နေပြီးလျှင် ခင်ခင်ကြီးကလေးမှာလည်း အမိန့် သက်တော်မျှ မစင်သေးသည့် အရွယ်ကလေးတွင် ရှိနေသေး သဖြင့် မပြောအပ် မပြောထိုက်သေးကြောင်း ကောင်းစွာ စဉ်းစားမိလေတော့၏။

မိမိမှာ ဤအခွင့်အရေးမျိုး၌လည်း အခြားသူများထက် တစ်ပန်းသာနေရုံမက ဂန်ကတော် ကြီးကလည်း သားအရင်းတမျှ ချစ်ခင်၊ ခင်ခင်ကြီးနှင့်ကလည်း မောင်ရင်းနမကဲ့သို့ အတွင်း ကျကျ အရောတဝင် ရင်းနှီးပြီး ဖြစ်ရကား၊ နောင်ရေးအတွက် ဘာမျှ အကြံခက်စရာ အကြောင်းမရှိ၊ ပွင့်ချိန်တန်သော တစ်နေ့သ၌ မိမိရူးဆွတ်ရမည့် စပယ်ငုံကလေးသာ ဖြစ်ပေသည်တကားဟု သပိတ်ဝင် အိတ်ဝင် စိတ်ဘဝင်ချပြီး အယုံကြည်ကြီး ယုံကြည် ထားလိုက်မိသောကြောင့်လည်း ဂန်ကတော်ကြီးအား အရိပ်အမြွက် ပြောတော့ အံ့ဟု လောလောဆယ် ပြင်ဆင်ထားမိသော စိတ်ကူးကလေးများကိုပင် ရုပ်သိမ်းလိုက်လေ တော့၏။

မောင်မောင်ငယ်မှာ မိမိစိတ် ပရမ်းပတာ ဖြစ်နေရှာသလောက် တစ်စုံတစ်ရာ မသိရှာ မရိပ်မိရှာတတ်သော ခင်ခင်ကြီးအား တစ်ပဟိုရ်ထက် တစ်ပဟိုရ်၊ တစ်ဗီဇနာထက် တစ်ဗီဇနာ ချစ်ခင်ကြင်နာစိတ်တို့သာ တဖိတ်ဖိတ် လျှံတက်၍လာပြီး သဒ္ဒါချစ်ပေါ်တွင် ဘယာချစ် အဆစ်ဝင်လျက် မျက်စိအောက်က အပျောက် မခံအောင်ပင် ဖြစ်နေမိရှာတော့ ၏။

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော်ကြီးကား စကားပြောရင်းက တစ်စုံတစ်ရာ ငေးစိုက်တွေဝေသွားသော မောင်မောင်ငယ်ကို အကဲခတ်ကာ။

"အလို ... မောင်မောင် ဘာဖြစ်သတုံး။ တစ်နေ့လုံး လှည်းစီးရ၍ ခရီးပန်းလာသလား မောင်မောင်ရဲ့"

မေးလိုက်မှ ...

"သြော် ... မဟုတ်ပါဘူး မေဖုရား၊ အိမ်တော်ပြန်ရမည့်အချိန်ကို စဉ်းစားလိုက်မိလို့ပါ။ နို့ ... ဒါနှင့် သည်ကနေ့ မေဖုရား ရွှေနန်းတော်ထဲ အခစားဝင်ခဲ့တယ် မဟုတ်ပါလား။ မောင် အလိုရှိတဲ့ မြတ်လေးပန်း ကလေးများမှ ရခဲ့ပါလေစ"

ဖာထေးကာ ပြောမိပြောရာ ပြောလိုက်ရစေကာမူ မောင်မောင်ငယ်မှာ အိမ်တော်ကိစ္စနှင့် မြတ်လေးပန်း ကိစ္စကို လုံးဝ မေ့လျော့နေမိရာ ယခုမှ ကောက်ခါ ငင်ခါ စကားဖာလိုက်ရရင်း မှ သတိရလာခြင်း ဖြစ်လေ၏။ ဂန်ကတော်ကြီး ပြုံးကာ ...

"အင်း ... မေဖုရား အခစား ဝင်ပါတယ် မောင်မောင်ရဲ့။ ခရီးရောက်မဆိုက် စကားကောင်း နေ၍ မပြောဘဲနေတာ။ မောင်မောင် အလိုရှိတဲ့ မြတ်လေးပန်းများ တောင်ဆောင်တော် ဘုရားအဆောင်မှ တစ်ကုံးစာ မျှ ရခဲ့တယ် မောင်မောင်ရဲ့၊ မောင်မောင် အင်မတန် ကံကောင်းတယ်။ အခါရာသီ မဟုတ်၍ ရှားပါး သော်လည်း လိုတခဏနှင့် ရခဲ့တယ်။ မြတ်လေးငုံကလေးများကို မေဖုရား ကရမက် သေတ္တာတွင် ထည့်ထားတယ်။ နံနက် စောစောမှ ပွင့်ဖတ်ကလေးများ ငုံအာပွင့်လာပါလိမ့်မယ်။ မောင်မောင် သီပေါမင်းသား ထံ နံနက်စောစောပြန်၍ ဆက်ပါလေတော့"

မောင်မောင်ငယ်လည်း ဤတွင်မှ ဂန်ကတော်ကြီးအိမ်မှာ နံနက်စောစော ပြန်ရတော့မည် ကို သတိရလျက် ရုတ်တရက် နမယ် ခင်ခင်ကြီးကလေးနှင့် ခွဲခွာရမည်ကို အတွင်းကျိတ် ဝမ်းနည်းပူဆွေးမိသယောင်ယောင် ရှိလေတော့၏။ သို့နှင့်လည်း မိမိမှာ မူလ လာစဉ်အခါ ကပင် တာဝန်နှင့် လာရသည် ဖြစ်သောကြောင့် မပြန်ချင် ၍လည်း မနေသာသေးကြောင်း စဉ်းစားမိလေ၏။

မိမိအရှင် သီပေါကိုယ်တော်ကလေးအတွက်လည်း ဂန်ကတော်ကြီး၏ လုံ့လကြောင့် မြတ်လေးပန်းများ ရခဲ့သဖြင့် အိမ်တော်အပြန် မျက်နှာပြရန် အခွင့်သာကြောင်း တွေးမိကာ ဤကိစ္စမှာလည်း မိမိနှင့် မောင်မောင်တုတ်တို့ လျှို့ဝှက်သော အတွင်းဉာဏ်နှင့် သီပေါမင်းသား၏ အလိုဆန္ဒတော်ကို ဖျက်လို ဖျက်ဆီး ပြုမူခြင်းမျှသာဖြစ်၍ မိမိပြန်သွား၍ မြတ်လေး ပန်းများကို ဆက်နိုင်ခဲ့သော သီပေါကိုယ်တော်သည် နမတော် စုဖုရားလတ်အတွက် စကား မဆက်သာဘဲရှိကာ နောက်ထပ် မိမိတို့အား စုဖုရားအတွက်နှင့် မေးတော် မူချင်သေးပါက ယခုကဲ့သို့ ဉပါယ်တံမျဉ်ဖြင့် သွယ်ဝိုက်ခြင်း မပြုနိုင်တော့ဘဲ အတိအလင်းသာ ဖွင့်ထွက် မိန့်တော်မူလာအောင် ပိုက်တန်းထောင်သည့် သဘောနှင့် ကြံစည်ခဲ့သော ကိစ္စဖြစ်သဖြင့် အတွင်း ကျိတ် ပြုံးမိပြန်လေရော။

www.burmeseclassic.com

www.burmeseclassic.com

"လိုတော်မူတဲ့ မြတ်လေးပန်းများအတွက် မေဖုရားကို အားကိုးစွာ ရောက်လာခဲ့သည့် အတိုင်း မောင့်တာဂန်ကိစ္စ ပြေကုန်တော့မည် ဖြစ်တဲ့အတွက် အလွန်တရာမှ ဂမ်းသာလှပါ တော့သည် မေဖုရားရဲ့။ မောင့် အစွမ်းအစအတိုင်းသာဆိုလျှင် မြတ်လေးပန်းကို မဆိုထား နှင့် မြတ်လေးပင်ကိုပင် မြင်ရဖို့ အခက်သားပါ။ မေဖုရားကြောင့် သက်သောင့်သက်သာနှင့် ရလာရပေတယ်"

တော်။ "အင်း ... မောင်မောင်နှင့်စာလျှင် မေဖုရားက အလွယ်တကူ ရတယ်လို့ ဆိုရမှာ ပ။ သို့သော်လည်း မော်ငမောင်ထင်သလောက် လွယ်ကူလှသည် မဟုတ်ဘူးကွဲ့။ တောင်ဆောင်တော်ဖုရား အဆောင်တော်ကို တမင်တကာ သွား၍ ခစားပြီး တောင် ဆောင်တော် ဖုရားထံမှာ အခွင့်ပန် အမိန့်တော်ရ ခူးခဲ့ရတေယ်။ ကံအား လျော်စွာ အပျိုတော်များ ပန်းတော်မဆွတ်မီ ရောက်သွား၍သာ ရခဲ့တာ။ စလင်းစုဖုရား အဆောင်တော် ရောက်သွားတဲ့အခါလည်း။ ပန်းခုံတော်ထဲက မြတ်လေးပင်များမှာ နံနက်ပွင့်မယ့် အဖူးဆို ၍ တစ်ဖူးမျှ မကျန်ဘူး။ စုဖုရားက ညနေစောင်းတိုင်း ရွှေတကောင်းနှင့် သမ္ဗုန္ဓေ ပန်းတော် ရှစ်သောင်း ရေစက် သွန်းချ လှုဒါန်းတော်မူတဲ့အတွက် အပျိုတော်ကလေးများမှာ စောစော စီးစီးပင် ပန်းခုံတော် ထဲဆင်း၍ တစ်နေ့အဖို့ ပွင့်သမျှ ပန်းပွင့်, ပန်းဖူးတို့ကို သိမ်းကျုံး၍ ခူးရှာကြတယ် မောင်မောင်ရဲ့။ ဆင်ဖြူမရှင် မိဖုရားကြီး အဆောင်တော် ရောက်ပြန်တော့ လည်း ဆင်ဖြူမရှင်ဖုရားကို အထက်က တစ်ကြိမ် တစ်ခါမျှ အခစား မဂင်ဖူးသေးလေတော့ အလျှောက်အတောင်း မပြုပွံ့ပေဘူး။

အသနား ခံသည်တိုင်အောင်လည်း ရခဲ့မည် မဟုတ်ဘူး မောင်မောင်ရဲ့၊ မေဖုရား အပြန်မှာလည်း အဆောင်တော် နားက မြတ်လေးရုံ များကို ကြည့်ခဲ့ပါတယ်။ အပွင့်နှင့် အငုံရင့်များကို အပျိုတော်တွင် ခူးယူ သွားကြပြီ မောင်ရဲ့။ ဒါနှင့် စကားမစပ်မိလို့ ဆက်ပြောရဦးတော့မယ်။ ဆင်ဖြူမရှင်ဖုရား အဆောင်တော်သို့ အခစား ဂင်ရတာ မေဖုရား အလန့်သာ မောင်မောင်ရဲ့။ မောင်မောင် မိန့်ဖူးတဲ့အတိုင်း ယခုအခါ ဆင်ဖြူမရှင် ဖုရားမှာ အနောက်ပိုင်းတွင် ဩဇာအာဏာ လွှမ်းမိုး၍ ဘုန်းတန်ခိုး တောက်တော်မူနေဆဲ ဖြစ်၍ တစ်ခါ တစ်ခေါက်မျှ ဂင်ရောက်ခစားခြင်း မပြုပြန်လျှင်လည်း မတော်သင့်ပေဘူး။ အခစား ဂင်ပြန်တော့လည်း စိတ်တော်နည်းနည်း ထက်တယ်ဆိုတဲ့ သတင်းနဲ့ အရှင်သခင်ချင်းလည်း အကြောင်း မသိကျတော့ မတော်တဆ အမှားအယွင်း များ ပါသွားလျှင် သူ၏စိတ်တော်တွင် အခန့်မသင့်ပါက အမျက်တော် ရာဇမာန်ရှမှာလည်း အကြောက် ရသားမို့ သွားသာသွားရတယ် စိတ်တထင့်ထင့်နဲ့ပဲ မောင်မောင်ရယ်၊ မောင်မောင့် မြတ်ပန်းလေး ကိစ္စ ကလည်း ရှိနေသေးတော့ ရောက်လို့မှ အဆောင် တော်ဂင် ပြီး ရှိဦးမတင်ဘူး ဆိုလျှင် မတော်တာနှင့် တစ်လက်စာတည်း အခစား ဂင်ခဲ့ရတော့တယ်"

ငယ်။ "နို့ ... ဖူးမြင် ကန်တော့ပန်းဆင်ရတော့ ဘယ်လိုများ ထူးခြားပါသေးလဲ မေဖုရားရဲ့ အထင်နဲ့ အလကား လန့်ကြောက်နေကြတာနှင့် တူပါတယ်။ သို့ကလောက်လည်း ဟုတ်မယ်မထင်ပါဘူး မေဖုရားရဲ့"

www.burmeseclassic.com

www.burmeseclassic.com

တော်။ "အဲလေ ... ရောက်တော့လည်း သို့ကလောက် ကြောက်စရာ မဟုတ်ပါဘူး၊ စိတ်သဘောတော် အလွန် ကောင်းပုံ ရပါတယ်။ မဟုတ်မခံ လမ်းမှန်မှန် သွားတော်မူပုံ လည်း ရပါတယ်။ သို့ရာတွင် ဘယ်သူမဆို ကိုယ့်ကိုယ်ထက်တော့ သူများအဖို့ကို မကြည့် နိုင်ကြဘူးပေါ့ မောင်မောင်ရဲ့။ မိန့်တော်မူပုံ အသံနေ အသံထားလည်း များစွာ သိမ်မွေ့ နူးညံ့တော်မူပါတယ်"

"မေဖုရား အခစားရောက်သွားတော့ တစ်ကြိမ်တစ်ခါမှ အခစား မလာဖူးတဲ့သူမို့လား မသိ၊ အတော်ကလေး ဂရုတစိုက် မေးမြန်း ပြောဆိုတော်မူလိုက်ပါတယ်။ မေဖုရားကလည်း နတ်ပြည်စံ အရှင်နန်းမတော်ဖုရားကြီး အဆောင်တော်မှာ မှန်နန်းပျို့တော်များနှင့် အတူ တကွ ဂင်ထွက် ခစားခဲ့ရဖူးတဲ့ မှန်နန်းတော်ကြီး အရိပ် အငွေ့ မကင်းသူတစ်ဦး ဖြစ်လေ တော့ ယခုလို မေဖုရား ဂင်ရောက်ခစားသည်ကို ဆင်ဖြူမရှင်ဖုရား၏ စိတ်တော် ထဲမှာ အတော်ကျေနပ်နှစ်သက်တော်မူလာပုံ ရပါတယ် မောင်မောင်ရဲ့"

ငယ်။ "သည့်နယ်ဖြင့် မေဖုရားကို ဆင်ဖြူမရှင်ဖုရားက အရေးတယူ ကြည်ဖြူစွာ လက်ခံ လိုက်သည် ဆိုပါတော့"

တော်။ "ဟုတ်ပေသပေါ့ မောင်မောင်။ တွေတွေဆိုင်ဆိုင် တွေ့မြင်ခစားရတဲ့ တစ်နေ့မှာ ယခင်က စိုးရိမ် ကြောက်ရွံ့ ခဲ့သလောက် မဟုတ်ပေဘူးဆိုတာ သိရပေပြီ။ 'မင်းလိုလိုက် မင်းကြိုက်'တဲ့ စကားလို သူတို့ ဘုန်းတောက် သည့်အခါ အထိုက်အလျောက်ဆိုသလို ကိုယ့်ကို အပြစ်လွတ်အောင် နေထိုင်ခစားတတ်မှ တော်ရုံ ကျတယ် မောင်မောင်ရယ်။ 'မင်းခစား ကမ်းနားသစ်ပင်'တဲ့၊ မင်းနှင့် နီးစပ်လျှင် ပါးရတဲ့ မင်းမှုထမ်း ဆိုတာ ရှေ့နောက် မြော်မြင်နိုင်မှ မောင်ရဲ့။ ဒီတော့ အထွက်အဂင် အခစား လွယ်ကူစေချင်ရင် ဆင်ဖြူမရှင် ဖုရား၏ အလိုတော်လိုက်၍ အကြိုက်ကို သိထားသည့်အခါ ယခုထက် ပိုမိုလွယ်ကူလာ စရာ ရှိပါတယ်"

ငယ်။ "ယခုလောက် အရိပ်အကဲ ခတ်မိလျှင် နောင်ရေးအတွက် ထွက်ဂင်ခစားဖို့ တက်" ဆိုသလိုမို့ ကြုံရာကို အလိုက်အထိုက် ခစားရမယ့် ဂတ္တရားဟာ မောင်တို့၊ မေဖုရား တို့ရဲ့ မင်းခစားများ တာဂန်သာ ဖြစ်ပါ တော့တယ် မေဖုရား"

ယင်းသို့ မောင်မောင်ငယ်နှင့် ဂန်ကတော်ကြီးတို့ စကားပြောဟောနေကြစဉ် ခင်ခင်ကြီးမှာ မောင်မောင်ငယ်အနီးတွင် ပူးတွဲယှဉ်ကပ် ပွတ်သီးပွတ်သပ် ထိုင်လျက် မောင်မောင်ငယ်၏ ပေါင်ပေါ်သို့ တံတောင်ကလေး တစ်ဖက်နှင့် ထောက်မှီထားပြီး လူကြီးစကားပြောသည်ကို အပါးမှ ထိုင်နားထောင် နေရှာသော အကလေးငယ်ကလေးနှင့်မခြား အငေးသား နားထောင်နေရာမှ အတန်ကြာသော် ပျင်းရိ ငြီးငွေ့ လာသည် တစ်ကြောင်း၊ နေ့လယ်က ခရီးပန်းသဖြင့် ပင်ပန်းနွမ်းနယ်လာသည် တစ်ကြောင်း တို့ကြောင့် လက်ကလေးနှင့် ထောက်မှီထားသော မောင်မောင်ငယ်၏ ပေါင်ပေါ်တွင် ခေါင်းတင်ကာ အိပ်ပျော် သွားလေ ၏။

www.burmeseclassic.com

မောင်မောင်ငယ်ကား ခင်ခင်ကြီး ပခုံးကလေးတစ်ဖက်ကို အမှတ်မထင် လက်တင်ထား သော်လည်း ထိုအချိန် အခါ၌ ဂန်ကတော်ကြီးနှင့် စကားပြောရာတွင် အတော်ကလေး စိတ်ဝင်စားနေခိုင် ဖြစ်သော ကြောင့် ခင်ခင်ကြီးကို သတိမရ အမှတ်တမဲ့ နေမိရာ နောက်ဆုံးအချိန် စကားတစ်စ ပြတ်အသွားတင်မှ မိမိပေါင် ပေါ်တွင် ခေါင်းကလေးတင် လျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေရှာသော ခင်ခင်ကြီးကို ရုတ်တရက် သွား၍မြင်လိုက်မှ။

"ဟင်း ... ခင်အကြီး အိပ်ပျော်နေရှာပြီ မေဖုရား၊ မောင်တို့ စကားကောင်းနေတာနှင့် ပျင်းရိ ငြီးငွေ့ပြီး အိပ်ပျော် သွားရှာတာနှင့် တူရဲ့"

ဆိုမှ ဂန်ကတော်ကြီးကလည်း ...

"အလိုကြည့်ပ၊ ခင်ကြီး အိပ်ပျော်နေပြီ။ မောင်မောင် ညောင်းနေရော့မယ်။ နန်းခုံကို ပွေ့၍ အိပ်ရာပေါ် တင်ပေးပစေ မောင်မောင်"

"အို ... နေပါစေ၊ အိပ်ရှာပါစေ၊ မေဖုရားရဲ့၊ မောင် မညောင်းပါဘူး၊ သူ့ခမျာ ခရီးပန်းလာ ရှာလို့ပါ၊ အိပ်ပျော်စ ကလေးမှာ လှုပ်ရှားလိုက်လျှင် နိုးသွားပြီး အိပ်ရေးပျက်နေတတ်ပါ တယ်"

"အင်း ... မောင်မောင်တော့လေ မောင်မောင့်နှမကလေးကို အိပ်ပျော်ရာမှပင် အလိုလိုက် တော့တယ်။ ခင်ခင်ကြီးကလည်း မောင်မောင်က အလိုလိုက်မှန်း သိလို့ထင့်။ မောင်မောင့် အပေါ်များဖြင့် အင်မတန် ဆိုးချင်နွဲ့ချင် ဟန် ရှိတယ်။ ကြည့်စမ်းပ ... သည်အရွယ်ရောက် သည်တိုင်အောင် သူ့ကိုယ်သူ အင်မတန် အငယ်ကလေးရှိသေးတယ် ထင်ပြီး ရင်ခွင်ထဲ ဝင်အိပ်ရှာတော့တယ် မောင်မောင်ရဲ့။ နည်းနည်းကလေးမှ မသိတတ် ရှာသေးဘူး"

"မှန်ပါတယ်။ ယခုလို ကလေးသဘောအတိုင်း နေရှာတာပဲ ကောင်းပါတယ် မေဖုရား။ မောင်ကလည်း ခင်အကြီးများဖြင့် အသက်ကလေး ကြီးလာသည်ဟုပင် မထင်နိုင်ဘဲ ကလေးငယ်ကလေးပဲလို့သာ အမြဲစိတ်မှာ စွဲမှတ်နေမိပါတယ်။ ထင်သည့်အတိုင်းလည်း နေ့လယ်က အင်းထဲမှာ ရေကူးပြီး မြူးထူးရှာ ပုံကလေးမှာ ဘာမှန်းမှ မသိတတ်သော ကလေးငယ်အတိုင်းပင် ရှိရှာသေးတာကို တွေ့မြင်ရပါတယ်"

"အဲ ... မောင်မောင်ကလည်း သည်လို သဘောထားမှတော့ မေဖုရားလည်း မပြောတတ် တော့ပြီဘူး၊ သို့သော်လည်းလေ မေဖုရားမှာတော့ မောင်မောင်နှင့် ခင်ကြီး၊ ဒီသားနှင့် ဒီသမီး နှစ်ယောက်တည်းသာ ချစ်စရာ ခင်စရာ သံယောဇဉ်ကလေးများ ဖြစ်လေတော့ မောင်မောင်က နှမငယ်ကလေးကို ယခုလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် အစစ အရာရာ အလိုလိုက်နေတာ မြင်ရတဲ့အခါ နောင်ရေးအတွက် အင်မတန်မှ အားရဂမ်းသာ ဖြစ်မိတယ်။ခင်အကြီးဟာ ဘာလိုလိုနှင့် အဆိုး၊ အတော၊ အပေ၊ အနွဲ့မ ကလေးတစ် ယောက် ဖြစ်မှန်းမသိ ဖြစ်နေတယ်မောင်မောင်ရဲ့။ဒီတော့နောင်ခါရေး တွေးလိုက်ပါလား ဆိုရင် သူ့ကိုအလိုလိုက်နိုင်တဲ့သူ၊ သူသည်းညည်း၊သူ့ဖွဲ့မျိုး၊ အနွဲ့အဆိုးကို ခံနိုင်မည့်သူမှ တွေ့ပါ့မလားလို့ တွေးပူ မိတယ်။သည်ကလေးမလေး ဤရွှေ့ ဤမျှ ဆိုးတတ်နွဲ့တတ်နေ

www.burmeseclassic.com

သညမှာလည်း မောင်မောင်သာလက်သည်တရားခံ ဖြစ်တော့တယ်။ သည်တော့ မောင်မောင်တင်တဲ့ စစ်ကဲကို မောင်မောင ်ဆွဲလို့ မချနိုင်သည့်အတူတူ မောင်မောင်ခင်းတဲ့ ဇာတ်ကို မောင်မောင်သာ ဂင်ကစေရမှာပဲ။

ခင်ကြီဟာလည်း မောင်မောင်က သူ့အလိုလိုက်ပြီး အကြိုက်ကို ပြုနေမှန်းသိလို့လည်း ချစ်အားကိုးနှင့် နွဲ့ဆိုး ဆိုးမည့်သာ ဆိုးရှာတယ်၊ မောင်မောင့်ကို ချစ်လိုက်သည်မှာ တုန်လို့ နေရှာတယ် မောင်မောင်ရဲ့။ မေဖုရားက သူ့အကြောင်းသိလို၍ ကစားပြီး မောင့်မောင့်ကို ဘယ်သို့လား၊ ဘယ်ညာလားနှင့် ပြောလိုက်သည့်အခါ မေဖုရားမို့ ခုခုခံခံ မပြောပံ့ရှာသည့် တိုင်အောင် မျက်နှာကလေးညိုညိုနှင့် ငိုမလို မဲ့၍ နေတတ်ရှာပါတယ်။ အတန်ကြာ မေ့သလောက် ရှိကာမှ မေဖုရားအနီးသို့ ပွတ်သီးပွတ်သပ်နှင့် လာ၍ချော့ပြီး မောင်မောင့် အတွက် ပြေရာပြေကြောင်း အကျိုးအကြောင်း တောင်းပန်ပါတော့တယ်။ တစ်ခါတစ်ရ ံများ မေဖုရားပြောမိသည့် စကားကိုပင် မေဖုရား အမှတ်မရတော့သည့် အချိန်အခါတိုင်အောင် သူ့မှာတော့ မမေ့သေးဘဲ တအုံးနွေးနွေးနှင့် စိတ်မအေးရှာလို့ထင့်၊ မောင်မောင့်ဘက်က လျှောက်လဲချက် လာ၍ ပေးကာမှ မေဖုရားဖြင့် ကိုယ့်စကားကိုယ် အတော် စဉ်းစား ယူလိုက်ရတယ်မောင်ရဲ့"

စီကာပတ်ကုံး ပြောပြနေသောအခါ မောင်မောင်ငယ်မှာ နဂိုက အချစ်မိုး အုံ့ဆိုင်း ညှို့မှိုင်း နေရာတွင် ဂန်ကတော်ကြီး ၏စကားက လှုံ့ဆော်ပေးသော မိုးသက်မုန်တိုင်းအလား အချစ် တည်းဟူသော မိုးရေများ ကို တားမနိုင် ဆီးမရ ဖြိုင်ဖြိုင်သွင်းရွာ၍ ချစေလေတော့၏။

ထို့ပြင်လည်း ဂန်ကတော်ကြီး ပြောနေသော စကားအရိပ်နိမိတ်များမှာ လူမမယ် ခင်ခင်ကြီး ကလေး၏ နောင်ရေးအတွက် မိမိလက်သို့ပင် ပုံအပ်ချင်သယောင် အဓိပ္ပာယ်ဆောင်နေပြန် လေရာ ဤအရေးနှင့် ပတ်သက်၍ ဂန်ကတော်ကြီး၏ စကားအလာကို ထောက်ရှုရခြင်း အားဖြင့် မိမိက စကားစရန်ပင်မလိုဘဲ အချိန်အခါ သင့်လျော်သော ကာလတွင် ရေကန် အသင့် ကြာအသင့်၊ ဗိမာန်အသင့် ဘုံအသင့် ဆိုသလို အလိုလိုဖြစ်လာရမည်ဟုသာ ဂမ်းမြောက်စွာ အတွေးပေါ်လာမိလေ၏။ သို့ကြောင့်လည်း ခင်ခင်ကြီးကို ချစ်ခင်ကြင်နာ သော အမူအရာနှင့် ချစ်သည့်အလျောက်ပင် အခါခပ်သိမ်း ကယုကယနှင့် ကြင်ကြင်နာနာ ရှေးကကဲ့သို့ အလိုလိုက်အကြိုက်ဆောင် အရေးပေးနေရုံမှတစ်ပါး မိမိတာဂန် အခြားမရှိ တော့ပြီဟု ပိုင်းဖြတ်ကာ ...

"မောင်ကလည်း ခင်အကြီးကို ဘယ်ပုံဘယ်နည်းဖြင့် ချစ်မိသည့်ဟုပင် အဆုံးထိအောင် မပြောနိုင်ပါ။ တစ်ခါတစ်ခါတော့လည်း ခင်အကြီးနှင့် မောင့်မှာ တစ်အူထုံ့ဆင်း၊ တကယ့် သွေးသားစပ်ကြသည့် မောင်နမအရင်း မဖြစ်ရဘဲ တစ်မိတစ်ဂမ်းစီ ကွဲပြီးမှ မေဖုရားထံတွင် မောင်နမလာ၍ တော်ရပြန်သည်ကို ဂမ်းနည်း လိုက်မိပါသေးသည် မေဖုရား"

ပြောဆိုကာ အိပ်ပျော်နေရှာသော ခင်အကြီး၏ နဖူးဆံစကလေးများကို အသာအယာ ယုယကြင်နာစွာ သိမ်းဆည်းသပ်ရပ်ပေးနေမိလေ၏။ တစ်ခါတစ်ခါလည်း အပြစ်မဲ့သော ကလေးငယ်ပမာ လောကကြီး အရေးကို ဘာမျှ မတွေးတတ်၊ မသိတတ်ရှာသေးသော ခင်ခင်ကြီး၏ အတွင်းချော အပြင်ချော

www.burmeseclassic.com

www.burmeseclassic.com

စင်းလုံးပြည့် ချောမောသန့်ရှင်းနေရသော မျက်နှာ ဂါဂင်းဂင်းကလေးကို တစိမ့်စိမ့်ကြည့်ကာ မရိုးမဖြောင့် အမှောင့် ပယောဂ ဂင်နေသော မိမိစိတ်ထားကြောင့် ကိုယ်စောင့်နတ်များကိုပင် ရှက်ကြောက်မိတော့ကာ အသည်း နှလုံး အတွင်း၌ တဖြန်းဖြန်း ကြက်သီးထ၍ လာမိလေ၏။

"အင်း ... ငါ မတရားစိတ်တွေ ပွားများလှချေရဲ့နော်၊ သြော် ... ခင်အကြီး၊ ခင်အကြီး၊ တစ်ခါတစ်ခါ ဖြူစင်ဂါဂင်း အပြစ်ကင်းတဲ့ ခင်အကြီးရဲ့ မျက်နှာကလေးဟာ အစ်ကိုရဲ့ ညစ်နွမ်းနောက်ကျိတဲ့ စိတ်ထားတွေကို တရားပြပြီး ဆုံးမနေသလိုပါပဲကလား ခင်အကြီး ရယ်။ အစ်ကိုဟာ ခင်အကြီးအပေါ်တွင် တိတ်တိတ်ခိုး အံ့ပုန်းတရားပျက်နေပြီ။ ခင်အကြီး သည် အကြောင်းတွေ သိလျှင် အစ်ကို့ကိုမှ ချစ်မှ ချစ်ချင်ပါတော့မလား"

တရားနှလုံးသွင်းသလိုလို၊ သံဝေဂရသလိုလို၊ ခင်ခင်ကြီးကလေးကို တစ်ဖက်သတ် သနား နေမိသလိုလို၊ ထိုထို ဤဤနှင့် မတည်မကြည် မငြိမ်မသက် စိတ်ကယောက်ကယက် ဖြစ်နေရှာမိလေ၏။

ဂန်ကတော်ကြီးကား အတွေးအခေါ် အစဉ်းအစားများနေသော မောင်မောင်ငယ်က တစ်ချက်တစ်ချက် ငြိမ်သက်စွာ နှင့် စကားဖြတ်ထားသည်ကိုပင် ညောင်းညာထင်သော ကြောင့်။

"ကိုင်း ... မောင်မောင်၊ မောင်မောင် ညောင်းညာလှရော့မည်၊ ခင်ကြီးကို သူ့အိပ်ရာ ခန်းဆီ သို့ နိုး၍ ပို့ပါစေတော့လား၊ ညဉ့်လည်းနက်ပါပြီ"

ဆိုကာ ဂန်ကတော်ကြီးကိုယ်တိုင် ခင်ခင်ကြီး၏ ပခုံးကလေးကို ကိုင်၍ နှိုးတော့မည်ပြုလျှင် မောင်မောင်ငယ် မှာ ကပျာကယာ ကာဆီးလျက်။

"အို ... နေပါစေ မေဖုရားရဲ့၊ မနိုးပါနဲ့၊ မောင် မညောင်းပါဘူး"

"မောင်မောင် မေဖုရားကို သူ့နှမကလေးအတွက်နှင့် မှသားသုံးပြီး ထင်သည်။ အချိန် ကြာရှည်လှပြီ မောင်မောင်ရဲ့။ မောင်မောင်က မညောင်းပါဘူးဆိုသည်တိုင်အောင် မေဖုရား မယုံကြည်နိုင်ပါဘူး၊ နှိုးပါရ စေတော့"

ထပ်ခါထပ်ခါ ပြောနေသောကြောင့် မောင်မောင်ငယ်မှာ မနေသာတော့ဘဲ။

"ကဲ ... ဒါဖြင့်လည်း ခင်အကြီး မနိုးအောင် မောင်ကိုယ်တိုင် ပွေ့ချီ၍ သွားသိပ်ပါမည်။ နိုးအောင်ဖြင့် နှိုးတော်မမူပါနှင့် မေဖုရား"

ဆိုကာ မိမိပေါင်ပေါ်တွင် ကလေးပမာ နှစ်ခြိုက်စွာနှင့် အပူအပင်မရှိ အိပ်နေရှာသော ခင်ခင်ကြီးကို ယုယကြင်နာစွာနှင့် အသာအယာ ပွေ့ချီပြီး ခင်ခင်ကြီး အိပ်ရာရှိသော အခန်းထဲသို့ ယူသွားသည်တွင်

www.burmeseclassic.com

www.burmeseclassic.com

မလှမ်းမကမ်းက စောင့်စားနေသော နန်းခုံလည်း ခင်ခင်ကြီးကို ညဥ့်လွှာရုံ ထွေးခြုံပေးရန် မောင်မောင်ငယ် နောက်ပါးမှ တစ်ဖဝါးမကွာ လိုက်ပါသွားလေ၏။

မောင်မောင်ငယ်လည်း ခင်ခင်ကြီးကို စက်မွေ့ရာတွင် အသာတင်၍ သိပ်ပြီး စိမ်းစိမ်းလဲ့လဲ့ ကြည့်ကာ အပြင်သို့ ပြန်ထွက်လာခဲ့သည်တွင် ညညီလာခံစဲသဖြင့် ဒိုင်းဂန်မင်း ပြန်ရောက် လာသည့်အတွက် အတွင်းတော်က ကိစ္စများကို သားအမိသုံးဖော် အကျိုးအကြောင်း စကားဆက်ကြရပြန်လေ၏။

ဒိုင်းဂန်မင်းမှာ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့် ပုဆိုးရှည်ကြီးကို ဖြုတ်ကာ တရုတ်အင်္ကျီ ရင်ဖုံး နှင့် နံငယ်ပိုင်းကို လဲလှယ်လျက် သင်ဖြူးချော်၏ ခေါင်းရင်းဘတ်တွင် ထိုင်ပြီး။

"ဂန်ကတော်ကြီးရေ ... ဘုန်းတော်ကြီးလှသော ဘုရားဖြင့် သားတော်ကြီးများအတွက် ရှေ့ရေးခက်တော်မူပုံပဲ။ ယနေ့ ညီလာခံမှာ သားတော်များနှင့် ပတ်သက်၍ အတော်အရေး ကြီးတဲ့ ကိစ္စများကို တိုင်ပင်တော်မူတယ်"

တော်။ "ဩော် ... ဟုတ်ကဲ့လား ဂန်မင်းရဲ့။ ယခုတိုင်ပင်တဲ့ ကိစ္စများဟာဖြင့် အတော် ထူးခြားပေလိမ့်မယ်။ ဘယ်သားတော်များ အရေးကိစ္စပါလဲ ခင်ကြီးတို့ ဘဘရဲ့"

ဂန်။ "သားတော်ကြီးများအတွက်ပေါ့ ဂန်ကတော်၊ ကျုပ်တို့ ဘဂရှင်မင်းတရားကြီး ဘုရားမှာ သားတော်ငယ်များ အရေးထက် သားတော်ကြီးများ အရေးက အတော်ကြီးလေး တော်မူနေရှာတယ်"

ငယ်။ "ဒီကိစ္စထဲမှာယ မောင်တို့ သီပေါကိုယ်တော်ကလေးများတော့ ပါမထင်ပါဘူး ဘဘ ဘုရားရဲ့"

ဂန်။ "ဟာ ... မောင်မောင်ငယ်တို့ မင်းသားကလေးမပြောထားနှင့် မင်းသားလတ်များ တောင် သည်အရေးမှာ ထည့်၍ မတွေးကြပါဘူး မောင်ရယ်၊ ဒါနှင့် အတွင်းတော်က စကား ဆိုတာ အပြင်ကို ပေါက်ကြားရမြဲ မဟုတ်ဘူးနော်။ ငါ့သားက မင်းသားတစ်ဦး၏ အမှုတော် ထမ်း ဖြစ်နေတော့ သတိပေးရတယ်။ သည်ကဲ့သို့ အတွင်းရေးများကို မောင်မောင်တို့ သီပေါစံအိမ်တော်သို့ ဆောင်ကြဉ်မသွားပါလေနှင့်ကွယ်"

ငယ်။ "စိုးရိမ်တော်မမူပါနှင့် ဘဘဘုရား။ သည်အရေးမျိုးကို မောင် နားလည်ပါတယ်"

ဂန်။ "အကြောင်းက သည်လိုကွဲ့၊ အမည်ကို မဖော်သော်လည်း အရိပ်ပြလျှင် အကောင်း ထင်နိုင်ကြပါလိမ့်မယ်လေ။ ယခုရှိတဲ့ သားတော်ကြီးတွေထဲမှာ ဗိုလ်စွဲနေတဲ့ သားတော်ကြီး သုံးပါး ရှိတယ်"

"ထီးမွေးနန်းလျာ ဆိုလို့လည်း ယနေ့အထိ တစ်ဦးတစ်ယောက်ကိုမျှ လျာထားပြီးမရှိ၊ နတ်ပြည်စံ မိဖုရားခေါင်းကြီး ဖုရားကလည်း သားတော် သမီးတော် မထွန်းကားလေတော့ ယခုရှိကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

သားတော်များ အနက်က အပြိုင်အဆိုင် ဖြစ်ကြတဲ့ သားတော်ကြီး သုံးလေးပါး မှ တစ်ပါးဘုန်းတော်ကြီးလှသော ဘုရား၏ ထီးမွေနန်းမွေများ အနည်းဆုံး ခံစားတော်မူနိုင် ရန် မရှိကြဘူးဆိုတာ အားလုံးအသိပဲ မဟုတ်လား။ အဲသည်လို အနည်းဆုံး ဆက်ခံထိုက် တဲ့ သားတော်များကလည်း တစ်ပါးမက သုံးလေးပါး ဖြစ်နေပြန်တော့ ဘယ်သူ့ကို သီးသန့် ရွေးပြီး နန်းမွေပေး ထိုက်တယ်ဆိုတာ ဧပွေ့ခဲ့တော် မမူနိုင်ရှာဘူး။ နို့ပြီးတော့ ဘဂရှင်ဘုရား၏ ရွှေစိတ်တော်မှာလည်း အဲသည် သားတော်ကြီး သုံးလေးပါးကို ညီတူညီမျှ ချစ်ခင်အား ထားတော်မူထားပြန်တော့ ဘယ်သားတော်ကိုမျှ ရွေးချယ်တော် မမူနိုင်ဘဲ ရှိတဲ့အပြင် အကယ်၍ တစ်ပါးပါးကို ရွေးချယ် ကန့်သတ်လိုက်ပြန်ပါလျှင် ကျန်တဲ့သားတော်များက အမှန်ပင် စိတ်ညှိုးကွက်သွားပြီး ခမည်းတော်ဘုရားကို ဂတိလိုက်စားသည်ဟု စွပ်စွဲခံတော် မူရတော့မယ်"

"အဲသည်လို စွပ်စွဲခံတော်မူရပြီး သားတော်များက အာဃာတထား၍ ရှေ့ဆောင်လမ်းပြ ရှိထားသော မြင်ကွန်း မြင်းခုံတိုင် မင်းသားများအလား ပုန်ကန်ခြင်းနားကြပါလျှင် ပြည်ရွာ စနောင့်စနင်းဖြစ်မှာလည်း စိုးရိမ်တော်မူမိပြန်လေတယ်။ အထူးပြုတဲ့ ကိစ္စတစ်ချက်မှာ လည်း ဘဂရှင်မင်းတရားကြီးဘုရားဟာ ဘယ်သို့သော ကိစ္စခြင်းရာမဆို ရွှေဉာဏ်တော်နှင့် မျှော်ခေါ်စဉ်းစားတော်မူတတ်တဲ့အလေ့ ရှေ့နောက်ချင့်ချိန်တော်မူနိုင်တဲ့ ဂါသနာ ရှိတော် မူတဲ့အတိုင်း သည်ကိစ္စမှာလည်း မှူးတော် မတ်တော်ကြီးများကို နီးနှောတိုင်ပင်တော်မူပြီး အတိုင်ပင်ခံ အမတ်ကြီးများရဲ့ လိုလားချက်, ထောက်ခံချက်ကိုလည်း သိတော်မူတဲ့ အတွက် ယနေ့ည ညီလာခံမှာ စုံစမ်းတော်မူတာပဲ ဂန်ကတော်ကြီးရဲ့"

"ဘုန်းတော်ကြီးလှသောဘုရား အဲဒီလိုလည်း စုံစမ်းတော်မူလိုက်ပါရော တစ်ခါတည်း ဘာမှ မပြောနဲ့ ဂိုင်းတည့်၍ လျှောက်တင်လိုက်ကြသည်မှာ လက်မလည်နိုင်အောင် ဖြစ်သွားတော့ တာပဲ"

"တချို့ကလည်း မက္ခရာမင်းသားကြီးကို ကြိုက်ညီကြတဲ့အတွက် မင်းသားကြီးရဲ့ သတ္တိ ဗျတ္တိ ဂုဏ်အရည်အချင်းများကို အားပါးတရ လျှောက်တင် ထောက်ခံကြတယ်။ အချို့က တော့လည်း သုံးဆယ်မင်းသားကို အားရပါးရ ချီးမွမ်းညွှန်ပြတယ်။ အချို့ကလည်း ညောင်ရမ်းမင်းသားအတွက် ထီးနန်းအမွေ ဆက်ခံထိုက်ကြောင်း လျှောက်တင်ကြတယ်။

"အချို့ကတော့လည်း ကိုယ့်ဆိုင်ရာဆိုင်ရာ လိုလားတဲ့ မင်းသားများကို ရွှန်းရွှန်းဝေအောင် ဂုဏ်အရည်အချင်းတွေ လျှောက်လိုက်ကြသပေါ့။ ခေါ်သန္တီမင်းသား၊ ရေနံမင်းသား၊ မိုင်းရင်းမင်းသား၊ ပင်လယ်မင်းသား၊ ရနောင်မင်းသား၊ မိုင်းတုန်မင်းသာ၊ ရွှေဂူမင်းသား၊ တောင်ညိုမင်းသား၊ မိုးလှိုင်မင်းသား၊ ကသာမင်းသား၊ သာဂရမင်းသား၊ ညောင်အုပ် မင်းသား စုံလို့သွားပါရော။ အချို့ကလည်း နတ်ရွာစံ အိမ်ရှေ့ဘုရားသားတော်၊ ထန်းတပင် မင်းသားတို့၊ မလွန်မင်းသားတို့ကို ခမည်းတော်အရိုက်ရာ ဆက်ခံသင့်တယ်ဆိုပြီး လိုသလို လျှောက်ထား သံတော်ဦးတင်ကြတယ်"

"အဲသည်လို သူတစ်မျိုး၊ ငါတစ်ဖုံ ဂိုင်းဂန်းပြီး သံတော်ဦးတင်လိုက်ကြတော့ နဂိုကမှ စိတ်တော်ဧပွေ့ခဲ့မရနိုင်တဲ့ ရွှေနန်းရှင်ဘုရားမှာ သာ၍ စိတ်ရှုပ်ထွေးတော်မူသွား ထင်ပါရဲ့ ဂန်ကတော်ရယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ကဲ တော်ကြ၊ တော်ကြ။ မောင်မင်းတို့စကားတွေဟာ မိုးမဆုံး မြေမဆုံး ဘယ်တော့ မှ ဆုံးတော့မယ်မဟုတ်ဘူး။ သားတော်တွေ ရှိသလောက် မကုန်မချင်း စာရင်းနှင့် လျှောက် နေကြလျှင် ဒီရာဇဂင်မဆုံးဘူး မောင်မင်းတို့။ မောင်မင်းတို့ကို တိုင်ပင်တော်မူမှ သာလို့ ရွှေစိတ်တော် ပွေ့ရပြန်တယ်။ သည့်လောက်များပြားတဲ့ သားတော်တွေထဲမှ ရွေးထုတ်ထား တဲ့ သားတော်ကြီးမျာကိုပင် ဘယ်သူမျှ ခေါင်းကောက်၍ မရွေးတတ်ရသည့်အပေါ်မှာ မြို့စား၊ နယ်စား၊ ဘုရင်ခံအရာ ထားရမည့် သားတော်ငယ်များကိုပါ ပြည်လည်ထည့်သွင်း စဉ်းစားနိုင်တော့မည် မဟုတ်ဘူး မောင်မင်းတို့ရဲ့"

စိတ်ပျက်တော်မူသံကြီးနှင့် ညည်းညူတော်မူလိုက်တော့မှ စောစောက အာပေါင်အာရင်း သန်သန်နှင့် စကားတန်ရှည်နေသည့် လူကျယ်တစ်စုဟာ တစ်ခါတည်း ငြိမ်ဝပ်သွားကြပါ တော့တယ်။

တော်။ "ဒီအရေးကလည်း တဖြည်းဖြည်းနှင့် ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာတော့မှာ ထင်ပါရဲ့၊ ခင်ကြီးတို့ ဘာဘရယ်။ အနို့ ... နောက်ဆုံး ဘယ်လိုများ ... "

ဂန်။ "ဘိုးတော်ဘုရားရဲ့ မင်းကွန်းပုထိုးတော်ကြီး အပြီးမသတ်နိုင်သလို သည်အရေး ကို အဆုံးမသတ်နိုင် ဖြစ်သွားပြန်တာပဲ၊ သို့သော်လည်း ဘဂရင်ဘုရား ရွှေစိတ်တော်အကဲ ခတ်ရသဖြင့် အဲသည် သားတော်ကြီး သုံးပါးအနက်က (......) ကို အတော်ကလေး ကျေနပ်တော်မူပုံ ရတယ် ဂန်ကတော်ရဲ့"

မင်းသား၏ အမည်ကို ဂန်ကတော်ကြီးနှင့် မောင်မောင်ငယ်တို့ နှစ်ဦးသား ကြားလောက်ရုံ လေသံနိမ့်၍ ပြောလိုက်လေ၏။ ဂန်ကတော်ကြီးမှာ အနည်းငယ် အံ့အားသင့်သလို ဖြစ် သွားပြီးမှ ...

"အလို ... ဒါဖြင့် ဟိုကိုယ်တော်လည်း ဆတ်ဆတ်ကြဲ၊ အင်အားကလည်း မနည်းလှဘူး၊ ခင်ကြီးတို့ ဘာဘရဲ့"

ပြန်ပြောမိရာ ဂန်မင်းမှာလည်း စိတ်ရှုပ်သလိုနှင့် ...

"အို ... ဂန်ကတော်ရယ်၊ တွေးလေတွေးလေ နောင်ရေးမအေးစရာတွေ ပေါ်လေပါပဲ။ ဒီမင်းသားကြီး သုံးပါးဟာ သတ္တိဂုဏ်၊ ဗျတ္တိဂုဏ်၊ ပညာဂုဏ်နှင့်လည်း အင်အားက ညီလျက် ရှိလေတော့ တစ်ယောက်တက်လျှင် နှစ်ယောက်က ဖျက်မည် အမှန်ပဲ။ ဒါကြောင့် လည်း ဘဂရင်ဘုရားက မိမိအလိုတော်ကို ထုတ်ဖော်ခြင်း မပြုသေးဘဲ စကားနည်း ရန်စဲ လုပ်တော်မူနေတာပေါ့။ နို့ပြီးတော့ အနာက်ပိုင်းကလည်း ဆင်ဖြူမရှင်မိဖုရားကြီးက တစ်စခန်းထနေပြန်ပြီလို့ အတွင်းစကား သဲ့သဲ့ကြားရပြန်သည် ဂန်ကတော်ရဲ့"

စကားဦး လှည့်သွားပြန်သည်တွင် မောင်မောင်ငယ်က တစ်လှည့်ဝင်၍ အံ့ဩသော အမူ အရာနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

"အလို ... ဆင်ဖြူမရှင်မိဖုရားကြီးက ဘယ်နည်းဘယ်ပုံ တစ်စခန်း ထတော်မူပြန်သတဲ့တုန်း ဘဘဘုရားရဲ့"

ဂန်။ "သည်မိဖုရားကြီးဟာ ယခုအခါမှာဆိုတော့ ရှိသမျှ မိဖုရားတွေထဲတွင် အဆင့် အတန်းက လည်းရင့်၊ ဩဇာအာဏာကလည်း ကြီးမြင့်နေတဲ့ အခိုက်အခါ လောက်လောက် လားလား သားယောက်ျား ရယ်လို့လည်း မထွန်းကားဘဲ သမီးတော်သုံးပါးသာ ရှိလေတော့ မိမိတစ်ဦးတည်း အထွပ်အထိပ် ရောက်သည့် တိုင်အောင် နောင်အရှည်သဖြင့် သမီးတော် များအတွက် မျက်နှာမငယ်ရအောင် စီမံဖန်တီးရန် အတွက်များ ဖြစ်နေမလား မသိနိုင်ဘူး။ ဦးကောက်တို့၊ ဦးဘိုးတို့ တစ်တွေနှင့် အတော် ရင်းရင်း နီးနီး အဆက်အသွယ်ပြုပြီး အစေ အပါးများ အဂင်အထွက် အင်မတန် များနေသည်လို့ ကြားရ တယ် မောင်မောင်ရဲ့။ ဘယ်လို အရေးကိစ္စရယ်လို့ အကဲမခတ်နိုင်သော်လည်း အကြံအစည်တစ်စုံတစ်ခုနှင့် ပတ်သက်ပြီး အဆက်အသွယ် ရှိနေတယ်လို့ တွေးနေကြရတာပဲ။ ဘဘထင်သလို သမီးတော်သုံးပါး အတွက် ဖြစ်ပါလိမ့်မယ်။ သူကိုယ်တိုင်အတွက်လည်း ရှေ့သည့်ထက် အတန်းတက်စရာ မရှိဘူး မဟုတ်လား မောင်မောင်ရဲ့။ သည်တော့ သူ၏သမီးတော်များအတွက်သာ ဖြစ်မည် ဆိုတာ ဘဘဘုရား အတတ် တွေးမိသည်"

ငယ်။ "မှန်လှပါတော့သည်။ ယခုအခြေအနေအတိုင်းသာ ဆိုပါလျှင် ဘဘဘုရား စောစောက မိန့်တော်မ ူသွားသလို ဘဂရှင်မင်းတရားကြီးဘုရားက ဘယ်သားတော်ကိုမျှ ယခုထက်တိုင် ထီးမွေနန်းမွေကို ရည်ညွှန်းတော် မူချက် မရှိသေးတဲ့အတွက် မင်းတရားကြီး ဘုရား သက်တော်ထင်ရှား ရှိတော်မမူတဲ့ တစ်နေ့မှာ ရွှေနန်းတော်ကြီးတစ်ခုလုံး မီးဟုန်း ဟုန်းတောက်ပြီး သားတော်ကြီးတွေ နန်းလုပွဲခင်း၍ သ ူတစ်မင်း ငါတစ်မင်းနှင့် စစ်အင် ကျင်းနေကြတဲ့အခါ ဘေးကဂင်လာမည့် အပြင်အပ ရန်သူ့လက်သို့ ပါ၍ဖြစ်စေ၊ သားတော် အချင်းချင်းမှ နိုင်ရာစား နိုင်သူလက်သို့ ရောက်၍ဖြစ်စေ သည်မီး ငြိမ်းအေးမည် မှန်ပါ တယ်။ သို့အတွက် အရာရာက စိတ်ချလောက်အောင် မိမိတို့အင်အား တောင့်တင်းအောင် နောင်ရေးအတွက် ပြုပြင်စီမံထားနိုင်ခြင်းက သင့်လျော်ပါတယ် ဘဘဘုရား။ သူတို့မှာ ထီးရှင် နန်းရှင်တွေဖြစ်၍ မောင်တို့၊ ဘဘတို့ထက် ရန်သူပိုင်းလျက် ရှိပါသည်။ အင်မတန် ရင်းတဲ့ သွေးသားချင်း ဖြစ်ပေမယ့် ရန်သူကဲ့သို့ ဓားတဂဲဂဲ လည်ပင်းတကဲကဲနှင့် နေကြ ရှာပါတယ်။ မောင်တို့ မင်းခစား ကျေးကျွန်အမှုထမ်းများကမှ ဆွေရယ်၊ မျိုးရယ်၊ သွေးသား ရင်းချာချင်းရယ်လို့ စိတ်မ်းချချနှင့် ချစ်ခင်စွာ နေထိုင်နေတဲ့ သတ္တိရှိကြသေးတယ် ဘဘ ဘုရား။ သို့အတွက်ကြောင့် သူ့ခမျာများလည်း နောင်ခါ နောင်ရေးကို ကြိုကြိုတင်တင် စီမံ ကြခြင်း ဖြစ်ပါလိမ့်မယ်။

ဂန်။ "အင်း ... မောင်မောင် ပြောသလိုလည်း မှန်ပါရဲ့လေ၊ ယခုနေအခါဆိုတော့ အချိန် ရှိခိုက် လုံ့လစိုက်ရမှာပလေ။ သို့ပေတဲ့ အဲဒီလို ကိုယ့်အရေးအတွက် ကြံစည်တဲ့ အစီအမံ ထဲမှာ သူတစ်ထူးမှာ ဒုက္ခရောက်ဖို့၊ ထိခိုက်ဖို့၊ အကျိုးယုတ်ဖို့ မပါပါစေနဲ့ ဆိုတာ ဆုတောင်းရတော့မှာပဲ"

တော်။ "သြော် ... သူ့ဘာသာသူ ကြံစည်ပြုပြင်တော်မူပါတဲ့ဟာကို ခင်ကြီးတို့ ဘဘက ဘာကြောင့် 'သူများ တကာအတွက် ငေက်ကပူ' ဆိုတာလို ပူစောင့်ပန်းပင်နဲ့ပ စပ်ကြားက ဂင်၍ ဆုတောင်း ချင်ရပါသတုံးလို့"

www.burmeseclassic.com

www.burmeseclassic.com

ဂန်။ "ကျုပ်တို့ ဂန်ကတော်က တစ်မြင်ကလေးကြည့် မပြောနဲ့နော်။ တစ်မျှော်တစ်ခေါ် ကြည့်၍ ပြောမှပ။ ဒီမိဖုရားကြီးဟာ နတ်ရွာစံလွန်တော်မူသွားတဲ့ စကြာဒေဝီရှင် မိဖုရား ခေါင်ကြီး မဟုတ်ဘူးဗျ။ ရတနာပူရ စတုတ္ထနန်းစံ ဘကြီးတော်ဘုရားကို ဒိုးကလေးကဲ့သို့ မွေ့ယမ်းကစားသွားတဲ့ နန်းမတော်မယ်နုဆိုတဲ့ မိဖုရားကြီး၏ရင်သွေး တစ်ဦးတည်းသော သမီးတော်ဗျ။ သည်တော့ 'ဘအမျိုး ဘိုးတူ' ဆိုသလို ကိုယ်ကျိုးသက်သက်လောက် ကြည့် ပြီး တစ်ဖက်သား လားလားမှ မထောက်ဘဲ ဈေးကြောင်းပေါက် စီမံခဲ့သော် မခက်ပါလား ဂန်ကတော်ရဲ့"

တော်။ "ဘုန်းတက်ကြီးလှသော ဘဂရှင်ဘုရား ရွှေလက်ထက်တော်မှာတော့ ကမောက် ကမ ဖြစ်နိုင်ကြဖို့ မရှိပါဘူး၊ ခင်ကြီးတို့ ဘဘရဲ့"

ဂန်။ "အနို့ ... ကျုပ်ကလည်း ဘုန်းတော်ကြီးလှသော ဘဂရှင်မင်းတရားကြီးဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဖြစ်လိမ့်မယ်လို့မှ မပြောပါဘဲကလား ဂန်ကတော်ကြီးရဲ့။ ရွှေမျက်နှာတော် လွှဲတဲ့အခါကို ရည်ရော်ပြီး ပြောခြင်းပါကလား"

တော်။ "အဲသည်အခါမှာလည်း ဆင်ဖြူမရှင်မိဖုရားကြီး တစ်ပါးတည်းရဲ့ သဘောတော် အတိုင်း ပြုပြင် တော်မူနိုင်မည် မထင်ပါနှင့်။ ဘုန်းနှင့် ကံနှင့် သတ္တိဗျတ္တိနှင့် ပြည့်စုံတဲ့ သားတော်ကြီး သုံးလေးပါးက အလကား ငြိမ်၍နေမည်လား ခင်ကြီးတို့ ဘဘရဲ့"

ဂန်။ "အင်းလေ ... သည်လိုအရေးတွေကို ဆင်ဖြူမရှင်မိဖုရားကြီးက ပြေးကြည့်သည် ထက် ပို၍ မြင်တော်မူပြီးဖြစ်လို့ ယခုက စ၍ ကြံလို့ဖန်လို့နေပြီ။ နောင်ခါ ဘယ်နည်းဘယ်ပုံ စခန်းစဉ်ထွက် လာမည် ဟုသာ မပြောနိုင်သေးတာကိုး။ ကိုဘိုးတို့၊ ဦးကောက်တို့နဲ့ အတော် ပလဲနံပ သင့်နေတယ်။ မုချ အတွင်းရေး အကြံ တစ်ခုခုကို တိုင်ပင်ကြခြင်း ဖြစ်မှာပဲ ဂန်ကတော်ရဲ့"

ငယ်။ "ယခုကြားရသည့်အတိုင်း ဆိုပါလျှင် ဘဘဘုရား မိန့်တော်မူသည့်အတိုင်းလည်း အခြားသော သားတော်ကြီးများ အခံရှိတော်မူသေးသဖြင့် ထိုသားတော်ကြီးများက မသင့် သော အကြံဆိုလျှင် အမှန်ပင် ကန့်ကွက် တိုက်ဖျက်တော်မူကြပါလိမ့်မယ်။ သည်အရေး ထဲမှာ မောင်တို့သခင် သီပေါကိုယ်တော်ကလေးတော့ နဂိုကလည်း ခပ်အေးအေးမို့ ဘေးမရှိ ရန်မခဘဲ ကြားထဲက အနေချောင်ကောင်းပါရဲ့။ နောက်တစ်ချက်မှာလည်း သမီးတော် စုဖုရားလတ်နှင့် ဆက်သွယ်တော် မူထားတဲ့အတွက် မျှော်လင့်ဖွယ် အချက် ကလေးများ ရှိကောင်းရှိမယ်လား မပြောတတ် ပါဘူး ဘဘဘုရား။ မောင်တို့မှာတော့ "အရှင်မြင့်၊ ကျွန်တင့်" ဆိုတဲ့ စကားလို ကိုယ့်အရှင်သခင် ကြီးပွား ပါစေဆိုတာ အမြဲ ဆုတောင်းလျက် နေရတော့တာပါပဲ"

ဂန်။ "ဩော် ... မောင်မောင်တို့ကလည်း ကိုယ့်သခင် ဖြစ်နေတော့ ကြီးပွားစေချင် ပေမှာပ။ သို့သော် ဘဘဘုရား တော့ဖြင့် သည်မင်းသားကလေးက ငယ်ငယ်ရွယ်ရွယ် ဖြစ်နေသေးတာ တစ်ကြောင်း၊ စိတ်သဘော တော်ကလည်း အင်မတန် နူးညံ့ပျော့ပျောင်း၍ စာပေပိဋကတ်ကို တစ်ဖက်ကမ်းခပ် တတ်မြောက် တော်မူရှာတဲ့ ဂုဏ်တစ်ခုကို အကြောင်း ပြုပြီး တစ်နည်းတစ်လမ်းတော့

www.burmeseclassic.com

www.burmeseclassic.com

ကြီးပွား ထွန်းကား စရာ လမ်းရှိပါရဲ့။ သို့ပေမဲ့ မြွေပွေး၊ မြွေဟောက်တွေနေတဲ့ တောထဲမှာ မြက်လျှောကလေး မစွာနိုင်ရှာသလို ဖြစ်နေတယ် မောင်မောင်ရဲ့"

ငယ်။ "ဒါလည်း မှန်ပါတယ် ဘဘဖုရား၊ သို့ရာတွင် ရွှေကိုယ်တော်ဖျား၏ ဘုန်းကံပါရမီ က ရှိပါသေးတယ်။ တိတ်နိမိတ်များကလည်း အတော်ပဲ ထူးခြားလျက် ရှိပါတယ်။ ဟိုတစ်လောဆီက သီပေါ ကိုယ်တော်၏ ဇာတာတော်ကို ကြီးငှက်တစ်ကောင်က ကိုက်ချီသွားပြီး ရွှေနန်းတော် ထုပိကာကြားမှာ ပျံသန်းနေပါတယ်။ ဒီကိစ္စဟာ အံ့သြဖွယ်သရဲ ထူးကဲတဲ့နိမိတ်တော်ပဲ။ အနို့ ... ပြီးတော့ သီပေါကိုယ်တော် ကလေး ပွဲတော်တည်ရန် မယ်တော်ဆောင်က ပို့လိုက်သည့် မုန်လာချဉ်ဖက် အိုးအတွင်းက မုန်လာချဉ် များဟာ လတ်လတ်ဆတ်ဆတ် အတက်အလက် အခက်အညွှေက်တွေပေါက်လို့ နေပါတယ်"

ဂန်။ "အလို ... ဟုတ်ကဲ့လာ၊ အင်း ... အင်း သည်အတိုင်းမှန်လျှင်တော့ အတန်ပင် ကံထမ်းလာတာကို မမြင်ရဘူးဆို မဟုတ်လား။ ပုဂံရာဇဝင်မှာ ဘာမျှ ထီးငွေ့နန်းငွေ့ မစပ်မဆက်ဘဲ ဆင်းရဲသားစင်စစ် တောင်သူကြီးအဖြစ်က ဘုရင်ဖြစ်လာရတဲ့ တောင်သူကြီးမင်း တို့လည်း ဘယ်တုံးအခါကမှ မျှော်လင့်ချက် မရှိခဲ့ပါဘဲ ဘွားခနဲ ထီးနန်းစည်းစိမ် ရရှိခဲ့ဖူး တယ်။ တစ်ဖန် ကွမ်းဆော်မင်း ဆိုတာမှာလည်း အသက်အရွယ် နနယ်စဉ်အခါကပင် ရာဇဝတ်ရေး၊ အသက်ဘေးကို ပြေးလွှားရှောင်ပုန်းခဲ့ရ၍ ကွမ်းတောင်းကို ပခုံးထမ်းပြီး ကိုယ့်ဝမ်းကိုယ်ကျောင်း နေရလေတော့ ကိုယ့်ကိုယ်ကိုယ်ပင် မဟာသွေးဖြစ်သည်ကို သတိ မရရှာတော့ဘဲ ဆင်းရဲသားအဖြစ်နှင့် နေရစဉ်အခိုက်မှာ မင်းဖြစ်ထိုက်တဲ့ ကံဇာတာပါလာတော့ မင်းလောင်းအကြည့် သွားရာမှာ သူကိုယ်တိုင် မင်းလောင်းဖြစ်မှန်းမသိ ဖြစ်လာပြီး နန်းတော်ထဲရောက်ခါမှ "အလို ... ရှင်ဘုရင်ဖြစ်မှန်းမသိ ဖြစ်နေပါပေ့ါလား"လို့သိရတယ်။ အလွန်တရာ ဘုန်းတန်ခိုးကြီးတဲ့ နော်ရထားမင်းစော ဆိုတဲ့ သားထူးသားမြတ်တစ်ပါးကိုပင် ထွန်းကားခဲ့ပေသေးတယ်။ နို့ပြီး တစ်တန် အဲသည် ပုဂံရာဇဝင်မှာပဲ မင်းယဉ်နရသိင်္ခဆိုတဲ့ မင်းသားကလေးလိုပဲ သားတော်တွေထဲမှာ အသက်လည်း အငယ်ဆုံး၊ အရွယ်လည်း အနု ဆုံး၊ စိတ်သဘောတော်ကလည်း နူးညံ့သိမ်မွေ့ဆုံး ဖြစ်တယ်။

ခမည်းတော် ဘုရင်းမင်းကြီး မှာလည်း ယခု ဘဘဘုရားတို့ရဲ့ ကျေးဇူးတော်ရှင် ဘဂရှင်မင်းတရားကြီးကဲ့သို့ သားတော် ကြီးတွေ အများရှိတော်မူတော့ ထီးမွေ နန်းမွေကို တရားသဖြင့် ရစေလိုသော စေတနာ ကြောင့် ကနက္ကဒဏ် ထီးဖြူတော် ညွှတ်ရာကို ပေးမည်ဟု သားတော်ကြီးများ အလှည့်တွင် မညွှတ်ဘဲ သားတော်အထွေးဆုံးဖြစ်တဲ့ မင်းယဉ်နရသိင်္ခ အလှည့်ရောက်မှ ထီးဖြူတော် ညွှတ်ကိုင်းသဖြင့် ထိုမင်းသားကလေးမှာ မမျှော်လင့်ဘဲနှင့် ဘုရင်ဖြစ်လာပြီး ထီးရောက် မင်းရောလိုလားသဖြင့် (ထီးလို, မင်းလို) ရယ်လို့တောင် တွင်ပေသေးတယ်။ သူ့ဘုန်းသူ့ကံ ပါလာတော့ ကြံဖန်ပြီး ဖြစ်ရပေမှာပဲလေ။ ဒါကြောင့် ဒီလို တိတ်နိမိတ် ဆိုတာမျိုးဟာလည်း ကမ္ဘနိမိတ် အကျိုးပေးဖို့ အတိတ်နိမိတ်ရယ်လို့ ဆိုနိုင်ပါပေတယ် မောင်မောင်ရဲ့"

www.burmeseclassic.com

တော်။ "ဩော် ... ကိုယ့်သားနဲ့ ပတ်သက်၍ သံယောဇဉ်ကလေး ငြိလာမိတဲ့အတွက် ဖြစ်ချင်းဖြစ်လျှင် သီပေါမင်းသားကလေးပဲ ဖြစ်စေချင်ပါတယ်လေ။ နိမိတ်တွေ အားရစရာ ကြီးပဲ မောင်မောင်ရဲ့"

ငယ်။ "မောင်တို့လည်း ကိုယ့်သခင်ကိုသာ ကြီးပွားစေလိုတဲ့ စေတနာရှိတာပါပဲ မေဖုရားရယ်၊ မောင့်အထင်ဖြင့် ရွှေကိုယ်တော်ဘုရားဟာ နောင်ကိုမမျှော်လင့်ဘဲ ကြီးပွားလာရမည့် ကံကုသိုလ်တော် ထူးက ထက်ကြပ်ပါလာတော်မူ၍လား မသိ၊ မင်းသား, မင်းသမီးတွေ အများကြီး ရှိပါလျက်က သည်စုဖုရားနှင့်မှ လာတွေ့တော်မူတယ်၊ လှပလေတယ်လို့ တွေးမိပါတယ်။ ယခု ဘဘဘုရား မိန့်တော်မူတဲ့ စကားအရ ဆင်ဖြူမရှင်ဘုရားနှင့် လယ်ကိုင်းမင်းကြီး ဦးကောင်းတို့၊ ဦးဘိုးတို့နှင့် တိုင်ပင်နီးနှောတော်မူ နေတဲ့ ကိစ္စဟာ သမီးတော်များ အရေးနှင့် ပတ်သက်ပါက မောင်တို့ သီပေါရွှေကိုယ်တော်ဘုရားကို ဘယ်လိုနည်းနှင့်မျှ ချန်ထားလို့ ရတော်မူမည် မထင်ပါ။ တစ်နွယ်ငင်ရုံနှင့် တစ်စင်လုံး ပါရတော့မည်သာ ဖြစ်ပါသည်"

ဂန်။ "ဟုတ်ပေရဲ့ ... ဟုတ်ပေရဲ့၊ 'ဘုန်းကောင်းချိန်သင့်၊ ပန်းနယ်ပွင့်' ဆိုသလို သူ့ဘုန်း သူ့ကံ ပါရင်တော့ အခါအခွင့်ကောင်းမျိုးဆိုတာ အလိုအလျောက် ပေါ်ပေါက်လာရမြဲ ဓမ္မ တာပေါ့လေ။ ကံအကျိုးပေး ဆန်းကြယ်မှုတွေကို ဘဘတို့ ရှင်တော်ဘုရား ကိုယ်တော်တိုင်ကပင် ကြံစည်ရည်ရွယ်သော်လည်း မဖြစ်နိုင်။ မကြံမရွယ်သော်လည်း ဖြစ်မြောက်နိုင်တယ် လို့ ဟောတော်မူခဲ့ပေသားပဲ"

ငယ်။ "ရွှေကိုယ်တော်ဖျား၏ ကံအခွင့်အရေးက နှိုးဆော်ပေး၍လား မသိ၊ ဆင်ဖြူမရှင် ဘုရား၏ သမီးတော် စုဖုရားလတ်နဲ့ ဖက်စပ်တွေ့ဆုံ မေတ္တာငွေ့လှုံမိကြရာမှာ မောင်တို့က ဂမ်းသာအားရ ဖြစ်နေသလောက် ရိုးသားတော်မူလှတဲ့ ရွှေကိုယ်တော်ဘုရားက နောက်ဆုတ် နောက်ဆုတ်နှင့် နေးနေးဆေးဆေး လေးလေးလံလံ လုပ်တော်မူနေတာကို မောင်တို့က တယ်ပြီး အားမလို အားမရ ဖြစ်နေကြရပါတယ်။ မူလကမှ အေးအေးဆေးဆေး လေးလေးလံလံ ပြုတော်မူနေရသည့်အထဲ မယ်တော်လောင်းရှည် မိဖုရားက မကြာခဏ ကြွလာပြီး အရာရာ ဆုံးမစကား ပြောကြားတော်မူသွားတဲ့အခါ သာလို့ ဆိုးသွားပါသေးတယ်။ ရည်ငံချစ်ခင်တော်မူခဲ့တဲ့ အချိန်အခါ အတော်ပင် ကြာလာ သည့်တိုင်အောင် ကိုယ်တော်ဖျားကဖြင့် ရှေ့တိုးသွားတော်မူပုံသေးတယ်မရှိ၊ မြုံစိစိနှင့် အချိန်တွေ ကုန်ခဲ့ရသည်မှာ အတန်ကြာပါပြီ။ မောင်နှင့် မောင်မောင်တုတ်တို့က အားမရ လွန်း၍ စပ်ကြားက လော်လှယ်ခပ်ကြသည်ပင် ရွှေကိုယ်တော်က အင်တင်တင်၊ ကြောက် ဆုတ်ဆုတ် လုပ်နေတော်မူပါသေးတယ်။

တစ်ခါတစ်ခါလည်း ရွှေကိုယ်တော်ဖျား ရိုးသား တော်မူလှလို့ ကျိတ်၍ ရယ်ပင် ရယ်မိကြပါတော့တယ်။ ဘဘဘုရား မိန့်တော်မူသည့် ရေမြွေက စွမ်းသည့်နေရာ စွမ်းစွမ်းတမံ ရှိပါလိမ့်ဦးမယ်။ သည်နေရာမျိုးမှာ မကွာရာ ကိုယ်တော်ကြီးတို့ စိတ်တော်မျိုးနဲ့ လဲလို့ရကောင်းသည့်အရာ ဖြစ်ပါက ခဏခေတ္တဖြစ်စေ လဲလှယ်လို့ ပေးလိုက်စမ်းချင်ပါဘိုလို့ မောင်မောင်တုတ်နှင့် ညည်းမိကြပါတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

တော်။ "မောင်မောင့်သခင်က ရိုးတော်မူရှာလွန်းတယ်။ ဩော် ... လောကီ အတွေ့ အကြုံကလည်းနည်း၊ အရွယ်တော်ကလည်း ငယ်တော်မူရှာသေးသကိုး မောင်မောင်ရဲ့" ထိုသို့ သားအမိ သားအဖ သုံးယောက်သား ထိုင်၍ စကားကောင်းနေကြစဉ် ပဟိုရ် နှစ်ချက်တီးသံ ကြားလိုက်ရသဖြင့် ဂန်ကတော်ကြီးက။

"ဟော ... နှစ်ချက်တီးပြီး။ ညဉ့်နက်လှပါပြီကော၊ ကဲ ... မောင်မောင် အိပ်ခန်းသို့ ဝင်ပေ တော့လ။ နံနက် မြတ်လေးပန်းတော်ဆက်ရန် အိမ်တော်ပြန်ရမည့် ကိစ္စကလည်း ရှိသေး တယ်။

ပြောလိုက်မှ ဒိုင်းဂန်းမင်းကလည်း ...

"အလို ... ဟုတ်ပါလေရဲ့။ စကားကောင်းနေလိုက်ကြသည်မှာ ညဉ့်နက်လာသည်ကိုပင် သတိမရကြဘူး။ ကဲ ... ကဲ မောင်မောင်လည်း အိပ်ပေတော့။ ဘဘတော့ ဘုရားရှိခိုး ပရိတ် မေတ္တာပို့ပြီး ပုတီးပါ စိပ်ရဦးမယ် ရှိသေးတယ်"

ဆိုကာ ထိုင်ရာမှ ထ၍ အညောင်းများ ဆန့်ပြီး အိမ်ရှေ့ဘုရားခန်းထဲသို့ ဝင်သွားသည်နှင့် ဂန်ကတော်ကြီးကလည်း ...

"ကဲ ... ကဲ မောင်မောင် အိပ်ပါချေတော့။ မေဖုရားလည်း အိပ်ရာဝင်၍ အနိုပ်ခံရဦးမည် မောင်မောင်"

ဆိုကာ အတွင်းဆောင်သို့ ဝင်သွားသဖြင့် မောင်မောင်ငယ်လည်း မိမိအတွက် ပြင်ဆင် ခင်းကျင်းထားသော စက်မွေ့ရာထက်သို့ တစ်ကိုယ်တည်း လျောင်းစက်ကာ ကလီကမာ တီတီတာတာနှင့် ပီယဂါစာ ပြောတတ်ရှာသော ချစ်မငြီးသည့် ခင်ခင်ကြီး၏ ရုပ်ရုံကလေး ကိုသာ အနလုံ ပဋိလုံ တွေးရင်း နေ့ခင်းက ဖိနိုပ်နိမ်နင်းထားလိုက်ရသော စာဆိုတို့ ဂါသနာ အရ ပေါ်ပေါက်ထကြွပြန်သောကြောင့် စကားလုံးကလေးများသည် တသီတတန်းကြီး တားမနိုင် ဆီးမရ နိုးကြွလာပြန်သောကြောင့် နောက်ဆုံး၌ လက်လျှော့ အရှုံးပေးကာ အိပ် ရာဘေးတွင် ရှိသော ပုရပိုက်နှင့် ကံ့ကူဆံကို ကောက်၍ အောက်ပါ တေးထပ်တစ်ပုဒ်ကို ရေးချလိုက်မိလေ၏။

"ကလေးလို ဘူတုန်းဖော့လို့၊ မြူးပြုံးနေစဉ်၊ ယုကျုံးပွေ့ချင်တယ်၊ ငွေ့ရွှေရင်လှုံလို့။ နပါး တော် မွှေးအဆီကို၊ သွေးနီအောင် နမ်းချင်ငဲ့ကိုယ့်။ ရွှေရင်လွမ်းပြည့် တပြည်ကို မီ တမီအို တို့။ သီကရီကိုယ် မရှိ့ပါနှင့်၊ ညှိုတိုတို့မျက်နှာ။ သေတတ်တာ အိုမဟုတ်ပါဘူး၊ ကိုယ်ဆုတ် ဆုတ် ဘာပြုဆိုရှာ။ လိမ်ကော့လို့ ရွံ့မဲ့ဟာရယ်၊ တွန့်တဲ့ကာ တယ်မရုန်းပါနှင့်၊ စပယ်ကုံး လှသော်မော်၊ ဘုန်းနှင့်ပျော်ပျော်၊ ယနေ့ဖြင့် အချက်ပေါ်ပြီ၊ မရှက်တော်မူနှင့်ကွယ့်လေး။"

စာဆိုတို့ ဂါသနာကြောင့် လက်သရမ်းလိုက်ရသော်လည်း ရှက်ခမန်းလိလိ အဓိပ္ပာယ်ကို စိတ်ဂယ်တွေး၍ ရွံ့မိတော့သည်။ ဂိပရိနာမ ဖောက်ပြန်ထကြွလျက်ရှိသော မိမိ၏ အတွင်း

www.burmeseclassic.com

www.burmeseclassic.com

သန္တာန်ကိုလည်း မည်သို့ ဖြစ်နေသည်ဟု မိမိလျှင် ရိပ်စားမိသည်။ နမအရင်းပင် မဟုတ်စေ ကာမူ သူ့ခမြာ ကလေးမှာ ဖြူစင်သန့်ရှင်း ခြောက်ပြစ်ကင်းသော စိတ်ထားနှင့် မောင်ရင်း အစ်ကိုရင်းပမာ ချစ်ခင်ဆိုးနွဲ့ရှာသည်။ ငါကား တရားလက်လွတ် စိတ်ညွတ်တိုင်း ပြစ်မှား နေမိသည်ကို သိရှိသွားပါက မည်မျှရှိချိမ့်မည်နည်းဟု ရေးတိုးမယောင်ယောင်၊ ရှောင်ဖယ် ရမလိုလိုနှင့် စိတ်ကစားရင်း မျက်တောင်စင်းပြီး တဖြည်းဖြည်း အိပ်ပျော်ခြင်းသို့ ရောက် သွားရှာလေသတည်း။

အလွန်တရာ သာယာလှသော ပန်းမြိုင် ပန်းတော်ကြီးကား မျှော်၍မဆုံး၊ ကြည့်၍မဆုံး၊ ကျေးငှက်သာရကာအပေါင်းတို့ ခြိမ့်ခြိမ့်အုန်းအုန်း ဘာသာဘာဂ မောင်မယ်ခေါ်ထူး ပျော်မြူးရွှင်ပြုံးလျက် ရှိလေ၏။

တသင်းသင်း တပျံ့ပျံ့ ရနံ့လှိုင်သော ပန်းခိုင် ပန်းနွယ် ဆန်းတကြယ်တို့လည်း အသွယ် သွယ် အဂဂ ဘယ်ညာလှည့်၍ ကပြသည့်နှယ် အခိုင်အဖူး အထူးတလီ နီနီတချို့ ညိုညို တဖြာ၊ ဂါဂါတကိန်း၊ စိမ်းစိမ်းတထွေ၊ ရွှေရွှေတခန်း၊ မရမ်းတစ်ကွက်၊ သက်မတစ်မျိုး၊ ပိုးစုန်းကြူတစ်ဖြာ၊ ကြည်ပြာရောင်တစ်နည်း၊ မည်းမည်းဖြူဖြူ ရွှေတူ ငွေတူ မဥ္ဇူသက ပန်းများတော်ဂင်၊ သဇင်ဂမုန်း၊ တောလုံးတောင်းလုံးပြည့် ရှုမဆုံး ကြည့်မနိုင် အချင်းချင်း ဂုဏ်ပြိုင်လျက် ရှိကြပေ၏။

ပင်ခြေစိပ်စိပ် အရိပ်အေးအေး စမ်းရေကလေး တသွင်သွင် ကြည်လင်သာယာလှသော ပန်းတောကြီးအလယ် ပန်းမွေ့ရာကြီးကျယ်ကျယ်တွင် ရောက်ရှိနေသူ မောင်မောင်ငယ်မှာ ပန်းဂတ်လုံကို ခြုံရုံထွေး၍ ချစ်ရေးဖွဲ့သီ ပြုံးနွဲ့ကြည်ပြီး ကိန္နရီမယ်လျှ ပန်းသူယောင်မ ကလေးပမာ တီတီတာတာ ညင်းလေးနွဲ့၍ နေရှာသော ခင်ခင်ကြီးကလေးအား မိမိရင်ခွင် ထက်တွင် တင်းကျပ်စွာ ပိုက်ဖက်၍ စိတ်ရှိလက်ရှိ ကလိကစား ချစ်ခင်အားဖြင့် ချော့မြူ ကျီစယ် ချစ်ကြိုးသွယ်လျက် ရှိလေ၏။

နွဲ့နွဲ့လျလျ၊ ခါးကျရင်ချီ၊ ရွှေသိကဲ့သို့၊ တပ့ိတပိ၊ နဂေါရီရွှယ်၊ မိန်းငယ် ခင်ခင်ကြီးမှာလည်း အစ်ကိုကြီး၏ လည်တိုင်ကို တင်းကျပ်စွာ ဖက်ကိုင်တွဲမှီလျက် ပီယဂါစာ ချစ်သံသာနှင့် ပလီ ပလာ ဆိုးနွဲ့၍ နေရှာလေ၏။

မောင်မောင်ငယ်ကား ခင်ခင်ကြီးအား ကလေးလိုမြှူ၍ ကလူကျီစယ် အသွယ်သွယ် ချော့ မော့ရင်း ခင်ခင်ကြီးက ချစ်အားကိုးနှင့် ဆိုးတိုင်း နွဲ့တိုင်း မူတိုင်း ခရာတိုင်း သာယာ ကြည်နူး ပီတိပင်လယ်တွင်းဂယ် လက်ပစ်ကူး၍ နေလေရာ တစ်ခါတစ်ခါ မောင်မောင်ငယ် ရင်ခွင်တွင် နွဲ့မှီကျီစယ်နေရှာသော ခင်ခင်ကြီးမှာ ပန်းမွေ့ရာပေါ်တွင် ဟိုမှသည်မှ လှည့်ပတ်ပြေးလွှား ပြေးခုန်တမ်း ကစား၍ မောင်မောင်ငယ်မှာ မရမက လိုက်ဖမ်းရသည် မှာလည်း ပျော်၍မဆုံး ပြုံးပြုံးကြည်ကြည် ရယ်ရယ်ရွှင်ရွှင်နှင့် ပန်းဂတ်ယုက်သုံးသော လိပ်ပြာမောင်နှံတို့အလား၊ ပန်းမွေ့ယာ ပန်းပြဒါးများ အလယ်တွင် တစ်ယောက် တစ်ယောက် ပန်းဖူး, ပန်းပွင့်တို့ဖြင့် ပစ်ပေါက်ကစားကြရသည်လည်း တမော၊ ပန်းကိုင်း, ပန်းနွယ်တို့ အလယ်တွင် တစ်ယောက်တစ်လှည့် တူပုန်းကြရင်း အပျင်းဖြေသည့်အခါ ဖြေလျက် ကိန္နရာ ကိန္နရီမောင်နှံတို့ ဟိမဝန္တာတောင်ယံတွင်

www.burmeseclassic.com

www.burmeseclassic.com

တောင်ပံယှက်နွဲ့ ပျော်ပွဲကျင်း ဘိအလား၊ အချစ်၏ စည်းစိမ်ကို ခံစား၍မဆုံး တပြုံးပြုံး တရွှင်ရွှင်နှင့် ရှိကြလေ၏။

အလွန်မြင့်မားသော သစ်ကိုင်းကြီးတစ်ကိုင်းမှ ပန်းနွယ်ကြီး နှစ်စမှာ အောက်သို့ တွဲရရွဲ ကျလျက် လေထဲတွင် ဘယ်ညာယိမ်းနွဲ့၍ နေလေ၏။ အပွင့်အဖူး ပေါင်းစုံတို့ဖြင့် တင့်ထူး ဝေဆာလှသော ပန်းနွယ်ကြီး နှစ်စကို တွေ့မြင်ရသော မောင်မောင်ငယ်မှာ ပန်းနွယ်ကြီး တစ်စနှင့်တစ်စကို အလယ်က ထုံးချည်ပြီး ဒန်းနွယ်ကြီးအဖြစ် အသုံးပြုကာ နွဲ့နှောင်း သေးသွယ်သော ခင်ခင်ကြီး၏ ကိုယ်ကလေးကို နွယ်ဒန်းပေါ်သို့ ပွေ့တင်ပေးပြီး မိမိနှင့် အတူ ယှဉ်၍ ထိုင်ကာ ငြိမ့်ငြိမ့်ကလေး သီချင်းကလေး တကြူကြူနှင့် ဒန်းပေါ်တွင် နှစ်သိမ့် ကြည်ဖြူလျက် ရှိကြပြန်လေ၏။

တစ်ခါတစ်ခါ မောင်မောင်ငယ်မှာ ဒန်းပေါ်မှ အောက်သို့ဆင်းလျက် ခင်ခင်ကြီးတစ်ယောက် တည်း အသည်းအေးလောက်အောင် မကြာခဏ ဒန်းလွှဲ၍ ပေးနေရာလေ၏။ တစ်ခါတစ်ခါ လည်း မိမိပါစီး၍ တစ်ခါတစ်ခါလည်း ခင်ခင်ကြီး တစ်ယောက်တည်းကို ငြိမ့်ငြိမ့်လေးလေး ဒန်းလွှဲ၍ ပေးနေလေ၏။ ခင်ခင်ကြီးကလေးမှာ မျက်နှာကလေး တပြုံးပြုံးနှင့် ပျော်၍မဆုံး နိုင်ရှာတော့ပြီ။ ခင်ခင်ကြီး ပျော်သည်ကိုပင် မောင်မောင်ငယ်မှာ ဂမ်းမြောက်ဂမ်းသာ ဖြစ်ရ ရှာလျက် နွယ်ဒန်းကလေးကို အဆက်မပြတ် ပန်းဖယင်ကျူးပေးပြီး ကလေးငယ်ကို ရေးဆိုး ၍ ချော့သည့်အလား ချစ်အားကိုးနှင့် ဆိုးချင်တိုင်း ဆိုးစေရန် စီမံဖန်တီးထားရကား ခင်ခင် ကြီးမှာ မောင်မောင်ငယ် လွှဲပေးသလောက်နှင့် မကျေအေးသေးဘဲ။

"အစ်ကိုရဲ့ ... ဟို မြင့်မြင့်ကြီးရောက်အောင် လွှဲပေးပါဆိုနေ၊ အစ်ကိုလွှဲတာက နိမ့်နိမ့် ကလေးပဲ၊ ခင့်အသည်းထဲ အေးသွားအောင် လွှဲပေးစမ်းပါ အစ်ကိုရဲ့"

ကနွဲ့ကလျအသံလေးနှင့် ပူဆာရှာပြန်လျှင် ပြုံးပြုံးရွှင်ရွှင်နှင့် ဒန်းလွှဲနေသော မောင်မောင် ငယ်လည်း ချစ်သူကလေး ခင်ခင်ကြီး၏ အလိုကိုလိုက်ကာ မသိမသာ တိုး၍ လွှဲပေးနေလေ ၏။ သို့သော် ခင်ခင်ကြီးကား ဤမျှနှင့် မကေနပ်သေးဘဲ။

"အို ... အစ်ကိုလည်း မြင့်မြင့်ကြီးရောက်အောင် လွှဲပေးပါ အစ်ကိုရဲ့။ ခင်က နိမ့်နိမ့်ကလေး မနေချင်ဘူး။ မြင့်မြင့်ကြီးမှ ဟို ထိပ်ခေါင်ဖျားရောက်အောင် လွှဲပေးရမယ်"

ခြေကလေးဆတ်ကာ စိတ်တိုင်းမကျဟန်နှင့် ပြောနေပြန်လေ၏။

"အို ... ခင်ကလည်းကွယ်၊ သိပ်မြင့်မြင့်ကြီး ရောက်သွားလို့ မတော်တဆ လိမ့်ကျမှဖြင့် အကျနာရှော့မယ်။ ဒီအနေပဲ စီးပါတော့ ခင်ရဲ့" ဟု ချော့မော့ပြောသည့်တိုင်အောင် "အို ... ခင် မြဲမြဲ ကိုင်ထားမှာပေါ့။ မကျစေရပါဘူး အစ်ကိုရဲ့၊ ခင့်အတွက် မပူပါနှင့်။ မြဲမြဲကြီး ကိုင် ထားပါမယ်။ လွှဲသာလွှဲပါ အစ်ကိုရဲ့" ဟု ထပ်မံ နားပူဆာနေပြန်သည်တွင် မောင်မောင်ငယ် မှာ မနေသာတော့ဘဲ "ကဲ ... မြဲမြဲကိုင်ထားနော် ခင်၊ အစ်ကို မြင့်မြင့်ကြီးရောက်အောင် လွှဲ ပေးတော့မယ်" ဟု ဆိုကာ

www.burmeseclassic.com

www.burmeseclassic.com

အားအင်စိုက်၍ လွှဲပေးလိုက်သောကြောင့် ခင်ခင်ကြီး စီးနေ သော ပန်းဖြင့်ပြီးသည့် နွယ်ဒန်းကလေးမှာ လေထဲတွင် မြင့်ခနဲ မြောက်၍ သွားရကား ခင်ခင်ကြီးမှာ အားရကျေနပ်သော မျက်နှာကလေးဖြင့် ပန်းနွယ်ဒန်းကို မြဲမြဲစွာကိုင်လျက် တခစ်ခစ်ရယ်ရင်းပင် နွယ်ဒန်းဆောင်ကြဉ်းရာသို့ လိုက်ပါနေရှာလေ၏။

မောင်မောင်ငယ်ကား ဒန်းလွှဲပေးရင်းမှာပင် တစ်ချက်တစ်ချက် အထက်သို့ မြောက်ကြွသွား သော ခင်ခင်ကြီးကို တစိမ့်စိမ့်ကြည့်လျက် ပီတိတသက်သက် ဖြစ်နေလေ၏။ ရှည်လျား မြင့်မားသော ပန်းနွယ်ဒန်းကြီးပေါ်တွင် တောပန်း တောင်ပန်းတွေ အဝေသားပန်ဆင်လျက် ပြုံးရွှင်သော မျက်နှာကလေးနှင့် တခစ်ခစ် ရယ်လိုက်သည့် ချိုအေးသော ခင်ခင်ကြီး၏ အသံကလေးကို ကြားရသည်မှာ ပန်းတောကြီးအလယ်တွင် ပန်းလိပ်ပြာမကလေး မြူးထူး ပျော်ရွှင်နေဘိသကဲ့သို့လည်းကောင်း၊ ပုပ္ပါယန ပန်းဂနိုင်ကြီးအတွင်း ပန်းဂတ်ရက်တို့ဖြင့် ပျော်ပွဲကျင်းပနေသော နတ်ကိန္နရီကမလေးကဲ့သို့လည်းကောင်း၊ အချစ်ရည်ဖြင့် ပြည့်ဂ သော အချစ်မျက်လုံးထဲတွင် ကြည့်ရင်း, ကြည့်ရင်းပင် အဆင်ခွဲ၍ အနည်းနည်းလှလာ သကဲ့သို့ အထင်ရှိနေသောကြောင့် နွယ်ဒန်းကို အဆက်မပြတ်လွှဲကာ စိမ်းလဲ့လဲ့ စိုက်ကြည့် နေမိရှာလေ၏။

ယင်းသို့ လွှဲသူက လွှဲ၍ စီးသူက စီးလျက်ရှိနေကြစဉ် ဒန်းကလေးမှာ မြင့်သည်ထက် မြင့် လာပြီး ဒန်းနွယ်ချည်ထားသော သစ်ကိုင်းကြီးမှာလည်း အဆုပ်အဆုပ် အခိုင်အခိုင်အပွင့် တွေ မြိုင်မြိုင်နှင့် တအိအိ တညွတ်ညွတ်နှင့် ရှိသည်ကို တွေ့ရကာ နောက်ဆုံးအကြိမ် ဒန် လွှဲလိုက်သောအခါမှုကား ဒန်းနွယ်တွင် ပါသွားသော ခင်ခင်ကြီးမှာ အဆိုပါ သစ်ကိုင်းကြီး ပေါ်တွင် တင်ပါးလွှဲထိုင်လျက် ကျန်နေရစ်သည်ကို တွေ့ရကာ မောင်မောင်ငယ်ထံသို့ကား ဒန်းနွယ်ကြီးသာလျှင် ပြန်လာတော့၏။ မောင်မောင်ငယ်လည်း ခင်ခင်ကြီး သစ်ကိုင်းပေါ် တွင် ကျန်ရစ်သည်ကို မြင်ရသောအခါ အထိတ်တလန့် စိုးရိမ်ကြီးစွာနှင့် ရင်ဘတ်စည်တီး ဖြစ်နေပြီးလျှင် "အို ... ခင်အကြီးနယ်၊ ဘယ့်နယ့်ကြောင့် သစ်ကိုင်းပေါ် ထိုင်နေရစ်သည် တုံး။ အဆင်းရ ခက်တော့မယ်။ မတော်လို့ လိမ့်ကျမှဖြင့် ခက်ရချေရဲ့" ဟု အောက်မှနေ၍ ပြောသော်လည်း ခင်ခင်ကြီးမှာ ပြုံးစိစိ မျက်နှာထားကလေးနှင့် အရေးမကြီး လှသည်သဏ္ဍာန် မထေမဲ့မြင် ပြုနေသောကြောင့် "အို ... ခင်အကြီးနယ်၊ အပြောရ ခက်လေခြင်းနော်၊ အပင်ပေါ်က ဘယ့်နယ် လုပ်၍ ဆင်းမတုံးခင်ရဲ့" ဟု နောက်တစ်ကြိမ် ပြောသည်တွင် ခင်ခင်ကြီးမှာ ခပ်မှုန်မှုန် မျက်နှာလေးဖြင့် "အို ... မဆင်းပံ့ပါဘူး၊ နောက်ပြီး တော့မှ အစ်ကို လာခေါ်ပါလား။ ခင် အခု ဒီသစ်ကိုင်းပေါ်မှာ ရှိတဲ့ ပန်းတွေကို အားရ အောင် ခူးနေဦးမည် အစ်ကိုရဲ့" ဟု မကြောက်မရွံ့ ပြောလိုက်သည်တွင် မောင်မောင်ငယ် လည်း အသည်းတထိတ်ထိတ်နှင့် စိတ်မျှော်ကြည့်ရင်း စိတ်မောနေရှာလေ၏။

ခင်ခင်ကြီးကား သစ်ကိုင်းဖျားကလေးသို့ လျှောက်သွားပြန်ကာ အဆုပ်လိုက်, အခဲလိုက် ပြွတ်သိပ်ထိုးပွင့်နေကြသော ပန်းများကို အားပါးတရ ဆွတ်ခူးနေကာ တစ်ခါတစ်ခါလည်း အောက်မှ မော့မော့ စောင့်စားနေရရှာသော မောင်မောင်ငယ်ထံသို့ အချို့သော ပန်းခက် များကို ချိုးချပေးလျက်ရှိပြီး၊ တစ်ခါတစ်ခါလည်း ဂမ်းသာအားရနှင့် သစ်ကိုင်းပေါ်တွင် ခုန်ဆွခုန်ဆွလုပ်ကာ ပျော်ရွှင်နေရှာလေ၏။ မောင်မောင်ငယ်ကား ခင်ခင်ကြီး မကြောက် မရွံ့ လှုပ်ရှားတိုင်း နှလုံးသွေးတွေ

www.burmeseclassic.com

လှိုင်းထနေရှာလေ၏။ "အို ... ခင်အကြီး၊ မတော်တဆ ခြေချော်လက်ချော်နှင့် လိမ့်ပြုကျပါမယ်။ ငြိမ်ငြိမ်သက်သက် နေစမ်းပါ၊ နေစမ်းပါဘိ" ဟု ရင်တဖိုဖိုနှင့် သတိပေးနေရသော်လည်း ခင်ခင်ကြီးမှာ မြူးရွှင်ခုန်ပေါက်မြဲ ခုန်ပေါက်နေရှာ သောကြောင့် မောင်မောင်ငယ်မှာ ကြံရာမရဖြစ်နေတော့၏။

ထိုအခိုက်အတန့်တွင် ကောင်းကင်တိမ်တိုက်ထဲမှ ပန်းယာဉ်ပျံ ရထားတစ်စီးသည် ခင်ခင်ကြီးနှင့် မောင်မောင်တို့ရှိရာ ပန်းတော ပန်းဂနိုင်ကြီးဆီသို့ တဖြည်းဖြည်း ရွေ့လျား ပျံသန်းလာသည်ကို တွေ့မြင်ရလေ၏။

"ခင်ရေ ... ခင်ရေ၊ ဟောဟိုအပေါ်မှာ မော့ကြည့်စမ်း၊ သစ်ကိုင်းကိုလည်း မြဲမြဲကိုင်ထား နော်။ တိမ်တိုက်ထဲက ပန်းယာဉ်ပျံရထားကြီးတစ်ခု ပျံလာနေတယ် ခင်ရဲ့"

တအံ့တသြ ပြောဆိုပြသလေရာ ခင်ခင်ကြီးလည်း သစ်ကိုင်းကို မြဲမြံစွာ ကိုင်ထားရာမှ ကောင်းကင်သို့ မျက်နှာကလေး မော့ကြည့်လိုက်လျက် မိမိတို့ဘက်သို့ တရွေ့ရွေ့ လာနေ သော ပန်းယာဉ်ပျံကြီးကို မြင်ရသည်တွင် ပျော်ရွှင်မြူးခုန်လိုက်ကာ ...

"အို ... ဟုတ်ပါရဲ့ အစ်ကို။ အင်မတန် လှပထူးဆန်းတဲ့ ပန်းယာဉ်ပျံ ရထားကြီးပဲနော်။ အလို ... ပြောရင်းဆိုရင်း ခင်တို့ရှိရာကို တဖြည်းဖြည်း လာနေပါကလား အစ်ကိုရဲ့။ ဟော ... ဟော နီးလာပြီ။ အို ... ပန်းယာဉ်ပျံ ရထားပေါ်မှာ မင်းသားကလေးတစ်ပါး လည်း လှပါဘိနဲ့နော်။ ခင်တို့ဆီကို သူ ဘာလို့လာရှာတာပါလိမ့်"

မိမိမြင်ရသည့် အခြင်းအရာများကို မောင်မောင်ငယ် ကြားအောင် တစ်ဆင့်ပြောကြား နေရှာပြန်တော့၏။

မောင်မောင်ငယ်ကား တရွေ့ရွေ့ နီးကပ်လာသော ပန်းယာဉ်ပျံရထားကြီးကို စေ့စေ့ ကြည့်နေရာက ပန်းယာဉ်ပျံရထားပေါ်တွင် မင်းသားတစ်ပါး ပါလာသည်ကို တွေ့ရသော အခါ ပိုမိုအံ့သြနေလေ၏။ သို့နှင့် ပန်းယာဉ်ပျံမှာ တဖြည်းဖြည်း နီးကပ်လာပြီး ခင်ခင်ကြီး နေသော သစ်ကိုင်းဘက်သို့ တစ်စတစ်စ သက်လျှောကျလာသည်ကို တွေ့ရပြီးလျှင် နောက်ဆုံးတွင် ပန်းယာဉ်ပျံမှာ ခင်ခင်ကြီးနေသော သစ်ကိုင်းပေါ်တွင် အသာအယာ ငြိမ်သက်စွာ တင်နေမှ ပန်းယာဉ်ပျံတွင် စီးနင်းပါလာသော မင်းသားမှာ အခြားသူမဟုတ်ဘဲ မိမိအရှင်သခင် သီပေါမင်းသားကလေးဖြစ်နေကြောင်း သိရသဖြင့် အတိုင်ထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကာ။

"အလိုလေး ... ရွှေကိုယ်တော်ဖျားပါလား။ ကျွန်တော်မျိုးမှာ တခြားတစ်ပါးက မင်းသားများ လို့၊ ဤမျှ ထူးဆန်းသော ပန်းယာဉ်ပျံရထားနှင့် ကောင်းကင်လမ်းမှ ကြွမြန်းတော်မူနိုင် သည့် ဘုန်းရှင် ကံရှင်မှာ ကျွန်တော်မျိုးတို့၏ သခင်ဖြစ်မှန်း သိရလို့၊ ဝမ်းမြောက်လို့ မဆုံး နိုင်အောင် ရှိပါတော့သည်ဘုရား" ဟုဆိုကာ သစ်ပင်အောက်မှနေ၍ ရှိခိုးဦးချနေရှာပြီ။

www.burmeseclassic.com

"ခင်အကြီးရေ ... သည်ကိုယ်တော်က သစ်ကိုင်ကြီးပေါ်တွင် တင်ပါးလွှဲထိုင်လျက်ကာ သီပေါမင်းသားကို ဦးချကန်တော့လေ၏။

ပန်းယာဉ်ပျံရထားပေါ်မှ သီပေါမင်းသားလည်း မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့အား တစ်လှည့်စီ ပြုံးရွှင်စွာ ကြည့်ရှုတော်မူပြီး တစ်ဖန်လည်း ခင်ခင်ကြီးအား နီးနီးကပ်ကပ် ရှုစား တော်မူရာမှ ...

"သည်ကလေးမဟာ မောင်ဖေငယ်နှင့် ဘာတော်သည်" လှမ်း၍ မေးတော်မူလိုက်သည် တွင် သစ်ပင်အောက်တွင် ခစားနေသော မောင်မောင်ငယ်က ...

"သည်ကလေးမဟာ ကျွန်တော်မျိုး၏ နှမငယ် ဖြစ်ပ ါတော့သည်။ ဒန်းစီးရင်းက သစ်ကိုင်း ပေါ် ရောက်သွားပါတော့သည်ဘုရား" ဟု လျှောက်ထား၍ သီပေါမင်းသားကလည်း "အင်း ... အင်း" ဟု ခေါင်းညိတ်ကာ ခင်ခင်ကြီးကို စိမ့်စိမ့်လဲ့လဲ့ ထပ်မံရှုစားနေတော်ပြန်ရာမှ ...

"မောင်ဖေငယ်ရဲ့ နှမကလေးက အင်မတန် လှပါဘိတော့တယ်။ ဟဲ့ ... ကလေးမ မင်းအမည် ဘယ့်နယ်ခေါ်သတုံး"

ခပ်ပြုံးပြုံး မေးတော်မူလိုက်ရာ ခင်ခင်ကြီးက ရိုသေစွာ ရှိခိုးလက်ယှက်လျက် "ဘုရာ့ ကျွန်မ အမည် ခင်ကြီးလို့ ခေါ်ပါတယ်ဘုရား"ဟု တိုးတိုးသာသာ လျှောက်တင်လိုက်လျှင် သီပေါမင်းသားက ယယယ

"အင်း ... အမည်နှင့် ရုပ်ရည်ရူပကာ လိုက်လျောလှပေတယ်" ဟဲ့ ... ခင်ကြီးရဲ့၊ နင် ကိုယ်တော်ဖျားနှင့်အတူ ပန်းယာဉ်ပျံ ရထားစီး၍ လိုက်ခဲ့မည်လား"

မေးတော်မူလျှင် ခင်ခင်ကြီးမှာ အင်မတန် ထူးဆန်းလှပသည့် တိမ်ယာဉ်ပျံပန်းရထားနှင့် စီးနင်းလိုက်ပါသွားချင်ဟန်ဖြင့် မောင်မောင်ငယ်ကို တစ်ဖန် စောင့်ငဲ့ကြည့်ပြန်ကာ ...

"အစ်ကို ထည့်လျှင် လိုက်ချင်ပါသည်ဘုရား" ပြန်၍ လျှောက်ထားလေ၏။ သီပေါမင်းသား လည်း မောင်မောင်ငယ်ကို စောင်းငဲ့ ရှုစားတော်မူပြီးလျှင် ...

"ဘယ့်နယ် မောင်ဖေငယ်ရဲ့၊ ခင်ကြီးက ကိုယ်တော်နှင့်အတူ လိုက်ချင်ပါသည်တဲ့" မိန့်တော်မူသောအခါ မောင်မောင်ငယ်မှာ နှမငယ် ခင်ခင်ကြီးကို စိတ်လည်းမချ၊ မထည့်လို ပါဟု ပြောရမည်လည်း မဟုံ့ရှာ။ ခင်ခင်ကြီးကိုယ်တိုင်မှာလည်း ပန်းယာဉ်ပျံရထားနှင့် လိုက်ပါသွားချင်သည်ကို သတိရပြန်သောကြောင့် ခင်ခင်ကြီး၏ လိုအင်ဆန္ဒကို လိုက်လျော ရတော့မည်ကဲ့သို့ ရှိနေပြီးလျှင် ထူးခြားသော ပန်းယာဉ်ပျံရထားကို စီးဖူးစေချင်ရှာသော စေနာက အခရင်းခံလျက်ရှိသောကြောင့် စိတ်မချတချနှင့်ပင်။

"ခင်အကြီး လိုက်ချင်ရင် ကျွန်တော်မျိုး ထည့်ရပါတော့မယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားလိုက်ရပြီး ခင်ခင်ကြီးသို့လည်း ...

"ခင်ရေ ... ရွှေကိုယ်တော်ဖျားနှင့် ကောင်းကောင်းမွန်မွန် လိုက်သွားပါဘိ၊ ဟိုကြည့် သည်ကြည့်နှင့် ဆော့၍ မမနေလေနဲ့နော်၊ မတော်တဆ အမြင့်က လိမ့်ပြုကျနေပါဦးမယ်"

လှမ်း၍ မှာထားရာဖေ၏။ သီပေါမင်းသားလည်း မောင်မောင်ငယ်ကို ပြုံးရယ် ရှုစားကာ ...

"မယ်မင် ... မောင်မင်းနမက ကလေး ... ကလေးမ မဟုတ်ပါဘူး၊ ငါကိုယ်တော် မြတ်လည်း အပါသားနဲ့ အလကား စိတ်ပူနေတော့တယ်"

ဆိုကာ ...

"ကိုင်း ... ခင်ကြီး၊ လာဟဲ့၊ ငါနဲ့ လိုက်ခဲ့ပေတော့"

ဆိုကာ ခင်ခင်ကြီး၏ လက်ကလေးကို လှမ်းလင့်ပြီး ပန်းယဉ်ပုံရထားပေါ်သို့ တင်ယူ ခေါ်ဆောင်ကာ အဇဋ္ဌာတိမ်တိုက်အထိ ပန်းယာဉ်ပုံရထား ယူဆောင်သွားလေတော့၏။ ခင်ခင်ကြီးလည်း ပန်းယာဉ်ပုံရထား တက်မှ မောင်မောင်ငယ်ရှိရာသို့ လက်ကလေးတပြပြနှင့် ပျော်ရွှင်စွာလိုက်ပါသွားရှာလေရာ မောင်မောင် ငယ်ကား ချစ်လှသော နမကလေးအား စိတ်မချတချနှင့် အောက်မှမျက်စိတဆုံး မျှော်ကြည့်လျက် ရှိလေတော့၏။

ပန်းယာဉ်ပုံကလေးကား တဖြည်းဖြည်း မြင့်တက်သွားသည်တိုင်အောင် ခင်ခင်ကြီးမှာ လက်ကလေး တပြပြနှင့် တွေ့ရလေသေး၏။ သီပေါမင်းသားမှာလည်း မိမိနှင့်အတူ ပါလာသော ခင်ခင်ကြီး၏ ပခုံးကလေးကို ဖက်ကာယုယကြင်နာစွာ ခေါ်ယူသွားရှာသည်ကို မြင်ရသဖြင့် မောင်မောင်ငယ်မှာ ဂမ်းသာသလိုလို ဂမ်းနည်းသလိုလို ရင်တဖိုဖိုနှင့် ကောင်းကင်တွင် ပျံဝဲနေသော ပန်းယာဉ်ပုံရထားကိုသာ စူးစိုက်ကာ မျက်တောင်မခတ် ကြည့်နေမိစဉ် အနောက်ဘက် တိမ်တောင်ကြားစီမှ ဂဠုန်ငှက်ကြီး တစ်ကောင်သည် တောင်ဟုန်ပြင်းစွာ ခတ်လျက် ရုတ်တရက်ထွက်ပေါ်လာပြီး ရှေ့ကသွားနေသော ပန်းယာဉ်ပုံရထားကလေးနောက်သို့ လျင်မြန်စွာလိုက်လျောရှိသည်ကို တွေ့မြင်ရလေ၏။ မောင်မောင်ငယ် ၏ ရင်မှာကား တဒိန်းဒိန်း ခုန်လာလေ၏။ ဘုရား ... ဘုရား ... ဟု ဘုရားကိုသာ အခါခါ တရင်း ကောင်းကင်တွင် ဘယ်ပုံ စစ်ခင်းမည်ကို အသည်းတဖိုဖိုနှင့် ကြည့်နေရတော့၏။

ပန်းယာဉ်ပုံရထားကလေးမှာ နောက်မှ လိုက်လာသော ငှက်ဂဠုန်၏ ရန်ကိုမခုခံနိုင်သကဲ့သို့ ရှိပြီး ခင်ခင်ကြီးလည်း ကြောက်အားနှင့် သီပေါမင်းသားကို တအားဖက်၍ ထားရာ၏။ သီပေါမင်းကား ငှက်ရန်ကို စိုးရိမ်သည်ကတစ်ဖက်၊ ခင်ခင်ကြီးကိုမကြောက်ရန် အားပေးနေရသည်က တစ်တန်၊ အမျိုးမျိုးပူပန်သောက ရောက်နေရှာသည် တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မာန်ဟုန်ကြွကြွ ဒေါမာန်ထလျက် အတောင်ကြီး တမမနှင့်လိုက်လာသော ငှက်ဂဠုန်ကြီးမှာ ပန်းယာဉ်ပျံ အထွတ်ကို ခြေဖြင့် ကုတ်မိသည်နှင့် တစ်ပြိုင်နက် ချွန်ထက်လှသော နှုတ်သီးကြီးဖြင့် သီပေါမင်းသားနှင့် ခင်ခင်ကြီးတို့အား ထိုးနှစ်ကာ တစ်လှည့်စီ ညှဉ်းဆဲနေ ရာမှ နောက်ဆုံးတွင် သနားစဖွယ် အသွယ်သွယ် ဟစ်အော် ငိုကြွေးနေရှာသော ခင်ခင်ကြီး အားနှုတ်သီးဖြင့် တအားပေါက်ကာ ပန်းယာဉ်ပျံထက်မှ မြေပြင်သို့ ပစ်ချလိုက်သည်တွင် သီပေါမင်းသားလည်း မကြည့်ရက်သကဲ့သို့ မျက်နှာကို လက်နှင့်ပိတ်ကာ တစ်ဖက်သို့ လှည့်သွားရှာလျက် ဖက်ရွက်ခြောက်ကလေး လေထဲတွင် လွင့်လာဘိသလား၊ ကောင်းကင်တိမ်တိုက်ကြားမှ တလိမ့်လိမ့် ဟစ်အော်ရင်းကျလာသော ခင်ခင်ကြီးကို မင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မောင်မောင်ငယ်မှာ အသည်းထဲတွင် အေးခနဲ ဖြစ်သွား ပြီး "အမယ်လေး ... ခင်အကြီးသေပါပြီ" ဟု လန့်ဖြန့်ဟစ်အော်ကာ မိမိရှေ့ရှိ ချောက်ကမ်း ပါးကြီးကိုပင် မိုးမမြင် လေမမြင် ပူပင်သောဇောနှင့် တစ်အား ခုန်ချလိုက်မိရကား ရင်ထဲ တွင် ဟာခနဲဖြစ်၍ သွားရှာတော့၏။

ပြုန်းခနဲ စက်မွေ့ရာပေါ်မှ လိမ့်ကျသဖြင့် အိပ်ရာမှ လန့်နိုးလာသည်တွင် မောင်မောင်ငယ်မှာ အိပ်မက်အတွင်းက အဖြစ်အပျက်များကို မှုန်ဂါးဂါးနှင့် မရှင်းမလင်း အကယ်ဖြစ်ပျက် ပူပန်နေမိရှာသေး၏။ ထို့နောက်မှ အိမ်ဦးခန်းဆီမှ ကြေးစည်သံကလေး တစ်ချက်ကြားပြီး ဒိုင်းဂန်မင်းအသံဖြင့် အမှုအတန်း ဝေနေသည်ကို နောက်ထပ်ကြားရမှ မိမိအနီးအပါးရှိ စက်မွေ့ရာကြီးကို ပြန်လှည့်ကြည့်မိကာ အိပ်ရာပေါ်မှ အရှိန်နှင့် လိမ့်ကျလာကြောင်း သတိရလာပြီး မကြာသေးမီက အရေးတကြီး ပူပင်သောက ဖြစ်ခဲ့ရသမျှ တို့လည်း အကယ်မဟုတ်ဘဲ အိပ်မက်ထဲတွင် တွေ့ကြုံဖြစ်ပျက်နေကြောင်း ရှင်းလင်းစွာ သိရရှာလျက် အသက်ရှူချောင် သွားပေတော့၏။

တစ်ဖန်လည်း အိပ်မက်၏ အခင်းသွားကို စဉ်းစားမိသောအခါ မိမိအတွက်နှင့် ခင်ခင်ကြီး အတွက်မှာ အားမရစရာ နောင်ရေး မအေးနိုင်စရာဖြစ်မည့် အတိတ်နိမိတ်များပေလောဟု တွေးတောစိတ်ပူမိရှာလေ။ တိမ်တိုက်ထဲမှ ခင်ခင်ကြီးကြောက်လန့်တကြား အော်ကာဟစ်ကာ ကျလာရှာပုံကလေးကို တရေးရေးမြင်ပြီး သနား၍ မပြီးနိုင်အောင် ဖြစ်နေရှာပြန် လေ၏။

ပြန်အိပ်ဦးမည်ဟု အိပ်ရာပေါ်တွင် လှဲလိုက်သော်လည်း မျက်လုံးများ ကြောင်လျက် စိတ်ရ တက်ပွေ၍သာ နေမိရှာတော့၏။ အရှေ့ဘက်ကို ကြည့်ပြန်ရာ လင်းရောင်ခြည်များ ထွန်း လာနေပြီး ဒိုင်းဂန်မင်းကြီးလည်း ဘုရားပုထိုး ရှိခိုး၍ပင် ပြီးစီးနေသည်ကို သိရသောကြောင့် အိပ်ရာမှ ထ၍ မျက်နှာသစ်ပြီး ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေနှင့် အိပ်မက်ဆိုး ဖြစ်က ပြေပျောက်ရာ ပြေပျောက်ကြောင်း ဘုရားတွင် ဆုတောင်းနေမိရှာလေ၏။ ယင်းသို့ ဆုမွန်ကောင်းတောင်းရင်းပင် မိုးစင်စင်လင်းခဲ့လျက် အိမ်သားများ လူစုံနိုးကြသည်တွင် မောင်မောင်ငယ်လည်း ဂတ်လဲပြင်ဆင်၍ အပြင်သို့ ထွက်ခဲ့ရာ အိပ်ရာမှ ထစဖြစ်သော ခင်ခင်ကြီးနှင့် တွေ့ရပြီး။

"အလို ... အစ်ကို စောစောစီးစီး အဂတ်အစားများ လဲထားလို့ ဘယ်များ ကြွတော်မူမတုံး"

www.burmeseclassic.com

www.burmeseclassic.com

ခပ်ပြုံးပြုံးကလေး ဆီး၍ မေးသည်တွင် မောင်မောင်ငယ်မှာ ညဥ့်က အိပ်မက်ကို တွေး၍ ခပ်ငေးငေးကလေး ကြည့်နေမိသောကြောင့်။

"ကြည့်စမ်း ... အစ်ကို၊ ခင်ကြီးမေးနေသည်ကို မကြားဘူးထင်ပ"

ထပ်ပြောလိုက်မှ သတိရပြီး ...

"သြော် ... ခင်အကြီး နိုးလာမှကိုး။ အစ်ကို အိမ်တော်သို့ ပြန်ရတော့မယ် ခင်ရဲ့"

ဒါကြောင့် စောစောထ၍ အဂတ်လဲလှယ်ထားရတယ်"

ပြောလိုက်လျှင် ခင်ခင်ကြီးမှာ မျက်နှာကလေး ညှိုးသွားရှာပြီး ...

"အစ်ကိုကလည်း အကြာကြီး မလာဘဲနေပြီး လာပြန်တော့လဲ ခဏကလေး နေတာပဲ"

ညည်းညည်းတွားတွား ပြောရှာသောကြောင့် မောင်မောင်ငယ်မှ ကျောသပ်၍ ချော့မော့ ကာ ...

"အစ်ကို နောက်တစ်ခါလာမှ ကြာကြာနေပါမည် ခင်ရဲ့။ ယခုတစ်ခါတော့ အိမ်တော် ပြန်စရာ ကိစ္စက ရှိသေးလို့ ခင်နဲ့ ကြာကြာ မနေရတာဘဲကွယ်။ အစ်ကို မြန်မြန်ပြန်လာခဲ့ ပါမယ်"

ပြောနေစဉ် ဂန်ကတော်ကြီး ထွက်လာပြီး ...

"သြော် ... မောင်မောင် ပြန်တော့မယ်လား" ဟု ဆိုကာ မြတ်လေးငုံများ ထည့်ထားသော ကရမက်သား သေတ္တာကလေးကို နန်းခုံအား ယူပေးစေပြီး ...

"ကိုင်း ... မောင်မောင် ပန်းတော်များ စောစောစီးစီး ဆက်ချေပါဘိ၊ နေမြင့်လျှင် ရန့်ပြယ် တော့မယ် မောင်မောင်ရဲ့"

ဆိုသည်တွင်မှ မောင်မောင်ငယ်လည်း ပန်းငုံများ ထည့်ထားသည့် ကရမက်သားသေတ္တာ ကလေးကို လှမ်းယူကာ ...

"ဒါဖြင့် မောင် သွားလိုက်ပါဦးမယ် မေဖုရား"

ဆိုကာ ဂန်ကတော်ကြီးကို ဦးချကန်တော့သည်တွင် ...

www.burmeseclassic.com

"အင်း ... ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အွန္တရာယ်ကင်း၍ ဘေးရှင်းပါစေတော်။ ဒါနဲ့ မောင်မောင် ဘယ်တော့ဆီလောက် မေဖုရားတို့ထံ လာဦးမယ် ကြံသတုံး။ အရင်ကလို တော်တော်နှင့် မပေါ်လာဘဲလည်း မနေနဲ့ဦးနော်"

ဆိုသည်တွင် ...

"သည်တစ်ခါ မောင် ကြာကြာမနေပါဘူး မေဖုရားရဲ့၊ အမိန့်ခံပြီးမှ မကြာမီ ရောက်လာပါဦး မယ်၊ ခင်အကြီးကလည်း အမြန်ပြန်လာဖို့ မှာနေရှာပါတယ် မေဖုရားရဲ့"

ဆို၍ ဂန်ကတော်ကြီးအနီးမှ ခင်ခင်ကြီးကို လက်ဆွဲ၍ ထလာပြီး အိမ်ဦးခန်းတွင် ပုတီးစိပ် လျက်ရှိသော ဒိုင်းဂန်မင်းထံ ဂင်ရောက်ဦးချကာ။

"ဘဘဘုရား မောင် ပြန်ပါဦးမယ်" ဟု နှုတ်ဆက် ကန်တော့သည်တွင် ဂန်မင်းကလည်း "အေး ... အေး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အရာအထူး တိုးတက်ပါစေဗျား။ ဘဘ ဘုရားတို့ထံကို မကြာမကြာ အမိန့်ခံ၍ ပြန်ခဲ့ပါ မောင်မောင်ရယ်။ ကဲ ... ကဲ နေမြင့်ရော့ မယ် ကြွပေရော့"

ဆိုသည်နှင့် မောင်မောင်ငယ်လည်း ...

"မှန်လှပါ" ပြောကာ အိမ်ရှေ့ လှေကားသို့ ဆင်းသက်လာပြီး လှေကားရင်းအထိ လိုက်ပို့ ရှာသော ခင်ခင်ကြီးကို ချစ်ခင်ယုယစွာ ကျောလက်သပ်လျက် ...

"ကဲ ... ခင်ကြီး အစ်ကို သွားတော့မယ်နော်"

ဖမ်းနည်းသံနှင့် နှုတ်ဆက်၍ ခင်ခင်ကြီးကလည်း ...

"အစ်ကို မြန်မြန်ကြီး ပြန်ခဲ့ပါနော်၊ ခင်ကြီး မျှော်နေမယ် အစ်ကိုရဲ့"

ကန့်ကလျ နှုတ်ဆက်မှာထားရှာလေရာ ...

"စိတ်ချပါ ခင်ရယ်၊ အစ်ကို မလာဘဲ မနေနိုင်ပါဘူး"

ပြောလျက် နှုတ်ဆက်ခွဲခွာလာခဲ့ရှာသည်တွင် ခင်ခင်ကြီးက လှေကားကိုမှီရင်း လက်ပြ ကျန်ရစ်ရှာသည်ကို မောင်မောင်ငယ်မှာ နောက်ဆံ တင်းင်းနှင့် သံယောဇဉ် အမြစ် တွယ်၍ အချစ်နယ်ကျယ်သည်ထက် ကျယ်ကာ လှည့်ကြည့် လှည့်ကြည့်နှင့်ပင် လမ်းချိုး တစ်ခုတွင် ပျောက်ကွယ်သွားရှာလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅) ဆက်ရန်
အခန်း (၂၅)

မောင်မောင်ငယ် သည် မြတ်လေးပန်းများပါသည့် ကရမက်သား သေတ္တာကလေးကို တရိုတသေကိုင်ကာ သီပေါ မင်းသား၏ စံအိမ်တော်ပေါ်သို့ ရောက်လာလေ၏။ အိမ်တော်ပေါ်သို့ ရောက်လာလျှင်ပင် ခင်ခင်ကြီး ကို ချစ်ခင်စွဲလမ်း၊ တမ်းမှန်းရည်ရော်ခဲ့သော စိတ်များနှင့် လွန်ခဲ့သည့် ညဥ့်အခါက နလုံးသွေး တုန်စရာ ကောင်းသော အိမ်မက်၏ အခင်းသွားများကို စဥ်းစားစိုးရိမ်မိသည်တို့အား ခေတ္တခဏ လုံးဝ မေ့လျော့ ထားလိုက်ကာ အဆောင်တော် လေသာတံခါးမှ စောင့်ငဲ့၍ မောင်မောင်တုတ်ကို မျက်လုံးဖြင့် ကြည့်ရှု ရှာဖွေနေလျှင် မောင်မောင်တုတ်မှာ မျက်နှာသစ်တော်ရေဖလားကိုင်၍ သီပေါမင်းသား စံတော် မူရာအခန်းမှ ထွက်လာသည့် လူပျိုတော်သားကလေး မောင်မောင်နွဲ့နှင့်အတူ လေသာခန်းဘက်သို့ ထွက်လာ သည်ကို တွေ့မြင်ရလေ၏။

မောင်မောင်ငယ် လည်း မောင်မောင်တုတ်သွားရာနောက်သို့ ဖြည်းညင်းသာယာစွာ လိုက်သွားပြီး အနီးသို့ ရောက်သည်တွင် မောင်မောင်တုတ်သည် မောင်မောင်နွဲ့ ကလေးနှင့်အတူသွားရာမှ လှည့်ကြည့် ကာ....

"အလို... ကိုရင်ငယ် ပြန်လာမှကိုး" ဆို၍ မောင်မောင်နွဲ့အား သွားတော့ဟု အခွင့်ပြုလိုက်ကာ မောင်မောင်ငယ်ရှိရာသို့ ပြန်လာလေ၏။

ငယ်။ "နိုးတော်မူပြီလား"

တုတ်။ "အခုပဲ မျက်နှာသစ်တော်ရေကျပြီးလို့ ဖောင်းတော် ဆင်တော်မူနေတယ။ ဒါနဲ့ ကိုရင်ငယ်ရေ့... မြတ်လေးပန်း ပါရဲ့လား၊ မပါရင် အပြစ်တော်တင်နေမယ်ဗျ။ သည်မြတ်လေးပန်း ရာဇဝင်က ကျုပ်တို့ တမင်အကျုပ်ကိုင်ထားရတဲ့ ထိုးဇာတ်ရာဇဝင်ဖြစ်နေတော့ ပေါ့ပေါ့လျော့လျော့ လုပ်လို့မဖြစ်ဘူးနော်။

ငယ်။ "(ကရမတ်သားသေတ္တာကလေးကို မြှောက်ပြရင်း)" ဟောဒီမှာပါပါတယ်ဗျ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာလို ကျုပ်လည်း မေဖုရားတို့ အိမ်သွားရ၊ မြတ်လေးပန်းလည်း ဆက်ရအောင် ဆင်ယူ ရတဲ့ ဇာတ်ကွက် ဆိုတော့ အကွက်လည်းအောင် မလှည့်နိုင်လို့ ဘယ်ဖြစ်မတုံး၊ သည်တော့ ရောက်လျှင် ရောက်ချင်း ဆိုသလိုပဲ မေဖုရားကို ရွှေနန်းတော် အနောက်ပိုင်း အခစားဝင်ပြီး မြတ်လေးပင်ရှိတဲ့ အဆောင်မှာ ကြာကြာနေပါလို့ မရမက ပူဆာတော့တာပဲ။ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com

မေဖုရားခမျာလည်း မစွမ်းမသန်ရာက အကျိုးဆောင် ပေးလိုက်ရှာ ပါတယ်ဗျာ၊ ဟောဒီမှာ ကြည့်စမ်းပါ၊ အခါရာသီ မဟုတ်ဘဲနှင့် ရတောင့်ရခဲ ရလာတဲ့ ပန်းတွေ အတော်များသား"

ဆို၍ သေတ္တာအဖုံးကလေးကို ဖွင့်ပြရာ ထုံဂတ်ရည်ပြည့်လျှမ်းသော ဖွေးဖွေးဖြူသည့် မြတ်လေးပန်းများ ကို တွေ့မြင်ရလေလျှင် မောင်မောင်တုတ်က...

"အို...ဟုတ်လိုက်လေ ကိုယ့်လူရယ်၊ ကျုပ်တော့ ရမှရပ့ါမလားလို့ စတ်တပူပူနဲ့ နေလိုက်ရတာ၊ ခုမှအေး ပေတော့တယ်ဗျာ"

အားရဂမ်းသာသော မျက်နှာထားနှင့် တီးတိုးပြောကာ မောင်မောင်ငယ်၏ ပခုံးကို ကိုင်လျက်....

"ကဲ...ကဲ၊ လာ...လာ၊ တစ်ခါတည်း ဂင်သာဆက်ပေတော့၊ ဖောင်းတော်ဆင်ခိုက်မှာ တစ်ခါတည်း စိတ်ကြိုက်တွေ့တော်မူသွားအောင် ဖောင်းတော် ပဂါအစ်ထဲမှာ ပါလာတဲ့ မြတ်လေးပန်းတွေကို ရှေ့တော် မှာပဲ ဖြူးထည့်လိုက်ပါဘိ ကိုရင်"

ပြောလျက် စံဆောင်တော်ဘက်ကို ခပ်သွက်သွက် ဆွဲလာရာမှာ မောင်မောင်ငယ်က တစ်စုံတစ်ခု သတိရ၍ ခေတ္တတန့်ရပ်ခါ....

"နေပါအုံး၊ ကိုရင်တုတ်ရဲ့၊ သေသေချာချာ တွေးရင် မြတ်လေးပန်း ဆက်နိုင်တဲ့အတွက် ကိုယ်တော်ဖျား က နှစ်သက်တော်မူမယ်၊ မနှစ်သက်တော်မူမယ် ဆိုသည်ကို ပြန်၍ စဉ်းစားစမ်းပါဦး ဗျ။ အစပထမ မူလ အမိန့်တော် ရှိရင်းက စုဖျားအကြောင်း စကားစပ်မိစေလို၍ ရေလာအောင် မြောင်းတူးပေး တော်မူ လိုက်တာ၊ ကျုပ်တို့တစ်တွေက ရေကို မြောင်းထဲမသွင်းစေဘဲနှင့် လယ်ထဲရောက်အောင် လမ်းလွှဲပို့ လိုက်တဲ့ အတွက် မြတ်လေးပန်း ရှာဖွေရတဲ့ စခန်းကို ရောက်ခဲ့ရတယ် မဟုတ်ပါလား။ သည်တော့ ရွှေကိုယ်တော် ဖျားမှာ မြတ်လေးပန်း ပါလာတဲ့အတွက် အပေါ်ယံက နှစ်သက်ဂမ်းမြောက် တော်မူဟန် ပြရသော်လည်း စိတ်တော်တွင်းကတော့ နှစ်သက်တော်မူလှမယ် မဟုတ်ပေဘူး၊ သည်တော့ မြတ်လေးပန်း ကို ပုန်းခနဲဆက်၍ မတော်သေးဘူး၊ လူကိုယ်တိုင် ရှေးဦးစွာ ဂင်ခစားပြီး အမေးတော်ရှိမှ ဆက်ရလျှင် သာလို့ ကောင်းမယ်ထင် တယ် ကိုရင်ရဲ့"

ဆိုကာ နှစ်ယောက်သား အဆောင်ထဲသို့ ဖြည်းညင်းစွာ ဂင်လာကြပြီး သီပေါမင်းသား အနီးတွင် ခံစား မိကြလေ၏။

www.burmeseclassic.com

သီပေါမင်းသား လည်း ထိုအခိုက်တွင် ဖောင်းတော်ကို ဆင်သတော်မူရာမှ ခစားလာကြသူများ လှည့်၍ ရှုစားတော်မူပြီး တည်ကြည်ငြိမ်သက်သော မျက်နှာတော်ဖြင့်...

"ဪ... မောင်ဖေငယ် ပြန်လာပြီလား၊ မောင်မင်း ရှာခဲ့မယ်ဆိုတဲ့ မြတ်လေးပန်းများကော ပါရဲ့လား မောင်မင်း"

စတင် မိန့်တော်မူလိုက်သည်တွင် မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့မှာ သီပေါမင်းသား ကိုယ်တော်တိုင်က ယခုကဲ့သို့ စတင် အမေးတော်ရှိသည်ကို အံ့ဩသော မျက်လုံးတို့ဖြင့် အချင်းချင်းသာ သိနိုင်သည့် အဓိပ္ပာယ်နှင့် လျှင်မြန်ဖျတ်လတ်စွာ လှမ်းကြည့်မိကြ ပြီးမှ မောင်မောင်ငယ်က ပန်းသေတ္တာကို ရှေ့တော်သို့ ဆက်ကာ။

" မှန်လှပါ၊ ရွှေကိုယ်တော်ဖျား အလိုရှိတော်မူသော ပန်းများ ရရှိခဲ့ကြောင်းပါ ဘုရား" လျှောက်လျှင် သီပေါမင်းသား လည်း ပန်းသေတ္တာကို ကိုင်ယူရှုစားတော်မူကာ အပွင့်အနည်းငယ်ကို နုတ်ယူတော်မူပြီး သေတ္တာ ကို မောင်မောင်ငယ်လက်သို့ ပြန်ပေးတော်မူကာ…

" အခု ရာသီ မဟုတ်ဘဲ ရှာ၍ရတတ်ပလေတယ်၊ ကိုင်း…မောင်မင်း ပန်းများကို ဖောင်းအစ် ထဲသို့ ရနံ့ မပြယ်မီ ထည့်လိုက်ပေတော့"

မိန့်တော်မူပြီးလျှင် လက်တော်ထဲတွင် ကျန်ရစ်သော မြတ်လေးပန်း အနည်းငယ်ကို အထပ်ထပ် အပြန်ပြန် ရနံ့ခံ၍ နေတော်မူပြီး တစ်စုံတစ်ခုကို စဉ်းစား တွေးတောတော်မူဟန်ဖြင့် အတန်ကြာ တိတ်ဆိတ် ငြိမ်သက်စွာ စံနေတော်မူလေ၏။

သီပေါမင်းသားလည်း မြတ်လေးပန်းများကို အတန်ကြာ ရနံ့ရှူ ခံစားတော်မူနေရာမှ မောင်မောင် တုတ်အား စကားစပ်၍ အမိန့်တော်ရှိလေဟန်ဖြင့်……

" ဪ……..သည်မြတ်လေးပန်းများကို ရှုမြင်တော်မူရတော့ ဟိုယခင်အစ ပထမစုစုထံတော် က စာတော်ပြန်ပွဲ ဆင်နွှဲတော်မူဖို့ရန် ဂုတ်လဲတော်ပုဆိုးနှင့်အတူ မွှေးကြိုင်ပျံ့လှိုင်ရနံ့ကြိုင် တဲ့မြတ်လေးခိုင် မြတ်လေး ကုံးကြီးများကို သွား၍သတိရတော်မူမိတယ် မောင်မင်း"

မိန်တော်မူရာ မောင်မောင်တုတ်လည်း မပြုံးမိစေရန် အတန်တန် ဟန်လုပ်ချုပ်တည်း၍ နေရလေ၏ မလှမ်းမကမ်းမှ ဖောင်းတော်ပဂါများကို ပန်းသပ်နေသော မောင်မောင်ငယ်မှာလည်း မိမိတို့

www.burmeseclassic.com

www.burmeseclassic.com

အရှင်မင်းသား သည် ကျေးကျွန်များအပေါ်၌ ကြာရှည်ဟန်လုပ်တော်မမူနိုင်တော့ဘဲ စုဖုရားကြီးကို အတိ အလင်း စတင် မိန့်တော်မူရပြီးဟု ရယ်ချင်သည်ကို အတော်ပင်မသိမသာ နားစွင့်နေမိလေ၏

မောင်မောင်တုတ်ကားသီပေါမင်းသားက စကားစတင် မိန့်တော်မူလိုက်လျှင်ပင် လျှောက်တင်လိုသော အချက်တွေ ပြည့်နှက်လျှံစေ၍ နေသောကြောင့် မည်သည့်စကားတွေ စ၍ လျှောက်ထားရမည်ကိုပင် မသိနိုင်ဘဲ အတန်ကြာ ဆွံ့အသူကဲ့သို့ ရှိနေရာမှ လျှာပေါ်တွင် ဦးစွာ ဖိတ်စဉ်လာသော စကားတစ်လုံးကို ဗလုံးဗထွေး လျှောက်တင်လိုက်ရဘိအလား….

"မှန်လှပါ၊ မြတ်လေးပန်းများမှ အရှင်စုဖုရား အဆောင်တော်တွင် အလွန်တရာပေါများလှ ပါသဖြင့် အထိန်းတော်ကြီး ခင်ဘွားသစ် လာခွင်ကြုံတိုင်းလိုလိုပင် ရွှေကိုယ်တော်ဘုရားထံသို့ ဆက်သရန် ပါလာ တတ်မြဲ ဖြစ်ပါသည်။ ယခုလည်း အထိန်တော်ကြီးနှင့် ကျွန်တော်မျိုးများ တွေ့ဆုံရန် အခွင်အရေး မသာ သေးအောင် ဖြစ်နေဆဲအခါ ဖြစ်ပါ၍သာ"

ကိုယ်တော်ဖျာထံတော်သို့ မြတ်လေးပန်းများ အပို့အဆက်မရောက်နိုင်သည့်နှင့် ဤမျှ ပြတ်လုပ် နေသည်နဲ့ တူကြောင်းပါဘုရား၊ အကယ်၍သာ ရွှေကိုယ်တော်ဖျားက အခွင်အရေးသာပါ လျှင်မြတ်လေး ပန်းမျှသာမက မြတ်လေးပင်၏ အလိုအလျှောက် ပို့ဆက်ရန် ရောက်ရမည်မလွဲဖြစ် ပါသည့်ဘုရား"

လျှောက်တင်လိုက်သောအခါ သီပေါမင်းသားက ပြုံးတော်မူပြီး……

" မောင်မင်းစကားက အလုံးထွားလိုက်ပါဘိတယ်၊ ငါကိုယ်တော်မြတ်ကလည်း အခွင်အရေးမသာ ရအောင် မလာနဲ့လို့ မဆိုရပါပဲကလား………ဟဲ့"

" မှန်လှပါ၊ မင်းတို့မျက်စောင်း အကြောင်းသုံးပါးမရွေး ဆိုသလို ရွှေကိုယ်တော်ဖျားက မျက်ထားတော် တင်းတင်းနှင့် မောင်မင်းတို့ ဒီအကြောင်းကို တော်တော်လည်း ပြောကြဟု အမန်တော်မြတ် မှတ်တော်မူပြီး ကတည်းက စကားစပ်လို့မှ မတင်ဂံ့သဖြင့် တရှုံ့ရှုံ့နှင့် နေခဲ့ရ မည်သည့်နယ်နှင့်မျှ လျှောက်တင်ဂံ့ တော့မည် မဟုတ်သဖြင့် အသာကုတ်၍ နေခဲ့ရပါသော်လည်း အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ကျွန်တော်မျိုး များထံမှ စကားပြန် ရလေမလားဟု အမြဲမပြတ် စောင့်စားနေလျက် ရှိကြောင်းကိုလည်း သိရှိရပါသည်။

ဤကဲ့သို့ အထိန်းတော်ကြီး တောင်ဥယျာဉ်တော်ထံမှ တစ်စုံတစ်ရာ အမိန်တော်ပြန်မရသဖြင့် အကြောင်း မပြန်နိုင်။ ရွှေကိုယ်တော်ဖျားကို လည်း နောက်ထပ် မလျှောက်ထားဂံ့နှင့် အချိန်ကုန်ခဲ့ရပါ၍

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မျိုး များမှာ အထိန်းတော်ကြီး နှင့်အတွေ့မခံပံ့ဘဲ တမင် ရှောင်လွှဲပုန်းလျှိုး၍ နေခဲ့ရပါသည်။ အထိန်တော်ကြီး ကဖြင့် ကျွန်တော် မျိုးများ၏ ဒုက္ခကို မရိမ်မိဘဲ တစ်မျိုးတစ်မည် အထင်အမြင် လွဲနေမည်ကိုလည်း တစ်ဖက် တစ်လမ်းမှ စိုးရိမ်ရန် အကြောင်းရှိနေပြန်ပါတယ်။

အထိန်းတော်ကြီးက ကျွန်တော်မျိုးတို့ကို တလွဲအ မှားထင်သည်က အရေးအမကြီးသော်လည်း မြတောင် စုဖုရား အဆောင်တော်နှင့် သီပေါမင်းရွှေ ကိုယ်တော်ဖျားတို့ အဆောင်တော်ချင်း ဆက်သွယ် တော်ကြသည့် အရေးမှာ ကျွန်တော်မျိုးများက အခြွေအရံမျှသာဖြစ်ပါ၍ အကယ်စင်စစ် အပြစ်တင်တော ' မူစရာအကြောင်း ပေါ်ပေါက်လာပါက ' ကျေးကျွန်းမကောင်း အရှင်သခင်ခေါင်း' ဆိုသော စကားအတိုင်း အထိန်း တော်ကြီးထံက မလျော်သော စကားကို ကြားရသဖြင့် မြတောင်စုထားဖုရားက အရှင် ရွှေကိုယ်တော်ဖျား ကို စိတ်ထားတော်ခု၍ သူ့မယ်တော်ကို နွဲးဆိုးဆိုးပြီး သူ့မယ်တော်ကို တစ်မျိုး တစ်ဖန်လျှောက်တင် လိုက်မယ် ဆိုပြန်လျှင်လည်း သည်ကိစ္စဟာ အေးကြမည်မဟုတ်ဘဲ ကိုယ်တော် ရွှေလှ္ဘာတော်တွေ ကလည်း စုထားဖုရား၏ အဆောင်တော်တွင် သက်သေခံအထင်အရှားနှင့်ဖြစ်၍ မယ်တော် ဆင်ဖြူရှင် မိဖုရားကြီးက မဟုတ်မခံနှင့် ဘုန်းတော်ကြီးလှသော အရှင့်ခမည်းတော်ဘုရားထံ ဆက်မှဖြင့် အခက်တွေ့တစ်မျိုးကြုံရပြန်ဦးမယ် ထင်ပါတယ်။ သို့အတွက် မူလစနက်မီးဖြစ်တဲ့ အထိန်းတော်ကြီး အထင်မမှားအောင် ကျွန်တော်မျိုးများ သွား၍ အတွေခံပြီး အရှင်ထံမှ စကားလက်ဆောင် များ ပို့ဖို့ အချိန်တန်ပြီထင်ကြောင်းပါ။ ယခုထက် ကြာကြာရှောင်လွှဲ၍ နေပါလျှင် ကျွန်တော်မျိုးတို့မှာ နောင်အခါ ရာဇာဂတ်အပြစ် မကင်းနိုင်ဖြစ်လာမယ် ထင်ကြောင်းပါဘုရား"

မိမိဆိုလိုရင်းကိစ္စသို့ ရောက်အောင်အခြောက်အလှန့်၊ အဟန့်အတားတွေနှင့် ခပ်သွက်သွက် တင်လျှောက် လိုက်ပြီး တစ်နေရာမှ 'တတ်နိုင်ရန်ကော'ဆိုသော မျက်နှာထားဖြင့်အကြောင်း သာကြည့် နေသော မောင်မောင်ငယ်ဘက်သို့ လှည့်၍ မျက်စိတစ်ဖက်ကို မသိမသာမှိတ်ပြလိုက်ခါ ရှေ့တော်တွင်ပင် က္ကမြေမပျက် ပြားပြားဝပ် ခစားနေလေ၏။

သီပေါမင်းသားမှာ ကာလအတန်ကြာကပင် နမတော် စုဖုရားလက်ထံတော်မှ အခါတိုင်းကဲ့ သို့ရွှေလှ္ဘာတော် လက်ဆောင်တော် အမှာစကားတော်များ ကူလူးဆက်သွယ်မှု နည်းပါးပြီး တဖြည်းဖြည်း လုံးဝ ပြတ်လပ် သွားခြင်းကြောင့် တနုံ့နုံ့တမ်းတ သတိတော်ရလျက် ရှိသော်လည်း ငယ်ကျွန် တော်များကို စတင်မိန့်တော် မမူလိုသဖြင့် အနိုင်နိုင် ဟန်လုပ်တော်မူပြီး ' သင်းတို့ကစ၍ တင်လျှင် တင်လျှောက်စေ၊ ငါကစ၍ မမေး' ဟုနေတော်မူခဲ့သလို၊ ရိုးသားတော်မူလှသော သခင့်အလိုတော် ကိုသိရှိပြီးဖြစ်သော ကျွန်တော်မျိုး များကလည်း သီပေါမင်းသားက စုဖုရားအကြောင်း ပွင့်ပွင့်လင်း လင်းစ၍ အမေးတော်မရှိသမျှ မလျှောက်တင်ကြစတမ်းဟု တိုင်ပင်ကာ သီပေါမင်းသားက ရေလာ မြောင်းပေး စကားအရိပ်နိမိတ်ပြ၍ မေးသည့် တိုင်အောင် မသိကျိုးကျွန်ပြုကာ ရှောင်နိုင်သမျှ ရှောင်တိမ်း၍ လာကြရာတွင် ယနေ့အဖို့ မှာကား သီပေါမင်းသားမှာ မိမိကျေးကျွန်းများ အကယ်ပင်

www.burmeseclassic.com

www.burmeseclassic.com

မသိတတ်၍ မလျှောက်ကြသည်ဟု အယူရှိတော် မူကာ  အတိအလင်း စုဖုရားအကြောင်းကို စကား ဦးဆိုက်တော်မူလတော့သဖြင့် ပြုံးရွှင်ကျေနပ်တော် မူသော မျက်နှာတော်နှင့် အတန်ကြာ စဉ်းစား နေတော်မူရာက-

မင်းသား॥    ॥ " မောင်မင်းလျှောက်တင်တဲ့ စကားထဲမှာ ငါကိုတော်မြတ်က အခွင့် အရေး မပေးဘူး ဆိုသည်ကို နားရှင်းတော် မမူပါကလား၊ ငါကဘာများ တားမြစ်ထားတော်မူသတုံး၊ မောင်မင်းတို့ကို ခင်ဘွားသစ်က   မကောင်းထင်မည်ဆိုသည်မှာလည်း သူတို့ထံမှ အကြောင်း ကိစ္စထူးထွေမရှိ၍ မလာဘဲ နေသည် မဟုတ်လားမောင်မင်း"

တုတ်॥        ॥ "ကိုယ်တော်ဖျားထံက အခွင့်အရေး မသာသဖြင့် အထိန်းတော်ကြီးထံသို့ အဆောင်တော် သို့  ထွက်တော် မူဖို့ အရေး၌ နောက်ထပ်၍ တိုက်တွန်းအားပေးခြင်း မပြုရအောင် ထားမြစ်ထားတော်မူသည် တစ်ကြောင်း ကြောင့် ကျွန်တော်မျိုးမှာ ရှေ့မတိုးသာ နောက်မဆုတ် သာနှင့် စပ်ကြားက အလွန်တရာမှ အနေကျပ် လှသဖြင့် အထိန်းတော်ကြီးကို အတွေ့မခံပွဲသည့် အတွက် ဟိုတစ်ဖက် အထင်အမြစ်လွဲပြီး မိုးမီးလောင် သွားမည်စိုးကြောင်း လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား"

မင်းသား॥    ॥ " မောင်မင်းတို့ပရိယာယ်တွေကို ငါကိုယ်တော်မြတ်လည်း နားလည်တော်မမူပါ ဘူး॥ ငါ့စိတ်မှာ စုစုကို ချစ်မြတ်နိုးတော်မူခြင်း တစ်ခုသာရှိ၍ စုစုကလည်း ငါကိုယ်တော်ကဲ့သို့ပင် ချစ်မြတ်နိုး တော်မူလိမ့်မှ စိတ်ချ ယုံကြည်တော်မူပြီးသား ဖြစ်တယ်၊ သည်အရေးမှာ မောင်မင်းတို့ ဘယ်ကဲ့သို့ ပြုပြင် ခြယ်လှယ်ချင်ကြသေးတယ် ဆိုတာ အတိအလင်း ဖွင့်၍လျှောက်တင်ပြီး အထိန်း တော်ကြီး ခင်ဘွားသစ် ကိုလည်း မောင်မင်းတို့ဘာသာ သင့်လျော်သလို တိုင်ပင်ပြောဆိုလိုက်ကြပါ တော့လား"

မိန့်တော်မသည်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း မိမိတို့ အရှင်မင်း သား အလိုတော် ညွှတ်နူးလာသည်ကို ရိပ်မိကြသည်နှင့် လျှောက်တင်ခွင် ရှိသလောက်အရေးကုန် လျှောက်ထား ကြရတော့မည့် အတွက် အထူးအားတက်၍ လာကြပြီးလျှင်…."

"ဘုရာ့ကျွန်တော်မျိုးများ အထိန်တော်ကြီးနှင့် သွား၍ တွေ့ဆုံရန် မခဲယဉ်းလှကြောင်း၊ သို့ပါသော်လည်း အရှင်ကိုယ်တော်ထံမှ ဒုတိယအကြိမ် ရွှေလွှာတော်တစ်ခု ထပ်၍ပေးတော်မူပါမှ ရှေ့စကား နောက်စကား ညီညွတ် မည်ဖြစ်ကြောင်းပါ ဘုရား"

လျှောက်တင်၍ သီပေါမင်းသားက……

www.burmeseclassic.com

www.burmeseclassic.com

" အင်းလေ…. မောင်မင်းတို့ သင့်မြတ်မည်ထင်သလို စီစဉ်ကြတော့လို့ မိန့်တော်မူပြီး ဖြစ်တယ်။ ရွှေလှ္ဘာတော် ဆက်လိုက်လျှင်လည်း မောင်ဖေငယ်ရှိပြီ မဟုတ်လား"

မိန့်တော်မူလိုက်သောအခါ မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့မှာ မိမိတို့ကိုအရေး ကုန်လွှဲအပ်တော်မူကြောင်း သိရ၍ အတိုင်းမသိ ဂမ်းသာအားရ ဖြစ်သွားရှာကြသဖြင့် "တင်ပါဘုရား" ဟုသွက်လက်စွာ လျှောက်ထား၍ အပါးတော်မှ ခွဲခွာခဲ့ပြီး ဂဲဆောင်ထဲတွင် နှစ်ယောက်သား တီးတိုး တိုက်ပင်၍ နေကြပြန်လေ၏။

ငယ်။ ။ "ကဲ… ….ဘယ့်နှယ်ရှိစ ကိုရင်တုတ်၊ ကျုပ်တို့နှင့် ရွှေကိုယ်တော်ဖျား အင်းအား ပြိုင်ကြသည့် အရေးမှာ ဘယ်သူက အရှုံးပေး ရပါသလဲဗျ"

တုတ်။ ။"တိုးတိုးပြောပါဘိ ကိုရင်ငယ်ရာ၊ ကြားတော်မူသွားလို့ အမျက်တော်ထား၍ နေပါဦးမည်။ သူ့ခမျာ ချစ်တော်မူသည့်မှာလည်း လွန်ပါရော၊ အဆုံးမှာတော့ ရှုံးတော်မူရှာလွန်း လို့ပါပဲ"

ငယ်။ ။ " ဟုတ်ရှာပါတယ်။ ကြာကြာလည်းအောင့်၍ နေတော်မမူနိုင်ရှာဘူး ကိုရင်တုတ် ရဲ့။ ယခုအရေးမှာဖြင့် ကျုပ်တို့ကို လုံးဂ တာဂန်လွှဲပေးတော်မူလိုက်ကပြီ။ သည်တော့ မိုးလေဖျက် ၍ခေတ္တ ရပ်နား ထားခဲ့ရသည့် ဇာတ်ကွက်ကို ဘယ်ဆီက ပြန်၍ ဆက်ကြမတုံးဗျ။ အထိန်းတော် သခင်မကြီးနှင့် မတွေ့ရသည် မှာလည်း အတန်ကြာပြီ။ ကျုပ်တို့ ဘယ်လိုများ ထင်နေမယ် မသိရသေးဘူးဗျ၊ တွေ့မ ၂ကိုယ်တို့ အပြစ်လွတ်အောင် မနည်းကြံဖန် ပြောရဦးမှပဲ"

တုတ်။ ။ " သူ့ခများလည်း ကျုပ်တို့ကို ကြားထဲက အနေခက်နေသလားမှ မသိဘဲ၊ ထိမ်စုမြတ်ဖုရား၏ သဘောထားကလည်း တွေ့ဆုံတော်မူရန် လိုလားသည် မလိုလားသည် မသိရ သေးဘူး။ အထိန်းတော်ကြီးကို တွေ့မှ စကားကုန် မေးစမ်းကြည့်ရမယ်။ ကဲ……ကိုရင်ငယ် ရွှေလှ္ဘာ တော်ဆက်သ ဖို့အရေး နှင့် စုဖုရား စိတ်တော်ဘည္တတ်ပျောင်း လာတော်မူအောင် ကြိုးစားပေတော့"

ငယ်။ ။ " ဘယ်လို အဓိပ္ပာယ်မျိုး ရေးရမယ်ဆိုတာ အကြံညဏ်ကလေးများလည်းပေး စမ်းပါဦး ကိုရင်ရဲ့"

တုတ်။ ။ "အခြားအရေးတွေ တွေး၍ ရှုပ်မနေပါနှင့်ဗျာ။ လိုရင်းအချက်ကိုသာ ကိုင်လိုက ပါ။ အရင်တစ်ကြိမ် ပို့လိုက်တဲ့ ရွှေလှ္ဘာမှာ နှစ်ပါးတွေ့ဆုံတော်မူဖို့အရေး စုစုက အခွင့်ပေး တော်မူဖို့ အရေးခဲ့တယ် မဟုတ်လား။ သည်အရေးနှင့်ပတ်သက်ပြီး ဟိုတစ်ဖက်က အသွားမျိုးအ တိုင်း အဖွဲ့အနွဲ့ အကွန့်အလှိုင်းတွေနှင့် ညွှန့်ချင်တိုင်း ညွှန့်သွားအောင် လုပ်စမ်းပါ။ ယခု ရွှေကိုယ်တော်ဖျာ

www.burmeseclassic.com

www.burmeseclassic.com

ပွဲတော်တည်ပြီးလျှင် လွှတ်တော်မူတော့မယ်။ ကျုပ်လည်းနောက်တော်က ပါရမယ်။ အိမ်တော်မှာ ခင်ဗျား တစ်ယောက်တည်း စိတ်အေး လက်အေးမှာတမ်းတော် ရေးပေ တော့။ နှစ်ချက်တီး၍ ရွှေကိုယ်တော် ပြန်ရောက်တော် မူတဲ့အခါ အလွှာတော်ပြပြီး အထိန်းတော်ကြီး နှင့်တွေ့ဆုံရအောင် တောင်ဥယျာဉ်တော် သွားကြမယ်ဗျာ"

ငယ်။ ။ "ကောင်းလှပါပြီ။ ကိုရင်ပြောသည့်အတိုင်း စိတ်အေးလက်အေးနှင့် ကျုပ်တစ်ယောက်တည်း ရေးနေမယ်၊ ရွှေပြားတစ်ခုသာ အဆောင်တော်ထဲမှ ယူခဲ့ပါဘိ"

ဆို၍ မောင်မောင်တုတ်လည်း အလွှာတော်ရေးရန် ရွှေလွှာတော်တစ်ခုကို အလျင်အမြန် ယူ၍ပေးသဖြင့် မောင်မော်ငယ်သည် လူပျိုတော်သားများ နေထိုင်ရာဖြစ်သော ဂဲဆောင်ထဲတွင် စိတ်ကူးယဉ်ယဉ်နှင့် အရှင်၏ အမှုတော်ထမ်းရန် ကြိုးပမ်းလျက် ရှိလေ၏။

အတန်ကြာလျှင် သီပေါမင်းသားလည်း ပွဲတော်များ ကျပြီးနောက် လွှတ်တော်သို့ ထွက်တော်မူလေရာ မောင်မောင်တုတ်နှင့်တကွ အိမ်တော်ရှိ အခြားသော အမှုထမ်းလူပျိုတော်သား ကလေးများလည်း အဆောင် အယောင် များကို ကိုင်လျက် အသီးသီး လိုက်ပါမြဲအတိုင်း လိုက်ပါ သွားကြသဖြင့် အိမ်တော်တွင် မောင်မောင်ငယ်နှင့် လူပျိုတော်သား အနည်းငယ်သာ ကျန်ရစ်သော ကြောင့် အထူး တိတ်ဆိတ် ငြိမ်သက် လျက် ရှိလေ၏။

"အင်း……..မောင်မင်းတို့ဟာက ငါကိုယ်တော်နှင့် စုစုကို နှစ်ပါးဆုံတွေ့ရန် ဒုတိယအကြိမ်မြောက် အခွင့်ပန်သည့် အလွှာတော်ပါပဲကလား၊ သည်စခန်းနှင့် သည်လမ်းကလွဲ၍ မောင်မင်းတို့ မသွားတတ်ကြဘူးလား ဟရို့ရဲ့"

ခပ်ပြုံးပြုံးပင် မိန့်တော်မူသဖြင့် မောင်မောင်တုတ်နှင့် မောင်မာင်ငယ်တို့မှာ သခင့်မျက်နှာ တော်သာခိုက်တွင် လျှောက်ထိုက်သော စကားများကို ခြွင်းချက်မထားလိုကြတော့ဘဲ…….. "မှန်လှပါ၊ သည်ခရီး ကိုသွားလျှင် သည်စခန်းကို ကွင်းရှောင်တော်မူနေ၍ ဖြစ်ကောင်းသည်လမ်းကို မသွားဘဲ နောက် ဆုတ်တော် မူရန်သာ ရှိပါတော့ကြောင်း၊ ရွှေကိုယ်တော်ဘုရားမှာလည်း အရှင် စုဖုရားကို အလွန်တရာ မြတ်နိုးတော် မူသဖြင့် မည်သည့်နည်းနှင့်မျှ နောက်ဆုတ်တော်မူနိုင်မည် မဟုတ်ကြောင်း သိရပါ၍ ဤကဲ့သို့ စီစဉ် ရခြင်း ဖြစ်ပါသည်ဘုရား"

လျှောက်ထားသည်တွင်မှ သီပေါမင်းသားလည်း ပြုံးတော်မူလျက်သားကပင်……..

www.burmeseclassic.com

"အေးလေ .........မောင်မင်းတို့ သင့်လျော်မယ်ထင်သလိုသာ ဆောင်ရွက်ကြပါတော့လို့ အခွင့်အရေး လွှဲ၍ ပေးတော်မူပြီးဖြစ်တဲ့အတွက် ရှိပါစေတော့။ ကဲ··· .ကဲ ဒီအလွှာတော်ကို မောင်မင်းတို့နှစ်ယောက် သွား၍ စုစုလက်ရောက် ဆက်ကြမယ် မဟုတ်လား"

တုတ်။ ။ "ကိုင်း·····ကျုပ်တို့တာဝန်တော့ အေးသွားပြီ ကိုရင်။ အထိန်းတော် သခင်ကြီးနဲ့ မြုပ်ချက်ကောင်း ပါကလား ကိုရင်ရဲ့"

တုတ်။ ။ "ဟုတ်တယ်၊ ဒီအမေကြီး ဘာဖြစ်နေတယ် မသိဘူးဗျ။ အခါတိုင်းဆိုလျှင် ကျုပ်တို့က မသွားသည့် တိုင်အောင် ပြောဆိုတိုင်ပင်ရန် ကိစ္စရှိလျှင် အခေါ်လွှတ်မြဲပဲ မဟုတ်လား။ ကျုပ်အထင်တော့ သူလည်း ကိုရင်တို့လိုပဲ သူ့စုဖုရားနှင့် အတိုင်အဖောက်မတည့်ကြတဲ့အတွက် ရှုတ်တရက် စကားပြန် ခက်နေပြီထင်တယ် ကိုရင်ရဲ့"

ငယ်။ ။ "ဟုတ်စရာရှိပါရဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ သည်ယနေ့တော့ ကျုပ်တို့နှင့် အထိန်း တော်ကြီး တွေ့ရ တော့မှပဲ။ သည်တော့ အကြောင်းပြခြင်းရာ သိရမှာပေ့ါ။ ယခုကျုပ်တို့ တောင်ဥယျာဉ်တော်သို့ သွားကြမယ်လားဗျ"

တုတ်။ ။ "ဟုတ်ကဲ့၊ ဥယျာဉ်တော်သွားကြရမှာပဲ၊ သို့သော်လည်း မသွားမီ အနောက်တန်း လျားက သူငယ်တော် ကလေးကို သွားကြမယ်လားဗျ"

ပြောကာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် အဂတ်ပုဆိုးများ လဲလှယ်ဂတ် ဆင်ကာ အိမ်တော်မှ ထွက်လာခဲ့ကြလေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ်သည် စုဖုရားလတ်အား သီပေါမင်းသားနှင့် တွေ့ဆုံတော်မူ ရန်အတန်တန် ဖျောင်းဖျ နားသွင်းလျက် ရှိခဲ့သော်လည်း စုဖုရားမှာ သီပေါမင်းသားအား ချစ်ခင် တိမ်ညွှတ်တော်မူသော စိတ်ထားရှိလင့်ကစား ရှုတ်တရက် နှစ်ပါးတွေ့ဆုံတော်မူရန် အရေးကို တွေးတော စဉ်းစားတော်မူ၍မရ၊ ရှက်အားတော်ပိုလှသဖြင့် အလိုမကျယောင်နှင့် ငြင်းရှောင်တိမ်း ဖယ်တော်မူဆဲ ဖြစ်သောကြောင့် ခင်ဘွားသစ်မှာ သီပေါမင်းသားနှင့်တကွ မောင်မောင်တုတ်တို့အ ပေါ်တွင် အလွယ်တကူ ကတိအပေးလွန်၍ စကာကျုံ့ခဲ့သလောက် အရေးမပါ အရာမရောက်နိုင် သေးသဖြင့် တွေးမိတိုင်း မျက်နှာပူနေသောကြောင့် မိမိထံမှ စကားလက်ဆောင် အပြန်အလှန်မလှ ၍မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့နှင့် အတွေ့စုဖုရားလတ်အား ရှောင်လွှဲတိမ်းဖယ်၍ နေခဲ့ သည်ဖြစ်လေရာ နေ့ရှိသမျှလည်း အခွင့်ရတိုင်းပင် စုဖုရားလတ်အား ဆံတော်ရှင်းပေးရသည့် အခိုက်အတန့် တွင် လည်းကောင်း၊ ဒဂ္ဂါရီပုံဂတ္တုများ ဆက်ရသည့် အခါတွင်လည်းကောင်း၊ အကြောင်းတိုက်ဆိုက်ရာ အာလာပသလ္လာပစကားပြောဟော နီးနှောတိုင်ပင်ကြသော အချိန်အခါ တွင်လည်းကောင်း အကြောင်း အခွင့် သင့်လျော်ပတ်သလို သီပေါမင်းသားကလေးမှ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခင်မြတ်နိုးတော်မူရှာသော စေတနာ အရင်းခံဖြင့် စုဖုရားနှင့် များစွာ တွေ့ဆုံတော်မူလိုရှာ ကြောင်း၊ စုဖုရားကလည်းသီပေါမင်းသားအား ချစ်ခင် မြတ်နိုး တော်မူရိုး မှန်ပါက တွေ့ဆုံတော်မူရန် အခွင့်အရေး ဆိုလာသည်ကို အသာတကြည်ပင် ခွင့်ပြုတော် မူသင့်ကြောင်း၊

စုဖုရားက အခွင့်အရေးပေးတော်မူပါလျှင် အရှင်နှစ်ပါးကို အလွယ်တကူ အနှောင့်အယှက်မရှိ ချောင်ချိလုံ

ခြုံစွာ တွေ့ဆုံတော်မူရန် မိမိတို့က စီမံဖန်တီးပေးမည်ဖြစ်ကြောင်း စိတ်ထားသန်သန်နှင့် ချစ်ခင် တော်မူရိုး မှန်ပါက တွေ့ဆုံတော်မူရန်အရေးကို ကြည်ဖြူစွာ အခွင့်ပေးသင့်ပြီဖြစ်ကြောင်း၊ တွေ့ တော်မူနိုင်ရိုးနှင့် မျှော်ကိုး စောင့်စားတော် မူနေရှာရသော သီပေါမင်းသားအတွက်လည်း ကရုဏာ ဖက်၍ သနားသက်ညှာ တော်မူသင့်ကြောင်း စသည်များကို စကားဝင်နိုင်ခွင့် ရှိသည့်အခါတိုင်း အသိုင်းအဝိုင်း အဖွဲ့အနွဲ့များနှင့် လှည့်ပတ်၍ တစ်မျိုး၊ ရိုးရှူဦးတိုက်လျှောက်သည်တို့က တစ်ဖုံ၊ အချစ်ရည်ဖြင့် လျှမ်းထုံလျက်ရှိခဲ့ရာ စုဖုရား၏ စိတ်တော်ကို နူးညံ့ညွတ်ယိုင်လာသည်တိုင်အောင် ဖျောင့်ဖျ နားသွင်းလျက်ရှိခဲ့ရာ အချိန်ကာလကြာသော် စုဖုရား လက်မှာလည်း အထိန်းတော်ကြီး စကားကို ရွှေနားဝင်တော်မူလာကာ ညွတ်ယိုင်ပျောင်းနွဲ့ နေရှာတော့၏။

သို့နှင့်လည်းစုဖုရားမှာ မူလကတည်းက သီပေါမင်းသားအပေါ်တွင် ချစ်မြတ်နိုးတော်မူ ကတည်းက ရှက်ရွံ့တော်မူသည့်စိတ်က ပြည့်သိပ်ကျပ်တည်းလျက် ရှိတော်မူသောကြောင့် နှုတ်တော်က ဖွင့်၍ အခွင့်အရေး ပေးတော်မူရမည်ကို တွန့်တို နှမြောလျက်ရှိသဖြင့် နေ့ရက် ရှည်ကြာနေခဲ့လေတော့ရာ စပ်ကြားမှ အကျိုးတော်ဆောင်သမား လုပ်ရသော ခင်ဘွားသစ်ကြီးမှာ စုဖုရားထံတော်က အမိန့်တော် မရလေလေ၊ အနေရအထိုင်ရ ခက်လေလေနှင့် ရက်ရှည်ဝေးတိုင်း စိတ်လေးထိုင်းမှိုင်း၍ နေခဲ့ရှာလေ၏။

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အပေါ်တွင်လည်း မိမိဘက်မှငှင်းတို့ အထင်ကြီး ခဲ့သလောက် ခရီးမရောက်၍ ရှက်ကြောက်အားနာဖြစ်ကာ တွေ့ရမှာကိုပင် တရွံ့ရွံ့နှင့်ကျောတွန့် ၍ နေမိပြီး မောင်မောင်တုတ် တို့လည်း ကံအားလျော်စွာပင် ကိုယ်အရေးနှင့်ကိုယ်တာဝန်မ ကျေလည်ကြသေး၍ တစ်ဦးကို တစ်ဦး ဝေးဝေးက ရှောင်ကွင်းနေကြခြင်းဖြင့် ရက်ပေါင်းအတန်ကြာ ခဲ့ရာ နှစ်ဖက်လုံးမှ အချစ် စေတမန် များ တာဝန်မကျေကုန်၍ နေ့ရက်တွေ ဖြုန်းတီးခဲ့သလောက် ကာယကံရှင်များဖြစ်ကြသော သီပေါမင်းသား နှင့် စုဖုရားလက်တို့တွင် အချင်းချင်းတွေ့ဆုံတော်မူ ကြရန် အရေးကို အရှက်သွေးတွန့်၍ အရွံ့သွေးဝင်ပြီး ခပ်အင်အင် ဟန်လုပ်တော်မူခဲ့ရင်းမှ ရက်ပေါင်းအတန်ကြာ တစ်ပါးထံတစ်ပါး ကူးလူး သွားလာနေမြဲဖြစ်သော အလွှာတော်ကလေးများ ပင် ပြတ်လက်ကွာဝေးနေကြသောကြောင့် လွမ်းတာ ကြွယ်၍ ပူနယ်သို့ဝင်ရတော့မယောင်ယောင် ဖြစ်လာနေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စုဖုရား၏ အတွင်းစိတ်ထားတော် မည်သို့ရှိတော်မူကြောင်း ရိပ်မိပါသော်လည်း စုဖုရားမှာ ရှက်ရွံ့တော်မူခြင်း တည်းဟူသော ခံတပ်ကို မဖြိုနိုင်၍ ဤအရေးကို မည်သို့ အေးအောင် အကျိုးဆောင်ရပါမည်နည်းဟု တစ်ယောက်တည်းအကြံညဏ် ထုတ၍ နေခဲ့ရာမှ နောက်ဆုံး တွင် သီပေါမင်းသား အား အဆောင်တော်သို့ သွားပင့်ခေါ်လာပြီး စုဖုရားနှင့် နှစ်ပါးတည်း တွေ့ဆုံတော် မူနိုင်စေရန် စီမံဖန်တီးပေးလိုက် တော့မည်ဟုစျတ်ကူးကြံစည် လေ၏။

ဤသို့စိတ်ကူးကြံစည်ပြီးသည့်နောက်မှလည်းစုဖုရားသည်ထိုအကြံအစည်ကို နှစ်သက် တော်မမူ ပြန်ပါက စိတ်တော်က ဆတ်ဆတ်နှင့် မအပ်မရာ ဖြစ်လေမည်လားဟု စဉ်းစားမိပြန်၏။ သို့ရာတွင် စုဖုရား မှာ အချစ်တည်းဟူသော နယ်ပယ်အတွင်းသို့ သက်ဆင်းကျူးကျော်မူခဲ့ပြီးဖြစ်၍ မိမိထင်သလောက် ကမောက်ကမ ဖြစ်ကြရန်မရှိဟု ထင်မိသည့်အတိုင်း မိမိ၏အစီအမံကို ထပ်မံအားပေး၍ အခွင့်အရေးကို တွေးတော ကြံဖန်မိပြန်ရာ ယခုအခြေအနေတွင် သီပေါမင်းသား ဘက်ကလည်း မည်သို့ရှိမည် မသိရသေးသောကြောင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ကို မေးမြန်း တီးခေါက်ကြည့်လိုသော ဆန္ဒပေါ်ပေါက်လာပြန်လေ၏။

ထိုအခါမူကား မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အသွားအလာ ပြတ်လပ်ကာ မတွေ့ကြပြီလည်း ကြာပြီဖြစ်သဖြင့် သူတို့တစ်တွေ နေမှနေနိုင်လွန်းကြပေလေဟု စိတ်တွင်းက ညည်းညူမိရာ တစ်ဖန်လည်း စဉ်းစားမိသောကြောင့် " အင်း··· သူ့ခမျာများလည်း ငါကိုအများကြီးတွေ့ချင်ရှာကြပေလိမ့်မယ်၊ ငါက အတွေ့မခံ ၍သာ မတွေ့မမြင်ရဘဲ နေကြရှာ သည "ဟု တစ်ယောက်တည်း တွေးတောစဉ်းစားလျက် ရှိစဉ် လက်ပါးစေ အပျိုတော်ကလေး တစ်ဦးအနီးသို့ရောက်လာပြီး။

" သခင်ကြီးဘုရား၊ အဆောင်တော် နောက်လှေကားတွင် သူငယ်တော်လေးတစ်ဦး သခင်ကြီးဘုရားကို တွေ့လိုကြောင်း ပြောလာပါသည်။ သည်ကို ခေါ်ခဲ့ရပါမည်လားဘုရား"

ပြောသောကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ်လည်း သူငယ်တော်လေး လာသည်ကိုသိသည်နှင့် တစ်ပြိုင်နက် မိမိနှင့် မောင်မောင်တုတ်တိုတ်တို့ လူစုအဆက်အသွယ်ပြု ပြုရာမှ အနောက်ပိုင်း မင်းမိန်းမတို့ဌာန၌ အစစအရာရာ အထွက်အဝင်၊ အသွားအလာ လွယ်ကူချောင်ချိစေခြင်းငှာ အဆိုပါ သူငယ်တော်ကလေးများကို လက်သုံးပြု၍ ထားခဲ့သည့်အ လျောက်မောင်မောင်တုတ်တို့ထံမှ စကားအပို ရောက်လာသည်ဟု အတက်တွေးမိကာ။

www.burmeseclassic.com

www.burmeseclassic.com

" ဟဲ့… ငါထွက်၍တွေ့ခံလိုက်ပါမယ်။ ဒီဆီကိုမခေါ်ခဲ့ပါနှင့်"

ဆိုကာ အထိန်းတော်ကြီးသည် ကပျာကယာ ထွက်၍လာလေ၏။ သူငယ်တော်က လေးလည်းအထိန်းတော်ကြီးကို မြင်လိုက်သောအခါ လေ့ကားခုံအောက်မှ ဒူးထောက်၍ ထိုင်ပြီးလက်ထဲ က အင်္ဂလိပ် စက္ကူလွှာကလေးကို လူသူလေးပါး အမြင်အောင် အမှတ်မဲ့ လှမ်းပေးလိုက်သည်နှင့်

"အေး…အေး" ဟုဆိုကာ ဖြန့်ကြည့်လိုက်သည်တွင်။

အရှီးတော်ဖုရားထံတော်သို့ အစီရင်တော်ခံပငါသည်။

မောင်မောင်တို့ တောင်ဥယျာဉ်တော်တွင် စောင့်၍ နေပါသည်။ အရှီးဖုရားအမြန်ကြွ တော်မူခဲ့ပါ။ ရွှေကိုယ်တော်ဖျား ထံမှ အလွှာတော်လည်း ပါရှိပါသည်။ အရှီးဘုရားကို မောင်မောင် တို့အစီရင်ခံရန် စကား များလည်း အတော်များပါသည်။ သို့ဖြစ်ပါ၍ ယခုအလွှာတော်ကို ရရှိတော်မူ ပါက တောင်ဥယျာဉ် တော်သို့ အမြန်ကြွလာတော်မူစေလိုပါကြောင်း။

မောင်မောင်တုတ်။

မောင်မောင်ငယ်။

ပါရှိသဖြင့် အထိန်းတော်ကြီးမှာ 'ရေငတ်တုန်း ရေတွင်းထဲကျဘိအလား' ကျေနပ်ပြုံးရွှင်သော မျက်နှာထား နှင့် သူငယ်တော်ကလေးအား……

" ဟဲ့….အကောင်ကလေး၊ ငါယခုပင် လာခဲ့ပါမယ်ဆိုတာ မောင်မောင်တို့ကို သွား၍တင် ချေပါဘိ"

ဆို၍သူငယ်တော်ကလေးသည်"တင်ပါဘုရား" ဟုဆိုကာ အဆောင်တော်ဘက်သို့ဖြည်း ညင်းစွာ စောင့်ငဲ့ကြည့်သည်တွင် စုဖုရားလတ်မှာ စောစောက မိမိပုံပြော၍ ဆက်ရင်းစက်ပျော်တော်မူသွားသဖြင့် လက်ပါးစေကလေး ခါနွေက သလွန်တော်ခြေရင်းတွင် ဒေါင်း မြီးယပ်လေ သွေးနေမြဲ နေလေသည်နှင့် မိမိပင်ဂါကို အသာယူ၍ လောပဲတင်ခြုံပြီး ခင်မကြီးတို့နေ ရာသို့ ကူးလာခဲ့ရာ စုဖုရား စက်တော်မူ ဆဲဖြစ်၍အဆောင်တော် တစ်ဖက်တွင် တီးတိုးစကားပိုင်း ဖွဲ့နေကြသည့် ခင်မကြီးစသော အပျိုတော်များမှာ အထိန်းတော်ကြီး ဝင်လာသဖြင့် စကားပြောရာ မှ အသာရပ်နားကြပြီး ခင်မကြီးကပင် စတင်ကာ….

" အလို …. သခင်ကြီးဘုရား၊ ဘယ်များထွက်တော်မူမည်တုံးဘုရား" ဟုဆီး၍မေးသဖြင့် အထိန်းတော် ကြီးလည်း တီးတိုးပြောစေရန် လက်ဂါးဖြန့်ကာ လက်ဆောင်တော်ရသည် ကြား၍

www.burmeseclassic.com

www.burmeseclassic.com

ပုတီးတစ် ကုံးလောက် သွားတောင်း မယ်လို့၊ တယ်၍မကြားစေဘူး။ ယခုပင် ပြန်လာခဲ့မယ်။ စုစုဖုရား စက်ရာက နိုးတော်မူ၍ မေးလျှင် လျှောက်တင်လိုက်ကြပါဘိ "

ဆိုကာ အထိန်းတော်ကြီး ခင်ဘွားသစ်သည် ကသီကရီနှင့် ကပျာကယီ ထွက်လာခဲ့လေ ၏။ မိမိစကားအတိုင်း အပျိုတော်ကလေးများ ယုံမှားသံသယ ကင်းရှင်းကြစိမ့်သောငှာ မိဖုရားငယ် များ ခံစား နေထိုင်ရာဖြစ်သော အနောက်ဆောင်များဆီသို့ ဦးတိုက်ထွက်လာခဲ့ရာမှတစ်ဖန် အနောက်ပန်းခုံတော် ဘက်သို့ ချိုးထွက်ကာ မိန်းမစိုးတို့စောင့်သော အနောက်အုတ်လှေကားကြီးမှ အမှတ်မဲ့ ဆင်းလျက် တောင်ဥယျာဉ် ဘက်သို့ ခပ်သွက်သွက် လှမ်းခဲ့လေသတည်း။

ဥယျာဉ်တော်ထဲတွင် လည်တဆန့်ဆန့်နှင့် စောင့်မျှော်လျက်ရှိကြသော မောင်မောင်တုတ် နှင့် မောင်မောင်ငယ်တို့လည်း အထိန်းတော်ကြီး ရောက်လာသောအခါ အားရပမ်းသာ ဆီးကြိုကာ ဖြင့်… …

"ဟော…….. အရီးဖုရား ချက်ချင်းပဲ ကြွလာတော်မူလာပြီ၊ ကျန်းမာတော်မူပါစေ"

နှုတ်ခွန်း ဆက်ကြ၍ အထိန်းတော်ကြီးကလည်း……..

"အရီးဖုရား ကျန်းမာပါရဲ့ မောင်မောင်တို့ရယ်၊ ဒါနှင့် မောင်မောင်တို့လည်း နေပဲနေနိုင် တော်မူကြပါပေရဲ့ ။ ရွှေကိုယ်တော်ဖုရားကော ကျန်းမာတော်မူပါရဲ့လား"

အပြစ်တင်သံကလေးပေးလျက် ပြန်လှန်နှုတ်ခွန်း ဆက်လိုက်သောခါ မောင်မောင်ငယ်က လည်း အရှုံးမပေး လိုသော စိတ်ထားနှင့်။

" အလိုလေး……အရီးဖုရားက အပြစ်တော်တင်ချက် စောလှပါတယ်၊ မောင်တို့မှာဖြင့် အရီးဖုရားနှင့် တွေ့လိုတွေ့ငြား ဆိုသလို သုံးရက်တစ်ခါ၊ လေးရက်တစ်ခါ သည်ဥယျာဉ်တော်အ တွင်းမှာ မယောင်မလည် လာလိုက်ရတာ မောရှ်နေပါပြီ။ အရီးဖုရား နေနိုင်တော်မူလိုက်ပုံများ နယ်။ အရိပ်အယောင် ကလေးမှ မတွေ့ရပါ။ ဩော်……. အရီးဖုရားတို့မှာတော့ အကျော်အမော် ဇော် အတိပတိ သမီးတော် ထိပ်ခေါင်ဖုရား၏ အထိန်းတော်ကြီး တစ်ပါးဆိုတော့ ကျွန်တော်တို့လို အောက်တန်းစား ဘာမဟုတ် တဲ့ လူပျိုတော်ကလေးများကို"

စကားမဆုံးခင် အထိန်တော်ကြီးက မောင်မောင်ငယ်၏ ကျောကို ပုတ်ခါ………

www.burmeseclassic.com

www.burmeseclassic.com

"အမယ်မင်း… … …တော်ပါ၊ မဟုတ်တာတွေ ငေါ့တော်မူမနေစမ်းပါနှင့်။ မောင်မောင်တို့လာတယ်ဆိုတာ တကယ်ပြောနေတာလား။ လာရိုးမှန်ပါလျှင် အရီးဖုရား မလာသည်တိုင်အောင် ယခုလို သူငယ်တော် ကလေးကို စေလွှတ်၍ အကြောင်းကြားလိုက်ပါတော့လားလို့။ ဒီလိုအကြောင်းကြားလျက် ကာမှ မလာတော့ အရီးဖုရားအဆိုးပေ့ါ မောင်မောင်"

ပြောလျှင် မောင်မောင်တုတ်က ကြားဂင်ကာ ပြုံးရွှင်သောမျက်နှာနှင့် ......

" ဒီလိုစေလွှတ်မယ်ဆိုတာလည်း စဉ်းစားမိပါရဲ့ အရီးဖုရားရယ်၊ သို့ပေမဲ့ အရီးဖုရားတို့ စုထားဖုရားက ကျွန်တော်တို့ ရွှေကိုယ်တော်ဖုရားအား မည်ကဲ့သို့ သဘောတော်ထားသည်လဲ မသိ ရ ၊ အရီးဖုရား ထံကလည်း ဘယ်လို အကျိုးအကြောင်းမှ ပြန်ကြားခြင်း မရှိသေးတဲ့အတွက် အရီးဖုရားမှာ ကိုယ့် အရှင်သခင် ထံမှ အခွင့်အရေးမသာသေးလို့ ကျွန်တော်တို့ထံ အကြောင်းမပြန်သေးတာနှင့်တူရဲ့ဆိုပြီး နားပူ မတိုက်ချင်၍ အလိုက်သိစွာ နေရခြင်းပါ အရီးဖုရားရဲ့"

ပြောလျှင် အထိန်းတော်ကြီးခင်ဘွားသစ်မှာ မောင်မောင်တုတ်၏ မျက်နှာကို ခပ်ပြုံးပြုံးပြန် ကြည့်လျက် အင်း… … …အတော်ထိတဲ့ စကားလုံးပါကလားဟု စိတ်ထဲမှ စဉ်းစားမိကာ ဖြေရန် စကားစ ရှာမရ သေးသကဲ့သို့ ငေးနေမိစဉ် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ "ချက်ဆိုရုံ နှင့် နားခွက်က မီးတောက်"သူများ ဖြစ်သည့်အတိုင်း အထိန်းတော်ကြီး ခင်ဘွားသစ် ခပ်ငေးငေးဖြစ် နေသည်ကိုပင် မိမိတို့ တွေးထင်ခဲ့သည့်အတိုင်း ဟုတ်လေပြီဟု ရိပ်မိလျက် အချင်းချင်း မျက်စိမှိတ် ၍ အချက်ပြလိုက်ကာ မောင်မောင်တုတ်က သွက်လက်သော အမူအရာနှင့်…………

"နေပါဦး အရီးဖုရားရဲ့၊ ထိပ်စုမြတ်ဖုရားက ကျွန်တော်တို့ ရွှေကိုယ်တော် ထွက်တော် မူဖို့ ကိစ္စအတွက် ဘယ်လိုများ အမိန့်တော်ရှိပါသတုံး၊ လုံးလုံး အတွေ့ခံတော် မမူဘူးလို့များ ငြင်းပယ် တော်မူလိုက်ပါသလား"

အထောက်တော်စစ် ကောက်ခါငင်ကာ စစ်လိုက်သည်တွင် ခင်ဘွားသစ်မှာ ကယော်ကက တမ်းနှင့်။

"အို……သည်လိုလည်း ပြတ်ပြတ်တောင်းတောင်း မိန့်တော်မမူပါဘူး မောင်မောင်ရဲ့၊ အလှူတော် ရရှိတော်မူသော်လည်း တွေ့ဆုံတော်မူရနအ်ရေးတွင် အရှက်သွေး ဂင်တော်မူနေ သေးတဲ့ လက္ခဏာပါ။ အရီးဖုရားက သည်အကြောင်းကို ပြောတိုင်း ပြောတိုင်း ခပ်အင်အင်နှင့် ငြင်းပယ် ပြီး'ကြွတော် မူလာပါတော့လို့ အလှူတော် ပြန်ရမှာ ရှက်ပါတယ် သစ်သစ်ရယ်' လို့ မိန့်တော်မူနေတော့တာပဲ မောင်မောင် ရဲ့။ အရီးဖုရားလည်း ရွှေကိုယ်တော်ဘုရား အလိုတော်ပြည့် စေရန် စုထားဖုရားကို အမြဲလိုပဲ တိုက်တွန်းသွေးဆောင်လျက် ရှိပါတယ်။ စုထားဖုရား၏ ရွှေစိတ် တော်ကလည်း ရွှေကိုယ်တော်ဖျားကို ချစ်အားသန်တော်အမူသားမို့ ရွှေကိုယ်တော်ထံမှ နောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ် အလှူတော်ရလျှင် ဘယ်လိုနည်းနှင့်မျှ ပြင်းရောင် တော်မူတော့မည် မထင်ပါဘူး မောင်မောင်တို့ရယ်။

ဒါကြောင့်လည်း အရှီးဖုရားမှာ စိတ်တော်တော်အမောသားပါပဲ၊ တော်တော် စောစောက သူငယ်တော် ကလေး ရောက်လာပြီး မောင်မောင်တို့ တောင်ဥယျာဉ်ထဲမှာ စောင့်နေ ကြောင်း ရွှေကိုယ်တော် ဖျားထံမှ အလှူတော်ပါလာကြောင်း သိရသည့်အတွက် အတော်ပင် စိတ် အေးပြီး ဂမ်းအမြောက်ကြီးမြောက် သွားမိတယ်။ ဘယ်မလဲ မောင်မောင်တို့ယူလာတဲ့ ရွှေလှူတော်"

မောင်မောင်ငယ်သည် မိမိတို့ယူဆောင်လာသော ရွှေလှူတော်ကို အထိန်းတော်ကြီး လက် သို့ပေးအပ်လျက်.........

"ပေးသည် ရွှေလှူတော်ဟာလည်း အဆောင်တော်သို့ ထွက်တော်မူလိုသည့်အကြောင်းနှင့် အခွင့်တောင်း တော်မူလိုက်တာပါပဲ၊ ယခုလို တစ်ကြိမ်က နှစ်ကြိမ် အခွင့်ပန်လို့မှ ဟန်ကျပုံ မပေါ်ရင် လည်း ကျွန်တော်တို့ ရွှေကိုယ်တော်ကတော့ ချစ်တော်အမူသား အရှီးဖုရားတို့ အရှင်စုထိပ်မြတ် ဖုရားကသာ ရွှေမေတ္တာဖက် မညီလို့ ရှက်သည်လေး ကြောက်သည်လေးနှင့် အမျိုးမျိုး ဆင်ခြေပေးပြီး နှောင့်နေတော်မူနေသည်လို့ တွေးစရာ ဖြစ်နေတော့မှာပဲ အရှီးဖုရားရဲ့"

လေးလေးတွဲ့တွဲ့ ပြောလိုက်ခြင်းဖြင့် ခင်ဘွားသစ်ကလည်း နက်နက်နဲနဲတွေးပြီး.........

"အင်း... ... . ဒီလိုထင်မယ်ဆိုရင်လည်း ထင်စရာပဲပေါ့ မောင်မောင်ရယ်၊ သို့ပေမဲ့ စုဖုရားရဲ့ စိတ်တော်ကို အရှီးဖုရား သိသလောက် ပြောရမည်ဆိုလျှင် ရွှေကိုယ်တော်ဖုရားအပေါ်တွင် အတော်ပင် မြတ်နိုး ကြင်နာတော်မတာပါပဲ။ သို့သော်လည်း ဒီလိုတွေ့ဆုံတော်ကြဖို့ အရေးမှာဖြင့် ရှက်သွေး ဂင်တော် မူနေတဲ့အတွက် ရုတ်တရက် အခွင့်အရေးပေးတော်မမူသေးတာနှင့် တူပါတယ်။ တကယ်တမ်း ရွှေကိုယ်တော်ဖျား ထွက်တော်မူလာမည် ဆိုလျှင်လည်း အခွင့်အရေးပေးတော်မမူ သည်တိုင်အောင် စိတ်တော်အထွေအထူး ရှိမယ်မထင်ပါဘူး မောင်မောင်ရဲ့။ ဒါကြောင့်လည်း သည်အလှူ ပေးဆက်ပြီးလို့မှ မထူးလျှင် အရှီးဖုရားက တစ်မျိုးတစ်မည်ကြံပြီး စုစုအဆောင်တော် ထဲသို့ မောင်မောင်တို့ ရွှေကိုယ်တော် ဖျားကို မရောက်လျှင် ရောက်အောင် ကြံဆောင်လို့ဖြစ်စေ၊ သို့မဟုတ်လည်း အခြား တစ်နည်းနည်း နှင့် နှစ်ပါးဆုံ တွေ့တော်မူစေရန် စီမံဖန်တီးလို့ ပေးတော့မယ်လို့ စိတ်ကူးထားပါတယ် မောင်မောင်ရဲ့"

ဆို၍ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ အတော်ပင် စိတ်အားထက်သန်လာကြ လျက် ရုတ်တရက် အထိန်တော်ကြီးအနီးသို့ ကပ်ကာ .........

www.burmeseclassic.com

www.burmeseclassic.com

"အဲ……..သည်အကြံဖြင့် အင်မတန် နေရာကျလိမ့်မယ် ထင်ပါတယ်၊ အရှီးဖုရား ယခု အလှူတော် ရောက်လို့မှ နောက်နောက်ကထက် ပိုပြီး မထူခြားဘဲ နှစ်ပါးတွေ့ဆုံတော်မူဖို့ အရေး ဖင့်နေး ကြန့်ကြာ နေဦးမယ် ဆိုပါက အရှီးဖုရား အမိန့်ရှိတော်မူတဲ့အတိုင်း တစ်နည်းနည်းနှင့် ကြံဖန်၍ အမြန်ဆုံး ကိစ္စ ပြီးအောင် ဆောင်ရွက်မှ နေရာကျပါတော့မယ်။ အမှန်အတိုင်း အစီရင် ခံရမယ်ဆိုတော့ ကျွန်တော်များရဲ့ ရွှေကိုယ်တော်ဖျား ကလည်း အင်မတန်မှ ရိုးတော်မူလှတဲ့ မင်းသားတစ်ပါး ဖြစ်လေတော့ စုထားဖုရားထံက စုစုက လက်ခံသင့်ပါမည်၊ မြန်မြန်သာ ထွက်တော် မူခဲ့ပါ

မောင်မောင်ဘုရားဆိုတဲ့ ပြန်လှူတော်ရသည်တိုင်အောင် ကြောက်ကြောက်ရွံ့ရွံ့ နောက်တ တွန့်တွန့် ထွက်တော်မမူပဲ့ မူပဲ့နှင့် အရဲစွန့်ပြီး ကြွလာတော်မူရုရမယ့်သူ ဖြစ်လေတော့ ကျွန်တော်တို့နှင့် အရှီးဖုရားက ဖိဖိစီးစီး ကြံစည်လို့ထားမှ အစစ ရှေ့စကား နောက်စကား ညီပြီး အစီအစဉ် သင့်မြတ် ပါလိမ့်မယ်။ ဤလိုသာ တစ်ပါးကလည်း ရှက်အားကိုငဲ့၊ တစ်ပါးကလည်း ကြောက်အားတော်ပိုနှင့် အလိုလို စိတ်မောတော် မူနေကြရသမျှ ကျွန်တော်တို့၊ အရှီးဖုရားတို့မှာ လည်း စပ်ကြားက အလကား ဗျာများ နေကြ ရတော့မှာပဲ"

ပြောပြသောကြောင့် ……..

" အို… .. ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်၊ မောင်မောင်တို့ သခင်နှင့် အရှီးဖုရားတို့ ထိပ်ခေါင်တင်ဖုရား ချစ်ရင်ငွေ့စုလျား လုံ့မိကြမှ သည်ကိစ္စ ပြီးစီးကြရပေမယ်၊ အေးစက်အေးစက် နှင့် ယခုလိုသာ အရေးပျက်နေလျှင် လေးနက်တဲ့ ချစ်မေတ္တာတော်များတွင် အနှောင့်အယှက် အဖျက်အဆီးတွေ ဂင်တတ်တယ် မောင်မောင်ရဲ့"

" ဟုတ်ပါတယ်။ သို့အတွက် အရှီးဖုရားက ယခု အလှူတော်ကို ဆက်ပြီး၊ ခပ်မြန်မြန်က လေး ခရီးနှင်တော်မူပါ။ အရှင်စုဖုရားနှုတ်တော်က အခွင့်သာလျှင်သာ သို့မဟုတ် ကာလမကြာစေ ဘဲ ကျွန်တော် တို့နှင့် အရှီးဖုရားစည်းဝါးကိုက်ပြီး အမြန်ဆုံး နည်းနှင့် နှစ်ပါးတွေ့တော်မူကြရန် တေ့ ဆိုင်စီမံပေးကြမှပဲ"

မောင်မောင်ငယ်က ဂင်၍ တလောပူပြန်သည်တွင် ခင်ဘွားသစ်လည်း အကြောင်းမဲ့ ပျာယီးပျာယာ ဖြစ်လာရတော့ကာ………

"ကောင်းပါပြီ မောင်မောင်ရယ်၊ ကဲ …….ဒါဖြင့် အရှီးဖုရားလည်း ကြာကြာစကားပြော၍ မနေသာ တော့ဘူး၊ နောက်များမှ တွေ့ကြသေးတာပေါ့။ ခုတော့ ပြန်လိုက်ဦးမယ်။ အရှီးဖုရားသည် ကို ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com

တော့ စုထားဖုရား စက်ပျော်တော်မူရစ်တယ်။ ခုနယ် နိုးတော်မူပြီး အမေးတော်ရှိ နေလို့ အနီးမှာ မတွေ့ရတဲ့အတွက် စိတ်ကောက်တော်မူနေဦးမှာလည်း စိုးရသေးတယ် မောင်မောင်တို့ရဲ့"

ပြောဆိုနှုတ်ဆက်ကာ ဆက်သရန် ရွှေလွှာတော်ကလေးကို လုံခြုံစွာ လျှို့ပုက်ယူဆောင် လျက် တောင်ဥယျာဉ်တော် ထဲမှ ခပ်သုတ်သုတ်လေး ထွက်သွားသော အထိန်းတော်ကြီးအား မောင်မောင်တုတ် နှင့် မောင်မောင်ငယ်တို့ နှစ်ယောက် ငေးမျှော်ကြည့်ပြီးပြုံးပြုံးကြီး ကျန်ရစ်ကြရာ မှ မောင်မောင်တုတ် စတင်၍ မောင်မောင်ငယ်၏ ပခုံးကို ပုတ်ကာ.........

"ကဲ......... တစ်ပူတော့ အေးသွားပြန်ပြီ ကိုရင်ရေ့၊ ဒါနှင့် ရှေ့တော်က အကျိုးတော်ဆောင် ရန် ထွက်ခဲ့ကြရပြီ၊ ရွှေကိုယ်တော်လည်း မျက်နှာတော်သာတဲ့အခိုက် နေဂင်ခါနီးမှပဲ အိမ်တော်သို့ ပြန်ကြမယ်၊ ထွက်လာရတဲ့ တစ်လက်စတည်း အချိန်လည်း စောသေးသည့်အတွက် ကျုပ်တို့ တဲအို ပျက်ကလေးကို နှုတ်ဆက် ဂင်ကြဦးစို့လား"

ပြောသဖြင့် မောင်မောင်ငယ်က .......

"ဟောဗျာ၊ အပြင်ထွက်ရသည်နှင့် တစ်ချက်တည်း ဖွေဖောက်၍ လာတော့သည်ပဲ။ ကိုရင့်တဲကို ကျုပ်ကလည်း မလိုက်ချင်ဘူး၊ ခက်လို့တော့နေသည်ဗျ"

ညည်းညည်းညူညူ ပြောလေရာ .......

"အို... ... .မလိုက်ချက်ပေတဲ့ သည်းခံပြီး လိုက်ခဲ့ပါဦးဗျာ၊ နှစ်ယောက်အတူ လာပြီးမှကိုရင် တစ်ယောက် တည်း ပြန်လာပြီး ကျုပ် မပါလာဘူဆိုရင် ဘယ်ကောင်းမလဲ။ နို့ပြီး တမင်တကာ အမိန့်တော် ခံပြီးမှ ထွက်ရပြန်တော့လည်း ခုလို အရေးကြီးနေတဲ့အခါမှာ အခွင့်တော်မူမှာ မဟုတ်ဘူးဗျ။ ဒါကြောင့် ယခု ထွက်ရတဲ့ တစ်လက်စတည်း ကျုပ်ကိစ္စလည်း ပြီးလိုက်ပါရစေတော့။

အရင်က ကိုရင်နှင့် တစ်လှည့်စီ အမိန့်တော်ခံပြီး အိမ်ပြန်မည် ပြောထားတာလည်း ကျုပ်အလှည့်ကို အခုဟာ နဲ့ ပဲ ခြေလိုက်ပါ။ နောက်တစ်ခါ ကိုရင့်ကိုပဲ အလှည့်ပေးပါမယ်။ ကဲ... ... ..ကျေနပ်ရဲ့ မဟုတ်လား"

ပင်ကျရည် ကြည်ကြည်လှဲ့ကလေးများကို စိတ်ထဲက တွေးမိလျက် နှုတ်ခမ်းများကို လျှာနှင့် လျက်ခါ ထပ်တလဲလဲ တောင်းပန်ရှာသည်တွင် ခပ်ခပ်အင်အင်နေခဲ့သော မောင်မောင်ငယ်က လည်း ကိုယ့်အကြံနှင့်ကိုယ် အပြုံးပြုံးလာပြီး .........

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့်လည်း ရှေ့က ကြွတော်မူပါဗျာ။ ကျုပ်လိုက်ရတော့မှာပေါ့"

ခပ်ဝေ့ဝေ့ပြောကာ နှစ်ယောက်သား တောင်ဥယျာဉ်တော် အတွင်းမှ ထွက်၍ မြောက်မြို့ တံခါးဘက်သို့ ရှေးရှု့ သွားကြလေ၏။

အခန်း (၂၆) မနက်ဖြန်

အခန်း(၂၆)

အထိန်းတော်ကြီး ခင်ဘွားသစ်သည် ပါလာသော အလှာတော်ကို စုဖုရားလတ်၏ လက်တော်သို့ ဆက်ပြီးနောက် စုဖုရားက မည်ကဲ့သို့ အမိန့်တော်စကား ပြန်မည်ကို စိတ်အားထက်သန်စွာ စောင့်ဆိုင်း နေပါသော်လည်း စုဖုရားလတ်မှာ အလှာတော်ကို ရှုစားနေသော အလှာတော်ကို အနီးရှိ ရွှေကလပ် ပေါ်တွင် ဖြည်းညင်းစွာ တင်ထားပြီး အထိန်းတော်ကြီးဘက်သို့ လှည့်ကာ။

"ခက်ပါဘိတော့ သစ်သစ်ရယ်၊ သီပေါမောင်မောင်ကလည်း စုစုနှင့် အလွန်တရာမှ တွေ့ဆုံတော် မူလိုလှတယ်လို့ အလှာတော် သပြန်ပြီး စုစုကလည်း မောင်မောင်ကို ဘယ်လိုပင် ချစ်ခင်တော်မူသော်လည်း နှစ်ပါးတည်းတွေ့တော်မူဖို့ အရေးကိုတွေး၍ ရှက်ရွံ့တော်မူနေတာပဲ။ သီပေါ မောင်မောင်ကလည်းနော်။ ယခုလို တစ်ဦးနှင့်တစ်ဦး အလှတ်တော်ချင်း ကူးနေရပါလျက် ဘယ်အတွက်ကြောင့် ယခုလောက် တွေ့တော်မူချင်တယ် မသိပါဘူး"

ညည်းညည်း ညူညူ မိန့်တော်မူလေရာ အထိန်းတော်ကြီးမှာ လျှောက်တင်စရာ အခွင့်သာ ပြန်သည့် အလျှောက်...
"သည်လိုပါဘုရား၊ အပင်မြင့်မြင့်မှာ မွှေးရနံ့တသင်းသင်းနှင့် လှဲ့ဝင်းတဲ့ ပန်းမဉ္ဇူကို ဘယ်သူမျှ အဝေးက မြင်ရုံနှင့် တင်းတိမ်အားရသည် မဟုတ်ဘဲ မဉ္ဇူခိုင် ရနံ့မွှေးကို လက်ကလေးနှင့် ခူးဆွတ်ပြီး နှုးညွတ်တဲ့ စိတ်အာရုံက ဂန္ဓာရုံအတွေ့ကို မမေ့အောင် ခံစားချင်ကြသလို အရှင် သီပေါကိုယ်တော်ဘုရားကလည်း မဉ္ဇူသက ပန်းဖူးကလေးနှင့်တူသော ချစ်မြတ်နိုးတော်မူလှတဲ့ အရှင်စုထိပ်ဖျားကို အဝေးက အလှာကမ်းပြီး မှာတမ်း သနေရရုံနှင့် အားရတော်မမူ မွှေးကြူသင်းပျံ့တဲ့ ပန်းရနံ့ ဂန္ဓာရုံကို နီးကပ်စွာ...
စကားမဆုံးမီ စုဖုရားက ရှက်အားပိုတော်မူဟန်ဖြင့်...

"ဟာ... တန်ပါတော့ သစ်သစ်ရယ်၊ ဘယ်လိုစကားတွေများ လျှောက်ထားနေတယ်မသိ၊ စုစု နားရှက်တော်မူပါဘိတယ်။ သစ်သစ်ကြီးက သည်လိုစကားဦး သန်းလေလေ၊ စုစုမှာ တွေ့တော်မူဖို့ ကျောချမ်း လေလေပါပဲ။ ရှက်လည်း ရှက်စရာကြီးပါ။ တကယ်လို့ သည်ဆီကို မောင်မောင် ကြွတော်မူ လာပါပြီတဲ့။ သစ်သစ်ကတော့ သိပြီးသား အတွင်းလူယုံကြီးဖြစ်လို့ ထားပါတော့။ ဟို... အပြင်ဘက်မှာ ခစားထမ်းရွက်နေကြတဲ့ အပျိုတော်တွေ၊ လက်ပါးစေတွေကို စုစု ဘယ်လိုရှက်တော်မူမှန်း မသိပါဘူး

www.burmeseclassic.com

www.burmeseclassic.com

သစ်သစ်ကြီးရယ်။ မောင်က ဘယ်လိုပဲ အလှာနှင့် အခွင့်တောင်းစေတော့ စုစု ကြွလာတော်မူပါတော့လို့ ဖိတ်မန္တက မပြုရဲတာ အမှန်ပဲ။ အဲဒါ ဘယ့်နှယ်လုပ်ကြမတုန်း သစ်သစ်ရဲ့။ စုစု ရှက်တော်မူတာကလည်း တစ်ဖက်၊ မောင်မောင့်ကို သနားအားနာနေတာကလည်းတစ်ဖက်၊ "သစ်နှစ်ပင်ကြား ပေါက်တဲ့ဂါး"လို အနေတော် များလည်း ခက်လှပါပြီ"

ထပ်မံ ညည်းညူတော်မူပြန်သောကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ်မှာ လော့်ရင်း နစ်ဘိအလား အလျှောက် အထား ခက်လာပြီး...

"သည်အတိုင်းသာဖြင့် အင်မတန်မှ ခက်နေတော့သည်ဘုရား။ ရှေ့တိုးတော်မူစရာလည်း ရှက်တော်မူတဲ့ စိတ်ထားကြောင့် အများကြီး ခက်တော်မူနေပြီ။နောက်ဆုတ်ရမည်ကလည်း ရွှေကိုယ်တော်ဘုရားကို အသနား တော်မူရုံမက ချစ်တော်မူလှတဲ့ စိတ်များက မယိုင်မလဲအောင် နှောင်ကြိုးတည်းထားလေတော့ အလိုတော်ကို မလိုက်နိုင်ဟု ပိုင်ပိုင်ငြင်းပယ်တော်မူရက်မည့် မဟုတ်တဲ့အတွက် သည်တွင်မှ တစ်ခက်ကြီး ခက်သွား လေတော့သည်ဘုရား"

ညည်းညည်း တွားတွားပင် ပြန်၍ လျှောက်တင်လေတော့သည်နှင့်...

"ဟင်... စိတ်ရှုပ်တော်မူပါဘိတယ် သစ်သစ်ရယ်"

စုဖုရားလတ်က ညည်းတွားတော်မူပြီး သက်ပြင်းကြီး ရှူတော်မူလိုက်လျက် ရွှေကလပ်ထက်မှ အလှာ တော်ကို ပြန်ယူရှုစားတော်မူနေပြန်လေ၏။

အထိန်းတော်ကြီးလည်း စုဖုရားလတ်အနီးတွင် အကြံယူပြီး ခစားနေရာမှ တစ်စုံတစ်ခုကို သတိရ လေဟန်ဖြင့်...

"သည်မျှလောက် စိတ်ရှုပ်တော်မူနေရန်လည်း မရှိပါဘူး စုထားဖုရားရယ်၊ တွေ့ဆုံလက်ခံတော်မူရန် ရှက်တော်မူလျှင်လည်း တဖြည်းဖြည်း အချိန်ဆွဲ၍ နေတော်မူပြီး ငြီးငွေ့ရှုပ်ထွေးတော်မူတဲ့ စိတ်တော်များ ကြည်လင်ရှင်းလင်းသွားတော်မူရန် ပျော်ပျော်ရွှင်ရွှင် မွေ့မွေ့ပျောက်ပျောက်သာ စံတော်မူပါ။ သည်အရေးကို သစ်သစ် အေးအောင်ကြံဆောင်နိုင်ပါတယ် စုထားဖုရားရဲ့"

လျှောက်တင်သည်တွင် စုဖုရားလည်း အတန်ငယ် အားတက်တော်မူလာပြီး...

"အဲ... စုစုတို့ အထိန်းတော်ကြီးကို ဒါတွေကြောင့် အားကိုးပြီး အမျိုးမျိုး ချစ်တော်မူနေရတာပဲ။ စုစုဖြင့်လေ မောင့်မောင့်အလိုတော် လိုက်ရမှာလည်း ရှက်တော်မူလှလို့ မလိုက်လိုဘူး။ မလိုက်ဘဲ နေပြန်လျှင်လည်း မောင်မောင်က အထင်အမြင်မှားပြီး မေတ္တာတော် ညှိုးသွားမည် စိုးရိမ်တော်မူနေရတယ်။ သည်တော့ မောင့်မောင့် စိတ်တော် ပြောင်းသွားပြီး စုစုထံသို့

www.burmeseclassic.com

ကြွလာတော်မူလိုတဲ့ စိတ်များ နည်းပါးသွားအောင် သွေးဆောင်နိုင်လျှင်ဖြင့် စုစု အင်မတန် ဂမ်းမြောက်တော်မူမှာပဲ သစ်သစ်ရဲ့"

အထိန်းတော်ကြီးကို ကန့်ကလျနှင့် မိန့်တော်မူသောကြောင့် ခင်ဘွားသစ်လည်း စိတ်ထဲက အကြံနှင့် ပြုံးပြီး...

"စိတ်ချပြီး စံနေတော်မူပါ။ သစ်သစ်ဟာ စုထားဖုရားအတွက်ဆိုလျှင် အသက်နဲ့လဲ၍ အကျိုးတော် ဆောင်ရွက်မည့် အထိန်းတော်ကြီး တစ်ဦးဖြစ်ကြောင်း အထူးသဖြင့် ယုံကြည်တော်မူပါ။ အစစ အရာရာမှာ စုထားဖုရား၏ အလိုတော်ကျ ဖြစ်စေရပါမည်။ သည်ကိစ္စအတွက်နှင့် ကြံကွက်၊ စည်ကွက် ရှိသမျှ လွတ်လွတ်လပ်လပ် သွားလာဝင်ထွက်နိုင်ခွင့်ကိုသာ သစ်သစ်ကို အထူးအခွင့်အရေး ပေးထားတော် မူစေချင်ပါတယ်။ နို့ပြီး အစစအရာရာမှာ သစ်သစ်က ကောင်းရာ ကောင်းကြောင်း ညွှန်ပြလျှောက်တင် သောအခါများမှာလည်း စုထားဖုရားက ဟိုနယ် သည်နယ်နှင့် ကြေးများတော်မူမနေဘဲ လိုက်လိုက် လျောလျော ပြုတော်မူပါလို့ အခွင့်တော် တောင်းထားပါရစေ ဘုရား"

လျှောက်ထားတောင်းဆိုသဖြင့် စုဖုရားလတ်ကလည်း ကျေကျေနပ်နပ်နှင့် အခွင့်ပြုတော် မူလိုက်သည့် အလား...

"ကဲ..ကဲ သည်နေ့ကစ၍ သစ်သစ် သဘောရှိရာ အခွင့်ပြုတော်မူပါတယ်။ စုစု စိတ်ရှုပ်တော်မူသည့် အရေး ကိုသာ စိတ်အေးအောင် ပြုပေးပါတော့"

မိန့်တော်မူလိုက်သောကြောင့် အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မိမိစိတ်ကူးရသလို ကျယ်ကျယ်လွင့်လွင့် အခွင့်အရေး ပိုင်ပိုင်နှင့် ကြံစည်နိုင်ခွင့် ရရှိသွားသောကြောင့် ထိုနေ့မှ အစပြုလျက် အကွက်သင့်သလို စီမံဖန်တီးရန် တစ်ယောက်တည်း အကြံယူပြီး စုဖုရားလတ်ကိုလည်း အမျိုးမျိုး အထွေထွေ ချော့မော့ ဖျောင်းဖျကာ နှစ်သိမ့်ကျေနပ်စရာ သတင်းအရပ်ရပ်ကိုသာ လျှောက်တင် ခစားနေလေ၏။

သီပေါမင်းသား စံအိမ်တော်တွင်မူကား သီပေါမင်းသားမှာ နမတော်စုဖုရားထံမှ ပြန်ကြားတော်မူမည့် အလွှာတော်ကို မျှော်ငံ့ စောင့်စားတော်မူလျက် ရှိလေ၏။ စုဖုရားထံတော်မှ အလွှာတော်ကို ရှုစားတော် မမူရသည်မှာလည်း ရက်ပေါင်းအလွန်ကျူး၍ လဘက်သို့ပင် ကူးခဲ့ပြီ ဖြစ်သောကြောင့် တမ်းတမ်းတတနှင့် လွမ်းစိတ်တော်များပင် ခ၍ နေတော်မူလျက် ရှိ၏။ အရှင်သခင်ဖြစ်သော သီပေါမင်းသားသာလျှင် စုဖုရားလတ်ထံမှ အလွှာတော်ကို မျှော်ခေါ်တမ်းတတော်မူသည် မဟုတ်သေးဘဲ လူပျိုတော်သား အပါးတော်မြဲများ ဖြစ်ကြသည့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာလည်း အထိန်းတော်ကြီးထံမှ သတင်း စကားကို အမျှော်ကြီး မျှော်လျက် တစ်နေ့တစ်ရက်မျှ စိတ်မအားနိုင်အောင် ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ရက်များမကြာမီ တစ်နေ့တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း အထိန်းတော်ကြီးကို စုံစမ်းမေးမြန်းရန် တောင်ဉယျာဉ်တော်သို့ ရောက်လာရပြန်လေ၏။ မူလအချိန်းအချက် စကားအတိုင်း အထိန်းတော်ကြီး ခင်ဘွားသစ်မှာ ဉယျာဉ်တော်အတွင်းသို့ ရေးကြီးသုတ်ပျာနှင့် ရောက်လာပြီး အချင်းချင်း စကားနီးနှောမိကြရာမှ။

တုတ်။ "ဘယ့်နယ့်တုံး အရှီးဖုရားရဲ့။ အလွှာတော်လည်း မပြန်၊ လက်ခံတော်မူပါမယ် ဆိုတဲ့ စကားကိုလည်း မကြားရနှင့် ကျွန်တော်တို့မှာ စပ်ကြားက ဗျာများလှပါပြီ၊ ရွှေကိုယ်တော်ဘုရားလည်း တစ်မေးတည်း မေး၍ နေတော့တယ် အရှီးဖုရားရဲ့"

သစ်။ "မောင်မောင်တို့ကလည်း အပြစ်တင်စောလှချည်လား၊ အရှီးဖုရားဖြင့် မောင်မောင်

တို့ ရွှေကိုယ်တော်ဖျားအတွက် အကျိုးတော်ဆောင်ရသည်မှာ မောများ ယူပါတော့သည်။ ယခုလည်း စုဖုရား အထံတော်က အလွှာတော်ရသည်ထက် ပိုပြီး ဂမ်းမြောက်ရမယ့် သတင်းတစ်ခုကို အရှီးဖုရား ကိုယ်တိုင် ရွှေကိုယ်တော်ဖျားထံ လာပြီး လျှောက်တင်မည့်ဆဲဆဲပါပဲ။ မောင်မောင်တို့ ဉယျာဉ်တော်ထဲ ရောက်တော်မူ ကြပြီဆို၍သာ သည်ဆီကို လာခဲ့ရတာကလား"

"သြော်...သည်လိုပါလား၊ ဒါဖြင့် ကျွန်တော်တို့ အပြစ်တင်မိတာကို ခွင့်လွှတ်တော်မူပါ အရှီးဖုရားရယ်"

အရေးတကြီး တောင်းပန်လျှင် မောင်မောင်ငယ်ကလည်း ဂင်၍...

ငယ် ။ "ကျွန်တော်ကတော့ အရှီးဖုရားနှင့် တွေ့ရတဲ့အခါ အစစ နေရာကျပြီဆိုတဲ့ တွေးမိပြီးသားပါ။ ဒါကြောင့်လည်း အစကတည်းက သည်အရှီးဖုရားကို ကျွန်တော်တို့ အများကြီး အားကိုးခဲ့တာပေါ့"

ပြောလိုက်မှ ခင်ဘွားသစ်လည်း အတော်သဘောကျသွားသောကြောင့် မျက်နှာထား တပြုံးပြုံးနှင့် နှလုံးသို့ လေခွေ့ကာ...

သစ် ။ "သည်ကိုကလား၊ မောင်မောင်၊ အရှီးဖုရားက ရွှေကိုယ်တော်အလိုကျ ဖြစ်စေရန်၊ နေ့စဉ်နှင့်အမျှ အစစ ကြံဖန်ပြီး စုထားဖုရားကိုလည်း အနည်းနည်း အဖုံဖုံ ဖျောင်းဖျ နားသွင်းသည်နှင့် ယခုဖြင့် ယခင်ကလို ရုက်၍ တော်မူတဲ့စိတ်ကြောင့် တထိတ်ထိတ် ရင်ဖိုတော် မမူတော့ဘဲ အရှီးဖုရား ဆွဲငင်သွေးဆောင်ရာ လိုက်ပါတော်မူပြီး "အဆောင်တော်ထဲမှာ လက်ခံတွေ့ဆုံတော်မူလို့ နေရာကျမယ် မထင်ပါဘူး သစ်သစ် ရယ်၊ အခြားသင့်တော်တဲ့ တစ်နေရာရာမှာ တွေ့ဆုံတော်မူကြမည်ဆိုလျှင်လည်း အကောင်းသားလို့" စကားအရိပ်နိမိတ် ပြတော်မူပြီးမှ "အို... သည်လိုလည်း နေရာကျမည် မထင်ပါဘူး သစ်သစ်ရယ်၊ အရင် စုထား မင်းယောကျ်ားကလေးများလို ဂတ်ဆင်တော်မူတုန်းက ဆိုလျှင်လည်း အဂင်အထွက် အသွားအလာ အလွန်တရာ လွယ်တရာ

www.burmeseclassic.com

လွယ်ကူချောင်ချိတော်မူတာပဲ၊ ယခုလို မင်းသမီးဘဝနှင့် ဣန္ဒြေရရ ဖိဖိစီးစီး နေထိုင်ရတာလည်း တစ်နည်းအားဖြင့်တော့ အင်မတန် စိတ်ကျဉ်းကျပ်တော်မူလှပါကလား သစ်သစ် ရယ်"လို့ မိန့်တော်မူတဲ့အတွက် အရီးဖုရားကလည်း သည်တစ်ခါဖြင့် အချက်ရပဟဲ့လို့ ဆိုပြီး စုစု အလိုတော်လည်း ကျစေ၊ ရွှေကိုယ်တော်နှင့်လည်း တွေ့တော်မူရစေလို့ မနားမနေ အကြံထုတ်လိုက်ရတာ၊ ယခုဖြင့် နေရာကျပြီ ဆိုပတော့ မောင်မောင်ရယ်"

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်က အားရထက်သန်စွာနှင့် ဘယ်လိုနေရာကျတာလဲ အရီးဖုရားရဲ့၊ ကျွန်တော်တို့ ဂမ်းသာစမ်းရအောင် အမိန့်ရှိတော်မူပါဦး"

သစ် ။ "ပြောပါမယ် မောင်မောင်ရဲ့၊ အဲသည်လို စုထားဖုရား ညည်းတွားတော်မူလိုက်တဲ့ လက်စနှင့် ဆက်လက်ပြီး အရီးဖုရားကလည်း တစ်မျိုးတစ်မည် လှည့်ပတ်တဲ့ သဘောနှင့် စုထားဖုရားကို အရင်ကလို မင်းယောက်ျားကလေးအသွင် ဂတ်ဆင်တော်မူပြီး လှည့်လည်သွားလာနေတော်တူမူတာကို တစ်ခါတစ်ရံ ကြည့်မြင်လိုကြောင်း၊ အဆောင်တော်ထဲမှာ အောင်းပြီး မိန်းမကောင်းမတန်နေရသည့် အချိန်ကာလ တွေကလည်း အတော်ပင် ကြာခဲ့ပသဖြင့် အညောင်းပြေ အညာပြေ ဆိုသလို မင်းယောက်ျားကလေးလို တစ်လှည့်ဆင်ပြီး တောင်ဥယျာဉ်တော်ထဲသို့ လှည့်လည်တော်မူရန် ကောင်းကြောင်း၊ ဥယျာဉ်တော် အတွင်းမှာလည်း အခါတိုင်းထက် သာသာယာယာ ရှိနေကြောင်း၊ နိုင်ငံရပ်ခြားမှ ဆက်သရောက်လာသော ထူးထူးဆန်းဆန်း ပန်းသစ်ပင်တွေလည်း စိုက်လို့နေတဲ့အကြောင်း ရေကြည့်နန်းတော်ကလေးနှင့် သေးမဲ့ပေး၍ မွေးထားသော ရွှေငါး၊ ငွေငါးကလေးများလည်း ရေးကထက် အတော်တိုးပွားနေကြောင်းများကို အာညောင်း လောက်အောင် ချီးကျူးတင်လျှောက်လိုက်တာနှင့် နက်ဖြန်ကို အရီးဖုရားနှင့် စုဖုရား တောင်ဥယျာဉ် တော်ကို ခေါင်းဆေးထွက်တော်မူတော့မည်တဲ့။ မယ်တော်ဖုရားကိုလည်း အခွင့်ပန်ကြားလို့ ပြီးစီးပါပြီ။ သည်အချက်မှာ မောင်မောင်တို့ ရွှေကိုယ်တော် ထွက်ကြွလာတော်မူဖို့ပါပဲ။ ကဲ... ဘယ့်က လောက် အရီးဖုရား အကျိုးတော်ဆောင်လိုက်ရတယ်ဆိုတာ ချင့်၍ ကြည့်ကြပါတော့ မောင်မောင်"

တုတ် ။ "ဟာ... သည်လိုဆိုရင် ရွှေကိုယ်တော်များကလည်း များများကြီး ဂမ်းသာတော်မူသွားမှာပဲ အရီး ဖုရားရဲ့။ အမယ်လေးလေး...မြန်မယ့် မြန်တော့လည်း တစ်ခါတည်းကို အပြီးအစီး ဖြစ်သွားတော ့တာပါပဲကလား။

ငယ် ။ "သည်လို ကြားသိရတာ အင်မတန်မှ ဂမ်းမြောက်ပါတယ် အရီးဖုရားရယ်၊ ကျွန်တော်တို့မှာတော့ အလှာတော်နှင့် အကြောင်းပြန်လိမ့်မယ် အထင်နှင့် အဆင်သင့် မျှော်လို့ နေကြရပါတယ်။ ယခုလို ဖြန်းခနဲ အကြောင်း ညီညွှတ်လိမ့်မည်လို့ပင် မထင်မိသေးပါဘူး။ အရီးဖုရားတို့ စုဖုရားက သည်လိုတော့လည်း အတော် ရှားသားနော်"

တုတ် ။ "ဒါနှင့် အရှင်စုဖုရားကတော့ နက်ဖြန် မောင်တော်နှင့် တွေ့ဆုံတော်မူကြရလိမ့်မယ်ဆိုတာ သိတော်မူပြီးသား ဖြစ်မှာပေါ့နော် အရီးဖုရား။

www.burmeseclassic.com

www.burmeseclassic.com

သစ် ။ "ဒီလိုလေ... မောင်မောင်ရဲ့၊ အရှီးဖုရားတို့ရဲ့ စုထားဖုရားက မောင်တော်ကို ချစ်အားသန်သဖြင့် အင်မတန်မှ စိတ်တော်တွင်းက တွေ့တော်မူချင်သည် တိုင်အောင် ဥပါယ်တံမျဉ်နှင့် ဟန်ဆောင် အလွန်ကောင်းပါသည်။ ရွှေကိုယ်တော်ကို သူ့အဆောင်တော်သို့ ကြွလာတော်မူပါတော့လို့ အကြောင်းပြန် ရမည်ကိုပင် အင်မတန်မှ ရှက်တော်မူသတဲ့ မောင်မောင်ရဲ့။ သို့အတွက်ကြောင့် စုဖုရားရဲ့ ပရိယာယ်တော် ကို အရှီးဖုရားက ရိပ်မိပြီး ဂိနည်းလွတ်အောင် ကြံဆောင်လျက် ဉယျာဉ်တော်သို့ ထွက်တော်မူဖြစ်အောင် သွေးဆောင် လျှောက်တင်ခဲ့ခြင်းပါ။ သည်ဟာကို စုဖုရားကိုယ်တော်တိုင် မရိပ်မိဘဲ ရှိမည်လား မောင်မောင် ရယ်။ အင်မတန် အလိမ္မာကြွယ်တော်မူတဲ့ စုဖုရားပါ"

တုတ် ။ "ဟာ... ဟုတ်မှလည်းလုပ်ပါ အရှီးဖုရားရယ်၊ တော်တော်ကြာမှ ခွကျ၍နေပါဦးကလည်း အားကြီးကို ကြောက်ရွံ့စိုးရိမ်တော်မူတတ်ရာတယ်။ ဒါကြောင့် တွေ့တွေ့ဆိုင်ဆိုင် ဖြစ်ခါမှ စုထားဖုရားကလည်း မရေရာ၊ ရွှေကိုယ်တော်ခများကလည်း မရဲနှင့် မလွဲလွဲ အမှားမှားဖြစ်ပြီး ခွအကျကြီး ကျကုန်ကြမလား အရှီးဖုရား ရယ်"

သစ် ။ "အို... မောင်မောင်တို့ကလည်း မဟုတ်တာကို တွေးပြီး စိတ်လေးတော်မူမနေကြပါနှင့်။ အခါအခွင့် ကြည့်ပြီး ပိုင်လောက်တဲ့နည်းနှင့် ကြံစည်၍ ပေးခြင်းပါ။ သည်ကိစ္စအတွက်ဖြင့် အရှီးဖုရားက ရဲရဲကြီး အားမခံ လို့ထားပါမယ်။ မဖွယ်မရာ မဖြစ်စေရပါဘူး။ နို့ပြီးတော့ အရှီးဖုရားလက်ပေါ်မှာ စုဖုရားက နှုတ်တော်က ထွက်ရမှာကို ရှက်အားတော်ရှိသဖြင့် တပည့်လိမ္မာ ဆရာအာပတ်လွတ် ဆိုတဲ့သဘောနှင့် တမင်တကာ မရိပ်မိ မသိလေဟန်ပြု၍ နေတော်မူတာပါ။ ငါ့ အထိန်းတော်ကြီးဟာ သည်ယုန်ကိုမြင်လို့ သည်ချုံ ကို ထွင်တဲ့အကြောင်း ကောင်းကောင်းကြီး သိတော်မူပြီး ဖြစ်ပါတယ် မောင်မောင်တို့ရဲ့"

တုတ် ။ "ဒီလိုဆိုရင်လည်း စိတ်အေးရတာပေါ့ အရှီးဖုရားရယ်။ သို့သော်လည်း အင်မတန်မှ စိုးရိမ် ကြောက်လန့်တော် မူတတ်တဲ့ ရွှေကိုယ်တော်ဖျားကိုတော့ ယခုလို အကြောင်းကို မသိတော်မူစေဘဲ စုဖုရားက မှာထားတော်မူလေဟန်နှင့် ကြံဖန်လျှောက်တင်မှ ဖြစ်မှာပဲ အရှီးဖုရားရဲ့"

သစ် ။ "ဒါတွေကို အရှီးဖုရားက အားလုံး နားလည်ပါတယ် မောင်မောင်ရယ်၊ သည်သတင်းစကားကို ရွှေကိုယ်တော်ဖျား တင်လျှောက်တဲ့အခါ မောင်မောင်တို့ နားသာ ထောင်နေကြပါ။ ကဲ..ကဲ အချိန်လည်း မရှိဘူး မောင်မောင်တို့ရေ၊ ရွှေကိုယ်တော်ထံသွား အရှီးဖုရား ကိုယ်တိုင် လျှောက်ထားလာရဦးမယ်။ မောင်မောင်တို့ နှင့် အတူသွားလျှင်လည်း လူသူ လေးပါးမြင်လို့ မကောင်းသေးဘူး၊ သည်တော့ ခပ်မြန်မြန် မောင်မောင်တို့ နှစ်ယောက်က အိမ်တော် အရောက်ပြန်နှင့်ကြပါလေ။ အရှီးဖုရား မြောက်ဉယျာဉ်တော်က ပန်းပြီး မြောက်ဘက်လမ်းက လာခဲ့ပါမယ်"

တုတ် ။ "ကောင်းလှပါပြီ အရှီးဖုရား၊ ကိုင်း... ဒါဖြင့် ကျွန်တော်တို့ သွားလိုက်ပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း တောင်ဥယျာဉ်တော်ထဲမှ ခပ်သုတ်သုတ် အိမ်တော်ရှိရာသို့ ပြန်လာခဲ့ကြလေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း မှာရင်း စကားအတိုင်းပင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့ အိမ်တော်သို့ ရောက်ပြီးနောက် များမကြာမီပင် သီပေါမင်းသားရှေ့တော်သို့ ခစားမိ လေ၏။ သီပေါမင်းသား လည်း အထိန်းတော်ကြီးကိုယ်တိုင် ခစားရောက်လာခြင်းအတွက် အတိုင်း ထက် အလွန် ဂမ်းမြောက် တော်မူလျက် ပြုံးရွှင်ကြည်လင်သော မျက်နှာတော်ဖြင့်။

"အထိန်းတော်ကြီးပါကလား၊ မပေါ်လာတာ အတော်ပင် ကြာခဲ့ပြီထင်သည်။ စုစုကော ကျန်းမာတော် မူပါရဲ့လား အထိန်းတော်ကြီးရဲ့"

နှုတ်ခွန်းဆက်သတော်မူခြင်းကြောင့် ...

"မှန်ပါ၊ ရွှေကိုယ်တော်ဖျား၏ မေတ္တာတော်များ ခိုလှုံတော်မူရသည့် အားလျော်စွာ စုထားဖုရား ကျန်းမာတော်မူကြောင်းပါ။ ကျွန်တော်မျိုးမ အခစား မပင်ရသည်မှာတော့ အရှင်စုဖုရား၏ အပါးတော်မှ ခွာ၍မရနိုင်အောင်ပင် ယုယုယယ ပြုရစုရနှင့် အမှုတော်က အများသားမို့ မအားမလပ်နိုင်အောင်ပင် ရှိသဖြင့် အရှင်ကို သတိရလျက်နှင့် အခစား ပျက်ကွက်ရခြင်းဖြစ်ကြောင်း အပြစ်တော်မတင်ရန် သနားတော် မြတ်ခံရကြောင်းပါ ဘုရား"

မင်းသား ။ "အပြစ်တော် မမူပါဘူးဗျာ၊ ကျုပ်ကလည်း အထိန်းတော်ကြီး အခစားမရောက်လာကတည်းက အမှုကိစ္စများပြီး မအားမလပ်ဘူးဆိုတာ တွေးမိပါရဲ့၊ ယခု အခစား ရောက်လာခြင်းဟာလည်း အထူးအရေးကြီးတဲ့ ကိစ္စကြောင့်သာ ရောက်လာခြင်းဖြစ်တယ်လို့ ယုံကြည်တော်မူမိတယ်"

သစ် ။ "မှန်လှပါ၊ ရွှေကိုယ်တော်ဖျားထံတော်မှ ပေးသနားတော်မူသော ရွှေလွှာတော်များနှင့် ပတ်သက်ပြီး ဘုရားကျွန်တော်မျိုးမက အစစ အမှုတော်ထမ်းပြီးစီးပါသဖြင့် ကြွလာတော်မူရန် အချိန်အခါ သင့်မြတ်ကြောင်း လျှောက်တင်ရန် ဖြစ်ပါသည်ဘုရား"

သီပေါမင်းသားလည်း အနည်းငယ် အံ့အားသင့်တော်မူသွားရာမှ အနီးအပါးတွင် ခစားနေကြသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ဘက်သို့ တစ်ချက်လှမ်းကြည့်တော် မူပြီးမှ ဣန္ဒြေရရနှင့် ပြုံးတော်မူပြီး....

မင်းသား ။ "အထိန်းတော်ကြီးက ကျုပ်အတွက် အားကြိုးမာန်တက် အမှုတော်ထမ်းရွက်နေကြောင်း သိရလို့ အားရတော် မူမိပါတယ်ဗျာ။ နို့ ... နေစမ်းပါဦး။ ကြွလာတော်မူရန် အချိန်အခါ သင့်မြတ်ပါပြီလို့ လျှောက်တင် လိုက်တဲ့ စကားအရ စုစုဆီက အလွှာတော်များ ပါလာပါသလား အထိန်းတော်ကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

သစ် ။ "ဘုရာ့ကျွန်တော်မျိုးမတို့ရဲ့ အရှင်ထိပ်စုဖုရားက အလွှာတော် ရေးသားပြန်ကြားရသည်ထက် သစ်သစ် ကိုယ်တိုင်သွား၍ သီပေါမောင်မောင်ရယ် ဖုရားကို လျှောက်ထားသံတော်ဦးတင်ချေပါလို့ စေတော်မူ လိုက်ခြင်း ဖြစ်ပါသည်ဘုရား"

မင်းသား ။ (ပြုံးတော်မူပြီး) " သြော် ... သြော် သည်ကိစ္စကြောင့် အထိန်းတော်ကြီး ကိုယ်တိုင် ရောက်လာ ရတယ် ဆိုပါတော့"

သစ် ။ "မှန်လှကြောင်းပါဘုရား"

မင်းသား ။ "သည်လိုဖြင့် ကျုပ်က စုစုရဲ့ အဆောင်တော်သို့ လာရတော့မှာပေါ့နော်"

မနီးမဝေးမှ ခစားနေကြသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ပြီး မပြုံးမိကြရန် အနိုင်နိုင် ဟန်လုပ်နေကြရလေ၏။

သစ် ။ "ဘုရာ့ကျွန်တော်မျိုးမ တင်လျှောက်ပါရစေဦးပါ ဘုရား။ အရှင်စုထားဖုရားနှင့် ရွှေကိုယ်တော်ဖျားတို့ နှစ်ပါး တွေ့ဆုံတော်မူရန် ဌာနမှာ စုထားဖုရား၏ အဆောင်တော်အတွင်း၌ အချင်းချင်း တွေ့ဆုံတော်မူမည် ဆိုပါက စုထားဖုရားကလည်း အဆောင်တော်တွင် ခစားထမ်းရွက်ကြသည့် အခြားသော အပျိုတော်များ၊ လက်ပါးစေ ကလေးအလယ်တွင် ရှက်တော်မူပါတယ်ဟု မိန့်တော်မူသည်တစ်ကြောင်း၊ အရှင်စုဖုရား၏ အဆောင် တော်မှာလည်း အနောက်မင်းမိန်းများ အဆောင်တော်များ၏ အလယ်ပိုင်းတွင် တည်ရှိတော် မူပါသောကြောင့် ရွှေကိုယ်ဖျား ထွက်ကြွလာတော်မူပါလျှင် အမှတ်မထင် လူသူတွေ့မြင် ရိပ်မိသွားကြမည် စိုးရိမ်မိသည် တစ်ကြောင်းကြောင့် စိတ်အေးချမ်း လုံခြုံစွာ ကြောင့်ကြမဲ့ တွေ့ဆုံတော်မူနိုင်ရန် အကောင်း ဆုံးဖြစ်တဲ့ နေရာဌာနတစ်ခုကို ကြည့်ရှုရှာဖွေရာတွင် တောင်ဥယျာဉ်တော်အတွင်းရှိ ရေကြည့် နန်းတော် ကလေးတွင် မင်းနှစ်ပါး အေးချမ်းစွာ တွေ့ဆုံ စံနေတော်မူပါရန် ရွေးချယ်ထားပြီး စုထားဖုရားကလည်း ထိုနေ့တွင် မင်းသမီးအသွင် ဖျောက်လျက် ရေးကထက် ငယ်ရွယ်တော်မူစဉ်ကကဲ့သို့ မင်းညီမင်းသား အသွင် ဂတ်ဆင်တော်မူလျက် တောင်ဥယျာဉ်တော်သို့ ထွက်တော်မူ လိမ့်မည် ဖြစ်ကြောင်း ပါဘုရား"

မင်းသား ။ (အနည်းငယ် စသ်းစားတော်မူဟန်နှင့်) "အင်း... သည်လို စုစုက မင်းယောကျ်ား ကလေး အသွင်နှင့် ထွက်တော်မူလာလျှင်ဖြင့် အတိုင်းထက်အလွန် ရောကျပါလိမ့်မည်။ ကျုပ်ကလည်း အနောက် ဆောင်တော်ထဲသို့ လာရမှာကို မရဲဘူးဗျ။ သည်အကြံဟာ အင်မတန် ဟန်ကျတာပဲ။

သို့သော်လည်း တစ်ခုစဉ်းစားစရာ ရှိတာက တောင်ဥယျာဉ်တော်ထဲမှာ ဆိုလျှင် မင်းမှုထမ်းကြီးငယ်များ အခြားသော မင်းသမီး မင်းသားများ အခါမပြတ် ထွက်ဝင်သွားလာရာဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

နေရာဌာနဆိုတော့ ကျုပ်နဲ့ စုစုနဲ့ ယခုလို တွေ့ဆုံတော်မူသည်ကို တစ်စုံတစ်ယောက်က တွေ့မြင်၍ မသွားနိုင်ပေဘူးလား၊ စုစုက မင်းယောက်ျား လေးအသွင် ဖတ်ဆင်တော်မူထားသဖြင့် အဝေးက တွေ့မြင်ရသူများက သင်္ကာယန ကင်းရှင်း သည်ထားဦး တောင်ဥယျာဉ်တော်အတွင်းသို့ မကြာခဏ အပျင်းပြေ ထွက်တော်မူလေ့ရှိတဲ့ နောင်တော်ကြီး သုံးဆယ်ကိုယ်တော်ကြီးတို့၊ ညောင်ရမ်းကိုယ်တော်ကြီးတို့၊ မက္ခရာကိုယ်တော်ကြီးတို့နှင့် ရင်ဆိုင် တိုးမိလျှင် ငါ့ ညီညီတို့ ဘာလုပ်နေကြသလဲဆိုပြီး အနီးသို့ ရောက်လာမှ ဖုံးမရ၊ ဖိမရနှင့် သာ၍ ခွကျကုန် တော့မှာပဲ အထိန်းတော်ကြီးရဲ၊ ကျုပ်ကလည်း သူတကာနှင့် တွေ့မြင်ရမှာထက် သည် နောင်တော် ကြီး သုံးပါးနှင့် တွေ့ရမှာများ အားကြီး စိုးရိမ်မိပါတယ်"

သစ် ။ "သည့်ကလောက်တောင် အတွေးတော်ခေါင်ပြီး တောင်တောင်မြောက်မြောက် အရေးတွေကို စိုးရိမ်တော်မမူစေလိုပါဘုရား။ တကယ့်တကယ် နောင်တော်ကြီးဘုရားများနှင့် တွေ့တော်မူ သွားသည်တိုင်အောင် နောင်တော်ကြီးများက ကိုယ်ချင်းစာတရားနဲ့ အင်း... ငါတို့ပင် ကြင်သက်တော် မိဖုရားတွေ အများကြီး ယူနေသေးတာ၊ သူ့ခမျာများ အသက်ကလေးတွေကလည်း အငယ်သားမို့ သနား စရာ၊ ကိစ္စချောမောသွားရာပါစေဆိုတဲ့ စေတနာမျိုးထားပြီး ခမည်းတော်ဘုရားကိုပင် လက်ထပ် ပေးသနား တော် မူစေရန် ကူညီပြီး အမိန့်တော် ခံပေးပါလိမ့်ဦးမည်ဘုရား"

မင်းသား ။ (ပြုံးတော်မူပြီး) "ကျုပ်နောင်တော်ကြီးများရဲ့ စိတ်တော်ကတော့ ချစ်ခင်ကြင်နာတော် မူတတ် ကြောင်း ကောင်းကောင်းသိပါရဲ့ဗျာ။ ဒါပေမဲ့ ကိုယ်က အပြစ်တင် မကင်းစရာ အလုပ်ကို လုပ်မိတော့ အတွေး နှင့် တရေးရေး လန့်တော်မူမိသေးတာပဲ အထိန်းတော်ကြီးရဲ့။

သစ် ။ "စိတ်အေးအေးသာ ကြွလာတော်မူပါဘုရား၊ ဘုရာ့ကျွန်တော်မျိုးမက တကယ်တွေ့တော် မူကြသည့်တိုင်အောင် စိုးရိမ်ရန် မရှိတဲ့အကြောင်းကို ထင်ရှားစေလို၍သာ လျှောက်တင်ရခြင်း ဖြစ်ပါတယ်၊ စင်စစ် အားဖြင့်လည်း သုံးဆယ်ကိုယ်တော်ကြီးမှာ အမိန့်တော်နှင့် စစ်ကိုင်းဘက်က ဖတ်ချက်ရွာသို့ ထွက်တော်မူသွားပါတယ်၊ က္ခရာကိုယ်တော်ကြီးမှာလည်း စက်ရုံတော်များသို့ အကြည့်အရှု အစစ်အဆေး သွားတော်မူရသော ရက်အတွင်း ဖြစ်ပါတယ်။ ညောင်ရမ်း ကိုယ်တော်များသို့ အကြည့်အရှု အစစ်အဆေး သွားတော်မူရသော ရက်အတွင်း ဖြစ်ပါတယ်။ ညောင်ရမ်းကိုယ်တော်ကြီးမှာလည်း ရွှေကိုယ်တော်ကြီးမှာ လွှတ်တော်ဝန်ကြီးများနှင့် တွဲဖက် တရားစီရင်တော်မူရသော အလုပ်ကျနေပါတယ်၊ သို့အတွက် ယခုရက် အတောအတွင်းတွင်ဖြင့် သည်ကိုယ်တော် မင်းသားကြီးသုံးပါးဟာ ဘယ်နည်းနှင့်မျှ တောင်ဥယျာဉ် တော်အတွင်းသို့ ထွက်ကြွလာတော်မမူနိုင်ကြောင်းပါဘုရား"

မင်းသား ။ "အင်း... ဟုတ်ပေသားပဲ။ အထိန်းတော်ကြီးကပင် သိရှိပေသေးရဲ့။ ဒါဖြင့် ကျုပ် စိတ်ထင့်စိုးရိမ်တော်မူစရာအရေးက တစ်စခန်းအေးသွားပြန်ပေပြီ။ ကဲ...ကဲ သည်လိုဖြင့် စုစုက ဘယ်နေ့ ဘယ်ရက်မှာ တောင်ဥယျာဉ်တော်သို့ ထွက်တော်မူမည်တဲ့လဲ အထိန်းတော်ကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

သစ် ။ "တင်ပါ၊ အရှင်ထိပ်စုမြတ်ဖုရား၊ တောင်ဥယျာဉ်တော်သို့ ထွက်တော်မူရန် အရေးနှင့် မယ်တော်ဘုရားထံ အမိန့်တော်ခံ၍လည်းရ အစစလည်း အခွင့်အခါကြိုက်ညီသဖြင့် နက်ဖြန် နေ့နှစ်ချက် မတီးမီ တောင်ဥယျာဉ် တော်စခန်းရှိ ရေကြည်စံနန်းတော်သို့ စုထားဖုရား ကြွလှမ်းထွက ်ချီတော်မူပါလိမ့်မယ်။ သို့အတွက် ရွှေကိုယ်တော်ဖျားကလည်း နေ့နှစ်ချက်မတီးမီပင် တောင်ဥယျာဉ် အတွင်း သင့်လျော်ရာ ဌာနတွင် ကြွရောက်စောင့်စားတော်မူနင့်ပါမည့် အကြောင်းပါ ဘုရား"

မင်းသား ။ (အံ့အားသင့်ဟန်နှင့်) "အလို... သယ်မြန်လိုက်ပါကလား အထိန်းတော်ကြီးရဲ။ ကျုပ်စိတ်ထင်မှာ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် ဆိုင်းငံ့ရဦးမည် ထင်မိတယ်"

သစ် ။ "မှန်ပါ၊ အခါအခွင့် သင့်တုန်းကို ပြုန်းပြုန်းဒိုင်းဒိုင်း ဆိုသလိုပင် စီစဉ်လိုက်ရခြင်းဖြစ်ကြောင်းပါ။ အချိန်ကိုဆွဲ နေ့ကိုလွဲနှင့် မရဲတရဲသာ ပြုနေရမည်ဆိုပါက စုထားဖုရားကလည်း ရက်တော်မှု တတ်တာနှင့်ဆိုတော့ အခါအခွင့် တော်တော်နှင့် သင့်နိုင်မည် မဟုတ်တဲ့အတွက် ကျွန်တော်မျိုးမက ရုတ်တရက် အကြံ ပေး၍ စုထားဖုရားကလေးကလည်း သဘောတော်ကျသဖြင့် ချိန်းဆိုရခြင်းဖြစ်တဲ့အတွက် နက်ဖြန် ဆက်ဆက် ထွက်တော်မူပါမည့် အကြောင်းပါဘုရား"

မင်းသား ။ "အို... လာမှာပေါ့ အထိန်းတော်ကြီးရဲ့၊ ဘယ့်နယ် မလာဘဲရှိတော်မူရသတုံး။ စုစုကို တွေ့မြင်တော်မူချင်လှလို့ တမင်တကာ မှာလွှာတော်သပြီး မကြာခဏ အခွင့်တော် တောင်းပါလျက်ကနင့် ဆက်ဆက် ကြီးကို လာပါမယ် ဆိုတာ စုစုကို တင်လိုက်ပါဗျာ"

ခပ်သွက်သွက်နှင့် စိတ်ပါလက်ပါ မိန့်တော်မူလိုက်လေရာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ အင်း... တို့ရွှေကိုယ်တော်ဘုရားလည်း ယခုလိုတော့ အတော်အဟုတ်သားပါကလားဟု အချင်းချင်းသာ နားလည် သော အဓိပ္ပာယ်နှင့် အမှတ်တမဲ့ ပြုံးကြည့်နေမိလေ၏။

ထို့နောက် အထိန်းတော်ကြီး ခင်ဘွားသစ်လည်း လျှောက်တင်ရန် အခွင့်အရေး ပြီးစီးသွား သည်နှင့် သီပေါ မင်းသားအိမ်တော်မှ ထွက်ခွာသွားလေရာ သီပေါမင်းသားမှာ ထိုင်တော်မူနေရာမှ မထသေးဘဲ အပါးတွင် ခစားနေကြသည့် မောင်မောင်ငယ်တို့အား လှမ်း၍ ရှုစားတော်မူကာ...

"ကိုင်း... မောင်မင်းတို့၊ ငါ့အနား လာကြစမ်းပါဦး၊ ပြုန်းပြုန်းဒိုင်းဒိုင်းနင့် မြင်းကောင်း ဒုန်းစိုင်းသလို နက်ဖြန် နေ့နှစ်ချက်မတီးမီကို တောင်ဥယျာဉ်တော်သို့ ထွက်တော်မူရတော့မယ်။ ငါကလည်း လာခဲ့ပါမယ်လို့ အာမခံတော်မူလိုက်ရပြီ။ သည်ဇာတ်ထုပ်ကို ဘယ်လိုခင်းမလဲ။ မောင်မင်းတို့ပဲ စီမံခဲ့ကြတဲ့အတွက် ဇာတ်ကွက်ကို ဘယ်လို ကပြရမယ်ဆိုတာကို ပြောကြဦးမှပကွယ်ရှို့" ပြက်ရယ်ပြုတော်မူသလိုလိုနှင့် မချိုမချဉ်ပြုံး၍ မိန့်တော်မူလျှင် မောင်မောင် ငယ်နှင့် မောင်မောင်တုတ်တို့လည်း မင်းသားအပါးတော်သို့ တိုး၍ ခစားကာ မောင်မောင်တုတ်က စ၍...

www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြန် နှစ်ပါးတွေ့တော်မူကြတဲ့အခါ ရွှေကိုယ်တော်ဖျားက စတင်၍ ယုယကြင်နာစွာ နှုတ်ခွန်းဆက်သတော်မူပြီးတဲ့နောက် စုထားဖုရားကို မည်ကဲ့သို့ ရွှေမေတ္တာထား၍ ချစ်အားသန် တော်မူခဲ့ရသည့်အကြောင်း၊ ဤသို့ အဝေးမှ ချစ်တော်မူရရုံနှင့် အားရတင်းတိမ်တော် မမူနိုင်ဘဲ နှလုံးသည်းပွတ် တမျှ ချစ်ကြင်မြတ်နိုးတော်မူလှတဲ့ စုထားဖုရားနှင့် နှစ်ပါးတူပြိုင်၍ ရွှေသစ္စာမဏ္ဍိုင်ကို ကြံ့ခိုင်အောင် စိုက်တော် မူလိုလှသဖြင့် တွေ့ဆုံတော်မူခွင့်ပေးရန် အတန်တန် အခွင့်အရေး တောင်းရကြောင်း၊ ယခုလို တွေ့မြင်တော် မူရတဲ့အခါ အလွန်တရာမှ ဂမ်းမြောက်တော် မူရတဲ့ အကြောင်းများကို မိန့်ကြားတော်မူပြီး နောင်ကိုလည်း ဘယ်အခါမျှ ရွှေမေတ္တာမယိမ်းယိုင်သက်ဆုံးတိုင်..."

စကားမဆုံးမီ သီပေါမင်းသားက ဖြတ်၍...

"တန်စမ်းပါ ငတုတ်ကယ်၊ ဒါတွေကို ငါလည်း နားလည်သင့်သလောက်တော့ နားလည်တော်မူပါတယ်။ ငါမေးတော်မူချင်တာက သည်စကားတွေရဲ့အပြင် ငါနှင့် စုစုတို့ရဲ့ နောင်ရေးအတွက် ဘယ်လို ခရီး ထွက်ကြမယ်ဆိုတဲ့ အကြောင်းပါ"
မိန့်တော်မူသောအခါ မောင်မောင်တုတ်က...

"သည်အရေးမှာတော့ အရှင်နှစ်ပါး အတူတကွ ဆွေးနွေးတော်မူမှ ဖြစ်ကြမည့် အရေးမို့ ကျွန်တော်မျိုး များက သင်ညာမပေးဆက်တတ်ပါဘုရား"

လျှောက်ထား၍ မင်းသားလည်း ...

"အေးလေ ... သည်နှယ်ဖြင့် ရှိပါစေတော့။ စုစုနှင့် တွေ့မှပင် တိုင်ပင်တော်မူရတော့မည်"

ဆိုကာ စံနေရာမှထ၍ အညောင်းအညာဖြေတော်မူလေလျှင် ငယ်ကျွန်တော်များကလည်း သီပေါမင်းသား စိတ်ထားရွှင်ပြတော်မူနေကြောင်း သိသဖြင့် အလိုက်တည့် စောင်းကောက်တီး၍ အဆိုတော်များ ဆက်ကြလေရာ မောင်မောင်ငယ်မှာ အထူးစိတ်လက်ပါစွာနှင့် နှစ်ကိုယ်တွေ့ တေးထပ် သဖြန်နှင့် ညဉ့်အတန် နက်သည့်တိုင်အောင် တစ်အိမ်တော်လုံး တပြုံးပြုံး ရွှင်ပျော်လျက် ရှိကြလေသတည်း။

နံနက်မိုးသောက် အလင်းသို့ ရောက်သည့်အချိန်ကစပြီး လူပျိုတော်ကြီး နှစ်ဦးဖြစ်သော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ မိမိတို့ အရှင်သခင် တောင်ဥယျာဉ်တော်သို့ ထွက်ကြွတော်မူရန် အရေးကြောင့်၊ ဂတ်လဲတော်ပုဆိုးများအနက်မှ အလှဆုံးနှင့် အကောင်းဆုံးကို ရွေးချယ်နေကြစဉ် ဆံတော်ရှင်း မောင်အောင်မြတ် ဝင်လာပြီး မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အနီးတွင် ထိုင်ကာ။

www.burmeseclassic.com

"ဘယ့်နှယ် မောင်မောင်တို့၊ သည်ယနေ့ မိုးလင်းသည့်အချိန်ကစပြီး သည်အဆောင်တော်ထဲမှာ မောင်မောင်တို့နှစ်ဦး အထူးကိစ္စများနေဟန်ဖြင့် တောင်လှန်မြောက်လှန် မောလို့ပင် နေကြပါပြီ။ ဘယ်လိုအရေးကိစ္စများကြောင့် နှစ်ယောက်သား သို့ကလောက် ဗျာများ၍ နေကြသည်တုံးဗျ"

မေးလာသောကြောင့် အရေးရှုပ်နေသော မောင်မောင်တုတ်လည်း ဆံတော်ရှင်း မောင်အောင်မြတ် မေးလာသည်တွင်မှ တစ်စုံတစ်ခု သတိရဟန်ဖြင့် ...

`သြော်... အမြတ်ပါကလား၊ အဆင်သင့်ပဲလေ၊ ပြောစရာရှိတုန်းပဲ၊ ခင်ဗျားကလည်း မေးနေမှ ပြောရတာပ။ အကြောင်းက ဒီလိုဗျ။ ကျုပ်တို့ ရွှေကိုယ်တော်ဖျားအတွက် ဆံတော်ရှင်းဘက်ဌာနက ခင်ဗျားအမှုတော်ထမ်းရသူ ဖြစ်တဲ့အတိုင်း သည်ယနေ့တော့ ကျုပ်တို့ ရွှေကိုယ်တော်ဖျားကို အခါတိုင်းထက် ထူးခြားလှပသော သျှောင်တော်ချောချောကြီး ထုံး၍ ဆက်လိုက်ပါဘိ၊ အမြတ် လက်စွမ်းကုန် ရှိသမျှ ကြိုးစားပေတော့လို့ ပြောချင်တယ်ဗျာ"

ခပ်ပြုံးပြုံးနှင့် ပြောသောကြောင့် ဆံတော်ရှင်း မောင်အောင်မြတ်ကလည်း မောင်မောင်တုတ်၏ မျက်နှာကို မသင်္ကာသလိုကြည့်၍ ပြုံးကာ...

"ဘာအကြောင်းကြောင့်တုံး မောင်မောင်တုတ်ရဲ့။ ကျွန်တော်တို့ကိုလည်း ဟုတ်သလောက် အရေးကို သိခွင့်ပေးဦးမှပေါ့ဗျ။ သျှောင်တော်ချောချောကြီးထုံး၍ ဆက်ဖို့ကတော့ ကျုပ်အလုပ်မို့ တကယ့် တကယ် အရေးမှန်းသိရတဲ့အခါ အခါတိုင်းလို သာမန်လက်ရာထက် ဆယ်ထမ်းပိုးဖြစ်အောင် လုပ်ရပေမှာပေါ့ ကိုယ့်လူရာ"
ပြောသောကြောင့် မောင်မောင်တုတ်က ...

"ယနေ့အဖို့ အရှင်စုဖုရားနှင့် ကျုပ်တို့ ရွှေ့ကိုယ်တော်ဖျား တောင်ဥယျာဉ်တော်အတွင်း နှစ်ပါးတွေ့ဆုံတော်မူကြရမယ်၊ ဒါကြောင့်ဗျ။ ဆံတော်ရှင်းရာတွင် အမြတ်လက်စွမ်းကုန်ကြိုးစား" ဆိုသည်တွင် ဆံတော်ရှင်း မောင်အောင်မြတ်မှာ အားတက်ဂမ်းမြောက်သွားသော အမူအရာဖြင့် ...

"သြော်...ဟုတ်ကဲ့လား မောင်မောင်ရဲ့။ သည်လိုဆိုလျှင် ကျွန်တော်ကလည်း အထူးပဲ ကြိုးစားပါမယ်ဗျ၊ အနို့ ... မောင်မောင်တို့ကကော ဘာများ အလုပ်ရှုပ်ကြရတာတုန်းလို့"

"ကျုပ်တို့လည်း ကျုပ်တို့နှင့်ဆိုင်ရာ ဆိုပါတော့ဗျာ၊ ဟောဟို... မောင်မောင်ငယ်ဆိုတဲ့ လူကလည်း သည်ကနေ့ မိုးလင်းကတည်းက ဇောင်းတော်အစ်ထဲက ဇောင်းတော်ပဂါ ရွေးနေတာ ယခုတိုင် အကြိုက် မတွေ့သေးဘူးဗျ။ ကျုပ်ကလည်း ဟောသည် ယွန်းသေတ္တာတော်ထဲက ဂတ်လဲတော် ပုဆိုးများ ရွေးချယ် လို့ကို မရသေးသလို ဖြစ်နေပြီ။ ဖိနပ်တော်ဆိုင်ရာက မောင်မောင်နဲ့ ကလေးမှာလည်း ယခုနေ အတော်ပဲ အလုပ်ရှုပ်၍ နေချိမ့်မည်ဗျ။ ကျုပ်တို့တစ်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အရှင်သခင်ရဲ့ အရေးမို့ လိုလေသေးမရှိရအောင် လုတ်မူစေချင်တဲ့ စေတနာတွေက ရှိနေကြသကိုး အမြတ်ရဲ့"

ဆိုသည်တွင် မောင်မောင်ငယ်က ဆင်တော်မူရန် ဖောင်းတော်ပဂါ တစ်ခုကို ပြကာ ...

"ကိုရင်တုတ်ရေ ... ကျုပ်တော့ ဘာပဲဖြစ်ဖြစ် အခြားထွေထွေထူးထူးတွေကို ရွေးချယ် မရနိုင်အောင် ရှိနေတဲ့အတူ ဟောသည် စကားဂါရောင်ခံ ပုသိမ်ပါ၊ စံပယ်ကြဲကလေးကိုပဲ ရွေးလိုက်တော့မယ်ဗျ။ ပြောသဖြင့် မောင်မောင်တုတ်ကလည်း မိမိအကြိုက်ဆုံးဖြစ်သော ဂုတ်လဲတော် တစ်ထည်ကို မြှောက်ကိုင်ပြကာ။

"အဲ... သည် ပုသိမ်စပယ်ကြဲပဂါကို ခင်ဗျားက ရွေး၍ရလျှင် ကျုပ်ကလည်း ဟောသည် ရာကျပန်းစုံ ကြိုးကြီးချိတ် ဂုတ်လဲတော်ပုဆိုးနှင့် ပိုးသား ထိုင်မသိမ်းအင်္ကျီကိုပင် ရွေးချယ်လိုက်တော့မယ်ဗျ။ ဒါမှ လိုက်လျောပါလိမ့်မယ်။ ဖိနပ်တော် မောင်မောင်နွဲ့ကလေးကိုလည်း ကြံ့ရောင် ကတ္တီပါဖိနပ်တော်ကို အသင့်ထုတ်ထားစေဖို့ ပြောမယ်ဗျ"

ဆိုစဉ် အတွင်းဆောင်မှ မောင်မောင်လူ မျက်နှာသစ်ခံ ငွေဖလားကြီးကို ပိုက်လျက် အပြင်သို့ ထွက်လာသည်ကို မြင်ရသောကြောင့်။

"ဟော ... ဟော အမြတ်ရေ။ ရွှေကိုယ်တော်ဖျား မျက်နှာသစ်တော်ရေ ကျတော်မူပြီ။ ဆံတော်ရှင်းရန်အတွက် မြန်မြန်ထက်ထက် အဆောင်တော်တွင်းသို့ ဝင်ပေတော့။ ကျုပ်ပြောတာကို မမေ့နှင့်ဗျနော်"

ပြောလိုက်သောကြောင့် ဆံတော်ရှင်း မောင်အောင်မြတ်မှာ ထိုင်ရာမှ ကပျာကယာ ထလိုက်ကာ ...

"အို ... ဒါကိုတော့ စိတ်သာချပါ မောင်မောင်ရယ်။ ကျွန်တော်ကလည်း ကိုယ့်အရှင် သခင်ရဲ့ အမှုတော်ကို အချက်ပေါ်တိုင်း လက်စွမ်းကုန် ဆောင်ရွက်ပေးချင်တဲ့ အပေါ်မှာ ယနေ့ အဖို့တော့ဖြင့် ကျွန်တော်တို့ ရွှေကိုယ်တော်ဖျားကို အရှင်ထိပ်စုဖုရားက သျှောင်တော်ကလေး လုတဲ့အတွက် ခါတိုင်းထက် စွဲမက်ပြီး မခွဲရက် မခွာချင် ဖြစ်တော်မူသွားအောင်ကို ကြိုးစားလိုက်ပါမယ်ဗျာ"

ဆိုပြီး သီပေါမင်းသား ရှိတော်မူရာ အဆောင်တော်ထဲသို့ ဝင်သွားလေသတည်း။

ယင်းသို့နှင့်ပင် ထိုနေ့နံနက်ခင်း တစ်ချိန်လုံးတွင် မောင်မောင်တုတ်၊ မောင်မောင်ငယ် အမှူးထားလျက် များစွာသော လူပျိုတော်များမှာ အထူးသဖြင့် အလုပ်များနေကြလျက်ကပင် အချိန်နာရီတို့ကလည်း တစ်စတစ်စ ကုန်ဆုံးသွားကာ နံနက်စာ ပွဲတော်များ တည်ပြီးရာမှ နောက်ဆုံးတွင် နေ့တစ်ချက်တီး အချိန်သို့ ရောက်လာသောကြောင့် သီပေါမင်းသားလည်း

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးသော လူပျိုတော်ကြီးများ ဖြစ်ကြသည့် မောင်မောင်တုတ် နှင့် မောင်မောင်ငယ်တို့ ပြုပြင်ဆက်သသော ဂတ်လဲတော် ဖောင်းတော်များကို ဆင်တော် မူရင်း။

"ဘယ့်နှယ်တုံး မောင်မင်းတို့ရဲ့။ တောင်ဉယျာဉ်တော်အတွင်းမှာ ငါကိုယ်တော်မြတ်က ဘယ်မှာနေတော်မူ၍ စုစုက ဘယ်မှာ စံတော်မူနေမယ် မသိရသေးပါကလားဟရို့"

မေးတော်မူ၍ မောင်မောင်တုတ်က ...
"မှန်ပါ၊ ထိပ်စုဖုရားကတော့ ရေကြည့်နန်းတော်ကလေးအနီးတွင် စံတော်မူနှင့်ပါလိမ့်မယ် ဘုရား။ ရွှေကိုယ်တော်ဖျားနှင့် ကျွန်တော်မျိုးများက ဉယျာဉ်တော်အတွင်း အမှတ်မထင် ထွက်တော်မူလာသလိုနှင့် စုဖုရားစံတော်မူရာဆီသို့ ကြွချီတော်မူရမည် ဖြစ်ပါတော့သည်"

မင်းသား ။ "သည်လိုဖြင့် စုစုမှာ အထိန်းတော် ခင်ဘွားသစ်သာမက အခြားအပျိုတော်ကလေးတွေလည်း အသင့်အတင့်ပါလာကြမယ် ထင်ပကွယ်။ သူ့အပျိုတော်တွေရဲ့ အလယ်မှာ ငါကိုယ်တော် ဘယ်လို မျက်နှာထားပြီး စုစုအပါး သွားတော်မူရမည် မသိနိုင်အောင် ရှိတော်သည်ကွဲ့"

တုတ် ။ "သည်အရေးကိုတွေးပြီး လေးတော်မူနေဖို့ မရှိပါဘုရား၊ အခြွေအရံ ကျေးကျွန် သင်းပင်းတို့ မည်သည်မှာ "ဖောင်းတော်ညိတ် စိတ်တော်ကို သိရမည်" ဆိုသည့် အတိုင်း အင်မတန်မှ အကင်းပါး ကြရသူတွေ ဖြစ်ပါတယ်၊ ထို့အပြင်မှာလည်း ယခုကိစ္စအတွက် အထိန်းတော်ကြီး ခင်ဘွားသစ်က စနစ်ကျကျ စီမံဖန်တီး၍ ဇာတ်အုပ်ကြီးကဲ့သို့ ဦးစီးနေသူ ဖြစ်သည့်အတိုင်း အရှင်နှစ်ပါးအား လွတ်လွတ် လပ်လပ် ကျယ်ကျယ်လွင့်လွင့်နှင့် အခွင့်အရေး ရှိသလောက် ထိထိ ရောက်ရောက် ခွန်းတုံ့လှယ် တော်မူနိုင်စေရန် အရန်သင့် စီစဉ်ပြီးသား ဖြစ်ပါလိမ့်မယ်ဘုရား"

မင်းသား ။ " အေး... သည့်နှယ်ဖြင့် ကောင်းပါရဲ့၊ ကိုင်း...ကိုင်း ထွက်တော်မူဖို့ အချိန်သင့်တော်ပြီလား မောင်မင်း"

ငယ် ။ "မှန်လှပါ။ ပဟိုရ် တစ်ချက်တီးပြီးကြောင်းပါ၊ အရှင်စုဖုရား မျှော်တော်မူ၍ပင် နေလောက်ပါပြီဘုရား"

သီပေါမင်းသားလည်း ယိုးဒယားချုးပန်း၊ ချုးနွယ်တို့ဖြင့် ထုလုပ်ခြယ်လှယ်ထားသော ကိုယ်လုံးပေါ် ကြေးမုံပြင်ကြီးတွင် ဂတ်ဆင်တော်မူထားသော ဂတ်လဲတော်၊ ဖောင်းတော်များ ဟန်ပန်ကျ မကျ မကြာခဏ ရှုစား ပြုပြင်တော်မူလျက်ရှိရာမှ။

"ကဲ...ကဲ အချိန်သင့်လျှင် ထွက်တော်မူတော့မယ် မောင်မင်းများ၊ ငါ့နောက်တော်မှ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ နှစ်ဦးတည်းသာ လိုက်ပါခဲ့ကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူသည်တွင် မောင်မောင်ငယ်က ဂင်၍ ...

"မှန်လှပါ၊ ခြေကျထွက်တော်မူရမည်လည်း ဖြစ်ပါသည်။ နေ့တစ်ချက်တီးအခါ ဖြစ်၍ နေမင်းကလည်း အလွန်မှ ပူပြင်းလှပါတော့သည်။ ရွှေထီးတော်မိုးရန်အတွက် မောင်မောင်နွဲ့ ကလေးနှင့် ကွမ်းရေတော်အတွက် အဆောင်တော်ကိုင် နှစ်ယောက်လောက် လိုက်ခွင့်ပြုတော်မူပါဘုရား"

လျှောက်ထားသည်နှင့် သီပေါမင်းသားက ...

"ဟာ ... ကွမ်းကိုင်၊ ရေကိုင်တွေ အလိုမရှိဘူး မောင်မင်း၊ နေပူပြင်းရုံ ထီးတော်မိုး မောင်မောင်နွဲ့ ကလေး တစ်ယောက်သာ ခေါ်ခဲ့ပါဘိ"

မိန့်တော်မူလျက် အဆောင်တော်ထက်မှ ဆင်းသက်ကြွချီတော်မူလာသောကြောင့် နောက်တော်မှ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ကိုယ်တိုင် ပတ္တမြားစီ ရွှေကွမ်းအစ်နှင့် ရွှေရေတကောင်းတွင် ပတ္တမြား သုံးရစ်ခြယ် ရွှေဖလားအုပ်လျက် ကိုင်ယူကာ မောင်မောင်နွဲ့ ကလေးက ရွှေထီးတော်မိုး၍ လိုက်ပါ လာကြရလေ၏။

သီပေါမင်းသားမှာ အရွယ်ကလည်း ငယ်ငယ် ရုပနိကာယ် အသွင်သဏ္ဌာန်မှာလည်း မယ်တော်ဘက်က ကမ္ဘောဇထီးနန်းမှ ရှမ်းသွေးမကင်းတော်မူသည့်အလျောက် အသားတော်ဖြူ မြူလှဲ့တွင် ဂတ်ဆင်တော် မူခဲ့သော ရာကျလွန်းပြန် ပန်းစုံကြိုးခေါ် အစိမ်းကြိုးပုဆိုးနှင့် စကားဂါ ရောင် ပုသိမ်ပဂါကို ဖောင်းတော် ဆင်လျက် ပိုးသား ထိုင်မသိမ်း၊ ကြံ့ရောင် ဖိနပ်ကို ဆင်တော်မူထားခြင်းတို့ကြောင့် အသားရောင် အထူးတောက်ပ တော်မူပြီး ဂင်းဂင်းပြောင်ပြောင် အရောင်တဖိတ်ဖိတ်ထွက်နေသော ရွှေထီးတော်ဖြင့်လည်း ရှုမငြီးနိုင်သော အဆင်းကို ဆောင်တော် မူလျက် ရှိချေ၏။

ထိုအချိန် ထိုအခါတွင် မြတောင်မင်းသမီး စုဖုရားလတ်မှာလည်း လက်ယာဘက်တွင် သျှောင်ဆံမြိတ်ကွင်းကျကြီး ထုံးဆင်တော်မူလျက် စစ်ကိုင်းချိတ်ခေါ် အဂါနလွန်းပြန် ရာကျကြီး ပုဆိုးကို ဆင်တော်မူခါ လွန်ခဲ့သည့် နှစ်များက မင်းယောကျ်ားကလေးများအသွင် ဆင်ယင်တော်မူခဲ့သည့် နည်းအတိုင်း ဂတ်စားဆင်ယင်တော်မူပြီး တောင်ဉယျာဉ်တော်ထဲရှိ ရေကြည်စံနန်းတော် ကလေး၏ တစ်ဖက် အစွန်း အီတာလျံကျောက်ဖြူတို့ဖြင့်ပြီးသော ကျောက်သလွန်ကလေးပေါ်တွင် စံတော်မူကာ ဖန်သား မှန်သားပမာ ကြည်လင်လှသည့် ရေထဲတွင် ဘာသာဘာဂ ရွှေငါး၊ ငွေငါးကလေးများကို ရှုစားတော် မူလျက် တစ်ခါတစ်ရံလည်း ပဒုမ္မာကြာဖက်ကြီးများပေါ်သို့ ငုပ်ချည်ပေါ်ချည် တက်ချည် ဆင်းချည် ပြုနေကြသည့် ဖားပေါင်စင်းကလေးများကို ရှုစားပြုံးရယ်တော်မူပြီး အပါးမှ ခစားလျက်ရှိသော အထိန်းတော်ကြီး ခင်ဘွားသစ် လက်တွင်းရှိ ဆယ့်နှစ်ရာသီ ရွှေဖလားထဲမှ ငါးစာ ပေါက်ပေါက်ပန်း ကလေး များကို နိုက်ယူပစ်ခတ် ကျွေးမွေးကာ အပျော်ကြီး ပျော်တော်မူနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

နေရောင်ခြည် အင်အားများသလောက် ပွင့်ပွင့်ကားကားနှင့် မွှေးရနံ့ထုံထုံ ဂတ်မှုံဂတ်ရက် ပြည့်ပြည့်ဂဂ ရှိကြသော ပဒုမ္မာကြာဖြူပွင့်ကြီးများမှာလည်း ညင်းလေသွဲ့သဖြင့် တနွဲ့နွဲ့ တယိုင်ယိုင် ကလှိုင်လှိုင် တသင်းသင်း ပခုံးချင်းထိ၍ အိကာ အိကာ ဘယ်ညာဟန်နွဲ့လျက် ရှိကြသည့်အပြင် ဂတ်ရက်T ဂတ်ရည်တို့ကို စုပ်မျိုစားသုံးသော ပိတုန်းတောင်စာ ပန်းလိပ်ပြာတို့မှာ လည်း ရေကြည်စံ နန်းတော်ကလေးတစ်ခိုတွင် အလျှိုလျှိုနှင့် ကိန္နရာဖို မတို့သဏ္ဍာန် မောင်နှံစုံယှဉ်တွဲ၍ ပျော်ပွဲကြီး ခံနေကြသည်တို့ကို တွေ့မြင်ရသောအခါ ပျော်ရာတွင် ကြည်နူးစရာတို့က ထပ်ဖြည့်ပေးကြပြန်သကဲ့သို့ ရှိလေ၏။ စုဖုရား၏ မျက်နှာထား မူရာတို့ကိုသာ အခါမပြတ် အကဲခတ်၍ နေခဲ့သော အထိန်းတော်ကြီးမှာ စုဖုရားသာ ပျော်ရွှင်တော်မူသည်ကို မြင်ရလေလေ မိမိကြံရည် ဖန်ရည်အတွက် အားတက်လေလေ ဖြစ်နေတော့လေ၏။

"စုဖုရား ဟို ... ပဒုမ္မာ ကြာပွင့်ကြီးအနားမှာ သနားစရာ ပြေးလွှားနေရှာကြတဲ့ ရွှေငါး ကလေး နှစ်ကောင် ကို ရှုစားတော်မူလိုက်စမ်းပါဦး။ တစ်ကောင်နှစ်ကောင် နှုတ်ခမ်းချင်း စုပ်စုပ်ပြီး အဟုတ်ကို ချစ်ချစ်ခင်ခင် ယုယုယယနှင့် သူတို့ဘဂ ကြင်နာနေလိုက်ကြတာဘုရား၊ ဟောဟို ကြာဖက်ကြီး ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ မောင်မောင်ဖားကိုလည်း ရှုစားတော်မူပါဦး။ သူ့မျက်လုံးက ပြုံးသလိုလိုနဲ့ စုစုနှင့် သစ်သစ် တို့ကို ကြည့်နေလိုက်ကြတာ ရယ်ချင်စရာ မကောင်းပါလားဘုရာ့"

လက်ဟန်ခြေဟန်နှင့်တကွ ပြောနေပြန်သည်တွင် ပြုံးရွှင်တော်မူကာ ...

"အို ... သစ်သစ်ဖြင့် ကြံကြံဖန်ဖန် အမူရှာတတ်ရန်မှာ ဖားကလေးက သူ့ဘာသာ နေရှာသည့် အဖြစ်ကို သစ်သစ်က အပြစ်မရှာချင်စမ်းပါနှင့်"

မိန့်တော်မူပြီး လက်တော်ထဲက ပေါက်ပေါက်ပွင့်ကလေးတစ်ခုနှင့် ပစ်ပေါက်ကျီစယ်တော်မူလိုက်သဖြင့် ကြာရွက်ပေါ်က ဖားငယ်မှာ ရုတ်တရက် ခုန်ချလိုက်ပြီး ရေထဲမှ တစ်ဖန် ဦးခေါင်းနှင့် မျက်နှာတစ်ပိုင်းကို ဖော်၍ ကြည့်နေပြန်လေ၏။

"ဟော ... ဟော သူ့အကြောင်းကို ပြောလို့ ရှက်ပြီး ရေထဲက မျက်နှာတစ်ဂက်ကို ဖော် ကြည့်နေပြန်ပြီဘုရား၊ ဟိုဘက်နားက ရွှေငါးမောင်နှံနှင့် ကြာပွင့်ကြီးပေါ်မှာ ပျံဂဲနေကြတဲ့ ရွှေလိပ်ပြာ ဖိုမကလည်း အလိုကျ နှစ်ကိုယ်တွဲပြီး အပျော်ကြီး ပျော်နေလိုက်ကြတာ၊ သြော်... သူတို့မှာလည်း အဟိတ် တိရစ္ဆာန်ပင် ဖြစ်စေကာမူ ဘာသာဘာဂအလျောက် တစ်ယောက်ကို တစ်ယောက် ချစ်သက်နှံလျက် တူစုံဖက်နွဲ့ ရွှေလည်တွဲ၍ ပျော်ပွဲခံတတ်ရှာကြပေတယ်။ ယခုနယ် ဆိုလျှင်ဖြင့် သစ်သစ်တို့ မနုဿ လူသား များထက် ပင် သူတို့က ဆုတောင်းကောင်းနေပါသေးကလား နော်"

မိမိဘာသာ ညည်းညူသလိုလိုနှင့် ပြောပြီး မျက်လုံးကလည်း ဖားများနှင့် ငါးများဆီသို့ သာမက တောင်မြောက်လေးပါး မျက်လုံးကစား၍ နေသောကြောင့် စုဖုရားလတ်က အထိန်းတော်ကြီး၏ အမူအရာကို ရိပ်မိစ ပြုတော်မူလေလျှင် ...

www.burmeseclassic.com

www.burmeseclassic.com

" ဟင် ... သစ်သစ်ကြီး မျက်လုံးဟာ ဂနာမငြိမ်နိုင် ရှိနေပါကလား၊ ဘာများ ကိစ္စထူးနေပြန်သည်တုံး။ စုစုတော့ ဟောဒီ မလော်လီကြီးကို မုန်းတော်မူချင်သလိုလို ရှိလာပြီး"

မပြုံးတပြုံး မိန့်တော်မူလိုက်သည်တွင်မှ ခင်ဘွားသစ်ကြီးက ကြွေ့ပြင်လိုက်ကာ ...

"ဘာကိစ္စမှ မထူးပေါင်ပါဘုရား၊ စုထားဖုရားအတွက် နှစ်သက်တော်မူမည့် ပန်းတော်များ ခူး၍ ဆက်ချင်သဖြင့် ဘယ်အပင်ကပန်းများ လှပဆန်းပြားသည်ကို မျက်လုံးဖြင့် ရှာဖွေနေရခြင်း ဖြစ်ကြောင်းပါ။ ဟော ... အလို ပြောရင်းဆိုရင်းပင် အရှေ့ဘက်နားက တတိုင်းမွှေးရုံမှ အပွင့်အငုံ ကြီးတွေ ဝေ၍ပင် နေပါတော့သည်။ ပန်းသဇင်ကဲ့သို့ နန်းမဂင် တော်မထိုက်သော်လည်း သူ့အလိုက် ဘာသာမွှေးရနံ့ အကြူရှာသားရို့၊ ခူးလို့ဆက်ရတော့မည်"

ဆိုကာ စုဖုရားအနီးမှ ထလာပြီး မလှမ်းမကမ်းမှ ခစားနေကြသော အတူပါလာသည့် အပျို တော်ခင်မကြီးနှင့် ခင်ဘုန်းတို့ရှိရာသို့ သွားကာ သီပေါမင်းသားလည်း ကြွလာတော်မူချိန် နီးသည်နှင့် အဆင်သင့် အလှပ်ရှာ၍ ခိုင်းစေထားရန် စိတ်ကူးနှင့် ...

"ကဲ ... ခင်မကြီးနှင့် ခင်ဘုန်းတို့ရေ၊ ခင်တို့အရှင် ထိပ်စုဖုရားအတွက် ပန်းတော်များခူး၍ ဆက်ကြစမ်းပါဘိ၊ ဟောသည်က မြင်ရသည့် တတိုင်းမွှေးရုံကြီးမှာ အပွင့်အငုံတွေ ဝေဝေ ဆာဆာနှင့် ပဒေသာပင်ကြီးသမျှ ဖူးပွင့်နေကြသည်။ သွား၍ ခူးစမ်းချေပါတော့လား"

ပြောသောကြောင့် မိမိတို့အရှင် ထိပ်စုဖုရား တောင်ဥယျာဉ်တော်သို့ ထွက်တော်မူပုံ ထူးခြား သည်ကို ရိပ်မိပြီးသူများဖြစ်ကြသည့် ခင်ဘုန်းနှင့် ခင်မကြီးတို့လည်း အထိန်းတော်ကြီး၏ အမိန့်အရ ခစားနေရာမှ ထပြီး တတိုင်းမွှေးပန်းရုံကြီးဆီသို့ ထွက်လာကြလေ၏။

ရေကြည့်နန်းတော်ပေါ်တွင် စုဖုရားလတ်နှင့် အထိန်းတော်ကြီး ခင်ဘွားသစ်လာလျှင် ကျန်ရစ်လေရာ စုဖုရားမှာ မိမိ အထိန်းတော်ကြီးအပေါ်တွင် သက်ာယန ကင်းရှင်းတော်မမူ သော်ငြားလည်း အပါးတော်မှ ထသွားသည်မှာ ခင်မကြီးတို့အား ပန်းခူးစေရန် ပြောဆိုနေသံကို ကြားတော် မူရသောကြောင့် ထွေထွေ ထူးထူး မရှိလှဘဲ လက်တော်ထဲမှ ပေါက်ပေါက်ပန်းကလေးများကို ရွှေငါးကလေး များရှိရာ ကြည်လင်သော ရေထဲသို့ တစ်ခုပြီးတစ်ခု ချကြဲကျွေးမွေးတော်မူကာ လုကာ ယက်ကာ အစားတစ်လုပ် အတွက် လောဘဇော ထွက်၍ နေကြ သော ငါးငယ်ကလေးများကို စိတ်ဂင်စားလျက် အခြေမပျက် ရှုစားတော် မူနေလေ၏။

တောင်ယောင်ယောင် မြောက်ယောင်ယောင်နှင့် ပေ့လည်ကြောင်ပတ်ပြုကာ ဖဲပေါက်ပေါက် ပဂါတပင့်ပင့် ထဘီနား တဂင့်ဂင့်နှင့်ရှိနေသော အထိန်းတော်မှာ ခင်ဘုန်းတို့ ပန်းခူးရာသို့ မျှော်ကြည့် သလိုလိုနှင့် စိတ်တွင်းကမူကား "သီပေါကိုယ်တော်ကလေးနယ်နော်၊ ကြွ လာတော်မူခဲလိုက်တာ။ နေ့တစ်ချက် တီးပြီးသည်မှာ အတန်ပင်ကြာခဲ့ပြီ။ မောင်မောင်တုတ်တို့ လူပျိုတော်သားတစ်တွေက

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လို လေဖောပြီး ဇာတ်ကြောရှည်အောင် အချိန်ဆွဲနေကြလေသည်မသိ"ဟု စိတ်ထဲက တိတ်တခိုး ညည်းညူကာ ထွက်တော်မူ လာမည့်လမ်း ကို တမ်းမှန်းမျှော်ခေါ် လျက် ရှိလေ၏။

ယင်းသို့ တစ်ဖက်သို့လည်း လည်တဆန့်ဆန့်နှင့် မကြာခဏ ငုံ့မျှော်ကာ စုဖုရားထံသို့ လည်း မိမိ အမူအရာကို ရိပ်မိတော်မမူသာအောင် မကြာမကြာ လှမ်းမျှော်ကြည့်မိသည်တွင် စုဖုရားမှာ ကျောက်သလွန်ပေါ် လဲလျောင်းနေရာမှ ကြည်လင်အေးမြသော ရေထဲရှိ ရွှေငါး၊ ငွေငါး ကလေးများကို စိတ်ပါဝင်စားစွာ ရှုစားတော်မူလျက် လက်ဖျားကလေးများဖြင့်ပင် ရေကို တစွက်စွက်နှိုက်ခါ ကစားတော် မူသည်ကို တွေ့ရသောကြောင့် အထိန်းတော်ကြီးမှာ သီပေါမင်းသားကို ရှုမျှော်အားတက်လျက် ရှိနေပြန် လေ၏။

ထိုသို့ အထိန်းတော်ကြီး ခင်ဘွားသစ် ငုံ့မျှော်စောင့်ဆိုင်းနေစဉ် ပုတ္တလုပ် ရေကန်တော်၏ မြောက်နား ကျောက်သားတောင် ကမူကလေးတစ်ဖက်မှ တရွေ့ရွေ့ လာနေသည်ကို တွေ့မြင်ရသောအခါ ခင်ဘွားသစ်ကြီးမှာ "သီပေါရွှေကိုယ်တော်ပါပဲ"ဟု အတတ်စွဲလျက် တောင်စွယ် တစ်ဖက်သို့ လူလုံး ပေါ်ထွက်လာသည်အထိ စိတ်အားထက်သန်စွာ စောင့်ကြည့် နေမိ လေရာ ခဏအကြာတွင် ပန်းစုံကြိုးပုဆိုး နှင့် မင်းသားတစ်ပါး နောက်ပါ ထီးမိုးအဆောင်ကိုင် သုံးဦး တည်းနှင့် မိမိတို့ထံသို့ ရှေးရှု ထွက်ကြွ လာသည်ကို ထပ်မံတွေ့မြင်ရသောကြောင့် ခင်ဘွားသစ် ကြီးမှာ "ဟော ... သီပေါရွှေကိုယ်တော် ထွက်တော် မူလာပေ့ါ" ဟု ဝမ်းမြောက်ခြင်း စိတ်ဇောဖြင့် တစ်ကိုယ်တည်း နှုတ်လွတ်ပြောလိုက်မိကာ အကြောင်း မဲ့ ပျာယာခတ်လျက် ရှိလေ၏။

စုဖုရားကို ကြည့်ပြန်သော် ရေနေနှင့် တစ်တောင်မျှလောက်သာ ဝေးကွာသော ကျောက်သလွန်ထက်တွင် ခပ်စောင်းစောင်းကလေး လဲလျောင်းလျက် ယုဇနပန်းခက်ကလေးဖြင့် ရေကြည်၊ ရေမြုပ်ကလေးများ ထနေအောင် ရိုက်ခတ်ကစား၍ နေသည်ကို တွေ့ရသောကြောင့် စုစုကို အသိမပေးဘဲ သီပေါကိုယ်တော်ကလေးကို ပြေး၍ ကြိုလိုက်ချင်မိသကဲ့သို့ပင် ရှိလေ၏။ သို့ရာတွင် မိမိပြေးသွား ကြိုဆိုနေဆဲ စုဖုရား ခေါ်တော်မူခိုက်နှင့် ကြုံကြိုက်သွားပြန်သော်၊ သီပေါ ကိုယ်တော်အလာနှင့် စိတ်တော်ခုစရာများ ဖြစ်တော်မူသွားမည်ကို တစ်နည်းအားဖြင့် စိုးရိမ်မိပြန် သောကြောင့် ကြိုဆိုလိုသော စိတ်များကို ဇက်သတ်ထိန်းချုပ်၍ ထားသလို သရကာ ရေကြည့်နန်း တော်ကလေးတစ်ဖက် အလွန်ရှိ မြင်သာရာဌာနသို့ သွားပြီး ကိုယ်ရောင်များပြလျက် တတိုင်းမွှေး ရုံကြီးအနီးရှိ ခင်ခင်ကြီးတို့ကိုလည်း မျက်ရိပ် ပြလိုက်သောကြောင့် အပျိုတော်ကလေး နှစ်ဦးလည်း ပန်းရုံကြီး၏ အကွယ်တစ်ဖက်သို့ ခပ်သွက်သွက် ဝင်သွားကြသည်တွင် ခင်ဘွားသစ်မှာ ရေကြည့် စံနန်းတော် အနီးအပါးသို့ ရောက်လာ ပြီဖြစ်သော သီပေါမင်းသားအား "စံနန်းတော်ကလေးအတွင်း သို့ ဖြောင့်ဖြောင့်စင်းစင်းသာ ထွက်တော် မူခဲ့ပါဘုရား" ဟူသော အထိမ်းအမှတ်ဖြင့် လက်ယှက်ရှိ ကျိုးကာ အမူအရာနှင့် ပြခဲ့ပြီး စုဖုရား အနီးသို့ ခပ်မြန်မြန် ကလေး ပြန်လာလျက် ဣန္ဒြေမပျက် ခစားနေလေသတည်း။

နက်ဖြန် အခန်း (၂၇)

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၇)

သီပေါမင်းသားလည်း နောက်တော်ပါလူပျိုတော်များနှင့် ထွက်တော်မူခဲ့ရာ ရေကြည့် နန်းတော်အစွန်းမှ အထိန်းတော်ကြီး ခင်ဘွားသစ်ကိုယ်ယောင်ပြ ကြိုဆိုနေသည်ကို တွေ့တော်မူရ လျှင် နောက်တော်ပါ လူပျိုတော်ကြီး နှစ်ယောက်အား...

"ကိုင်...မောင်မင်းများ စုစုထံပါးသို့ ရောက်လို့လာချေပြီ။ ခင်ဘွားသစ်ကြီးကလည်း ရိပ် ဟန်ပြ၍ ကြိုဆိုလျက်ရှိသည်။ ငါ သည်အတိုင်း ဂင်တော်မူရမည်လား ဟရို့"

မေးတော်မူသည်တွင် မောင်မောင်တုတ်က လက်အုပ်ချီကာ...

"မှန်လှပါ၊ သည်အတိုင်းပင် ဂင်တော်မူပါ၊ ဘုရားကျွန်တော်မျိုးများ နောက်ပါးမှ ခစားလျက် ပါပါမည်။ ရွှေကိုယ်တော်များနှင့် စုထားဖုရား နှစ်ပါးအတူ ချစ်ကြည်ဖြူစွာ စံတော်မူမိခါမှ ဘုရား ကျွန်တော်များ အပါးတော် က ခွာပါမည်ဘုရား"

လျှောက်ထား၍...

"အေး...သည်လိုမှ သင့်မည်။ ငါကိုယ်တော်တစ်ပါးတည်း ဂင်တော်မူမည်ဆိုလျှင် ယောင် တောင်တောင် ဖြစ်နေချိမ့်မည်။ သို့...တုတ်ကယ်။ ငါကိုယ်တော်လည်း စုစုကို ချစ်မြတ်နိုးတော်မူ လို့သာ ကြွလာခဲ့ ရတယ်။ ရဲတော်မူလှလို့ မဟုတ်ဘူး။ စုစုနှင့် ယခုလို တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံ တော်မူမယ်ဆိုတော့ ရွှေရင်တော် တလှပ်လှပ်နှင့် ဘယ်ဇာတ်ဘယ်ပုံ ခင်းရမည် မသိသေးဘဲ တော ဇာတ်မင်းသား အရိုးကလေး လို ဖြစ်တော်မူနေတယ် မောင်မင်း။

ယခုလည်း မောင်မင်းတို့နှင့် အထိန်းတော်ကြီးတို့ လော်လှယ်စကားကြောင့်သာ သွားရတော့မည်။ စုစုနှင့် တွေ့ဆုံတော်မူတဲ့ အခါ ဘယ်လို နှုတ်ခွန်းဆက်ပြီး ဘယ်အကြောင်းအရာကို စကားစရာ၍ ပြောတော်မ ူရမည် မသိ သေးဘူးကွယ်ရို့။ မောင်ဖေယယ်ကလည်း ငါ့ကို အကြံတော်များ ဆက်စမ်းပါဘိ။ မောင်မင်း ရေး သားဆက်သခဲ့တဲ့ အလွှာတော် တေးထပ်တွေနှင့်ချည်း ကိစ္စပြီးလာခဲ့ရတဲ့အတွက် စကားပြောကွက် ကလေးများလည်း လှပအောင် စီစဉ်လို့ ဆက်စမ်းပါဦး"

မိန့်တော်မူသောကြောင့် မောင်မောင်ငယ်က...

"မှန်လှပါ၊ ယခုဖြင့် စကားလုံးလှလှများ ရွေးချယ်ဆက်သရန် အချိန်ရတော့သည် မဟုတ်ပါ ဘုရား။ သည့်အတွက် စုထားဖုရားကို တွေ့တော်မူလျှင် 'ကျန်းမာချမ်းသာတော်မူပါစဟူသော နှုတ် ခွန်းဆက်စကား ကို အလျင်ဆုံး မိန့်ကြားတော်မူပြီးမှ စုထားဖုရားကို များစွာချစ်ခင်စွဲလမ်းတော်မူလှ သဖြင့် နှစ်ပါးတွေ့ဆုံ တော်မူရအောင် အခွင့်တောင်းရခြင်းဖြစ်ကြောင်း၊ စုစုထံတော်မှ ခွင့်ပြုတော်မူ သော အလွှာတော်များ ပြန်ကြားခြင်း မရှိခဲ့သဖြင့် အလိုဆန္ဒမပြည့်တိုင်း တရိရိ လွမ်းတော်မူလျက်

www.burmeseclassic.com

www.burmeseclassic.com

နေခဲ့ရကြောင်း၊ ယခုလည်း စိတ်ပြေလက်ပျောက်ဆိုသလို တောင်ဥယျာဉ်တော်အတွင်းသို့ ထွက်တော်မူခဲ့ရာတွင် အဆင်သင့် စုထားဖုရားကို တွေ့မြင်တော်မူရသဖြင့် အရှက်ကို နောက်ထား၊ ကြောက်အားကို ပစ်ပယ်၍ အချစ်နယ်စား သခင် စုဖုရားကလေးထံပါးသို့ အခစားဝင်ရကြောင်းပါ' ဆိုတဲ့ စကားသွားအတိုင်း ရွှေဉာဏ်တော်ကစားပြီး ချဲ့ထွင် မိန့်ကြားတော်မူလျက် နောင်ခါနောင် ရေးအတွက်လည်း ဂီစိကိစ္စာမရှိပါရန် ရွှေမေတ္တာမဏ္ဍိုင်ကို သစ္စာ အုတ်မြစ်တိုင်ကြီးခံလျက် လေးဘက်လေးဌာနမှ သမုဒယ တံတိုင်းကြီးကာရံကာ ကမ္ဘာတည်အောင် စိုက်ထူပါမည်ဆိုတဲ့ အကြောင်းများ မိန့်ကြား သစ္စာပြုတော်မူရန် အချက်ပင် ဖြစ်ပါတော့သည်ဘုရား"

လျှောက်ထားသည်တွင်...

သီပေါမင်းသားလည်း ခြေလှမ်းမှန်မှန် လှမ်းကြွသွားတော်မူရင်းမှ မကြံ့စဖူး ကြံ့ရချက်ထူးတော်မူဆဲ မို့ ရွှေသည်းတဖိုဖို ရှိတော်မူစဉ် မောင်မောင်ငယ် လျှောက်တင်အကြံတော်ဆက်၍ အရိပ်အမြွက် လမ်းခင်းပေး သောအခါမှ စိတ်အေးတော်မူကာ ရေးရှုထွက်တော်မူရာ ရေကြည့်စံနန်းတော်အတွင်း သို့ ရဲရင့်တည်ငြိမ် သော ဣန္ဒြေတော်ဖြင့် ဟန်မပျက် ဝင်တော်မူလေသည်။

စုဖုရားလတ်အနီးတွင် ခစားလျက်ရှိသော အထိန်းတော်ကြီးက ယခုမှ သိလေဟန်ဖြင့် "အလို... သီပေါရွှေကိုယ်တော်ဖုရားပါကလား"ဟုဆိုကာ ကြောက်ရွံ့ရှိသေဟန်ဖြင့် လက်ယှက်တုပ်ဝပ်ခါ ခပ်ယို့ယို့ ခစားလျက် စုဖုရားစံရာ ကျောက်သလွန်တော်ပေါ်အရောက် ထွက်တော်မူရန် လမ်းစဖယ်၍ ပေးသလိုလိုနှင့် ကြိုဆိုလေလျှင် ရေပြင်ကိုစိုက်၍ ရှုစားတော်မူနေသော စုဖုရားလတ်သည်လည်း အထိန်းတော်ကြီး နုတ်စကား သံအားဖြင့် လှည့်၍ ရှုစားတော်မူလိုက်မိသည့်အခါ စံတော်မူရာ ကျောက်သလွန်တော်ရှိရာသို့ ဦးတည်ကြွလာတော်မူသော သီပေါမင်းသားကို မြင်တော်မူသည် တွင် ရုတ်တရက် ရှောင်တခင်နှင့် "ဟင်...အလို"ဟုသာ ဆိုတော်မူနိုင်ပြီး ဒိတ်ခနဲ ရွှေရင်တုံ၍ နှလုံးသွေးခုန်ကာ ရှက်ရွံ့စွာနှင့် သလွန်တော် စွန်းတစ်ဖက်တွင် မျက်နှာအောက်ချနှင့် ခပ်ယို့ယို့ကလေး ရွှေ့၍ စံတော်မူလေ၏။

သီပေါမင်းသားလည်း နောက်တော်ပါ လူပျိုတော်များနှင့်အတူ စုဖုရားစံတော်ရာ ကျောက်သလွန် အနီးသို့ ရောက်တော်မူလာပြီး အထိန်းတော်ကြီးက လမ်းနေရာဖယ်ပေးလျက် စုဖုရားလတ်ကိုယ်တိုင်ကလည်း ကျောက်သလွန်တော် တစ်ဖက်သို့ ခပ်ယို့ယို့ကိုယ်လေးရွှေ့လျက် စံတော်မူလိုက်ခြင်းဖြင့် မင်းသားအဖို့ နေရာတော်ပေးသည်နှင့်မခြား ရှိသောကြောင့် နဂိုကဖွတ်ကျဲ၍ ခပ်ရဲရဲဝင်တော်မူလာခဲ့သော သီပေါမင်းသားမှာ စိတ်တော်ကမရဲလှသည့်တိုင် အချစ်၏စေစားမှုဖြင့် ရှေးကလို ရှက်ရွံ့ကြောက်ဆုတ် ဖြစ်နေတော် မမူတော့ဘဲ သလွန်တော်စွန်းတွင် ရုတ်ခနဲ ထိုင်တော်မူလိုက်ခါ ရွှန်းစားသော မျက်လုံးတော် ဖြင့် မြတောင်စုဖုရားလတ်အား ခေတ္တစိုက်၍ ရှုစားတော်မူလေ၏။

ရှေးအခါကမူ ချစ်မြတ်နိုးတော်မူလှသော စုဖုရားလတ်၏ ရွှေမျက်နှာတော်ကို အဝေးကသာ ရှုမြင်တော်မူခဲ့ရဖူးလျက် ယခုကဲ့သို့ နီးနီးကပ်ကပ် တွေ့မြင်တော်မူရသောအခါမူကား ထူးခြားသော အဆင်းသဏ္ဌာန် ကြန်အင်းလက္ခဏာတို့ဖြင့် ပြည့်စုံတော်မူလျက် ကျက်သရေအပေါင်းတို့၏ သခင်ဘုရင်

www.burmeseclassic.com

www.burmeseclassic.com

ဇေကရီ ဖြစ်တော်မူသည်ကို ရှုစားတော်မူသောအခါ ရှေးအခါက မြတ်နိုးချစ်ခင်တော်မူ သည်တို့ ထက်ဆထက်ထမ်းပိုးတို့၏ ကြင်နာဆပွား သနားစုံမက်တော်မူမိကာ ဘေးစောင်း တွဲရရွဲ ကျလျက်ရှိသော သျှောင်ဆံမြိတ်ကွင်းကြီးနှင့် မင်းညီမင်းသား မင်းယောကျ်ားကလေးပမာ စစ်ကိုင်း ချိတ်အဂါပုဆိုးကြီးကို ဆင်တော်မူထားရာသည်တို့ကိုပါ သိမ်းကျုံးရှုစားတော်မူလျက် ရှက်ရွံ့တော်မူခြင်းအတွက် မျက်နှာတော် အငုံ့သားနှင့် ကျုံ့ကျုံ့ကလေးနေရှာသော စုဖုရားအား...

"ကျန်းမာတော်မူပါစ စုစုရယ်"ဟု ယုယုယယ ကြင်နာတော်မူဟန်ဖြင့် မိန့်သံချိုချိုကို စတင်ထုတ်ဆိုတော်မူလိုက်သည်တွင် စုဖုရားကလည်း ရုတ်တရက်မို့ ရှက်အားတော်ပိုပြီး ဘာကို ဘယ်သို့ လျှောက်တင်ရမည် မသိဘဲ ခပ်မဆိတ်နေတော်မူသောကြောင့် တစ်ထောင့်မှ မနေတတ် မထိုင်တတ်ဖြစ်နေရှာသော ခင်ဘွားသစ်ကြီးမှာ စုဖုရားအနီးသို့ ကပ်ပြီး။

"အမေ့ စုဖုရားငဲ့၊ ရွှေကိုယ်တော် ပေးတော်မူသည်ကို ဖြေလျှောက်တော်မူလိုက်ပါဘိ"

ယုယစွာ ပြောရာ စုဖုရားမှာ အထိန်းတော်ကြီး၏ လက်တစ်ဖက်ကို ဆွဲတော်မူထားပြီး...

"အို...သစ်သစ်ကလည်း ကျန်းမာတော်မူလို့သာ သည်ဥယျာဉ်တော်ကို ထွက်တော်မူလာနိုင်သည် မဟုတ်ပါလားလို့၊ သည်ဟာကို ဘယ်လိုလုပ်၍ ပြန်လျှောက်ရမည် မသိတတ်ပြီဘူး"

မျက်နှာ အတွင်ငုံ့ထားရာမှ တီးတိုးမိန့်တော်မူလျှင်...

"အို...ခက်သမို့လားပါဘုရား၊ မောင်မောင့် ရွှေမေတ္တာတော်ကြောင့် မြင်တော်မူသည့်အတိုင်း ကျန်းမာပကတိ ချမ်းသာစွာရှိကြောင်းပါ မောင်မောင်ဖုရားလို့ တင်တော်မူလိုက်ပါလား ဘုရား၊ ဟို...ကိုယ်တော်က ကြာလျှင် ရှက်တော်မူသွားပါတော့မည်"

ဆိုကာ ခင်ဘွားသစ် စုဖုရားအနီးမှ ထသွားမည်အပြုတွင် စုဖုရားက အတင်းသာလက်ကုတ်ဆွဲထား ပြန်ပြီး...

"အို...သစ်သစ်ကြီးနော်၊ စုစုကို တစ်ယောက်တည်း ပစ်၍ထားလျှင် မေဖုရားကို တိုင်တော်မူလိုက် မှာပဲ"

တီးတိုး ခြိမ်းခြောက်တော်မူပြန်သဖြင့် ထွက်ခွာခွင့် မရဘဲရှိလေရာ သီပေါမင်းသား၏ နောက်တော် ပါဖြစ်ကြသော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှုကား မိမိတို့ အရှင်မင်းသား ကျောက်သလွန်တော်ပေါ်သို့ စံတော်မူမိသည့် အချိန်ကပင် ပတ္တမြားကွမ်းအစ်တော်နှင့် သောက်တော်ရွှေတကောင်းတို့ကို သလွန်တော်အပါးဂယ် ချထားကာ ခပ်ယို့ယို့နှင့် နောက်ကျို့၍ ထွက်ခွာသွားကြပြီး ရေကြည့် စံနန်းတော်အနီးရှိ တတိုင်းမွှေးရုံကြီးအောက်သို့ နှစ်ယောက်သွား၍ ထိုင်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်းသားလည်း မေးတော်မူသောစကားကို စုဖုရားက ရှက်အားနှင့် ခွန်းတုံ့ပြန်တော်မမူဘဲ ရှိနေသည်ကိုပင် မှီခို၍ စုံမက်ချင်ခင်တော်မူမိကာ...

"မောင်မောင့်ကို ရှက်ရွံ့တော်မူရမည့်သူ မဟုတ်ပါဘူး စုစုရဲ့၊ ခင်ဘွားသစ်ကြီးကို ဘယ့်နှယ်ကြောင့် သည့်ကလောက် ဆွဲ၍ ထားတော်မူသတုံး၊ မောင်မောင်ဟာဘီလူး၊ သဘက်ပမာ ကြောက်စရာကောင်းသည်လည်း မဟုတ်ပါကလား မိမိရဲ့"
မိန့်တော်မူလိုက်သည့်တွင် စုဖုရားလတ်လည်း ခင်ဘွားသစ်အား အနည်းငယ်လျှော့၍ ပေးတော်မူလိုက်ရရှာလေ၏။ ထိုအခွင့်အရေးကိုရသော ခင်ဘွားသစ်ကြီးမှာ ကပျာကယာနေရာမှ ခွာလျက် ကွမ်းတော်များ ဆက်မည့်ဟန်နှင့် ပတ္တမြား ကွမ်းအစ်ကို လှန်သလိုလို၊ သောက်တော်ဆက်မည့်ဟန်နှင့် ရွှေတကောင်းကို ကိုင်သလိုလို၊ ဟိုမမည်, သည်မမည် အဓိပ္ပာယ်မရှိသော အလုပ်များကို မနေမနားလုပ်ရာမှ တစ်စတစ်စ သလွန်တော်နှင့် ဝေးရာသို့ ရွှေ့မှန်းမသိ ရွှေ့လာခဲ့လေ၏။

ကျောက်သလွန်တော်ပေါ်တွင် နှစ်ပါးတည်းရှိသောအခါ သီပေါမင်းသားမှာ ယုယကြင်နာသော အမှတ်လက္ခဏာဖြင့် စုဖုရား၏လက်တော်ကလေးတစ်ဖက်ကို ရုတ်တရက် ဆွဲကိုင်တော်မူကာ.....

"စုစုက မောင်မောင့်ကို တယ်လို့ရှက်ကြောက်တော်မူနေသည်ကိုးဗျ။ မောင်မောင်ကတော့ စုစုဟာ မောင်မောင် ချစ်မြတ်နိုးတော်မူသလိုပင် ချစ်ခင်မြတ်နိုးတော် မူရှာလိမ့်မယ်လို့ထင်ပြီး စံအိမ်တော် အဝေးကြီးကနေ၍ ချစ်မေတ္တာသွယ်တန်းပြီး အလွှာတော်ချင်း ချစ်လမ်းဖွင့်တော်မူနေကြရသည်ပင် အားရကျေနပ်တော်မမူနိုင်ဘဲ၊ စုစု၏ ရွှေမျက်နှာတော်ကလေးကို နီးနီးကပ်ကပ် ရှုစားပြီး ချစ်မိန့်သံစကားကလေးများ နှစ်ပါးအတုံ့အလှယ် ပြောကြားတော်မူလိုလှသည့် ဆန္ဒကြောင့် နေ့ရှိသမျှ တွေ့ဆုံတော်မူပါရစေလို့ အလွှာတော်အတန်တန်နှင့် အမိန့်တော်ပန်ခဲ့ရပါတယ်၊ စုစုရဲ့ ရွှေလွှာတော်များက မောင်မောင့်ကို သနားကြင်နာသံ ပါတော်မူခဲ့တဲ့အတွက် အးတက်ဂမ်းမြောက် လက်ပမ်းပေါက်ခတ်လောက်အောင် ရှိခဲ့သမျှ စုစုထံတော်က နောက်ဆုံး မောင်မောင်နှင့်တွေ့ဆုံရန် အခွင့်ပြုတော်မူလိုသည့် စကားပြန်မရခဲ့တော့ မောင်မောင်ဖြင့် အင်မတန်မှ စိုးရိမ်ပူဆွေး စိတ် မအေးဖြစ်တော်မူခဲ့မိပါတယ်"

"စုစုဟာ မောင်မောင်ကဲ့သို့ ဂုဏ်သိမ်မှေးမှိန်၍ အရှိန်အဝါနည်းပါးတဲ့ မင်းသားငယ်တစ်ပါးအပေါ် တွင် အဆုံးအစ ချစ်ကြင်မြတ်နိုးတော် မူနိုင်ပါ့မလားလို့လဲ တစ်ဖက်တစ်လမ်းတွေးပြီး ဆွေးတော်မူမိပါတယ်။ အကယ်၍သာ မောင်မောင်ချစ်မြတ်နိုးတော်မူသကဲ့သို့ စုစုက ချစ်မြတ်နိုးတော်မူရိုးမှန်ပါလျှင် ယခုလောက် အချိန်နှောင့်နှေး လေးဖင့်တော်မူနေရန် မရှိနိုင်ဘူးလို့ တွေးထင်ပြီး အင်မတန်စိတ်မောမိသည် စုစုရယ်။ သည်လိုနှင့်သာ အချိန်ကြာ ရက်ကြာနှင့် မောင်မောင့်ရွှေစိတ်တော် သက်သာရာ မရနိုင်လွန်းတဲ့အတွက် စိတ်ပြေလက်ပျောက်မှ ရှိစေတော့ဆိုပြီး ရင်းနှီးတဲ့ ကျေးရင်းကျွန်ရင်း ကလေးနှစ်ကောင်နှင့် တောင်ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့ရတယ်။ ဒီဆီကိုလည်း ရောက်ကရော 'မှာထားအလားသင့်'ဆိုသလို ဟောသည် ရေကြည့်စံနန်းတော်ကလေးတွင် မင်းသားကလေးအသွင်နှင့် ဆင်ယင်တော်မူထားတဲ့ စုထိပ်ထားနှင့် အထိန်းတော်ကြီးများကို လှမ်းမြင်တော်မူမိလျှင်ပဲ မောင်မောင့်အသည်းမှာ ပန်းဖယောင်ကြီးလွဲသလို မနည်းဂမ်းမြောက်တော်မူမိတော့

www.burmeseclassic.com

www.burmeseclassic.com

'သတိလက်လွတ်'ဆိုသလို တွေ့မြင်တော်မူလိုတဲ့ ဇောက ကသောကမျော ရှေ့ဆောင်ပြီး စုစုအပါး ရောက်အောင် လှမ်းတော်မူခဲ့မိပါတယ်။ အကယ်၍သာ မောင်မောင့်ကို စုစု ရွှေမေတ္တာစူးတော် မမူ ရင်လည်း ဒီကဲ့သို့ အတင့်ရဲပြီး စုစုအပါးသို့ရောက်အောင် ကြွတော်မူမိသည်ကို ရွှေမျက်နှာညိုး၍ အလိုတော်မကျလျှင် ဒီက ရွှေကံတော်ကိုသာ ရှိုးရပါတော့မယ် စုစုရယ်"

မိန့်တော်မူသောအခါ စုဖုရားလည်း ရှက်အားတော်ကြီးလျက် ရှိတော်မူဆဲကြောင့် ရုတ်ခနဲ အဖြေ ပေးတော် မမူနိုင်ရှိပြန်လျှင်.....

"ဘယ့်နယ် စုစုရယ်၊ ရွှေမျက်နှာ ညိုးတော်မူလှချည့်လား၊ ဒီက မောင်မောင် ထင်တော်မူသလို မေတ္တာတော် မစူးရှ၍ အလိုတော်မကျဘူးထင်ပ။ သည့်နယ်သာဖြစ်လျှင် စုစုကို မောင်မောင် နှောင့် ယှက်တော် မမူလိုပါပြီ။ ရွှေမေတ္တာ အချစ်မညီလျှင် သည်တွင်ပဲ မောင်မောင်ပြန်၍ ကံကိုသာ အောက်မေ့တော် မူပါတော့မယ်"

မိန့်တော်မူကာ ထိုင်ရာမှထ၍ ကြွချီတော်မူတော့မည်ကဲ့သို့ ပြုကာမှ စုဖုရားမှာ ရှက်စနိုး၍ ညိုး တော်မူလှရာတွင် အချစ်တော်ကလည်း ဝင်ပြီးဖြစ်သည့်အလျောက် သီပေါမင်းသား၏ မိန့်တော်သံ ကို မခံမရပ်နိုင်အောင် ဖြစ်တော်မူမိရှာသည်တွင်...

"ဒီက စုစုကလည်း ဘယ်သို့မျှ လျှောက်တင်ရသေးသည့် မဟုတ်ပါ။ မောင်မောင့်စိတ်တော်မှာသာ အခြားတစ်ပါး ကြွချီတော်မူစရာ နေရာတော်တွေများလှ၍ ကြွချီတော်မူတော့မည်ဆိုလျှင် စုစုဝင်၍ တားမြစ်တော်မူနိုင်တော့မည် မဟုတ်ကြောင်းပါ"

ကြည်လင်ချိုမြသောအသံ။ ရှက်ဟန်မကင်းသော အမူအရာနှင့် ခွန်းတုံ့ပြန်တော်မူလိုက်သော ကြောင့် သီပေါမင်းသားမှာ များစွာ အားတက်တော်မူလာပြီး စုဖုရားအနီးသို့ တိုးရွှေ့စံတော်မူကာ...

"မောင်မောင့်မှာ တစ်သက်နှင့်တစ်ကိုယ်တွင် စုစုထံတော်မှ တစ်ပါး ဘယ်ဆီကိုမျှ သွားစရာမရှိ ကြောင်း၊ စုစုလည်း ကောင်းကောင်းသိရှိတော်မူပြီး ဖြစ်ပါလိမ့်မယ်။ မေတ္တာနွယ်ညွန့်က တလွန့်လွန့် ယိမ်းယိုင်ပြီး ထိန်းမနိုင် ချုပ်မရ စုစုကိုမှ မြတ်နိုးစုံမက်တော်မူလှ၍ အရှက်ကို နောက်ထား ကြောက်အားကို ပစ်ပယ်၍ အချစ်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာရခြင်း ဖြစ်ပါတယ်။

စုစုက ယခုလို ဆီးကြို၍ ရွှေမျက်နှာ ညိုးတော်မမူဘဲ နေပါလျှင် အင်မတန်မှ ဝမ်းမြောက် အားတက်တော် မူမည် အမှန်ပါ။ စုစု ကြည်သာတော်မူမည်ဆိုပါလျှင် ကျောက်ရုပ်ကျောက်တိုင် စွဲသလို နိုင်နိုင်မြဲမြဲ ကြီး စံနေတော်မူပါတော့မယ်။ ဘယ်ဆီကိုမျှ ကြွတော်မူစရာ မရှိတဲ့သူမို့ စုစုတို့အပါးမှ တစ်ဖဝါးမျှ ခွာတော်မမူတော့ပါဘူး။ စုစုက ကြည်သာတော်မူတဲ့ မျက်နှာတော်နှင့် တစ်ချက်လောက် မော်၍ ရှု စားတော်မူပါလျှင် မြင်းမိုရ်တောင်မင်းကိုပင် ဆီးစေ့ငယ်သဏ္ဍာန်ထင်၍ အမှန်ပင် ထလို့ ခုန်ချင် သည့် မောင်မောင်ပါ စုစုငယ်။ ဘယ့်နယ် ယခုလို မောင်မောင်ကြွလာတော်မူတာကို ကြည်သာ တော်မူပါစ"

www.burmeseclassic.com

www.burmeseclassic.com

ကယုကယနှင့် ထပ်ဆင့် မေးမြန်းတော်မူလိုက်သောအခါ စုဖုရားလတ်မှာ မဖြေဘဲ မနေသာ ရှက်ရွံ့တော်မူရှာသည်ကလည်း တစ်ဌာန၊ ခွန်းတုံ့မပြန်ဘဲ နေတော်မူပါလျှင်လည်း သီပေါမင်းသား စိတ်ငယ်ဂမ်းနည်းသွားတော်မူမည်ကို စိုးရိမ်တော်မူသွားပြန်သဖြင့်...

"မောင်မောင် ကြွလာတော်မူသည်ကို စုစုက ကြည်သာတော်မမူဘူးလို့ ဘယ်လိုလူများက တင်လျှောက်ထားပါသလဲ။ စုစု နှုတ်တော်ကလည်း ဘယ်သို့မျှ ပြောတော်မူရသေးခြင်းမရှိပါလား မောင်မောင်ဖုရားရဲ့"

ရှက်အားနွဲ့သံနှင့် ထပ်မံလျှောက်တင်ပြန်သောကြောင့် သီပေါမင်းသားလည်း အားတက်တော်မူခြင်းကြီးမက အားရနှစ်သိမ့်တော်မူမိကာ.....

"သြော်...သည့်နှယ်ဖြင့် ယခုလို မောင်မောင်ကြွလာသည်ကို စုစုကြည်သာတော်မူသည်ဆိုတာ မောင်မောင် ယုံကြည်ပါရစေတော့"

တစ်ကျော့ပြန်၍ မိန့်တော်မူလိုက်သောအခါမှ...

"မှန်လှပါတော့သည်။ မောင်မောင် ယုံကြည်တော်မူသည့်အတိုင်းပါ"

ဖြေတော်မူသည်တွင် တိုး၍ ယုယချစ်ကြင်နာစိတ်ဂင်တော်မူသော အထိမ်းအမှတ်ဖြင့် စုဖုရား၏ ပခုံးကလေးကို သိမ်းကျုံးပိုက်ပွေ့တော်မူပြီး...

"သြော်...ချစ်ခင်မြတ်နိုးတော်မူကြသည့်အလျောက် ယခုလို နှစ်ပါးတွေ့ပြီး စုစုရဲ့ ရွှေမျက်နှာတော်ကလေး စေ့စေ့ရှုစားလို့သာ နေတော်မူရမယ်ဆိုလျှင် မောင်မောင်ဖြင့် ပွဲတော်စာမသုံးဘဲ လုံးလုံး သားအာဟာရသိဒ္ဓိ ပြည့်နေလိမ့်မယ်လို့ ထင်တော်မူမိပါတယ် စုစုရယ်၊ ဘဂသံသရာက သင်းကျစ် အက္ခရာ စာထူးတော်ပါခဲ့သူ မှန်ကြ၍လားမသိ၊ စုစုကို ချစ်မြတ်နိုးတော်မူမိသည့်နေ့ကစပြီး မောင်မောင့်ရွှေနှလုံး တော်အတွင်းမှာ တစ်နေ့တခြားသော အချစ်ရည်ပြည့်လျှမ်း၍ အချစ်ပန်း ပွင့်တော်မူလျက် ရှိပါတော့တယ်။ မောင်မောင်က သည်မျှ ဖြစ်တော်မူနေပါလျှင် စုစုတွင်လည်း 'တစ်ဦးမေတ္တာ တစ်ဦးမှာ မေတ္တာတစ်ဆင့် ချစ်ပန်းပွင့်'ဆိုသလို မေတ္တာဓာတ်ယှက်ကူးပြီး အချစ်ထူးချစ်တော်မူလိမ့်မလားလို့ အများကြီး ကိုးစားလျက် ရှိခဲ့ပါတယ်။ မောင်မောင်ဖြင့်လျှင် စုစုကို ဘယ်အခါ ဘယ်တစ်နေ့မျှ မေ့တော်မူ ခဲ့သည်မရှိဘဲ အမြဲပင် အစွဲအလမ်းကြီးလျက် စက်ပျော်တော်မူနေသည့် အချိန်အတော အတွင်းကလေး မှာပင် မောင်မောင်၏သက်ဝိညာဉ် ရွှေလိပ်ပြာကလေးဟာ စုစုထံတော်ပါးသို့သွား၍ ခစားနေတယ်ဟု ထင်တော်မူ ရပါသည် စုစုရယ်"

www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူသောအခါ စုဖုရားမှာလည်း ချစ်အားက သွေးဆောင်တော်မူနေဆဲဖြစ်၍ အနည်းငယ် ရဲရင့်တော်မူလာကာ...

"မိန့်တော်မူသည်ကို ကြားရ၍ အလွန်တရာမှ အားရဝမ်းမြောက်တော်မူမိပါတယ်။ ဒီက စုစုရဲ့ စိတ်ထားတော်ကိုဖြင့် အထူးထုတ်ဖော် လျှောက်တင်နေစရာ လိုတော့မည်မထင်ကြောင်းပါ။ စုစု မောင်မောင့်ထံတော်သို့ ပို့ဆက်ထားပြီးသော ရွှေလွှာတော်များတွင် စုစုသဘောတော်ကို ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ ယခုကဲ့သို့ မျက်နှာစုံညီ တွေ့ဆုံတော်မူရသောအခါမှာ စုစုလျှောက်တင်လိုတာက တော့ မောင်မောင့် ရွှေမေတ္တာတော်ကို စုစုယုံကြည်တော်မူပြီးသည့်အလျောက် နောက်နောင်ကို လည်း မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ရွှေမေတ္တာတော်ကို စုစု ယုံကြည်တော်မူပြီးသည့် အလျောက် နောက်နောင် ကိုလည်း မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ရွှေမေတ္တာတော်ကို ကြံ့ကြံ့ခိုင်ခိုင်ထား၍ သစ္စာတော် များ စောင့်သုံးတော်မူပါလို့သာ လျှောက်တင်စရာ ရှိပါတော့ တယ်။ မင်းညီမင်းသားတို့ မည်သည်မှာ အထိန်းအရ မောင်းမမိဿံ ခြွေရံအများနှင့် မင်းစည်းစိမ် ခံစားတော်မူကြရသူများ ဖြစ်ကြသည့် အလျောက် နောင်ခါ စုစုကို မေ့မေ့ပျောက်ပျောက် နေတော်မူ မှာကိုသာ အရေးတကြီး စိုးရိမ်တော် မူ၍ နေရပါတော့တယ် မောင်မောင်ရဲ့"

မဖွဲ့မနွဲ့ တည့်တည့်နှင့် ရိုးရိုး ခပ်တိုးတိုး လျှောက်တင်လေလျှင်...

သီပေါမင်းသားမှာ ခွန်းမိန့်သံ သဲ့သဲ့နှင့် မနွဲ့တနွဲ့ ညင်းလေးသွေးတော်မူရှာသော စုဖုရားလတ် အား ချစ်ကြင်နာတော်မူလှသော စိတ်ထားကြောင့် မျက်လုံးတော် စိမ်းလဲ့လဲ့နှင့် ရှုစားတော်မူမှာမှ။

"ယုံတော်မူပါတော့ စုစုရယ်။ သည်က၊ မောင်မောင့်အတွက်ဖြင့် ဒီဘဝ တစ်သက်သာမက ကပ် ကမ္ဘာ ကြေပြွန်း၍ သံသရာဆုံးစေတော့ နန်းလုံး ဒါရှုလှ မဋ္ဌူကိုဖြင့် တစ်မူသွေဖည် သစ္စာတော်ပြယ် မယ်လို့ တွေးထင်တော်မူဖွယ် မလိုပါ။

မောင်မောင်ရဲ့ သည်တစ်သက်မှာလည်း စုစုတစ်ပါးတည်း သာ ပထမအကြိမ်မြောက် ရွှေမေတ္တာတော်စူးစိုက်ပြီး ထိထိခိုက်ခိုက် စွဲလမ်းချစ်ခင်တော်မူခဲ့မိပြီး ဖြစ်တဲ့အတွက် စုစုတစ်ပါးက လွဲလို့ဖြင့် မိုးနတ်သူပင် ဖြစ်သော်လည်း မောင်မောင့်အချစ်ကို ဝေခွဲ ဖြန့်ဖြူးတော်မူလိုက်သည့် စကားထဲမှာ မင်းညီမင်းသားတို့မည်သည် ကိုယ်လုပ်တော် မောင်းမ မိဿံ ခြွေရံအများနှင့် စံစားရသူများ ဖြစ်၍ အသစ်တွေ့လျှင် အဟောင်းကိုမေ့ချင်တဲ့ ဂသီဓလေ့နှင့် အညီတွေ့တိုင်း အာရုံများတဲ့ ကာမဂုဏ် သမားကြီးသက်သက်လိုလို စွဲချက်တင်တော်မူလိုက်ခြင်း မှာလင်း ဒီက မောင်မောင့်အတွက်ဖြင့် တက်တက်စင် အောင် လွဲတော်မူသွားပါပြီ။

မောင်မောင်ဟာ သူတကာ့ မင်းညီမင်းသားများလို မဟုတ်ဘဲ ရိုးရိုးကုပ်ကုပ်ကလေး ခပ်အေးအေး နေတော်မူတတ် သည်ဆိုတာလည်း စုစု သိတော်မူပါလိမ့်မယ်။ မောင်မောင်စံမြန်းတဲ့ စံအိမ်တော် ဆောင်ခန်းမှာ အခြားသော မင်းညီမင်းသားများလို ကိုယ်လုပ်မောင်းမဆိုလို့လည်း ဆေးတော် ဂါးဖက် လို၍မျှ တစ်ဦးတစ်လေ ရှာလို့ရမည် မဟုတ်ပါ။ မောင်မောင့်စံအိမ်တော်မှာ လက်သုံးတော် ကြီး

www.burmeseclassic.com

www.burmeseclassic.com

လက်သုံးတော် ကလေး စတဲ့ လူပျိုတော်သာ ယောကျ်ားများနှင့်သာ အမြဲစံနေတော်မူပါသည် စုစုရယ်။ လူ့ဂတ်လဲ ၍ စံအိမ်တော်သီးခြားခွဲပြီး နေထိုင်တော်မူသည်မှာလည်း မကြာလှသေးတဲ့အတွက် ဒီအရေး ဒီကိစ္စ ဘက်မှာဖြင့် စုစု အပြစ်တင်တော်မူစရာ တစ်ချက်မျှ မရှိသေးကြောင်း မောင်မောင်ကိုယ်တိုင် ကောင်းကောင်း ကြီး အာမခံတော်မူရဲပါတယ် စုစုရဲ့"

တကယ့်ဇော တကယ့်စေတနာနှင့် ရိုးရိုးကြီး မိန့်တော်မူရှာလျှင် စုဖုရားလတ်မှာ ရိုးသားတည် ကြည့်တော် မူသော အမူအရာဖြင့် အထင်လွဲမှားမည် စိုးရှာသလောက် စိတ်တွင်းက ခပ်ပြုံးပြုံးနှင့် မျက်လုံး လှန်၍ တစ်ချက်ရှုစားတော်မူလိုက်မိကာ။

"ယခုလောလောဆယ် မောင်မောင့်ရဲ့ အနေအထိုင်ကို တွေး၍ စုစုက အရေးဆိုတော်မူခြင်းမဟုတ် ပါ။ နောင်ခါ နောင်ရေးအတွက် စိတ်အေးတော်မမူနိုင်၍ သတိပေးရခြင်း ဖြစ်ပါတယ် မောင်မောင်"

"နောင်ရေးအတွက်တော့ စိတ်လက်ချချ စံနေတော်မူပါ စုစုရယ်။ နန်းကမ္ဘူဖွား၊ ဟောဒီ မောင်မောင် ချစ်တဲ့ ထိပ်စုများကို သက်ဆုံးတိုင် ရွယ်ကိုးလို့ ရိုးမြေကျ မေတ္တာစွဲပြီး သစ္စာမြဲတော်မူမယ့် မောင် မောင်ပါ။ သံသရာ ရှည်သရွေ့မှာလည်း သည်မေ့ကို မောင်မခွဲဘဲ ဘဝဆက်တိုင်း အချစ်အောင်ပွဲ ကြီးခံ၍ တူစုံ မောင်နှံ ပြည်နိဗ္ဗူသောင်ယံကို ချစ်အောင်သံကြွေးကြော်ပြီး ပျော်ပျော်ကြီးလှမ်းလို့ ကျွတ်တမ်းအတူ ဝင်တော်မူ တော့မယ်လို့ မောင်မောင့်စိတ်မှာ ရွယ်ကိုးမိ၍ အချစ်မျိုးစေ့ကို စိုက်ပျိုး တော်မူခဲ့တဲ့ စိတ်ရင်း ရှိခဲ့ပြီးပါ။ ယခုလို နှစ်ပါးတွေ့ပြီး တေ့တေ့ဆိုင်ဆိုင် လင်းလိုက်ရတဲ့အတွက် လည်း မောင်မောင်ရင်တွင်းမှာ အေးတော်မူသွားတယ်လို့ ထင်ပါတယ်။

ယခု မောင်မောင်ပြော သည်ကို စုစုက မယုံမကြည် ရှိတော်မူပါသေးလျှင် ရွှေနန်းတော်ရှေ့တစ်ခွင်က စွယ်တော်စဉ် မြတ်စွာဘုရားရှေ့တော်မှာဖြစ်စေ၊ မဟာမုနိ ရုပ်ပွားတော်ကြီးရှေ့တော်မှာ ဖြစ်စေ၊ စစ်ကိုင်းဘက် ဌာနက ပုညရှင် စေတီတော်ရင်ပြင်မှာဖြစ်စေ၊ စုစုသစ္စာပေးတော်မူလိုရာ တန်ခိုးကြီး ရုပ်ပွားတော် တစ်ဆူဆူ၏ ရှေ့တော်တွင် သစ္စာပန်းဆင်တော်မူရန် အသင့်ဖြစ်ပါတယ်၊ စုစု နှစ်သက်တော် မူလိုရာ ဌာနကိုသာ အမိန့်ချတော်မူပါတော့"

"စုစုက မောင်မောင့်ရွှေမေတ္တာတော်ကို ယုံကြည်စိတ်ချတော်မမူလို့လည်း မဟုတ်ပါ။ သို့ရာတွင် မေတ္တာရည်တူ ချစ်ကြည်ဖြူသူတို့ရဲ့ ဓမ္မတာအတိုင်း သည်လိုအရေးမှာ ဘယ်သူမှ စိတ်မအေးကြရ တဲ့အလျောက် စုစုမှာလည်း ပုထုဇဉ်လူသားမို့ အများရဲ့ဓမ္မတာကို မလွန်ဆန်နိုင်သူ ဖြစ်ပါတယ်။ မောင်မောင်မှာ ပိဋကတ်စာပေ နှံ့စပ်ကျွမ်းကျင်တော်မူလှသူဖြစ်၍ နိုင်ငံတော်တစ်ခွင်မှာ ထင်ထင် ရှားရှား ကျော်ကြားတော်မူနေပြီး ခမည်းတော်ဖုရားကလည်း အထူးသဖြင့် မြှောက်စားသူကောင်းပြု တော်မူထားစ အရွယ်သင့် ရုပ်လှ သဘောသကာရကလည်း ကောင်းတော်မူတော့ ချစ်ခင်ကြင်နာ သဒ္ဒါလိုသူ ဖြူဖြူရွရွ မင်းမဒတွေကလည်း အနုတက္ကမ ပေါများပြီး 'ဘူးသီး သီးမှ အရီးတော်ချင်'ကြ တဲ့ မမနန်းသူ ကြေးအိုး သူတွေရဲ့ စပ်ကြားမှာ နောင်ခါတော့ မဟားတရားနဲ့ ပါတော်မူသွားမယ့် အရေးကိုတွေးပြီး စိုးရိမ်တော်မမူဘဲ မနေနိုင်အောင် ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

မင်းသားမှာ ပြုံးရယ် နားထောင်တော်မူရာမှ စုဖုရား၏ စိန်ဇာရံ မြရတနာ လက်ဂတ်တော်ကြီး ဆင်တော်မူထားရာ လက်ယာဘက် လက်တော်ကလေးကို ဖေးဖေးမမနှင့် အသာတရကိုင်ယူ ရှုစား တော်မူကာ။

"စုစုရယ် စကားတတ်တော် မူရှာလေတယ်၊ စုစုကလွဲလို့ မမနန်းသူ ကြေးအိုးထူတွေ မဆိုထားနှင့် ဘုံကြိုး ပြတ်တဲ့ နတ်သမီးဖြစ်ကလည်း၊ မောင်မောင့်စိတ်တော်မှာ နည်းနည်းမှ ကြည်ဖြူတိမ်းညွတ် တော် မမူပါဘူး ဆိုတာ သစ္စာနှောင်ကြိုးကြီးတည်း၍ ထားတော်မူပါတော့ စုစုရယ်၊ ယုံလွယ်တော်မမူ ချင်တဲ့ စိတ်ကလေးကို ဂေးရာသို့ ပို့တော်မူလိုက်ပါဘိ"

မိန့်တော်မူလျှင် စုဖုရားလတ်သည် မိမိလက်တော်ကို မသိမသာ ပြန်လည်ရုပ်သိမ်းတော်မူပြီး ရှေး ကထက်လည်း အနည်းငယ် ရဲရင့်တော်မူလာသောကြောင့် နဂိုဂါသနာအတိုင်း ကလေးဆိုးကြီးလို နွဲ့အားကိုးနှင့် ဆင်တော်မူထားသော ပုဆိုးခါးပုံစကို သိမ်းတော်မူရင်း...

"စုစုက သူများမင်းသမီးတွေလို ပျော့ပျော့ပျောင်းပျောင်း ယဉ်ယဉ်ကျေးကျေးနှင့် ထီးသွေးနန်းဟန် ဖက်ပြီး လက်သန်းများချီ၍လည်း မလျှောက်တင်တတ်ပါ။ ပိယဂါစာ သာယာချောင်တဲ့စကားနှင့် နွဲ့ နွဲ့လျလျ ပြစ်ပြစ်ချွဲချွဲလည်း မမူတတ်ပါ။ ရှက်သလိုလို ဟန်ပန်နှင့် ချစ်လျက် မချစ်ဟန်ဆောင်၍ ပြောင်ပြောင် ပလီလို့လည်း မနေတတ်ပါ။ ဟို...ဟံသာဝတီအောက်ရပ်ဆီက မွန်တလိုင်း မင်းသမီး ကလေးများလို စိတ်တော်ထဲမှာ ရှိသမျှတော့ တိတိကျကျ ဟောဟောဒိုင်းဒိုင်းနဲ့ မှန်တဲ့အတိုင်းသာ မိန့်တော်မူ တတ်ပါတယ်။ အဲဒီ စုစုရဲ့ဂါသနာကိုဖြင့် ခမည်းတော်ဘုရားနှင့် မယ်တော်ဖျားတို့ တောင်မှ ပြုပြင်လို့ ရတော်မမူပါဘူး၊ မယ်မယ်များနှင့် စုစု စကားပြောတော်မူရတိုင်းလည်း စုစုရဲ့ ဂါသနာက မဟုတ်တာ ဆိုလျှင် အသာငြိမ်၍ နားမထောင်တတ်တဲ့အတိုင်း ဖျတ်ခနဲ, ဖျတ်ခနဲ ဂင်ပြီး မေးမြန်း လျှောက်တင် မိတဲ့အတွက်နဲ့ မကြာခဏ ဆိုသလို သတိပေး ဆုံးမခံတော်မူခဲ့ရလှပါပြီ။ ဒီ တော့ စုစု စကား အတင်အလျှောက် လွဲမှားသွားလျှင်လည်း ရှင်းရှင်းလင်းလင်းနှင့် ဘွင်းဘွင်းပဲ တင် လျှောက်ပါရစေ"

"အို...ယခုလို တွေ့ဆုံတော်မူခွင့်ရှိတဲ့ အခါကလေးမှာ စုစု တင်ချင်တာတင်၊ လျှောက်ချင်တာ လျှောက်ပါ၊ မောင်မောင်ကိုများ ကြောက်ရမယ်-အားနာရမယ့် လူရယ်လို့ တွေးထင်တော်မမူပါနဲ့ စုစုရယ်။ စုစုဟာ မောင်မောင်ရဲ့ ချစ်စုမို့ ဘယ်အခါမှ အပြစ်ရှုတော်မူဖို့ စိတ်ရှိတော်မမူပါဘူး။ ကဲ... ကဲ ဘာတွေများ မေးမြန်းစုံစမ်းတော်မူချင်ပါသလဲ၊ မိန့်တော်မူစမ်းပါဦးတော့ဗျာ"

"ထီးငွေ့မဆန် နန်းသံမနှောဘဲ အရပ်စကားနှင့် ပြတ်ပြတ်သားသား လျှောက်တင်ရမှာဖြင့် 'မောင် မောင်ဟာ စုစုကို အမှန်အစစ် ချစ်မြတ်နိုးတော်မူရိုး မှန်ပါရဲ့လား"

"အိုး...မိုးကြိုး ကျားသား"ဘယ့်နယ်စကားတွေကို အသစ်လုပ်၍ မိန့်တော်မူနေရသတုံး စုစုရယ်။ အဏ္ဏဂါပြင်ကျယ် ပင်လယ်သမုဒ္ဒရာမက သောင်းစကြဝဠာကြီးသော်မျှ မဆံ့နိုင်အောင် ခံ့ခိုင်ကြီး ကျယ်လှတဲ့ မောင်မောင့်ချစ်မေတ္တာကြီးကို ဘယ်နည်းနဲ့ စုစုမျက်မြင်ဖြစ်အောင် ပြရပါမလဲ၊ မျက်စိ

www.burmeseclassic.com

တစ်ထောင် အမြင်ဆောင်တဲ့ အမောင်ပြဟ္မာကြီးများကို စုစုထံတော်ပါး အရောက်ခေါ်၍ မြင်တော်မူသာအောင် ပြစေရလျှင်လည်း အကောင်းသားနော်"

"ပြဟ္မာနှင့် သိကြားကိုလည်း သွားဒုက္ခပေးတော်မမူပါနှင့်၊ စုစု သိခွင့် သိထိုက်သလောက် စိတ်ကူး နှင့် အတိမ်အနက် ထောက်ကြည့်နိုင်သမျှ ကလေးမှာဖြင့် မောင်မောင့်ချစ်မေတ္တာဟာ သာမည မေတ္တာမျိုး မဟုတ်တန်ရာဘူးရယ်လို့ အကဲဖြတ်တော်မူမိပါတယ်။ ဒီကဲ့သို့ မောင်မောင့်ချစ်မေတ္တာ တော်ကို စုစုက အကဲဖြတ်မိသလို မောင်မောင်ကလည်း စုစုရဲ့မေတ္တာပေါ်မှာ အကဲများ ဖြတ်တော်မူမိပါသေးသလား"

"ဩော်...စုစု ချစ်မေတ္တာကို မောင်မောင်က အကဲဖြတ်တော်မူမိရဲ့လားလို့ မေးတော်မူတယ်ဆိုပါတော့၊ ယခုလို မောင်မောင်နှင့် ရွှေလွှာတော်ကမ်းပြီး အချစ်လမ်းဖွင့်တော်မူထားရာမှ ယနေ့အချိန် ယခုအခါ နာရီအထိ စုစုရဲ့ ရွှေမျက်နှာတော်ကို မြင်တော်မူရပြီး ခွန်းတုံ့ပြန်ကြား စကားနီးနော တော်မူသည်မှာလည်း ကြည်သာတော်မူလျက်မို့ မောင်မောင့်ကဲ့သို့ပင် ကြင်နာနှစ်သက် ချစ်ဖက်ညီတော်မူရာသည်ဟု အကဲဖြတ်တော်မူမိပါသည် စုစုရဲ့"

"မှန်ပါသည်။ စုစုရဲ့ မေတ္တာတော်ကလည်း မောင်မောင်ကဲ့သို့ပင် ကြီးကျယ်ခိုင်မာလှတယ်ဆိုတာ နှိုင်းယှဉ်စာနာတော်မူပြီး မောင်မောင့် ချစ်မေတ္တာအလေးချိန်နှင့် စုစုရဲ့ ချစ်မေတ္တာအလေးချိန်များ ဟာ ရာသက်ပန် အမြဲထာဝစဉ် ဆတူညီမျှ ချိန်ခွင်လျှာပြ၍ နေစေချင်ပါသည်၊ မင်းညီမင်းသားတို့ စရိုက်နှင့် နှစ်ခြိုက်တော်မူစရာ တွေ့တော်မူလျှင် စုစုတစ်ဦးတည် ပိုင်ဆိုင်တဲ့ မောင်မောင့် ချစ် မေတ္တာထဲမှ ဝေခွဲဖြန့်ဖြူး၍ သူတစ်ထူးကို ဝေငှတော်မူမှာကို အလွန်တရာ နမြောတွန့်တိုတော်မူမိ ပါလိမ့်မယ်။ စုစုကို ပေးထားတဲ့ ချစ်မေတ္တာအရှိန်က အလေးချိန် နည်းနည်းမှ လျော့ပေါ့သွားမှာကို မခံနိုင်ပါ။ ဆင်းရဲသားပြောနှင့် ခပ်ရှင်းရှင်း အတိအလင်း ပြောမည်ဆိုပါလျှင် စုစုက မောင်မောင် တစ်ပါးတည်းကို အင်ကြီးအားကြီးနှင့် နှစ်နှစ်ကာကာ ချစ်သဒ္ဓါတော်မူသလို မောင်မောင်ကလည်း စုစုတစ်ပါးတည်းကိုသာ စွဲစွဲမြဲမြဲနှင့် အားခဲ၍ သီးသန့်တစ်ပါးတည်းချစ်တော်မူစေလိုတာပါပဲ မောင် မောင်ရဲ့"

(ပြုံးရယ်တော်မူကာ) "ချစ်လုံးလုံး မှန်းလားလားဆိုတဲ့ စကားလို စုစုကို ချစ်မြတ်နိုးတော်မူသည့်နေ့ ကစပြီး ဘယ်မင်းသမီး၊ ဘယ်ကိုယ်လုပ်တော်ကိုမျှ မောင်မောင် စိတ်တော်ကူး၍ မကြည့်ခဲ့ဖူးပါ။ စုစု နှင့် မောင်မောင် နွဲ့နှောင်ကြတဲ့ မေတ္တာတော်အလျောက် စုလျားရစ်ရုံ ရွှေဖူးစာ လုံ့တော်မူကြတဲ့ နောက်လည်း 'ဧကောဓမ္မော'ဆိုတဲ့ စကားကိုအားကျပြီး စုစုမှတစ်ပါး အချစ်စိတ် ဂင်စားစရာဆို၍ ယုတ်စွအဆုံး ကိုယ်လုပ်မောင်းမကလေးများသော်မှ ထားတော်မမူတော့ပါဘူး။ ယုံကြည်တော်မူပါ စုစုရဲ့"

"ယခုအနေမှာဖြင့် မောင်မောင့်အမိန့်တော်စကားကို အားထား၍ များများကြီး ယုံကြည်တော်မူ လိုက်ချင်လှပါတော့တယ်။ အကယ်၍သာ နောင်အခါ အပြောနှင့်အဟော သဘောတစ်မျိုးစီ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တော်မူမယ် ဆိုလျှင် စုစုရဲ့ စိတ်တော်ကလည်း မပာတ်လျှင် ခံတော်မူတတ်တာ မဟုတ်ပါ၊ မောင်မောင့်စိတ်တော်ကို မောင်မောင် တကယ်ပင် နိုင်တော်မူလို့ ယခုလိုကတိခံတော်မူခြင်းပါလား"

"မောင်မောင့် စကားကို ယုံစားတော်မူပါတော့ စုစုရယ်"
"ယုံပါဆိုတဲ့အတိုင်း၊ မောင်မောင့်ကို ယုံစရာတော့ ကောင်းလှပါပြီ။ သို့ရာတွင် မောင်မောင့်နောင်တော်များ၊ ဘထွေးတော်များက ရှေ့သွားလမ်းကြောင်း ပေးတော်မူထားကြလေတော့ မောင်မောင့်အပေါ် မှာလည်း မတော်တဆ 'ဒီပုတ်ထဲက ဒီပဲမျိုးများ' ထွက်တော်မူလာပါလျှင် စုစုမှာ အရီးတော်လှိုင်ထိပ်ခေါင်တင် ဖုရားတို့လို တမဲ့မဲ့နှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ဆွေးပြီး ပုရပိုက်ကလေး အသာလှန် ကံ့ကူဆံကလေး မနိုင့်တနိုင် သယ်ပြီး မယ်ဘွဲ့တွေ၊ မောင်ဘွဲ့တွေ 'စိန်ခြူးကြာညောင်'ဆိုတဲ့ မျှော်တော် ယောင်ဘောလယ်တို့၊ 'နာဂဆဒ္ဒန်'ဆိုတဲ့ အမျက်ဖြေဘောလယ်တို့ကိုရေးပြီး တဆွေးဆွေး, တ မြည့်မြည့်နဲ့ ဒုက္ခခံ နေရတဲ့ ဘဂမျိုးများတော့ လားလားမှ အရောက်မခံနိုင်ဘူး မောင်မောင်ရဲ့၊ 'ကတိမတည်'ဆိုစကားနှင့် လွဲမှားပြီဆိုတဲ့ တစ်နေ့မှာ စုစုရဲ့စိတ်တော်ကလည်း ခပ်ထန်ထန်မို့ ခေါင်းငုံ့၍ ခံမည့်သတ္တိ အပျော့စားမျိုးမဟုတ်ဘဲ ရွှေထဘီကို စွန်တောင်ဆွဲပြီး တစ်ခါတည်း....."

မိန့်တော်မူရင်း စိတ်ဂင်စားကာ ဒေါသသံကလေး အနည်းငယ် ပါလာသည်တွင် ကပျာကယာ သဘိထား လျက် ရှက်ရွံ့တော်မူဟန်ဖြင့်...
"ဟာ.....တန်ပါပြီ၊ ဆက်၍ပြောတော် မမူချင်တော့ပါဘူး။ နောင်ခါ အရီးတော်အိမ်ရှေ့ထိပ်ထား ဖုရားလို စုစုများ ဖြစ်တော်မမူပါစေနှင့်လို့သာ ဆုတောင်းမိပါသည်"

(ပြုံးရယ်တော်မူကာ) "ဟိုဟာက ဘထွေးတော် အိမ်ရှေ့ကိုယ်တော်ကြီးပါ စုစုရဲ့။ ဒီက မောင်မောင် က သီပေါမောင်မောင်ပါ။ လောကီရေးရာမှာ ဘထွေးတော်ဖုရားရဲ့ ခြေတော်ကို မနင်းနိုင်တဲ့ မင်း သားရိုး မင်းသားဖျင်းကလေးတစ်ပါးလို့ မှတ်ထင်တော်မူထားပါ။ ဒီဆွေတော် ဒီမျိုးတော် ဒီသွေး တော် ဒီသားတော် ထဲကဖြစ်၍ 'ဒီပုတ်ထဲက ဒီပဲပင်ထွက်မည် ထင်တော်မမူလိုက်ပါနှင့်။ ဒီတစ်ပုတ် တည်းက ထွက်သည့်ပဲ ပင်ဖြစ်သော်လည်း မောင်မောင်တစ်ပါးတည်း 'စုန်းပြူးတဲ့' ပဲစေ့ကလေး တစ်ခုလို့ စုစုစိတ်တော်မှာ မှတ်စွဲပြီး တစ်သမတ်တည်း စိတ်ဂမ်းချချ စံတော်မူပါတော့။

စုစုနှင့် မောင်မောင်မှာ သူတစ်ပါးကဲ့သို့ ခမည်းတော်ဖုရားက စုလျားရစ်ပတ် လက်ထပ်ပေးတော်မူမှသာ တစ်ဦးနှင့်တစ်ဦး ကြင်နာချစ်ခင် မေတ္တာရည်ဂင်ကြမည့်သူများ မဟုတ်ကြပါဘူး။ ပထမရှေးဦးက ထူးထူးခြားခြား သမ္မာဒေဂနှင့် သတ္တဘာဂနတ်များ နှိုးဆော်ချက်ဖြင့် မျက်လုံးတော်ချင်း ဆုံဆည်းမိ ကြတဲ့ တစ်ခဏအချိန်ကစပြီး အချစ်ကြီးချစ်တော်မူလာကြရသူများပါကလားလို့လည်း စဉ်းစား တော်မူလိုက်စမ်းပါ။ ဧကရာဇ်နန်းဖွားမောင်တော်၊ နမတော်၊ သွေးတော်၊ သားတော်ချင်းလည်း ဖြစ် ကြတဲ့အတွက် ချစ်ခင်ကြင်နာတော်မူကြသည့်ဘက်မှာဖြင့် ပိုပိုသာသာကြီး ရာဇူချိန်လျှာ ထွက် လျက်ရှိပါတယ်။ ဘယ်ဘက်က လှည့်တွေးတွေး မောင်မောင်နှင့် စုစုတို့ နောင်ရေးကိုဖြင့် စိတ် အေးတော်မူ စရာဘက်ကသာ များပါတယ် စုစုရယ်"

www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင် မိန့်တော်မူချက်များကိုလည်း စုစုကလွဲမှားတယ်လို့ မလျှောက်တင်လိုပါ။ သို့ရာ တွင် သွေးတော်ချင်း၊ သားတော်ချင်းထဲမှာပင် သူစိမ်းပြင်ပြင်ထက် အင်မတန် စိမ်းကားရက်စက် တော်မူတတ်ကြတဲ့သူတွေ သက်သေထင်ရှား ရှိနေကြသည်များကိုလည်း မောင်မောင်သတိထား တော်မူမိပါသေးသလား"

"ဩော်...နောင်တော် မက္ခရာကိုယ်တော်ကြီးကို ရည်ရွယ်၍ မိန့်တော်မူခြင်းပါလား စုစုရဲ့"

"မှန်ပါတော့သည်၊ မက္ခရာကိုယ်တော်ကြီးဟာ ခမည်းတော်ဘုရားက မောင်တော် နှမတော်ချင်းချင်း ရေသွန်း နှင်းအပ် လက်ထပ်ထိမ်းမြားပေးတော်မူထားသည်ကိုပင် ချစ်ခင်ကြင်နာ ညှာတာထောက် ထားတော်မူလိုတဲ့ စိတ်ဆို၍ တစ်ဆိတ်ကလေးမျှ ရှိတော်မမူဘဲ ကြင်ရာတော်ကို အမြဲ ပစ်ပယ် တော်မူ ထားပြီး သူ့ကိုယ်လုပ်တော်ကြီးများနှင့်သာ ပျော်ပျော်ပါးပါး ခံစားတော်မူနေပါကလား မောင် မောင်ရယ်။ တကယ်ဆိုလျှင် ကိုယ်လုပ်တော်ဆိုတဲ့ဟာတွေက ဘာမျှ သွေးသားစပ်နွယ်ကြသည် မဟုတ်ပါ။

ကြင်ရာတော်ခမျာမှာ နှမတော်ဂမ်းကွဲလည်းဖြစ်ပါတယ်၊ ခမည်းတော်ကိုယ်တော်တိုင် ထိမ်းမြားပေးတော်မူထားသည့် မျက်နှာကိုမှ မထောက်မထား ရက်ရက်စက်စက်ကြီး လျစ်လျူရှု တော် မူနေထိုက်ပါရဲ့လား။ ကြင်ရာတော်အဖြစ်နှင့် ချစ်တော်မမူနိုင်သည်ထားဦး၊ နှမတော်ကလေး အဖြစ်နှင့် သနားချစ် ကလေးလောက်တော့ ချစ်ခင်ပြီး ကြင်နာယုယတော် မူထိုက်ပါသေးကလား မောင်မောင်ရဲ့။ အဲသည်မျှ ရက်စက်စိမ်းကားတဲ့ မင်းသားကြီးဟာ မယ်တော်ချင်းသာကွဲ၍ ခမည်း တော် တစ်ပါးတည်း ဆင်းသက်တော် မူခဲ့တဲ့ နောင်တော်ကြီးပဲ မဟုတ်လား"

"အို...မက္ခရာနောင်တော်ကြီးက သူ့ကြင်ရာတော် မင်းသမီးကို စိမ်းကားတော်မူတာနှင့် မောင် မောင်မှာ စပ်ကြားက ရာဇဂတ်သင့်ရတော့မလို ဖြစ်နေပါပြီ စုစုရယ်။ တစ်မိဂမ်းတွင်း အတူဆင်းကြ သူများမှာပင် အဖြူနှင့်အမည်းကဲ့သို့ စိတ်ထားချင်း အကွဲကြီးကွဲနေကြပါသေးတယ်။ နောင်တော် ကြီးစိတ်နှင့်နှိုင်းပြီး မောင်မောင့်ကို ရှိုင်းတော်မူမယ့်လူလို့ စုစုကတွေးပြီး ပူနေပြန်ပါသလား။ ကဲ... ကဲ မောင်မောင် ပြောစမ်းပါဦးမယ်"

"အဲသည် မင်းသားကြီးဟာ မောင်မောင်တစ်ဦးတည်းနှင့်သာ ညီတော် နောင်တော်စပ်တော်ကြပါ သလား။ ဒီက စုထားနှင့်ကော၊ မယ်တော်သာကွဲ၍ ခမည်းတော်တစ်ပါးတည်း ဆင်းသက်တော်မူ လာကြသည့် မောင်တော်, နှမတော်များ မဟုတ်ပါလား။ နောက်တစ်ချက်လည်း စဉ်းစားတော်မူစမ်း ပါ။ စုစုက နောင်တော်ကြီး ဆိုးဂါးရက်စက်တော်မူသည်လို့သာ တစ်ဖက်သတ်အပြစ်တင်တော်မူ နေတော့တယ်။ နောင်တော်ကြီးမှာ 'သည်းနစ်ခမန်း ချစ်ငယ်ကျွမ်း'မှန်တဲ့ကိုယ်လုပ်တော်ကြီးများနှင့် မြတ်နိုးကြည်ဖြူစွာ စံတော်မူ နေမည့်ဆဲဆဲမှာ ခမည်းတော်ဘုရားက နှမတော်နှင့် ခေါ်ယူလက်ထပ် ပေးတော်မူခြင်း ဖြစ်ပါတယ်။ တစ်ပါးနှင့် တစ်ပါးလည်း ချစ်ခင်စုံမက် မေတ္တာဆက်တော်မူခဲ့ဖူးကြ ခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com

ပကတိ အစိမ်းသက်သက်ကို လက်ထပ်ပေးတော်မူလိုက်တော့ နောင်တော်ကြီးမှာ သူ့ ကိုယ်လုပ်တော်တွေကို သနားလက်စ ချစ်လက်စနှင့် ငဲ့ရညာရ ရှိတော်မူနေတဲ့အခိုက်မို့ နမတော်ရဲ့အကြိုက် အလိုတော်လိုက်ပြီး ဂရုတစိုက် ယုယုယယ ပြုတော်မမူနိုင်ခင်မှာ ကြင်ရာတော်က ငါသည် ခမည်းတော်ဘုရားရဲ့သမီးတော်တစ်ပါးပဲဆိုပြီး မာနကလေးနှင့် ဘာကလေးနှင့်ဖြစ်ဖြစ်၊ မယ်တော် ခမည်းတော်များကို ရှေ့နားတော် ပေါက်ကြားအောင် လုပ်လေတော့ နောင်တော်ကြီး သည် တမင် အရွဲ့တိုက်ပြီး နေတော်မူတာနှင့် တူပါတယ်။ တကယ်ဆိုတော့ နောင်တော်ကြီးမှာ အများ သင်ကြား သလောက် အပြစ်တော်မကြီးပါဘူး စုစုရယ်"

"ဒါဖြင့် စုစုကပင် နောင်တော်ကြီးကို မတရား အပြစ်တင်တော်မူသလိုလို ဖြစ်နေပါသလား။ ဒါများ တော့ မောင်မောင့် နောင်တော်ကြီးဘက်က သက်သက် ရှေ့နေတော်လိုက်တော်မူတာပါပဲ။ စုစုက လည်း မောင်မောင့် နောင်တော်ကြီးကို တစ်ဖက်သက် အပြစ်မဆိုလိုပါဘူး။ သို့ရာတွင် နောင်တော် ကြီးကို ပမာတင်ပြီးတော့ စုစုကို မောင်မောင်က မကြင်မနာ ပြုတော်မမူပါနှင့် ဆိုတာကို တောင်းပန် တော်မူလိုတဲ့ စိတ်ရင်းကြောင့် လမ်းခင်းလို့ လျှောက်တင်ရခြင်း ဖြစ်ပါတယ်"

(ပြုံးတော်မူပြီး စုဖုရား၏ ကျောကလေးကို ယုယကြင်နာစွာ သပ်တော်မူကာ)

"မောင်မောင့်အတွက်ဖြင့် စုစု တစ်သက်လုံး စိတ်အေးအေးနေတော်မူပါ။ သည်ယနေ့ကစပြီး မောင်မောင့် အသက်နှင့် ကိုယ်နှင့်မြဲသမျှ စုစု မကြိုက် မနှစ်သက်တာဆိုလျှင် ဘာကိုမျှ မောင်မောင့် သဘောနှင့် မောင်မောင် ပြုလုပ်တော်မမူပါဘူး။ သည်အရေးကို ဘယ်အခါမျှ စုစုတွေး၍ အပူ မအေး ဖြစ်နေတော် မမူရအောင် မောင်မောင် ယခုပင် သစ္စာဆိုပါမယ်ဗျ"

မိန့်တော်မူကာ ကျောက်သလွန်ပေါ်တွင် နှစ်ပါးယှဉ်၍ ထိုင်တော်မူရာမှ ရုတ်တရက် ဒူးပဆစ်တုတ် ခါ အရှေ့စွယ်တော်စင်ရှိရာသို့ လက်အုပ်ချီ ရည်ညွှန်းလျက် သစ္စာမိန့်ခွန်း ဆင်တော်မူမည်ဟု ငါးပါးသော ပဉ္စသီလကို စတင်ခံယူတော်မူနေသည့်အတွက် စုဖုရားလတ်မှာ ချစ်မျက်နှာနှင့် ပြုံး၍ ချစ်မျက်လုံးနှင့် ရှုစားတော်မူလျက် သီပေါမင်းသား ဆက်လက်သစ္စာမူမည်ကို ကြည်ဖြူနှစ်သက်စွာ နားစိုက်တော်မူလျက် ရှိလေ၏။

ရေကြည့်နန်း အဆောင်ကွယ်ကလေးတွင် တစ်ကိုယ်လုံး စုံးစုံးမြုပ်အောင် ပုန်းရှောင်ထွက်ခွာခဲ့ပြီး နောက် မင်းနှစ်ပါးတို့ စကားပုစ်ကြူ ကြည်ဖြူစွာ ရှိမရှိကို တစေ့တစောင်းမှ ချောင်းမြောင်းအကဲ ခတ်နေသော အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မျက်နှာတဖြည်းဖြည်းလန်း၍ ဂမ်းမြောက်သော အသွင်ကိုဆောင်ကာ မိမိရည်ရွယ်မှန်းထားရာ အောင်မြေတွင် အောင်သေ အောင်သားစားရသော စစ်သူကြီးပမာ အားရ ပြုံးရွှင်စွာနှင့် မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့အား သတင်းကောင်း ပြောကြားရန် ယုဇနရုံ ကလေးများကို ကွယ်ကာ အရေးတကြီး လိုက်၍ရှာလေတော့သည်။

www.burmeseclassic.com

ထိုအခိုက်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း အရိပ်အာဂါသကောင်းလှသော တတိုင်းမွှေးရုံကြီး အရိပ်အောက်ရှိ ဂါးစိမ်းကွပ်ပျစ်ကလေးပေါ်သို့ ရောက်မိကြသော အချိန်ကစ၍ တစ်ဖက်မှ လူသံကြား၍ အသာနားစွင့်ရင်း ပန်းရုံအောက်ခြေသို့ ငုံ့ကြည့်မိလိုက်သောအခါ အဂါ ကြိုးထဘီ ဂုတ်ဆင်ထားသော မိန်းမသားနှစ်ဦး၏ ဒူးပိုင်းကို တွေ့မြင်ရသည်နှင့် တစ်ယောက်မျက် နှာ တစ်ယောက်ကြည့်ကာ အသာလက်ကုတ်ပြီး မလှုပ်ဂုံ့အောင် ရှိနေကြလေ၏။ ထိုအတွင်း မောင် မောင်ငယ်က တီးတိုးလေသံနှင့်…

"မဟာန်ဘူး ကိုရင်တုတ်ရေ၊ ကျုပ်တို့ ဒုက္ခများကုန်ကြလိမ့်မယ်။ ဒီဟာမတွေက ထိပ်စုဖုရား နောက် တော်က ပါလာကြတဲ့ အပျိုတော်တွေပဲထင်တယ်။ အပျိုတော်နှင့် လူပျိုတော်ဆိုတာ 'ချဉ်သီးနဲ့ ဆား'လိုမို့ ဥပဒေအထူးထုတ်ပြီး ချုပ်ချယ်ထားလို့ ကျုပ်တို့ ဒီနေရာက ရှောင်သွားကြမှ တော်မယ် ဗျ"

ဆိုလျှင် မောင်မောင်တုတ်လည်း တီးတိုးလေသံနှင့် မောင်မောင်ငယ်၏နားနားကပ်ကာ…

"အို…လာမိပေ့ါဟာ၊ ဘယ်နေရာ ရှောင်ထွက်နေရဦးမှာလဲ ကိုရင်ရ။ လူပျိုတော်နှင့် အပျိုတော်တွေ ကို ဥပဒေအထူးထုတ်ပြီး ချုပ်ချယ်ထားမှန်းလည်း သိပါရဲ့။ ဒါပေမဲ့ ကျုပ်တို့ရဲ့ အရှင်နဲ့ သူတို့ရဲ့ သခင်များတောင် နှစ်ပါးတွေ့တော်မူနေကြသေးတဲ့ဟာ ဒီအချိန် ဒီအခါမျိုးမှာ ကျုပ်တို့ကလည်း ဥပဒေတွေ၊ ဖြတ်ထုံးတွေ ဂရုစိုက်မနေနိုင်အားပါဘူး။ သူတို့ရှိကော ကျုပ်တို့ ဘာသာ ကျုပ်တို့ ဒီ မှာနေတဲ့ဥစ္စာ။ သူတို့လည်း ဘယ်လိုမှ ကျုပ်တို့က လုပ်သေးတာမှမဟုတ်၊ ဘယ်အာဏာသားက လာဆွဲနိုင်မှာတုံး ကိုရင်ရဲ့"

"ဟာ…ကိုရင်တုတ်ကလည်း အစစအရာရာ တယ်လည်းရဲတာကိုးဗျ။ အမှုဆိုတာ မလွန်ခင်က ဆင် ခြင်မှ ကောင်းကြတာမျိုးဗျ။ နောင်အခါ သူတို့က ကျုပ်တို့ကို မြင်သွားလို့ ဒီလူပျိုတေဘ် နှစ် ယောက်ဟာ ကျွန်တော်မတို့ရှိရာကို မယောင်မလည်လာပြီး ဘာလုပ်မယ်လို့မှန်း မသိပါဘူး"လို့ သူတို့ စုဖုရားကိုတင်ရင် 'တပည့်မလိမ္မာ ဆရာရဲ့ခေါင်း'ဆိုတာလို ကျုပ်တို့မလိမ္မာကြတဲ့အတွက် ကိုယ်တော်ဖျားအပေါ်မှာ စုဖုရားက အထင်တော်သေးမသွားသေးဘူးလား"

"ဒီထိအောင်တွေးပြီး စိတ်လေးမနေစမ်းပါနှင့် ကိုရင်ရာ။ ဟိုပြောင် ဒီရွှေ့နှင့် လမ်းသလားနေတာ ကမှ ဟိုလူမြင် ဒီလူမြင်နဲ့ အထင်လွဲမယ်ဆို လွဲချင်စရာကြီး ဖြစ်နေပါဦးမယ်။ ခုလို လုံခြုံတဲ့နေရာ မှာ ငြိမ်ငြိမ်ကလေး ကုပ်နေတာက အန္တရာယ်ကင်းပါသေးတယ်ဗျာ။ သူတို့မြင်သွားလည်း မသိချင် ဟန်ပြုပြီး အကျိုးအကြောင်း တောင်းပန်လိုက်ရုံပေ့ါ။ နောက်ပြီးတော့ အထိန်းတော်သခင်ကြီး တစ် ယောက်လုံးလည်း ရှိပါသေးတယ်။ ဒီလိုအခါမှာ အထိန်းတော်ကြီး နောက်ပြီးတော့ အထိန်းတော် ကြီးသာ အခရာမို့ စုဖုရား အထင်လွဲတော်မူမှာလည်း မစိုးရိမ်စမ်းပါနဲ့။ ဟော…ဟော နားထောင် စမ်း၊ ကိုရင်ငယ် ဘာတဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုသလို နှစ်ယောက်သား နားစိုက်၍ ထောင်လိုက်သည်တွင် တတိုင်းမွေးရုံတစ်ဖက်မှ တစ်ယောက် တစ်လက် ပန်းခူးရင်း စကားလက်ဆုံကျလျက် ရှိကြသော အပျိုတော် ခင်မကြီးနှင့် ခင်ဘုန်းတို့မှာ လည်း မိန်းမ နှစ်ယောက်တည်း ရှိနေကြသည်အထင်နှင့် စကားအလျဉ်မပြတ် ပြောလာကြရာမှ ပေါက်ကရ စကားတွေ လျှောက်ပြီး ဖောက်လာကြစဉ် ဖြစ်လေ၏။

"ဒါထက် ခင်မကြီးရေ၊ ဘာလိုလိုနဲ့ ကိုယ်တို့စုထားဖုရားတော့ ခုနယ် သီပေါကိုယ်တော်ဖျားနဲ့ အကြည်တော် များ ဆိုက်တော်မူနေပြီ ထင်တယ်"

"အိုကွယ်၊ ခင်ဘုန်းကလည်း တွေးလုံးနယ် ညံ့ပလေတယ်၊ ထွက်တော်မူလာကတည်းက သည် အကြံနှင့် သည်ဉာဏ်ကိုဆင်ပြီး တမင်ထွက်တော်မူလာခဲ့တာပဲ။ ခုနေ ခင်ဘုန်း ထင်တာကပင် နည်းပါး လိမ့်ဦး မယ်ကွယ်"

"ဟင်...နော် ဘာလဲ သူက လူပျိုတော်တွေကို အရေးတစ်ခုလုပ်ပြန်ပြီ။ ရှုပ်ရှုပ်ယှက်ယှက် မေးလား မြန်းလာနဲ့ ကိုယ်တော့ မရိုးချင်ဘူးထင်တယ်"

ခင်မကြီးက မျက်နှာထားတစ်မျိုး ခပ်တိုးတိုးလေသံနှင့် မာန်သလိုလို ပြောလိုက်သောအခါ ခင်ဘုန်း မှာ မျက်နှာကို ပြုံးရွှင်စွာထားလျက်...

"အလိုလေး...ခက်ပင် ခက်ရချည်ရဲ့ ခင်မကြီးရယ်၊ ဒီကလည်း ဘယ်လိုသဘောနဲ့မှ ပြောတာ မဟုတ်ရပါဘူး။ ဒီမေးခွန်းကလေးအတွက်ဖြင့် ခင့်မှာ အပြစ်မလေးပါရစေနဲ့"

ကြီး။ "အနို့...ဘာဖြစ်လို့ သီပေါကိုယ်တော် ကြွလာတော်မူရာမှာ လူပျိုတော်သုံးလေးယောက်ပါ လာလိမ့်မယ်လေး ဘာလေးနှင့် ရှုပ်ရှုပ်ထွေးထွေး စကားသံတွေ ထွက်လာရသတုံး ခင်ဘုန်းရဲ့"

ဘုန်း။ "သည်စကားဟာ ဆန်းပြားထူးထွေတဲ့ စကားမှ မဟုတ်ပါဘဲ အရှင် ထိပ်စုကိုယ်တော် ထွက် တော်မူလာတဲ့အခါမှာလည်း လက်စွဲတော်သား လူပျိုတော်များ ပါလာကြမှာပဲလို့ ပြောမိခြင်းပါ။ အနို့ပြီး ခင်ဘုန်းစကားကိုလည်း ဆုံးအောင်များဆက်၍ နားထောင်စမ်းပါဦးတော့ ခင်မကြီးရယ်

ကြီး။ "ကိုင်း...ကိုင်း ခင်မကြီး အပြစ်တင်စောမိတာကို တောင်းပန်ပါတယ်။ ခင်ဘုန်းပြောမှာသာ ဆက်ပြော စမ်းပါဦး"

ဘုန်း။ "ခင်ဘုန်းပြောချင်တာက သည်လိုပါ။ သီပေါကိုယ်တော်ရဲ့ နောက်တော်ပါးမှာ လူပျိုတော် သားများပါလာလို့ရှိခဲ့လျှင် အရှင်သခင်နှစ်ပါး အနီးအနားမှာလည်း ခင်တို့နှင့် လာတွေ့နေကြလျှင်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလုပ်ပဲ့မလဲလို့ မေးချင်တာပါ၊ ခုနေအခါ ခင်တို့ ခင်မကြီးတို့မှာလည်း ထိပ်စုဖုရား အပါး တော်မှ ခွာနေရဆဲမို့ ခပ်ရဲရဲလူပျိုတော်တွေ ဖြစ်နေလျှင် အတော်ပင် ကြောက်စရာကောင်းမယ် ထင်တယ် ခင်မကြီးရဲ့။ နို့ပြီးတော့ သီပေါကိုယ်တော်ရဲ့အပါးမှာ အမြဲတမ်းခစားနေကြတဲ့ လူပျို တော်များအနက်က မောင်မောင်ငယ်ဆိုသူမှာ စိတ်သဘော နူးညံ့သိမ်မွေ့သူဖြစ်သော်လည်း ဟို... အသားမည်းမည်း၊ ပါးစပ်ပြဲပြဲနဲ့ ပါးစောင်ထဲမှာ ကွမ်းအမြဲငုံပြီး ကျောက်ပေါက်မာတွေ တစ်ပြုံကြီးရှိ တဲ့ မောင်မောင်တုတ်ဆိုတဲ့ လူပျိုတော်ကြီးတစ်ယောက်ဟာဖြင့် ကြောက်စရာ အလွန်ကောင်း တယ်လို့ ပြောသံကြားဖူးပါတယ်။

ဣတ္ထိယသိုက်ကိုလည်း အတော်လိုက်စားလို့ အရပ်ထဲက ဆင်း ရဲနွမ်းပါးတဲ့ အပျိုအရွယ်ကလေးများဖြင့် မကြာခဏ သူ့စက်ကွင်းထဲသို့ ကျလို့သွားကြသည်ကို သတင်းကြားရပါတယ်။ ဒါကြောင့် ယနေ့ပါလာတဲ့ လူပျိုတော်သားထဲမှာ မောင်မောင်တုတ်များ ပါ လာလို့ မတော်တဆ တွေ့ကြရမယ်ဆိုလျှင် ခင်တို့ ဘယ်လို ကြံကြမလဲလို့ပါ"

ကြီး။ "အံမယ်...ခက်သမို့လား ခင်ဘုန်းရယ်၊ နားမလည် ပါးမလည်တဲ့ မလိမ်မိုး သူ့စက်ကွင်းထဲ ရောက်ရာကြမှာပါ၊ ခင်မကြီးတို့လိုဟာမျိုးနဲ့ လာတွေ့စမ်းပါလား 'ဘွားခနဲ ယနေ့ ကားခနဲ တွေ့ စေ့မယ်'ဆိုတဲ့ မယ်ကုဂဏ်ဇာတ်အခန်းက ပတ်ကြမ်းမျိုးတုတ်လိုက်လျှင် ခင်ဘုန်းရဲ့ မောင်မောင် တုတ် ခလုတ်တိုက်အောင် ကတိုက်ကရိုက် ထွက်ပြေးရမှာပါ။ ကဲလေ...ခင်ဘုန်း မကြောက်ပါနဲ့၊ ခင်မကြီးတစ်ယောက်လုံး ရှိပါသေးတယ်"

ပြောလိုက်လျှင် တတိုင်းမွှေးရုံအောက်တွင် ရှိသူများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး "ကိုင်း...ဘယ့်နှင့်ရှိစ"ဟု မေးဟန်မျိုးနှင့် မောင်မောင်ငယ်၏ မျက်လုံး သဝေထိုးလျက် မောင်မောင် တုတ်ကို လက်ကုတ်၍ ပြလိုက်သောအခါ မောင်မောင်တုတ်မှာ လျှာထုတ်ခါပြုံးပြီး ခင်မကြီးပြော သော စကားကို လက်ဖျားခါ၍ နေမိလေ၏။

"ဘယ့်နှယ်တုံး ကိုရင်တုတ်၊ ကျုပ် မပြောလား၊ ခင်ဖျားရဲ့ ဂုဏ်ပုဒ်တွေကိုလည်း အတော်ချီးကျူးနေ ပြီ။ မတော်တဆ တွေ့များသွားလျှင် ကိုရင်တော့ ပြေးဖို့သာပြင်ပေတော့ဗျာ"

မောင်မောင်ငယ်က တီးတိုးနားနားကပ်ပြောလိုက်လျှင်...

"အို...နေစမ်းပါဦး ကိုရင်ရဲ့။ ဟိုက ကြားသွားပါဦးမယ်။ ကျုပ်တို့၊ ကိုရင်တို့ ရောက်နေကြတဲ့ နေရာ ကလည်း အပြစ်တင်မလွတ်မယ့် နေရာကြီးပါကလား။ တွေ့များတွေ့လိုက်ရင်တော့ ဆင်ခြေပေးဖို့ အတော်ခက်မယ့် ထောင်ချောက်ကြီးပဲ။ ကဲ...ဒီပန်းချုံထဲမှာ ကြာကြာနေလို့ အခြေမလှဘူး၊ ကိုရင် ငယ် ခပ်မြန်မြန် ဖယ်ရှားနေကြစို့လား"

www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးပြောကာ ခြေကို အသာကြွနင်းပြီး ထွက်သွားမည်ပြုသောအခါ မောင်မောင်ငယ်က အသာ ဆွဲထားလျက်...

"နေဦး...နေဦး၊ အခုမှ ဒီအထဲကထွက်လို့ ဟိုက မျက်လုံးလေးလုံးက ကန်းနေမှာမဟုတ်ဘူးဗျ။ တော်တော် စောစောတုန်းက ရှောင်နေကြပါစို့ရဲ့ဆိုတော့ ဂျီရိပတ္တနဲ့ စကားလုံးတွေများနေလိုက် တာ။ ခုမှတော့ မထူးပါဘူးဗျာ 'ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်း ခိုးမှန်း သိသွားမှ' အဲဒီ တော့ ကျုပ်စကား တစ်ခုပြောမယ် ကိုရင် နားထောင်မလား"

တိုးတိုးပြောသောကြောင့် မောင်မောင်တုတ်မှာ မကြံသာပြီ ဖြစ်သဖြင့်...

"ပြောစမ်းပါဦး ကိုရင်ငယ်ရာ၊ ကျုပ်တော့ မကြံသာအောင် ဖြစ်နေတာပဲ"

ညည်းညည်းညူညူ ပြောလေလျှင်...

"ခင်ဗျား ဒီမိန်းကလေး နှစ်ယောက်လောက်များ ကြောက်နေသလားဗျာ"

"မဟုတ်ဘူး ကိုရင်ရဲ၊ ကျုပ်တို့ အနေမဟုတ်တဲ့ နေရာမျိုးရောက်နေလို့ပါ။ အခု ကျုပ်တို့နေမိတဲ့ ပန်းချီအောက်က မနေအပ်တဲ့ ရပ်ပြစ်ရှစ်ပါးထဲ အပါအဝင်ဖြစ်နေလို့ လန့်တာ ကိုရင်ငယ်။ သို့မ ဟုတ်ရင် ခင်မကြီးလို လူမိန်းကလေး မဆိုထားနဲ့၊ တောထဲက ကျားမတမ်းမကလေးကိုတောင် ကျုပ်က ကြောက်မယ် မဟုတ်ဘူး၊ ကိုင်း...ဒါတွေ အသာထားပြီး ကိုရင်ပြောမယ့်စကားသာ ပြော စမ်းပါ"

မောင်မောင်ငယ် ၏ နားနားသို့ ကပ်ကာ ပြောသည်တွင်...

"ကျုပ်ပြောတာ ကိုရင် နားထောင်ပါ၊ ဘာမှ ကျယ်ကျယ်ပွားပွားဖြစ်အောင် ကွေ့ရှောင်မသွားလေ နဲ့၊ ခုနေ အပြင်ထွက်လိုက်ရင် မတော်တဆ သူတို့တွေ့မြင်သွားဦးမယ်။ ဒီတော့ 'ပိုနေမြဲ၊ ကျားနေ မြဲ' ဒီပန်းချီထဲတွင်ပဲ ဟောဒီကွပ်ပျစ်ပေါ်လှဲပြီး အိပ်ချင်ဟန်ပြုနေကြစို့၊ ဒါမှ တကယ်လို့ သူတို့ တွေ့မြင်သွားလည်း ကျုပ်တို့ဘာသာ ကျုပ်တို့ သည်ပန်းချီအောက်မှာ စောစောကတည်းက ရောက်နင့်လို့ အေးအေးလူလူ အိပ်ပျော်နေနင့်ကြတာပါကလား။ ငါတို့ကို တစ်မျိုးတစ်မည် အကြံ နဲ့ တွေ့ရအောင် ကြံစည်တာမဟုတ်ဘူးဆိုတာ ကျုပ်တို့ သင်္ကာမရှင်းရဘဲနင့် သူတို့ဘာသာ သိ သွားကြမှာပေါ့ ကိုရင်တုတ်ရဲ့။ ကဲဟုတ်ပြီ မဟုတ်လား။ ဒီနည်းထက် ပိုကောင်းတဲ့နည်းတော့ မရှိ ဘူး ကိုရင်"

www.burmeseclassic.com

www.burmeseclassic.com

ပြောသောအခါ မောင်မောင်တုတ်မှာ အတော်သဘောပေါက်သောကြောင့်...

"ဟုတ်တယ်၊ ဟုတ်ပါပေတယ်။ ကိုရင်ငယ်ပေးတဲ့ အကြံဟာ ယခုအခိုက်အတန့် အတွင်းမှာဖြင့် အဟန်ဆုံးပေပဲ။ ကဲ...ပြောနေကြာလှတယ်၊ လာ...ကိုရင် အိပ်ကြစို့ရဲ့"

ဆိုတာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ကွပ်ပျစ်လက်တန်းကလေးပေါ်တွင် ခေါင်းတင်လျက် မျက်စိကို အတွင်မှိတ်၍ အိပ်ချင်ဟန် နေကြရလေတော့သတည်း။

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း သတင်းကောင်းပေးလိုသော စေတနာဆန္ဒနှင့် အာသီသဇော ကြီးလွန်းလှသဖြင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့အား တောင်ဉယျာဉ်တော်တစ်ပိုက် သို့ အမှတ်မဲ့ လိုက်၍ရှာလျက်မှ တော်တော်နှင့် မတွေ့ရလျှင် ခင်မကြီးစသော အပျိုတော်ကလေး များနှင့် လူပျိုတော်များကိုပင် မတော်တဆ ကြုံတွေ့နေကြပြီး သင်းတို့အချင်းချင်း နီးစပ်သွားပါက မိမိအပေါ်၌ တာဝန်ကျ ချေတော့မည်ဟု အတော်ပူ၍သွားမိကာ စောစောက မိမိနေရာချထားမိ သော ခင်မကြီးတို့ ရှိသည့် တတိုင်းမွှေးရုံကြီးဆီသို့ ကပျာကသီ လျှောက်၍ လာခဲ့လေ၏။

ပန်းချုံတစ်ဖက်တွင် တစ်ခက်ပြီးတစ်ခက်၊ တစ်ခိုင်ပြီးတစ်ခိုင် အမြိုင်အဝေ ပွင့်လျက်ရှိကြသော တတိုင်းမွှေးပွင့်များကို ဆယ့်နှစ်ရာသီ ငွေဖလားကြီး မပြည့်အချင်း အတင်းအဖျင်း စကားပေါင်းစုံ ပြောရင်းနှင့် ရူးဆွတ်နေကြသော ခင်မကြီးနှင့် ခင်ဘုန်းတို့မှာ တတိုင်းမွှေးရုံအောက်မှ လူပျိုတော် သားနှစ်ယောက်ကိုလည်း မမြင်၊ အထိန်းတော်ကြီး ခင်ဘွားသစ်လိုက်လာသည်ကိုလည်း မသိနှင့် ပြောမိလက်စ စကားများကိုသာ ဆက်ကာပြော၍ နေကြသည်ဖြစ်ရာ ခင်ဘုန်းက "ဒါထက် ခင်မ ကြီး မောင်မောင်တုတ်ကို အဟုတ်မကြောက်ဘူးလား"

"မကြောက်ပါဘူးလို့ဆိုမှကွယ် ခင်ဘုန်းရယ်"

"သီပေါကိုယ်တော် စံတော်ဆောင်မှာ မောင်မောင်တုတ်ဟာ ဗိုလ်ဂဲတဲ့ ခင်ရဲ့"

"အို...မြတောင် စုဖုရားရဲ့ အဆောင်တော်မှာလည်း ဟောဒီခင်မကြီးဆိုတဲ့ အပျိုတော်ဟာ ဗိုလ်ပါဂဲ လို့ ခင်ဘုန်း တို့ပဲ ဘွဲ့ပေးထားကြတယ် မဟုတ်လား"

"ရှမ်းနှင့်ဆင် လယ်ပြင်ကျတော့ သိလိမ့်မယ် ဆိုတဲ့ စကားလို ခင်ဘုန်းတော့ ဒီနေ့အတွက် ဗိုလ် နှစ်ဗိုလ် ဘယ်လိုစွမ်းကြတယ်ဆိုတာ ပွဲကောင်းတစ်ခုလို သဘောထားပြီး အားကြီးကို ကြည့်နေချင်

www.burmeseclassic.com

www.burmeseclassic.com

နေတာပဲ။ ဒါနဲ့ အပဟုတ်ပြောစမ်းပါ။ ခုနေ ခင်မကြီးအနား မောင်မောင်တုတ်ဆိုတဲ့လူကြီး ဘွားခနဲ ရောက်လာရင် ခင် ဘယ်လိုပြောမလဲ"

"ဩော်...ရိုးရိုးသားသား တွေ့ရုံနဲ့ဆိုတော့ ဘာပြောစရာလိုလဲ ခင်ဘုန်းရယ်၊ တကယ်လို့ သူက စားနေကြ ကြောင်ပါးကြီးလို ဟိုဟိုဒီဒီတွေ ဖောက်လာရင်သာ တစ်ခါတည်း နားလည်မထနိုင် အောင်..."

မျက်စိကို စုံမှိတ်၍ အိပ်ချင်ဟန် ပြုနေကြသော်ငြားလည်း နားက အတိုင်းသားကြားနေရသော ကြောင့် မောင်မောင်ငယ် မှာ မောင်မောင်တုတ်ကို အသာလက်ကုပ်၍ ပြောနေကြတာ ကြားရဲ့လား ဟူသော အထိမ်း အမှတ်ကို ပြုလိုက်ရာ။

"အေး...အေး၊ ပြောနှင့်စမ်းဦးတော့ ခင်မကြီးရာ။ တစ်နေ့ မောင်မောင်တုတ်အကြောင်း ကောင်း ကောင်း ပြရမှာပ။ ဒီတစ်နေ့တော့ အရပ်အနေမှားလို့ ခွန္တီတရားသုံးပြီး လုံးလုံးဥပေက္ခာလုပ်ရတော့ မှာပဲ"

ပြုံးပြုံးကြီးလုပ်ကာ မျက်လုံးမှိတ်ရင်းက တီးတိုးကြိမ်းဝါးပြလိုက်မိပြန်လေ၏။ အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ရေးကြီးသုတ်ပျာ လျှောက်လာရင်း စကားဖြူပင်ရင်းတွင် တစ်ယောက်တည်း အိပ်ပျော်နေရှာသော မောင်မောင်နွဲ့ကလေးကို တွေ့ရလျှင် "ဟင်...ဒီကောင်ကလေးလည်း တစ် ယောက်တည်း ဒီမှာလာပြီး အိပ်ပျော်နေရှာပါကလား။ ဟိုကိုယ်တော်မြတ်နှစ်ယောက်က ဘယ်များ သွားကြပါလိမ့်။ ဘုရား...ဘုရား၊ မောင်မင်းကြီးသားများ ရိုးမှ ရိုးတော်မူကြပါမလား"ဟု တစ် ယောက်တည်း မြည်တွန်တောက်တီးကာ တတိုင်းမွှေးရုံကြီးအနီးသို့ ရောက်လာလေ၏။

ပန်းချုံတစ်ဖက်တွင် ရှိနေကြသော ခင်မကြီးနှင့် ခင်ဘုန်းတို့ကို မတွေ့ရမီ တတိုင်းမွှေးရုံအောက်၌ နှစ်ယောက်သား အိပ်ပျော်နေကြသော လူပျိုတော်နှစ်ဦးကို ရှေးဦးစွာ တွေ့မြင်လိုက်ရလျှင်ပင် "အလိုလေး...ငါထင်တာ ဟုတ်ပါပြီ၊ သူတို့ ဒီနေရာကိုမှ တန်းတန်းမတ်မတ် ရောက်လာတတ်ကြ ပလေတယ်။ သူတို့ကလည်း နှစ်ယောက်၊ ဟိုကလည်း နှစ်ယောက်၊ အတော့်ကို အတိုင်အဖောက် ညီနေကြတာပဲ။ ကြည့်စမ်းပ နှစ်နှစ်ခြိုက်ခြိုက်ကြီးများ အိပ်နေလိုက်ကြတာ၊ ဒါနှင့် ဟို...မမချော နှစ် ယောက်ကတော့ မောမောနှင့် ဘယ်နေရာသွားပြီး ဘာများ လုပ်နေကြသည် မသိ"ဟု ပွစိပွစိ တစ် ယောက်တည်း ရေရွတ်ကာ ကွပ်ပျစ်အနီးသို့ ရပ်လာပြီး။

"မောင်မောင်တို့...မောင်မောင်တို့"ဟု လက်တို့၍ နိုးလေရာ မအိပ်ဘဲ အိပ်ပျော်ဟန်ဆောင်နေရ သူများဖြစ်သော မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ဒိန်းခနဲ ရင်ထဲသို့ အလုံးကြီး ဆောင့် ဝင်သွားပြီး မျက်လုံးကို တအားမှိတ်၍ အိပ်ချင်ဟန်ပြုမြဲ ပြုနေရတော့၏။ အထိန်းတော်ကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com

အရေးတကြီးနှင့် အတန်တန် ဆင့်ကာ ဆင့်ကာ "မောင်တို့...အို...မောင်မောင်တို့၊ ထကြပါဦး"ဟု နိုးနေ ပြန်လျှင် ယခင်ကတည်းကပင် အထိန်းတော်ကြီး ခင်ဘွားသစ်၏ အသံမှန်း ကျက်မိစေကာမူ ရုတ်ခနဲ နိုးလျက် နိုးချင်း ရှောရှောရှူရှူ မျက်လုံးဖွင့်ကြည့်လိုက်ပါက မတော်တဆ အထိန်းတော် ကြီး ကိုယ်တိုင်က အထင်မှား အတွေးမှား ဖြစ်သွားမည်စိုးသဖြင့် ဟန်ဆောင်အိပ်နေကြရသူများ ဖြစ်သည့်အားလျော်စွာ တကယ်အိပ်သူ ထက် အနိုးရခက်လျက်ရှိသောကြောင့် ခင်ဘွားသစ်ကြီးမှာ သက်ပြင်းကြီးများ ချမိလျက် "အို...တယ်လို့ ခက်နေပါပြီ။ သည့်လောက် နိုး၍မှ မနိုးနိုင်ကြသည်မှာ ကာလနဂါးရဲ့ သွေးတော် သားတော် ကလေးတွေများ ဖြစ်နေကြလေသလား၊ ဒါမှမဟုတ်လျှင်လည်း ဘယ်နစ်နေ့ ဘယ်နစ်ရက်ဆက်၍ အအိပ်ပျက်လာကြလေသလဲ ပြောပဲ မပြောတတ်ချေဘူး၊ ကရို" ဟု တစ်ယောက်တည်း ပြောကာ နောက်တစ်ကြိမ် မောင်မောင်တုတ်၏ပခုံးကို ခပ်နာနာ လှုပ်ခါ လှုပ်ခါ "မောင်မောင်တို့...မောင်မောင်တို့၊ ထကြစမ်းပါဦး"ဟု အရေးတကြီး ဆက်တိုက်ကြီး နိုးကာ မှ မောင်မောင်တုတ်မှာ ကိုယ်ကို လှုပ်ရှားတွန့်လိမ်ပြီးလျှင် အင်...အယ်နှင့် အညောင်းဆန့်ပြီးမှ မျက်လုံးကို မှေးမှေးဖွင့်စ ပြုလေ၏။

"အမယ်မင်း...ထကြပါဦး မောင်မောင်တို့ရဲ့"ဟု အရေးကြီးလှသော အမူအရာနှင့် ထပ်ပြောမှ မောင်မောင်တုတ်မှာ ရုတ်တရက် ထ၍ ထိုင်လိုက်ပြီး "အလို...အရီးဖုရားပါကလား"ဟု ဆိုလျက် တစ်ဖက်တွင် အိပ်နေသော မောင်မောင်ငယ်အား လက်နှင့် တွန်းနိုးကာ "ကိုရင်...ကိုရင်၊ ထ...ထ" ဟု ဆို၍ မောင်မောင်ငယ်ကလည်း လူးလဲကာ ထပြီး အထိန်းတော်ကြီးကို ကြည့်ကာ ပျာပျာသလဲ နှင့်။

"ဟင်...ကျွန်တော်တို့ကို ကိုယ်တော်များ ခေါ်တော်မူပါသလား"ဟု ဆိုကာ ကပျာကယာ ထလျက် ပုဆိုးခါးပုံစများကို နေသားတကျ ပြင်နေရာ ခင်ဘွားသစ်ကြီးက မေးငေ့ါပြီး...

"အမလေးဟဲ့...လူဇော်တွေ၊ နိုးလိုက်ရကာဖြင့် ကြာလှပေါ့။ အခုမှ နိုးပြီး၊ နိုးမယ့်နိုးတော့လည်း ပြာ ပြာလောင်လောင်နှင့် သိန်းယိုပြည်မီးလောင်တော့ မျောက်ကလေးတွေ ဆွေ့ဆွေ့ ခုန်တဲ့အတိုင်း ပဲ"

ပြောလျှင် မောင်မောင်တုတ်က စဉ်းစားဟန်နှင့် အတန်ငယ်တွေးနေရာမှ...

"ဒါဖြင့် ကျွန်တော်တို့အိပ်နေရာ အရီးဖုရားလာ၍ နိုးခြင်းဟာ ကိုယ်တော်များ ခေါ်တော်မူလို့ မဟုတ်သေးဘူးဆိုပါတော့။ အင်း...သည်လိုဖြင့် တော်ပါသေးရဲ့၊ ကျွန်တော်တို့က အမေးတော် အခေါ်တော် ရှိသလားလို့ အိပ်ပျော်သွားမိတဲ့အတွက် အတော်ကလေး အစိုးရိမ်ဖက်လိုက်တာ ကလား အရီး ဖုရားရဲ့"

လေမှန်မှန်နှင့် ဟန်မပျက်ပြောသည်တွင် ခင်ဘွားသစ်ကြီးမှာ မယုံသင်္ကာဟန်နှင့် တောင်မြောက် လေးပါးသို့ မျက်လုံးကို စေစားလျက်ရှိရာမှ...

www.burmeseclassic.com

www.burmeseclassic.com

"ဩော်...ကိုယ်တော်များက ခေါ်တော်မမူသေးပါဘူး မောင်မောင်တို့ရဲ့။ ကိုယ်တော်များနှင့် ထိပ်စု ဖွား နှစ်ပါးအတူ ချစ်ကြည်ဖြူလျက် ရှိတော်မူကြသည်ကို အရီးဖုရားက ဂမ်းသာအားရနှင့် မောင်မောင်တို့ကို ခေါ်ပြလို၍ လိုက်ရှာပါသည်။ ဥယျာဉ်တော်တစ်ခွင် ပြိုပြိုစင်ပါရော။ မောင်မောင်တို့ ဘယ်လိုသဘောနှင့် သည်နေရာကိုမှ လာရောက်ပြီး နေကြရပါသလဲ။ အရီးဖုရား ဇက်ပေါ် ဓားငဲ အောင် မလုပ်ကြပါနှင့် မောင်မောင်တို့ရယ်"

ပြောလျှင် မောင်မောင်ငယ်ရော၊ မောင်မောင်တုတ်ပါ မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်နှင့် မစဉ်း စားတတ်အောင် ပြူးကြောင်ကြည့်နေရာမှ မောင်မောင်ငယ်ကပင်...

"ဟင်...အရီးဖုရား၊ ဘာကို ဘယ်လိုအဓိပ္ပာယ်နှင့် မိန့်တော်မူလိုက်ပါသတုံး။ ကျွန်တော်တို့ နှစ် ယောက် သည်နေရာမှာ အေးအေးလူလူ တိတ်တိတ်ဆိတ်ဆိတ်ရှိသည်နှင့် လာ၍ အိပ်နေကြပါ သည်။ ဒီဟာနှင့်ဖြင့် အရီးဖုရားမှာ ရာဇဂတ်တော်နီး၍ ဓားကြီးငဲနိုင်စရာ မရှိပါကလား"

ပြောလျှင် ခင်ဘွားသစ်မှာ မောင်မောင်ငယ်၏ စကားကို နားမဝင်လေဟန်နှင့်...

"တန်ပါ...မောင်မောင်ရယ်၊ မောင်မောင်တို့နှစ်ယောက် ဘယ်သဘောနှင့် ဒီမှာ လာနေသည်ဆိုတာ ကို အရီးဖုရား အလိုလိုသိပါတယ်။ ငယ်ရာက ကြီးလာတဲ့ လူကြီးကို မောင်မောင်တို့လို ပျို့ပျို့ရွှယ် ရွှယ် နနနယ်နယ် ကလေးတွေက လှည့်စားလို့ မရဘူးနော်"

ဆိုလျှင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ခက်ကုန်ပါပြီဆိုသော အမှတ်လက္ခဏာနှင့် တစ်ယောက် မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြပြီး အထိန်းတော်ကြီး အထင်မလွဲစေရန် ဣန္ဒြေ ဟန်မပျက် ဆက်လက်၍...

"မဟုတ်ပါဘူး အရီးဖုရားရဲ့၊ ကျွန်တော်တို့လည်း ဘာမှ ထူးထူးထွေထွေ မလုပ်ရပါကလား။ အ စောကြီးကတည်းက ဒီနေရာမှာ အေးအေးရှိတာနှင့် နှစ်ယောက်သား လာ၍ အိပ်နေမိပါတယ်။ အရီးဖုရားကိုလည်း ကျွန်တော်တို့ ဘာမှ မလှည့်စားရပါလား။ ဟား...ဟား...ဟား တန်တော့ အရီး ဖုရား တစ်ခုခု အထင်မှားပြီထင်ပါတယ်"

မောင်မောင်တုတ်က အမှုပေါ့စေရန် သဘောနှင့် ခပ်သောသော ရယ်သွမ်းသွေး၍ ခပ်အေးအေး လေသံထားလျက် ပြောကြားလေရာ အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စိတ်မရှည်လှသည့် အမူ အရာနှင့်...

www.burmeseclassic.com

"အို...အရှင်ဘုရား၊ အထင်မှားနေစရာ မလိုပါဘူး။ ဆင်ကြီးတစ်ကောင်လုံးကို တွေ့ရလို့ ဆင်ခြေရာ လိုက်ရှာနေစရာ မရှိတော့ဘူး မောင်မောင်။ ကိုင်း...ကိုင်း ပြောင်ပြောင်ဖွင့်ပြီး မေးရတော့မယ်။ ကောင်မကလေး နှစ်ယောက်ကို ဘယ်မှာ ဖျောက်ဖျက်ထားကြသလဲ။ အဲဒါ မြန်မြန်ဖြေတော်မူကြပါ။ ကြာလျှင် အရှင်ဘုရား စပ်ကြားက ဓားစာခံဖြစ်ရပါတော့မယ် မောင်မောင်တို့ရယ်"

ပြောလိုက်သောအခါ မောင်မောင်တုတ်တို့မှာ မျက်နှာပျက်သွားပြီး ရင်ဘတ်စည်တီးနှင့် "အလို လေး...အရှင်ဘုရားရယ်၊ ကြံကြံစည်စည်မှ မိန့်တော်မူတတ်ပလေတယ်၊ ဘယ်ကကောင်မလေးနှစ် ယောက်ကို ကျွန်တော်တို့ ဖျောက်ဖျက်ထားရမှာလဲ။ တကက်တက်စင်အောင် အထင်အမြင်တွေ လွဲ လို့နေပါပြီ။ သည်မှာ အရှင်ဘုရားရဲ့ မိုးကြိုးနဲ့ ကျားသား အထင်တော် မမှားလိုက်ပါနှင့်။ သည်အနီး အနားမှာ လူမိန်းမ မဆိုထားနဲ့ အမဆိုလျှင် ယင်မကလေးတစ်ကောင်မှ မနားရသေးပါဘူး။ ဘုရား စူးပါစေ့ အရှင်ဘုရားရယ်"

ပြောပြန်သောကြောင့်...

"ခက်ပါဘိ မောင်မောင်တို့ရယ်။ ဘယ်ကလာပြီး အရှင်ဘုရားက အထင်အမြင် မှားရမှာလဲ။ မှန်တဲ့ စကားကိုပဲ ပြောပါတယ်။ မောင်မောင်တို့က ကွယ်ထောင့် မနေပါနှင့်တော့။ အရှင်ဘုရားမှာ အရှင် ထိပ်စုမြတ်ဖျားနှင့် ရွှေကိုယ်တော်ဖျား တို့ အရေးမို့သာ စွန့်စွန့်စားစားနှင့် သည်အထိ စခန်းသွား ခဲ့ရပါတယ်။ အခုတော့...အရေးထဲမှာ အရာပေါ်ဆိုတာလို ကိုယ်တော်ဖျားနှင့် ထိပ်စုဖျားတို့ နှစ်ပါး စံတော်မူပါစေတော့ဆိုပြီး ခင်မကြီးနှင့် ခင်ဘုန်းတို့ကို တတိုင်းမွှေးရုံမှာ ပန်းသွားခူးချေကြပါလို့ ခိုင်းလိုက်မိတဲ့ အခိုက်မှာ မောင်မောင်တို့က သည်ကိုလာပြီး ကဲ...ကဲ သည်ကိစ္စကြီးဟာ အရှင်ဘုရား ခေါင်းပေါ်တွင် ဂန်ထုပ်ကြီး တင်နေပါလိမ့်မယ် မောင်မောင်တို့ရယ်၊ လွန်မိတာလောက် လွန်ပါ စေ တော့။ အရှင်ဘုရား ဖုံးဖိတန်သလောက် ဖုံးဖိ၍ ထားလိုက်ပါမည်။ သည်ကောင်မကလေး နှစ်ကောင် ကိုသာ အရှင်ဘုရား လက်သို့ ပြန်အပ်လိုက်ကြပါဘိ။

တကယ်လို့ ဒီအကြောင်းကို အရှင်ထိပ်စုဖုရား သိတော်မူသွားလျှင် သူ့မောင်တော်ကို သံတော်ဦး တင်မှဖြင့်လည်း မောင်မောင်တို့မှာ တစ်ခက်ပဲ။ ခင်မကြီးနဲ့ ခင်ဘုန်းကိုလည်း အရှင်ထိပ်စုဖျားက အပါးတော်မှာ အမြဲထားပြီး အထူးသဒ္ဓါကြည်ဖြူ မြှောက်စားတော်မူထားတဲ့ အပျိုတော်ကလေးများ ဖြစ်ပါတယ် မောင်မောင်။ အထူးသဒ္ဓါကြည်ဖြူ မြှောက်စားတော်မူထားတဲ့ အပျိုတော်ကလေးများ ဖြစ်ပါတယ် မောင်မောင်။ အမှုဖြင့် ချောင်ပဟဲ့ လို့ ကဲ့ပုက်လို့ထးမှုဖြင့် ငါးပါးကြီး မှောက်ကြတော့မှာပါပဲ။ အရှင်ဘုရား တစ်ယောက်တည်း 'နှစ်နား၊ နှစ်မျက်စိ'ဘယ်သူမျှ မသိကြမီက ပြန်အပ်လိုက်ပါမှ သည်ကိစ္စ အေးမယ် မောင်မောင်တို့ရဲ့"

www.burmeseclassic.com

ပြောသောအခါမူကား မိမိတို့မှာ ဆုပ်လျှင်စူး၊ စားလျှင်ရှူး ဆိုသော စကားကဲ့သို့ မသိကြောင်း၊ မတွေ့ကြောင်း၊ ဘူးကွယ်၍လည်း အခက်၊ နားမှအေးစေတော့ဟု စောစောက မိမိတို့တွေ့မြင်ထားသော တတိုင်းမွှေးရုံတစ်ဖက်သို့ လက်ညှိုးညွှန်ပြလိုက်ရလျှင်လည်း အထိန်းတော်ကြီး၏အထင်ကို တမင် လေးနက်အောင် ထောက်ခံပေးလိုက်သည်ကဲ့သို့ ရှိသွားပြန်မည် တစ်ခက်ကြောင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ် နှစ်ယောက်သားမှာ စပ်ကြားက ဆွမ်းခံရင်း ငှက်သင့်နေကြကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး သက်ပြင်းကြီးအပြိုင် ရှူလိုက်မိကြလေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း မျက်စိမျက်နှာ ပျက်ကာနေကြသော လူပျိုတော်နှစ်ယောက် အားမျက်နှာထား ခပ်တည်တည်နှင့်...

"ကဲ...မောင်မောင်တို့၊ ခုလို ယီးတီးယောင်တောင် လုပ်နေကြဖို့ အချိန်အခါမဟုတ်ပါဘူး။ အတန်ကြာလျှင် အရှင်ထိပ်စုမြတ်ဖျားက သူ့အပျိုတော်များကို ခေါ်တော်မူပါတော့မယ်၊ ပုက်ကွယ်ရာမှ မြန်မြန် ထုတ်ပေး ကြပါတော့။ အရီးဖုရားလည်း အသက်ရှူများတောင် မမှန်တော့ဘူး မောင်မောင် ရဲ့။ ကိုင်း... ကိုင်း ဘယ်ဆီမှာလဲ၊ မြန်မြန်ပြောတော်မူကြစမ်းပါ။ အရီးဖုရား ကိုယ်တိုင် သွားခေါ်ပါ ချေမယ်"

အရေးတကြီး ပြောလျှင် မောင်မောင်တုတ်မှာ စိတ်ရှုပ်လှသော မျက်နှာနှင့်...

"ဩော်...ခက်လို့နေပါတော့တယ် အရီးဖုရားရယ်၊ တကယ်ပင် ကျွန်တော်တို့ ပုက်မထားရိုး မှန်ပါတယ်။ အရီးဖုရားပေးတော်မူချင်သည့် သစ္စာကို ထမ်းရွက်ပါမည်။ သည်အပျိုတော်များနှင့် ကျွန်တော်တို့ လုံးလုံးလျားလျား မပတ်သက်ပါ။ သူတို့ဟူသူတို့ တော်ရာမှာ ရှိကြပါလိမ့်မယ်။ မယုံ လျှင် လိုက်၍ရှာတော်မူပါ။ ကျွန်တော်တို့ ကူ၍ ရှာပေးရမည်ဆိုလျှင်လည်း အရီးဖုရားနှင့်အတူ ယခုပင် လိုက်ခဲ့ပါမယ်"

မျက်နှာတည်တည်နှင့် အဟန့်ကောင်းစွာ ပြောလိုက်သောခါမှ အထိန်းတော်ကြီးမှာ အတန်ငယ် စဉ်းစားဆင်ခြင်မိပြီး စောစောက မိမိ အယူသီးစွာ စွပ်စွဲမိခြင်းပင် မှားများ မှားလေရော့သလားဟု သတိထားမိကာ...

"အမှန်စကား ပြောနေခြင်းပါလား မောင်မောင်တို့ရယ်"

နှုတ်ခမ်းလေးလေးနှင့် ဖြည်းညင်းစွာ မေးမိသည်တွင်မှ...

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ကို ဆယ့်နှစ်ရာသီ မှသာဂါဒတုံးကြီးများ ထင်တော်မူနေရော့သလား အရီးဖုရားရယ်၊ ဘဂအဆက်ဆက် လူ့အဖြစ်မရလည်း ရှိရပါစေရဲ့။ အရီးဖုရားရဲ့ အပျိုတော်များနှင့် ကျွန်တော်တို့ စကား ပြောဖို့ နေနေသာသာ မျက်နှာချင်းမှ မဆိုင်ရသေးတာ အမှန်ပါပဲ"

ပြောသောအခါမှ အထိန်းတော်ကြီး ခင်ဘွားသစ်မှာ စိတ်အေးရတော့သလိုလို ရှိလေတော့သည်။ သို့ရာတွင် ခင်မကြီးနှင့် ခင်ဘုန်းတို့ကို မတွေ့ရသေးမီအတွင်းမှာမူ အပူမအေးနိုင်သေးဘဲ ရှိပြန်သောကြောင့်...

"မောင်မောင် ပြောစကားကို အရီးဖုရား မယုံကြည်လို့လည်း မဟုတ်ပါ။ သို့ရာတွင် ကလေးမနှစ်ယောက် ဘယ်ဆီသို့ ရောက်နေသည်ဆိုတာ မသိရဘဲအတွက် အင်မတန် အတွေးရခက်ပါသည်။ မောင်မောင်တို့ ပယောဂ မပါလျှင်လည်း စောစောက အရီးဖုရား စွပ်စွဲမိတာကို တောင်းပန်ပါ တယ်။ ကဲ... မောင်မောင်တို့ရယ်...အရီးဖုရားနှင့်အတူ သည်ကောင်မလေးတွေကို ကူညီရှာဖွေ ပေး ကြစမ်းပါဦး"

ဆိုသည်နှင့် ရင်တထိတ်ထိတ်နှင့် စိတ်ရှုပ်နေကြသော မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့ မှာ ယခုမှပင် အသက်ရှူပေါက် ပွင့်သွားတော့ကာ ထိုင်ရာ ထကြပြီး...

"ကဲ...ကဲ အရီးဖုရား ရှေ့ကကြွတော်မူပါ။ ကျွန်တော်တို့ အတူလိုက်ပါမည်။ ဩော်...အင်း ကံကြီး လို့သာဗျာ၊ ဆွမ်းခံရင်း ငှက်သင့်တော့မလို့၊ နည်းနည်းလိုတော့တယ်"

ညည်းညည်းညူညူ ပြောကာ ခင်ဘွားသစ်ကြီးနောက်မှ ပါလာခဲ့ကြလေ၏။

မိမိတို့အထင်မှာ တတိုင်းမွှေးရုံတစ်ဖက်သို့ ရောက်လျှင် ခင်မကြီးတို့ကို အလွယ်တကူ တွေ့မြင်ရချိမ့်မည်ဟု မှတ်ထင်ထားရင်းဖြင့် ခပ်ပေါ့ပေါ့ပင် လိုက်ပါလာခဲ့ကြရာ တတိုင်းမွှေးရုံဖက်သို့ အရောက်တွင် ခင်မကြီးနှင့် ခင်ဘုန်းတို့နှစ်ယောက်မှာ ဘယ်ဆီသို့ ပျောက်နေသည်မသိဘဲ ထင်ခြေနှင့် အတော်လွဲ၍ အခက်အခဲ တွေ့နေကြရပြန်လေရာ ဣန္ဒြေမပျက်ပင် ဆက်လက်၍ ရှာဖွေနေကြရပြန်လေ၏။

ခင်ဘုန်းနှင့် ခင်မကြီးတို့ကား တတိုင်းမွှေးရုံအောက်ရှိ လူပျိုတော်နှစ်ယောက်ကို သတိမထားမိဘဲ စကားတွေ ပြောမြဲပြောလျက် ပန်းများကို အဆက်မပြတ် ခူးနေရာမှ အထိန်းတော်ကြီးအသံနှင့် မောင်မောင်တုတ် တို့ကို အကြိမ်ကြိမ် အဖန်ဖန် နှိုးနေသံအကြားမှ အသံလာရာ ပန်းရုံအတွင်းသို့ ချောင်းမြောင်း ကြည့်မိတော့လျက် တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ခါ တီးတိုးလေသံဖြင့်...

www.burmeseclassic.com

www.burmeseclassic.com

ဘုန်း။ "ဟော...ခင်မကြီးရေ၊ ပန်းရုံအောက်မှာ မင်းသားနှစ်ယောက် အိပ်နေကြပါကလား။

အထိန်း တော်သခင်ကြီးလည်း လိုက်လာပြီ။ တစ်ခါ ခက်တော့တာပဲကွဲ့"

ကြီး။ "အင်း...ဟုတ်တယ်၊ ကိုယ်တော်တုတ်နှင့် ကိုယ်တော်ငယ်လည်း ခင်မကြီးပြောတာတွေ ကြား များကုန်သလား မသိ၊ အေးလေ...အိပ်ပျော်နေကြတာ ကြားမှာတော့ မဟုတ်ပါဘူး ခင်ဘုန်းရဲ့"

ဘုန်း။ "ကြောက်သလား ခင်မကြီးရဲ့။ ကြားတော့ ကြားမှာပဲ။ ခင်တို့ပြောနေကြတာကလည်း ဒီပန်း ရုံထဲကဆိုလျှင် ကွဲကွဲပြားပြား ကြားနိုင်ပါတယ်"

ကြီး။ "ကြားလဲ မတတ်နိုင်ပါဘူးကွယ်။ ဩော်...တကယ်ဆိုတော့လည်း ကြားမယ်မဟုတ်ပါဘူး။ သူ တို့အိပ်ပျော် နေကြတာပဲ။ ကြည့်ပါလား။ သခင်ကြီး နှိုးနေတာ ကြာလှပြီ။ ခုတောင် မနိုးသေးဘူး"

ဘုန်း။ "စောစော ခင်တို့လာတုန်းက ဒီပန်းချုံအောက်မှာ ဘယ်သူမှ မရှိပါကလား။

ဒါကိုလည်း စဉ်းစားစမ်းပါဦး။ ခင်ဘုန်းတို့၊ ခင်မကြီးတို့ သည်ဆီကိုရောက်ပြီးမှ သူတို့ ပေါက်လာ ကြဟန်တူပါတယ်။ ဒီလိုဆိုရင် အိပ်မပျော်ခင်စပ်ကြားမှာ ခင်တို့တစ်တွေပြောတဲ့စကားကို သူတို့ အားလုံးကြားမှာ အမှန်ပဲ"

ကြီး။ "အဲသည်လိုလည်း ဖြစ်နိုင်တာပဲ ခင်ဘုန်းရဲ့။ ဒါနဲ့ စဉ်းစားစရာတစ်ခုက သူတို့ ခင်တို့ ရှိမှန်းသိလို့ ရိသဲ့သဲ့ လုပ်ရအောင် မသိလေဟန်ဆောင်ပြီး လိုက်လာကြတာနှင့်တူတယ်"

ယင်းသို့ နှစ်ယောက်သား တီးတိုးပြောရင်း ပန်းချုံအတွင်းဘက်သို့လည်း မျက်စိရောနားပါ စေစား ၍ ထားရာမှ အထိန်းတော်ကြီးနှိုးခြင်းဖြင့် မောင်မောင်တုတ်တို့ နိုးလာကြသည်ကိုလည်းကောင်း၊ မိမိတို့နှစ်ယောက်နှင့် မောင်မောင်တုတ်တို့ နှစ်ယောက်အား အထိန်းတော်ကြီး ခင်ဘွားသစ်က သင်္ကာမကင်းဖြစ်နေပုံ၊ ဘယ်ဆီမှာ ပုက်ကွယ်ထားသလဲဟု အမျိုးမျိုးစွပ်စွဲ အစ်အောက် ချော့ ခြောက်မေးနေပုံ၊ မောင်မောင်တုတ်တို့က မသိရကြောင်းနှင့် အမျိုးမျိုးငြင်းဆန် ကျိန်တွယ်ပြောနေ ကြပုံများကို အပြန်အလှန် မိမိတို့အတွက်နှင့် ပတ်သက်၍ အမေးအဖြေ ပြုနေကြသည်ကို ကြားရ သောအခါမှုကား နှစ်ယောက်သား မျက်လုံးများ ပြူးလာကြကာ...

"ကဲ...ခင်ဘုန်း၊ ဒီနေရာမှာ ကိုယ်တို့ ကြာကြာနေလို့ အခြေမလှဘူး။ ပေးရာကို ပြေးခွာပြီးနေမှဖြစ် လိမ့်မယ်။ 'ခြေရာလည်းပျောက်၊ မောင်လည်းရောက်၊ အမောင်နွားခိုးငါမရှိး'ဆိုတာလို သူတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ကလည်း ပန်းချီအောက်မှာ အိပ်နေတယ်။ ခင်တို့ကလည်း ဒီပန်းချီဘေးမှာ ရှိနေကြတာ ကို တွေ့သွားလျှင် သခင်ဖုရား နည်းနည်းမှသင်္ကာကင်းမှာ မဟုတ်ဘူး။ ဒီအရုပ်ကို ဘယ်ပုံရှင်းနိုင် ပါ့မလဲ။ ခင်တို့ စောစောကပြောတဲ့ စကားတွေကို ကြားသွားလို့များ သူတို့ကပါ အဆန်းထွင်ပြီး မတရား သက်သေခံလိုက်ရင် ခင်တို့မှာ မိန်းမသားမို့ 'ဆူးကျလည်း ဖက်ပေါက်၊ ဖက်ကျလည်း ဖက်ပေါက်' ဆိုတာလို 'အနှောင့်မလွတ်၊ အသွားမလွတ်'နှင့် ရေကြည်တစ်ပေါက် မစဉ်ရဘဲ နာမည် ညှိုးသွားလျှင် မတရား အနစ်နာခံရလိမ့်မယ်။ လာ...လာ၊ ကပျာကယာ ရှောင်ကြစို့"

ဆိုပြီး တတိုင်းမွှေးပွင့်တွေ ထည့်ထားသော ငွေဖလားကြီးကို ပိုက်၍ ကတိုက်ကရိုက် ပြေးလာခဲ့ကြ ရာ ပုတ္တလုပ်ရေကန်နံဘေးရှိ သော်ကပင်ပျိုကလေးအောက်သို့ ရောက်လာကြသည်တွင်မှ ရင်ထဲ က အပူလုံးကြီး ပြန်းခနဲ ကျသွားပေတော့၏။

"အမယ်လေး...ခုမှ စိတ်အေးရတော့သည် ခင်ဘုန်းရယ်၊ အနို့မို့ သက်သက်ပန်းရှုံးအောင် အထင် မှားခံရမှာပါကလား"

ခင်မကြီးက ပိုက်ထားသော ငွေဖလားကြီးကို ချပြီး သော်ကပင်ရိပ်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ခါ ပိုးစစ်ပဝါနှင့် စို့လာသော ချွေးကလေးများကို တို့၍နေလေ၏။

ခင်ဘုန်းမှာလည်း ခင်မကြီးနည်းတူ မောမောနှင့် ကသောကမျော ပြေးလာရသောကြောင့် ကသီ ကရီ ကျနေသော ဖျာပါဆံစကလေးများကို သနပ်ခါးထိပ်စိုက် ဘီးကလေးနှင့် ဖြီးကာ ဖြီးကာ ပြင် ဆင်ရင်း တစ်စုံတစ်ရာကို စဉ်းစားမိပြန်ကာ...

"ဒါနဲ့ ခင်မကြီးရေ...ခင်တို့ ဟိုနေရာမှာ ပန်းခူးနေတုန်း သူတို့နဲ့တွေ့ပြီးမှ ဒီဆီကို ရှောင်ထွက်လာ တယ်လို့ ထင်ချင် ထင်သွားဦးမယ်နော်။ ပြီးတော့...သခင်မကြီး မေးပုံကလည်း ခင်တို့ကို မောင် မောင်တုတ်က ပုက်ထားသလိုလို အတတ်စွဲနေလေတော့ နောက်ဆုံး သည်နေရာမှာ လာတွေ့ဦး တော့ သခင်မကြီးစိတ်ထဲမှာ သင်္ကာကင်းမှ ကင်းနိုင်ပါ့ဦးမလား မပြောတတ်ဘူး။ ခင်တော့ ဒီလူပျို တော်နစ်ယောက်ကိုသာ စိတ်ပေါက်မိတော့တာပဲ"

ညည်းညည်းတွားတွား ပြောမိလေ၏။

ခင်မကြီးကလည်း အနည်းငယ်တွေးပြီး သက်ပြင်းကလေးရှိုက်လိုက်မိလျက် "ခက်ပါတယ် ခင်ဘုန်း ရယ်။ ဘယ်လိုနည်းနှင့် သည်ကနေ့ ဖြစ်ရတယ်လို့ မပြောတတ်ပါဘူး။ သည်နေ့ အဆောင်တော် ကအထွက်မှာ ပြသဒါးများလည်း မလွတ်လေရော့သလား။ ကဲ...ကဲ ခင်စဉ်းစားမိပြီ၊ သည်လို ပြော

www.burmeseclassic.com

ကြစို့ကွယ်။ သခင်မကြီးနဲ့တွေ့လျှင် ခင်တို့နှစ်ယောက်က သည်ကို ပြောကြရအောင်၊ နောင်အခါ အတိုင်အဖောက်မညီဘဲ နေဦးမယ်နော်။ သေသေချာချာ မှတ်ထား"

ဘုန်း။ "ဘယ်လိုများ ပြောမတုံး ခင်မကြီးရဲ့"

ကြီး။ "သည်လိုကွဲ့၊ ခင်တို့နှစ်ယောက်ဟာ တတိုင်းမွှေးပန်းများကို စောစောကြီးကတည်းက ခူးပြီး နေရလို့ ပျင်းပျင်းရှိတာနှင့် ဟောဒီ ပုတ္တလုပ်ကန်အနားမှာ သော်ကပန်းများ လာခူးရင်း အပျင်းပြေ ထွေရာလေးပါး စကားစပ်မိရာ ပြောနေကြပါတယ်လို့ ဟုတ်ကဲ့လား"

ဘုန်း။ "ဒီလိုပြောတော့ သခင်ကြီး ယုံရောလို့ အာမခံနိုင်ပဲ့မလား"

ကြီး။ "မယုံလည်း ကံအတိုင်း ရှိပါစေတော့လေ၊ နှစ်ယောက်သား အတိုင်အဖောက်မညီဘဲ နေမှာစိုးလို့ တိုးတိုးစည်းလား ရိုက်ထားရတာပဲ"

ဘုန်း။ "ဟိုမှာ မတွေ့ဘူးဆိုရင် အထင်လွဲ အမြင်လွဲနှင့် အနည်းဆုံး မတွေ့မနေ လိုက်ရှာဖွေကြ တော့မှာဘဲ ခင်ရဲ့။ အပြစ်လွတ်အောင် ကွေ့ရှောင်ပြီး အရှင်ထိပ်စုဖျား အပါးတော်မှာ သွားခစား နေရအောင်ကလည်း သခင့်အရိပ်အကဲ မသိသားဆိုးဂါးရာကျနေတဲ့အတွက် သာလို့ပင် ခက်ပါ သေးသည်"

ကြီး။ "ကဲအတိုင်းပေ့ါ ခင်ရယ်၊ အထွေအထူး တွေးပြီး ပူမနေပါနှင့်တော့။ ဟိုနေရာမှာ တွေ့သွား တာထက်ဖြင့် ဒီမှာတွေ့တာက သက်သာပါသေးရဲ့လို့ ဖြေရမှာပဲ။ ကဲ...ငြိမ်ငြိမ်နေ၊ ဣန္ဒြေမပျက် နှင့် ခင်ဘုန်းရေ။ တော်တော်ကြာ သခင်ကြီးလိုက်လာလို့ မျက်စိမျက်နှာ မကောင်းနှင့် တွေ့သွား လျှင် သာ၍ အထင်မှားစရာ ဖြစ်နေဦးမယ်"

ဆိုကာ ငွေဖလားကြီးအတွင်းရှိ ခူးလာသော ပန်းများကို ကောင်းနိုးရာရာ ရွေးချယ်သန့်ရှင်း၍ နေ ကြလေ၏။

ဉယျာဉ်တော်တစ်ပိုက်၌ ပိုက်စိပ်တိုက်သကဲ့သို့ ကတိုက်ကရိုက် လိုက်လံရှာဖွေနေသော အထိန်း တော်ကြီး ခင်ဘွားသစ်နှင့် လူပျိုတော်ကြီး နှစ်ဦးမှာ များမကြာမီ ပုတ္တလုပ်ရေကန်တော်အနီးသို့ ရောက်လာကြလေ၏။

www.burmeseclassic.com

မောင်မောင်ငယ်က သော်ကပင်အောက်တွင် ရှိနေသော ခင်မကြီးတို့အား ရုတ်တရက်သွား၍ မြင် သည်တွင် အားရဝမ်းသာနှင့် လက်ညှိုးညွှန်ပြကာ...

"ဟော...ဟိုမှာ...ဟိုမှာ အရီးဖုရားရဲ့။ အမယ်လေး...မယ်မင်းကြီးမများအတွက် တစ်ဖက်သားတွေ ဒုက္ခများလိုက်တာ"

ပြောပြီး မောင်မောင်တုတ်ကလည်း...

"ကဲ...အရီးဖုရား၊ ကျေနပ်ပါပြီလား"ဟု မေး၍ ခင်ဘွားသစ်ကြီးမှာ ဘာမျှမပြောနိုင်သေးဘဲ ခင်မကြီး တို့အနီးသို့ရောက်အောင် သွားကာ...

"ဘယ့်နယ် ခင်မကြီးတို့၊ ခင်တို့ကို တတိုင်းမွှေးပန်းများ အခူးစေလွှတ်ထားသည်ကို ဘယ်လိုနည်း ကြောင့် သည်ရေကန်အနီး ရောက်လာကြသတုံး"

ပြန်းခနဲ မေးလိုက်သောအခါ ခင်မကြီးနှင့် ခင်ဘုန်းတို့မှာ အထိန်းတော်ကြီးနှင့်တကွ နောက်ပါးမှ အတူပါလာကြသော လူပျိုတော်နှစ်ဦးကို ပြူးပြူးပျာပျာ ကြည့်နေမိရာမှ ခင်မကြီးက ကပျာကယာ ဣန္ဒြေဆည်လိုက်ကာ...

"ခင်တို့လည်း ခဏကလေး ခူးကာမျှနှင့် တတိုင်းမွှေးပန်းများ တစ်ဖလားအပြည့်ရှိတာနှင့် သည် ဘက်ကို လျှောက်ခဲ့ရာမှာ သော်ကပင်ကို မြင်ပြန်တော့ အရှင်ထိပ်စုဖုရား နှစ်သက်တော်မူတတ် သည့် ပန်းမို့ ခူးမယ်လို့ ရောက်ခဲ့ရင်းက ပျင်းပျင်းရှိသည်နှင့် နှစ်ယောက်သား စကားပြောမိကြပါ သည်။ မေမေသခင်မကြီးဖုရား"

ပြောလိုက်ရာ အထိန်းတော်ကြီးမှာ တိုး၍ မသင်္ကာဟန်နှင့်...

"ဟင်...ဒီနေရာကို ရောက်နေတာ ကြာပြီဟုတ်စ"

ကြီး။ "မှန်ပါသည်၊ မေမေသခင်မကြီး ကြာပါပြီ"

သစ်။ "ဒီစကားဟာ အဟုတ် မဟုတ်ပါဘူး။ စောစောက ဟောဒီ မောင်မောင်တို့ကို ရှာရင်း သည် နေရာကို ကျုပ်ကိုယ်တိုင် တစ်ခေါက် ရောက်ခဲ့ပါသေးတယ်။ ဘယ်သူမှ သော်ကပင်နားမှာ မရှိပါ ကလား"

www.burmeseclassic.com

www.burmeseclassic.com

ဘုန်း။ "မေမေသခင်မကြီး အမှတ်မဲ့မို့ ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း သော်ကကိုင်း ကွယ်နေလို့လား မသိတတ်ပါ။ စောစောက ဟောဟိုဘက်က နိမ့်ကျသည့် သစ်ကိုင်းတစ်ဖက်ကို ခင်တို့လက်နှင့် ဆွဲနိမ့်ပြီး အတော်ကြာကြီး ပန်းကိုင်းများ ချိုးနေမိကြပါသေးတယ် မေမေသခင်မကြီးရဲ့"

ပြောလိုက်သောအခါ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ (သည်ကောင်မလေး နှစ် ယောက်ဘောက်မဲ့ကြောင့် အထိန်းတော်ကြီးကို လိမ်လည် မုသားသုံးပြီး ပြောနေကြပါလိမ့်မယ်။ ခုတင်တုန်းကတွင်ပဲ တတိုင်းမွှေးရုံနား သူတို့ အရှိကြသေးသားနဲ့)ဟု စဉ်းစားမိရာ အထိန်းတော်ကြီးမှာမူကား အမြောက်အမြား ခူးထားသော တတိုင်းမွှေးပန်းများကိုသော်လည်းကောင်း၊ အနည်းငယ်မျှသာ ခူးထားသော သော်ကပန်းများကိုသော်လည်းကောင်း၊ ဆင်ခြင်စဉ်းစားမိသော မျက်စိ ဖြင့် ခပ်နက်နက်ကြည့်ကာ...

"သစ်ကိုင်းကြီး တစ်ကိုင်းလုံးနိမ့်ပြီး စိမ်ပြေနပြေ ခူးနေကြတဲ့ သော်ကပန်းများကလည်း တစ်ခက်နှစ်ခက်တည်း ရှိပါသေးကလား။ တစ်တိုင်းမွှေးပန်းများကတော့ တစ်ခဏလေးခူးရုံနှင့် ဆယ့်နှစ်ရာ သီရုပ်စုံဖလားကြီးတစ်ခု အပြည့်ရလာကြသည်မှာ ခင်မကြီးတို့ နှစ်ယောက်အားနှင့်တော့ တစ် ခဏချင်းသည်လောက်များများ မရနိုင်ပေဘူး။ ကူညီပြီး ခူးပေးတဲ့ တတိုင်းမွှေးရုံစောင့် ရုက္ခစိုးနတ် ကလေးများကိုသာ အင်မတန် ကျေးဇူးတင်စရာကောင်းတော့သည်"

ပြောလိုက်သောကြောင့် ခင်မကြီးနှင့် ခင်ဘုန်းတို့၏ မျက်လုံးလေးလုံးသည်လည်းကောင်း၊ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့၏ မျက်လုံးလေးသည်လည်းကောင်း အထိန်းတော်ကြီး ခင်ဘွားသစ်၏ မျက်နှာအား တစ်ပြိုင်တည်းသွား၍ အလန့်တကြား ကြည့်လိုက်မိကြလေ၏။

ယင်းသို့ လူပျိုတော်နှစ်ယောက်နှင့် အပျိုတော်နှစ်ယောက်တို့ တစ်ပြိုင်နက် အံ့သြထိတ်လန့်စွာ ကြည့်လိုက်မိကြခြင်းမှာ မသင်္ကာနေသော အထိန်းတော်ကြီး ခင်ဘွားသစ်၏ စိတ်များကို တိုး၍ မသင်္ကာသွားရန် ထောက်ခံအားပေးလိုက်သကဲ့သို့ ရှိသွားပြန်သောကြောင့်။

"ကဲလေ...ရှိပါစေတော့။ လူငယ်တွေဆိုတာ ဒီလိုပေါ့၊ 'တောစကား တောပျောက်၊ အိမ်စကား အိမ်ပျောက်'ဆိုသလို ဟောသည် တောင်ဥယျာဉ်တော်ထဲက စကားကို အဆောင်တော်ထဲ အိမ်တော် ထဲ ဆွဲယူမသွားပါနဲ့။ မောင်မောင်တို့ကလည်း သူ့ခမျာများကို ကိုယ့်နမသားချင်းကလေးများကို သဘောထား ပြီး စကားစည်းစောင့်ကြပါ၊ ဟုတ်လား"

တရားချလိုက်ပြန်လျှင် ခင်ဘုန်းနှင့် ခင်မကြီးတို့အဖို့မှာ အခံရများစွာ ခက်၍ မျက်စိပျက်ပျက်၊ မျက်နှာပျက်ပျက် ဖြစ်နေရှာကြလေတော့၏။

www.burmeseclassic.com

မောင်မောင်တုတ်မှာ အထိန်းတော်ကြီးထင်သလို မဟုတ်ရကြောင်းနှင့် ခါးခါးသီး ခေါင်းခါလိုက်မည်ပြုပြီးမှ စောစောက ခင်မကြီး မိမိကို အသေနက်ထားလိုက်သော စကားများကိုသွား၍ သတိရကာ မိမိ မခံချိ မခံသာ ဖြစ်ရသလို သူ့အားလည်း လက်စားပြန်ချေလိုက်ဦးမှဟု ရုတ်တရက် အတွေး ပေါ်လာသောကြောင့် ရှက်ဟန်နှင့် မထိတထိ တစ်ချက်ပြုံးလိုက်တာ။

"စိုးရိမ်ကြောင့်ကြတော်မမူပါနှင့် အရီးဖုရားရဲ့။ ကျွန်တော်များကလည်း တရားမဲ့တတ်သည့် လူစား မျိုး မဟုတ်တဲ့အတွက် သူတစ်ထူးအရှက်ကို စောင့်စည်းရမယ်ဆိုတဲ့ ဂတ္တရားကို နားလည်ပါတယ်" ဟု ပြောလျက် ခင်မကြီးဘက်သို့ ဘာလိုလို အဓိပ္ပါယ်ရှိသော မျက်နှာထားနှင့် ကြည့်လိုက်လျှင် အထိန်းတော်ကြီးမှာ မိမိထင်ခြေနှင့် ကိုက်နေပြီ ဟူသော အမူအရာနှင့် ခင်မကြီးတို့ဘက်သို့လှည့် ကာ တစ်စုံတရာ ပြောလိုက်မည်ပြုစဉ် ခင်မကြီးတို့မှာလည်း ရုတ်တရက်မျက်နှာညိုမည်းသွားပြီး မခံမရပ်နိုင် ဖြစ်လွန်းလှသဖြင့်။

"အလို...သခင်ကြီးဘုရား၊ ဘယ်လိုစကားနှင့် ဘယ်လိုများ ပြောလိုက်သည်မသိ၊ ရေနစ်သူကို ဝါးကူ ၍ ဖိသလို ဖြစ်နေပါပြီ။ သည်ကနေ့ ဖျာ့ကျွန်မတို့ နှစ်ယောက်ဟာ ရေကြည်တစ်ပေါက်မျှ စဉ်ကျရ သည်လည်း မဟုတ်ဘဲနှင့် သခင်ကြီး အထင်တော်လွဲပြီး မတရားစွပ်စွဲတော်မူလိုက်ခြင်းဟာ 'စကား နောက်တစ်ပါး ပါ"ဆိုသလို လားလားမျှ မတော်ပါဘူး ဘုရား့"

စိတ်လိုက်မာန်ပါ ဒေါသသံခပ်ပါပါနှင့် ပြောလိုက်သည်တွင်မှ အထိန်းတော်ကြီးမှာ မဟုတ်လျှင် မခံ တတ်သော ဖွဲ့နှင့် ဆတ်ဆတ်ကြဲဖြစ်လာသော ခင်မကြီး၏အမူအရာကို နဂိုဓာတ်သိခဲ့ပြီးသူ ဖြစ် သည့်အတိုင်း။

"ကိုင်းလေ...ခင်မကြီးကလည်း စကားထွေထွေထူးထူးတွေ မပြောပေနှင့်။ မောင်မောင်တို့က ကိုယ့် တာဝန်ကိုယ် သိပါမယ်လို့လည်း အာမခံထားပြီကော"

အပြောတွင် မောင်မောင်တုတ်က ဝင်၍...

"ဟုတ်ပါတယ် အရီးဖုရား။ ကျွန်တော်များဟာ အစစ အရာရာ တာဝန်သိပါတယ်။ သို့ပေမဲ့ တချို့ မိန်းကလေး များကတော့ မာနတံခွန်တွေ အလွန်ထောင်ထားပြီး ယောကျာ်းတစ်ဦးတစ်ယောက်ကို ဘာလောက်မှ မထင်ချင်ကြတဲ့ စိတ်များ ရှိတတ်ကြပါတယ်။ 'လှိုင်းကြီးလှေအောက်၊ တောင်ကြီး ဖဝါးအောက်'ဆိုတဲ့ စကားနဲ့ မိန်းမနှင့် ယောကျာ်းဟာ အင်အားချင်းလည်းမမျှ၊ ငါကကော ကော ကြစို့ ဆိုတဲ့ တစ်နေ့မှာလည်း နစ်နာချင်းနစ်နာတော့ 'ဆူးကျဖက်ပေါက်၊ ဖက်ကျလည်းဖက်ပေါက်' ရတဲ့ ဥပမာလို သူတို့သာ နစ်နာတတ်ပါကလားလို့ မစဉ်းစားကြဘဲ ယောကျာ်းတစ်ဦးတစ်ယောက်

www.burmeseclassic.com

အပေါ်မှာ အပြစ်အနာအဆာတွေကို ရှာရှာဖွေဖွေ ပြောချင်တတ်ကြပါသေးတယ် အရီးဖုရားရဲ့။ ဒီ လိုမိန်းကလေးများတော့ ကျွန်တော်များက လားလားမျှ မျက်နှာကြောမတည့်ပါဘူး။ သူတို့က စလို့မြှုသည် တိုင်အောင် အမူလုပ်နေကြမည့် လူစားမျိုးဖြစ်ပါတယ်။ ဟောသည် နမယ်ယ်များက တော့ အရှင်ထိပ်စုဖုရား မျက်နှာတော်ကို ထောက်ထား၍ နမအရင်းကလေးများနှင့် မခြားဘဲ အမြဲစောင့်ရှောက်ဖို့ ရည်မှန်းထား ပါတယ်၊ သို့သော်လည်း ဒီနမယ်ယ်များကတော့ မောင်မောင်တုတ်ဆိုတဲ့လူဟာ လူစွာ၊ လူရှုပ်၊ လူယုတ်၊ လူသရမ်းကြီးရယ်လို့ မလိုသူများ သတင်းလွှင့်သလို တစ်ဖက်သတ်စကားနှင့် ကြားသိထားရတဲ့အတိုင်း စိတ်တွင်းကတော့ အထင်များသေးနေလေလား မပြောတတ်ပါဘူး"

ဆိုလိုရင်းအဓိပ္ပာယ်ကို ခင်ဘွားသစ်ကြီးပင် ဇဝေလည်လည်ဖြစ်သွားပြီး မစဉ်းစားတတ်ပလေအောင် ပြောလိုက်သောအခါ အချက်သိပြီးသူများဖြစ်သော ခင်မကြီးနှင့် ခင်ဘုန်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိလျက် မိမိတို့ စောစောက ပြောဆိုနေသောစကားများကို သူတို့ကြားသွား၍သာ ယခုလို သာသာနှင့် နာနာနက်၍ လက်စားချေကြာခင်းပါကလားဟု စဉ်းစားမိပြီး ခင်မကြီးမှာ ကွယ်ရာတွင် အလွန်အကျံ ပြောထားမိသော စကားတို့ကို ပြန်လှန်စဉ်းစားခြင်းဖြင့်လည်း မောင်မောင် တုတ် ကို အားတုံ့အားနာကြီးဖြစ်ကာ မျက်နှာစကားတတ်အောင် ရှိနေရှာလျှင်။

ချည်ခင်ပေါက်ပမာ အထိန်းတော်ကြီး ခင်ဘွားသစ်မှာ သူတို့အမူအရာနှင့် ပြောဆိုကြသော စကားများက ကြာလေကြာလေ နားရှုပ်ပွေ၍သာ လာတော့သဖြင့် ၎င်းတို့အား မျက်နှာရင်ဆိုင်ထား၍ ပြောလို့ ဖြစ်နိုင်တော့မည် မဟုတ်။ နှစ်ယောက်စီခွဲထုတ်၍ ဟုတ်သလောက်စစ်ဆေးမှသာ နေရာကျတော့မည်ဟု စိတ်ကူးမိကာ။

"ကဲ...မောင်မောင်တို့ ပြောနေကြတဲ့ စကားတွေကိုလည်း အရီးဖုရား နားမလည်နိုင်သေးပါဘူး၊ အကျိုးအကြောင်း အဆိုးအကောင်းကို မှန်ရာအတိုင်း သိရအောင် နားရှင်းရှင်းနှင့် အတိအလင်း ပြောကြစမ်းပါ။ ကိုင်း...မောင်မောင်တို့နှစ်ယောက် ဒီကို လာစမ်းပါဦး"

ဆိုလျက် ပုတ္တလုပ်ရေကန်တစ်ဘက်မှ ပုန်းညက်ပင်ကလေးအောက်သို့ ခေါ်သွားလေ၏။ သော်ကပင်အောက်တွင် နှစ်ယောက်သား ကျန်ရစ်သော ခင်မကြီးနှင့် ခင်ဘုန်းတို့မှာလည်း...

"ခက်တာပဲ ခင်ဘုန်းရယ်။ သခင်ကြီးကတော့ ခင်တို့အပေါ်မှာ အတော်အထင်မှားနေပြီ။ 'ကျားသနားမှ နွားချမ်းသာမှာ' ဆိုသလို ဟို...ကိုယ်တော်မြတ်များက ကျောရရင် နည်းသလားဆိုပြီး မတရားသက်သေခံလိုက်ရင် သခင်ကြီးကလည်း နဂိုအထင်မှားလက်စ၊ ခင်တို့တစ်တွေကလဲ 'ထန်းသီးကြွေခိုက် ကျီးနင်းလိုက်'သလို သူတို့နှစ်ယောက်နှင့် တတိုင်းမွှေးရုံအောက်မှာ ပေါက်

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ရှာရှာလာလို့ တွေ့နေရ တာက 'မပြေးသော်လည်း ကန်ရာရှိ'ဆိုတဲ့စကားလို အထင်မှားချင်အောင် အကွက် ဆင်ထား သလို ဖြစ်ရပလေ တယ် ခင်ဘုန်းရယ်"

ညည်းညည်းတွဲ့တွဲ့ ပြောလိုက်လျှင် ခင်ဘုန်းကလည်း ပြုံးမဲ့မဲ့ မျက်နှာကလေးနှင့်။

"စောစောက ခင်တို့ ပြောကြတဲ့စကားတွေကို မောင်မောင်တုတ် ကြားတာတော့အမှန်ပဲ။ ဒါကြောင့်သာ ခုနင်က သာသာနဲ့နာနာ နက်အားတာ ခင်ဘုန်းရဲ့။ အို...ခင်တို့ကို ဒီကနေ့ ဂြိုဟ်မွှေနေပါ တယ်။ ဘာပြုလို့ ဒီစကားတွေ သွားပြောမိနေရသလဲ မဆိုနိုင်ဘူး"

ကြီး။ "အဲဒါ ခင်ဘုန်းကစပြီး အရှုးထတာ သိရဲ့လား၊ သီပေါကိုယ်တော် ကြွလာတော်မူတယ်ဆိုရင် လူပျိုတော်တွေ ပါလာမှာပဲလေး ဘာလေးနဲ့ သူကစပြောလို့"

ဘုန်း။ "အို...ခင်က ရိုးရိုးပြောတာပါ။ ခင်မကြီးကသာ ဆန်းဆန်းပြားပြား တွေးပြီး အစစ်အမေး တူရာက မောင်မောင်တုတ်ကို ဘယ်လိုလုပ်မယ်၊ ညာလိုလုပ်မယ်နဲ့ ပြောတာ၊ ဒီစကားတွေကို ဟို က အကုန်ကြားမှာပဲ"

ကြီး။ "ဒါတော့ ဘယ်သိမလဲ ခင်ရယ်၊ ကိုယ်တို့နှစ်ယောက်တည်း ရှိတယ်အထင်နဲ့ ပြောချင်တာ တွေ ပြောနေမိတာပဲ။ ခင်ဘုန်းကလည်း သူ့အကြောင်းတွေ မကောင်းဂင်ပြီး ပြောသေးတာပါပဲ။ ခင့်ကိုချည်း လွှဲမချပါနှင့်"

ဘုန်း။ "နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်-ဆိုတဲ့ စကားလို နင်တို့နှစ်ယောက် စကား ပြောတုန်းက တတိုင်းမွှေးရုံအောက်ကို ငုံ့မကြည့်လိုက်မိတာ မှားတာပဲနော်"

ကြီး။ "ဩော်...ဒါတော့ ဘယ်သိနိုင်မလဲ ခင်ဘုန်းရယ်၊ စောစော ခင်တို့ရောက်နေတုန်းကလည်း တတိုင်းမွှေးရုံအောက်မှာ တစ်စုံတစ်ယောက်မှ မရှိတာ အတွေ့အမြင်ပဲကွယ်။ သူတို့တစ်တွေ ဘယ်အချိန်ရောက်လာပြီး သည်အောက်မှာ အိပ်နေကြတယ်မသိ။ သခင်ကြီးနှိုးသံကြားမှသာ သူ တို့ ရောက်နေကြတယ်ဆိုတာ သိရတော့တာကလား"

ပြောကာ ရှေ့အဖို့ ဘာဖြစ်ဦးမည် မသိတိုင်း စိတ်အာရုံလှိုင်းဂယက်ရိုက်၍ နေရရှာကြလေ၏။

ပုန်းညက်ပင်အောက်တွင် သုံးယောက်သား ခေါင်းချင်းဆိုင်၍ ပိုင်ပိုင် အစစ်အဆေး မေးခွန်းထုတ် နေသော အထိန်းတော်ကြီး ခင်ဘွားသစ်အား မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် ဟုတ်သမျှ ပြန်ကြားနေကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သစ်။ "မောင်မောင်တို့ မှန်မှန်ပြောကြတာပဲနော်"

တုတ်။ "မှန်ပါတယ် အရီးဖုရားရဲ့၊ မလိမ်ပါဘူး၊ သူတို့နဲ့ ကျွန်တော်တို့နဲ့ မည်ကဲ့သို့မျှ အဆက်အသွယ် မရှိတာ အမှန်ပါပဲ"

သစ်။ "မောင်မောင်ငယ်ကလည်း အရီးဖုရားကို ဟုတ်သလောက် ပြောစမ်းပါဦး"

ငယ်။ "ကိုရင်တုတ် ပြောတဲ့အတိုင်းပါပဲ အရီးဖုရားရဲ့။ ကျွန်တော်တို့နှစ်ယောက်ဟာ ရွှေကိုယ်တော်များနှင့် အရှင်ထိပ်စုဖျား အပါးတော်က ခွာလာကြတော့ ပျင်းပျင်းရှိတာနှင့် ဉယျာဉ်တော်တွင်း က လျှောက်လာကြပါသည်။ အရိပ်အာဂါသကောင်းတဲ့ တတိုင်းမွှေးရုံကြီးအောက်က ထိုင်ချင်စရာကောင်းလှတဲ့ ကွပ်ပျစ်ကလေးတွေ့တော့ နှစ်ယောက်သား သွားထိုင်မိပါတယ်။ ကျွန်တော်တို့ ထိုင်စဉ် အခါက သည်အနားမှာ ဘယ်သူ ဘယ်ဂါမှ မရှိရိုးအမှန်ပါပဲ။ အကယ်၍ ရှိကြလျှင်လည်း စောစောကတည်းက ကျွန်တော်များ ရှောင်သွားမှာပါပဲ။ အဲသလို လူမရှိဘူးအထင်နှင့် ပန်းချုံ အောက်ဂင်ထိုင်မိလို့ တစ်ခဏ ကြာတော့မှ လူသံကြားရပါတယ်။ ဒါနှင့် ကျွန်တော်တို့လည်း ဘယ်ဆီကလာတဲ့ အသံလည်းလို့ အကဲခတ် နေမိစဉ်မှာ ပန်းရုံအပြင်ကနေပြီး ပန်းခူးနေကြတဲ့ သူတို့နှစ်ယောက်ကို မြင်ရပါတယ်။ ကျွန်တော် တို့ရှိမှန်းလည်း သူတို့မသိကြပါဘူး။

မသိကြလို့သာ သူတို့ပြောချင်ရာတွေ ပြောနေကြတာကလား အရီးဖုရားရဲ့။ ဒါနှင့် ကျွန်တော်များကလည်း သူတို့ ရှိသကိုလေးလို့ ရှောင်ထွက်သွားကြမည်အလုပ်မှာ မလှုပ်သာအောင် လန့်စရာကောင်းတဲ့ ခင့်မ ကြီးရဲ့ ကြိမ်းဂါးသံစကား ကြားရတာနှင့် ပန်းရုံထဲက ထွက်သွားလို့ မတော်တဆ သူတို့မြင်သွား လျှင် ခင်မကြီး ကြိမ်းဂါးထားတဲ့အတိုင်းဆိုလျှင် ရာဇဂတ်အိုး တုတ်နဲ့ ထိုးတာထက်များ ဆိုးနေဦး မလားဆိုပြီး နှစ်ယောက်သား မလှုပ်ရှားဂံ့အောင် ငြိမ်နေရုံ မကသေးပါဘူး၊ သူတို့ကိုများ တစ်မျိုး တစ်မည်အကြံနှင့် ကွေ့လည်ဆန်းပြားပြုရန် လာရှောင်နေသည် အထင်ရှိသွားမှာ စိုးရိမ်စွာနှင့် နှစ် ယောက်သား ကွပ်ပျစ် ပေါ်မှာ အိပ်ပျော်ချင်ဟန်ပြု၍ နေပါသည်။

သူတို့လည်း ပန်းချုံအပြင်ဘက် မှာ စကားပြောမြဲပြောလျက် ရှိကြပါသည်။ တစ်ခဏကြာတော့ အရီးဖုရား ရောက်လာတာပါပဲ။ အဲဒီ အခါမှ ကျွန်တော်တို့မှာ တစ်မျိုးခွကျပြန်ပါတယ်။ စောစောက သူတို့ အထင်မှား ကြမည် စိုးရိမ် သည်ကတစ်ဖက်၊ အရီးဖုရားက မတရား စွပ်စွဲမှာ စိုးရိမ်သည်က တစ်ဖက်နှင့် အခက်ကြီးကြုံပြီး တစ်စုံတစ်ရာမသိ အိပ်မောအကျကြီး ကျနေသည် အထင်ခံရသည်ကမှ နှစ်ဦးနှစ်ဖက်လုံးအတွက် သက်သာရာရမည်ထင်သည်နှင့် တမင် အိပ်ချင်ဟန်ပြုနေရခြင်း ဖြစ်ပါသည်။ ယခုမှ ကျွန်တော်တို့ က မှန်သည့်အတိုင်း အတိအကျဖွင့်ဟ အစီရင်ခံရတော့တာပါပဲ။ နည်းနည်းမှ သက်ာ မကင်း မရှိပါ လေနှင့် အရီးဖုရားရယ်"

www.burmeseclassic.com

သစ်။ "အင်း...အင်းသည်လို အတိအကျ သိရရင်တော့ ကိစ္စမရှိပါဘူး မောင်မောင်။

ဒါနဲ့ ဒီကောင်မလေးနစ်ကောင် ပြောစကားနဲ့ မောင်တို့ပြောစကားဟာ နည်းနည်းကွာနေပါသည်။ သူတို့ တတိုင်းမွေး ရုံနားက ထွက်လာသည်မှာ ကြာလှပါပြီဆိုတဲ့ စကားက လားလားမှ ယုတ္တိမရှိသေးဘူး မောင်မောင်ရဲ့"

တုတ်။ "'ဒါကတော့ ဒီလိုရှိပါတယ် အရီးဖုရားရဲ့၊ သူတို့လည်း ကျွန်တော်တို့ပန်းရုံအောက်ပြော၍ နေကြခြင်းဖြစ်ပါသည်။ ကျွန်တော်များကလည်း မကြားချင်မနေရ ကြားနေရရင်းက မျက်လုံးကို အတင်းမှိတ်ပြီး အိပ်ချင်ဟန် ပြုနေရပါသည်။ သည်အတောအတွင်း အရီးဖုရားရောက်လာပြီး ကျွန်တော်များကို နှိုးတော့ သူတို့လည်း အရီးဖုရားရဲ့ အသံကြားတာနှင့် ကျွန်တော်များကို မြင်ဟန်တူပါသည်။ အဲသည်လို မြင်ရတော့ သူတို့အပေါ်မှာ အရီးဖုရား အထင်လွဲမှားသွားမှာ စိုးရိမ်တဲ့အတွက် သည်နေရာက ကသုတ်ကရက် ထွက်ပြေးသွားကြဟန် တူပါသည်။

"အမှန်စင်စစ်ကတော့ နစ်ဦးနစ်ဖက်လုံး အရီးဖုရား အထင်မှားမှာကို စိုးရိမ်မိကြတဲ့အတွက် အစိုးရိမ်အကြောင့်ကြလွန်သွားကြတာပါ။ နို့ပြီး အရီးဖုရားကလည်း ကျွန်တော်များ ထင်သည့်အတိုင်းပဲ စွပ်စွဲလိုက်တော့ ကျွန်တော်တို့ထက် သူ့ခမျာများမှာ အခံရခက်သွားကြဟန်တူပါသည်။ သည့်အပေါ် မှာ ကျွန်တော်ကလည်း စောစောက ခင်မကြီးပြောထားတဲ့ စကားတွေကို ကျွန်တော် အခံရခက်သ လို သူလည်း အခံရခက်သွားအောင်ဟာ တစ်နည်းနည်း လက်စားချေလိုက်ဦးမယ်ဆိုတဲ့အကြံနှင့် သူမခံချင်အောင် အရီးဖုရား စွပ်စွဲချက်ကို ဂန်ခံသလိုလို ပြောမိလိုက်ခြင်း ဖြစ်ပါတယ်။

စင်စစ်တော့ တစ်ဦးနှင့်တစ်ဦး ဘာမျှ မသက်ဆိုင်ရသေးတာ အမှန်ပါပဲ။ သူ့ခမျာလည်း အထင်လွဲမှာကို အစိုးရိမ်ကြီးတာ နှင့် ကာကွယ်နေရှာတာပါ အရီးဘုရားရဲ့"

ပြောမှ ခင်ဘွားသစ်ကြီးလည်း ယုံကြည်လာတော့သည်။ သို့နှင့် သော်ကပင်ဆီသို့ တစ်ချက်လှည့်ကြည့်လိုက်မိသောအခါ ခင်မကြီးတို့ နစ်ယောက်မှာမူ ပူပင်သောကများနေသော မျက်နှာထား ကလေးတွေနှင့် ငေးမောတွေဝေနေသည်ကို လှမ်းမြင်လိုက်မိသည်တွင် အထိန်းတော်ကြီး ခင်ဘွား သစ်မှာ ကျိတ်ကာ ပြုံးမိလျက်...

"ကဲ...ကဲ မောင်မောင်တို့ ပြောစကားကို အရီးဖုရား ယုံကြည်ပါပြီ။ သို့ရာတွင် ခင်မကြီးဆိုတဲ့ ကောင်မကလေးဟာ နေရာတကာ ဆတ်ဆတ်ကြဲနှင့် အမြဲစွာချင်တယ် မောင်မောင်ရဲ့။ ရှိသမျှ အပျိုတော်တွေထဲမှာလည်း အရှင်ထိပ်စုဖုရားရဲ့ အလိုတော်လိုက်ပြီး အကြိုက်ကို အလိုက်နိုင်ဆုံး ဖြစ်လေတော့ အရှင်ထိပ်စုဖုရားကလည်း သူ့ကို အတော်အရေးပေး မြှောက်စားထားတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့်လည်း တစ်ခါတစ်ခါ အရှင်သခင်အားကိုးနဲ့ သူက ဆိုးချင်တယ်။ အရီးဖုရားကိုတောင် မဟုတ်လျှင် မခံဘူးမောင်မောင်ရဲ့။ အတော် ဂြိုဟ်ထောင်တဲ့ ကောင်မကလေး သည်အရေးမှာ သူ့ ကို အရှုံးပေး အညံ့ခံလို့ မတော်ဘူး။ သူ့အပေါ်မှာ အရီးဖုရားက နိုင်ရာ ဖမ်းကိုင်ထားမှဖြစ်မယ်"

ရယ်သွမ်းသွေးပြီး ပြုံးပြုံးကလေး ကျိတ်ကာ ပြောမိရာမှ...

"အို...ဒါထက် အရီးဖုရားက မောင်မောင်တို့ကို လိုက်ရှာနေတာ တခြားမဟုတ်ပါဘူး။ သီပေါကိုယ်တော်နှင့် အရှင်ထိပ်စုဖုရားတို့ နှစ်ပါးအတူ ကြည်တော်မူနေကြသည်ကို မောင်မောင်တို့အား သတင်းကောင်းကြားစေလို၍ လိုက်ရှာနေခြင်းပါ။ ဘယ့်နှယ်က ဘယ့်နှယ် သည်အရှုပ်အထွေးနဲ့ အရေးထဲ အရာပေါ်နေမှန်း မသိပါဘူး။ ကဲ...ကဲ ခုနေ ခေါ်တော်များ မူးနေပြီလား မသိ။ အရီးဖုရား ကိုယ်ယောင်သွား၍ ပြလိုက်ဦးမယ်။ မောင်မောင်တို့လည်း ရေကြည့်နန်းတော် အနီးအပါးသို့ တိုး ၍ ခစားကြ ပေတော့နော်။ ဩော်...ဟိုနှစ်ယောက်ကိုလည်း စကားလက်စနဲ့ ဆက်ပြောခဲ့ရဦးမယ်။ ကိုင်း... ကိုင်း မောင်မောင်တို့ သွားနှင့်ကြပေရော့"

ဆိုတာ ခင်ဘွားသစ်ကြီးလည်း ခင်မကြီးတို့ရှိရာသို့ ထွက်လာခဲ့ပြီး...

"ကဲ...ခင်မကြီးတို့ ပြီးတာ ပြီးပါစေ။ စုဖုရားခေါ်တော်ရော့မယ်၊ တတိုင်းမွှေးရုံနားသွား၍ စောင့်နေကြပါ။ အလိုတော် ရှိလျှင် အဆင်သင့် လာခဲ့ကြပေတော့"

ပြောပြီး ရေးကြီးသုတ်ပျာနှင့် ရေကြည့်စံနန်းတော်ရှိရာသို့ ပြန်လာခဲ့လျှင် ခင်ဘုန်းနှင့် ခင်မကြီးတို့ မှာ မိမိတို့ အရှုပ်အရှင်းအတွက် 'မြွေမသေ တုတ်အကျိုး'နှင့် တစ်မျိုးအနေရကျပ်၍ ကျန်ရစ်ကြလေသတည်း။

အခန်း (၂၈) ဆက်ရန်
အခန်း(၂၈)

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း ရေကြည့်စံနန်းတော်အနီးသို့ ရောက်လျှင် စုဖုရား နှင့် သီပေါ မင်းသား တို့ စံတော်မူရာမှ မြင်သာအောင် တောင်ယောင်ယောင် မြောက်ယောင်ယောင် နှင့် ကိုယ်ယောင် ပြလျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့လည်း စကားဖြုပြင်ရပ်ရင်း၍ ပျင်းပျင်းရိရိ အိပ်လျက်ရှိသော မောင်မောင်နဲ့ကလေးအနီးသို့ ရောက်လာပြီး မိမိတို့သခင် သိတော်မူလေမည်လားဟု နားတစွင့်စွင့်နှင့် စောင့်၍ နေလေသတည်း။

သီပေါမင်းသားနှင့် ထိပ်စုဖုရားလတ်တို့ အီတာလျံ ကျောက်သလွန်ထက်တွင် နှစ်သက် ကြည်ဖြူသစွာ ပန်းဆင်တော်မူပြီး နှစ်ပါးအတူ ဇမ္ဗူဒီပါ စကြဝဠာနယ်အနှံ့မျှ ကျယ်ပြန့်လှသော မေတ္တာတော်အဟုန်နှင့် ချစ်လျား လှုံ့တော်မူလျက်ရှိရာ အထက်နန်းအာကာ ဂတိသာမှ သူရိယာ ဖေလ်ဂန်း အနောက်စွန်းသို့ ယွန်းစ ပြုစဉ်တွင် မေတ္တာဒန်းဆင်၍ အချစ်ယာဉ်ကြီး စီးတော်မူနေရာမှ သတိရပြီး မနီးမဝေးက အရိပ် အယောင် ပြနေသော ခင်ဘွားသစ်အားလည်း စုဖုရားက လှမ်း၍ ရှုစားတော်မူမိသည်တွင်...

“အလို... မောင်မောင်၊ နေတောင်အတော်စောင်းသွားပါပြီ သည်ဥယျာဉ်တော်စခန်း ဖြန့်မြန်း ထွက်ချီ တော် မူချိန် သင့်လောက်ပြီ ထင်ပါရဲ့”

မိန့်တော်မူလျှင် သီပေါမင်းသားလည်း ယုယကြင်နာစွာ ကိုင်တော်မူထားသော စုဖုရား၏ လက်တော်ကို လွှတ်ခါ ညှိုးငယ်နွမ်းလျသော မျက်နှာတော်နှင့်....

“သြော်...စုစုနှင့် မတွေ့ရခင်ကတော့ တွေ့တော်မူချင်လှသည့် အာသာကြောင့် အလွန်တရာ စိတ်မောတော်မူခဲ့ရပါတယ်၊ ယခုလို တစ်ပါးနှင့် တစ်ပါး နူတ်စကား လှစ်ကြ၍ ဘယ်မျှလောက် ချစ်တော် မူကြ သည့်အကြောင်း ပြန်ပြောင်းမိန့်ကြား သစ္စာတော်ထားပြီး နီးနီးနားနား စံတော်မူ ရပြန်တော့လည်း တွေ့တော်မူရသည့် အချိန်ကာလ လွန်စွာ တိုတောင်းလှပါကလား စုစုရယ်၊ ဘယ်နေ့ဘယ်ရက် ရောက်ခါမှ သော်တာ လစန်း ကြူအိမ်နန်းကဲ့သို့ တင့်ရွှမ်းတဲ့ အသရေနှင့် မောင်မောင့်ဘဂင်ကို ကြည်လင်အေးမြစေတဲ့ စုစုရဲ့ ရွှေမျက်နှာတော်ကလေးကို မခွဲမခွာ အမြဲရှုစားပြီး အားရအောင် ချစ်တော်မူရပါမလဲ။

မောင်မောင့်စိတ်တော်ထဲမှာဖြင့် ယခုနေအခါ စုစုအပါးမှာ တစ်ဖဝါးမှ ခွာတော်မမူချင်တော့ဘူး စုစုရဲ့။ (ရွှေမျက်နှာ တောင် လှစ်ကြာလျှင် ရှစ်ကမ္ဘာ ထင်မိရဲ့လေး)ဆိုတဲ့ တေးထပ်က ဥပမာဟာ မောင်မောင့်မှာ လာ၍ထင် တော်မူနေပြီ။ ယခုအတိုင်းနှင့် အိမ်တော်ရောက်သွားပါလျှင် စုစုကို ထင်မြင်တမ်းတ၍ နွမ်းလျ အောင် စိတ်မောပြီး အချစ်ကြောဝေဟင်မှာ လေဆင်လို့မွှေ့သလို ဆွေ့ဆွေ့ခုန်ဖြစ်ရချည် တော့မယ်။ အစက တွေ့တော်မမူရလျှင်လည်း အကောင်းသားနော်” ခွဲခွာတော်မူရခါနီးတွင် ရှိုးရှိုးကြီး ညည်းညူတော် မူမိရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိပ်စုဖုရားလတ်မှာလည်း ချစ်ခင်တော် မူစ တွေ့ရသည့်အချိန်က နည်း၍ ခွဲခွာတော်မူရခါနီးတွင် သီပေါ မင်းသားက မျက်နှာထား ညှိုးညှိုးငယ်ငယ်နှင့် အကယ်စိတ်တွင် ရှိသမျှမိန့် ဟ ညည်းညူတော်မူရှာ သောအခါ ကြော့နှောင်ရစ်ပတ်ခဲ့သော အချစ်ဓာတ်ပေါင်းကူး၍ အထူးထိခိုက် ညှိုးနွမ်းနေတော်မူမိရှာလေ ၏။

စု။ "စုစုကလည်း မောင့်မောင့်လိုပင် မခွာမခွဲဘဲနဲ့ အမြဲအတူ စံတော်မူချင်လျက် ငံ့ကွက်ရမည့်အခါ ဖြစ်နေပါတယ်။ သို့ရာတွင် အခါအခွင့်မသင့်သေးတဲ့အတွက် အကြောင်းအကြောင်းကို ငံ့ကွက်ရမည့်အခါ ဖြစ်နေပါသည်။ အချစ်နှင့်မေတ္တာဖေဖောကြောင့် စကားတပြောပြောနှင့် နေရသော်လည်း အချိန်အခါကဖြင့် ခွဲခွာတော် မူသင့်ကြောင့် သတိပေး၍ နေတော်မူပါပြီ မောင်မောင်ရဲက။ နှောင်အခွင့်အခါ သင့်ပါလျှင်လဲ ယခုလိုပဲ စုစုနှင့် မောင်မောင် တွေ့ဆုံတော်မူကြရအောင် အခွင့်အရေးက ဖန်တီးလို့ ပေးပါလိမ့်မယ် ထင်ပါတယ်။ ယခုဖြင့်သည် စခန်းက လမ်းခွဲတော်မူကြဦးမှ ဖြစ်တော်မူပါလိမ့်မယ် မောင်မောင်"

မင်းသား။ "အဲသည်လို မကြာခဏစုစုနှင့် တွေ့ဆုံတော်မူမှပင် မောင်မောင်ဖြင့် နေသာထိုင်သာ ရှိတော်မူတော့မှာပဲ စုစုရယ်။ မကြာမကြာ တွေ့ဆုံတော်မူရအောင်သာ စုစုက ကြံစည်တော်မူပါတော့၊ မောင်မောင် တော့ဖြင့် စုစုထံမှာ အမှာတော်ရောက်မည့်နေ့ကို မျှော်လင့်၍ နေရတော့မှာပဲ။ စုစု အဆောင် တော်ထဲသို့ အရဲစွန့်လို့ ကြွလာရမှာတော့ဖြင့် လွယ်ကူတဲ့အလုပ် မဟုတ်ဘူးစုစုရဲ့။ သည်တော့ စုစု ကသာ ဟောဒီ ဥယျာဉ်တော်ကို မကြာမကြာ ထွက်တော်မူ၍ မောင်မောင့်အပူကို သီတဂူရေချမ်းနှင့် ပက်ဖြန်း တော်မူလို့ပါ ပက်ဖြန်းတော်မူပါလို့ အချစ်ကို ရှေ့ထားပြီး ရှေ့ထားပြီး များများကြီး တောင်းပန် လိုက်ပါရစေတော့ စုရယ်။ မောင်မောင့်အသည်း ဟာဖြင့် စုစုကို စွဲလမ်းပြီး အမြဲ ကျွမ်းလောင် နေရှာတယ်လို့သာ အခါမပြတ်တွေး၍ သနားတော်မူနေပါတော့"

စု။ "ကောင်းလှပါပြီ။ စုစုတတ်အားတော်မူသရွေ့တော့ မောင်မောင့်အလိုတော်ကို ဖြည့်တော်မူမယ်ဆိုတာ ယုံကြည်စိတ်ချတော်မူပါ။ သစ်သစ်ကိုလည်း အခွင့်ကိုကြည့်၍ အလိုတော ဖြည့်ပါ စေမယ် မောင်မောင်ရဲ့။ ကဲ.... တွေ့တော်မူကြရတာကလည်း တစ်ခဏ၊ စကားပြောတော်မူလို့လည်း အားမရ နှင့် အချိန်ကလည်း နှောင်းလှပါပေါ့ မောင်မောင်"

မင်းသား။ "မောင်မောင်ကလည်း မခွဲချင်သော်လည်း အချိန်က နှင်နေပြီဆိုတော့ ခွဲတော်မူကြဖို့ ရှိတာပေါ့ စုစုရဲ့၊ နောက်တစ်ကြိမ် ဘယ်နေ့ဘယ်ရက်ကို စုစု ဥယျာဉ်ထွက်မည် ဆိုတာကလေးဖြင့် မောင်မောင် မျှော်လင့်အားထား တော်မူနေစရာရက် အချိန်းကလေး ပေးတော်မူစေခဲ့လိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

စု။ "ရက်မကြာမီ ထွက်တော်မူစရာ ရက်ချိန်းပြီး အထိန်းတော်ကြီးသစ်ကို မောင်မောင့်ထံတော်သို့ စေလွှတ်လျှောက်ထားပါစေမယ်။ ဒီအတွက်ကို စိတ်လက်ချချ နေတော်မူပါမောင်မောင်"

ပြောနေစဉ် အထိန်းတော်ကြီးခင်ဘွားသစ် အပါးတော်သို့ ရောက်လာကာ အဆောင်တော် သို့ ပြန်ချိန်သင့်ကြောင်း လျှောက်ထားလာသဖြင့် သီပေါမင်းသားနှင့် စုဖုရားတစ်ပါးနှင့် တစ်ပါး ခပ်ခွာခွာ စံတော်မူကာ..

"ကိုင်း… ကိုင်း အချိန်နည်းလှပြီ။ မောင်ကြီးပြန်တော့မယ် စုစုရဲ့"

နှုတ်ခွန်းဆက်တော်မူသောကြောင့် စုစုကလည်း….

"မှန်လှပါ၊ ကြွချီတော်မူပါတော့ မောင်မောင်"

ဖွဲ့နှောင်သော မေတ္တာနှင့် ယုယကြင်နာစွာ လျှောက်တင်လေသည်။

သီပေါမင်းသားလည်း စုဖုရားအပါးမှ ခွာ၍ စံတော်မူရာ ကျောက်သလွန်ပေါ်က ထတော်မူရင်း အထိန်း တော်ကြီး ခင်ဘွားသစ်အား…

"အထိန်းတော်ကြီးရဲ့ စုစုနဲ့ ကိုယ်တော်တို့မှာ ရှေးရှေးသံသရာ အတိတ်အခါက ချဖူးသောရေစက်၊ ပန္နက်ဖူး သော သစ္စာကြောင့် ယခုဘဝမှာ မြင်ကာမျှနှင့် တစ်ဦးကိုတစ်ဦး အထူးသဖြင့် ချစ်သဒ္ဒါလွန်ကဲ၍ မခွဲနိုင် မပစ်သာ၊ သစ္စာအောင်ပန်း ဆင်မြန်း ပန်ဆင်တော်မူမိကြ ပါပြီ။ ဒီအချိန် ဒီနေ့မှစ၍ စုစုကို တွေ့မြင်ပြီး နေ့စဉ်ပင် နီးနီးနားနား ခစားလို့ တစ်ပါးမျက်နှာ တစ်ပါးကြည့်လျက် ရွှေမေတ္တာဖွဲ့နှောင်၍ သည် ညောင်မြင့် ကြာကတ္တီတွင် သာကြည်တော်မမူရသေး သမျှ ယခုလို ပေးပေးကွာကွာကြီး အိမ်တော် သီးခြားနှင့် စံထားတော် မူနေရမည့် ဂင္ဓုဒုက္ခဟာလည်း ဘယ်အခါမှ ကင်းရှင်းလွတ်မြောက် တော်မူ ရဦးမည်မသိရသေးတဲ့အတွက် ကိုယ်တော်ရဲ့ ဆန္ဒကို အထိန်းတော်ကြီးက မကြာခဏဖြည့်စွမ်းကူပြီး ဟောသည် ဉယျာဉ်တော်ကြီးထဲသို့ စုစုတို့မကြာ ခဏ ထွက်တော်မူနိုင်ရန် အခွင့်အလမ်းရှာကြံ၍ ဆက်လိုက် ပါ ဆိုတဲ့အကြောင်း ကိုယ်တော်က ထပ်လောင်းပြီး တောင်းပန်တော်မူခဲ့ပါရစေ"

မိန့်တော်မူသောအခါ ခင်ဘွားသစ်ကလည်း အားတက်သရောနှင့်ကင်…

"စိတ်ချတော်မူပါဘုရား။ ကိုယ်တော်ဖျားနှင့် စုထားဖုရားတို့ အကျိုးတော်ကို ဆောင်ရမည့်အရေးဆိုလျှင် သေဘေး ကိုပင် အမှုမထား အရှင်သခင် အားရတော်မူအောင်

www.burmeseclassic.com

ကြိုးကြိုးပမ်းပမ်းနှင့် အမှုတော်ထမ်းပါသည်။ ဥယျာဉ်တော် သို့ ထွက်တော်မူစရာလည်း မကြာမကြာ အခွင့်အရေးပေါ်အောင် လမ်းစဖော်၍ ဆက်ပါမယ် ဘုရား"

လျှောက်တင်သောကြောင့် သီပေါမင်းသားလည်း.....

"အင်း.... ကောင်းလှပေ့ါ အထိန်းတော်ကြီးရဲ့၊ အထိန်းတော်ကြီးရဲ့ စေတနာကိုလည်း ကိုယ်တော်သိရှိတော်မူပါပြီ။ ကိုယ်တော်နှင့်စုစုတို့ အချစ်မှုကိစ္စကြီး ပြီးစီးငြိမ်းအေးသွားသည့်အခါ အချစ် ဆိုတဲ့ စစ်မြေပြင်မှာ အသက်ဘေးကို "ထီမထင်ဘဲ" ရင်မြေကတုတ်ထားပြီး စွန့်စွန့်စားစား အကျိုးတော် ဆောင်ခဲ့တဲ့ အချစ်မှူးကြီး သစ်သစ်ကို မဟာသေနာပတိကြီးအလား ထင်ထင်ရှားရှား လောကီ စည်းစိမ်ကြီး ခံစားရအောင် ကိုယ်တော်တို့ နှစ်ပါးဟာ များများကြီး မြှောက်စား သူကောင်းပြု တော်မူ ထားပါမည်။ အရေးတော် မပြီးခင်သာ ဆိုင်ရာဆိုင်ရာ ကျကျနန အမှုတော်ထမ်းပေတော့ အထိန်းတော်ကြီး။ ဩော်... ဒါနှင့် ပြောရင်း ဆိုရင်း အချိန်ကလည်း နည်းလှပြီ၊ကိုယ့်တော့ဆီကပါတဲ့ လူပျိုတော်ကလေးများလဲ ဘယ်ဆီ သို့ သွားနေကြသည်ကို မသိပါကလား"

မိန့်တော်မူတဲ့အခါ ခင်ဘွားသစ်က လက်ယှက်ခါ...

"မှန်လှပါ ရေကြည့်စံနန်းတော် အနီးအပါးမှာပင် ခစားလျက် ရှိကြပါကြောင်း။ ယခုပင် ဖျာ့ကျွန်မ သွား၍ အကြောင်းကြားလိုက်ပါမယ် ဘုရား"

ဆိုကာ ရေကြည့်နန်းအဆောင်စွန်း တစ်ဘက်သို့ ထွက်လာပြီး စကားပြုပြင်အောက်၌ နှစ်ယောက်သား ထိုင်နေ ကြသော မောင်မောင်တုတ်တို့လူစုကိုလည်းကောင်း၊ တတိုင်းမွှေးရုံ အပါးမှ အထိန်းတော်ကြီး အခေါ် ကို စောင့်မျှော်နေသော ခင်မကြီးနှင့် ခင်ဘုန်းတို့ကိုလည်း ကောင်း။ အချက်ကြလက်ပြ၍ ခေါ်လိုက်သည်တွင် အပျိုတော်၊ လူပျိုတော်များအားလုံး ရေကြည့် စံနန်းပေါ်တွင် စုရုံးခစားမိကြပြီးနောက် သီပေါမင်းသားလည်း နောက်ပါ လူပျူတော်များနှင့်အတူ နှုတ်ခွန်းဆက်သကာ အိမ်တော်သို့ ညှိုးငယ် နွမ်းနယ် သော မျက်နှာဖြင့် ခွဲခွာကြွမြန်းတော် မူရာသည်ကို စုဖုရားလတ်သည် ကျောက်သလွန်ထက်မှာ မျက်စိ တစ်ဆုံး ရှုမျှော်ကျန်ရစ်တော်မူ လေသည်။

ဆယ့်နှစ်ရာသီ ငွေဖလားကြီး အပြည့်အမောက်ထည့်ထားသော တတိုင်းမွှေးပွင့်များကို ရှေ့ထားလျက် ငြိမ်ငြိမ် သက် တုပ်ပျပ်ဝပ်ကာ ခစားနေရှာသော အပျိုတော်ခင်ဘုန်းနှင့် ခင်မကြီးတို့မှာ စုဖုရား မျက်နှာတော် မသာ မယာနှင့် ကြွတော်မူသွားသော သီပေါမင်းသားကို လွမ်းဆွတ် တမ်းတတော် မူနေရှာသည်ကို မြင်ရသည် တစ်ကြောင်း။ အထိန်းတော်ကြီးအား မောင်မောင်တုတ်တို့ မည်သို့ မတရား အစစ်ခံ သွားသည်ကို မသိရသောကြောင့် တစ်ကြောင်း။ အထိန်းတော်ကြီးအား မောင်မောင်တုတ်တို့ မည်သို့ မတရားအစစ်ခံသွားသည်ကို မသိရ သောကြောင့် တစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

ခစားရာမှ ခေါင်းမဖော်ပဲ့ အောင် အရှ ဖတ်၍ နေကြလေသည်။ အထိန်းတော်ကြီး ခင်ဘွားသစ်မူကား မောင်တော် ကြွသွားတော်မူရာသို့ တမ်းမှန်း မျှော်ခေါ် လွမ်းဆွတ်တော်မူခြင်းဖြင့် မျက်နာတော်ညိုညိုနှင့် ငိုမလို ဖြစ်နေတော်မူသော စုဖုရား၏ အပါးသို့ ဖြည်းညင်းသာယာစွာ တိုးကပ်ခစားကာ စုဖုရားမှာ စိတ်တော်ပြောင်းလဲသွားပါစေတော့ဟူသာ ဆန္ဒနှင့်...

"အမေ့ထိပ်စုဖုရားရဲ့ ရွှေကိုယ်တော် ကြွသွား၍ လွမ်းကြွယ်တော်မူမူနေပါသလား၊ သစ်သစ် ကြိုးစားပြီး နောက်တစ်ကြိမ် ဥယျာဉ်တော်သို့ ထွက်တော်မူစရာ လမ်းစရှာ၍ ဆက်ပါမည်။ ဖြေဆည်း သိမ်းဆည်း တော်မူပါ။ အချိန်ကလည်း နည်းလှပြီဖြစ်ပါ၍ အဆောင်တော်သို့ ပြန်ကြွတော်မူရန်သင့်ပါပြီ။ နို့ပြီးတော့ လည်း အရှင်ထိပ်စုဖျား ယခုကဲ့သို့ မင်းသားငယ်အသွင် ဂတ်ဆင်၍ ဥယျာဉ်တော်အတွင်း ဆင်းပြန်ကြောင်း ကို မယ်တော်ဖုရား ကြားသိတော်မူသွားပြန်လျှင် လည်း သစ်သစ်ကိုပဲ အပြစ်တင်တော်မူပါလိမ့်ဦးမယ်"

လျှောက်တင်လေရာ စုဖုရားမှာ စိတ်ထားက အထိန်းတော်ကြီးအား ဓားစာခံပြုလုပ်ခါ ဆိုးနွဲ့ ကတော်မူ လာချင်ပြန်သည်နှင့်....

"အို.... စုစုဟိုအလျင်တုန်းကလည်း မင်းသားလေးကို ဆင်တော်မူပြီး သည်ဥယျာဉ်တော် ထဲမှာ လည်ခဲ့တာ ရိုးလို့ပင်နေပါပြီ။ နောက်တော့ သစ်သစ်ကြီးပဲ မင်းသမီးဆိုတာ မင်းသမီးနဲ့ တူအောင်နေမှ ကြည့်လို့ လှတယ်လို့ မယ်မယ်ဖျားက ပြောတယ်ဆိုပြီး ထဘီတွေ ဂတ်ပေး ဆံထုံးထုံးပေးနဲ့၊ နို့ပြီးတော့ လည်း မင်းသမီးနဲ့တူအောင် သူပဲ သီပေါမောင်မောင်နဲ့ အောင်သွယ်ပေးသေးရဲ့။ အခုလည်း သူပဲ မင်းသားကလေးလို ဆင်ပြီး စုစုကို ဥယျာဉ်တော်ထဲ အရောက်ခေါ်လာရုံမကဘူး၊ သီပေါမောင်မောင် နဲ့လည်း တွေ့ရအောင် ဉာဏ်ဆင်ပြီး တမင် အချိန်းအချက်လုပ်ပေးတာပဲ။ စုစုတော့ ဘာတစ်ခုမှ မသိရပါဘူး။ တွေ့တော်မူရပြန်တော့လည်း မောင်မောင်က စုစုကိုမခွဲချင်ရှာဘူး။ စုစုကလည်း မောင်မောင် နဲ့ မခွဲမခွာအမြဲအတူ စံတော်မူချင်လျက်သားနဲ့ သစ်သစ်ကြီး စပ်ကြားကပုဏ္ဏားလုပ်ပြီး ခွဲပြန်တယ်။ အခုတစ်ခါ စုစုကိုလာပြီး လွမ်းတော်မမူပါနဲ့လေး ဘာလေးနဲ့ ပြောပြန်ပြီ။ လွမ်းတော်မူတာကို မလွမ်းပါနဲ့လို့ ပြော၍ရမလား သစ်သစ်ရဲ့။

အလွမ်းတော်ပြေသွားအောင် မောင်မောင့်ကို ပြန်ခေါ်ပေးဖော်ဖြင့် မရဘဲနဲ့၊ မေဖုရား အပြစ်ဆိုတော် မူလိမ့်မယ်ဆိုတဲ့ စကားနဲ့ လူများကို လာ၍ ခြောက်လှန့်ပြန်တယ်။ ဘယ်မှာသစ်သစ်စကား ယုံစားစရာ ရှိသလဲ"

အပြစ်မရှိ အပြစ်ရှာ၍ ခင်ဘွားသစ်ကိုသာ နွဲ့ဆိုးဆိုးပြီး ငွေဖလားထဲက တတိုင်းမွှေးပွင့်များ ကို အငြိုးနှင့် ဆုတ်ချေ၍ မြေပေါ်သို့ လွှင့်ပစ်နေတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်ဘွားသစ်ကြီးမှာ ယခုမှ မိမိဓားစာခံ ဖြစ်လာရကြောင်းကို ရိပ်မိပြီး အတွင်းကျိတ်ပြုံး မိတော့လျက်...

"စုထားဖုရားရယ်... အမေသစ်ကိုတော့ မချစ်ပြင်ပြင် ငြိုငြင်တော်မမူပါဘိနှင့်၊ အဆောင်တော်ကို ထွက်တော်မမူချင်ပါဘူး။ သည်တွင်ပဲ ညဥ့်နက်အောင် စံတော်မူချင်သည်ဆို လျှင်လည်း သစ်သစ်က အတင်းဆွဲ၍ ခေါ်ပွဲမည်မဟုတ်ပါ။ "ကြာကြာငါးသည့်သွား အရိုးကြည့် ရှောင်ရာသည်" ဆိုတဲ့ စကားလို အရှင်နှစ်ပါး စုလျားတော် မဆုံးသေးသမျှ အချိန်အခါ ရတော်မူသရွေ့ နှစ်ပါး ဆုံတော်မူရန် သည်ဥယျာဉ် တော်အတွင်းကို အနှောင့်အယှက် လွတ်လွတ်ကင်းကင်းနှင့် လျှောက်တင်ရခြင်း ဖြစ်ပါတယ်။ အကယ်၍ သီပေါကိုယ်တော်ဖျားကို လွမ်းအားကြွယ်တော်မူပါလျှင် နောက်ရက် မကြာခင်ပင် တွေ့ဆုံတော်မူကြရန် သစ်သစ် စီမံ၍ ဆက်သပါမည်။

ယခုဖြင့် မင်းယောက်ျားကလေးအသွင်နှင့် ဥယျာဉ်တော်သို့ ဆင်းပြန်ပြီဆိုတဲ့ သတင်းကို မယ်ဖျား ကြားသိတော်မမူသေးခင် ခပ်မြန်မြန်လေး အဆောင်တော်သို့ ဂင်တော်မူရန် သင့်ပါတယ်။ စုထားဖုရား ကိုယ်တိုင်လည်း ဆင်ခြင်တော်မူနိုင်သည့် အရွယ်တော်ဖြစ်၍ သစ်သစ်လျှောက်တင်စကားကို မှားသည် မှန်သည် ဆုံးဖြတ်တော်မူနိုင်ပါလိမ့်မယ်"

ဖြည်းညင်းသက်သာစွာ လျှောက်တင်သည်တွင်မှ စုထားဖုရားလတ်မှာ ငြိမ်သက်စွာ ငေးမော စဉ်းစား တော်မူပြီး အတန်ကြာကြီး ခွန်းမိန့်တော်မူပြီး အတန်ကြာကြီး ခွန်းမိန့်တော်မပြန်ဘဲ နေတော် မူလေသည်။ စုဖုရား၏ စိတ်ကြိုက်ကို အလိုက်သိတတ်သော အထိန်းတော်ကြီး ခင်ဘွားသစ်ကလည်း အနီးသို့ခစားကာ ကလျော့ကလျည်း ခပ်တွဲတွဲကျ နေသော ဆံစတော်ကလေးများကို သိမ်းသွင်းပေးကာ အချစ်သွေးကြောင့် အေးစက်စက် ဖြစ်နေသော လက်ဖျားကလေးများကိုလည်း ယုယကြင်နာစွာ ဆုပ်နယ်ပေးလျက်။

"အလိုလေး... စုစုလက်တော်ကလေးများတွေလည်း အေးစက်နေပါကလား။ လေချိုဖျန်း၍ ချမ်းတော်မူပြီထင်ပ။ ခင်မကြီးတို့ ခြုံတော်ပဂါများ ဆက်ကြပါတော့လား"

ဆိုလျှင် ခင်မကြီးနှင့် ခင်ဘုန်းတင့်တို့လည်း လစက်ရောင် ဖဲဖောက်ပဂါကြီးကို လွှာခြင်းဖြန့်ခြုံ ဆက်လာကြလေသည်။ စုဖုရားလည်း အထိန်းတော်ကြီး ခင်ဘွားသစ်ကို နွဲ့မှီ တော်မူကာ အကလေးကဲ့သို့ နွဲ့စိတ် မပြေသေးသော လေသံသာနှင့်....

"ဒီဟာ သစ်သစ်ကြောင့်ပါ။ အစက စုစု ဒီဥယျာဉ်တော်ကို ထွက်တော်မူခဲ့တာ သီပေါမောင်မောင်နဲ့ တွေ့ရအောင်လို့ တမင်ထွက်တော်မူလာခဲ့တာလည်း မဟုတ်ဘူး။ သစ်သစ်က ဉာဏ်ဆင်ပြီး ဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com

တော်ကို မရအရခေါ်လို့ လိုက်တော်မူခဲ့ရတယ်။ သည်ရောက်တော့ အထောက်မတန် တွေ့ဆုံတော်မူရအောင်ဖန်လို့ ကြံကြံစည်စည် တွေ့တော်မူ ကြရပြန်တော့လည်း ချစ်တော်မူသည့် စိတ်ဖွဲ့ကြောင့် ယခုလို ခွဲခွာသွားရသည့်အခါ လွမ်းတော်မမူဘဲ မနေသာအောင် ဖြစ်တော်မူရတာပဲ။

စုစုပြဖို့ မောင်ဇာမင့်ကို ချစ်တော်မူမိတဲ့ အချိန်အခါ အလှာတော်ချင်း ဆက်သွယ်တော်မူမိကတည်းက သစ်သစ်ကြီးကိုပင် စိတ်တောမှာရှိသမျှ တိကျကျ ထုတ်ဖော်တော်မမူခဲ့ဘဲ အမြဲသိုသိပ်တော်မူခဲ့ပေမယ့် ယခုတော့ဖြင့် ဖုံးဖိတော်မူလိုတဲ့ စိတ်လည်းရှိတော် မမူတော့ပါဘူး။ မောင်မောင့်မေတ္တာတော် စူးလွန်းလို့ စုစုဖြင့် အမူးအရူးဆိုသလို ချစ်တော်မူနေပါပြီ။ စုစုချစ်တော်မူသလို မောင်မောင်ကလည်း ချစ်တော် မူရှာသည်။ ခွဲခွာ၏မမူချင်ရှာဘဲ အချိန်ကခွဲသည်နှင့် မလွှဲသာ လွှဲသာ ခွဲခွာတော်မူသွားရ ရှာသည်ကို စုစု မျက်စိထဲမှာ ပန်းချီတော်များ ရုပ်ပုံဆွဲထားသလို ကွင်းကွင်းကွက်ကွက်နှင့် မပျောက်မပျက် မြင်နေတော်မူ တော့တာပဲ သစ်သစ်ရဲ့”

တီးတိုးမိန့်တော်မူလေသည်။ ခင်ဘွားသစ်ကလည်း မိမိတို့မှီနွဲ့တော်မူနေသော စုဖုရားလတ်၏ ကိုယ်ကလေးကို ကလေးသဖွယ် သိမ်းကျုံးဖတ်ထားပြီးလျှင်....

“စုစုထင်မြင်တော်မူသည့်အတိုင်းပင် သီပေါကိုယ်တော်ဖျားကလည်း စုစုအား ထင်မြင်မှန်းဆ, တမ်းတ လွမ်းဆွတ်တော်မူရှာမည်ပင် ဖြစ်ပါသည်။ကိုယ်တော်ဖျားနှင့် စုထားဖုရား နှစ်ပါးစုံညီ ချစ်လွမ်းကြိုး သီတော်မူနေရန် အချိန်အခါ တာမရှည်ရလေအောင် သစ်သစ် အလျင်အမြန် ကြံဆောင်၍ မောင်မောင်နှင့် စုစုခုတင် ခုနစ်ပါးဆုံပြီး စကားကုန် ပြောတော်မူနိုင်ရန် ဖန်တီးပါမည်။ ယခုဖြင့် အချိန်သင့်ပြီမို့ သာသာကြည်ကြည်နှင့် ကြွချီတော်မူပါတော့”

တင်လျှောက်ကာ စိတ်အာရုံ ပြောင်းစွဲစေခြင်းငှာလည်း အနီးရှိ ငွေဖလားကြီးမှ ပန်းများကိုယူ၍...

ဟောသည်မှာ ရှုစားတော်မူစမ်းပါ စုထားဖုရား။ ခင်ကြီးနှင့် ခင်ဘုန်းတို့ နှစ်ယောက်သား စုထားဖုရား နှစ်သက်တော်မူမည်ထင်သည့် ပန်းတော်များကို အားကြိုးမာန်တက် ခူးယူ၍ ဆက်ရာ ကြသည် နှစ်သက်တော်မူပါစ”

ဆိုကာ တတိုင်းမွှေးပန်းများနှင့် သော်ကပန်းများကို ဆက်လျှင် စုဖုရားလည်း ယူငင်ရှုစားလျက် နှစ်ခြိုက်စွာ နမ်းရှုတော်မူပြီး ခင်မကြီးတို့ကို မလုံမလဲနှင့် မရဲတရဲ ရှုစားတော်မူကာ...

www.burmeseclassic.com

www.burmeseclassic.com

"ပန်းတွေကလည်း တယ်များပါကလား ခင်မကြီးတို့ရဲ့။ ဥယျာဉ်တော်ထဲက ပန်းပင်များမှာ တစ်ပွင့်တလေမှ ကျန်ရစ်ပါဦးမလား။ ဥယျာဉ်တော်မှူးများကဖြင့် မင်းတို့တစ်သိုက်ကို ပန်းစားဘီလူး ယက္ခသည်မကလေးများလေလားလို့ မှတ်ထင်သွားကြပါဦးမယ်၊ တော်သင့်ရုံ ခူးကြမှ ပေါ့"

ခပ်ပြုံးပြုံး ကျီစယ်မိန့်ကြားလေရာ ခင်မကြီးတို့က မလျှောက်တင်မီ၊ အထိန်းတော်ကြီး ခင်ဘွားသစ်က ဂင်၍ ပြောင်လှောင်ကျီစယ်သော မျက်နှာနှင့်....

"ဩော်... သူ့ခများများလည်း အရှင်စုဖုရား အလိုကျရယ်လို့ တွေ့သမျှပန်းများကို ဂမ်းသာအားရ ခူးလာရှာကြထင်ပ ဘုရား။ ဥယျာ်တော်ကြီးကလည်း အကျယ်သားမို့ နယ်စား ပယ်စားဖြစ်တဲ့ ဥယျာဉ်စောင့် နတ်သားကလေးများကလည်း လှပနနယ်တဲ့ ကုမ္မာရီအရွယ် အပျိုတော်ငယ်ကလေးများကို နတ်သားတို့ ဘ၀ နတ်မျက်စိနှင့် မြင်ကာမျှဖြင့် ချစ်မြတ်နိုး၍ ပိုးချင်တဲ့ နတ်ကာလသားတို့ ဂါဒအတိုင်း ပန်းပင် ပန်းကိုင်းများကို ညွတ်ညွတ်နူးနူးနှင့် ဆွတ်ခူးလို့ လွယ်လေအောင် နတ်တို့တန်ခိုးဖြင့် တစ်မျိုးကူညီ ဆွတ်ခူးပေး လိုက်ကြတယ်လို့ ထင်ပါသည်။ သို့ရာတွင် သူတို့ဘယ်နည်းဘယ်ပုံနှင့်ရရ အဆုံးမှာတော့ သစ်သစ်တို့ စုထားဖုရားရဲ့ ဘုန်းတော်ကံတော်ကိုမှီပြီး သည်ပန်းတွေဟာ ရှေ့တော်မှောက်သို့ ကြံဖန်ပြီး ရောက်လာ ရတယ် ဆိုတာ သဘောထားလိုက်ပါတော့ဘုရား။"

ကြားဂင်၍ လျှောက်လိုက်လျှင် စုဖုရားလတ်မှာ အကြောင်းအချင်းရာကို ဘာမျှမသိသော် လည်း နဂိုကတည်းက စိုးရိမ်တကြီးနှင့် အကြောက်ကြီး ကြောက်နေမိကြသော ခင်မကြီးနှင့် ခင်ဘုန်းတို့မှာ ခင်ဘွားသစ်ကြီး၏ ရာသီသံမကင်းသော လျှောက်တင်စကားကို ကြားရတိုင်း လျှောက်တင်စကားကို ကြားရတိုင်း နလုံးသွေး လှိုင်းထလျက် ကျော်ထဲက စိမ့်တက်နေသည်ဖြစ်ရာ မျက်လွှာကို အောက်သို့ ချလျက် လက်ယှက်ပျပ် ခစားနေရာမှ အသက်ပင် ပြင်းပြင်းမရှူပုံ့လောက် အောင် ငြိမ်သက် တိတ်ဆိတ်၍ နေကြလေ သည်ကို တွေ့ရလေ၏။

အထိန်းတော်ကြီး ခင်ဘွားသစ်လည်း အစွာမကလေး ခင်မကြီး မီးရေနှင့် သတ်ထားသလို တစ်စွန်းတစ်စ မလှုပ်ရှားဘဲ ငြိမ်ချက်သားကောင်းနေသည်ကို တွေ့ရလျှင် တစ်ကိုယ်တည်း ကျိတ်ခါ ရယ်ချင်သော နလုံးနှင့် ပြုံးပြုံးကြီး လှည့်ကာ ကြည့်လိုက်မိလေသည်။ စုဖုရားကား အထိန်းတော်ကြီးနှင့် ခင်မကြီး၊ ခင်ဘုန်း၊ မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့၏ အတွင်းရှုပ်သပွတ်အူကို သိရှိ ရိပ်မိတော် မမူသည့် အားလျော်စွာ မိမိအနီးအပါးမှာ ခစားနေကြသည့် ပြုံးသူမဲ့သူများကို ဂရုထားတော်မမူနိုင်ဘဲ လက်ထဲတွင် ကိုင်ထားသော ပန်းများကို ရှုစားတော်မူနေရာမှ မောင်တော်ကို တမ်းတ သတိရတော်မူ လာပြန်သည်နှင့် ဟင်းခနဲ သက်ပြင်းရှူတော်မူကာ။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ...ကဲ သစ်သစ်ရယ်၊ စုစုတို့ ထွက်တော်မူလာတာလည်း ကြာလှပါပြီ။ အချိန်စဲလို့ ဖလ်နေဂန်းလည်း ညိုလှပေ့ါ၊ အဆောင်တော်စံခန်းသို့ ဖြန့်မြန်းတော်မူကြပါစို့"

မိန့်တော်မူသည်တွင် ခင်ဘွားသစ်လည်း အမှုးရှိသော သူတစ်စုမှာ စုဖုရားထွက်တော်မူ ရန်အတွက် သက်ဆိုင်ရာ တာဂန်များကို အလျင်အမြန် ပြင်ဆင်ကြရလေ၏။

******

စန္ဒာလမင်း ကြယ်စုံကျင်း၍ ထိန်းလင်းကြည်စွာ သာယာသော ညဥ့်ဦးယံအချိန်ဂယ် စံတော်အိမ် လေသာဆောင်သို့ ဖဲသဉ္ဇာကြာညောင်ထက်၌ လျောင်းစက်တော်မူနေသော သီပေါမင်းသားသည် အနီးအပါးတွင် ခစားနေကြသော လက်စွဲတော်ကြီးများ ဖြစ်ကြသည့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့အားပင် တစ်စုံတစ်ရာ စကားမိန့်ခွန်းမဆင်နိုင်။ ဥယျာဉ်တော်ဗွေဆိုင်တွင် ကေခိုင်စုထားနှင့် နှစ်ပါးတူစုံ မေတ္တာတော်လှူခဲ့သည်တို့ကို အနုလုံ ပဋိလုံ စုချည်ဆန်ချည် အလီလီ တွေးတောကာ လွမ်းဗျာထု ကြွယ်တော်မူနေရှာခိုက်ဖြစ်လေသည်။

အေးမြသာယာသော သီတဂူနန်း ယုန်စကြာလစန်းကို မျှော်မှန်းရှုစားတော်မူလျက် ပင့်သက်လိုက်ဖြာပြီး "ဩော်... စုစုမှာလည်း သည်အချိန်ဖြင့် စံအိမ်တော်လေသာနန်းက စိတ်မှန်းနှင့် ရည်ရော်လို့ မောင်တော်ကို လွမ်းဆွတ်တမ်းတတော် မူနေရှာမှာပဲ။ စုထား...စုထား၊ နီးနီးကပ်ကပ် ရှုစားပြီး နှစ်ပါးအတူ ခွန်းမိန့်တော်ကြူရပြန်တော့မည်း ယခင် ခပ်ဂေးဂေးက ကိုယ့်အတွေးနှင့်ကိုယ် အချစ်တော်ပိုခဲ့ရသည်ထက် ဆထက်လွန်ကဲ မခွာရက်၊ မခွဲနိုင်အောင် ရွှေသည်းခိုင်နှစ်ခမန်း အချစ်ရည်လျှမ်းပြီး တမ်းတမ်းစွဲ ဖြစ်တော်မူ ရတော့သည်။ တွေ့ဆုံသော် မမူမီအခါကဖြင့် မလိမ်တမာ အမိုက်ကလေးကို အကြိုက်သွေးနှင့် အချစ်သဘောကို ဘယ်သို့ ဘယ်ပုံ ဖွဲ့နွဲ့ပြောဆို သဘောဘယ်သို့ ရှိမည်ဆိုတာ မသိရခင်မို့ တင်ကြို ကြောင့်ကြ တော်မူခဲ့ သမျှတွေလည်း ဆီနှင်းအစိုင်အခဲကြီးများ အရည်ပျော်သလို ဘယ်ဆီကို ရောက်သွား ကြသည်ဟု မသိရပါတော့ကလား။

"တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလို စုထားခမျာမှာလည်း သည်က မောင်တော်ကို အတော်ပင် ချစ်မြတ်နိုးတော်မူမှာပါပေတယ်။ ခွဲခွာတော်မူတော့မယ့် အချိန်အခါမှာ ရွှေမျက်နှာ ကလေးငယ်ငယ်တွင် မျက်ရည်စ ကလေး တလယ်လယ်နှင့် သနားသဖွယ် ကျန်ရစ်တော်မူရှာ လေတယ်။ ချစ်ကြိုးဖွဲ့နှောင် မေတ္တာတော်ဆောင်သဖြင့် သည်မယ်နှင့်သည်မောင် မြသဉ္ဇာကြာ ညောင်တွင် ယခုလို လရောင်ကလေး ကြည်ကြည်လဲ့မှာ ချစ်တင်းဖွဲ့ဆို ပီယဂါစာ ချိုသာစကားနှင့် နှစ်ကိုယ်နှစ်စား စံစားနေထိုင်တော်မူရလျှင် အင်မတန် ပျော်ရွှင်နှစ်သိမ့်ပေမှာပဲနော်။ ဩော်... ဘယ်ခါမှ အလိုအတိုင်း ကိစ္စပြီး၍ ပျော်ပွဲတော်ကြီး ခံကြ ရပါမလဲ။

တစ်ဆောင်စီနေ တစ်မြေစီခြားလို့ စုစုသက်လှယ် ရှုမဂတဲ့ လှမျက်ချယ်ကို အလွယ်တကူ တွေ့မြင်တော်မမူရပါဘဲ ကိုယ်စံဆောင်တော်ထဲကသာ အသည်းလှိုက်ဖို လွမ်းအားတော် ပိုနေရသည့် ယခုလို ဘဂမှာ ဘယ်ခါငြိမ်း၍ သည်အပူဇာတ် သိမ်းရပါမလဲနော် ခမည်းတော်ဘုရားက သနားကြည်ဖြူ နှစ်သက်တော်မူလို့ အချစ်ရည်တူမျှတဲ့ သည်ကမောင်မယ်ကို သာကီနွယ်ဖွားချင်း တဂေတပြားနှစ်ပါးရွှေကို ဂဟေစွဲချည် ရွှေဖွဲ့သီပြီး ဆောင်နှင်းပေးတော်မူပါမည့်အရေး ဘယ်နှစ်သချေါ်လောက်ဂေးအောင် စောင့်စားလို့ နေရဦးမည်လည်း မသိနှင့် ချစ်ဂိတက်တွေ ဖြိုးဖြိုးဂေလျက်နှင့် အချိန်နေ့ရက် ကုန်တော်မူရတော့မည် ထင်ပါရဲ့" ဟု စိတ်တော်တွင်းမှ လမင်းကို အဖော်ပြုကာ တစ်ပါးတည်း ညည်းတော်မူနေရှာလေ၏။

အနားမှာကုပ်၍ မလှုပ်မယှက် အရှင့်မျက်နှာရိပ် မျက်နှာကဲကို အမြဲခတ်လျက်ရှိကြသော လူပျိုတော်သား နှစ်ဦးမှာလည်း လမင်းကို စိမ်းစိမ်းစိုက်စိုက် ရှုစားလျက် ချစ်ဂိတက်ပွားပြီး ငြိမ်ချက်သားကောင်းနေသော သီပေါမင်းသားကို မော်၍ကြည့်ကာ အခွင့်အရေး သိတတ်ရှာသော ကျေးကျွန်များ ဖြစ်ကြသည့်အလျောက် တစ်ယောက် တစ်ယောက် အချက်ပြကာ လသာအောက်တွင် စောင်းကောက်နှင့် ဖျော်ဖြေရန် စီမံကြလေ တော့သည်။

မောင်မောင်တုတ်မှာ စည်းကို ဆုပ်ကိုင်လျက် စောင်းတော်တီး မောင်မောင်သက်က ဣန္ဒာဒေဂ စောင်းတော်ကြီးကို ပိုက်ပြီး အဆိုတော်ကြီးအဖြစ် အမှုတော်ထမ်းနေကြဖြစ်သော မောင်မောင်ငယ်က မင်းသား မောင်ကျောက်ခဲရေး ပိန်းဘုံဘွေမယ်ဘွဲ့ ပတ်ပျိုးကြီးကို ညင်းညင်းတွဲ့တွဲ့ ဖွဲ့နွဲ့သီဆိုလေ၏။

သီပေါမင်းသားလည်း သတိတော်ရလာပြီး ပြုံးတော်မူ၍....

"မောင်ဖေငယ်ရဲ့ မောင်မင်းကလည်း မယ်ဘွဲ့၊ မောင်ဘွဲ့တွေ အများကြီးရှိသည့်အထဲက သည်သီချင်းကိုမှ ဆွဲထုတ်ယူတတ်ပလေတယ်။ ငါ့ကို စောင်းမြောင်းတဲ့ သဘောလားကွယ်ရို့"

မိန့်တော်မူလေရာ လူပျိုတော်များအနက်မှ မောင်မောင်ငယ်က သီဆိုမိသူ ဖြစ်သော်ကြောင့် အားတုံ့အားနာနှင့် မျက်နှာပူသွားမိကာ....

"မှန်ပါ၊ ကျွန်တော်မျိုးလည်း ရမိရရာ ဆွဲ၍ သီဆိုလိုက်ရခြင်း ဖြစ်ပါသည်။ ကြံကြံစည်စည် တမင်ရွေးချယ်၍ ဆိုရခြင်း မဟုတ်ပါဘုရား"

"ကဲ...ကဲ ညဉ့်နက်ပြီ၊ မောင်မင်းတို့လည်း ညောင်းကြရော့မည်။ အိပ်ချေကြပေတော့။ ကိုယ်တော်လည်း အဆောင်တော်ထဲသို့ ဂင်တော်မူတော့မည်"

www.burmeseclassic.com

www.burmeseclassic.com

မိန့်ကာ လေသာဆောင်မှာပင် ချန်နေတော်မူရစ်သည်။ မောင်မောင်တုတ်၊ မောင်မောင်ငယ်အစရှိသော လူပျိုတော်များကား အမိန့်တော်နှင့် နှင်သဖြင့် အပါးမှ ဖယ်ခွာ ထသွားကြလေတော့သည်။

သီပေါမင်းသားလည်း အပါးတွင် လူရှင်း၍ တစ်ပါးချင်း ရှိတော်မူသောအခါ စုဖုရားအကြောင်းကို ပိုင်ပိုင်နိုင်နိုင် မြိုင်မြိုင်ကြီး တွေးနေတော်မူအံ့ဟူသော အနေဖြင့် ခြေဆင်းလဲလျောင်းပြုကာ ညောင်သလွန်အုံးမြင့်မှ အာကာဂေဟင် ထက်ကောင်းကင်တွင် ပြောင်စင်ပဂင်း ငွေလမင်းသို့ မျှော်တင်း ရှုစားလျှက် ပင့်သက်များ ရှူမိကာ နေ့အချိန်အခါက ကြင်နာဆပွား မေတ္တာတော် ထားကြလျက် အီတာလျံ ကျောက်သလွန်ထက်တွင် လက်တော် ကလေး အသာကိုင်၍ ချစ်မေတ္တာပန်းခိုင်ကလေး လှမ်းကိုင်ချွေယူ ဆွတ်ယူ တော်မူရာဂယ် ရှက်ကြောက်တွန့်ဆုတ် လှုပ်ရှားပုံ့သဖြင့် တရွံ့ရွံ့ ကြောက်အား ပို၍ ငိုမလို၊ မဲ့မယောင် မျက်တောင်ကလေး တဖျပ်ဖျပ်နှင့် အချစ်နတ်ဖမ်းစားတော်မူနေရှာသည့် စုစုမျက်နှာ ရွှေရောင်ဂင်းတဲ့ ဆင်းသိဂံကို မြင်လာမစဲ မျက်လုံးတော်ရှေ့နားတွင် အမြဲတစေ ဂဲကာသာ နေတော့ သည်နှင့် သလွန်တော်ဂယ် စံလွန်တော်မူလျက်က နဖူးတော် လက်တင်လျက် စိတ်တွင်းက ထပ်မံ တမ်းတ ဖွဲ့နွဲ့ကာ "ခုနေများဖြင့် စုထားတင့်ကလျာ မိမြတ်စွာကလည်း မောင့်မောင့်ကို တမ်းတ၍ နွမ်းလျ နေတော်မူရှာလေမည်လား။

သို့မဟုတ် သီပေါမောင်ဖြင့် သူ့အဆောင်တော်ရောက်လို့ မေ့မေ့ပျောက်ပျောက် စံတော်မူ နေပြီ ရယ်လို့များ ထင်မှတ်တော်မူ နေရှာမည်လားနော်။ ဩော်.... မေ့တယ်များ မှတ်ပါနှင့်။ မီးနတ်ကဲ့သို့ ရတနာ၊ လဲ့လဲ့ဖြာကို တူနှစ်ကိုယ်ကို ယနေ့ဆုံတွေ့တော်မူသရွေ့မှာ ရွှေမေတ္တာလက်လှမ်း၍ အချစ်ပန်းသ တော်မူလို့ မဂနိုင်ရက်၊ တွေးလို့သာခက်ရတယ် အသက်လိပ်ပြာမယ့် လက်တော်မှာပါပဲ ရန်ခါဘယ်နေ့ မောင်ကြီးဖြင့် မေ့ပါဘူး။ သုံးမွှေ့ရင်ရယ်၊ မြတ်တစ်ပင်က မြင်တော်မူလား ခုတင်မှာဖြင့် ဗျာပါထောင်ထု၊ ပူးပေါင်းစုလို့၊ ချစ်သူ့ရိပ်ခြည်၊ ထင်တော့သည်နှင့် ဖြေဆည်ပိုင်ပိုင်၊ စက်တတ်ကယ်နိုင်ပါဘူး၊ နန်းမြိုင် လုံးမဟေ ကြော့မြူတေ၊ တမေသိရှာတော်မူလေဘူး ထင်ရဲ့နော်" ။

တစ်ပါးချင်း စိတ်တွင်းမှ ညည်းညူတော်မူကာ ငြိမ်သက်စွာ စံတော်မူလျက် ရှိလေ၏။ အပါးတော်မှ ခွာ၍ မောင်မင်းတို့ အိပ်ပါစေဟု အခွင့်ပေးသည့်တိုင်အောင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ သီပေါမင်းသား အဆောင်တော်ထဲသို့ ဂင်တော်မမူသေးသမျှ စိတ်ချလက်ချ အိပ်မရသည့် သစ္စာရှိလှသော ကေးကျွန်ရင်း၊ လက်စွဲတော်ရင်းကြီးများ ဖြစ်ကြသည့် အားလျော်စွာ အဆောင်တံခါးအကွယ်မှ အရှင်သခင် ၏ အရိပ်အကဲကို ကြည့်ကာ တိတ်ဆိတ်စွာ ခစားနေရာတွင် မောင်မောင်တုတ်က စတင် ဗွေဖောက်လာ သောကြောင့် မောင်မောင်ငယ်ကို လက်ကုတ်ကာ သီပေါမင်းသားရှိရာ မေးငေါ့ပြပြီး တီးတိုး လေသံနှင့်....

www.burmeseclassic.com

"ဟိုမှာကြည့်စမ်းပါဦး ကိုရင်ငယ်။ ကျုပ်တို့ ရွှေကိုယ်တော်ဖျားဖြင့် ဣန္ဒြေမဆောင်နိုင် အောင်ပင် မြတောင်စုထားဖုရားကို အစွဲကြီးစွဲလမ်းတော်မူသွားပြီဗျ။ စကားမေးတောင် မရသလောက်ပဲ"

ဆိုလျှင်မောင်မောင်ငယ်ကလည်း တစ်ချက်ပြုံးလျက် သီပေါမင်းဘက်သို့ မှောင်ထဲမှ ခေါင်းစောင်းပြီး ကြည့်လိုက်ကာ...

"ဒါကြောင့်လည်း တစ်ပါးတည်း တွေးချင်သလောက်တွေးပြီး ကျယ်ကျယ်လွင့်လွင့်ကြီး ဆွေးချင်သလောက် ဆွေးနေ ရအောင်လို့ ကျုပ်တို့ကို အပါးတော်က နှင်ထုတ်လိုက်တာပေါ့ဗျာ။ နေ့လယ်က ဥယျာဉ်တော် ရေကြည့်နန်းမှာ အချစ်ခန်းဖွင့်တော်မူခဲ့ကြသည့်အရေးကို အတွေးနှင့် စားမြုံပြန်ပြီး လွမ်းအား တော် သန်နေ ထင်ပါရဲ့"

ဆိုလျှင် မောင်မောင်တုတ်က ခပ်ငေါ့ငေါ့လေသံနှင့်...

"ဒါနှင့်များဗျာ တွေ့တော်မူဖို့ရာ တိုက်တွန်းကာစကများ ကျုပ်တို့ ပြေးပေါက်မှားရဦးတော့ မလိုလို၊ ခုပဲ မယ်တော်ဖျား သိတော်မူလိမ့်မယ် ပြောလိုပြော၊ နောက်ဆုံးပိတ် ဥယျာဉ်တော် ထွက်တော်မူပါဆိုတာ တောင်မှပဲ မရဲတရဲနှင့် မနည်းဆွဲ၍လာခဲ့ရသည်။ အခုတော့လည်း ဒီလိုမှန်းမသိလို့ အတွေ့ရ နောက်ကျ လေခြင်း ဆိုပြီး တစ်ပါးတည်း ကျိတ်ပိုချင်နေတယ် ထင်ပါရဲ့"

မဲ့မဲ့ရွဲ့ရွဲ့ အတင်းပြောနေပြန်လျှင် မောင်မောင်ငယ်က ကန့်ကွက်သည့်လေသံနှင့်....

"အို... ကိုရင်ကလည်း ကိုယ့်အရှင်သခင်ကို မထေမဲ့မြင့် လေလုံးတွေသုံးပြီး ပြောမနေစမ်းပါနှင့်ဗျာ။ အရှင်သခင် ဆိုတာ ကွယ်ရာမှာလည်း မခံ့လေးစား မပြောကောင်းပါဘူး၊ လူများကြားသွားပါ့မယ်"

တီးတိုးကန့်ကွက်လိုက်သည့်အခါ....

"အောင်မာ...ကိုရင်ကလည်းဗျာ။ ဒါလောက်ကလေး ပြောတာများ လွန်သလား။ ဘယ်သူမှလည်း မကြားပါဘူး။ ကျုပ်သခင်ကို ကျုပ်အင်မတန်ချစ်၊ အင်မတန်ကြည်ညိုတယ်ဆိုတာ ခင်ဗျားအသိဆုံးပါ။ ဒီလိုပြောတာတော့ ကျုပ်ဂါသနာပဲ၊ ခုလိုကွယ်ရာမှာတောင် မဟုတ်သေးဘူး၊ တစ်ခါတစ်လေ မကြားတကြားတောင် ပြောခဲ့သေးတယ်။ ကိုယ်တော်ဖျားကလည်း ကျုပ်တို့ကိုရင်တို့ကို အတော် ချစ်တော် မူ ရှာတယ်။ ဘယ်အခါမှ အသိအကြား အရေးယူတော်မမူဘဲ မကြားကျိုးကျွန်ပင် ပြုတော်မူ နေရှာ တာပဲဗျ။ ကျုပ်ကလည်း အဲဒီလို ကိုယ့်အရှင်သခင်က သဘောကောင်းပြီး မျက်နှာသာအပေးကြီး ပေးထားလို့ ရောင့်တက်နေသလားတော့ မသိနိုင်ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တော့ဟုတ်တာပေါ့ ကိုရင်တုတ်ရယ်၊ ဒါပေမဲ့လို့ မြောက်စားတိုင်း မရောင့်တက် လွန်းရဘူးဗျ။ ကျုပ်က ကိုရင့်အတွက် ပြောတာပါ။ ကျုပ်ရှေ့မှာ ကိုရင်က ဘာပဲပြောနေနေ ကိုယ်တော်ဖျားကို ကျုပ်ကလည်း သွားလို့ သံတော်ဦးတင်မယ့်လူ မဟုတ်ဘူး။ နောက်ဆုံး ကျုပ်တို့ နှစ်ယောက်ကပဲ အရှင့် မျက်နှာကဲကြည့်ပြီး မထိတထိပြောဦး၊ အမှတ်မဲ့ ပြုံးတော်မူပြီး သည်းခံ တော်မူရှာရာပဲ။ ဒါပေမဲ့ဗျာ တခြား လူပျိုတော်သား ကလေးများ ရှေ့မှာဆိုရင် မင်းသားကြီးတို့ရဲ့ ရာဇက္ကန္ဒြေကို ထိခိုက်ရာရောက်မယ်။ ကျုပ်တို့ ပမာမခန့်ပြောတဲ့ စကားကို တစ်ယောက်ယောက်က ကြားလို့ ကိုယ်တော်ဖျားကို သွား၍ သံတော်ဦး တင်လိုက်လျှင် အရေးယူတော်မမူချင်ပေတဲ့ တိုင်ကြား သံတော်ဦးတင်တဲ့လူရဲ့ မျက်နှာကို ထောက်ထားပြီး အရေးယူတော်မမူချင်ပေတဲ့ တိုင်ကြား သံတော်ဦးတင်တဲ့လူရဲ့ မျက်နှာကို ထောက်ထားပြီး အရေးများယူလိုက်လျှင် ကျုပ်တို့မှာသာ ဂုဏ်သရေထိခိုက်မယ်။ ငယ်သားတွေအပေါ်မှာ သြဇာ အာဏာမပြနိုင်ဘဲ နေမယ်။ ဒါတွေကို စဉ်းစားပြီး နည်းနည်းပါးပါး သတိထားဖို့ပေါ့ ကိုရင်ရာ"

အေးလေ... ဒါတော့ ကိုရင်သတိပေးတာ မမှားပါဘူး။ ကျုပ်ကလည်း အပါးကြီးပါဗျာ။ အရှင်သခင် မျက်နှာသာမှ တစ်ခါတလေ ဖြစ်မိတာပါ"

"ကဲ...ရှိပါစေတော့လေ။ ကိုရင်တုတ် ကျုပ်တို့ ခုလိုချည်းပဲ ငုတ်တုတ်နေရတော့မှာလား။ ကိုယ်တော်ဖျားလည်း အဆောင်တော်ထဲ ယခုတောင် ဂင်တော်မမူသေးဘူးဗျ"

"ကျုပ်တို့ကို သွားကြတော့လို့ နှင်ထုတ်ထားမှ အပါးတော်သွား ခစားကြလို့တော့ မဖြစ်ဘူးဗျ။ ဒီကခေတ္တစောင့် ခစားလိုရင် ခစား၊ ဒါမှမဟုတ်ဘဲ တုံးလုံးပက်လက် လဲချင်ရင်လည်း ကိုယ့်အခန်းထဲ ကိုယ်သွားရုံပေါ့"

"ကိုယ်တော်တစ်ပါးတည်း အပြင်မှာ စံတော်မူနေတာ စိတ်မချပါဘူးဗျ။ ဒီကပဲ အိပ်ပျက်ခံပြီး စောင့် ခစား နေကြတာပေါ့"

ယင်းသို့ ပြောဆိုကာ လူပျိုတော်ကြီးနှစ်ယောက် အတန်ကြာ ခစားနေကြသော်လည်း သီပေါမင်းသားမှာ စဉ်းစားငေးမောတော်မူနေရာမှ မထသေးဘဲ အေးဆေးစွာ စံနေမြဲ စံနေတော်မူနေသည်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ငိုက်မြည်းသမ်းဝေလာကြ ပြီး နောက်ဆုံးတွင် အဆောင်တံခါးခုံအနီးတွင် နှစ်ယောက်သားလုံး အိပ်မောအကျကြီး ကျသွားကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ညဉ့်သုံးယံ လှဲပြောင်းသာ၊ ရွှေမောင်းက ညံ့ညံ့ဆော်၊ ပျော်နိုင်ပေါင်မှိုင်းရက်ကယ်လင်း” ဟူသော သီချင်းကြီးအသွားပမာ သီပေါမင်းသား ချစ်မြတ်နိုးတော်မူလှသော နမတော်စုထားအား လွမ်းအားတော် ပိုလှသည်နှင့် တစ်ပါးတည်း တမ်းတရည်မှန်းတော်မူနေသည်မှာ အချိန်မည်မျှ ကြာလေမသိ နာရီတော် အတန် ညောင်း၍ ရွှေမောင်းအကြိမ်ကြိမ် ဆော်ခဲ့လေပြီ။ ယုန်စံနှီလည်း နောက်ခွင့်သို့ယိမ်းကာ သန်းခေါင် လေပြည်ကလေးများ တသုန်သုန်ဖြန်း၍ ချမ်းစိမ့်စိမ့်ဖြစ်လာသည် တွင်မှ ဂင်တော်မူရန် သတိရတော် မူလေတော့သည်။

ယင်းသို့ သတိရတော်မူသည်တွင်လည်း အနီးအနား၌ မည်သူများ ခစားလျက်ရှိမရှိ သိတော်မူလိုသဖြင့် လှည့်ကြည့်တော်မူရာ တစ်ဦးတစ်ယောက်မျှသော လူပျိုတော်သားများကို တွေ့မြင်တော် မမူရတော့သည့် အပြင် အိမ်တော်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်၍ အိပ်ပျော်နေကြသော လူပျိုတော်သား၊ လက်စွဲတော် သား၊ အဆောင်ကိုင်သားတို့ အဆောင်ဆီမှ ဟောက်သံများကိုသာ ကြားရလျှင် မည်မျှ ညဉ့်နက် လှသည်ဟု အချိန်ကို ချင့်တွက်မှန်းလးဆကာ ကျေးကျွန်များကို အပြစ်တော်မထားမိသည့်အပြင် ခပ်စောစော အချိန်ကပင်လည်း လက်ရင်း လူပျိုတော်ကြီးများဖြစ်သော မောငမောင်တုတ ်နှင့် မောင်မောင်ငယ်တို့ ကိုပါ အပါးတော်မှ ထွက်သွားကြစေရန် အမိန့်တော်ရှိပြီးဖြစ်ကြောင်း သတိရတော် မူသောကြောင့် တစ်ပါးတည်းပင် အဆောင်ထဲသို့ ဂင်တော်မူရန လေသာဆောင်မှ ထွက်ကြွတော် မူခဲ့လေသည်။

ယင်းသို့နှင့် အဆောင်ထဲသို့ ဂင်မည်ဟု ဖဂါးခုံကို ခြေတော်တစ်ဖက်ကျော်၍ နင်းလိုက်မိလျှင်ပင် သီပေါမင်းသားသည် တစ်စုံတစ်ခုကို နင်းတော်မူမိသဖြင့် မည်သည့်အရာဂတ္ထု များပေနည်းဟု သတိထား၍ ကြည့်တော်မူလိုက်သောအခါ ခေါင်းအုံးနတ္ထိ အခင်းမရှိနှင့် တံခါးခုံကို ခေါင်းဆိုက်ကာ မိမိတို့၏ လက်မောင်းကလေးများကို ခေါင်းအုံးပြုလျက် ပုဆိုးခါးပုံစ တစ်ဖက်ကို ကွေးခြုံကာ အရှင်သခင်ကို စောင့်ရင်း အိပ်မောကျနေရှာကြသော ကျွန်တော်မျိုးနှစ်ယောက်ကို တွေ့တော်မူရလျှင် သီပေါမင်းသားမှာ မိမိ၏ ငယ်ကျွန်တော်ရင်း နှစ်ယောက်သည် အရှင်သခင်၏ အကျိုးကို မည်မျှလိုလား၍ မည်မျှချစ်ခင်ပြီး၊ မည်ရွေ့ မည်မျှလည်း သစ္စာစောင့်သိရှာကြသည်ဟု တွေးတော စဉ်းစားတော်မူမိကာ တစ်ယောက်ကလည်း မှူးသားမတ်သား၊ တစ်ယောက်မှာအား ထီးသွေးနန်းသွေး၊ ကိုယ့်အိမ်ကိုယ့်ရာတွင် ကိုယ့်စည်းစိမ်ချမ်းသာနှင့် ကိုယ်နေထိုင်နိုင်ကြသူများ ဖြစ်ရှာပါလျက် အရှင်သခင်အတွက် လက်မောင်းကို ခေါင်းအုံးပြုကာ ကြမ်းပြင်ပေါ်တွင် ကွေးကွေးကလေး အိပ်နေရှာသည်ကို တစိမ့်စိမ့် သနား၍ မဆုံးနိုင်အောင် ဖြစ်တော်မူမိရှာသည်။ “သခင်ဘုန်းကြီး၊ ကျွန်ဓားပြီး” ဆိုသလို အကယ်၍များ မိမိ၌ အခြေအနေထက် တိုးတက်ကောင်းစားရန် ခမည်းဓော်ဘုရား မြှောက်စား သူကောင်း ပြုတော်မူမည်ဆိုပါက သည်ကျွန်ရင်း နှစ်ယောက်ကိုလည်း ကြီးကြီးကျယ်ကျယ် မြှောက်စား ချီးမြှင့်တော်မူလိုက်မည်ဟု စိတ်တော် တွင် ရွယ်စူးထားတော်မူလိုက်မိလေ၏။

www.burmeseclassic.com

သို့ရာတွင် သည်ကျွန်ရင်းနှစ်ယောက်မှာ နဂိုမူလကတည်းက အရေးပေးမြှောက်စား လက်ရင်းကျကျ ထားတော် မူရခြင်းအားဖြင့် သခင့်အချစ်ကို ယုံစားကာ ရောင့်တက်ချင်လှသော ဂါသနာကြောင့် သီပေါမင်းသား မှာ သနားချစ်ခင်တော်မူမိသလောက် သင်းတို့ မရိုပ်မိလေအောင် အမြဲပင် ကြွနွေ ဟန်ဆောင် တော် မူခဲ့သည့်အတိုင်း ကိုယ့်အိပ်ရာ ကိုယ်သွားအိပ်ကြရန် ကိုယ်တော်တိုင် နှိုးတော်မမူဘဲ အဆောင်တော် တံခါးရွက်ကို လက်နှင့်ဆွဲ၍ ခပ်ပြင်းပြင်း ပိတ်လိုက်ကာ စံတော်မူရာ အဆောင်တွင်းသို့ တစ်ပါးတည်း ဝင်တော်မူသွားလေတော့သည်။ တံခါးရွက်ခတ်သံကို ကြားရ၍ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ နှစ်ယောက်သားလည်း ဘွားခနဲ အိပ်ရာမှ လန့်နိုးကာ ကပျာကယာ ခေါင်းထောင်၍ ကြည့်လိုက် လျှင် အဆောင်တော်ထဲသို့ ဝင်တော်မူသွားသော မိမိတို့အရှင်ကို တွေ့မြင်လိုက်ရသည်တွင်မှ စိတ်ချ လက်ချနှင့် မိမိတို့ နေထိုင်ရာ လူပျိုတော်ဂဲဆောင်ထဲသို့ ပြောင်းရွှေ့အိပ်စက်လိုက်ကြလေတော့ သတည်း။

ကျောက်ဖြူအခင်းဖြင့် သန့်ရှင်းပျံ့သင်းသော မှန်ခုံငယ်ရှေ့တွင် ပုလဲသွယ်ကြိုးကြီးကို ဆွဲဆင်လျက် မျက်နှာကလေး မော့ကာ လည်တိုင်ကလေးကြော့ကာနှင့် မိမိ၏ အလှအရိပ်အယောင်ကို မျက်တောင် မခတ်နိုင်အောင် စူးစိုက်ကြည့်ရင်း စိတ်တွင်းက ကျေနပ်လေအောင် ကော့ထောင်သော မျက်တောင် ကလေး ကိုပင့်ကာ မှန်ရိပ်ကို ပြုံးချိုရွှင်လန်းသော မျက်နှာပန်းကလေးနှင့် ကြည့်နေရှာသူမှာ ဒိုင်းဂန်မင်းနှင့် ဂန်ကတော်တို့၏ ရင်နှစ်သည်းချာ အလှဂန်ရည်ပေါင်းစုရာ နဂေါရီရွှယ်သာသာမျှ ရှိရှာသေးသော မိန်းမပျိုကလေး ခင်ခင်ကြီး ဖြစ်လေ၏။

ခင်ခင်ကြီးသည် လှပသော ပုလဲသွယ်ကြိုးကြီးကို ဆွဲဆင်ထားခြင်းဖြင့် မည်မျှ ချောမောလှပသွား ကြောင်းကို နနယ်ပျိုရွယ်သူကလေးပီပီ မှန်ခုံတွင် ပြုံးရယ် ကြည့်နေမိလေရာ သဇ္ဈာနီ ကြုတ် အတွင်းမှ ဝင်းခနဲ၊ လက်ခနဲ ပေါ်ထွက်လာသည့် ပုလဲရတနာနှစ်သွယ်အလား နီထွေးသော နှုတ်ခမ်း ကလေးအတွင်းမှ ဖြူဝင်းလဲ့ပြာ ကနကမာရောင် ပြေးနေသော သွားကလေးတွေမှာ ရွှေလည်တိုင် ကြော့ကြော့တွင် ကလျော့ ကလျည်း ဆင်ထားသော ပုလဲသွယ်ကြီးနှင့် အရှုံးအနိုင် ဂုဏ်ပြိုင်ဝင့်ဂါနေလေတော့သည်။

ဆပ်သဂါနကဲ့သို့သော ဂါရွှေရွှေ အသားအရေကလေးပေါ်တွင် ကြောင်မျက်ရှင်၏ သက်တံ့ပမာ စိမ်းလဲ့ နီထွေးသော အကြောမျှင်ကလေးများ ကွန့်ဆိုင်းဖြာယှက်လျက်ရှိသော လက်ချောင်းကလေးများနှင့် ပုလဲကြိုးကို စမ်းကာသပ်ခါ အရိပ်ကြည့်နေရာမှ မှန်ခုံရှေ့ငွေကလပ်ပေါ်တွင် တင်ထားသော ရွှေဟင်္သာ ရုပ်ကလေးကို သွား၍ မြင်မိသည်တွင် မောင်မောင်ငယ်ကို ဘွားခနဲသွား၍ သတိရရုံမက အစ်ကိုကြီး မကြာမီ ပြန်လာခဲ့ပါမည်ဟု အလီလီ ကတိခံသွားသော စကားများကို တွေးမိလာကာ ရုတ်တရက် မျက်နှာကလေးညှိုးလာပြီး ...

www.burmeseclassic.com

" ဟင် .. အစ်ကို မြန်မြန်ကြီး ပြန်ခဲ့ပါမည်ဆိုပြီး ယခုထက်ထိလည်း မကြွလာသေးဘူးနော်"

တစ်ယောက်တည်း ညည်းညူကာ ရွှေဟင်္သာရုပ်ကလေးကို ကိုင်လျက် မိခင် ဂန်ကတော်ကြီးရှိရာသို့ ထွက်လာခဲ့လေ၏။

ဂန်ကတော်ကြီးသည် ရှုမငြီးစဖွယ် လှပစွာ ပြင်ဆင်ဖြီးလိမ်းလာသော ခင်ခင်ကြီးကို ရင်သွေးတည်း ဟူသော မရောင့်ရဲနိုင်သည့် ချစ်ခြင်းဖြင့် ကြည့်ကာပြုံးပြီး ...

"အလို ... ခင်အကြီးရဲ့။ မျက်နှာကလေး ငိုမဲ့မဲ့နှင့် ဘာဖြစ်၍ လာရပြန်သတုံး၊ တစ်ကိုယ်လုံး ပြင်ဆင်ဖြီးလိမ်း ထားလိုက်သည်ကတော့ ကြော့လို့နေတော့တယ်၊ ခင့်ဟာ အမြီးအမောက် မတည့်သေးပါကလားကွဲ့"

ဆီးတဲ့၍ မေးလေ၏။ ခင်ခင်ကြီးလည်း မိခင် ဂန်ကတော်ကြီး ရင်ခွင်အနီးတွင် ခပ်နွဲ့နွဲ့ကလေး မှီထိုင်လိုက်ပြီး လက်ထဲက ရွှေဟင်္သာရုပ်ကလေးကိုပွတ်သပ်ကိုင်တွယ်ကာ မဲ့တော့မယောင် ယောင် မျက်နှာ ကလေးနှင့် ...

"မေမေဖျား ... မေမေဖျား၊ သားတော်မောင် လူညာကြီးက ခင့်ကို လိမ်ညာသွားတာကိုဖျ။ ဟောသည် ရွှေဟင်္သာရုပ် ကလေးကို မှန်ခုံပေါ်မှာမြင်တော့ အစ်ကို လိမ်ပြောသွားတာတွေ သတိရလာတာနှင့် မေမေဖျား ကို တိုင်မယ်လို့ အခုလာခဲ့တာဖျ"

ကနွဲ့ကလျအသံကလေးနှင့် နွဲ့တတ်သော ကလေးပမာ နီထွေးသော နှုတ်ခမ်းကလေးကို မစူ့မစူထား၍ ပြောရာလျှင် ဂန်ကတောကြီးမှာ ခင်ခင်ကြီးပခုံးကလေးကို သိမ်းဖက်ပြီး ပြုံးပြုံးကြီး ကြည့်ကာ ...

" သြော် ... သမီးကို မောင်မောင်က ဘယ်လိုများ လိမ်ညာသွားပြန်သတုံး ခင်ရဲ့၊ မေဖျား သိစမ်းပါရစေဦး"

"ဒီတစ်ခါ အစ်ကိုကြီး မြန်မြန်ပြန်လာခဲ့ပါ။ အရင်တုန်းကလို အကြာကြီး အကြာကြီး မနေပါနှင့်လို့ ခင်က မှာလိုက်တော့ကာ အစ်ကိုက မောင်ကြီး ကြာကြာမနေပါဘူး၊ ဒီတစ်ခါ မြန်မြန်ကြီး လာခဲ့ပါမယ်၊ ခင်ခင်ကြီး မျှော်သာနေပါတဲ့။ နောက်ပြီးတော့ ဟောဒီလို ရွှေရုပ်ကလေးတွေမျိုးလည်း အများကြီးပဲ ယူခဲ့ပါမယ်တဲ့ မေမေဖျားရဲ့။ အဲ ... အဲဒီလိုပြောသွားပြီး အခုတော့ အစ်ကို မပေါ်လာဘူး။ ဘယ်လောက်ကြာပြီလဲ၊ ဒီဟာ ညာသွားတာပဲ မဟုတ်ပါလား၊ မေမေဖျား စဉ်းစား ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း စိတ်ဆိုးလာသလို ငိုသံကလေး ပါလာသောအခါ ဂန်ကတော်ကြီးမှာ အသံထွက်အောင် ရယ်လိုက်ပြီး ...

"ဩော် ... ဩော်၊ သမီးကို မောင်မောင်က လိမ်သွားတယ်ဆိုတာ ဒီဟာကို ပြောနေတာလား။ နို့ ... မောင်မောင်ပြန်သွားတာ ဘယ်နှစ်ရက်များ ရှိသေးလို့လဲ ခင်အကြီးရဲ့။ ဟိုမှာ သူ့အရှင်သခင် အလိုတော်ကျ ခစားနေထိုင် နေရှာရတာကလား၊ သူ့သခင် မျက်နှာတော်ကြည်သာမှ လာဖို့ရာ အမိန့်တော်ခံဝံ့မှာကိုး ခင်ရဲ့။ ဟိုတစ်လောက တစ်ခါလာ၊ အခုတစ်ခါ အမိန့်တော်ခံပြန်ရမှာလည်း နည်းနည်း ငြိုတော်မူများသွားမလားလို့ စဉ်းစားနေသည် ထင်ပါတယ်။ သည်လို မဟုတ်ရင်လည်း သူတို့ သခင်ရဲ့ အိမ်တော်မှာ အမှုကိစ္စဆောင်ရွက်စရာတွေ ရှိနေသည်လားမှ မပြောနိုင်တာကဘဲ ခင်အကြီးရယ်။ ညာမယ် လိမ်မယ်တော့ မဟုတ်ရှာပါဘူး"

"အို ... မေဖျားကလည်း မေဖျားသားဖက်က ကာကွယ်တော်မူလိုက်ရတာ လွန်ပါရော။ ခင်အကြီးကလည်း အရမ်းမဲ့ အပြစ်တင်တာမဟုတ်ပါဘူး။ အစ်ကို မြန်မြန် ပြန်လာခဲ့မယ်ဆိုပြီး တစ်သီတင်းလောက် ကြာနေလို့ ပြောတာပါ မေဖျားရဲ့"

"ဟုတ်ပါပြီလေ၊ မေဖျား ပြောပါပြီကော။ ခင်အကြီးကို အမြန်လာခဲ့မယ်ဆိုပြီး ဟိုမှာ အရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့ မလာသာသနှင့် ကြန့်ကြာနေရတာ ဖြစ်မှာပါပဲ။ မောင်မောင်ကလည်း ကိုယ့်နမကလေးကို အင်မတန်မှ ချစ်ရှာတာလားခင်အကြီးရဲ့။ ခုနယ် သူ့ခများလည်း မလာသာသေးတဲ့အတွက် အတော်ပဲ အခက်ကြုံနေရှာရှာမယ်။ ဟော ... အိမ်ရှေ့က လူသံတွေ ကြားတယ်။ ခင့်ဘဘဘုရားများ ပြန်လာပလား။ သွားလို့ ကြည့်စမ်းပါဘိ ခင်အကြီးရဲ့"

ဆိုသဖြင့် ခင်ခင်ကြီးလည်း ဂန်ကတော်ကြီးအနီးမှ သွက်လက်စွာ ထလာပြီး အိမ်ဦးခန်းကြီးသို့ ထွက်ခဲ့လေ၏။ ထင်သည့်အတိုင်း ဒိုင်းဂန်မင်း ဤယနေ့အဖို့ စောစော ပြန်ရောက်လာလေရာ ခင်ခင်ကြီးသည် ဂန်မင်းအနီးသို့ ကလေးပမာ သုတ်သုတ်ကလေး ပြေးသွား ကာ ...

"ဘဘဘုရား ဒီနေ့ စောစောစီးစီး ပြန်ကြွလာပါကလား ဘုရား"

ဆိုလျက် ဂန်မင်း၏ လက်ကို တွဲခို ကိုင်တွယ်ထားကာ ဂန်မင်းလည်း သမီးကလေး ခင်ခင်ကြီးကို ချစ်ခင် ကြင်နာစွာ ခေါင်းကလေးကိုသပ်လျက် ...

"ဘဘဘုရား လွှတ်တော်ကြီးမှာ ကိစ္စနည်းတာနှင့် သည်နေ့ စောစောစီးစီး အမိန့်ခံပြီး ပြန်ခဲ့တယ် ခင်အကြီးရဲ့၊ ဒါနှင့် ခင်ကြီးမေဖျားကော ညည်းကနေ့ နေလို့ ထိုင်လို့ ကောင်းရဲ့လား၊ ဆေးဂါးများရော သောက်ရဲ့လား"

www.burmeseclassic.com

နေ့စဉ် ဂတ္တရားအတိုင်း မေးမြန်းလေလျှင် ခင်ခင်ကြီးကလည်း ...

"မေဖုရားအိမ်ထဲမှာ ရှိပါလေရဲ့ ဘာဘာဘုရား။ နေ့လယ်က ဆေးတစ်ခွက်သောက်ပါသေးတယ်။ ဒီနေ့ အတော်နေလို့ လန်းလန်းရွှင်ရွှင်ရှိတာ မြင်ပါတယ်ဘုရား"

ပြောရင်း ဖခင် ဒိုင်းဂန်မင်းနှင့်အတူ အတွင်းဆောင်ရှိ ဂန်ကတော်ကြီးထံသို့ ရောက်လာကြလေ၏။

"ဘယ်နယ့် ဂန်ကတော်၊ သည်ယနေ့ တော်တော်နေသာပါရဲ့လား။ ခင်အကြီးပြောတာ ကြားရတော့ အတော်နေလို့ လန်းနေတယ်ဆိုပါကလား"

ပြောပြီး ဂန်မင်းလည်း ဂန်ကမတော်ကြီးအနီးတွင် ဂင်၍ထိုင်လေ၏။ ဂန်ကတော်ကြီးလည်း သမီးနှင့် ဂန်မင်းကို ခင်ပြုံးပြုံး တစ်လှည့်စီကြည့်ကာ ...

"သြော် ... ခင်အကြီးက သည်လိုတော့လည်း အသိတတ်သားပါကလား။ သူ အမှတ်တမဲ့ နေလေမိသလား ထင်ပါတယ်။ နို့ပြီးတော့ ခုကလေးတင်ပဲ မောင်မောင့်အကြောင်း ပြောရာက မောင်မောင် မလာကောင်း လားဆိုပြီး ငိုမဲ့မဲ့ လုပ်နေလို့ ချော့နေရပါသေးတယ်။ ခင်ကြီးတို့ ဘာဘရယ် ..."

"အင်း ... သည်လိုအထဲက သူ့အမေအကဲကို ခတ်နိုင်တာက အလိမ္မာသားနဲ့ အလကား နွဲ့ဆိုးဆိုးနေတာပေါ့ ဂန်ကတော်ရဲ့။ သြော် ... ဒါနှင့် ဒီကနေ့ လွှတ်တော်တံခါးနီးအထွက်မှာ သီပေါမင်းသားကလေး ကြွတော်မူလာရာနှင့် အဆင်သင့်ပဲ မောင်မောင်ငယ်နှင့် တွေ့ခဲ့ရတယ် ဂန်ကတော်ရဲ့"

"သြော် ... ဟုတ်ပါရဲ့လား၊ ဘာများ ပြောခဲ့ရပါသေးသလဲ ခင်ကြီးတို့ဘာဘရဲ့"

"ဘာဘ ဘုရား အစ်ကိုက ခင့်ကို ဘာများ မှာလိုက်သေးသလဲ။ ဘယ်တော့ လာမယ်လို့ ပြောလိုက် ပါသေးသလဲဖျ"

လျှာထက်တံတွေးမတင် ဂင်၍မေးလျှင် ဂန်မင်းနှင့် ဂန်ကတော်တို့မှာ အပြုံးချင်းဆိုင်သွားကြကာ ...

"အံမယ်မင်းဟဲ့ ... သမီးနယ်၊ ဘာဘာဘုရား ပြောစမ်းပါဦးမယ်။ ခင်ကြီးတို့ အစ်ကိုကြီးကလည်း အရေးတကြီးပဲ မှာလိုက်ပါတယ်။ သူ့အရှင်သခင်ထံမှ တာဂန်ခံ ရွက်ဆောင်စရာ ကိစ္စတွေများနေလို့

www.burmeseclassic.com

www.burmeseclassic.com

မလာ နိုင်ပါတယ်တဲ့။ ခင်အကြီး စိတ်ကောက်မနေပါနဲ့တဲ့။ ကိစ္စပါးလျှင် ပါးချင်း အမိန့်တော်ခံပြီး မြန်မြန်ကြီး လာခဲ့ ပါမယ်တဲ့ဗျာ"

ဆိုလိုက်သောအခါမှ ခင်ခင်ကြီးမှာ ပြုံး၍ လာတော့ကာ ...

"ဩော် ... အစ်ကိုက ဒီလိုပဲ မှာလိုက်ပါသလားဘုရား၊ သူ့သီပေါမင်းသားကလည်း အလကားနေရင်း ကိစ္စများနေတာပဲ ထင်ပါရဲ့။ သည်မင်းသားတွေကို အမှုရှုပ်ပါတယ် မေမေဖျားရယ်။ သူတို့ အမှုရှုပ်တိုင်း အစ်ကိုမှာ ပင်ပန်းနေရှာတော့တာပဲ"

ညည်းညူလိုက်ရာ ဂန်ကတော်ကြီးက ...

"အလို ... ဟဲ့ ခင်အကြီး၊ ဘယ်နယ့်ပြောလိုက်သတုံး၊ မင်းညီမင်းသားတွေဆိုတာမျိုးဟာ အမှုကိစ္စများကြတာပေါ့ သမီးရဲ့။ ဒီမင်းသားကလေးမို့ ဒီလောက် နားအေးတာကလား။ ဒို့ပြင် လူရည် လည်တဲ့ မင်းသားကြီးတွေများသာဆိုလျှင် မေဖျားရဲ့ သားကလေး အသက်တောင် အေးအေး ရှုနိုင်မှာ မဟုတ်ဘူး"

" ဟင်... ဒို့ပြင် မင်းသားတွေက သာဆိုးသေးတယ်ဆိုရင် ခင်ကြီးအစ်ကို့ကို ဘာခစားစေမလဲ မေဖျား။ တစ်ခါတည်း သွားဆွဲခေါ်လာမှာပေါ့ဖျ။ အခု သီပေါမင်းသားက အေးတယ်ဆိုလို့သာ ခင်ကြီး အသာကလေး ငြိမ်နေတာပါ"

ဆိုလျှင် ဂန်မင်းမှာ ချစ်ခင်မှုယာနှင့် ခင်ခင်ကြီးကို ပြုံးကြည့်ကာ ...

"အင်း ... ငါ့သမီးကတော့ သူ့အစ်ကိုများထိလျှင် မချိအောင် နာနေတော့တာပဲ"

"နာတာပေါ့ ဘဘဘုရားရဲ့၊ ခင်ကြီးအစ်ကိုကို ခင်ကြီး အရိပ်ကြည့်နေချင်တာပဲ။ အခုတော့ သူများထံမှာ မလွှဲသာလို့ ကျွန်တော်မျိုးခံနေရတာ ကြည့်နေရပါတယ်။ ခင်ကြီးသာ တတ်နိုင်လျှင် ဘယ်ရှင်ဘုရင်သော၊ ဘယ်မင်းသားသော ..."

စကားမဆုံးခင် ဂန်ကမတော်ကြီးက ခင်ခင်ကြီး၏ ပါးစပ်ကလေးကို လှမ်းပိတ်လိုက်ကာ ...

"ဟဲ့ .. လုံမလေးရဲ့ ဘာတွေပြောပြောနေရသတုံး။ ကြမ်းကြား လေကြား မင်း နားတစ်ထောင် မင်းမြှောင်တစ်သိန်းတဲ့၊ တွေ့ကရာရှစ်သောင်းတွေ လျှောက်ပြောမနေပါနှင့်သမီးရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ အသာအယာ ရင်ခွင်ထဲသို့ ပွေ့ယူထားလိုက်သည်တွင်မှ စကားပြတ်သွားသောကြောင့် ဂန်မင်းနှင့် ဂန်ကတော်တို့လည်း အခြားသော အိမ်တွင်းရေးစကားများကို ဆက်လက်ပြောဆိုကာ နေကြလေ၏။

မောင်မောင်ငယ်မှာလည်း ခင်ခင်ကြီးအား "အစ်ကို မြန်မြန်ပြန်လာခဲ့ပါမည်" ဟု မှာထားခဲ့ပြီးနောက် အရှင်သခင် ဖြစ်သော သီပေါမင်းသားနှင့် စုဖုရားလတ်တို့၏ ဥယျာဉ်တော် ထွက်ရသည့် အရေးတကြီး အမှုတော်တို့ကြောင့်တစ်ကြောင်း၊ မကြာမီရက်အတွင်း တစ်ကြိမ် ပြန်ခဲ့သည်တို့ကြောင့်တစ်ကြောင်း၊ မောင်မောင်တုတ် အလှည့်ကလည်း ရှိသေးသည်တစ်ကြောင်း တို့ကြောင့် မလျှောက်တင်ရဲအောင် စိတ်တွင်း ကသာ ကျိတ်၍ ပူလောင်နေရရှာလေ၏။

ထိုအတွင်း မောင်မောင်တုတ်ကလည်း နှစ်ရက်၊ သုံးရက်မျှ အမိန့်တော်ကို ခံလျက် မြို့ပြင်သို့ ထွက်သွားပြန်လေရာ မိမိအတွက် အမိန့်တော်ခံစရာသော အခွင့်အရေး မလွယ်ကူလေသးအောင် ရှိလေ၏။

မောင်မောင်တုတ်သည်လည်း မြောက်ပြင်ထန်းတောအစ မြို့တော်တောင်ပြင်၊ အနောက်ပြင်၊ အရှေ့ပြင် စသော ရပ်ကွက်တို့ကို နှစ်ရက်နှင့် စေ့စေ့ငုငု လှည့်ပတ်၍ အိမ်တော်သို့ ပြန်ရောက် လာပြီး မိမိလုပ်ခဲ့ ကိုင်ခဲ့သမျှတို့ကို တီးတိုးတီးတိုးနှင့် မောင်မောင်ငယ်အား ခရေစေ့တွင်းကျ စာရင်းချ၍ နေလေရာ မောင်မောင်ငယ်မှာ မိမိအပြင်ထွက်ရန် အမိန့်တော်ခံချိန်မရအောင် ဖြစ်လာရပြန်လေသည်။ ထိုအတွင်း အထိန်းတော်ကြီး ခင်ဘွားသစ် သီပေါမင်းသားအပါးတော်သို့ ခစားရန် ရောက်လပြီး မင်းသားနှင့် တီးတိုးလျှောက်ထား ပြောဆိုသွားပြီးနောက် နှစ်ရက် မြောက်သောနေ့တွင် သီပေါမင်းသားသည် နမတော် မြတောင်စုဖုရားလတ်နှင့် တွေ့ဆုံတော်မူရန် ပထမအကြိမ်ကဲ့သို့ တောင်ဥယျာဉ်တော်သို့ ထွက်ကြွတော် မူပြန်၍ မောင်မောင်ငယ်မှာ မောင်မောင်တုတ်နှင့်အတူ အရှင်သခင်၏ နောက်တော်မှ ပါရ ပြန်လေ၏။

သီပေါမင်းသားနှင့် စုဖုရားလတ်တို့လည်း မေတ္တာနွယ်ညွန့်၊ မြူးကွန့်စည်ဖြာ၊ ချစ်သဒ္ဒါမိုး သွန်းဖြိုးရွာသည်ထက် ရွာလျက် ရှိတော်မူကြလေရာ မင်းနှစ်ပါးတို့မှာ အချစ်၏ လုံ့ဆော်တိုက်တွန်းမှုဖြင့် ဒုတိယ အကြိမ် တောင်ဥယျာဉ်တော်အတွင်း မေတ္တာချင်း ယှက်ကူး၍ အချစ်ခိုင် အချစ်ဖူးတို့ကို ဆွတ်ခူး ချွေယူတော်မူကြပြီးနောက် ရက်များမကြာမီအခါမှာလည်း တတိယအကြိမ်၊ အချစ်ရှိန် နိုးကြွလျက် ထွက်တော် မူရန် အချိန်အခါကောင်း ရပြန်သည်တွင် နှစ်ပါးအတူ ကြည်ဖြူစွာ တွေ့ဆုံတော် မူကြပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ တစ်လအတွင်း သုံးကြိမ်မျှ တောင်ဥယျာဉ်တော်သို့ သီပေါမင်းသား ဆက်ကာဆက်ကာ ထွက်တော်မူရာသို့ လိုက်ပါနေရပြန်သည်နှင့်လည်း မောင်မောင်ငယ်မှာ ခင်ခင်ကြီးထံသို့ မရောက်တဲ့ နိုင်ခဲ့သဖြင့် ကြာသော် စိတ်အလိုဆန္ဒ မပြည့်ဝနိုင်ရှာသော လူတို့၏ ဓမ္မတာ မျက်နှာတွင် ညှိုးနွမ်းလျသော အရိပ် အယောင်တို့ ဖုံးမရနိုင်အောင် ပေါ်လွင်ထင်ရှားလာတော့သည်။

သီပေါမင်းသား အပါးတော်တွင် ခစားနေရသော အချိန်တို့မှာလည်း မောင်မောင်ငယ်၏ စိတ်ထဲတွင် ခင်ခင်ကြီး၏ အကြောင်းလောက်ကိုသာ တွေးမှိုင်စဉ်းစားနေမိတော့လျက် မိမိ မလာနိုင်သည့်အတွက် နေ့စဉ်ရက်ဆက် ခင်ခင်ကြီး မည်သို့မည်ပုံ မျှော်နေရှာမည့်အရေးကို တွေးမိတိုင်း သက်ပြင်းချမိတော့သည်။ ယင်းသို့ မောင်မောင်ငယ်က္ကန္ဒြေမဆောင်နိုင်အောင် ညှိုးငယ်နွမ်းနယ်နေသည်တို့ကို မောင်မောင်တုတ်က အကဲခတ်မိလျှင် တီးတိုးကျိတ်ကာ "နေစမ်းပါဦးကိုရင်ငယ်ရဲ့၊ အခုတစ်လော ကိုရင့်ကြည့်ရတာ မျက်နှာ တနွမ်းနွမ်းနဲ့ မှိုင်ခန်းတယ်ဖွင့်ပါကလား။ ကျုပ်တော့ အတွင်းပူများ ရှိနေရော့သလားလို့ တွေးချင့်ပြီး သည့်ကလောက် ရင်းနှီးချစ်ခင်နေကြတဲ့ လူချင်းပဲ မှန်ရာကို လင်းကျင်းစမ်းပါဦး ကိုရင်ရဲ့"

မေးလျှင် မောင်မောင်ငယ်တွင် ရုတ်တရက် အဖြေမပေးသာဘဲ ငေးမှိုင်ကာသာနေမိသည်။ မောင်မောင်တုတ်မှာ မောင်မောင်ထံမှ အဖြေစကားကို မကြားရလျှင် မအေးအောင် အပူတိုက်ကာ အမျိုးမျိုး အဖုံဖုံ လှည့်ပတ်မေးမြန်းပါသော်လည်း မောင်မောင်ငယ်မှာ မှန်သရွေ့ကို ဖန်စေ့ငယ်ရေရေ မပြောရှာ တော့ပေ။ သို့ကြောင့်ပင် ...

"ဘာကြောင်းကြောင့်မှ မဟုတ်ပါဘူး ကိုရင်တုတ်ရယ်၊ ခုတလော ကျုပ်တယ်ပြီး နေထိုင် မကောင်း ချင်သလိုလို ဖြစ်နေတယ်။ ဒါကြောင့် ကိုယ်တော်ဖျားထံမှာ အခွင့်တောင်း အမိန့်တော်ပန် အိမ်ပြန်ပြီး တစ်လကိုးသီတင်း ဆိုသလို အပန်းဖြေ နားနေချင်တာပါပဲ။ အဲဒါ ရွှေကိုယ်တော်ကို ဘယ်လို အမိန့်တော်ခံရမယ်ဆိုတာ စဉ်းစားမရတိုင်း စိတ်ရှုပ်နေမိလို့ပါ။ နို့ပြီးတော့ အခုတလောမှာလည်း ကျုပ်တို့ကိုယ်တော်ဖျား စုဖုရားကိစ္စနဲ့ ပတ်သက်လို့ မပြတ်အောင် အခွင့်အရေးပေါ်နေတဲ့အတွက် ကျုပ်က အရေးထဲမှာ အရာပေါ်နေရာ ရောက်မှာ စိုးတာတစ်ကြောင်း၊ ရွှေကိုယ်တော် မျက်နှာ ကြည်သာတော် မူသော်လည်း မလျှောက်တင်ရဲ ခွင့်မပန်ရဲအောင် ဖြစ်နေတာပဲ ကိုရင်ငယ်ရဲ့"

လေးလေးတွဲ့တွဲ့ ညည်းတွားပြောဆိုသည်တွင် မောင်မောင်တုတ်က မယုံကြည်လှသော မျက်နှာနှင့် တွေဝေကာကြည့်ပြီး ...

"အိမ်း ... ဟုတ်မှလည်းပြောပါ ကိုရင်၊ ကျုပ်စိတ်ထင်တော့ မဟုတ်ကမှ လွဲကရော့မည်။ မအီမသာ နေထိုင်မကောင်းတာလောက်နှင့် ယောကျ်ားမဟုတ်သလို ကိုရင့်မျက်နှာ သည်ကလောက် မှိုင်တွေ မနေတန်ရာဘူး၊ ဧကန္တ ထူးတဲ့အကြောင်းတစ်ခုတော့ ရှိရမယ်ဗျာ၊ ကျုပ်ကို ယုံကြည်သဖြင့် ရဲရဲသာ ဖွင့်ပြောပါ။ ဘယ်အရာမဆို ကျုပ်တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပြီး အကျိုးဆောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးပါ့မယ်။ မဖွက်မကွယ် မှန်ရာကို ဖွင့်စမ်းပါ။ ကျုပ်လို ရင်းနှီးတဲ့လူတစ်ယောက်လုံးကိုမှ မယုံချင်ဘူးလား ကိုရင်ရ"

အတင်းအဓမ္မ မေးမြန်းလျှင် မောင်မောင်ငယ်လည်း ဘယ်နည်းနှင့်မျှ မိမိစိတ်တွင်း ရှိသမျှကို ဖွင့်မပြောရက် တော့အောင် ဖြစ်နေသဖြင့် ယုံစားခရစ်ခင်သူချင်းအပေါ်တွင် မိမိဖက်မှ ဂတ္တရားပျက်ကွက်ကာ လင်းလင်းကျင်းကျင်း ဖွင့်ဟထုတ်ဖော်ခြင်း မပြုနိုင်သည့်အတွက်ပင် ဂမ်းနည်းပက်လက် ဖြစ်ရပြန်တော့၏။

သွေးသားမစပ်သော်လည်း ပညတ်အားဖြင့် မောင်နမတော်ခဲ့ရာတွင် ငယ်စဉ်က စ၍လည်း နမငယ်အရင်းကလေးအား ချစ်အားသန်သန်နှင့် အဆိုးအန္တ ခံကာ အလိုလိုက်လာခဲ့ပြီး ယခုကဲ့သို့ အရွယ်ကလေး အတန်ကြီးလျက် ဝေါရီရွယ်နယ်နိမိတ်သို့ တစ်စိတ်တစ်ဒေသ ကူးပြောင်းလာသော အခါတွင်မှ မောင်မောင်ငယ်မှာ ခင်ခင်ကြီးအပေါ်တွင် အချစ်နယ် အတန်ကျူး၍ ထူးထွေပြောင်းလဲလာမိရာ ဤသို့ မိမိစိတ်များထူးခြားပြောင်းလဲ၍လာသော အရေးနှင့် စပ်လျဉ်း၍လည်း မိမိကိုယ်ကို မိမိပင်လျှင် အပြစ်အတန်တန် တင်မိကာ မကြာမကြာ တက်ကြွပုန်ကန်လာသော စိတ်များကို ကြိုးစားဖိနှိပ်ရာလျက် မပြစ်မှားရက်သလောက်ရှိရာမှ ဇက်မနိုင်၍ ပုံတိုက်ချလိုက်ရသည့်တိုင်အောင် ခင်ခင်ကြီးအတွက် အချစ်စိတ် ချောက်ချား၍ ဂိတက် ဂိစာရ ဤမျှလောက် များနေရပါသည်ဟူ၍ကား အချစ်ဆုံးသော မိတ်ဆွေရဲဘော်၊ ကျွန်တော်ခံဖက် မောင်မောင်တုတ်အားပင် ဖွင့်ဟတိုင်ပင်ခြင်း မပြုရက်နိုင်အောင် နမငယ် ကလေးအတွက် အသည်းနာမိကာ အစိုးမရသော မိမိ၏ ပြောင်းလွဲမှုဆန်းကြယ်သော စိတ်များ ကိုသာ အကြိမ်ကြိမ် အခါခါ ကြိတ်မှိတ်ကာ အပြစ်နာနာတင်လိုက်မိတော့သတည်း။

တုတ် ။ "ဘယ့်နယ်တုံး ကိုရင်၊ ပြောလည်းပြောချင်ရဲ့၊ မပြောလည်းမပြောချင်ဘူး ဆိုသလို ကိုယ့်ဟာကိုယ် ဝေခွဲလို့ မရနိုင်သေးဘူးထင်တယ် ဟုတ်စ။ ပြောစရာရှိရင် အောင့်မထားနှင့် ကိုရင်။ ဘွင်းဘွင်းရှင်းရှင်း အတိအလင်းသာ ဖွင့်လိုက်ပါ။ ဒါမှလည်း ကိုရင့် အခက်အခဲကို ဘယ်သို့ဘယ်ပုံ လုပ်ရမယ်ဆိုတာ အကြံအစည် အကူအညီပေးနိုင်မှာပေါ့ဗျ"

ငယ် ။ "သြော် ... ကိုရင်တုတ်ကလည်းဗျာ၊ ခက်လို့နေပါပြီ။ ကျုပ်မှာ ဘယ်လိုအတွင်းပူမှ မရှိပါဘူးဗျ။ ရိုးရိုး ကိုယ်လက်မအီမသာတာကြောင့် အိမ်ပြန်ချင်တာပါပဲ။ တကယ့်တကယ် အကြောင်း ရှိလာပြီဆိုတဲ့ တစ်နေ့တော့ ကိုရင့်ကို မတိုင်ပင်ဘဲ ရှိပါ့မလား။

ကျုပ်အရေးဆိုလျှင် ကိုရင်တုတ်ကို အခါပေးဆရာကြီးအဖြစ်နဲ့ အမြဲ ရှေ့ကထားပြီး အမိန့်ပေးသမျှ နားထောင်လုပ်ကိုင် သွားမှာပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ "အင်းပြောလို့သာ ကြားရတယ်။ ကျုပ်တော့ တယ်မယုံချင်ပါဘူး ကိုရင်ရယ်။ ကိုရင့်မှာ အဖွင့်ခက်တဲ့ အချက်တစ်ခုကြောင့် လူမသိအောင် အုံ့ပုန်းပူမိနေသလိုကြီး မြင်နေရတာ ကျုပ်တော့ တယ်သနားသဗျာ။ ကျုပ်တို့လို လည်လည်ဂယ်ဂယ်နဲ့ ဒီအရာမျိုးမှာ "သုံးဆယ့်ခုနစ်မင်း ပန်းမကိုင်ဘဲနဲ့ကျရတယ်"ဆိုတဲ့ လူစားမျိုးမှာတော့ အသက်တစ်ရာမှာ အမှုတစ်ရာမကလို့ တစ်ထောင် တစ်သောင်းပဲ တွေ့ရတွေ့ရ "ခွေးလေးခုန်လို့ ဖုန်မထဘူး: ဆိုသလို တယ်မဖြုံဘူး။ ကိုရင်တို့လို မကြုံဖူးတဲ့ လူရိုးလူအေးတစ်ယောက်က ဒီလိုကိစ္စမျိုး ကြုံလာရင် အပြင်လူမသိအောင် ဘယ်လိုပင် ဖုံးဖိသော်လည်း ငုံးတိတိကြီး ပေါ်နေတယ်။ "တစ်ခါခိုး၊ တစ်ခါမိ" ဆိုတဲ့ စကားလိုပဲ မျက်နှာရိပ် မျက်နှာကဲက အမြဲသက်သေခံနေတာပဲ ကိုရင်ရဲ့"

ငယ် ။ "ဟာ ... သည်ကိစ္စမှာတော့ တစ်ဆိတ်ကလေးမှ အထင်မလွဲလိုက်ပါလေနှင့် ကိုရင်တုတ်။ ကျုပ် အိမ်ပြန်ပြီး ခင်အေးအေး အနားယူချင်နေတဲ့ ဆန္ဒကလွဲလို့ နည်းနည်းကလေးမှ အပို မပါပါဘူး။

တုတ် ။ "အင်း ... ဒါဖြင့်လည်း ရှိပါစေတော့ဗျာ။ ဒါနှင့် အိမ်ပြန်ချင်တယ် ဆိုတာက ဘယ်အိမ်ကို ပြန်ချင်တာတုံး ကိုရင်ရဲ့။ အမရပူရ ရွှေခဲရပ်က အိမ်ကိုလား၊ သို့မဟုတ် ကိုရင့် ကိတ္တိမ မိဘများ နေအိမ်ကိုလား၊ ပြောစမ်းပါဦး"

ငယ် ။ "ရွှေခဲရပ်က အိမ်မှာတော့၊ အစ်ကိုကြီးတစ်ယောက်တည်း နေရှာတဲ့အတွက် အနှောင့်အယှက် မပေးချင်တာလည်းတစ်ကြောင်း၊ ရွှေမြို့တော်ကြီးနဲ့ ခရီးက အလှမ်းဝေးတာ တစ်ကြောင်းကြောင့် ကိတ္တိမ မိဘများဖြစ်တဲ့ ဒိုင်းဂန် ဘဘဘုရားတို့အိမ်ကို သွားမှာပါပဲ"

တုတ် ။ " ဟား ... ဟား ... ဟား၊ အရင်တုန်းကများဖြင့် အဲသည် ခင်ဗျားပြောတဲ့ ဘဘဘုရားတို့ အိမ်ကို သုံးလေးလနေလို့ တစ်ခေါက်သွားဖို့ သတိမရခဲ့ဘူး မဟုတ်လား၊ ကျုပ်လည်း သိတန်သလောက် သိပါတယ်ဗျာ။ ကိုရင် ဟိုအရင်တစ်ခေါက် မြတ်လေးပန်း အရှာထွက်ပြီး ပြန်လာကတည်းက ကိုရင့်မှာ အမှောင့်ပယောဂအစွဲတစ်ခု အသည်းမှာ စူးပြီး ပူးဝင်လာတယ်ထင်ပါရဲ့။ အဲသည်ကတည်းက ကိုရင့် မျက်နှာဟာ တစ်ခါတစ်ခါ စိတ်တွင်းက အတွေးနဲ့ စိုက်စိုက်ငေးနေတာ တွေ့မြင်ရတယ်။ အခုတော့ ရက်ကလည်း ကြာလာတဲ့အတွက် "နေမြင့်လေ အရူးရင့်လေ" ဆိုသလို အတွင်းရှိတော့ အပမဆောင်နိုင်အောင် ဖြစ်မယ်ဆိုလည်း ဖြစ်ထိုက်ပါတယ်လေ"

မောင်မောင်ငယ်သည် အချက်မိနေသောကြောင့် အဖြေ မပေးသေးဘဲ ခပ်ငေးငေး နားစိုက်ထောင် နေသည်။ မောင်မောင်တုတ်က အမေ့ကောက်ကာ စကားဖြတ်လျက် တစ်စုံတစ်ခု သတိရသော လက္ခဏာနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

"သြော် ... ဒါထက် စကားမစပ်၊ ဒိုင်းဂန်ဘဘကြီး သမီးကလေး ခင်ကြီးလည်း အတော်ကလေး ထွားလာပြီထင်ပါရဲ့နော်။ ခုနေ သူ့အသက်ကလေး ဆယ့်နှစ်နှစ်ကျော်ကျော် ဆယ့်သုံးနှစ်လောက်တော့ ရှိပေတော့မယ်။ အရင် ကျုပ်မြင်တုန်းကတော့ ကလေးမ ခပ်ညှက်ညှက် ခပ်သေးသေးကလေးပဲ"

ပြောလိုက်လျှင် ငေးနေမိသော မောင်မောင်ငယ်မှာ ရုတ်တရက် ထိတ်ထိတ်ပျာပျာလို ဖြစ်ပြီး မောင်မောင်တုတ်ကို အရေးတကြီး လှည့်ကြည့်မိရာမှ ရုတ်တရက် ပျက်သွားသော မိမိမျက်နှာကို ကပျာကယာ ဣန္ဒြေဆယ်လိုက်ကာ တည်တံ့သောလေသံနှင့် ...

ငယ် ။ "အင်း ... ခင်ကြီးကတော့ တယ်မထွားလှသေးပါဘူးဗျာ။ အရင်အတိုင်း ကလေးပဲရှိရှာပါသေးတယ်။ ကျုပ်ရောက်တိုင်း အိုးပုတ် ချိုးရုပ်ကလေးတွေနဲ့ ကစားနေတာ မြင်ခဲ့ပါရဲ့"

တုတ် ။ "ကလေးပေမယ့် ကလေးချောကလေး ကိုရင်ရဲ့၊ ဟဲ ... ဟဲ ကိုရင်ငယ်တို့က တယ်ကံကောင်းဗျာ"

ငယ် ။ "အို .. အရင်းမရှိ အဖျားမရှိ။ ကိုရင့်စကားက ဘာများ ရည်ရွယ်လိုက်တာလဲဗျ။ ကျုပ်ကို ဘာဖြစ်လို့ ကိုရင်က ကံကောင်းတယ်လို့ ဆိုရတာတုံး"

တုတ် ။ "အမယ်လေး ... မျက်လုံးကြီးပြူးပြီး ရှူးရှူးရှားရှားနဲ့ မလုပ်ပါနဲ့ဦးဗျာ၊ ကျုပ်ဆိုလိုတာက တခြားမဟုတ်ပါဘူး၊ ရုပ်ရည်ချောမောလှပတဲ့ ကလေးမလေးတစ်ယောက်နဲ့ ကောက်ခါငင်ကာ မောင်နှမတော်ရတာကို ကံကောင်းတယ်လို့ ချီးမွမ်းတာပါ။ ကျုပ်တို့ကတော့ ဘယ်ကနမမှ တော်စရာ မပေါ်လာပါဘူး ကိုရင်ရယ်"

ငယ် ။ "ဟာ ... ကိုရင်တုတ် ကျုပ်ကို ချစ်ရင် ဒီလို ခနဲ့တဲ့တဲ့ စကားမျိုးကို ဘယ်တော့မှ မပြောပါနဲ့ဗျာ။ ဒါတစ်ခုတော့ ကျုပ်နည်းနည်းမှ မခံသာဘူး"

တုတ် ။ "ဟား ... ဟား၊ ကဲ ... ကဲ ခင်ဗျားမကြိုက်လည်း မပြောပါဘူးဗျာ။ ကိုင်း ... ကိုရင့်အတွက် ကျုပ် ဘာများ ကူညီပေးရမလဲ ပြောပါ"

ငယ် ။ "အိမ်ပြန်ဖို့ ကိုယ်တော်ဖျားကို စကားအချက်ရှာပြီး ရှေ့နေတော်လိုက်ပေးစေချင်တာပဲဗျာ။ ကျုပ်ကိုယ်တိုင်စပြီး အမိန့်တော်ခံရမှာ အားတုံ့အားနာကြီး ဖြစ်နေတဲ့အတွက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ "ကဲ ... ကဲ ကောင်းပြီ။ ဒီကိစ္စကို ကျုပ်နေရာကျအောင် ဆောင်ရွက်ပေးလိုက်ပါ့မယ်။ ပြန်တဲ့အခါသာ ကျုပ်အတွက် ကိုရင်ရဲ့ လက်ဆောင်တစ်ခုခု ပါလာပါစေ။ ဟော ... ပြောရင်းဆိုရင်း ကိုယ်တော်ဖျား စက်ရာထတော်မူပြီ။ အတွင်းဆောင်ကို ဝင်ကြစို့။ လာ ... လာ ၊ အချက်ရလျှင် ဒီကနေ့ပဲ သံတော်ဦးတင်ပေးပါမယ်"

ငယ် ။ "သက်သက်မဲ့ ပြန်ချင်တယ်လို့တော့ မထင်လိုက်ပါနဲ့ဗျာ။ ကိုရင့်ပေါင်းရတာလည်း တစ်ခါ တစ်ခါတော့ ကြောက်စရာအကောင်းသား"

တုတ် ။ "အမယ်မင်းဗျာ ... ကျုပ်ကို ဒါလောက် သိဒ္ဓိတင်မနေစမ်းပါနှင့်။ ကိုရင်နေထိုင်မကောင်းလို့ မျက်နှာညှိုးနွမ်းနေတာကစပြီး တင်ပဲ့မယ်။ ကဲ ... လာ ဝင်ကြစို့"

ဆိုကာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် သီပေါမင်းသား အဆောင်တွင်းသို့ ဝင်ခဲ့ကြလေ၏။ အတွင်းသို့ ရောက်ကြလျှင် သီပေါ်မင်းသားသည် စံတော်မူရာမှ အရေးတကြီး စိတ်ဝင်စားဖွယ်ဖြစ်သည့် အလွှာတော်စာ တစ်စောင်ကို ကိုင်ကာ စိတ်အားထက်သန်စွာ ရှုစားတော်မူနေရာမှ မောင်မောင်ငယ်ကို ခေါ်င်းညိတ်၍ အပါးတော်သို့ ခေါ်တော်မူကာ လက်တော်ထဲမှ အင်္ဂလိပ်စက္ကူလွှာကို လှမ်းပေးတော် မူသည်နှင့် မောင်မောင်ငယ်လည်း အရေးတကြီးနှင့် အလွှာတော်စာကို ဖတ်၍ ကြည့်လိုက် သောအခါ ...

မယ်မယ်အကြောင်း စကား မှာကြားတော်မူလိုက်သည်။ မောင်ရင် သည်ယနေ့ မောင်ရင် လွှတ်တော်က ပြန်လျှင် မယ်မယ့်ထံသို့ ဝင်လာတော်မူခဲ့စေလိုသည်။ သားတော်ရှိရာသို့ မယ်မယ်ကိုယ်တိုင် လာတော်မူချင်သော်လည်း အနည်းငယ် မအီမသာရှိ၍ လာတော်မမူနိုင်သဖြင့် မောင်ရင့်အား တိုင်ပင်ခွင့်ရှိသော အရေးကိစ္စ ထူးထွေသည့် စကားများ သတိပေးတိုင်ပင်ရန် ခေါ်ရခြင်းဖြစ်ပါသည်။ လွှတ်တော်အပြန်ကို ဆက်ဆက်လာတော်မူခဲ့ မောင်ရင်"

လောင်းရှည်ဖုရား

ဟူသော စာကို ခဲဆန်ဖြင့် အင်္ဂလိပ်စက္ကူလွှာတွင် မယ်တော်လောင်းရှည် မိဖုရားကြီး၏ ကိုယ်တော်တိုင် လက်ရေးဖြင့် မပီမသ ခပ်မှိန်မှိန် ရေးသားထားသည်ကို တွေ့ရလေလျှင် မောင်မောင်သည် သီပေါ မင်းသား ကို မော့၍ ခစားမိလေ၏။

မင်းသား ။ "ဘယ့်နယ်တုံး မောင်မင်းတို့။ မယ်ဖျားထံတော်က အမှာတော်စာကတော့ ရောက်လာပြီ။ ဘယ်လိုအကြောင်းကိစ္စထူးများ တိုင်ပင်တော်မူမယ် ထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ "ကျွန်တော်မျိုးတော့ မပဟုတ်မှလွဲရော" ကိုယ်တော်ဖျားနှင့် စုထားဖုရားတို့ အကြောင်း သတင်းကောင်းကြားတော်မူလို့ မေးမြန်းတော်မူဖို့ ခါ်တော်မူကြောင်းပါ"

ငယ်။ "မှန်လှပါ မောင်မောင်တုတ် လျှောက်တင်သည့်အတိုင်း ဟုတ်မှန်လိမ့်မည် ထင်ပါသည်။ ဒါမှမဟုတ်လျှင်လည်း ယခင်တုန်းကလို ရွှေလွှာတော်များနှင့် ကမျွန်တော်မျိုးအား အပြုအမူအပြောအဆို အနေအထိုင် အသွားအလာ ဆင်ခြင်ဖို့၊ အစစ အရာရာ ဆုံးမသွန်သင် သတိပေးတော်မူဖို့ ခါ်တော် မူတယ်လို့ ထင်ပါကြောင်းဘုရား"

မင်းသား။ "ကိုယ်တော်တော့ မောင်မင်းတို့ ထင်သလို တွေးတော်မမူဘူး။ အတွင်းတော်က နန်းတွင်းရေး အကြောင်းတစ်ခုခုဖြစ်ရမယ်ကြားလို့ တွေးတောပူမိတယ်။ ခမည်းတော်ဘုရား အတွက် ပေလား။ သို့မဟုတ် စုစုတို့ မယ်တော်ကြီးအတွက်ပေလော။ သည်အကြောင်း နှစ်ခု တစ်ခုခုဖြစ်မှာပဲ"

တုတ် ။ "ကောင်းပြီ၊ သည်ကနေ့ လွှတ်တော်ကအပြန် အရှင့်မယ်တော်ဖျား ထံ ဝင်ရောက်ခစားမှ ဘာအကြောင်းဆိုတာ သိသာကွဲပြားမည် အမှန်ဖြစ်ကြောင်းပါ"

မင်းသား။ "ကောင်းပြီ၊ သည်ကနေ့ လွှတ်တော်ကအပြန် မယ်ဖျားထံတော် ခါ်တော်မမူချင်ဘူး မောင်မင်းတို့ကို မယ်ဖျားမြင်တော်မူလျှင် အရင်တစ်ခါလို တောင်ဟာမြောက်ဟာတွေ သတိရတော်မူပြီး ဆုံးမစကားတွေ ကြာရှည်ကြီး မိန့်တော်မူနေမှာ စိုးရသကွဲ့၊ သည်တော့ မောင်မင်းတို့ မလိုက်ကြနှင့် လွှတ်တော်ကခွဲပြီး အိမ်တော်သို့ ပြန်ကြရမည်"

တုတ်။ "မှန်ပါဘုရား။ ဒါဖြင့် ကျွန်တော်မျိုးများ လွှတ်တော်ဆင်းချိန်မှစ၍ အားလပ်ခွင့်ရမည့် အတူ မြို့ကထဲသို့ ခေတခ်သွားခွင့် ပေးသနားတော် မူစေလိုကြောင်းပါ ဘုရား"

မင်းသား။ "အင်း ........ မောင်မင်းတို့သွားလိုက သွားကြပေရော့။ သို့သော် အချိန် ညည့်နက်အောင် မနေကြနှင့်။ မယ်ဖျားကလည်း ဘာများ မိန့်တော်မူ တော်မူပြီး ဘယ်ကိစ္စမျိုး စေခိုင်းတော်မူမည်ဆိုတာ မသိရသေးဘူးကွယ်တို့"

တုတ်။ "မှန်လှပါ။ ဖျားကျွန်တော်မျိုး နေမငြိမ်းမီ အိမ်တော်ခစားစေမည် ဖြစ်ကြောင်းပါ။ သို့ရာတွင် ဟောသည်က မောင်မောင်ငယ် တစ်ယောက်ကတော့ ကိုယ်လက် မအီမသာဖြစ်နေတာနှင့် သူ့အိခေတ္တပြန်ပြီး ဆေးဂါးစား အနားဖြေရပါမည့်အကြောင်း အခွင့်တောင်းပေးရန် ပြောနေပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မင်းသား။ "မောင်မောင်ဖေငယ် နေထိုင်မကောင်းလျှင် စောစောကအ ကြောင်းကို ဖွင့်လျှောက် ပါဘိတော့လား။ ငါကိုယ်တော်လည်း မောင်မင်းမျက်နှာ ယခုတလော ညှိုးညှိုးငယ်ငယ် ဖြစ်နေသည် ကို မြင်တော်မူရတယ် "

ငယ်။ "ကျွန်တော်မျိုးလျှောက်တင် အခွင့်တောင်းမည် ကြံစည်လျက်ပါ ဘုရား။ သို့သော်လည်း ရေအကိုယ်တော်ဖျားမှာ စုထားဖျားအတွက် တောင်ဥယျာဉ် တော်သို့ ထွက်တော်မူနေရတဲ့ ကိစ္စတွေက ရှိနေတော့ နောက်တော်ပါး ကျွန်တော်မျိုးတို့ နှစ်ယောက်သားမှ မပါလျှင်လည်း မဖြစ်တာသိရတဲ့အတွက် တော်တော်နှင့် အခွင့်မတောင်းဝံ့ပါသောကြောင့် မောင်မောင်တုတ်ကို တစ်ဆင့် လျှောက်တင်ပေးရန် တောင်းပန်ရခြင်းဖြစ်ကြောင်းပါဘုရား"

မင်းသား။ "ဖြစ်ရလေ ..... မောင်မင်း၊ ရောဂါအန္တရာယ်ကို ဘယ်နယ့်ကြောင့် ကာကွယ်ဖုံးဖိထားရသတုံး။ ကိုင်း… … .. ကိုင်း ပြောနေလျှင် ကြာရော့မည် သားတော်ကိုတောင် မောင်မင်းမလိုက်လာပါလေနှင့်တော့။ ယခုပင် အိမ်ကိုပြန်ပြီး သင့်လျော်မည့် ဆေးဝါးများ စားချေပါဘိ"

အရေးတကြီးဂရုတစိုက် မိန့်တော်မူကာ အမြန်သွားရန် နှင်တော်မူလျက်ရှိ သောကြောင့် မောင်မောင်ငယ်မှာ ရင်တွင်းမှ အလွန်အမင်း ဝမ်းသာလှသဖြင့် "အတွင်းရှိက အပမဆောင်နိုင်" ဆိုသလို ပြုံးချိုရွှင်လန်းသော မျက်နှာဖြင့် မောင်မောင်တုတ်ကို မသိမသာ "ကျေးဇူးတင်ပါသည်"ဆိုသော အထိန်းအမှတ်ဖြင့် လှမ်းကြည့်လိုက်မိရာ မောင်မောင်တုတ်က မျက်မှောင်ကုတ်၍ ထလိုက်မှ ရုတ်တရက် သတိရပြီး……

ငယ်။ "တင်ပါ၊ အမိန့်တော်အတိုင်း ဖျကျွန်တော်မျိုး ယခုပင် သွားပါတော့မယ် ဘုရား"

ဆိုကာ ဦးချလေ၏။ သီပေါမင်းသားလည်း မောင်မောင်ငယ်အား ကရုဏာသံဖြင့်….

"အေး… အေး၊ သွားတော့ မောင်မင်း၊ ကျန်းမာပျောက်ကင်းပြီး ရောဂါဝေဒနာရှင်းမှ ပြန်ခဲ့တာပ။ ကိုယ်တော့ကို ကြောင့်ကြပြီး အရေးတကြီး ပြန်မလာခဲ့လေနှင့်ဦး။ ကြားလားမောင်မင်း။ အော်…. ဒါနှင့် ဆေးဖိုးဂါးခ ဆုတော်သနားလိုက်ရသေးတာပ"

မိန့်တော်မူကာ စံနေတော်မူရာ အနီးအနားရှိ လယ်ခြားယွမ်းကလပ်ကြီးအတွင်းမှ ဝင်းဝင်း ပြောင်ပြောင် နာရဏီရွှေရောင်ဖြင့် လျှမ်းလျှက်ရှိသော ရွှေချူလုံး, ရွှေမန်းကျည်းတောင့်၊ ရွှေခြသေ့်ရုပ်၊ ရွှေဒေါင်းရုပ် စသည်တို့ကို လက်တော်နှင့် ပါသမျှ ကျုံးယူ၍ပေးသနား ပေးသနားတော်မူ လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ငယ်ကား သနားတော်မူလိုက်သော ရွှေရုပ်လုံးကလေးများကို လက်ဝါးနှစ်ဖက်နှင့် ရိုသေစွာ ခံယူရင်း တီတီတာတာ ချစ်စရာစကားလေးများ ပြုံးတတ်၊ မပြတ်အောင်လည်း နွဲ့ဆိုး ဆိုးတတ်သော အချစ်ကလေး ခင်ခင်ကြီး၏ မျက်နှာကလေးကို ကက်ခနဲ ပြေး၍ မြင်လိုက်မိလေ၏။ ခင်အကြီးတော့ ဒီအရုပ်ကလေးတွေ မြင်လျှင် အင်မတန်ဝမ်းသာရှာမှာပဲ။ ရိုသေွာ ထွက်လာခဲ့လေ၏။ ခင်အကြီးတော့ ဒီအရုပ်ကလေးတွေ မြင်လျှင် အင်မတန်ဝမ်းသာရှာမှာပါ။ အခန့်သင့်လည်း သင့်လွန်းလှတယ်ဟု စိတ်အတွင်းမှ တွေးတောပြီး သီပေါမင်းသားအနီးမှ ရိုသေစွာ ထွက်လာခဲ့လေ၏။ မိမိနေထိုင်ရာ လူပျိုတော်ဆောင် အခန်းအတွင်းသို့ ရောက်သောအခါလည်း ထွက်ခွာ အမိန့်တော်ရပြီးဖြစ်သည့် အားလျော်စွာ အချိန်များစွာ အကုန်မခံတော့ဘဲ ပုဆိုး၊ ပဝါများ အရေးတကြီး လဲလှယ်ဝတ်ဆင်နေစဉ် မောင်မောင်တုတ် ရုတ်တရက် ဝင်ရောက်လာပြီး...

"ဘယ့်နှယ်တုန်း ကိုရင်။ ကိုယ့်အလိုကလေး ပြည့်တယ်ဆိုရင်ပဲ ကျုပ်ကို သတိမရ ချင်တော့ဘူး ဆိုပါတော့၊ ကျေးဇူးမတင်ဘဲ 'ဘုရားပြီးရင် ငြမ်းဖျက်ချင်'တဲ့ ဂသီကလေးက ပေါ်လာပြီလား"

ခပ်တည်တည် မျက်နှာထားနှင့် မေးလိုက်သောအခါ ပုဆိုးခါးပုံစကို ပြင်နေသော မောင်မောင်ငယ်မှာ ရုတ်တရက် အံ့အားသင့်သွားတော့လျက် မောင်မောင်တုတ်၏ မျက်နှာ ကို အံ့ဩဝမ်းနည်းစွာ စိုက်ကြည့်လိုက်မိပြီး...

"ဟင် ... ကိုရင်တုတ်နှင့် ဘယ်လိုပြောလိုက်ပါလိမ့်။ ခင်ဗျားနဲ့ ကျုပ်ဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတာလို တစ်ယောက်ရဲ့ အခက်အခဲကို တစ်ယောက်က အမြဲကူညီလာကြ တဲ့ လူချင်းမဟုတ်လား"

လေအေးနှင့် ပြန်ပြောလျှင် မောင်မောင်တုတ်က ရုတ်တရက် မျက်နှာထားပြင်၍ ခပ်ရွှင်ရွှင် ဟားတိုက် လိုက်ကာ...

"ကိုယ့်လူကလည်း ရိုးလိုက်တာ လွန်ပါရောဗျာ။ ခင်ဗျား သိပ်ဝမ်းသာသွားမှန်း သိလို့ ကျုပ်က လှန့်လိုက်တာပါ။ ဟဲ ... ဟဲ အတော်သည်းတုန်သွား ထင်ပါရဲ့"

"တယ်ခက်တဲ့လူကိုး၊ ခင်ဗျားက မျက်နှာထားကြီးနဲ့ဆိုတော့ ကျုပ်ရင်ထဲ ဖိုသွားတာပေါ့"

ဂတ်လက်ဂ ပုဆိုးခါးပုံစကို ကျကျနနရှိအောင် ညှပ်ရင်း ပြောလိုက်လေ၏။ မောင်မောင် တုတ်က မထိတထိ ပြုံးစိစိလုပ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကိုယ့်လူကို တစ်ခုတော့ အပူကပ်လိုက်ချင်တယ်ဗျာ"

ငယ်။ "တစ်ခုမဟုတ်ပါဘူး၊ ဘယ်နှစ်ခုကပ်ကပ် ကျုပ်က ကျေကျေနပ်နပ် ဆောင်ရွက် ခဲ့ပါမယ်။ ပြောသာ ပြောလိုက်ပါ။

တုတ်။ "တကယ်နော်၊ နောက်တော့ ကိုရင် ယီးတီးယားတား မလုပ်နဲ့"

ငယ်။ "ကျုပ် ကတိမဖျက်ပါဘူး"

တုတ်။ "ကောင်းပြီး ... ဒီလိုဆိုရင် ကျုပ်ပြောမယ်၊ ဒါထက် မပြောခင် တစ်ခုကိုလည်း ကြိုတင်ပြီး မေးစမ်းပါရစေဦး"

ငယ်။ "ရှည်လိုက် ဝေးလိုက်တာ ကိုရင်တုတ်ရာ်၊ ဘယ်လိုမေးခွန်းများ မေးချင်သေးလို့ ပါတုံး"

တုတ်။ "ကျုပ်ပြောရမယ့် စကားက ခင်ဗျားကို အရင်မေးပြီးမှ ပြောထိုက်တဲ့ စကားမို့ပါ ဗျာ။ ကိုင်း ... ကိုင်း နားထောင်စမ်းပါ။ ကိုရင်နဲ့ ကိတ္တိမ နှမကလေး ခင်ကြီး အချိန်အရွယ် ရောက်တဲ့အခါ ဘယ်သူ ဘယ်ဝါနဲ့ မှန်းထားတာများ ရှိပါသလဲ။ အကယ်၍ ရည်စူးချက် မရှိသေးဘူးပဆိုရင် ကိုရင့်ကို ကျုပ်ပြော ချင်တာ တစ်ခု ရှိပါတယ်"

ငယ်။ "အမယ်မင်း ... ကိုယ့်လူ ဒီအပူကိုမှ ကျုပ်ကို ကပ်မယ်လို့ပါလား။ ဒါဖြင့် တိတိ လင်းလင်း ကျုပ် ရှင်းပြောမယ်။ ဘဘဘုရားနှင့် မေမေဖုရားက ကျုပ်နောင်အခါ သွေးမကွဲ အောင် ဖိတ်ချင်းဖိတ် အိတ်ထဲ ဖိတ်ဖို့ ကျိတ်ပြီး စီမံကြတယ်။ သို့သော်လည်း ခင်အကြီး ကလည်း ငယ်ရှာသေးလို့ ဒီအရေးခပ်နေးနေး အချိန်ဆိုင်း နေကြတာဗျ"

မောင်မောင်တုတ်က လက်ခုပ်လက်ဝါးတီး၍ ရယ်လိုက်ကာ ...

"အမယ်မင်း ... ခုမှပဲ ဘူးပေါ်သလို ပေါ်လာတော့တယ်။ ကိုရင့်အမူအရာကို ကျုပ်က အကဲခတ်မိပါတယ်။ ခင်ဗျား ဘာကြောင့် ညှိုးညှိုးငယ်ငယ် ဖြစ်နေသလဲလို့ အစ်အောက် မေးစဉ်အခါတုန်းကတော့ ဖုံးလိုက် ဖိလိုက်နှင့် ကသိကအောက် အတော်လုပ်တဲ့လူပဲ"

ငယ်။ "အချိန်အခါ ဝေးသေးလို့ မပြောသေးတာပါ ကိုရင်ရယ်။ ဖုံးတယ်၊ ဖိတယ်လို့လည်း ဘယ်ဟုတ် မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

တုတ်။ "ကဲလေ ... ဒါဖြင့်လည်း ကျုပ်စကားကို ဆက်စရာမလိုတော့ပါဘူး။ ခင်ဗျားဖို့ ရွယ်စူးတဲ့ အချစ်ဖူးကလေးရှိရာ မြန်မြန်သာ ကြွတော်မူပါတော့။

ငယ်။ "အို ... ကျုပ်က ညီမငယ်ကလေးလို သဘောထားတုန်းမို့ ပြန်းခနဲ ဒီလိုပြော လိုက်တော့ ကျောထဲ စိမ့်သွားမိတယ်"

တုတ်။ "အမယ် ... ဖြစ်ပဲဖြစ်ရ ပြန်ချည်သေးတယ်။ တော်စမ်းပါ ကိုရင်ရာ၊ ကဲ ... ကဲ ကြွတော်မူပါ"ဟု ပြောလျက် မောင်မောင်ငယ်၏ ပခုံးကို ဖက်၍ အဆောင်အပြင်ဘက်သို့ ပို့လိုက်သောကြောင့် မောင်မောင်ငယ် လည်း အိမ်တော်၏အပြင်သို့ အမှတ်မထင် ရောက်ခဲ့ သေး၏။

သီပေါမင်းသား သနားတော်မူလိုက်သော ဆုတော်များမှာ ရွှေချူလုံး၊ ငွေချူလုံး၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးနှင့် ရွှေပဲသာ၊ ရွှေခြသေ့်ရုပ်ကလေးများချည့် နှင်နှင် ဖြစ်သဖြင့် နမငယ်ခင်ခင်ကြီး အတွက် မျက်နှာပန်း လှသော လက်ဆောင်ကောင်း ကလေးတွေ ဖြစ်နေသောကြောင့် မောင်မောင်ငယ်မှာ လမ်းတစ်လျှောက် လုံး တပြုံးပြုံး ကျေနပ်၍လာခဲ့လေ၏။

မြင်းကုန်းနီးထိပ်တွင် ပိုးအိတ်ကလေးနှင့် ထုပ်၍ ချည်နှောင်လာသော ထိုလက်ဆောင် ရွှေရုပ်၊ ငွေရုပ် များပါသော အထုပ်ငယ်ကို ကြည့်လျက် တစ်ချက်တစ်ချက်မှာလည်း မောင်မောင်တုတ်ကို ကြိုတင် လှည့်စား ပြောလိုက်မိသော မိမိ၏စကားများကို သွား၍ သတိ ရမိလျှင် အင်မတန် ချစ်ခင်သော ရောင်းရင်း ဖက် ဖြစ်သူကို ယခုလို တစ်ကြိမ်တစ်ခါမျှ လှည့်ဖြားပြောခဲ့ဖူးသည် မဟုတ်သောကြောင့် ဝမ်းနည်းသလိုလို ရှိလိုက်မိသည်။ သို့ရာတွင် မောင်မောင်တုတ်၏ ပင်ကိုဂါသနာ စရိုက်မှာ မိန်းမမြင်လျှင် မရှောင်တမ်း ကြိုက်တတ်သူ ဖြစ်သောကြောင့် ချစ်နမငယ်၏အရေးကို ကြိုတင်ကာကွယ်ပေးလိုက်မိခြင်း မျှ ဖြစ်တော့ သည်။

မောင်မောင်တုတ်သည် မိမိနှင့် ခင်ခင်ကြီးကို မကြာမီ ဆုံစည်းကြမည့် ရှေးရေစက်ရှင် များဟု ပုံသေကားချ ယုံမှတ်သွားပေမည်။ အကယ်စင်စစ်အားဖြင့် ယခုအချိန်အထိ ဒိုင်းဝန်းမင်း အရေးပေးပြီး မိမိကိုလည်း သားကြီးတစ်ယောက်အနေဖြင့် ခင်နေရှာသည် ကို တွေးမိ၏။ သို့နှင့် ဤတစ်ကြိမ်မှာ ကြာကြာနေရန် အမိန့်တော်လည်း ပါခဲ့သဖြင့် ပွင့်ပွင့် လင်းလင်း ရှိအောင် ကြံဆောင်ကြိုးစားခဲ့တော့မည်ဟု စိတ်ပိုင်း ဖြတ်ကာ စိတ်အေး လက်အေးပင် မြင်းညိုကြီးကို အသားကျစီး၍ ခရီးဆက်လက်ခဲ့လေ၏။

အခန်း (၂၉) မျှော်

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၉)

သီပေါမင်းသားသည် နေ့နှစ်ချက်တီးကျော်တွင် လွှတ်တော်မှစောစောပြန်လည် ကြွရောက် ကာ မယ်တော် လောင်းရှည်မိဖုရား၏ အိမ်တော်သို့ရောက်ရှိလာလေ၏။ သားမယ်တော် နှစ်ပါး စကားစမြည် ပြောကြရင်းမှ အတွင်းစကားများကိုပြောလိုသဖြင့် အနီးအပါးရှိ အပျိုတော်များကို ဖယ်ရှားလျက် သားမယ်တော် တီးတိုးစကား ဆက်ပြောဆိုနေကြရာ...

သားတော်။ ။"ဒါနှင့် မယ်ဖျား...သားတော်ထူးခြားတဲ့ အမိန့်တော်များနာခံစရာရှိပါလား" မယ်တော် ထူးခြားတဲ့ စကားတစ်ရပ်လို့ ဆိုကြပါဆို့ သားတော်ရယ်"

သားတော်။ ။ "မိန့်တော်မူပါဘုရား"

မယ်တော်။ "မယ်ဖျားလည်း မောင်ရင်ငယ်စဉ်က မောင့်ခမည်းတော် အမျက်တော်ရှိတုန်း စိတ်ပြေ လက်ပျောက်ဆိုသလို ဂတ်ကြောင်ကိုခေတ္တခွာလို့ သစ်ခေါက်ဆိုးဂတ်ရုံနှင့် လူ့ဘုံလောကီ စရိုက်ကို အခိုက် အတန့် ရှောင်ရှားပြီး တရားကျင့်သုံးနေတော်မူခဲ့တာဟာ သားတော်အတန်ကြီးမှ ပင် ရွှေနန်းတော်ကြီးနှင့် ပြန်ပြီး ဆက်သွယ်တော်မူခဲ့တယ်"

သားတော်။ ။ "စိတ်မချမ်းသာစရာကောင်းတဲ့နောက်ကြောင်းတွေ ပြန်ပြီးမိန့်တော် မူမနေပါနှင့် မယ်မယ်ဖျား။ သားတော်ကို မိန့်တော်မူလိုတဲ့ အချက်ကိုသာ ဆက်လက် မိန့်ကြားတော်မူပါ"

မယ်တော်။ ။"ကဲလေ... ဒါဖြင့်သားတော်နားမချမ်းသာမယ့်စကားကို မိန့်ကြာတော်မမူ လိုပါဘူး။ မယ်ဖျားအတွက် လောကဓံစက်လည်ခဲ့သလောက် ခံနိုင်ရည်ရှိခဲ့ပေတဲ့ သားတော်ကိုငဲ့လို့ တကယ့်ကို စိတ်မအေးနိုင်ခဲ့ဘူး။ သို့သော်... ယခုအခါမှာ သားတော်ရဲ့ ပညာပါရမီ ထူးချွန်မှုကြောင့် မျက်နှာပွင့်လန်း၊ ဂုဏ်ရည်လျှမ်းပြီး မင်းညီမင်းသားတို့ ထုံးတမ်းအလျောက် အဆောင်အယောင် အချီးအမြောက်နှင့် အရာရောက်ခဲ့တော့ မယ်တော်မှာ မုဒိတာစိတ်နှလုံးနဲ့ ပြုံးတော်မူရတဲ့ဘက်ကို ချိန်ခွင်လျှာ ထွက်ခဲ့ပြီ"

သားတော်။ ။"ခမည်းတော်ဘုရား၏ ကျေးဇူးသစ္စာကို ထောက်မျှော်တဲ့သားဖြစ်လို့ မယ်ဖျား စိတ်အေးအေးစံတော်မူပါ။ အရာရောက်၍ ဂုဏ်မောက်ပြီး ခြေထောက်မည့်သားတော် မဟုတ် ကြောင်းပါ"

မယ်တော်။ ။"နူးညံ့သိမ်မွေ့တဲ့ သားတော်ရဲ့စိတ်ဓာတ်ကို မယ်ဖျားအကဲခတ်တော်မူမိ ပါတယ်။ သို့ရာတွင် ယခုလောလောဆယ် ကြားသိရတဲ့ကိစ္စကတော့ သားတော် ဆင်ဖြူမရှင်မရဲ့

www.burmeseclassic.com

www.burmeseclassic.com

သမီးတော်စုလတ်နှင့် ဆက်သွယ် ရည်ငံတော်မူကြရုံမက တောင်ဉယျာဉ်တော်မှာ မကြာခဏ တွေ့ဆုံတော်မူကြတယ်ဆိုတဲ့ သတင်း ကြောင့် မေးစစ်တော် မူလိုရင်း ဖြစ်တယ်"

သားတော်။ ။"မယ်ဖျားကြားသိတော်မူတဲ့သတင်းအတိုင်း မှန်ပါသည်။ သည်ကိစ္စကို မယ်ဖျား ဘယ်လို သဘောတော်ရပါသလဲ၊ စုလတ်နှင့်တောင်ဉယျာဉ်တွင် တွေ့တော်မူကြတဲ့ကိစ္စမှာ အကျိုးအပြစ်ကို သားတော် မောင်သိရန် မယ်ဖျားကဂေဖန်မိန့်ကြားတော် မူပါဘုရား"

မယ်တော်။ ။"ဆင်ဖြူမရှင် မမတို့မှာ အထွတ်အထိပ်ရောက်အောင် ဘုန်းတန်ခိုး တောက်ပြောင် နေချိန်ဖြစ်လို့ အပြစ်ဆိုဖို့တော့မဂံ့ပါဘူး သားတော်ရယ်။ အမျိုးကောင်း တစ်ချက်၊ အနေကောင်း တစ်သက် ဆိုတဲ့ စကားလည်းအရှိသားမို့ ဆင်ဖြူမရှင်မမတို့ကိုလည်း အားကိုးဖို့ တော့ကောင်းပါရဲ့။ သို့ပေမဲ့ တန်ခိုးသတ္တိကြီးမားတဲ့ သားတော်ကြီးတွေရဲ့ကြားမှာ မောင်ရင် နေတတ် ထိုင်တတ် အောင် အစွမ်းအစ မထွက် နေတော်မူဖို့ သတိထားရမှာပါပဲ။ မောင့်ကို သည်အခြေအထိ မြှောက်စား တော်မူထားတဲ့ ခမည်းတော် ဘုရားရဲ့ အလိုတော်ကျ နေတော်မူဖို့က လည်း သာလို့ပင် အရေးကြီး တယ်သားတော်"

သားတော်။ ။"မှန်လှပါတော့သည်။ ခမည်းတော်ဘုရား စိတ်တော်တိုင်းကျအောင် သားတော် တတ်သိ လိမ္မာသမျှ ကြိုးစားနေထိုင်တော်မူပါ့မယ်။ ဘယ်လိုကိစ္စမျိုးပင်ဖြစ်ဖြစ်၊ ခမည်းတော်ဘုရား မနှစ်သက်က တစ်ဆံချည် တစ်လက်မမျှ မကျူးလွန်မိစေရအောင် သားတော် ဂရုစိုက်၍ ရှောင်ကြဉ်ပါ့မယ် မယ်ဖျား"

မယ်တော်။ ။"သာဓု...သာဓု...သာဓု၊ သားလိမ္မာကိုမွေးရတဲ့ မယ်မယ်မှာအသက်ထက်ဆုံး စိတ်နှလုံး ချမ်းသာစွာ နေထိုင်တော်မူနိုင်ရန် မောင်ရင့်တာဂန်သာဖြစ်ပါတယ် မောင်ရင်ရယ်။ ဒါထက် စကားမစပ် မောင့်ခမည်းတော်ဘုရားလည်း လွန်ခဲ့တဲ့သုံးလေးရက်လောက်စပြီး အနည်းငယ် မအီမသာ ရှိနေလို့ အတွင်းတော်မှာ ညီလာခံသဘင်မရှိတဲ့အတွက် အတွင်းဂန်ကြီးများ အခစား မတက် ရသည်မှာ သုံးလေးရက် ကြာပြီဆိုပါကလား"

သားတော်။ ။"မှန်ပါသည်။ ဖြတိုက်တောင်မှ သံတော်ဆင့်များဆီက လွှတ်တော်ကြီးသို့ နှစ်ရက်၊ သုံးရက် ခန့်ရှိအောင် အမိန့်တော်မရောက်လာသဖြင့် ခမည်းတော်ဘုရား မအီမသာကျန်းမာ တော်မမူ ကြောင်း သိရပါသည်။ သို့ရာတွင် အပရိကအာဂန္တုဂေဒနာတော်ကလေးမျှသာ ဖြစ်တော်မူ သောကြောင့် စိုးရိမ်ဖွယ် မဟုတ်ကြောင်း သိရှိရပါသည် မယ်မယ်ဖျား"

မယ်တော်။ ။"အင်း... ဒီလိုဖြစ်လျှင် ကောင်းပါလေငဲ့၊ ကျေးဇူးရှင်ကြီး သက်တော်ရှည်မှ တိုင်းပြည် သာယာမယ် ရွှေမျက်နှာလွှဲတော်မူတာနှင့် တစ်ပြိုင်တည်း သားတော်ကြီးတွေ ထီးနန်းရလိုမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်လုပွဲ ခံကြတော့မှာ အမှန်ပဲ။ ဒီအချိန်မှာ တစ်နိုင်ငံလုံးဟာလည်း ဆန်ကောထဲမှာ လှိမ့်တဲ့ ဆီးဖြူဖန်းခါး ပမာ ကျွမ်းသွင်္တာ လန်ကုန်ကြရှာတော့မယ် မောင်ရင်"

ထိုအခိုက် တွင် လောင်းရှည်မိဖုရား၏ အပျိုတော်ခင်သက်သည် လျှောက်တင်ရန် ကိစ္စအရေး ကြီးသော အမူအရာနှင့် အိမ်တော်တံခါးဝရင်း၌ မကြာခဏရစ်သီရစ်သီပြုနေသည်ကို တွေ့တော်မူရသောကြောင့်...

"ဟဲ့... မယ်သက်၊ ဘာကိစ္စ တင်လျှောက်စရာရှိသလဲ၊ ဝင်ခဲ့လေကွယ်" လောင်းရှည် မိဖုရားက ခေါ်တော်မူသဖြင့် ခင်သက်အပါးသို့ ရောက်ခစားကာ...."ဘုရာ့ကျွန်မ ရွှေနန်းတော်ကြီး အနောက်ပိုင်းကို ယနေ့ ရောက်ခဲ့ရာတွင် ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား ယနေ့နံနက် ပွဲတော်တည်ပြီးမှ ဝေဒနာတော် ပြင်းထန်လာသဖြင့် သမားတော် ကြီးများနှင့် ဆင်ဖြူမရှင် အလယ်နန်းမတော်ဘုရား ကြပ်မတ် စောင့် ရှောင်နေရကြောင်း ကြားသိရပါသည်ဘုရား"

လျှောက်တင်သောအခါ လောင်းရှည်မိဖုရားမှာ ရုတ်တရက် မျက်နှာညှိုးငယ်သွားကာ..." ကိုင်း... ခက်ချေပြီ မောင်ရင်၊ ယခုပင် သည်ကိစ္စကို ပူပင်လို့နေကြသေးသည်၊ ဘယ်လိုများ လုပ်ကြမည်လဲ။ မယ်ဖျားနှင့် မောင်ရင်တို့ မှန်နန်းဆောင်တော်ကြီးကို အခစားဝင်ကြမှ တော်မည်ထင်တယ်"

သောက မအေး ပူဆွေးစိုးရိမ်သော မျက်နှာဖြင့် သားတော်ကိုကြည့်၍ မိန့်တော်မူလိုက်ရာ သီပေါမင်းသား လည်း စဉ်းစားတော်မူနေပြီးမှ...

"မယ်ဖျား ထွက်တော်မူလိုက ဆင်ဖြူမရှင် အလယ်နန်းမတော်ဖုရားထံ အရင်သွားပြီးမှ ခမည်း တော်ဘုရား စံတော်မူရာကိုဝင်လျှင် အဆင်ပြေလိမ့်မည်လို့ သဘောရရှိပါတယ်။ သားတော်လည်း နောင်တော်ကြီး များ၏ အရိပ်အခြည်ကို အကဲခတ်ပြီးမှ ခမည်းတော်ထံ အခစားဝင်ရောက်ပါမယ် ဘုရား"

မယ်တော်။ ။"ကောင်းလှပြီ... သားတော်၊ ဒီကနေ့အချိန်မလှရင် နက်ဖြန်မှဝင်တော်မူမယ်။ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မူစေရန် အမိဌာန်ပုတီးများစိပ်၊ ပရိတ်မေတ္တာများ ပို့တော်မူရဦးမည်။ မောင်ရင်ပြန်လိုလျှင် ပြန်ပေရော့"

သားတော်။ ။"သားတော်လည်းအိမ်တော်ကို ရုတ်တရက်မပြန်သေးပါ။ နောင်တော်ကြီး များထံမှာ နန်းတော်ကြီများက သတင်းများ ဆွေးနွေးခံရန် သွားပါဦးမည် မယ်မယ်ဖုရား"

www.burmeseclassic.com

လောင်းရှည်မိဖုရားသည် သားတော် သီပေါမင်းသား ကန်တော့သည်ကို ဆုပေးလိုက်ပြီး ရှေ့ရေးနောက်ရေးတွေး၍ သောကမအေးဖွယ်ကိစ္စများနှင့် ဘုရင်မင်းတရားကြီးရောဂါ ဝေဒနာတော် သက်သာပျောက်ကင်း ကျန်းမာတော်မူစေခြင်းငှာ ပုတီးကိုနာနာစိပ်၍သာ နေတော်မူရှာလေ၏ ။

သီပေါမင်းသားသည် မယ်တော်လောင်းရှည်မိဖုရားအိမ်တော်မှ အပြန်တွင် နောင်တော် ကျပင်း ကိုယ်တော်ကြီး အိမ်တော်သို့ ဝင်ရန်ထွက်တော်မူခဲ့ရာ တံခါးနီးတော်၏ အပြင်လမ်းမ၌ ကတိုက် ကရိုက် ဖောင်းဂုတ်ရောင်မြင်းကို ကြိမ်သွက်သွက်တို့ရင်း လိုက်လာသော မောင်မောင်တုတ်နှင့် တွေ့ဆုံမိလေ၏ ။

"အလို... မောင်တုတ်၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်၍ လိုက်လာသတုံး"

တုတ်။"သတင်းထူးသဖြင့် ညနေမစောင်းမီပင် ပြန်ခဲ့ကြောင်းပါ ကိုယ်တော်ဖျား၊ ဘယ်ဆီကို ကြွတော်မူမည်လို့ပါလဲ ဘုရား"

မင်းသား။ "ငါလည်းနည်းနည်းပါးပါး အကြောင်းထူးများရှိမလားလို့ သိရအောင် နောင်တော် ကျပင်း ကိုယ်တော်ကြီး အိမ်တော်ကို ဝင်မလို့ ထွက်တော်မူခဲ့တယ်"

တုတ်။ "ကိုယ်တော်ဖျားသိတော်မူလိုတဲ့ သတင်းများကိုတစ်ပါးကျွန် စွန့်စွန့်စားစား ရွှေနားတော် အရောက် ဆက်ပါမည် ဘယ်ဆီကိုမှ ကြွတော်မမူပါနှင့်ဘုရား"

မင်းသား။ ။"သည်လိုဖြင့်... မောင်မင်းကြားသိခဲ့ရသည့် သတင်းကိုခုချက်ချင်းပင် လျှောက်စမ်း ပါဘိ"

မောင်မောင်တုတ်သည် အနီးရှိလက်သုံးတော်ကိုင်ထီးတော်မိုး လူပျိုတော်သား လေးငါးယောက် တို့အား မလှမ်းမကမ်းနေရာသို့ ခေတ္တဖယ်ရှားနေကြရန် မျက်ရိပ်ပြပြီး မင်းသားအနီးသို့ တိုးကပ် ကာ..

"ကိုယ်တော်ဖျား ရွှေနန်းရှင်ဖုရား မကျန်းမာတော်မူတဲ့ သတင်းကိုကြားသိတော်မူပြီး ဖြစ်ပါလိမ့် မယ်"

"ငါကြားတော်မူပြီးပြီပဲ၊ သို့ပေတဲ့ဝေဒနာတော် မသက်သာသေးလို့ သမားတော်ကြီးများနဲ့ ကုသခံ တော်မူနေရတယ်တဲ့"

တုတ်။ ။"ဒီကိစ္စနှင့်ပတ်သက်ပြီး အရေးကြီးတဲ့သတင်းတစ်ခု ထပ်ပြီးကြားခဲ့ရပါတယ် ဘုရား။ ရွှေနန်းရှင်ဘုရား မကျန်းမာတော်မူတာကို နောင်ရေးအတွက်လည်း ဘုရားရှေ့တွင် ဝန်ကြီး၊ မှူးကြီးတွေနဲ့ မြို့စား၊ ရွာစား၊ အရာရှိများကို ခေါ်ယူစုဝေးပြီး သစ္စာတော်ပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

မင်းသား။ ။"အင်း...ဆိုစမ်းပါဦး။ ဘယ်လိုသစ္စာတော်ပေးသတဲ့လဲ"

တုတ်။ ။"သစ္စာတော်ပြန်တမ်းကို နာခံတော်နေမျိုးမင်းထင်စည်သူက ဖတ်ကြားလျှောက် (ငါ့ကိုယ်သာ အရှင်သခင်မှတ်ရမည်)ဆိုတဲ့ စကားအပြင် (ငါမှတစ်ပါး၊ ငါညွှန်ပြသူကိုသာ အရှင်မှတ်ရမယ်)ဆိုတဲ့ စကားတစ်လုံးတိုးလာပါသတဲ့ဘုရား"

မင်းသား။ ။"အဲဒါဟာထူးခြားတာပဲ မောင်ရယ်။ ဒီအတိုင်းဆိုတော့ ခမည်းတော်ရမယ်။ နောင်တော်ကြီးလေးငါးပါးရှိတဲ့အနက်က ဘယ်နောင်တော်လဲ မသိရသေးဘူး"

တုတ်။ ။"အဲသည်ဟာ ထူးခြားခြင်းတစ်ရပ်ပါပဲဘုရား။ အိမ်ရှေ့အရိုက်အရာရတဲ့တစ်ပါးက ကျေနပ်ပေတဲ့ကျန်တဲ့သားတော်ကြီး သုံးလေးပါးက ဓားရေးလှံရေးပြတော်မူရင် နိုင်ငံဆူပြီး သားဘုရား"

မင်းသား။ ။"တယ်ခက်တာပဲ။ သည်လိုကိစ္စကြီးမှာ ငါတို့ကဘယ်လိုနေရမလဲ၊ ကိုယ့်နောင်တော်ကြီးတွေရယ်လို့လည်း ရဲရဲမှမခေါ်ဂုံ့၊ မပြောဂုံ့ဖြစ်နေတယ်။ ဘယ်နောင်တော်က ဘယ်နေ့ အိမ်ရှေ့စံလို၊ ဘယ်နောင်တော်က ဘယ်နေ့ပုန်ကန်ကြမလဲ ဆိုတာကို ကြိုတင်ပြီး မသိနိုင်တော့ တကယ်လို့ အိမ်ရှေ့စံ ရမည့်သူနှင့် အပေါင်းအသင်း လုပ်မိရင်တော်လေရဲ့၊ ပုန်ကန်မယ့် သားတော်နဲ့ ပေါင်းမိရင်ကြံရာပါဆိုပြီး ရာဇဝတ်မှုကြီးလာပတ်မှ ဒုက္ခနဲ့ရင်ဆိုင်တိုး နေရဦးမယ် မောင်မောင်တုတ်ရဲ့"

တုတ်။ ။"မုချအန္တရာယ်များမည့် ကိစ္စပါဘုရား၊ ဒီတော့ဘယ်နောင်တော်ဘုရားထံမှလည်း ကြွသွားတော်မမူပါနဲ့၊ ကြားတော်မူလိုတဲ့ သတင်းများကိုလည်း ဘုရားကျွန်တော်မျိုးက နိုက်နိုက် ချွတ်ချွတ် စုံစမ်းထောက်လှမ်းလို့ လျှောက်တင်ပါမယ်"

မင်းသား။ ။"ကောင်းပြီ...ကောင်းပြီ။ ဒါနှင့် မောင်မောင်တုတ်ရဲ့။ ယခုရွှေနန်းတော်တွင်းက အရေးကိစ္စများကိုလည်း စုထားတို့မယ်တော်ဆင်ဖြူမရှင်ဖုရားသာ အရေးပါအရာရောက်တော်မူ နေသူဖြစ်လို့ သူကလွဲပြီး ဘယ်နည်းနှင့်မှ ပိုသိနိုင်မည့်သူ မရှိဘူးထင်တယ်"

တုတ်။ ။"မိန့်တော်မူတဲ့အတိုင်း မှန်လှပါသည်။ ဆင်ဖြူမရှင်ဖုရား၏အဆောင်တော်မှာ ကျွန်တော်မျိုးနှင့် အဆက်အသွယ် မကင်းသူအပျိုတော်ကလေးနှစ်ဦး သုံးဦးရှိနေတဲ့အတွက် သိလိုသော အချက်ကို ခက်ခဲမှု မရှိသိရှိရမည် ဖြစ်ကြောင်းပါဘုရား"

မင်းသား။ ။"ကိုင်း...ဒါဖြင့်စိတ်အေးတော်မူပြီ။ သည်ကပင် အိမ်တော်သို့လှည့်၍ ပြန်ကြစို့ မောင်မင်း"

www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူကာ ပါလာရင်း အခြွေအရံများနှင့်အတူ အိမ်တော်ဘက်သို့ ခရီးဆက်ခဲ့လေ၏ ။

"မေဖုရား...ကြည့်ပါဦးဗျ။ ခင်ကြီးတို့အစ်ကိုယူလာတဲ့ ရွှေချူလုံးတွေ အရင်တစ်ခါပေးတဲ့ ရွှေဟသ်ာရုပ်ကလေးမျိုးတွေရော ရွှေခြသေ့်ကလေးတွေလည်း ပါသေးတယ်ဗျ"

ဗမ်းသာအားရပြောပြီး ဒိုင်းဂန်ကတော်ကြီးအနီးသို့ ရောက်လာသော ခင်ခင်ကြီးသည် ပိုးလွယ်အိတ်ငယ်အတွင်းမှ ပါသမျှမှောက်သွန်ပြရင်း အလွန်အမင်း အူမြူးကျေနပ်လျက် ရှိလေ၏ ။

"သမီးက များများကြီးမျှော်သလော် သမီးအစ်ကိုကလည်း သမီးနှစ်သက်တဲ့ အရုပ်တွေ အများကြီးယူလာခဲ့မဟုတ်လား။ ဒါနဲ့များအစ်ကိုက လိမ်သွားသလေး ဘာလေးနဲ့ မဲ့မဲ့ လုပ်နေရသေးတယ်။ မောင်မောင်ရေ... လာစမ်းပါဦးကွဲ့၊ မောင့်နမပြောတာတွေ တိုင်ရဦး မယ်"

ဂန်ကတော်ကြီးက သမီးနှင့်သားကို တစ်ဆက်တည်းလှမ်း၍ ပြောလိုက်သည်တွင် ခင်ခင်ကြီး နောက်မှ ထပ်ကြပ် မကွာ ပါ၍လာသော မောင်မောင်ငယ်လည်း ဂန်ကတော်ကြီး အနီးတွင် ထိုင်လိုက်ကာ...

"အလို... ခင်အကြီးကဘယ်လိုများ ပြောနေပါလိမ့်မေဖုရား"

မေးသဖြင့် ဂန်ကတော်ကြီးက...

"မောင်မောင်က ချက်ချင်းပြန်လာမယ်ဆိုပြီး မလာဘူးလိမ်သွားတယ်တဲ့၊ အဲဒါ တမဲ့မဲ့နှင့်ပေါ့။ တစ်နေ့ကမှ သူ့ဘဘဘုရားက မောင်မောင်နဲ့တွေ့ခဲ့တယ်၊ သူ့မင်းသားဆီမှာ အလုပ်များလို့ မလာနိုင်သေးတဲ့အကြောင်း ပြောလိုက်တယ်ဆိုမှ နားအေးတော့သည် မောင်မောင်ရဲ့

ငယ်။ " ကဲ .... ဟုတ်ကဲ့လား ခင် ၊ ခင်က အစ်ကိုကို မကောင်းထင်နေတာကိုး "

ကြီး ။ "အစ်ကိုက မြန်မြန်ပြန်လာခဲ့မယ်ဆိုပြီး မလာတော့ ခင်ကြီးက သိပ်မျှော်နေရတာကိုး အစ်ကိုရဲ့"

ငယ်။ " ခင်အကြီးက အစ်ကိုကို မျှော်သည်ထက် အစ်ကို ယူလာမည့် အရုပ်တွေကို မျှော်သည် ထင်ပါရဲ့"

ကြီး။ " ဟုတ်ပါဘူး အစ်ကိုကလည်း၊ ခင်ကြီး အစ်ကို့ကို ချစ်၍ မျှော်ပါသည်။ အရုပ်ကိုလည်း လိုချင် တာပါပဲ။ ဒါနှင့် အစ်ကို ဒီတစ်ခါ အရုပ်တွေ အများကြီးပါလာတယ်နော်။ အစ်ကိုက သိပ်လိမ္မာတာပဲ။ ခင်ကြီးက ဒါကြောင့်မို့ အစ်ကို့ကို ချစ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ " အမယ်လေး .... ခင်ကြီးရယ် ၊ အစ်ကို့ကို လိမ္မာတယ်လို့များ ချီးမွမ်းလိုက်သေး"

ကြီး။ " နို့ .... အစ်ကိုက မလိမ္မာလို့လား"

ငယ် ။ " မှန်ပါတယ်ဗျာ၊ လိမ္မာပါတယ်၊ လိမ္မာပါတယ်တဲ့"

ဂန်ကတော်ကြီးသည် သားနှင့်သမီး အချေအတင် ပြောနေကြသည်ကို ပြုံးကြည့်နေရာမှ..

"သမီးရဲ့ ကိုယ့်ထက်ကြီးသူကို ဒီလို မပြောရဘူးကွဲ့"

ဆိုရာ ခင်ခင်ကြီးက အယူခံတက်သော မျက်နှာဖြင့်....

" အို .... မေဖျားကလည်း ခင်အကြီးက အစ်ကို့ကို ချီးမွမ်းတဲ့ဥစ္စာကိုပါ။ ဒီလို မပြောရရင် ဘယ်လိုပြောရပါမည်တုံး ဘုရား"

ငယ်။ " ပြောပါစေ ... မေဖုရားရယ်၊ ကိုင်း .... ကိုင်း... ဟုတ်ပါတယ်၊ အစ်ကို့ကို ချီးမွမ်းတာပဲ"

ကြီး။ " ဒါနဲ့ အစ်ကို ဒီရွှေချူလုံးတွေ၊ အရုပ်တွေများများကြီး အစ်ကို ဘယ်ကရခဲ့ပါသလဲ"

ငယ်။ " အစ်ကိုတို့သခင် သီပေါကိုယ်တော်မြတ်က သနားတော်မူလိုက်တာ"

ကြီး။ " အို... အစ်ကို့ သီပေါကိုယ်တော်မြတ်ကလည်း သိပ်လိမ္မာတာပဲနော်။ ဒါတွေကို အစ်ကိုက မတောင်းဘဲနဲ့ ပေးလိုက်သည်လား အစ်ကိုရယ်"

ငယ်။ " (ရယ်မောလျက်) " ဟောဗျာ ... သီပေါ ကိုယ်တော်မြတ်ပါ လိမ္မာရပြန်ပြီ။ မတောင်းဘဲနဲ့ ပေးလိုက်သည်တဲ့ဗျား"

ကြီး။ " အဲဒါကြောင့် အစ်ကိုတို့ မင်းသားကလည်း လိမ္မာတယ်လို့ ခင်အကြီးက ပြောတာပေါ့။ ဒါနဲ့ နေပါဦး အစ်ကိုရယ်၊ အစ်ကိုတို့ သီပေါမင်းသားမှာ ဒီအရုပ်ကလေးမျိုးတွေ အများကြီးရှိလို့ အစ်ကို့ကို ပေးနိုင်တာ ပေါ့နော်"

ငယ်။ " အများကြီးရှိလို့ သနားတော်မူလိုက်တာပေါ့ ခင်ရဲ့"

www.burmeseclassic.com

ကြီး။ " အစ်ကိုတို့ မင်းသားက ဒီအရုပ်ကလေးတွေနဲ့ ကစားပါသလား"

ငယ်။ " ဟာ... သီပေါကိုယ်တော်မြတ်က ကလေးမှမဟုတ်ဘဲ၊ ဘယ်မှာ ကစားမလဲ ခင်ရဲ့"

ကြီး။ " ဟင်... မကစားဘဲနဲ့များဖြင့် ဒီအရုပ်တွေ သူ့ဆီမှာ ဘောက်မဲ့ထားရသည်တုန်း အစ်ကိုရယ်"

ငယ်။ "သီပေါကိုယ်တော် ပထမပြန်တော်မူတုန်းက ရွှေနန်းရှင်ဘုရားကလည်း ဆုတော် သနားတယ်၊ ဆွေတော် မျိုးတော် အားလုံးကလည်း လက်ဆောင်တော်ပေးကြတယ်။ မြို့ထဲက သူဌေးကြီး သူကြွယ်ကြီး တွေကလည်း အောင်ဆုတွေ ပိုင်း၍ ဆက်ကြသည် ခင်ရဲ့။ ဒါကြောင့် အများကြီး ရှိတာပေါ့ "

ဝန်ကတော်ကြီးမှာ အမေးအစစ် ထူလှသော ခင်ခင်ကြီးကို ပြုံးပြုံးကြီး ကြည့်နေရာမှ...

"ကိုင်း.. မောင်မောင် ခင်အကြီးမေးသမျှ ဒီကနေ့ ဖြေဆိုလို့ ဆုံးနိုင်ပါ့မလား မသိ။ ဒါနှင့် ယခုတစ်ခေါက် မောင်မောင် လာခဲ့သည်မှာ အရင်တစ်ခါလို မြန်မြန်ပြန်စရာ ကိစ္စများပါလာသေးသည်လား"

ကြားဖြတ်၍ မေးလိုက်မှ ခင်ခင်ကြီး၏ မေးစစ်ချက် ရပ်နားသွားတော့သည်။

ငယ်။ "ဒီတစ်ကြိမ်မှာဖြင့် ကိစ္စပါ၍ မလာပါ။ အိမ်ပြန်၍ ခေတ္တနားလိုပါကြောင်း ခွင့်တောင်းတဲ့ အတွက် သီတင်းလေးငါးပါတ်လောက် နေခွင့်ရခဲ့ပါတယ် မေဖုရား"

ဂန်ကတော်။ "သည့်နှယ်ဖြင့် ဒီတစ်ခေါက် မောင်မောင် အေးအေးဆေးဆေး နေခွင့်ရပေတော့ မယ်။ မောင့် ဘဘဘုရားကလည်း သားကလေးရက်ကြာကြာ နေရတယ်ဆိုရင် ဂမ်းသာရှာမှာပဲ"

ကြီး။ "အို...ဘဘဘုရား ဂမ်းသာတာထက် ခင်ကြီးက သာပြီးဂမ်းသာတာပေါ့ မေဖုရားရဲ့။ ဒီတစ်ခါ အစ်ကိုကြာကြာကြီးနေရရင် ခင်ကြီးသွားချင်တဲ့နေရာတွေကို အစ်ကို အားလုံးစုံအောင် လိုက်ပို့ ရမှာနော်...နော် အစ်ကို"

ငယ်။ "ပို့ပါမယ်ဗျာ၊ စိတ်သာချပါ။ ခင်အကြီး သွားချင်တဲ့နေရာတွေဟာ စီကာစဉ်ကာ ပြောထားပါ ဘိ"

ကြီး။ "ခင်ကြီးသွားလိုတဲ့ နေရာတွေကို အစ်ကို တကယ်လိုက်ပို့ရမယ်နော်။ ခင်ကြီးသွားချင်တာ လေ၊ ရန်ကင်းတောင်ကိုလည်း သွားချင်ပါတယ်။ မန္တလေးတောင်ဗျာဒိတ်ပေး ကိုယ်တော်ကြီးကို လည်း

www.burmeseclassic.com

သွားဖူး လိုပါတယ်။ မဟာမြတ်မုနိ ဘုရားကြီးကိုလည်း သွားဖူးချင်ပါတယ်။ ပြီးတော့ အစ်ကို မပြန်သေးဘူးဆိုရင် ရွှေကြက်ယက် ဘုရားနဲ့ စစ်ကိုင်းဘက်က ကောင်းမှုတော်ဘုရားကိုလည်း လိုက်ပို့ပါ။ မဟာနန္ဒာ ကန်တော်နဲ့ အောင်ပင်လယ်ကိုတော့ ရန်ကင်းတောင်ဘုရားကို သွားရင်းနဲ့ ဝင်ကြည့်နိုင်တာပ အစ်ကို ရယ်"

ဂန်ကတော်ကြီးပြုံးလျက် "ခင်ကြီး သွားချင်တာတွေက များပါဘိတယ်။ ဒီလိုဆိုရင် နွားနှစ်ရှဉ်း လောက် ထပ်ပြင် ထားမှ ဖြစ်လိမ့်မယ်"

ကြီး။ "ဟင်...မေဖုရားကလည်း၊ ခင်ကြီးသွားတာ မကြိုက်တော်မူလို့ ပြောတာပါလား"

ဂန်ကတော်။ "ကြိုက်ပါတယ်တော်၊ ငါ့သမီး ပျော်ပျော်ပါးပါး သွားချင်သလောက် သွားရအောင်လို့ နွား တစ်ရှဉ်း ထပ်ပြီး ပြင်ထားပေးမလို့ပါ"

ထိုသို့ ပြောဆိုနေကြစဉ် ဒိုင်းဂန်မင်းအပြင်မှ ပြန်ရောက်လာသောကြောင့်...

"ဟော...မောင့်ဘဘဘုရားပြန်လာပြီ"

ဂန်ကတော်ကြီးက ပြောလိုက်သဖြင့် မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့လည်း ဒိုင်းဂန်မင်းကို ထွက်၍ ကြိုဆို ကြလေ၏။ ဒိုင်းဂန်မင်းသည် မောင်မောင်ငယ်အား...

"အလို...မောင်မောင် ရောက်နေသကိုး"

နှုတ်ဆက်လျှင် ခင်ခင်ကြီးက အားရဝမ်းသာ သွက်လက်စွာဖြင့်...

"ဘဘဘုရား...အစ်ကို ဒီတစ်ခါ ကြာကြာနေရအောင် လာခဲ့ပါသည်တဲ့ ဘုရား၊ ခင်ကြီးကိုလည်း ဘုရားတွေ လည်ဖူးရအောင် ပို့မယ်တဲ့ဘုရား"

ပြောလျှင် ဒိုင်းဂန်မင်းကလည်း ခေါင်းကြီး တညိတ်ညိတ်နှင့် ပြုံးကာ...

"အင်း...အင်း၊ ကောင်းပါလေ...ကောင်းပါလေ့။ လာတဲ့အခါ အဲဒီလို ကြာကြာနေခွင့်ရလျှင် ပျော် ပျော်ပါးပါး လည်ကြ ပတ်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ဂန်ကတော်ကြီး အိပ်ရာဆီသို့ သားအဖ သုံးဦးလုံးပင် ဂင်လာကြလေ၏။ ဒိုင်းဂန်မင်း သည် ဂန်ကတော်ကြီးအနီးတွင် ထိုင်မိသောအခါ ယနေ့ ဒိုင်းဂန်မင်း၏ ဖခင်ဖြစ်သူ ခမ်းပတ်မင်း ကြီးထံသို့ ရောက်ခဲ့ကြောင်း၊ ရွှေနန်းတော်ကြီးမှ ဘဂရင်မင်းတရား မကျန်းမာတော်မူသော သတင်း၊ ဂါခေါင်လဆန်း ၁၂ရက်နေ့က မှူးကြီးမယ်ရာ သေနာပတိများကို ရွှေနန်းတော်ဦးတွင် သစ္စာတော်ပေးခံရသည့် သတင်းများကို ခမ်းပတ်မင်းကြီးမှတစ်ဆင့် စကားကြားသိရသမျှ ပြန် လည်ပြောကြားသောကြောင့် မိသား တစ်စုလုံး စိတ်ဂင်စားစွာ နားထောင်နေကြလေသတည်း။

မှန်နန်းတော်အလယ် ဘမရာသနပလ္လင်တော် တည်ရှိရာ အဆောင်တော်သည် မင်းတုန်းမင်း တရားကြီးဘုရားစံတော်မူသော အဆောင်တော်ဖြစ်ရာ ကျန်းမာတော်မမူစဉ် အခိုက်ဖြစ်၍ ဆိတ် ငြိမ်လျက် ရှိလေ၏။ နန်းတော်သူ၊ နန်းတော်သား၊ မိဖုရား၊ မောင်းမမိဿံ အပေါင်းတို့မှာ ရောဂါ တော်၏ အရိပ်အခြည်ကို သိလိုကြသဖြင့် ဆေးတော်များဆက်သော သမားတော်ကြီးများကို ကိုး စားသော မျက်နှာဖြင့် ပိုင်းအုံနေကြလေ၏။

ဆောင်ရ၊ နန်းရ မိဖုရားများစွာတို့တွင် ဆင်ဖြူမရှင် အလယ်နန်းမတော်ဖုရားသည် မိဖုရားခေါင် ကြီး၏ အခွင့်အရေးကို ရ၍ မင်းတရားကြီးမှလွဲလျှင် ရွှေနန်းတော်ကြီး တစ်ဂန်းလုံးက သြဇာတော် ညောင်းကြရသည်ဖြစ်ရာ ဘုရင်မင်းမြတ် မမာတော်မူရာ ကိစ္စတွင်လည်း သမားတော်ကြီးများ၊ အတွင်း ဂန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးလျက် အခွင့်အရေးရှိသမျှ စေ့စေ့ငှငှ စီမံခန့်ခွဲနေရလေ သည်။ အတွင်း ဂန်ကြီးများနှင့် လွှတ်တော်ဂန်ကြီးများမှာလည်း ဆွေးနွေးနီးနှောဖွယ်ရာ ကိစ္စရှိလာ လျှင် ဆင်ဖြူမရှင် အလယ် နန်းမတော်မိဖုရားထံသို့သာ ဦးတည်ရောက်လာကြရတော့၏။

မှန်နန်းဆောင်တော်ကြီးနှင့် ဖောင်းတော်ဆောင်အကူး မှန်နန်းနေဆောင်တော်တွင် ဆင်ဖြူမရှင် အလယ်နန်းမိဖုရားသည် လွှတ်တော်ဂန်ကြီးများ၊ အတွင်းဂန်များနှင့် အရေးကြီးသောစကားများကို တီးတိုး တိုင်ပင်လျက်ရှိရာ ကိုယ်လုပ်တော် မောင်းမများနှင့် အပျိုတော်များမှာ အနီးအပါးသို့ အခေါ်တော် မရှိဘဲ မသိပ့ံအော် ခပ်လှမ်းလှမ်း၌ ကြောက်ရွံ့စွာ ကုပ်၍နေကြရာလေ၏။

ဆင်ဖြူမရှင်မိဖုရား။ "ရွှေနန်းရှင်ဘုရားရဲ့ ဂေဒနာတော်ဟာ အပရိကနှင့် သက်သာတော်မူလာမယ် ထင်ခဲ့သလောက် အထင်နှင့် အမြင် မှန်းခြေဖြင့် မပေါက်ကြတော့ဘူး မင်းကြီးတို့ရဲ့"

ကင်းဂန်မင်းကြီး ဦးကောင်း။ "သက်တော်ကလည်း ရင့်၊ ဂေဒနာတော်ကလည်း ရင့်သဖြင့် မျှော် လင့်ချက် နည်းခဲ့ပေ့ါဘုရား"

ရွှေပြည်မင်းကြီး ဦးတိုးလှိုင်။ "ဂါခေါင်လက မမာတော်မူခဲ့သည်မှာ ယခုတော်သလင်းလပြည့်သို့ တိုင်ပါပြီ။ တစ်ဆေးမကောင်း တစ်ဆေးပြောင်းပြီး သမားတော်အပေါင်းမှာ ကြိုးကြိုးပမ်းပမ်း လက်

www.burmeseclassic.com

www.burmeseclassic.com

စွမ်းကုန် ဆေးတော် များဆက်လျက်ပင်ဖြစ်၍ ကျွန်တော်မျိုးများ ကံကောင်းထောက်လျှင် ပျောက် ကင်း ကျန်းမာလာတော်မူစရာ ရှိပါသေးကြောင်း"

တိုင်တားမင်းကြီး ဦးဖိုး။ "လောကီဗေဒင် ကိန်းခန်းအရ ဇီဂိတာဒါန ယတြာဓာတ်ရိုက်စသော ဘုရားကု သမားကု များလည်း ကျွန်တော်မျိုးတို့နှင့်တကွ ဆောင်ရ နန်းရ မိဖုရားမောင်းမငယ် မကျန် ထက်သန်စွာ ကိုယ်တော် စား ပြုနေကြကြောင်းပါဘုရား"

မိဖုရား။ "မှန်ပါတယ်၊ ကျွန်မနှင့်တကွ သမီးတော်များမှာလည်း မနားမနေရအောင်ပင် ရွှေနန်းရှင် ဘုရား သက်တော်ရှည်စေကြောင်း ဆုမွန်တောင်းပြီး ကုသိုလ်တော်များ ရည်စူးပြုလုပ်လျက်ပါပဲ။ သို့သော်လည်း သင်္ခါရသဘောကို အမြဲစိတ်စောရမယ်၊ အနိစ္စသဘောတရားအတိုင်း ဖြစ်ကြပျက် ကြရမှာကို ပူဆွေးဒုက္ခရောက်ရုံနှင့် မပြီးသေးဘူး။ မင်းကြီးတို့ ကျွန်မတို့မှာ ပြည်ကြီးပခုံး၊ ပြည် ကြီးလက်ရုံးဆိုတဲ့ ပုဂ္ဂိုလ် အစားထဲမှာ ပါဝင်နေကြတာကိုလည်း သတိထားကြရမည့် ဂတ္တရား ရှိ သေးတယ်"

ကင်းဝန်မင်းကြီး။ "မှန်လှပါ၊ တိုင်းပြည် အေးချမ်းသာယာအောင် ထိန်းသိမ်းရမည့် တာဝန်ဂတ္တရား ကြီးဟာ ကျွန်တော်မျိုးများ ဦးခေါင်းပေါ်သို့ မကြာမတင် ကျရောက်တော့မည် ထင်ပါသည်"

မိဖုရား။ "ခမည်းတော် နတ်ရွာစံလျှင် သားတော်အိမ်ရှေ့စံက ထီးမွေနန်းမွေကို ဆက်ခံကြစမြဲ ထုံး တမ်းစဉ်လာ ရှိခဲ့တယ်။ ယခုတော့ ရွှေနန်းရှင်ဘုရားမှာ ညီတော်အိမ်ရှေ့မင်း မြင်းကွန်းစားလက် ချက်နှင့် ကံတော် ကုန်ပြီးကတည်းက ယနေ့တိုင်အောင် အိမ်ရှေ့အရိုက်အရာ ပေးအပ်ခန့်ထား ခြင်းမရှိသေး တဲ့အတွက် ကျွန်မတို့ အခက်အခဲကြီးတစ်ခုကို ရှေးဦးစွာ ရင်ဆိုင်ကြရလိမ့်မယ်"

ရွှေပြည်မင်းကြီး။ "သည်အတိုင်းသာ ဘဝရှင်ဘုရား နတ်ပြည်စံခဲ့ရင် မတင်မကျဖြစ်နေတဲ့ ထီးမွေ နန်းမွေကို သားတော်တွေက လက်ရုံးအားကိုးနဲ့ စစ်ထိုးပြီးလုမှုဖြင့် တစ်နိုင်ငံလုံး စစ်တလင်းကြီး ဖြစ်ကုန်ပါတော့မယ်။ အိမ်ရှေ့အရိုက်အရာ နင်းတော်မူဖို့ရာ အမိန့်တော်ခံရမှာကလည်း မမာ တော်မူနေတဲ့အခိုက်ဆိုတော့ မသင့်လျော်အောင် ဖြစ်နေပြန်တယ်"

ကင်းဝန်မင်းကြီး။ "မပြောမပြီး မတီးမမြည်ဆိုတဲ့ စကားအရ သံတော်ဦးတင်ရမှာကလည်း ခက်ပါ ဘိတော့တယ်။ ဘယ်သားတော်ကို ရည်ညွှန်းတော်မူတယ်ဆိုတာ သိရရင် မင်းကြီးတို့ ကျုပ်တို့ အလုပ် တာဝန် ရှိသမျှ ထမ်းရွက်နိုင်ပါတယ်"

မိဖုရား။ "မင်းကြီးတို့ ခုလို ခက်နေကြလို့ မပြီးသေးဘူး။ အရေးရှိသလောက် ရဲရဲတောက်တောက် ဆောင်ရွက်ဖို့ကိုသာ စဉ်းစားကြပါ။ ရွှေနန်းရှင်ဘုရား သည်အတိုင်းသာ မျက်နှာတော်လွှဲသွားရင်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတော်ကြီးတစ်ဝန်းလုံး မီးဟုန်းဟုန်းတောက်ပြီး ကျန်ရစ်လိမ့်မယ်။ ဒီမီးကို မလောင် အောင် ခေါင်ခေါင်နဲ့ မင်းကြီးတို့က ကြိုတင်တားဆီးကြမှ တိုင်းသူပြည်သားများကို ငွဲညှာရာ ရောက်ကြမယ်"

တိုင်တားမင်းကြီး။ "ဆင်ဖြူမရှင်ဖုရား အမိန့်တော်ရှိတဲ့အတိုင်း မီးကိုမလောင်ခင် ကြိုတင်တားဆီး ဖို့ ကိစ္စက အရေးကြီးသဗျ။ ဘဂရှင်ဘုရား သက်တော်ရှိစဉ်မှာ အိမ်ရှေ့အရိုက်အရာ ခံထိုက်တဲ့ မင်းသား တစ်ပါးကို အမြန်ဆုံး ရွေးပြီး အိမ်ရှေ့နှင်းကြမှာပဲ"

ကင်းဝန်။ "ဘဂရှင်ဘုရား မကျန်းမာတော်မူခိုက်မှာ ဘယ်သားတော်ကို ညွှန်ပြပါဘုရားဆိုတဲ့ စကားကို ဘယ်လိုများ သံတော်ဦးတင်ရက်ပါမည်တုံး မင်းကြီးရဲ့"

မိဖုရား။ "ဒီလိုရှိပါတယ် ကင်းဝန်မင်းကြီး ဦးကောင်းက ခုလောက် အချိန်နှောင်းနေမှတော့ ဝေဒနာ တော် ခံစားနေရတဲ့ ရွှေနန်းရှင်ဘုရားကိုလည်း အပူမရှာကြပါနှင့်။ ကျွန်မတို့ မင်းကြီးတို့က သင့် လျော်မည့် မင်းသားတစ်ပါးပါးကို ရွေးချယ်ပြီး အိမ်ရှေ့ဆောင်နှင်းလိုက်ကြပါစို့ရဲ့"

ရွှေပြည်။ "ဒီကိစ္စလည်း လွယ်မလိုလိုနှင့် မင်းသားတွေအုံကြွပြီး ခဏချင်း ပွက်ပွက်ဆူထကြမှာပဲ ဘုရာ့"

မိဖုရား။ "သူတို့ ရုတ်တရက်ထပြီး မဆူကြ မပွက်ကြအောင် ကျွန်မ အကြံရတာကိုလည်း နား ထောင်ဦး"

ကင်းဝန်။ "မိန့်တော်မူပါဘုရား"

မိဖုရား။ "ဖြုန်းခနဲထပြီး မပူမဆူကြဖို့က လွယ်ပါတယ်။ ခမည်းတော်ဘုရား အမိန့်တော်နှင့် သား တော်တွေကို ဝေဒနာပြစုဖို့ ရောက်လာကြရန် ခေါ်စေရမယ်။ သူတို့တစ်တွေ ခမည်းတော် အဆောင်တော်တွင် စုရုံးမိတဲ့အချိန်မှာ အသာကလေးပိုင်းဖမ်းပြီး ခေတ္တ အကျယ်ချုပ်ထားလိုက် ရင် လောင်မည့် ဆဲဆဲ မီးတောက်တွေကို စုပြီး ထိန်းသိမ်းထားလိုက် သလိုပါပဲ"

"အဲသည် နောက်မှ ရွှေနန်းရှင်ဘုရား နှစ်သက်တော်မူရာ သားတော်ဖြစ်စေ၊ ကျွန်မတို့ မင်းကြီးတို့ သဘောကျ စိတ်တိုင်းကျ ရွေးချယ်တဲ့ သားတော်တစ်ပါးပါးကိုဖြစ်စေ အိမ်ရှေ့အရာ အပ်နှင်းလိုက် တာပေါ့"

ကင်းဝန်။ "ဆန်စဉ်ရာ ကျည်ပွေ့မလိုက်ရဘဲ ဆူပူမည့်သူတွေကို တစ်စုတစ်ရုံးတည်း ဦးအောင် ခေတ္တခဏ အကျယ်ချုပ်ချထားတဲ့ နည်းကတော့ အခိုက်အတန့်အရ နိုင်ငံတော်၏ကိုယ်စားလှယ်

www.burmeseclassic.com

တော်ဂန်ကြီးများ၏ အာဏာကို အရေးပေါ် အသုံးချဖို့ သင့်ပါသည်။ သို့ရာတွင် နောင်အေးချမ်းတဲ့ အခါ သူတို့ဘက်က ရန်လက်စမသိမ်းမှုဖြင့် ငြိမ်းချမ်းရေး ရဦးမယ် မထင်ပါဘုရား"

မိဖုရား။ "သည်အခါတော့လည်း လျောက်လျားပေါ့ ဦးကောင်းရယ်၊ လောလောဆယ် ရင်ဆိုင်ရ မည့် အရေးကို ရှေးဦးစွာ ပြီးအောင်ဆောင်ရွက်ပါ။ နောင်ခါဖြစ်မည့်ကိစ္စကို နောင်အချိန်က အဆုံး အဖြတ် ရပါ လိမ့်မယ်"

တိုင်တား။ ဒီအကြံတော်အတိုင်း ကျုပ်တို့တစ်တွေက ဦးအောင်မလုပ်ကြရင် အရေးခက်မှာဗျ။ မင်းသားကြီးတွေကလည်း မျုးလှပါဘိနဲ့။ ပထမရှေးဦးစွာ သူတို့တစ်တွေ ငြိမ်ငြိမ်ဆိတ်ဆိတ်ရှိနေ အောင် လုပ်ဖို့က အရေးကြီးတာပဲ"

ကင်းဂန်။ "ဆူပူသောင်းကျန်းမည့် အန္တရာယ်နှင့် ရန်စွယ်ရန်မီးကို ကြိုတင်တားဆီးမိစေရန်ကိစ္စက ပထမ အရေး ပင် ဖြစ်ပါပေသည်"

တိုင်တား။ "ဟုတ်တယ်၊ ဟုတ်တယ်၊ နောင်လည်း ဒီမင်းသားတွေအထဲက အသင့်တော်ဆုံး တစ်ပါးကို စိတ်တိုင်းကျ ရွေးပြီး ထီးမွေနန်းမွေဆက်ကို ခံယူစေရမှာပေါ့"

ရွှေပြည်။ "ဒီနည်းအတိုင်း ကျင့်သုံးကြမှ နိုင်ငံတော် အေးအေးချမ်းချမ်းနှင့် ထီးနန်းဆက်ခံမှုကိစ္စ ပြီးကြ တော့မလို ဖြစ်နေပြီ"

မိဖုရား ။"ကျွန်မပေးတဲ့ နိဿရည်းဟာ ခုလိုကျပ်တည်း ကျဉ်းမြောင်းနေသည့်အချိန် အတွင်းမှာဖြင့် အသုံး အပြုသင့်ဆုံးပါပဲ။ သည့်ထက်နားအေးမည့် နည်းလမ်းလည်း ရွေးချယ် စဉ်းစားနေရန် အချိန်မရနိုင်ဘူး။ ယခုအခါဟာ အပ်ဖျားပေါ်တွင် မုန်ညင်းစေ့တင်သလို ဖြစ်နေပြီ"

တိုင်းထား။ ။ "ဆင်ဖြူမရှင် မိန့်တော်မူတဲ့အတိုင်း ဘဂရှင်မင်းဘုရား ဝေဒနာတော် စွဲကပ်တဲ့ နေ့ရက်ပေါင်းလည်း များလာပြီ။ အချို့ မင်းသားကြီးတွေမှာလည်း အကြံအစည် များ ပြုလုပ်၍ပင် နေကြ လေပြီလား မသိနိုင်ဘူးဗျ"

မိဖုရား ။"မင်းကြီးတို့ ပြုသင့်သည့်ကိစ္စကို လက်မနေးကြနှင့်။ ကျွန်မပေးတဲ့အတိုင်း ဆိုင်းဆိုင်းငံ့ငံ့ စဉ်းစားချင့်ချိန်နေလျှင် မင်းသားတွေ အများအပြားကို ခြုံမိအောင် ဖမ်းထား ဖို့ ခက်လိမ့်မယ်"

www.burmeseclassic.com

ထိုအချိန်အခါကား အရေးကြီးလှပေသည်။ မင်းရေးမင်းခွင့် ပရိယာယ်မှာလည်း အနည်း နည်း အဖုံဖုံ အရောင်အသွေးပြောင်းလျက် ရှိလေသည်။ လုပ်ရေးကြံရေး လွယ်ကူစေရန် နိုင်ငံတော်တစ်ဝန်းလုံးကို စီမံ ခန့်ခွဲနိုင်သည့် အာဏာပိုင်များဖြစ်ကြသော လွှတ်တော်ဝန် ကြီးများနှင့် ဌာနအသီးသီးဆိုင်ရာ အတွင်း ဝန်ကြီးများသည် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ဆွေးနွေးတိုင်ပင်ကာ ထိုအရေးပေါ် အစီအစဉ် ဖြစ်သော အမိန့်တစ်ရက်ကို နံနက်မိုး သောက်သည်နှင့် တစ်ပြိုင်တည်းထုတ်ပြန်နိုင်ရန် လျှို့ဝှက်စွာ စီစဉ် ဆုံးဖြတ်လိုက်ကြပြီး လျှင် မင်းမှုထမ်းအသီးသီး တို့ကိုလည်း ဖိဖိစီးစီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် ကြပ်တည်းစွာ အမိန့်ချလိုက်လေ၏။

ထို့ကြောင့် နောက်တစ်နေ့တွင် မင်းမှုထမ်းများစွာတို့သည် အစုအဝန်းခွဲကာ ကွပ်စိပ်ရိုက် လျင် အိမ်တော်အသီးသီးတွင် စံနေကြသော ဘဂရှင်မင်းတရာကြီး၏ သားတော်များထံ မှောက်သို့တစ်ပြိုင်နက်တည်း ဝင်ရောက်အုပ်စီးမိကြလေ၏။

"အရှင့်ခမည်းတော်က ဝေဒနာတော် သက်သာလာပြီး၍ သားတော်များကိုယ်တိုင် အလုည့်ကျ ပြုစုသည်ကို ခံတော်မူလို၍ ရှေ့တော်သို့ဝင်ရန် အခေါ်တော် ရောက်ကြောင်း ပါ ဘုရား"

မင်းမှုထမ်းတို့၏ခေါင်းဆောင် သံတော်ဆင့်များက ရိုသေဦးညွတ်လျှောက်ထားကာ ခေါ်ယူ လာသဖြင့် မင်းသားများမှာ ခမည်းတော်၏ အမိန့်တော်ကို နာခံ၍ လိုက်ပါလာခဲ့ကြလေ၏။

နံနက်နေဝန်းတက်ချိန် သာသာကပင် သားတော်ကြီးများသည် တစ်ဦးပြီး တစ်ဦးတိတ် ဆိတ်ငြိမ်သက် လျက်ရှိသော မှန်နန်းဆောင်တော်ကြီးသို့ ဦးခိုက်ရောက်လာကြလေရာ အိပ်ဖန် တော်စောင့်များက

"ခမည်းတော်ဘုရား စက်ပျော်တော်မူနေသဖြင့် သားတော်များ ဒီအဆောင်ကဖြတ်ပြီးအ ဆောင်တော်ကြီးထဲသို့ တစ်ပါးချင်း၊ တစ်ပါးချင်း အသာအယာ ဝင်တော်မူပါဘုရား"

တီးတိုး ဆုံကြို တင်လျှောက်သဖြင့်ရင်းတို့ ညွှန်ပြရာ အဆောင်တော်တွင်းသို့ ဖြည်းညင်းစွာ ဝင်တော် မူကြရလေ။

သားတော် မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီးခေါ် သိန္နီမင်းသား၊ ငရနဲမင်းသား၊ မိုင်းရင်းမင်းသား၊ ပင်လယ်မင်းသား၊ ရနောင်မင်းသား၊ ရွှေဂူမင်းသား၊ တောင်ညိုမင်းသား၊ မိုးလှိုင်မင်းသား၊ ကသာမင်းသား၊ သီပေါမင်းသား၊ သာဂရမင်းသား၊ ဂန်းသိုမင်းသား၊ မိုင်းပျဉ်းမင်းသား၊ အိမ်ရှေ့မင်း၏သားတော် ထန်းတပင် မင်းသား၊ မလွန်မင်းသားတို့သည် မိမိတို့၏ အိမ်တော်ပါ ကျေးကျွန်ခြွေရံများကို ရွှေနန်းတော် အောက် မှာပင် ထားခဲ့ရသဖြင့် တစ်ကိုယ်တော်ချင်း မှန်နန်းဆောင်တော်ကြီးအထိ ရောက်ခဲ့ရခြင်းကြောင့် စိတ်လေး လေးနှင့်ပင် အိပ်ဖန်တော်စောင့်တို့ ညွှန်ပြရာ အဆောင်တော်အတွင်းသို့ ခမည်းတော်ဘုရားကို ဖူးမြော်ရန် ဝင်တော်မူခဲ့ကြရာ အဆောင်တော်အတွင်းသို့ရောက်လျှင် တစ်ဖက်သို့ထွက်ရန်သော် လည်းကောင်း၊ နောက်သို့

www.burmeseclassic.com

www.burmeseclassic.com

တုံ့ပြန်ရန်သော် လည်းကောင်း၊ လမ်းစမရှိ။ တံခါးရွက်များကို ခိုင်မာစွာ ပိတ်ဆို့လျက် ပြောင်လက်သော ဓားသွား၊လှံသွားများ အဖွေးသားပေါ်လာသည်ကို တွေ့ရ သောကြောင့် အံ့ဩ ထိတ်လန့် သွားရလေ၏။

မကွေးရာမင်းသားကြီးသည် တောက်တစ်ချက် ခေါက်လိုက်ကာ "အင်း......ငါတို့ညီအစ်ကို တစ်စု ရန်သူထောင်ချောက် ဂင်မိပါပကော။ ဒါ ဘယ်သူ့အကြံလဲ"

မေးသော်လည်း အဖြေမရရှာပေ။ ညီတော်သုံးဆယ်မင်းသားကြီးမှာလည်း "ခမည်းတော် အမိန့်ဆိုလို့ လိုက်ခဲ့ရတာ ငါတော့ အစကတည်းကတင်မကြာလှဘူး"

ရေရွှတ်လျက်ရှိရာ ကျန်သော ညီတော်များမှာလည်း ခမည်းတော်ကဖြင့် ဘယ်နည်းနှင့်မျှ ဤသို့ ရက်စက် တော်မူမည် မဟုတ်နိုင်ကြောင်း၊ မသမာသူတစ်ဦးဦး၏ အကြံသာလျှင် ဖြစ်မည် ထင်ကြောင်း၊ ညီနောင် အချင်းချင်း အံကြိတ်ကာ ပြောဆိုနေကြလေ၏။

ရွှေနန်းတော်ကြီးတစ်ခုလုံးသည် အတွင်းအပြင်အစောင့်အနေ လက်နက်စွဲစစ်မှုထမ်းများ အထပ်ထပ်ချထားလျက်ရှိသောကြောင့် အဂင်အထွက် ရှေးကထက် ကျပ်တည်းသွားလေ၏။

မှန်နန်းစနဆောင်တော်တွင် နိုင်ငံတော်အလုံးကို သိမ်းကျုံးစီမံပိုင်ခွင့်ရှိသော လွှတ်တော်ဂန် ကြီးများ၊ မင်းကြီး၊ အတွင်းဂန်၊ ဂန်ထောက်အလုံးကို သိမ်းကျုံးစီမံပိုင်ခွင့်ရှိသော လွှတ်တော်ရှိ၍ မှန်နန်းတော် ဆောင်၏ တစ်ဖက်သောအဆောင်မှာ လက်နက်ကိုင်အစောင့်အနေများနှင့် လုံခြုံစွာ ပိတ်ဆို့ ဖမ်းဆီး ထားသော သားတော်များရှိနေပြီးလျှင် မှန်နန်းဆောင်တော်ကြီးသည် ဖိစီးသော ဂေဒနာတော်အတွက် ငြိမ်သက်စွာ စံတော်မူကာ အပါးတော်မှသမားတော်ကြီးများ အနိုပ်တော် များနှင့် ဆင်ဖြူမရှင် မိဖုရား ကြီးတို့က ယုယုယယပြုစုလျက် ဆေးတော်များ အချိန်ကျဆက်၍ နေရလေ၏။ အဆောင်တော်ကြီး အတွင်း သို့ကား ဆင်ဖြူမရှင် မိဖုရားကြီး အမိန့်တော်မရဘဲ မည်သူမျှ ဂင်ရောက်ခြင်း မပြုရအောင် အိပ်ဖန်တော် အမှုထမ်းများက ဓားထမ်း၍ စောင့်နေကြ ရလေ၏။

မိဖုရားများစံတော်မူရာ အနောက်ပိုင်းရှိ မိဖုရားများ သမီးတော်များ ဘဂရှင်မင်းတရားကြီး မကျန်းမာ တော်မူခြင်းအတွက် မျက်ရည်မစဲ ဖြစ်နေချိန်တွင် ရုတ်တရက် နန်းတော်တစ်ခုလုံး အစောင့်အရှောက်တွေ၊ လက်နက်ဓားလှံတွေ ဖုံးလွှမ်းထားသောအခါ ထိတ်ထတ်ပျာပျာနှင့် တစ်ဦးကိုတစ်ဦး မေးမြန်းစုံစမ်းကာ မှန်နန်းဆောင် တော်ဘက်သို့ ရုတ်တရက် မကူးလာဂံ့သေးဘဲ ငြိမ်သက်စွာကုပ်၍ အကဲခတ် နေကြရ ရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မင်းတရားကြီး မမာတော်မူနေသည့် အချိန်ကစ၍ နိုင်ငံအုပ်ချုပ်မှုရေးရာနှင့် ရွှေနန်းတော် အတွင်းကိစ္စ မှန်သမျှမှာပင် လွှတ်တော်ကြီးမှာ တိုက်ရိုက်အုပ်ချုပ် လာခဲ့လေသည်။ အတွင်းတော်မှ ထုတ်ပြန်နေကြ အမိန့်တော်များကို ဆင်ဖြူမရှင်မိဖုရားနှင့် ဂန်ကြီးများ အတွင်းဂန်ကြီးများက ညှိနှိုင်း ထုတ်ပြန် ပေးရ သည်ဖြစ်ရာ ဆင်ဖြူမရှင်မိဖုရားမှာ မင်းတရာကြီး မမာတော်မူရာ မှန်နန်း ဆောင်တော်ကြီးတွင် လည်း ကောင်း၊ လွှတ်တော်ဂန်ကြီးတို့နှင့် စီမံခန့်ခွဲဆွေးနွေးရာ မှန်နန်း ဓနဆောင်တွင်လည်းကောင်း မမာတော်မူသည့် သတင်းကိုမေးလိုဂင်လိုလှသော ဆောင်ရနန်းရ မိဖုရားတို့၏ တောင်းပန်တိုးလျှိုး ပူဆာမှုကို ဖြေရှင်းလျက်ရှိခြင်းဖြင့် လည်းကောင်း တာဂန်ကြီး လေးစွာ တွေ့ကြုံရလျက်ရှိလေ၏။

ထို့နေ့ မှန်နန်းဓနဆောင် အရေးပေါ်အစည်းအဝေးတွင် မင်းသားများဖမ်းဆီးရာတွင် အရေးကြီး သော ကိစ္စတစ်ရပ်ကို ကင်းဂန်မင်းကြီး၊ ခန်းပတ်မင်းကြီး၊ တိုင်တားမင်းကြီး၊ ရွှေပြည်မင်းကြီးစသော ဂန်ကြီးများနှင့် ဆင်ဖြူမရှင်မဖုရားတို့ အထပ်ထပ် ဆွေးနွေးကြရ ပြန်လေ၏။

ဆင်ဖြူမရှင်။ ။"သားတော်ညောင်ရမ်းမင်းနှင့် ညောင်အုပ်မင်းတို့ညီနောင်ဟာ စေလွှတ်တော်မူတဲ့ လူများနှင့်မလိုက်ပါဘဲ အင်္ဂလိပ်သံတဲကို ထွက်ပြေးကြသည်မှာ အမှုထမ်းများပေါ့လျော့မှုကြောင့် လား"

ရွှေပြည်မင်းကြီး။ ။ "မင်းမှုထမ်းတို့ ပေါ့လျော့ခြင်း မဟုတ်ကြောင်း စစ်ဆေးပြီးပါပြီ အမိန့်တော်ကို နားထောင်ပြီး သူတို့ညီနောင်က အစောင့်အကြို စစ်မှုထမ်းများကို အပြင်ကခဏစောင့်ကြပါ။ ရွှေနန်းတော် လိုက်ပါရန် အတွင်းဆောင်ဂင်၍ ပုဆိုးများလဲပါဦးမည်ဆိုကာ စောင့်နေသော စစ်သားများမရိပ်မိမီ ညီနောင်နှစ်ပါး အိမ်တော်နောက်ဖေးပေါက်ကဆင်းပြီး အင်္ဂလိပ်သံအရာရှိ ဂင်းထဲသို့ ခိုဂင်သွားပါသည်တဲ့"

တိုင်းတာ။ ။"ဟာ.......ချက်ချင်းလိုက်ဖမ်းရင် မိမှာပေါ"

ခမ်းပတ်မင်းကြီး။ ။ "လိုက်ဖမ်းရုံတင်မက အင်္ဂလိပ်သံ အရာရှိကို မင်းသားနှစ်ပါးထုတ်ပေးရန် တောင်းဆိုကြပါသေးတယ်။ သံအရာရှိကသူတို့ကိုအားကိုး၍ ခိုးဂင်လာသူဖြစ်လို့ မပေးနိုင်ကြောင်း မင်းသား များသဘောအတိုင်း လိုက်လိုကလိုက်နိုင်ကြောင်း တင်းတင်းမာမာပင် ပြန်ကြားလိုက် ပါသည်"

တိုင်းတား။ ။"တောက်.......အရေးဆို ဒီလက်နက်နဲ့ချည်း အခြောက်ခံနေရတာပဲ။ ခေါ်တော်မူသည်ကို စိတ်ချလက်ချ လိုက်မလာဘဲ စစ်မှုထမ်းတွေကို တစ်ပတ်ရိုက်ပြီး နောက်ဖေးပေါက်က ဆင်းပြေးနိုင်သည်မှာ စဉ်းစားစရာပဲ။ "ကျုပ်တို့အထံမှ မနေ့ညက ကျုပ်တို့ လျှို့ပှက်တဲ့ အကြံအစည်ကို

www.burmeseclassic.com

တစ်ဦးတစ်ယောက်က သစ္စာဖောက်ပြီး ပေါက်ကြား အောင် လုပ်လို့သာ ညောင်ရမ်းညီနောင်က ကြိုတင်သိထားတဲ့အတွက် ခုလိုထွက်ပြေးနိုင် ခြင်းဖြစ်လိမ့်မယ်"

ရွှေပြည်။ ။" အသားထဲက လောက်ထွက်ဖို့ အချိန်မဟုတ်သေးပါဘူး"

ကင်းဂန်။ ။"ကျုပ်တို့လည်း တစ်ယောက်မှ ညကအိမ်မပြန်ကြရဘူး။ ရွှေနန်းတော်ပေါ်မှာပဲ မိုးလင်းသည်အထိ ရှိကြတယ်မဟုတ်လား။

မိဖုရား။ ။ ကိုင်း.....ကိုင်း လွန်ပြီးတဲ့အရေးကို ဆွေးနွေးလို့ အချိန်ကုန်ခံမနေနှင့် ဦးမင်းကြီးတို့။ ညောင်ရမ်း ညောင်အုပ် ညီနောင်ဟာ ကျွန်မတို့ အစီအမံကို ကြိုတင်ရိပ်မိလို့ ထွက်ပြေးနိုင်သည်မှာ အမှန်ပင်ဖြစ်တယ်။ တစ်စုံတစ်ဦးက လျှို့ဂှက်ပြီး သတင်းပို့၍သာ သိ ကြတာပဲ။ ဒီတော့ ကျုပ်တို့က ထီးနန်းဆက်ခံဖို့ မင်းသားတွေးတဲ့အခါ ဒီညီနောင်ကို မပါ အောင် ချန်လုပ်ထားရလိမ့်မယ်"

ကင်းဂန်။ ။"ထီးမွေနန်းမွေ ဆိုသည်မှာ သားတော်များအားလုံးနှင့် ဆိုင်နေပါ၍ ညောင်ရမ်း၊ ညောင်အုပ် သားတော်နှစ်ပါးကို ချန်ထားပြန်လျှင် နည်းလမ်းမမှန်သော ဆောင်ရွက်မှု တစ်ခု ဖြစ်သွားမည်ကို စဉ်းစားတော်မူရန် ရှိနေပြန်ပါတယ်"

တိုင်တား။ ။" အို.......ကျုပ်တို့က မျှမျှတတ သဘောထားလို့ မင်းသားမှန်ရင် အကုန်ဖမ်း ၊ အကျယ်ချုပ် စခန်းပို့ပြီးမှ စိတ်ချလက်ချ ထီးနန်းဆက်သရန်ရွေးချယ်ကြဖို့ စေတနာ ကောင်းနှင့်စီမံတာကို သူတို့က အထင် လွဲလို့ လူမျိုးခြားအားကိုးသွားတဲ့ဟာ ဦးကောင်းက ဘာကန့်ကွက်စရာ လိုသလဲဗျ"

မိဖုရား။ ။"အရေးကြီးတဲ့အခါမှာ တစ်ယောက်တစ်ပြန် အကြံဉာဏ်ပေးရင်းက အငြင်းပွားဖို့ အစွန်းအစတွေ ပေါ်မလာအောင် ဆင်ခြင်ကြရမယ် ဦးဖိုးရဲ့။ ကိုင်း ......ကိုင်း မင်းကြီးပြောသလို ညောင်ရမ်း၊ ညောင်အုပ် ညီနောင်ကိုလည်း မပစ်ပယ်ပါဘူး။ ကျွန်မတို့ ရွေးချယ်ကြရမယ့် မင်းသား များစာရင်းမှာ ထည့်သွင်းလိုက်ကြတာပ။ ဒါထက်အရေးကြီးဆုံး ကိစ္စတစ်ရပ်က ယနေ့ဖမ်းထားတဲ့ မင်းသား များကို ဒီအဆောင်တော်မှာ ကြာရှည် ထား၍မဖြစ်ဘူး။ သည့်ထက် လုံခြုံရာ ကြေးတိုက်တော်ကို ညတွင်းချင်း အစောင့်အရှောက် လုံလောက်စွာနှင့်ပို့ထားမှ စိတ်ချရလိမ့်မယ်"

ခန်းပတ်။ ။" မှန်ပါသည်။ ကိစ္စမပြီးခင်စိတ်ချရတဲ့ ကြေးတိုက်တော်မှာထားရန် အထူးသင့်လျော်ပါသည်"

ကင်းဂန်။ ။" မင်းသားများ ရွှေ့ပြောင်းရန် ကိစ္စကို ယနေ့ညအပြီး ဆောင်ရွက်စေပါမယ်"

www.burmeseclassic.com

www.burmeseclassic.com

ရွှေပြည်။ ။" အတွင်းတော်မှာရှိတဲ့ လက်နက်ကိုင် အစောင့်အနေများကိုလည်း တိုးတက်ချထားမှလုံခြုံပါမယ်။ လျှို့ပုက်သောအမှုကိစ္စများ ဆောင်ရွက်ရာတွင် ပေါက်ကြား မှုမရှိစေရန် မင်းကြီးတို့၊ ကျုပ်တို့ သြဇာညောင်းတဲ့ ကိုယ့်သွေးသားများကိုလည်း အထူး ခေါ်ယူပြီး စေစားကြမှ လုံခြုံစိတ်ချရမယ်"

တိုင်တား။ ။" ဖမ်းဆီးထားတဲ့ သားတော်များသာမက စိတ်မချရတဲ့ အဆက်အနွယ်များ ကိုလည်း သတိထားပြီး စောင့်ကြည့်ကြဖို့ အထောက်တော်များထားသင့်တယ်။ တော် တော်ကြာ ရန်သူအားပေးဖြစ်နေကြရင် အရေးထဲ အရာပေါ်လာဦးမယ်ဗျ"

မိဖုရား။ ။"ကဲ.....ကဲ ဒီကိစ္စတွေကို ရွှေပြည်မင်းကြီး၊ ခန်းပတ်မင်းကြီးနှင့် ကင်းဝန်မင်းကြီးတို့တာဝန်ယူကြပါ။ ဆောင်ရွက်စရာတွေကို အမိန့်ထုတ်ပြန်ကြရန် တိုက်ဆောင်သို့ကြွကြ ဖြပေတော့။ ဟိုကကိစ္စပြီးငြိမ်းမှ ကျွန်မနှင့်ထပ်၍ဆွေးနွေးပြီး အိမ်ရှေ့နန်းတမ်း အမိန့်တော်ကြီးကို စီစဉ်ရေးသားရမည်။ တိုင်တားမင်းကြီး ဦးဖိုးကကျွန်မနှင့်အတူ ရွှေနန်းရှင်ဘုရားတစ်ပါးကို ခစားရန်လိုက်ခဲ့ပါ။ ဝေဒနာတော် သက်သာခိုက်ဖြစ်လျှင် အမိန့်တော်ခံသင့်လျှင်လည်း နှစ်သက်ရာသားတော်တစ်ပါးပါးကို ညွှန်တော်မူပါလို့ ထုတ်ဖော်လျှောက်တင်ရမှာပဲ"

စကားလက်စသတ်ကာ ခေတ္တ လူစုခွဲလိုက်ကြပြန်သည်တွင် ကင်းဝန်မင်းကြီး ၊ ခန်းပတ် မင်းကြီးနှင့် ရွှေပြည်ဝန်မင်းကြီးတို့မှာ မင်းသားများ ပြောင်းရွှေ့ရန်ကိစ္စ၊ အိပ်ဖန် တော် စောင့်နှင့် လက်နက်ကိုင်လက်သုံးတော်အမှုထမ်းများ ထပ်မံဖြည့်တင်းရန် အတွင်းကျ သည့် လူယုံတော်သွေးသားများကို အမိန့်ချထား ခေါ်ယူကာ စီမံခန့်ခွဲလျက် ရှိ ကြလေ၏။

ထိုအချိန်တွင် မောင်မောင်တုတ်သည် နောက်ထပ် ဖြည့်တင်းထားသော လူယုံတော်အမှု ထမ်းများတွင် တစ်ယောက်အပါအဝင် ဖြစ်လာလေ၏။ မောင်မောင်တုတ်မှာ ဒိုင်းဝန်မင်း၏ ဖခင်ဖြစ်သူ ခန်းပတ်မင်းကြီး ဦးရွှေမောင်နှင့် မျက်နှာတမ်းမှန်းခဲ့ဖူးသူ ဖြစ်သည့်အပြင်

တိုင်တားမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီးတို့ကလည်း မျုးသားမတ်မြေးဖြစ်၍

သိကျွမ်းထားပြီး ဖြစ်သည်တစ်ကြောင်း၊ မောင်မောင်တုတ်ကိုယ်တိုင်ကလည်း နန်းတော် အတွင်းသို့ ဉပါယ်တမျဉ်ဖြင့် ရောက်အောင်ဝင်ကာ သီပေါမင်းသားအတွက် တစ္စေတ စောင်းမှ သတင်းများကို ချောင်းမြောင်း စုံစမ်းနေစဉ် အတွင်းဝန်မင်းကြီးများနှင့် အဆင်သင့် တွေ့ရှိခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တုတ်သည် ချက်ဆိုလျှင် နားခွက်က မီးတောက်သလောက် ပါးနပ်ချက်ချာသူ ဖြစ်၍ အမှုတော်ထမ်းရင်း မျက်စိနှင့် နားကို အားခွင့်မပေးဘဲ အကခတ် သတင်းနားစွင့် လျက်ရှိရာ မှန်းနန်းစနဆောင်တွင် ဆင်ဖြူမရှင်မိဖုရားနှင့် လွှတ်တော်ဂန်ကြီးများလည်း နောက် တစ်ကြိမ် စုဝေးဆွေးနွေးချိန်တွင်လည်း အရေးတကြီး နားစွင့်လျက် ရှိလေ၏။

အိမ်ရှေ့အရာ ဆောင်နှင်းရန် ရွေးချယ်ရမည့်ကိစ္စ ဖြစ်သောကြောင့် ဆင်ဖြူမရှင် မိဖုရား ကြီးအနီးတွင် ကင်းဝန်မင်းကြီး ၊ ရွှေပြည်မင်းကြီး၊ ခန်းပတ်မင်းကြီး၊ တိုင်တားမင်းကြီး ၊ လောင်းရှည် မင်းကြီး၊ တောင်ခွင်မင်းကြီး၊ရွှေတိုက်အတွင်းဝန်၊မြို့သစ်အတွင်းဝန်၊ ကျောက်မြောင်း အတွင်းဝန်၊ လေ့သင်း အတွင်း ဝန် များ စုံညီစွာ ရှိကြလေ၏။

မိဖုရား။ ။" ရွှေနန်းရှင်ဖုရား အင်မတန် မောတော်မူနေတယ်။ ဘယ်အမိန့်တော်မျိုးမှ နှုတ်တော်က မိန့်ဟ တော်မူနိုင်မယ် မဟုတ်ဘူး။ ဒီတော့ အိမ်ရှေ့ပေးဖို့ လူရွေးရမည့် ကိစ္စကို ကျွန်မနဲ့မင်းကြီးတို့ တိုင်ပင် ရွေးချယ်ကြရတော့မယ်"

တိုင်တား။ ။" ဟုတ်တယ်မင်းကြီးတို့၊ အချိန်ကလည်းမရှိဘူး၊ ကိစ္စမြန်မြန်ပြီးအောင် အရေးတကြီး ဆွေးနွေးကြပါစို့"

မိဖုရား။ ။ "ရှိသမျှ မင်းသားတွေထဲမှာ ဘယ်မင်းသား အိမ်ရှေ့နှင်းဖို့ အသင့်တော်ဆုံး ထင်သလဲ၊ မင်းကြီးတို့ စိတ်ထဲမှာ ထင်မြင်သမျှ ဖွင့်ဟလျှောက်တင်ကြပေတော့"

ကင်းဝန်။ " အကယ်၍ မင်းသားတစ်ပါးပါးကို ရွေးချယ်ပြီးတဲ့အခါ မည်သူ၏အမိန့်နှင့် အိမ်ရှေ့နှင်းလျှင် သင့်မည်ထင်ပါသလဲ မင်းကြီးတို့"

ရွှေပြည်။ ။"ဘုန်းတော်ကြီးလှသောဘုရား ရှိပါသေးလျက်နှင့် ကျုပ်တို့လွှတ်တော် ဂန်ကြီးများက အိမ်ရှေ့မင်း မြှောက်တင်နိုင်ခွင့် ရှိပါသလား"

မိဖုရား။ ။"အိမ်ရှေ့ လွှဲအပ်ရမည့် မင်းသားကိုသာ အသင့်တော်ဆုံး ကြိုက်သလို ရွေးကြ ပါဦးလေ။ လွှတ်တော်က အိမ်ရှေ့မမြှောက်ရပါဘူး။ ရွှေနန်းရှင်ဘုရား အမိန့်တော်နှင့်ပဲ အိမ်ရှေ့အရိုက်အရာ လွှဲကြတာပေါ့"

ခန်းပတ်။ ။"အရေးပေါ်လျှင် သင့်တော်သလို စီမံကြရတော့မှာပေါ့ ဂန်မင်းတို့။ ကိုင်း... ကိုင်း ရွေးကြစမ်းပါလေ"

www.burmeseclassic.com

ကင်းဂန်။ ။"ရွှေးလျှင် သားတော်ကြီးထဲက ရွှေးထိုက်တာပဲ။ သားတော်ကြီးများဆိုရင် လည်း မကွခရာမင်းသားကြီး ၊ သုံးဆယ်မင်းသားကြီးနှင့် ညောင်ရမ်းမင်းသား.........."

ရွှေပြည်။ ။"သားတော်ကြီးလေးငါးပါး ရှိနေပြန်တော့ ဘယ်လိုကြံမလဲ။ ကံဆိုးကံကောင်း မဲချပြီးရွှေးရင် မကောင်ဘူလား"

တိုင်တား။ ။"ဒီမင်းသားကြီးတွေဟာ အစွမ်းသတ္တိလည်း ရှိပါတယ်၊ စိတ်တော်တွေကလည်း ထက်မြက်ပါတယ်။ အရည်အချင်းစုံပါတယ်။ သို့သော်လည်းကျုပ်တို့ ဂန်ကြီးတွေအ ပေါ်မှာ ဘဂရှင်ဘုရားလို တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး ပြုတော်မမူဘဲ ငါတကောကောကြမှာ တော့အမှန်ပဲ"

တောင်ခွင်မင်းကြီး။ ။" သက်ဝါနယ်တဲ့ မင်းသာတွေထဲမှာလဲ နိုင်ငံတော်ကြီးကို အုပ်စီး စိုးမိုးနိုင်တဲ့ အရည်အချင်းထူးချွန်သူ မတွေ့နိုင်ဘူး။ တွေ့သည့်တိုင်အောင်လည်း နောင်တော်တွေကသာ အခွင့် အရေး ရနိုင်ပါဘဲ"

ခန်းပတ်။ ။"ကြီးစဉ်ငယ်လိုက်သာ စဉ်းစားကြပါ။ နောင်တော်ကြီးတွေကို ပစ်ပယ်ပြီးထားလို့ ဖြစ်နိုင်ပါ့မလား ဂန်မင်းတို့ရဲ့"

ကင်းဂန်။ ။"အိမ်ရှေ့ကိစ္စဟာ သံသရာကြီးဂဲလယ်သလို တလယ်လယ်ဖြစ်နေတဲ့အတွက် ဘဂရှင်မင်းတရားကြီးပင် အဆုံးအဖြတ် ခက်တော်မူခဲ့တဲ့ ကိစ္စကြီးတစ်ရပ်ကို ကျုပ်တို့တွေက တစ်နေ့တည်းနှင့် ဆုံးဖြတ်လို့ မဖြစ်နိုင်ကြဘူးပေါ့။ သို့သော် အရေးတော်ပုံကြီးက နီးကပ်နေပြီ။ တာရှည် ဆွေးနွေးပြီး အငြင်းပွားနေလို့မဖြစ်ကြဘူး။ တုံးတိုက်တိုက် ကမ်းတိုက်တိုက် မျက်စိမှိတ်ပြီး သားတော် တစ်ယောက်ယောက်ကို ရွှေးကောက်ကြပါ"

တိုင်တား။ ။"ကိုင်း........ ကိုင်း ခင်ဗျားတို့ ကျုပ်တို့ ရှုတ်တစ်ရတ်မဖေခွဲနိုင် မဆုံးဖြတ် နိုင်ရင်လည်း ဆင်ဖြူမရှင်ဖုရား၏ အလိုတော်ကို လျှောက်တင်ကြည့်ကြ စမ်းပါဦးတော့ လား"

ကင်းဂန်။ ။" ဟုတ်ပေတယ်၊ အလယ်နန်းမတော် ဆင်ဖြူမရှင်ဖုရား အလိုတော် သင့်ရာကိုလည်း ညွှန်ပြတော်မူပါမှ ကျွန်တော်မျိုးတို့ ညှိနှိုင်းစဉ်းစားရန် လွယ်ကူကြပါလိမ့် မယ်"

မိဖုရား။ ။"ကျွန်မစိတ်တိုင်းကျ သားတော်တစ်ပါးကိုတော့ မြင်၍ထားပေသည်။ သို့ရာတွင် မင်းကြီးတို့ရဲ့ အထင် အမြင်ကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ကြရာတွင် ကောင်းလိမ့်မယ်"

ကင်းဂန်။ ။"မိန့်တော်မူပြီးတဲ့နောက်ပိုင်းမှာ ဖေဖန်နိုင်ကြပါလိမ့်မယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မိဖုရား။ ။"ကျွန်မစိတ်ကြိုက်ပြောရရင်တော့ စိတ်သဘောလည်းနူးညံ့တယ်၊ ကျွန်မတို့ မင်းကြီးတို့နဲ့လည်းတိုင်တိုင်ပင်ပင် စိတ်သဘောတူဖြစ်နိုင်မည့် သီပေါမင်းသားကလေးကို သဘောကျတော်မူတာပဲ"

"ရွှေပြည်မင်းကြီး နှင့်တကွ ဂန်ကြီးများမှာ ရုတ်တရက်အံ့အားသင့်သွားကြလေ၏ မလှမ်းမကမ်းမှ မောင်မောင်တုတ်သည်လည်း ရုတ်တရက် မျက်လုံးရောင်လင်းထိန်သွားလေ သည်။"

ကင်းဂန်။ ။"သီပေါမင်းသားကလေးမှာ စိတ်သဘောနူးညံ့သိမ်မွေ့ပါပေတယ်။ စာပေကျမ်းဂန် လည်းတတ်ကျွမ်း ပါပေတယ်။ သို့ရာတွင် သက်တော်က နှစ်ဆယ်ငယ်ရွယ်လှပါကလား"

ရွှေပြည်။ ။"နောင်တော်ကြီးများကိုကျော်လွှားပြီး ထီးနန်းရိုက်ရာ လွှဲလိုက်ရင်အရွယ်တော်က ငယ်သေးလို့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးက ရှိသေလေးစားခြင်းမရှိမှာလည်း စိုးရိမ်စရာပဲဘုရာ့"

ကင်းဂန်။ ။"ယခုနေအခါမှာ အင်္ဂလိပ်က ကျုပ်တို့ကို အရိပ်ကြည့်နေတာ ဂန်မင်းတို့ရဲ့။ ဘဂရင် မင်းတရားကြီးဘုရား ရွှေလက်ထက်တော်မှာ အနိုင်မကျင့်သာလို့ ညာတာနေသ လောက် နောက်တစ်ဆက် ရွှေနန်းတက်ရင် နိုင်ငံကိုအတင်းလုဂင်တော့မှာပဲ။ ဒီတော့ ဘုန်းလက်ရုံး တန်ခိုးသတ္တရှိတဲ့ မက္ခရာ မင်းသား၊ သုံးဆယ်မင်းသား၊ ညောင်ရမ်းမင်းသားတို့လို သတ္တဗလ အားကိုးလောက်တဲ့ မင်းသားကြီးမျိုးကို ရွေးချယ်ကြမှသင့်ပါလိမ့်မယ်"

မိဖုရား။ ။"ဒါကတော့ ပူစရာမဟုတ်ပါဘူး ဦးကောင်းရယ်။ တကယ်ဆိုတော့ စစ်တိုက်တဲ့ နေရာမှာ ရှင်ဘုရင် ကိုယ်တိုင် ဂင်တိုက်ရတာမဟုတ်လို့ အသက်ကြီးတာငယ်တာ၊ သတ္တဗလရှိတာမရှိတာ အရေးမကြီးပါဘူး။ လက်နက်အင်အား, လူအင်အားကောင်းတာနှင့် စီမံကွပ်ကဲသူတွေသာ အချုပ်အခြာဖြစ်တာကလား။ ဒီတော့ သီပေါမင်းသားကို နန်းလျာထားပြီး နိုင်ငံတော်အုပ်ချုပ်မှုကို ကျွမ်းကျင်ပြီးသားဖြစ်တဲ့ မင်းကြီးတို့က သင့်တော် သလို စခန်းသွားကြတာပေါ့"

ကင်းဂန်။ ။"အမိန့်ရှိတော်မူသလို သီပေါမင်းသားကို နန်းလျာထားပြီး လွှတ်တော်ကြီးက ကြိုးကိုင်သွားလျှင် ကျန်တဲ့ သားတော်တွေကလည်း ဘယ်နည်းနဲ့မှ ကျေနပ်မှုရှိကြမှာ မဟုတ်သေးဘူးထင်ပါတယ်"

မိဖုရား။ ။"ဒီကိစ္စလည်း လွယ်ကူပါတယ်။ မကျေနပ်ချင်တဲ့ မင်းသားတွေဟာ ကျွန်မတို့ လက်ထဲမှာ ရောက်နေသည်မဟုတ်လား။ စိတ်ချလောက်တဲ့အချိန်ကြာမှ သူတို့ကိုအကျယ်ချုပ်က လွှတ်လိုက်ရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ကင်းဂန်။ ။"သားတော်တွေချင်း တူပါလျက်သားနဲ့ တရားမဲ့ပြုကျင့်သလိုနေမှာပဲ"

ကင်းဂန်မင်းကြီးစကားမဆုံးခင် တိုင်းတားမင်းကြီးက မျက်နှာထားတင်းမာစွာနှင့်....

"ကဲ...ကဲအချိန်မရှိဘူး။ စကားမဆုံးအောင်ရှည်နေကြသည်မှာ အချိန်မီ ကိစ္စပြီးပြတ် မှုမရှိအောင် လုပ်နေ တာ နှင့် တူနေပြီ။ ဒီတော့သီပေါမင်းသားကို သဘောမတူတဲ့လူ ဦးခေါင်းထားခဲ့။ ကိုယ်ချည်း ပြန်ကြ"

ထ၍ကြိမ်း လိုက်လေသည်။ တိုင်တားမင်းကြီးနောက်နားတွင်လည်း ဓားလှံလက်နက်နှင့် ကိုယ်ရံတော်များ နီးကပ်စွာရှိလေရာ နည်းလမ်းရှိသလောက် ဆွေးနွေးခြင်းအမှု ပြုလုပ်နေသော ကင်းဂန်မင်းကြီး၊ ရွှေပြည်မင်းကြီး စသောဂန်ကြီးများမှာ မတတ်သာတော့ ဘဲ....

"ဒီလိုဖြင့် ကိစ္စပြီးအောင် ဆင်ဖြူမရှင်ဖုရား သင့်လျော်သလိုသာ စီစဉ်တော်မူပါတော့"

အလျော့ပေးကာ လိုက်လျောကြရရှာတော့၏ ။

အခန်း (၃၈) ဆက်ရန်

## အခန်း (၃၈)

သီပေါမင်းသားသည် နောင်တော်များနှင့်အတူ ကြေးတိုက်တော် အချုပ်ခန်း၌ စိတ်ပင်ပန်းစွာ စံတော်မူလျက်ရှိစဉ် မောင်မောင်တုတ် ရုတ်တရက် ဂင်ရောက်လာပြီး

"ကိုယ်တော်ဖျား ... အမြန်လိုက်ပါတော်မူပါတော့ဘုရား"

အရေးတကြီး ပြောလျက် ပခုံးထက်တွင် ထမ်းတင်၍ ခေါ်ယူခဲ့လေရာ သီပေါမင်းသားမှာ ဘုမသိ ဘမသိ ကျီးကြည့် ကြောင်ကြည့်နှင့် မောင်မောင်တုတ်၏ ပခုံးပေါ်တွင် ပါလာရင်း ...

"ကဲ့ ... မောင်တုတ်ရဲ့၊ ဘယ်လိုဖြစ်သတုံး၊ ဒီနားမှာ ခဏရပ်နားပြီး အကျိုးသင့် အကြောင်းသင့် ကလေးများ တင်စမ်း ပါဦးဟဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဆိုသဖြင့် မောင်မောင်တုတ်မှာ လမ်းခုလတ်တွင် ခေတ္တရပ်ပြီး ...

"ကိုယ်တော်ဖျားကို အမိန့်တော်အရ ရွှေနန်းတော်ကြီးပေါ် ပို့မလို့ပါဘုရား"

"ခက်ပါဘိ တုတ်ရယ်၊ သားတော်တွေ ရှိသမျှ ရာဇဝတ်မှု ရောက်နေကြတဲ့အထဲ ငါ့ကို ကြေးတိုက်ထဲက နင်ဆွဲလို့ ထုတ်လာတဲ့အတွက် ငါ့အသက်ကို ဦးဦးဖျားဖျား သတ်ကြ ပါလိမ့်မယ်၊ ငါ မလိုက်ပါရစေနဲ့၊ ငါ့နောင်တော်တွေနဲ့ သေအတူ ရှင်အတူ နေပါရစေ၊ ပြန်ပို့ ခဲ့ပါ တုတ်ရဲ့"

"ကိုယ်တော်ဖျား ဘာမှ စိုးရိမ်တော်မမူနဲ့ သို့ပေမဲ့ ကျွန်တော်မျိုးကို ကတိတော်တစ်ခုဖြင့် သနားတော်မူ ပါဘုရား"

"ပြောပါဟယ် ... ဘယ်လို ကတိလဲ၊ ငါ စိတ်မကောင်းရတဲ့အထဲ နင်ကလည်း တစ်မျောင့် ပါပဲ"

"ကိုယ်တော်ဖျား အထွတ်အမြတ် ရောက်တဲ့အခါ ကျွန်တော်မျိုးကို အရှင့်ဓားတော်နှင့် ဘယ်တော့မှ မသေ စေရဘူးဆိုတဲ့ 'ဘေးမဲ့တစ်ခု' ကိုဖြင့် သနားတော်မူပါ"

"ငါ့နောင်တော်တွေ ကျော်ပြီး ဘယ်နည်းနှင့် ငါက အထွတ်အမြတ် ရောက်ရမှာလဲ တုတ် ရယ်၊ မဟုတ်တမ်း တရမ်းတွေ"

"ကိုယ်တော်ဖျား နောက်တော့ သိတော်မူအောင် လျှောက်တင်ပါမယ်၊ အခု ကျွန်တော်မျိုး တောင်းတဲ့ ကတိကိုသာ သနားတော်မူပါဘုရား"

"ကိုင်း ... ကိုင်း မောင်မင်းကို ငါ၏လက်နက် ဓားလှံနှင့် ဘယ်တော့မှ မသေစေရဘူး၊ ငါ ကတိပြုတော်မူလိုက်ပြီ"

"ဂမ်းမြောက်လှပါဘုရား၊ ကိုယ်တော်ဖျားကို ခမည်းတော်ဘုရားက အိမ်ရှေ့နန်းအပ်သော မူပါတော့မယ် ဘုရား"

"ဘုရား ... ဘုရား၊ ထူးဆန်းလှချည်လား မောင်တုတ်ရယ်၊ ငါ ဘယ်လို လုပ်ပြီး ယုံကြည် တော်မူရမည်လဲ"

"မှန်ပါသည်။ ကံအကျိုးပေးအတိုင်း ကြုံပါသော်လည်း မဖြစ်မြောက် မကြံစည်ဘဲနဲ့လည်း ဖြစ်မြောက် နိုင်ကြောင်း မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ယုံကြည်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အခု ငါ့ကို ဘယ်ခေါ်သွားမယ်လို့တုံးဟဲ့"

"ရွှေနန်းတော်ကြီးကိုပါဘုရား၊ စိတ်ချက်လက်ချ လိုက်ပါတော်မူပါတော့"

ဆိုကာ မောင်မောင်တုတ်သည် မိမိပခုံးပေါ်တွင် ထမ်းလျက်ပင် ရှိနေသေးသော သီပေါ မင်းသားအား မှန်နန်းဆောင်တော်ကြီးရှိရာသို့ ခပ်သုတ်သုတ်ပင် ဆက်လက်ဆောင်ကြဉ် သွားလေ၏။

ထိုနေ့သည်ကား သက္ကရာဇ် ၁၂၄၀ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ရက်နေ့ ဖြစ်ရာ သီပေါမင်းသားအား အိမ်ရှေ့နှင်းသော အခမ်းအနားကို ကျင်းပလေ၏။ မင်းတုန်းဘုရင် မင်းတရားကြီး၏ အိမ်ရှေ့ နှင်းတမ်း အမိန့်တော်ကို နာခံတော် မင်းထင်ကျော်ခေါင်က အမိန့် တော်ပြန်မှတ်ရာ အိမ်ရှေ့နှင်းတမ်း အမိန့်တော်မှာ ...

"ပဥ္စမသင်္ဂါယနာတင် ဘဂဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။ ရှေးရှေးသော မင်းကောင်း မင်းမြတ်တို့သည် သာသနာတော်သုံးပါး စည်ပင်ပြန့်ပွား ထွန်းလင်းစေ ကြောင်း၊ တိုင်းပြည်နိုင်ငံ အစီးအပွား များပြားတိုးတက်စေကြောင်းများကို ဆောင်ရွက် စေခြင်းငှာ ရိုက်ရာတော်ခံ နန်းရံ အစစ်ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နှင်းတော်မူမြဲ ဖြစ်သည်နှင့်အညီ ငါအရှင် ဇေရာဇ မင်းမြတ်သည်လည်း အပရိဟာနိက စသော ရာဇဓမ္မ ကျင့်ဝတ်တရားအပေါင်းတို့ကို မြဲမြံစွာ ကျင့်ဆောင် တော်မူလျက် ရတနာပုံ မဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို လက်မွန်အစ တည်ထောင်ဖန်ဆင်းတော်မူ၍ မြတ်စွာ ဘုရား သာသနာတော် အထူးသဖြင့် စည်ပင်ထွန်းလင်းစေခြင်းငှာ ငါးကြိမ်မြောက်ဖြစ်သော ပဥ္စမ သင်္ဂါယနာသဘင် ဆင်ယင်တော်မူပြီးလျှင် သာသနာတော်မြတ် အစီးအပွား၊ ကိုယ်တော် မြတ် အကျိုး စီးပွား သားတော်အစဉ်၊ မြေးတော်အဆက် မြစ်တော်အညွန့်စီးပွား ရဟန်းရှင် လူ ပြည်သူ သတ္တဂါအပေါင်းတို့၏ အကျိုးစီးပွား များပြားစေကြောင်းကို တရားနှင့်အညီ ထိန်းသိမ်း စောင့်ရှောက် တော်မူသည့် သားတော် သီပေါမြို့စား မင်းသားသုသီရိ မဟာဓမ္မ ရာဇာသည် ကပ်ဦးမဟာ သမတ ဉက္ကာမုက္ခ သကျသာကီဝင် မင်းတို့မှ အစဉ်မပျက် ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုး နေမျိုး နွယ်စစ် ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံကို ချောက်ချား စေလျက် သုံးကြိမ်မြောက် ပထမပြန်ဆိုနိုင်၊ သုံးကြိမ်မြောက် မြတ်စွာဘုရားသာသနာတော် ကို ထမ်းဆောင်နိုင်ခြင်း။

လောကဓမ္မ လိမ္မာကျေပွန်သဖြင့် နောင်အခါ ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို အုပ်စိုးနိုင်မည့် နလုံးလက်ရုံး ဘုန်းပညာလက္ခဏာနှင့် ဂုဏ်ထူးဂိသေသ ရှိသော သားတော်များဖြစ်သည်နှင့်အညီ သာသနာတော်ရေး၊ တိုင်းပြည်ရေးမှုများကို ညီညာဆောင်ရွက်စေခြင်းငှာ အိမ်ရှေ့မင်း၏ တင့်တယ်စမ္မာယ်ခြင်း အလုံးအရင်း ဆင်မြင်း ဗိုလ်ပါ အပေါင်းတို့ဖြင့် ခြံရံလျက်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဥပရာဇာအဖြစ်သို့ ဆောင်နှင်းတော်မူသည်။ အိမ်ရှေ့မင်းတို့ အခမ်းအနား ဂန်၊ ဂင်းမှူး၊ အတွင်းဂန်မှ စ၍ သင်းစုပင်းစု ပေးဘွဲ့ရန် စာရင်းကိုလည်း သွင်းစေ"

အထက်ပါ အိမ်ရှေ့နှင်းတမ်း အမိန့်တော်ကြီးသည် တစ်နိုင်ငံလုံးသော်လည်းကောင်း၊ တစ်နန်းတော်လုံးသော်လည်းကောင်း၊ ဆွေတော်မျိုးတော် အားလုံးကိုသော်လည်းကောင်း အံ့အားသင့်၍ သွားစေရုံမက ကာယကံရှင် ပုဂ္ဂိုလ်ဖြစ်သော သီပေါမင်းသားနှင့် မယ်တော် လောင်းရှည် မိဖုရားတို့ပင်လျှင် ကံတရား၏ လှည့်စားမှုကို အံ့သြတော်မူမိလေတော့သည်။

မြတောင်စုဖုရားလတ်နှင့် အဆောင်တော်တစ်ခုလုံးရှိ အထိန်းတော်၊ အပျိုတော်များမှကား ထိုသတင်းစကားကို မောင်မောင်တုတ်မှတစ်ဆင့် ပို့လိုက်၍ ကြားရသည့်အချိန်မှစပြီး ဂမ်းမြောက်သော နှလုံးဖြင့် တပြုံးပြုံး တရွှင်ရွှင် ရှိနေကြလေသတည်း။

ချိန်ခွင်လျှာသည် အခါခပ်သိမ်း တညီတည်းမရှိနိုင်သကဲ့သို့ တစ်ဖက်မှ ဂမ်းမြောက် နေကြ သလောက် တစ်ဖက်မှ ရင်ဘတ်စည်တီးနှင့် မီးတောက်နေကြသူများမှာ ကြေးတိုက်တော် အတွင်း၌ ရောက်ရှိနေကြသော မင်းသားများနှင့် ရွှေနန်းတော် အနောက်ပိုင်း အဆောင် ဆောင်အခန်းခန်း၌ ရှိကြသော ၎င်းမင်းသားများ၏ မယ်တော်များဖြစ်ကြသူ ဆောင်ရ၊ နန်းရ မိဖုရားများ ဖြစ်ကြလေ၏။

မက္ခရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး အမှူးရှိသော သားတော်များမှာ သီပေါ မင်းသားအား ခမည်းတော်ဘုရားက အိမ်ရှေ့နှင်းအပ်တော်မူကြောင်းကို ကြေးတိုက်တော် အတွင်းမှ သတင်းစကား သန့်သန့် ကြားလိုက်ရသည့်အချိန်မှာ ဆွေ့ဆွေ့ခုန်မျှ ဒေါမနဿ ဖြစ်တော်မူကြရလေ၏။

မိမိတို့ကို မလိမ့်တစ်ပတ်နှင့် ကြိုတင်ဖမ်းဆီးခြင်း၊ လုံခြုံရာ ကြေးတိုက်တော်အတွင်းသို့ သွင်း၍ ထားပြီးမှ သီပေါမင်းသားကို ခမည်းတော်ဘုရား အမိန့်တော်ဖြင့် အိမ်ရှေ့ဆောင် နှင်းလိုက်ခြင်းသည် ခမည်းတော်ဘုရား၏ အလိုတော်အတိုင်း မဟုတ်ကြောင်း ရိပ်မိကြ သော်လည်း တစ်စုံတစ်ရာ မေးမြန်းပြောဆိုခွင့် မပြုနိုင်ရှာကြဘဲ ခမည်းတော်ဘုရား ကိုယ်တိုင်နှင့် အသက်တော်မြဲလျက်မှ ရှိပါသေးစ၊ အကယ်၍ ခမည်းတော်ဘုရားသည် ဝေဒနာတော်ဖြင့် နတ်ရွာကြွသွားတော်မမူသေးလျှင် ခမည်းတော်၏ အမိန့်ဟု လှည့်ဖြား၍ တစ်စုံတစ်ဦးသောသူက အာဏာကို ကြိုးကိုင်ပြကာ ဖောက်လွဲဖောက်ပြန် ပြုမူနေသည် ကိုပင် သိရှိတော်မမူနိုင်ရှာသော အခြေအနေသို့ ရောက်တော်မူနေရှာပြီဟု မချိတင်ကဲ အံတခဲခဲ ဖြစ်နေရှာရလေ၏။

ထိုသို့ အိမ်ရှေ့နှင်းသော အခမ်းအနား ပြုပြီးသည့်အချိန်မှာပင် ကြေးတိုက်တော်အတွင်း ရှိရင်းစွဲဖြစ်သော ဖမ်းဆီးထားပြီး မင်းသားကြီးများအား အချုပ်နှင့် ထားရုံပင် စိတ်ဂမ်းမချ သေး

www.burmeseclassic.com

www.burmeseclassic.com

သည့်အလား၊ ခြေချင်းရိုက်စွဲခြင်း၊ အပြင်တွင် ကျန်သေးသည့် သားတော်၊ တူတော်၊ မြေးတော်များကိုပါ ထပ်မံဖမ်းဆီးချုပ်နှောင်ထားလိုက်ပြန်လေသတည်း။

ရွှေနန်းတော်တစ်ဂန်းလုံး လက်နက်အစောင့်အနေတို့ဖြင့် ဖုံးလွှမ်းလာသည့်အချိန်က စ၍ မင်းသားများကို ဖမ်းဆီးခြင်းခံရသည်အထိ အကြောင်းတစ်စုံတစ်ရာ ထူးခြားတော့မည်ကို ကြောက်ရွံ့ပြိမ်သက်စွာ နားစွင့်လျက်ရှိသော ဆောင်ရ၊ နန်းရ မိဖုရားကြီးများသည် သီပေါမင်းသားအား အမိန့်တော်နှင့် အိမ်ရှေ့ နန်းလိုက်သည်ကို ကြားသိရသည်နှင့် တစ်ပြိုင်နက် ဆင်ဖြူမရှင်မိဖုရားကြီး၏ လက်ချက်ဟု အတတ်သိကာ မခံမရပ်နိုင်အောင် ဖြစ်၍ လာကြ လေ၏။

ငါတို့၏ သားများတော့ ဖမ်းဆီးချုပ်နှောင်ထားပြီး သူ့သမီးနဲ့ သီပေါမင်းသားကိုတော့ အိမ်ရှေ့နန်းသည်မှာ တရားသလား။ ဘာပဲဖြစ်ဖြစ် ရွှေနန်းရှင်ဘုရားကို ခုသွားတိုင်မယ်၊ မခံနိုင်ဘူးဟု နွားရှူးဆူးတိုး စိတ်ထွက် ကုန်ကြလေ၏။

အချို့ စိတ်နူးညံ့လွန်းသော မိဖုရားများနှင့် သားတော်မထွန်းကားသော မိဖုရားများက အစောင့်အရှောက် ကျပ်တည်းလွန်း၍ သွားသင့်၊ မသွားသင့် အကြံပေးကြရာ။

"မိမိတို့က သားသမီးသံယောဇဉ်မျိုး မရှိတော့ စိတ်နလုံး ဘယ်မျှ ထိခိုက်သည်မသိရှာကြ ဘူး။ မမတို့မှာ ဆယ်ကျိုးဆယ်လ လွယ်၍ မွေးထားရပါသည်။ သည်တော့ သတ်လို့ပစ်ချင် လည်း ပစ်ကြပါစေ၊ အတင်းပင် သွား၍ သံတော်ဦးတင်ကြတော့မည်"

ပြောကာ လင်ပန်းတိုက်စားမိဖုရား၊ သက်ပန်းမိဖုရား၊ ခုနစ်ရွာမိဖုရား၊ မြောက်ရွှေရေး မိဖုရားတို့သည် မှန်နန်းတော်ဆောင်ရှိရာသို့ ဗျာပါကြီးစွာဖြင့် ထွက်တော်မူလာကြလေရာ အနောက်ဆောင်နှင့် မှန်နန်းတော် ဆောင်အကြားတွင် အစောင့်အနေ ချထားသော လက်နက်ကိုင် အမှုတော်ထမ်းများမှာ ထဘီ၊ ပဝါ၊ ဆံကေသာ မသိမ်းနိုင်အောင် အပူမီးခ လာကြသော မိဖုရားကြီးများအား တားဆီးပိတ်ပင်ရန် မပံ့ရဲကြသဖြင့် သွားလိုရာသို့ လမ်းဖယ်၍ ပေးလိုက်ကြရာ မှန်နန်းဆောင်တော် တံခါးဂသို့ ဆိုက်ရောက် လာကြလေ၏။

မှန်နန်းဆောင်တော်မှာ မင်းတရားကြီး မမာတော်မူသော အဆောင်တော်ဖြစ်ခြင်းကြောင့် မမာတော်မူစဉ် စိတ်မချမ်းမြေ့ဖွယ် အကြောင်းများနှင့် နားပူနာဆာ မရှိစေခြင်းငှာ ဆင်ဖြူ မရှင်မိဖုရားကြီး အမိန့်တော်ဖြင့် အတွင်းတော်သို့ မည်သူမျှ မဝင်နိုင်ရန် အစောင့်အရှောက် များ အထပ်ထပ် တိုးတက်ချထားရုံမက အတွင်းက တံခါးကျည်းရှည်ကို ခိုင်လုံစွာ ပိတ်ဆို့ ထားပြီးလျှင် သမားတော်ကြီးများ အနိုပ်တော် ဘလဲ့ဘရွှာစားတို့က အလှည့်ကျဂင်၍ အနိုပ်တော်ဆက်ခြင်း၊

www.burmeseclassic.com

ဆေးတော်ဆက်ခြင်းများ ပြုလျက် စားတော်ဂန်ကြီး ဦးခဲသာလျှင် သလွန်တော်အနီးတွင် ကြပ်မတ်ပွေ့ပိုက် စောင့်ရှောက်ကာ ရေကြည်တော် နှင့် ဆေးတော် များတိုက်၍ နေခိုက်ဖြစ်လေ၏။

စားတော်ဂန်ကြီး ဦးခဲအား မင်းတရားကြီးဘုရားသည် မမာတော်မူစဉ် အချိန်ကစ၍ အပါး တွင် ကပ်၍ နေ့ညဥ့်မပြတ် အမှုတော်ထမ်းရန် ခေါ်ယူထားတော်မူသည်ဖြစ်ရာ ထိုနေ့အဖို့ မှာလည်း ဝေဒနာ တော်သည်း၍ မိန်းတော်မူသည့် အခိုက်အတန့်သာလျှင် ငြိမ်သက်စွာ စံတော်မူ၍ အနည်းငယ် ကြည်လင် လာသည်နှင့် တစ်ပြိုင်တည်း ...

"မောင်ခဲ ... ငါ့အနား ဘယ်သူများ ရှိသတုံး"

သမားတော်များက "မောတော်မူမည်စိုးသဖြင့် မည်သူမျှ အပါးတော်မှာ မခစားစေရ ကြောင်းပါဘုရား"

"ပြောစရာ၊ မေးစရာရှိသလောက် မေးချင် ပြောချင်ပါဘိတယ်၊ နေ့တိုင်း၊ နေ့တိုင်းပဲ ဒီလို နေရ တော့မှာလား"

"မောတော်မူပါမယ်ဘုရား"

"ကိစ္စမရှိပါဘူး၊ မောင်ကောင်းတို့၊ မောင်ဖိုးလှိုင်တို့တစ်တွေ ခေါ်လိုက်စမ်းပါဘိ"

"ရွှေလွှတ်တော်ကြီးမှာ အလုပ်များနေကြပါတယ်ဘုရား"

"မောင်ရွှေမောင်တို့၊ မောင်ကလေးမောင်လှဘူးတို့လည်း မရှိဘူးလား"

"မရှိကြောင်းပါဘုရား"

"ဒီလိုတွေ ငါ့ကို တမင်ရှောင်များနေကြရော့သလား၊ သွားစမ်း ... သွားစမ်း မောင်ခဲ၊ သူတို့အားလုံး ငါ့ရှေ့တော် ခေါ်ခဲ့"

"မသွားဝံ့ ကြောင်းပါဘုရား"

"သယ် ... ငါရှင်ဘုရားပဲ၊ ငါ့အာဏာထက် ဘယ်သူ့အာဏာက ထက်နေလို့ မသွားဝံ့ရပြန် သတုံး"

"မှန်လှပါ၊ အရှင့်အာဏာ ဒီအဆောင်ထဲမှာသာ ရှိပါကြောင်း"

www.burmeseclassic.com

"မြတ်စွာဘုရား၊ ငါ့ကို လူမမာဆိုပြီး မထီလေးစား ပြုကြပြီလား၊ ငါ မသေသေးပါဘူးဟဲ့"

"မပံ့ကြောင်းပါဘုရား"

ထိုအခိုက် မှန်နန်းဆောင်အပြင်ဘက်တွင် ရောက်ရှိနေသော မိဖုရားများသည် လက်နက် ကိုင် အစောင့် အနေ များနှင့် အတိုက်အခံ စကားဆိုလျက် ရှိလေ၏။

အစောင့်။ "ဝေဒနာတော်တိုးမှာစိုး၍ သမားတော်ကြီးများပင် ဆေးဆက်ချိန်ကျမှ ဝင်ခွင့် ရကြောင်း ပါဘုရား"

လင်ပန်းတိုက်စားမိဖုရား။ "ဆေးဆရာ မဝင်ရပေတဲ့ ငါတို့ မိဖုရားများကို မတားနဲ့"

အစောင့်များ။ "သည်းခံတော်မူပါဘုရား၊ ကျွန်တော်မျိုးများ အထက်အမိန့်အရ လျှောက်တင်ရခြင်းပါ"

ခုနစ်ရွာမိဖုရား။ "ငါတို့လင်ကို ငါတို့ဝင်ကြည့်မည့်ဟာကို နင့်အထက်အမိန့်က ဘာဆိုသတုံး"

မြောက်ရွှေရေးဆောင်မိဖုရား။ "ကိုယ့်လင် မမာသည်ကို ဝင်လို့မှ မကြည့်ရတော့ဘူး ဟာလား။ ဖယ်ပေး ကြပါ။ ငါတို့ဘာသာ ငါတို့ ဝင်သွားပါ့မယ်"

အစောင့်များ။ "သည်းခံတော်မူပါဘုရား"

သက်ပန်းမိဖုရား။ "ဒီဟာ သည်းခံနိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူးတဲ့"

အစောင့်များ။ "ဆင်ဖြူမရှင်ဖုရား အမိန့်တော်ကို ခံယူပြီးတဲ့အခါ သဘောရှိ ဝင်တော်မူ ကြပါဘုရား"

မိဖုရားများသည် တဖြည်းဖြည်း ပို၍ စိတ်တော်ကို မထိန်းသိမ်းနိုင်အောင် ရှိလာကြသဖြင့်...

"ငါတို့လင် မမာနေရာ ငါတို့သွားမည်။ အရေးထဲ ဘယ်သူ့အမိန့် ခံရဦးမှာလဲ"

www.burmeseclassic.com

ပြောကာ အစောင့်များကို အတင်းတွန်းဖယ်ပြီး ကျည်းရှင်တံခါးဂသို့ စုရုံးတိုးကပ်ကာ ပိတ် ထားသော အဆောင်တော်တံခါးရွက်ကို ထုနက်လျက် အဖွင့်ခိုင်းကြလျှင် လက်နက်ကိုင် အစောင့်အမှူထမ်းများသည် ဘဂရှင် မင်းတရားကြီး၏ မိဖုရားများဖြစ်သောကြောင့် ဆွဲဖယ် မပစ်ပံ့သဖြင့် အကြောင်သားငေး၍ ကြည့်နေ ရ တော့၏။

အပြင်မှ ဆူညံသံများ၊ တံခါးရွက်ထုသံများကြောင့် သလွန်တော်ပေါ်တွင် မှေးစက်လျက် ရှိသော မင်းတရား ကြီးဘုရားသည် ရုတ်တရ် မျက်လုံးဖွင့်၍ ရှူစားကာ ...

"ဟဲ့ ... မောင်ခဲ၊ တံခါးဖွင့်လိုက်ပါ။ သမားတော်များ ဂင်ချိန်ရောက်ပြီ ထင်ပါရဲ့" မိန့်တော်မူသောကြောင့် စားတော်ဂန် ဦးခဲသည် ထ၍ တံခါးဖွင့်လိုက်လျှင် မိဖုရားကြီးများသည် ဦးဆံဖားလျားနှင့် ခြေတော်ရင်းသို့ ပြေးလာကြပြီး မင်းတရားကြီး၏ အရိပ်အကဲကိုကြည့်ရာ ရောဂါအတန် သက်သာသည်ကို မြင်ရသော ကြောင့် တစ်အားတက်သွားကြလေ၏။

"အလို ... မိမိတို့ ဘာဖြစ်လာကြသည်တုံး"

ခပ်သဲ့သဲ့ မေးတော်မူလိုက်သောအခါ မိဖုရားကြီးများမှာ ချုပ်တည်းအောင့်အီးခြင်းငှာ မစွမ်းနိုင်ရှာကြတော့ဘဲ ...

"ကယ်တော်မူပါဘုရား၊ ဖျာ့ကျွန်မတို့သားတွေ ဒုက္ခဖြစ်လို့ နေပါပြီဘုရား"

ငိုရှိုက်လျှောက်တင်ကြလျှင် ...

"တင်ကြစမ်းပါဦး၊ ဘယ်ပုံဒုက္ခမျိုး ဖြစ်ကြသလဲ၊ မိမိတို့ရဲ့"

မေးတော်မူရာ မိဖုရားများက ...

"ဖျာ့ကျွန်မတို့ သားတော်များကို အိမ်ရှေ့မင်းနှင့် မှူးတော်၊ မတ်တော်တို့က ခြေချင်း ရိုက်စွဲ၍ အကျဉ်းချုပ်ချ ထားသဖြင့် ကယ်တော်မူပါဘုရား"

လျှောက်တင်လျှင် မင်းတရားကြီးသည် ခေတ္တစဉ်းစားတော်မူကာ ...

"အိမ်ရှေ့မင်းက ... အိမ်ရှေ့မင်းက ... "

နားမရှင်းသည့်အလား နှုတ်တော်မှ ရေရွတ်ကာ အမိန့်တော်မဆက်ဘဲ ရပ်ဆိုင်းတော်မူနေ လျှင် ...

www.burmeseclassic.com

သက်ပန်းမိဖုရား။ "မှန်လှပါ၊ သားတော် သီပေါမင်းသား အိမ်ရှေ့မင်းနှင့် မှူးတော် မယ်တော်များက ဖျာ့ကျွန်မတို့ သားများကို ဖမ်းဆီးချုပ်နှောင်ထားပါပြီဘုရား"

ထပ်၍ လျှောက်တင်လိုက်သောအခါတွင် မမာတော်မူရာမှ သက်ပြင်းရှူလိုက်ပြီးလျှင် ...

"ဟင် ... ငါမသေသေးဘဲနှင့်ပင် သည်လိုဖြစ်ကုန်ကြပြီလား။ ကိုင်း ... ကိုင်း မှူးတော် မတ်တော်ကြီးများကို ငါ၏ ရှေ့တော်သို့ ခေါ်ကြစမ်းဟဲ့"

အမိန့်တော်ရှိရာ မည်သူမျှ သွား၍ မခေါ်ပံ့ဘဲ ရှိနေကြပြန်၏။

ထိုအခိုက်တွင် မှန်နန်းစနဆောင်၌ ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ဂန်ကြီးများ စီမံဆွေးနွေး လျက်ရှိရာသို့ အစောင့် အမှုထမ်းများ ရောက်လာပြီး မင်းတရားကြီးဘုရား၏ အဆောင် တော်တွင်းသို့ မိဖုရားကြီးများ ဖွတ်အတင်း တွန်းထိုးဝင်ရောက်သွားကြောင်း သတင်း ရောက်လာသောကြောင့် ...

"ဟော ... ဟိုမိန်းမတွေ ရှုပ်လို့ကုန်ပြန်ပြီ။ အပါးတော်ကို ကျွန်မတို့အားလုံး လိုက်သွားကြ မှ ဖြစ်မယ်"

ဆင်ဖြူမရှင် မိဖုရားကြီးက အမိန့်ရှိကာ ဂန်ကြီးများပါ အရေးတကြီးရောက်လာလျက် မင်းတရားကြီး၏ သလွန်တော် အပါးဝယ် ခစားမိကြလေတော့၏။

မင်းတရားကြီးဘုရားသည် သားတော်များအတွက် စိတ်ဆောင်တော်မူလျက်ရှိသော ကြောင့် ခါတိုင်းကဲ့သို့ ညှိုးညှိုး ခွေခွေ စံနေတော်မမူဘဲ အုံ့ဂန်းတော်ကိုမှီကာ မတ်မတ် ထိုင်တော်မူလျက် အသင့်ရောက်လာသော ဂန်ကြီးများကို လှမ်း၍ ရူစားတော်မူကာ ...

"ငါ မမာတော်မူရုံမျှ ရှိသေးလျက် ရက်စက်ကြေကွဲမှုတွေ ဖြစ်ကုန်ကြပြီလား။ မောင်ကင်း တို့၊ ဘယ်လို စံမံ ထားကြသလဲ"

အမေးတော်ရှိလျှင် ...

ကင်းဂန်မင်းကြီး။ "အရှင် မမာတော်မူချိန်၌ တိုင်းနိုင်ငံ အေးချမ်းသာယာမှုကို အရှင့် ကိုယ်တော်အစား ရွှေလွှတ်တော်ကြီးမှ ကျွန်တော်မျိုးက တာဂန်ကြီးလေးစွာ ထမ်းဆောင် နေရကြောင်းပါ။ ကာလံဒေသံ အဂ္ဂ ဆိုသည့်အတိုင်း ကြက်ဥအဆောင် တိမ်တောင်သဖွယ် မင်းရေးကျယ်လှသည့်အတွက် နိုင်ငံတော် အေးချမ်း သာယာမှုကို အဓိကထားလျက် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com

ရန်လက်စ ငြိမ်းတဲ့အောင်အခိုက်အလှည့် သင့်သလို ခေတ္တ ခဏ ကြံဆောင်ရ ခြင်း ဖြစ်ပါကြောင်းဘုရား"

ကျေးကျွန်သင်းပင်းတို့ပါ လိုသလောက် ခေါ်ယူ၍ ယနေ့နေ့ချင်း ညဥ့်ချင်း ချီတက် သွားကြရန်ဒ အမိန့်တော်မြတ် မှတ်တော်မူလေ၏။

မှူးတော် မတ်တော်ကြီးများလည်း အမိန့်တော်ကို ဦးထိပ်ရွက်လျက် အဆောင် တော်အပြင်သို့ ထွက်ခဲ့ကြရာ မိဖုရားများလည်း သားတော်များအတွက် ဂမ်းမြောက် ဂမ်းသာနှင့် မိမိတို့ အဆောင်တော် ရှိရာသို့ ပြန်လာခဲ့ကြရာလေသတည်း။

ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ဂန်ကြီးများလည်း မှန်နန်းစနဆောင်တွင် ခေါင်းချင်း ရိုက်မျှ ဆွေးနွေး တိုင်ပင်ကြပြန်လေ၏။

ဆင်ဖြူရှင်။ " အမိန့်တော်အတိုင်း ကြေးတိုက်တော်က မင်းသားများကို ဘုရင် ခံခန့်အပ်တော်မူတဲ့ အမိန့် ကို ပြန်ပါစေ"

ကင်းဂန်။ " ဘုရင်ခံခန့် အမိန့်တော် ပြန်ပြီးလျှင် အချုပ်အနှောင်မှ လွှတ်ရပါလိမ့်"

ဆင်ဖြူမရှင်။ "ဟုတ်ပါသည်၊ အချုပ်အနှောင်မှလွှတ်၍ အမိန့်တော်အတိုင်း စရိတ်ငွေတော တွေလည်း အမြောက်အမြား ထုတ်ပေးရပါလိမ့်မည်။ နေ့ချင်း ညဥ့်ချင်း ခရီးထွက်ရမည် ဖြစ်တဲ့အတိုင်း သူတို့ မြောက်သား ကြင်ရာတော်များ၊ ညီတော်နမတော်များ၊ ကျေးတော် ကျွန်တော်မျိုးများကိုလည်း ခေါ်လိုရာ ခေါ်နိုင်ရန် မယ်တော်မိဖုရားများကိုလည်း နှုတ်ဆက် ကန်တော့ရန် အတွင်းဂန်မင်းတို့က အမြန်ဆုံး စီမံဆော်ဩ၍ ပေးလိုက်ကြပါ။ အင်္ဂလိပ် သံထဲက အောက်မြစ်စဉ် ဘုရင်ခံလောင်း ညောင်ရမ်း မင်းသားကိုပါ သွားရောက်ခေါ်ယူ အကြောင်းကြားပါ။ လာသည် မလာသည်မှာ သူ့သဘောပ"

ဂန်ကြီးမင်းများသည် ဆင်ဖြူမရှင် မိဖုရား၏ ထူးခြားသော အမိန့်တော်ကို မစဉ်းစား တတ်အောင် ရှိကြသဖြင့် ခပ်မဆိတ် ငြိမ်သက်လျက် ရှိကြလေ၏။ တိုင်းတာမင်းကြီးမှာ မမျိုသိပ်နိုင်အောင် ရှိလာသော ကြောင့်.....

" ဘဂရှင်မင်းတရားကြီး သလွန်တော်ပေါ်မှ ချမှတ်မူလိုက်တဲ့ အမိန့်တော်အတိုင်း သာဆိုလျှင် ဒီဘုရင်ခံမင်းသားကြီး သုံးပါးက ကျွန်တော်မျိုးတို့ နေပြည်တော်ကြီးကို သည်အတိုင်း အဝေးက အလှ ကြည့် နေကြမည် ထင်ပါသလားဘုရား"

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ပေါ် လျှာသွက်နှင့် ကန့်ကွက်တင်လျှောက်လိုက်သည်တွင် ဆင်ဖြူမရှင် မိဖုရားကြီးက တည်ငြိမ်စွာ ပြုံးတော်မူလိုက်ပြီး....

" ဘဂရှင်မင်းတရားကြီး၏ အမိန့်တော်အတိုင်း ဆောင်ရွက်ဖို့က ဘဂရှင်ဘုရားထံ မှာ ကျေးဇူး သစ္စာ တော်ခံထားကြတဲ့ မင်းကြီးတို့ရဲ့တာဂန် မဟုတ်ပါသလား၊ ကျန်သည့် လုပ်ရေးကြံရေး ကိစ္စ အရပ်ရပ် တို့ကို ဆက်လက်လုပ်ကိုင်ရန် ရွှေလွှတ်တော်ကြီးက နောက်ထပ်၍ အမိန့်သတ်မှတ်ပြီး အင်အားကြီးမားတဲ့ လက်နက်ကိုင် စစ်သည်တော် များကို အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အခါကာလအလျောက် ဆောင်ရွက်ကြရန် လျှို့ပှက်စီမံထားရလိမ့်မယ်။

သည့်အတွက်လည်း အခက်အခဲမရှိရလေအောင် အကျဉ်းထောင်က မင်းသားများကို ကြေးတိုက်တော်က ထုတ်ယူ၍ မြောက်ဥယျာဉ် တော်အတွင်းမှာ သူတို့၏ သား မယား ကျေးကျွန်များနှင့် တွေ့ဆုံ ပေးရ လိမ့်မည်။ သူတို့၏ မယ်တော်များကိုလဲ ခရီးထွက်မည့် သားတော်များကို နှုတ်ခွန်းဆက်သကြရန် မြောက်ဥယျာဉ် တော်မှာပင် ကျယ်ကျယ်ဂန်းဂန်း တွေ့ဆုံတော်မူကြပါစေ၊ သည့်နှယ်မှ သူတို့၏ နောက်လိုက် နောက်ပါ အလုံးအရင်း အဆက်အသွယ် ရှိသမျှကို တစ်စုတည်း တစ်ရုံးတည်း ကျွန်မတို့လက်ဂယ် ရောက်ရှိနိုင်ကြမည် မဟုတ်ပါလား"

ဤတွင်မှ တိုင်းတာမင်းကြီးနှင့်တကွ စိတ်ဒွိဟဖြစ်နေကြသော မှူးတော် မတ်တော်ကြီးများလည်း ဆင်ဖြူမရှင် မိဖုရားကြီး၏ အကြံဉာဏ်ကို ရိပ်စားမိသဖြင့် စီမံခန့်ခွင့်ရှိသမျှ အမိန့်ချမှတ်ရန် တီးတိုး လေသံ ဖြင့် ထပ်မံဆွေးနွေး တိုင်ပင် နေကြပြန်လေ၏။

ဘဂရှင်မင်းတရားကြီးသည် မကျန်းမာတော်မူရာကပင် သားတော်များ၏ အရှုပ်အထွေး ပြဿနာကြီးကို သလွန်တော် ပေါ်မှနေ၍ ဖြေရှင်းပေးတော်မူလိုက်ပြီးနောက် ရောဂါဝေဒနာ တော်မှာ တိုးတက် ဖိစီး တော်မူလာလေ၏။

ဆင်ဖြူမရှင် မိဖုရားကြီးသည် ဤတစ်ကြိမ်၌ မင်းတရားကြီး စံတော်မူသည့် မှန်နန်း ဆောင်တော်တွင်းသို့ အခြားမိဖုရားသားတော်၊ သမီးတော်၊ မှူးတော် အဂင်အထွက် မရှိစေရ၊ အပြင်လူ မဂင်ရ၊ အတင်း ရောက်နေသူလည်း အဆောင်တော်အပြင်သို့ မထွက်ရဘဲ ကျပ်တည်းစွာ တားမြစ်ပိတ်ပင်ထားရုံမက ဆင်ဖြူ မရှင် မိဖုရားကြီး ကိုယ်တိုင်လည်း မင်းတရားကြီး၏ သလွန်တော်အနီး၌သာ ကိုယ်ဖိ ရင်ဖိ ပြုစု လျက် ရှိလေသည်။

အပြင်မထွက်ရဘဲ အဆောင်တော်အတွင်းသို့ ရောက်ရှိနေရသူများကား သားတော်မထွန်းကားသည့် မိဖုရားများဖြစ်ကြသော တောင်ဆောင်တော်မိဖုရား၊ စိန်တုံးမိဖုရား၊ လက်ပန်စဉ်မိဖုရား၊ သရစိန်မိဖုရား၊ လဲချားမိဖုရား၊ သနစ်စစ်မိဖုရား၊ အနိုပ်တော်ဘလဲ့ ရွှာစားနှင့်

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ်ကျွန်းသား ဆေးသမား သာရာ လကၤာရ တို့သာ ရှိလေရာ ၎င်းတို့ကိုယ်တိုင်ပင် အပြင်မှ အဆက်အသွယ်ကင်းပြတ်လျက်ရှိသောကြောင့် မည်သည့် အကြောင်းကိစ္စထူးမျိုးကိုပင်ဖြစ်စေ မသိနိုင်ရှိကြလေသတည်း။

ကြေးတိုက်တော် အတွင်းမှ မင်းသားများသည် အကျဉ်းမှလွတ်၍ ဘုရင်ခံခန့် အပ်လွှာဖြစ်သော ခမည်းတော်ဘုရား၏ အမိန့်တော်မြတ်ကို နာခံရသော အချိန်အခါတွင် ရာဟုအသူရိန်လက်မှ လွတ်ကင်း ရသော လဂန်းပမာ ဂမ်းမြောက် ဂမ်းသာ ဉယျာဉ်တော်အတွင်းသို့ ရောက်ရှိလာကြပြီးလျှင် ဖမ်းဆီးခြင်း ခံရသည့် အချိန်အခါကစ၍ ပူပင်သောကမအေး ဖြစ်လျှက်ရှိကြသော မယ်တော်များ၊ ကြင်ယာ မြောက် သားတော်များ၊ ညီတော်၊ နမတော်၊ ခြွေရံကျေးကျွန်များနှင့် အားရဂမ်းသာ နှုတ်ခွန်းဆက်စကား ပြောကြားလျက် ခရီးထွက်ရာတွင် လိုက်လိုသူ၊ မလိုက်လိုသူတို့ကို ဆိုင်ရာ ဆိုင်ရာ မေးမြန်းဆွေးနွေးလျက် ရှိကြလေ၏။

မက္ခရာမင်းသားကြီးနှင့် သုံးဆယ်မင်းသားကြီးတို့မှာ အချုပ်မှ လွတ်မြောက်လာကြ

သော ညီတော်များကို ဦးစီးဦးဆောင်ပြုကာ မယ်တော်များနှင့် ဆွေးနွေးလျက် ရှိကြလေရာ...

မက္ခရာမင်းသားကြီး။ "မသမာသူတို့ အစီအမံကို မယ်တော်ဖျားများ စွန့်စားကြိုးပမ်း အချုပ်အနှောင်မှ လွတ်မြောက်ရုံမကဘဲ ဘုရင်ခံရာထူးများလည်း ခံရပါပြီ။ သည်တော့ မယ်တော်ဖုရားများလည်း နေပြည် တော်မှာ နေလျှင် ရန်များဖွယ်မြင်ပါတယ်၊ သားတော် များနှင့်အတူသာ လိုက်ပါတော် မူကြပါ ဘုရား"

သုံးဆယ်မင်းသား။ " မယ်တော်များ သာမက ညီတော် ၊ နမတော် များလည်း လိုက်ပါ တော်မူလိုကြပါ သလား"

ညီးတော်များ။ " ဖျကျွန်တော်တို့သည်မှာ မျက်နှာငယ်နှင့် မနေရစ် ပါရစေနှင့် နောင်တော်ကြီးများ နောက်တော် သို့ လိုက်ပါရစေဘုရား"

ခုနစ်ရွာ တိုက်စားမယ်တော်။ " မောင်တို့ခမည်းတော်ဖုရား မမာတော်မူနေဆဲကို၊ မယ်ဖျားတို့က စွန့်ခွာပြီး သားတော်များနောက် မလိုက်ရအောင် ရှိကြ တော့တယ်၊ မောင်တို့ရယ်"

လင်းပန်းတိုက်စားမယ်တော်။ "သားတော်တွေ ရာထူးဌာန္တရ ရှိကြသဖြင့် မယ်တော်တွေက ငါ့ကို စွန့်ပစ် သွားကြတယ်လို့ ဘဂရင်ဘုရား အထင်တော် မှားမည်ကိုလည်း စဉ်းစားစရာပဲ သားတို့ရယ်"

www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ်မင်းသားကြီး။ "သည်အရေးကိုတွေးလိုက်ပြန်လျှင်လည်း မယ်ဖုရားများ နောက်ဆံငင်တော်မူစရာပါပေပဲ။ သို့ရာတွင် သားတော်များကဖြင့် မယ်ဖျားတို့ကို ထားခဲ့ရသည်မှာ စိတ်မချစရာကိစ္စတစ်ရပ်ကယ်လို့ ယူဆပြီး တစ်ပါးတည်း ခေါ်ဆောင်လို့သာ သွားလိုပါသည်ဘုရား"

မက္ခရာ ။ " မယ်ဘုရားများအား သူတို့လုပ်ရေးကိုင်ရေး ခက်အောင် ခမည်းတော်ဘုရား ရွှေနားတော်ကြား လျှောက်တင်မူနှင့် ရန်လိုမှု အပြစ်ရှာကြံပြီး နော်ကတစ်ခါ အန္တရာယ်ပြုခြင်း ခံရလျှင် ရေတိမ်မှာ နစ်ရ ပါ လိမ့်မည်ဘုရား"

သက်ပန်းမယ်တော်။ " မောင်တို့တစ်တွေ အကျဉ်းအကျပ်မှ လွတ်ကင်းပြီး ရာထူးစည်းစိမ်ပျက်အသက် ရှည်စွာ နေရသည်ကိုပင် ဂမ်းသာလှပါပြီ၊ မယ်ယိတော်များတော့ အသက်လည်းကြီးပါပြီ မောင်တို့ ရယ်။ ဖြစ်ချင်ရာသာ ဖြစ်ပါစေ"

သုံးဆယ်။ " မယ်ဖျားတို့ရဲ့ ဘေးအန္တရာယ်ကို သိလျက်သားနှင့်ဖြင့် မထားခဲ့နိုင်အောင ရှိပါတော့သည် ဘုရား။ ကြိုးစားလို့ သံယောဇဉ်ကို ဖြတ်တော်မူပါ"

သားတော်ငယ်များ။ " ခမည်းတော်ဘုရားလည်းသက်တော်ကြီးလှပါပြီ။ ဒီဧဒနာတော်မှာလည်း လွန် မြောက်တော် မမူနိုင်မည့်အတူ အန္တရာယ်မကင်းတဲ့ ဌာနမှာ စံတော်မမူကြပါနှင့်တော့။ ခမည်းတော် ဘုရားကို အပေးကသာ မေတ္တာပို့လို့ နေတော်မူကြပါ စို့ ဘုရား"

မက္ခရာမင်းသား။ " မယ်တော်များ မပါလျှင် သားတော်များသွားရာမှာ မဖြောင့်နိုင်အောင်ရှိပါတော့မယ်၊ လိုက်တော်သာမူခဲ့ကြပါဘုရား"

ထိုအချိန်တွင် ဓားဖွေးဖွေး လှံပြောင်ပြောင်နှင့် များမြောင်သော စစ်သည်တော် များသည် မြောက်ဥယျာဉ် တော်၏ အရပ်ရှစ်မျက်နှာမှ ဘွားခနဲ ပိတ်ဆို့ပိုင်းရံ ထားလားကြသဖြင့် သားမယ်တော်တစ်စုမှာ ရုတ်ချည်း ပူပင် ထိတ်လန့် ဖြစ်သွား ကရပြန်လေ၏။

လွှတ်တော်ကြီးက အမိန့်ဖြင့် မင်းသား၊ မင်းသမီးများနှင့် ခြွေရံသင်းပင်း တို့ကို ပြန်လည်ဖမ်းဆီးကြောင်း သိကြရသောအခါ မလှုပ်နိုင်၊ မပြေးနိုင် ကြံရာမရ ရှိကြတော့၏။ အချို့မင်းသားများ၏ ကျေးကျွန်များမှာ မခံချိ မခံသာ ဖြစ်လှသော်ကြောင့် စည်းလုံးမိသမျှ အင်အားစု၍ ခုခံထွက်ပြေးမည် ကြံကြသော်လည်း မင်းသမီး ကလေး များနှင့် မိဖုရားများရှိနေသောကြောင့် အကြမ်းဖက်ပါက မိမိတို့ဘက်ကသာလျှင် နာတော့မည်ဟု မနိုင်သည့်အတူ မာန်လျော့၍ နောက်တစ်ကျော့ ဖမ်းဆီးချုပ်နှောင်ခြင်းကို စုလိုက် အုပ်လိုက် ခံလိုက်ကြရပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤအကြိမ်တွင် မင်းသားများ၏ မယ်တော်များ၊ နမတော်၊ ညီတော်၊ ကြင်ရာမြောက် သားတော်၊ ကျေးကျွန် အခြွေအရံများသာမက မင်းသားများနှင့် ဆက်သွယ်ကြသူ၊ ဆွေမျိုးမကင်းကြသူများဖြစ်သော သုံးဆယ် မင်းသား ဦးရီးတော် (မယ်တော်၏မောင်) ဇန်းမော်အတွင်းဝန် ဦးဘိုး၊ ရနောင်မင်းသား၏ ဦးရီးတော် ၊ ရေနံ့သာမြို့စားမင်းသား ဦးရွှေမောင်၊ တပယ်မြို့စား မင်းသား မောင်မောင်ဘ၊ မြင်းစုကြီးဝန် ဦးတက်တူ၊ ရန်ကုန်ဝန် ဦးအုပ်တို့နှင့်တကွ အလားတူ ပုဂ္ဂိုလ်အမြောက်အမြားကို လက်တံရှည်သမျှ လှမ်းဆွဲ ဖမ်းဆီးကာ ထောင်အကျဉ်းချထားလေရာ ထိုအသုတ်တွင် အင်္ဂလိပ်သံတဲ၌ ခိုဝင်ရောက်ရှိ နေသော ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား တို့ကိုလည်း အမိန့်တော်ခန့် လွှာနှင့်တကွ မှူးမတ်များ အကြိမ်ကြိမ် သွားရောက်ခေါ်ယူသည့်တိုင်အောင် မလိုက်လာကြ သဖြင့် လက်လျှော့၍ ပြန်ခဲ့ကြရလေ၏။

ကြေးတိုက်တော်အတွင်းသို့ ဒုတိယအကြိမ် ရောက်ရှိလာကြသော မင်းသားများမှာ ယခုအကြိမ်တွင် မယ်တော်များ၊ ကြင်ရာမြောက်သားတော်များ၊ နမတော်၊ ညီတော်၊သားတော်၊ သမီးတော်များသာမက အခြွေအရံများပါ တစ်စုတရုံးတည်း မြုံးမိသော ငါးကဲ့သို့ ချုပ်နှောင်ဖမ်းဆီးခြင်း ခံရသောအခါ ကြံရာမရအောင် ဖြစ်ရပြန်လေ၏။

အချို့မင်းသားများ၏ ကြင်ရာတော်များမှာ မျက်နှာသန့်စင်ပြီးစ သွေးသားနုလှသော မီးတွင်းရက်ဖြစ်လျက် နှင့်ပင် ဖမ်းဆီးထားရာတွင် ရောနှောပါလာလေရာ အချင်းချင်းပင် ပိုင်းဝန်းပြုစု ယုယ၍ နေကြ ရတော့၏။

သားတော်များ ဖမ်းဆီးချုပ်နှောင်ထားရာ ကြေးတိုက်တော်မှာ အလွန်တရာ လုံခြုံခိုင်ခန့် လှသော ကြောင့်လည်း လွတ်မြောက်ထွက်ပြေးနိုင်မည့်နည်းလမ်း မရှိ သလောက် ဖြစ်ရလေ၏။

ကြေးတိုက် အကျဉ်းထောင်မှာ မင်းညီမင်းသားနှင့် နန်းတွင်းမှ ရာဇဝတ်သင့်သူ၊ ရာဇဝတ်သားများအတွက် သီးသန့် ဆောက်လုပ်ထားသော အဆောက်အအုံတစ်ခုဖြစ်ရာ လူတစ်ဖက်စာမျှတုတ်သော ကျွန်းသား တိုင်ရှည် ကြီးများကို ထိပ်ဘက်မှ အချွန်ပြုလျက် တစ်ခုနှင့်တစ်ခု ထိကပ်ကာ မြေတွင်စိုက်ထောင်ပြီး ရန်ထား သော သစ်တပ်မြို့ရိုးသဖွယ် ရှိ၍ အတွင်းဘက်တွင် အုတ်အင်္ဂတေအခင်းပြုလျက် လယ်ပေါ်စကြော နှစ်ထပ်အမိုးဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးတွင် အကျဉ်းချထားသူတို့ နေထိုင်ရာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

အုတ်ခုံ အုတ်ကာ ကြေးတိုက်အဆောက်အအုံကြီး အတွင်းမှာ ပြွတ်သိပ်ပြွတ်ခဲ ဖမ်းဆီး ထည့်သွင်းထားခြင်း ခံရသော မင်းသား၊ မင်းသမီးများအနက် စိတ်ငယ်သူ မိန်းမသားများမှာ လွတ်မြောက်ရေးကို တွေးတော မျှော်လင့်၍ တငိုငို တရှိုက်ရှိုက် ဖြစ်နေရှာကြလေ၏။

တချို့ထက်မြက်သော မင်းသားကြီးများမှာ ရာဇက္ကန္ဒြေမပျက် ယခုကဲ့သို့ ခဏခဏ ဖမ်းဆီး ချုပ်နှောင်ထားခြင်းထက် မြန်မြန်ထက်ထက် သေရသည်က မြတ်သေးသည်ဟု သီပေါမင်းသားနှင့် မယ်တော်လောင်းရှည် မိဖုရားတို့၏ ငယ်ကျိုးငယ်နာကို ထုတ်ဖော်ရေရွတ် ဆဲဆိုကာ တောက်တခေါက်ခေါက်နှင့် စကြံ့ လျှောက်၍ နေကြလေ၏။

သားတော် သုံးဆယ်ကိုယ်တော်ကြီးကား အခြားသော မင်းညီမင်းသားတို့ကဲ့သို့ ရေရွတ်မြည်တွန်ခြင်းမရှိ။ မိမိလက်ရုံးရည်စွမ်းအားကို ယုံကြည်ကိုးစားတော်မူသည့် ယောကျ်ား အာဇာနည်တစ်ပါးဖြစ်သည့်အားလျော်စွာ မြင့်မားလှသော သစ်တိုင်အကာအရံ ကြီးအနီးတွင် စကြံလျှောက်လျက်ရှိရာမှ ဝေဒနာ ကပ်ရောက်လျက်ရှိသော ခမည်းတော် ဘုရား၏ စေတနာတော်ကိုလည်းကောင်း၊ မျိုးတော် မတ်တော်ကြီးများနှင့် ဆင်ဖြူမရှင် မိဖုရားကြီးတို့က လွှတ်တော်ကြီးကို ကြိုးကိုင်ပြု၍ နေသည် ကိုလည်းကောင်း၊ မလှုပ်တတ်သည့် ညီငယ် သီပေါမင်းသားက မိမိတို့အား ဖမ်းဆီးချုပ်နှောင်ထားပြီးမှ အိမ်ရှေ့ဥပရာဇာ လုပ်နေသည်ကိုလည်း မချင့်မရဲဖြစ်က မတရားမှုမှန်သမျှကို လက်ရုံးအားကိုး တွန်းလှန်ဖြိုဖျက်ရန် သန္နိဋ္ဌာန်ချလျက် ဤအချုပ်အနှောင်မှ လွတ်မြောက်အောင် ရုန်းထွက်မည်ဟု ပိုင်းဖြတ် တော်မူလိုက်လေ၏။

သုံးဆယ်မင်းသားကြီးသည် မိမိလက်ရုံးရည်နှင့် သတ္တိဗလကို ယုံစားတော်မူကာမြင့်မား၍ အဖျားချွန်ထားသော သစ်တိုင်အကာအရံကြီးကို ခုန်လွှားကြည့်လျှင် လွယ်ကူစွာ လွတ်မြောက်ခဲ့လေ၏။

သို့ လွယ်ကူစွာ လွတ်မြောက်ခဲ့ရာတွင် မိမိတစ်ကိုယ်ကောင်း အလွတ်ရုန်းတော်မမူရက် နိုင်ဘဲ ကြေးတိုက် ထဲတွင် ကျန်ရစသေား နှောင်တော်၊ ညီတော်များကို ငဲ့ညှာလျက် အတွင်းဘက်သို့ ပြန်၍ ခုန်ကျော် ဝင်ရောက်ခဲ့ပြီးလျှင် ညီတော်များကို တစ်ပါးပြီးတစ်ပါး သယ်ယူမည်ဟု အကြံပြုလျက် ရှေးဦးစွာ ညီတော် တစ်ပါးကို ထမ်းခါ သစ်တိုင်၏ အပြင်သို့ ခုန်ထွက်လိုက်လေ၏။ လူမှာ ပေါ့ပါးစွာ လွတ်မြောက် သွားပါသော်လည်း ရုတ်တရက် ခါးတောင်းကျိုက်ပြေလျက် ပုဆိုးအိတ်ထောင်စ တစ်ဖက်သည် ချွန်ထားသော သစ်တိုင်ဖျား နှင့် သွား၍ငြိတွယ်သောကြောင့် တစ်ဖက်မြေပေါ်သို့ မရောက်ခင် ပုဆိုးစ တစ်ဆုံး တွင် တန်းလန်းဆွဲထားသည့်အသွင် မတင်မကျ ဖြစ်နေလေ၏။

ထိုအချိန် အခိုက်အတန့်ကလေးမှာပင် သစ်တပ်အပြင်မှ ကင်းလှည့်လာသော အစောင့် အနေတို့နှင့် ပက်ပင်း ပါသွား၍ တိုးမိလေရာ ပြန်လည်ဖမ်းဆီးမိရှာရတော့သည်။ ဤတွင် လည်း သစ်တပ်ပတ်လည်တွင် အစောင့် အရှောက်များ ရှေးကထက် တိုး၍ထားခြင်း၊ မင်းသားများကို

www.burmeseclassic.com

www.burmeseclassic.com

ခြေချင်းရိုက်စွဲခြင်းများ ထပ်မံပြုကြ တော့ရာ လွတ်မြောက်ရေးအတွက် မလှုပ်မယှက်နိုင်အောင် ငြိမ်လျက် နေကြရရှာတော့၏။

မိဖုရားများ သမီးတော်များမှာ တစ်နေ့တစ်ခြား စိတ်ငယ်ကြောက်ရွံ့လျက် ကယ်မည့်သူကို စောင့်စား၍ ဘုရား တရား ကိုသာ အာရုံပြု၍ နေရှာကြ၏။ ယခင်တစ်ကြိမ်ကကဲ့သို့ မင်းတရားကြီးရွှေနားတော် ပေါက်ကြား အောင် လျှောက်ထားသံတော်ဦးတင်ပေးမည့် မိဖုရားကြီးများမှာလည်း ကြေးတိုက်တော် ထဲတွင် ရော်ကနေသူနေ၍ အချို့အပြင် အိမ်တော်တွင် ကျန်ရစ်သည့် မင်းသားကြီးများ၏ မြောက် သားတော်၊ ကိုယ်လုပ်တော်များ၊ သားတော် သမီးတော်များမှာလည်း အထောက်တော်များနှင့် လိုက်လံဖမ်း နေသည့်ဘေးမှ ကင်းဝေးရာ အောက်ပြည်အောက်ရွာသို့ ရုပ်ဖျောက် ထွက်ပြေးကြရရှာသောကြောင့် အပြင် မှနေ၍ ကူညီဖေးမမည့်သူ လုံးဝကင်းဝေးလျက်ရှိရာ တစ်နေ့သောအခါတွင် ကြေးတိုက် တော်အတွင်းမှ အချိန်မှန် ကြားနေကြဖြစ်သော ပဟိုစည် ဓာတ်စည်သံများ ရုတ်တရက် ရပ်စဲပြီး တစ်ခါတည်း ကြားရတော့ သဖြင့် ခမည်းတော်မင်းတုန်းမင်းတရားကြီး လူ့ပြည်ငြီး၍ နတ်ထီးစံကြောင်း အလိုလိုသိရှိကာ မိမိတို့ လွတ်မြောက်ရန် အရေးအတွက် ခမည်းတော် ကို အားထားမျှော်လင့်နေကြရှာသူများမှာ ဤတွင်မှ ရွှေတောင်ကြီးပြို၍ ခိုစရာမဲ့ကြပြီဟု ပြင်းပြစွာ အော်ဟစ်ငိုကြွေးလျက် ရှိကြရှာလေသတည်း။

ပဥ္စသင်္ဂါယနာတင် ဘဂရှင်မင်းတုန်းမင်းတရားကြီးသည် ရောဂါတော်တိုးသည်မှ အစ သက်သာတော်မူခွင့် မရတော့ဘဲ ၁၂၄၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်၊ အင်္ဂါနေ့ နှစ်ချက်တီးကျော်အချိန်တွင် နတ်ရွာစံတော်မူလေသတည်း။

နတ်ရွာစံတော်မူသောအခါ မင်းတရားကြီး၏အလျင် နတ်ရွာစံတော်မူပြီးသော အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်သော စကြာဒေဝီ မိဖုရားခေါင်းကြီးတွင် သားတော် သမီးတော် ထွန်းကားခြင်း မရှိသော်လည်း ဒုတိယမြောက် မိဖုရားခေါင်ကြီး ဆင်ဖြူမရှင် မိဖုရားကြီးနှင့် တကွ ဆောင်ရ နန်းရ မိဖုရားပေါင်း ၄၉ပါးမှ သားတော်ကြီးငယ်ပေါင်း ၅၄ပါး၊ သမီးတော် ပေါင်း ၆၀၊ မြေးတော် ယောကျာ်ပေါင်း ၃၈၊ မြေးတော် မိန်းမပေါင်း ၄၅ပါးမျှရှိရာ အရွယ် တော်ရောက်ပြီးသော မောင်ကြီးမရှိသူ သမီးတော်အချို့နှင့် ကလေးအရွယ်မျှသာ ရှိသေး သော သားတော်ငယ်ကလေး အချို့သာလျှင် နန်းတော်ပေါ်၌ ညှိုးငယ်စွာ ကျန်ခဲ့လေ၏။

သားတော်ကြီး၊ သမီးတော်ကြီး၊ မြေးတော်ကြီးများမှာ ကြေးတိုက်တော် အကျဉ်းထောင် အတွင်း ရောက်ရှိနေရာ အပြင်အိမ်တော်တွင် ကျန်ရှိသေးသော သမီးတော်များ၊ မြေးတော် များမှာ နယ်ပယ် ရပ်ခြားသို့ ရုပ်ဖျောက် ထွက်ပြေး၍ အသက်ဘေးလွတ်အောင် တိမ်းရှောင် နေရှာကြရသောကြောင့် မင်းတုန်း မင်းတရားကြီး၏ ရုပ်အလောင်းတော်ကို ဖူးမြော်ခြင်းငှာ နေပြည်တော်ကြီး၏ အနီးအပါးသို့ပင် မကပ်ပံ့ ကြရှာပေ။ အသက်ဘေးကြောင့် ပုန်းကွယ် နေရသူ အချို့မှာလည်း ခမည်းတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

မရှိသည့်အတူ ရောက်လေရာအရပ်သို့ ထွက်သွား၍ တစ်ဂမ်းတစ်ခါး ရုပ်ဖျောက်လုပ်ကိုင် စားသောက်တော့မည်ဟု နလုံးပြုကာ ဖေးနိုင်သမျှ ဖေးရာသို့ ပြေးရှာကြလေသတည်း။

ရွှေနန်းစဉ်လာ ထုံးတမ်းအရ ဘုရင်မင်းတရားကြီး နတ်ပြည်စံတော်မူသည်နှင့် တစ်ပြိုင်နက်တစ်ချက်တည်းပင် ပဟိုရ်စည်, ဓာတ်စည်တို့ တီးမြည်ခြင်းမှ ရပ်ဆိုင်းထားရလေရာ သာယာပျော်ရွှင်ဖွယ် ကောင်းသော နေပြည်တော်ကြီးတစ်ရပ်လုံး ပဟိုရ်စည်သံပျောက်၍ ခြောက်ကပ်ဆိတ်သုဉ်းလျက် ရှိလေတော့၏။

သာသနာ့ ဂန်ထမ်း ရဟန်းနှင့်တကွ တိုင်းသူပြည်သားများမှာ ဘုရင်မင်းမြတ်ကြီး နတ်ရွာစံရာသည့်အတွက် ဂမ်းနည်း ပက်လက် ဖြစ်ကြရရုံတွင်မက နောင်ခါနောင်ရေး ရှုပ်ထွေးလာ မည့်နန်းတွင်းကိစ္စ အဂ္ဂ တို့ကိုလည်း မျှော်ဆတွေးတော၍ စိတ်မောလျက် ရှိလေ၏။

မှန်နန်းဆောင်တော်ကြီး အတွင်းမှာကား မိဖုရား မောင်းမ ကိုယ်လုပ်တော်တို့၏ တသ ငိုကြွေးသံသည် ဆူညံလျက် ရှိလေ၏။

ဘုရင်မင်းတရားကြီး နတ်ရွာစံသောနေ့တွင် အိမ်ရှေ့ဥပရာဇာသည် ရွှေနန်းတော်သို့ ပြောင်းရွှေ့ကာကြီးကဲ အုပ်ချုပ်ရသည့် အစဉ်အလာအတိုင်း သားတော် သီပေါမင်းသား အိမ်ရှေ့ ဥပရာဇာသည်လွှတ်တော် မြောက်ဘက်ရှိ စံနေရာအိမ်တော်က ရွှေနန်းတော်ကြီး သို့ ပြောင်းရွှေ့စံနေတော်မူရန်မှူးတော်, မတ်တော် တို့က တင်လျှောက်သဖြင့် တောင်စမုခ် ဆောင်၏ အရှေ့ဘက်ရှိ ညီလာခံပန်းခုံစံနန်းတော်သို့ ပြောင်းရွှေ့စံနေတော်မူလျက်ရှိစဉ် ဂန်ကြီး၊ အတွင်းဂန်၊ မှူးမတ်တော်အများ စုံညီစွာ စုရုံးသွားရောက်ပြီးလျှင် ခမည်းတော် မင်းတရားကြီးဘုရား၏ အရိုက်အရာတော် ရွှေထီးရွှေနန်းနှင့် တိုင်းနိုင်ငံ အလုံးကို သိမ်းကျုံး အုပ်စိုးတော်မူပါမည့်အကြောင်း ထုံးပဟောင်းလမ်းစဉ်အတိုင်း တင်လျှောက် ကြပြီး နောက် ရွှေနန်းစဉ်လာအရ မှန်နန်းတော်သို့ ထွက်ကြတော်မူပြီးလျှင် ခမည်းတော်ဘုရား အရိုက် အရာတော် ရွှေထီးရွှေနန်း တိုင်းပြည်အလုံး သိမ်းမြန်းစိုးစံ လက်ခံတော်မူကြောင်း အမိန့် တော်ကို မှတ်ရလေ သတည်း။

ထိုအခါတွင် လက်သုံးတော် လူယုံတော် မောင်မောင်တုတ်သည်လည်းကောင်း၊ မိမိ အရှင် သခင် အိမ်ရှေ့ ဆောင်နှင်းခံရသည့် သတင်းကို ကြားလျှင်ကြားချင်း အူယားဖယား ဂမ်းသာ အားရ ပြေးရောက်လာသော မောင်မောင်ငယ် သည်လည်းကောင်း သီပေါမင်းသား၏ နောက်ပါးမှ ရွှေနန်းတော်ထက်သို့ ရောက်ရှိ နေကြ လေ၏။

သီပေါမင်းသား အိမ်ရှေ့မင်းက မောင်မောင်တုတ်မှာ လက်ရုံးရည်ဖြင့် အမှုတော်ထမ်း လျက်သွက်လက် ချက်ချာလှ၍ အခွင့်အရေးကြုံသမျှ နေ့ညဥ့်မပြတ် ဆောင်ရွက်ရသော် လည်း နလုံးရည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

အမှုထမ်းသူ မောင်မောင်ငယ် ကိုမူကား မကျန်းမာသေးဟူသော အရိပ် နှင့် အိမ်သို့ ညဥ့်အချိန်ပြန်စေ၍ နံနက် ညီလာခံ သာလျှင် လာခွင့်ပြုထားလေသတည်း။

ဘုရင်မင်းတရား၏ အလောင်းတော်မှာ ရွှေဘုံနိဒါန်း ထုံးထမ်းစဉ်လာအတိုင်း ခမ်းနား ကြီးကျယ်စွာ ပြင်ဆင်လျက် မှန်နန်းတော်အလယ် ရာဇပလ္လင်တော်ရှေ့တွင် ရွှေသား ကျောက်စီသလွန်တော်ပေါ်၌ တင်ထားပြီးလျှင် ဆင်ဖြူမရှင် မိဖုရားကြီး၏ သမီးတော် မိုင်းနောင်စုဖုရားကြီး၊ မြတော်စုဖုရားလတ်၊ ရမည်းသင်း စုဖုရားကလေး၊ အိမ်ရှေ့ဥပရာဇာ သီပေါမင်း၏ အစ်မတော် ပခမ်းကြီး။ စုဖုရားနမတော် မိတ္ထီလာစုဖုရားစသော သမီးတော် များက ဦးဆောင်ပြ၍ အခြားသော သမီးတော်များပါ ရွှေသားယပ်ရိုးရှည် ဒေါင်းမြီး ရှည်များ နှင့် ခမည်းတော်ဘုရား၏ အလောင်းတော်ကို ယပ်လေလှဲခတ်ကာ ညှိုးငယ်ဂမ်းနည်းစွာ ခံစားချက် ရှိတောမူကြလေ၏။

ခမည်းတော်မင်းတရားကြီး၏ အလောင်းတော်အနီးတွင် မပြတ်ရှိနေသည့် သမီးတော် များအနက် ဂမ်းနည်း ကြေကွဲတော်အမူဆုံး သမီးတော်မှာ တစ်ပင်တိုင်နန်းဖြင့် ခမ်းနားကြီး ကျယ်စွာ သူကောင်း ပြုမြှောက်စား တော်မူခြင်း ခံရသော စလင်း စုဖုရား သုသီရိမြတ်စွာ ရတနာဒေဝီ ဖြစ်လေ၏။

သူတော်ကောင်း စိတ်ထားဖြင့် တရားဓမ္မကိုသာ အဖော်လုပ်နေသူ ဖြစ်သည်တစ်ကြောင်း၊ ပင်တိုင်စံ မင်းသမီးကြီး ဟူသော မြင့်မြတ်သည့် ဂုဏ်ထူးကြီးကြောင့် တစ်ကြောင်း၊ ဖမ်းဆီး ချုပ်နှောင်ရာသို့ မပါခဲ့ စေကာမူ အလွန်တရာ ကြောက်ရွံ့အားငယ်စွာနှင့် အပြစ်လွတ် အောင် မည်သို့ နေရပါမည်နည်းဟု အပျိုတော် ကြီးများနှင့် တိုင်ပင်ကာ မီးခိုအားထားရာ ခမည်းတော် နတ်ရွာစံသည်တွင်လည်း အသည်းခိုက်မ ပရိဒေဝဖြစ်လျက် ရှိရတော့သည်။ ခမည်းတော်၏ အလောင်းတော်အနားမှ ပင်တိုင်ဆောင်သို့ ပြန်ရောက်လျှင် ...

စလင်းစုဖုရား။ "ခင်နှစ်တို့ ခင်ထားတို့၊ ငါတို့ဖြင့် မှီခိုအားထားရာ ရွှေတောင်ကြီး ပြိုခဲ့ပြီး။ ဘယ်လို ကြံကြ မတုံး"

ခင်နှစ်။ "တရားရင် ဆင်ခြင်တော်မူပါဘုရား"

စုဖုရား။ "တရားလက်မလွတ်ပါဘူး ခင်နှစ်ရယ်။ လူ နတ် သတ္တဂါ မှန်သမျှ သင်္ခါရ မမြဲ တတ်တဲ့ သဘောကို တွေးတောလို့ ဖြေနိုင်ပါတယ်။ တို့မယ် အနှောင့်မလွတ် အသွားမလွတ် ဘဂကြီးကို ရောက်နေ ပြီဟဲ့။ ဘယ်နယ်ကြံရမလဲ"

www.burmeseclassic.com

ခင်ထား။ "ခမည်းတော်ဘုရား မရှိတဲ့နောက် ကြောက်စရာကောင်းတဲ့ အခါကြီးမှာ ဖျက္ကျွန်မများ ဘယ်လို ကြံဖန်လို့ မျက်မာန်မရအောင် နေထိုင်မည်ဆိုတဲ့ အရေးကိုဖြင့် တွေးလို့ကို မရအောင် ရှိပေ့ါဖုရား"

စုဖုရား။ "ယခု လောလောဆယ်မှာတော့ ခမည်းတော် ဘုရားအလောင်းတော်ကိုလည်း မသဂြိုဟ်ရသေး၊ သီပေါမင်း ကလေးကလဲ နန်းတက်စ ပြုလုပ်ဆောင်ရွက်ရမည့် အရေး ကိစ္စတွေက များပြားနေတဲ့အခိုက်မို့ ငါတို့ဘက်ကို ဘယ်သူမှ မျက်နှာမမူအားသေးလို့ အနေချောင်ခဲ့သည်လို့ မှတ်ပါ။ ငါ့မှာ ခမည်းတော် ဘုရားက အများကြီးရှိတဲ့ သမီးတော်တွေ ထက် ထူးထူးခြားခြား ပင်တိုင်စံ သမီးတော်ကြီးအဖြစ်နှင့် မြှောက်စား တော်မူခဲ့သည်ကို မလို လား မကြည်ဖြူ မျက်စိစပါးမွေးစူးတော်မူတဲ့ အနောက်ဆောင်သူတွေ ရှိနေခဲ့တယ်။ ခုလို ခမည်းတော်ဘုရား မရှိရင် နိုင်ချင်သူတွေက ဖိ၍ ညှဉ်းဆဲကြတော့မည် ခင်နှစ်တို့ရဲ့"

ခင်နှစ်။ "ရွှေဘုံနိဒါန်း ထုံးတမ်းစဉ်လာအတိုင်းသာဆိုလျှင် အရှင်ထိပ်စုဖုရားသည် ပင်တိုင်စံစုဖုရား ဖြစ်ပါသောကြောင့် ခမည်းတော်ဘုရား၏ အရိုက်အရာကို ဆက်ခံရတဲ့ ဘုရင်မှန်လျှင် ဘိသေကသဘင် ဆင်မြန်း၍ ဘွဲ့သဖန်းမှာ ရေဖျန်းခံရမည့် တောင်နန်းစံ မဟေသီမိဖုရားခေါင်ကြီးလောင်းပါ"

ခင်နှစ် စကားမဆုံးခင် စုဖုရားက လက်တော်နှင့် လှမ်းပိတ်လိုက်ပြီး ...

စုဖုရား။ "ခင်နှစ်ရယ် တိတ်စမ်းပါ၊ ရွံ့စရာေကာင်းတဲ့စကားကို ကြားတော်မမူပါရစေနဲ့။ ဆင်ဖြူမရှင် ဖုရားက သီပေါမင်းသားကို အိမ်ရှေ့နန်းလျာ ထားလိုက်သည်ဆိုကတည်းက သူ၏ သမီးတော်များနှင့် ရည်မှန်း ပြီး သည်စခန်းကို ပို့လိုက်တယ်ဆိုတာ တစ်နန်းတော်လုံး သိကြပါလျက်နှင့် ပင်တိုင်စံ ရဲ့ထုံးစံ တွေကို ပြောမနေအပ်ဘူး၊ ငါရှိနေသမျှ သူတို့အတွက် ခလုတ်ကန်သင်းကြီးတစ်ခုအဖြစ်နဲ့ အပြစ်သာ မြင်နေလိမ့်မည်။ သည်တော့ ခမည်းတော် ဘုရား မရှိတဲ့နောက် ငါက အလိုက်သိစွာ တိမ်းရှောင်ပေးမှ ရန်အေး လိမ့်မည်ဟဲ့"

ခင်ထား။ "ဘယ်လိုများ ရှောင်ရှားမည် ကြံစည်ပါသလဲဖုရား။ အသက်စည်းစိမ်ကို စွန့်လွှတ်လို့ သွားတော် မမူပါနှင့်။ ဖုရားကျွန်မများကို သနားတော်မူပါဦး ဘုရား။

စလင်း စုဖုရားသည် စဉ်းစားဆုံးဖြတ်တော် မမူနိုင်ခင် အလွန်လျှင် ကြေကွဲဂမ်းနည်းတော်မူ လှသဖြင့် ခမည်းတော် မင်းတရားကြီးကို တမ်းတငိုကြွေးတော်မူလျက် ရှိလေ၏။ အပျိုတော် ကြီးများမှာလည်း တရား လက်ကိုင်ရှိသူပင် ဖြစ်ကြငြားလည်း တားဆီးဖြေသိမ့်၍ မရနိုင်ကြ ဘဲ အသက်ရှင်သခင် စုဖုရားအနီးတွင် ရှိုက်ကြီးငင်ကြီး ငို၍သာနေကြရရာတော့၏။ ပင်တိုင်စံ စလင်းစုဖုရားကြီးသည်

www.burmeseclassic.com

www.burmeseclassic.com

သိမ်မွေ့သော တရားရှင်ပီပီ စိတ်တော်ကို ဖြေဆည်ပြီး နောက် တစ်စုံတစ်ခုသော အကြံဉာဏ် ပေါ်ပေါက်လာသဖြင့် စိတ်တော်ကို ပိုင်းဖြတ်တော် မူလိုက်လေ၏။

စုဖုရား။ "ကိုင်း ... ကိုင်း ခင်နှစ်နဲ့ ခင်ထားတို့၊ စုဖုရား စိတ်ပိုင်ဖြတ်တော်မူလိုက်ပြီးပြီ"

ခင်နှစ်။ "မိန့်တော်ပါဘုရား"

စုဖုရား။ "ခမည်းတော်ဘုရား၏ အလောင်းတော်ကို သင်္ဂြိုဟ်ပြီးတဲ့အချိန် ဆံကေသာကို ဖယ်ရှားပြီး တစ်ခါတည်း သီလရှင်ဘဝ ကူးပြောင်း၍ ပင်တိုင်နန်းမှ အိမ်နိမ့်ဆင်းကာ စံနေ လိုက်တော့မည်။ ဒီတော့မှ ငါ့ဂါသနာ ဘာဂီအရ တရားဓမ္မနှင့် မွေ့လျော်ပြီး လောကုတ္တရာ ခရီးကြီးသို့ လွတ်လွတ်လပ်လပ် ကြွလှမ်းတော်မူနိုင်တော့မည်။

ခင်ထား။ "အင်မတန် သင့်လျော်မှန်မြတ်တဲ့ အကြံတော်ဖြစ်ပါကြောင်းဘုရား။ ဘုရားကျွန်မများလည်း ကျေးဇူးသစ္စာတော်ရှိတဲ့ အပျိုတော်ကြီးများပီပီ အရှင့်တစ်သက်မှာ သီလရှင်ဘဝသို့ပင် ကူးပြောင်း လိုက်ပါ၍ ရေပူ ရေချမ်းကမ်းကာ လုပ်ကျွေးသမှု ပြုပါတော့မယ် ဘုရား"

စုဖုရား။ "သာဓု ... သာဓု ... သာဓု၊ သူတော်ကောင်း သမီးကောင်း မှန်ကြပါပေသည်။ သို့ရာတွင် ခမည်းတော် ဘုရား အလောင်းတော်ကို သင်္ဂြိုဟ်ခြင်းမပြုမီ လေးငါးရက်အတွင်း မှာဖြင့် အဆုံးစွန ကန်တော့ ပူဇော်သည့်သဘောနှင့် အလောင်းတော်အနီးတွင် မပြတ်နေ ကြချည်စို့ကွယ်တို့"

ခင်နှစ်။ "အမိန့်တော်အတိုင်းပါဘုရား။ သီလရှင်ဂတ်လဲတော်များ၊ ဆုံတော်စွန်ရန် ရွှေကတ်ကြေးတော်များ အရံသင့်ဖြစ်အောင် စီစဉ်လို့ထားပါ့မယ်"

ခင်ထား။ "သူတို့တစ်တွေ အထင်အမြင်မအေး မရှိစေရန် အမိဋ္ဌာန်တော်တို့ကို သတင်းပေးထားတန်သမျှ သတင်းလွှင့်လိုက်ပါမယ့်ဘုရား"

စုဖုရား။ "ကောင်းလေရဲ့ ... ကောင်းလေရဲ့၊ ကိုင်း ... ကိုင်း ခမည်းတော်ဘုရား အလောင်းတော်ကို ပူဇော်ကြချည်စို့ရဲကွယ်တို့"ဟု မိန့်တော်မူကာ မင်းတရားကြီး၏ အလောင်းတော်ရှိရာသို့ ထွက်လာကြလေ၏။

သီတင်ကျွတ်လဆန်း ၁၂ရက်သည် ပဉ္စမသံယနာတင် မင်းတုန်းဘုရားမင်းတရားကြီး၏ အလောင်းတော်ကို အဆုံးစွန် သင်္ဂြိုဟ်တော်မူသောနေ့ ဖြစ်လေ၏။ သားတော် သီပေါမင်းတရားကြီးသည် ခမည်းတော် အလောင်းတော်ကို အရှည်သဖြင့် ပူဇော်နိုင်ကြစေခြင်း ဗှာ

www.burmeseclassic.com

အလောင်းတော်ကို ရွှေနန်းတော် အရှေ့မြောက်အရပ်၌ အုတ်နန်းပြသာဒ်တော်အတွင်း တွင် အခမ်းအနား ကြီးကျယ်စွာနှင့် သင်္ဂြိုဟ် တော်မူရာ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် သမီး တော်သုံးပါး၊ တောင်ဆောင်တော်မိဖုရားစသော ရွှေနန်းတော် ပေါ်တွင် ရှိသမျှ မိဖုရားများ၊ သမီးတော်များနှင့် ဂန်ကြီးမင်းများ၊ အတွင်းဂန်မင်းများကိုယ်တိုင် အလောင်း တော်ကို သန့်လျှင်းတော်မှ ကြပ်မတ်ယူဆောင်၍ အုတ်နန်းပြသာဒ်တော် မုခ်လေးမျက်နှာကို ပန်းရန် ကံကျွေး တို့က ပိတ်ဆို့ပြီးမှ နန်းတော်ကြီးသို့ မိဖုရားများနှင့် သမီးတော်များ ဂင်တော် မူကြလေ၏။

ရွှေနန်းတော်ကြီးသို့ ရောက်လျှင် သမီးတော်တစ်ပင်တိုင် စလင်းစုဖုရား သုသီရိမြတ်စွာ ရတနာဒေဂီသည် ဆံတော်ကို ပယ်၍ အပျိုတော်ကြီးများ ဖြစ်ကြသော သာစည်ရွာစား ခင်နှစ်တို့နှင့်အတူ သီလရှင် အဂတ်လဲလျက် အိမ်နိမ့်ဆင်း၍ စံတော်မူလေရာ ထိုသတင်း ကို ကြားသိရသော အချို့နန်းတော်သား၊ နန်းတော်သူများနှင့်တကွ နေပြည်တော်တစ်ဂန်း မှာ စိတ်မချမ်းမသာနှင့် ရင်ထုမနာ ဖြစ်ကြရှာလေ သတည်း။

မင်းတရားကြီး မမာတော်မူခြင်း၊ သားတော်များကို ဖမ်းဆီးချုပ်နှောင်ကြခြင်း၊ သီပေါင် မင်းသားအား အိမ်ရှေ့နန်းလျာ မြှောက်တင်ရခြင်း၊ မင်းတရားကြီး အမိန့်တော်နှင့် ပြန်လွှတ် သောမင်းသား၊ မင်းသမီး များကို တစ်ဖန်ပြန်၍ ဖမ်းဆီးစောင့်ကြပ်ထားရခြင်း၊ မမာတော်မူ သော မင်းတရားကြီးဘုရား နတ်ရွာ စံတော်မူခြင်း၊ သီပေါမင်း နန်းသိမ်းတော်မူရခြင်း၊ အသုဘအခမ်းအနားကို ကြီးကျယ်စွာ သင်္ဂြိုဟ်တော် မူရခြင်း၊ သီပေါဘုရင် မင်းအဖြစ် ရောက်ရှိသောအခါ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံရသော ဘုရင်မင်း တစ်ပါးဖြစ် သည့်အားလျော်စွာ ခမည်းတော် မင်းတရားကြီးကဲ့သို့ပင် သာသနာတော်ကြီးအကျိုး၊ နိုင်ငံ တော်၏အကျိုး၊ စော်ဘွား၊ မြို့စား၊ ဆွေတော်မျိုးတော်၊ ကျေးတော်၊ ကျွန်တော်မျိုးတို့၏ အကျိုးကို တိုးပွားစေရန် အမိန့်တော် ပြန်တမ်းဖြင့် အသစ်တစ်ဖန် စီမံအုပ်ချုပ်တော်မူရ ခြင်း၊ တပည့်ကျေးကျွန်ရင်းများကို လည်းကောင်း၊ ဂန်ကြီး မှူးကြီးမှအစ အမှုထမ်း၊ အရာ ထမ်း ရှိရှိသမျှတို့အား အရည်အချင်း အလျောက် ချီးမြှင့် သူကောင်းပြုနေသော အချိန်အခါ ဖြစ်သည်တစ်ကြောင်း၊ ရာဇက္ကန္ဓေ တော်နှင့် ညီညွတ်စွာ ဘုရင်မင်းအဖြစ် စံနေတော်မူရ ခြင်း၊ မင်းသားဘဂတွင် စံတော်မူရစဉ်ကဲ့သို့ လွတ်လပ် စွာ မရှိခြင်းတို့ကြောင့် မြတ်နိုးလှစွာ သော မြတောင်နမတော် ထိပ်စုဖုရားလတ်နှင့် နှစ်ပါးချင်း တွေ့တော် မမူနိုင်သေးချေ။

မြတောင်ထိပ်စုဖုရားလတ်မှာလည်း မင်းခွင့်မင်းရေးအများကြောင့် တစ်ကြောင်း၊ ခမည်းတော် နတ်ရွာစံတော်မူသည် တစ်ကြောင်းများကြောင့် မောင်တော် သီပေါမင်းနှင့် တွေ့ဆုံတော်မမူနိုင်။ အထိန်းတော်ကြီး ခင်ဘွားသစ်နှင့် လက်သုံးတော် မောင်မောင်တုတ် တို့ ကူးသန်းဆက်သွယ်ရန်မှာလည်း အရေးပေါ်ကိစ္စများကြောင့် ပြတ်လပ်လျက် ရှိကြလေ သည်။ သို့ရာတွင် စုဖုရားလတ်နှင့်တကွ အဆောင်တော်သူ အထိန်းတော်၊ အပျိုတော်များမှာ သီပေါမင်းသား အိမ်ရှေ့ ဥပရာဇာအဖြစ်မှသည် အထွတ် အမြတ်ရောက်သည်အထိ ထိပ်စုဖုရားလတ်မှာ အဂ္ဂမဟေသီ

www.burmeseclassic.com

www.burmeseclassic.com

မိဖုရားခေါင်းကြီး လောင်းလျာဟု ယုံကြည် စိတ်ချစွာနှင့် အလွန်လျှင် ဂမ်းမြောက်ဂမ်းသာဖြစ်လျက် ရှိကြလေသည်။

သီပေါမင်းသည် မှူးမတ် အရာရှိတို့ကို ထပ်မံချီးမြှင့်သူကောင်းပြုရာတွင် မိမိ၏ အိမ်တော် ပါ လက်စွဲတော်ရင်းများဖြစ်ကြသည့် လူပျိုတော်များကို သူကောင်းပြုရာတွင် မောင်မောင် ငယ်မှာ ရွှေတိုက်စိုး အရာနှင့် တောင်သမန်လယ်စား စီးတော်မြင်းဂန်အဖြစ် သူကောင်းပြု၍ ဒိုင်းဂန်မင်းအား အတွင်းဂန်၊ ပုဂံမြို့စားအဖြစ် ချီးမြှင့်ပြီးလျှင် ဒိုင်းအတွင်းဂန်မင်း၏ ဖခင် ခန်းပတ် မင်းကြီးအား ဂန်ကြီးခန့်အပ်ခြင်း ခံရသောကြောင့် ဒိုင်းဂန်မင်းဂန်ကတော် သမီး ငယ် ခင်ခင်ကြီးတို့မှာလည်း ပျော်ရွှင် မဆုံး တပြုံးပြုံး ဖြစ်နေကြလေ၏။
မောင်မောင်တုတ်မှာ မင်းညီမင်းသား အခွင့်အရေးနှင့် ရနောင်မြို့ကို မြို့စားသနားခံရ၍ တန်ခိုး အာဏာထက်မြက်လှသော လက်သုံးတော်ကိုင် မြောက်ထားဂယ် ဗိုလ်ကြီး ဖြစ်လာ လေ၏။ မောင်မောင်တုတ်၏ ညီရင်း၊ မောင်မောင်ပျောင်းကိုလည်း ပင်းသာမြို့ကို မြို့စား ရ၍ မင်းညီမင်းသားတို့၏ အခွင့်အရေးကို ရရှိလာပြီးလျှင် အိမ်တော်ပါ အလားတူ လက်သုံး တော်ကြီးများ မြောက်ဓားဂယ် သေနတ်ဗိုလ်၊ တောင်ထားဂယ် သေနတ်ဗိုလ်များ အပေါ် တွင် အချုပ်အချာပြု၍ ရနောင်မင်းသား မောင်မောင်တုတ်၊ ပင်းသားမင်းသား မောင်မောင်ပျောင်းတို့က ဂဲလှည့် ယာလှည့်ကို အုပ်ချုပ်လျက် ရွှေနန်းတော် ထက်ဂယ် နေ့ညဥ့်မပျက် ထမ်းရွက်နေထိုင်ရလေ၏။

ထို့ကြောင့် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ မင်းသားဘဂ၌ ခစားကြရသကဲ့သို့ နေ့ညဥ့်မပြတ် အတူပူးတွဲလျက် တစ်ယောက်လည်းပင် တစ်ယောက်ဖက်၍ မနေနိုင်ကြ တော့ပေ။ မိမိတို့၏ သိက္ခာဂုဏ်အသရေအလျောက် ချစ်ခင်လေးစားစွာ မောင်မောင်ငယ် က နေ့အချိန်တွင် အခစား ဂင်တော့မှသာ တွေ့ဆုံကြရလေတော့သတည်း။

ဆင်ဖြူမရှင် မိဖုရားခေါင်းကြီးသည် မင်းတုန်းမင်းတရားကြီး၏ အလောင်းတော်ကို သဂြိုဟ် ခြင်းကိစ္စ ပြီးမြောက်၍ ဂန်ကြီးများနှင့် မိမိသဘော နှစ်သက်တော်မူရာ သီပေါမင်းသား အားလည်း အိမ်ရှေ့ ဥပရာဇာအဖြစ်မှသည် ရွှေထီး၊ ရွှေနန်း သိမ်းမြန်းစိုးစံလျက် ဘုရင်သစ် တို့ ထုံးတမ်းစဉ်လာအတိုင်း လက်အောက် သစ္စာတော်ခံ  အရာရှိကြီးငယ်အပေါင်းနှင့် အိမ်တော်ပါ အခြွေအရံများကိုလည်း မြှောက်စား သူကောင်းပြု၍ ပြီးလေပြီဖြစ်သောကြောင့် စံတော်မူရင်း ဖြစ်သည့် အလယ်နန်းတော်ဆောင်ဂယ် ငြိမ်းချမ်းစွာ ပြန်လည်စံတော်မူနေ စဉ် သမီးတော်များအရေးကို ညီမတော်ကဲ့သို့ ခင်မင်တော်မူရင်းရှိသည့် တောင်ဆောင် တော် မိဖုရားနှင့် ဆွေးနွေးတိုင်ပင်လျက် ရှိလေ၏။

ဆင်ဖြူမရှင်။ "တောင်ဆောင်တော်မိမိရဲ့။ ကိစ္စအရပ်ရပ်များနှင့် ပြည့်နှက်တဲ့ ကန္တာရ ခရီးကြမ်းကြီးကို အပန်းတကြီး ကျော်လွှားလွှတ်မြောက်ခဲ့ရပြီ။ သည်နောက်မျဖြင့် စိတ်အေးအေးနှင့် စီမံတော် မူစရာ ကိစ္စတစ်ရပ် ကျန်လေသေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

တောင်ဆောင်တော်မိဖုရား။ "ဘယ်လိုကိစ္စများ ကျန်နေပါသေးသလဲ မဖျား၊ ညီမတော် တို့လည်း သင့်လျော် ရာမှ ကူညီဖော်ရအောင် အသုံးချတော်မူပါဘုရား"

ဆင်ဖြူမရှင်။ "ဆောင်ရွက်ဖွယ်ကျန်သည့် ကိစ္စကို ရှေးဦးစွာ တိုင်ပင်ဆေးနွေးရန် ဆို၍ လည်း မိမ ဝ တစ်ယောက်ပဲ မဖျားယုံကြည်တော်မူတယ်။ ဦးကောင်းတို့၊ ဦးဘိုးလှိုင်တို့ ဆိုသည်မှာလည်း ယောကျာ်းကြီး တွေ ဖြစ်နေတော့ အသေးစိတ်ဆွေးနွေးလို့ မသင့် လျော် သေးပေဘူး မိမိရဲ့"

တောင်ဆောင်တော်။ "စိတ်ချယုံကြည်စွာ တိုင်ပင်တော်မူပါဘုရား"

ဆင်ဖြူမရှင်ဘုရား။ "ကိုင်း ... ခင်ပုတို့၊ ခင်နတို့ အပျိုတော်တွေခေါ်ပြီး အပြင်ဆောင် တော်မှာသွား၍ နေကျပေတော့"ဟု ဆိုသဖြင့် အပျိုတော်များလည်း အဆောင်ပြင်သို့ ထွက်ခွာသွားကြလေရာ ဆင်ဖြူမရှင် မိဖုရားနှင့် တောင်ဆောင်တော်မိဖုရားတို့ နှစ်ပါးချင်း သလွန်တော်ပေါ်တွင် တိုင်ပင်တော်မူကြလေ၏။

ဆင်ဖြူမရှင်။ "သားတော် သီပေါမင်းသားကလေး ရွှေနန်းသိမ်းမြန်းပြီးတဲ့နောက် အဂ္ဂမဟေသီ တင်မြှောက်ပေးဖို့ကိစ္စကို ဆွေးနွေးတော်မူမယ်လို့ မိမိရဲ့"

တောင်ဆောင်တော်။ "ရိုးသားတော်မူရှာဆုံး သားတော်ကလေးပါဘုရား။ အခြားသော မင်းသားများလို ကိုယ်လုပ်တော် ကလေး တစ်ဦးတစ်လေမျှပင် ထားတော်မမူခဲ့ရှာတဲ့ တကယ့်လူပျိုစစ် ဘုရင်ဖြစ်တဲ့အတွက် ထီးဖြူဆောင်းဖက်ဖြစ်ရမည့် အဂ္ဂမဟေသီ လောင်းလျာ မင်းသမီးဟာ အင်မတန်မှ ကံထူးချွန်ရှာသူ ဖြစ်ပါ လိမ့်မယ် မမဖျား"

ဆင်ဖြူမရှင်။ "ကံက ထူးလာလျှင် အကျိုးပေးထူးပေမှာပ မိမိရယ်"

တော်ဆောင်တော်။ "ဟုတ်လှချည့် မဖျား၊ စလင်းမင်းသမီးကို မြင်ရသည်နှင့်ပင် ကံတရားကို ယုံကြည်မိပါတယ်။ ဘဂျရင်ဘုရားက သမီးတော်ကို ထူးထူးခြားခြား ချစ်ခင်ပြီး ပင်တိုင်စံဘွဲ့နှင့် မြှောက်စား လို့ မိဖုရားလောင်းအဖြစ် လျာထား ခဲ့သော်လည်း ကံတရားက မိဖုရားမဖြစ်ထိုက်တော့ ဂတ်ကြောင် ကို စွန့်ခွာလို့ သီလရှင်ဘဂ ကူးလိုက်ရရှာပေတယ်"

ဆင်ဖြူမရှင်။ "အင်း ... သူ့ဘဂအကြောင်းပေါ့ မိမိရယ်။ စလင်းမင်းသမီးက လိမ္မာ ရှာပါ တယ်။ ကိုယ့်အခြေအနေ ကိုယ်သိတတ်လျှင် လိမ္မာတယ်လို့ ဆိုရပေမှာပ၊ သို့မဟုတ်ပါက မမမှာ သူ့အတွက် တာဂန်လေးပြီး ကြံရေးစည်ရေး ခက်နေရဦးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

တောင်ဆောင်တော်။ "ဘဂဝရှင်ဘုရား ရှိတော်မူစဉ်က အိမ်ရှေ့စံမည့်သားတော်ကိုတော့ ပြီးပြီးပြတ်ပြတ် ရွေးမပေးခဲ့ဘဲနှင့် ပင်တိုင်စံကို ရှေးဦးစွာ ရွေးထားခဲ့သည်မှာ ယုန်သား မရသေးဘဲ သံသရာသီး ရှာထား သည်နှင့် တူပါသည်"

ဆင်ဖြူမရှင်။ "ဟုတ်လှသည် မိမိရယ်၊ မဖျားတို့မှာ ဘဂဝရှင်ဘုရား အသည်းအသန် မမာတော်မူမှ အိမ်ရှေ့မင်းသားကို အသက်ဆံဖျား စွန့်စားပြီး ရွေးလိုက်ရသည်မှာ မောလှချည့်"

တောင်ဆောင်တော်။ "အမောခံရသလောက်လည်း မဖျား အလိုက်တော်ကျကို ရသည် မဟုတ်ပါလားဘုရာ့"

ဆင်ဖြူမရှင်။ "ဆိုပါတော့လေ၊ အသက်တော်ကလည်းငယ်၊ ရဟန်းသာမဏေဘဂမှာ လည်း အနေကြာ၊ ပညာရဲရင့်ပွဲလယ်တင့်သလောက် ရိုးသားတော်မူတာကလည်း တစ်ကြောင်းဆိုတော့ တခြားညီတော် နောင်တော်များကို မဟုတ်ရာဘူး။ ဒါကြောင့်လည်း မမဖျားက သည်မင်းသားကို ရွေးတော်မူလိုက်တာပ"

တောင်ဆောင်တော်။ "အလွန်မှ သင့်လျော်လှပါကြောင်းဘုရား။ နို့ ... မပဟေသီလောင်း ကို ဘယ်လို ရွေးချယ် တော်မူပါမည်တုန်းဘုရာ့"

ဆင်ဖြူမရှင်။ "မိမိကို အလုံးစုံဖွင့်၍ တိုင်ပင်ပါတော့မည်။ သည်မင်းသားကလေးကိုမှ ရွှေထီးရွှေနန်း ရွေး၍ ပေးအပ်ကြသည်မှာ အခြားအကြောင်း မဟုတ်ဘူး မိမိရဲ့၊ မမဖျားမှာ လည်း သမီးတော်တွေချည်းပဲ ရှိတယ်။ မက္ခရာမင်းသား၊ သုံးဆယ်မင်းသားဆိုတဲ့ သားတော်ကြီးတွေဆိုလျှင်ဖြင့်လည်း သူတို့မှာ လက်ထပ်ပြီး ကြင်ရာတော်ကြီးနှင့် ကိုယ်လုပ်တော်တွေ အများအပြား ရှိကြတယ်။ မဖျားတို့ မူးတော်၊ မတ်တော်များနှင့်လည်း တစ်စိတ်တစ်ဂမ်းတည်း ရှိချင်မှ ရှိကြမည်။ သည်လိုအကြောင်းကြောင်းတို့ကြောင့် စိတ်သဘောနူးညံ့ပျော့ပျောင်း သဘောနလုံးကောင်းတော်မူပြီး လက်ထပ်ပြီး ကြင်ရာ မြောက်သားတော် မဆိုထားနှင့် ကိုယ်လုပ်တော်ကလေး တစ်ယောက်တစ်လေမျှပင် မရှိ သေးတဲ့ လူပျိုစင် သီပေါ မင်းသားကလေးကို ရွေးချယ်တော်မူလိုသည်မှာ မဖျားရဲ့ သမီး တော်များအတွက် ရည်ညွှန်းတော် မူချက် တစ်ရပ်လည်း ပါဝင်ခဲ့တယ် မိမိရဲ့"

တောင်ဆောင်တော်။ "မမဖျား မမြော်အမြင် ရှိပါပေတယ်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူဆိုသည်မှာ မူးတော်၊ မတ်တော်များနှင့် တစ်စိတ်တစ်ဂမ်းတည်း ညီညွတ် တိုင်ပင်တတ်မှ နိုင်ငံတော် အကျိုးကျေးဇူး များပါသည်။ နိုင်ငံတော်မှာ မည်သို့ဆောင်ရွက်မှ အကျိုးကျေးဇူး ရှိနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့် အသေးစိတ် ကိစ္စမှန်သမျှမှာလည်း ဘုရင်းမင်းမြတ်က မသိနိုင်ပါ။ နိုင်ငံတော်အလုံးနှင့် ဆက်သွယ် အုပ်ချုပ် စီမံခန့်ခွဲရသူ လွှတ်တော်ကြီးမှ ဂန်ကြီး၊ ဂန်ထောက်များကသာ အကျိုးမှန်၊ အကြောင်းမှန်ကို သိရှိ ရစမြဲ ဖြစ်ပါသည်။

ဆင်ဖြူမရှင်။ "အင်း ... နိုင်ငံတော်ရဲ့အကျိုးနှင့် ကိုယ့်အကျိုးပဲ ဆိုကြပါစို့ မိမိရယ်။ အဲသည်တော့ လူပျိုစင်ဘုရားမင်းကလေးကို မဖျားသမီးတော်နှင့် အဂ္ဂမဟေသီခေါင် တောင်နန်းမိဖုရားအဖြစ် သိသိက် သွန်းအပ် လက်ထပ်တော်မူရလိမ့်မယ် မိမိရဲ့"

တောင်ဆောင်တော်။ "မဖျား၏ ရည်ရွယ်တော်မူချက်ကို သားတော်ဘုရင်မင်းတရား ကလေး သိတော် မူပါပြီလား"

ဆင်ဖြူမရှင်။ "သည်ကိစ္စမှာတော့ သားတော်ဘုရင်မင်းကလေးကို အထူးတိုင်ပင်တော် မမူရှိသေးဘူး။ သို့ရာတွင် နက်ဖြန်သဘက်ဆိုသလို သည်ကိစ္စကို ဆွေးနွေးတော်မူတော့ မယ်။

တောင်ဆောင်တော်။ "မင်းကလေးကလည်း မယ်တော်အရာထား၍ မဖျားစီမံတော်မူ ရာကို လိုက်နာ တော် မူရန် ရှိပါသလားဘုရား"

ဆင်ဖြူမရှင်။ "သဘောကောင်းတဲ့ သားတော်ကလေးပဲ၊ မဖျားအလိုတော်နှင့် မှူးတော် မတ်တော်များက သင့်လျော်ကြောင်း လျှောက်တင်ကြလျှင် နားဂင်တော်မူမှာပါပဲ"

တောင်ဆောင်တော်။ "မဖျားသာလျှင် အရာရာ စီမံခန့်ခွဲတော်မူနေတဲ့အတွက် သင့်လျော်သလို စီစဉ်တော်မူပါ။ ညီမတော်ကလည်း တတ်စွမ်းသမျှ ဆောင်ရွက်ပေးရန် အသင့်ပါဘုရား"

ဆင်ဖြူမရှင်။ " သည့်နှယ်ကြောင့်လည်း မိမိကို တိုင်ပင်တော်မူရသည်။ ယခုအချိန်အခါ မှာ သားတော်ကြီး များနှင့် သူတို့၏ မယ်တော်ကြီးများက ရန်လက်စပွားပြီး မလိုလားနိုင် ဖြစ်နေမှာစိုး၍ သူတို့ရန်က တစ်ဆိတ်ကလေးမှ အေးစေတော့လို့ ခေတ္တခဏ ဖမ်းဆီးပြီး ထိန်းသိမ်းထားရဆဲအခါမို့ အနောက်ဆောင် တော်ထဲမှာဆိုလျှင် မဖျားနှင့် မိမိတို့ မိဖုရား လေးငါးပဲ ရှိကြတယ် မဟုတ်လား"

တောင်ဆောင်တော်။ "ညီမတော်များမှာ ဘဂရှင်ဘုရားလည်း ရှိတော်မူတော့သည် မဟုတ်ပါ၍ နားအေး ပါးအေးနှင့် မဖျားစီမံတော်မူသည်ကိုသာ နာခံပြီး စံနေလိုပါသည်။ ယုံကြည်စိတ်ချတော်မူပါ"

ဆင်ဖြူမရှင်။ "ကောင်းပါလေရဲ့ မိမိရယ်၊ ကဲ ... ကဲ ပွဲတော်တည်ချိန်လည်း ရောက်ပါပြီ။ မိမိလည်း သည်မှာပင် မဖုရားနှင့်အတူ ပွဲတော်တည်တော်မူပါ။ အဆောင်တော်သို့ မပြန်ပါ နှင့်တော့" ဟု ဆိုကာ ရှောင်ရှား နေကြသော အပျိုတော်များကို ပြန်လည်ခေါ်ယူတော်မူ လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းဂန်မင်းတို့ အိမ်သားများတွင် ကလေးစိတ်မပျောက်တပျောက် အရွယ်နှင့် အပျော်ဆုံး ဖြစ်နေသူကား ဒိုင်းအတွင်းဂန်မင်း၏သမီး ခင်ခင်ကြီး ဖြစ်လေ၏။

မိမိဆိုးသမျှ၊ နွဲ့သမျှ ခံ၍ သွားလိုရာ၊ စားလိုရာ အလိုလိုက် အကြိုက်ပြုလျက်ရှိသော အစ်ကိုကြီးဖြစ်သူ မောင်မောင်ငယ်နှင့် တစ်အိမ်တည်း အတူနေရသောကြောင့် ကလေး ဘဝ အထူးပျော်ရွှင်လှသည်။

မောင်မောင်ငယ်မှာလည်း အရှင်သခင် အထွတ်အထိပ်ရောက်လျက် မိမိတို့အိမ်တော်ပါ လူပျိုတော်များ သြဇာ အာဏာထက်မြက်ကာ မြို့စား၊ ရွာစား ရာထူးဌာနများ ရရှိသည့် အတွက် စိတ်အားတက်ကြွ ဂမ်းမြောက် ၍ နေရတော့သည်။

ဒိုင်းဂန်မင်းမှာလည်း ပုဂံမြို့စားကြီး၊ အတွင်းဂန်ကြီး အဆင့်အတန်းသို့ အမြင့်လှမ်းခဲ့ရ သည့်အတွက် ဒုတိယမင်းဆက်တွင်ထပ်မံမြှောက်စား သူကောင်းပြုခံရသူတို့ ဓမ္မတာ ဂမ်းမြောက်ဂမ်းသာ ရှိနေကြရာ မကျန်းမာသူ ဒိုင်းဂန်ကတော်ကြီးပင်လျှင် တပြုံးပြုံး တရွှင် ရွှင် ဖြစ်၍ နေလေ၏။ ထို့ကြောင့် ယနေ့အဖို့ မိသားတစ်စု ပိုင်းမိသည့်အခါ ...

ဂန်ကတော်။ "သမီးတော့ အင်မတန်မှ ပျော်နေသည်။ မောင်မောင်နှင့် အခုလို တစ်အိမ် တည်း နေရချိမ့်မည်လို့ သူမထင်ဘဲနှင့် အကြောင်းတိုက်ဆိုင်၍ လာသည်နော်"

မောင်မောင်ငယ်။ "မောင်လည်း မေဖျားတို့နှင့် ယခုလို လာ၍နေရသည်ကို သူကောင်းပြုတော်မူသည့် ရာထူးကို ရရှိသကဲ့သို့ပင်ဂမ်းမြောက်လှသည် မေဖျား"

ခင်ခင်ကြီး။ "အစ်ကို့မင်းသားက အို ... မဟုတ်ချည်ဘူး၊ ဘယ်လိုခေါ်ရပါမယ်။ အစ်ကို့ ရှင်ဘုရင်ကြီးက အင်မတန် အလိုက်သိတော်မူတတ်ပါကလား"

မောင်မောင်ငယ်။ (ရယ်မောလျက်) "ရှင်ဘုရင်ကြီး မခေါ်ပါနှင့်ဦး ခင်ရဲ့၊ အသက်မကြီး သေးပါဘူး။ ဒီတော့ ရွှေနန်းရှင်ဘုရားပေါ့"

ခင်ခင်ကြီး။ "အဲ ... အဲ ရွှေနန်းရှင်ဘုရားက အလိုက်သိတော်မူတယ်။ ခင်တို့ အစ်ကိုနှင့် အတူ နေနိုင်အောင် ရွှေတိုက်စိုးလည်း ခန့်တော်မူတယ်။ နောက်ပြီးတော့ ခင် အင်မတန် သဘောကျလို့ အစ်ကို ခဏ ခဏ လည်ပတ်ကြတဲ့ တောင်သမန် အင်ကြီးနဲ့ လယ်တော် တွေကိုလည်း အပိုင်စား သနားတော် မူတယ်။ ကဲ ... ဘယ်လောက်တော်သည်လဲ"

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ငယ်။ "ဒါဖြင့် ခင်က ရွှေနန်းရှင်ဘုရားကို အင်မတန် ကျေးဇူးတင်ရတာပေ့ါ အစ်ကိုရဲ့"

ဂန်ကတော်ကြီး။ "ဒါနှင့် မောင်မောင်၊ စကားစပ်လို့ ပြောရဦးမယ်၊ မောင်မောင်တို့ သီပေါဘုန်းတော်ကြီး ဘုရားမှာ မင်းဧကရာဇ် ဖြစ်တော်မူပြီးသည့်နောက် အဂ္ဂမဟေသီ တင်မြှောက်ဖို့ကိစ္စ ရှိသေးသည်နော်"

မောင်မောင်။ "အဆင်သင့် ရှိပြီးသားမို့ ကောင်းမြတ်သော အချိန်အခါရောက်လျှင် ဘိသိက်တော်ခံရန်သာ ကျန်ပါတော့သည်"

ဂန်ကတော်ကြီး။ "အဆင်သင့် ရှိသည်မှာ မြတောင်ထိပ်စုဖရားကို ပြောသည်လား"

မောင်မောင်။ "မှန်ပါသည်၊ သည်တစ်ပါးကိုမှ မောင်တို့ အတန်ပင် ကြိုးကြိုးစားစား ဆောင်ကြဥ်းဆက်သွယ်၍ ထားရခြင်းပါ။ မင်းသားဘဂက အင်မတန် ရိုးသားတော်မူရှာပါ တယ်။

ခင်ခင်ကြီး။ "အဲသည် မြတောင်ထိပ် စုဖုရားက လှသည်လား အစ်ကိုရဲ့"

မောင်မောင်။ "လှတာပေ့ါ ခင်ရဲ့"

ခင်ခင်ကြီး။ "ဒါဖြင့် အစ်ကိုတို့ ရွှေနန်းရှင်ဖုရားက သူ့မိဖုရားလောင်း မြတောင်ထိပ်စု ဘုရားကိုလည်း သူ့မှာရှိတဲ့ ရွှေဟင်္သာရုပ်ကလေးတွေ၊ ရွှေချူလုံးကလေးတွေ အများကြီး ပေးမှာပဲနော် အစ်ကိုရယ်။ အစ်ကိုတို့ကိုပင် ပေးသေးတာပဲ၊ မြတောင်ထိပ်စုဖုရားကို လည်း အများကြီး ပေးထားမှာပေ့ါနော်"

ဒိုင်းအတွင်းဂန်းမင်း၊ ဂန်ကတော်နှင့် မောင်မောင်ငယ်တို့မှာ ခင်ခင်ကြီး၏ ကလေးစိတ် မပျောက်တပျောက်နှင့် ပြောချင်ရာ လျှောက်ပြောလိုက်သည်ကို ဝိုင်း၍ ရယ်မောနေကြ တော့သည်။ ခင်ခင်ကြီးမှာ မိမိစကားကို ဝိုင်းရယ်မောနေကြသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ် သွားကာ ..."

"ဟင် ... မေဖျားတို့ကလည်း ခင်ကြီး စကားပြောသည်ကို ဝိုင်း၍ ရယ်ကြသည်။ ဒီလိုဖြင့် လျှင် ခင်ကြီး စကားမပြောတော့ပါ။ ရွှေဟင်္သာရုပ်ကလေးတွေနှင့်သာ သွား၍ ကစားနေချေ ပါတော့မည်" ဆိုလျက် အတွင်း ဆောင်သို့ စူစူအောင့်အောင့်နှင့် ထ၍ သွားလေ၏။

အတွင်းဂန်မင်း။ "အိမ်း ... ခင်ကြီးကတော့ ကလေးလိုပင် ရှိသေးတာပဲ ဂန်ကတော်ရေ ..."

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော်။ "စပ်ကူးမတ်ူးအရွယ်ကိုး၊ ခင်ကြီးတို့ ဘာဘာရဲ့၊ သို့ပေမဲ့ သုံးလေးနှစ်အတွင်း လူကြီး စာရင်းဂင် တော့မယ်"

ဂန်မင်း။ "အင်း … ကလေးမရဲ့ ရှေ့ရေးကို စပ်မိတဲ့အခါ ဆွေးနွေးရဦးမည်။ ကျုပ်တို့ ကြံစည်ရည်ရွယ်ထားတဲ့ အလိုကိုလည်း သူ့အစ်ကို မောင်မောင့်ကို နည်းနည်းပါးပါး ပြော ထားပြီလား"

ဂန်ကတော်။ "ဩော် … ဟုတ်ပ။ မပြောရသေးဘူး ခင်ကြီးတို့ဘာဘာရေ၊ ကိုင်းလေ … သတိရတုန်းကို ပြောပါမည်။ မောင်မောင်ကလည်း မေဖျားတို့ အစီအမံကို နာယူလိမ့်မည် ထင်၍ စိတ်ကူးနှင့် ရည်ရွယ်ထားကြသည်ကွဲ့"

မောင်မောင်ငယ်။ "မေဖျားတို့ထင်သလို မောင်ကလည်း အစဉ်အမြဲ အမိန့်သြဇာကို နာခံရန် အဆင့်သင့် ပါပဲဘုရာ့"

အတွင်းဂန်မင်း။ "အေး … တို့သားက လိမ္မာပြီးသားပါ။ ဒါပေမဲ့ကွယ် ပြောသင့်သည့် အရာကို ပြော၍ ထားလိုက်သည်က ကောင်းသပေါ့"

ဂန်ကတော်။ "သည်လိုသားရဲ့၊ မေဖျားတို့မှာ သားထောက်သမီးခံဆိုလို့ သားနှင့် ခင်အကြီး နှစ်ယောက်ပဲ ရှိတယ်။ ရှေ့ရေးစဉ်းစားလိုက်ပြီလားဆိုလျှင် သားနှင့်သမီး အချိန် အရွယ်ရောက်တဲ့အခါ တအေတခြား ကွဲပြားသွားမည်ကိုလည်း မလိုလားဘူး။ သည်တော့ တကယ့်ခေါင်းနင်းဆင်းများလည်း မဟုတ်ကြသည့် အတူ ဖိတ်ချင်းဖိတ်လျှင် ကိုယ့်အိတ်ထဲ မှာသာ ဖိတ်စေချင်တာပဲ မောင်မောင်ရဲ့"

မောင်မောင်ငယ်သည် ဂန်ကတော်ကြီး၏ စကားကို ကြားရလျှင် မိမိက စတင်မပြောပဲ့ မပြောရက်သေး၍ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသော ကိစ္စကြီးကို လူ့အလို နတ်ရော၊ သိကြားပါ လိုက်သကဲ့သို့ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ကြုံကြိုက်လာသဖြင့် စိတ်တွင်းမှကျိတ် ဂမ်းမြောက်ဂမ်းသာ ဖြစ်မိရှာလေ တော့သလည်း။

ထို့ကြောင့် …

"မေဖျားစီမံရာကို လိုက်နာပါမည်ဆိုတဲ့ စကားကို ပိုပိုမိုမို လေးလေးနက်နက်နှင့် နှစ်သက် စွာ သဘောတူလှပါသည်။ မောင့်မှာလည်း သည်နမကလေးနှင့် သွေးကွဲ၍ မသွားလိုတဲ့ ဆန္ဒဟာ မူလရင်းကတည်းက အစွဲရှိခဲ့ပါသည် မေမေဖျားရယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျေနပ်စွာ နာခံလိုက်လေ၏။

ဝန်ကတော်။ "ကောင်းပါလေရဲ့ မောင်ရယ်၊ မောင့်မှာဆိုရင်လည်း ခုနေအခါမှာ ရာထူး စည်စိမ်များလဲ ရရှိလျက် ရှေ့ဆက်ပြီး ကြီးပွားဖို့သာ ရှိတော့သည်။ ခင်အကြီးလည်း နောက်နှစ်နှစ် သုံးနှစ်ကြာလျှင် လိမ္မာရေးခြားရှိကာ အချိန်အရွယ် ပြည့်မြောက်လာတော့ မည်။ အဲသည်လို အချိန်သင့်မြတ်သည့်အခါမှသာ ပေးထိမ်းမြားဖို့ ဘဘနှင့် မေဖျားတို့က ရည်ရွယ်ပါသည်။ လောလောဆယ်ဆယ် မဟုတ်သေးပေဘူး"

မောင်မောင်ငယ်။ "ကောင်းမွန်သင့်မြတ်လှပါပြီ မေဖျား၊ သို့ရာတွင် ခင်အကြီးကိုတော့ အသိမပေးပါနှင့်။ သူ့ခမျာ ရှက်၍နေရှာပါလိမ့်မည်"

ဝန်ကတော်။ "ဟာ ... ကလေးလိုပင် ရှိသေးတယ်။ ဘယ်မှာ အသိပေး၍ တော်ဦးမည်လဲ မောင်မောင် ရယ်"

အတွင်းဝန်။ "ကဲ ... ကဲ သည်ကိစ္စ ပြီးကြပြီဆိုပါစို့၊ ဒါထက် မောင်မောင်ရေ၊ မောင်မောင် က ရွှေတိုက်စိုး ရာထူးနှင့် အမှုထမ်းရသည်၊ ဘဘမှာ ဘုန်းတော်ကြီးလှသော ရွှေနန်းရှင် ဘုရားအမိန့်တော်နှင့် မနက်ဖြန် ရွှေတိုက်တော်မှ အိမ်ဖြူတော် ဆောက်လုပ်ရန် ငွေတော် များ လာ၍ ထုတ်ယူစရာ ကိစ္စရှိပါသည်။ ရွှေတိုက်ဝန်မင်းက ငွေတော်များ အဆင်သင့် ထုတ်ပေးရန် အမိန့်ချထားပြီပါပြီလား မောင်မောင်ရဲ့"

ငယ်။ "အိမ်ဖြူတော် ဆောက်လုပ်ရန် ငွေတော်များကို အရံသင့် လာရောက် ထုတ်ယူက ထုတ်ပေးနိုင်ရန် ရွှေတိုက်အတွင်းဝန်မင်းက သည်ယနေ့ပင် အမိန့်ချပေးပြီးပါပြီ"

ဝန်ကတော်။ "အိမ်ဖြူတော်ဆောက်မည်ဆိုတော့ လောင်းရှည်ဘုရားအတွက် ဖြစ်မှာပေါ့ ခင်ကြီးတို့ ဘဘရဲ့"

အတွင်းဝန်။ "ဟုတ်ပေတယ် ဝန်ကတော်၊ သီပေါဘုန်းတော်ကြီးဘုရားက မယ်တော် လောင်းရှည်မိဖုရားအတွက် ရွှေနန်းစဉ်လာအတိုင်း မယ်တော်ကို အိမ်ဖြူတော်နှင့် စံနေရန် ဆောက်လုပ်၍ ပေးရမြဲပေးကိုး"

ဝန်ကတော်။ "တော်တော်ကြီးကြီးကျယ်ကျယ် ဆောက်ရမှာပဲထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com

အတွင်းဂန်။ "ဘုံငါးထပ်နှင့် ဆောက်ရုံ ခုနစ်ဆောင် ရှိရမည် ဆိုသည့်အတိုင်း အတော်ပင် ကြီးကျယ် ခမ်းနားမည့် အိမ်ဖြူတော်ကြီးဖြစ်မှာပဲ ဂန်ကတော်ရဲ့"

ဂန်ကတော်။ "ဩော် ... လောင်းရှည်မိဖုရားဟာ ကံထမ်းလာသည်ကို မမြင်ရဆိုသလို ထူးချွန်တဲ့ ပါရမီရှင် သားတော်မြတ်ကို ဖွားမြင်တော်မူရသည့်အတွက် ဇာတာစန်းလင်္ဂနှင့် ဘုန်းတန်ခိုးများ အလွန်တက်၍ လာရှာပေပြီနော်"

အတွင်းဂန်။ "အင်း ... ကံအကျိုးပေးများဟာ အင်မတန် ဆန်းကျယ်တာပဲ ဂန်ကတော်။ နောင်တော်ကြီးတွေ ရှိနေသားဟာမို့ သီပေါမင်းသားတော့ ရွှေထီးရွှေနန်း အရိုက်အရာကို ဆက်ခံတော်မူရမည် မထင်ကြဘဲနှင့် ရာဇပလ္လင်ကို ထိုင်တော်မူရသည်"

ဂန်ကတော်။ "ဟုတ်ပ့ါ ခင်ကြီးတို့ ဘဘရယ်၊ ကျွန်မတို့အားလုံးက ထင်ကြေးပေးခဲ့ကြတဲ့ မက္ခရာ၊ သုံးဆယ် စတဲ့ မင်းသားကြီးများမှာဖြင့် ကံအလှည့် မသင့်လို့ ထင်ပါရဲ့။ ရာဇပလ္လင် နှင့် အလှမ်းဝေးပြီး ကြေးတိုက်တော်အတွင်းမှာ အကျည်းခံနေ ရှာကြသည် မဟုတ်လား။ ခမျာမျာလည်း သနားစရာပဲနော်။ ဒါနှင့် သူတို့တစ်တွေကို ဘယ်လိုများ လုပ်ကြမတဲ့တုံး ခင်ကြီးတို့ ဘဘ သိရဲ့လား"

အတွင်းဂန်။ "မင်းသားကြီးတွေ မကျေမနပ် ဖြစ်ပြီး ပုန်ကန်သောင်းကျန်းနေကြလျှင် တိုင်းပြည် ချောက်ချားမည် စိုးရိမ်တဲ့အတွက် ရုတ်တရက် လွှတ်ဦးမည် မဟုတ်ဘူး ဂန်ကတော်"

ဂန်ကတော်။ "သားတော်၊ သမီးတော်များသာမက မယ်တော်၊ မိဖုရားကြီးတွေလည်း ပါလေတော့ ကြေးတိုက်တော်ထဲမှာ မသေမရှင်နှင့် အင်မတန်မှ အနေအထိုင် အတော် ဆင်းရဲရှာကြမှာပဲနော်"

မောင်မောင်ငယ်။ "မောင်တို့ ရွှေနန်းရှင်ဘုရားကဖြင့် နောင်တော်များကို ယခုလို ထားတော်မမူလိုပါဘူး၊ ဖမ်းဆီးရာမှာ မပါတဲ့ ညီတော်၊ တူတော်များကိုလည်း ငယ်ရွယ် သည့် ကလေးငယ်များပါ မကျန်ရအောင် မင်းသားကြီး၊ မင်းသားလတ်၊ အဆောင်အရွယ် ဘွဲ့မည်များနှင့် မြို့စား၊ ရွာစားပေလျက် တစ်လောကပင် ချီးမြှင့်သူကောင်းပြုတော်မူပြီးပါ ပြီ။ သားတော်ကြီးများ ဖမ်းဆီးချုပ်နှောင်ထားရခြင်း ကိစ္စမှာတော့ မလွဲသာလို့ ဂန်ကြီး၊ မှူးကြီးများနှင့် ဆင်ဖြူမရှင်ဘုရားတို့က တိုင်းပြည် ဆူပူမရှိအောင် ဂီရိယရှေ့ထားပြီး ခေတ္တ ထိန်းသိမ်းသည့်သဘောနှင့် ဖမ်းဆီးထားရခြင်းပါ၊ ယခုလည်း မင်းသားများအား ကိုယ်လုပ် တော်, သားတော်၊ သမီးတော်များပါ အတူတကွ ကျယ်ကျယ်ဝန်းဝန်းနှင့် စံနေကြရအောင် စည်ရှည်တံခါး လမ်းမတော် တောင်ဘက်က ရွေးလက်ဂဲကွက်မှာ စတုရန်းတာလေးဆယ် ကျော်ရှိသည့် လုံခြုံမည့် အုတ်ဝင်းအကာအရံကြီးနှင့် အိမ်တော်တွေ အသီးသီး ဆောက် လုပ်ပေးစေရန် မောင်တို့ ရွှေတိုက်တော်မှ ငွေတော်အမြောက်အမြား ထုတ်ပေးပြီး အရေး တကြီး ဆောက်လုပ်နေကြပါပြီ မေဖျားရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော်။ "ဩော် ... ဒီလို ကျယ်ကျယ်လွင့်လွင့် ထားမည်ဆိုလျှင်တော့ ကြေးတိုက် တော်ထဲမှာ ဆင်းဆင်း ရဲရဲ နေရသည်ထက် သက်သာမှာပါပဲ"

အတွင်းဂန်။ "ကျုပ်တို့ မင်းတရားကြီးဘုရား၏ သွေးတော် သားတော်မှန်သမျှကို ချစ်ခင် လေးစား ရမှာချည်းပါ။ သို့ရာတွင် အခါကာလကိုလည်း နားလည်ရမယ်တဲ့ ဂန်ကတော်။ မင်းခစား ကမ်းနား သစ်ပင် ဆိုတဲ့ စကားလည်း ရှိလေတော့ နီးရာဓားကို ပို၍ လေးစားနာခံ ရမှာပဲ။ အဲသည်တော့ ယခု အကြောင်း တွေကို ကိုယ့်အိမ်သားချင်းမှတစ်ပါး အခြားသူများ နှင့် သွား၍ မပြောမိပါစေနှင့် ဂန်ကတော် ရယ်"

ဂန်ကတော်။ "မပြောပါဘူး ခင်ကြီးတို့ ဘာဘရယ်၊ ကိုယ့်အချင်းချင်း ဆွေးနွေးကြတာပဲ။ ကျွန်မလည်း နားလည်ပါတယ်" ဟု ပြောနေကြစဉ် ခင်ခင်ကြီး အခန်းတွင်းမှ ပြန်ထွက်လာ သဖြင့် စကားပြတ် သွားကြလေ၏။

အပိုင်း (၃၁) ဆက်

အခန်း (၃၀) နဲ့ (၃၁) ကြားထဲမှာ တခန်းစာ ကျန် နေပါတယ်..နန်းတက်တဲ့ အခန်း၊ စဘုရားကြီး မိဘုရား ကြီးရာထူး ကို စိတ်ပျက်သွားတဲ့အခန်း (အောက်လမ်း နည်းပညာ တွေကိုပါ စဘုရားလတ် က သုံးလိုက်သေးတယ်ဗျ) နောက်ပြီး တခြားသားတော် တွေကိုပါ သတ်ပစ် တဲ့ အခန်း၊ အသံ မကြားအောင်လို့ ပျော်ပွဲ ရွှင်ပွဲ တွေ နန်းတော်မှာ ရက်ပေါင်းများစွာ ကျင်းပ ပေးနေတဲ့ အခန်း၊ အဲဒီလို သတ်ပစ် ခဲ့ တာကို အခုထိ ဆင်ဖြူမရှင် လက်ချက်လား စဘုရားလတ် နဲ့ သီပေါ လက်ချက်လား ဆိုတာ အငြင်းပွား နေကြဆဲ ပါ......။ (ဒါပေမဲ့ သေတော့ သေကြပြီ)

ဒီအခန်း ကျန်ခဲ့ မှန်းသိရဲ့ သားနဲ့ ကျနော် တင်လိုက်မိတယ်. စာအုပ်ထဲ စစ်လိုက်တော့လည်း Page no ရော Chapter ရော ကိုက်နေတယ်.. ကျနော် စီမှာ ရှိတဲ့ စာအုပ်က နောက်ဆုံးထုတ် တတိယအကြိမ် မြောက်ဖြစ်နေတယ်..ကျနော့် ရဲ့ ပျောက်သွားတဲ့ ပထမ အကြိမ် ထုတ် စာအုပ်ထဲမှာ ပါ ပါတယ်၊ အခုစိစစ်ရေးက ဖြုတ်တာလားတော့ မသိပါ.. ကျနော် သိရဲ့သားနဲ့ ဖြေရှင်းချက် မပေးဘဲ တင်လိုက်မိတယ်.. စာချစ်သူ ညီမ မမိုမိဂျိ မန့် လာတော့ မှ ပေါ့ပေါ့ဆဆ လုပ်လိုက်မိတာကို သတိပြုမိတယ်..အားလုံးကို တောင်းပန်ပါတယ်..။ ရှာလို့ရရင် ပြန်တင်ပေးပါ့မယ်..

ညီမ မိုမိဂျိ ရဲ့ Comment လေးဖတ်ပြီးမှ ဆက်ဖတ်ကြတာပေါ့...

www.burmeseclassic.com

အမရေ..

တကယ်တော့ အဲ့ဂတ္တကို ဖြတန်းကျောင်းပိတ်တုန်းကစဖတ်တာပဲ။ နောက်တော့ ၇တန်း၈တန်းထိ ကျောင်းကြီး ပိတ်တိုင်းဖတ်တာ..။ နောက်ကျတော့ မဖတ်တော့ဘူး စာတွေပိလို့.. ကျောင်းတွေ အားလုံး ပီးတော့ ဖတ်မယ်လုပ်တော့ ကိုကိုက ရောင်းစား ပစ်လိုက်လို့ ရန်ဖြစ်ရတယ်။

ပြတ်သွားတဲ့ ဇာတ်လမ်းကို ဆက်ပေးမယ်…အကျဉ်းချုပ်ပေါ့..

သီပေါမင်းကို ဘိသိက်ခံတော့ ဆင်ဖြူမရှင်က စုဖုရားကြီးကို အဂ္ဂမဟေသီမြှောက်တယ်။ ပုဏ္ဏားတွေ ခက်ာ မှုတ်နေတဲ့ အဲ့အချိန်မှာ စုဖုရားလတ်က သီပေါနဲ့ စုဖုရားကြီး ရဲ့ အလယ်မှာဂင်ထိုင်တော်မူတယ်။ အဲ့ဒီတော့ သီပေါ က တပြိုင်တည်း မိန်းမ၂ယောက်ဖြစ်သွားတယ်။

ဒါပေမဲ့ စုဖုရားလတ်က ထက်တယ်ဆိုတော့ သီပေါကို သူ့အမတော် စုဖုရားဆီသွားခွင့်မပေးခဲ့ဘူး။ သီပေါကို အစစ အရာရာနိုင်စားတယ်။ ဒီတင် ဆင်ဖြူမရှင်လဲ သူတင်တဲ့စစ်ကဲကို သူမနိုင်တော့ဘူး။ စုဖုရားက အမဆိုပီး မညာ အမ ကိုတောင်မငဲ့ပဲ နိုင်ငံအရေးတွေမှာ ဂင်ရှုပ်တော့တာပဲ။ သီပေါဆိုတာ နာမည်ခံ ဖြစ်ပီး စုဖုရားလတ်က ပဲ အုပ်ချုပ်နေတာ။ ကင်းဂန်မင်းကြီးတို့ဘာတို့လဲ အရေးမထားဘူး။ သီပေါ ဘိသိက်ခံ နေတဲ့ အချိန်မှာပဲ တဖက်က ဖမ်းဆီးထားတဲ့ မင်းသားတွေအားလုံးကို လည်မျိုကို ဒုတ်နဲ့ ရိုက်သတ်ပစ်လိုက်တယ်။ မင်းတို့ သွေးမြေမကျ ရဘူးဆိုတာကိုး။

သီပေါက သိသလား မသိလားတောင်သေချာမသိတော့ဘူး။ ဖြစ်နိုင်တာကတော့ သိနိုင်ပါတယ်။ သူက အာဏာ ကိုစားဖူးပီး သွားတော့ ကြောက်တာလဲတကြောင်း မက်တာလဲတကြောင်းနဲ့ မသိချင်ယောင် ဆောင် နေတာ ပဲဖြစ်မယ်။

စုဖုရားကလဲ သီပေါကိုနိုင်လိုက်တာမှ ဒါနဲ့ပဲ မောင်မောင်တုတ်တို့ မောင်ဖေငယ်တို့က ဘုရင်ဆိုတာ မိန်းမ တယောက်ထက် ပိုယူလို့ရတယ် ..ဆိုပီးမြှောက်ပေးကြတယ်။ သီပေါကိုသိပ်နိုင်တဲ့ စုဖုရားကို အမြင် ကတ်လို့လေ။ ဒီလိုနဲ့ မိန်းမရှာနေကြတာ တနေ့ကျတော့ မောင်ဖေငယ်တို့က ဒိုင်းခင်ခင်ကို ယောက်ျား အသွင်ဂတ်ပီး ဆက်လိုက်တာ တခါတည်းတမ်းတမ်းစွဲသွားတာ။ ဒိုင်းခင်ခင်က အပျိုတော် ဘယ်လို ဘယ်ပုံ ဖြစ်တယ် ဆိုတာတော့ မေ့သွားပီ ..။

www.burmeseclassic.com

မှတ်မိသလောက် ရေးပြတာပါ.

အမရေ..အဲဒီအချိန်တုန်းကတော့ အဲဒီနေရာလေးမှာ လုပ်လိုက်တဲ့ စုဖုရား သီပေါမင်းဘေးဝင်ထိုင်လိုက်တဲ့ အပြုအမူကို သိပ်ကြိုက်ခဲ့တာပေါ့။ မုန့်ကိုသာဝေစားမယ် အချစ်ကိုမဝေစားနိုင်ဘူးပေါ့။ ဒါပေမဲ့ စုဖုရား လုပ်ရပ်တိုင်း ကိုမုန်းတယ်။ တလင်တမယားစနစ်ကို တန်ဖိုးထားတဲ့အကြောင်းတခုကလွဲရင် ကျန်တာ အားလုံး ကို မကြိုက်ဖူး။

မိုမိဂျိ

အခန်း (၃၁)

စံပယ်မြတ်လေး တတိုင်းမွှေးတို့မှ ထုံရနံ့သင်းသော ပန်းခုံတော်အတွင်းရှိ မြတ်ခင်းသာယာ စိမ်းလဲ့ပြာ တွင် နာရဂျီရွှေသား၊ ရွှဲရွှဲကြွားလျက်၊ နယားရုပ်ဖော်၊ သဋ္ဌမော်တွင်၊ တစ်ကိုယ်တည်း တည်းငြိမ်းငွေ့စွာ စံနေတော် မူလျက်ရှိသော ရွှေနန်းရှင်အပါးသို့ ရနောင်မင်းသား တောင်သမန်လယ်စားနှင့် ဒိုင်းခင်ခင်ကြီး တို့ သုံးဦးသား ခစားမိကြလေ၏။

ခင်ခင်ကြီးကား ကြီးလန့်စာစား ရက်ကြောက်အားငယ်သော မျက်နှာကလေးနှင့် သလွန်တော်ဘေးတွင် ကပ်၍ခစားကာ ဘာများအမိန့်တော် ရှိလေမည်လဲဟု မောင်မောင်၏ လက်မောင်း တစ်ဖက်ကို ကုတ်ကပ် လျက် ကိုင်တွယ်ထားစဉ် -

" မှန်လှပါ ခင်ခင်ကြီးကို ရှေ့တော်ရောက်ဆောင်ကြဉ်းခဲ့ကြောင်းပါဘုရား"ဟု မောင်မောင်တုတ်က စ၍ သံတော်ဦး တင်လိုက်သောကြောင့် ရွှေနန်းရှင်ဘုရားက အားရတော်မူသည်နှင့် -

"အရှင်အမူ့တော်ထမ်းရာမှာ အားရတော်မူလှတဲ့ ငယ်ကျွန်တော်ကြီးများကို အားရတော်မူသည် မောင်မင်း" ဟု မိန့်တော်မူလိုက်သောအခါ အလိုက်သိတတ်စွာသော မောင်မောင်တုတ်က -

"မှန်ပါ ကျွန်တော်မျိုးမှာ အမူတော်ထမ်းလို့ပြီးသဖြင့် မနီးမဝေးမှ ခစားလျက်ရှိမည်ဖြစ် ကြောင်းပါဘုရား" ဟုလျှောက်တင်ကာ မောင်မောင်ငယ်ကို လက်တို့ကာ တဖြည်းဖြည်း နောက်သို့ ယို့၍ယို့၍ ထွက်ခွာ နေလျှင် ခင်ခင်ကြီးမှာ ကြီးကြည့်ကြောင်ကြည့် ဖြစ်နေရှာလျက် မောင်မောင်ငယ်၏ လက်မောင်း တစ်ဖက်ကို မလွှတ်ဘဲ ဖွတ်ဆွဲ၍ ကုပ်ထားသော "အစ်ကို ဘယ်သွားမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com

ခင့်တစ်ယောက်တည်း ရှေ့တော်မှာ မထားခဲ့ပါနဲ့" ဟုတီးတိုးပြောပြီး တုန်တုန်ရီရီ ကြီး ဖြစ်နေလျှင် မောင်မောင်ငယ်တွင် မနေသာ သောကြောင့် အောင့်အည်းမျိုသိပ်ထားရသည့် စိတ်ချောက်ချားမှုကို ဟန်မထိန်းနိုင် တော့လောက်အောင် ကြောင့်ကြ အက်ကွဲ၍ သည်းလန်အူလန် ထုတ်လိုက်ရသည့် လေသံတုန်ကြီးနှင့်

"ခင့်ကို ရွှေနန်းရှင်ဘုရားက တိုင်ပင်တော်မူရန် ကိစ္စရှိ၍ ခေါ်တော်မူသည်၊ အစ်ကိုတို့အနီး အပါးမှာ ခစား နေလို့ မတော်ပါဘူး ခင်ရယ်၊ ဒါကြောင့် အပါးတော်က ခွာပြီး မနီးမဝေးမှာ ခစားရပါ လိမ့်မယ်၊ ခင့်လက်ကလေး ကို ဖယ်တော်မူလိုက်ပါတော့" ဟုချော့မော့ပြောကာ ဖိစီးနေသော ဝေဒနာကို အံခဲခါ မျိုသိမ့်၍ ကြိတ်မှိတ်ခံလိုက်သည့်အလား လည်ပင်းကြောကြီးများ ကြွတတ်လာ သည်အထိ သက်ပြင်းကြီး ဖိ၍ ရှူလိုက်ကာ မောင်မောင်တုတ်ကဲ့သို့ပင် နောင်ဆုတ်နောက်ဆုတ်နှင့် အပါးတော်မှ ခွာလျက် ပန်းခုံ တော် တစ်ဖက်သို့ ရှောင်တိမ်းပျောက်ကွယ်သွားကြလေသတည်း။

ခင်ခင်ကြီးလည်း တစ်ယောက်တည်း ကျန်ရစ်သောအခါ သာ၍ပင် အနေရအထိုင်ရခက် လျက ်မျက်နှာ အောက်ချနှင့် ကြောက်ရွံ့လှစွာ ခစားနေရှာလျှင် ကြင်နာချစ်ခင်သနားစိတ် ဝင်တော်မူ ပြီးသော သီပေါ ရွှေနန်းရှင်သည် ပြုံးချိုတင့်လျှမ်း ရွှမ်းရွှမ်းစားစား ကြည့်တော်မူကာ-

"ခင်ခင်ကြီးငဲ့ တစ်ယောက်တည်း ခစားရလို့ ကြောက်အားတော်ပို၍ ကိုယ်တော်ကို မရွံ့ပါနှင့် ဂုံ့ဂုံ့စားစား အပါးတော် နီးနီးသာ တိုးစမ်းပါ၊ ပြောတော်မူစရာတွေ အများကြီးရှိသည်ကွဲ့" ဟုမိန့်တော်မူလျှင် ခင်ခင်ကြီး သည် အကြောက်နည်းနည်း ပြေသွားသဖြင့် -

"အမိန့်တော် ဗျာဒိတ်သံ နာခံလျက်ရှိသောကြောင့်ပါဘုရား"ဟု လျှောက်ထားလိုက်လျှင် ရွှေနန်းတော် ရှင်လည်း လဲ့လဲ့ရွှင်ရွှင် ချစ်ခင်ကြနာတော်မူဟန်နှင့် ရှုစားတော်မူကာ -

"မူရာပုံတွင် ကောင်းအင်ငါးဂနှင့် မြင်မြတ်သူမောရတဲ့ စောလှမိမြတ် သူဇာနတ်ရယ် ကြောင့်သက် လျှပ်ဖိုမိ ဆင်ခြင်ဘိလည်း ချိတရိနော် ရွှေကိုယ်တော်မှာ မြင်တော်မူစ ဟိုနေ့ကပင် ရွှေဘဂင် အသည်းမြေ့လို့ အငွေ့ငွေ့ကျွမ်းခဲ့သည်မှာ ကြာရင်ဖြင့် လတောမယ်၊ ပွဲတော်ကိုမှတည်း နိုင်ဘူး၊ ကြည်နူး အောင်သာ ကိုယ်တော်မြတ်ကဲ့သို့ နတ်သူဇာကရွှေမေတ္တာမျှစမ်းပါလားခင်ရယ်" ဟုမိန့်တော်မူကာ ဆံရင်စ ကလေးကို လက်တော်နှင့် ယုယဖေးကိုင်လိုက်လျှင် ခင်ခင်ကြီးမှ ကညာယမင်း စင်းလုံးချော အပျိုစင် ဖြစ်၍ ကြင်သူချစ်သူ မည်သူနှင့်မျှ ချစ်ရေးခင်ရေးဆံခြည် မျှင်ကလေးလောက် ပင် စိတ်ဝင်စား၍ နားလည်မှု မရှိရှာသေး ကလေးပမာ သန့်ရှင်းစွာနေခဲ့ရာက ချစ်ကြောက်ရိုသေ ရေမြေသနင်း ပြည့်ရှင်မင်း တစ်ပါးက ချစ်စကားနှုတ်ချို ရုတ်တရက်ဆိုလျှင် ဘယ်လိုတင် ဘယ်လိုလျှောက်ရမှန်းမသိ၊ မိမိအပါး မှာလည်း မည်သူမျှမရှိ ကြောက်ရသည့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com

တွင်ရက်စိတ်တွေဝင်၍ ဝိုချင်ရယ်ချင်ဖြစ်ပြီး အနီးမှ ထပြေးရန် လည်း မဟုံမရဲစွန့်၍ ထိုင်နေရမည် လည်းအခက် ရုတ်တရက် ကြံရာမရ ရှိနေလေ၏။

ရွှေနန်းရှင်ဘုရားသည် အခက်ကြွယ်၍ သနားဖွယ်ဖြစ်နေသူ ခင်ခင်ကြီးအား ယှက်ထား သောလက်ဖျား ကလေးနစ်ဖက်ကို ဆုပ်ကိုင်ဖမ်းယူတော်မူရင်း " ရင်တွင်းမဆန့် ချစ်ရန့်ကြိုင်လှိုင် လို့ပိုင်တော်မူလိုလှပါပြီ၊ ခင်ကြီးရယ်၊ ဘယ်သို့ဘယ်ညာ လျှောက်တင်ချက်ပန်ပြီး ငြင်းဆန်လို့နေ တော်မမူစမ်းပါနှင့်၊ ရွှေရောင် လျှမ်းတဲ့ ဆောင်ခန်းသာမှာ ခင်သာလျှင် ဆောင်ရမိဖုရားတစ်ပါး ဖြစ်ပါ စေတော့"

ဟုချော့ချော့မော့မော့ မိန့်တော်မူပြန်ရာ-

"မှန်လှပါဘုရား မတန်မရာ နေနွယ်ညွှန့်ကို မဟုံပါဘူး ရွံ့ရာက တစ ဖျက္ကျွန်မကို အဂ္ဂမဟေ သီဒေဝီဥက္ကဌ် ပြည်လုံးနတ်များ ရွှေနားတော်ကြားခဲ့လျှင် ဓားတော်နှင့် သတ်ပါလိမ့်မယ်၊ လတ်သလော မသေပါရစေနှင့် ခြေတော်ကို ဦးခိုက်ပါရဲ့၊ အမိုက်ကို ချမ်းသာပေးတော်မူပါဘုရား"

ဟု ကြောက်အားနှင့် လျှောက်ထားသံတော်ဦးတင်သော်လည်း -

"စိန်ခြူး ခရာသီး လေခပ်သို့ တီးသလို တွတ်တီးတွတ်တာ ပြောတတ်ရာပေတဲ့ ကလျာ တော်ဝင် မြကြိုးမျှင်ကလေးရယ် ရစ်သောင်းညာတင် ခင့်သခင်က သင့်ရာကြည်ဖြူ အလိုတော် လိုက်၍ ကိုယ်တော်ကြိုက်ရာ ယူတော့လို့ မဋ္ဌူရွှေခွန်း ကြူကြူညွှန်းသော်ကြော့ စွန်းလွန်းတမန် ကိုယ်တော်မြတ် ကြံပါတယ် ပူရန်မရှိပါဘူး သက်လယ်ရယ်၊ ငြင်းပယ်တော်မူစမ်းပါနှင့်"

ဟု တစ်ဆင့်တက်၍ ခွန်းမြွတ်သာယာ ကျီစယ်တော်မူကာဖြင့် ကြင်နာသမှု ယုယုယယ ပိုက်ဖျား စပြု လေ၏။

ဆောင်းဦးကာလ ဟေမန္တအဝင်တွင် ကောင်းကင်အဇာပုဥ္သ ကြယ်ညီလာရုံခဲသော လမင်း စန္ဒာ ယုန်စကြာမှ သာယာတင့်ဆန်း ငွေရောင်ဖျန်းလျက်ရှိလေ၏။ နှင်းမှုံနှင်းပေါက်တို့လည်း မြောက်လေ နှင့်ရောရော၊ သုတ်ဖြူး၍ပါခဲ့သည်ကြောင့် မြသားရွက်ပြိုင်၊ ပန်းညွှန့်ခိုင်တို့တွင် ပုလဲ ဆိုင် ပုလဲဥတို့ နှင်းဂတ်ရည် စုသဖြင့် တစ်ခုနှင့်တစ်ခု တစ်ခက်နှင့်တစ်ခက်၊ ရွက်ချင်းပွင့်ချင်းထပ် လျက်ပန်းခက်ချင်း နှောမိ ကြသည်။ တလောကလုံး ဆိတ်သုဉ်းနေဟန်ရှိသော်လည်း ရွှေနန်းတော် ကြီးအရှေ့ပိုင်းမှ နောင်ဒိုင်း သံချို စည်ပဟိုရ်သည်ကား အချိန်ကိုရည်ညွှန်း၍ ယွန်းဆော်ရိုက်ဟီး မှန်မှန်တီးလျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အနောက်ပိုင်းတစ်ပိုက်၊ ပွဲကြည့်ဆောင်တော် ပတ်လည်၌ကား ဟိုးဒယားဇာတ်ကြီးမှ ကြေးသံပတ်သံ ချိမ့်ချိမ့်ညံတို့သည် လေဟုန်နှင့်ပါ၍ ညဉ့်နက်သန်းလွဲ မှောင်ထုထဲမှ ဖောက်ခွဲထွက်ပေါ် လျက်ဆိတ်ငြိမ်မှုကို နောက်ယှက် လိုက်သောအခါ ပန်းခုံတော်အတွင်းမှ အတောင်ချင်းရှက်နွဲ၍ ပျော်ပွဲခံလျက်ရှိသော လိပ်ပြာ မောင်နှံတို့လည်း ပန်းဂတ်လွှာနှင်းအိုင်တွင် သူနိုင်ငါနိုင် တစ်ပြိုင်တစ်လှည့်၊ ချစ်ကြိုးညှိလျက်၊ အသိ ကင်းကွာ ရှိလေရာမှ သတိညဏ်ဂင်စား၍ လှုပ်ရှားလာကြတော့ သည်။ အတန်ကြာလျှင် ရတနာ သဇင် ဒိုင်းခင်ခင် မှာလည်း ကာကွယ်အံ့တု ပြုပုံ့ရှာနိုင်အားဘဲ နီးရာ ဓားကို ကြောက်အားပိုသဖြင့် အလိုတော် ကို လိုက်၍ စိတ်ကြိုက်ကိုမျှောခဲ့ရပြီးဖြစ်ရာ ငိုတမဲ့မဲ့ မျက်နှာ ဖြင့်-

"ဘဂါးကျွန်တစ်ပါးဖြင့် ခက်အားပိုလို့ ငိုချင်လှပါပေ့ါဘုရား၊ အလွန်ထက်မြတဲ့နှစ်ဖက်ရ ဓားသွားနှင့် အသက်ဆံဖျားကြုံရပါပြီ၊ ဆင်နှင့်ကျား အင်းအားအတအတူတူမှာ ဘယ်ဟာကို ကြောက်တယ်လို့ လူနောက်ကို လာ၍ မေးပေတဲ့ အဖြေမပေးတတ်သည်တွက် ဆင်နင်းလို့မသေ မရှင်အခါမှာ၊ ကျားလာ၍ အဆွဲခံ ရသည့်အလား သေမင်းနှစ်ပါး အပြိုင်လုသဖြင့် ဘယ်သူ့ဆီလိုက်ရမှန်းမသိတတ်ပါကြောင်း"ဟု ခေါင်းငုံ့ကာ ငိုညည်း၍ ယိုစီးသော မျက်ရည်စကို မြပဂါနှင့် သုတ်ရင်း တင်လျှောက်လေသည်တွင် ရွှေနန်းရှင် လည်း ချစ်စရာတွင် သနားပိုတော်မူပြန်ကာ-

"ဘာကိုမျှ စိုးရိမ်နောင့်လို့ ကြောင့်ကြပါနှင့် ခင်ရဲ့၊ ကြင်တောမူတဲ့ ခင့်သခင်မှာ ရာဇာပဓာ နဆိုတဲ့ စကားလို ဘုရင်တစ်ပါး၏ အလိုတော် အတိုင်း အခါခပ်သိမ်း မိဖုရားကလေးရယ်"ဟု ကျလာသော မျက်ရည် ကို မြရထည်နှင့် သုတ်၍ ချော့မော့ယုယတော်မူသောအခါ-

"ကန္တတ်ဆိုင်ပလ္လင်ဗွေ့တွင်ဖြင့် ဖွတ်အနိုင်အရှင်ပွေ့ဒါကြောင့် မလွတ်နိုင်ခင် တမေ့မှာ တော့ အရင် တွေ့ကြောက်ရပြီ၊ နီးရာဓားပေမို့ ငြင်းအားတော်သန်မရနိုင်ဘု၊ မာန်ချကာလက်လျှော့ ပေးခဲ့တယ် အေးခွင့် မညီ၊ ရဂိဆွေတစ်ယောက်အားကိုလ ဂတိသွေ မဖောက်ပြားစေဖို့ ထောက် ထားလို့ စာနာကာ ညှာတာ ပ ဘုရား။ အရယ်ကြင် နှစ်ဘုရင်မို့ အရှင်ကို လင်လိုတွေးရတော့မယ် ကိုတော်ရေ ရှေးဂဠ်တရား"

မပါးမနပ် စကားပင်မတတ်စေကာမူ ကြုံရသည့်အခင်းက ကွင်းကွင်းကွက်ကွက်အခက်နှင့် အသက် တစ်ဂက်စီ ဂေခွဲ၍ ကြောက်ရင်းစွဲ နဂိုမူကြောင့် အလိုတူ လက်ခံမိသော်လည်း ရှေ့နောက် အရေး စိတ်မအေး တိုင်း ကလေးတစ်ပိုင်း လူကြီးတစ်ဂက်နှင့် ထွက်လာသမျှအဖြေမှာ ကဗျာလင်္ကာ စီကုံးသလို စကားလုံးပြေပြစ်သဖြင့် ချစ်ပွင့်ဂေစီ ချစ်ဂတ်ရည်ထုံလျှမ်းတော်မူခဲ့သော ရွှေနန်းရှင် ဘုရားမှာ သနား ကြင်နာစိတ် ပိုကဲလာတော်မူရသည့်အတိုင်း ရစ်သိုင်းပိုက်ခြုံ ရွှေညဉ့်ရုံအလားခါးပုံ တော်စမြသားကရဂိက် လွန်းပြန်ချိပ် နှင့် သိပ်ထည့်၍ထွေးပြီး ကလေးလို့မြူကာ -

www.burmeseclassic.com

"ပူတော်မူပါနှင့် ကိုယ်တော့အချစ် မြဆံနစ်ကလေးရယ်၊ကသစ်စံပျော် ဖြူရိပ်လွှမ်းတဲ့ နန်းမတော်က အမျက် တော်ပွား ရှိလို့များသာဖြင့် ကိုယ်စားခင့်ဒဏ် ပြောင်ပြောင်ထားလို့ မောင်ဘု ရားခံပေမယ့် တွေးကြံ၍ စိုးရိမ်တော်မူပါနှင့် ခင်ရယ်"

ဟု မိန့်တော်မူသည်တွင် -

"အမိန့်တော် ဗျာဒိတ်ထားတာကဖြင့် အားရစရာပင်ဖြစ်ပါတော့သည်ဘုရား၊ သို့ရာတွင် အရှင်နှစ်ပါး စိတ်ထားတော် မနီးစပ်ပါလျှင် ကျွဲနှစ်စီးခတ်ရာတွင် စပ်ကြားက မြေဇာပင်ဖြင့် ရှင်နိုင် တော့မည် မဟုတ်ပါ၊ ဖျက္ကျွန်မမှာ ဓားသွားနီးရာကို ကြောက်ရတဲ့ တုံးအောက်ကဖားပမာ အားငယ် လှပါသည်ဘုရား၊ ဆူးကြား မှာသီးတဲ့ လဘူးသီးကဲ့သို့ အလူးအလွန့် ခက်နေပါပြီး မင်းမျက်တော် ရာဇဒဏ်နှင့် ဓားစာခံ အပြစ်မျိုး ကြောင့် သက်ဆိုးရှည်နိုင်မယ် မတင်ပါဘုရား"

"စိတ်မချနိုင် တမှိုင်မှိုင်တွေး၍ ပူဆွေးတော်မူပါနှင့် ရတနာမျက်ပျံ မောင့်သက်နံ့ရယ်၊ ဘယ်သူပင် ဘယ်လိုပြောပြော သဘောတော်ကြီးကြီးနှင့် ရင်းနီးတဲ့သူ မနောဖြူကလေးကို တစ်ဆူ သမု သူကောင်း ပြုပေမယ်၊ နန်းမတော်ဘုရား ထံတော်ပါးက ဖဂါးမသွေ ခစားလို့သာ နေပေရော့၊ ဟန်တွေမပျက်စေနဲ့ဦး ခင်ကြီးငဲ့"

"ကောင်းလှပါပေ့၊ ဘုရားကျွန်မ အပါးတော်ကခွာ၍ အဆောင်တော်ပြန်ပါရစေတော့ဘုရား"

"အခြေကြံ့ခိုင် သစ္စာတော်လဲပြိုင်ကြပြီ၊ ခင်ဆိုင်တဲ့ ဆောင်ဖွေဦးကို လွမ်းရက်နှင့် ကူးပေဦး တော့ခင်ခင်ရယ်"

ဒိုင်းခင်ခင်ကြီးရယ် ရွှေနန်းရှင်ဘုရားထံတော်ပါးမှ ခွဲခွါပြီး ဂမ်းနည်းရမလိုလို ဂမ်းသာရ တော့မလို့ ငိုချင် ရယ်ချင်နှင့် စပယ်ပင် မြတ်လေးပင်များအကြား၌ မသွားတတ်မပြန်တတ်ဖြစ်နေ စဉ် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ ဂင်လာပြီး "ဩော်.........ခင်ကြီးအဆောင်တော်ပြန် ချိန်တန်လို့ အစ်ကိုတို့ လိုက်ပို့ရန် အဆင်သင့်ရောက်လာပြီးလေ၊ အို.........မျက်ရည်တွေနှင့်ပါ ကလား" ဟု မောင်မောင်ငယ်က အံ့အားသင့်စွာ မေးလိုက်သည်တွင် ခင်ခင်ကြီးလည်း တစ်ခါ တည်းပြေးလျက် မောင်မောင်ငယ် ကိုဖက်ကာ ကြုံကြုံ ပါအောင် ငိုလိုက်ရှာတော့သည်။ မောင်မောင်ငယ်လည်း မချိလှသည့်မျက်နှာနှင့်-

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။ "ခင်ရယ် တိတ်ပါ၊ ရွှေနန်းရှင်ဘုရားက ဘာတွေများ ဂန်းနည်းစရာ မိန့်တော်မူ လိုက်ပါ သလဲ"

ခင်။ ။"အစ်ကိုနှင့် ရနောင်ကိုကိုကြီးတို့ကဖြင့် ခင့်ကို မသနားလို့ ကျားရှေ့အရောက်ပို့ သလို ခင်ကြီး ကို မလိမ့်တပတ် ခေါ်ပြီး ရှေ့တော်သွင်းကြတယ်နော်၊ အင်မတန်တော်သည့် အစ်ကို ပေပဲ"

ငယ်။ ။"ဒီလိုဖြင့် မစွမ်စွဲပါနှင့် အစ်ကိုအသည်းနှင့်လှပါပြီ ခင်ကြီးရယ်"

တုတ်။ ။ "ကိုဖေငယ်နှင့် ကိုကိုကြီးတို့မှာ အရှင်သခင်၏ အလိုတော်အတိုင်းစေသည့် ကျွန်၊ ထွန်သည့်နွားကဲ့သို့ ခစားထမ်းရွက်ရသူများ ဖြစ်ပါတယ်။

ငယ်။ ။ "နမကိုလက်ဆောင်တော်ဆက်ပြီး မျက်နှာလိုအားရ ကိုယ်ကျိုးရှာကြခြင်း မဟုတ်ရပါ၊ ဘုန်းတော်ကြီး လှသော ရွှေနန်းရှင်က အင်မတန်နှစ်သက်စုံမက်တော်မူလှလို့ ဆောင်ရ မိဖုရားတစ်ပါး အဖြစ်နှင့် ချစ်ခင်မြှောက်စား သူကောင်းပြုထားလိုသည်ဟု အမိန့်တော်ရှိပြီး အတိ အလင်းခေါ်ချေဟု စေတော်မူ လိုက်ပါသည်။

တုတ်။ ။"ဟုတ်ပါသည် ခင်ခင်၊ ကိုကိုကြီးတို့ဆိုလျှင် ခင်ကောင်းစားသည်ကို ကိုလည်း ချက်ချင်းဖြည့်စွမ်း ဆောင်ရွက်အလိုတော်ဆက်ချင်တဲ့ စေတနာနှင့် ခိုင်းတော်မူရာကို တာဂန်ကျေ စွာ အမှုထမ်းရခြင်းပါ"

ခင်။ ။"အစ်ကိုတို့ ငဲ့ညှာမိလို့ ဘာမသိ ညာမသိနှင့် လိုက်ခဲ့ရပါသည်၊ ယခုတော့ တကယ့် ရာဇဂုတ်အိုးကို တုတ်ထိုးလို့မွှေမိသလို ဖြစ်ကုန်ပြီ၊ ဒီကိစ္စကို အရှင်နန်းမတော်ဖုရား သိတော်မူလျှင် သိတော်မူလျှငမ် ခင်ဒုက္ခရောက်ရပါလိမ့်မယ် ထင်ပါရဲ့ အစ်ကိုတို့ရယ်၊ မကယ်နိုင် ကြတော့ဘူးလား"

တုတ်။ ။"ကိုကိုကြီးတို့ ရှိပါတယ်၊ ဘာမှမပူပါနှင့်၊ အဆင်သင့်တဲ့အချိန်အခါရောက်လျှင် ထင်ထင်ရှားရှား ချီးမြှောက်သူကောင်းပြုပါလိမ်မယ်၊ အရှင်းနန်းမတော်ဖုရား ကိုယ်တိုင်က အလို တော်ကျ သဘောတူခွင့်ပြုချက်ရသဖြင့် ဒီကိစ္စကိုဆောင်ရွက်ပုံကြခြင်း ဖြစ်ပါတယ်"

ငယ်။ ။ "ခင့်ကို ရွှေနန်းရှင်ဘုရားက ဘယ်လိုများ မိန့်မှာတော်မူလိုက်ပါသလဲ"

ခင်။ ။"ရနောင်ကိုကိုကြီး ပြောသလိုပါပဲ၊ သို့သော်လည်း ရုတ်တရက် ဟန်မပျက်စေနှင့် ဦးတဲ့၊ သင့်တော်တဲ့ အချိန် အခါရောက်သည့် ကာလာမှာ ဆောင်ရမိဖုရားဖြစ်ရဦးမှာပါကလား"

www.burmeseclassic.com

ငယ်။   ။"ဒါနဲ့များခင်ရယ်၊ အစ်ကိုတို့ကို အပြစ်တင်သံနှောပြီး ပြောတော်မူလိုက်တာ၊ ခင့်အလိုက ရွှေကိုယ်တော်ဘုရားကို စိတ်ထားမတူ ကြည်ဖြူတော်မမူနိုင်လို့ပေလားလို့"

ခင်။   ။ "အစ်ကိုလည်း သိသားနဲ့ ခင်အကြီးမှာ ရည်းစားထားတတ်တဲ့စိတ်တောင်မ ရှိသေးလို့ အစ်ကိုတို့နဲ့ ကလေးကဲ့သို့ ပျော်ပျော်ပါးပါး ကစားၡ၍နေခဲ့သည် မဟုတ်ပါလား၊ အခုမှ ဘွားခနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ရပြန်တော့လည်း သူများနှင့် မဟုတ်ဘဲ တကယ့်အထွဋ်အထိပ် ကရွှေနန်းရှင်ဘုရားနဲ့မှ လာလို့ တွေ့ရတော့ ကြောက်ရလန့်ရတဲ့ စိတ်တွေသာ ယ်ထိပ်သို့ ရောက်နေပါသည်၊ သဘောမတူ မကြည်ဖြူ လို့လည်း မဟုတ်သေးပါဘူး"

တုတ်။   ။"ဒါဖြင့် ရွှေနန်းရှင်ဘုရားကို ကြောက်အားပိုလို့သာပါ၊ ချစ်စရာရယ်လို့တော့ သဘော မထားနိုင် သေးဘူးထင်ပါရဲ့"

ခင်။   ။"အို......ကိုကိုကြီးကလည်း စိတ်ရှုပ်ရတဲ့အထဲမှာ ဘာတွေများလာ၍ မေးပြန်ပါ လီမ်နော်၊ ခင်လည်း အဓိပ္ပာယ်ပါအောင် မပြောတတ်တော့ပါ၊ စိတ်ထဲမှာတော့ မေမေဘုရားတို့ အစ်ကိုတို့ကို ချစ်တာမျိုးလည်း မဟုတ်သေးဘူး၊ ဘယ်လိုကြီးမှန်း မသိပါ၊ အဲဒါလောက်သာ ပြောတတ်ပါသည်"

ငယ်။   ။"ကဲ.......ကိုယ်ရင်တုတ်ရယ်၊ ဒီနေရာ မယ်ကြာကြာနေလို့ မတော်ပါ၊ ခင့်ကို သူ့အဆောင် ရောက်အောင် ပြန်ပို့ကြပါစို့၊ ကဲလာလာ ခင်အကြီးမှာ စကားအတိုင်း ပိပိပြားပြား နေထိုင် ပါနော်၊ အမိန့်တော် ရှိတဲ့အခါ အစ်ကိုတို့ လာ၍ခေါ်ပါမည်"

ခင်။   ။"ဟုတ်ကဲ့......အစ်ကိုပြောတဲ့စကား နားထောင်ပါမည်"

ထို့နောက် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် ပန်းခုံတော်ထဲမှ ခင်ခင်ကြီးကို ခေါ်ခဲ့လျက် မှောင်ရိပ်ကျသည့်ဘက်က ခိုးပြီး နန်းမတော်ဆောင်ကြီး၏ မြောက်ဘက်ရှိဂဲဆောင်ထဲ ရောက်လျှင် အင်မတန် ဟန်ကျနြေမပျက်စေနှင့် ရွှေနန်းရှင်ဘုရား အမိန့်တော်မှာ စကားအတိုင်း ပိပိပြားပြား နေထိုင် ပါနော်၊ အမိန့်တော်ရှိတဲ့အခါ အစ်ကို တို့ လာ၍ခေါ်ပါမည်"

ခင်။   ။"ဟုတ်ကဲ့........အစ်ကိုပြောတဲ့စကား နားထောင်ပါမည်"

ထို့နောက်မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် ပန်းခုံတော်ထဲမှ ခင်ခင်ကြီးကို ခေါ်ခဲ့လျက် မှောင်ရိပ်ကျသည့်ဘက်က ခိုးပြီး နန်းမတော်ဆောင်ကြီး၏ မြောက်ဘက်ရှိဂဲဆောင်သို့ ရောက်အောင်လိုက်ပို့ကာ လူချင်းခွဲထွက်လာခဲ့ကြလေ၏။

www.burmeseclassic.com

သီပေါ ရွှေနန်းရှင်ဘုရားသည် ထို့နေ့မှစ၍ ရနောင်မင်းသား မောင်မောင်တုတ်၊ စာဆို တော်တောင်သမန် လယ်စား ရွှေထိုက်စိုး ဦးဖေငယ်ခေါ် မောင်မောင်ငယ်တို့နှစ်ဦးကိုသာ အတွင်း လူယုံတော် အဖြစ် အသုံးပြုလျက် နှစ်သက်မြတ်နိုးတော်မူလှသော ဒိုင်းခင်ခင်ကြီးနှင့် မွေ့ပျော်တော်မူလျက် နေရာ၊ နေ့ရက် အချိန်အခါ  အတော်ကြာခဲ့ပြီဖြစ်လေ၏။ နန်းမတော်ထိပ်စုဖုရား လတ်မှာလည်း မီးရှူး သန့်စင်တော် မူရာ ၄၅ရက် မပြည့်သေးသဖြင့် သွေးသားတော်နချိန်ဖြစ်သောကြောင့် နန်းမတော် ဆောင်ကြီးသို့ ပြောင်းရွှေ့ခြင်းမပြုသေးဘဲ မီးရှူးဆောင်တော်မှာပင် စံနေတော်မူခိုက် ဖြစ်လေ၏။

ထိုတောအတွင်း မြောက်ဘက်ဂဲဆောင်ရှိ အပျိုတော်များသည် ရက်အတန်အကြာသောအခါညဉ့်အိပ် ချိန် များတွင် ဒိုင်းခင်ခင်ကြီးကို မတွေ့မမြင် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် မေးကြ မြန်းကြ ဖြစ်လာကြလေ၏။

အချို့ကမူ အရှင်နန်းမတော်ဖုရားက ဒိုင်းခင်ခင်ကြီးကို ထူးထူးခြားခြား ချစ်ခင်တော်မူ၍  အပါးတော်တွင် ခေါ်ထားသဖြင့် ကျန်ရစ်သည့်ဟု အမှတ်မထင် ယူဆကြသည်။ ခင်ခင်ကြီးမှာ လည်း မောင်မောင်ငယ်တို့ နည်းပေးလမ်းပြ သင်ကြားထားသမျှအတိုင်း အိပ်ဖန်တော်စောင့်အ လှည့်ကုန်၍ အဆောင်တော်မှ ထွက်လာကြသော အပျိုတော်များနှင့် ခါတိုင်းကဲ့သို့ရောနှောလိုက် ပါမလာဘဲ မီးရှူးဆောင်တော်ထဲဂယ် အကြောင်းတစ်ခုခု ရမယ်ရှာ၍ အသာချန်နေရစ်ပြီးမှ အပြင် ဘက်က လူအဆင်ပြတ်သွားသည့်အခါ မောင်မောင်ငယ်တို့ အလာကိုစောင့်ဆိုင်းရင်း အတွင်း ဆောင်ကတ္တီ ပါ လိုက်ကာ အကွယ်တွင် အမှတ်မထင် နေခဲ့လေ့ရှိသည်။

ဤနည်းနှင့် ရက်အတန်ကြာလာသောအခါ အလှည့်ပြောင်း အလှည့်လဲကြသော အအပျိုတော်ချင်းချင်း တွေ့ပြီး ခင်ခင်ကြီး အပါးတော်တွင် နေ့လှည့်ညဉ့်လှည့် အမြဲအပြတ်ခစားနေရသည့်အတွက် ပင်ပန်း လိမ့်မည့်ထင်ကြောင်း ပြောမိရာ ညဉ့်လှည့်ကျ အပျိုတော်များကလည်း ခင်ခင်ကြီးမှာ မိမိတို့နှင့်အတူ မရှိကြောင်း အရှင်နန်းမတော်ဖုရား၏ ကြာခြည်တော်အတွင်းမှာလည်းအပျိုတော်ကြီးများသာ ခစား ဝင်ထွက်သမူ ပြုရကြောင်း အဖြစ်ကား ပေါ်လာသောအခါ အရွယ်ငယ်သူ အပျိုတော် ကလေးများ၏ ရပ်ကွက် တွင် ခင်ခင်ကြီးပျောက်ပုံ ထူးဆန်းကြောင်း သတင်းစကား ပြန့်ပွားလာခဲ့လေ၏။

အချို့ကလည်း ဒိုင်းခင်ခင်ကြီးမှာ တောင်သမန်လယ်စား ရနောင်မြို့စားတို့နှင့် နီးစပ်သူ ဖြစ်သည်၊ သူတို့လည်း မကြာမဏ နန်းမတော်ဆောင်ဘက်သို့ ဝင်ထွက်နေရသူများဖြစ်သည်။ သို့ကြောင့် ခင်ခင်ကြီးမှာ ရနောင်မြို့စားနှင့်သော်လည်းကောင်း၊ တောင်သမန်လယ်စား တို့မှာလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

အရှင် နန်းမတော် ဖုရားက ထူးခြားသော အခွင့်အရေးကိုပေး၍ မြှောက်စားထားတော်မူ ခြင်း ခံရသူများ ဖြစ်သောကြောင့် ဤသတင်းကို အချင်းချင်းပင် သိသိသာသာမပြောပုံ့ဘဲ ရှိရာကြ သည်။

သို့ရာတွင် တစ်လကျော်ခန့် ရှိလသောအခါ ငယ်ရွယ်သူ အပျိုတော်ပိုင်းမှ အုံပွင့်လာ သောသတင်း စကားသည် အပျိုတော် အရွယ်လတ်တွင်းသို့ ရနံ့ထွက်လာပြီး လူကြီးပိုင်းအထိ ကြားသိပျံ့နှံ့ လာပြန်လေ၏ အပျိုတော်ကြီးများအထဲတွင် ဆတ်ဆတ်ကြဲ ဘွဲ့ရသော မံသကြီးရွာစား မှာ မောင်မောင်တုတ် မောင်မောင်ငယ် တို့နှင့် ဒိုင်းခင်ခင်ကြီး အဆက်အသွယ်ရှိနေခြင်းသည် ဘယ် ဇာတ်ကို ဘယ်ပုံ ခင်းသည်ဟု စဉ်းစား၍ မရနိုင်အောင် ရှိခဲ့လေသည်။

မောင်မောင်တုတ်နှင့်သော်လည်းကောင်း၊ မောင်မောင်ငယ်နှင့်သော်လည်းကောင်း၊ အဆက်အသွယ် တကယ်ပင်ရှိသည်ဖြစ်စေ၊ နေ့စဉ်မပြတ် အမှတ်မထင် ခင်ခင်ကြီးနှင့်တွေ့ရန် လာရမည်မဟုတ်၊ သဒ္ဓါတော်မူသူများဖြစ်၍ အလိုအတိုင်း ပြည့်စုံရမည်ဖြစ်သည်။ ခင်ခင်ကြီး ပျောက်ပုံထူးဆန်း၍ သူတို့ ကူးသန်းပုံလည်း သင်္ကမကင်းစရာကောင်းသောကြောင့် အကြောင်းစုံ သိနိုင်ရန် အမြန်စုံစမ်းခိုင်းမည်ဟု ကြံစည်ကာ မံသကြီးရွာစားသည် လက်ပါးစေအမြဲချောင်းမြောင်း ကြည့်ရှုလျက် မျက်မြင်ကိုယ်တွေ့ အချက် အလက်များကို အားလုံးစုံလင်စွာ ပြောပြရမည်ဟု ခိုင်းစေထားလေ၏။

ဒိုင်းခင်ခင်ကြီးသည် ရနောင်မြို့စားနှင့် တောင်သမန်လယ်စားသို့ လာတိုင်းပင် ယခင်အစီ အစဉ်အတိုင်း ညဦးချိန်မှာ လိုက်ပါသွားရပြီး နံနက်လင်းအားကြီးအချိန်ရောက်မှာ အဆောင်တော် သို့ပြန်ခဲ့ ရသည် ဖြစ်ရာ လာ၍ခေါ်ခြင်း၊ လိုက်၍ပို့ခြင်း ပြုကြသော ရနောင်မြို့စားနှင့် တောင်သမန် လယ်စားတို့မှာ ဒိုင်းခင်ခင်ကြီးကို မောင်လိုနမလို ရိုရိုသေသေ လေးလေးစားစားလက်ပါးစေ မိန်းမငယ်သည်လည်း မံသကြီး ရွာစား အား မိမိ တွေ့မြင်ရသော အချက်အလက်တို့ကို တစ်လုံးတစ် ကွက်မကျန် ပြန်ပြောင်း အစီ အရင် ခံလေ၏။

ထိုတွင် မံသကြီးရွာစားသည် အကြောင်းအားလျော်စွာ သင်္ကာမကင်း ဖြစ်လေ၏။ "တစ်ခုခု ပါပဲ၊ ကိုဖေငယ် အတွက်လည်းမဟုတ်၊ ရနောင်မောင်မောင်တုတ်ကလည်း ရှုပ်ပုံ့မည်မထင်၊ ဧကန္တ ရွှေနန်းရှင် တို့များလာဘုရား.......ဘုရား၊ ငါ့အရှင် နန်းမတော်ဘုရား သိတော်မူလျှင် အင်မတန် အမျက်တော် ရှိလိမ်မည်။ ဒီကိစ္စကို ငါက ရိပ်မိလျက် ဖုံးဖုက်ထားလျှင် ဓားတော်နှင့် နီးလှသည်။ မျက်နှာလို အားရ လျှောက်တင်ပါကလည်း ရွှေနန်းရှင်ဘုရား၏ ဓားတော်အောက်ကို ခေါင်းလျှို၍ ရောက်အောင် ဂင်မိကဲ့သို့ ရှိတော့မည်၊ ဒီကိစ္စဟာ ငါထင်သလိုမမှန်လျှင်သာ၍ပင် ရာဇဒဏ်ရောက် ရဦးမည်၊ ထင်ထင်လင်းလင်း၊ စင်းစင်းကြီးတွေ့ရအောင် ကြံဆောင်ကြိုးစားပမ်းပြီးမှ နန်းမတော်အရှင်ကို လျှောက်တင်သင့်လျှင် လျှောက်တင် ရမှာပဲ" ဟုစိတ်ထဲဂယ် ပိုင်းဖြတ်၍ အတင်အထင် သိမြင် ရန်ထပ်မံချောင်းမြောင်းပြီး တစေ့ တစောင်း မှ အကဲခတ်လျက် ရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မံသကြီးရွှားစာသည် ဖဲကန့်လန့်ကာကြားမှ ချောင်းမြောင်းစောင့်ကြည့်နေ ခိုက် အဆောင်တော် မှောင်ရိပ်မှ ပေါ်လာသော မောင်မောင်ငယ်တို့နောက်သို့ ကောက်ကောက်ပါ အောင်လိုက် ပါသွားသော ခင်ခင်ကြီးကို မြင်လိုက်ရသည်တွင် ဘယ်ဆီသို့ခေါ်ယူသွားသည်ကို သိရှိရန် နောက်ယောင် ခံ၍ လိုက်သွားရာ ဘမရာသန မှန်နန်းတော်ဆောင်ကြီး၏ မြောက်ဘက် မှောင်ရိပ်တွင် ပျောက်ကွယ် သွားသည်ကို တွေ့မြင်ရလေ၏။

မံသကြီးရွှာစား ခင်မကြီးသည် ဘမရာသနဆောင်၏ တစ်ဖက်၊ မင်းယောက်ျားများနေထိုင် ရာ အရှေ့ပိုင်းသို့ မိန်းမများ အကြောင်းမဲ့ သွားလာခြင်းမပြုရသော စည်းကမ်းအတိုင်း ဤတွင်ရပ် ဆိုင်း၍ ပြန်ခဲ့သည်တွင် စိတ်မကျေသေးသဖြင့် နန်းမတော်ဆောင်သို့ ခပ်သုပ်သုပ်ပြန်လာပြီး အရေးတကြီးပင် ပုဆိုး တစ်ထည်ရှာ ပဂါကို ကပျာကယာပေါင်းလိုက်လျက် ရုတ်တရက် ယောက်ျား တစ်ယောက် သဏ္ဍာန် ကို အမြင် ပြောင်းလိုက်ကာ ဘမရာသန အဆောင်တော်ကြီး၏ အရှေ့ဘက် သို့ သွက်လက်စွာ လိုက်သွားပြီး ဇေတဂန်ဆောင်တော်သို့ ကူးထားသည့်စနဆောင်လက်ရမ်း အမှောင်လွှမ်းသောနေရာက ပန်းခုံတော်ဘက် သို့ မျှော်မှန်းကြည့်ရှုလျက်နေလေ၏။

မြောက်ဘက် ပန်းခုံတော်မှာ သာယာထိန်လင်းသော လမင်း၏ရောင်ခြည်က စပယ်မြတ်လေး တတိုင်းမွှေး များကို ငွေရည်ဖြင့် ရွှန်းစိုအောင် သွန်းလောင်းထားလေ၏။

မြသား ကဲ့သို့ စိမ်းလဲ့သော မြတ်ခင်းပြင်ရှိ သဋ္ဌာလီကြာကြွပေါ်တွင် လျောင်းတော်မူနေသော သီပေါ ရွှေနန်းရှင် ဘုရားနှင့် အနီးအပါးမှ ခစားနေကြသော လက်သုံးတော်များကို ယောက်ျားအသွင် သဏ္ဍာန် ဆင်ထားသော မံသကြီးရွှားစားသည် အထင်အရှားတွေ့မြင်ရလေ၏။

သို့ရာတွင် သီပေါရွှေနန်းရှင်ဘုရား၏ အနီးအပါး၌ မိန်မတစ်ဦးတစ်ယောက်မျှမရှိ၊ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ကိုလည်း မမြင်သဖြင့် အထင်နှင့်ကွာခြားနေသည်ကို စဉ်စား၍ ရင်ဖိုသွားမိသည်။ ထိုခဏတွင် ပန်းခုံတော်တစ်ဖက်မှ ရုတ်တရက် ပေါ်လသော လူရိပ်သုံးခုကို တွေ့မြင်ရသောကြောင့် တအောင်မျှ စိုက်၍ကြည့်လိုက်သောအခါ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်ဖြစ်၍ အလယ်မှ လိုက်ပါ လာသူမှာလည်း ဒိုင်းခင်ခင်ကြီး မဟုတ်ဘဲ ရဲဘက်တော် အမှုထမ်း ရွှေဓားဆွဲ အရာရှိ ယောက်ျားပျို တစ်ဦး ဖြစ်နေသည်ကိုသာ တွေ့မြင်ရလေ၏။

မံသကြီးရွှားစားသည် မိမိအထင်မှား အမြင်မှား ရှိမိသည်များကို နောင်တတရားရစွာဖြင့် ငေးကြည့် နေရာ၊ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် အလယ်ကပါလာသော ရွှေဓားဆွဲအရာရှိ

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားပျို နှင့် အတူ ရွှေနန်းရှင်ဘုရား အပါးတော်သို့ ကြို့ကြို့ယို့ယို့ ဂင်ရောက်ခစားကြသည်ကို တွေ့ရပြီး အချိန် အနည်းငယ် ကြာသောအခါ သီပေါရွှေနန်းရှင်ဘုရားသည် ရွှေစားဆွဲ အမှုထမ်း ယောက်ျားပျိုအား နောက်တော်ပါးမှ လိုက်ပါစေလျက် ပန်းခုံတော်၏ မြောက်ဘက်တွင်ရှိသော ချိုးရေတော်ဆောင်ဆီသို့ ထွက်ချီ ကြွသွားတော်မူသည်ကို တွေ့မြင်ရလေ၏။

"ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားကို ငါအထင်မှားမိပါကလား၊ ဘုရား.........ဘုရား" ဟု ရင်ကိုမ၍ တသသ ရေရွတ်နေမိစဉ် မိမိအပါးသို့ ဘွားခနဲ ရပ်လာသော မောင်မောင်တုတ်ကို ရုတ်တရက် မြင်လိုက် ရသဖြင့် ဒိတ်ခနဲ ရင်ခုန်သွားမိလေ၏။ ထို့နောက် မိမိကိုတွင် ယောက်ျားအသွင် ဂတ်ဆင် လာခဲ့မိသည့် အတွက် ကက္ကန္ဓမပျက် ရပ်မြဲရပ်နေလိုက်သည်တွင် မောင်မောင် တုတ်မှာ မံသကြီး ရွှာစား၏ မျက်နှာကို ပြုံးစိစိကြီးကြည့်ပြီး၊ "အမယ်ရဲဘက်တော် အမှုထမ်းကြီး တစ်ယောက်တည်းပါကား၊ ဒီမှာ ဘာများ လာလုပ်နေပါလိမ့် ဟား.........ဟား........ဟား သိပြီသိပြီ တန်တော့ အပျိုတော် ကလေး များရှိရာကို သွားရစ် မယ်လို့ အလစ်ချောင်းထွက်လာထင်တယ်" ဟု ဆိုကာ ပခုံးကို နာနာကြီး ပုတ်ခတ် ကစားသွားသောကြောင့် အောင့်သက်သက်နှင့် ကြိတ်ခံလိုက်ရ သောမံသကြီးရွှာစားမှာ စပ်ဖျင်းဖျင်းကြီး နာကျန်ရစ်သည့် မိမိပခုံးကို နှိပ်ရင်း "သေခြင်းဆိုးကြီး" ဟု အံကြိတ်ခါ ရေရွတ်လျက် နန်းမတော် ဆောင်ဘက်သို့ လှည့်ပြန်၍ ထွက်သွားလေလျှင် ကြက်ရုံးနှစ်ပင်ကြားမှ နှစ်ယောက်သား ကြိတ်ရယ် နေသော မောင်မောင်ငယ်နှင့် မောင်မောင်တုတ် တို့မှာ"ဘာရမလဲ ခင်မကြီးရာ၊ ဒါ မောင်မောင်တုတ်တဲ့၊ ပါးတဲ့နေရာမှာ လှစ်လှစ် လှစ်လှစ်မြည်နေ တယ်" ဟု တီးတိုးပြောလိုက်၍ "ဒါပေမဲ့ ကိုရင်တုတ်ရေ ပေါ့ပေါ့ ဆဆနေလို့ မဖြစ်ဘူးနော်၊ တော်တော်ကြ ဘာမှန်းမသိ ညာမှန်းမသိနှင့် ခင်မကြီး ဒီအထိ လိုက်ကြည့်ပုံထောက်တော့ ကြောက်ရမလိုလိုပဲ၊ ခင်အကြီးကိုလည်း သတိနဲ့နေဖို့ရာ မှာထား သင်ကြား လိုက်ဦးမှ ဖြစ်မယ်"

ဟု မောင်မောင်ငယ်က စိုးရိမ်စွာ သတိပေးမိလေ၏။

ညဥ့်သုံးယံအပြောင်း ရွှေမောင်းနရီ၊ အချိန်မှန်မြည်လိုက်လျှင် အိပ်ငိုက်လျက်ရှိသော မောင်မောင် ငယ်တို့အပါးသို့ ယောက်ျားကလေးအသွင် ဂတ်ဆင်ထားသူ ဒိုင်းခင်ခင်ကြီး ရောက်ရှိလာလေ၏။

"ဪ........အစ်ကို.........အစ်ကို နမကလေးအတွက် အိပ်ပျက်၊ စားပျက်နှင့် အင်မတန် ဒုက္ခခံ လျက် နေရှာ တယ်"

ဟုကြင်နာစွာ ပြောမိပြီး ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားအတွက် ဆိုလျှင်လည်း အသက် ကိုပင် ပုံ၍ ဆက်နိုင်သူများပီပီ ဤမျှချမ်းအေးသော ရာသီဥတု၏ ဒဏ်လောက်မျှကို အမှုမထားဘဲ ပန်းခုံတော် အတွင်းရှိ ခင်းထားသော ခုံတန်းလျားပေါ်မှာ ပုဆိုးခါးပုံကို ခေါင်းမြီးခြုံရင်း လင်းအားကြီး အချိန်တိုင် နေ့စဉ်နှင့် အမျှ ထိုင်၍ရှာခဲ့ရှာကြသူ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အနီး သို့ကပ်ကာ ယုယစွာ နှိုးပြီး-

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုကြီးနှင့် အစ်ကိုတို့ အိပ်လို့ပျော်နေကြပါသလား၊ သွားကြရအောင် ထကြပါတော့"

ဟုဆိုကာမှ နှစ်ယောက်လုံး ပုဆိုးခါးပုံထဲမှ ခေါင်းဖော်၍ ကြည့်ကြပြီး "ဩော်.........ခင်အံ်ကြီးလား၊ ကဲ...... သွားသွား အဆောင်တော်ကြားမှာ အဂတ်အစားလဲချေဦး"ဟု မောင်မောင်ငယ်က ပြောလေ၏၊ မောင်မောင်တုတ်ကလည်း "ဒါနှင့် ခင်ခင်ကြီးရေ ဒီယောကျ်ားဂတ်စုံကို လုံလုံခြုံခြုံ သိမ်းထုတ်ထားနော်၊ အဆောင်တော်ထဲကို ယူသွားလို့ ဖြစ်ပမလား၊ မံသကြီးရွာစားတစ်ယောက် တော့ အစ်ကိုတို့ လိုက်စုံထောက်နေပြီ"

ငယ်။ ။ "ဒါဖြင့် ဒီဂတ်စုံကို ခင်အကြီး လုံခြုံအောင် သိမ်းဆည်းတတ်မယ် မထင်ဘူး၊ အရှေ့ပိုင်းကူးမိမှ လဲ၍ ဂတ်ရမည့် အတူတူဖြင့် ကျုပ်တို့ပဲ ယူသိမ်းထားလိုက်ကြပါစို့"

တုတ်။ ။ "ဟုတ်တယ်၊ ဒီနေ့ကစပြီး ကျုပ်တို့က သိမ်းထား၊ ပန်းခုံတော်အတွင်းမှ ထုတ်ဆင်ပါ၊ ဒါမှ မံသကြီး ရွာစားကို မျက်စီလှည့်စားနိုင်မယ်"

ခင်ခင်ကြီး။ ။"ဘယ့်နှယ်ဖြစ်ကြတာလဲ အစ်ကိုတို့ရဲ့၊ အစကတော့ ဘာမှစိုးရိမ်စရာ မရှိဘူးဆို၊ ခုလိုပုံဖြင့် ကြောက်စရာကြီးပါကလား၊ မံသကြီးရွာစားကို ခင်အများကြီးလန့်တာပဲ"

ငယ်။ ။"အစ်ကိုတို့လည်း ဒါကိုပဲ ပြန်လို့စုံစမ်းရပါဦးမယ်၊ မံသကြီးရွာစားက သူ့သဘောနှင့်သူ သိချင်၍ စုံစမ်းခြင်းလား၊ အကယ်၍သိလျှင် အသျှင်နန်းမတော်ဖုရားကို မတော်မတရား ကုန်းချောလျှောက်တင်ဖို့ပင် ဖြစ်လေမလားဆိုတာကို စုံစမ်းစရာဖြစ်လာပြန်တယ်"

တုတ်။ ။"မံသကြီးရွာစားက ခင်အကြီးရဲ့အပေါ်မှာ မလိုတမာစိတ်ထား ရှိများနေသလာ မတွေးတတ်ပါ၊ လူဆိုသည်မှာ ကိုယ်ထက်သာလျှင် မနာလိုချင်တဲ့ မစ္ဆရိယတရား ရှိတတ်တာပဲ၊ နို့ပြီး တော့လည်း မံသကြီးရွားစားဟာ အရှင်နန်းမတော်ဖုရားပေါ်တွင် အင်မတန် မျက်နှာလိုအားရ ပြုတတ်လေသည်။

ငယ်။ ။"တကယ်ဆိုလျှင် ရွှေနန်းရှင်ဘုရားတစ်ပါးလုံး အစ်ကိုတို့ဘက်က ရှိပါသည်၊ ဘာမှမပူပါနှင့်ခင်ရယ်၊ သို့ရာတွင် ခင်မကြီးရဲ့ အတွင်းသဘောကိုသိရန် သတိဂိရိယနှင့် နေထိုင်ပါ၊ ခင့်ကို သူက ဘာပဲ မေးမေး အဖြေမပေးနှင့်နော်။

www.burmeseclassic.com

ကြီး။ ။"သြော်........ဒါမှခက်တာပါပဲ၊ ခင်ကလည်း လိမ်လို့မပြောတတ်ဘူး အစ်ကိုရယ်၊ ခင်ကြီး ဘယ်သွားတာလဲလို့မေးလျှင် အစ်ကိုတို့ လာခေါ်လို့ ပန်းခုံတော်ကို လိုက်သွားရပါသည်လို့ မပြောရ ဘူးလား"

ငယ်။ ။"မပြောပါနှင့်၊ သူ့သဘောက မလိုလားလျှင် အခက်သားခင်ရဲ့"

ကြီး။ ။"ဒါဖြင့် ဘယ်လိုပြောရမယ်ဆိုတာ သင်လို့ထားကြပါ၊ ခင့်သဘောနဲ့တော့ ကြံဖန်လို့ မပြော တတ်ဘူး အစ်ကိုရဲ့"

တုတ်။ ။"ခင့်အစ်ကိုများနှင့် ကိစ္စရှိလို့ လိုက်သွားရပါသည်လို့ ပြောလိုက်တာပခင်ရယ်"

ကြီး။ ။ ဘာကိစ္စလဲလို့ တစ်ဆင့်မေးလျှင် ခင်မဖြေတတ်တော့ပါ၊ ခက်လိုက်တာအစ်ကိုရယ်၊ ရွှေနန်းရှင် မောင်မောင်ဘုရားကလည်း ခင်ကြီးကို သနားတယ်ဆိုဆိုပြီး ဘယ်လိုမှ စီမံတော်မမူ သေးပါကလား။ ဒီခြေကျမှ အရှင်နန်းမတော်ဖုရားက ကြည်ဖြူတော်မမူလျှင် ခက်တော့မှာပဲ၊ ခင်ကြီးကလည်း ရွှေနန်းရှင် ဘုရားကို သိပ်ချစ်သိပ် အားထားမိပြီး၊ တစ်နေ့မမြင်ရလျှင် အင်မတန် စိတ်ဆင်းရဲလှပါသည်၊ အချိန်ကျ မှဖြင့် ဖူးမျှော်ချင်တဲ့ဆန္ဒက ပြင်းပြင်းပြပြဖြစ်ပြီး ကိုကိုကြီးတို့ အစ်ကိုတို့ လာ၍ခေါ်ကို လည်းပင်း တရှည်ရှည်နှင့် မျှော်လင့်လို့ချည်း နေမိတာပဲ။

ငယ်။ ။"ကဲ.......ကဲ.....စိတ်မဆင်းရဲပါနှင့် ခင်ရယ်၊ အစ်ကိုတို့ရှိပါတယ်၊ ရွှေနန်းဘုရားကို အကျိုး အကြောင်း လျှောက်ထားပါဦးမယ်"

ဟုဆို၍ ခင်ခင်ကြီးအား သူ၏အဆောင်ရှိရာသို့ လိုက်ပို့ကာ လူချင်းခွဲခွာသွားကြလေ၏။

မံသကြီးရွာစားလည်း အဆောင်တော်သို့ ရောက်သောအခါ အဂတ်အစားများ လဲလှယ်လျက် ဒိုင်းခင်ခင်ကြီး ပျောက်ချက်ဆန်းပုံကိုသာ မခံချည့်မခံသာ ဖြစ်၍နေသောကြောင့် ခင်ခင်ကြီး ပြန်အလာတွင် တစ်ခါတည်း ရင်ဆိုင်တွေ့နိုင်ရန် အဆောင်တော်လက်ရမ်းအကွယ်မှ ထိုင်စောင့်နေ လေ၏ သို့ရာတွင် သန်းခေါင်ကျော်လာသည့်တိုင်အောင် အရိပ်အယောင်ကိုမျှမမြင်ရသောကြောင့် ကြာသော် အိပ်ပျော်ခြင်း သို့ ရောက်ခဲ့လေ၏ သို့ရာတွင် နံနက်စောစောစီးစီး ခင်ခင်ကြီး အိပ်ရာသို့ စိတ်မကျေနပ်စွာ သွားရောက် ကြည့်ရှုရာ ခင်ခင်ကြီးမှာ အိပ်ရာကနိုးသဖြင့် ကြိုးထဘီအဂါချိတ် ကိုဂတ်ကာ မှုန့်နံ့သာများပင် မှန်တင်ရှေ့ တွင် ခြယ်လှယ်လျက်ရှိနေသည်ကို တွေ့မြင်ရလေစ၏။

ခင်မကြီး။ ။" အို..........ညီမလေး ဒိုင်းခင်ခင် နိုး၍ပင်နေပြီလား၊ ညဉ့်ဦးက ဘယ်ကိုထွက်၍ သွားသလဲ၊ မမ ရှာလိုက်တာများ အဆောင်တော်လုံး နံ့နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းခင်။ ။ "မကြာပါဘူး မမရယ်၊ ခဏနှင့် ပြန်လာပြီး ခင်ကြီး ခေါင်းကိုက်လို့ဝင်အိပ်လိုက်ပါသည်၊ မမသာ နောက်တစ်ခါ ဂင်ရှာလှျင်တွေ့မှာပါပဲ"

ဟုမျက်နှာမထားတတ် ထားတတ်နှင့် တတ်သမျှ မှတ်သမျှ ပြောလိုက်ရသည်တွင် မံသကြီး မှာလည်း နရီးနယား ဖြစ်ကာ "ဟုတ်ချင်လည်း ဟုတ်မှာပါပဲလေ၏" ဟု တွေးနေမိသည်။ ခင်ခင်ကြီးလည်း မံသကြီး ရှာစား ယုံကြည်ပုံရသွားသောအခါ-

"မမ ဘာများခိုင်းတော်မူချင်လို့ပါလဲ၊ ခင်မကြီးကလည်း မမ ခိုင်းတော်မူမှာကို လုပ်လို့ပေးချင်လိုက်တာ တစ်ပိုင်းကြီး ရှူးနေပါတယ် မမရယ်"

"အေးအေး .......ညီမလေးက လိမ္မာလိုက်တာကွယ်၊ မမမယ် ခိုင်းစရာ မရှိပါဘူး၊ သိလိုတဲ့ကိစ္စက ညီမလေး ဒိုင်ခင်ခင် အပြင်ကို မကြာခဏ ထွက်ထွက်သွားတယ်လို့ ကြားသိရတဲ့အတွက် အပျက် အပျက်နှင့် နာခေါင်းသွေးထွက်ဆိုသလို အပျိုတော်တစ်ဦးတစ်ယောက်ဟာ တာဂန်မဲ့ထွက်ဂင်း သွားလာ နေလျှင် နောင်ခါ ရာဇဂတ်တော် မကင်းတဲ့ အမှုအခင်းများဖြစ်ပွားလာမည် စိုးရိမ်ရသည် ညီမရဲ့၊ ဒါနဲ့ မမ ကိုယ်တိုင် ဟုတ်မဟုတ်ကို သိလိုသဖြင့် ညီမလေးနှင့် မောင်မောင်ငယ်တို့ အတူ ထွက်သွားသည်ကို မျက်မြင် လာကြည့်ပါသည်၊ ဘယ်ကိုလိုက်၍သွားတာလဲ ညီမလေးရဲ့"

ဒိုင်းခင်။ ။ "မမရယ်.......ညီမလေးမှာ ဒီအစ်ကိုတစ်ယောက်ကို အင်မတန်ချစ်ပါတယ်၊ အမိန့်တော်ကိုမလွန်ဆန်သာလို့သာ ရှေ့တော်မှာ လာရောက်ခစားရပေမဲ့ အိမ်က မေမေဘုရားနဲ့ အစ်ကို တို့ကို အားကြီး လွမ်းဆွတ်ပါသည်။ မကြာမကြာ ပြန်ဖို့ရာလည်း အမိန့်တော်ခံရမှာရကို ကြောက်လန့်တာကြောင့် အလုည့်ကျ တဲ့ညအခါမှာ အစ်ကိုက ခဏလာလာခေါ်တာနှင့် လိုက် သွားပါသည် မမရယ်"

ကြီး။ ။"ဒီအတိုင်းမှန်ရင်တော့ အပြစ်တင်ရန် မရှိပေ ညီမရယ်၊ ယခုလက်ထက်တော်က ရွှေနန်းတော်ကြီးမှာ စည်းကမ်းသာလို့ ကြီးသည်ဆိုတာ ညီမလေး သိစရာ သတိပေးမည်၊ ဟိုတစ်လောဆီကအနောက်ပိုင်း က မင်းသမီးတစ်ပါး တိတ်တိတ်ပုန်း ရည်စားထားလို့ အမှုသွားပေါ်ပြီး ရာဇဂတ် တော်ခံရ သည်ကို စံပြုနမူများထားနော်"

ဒိုင်းခင်။ ။"ကောင်းပါပြီ မမ ညီမလေးမှာ အစ်ကိုတို့ မေဖျားတို့ကို လွမ်းဆွတ်ကလေးမှ မပြုဖို့ ကြောင်း မမကို ကောင်းကောင်းကြီး အာမခံပါတယ်၊ ဘယ်လိုမှ အထင်လွဲတော်မမူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

ကြီး။ ။"ဒါဖြင့် ကောင်းလှပါပြီတော်၊ မမက ညီမလေးကို ချစ်ခင်လို့ ကြိုတင်သတိပေးခြင်းပါ၊ ကိုင်း.........ဒါပါပဲ မမလည်း အဆောင်တော်ပြန်လိုက်ဦးမယ်"

ဟုဆိုကာ မံသကြီးရွာစားသည် နန်းမတော် ဆောင်ကြီးသို့ ပြန်လာခဲ့လေ၏။

သို့ရာတွင် သက်ာယနမကင်းချင်သော စိတ်မှာ အဆိပ်တက်သလို တဖျင်းဖျင်းတက်၍ နေသော ကြောင့်စောင့်၍ဖမ်းရာတွင်လည်း မောင်မောင်တုတ်တို့၏ နည်းပရိယာယ်ကြောင့် အလွယ်နှင့် မမိ နိုင်ဘဲ ရှိခဲ့ရာ မံသကြီးရွာစားသည် နောက်တစ်ခါ အရှေ့ပိုင်းသို့ ယောက်ျားအသွင်ဖြင့် ကူး၍အလာ ၌ ပန်းခုံတော်မရောက်မီပင် အပြင်မှာ တကယ့် အိပ်ဖန်တော်လှည့်သမား မောင်မောင်တုတ်၏ တပည့်များ ဖြစ်သည့် ရဲဘက်အမှုတော်ထမ်း ယောက်ျားအစစ်များ ရောက်လာပြီး မံသကြီးရွာစားကို မသက်ာသလို ပိုင်း၍စစ်ဆေးမေးမြန်းကာ အိပ်ဖန်တော်သား အစစ်မဟုတ်လျှင် နောက်တစ်ခါမလာ ရန် မောင်းမဲ ခြိမ်းခြောက်လွှတ်လိုက်ကြသောကြောင့် မတော်တဆမိန်းမမှန်း သိသွားကြလျှင် အင်မတန် ရာဇဂတ် မှုကြီးဖြစ်တော့မည်၊ မင်းမိန်းမပိုင်းကို ယောက်ျားကူးလျှင် ဒူးဖြတ်ခံသကဲ့သို့ မင်းယောက်ျားပိုင်းကို မိန်းမ ကူးလျှင် ဒူးဖြတ်ခံရပြီး အပျိုတော်ရင့်မကြီး နာမည်ပျက်လေဦးတော့ မည်ဟု စိုးရိပ်မိကာ နောက်တစ်ခါ အရှေ့ပိုင်းသို့ ယောက်ျားယောင်ဆောင်ကာ မကူးပံ့ဘဲ အဆောင်တော်ထဲမှာသာ အကြိတ်အခဲနှင့် အရိပ် အကဲကြည့်နေရတော့သည်။

ဤသည်တွင် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် မံသကြီးရွာစား၏ရန်ကို အိပ်ဖန်တော် ကင်း သမားများနှင့် တစ်ပတ်လှည့်၍ တွန်းလှန်လိုက်ရသဖြင့် သက်သာခွင့်ရရှိသွားကြရာ နန်းမတော် ဆောင်ရှိရာသို့ တစ်ခါတစ်ခါမှသာ သူတို့ကိုယ်တိုင် ခင်ခင်ကြီးကို လာခေါ်ကြတော့ လျက် အများအားဖြင့် ပန်းခုံတော် ဘက်မှ ချိုးမှုတ်သံနှင့် အချက်ပေးလိုက်သောအခါ ခင်ခင်ကြီးက သာရှေ့ပိုင်းသို့ အမှတ်တမဲ့ ကူးသွား ရသည်အထိ ချောင်ချောင်ချိချိဖြစ်လာပြန်တော့၏ သို့ရာတွင် အမှုမဲ့ အမှတ်မဲ့မနေ သတိကို လက်မလွှတ်စေဘဲ ရှိနေခဲ့ကြသလို ခင်ခင်ကြီးကိုသာ အရိပ်ကြည့် လာခဲ့သော မံသကြီးရွာစားမှာလည်း မိမိမသက်ာမှုကို မျိုသိပ်မထားနိုင်တော့ဘဲ အရှင်နန်းမတော် ဖုရားအား လျှောက်ထား သံတော်ဦး တင်မိ လေ၏။

နန်းမတော်ဖုရားလည်း စဉ်စားတော်မူကာ "ခင်မကြီးရဲ့ မင်း သံတော်ဦးတင်တဲ့ အတိုင်းဆိုလျှင် ဒိုင်းခင်ကြီးဟာ သူ့အစ်ကိုနှင့် လိုက်သွားတာပဲ၊ ရွှေနန်းရှင်နဲ့လည်း ပတ်သက်သည့်ကိစ္စရယ်လို့ ယူဆရန် ခက်နေတယ် ဆိုတော့ ဘယ်လိုတွေးရမည်လဲ"

ကြီး။ ။"ဘုရားကျွန်မလည်း ဒီဟာကို ဂိုဟ်ဒကွဲအောင် ယောက်ျား ယောင်ဆောင်၍ လိုက်ခဲ့ဖူးပါ သည်။ တစ်ခါ မှ မသက်ာဖွယ်ရာ မတွေ့ခဲ့ပါ။ ဒီလိုနှင့်သာ ကြာတော့ ဖျကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com

အိပ်ဖန်တော်သားတွေ ပိုင်း စစ်ဆေး လို့ ကြောက်ကြောက်နှင့် လှည့်ပြေးခဲ့ရပါသည်၊ နောက်တစ်ခါ မကူးပုံ့ကြောင်း ပါဘုရား"

နန်းမတော်။ ။"ကိုယ်တော်တိုင် စုံစမ်းလျှင် ပိုလို့ပင် လျှို့ဝှက်သွားကြပေလိမ်မ်မယ်၊ သင်းအိမ် ကိုခင်တွယ် လို့ တကယ်ပင် သွားတွေ့ကြသည်ထားဦး များလွန်တော့ ယုံကြည်ရန်ခက်သည်ကွဲ့"

ကြီး။ ။"ဘုရားကျွန်မတော့ ဘယ်နှယ့်ပင်ရှိညအခါ အပါးတော်မှာ ခေါ်ထားပြီးစောင်စားလို့ ကြည့်ရလျှင် သူ့ အကြော ရိပ်မိရန် ရှိကြောင်းပါဘုရား"

ဟု လျှောက်ထားသောကြောင့် နောက်တစ်နေ့ကစပြီး ခင်ခင်ကြီးတို့ အပျိုတော်တစ်သိုက်အား နန်းမတော် ဖုရားက အပါးတော်ခစားလျက် ညဘက်တွင် အမှုတော်ထမ်းစေဟု ခေါ်ယူမူလိုက်လေ သတည်း။

အခြားသော အပျိုတော်များမှာ ညနှင့်နေ့ပြောင်းလျက် အမှုတော်ထမ်းရွက်ရစေကာမူ တစ်စုံတစ် ရာထူးခြား ခြင်းမရှိကြပေ၊ ဒိုင်းခင်ခင်သာလျှင် သံယောဇဉ် အမျှင်မပြတ် မေတ္တာနှောင်ကြိုးက လွှမ်းမိုး ရစ်ပတ်စ အခါ အရွယ်ကလည်း ငယ်လှရှာ၍ အမူအရာပျက်ပြီး သက်မကြီးမကြာမကြာ ချမိ ရှာတော့သည်။

ဤတွင် တစ်ထောင့်တစ်နားက အလစ်ကိုစောင့်စာနေသော ခင်မကြီးလည်း မျက်စိမလပ် အကဲ ခက်လျက် ရှိလေ၏ သို့နှင့် အရှေ့ပိုင်း မှန်နန်းတော်ကြီးဆီမှ ညညီလာခဲ့စဲချိန်ရောက်လတ်သော် မြောက်ဘက် ပန်းခုံတော်ဆီမှ "တကူးကူး-တကူးကူး"ဟု ထူးထူးခြားခြားချွဲချွဲပစ်ပစ် ကူနေသည့် ချိုးမှုတ်သံမှာ ခင်ခင်ကြီး၏နားကို မခံသာအောင် ကလိသကဲ့သို့ မချိတင်ကဲ ဖြစ်၍လာပြန်လေ သည်။

မြောက်ဘက်ပန်းခုံ စပယ်ရုံအကြားမှ ချိုးမှုတ်သံ အချက်ပေးလိုက်လျှင် ရွှေနန်းရှင်အပါးတော် မရောက် လာအောင်လား မလောက်လား မလောက်စားနှင့် အရောဝင်လို့ အရိုသေတန်တယ်လို့ ထင်မှတ်တော် မူသွားတယ်မယ်၊ ငါ ဘယ်လိုလုပ်၍ ထွက်ရပါမည်လဲဟု စိတ်ထဲတွင် ကြိတ်၍ပူကာ ကျီးကန်းတောင်မှောက် ထွက်ပေါက် ကိုရှာလျက် မျက်လုံးခြာခြာလည်၍ နေရှာလေတော့သည်။

မံသကြီးရွာစားသည် ချိုးမှုတ်သံနှင့် ခင်ခင်ကြီး ဂနာမငြိမ်ပုံကို နန်းမတော်ဘုရာအား မျက်လုံးနှင့် လျှောက်ထားလိုက်လျှင် အရှင်နန်းမတော်ဖုရားကလည်း အကင်းပါလှသော မံသကြီးရွာစားကဲ့သို့ ပင်မျက်ရိပ် ပြတော်မူလိုက်ပြန်လေ၏ ဒိုင်းခင်ခင်ကြီးမှာ မံသကြီးရွာစား၏ ပိုက်ကွန်ချက်ကို မရိပ်မိ ရှာဘဲချိုးမှုတ်သံနားထဲသို့ ဝင်လာလေမျှ တရိုးရိုးတရွရွဖြစ်လျက် တသက်သက် စိတ်မော၍သာ နေတော့သည်။ အတန်ကြာလျှင် ချိုးမှုတ်သံမှာ တစ်ချက်နှင့်တစ်ချက် အဆက်ချင်းဝေးကွားပြီး တစ်ခါ တည်း ဆိတ်သုဉ်းပျောက်ကွယ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင်လည်း ခင်ခင်ကြီးမှာ ပိုမို၍ မနေတတ်မထိုင်တတ် အိမ်မြှောင်အမြီးပြတ်သလို တစ်ခါခါ ဘယ်နှင့် ညာ ဒူးနှစ်ဖက်ကို မကြာမကြာ ပြောင်းရွှေ့ထိုင်မိပြီးလျှင် ရင်ကိုမိလိုဖိ ခါးကိုလိမ်လိုလိမ် အငြိမ်မနေနိုင် ဖြစ်နေသောအခါ အရှင်နန်းမတော်ဖုရားက စိမ်စိမ်းစားစား ကြည့်တော်မူပြီး "ဟဲ့... .ခင်ကြီး ဘာဖြစ် နေသည်လဲ၊ ငြိမ်ငြိမ်ပဲ မနေနိုင်ပါကလား" ဟု ပကတိ မျက်နှာထားရိုးရိုးနှင့်မိန့်တော် မူလိုက် သောအခါ ကပျာကယာ ဉာဏ်ဆင်၍ လျှောက်တင်ရန် အမချက်ရှာပြီး -

"မှန်လှပါဘုရား၊ အရှင်အပါး ခစားနေရင်း အပြင်းအပြ ရင်ဘက်ထဲက နာလှပါသောကြောင့် မလျှောက်တင်ပံ့၍ ရှုံ့လျက်ခစားနေရကြောင်းပါ၊ သနားတော်မူပါသဖြင့် အခွင့်ပေးတော်မူလျှင် ဂဲဆောင် တွင် ခေတ္တသွားပြီး ဆေးတစ်ခွက်မျှ စားရပါမည့်အကြောင်းပါဘုရား"

ဟု ခင်ခင်ကြီးက လျှောက်တင်လိုက်လျှင် အရှင်နန်းမတော် ပြုံးတော်မူကာ-

"သွားပါစေကွယ် ခင်မကြီးရယ်၊ မင့်ကိုယ်တိုင်လိုက်ပြီး ဆေးများတိုက်ချေပါ"

ဟု ခေါင်းတော်ညိတ်လျှင် စိတ်တော်သိပြီးဖြစ်သူ မံသကြီးရွာသားအား စေပါးတော်မူလိုက်ပြီး ကြာခြည်တော် ထဲသို့ ကြွဝင်တော်မူသွားလေ၏။

"ကဲ...လာ.....လာ ......ညီမလေး ဆေးသောက်ရအောင်၊ အဆောင်ကို လိုက်၍ပို့မည်" ဟု မံသကြီး ရွာစားကဆိုလျှင် ခင်ခင်ကြီး ရုတ်တရက် ဉာဏ်ရပြန်ကာ-

"အားနာစရာကောင်းလိုက်ပါတယ်၊ မမရယ်၊ အရှင်နန်းမတော်ဖုရားက မမကိုယ်တိုင် ညီမလေးကို အရေးယူတော်မူခိုင်းပေမဲ့ ဒုက္ခရောက်တော်မူပါနှင့် မမရယ်၊ ညီမလေးဘာသာဆေးရှာ၍ သောက်ခဲ့ပါမည်၊ ဒီနေရာကသာ စောင့်တော်မူပါ" ဟု ပြောလိုက်သောအခါ ဒီတစ်ခါသင်းကို မိအောင်စောင့်၍ ကြည့်တော့ မည်ဟု အကြံအစည်နှင့် လိုက်လာခဲ့သော မံသကြီးရွာစားက-

"ကဲ......ဒါဖြင့် သွားပါလေ၊ ညီမလေး ဆေးသောက်ပြီးရင်သာ မြန်မြန်လာ၊ မမ ဒီမှာတင် စောင့်၍ နေမည်" ပြောကာ အဆောင်တော် လေသာမှ ဆေးပေါ့လိပ်သောက်ကာ ချန်နေရစ်လေ၏။ ခင်ခင်ကြီးလည်း နောင်အိမ်ထဲက လွှတ်လိုက်သော ငှက်မကလေးအလား ဂဲဆောင်ဆီသို့ ခပ်သွက်သွက်ပြေးတဲ့၍ သွားဟန်ပြုလျက် မှောင်ရိပ်ဘက်သို့ စောင်းငဲ့မျှော်ကြည့်ပြီး "အစ်ကိုကြီးတို့တော့ ချီးမှုတ်သံပေးရက်နှင့် လာချိန်တန်လို့ မရောက်ပြန်ရင် လိုက်လာတော့မှာ အမှန်ပင် ရွှေနန်းရှင်ဘုရားကိုလည်း ကျပ်ကျပ် တည်းတည်း နေရတဲ့ ငါ့အဖြစ်ကို သံတော်ဦးတင်သူ မရှိလျှင် သိတော်မူ

www.burmeseclassic.com

www.burmeseclassic.com

မယ်မဟုတ်ဘူး"ဟု စဉ်းစား စိတ်ကူးနေစဉ် ဒရင်စွန်းအရိပ်ကျနေသော အဆောင်တော်မှောင်ကွယ် တစ်မှ မောင်မောင်ငယ် တစ်ယောက် တည်း ထွက်လာသည်ကို တွေ့မြင်ရလေ၏

ခင်ခင်ကြီး လည်း မောင်မောင်ငယ်ကို အဆောင်ရိပ်မှ တိတ်တဆိတ် လက်ရပ်၍ခေါ်လိုက်ပြီး တီးတိုး လေသံနှင့်-

ကြီး။ ။ "အစ်ကိုရေ.....ခင်တော့ ထွက်ပေါက်မရလို့ ဒီညမလာနိုင်တော့ဘူး၊ အဲဒါ.........အဲဒါ သံတော်ဦး တင်လိုက်ပါ"ဟု အမောတကြီး ပြောလေရာ-

ငယ်။ ။ "အစ်ကိုတို့လည်း ခင်ရောက်မလာတဲ့အတွက် ထူးခြားတဲ့ကြောင်းအချက်တစ်ခုခု ရှိတယ်ထင်လို့ တမင် လာ၍ မေးပါသည်၊ ဘယ်လိုအရေးကြောင့်ပါလဲ ခင်ရယ်"

ကြီး။ ။အရှင်နန်းမတော်ဖုရားက အပျိုတော်တစ်သိုက်ကို ညဥ့်အလှည့်ပြောင်း၍ ခစားဂင်စေ သဖြင့် ထွက်ခွင့်မရတော့ဘူး အစ်ကိုရယ်၊ ဘယ်တော့မှ အလှည့်ပြောင်းမှာလဲ မသိရပါ၊ ခင်တော့ ဒုက္ခပါပဲ စိတ်ထဲ ကလည်း အမြဲအောက်မေ့လွမ်းဆွတ်၍နေပါသည်။

ငယ်။ ။"နို့......အခုထွက်လာခဲ့သည်မှာ ခါတိုင်းလို အစ်ကိုတို့နှင့် လိုက်လာဖို့ မဟုတ်ပါဘူးလား ခင်ရဲ့"

ကြီး။ ။"မဟုတ်ပါဘူး အကိုရဲ့၊ ခင်မလိုက်နိုင်တဲ့အကြောင်း ပြောရုံလေးကိုပင် အင်မတန် လီဆယ်လျက် ခေတ္တခဏလေး ထွက်ခဲ့ရပါသည်၊ ယာဘက်အဆောင်ဆီမှာ မံသကြီးရှာစား မမကိုယ်တိုင် စောင့်၍ နေရစ် ပါသည်။

ငယ်။ ။ "သည်အတိုင်းမှန်လျှင် နက်ဖြန်ညကိုလည်း လာနိုင်ဖို့ အကွက်မပေါ်ဘူးဆိုပါတော့၊ မျှော်တော်မူလှရော့မယ်၊ ဘယ်လိုများ ကြံရဖန်ရပါဦးမလဲ"

ကြီး။ ။"ခင်ကလည်း အပါးတော်ကို လိုက်ချင်လိုက်တာ သေလုပါပြီ အစ်ကိုရယ်၊ စပယ်ရုံ ဟိုချုံ ပုတ်ဆီက ချိုးမှုတ်သံ အချက်ပေးမှဖြင့် ထွက်ခွင့်မရတဲ့ ခင့်ရင်ထဲမှာ အသည်းလန်အူလန်နှင့် အင်မတန် ပူလောင်၍လာပါသည်။ ကိုယ်တော်ဘုရား၏ ကတိစကားကို အားကိုးယုံကြည်လျက် အသက်ရောကိုယ်ပါ လိုရာကိုဆက်ထားတဲ့ တစ်ဖက်သား လူမမယ်ကို ကယ်ဆယ်ထောက်ညှာ တော်မူပါလို့ အစ်ကို့ကိုပဲ မှာလိုက်ပါရစေ၊ ခင်ပြောတဲ့ဟောဒီစကား အဓိပ္ပာယ်တွေဟာ ကဘောက်ချိကဘောကချာမို့ အစ်ကိုတို့ တာဂန် လွှဲပါ့မယ်၊ သာယာနေပျော်ရှိမည့် စကားနှင့် မှာတမ်းတော် ရေးသားဆက်ပေးပါလား အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"အစ်ကို ဆောင်ရွက်ပေးပါမယ်ခင်ရဲ့၊ မစိုးရိမ်ပါနဲ့၊ နောက်ကိုလည်း အကြောင်းထူးတွေ ရှိသည်ဖြစ်စေ ခင်လျှောက်တင်ချင်တဲ့စကားကိုဖြစ်စေ စာလွှာနှင့် ရေးမှတ်လျက် ဟောဒီအဆောင်တော်ထောင့်ကြားထဲ ထိုးပုက်ထားပါ၊ အစ်ကိုလာတဲ့အခါ ယူသွားပြီး စကားပြေအောင် စီကုံးတင်ဆက်ပေးပါမည်။

ကြီး။ ။"ကျေးဇူးလိုက်တာ အစ်ကိုရယ်၊ ခင့်ဒုက္ခကို အစ်ကိုတို့ ကယ်ကြပါမှပဲ၊ ခုလိုသာ ကျပ်ကျပ်တည်းတည်း အကြာကြီးနေရလျှင် ရွှေနန်းရှင်ဘုရားကို လွမ်းအားနှင့် ရင်ဖိုပြီး အလိုလို သေမှာပါပဲ အစ်ကို ရယ်"

ငယ်။ ။"အို....လွမ်းတာနှင့်များတော့ သေမသွားစေရပါဘူး၊ အစ်ကိုတို့ကြံစီ ပေးပါ့မယ်၊ တယ်လို့လည်း မပူပါနှင့် ခင်ရဲ့၊ ကတိတော်ပေးတဲ့အတိုင်း ရက်ကြာကြာမဆိုင်ဘဲ နောက်ပိုင်း အဆောင် တော်မှာ ခင်ပျော်ပျော် နေရပါစေမည်"

ကြီး။ ။"ကောင်းလှပါပြီ၊ ခင်ကြီးတော့ ဒီကိစ္စမှာ အစ်ကိုတို့ကိုသာ အားကိုးစရာရှိပါတော့သည်၊ ကဲ......အစ်ကို ပြန်တော့နော်၊ ခင့်ဖြစ်ပုံကို အကုန်သာ လျှောက်တင်လိုက်ပါအစ်ကိုယ်"ဟု မျက်ရည်ကလေး တလယ်လယ်နှင့် ပြောပြီး ပျာယီးပျာယာနှင့် ပြန်လှည့်လာခဲ့ရာ ဆေးပေါ့လိပ်ကြီး တငေါ့ငေါ့နှင့် ကျော့ နေအောင်ထိုင်စောင့်နေသော မံသကြီးရွာစားအနီးသို့ရောက်လာခဲ့လေ၏။

"သြော်.......ညီမလေး ဆေးသောက်ပြီးခဲ့ပြီလား၊ ကဲ.......ကဲ၊ လာရှေ့တော်သွားကြစို့"

ဟုပြောကာ မံသကြီးရွာစားသည် ခင်ခင်ကြီးအား အတွင်းတော်သို့ အတူပြန်၍ ခေါ်ခဲ့ပြီးလျှင် ကြာခြည်တော်၏အပြင်မှ ခစားနေစေပြီးနောက် မံသကြီးရွာစားတစ်ယောက်တည်းသာ နန်းမတော်ဖုရား စက်တော်မူရာ ကြာခြည်တော်အတွင်းသို့ဂင်လျက် အနိုပ်တော်ဆက်၍ နေလေ၏။

ရင်တွေမအေး ပူးဆွေးသောက ဖြစ်ရှိရပြန်တော့သည်။ စေတနာထက်ထက်နှင့် ခက်ခဲစွာစွန့်စားခဲ့ရခြင်းမှ ကျေးဇူးရှင် ရွှေနန်းရှင်ဘုရား၏ အလိုတော်ပြည့်ဂရန်တစ်ချက်၊ အသက်တမျှ ချစ်မဂသည့်နမက်ဲ့သို့တဖြာ ကြင်ယာတော်ကဲ့သို့တနည်း ရွယ်မှန်းပြီးဖြစ်သော ခင်ခင်ကြီး၏ ကောင်းစားမြင့်မြတ်ရေးကို အကျိုး လိုခဲ့သောကြောင့် ပင့်သက်ကိုအောင့်ပြီးလျှင် သခင်နှင့်နမ ဆက်သွယ်မှုကိစ္စတွင်အစစ တာဂန်ခံလျက် ဆောင်ရွက်ပေးလိုက်ရသည်။ သို့နှင့် မိမိတာဂန်ကျေ၍ မျက်နှာလွှဲနေချင်ပါသော်လည်း ခရီးလမ်းပန်းက ဆုံးခန်းသို့မရောက်ရသေးဘဲ ယခုကဲ့သို့ အခက်ခဲပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

လာပြန်သောအခါ စိတ်မကောင်း အခံရှိရာ တွင် စိပ်ရှုပ်စရာကိစ္စတစ်ရပ်က အပူကပ်၍ လာပြန်ရ တော့၏။

နမကလေး၏ ကောင်းစားမှုကို စေတနာထုထည်ကြီးကြီးနှင့် စွန့်စွန့်စားစားကြီးပြုလုပ်ရသည်တိုင် အောင် ပိုင်ပိုင် နိုင်နိုင်မရှိဘဲ အရေးထဲအရာပေါ်လာခြင်းမှာ လိုရင်းခရီး သို့မရောက်မိ အနှောင့်အ ယှက်အဖျက် အဆီးများနှင့် ရင်ဆိုင်တိုးနေရဦးမည်လားဟု စဉ်းစားလိုင်လျှင် ယခင် အတိတ်ခါက မြင်မက်ဖူး သည့် မိမိ အိမ်မက်ကို ရုတ်တရက် ပြေး၍ သတိရမိလေသည်။

ဤကဲ့သို့ ဖြစ်ကြပျက်ကြလိမ့်မည်ဟု တစွန့်တစ်စ စိတ်ကူးရုံမျှ မကူးမိကြသည့် အချိန်အခါက နမ ကလေး ခင်ခင်ကြီးနှင့်အတူ အပူအပင်မရှိ အိမ်ပြန်ရောက်သည့်အခါတိုင်း ပျော်ပျော်ပါးပါး သွားလာ လည်ပတ် နေချိန်တွင် ထိုအိမ်မက်သည် ရုတ်တရက် ရှေ့ပြေးနိမိတ်အဖြစ် တင်ပြခြင်းလေလားဟု ရုတ်ခနဲ ထိပ်လန့် တုန်လှုပ်မိလေ၏။

ယခုတွေ့ကြုံဆုံစည်းရသော အမှုသွားမှာ အိမ်မက်နှင့် အစင်သား တိုက်ဆိုင်လျက်ရှိသည်။ သာယာသော တောမြိုင်ကြီး အလယ်တွင် ချစ်စဖွယ်ကောင်းလှသော နမခင်ခင်ကြီးက ဒန်းနွယ်ကြီး စီကာ ပျော်ရွှင်စွာ ရှိနေစဉ် မိမိကလည်း နွယ်ဒန်းကြီးကို တွန်းကာတွန်းကာ စေတနာနှင့် လွှဲ၍လွှဲ၍ ပေးလျက် ရှိရာမှာ တစ်စတစ်စ ကောင်းကင်ထိ မြင့်တတ်သွားပုံ၊ ထိုမှတစ်ဖန် ကောင်းကင်ယံမှာ ပန်းယာဉ်ရထားနှင့် မင်းသား တစ်ပါး ရောက်လာပြီး ခင်ခင်ကြီးကို နွယ်ဒန်ပေါ်မှာ ခေါ်ယူကာ ရထားပျံနှင့် ဂေဟင်ယံသို့ ဆောင်ကြဉ်း သွားပုံ၊ ထိုမင်းသားမှာ အခြားသူမဟုတ်ဘဲ မိမိအရင်သခင် သီပေါမင်းသားပင် ဖြစ်နေသည်ကို တွေ့ရ သည့် အကြောင်းစုံတို့မှာ ယခုအဖြစ်အပျက်များနှင့် တစ်သားတည်း ထပ်တူကျလျက်ရှိခဲ့ရာ အိမ်မက် စခန်းမှာ လမ်းဆုံးထိ တွေး၍လမ်းဆုံးထိ တွေး၍ ကြည့်လျှင် ဒုက္ခဘေးငြိရန် ဖန်လာဦးမည်လားဟု စဉ်းစား မိပြန်သည်။

အိမ်မက်အရ ဆက်လက်တွေးရလျှင် ဂေဟင်ယံတွင် ခင်ခင်ကြီးကို ဆောင်ကြဉ်းသွားသော သီပေါ မင်းသား၏ ပန်းယာဉ်ပျံရထားသည် ထက်အဇ္ဈာ အာကာတိမ်လိပ် မှိုင်းချိပ်ချိပ်၌ တရိပ်ရိပ် ပျံသန်းလျက် ရှိရာမှ ရုတ်တရက် ရှောင်သခင် တိမ်မဆင်မြူမသန့်ဘဲ လေနီကြမ်းကြီးရမ်းလာမည့် ပမာကြီး စွာသော ငှက်ဂဠုန်ကြီး တစ်ကောင်သည် တောင်ဟုန်သံပေးပြီး တိမ်ကြားထဲမှ ပေါ်ထွက် လာကာ ပန်းယာဉ်ပျံ၏ အထွတ်ကို ခြေဖြင်ကုတ်လျက် နှုတ်သီးမှ ထိုးဆိတ်ပြီး ခင်ခင်ကြီးကို မြေပြင်သို့ ပစ်ချ လိုက်သော အချင်းအရာကိုလည်းကောင်း၊ သီပေါမင်းသားမှာ ကောင်းကင်မှ ဦးစောက် ဂျွမ်းပြန် ကျသွားရှာသော ခင်ခင်ကြီး အား မကယ်နိုင် မယူနိုင်ဖြစ်လျက် မကြည့်ရက်မမြင် သာမျက်နှာကို လက်နှင့်အုပ်ပြီး ငှက်ဂဠုန်ကြီး ဆောင်ကြဉ်းရာသို့ လိုက်ပါသွားရရှာသည်ကို လည်းကောင်း၊ စီကာစဉ်ကာ ပြန်လည် ထင်မြင် လာလေ၏။

www.burmeseclassic.com

လွန်ခဲ့သော သုံးနှစ်ခန့်က မြင်မက်ခဲ့သော ထိုအိမ်မက်မှာ ယခုအခါ ပြန်လည်သစ်ဆန်း၍ လာခဲ့ သည်။ ဤအိမ်မက်သည် မိမိနှင့် ခင်ခင်ကြီးတို့အတွက် ကိုယ်စောင့်နတ်ညွှန်ကြားချက်နှင့် နိမိတ် ထင်ခြင်း သက်သက် မှုဖြစ်ရမည်ဟု တိတိကျကျ ယူဆလိုက်မိသည်။ အိမ်မက်ပါ ဇာတ်ကွက်ကဲ့သို့ ခင်ခင်ကြီး အတွက် စိတ်ပျက်ဖမ်းနည်းဖွယ်နှင့် အဆုံးသတ်ရလျှင် မိမိတို့ ကောင်းစေချင်လွန်း၍ မြင့်မြတ်ရာ တွန်းပို့မှုမှာ သူကလေးအဖို့ ကောင်းကွက်သို့ မရောက်ဘဲ မတ်စောက်သော ချောက်ကမ်းပါးမှ တအား ပစ်၍ ချလိုက်သည်နှင့် ထပ်တူဖြစ်နေလေပြီ။ ဤကိစ္စတွေ အဆင်မပြေသမျှငါတို့ပယောဂ မကင်းယောင် တကား ဟု နောင်တရားကြီးမားစွာ ဖြစ်ရာလေ၏။

ထို့ကြောင့်ပင် ခင်ခင်ကြီးအတွက် အဘက်ဘက်ကပင်ပြီး စင်လုံးချော ဘေးအန္တရာယ်ကင်းရှင်း၍ အောင်မြင် ထမြောက်ခြင်း ရှိစေရန် မိမိသာလျှင် အစစ တာဝန်ခံ၍ ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်တော့ မည်ဟု စိတ်နှလုံး ဒုန်းဒုန်းချလိုက်ပြီးနောက် ခင်ခင်ကြီးမှာလိုက်သော စကားများကို သနားသဖွယ် အဓိပ္ပာယ် အပြည့် အစုံ ငုံမိအောင် အလွှာတော်ရေးရန် အဆောင်တော်မှောင်ရိပ်မှ ထွက်လျက် မှန်နန်းဆောင်တော် အတွင်းဘက် ရွှေတိုင်တော်များ လင်းလျက်ရှိရာသို့ဝင်ကာ ပုရပိုက်လွှာနှင့် အမှုစာတမ်းကို ချက်ချင်း ရေးသား စီကုံးလျက် ပန်းခုံတော်ဘက်သို့ ဆက်လက်လျှောက်လာခဲ့ လေ၏။

ချိုးရေတော် နံ့သာဆောင်အပြင်ဘက်တွင် အသင့်စောင့်နေသော မောင်မောင်တုတ်ကို တွေ့ရ သောအခါ "ကိုရင်တုတ်ရေ ဘုန်းတော်ကြီးလှသောဘုရား ဘယ်မှာစံတော်မူပါသလဲ"ဟု မေးလျှင် မောင်မောင်တုတ် ကလည်း မျှော်နေဆဲဖြစ်သောကြောင့် -

"ဟင်.........ခင်ခင်က်လည်း မပါပါလား ကိုဖေငယ်၊ ဘယ်လိုများဖြစ်ကြပါလိမ့်၊ ရွှေနန်းရှင်ဘုရားဖြင့် တထင့်ထင့်နှင့် မျှော်လင့်လို့ နေတော်မူလိုက်တာ ကိုဖေငယ် သွားလို့လည်း တော်တော်နှင့် ပေါ်မလာလို့ အေးတော်မူလုပါပေ့ါဘုရား ချိုးရေတော် နံ့သာဆောင်မှာ စံတော်မူပါလို့ လျှောက်ထားရ သည်"ဟု ဆီး၍ ပြောလေ၏

ငယ်။ ။"ခင်အကြီး မပါဆို မလာနိုင်တဲ့အကြောင်း ပေါ်နေတာကိုး ဗျ၊ ကျုပ်လိုက်သွားသည်ပင် တော်တော်နှင့် မတွေ့ရပါ၊ သူ့ခမြာလည်း အတော်ပင်စိတ်ဆင်းရဲနေရှာသည် ကိုရင်ရဲ့"

တုတ်။ ။"အလို............ဘယ်လိုများ အကြောင်းထူးပြန်သလဲ ကိုဖေငယ်ရဲ့၊ မံသကြီးရွာစားနဲ့ စနက် မကင်း ကြတဲ့ ကိစ္စများလား

www.burmeseclassic.com

www.burmeseclassic.com

ငယ်။ ။"မပြောတတ်ပါဘူး ကိုရင်တုတ်ရယ်၊ ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မယ်၊ ခင်ခင်ကြီး အပြင်မထွက်နိုင်တဲ့ ကိစ္စကတော့ ညလှည့်နှင့် နေ့လှည့်ပြောင်းပြီး ခစားရမည်ဆိုတဲ့ အရှင်နန်းမတော်ဖုရားရဲ့ အမိန့်တော်ကြီးပါ"

တုတ်။ ။"ဒါဖြင့်ဘယ်နယ့်လုပ်ကြမတုံး၊ ဘုန်းတော်ကြီးလှသော ဘုရားကလည်း လွမ်းအားတော်တကြွယ်ကြွယ် နှင့်မျှော်တော်မူလို့ နေရှာတယ်"

ငယ်။ ။"ဘယ်လိုမှ မလုပ်တတ်သေးဘူး ကိုရင်၊ ခင်ခင်က သူ့ကိုယ်စား မှာလိုက်တဲ့ စကားကလေးများကို အသင့် ရေးသားလို့ လာခဲ့ရသည်။

တုတ်။ ။"ဒါဖြင့်ပေး .....ပေး၊ ဒီစာကလေးကိုပင် အမြန်ဂင်လို့ ဆက်ကြရအောင်"

မောင်မောင်တုတ်သည် မောင်မောင်ငယ် ယူလာသော အလွှာတော်ကိုယူကာ နှစ်ယောက်သား ရွှေနန်းရှင်ဘုရား စံတော်မူရာ အဆောင်တွင်းသို့ ဂင်ရောက်ခစားပြီး-

"မှန်လှပါ ခင်ခင်ကြီးမှ အရှင်နန်းမတော်ဖုရားအပါးတော်တွင် ယနေ့စ၍ ညဥ့်အိပ်ဖန်တော်အလှည့်ဂင်ရပါသဖြင့် အပါးတော်သို့ မလိုက်လာနိုင်ကြောင်း သိခဲ့ရပြီးလျှင် ကိုဖေငယ်လက်တွင် အရှင့်ကို ဆက်သရန် တင်လွှာတော် သလိုက်ကြောင်းပါဘုရား"ဟု မောင်မောင်တုတ်က လျှောက်တင်ပြီး ခင်ခင်ကြီး ထံမှ တင်လွှာတော်ကို ဆက်သလေ၏ သီပေါမင်းရွှေနန်းရှင်ဘုရာလည်း-

"သြော်.......ခင်ကြီး............ခင်ကြီး...သူမလာနိုင်ရှာလို့ တင်လွှာတော်ဆက်လိုက်ရှာသည်၊ သနားစရာ ပါကလား ကွယ် တို့........"

ဟုမိန့်တော် မူကာ မောင်မောင်တုတ်လက်ထဲမှ တင်လွှာတော်ကိုယူ၍ ရှုစားတော်လိုက်ရာ-

"နှစ်ကိုယ်တူ ကတိထားစဉ်က အပျိုဖြူအသိသားဟာမို့၊ စောင့်စားလို့တမင်မျှော်။ အယုံသွင်း ထုံသင်းငယ်တကြူကြူနှင့် စပယ်ဖြူဟိုချုံပုတ်ဆီက ငယ်သူကို ပျိုဂုဏ်ယုတ်အောင် ချိုးမှုတ်လို့ ခေါ်။ ။ မြစ်တားက တမင်ဖျက်သော်လည်း ချစ်အားနာ သခင်ကိုမက်တာကြောင့် သိုပုက်လို့ တူပျော်ပျော် ငယ်အဖော်မဲ့ မယ်လိုက်မှား။ ။ပွေ့ပိုက်ခါ တွေ့ခိုက်ကို သူမညာလို့ ကညာ၊ ခန္ဓာနိုပ်ပါ လို့ ဘဏ္ဍာကို အသာကြိတ်တယ် ကိုယ်တော်ဘုရာချိုး ဆိတ်လို့သွား။

ပျိုကညာ သိုကာပုက်ပါလို့၊ မဆိုသာ ဝိုကာစက်ရပါပေ့၊ အို.......တာထွက်သည့်လောက်တိုင်။ ။ အလွတ်ကြိပါလို့၊ မလွတ်ဘဲသာပ၊ ဖွတ်ဆွဲဖေကြောင့် နိုင်လွန်းပါဘိ၊ တွန်းလို့မနိုင်။ ။ ချစ်ကြိုက်

www.burmeseclassic.com

www.burmeseclassic.com

ပေါင်အာသာကိုချုပ်ပါလို့၊ ဟစ်လိုက်ယောင် မာယာလုပ်တောင်မှ ဆုတ်ပြီဟု အကပ်ကိုတယ်။ ပိုင်ပွဲပေ့ သူ့လက်တွင်း၊ ။ အကျပ်ကြုံ ဆပ်ဆပ်ကလေး သည်မယ်တုန်လှလို့ ကျီစယ်ပုံဟန်မရ လေတော့ ရွှေရင်အုံ ဗလုံထတယ် (ရွှေနန်းရှင်ဘုရား) ဘုန်းကအတင်း။ ။

ရွှေနန်းရှင် ဘုရားသည် ခင်ခင်ကြီး၏ တင်လျှာမှာတမ်းတော် ရှုစားပြီး သနားကရုဏာသတ်တော်မူ သဖြင့်-

"အင်း......အခါခွင့်ကိုကြည့်ပြီး နန်းမတော်ကြီးနှင့် ညှိနိုင်းတိုင်ပင်တော်မူမည်၊ ဒီအတွင်း မောင်မင်း တို့ကလည်း ခင်ခင်ကြီး စိတ်အားမငယ်အောင် ကြံဆောင်ဖျောင်ဖျလို့ ထားကြပါဘိ" ဟု မိန့်တော် မူလေရာ လက်သုံးတော်ကြီးများ နောက်တော်ပါးမှ လိုက်ပါသွားကြရလေသတည်း။

နန်းမတော် ထိပ်စုဖုရားလက်သည် ညဥ့်က အဖြစ်အပျက်များကို အပါးတော်တွင် ခစားလျက်ရှိ သော မံသကြီး ရွှာစား ခင်မကြီးအား ပွဲတော်စာအပြီးတွင် တီးတိုးမေမြန်းတော်မူလေ၏

ကြီး။ ။ "ဘုရားကျွန်မ သူ့တစ်ယောက်တည်း အယုံသွင်းလွှတ်လိုက်ပြီးမှ မောင်ထဲမှ နောက်ယောင် ခံလိုက်သွားပါသည်ဘုရား၊ အဆောင်နှစ်ဆောင်ကြားက မောင်ရိပ်မှာ သူ့အစ်ကိုဆို တဲ့ ကိုဖေငယ်နှင့် ကြိတ်ပြီး တီးတိုးတီးတို ပြောနေပါသည်"

နန်းမတော်။ ။"ဘာတွေပြောသလဲ၊ အဲဒီစကားကို ကြားရမှ သက်သေသကယခိုင်လုံမှ မံသကြီး ရဲ့"

ကြီး။ ။"စကားသံက အင်မတန် တိုးလွန်းလို့ အလုံးစုံအကုန်တော့ မကြားရပါဘုရား၊ အဆောင် တော်အတွင်း ထရံကြားက နားကပ်ပြီး ဆောင်လိုက်တဲ့အခါ" ညအလှည့်" လို့လည်း ကြားရပါ သည်၊ 'ချိုးမှုတ်သံ' ဆိုသည်လည်း ပါပါသည်။ 'ထွက်ခွင်မရ'ဟု၍ တစ်ခွန်း၊ 'ရွှေနန်းရှင်ဘုရားကို'လို့ လည်း တစ်စွန်း တစ်စ ကြားရပါသည်။ 'ကတိတော်ကိုယုံစားလို့'ဆိုတဲ့စကားနှင့် မှာတမ်းတော်လို့ လည်း တစ်ပိုင်း တစ်ပြတ် ကြားရပါသည်။ ဒါတွေကို စုပေါင်းပြီး အကျိုးအကြောင်း ဆင်ခြင်သုံးသပ် ကြည့်တော် မူပါလျှင် အရိပ်နိမိတ် မြင်တော်မူစရာ ရှိကြောင်းပါဘုရား"

နန်းမတော်။ ။"အင်း..........စဉ်းစားတော်မူမိပြီ၊ ညအလှည့်အခစားဝင်ရသောကြောင့် ချိုမှုတ်သံ အချက်ပြသော်လည်း ထွက်ခွင့်မရလို့ မလာနိုင်ကြောင်း ပြောခြင်းဖြစ်ရမည်။

ကြီး။ ။"မှန်လှပါဘုရား ယခုမှ စဉ်းစားလို့ သိတများရမိပါသည်၊ အရှင်နန်းမတော်ဖုရား၊ မီးရှူးဆောင် ဝင်တော်မူအချိန်ကစ၍ ညညကလျှင် ခဏခဏ ချိုးကူးသံများ ကြားကြရပါသည်ဘုရား၊ လက်စသတ် တော့ ဤချိုးကူသံ ဟာ တကယ့်တိရစ္ဆာန်ချိုးကလေး၏ အသံမဟုတ်ဘဲ လူကလုပ်တဲ့ ချိုးမှုတ်သံ ဖြစ်နေပါ့ ကလား ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

နန်းမတော်။ ။တကယ်ဆိုတော့ ဒီနှစ်ယောက်ကလည်း ရွှေနန်းရှင် မောင်မောင်ဘုရားရဲ့ တစ်ပါးကျွန်တော်များဖြစ်ဖို့ စစ်ဖို့ ဆေးဖို့ အခက်သားပဲ၊ နည်းနည်းကလေးမှ အမှန်တိုင်း လျှောက်ထား ကြမည်မသိဘူး၊ မေးလို့မရမည့်အတူတူဖြင့် ထူချင် အချင်ဟန်ဆောင်နေတော်မူရ တာကပင် အဆင်သင့် လျှင် မြန်မြန်ကြီးတွေ့မြင်တော်မူရလိမ့်ဦးမည် ခင်မကြီးရဲ့"

ကြီး။ ။"မှန်လှပါ ရွှေဉာဏ်ရှင် ဆင်ခြင်တော်မူ၍သာ အကဲခတ်တော်မူပါဘုရား၊ ဖျာ့ကျွန် မများကတော့ စေသည့် ကျွန်၊ ထွန်သည့်နွားကဲ့သို့ တစ်ပါးကျွန်ပီပီ ခိုင်းတော်မူသည်ကို မည်သည့် ကိစ္စမဆို အမှုတော် ထမ်းပြီး ပွဲလမ်းယူလိုလှကြောင်းပါဘုရား"

နန်းမတော်။ ။"ခင်မကြီးရဲ့ စေတနာကို ငါသိတော်မူးပြီးပါ၊ သို့ရာတွင် သေချာဂနသိရှိ တော်မူရမှ အမိန့်တော်ချမည် ယခုအချိန်မှာ အသာငြိမ်၍ နေရမယ် ခင်မကြီး"

ကြီး။ ။"အမိန့်တော်မြတ်အတိုင်းပါဘုရား"

အရှင်နန်းမတော် ထိပ်ဖုရားလတ်သည် ထို့နေ့မှစ၍ မောင်တော် သီပေါရွှေနန်းရှင်ဘုရား နှင့် ဒိုင်းခင်ခင်ကြီးတို့အပေါ် သင်္ကာယနတော် မကင်းသဖြင့် အလျဉ်းသင့်သလို အကဲခတ်၍ နေတော်မူ လေသည် တစ်ခါတစ်ရံ အပျိုတော်ကြီးများနှင့် အပျိုတော်ငယ်များ တစုတရုံး ခစားလျက် နေကြသော အခါ မံသကြီးရွာစား စသော အပျိုတော်ကြီးများနှင့် အပျင်းပြေ အလျှောက်အထား စကား အမိန့်တော် ရှိရင်းမှ ဘေးတော် ဘိုးတော်ဖြစ်သူ ရှေးမင်းများလက်ထက်နှင့် ခမည်းတော်မင်းတုန်း ဘုရင်မင်း လက်ထက် မှန်နန်း အပျိုတော်ကြီးများ၊ မိဖုရားဖြစ်ကြရသည့်အကြောင်း မိဖုရာနှင့် ကိုယ်လုပ်တော် အများအပြားကို မဂ္ဂ မဟေသီ မိဖုရားခေါင်းကြီးများက သည်းခံခြင်းတရာနှင့် သိမ်းပိုက်ထား တော်မူနိုင်ကြောင်းများ မိန့်တော် မူပြီးသည့် အဆုံးတွင် "ခင်ဘုန်းတို့ခင်မကြီးတို့ရေ ငါတို့များဖြင့် အရင်က မိဖုရားများနဲ့ စကြာဒေဝီ မိကြီးတော်ဖုရားကဲ့သို့ လင်သားအလိုကို လိုက်တော်မူလိမ့်မယ်လို့ မထင်စားကြနှင့်၊ ပွဲတော်ကို ဝေ၍ တည်တော်မူမည်။

ရွှေနန်းရှင်ကိုဖြင့် ဝေခြမ်းလို့ ချစ်ခင်နိုင်မည် မဟုတ်ဘူး၊ သူများကိုမဆိုထားနှင့် ငါ၏ အစ်မတော်ဖုရား အရင်းအချာ ကြီးကိုပင် မင်းတို့မြင်ကြတဲ့အတိုင်း မငဲ့မညှာ ပြုတော်မူလိုက်သည်မဟုတ်ပါလား၊ သည် အထဲ ကမှ ငါ့လင်ကို ယူပွဲ့သောသူများ နောက်တစ်ကြိမ်တွေ့လျှင် မျက်စိကို ထိုး၍ဖောက်တော်မူမည်"ဟု မိန့်တော်မူသောအခါ ခင်မကြီးမှာ ဘာကိုရည်ရွယ်၍ မိန့်တော်မူလိုက်သည်ဟု သိရသော်လည်း အခြား အပျိုတော် ကြီးငယ်များသည် တစ်စုံတစ်ရာ မရိပ်မိရာသောကြောင့် ငြိမ်ဝပ်စွာ ပု၍နေကြရာ တွင် ဒိုင်းခင်ခင်ကြီး မှာကား "ဘုရား........ဘုရား"ဟု စိတ်တွင်းမှ ချောက်ချားရေရွှတ်မိကာ လိပ်ပြာ မလုံနိုင် အောင် ရှိနေရှာ လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၂) မျှော်ပါ

အခန်း(၃၂)

အရှင် နန်းမတော် ထိပ်စုဖုရားလတ်သည် ဤမျှနှင့် ကျေနပ်တော်မမူသေးပေ၊ မောင်တော် သီပေါ ရွှေနန်းရှင်ဘုရားနှင့် နှစ်ပါးချင်း မေးမြန်းစုံစမ်းတော်မူဦးမည်ဟု ကြံစည်စိတ်ကူးရှိတော်မူသည့် အားလျော် စွာ မီးရှူးဆောင်တော်မှ ကန့်သတ်ချက်နေ့ရက်စေ့ကုန်၍ နန်းမတော်ဆောင်ကြီးသို့ ပြန်လည် ရောက်ရှိ တော်မူသောနေ့တွင် မောင်တော် ရွှေနန်းရှင်ဘုရားလည်း နန်းမတော်ဖုရား၏ အဆောင်တော်သို့ ထွက်တော် မူ လာပြီး သမီးတော်ကြီးကို ရှုစားတော်မူလေ၏။

သမီးတော် ထိပ်စုဖုရားကြီးအား ခမည်းတော် သီပေါရွှေနန်းရှင်ဘုရားနှင့် မယ်တော် အရှင် နန်းမတော် ဖုရားတို့ အလိုတော်အတိုင်း အထိန်းတော်ကြီးနှစ်ဦးကို ရွေးကောက်ခန့်ထားတော်မူသည်ဖြစ်ရာ အထိန်း တော်ကြီး တစ်ဦးမှာ သုံးဆယ်မင်းသားကြီး၏ သမီး၊ သုံးဆယ်မြို့စား သုကေသာဂတီဖြစ်၍ တစ်ဦးမှာ ကောလင်း မင်းသားကြီး၏ မြေးတောင်စဉ် မြို့စား သုမနဂတီဖြစ်ရာ ထိုအထိန်းတော်ကြီးများအား မင်းသမီးကြီး တို့၏ အဆောင်အယောင် အခမ်းအနားပေး၍ အခြွေအရံ မြောက်မြားစွာတို့အပေါ်တွင် အကြီး အကဲ ပြုလျက် သမီးတော်ကြီးအား အလှည့်ကျ ထိန်းကြရသည်။ ရွှေနန်းရှင်ဘုရားလည်း အထိန်းတော် ကြီးတို့ လက်ပေါ်မှ သမီးတော်ကို ချစ်ခင်ယုယစွာ ရှုစားတော်မူပြီး နန်းမတော်ကြီးရှိရာ စက်တော်ဆောင်သို့ ဂင်တော်မူခဲ့လေ၏။

သလွန်ထက်တွင် နှစ်ပါးအတူ စံတော်မူမိသောအခါ အလ္လပ သလ္လပ ကိစ္စအဂဂကို အကြောင်းအားလျော်စွာ စကားနီးနှော ပြောဟောတော်မူလျက်ရှိသည့်အတွင်းမှ အရှင် နန်းမတော်ဖုရားက စတင်၍ "ဒါနှင့် ... မောင်တော်ရယ်၊ နမတော် မီးရှူးဆောင် စံမြန်းတော်မူခဲ့သည်မှာ နှစ်လနီးပါးမျှ ကြာရှိသဖြင့် မောင်တော် နှင့် နမတော်တို့ တွေ့ဆုံတော်မူခွင့် မရှိလို့ ဘာအကျိုးအကြောင်းကိုမျှ မသိခဲ့ရပါ၊ မောင်တော်တစ်ပါးတည်း နမတော်ကြီး မရှိသည့်အခိုက်အခါ ဘယ်လိုများ စံနေတော်မူပါလိမ့်မယ်ဆိုတာ နားလည်တော် မူချင် ပါဘိတယ်၊ မိန့်တော်မူစမ်းပ မောင်တော်ဘုရား" ဟု ပြုံးစနဲ့နဲ့ မျက်နှာနှင့် ကြည်သာစွာ မေးတော် မူလိုက်သောအခါ သီပေါရွှေနန်းရှင်ကလည်း ဣန္ဒြေမဆင် ကြည်လင်ချိုသာသော မျက်နှာ နှင့် ရှုစားတော် မူကာ -

"ဩော် ... သည်ကိစ္စများဟာ ဆန်းသည်မဟုတ်ပါ နမတော်၊ မောင်တော်၏ ထံပါးတွင် ခစား ထမ်းရွက် လျက်ရှိသော မှူးတော် မတ်တော် စော်ဘွားမြို့စားများနှင့်တကွ လကဖက်ရည်တော် ကွမ်းရေတော်

www.burmeseclassic.com

www.burmeseclassic.com

လက်သုံးတော် လူပျိုတော်အများ ခြံရပြီး နိုင်ငံတော်၏ အရေး၊ သာသနာတော်၏ အရေးမှစ၍ မချို့မတဲ့ ရအောင် ကြံဆောင်ဆွေးနွေးကြရသည်။ ဆယ့်နှစ်ရာသီ မင်းပွဲသဘင် ဆင်ယင်ကျင်းပရမြဲ ကိစ္စများ ကလည်း ရဟတ်လည်သည်နှင့်အမျှ သူ့လ သူ့ရာသီတို့တွင် ဘုရင်ကိုယ်တိုင် တောင်စမုတ် ဆောင်တော် သို့ ထွက်တော်မူ၍ ပြည်သူတို့အား ခေါင်းဆောင်ပြုလျက် ထုံးတမ်းစဉ်လာမပျက် အလှူတော် ရေစက်သွန်း ရခြင်း၊ ဇေတဝန်ဆောင်တော်မှာ သာသနာရေးကိစ္စတို့ကို ဆရာတော်ကြီးများနှင့် ဆွေးနွေးရခြင်း၊ ပြဲတိုက် ဆောင်တော် တွင် တိုင်းပြည်အုပ်ချုပ်မှု စီမံခန့်ခွဲခြင်းတို့သာ အချိန်ကုန်ခဲ့ပါသည်။ နေ့ညီလာခံ ညညီလာခံ အပြီးများမှာလည်း ညောင်းညာတော်မူသည့်အခါ သလွန်ညောင်စောင်းတွင် လဲလျောင်း စံနေ၍ စာတော်ဖတ် များ ဖတ်ကြားလျှောက်တင်သည့် ရတုကဗျာ လင်္ကာမော်ကွန်းများကို ရွှေနားဆင်တဲ့ အခါ ဆင်ပြီး အငြီးပြေလိုသည့်အခါ သာယာတဲ့ ပန်းခုံတော်ထွက်၍ လက်သုံးတော်တို့ လျှောက်တင်ချက် ဖြစ်တဲ့ မြို့ပြ ပြည်ရွာ အတွင်းမှ သတင်းစကားများကို နားဆင်တော်မူသည့်အခါလည်း ရှိပါသည် နမတော် ရယ်"

မိဖုရား ။ " ဒါပါပဲလား မောင်တော်ဘုရား"

မင်း ။ " မောင်တော် မှတ်မိသမျှဖြင့် ဒီလောက်မျှပါ၊ အဲ ... အဲ ... ကျန်သေးသည်၊ စက်တော်ခေါ်သည်၊ ပွဲတော် တည်ပါသည်၊ အိမ်သာတော်နှင့် ချိုးရေတော်ဆောင်များသို့ သွားသည့် အခါလည်း သွားပါသည်။ (ရယ်စရာသဘောနှင့် ပြုံး၍ မိန့်တော်မူသည်)

မိဖုရား ။ "သညမျှသာဖြင့် ဟုတ်မည်မထင်ပါ၊ စဉ်းစားတော်မူပါက သတိတော် ရပါလိမ့်ဦးမယ် မောင်တော် ဘုရား"

မင်း ။ "အသေးအဖွဲ့ကိစ္စကလေးများကိုတော့ မေ့လျော့နေလျှင်လည်း နေပါလိမ့်မည်၊ အရေးကြီးကျယ် ကိစ္စတော့ တစ်ခုမျှမရှိပါကလား၊ ဩော် ... စဉ်းစားတော်မူမိပြီ၊ တစ်လောဆီက ညောင်အုပ် မင်းသား နယ်စပ် ကျောက်တိုင်အနီးပါးသို့ ထိပါးနှောင့်ယှက်ရန် လာသည်ကို ဆီးကြို တိုက်ခိုက် နှိမ်နင်းလိုက်တဲ့ မြေထဲ မြို့သူကြီး နေမျိုးသမန္တ ရာဇကို မြေထဲမြို့ဂန် ခန့်တော်မူပြီး မိုးနဲစော်ဘွား ရပ်စောက်စော်ဘွားတို့ ကိစ္စများကြောင့် ဂန်ကြီးယော မြို့စားခေါင်းဆောင်ပြု၍ ရှမ်းတို့ပြည်ကို စေလွှတ်တော်မူပါသည် နမတော်ရဲ့"

မိဖုရား ။ "နမတော် မေးတော်မူခြင်းမှာ ကြီးကျယ်တဲ့ တိုင်းရေးပြည်ရေး၊ သာသနာတော်ရေး၊ ရွှေလွှတ်တော် ကြီးကအရေး၊ ဆွေတော်မျိုးတော်တို့ အရေးများ မဟုတ်ပါ၊ မှန်နန်းဆောင်တော်ကြီးမှာ စံနေတော် မူရစ်သည့် မောင်တော်ဘုရား တစ်ပါးတည်းရဲ့ အရေးကို မေးတော်မူခြင်းပါ"

www.burmeseclassic.com

www.burmeseclassic.com

မင်း ။ " အဲဒါကို မောင်တော် ဘယ်လိုမှ ဖြေတော်မမူတတ်ပါ၊ နမတော်သိတော်မူချင်သည့် အရေးကိုသာ အမည် ထုတ်ဖော်လို့ မေးတော်မူပါတော့ဗျာ"

မိဖုရား ။ "ဒီလို ထုတ်ဖော်၍ မေးတော်မူပါလို့ အခွင့်ပြုတော်မူပါလျှင် သိတော်မူချင်တဲ့ ကိစ္စကို ဖွင့်ဟလို့ လျှောက်တင်ပါမည်၊ ဒီလိုပါ မောင်တော်ဘုရား၊ နမတော် မီးရှူးသန့်စင် ဖွားမြင်တော်မူရန် မီးရှူးဆောင်တော်သို့ ပြောင်းရွှေ့စံမြန်းတော်မူပြီး နေ့ရက်များမကြာမီပင် ရွှေနန်းတော်ကြီးပေါ်မှာ လေးသည်တော်များ ဘုံဆောင်မြင့်မှ အသင့်၊ အမှုတော်ထမ်းလျက် ရှိသော်လည်း မည်သည့်နည်းနှင့် ရောက်လာသည် မသိရ၊ ရွှေနန်းတော် တစ်ပိုက်မှာ ချိုးသိုက်များ ရှိလေသလား၊ ချိုးငှက်များ တွန်မြည်သံကို အချိန်မှန် ကြားရသည်တဲ့ မောင်တော်ဘုရား၊ နမတော်မှာ မီးရှူးတော်မြင်လျက်ကြောင့် တစ်စုံတစ်ရာ မကြားမသိ ရသော်လည်း အဆောင်တော်ထဲ၌ ခစားထမ်းရွက်နေကြသော မှူးကတော် မတ်ကတော်၊ မြို့စား၊ ရွာစား၊ အပျိုတော် ကြီးငယ်များသည် နေ့စဉ်နှင့်အမျှ ကြားရသော ချိုးကူသံကို အင်မတန် ထူးဆန်းလွန်းသဖြင့် သတိနှင့် ဂရုတစိုက် နားထောင်ကြသောအခါ ချိုးကူသံမှာ နေ့အခါ မပေါ်လာဘဲ ညဥ့်အခါ သူငယ် အိပ်ချိန် တွင်သာ ပေါ်လာတတ်တဲ့အပြင် ချိုးကဲသံ အစစ်မဟုတ်ဘဲ လူတစ်ဦးတစ်ယောက်က ချိုးမှုတ်သံ အချက် ပြ၍ ညညတိုင်း အချိန်းအဆိုပြုကြသည်ဟု ရိပ်မိကြပါသည်တဲ့ မောင်တော်ဘုရားရဲ့၊ နမတော် လျှောက်ထား သည်ကို နားဆင်တော်မူလျက်က မျက်နှာတော် ဘာကြောင့် ပျက်ပါလိမ့်၊ နှစ်သက်တော် မမူ လို့ပါလား"

မင်း ။ "သြော် ... အင်း ... မိန့်တော်မူပါလေ၊ မောင်တော် မနှစ်သက်၍ မဟုတ်ပါဘူး၊ ထူးခြားတဲ့ ချိုး အကြောင်းကို အဆိုးအကောင်း မခွဲခြားနိုင်တဲ့အတွက် အံ့သြလျက် နားဆင်တော်မူနေခြင်း ဖြစ်ပါသည်"

မိဖုရား ။ "မောင်တော်ဘုရားက ယခုမှ အင်မတန် အံ့သြတော်မူသွားပါသလား၊ ယခင်က အဲဒီ ချိုးကူသံကို ကြားတော်မူခဲ့ဟန် မရှိလို့ထင့်"

မင်း ။ "မောင်မောင်ဖြင့် အမှတ်တမဲ့နှင့်မို့ ကြားတော်မမူမိပါဘူး နမတော်ကြီးရယ်"

မိဖုရား ။ "မောင်တော် ကြားတော်မမူမိလျှင်သာ ရှိရမယ် ကူလိုက်သည့် ချိုးမှုတ်သံဟာ အချိန်မှန်မှန်ပင် မြောက်ဘက် ပန်းခုံတော်ဆီမှ ထွက်ပေါ်လာလေ့ရှိပါသလဲဘုရား၊ အိပ်ဖန်လှည့် အမှုတော်ထမ်း များလည်း သည်မျှ ရမ်းကားပုံကြမည်မထင်ကြောင်းပါ"

မင်း ။ "ဟုတ်ပါပေသည်၊ စဉ်းစားစရာ တစ်ရပ်ပေပ နမတော်ရယ်"

www.burmeseclassic.com

www.burmeseclassic.com

မိဖုရား ။ "အဲဒီတော့ ဤကိစ္စ အချိန်းအချက်ဟာ ရွှေနန်းတော်ထဲမှာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်၏ လျှို့ပုက်သော အထိမ်းအမှတ် အဆက်အသွယ်သာလျှင် ဖြစ်ရမည်၊ ဘယ်သူ့ဆီကို ဘယ်သူက ဆက်လိုက်သည့် အချိန်းအချက်လဲလို့ အကဲကို စောင့်ကြည့်စေပါတယ်၊ မောင်ဖေငယ်နှင့် ရနောင် မောင်တုတ် တို့ကို နမတော်က ဂင်စေထွက်စေဆိုတဲ့ အခွင့်အရေးကို ပေးသနားတော်မူထား သော်လည်း အဲဒီအချိန်အခါက အနောက်ပိုင်းသို့ လာပုံ ထူးခြားသည်ကို ထပ်မံတွေ့ကြရပြန်ပါသည်"

မင်း ။ "အင်း ... သင်းတို့လက်ချက်များလေလား"

မိဖုရား ။ "ယခင့် ယခင်က တာဂန်ဂတ္တရားကြောင့် ဂင်ထွက်ခစားလာပုံမျိုး မဟုတ်ဘဲ မှောင်ရိပ်ထဲမှ ရပ်ကာ ရပ်ကာ ဒိုင်းခင်ခင်ကြီးနှင့် တီးတိုးတီးတိုး ပြောကြပါတယ်၊ တစ်ခါတစ်ခါလည်း ဘယ်ဆီကို ခေါ်သွား သည်မသိ၊ ညဥ့်နက်သန်းခေါင်အထိ လိုက်သွားတတ်ပါသည်တဲ့ မောင်တော်ဘုရား၊ သည်တော့ ကြာလျှင် ခက်ချည့်ရဲ့၊ ကာယကံရှင်ကို မြန်မြန်မိတဲ့အောင် ခင်ကြီးကို ထောင်၍ဖမ်းမှပင် ဖြစ်တော့မည်ဟု အကြံရသော ကြောင့် ညညမှာ ငါ့အပါးတော် လာ၍ ခစားရမည်လို့ ခင်ကြီးသို့ အမိန့်တော်ချထားရပါသည်။ သို့ရာတွင် ကာယကံရှင် တို့လည်း မမိ၊ ခင်ကြီး၏ အမှုအရာမှာ တစ်ခါတစ်ခါ ပျက်သွားသည်မှတစ်ပါး ရနောင်စား နှင့် တောင်သမန်စားတို့နှင့် ညဥ့်အခါ ချိန်းချက်တွေ့ဆုံခြင်း မပြုရတော့ဘဲ လူစုကွဲ၍ သွားပါ သည်။

မင်း ။ "ရနောင်စား မောင်တုတ် တောင်သမန်စား မောင်ဖေငယ်တို့နှင့်ဆိုင်တဲ့ကိစ္စ ထင်ပါရဲ့ နမတော်"

မိဖုရား ။ "နမတော်တော့ ဒီလိုမထင်ပါ၊ သူတို့နှစ်ယောက်က တစ်နည်းတစ်လမ်းထွင်၍ ရှင်ဘုရင်ကို မျက်နှာ လုပ်ပြီး သမီးကညာ ဆက်လို့များ နေကြသလားလို့ စဉ်းစားတော်မူမိသဖြင့် မောင်တော်နှင့် ပွင့်ပွင့် လင်းလင်း ယခုလို ဘွင်းဘွင်းဖွင့်၍ မေးတော်မူရခြင်း ဖြစ်ပါတယ်"

မင်း ။ "နမတော်ရယ် မိဖုရားငယ်၊ မောင်းမငယ်ဆိုတာ ရှင်ဘုရင်တကာမကင်းနိုင်ကြသည့် အသေး အဖွဲ့ကိစ္စများသာဖြစ်ပါတယ်၊ ရေးကြီးခွင်ကျယ်လုပ်၍ စိတ်ရှုပ်ခံတော်မမူပါနှင့်"

မိဖုရား ။ "အလို ... မောင်တော်ရွှေနန်းရှင် ဒီလိုများပင် ဖြစ်၍ နေတော်မူပြီလား" ဟု ရုတ်တရက် မူပြောင်းပြီး မျက်နှာထားကြီးကြီးနှင့် မိန့်တော်မူသည်တွင် သီပေါရွှေနန်းရှင်မှာလည်း နန်းမတော်ကြီး၏ စိတ်တော် ကို စဉ်းစားတော်မမူတတ်အောင် အကဲခတ် ခက်သွားသည်နှင့် -

မင်း ။ "မဟုတ်ပါဘူး နန်းမတော်ကြီး ဘယ်နည်းဘယ်ပုံများ မောင်တော်က ဖြစ်လို့ အသစ်လုပ်ပြီး မိန့်တော် မူရပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com

မိဖုရား ။ "မိဖုရားငယ်၊ ကိုယ်လုပ်မောင်းမငယ်ဆိုတာ ရှင်ဘုရင်တကာ မကင်းနိုင်ကြဘူးဆိုတော့ မောင်တော် ရွှေနန်းရှင်မှာလည်း အဲဒီလို အပိုအငယ် အနှောင်းထားတဲ့ကိစ္စထဲမှာ အကျုံးဝင်သွား ပြီလို့ ဝန်ခံရာ ရောက်နေပြီ မဟုတ်ပါလား"

မင်း ။ "အဲဒီလို ယူဆပြီး မျက်နှာထားကြီးကြီးနှင့် မိန့်တော်မူလိုက်တော့ ဟိုယခင် ရေသွန်းနှင်းအပ် လက်ထပ်တော်မူပြီးစက အစ်မတော် စုဖုရားကြီးကိစ္စကို ပြေး၍ သတိတော်ရလိုက်သေးတယ်၊ အဲဒီထဲက နမတော်မကြိုက်တာ မောင်တော်က မပြုခဲ့ဘူး မဟုတ်ပါလား၊ မောင်တော်ဟာ နမတော်၏ စိတ်ကြိုက်ကို လိုက်လျောတော်မူခဲ့လွန်းလို့ပင် မကြာခင်က နမတော်ကိုယ်တိုင်က မောင်ဘုရားကို အကြင်နာတရားနှင့် အားတုံ့အားနာ ရှိတော်မူခဲ့လို့ ညီမတော် ရမည်းသင်းစုလေးကို မြောက်နန်းမိဖုရားအဖြစ်ပေးပြီး အငြိး ဖြေတော်မူပါလို့ ကတိတော်ထားခဲ့သေးသည် မဟုတ်ပါလား၊ ဤမျှလောက်ပင် မောင်တော် ရွှေနန်းရှင်ကို ကြည်ဖြူတော်မူခဲ့ရာမှ ကိုယ်လုပ်မောင်းမ တစ်ဦးတစ်ယောက်ထားမည့် ကိစ္စကို စိတ်ချတော်မမူပြန်သေးဘဲ စိတ်ထဲ တအုံနွေးနွေး ဖြစ်တော်မူမနေရန် တောင်းပန်ခြင်းပါ နမတော်ရယ်"

မိဖုရား ။ "ညီမတော် ရမည်းသင်းစုလေးကို မြောက်နန်းမိဖုရား အရာပေးဖို့ သဘောတူ လျာထားတော်မူခြင်းမှာ ညီမတော် အရင်းဖြစ်၍ ချစ်တော်မူလွန်းလို့သာ ဝေခွဲပေးတော်မူလိုပါသည်၊ သည့်ပြင်က ဘာမှ မဆိုင်တဲ့ ဟာမတွေဆိုလျှင် မိဖုရားငယ်ဘာမဆိုထားနှင့် ကိုယ်လုပ် မောင်းမအဖြစ်ကိုပင် ကြည်ဖြူတော် မမူချင်ပါ"

မင်း ။ "ညီမတော်ကို ကြည်ဖြူနိုင်လျှင် မဆိုင်တဲ့ဟာမတွေလည်း နည်းနည်းပါးပါးတော့ မျှတတော်မူလိုက်ပါဦးလား နမတော်ရယ်" (ကျီစယ်ဟန်နှင့် မိန့်တော်မူသည်)

မိဖုရား ။ "တန်ပါ မောင်တော်ဘုရား၊ စကားနောက် တရားပါတတ်လွန်းလှလို့ တစ်ခွန်းစ နှစ်ခွန်းစမှ ဟပ့်ံ စရာမရှိပါ၊ ဒါနှင့် မေးတော်မူတဲ့ လက်စကို ဆက်ပရစေ၊ ရနှောင်နှင့် တောင်သမန်တို့တစ်တွေ ခင်ကြီးကို လာလာခေါ်သည်မှာ မောင်တော် အတွက်သာ ဖြစ်ရမည်လို့ ယူဆတော်မူမိပါသည်။ ဟုတ် မဟုတ်ကို ဖွင့်ထုတ် လို့ အတိအလင်း မိန့်တော်မူစမ်းပါ"

သီပေါရွှေနန်းရှင်ဘုရားလည်း နန်းမတော်ကြီးက ဒိုင်းခင်ခင်ကြီး ကိစ္စကို ဤမျှလောက် ခဲယဉ်းခြင်း ဖြစ်မည် မဟုတ်ဟု ယူဆထားတော်မူခဲ့ရာတွင် ယခု လက်ငင်းကြုံတွေ့ရသည့် အခြေအနေမှာ အထင်နှင့် အမြင် ကွာ၍ များစွာမလွယ်ကူသေးသဖြင့် ရေးအရေး တင်ကြိုစဉ်းစားတော်မူကာ အရှင် နန်းမတော်ကြီး စိတ်ပြောင်းညွတ်တော်မူချိန်ရောက်မှသာ အသိပေးသင့်သည်ဟု ရုတ်တရက် အရှက်ကိုငဲ့လျက် သိုဝှက် ထိန်ချန်တော် မူလိုက်တော့သည်။ ထို့ကြောင့် -

www.burmeseclassic.com

www.burmeseclassic.com

"နမတော် ထင်တော်မူချက်ကဖြင့် တက်တက်စင်အောင် လွဲ၍နေပါပြီ၊ ဒီကိစ္စဟာ မောင်တော်နှင့် ဘာမျှ မဆိုင်ပါ၊ သူတို့ဟာနှင့် သူတို့ အချိတ်အဆက်ကို ရာဇဝင်ကျနော်ပျက်အောင် အတွေးနက်တော်မမူပါနှင့် နမတော် ရယ်" ဟု ကာကွယ်၍ မိန့်တော်မူလေ၏။

မိဖုရား ။ "မောင်တော်၏ အမိန့်တော်စကားကို နားရှိလို့ ကြားရသော်လည်း ယုံကြည်ရန် ခက်ခဲလှပါတော့သည်၊ ပန်းခုံတော်ဆီက ချိုးမြည်တဲ့အချိန်းအချက်မှာ လက်အောက်ငယ်သားများ သဘောအတိုင်း ဘယ်ပုံဘယ်နည်းနှင့်မျှ ပြုဂုံကြမည်မဟုတ်ပါဘူး၊ မောင်တော်တစ်ဦးတည်းနှင့်သာ တိုက်ရိုက် သက်ဆိုင် ပါသည်"

မင်း ။ "ခက်လို့နေပါပြီဗျာ၊ ဒီကိစ္စမှာ မောင်တော်နှင့် ဘာမျှမဆိုင်ပါဘူး နမတော်၊ မောင်တော်ဟာ ရှင်ဘုရင်တစ်ပါးဖြစ်နေပါလျက်နှင့် ကိုယ်လုပ်မောင်းမ တစ်ယောက်တလေ ခြေတော်တင်လိုသည့် အချက် ကြောင့်ဖြင့် သည့်ကလောက် ခက်ခက်ခဲခဲ ကွယ်ကွယ်ထောင့်ထောင့် ပြုမည်မဟုတ်ပါ မောင်တော် မလိုလား ၍သာ ဤမျှကြာအောင် နေတော်မူခဲ့သည် မဟုတ်ပါလား"

မိဖုရား ။ "သြော် ... မောင်တော်က အလိုမရှိ၍သာ နေတော်မူခဲ့သည်၊ ကိုယ်လုပ်မောင်းမ ခြေတော် တင်လိုသည့်အခါတွင် ရှင်ဘုရင်ပီပီ ယူတော်မူနိုင်သည်ဆိုပါတော့"

မင်း ။ "မောင်တော်က စကားဥပမာ တင်စား၍ ပြောပါသည်၊ မောင်တော်ရဲ့ မနောကလည်း နမတော် သဘော မကျလျှင် ဘာကိုမျှ မတိုင်ပင်ဘဲ ပြုတော်မမူပါဘူးဗျာ၊ ရန်လိုတော်မမူစမ်းပါနဲ့"

မိဖုရား ။ "အမှုသွားက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါတယ်၊ ဘယ်လိုပင် မောင်တော် ဖုံးကွယ် ပေတဲ့ အလှည့်သင့်တဲ့အခါ အလိုအလျောက် ပေါ်လာမှာပါပဲ မောင်တော်ရဲ့"

မင်း ။ "တကယ့်ကို အကျပ်ကိုင်လို့ အနိုင်ယူ၍ မိန့်တော်မူနေတော့တာပဲ နမတော်ရယ်၊ မောင်တော် ဘယ်လိုပင် ပြောပြော သဘောတော်ကျမည် မဟုတ်လို့ နောက်ဆုတ်၍ အရှုံးခံတော်မူတော့မည်၊ ဒီစကား ကို ဒီမျှနှင့်ရပ်အောင် အဆောင်တော်ဘမရာသနကို ပြန်ကြွဦးတော့မယ် နမတော်"

မိဖုရား ။ "ကောင်းပါပြီ မောင်တော်၊ ကြွတော်မူမှ စခန်းရပ်၍ ဒီစကားလမ်းပြတ်ပါလိမ့်မယ်"

သီပေါရွှေနန်းရှင်ဘုရားသည် ရုတ်တရက် စကားပြတ်အောင် ဘမရာသ မှန်နန်းတော် ဆောင်ဆီသို့ ကြွချီခဲ့၍ ပြန်လည်ဆိုက်ရောက်တော်မူပြီးနောက် အချိန်အခါ မကြာမြင့်မီကလေးပင် ခင်ဘုန်းနှင့် ခင်ပေ တို့ ရွှေနန်းရှင်ဘုရား ရှေ့တော်သို့ ဝင်ရောက်လာပြီး လက်ထဲမှ အလွှာတော်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com

ကိုင်လျက် "အရှင် နန်းမတော်ဖုရားက ပို့ဆက်ခိုင်းလိုက်ကြောင်းပါဘုရား" ဟု လျှောက်တင်ဆက်သ၍ ဦးချပြီး အလျင်အမြန် ပြန်ထွက်သွားကြသဖြင့် ရွှေနန်းရှင်ဘုရားလည်း "အလို ... အရေးတကြီးနဲ့ ဘာများပါလိမ့်" ဟု ဆိုကာ အလွှာတော်ကို ရှုစားတော်မူလိုက်လျှင် -

မိုတ်လို့ငယ်မူ ... သိသူကိုသိုသိတ်လို့ မျိုကြိတ်နိုင်အား ။ ။ အချစ်ကယ်ပြင် အသစ်ကလေးဟိုမှာမြင်လို့ ရွှေထီးတွင် တင်တဲ့ငြမ်းလို မောင်မောင်ရေ ဂျမ်းဖျက်သလား။

ဟု ဖတ်ရှုတော်မူရသောအခါ အတန်ကြာအောင် ငေးစိုက်တော်မူလျက် ပင့်သက်ရှိုက်တော်မူကာ "သြော် ... နမတော်ကြီးမှာ ဘာမှမဟုတ်ဘဲ ကိစ္စကလေးနဲ့ အရေးတကြီး ဖြစ်တော်မူနေပါတကား၊ ခင်ကြီးကိုလည်း သနားစရာ ကောင်းနေပြီ၊ အစက ဒီလို ခဲယဉ်းမည်မထင်တဲ့အတွက် နစ်သက်လှတဲ့ ခင်ခင်ကြီးကို အပြီး သိမ်းပိုက်တော် မူလိုက်တော့တယ်၊ ဟယ် ... ခဏခေတ္တ သူသက်ကယနကင်းအောင် ခပ်ရှင်းရှင်း နေတော် မူဦးမယ်၊ သည်အတောအတွင်းမှာ စိတ်တော် နူးညွှတ်၍လာအောင် သွေးဆောင်ချော့မော့ ပြောတော် မူမည်၊ စုဖုရားကြီးကိစ္စကဲ့သို့ စိတ်မလွယ်ကူ သည့်အတွက် ရက်ပေါင်း နယ်ဆယ်ကျော်မျှ အဆက်အသွယ် ပြတ်လပ်လျက် ရှိရာ ချစ်ခင်ကြင်နာ မြတ်နိုးတော်မူခါစ အရွယ်ကလည်း ငယ်ရာလှ၍ ကလေးပမာ သနားစရာ ဂသီနှင့် တီတီတာတာ တင်လျှောက်လေ့ရှိသည့် ခင်ခင်ကြီး၏ သာယာသော အသံကလေးကို တရေးရေး ကြားယောင်လွမ်းဆွတ်တော်မူကာ ပွဲတော်စာများပင် သုံးဆောင်မူလျော့နည်းလျက် ရှိတော်မူ လေသတည်း။

တေးထပ်

၁။ အင်မတန် ဖူးချင်လှသူမို့ ထူးတင်ရလျင်စွာ ဉကင်သ သခ်ါဂယ်- ကြင်

ပနာမမျှ။ ။ လျှပ်တလက် -စက်မပျော်တယ်-မျက်နှာတော်ဖူးလို့မဂ၊

ပွဲတော်ကျချဉ်ရဲပြေကို-ထင်လွဲလေရှည်စွာ-ဘွင်သဲခြေကြည်မြလို့-မတည်ပ

ဒုက္ခ။ ။ ငှါတစ်မြင် ရွှေကြော့ကွင်းကဲ့သို့-ရော့မတင်းဖြစ်ရသည့်ဟန်။

တော့သနင်း မကြုံလျှင်-ကံသာကံတရားလို့-နှစ်ပါးနတ် စက်တော်သာ-

တိုးရတော့သာ။ ။ ဖျက္ကျွန်မ တစ်မျက်နှာမှာ အသက်ပါဆက်ပြီးဖျလေး။

၂။ ဖျက္ကျွန်မခက်ခွင်မှာ ရက်ရင့်လို့သဲနာ-ရတက်နှင့် လဲရာအောင် မလွဲသာ

www.burmeseclassic.com

ကြိမ်ခွင်။ ။ သေပွဲလို့ ခြွေစွန့်ပါတယ်-နေညွှန့်ညှာဘုန်းကလိန်နှင့်။ ။

ကိုယ်တော့ကြောင့် ငိုရှော့ဖန်တယ်-အိုပေါ့ရန်သခင့်-ညီတော့ မာန်အခွင့်

မို့-အဆင့်ဆင့်ဗျပါ။ ။ နေ့လိုလို-ညဥ့်ကလားငယ်နှင့်-လင့်စားလို့နေ

ရတော့သာ။ ။ တင့်တစ်ပါးမညှာရင် သတ္တဂါသည်ကလေ့မှာဖြင့်-

တငွေ့ငွေ့ ချုံးကြုံ့ဆူ-ဘုန်းဘုန့်အပူ။ ။ ကိုယ်တော်မှ မကယ်ယူလျှင်

ငယ် ရွှယ်သူ ကြာဘူးဖျလေး ။ ။

လေးချိုးသဖြန်

၁။ ငွေမှန်ကို-နေလျှံကြောက်သည်လို့ ရပေစံ ရွှေမာန်ပေါက်မှဖြင့် သေကံ

ရောက်ခက်တော့မယ်။ ။ အသက်ဆုံးမှာကြောင့် မျက်လုံးတောင် မော်မပွံ့ပါဟု အဓွန့်ရှည ရက်ကြာဆွဲလို့ရယ်-ခဲကဲ့ရတယ်။ ။ အထက်နေစိန်တရုံးငယ်က-ကျက်သရေအမိန်ဆုံးကို

မှ နလုံးလှ ညှာမတွယ်ရင်-ဘယ်ဂယ်မှ ဖြောင့်ပေဘူး။ ။ လဲ့လဲ့ငယ်ကြုံ ရဲ့ရဲ့ကလေး အနိုင်ခတော့တယ်-အမော်ဥာဏ် မကြံလိုက်သာလို့ မကိုင္မှကို-ကွယ်ရာက လွမ်းရတယ်

ကိုယ်တော်ရေ-ကျွမ်းပြန်လို့ရှူး။ ။

၂။ နေစကြာ-အရှိန်ကျွေ့တာကြောင့်-ရွှေမျက်နှာ သိမ်မမွေ့နိုင်ဘု-ဣန္ဒြေ့ရင်မို့သာ။ ။ မဖူး

ရနိုင်လို့-ဦးချကာဖြေမရှင်၍-ရွှေသဇင်နေထိပန်းလို နွမ်းလျှသည့်တာ။ ။ မြမျက်တောင် ရှိန်မှေးနိုင်ဘု-အို ... လာလိမ့်မယ် မျှော်ကာသား။ ။ မပိုင်သာ-ရုပ်ဖျောက် ကယ်အနိုင်ခွာ

လို့-ဆိုင်ရာခွင့်မပေးတာကြောင့်ရယ်-ကိုယ်တော်ရေ နေးထင့်ဘုရား။ ။

www.burmeseclassic.com

www.burmeseclassic.com

၃။ ထုံးဆံကေရှိုတစ်ပတ်ကယ်နှင့်-ကိုယ်ကြပ်ကယ်က လုံ့တလုံ့။ ။ ကြယ်ပွင့်ထိုး-ရွှေကြိုးကို

-ကိုယ်တော်ဖြုတ်စဉ်က-ဟာ ဆုတ်ပါမဆိုရက်နိုင်လို့ရတက်ပွေ နေ့ရှည်သွေးခဲတယ်-ဧလေးခင့်ဖြစ်ပုံ။ ။ ရဂေမှာ ဘေထပ်သည်သို့ ဘအေကို မယ်ကျေနပ်တာမို့ ရေငတ်လို့ ရွှေရင်ခုန်တယ်-ပုံပါငဲ့အလုံး။ နဘဒါ-သူ့ခမျာ တာမရှည်တဲ့ပြင်-ကညာရေ ခဂါလျှောကာမှ-

သဘောကို တဖုံပြင်လို့ လုံခင်မှာ အမြင်ကောရတယ် ကိုယ်တော်ရေ-ပြောမမေ့ဆုံးတဲ့မှ-

ရွှေနန်းရှင်ဘုရား-ကြောလေ့အရှုံး။ ။

သီပေါရွှေနန်းရှင်သည် အရှင်နန်းမတော်ဖုရား၏ စိတ်ထားတင်းမာတော်မူခြင်းကြောင့် ပန်းခုံတော် အတွင်းတွင် ဒိုင်းခင်ခင်ကြီးနှင့် တွေ့ဆုံတော်မမူရတော့သော အချိန်အခါမှစ၍ စိတ်တော်မကြည် မလင်ရှိခဲ့သည်နှင့်အမျှ ဒိုင်းခင်ခင်ကြီးမှာလည်း ရွှေနန်းရှင်ဘုရားနည်းတူ၊ ပူဆွေးလွမ်းဆွတ်လှသော စိတ်ဖြင့် မအိပ်နိုင်မစားနိုင် တငိုင်ငိုင်တငေးငေး မျက်ရည်ကလေးတဂဲဂဲ ဖြစ်နေရှာသည်၊ သီပေါ ရွှေနန်းရှင်ဘုရားအား ခံ့ညားကြောက်ရွံ့ရှိသေသည်ထက် အချစ်စိတ်က မွှန်လျှက် ရှိလေရာ ဖူးတွေ့ခွင့်မရတိုင်း သောကလှိုင်း ရေယဉ်ဂယ် တလယ်လယ် မျောပါး၍ စိတ်ဒုက္ခ ခံစားနေရ ရှာတော့သည်တွင် နေ့စဉ်နှင့်အမျှ မိမိ ခံစားရသော စိတ်ဒုက္ခ ဂေဒနာကို သေချာဂန မှတ်တမ်း သကာ၊ လွမ်းသူ့စာခွေအဖြစ်နှင့် ချစ်လှသော အစ်ကိုဖြစ်သူ မောင်မောင်ငယ် မှတစ်ဆင့် အခွင့်သင့်သလို ရွှေနန်းရှင်ဘုရားသို့ ရေးဆက်ပေးပို့ပါမည့်အကြောင်း တောင်းပန်ခယ၍ အချိန်းအချက် ပြုထား ကြသည့် အလျောက်၊ မောင်မောင်ငယ်သည် နမသည် ခင်ခင်ကြီးအတွက် စိတ်လက် မကောင်း လှစွာနှင့်ပင် သူ လျှောက်တင်ချင်သော စကားများကို မှာတမ်း၊ တေးထပ်၊ လေးချိုး၊ သဖြန် များ အဖြစ်သို့ ပြောင်းလဲ ဖန်တီးကာ ရွှေနန်းရှင်ဘုရား လက်တော်သို့ ပို့ဆက်ရရှာတော့သည်။ သီပေါ ရွှေနန်းရှင် ဘုရားလည်း ခင်ခင်ကြီး ထံမှ ပို့ဆက်သည့် အထက်ပါ တေးထပ်မှာတမ်းများကို ရှုစားတော်မူကာ အလွန် တရာပင် သနားကြင်နာ တော်မူမိပြီး အူသည်းလှိုက်မျှ ရှိတော်မူရလေ၏။

မင်း ။ "ငါကိုယ်တော်လည်း ခင်ကြီးအတွက်နှင့် စိတ်လက်ညှိုးနွမ်းတော်မူလှသည် မောင်မင်းများ၊ နန်းမတော်စုထား၏ စိတ်မှာ မူလအထင်အမြင်နှင့် အင်မတန် အလုပ်မ်းကွာနေတဲ့အတွက်၊ ရှေ့ရေးကို ငဲ့ကွက်သဖြင့် ချင့်ချင့်ချိန်ချိန် ကိုယ်ရှိန်သတ်နေတော်မူရသည့်၊ တာရှည်အောင့်အင်း၍ ချစ်ခြင်းကို ဖြတ်တော်မူနိုင်မည် မဟုတ်ဘူးကွဲ့."

ငယ် ။ "ရာဇပလ္လင်ကို သိမ်းမြန်း၍ ထီးနန်းကို စိုးပိုင်တော်မူသော ဧကရာဇ် ဘုရင်တစ်ပါးဖြစ်သည်နှင့်အညီ အလိုတော်ရှိတိုင်း မဆုတ်မဆိုင်း စီမံခန့်ခွဲတော်မူနိုင်ခွင့်ရှိကြောင်း ပါဘုရား"

www.burmeseclassic.com

မင်း ။ "မှန်ပေသည် မောင်မင်း၊ ရှင်ဘုရင်ဖြစ်နေကြောင်းကို မောင်မင်းတို့က မကြာခဏ ယခုလို သတိပေးနေကြသည်မှာ အားမလိုအားမရ ဖြစ်နေကြတာကြောင့် မဟုတ်လား၊ ငါ့မှာ ထောက်ထား ငဲ့ညှာ အားနာ တတ်တဲ့စိတ်ကလည်း ရှိတော်မူတာတစ်ကြောင်း၊ ထီးဆောင်းဘုရင်အဖြစ်သို့ ရောက်အောင် ဆောင်ရွက် အပ်နှင်းတော်မူလာသူ မိကြီးတော် ဆင်ဖြူမရှင်ဖုရား မျက်နှာတော်နှင့် ခမည်းတော်ဘုရား မျက်နှာတော်များကိုလည်း ထောက်ထားတော်မူရသေးတယ်။

နန်းမတော်ကြီး စိတ်တော်ကိုလည်း အသိသား၊ အာဏာအားကိုးနဲ့ တဖွတ်ထိုးပြုတော်မူချင်တတ်သည်ကွဲ့၊ သူ့စိတ် တော်အလှည့်သင့်ပြန်လျှင် အင်မတန် ရက်ရောတော်မူတာကိုလည်း မောင်မင်းတို့ အသိပဲ မဟုတ်လား၊ ဒီတော့ ကိစ္စအရပ်ရပ် အေးအေးချမ်းချမ်းနှင့် ပြီးစီးသွားရန် ဟန်မပျက် စောင့်စား နေတော်မူ ခြင်းသာ ဖြစ်တယ်"

ငယ် ။ "မှန်လှပါဘုရား၊ ကျွန်တော်မျိုးများ လျှောက်တင်တဲ့ စေတနာက ဘဂရှင်ဘုရားမှာ စိတ်တော်ဆင်းရဲလှသည့် ဝေဒနာ ခံစားတော်မူနေရသည်ကို မမြင်ရက်၍သာ ဖြစ်ပါကြောင်းဘုရား၊ ငယ်ကျွန်ကြီး များဟာ ဘဂရှင်ဘုရား စိတ်တော်ချမ်းသာမှုအတွက်ဆိုရင် အသက်ကိုပင် အန်လို့ ဆက်ရ စေတော့ ပေးဆက်နိုင်ကြောင်းပါဘုရား"

မင်း ။ "မောင်မင်းစေတနာကို ငါကိုယ်တော် သိပါတယ်၊ တကယ်ဆိုလျှင် ခင်ကြီးကို ဘယ်နည်းနှင့်မျှ ကြာကြာလမ်းဖြတ်တော် မမူနိုင်ပါဘူး၊ ညဦးညဦးအခါ စက်တော်သာခေါ်ရသည် ပျော်တော်မူတည်လှ့မရှိ၊ သူ၏ ချစ်စရာမျက်နှာကလေးကို တရေးရေး မြင်တော်မူ၍ချည်း နေသည်။ ကိုယ်တော်၏ ရွှေနားတော် မှာလည်း ခင်ကြီးလျှောက်တင်ရာတဲ့ တီတီတာတာ အသံကလေးကိုသာ တစာစာ ကြားယောင် တော်မူလျက်ရှိသည်။

ငယ် ။ "မှန်လှပါကြောင်းဘုရား၊ အရှင်မင်းမြတ်ကဲ့သို့ ရေမြေသနင်း ပြည့်ရှင်မင်းတစ်ပါးပင်လျှင် တန့်စားဖြေဆည်တော်မူရန် ခဲယဉ်းပါလျှင် ခင်ခင်ကြီးကဲ့သို့ မိန်းမငယ်ကလေးတစ်ဦးမှာ ရူး၍သာ သွားသင့်ပါတော့သည်ဘုရား၊ သနားညှာတာတော်မူပါသဖြင့် တင့်တင့်တယ်တယ် ချီးမြှောက်တော်မူပါမှ သူ့ခမျာ သက်သာခွင့်ရရှာပါလိမ့်မည်ဘုရား"

မင်း ။ "မောင်မင်းတို့ထက်ပင် ငါကိုယ်တော်က မြန်မြန်ကြီး သူကောင်းပြုတော်မူချင်လှပါသည်။ သို့ရာတွင် ယခုအခါ နန်းမတော်ကြီးက တစ်မျိုးတစ်မည် ဖြစ်တော်မူပုံရသဖြင့် ခဏစောင့်လို့ အကဲခတ်နေခြင်းမျှသာ ဖြစ်တယ်၊ ဒီအကြောင်းကို ခင်ခင်ကြီး ကောင်းကောင်း နားလည်သိရှိအောင် မောင်မင်းတို့က ဖျောင်းဖျ နားချလို့ ထားကြပါ၊ အင်း … ငါကိုယ်တော်က မှာလို့သာ မှာရတယ် သာ၍ပင် မဖြေဆည်းနိုင်ဘူး မောင်မင်း တို့ရယ်၊ နေ့နေ့ညည အမြဲပင် သတိတော်ရလျက် နေတော်မူတဲ့အပြင် စက်တော်ခဲ၍ မေ့ခနဲ ပျော်တော်မူ သွားခိုက်ကလေးမှာပင် ခင်ကြီးကို ယုယပိုက်ဖျား သနားချစ်ခင်စွာ တွေ့ဆုံတော်မူရတယ်လို့ အိပ်မက် မြင်တော်မူမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ "မှန်လှပါကြောင်းဘုရား၊ တစ်ဦးနှင့်တစ်ဦး ထူးကဲသော မေတ္တာဓာတ် အဟုန်က အာရုံဂင်စား လွန်းတဲ့အတွက် စက်ပျော်တော်မူချိန်မှာ လိပ်ပြာချင်း ယှဉ်နွဲ၍ အမြဲတွေ့ဆုံတော်မူလျက် ရှိခြင်းကြောင့် အိပ်မက်တွင် အရိပ်ပေါ်ပြီး နိမိတ်တော်ပြခြင်းပါဘုရား"

မင်း ။ "ဟုတ်ပါလိမ့်မယ် မောင်ဖေငယ်ရဲ့၊ မိန့်တော်မူတဲ့လက်စနှင့် ဆက်လို့ ပြောရဦးမည်၊ ယမန်နေ့ဆီက ညပဟိုရ် နှစချက်တီးအကျော်မှ မေးခနဲ စက်ပျော်တော်မူသွားသည်တွင် ခင်ခင်ကြီးနှင့် မြောက်ဘက် ပန်းခုံတော်ထဲတွင် ယခင်ကလို နှစ်ကိုယ်တော်တွေ့၍ ပျော်မွေ့ရယ်ရွှင် ခွန်းတုံ့တင်တော်မူလိုက်သည့်အခါ ခင်ကြီးမှာ ခါတိုင်းလို ပြုံးပြုံးချိုချိုမရှိ၊ ငါ့ကို စိတ်နာသည့် မျက်နှာ နှင့် စိုက်၍ကြည့်လျက် မျက်ရည်တွေ သွင်သွင်စီးပြီး တစ်ခါတည်း ကျောခိုင်းလျက် ထွက်သွားသည်ဟု အိပ်မက်မြင်တော်မူသည့်အတွက် ရုတ်တရက် ထိတ်လန့်တကြားနှင့် ဘွားခနဲ လန့်၍ နိုးတော်မူတယ်။ စိတ်တော်ကိုခိုင်ခိုင်ထားသော်လည်း လွမ်းအားတော်ကြွယ်လှလို့ မျက်ရည် လည်တော်မူလိုက်ရသေးတယ်၊ ခင်ခင်ကြီးခမျာလည်း ငါကဲ့သို့ပင် ဖြစ်ရှာမှာပေပဲလို့ ကိုယ်ချင်းစာ စိတ်ထားနှင့် သနားတော်မူလှတယ်။ သို့အတွက်ကြောင့် ငါကိုယ်တော်တိုင် တွေ့ဆုံတော်မမူနိုင်သည့်အချိန်အခါ၊ မှာတမ်းတော်များ ရေးသား၍ ကိုယ်တော်စား အလွမ်းပြေအောင် ပေးသနားတော် မူလိုတယ်၊ ငါ၏ အဖြစ်အပျက်ကို မောင်မင်းထက်ပို၍ သိသူလည်း မရှိသဖြင့် သင့်သလို ရေးသား ပေးပို့စေ မောင်မင်း"

ငယ် ။ "မှန်လှပါ ဗျာဒိတ်တော်မြွက်အတိုင်း စေခိုင်းတော်မူသော မှာတမ်းတော်ကို ကျွန်တော်မျိုး ရေးသား လျက် အရှင့်လက်တော်သို့ ဆက်သပါမယ်ဘုရား"

မောင်မောင်ငယ်သည် ချစ်နမငယ်နှင့် အရှင်သခင်အကြားတွင် စာဆိုတော် တောင်သမန် လယ်စားကြီး ဟူသော အရည်အချင်းဖြင့် မင်းသူကောင်းပြု မြှောက်စားခြင်းခံရသူပီပီ တတ်သော ပညာ မနေသာ သည့် အတိုင်း စေခိုင်းသော အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်ရရှာတော့သည်။ ခင်ခင်ကြီးက ပေးစေလိုသော တင်လျှောက်တော်များကိုလည်း မိမိပင် ရေးသားဆက်သပေးရလျက် ရွှေနန်းရှင် ဘုရား အတွက်ကိုလည်း ငယ်ကျွန်တော်ရင်း စာဆိုတော်ကြီးဖြစ်သောကြောင့် မိမိကိုယ်တိုင် ရေးသားကာ မောင်မောင်တုတ် နှင့် အတူ ခင်ခင်ကြီးထံ လာရောက်ကာ တိတ်တဆိတ် ပေးပို့ရတော့သည်ဖြစ်ရာ ဤကိစ္စ တွင် မောင်မောင်ငယ်သာလျှင် အဖန်ဖန်အခါခါ ပုဏ္ဏားဒိုင် လုပ်နေရရှာတော့သတည်း။

တေးထပ်

www.burmeseclassic.com

၁။ စိန်သလွန်ကြာကြွမှာ-ဟာဘုရာ့တွန့်ကာ-နာလှလို့ လွန့်ရှာတယ်၊ မဟုံပါကိုယ်တော့။ ။
ဝိုတဲ့လို့စုတ်စုတ်ခေါ်တယ်-ဆုတ်ဆုတ်နော်တွန်းလို့ခွေပျော့။ ။ စိမ်းသူမို့ မရဲရှာတယ်-
ပုလဲညှာအသော့-အသဲမှာနာရော့ထင့်-ဟာနော့နှင့်ရုန်းရှာ။ ။ သည်တော့ခါ-ဟင့်အင့်
ဟင့်ဟာမို့-တင့်တင်တင့်-ခွန်းချော့မြူခါ။ ။ ပြဒြပ်မြိမ်း တသဉ္ဇာမှာ-မင်္ဂလာချိန်ရက်ထင့်-
အိပ်မက်တော်ဒေဝရင်-ပေးလှာတဲ့အင်။ ။ သည်ထည်းက မစက်ချင်တယ်- အသက်
ပင် သေစမ်းတော့လေး။ ။

လေးဆစ်သဖြန်

၂။ ရွှေသောတိန်မငြိမ်သက်စေဘို့-နေမောရိန်ဂေါဂိန်ဘက်ခါမှ-စောအိပ်မက်မြင်ရတယ်။ ။
စွန့်လိုသာပွေ့ရတော့-လွန့်၍နော်ဟာဘုရင်နှင့်-တစာစာတွန့်ကာရုန်းပါလို့-ပြုံး၍ကျီစယ်။
မြကေသီရွှေဆံပတ်ကယ်နှင့်-လှဒေဝီနေလာနတ်ကိုဖြင့်-သေမတတ်တွေ့ရဘွယ်-မေ့မယ်
လို့မေ့နိုင်ဘူး။ ချိန်စက်လျှင် အိပ်မက်ကို တကယ်ထင်၍၊ ခင်ခင်-ခင်ခင်လို့ စောမိတယ်
(ခင်ကြီးရေ) သောကနှင့်ရှူး။ ။

၃။ မြကေသီ-ရွှေရောင်ဘွဲ့ငယ်က-လှဒေဝီ သွေရှောင်ငဲ့သော်လည်း-ဆွေမောင်နဲ့ကြင်တဲ့ခင်။ ။
မျိုမတတ်ပါဘဲ-ကိုယ်ကြပ်တော် ဆင်မညီးမှာလ-ရင်ထိုးတော် ဟသ်ာရုပ်ကို-ဘုန်းဖြုတ်လို့
ပင်။ ။ အရက်ကုန် သိက္ခာယွင်းစေတော့- နှစ်သက်လုံရိပ်ကြာတွင်းမှာလ-လိပ်ပြာချင်း
တွေ့ထဲ့အင်ကို-မေ့ရင်ဖြင့်ကံတရား။ ။ စိန်းနိုင်ဘူ့ခင်ပလိန်းပကြန်ဆင်လို့-ပိန်းပင်ကို
နွယ်ချိုရစ်တဲ့နယ်-ဘုန်းပစ် မသွားတယမှ (ခင့်ရေ)ထုံးအသစ်ပွား ။ ။

www.burmeseclassic.com

www.burmeseclassic.com

၄။ ရွှေစိန်ရောင်-နားပန်ဘဲ-ပါလို့-ဂတ်လဲတော်-ရာကျရဲငယ်နှင့်-ငွေဖဲကန့်ဆင်လို့နော်။ ။

ရွယ်မရိပ်ခင်က-ငယ်စိတ်တော်ကပိုကရှိနှင့်-အလိုလိုနဂိုရ်လှသူမို့ရယ်-သောင်းမြေက ကျော်။ ။

နွဲ့မဟာသူကလေးမှာဖြင့်- လဲ့ပြာပြာမမူသေးခင်က-လူမေးလို့စုတ်သတ်ခေါ်

တယ်-မော်မယ်ပသည်ဘဂ။ ။ သေးသွယ်သွယ်-မြတ်လေးခိုင်ငွေစံပယ်သို့-ရွှေအရွယ်

ငယ်ငယ်ကသင်းပါဘိတယ်-မင်းခင့်သီလ။ ။

၅။ ကြံမဆိတ်နိုင်ဘူး-မှန်ရိပ်မှာတဲ့ ပုံတသွင်။ ။ တစေ့စေ့ငယ်နှင့်-တစ်နေ့ကိုဆယ်ကြိမ်တွေ

လို-သိမ်သရေ သည်တစ်ပါးငယ်ကြောင့် တရားကွယ်ဖြေမအေးနိုင်ဘူ့-တွေးမိတိုင်းမြင်။

ထုံးဆံကေရှုံတစ်ပတ်ကယ်နှင့်-သုံးရံရွှေပျိုတလပ်တွင်မှ ကိုယ်ကြပ်တော် ရွှေကြယ်ဆင်

ရယ်-ငယ်သွင်မှ မပျောက်သေး။ ။ အဖြစ်ကယ်စုံ-သနစ်ကုန် ချော့မညီးအောင်ပ-တွတ်

တီးရယ် တွက်တာနှင့် သူငါကို ပူဆာရစ်လိမ့်မယ်-ဘုန်းချစ်တဲ့သွေး။ ။

အရှင်နန်းမတော်ဘုရားနှင့်တကွ အပျိုတော်များ သိရှိရိပ်မိသွားမည်ကိုလည်း တစ်နည်းအားဖြင့် ကြောက်ရွံ့စိုးရိမ်သောစိတ်ကြောင့် အတွင်းကြိတ် ပူဆွေးလွမ်းလျနေရှာသူ ဗိုင်းခင်ခင်ကြီးမှာ မောင်မောင် ငယ် လျှို့ပုက်စွာ လာရောက်ပေးပို့သွားသော ရွှေနန်းရှင်ဘုရားထံမှ မှာတမ်းတော်များ ပါသည့် အလှာကို ဖတ်ရှု တွေ့မြင်ရှိသောအခါ ကိုယ်တိုင်တော် တွေ့ခွင့်မရ၍သာ မှာတမ်းစာပေး တော်မူရှာ သည်ဟု မဆည်နိုင်အောင် ဂမ်းနည်းလျက် မျက်ရည်မသိမ်းနိုင်အောင် ဖြစ်ရရှာတော့သည်။

"အစ်ကိုရယ် ... အစ်ကိုတို့ ရွှေနန်းရှင်ဘုရားမှာလည်း သနားစရာ ဖြစ်နေရှာပါပြီ၊ သည်အခြေအနေကို ရောက်အောင် အစ်ကိုတို့ဂင်ပြီး ဆောင်ရွက်ပေးခဲ့ကြပြီးမှ ခုလိုမြွေမသေ တုတ်မကျိုးတဲ့ အဖြစ်ဆိုးကြီးကို ကြာရှည် ကြည့်၍ မနေကြပါနှင့်၊ ကြံလို့ဖန်လို့ ပေးကြပါ၊ ရနောင် ကိုကိုကြီးဟာလည်း အစကဖြင့် မစားရ-ဂ,ခမန်း လျှမ်းလျှမ်းဂေအောင် ပြောခဲ့ပါသည်။ သူ့ကိုသာ နာနာထုချင်တော့တာပါပဲ" ဟု အပူတိုက်နှင့် ရှိုက်ခါရှိုက်ခါ ပြောလျှင် အသည်းကျင်အောင်

www.burmeseclassic.com

www.burmeseclassic.com

နာသော်လည်း မကူသာသေးသော အခိုက်အခါဖြစ်၍ မောင်မောင်ငယ်မှာ ခင်ခင်ကြီးကို စိမ်းစိမ်းရှုပြီး ကရုဏာသက်၍မဆုံး မျက်လုံးပိုင်းကြီးမှာ နီနီရဲရဲနှင့် ရွဲလာသောကြောင့် မသိမသာနှင့် တစ်ဖက်သို့ မျက်နှာလွှဲလိုက်ရရှာပြီး -

"စိတ်မငယ်ပါနှင့် ခင်အကြီးရယ်၊ အစ်ကိုတို့လည်း အခွင့်အလမ်းရှိသမျှ စောင့်ကြည့်လို့ နေကြပါသည်။ ဒီလိုစိတ်ဒုက္ခ ခံစားနေရတဲ့ ခင်ကြီးအဖြစ်ကို မြင်လျှင်၊ အစ်ကိုတို့တွင် ပယောဂ မကင်းသူများဖြစ်၍ တစ်နေ့မှ စိတ်မအေးကြပါ၊ အစကတော့ နမကလေး ကောင်းစားတာကိုလည်း မြင်ချင်၊ အရှင်သခင်ရဲ့ အကျိုးတော်ကိုလည်း ဆောင်ရွက်တဲ့သဘောနှင့် စိတ်ရောကိုယ်ပါ ပြုခဲ့ကြ တာ၊ ခုတော့ အထင်နှင့်အမြင် ကွာလို့ ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်သာ၊ ဘာကိုဘယ်သို့ ပြုရမည်လို့ အတွေးအကြံမရလို့ ခဏကိုယ်ရှိန်သတ်နေကြရပါသည်။ ဒီအတောအတွင်းတွင် ရွှေနန်းရှင်နှင့် ခင်တို့ လူချင်းမတွေ့နိုင်စေကာ စာလွှာမှာတမ်းဖြင့် ရွှေလမ်း၊ ငွေလမ်းခင်းဖို့ အစ်ကိုတို့ ဆောင်ကြဉ်းလို့ပေးပါမည် စိတ်အေးအေးသာ နေပါခင်ရယ်" ဟု ကြင်နာစွာ ဖျောင်းဖျကြလျှင် ခင်ခင်ကြီးမှာလည်း မျှော်လင့်ချက်အနည်းငယ်ရကာ -

"ဒါဖြင့် အစ်ကိုရယ်၊ ကယ်နိုင်တဲ့နည်းကို မြန်မြန်ကြီးတွေ့ပါစေလို့ ခင်ကြီးဆုတောင်းနေပါ့မယ်၊ ခုနယ်အခါ အစ်ကိုတို့က လွဲပြီး အားကိုးစရာလည်း မမြင်ပါဘူး၊ ခင်ကြီးအဖြစ်အပျက်တွေကို မေမေဖုရားသိအောင် ပြောချင်ပါလည်း ရှေ့တော်အခစား လာတဲ့အခါတိုင်း ပြောခွင့်ပြောချိန်မရခဲ့ပါ၊ အစ်ကိုကသာ သိအောင် ပြောလိုက်စေချင်တာပဲ၊ ပြီးတော့လည်း စိတ်ဆင်းရဲ နေရတဲ့ ဒီက ခင်ကြီးရဲ့ မချိလှတဲ့ ဖြစ်အင်ကို အစ်ကို မြင်သရွေ့ စုပေါင်းရေးသားပြီး မှာတမ်းတော်များ ပြန်လို့ဆက်ပေးပါတော့ အစ်ကိုရယ်"

ဟု ငိုမဲ့မဲ့ အသနားခကာ လူသူမရိပ်မိအောင် အဆောင်တော် မှောင်ရိပ်မှ တိတ်တဆိတ် ကြိတ်၍ မှာလိုက်ရရှာတော့၏။

သီပေါရွှေနန်းရှင်ဘုရားသည် တောင်သမန်လယ်စား မောင်မောင်လတ်မှ နောက်ဆုံးအကြိမ် ဆက်သခြင်း ပြုလိုက်သော ဒိုင်းခင်ခင်ကြီး၏ တေးထပ်သဖြန် လေးပုဒ်ကို ရှုစားတော်မူလိုက်သောအခါ -

တေးထပ်

၁။ ရွှေလိပ်ပြာ နှစ်ဆူနီးလျက်နှင့်၊ အယူကြီးခက်ထာ၊ အပူမီးရက်ကြာအောင်၊ မျက်နှာသာမငွေ့။ ။ ရှိရင်ဖြင့် ဘုရားရှင်ကို၊ နားပင်အောင်လျှောက်တဲ့ ယနေ့။ ။ ဂိပါတ်ထင့်မကြံသာတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ကံကြမ္မာလည်၍။ ။ သံသရာရှည်မြွေလို့၊ မကြည်မွေ့နောက်သူ။ ။ ဥဒါရုဏ်မသွေထားရင်ဖြင့်၊ ငွေယားနှင့် ဖြစ်ပုံကတူ။ ။ နေထားကျစနစ်ကိုယူသော်၊ ချစ်မတူလေခြင်းကြောင့်၊ ကွေကွင်းရအားပျက်ကာ-များရက်လကြာ။ ။ ယပက်လက်အကွရာလို၊ နှစ်ဘက်ပါ ကျင့်နည်းထင့်လေး။

၂။ နတ်နေကိုင်း တစ်ဖက်မှာ၊ အသက်ပနေသည်၊ အထက်က ဆွေအကြည်ကို၊ ရေရှည်ရှည် စောင့်စား။ ။ ခိုကိုးတဲ့ထွတ်စေတီငယ်၊ ဖွတ်ရွှေနီထွက်တော့မလား။ ။ ယုံလွန်းလို့ ခိုဂင်တယ်။ ပျိုခင်ခင်တစ်ပါး။ ။ ရိပ်ယောင်ပင်မခြားလို့၊ တအားပြုခတ်တယ်။ ။ ခတ်ကွင်းတော် ပြင်မပြီးခင်က၊ ရွာသစ်ကြီး ရောက်တဲ့ပုံနယ်။ ။ ကြာညောင်ထီးဘုံလယ်မှာ၊ လှုံပါတယ် ကယ်ဘူးထင့်။ ။ ရွက်ဦးငဲ့ စိန်ဆံကျင်-ကိန်းချေတဲ့သွင်။ ။ စိန်းပါပေ့ါ ရွှေသဇင်ငယ်၊ ရေပြင်မှာ ရုပ်ရေးသို့လေး။ ။

၃။ မျက်နှာတော် ညှိုးငြားလို့၊ ပျိုးတအားတင်ကာ၊ ကြို့သနားတင်ပါတယ်၊ အကြင်နာမပွား။ ။ စုထွတ်ဖျား သွေမငြိမ်ရင်၊ ရေတိမ်မှာနစ်တော့မှာလား။ ကရိမှာ ကရာပါအောင်၊ မညှာတာလေအား။ မဟာနာ သွေခြားလို့၊ နေဂါးသည့်ပန်းနယ်။ ဘုမသိ-ဘ, မကွဲတာနှင့် တစ်ဘဂ လဲပြန်ရမယ်။ စ.အမြဲဘေမကယ်လျှင်၊ အသွယ်သွယ် ပူနည်းကြောင့်၊ အူသည်းမှာ ကမ္ဘာဂေ-ထဲကမကြေ။ ။ သည်လိုဖြင့် သဟဲ ဆွေငယ်-သဲကျရေလိုပဲဖျလေး။ ။

သဖြန်

၄။ ရွှေမျက်နှာ တသိန်မဲ့သူမို့၊ နေစကြာ ရှိန်မသွဲ့ ရင်ဖြင့်၊ မှိန်မဟဲ့-မှိန်တော့မယ်။ ။ သေမခမန်းဟာမို့၊ ငွေဂွမ်းစောင်ခြုံရထည်နှင့်၊ အတည်တည် လုံအောင်ထွေးသော်လည်း၊ ပြီတပြီ လုံခင်လေးမှာ၊ အေးခွင့် မပြယ်။ ။ စက်ကိန်းတော် နေရှိန်နတာကြောင့် ကြက်သီးတော် ရွှေပိန္နဲကဲ့သို့ ပွေချိန်စ အမှုသယ်ကို၊ လုကယ်လို့ ညှာသနား။ ။ ရွှေသဲမှာဖို-ကြေကွဲတာတငိုငိုနှင့်၊ ရေခဲလို ခင်မေ အေးတာ မို့ရယ် (ကိုယ်တော်ရေ) တွေးလှဲ့ဘုရား။ ။

ရှုစားလျက်ရှိသော အလွှာတော်ဆုံးသွားလျှင်၊ နလုံးသား ကြင်ကာမနေသော မထိုင်သာ ရှိတော်မူ ရရှာသည်နှင့် အသင့်ခစားလျက်ရှိသော မောင်မောင်ငယ်အား "မောင်ဖေငယ်ရဲ့ ငါကိုယ် တော်မှာ ယခုနေ အခါဖြင့် ခင်ကြီးအပြစ်တင်စရာ ဖြစ်နေတာပဲ၊ သူ့ခမျာ-အလူးအလဲ စိတ်ဆင်းရဲပြီး ကြောက်စိတ်ထက် ချစ်စိတ်က လွန်ကဲသဖြင့် ကိုယ်တော်နှင့် တွေ့ချင်ရှာလွန်းလို့ အလွှာတော် ဆက်ရှာတယ်၊ ချစ်စနိုးဖွယ် အရွက်ငယ်ပေမယ့် အသွယ်သွယ် အဂဂ ခယောင့်ခရာ ပြောတတ်ရှာ လှသနှင့်၊ တီတီတာတာ သူ့အသံစာစကို ဘယ်ခါမှ မေ့နိုင်မူပါ၊ အလွှာတော်တွင်သာ ဖတ်ရှုတော်

www.burmeseclassic.com

www.burmeseclassic.com

မူရပေမဲ့ ကိုယ်တော့ရဲ့ အပါးမှာ သူကိုယ်တိုင်လာနွဲ့၍ ခန့်နေသည်လို့ပင် ထင်မှတ်တော်မူမိသည် မောင်မင်း"

ငယ် ။ "မှန်လှပါဘုရား၊ သူ့ခမျာမှာတော့ ဆူးကျလည်း ဖက်ပေါက်၊ ဖက်ကျလျှင်လည်း ဖက်ပေါက် ဆိုသလို တုံးအောက်ကဖားပေမို့ ထားရာကနေ ရရှာပါမည်၊ အရှင်နန်းမတော်ဘုရား မကြည်သာ၍ တစ်ခါ တည်း ရွှေနန်းရှင်ဘုရား စွန့်ပစ်ထားတော်မူလိုက်ပါလျှင် ရေတိမ်တွင်နစ်သလို လူ့အဖြစ်ရှုံး ရမည် ကဲ့သို့ ရှိကြောင်းပါဘုရား။

မင်း ။ "မောင်မင်းတို့ ဒီလိုမထင်နှင့်၊ ခင်ကြီးကို ငါ အင်မတန်မြတ်နိုးတော်မူသည်၊ အရာရာကို အေးချမ်းစွာ အောင်မြင်ထမြောက် ကြံတိုင်းပေါက်စေလို၍သာ အချိန်အခါ ငံ့ဆိုင်းတော်မူနေခြင်း ဖြစ်သည်။ ငါ့အလိုတော် မပြည့်ဝပြီဟု စခန်းဆုံး-လမ်းဆုံးသိတော်မူရတဲ့ တစ်နေ့မှာ အခွင့်အရေး ဆိုင်သလို ပိုင်နိုင်စွာ စီမံတော်မူမည်လို့ ရည်ရွယ်တော်မူထားသည်"

တုတ် ။ "မှန်လှပါ၊ သည်အစီအမံကို မြန်မြန်သာ ပြုတော်မူပါရန် သံတော်ဦးတင်ပံ့ကြောင်းပါဘုရား"

မင်း ။ "နန်းမတော်ကြီး အလိုတော်ပါ၍၊ အေးချမ်းသာယာစွာရှိအောင်၊ စောင့်ဆိုင်းတော် မမူထိုက်ဘူးလား မောင်တုတ်ရဲ့"

တုတ် ။ "ကျွန်တော်မျိုးများ ရှင်းရှင်းပြတ်ပြတ် သံတော်ဦးတင်ရမည်ဆိုလျှင် ဒီကိစ္စမျိုးအတွက် အသက်ထက်ဆုံး မျှော်လင့်ချက်မရှိဟု ဓာတ်သိလျှောက်လျှောက်ပံ့ကြောင်းပါဘုရား"

မင်း ။ "ခက်ကပြီကွယ်၊ ကဲ ... ကဲ ... မောင်ဖေငယ်နှင့် မောင်မောင်တုတ်တို့ ခပ်သုတ်သုတ် ကိစ္စ ပြီးအောင် ဘယ်နည်းဘယ်ပုံ စီမံသင့်သည်ဆိုတာ တိုင်ပင်ပြီး သင့်မည်ထင်သလို လျှောက်တင် ကြစမ်းပါဦး"

တုတ် ။ "မှန်လှပါ၊ ယခုလတ်တလော အရေးကြီးတဲ့အချက်က ခင်ခင်ကြီးကို အရှင်နန်းမတော်ဖုရား အပါးတော်မှာ ကြာကြာထားလို့ မသင့်တော်ပါ၊ ဥပါယ်တံမျဉ်နှင့်ကြံပြီး အိမ်ပြန်နေရရန် ကြိုးစားရပါမည်ဘုရား"

ငယ် ။ "သည်အကြံ သင့်မြတ်ပါသည်၊ ဒီကိစ္စအကျိုးအကြောင်းများကိုလည်း ကျွန်တော်မျိုး အရီးဖုရား တို့နှင့် ပြန်ပြီး တိုင်ပင်နီးနှောထားပါမယ်ဘုရား"

တုတ် ။ "ခင်ခင်ကြီး အပြင်ရောက်တဲ့အခါ အလိုတော်ရှိရာ ဖြစ်နိုင်ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

မင်း ။ "အင်း ... မောင်မင်း လျှောက်တင်ချက်ကို နှစ်သက်တော်မူတယ်၊ နန်းမတော်ဆောင်ကြီးမှာ ယခုလို ကျပ်ကျပ်တည်းတည်း ခစားနေရှာသည်ထက် သူ့မိဘအိမ်ကို ခေတ္တခဏ ပြန်နေလိုက်ရလျှင် ခင်ကြီး အတွက် စိတ်သက်သာမယ်၊ ငါကိုယ်တော်နှင့် တွေ့ဆုံတော်မူရန် အကြံ အစည် အချိန်းအချက် ပြုလိုသောအခါမှာလည်း လွယ်ကူစွာ ဖြစ်မြောက်နိုင်ရန် ရှိသည် မောင်တုတ်ရဲ့"

ငယ် ။ "မှန်လှပါကြောင်းဘုရား၊ ကျွန်တော်မျိုးများမှာလည်း အရေးကိစ္စရှိ၍မှ ခင်ခင့်ထံ သွားရသည်မှာ ပုန်းလျှိုး ကွယ်လျှိုး နိုင်လှပါတယ်၊ သူ့မိဘအိမ်တွင် နေရလျှင် သည့်လောက်ခဲယဉ်း ရန် မရှိကြောင်း ပါဘုရား"

မင်း ။ " အင်း ... မောင်မင်းတို့ နန်းမတော်ဖုရားကလည်း ပါးတော်မူလိုက်သည်မှ ဖန်သားမှန်သား ကျလို့နေတယ်၊ အကြံအစည်နဲ့ လှည့်၍နေထုတ်သည်ဟု ရိပ်မိတော်မူသွားလျှင် သာ၍ပင် အကျပ်အတည်း ပြုတော် မူလိမ့်ဦးမယ်၊ ဒီတော့ ပိပိရိရိရှိအောင် သတိကြီးစွာထားကြ မောင်မင်းများ"

တုတ် ။ "ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား"

ဒိုင်းဂန်မင်း၏ ဇနီးဖြစ်သူ ဒိုင်းဂန်ကတော်ကြီးသည် မူလကပင် မီးယပ်နာနှင့် မမာမကျန်း ဖြစ်ခဲ့ သောကြောင့် ခြေတစ်ဖက် မစွမ်းသန်ရှာ၍ သွားလာရန်ရှိသည့်အခါများတွင် လူတွဲနှင့် သွားရသူ ဖြစ်ရာ အပါးတော်သို့ တစ်လလျှင် တစ်ကြိမ်နှစ်ကြိမ် လောက်သာ အခစားရောက်လာမြဲ ဖြစ်သည်။ သို့ရာတွင် သမီးကလေး ခင်ခင်ကြီး နန်းမတော်ဆောင်ကြီးသို့ အခစားပို့ထားရသော အချိန်ကစ၍ အောက်ဇ္ဈမ လွှမ်းဆွတ်မှု ပြေပျောက်စေခြင်းငှာ သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မျှ လာရောက်ခစားပြီး သမီးနှင့် တွေ့ခွင့် ကြုံခဲ့မြဲ ဖြစ်လေ၏။

ထို့ကြောင့် ယခုအချိန်မှာလည်း အခါတိုင်းကဲ့သို့ပင် တစ်ရက်ခြား နှစ်ရက်ခြား အခစားဝင်လာရာ ချစ်လှစွာသော သမီးကလေးကို အရိပ်ကြည့်မြဲ ကြည့်မိရာက ခင်ခင်ကြီး၏ အကျိုးအကြောင်း အဖြစ် အပျက် ကို တစ်စွန်းတစ်ကွက်မျှ မရိပ်မိရှာသေးသဖြင့် သမီးကလေး၏ မျက်နှာမှာ ရှေးအခါကကဲ့သို့ ရွှင်ရွှင် လန်းလန်း မရှိရှာဘဲ မသာမယာ ညှိုးငယ်နွမ်းလျနေရှာသည်ကို မကြာ မကြာ တွေ့မြင်ရသောကြောင့် မကျန်းမမာ ဖြစ်လေသလား၊ အပါးတော်မှာ တကုတ်ကုတ်နှင့် မလှုပ်မယှက် ခစားရ၍ အညောင်းအညာ မိလေသလား၊ ညဥ့်လှည့်ခစားရဖန်များ၍ အအိပ်ပျက် အစားပျက်ဖြစ်ကာ ရောဂါရရှာလေသလားဟု သတိဂီရိယထားပြီး ဆေးဝါးဓာတ်စာတို့ကို မပြတ် ယူလာရှာလေ၏။ သို့ရာတွင် ခင်ခင်ကြီး၏ ဝေဒနာမှာ ဆေးဝါး ဓာတ်စာနှင့် ကု၍မရသော စိတ္တဇ ကိုယ်တွင်းနာဖြစ်လေရာ အနာတလွဲ ဆေးတလွဲ ညှိုးနွမ်းမြဲ ညှိုးနွမ်း လျက်က တစ်စတစ်

www.burmeseclassic.com

မျက်ကွင်းကလေးများ ညှိုလာသည်ကို တွေ့ရသောကြောင့် ဒိုင်းဂန် ကတော်ကြီးမှာ စိတ်မဖြောင့် နိုင်အောင် ရှိခဲ့ရှာသည်။ တစ်ခါတစ်ခါလည်း သမီး၏ ရောဂါကြီးကျယ်လာမည် စိုးရိမ်ရှာ သဖြင့် ခေတ္တ အိမ်ပြန်ခေါ်ကာ သမားတော်များနှင့် ကုစားရန် အရှင်နန်းမတော်ဖုရားထံ အမိန့်တော် ခံမည် ကြံစည်မိလျက်နှင့် ကြောက်ရွံ့စိတ်ဖက်ပြီး ရုတ်တရက် သံတော်ဦးမတင်ဖြစ်ဘဲ ရှိခဲ့လေ သည်။

ယနေ့အဖို့မူကား မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့ နှစ်ယောက်ရောက်လာကြပြီး ခင်ခင်ကြီးအား ရွှေနန်းရှင်ဘုရားက မြတ်နိုးတော်မူသောကြောင့် တိတ်တဆိတ် သိမ်းပိုက်တော်မူ ထားကြောင်းနှင့် အရှင်နန်းမတော်ဖုရား သိတော်မူလျှင် အလိုတော်ကျမည် မကျမည်ကို မသိရသေး သောကြောင့် စိုးရိမ် ကြောင့်ကြ မကင်းသဖြင့် သတိနှင့် အကဲခတ်နေရကြောင်းများကို ပြောကြား၍ သိရှိရသောအခါ ဒိုင်းဂန် ကတော်ကြီးမှာ ထိတ်ခနဲ ဂမ်းသာဖြစ်လျက် ရယ်ရမလို ငိုရမလို ရင်ဖိုလှိုက်လှဲပြီး မချင့်မရဲကြီး ဖြစ်သွားကာ -

"အမယ်လေး ... မောင်မောင်တို့ရယ်၊ အရီးဖုရားတော့ ဒီသတင်းကို ကြားရသည်မှာ သည်းတုန်အူတုန် ဖြစ်လှပါတယ်၊ တို့တစ်တွေ ဘယ်လိုအဖြစ်မျိုးများ ရောက်ကြမလဲနော်၊ ရွှေထီးပဲဆောင်းရမလား၊ မြေကြီးပဲ အောင်းရမလား၊ ဘုရား ... ဘုရား မြတ်စွာဘုရား ကယ်တော်မူပါ" ဟု ထိတ်ထိတ်ပျာပျာ ပြောရှာလေသည်။

ငယ် ။ "ဒါလောက် ပူပင်စိုးရိမ်မရှိပါနှင့် အရီးဖုရား၊ စိတ်အေးအေးထားတော်မူပါ၊ အကယ်၍ နန်းမတော်ဖုရားက ကြည်သာတော်မမူသည်တိုင်အောင် မောင်မောင်တို့မှာ နောက်မဆုတ်နိုင်တော့ပါ၊ ရှေ့ကိုသာ တိုးရမည်ဖြစ်ပါတယ်"

ဂန်ကတော် ။ "အစ်မတော်ရင်းခေါက်ခေါက်ကိုပင် ပြုတ်ပြုတ်တောက်တောက် ပြုရက်တော်မူသေးတယ်၊ သွေးမစပ်တဲ့ အမေ့သမီးကလေးဖြင့် ဒုက္ခဘေးနှင့် ရင်ဆိုင်ပြေးတွေ့ရသလို နေတော့မှာပဲ"

တုတ် ။ "ဒီလိုလည်း တစ်ထစ်ချတွေးပြီး စိတ်မအေးမရှိပါနှင့် အရီးဖုရားရဲ့၊ ထိပ်စုဖုရားကြီးနှင့် ဖြစ်ကြတဲ့ကိစ္စက အဂ္ဂမဟေသီ တောင်နန်းမတော်ရာထူးအတွက် ရက်ရက်စက်စက် ဖြစ်တော်မူ ကြတာပါ၊ မြောက်နန်း အနောက်နန်း မိဖုရားအနေဆိုလျှင် အလိုတူတော်မူပုံရပါသည်။ မကြာခင်ကပင် ညီမတော် ထိပ်စုလေးကို မြောက်နန်းမိဖုရားအရာ ပေးသနားမည်ဖြစ်ကြောင်းနှင့် အရှင်နန်းမတော်ဖုရား ကိုယ်တော်တိုင် ရွှေနန်းရှင်ဘုရားကို လျှောက်ထားခဲ့ဖူးပါသညတဲ့ အရီးဖုရားရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော် ။ "ဒါက သွေးတော်သားချင်းဖြစ်တဲ့အတွက် ခြွင်းချက်နှင့် ကြည်ဖြူတော်မူတာပါ တူမောင်ရယ်၊ အမေ့သမီး ခင်ကြီးကိုယ်တိုင်က ဒီကိစ္စကို အားကျကြည်ဖြူ အလိုတူသတဲ့လား၊ အရီးဖုရားကတော့ ကလေးစိတ်မပျောက်သေးတဲ့ အမိုက်ကလေးရယ်လို့ ဒီကိစ္စမျိုး နားမလည်ဘူး အောက်မေ့ခဲ့မိသည်မှာ မှားတာပေါ့ သားတို့ရဲ့"

ငယ် ။ "ခင်အကြီးကိုတော့ အထင်မမှားပါနှင့် အရီးဖုရားရယ်၊ ဘယ်လိုအကျိုးအကြောင်းရှိတယ်ဆိုတာ သူ့ခမျာ ဘာမှ နားမလည်ရှာပါဘူး၊ မောင်တို့မှာလည်း ရွှေနန်းရှင်ဘုရား နှုတ်တော်က ထုတ်ဖော် ရည်ညွှန်း တဲ့အတွက် ရှေ့တော်ရောက် ချော့မော့ခေါ်ဆောင်လို့ ဆက်သရခြင်းပါ"

ဂန်ကတော် ။ "ဪ ... ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်က မြတ်နိုးတော်မူလို့ ရှေ့တော်ရောက် ပို့ကြရတယ်ဆိုလျှင် သမီးကို အပြစ်မတင်ရက်ပါဘူး၊ ကလေးလိုနေရင်းက ဖြုန်းဖြုန်းဗျင်းဗျင်းနှင့် လူကြီး စာရင်း ဝင်သွားရရှာတယ်လို့သာ ကရုဏာစိတ်ထားနှင့် သနားရတော့မှာပေါ့ မောင်ရယ်"

ငယ် ။ "အရီးဖုရားလည်း စဉ်းစားတော်မူနိုင်ပါလိမ့်မယ်၊ မောင်တို့မှာ ရွှေနန်းရှင်ဘုရားအတွက်ဆိုလျှင် အသက်ကိုပင်ပေး၍ အမှုတော်ထမ်းရန် အဆင်သင့်ရှိသူများ ဖြစ်ပါသည်၊ သည့်အပေါ်မှာ ကိုယ့်နမ ကလေး တစ်ယောက် မိဖုရားအဖြစ်နှင့် အထွက်အမြတ်ရောက်မဲ့ ကိစ္စဖြစ်ပြန်တော့ သာပြီး အကျိုးတော် ဆောင် လိုစိတ် ရှိခဲ့ပါတယ်၊ မရေမလည်၊ မနပ်မပါးချင့် ကစားနေလိုသေးတဲ့ ကလေးစိတ်မကုန်ရှာသေးသူ နမကလေးကို အရေးတကြီး သွေးဆောင်ချော့မော့ခေါ်၍ ရှေ့တော်သို့ ပို့လိုက်မိပါတယ်၊ အမေဖြစ်တဲ့ အရီးဖုရားနှင့် လာရောက်အကြောင်း တိုင်ကြားခွင့် အချိန်မရသော်လည်း သင့်လျော်မွန်မြတ်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဘဘဘုရားတို့ အရီးဖုရားတို့ကလည်း မောင့်အပေါ်မှာ အပြစ်တင်တော်မူမှာ မဟုတ်ဘူး လို့ တင်ကူးပြီး ယုံကြည်ထားလိုက်ပါတယ်"

ဂန်ကတော် ။ "ကိုယ့်နမကလေး၊ မိဖုရားဖြစ်မည့်အရေးမို့ အပြေးအလွှား အမှုတော်ထမ်းလိုက်ရတာကို မေဖျား နားလည်ပါပြီ၊ မေဖျားတို့ကလည်း ကိုယ့်သားသမီး ဆင်စီးလို့ မြင်းရံသည်ကိုသာ မြင်လိုကြပါတယ်၊ ဒါပေတဲ့ သားတို့ရယ် တစ်ရှိန်ထိုးခြေဖျားထောက်ပြီး စိတ်ချ လက်ချ ဂမ်းမြောက် နိုင်ပံ့ကြ မည်မဟုတ်ပါကလား။ မြေကြီးနှင့် ရွှေထီးကို မခွဲခြားနိုင်သလို တထိတ်ထိတ် တလန့်လန့်နှင့် စိတ်မသိုး မသန့် ဖြစ်နေရမည်ဆိုလျှင်ရွှေအိမ်ရွှေနန်းနှင့်လည်း မည်သူမျှ စံမြန်းချင်ကြမည် မဟုတ်ဘူး မောင်ရဲ့"

တုတ် ။ "ဒီအထိလည်း စိုးရိမ်တော်မူဖို့ မရှိပါဘူး အရီးဖုရားရဲ့၊ မောင်တို့ ဖန်တီးတဲ့ ကိစ္စမှန်လျှင် ဘယ်တော့မှ အကြံကို လက်လျှော့ခဲ့ရသည်မရှိပါ၊ ခင်အကြီးကိစ္စမှာ ဒီက တူတော်မောင်ကိုယ်တိုင် တာဝန် ယူ၍ ဆောင်ရွက်ခဲ့သည်ဖြစ်ပါတယ်၊ ဘယ်လို အန္တရာယ်မျိုးကိုမှ စိုးရိမ်ကြောင့်ကြ မရှိပါနှင့် အရီးဖုရား"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော် ။ "မောင်တို့ကိုလည်း အားမကိုးလို့ ပြောနေသည် မဟုတ်ပါ၊ စိုးရိမ်ဖွယ်ရာကိစ္စမို့ စိတ်မချနိုင်အောင် ဖြစ်ရပါတယ်၊ တူတော်မောင်ရယ်၊ ယခုမှ အရီးဘုရား ဖွင့်ပြောရဦးမယ်၊ ခင်ကြီး အချိန်အရွယ်ရောက်တဲ့အခါ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ပါစေတော့ဆိုတဲ့ စိတ်ထားပြီး မောင်မောင်ငယ် နှင့် ထိမ်းမြားဖို့ ရည်မှန်းပြီးသား ဖြစ်ပါတယ်၊ မမီတဲ့ပန်းများ တုံးခုလို့ လှမ်းဖို့ မဆို ထားနှင့် သမီးကလေးကို ထီးထဲနန်းထဲကိုပင် မပို့ချင်၍ အိမ်ထဲမှာကုတ်ပြီး ရုပ်ဖျောက်ထားခဲ့ပါသည်။ ဒါပေမဲ့ ကျမ်းဂန်ဆိုနှင့်အညီ အပြစ်ခြောက်ပါးကင်းပြီး ကောင်းခြင်းငါးပါး ပြည့်ညီတဲ့ သူ့ရုပ်အဆင်းကြောင့် ဘိသိက်တော်ဆက်ရာမှတစ်ဆင့် ထီးနှင့်နန်းနှင့် အမျှင်မပြတ် ဖြစ်ရပြီး ဒီခရီးအထိ ဆိုက်ကြရသည်မှာ ကံကောင်း ချင်၍လား ကံဆိုးချင်၍လား အရီးဖုရားဖြင့် မစဉ်းစားတတ်ဘူး မောင်တို့ရယ်"

တုတ် ။ "ကံကောင်းရမယ်၊ ကံကောင်းရမယ်၊ ငါတို့ ကံကောင်းတယ်လို့သာ တစ်ခါတည်း တစ်ထစ်ချ မှတ်တော် မူလိုက်ပါတော့ အရီးဖုရားရဲ့"

ငယ် ။ "တစ်ခုလည်းရှိပါသေးတယ်မဖျား၊ ဓရောဇ်ဘုရင်၊ ရွှေနန်းရှင်ဘုရား အမိန့်တော်ကို ဘယ်လို လူမျိုးမှ ငြင်းဆန်ပုံ့ကြမည် မဟုတ်သည့်အတွက် စေတနာရှိသည် မရှိသည်ကို အပထားပြီး အလိုရှိတော်မူတဲ့ အချိန်အခါမှာ ရွှေဖဝါးတော် အောက်ဒူးတုပ်လျက် ရောက်ရမည်သာ ဖြစ်ပါတယ်၊ ဘယ်ဂယ်ဘယ်သို့မှ ပြောနေကြရန် မဟုတ်ကြောင်းပါ"

ဂန်ကတော် ။ "မောင်ပြောတာလည်း အင်းမတန်မှ မှန်တဲ့စကားပါ၊ ဒါကြောင့် ဖြစ်သရွေ့အကြောင်း အကောင်းချည်းပဲလို့ သဘောပေါက်ပြီး ဂမ်းမြောက်တဲ့ဘက်သို့ မျက်နှာမူရတော့မှာပဲ"

တုတ် ။ "မျက်စပ်ပိုးဂင်၊ ဆံတစ်ပင်တင်း၊ ချစ်ခြင်း ရည်းစားဆိုတဲ့စကားအတိုင်း ကိုဖေငယ်ကို နိုင်းရလျှင် အင်မတန် စွန့်စားနိုင်ခဲ့တဲ့ အခက်အခဲကြီးတစ်ရပ်ကို ကျေးဇူးသစ္စာတော် ထောက်မျှော်တဲ့ ကျွန်ရင်းပီပီ အနေ့နေ့ အရက်ရက်က စုံစုံမက်မက် မျက်တော်မခပ်၊ မြတ်နိုးခဲ့သူ ကလေးကိုပင် အရှင်သခင်၏လက်သို့ ဂကွတ်၍ အပ်နိုင်သေးလျှင် အရီးဖုရားတို့က အေးအေးပင် ဂမ်းမြောက်လိုက်ကြပါတော့"

ဂန်ကတော် ။ "ဟုတ်ပါပြီလေ၊ ရှိပါစေတော့၊ အရီးဖုရားတို့များတော့ အရှင်သခင်၏ ကျေးဇူးသစ္စာ တော်ကိုလည်း ထောက်မျှော်ရပါသည်၊ သားကလေးမောင်မောင်ငယ်အတွက် တစ်ဖက်က ဂမ်းနည်း သလောက်၊ သမီးခင်အကြီး အထွတ်အမြတ် ရောက်မည့်အတွက် တစ်ဖက်တစ်လှည့်က ဂမ်းသာ ရပါ တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ "ဂမ်းမြောက်ဂမ်းသာ ဖြစ်ပါတော့ မေဖျားရယ်၊ ဘယ်လိုပူပင်ဖို့ ကိစ္စကိုမှ စိတ်က မကွက်ပါနင့်တော့"

ဂန်ကတော် ။ "ဒါနင့် ပြောရဦးမည်၊ ယခုတစ်လော အရီးဖုရား ရှေ့တော်သို့ အခစားဂင်တိုင်းပင် ခင်ကြီးမှာ မျက်နှာမသာမယာ ညှိုးညှိုးငယ်ငယ် ဖြစ်နေတာကို တွေ့ခဲ့ရသည်။ မောင်တို့ပြောလို့ သိရတဲ့ ကိစ္စအတိုင်းဆိုလျှင် သူ့ခမျာ ပျော်ပျော် ရွှင်ရွှင်နင့် အင်မတန် စိတ်ချမ်းသာ၍ပင် နေရမည် မဟုတ်ပါလား၊ အရီးဖုရားကတော့ ရှေ့တော်ခစားနေရသည်မှာ အအိပ်ပျက်အစားပျက် အညောင်းမိပြီး နေထိုင်မကောင်း ရှိလေသလားလို့ ဆေးဂါးဓာတ်စာတွေ ရှေ့တော်ဂင်တိုင်း ယူသွား လိုက်ရသည်မှာ မောလို့နေပါပြီ၊ ကြာရှည်လျှင် ကိစ္စများချည်ရဲ့လို့ အိမ်တစ်လှည့်ခေါ်ပြီး သမားတော်များနင့် ကုစားရန် အမိန့်တော် ခံမည့်ဆဲဆဲပါပဲ၊ ယခု မောင်တို့လာမှ အရောင်းရင်း လက်စကို အလုံးစုံသိရပါတယ်"

ငယ် ။ "မေဖျား မြင်သလို မျက်နှာကလေး ညှိုးနွမ်းနေခြင်းမှာ မကျန်းမမာလို့ မဟုတ်ရာပါဘူး၊ ယခင်ကတော့ မြောက်ပန်းခုံတော်တွင် ရွှေနန်းရှင်နင့် နေ့စဉ် တွေ့မြင်ခဲ့ကြရပါသည်။ ယခုအခါ နန်းမတော် ဖုရား ရိပ်စားတော်မူမည် စိုးရိမ်သည့်အတွက် ခေတ္တခဏ လမ်းဖြတ်တော် မူထားရ သဖြင့် ခင်အကြီး စိတ်ဒုက္ခရောက်နေရှာပါသည်။ ရွှေနန်းရှင်ဘုရားကလည်း အကြောင်း တစ်မျိုးမျိုး နင့် ပရိယာယ် ဆင်ပြီး ခင်အကြီးကို အိမ်ပြန်နေရအောင်၊ ကြံဆောင်ရမယ်လို့ အမိန့်တော်ချသဖြင့် မောင်မောင်တုတ် နင့် မောင်တို့ဟာ ယခုကဲ့သို့ မေဖျားထံ လာခဲ့ကြရခြင်းပါ"

ဂန်ကတော် ။ "သြော် ... သည်လိုပင်ဖြစ်၍ လာပြန်သလား သားရယ်၊ ဘယ်လိုပရိယာယ် ဆင်ကြမှာလဲ"

တုတ် ။ "ယခု အရီးဘုရား အမိန့်ရှိသလို၊ ခင်အကြီး မျက်နှာမသာ ညှိုးငယ်နေရှာသည်ကို ရမယ်ရှာ မကျန်းမမာဖြစ်၍ ခေတ္တခဏ အိမ်ပြန်ခေါ်ပြီး သမားတော်ကြီးများနင့် ဆေးဂါးကုသလို ကြောင်း၊ အရှင နန်းမတော် ဖုရားထံမှ အမိန့်တော်ခံလျှင် အင်မတန် အဆင်ပြေလိမ့်မည် ထင်ပါသည်"

ဂန်ကတော် ။ "ကောင်းပါပြီ၊ ဒီအတိုင်း အမိန့်တော်ခံလိုသည်နင့် အဆင်သင့်ပါပဲ၊ သို့သော်လည်း တစ်ခုစဉ်းစားရမှာက အရှင်နန်းမတော်ဖုရားက ပြန်စေလို့ အမိန့်တော်မချလျှင် ဘယ့်နယ်လုပ်ပေမယ်"

တုတ် ။ "မကျန်းမာလို့ အိမ်ပြန်ဆေးဂါးကုသရန် ခွင့်တောင်းတာကို အခွင့်မပေးဘဲ နေတော်မူ၍ ဖြစ်မည် လား အရီးဖုရားရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော် ။ "ကောင်းပါပြီ၊ အခွင့်ပေးတော်မလို့ ခင်ကြီး အိမ်ပြန်ရောက်တော့ဘယ်လိုကြံပြီး ဘုန်းတော်ကြီး လှသော ရွှေနန်းရှင်ဘုရားနှင့် အဆက်အသွယ် ထားကြမှာလဲ"

တုတ် ။ "ဒီကိစ္စကတော့ မောင်တို့က သင့်လျော်သလို ကြည့်လို့စီစဉ်ပါမည်အရီးဖုရား"

ဂန်ကတော် ။ "တူတော်မောင် ရနောင်မြို့စားကြီးရယ်၊ အရီးဖုရား စကားအကုန်လိုက်ပြီး နိုက်နိုက် ချွတ်ချွတ် မေးစမ်းပါရစေ၊ အကယ်၍ ဒီအခြေအနေရောက်ခဲ့ရပြီးမှ အရှင်နန်းမတော်ဖုရား အမျက်တော် ပွားလျှင် ဘယ်လိုများ ကြံကြမည်တုံးဆိုတာ သိလိုပါသေးတယ်"

တုတ် ။ "ဒီအခြေထိတောင် ပူဖို့မရှိပါဘူး အရီးဖုရား၊ ရွှေနန်းရှင်ဘုရားက အားနာထောက်ထားတော် မူတတ်သည့် စိတ်တော်ရှိပြီးဖြစ်လို့ ငယ်ကျွန်တော်ကြီးများ အလျှောက်ကောင်းလျှင် ကောင်းသလို ခရီးရောက်ခဲ့ ရပါသည်။ ကျောင်းတော်မှာ စာတော်သင်ချိန်က ယခု အရှင်နန်းမတော်ကြီး ဖြစ်တော်မူနေတဲ့ ထိပ်စုဖုရားလတ်ကိုပင် ကိုယ်တော် မြတ်၏ နဂိုစိတ်တော်အတိုင်းဆိုလျှင် သည်ခရီးဆိုက်အောင် ချစ်ကြိုက်တော်မူခဲ့ နိုင်မည် မဟုတ်ပါ၊ ဒီက တူတော်မောင်နှင့် ကိုဖေငယ်တို့ အလှော်အခပ် အလျှောက် အတွန်း ကောင်းလွန်းလို့သာ အရှင်ထိပ်စုဖုရားလတ်နှင့် နီးနီးကပ်ကပ် အချစ်တော် ဂဟေစပ်မိခြင်းပါ"

ဂန်ကတော် ။ "ဒီအကြောင်းများကိုတော့ အရီးဘုရားနားလည်ခဲ့ပြီးပါ၊ ခင်ကြီးအတွက်သာ အခက်အခဲ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပေါ့"

တုတ် ။ "ရွှေနန်းရှင်ဘုရားက အရှင်နန်းမတော်ဖုရား၏ အလိုတော်ကို အမြဲတမ်း လိုက်ခဲ့သည်ထား တော့ ကျွန်တော်တို့ တိုက်တွန်းလျှောက်တင်နိုင်ပါသည်၊ အရီးဖုရား အထူးသိတော်မူစေချင်တာ ကတော့ ရွှေနန်းရှင်ဘုရား ကိုယ်တိုင်တော်ကပင် ခင်ခင်ကြီးအား သနားကရုဏာတော် ပိုကဲပြီး အထူးစွဲလမ်း ချစ်ခင်တော် မူနေပါတယ်၊ ဘယ်လိုနည်းနှင့်မှ အဖျက်အဆီး အနှောင့်အယှက် ခံတော်မူမည် မဟုတ်ပါဘူး အရီး ဖုရား"

ဂန်ကတော် ။ "ကောင်းလှပါပြီ မောင်ရယ်၊ ကျင်လည်ပါးနပ်စွာသာ ကြံစည်ကြပါလေတော့"

တုတ် ။ "ဒါဖြင့်လျှင် အရီးဖုရား ဘယ်နေ့ဆီလောက် ရှေ့တော်ဝင်ပြီး ခင်ခင်ကြီးကို ခေါ်ယူပါမည်လဲ"

ဂန်ကတော် ။ "သုံးရက်တစ်ခါ ရှေ့တော်ဝင်နေကျပါ၊ နက်ဖြန်ခါဆိုလျှင် ရွှေနန်းတော်ဝင်ရပါမည်"

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ "အမိန့်တော်ခံလို့ အိမ်ပြန်နေခွင့်ရလျှင် အစစအဆင်ပြေပါလိမ့်မည်၊ ဒါထက် ခင်အကြီးကိုလည်း ရွှေနန်းရှင်ဘုရား အမိန့်တော်အရ သည်ကဲ့သို့ စီမံရကြောင်းကို တင်ကြိုအသိပေးထားရန် အခွင့်အခါ မရပါသဖြင့် မေဖျားနှင့်တွေ့တော့သာ ခင်အကြီးသိအောင် အမိန့်ရှိခဲ့ပါတော့"

ဂန်ကတော် ။ "ကောင်းပါပြီ၊ မေဖျား ပြောလိုက်ပါမည်၊ ဒါထက် ဂန်မင်းကိုလည်း အကျိုးအကြောင်း ပြောသင့် သလောက်ပြော၍ နီးနှောတိုင်ပင်ထားရဦးမည် မောင်ရဲ့"

ငယ် ။ "ဟုတ်ကဲ့မေဖျား၊ ဒါနှင့် ပြောစရာ ကိစ္စပြီးပြီဖြစ်လို့ မောင်တို့ ပြန်ပါတော့မည်" ဟုဆိုကာ ရွှေနန်းတော်ကြီးသို့ အရေးတကြီး ပြန်သွားကြသောအခါ ဂန်ကတော်ကြီးမှာ မျက်စိတစ်ဆုံး မျှော်ကြည့် ကျန်ရစ် ရှာလေ၏။

ဒိုင်းအတွင်းဂန်ကတော်ကြီးမှာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အားပေး အားမြှောက် ပြုခြင်းကြောင့် စိတ်တင်းကြံ့ခိုင်၍ လာတော့သည်၊ ဒိုင်းအတွင်းဂန်မင်းတို့ နေအိမ်ကြီးမှာ ရွှေမြို့တော်အတွင်း တောင်မျက်နှာ မင်္ဂလာတံခါးလမ်းဘက်တွင် ရှိလေ၏။ အခြား သောမှူးတော်မတ်တော်များ နေထိုင်ရာ အဆောက်အဦးတို့မှာလည်း များသောအားဖြင့် ၎င်း တောင်မျက်နှာတွင်သာ ရှိလေရာ ရကန်ရေတွင်းနှင့် ကျယ်ဝန်းသော ဥယျာဉ်ဝင်းခြံအတွင်း၌ လည်ပေါ်စကြော နှစ်ထပ်ဆင်ဝင်ဆင်ကပ် တို့ဖြင့် ခမ်းနားသပ်ရပ်သော မင်းစိုးအရာရှိကြီး အိမ်တွေ ချည်းနှင်နှင် ဖြစ်လေသည်။

မှူးမတ်အရာရှိကြီး တစ်ဦးတစ်ဦး၏ နေအိမ်ဆိုသည်မှာလည်း အရာအထူးကြီးလျှင် ကြီးသည့်အလျောက် ကတော်မယား သားသမီးအခြွေအရံ အထိန်းအရတို့အပြင် ဆင်ထိန်း မြင်းထိန်း ကျွန်သိမ်ကျွန်ရ ရွှေထီးမိုး ဖိနပ်ထိုး ကွမ်းအစ်ကိုင် ထွေးခံကိုင် ဆေးလိပ်ကိုင် ရေတဂေါင်းကိုင် ယပ်ကိုင် သိုင်းကိုင် ကြိုင်းကိုင်သော အဆောင်ကိုင် အမှုထမ်းများ အဆောင်ကိုင်ခေါင်းများ ဝေယာဉ်မှူးနှင့် ဝေါထမ်းလုလင် အမှုထမ်းများ စဖိုမှူးများကအစ ကျီသိမ်း ကျီစောင့် မောင်းထောင်းဆန်ပြာ မျက်ရိပ်အိပ်ဖန်လုညွှစသော အမှုလုပ် များသည် မှူးမတ်အရာရှိကြီးများ၏ အိမ်ပိုင်းနောက်ပိုင်းတွင် တန်းလျားအဆောင် အသီးသီး အိမ်ကြီး အိမ်ငယ် အသွယ်သွယ်နှင့် နေထိုင်နိုင်ကြသည်အထိ အသိုက်အဝန်းများပြားလှပေ၏။

ဒိုင်းဂန်ကတော်ကြီးသည် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ ပြန်သွားကြပြီးနောက် မိန်းမ အခြွေအရံများကို ခေါ်ယူကာ အခန်းအဆောင်များကို ကောင်းမွန်စွာ ရှင်းလင်းသုတ်သင် ပြင်ဆင်ထားစေ၏။ မိမိတို့၏ မူလအခြေအနေမှာ မှူးကြီးမတ်ရာ သေနာပတိ မြို့စားရွာစား မျိုးရိုးကြီးများမှာ အစဉ် အဆက် ဆင်းသက်ခဲ့ကြသည်ကို ပြန်လည်စဉ်းစား သုံးသပ်မိသည်။ ယခုအခါ ချစ်မငြီးသည့် သမီးကလေး ခင်ခင်ကြီး လက်ထက်ရောက်ကာမှ နောက်နောက်က အခြေအနေထက် တစ်ဆင့် တိုး၍

www.burmeseclassic.com

www.burmeseclassic.com

ကေရာဇ်ဘုရင် ရွှေနန်းရှင်တို့နှင့် သွေးရောယှက်တင်လျက် နောက်နောင်တွင် အညွန့်အတက် ပွားစီးသည့် သားသမီးများ လက်ထက်မှာ ဘုရင်နန်းရိုးမဟာမျိုးဟူ၍ အစဉ်အဆက် အကိုင်းအခက်တွေ ဖြစ်ကြပေတော့မည်ဟု အရှည်မျှော်တွေးပြီး စိတ်ထဲတွင် တစ်မျိုးတမည် တက်ကြွ၍ အားရလာပြန်လေ၏။

မှန်သားပမာ ကြည်လင်ငြိမ်သက်သော ရေမျက်နှာပြင်ပေါ်သို့ သေးငယ်သော ခဲလုံးဖြင့် ပေါက်လိုက်သည့်အခါ ရေပွက်၍ လှိုင်းဂန်းကွက်ငယ်ကလေး ထရာမှ တစ်စတစ်စနှင့် အဆမတန် ကျယ်ပွားပြီး ကမ်းစပ်နားသို့ လှိုင်းတွန့်ရောက်မှ ရပ်နားသည့်ပမာ ဒိုင်းအတွင်းဂန် ကတော်ကြီး၏ ကျေနပ်နှစ်သက်ရာမှ တည်ငြိမ်လာသော စိတ်ရေပြင်တွင် အရှင် နန်းမတော်ဖုရား၏ ပုံသွင်သဏ္ဍာန်တည်းဟူသော ခဲလုံးငယ်ဖြင့် ပစ်ပေါက်လိုက်သည့်ခဏ၌ စိတ်သောကလှိုင်းစက်ဝိုင်းသည် အတိုင်းမသိ ကျယ်ဂန်း၍ လာမိရှာပြန်၏။

သို့ရာတွင် အရှင်သခင် ရွှေနန်းရှင်၏ အလိုတော်နှင့် မျှော်လင့်အားတက်ဖွယ် ရောင်ခြည်မှာလည်း တစ်ဖက်သော အရပ်ဆီမှ ရစ်သန်းလျက် ရှိသေးကာ လက်ရုံးနှစ်ဖက်ပမာ၊ အားကိုးအားထားရာ ဖြစ်သော ရနောင်မင်းသား မောင်မောင်တုတ်တို့၏ မဟုတ်မခံ ဥာန်ကရိဂ်ုး ကျကျ စွမ်းဆောင်နိုင်ကြမည်ဖြစ်သော စီမံဖန်တီးမှုတို့ဖြင့် မြေကြီးလက်ခတ်မလွဲ အောင်ပွဲရမည်သာဟု နှလုံးပြုလျက် ဂမ်းမြောက်ကြည်သာ သောဘက်သို့ ချိန်ခွင်လျှာ ပြုထွက်လာပြန်သဖြင့် အခြွေအရံ တို့နှင့် အဆောင်အခန်းများ ရှင်းလင်း ပြင်ဆင်သည့်ကိစ္စကို စိတ်ချလက်ချနှင့် ဆက်လက်စီမံခန့်ခွဲနေခဲ့ရာ ဒိုင်းအတွင်းဂန်မင်း ရွှေလွှတ်တော်မှ ပြန်လာသည်တိုင် မပြီးနိုင် မစီးနိုင်အောင် ရှိခဲ့လေ၏။
ဒိုင်းအတွင်းဂန်မင်း ရွှေလွှတ်တော်မှ ပြန်လာ သည်တိုင် မပြီးနိုင် မစီးနိုင်အောင် ရှိခဲ့လေ၏။

ဒိုင်းအတွင်းဂန်မင်းလည်း ဂန်ကတော်ကြီး၏ ထူးထူးခြားခြား စိတ်အားထက်သန်စွာ စီမံစေခိုင်းနေပုံကိုလည်းကောင်း၊ အိမ်ကြီးတစ်အိမ်လုံး ဈေးကနှင့် မတူအောင် ရှင်းလင်းပြုပြင် ဆင်ယင်ခင်းကျင်းထားသည်ကိုလည်းကောင်း ဈေးယခင်က ခင်ခင်ကြီးနေသော အခန်းကြီး တစ်ခန်းလုံးမှာလည်း မှိုင်းလုံးကတ္တီပါ ခါသာပိတ်ချောများ ကာရံခင်းကျင်း၍ ဂင်းဂင်းတောက် ပြုပြင် မွမ်းမံထားသည်ကို တွေ့မြင်ရသောအခါ အတွင်းဂန်မင်းမှာ လွန်စွာ အံ့သြလျက် ဂန်ကတော်ကြီးဘက်သို့ လှည့်လာကာ အကျိုးအကြောင်း စုံစမ်းမေးရာတွင်မှ ရွှေနန်းရှင် ဖုရားနှင့် ဖြစ်ပျက်သမျှ ကိစ္စအဂဂကို တစ်စမကျန် သိရှိရလေလျှင် ယခင် ဒိုင်းဂန်ကတော်ကြီး နည်းအတိုင်း သမီးအတွက် ဂမ်းမြောက်မိသလောက် နောက်တစ်ကြိမ် အထိတ်တလန့်နှင့် စိတ်မသန့်ဖွယ် အကြောင်းတို့ကို သောင်းပြောင်းရောရာ တွေးမိလာသော အခါ စိတ်မအေးနိုင်အောင် ဖြစ်ရှာရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

" ဂန်ကတော်ရဲ့ သမီးအတွက်နဲ့ ဂမ်းမြောက်ဖွယ်ကောင်းတဲ့စကားမို့ အားရစရာပါပဲ၊ သို့သော်လည်း နောက်ပိုင်း မအေးမှုဖြင့် သမီးကလေးလည်း စိတ်ဆင်းရဲ၊ ကျုပ်တို့လည်း အရှက်တကွဲ ဖြစ်ကြမှာ စိုးရိမ်ပါဘိတယ်" ဟု မထွေးနိုင် မအန်နိုင်နှင့် ငိုင်ငိုင်ကြီးငေးပြီး ခပ်လေးလေး ပြောမိလေတော့သည်။

ဂန်ကတော် ။ "ဖြစ်သမျှအကြောင်း အကောင်းဘက်က လှည့်တွေးပြီး ခင်အေးအေးသာနေပါတော့ ခင်ကြီးတို့ ဘဘရယ်၊ သမီးကလေး လော်လီလို့ ဖြစ်ရတဲ့ ကိစ္စလည်းမဟုတ်၊ ကျွန်မတို့က ဇယားရှုပ်ပြီး မျက်နှာအားရ လုပ်ရတဲ့ကိစ္စလည်းမဟုတ်၊ ဘုန်းတော်ကြီးလှသောဘုရား၊ ရွှေနှုတ် တော်ကိုက ထုတ်ဖော်လို့ ညွှန်းပြီး သဒ္ဓါတော်မူလွန်းလို့ ကောက်ယူတော်မူခြင်း ခံရပါတယ်၊ ဘယ်သို့ ဘယ်ဂယ် တွေးပြီး သောကကြီးရောက်တော်မူပါနှင့် ကျွန်မတို့က အခါအခွင့်ကြည့်လျက် ကြန္တေမပျက် နေကြရုံပါပဲ"

ဂန်မင်း ။ "ဂန်ကတော် ပြောတာလည်း ဟုတ်တာပါပဲ၊ ရွှေနန်းရှင်ဘုရား ကောက်ယူမြှောက်စား တော်မူတာကို မလိုလား၍ ပြောခြင်းမဟုတ်ပါ၊ ကျေးဇူးတော်ကြီးလှသော ရွှေထီးရွှေနန်း ဘုရားကသာ အလိုတော်ရှိလျှင် သားသမီးမျှမက ကျုပ်တို့ဂမ်းဗိုက်ထဲက အသည်းနှလုံးကိုပင် ရွှင်ရွှင်ပျပျနှင့် ဆက်လိုလှပါတယ်"

ဂန်ကတော် ။ "သည့်နှယ်ဖြစ်လျှင် ခင်ကြီးကို အရှင်သခင် လိုလားတော်မူလို့ ကောက်ယူတော်မူလိုက်ပြီ၊ သည်ကိစ္စအရပ်ရပ်ကို ရွှေနန်းရှင်ဘုရား အလိုတော်အတိုင်း စီမံတော်မူရာ နာခံရမှာပဲ ခင်ကြီးတို့ဘဘရဲ့"

ဂန်မင်း ။ "နေစမ်းပါဦး ယခု သည်အိမ်ကြီးကို ရှင်းလင်းသုတ်သင်ပြီး အခန်းကြီး အခန်းငယ်တွေကို ခြယ်လှယ်မွမ်းမံနေရသည် သည်ကိစ္စနှင့် ဘယ်လိုများ သက်ဆိုင်သလဲ ဂန်ကတော်"

ဂန်ကတော် ။ "သြော် ... ခင်ကြီးတို့ဘဘရဲ့၊ ရွှေနန်းရှင်ဘုရား၊ အမိန့်တော်နဲ့ ခင်ကြီးကို အိမ်ပြန် ခေါ်ထားရမယ်ဆိုလို့ သမီးပြန်လာလျှင် သာသာယာယာ ခမ်းခမ်း နားနား နေစေချင်လို့ သုတ်သင် ရှင်းလင်းခိုင်းထားရခြင်းပါ"

ဂန်မင်း ။ "အို ... ဂန်ကတော်ရဲ့ ကျုပ်တို့ ကြားဖူးမြင်ဖူးသည်မှာ ဆောင်ရ၊ နန်းရ မိဖုရားဖြစ်သွား ကြတဲ့ ဆွေတော်၊ မျိုးတော်၊ မင်းသမီးများ၊ မှူးကြီးမတ်ကြီး သမီး၊ အပျိုတော်ကြီး၊ မြို့စား၊ ရွာစား ကြီးတွေဟာ ဘယ်တော့မှ အိမ်ပြန်၍ မနေရဘူးပါကလား၊ ဘုရင်က မိဖုရားအရာ မြှောက်တော်မူတာနှင့် တစ်ပြိုင်တည်း အဆောင်တော်သီးခြားနှင့် ထင်ထင်ရှားရှား နေကြရိုး ထုံးစံပါကလား၊ အနီးဆုံး ဥပမာတစ်ခု သတိထား ကြည့်ရန် ပြောရမည်ဆိုလျှင် ကြေးမှျင် တိုက်စား မိဖုရားဟာ ရေနံချောင်းဂန်ကြီး သတိုးမင်းကြီး မဟာ မင်းလှကျော်ခေါင်၏ သမီးမဟုတ်ပါလား၊

www.burmeseclassic.com

www.burmeseclassic.com

ဘဂရုင်မင်းတုန်းမင်းတရားကြီးဘုရားက ကောက်ယူတော်မူသည့် အချိန်ကစပြီး ကြေးမျှင်တိုက်စား မိဖုရားအဖြစ်နှင့် ရွှေနန်းတော်ထဲမှာထား၍ အထင်အရှား မြှောက်စားတော်မူခဲ့ သည်၊ လောင်းရှည်ဂန်ကြီး သတိုးမင်းကြီး မဟာစည်သူ၏ သမီးကို ကောက်ယူတော်မူပြီးတဲ့အခါ မှာလည်း ထီးလှိုင်တိုက်စား မိဖုရား အဖြစ် မြှောက်စားတော်မူပြီး ရွှေနန်းတော်ထဲမှာပင် နေရသည် တဟုတ်ပါလား ဂန်ကတော်ရဲ့"

ဂန်ကတော် ။ "ဟုတ်ပါသည်၊ ဒါပေမဲ့ ခင်ကြီးမှာ ယခုလက်ငင်း အရှင်နန်းမတော် ဖုရား ရှေ့တော်တွင် နေ့နေ့ညည ခစားနေရရှာတဲ့အတွက် ရုတ်တရက် ဆွဲခေါ်ပြီး မြှောက်စားတော်မူရမှာ မသင့်လျော်တာနှင့် အိမ်သို့ ခေတ္တခဏ ပြန်ခေါ်ထားပြီး ကျွန်မတို့ အိမ်ကမှတစ်ဆင့် သင့်တင့် လျှောက်ပတ်တဲ့အခါမှာ အဆောင်တော် သီးခြားနှင့် ရွှေနန်းတော်ပေါ်သို့ ခေါ်ယူထားပါလိမ့်မယ်"

ဂန်မင်း ။ "ဩော် ... သည်လိုဖြင့်လျှင် ပြီးပါလေရော ဂန်ကတော်ရယ်၊ ခင်ကြီးကို ခေါ်မည်ဆိုလျှင် ပင် အရှင်နန်းမတော် ဘုရားထံမှ အကျိုးအကြောင်း လျှောက်ထားအမိန့်တော်ခံ၍ ခေါ်ခဲ့ရမှာ မဟုတ်လား၊ ဘာများ ထူးခြားသေးလို့လဲ"

ဂန်ကတော် ။ "အရှင်နန်းမတော်ဘုရားကို ကိစ္စအားလုံးဖွင့်၍ အခွင့်တောင်းလို့ ကောင်းနိုင်မလား၊ ဂန်မင်းရယ်၊ ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်ကပင် ပရိယာယ်ဆင်၍ ခင်ကြီးကို အပြင်ရောက် အောင် ထုတ်သွား ရမည်လို့ အမိန့်တော်ရှိပါသည်။ နောက်ပြီးတော့ ဒီဇာတ်ထုပ်ကို မောင်မောင်တုတ်နှင့် မောင်မောင်ငယ် တို့ ခြယ်လှယ်ဦး စီးလျက်နေကြပါတယ်၊ ခင်ကြီးတို့ဘာဘနှင့် ကျွန်မတို့က ပူပင်ဖွယ် မဟုတ်ပါ၊ သူ့ဟာနှင့်သူ ပြီးစီးဖို့ သူတို့ မီးစင်ကြည့်ကကြရုံပါပဲ"

ဂန်မင်း ။ "ကဲလေ ရှိပါစေ၊ ဒါတွေကို ကျုပ်ကလည်း မသိထိုက်ပါဘူး၊ ထူးခြားတဲ့ သတင်းတစ်ခုနဲ့ ပတ်သက်လို့ ကြွက်စိကြွက်စိ ဖြစ်နေကြတဲ့ ကိစ္စတစ်ခုရှိလို့ ဂန်ကတော်ကို အသိပေးရဦးမယ်"

ဂန်ကတော် ။ "ဘယ်လိုသတင်းများပါလိမ့်နော်"

ဂန်မင်း ။ "ထီးရုံတော်တွေ ပေါ်လာကတည်းက မွဲတဲ့လူတွေမွဲ ဆင်းရဲတဲ့လူတွေငတ်၊ ပစ္စည်းရှင်တွေလည်း အနေကျပ်နှင့် အရပ်ရပ်မှာ အတော်ဒုက္ခဖြစ်နေကြပြီတဲ့၊ ပြည်သူဆင်းရဲသားတွေမှာလည်း အောင်ဘာလေ ထီပွဲကို သဲသဲမဲမဲ လောင်းကစားကြတဲ့အတွက် အလုပ်ပျက် အကိုင်ပျက်၊ တမက်မောမော လောဘ ဇောတိုက်နေကြရတယ်၊ အောင်ဘာလေ

www.burmeseclassic.com

ဆုကြီးနှင့် ရွှေချိန်သီးကိုက်သူကတစ်ဦး၊ ထီးရှူးရှူးပြီး ပစ္စည်း ဆုံးသူက အနန္တ၊ ဟန်မတိုင်း စိတ်ငြိုး၍ သူထိုးဓားပြတွေ ဖြစ်ကြလေသလားမသိ၊ နိုင်ငံတော် အတွင်းမှာ မကြုံဖူးအောင် သူခိုးဓားပြ ထကြွ သောင်းကျန်းလာသည်တဲ့ "

ဂန်ကတော် ။ "အလို ... ဘုရား ... ဘုရား "

ဂန်မင်း ။ "ရွှေမြို့တော်မှာ သာသာယာယာ အေးအေးချမ်းချမ်း ရှိနေသလောက် တောလက်ကျေးနယ် တလျှောက်မှာဖြင့် သူခိုးဓားပြရန်တွေ နှောက်လို့ ကြောက်ကြောက်လန့်လန့် နှင့် နေကြရသည်၊ ပစ္စည်းရှိတဲ့ လူရတတ်များမှာလည်း အလုအယက် ခံရလွန်းလို့ တောနယ်မှာ မနေပံ့သဖြင့် ရွှေမြို့တော် လေးပြင် လေးရပ်မှာ နီးစပ်ရာ ဆွေမျိုးများထံ လာရောက်ခိုကိုးနေထိုင် ရရှာသတဲ့"

ဂန်ကတော် ။ "ဟုတ်ကဲ့ ... သနားစရာပေါ့နော်"

ဂန်မင်း ။ "မထင်ရှားတဲ့ ခိုးမှုတိုက်မှုကြီးများကိုတော့ ထားပါတော့၊ ထင်ထင်ရှားရှား ဖမ်းလို့ ဆီးလို့မိတဲ့ ခိုးမှု တိုက်မှုကြီးများဆိုလျှင်လည်း ဆိုင်ရာ အရာရှိများက ဖမ်းလို့အပ်သည်တိုင်အောင် ကြပ်ကြပ်မတ်မတ် အပြစ်မပေးဘဲ နေ့ရှည်ရက်ရှည် သွေးထားပြီး တစ်ခါတည်း တရားသေလွှတ်ပစ် လိုက်တာများသတဲ့၊ ဒါနဲ့ပတ်သက်၍ အရာရှိကြီးများ လက်ဆောင်တံစိုးစားကြတဲ့ သတင်းဆိုးတွေကလည်း မီးခိုးအူသလို တလူလူ ထွက်လာပြန်တယ်"

ဂန်ကတော် ။ " အို ... အပြစ်ရှိပေတဲ့ တံစိုးလက်ဆောင်ပေးပြီး အနိုင်ယူလို့ရနေတော့ ခိုးသား ဓားပြ တွေကလည်း ဇာက်မရဲဘဲ နေပါ့မလား ဂန်မင်းရယ်"

ဂန်မင်း ။ "အဲဒီလို ဇာတ်ရဲလက်ရဲနဲ့ အမြဲသောင်းကျန်းနေတဲ့ လူဆိုးဓားပြတွေကို မတရားမှု ပြုချင်တိုင်း ပြုကြအောင် အားပေးနေတဲ့လူဟာလည်း ရွှေနန်းတော်ထဲက အရေးပါ အရာရောက်လွန်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲတဲ့ ဂန်ကတော်၊ အဲဒီလူဟာ နိုင်ငံတော် တစ်လွှားမှာ ဓားပြလူဆိုးများကို လက်သပ် မွေးပြီး သူဌေးကြီး သူကြွယ်ကြီးများထံက တိုက်ခိုက်လို့ရတဲ့ ပစ္စည်းဥစ္စာတွေကို ပေပုံကျ စာရင်းပြုပြီး ရသမျှပေးရသတဲ့၊ တကယ်လို့ တိုက်ခိုက်ရာမှာ ဖမ်းဆီး မိလို့ အမှုပေါ်ခဲ့လျှင် သူကဂင်ပြီး ကယ်နိုင်သတဲ့"

ဂန်ကတော် ။ "တယ်လည်း တန်ခိုးရှိပါကလား၊ ဘယ်လိုလူများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com

ဂန်မင်း ။ "ကယ်ပုံ ကယ်နည်းကလည်း အမျိုးမျိုးပဲ၊ လွှတ်တော်ကြီးထဲကစပြီး နိုင်ငံတော် အရပ်ရပ်မှာရှိတဲ့ တရားပိုင် မင်းတွေဟာ အများအားဖြင့် သူတို့ဩဇာ မကင်းတဲ့လူ၊ နိုင်းရာကို မတွန့်မဆုတ် ကုသိုလ်အကုသိုလ်မကြောက် လုပ်ပေးဝံ့တဲ့ လူတွေကိုသာ ခန့်အပ်ထားတယ်၊ တချို့ ရိုးရိုးသားသား အရာရှိများကလည်း အတွင်းတော်မှာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်များ အငြိုးအငြင် မခံရအောင် မျက်နှာလိုအားရ လုပ်ကြရတယ်၊ တံစိုးလက်ဆောင် စားကြတယ်ဆိုတဲ့ အရာရှိအရာခံများမှာလည်း စင်စစ်တော့ နာမည်သာ အပျက်ခံရပါတယ်၊ ရတဲ့လက်ဆောင် တံစိုးကို ထက်ဝက်မျှမကအောင် သူခိုးဓားပြမွေးတဲ့ အထက်အရာကြီးများကို ခွဲပေးရပြန်တယ်တဲ့ ဂန်ကတော်ရဲ့"

ဂန်ကတော် ။ "တယ်လည်း ရှုပ်လှပါကလား၊ အဲဒီအထွက် ဆရာကြီးများဆိုသည်မှာ ဘယ်သူဘာလိမ့်နော်၊ လွှတ်တော်ကြီးကလား၊ ရွှေနန်းတော်ကြီးကလား"

ဂန်မင်း ။ "ရွှေနန်းတော်ကြီးထဲကလာတာ ဂန်ကတော်၊ လွှတ်တော်မှာလည်း သူပဲ ဩဇာလွှမ်းချင် သည်၊ မြို့ဂန်မြို့ချုပ်တို့၏ ရာဇဝတ်ဌာနမှာလည်း သူကပဲ ခွာ၍ နေသည်၊ သူ့မှာ အားကိုးရတဲ့ ဆရာကောင်းလက်ကိုင်ရှိတယ်၊ သူစွာလို့၊ ညာလို့၊ တိုက်လို့၊ ခိုက်လို့၊ မိုက်ကြေးခွဲလို့ရသမျှကိုလည်း သူ့အထက် ဆရာကို အစာပြန် ခွဲ့ရသည်တဲ့၊ ဒီလို အစာခွဲ့တဲ့အတွက်ကြောင့်လည်း အဲဒီ အထက် ဆရာကြီး က သူ့ကို အကြီးအကျယ် မြှောက်စားအရေးပေးထားသတဲ့"

ဂန်ကတော် ။ "ခင်ကြီးတို့ ဘာဘာရယ်၊ ဘယ်လိုလူလဲ၊ သိရင် တစ်ခါတည်း ဖွင့်ပြောလိုက်စမ်းပါ၊ ကျွန်မတို့ ကြောက်ရမှာ ဖြင့်လည်း ကြောက်လိုက်ပါရစေ"

ဂန်မင်း ။ "မကြောက်ပါနင့် အဲဒီလူဟာ ကျုပ်တို့ပေါ်မှာတော့ စေတနာထားလျက်ပါ၊ သို့ရာတွင် သူ့အပေါ်မှာ အချုပ်ဖြစ်နေတဲ့ သူ့ဆရာကိုတော့ ဖွင့်လို့ဘယ်သူမှ မပြောဝံ့တဲ့အတွက် အင်မတန် အသိခက် ပါတယ်၊ ကျုပ်ကိုယ်တိုင်လည်း ဘယ်သူဘယ်ဂါဆိုတာ ယခုထက်တိုင် မရိပ်မိခဲ့သေးဘူး ဂန်ကတော်ရဲ့"

ဂန်ကတော် ။ "ကဲ ... မသိလျှင်လည်း ရှိစေတော့၊ ဒါနှင့် ဟိုတစ်လောက သရက်မြေထဲမှာ ထိပါး နှောင့်ယှက်လာတဲ့ သူပုန်ရန်ဟာ ညောင်ရမ်းနှင့် ညောင်အုပ်ကိုယ်တော်ကြီးများ ဆိုပါကလား၊ ဘယ်လိုများ ဖြစ်သွားပါလိမ့်နော်"

ဂန်မင်း ။ "ညောင်ရမ်းညီနောင်မှာ အင်္ဂလိပ်ကို အားထားခိုဂင်သူများဖြစ်လို့ အောက်ပြည် ရန်ကုန်မှာ နေထိုင်ကြရာက မကြာခဏ အင်အားစမ်းရန် ရောက်လာကြတာဖြစ်မှာပ ဂန်ကတော်ရယ်၊ ဘယ်လိုမှ မဖြစ် ပါဘူး မဟန်တာနှင့် ပြန်ဆုတ်သွားတာပါပဲ"

www.burmeseclassic.com

ဂန်ကတော် ။ "အင်္ဂလိပ်သံအရာရှိဟာလည်း ဟိုအခါကပင် ရုတ်တရက် ပြန်သွားတယ်၊ ညောင်ရမ်းကိုယ်တော်တို့လည်း သရက်မြေထဲ လာရောက်တိုက်ခိုက်တယ်ဆိုတော့ အင်္ဂလိပ်က မြှောက်ပေး လို့ လာပုံကြတာ ဖြစ်မှာပေါ့"

ဂန်မင်း ။ ဒီလိုလည်း အတိအလင်း မြှောက်ပေးပုံမှာ မဟုတ်ပါဘူး ဂန်ကတော်ရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ခမည်းတော် ဘုရား လက်ထက်ကအတိုင်း မဟာမိတ် ဆက်လက်တည်မြဲရန် သံကြီးတမန်ကြီးများအဖြစ်နှင့် မြောင်လှမြို့စား မင်းကြီး သီရိမဟာဇေယျသူတို့ကို စေလွှတ်တော်မူထားတဲ့ အင်္ဂလိပ်မြန်မာ နှစ်ပြည်ထောင် မဟာမိတ် စာချုပ်စကား ကမ်းလှမ်းနေကြတဲ့ မျက်နှာက ရှိသေးတယ်"

ဂန်ကတော် ။ "ကျွန်မကလည်း အတိအလင်း မြှောက်ပေးသည်လို့ မပြောလိုသေးပါ၊ မသိမသာ မြှောက်ပေးမှာ ကိုပင် ထင်ရှားလို့ ပြောပါသည်၊ ကျွန်မ စိုးရိမ်တာက တကယ်လို့ အင်္ဂလိပ်က မြှောက်ပေး၍ ဖြစ်စေ၊ ညောင်ရမ်းညောင်အုပ်ကိုယ်တော်တို့ဘာသာ လက်နက်လူသူ ပြည့်စုံ၍ဖြစ်စေ ကျွန်မတို့ နေပြည်တော်ကို လာရောက်တိုက်ခိုက်မည်ဆိုလျှင် သူတို့အင်အားကို တွန်းလှန်ဖြိုဖျက်နိုင်အောင် စစ်မက် အင်အား တောင့်တင်းစွာ စီမံလို့ထားပါစေ"

ဂန်မင်း ။ "ဆိုင်ရာ ဆိုင်ရာ ဌာနတွေက တာဝန်ဝတ္တရားအရ စီမံလို့ထားကြပါလိမ့်မယ်၊ ဂန်ကတော် ဘယ်လို သဘောရလို့ မေးခြင်းပါလဲ"

ဂန်ကတော် ။ "ဩော် ... နယ်စွန်နယ်ဖျားမှာလည်း ခုနကပြောတဲ့ သတင်းအတိုင်း လူဆိုးဓားပြတွေ သောင်းကျန်း ထိန်းသိမ်းအုပ်ချုပ်သူ အရာရှိတွေက အကျင့်သော့သွမ်းလို့ ငန်းငန်းတက် လာဘ်စား နေခိုက်မှာ နေပြည်တော်ကြီးကလည်း မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆနှင့် ရသမျှရာထူးဂုဏ် သိပ်စည်းစိမ် ချမ်းသာပေါ်မှာ သာယာပျော်မွေ့ခံတွင်းတွေ့နေကြခိုက် ဖြုန်းခနဲ လာလို့တိုက်မှဖြင့် အငိုက်ကို အရိုက်ခံ ရမှာ စိုးပါဘိတယ် ဂန်မင်းရယ်"

ဂန်မင်း ။ "ဒီခရီးထိအောင်လည်း နမော်နမဲ့ နေကြတဲ့လူတွေ မဟုတ်ပါ၊ သတ္တဝါဆိုတာ ကိုယ့်ဖို့တော့ ကိုယ်လိမ္မာကြပါတယ်၊ ရပြီးသော ရာထူးဂုဏ်သိမ် စည်းစိမ်ချမ်းသာကို မပျက်မစီး ပိုင်ပိုင်ကြီး တည်မြဲအောင် ကျားကုတ်ကျားခဲ တအားကုန်ဆွဲထားချင်သည် လူတွေပါ၊ ဒါကြောင့် ရန်သူလာရင် ကာကွယ်ဖို့ အသင့်ရှိကြရုံမကပါဘူး သူတို့ရာထူး ဂုဏ်သိမ်စည်းစိမ်ချမ်းသာ တည်မြဲဖို့ ဆောင်ရွက်ရာမှာတော့ သံသရာ ဂန်ကိုလည်း မကြောက်၊ လောကမျက်နှာကိုလည်း မထောက်၊

www.burmeseclassic.com

www.burmeseclassic.com

မတရားတဲ့ နည်းမျိုးစုံကို အကုန် တတ်မြောက်အောင်သင်ပြီး ကျွမ်းကျင်သလို အသုံးပြုနိုင်ကြမဲ့လူတွေချည်း များနေတဲ့ အချိန်ကြီးပါပဲ ဂန်ကတော် ရဲ့"

ဂန်ကတော် ။ "ကောင်းပါလေရဲ့ရှင်၊ ယခုလို ရာထူးဂုဏ်ရှိန်နဲ့ စည်းစိမ်တည်တဲ့မှုကို လိုလားတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကျွန်မတို့လည်း တရားသဖြင့် တည်မြဲလိုတဲ့ လူစုထဲမှာတော့ ပါတာပါပဲလေ၊ သတိဆိုတာ ပိုတယ်လို့မရှိပါ၊ ဒါနဲ့ အတွင်းရန်က အင်အားချင်း မတန်တဲ့အတွက် စိုးရိမ်စရာ မရှိတာတော့ ဟုတ်ပါပြီ၊ ဟိုတစ်လောဆီက အင်္ဂလိပ် အရေးပိုင် ပြန်သွားတဲ့ကိစ္စနှင့် စပ်လျဉ်းပြီး အချင်းချင်း တီးတိုးစကား ပြောကြား နေကြတဲ့ အကြောင်းတွေထဲမှာ အင်္ဂလိပ်ကို ကြောက်ရမလိုလို၊ ပြင်သစ်ကို လန့်ရမလိုလို ဖြစ်နေကြတဲ့အချိန်မှာ မင်းသားများကို လက်သုံးတော်ကြီးများ သတ်ပစ်လိုက်ကြတဲ့ သတင်းကလည်း ဟုန်းခနဲ တောက်လာတဲ့ မီးတောက်ကြီးလို အရှိန်ပြင်းပြီး နန်းတွင်းမှာလည်း အရှင်နန်းမတော်ဘုရားနှင့် အရှင်ထိပ်စုမြတ်ဖုရားကြီးတို့ရဲ့ ရန်မီးတစ်ကြိမ်မွှေသဖြင့် ဣန္ဒြေပျက် အသက်ရှူလွဲကြရလေးတယ် မဟုတ် ပါလား၊ တစ်ပြည်လုံးမှာ ဘာကိုကြောက်ရမှန်း မသိ၊ ကြီးလန့်စာစား မျက်လုံးများပိုင်းပြီး လှိုင်မိတဲ့ လေ့သမား လို အသက်ဆံဖျား ဖြစ်ခဲ့ကြရတယ်၊ ခုတစ်ခါ အေးမယ်လို့မှ မကြံရသေးခင် နယ်စွန် နယ်ဖျား မှခိုးသား ဓားပြအကြောင်းက စခဲ့ပြန်ပြီ သူခိုးကြီးလျှင် ဓားပြ၊ ဓားပြကြီးလျှင် သူပုန်တဲ့၊ အဲဒီဓားပြ ဂိုဏ်းကြီးဟာ ကြာလျှင် သူပုန်ဂိုဏ်းဖြစ်ပြီး အတွင်းရန်ကြီးလာမှာ မကြောက်ရ ဘူးလား"

ဂန်မင်း ။ "ဒီဓားပြဂိုဏ်းဟာ သူပုန်ဖြစ်လာမှာတော့ မကြောက်ပါနဲ့ ဂန်ကတော်"

ဂန်ကတော် ။ "ဘယ့်နယ်ကြောင့်လဲရှင်၊ ကျွန်မတို့ ကျေးဇူးတော်ရှင် ရွှေနန်းရှင် ဘုရားတို့ကို ခြားနားမည့် သူပုန်မဖြစ်နိုင်ဘူးလို့ ဘာကြောင့်မို့ ပြောနိုင်ရပါသလဲ"

ဂန်မင်း ။ "ဓာတ်သိမို့ပြောတာပ ဂန်ကတော်၊ ဒီဂိုဏ်းရဲ့ ခေါင်းဆောင်ဟာ ကျုပ်တို့ အရှင်နစ်ပါး လက်ထက် တော်ရောက်မှ ရာထူးဌာန္တရရချင့် လျှမ်းလျှမ်းတောက် သူကောင်းပြု မြှောက်စားခံရတဲ့ ကျေးတော်မျိုး ကျွန်တော် မျိုး ရင်းချာဖြစ်ပါတယ်၊ ဘယ်တော့မှ ပုန်ကန်ခြင်းအမှုပြုဖို့ စိတ်ကူးမှာ မဟုတ်ပါ၊ အရှင်သခင် အားကိုးနှင့် ဆိုးချင်တိုင်းဆိုး၊ တေချင်တိုင်းတေ တစ်တိုင်းတစ်ပြည်လုံး မွှေချင်တိုင်းမွှေဖနရဲ့ ကျေနပ် နေပုံရပါတယ်"

ဂန်ကတော် ။ "ဩော်... ဒီလိုပါလား၊ ခုမှပင် ကျွန်မဖြင့် နားရှင်းချင်သလိုလို ရှိပါပြီ၊ ဒီလူတွေဟာ ရှေ့တော်မှာဂင်၊ အရှင်သခင်အလိုတော်ကျ မျက်နှာလိုအားရ ဆောင်ရွက်၊ နောက်ကွယ်တစ်ဖက်မှာလည်း ကိုယ့်အတွက် လောဘဇောနက်နက်နဲ့ ကြက်ယက်သလိုယက်ပြီး အကြီးအကျယ် ကိုယ်ကျိုး ရှာနေတယ် ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com

ဂန်မင်း ။ "မြစ်ပြင်ကျယ်နက် သောင်ပြင်ဖျက် မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်၊ တပည့်မကောင်း ဆရာခေါင်း၊ ကျွန်ပင်မကောင်း သခင့်ခေါင်း ဆိုတဲ့ အကြောင်းအကျိုးတွေကို တစ်နွယ်ငင် တစ်စင်ပါ တွေးကြလျှင် ဒီလူတွေ ရမ်းကားမိုက်မဲတဲ့အတွက် ရွှေနန်းရှင်ဘုရားအပေါ် တွင် ရာဇဂင်မှတ်တမ်းတင်ရာ၌ မစင်မကြယ်ဖြစ်ပြီး အခြားသော တိုင်းပြည်နီးချင်း တစ်ပါးမင်းများကလည်း အထင်အမြင်လွဲမှားကြမှာ စိုးရိမ်စရာကောင်းတာ တစ်ကြောင်းပဲ ဂန်ကတော်ရယ်၊ ဘယ်လိုအရေးနှင့် ဘယ်လိုရှုပ်ထွေးနေတယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ရွှေနန်းရှင်ဘုရားမှာ အလုံးစုံ ကြားသိတော်မူမှာ မဟုတ်ဘူး၊ သမာသမတ်နှင့် နီးနီးကပ်ကပ် လျှောက်တင်သတိပေးချင်တဲ့လူများကိုလည်း အပါးတော်ကပ်ပြီး နီးနီးစပ်စပ် သံတော်ဦး တင်ခွင့် မရအောင် ပရိယာယ်ဗေပုစ်နှင့် ရှုပ်လို့ထားကြသည်။

သူတို့ပြုမူဆိုးသွမ်းရမ်းကားသမျှတွေကို ရွှေနားတော်ကြား တင်လျှောက်ခွင့်ရသည်ပင်ထားဦး အမှန်ကို အမှား ဖြစ်သွားအောင် လှည့်စားဖန်တီးနိုင်တဲ့ ဉာဏ်ကြီးရှင် တန်ခိုးအာဏာရှင်တွေနှင့် ယှဉ်ပြိုင်ရမှာ ဖြစ်လေတော့ စွန့်စားလို့ အကျိုးမမြင်တဲ့အပြင် စွန့်စားလျှောက်တင်မိတဲ့လူကိုပင် ငြိုးသူရန်ဘက်ထင်ပြီး အမှုဆင်၍ ညှဉ်းဆဲခံရပြန်တယ်၊ ရှင်းရှင်းနဲ့ အတိအလင်းပြောရမယ်ဆိုလျှင် ဘုရင်နှင့်တကွ တိုင်းပြည် နိုင်ငံတော်၏ ဂုဏ်ညှိုးနွမ်းအောင် ဆိုးသွမ်းတဲ့ အမှုတွေပြုနေသူများကတော့ အပြစ်ပေး မခံရဘဲ ကြားထဲက ကောင်းစေချင်တဲ့ စေတနာနှင့် လူဆိုးတွေကို လမ်းညွှန်မိတဲ့လူသာ ဒုက္ခရောက် ရာရော၊ အဲဒါကြောင့် ကြာလျှင် နိုင်ငံကြီးတစ်ခုလုံး ရေစုန်မျှောမှာပင် ကြောက်စရာ ကောင်းနေပြီ ဂန်ကတော်"

ဂန်ကတော် ။ "ကျွန်မတို့ သဘောကတော့ ကိုယ့်အရှင်သခင်ကို မှီခိုလို့ ကြီးပွားရတော့ အရှင်သခင် ရွှေနန်းရှင်များ ဂုဏ်မညှိုးနွမ်းဘဲ ဘုန်းပန်းပွင့်စည်ပြီး အရှည်သဖြင့် တင့်တယ်စေလို ပါတယ်၊ ကြာကြာ ဂါး မည့် သွားအရိုး ကြည့်ရှောင်ရသည်ဆိုသော စကားကဲ့သို့ ရေရှည်ကောင်းစားကြဖို့ သတိတရား ရှေ့ထားကာ လောကသံသရာ နှစ်ဖြာကောင်းစေချင်တာပါပဲ၊ အရှင်နန်းမတော်ဖုရားကိုလည်း သတိပေး တော်မူပံ့သူ မရှိဘူးတဲ့လား"

ဂန်မင်း ။ "ကျုပ် ပြောပါပြီကော ဂန်ကတော်ရယ်၊ အရှင်နန်းမတော်ဖုရား ကိုယ်တော်တိုင်ကပါ ဒီလူတွေကို ယုံကြည်တော်မူလျက် မျက်နှာသာ အထူးပေးထားနေပါသည် ကြားလူ မဂင်နိုင်ပါဘူးဗျာ"

ဂန်ကတော် ။ " အို ... စိတ်မချမ်းသာစရာကြီးပါပဲ၊ ကဲ ... ကဲ ဒီကိစ္စတွေက ကျွန်မတို့အဖို့မှာ အပူတပြင်း အရေးမကြီးတဲ့ ကိစ္စတွေပါ၊ ပြည်ထဲရေးထက် လွှမ်းရေးခက်၊ လွှမ်းရေးထက် ဂမ်းရေးခက် ဆိုတဲ့စကားလို သမီးကလေး အရေးကြောင့် မနက်ဖြန် ရွှေနန်းတော်ကြီးကို ပြေးပြီး အခစားဂင်လျှင် ဘယ်လို သံတော်ဦး တင်ရမယ်ဆိုသည်ကိုလည်း စဉ်းစားရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဂန်မင်း ။ " ဂန်ကတော် တော်သလိုသာ လျှောက်တင်ခဲ့တာပေါ့၊ ဒါထက် တစ်ခုတော့ မှာထားစမ်းပါရစေ၊ ကျုပ်တို့ ခုနင်ကပြောကြတဲ့ လူဆိုး လူရမ်းများအကြောင်းကို ဘယ်သူ့မှသွား၍ မပြောလိုက်ပါနှင့်၊ ယုတ်စွ အဆုံး မောင်မောင်တုတ်တို့ မောင်မောင်ငယ်တို့ကိုပင် မပြောမိအောင် သတိပြုပါ ဂန်ကတော်"

ဂန်ကတော် ။ " အလို ... ဘုရား ... ကျွန်မသားကလေး မောင်မောင်ငယ်ဟာ မရိုးသားတဲ့လူတွေထဲမှာ စာရင်း ပါနေလို့များ သူ့ကိုပါ မယုံရတော့ဘူးဟာလား ဂန်မင်းရယ်"

ဂန်မင်း ။ " ဒီအဓိပ္ပာယ်မျိုး မသက်ရောက်ပါဘူး၊ လူငယ်တွေဆိုသည်မှာ သူတို့အချင်းချင်း အပေါင်း အသင်းနှင့် မကောင်းရာမကောင်းကြောင်းတွေ ဖြစ်ချင်လည်း ဖြစ်နေလိမ့်မယ်၊ ဒီတော့ မပြောမိအောင် သတိထား လိုက်လျှင် အင်မတန် ရန်အေးတဲ့ ကိစ္စမို့ သတိပေးရတာပ ဂန်ကတော်ရဲ့"

ထိုသို့ ပြောနေကြစဉ် အစေခံ နန်းခုံတို့ ထမင်းအုပ်များနှင့် ဂင်လာကြသည်တွင်မှ စကားစပြတ်ကာ ဒိုင်းအတွင်း ဂန်မင်းနှင့် ဒိုင်းအတွင်းဂန်ကတော်တို့ ညစာထမင်းများ သုံးဆောင်လျက်ရှိကြလေ၏။

ရွှေနန်းရှင်ကို တွယ်တာခုံမင် ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးကာစ ချစ်ရေးမဂ္ဂတာ၊ အချိန်မျိုးတွင် သစ်စိမ်းချိုး ချိုးလိုက်သည့်အသွင် ရှောင်တခင် လမ်းစပြတ်၍ ဖျပ်ဖျပ်လူးဖြစ်နေရှာသော ဒိုင်းခင်ခင် ကြီးသည် အရှင်နန်းမတော်ဖုရား၏ အပါးတော်၌ ကျွန်ခြေမပျက် ဆက်လက်ခစားနေထိုင်ရင်းပင် ရင်တွင်း မဆန့် လောက်အောင် လောကမီး တောက်လောင်လျက် ရှိခဲ့ရာမှ အပါးတော်တွင် ညစဉ် ညဆက် အအိပ် ပျက်ခဲ့သော နေ့ရက်တို့ကြောင့် တစ်ကြောင်း၊ အိပ်ရေးပျက်ခြင်းကြောင့် အစား အသောက်ပျက်လာပြီး စိတ်ဝေဒနာကလည်း ဖိစီးလျက် မျက်ရည်မစဲ ချုံးပွဲချကာ အခါခါငိုရသည်မှာလည်း ချောင်းစီးသည့်အလား အလဲလဲအလှယ်လှယ် ထားရသည့် ပုသိမ်ပဂါကလေးများတွင် တစ်ထည်မလပ် စွတ်စိုထိုင်းမှိုင်းခြင်း ပြတ်သည်မရှိအောင် မချည့်လိုက်လှဲခဲ့ရသဖြင့် အပေါ်ယံက ဟန်တင်းသလောက်၊ အသည်းနှလုံးကို ထွင်းဖောက်ကာ ဖွဲမီးပမာ လောင်မြိုက်လာခဲ့သော စိတ်ဝေဒနာတို့ကြောင့် လူမှာ ဝေဒနာရစပြုလာသော အခိုက် အတန့်တွင် မိခင်ဖြစ်သူ ဒိုင်းအတွင်းဂန်ကတော်ကြီး အတင်အလျှောက် ကောင်းသောကြောင့် အိမ်ပြန် ရန် ခွင့်တောင်းချိန်၌ အရှင်နန်းမတော်ဖုရားကလည်း စိတ်တော်ထဲမှာ ဇဝေဇဝါ ဖြစ်တော်မူဆဲ အကဲဖမ်း မရနိုင်သော အခါမျိုးဖြစ်လေရာ ကြည်ကြည်သာသာ အခွင့်ပြုတော်မူလိုသည်နှင့် သလွန် တော်အနီးတွင် ခစားလျက်ရှိသော မံသကြီးရွာစားအား အပါးတော်သို့ တီးတိုးခေါ်ယူ တိုင်ပင်တော် မူလိုသောကြောင့် ဒိုင်းဂန်ကတော် ကြီးအား သမီးနှင့် တွေ့စေရန် ဂဲဆောင်တော်သို့ စေလွှတ်တော် မူလိုက်ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ခင်မကြီးရဲ့ ဒိုင်းဂန်ကတော်က သူ့သမီး မကျန်းမာလို့ ခဏတာပြန်ခေါ်ညပီး ဆေးဝါးကုသ ပါရန် အမိန့်တော်ခံတယ်၊ ဒီကောင်မကလေး ကြည့်ရသည်မှာလည်း တယ်လို့ ကျန်းမာပုံမရဘူး၊ ဒါကြောင့် ခေတ္တပြန်၍ ထည့်တော်မူချင်တယ်"

"မှန်လှပါဘုရား၊ ဖျကျွန်မတို့ကလည်း စိတ်ထဲဂယ် သက်ာယန မကင်းချိန် သူ့မျက်နှာကလည်း ညှိုးညှိုး မှိန်မှိန်ဆိုတော့ ဣန္ဒြေပျက်တယ်လို့ ယူဆပြီး ထန်းသီးကြွေခိုက် ကျီးနားခိုက် အမှုသွား ဆိုက်သဖြင့် တစ်ဖက်သတ် အကြောင့်ကြကြီးမိခြင်းပေလားဟု စဉ်းစားစရာလည်း ဖြစ်မည်ထင် ကြောင်းပါ၊ ရွှေနန်းရှင် ဘုရားနှင့် အကယ်၍ အဆက်အသွယ်များရှိခဲ့ပါလျှင်လည်း ယခုလို သူ့မိခင်က ဆေးကုရန် ခေါ်သည်ကို အမိန့်တော် နှင့် သွားခွင့်ပြုတော်မူလိုက်၍ ရွှေနန်းတော်ပေါ်၌ ခင်ကြီးမရှိက သာ၍သင့်မြတ်လှပါသည်၊ ရွှေနန်းတော်ပေါ်တွင် အဆက်အသွယ် ပြုရန် လွယ်ကူ တော်မူသလောက် ရွှေနန်းတော်အပြင်သို့ ရောက်နေသူ တစ်ယောက်ကို ဆက်သွယ်တော်မူစရာ အလွန်တရာ ခဲယဉ်းလှကြောင်းပါဘုရား"

မိဖုရား ။ "အင်း ... ခင်မကြီး လျှောက်တင်ချက်ကို နှစ်သက်တော်မူမိသည်၊ ယခုအခါမှာ တစ်စုံတစ်ရာ အစွန်းအစမပေါ် စုံစမ်းတော်မူ၍လည်း မသိရ၊ လုံးဝမဟုတ်ပါဘူးလို့လည်း မဆိုပိုင်သဖြင့် သင်းကို အိမ်ခဏ ပြန်ထည့်တော်မူလိုက်မယ်၊ သင်းပုံကို ကြည့်ရသည်မှလည်း မချိတယ်နှင့် နေမထိ ထိုင်မသာဖြစ်နေတာ အမှန်ပင် ဖြစ်သည်။

ခင်မကြီး ။ "မှန်လှပါ သင့်မြတ်လှကြောင်းပါဘုရား"

မိဖုရား ။ "သို့သော် သင်းတို့ကို လုံးဝလွတ်လပ်စွာ ပေးကွာနေစေဖို့ မတော်သေးဘူး၊ မကြာခဏ ဆိုသလို အပါးတော်ကို နေ့အခါများ၌ အဖူးအမြော် ဝင်ရောက်စေမှ သင့်ဦးမည်၊ ဒီကိစ္စအဂဂကိုလည်း ခင်မကြီးက အမေ့ အလျော့ မရှိရအောင် သတိဂီရိယ ရှေ့ဆောင်ထားပြီး အကဲခတ်နေရမယ်"

ခင်မကြီး ။ "မှန်လှပါဘုရား"

ယင်းသို့ နန်းမတော်ဆောင်ထဲတွင် ခင်မကြီးနှင့် အရှင်နန်းမတော်တို့ တီးတိုးလျှောက်တင် တိုင်ပင်တော် မူနေချိန်ဂယ်၊ ဂဲဆောင်တော်ဆစ်ဖက်ဥရှိ အပျိုတော်ကြီးတို့၏ နေထိုင်ရာ အဆောင်၌ ဒိုင်းအတွင်း ဂန်ကတော်ကြီးနှင့် သမီးဖြစ်သူ ဒိုင်းခင်ခင်ကြီးတို့မှာလည်း တီးတိုးတီးတိုးနှင့် အကျိုးအကြောင်း ဇာတ်လှန် လျက် ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခြား အပျိုတော်များ မျက်မြင်တွင် ခင်ခင်ကြီးကို မိခင် ဒိုင်းဂန်ကတော်ကြီးက ကြောလက်သပ်ခါ မကျန်းမာသည်ကို မေးမြန်းစုံစမ်းနေသည်ပင် ထင်ရသည်။ တစ်ခါတရံ ဇက်ကလေးကို ထိုးပေးလိုက် နားထင်ကြောကလေး ထောက်ပေးလိုက်နှင့် ဆံပင်ကိုဖြည်၍ ယပ်လေးခပ်ပေးလိုက်နှင့် အလိုက်သင့် အလျား သင့် အဆက်မပြတ် လက်မှ ပြုလုပ်ပေးကာ ပြောစရာ စကားများကို နှစ်ကိုယ်ကြား ကြိတ်၍ ပြောကြ ရလေ၏။

မိခင် ။ "သမီးရဲ့ အကျိုးအကြောင်းတွေကို မေဘုရား မနေ့ကမှ အားလုံးသိရတယ်၊ မောင်မောင်ငယ် လာမပြောသေးလျှင် သိရဦးမှာ မဟုတ်ပါကလား သမီးရယ်၊ မေဖျားလာတဲ့အခါ တိုင်းမှာ ဘာကြောင့် မပြော သလဲ သမီးရဲ့"

ကြီး ။ "ခင်ကြီးက ပြောချင်ပါတယ် မေဖျားရဲ့၊ ဒါပေတဲ့ သားအမိချင်း လွတ်လွတ်ကင်းကင်း စကား ပြောစရာလည်း အချိန်မရ၊ ကိုကိုကြီးတို့ အစ်ကိုတို့ကလည်း ဘယ်သူ့ကိုမှ ဖွင့်မပြောရသေးဘူးလို့ ပြောထား တာနှင့် မေဖျားကို ပြောတဲ့စကားဘေးလူတွေ မတော်တဆ ကြားသွားမှာစိုးလို့ မပြောဘဲ ထားပါတယ်"

မိခင် ။ "မေဖျားကတော့ ငါ့သမီးကလေး ညှိုးညှိုးငယ်ငယ် မြင်ရတိုင်း နေထိုင်မကောင်းဘူးထင်လို့ အမိန့်တော်ခံ၍ အိမ်ပြန်ခေါ်ပြီး သမားတော်များနှင့် ဆေးဝါးကုသမယ် ကြံစည်နေခဲ့တယ်"

ကြီး ။ "မေဖျားရယ် ခင်ကြီး ညှိုးညှိုးငယ်ငယ် ဖြစ်နေတာက ရွှေနန်းရှင်ဘုရားရဲ့ မျက်နှာတော်ကို မဖူးမြော်ရလို့ပါ၊ ကိစ္စမရှိပါဘူး အိမ်ကို ပြန်လို့တော့ မလိုက်ပါရစေနှင့် ရွှေနန်းတော်ပေါ်မှာ နေရရင် ရွှေနန်းရှင်ဘုရား၏ အပါးတော်ကို အချိန်မရွေး ဖူးခွင့်ရလျှင် ရသလို ပြေး၍ သွားရန် လွယ်ကူပါသည်"

မိခင် ။ "အို … အဲဒါကြောင့် သမီး၏အစ်ကိုကြီးက မှာလိုက်ပေတယ်၊ အကျိုးအကြောင်း ရေရေ လည်လည် မသိလျှင် ခင်အကြီး လိုက်မှာမဟုတ်ဘူးတဲ့၊ မှာလိုက်သည့်အတိုင်းပင် မှန်နေပြီ၊ ဒီမှာ အမေ့သမီးကလေးရဲ့ ယခု လာခဲ့ရခြင်းဟာ ရွှေနန်းရှင်ဘုရား၏ အလိုတော်အတိုင်း သမီးကို မေဖျား တို့အိမ်သို့ ပြန်ခေါ်ရန် ဖြစ်တယ်၊ သို့ပေမဲ့ အကြောင်းမပြနိုင်ဘဲခေါ်လျှင် အရှင်နန်းမတော်ဘုရားက ယုံကြည်တော်မူမည် မဟုတ်တဲ့ အတွက် သမီး နေထိုင်မကောင်းသဖြင့် ဆေးဝါးစားလို၍ ခေတ္တခဏ ပြန်ခွင့်သနားတော်မူရန် အမိန့်တော် ခံရမည်တဲ့သမီး ကြားရဲ့လား"

ကြီး ။ "ဩော် … ရွှေနန်းရှင်ဘုရား အမိန့်တော်လား မေဖျား၊ ဒီလိုသာ အမိန့်တော်နှင့် ပြန်ခိုင်းတယ် ဆိုရင် ခင်ကြီး အင်မတန် လိုက်ချင်ပါတယ်၊ ခင်ကြီး ဘယ်မှာနေရနေရ ရွှေနန်းရှင်ဘုရားကိုသာ ဖူးမြင်ရမယ် ဆိုလျှင် သေရာက ထ၍လိုက်ပါမယ်၊ တကယ်ပြောတော်မူတာကော ဟုတ်ပါရဲ့လား မေဖျားရယ်၊ သမီး အိမ်ပြန် လိုက်ချင်အောင် ညာပြောတာများလေလား"

www.burmeseclassic.com

www.burmeseclassic.com

မိခင် ။ "မေဖျားက မညာပါဘူး သမီးလေးရယ်၊ မောင်မောင်ငယ်တို့ ယမန်နေ့က လာ၍ပြောကြသည် အမှန်ပါ၊ သမီးကို အပါးတော်မှာ ကြာရှည်ထား၍ မလျော်သဖြင့် ပရိယာယ်နှင့် အပြင်သို့ရောက်အောင် ပြုလုပ်ရမည်၊ သမီးအပြင်သို့ ရောက်လျှင် ရွှေနန်းရှင်ဘုရား ကြံစည်တော် မူချင်ရာကို လွယ်ကူစွာ ပြီးမြောက်နိုင်သည်တဲ့ သမီးရဲ့၊ ဒါကြောင့် မေဖျား လာခဲ့ရတယ်၊ အကြောင်း ပြဖို့ကိစ္စကလည်း မေဖျား ထင်တဲ့အတိုင်း သမီး မကျန်းမမာကြောင်း ခေါ်င်းတည်၍ အမိန့်တော်ခံရမှာပဲ"

ကြီး ။ "ဒီလိုဖြင့် သမီး လိုက်ဖို့အသင့်ပါပဲ မေဖျားရယ်၊ ယခုအခါ သမီးမှာတော့ ရွှေနန်းရှင်ဘုရားကို အားကိုး ချစ်ခင်ပြီး သံယောဇဉ် အလွန်ကြီး၍နေပါပြီ၊ ရွှေမျက်နှာတော်ကို မဖူးမြော်ရသည်မှာလည်း ကြာလှ လို့ လွမ်းနာကျနေပါပြီ မေဖျားရယ်၊ သမီးဒုက္ခကို ကယ်ပါတော့"

မိခင် ။ " တိုးတိုးကလေးပြောပါ သမီးရယ်၊ မတော်တဆ ရိပ်ဖမ်းသံဖမ်းများ ကြားလို့သွားမှဖြင့် ငါးပါးကြီး မှောက်ကြပါလိမ့်မယ်"

ကြီး ။ "တိုးတိုးပြောရလွန်းလို့ အကျင့်ပါနေပါတယ် မေဖျားရယ်၊ ဘယ်သူမှ မကြားရပါဘူး၊ အစဦး တုန်းကသာ ခုလို ဒုက္ခများမယ်မှန်း သိရလျှင် ခင်ကြီးလေ ရွှေနန်းတော်ပေါ်က တစ်ခါတည်း ထွက်လို့ ပြေးမိ မှာပါပဲ၊ ခုနေတော့ ထုထုတေတေ ငါးဖယ်လို အတွင်းကြေကြေနေတဲ့ စိတ်ဒုက္ခတွေကြားထဲကပင် ရွှေနန်းရှင် ကို ချစ်ခင်မိတဲ့ စိတ်ဓာတ်ကြောင့် သံယောဇဉ်ကြိုးမျှင်မပြတ်ဘဲ ရစ်ပတ်ငြလယ် တွယ်တာ မက်မောလျက် ရှိရပါတော့တယ်၊ အစ်ကိုကြီးတို့ ခြယ်လှယ်တဲ့ ဇာတ်ကွက်ကလည်း နည်းနည်းမှ အကွက်မလည်သေးပါကလား၊ သူတို့ ကြိုးစားကြံဖန်လို့ပေးကြမှ သမီးကလေး စိတ်သောကအေးရပါတော့မယ် မေဖျား ရယ်"

မိခင် ။ "မောင်မောင်တို့ ကြိုးစားလျက်ရှိနေကြောင်း၊ မေဖျား ကောင်းကောင်းသိရပါတယ်၊ မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့၊ မဆုတ်မနစ် လုံ့လရှိသလောက် ကြိုးပမ်းနေရရှာခြင်းမှာ လည်း သမီးလေးကို ကောင်းစားစေလိုပြီး ကျေးဇူးတော်ကြီးလှတဲ့ အရှင်သခင်၏ လိုအင်ဆန္ဒကို ဖြည့်စွမ်း ဆောင်ကျဉ်းပေးခဲ့သော်လည်း ထင်သလို ခရီးမရောက်ဘဲ အနှောင့်အယှက် ကြုံနေပြီး သမီး စိတ်ဆင်းရဲ နေရှာသည်မှာ သူတို့၏ ပယောဂ မကင်းသလို ဖြစ်နေတာနှင့် သာ၍ မခံမရပ်နိုင် ဖြစ်ပြီး နည်းလမ်းရှိသလောက် ကြိုးစားပေးကြတော့မယ်တဲ့၊ ရွှေနန်းရှင်ဘုရားကလည်း ခင်ကြီးကို သနားလှတယ်၊ ယခုလို ကြာကြာပစ်၍ထားတော်မမူနိုင်တော့သည့်အတွက် ရတ်တရက် အကြံအစည်တစ်မျိုး ပြောင်းတော် မူကာ သမီးကို မေဖျားတို့ထံ ပြန်ရောက်အောင် ခေါ်ယူထားရမည်ဟု အမိန့်တော်ရှိခြင်း ဖြစ်တယ်တဲ့ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ကြီး ။ "မေဖျားရဲ့စကားက အားရှိစရာကောင်းလှပါတယ်နော်၊ စိတ်ပျော်လိုက်တာ တကယ်ပဲ ခင်ကြီးကို ချစ်တော်မူပါသေးတယ်နော်၊ စိတ်ပျော်လိုက်တာမေဖျားရယ်၊ ရေစက်နေတဲ့လူဟာ ရေပူရေနောက်ပင် သောက်ရ စေတော့ ခဏတော့ အာရုံပြေသလိုပါပဲ၊ နည်းတဲ့ နေ့ရက်တွေ မဟုတ်လှဘူး မေဖျား၊ ရွှေမျက်နှာ တော်ကို ဖူးမြော်လို့မှ မဝသေးတဲ့ အချိန်ကလေးမှာ ရုတ်တရက် အခွင့်တော်မသာသဖြင့် တွေ့ဆုံဖို့ရာ လမ်းစ ပြတ်သွားကတည်းက ခင့်အသည်းနှလုံးတွေကို ချေမွပစ်လိုက်သလို အခံရခက် လှပါတော့တယ်"

မိခင် ။ "ကိုင်းကိုင်း ... မပူပါနဲ့တော့ သမီးရယ်၊ ဒီကနေ့ အမိန့်တော်ခံလို့ အိမ်ကို ပြန်ရလျှင် ခင် စိတ်ချမ်းသာပါတော့မယ်၊ ဒီအခြေကျမှတော့ မေဖျားတို့က ၄ပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စကားလို ရွှေနန်းရှင်ဘုရား အလိုတော်နဲ့ ခင့်ကောင်းစားမှုကို ဂရုထားပြီး ကြိုးစား ကြံဆောင်ကြရတော့မှာပဲ သမီးရဲ့"

ကြီး ။ "ကိုကိုကြီးနဲ့ အစ်ကိုတို့ခမျာမှာလည်း ခင့်အတွက်နှင့် အတော်ပဲ စိတ်ပင်ပန်း လူပင်ပန်း ခံလျက် ရှိကြပါတယ် မေဖျားရယ်၊ အစ်ကိုဆိုသည်မှာ ဘယ်တော့မှ မျက်နှာမကောင်းရှာဘူး၊ သမီးမှာတော့ ခုနေ အခါ အစ်ကိုကို့လည်း ရက်ဖို့ နားမလည်ပါ၊ ရွှေနန်းရှင်ဘုရားကိုလည်း ကြောက်တာထက် ချစ်တာက ပိုနေတော့ သမီးရင်ထဲမှာ ဖြစ်ပျက်နေသမျှ အစ်ကိုကတစ်ဆင့် ရွှေနန်းရှင်ထံတော်သို့ အလွှာတော် ပို့ဆက်၍သာ နေရပါတော့တယ်၊ အိမ်ပြန်ရောက်ခါမှ ဒီကိစ္စ အေးကြမည်ဆိုပါလျှင် မြန်မြန်ပင် အမိန့်တော် ခံလို့ ခေါ်သွားပါတော့ မေဖျား"

မိခင် ။ "ကောင်းလှပြီသမီးရယ်၊ ကဲကဲလာလာ ... ရေ့တော်သွားကြစို့၊ မေးတော်မူလျှင် သမီးကလည်း နေမကောင်းပေမဲ့ အရှင်နန်းမတော်ဖုရား အပါးတော်မှ ခွဲခွာပြီး လိုက်ချင်ပုံမရေတဲ့ သဏ္ဍာန်မျိုး ဖန်တီးပါခင်ရယ်"

အရှင်နန်းမတော်ဖုရားနှင့် အပျိုတော် အတွင်းလူယုံတော်ဖြစ်သော မံသကြီးရွာစားတို့ တိုင်ပင်၍ စကား အချေအတင် ပျော့ကက်တင်ပြီးစီးသော အချိန်တွင် ဂဲဆောင်၌ သမီးနှင့် လာရောက်တွေ့ဆုံပြီး စည်းဂါး တိုက်လာသော ဒိုင်းဂန်ကတော်ကြီးနှင့် သမီးခင်ခင်ကြီးတို့ သားအမိသည် အရှင်နန်းမတော်ဖုရား အပါးတော်သို့ ဝင်ရောက်ခစားမိလေ၏။

ဒိုင်းဂန်ကတော်ကြီးမှာ ခြေတစ်ဖက် "ဆာ"၍ မစွမ်းမသန်ရှာသူ ဖြစ်သည့်အားလျော်စွာ ဥသျှစ်ရောင် ပိုးကွက်စိတ် ထဘီကို ချပ်ချပ်ရပ်ရပ်ဂတ်လျက် ပုသိမ်ပဂါစပယ်ကြီးကို လောဘက်တင် သိုင်းချုံ ထားစေကာမူ သမီးဖြစ်သူ၏ ပခုံးကို မှီကိုင်အားပြု၍ လာရသဖြင့် မဖြီးမလိမ်းနှင့် ဆံပင်လျော့ရဲ ရင်စည်း ဖွာဖွာ မျက်နှာညှိုးညှိုးနှင့် ရဲကြိုးထဘီကို ကသီကရီ ဂတ်လျက် ဖဲကွက်ဖရဲအူရောင် အင်္ကျီလက်ရှည်ကို ကပိုကရို ဂတ်ထားရာက မိခင်ကြီးကို တွဲခေါ် လာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

အရှင်နန်းမတော်ဘုရား ရှေ့တော်သို့ ရောက်သော အခါ ပျပ်ဖပ်ကျိုးနွံစွာ မျက်နှာ အောက်ချ ခစားနေရာမှ မိခင်ကြီး အမိန့်တော်ခသံကိုသာ နားစွင့် နေမိရှာသည်။ အရှင်နန်းမတော် ဘုရားလည်း ဒိုင်းခင်ခင်ကြီး သားအမိ ရှေ့တော်ခစား မိကြသည် ကို တွေ့မြင်တော်မူသောအခါ -

"ဩော် ... ဒိုင်းဂန်ကတော် သမီးကို ခေါ်ခဲ့ပြီလား၊ ဘယ်လိုရောဂါများ ဖြစ်သည်တဲ့လဲ"ဟု အမေးတော် ရှိလျှင် ဒိုင်းဂန်ကတော်ကြီးက လက်ယှက်ကာ -

"မှန်လှပါဘုရား၊ လေရောဂါ နှိပ်စက်သဖြင့် အစားပျက်အအိပ်ပျက် ဖြစ်နေခြင်းပါဘုရား" ဟု လျှောက်ထား ၍ အရှင်နန်းမတော်ဖုရားက -

"ဩော် ... ဟုတ်စရာရှိပါငဲ့ ခင်ကြီးရဲ့ မျက်နှာကို ကြည့်တော်မူရသည်မှာ ညောင်နာနာနှင့် ရှိတော့ သည်၊ သို့ရာတွင် လေရောဂါဆိုသည်မှာ အိပ်ရာထဲ နေ့ရှည်ရက်ကြာ မမာနေသော ရောဂါမျိုး မဟုတ်တဲ့အတွက် စိုးရိမ်ရန် မရှိသော်လည်း တစ်လလောက် ပြန်ခေါ်ခွင့်ပြုတော်မူမယ်၊ သည်တစ်လဆိုတဲ့ ရက်များ အတွင်း မှာလည်း သီတင်းတစ်ပတ်လျှင် တစ်ကြိမ် နှစ်ကြိမ် ဆိုသလို ရှေ့တော်ကို သားအမိနှစ်ယောက် အခစား ဂင်ရောက်ကြရမည်"ဟု မိန့်တော်မူရာ -

"အမိန့်တော်မြတ် ဦးထိပ်ရွက်ပန်ဆင်မိပါကြောင်းဘုရား"ဟု ဒိုင်းဂန်ကတော်ကြီးက လျှောက်ထားသဖြင့် နန်းမတော်ဖုရားက ခင်ခင်ကြီးဘက်သို့လှည့်၍ -

"ဟဲ့ ... ခင်ကြီးရဲ့ နင့်မိခင်နဲ့အတူ ခဏတဖြတ် လာရောက်ခစားဖို့ မမေ့လေနှင့်" ဟု အမိန့်တော် ရှိသော အခါ ခင်ခင်ကြီးမှာ ဂန်ကတော်ကြီး သတိပေးထားသည့်အတိုင်း -

"အမိန့်တော်မြတ် နာခံမိကြောင်းပါဘုရား၊ ဘုရားကျွန်မ နေမကောင်းလှ၍သာ ခေတ္တ ပြန်လိုက်ရပါမည်၊ ရွှေဖဝါးတော် အောက်က မခွာလိုလှကြောင်းပါဘုရား၊ ဝေဒနာ သက်သာအောင် ဆေးစားပြီး မေဖျား ရှေ့တော်သို့ အခစားဂင်တိုင်း ရွှေဖဝါးတော်ကို လာရောက်ဦးတိုက်ပါမည်ဘုရား" ဟု သနားစရာ လျှောက်တင် လိုက်ရာလျှင် အရှင်နန်းမတော်ဖုရားက ပြုံးတော်မူကာ ကရုဏာသံ ခပ်လေးလေးနှင့် -

"အေး ... အေး၊ ကောင်းပြီ၊ လိုက်သွားပေတော့" ဟု အမိန့်တော်ရှိပြီး ကြာခြည်တော်ထဲသို့ ဂင်တော်မူကာ မျက်နှာတော် လွှဲလိုက်သဖြင့် ဒိုင်းဂန်ကတော်ကြီးလည်း အနီးရှိ အထိန်းတော် အပျိုတော် မြို့စား ရွာစား ကြီး များကို နှုတ်ခွန်းဆက်ကာ ခင်ခင်ကြီးကို ခေါ်လျက် နန်းမတော် ဆောင်ကြီးမှ ထွက်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက် ဂဲဆောင်သို့ ရောက်သောအခါတွင်လည်း ခင်ခင်ကြီးမှာ သူနှင့် အရွယ်တူ အပျိုတော်ကလေးများနှင့် လက်ပါးစေများကို နှုတ်ခွန်းဆက်ပြီးလျှင် ဂနကတော်ကြီးနှင့်အတူ အနောက်စမုတ်မုဆင်းလျက် တံခါးနီအပြင်ဘက်တွင် အသင့်ချွတ်ထားသော ဗီရိုလှည်းကိုစီးပြီး ရွှေနန်းတော်ကြီးမှ ထွက်ခွာ လာခဲ့ကြလေ၏။

နန်းမတော်ဆောင်ကြီးတွင် ခစားနေထိုင်ကြသော မြို့စားရွာစား အထိန်းတော် အပျိုတော်ကြီးများနှင့် အပျိုတော်ငယ်များ ရှိကြရာတွင် မံသကြီးရွာစားမှတစ်ပါး ဒိုင်းခင်ခင်ကြီး အပေါ်တွင် အရှင် နန်းမတော်ဖုရား၊ အကဲခတ်တော်မူနေကြောင်း မည်သူမျှ သိရှိရိပ်မိခြင်း မရှိ သေးသောကြောင့် အရှင် နန်းမတော်ဖုရားသည် ဒိုင်းခင်ခင်ကြီးအား တစ်ပါးသူများထက် ပိုမို သနားချစ်ခင်တော်မူ၍သာ မကြာခဏ လာရောက် ခစားရန် မှာထားသည်ဟုသာ ရိုးသားစွာ မှတ်ထင်ကြလေသတည်း။

..............................

အခန်း (၃၃) မနက်ဖြန်

အခန်း(၃၃)

အရှင်နှစ်ပါး ယုံမှတ်တော်မူ၍ သဒ္ဓါကြည်ဖြူမြှောက်စားတော်မူခြင်းဖြင့် ဂင်းဂင်းတောက် ကောင်းစားလျက် ရှိသော ရနောင်မြို့စား မောင်မောင်တုတ်သည် မင်းညီမင်းသားတို့၏ အဆောင်အယောင် အခမ်းအနားနှင့် ကြီးစွာသော ချမ်းသာစည်းစိမ် ဂုဏ်ရှိန်သတင်းဖြင့် ကျော်စောခြင်းရှိခဲ့သလောက် ကောက်ယူသိမ်းပိုက် ထားသော ကြင်ယာမြောက်သား ဇနီးများမှာလည်း အလွန်ပင် များပြားလှသည်ဖြစ်သောကြောင့် ရနောင် မင်းသား နေရန် ဆောက်လုပ် ထားသော အိမ်ကြီးမှာ ကြင်ယာမြောက်သား များလှသည်နှင့်အမျှ အဆောင်ဆောင် အခန်းခန်းထား၍ ဆောက်လုပ်ရလေရာ ခြားတစ်ပါးသော အိမ်တော် ၄-၅ ဆောင်နှင့် ညီမျှ လျက် ရှိသည်။

ဤမျှကြီးမားကျယ်ဝန်းသော အိမ်တော်ကြီးမှာပင် ကြင်ယာပေါင်း တစ်ရာတိတိ ပြည့်အောင် ကောက်ယူ သိမ်းပိုက်လျက်ရှိသောကြောင့် ဘေးမှ ပမ်း၍ပမ်း၍ အဆောင်ပိုများ ထုတ်ရပြန်ရာ ကာလကြာသော် အိမ်တော်ကြီးမှာ တဲပိုင်းကြီးနှင့် အလားသဏ္ဍာန် တူမျှလာလေ၏။ ထိုသို့ မြောက်မြားသော ကြင်ယာ ဇနီးတို့ကိုလည်းကောင်း၊ ၎င်းတို့၏ အစွယ်အပွားများ၊ အစေအပါးများကိုလည်းကောင်း ရနောင် မင်းသား မောင်မောင်တုတ်၏ မူလရှိရင်းစွဲ ခြွေရံသင်းပင်း ကျေးရင်း ကျွန်ရင်းတို့ကိုလည်းကောင်း ကျွေးမွေး ပေးကမ်းထောက်ပံ့ရသည်မှာ မောင်မောင်တုတ်တွင် တာဝန်ကြီးလေးစွာ ရှိမည်ဖြစ်သော်လည်း လျှမ်းလျှမ်း တောက် ကောင်းစား၍ တန်ခိုးအာဏာ

www.burmeseclassic.com

www.burmeseclassic.com

ကြီးမားနေသလောက် ရတနာ ရွှေငွေ၊ ဆန်ရေ စပါး တို့ကို သုံး၍ မကုန် ဖြုန်း၍မကုန်အောင် စုလိုက်ပုံလိုက်ရရှိသူဖြစ်သည့်အလျောက် အလွယ်တကူနှင့်ပင် ထောက်ပံ့ ပေးကမ်းမှု ပြုနိုင်လေသည်။

အရှင်သခင်၏ မြှောက်စားသူကောင်းပြုခြင်း ခံရသည်နှင့်အမျှ မိမိရသမျှ အခွင့်အရေး တန်ခိုး အာဏာကိုလည်း အရာရာမှာ လျှာ၍လျှာ၍ အသုံးပြုတတ်ရုံမက အမျိုးမျိုး အဘက်ဘက် ပိုက်၍ သူတစ်ပါးလက်နှိုက် မဟင်သာအောင်လည်း အကာအကွယ် ပြုထားတတ်သည်၊ သွက်လက်ဖျတ်လတ်သလောက် စိတ်ကူး အမျိုးမျိုး ပေါက်လျက် ကြိုတင်၍ သိမြင်တတ်သည့် ပါရမီထူးတစ်ခုလည်း ရှိသေးသည်။ ကိုယ်ရေး ကိုယ်တာ မှန်သမျှမှာလည်း လုပ်ချင်ရာကို ရဲရင့်ဖျတ်လပ်စွာ မကြောက်မဆုတ် လုပ်ပံ့သော သတ္တိရှိသည်။ သို့ရာတွင် ခြေဖျားထောက်၍ အရှင်သခင်ကို သစ္စာဖောက်ရန် စိတ်ကား ဆံလျှာမျှမရှိ၊ အရှင်နှစ်ပါး အလိုတော် ပြည့်မှုနှင့် အကျိုးတော်ဆောင်ရာတွင် မောင်မောင်တုတ်ထက်ပို၍ ကြံရည်ဖန်ရည် ထက်မြက် သူ မရှိသလောက်ဖြစ်ခဲ့သည်။

ရွှေနန်းရှင်ဘုရား၏ အလိုတော်ပြည့်မှုကိုလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကာ အမှုတော်ထမ်းလာ ခဲ့သလို အရှင်နန်းမတော်ဘုရား၏ အလိုတော်ကိုလည်း အနည်းနည်းနှင့် ဖြည့်စွမ်းဆက်သအကျိုးတော် ဆောင်ခဲ့ရသဖြင့် အလွန်ပင် မျက်နှာသာရခဲ့သည်။

သီပေါရွှေနန်းရှင်ဘုရားမှာ ကျမ်းဂန်စာပေမွေ့၍ သူတော်ကောင်းနလုံးပွားပြီး စိတ်ထားနူးညံ့တော် မူသူဖြစ်သောကြောင့် တစ်ကြောင်း၊ ရွှေနန်းတက်စက ငါ၏ လက်နက်နှင့် မသေစေရဟု ကတိတော်ရခဲ့သူဖြစ်၍ တစ်ကြောင်း ခစားထမ်းရွက်ရာတွင် အမှားပြုမိသည်တိုင်အောင် အလျှော့ကောင်းလျှင်အထောင်း လွတ်နိုင်သော်လည်း အရှင်နန်းမတော်ကြီး ထိပ်စုဖုရားလတ်ကိုမူကား စိတ်ထားတော်ထက်မြက်သဖြင့် အလျှော့အတင် ခက်ချိမ့်မည်ဟု မောင်မောင်တုတ် ကိုယ်တိုင်တင်ကြိုနားလည်ခဲ့သည်။

သို့ကြောင့်ပင် အရှင်နန်းမတော်ဘုရားကို ပိုမိုရင်းနှီးအောင် အကျိုးတော်ဆောင်လျက် ရှုပ်ရှုပ်ချုံချုံထမ်းရွက်ခဲ့သည့် အရှင်နန်းမတော်ဘုရားက "မောင်တုတ်ရေ ..." ဟု စကားမျှနှင့် ဗောင်းတော်ညိတ်စိတ်တော် သိတတ်သည့် တပည့်လိမ္မာပီသစွာ မျက်နှာလိုအားရ သာသာထိုးထိုးကြီး အကျိုးတော်ဆောင်ပြု လိုက်သည်။ ရွှေလိုလျှင်ရွှေ၊ ငွေလိုလျှင်ငွေ၊ ခလုတ်ကန်သင်းရန်ခပင်းစသောမကင်းသာမရှောင်သာသော အနှောင့် အယှက်မျိုး ပေါ်လာလျှင်လည်း မောင်မောင်တုတ်ကသုတ်သင်ရှင်းလင်းပြီး ဖြစ်နေသည်။ သို့ကြောင့်ပင် ဘုရင့်နောင်ဘွဲ့ထူးနှင့် ရနောင်မင်းသားကြီးရာထူးကို သီပေါရွှေနန်းရှင်က သူကောင်း ပြုတော်မူသည်ကို နန်းမတော်ဘုရားက လိုလိုချင်ချင်အခွင့်အရေး ကုန်စင်အောင် အသုံးပြုနိုင်ခွင့် ပေးတော် မူထားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နန်းတွင်းနန်းပြင် အဂင်အထွက် နှောင့်ယှက်စစ်ဆေးခြင်း မရှိစေရဆိုသော အခွင့်အရေးထူးတစ်မျိုးကို ရရှိ ထားသူဖြစ်၍ အရေးကြီးသော ကိစ္စများကို တီးတိုးစကားဖြင့် တိုင်ပင် လျှောက်ထားရန် ရှိသော အခါများတွင်လည်း နေ့ညဥ့်မရွေး နန်းမတော်ဆောင်ကြီးသို့ဂင်ကာ နန်းမတော်ဘုရားထံ ခစား ရောက်လာလေ့ရှိသဖြင့် သီပေါရွှေနန်းရှင်ဘုရားထက်ပင် အရှင်နန်းမတော်ဘုရားနှင့် ရင်းရင်းနှီးနှီးရှိပြီး ကိစ္စ ကြီးငယ် အသွယ်သွယ်ကို အလွယ်တကူ တိုင်တည် ဖြေရှင်းလျက်ရှိခဲ့လေသည်။

၏ထို့ကြောင့် မောင်မောင်တုတ်၏ တန်ခိုးအာဏာသည် လွန်စွာကျယ်ပြန့်လျက် ရှိခဲ့သည်။ မှူးမတ် အရာ ရှိကြီး များမှာ ပြဌာန်းပိုင်းခြားထားသော အခွင့်အာဏာ များစွာရှိစေကာမူ စင်စစ်အားဖြင့် ထိုအခိုက် အခါ တွင် ရနောင်မင်းသား၏ အခွင့်အရေးက ပိုမိုကျယ်ဂန်းလျက်ရှိသဖြင့် တစ်ခါတစ်ရံ ပြဌာန်း ပိုင်းခြား ထားသော ရာဇသတ်၊ ဓမ္မသတ်များနှင့်ပင် အငြိအစွန်း ရှိခဲ့တတ်ရာ အရှင်နှစ်ပါး၏ မျက်နှာကြောင့် သက်ညှာ စွာ ခွင့်လွှတ်ခဲ့ရပေါင်းလည်း အကြောင်းအားလျော်စွာ များစွာ တွေ့ကြုံခဲ့ ရတတ်သည်။ မြို့ဂန်၊ မြို့ချုပ် စသော ရာဇဂတ်ဌာနများမှာမူကား ရနောင် မင်းသား၏ တန်ခိုးအာဏာက သာ၍ပင် အရိပ် လွှမ်းလျက် ရှိတော့သည်။ သို့သော်လည်း အထက်ပါ နည်းအတိုင်းပင် အရှင်နန်းမတော်ဖုရား၏ မျက်နှာတော်ကိုလည်းကောင်း၊ ရွှေနန်းရှင် ဘုရား၏ မျက်နှာတော်ကိုလည်းကောင်း အလွန်အကျွံ သူကောင်း ပြု မြှောက်စားထားခြင်းခံရသော ရနောင်မင်းသား မောင်မောင်တုတ်၏ တန်ခိုးအာဏာကို ရင်ဆိုင် ပြ၍ အမှုအရေးမဆိုဘဲ မျက်နှာလွှဲ ရှောင်သွားကြရတော့သည်။

ယင်းသို့လျှင် အခွင့်အရေး တန်ခိုးအာဏာ များစွာရှိခဲ့သော မောင်မောင်တုတ်သည် အပြင်တွင် ဤမျှပင် အာဏာ တန်ခိုး လွှမ်းမိုးနေသလောက် ဂင်းဂင်းတောက် အရှိန်ကြီးကာ ထင်ရာပြုမူနေသော်လည်း ရွှေနန်းတော် ထဲတွင်ကား အရှင်နှစ်ပါး၏ မျက်နှာတော်အောက်၌ ကြောက်တတ်သော ယုန်သူငယ်သည် ကေသရာဇခြင်္သေ့မင်းကြီးရှေ့ဂယ် ပျပ်ဂပ်စွာ ခစားနေထိုင်သည့်နှယ် မခုတ်တတ်သည့် ကြောင်ငယ် နှင့်မခြား နေထိုင်ခစားလေသည်။ ကြင်ယာ ဇနီးအမြောက်အမြား ယူထားခြင်းကြောင့် ဣတ္ထိယ သိုက်သမား ဟု တင်စားပြောကြားခြင်း ခံရစေကာမူ နန်းတွင်းသူများကို ဘယ်အခါမှ စော်ကား ကျူးလွန် ခဲ့သည် မရှိဘဲ မြို့ထဲရပ်မှ မိန်းကလေးများကိုသာလျှင် မရလျှင် ရသာအောင် အမျိုးမျိုး ကြံဆောင် သိမ်းပိုက်မြဲဖြစ်သည်။ များသောအားဖြင့် ဇာတ်သမ၊ အငြိမ့်သမ၊ အရပ်သမများကို နိုင်နင်းစွာ တန်ခိုး အာဏာ ရှိသမျှ သုံး၍ သိမ်းကြုံးယူငင်တတ်သည်။ မိန်းကလေးချောချောဆိုလျှင် ပျိုသော၊ အိုသော၊ ကာမပိုင် ရှိသော မရှိသော အလိုရှိခဲ့လျှင် တွေးတောစဉ်းစား ဆင်ခြင်ခြင်းတရားဟူ၍ မဂင်စားနိုင်။ နည်း အမျိုးမျိုး နှင့် အပိုင်သိမ်းလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သီပေါ ရွှေနန်းရှင်ဘုရား မြှောက်စားချီးမြှင့်ခြင်း ခံရသူများအနက် မောင်မောင်တုတ်ကဲ့သို့ပင် ထက်မြက်သူ တွေ များစွာရှိစေကာမူ ထိုသူ ထိုသူတို့အပေါ်တွင်လည်း မောင်မောင်ထုတ်ကသာ အပေါင်းပါ ခေါင်းဆောင် ပြုလျက် တစ်လက်ရာ တစ်သဘောတည်း သွေးစည်းထားသကဲ့သို့ ရှိလေရာ မောင်မောင် တုတ်ကသာ ဗိုလ်လုပ်၍ ဦးစီးခေါင်းဆောင်ပြုရာ ရောက်လေ၏။

ထို့ကြောင့် လောကဓမ္မ နစ်ဌာနလုံးမှာ နည်းမှန်လမ်းမှန် မှန်ကန်ကျနစွာ ဖြစ်စေလိုသော ပညာရှိ သုခမိန်ကြီးများ ခြေဖျားထောက်လွန်းသည်ဟု မောင်မောင်တုတ် အပေါ်တွင် ထင်မြင် ယူဆစိတ်ထဲမှ နာခေါင်း ရှုံ့တတ်ကြသည်၊ အချို့ကလည်း ဘုရင့်မျက်နှာတော် ထောက်ထား၍ ပွင့်ပွင့်လင်းလင်း ပြောကြား ခြင်း မပြုစေကာမူ စိတ်တူသဘောတူ အချင်းချင်း တွေ့ကြသောအခါ "မောင်တုတ် ယခုလောက် ခြေဖျား ထောက်နေလျှင် တစ်နေ့ အကျနာလိမ့်မည်၊ ဘယ်နေ့ ဘယ်အကွေ့မှာ ကျမလဲမသိဘူး" ဟု တစ်ဦးကို တစ်ဦး လက်တို့ပြောနေကြလေသည်။

သို့သော် မောင်မောင်တုတ်တို့သည် လက်ရှိ တန်ခိုးအာဏာ ကြီးမားသူများဖြစ်သည့် အားလျော်စွာ မြို့ဝန်မင်း ဘုန်းတောက်၍ ပါနောက်ခြေကြွဆိုသလို မျက်နှာလိုအားရနှင့် ၈၈ စားရလျှင် ပြီးရောဟု အလိုကျ ကျွန်ရင်းခံကြသည့် သာပေါင်းညာစား တပည့်နောက်လိုက် အင်အားမှာ တစ်နေ့တခြား တိုးပွား ကျယ်ပြန့် လာသည်သာ ဖြစ်လေ၏။

မောင်မောင်တုတ်မှာ အရုပ်အမောင်းကောင်းကောင်း အညားညိုစိမ့်စိမ့်တွင် ကျောက်ပေါက်မ သက်သက် ရှိသော်လည်း ကျက်သရေရှိသော သူ၏မျက်လုံးက အမြဲပြုံးရယ်နေသကဲ့သို့ရှိသည်။ သို့ပြုံးနေသော မျက်လုံး ထဲမှာပင် အရေးကိစ္စကြုံလျှင် မငဲ့မကွက် သတ္တိရှိရှိ စွန့်စားရက်မည့် အရိပ်အရောင်များ သန်းလျက် ရှိသည်။

ယနေ့အဖို့ မောင်မောင်တုတ်သည် ရွှေနန်းတော်မှ ခစားအပြီး မိမိအိမ်ကြီးတွင် ထုံးစံအတိုင်း စည်းစိမ် ယစ်မူး အပျော်တော်ကြူးခိုက် ဖြစ်လေ၏။

အိမ်တော်ကြီး၏ ရှေ့ပိုင်းမှာ ရနောင်မြို့စားကြီး မောင်မောင်တုတ် တစ်ကိုယ်တည်း စံမြန်းရာ သီးသန့် ထားသော အခန်းကြီးတစ်ခုရှိ၍ အလယ်ချက် ဗဟိုတွင်မူ ကြင်ယာမြောက်သားဇနီးများနှင့် ပျော်ပါးစံစားရာ ကျယ်ဝန်း သော ခန်းမအဝိုင်းကြီးတစ်ခု စီမံပြုပြင်ထားလေသည်။ ထိုအခန်းကြီးကို အလယ်ထားလျက် လ,စက်ဝန်း သဏ္ဌာန် အခန်းကို ဘေးမှ ပထမအရစ်အဖြစ် ဝန်းရံသော အဆောင်များရှိ၍ တစ်ဆောင်လျှင် ကြင်ယာ တော်ကြီးတစ်ဦးစီ နေထိုင်ရသည်။ ထို့နောက် ဒုတိယ အရစ်ဆောင်များတွင်လည်းကောင်း၊ တတိယ အရစ်အဆောင်များတွင်လည်းကောင်း၊ ဇနီးမယား ကိုယ်လုပ်တော်များကို ဂုဏ်ထူး အဆင့် အတန်း လိုက် နေရာချပေးထားသည်ဖြစ်ရာ ရွှေနန်းတော်မှ ခစားပြန်ချိန်တွင် ရနောင်မြို့စားကြီး မောင်မောင် တုတ်စံနေရာ ဗဟို --- အခန်းဝိုင်းကြီးသို့ ကြင်ယာ တော်အားလုံး ဖြီးလိမ်းဝတ်ဆင်၍ လာရောက် စုရုံးနေကြရသည်။

www.burmeseclassic.com

ကြင်ယာတော်များနှင့် စံစားရာဖြစ်သော ဇဟိုခန်းဆောင်ဝိုင်းကြီးတွင် ဆင်ပြင်ခင်းကျင်းထားသော အသုံး အဆောင် များမှာကား ပိုး၊ ဖဲ၊ ကတ္တီပါ၊ ဖန်သားမှန်သားများ အတိပြည့်၍ ဝင်းဝင်းတောက်ပြောင် အရောင် ချင်းယှက်သန်းနေလေသည်။ ကတ္တီပါမှီအုံး ကတ္တီပါကွပ် သင်ဖြူးချောများ တင်ထားသည့် သလွန် ညောင်စောင်း များမှာ ခန်းလုံးပြည့် မှိုင်းလုံးကော်ဇောများပေါ်တွင် တည်ရှိပြီးလျှင် အခန်းပတ်လည်တွင် ကိုယ်လုံးပေါ် မှန်ချပ်များကို အလိုက်သင့် ထားပြီးလျှင် ကွမ်းတုံဖဲကန့်လန့်ကာကြီးများကိုမူကား အကာ အကွယ် လိုလျှင် အဆင့်သင့်ရန် အသွယ်သွယ် ဆွဲဆင်မတင်ထားလျက်ရှိသည်။ ပြူတင်းလက်ရန်းဆီတွင်မူ ထူထဲ သော ကတ္တီပါ နေရာထိုင် ကတ္တီပါလက်ထောက်များ ချထားပြီး ပန်းဥယျာဉ်ထဲမှ ရှုမျှော်ခင်းကို လေညှင်း ခံ ရှုစားရန် ပြင်ဆင်ထားရသည်။ ရွှေချယွမ်းအုပ်ကြီးများ သုံးချောင်းထောက် အုပ်ကြီးများမှာလည်း အဖုံးကို ဖွင့်လျှင် အသင့်တွေ့မြင်နိုင်ရန် အချို၊ အချဉ်၊ အဖန်၊ အစပ်၊ အအီ၊ အဆိမ့်၊ နှစ်သိမ့်ဖွယ်ရာ ရသာ မျိုးစုံ ကို အိုးအထုံ၊ အမွှေးရနံ့နှင့် သန့်ပြန့်စွာ ပြုပြင်ထည့်ထားရသည်။ စောင်းညှင်းပတ်သာ တူရိယာ အမျိုးမျိုး ကို အချိုးကျ ပြင်ဆင်၍ လိုလျှင်အသင့်ရရန် စီမံထားပြီးလျှင် ညဥ့်အဖို့တွင် အလင်းရောင်ပေးရန်၊ ဖန် မုတ်ဆိတ်၊ ဖန်ပဒေသာ၊ ဖန်ပန်းဆိုင်၊ ဖန်ပန်းနွယ်များဆွဲ၍ ဖယောင်းခဲ၊ ဖယောင်းတိုင်များ ထွန်းညှိရန် အသင့်ထားရသည်။

ဆယ့်နှစ်ရာသီ ရုပ်လုံးပေါ် ငွေဖလားကြီးများတွင်လည်း အကျော် ခမွါ၊ နံ့သာ၊ နှင်းရည် များထည့်လျက် အနံ့ အသက် ချိုမွှေးသော မြတ်လေး၊ သရဖီ၊ စပယ်စသည့် မွန်မြတ်သော ပန်းခိုင်ပန်းကုံးများကို လှပ ဂေဆာစွာ ထိုးစိုက်ပြင်ဆင်ထားရသည်။

ရနောင်မြို့စား မင်းသားကြီး မောင်မောင်တုတ် ရွှေနန်းတော်မှ ခစား၍ ပြန်လာတိုင်း အိမ်တော်ကြီး ဆင်ဝင် သို့ စီးလာခဲ့သည့် ဆင်၊ ကပ်ယှဉ်မိ၍ ဆင်"က"ပေါ်မှ အိမ်ကြမ်းပြင်သို့ ခြေတင်မိသော အချိန်ကစ၍ ဖြီးလိမ်း ဝတ်ဆင်ကာ ကြိုဆိုနေသော ကြင်ယာဇနီးများက ဂါယာတွဲမလျက် အိမ်ဦးဆောင်သို့ ခေါ်ယူ လာကြ ရသည်။ ခေတ္တခဏနားပြီး ရေချိုးဆောင်ထဲတွင် ရေကြည်ရေအေး ချိုးပေးသူကပေး၊ ချေးညှော် တွန်းသူက တွန်း၍ ရေမိုးသန့်စင်ပြီးနောက် အမွှေးအထုံ သပ်ထားသော ပုဆိုးပဂါ၊ ဝတ်လဲတန်ဆာတို့ကို ဝတ်ဆင် လဲလှယ် ပေးပြီးမှ ယုယုယယ တွဲမလျက် ဇဟိုခန်းမကြီးသို့ ခေါ်ခဲ့ကြရသည်။

သလွန်ညောင်စောင်းထက်သို့ နွဲ့မှီလျက် ထိုင်မိသည်နှင့်တစ်ပြိုင်နက် ကွမ်းယာဆက်သည့် ဇနီးကလည်း အသင့်၊ နေကျော်သည့် ပင်ကျရေကို ရွှေဖလားနှင့် ထည့်စောင့်သူကစောင့်၊ ထန်းရည်ခါးနှင့် မြည်းစားစရာ၊ ချိုးကြော်၊ ကြက်ကြော် စသည်တို့ကို ကလပ်ပေါ်တင်၍ ကိုင်ထားသူကထား၊ ယပ်ခပ်ပေးသူက မရှား၊ အနှိပ်တော် များဆက်သူကဆက်၊ ဖက်သူကဖက်၊ ပွေ့သူကပွေ့၊ အတွေ့နှင့် အငွေ့ပေး၍ တဖြည်းဖြည်း မြူသူက မြူ၊ ရွှေခြူဆည်းလည်းသံသာ

www.burmeseclassic.com

www.burmeseclassic.com

ညည်းသလို သီချင်းကြီး သီချင်းခံများနှင့် အသုံးတော်ခံသူကခံ၊ စောင်းညှင်း ပတ်သာ တူရိယာတီးတတ်သူများကတီးလျက် ကကွက်၊ ဆိုကွက်နိုင်သော အငြိမ့်သမ၊ ဇာတ်သမ၊ ဇနီးများက စည်းဝါးကျနစွာ တီးမှုတ်သီဆို၊ ကခုန်ဖြေဖျော်၍ တပျော်တပါး စည်းစိမ်ခံစားနေမြဲ ဖြစ်လေ၏။

မောင်မောင်တုတ်သည် ထုံးစံအတိုင်း ညောင်စောင်းထက်၌ ကြင်ဖက်ကြင်ရာများစွာသော ဇနီးချော များအား ကျောသပ်ရင်သပ်၊ ပူးကပ်နွဲ့မှီ ကျီစယ်ရွှင်စံ၊ လောကီစည်းစိမ်ခံရင်း ရွှေဖလားအတွင်းမှ ပင်ကျရည် တစ်ကျိုက် ကြက်ပေါင်ကြော်တစ်ကိုက်နှင့် အလိုက်သင့်ရှိနေစဉ်များမကြာသေးမီက ဆင့်နှင့် တင်၍ ခိုးယူသိမ်းပိုက်လိုက်သော ဇာတ်မင်းသမီး တောင်တွင်းကြီးမြို့သူ မမလေးက ခိုင်ပန်းစုံ၊ ယိုးဒယား အကနှင့် နွဲ့နွဲ့လျလျ ဖြေဖျော်လျက်ရှိလေ၏။

အမရပူရ မြို့တော်ဟောင်းမှ ရက်ကန်းသည်မ အချောအလှကလေးကို ကောက်ယူပြီး ခင်ဆွေကြီး ဟူသော အမည် ပေးထားသော ဇနီးကလေးက ကြက်သားကြော်ကလပ်ကို အဆက်မပြတ် အနီးသို့ တိုးပေး နေရသည်။ ရွှေမြို့တော်မြောက်ပြင်က ထန်းသမားကြီး ဦးပိန်၏ သမီးချောကလေး မဲမှုတ်ကို ရနောင် မင်းသား ဘဂရောက်စကပင် ခင်ထားမြပဟူသော အမည်သညာဖြင့် ကြင်ရာတော်ဖြစ်ခဲ့သူ ဇနီးကညာ ကလည်း ပြာလဲ့လဲ့ ပင်ကျရည်ကို အလျဉ်မီအောင် ရွှေဖလားချင်း ပြောင်းထည့်၍ လောင်းငှဲ့ ပေးလျက်ရှိသည်။ ကွမ်းကြိုက်တတ်သောကြောင့် ခင်ညွှာဆိုသော ဇနီးကလေးမှာ ကွမ်းယာပေးသော အလုပ် တာဂန်သပ်သပ် ထမ်းဆောင်ရသည်ကို ပြုံးချိုရွှင်ပြစွာ ကြည့်လျက် ခြေတစ်ဖက်နှင့် တို့ကာ တို့ကာ ကလိထိုး လိုက်လျှင် ခင်ညွှာမှာ ယောင်တတ်သူဖြစ်၍ ယာနေသော ကွမ်းရွက်များကို တအား ဆုတ်ဖြဲ လွှင့်ပစ် လိုက်တော့သည်။

မောင်မောင်တုတ် က ပြုံးရယ်လျက် "ဟဲ့ ... ခင်ညွှာ ဘာတွေလွှင့်ပစ်နေသလဲ" ဟု မေးမှ ခင်ညွှာမှာ သတိရပြီး အနီးတွင် ပြန့်ကြဲနေသော ပစ္စည်းများကို သိမ်းဆည်းနေရလေသည်။ "ကိုင်း ... ခင်ဆွေ ကြီးနဲ့ ခင်ထားမြ တို့လည်း တော်ကြတော့ သည့်ထက်များလျှင် မင်းတို့လင်မူးလဲပြီး တစ်ခါတည်း အိပ်ပျော် သွားလိမ့်မယ်"ဟု ပြောသဖြင့် ခင်ဆွေကြီးနှင့် ခင်ထားမြတို့ ထန်းရည်ခါးနှင့် ကြက်ကြော် များကို သိမ်းဆည်း သွားကြသည်။ လက်မောင်းသားနှင့် ခြေသလုံးများကို အနှိပ်တော်ဆက်နေသော ခင်သက်နှင့် ခင်ဘုန်းရှင် တို့ကိုလည်း "ကဲ ... ကိုယ်တော့်ဇနီးများ ခဏနားကြပါဦး" ဟု ခြေကို ရုန်းလိုက်ပြီး မနီး မဝေး တွင် ငြိမ့်ငြိမ့်ညောင်းညောင်း ပျောင်းပျောင်းနွဲ့နွဲ့ လှည့်ကာပတ်ကာ က,နေသူ မမလေး (ဆင်ခိုးမလေး)ကို မျက်စနှင့် အချက်ပေး၍ ခေါ်လိုက်သည်တွင် မမလေးမှာ ညင်ညင်သာသာ မောင်မောင်တုတ် ရင်ခွင် အနီးသို့ ရောက်လာလေ၏။

မာင်မောင်တုတ်သည် အပါးသို့ရောက်လာသော မမလေးကို ရင်ခွင်တွင် သိမ်းပိုက်ပြီး မျက်နှာကို မော့စေလျက် အထက်ကစီး၍ ပြုံးပြုံးကြီး စိုက်ကြည့်ကာ "ဘယ့်နယ်လဲ မလေးရဲ့ မောင်မောင်နဲ့ နေရသည် မှာ ပျော်ရဲ့လား" ဟု မေးလျှင် -

www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ ရှင်နောင်မောင်မောင်ကြီးဘုရား ဘုန်းတော်ရိပ် ခိုလှုံရသည်မှာ အလွန်ပင် ပျော်ရွှင် လှကြောင်းပါဘုရား" ဟု မမလေးက တိုးတိုးကလေး ပြန်၍ပြောလိုက်သောကြောင့် အသံအောကြီးနှင့်သဘောကျစွာ ရယ်မောလိုက်လာ -

"ဟဲဟဲဟဲဟဲ ... တကယ်ပဲလား မလေးရာ၊ ငါ့ကို ကြောက်လို့များ ညာနေရသလား"

"မဟုတ်ပါဘူး မောင်မောင်ကြီးဘုရား၊ တကယ်ပင် ပျော်ရွှင်လှပါတယ်၊ ဒီလို စည်းစိမ်ချမ်းသာမျိုးနှင့် မနေခဲ့ရဖူးတဲ့ ဇာတ်သမားကလေးပါ၊ ဘယ်မှာမပျော်ဘဲ နေနိုင်မလဲဘုရာ့"

"ယုံရတာပဗျာ၊ ကွယ်ရာမှာသာ အသစ်ဘယ်လိုကောင်းသော်လည်း အဟောင်းတလည်လည် အောက်မေ့ လှတယ်ဆိုတဲ့ စကားလို မျက်ရည်ကလေးတစိုစိုနှင့် တိတ်တိတ် ခိုးငို၍ မနေပါနဲ့" မငိုပါဘူးဘုရာ့ ယုံတော် မူပါ၊ ဟိုကလည်း ဖျက္ကျွန်မကို သတိရမယ် မဟုတ်ပါဘူး၊ မြို့သူကြီးရာထူးလည်းရ ရွှေကလည်း ငါးပိဿာ၊ ကြင်ယာဇနီးက နှစ်ယောက်ပြိုင် ကိုယ်တော်တိုင်က ချီးမြှောက်မစလိုက်လေတော့ စည်းစိမ် ယစ်မူးပြီး ချစ်ဦးကို မေ့လို့နေပါပြီ၊ ဖျက္ကျွန်မက သတိရလို့လည်း အကျိုးမထူးပါဘူးဘုရား၊ သားကလေး နှစ်ယောက် ကိုတော့ မှန်တဲ့အတိုင်း တင်လျှောက်ရလျှင် တစ်ခါတစ်ခါ လွမ်းမိပါရဲ့ ကိုယ်တော်"

"လင်ရှိရင် သားရှိလာပါလိမ့်မယ် မလေးရယ်၊ ဒါအတွက်တော့ မလွမ်းပါနဲ့၊ ကဲ မော့စမ်းပါ၊ ခုလို ပူပုံပန်း မျက်နှာ ကလေး ကလည်း တစ်မျိုးပဲ ချစ်စရာကောင်းလှတယ်၊ ဇာတ်သမမို့ ပါးစပ်ကလည်း ခရာ၊ အမူအရာ ကလည်း ကောင်းလွန်းလို့ သက်ဆုံးတိုင်ပေါင်းပြီး ထင်းပုံမှာ ခေါင်းချရသည်အထိ မိမိကို ချစ်ပါမယ်၊ အားမငယ် ပါနဲ့"

"ယခုလို ကြည်ဖြူတော်မူတာကို သိရလို့ ကိုယ်တော့်ကို တစ်အားကိုးပါတယ်ဘုရား၊ ကြင်ယာတော်ကြီးများ ကသာ တစ်ခုလပ် ဇာတ်သမက အရေးရောက်လှတယ်လို့ မျက်စိစပါးမွေးစူးကုန်ကြမှာ စိုးလှပါတယ်ဘုရား"

"အို ... ဒီလို ကြင်ယာတော်အချင်းချင်း ဂန်တိုမ့်စွာစိတ်ပြင်းပြီး စိတ်တွင်းက ကောက်ကျစ်ကြရိုးထုံးစံ မရှိဘူး မလေးရဲ့၊ ဒီလောက်များတဲ့ ကျုပ်မယားတွေဟာ ကျုပ်ကို အင်မတန် ကြောက်ရတယ်၊ တစ်ယောက် နှင့်တစ်ယောက် ကတောက်ကဆ မဖြစ်ရ၊ ပြုံစူ စောင်းမြောင်းခြင်းမရှိရ၊ သူသာတယ် ငါနာတယ်ဆိုတာ စိတ်မျိုးလည်းမထားရ၊ ကျုပ် သဘောမကျ တာကို ပြုမိကြလို့ ဒေါသထွက်လျှင်လည်း တစ်ခါတည်း အသက်နှင့် အိုးစားကွဲရမယ်ဆိုသည်ကို နားလည်ကြပါတယ်၊ ဒါကြောင့် သူတို့တစ်တွေဟာ ဘယ်အခါမဆို ပျော်ပျော်ရွှင်ရွှင် သိုက်သိုက် ဂန်းဂန်း နေကြတာကိုသာ တွေ့မြင်ရတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုလျှင် ဂမ်းမြောက်လှပါပြီ မောင်မောင်ကြီးဘုရား၊ ဂယ်ခါစ လွန်းပုဆိုးကလေးများ အရောင် မညှိုးခင် သာ နေ့တိုင်းဂတ်ချင်သော်လည်း ရေလျှော် တစ်ပတ်နွမ်းလျှင်တော့ အခန်းထောင့် တစ်နေရာမှာ စုပုံလို့ ချွတ်ခဲ့ဖို့ပဲ ရှိပါရဲ့ဘုရား"

"ဟားဟားဟား ... စကားတတ်တဲ့ မလေးရဲ့ ယခု ကျုပ်ဂတ်နေတဲ့ လွန်းပုဆိုးကလေးဟာ အသစ် ကြပ်ချွတ်မှ မဟုတ်ပါပဲကလား၊ အသစ်စက်စက်ထက် စုံမက်မြတ်နိုးလှလို့ တစ်ရေကျ တစ်ပတ်နွမ်း ကလေးကိုပဲ သူများလက်ထဲက အဓမ္မဆွဲလို့ ယူခဲ့ရသည်၊ ဘယ်ဆီမှာ သွားလို့ ချွတ်ထား နိုင်ပါတော့မလဲ၊ ကဲ ... ကဲ ... သည့်လောက် ပလီပလာ တီတီတာတာ ပြောတတ်တဲ့ ဟောဒီ လွန်းပုဆိုးကလေးကို ခေါက်ရိုး ကြေပြီး ချုပ်ကြောင်းဇရပွေ ပြဲတဲ့အောင် တစ်ခါတည်းစွပ်လို့ မချွတ်တန်းဂတ်လိုက်မယ် ... ဖယ် ... မလေး ... မရုန်းနှင့်" ဟု ပြုံးတဲ့၍ ဆိုဆိုပြောပြော မလေးတစ်ကိုယ်လုံးကို သိမ်းကြုံးရစ်ပတ်လျက် အဆက်မပြတ် အသက်ရှူကြပ် လောက်အောင် ကျီစယ်လိုက်ရာ ဘယ်ညာရှေ့နောက် အနီးအပါးရှိ ဇနီးများကလည်း အသီးသီး အားကျမခံ မောင်မောင်တုတ်ကို ပိုင်း၍ဖမ်းပြီး မောင်မောင်ကြီးဘုရား မောင်မောင်ကြီးဘုရား မမလေးကို ချစ်သလို ဖျကျွန်မတို့ကိုလည်း ချစ်တော်မူပါဦး" ဟု ဇရုန်းဇရင်း စစ်အင်ကျင်းသလို ကိုယ်လုံးချင်း နွှဲ့မီပြီး တသီတတန်းကြီး ဂန်းပိုင်းလာကြသဖြင့် မောင်မောင်တုတ်မှာ ဆင်ခိုးမကလေးကို လက်တစ်ဖက် ပိုက်ထားလျက်နှင့်ပင် နောက်ထပ် စီတန်းချီတက်လာသော ကြင်ယာတော်အပေါင်းကို အချစ် ဆွမ်းကြီး လောင်း၍ နေရလေသတည်း။

"ကိုရင်တုတ်ဖို့ ... ကိုရင်တုတ်" ဟု ခပ်အုပ်အုပ် ခေါ်လိုက်သောအသံကို စည်းစိမ်ခံရာမှ ရုတ်တရက် ကြားလိုက်သောကြောင့် မောင်မောင်တုတ်သည် နားကို လက်အုပ်၍ ထောင်လိုက်မိ သည်။

ခေါ်လိုက်သော အသံမှာ ဖဲကန့်လန့်ကာ၏ ဟိုမှာဘက်ဖြစ်သော အိမ်ဦးခန်းဆီမှ လွင့်လာသည်။ သည်အချိန် သည်အိမ်မှာ မောင်မောင်တုတ်ကို သည်အခေါ်မျိုးနှင့် ခေါ်ပုံ့သသူ မရှိ၊ အပြင်လူ တစ်ဦး တစ်ယောက် ကလည်း ဤနည်းနှင်နှင် အိမ်ထဲသို့ ဂင်၍ခေါ်ရဲမည်မထင်၊ ဧကန္တပင် မောင်မောင်ငယ် သာလျှင် ဖြစ်ရမည်ဟု အတတ်သိလေ၏။

မောင်မောင်ငယမှာလည်း မိမိနှင့် ရင်းနှီးချစ်ခင်သလောက် စရိုက်ချင်းမတူသူ ဖြစ်လေရာ အရေး အကြောင်း ကိစ္စမထူးခြားထဲ အကြောင်းမဲ့လာခြင်း မဟုတ်တန်ရာဟု တွေးမိသည်။ သို့နှင့် မည်သည့် အကြောင်းကိစ္စကြောင့် လာသည်ဖြစ်စေ ကြုံကြိုက်သောအခါဂယ် မောင်မောင်ငယ်အား ရင်းနှီးသူတို့၏ ကျီစယ်ခြင်းမျိုးဖြင့် ကျီစယ်လိုသောကြောင့် အနီးရှိခင်ထားမြအား "ဟဲ့ ... ခင်ထားမြ အပြင်ခန်းက ဧည့်သည် ကို သွားခေါ် ခဲ့" ဟု စေလွှတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြင်ယာတော်များ မှာ ယောကျ်ား ဧည့်သည်ကို ဘယ်အခါမျှ အတွင်းခန်းသို့ မခေါ်ဖူးဘဲ ထူးထူး ကဲကဲ ပြုမူသည့် ကိစ္စကို စိတ်တွင်းက အံ့သြလျက် ကြက်သေသေ၍ ငေးနေမိကြရာ အပြင်ထွက်သွားသော ခင်ထားမြ ပြန်ဝင်လာမှ သတိရကြလေ၏။

"ဟဲ့ ခင်ထားမြ ဘာကြောင့် တစ်ယောက်တည်း ပြန်လာရသလဲ"

"ဧည့်သည်က ကိုယ်တော့်အခန်းထဲ လိုက်မလာပံ့ပါဘူး မျက်စိရှက်ပါသတဲ့ဘုရား"

"အို ... သွား ... အတင်းအဓမ္မ ဆွဲခေါ်ခဲ့ကြ၊ ခင်ထားမြနဲ့အတူ ခင်မိုးသူနဲ့ ခင်ဖြူလိုက်သွား၊ မိမိသစ်နှင့် ခင်နှင်းဥတို့က သုံးယောက်အားနဲ့ ဆွဲလို့မနိုင်ရင် လက်ကို အတင်းဝင်ကိုင်ပြီး အဆောင်ထဲရောက်အောင် ဆွဲခေါ်ခဲ့ရမယ်" ဟု ဆိုသောကြောင့် ခင်ထားမြနှင့်အတူ ခင်မိုးသူ၊ ခင်ဖြူ၊ မိမိသစ်နှင့် ခင်နှင်းဥတို့ တပ်ချီ၍ ထွက်သွား ကြရပြန်လေ၏။

မောင်မောင်တုတ်က အနီးတွင် ကျန်ရစ်သော ကြင်ယာတော်တို့အား ကဲ ... မိမိတို့ မမတို့ ယခုလာတဲ့ ဧည့်သည်တော် ဟာ ကျုပ်နှင့် အလွန်တရာ ချစ်ကျွမ်းဝင်တဲ့ လူဖြစ်တယ်၊ သူလာလျှင် မိမိတို့က ကျုပ်ကို ပြုစု ယုယသလို ယုယုယယ ဧည့်ခံကြစမ်းပါဟု တိုးတိုးပြောဆိုမှာထားလျှင် "ကောင်းလှပါပြီ မောင်မောင်ကြီး ဘုရား" ဟုပြောပြီး ကွမ်းယာ၊ ဆေးလိပ်၊ အချိုပွဲ၊ အချဉ်ပွဲ၊ အကြော်အလှော် စမြိန် စားပွဲများကိုင်ကာ အရံသင့်စောင့်နေကြစဉ် ခင်ထားမြတို့ တစ်စုက "ရဲရဲကြွ တော်မူပါ၊ မောင်မောင် မကြွလာလျှင် ကျွန်မတို့ အပြစ်တင်ခံရပါလိမ့်မယ်"ဟု ဆိုဆိုပြောပြော တွန်းတွန်းပို့ပို့ တွဲမခေါ်ဆောင် လာသောကြောင့် မောင်မောင်ငယ်မှာ မိန်းမတွေအလယ်မှ ကသိ ကအောက် အားတုံ့အားနာနှင့် ဆုတ်ကန် ဆုတ်ကန် ပြုရင်း လိုက်ပါလာခဲ့ရင်း အဆောင်တွင်းရှိ မောင်မောင်တုတ်အနီးသို့ ရောက်လာလေ၏။

"ဟားဟား ... ထိုင်ပါ ကိုရင်ရာ၊ ဘာဖြစ်လို့များ မျက်စိရှက်ရတာတဲ့လဲ၊ ယောကျ်ားမဟုတ်သလိုပဲကိုးဗျ" ဟု မောင်မောင်တုတ် က ဆီးကြိုလက်ဆွဲကာ သလွန်ပေါ်တွင် နေရာရွှေ့ပေးပြီး နီးနီးကပ်ကပ် ယှဉ်ပြိုင်၍ ထိုင်စေ၏။

ငယ် ။ " ယောကျ်ားပေတဲ့ဗျာ ကိုရင်တုတ်ဟာက နည်းနည်းကဲလွန်းသလားလို့"

တုတ် ။ "မင်းပျို မင်းလွင်တို့မည်သည်မှာ လိမ္မာသလိုစံပြီး အရသာခံတတ်မှ လောက်အမြတ်ရတယ်ဗျ"

ငယ် ။ "တန်လျှင်ဆေး လွန်လျှင်ဘေးတဲ့၊ ဘာဖြစ်ဖြစ် သင့်တင့်လျှောက်ပတ်ရုံပဲ ကောင်းသဗျာ၊ ကာမဂုဏ်စည်းစိမ်ဆိုတာ မြိုးမြံနိုင်သမျှ မြိုးမြံမှတော်ကာကျတယ်"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ "အာရတီ-ဂိရတီဆိုတဲ့ တရားဟာ မတွေ့ခင်သာ ရှောင်နိုင်အောင် ဟောထားကြတာပါ၊ လက်တွေ့သုံးသပ်မိတဲ့ တစ်နေ့ကျတော့ သောက်လေသောက်လေ တော်မပြေတည့် ရေငန်ဆားကျင်း နွားတစ်သင်းသို့ ဆိုတဲ့ စကားက ပြတ်ပြတ်သားသား အနိုင်ရသွားတာပဲ မဟုတ်လား ကိုရင်ငယ်ရဲ့"

ငယ် ။ "အင်း ... ခင်ဗျားဆင်ခြေနဲ့ ခင်ဗျားအလုပ်ကတော့ တယ်ဟုတ်နေတာပဲနော်"

တုတ် ။ "ဟီ ဟိ ၊ ပျော်ပျော်ပဲလေ၊ ကဲ ... ကဲ၊ ကိုယ့်ရှောင်းရင်းလာတဲ့ အခိုက်အတန့်မှာ ဧည့်ဝတ်ကျေအောင် ပြုစုဖို့ရ ဂတ္တရားရှိတယ်၊ ခင်ခင်တို့၊ တင်တင်တို့၊ မိမိတို့ မမတို့ လာကြလာက၊ စားစရာ၊ သောက်စရာတွေနှင့်၊ ဧည့်ဝတ်ပြုကြပါ၊ ယပ်ခပ်သူကခပ်၊ ကွမ်း၊ ဆေး၊ လက်ဖက် ပေးသူကပေး၊ အချိုပွဲ၊ အချဉ်ပွဲတွေ တဂဲဂဲရောက်လာလျှက် ခြေသလုံးနှစ်ဖက် ဆုပ်နယ်သူကနယ်နှင့် မောင်မောင်ငယ်ကို ဝိုင်းအုံပြုစုကြသောအခါ ကျီးကန်းတောင်းမှောက်ပမာ ယောင်ချာချာဖြစ်လျှက် ခြေနှစ်ဖက်ကို ရုတ်တရက် ရုန်းဖယ်ပြီး တင်ပျဉ်ခွေကြီး ပြင်ထိုင်ကာ -

"ဟာ ... ဟာ ... တော်ကြပါဗျာ၊ မနှိပ်ပါနဲ့ တော်ကြပါ၊ အားနာစရာကြီး" ဟု ပြောလျှက် လက်ကာ တွန်းဖယ်၍သာ နေလေ၏။

"သုံးဆောင်တော်မူပါ မောင်မောင်ရဲ့" ဟူသော အသံစာစာကလေးများမှာလည်း စားစရာအမျိုးမျိုးကို ရှေ့သို့ တွန်းဖယ်၍ ပေးရင်း အတင်းအကျပ် နားပူနေကြတော့သည်၊ ကြာသော် မောင်မောင်ငယ်မှာ မနေသာ တော့ဘဲ -

"ကဲ .. ကိုယ်ရင်တုတ်ရာ ခင်ဗျားဟာတွေကို တဆိတ် သိမ်းဆည်းစမ်းပါဦး" ဟု တောင်းပန်ယူကာမှ အနည်းငယ် ရှဲသွားကြတော့သည်။

ငယ် ။ "ကိုရင်တုတ်ရယ် ကျုပ်တော့ ဒီလောက်များ ဒါတွေခင်ဗျားမို့ တတ်နိုင်ပေသည်၊ အံ့သြပါရဲ့ဗျာ၊ ကျုပ်တော့ ညည်းစော်ကို နံလာတာပဲ"

တုတ် ။ "အဲဒါ ခင်ဗျား မခံစားထိုက်လို့ထင်သဗျာ၊ ကျုပ်မှာတော့ ဒါနှင့်တောင် အားမရသေးပါဘူး၊ အသစ်ကလေးတွေ အချောအလှကလေးတွေသာ တွေ့ဦးမယ်ဆိုရင် အဆင်သင့်သလို ကြံဖန် ယူဦးမှာ ပါပဲဗျာ၊ ဟောဟိုနားက သနပ်ခါးရောင်ရင်စီးနှင့် တင်ကြီးကြီး ကိုယ်လုံးထွားထွား အသား ညိုစိမ့်စိမ့် ကလေး လှမ်းကြည့်စမ်း၊ ကျုပ်လက်ထဲရောက်စ သုံးရက်မျှသာရှိသေးတယ်၊ တယ်မရဲရှာသေးဘူး၊ အဲဒါ ခင်ဦးတဲ့၊ သူ့ကို ယူခဲ့ရတာ ကျုပ်မှာ ဓားတပြက် တုတ်တပြက်နဲ့ အတော်ကသုတ်ကရက် နိုင်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com

ငယ် ။ "အမယ်မင်း ... ငါ့သူငယ်ချင်းနယ် ဖြစ်မှဖြစ်ရလေ၊ မိန်းမက ရှားရှားလို့ထင်ရဲ့၊ တုတ်တပြက် ဓားတပြက်နဲ့များ ယူရရှာသကိုနော်"

တုတ် ။ "ခင်ဗျားက မသရော်ပါနှင့်ဦးဗျ၊ ကျုပ် ဒီလိုသိမ်းပိုက်ခံရတာကလည်း မခံချင်တာ တစ်ကြောင်းကြောင့်ပါပဲ၊ အဲဒီဇာတ်ကြောင်းကလေးလည်း နားထောင်စမ်းပါဦး"

ငယ် ။ "ဟောတော်မူပါဗျာ၊ ခင်ဗျားရဲ့ ကာမဂုဏ်ယပ်လှဲ့တရားကို နားသောတဆင်ပမယ်"

တုတ် ။ "ဟိုမြို့ဂန်ဦး ................ အကြောင်းကို ခင်ဗျား ကြားဖူးတယ်မဟုတ်လား။ သူကလည်း မယားခပ်များများပဲလေ၊ ခင်ဦးရဲ့ အစ်ကိုကြီးတစ်ယောက်ဟာ ရာဇဝတ်မှု ရောက်တာနှင့် မြို့ဂန်မင်းဆီမှာ အကူအညီသွားတောင်းရှာတယ်၊ ဒီတော့ မြို့ဂန်က ခင်ဦးကို သိမ်းပိုက်ရမှ သူ့ အစ်ကိုကြီးကို အမှုက လွတ်အောင်ကြံပေးမယ်၊ ဒီအမှုဟာ သူ့လက်ထဲမှာရှိတယ်၊ သူ့အပြင် ဘယ်သူမှ မကယ်နိုင်ဘူးလို့ ခြိမ်းခြောက်တာနှင့် ယူပါမယ်လို့ အာမခံရရှာသတဲ့"

ငယ် ။ "ဒါနှင့် ခင်ဗျားလက်ကို ဘယ်လိုရောက်လာရသည်လဲ"

တုတ် ။ "အဲလေ ဆက်ပြောပါဦးမယ်၊ တကယ်ဆိုတော့လည်း ခင်ဦးရဲ့ အစ်ကို ကြီးဟာ ကျုပ်တပည့် မောင်မောင်ဦးတို့ဂိုဏ်းက လူငယ်တစ်ဦးပါ၊ မြို့ဂန်က မလွှတ်ခင် အထက်အမိန့်က လွှတ်ပြီးသားပဲ၊ မြို့ဂန်ကလည်း ရောင်တော်ပြန်နှင့် ရောလွှတ်ဆိုသလို သူ့အစွမ်းနဲ့ လွှတ်နိုင်တဲ့ အနေမျိုးနဲ့ ခင်ဦးကို မလိမ့်တပတ်သိမ်းချင်လို့ လွှတ်ဖို့ရက်ဆွဲပြီးထားရာမှာ အဆင်သင့်စွာနဲ့ ခင်ဦးဟာ ကျုပ်နှင့်လာတွေ့ရော၊ ကျုပ်ကလည်း မြင်တယ်ဆိုရင်ပဲ တစ်ခါတည်း ကြိုက်ချင်ချင်၊ သူ့ခမျာကလည်း မြို့ဂန်မင်းစားမဲ့အစား ဖြစ်နေကြောင်း ဇာတ်လှန်လို့ အမှန်ကို သိရတော့ ခင်ဦးကို မြို့ဂန်အိမ်ခေါ်လာတဲ့နေ့မှာ ကျုပ်တပည့်များက လမ်းခရီးအကြားမှာ ဂင်လုတာပဲ၊ မြို့ဂန်ရဲ့ လူတွေကလည်း သတ္တိနည်းကြတဲ့လူတွေမှ မဟုတ်ပဲကလား၊ ဓားလွတ်တွေ တရမ်းရမ်းနှင့် အစွမ်းရှိသလောက် တစ်ယောက်မကျန် ခုခံကြတယ်"

ငယ် ။ "ဩော် ... ဟိုတစ်နေ့က ဒေးဂန်းရပ်နားမှာ အဆောင်ကိုင်သမားတွေ ဓားချင်းခုတ်ကြတယ်ဆိုတာ ဒီကိစ္စထင်ပါရဲ့"

တုတ် ။ "ဟုတ်တယ် ... ဟုတ်တယ် ဓားချင်းခုတ်လို့ သူတို့ဘက်က နှစ်ယောက်ကျသွားတယ်လေ၊ နောက် ကျုပ်ဆီက လူတွေကများလို့ အားမတန်တာနှင့် မာန်လျှော့သွားကြတာကလား၊ ခင်ဦးကိုလည်း ကျုပ်လူများက တစ်ခါတည်း ခေါ်လာနိုင်ခဲ့တယ်၊ အဲဒါတောင် ကိုရွှေမြို့ဂန်ကလေးက ကြွက်မနိုင် ကျီမီးရှို့တဲ့သဘောနှင့် ခင်ဦးရဲ့ အစ်ကိုကြီးကို အချုပ်ထောင် ထဲက မလွှတ်ဘဲထားလို့ ကျုပ်လူတွေ သွားလွှတ်ရတယ်၊ ဒါတောင် ရိုက်ထားလိုက်တဲ့ ဒဏ်ရာတွေ နည်းတာမဟုတ်ဘူး၊ မြို့ဂန်ကလည်း

www.burmeseclassic.com

www.burmeseclassic.com

သူစားမဲ့ ထမင်းပွဲကို ခြေနင့်ကန်လှဲရမလားလို့ ကျုပ်ကိုတော့ နည်းနည်းမှ အခဲမကျေဘူးတဲ့၊ ဒါပေတဲ့ဗျာ ကျုပ်က သူ့ထက် တန်ခိုးအာဏာကြီးနေလို့သာ နည်းနည်းမှ သူ့ခမျာ အသာခေါင်းငုံ့နေရတာကလား"

ငယ် ။ "အင်း ... မယားအရေးကြောင့် စပ်ကြားက ဓားဘေးသင့်တဲ့ အဆောင်ကိုင်သမား နှစ်ယောက်အတွက်ကော သူတို့ဘက်က အရေးမယူဘူးလား"

တုတ် ။ "သူတို့ကိစ္စ မူရင်းကိုကမှ မရိုးမသားဘဲနှင့် စ,ခဲ့တဲ့ဟာဆိုတော့ ဘယ်မှာ လမ်းဆုံးအထိ လိုက်ပံ့မလဲ"

ငယ် ။ "ဒါပေတဲ့ အမှုမဲ့အမှတ်မဲ့တော့ မနေနဲ့ကိုရင်ရဲ့၊ သတိကီရိယ အမြဲထားပါ၊ မြို့ဝန်ကလည်း စိတ်အတော်ထက်တဲ့လူဗျ"

တုတ် ။ "သူ ထက်မြက်တာတွေ ကျုပ်သိပါတယ် ကိုဖေငယ်ရာ၊ ထက်ရုံမကဘူး ညစ်ပတ်တာကလည်း ရှိသေးတယ်၊ တပည့်လူဆိုးတွေ မွေးထားတာလည်း တယ်မနည်းဘူးတဲ့ဗျ။ ကျုပ် သိရသလောက်တော့ မအူမလည်နှင့် ဥစ္စာကြေးငွေ ကြွယ်ဝတဲ့ လူတစ်ဦးဦးရဲ့ အိမ်က ပစ္စည်းများကို လိုချင်ပြီလားဆိုမှဖြင့် ဒီမြို့ဝန်က အိမ်ရှင့်နှင့် အလွမ်းသင့်အောင် ပေါင်းလိုက်သေးတယ်၊ တစ်နေ့ကျတော့ ပျော်ပွဲရွှင်ပွဲအဖြစ်နှင့် အိမ်ရှေ့သွားပြီး ဇာတ်ပွဲများ ခံပေးလိုက်သေးတယ်၊ အိမ်သားတွေ ပွဲခင်းထဲဆင်းပြီး မေ့မေ့လျော့လျော့ နေကြပြီဆိုမှ သူ့တပည့်တွေက တိတ်တဆိတ် နောက်ဖေးလှေကားက လိုချင်သလို ပစ္စည်းပစ္စယာ သေတ္တာကြီး၊ သေတ္တာငယ်တွေကို လှည်းနှင့်တိုက်သယ်ကြတာပဲတဲ့"

ငယ် ။ "တယ်မဟန်ပါဘူးဗျာ၊ သူ့ပစ္စည်းရှင်များကလည်း ဒါလောက် အတင့်ရဲတာ မသိကြတော့ ဘူးဟာလား"

တုတ် ။ "နောက်တော့ ရိပ်မိသလိုလို ရှိပေမဲ့ မြို့ဝန်ဆိုတဲ့ ဂုဏ်ပုဒ်နှင့် တန်ခိုးအာဏာကထက်ပြီး နိုင်လိုမင်းထက် လုပ်ချင်တဲ့ သူ့ဂသီကို ဓာတ်သိသွားကြတော့ ပြိုင်ဆိုင်ပြောဆိုဖို့လည်း အင်အားချင်း မမျှလေတော့ ကြိတ်ပြီးသည်းခံလိုက်ကြရတာပဲတဲ့၊ ဒါနဲ့ တချို့ ကုန်သည်ကြီးတွေ၊ သူကြွယ်ကြီးတွေဟာ နောက်များ သူ့အမိန့်နဲ့ ရပ်ကွက်ထဲ ဇာတ်ပွဲလာခံမယ်ဆိုရင် အင်မတန် ကြောက်လန့်တကြား ဖြစ်ကြပြီး ရှိတဲ့ပစ္စည်းကလေးတွေ တစ်နေရာ သွားပှက်ထားရဆိုပဲ"

ငယ် ။ "ဩော် ... တယ်လည်း ညစ်ပတ်စုတ်ပဲ့တဲ့ အကြံပါပေဗျာ၊ အင်း ... ဒါလောက် ဗိုလ်လုပ်ချင်တဲ့လူဟာ ဒီတစ်ခါ ခင်ဗျားကို ခံလိုက်ရတဲ့အဖြစ်ကဖြင့် အတော့်ကို အကျနာသွားရှာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

တုတ် ။ "ခင်ဦးရဲ့ အင်္ဂါရုပ်ကလည်း အဟုတ်ကို မက်မောလောက်ပါပေတယ်ဗျာ၊ ကျုပ်သာ အချိန်မီ မတွေ့လိုက်ရင် မခက်ပါလား၊ ကဲ ... ကဲ စကားကောင်းနေလိုက်တာ စားစရာတွေ သုံးဆောင်စမ်းပါဦး ကိုယ့်လူရာ၊ လာတဲ့အခါ အေးအေးဆေးဆေးပေါ့"

ငယ် ။ "သိပ်တော့ အချိန်ကြာအောင် အေးအေးစွာ မနေနိုင်ဘူး ကိုရင်တုတ်ရဲ့၊ ယခု ကျုပ်လာခဲ့ရတာက ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား အမိန့်တော်နှင့် လာခဲ့ရခြင်းဖြစ်တယ်၊ ခင်ဗျား အခန်းထဲမယ် စည်းစိမ် ယစ်နေလို့ အတော်ကြာစောင့်နေပါသေးရဲ့၊ တော်တော်နဲ့ ကိစ္စပြီးမှာ မဟုတ်တာနဲ့ အပြင်က လှမ်းခေါ် ရတာပဲ"

တုတ် ။ "ဩော် ... ဒါဖြင့် ပြောစမ်းပါဦး ဘယ်လိုအမိန့်တော်များ ပါရှိပါသတုံး"

ငယ် ။ "တစ်နေ့ကပဲ ကျုပ်နမကလေး ခင်အကြီး သူ့မေဖျားတို့အိမ် ပြန်ရောက်သွားပြီဗျ၊ အရှင်နန်းမတော် ဖုရားကလည်း တစ်လလောက် ဆေးပါးကုဖို့ အိမ်ပြန်နေခွင့် ပြုလိုက်သည်တဲ့"

တုတ် ။ "အို ... ဒီလိုဖြင့် ကျုပ်တို့ ကြံခွင့်စည်ခွင့် ရကြပြီပေါ့"

ငယ် ။ "ဟုတ်ပါတယ်၊ အဲဒါ ရွှေနန်းရှင်ဘုရားကို ကျုပ် သွားပြီး သံတော်ဦးတင်တော့ အလျင်အမြန် မောင်မင်း အိမ်ပြန်သွားရမည်၊ မောင်တုတ်ကို ခေါ်၍ ဒိုင်းဂန်ကတော်ကြီးပါ သုံးဦးပေါင်း တိုင်ပင် ဆွေးနွေးပြီး ဘယ်နည်းဘယ်ပုံပြုရန် သင့်တော်မည်ဆိုတာ ငါ့ထံလာ၍ သံတော်ဦးတင်ရမည်တဲ့ ကိုရင်တုတ် ရဲ့"

တုတ် ။ "အို ... ဟုတ်ကဲ့လား၊ ရွှေနန်းရှင်ဘုရားက ကျုပ်တို့အပေါ် တာဝန်ပုံပြီး အကုန်လွှဲလိုက်သည် ဆိုပါတော့"

ငယ် ။ "ဟုတ်တယ် ကိုရင်တုတ်၊ ကျုပ်တို့ လုပ်ကိုင်ကြံစည်ရမည့် အလုပတွေ ပေါ်လာပြီး၊ ဒီကနေ့ကစပြီး ဒိုင်းဂန်ကတော် အရီးဖုရားနှင့် ခင်ဗျားတို့ ကျုပ်တို့ တိုင်ပင်လို့ အဆင်ပြေသလို စခန်းသွားကြရလိမ့်မယ် ကိုရင်တုတ်ရဲ့"

တုတ် ။ "ဟုတ်ကဲ့ ကိုဖေငယ်၊ အမြန်အနေး ယခုညဥ့်ပင် ပြေး၍ အရေးတကြီး ဆွေးနွေးနီးနှော ကြတာပေါ့၊ ကဲကဲ ... အချိန်က စကောစကနှင့် ညစာသုံးဆောင်ပြီးမှ အရီးဖုရားထံ သွားကြပါစို့၊ ဟဲ့ ... ခင်ဆွေကြီးတို့ ခင်နှင်းဥတို့၊ ညစာသုံးဆောင်ဖို့ ပြင်ကြစမ်း" ဟု လှမ်း၍ အမိန့်ပေးလိုက်ရာ အတန်ကြာက ရှဲဖယ်သွားသော မောင်မောင်တုတ်၏ ကြင်ယာအများသည် ဂတ္တရားအတိုင်း

www.burmeseclassic.com

အနီးအနားသို့ ပိုင်းရံရောက်လာ၍ ညစာပွဲရုံကြီးကို အရေးတကြီး ဆိုင်ရာဆိုင်ရာ တာဝန်ခံလျက် အမြန်ပြင်ဆင်နေကြလေ၏။

ဂသန္တန် အချိန်အခါဖြစ်၍ မိုးတိမ်တိုက်များမှာ ဂဏှာမငြိမ် ပြေးလွှားလှုပ်ရှားလျက် ရှိသောကြောင့် ညဉ့်ဦးယံ လခြမ်းကလေးသည် မိုးသားတိမ်တိုက်ကြားတွင် ထွက်ချည်ဝင်ချည်၊ ငုပ်ချည်ပေါ်ချည်၊ မှောင်တစ်ချီ၊ လင်းတစ်လှည့်နှင့် ဖြစ်နေလေ၏။ ရွှေမြို့တော်အတွင်း တောင်မျက်နှာ မင်္ဂလာတံခါး လမ်းသည် ဝင်းခြံကြီးချင်း ဆက်ကာဆက်ကာ တည်ရှိသော မှူးတော်မတ်တော် မြို့စားရွာစား စသော မင်းရာဇာ တို့ နေထိုင်ရာ ရပ်ကွက်ဖြစ်သည့်အတွက် အကူးအသန်း လူသွားလူလာ များစွာ မရှိလှဘဲ သဲလမ်း တစ်လျှောက်တွင် မှောင်မည်းသော မန်ကျည်းပင်ရိပ်များ ကျရောက်လျက်ရှိ၍ လမ်းပေါ်၌ ဖားဂုံညင်း၊ ဖားတလက်တို့သာလျှင် မိုးရေစွက်စွက်တွင် ပျော်ရွှင်ဆူညံလျက် ရှိလေ၏။

ဒိုင်းအတွင်းဝန်မင်းနေအိမ် ဆင်ဝင်ခန်းဓါသည့် အိမ်ဦးခန်းတွင် အတွင်းဝန်မင်း ညဉ့်ညီလာခံသို့ တက်ရောက်ခစားနေသောကြောင့် အခါတိုင်းဆိုလျှင် တံခါးများ ပိတ်ထားမြဲဖြစ်သော်လည်း ထိုနေ့အဖို့မှာ ပြူတင်းကဲလားတွေ ဖွင့်လှစ်၍ ဖန်သားဖန်ကျည် တစ်ပင်တိုင် မီးအိမ်များကို ပျားဖယောင်း တိုင်ကြီးများ ထည့်၍ ထွန်းထားသောကြောင့် အလင်းရောင်များ ထိန်ဝေလျက် ရှိလေ၏။

သို့ရာတွင် အတွင်းဝန်မင်းကား ထုံးစံအတိုင်း ရွှေနန်းရှင်ဘုရားထံတော်တွင် ညဉ့်ဦးယံ ညီလာခံ ဝင်နေဆဲ ဖြစ်ရာ အဆောင်ဦး၌ ဒိုင်းဝန်ကတော်ကြီး၊ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ခင်ခင်ကြီးကို အနီးမှ ထားပြီး အရေးကြီးသော အကြံအစည်များ တိုင်ပင်ပြောဆိုလျက် နေကြဆဲ ဖြစ်လေ၏။

ဝန်ကတော်ကြီးမှာ မတ္တရာ ကွမ်းသီးဖက်ချော ရွှေရောင်ပြားပတ် ဆေးပေါ့လိပ်ကြီးကို မီးခိုး တထောင်းထောင်း ထအောင် သောက်လျက်ရှိ၍ မောင်မောင်တုတ်မှာ ကွမ်းအုပ်ထဲမှ ကွမ်းနဂါကို တစ်ယာပြီးတစ်ယာ အဆက် မပြတ် ယာစားရင်း၊ (*) လေးညှင်း၊ နာနတ်သီးထဲမှ လေးညှင်းပွင့်ကိုနုတ်၍ စားလိုက်၊ ဖော့ပန်း ချယ်ထားသည့် (**)ဆေးဖုံးကိုဖဲ့၍ စားလိုက်နှင့် စိတ်ကူး ကုတ်လျက်ရှိသည်တွင် မောင်မောင်ငယ်ကလည်း ဝန်ကတော်ကြီးအနီးရှိ ကျောက်စိမ်းလက်ဖက်အုပ်ထဲမှ (***) ကြက်သွန်ပိုးတီကြော်နှင့် (****) ချင်းဆပ်ကုံးများကိုသာ ရွေးချယ်စားသောက်လျက် လက်တစ်ဖက်ကကိုင်ထားသော ရွှေဇီ လက်ဖက် ခြောက်ရည် ခပ်ပူပူကို တရှူးရှူးမှုတ်၍ သောက်ကာ မောင်မောင်တုတ် ပြောမည်ဖြစ်သော စကားကို ငြိမ်သက်စွာ စောင့်စားလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

(* လေးညှင်း၊ နာနတ်သီးဆိုသည်မှာ နန်းတော်သူများ အယဉ်အနသုံးသော ပစ္စည်းဖြစ်သည်။ ကွမ်းစားရန် လေးညှင်းပွင့်များကို ကွမ်းအစ်တွင် ရောရောနှောနှော စုပုံမထားဘဲ ဖော့ကို နာနတ်သီးသဖွယ် လှီးကာ အနီရောင် ဆိုးလျက် အောက်တစ်ဖက်က ရွှေရောင်ပြားစိမ်းကို အညှာသဖွယ် စိုက်သည်၊ အပေါ်မှလည်း ရောင်ပြား စိမ်းများကို နာနတ်ရွက်သဏ္ဍာန် ဖွာဖွာကိုက်၍ ထိုးစိုက်သည်။

ဖော့ဖြင့်ပြုပြင်ထားသော နာနတသီးကိုယ်ထဲတွင် လေးညှင်းပွင့်များ ပတ်လည်ထိုးထားသောအခါ နာနတ်သီးမျက်ကွင်းများ ဖော်ပေးသည်နှင့်တူသည်)

(** ဆေးဖုံဆိုသည်မှာ ကွမ်းစားဆေးကို ရွှေဆိုင်းကဲ့သို့ ၂ လက်မပတ်လည် အထပ်များပြုလျက် အထက်အောက် တစ်ဖက်တစ်ချက် ရွှေရောင်ပြားပိတ်၍ အပ်ချည်ဖြင့် ဖိညှပ်ချုပ်ထားသည်၊ အပေါ်က ဖော့ပန်းကလေးများလှီး၍လည်းကောင်း၊ သီကြားရုပ်၊ နဂါးရုပ်၊ ကဏန်းရုပ်၊ စသည်ဖြင့် လက်မြောက်သူ တို့က အမျိုးမျိုး ရုပ်လုံးဖော်လှီး၍ အလှအပ တပ်ဆင်ထားခြင်းဖြစ်သည်။)

(*** ကြက်သွန်ပိုးတီကြော်မှာ လက်ဖက်နှင့်စားသော ကြက်သွန်ဖြူကြော်ဖြစ်သည်၊ ကြက်သွန်ဖြူကို ပိုးတီးလှီးပြီး မျက်လုံးနစ်ဖက် နေရာကို ရှမ်းနှမ်းထည့်၍ ကြော်လျှင်ကျက်သောအခါ ပိုးတီကောင် ကလေးကဲ့သို့ စန့်ထွက်လာသည်၊ စားရာတွင်လည်း ရွှ၍ အရသာရှိသည်။)

(**** ချင်းဆပ်ကုံးမှာ လက်ဖက်နှင့်စားသော ချင်းကို ဆပ်ကုံးငယ်သဏ္ဍာန် နနယယ၊ လှီးပြီးမှ အချဉ်ဖြင့် စိမ်ထားခြင်း ဖြစ်သည်။

နန်းသုံးအယဉ်အန စားသောက်ဖွယ်ရာများဖြစ်၍ ထိုခေတ်က နန်းတော်သူ၊ နန်းတော်သားများ၊ မင်းဆွေ စိုးမျိုးများ သုံးစွဲ စားသောက်လေ့ရှိသည်။)

ယင်းသို့ အတွးကိုယ်စီနှင့် ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေရာမှ ခင်ခင်ကြီးက စတင်၍ "ဟင် ... အစ်ကိုတို့ဟာက ဘယ်လိုဖြစ်ကြတာလဲ၊ မရဲဘဲနှင့် ကျွဲမြီးကြီး စီးကြလို့၊ ခင်ကြီးသက်သက် ဒုက္ခ ရောက်ရတာပါ၊ ဒီလိုသာ တောင်မင်း မြောက်မင်း မကယ်နိုင်လို့ တမှိုင်မှိုင် ဖြစ်နေကြရင် ခင်ကြီး စိတ်ရှုပ်တာနဲ့ ရူးတော့မှာပဲ" ဟု ပြောလိုက်သည်။

"ညီမလေးကို စိတ်အေးအောင် ကိုကိုကြီးတို့ ကြံဆောင်ပေးပါမယ်ကွယ်၊ ခဏလေးစောင့်ပါ၊ ခင် ခုလို ဒုက္ခ ရောက်တာလည်း အစ်ကိုကြီးတို့ ပယောဂမကင်းပါဘူး၊ ချက်ချင်း နေရာကျအောင် ဆောင်ရွက် မပေးနိုင်တာကိုပဲ ကိုကြီးတို့မှာ မချင့်မရဲ ဖြစ်နေပါတယ် ခင်ရယ်" ဟု မောင်မောင်တုတ်က နှစ်သိမ့်စေသည်။ သို့ရာတွင် ခင်ခင်ကြီးမှာ အလွမ်းမီးတောက်နေဆဲ ဖြစ်သောကြောင့် -

www.burmeseclassic.com

" ကိုကိုကြီးတို့ ကြုံစည်ရာလည်း ခင်သိပါတယ်၊ သို့ပေမဲ့ အကျိုးအကြောင်း၊ အဆိုးအကောင်း ဘာမှနားမလည်ပါ၊ ခင့်မှာ ရွှေနန်းရှင်ဘုရားနှင့် မတွေ့ရဘဲ ယခုလို ရက်ရှည်နေ့ရှည် ခွဲနေရတာကိုသာ မခံမရပ်နိုင်အောင် ရှိပါတယ်၊ ရွှေမျက်နှာတော်ကို ဖူးမြော်လို့နေရမည်ဆိုလျှင် ထမင်းမစားရချင်လည်း နေပါ စေတော့ အစ်ကိုရဲ့ " ဟု ငိုရှိုက်ပြီး ကလေးဆိုးကြီးလို ပြောရာတော့ သည်။ ဂန်ကတော်ကြီးလည်း သမီးကို ကျောသပ်ကာ -

"မငိုပါနဲ့သမီးရယ်၊ သမီး စိတ်ချမ်းသာအောင် မေဖျားတို့ ဆောင်ရွက်ပေးပါမယ်၊ ကဲ ... မောင်မောင်တို့ရယ်၊ ဘယ်လိုများ စီမံဆုံးဖြတ်ကြမလဲ ပြောကြစမ်းပါဦး"

တုတ် ။ "ကျွန်တော်တို့တော့ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသလို ရွှေနန်းရှင် ဘုရား၏ မူလ ရည်ရွယ်တော်မူရင်းအတိုင်း ခင်ခင်ကြီးကို ဆောင်ရမိဖုရားတစ်ပါးအဖြစ်ရောက်ရန် အမြန်ဆုံး ဆောင်ရွက်ဖို့ စီမံဆုံးဖြတ်ရတော့မှာပဲ အရှီးဖုရားရဲ့"

ဂန်ကတော် ။ "အဆောင်သီးခြားနှင့် မိဖုရားအဖြစ် ကောက်ယူမြှောက်စားတော်မူတဲ့ ကိစ္စမှာ ရွှေနန်းရှင်ဘုရားအလိုတော်သာ ဖြစ်ပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အရှီးဖုရားတို့က ဘယ်လိုလုပ် ကိုင် စီမံစရာ လိုပါသေးသလဲ"

တုတ် ။ "ရွှေနန်းရှင်ဘုရားကတော့ ခင့်အပေါ်မှာ အင်မတန်လည်း မြတ်နိုးတော်မူပါသည်၊ မိဖုရား တစ်ပါးအဖြစ် ထင်ထင်ရှားရှား အဆောင်တော်သနားတော်မူရန် အချိန်အခါတန်လျှင် အမှန်ပင် ချီးမြှောက်တော်မူပါလိမ့်မည်၊ အချိန်အခါဆိုသည်မှာလည်း ကြာချင်လည်းကြာပါမည်၊ မြန်ချင်လျှင် လည်း နက်ဖြန်သန်ဘက် ဆိုသလို ရုတ်တရက် အကွက်ဆိုက်လာပါမည်၊ ဒီတော့ အဆောင်ရ မိဖုရားတို့၏ အသုံး အဆောင်များ အရေးရှိလျှင် အဆင်သင့်ရနိုင်ရန် စီမံပြင်ဆင်ထားက အမှားနိုင် ဘူးထင်ပါသည် အရှီးဖုရား"

ဂန်ကတော် ။ "ကောင်းပါပြီ မောင်မောင်၊ အဲဒီတာဂန်မှန်သမျှကိုတော့ အရှီးဖုရားက စီမံပြင်ဆင် ထားလိုက် ပါမည်"

ငယ် ။ "ဒီကိစ္စကို ရက်များမကြာခင် အေးချမ်းစွာ ပြီးမြောက်စေရန် ခင်အကြီး အိမ်ပြန်ခေါ်ခဲ့ရသည်၊ ခင်အကြီး ရွှေနန်းတော်ပေါ်က အိမ်ပြန်ရောက်သည်နှင့် တစ်ချက်တည်း မောင်မင်းတို့ ကြည့်လို့ စီစဉ် ကြစေလို့ ရွှေနန်းရှင်ဘုရားက အမိန့်တော် ပေးထားပြီး၊ ဒီတော့ အမြန်နှင့်အနေး ကိစ္စပြီးမြောက် ဖို့အရေးကို ကျုပ်ဆို လက်ထဲမှာပဲ ရှိသဗျ"

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ကြီး ။ " အစ်ကိုတို့ဟာ အစ်ကိုတို့ နေးလိုနေး၊ မြန်လိုမြန် ကြံချင်သလိုသာ ကြံကြပါ၊ ခင်ကြီး အလိုကို ပြောရမှာဖြင့် ခုလောလောဆယ် ရွှေနန်းရှင်ဘုရားကို သွားလို့ဖူးချင်လှပါတယ်၊ ဘယ်နေ့ ဘယ်လောက်မှ မျက်နှာတော်ကို ဖူးမြင်ရပါ့မလဲ"

တုတ် ။ "ကိုကိုကြီးတို့ စီမံစိုင်းပြင်းနေကြတဲ့ အတောအတွင်းမှာ ခင်နှင့် ရွှေနန်းရှင်ဘုရားကို ဘယ်လိုနည်းနှင့် တွေ့ခွင့်ရအောင် ကြံဆောင်လို့ပေးရမလဲ၊ ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင် ဒီကို ထွက်တော်မူရန်လည်း ကေရာဇ်ဘုရင်တစ်ပါးအဖြစ်နှင့် စဉ်းစားလိုက်လျှင် လားလားမျှ သင့်တော် မည် မထင်ဘူး ခင်ရဲ့"

ဂန်ကတော် ။ "ဒီပြင့် နည်းလမ်းများ ရှိပါလိမ့်ဦးမယ် မောင်မောင်ရယ်"

ခင်ကြီး ။ "ကြံစည်ပေးပါဦး ကိုကိုကြီးရယ်၊ ခင်ကြီးလေ မိဖုရားတွေ ဘာတွေ မဖြစ်တာဖြစ်တာ ဘာမှဂရုမစိုက်ချင်ပါဘူး၊ ရွှေနန်းရှင်ဘုရားကို ဖူးနေရရင် ဂမ်းသာတာပါပဲ"

ငယ် ။ "ခင့်စိတ်ချမ်းသာမှုကို ကြိုးစားပါ့မယ်၊ ဒီမှာ ကိုတုတ်ရဲ့ နက်ဖြန်ညကို ရွှေနန်းရှင်ဘုရားထံ ခင့်ကို ခေါ်ဖို့ ရေးဦးစွာ ကြံကြစို့"

တုတ် ။ "အရင်နေရာမှာတွေ့ကြလို့ ဖြစ်ပါ့မလားဗျာ"

ငယ် ။ "ဒီနေရာမှာ မဖြစ်လျှင် ဖြစ်နိုင်မည့်နေရာကို ရွှေနန်းရှင်ဘုရားထံ အမိန့်တော်ခံတာပ"

တုတ် ။ "ရွှေနန်းတော်အရှေ့ပိုင်း တစ်နေရာရာမှာ ရွေးကြရင် ရစရာရှိပါတယ်၊ ခင်ခင့်ကို ကျုပ်တို့နှင့်အတူ ယောက်ျားကလေးအသွင် ဂုတ်ဆင်ပြီး လိုက်စေလျှင် နေ့စဉ် အသွားအလာ လွယ်ကူပါတယ်"

ငယ် ။ "နန်းမတော်ဖုရားအဆောင်တော်မှာ ခစားနေစဉ်ကတော့ ခင်အကြီးကို ခေါ်ရတာ အင်မတန် ကျဉ်းကြပ်လှပါတယ်၊ ယခုလို ကိုယ့်အိမ်က ကိုယ်သွားနိုင်လျှင် အင်မတန် လွတ်လပ်တာပါပဲ"

တုတ် ။ "ရွှေနန်းရှင်ဘုရားကလည်း ဒီအကြံကို လက်ခံတော်မူလိမ့်မယ်လို့ ထင်တယ်"

ငယ် ။ "ဒီလိုဆိုလျှင် နက်ဖြန်မနက်ပိုင်း ညီလာခံမှာ ဒီအကြံကို သံတော်ဦးတင်ကြစို့၊ ဒီတော့မှ ညဥ့်ဘက်ကို ညီလာခံကျုပ်တို့ဝင်လျှင် ခင့်ကို တစ်ခါတည်း ခေါ်သွားနိုင်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဂန်ကတော် ။ " ကဲ… သမီး မျက်ရည်ကလေး တလည်လည်နှင့် ငိုမနေပါနဲ့တော့ကွယ်၊ သမီးရဲ့ အစ်ကိုကြီးတွေက ဘယ်လောက်များ ကြိုးစားနေရှာကြသလဲ၊ ကဲကဲ နက်ဖြန်ညကိုပဲ ရွှေနန်းရှင်ဘုရားနှင့် တွေ့ရစေမယ်တဲ့ ဘာမှမပူနှင့်"

ခင်ခင်ကြီး ။ "ဂမ်းသာလိုက်တာ မေဖျားရယ်၊ တကယ်ပဲ တွေ့ရပါစေနော်၊ ဘုရားသိကြား မတော်တဆ အနှောင့်အယှက်တွေ့ပြီး အကြံပျက်စီးမသွားပါစေနှင့်" ဟု မျက်နှာရွှင်ရွှင်နှင့် ဆုတောင်းနေလျှင် ဂန်ကတော် ကြီးသည် ကလေးသဖွယ် အေးလွယ်ပူလွယ် ဖြစ်နေရှာသော သမီးကလေးကိုကြည့်လျက် ကရုဏာသက်မိလေသည်။ မောင်မောင်တုတ်မှာ စိတ်ခိုင်သူဖြစ်၍ အကြောင်းမထူးခြားလှသော်လည်း မောင်မောင်ငယ်မှာ နဂိုမူလက ပယောဂမကင်းသဖြင့် ရင်တွင်းမှာ မချိမဆန့် ဖြစ်သွားပြီး ခင်ကြီးကို ငါတို့ပင်း၍ ဖျက်ဆီးလိုက်ကြတယ်၊ ငယ်စိတ်ငယ်သွေးနှင့် ကလေးလိုနေသူကလေးတစ်ဦးဟာ ငါတို့ရှေ့ မှာပင် လင်တရူးမကလေး ဖြစ်နေရရှာပါပေါ့ကလားဟု ရင်ထုမနာ သနားလိုက်မိတော့သည်။ သို့ကြောင့် ပင်လျှင် ဘယ်ကမ်း တင်တင် ဘယ်သောင်ဆိုက်ဆိုက် ခင်ခင်ကြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည့် ကိစ္စမှန် လျှင် အသက်ကိုပင် အန်၍လဲလိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။

အတန်ကြာလျှင် တဖွဲဖွဲကျနေသော မိုးများစဲလျက် အပြင်ဘက်လမ်းမဆီမှ မြင်းဟည်းသံများ လူသံများကြားရ၍ ဂန်ကတော်ကြီးက "ဟော … မောင်မောင်တို့ ဘဘာဘုရားလည်း ညီလာခံစဲလို့ ရွှေနန်းတော် ထဲက ပြန်လာပြီထင်တယ်" ဟု ပြောလိုက်လေ၏။

မောင်မောင်ငယ်က "ဒါနဲ့ မေဖျားရယ ဘဘာဘုရားကို အားနာစရာကောင်းလှပါတယ်၊ မောင်တို့ ပြောဆို တိုင်ပင်သမျှတွေ ဘာမှမသိပါစေနဲ့" ဟု နှုတ်ပိတ်လိုက်လေ၏။

ဂန်ကတော်ကြီးကလည်း "မေဖျားကလည်း အသေးစိတ် ပြောမထားပါဘူး၊ ဖခင်ဆိုတော့ သိသင့် သိထိုက် သမျှတော့ အသိပေးရသေးတယ် မောင်ရဲ့" ဟု စကားတုန့်လိုက်ပြီးနောက် ဒိုင်းအတွင်းဂန်မင်းလည်း အိမ်ပေါ်သို့ ရောက်လာလေ၏။ "အို … တူတော် ရနှောင်မင်းသားကြီးတို့ ဒီကို ရောက်လို့နေကြပါကလား၊ ဒါကြောင့် ယနေ့ ညဦးညီလာခံမှာ မောင်မောင်တို့ကို မမြင်တာကိုး" ဟု နှုတ်ဆက်လျက် အဂတ်အစားများ လဲလှယ်ကာ စကားဝိုင်းတွင် ဂင်ထိုင်ပြီး ရွှေနန်းတော်ကြီးမှ ညီလာခံတွင် ဆွေးနွေးခဲ့ရသော ကိစ္စများကို တစ်ဆင့် ပြောကြား တိုင်ပင်လျက် ရှိလေ၏။

ညို့မှိုင်းသော မိုးတိမ်လွှာများသည် လေဆောင်ရာ ရွေ့လျားလျက်ရှိလေ၏။ တစ်ခါတစ်ခါ တိမ်လွှာချင်း အဆက်ပြတ်သွားလျှင် ဖဲပြာရင်ပေါ်တွင် စိန်မှုန်စိန်ပွင့်ကလေးများ ဖြန့်ကြဲထားသကဲ့သို့ ဂါးခနဲ လက်ခနဲ ပြိုးပြိုးပြက်ပြက်နှင့် လ,ရောင်ကြယ်ရောင်တွေ ထွက်နေသော ပြာလဲ့ကြည်လင်သည့် ထက်ကောင်းကင် မျက်နှာကျက်ကို တစ်ချက်တစ်ချက် တွေ့မြင်နိုင်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

လေပြည်တလိုက် မိုးတပြိုက်နှင့် လ,သာသည့်ခိုက်တွင် ရုတ်ခနဲ ကြည်လင်ပြီး တိမ်ညိုချည်း သန်းလာလျှင်ကား တင်းတိမ်လွှာကို ခြုံဖြန့်ကာရံလိုက်သည်နှင့်မခြား မှောင်ရိပ်များ ဆိုင်း၍သွားလေ၏။

ပန်းရွက်၊ ပန်းခိုင်တို့အပေါ်တွင် မိုးရေစက်တို့ ဖျန်းပက်စိုရွဲနေသောကြောင့် တစ်ချီတစ်ချီ ထွက်၍ သာလိုက်သော ငွေလရောင်အောက်တွင် ရေရောင်မှာ စိန်ရောင်လို တောက်ပြောင်ဝင်းလက် တဖျပ်ဖျပ် ရှိခဲ့ရာ တစ်သုတ်တစ်သုတ် လှုပ်ရမ်းကစားလိုက်သော မိုးသက်လေကြောင့် ရေပေါက်ရေဥတွေ ပြုတ်ကြွေလျှော့ကျ မြေသို့ခသည်တွင်မှ မြရောင်ရွက်နုတို့သည် သူ့မူလ အသွင်အတိုင်း အကိုင်း အခွယ်ချင်း ယှက်ကာ ဇာတိရုပပေါ်လာကြကုန်သည်။

အဆောင်တော် တံစက်မြိတ်အောက်၌ တစ်ပေါက်ပေါက်ကျလျက်ရှိသော မိုးရေကြွင်းရာလေးများမှာလည်း သဲနုပြင်တွင် အမြှင်မပြတ် ချိုင့်ဂှမ်းငယ်များ ထပ်နေစေတော့သည်။

အရှေ့တောင်ဘက် မျက်နှာမှ ကြောင်လိန်လှေကားဖြင့် မြင့်မားသော နန်းမြင့်မျှော်စင်ဖုံးလွှမ်းကာကွယ်ပေးနေသကဲ့သို့ ရှိလေ၏။ မျှော်စင်နန်းမြင့် ပြာသာဒ်၏ ဒုပိကာအောက်ခြေတွင် ငွေဂန်းစန္ဒာသည် တွဲမှီခိုနေသည်ဟု ထင်ရလေသည်။ နံ့သာအုတ်နန်းဆောင်ကလေးမှာ စန်းငွေယုန်နှင့် မျက်နှာချင်း ဆိုင်လျက်ရှိ၍ နံ့သာနန်းဆောင် အတွင်းတွင်ကား ရွှေနန်းရှင်ဘုရား ခေတ္တစံနေတော်မူလိုက် ဖြစ်လေ၏။

သီပေါရွှေနန်းရှင်ဘုရားသည် တောင်ဘက် ပန်းခုံတော်နံ့သာအုတ် နန်းဆောင်အတွင်း ခင်းထားအပ်သော ရတနာ သင္ဘာလီပေါ်တွင် ထိုင်တော်မူကာ တိမ်ညိုထဲမှ ဘွားခနဲ ထွက်ပေါ်လာသော စန္ဒာလဂန်းကို မျှော်မှန်း ကြည့်ရှုတော်မူလျက် ဒိုင်းခင်ခင်ကြီးမှာမူ ရွှေနန်းရှင်၏ ခြေတော်စုံကို တင်းတင်းကျပ်ကျပ်ဖက်၍ ဒူးခြား၌ ခေါင်းထား ပြီး ဂမ်းပမ်းတနည်း လှိုက်လှိုက်လှဲလှဲကြီး ငိုလျက်ရှိလေ၏။

ရွှေနန်းရှင်သည် ကြောက်စိတ်ထက် ချစ်စိတ်က လွန်ကဲပြီး သဲသဲမဲမဲဖြစ်နေရှာသော ခင်ခင်ကြီးအား သနားခြင်းပြင်းစွာဖြင့် ငုံ့ကာရှုစားတော်မူနေရင်း ခင်ခင်ကြီး၏ ခေါင်းကလေးကို သပ်လိုက်၊ ဖြူဖွေးနုညက် အိစက် ပြေပြစ်သော ပခုံးကလေးနှင့် မောင်မောင်ဘုရား အင်မတန်မှ သနားချစ်ခင်တော်မူပါတယ်၊ ဘယ်တော့မှ စိမ်းကားတော်မူလိမ့်မယ် မထင်ပါနှင့်" ဟု မိန့်တော်မူ ကာ ချော့မော့တော်မူလျက်ရှိသည်။

"ရွှေနန်းရှင် မောင်မောင်ဘုရား ခင်ကြီးကို ဒီလိုထားမဲ့အစား တစ်ခါတည်း သေသွားအောင်သာ ဓားတော် နှင့် ပိုင်းတော်မူလိုက်ပါတော့ဘုရား၊ ရွှေနန်းရှင် မောင်မောင်နဲ့ ယခုလို ရက်ကြာကြာကြီး ခွဲခွာ

www.burmeseclassic.com

www.burmeseclassic.com

နေရသည် ထက် သေရတာက ကောင်းပါသေးရဲ့ဘုရား" ဟု ခင်ခင်ကြီးက ငိုရင်းရှိုက်ရင်း တလှိုက်လှိုက် ပြောဆို လျှောက်တင် လျက် ရှိနေတော့သည်။

ဘုရင် ။ "ခင်ကြီးရဲ့ မောင်မောင်ဘုရားကလည်း ခင့်ကို အပါးတော်မှာ အမြဲထားပြီး အလကား နေရင်း မှန်လိုရှု၍သာ နေချင်ပါသည်။ သို့ရာတွင် ကြာကြာဂါးမဲ့သွား အရိုးကြည့်ရှောင်ရသည်ဆိုတဲ့ စကားတိုင်း ခင့်နန်းမတော်ဖုရား ကြည်သာတော်မူမည့်အချိန်ကို စောင့်တော်မူလိုလို့ပါကွယ်"

ခင်ကြီး ။ "ရွှေနန်းရှင် မောင်မောင်ဘုရား၊ စောင့်စားတော်မူတာက အရေးမကြီးပါ၊ ခင်ကြီးမှာ မောင်မောင်ဘုရားကို ချစ်တာတစ်ခုတည်း နားလည်ပါသည်၊ တစ်နေ့မတွေ့ရလျှင် ရင်ထဲမှာ မီးတွေ တောက်နေသလို အင်မတန် ပူလောင်ပြီး အခံရခက်လှပါတယ်ဘုရား"

ဘုရင် ။ "နောင်ကို ယခုလို မပူရအောင် မောင်မောင်ဘုရား၊ မြှောက်စားပြီး မိဖုရားတစ်ပါးအဖြစ် ထားပါမယ်၊ တယ်မကြာစေရပါဘူး ခင်ရဲ့"

ခင်ကြီး ။ "ကျေးဇူးတော်ရှင် ရွှေနန်းရှင်ဘုရား၊ မိဖုရားဖြစ်ရတာ ဘယ်လောက်ကြာဦးမယ် မသိသေး ပါဘုရား၊ ခင်ကြီးအလို လျှောက်တင်ရလျှင် အရှင် နန်းမတော်ဘုရား ကြည်သာတော်မူလို့ မိဖုရားမဖြစ်ခင် ရွှေနန်းရှင်ဘုရားနှင့် ယခုလို အကြာကြီး ကွေကွင်းနေရမည်ဆိုလျှင် မိဖုရားလည်း မဖြစ်ချင် နေပါစေ တော့ဘုရား၊ ဘယ်လိုပဲနေရနေရ၊ ရွှေနန်းရှင် မောင်မောင်ဘုရား အပါးတော်မှာ ကိုယ်လုပ်တော် ကလေး အဖြစ်နှင့် အချစ်ကိုဆက်၍ နေပါရစေတော့ဘုရား"

ဘုရား ။ "အို...ခင်က နေချင်သော်လည်း မောင်မောင်ဘုရားမှာ ခင့်ကို သနားချစ်ခင် မြတ်နိုးစိတ် ဂင်တော်မူလှသည်၊ နိမ့်နိမ့်ကျကျ ကိုယ်လုပ်တော်ကလေးဘဂနှင့် ထားတော်မူရက်ပမလား၊ မကြာခဏ တွေ့ချင်လှတဲ့ စိတ်နိုးဆွမှုကို မလွန်ဆန်သာခြင်းကြောင့် ယခုလို ခက်ခက်ခဲခဲနှင့် တွေ့ကြရတာ ကလေးကိုပင် ခင်ကြီးအတွက် မောင်မောင် ကရုဏာသက်မိပါတယ်ကွယ်"

ခင်ကြီး ။ "အရှင် သဒ္ဓါတော်မူလို့ မိဖုရားတစ်ပါး ဖြစ်ရစေကာမူ မောင်မောင်ဘုရား အပါးတော်မှာ နေ့စဉ် နီးနီးကပ်ကပ် မခစားရပါလျှင် အလကားပါပဲဘုရား၊ မိဖုရားဘယ်လောက်ကြာမှ ဖြစ်ရဖြစ်ရ မောင်မောင်ဘုရားထံတော်ကို နေ့တိုင်းနေ့တိုင်း ရောက်ရလျှင် ခင်ကြီး စိတ်ပျော်ပါတယ်၊ ဘယ်ကမ္ဘာထိအောင် စောင့်ရစောင့်ရ ကျေကျေနပ်နပ်ကြီး စောင့်ပမယ်ဘုရား"

ဘုရား ။ "ခင်ကြီးရယ်၊ ကလေးငယ်သမျှ ငါ့ကို စိတ်လိုက်မာန်လိုက် အင်မတန်မှ ချစ်ရှာလှူတယ်နော်၊ သြော် ... ငါကလည်း ရှင်ဘုရင်မို့သာ ရာဇဣန္ဒြေ ဆောင်ရသည်။ ရွှေရင်တော်ထဲ ခွဲလို့ပြလိုက်ရလျှင်

www.burmeseclassic.com

www.burmeseclassic.com

ခင်နှင့်တယ်လို့ ကွာလှမည်မဟုတ်ဘူးကွဲ့၊ နန်းမတော်ကြီးရဲ့ ကြည်သာအခွင့်ပေးမှုဟာ မကြာခင် ရပါစေလေ မောင်မောင် ချစ်တော်မူတာတွေ ခင်ကြီး သိရစေမပေါ့"

ခင်ကြီး ။ "မောင်မောင် ရွှေနန်းရှင်နှင့် ညစဉ် ညစဉ် ခင်ကြီးလာပြီး ခစားဖူးတွေ့ချင်ပါတယ်ဘုရား၊ နောက်များမှ သိရမဲ့ အရေးကိုဖြင့် တင်ကြိုတွေးတော မက်မောမနေပါရစေနှင့်၊ မောင်မောင်ဘုရား ခင်ကြီးကို တကယ်ချစ်တော်မူလျှင် နေ့စဉ်တွေ့တော်မူချင်မှာပါပဲ၊ စိတ်တော်ထဲက မပါရင်သာ ဟာ ... ဒီကောင်မ ကလေးဟာ တယ်နားပူတာပဲလို့ အထင်တော်ရှိပါလိမ့်မည်ဘုရား"

ဘုရင် ။ (ခင်ခင်ကြီးကို တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်ကာ) "အို ... ဒီချစ်စရာမကလေးဟာ စကားတတ်တော်မူရှာလေတယ်၊ တကယ်ဆိုတော့ မောင်မောင်ဘုရားကလည်း ခင့်ကို နေ့စဉ်နေ့ တိုင်း တွေ့မြင် နေချင်ရက်ပါ၊ မတွေ့ရတဲ့အချိန်တွေကဆိုလျှင် ခဏခေတ္တ စက်ပျော်တော်မူစဉ်အခါကလေးမှာပဲ စိတ်တော် က စွဲလမ်းမှုအတွက် အိပ်မက်တော်ထင်မြင်ပြီး ခင်ခင်နှင့်အတူ ကြည်ဖြူရွှင်လန်း အချစ်ခန်း ဖွင့်တော်မူခဲ့ရပါတယ်၊ ချစ်သူနှင့် အမြဲတွေ့လို့ အချစ်ငွေ့ အချစ်မှိုင်းခံပြီး စည်းစိမ်စံရတဲ့ ကိစ္စမျိုးမှာ ပုထုဇဉ် မှန်သမျှ ခံမင်ကြမြဲပါ၊ မောင်မောင်ကော ဘာမို့ခံနိုင်မှာတုံး ခင်ရဲ့"

ခင်ကြီး ။ "ဒါဖြင့် ရွှေနန်းရှင် မောင်မောင်ဘုရား၏ ရှေ့တော်မှောက်ကို နေ့တိုင်း အခစားရောက်ပါ ရစေ ဘုရား"

ဘုရင် ။ "ကောင်းပါပြီ ခင်ရယ်၊ မောင်ဖေယ်နှင့် မောင်တုတ်တို့ကို အမိန့်တော် ရှိလိုက်မယ်၊ ဒီကို ခင်ကြီး နေ့တိုင်းရောက်စေရမှာပေါ့၊ မောင်မောင်တော့ ညဥ့်ညီလာခံကိစ္စကို အကြောင်းပြပြီး ခင်ကြီးနှင့် နံ့သာဆောင်တော်မှာ ပျော်ပျော်စံတော်မူတော့မည်၊ သည်အချိန်ကစပြီး ခင်ကြီး မငိုနှင့် တော့နော်၊ ပါးပေါ်က မျက်ရည်တွေ သုတ်ပစ်လိုက်ပေတော့"

ဟု မိန့်တော်မူကာ ဂဝ်လဲတော် မုခဆိုးခါးပုံစကို မ,ယူကာ ခင်ခင်ကြီး၏ ပါးပေါ်တွင် ဥလိုက်တင်လျက် ရှိနေသေးသော မျက်ရည်စများကို သနားကြင်နာစွာ သုတ်ပေးတော်မူပြီး ပုခုံးကို ဖက်ပွေ့ဆွဲထူကာ တွဲယူ ဆောင်ကြဉ်းပြီး နံ့သာဆောင်အတွင်းသို့ ဝင်တော်မူလေသည်။

ကြည်ဝင်းလက်ပြောင်သော လ,ရောင်သည် မိုးတိမ်တောင်များ လွင့်ပါးသွား၍ လင်းအားကောင်းလျက် ရှိလေသည်။ ပန်းခုံတော်အတွင်းမှ မြတ်လေးပန်းရနံ့များကို သန်းခေါင်လေညင်းက နံ့သာဆောင် အုတ်တိုက်ငယ်အတွင်းသို့ ပို့ဆောင်ဖြည့်သွင်းနေလေ၏။ နံ့သာနန်းရေကန်ငယ်တွင်မူကား ကောင်းကင်နှင့် လမင်းသည် ဝင်းဝင်းစက်စက် နစ်မြုပ်လျက် ရှိလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် နံနက် ညီလာခံအချိန်က ရွှေနန်းရှင် ဘုရားထံ အကြံဉာဏ်ဆက်ကြပြီး ဖြစ်သောကြောင့် တောင်ဘက်ပန်းခုံတော်တွင် စံမက်ချစ်ခင်တော်မူလှသော ဒိုင်းခင်ခင်ကြီးနှင့် ယခုညမှစ၍ ပြန်လည်တွေ့ဆုံတော်မူရလေသည် ဖြစ်ရာ နောက်နောင် အခွင့်အရေး သာယာခြင်းမရှိသေးသမျှ ညစဉ်ပင် ယခုကဲ့သို့ တွေ့ဆုံတော် မူကြရတော့မည်ဖြစ်လေ၏။

သီပေါရွှေနန်းရှင်ဘုရား၏ စိတ်တော်မှာ နန်းမတော် ထိပ်စုဖုရားလတ်အား ညီမတော်စုဖုရားကလေးကို မြောက်နန်းမိဖုရားကြီး မြှောက်တင်ရေးနှင့် အခွင့်အရေးညီတော်မမူသေးမီ ခင်ခင်ကြီးကို ဆောင်ရ မိဖုရားကလေး အဖြစ် ချီးမြှောက်သိမ်းပိုက်လိုကြောင်း ဖျောင်းဖျသွေးဆောင်တော်မူရန် ကြံစည်တော် မူလျက် ရှိသည့် အတိုင်း နန်းမတော်ကြီး စိတ်လက်ကြည်သာတော်မူမည့် အချိန်အခါကို ဆိုင်းငံ့တော် မူရင်းပင် ညစဉ် ညစဉ် ဒိုင်းခင်ခင်ကို အလွမ်းပြေ တွေ့ဆုံတော်မူ၍နေလျှင် ခင်ခင်ကြီးလည်း စိတ်လက် ပျော်မွေ့ရှာမည်။ ခင်ခင်ကြီးမှာ ရွှေနန်းတော်ပေါ်တွင် မနေဆဲ သူ၏ မိဘများထံတွင် နေထိုင်သော ကြောင့် သွားရေးလာရေးလည်း လွယ်ကူချောင်ချိမည်။ မင်းခစား ယောကျ်ားကလေးတစ်ဦး သဏ္ဌာန်ဖြင့် မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့နှင့် အသွားအပြန် ရောနှောထွက်ဝင် ခစားခဲ့လျှင် မည်သူ တစ်ဦး တစ်ယောက် မျှ ရိပ်မိရန်မရှိ၊ မိမိကိုယ်တော်တိုင်လည်း တိုင်းရေးပြည်ရေး ဆွေးနွေးရန် ရှိုးမယ်ဖွဲ့၍ ညဥ့်အလှည့် ညီလာခံကို အချိန်ကြာရှည်စွာ ပြုလုပ်ရန် ရနောင်မြို့စား မောင်မောင်တုတ်တို့နှင့် တိုးတိုး တိတ်တိတ် အတွင်းကြိတ် စီမံတော်မူလိုက်လေ၏။

သို့ကြောင့် ထိုနေ့မှစ၍ ရွှေနန်းတော်နေ့အခါ ပိုလ်ညီလာခံ၊ ရွှေဆောင်တော်အတွင်း မင်းကြီး၊ စိုးကြီး၊ ဝန်ကြီး၊ မှူးကြီးများနှင့် အလှည့်ကျ ကျင်းပမြဲဖြစ်သော ညဥ့်ညီလာခံသဘင်ကိုလည်း အချိန်ပို၍ ကျင်းပလျက်ရှိသည်။ စီမံဆွေးနွေးနေကျ တိုင်းရေးပြည်မှုများကိုလည်း ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင် ထူးထူးထွေထွေ စိစစ်ဆွေးနွေးတော်မူလေရာ အခါတိုင်းထက်ပင် ခရီးတွင်ကျယ် လျက်ရှိလေ၏။

နေ့အခါ ရွှေဆောင်တော် ပိုလ်ညီလာခံသဘင်တွင် ထာဝစဉ် တက်ရောက်ရသော မှူးတော်, မတ်တော်, ဝန်ကြီး ဝန်ထောက်, မြို့စား,ရွာစားနှင့် အရာရှိများမှာ လယ်ကိုင်းမြို့စား ဝန်ကြီးမင်း၊ တောင်ခွင်မြို့စား မင်းကြီး၊ တိုင်တားမြို့စားမင်းကြီး၊ စလေမြို့စား လေှသင်းအတွင်းဝန် မင်း၊ မကွေးရာမြို့စား၊ အောက်မြစ်စဉ် ခရိုင်ဝန် လက်ဂဲဝင်းတော်မှူး၊ ညောင်အုပ်မြို့စား လယ်ယာ ဝင်းတော်မှူး၊ ပျဉ်းမနားမြို့စား နောက်ဝင်း တော်မှူး ယင်းတော်မြို့စား ရွှေမြို့တော်ဝန်မင်း၊ ကောလင်းမြို့စား၊ ရွှေလုံ့ပိုလ်မြို့ဝန်မင်း၊ ပင်လယ်မြို့စား အက္ကပတ်မြင်းဝန်မင်း၊ ဝန်ထောက်တော် မိုးတားမြို့စားမင်း၊ ဝန်ထောက်တော် ဂက်မစွတ်မြို့စားမင်း၊ ဝန်ထောက်တော် အဂခရိုင်ဝန်မင်း၊ ဝန်ထောက်တော် အညာမြစ်စဉ်ခရိုင်ဝန်မင်း၊ ဝန်ထောက်တော် ချင်းတွင်းကြောင်း ခရိုင်ဝန်မင်း၊ ဝန်ထောက်တော် မြင်းစုကြီးဝန်မင်း၊ ဝန်ထောက်တော် ဖန်ချက်ဝန်မင်း၊ ဝန်ထောက်တော် ပညာဝန်မင်း၊ ပင်းသာမြို့စား၊ အတွင်းဝန်မင်း၊ ဝန်ထောက်တော် ပေါက်မြိုင်မြို့စားမင်း၊ မြို့သစ်မြို့ စားအတွင်းဝန်မင်း၊

www.burmeseclassic.com

www.burmeseclassic.com

ကျောက်မြောင်းမြို့စားအတွင်းဝန်မင်း၊ မိုင်းခိုင်းမြို့စားအတွင်းဝန်မင်း၊ ရှေ့ဝင်းတော်မှူး ရတနာသိခ် ခရိုင်ဝန်မင်း၊ တောင်တွင်းကြီးခရိုင်ဝန်မင်း၊ စစ်ကိုင်းခရိုင်ဝန်မင်း၊ ပုခန်းကြီးခရိုင်ဝန်မင်း၊ စို့လေးဆယ်ဒိုင်းဝန်၊ ဘောင်ဝန်၊ စက်ဝန်၊ ယွန်းစုဝန်၊ သံတော်ဆင့် အဂေးကျီဝန်၊ သံတော်ဆင့်လယ်ဝန်၊ သံတော်ဆင့် ပန်းထည်းဝန်၊ သံတော်ဆင့် လက်နက်တိုက်ဝန်၊ သံတော်ဆင့် ငယ်တိုးရွှေလောင်းလှေအုပ်ဝန်၊ စာရေးတော်ကြီး၊ မင်းလှရာဇ ကျော်ထင်၊ ဝင်းဒိုင်းစာရေးတော်ကြီးတို့ဖြစ်၍ ရွှေနန်းရှင် သီပေါမင်းတရားကြီး ကိုယ်တော်တိုင် တိုင်းရေးပြည်မှုများကို ခန့်ခွဲစီမံတော်မူလျက် ရှိပြီးလျှင် ညဥ့်အခါ ညဥ့်ညီလာခံသဘင်မှာမူ လူစုံ မင်းစုံ ခစားခြင်းပြုရန် မလိုသဖြင့် အတွင်းဝန်များ၊ ဝန်ကြီး ဝန်ထောက် ပြဲတိုက်သံဆင့်များသာ အလှည့်အဆိုင်းနှင့် တာဝန်ကျ တက်ရောက်ခစားကြမြဲ ဖြစ်လေရာ လက်သုံးတော်ကြီးများမှာလည်း နေ့ဆိုင်းညဆိုင်းခွဲ၍ အမြဲခြံရံ ခစားလျက် ရှိကြလေ၏။

ထိုလက်သုံးတော်ကြီးများအနက် နေ့လှည့်ညဥ့်လှည့် ခွဲရာတွင် ပင်းသာမြို့စား မောင်မောင်ဗျောင်း ခေါင်းဆောင်သော အဆိုင်းက အများအားဖြင့် နေ့လှည့်ကျ၍ လက်သုံးတော်ကြီးကိုင်မြောက် ဒဂယ်ဗိုလ် ရနောင်မြို့စား မောင်မောင်တုတ် ခေါင်းဆောင်ပြုသော အဆိုင်းမှ ညလှည့်ကို တာဝန် ပြောင်းလဲယူကြလေသည်။

မြောက်ဒဂယ်ဗိုလ် လက်သုံးတော်ကြီးကိုင် ရနောင်မင်းသား မောင်မောင်တုတ်မှာ ညဥ့်လှည့်တာဝန်ကို ခေါင်းဆောင်ပြု၍ ယူခြင်းသည် ရွှေနန်းရှင်ဘုရားနှင့် ဒိုင်းခင်ခင်ကြီးတို့ ညဥ့်အခါ၌ ပန်းခုံတော်မှာတွေ့ရန် စီမံ ဆောင်ရွက်ဖွယ် ကိစ္စများကြောင့် ဖြစ်လေ၏။ ညဥ့်ညီလာခံ စဲခါနီးအချိန်တိုင်လျှင် အမှတ်မထင် ကိုယ်ရောင် ဖျောက်ကာ စာဆိုတော် တောင်သမန်လယ်စား မောင်မောင်ငယ်နှင့်အတူ ဒိုင်းခင်ခင်ကြီးကို သွားရောက် ကြိုယူရသည်။

ဒိုင်းခင်ခင်ကြီးမှာ လက်သုံးတော်ကိုင် ယောကျ်ားကလေးပမာ ကြိုးပုဆိုး ပိုးအင်္ကျီရင်ဖုံး သျှောင်တစောင်းထုံးလျက် လ,စက်ရောင် ပုသိမ်ပဝါကို သပ်ရပ်စွာပေါင်းပြီး ငွေဓားကြီးကို လွယ်လျက် ရွှေနန်းတော်ပေါ်သို့ မင်းမှုထမ်းယောက်များနှင့် ရောနှောတက်လာသောအခါ မည်သူ မည်ဝါကမျှ သင်္ကာယနမကင်းခြင်း မဖြစ်နိုင်ပေ။

ဒိုင်းခင်ခင်ကြီးသည် ရွှေနန်းရှင်ဘုရားနှင့် တွေ့ရသောအချိန်အခါများတွင် ချစ်ခင်စုံမက် မေတ္တာ ဓာတ်ဖက်ပြီး လူကြီးစိတ်တစ်ပိုင်း ဝင်မိစေကာမူ သူနှဲ့နေကျ အစ်ကိုကြီးဖြစ်သည့် မောင်မောင်ငယ်နှင့် တွေ့သော အခါမျိုးတွင် ငယ်စဉ်က အပြောအဆို အပြုအမူမျိုးအတိုင်းသာ ဆက်ဆံတတ်ရှာသည်။

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့သည် ခင်ခင်ကြီးကို သွားရောက်ကြိုယူခဲ့ပြီး ညီလာခံမစဲ သေးလျှင် တောင်ဒဂယ်ဆောင်တွင် မောင်မောင်ငယ်နှင့်အတူ ခေတ္တပုက်ထားခဲ့ပြီး မောင်မောင်တုတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း ပန်းခုံတော်အင်္ဂတိုက် နှံ့သာဆောင်ဆီသို့ လာရောက်ကာ အရိပ်အခြည် စောင့်စား နေရသည်။ ရွှေနန်းရှင်ဘုရား နှံ့သာနန်းဆောင်သို့ ရောက်တော်မူသည်ကို တွေ့ရမှ မောင်မောင်ငယ်ရှိရာ တောင်ဒဂယ်ဆောင်သို့ ပြန်လာပြီး ခင်ခင်ကြီးကို ခေါ်ကာ ရွှေတိုက် ဆောင် မှောင်ရိပ်မှခို၍ နှံ့သာဆောင်အထိ လိုက်သွားလျက် ရှေ့တော်ပို့ဆက်ကြရသည်။ တစ်ခါ တစ်ရံ အချိန်နီးကပ်လွန်းလျှင် ခင်ခင်ကြီး နှင့် မောင်မောင်ငယ်က နှံ့သာအုတ်တိုက် နန်းဆောင် အတွင်းမှာပင် အရင်ဂင်ရောက် နေနှင့်ရသည်။

ယင်းသို့ကြောင့် မောင်မောင်ငယ်နှင့် ခင်ခင်ကြီး နှစ်ယောက်တည်းရှိသော အချိန်အခါများတွင် ခင်ခင်ကြီးမှာ ကလေးပမာ ပြောချင်ရာတွေ လျှောက်ပြောနေသလောက် မောင်မောင်ငယ်မှာ မရိုတယ်နှင့် အံ့ပုန်းပူ လူမသိဆိုသလို ဆွေးမြည့်နေသော အသည်းနှလုံးများကို မချိပြုံး ပြုံးခြင်းဖြင့် ဖုံးလမ်း ကွယ်ပှက် လိုက်ရရှာသည်။

"ဩော် ... အမိုက်အရူးကလေး၊ ဘာမှ မသိတတ်ရှာဘူး၊ သူ့ရွှေနန်းရှင်ဘုရားနှင့် မတွေကခင်ကဖြင့် ငိုလို့၊ တွေ့ရတော့ ချိုလို့ပြုံးလို့ပါကလား" ဟု သနားကရုဏာစိတ်ဖြင့်လည်း တစ်နည်းတစ်လမ်း ကြိတ်၍ ဖြေရလေသည်။

"အစ်ကိုရေ အစ်ကို့ရွှေနန်းရှင် မောင်မောင်ဘုရားဟာလေ သိပ်သဘောတော်ကောင်းတာပဲ၊ ခင်ကြီးကို အသည်း နှစ်အောင်ချစ်တယ်တဲ့ ... တဲ့ဆိုပြီး အို ... ပွေ့ပွေ့ထားလိုက်တာများ အစ်ကိုရယ် ခင့်အသားတွေ ပဲ့ကုန် မလား အောက်မေ့ရတယ် သိလား၊ ခင်ကြီးကလည်းလေ ရွှေနန်းရှင် မောင်မောင်ဘုရားကို အများကြီး ချစ်တာပဲ၊ အစ်ကိုတို့ မေဖျားတို့ချစ်တာနဲ့လည်း တူပါဘူး၊ တစ်မျိုးပါပဲလေ၊ ခင်ကြီးက ကိုယ့်အစ်ကို မို့ ချစ်လို့ပြောတာနော်၊ တော်တော်ကြာ အစ်ကိုက ရနောင်ကိုကိုကြီးကို အများကြီးချစ်တာပဲ၊ အစ်ကိုတို့ မေဖျားတို့ချစ်တာနဲ့လည်း တူပါဘူး၊ တစ်မျိုးပါပဲလေ၊ ခင်ကြီးက ကိုယ့်အစ်ကိုမို့ ချစ်လို့ ပြောတာနော်၊ တော်တော်ကြာ အစ်ကိုက ရနောင် ကိုကိုကြီးကို သွားမပြောလိုက်နဲ့ဦး၊ ရှက်စရာ ကြီးသိလား" ဟု ပွတ်သီးပွတ်သပ်နှင့် ပြောနေလျှင် မောင်မောင်ငယ်တွင် မကြားချင်၍လည်း မနေရ၊ တွေတွေကြီးငေးရာမှ စကားစတုံ့ပြန်ခြင်း မပြုနိုင် သောအခါ -

"အစ်ကိုကလည်း ဘာတွေတွေးပြီး ငေးနေရသည်လဲ အစ်ကိုရယ်၊ ခင်ကြီးပြောတဲ့ စကားတွေများ မကြားရော့လား" ဟု အားမလိုအားမရ မေးတတ်ပြန်သည်တွင် မောင်မောင်ငယ်မှာ မနေသာတော့ပဲ -

"ကြားပါတယ် ခင်ရယ်၊ အစ်ကိုကလည်း ခင်တို့အတွက် အမြဲတွေးနေတာပါ" ဟု တော်သလို ညာ၍ ဖြေလိုက် သည့်တိုင်အောင် ခင်ခင်ကြီးက စကားမဆုံးပဲ -

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကလည်း ဘာတွေတွေးပြီး ငေးနေရသည်လဲအစ်ကိုရယ်၊ ခင်ကြီးပြောတဲ့ စကားတွေများ မကြား ရေ့လား"ဟု အားမလိုအားမရ မေးတတ်ပြန်သည်တွင် မောင်မောင်ငယ်မှာ မနေသာတော့ပဲ -

"ကြားပါတယ် ခင်ရယ်၊ အစ်ကိုကလည်း ခင်တို့အတွက် အမြဲတွေးနေတာပါ"ဟု တော်သလို ညာ၍ ဖြေလိုက် သည့်တိုင်အောင် ခင်ခင်ကြီးက စကားမဆုံးပဲ -

"အစ်ကိုကလည်း အလကားပဲ၊ တွေးတွေးနေတာကို၊ အခုလေ ခင်ကြီး ဘာမှမလိုချင်တော့ဘူး အစ်ကိုရဲ့၊ ခင်ချစ်တဲ့ အစ်ကိုက ညညလာခေါ်ပြီး ခင်ချစ်တဲ့ ရွှေနန်းရှင် မောင်မောင်ဘုရား အပါး တော်ကို လိုက်ပို့တယ်၊ ဘယ်အရာကို လိုသေးသလဲ၊ စိတ်ဆင်းရဲခံပြီး အပိုကိစ္စတွေတွေးလို့ ငေးမနေစမ်းပါနဲ့ အစ်ကိုရယ်"ဟု တကယ့်သဘော တကယ့်မနောဖြင့် ယပ်လှဲတရားပြန်ဟော နေသောအခါ -

"ဒီလိုချည်းနေလို့လဲ ဘယ်ပြီးဦးမလဲ ခင်ရဲ့၊ ခင့်ကို တစ်ဆောင်တစ်နန်း အထင်ကရထားပြီး မိဖုရားမြှောက်ခြင်းကိစ္စ ပြီးဆုံးသွားပါမှ အစ်ကိုတို့ ဆောင်ရွက်ရမဲ့တာဝန် ကျေကုန်ကြမှာကလား၊ ဒါကြောင့် စီမံကြံဖန် လုပ်ကိုင်စရာတွေကို အမြဲတွေးနေရပါတယ်"

ဟုပြောရပြန်တော့သည်။ သို့ရာတွင် ခင်ခင်ကြီးမှာ ထိုအရေးကို တွေးစရာဟူ၍မယူဆ၊ နေ့စဉ်နှင့် အမျှ ရွှေနန်းရှင်ဘုရားနှင့် ဤကဲ့သို့ တွေ့နေရလျှင် နစ်သိမ့်ကျေနပ်လှတော့သည်။ သို့နှင့် မောင်မောင်ငယ်က ကြောင့်ကြောင့်ကြကြ ပြောနေခြင်းကိုပင် နားမဝင်နိုင်ဘဲ "အို ... အစ်ကိုကလည်း ဒါကိုပဲ စိတ်အရှုပ်ခံ မနေစမ်းပါနှင့်၊ ခင်ကြီးလေ အခုလိုနေရတာ အလွန်ပျော်ပါတယ်လို့ဆိုမှ"ဟု နှုတ်ခမ်းကလေး မစူတစူထား၍ နွဲ့အားသန်လိုက်သောအခါ မောင်မောင်ငယ်လည်း နောက်ထပ် မပြောသာတော့ဘဲ ရင်ထဲက နာ၍နေမိရှာသည်။

တစ်ခါတစ်ရံလည်း ဤနည်းအတိုင်းပင် ရွှေနန်းရှင်ဘုရားနဲ့သာ ဆောင်တော်သို့ မကူးလာမိ တောင်ဒဂယ် ဆောင်တွင် မောင်မောင်ငယ်နှင့် ခင်ခင်ကြီးတို့ နစ်ယောက်တည်း စောင့်ဆိုင်းနေကြစဉ် ယောကျ်ား ကလေး အသွင်နှင့် ခေါင်းပေါင်းစ ပုဆိုးစပြင်၍ မှန်ခုံတွင် အရိပ် ကြည့်ပြီး တခိခိ ရယ်မောကာ မောင်မောင်ငယ် ထိုင်နေရာသို့ ပြေးလာလျက် ရင်ခွင်ထက်သို့ ရုတ်တရက် ဝင်၍ထိုင်လိုက်ကာ -

"အစ်ကို ... အစ်ကို ခင်ကြီး ခုလိုဝတ်ထားတော့လေ တကယ့် ယောကျ်ားကလေးလိုပဲနော်၊ ဒါပေတဲ့ တော်တော်ကြာ ရွှေနန်းရှင် မောင်မောင်ဘုရားနှင့် တွေ့တော့လေ ယောကျ်ားမဟုတ်ဘူး၊ တစ်ခါတည်း ယောက်သွားဖြစ်ကရော" ဟု လက်ဟန်ခြေဟန်နှင့် အသာအရွှန်းကလေးဖောက်ပြီး ကရွတ်ကင်း လျှောက် ပြောမိလျှင် မောင်မောင်ငယ်တွင် မျက်နှာမထားတတ်အောင် ဖြစ်သွားကာ -

www.burmeseclassic.com

www.burmeseclassic.com

"အို ... ခင်အကြီး ဘာတွေပြောနေတာလဲကွယ်၊ ခင်ဟာ အရင်တုန်းကလို ကလေးမဟုတ်တော့ဘူးကွဲ့" ဟု ပြုံးမဲ့မဲ့နှင့် သတိပေးလိုက်စေကာမူ ခင်ခင်ကြီးက နှုတ်ခမ်းကလေးစူ ပါးကလေးပူလိုက်ပြီးမှ "အစ်ကိုက နားဖြင့် မလည်ဘဲနဲ့ ခင်ကြီးပြောတာ၊ တကယ်မယုံဘူးလား၊ ယောက်သွားဆိုတာ ခြစ်ရတယ် အစ်ကိုရဲ့၊ မနန်းခုံကြီး မုန့်လုပ်တုန်းက ခင်ကြီး မြင်ခဲ့ရတယ်၊ မုန့်ဆပ်သဖူးတို့၊ မုန့်ပေါင်းတို့လုပ်တော့ ကောက်ညှင်း မုန့်တွေကို ယောက်သွားနဲ့ ခြစ်ခြစ်ယူတယ်၊ ခင်ကြီးနဲ့ ရွှေနန်းရှင်မောင်မောင်နဲ့ တွေ့ကြရင် လည်း ချစ် ... ချစ် ... နေကြတာပဲမဟုတ်လား၊ ခင်ကြီးတို့ချစ်ဖို့ အစ်ကိုတို့ပဲ လာလာခေါ်ကြပြီးတော့" ဟု မကျေနပ် သံကလေးနှင့် ပြောလိုက်ရာ -

"အဲဒီလို စကားတွေကို အစ်ကို့မပြောကောင်းဘူးခင်ဗျာ"ဟု မျက်နှာပြုံးပြုံးထား၍ စိတ်ဆိုးမသွားရန် ကြံဖန်ပြောသည်တွင် -

"ဟင် ... အစ်ကိုကပဲ မပြောကောင်းဘူးဟဲ့၊ ဒါနဲ့ အစ်ကိုကတောင်မှ ခင်ကြီးကို လာခေါ်ပြီး ရှေ့တော်ပို့သေးတဲ့ဥစ္စာ၊ ဘာလို့မပြောကောင်းရမှာလဲ"ဟု စောဒကဝင်လျှင် -

"ရွှေနန်းရှင်ဘုရား ကျေးဇူးတော်တွေ အစ်ကိုတို့ တစ်သက်မှာ ဆပ်လို့မကုန် ဒါကြောင့် စေခိုင်းတော်မူသမျှ ဦးခေါင်းထိပ်ရွက် ဆောင်ကြဉ်းရပါတယ်၊ နောက်တစ်ချက်မှာလည်း ကိုယ့်ညီမလေး မိဖုရားဖြစ်မည့်ကိစ္စ အစ်ကိုက စေတနာကောင်းထားလို့ ကြိုးစားရထာပေ့ါခင်ရဲ့" ဟု ရေရေလည်လည် ပြောနေသည်ကို ကြည်ကြည်လင်လင် နားဝင်လေဟန်နှင့် အတန်ကြာ စဉ်းစားနေပြီးမှ အယူအဆ တစ်မျိုးပြောင်းသွားပြန်ကာ -

"ဒါနှင့် အစ်ကိုကတော့ ဘောက်မဲ့ကြောင့် အောင်သွယ်ကြီး လုပ်ပေးသေးလဲ၊ ခင်ကြီးပြောတဲ့ စကားကိုတော့ မကြားချင်ဘူးတဲ့လား၊ ဒါဖြင့်နေပါ တော်တော်ကြာ ကိုကိုကြီး လာခေါ်ရင် ခင်ကြီး မလိုက်တော့ပါဘူး၊ နေပါစေတော့"ဟု စိတ်ကောက်သွားသောကြောင့် မောင်မောင်ငယ်မှာ နားမထောင်ရဲ သော စကားကိုပင် ခင်ခင်ကြီး စိတ်ပြေလေအောင် ဟန်ဆောင်ကြိတ်မှိတ်လျက် -

"တော်တော်ခက် တဲ့ ခင်အကြီးပါကလား၊ အစ်ကိုက နားမထောင်ချင်လို့ ပြောနေတာ မဟုတ်ပါဘူး ခင်ရဲ့၊ စိတ်ကောက် လို့မနေပါနဲ့၊ ကဲ ခင် ပြောချင်တဲ့စကားတွေ အားရပါးရသာ ပြောပါ၊ အစ်ကို နားထောင် နေပါမယ်" ဟု ချော့မော့ လိုက်လျောနေသော အခါမျိုးတွင် မောင်မောင်တုတ် ဝင်လာပြီး "ကဲ ... ကိုဖေငယ် တို့ လာကြတော့ ရွှေနန်းရှင်ဘုရား ရောက်တော်မူပြီ" ဟု တီးတိုးပြောလာလျှင် ခင်ခင်ကြီးမှာ စိတ်ကောက်ရှိန် မပြေသေးသော ကလေးသဖွယ် မောင်မောင်ငယ်ကို ဖက်တွယ်ကုတ်ကပ်ပြီး "ခင်ကြီး မသွားချင်တော့ပါဘူး၊ တော်ကြာ အစ်ကိုက ခင်ကြီးပြောတဲ့စကားတွေ နားမထောင်ချင်ဘူး ဆိုနေလိမ့်ဦးမယ်" ဟု အကျပ်ကိုင်နေသောကြောင့် ရုတ်တရက် ထွက်၍မရ မောင်မောင်တုတ်ကလည်း အလောတကြီး ခေါ်လျက်ရှိရာ မောင်မောင်ငယ်မှာ မိမိအပေါ်တွင် တမင်

www.burmeseclassic.com

www.burmeseclassic.com

ပေကပ်ဆိုးနွဲ့နေရှာသော ခင်ခင်ကြီး အား စကားနှင့် ရုတ်တရက် ချော့မရသည့်အဆုံးတွင် တစ်ကိုယ်လုံး သိမ်းကြုံးပွေ့ချီကာ ပခုံးတွင် ထမ်းလျက် နံ့သာဆော်နန်းဘက်သို့ ခပ်သွက်သွက် လှမ်းလာခဲ့ရတော့သည်။

ဤအခါမျိုးတွင်ကား ခင်ခင်ကြီးမှာ ကလန်ကဆန် မလုပ်ရက်တော့ဘဲ အစ်ကိုကြီး ပခုံးကို ဖက်နွဲ့လိုက်ပါ လာရင်းပင် မျက်နှာရွှင်ရွှင်ပျပျနှင့် -

"ဒါမှ ခင်ကြီးချစ်တဲ့ အစ်ကို၊ အစ်ကိုကလည်း ခင်ကြီးကို သိပ်ချစ်ရှာတာပဲ၊ နောက်လည်း ခင်ကြီး စိတ်မကောက်တော့ပါဘူးနော် အစ်ကိုရယ် " ဟု ချွဲချွဲနွဲ့နွဲ့ ပြောလျက် ကျေနပ်ရင်သပ်ပြုံး၍ လိုက်ပါလာတတ်ပြန်ရာ အရိယာသာဂကမဟုတ်ရှာသော မောင်မောင်ငယ်မှာ တစ်ခါတစ်ခါ ယောင်ချာချာ နှင့် ဘာကလိုလို ရင်ထဲက ဖို၍သွားရရှာတော့သည်။

ထိုနည်းနှင်နှင် ဒိုင်းခင်ခင်ကြီးနှင့် သီပေါရွှေနန်းရှင်ဘုရားတို့မှာ တောင်ဘက် ပန်းခုံတော်အတွင်း ရင်းနှီးယုံကြည်ရသော လက်သုံးတော် အိပ်ဖန်တော် ကင်းထောက်များကို မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့ အုပ်ချုပ်စေလျက် နေ့စဉ် ရက်ဆက် ညဥ့်နက်သန်းခေါင်အထိ နံ့သာနန်းဆောင် တော်တွင် စံပျော်လျက်ရှိခဲ့လေရာ နေ့ရက်အတန်ကြာလာသည်တိုင်အောင် မည်သူတစ်စုံတစ်ဦးမျှ စောင်းပါး ရိပ်ခြည် အကဲမခတ်မိနိုင် ရှိခဲ့လေသည်။

မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့သည် များမကြာမီအတွင်း အတိအလင်း မိဖုရားငယ် တစ်ပါး အဖြစ်နှင့် ခင်ခင်ကြီးအား အဆောင်သီးခြားထားပေးရန် အမိန့်တော်ခံလျက် ရှိရာ ရေနန်းရှင် ဘုရား ကလည်း မြတ်နိုးတော်မူပြီးဖြစ်သည့်အတိုင်း ချီးမြှင့်တော်မူရန် ခမည်းတော် မင်းတုန်းမင်းတရားကြီး လက်ထက်တော်က မြောက်ရွှေရေးဆောင် မိဖုရား စံတော်မူခဲ့ဖူးသော မြောက်ရွှေရေးဆောင်တော်ကို ပြုပြင် မွမ်းမံထားစေဟု မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့အား တီးတိုးမိန့်တော်မူ ထားပြီး ဖြစ်လေ သည်။

ဤအခိုက်အတန့် အတွင်းမှာလည်း ဒိုင်းခင်ခင်ကြီးနှင့် မိခင် ဒိုင်းအတွင်းဝန် ပုဂံမြို့စားကတော်ကြီး တို့သည် သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မျှ အရှင်နန်းမတော်ဖုရား ရှေ့တော်သို့ အခစားမပျက် ရောက်ရှိကြရာ နန်းမတော်ဖုရားသည် အကြောင်းထူးထွေ မကြားသဖြင့် ပကတိအတိုင်းအဖူးအမြော်ခံလျက် ရှိခဲ့သည်။ တစ်ခါတစ်ရံလည်း ဂတ်ကောင်းစားကောင်း ဆုတော်များပင် သနားတော်မူလိုက်ရာ ဒိုင်းဝန်ကတော်ကြီးမှာ အရှင်နန်းမတော်ဖုရား ကြည်သာ တော်မူသည်ကို ခံရသဖြင့် ဂမ်းမြောက်ဂမ်းသာ ရှိခဲ့ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင်ဘုရားမှာ တိုင်းရေးပြည်ရာ စီမံခန့်ခွဲတော်မူခြင်းဖြင့် မင်းယောက်ျားပိုင်းဆိုင်ရာ ညီလာခံသဘင်၌သာလျှင် ထာဝစဉ် မွေ့လျော်တော်မူသည်ကို အရှင်နန်းမတော်ဖုရားသည် ထူးထူးခြားခြား အကဲခတ်တော် မူရန် မလိုသကဲ့သို့ စိတ်ချယုံကြည်တော်မူလျက်ရှိခဲ့၏။ သို့သော် ရက်ပေါင်းအတော်ကြာ၍ လာသော အခါ နေ့အခါ ညီလာခံကွဲလျှင် ဘမရာသန အဆောင်တော်ကြီးနှင့် နန်းမတော်ဆောင်ကြီးတွင် အချိန် ရှည်ကြာစွာ စံနေတော်မူခဲ့သော်လည်း ညဥ့်အချိန်အခါတွင်မူကား ညဥ့်ဦးညီလာခံသဘင်ကို ယခင် အစဉ်အလာထက် အချိန်ပိုမို ကြာမြင့်စွာ ဆွေးနွေးခြင်းပြုလျက် ညဥ့်နက်သန်းယံမှ ပြန်လည် ကြွရောက်လာတတ်သဖြင့် အရှင် နန်းမတော်ဖုရား စိတ်ထင့်စိုးနှောင့်တော်မူလာလေသည်။ သို့နှင့် တစ်နေ့သော အခါ နန်းမတော် ဆောင်ကြီးအတွင်း သီပေါမင်းတရားနှင့် နန်းမတော် စုဖုရားလတ်၊ သလွန်တော်ပေါ်တွင် နီးနီးကပ်ကပ် စံတော်မူချိန်တွင် နန်းမတော်ဖုရားက စတင်၍ -

"မောင်မောင် ယခုတစ်လော ညဥ့်ညီလာခံမှာ အချိန်အကြာကြီး စံတော်မူတာ ဘာကြောင့်ပါပဲ" ဟု မေးတော် မူလေ၏။ ရွှေနန်းရှင်ဘုရားသည် ရုတ်တရက် အံ့အားသင့်တော်မူမိရာမှ မသိမသာ ပြုံးတော်မူပြီး -

"နန်းမတော်ကြီးရယ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတဲ့ တာဝန်ဟာ တစ်နေ့တခြား အင်မတန်မှ ကျယ်ဝန်း များပြားလာတော့သည်။ နေ့အခါမှာ တိုင်းရေးပြည်ရေး၊ သာသနာတော်အရေး ဆွေးနွေး စီမံတော်မူ ရခြင်းကတစ်မျိုး၊ ညဥ့်ညီလာခံမှာဆိုလျှင် နောက်တစ်နေ့အတွက် ခဲရာခဲဆစ်ရှိသမျှ ကိစ္စအဝဝကို အမိန့်တော် ချမှတ်ရန် အတွင်းဝန်ကြီးများနင့် ကြိုတင်ဆွေးနွေးညှိနှိုင်းတော်မူရသည်မှာလည်း အချိန် လောက် သည်ဟုပင် မရှိပါတကား နမတော်ရဲ့" ဟု မိန့်တော်မူလေ၏။

နန်းမတော် ။ "ရွှေနန်းတက်တော်မူစကထက် ယခုမှ ပို၍ တိုင်းရေးပြည်ရာ ကျယ်ဝန်းလာသည်မှာ ဘယ်လို ထူးခြားခြင်းမျိုး ဖြစ်ပါလိမ့်မောင်မောင်"

ဘုရင် ။ "မောင်မောင်ဘုရားတို့ နိုင်ငံတော်ကြီးကို မဟာမိတ် အင်္ဂလိပ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က သံတမန် များကို ခမည်းတော်ဘုရား ရွှေလက်ထက်တော်ကလို ဆက်လက်ထားရှိရန် သံများ စေလွှတ်တော် မူလျက်ရှိသည်မှာ တစုံတစ်ရာ အကြောင်းမထူးခြားသေးဘူး နမတော်ရဲ့ ဒီကိစ္စနှင့် တယ်စပ်လျဉ်းပြီး နိုင်ငံအချင်းချင်း၊ ကြီးနိုင်ငယ်ညှဉ်း မဖြစ်ကြစေရန် စီမံကြိုးပမ်းတော်မူ ရသည်၊ ကုလားပြည်ကို ရောက်နေသည့် နောင်တော်မြင်ကွန်း မြင်းခုံတိုင် ကိုယ်တော်များကလည်း မကြာမကြာ ကြယ်ဖိုး ကြီးစော်ဘွား ထံလာ၍ မြန်မာနိုင်ငံတော်ကို ရယူရန် ကြံဖန်အားထုတ်တော် မူနေတယ်၊ အောက်ပြည် ရန်ကုန်မြို့ နှင့် ပုသိမ်မြို့ရှိ အင်္ဂလိပ်အရာရှိများထံ ခိုဝင်တော်မူနေသော နောင်တော် ညောင်ရမ်း ညောင်အုပ် ကိုယ်တော်တို့ကလည်း မြေထဲသရက်နယ်စပ် တစ်လျှောက်ကို အနှောင့်အယှက် ပြုတော်မူကြတယ်။ ရှမ်းပြည် မိုးနဲနယ်ဘက်ကလည်း တစ်နှစ်တစ်ခါ ရှိခိုးလက်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်တော် ဆက်လာခြင်း ထုံးစံအစဉ်အလာကိုဖျက်၍ မကျိုးမနွံမည့် ပုံသဏ္ဍာန်ရှိကြောင်း နယ်အရာရှိနှင့် စစ်ကဲတော်ကြီးများထံမှ ရွှေလွှတ်တော ်သို့ အစီရင်ခံစာ ရောက်လာတယ် နန်းမတော်ကြီးရဲ့ ...

"သည်မျှသာမကသေးဘူး နမတော်၊ မောင်မောင်တို့ စိုးပိုင်တော်မူကြတဲ့ နိုင်ငံတော်အတွင်း အောက်မြစ်စဉ် အဂေးမြို့ ကျေးရွာနယ်ပယ်များတွင် လူဆိုး၊ ဓားပြများ အလွန်ပင် သောင်းကျန်းထကြွ၊ ခိုးဆိုးတိုက်ခိုက်နေကြသဖြင့် ဓနကြေးငွေ ခိုင်လုံတောင့်တင်းသူများ၊ ပြေးလွှားတိမ်းရှောင်၍ နေရကြောင်း၊ ၎င်းလူဆိုး လူမိုက်များကို တိုက်ခိုက်နှိမ်နင်းခြင်း မပြုနိုင်လျှင် သူခိုးကြီးက ဓားပြ၊ ဓားပြကြီးလျှင် သုပုန်ဖြစ်ကာ နိုင်ငံတော်ကြီး မငြိမ်မသက်ရှိလာမည်ကို စိုးရိမ် စရာရှိသဖြင့် အတွင်းဝန်မင်း၊ မြို့စားမင်းကြီး မင်းခေါင်သူရိန် အတွင်းဝန် လေှသင်းဝန်စလေမြို့စား မင်းကြီး သီရိမဟာဇေယျကျော်ထင်၊ ဝန်ထောက်တော် မြို့သစ်မြို့စားတို့ကို တောင်တွင်းကြီးသို့ စေလွှတ်တော်မူလိုက်ပြီး သူတို့မြို့ရွာ နယ်ပယ် တို့အတွင်း ရာဇဝတ်ရေး၊ ခိုးသားဓားပြတို့ကို တွန်းလှန် ဖြိုဖျက်ရန် ဆိုင်ရာ အဂေးမြို့ဝန် စစ်ကဲရွာသူကြီး မြို့သူကြီးတို့အား လက်နက်တော်များ ထုတ်ဝေပေးခဲ့စေရသည် နမတော်ရဲ့၊ နောက်ပြီး မောင်တော်တို့ ရွှေနန်းတော်ထက်မှာ အလှူတော် အသုံးတော်တွေ အကုန်အကျများလှ၍ ဘဏ္ဍာတော်များ လျော့ပါးနေသည်ကို ဖြည့်တင်းရန် အခွန်အတုပ် တိုးတက်ကောက်ခံပြန်လျှင်လည်း ပြည်သူ လူခပင်းတို့ ဆင်းရဲကျပ်တည်းခြင်း ရှိကြ မည်၊ သို့အတွက် ထီးရုံတော်များဖွင့်ကာ အကောက်တော်ဌာနသစ်ဖွင့်လှစ်ခဲ့ရာ မကြာခဏ စစ်ကြောမေးမြန်းရခြင်း ကိစ္စကလည်း ကြီးလေးသော တာဝန်တစ်ရပ်ကဲ့သို့ ရှိသည်နမတော်၊ ဒီကိစ္စ အရပ်ရပ်ကို နေ့ညဥ့်မလပ် ခန့်အပ်စီမံတော်မူရင်း အချိန်ကြွင်းကလေးရသမျှနှင့် ရှင်ဘုရင့် စည်းစိမ် ခံရ, စံရသည်မှာ မကာမိ မထေမိအောင် ရှိပါတော့တယ် နန်းမတော်ကြီးရယ်"

နန်းမတော် ။ "ရွှေလွှတ်တော် ဝန်ကြီးတွေရှိသားပဲ ဒီလောက်တောင်များဖြင့် အပင်ပန်းမခံပါနှင့် မောင်မောင်ရယ်"

ဘုရင် ။ "ဝန်ကြီးမှူးကြီးများမှာလည်း ပြည်ကြီးပခုံး ပြည်ကြီးလက်ရုံး ဆိုတဲ့ စကားအတိုင်း သူတို့ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားတွေက အများသား နမတော်၊ သူတို့တစ်တွေ ရှိပေလို့သာ မောင်မောင် သည်မျှ သက်သာရသေးတယ်"

နန်းမတော် ။ "ယခုလို တိုင်းပြည်ရေးရာတွေနှင့်သာ အချိန်ကုန်တော်မူနေပါလျှင် မောင်မောင် အင်မတန် ပင်ပန်းနွမ်းနယ်တော်မူနေတော့မယ်၊ ဒီလိုဖြင့် နမတော် မရှုရက်ပါ၊ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ သက်သာစွာ ရှိရန်လည်း စံတော်မူပါဦး မောင်မောင်ရယ်"

www.burmeseclassic.com

ဘုရင် ။ "ကောင်းပါပြီ၊ နမတော်၏ စေတနာတော်နှင့် သင့်တင့်ညီညွတ်အောင် မောင်မောင် ချမ်းမြေ့သက်သာစွာ စံတော်မူပါမည်၊ ကြည်ကြည်သာသာ ခွင့်ပြုတော်မူတာကိုလည်း အလွန်ပဲ ဝမ်းမြောက် တော်မူပါတယ်"

နန်းမတော် ။ "မောင်မောင်ဘုရား ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့မှုကို ရှေ့ရှုပြီး ဒီက နမတော်ကြီးကလည်း အမြဲ စေတနာထားတော်မူပါသည်"

ဘုရင် ။ "ဒါနှင့် စကားမစပ် နမတော်အပါးတော်မှာ ခစားထမ်းရွက်နေတဲ့ အပျိုတော်တွေ ယခင် အခါကလို များများမမြင်ပါလား ဘယ်ကိုရောက်သွားကြသည်လဲ"

နန်းမတော် ။ "မောင်မောင် ထင်တော်မူလို့ပါ၊ ခစားသူတွေ အရင်ကထက်ပင်များပါသေးတယ်၊ အိမ်တော်ပါ အပျိုတော်ကြီးများမှာတော့ အိမ်ထောင်ရက်သားကျလို့ မြို့စားရွာစား ဝန်ကြီးဝန်ထောက် ကတော်များဖြစ်ပြီး သားနှင့်သမီးနှင့် ရှိကြလေတော့ သူတို့အိမ်နှင့် အိုးနှင့် နေကြရှာပါတယ်၊ အပါးတော်ကို နေ့စဉ်မလာသော်လည်း နှစ်ရက်ခြား သုံးရက်ခြားလောက် လာရောက်ခစားလျက်ပါ"

ဘုရင် ။ "နမတော်ရဲ့ အထိန်းတော်ကြီး ခင်ဘွားသစ်မှာလည်း သမီးတော် ထိပ်စုမြတ်ဖုရားကြီး၏ မြေပုခက်အနီးမှ မခွာရသေးဘူးလား အသက်ကြီးရှာပါပြီ"

နန်းမတော် ။ "သစ်သစ်ကို မြှောက်စားချီးမြှင့်ပြီး အေးအေးငြိမ်ငြိမ် စည်းစိမ်နှင့် နေပါစေလို့ အခွင့်အရေး ပေးသနားတော် မူထားပါလျက် သမီးတော် ထိပ်စုမြတ် ဖုရားကြီးကိုပင် ဆက်လက်ထိန်းချီနေချင်ရှာလို့ ပုတီး စိပ်ရာက မကြာမကြာ ထထလာပါတယ်၊ မလာပါနှင့် သစ်သစ်ရယ်လို့ပြောတော့ တစ်လောက ငိုပါတယ် မောင်မောင်"

ဘုရင် ။ "သြော် ... သနားစရာ သူ့ခမျာ သံယောဇဉ်ကြီးလှရှာသည်"

နန်းမတော် ။ "အိမ်တော်ပါ မှန်သမျှ ကိုယ့်အရှင်သခင်ကို အင်မတန် ချစ်ရှာကြပါသည်၊ မောင်တော့် ကျေးကျွန် များလည်း သည်အတိုင်းပဲ မဟုတ်ပါလား၊ အထွတ်အမြတ်ရောက်လို့ ခစားထမ်းရွက်သူတွေ ဘယ်လောက်ပင် များများ နမတော်နှင့် မောင်တော်ဘုရားတို့ကလည်း သူတို့ကိုမှ ထူးထူးကဲကဲ သဒ္ဓါ ယုံမှတ်တော် မူတာကလား"

ဘုရင် ။ "နောက်မှ ခစားလာကြတဲ့ အပျိုတော်တွေကလည်း အသက်ကလေးတွေက အငယ်သားဆိုတော့ အလိုတော်မသိကြလို့ မိမိရရ အမှုတော်ထမ်းတတ်ရှာကြမည် မထင်ဘူး နမတော်၊ သြော် ... ဒါနှင့် စကားမစပ် ဒိုင်းမယ်ခင်တစ်ယောက် မမြင်ပါကလား"

www.burmeseclassic.com

www.burmeseclassic.com

(သီပေါရွှေနန်းရှင်ဘုရားသည် ဒိုင်းခင်ခင်ကြီး မရှိသည်ကို သိတော်မူသော်လည်း စကားစ ရလေအောင် မသိချင်ဆောင်၍ မေးတော်မူခြင်းဖြစ်သည်။)

နန်းမတော် ။ "မောင်တော် မသိတော်မူသေးလို့ မေးတော်မူပါသလား၊ အပျိုတော်ကလေးတွေ အများအပြား ရှိကြရာမှာ ဒိုင်းခင်ခင်ကြီးကိုမှ ထူးထူးခြားခြား သတိတော်ရလိုက်ပေသည်။

ဘုရင် ။ "ထူးခြားတယ်လို့ မဟုတ်လှပါဘူး နမတော်ရဲ့၊ မောင်တော်တို့အား ဘိသိက်တော်များ ဆက်ဖူးသည့် ကလေးမဖို့ သတိတော်ရခြင်းပါ၊ သူဘာဖြစ်၍ ရှေ့တော်မှာ မတွေ့ပါလိမ့်"

နန်းမတော် ။ "ဟိုတစ်လောကပဲ လေရောဂါထိလို့ ဆေးဂါးစားပါရစေဆိုပြီး သင်းအမေကြီးနှင့် လိုက်၍ သွားပါတယ်၊ မကြာခဏတော့ ရှေ့တော်သို့ ခစားရန် ရောက်လာကြပါရဲ့ မောင်တော်"

ဘုရင် ။ "သြော် ... ဒါဖြင့် သနားပါတယ် နမတော်၊ ဆုတော်လာဘ်တော်များ ပေးသနားပြီး မြှောက်စားတော်မူလိုက်ပါဘိ"

နန်းမတော် ။ "တစ်နေ့ဆီကပင် ငွေစင်တစ်ပိဿာနှင့် ဖဲပဂါတစ်အုပ် သနားတော်မူပါသေးသည် မောင်တော်"

ဘုရင် ။ "အင်း ... ကောင်းပါလေရဲ့၊ အဲလေ ... တကယ်ဆိုတော့ ဆုတော်သနားတော်မူတဲ့ကိစ္စက နန်းမတော်ကြီးနှင့် ဆိုင်သင့်ပါသည်။ အရည်အချင်းအလျောက် အရာအထူး ဘွဲ့မည်ရည်များနှင့် မြို့စားရွာစား ပေးသနားပြီး မြှောက်စားချီးမြှင့်ရန်ကိစ္စကတော့ မောင်မောင်ရွှေနန်းရှင်က ဆိုင်သဗျ၊ ဒါကြောင့် နန်းမတော်ကြီး၏ ကျေးတော် ကျွန်တော်များကိုလည်း မောင်မောင်ရဲ့ အိမ်တော်ပါများနှင့်ပင် မတူ ရအောင် ခေါင်ခေါင်ဖျားဖျား မြှောက်စားတော်မူချင်ပါသည်၊ သဘောညီတူ နှစ်သက်တော်မူပါရဲ့လား"

နန်းမတော် ။ "ကောင်းလှပါပြီ၊ နမတော်ကို ချစ်ကြည်လေးစားတော်မူသလောက် နမတော်၏ ရံရွေတော်များကို ချီးမြှောက်သူကောင်းပြုတော်မူသည့်အတွက် မနှစ်သက်စရာ မရှိပါ"

ဘုရင် ။ "မောင်းမမိဿံ ခြွေရံများခြင်းဆိုသည်မှာ ဧကရာဇ်မင်းတို့၏ တင့်တယ်ခြင်းတစ်ရပ်ပင်ဟု ရှင်နန်းမတော်ကြီး ယုံတော်တော်မူလာပြီထင်ပ"

နန်းမတော် ။ "ယုံကြည်တော်မူပါတယ် မောင်တော်ဘုရား၊ ဘယ်အပျိုတော်ကို ဘယ်လိုမြှောက်စား ချီးမြှင့်တော်မူမယ်ဆိုသည်ကိုသာ စာရင်းအင်းနှင့် အတိအလင်း မိန့်တော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com

ဘုရင် ။ "ဘယ်သူ့ကို ဘယ်လို အဆင့်အတန်းထား၍ ပြောက်စားတော်မူမည် ဆိုသည်ကို စဉ်းစားရပါဦးမယ်၊ မောင်တော်ရွေးချယ်မှုကို စုစုနန်းမတော်ကလည်း တစ်စိတ်တစ်ဂမ်းတည်း သဘောတူတော်မူပါမည်လား"

နန်းမတော် ။ "စစ်မရောက်ခင် မြှားကုန်သလို တင်ကြိုပူပင်တော်မူနေခြင်းမှာ ထူးထူးခြားခြား ရှိလှပါကလား မောင်တော်၏ သဒ္ဓါတရားအတိုင်း ပိုင်းခြားကန့်သတ်တော်မူမှာကို နမတော်က အလိုမတူစရာ မဟုတ်ကြောင်းပါ"

ဘုရင် ။ "ကောင်းပါပြီ၊ မောင်တော် စီစဉ်လျာထားမှုကို တစ်ခုစီ တစ်ခုစီ အသေးစိတ်၍ မမှုသေးဘဲ အကြမ်းအားဖြင့် နန်းမတော်ကြီး သိတော်မူရန် မိန့်တော်မူပါမည်၊ သည်နန်းမတော်ဆောင်မှာ ခစားနေထိုင်ရာကြတဲ့ နန်းတွင်းသူ အပျိုတော်များကို ဘွဲ့ထူးအဆင့်အတန်းတိုးပြီး ချီးမြှင့်ခြင်း၊ ရွာစားအဆင့်မှ မြို့စားအဆင့်၊ နယ်စားအဆင့်၊ မြှင့်၍မြှင့်၍ သူကောင်းပြုခြင်း၊ ခမည်းတော်ဘုရားလက်ထက်တော်က မှန်နန်းအပျိုတော်ကြီးများကဲ့သို့ ရေလှည်းစီး၍ ရွှေထီးဆောင်းခြင်းစတဲ့ အဆောင်အယောင် အခမ်းအနားများကို ပိုမိုကျယ်ဂန်းများပြားစေခြင်း၊ အချို့အပျိုတော်များကို မင်းသမီးများ၏ အဆောင်အယောင် အခမ်းအနားဖြင့် ပြောက်စားခြင်း၊ အချို့ကို နန်းရ၊ ဆောင်ရ မိဖုရားများ၏ အဆောင်အရွက်နည်းတူ သူကောင်းပြုတော်မူချင်ပါသည်။

နန်းမတော် ။ "ဤအတိုင်းဆိုလျှင် သင့်မြတ်လှပါသည် မောင်တော်၊ မောင်တော်ရဲ့ အစီအစဉ်ကို နမတော် ဂင်၍စွက်ဖက်ခြင်း မပြုလိုကြောင်းပါ"

ဘုရင် ။ "မောင်တော်၏ သဘောအတိုင်း တာဂန်ပုံလျှင် အလုံးစုံ အမိန့်တော်ထုတ်၍ တစ်သုတ်စီ တစ်သုတ်စီ သူကောင်းပြုတော်မူလိုက်ပါတော့မယ်၊ သည်အထဲက မောင်တော်ဘုရားအတွက် ခြေဆုပ်လက်နယ် မောင်းမယ်တစ်ဦးတစ်ယောက်လောက်များ မောင်မောင့်အတွက် သဒ္ဓါတော်မမူချင်ပါဘူးလား နမတော်ရဲ့ (ပြုံး၍မိန့်တော်မူလိုက်သည်။)

နန်းမတော် ။ "ဩော် ... မောင်တော်က လက်စသပ်တော့ ဒီခရီးကို ဒီနည်းနှင့် ရောက်အောင် လှမ်းတော်မူခဲ့ပေသကိုး နမတော်က မောင်တော်ဘုရားအတွက် သဒ္ဓါတရားဖက်လို့ ညီမတော်ရင်း ရမည်းသင်းစုလေးကိုပင် ကြင်တော်မူခွင့်ပေးဆက်ထားပါလျက် ဘယ်အတွက် မဆိုင်သူ တစ်ရံဆံကို လိုတော်မူပြန်သလဲ မောင်မောင်ရဲ့၊ နမတော်က ကိုယ်ချစ်တဲ့ မောင်မောင်ကို ညီမတော်နှင့်သာ သဒ္ဓါတော်မူပါတယ်"

www.burmeseclassic.com

ဘုရင် ။ "ညီမတော်ကလေးကိုငယ်ရွယ်သူလည်းဖြစ်ပြန် သူနှင့် ထိုက်ထိုက်တန်တန် မြောက်နန်းစံ မိဖုရားတစ်ပါးအဖြစ်နှင့် လေးလေးစားစား ထားတော်မူရမည် ဖြစ်လေတော့ ကိုယ်လုပ်မောင်းမငယ် အဖြစ် အပါးတော်မှာ နီးနီးကပ်ကပ်ထားပြီး စေပါး၍ မသင့်လျော်ပေဘူး မဟုတ်လား နမတော်"

နန်းမတော် ။ "မောင်တော် မိန့်တော်မူတာလည်း မှန်ပါတယ်၊ သို့ရာတွင် နမတော်ရဲ့ အတွင်းသဘောကို အတိအလင်း ပြောရမယ်ဆိုလျှင် နမတော်နှင့် မောင်တော်တို့၏ အချစ်တော် နှစ်ပါးတွင် သူတစ်စိမ်းကြားဝင်၍ ချစ်ပင်ချစ်နွယ်တွေ ဖြာလာမှာ နည်းနည်းမှ မခံသာအောင် ရှိပါတယ်၊ ဒါကြောင့်သာ ဖိတ်တာချင်းအတူတူ သူများအိတ်ထဲမှာ မဖိတ်စေဘဲ ခိုင်မြဲတဲ့ အချစ်ခဲကို ညီမတော်ကလေးနှင့်သာ ဝေခွဲတော်မူနိုင်ပါတယ်"

ဘုရင် ။ "နမတော်က ကြည်သာတော်မူသော်လည်း ညီမတော်ကလေးကဖြင့် စိတ်မရဲရှာသေးဘူး ထင်ပါတယ်၊ သူ့ခမျာမှာ ခပ်အေးအေးနှင့် ကလေးလို စံတော်မူနေရှာတယ်၊ ကျယ်ဝန်းတဲ့ ကာမဂုဏ် စရိုက်ကို အာရုံငိုက်ပုံ မပေါ်သေးဘူးထင်ပါရဲ့ နမတော်၊ ဒါကြောင့် မောင်တော်ကလည်း ခပ်ဆိုင်းဆိုင်းနှင့် သူ့ဘက်က ညွတ်ကိုင်းလာမည့် အချိန်အခါကို ငံ့မျှော်စောင့်စားနေတော်မူပါ တယ်၊ ကိုယ်လုပ်တော်တို့ မောင်းမငယ်တို့ မိဖုရားငယ်တို့ ဆိုသည်မှာ ပုံရိုင်းရိုင်း နှိုင်းရလျှင် ခြေဆုပ် လက်နယ် ဆေးပေးမီးယူ ခိုင်းစရာ စေရာကလေးတွေပါ၊ ချစ်ခင်မြတ်နိုးမှုနှင့် လူတစ်ခု သူတစ်ခု အရာထားပြီး စဉ်းစားတော်မူရန် မရှိလှပါဘူး"

နန်းမတော် ။ "မောင်တော် ရွှေနန်းရှင်က မြင်တော်မူထားသူများရှိလို့ပါလား၊ နမတော် အပါးမှာ ခစားကြတဲ့ သတ္တဂါမကလေးတွေဟာ ငယ်ရွယ်လွန်းကြတဲ့ သူတွေချည်းများပါတယ်၊ အရွယ် ရောက်ပြီး သည့် အပျိုတော်များမှာလည်း သူ့အတွဲနှင့် သူ၊ ကတော်တွေ မယားတွေသာ ဖြစ်ပါတယ်၊ ဘယ်ဟာကို ရည်ရွယ်လို့ မိန့်တော်မူတယ်ဆိုတာ သိပါရစေ မောင်တော်ရဲ့"

ဘုရင် ။ "မောင်တော် မြင်ထားသူရှိ၍ မိန့်တော်မူခြင်းမဟုတ်ပါ နမတော်က ခိုင်းတော်မူစရာ ပေးချင်ရာပေး ဆက်ချင်ရာဆက် လက်ခံရမည့်မောင်တော်ပဲ"

နန်းမတော် ။ "နမတော်ကတော့ မဆက်ချင်ပေါင်ပါ၊ မောင်တော် လိုလားရာကို ဖွေရှာလို့ ညွှန်ပြလျှင် ကြည့်ချင် ပါငဲ့"

ဘုရင် ။ "ကြည့်တော်မူချင်ရုံပဲလား၊ သနားတော်မူမှာ မဟုတ်ရင်လည်း အလုပ်ပို မလုပ်ပါရစေနှင့် (စိတ်တော် ကိုစမ်း၍ မိန့်တော်မူသည်)

www.burmeseclassic.com

www.burmeseclassic.com

နန်းမတော် ။ "နမတော်ထံမှာ မောင်တော်ဂန်ခံခဲ့တဲ့ အချစ်တော် စာချုပ်ကို ဆုပ်ဖျက်ချိုး ဖောက်နိုင်လောက်အောင် သွေးဆောင်နိုင်တဲ့ ရူပါရုံရှင်ကို မြင်ချင်ကြည့်ချင်ပါသေးတယ်"

ဘုရင် ။ "နမတော် ဤသို့ထင်မြင်လျှင် တက်တက်စင် လွဲပါလေတော့မည်၊ ဒီအဆောင်မှာ မောင်မောင်ဆင်လိုသည့် ပန်းရယ်လို့ မယ်မယ်ရရ မရှိသဖြင့် နမတော်ကြည့်ရန် ညွှန်ပြခြင်းမပြုနိုင်ပါကလား"

နန်းမတော် ။ "ဩော် ... ဖော်တော့မလိုလိုနှင့် ဖုံးပြီး မုန့်လုံးစက္ကူကပ်သလို ချာရပတ်လည်သွား ပြန်ပါပေါ့ကလား"

ဘုရင် ။ "အထင်တော်မမှားလိုက်ပါနှင့် ဖုံးလားကွယ်လားပြုရန် မကြံရွယ်ရိုးအမှန်ပါ၊ အကောင်အထည် သဏ္ဍာန်မရှိသေးလို့ ညွှန်ပြဖို့ ခက်သည်ကို အထင်တော် ပို၍လွဲလျှင် ကံကိုပဲ အပြစ်ချိရတော့မည် နမတော်"

နန်းမတော် ။ လူမတန် ကံကိုချဆိုတဲ့ ရှေးကစကား အစဉ်အလာ ရှိပါတယ်၊ ဘယ်သူက လာ၍ချချ ကံကတော့ ရန်မတွေ့တတ်ရှာပါဘူး၊ အင်မတန်သဘောကောင်းပါသည် မောင်တော်ဘုရား"

ဘုရင် ။ "ကဲကဲ ... နမတော်နှင့် စကားပြိုင်လိုတော့ နိုင်စရာအကြောင်းမမြင်တော့ပါ၊ မောင်တော်တို့ စကား၏ ပြောလာစဉ်က မူလအကြောင်းခံမှာ ဒီဟာမဟုတ်ပါ၊ အပျိုတော်များကို ဘွဲ့မည်ရည် အတန်းအဆင့်နှင့် ရာထူးဂုဏ်ထူးများ တိုးမြှင့်ချီးမြှောက်မှုဖို့ ကိစ္စပါကလား၊ စကားတွေ ကျယ်ဂန်းပြီး အစွန်းမလွတ် အဖျားမလွတ်ဖြစ်လာခဲ့ပြီ၊ ဒီတော့ကာ နမတော် နစ်သက် တော်မူသလိုသာ သူကောင်းပြုတော်မူပါဘိ" ဟု စကားနိဂုံးချုပ် အမိန့်တော်ရှိလျက် နောက်ထပ် မဆက်ဘဲ အကဲမရသည့်အတူတူ မိန့်တော် မမူတော့ရန် သန္နိဋ္ဌာန်ချတော်မူလိုက်လေသတည်း။

နန်းမတော် ထိပ်စုဖုရားလတ်သည် စကားအဆက်အစပ်နှင့် အတွေးအယူ သူမတူအောင် ပါးနပ်တော်မူလှသည်အတိုင်း နှိုင်းယှဉ်စဉ်းစားတော်မူမိသော အထောက်အထားများမှာ ယခင်အခါကာလအတန်ကြာက သင်္ကာမကင်းသော စိတ်ထားဖြင့် ဒိုင်းခင်ခင်ကြီး၏ အသွားအလာများကို စောင့်စားကြည့်ရှုစေရာ သေချာဂန မတွေ့ရသော်လည်း နီးစပ်သော အချက်အလက်များနှင့် အသင့်အတင့် သိရှိရိပ်မိခဲ့ရာမှ ရုတ်တရက် အစပျောက်သွားသောကြောင့် စောင့်စားနေစဉ်မှာပင် ခင်ခင်ကြီးက အမိန့်တော်ခံ၍ အိမ်ပြန်သွားသည့်အတွက် အဆက်အသွယ် ပြတ်လေပြီဟု မယုံမကြည်ဖြစ်တော်မမူတော့ဘဲ နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ယနေ့ မောင်တော်ဘုရား ရွှေနန်းရှင်နှင့် တွေ့ဆုံနိုးနှော စကားဆက်စပ်ပြောတော်မူခါမှ ရွှေနန်းရှင်ဘုရားက ဒိုင်းခင်ခင်ကြီးကို သတိတရ မေးတော်မူခြင်း၊ ဆုတော်လာဘ်တော်ပေးရန် အမိန့်ရှိခြင်း၊ ကိုယ်လုပ်မောင်းမတစ်ဦးလောက် ထားလိုကြောင်း၊ ထူးထူးခြားခြား အခွင့်အရေးစကား ဆိုတော်မူခြင်းက စလျက် ဖော်မလိုနှင့် ပုက်လိုက်သည့် အခြင်းအရာများကို စဉ်းစားသုံးသပ်တော်မူမိလျှင် ယခင် မသကၤာချင်သော စိတ်တော်များမှာ အသစ်တစ်ဖန် အားကောင်း၍ လာပြန်တော့သည်။

မောင်မောင်ဟာ ဇေက္ကွ ဒီကောင်မကလေးကို အရေးတယူ မေးတော်မူခြင်းမှာ ကြင်နာသနား၊ ချစ်စိတ်တော် များနေ၍သာ ကြာရှည်သိုသိပ်ခြင်း မပြုနိုင်ဘဲ လွှတ်ခနဲ မိန့်တော်မူခြင်း ဖြစ်မည်ဟု တစ်ထစ်ချ ယုံကြည်တော်မူလိုက်သည်။

တစ်နည်းအားဖြင့်လည်း သည်ကောင်မကလေးဟာ အရွယ်ကလည်း နုနုငယ်ငယ်၊ ရူပနိကာယ်မှာလည်း ဆိုဖွယ်ရာ အပြစ်မရှိ ကောင်းခြင်းငါးရပ်နှင့် ပြည့်ဂကျမ်းဂန်တွက်ညီညွတ်လှ၍ ဘိသိက်တော်ပင် ဆက်ခဲ့ ရသည်။ ဒီလို လှလှပပကလေးကို မြင်ရလျှင် ရှင်ဘုရင်လည်း ရဟန္တာမဟုတ်၍ လှုပ်ရှားပေမှာပဲ၊ မဟုတ်မှလွဲရော မောင်တော်ဘုရားတော့ ဒိုင်းခင်ကြီးရဲ့ အဆင်းပြင်လျာနှင့် ရူပါရုံရေယဉ်ကြောမှာ နစ်မြောလို့ နေတော်မူပါပြီ၊ ဒီကိစ္စ တိတိကျကျ သိရှိတော်မူရအောင် ခင်မကြီးကို ထပ်မံဆောင်ရွက်ရန် စေခိုင်း တော်မူရတော့မည်။

ဩော် … မောင်တော် ရွှေနန်းရှင်သည် ယခုတစ်လောတွင် တိုင်းပြည်ရေးရာများကို ကိုယ်တော်တိုင် ထူးထူးထွေထွေ စီမံခန့်ခွဲလို့ ယခုတစ်လောတွင် နည်းနည်းတော့ ဆန်းသည်လို့ ထင်မိတယ်၊ ဘယ်လိုနည်း ဘယ်လိုလမ်းများနှင့် စခန်းသွားတော်မူပါလိမ့်၊ နှစ်သိပ်ကြည်ဖြူ ချစ်တော်မူ၍ ဇမ္ဗူတွင် အတူမထား စုတစ်ပါးရင်ခွင်ထက်မှာ သက်ရာပြည့်စံပါမယ်လို့ အသွယ်သွယ် သစ္စာထားခဲ့ပေမဲ့ ရုပ်လှပြီး အရွယ်သင့်တဲ့ စံပယ်ပွင့်ကလေးကို မြင်ပြန်တော့လည်း ငါ့ရင်ခွင်က ရှန်းထွက်လို့ လက်သင့်ရာ လှမ်းတော် မူချင်တော့သည်ထင်ရဲ့ဟု စိတ်တော်ထဲတွင် ကြေကွဲဂမ်းနည်းတော် မူချင်သလိုလို ဖြစ်လိုက်သည်။

သို့ရာတွင် အရှင်နန်းမတော် ထိပ်စုဖုရားလတ်သည် စိတ်ထက်မြက်တော်မူသည့်အတွက် ရုတ်တရက် စိတ်ဂမ်းနည်းတော်မူရာက ရွှေနန်းရှင်အပေါ်တွင် မခံချင်စိတ်၊ ဒေါမနဿစိတ်များပေါ်၍ အမျက်တော်ကြွလာတော့သည်။ ဤကိစ္စကို မရမနေ မျက်ခြည်မပြတ် စုံစမ်း၍ ရွှေနန်းရှင်အား လက်ရဖမ်းတော်မူပြီးလျှင် နာနာကြည်းကြည်း ပြစ်တင်ပြောဆိုတော်မူမည်ဟု ကြံစည်ပိုင်းဖြတ်တော်မူလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

မယ်တော်လောင်းရှည် မိဖုရားကြီးအား သားတော် သီပေါ်ရွှေနန်းရှင်ဘုရားက ဘုံငါးဆင့် ဆောင်ရ ခုနစ်ဆောင်ရှိသည့် ကြီးကျယ်ခမ်းနားစွာသော အိမ်ဖြူတော်ကြီးနှင့် စံနေတော်မူစေလျက် မြို့စား အဖြစ် စလင်းမြို့၊ တလုပ်မြို့များကိုဆက်၍ ထီးမိုးသည်ခံအတွက် နန်းခမ်းမြို့၊ ပင်ခမ်းမြို့များကို ဆက်ပြီး လျှင် အသုံးခံ ကျွေးခံအတွက် ချောင်းဦးဆယ်ရွာရှိ ဘိုးတော်ဘုရားမှ ဆင်းသက်ပိုင်ဆိုင်ခဲ့သော လယ်ပယ်တော် များကို ဆက်သတော်မူပြီးလျှင် မယ်တော်ဘုရား အပါးတော်မြဲများ၊ စာရေးတော်ကြီးများ၊ ကွမ်းရေတော် ခေါင်းများ၊ ကွမ်းရေတော်သား ခုနစ်ဆယ်၊ ကျွန်တော်မျိုး ယောကျ်ားငါးရာ၊ ကျွန်တော်မျိုး မိန်းမ လေး ရာ တို့ကို ဂါလှည့်ယာလှည့် ခွဲ၍ နေ့ညဥ့်မပြတ် ထွက်ဂင်ခစားစေရသည်။ ယင်းသို့ မြောက်မြားစွာသော ကျေးတော်ကျွန်တော်မျိုးတို့နှင့် မယ်တော်ကို ကြည်ညိုရိုသေစွာ မြှောက်စားပြုစုခဲ့ရာမှ ကာလမကြာမီ ကိုးရာကျော်ရှိသော ကျေးကျွန်အမှုထမ်းများကို အပြစ်တင်မကင်းရှိတော်မူသည်ဟု အချို့ကို အရာနုတ်၍ ထက်ဂက်မကဖြစ်သော ကျွန်တော်မျိုးငါးရာခန့်လောက်သာ ထားတော်မူလေ သည်။ ဤကိစ္စနှင့် ပတ်သက်၍ မယ်တော်လောင်းရှည်ဖုရားမှာ သားတော်အတွက် တစ်စုံတစ်ရာ စိတ်ကွက်တော်မမူစေကာမူ တစ်ခါတစ်ရံ သမီးတော်များနှင့် စကားစပ်မိလျှင်ကား သားမယ်တော်များ ခေါင်းချင်းဆိုင်၍ ရှေ့အရေး ဆွေးနွေး တိုင်ပင်လျက် ရှိကြသည်။

သီပေါ်ရွှေနန်းရှင်ဘုရား၏ အစ်မတော်ရင်း ပခန်းကြီးမြို့စား စုဖုရားကြီးနှင့် နမတော်ငယ် မိတ္ထီလာမြို့စား စုဖုရားကလေး တို့သည် တစ်နေ့သောအခါ မယ်တော် လောင်းရှည်ဖုရားအနီး ထိုင်တော်မူရာမှ ငယ်ရွယ် ရှာသူ မိတ္ထီလာစုဖုရားကလေးက အစ်မတော်အား စတင်၍ လျှောက်ထား လိုက်သည်။

"မယ်တော်ဘုရား နန်းမတော်ဆောင်ကြီးကို ရောက်တော်မူပါသေးလား ဘုရား"

မယ်တော် ။ "မယ်တော်ဘုရား မနေ့ကပင် ရောက်ခဲ့ပါသည်၊ သမီးတော်များလည်း မကြာခဏ သွားလိုက်ကြပါကွယ်"

စုဖုရားလေး ။ "သွားတော့ သွားချင်ပါတယ် မယ်မယ်ဘုရား၊ ယောင်းမတော်ဘုရားက ကြည်ကြည် သာသာ ရှိတော်မူတဲ့အခါတော့လည်း ရဲရဲတင်းတင်း ခစားပွဲ့ပါသည်၊ တစ်ခါတစ်ခါ ရွှေစိတ်တော် မကြည်လင်မှဖြင့် အင်မတန် ကြောက်ပါသည်ဘုရား"

စုဖုရားကြီး ။ "ကိုယ့်ယောင်းမတော်ရဲ့ စိတ်တော်ကို အသိသား၊ အလိုက်သင့် အပြစ်မရှိအောင် ခစားပေါ့ ညီမလေးရယ်"

လေး ။ "ဟုတ်ပါငဲ့မဘုရား၊ ကြည်သာတော်မူတဲ့အခါနှင့်ကြုံလျှင် သဇင်ပန်းတွေပေမဲ့ ယူလို့မကုန်အောင် တစ်ပုံကြီး လက်ဆောင်သနားတော်မူလိုက်ပါတယ်၊ အဆင်မသင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com

အခါမျိုးမှာတော့ ညီမလေး ဂုတ်ဆင် သွားတဲ့ ခါသာပိတ် ထိုင်မသိမ်းအင်္ကျီကလေးကိုပင် စေ့စေ့ စပ်စပ် ရှုစားပြီး မိတ္တီလာစုလေးက ရှင်ဘုရင့်နှမဆိုတော့ ခါသာပိတ်အင်္ကျီ အသစ်စက်စက်ကြီးဂုတ်လို့ လွှတ်မောက်လာပါကလားကွယ်လို့ မိန့်တော်မူပါတယ် မယ်မယ်ဘုရား၊ ဒါဖြင့် စုလေးမှတ်ထားပြီး နောက်များတော့ ပိတ်အင်္ကျီအသစ်ကို မဂုတ်ပံ့တာနှင့် ခေါ်ချကို ဂုတ်ပြီး မိဖုရားမြင်တော်မူချိန်က သွား၍ ခစားရပါတယ်၊ အဲဒီတော့မှ သာလို့ ဆိုးပါသေးတယ်ဘုရား၊ ဝံ့အနား ခေါ်စော်နံလိုက်တာ ခေါင်းကိုက်ချင်လာပြီတဲ့၊ ရှင်ဘုရင် ခေါင်းခဲတော့ သဲတယ် ဆိုတဲ့ စကားအတိုင်း မိဖုရားခေါင်းခဲမှာစိုးလို့ အပျိုတော်တွေ ပိုင်းသဲတာနှင့် တစ်ခါတည်း ထပြေး လာခဲ့ရပါတယ်ဘုရာ့၊ အခစား မဝင်ပြန်တော့လည်း ရှင်ဘုရင် နှမတွေက မာနကြီးကြတယ်လို့ ဆိုတော်မူဦးမယ်၊ ခဏခဏ သွားလို့ အဂုတ်အစားသစ်ရင် အပြစ်မလွတ်၊ တစ်ရေရှော် ခေါ်ချ ဂုတ်ပြန်တော့လည်း ဒိုဘီစော် ခေါ်စော် နံပြန်တယ်၊ ဘယ်နည်းနဲ့မှ အပြောခံမလွတ်ပါဘူး မဖုရား"

ကြီး ။ "မမတို့ကတော့ တရားနလုံးထားလို့ အောက်ကျို့တဲ့ဘက်ကချည်း နေမှာပါပဲကွယ်၊ ဘယ်လိုပဲ အပြစ်ရှာရှာ မနေတတ်ပါဘူး၊ ညီမလေးကတော့ ကလေးသဘောမို့ ပြောလိုက်ရင် နာချင်လေသလား"

လေး ။ "အလိုလေး ... မနာပံ့ပါဘူးဘုရား၊ စကားစပ်မိလို့ အကြောင်းအကျိုးလျှောက်တင်မိတာပါ၊ မယ်တော်ဖုရားတောင်မှ အလိုက်သင့်အလျားသင့် စံနေတော်မူရရှာသေးတာ အသိသားပါဘုရား"

မယ်တော် ။ "နန်းမတော် စုလတ်က စိတ်အင်မတန် ဆပ်တော်မူတယ် ဆိုတာ ငယ်စဉ်အခါထဲက မယ်ဖုရားအသိမို့ သည်းခံတော်မူနိုင်ပါတယ်၊ မယ်မယ်ဖျားက ချွေးမရယ်လို့ သဘောမထား သွေးသားတော်ရင်းများလို မှတ်ထင်လျက်ပါ၊ သူကသာ တစ်ခါတစ်ခါ ယောက္ခမလို သဘောထားလို့ သားနဲ့ အမိ သိသင့်သိထိုက်တဲ့ စကားများ ပြောကြားမယ်ကို အလွန်တိုထွာတော် မူပုံရတဲ့အတွက် အဆက်အသွယ် ခပ်ကင်းကင်း နေတော်မူခဲ့တယ်၊ အင်မတန်ချစ်တဲ့ သားပေမဲ့ သူ့အနား တယ်မကပ်ပံ့ပါဘူးကွယ်"

စုလေး ။ "ဟုတ်ပါကြောင်းဘုရား၊ သားတော်က မယ်တော်အား ပြုစုယုယတာတွေကို ကျေနပ်ပုံမရပါ၊ ဟိုတစ်လောက ကျေးတော်မျိုး ကျွန်တော်မျိုး ကိုးရာတစ်ထောင် ထားသည်ကို မလိုလို့လား မသိ အခုငါးရာသာ ရှိပါတော့သည်ဘုရား"

စုကြီး ။ "ထန်းသီးကျွေခိုက် ကျီးနားခိုက်ဆိုသလိုများ ဖြစ်နေထင်ပါရဲ့ ညီမတော်လေးရယ်၊ မယ်တော်ဆောင်မှာ ကျွန်တော်မျိုး တစ်ထောင်ကျော်ထားတဲ့အတွက် အသုံးကံကျွေးတာဂန်တွေ အများကြီး လေးတယ် မဟုတ်လား၊ ရွှေတိုက်တော်မှာလည်း ဘဏ္ဍာတော်များ အထူးလျော့ပါးနေတဲ့ အခါ ဖြစ်လို့ ပိုရာကို လျှော့ကြသည်နှင့် တူပါတယ်"

www.burmeseclassic.com

စုလေး ။ "စုလေးတို့မဖုရား မိန့်တော်မူသလို ဟုတ်မယ်မထင်ပေါင်ပါဘုရား၊ ဒါပေတဲ့ ကြောက်လှပါတယ်၊ နောက်တစ်ခါ မပြောပံ့ပါဘုရား"

မယ်တော် ။ "ကဲ ... ကဲ ... ကြောက်တတ်မှ ဂုဏ်ကင်းသတဲ့ သမီးတော်တို့ရဲ့"

စုကြီး ။ "စုကြီးကိုလည်း ကြောက်တတ်တာပါပဲဘုရား"

မယ်တော် ။ "သမီးတော်တို့မှာ မောင်တော် ရွှေနန်းရှင် မျက်နှာနှင့်တောင် ဒီလောက် ကြောက်ရလန့်ရသေးတယ်၊ ရွှေနန်းတော် အနောက်ပိုင်းမှာ မျက်နှာငယ်ငယ်နှင့် နေရှာကြတဲ့ ညီမတော် အစ်မတော်တွေ တပုံကြီး ရှိကြသေးတယ်၊ သနားစရာပဲကွယ်၊ ဩော် ... တကယ်ဆိုတော့လည်း သူတို့ တစ်တွေဟာ သတ်ရာဖြစ်ရာမှာ မပါကြဘဲ အသက်သွေးခဲ မြဲနေကြရသည်ပင်၊ အလွန်ကျေးဇူးတင်နေရှာပုံ ရပါတယ်၊ မျက်နှာငယ်လေးခြင်းလို့ ဂမ်းနည်းဖို့ပင် သတိရချင်မှ ရကြတော့မည်"

စုလေး ။ "အင်မတန် ကြောက်ရှာကြပါသည်ဘုရား၊ ဟိုတစ်လောက အီတာလျံဓာတ်ပုံကူးဆရာ ရောက်လာသဖြင့် ရွှေ့တော်မှာလာ၍ ဓာတ်ပုံကူးခံကြရမည်ဆိုသဖြင့် မသေလို့ ကျန်နေကြတဲ့ ခမည်းတော် မင်းတရားကြီးဘုရား၏ မိဖုရားများ၊ သမီးတော်များ၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား စတဲ့ သားတော်ငယ်ကလေးများ၊ နတ်ရွာစံ ဘဒွေးတော် အိမ်ရှေ့ဘုရား၏ သမီးတော်များ အားလုံးပင် ရွှေ့တော်သို့ဝင်ပြီး အမိန့်တော်ကြီးနှင့် ဓာတ်ရိုက်ခံကြရပါတယ်၊ ဒီအခါတုန်းက စုလေးတို့ ညီအစ်မမလဲ အတူပါပါတယ်၊ ရွှေ့တော်မှာဆိုတော့ ရှိခိုးလက်ယှက်ခြင်းကိုလည်း မဖြုတ်ပံ့ မော့မော့ကြော့ကြော့လည်း မနေရဲ လူထဲသူထဲမှာ ဓာတ်ရိုက်ခံရလို့ ရှက်တာက တစ်မျိုး၊ နန်းမတော်ကြီးကို ကြောက်တာက တစ်ဖက် အသက်တောင် မှန်မှန်မရှူပံ့ကြဘူး ဘုရား"

စုကြီး ။ "ဟုတ်ပါပေတယ်၊ ညီမတော် စုလေးပြောမှ သတိတော်ရမိသည်"

မယ်တော် ။ "မယ်တော်ဖုရားမှာလည်း သားတော်ရဲ့ ဂုဏ်ကျေးဇူးကြောင့် ထူးထူးခြားခြား အိမ်ဖြူတော် ပြူတင်းရွှေချနှင့် စံစားပြီး ဘုရင့်မယ်တော်ကြီးတို့၏ အခမ်းအနားကို ရရှိစေကာမူ ဩဇာအာဏာတော့ မရှိလှပါဘူး၊ မယ်ဖုရား ကိုယ်တိုင်ကလည်း ခပ်အေးအေးပဲ စံတော်မူလိုသည်နှင့် အခန့်သင့်ပါ၊ ဩော် ... ဒါနှင့် မယ်ဖုရား၏ အကြီးစာရေး မောင်ရွှေမှူ လျှောက်တင်ချက်အရ အားလပ်နေတဲ့ မြောက်ရွှေရေးဆောင်တော်ဟောင်းကို သုတ်သင်ရှင်းလင်း၍ ဟင်္သာပြဒါးရွှေဆေးနှင့် ရေးသား ခြယ်လှယ်နေကြသည်ကို တွေ့မြင်ခဲ့ရတယ်၊ ဘယ်သူဘယ်ဂါ စံနေဖို့လည်း မသိ မေးမြန်း စုံစမ်း ကြည့်လိုလည်း မရဘူးဆိုပါကလား သမီးတော်များရဲ့"

www.burmeseclassic.com

www.burmeseclassic.com

စုလေး ။ "မောင်ကြီးဘုရားက မိဖုရားငယ်များ ယူတော်မူမယ်လို့ ရည်ရွယ်တော်မူသလားမှ မသိတာဘုရား"

မယ်တော် ။ "သမီးတော်တို့ မောင်ကြီးဘုရားဟာ ဒီလိုနေရာမှာ အလွန်မှ ရိုးတော်မူရှာပါတယ်၊ ရနောင် မောင်မောင်တုတ်နှင့် မောင်ဖေတို့ ခြယ်လှယ်ခဲ့လို့သာ ငယ်စဉ်က စုစုလတ်နှင့် ဆက်သွယ်မိတာကလား"

စုလေး ။ "ရှင်ဘုရင်အဖြစ်ကို ရောက်လာမှတော့ ရွှေနန်းစဉ်လာ ထုံးတမ်းအရ လူမတတ်သော်လည်း လက်ဖက်ထုပ်က တတ်လာတော့မှာပဘုရား"

စုကြီး ။ "ညီမတော်လေး ဒါတွေ မတွေးလေနှင့်၊ အစ်မတော် အရင်းကိုပင် အတင်းတွန်းဖယ်ပစ်ခဲ့နိုင်ခဲ့ နန်းမတော်ကြီးပါကလား၊ မောင်ကြီးဘုရားကလည်း နားအေးကြိုက်တော်မူပါတယ်၊ ဘယ်ကလာ၍ မိဖုရားငယ် ယူတော်မူပါမလဲ"

စုလေး ။ "သည့်နှယ် မောင်ကြီးဘုရားအတွက် မဟုတ်ပါလျှင် သားတော်၊ သမီးတော်အချင်းချင်းထဲမှ ထိမ်းမြားလက်ထပ်ရန်အတွက်ပေလား မသိပါဘုရား"

မယ်တော် ။ "သမီးတော် စုလေးတွေးတော်မူသလို မဖြစ်နိုင်ပါဘူးကွယ်၊ မယ်ဖျားတို့ မှတ်မိတော်မူသလောက်ဆိုလျှင် ဒီရွှေရေးဆောင်များဟာ မိဖုရားများအတွက်သာ ထားခဲ့ရိုးထုံးစံ အစဉ်အလာရှိတယ်၊ မင်းတရားကြီးဘုရား၏ သားတော၊ သမီးတော်များအတွက် လက်ထပ်ပွဲ အခမ်းအနား ပြုလုပ်ဖို့လည်း မဖြစ်တန်ရာ"

စုကြီး ။ "မှန်ပါသည်၊ ခမည်းတော် နတ်ရွာစံမင်းတရားကြီးဘုရား လက်ထက်တော်က ဆိုပါလျှင် အချိန်အရွယ်တိုင် ရောက်လာသည့်သားတော်၊ သမီးတော်၊ တူတော် တူမတော်များကို အနွယ်တော် မပျက် လက်ဆက်ထိမ်းမြားပေးတော်မူမြဲဖြစ်ပါသည်။ ယခု မောင်ကြီးဘုရား လက်ထက်တော်မှာ အနွယ်တော်ချင်း လက်ဆက်ဖို့ပင် အင်မတန် ခက်ခဲလိမ့်မယ် ထင်ပါဘုရား"

စုလေး ။ "ဘာကြောင့်လဲပါဘုရား"

စုကြီး ။ "အရွယ်ရောက်ပြီး လူလားမြောက်တဲ့ သားတော်၊ တူတော်မင်းသားတွေ အားလုံးလိုလို သေကုန်ကြပြီ မဟုတ်လား ညီမလေးရဲ့၊ မသေလို့ ကျန်ခဲ့တဲ့ သားတော်များရှိသော်လည်း အင်မတန် ငယ်ရွယ်ကြရှာတဲ့ ကလေးတွေသာဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

မယ်တော် ။ "သမီးတော်များ စကားစပ်လာလို့ သတိရတော့တယ်၊ အချိန်အရွယ်ရောက်ပြီး ကျန်ရစ်ရှာတဲ့ သမီးတော်များ တူမတော်များမှာ ကြင်ဘက်ကြင်ရာ အနွယ်တူမရှိဘဲ ခုလိုသာ အနောက်ဆောင်များတွင် ခြံလှောင်ထားသကဲ့သို့ ကာလကြာရှည် နေသွားကြရမည်ဆိုပါက လူ့လောကီဓမ္မတာ သဘာဂကို ပိတ်ပင်တားဆီးထားရာ ရောက်တော့မှာပဲ၊ တချို့လည်း ငယ်ရွယ်သူတို့ဘာဂ မမှားတန်ရာ မှားယွင်းပြီး ရာဇဂုတ်မကင်းတဲ့ ကိစ္စတွေ ပြုမိမှားကြပါက ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ပြီး ဂါးလုံးရှည်ကြီးနဲ့ သိမ်း၍ အရိုက်ခံရသလို မိန်းမအားလုံးကို သိမ်းကြုံး၍ အပြစ်ပြောဆိုခံကြရတော့မယ်"

စုလေး ။ "ဒါလည်း နန်းမတော်မဖုရားလတ်က ချုပ်ချယ်တော်မူခြင်း တစ်မျိုးပါပဲ၊ ညီအစ်မတော်ကြတဲ့သူ အချင်းချင်း ကိုယ်ချင်းစာတော်မူလျှင် ဒီပြင် မင်းသားများမရှိတဲ့အဆုံးမှာ မောင်ကြီးဘုရားက သိမ်းပိုက်ပြီး ဆောင်ရနန်းရ မိဖုရားများအဖြစ်နှင့် ထားတော်မူနိုင်သားပါဘုရား"

စုကြီး ။ "အမိန့်တော်အတိုင်းပါဘုရား ... သားမယ်တော် သုံးပါးတည်းသာရှိသဖြင့် သိသင့်သိထိုက်သော အကျိုးအကြောင်းများကို ရှေ့အလားအလာ ဘေးရန်ကင်းစွာ ခံစားနေထိုင်ရန် အကြံဉာဏ် ပွင့်ပွင့်လင်းလင်းနှင့် အချင်းချင်း ညှိနှိုင်းခြင်းမျှ ဖြစ်ကြောင်းပါဘုရား" ဟု စကားလက်စ သိမ်းကာ ပွဲတော်စာ စားသုံးချိန်ရောက်သည်နှင့် အဆောင်မကြီးဘက်သို့ ထွက်တော်မူ ခဲ့ကြလေသတည်း။

အရှင်နန်းမတော် ထိပ်စုဖုရားလတ်သည် အတွင်းကျကျ ယုံမှတ်တော်မူလှသော ခင်မကြီးအား ရွှေနန်းရှင်ဘုရားနှင့် ဒိုင်းခင်ခင်ကြီးတို့အပေါ်တွင် နောက်ထပ် မသင်္ကာစရာ အရိပ်လက္ခဏာများ ကြုံတွေ့တော်မူပြန်သည့်အကြောင်းတို့ကို ပြန်ပြောင်းအမိန့်တော်ရှိပြီးလျှင် ညဉ့်ညီလာခံသဘင်ကို အချိန်ကြာရှည်စွာ ပြုတော်မူခြင်းကိစ္စအတွက် သံသယမကင်းကြောင်း၊ ညီလာခံကိစ္စပြီးလျှင် ရွှေနန်းရှင် ဘယ်နေရာသို့ ထွက်တော်မူ၍ ဘယ်သူက ခစားပြီး ဘယ်စကားမျိုး တိုင်ပင်ဆွေးနွေးတော်မူသည်ဟု သိတော်မူလိုသဖြင့် အခွင့်အရေးရသည့် အခိုက်ကိုကြည့်၍ နှိုက် နှိုက်ချွတ်ချွတ် လိုက်လံစုံစမ်း ထောက်လှမ်း ရမည်ဟု အမိန့်တော်ပေးလေ၏။

ခင်မကြီးလည်း တစ်ပါးကျွန်ပီပီ ဦးလည်မသုံ စေခိုင်းတော်မူသမျှ အမှုကိစ္စများကို ကုန်လုံကြေပွန်အောင် မျက်နှာအားရ ရွက်ဆောင်ခဲ့သူဖြစ်သည့်အတိုင်း အရှေ့ပိုင်းက အဆက်အသွယ် အကူးအသန်းများကို ကြိုးကြိုးပမ်းပမ်း ချောင်းမြောင်းစုံစမ်းပြန်လေသည်။ သို့ရာတွင် ရနောင်မြို့စား မောင်မောင်တုတ် ခေါင်းဆောင်ပြုထားသော လက်သုံးတော်ကိုင် အိပ်ဖန်တော်သား ဂဲလှည့်ယာလှည့် အမှုထမ်းများသည် မှန်နန်းဆောင်၏ အရှေ့ဘက်နှင့် တောင်ဘက် မျက်နှာတို့တွင်လည်းကောင်း၊ ဗောင်းတော် ဆောင်ဘက် တွင်လည်းကောင်း အဆောင်ကြီးသုံးခုရှေ့နောက် တန်းလျက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com

တောင်ဒဂုဏ်ဆောင်၊ ရွှေတိုက် ဆောင်၊ ရွှေဆောင်တော်တို့တွင်လည်းကောင်း၊ တောင်ဘက် ပန်းခုံတော်အုတ်တိုက်နှင့် ဦးတိုက် ဆက်စပ် လျက်ရှိသော တောင်စမုတ်ဆောင်တော်တစ်ဝိုက်၌ လည်းကောင်း ဓားရောင်လှံရောင် ပြိုးပြိုး ပြောင်ပြောင်နှင့် သန်းခေါင်သန်းအလွဲထိ ပခုံးချင်းကပ်၍ ညပ်နေအောင် စောင့်ကြပ်နေကြသည်ဖြစ်ရာ ခင်မကြီးမှာ မည်မျှပင် ကြိုးစားငြားလည်း အိပ်ဖန်တော်သားများကို ထိုးဖောက်ဝင်ရောက်နိုင်ခြင်းငှာ များစွာ ခဲယဉ်းလျက်ရှိတော့သည်။ သို့နှင့်လည်း ခင်မကြီးသည် ကိုယ်တိုင်မျက်မြင် မသိမမြင်ရစေကာမူ ညဉ့်ညီလာခံသဘင်ကွဲ၍ မှူးတော်မတ်တော်တို့ အပါးတော်မှ ရဲသွားသည့်နောက် မည်သည့်အချိန်တွင် ရွှေနန်းရှင်ဘုရား မှန်နန်းအဆောင်တော်သို့ ပြန်ရောက်၍ အချိန်မည်မျှ အကြာတွင် ညီလာခံ စဲလေသည်များကို အချိန်နှင့် တိုင်းထွာစုံစမ်းရန် မိမိခင်ပွန်းသည် သေနတ်ဝန်မင်းအား အရှင် နန်းမတော် ဖုရား အမိန့်နှင့် လက်သိပ်ထိုး စုံစမ်းမေးမြန်းလေတော့သည်။

ခင်မကြီး၏ ခင်ပွန်းဝန်မင်းမှာ ညဉ့်ညီလာခံတွင် ဝင်ရောက်ခစားရသည် မှန်သော်လည်း ၄င်းထက်ရာထူးကြီးသူ အတွင်းဝန်ကြီးများကဲ့သို့ ဘုရင့်အပါးတော် နီးနီးနားနား ခစားခြင်း မပြုရ သည်တိုင်အောင် ဆွေးနွေးတော်မူသော ကိစ္စအဂ္ဂကို မှတ်သားကြားနာရပေသည်။ အမိန့်တော် ချသမျှကိုလည်း ထိုနည်းနှင်နှင် တွေ့မြင်ကြားသိရလေသည်။ သို့ရာတွင် ထိုကိစ္စများမှာ နိုင်ငံတော်အရေး၊ သာသနာတော်အရေး၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့် အရေးများသာဖြစ် ကြောင်း၊ အထူး အထွေမရှိကြောင်း ဇနီးသည်အား ရိုးသားစွာ ပြန်၍ပြောလေ၏။ ခင်မကြီးမှာ ဤအဖြေမှာ ကျေနပ်ခြင်း မရှိပေ၊ ညီလာခံကွဲသည့်အချိန်ကို မှတ်၍ လာခဲ့ရန် ပူဆာပြန်သည်။ ဝန်မင်းလည်း ဇနီး၏ အလိုအတိုင်း ပြောပြရရှာသည်။

ထို့ကြောင့် နောက်ဆုံးတွင် ညီလာခံကွဲသော အချိန်နှင့် ရွှေနန်းရှင်ဘုရား ဘမရာသနအဆောင်တော်သို့ ပြန်ဝင်တော်မူသော အချိန်မှာ နစ်ပဟိုရ်လောက် ကွာနေသည်ကို ရှေ့သို့တစ်ဆင့်လှမ်း၍ စုံစမ်းရန် အကွက်လည်လာတော့သည်၊ မိမိကိုယ်တိုင် ညီလာခံတော်မူရာ အဆောင်တော်သို့ သွားနိုင်ခွင့် မရှိစေကာမူ ခင်ပွန်းဖြစ်သူ ဝန်မင်းအား စကားပရိယာယ် အမျိုးမျိုးနှင့် လှည့်ကာပတ်ကာ အမေး အမြန်း ထူလှစွာ ပြုမူလာခဲ့ရာ ကြာသော် လူရိုးကြီး ဝန်မင်းမှာ "အမေး အစစ်ထူလှပါကလား၀န်ကတော်ခင်ခင်ရဲ့၊ ဘယ့်နယ် အရေးကိစ္စများ ပေါ်ပေါက်နေပြန်သလဲ" ဟု ဇနီး၏ အကဲကို ပြန်၍စမ်းသည့်အလား မေးခွန်းများ ထုတ်လာတော့သည်။

"ကျွန်မတို့မှာ အရှင်နန်းမတော်ဖုရား၏ တစ်ပါးကျွန်အဖြစ်နှင့် အမှုတော်ထမ်းလာခဲ့ရလို့ ဒီအခြေ ရောက်အောင် ဘုန်းတံခိုးတောက်ခဲ့ရသည် မဟုတ်ပါလား၊ အရှင်နန်းမတော်ဖုရားက သိတော်မူလို၍ ခိုင်းတော်မူလျက် အသက်နှင့်ပင်လဲ၍ ဆောင်ရွက်ရမည် ဝန်မင်းရဲ့၊ ဒါကြောင့်သာ အမေး အမြန်းထူရပါသည်" ဟု ပြန်လည် ဖြေရှင်းလိုက်သောအခါမှ ဝန်မင်းကလည်း အရေလည်ကာ -

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ရှိပါစေတော့ ခင်ခင်ရာ၊ ကျုပ်သိဒါတော့ ပြောပါမည်၊ ဒါထက် ယခုလို စုံစမ်းနေသည်မှာ အရှင်နန်းမတော်ဖုရားက ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားအပေါ်တွင် ယုံကြည်တော်မမူလို့ပေလား" ဟု စကား အတတ်ပေါက်လာ၍ လာပြန်သည်။

"ယုံကြည်တော်မမူလို့လည်း မဟုတ်ပါ၊ သို့ရာတွင် အဖင်အထွက် မသင်္ကာတဲ့ ကိစ္စတစ်ရပ်ရှိနေပါသည်။ ရွှေနန်းရှင်ဘုရား ညဉ့်ညီလာခံစဲလျှင် ဘယ်နေရာကို ထွက်တော်မူပြီး ဘယ်သူနှင့်တွေ့ဆုံတော် မူတယ်ဆိုသည်ကို အမှန်အတိုင်း သိတော်မူလိုရင်းဖြစ်ပါတယ်" ဟု ရည်ရွယ်ချက်အမှန်ကို ခင်ပွန်းဖြစ်သူကို သိရန် ဖွင့်၍ အန်လိုက်သည်။ ဤတွင်လည်း ဂန်မင်းက ဇနီးသည်ကို ဖျောင်းဖျနားချသော လေသံအေးနှင့် -

"သိခွင့်ရှိလိမ့်မည် ထင်လို့မေးသော်လည်း အရေးမဆိုင်တဲ့ ကိစ္စမှာ ကျုပ်တို့ ဘာမှသိရတာမဟုတ်ဘူး ဂန်ကတော်ခင်ခင်ရဲ့၊ တကယ့်တကယ်ဆိုတော့လည်း ကျုပ်တို့အရှင်နှစ်ပါး စိတ်ဂမ်းကွဲပြားတော်မူမည့် ကိစ္စမှန်လျှင် ဖုံးတန်ဖုံး ဖိတန်ဖိ၊ သတိဂီရိယ ရှေ့ ဆောင်ပြီးအေးချမ်းအောင် အမှုတော် ထမ်းသင့်ပါတယ်ခင်ရယ်" ဟု တကယ်ပင် သဘောကောင်း၊ မနောကောင်းနှင့် အကြောင်းသင့် အကျိုးသင့် ပြောရှာတော့သည်။ ခင်မကြီးသည် သခင့်အတွက် ဆိုလျှင် ခင်ပွန်းလင်ကိုပင် ဉာဏ်ဆင်လှည့်ဖြား၍ မိမိ ဂတ္တရားကို ကျေကုန်အောင် စွမ်းဆောင်လိုသည်ဖြစ်ရာ -

"ဟုတ်ပါတယ် ခင်ခင်ကလည်း ဒီအတိုင်းပင် သဘောထားပါတယ်၊ ဒါပေတဲ့ ဘယ့်နှယ့်ကိစ္စမှန်း သိကို မသိရသေးလို့ မေးမြန်းထောက်လှမ်းနေရခြင်းပါ၊ တကယ်သာ ဟုတ်ရာမှန်ရာကို တပ်တပ်ထင်ထင် မြင်ရသိရပါက အရှင်နှစ်ပါးလုံး အကျိုးယုတ်မည့်ကိစ္စဆိုလျှင် အရှင် နန်းမတော်ဖုရားအား အလကား သံတော်ဦးတင်ပမလား၊ ခင့်ဂမ်းထဲမှာသာ သိုသိပ်လို့ ထားမှာပေါ့ ဂန်မင်းရယ်၊ ခင်ခင်ကို ချစ်တော်မူတယ်ဆို၊ ခင်ခင်သိလိုတဲ့ ကိစ္စကလေးများ ကြိုးစားပြီး ကူညီပါလား ဂန်မင်းရဲ့" ဟု နွဲ့နွဲ့လျလျ လေသံနှင့် ပူဆာပြန်လေ၏။ ဤတွင်လည်း သေနတ်ဂန်မင်းမှာ ပြုံးပြုံးကြီးဖြစ်လာပြီး "ဒီလိုဖြင့် ကောင်းပါပြီဗျာ၊ ကောင်းပါပြီ ခင်ခင်သိချင်တာ သိရအောင် ကျုပ် ဆောင်ရွက်ပေးပါမည်" ဟု ကြည်ကြည် သာသာ အာမခံလိုက်ရှာတော့သတည်း။

ဤနည်းနှင့်လည်း မျှော်လင့်ချက် ခရီးစကို မရောက်နိုင်ခဲ့ကြပြန်သည်။ ညညီလာခံစဲလျှင် ဂန်ကြီးအတွင်းဂန်များ အားလုံးထ၍ ပြန်ကြသောအခါ သေနတ်ဂန်မင်းတစ်ဦးတည်းသာ ကြောင်စာစာနှင့် ကျန်ရစ်ရှာသည်။ ဘုန်းတော်ကြီးလှသော ဘုရားမှာ ညောင်းညာတော်မူသည်ဟု အမိန့်တော်ရှိကာ သလွန်တော်ပေါ်တွင် ခြေတော်ကို အဆုပ်အနယ် ခံတော်မူနေသည်၊ လက်သုံးတော်ကလေး နှစ်ယောက်က ကပျာကယာထ၍ ခြေတော်တစ်ဖက်တစ်ချက်ကို အနိုပ်တော်ဆက်၍ နေကြသည်ကိုသာ မြင်ရသည်၊ သို့နှင့် အကြောင်း ထူးဦးမည်လားဟု စောင့်၍ ခစားနေသောအခါများတွင်မူကား ရွှေနန်းရှင်ဘုရား ကိုယ်တော် တိုင်ကပင် " ဟင် ... သေနတ်ဂန်၊

www.burmeseclassic.com

မပြန်သေးဘူးလား၊ သွားတော့လေ၊ အိမ်အပြန် ညဥ့်နက်လျှင် အအိပ်ပျက်၍ နေတော့မည်" ဟု အမိန့်တော်ရှိတတ်လေရာ နောက်ထပ်၍ ကြာကြာနေရမည်မှာလည်း အကြောင်း ပြစရာ မရှိသဖြင့် "ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား" ဟု ရှိခိုးလျှောက်တင်ကာ နောက်ဆုတ်နောက်ဆုတ်နှင့် ခပ်ကုတ်ကုတ် ထွက်လာခဲ့ရရှာတော့သည်။

မလျှော့သော လုံ့လဖြင့် နောက်တစ်ရစ်ကျော့ကာ တစ်စုံတစ်ရာ မေ့နေရစ်ဟန် မလိမ့်တပတ်ဉာဏ်နှင့် ညီလာခံရာ အဆောင်တော်ထဲသို့ ပြန်လှည့်ဝင်ဦးမည်ဟု ကြံစည်သောအခါ တိုင်းမှာလည်း ကျည်းရှင် တံခါးရွက် ပိတ်ထားပြီး အိပ်ဖန်တော် လက်သုံးတော်သားများက အသားချင်းထိမတတ် စောင့်ကြပ်ပြီးသား ဖြစ်နေလျက် "အလို ဘယ်အတွက် ဂန်မင်းဘုရား ပြန်ကြွလာပါသလဲ" ဟု လက်သုံးတော်ထဲမှ တစ်ယောက်က စတင်မေးလျှင် "ခုတင်က ဆေးလိပ်ထုပ်ကလေး မေ့ရစ်သည်" ဟုလည်းကောင်း၊ "ကွမ်းယာထုပ်၊" "ချွေးသုတ်ပဝါ" စသဖြင့် ရမိရရာ ဆွဲ၍ ဖြေလိုက်ရရှာသည်တိုင်အောင် "ကျွန်တော်များ ရှာ၍ ထားလိုက်ပါမည်၊ ယခုတင်ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား မေးခနဲ စက်ပျော်တော်မူသွား ပါသည်" ဟူသော လက်သုံးတော်တို့ အပြောကြောင့် အောင့်သက်သက်နှင့် ပြန်ခဲ့ရသည်ချည်းသာ ဖြစ်တော့ သတည်း။

ယင်းသို့လျှင် နည်းပရိယာယ် အသွယ်သွယ်ကို လဲလှယ်အသုံးပြုကာ စောင်းပါးရိပ်ခြည် စုံစမ်း ထောက်လှမ်းနေခဲ့လေသည်။ ခင်မကြီးတို့ ဇနီးမောင်နှံသည် ထည်လဲ၊ ဆင်ကွဲ အကြံဉာဏ် ထုတ်ကာ ဆီကဲ့သို့ အပေါက်ရှာ၍ ဝင်ပါသော်လည်း မောင်မောင်တုတ်၏ အကာအရံ ခံတပ်ကြီးကို မည်သည့်နည်းနှင့်မျှ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း မရှိခဲ့ဘဲ ကြံဖန်သမျှ တပ်လှန်၍ ကျခဲ့ရတော့ သည်။ သို့ကြောင့် ညဥ့်ညီလာခံကွဲလျှင် ရွှေနန်းရှင်ဘုရား ဘယ်တွင်ရှိတော်မူသည်ဟူသော အဖြေကလေးကိုပင် မပေးနိုင်၍ လက်မှိုင်ချရတော့မလို ဖြစ်နေလေ၏။

ခင်မကြီးမှာ ကြာလေကြာလေ အားမလိုအားမရ ဖြစ်လာခဲ့ရှာသည်။ ဂန်မင်းနှင့် မဟာန်နိုင်သည့် အဆုံးတွင် လက်သုံးတော်ကလေးများကို ပူးပူးကပ်ကပ်ပေါင်းလျက် အကြောင်းသင့် လာသောအခါ သိလိုသော အချက်အလက်များကို လှည့်စားသွယ်ဝိုက်ပြီး အဒိုက်ဖမ်း၍ မေးမြန်း စုံစမ်းလေသည်။ လက်သုံးတော် သားများကား မောင်မောင်တုတ်တို့၏ သစ္စာခံ သံမဏိဂိုဏ်းဝင် လက်ရွေးစင် လူယုံတော်ကလေးများကိုသာ ရွေးကောက်ဖွဲ့စည်းထားခြင်းဖြစ်ရကား ခင်မကြီးပေးသမျှ ကျွေးသမျှ စား၍ မေးသမျှ စကားကိုမူ အူလည်ကြောင်ပတ်နှင့် အစဖြတ်လိုက်တတ်ကြတော့သည်။ မသင်္ကာဖွယ် ကိစ္စများကား တစ်နေ့တခြား ပြန်ကြွလာတတ်သည်မှာလည်း ညစဉ်ညတိုင်း ဖြစ်တော့သည်။ ရွှေနန်းရှင်ဘုရားသည် ဤအချိန်တိုင်းမှာ ဧောင်းညာတော်မူသဖြင့် အနိုပ်ခံ၍ချည်း နေတော်မူရန် မဖြစ်နိုင်ဟူသော အတွေးသည်သာ နေ့စဉ် ပေါ်ပေါက် ရမြဲ ဖြစ်ပေသည်။

www.burmeseclassic.com

အကြံဉာဏ်မသေးလှသော ခင်မကြီးကလည်း မရမနေ ခပ်ပေပေ ဖွဲကြီးကြီးနှင့် တစ်နည်းမဟန်လျှင် တစ်နည်းကြံပြန်သည်။ ရွှေနန်းတော်အရှေ့ပိုင်းတွင် ဝင်ရောက်ထိုးထောက်၍ မမြင်စွမ်းနိုင်သည့်အဆုံးတွင် ဒိုင်းခင်ခင်ကြီးတို့ နေအိမ်တွင် လူဝင်လူထွက် အသွားအလာကို နေ့ရောညပါ အစောင့်အနေ ချထား ကြည့်ရှုစေသည်။

သို့ကြောင့် ဒိုင်းအတွင်းဝန်မင်း နေအိမ်ဝင်းခြံအနီးအပါး တစ်ပိုက်တွင် မယောင်မလည် အထောက်တော် လုပ်၍ နေသူများသည် ဥဒဟို မစဲအောင် သွားလာစုံစမ်းလျက် ရှိကြပြန်သည်။ သို့ရာတွင် ဒိုင်းဝန်မင်းနှင့် တောင်သမန်လယ်စား မောင်မောင်ဖေတို့ ရွှေနန်းတော် အခစားထွက်ဝင်ခြင်း၊ တစ်ခါတစ်ရံ နေ့အခါ ဒိုင်းဝန်ကတော်ကြီးနှင့် ခင်ခင်ကြီးတို့သားအမိ အရှင်နန်းမတော်ဖုရားထံ အခစားဝင်ကြခြင်းတို့မှ တစ်ပါး ညအခါ တောင်သမန်လယ်စား မောင်မောင်ဖေ သူ၏အခြွေအရံလက်စွဲ တပည့်ယောက်ျားငယ်များနှင့် ညဥ့်ညီလာခံဝင်ရန် သွားသည်၊ သန်းခေါင်သန်းလွဲရှိမှ သူ၏အဖော် တပည့်လက်သား ယောက်ျား ငယ်တစ်စုနှင့် ပြန်ရောက်လာသည် စသော အစီရင်ခံချက်များကိုသာ ရသဖြင့် ခင်မကြီး မျှော်လင့် သလောက် ခရီးမရောက်ရှိခဲ့ပြန်သည်။

အထောက်တော်များသည် မောင်မောင်တုတ်နှင့် မောင်မောင်ဖေ သို့မဟုတ် မောင်မောင်ငယ်တို့ ညအခါ ညီလာခံ အဝင်အထွက်၌ ရွှေနန်းတော် မည်သည့်ဘက်က အဆင်းအတက်ပြုသည်၊ တပည့်ငယ်သား ဘယ်နှစ်ယောက် နောက်ကပါသည်အထိ စေ့စေ့ငှငှ ကြည့်ထားရမည်။ တစ်ခါတစ်ရံ အခွင့်သာလျှင် ၎င်းတို့၏ တပည့်သားဟန်ဆောင်လျက် ရောယှက်လိုက်ပါသွားပြီး မည်သို့သော အမှုကိစ္စများ ပြုလုပ် ကြသည်ဟု အမှတ်မထင် ကြည့်ရှုရန် အကြံသစ်ဖွင့်၍ စနစ်တစ်မျိုးပြောင်းခဲ့သည်။

တံခါးအနီး အတွင်းတစ်ပိုက်မှာ ပင်းသာမြို့စား မောင်မောင်ပြောင်း၏ လူများ ခြံရံစောင့်ကြပ်လျက် တောင်စမုတ်ဆောင်တော် လှေကားအတက်မှသည် တောင်ဘက် ပန်းခုံတော်နှင့် မျှော်စင်ပြာသာဒ်တော်ကြီးအထိ အစောင့်အရှောက်တွေ ဆထမ်းပိုး ပိုနေပြန်သည့်အပြင် ဤမှာ ဘက်တွင် အထွက်အဝင်ကို သာ၍ပင် စစ်ကြောခြင်းပြုနေသည်။

ကင်းသုံးတန်လောက်ထားပြီး လျှို့ဝှက်သော အထိမ်းအမှတ်နည်းကို သုံးစွဲကြသည်၊ မောင်မောင်တုတ်၊ မောင်မောင်ငယ်တို့က တပည့်ဘယ်နှစ်ယောက်ပါသည်ဟု အတိအကျပြောပြီးမှ ဝင်သွားကြ သည်တိုင်အောင် နောက်ပါးတို့အား လျှို့ဝှက်သော အထိမ်းအမှတ်များနှင့် စစ်ဆေးပြီးမှ နောက်ထပ် ဝင်ခွင့်ရသည်။

ထိုမျှလောက် ကြားဖောက်ထိုးကွက်မရအောင် စေ့စပ်သေချာလှသော မောင်မောင်တုတ်၏ အစီအမံကြောင့် အဖမ်းအဆီးခံရသော ခင်မကြီး၏ အထောက်တော်များမှာလည်း မနည်းပါးလှတော့ချေ။ အယောင်ဆောင်၍ လိုက်ပါလာလေသမျှ အဖမ်းအဆီးခံရသော သူတို့ခမျာ များအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com

မသက်သာ လှဘဲ ရွှေနန်းတော်ထဲ မည်သည့်အကြံအစည်နှင့် အယောင်ဆောင်လာသည်ကို မရရအောင် ထောင်အတွင်း ၌ ညှဉ်းပမ်းနှိပ်စက်ကာ မေးမြန်းစစ်ဆေးရာမှ ခင်မကြီး၏ စေခိုင်းချက်အရ လာရခြင်း ဖြစ်ကြောင်း ဖော်ပြောကြသည်တွင် မောင်မောင်တုတ်ကို ခပ်အုပ်အုပ် အစီရင်ခံကြလေရာ ချက်ဆိုလျှင် နားခွက်က မီးတောက်သလို ခင်မကြီးဆိုသော အမည်ကို ကြားရုံနှင့် နန်းမတော်ဖုရား အလိုတော် ဖြစ်ကြောင်း ကောင်းစွာ ရိပ်မိသဖြင့် ရှေးကထက် နှစ်ဆတိုးပြီး အမျိုးမျိုး သတိဆောင်၍ လုံခြုံအောင် သိုသိပ်ကြလေ၏။

အရှင်နန်းမတော်ဘုရား၏ အမိန့်တော်အရ လေးဘက်လေးတန်က ဝိုင်းပြီး အနည်းနည်းအလမ်းလမ်းဖြင့် စုံထောက်ခန်းဖွင့်ခဲ့သူ ခင်မကြီးမှာ ခရီးပြင်းနှင်ရင်းက လမ်းစပျောက်၍ သွားရကား မိမိ ကြိုးစားခဲ့သမျှ နည်းလမ်းအဂ္ဂကို အစမှအဆုံး တစ်လုံးတပါဒမကျန် နန်းမတော်ဖုရားထံ သံတော်ဦးတင်ရတော့သည်။ "ဘုရားကျွန်တော်မျိုးမ၏ အစွမ်းနှင့်ဖြင့် ရွှေနန်းတော်အရှေ့ဘက်ကို ဤတစ်သက် ကူးသွားနိုင်ရန် မဖြစ်နိုင်တော့ကြောင်းပါ ဘုရား၊ မသကၤာဖွယ်ကိစ္စရပ်များကလည်း နေ့စဉ်အရိပ်အယောင်ထင်လျက်မို့ အရှင်နန်းမတော်ဖုရား ကိုယ်တော်တိုင် ထွက်တော်မူလျှင်ဖြင့် ဘယ်သူမှ တားဆီးပွံ့မည် မဟုတ်ကြောင်း ပါဘုရား" ဟု အကြံဉာဏ်ပေးစကားဆက်သလျှောက်ထားရလေ၏။ အရှင် နန်းမတော် ဖုရားလည်း " အင်း ... ဒီနည်းဖြင့်လျှင် သင့်လျော်လိမ့်မည်၊ လုံလောက်မည့် အချိန်နာရီနှင့် အကောင်အထည် လက်ဆုပ်လက်ကိုင်မိနိုင်သောအခါကို လာ၍ သံတော်ဦးတင်က ငါကိုယ်တော်တိုင် ထွက်ကြွပြီး လက်ရဖမ်းတော်မူမည်" ဟု အမိန့်တော်ရှိလိုက်လေ၏။

တစ်နည်းတစ်လမ်းအားဖြင့်လည်း ခင်မကြီး စေလွှတ်ထားသော အထောက်တော်အချို့ထံမှ အစီရင်ခံချက်အရ ဒိုင်းဂန်မင်းအိမ်သို့ ဝင်ထွက်နေကြသော သူတို့တွင် ပန်းတိမ်ဂန်၏ လက်ထောက်ခံ ပန်းတိမ်အမှုထမ်းများ(ပန်းတိမ်ဆရာ)ကိုလည်း တွေ့ရကြောင်း သိရှိရသဖြင့် ပန်းတိမ်ဖိုများကို အထောက် တော်များ ချထားစုံစမ်းသောအခါ ဒိုင်းဂန်ကတော်က သမီးခင်ခင်ကြီး ဝတ်ဆင်ရန် လက်ဝတ် လက်ဆင်များ လုပ်စေရာ အချို့အသုံးအဆောင် အဆင်အယင်များမှာ မိဖုရားများသာ ဝတ်ဆင် သုံးစွဲခြင်း ပြုရသော ပစ္စည်းပါနေခြင်း၊ ရွှေကလပ်၊ ရွှေရေဖလား၊ ရွှေကွမ်းအစ်၊ ရွှေထွေးခံတို့အပြင် ရွှေသင်ဖြူး ငွေသင်ဖြူး များ ရက်ရာတွင်သုံးရသော ရွှေနန်းပြား၊ ငွေနန်းပြားများ ဆွဲခိုင်းထားခြင်း စသည် တို့ကို တွေ့မြင် သိရှိလာခဲ့လေသည်။

ဒိုင်းဂန်ကတော်ကြီးသည် ထိုပစ္စည်းများကို ပန်းတိမ်ဖိုတွင် လုပ်စေသည်မှာ နောင်အခါ သမီးခင်ခင်ကြီး အဆောင်ရ မိဖုရားဖြစ်လာလျှင် ရွှေနန်းရှင်ဘုရား အဆောင်တော်သို့ ကူးကြွလာတော်မူသောအခါ၌ ခင်းကျင်း ရန်သာ ရည်ရွယ်လျက် (လျှို့ဝှက်စွာ အသင့်စီမံထားရမည်) ဆိုသော မောင်မောင်တုတ်တို့၏ အကြံပေးချက်အရ ပြုပြင်စီမံသင့်သမျှ လုပ်ဆောင် ထားရခြင်းဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တုတ်မှာ တန်ခိုးအာဏာထွား၍ ရွှေမရှားငွေမရှား အသုံးအစွဲကလည်း လက်ဖွာသူ ဖြစ်သည်။ မောင်မောင်ငယ်မှာလည်း ရွှေတိုက်တော်ကို အုပ်ချုပ်ရသူ၊ ရွှေတိုက်စိုးကြီး တစ်ဦး ဖြစ်သည်။ ရွှေနန်းရှင်ဘုရားကလည်း ခင်ခင်ကြီးကို သဒ္ဒါတော်ပွား၍ စေတနာတော် အထူးထားသည်၊ မကြာမီလည်း အထင်အရှား မြှောက်စားတော်မူတော့မည်ဖြစ်ရာ ဒိုင်းဂန်ကတော်ကြီးမှာ တစ်စုံတစ်ရာ သံသယမရှိ သူ၏ တာဂန်အရ မောင်မာင်တုတ်တို့ ထုတ်ပေးသမျှ ရတနာရွှေငွေ အမြောက်အမြားမှ အစစအဆင်သင့်ရှိစေရန် ကြိုတင်စီမံခြင်းသာ ဖြစ်ရာသည်။

မောင်မောင်တုတ်မှာ မဆုတ်မနစ်သော လုံ့လဖြင့် ရွှေနန်းရှင်ဘုရားနှင့် ခင်ခင်ကြီးတို့အရေးတွင် လျင်လျင်မြန်မြန် အကြံအထမြောက်စေရန် မအိပ်မနေ အပင်ပန်းခံနေသူဖြစ်ရကား ရွှေနန်းရှင်ဘုရား ထံတော်မှ နောက်ဆုံးကြားသိရသော အခြေအနေမှာ နန်းမတော်ဖုရား၏ ကြည်သာမှုကို ယခုထက်တိုင် မရရှိသေးကြောင်း နောက်နောင်ကိုလည်း သည်နည်းအတိုင်းပင် အခွင့်အရေး ဖင့်နေး နေမည်သာ ဖြစ်ကြောင်း ကောင်းစွာ သိရှိရလျှင် ရွှေနန်းရှင်ဘုရားအား စိတ်ထား တွန့်ဆုတ်တော်မမူရန် သံတော်ဦး တင် စကားဖြင့် အားပေးအားမြှောက် ပြုလျက်ရှိလေ၏။

"ဒိုင်း ဂန်သမီးအနေနှင့် သည်ပစ္စည်းတွေကို သုံးစွဲဂုတ်ဆင်ရန် မလိုပါ၊ မိဖုရားအဖြစ်သို့ ရည်မှန်းပြီး တစ်စခန်းဖွင့်နေခြင်းသာပါဘုရား" ဟု ခင်မကြီးက လျှောက်ထားလျှင် အရှင်နန်းမတော်ဖုရားက -

"အင်း ... ခင်မကြီး လျှောက်တာမှန်တယ်၊ သို့ရာတွင် သင်းတို့သဘောအရ ဘယ်နည်းနှင့်မှ ပြုလုပ်ပံ့ကြမည်မထင်၊ ရှင်ဘုရင်ကိုယ်၌က အားပေးအားမြှောက်ပြုလို့ သင်းတို့ ရောင့်တက်ပံ့တာ ဖြစ်မှာပဲ"

ဟု မျက်နှာတော်ပျက်ပျက်နှင့် မိန့်တော်မူလိုက်သည်။ ထိုနောက်မှ သတိတော်ရသဖြင့် ခဏနှင့် အမူရာ ပြင်၍ ခပ်ရွှင်ရွှင် ဖြစ်တော်မူလာကာ -

"ဒါတွေကို သိတော်မူတယ် မလုပ်ဘဲ ခပ်အုပ်အုပ် ထူချင်ယောင်ဆောင်လျက် ကွန်ြေမပျက် စံတော်မူမည်၊ ဒိုင်းဂန်ကတော် အခစားဂင်တဲ့အခါ ရေးကထက် မျက်နှာသာပေးပြီး ခင်မကြီးက အရောဂင်ရမည်၊ ဒီမိန်းမကြီးဟာ အတော်လာသည့် သပွတ်အူမကြီးပါကလား၊ ခြေတစ်ဖက်ကျိုး၍သာ တော်တော့သည်၊ မကျိုးများ မကျိုးလျှင် မိုးကိုပင် တက်၍ ထိုးမည့်အမယ်ကြီးပဲဟဲ့" ဟု မိန့်တော်မူရာ ခင်မကြီးကလည်း ပျာပျာသလဲဖြင့် "ထုံးစံအတိုင်းပဲ ညှော့ခံလိုက်ပါမည်ဘုရား၊ အရှင်နန်းမတော်ဖုရား ပျော်ပျော်ပါးပါး ရှုစားတော်မူပါဘုရား" ဟု လျှောက်ထားပြီး စကားတီးတိုးနှင့် အပျိုတော်ကြီးအချို့ လက်တို့ခြေတို့ စည်းဂါး ရိုက်၍ နေကြလေ၏။

..................................

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၄) နက်ဖြန်မျှော်ပါ

အခန်း(၃၄)

သင်္ကြန်တော် နှစ်သစ်ဦးဖြစ်သည့် တန်ခူးလရာသီသို့ တိုင်ခဲ့လေသည်။ နန်းတွင်းနန်းပြင် မြို့တွင်းမြို့ပြင်နှင့် တကွ နိုင်ငံတော်တစ်ဂန်းလုံးမှာ အတာကူးပြောင်းချိန်တွင် မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာအရ ရတနာ သုံးပါး ဦးထိပ်ထားလျက် အလှူဒါနပြုကြခြင်း၊ သီတင်းသီလ ဘာဂနာ ပွားများ၍ တရားစောင့်ထိန်း ခြင်း လူကြီးမိဘဆရာသမားများအား ရိုသေလေးစားစွာ ကန်တော့ဂတ် ပြုကြခြင်း၊ သင်္ကြန် ရက်မြတ် အတွင်း သန့်ရှင်းသောပျော်ရွှင်ခြင်း အထိမ်းအမှတ်ဖြင့် ရေစင်ရေချမ်း ပက်ဖျန်းမြူးထူး ခြင်းစသော အမှုတို့ကို နိုင်ငံနှင့်အပှမ်းခြိမ့်ခြိမ့်မွှမ်းမွှမ်းဆင်နွှဲ၍ ပျော်ရွှင်ပွဲခံလျက်ရှိကြရာ ရွှေနန်းတော် အတွင်းတွင် လည်း ဘုရင်နှင့်မိဖုရားခေါင်ကြီးအမှူးပြုကာ ရွှေနန်းစဉ်လာ အတိုင်း အတာသင်္ကြန်တော်ခေါ်လျက် အလှူ ရေစက် လက်နှင့်မကွာ ပေးလှူတော်မူပြီးလျှင် ရွှေနန်းတော်ပေါ်တွင် ဆွေတော်မျိုးတော် မှူးစုမြို့စား ရွာစား မကျန် အရာခံမင်းယောကျ်ားများက တစ်ဖက်၊ ရာကြီးထူးကြီးကတော်များ မြို့စားရွာစား အပျို တော်ကြီး များ မှူးသမီးမတ်သမီးများ အပျိုတော်ရံရွှေတော်လက်ပါးစေ မင်းမိန်းမများက တစ်ဖက် နေစေ ပြီး လျှင် အလယ်တွင် သဲဖြူရာဇမတ်နှင့် ဂုက်ပျော်အုန်းလက်တို့ဆင်ယင်ကာ နံ့သာငါးပါး ထုံသော ရေကို ဆယ့်နှစ်ရာသီရုပ်လုံးပေါ် ငွေဖလားကြီးများတွင်ထည့်လျက် တစ်ဖက်နှင့်တစ်ဖက် ပက်ဖျန်း သွန်းလောင်း ခြင်းဖြင့် မင်းယောကျ်ားမင်းမိန်းမတို့သည် အရှင်နှစ်ပါးရှေ့တော်တွင် ပျော်ရွှင်စွာ ရေကစား ကြရသည်။

အရှင်နှစ်ပါးတို့သည် ရွှေခဲငွေခဲ ပုလဲပတ္တမြားစသော ရတနာနှစ်ပါးတွင် ရာသီအလိုက်ပွင့်ကြသော ပိတောက် ရွှေဂါ စံပယ်၊ သရဖီ၊ နှင်းဆီပန်းများနှင့် ရောနှောဖက်စပ်ထည့်ရသော ဆယ့်နှစ်ရာသီ ငွေဖလား ကြီးများ အတွင်းသို့ လက်တော်နှင့်ပါသမျှ နှိုက်ယူကာ ရတနာမိုးရွာဘိအလား ပျော်ရွှင်စွာ ရေကစား နေကြသော နန်းတော်သူနန်းတော်သားတို့ ကိုယ်ပေါ်သို့ သွန်းလောင်းဆုပ်ကြဲတောမူ ခြင်း ပျော်ပွဲတစ်ရပ် ကျင်းပ တော်မူလေသည်။

မင်းယောကျ်ား၊ မင်မိန်းမများကို တစ်နှစ်တစ်ခါ ရင်ဆိုင်စေလျက် ရေသဘင်ပဲဆင်နွှဲပြီးသောအချိန် အခါ အဆောင်တော်အသီးသီးသို့ ပြန်ရောက်ကာ အခိုက်အတန့်များမှာလည်း ကိုယ့်အဆောင်နှင့် ဆိုင်ရာ ဆိုင်ရာအချင်းချင်း ပျော်ရွှင်ပွဲ ကျင်းပကြပြန်သည်တွင် အရှင်နန်းမတော်ဘုရား စံတော်မူရာ နန်းမတော် ဖုရားအား နံ့သာငါးပါးရည်တို့ကို ဒေါနခက်ဖြင့်ဆွတ်ဖျန်းကန်တော့ကြပြီးလျှင် ရှေ့တော်တွင် အပျိုတော် အချင်းချင်း ရွှဲရွှဲစိုအောင် ရေချိုးရေချမ်းနှင့် ပက်ဖျန်းသွန်းလောင်းပြီး ပျော်ပျော်ကြီးကစားတော်မူစေသည်။ မောပန်း ဆာလောင်သောအခါ သင်္ကြန်ထမင်းများကို

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပျော်ပါးပါးစားစေသည်။ နစ်သစ်ကူး ဆုတော် အဖြစ် ဆုအထုပ်တော်များကို ကံဆိုးကံကောင်း မဲနှိုက်၍ယူစေသည်။

ဒိုင်းအတွင်းဂန်ကတော်ကြီးနှင့် သမီးခင်ခင်ကြီတို့သည် နှစ်သစ်ကန်တော့ခံရာတွင် မပါဂင် မခစား လျှင် အပြစ်တော် တင်မည်ကို မခံပုံသဖြင့် အရှင်နန်းမတော်ဖုရားအပါးတော်သို့ ရောက်လာကြရာ အရှင် နန်းမတော် ဖုရားမှာလည်း ကြည်ကြည်သာသာပျော်ပျော်ပါးပါး ကန်တော့ခံတော်မူလေသည်။ ပြီးလျှင် ခင်မကြီး တို့ခင်ဘုန်းတို့အပျိုတော်များ ပျော်ပျော်ပါးပါးနံ့သာရေလောင်းပြီး သင်္ကြန်ထမင်းများ စားကြ သည်ကို ရှုစားတော်မူမည်ဟု အမိန့်တော်ချမှတ်လျက်သလွန်တော်ပေါ်က ရှုစားတော်မူ နေလေ၏ ။

ပျော်စေ ပါးစေရေကစားစေဟု အမိန့်ကျလျှင်ပင် ခင်မကြီးနှင့်ခင်ဘုန်းအမှူးပြုသော အပျိုတော် ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ်တို့မှာ ဆယ့်နှစ်ရာသီ ငွေဖလားများတွင် နံ့သာရေတွေ အပြည့် အလျှံ ထည့်လျက် တစ်ယောက်ကပြန်စ၍ လောင်းကြလေလျှင် နန်းကြမ်းပြင်တစ်ဂန်းလုံး တဗျမ်းဗျမ်းနှင့် ရေမွှန်း လျက် ရှိတော့သည်။ "လာကြလာကြ ဒိုင်းဂန်ကတော်မမ ကိုလည်း လာတဲ့ အခိုက် ရေကန်တော့ လိုက်ကြ ရအောင်"ဟု ခင်မကြီးနှင့်ခင်ဘုန်းတို့ရှေ့ဆောင်၍ ခေါ်သွားသော အခါ ဆောင်လုံးကျွတ် အပျိုတော် များ သဃ်ာစင်တန်းသကဲ့သို့ တစ်သီ တသန်းကြီး တစ်ယောက် တစ်ဖလား ရေစောင်း ခုတ်၍ ခုတ်၍ သွားကြ သည်မှာ အတန်ကြာမှပြီးဆုံးလေသည်။

တစ်ယောက် လျှင် တစ်ဖလား ရေလုံးချင်း ဆက်သွားသဖြင့် ဒိုင်းဂန်ကတော်ကြီးမှာ အသက် မရှူသာ တော့ဘဲ မွန်း၍ နေရှာသည်။ ရုတ်တရက်ထ၍ ပြေးရန်မှာလည်း မစွမ်းမသန်သဖြင့် သာမန်လူကဲ့သို့ မလွယ် ကူ သောကြောင့် ခေါင်းကို တွင်တွင်ငုံ့ပြီး ကျောကုန်းကို ခံတပ်ပြု၍နေရရာ ကြာလျှင် ကျောပြင် က ပဂါနှင့် အင်္ကျီများမှာ ရေဒဏ်ကိုမခံနိုင် ပြုန်းပြုန်းကွဲစုတ်ပြဲလာလျက် ဒဏ်ရာဒဏ်ချက် ပြင်းလှ၍ ဂါဂင်းသော ကျော်လက်ပြင် သားများမှာ ရဲရဲနီထွေး သွေးခြည်မှေးပေါက်တော့ မလောက် ဖြစ်လာတော့သည်။ ဤတွင် ခင်ခင်ကြီးမှာ အင်္ကျီစား သန်လှသော အပျိုတော်ကြီးများကိုလည်း မပြောရဲရှာ၊ မိခင်ကြီး၏ အလူးအလဲ ကြိတ်ခံ နေရသော နာကျင်မှု ကိုလည်း မရှုသာကြာလျှင် မွန်းရာမှ သေစရာသာကျန်တော့သည့်အတွက် မိခင်ကြီး၏ ကျောပြင်ကို အတင်းဂင်ဖက်ကာ ကိုယ်လုံး ကလေးနှင့် ကာကွယ် ထားရရှာ တော့သည်။

ရေကစားသော ခင်ကြီးတို့လူသိုက်မှာ အချင်းချင်း သူတစ်ပြန်ငါတစ်ပြန် လောင်းကြပြန်သည်။ ပြေးသူက ပြေး၊ ဖမ်းသူက ဖမ်းရေသံတွေ တပြန်းပြန်းနှင့် ဆူညံ သောင်းကျန်း ကြပြန်သည်။ အပျိုတော်ကလေး တွေ လိုက်ကြ ပြေးကြ သည်မှာလည်း ရေဒဏ်ချက်နှင့်မလှုပ်မယှက်နိုင်ဖြစ်နေသော ဒိုင်းဂန် ကတော်ကြီး အနီးတွင်သာ ဖြစ်လေရာ

www.burmeseclassic.com

www.burmeseclassic.com

ပြေးသူနှင့် လိုက်သူတို့မှာ ဒိုင်းဂန်ကတော်ကြီးကိုသာ မကြာခဏ ခလုတ်တိုက်၍ လဲကြ လေသည်။ နာကျင်၍နေရာတွင် ထပ်ကာ ထပ်ကာ အဆောင့်ခံရ သည်နှင့် မခြား လိုက်တမ်း ပြေးတမ်း ကစားသူများ၏ အတိုက်အခိုက်၊ အလဲအဖိကို မချိယတိခံစား နေရပြန်လေ၏ ။ ဒိုင်းဂန် ကတော်ကြီး သာမက ဖေးမ ကာကွယ်နေရသူ ခင်ခင်ကြီး ပင်လျှင် အင်မတန် နာကျင် လာတော့သည်။

ဤသို့နှင့်နှင် ပျော်ရွှင်စွာရေကစား၍ အားရလောက်သောအခါတွင်မှ ရေပက်ခြင်းကိစ္စကို ရပ်နားလျက် ရယ်လားမောလား တဟားဟားနေကြပြီး ဂန်ကတော်ကြီးကို ဝိုင်းကြည့်ကြကာ...

"အို... ဂန်ကတော်မမကို ရေကန်တော့တာ များသွားကြတယ်၊ ဒီမယ် သွေးတွေထွက်လို့ပါလား၊ ရေဖလားစောင်း နဲ့ခိုက်မိတယ်ထင်ပ"ဟု ခင်မကြီးက ဒဏ်ရာကိုကြည့်ပြီး သွေးဆေးများနှင့် သိပ်နယ် ပေးလေးရာ ဒိုင်းဂန်ကတော်ကြီးမှာ "အလိုလေး..အမယ်လေး...ခင်တို့သွေးဆေး က စပ်လှ ပါကလား၊ ဆားတွေများ ထည့်ထားသလိုပဲနော်"ဟု မချိမဆန့်ဟစ်အော်ကာ ခံရရှာ တော့သည်။

"ကြုံကြုံစည်စည် ဂန်ကတော် မမနယ် ဘယ်မှာသွေးဆေးကို ဆားထည့်ထားပါ့မလဲ၊ အရှင်နန်းမ တော် ဘုရား သုံးတော်မူနေတဲ့ သွေးဆေးပါပဲ"ဟု ပြောရင်းထိခိုက်မိသော ဒဏ်ရာများကို ဖြကာဖြကာ သိပ်ပေး သဖြင့် တိတ်တိတ်ကလေး ကြိတ်မှိတ်မျိုသိပ်၍ ခံနေရတော့သည်။ အနာကို စည်းနှောင်ပြီး လေလျှင် သကြ်ာန် ထမင်း ပြင်၍ စားကြလေသည်။ ပျော်ပျော်ပါးပါး ရေစိုစွတ်စွတ်နှင့်ပင် သကြ်ာန်ထမင်းကို ဝင်၍ စားကြ လျက် ထမင်းပွဲများကို တစ်ယောက်တစ်လက်ကမ်းကြသည်။ ဖယောင်းနံ့သင်းသည့် ထမင်းရေစမ်း ငါးခြောက်ထောင်းကြော် သရက်သီးစိမ်းသုပ် စသည်များမှာ သကြ်ာန်အခါတွင်း၌ ပျော်ရင်း ပါးရင်း စားကြမြဲ ဖြစ်သော အပျော်စားကြသည့် သကြ်ာန်ထမင်းဖြစ်လေ ရာ ဒိုင်းဂန်ကတော်ကြီး သားအမိ အတွက် ရောက်လာသော ထမင်းပွဲရုံမှာလည်း အများနည်းတူ စားချင်စဖွယ် ဟင်းအမယ်မယ်နှင့်ဖြစ်လေ၏ ။

ရေဖလားကြီး များ၏ဒဏ်ကြောင့် ကျောအောင့် ရင်အောင့်နှင့် ခါး ဆောင့်ကိုင်ဆောင့် ထားသလို တစ်ကိုယ်လုံး မလှုပ်နိုင်အောင် ဖြစ်နေရာတွင် ဆားငန်ဓာတ် ပါသောသွေးဆေးက ပွန်းပဲ့ထိရသော ဒဏ်ရာ အတွင်းသို့ တမြှင်းမြှင်း စိမ့်ဝင်လျက် မျိုးမျိုးမျက်မျက် အခံရခက်နေသောကြောင့် ထမင်းပွဲ ကိုကြည့်ပြီး မချိယတိ ကြီးဖြစ်ကာ စားလိုစိတ် မရှိရှာသော်လည်း ရှေ့တော်တွင် ပျော်ပျော်ပါးပါး စားသောက် ကြသည်ကို ရှုစားတော်မူလိုသည်ဟု အရှင်နန်းမတော်ဖုရားက အမိန့်တော်ရှိထား သဖြင့်မစားဘဲ မနေပံ့ ကြောက်ကြောက် ရွံ့ရွံ့နှင့်စွန့်၍ စားရတော့သည်။

သရက်သီးသုပ်ကို စားလိုက်သည်နှင့် တပြိုင်နက်မိုးမျှော်ငရုတ်သီးကို တစ်ဆုပ်ကြီးဂါးလိုက်ရသည် နှင့်မခြား မျက်ရည်များဝိုင်းဝိုင်းလည်လာသည်အထိ စပ်၍သွားတော့သည်။ ဟင်းလျာကအစပ်လွန်

www.burmeseclassic.com

www.burmeseclassic.com

ကဲလှသဖြင့် သက်သာရာရစေတော့ဟု ထမင်းရေဆမ်းကို လျှာခံတွင်းသို့ ကပျာကယာထည့်သွင်း ငုံထားလိုက်ရလေ၏ ။ ထိုသရေအခါမှာလည်း ကျားကိုကြောက်၍ ကိုးသောရှင်ကြီးမှာသာလို့ ဆိုးပါတော့သည်။ ထမင်း ရေဆမ်း ထဲတွင် မည်သည့်အချိန်ကဝင်နေသည်ဟု အကဲမဖြတ်နိုင် အောင်စပ်လှသော မိုးမျှော် ငရုတ် စိမ်းရေ များဖြစ်နေရကား ကြာရှည်ငုံထားရန်မတတ်သာ၊ လျင်မြန်စွာ ထွေးပစ်လိုက်ရရှာသည်။ ဤမျှသော ဒုက္ခဝေဒနာကလေးတို့မှာ အသေးအဖွဲ့မဆိုစလောက်ဟု ယူဆရန်ဖြစ်သော်လည်း အဆိပ် တက်သော ပရွက်ငယ်ကိုက်လျှင် အသည်းခိုက်အောင် နာကျင်ရသည်နှင့်မခြား ဒုက္ခ ဝေဒနာ ကလေး များကို တစ်စု တပေါင်းတည်း ကြိတ်မှတ် ခံစား နေရတော့သည်။

အပျိုတော် တစ်သိုက်တစ်ဝန်းလုံးကား ရယ်လားမောလား စားသောက်ပျော်ပါး၍ တဟားဟားတ သောသော မြူးရွှင် လျက်ရှိကြသောကြောင့် ဇောချွေးပြန်ကာ ဒုက္ခ ဝေဒနာ ခံစားနေရသူ ဒိုင်းဝန်ကတော် ကြီး အား မည်သူမျှ သတိမထားမိ သကဲ့သို့ ရှိကြလေ၏ ။

ရှေ့တော်တွင်ဖြစ်သောကြောင့် မည်မျှအားမျှလည်း အော်ကာဟစ်ကာ အကူအညီမတောင်းပံ့ရှာ သော ဒိုင်းခင်ခင်ကြီး မှာ မိခင်ကိုကြင်နာစွာကြည့်၍ မချိသည့်မျက်ရည်စများ ဝိုင်းလည်လာကာ "သူတို့က မျက်နှာလို အားရနှင့် တမင်တကာများ ညစ်ပတ်ကြတာလား မေမေဖုရား"ဟု နားနားသို့ ကပ်ပြီး တီးတိုး ပြောမိရှာသည်။ ဝန်ကတော်ကြီးမှာ ဒုက္ခဝေဒနာကို ကြိတ်မှိတ်ခံရင်းက "ဟုတ်မထင်ပါဘူး သမီးရယ်၊ သင်္ကြန် အခါမှာ ပျော်တတ်တဲ့အပျိုတော်များက ကျီစယ်ထားတဲ့ထမင်းပွဲကို မေဖုရားတို့ မှားပြီး စားမိလို့ ဖြစ်ပါလိမ့်မယ်"ဟု သက်သာမည့်အဖြေကို ရှာဖွေ ပြောလိုက်ရရှာသည်။

နေမွန်းတိမ်းသွားသောအခါတွင်ကား ရေပက်ကစားခြင်း၊ သင်္ကြန်ထမင်းစားခြင်းကိစ္စများ ပြီးဆုံး သွားလေ၏ ။ ညနေပိုင်းပဟိုရ်လေးချက်တီး အချိန်တိုင်းရောက်သောအခါ နန်းမတော်ဆောင်ကြီး တွင် အရှင် နန်းမတော်ဖုရား၏ နှစ်သစ်ကူးဆုတော်လာဘ်တော်များကို အသနားတော်ခံရန် အထိန်းတော် အပျိုတော်ကြီးများ မြို့စားရွာစားကတော်ကြီးများမှအစ လက်ပါးစေကလေးများအဆုံး စုရုံးလျက် ဂဲယာ နှစ်ဖက် မှ ခစားနေကြလေသည်။

အရှင်နန်းတော် ထိပ်ဖုရားလတ်မှာ သလွန်တော်ပေါ်တွင် စံတော်မူပြီး ရှေ့တော်တွင် စုပုံထားသော ဆုတော် ပေးမည့် အထုပ်များကို ရှုစားတော်မူလျက်ရှိသည်။ ဆုတောအထုပ်များမှာ ဖျဉ်ဖြူချောနှင့် ထုပ်ထားသော အထုပ်များဖြစ်၍ အတွင်းမှာ ဒေါင်းဒင်္ဂါးတစ်ရာမှ တစ်ထောင်ထိရှိသည်။ အချို့ထုပ် များတွင် ရွှေမန်ကျည်းတောင့်များ၊ အချို့အထုပ်တွင် စိန်၊ မြ၊ ပုလဲ၊ ကြောင်မျက်ရွဲ၊ နီလာ၊ ပတ္တမြား စသော ရတနာများ ကို လက်စွပ်၊ လက်ကောက်၊ ပုတီး၊ နားဒွောင်းစသည်ဖြင့် ပြုလုပ်ထားသည်။ အချို့အထုပ်များ မှာ ဖွဲ့ပြာ၊ အမိုက်သရိုက်၊ ဆံခြည်မျှင်ထွေးများထည့်ထားသည်။ ဆုတော်ခံသူတို့ က ကံဆိုး ကံကောင်း ကျသမျှ မဲချ၍ ယူရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆုတော်အထုပ်များရှေ့တွင် ခင်ဘုန်းက အမည်စာရင်း ဖတ်၍ခေါ်ရသည်။ ခင်မကြီး က နာမည်ရှင်၏ ကိုယ်စား ကျရာမဲလိပ်ကို နှိုက်ယူကာနံပါတ်အမှတ်အသားပါသော အထုပ်ကိုရှာဖွေပေးရလေ သည်။ ဆုတော် အထုပ်ကို ရသူကရှေ့တော်ရှိအလယ်မှ နေရာလွတ်သို့ ထွက်လာဖြေကြည့်ပြီး အနည်း အများ ကံတရား အလျောက် ပါလာသော ဆုတော်ပစ္စည်းကို အားရဂမ်းသာယူလျက် မူလနေရာသို့ ပြန်၍ ဆက်လက် ခစားနေထိုင်ရသည်။ အဖိုးတန်ပစ္စည်းရသူများကို အားလုံးက ပိုင်း၍ချီးမွှမ်း ထောပနာကြသည်။ အမိုက်သရိုက်၊ ဖဲပြား၊ ဆံခြည်ထွေးများတွေ့ရသော အလုပ်ရှင်များကိုလည်း ပြက်ရယ်ပြုသော ပျော်ပွဲ ရွှင်ပွဲကြီး တစ်ရပ်ပမာ အားလုံးပင်ပိုင်း၍ ရယ်မောပြောင်လှောင်ခံကြရပြန်သည်။

တစ်ချီတွင် အပျိုတော်ကြီးတစ်ဦး၏ ဆုတော်အထုပ်ကို ဖြေလိုက်သောအခါ အလွန် တရာ မီးကောင်း လှသော ရတီနှစ်ဆယ်ခန့်ရှိ စိန်လက်စွပ်ကြီးတစ်ကွင်း ကို တွေ့ရသဖြင့် အားလုံးသော နန်းတော်သူများ၊ အံ့အားသင့်လျက် ရင်သပ်လက်တီးကောင်းချီး ပေးခံရလေ၏ ဆုတော်ခံရသူ အပျိုတော်ကြီးမှာလည်း အလွန်အကြူး ဂမ်းမြောက်ပုံထူး၍ အူမြူးရွှင် ပြ ခုန်ပေါက်ကလိုက်မိသည့်အတွက် ရုတ်တရက် ထဘီကျွတ်ကျသွားလေရာ အရှင်နန်းမတော် ဖုရားနှင့်တကွ အဆောင်တော်တစ်ခုလုံး အုံးအုံး ကျွတ်ကျွတ် ညံ မျှ ရယ်မောသံတို့ဖြင့် လွှမ်းမိုးသွားရ တော့သည်။

အရှင်နန်းမတော် ဖုရားသည် သနားတော်မူသော ဆုတော်များကို အားရဂမ်းသာခံယူသူတို့အား သဒ္ဓါ တရားပွား သည်ထက် ပွားတော်မူလေ့ရှိသည့်အတိုင်း အထွတ်အမြတ်ရောက်ပြီးနောက် နှစ်တိုင်းနှစ်တိုင်း အတာနှစ်သစ်အချိန်၌ ဆုတော်များပေးခဲ့ရာ ဤနှစ်အဖို့ဆုတော်ခံရသူတိုင်းလို ပင် ရွှေငွေ ရတနာ အဖိုးတန် ပစ္စည်း အနည်းအများရရှိသူတွေ နှစ်တိုင်းထက်ဦးရေများလေသည်။ ခင်ဘုန်းက အလှည့်ကျ အမည်စာရင်း ခေါ်ရခြင်း၊ ခင်မကြီးက မဲလိပ်နှိုက်ယူဖြန့်ကြည့် အမှတ်ရှိသည့် အထုပ်ကို ဆွဲထုပ်ပေးရခြင်း ဆုရသူက အထုပ်တွင်းမှ ဆုတော်ပစ္စည်း ဖြေကြည့် ကြရခြင်းစသော အလုပ်များ တဂါးဂါး ပွဲကျ ဆူညံလျက်ရှိခဲ့ရာမှ တစ်ခဏတွင် ခင်မကြီးက မဲတစ်လိပ် နှိုက်ယူဖြန့်ကြည့် လိုက်ပြီး အမှတ်နှင့် တိုက်ဆိုင် သော အထုပ်ကိုအပုံထဲမှ ဆွဲနုတ်၍ ပေးလိုက်လေသည်။

ဒိုင်းအတွင်းဝန် ကတော်ကြီးမှာ နာကျင်ပူစပ်လှသော ဝေဒနာမှအနည်းငယ် သက်သာစ ပြုလာသော ကြောင့် ဝပ်၍ ခံစားနေရာမှ ဒူးညွှတ် ဝပ်တွားရင်း ရှေ့နားသို့တိုးလာပြီး အများနည်းတူ ဆုတော် အထုပ်ကြီးကို ဖြေကြည့်လိုက်ရသည်။ ဤတွင် "ဟင်"ဆိုသည့်အသံများကို တစ်ပြိုင်တည်းကြားရ လေ၏ ဒိုင်းဝန် ကတော်ကြီးနှင့် သမီးခင်ခင်ကြီးတို့သည် ဆံခြည်ထွေး အတိပြီးသော ဆုတော် အထုပ်ကြီးကို ဂမ်းနည်း ရှက်ကြောက်စွာ စိုက်ကြည့် နေမိရှာတော့သည်။ အပျိုတော်များ လည်း

www.burmeseclassic.com

www.burmeseclassic.com

ခေတ္တခဏ "အန်း" နေကြပြီး မှ ဂါးခနဲရယ်မောပစ်လိုက်ကြသည်။ ခင်ခင်ကြီးအလှည့်မှာလည်း ထိုနည်းလည်းကောင်းသာ ဖွဲ့ထုပ်ပြာနှင့် ရင်ဆိုင်ရရှာသည်။ မရလည်းရယ် ရလည်းရယ်၊ ဘယ်နည်းနဲ့မှ အရယ်အရွှင် မလွတ် ကြသော်လည်း ခင်ခင်ကြီးတို့သားအမိသာလျှင် သည်နှစ်အတွက် သက်သက်မဲ့ ကံဆိုးသူများအဖြစ်နှင့် နှစ်ဦးတည်း ထူးထူးခြားခြား အများ၏ရယ်မောပြောင်လှောင်မှုကို ခံလိုက်ရရှာသည်။

ဤသို့နှင့်ပင် သင်္ကြန်အခါသမယ အခြားသူများ ပျော်ပါးကြသလောက် ဒိုင်းဂန်ကတော်ကြီးနှင့် ခင်ခင်ကြီး တို့ သားအမိနှစ်ယောက်မှာ နန်းမတော်ဆောင်ပေါ်ဂယ် မျက်နှာငယ်ငယ်နှင့် စိတ်ညစ်ညူးရန် အသွယ်သွယ် တို့ကို တဂဲလည်လည် အထပ်ထပ်အခါခါ တွေ့ကြုံ ဆုံစည်းနေရရှာတော့သည်။

တစ်နေကုန် သဖြင့် ခစားရာမှ အိမ်ပြန်ခွင့်ရသောကြောင့် သားအမိနှစ်ယောက်သားမှာ နန်းရင်ပြင်တစ်လျှောက် တွင် ကိုယ့်ကိုယ်ကိုပင် မသယ်ချင်လောက်အောင် ဒယီးဒယိုင်လျှောက်ခဲ့ရရှာသည်။ ဤအခါမှာပင် လည်း အနောင့်အယှက်ကလေးများ အနည်းပင် ဂင်ရောက်လာပြန်သေးသည်။ မစွမ်းမသန် ရှိရာတွင် ရှေ့တော်မှရရှိခဲ့သော စိတ်အနာ၊ လူအနာကြောင့် မသယ်နိုင်ရှေ့တော်မှ ရရှိခဲ့သောစိတ်အနာ၊ လူအနာ ကြောင့် မသယ်နိုင်မလှမ်းနိုင်အောင် ဖြစ်နေရှာသူ ဒိုင်းဂန်ကတော်ကြီးနှင့် မိခင်ကို ဖေးမ တွဲယူ လာသော ခင်ခင်ကြီးတို့အားအကြောင့်မဲ့ အပြေးအလွှားသွားလာကူးသန်းနေသော လက်ပါးစေ အပျိုတော်ငယ် ကလေးများက မကြာခဏ လူချင်းဂင်၍ တိုက်သဖြင့် ကိုင်ရိုက်သလို လဲကျ နာကျင် ခံရ ပြန်လေသည်။ လက်ပါးစေကလေးများကား အားရပါးရဂင်တိုက်မိပြီးမှ "အလိုကန်တော့ပါဘုရား"ဟုဆိုကာ တစ်ယောက်နှင့် တစ်ယောက် လိုက်တမ်းပြေးတမ်းကစားသလို ဆက်လက်ပြေးလွှား၍ အဆောင်ကြို အဆောင်ကြား သို့ ဂင်ရောက်ပျောက်ကွယ်သွားကြလေ၏ ။

ခင်ခင်ကြီးမှာ မျက်နှာကလေးညိုရာမှ ငိုမလိုမဲ့လာပြီး မိခင်ကြီးကို တွဲမဖေးယူခေါ်လာရင်း "သင်းတို့ တမင်တကာ လိုက်ပြီးအနှောက်အယှက် ရန်စနေကြတာနဲ့ တူပါတယ်မေဖုရား၊ ဒီလိုသာ ခင်ကြီးတို့အပေါ် ဒီအပျိုတော် တွေက မျက်နှာလိုအားရ အနိုင်ကျင့်နေကြမယ်ဆိုရင် နောက်ကို အခစားမဂင်ဘဲ နေကြရုံပေါ့ ဘုရား"ဟု ငယ်ရွယ်သူပီပီ ပြောလိုက်မိရှာသည်။ ဒိုင်းဂန်ကတော်ကြီး မှာ လှုပ်လီလှုပ်လဲ့ ပျော့နွဲ့နွမ်းလျ သော လေသံဖြင့် အင်မတန်ကြီးပမ်း၍ ခြေလှမ်းကိုသယ်နေရင်းမှ - "သမီးပြောသလို အခစားမဂင် နေပြန်ရင်လည်း တစ်ဒုက္ခပဲကွယ်၊ ဘယ်လိုကြောင့် အခစားမဂင်နိုင်တဲ့အကြောင်း ခိုင်ခိုင်လုံလုံ မပြနိုင် မှဖြင့် အမျက်တော်တကယ်ရှမှ သည့်ထက်ပင်အခံရဆိုးပါတော့မယ်၊ အပျိုတော်တွေဘယ်လိုပင် စော်ကား စော်ကား မေဖုရားတို့အခစားဖျက်လို့ မဖြစ်ဘူး ထင်တယ် သမီးရယ်"ဟု ညှိုးငယ်စွာ ပြန်ပြောရှာ တော့သည်။ သို့ရာတွင် ခင်ခင်ကြီးမှာ စိတ်ကျေနပ်နိုင်ရှာသဖြင့် "တယ်ခက်ပါကလား မေဖုရား၊ ခစားရင်လည်း နိပ်စက်၊ မခစားရင်လည်း နိပ်စက်ဆိုတော့ ဘယ်ဘက်ကမှ မသက်သာဘူးပေါ့၊ သည်အတိုင်းသာဆိုလျှင် ရှေ့တိုးလည်း ထမ်းပိုး၊

www.burmeseclassic.com

နောက်ဆုတ်လည်းလှည်းတုတ်၊ အလယ်ကြားက အသွား အနေခက်တဲ့နွားလို ဖြစ်နေပါပေ့ါ လား၊ ရွှေနန်းရှင်ဘုရား မြန်မြန်မကယ်လျှင် ခင်တို့သားအမိ သေဖွယ်ရ ၁သာ ရှိပါတော့တယ်"ဟု တိုးတိုးသာသာညည်းမိရှာသည်။

"ကဲ...သမီးရယ် ဒီနေရာမှာ ဘာမှမပြောပါနှင့်၊ အိမ်ကိုသာ မြန်မြန်ရောက်အောင် ပြန်ကြပါစို့"ဟု စကား အစသပ်ကာ အပြင်လမ်းပေါ်မှ စောင့်နေသော ဗီရိုလည်းရှိရာသို့ ခပ်သုတ်သုတ် အရောက်ပြန် ခဲ့ကြရှာ လေ၏

ထိုနေ့မှစ၍လည်း ဒိုင်းတွင်ဂန်ကတော်ကြီးမှာ အအေးမိ၊ အပူငုပ်သော ဝေဒနာနှင့် အိပ်ရာတွင် ဘုံးဘုံး လဲပြီး အဖျားကြီးဖျားနေရကား နန်းမတော်ဖုရားအဆောင်တော်သို့ လုံးဂအခစားမဂင်နိုင် သော အခြေတွင် ဆိုက်ရောက်ခဲ့ လေ၏ ဒိုင်းဂန်ကတော်ကြီး အပြင်းအထန်ဖျားသဖြင့် အခစားမဂင် နိုင်သောအခါ ခင်ခင်ကြီးမှာလည်း သက်သာရရသွားသကဲ့သို့ ရှိလေ၏ နန်းမတော်ဘုရားရှေ့တော် တွင် ဖြစ်ပျက် ခံစား လာခဲ့ရသော အကြောင်းအရာများကိုမူကား ဒိုင်းအတွင်းဂန်မင်းအားလည်း ကောင်း စိတ်မကောင်း ဖြစ်ရမည့် စိုးရိမ်သည့်အတွက် သိုပှက်ဖုံးဖိထားခဲ့လေသည်။

အတာသင်္ကြန်အခါရက်များ ကုန်ဆုံးလျက်နှစ်သက်တစ်ဖက်သို့ ကူးပြောင်းခဲ့ပြီးနောက် ရွှေနန်းတော် တစ်ပိုက်တွင် ယခင်အတိုင်း မင်းမှုထမ်းတို့ ထွက်ဂင်ခစား၍ တိုင်းနိုင်ငံတော် အုပ်ချုပ် စီမံမှုတာဂန် ဂတ္တရား များ ထမ်းဆောင်လျက်ရှိကြသည်။ မင်းမိန်းမတို့ဆိုင်ရာ အဆောင်များတွင်မူ ကား နန်းမတော် ဖုရား ရှေ့တော်တွင် ဒိုင်းခင်ခင်တို့ သားအမိကို အပျိုတော်ကြီးတစ်စုက သူ့ထက်ငါမျက်နှာလိုအားရ ပြုမူ လိုက်ကြသော အခြင်းအရာများကို တီးတိုးစကားပြောကြားလျက် လက်ဆင့်ကမ်း သတင်းလွှတ် လိုက်သည့် အလား အဆောင်ဆောင်တွင် နေထိုင်ကြသော ဆွေတော်မျိုးတော် မင်းသမီးများနားသို့ ရုတ်ချည်း ပေါက်ကြားပြန့်နှံ့သွားလေရာ ဘယ်လိုအပြစ် များကြောင့်ပါလိမ့်ဟု တသိမ့်သိမ့် ကျောချမ်း မိကြလေသည်။

နန်းမတော်မိဖုရားခေါင်ကြီး စုဖုရားလတ်သည် မောင်တော်ဘုရင်သီပေါမင်းအား လွန်ကဲသော စေတနာ ထားတော်မူခဲ့သဖြင့် သာမညဘုရင် မည်ကာမျှအဖြစ်နှင့် ရောင့်ရဲတော်မမူပေ။ မိမိအဖို့ အတွက်လည်း သာမည ဘုရင်တစ်ပါး၏ မိဖုရားကြီးမျှလောက်ကို တန်ဖိုးထားတော်မမူခဲ့သည့် အလျောက် မောင်တော် ရွှေနန်းရှင်အား ခမည်းတော်မင်းတုန်းဘုရင်မင်းတရားကြီးပမာ သင်္ဂါယနာ တောင် သာသနာ ပြု မင်းကောင်း မင်းမြတ် အဖြစ်သို့ လည်းကောင်း၊ ဘုန်းလက်ရုံးတန်ခိုး အင်အား ကြီးမားကျော်စောခဲ့သော ဘုရင့်နောင်၊ အလောင်းတရား ဆင်ဖြူရှင်မင်းတရားကဲ့တို့ကဲ့သို့ လည်းကောင်း ရာဇဂင်တွင် ထူးကဲ ပေါ်တွင် သော မင်းတစ်ပါးဖြစ်လာစေလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သက္ကရာဇ် ၁၂၄၃ခုနှစ်သို့ တိုင်ရောက်ခဲ့လျှင် ရွှေထီးရွှေနန်းသိမ်းမြန်းစိုးအုပ်တော်မူ၍ ၄နှစ်မြောက်သဖြင့် မင်းသားမန်တို့ သွန်းခံနိုင်ခဲ့သော ရာဇဘိသေက မုဒ´ဓဘိသိက်ကို သွန်းခံတော်မူရန် တိုက်တွန်း တော်မူလေသည်။ သီပေါရွှေနန်းရှင်လည်း နန်းမတော်ကြီးအလိုတော်အတိုင်း ရွှေဘုံနိဒါန်း ထုံးထမ်းစဉ် ဆက်ကျမ်းဂန်ထွက်အတိုင်း ရွှေနန်းတော်ဦးမြေနန်းပြာသာဒ်တော်ကြီး၏ ရှေ့မျက်နှာတွင် ပွင့်ချပ်တစ်ရာအရေးရှိသော ဘဒ္ဒပိဌ အင်းပျဉ်ပလ္လင်တော်ထက်ဝယ် မင်းသားမန်တို့ ခံပုံ့သော ရာဇဘိသေက မုဒ္ဓါဘိသိက်ကို သီပေါရွှေနန်းရှင်သည် နန်းမတော်ဖုရားလတ်နှင့်အတူ ဦးထိပ်ဝယ်စိုက်၍ သွန်းအပ်သော ခရုသင်း သုံးလုံးရှည် ဖြင့် သွန်းခံတော်မူကြလေသတည်း။

ထိုမုဒ္ဓါဘိသိက်သွန်းခံတော်မူသော မင်္ဂလာအခါတော်နှင့် တစ်ပြိုင်နက်တည်း နိုင်ငံတော်အရပ်ရပ် မြို့ပြင်ခရိုင်များတွင် မြို့ပြခရိုင်များတွင် မြို့ဝန်၊ မြို့အုပ်၊ မြို့ရှင်၊ ရွာရှင်တို့ကို အပေးဝန်များမှ တစ်ဆင့် စရိတ် ငွေတော်များ ထုတ်ပေးပြီးလျှင် ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကဲ့သို့ လဗိမာန်ကို ရာဟု အသူရိန် နတ်ဖမ်းဖုံးဆဲ အခါယူ၍ နံတော်သင့်ရာ ရာဇမုနိစေတီပုထိုးများကို တစ်ပြိုင်တည်း တည်ထား ကိုးကွယ် ကြစေသည်။ ရာဇဘိသေက မုဒ္ဓါဘိသိက် သွန်းခံတော်မူပြီး နောက်တွင်လည်း အရှင် နန်းမတော် ဘုရား၏ အလိုတော်အတိုင်း တိုင်းတားမင်းကြီးသည် ပညာရှိမှူးတပ်မတ်တော်ကြီးများအား မြို့တော် သိမ်း အခမ်းအနား ကျင်းပတော်မူရန် လျှောက်တင် စားဆက်သွင်းလျက် ရှေးမင်းတို့လက်ထက်ကကဲ့သို့ ရတနာပုံ ရွှေမြို့တော်ကြီးကို မြို့တော်သိမ်း မင်္ဂလာသဘင် ဆင်ယင်တော်မူသင့်ကြောင်း လျှောက်ထားကြရာ ရွှေနန်းရှင်ဘုရားသည် ရွှေမြို့ တော်သိမ်းအခမ်းအနားကို စာတမ်း ထွက် အတိုင်း လုပ်ဆောင်စေရန် အမိန့်တော်မြွက်ချမှတ်တော် မူလျှင် ဆိုင်ရာမှူးတော်မတ်တော်တို့လည်း ဘုရင့် သစ္စာကို စောင့်သိကြည်ညိုရင်းရှိကြသည်နှင့် အညီ မြို့တော်သိမ်းအခမ်းအနားကို အားရဝမ်းသာ စီမံကြ လေတော့သည်။

ရွှေမြို့တော်ကြီးအရှေ့မျက်နှာ ဦးထိပ်တံခါးတော်၏ လက်ယာဘက်တွင် စံနန်းတော်မင်းညီမင်း သား မှူးတော်မယ်တော်တို့ ရပ်နေရန် တဲ, ကန္နားဖျင်းများ (ဘောင်ပေါ်သို့တက်ရန် ဝေါ်ပေါ်သို့တက်ရန်) ဘောင်ရှည်-ဝေါ်ရှည် ဆောက်လုပ်၍ ရထားဆင်မြင်းစသော စစ်အင်္ဂါလေးပါး များကို ရွှေမြို့တော်ကြီးပတ်လည် ကျုံးတွးကျုံးပြင် လမ်းမတော်များက နမ္ဗန္နာဘက်၊ ဓာတ်ဘက် တပ်ကြီး ခင်းကျင်း ရန် ရွှေစက်တော်တင် (စီးနင်းတော်မူရန်) ကရဝိတ်ဖောင်တော်နှင့် ဖောင်တော် ကို ဆွဲရန် လှော်ကား တော် ခက်လှေတော်-လှော်လှေတော်-ရဲလှေတော်-သဘော်၊ သမ္ဗာန်တော်များ နှင့် မင်းညီ မင်းသား မှူးတော် မတ်တော်တို့ စီးနင်းရန်လှော်ကားတော်များပါမကျန် ကျုံးတော် အတွင်း ရေတပ်တော် ခင်းကျင်းလျက် ထားရှိလေသည်။

သီပေါမင်းတရားကြီးနှင့် အရှင်နန်းမတော်မိဖုရားခေါင်ကြီးတို့သည် မင်းသားမင်းသမီးဆွေတော် မျိုးတော် မောင်းမမိဿံ အပေါင်းခြံရံလျက် မြင့်မြတ်တင့်တယ်သော အသေရေကိုဆောင်တော်မူ လျက် ရွှေမြို့တော် သိမ်း အခမ်းအနားကို ထွက်ကြွတော်မူခဲ့ရာ ရွှေနန်းတော်မှမြို့တော်အရှေ့မျက် နှာ

www.burmeseclassic.com

www.burmeseclassic.com

ဦးထုပ်တံခါးတော်၏ အပြင်ဘက် ကွန်းထောက် ယာယီစံနန်းတော်အရောက် ရှေ့တော်မှ တပ်ပေါင်းခြောက်ထပ် နောက်တော်မှ တပ်ပေါင်းခြောက်ထပ် တပ်ဂင်းခြောက်ထပ်တပ်ဂင်းခင်း ကျင်းလိုက်ပါလျက် ဘုရင်မင်းမြတ်ကြီးမှာ ပြည်သူတို့ နှုတ်ဆက်ဖူးတွေ့နိုင်စေခြင်းဌာ စိန်၊ မြ၊ ပတ္တမြားစသော ရတနာအပေါင်းတို့ဖြင့် ခြယ်လှယ်သော ကြိုးလုံးတင်အဆင်တန်ဆာကို ဆင်ယင်ထားသည့် မင်းစီးအင်္ဂါငါးပါးနှင့် ပြည့်စုံသော ဂမုန်းကြောင်း ဆင်တော်နှင့် ထွက်တော်မူခဲ့လေ၏။

သီပေါရွှေနန်းရှင်နှင့် နန်းမတော်ဖုရားလတ်တို့သည် ကောင်းမြတ်သော လုံးရပ်သဏ္ဍာန်ကြန်အင် လက္ခဏာအပေါင်းနှင့် ပြည့်စုံသော မင်းသုံးဂမုန်းကြောင်း၊ ဆင်တော်ပေါ်တွင် ရွှေစက်တော်တင် လျက် ထွက်တော်မူလာစဉ် စီးတော်မူသည့် ဂမုန်းကြောင်းဆင်ကို ဦးစီးရသူမှာ လူယုံတော် လက်သုံးတော်ကြီး မြောက်ဒဂယ်ဗိုလ် ရနောင်မြို့စားမင်းသား မောင်မောင်တတ်ဖြစ်၍ နောက်ထိုင် အဖြစ်နှင့် ထီးဖြူတော်ကို အုပ်မိုးလျက် လိုက်ပါရသူမှာ ညီပင်းသားမင်းသား သူရဲဂန်ကျပင်း မြို့စား ဖြစ်လေ၏။ ထိုအခါတွင် အရှင်နန်းမတော်သည် ဆင်တော်ပေါ်မှာပင် ရုတ်ရက် စဉ်းစား ဆင်ခြင်တော်မူမိသည်။ မောင်မောင်တုတ် အား မောင်တော် သီပေါရွှေနန်းရှင်ဘုရားထက်ပင် ဆင်ခြင်တော်မူမိသည်။

မောင်မောင်တုတ်အား မောင်တော်သီပေါ ရွှေနန်းရှင်ဘုရားထက် ပင် သဒ္ဒါယုံမှတ် တော်မူပြီး ချီးမြှင့် သူကောင်း ပြုတော်မူထားပါလျက် ဒိုင်းခင်ခင်ကြီးကိစ္စတွင် ပါဂင်အား ပေးကာ သစ္စာမဲ့ပြုနေသည်ဟု သင်္ကာ မကင်းတော် မူသဖြင့် မျက်နှာတော်ခပ်ထားထားနှင့် စံတော်မူ လျက်ရှိသည့်အပြင် စိတ်တော်ထဲတွင် အတွေး အမျိုးမျိုး ဂင်စားလျက်ရှိတော်မူပြန်သည်။ လူယုံသတ်လျှင် သေတတ်သည်ဆိုသော စကားပုံကို အာရုံစူးစိုက်တော်မူလျက်ရှိသည်။ မြောက်စားလွန်းလျှင် ရောင့်တက်တတ်သော လူ့စရိုက်ကိုလည်း အလိုက်သင့်စဉ်းစားတော်မူလေ သည်။ သစ္စာတရားခေါင်းပါးသူအား ဓားလှံလက်နက်အပ်၍ နီးနီး ကပ်ကပ်စေပါးနေခဲ့လျှင် ကျေးဖူးရှင်ကို ဆင်ခြင်မဲ့ကင်းစွာ ရန်ရှာခြင်းပြုနိုင်လေသည်ဟု တစ်လီ တစ်ခန်း တွေးထင်ချက် လွှမ်းမိုးလျက်ရှိတော်မူသည်။

သို့ဖြင့် လူအသီးသီးတို့၏စရိုက်နှင့် အကြိုက်ကို သိတော်မူလိုသောဆန္ဒပြင်းပြတော်မူခဲ့လေသည်။ တိုင်းပြည်နိုင်ငံတော်အတွင်းမှာ ရနောင်မြို့စားမောင်မောင်တုတ်တို့၏ ဩဇာအာဏာမှာလည်း အလွန်တရာ ကြီးမားလျက်ရှိသည်။ အထက်အခါက ယုံစားတော်မူသဖြင့် အခွင့်အရေးအဆောင် အယောင ကြီးကျယ်စွာ ပေးသနား၍ အရေးတယူမြှောက်စားတော်မူခဲ့သဖြင့်လည်း ဤမျှတန်ခိုး ထက်နေခြင်းဖြစ်ရာ တင်ထားတာ စစ်ကဲကို ဆွဲချလိုသည်တိုင်ခိုင်လုံသော အပြစ်အနာမရှိဘဲ မင်းအာဏာလက်ကိုင်ထား၍ ညှဉ်းလျှင်တရားမဲ့သောမင်းဟု စကားတင်ဆိုကြပေမည်။ ရနောင်စား ကလည်း အကယ်၍ တရားမပျက် သစ္စာမဖောက်လျှင် အပြစ်တင်ရန် မရှိပါပေဟုတွေးတော်မူလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့ကြောင့်ရနောင်စား၏ စိတ်နေစိတ်ထား ဖြောင့်မဖြောင့်ကိုစောင့်၍ အကဲခတ်ရန် အကြံတော်ရှိစဉ်တွင် ရုတ်တရက် ကောက်ကာ ငင်ကာ သတိရတော်မူလာသော ကိစ္စတစ်ရပ်ကို မောင်တော်ရွှေနန်းရှင်အပါးသို့ကပ်၍ လျှောက်တင်တော် မူလိုက်မိသည်။

"မောင်တော်နှင့် နမတော်တို့ယခုလို ဆင်တော်ပေါ်မှာ စံတော်မူပြီး ပြည်သူတို့အဖူးအမြော်ခံတော်မူလာတဲ့အတိုင်း တိုင်းသူပြည်သူအများ ပျားပန်းခပ်မျှဖူးမျှော်ကြတာ တွေ့မြင်တော်မူရသဖြင့် သားငယ်သမီးငယ်တွေကို တွေ့ရသလိုစိတ်တော်ချမ်းမြေ့လှပါတယ် မောင်တော်ဘုရား၊ သူ့ခမြာ များမှားကိုယ်အမိအဖနှင့်တူတဲ့ မောင်တော်နှင့် နမတော်တို့ကို ယခုလိုကြုံကြိုက်သည့်အခါမှ တွေ့လိုက် ရမြင်လိုက်ရ ပြီး တစ်စုံတစ်ရာဘာမျှပြောဆိုတိုင်တမ်း လျှောက်တင်စရာအခွင့်အရေး မရရှာ ပါကလားမောင်တော်ရဲ့"

ရွှေနန်းရှင်ဘုရားလည်း နန်းမတော်ဘုရားကြီးကဲ့သို့ပင် တိုင်းသူပြည်သားတို့အား သနားကြင်နာတော်မူစိတ် ယိုဖိတ်တော်မူလာသည်နှင့်-

"အခွင့်အရေးပေးထားပါကလား နမတော်ဘုရင်မင်းမြတ် ထွက်တော်မူခိုက်နှင့် ကြုံကြိုက်တဲ့အခါမျိုးမှာ သူတို့ လျှောက်တင်လိုရာကို လျှောက်ထားနိုင်ကြပေသားကပဲ"

ဟုမိန့်တော်မူလျှင် အရှင့်နန်းမတော်ဖုရားက-

"သို့ပေမဲ့ ပေးကားပေး၏ မရ ဆိုသောစားလို ခမျာများမှာ တပ်ဂင်းအခင်းအကျင်းတို့ဖြင့် ခြံရံလျက်ရှိသော မောင်တော် ဘုရင်မင်းအား ဟစ်အော်လျှောက်ထားရန် ခဲယဉ်းပါမည်။ လက်အောက်ငယ် သားမင်းမှုထမ်းများကို ကြောက်ရွံ့၍ လျှောက်တင်ခွင့်ရအောင် ကြံဆောင်ပံ့မည်မဟုတ်ပါ၊ တစ်နည်းတစ်လမ်း တွေးစရာ မှာတော့ ပြည်သူပြည်သားတို့၏ မကျေနပ်မှုတိုင်တမ်းလျှောက်ထား လိုမှုများမှာ အများအားဖြင့် မင်းမှုထမ်းတို့ဆိုးသွမ်းမှု၊ ကတိလိုက်စား တရားပျက်ကွက်မှု တို့ကို ရွှေနားတော် ကြားလျှောက်တင် လိုကြမည်ဖြစ်ပါသည်။ ဒီကစ္စတွေကို မင်းမှုထမ်းများမှတစ်ဆင့် ဘုရင့်ရွှေနားတော်သို့ပေါက်ကြားအောင် လျှောက်ထားဟစ်အော်ခြင်းမပြုနိုင်ခင် သူတို့ကို အရင်နှိပ်စက်ရန်ရှာခံကြရမှာဖြစ်လေတော့ တော်ရုံ တန်ရုံ ကိစ္စများကို ခေါင်းလျှို၍သာ ခံနေကြရှာပါ မည် မောင်တော်"

ရွှေနန်းရှင်က နန်းမတော်လျှောက်တင်စကားကို နားဆင်တော်မူနေရာမှ-

"နမတော်က မောင်တော်တို့၏ သစ္စာခံမင်းမှုထမ်းများကို တရားပျက်ကွက်နေတယ်လို့ ယူဆတော်မူပါသလား"ဟု မျက်နှာတော်ပြုံးပြုံးထား၍ မိန့်ကြားတော်မူလေသည်။

www.burmeseclassic.com

"ဒီလိုထင်တော်မူလို့လည်း မဟုတ်ပါ၊ လူသတ္တဝါတို့ရဲ့ ဂသီစရိုက်မှာ အမျိုးမျိုးအစားစားရှိကြသဖြင့် တရား နှင့်အညီ အမှုထမ်းသူများ ရှိကြသလို တိုင်းသူပြည်သားဆင်းရဲသားအပေါ်တွင် မတရားစိတ် နှင့်နှိပ်စက် ဆိုးသွမ်း နေတဲ့ မင်းမှုထမ်းများလည်း ရှိကောင်းရှိကြပါလိမ့်မည်၊ ဒီတော့ ပြည်သူပြည်သားတွေ စိတ်ရှိသမျှ လွတ်လပ်စွာ ဦးတိုက်လျှောက်တင်နိုင်ကြလေအောင် နှမတော် တစ်နည်းတစ်လမ်းကြံဆောင်တော်မူရန် အကြံဉာဏ် ပေးလိုပါတယ် မောင်တော်ရယ်"

"အင်မတန်သင့်မြတ်ပါတယ်၊ ဘယ်လိုစီမံတော်မူပါမည်လဲ"

"ယခုလိုပရိသတ်ဗိုလ်ပုံ အင်မတန်စုံလင်လှတဲ့ အခိုက်အတန့်မှာ ပြည်သူပြည်သားတို့ နစ်နာမှု မတရားမှု၊ မင်းမှုထမ်းတို့ ဆိုးသွမ်းမှုများကို တိုင်တမ်းလျှောက်ထားလိုသူများသည် အမည်မဖော်ပြ ဘဲ စာဖြင့် ရေးသား တိုင်ကြားရမည်။ တိုင်ကြားသောစားများကို ရွှေသေတ္တာက တိုင်စာများကိုလည်း တစ်ဖက်သတ် ယုံကြည်ခြင်း မရှိ၊ ဟုတ်မဟုတ် မှန်မမှန်ကို သက်သေခံအထောက်အထား ခိုင်လုံစွာ ရရှိရန်နှင့် တရား သဖြင့် ထောက်လှမ်းစုံစမ်းပြီးမှ အမှုကိစ္စအကြီးအသေးလိုက်ပြီး ထိုက်သင့်သလို အပြစ်ပေး၍ အရေးယူရန် ဖြစ်ပါတယ် မောင်တော်ရယ်"

"သင့်လျော်လှပေသည် နှမတော်၊ ကွန်းထောက်စံနန်းသို့ရောက်လျှင် အမြန်ပင် အမိန့်တော်မြတ် မှတ်တော် မူပါမည်"

"နှမတော်အကြံပေးတော်မူသည့်အတိုင်း ရွှေသေတ္တာများထားရှိကြောင်း ပြည်သူအပေါင်းသိရှိရန် အမြန် မောင်းကြော်စေလျက် ရွှေသေတ္တာ မလွယ်ပေါက်မှ ထည့်ဆက်သမျှတင်လွှာများကိုလည်း ယုံကြည်စိတ်ချ ရသူ ဗြဲတိုက်သံတော်ဆင့်များကိုသာ အစောင့်ထား၍ ရွှေလက်တော်ရောက် ဆက်သကြရန် အမိန့်တော် ကျန်ပါသေးသည်"

"ကောင်းပြီ နှမတော်၏အကြံသည် အဖိုးတန်ပါပေသည်"

"ပြည်သူပြည်သားများကို ကြည့်စမ်းပမောင်တော်နှမတော်တို့ ထွက်တော်မူ လာသည်ကို ခရီးဦးကြို အရိုအသေ ပြုနေရှာကြသည်"

ဂမုန်းကြောင်း ဆင်တော်ကြီးသည် တပ်ဂင်းအလယ်မှတင့်တယ်စွာ လှမ်းသွားလျက်ရှိလေရာ ဆင်တော် ပေါ်တွင် အရှင်နှစ်ပါးအားထီးဖြူတော်မိုး၍ လိုက်ပါရသူ ပင်းသာမင်းသား မောင်မောင် ပြောင်းနှင့် ဦးစီးအဖြစ်လိုက်ပါရသူ ရနောင်မင်းသားမောင်မောင်တုတ်တို့လည်း ကြီးစွာတော် ပရိသတ်လူထုကြီးတို့က အရှင်နှစ်ပါးအား ဆီးကြို၍ အရိုအသေပေးလျက်ရှိသည်ကို နှစ်လိုဂမ်း မြောက်စွာ လိုက်ပါလာခဲ့ကြလေ၏ ။

www.burmeseclassic.com

www.burmeseclassic.com

ဦးထိပ်တံခါးအပြင်ရှိ ကွန်းထောက်စံနန်းတော်သို့ မင်းမိဖုရားတို့ ဆိုက်ရောက်တော်မူလျှင် ပွဲသဘင်စုံတို့က သာယာစွာ တီးမှုးကခုန် ဖြေဖျောကြရလေသည်။

ရွှေနန်းရှင်ဘုရားလည်း နန်းမတော်ဘုရား အလိုတော်အတိုင်း ရွှေမြို့တော်လေးပြင်လေးရပ် ပရိတ်သတ်စုံရာသို့ရွှေသေတ္တာနှင့် တင်လှူတော်ခံယူ ဆက်သကြရန် အမိန့်တော်ထုတ်ပြန်ခဲ့လေသည်။ ထိုမှတစ်ဖန် ကျုံးတော်ရေမျက်နှာပြင်အတွင်း ခင်းကျင်းစီမံထားရှိပြီးဖြစ်သော သဘော်ာ တော်၊ သမ္မာတော်၊ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်၊ ရဲလှေတော်များက နရနည်းခရာ ပုံတောင် ရေကင်း စသော တီးမျိုးမှုတ်မျိုးတို့ကို တစ်ပြိုင်နက် တီးမှုကြပြန်သည်။ သီးပေါရွှေနန်းရှင်နှင့် အရှင်နန်းမတော် မိဖုရားခေါင်ကြီး တို့သည် အခြွေအရံတို့နှင့် ကရဝိတ်ရတနာ ရွှေဖောင်တော်သို့ တက်ကြွစံပယ်တော်မူပြီး ကရဝိတ် ရွှေဖောင်တော်၏ နောက်တော်မှ မင်းညီမင်းသားမှူးတော်မတ်တော်များကလည်း အရာအထူး အဆင့်အတန်း အလိုက် လှေတော်လှော်ကားတော်များနှင့် ငြိမ့်ငြိမ့်မွှမ်းမွှမ်း ရေတပ်ကြည်းတပ်စုံစွာ နောက်တော်မှ ကျုံးတော်ရေမျက်နှာပြည့်မျှ ရှိကြလေသည်။ မြို့တော်လေးမျက်နှာ ကျုံးတော်ကမ်းနဖူး လေးမျက်နှာမှာလည်း ပြည်သူပြည်သား ပရိသတ်များ ကမ်းညွတ်မျှ စည်ကားလျက်ကျုံးတော်တွင်းမှ ရေကြောင်းထွက်တော်မူလာသော အရှင်နှစ်ပါးကို အရိုအသေပြုကြလေသည်။

ကရဝိတ်ရွှေဖောင်တော်လည်း ရွှေမြို့တော်ကျုံလေး မျက်နှာကို တစ်ပတ်လှည့်ပတ်မိပြီး ရှေ့မျက်နှာကွန်းထောက် စံနန်းတော်သို့ ပြန်လည် ဆိုက်ရောက်လေလျှင် အရှင်နှစ်ပါးလည်း မူလ ထွက်တော်မူလာရင်းဖြစ်သော ဂမုန်းကြောင်း ဆင်တော်နင်ပင် ရွှေနန်းတော်သို့ ပြန်၍ဂင်တော်မူလေရာ အမိန့်တော်မြတ် ချမှတ်တော်မူ ခဲ့ပြီးဖြစ်သော ရွှေသေတ္တာများလည်း ကုန်းပွဲရေပွဲဆင်နွှဲ၍ ပျော်ပွဲ အရပ်ရပ်ကို အာရုံဂင်စား လျက်ရှိသော တိုင်းသူပြည်သားတို့ အလယ်တွင် ထင်ထင်လင်းလင်းချက်ချင်းပင် ပေါ်လာရုံမက ဆိုင်ရာအရာရှိတို့ကလည်း ရွှေမောင်းသံတဒူဒူနှင့် ဆူညံစွာဟစ်အော်ကြော်ငြာ၍ နေကြလေ၏ ။

ထိုမြို့တော်သိမ်းပွဲတော်အချိန်မှစ၍ တိုင်းသူပြည်သားမှန်သမျှမည်သူမဆိုမကြောက်မရွံ့မငဲ့မကွက် အမည် မဖော်ရဘဲ လွတ်လွပ်စွာ လျှောက်လွှာတင်လွှာရေးသားလျက် ဘုရင်နှင့်မိဖုရားကြီးတို့ ရွှေလက်တော် ရောက် ပေါက်မြောက်စွာ ပေးပို့ဆက်သနိုင်သော(*)ရွှေသေတ္တာများကို ရွှေမြို့တော် လူဆုံရာဌာနများတွင် အမြဲ ချထားသည်၊ ပြိတိုက်သံတော်ဆင့်ကြီးများ ကြီးမှူးအုပ်ချုပ်၍ တစ်သီတင်းလျှင် တစ်ကြိမ်ကျ သော့ဖွင့်ယူပြီး အလွှာတော်များကို ရှေ့တော်သို့ ပို့ဆက်ရသည်။

ယင်းသို့ မြို့တော်သိမ်းအခမ်းအနား ပွဲသဘင်ပြီး၍ ရက်များမကြာမီတွင် သီးပေါရွှေနန်းရှင် ဘုရားမင်းနှင့်တကွ ရွှေနန်းတော်တစ်ခွင်လုံး မရွှင်မလန်း ညှိုးနွမ်းလျက် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သီပေါရွှေနန်းရှင်ဘုရားမှာ ဘုရင့်မယ်တော် အဖြစ် ရောက်၍ နှစ်မကြာလှမီ နတ်ရွာစံတော်မူရှာ သော မယ်တော်ဖုရားအတွက် အလွန်လျှင် ကြေကွဲတော်မူလေသည်၊ မယ်တော်၏ အလောင်းတော်ကို ခမည်းတော် မင်းတုန်းမင်း တရားကြီး၏ အုတ်နန်းပြာသဒ်တော်အနီးတွင် ထီးဖြူတော် လေးစင် အုပ်မိုး၍ တပ်ဂင်း၊ အခင်းအကျင်း ကြီးကျယ်စွာ ခြံရံ၍ ရွှေဂါတော်တွင် စီးနင်းထွက်တော် မူကာ မီးသဂြိုဟ်တော်မူသည့် မယ်တော်၏ အရိုးတော်ကို မယ်တော်ဖုရား၏ စာရေးတော်ကြီး မင်းတင်ရာဇက ဖြူသော ဖောင်းဂတ်လုံတို့ကို ဂတ်ဆင်ကောက်ယူ၍ ပတ္တမြားဖြင့်ပြီးသော ရွှေကြုတ်တွင်ထည့်ပြီး ရွှေဂါတော်တွင် ပိုက်ပွေ့လျက် ထီးဖြူ လေးချက် အုပ်မိုးကာ အခမ်းအနား ကြီးကျယ်စွာနှင့် ရောဂတီမြစ်သို့ ယူဆောင်လျက် လှော်ကားတော် နှစ်စင်းနှင့် တင်၍ မြစ်လယ်တွင် ချလေသတည်း။

နှစ်သစ်တာသင်္ကြန်တော် အခါမှစ၍ ကဆုန်လတွင်လည်း ရာဇဘိသေက မုဒ္ဓါဘိသိတ် တော် အခမ်းအနား မြို့တော်သိမ်း အခမ်းအနား ကိစ္စများက အစပြု၍ နောက်ဆုံး မယ်တော် လောင်း ရှည်မိဖုရား နတ်ရွာစံတော်မူသည့်ကိစ္စတွင် အဆုံးထား၍ သီပေါရွှေနန်းရှင်ဘုရားမှာ မြတ်နိုးတော်မူ လှသော ဒိုင်းခင်ခင်ကြီးနှင့် ကင်းကွာတော်မူလှသည်မှာလည်း မိခင်ဂန်ကတော်ကြီး မကျန်း မမာဖြစ်ရာတွင် ပြုစု ယုယရင်း ပန်းဖျားပန်းနာရသွားတော့သည်။ ရက်အတော်ကြာပြီးနောက် ပျောက်သည်ဟု ဆိုရစေကာမူ မအီမသာ ရောဂါတစ်မျိုး ပေါ်လာပြန်သဖြင့် ရေ့တော်သို့ ခစားခွင့်မ ကြုံသာဘဲ အိပ်ရာတွင်လှဲရင်း၊ စိတ်တွင်းက ရည်ရော်၍ ကိုယ်တော်ကိုလွမ်းလျက် ရှိခဲ့ရှာသည်။ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်၍ ထူထောင်နိုင်သည့် တစ်ခဏ၌ အိပ်ရာမှ လူးလဲထပြီး အစ်ကိုကြီး မောင်မောင်ငယ်၏ ခါးပုံစံဆွဲ၍ ရွှေနန်းတော် ထဲသို့ လိုက်ခဲ့လေသည်။

ရွှေနန်းရှင်ဘုရားကလည်း နေ့အခါ ရွှေနန်းတော် ရင်ပြင်၌ အင်မတန်ကြီးလေးသော နိုင်ငံတော်၏ အရေးကိစ္စ အဂေဂတို့တွင် စိတ်အာရုံဂင်စားတော်မူခဲ့သလောက် ကြယ်ရောင်ဖျော့ ဖျောက်နှင့် ညဉ့်အချိန် ရောက်လျှင် ကြင်နာတော်မူလက်စ ရှုစား၍မျှ မဂနိုင်သေးသော ချစ်ရေးဂင်ခဲ့သူ ခင်ချင်ကြီးအား ဘွားခနဲသတိတော်ရမိသည်။ သတိတော်ရလျှင်ပင် လက်သုံးတော်ကြီးကို၊ ရနောင်မင်းသားအား ခင်ခင်ကြီး မရောက်လာနိုင်သည့် အကြောင်းများကို အမေးတော်ရှိလေသည်။ ဒိုင်းအတွင်းဂန်ကတော်ကြီး မကျန်း မမာရာမှအစ ခင်ခင်ကြီးပါ လူမမာပြုရာက ပန်းဖျားဖျား၍ ရွှေဖဂါးတော်အောက် အခစားမရောက်ရဖြင်း ဖြစ်ကြောင်း များကို မောင်မောင်တုတ် လျှောက်တင် စကားဖြင့် ကြားသိတော်မူလျှင် ကြင်နာ သနားတော် မူလှ၍ မောင်မောင်တုတ် မောင်မောင်ငယ်တို့ အား ဆေးဂါးကောင်း ဓာတ်စာကောင်းတို့ဖြင့် ဂရုတစိုက် ပြုစုကြရန် အတန်တန်မှာ ကြားတော်မူ လျက်ရှိရာက တစ်စတစ်စ ဂေဒနာသက်သာ၍ ကျန်းမာ လာကြောင်း သိတော်မူရမှ ရွှေစိတ်ချ ခဲ့သည်။

ယခုညဉ့်အဖို့ကား ရွှေလရောင်ရေးရေး၊ မြတ်လေးနံ့မွှေးမွှေးနှင့် ပန်းခုံတော်တောင်ဘက်ဘေး တွင် ယခင်တွေ့နေကျ အတိုင်း သီပေါရွှေနန်းရှင်ဘုရားသည် ဒိုင်းခင်ခင်ကြီးနှင့် တွေ့ဆုံတော်

www.burmeseclassic.com

မူကြပြီးနောက် လရောင် အောက်သို့ ထွက်တော်မူခဲ့ပြီးလျှင် မမြင်မတွေ့ရသော နေ့ရက်များ ကြောင့် ရွှေနန်းရှင်ဘုရားမှာ ခင်ခင်ကြီးကို စိမ်းစိမ်းလဲ့လဲ့ ရှုစားတော်မူလျက်-

"ခင်ခင် နည်းနည်းပိန်သွားတယ်၊ ခင့်မယ်မယ်ကို ပြုစုရလို့ မကျန်းမမာဖြစ်ရတယ်ဆို၊ ကိုယ့်ကိုယ် ကိုယ်လည်း ဉာဦးမှပ ခင်ရဲ့"ဟု ယုယုယယ ပြုတော်မူရာ အမေးတော်ရှိလျှင် ခင်ခင်ကြီးကလည်း ငိုချင်လျက် လက်တို့သည့်အလား-

"တင်ပဘုရား၊ မေဖုရား မကျန်းမာလို့ ပြုစုသည်မှာ ညအခါကောင်းစွာ မအိပ်ရလို့တစ် ကြောင်း ကံမကောင်း ကြောင်းမသင့်တဲ့ ကိစ္စတွေကလည်း အများအပြားမို့ သားအမိနှစ်ယောက် စလုံး ဖုန်းဖုန်း လဲကျရခြင်းပါဘုရား"

"သြော်...... ဒိုင်းဂန်ကတော်မှာ မူလကရောဂါသည်ကို နောက်ထပ်၍ ဘယ်လိုဝေဒနာမျိုး စွဲကပ်ပြန်ရှာသလဲ ခင်ရဲ့"

"သင်္ကြန်ပွဲတော်အချိန်က အရှင်နန်းမတော်ဖုရား ရှေ့တော်မှာ အပျိုတော်တွေ ရေကစားကြမ်း လွန်းလို့ အပူရှပ်ပြီး အဖျားရောဂါ ကပ်ရောက်ရကြောင်းပါဘုရား"

"သြော်.....ဖြစ်ရပလေ၊ ခင့်မေမေ ရောဂါသည်ကို ဒီအပျိုတော်တွေက် ဘောက်မဲ့ကြောင့် ရေနဲ့ လောင်း ရသလဲ"

"ရေနှင့်လောင်းသည်မှာလည်း နည်းနည်းနောနော မဟုတ်ပေါင်ပါဘုရား၊ အပျို တော်တွေ ရှိသမျှစုရုံးပြီး တစ်ကိုယ်ဖလားတစ်လုံးစီနှင့် တပြုန်ပြုန်း တဒိုင်းဒိုင်း မြင်းကောင်းစိုင်းသလို မရပ်မနားလောင်း၍ သွားကြသည်မှာ အသက်ရှူချိန်ပင် မရအောင် မွန်းလှသဖြင့် ဖျက္ကျွန်မတို့ သားအမိ မသေရုံတယ် ရှိပါသည် ဘုရား"

"အလို.....ပလေ ခင်ခင်ရယ်၊ သို့ ခင်တို့ အရှင်နန်းမတော်ဖုရားက တားမြစ်တော် မမူဘူးလား"

"အရှင်နန်းမတော်ဘုရားကတော့ ရှေ့တော်မှာ ပျော်ပျော်ပါးပါး ရေကစားကြသည်ကို ရှုစားတော်မူလို၍ ပျော်စေပြက်စေဟု ခွင့်ပြုတော်မထားတဲ့အခိုက် ဂုန်ဂုန်းဒိုင်းဒိုင်းနှင့် မို့ သူတိုရဲ့ နောက်ပိုက်းက ဖျက္ကျွန်မတို့ အဖြစ်အင် ကိုတွေ့မြင်တော်မူမည် မထင်ပါဘူး၊ မံသကြီးရွာစား ခေါင်းဆောင်ပြီး လုလုကြီး ပညာရှိ နှိပ်စက်ခံ လိုက်ရတဲ့ နောက်ဆက်တွဲကိစ္စတွေလည်း မနည်းကြီး ကျန်ပါသေးငဲ့ဘုရား"

"ဟင်........ သည်မံသကြီးရွာစားကကော ဘယ်လိုများ ခင်းတို့သားအမိကို ပညာရှိနှိပ် စက်လိုက်ရပြန်သည်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အပျိုတော် တွေ လိုက်တမ်းပြေးတမ်း ကစားသလို ရေဖလားကိုင်ပြေးတိုင်း အလယ်ကဖျ ကျွန်မတို့ သားအမိမှာ သစ်ငုတ်တိုလို သွားချည်ပြန်ချည် ခလုတ်တိုက်ခံရပါသဖြင့် တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို အရိုးအသားများ နာကျင်လှပါသည်။ သူတို့ ခလုတ်တိုက်၍ အားရလောက်တဲ့ အချိန်ကျမှ ရပ်နား ကြပြန်တော့လည်း သင်္ကြန်ထမင်းပွဲထဲ ငရုတ်သီးလွန်ကဲအောင် ထည့် ကျွေးခြင်း၊ ဆုတော်အထုပ်များ ကံစမ်း နှိုက်ရာတွင် အမိုက်ဆုံးခြည်မျှင်တွေပါသော အထုပ်ကိုသာ တမင်တကာ ရွေးပေးသဖြင့် ရယ်သွမ်းသွေးခံရသည်တို့မှာ မံသကြီးရွာစား၏ လက်ရာချည်းဖြစ် ကြောင်းပါဘုရား"

အတွင်းကြာခြည်တော်ထဲမှ ခင်ခင်ကြီးကို တွဲမလျက် အပြင်ဘက်သို့ထွက်တော်မူလာစ ကပင် သဥ္စလီပေါ်တွင် ခြေတွဲလွဲချ ထိုင်တော်မူရာ ဒူးပေါ်မေးတင်၍ ရွှေနန်းရှင်ဘုရားမှာ ကလေးအသွင် တွက်တီး တွက်တာနှင့် ဖြစ်သမျှအကြောင်းရုံးပေါင်း သံတော်ဦးတင်နေရှာသော ခင်ခင်ကြီးအား သနားကြင်နာစွာနှင့် ဆံစကလေးများ သပ်ပေးကာ နားဆင်တော်မူလျက်ရှိသည်။

"ဒီမံသကြီး မမဟာ ခင်တို့ကို ဘာကြောင့်များ ငြိုးနေပါလိမ့်ဘုရား၊ ရွှေနန်းရှင် မောင်မောင်ဘုရား ဆုံးမတော်မူပေးပါလားဘုရား၊ သည်အတိုင်း ကြာကြာထားတော်မူပါလျှင် ခင်တို့သားအမိမှာ မံသကြီးမမ နှိပ်စက်တာနှင့် သေရတော့မှာပါပဲဘုရား"

"သည်အဖြစ်အပျက်တွေကို မောင်ဖေနှင့် မောင်တုတ်တို့ကို ပြောပြီးပြီလား"

"မှန်လှပါဘုရား၊ သူတို့ စိတ်မကောင်းမည်စိုးသည်နှင့် မပြောပါဘုရား၊ ရွှေနန်းရှင် မောင်မောင်ဘုရား ကိုသာ ခင်ကြီးရဲ့ အားထားမှီခိုရာမို့ မခြွင်းမချန် မှန်ရာကို သံတော်ဦးတင်ရ ကြောင်းပါဘုရား"

"ဩော်...ခင်ကြီး...ခင်ကြီး၊ သနားစရာပဲ၊ ကဲလေ သည်အတိုင်းကြာရှည်ထားတော်မမူပါဘူး၊ မောင်တုတ် နှင့်မောင်ဖေငယ်တို့ကို ယခုပင်ခေါ်၍ တိုင်ပင်တော်မူပါ့မည်"ဟု မိန့်တော်မူကာ ဒိုင်းခင်ခင်ကို အချိန်း အဆက်ပေးစေလျှင် ပြတိုက်ဆောင်မှောင်ရိပ်မှ တိတ်တဆိတ်စောင့်စားနေ သော ရနောင်မြို့စား မောင်မောင်တုတ်နှင့် တောင်သမန်လယ်စား မောင်မောင်ဖေတို့မှာ ရှေ့တော် မှောက်သို့ ပျာယီး ပျာယာ ရောက်လာကြလေ၏။

ရွှေနန်းရှင်ဘုရားလည်း ဒိုင်းခင်ခင်ကြီးလျှောက်တင်ချက်စကားများကို ရနောင်မြို့စားနှင့် တောင်သမန် လယ်စား တို့အား ပြန်လည်မိန့်ကြားတော်မူပြီးနောက်-

www.burmeseclassic.com

www.burmeseclassic.com

"သည်အတိုင်းမှန်လျှင် မံသကြီးရွာစားဟာ ခင်ခင်တို့အပေါ်မှာ နိုင်ထက်စီးနင်းပြုလွန်းရာကျနေပြီ၊ ဒီကိစ္စ မောင်တုတ်နှင့် မောင်ဖေငယ်တို့ ဘယ်လိုသဘောရကြသလဲ"ဟု မိန့်တော်မူလျှင် မောင်မောင်ငယ် သာမဟုတ် မောင်မောင်တုတ်ကပါ မခံမရပ်နိုင်အောင် နာကြည်းလာသဖြင့်-

"ခင်မကြီးဟာ သူ့သဘောအလျောက်ဖြင့် ဘယ်နည်းနှင့်မှသည့်ကလော မတရားပြုရန် အကြောင်း မမြင်ပါ၊ သခင်အားရကျွန်ဒဏ်ဂဆိုသလို မျက်နှာလိုအားရ ပြုမူလိုက်ခြင်းသာ ဖြစ်တန်ကြောင်းပါဘုရား"ဟု လျှောက်လျှင် မောင်မောင်ငယ်ကလည်း-

"မှန်ပါတယ်၊ တစ်နည်းတစ်လမ်းဖြင့် ခင်မကြီးမှာ အရှင်နန်းမတော်ဖုရား သဒ္ဓါတော်မူသူဖြစ်၍ ခင်ခင်ကြီးကို သူ့ထက်ပိုပြီး သဒ္ဓါတော်မူသွားမည်ကို တင်ကြိုစိုးရိမ်ခြင်းဖြင့် ကိုတုတ်ရယ်"ဟု အတွေးနှင့်ပြောသော်လည်း ရနောင်မြို့စားသဘောနှင့် မကိုက်၍-

"ကိုရင်ငယ်တွေးသလို မဟုတ်နိုင်ပါဘူးဆို၊ ကျုပ်တို့ကို အနှောင့်အယှက်ပေးနေတဲ့ ခင်မကြီးဟာ သူ့အကျိုး ကလေးကြည့်ပြီး သည်ထိအောင် မကြံပုံ့ပါဘူး၊ သူ့အရှင်သခင်နန်းမတော်ဖုရား အလိုတော်အတွက် မျက်နှာလုပ်ခြင်းသက်သက်ဖြစ်ရမယ်"ဟု ငြင်းချက်ထုတ်တော့သည်။ ရွှေနန်းရှင်ဘုရား သည် ကျွန်ယုံတော် ကြီး နှစ်ယောက် စကားအတိုင်းအဖောက်ပြနေသည်ကို ရပ်ဆိုင်း တော်မူစေပြီး-

"မောင်မင်းတို့နှစ်ယောက်စလုံး၏ အယူအဆကို ပစ်ပယ်တော်မမူလို၊ စပ်ဆိုင်သလိုအကျွမ်းဝင် သည်ချည်း ပင်၊ သို့ရာတွင် မံသကြီးရွာစားအရေးကို တွေးနေဖို့ အချိန်အခါမဟုတ်ဘူး၊ ခင့်ခင့်အတွက် စိတ်လက်ချ ချထားတော်မူရန် အမြန်ဆုံးအကြံတော်ဆက်ကြစမ်းကွယ်တို့"ဟု မိန့်တော်မူလေရာ မောင်မောင်တုတ်က အားရဂမ်းသာနှင့်-

"ဘာမှကြောင့်ကြတော်မူရန် မလိုပါဘုရား၊ ခင်ခင်စံစားတော်မူရန် ခြောက်ရွှေရေးဆောင်တော်ကြီး ကိုလည်း ပြင်ဆင်မွမ်းမံ၍ ပြီးစီးပါပြီ၊ အလိုတော်ရှိသော နေ့ရက်မှာ အဆောင်တော်အပ်နှင်းရန်သာ ရှိပါတော့ကြောင့်ဘုရား"ဟု လျှောက်တင်လျှင် မောင်မောင်ငယ်ကလည်း ဆက်လက်၍-

"အဆောင်တော်ပေးသနား၍ အထင်အရှားချီးမြှင့်တော်မူလိုက်ပါလျှင် ခင်ခင့်အားမံသမံကြီးရွာစား စသည့် အပျိုတော်များ၏ စော်ကားရန်စခြင်းမှလည်း လွတ်ကင်းသွားပါလေတော့မည်ဘုရား"ဟု လျှောက်ထား လေလျှင် ရွှေနန်းရှင်လည်း အနည်းငယ်စဉ်းစားတော်မူပြီး-

"သည်နည်းအတိုင်းသာ ပြုတော်မူရတော့မှာပဲ၊ အင်း...နန်းမတော်ကြီးကလည်း ကျေနပ်တော်မူ ကောင်းပါရဲ့" ဟု မိန့်တော်မူရာ မောင်မောင်တုတ်က ကပျာကယာ လက်ယှက်၍-

www.burmeseclassic.com

www.burmeseclassic.com

"သည်ဘက်ရောက်အောင် စဉ်းစားတော်မူနေရန် အချိန်မဟုတ်ကြောင်းပါဘုရား၊ ဧကရာဇ်မင်းတစ်ပါး၏အမိန့်တော်ပြန်ထမ်းကို မည်သူမဆိုကျူးလွန်ပယ်ဖျက်နိုင်လိမ့်မည် မဟုတ်ပါသဖြင့် အဆောင်တော်ချီးမြှင့် ပေးသနားတော်မူသည့် အမိန့်တော်ကိုသာ ရေးမှတ်စေရန် ဖြိတိုက်တော်သံဆင့် တို့အား အမိန့် ချမှတ်တော်မူပါဘုရား"ဟု လျှောက်ထားသံတော်ဦးတင်ရာ-

"အင်း...အင်းဟုတ်ပါဘိတယ်၊ အမိန့်တော်မှတ်တမ်းနှင့် နန်းရဆောင်ရမိဖုရားတစ်ပါး အတိ အလင်း ထားတော်မူလိုက်မှ သည်အမိုက်မကလေး လူသူလေးစားတော့မည်၊ ဒီတော့ကာ နန်းမတော်ကြီးကို တိုင်ပင်တော် မူနေရန် မလိုပါဘူးထင်ပကွယ်"ဟု လေးလေးကြီးညည်းတွားမိန့် ကြားတော်မူလေသည်။

မောင်မောင်တုတ်က "မှန်လှပါရှင်ဘုရင်မင်းသည် ဒီကိစ္စမျိုးကို မိဖုရားခေါင်ကြီးများနှင့်တိုင်ပင်တော်မူ၍ ပြုတော်မူရိုး လည်းမရှိပါ၊ သည့်ပြည်ရှင်ဘုရင်များ၏ မိဖုရားခေါင်ကြီးများဆိုပါလျှင် အရေးပြီးလွယ် မည်ဖြစ်သော်လည်း အရှင့်မိဖုရားခေါင်ကြီးကဖြင့် ဤကိစ္စကို အသက်ထက်ဆုံးမျှတတော်မူမည် မဟုတ်သဖြင့် မတိုင်ပင်ဘဲ လုပ်ကြသည်က နောက်မှဖျက်ဆီး၍မရသည့်အတူ သဘောတော် တူမျှ ကောင်းစရာ ရှိကြောင်းပါဘုရား" တစ်ခါမျှမလျှောက်တင်ဖူးသော စကားများနှင့် မင်းသားဘဂတုန်းက အတွင်း ကျကျလျှောက်တင်သည့်နည်းအတိုင်း တီးတိုးလျှောက်ထားလိုက်လေသည်။

ရွှေနန်းရှင်လည်း ဆင်ခြင်သုံးသပ၍ ဆုံးဖြတ်တော်မူရန် အဆင်သင့်ပင် ဖြစ်တော့သည်။ ခင်ခင်ကြီး မှာ မောင်မောင်တုတ်နှင့် ရွှေနန်းရှင်ဘုရား အတုံ့အပြန်လျှောက်ထားနေသည်များကို နားစိုက်ကာ ဒူးတော်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ပိုက်ဖက်လျက် ရွှေနန်းရှင်ဘုရား၏ မျက်နှာတော်ကို မငြီးအောင်မော်၍ ငေးကြည့်နေမိလေ၏ ။

"ကောင်းပြီ...ပြဿဒါးနှင့် ဂါရမိတ္တုရက်ဆိုးများကိုကြည့်၍ ရှောင်ကြဉ်လျက် အနီးဆုံးနေ့ရက်ကို သတ်မှတ်လျှောက်တင်ကြစမ်း မောင်မင်းများ"

တောင်သမန်လယ်စား ရွှေတိုက်စိုးမောင်မောင်ဖေက ခေတ္တတွေ၍ စဉ်းစားလိုက်ပြီးမှ-

"နက်ဖြန်ပြဿဒါးနေ့ဖြစ်၍ သန်ဘက်ခါမှာမင်္ဂလာရက်ရာဇာရကြောင်းပါဘုရား"ဟု လျှောက်တင် လျှင် မောင်မောင်တုတ်က ဖင်၍-

"လျင်လျင်ဆောဆော ကိစ္စချောအောင် သန်ဘက်ခါရက်ရာဇာမှာပင် ခင်ခင့်ကိုအဆောင်တော်နှင်းအပ်ရန် အမိန့်တော်ချမှတ်တော်မူပါလျှင် ကျွန်တော်မျိုးများ စီမံဖွယ်ရာအရပ်ရပ်ကို ပြီးပြတ်အောင် ရွက်ဆောင် အမှုတော်ထမ်း ပါမည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ဟုလျှောက်ထားလိုက်သောအခါ ရွှေနန်းရှင်ဘုရားလည်း အားရနှစ်သက်တော်မူကာ-

"ငါ၏ကျေးကျွန်ကြီးများဟာ အလွန်လိမ္မာပါးနပ်၍ အလိုတော်ကိုသိကြပေသည်၊ တပည့်လိမ္မာပီပီ ကြံစည် လုပ်ဆောင်ရန် ရှိသမျှဆောင်ရွက်ပြီး သန်ဘက်ခါရက်ရာဇာတွင် ခင်ခင့်ကိုသူပိုင်ဆိုင်မည့် အဆောင်တော် သို့ ပို့အပ်လိုက်ကြရမည် မောင်မင်းများ"

ဟုနှုတ်မိန့်ပေးသနားတော်မူလိုက်သောအခါ ရနောင်မြို့စားမောင်မောင်တုတ်နှင့် တောင်သမန် လယ်စား မောင်မောင်ဖေတို့လည်း ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရားဟု အားရဝမ်းသာလျှောက် တင်လျက် ခင်ခင်ကြီး အတွက် နှစ်ထောင်အားရ ရှိရှာကြတော့သည်။

ခင်ခင်ကြီးမှာလည်း မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ ဝမ်းသာအားရရှိကြသည်ကို ကြည့်ငေးရာ မှာ ကလေးသဖွယ် ရွှေနန်းရှင်၏ ခြေထောက်ကိုကပ်တွယ်ပိုက်ဖက်ရင်းပင် "ဒါဖြင့် လျှင် ခင်ကြီးဒီနေရာကို အခစား မလာရတော့ပါဘူးလားဘုရား၊ ရွှေနန်းရှင်မောင်မောင်ဘုရား၊ အပါးတော်ကို ယခုလို နေ့တိုင်း အခစားမဝင်ရလျှင် အင်မတန်စိတ်ဆင်းရဲမှာပါပဲဘုရား၊ မံသကြီး ရွာစားမမ ညှဉ်းဆဲသမျှကိုခံရင်းပင် ရွှေနန်းရှင် ကိုယ်တော်အား နေ့စဉ်ဖူးမြော်ရတာကကောင်းပါ သေးငဲ့ဘုရား"ဟု လျှောက်ထားလေလျှင် ရွှေနန်းရှင် ဘုရားလည်း သနားကြင်နာစွာ ရှုစားတော်မူ လျက် ကျောလက်သပ်ခါသပ်ခါနှင့် "ဩော်......ခင်ခင်.......ခင်ခင်ဘယ်လိုအရေးကိုမှ တွေးလို့မပူ တက်ရှာလေဘူး၊ အရှုးအမူးချစ်ဖို့တစ်ခုသာ နားလည် ရှာတယ်၊ ငါကိုယ်တော်မြတ်မှာ ဒါတွေ ကြောင့်ပင် ခင့်ခင့်ကို အင်မတန်မြတ်နိုးကြင်နာ ချစ်တော်မူ ခဲ့ရတာကလား"ဟု မိန့်ကြားကာ ယုယပိုက်ဖျား တအားညှစ်ထား၍ ထားတော်မူလိုက်စဉ်-

"ဟင်........ ဒီနေရာမှာလာပြီး ဒီလိုနည်းနှင့် အလေလိုက်နေကြတာကိုး" ဟူသော အသံနှင့်အတူ ထဘီစွန်တောင်ဆွဲ၍ အံခဲလျက် မားမားမတ်မတ် ရပ်လိုက်သော နန်းမတော်စု ဖုရားလတ်အား ဘွားခနဲ တွေ့မြင်ရလျှင် ရွှေနန်းရှင်ဘုရားနှင့်တကွ ခင်ခင်ကြီး၊ မောင်မောင်တုတ်၊ မောင်မောင်ငယ် စသဖြင့်အားလုံးပင် အံ့အားကြီးသင့်လျက် ရုတ်တရက်သော်မှင်သက်မိသလို ငြိမ်သက်နေမိကြ လေ၏။

ယက္ခဂုမ္ဘာန်တွေ ရံပိုင်း၍ တံတိုင်းအထပ်ထပ် စောင့်ကြပ်ကာဆီးထားသော ဂန္ဓမာဒနဂူနန်းမှ မဥ္ဇူ သကနတ်ပန်းရှိရာသို့ ဝင်ရောက်ခြင်းဌာ မစွမ်းနိုင်သည့်နည်းတူ မည်သူမှ ထိုးဖောက်ဝင်ရောက်ခြင်း မပြုသာအောင် ပြဲတိုက်ဆောင်နှင့် တောင်ဒဂယ်ဆောင်အစတောင် ဘက်ပန်းခုံတော်တစ်ပိုက်လုံး လက်သုံးတော်အိပ်ဖန်လှည့်တို့ ပခုံးချင်းထိ၍မိမိရရ အထပ်ထပ်ကင်းချထားသောကြောင့် မလျှော့ သော လုံ့လဖြင့်နေ့စဉ်ရက်စက် ကြိုးစားခဲ့သော မံသကြီးရွာစားပင်လျှင် အဆုံးတစ်နေ့၌ အရှုံးပေး ကာ နောက်ဆုတ်လက်လျှော့ခဲ့ရသော မောင်မောင်တုတ်၏ လက်ရွေးစင် အစောင့်အနေများသည်

www.burmeseclassic.com

www.burmeseclassic.com

အရှင်မိဖုရားခေါင်ကြီးဖုရား ကိုယ်တော်တိုင် ထွက်တော်မူလာသောအခါတွင်မူကား တားဆီး ပိတ်ဆို့ခြင်းဌာ မပံ့ဘဲရှဲခနဲ လမ်းဖယ်ပေးနင့်ပြီးသား ပြားပြားဝပ်ခစား၍ နေလိုက်ကြရသည်။

အရိပ်အခြည်ကြည့်ရှု့စုံစမ်းရသူ ခင်မကြီးကကိုယ်တော်တိုင် ကြွတော်မူချိန်သင့်ပါပြီ ဘုရားဟု လာရောက် လျှောက်တင်သောခဏ၌ သကၤာယနကင်းတော်မမူသော နန်းမတော်ဖုရားသည် တောင်ဘက် ပန်းခုံတော် ဘက် သို့ ရုတ်တရက် ထွက်တော်မူခဲ့ခြင်း ဖြစ်လေသည်။

ဘမရာသန အဆောင်တော်မကြီးထဲတွင် ညဥ့်ညီလာခံစဲလျှင် အနိုပ်တော်ခံမြဲဟု သတင်းလွှင့်ထားချက်အရ ဦးစွာပထမပိတ်ထားသော ဘမရာသန၏ ကျည်းရှင်တံခါးဝသို့ ဆိုက်ရောက်တော်မူခဲ့သည်တွင် အိပ်ဖန်တော်သားများ အဆောင်တော်တံခါးဝ၌ စောင့်ကြပ်လျက်တွေ့တော်မူရလေ၏။

အခါတိုင်းဆိုလျှင် အတွင်းတော်သို့ မည်သူ့ကိုမျှဝင်ခွင့်မပြုရသော လက်သုံးတော် အိပ်ဖန်တော်သားများသည် အရှင်နန်းမတော်ဖုရားကိုမူကား တားဆီးအံ့မည်ဝေးစွ ဦးညွှတ်ခါရှဲ၍ပေးလိုက်ကြရသည်။ အရှင်နန်းမတော်ဖုရားကား တံခါးကျည်းရှင်ကို တွန်းဖွင့်တော်မူပြီး အဆောင်တော် ထဲသို့ဝင်တော်မူ ခဲ့သည်။ သလွန်တော်ပေါ်တွင် ရွှေနန်းရှင်ဘုရားကို တွေ့တော်မမူလျှင် အပြင်သို့ထွက်ကြွတော်မူပြန်ကာ တစ်ဖက်ရှိ ရွှေဆောင်တော်မှသည် တောင်ဘက် ပန်းခုံတော်အုဌ်တိုက်ဆီ သို့လိုက်ပါ ရှာဖွေတော်မူပြန်သည်။ အထပ်ထပ် ပိုင်းရံစောင့်ကြပ်နေကြသော အိပ်ဖန်တော်သား များမှာ နန်းမတော် ဖုရား ထွက်ကြွတော်မူလာတိုင်း ပြားပြားဝပ်ဖယ်ရှားပေးလိုက်ရပြီးနောက် ချောက်ချားထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ကြရလေသည်။ ဤအချိန်တွင် မောင်မောင်တုတ် တို့ထံသို့ ပြေး၍ သတင်းပေးရန်လည်း မဖြစ်နိုင်၊ အချိန်းအချက် အမှတ်အသားပြုကြရာ မှာလည်း မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ ထိုအခါက တောင်ဒဂယ်ဆောင် ပြဲတိုက်ဆောင်တို့ တွင်မရှိ ပန်းခုံတော်အုတ်တိုင်တွင် အခစားဝင်၍ နေခိုက်ဖြစ်သောကြောင့် နန်းမတော်ဖုရား ထွက်တော်မူလာနေသည်ဟု ကြိုတင်မသိလိုက်သဖြင့် အငိုက်ကို အရိုက်ခံသည့်အလား လက်ပူးလက်ကြပ်မိထားသဖြင့် အမှုသွားက ဘွားဘွားပေါ်လျက်ရှိခဲ့သည်။

အရှင်နန်းမတော်ဖုရားက ဒေါသဖြစ်တော်မူသလောက် ဝင်းဝင်းတောက်သော မျက်နှာထားဖြင့် ရှုစားတော် မူလျက်ရှိသည်တွင် ရွှေနန်းရှင်ဘုရားမှာ ရုတ်တရက်ရှက်ရွံ့အားနာ ကြံရာမရ မည်သို့ပြန်လည် မိန့်တော်မူရမည်ဟုလည်း အစမပေါ်သဖြင့် လက်တော်နှင့် ပိုက်ဖျားယုယထားမိသော ခင်ခင်ကြီး ကိုသာ လွှတ်လျက် ရုတ်တရက်မျက်တော်မခတ် စူးစိုက်ရှုစားတော်မူနေလေသည်။ ခင်ခင်ကြီးမှာ အလွန်တရာ ကြောက်ရွံ့သဖြင့် မလှုပ်ပံ့ရှာ၍ မျက်နှာကိုအတွင်းငုံ့ပြီး ကျုံ့ကျုံ့ကလေး ခစားနေရစဉ်-

www.burmeseclassic.com

www.burmeseclassic.com

"ဒီအကောင်မ နှင့် မသင်္ကာနေသည်မှာ ကြာလှပြီး ယခု ငါ့လင်နှင့် လက်ပူးလက်ကျပ် မိတော့သည်၊ ငယ်ငယ် ရွယ်ရွယ်နဲ့ တယ်လို့အကြံကြီးလှပါကလားဟဲ့ မိခင်ကြီးရဲ့"ဟု မိန့်တော်မူရင်း ခပ်ပြင်း ပြင်း ဆံထုံးကို ဆောင့်၍ဆွဲလျက် ရုတ်တရက်တွန်းလှဲလိုက်ပြီး နောက်အားလွန်ကာ လက်ထောက် လဲကျ သွားသော ခင်ခင်ကြီး၏ တင်ပါးကို တအားခြေနှင့်ဆင့်၍ ကန်လိုက်သည်တွင် ဒိုင်းခင်ခင်မှာ တစ်ချက်မျှ လူးလွန့်၍ မပံ့ပါဘူးဟု သနားခံကာ လက်ယှက်ရှိခိုးနေဆဲတွင် အရှင်နန်းမတော် ဖုရားသည် ရွှေနန်းရှင်၏ ဘက်သို့ မျက်နှာ လှည့်သွားလျက်-

"ဟင်...ရိုးပုံရိုးဟန်နဲ့ အင်မတန်ဉာဏ်များလှတဲ့ လူပါကလား၊ ခုလို မုသားတွင်တွင် သုံးတတ်တာ ဘုန်းကြီး နှင့် မယ်သီလ အနား နီးစပ်ယှဉ်ပါးခဲ့ရလို့ ထင်ပါရဲ့"ဟု မဲ့မဲ့ရွဲ့ရွဲ့ ရှုံ့ရှုံ့ချချလေသံဖြင့် ခက်ထန်စွာ မိန့်တော် မူလိုက်လျှင် သီပေါရွှေနန်းရှင်မှာ အင်မတန် စိတ်တော်ထိခိုက်သွား၍ ဘွားခနဲ အမျက်တော်ထွက်ကာ "တောက်" တစ်ချက် ခေါက်တော်မူပြီးလျှင်-

"ဟင်...ဒီမိန်းမ၊ မိုက်ရိုင်းလှချည်လား"ဟုဆိုကာ လက်သုံးတော်ဓားကို ကိုင်ရွယ်တော်မူလိုက်မိ သည်။

နန်းမတော်ဖုရားကလည်းများစွာ စိတ်ဆိုးတော်မူနေခိုက်တွင် ရွှေနန်းရှင်က သီလဂင်ရွှေဓားနှင့် အရွယ် တော်များ ခံလိုက်ရပြန်သဖြင့် ဒေါသယမ်းပုံကို အစွမ်းကုန်ပေါက်ကွဲလိုက်သည့်အလား အသားများ ဆတ်ဆတ် တုန်ကာ-

"သယ်သယ်...ကြည့်လိုက်စမ်းပ၊ မယ်သီလလူထွက်တဲ့သားက ငါ့ကိုများဓားနှင့်ရွယ်လို့ဟယ်" ဟုပြောရင်း အတင်းဂင်၍ ရှေးဦးစွာက တကယ်ပင် ခုတ်ပိုင်းရန်မကြံ ဟန်ဆောင်ရွယ်ရုံမျှသာ ရှိတော်မူရာ နန်းတော် ဖုရားကဂင်၍လုတော်မူရာမှ သတိရပြီး လက်တော်က မြဲမြဲဆုပ်ကိုင်ထား လျက် ဓားကို နောက်သို့ တိမ်းတော်မူလိုက်သဖြင့် နန်းမတော်၏လက်မှာ ရွှေနန်းရှင်ဘုရား၏ သျှောင်တော်နှင့်ထိပြီး ငြိကပ် ရှုပ်ထွေးသွား လေသည်။

အပါးတော်တွင် ပြူးပြူးပြာပြာနှင့် ဘာလုပ်ရမှန်းမသိဖြစ်နေသော မောင်မောင်တုတ်မှာ မိမိအရှင် သခင် သီပေါ ဘုရင်မင်းသား အသက်ပေး၍ချစ်သော တစ်ပါးကျွန်အချစ်တော် ဖြစ်သည့်အားလျော် စွာ နန်းမတော်ဖုရားက စကားဖြင့်ကျူးလွန်ရုံမက လက်နှင့်သျှောင်ကိုဆွဲသည်အထိ စော်ကားလာ သည်ဟု ထင်မှတ် သဖြင့် မခံမရပ်နိုင်ဖြစ်မိကာ "ရေမြေ့ရှင်ပါဘုရား၊ မယားအနိုင်ကျင့်သည်ကို သည်းခံတော် မမူပါနှင့် ဘုရား"ဟု အနားမှ အားပေးလျှောက်ထားလျက်ရှိလျှင် ရွှေနန်းရှင်ဘုရား လည်း နန်းမတော် ဖုရား၏ လက်တော်များကို မင်းယောက်ျားအင်အားဖြင့် တအားတွန်းဖယ်ပစ် တော်မူလိုက်သဖြင့် နန်းမတော် ဖုရား နောက်သို့ ယိမ်းယိုင်သွားလေသည်တွင် သီလဂင်ရွှေဓားကို ဓားအိမ်တွင်းသို့ပြန်သွင်း၍ ပစ်ချတော်မူလိုက်တော့သည်။ နန်းမတော်ဖုရားကကားပို၍ အမျက်တော်ပွားပြီးလျှင်-

www.burmeseclassic.com

www.burmeseclassic.com

"ဟင်…ရှင်ဘုရင်ဖြစ်လာလို့ မင်းမာန်ဝင်လာပြီလား၊ သတိထားပါ၊ ဘယ်သူတင်ထားလို့ ရာဇ ပလ္လင်ပေါ် ရောက်ရတယ်ဆိုတာကော စဉ်းစားမိရဲ့လား"ဟုဆိုကာ စုံရပ်လျက်လက်နစ်ဖက် ခါးထောက်ကာ-

"ထွီ…"ဟု နာနာကြည်းကြည်း တံထွေးနှင့်ထွေးခဲ့လျက် အဆောင်တော်ဘက်သို့ ခြေတော် ပြင်းပြင်းနင်း လျက် ပြန်လည်ထွက်ကြွလာခဲ့လေရာ စိတ်သဘောကောင်းလှသော ရွှေနန်းရှင်မှာ အလွန်တရာရှက်နာ ဂမ်းနည်း အမျက်တော်ကလည်း မထွက်စဖူးရှုံးရှုံးရှားရှား ဖြစ်တော်မူကာ-

"စုလတ်ရယ် တယ်လို့စော်ကားလှပါကလား။ အလိုတော်လိုက်ခဲ့လို့ အမိုက်စော်ကားခံရ လေတယ်၊ ဘယ်လိုပြေးလို့မှ မလွတ်စေရဘူး"ဟု မိန့်တော်မူရင်း လက်သုံးတော်ဓားကို ပြန်ကောက်၍ လိုက်မည် ပြုပြန်လျှင် မောင်မောင်တုတ်က ဂင်၍လုကာ "ဆင်ခြင်တော်မူပါဘုရား၊ ယခုလို နောက်တော်က လိုက်သွားခြင်း ထက် လေးလေးနက်နက်ဘုရင့်အာဏာနှင့် အရေးယူ အပြစ်ပေး တော်မူခြင်းက ရာဇဏ္ဍန္တေ မပျက် အချက်ကျကျရှိပါမည်ဘုရား"ဟု အတန်ကြာ တားဆီး လျှောက်ထားနေသည်တိုင် နားဂင်တော်မမူ မောင်မောင်တုတ်နှင့် လက်သုံးတော်ဓားကို တွန်းဖယ် ရှောင်ရှား၍ တအားစိုက်စိုက်လိုက်သွားတော်မူပြီး အုတ်နန်းတော်အပြင်ဘက်တွင် လက်သုံး တော်ကြီးတစ်ဦး ကိုင်ထားသော ရိန္တမာလှံတော်ကို ဆွဲယူ တော်မူတာ နန်းတော်ဖုရားနောက်သို့ ဆက်လက်လိုက်တော်မူခြင်းကြောင့် မောင်မောင်တုတ် မှာလည်း အရေးတကြီးပင် ရွှေနန်းရှင် နောက်တော်သို့ ပြေး၍လိုက်ရပြန်လေ၏။ ထိုခဏ၌ပင် အတွင်းတော် တစ်ရပ်လုံး မီးဟုန်းဟုန်း တောက်သလို ကြောက်လန့်တကြား ဟိုပြေးဒီပြေးနှင့် အူယား ဖားယား ဖြစ်နေကြလေ၏။

ထိုအချိန် ထိုအခိုက်မှာ ခင်ခင်ကြီးကိုသာ ဂရုစိုက်နေသူကား တောင်သမန်လယ်စား မောင်မောင်ဖေ ဖြစ်လေရာ ရွှေနန်းရှင်ဘုရားနှင့် နန်းတော်ဖုရား ခွန်းတုံ့ခွန်းပြန် ဖြစ်နေတော်မူဆဲတွင် ခင်ခင်ကြီးကို တအား ထမ်းလျှက် တောင်စမုတ်လှေကားတော်ဘက်မှ ကသုတ်ကရက် ပြေးထွက် ကာ အိမ်အရောက် ပို့လိုက် ရရှာတော့သည်။

နန်းတော်သားတွေနှင့် နန်းတော်သူတွေမှာ ရုတ်ရုတ်ရုတ်ရုတ်နှင့် မလှုပ်ပုံ့ မပြေးပုံ့ အသက်တဖျား ကြောက် ရွံ့စိုးရိမ်လှစွာ ကွယ်ထောင့်ရာ နေရာတွင် ဂင်ရောက်ပုန်းအောင်းနေမိကြသည်။ မပြေးသာသူအချို့မှာ ကြုံ ရာတွင် ပြားပြားဂပ်၍ နေလိုက်ရသည်။ မံသကြီးရွာစား ခင်မကြီးကား ရွှေနန်းရှင်နှင့် နန်းမတော်ဖုရားတို့ အရေးတော်ပုံကို မနီးမဂေးမှ စုံစမ်းနေသူဖြစ်သောကြောင့် အရှင်နန်းမတော်ဖုရား စိတ်ဆိုးမာန်ဆိုးနှင့် ပန်းစုံတော်ဆီမှ ဘမရာသန အဆောင်တော်ကြီးဘက် သို့ တစ်ပါးတည်း ပြန်လှည့် လာတော်မူ သည်ကိုလည်းကောင်း၊ မရှေးမနှောင်းအချိန်မှာပင် သီပေါ

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင်ဘုရားက အမျက်တော်ပွား၍ လှံတော်ကိုင်ကာ ထပ်ချပ်မကွာလိုက်တော်မူသည်ကို လည်းကောင်း ကောင်းစွာသိမြင်လိုက်လေသည်။

အမျက်တော် မထွက်စဖူးဘဲ ရှူးရှူးရှားရှားလှံတော်နှင့် တအားလိုက်တော်မူလျက်ရှိသော ရွှေနန်းရှင် ဘုရားနှင့် နောက်တော်ပါးမှ လှံတော်နှင့်လိုက်လာသည်ကို သိတော်မမူသော နန်းမတော် စုဖုရားလတ် ကလည်း စိတ်တော်အလွန်ကြီး အလွန်ထက်သဖြင့် ရှောင်ထွက်ပုန်းကွယ်မည်မဟုတ်ဘဲ ရွှေနန်းတော်ထဲ၌ အသည်းထိတ်စရာ အမှုကိစ္စကြီးကျယ်စွာဖြစ်တော့မည်၊ ဤအရေးတွင် မိမိဂင်၍ ကြားမရှုပ်လိုက်ပါက ရုတ်တရက် ရန်မီးငြိမ်းမည် မဟုတ်သဖြင့် ခပ်သုတ်သုတ်ဖြတ်လမ်းမှပြေးခဲ့ရာ အရှင်နန်းမတော်ဖုရားမှာ စံတော် မူနေကျ နန်းမတော်ဆောင်ကြီးအတွင်းရှိ သလွန်တော်ပေါ်တွင် အမျက်တော်မပြေသေးဟန်ဖြင့် စံတော်မူနေ သည်ကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ခင်မကြီးက အဆောင်တော်တွင်းသို့ ကပျာကယာ ပြေးဂင်လိုက်ပြီး ကျည်းရှင် တံခါးရွက်များကို ရုတ်တရက် ပိတ်ထားရုံမက အတွင်းမှ ကန့်လန့် မင်းတုပ်များကို ခိုင်မာစွာ ချ ထားလိုက်လေ၏။

နန်းမတော်ဆောင်ခန်းထဲ၌ ဆိုင်ရာအမှုကိစ္စများကို ဆောင်ရွက်ခစားနေသော အပျိုတော်များသည် လည်း ကောင်း၊ သလွန်တော်ပေါ်တွင် တစ်စုံတစ်ရာ စိတ်ကူးဂင်စား ဒေါမနဿပွားနေတော်မူသော အရှင် နန်းမတော်ဖုရား သည်လည်းကောင်း မံသကြီးရွာစား၏ ပျာလောင်ခပ်သော အမူအရာကို အံ့အားသင့်စွာ ကြည့် နေ မိကြလေသည်။

ခင်မကြီးကား အူယားဖားယား ပြုဖွယ်ကိစ္စများ ပြီးဆုံးသွားသည့်အချိန်တွင်ပင် အပြင်မှ ရန်သူ တစ်ဦးလိုက်လာကြောင်း အဆောင်တော်ထဲ၌ ငြိမ်သက်စွာ နေကြရန် လက်ဟန်ခြေဟန်နှင့် အမူအရာပြပြီး နန်းမတော် ဖုရား၏ သလွန်တော်အနီးတွင် ဂင်ရောက်ခစား၍ စကားတီးတိုးနှင့် လျှောက်တင်ခွင့်ရှိသမျှ ပျာပျာ သလဲ လျှောက်တင်လျက်ရှိလေ၏။

ရိန္ဒမာရွှေလှံနှင့် အံတော်ကိုခဲ၍ သဲသဲမဲမဲ ထွက်တော်မူခဲ့သော်လည်း ငယ်ကျွန်တော်ကြီး ရနောင်မောင် မောင်တုတ်က ကာဆီးကာဆီးလုပ်နေသည်က တစ်ကြောင်း၊ ရွှေနန်းတော်ကြီးတွင် မိုးမီးလောင်သလို ပြေးကြ ရှောင်ကြနှင့် ရှုပ်ယှက်ခတ်ဖြစ်သွား၍ လူလူချင်းမှားယွင်းယှက်တင် အမြင်ရှုပ်ထွေး သွားသောကြောင့် နန်းမတော်ဖုရားကို မမီလိုက်တော့ဘဲ အထဲမှကန့်လန့်မင်း တုပ်ချထားသော နန်းမတော်ဆောင်ကျည်းရှင် တံခါးဂသို့ရောက်တော်မူမှ ခေတ္တရပ်နားတော်မူ လိုက်သည်။

ဓားကိုလွယ်လျက် ထက်ကြပ်မကွာ ပြေးလိုက်လာသော မောင်မောင်တုတ်လည်း ရွှေနန်းရှင်အနီး သို့ ရောက်လာ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သတိထားတော်မူပါဘုရား၊ မိန်းမတစ်ယောက်ကို ရာဇက္ကန္ဒြေပျက်လောက်အောင် အမောခံတော်မူ၍ အမျက် မပွားသင့်ကြောင့်ပါဘုရား၊ မိဖုရားမည်သည်မှာ ဘုရင်၏ဩဇာအာဏာတော် အောက်ကပါဘုရား၊ အရှင့် အာဏာနှင့် ထိုက်တန်ရာအပြစ်ဒဏ် ပေးတော်မူသမျှ ခံရမည့်သူ ဖြစ်ကြောင်းပါဘုရား"ဟု နည်းပေး လမ်းပြ သတိတော်ရအောင် အကြံတော်ဆက်သလေ၏။

အတွင်းဆောင်ထဲမှ နားကပ်၍ထောင်နေသော ခင်မကြီးနှင့် အထိန်းတော်ကြီး ခင်ဘွားသစ်တို့မှာ မောင် မောင်တုတ် လျှောက်တင်ချက်ကို ဆတ်ဆတ်ခါ နာကြည်းလှသဖြင့် နန်းမတော်ဖုရားအား တီးတိုးသွား၍ လျှောက်ထားပြန်လျှင် အရှင်နန်းမတော်ဖုရားမှာ တောက်တစ်ချက်ခေါက်တော် မူလိုက်ပြီး "အင်း…ဒီကိစ္စမှာ ငတုတ်က တော်တော်ဆရာလုပ်နေသကိုး"ဟု လွတ်ခနဲ မိန့်တော်မူပြီး အထိန်းတော် ကြီးကို တီးတိုးစကား မိန့်ကြားတော်မူကာ သောက်တော်ရေခွက် ရွှေဖလားနှင့် ရွှေကလပ်ကိုပေးလျက် အဆောင်တော် အပြင်ဘက်သို့ တစ်ဖက်သောမလွယ်ပေါက်မှ လွှတ်လိုက် လေသတည်း။

အဆောင်တော်အပြင် ကျည်းရှင်တံခါးဝ၌ လုံတော်ကို တစ်ဖက်ကထောက်၍ မောင်မောင်တုတ် လျှောက်တင် အကြံဆက်သမျှတွေကို ခေတ္တစဉ်းစားတော်မူလျက်ရှိသော ရွှေနန်းရှင်ဘုရားက လုံတော်ကို လှဲချလိုက် ပြီးနောက်-

"တောက်…ရိုင်းလေ…ငတုတ်ရယ်၊ ငါ ဘယ်နည်းနဲ့ကျေနပ်တော်မူနိုင်မလဲ"ဟု ညည်းညည်းညူညူ မိန့် တော်မူလေသည်။

"မှန်လှပါဘုရား၊ ကျေနပ်တော်မူသည်အထိ အပြစ်ရှိသလောက် မထောက်မညာ ဘုရင့်အာဏာ တော်နှင့် အပြစ်ပေးတော်မူပါဘုရား

"ခမည်းတော်၊ မယ်တော်၊ မိကြီးတော်တို့ မျက်နှာကို ငဲ့ညှာတော်မူနေလို့သာပ"ဟု မိန့်တော်မူပြီး အနည်း ငယ် ငေးစိုက်စဉ်းစားတော်မူသွားပြန်သည်။

"'ဒီအခြေရောက်မှတော့ ဘယ်သူ့မျက်နှာတော်မှ ထောက်မျှော်နေလို့ ဖြစ်တော့မည် မဟုတ်ပါ ဘုရား၊ ထောက်ထားခဲ့လွန်းလို့ ရောင့်တက်ပြီး ယခုလောက် နှောင့်ယှက်ခံတော်မူနေရခြင်း ဖြစ်ကြောင်းပါဘုရား" ဟု မောင်မောင်တုတ် လျှောက်ထားနေစဉ် အထိန်းတော်ကြီး ခင်ဘွားသစ် ကြောက်ရွံ့စွာနှင့် အပါးတော် သို့ ရောက်လာလျက် အလွန်စိတ်မချမ်းသာသော မျက်နှာညှိုးငယ် ဝမ်းနည်းစွာနှင့် ဒူးထောက်ခစားပြီး-

www.burmeseclassic.com

"ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား၊ အမောတော်ပြေ သောက်တော်ရေဆက်ပါသည်ဘုရား၊ နန်းမတော်စုထား စိတ်တော်ဆတ်လွန်းသည့်အတွက် အထိန်းတော်ဖျ ကျွန်းမများလည်း အခစား ခက်လှပါတော့ ကြောင်းပါဘုရား"

ဟု တုန်တုန်ရီရီနှင့် စွန့်စားလျှောက်ထားရင်း သောက်တော်ရွှေဖလားကို မြှောက်၍ဆက်လေ၏။ ရွှေနန်းရှင်ဘုရားလည်း အထိန်းတော်ကြီး ခင်ဘွားသစ်ကို ရှုစားတော်မူမိရာတွင် ရှေးယခင် မင်းသား၊ မင်းသမီးဘဂက ကြင်နာချစ်ခင်တော်မူစွာ မေတ္တာရွှေလမ်း ငွေလမ်းဖောက်ခဲ့ခြင်းများနှင့် ခင်ဘွားသစ်တို့ အကျိုးတော်ဆောင်ခဲ့ပုံများကို ရုတ်ခနဲသွား၍ သတိရတော်မူလေသည်။

ယခုကဲ့သို့ အထွက်အမြတ်ရောက်နေသော ဘုရင်နှင့်မိဖုရားဘဂမှာ မကြည်မသာဖြစ်တော်မူကာ ရှက်စိတ်နာဂမ်းနည်းနှင့် လှိုက်လှိုက်လှဲလှဲ ဖြစ်တော်မူသွားသောကြောင့် အသံတော် များပင် တုန်ရီစွာနှင့်-

"မြှောက်စားလို့ ရောင့်တက်ဆိုတဲ့ စကားအတိုင်း သစ်သစ်တို့ စုလတ်က လက်လွန်နှုတ်လွန် စော်ကား လိုက်လို့ ကျုပ်ကထိုက်သလိုစီမံရတော့မယ်"ဟု မိန့်တော်မူလျှင် ခင်ဘွားသစ်မှာ ခေါင်းငုံ့ထားရင်းမှ-

"အလိုတော်အတိုင်း စီရင်တော်မူပါဘုရား၊ ဘုရားကျွန်မများမှာ မင်းသမီးဘဂကပင် အင်မတန် ချော့မော့ အလိုလိုက် ခစားလာရသူများဖြစ်ကြောင်းပါဘုရား၊ ယခုလည်း စုစုမှားမှန်းသိအောင် တော့ဖြစ် ဓားမရှောင် လှံမရှောင် ရေလည်အောင် နားချလျှောက်တင်ပါဦးမည်ဘုရား"ဟု လျှောက်တင်လျက် သောက်တော်ရေကို ဆက်မြဲဆက်နေလေသည်။ သီပေါရွှေနန်းရှင်ဘုရားလည်း ခင်ဘွားသစ်၏ လျှောက်တင်စကားကို နားထောင်တော်မူရာမှ အမောပြေသောက်တော် ရွှေဖလားကို လှမ်းယူ၍ သောက်တော်မူလိုက်သည်။

အေးမြသောရေကြည်တော်ကို သောက်လိုက်သည့် တစ်ခဏ၌ ပူလောင်သော ဒေါမနဿများ စိတ်တော်လှုပ်ရှား မောပန်းတော်မူနေခြင်းများသည် ရွှေကြည်ရေအေးက ဖိနှိပ်လိုက်၍ ငြိမ်သက်ပိပြား အေးချမ်းသွားသည့်အလား မျက်နှာတော် တည်ငြိမ်ပျော့ပြောင်းတော်မူသွား လေသည်။

ယင်းသို့ အမျက်တော်များ ငြိမ်းအေးသွားသည်နှင့်အမျှ ဖြစ်ရချက်ကို ရာဇဏ္ဍန္တပြုပျက်သည်ဟု ရှက်နာဂမ်းနည်းတော်မူမိသည်။ အချိန်နာရီအနည်းငယ်မျှအတွင်းတွင် အသွင်အမျိုးမျိုး ပြောင်းလဲခဲ့သော စိတ်တော်လှုပ်ရှားမှုကြောင့်လည်း တစ်ခဏကြားလျှင် မူးဝေနောက်ကျိသလို ရှိတော်မူကာ တစ်ပါးတည်း ငြိမ်သက်စွာ စံနေတော်မူလိုသောကြောင့်လည်း ဘမရာသန ဆောင်တော်သို့ ပြန်လည် ထွက်ကြွတော် မူခဲ့သည်။ အဆောင်တော်သို့ ဂင်ရောက်မူမိလျှင် ခြူးပန်း၊

www.burmeseclassic.com

www.burmeseclassic.com

ခြူးနွယ်တို့ဖြင့် ခြယ်လှယ်အပ်သော စံတော်မူနေကျ နယားရုပ်ကြွ ရတနာသလွန် တော်ထက်တွင် ငြိမ်သက်စွာ လှဲလျောင်းစံနေတော်မူလေလျှင် အပါးတော်မြဲ လက်သုံးတော်ကွမ်းရေးတော် အမှုထမ်းများ ပြားပြားပပ် ခစားနေရာမှ အချို့က စွန့်စား၍ ဒေါင်းတော်ယပ်တောင်များခပ်ကာ ဆက်ကြရသည်။ အပါးတော်မှ တစ်ပါးတည်းပါလာသော မောင်မောင်တုတ်လည်း ရုတ်တရက် အခြေအနေပြောင်း၍ စိတ်တော်မကြည်မသာရှိကြောင်း တွေ့မြင်ရသော အခါအားပေးအားမြှောက် တင်လျှောက်လိုသောကြောင့် သလွန်တော် အောက်အနား မှခစား ရင်း ခြေတော်ဖျားကို အသာ အယာဆုပ်နယ်လျက် အနိုပ်တော်ဆက်လေ၏။

သီပေါရွှေနန်းရှင်ဘုရားလည်း မှေထားသော မျက်လွှာတော်ကို မ၍ရှုစားတော်မူလိုက်လျင် အဆင်သင့်ပင် မောင်မောင်တုတ်ကို တွေ့မြင်တော်မူရသဖြင့်-

"ဟဲ့.....တုတ်လား၊ ခင်ခင်ဘယ်ရောက်သွားသတုံး၊ ဗရုန်းသုံးကားနှင့် အမျက်တော်ပွားကြရာမှာ သူ့ခမျာ အင်မတန်ကြောက်ရှာတော့မယ်၊ တုတ်ရယ် ခင်ခင်ဘယ်မှာရှိတယ်ဆိုတာ ငါ့ကို အမြန် သံတော်ဦး တင်စမ်းပါဘိ"

ဟု အမိန့်တော်ရှိလေလျှင် မောင်မောင်တုတ်ကိုယ်တိုင်ပင် ထိုစဉ်အချန်က ငယ်ထိပ်သွေးရောက် နေသည့်အပြင် ရွှေနန်းရှင်နောက်တော်ပါးမှ ဖဝါးမကွာ လိုက်ပါခဲ့သောကြောင့် ဒိုင်းခင်ခင်၏ အကြောင်းကို မသိနိုင်ရှိခဲ့သည်၊ သို့ရာတွင် ထိုအခိုက်အတန့်မှာ တောင်သမန်လယ်စား မောင်မောင်ဖေ အပါးတွင်ရှိသ ဖြင့် မည်သည့်နည်းနှင့် မဆို အရေးတော်ထဲတွင် ခင်ခင်ကြီးအား သူ့အိမ်အရောက် သွားပို့လိမ့်မည်ဟု အတပ်အထင် တွေးလိုက်မိသည်။ သို့ကြောင့်-

"ခင်ခင့်အတွက် စိုးရိမ်တော်မမူပါနှင့်ပါဘုရား၊ တောင်သမန်လယ်စားနှင့် ပန်းခုံတော်အုတ်တိုက် တွင် ကျန်ရစ်သဖြင့် အလိုက်သင့် ယခုအခါ သူ့အိမ်ဂေဟာသို့ ပြန်ရောက်လို့နေရှာပါရော့မည် ထင်ကြောင်း ပါဘုရား"

"ငါ သနားတယ် တုတ်ရယ်၊ ခင်ခင့်ကို ငါသနားတယ်၊ ဘယ်လိုလုပ်ရမလဲ စဉ်းစားဂေခဲ့တော် မမူ တက်အောင် ရှိတော့တယ်"ဟု ညည်းညည်းတွားတွားနှင့် မိန့်တော်မူလျှင်-

"အင်မတန် ခဲခက်လှသော ကစ္စမဟုတ်ကြောင်းပါဘုရား၊ အမိန့်တော်မြတ် ချမှတ်ထားတော်မူပြီး အတိုင်း ဒိုင်းခင်ခင်ကို မြောက်ဆောင်တော်တင်၍ အများအသိအမြင် အမိန့်တော်ပြန်ရုံသာ ရှိပါတော့ ကြောင်း သံတော်ဦးတင်ပါဘုရား"ဟု မောင်မောင်တုတ် ကနောက်မဆုတ်တမ်း လျှောက်တင်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့....သည်လိုဆိုလျှင် ခုတွင်ကလို ဓားတပြတ် တုတ်တပြက်နှင့် ရွှေထီးရွှေနန်းနှင့်မတန်တဲ့ ကိစ္စတွေ နောက်ထပ်ပေါ်ပြီ ကျော်မကောင်းကြားမကောင်း ဖြစ်ကုန်ပြန်ဦးမှာပေါ့ ငတုတ်ရဲ့"ဟု ခပ်သဲ့သဲ့ မိန့်တော‌မူရာ-

"အပြစ်အလျောက် မထောက်မညှာ အာဏာတော်နှင့် စီမံရာ နာခံရတော့မည့် နန်းမတော်ကို တွေးခေါ်လို့ ပူပန်တော်မူစရာ မရှိကြောင်းပါဘုရား" ယင်းသို့ သတိပေးလျှောက်ထားမှ-

"ဩော်........ဟုတ်ပေသားပါကလား"ဟု ရွှေနန်းရှင်ဘုရားက ပြန်လည်မိန့်တော်မူလေသည်။ ထိုအချိန် အခါမှာ သလွန်တော်ခြေရင်း လက်သုံးတော်များ ဒေါင်းမြီးယပ်ခပ်နေရာ နောက်ကွယ်မှ ဂပ်လျက် ခစား နေသော ခင်ဘွားသစ်မှာ နောက်တော်မှ မသိမသာ မတူပါလာသူမိမိအား ရနောက်မြို့စားနှင့် တကွ ရွှေနန်းရှင် ဘုရားကပါ မသိမမြင် အမှတ်မထင် ရှိနေကြောင်းကိုငင်းတို့ အခြေအတင် ပြောဆို လျှောက်တင်နေသော စကားများအရ သိရှိရိပ်မရကား ဆက်လက်ခစားရန် မသင့်လျော်သည့်အတိုင်း ခစား နေရာမှ ဂပ်တွားရင်း နောက်ဆုတ်နောက်ဆုတ်နှင့် ကိုယ်ရောင်ကို ရုပ်သိမ်းပြီး နန်းမတော်ဆောင်ကြီး သို့ အလျင်အမြန် ပြန်သွားလေ၏။

ထိုအချိန်မှာ လင်းကြက်ဆော်၍ ရွှေတိုင်တော်များပင် ငြိမ်းစပြုပြီးဖြစ်ရာ သီပေါရွှေနန်းရှင်ဘုရား လည်း အမိန်တော် စကားများ နောက်ထပ်မြွက်ကြားတော်မမူတော့ဘဲ လဲလျောင်းရာ သလွန် တော်ထက် မှာမျက်တောင်တော်များလေး၍ တဖြည်းဖြည်း စက်ပျော်တော်မူသွားသည်ဖြစ်ရာ ခြေတော်ကို ဆုပ်လျက်ရှိ သောမောင်မောင်တုတ်မှာလည်း ငုတ်တုတ်က ငိုက်မြည်းသန်းဝေလာ၍ ညွှင်သာစွာ ခြေတော်ပေါ် ခေါင်းတင်ပြီး အိပ်မောကြီးကျသွားလေ သတည်း။

သေပြေး ရှင်ပြေးဆိုသလို ချစ်မငြီးသည့် ခင်ခင်ကြီးကို ထမ်းပြီး တရကြမ်းပြေးခဲ့ရသော တောင်သ မန် လယ်စား မောင်မောင်ဖေမှာ မိုးမလင်းခင် ရွှေနန်းတော်သို့ တစ်ခေါက်ပြန်၍ အခစားဝင်ဦးမည် ကြံစည်သော် လည်း ရှိုက်ကြီးငင်ကြီး ငိုကြွေးနေသော ခင်ခင်ကြီးကို ထားမပစ်ခဲ့ရက်သောကြောင့် စောင့်၍ ချော့မော့ အားပေးရင်း မိုးစင်စင်လင်းလာတော့သည်။

ဒိုင်းဂန်ကတော်ကြီးမှာလည်း သမီးအတွက် စိတ်ရတက်ရှုပ်ပွ၍ နေမဖြောင့်ထိုင်မဖြောင့် တကြောင် ကြကြ ဖြစ်နေရှာရသည်။

"အစ်ကိုရဲ့၊ ရွှေနန်းရှင်ဘုရားနှင့် အရှင်နန်းမတော်ဘုရားလည်း ခင့်အတွက် ရန်လက်စအေးတော် မူပါဦးမလား၊ ခင်ဟာ ဂြိုဟ်ကောင်ပါပဲ အစ်ကိုရယ်၊ ခင့်မှာတော့ စားလည်းရှူး ဆုပ်လည်းစူး ဖြစ်နေပါပြီ၊

www.burmeseclassic.com

ဒီကိစ္စ ဘယ်ပုံအဆုံးသတ်ကြမှာတုံး အစ်ကိုရဲ့"ဟု မောင်မောင်ငယ် ပခုံးပေါ်တွင် နဖူးတင်လျက် တစ်ချက် တစ်ချက် ရှိုက်ရင်းပြောသဖြင့်-

"မငိုနှင့်တော့ ခင်ရယ်၊ ဘယ်လိုက ဘယ်ပုံ အကုသိုလ်ဖန်တီးလို့ ဒီခရီးအရောက် မှောက်မှောက် မှားမှား ဖြစ်သွားရတယ်ဆိုတာ မစဉ်းစားနိုင်အောင်ရှိတော့တာပဲ၊ အကြံအစည်မအောင် ရှောင်တခင် ရင်ဆိုင် လိုက်ရတဲ့ အခက်အခဲကို ဘယ်လိုကျော်နင်းရမယ်ဆိုတာ မောင်မောင်တုတ်နှင့် အစ်ကိုတို့ တိုင်ပင်ပြီး စီစဉ် ပါဦးမယ်၊ သိပ်ပြီးအားမငယ်ပါနှင့် ခင်ရယ်"

"အစ်ကိုတို့ ဘယ်လိုပြောပြော ခင့်ကျောထဲမှာစိမ့်နေအောင် ကြောက်လှပါပြီ၊ အရှင်နန်းမတော် ဘုရား ရွှေစိတ်တော်ကို ခင်က အစ်ကိုတို့ထက်ပိုသိခဲ့ပါတယ်"

မောင်မောင်ငယ်ကလည်း ခင်ခင်ကြီး သိရှိနားလည်သည်နှင့်အမျှ နန်းမတော်ဖုရား၏ စိတ်တော်ကို သိနားလည်စေကာမူသည်ထက်တိုး၍ ပူပင်သောက မဖြစ်စေရန် ဟန်လုပ်ရတော့သည်။

"ဒါလောက် ကြောက်စရာမဟုတ်သေးပါဘူး ခင်ရယ်၊ ရွှေနန်းတော်ထဲမှာ ယခု ဘယ်လိုအခြေအနေ ရှိနေသည် ဆိုတာ အစ်ကို သွားစုံစမ်းပါဦးမယ်"

"အစ်ကိုစုံစမ်းလည်း ရွှေနန်းရှင်ဘုရားနှင့် အရှင်နန်းမတော်ဖုရားပဋိပက္ခဖြစ်ပြီး ဂုဏ်မာန် ကြီးတော်မူနေတာတွေ့ခဲ့ရမှာပါပဲ၊ အဲဒီလို အရှင်နှစ်ပါးရန်လက်စပွားရင်းစပ်ကြားက မြေဇာပင် ဖြစ်နေတဲ့ခင်ကြီးသာ ဘယ်လိုအန္တရာယ်မျိုးနှင့် ရင်ဆိုင်တိုးရမယ်မသိအနေရခက်လှချည့် အစ်ကို ရယ်"

ဒိုင်းဂန်ကတော်ကြီးမှာလည်း သမီးကလေးငိုတိုင်း အလိုလို ရင်ဖို၍ နေရှာသောကြောင့်-

" သားရယ် ... မောင်တို့အကြံက မဟန်ရင်လည်း အစထဲက ဒီကမ်းခြေဆိုက်အောင်

ဦးတိုက်ပြီး လှောခပ်လာဖို့ မသင့်ဘူးကွယ်၊ အခုတော့ ရာဇဂတ်အိုး တုတ်နှင့်ထိုးသလို အမေတို့ တစ်မျိုးလုံး အမျက်တော်ရှမှဖြင့် မင်းတို့မျက်စောင်း အကြောင်းသုံးပါး မရွေးဘူးတဲ့ သားရဲ့" ဟု တုန်တုန် ရီရီ ကြောက်ကြောက်လန့်လန့်နှင့် ပြောရှာလေသည်။

" တိုင်းပြည်ပုန်ကန်တဲ့အလုပ်မှ မဟုတ်ပါဘဲ မေဖျားရယ်။ ဘယ်လိုနည်းနှင့်မှ ကြီးကြီး ကျယ်ကျယ် အပြစ်ကြီးခံစရာအကြောင်း မရှိပါဘူး"

မောင်မောင်ငယ်သည် အကယ်ပင် ယုံကြည်ချက်ကို လက်ကိုင်ပြုခဲ့သူ ဖြစ်လေသည်။ ဒိုင်းခင်ခင်ကို ဘုရင့်ခြေတော်တင် ကောက်ယူတော်မူသောကိစ္စမှာ အပြစ်ပေးစရာက အစဉ်အလာဘယ်ဓမ္မ

www.burmeseclassic.com

သတ်ဖြတ် ထုံးနှင့်မျှ အကြုံးမဝင်သောကြောင့် နန်းမတော်ဖုရားက အမျက်တော်ပွားစေကာမူ မည်သည့်နည်းနှင့်မျှ အရေးယူ တော်မူ၍ ဖြစ်နိုင်မည်မဟုတ်ဟု မောင်မောင်တုတ်နှင့် သဘောတူ စိတ်တူ နားလည်မှုယူ၍ အရှင့် အကျိုးတော် ဆောင်ခဲ့ကြသူဖြစ်လေသည်။

ထို့ကြောင့်လည်း ခင်ခင်ကြီး ငိုယိုပူဆွေး စိတ်မအေးသမျှကို ယုယုယယ အချော့မော့ကာ အာမခံရဲရဲနှင့် အမြဲနှစ်သိမ့်စေခဲ့ခြင်း ဖြစ်နေသည်မှာ သက်သာရာမရနိုင်ရှာဘဲ ရွှေနန်းရှင်ဘုရားနှင့် အဆက်အသွယ် ပြတ်စဲ၍ အကွဲကြီးကွဲ ရမည့်အရေးကို တွေး၍သာ ပူနေရှာပြန်သည်။

"အရှင်နန်းမတော်ဘုရား ကြည်သာတော်မမူလျှင် ရွှေနန်းရှင်ဘုရားကလည်း ခင့်ကို သနားရက်နှင့်ပင် စိမ်းကားတော်မူရရှာတော့မှာပဲ ထင်ပါရဲ့ အစ်ကိုရယ်၊ ခင်တို့လို မျက်နှာငယ်တဲ့ တုံးအောက်က ဖားကိုဆိုမထားနဲ့ ဗွေသဖန်းပလ္လင်မှာ ရေဖျန်းတော်ဆင်ခဲ့တဲ့ အရှင်ထိပ်စုမြတ် ဖုရားကြီးကိုမှ မကြင်မနာ ပြင်ပြင်စိမ်းကားပြီး ပြတ်ပြတ်ရှင်းရှင်းကြီး ပစ်လို့ထားတော်မူခဲ့ပါကလား အစ်ကိုရဲ့"

ငိုရင်းမဲ့ရင်းရင်တွင်းမှာရှိသမျှ တိတိကျကျ လင်းကျင်းလိုက်သော ခင်ခင်ကြီး၏ စကားမှာ မောင်မောင်ငယ် နှင့် ဒိုင်းဂန်ကတော်ကြီးတို့အား ဓားနှင့်မွှမ်းလိုက်သလိုနာကျင်၍ သွားစေသည်။

"ထိပ်စုမြတ်ဖုရားကြီးကို နမူနာထားပြီး ခင်အကြီး စိတ်မကောင်းဖြစ်မယ်ဆိုလည်း ဖြစ်သင့်တာ ပါပဲကွယ်၊ ဒါပေမဲ့ အစ်ကိုတို့က ရွှေနန်းရှင်ဘုရား စိတ်တော်ကိုသိပြီးမို့ ဘယ်နည်းနှင့်မှ စိမ်းကားတော် မမူဘူးလို့တင်ကူပြီး အာမခံပါတယ်၊ စိတ်မငယ်ပါနှင့်၊ ခင်အငိုတိတ်ပြီး စိတ်အေး အေးထားပါ၊ အစ်ကို ရွှေနန်းတော်ကို မနက်စောစောထ၍ အခစားဝင်လျှင် ပြင်ဆင်လုပ်ကိုင် စီမံရန်ရှိသမျှ ကစွပြီးအောင် အရေး တကြီး ရွက်ဆောင်ခဲ့ပါမယ်"

ဒိုင်းဂန်ကတော်ကြီးမှာ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ အသွယ်သွယ်အဂ္ဂ စီမံ ဆောင်ရွက် နေကြသော မြောက်ဆောင်တော် ပြင်ဆင်မှုကို ကြိုတင်သိရှိခဲ့သူ ဖြစ်သောကြောင့် အနှောင့်အယှက်များ ရှိလာဦးမည်လားဟု စိတ်ဖြောင့်ဖြောင့်မထားနိုင်အောင် ဖြစ်နေတော့သည်။ သမီးလေးကိုလည်းသနား၊ ရွှေနန်းရှင်ဘုရားကိုလည်း အားကိုး၊ နန်းမတော်ကြီး ရွှေစိတ်တော် ဆိုးမည်ကိုလည်း မခံဝံ့နှင့် မလွန့်သာမလူးသာ စိတ်ဒုက္ခဝေဒနာသဲပြီး မရွံ့မရဲကြီး ခံစားနေရ ရှာလေ၏။

မောင်မောင်ငယ်မှာလည်း ခင်ခင်ကြီးနှင့် ဒိုင်းဂန်ကတော်ကြီးတို့ စိတ်သက်သာရာမှ ရစေတော့ဟု ချော့မော့ နှစ်သိမ့်စေကာ အားပေးစကားများ ပြောကြားနေရင်းပင် အတွင်းတော်တွင် မည်သို့သော အရေး ကိစ္စများ နောက်ထပ်ပေါ်ပေါက်နေပြန်သနည်းဟု စိတ်ထဲတွင် စာအုံနွေးနွေးဖြင့် ပြေး၍သာ ကြည့်လိုက် ချင်သောစိတ်များ ပေါ်ပေါက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ ဒိုင်းဂန်ကတော်ကြီးနှင့် မောင်မောင်ငယ်တို့က စိတ်သက်သာရန် ကြံဖန်ချော့မော့ ထားသော်လည်း ခင်ခင်ကြီးမှာ မိမိမျက်မှောင်တွင် ဖြစ်ပျက်လာသော အရေးတော်ပုံက ရင်တုန် ထိတ်လန့်၍မပြီး အကြောက်ကြီးကြောက်နေရာမှပင် ရွှေနန်းရှင်ဘုရားအား အားကိုးချစ်ခင်လျက် ရှေ့တော်သို့ အခစားမပျက် ဝင်ထွက်ဖူးမျှော်နိုင်ခွင့် မရဘဲနေမည်ကိုသာ အရေးတကြီးစိုးရိမ်၍ နေရှာတော့သည်။

ယင်းသို့လျှင် သုံးဦးသား ငိုကာရယ်ကာ စိုးရိမ်ပူပန်စွာနှင့် အချိန်ကြာညောင်း ပဟိုရ်ပြောင်းလျက် နံနက်လင်းအားကြီးမှ ဖွတ်မိုတ်၍ အိပ်လိုက်ကြသော်လည်း မောင်မောင်ငယ်မှုကား နေဂန်းပေါ် လျှင်ပေါ်ခြင်း ရွှေနန်းတော်ကြီးသို့ သုတ်သီးသုတ်ပြာ ပြေးခဲ့ရရှာလေ၏။

ရွှေနန်းတော်ကြီးပေါ်သို့ ရောက်လျှင် အစောင့်အနေ အမှုထမ်း လူငယ်များမှာ အခါတိုင်းကဲ့သို့ပင် ဂတ္တရားမပျက် ထွက်ဝင်လှုပ်ရှားလျက် ရှိနေကြသည်ကို တွေ့မြင်သော်လည်း လူကြီးနှင့် လူလတ်ပိုင်းတို့မှာ မျက်နှာပျက်ပျက်၊ မျက်စိပျက်ပျက်၊ စိတ်သောကဖက်၍ ထိတ်လန့် ကြောက်ရွံ့လျက်ရှိကြောင်း တွေ့မြင်ရသောကြောင့် စကားစတင်၍ မေးမြန်းစုံစမ်းချင်သောဆန္ဒကို တစ်ခဏရက်ဆိုင်း မျိုသိပ် ထားလိုက်ရလေသည်။

မောင်မောင်ငယ်သည် ဖြစ်ပွားရင်း အမှုသည်တို့တွင် ပါဝင်ရောထွေးလျက် ရှိသူတို့ အနက်မှာ မိမိလည်း အပါအဝင် တစ်ဦးတစ်ယောက် ဖြစ်နေသောကြောင့် ခါတိုင်းကဲ့သို့ မင်းမှုထမ်းချင်း ရင်ရင်နီးနီး ပြောဆိုနှုတ်ဆက်၍ အဖြစ်အပျက်ကို မေးမြန်းစုံစမ်းခြင်းမပြုပုံသဖြင့် နှုတ်ဆွံ့ နှုတ်လေးကြီးဖြစ်နေတော့ရာ ကြာလျှင် သည့်ထက် အခြေပျက်ချိမ်မည်ဟု မိမိဆောင်ရွက် အမှုထမ်းရာဌာနဖြစ်သော ရွှေတိုက်တော် ဆောင်ဆီသို့ မကြည်သာသော မျက်နှာနှင့်ဆက်လက်ထွက်ခွာ လာခဲ့ရလေသည်။ ရွှေတိုက်တော် ဆောင်တွင်လည်း စာရေးတော်ကြီးများ၊ ရွှေတိုက်ကြပ်များမှာ ဆိုင်ရာအမှုကိစ္စတာဝန်များကို ဂတ္တရားမပျက်ဆောင်ရွက်မြဲ ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရလျက် မိမိရောက်ရှိလာသည့် အတွက်လည်း အကြောင်းထူးသတင်းထူးများ ပြောကြားရန် မရှိသည့်ပမာ အခါတိုင်းကဲ့သို့ အေးဆေးစွာ ရှိကြသော ကြောင့် ကြစိတ်စောခဲ့ခြင်းများ သက်သာရာရသွားတော့သည်။

ထို့ကြောင့် ဆိုင်ရာ၊ စာရင်း၊ ပုရပိုက်များကို စစ်ဆေးကြည့်ရှုနေလျက် တစ်ချက် တစ်ချက်၌ မျက်စိကို စေစားပြီး အနီးအပါးမှ စာရေးတော်ကြီးများကို ကြည့် လိုက်၊ ရွှေတိုက်ဆောင်တော် အပြင်ဘက်သို့ မျှော်လိုက်နှင့်လက်သုံးတော် အဖွဲ့သားများ၏ အသွားအလာကို မျှော်လင့် စောင့်စားနေခဲ့ရာ တောင်ဒဂယ် ဆောင်မှ လက်သုံးတော် လေးငါးယောက် မှန်နန်းတော်ဆောင်သို့ နေလှည့်လဲရန် တစ်သုတ် ဖြတ်သွားသည်ကို မြင်သဖြင့် ညှဉ့်လှည့်လက်သုံးတော်များ ထွက်အလာ ကို အရေး ကြီး စောင့်မျှော် ကာနေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်သည့်အတိုင်းပင် မကြာမထင် ညဥ့်လှည့်အမှုတော်ထမ်းများထွက်လာရာ ထိုလူသိုက်ထဲ တွက်မောင်မောင်နွဲ့ ကလေးတစ်ယောက်ပါလာသောကြောင့် ရွှေတိုက်ဆောင်တော် အပြင်ဘက်သို့ထွက်၍ အချိန်း အချက်နှင့် လက်ရပ်ခေါ်လိုက်လျှင် မောင်မောင်နွဲ့လည်း လူအုပ်ထဲမှ ခွဲကာ မောင်မောင်ငယ် ရှိရာသို့ ရောက်လာပြီး တီးတိုးလေသံနှင့်-

"ကိုကြီးဖေ ဘာအမိန့်ရှိလို့ပါသလဲ၊ ကျွန်တော်တို့ အခုလှည့်လဲ၍ ထွက်ခဲ့ပါသည်"

မောင်မောင်နွဲ့ မှာ ညဥ့်လှည့်အပြီးတွင် နစ်နစ်မြိုက်မြိုက်ကြီး အိပ်လိုက်မည်ဟု အားခဲ၍ ပြန်လာသူဖြစ်သည်အတိုင်း လေးလံထိုင်းမှိုင်းသော မျက်နှာနှင့် ပြောလိုက်ရာ-

"မင်းတို့ ကိုကြီးတုတ် ဘယ်မှာရှိသလဲလို့ ညီမောင်ရာ၊ နို့ပြီးတော့ ရွှေနန်းတော်ကြီးမှာ ဘာများအကြောင်းထူး သေးသလဲလို့ ညီမောင်တို့က တစ်ညလုံးရှိနေတဲ့ လူဆိုတော့ အမှုကိစ္စမှန်သမျှ တစ်ခုမကျန် သိကြမှာပဲနော်" ဟု မောင်မောင်ငယ်က မေးမြန်းစုံစမ်းသောကြောင့်-

"ညက ဘာဖြစ်ကြသလဲတော့မသိဘူး ကိုကြီးဖေရဲ့၊ ရွှေနန်းရှင်ဘုရင်ဘုရား အမျက်တော်ပွားပြီး ဓားတွေလှံတွေတောင် ကိုင်တော်မူတယ်၊ ဘယ်သူ့ကို မျက်တော်မူတယ်လို့ ကျွန်တော်မသိပါ၊ နောက်ညဥ့် အတော်နက်မှ မျက်နှာတော်ပျက်ပျက်နှင့် စက်တော်ဆောင်ဝင်တော်မူပါသည်။ ကိုကြီးတုတ်လည်း နောက်တော်က ထက်ကြပ်မခွာပါလာတာ တွေ့ရပါသည်၊ ကျွန်တော်တွေ့မြင်ရသမျှတော့ ဒါပါပဲ ကိုကြီးဖေ"ဟု ချေချေငံငံ ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ညီမောင်တို့ ထွက်လာတော့ မောင့်ကိုကြီးတုတ် ဘယ်မှာရှိနေသလဲ၊ အစ်ကိုသူ့ကို အလျင်စလိုတွေ့ချင်နေပါသည်၊ ညီမောင်ကူညီ၍ ရှာဖွေပေးစမ်းပါ"ဟု မောင်မောင်ငယ်က တောင်ပန် သည်နှင့်-

"ကျွန်တော်တို့ လင်အားကြီးအလှည့်ဝင်တော့ ရွှေနန်းရှင်ဘုရား စက်တော်မူတဲ့ သလွန်တော်ခြေရင်းမှာ ကိုကြီးတုတ်ဟာ ငုတ်တုတ်ကလေးမှေးပြီး အိပ်မောကျနေတာ တွေ့ရပါတယ်၊ မိုးလင်းတော့လည်း ရွှေနန်းရှင်ဘုရား မျက်နှာသစ်တော်ရေကျပြီး တီးတိုးတီးတိုး အမိန့်တော်မှတ်သည်ကို ကိုကြီးတုတ်က အမိန့်တော်နာခံနေတာ တွေ့ခဲ့ရပါသည်" ဟူသော အဖြေကြောင့်-

"'ဒါဖြင့် ယခု ရွှေနန်းရှင်ဘုရား၏ အပါးတော်တွင် ရှိဦးမှာပေါ့၊ အစ်ကိုလိုက်သွားမည်၊ ကဲကဲ ညီမောင် အိပ်ချေပါတော့"ဟုပြော၍ လွှတ်လိုက်ကာ မောင်မောင်ငယ်သည် ကဗျာကရာ အတွင်းတော်သို့အရောက် သုတ်သုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင်ဘုရားမှာ သလွန်ပေါ်မှာ စံတော်မူရင်း အပါးတော်က မောင်မောင်တုတ် လျှောက်တင်ချက်ကို နားဆင်တော်မူလျက် ရှိသည်ကို တွေ့မြင်ရလေသည်။

မောင်မောင်ငယ် မရွှံ့တရွံ့နှင့် ဂင်လာသည်ကိုမြင်ရလျှင် မောင်မောင်တုတ်တုတ်က မျှော်လင့်တောင့်တ နေသော မျက်နှာနှင့်-

"ဟော........ ကိုဖေငယ်ပါလား၊ ကဲ.....ကဲ အပါးတော်ကို မြန်မြန်လာစမ်းပါ၊ မေးတော်မူနေတာနှင့် အသင့်ပဲ"ဟု အရေးတကြီး ဆီးကြိုပြောသောကြောင့် ကသောကမျောပင် အပါးတော်သို့ဂင်၍ ခစား လိုက်လေသည်။

"မနေ့က အရေးတော်ပုံအတွင်း ဗရုံးဗရင်းနဲ့ နောက်တော်က ပါသွားတော့ ကိုရင်နှင့် ခင်ခင်တို့ ကျန်ရစ်ခဲ့တဲ့နောက် ဘယ်ကိုရောက်သွားကြသလဲ၊ ညဥ့်ကထဲက မေးတော်မူနေပါသည်၊ ခင်ခင့်ကို ဘေးမသီ ရန်မခအောင် ကိုဖေငယ်က ဆောင်ကျဉ်းရန် ကျန်ရစ်ခဲ့ပါသည်၊ စိုးရိမ်တော်မူပါနှင့် ဘုရားဟု လျှောက်တင် ထား ရသည် ခင်ဗျ"

"မှန်ပါသည်၊ ကျွန်တော့်မှာလည်း မျက်ကလဲဆံပြာနှင့် မကြံသာအောင် ရှိနေဆဲ လုံတော်ကိုဆွဲပြီး ဘုန်တော်ကြီးလှသော ဘုရား ထွက်တော်မူသွားမှ သတိရပြီး အနားက ခင်ခင်ကြီးကို အရေးတကြီး အိမ်အရောက် ပြန်ပို့လိုက်ရပါသည်၊ အတွင်းတော်သို့ တစ်ခေါက်ပြန်လာပါဦးမည် ကြံပါသော်လည်း မျက်ရည် စိုရွှဲနှင့် တငိုတည်းငိုလို့နေတဲ့ ခင်ခင်ကြီးကို အနည်းနည်းအဂဂ ဖျောင်းဖျအားပေးနေရတဲ့အတွက် ရုတ်တရက် ပြန်မလာနိုင်ရှိပါတယ်"

မောင်မောင်ငယ်က မောင်မောင်တုတ်အမေးကို ယင်းသို့ အဖြေပေးလိုက်စဉ် ရွှေနန်းရှင်ဘုရား လည်း ကြားတော်မူ သည်နှင့်-

"ဒါဖြင့်လျှင် ခင်ခင့်အတွက် ငါစိတ်အေးတော်မူပါပြီ"ဟု မိန့်တော်မူကာ များစွာကြည်သာ တော်မမူသေးသည့် မျက်နှာနှင့် ငြိမ်သက်စွာ စံတော်မူလျက် ရှိသေး၏။ အတန်ကြာမှ-

"ညက အတော်နာကျင်လို့များ သွားရှာသလား မောင်ဖေငယ်၊ သူ့ခမျာ အင်မတန် ကြောက်ရွံ့ အားငယ် နေရှာ သလား" ဟု ကရုဏာသံနှင့် တစ်ဖန်ထပ်၍ မိန့်တော်မူပြန်သောကြောင့် မောင်မောင်ငယ်က ဖြစ်သမျှ အကြောင်း စုပေါင်း၍ သံတော်ဦးတင်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင်ဘုရားကလည်း "ဘာမျှအားမငယ်ပါစေနှင့်၊ ငါမောင်တုတ်နှင့်စီမံခန့်ခွဲ တာဝန်လွှဲတော်မူထားပြီး၊ သည်ကိစ္စကို ယခုတစ်ရက်နှစ်ရက်အတွင်းအပူတပြင်း ဆောင်ရွက်ကြလေတော့" ဟုမိန့်တော်မူလေလျှင် မောင်မောင်တုတ်တွင် ကိစ္စမကုန်သေးသဖြင့်-

"အခွင့်အရေးရှိသမျှ လျှောက်တင်ရန် ရှိပါသေးသည်ဘုရား၊ နန်းမတော်ကြီးနှင့် မျက်မှန် တော်ရှုရတဲ့ညက ကိစ္စမှာ ခက်ထန်လွန်းလှသူကို ဘုရင့်အာဏာနှင့် ရှေးဦးစွာနှိမ်နင်းမှ ဆောင်ရွက် ရမည့် အမှုကိစ္စ များ ချောမောပါလိမ့်မည်ဘုရား" မောင်မောင်တုတ် လျှောက်တင်ချက်ကို လက်ခံတော်မူဟန်နှင့်-

"တေုတ်ရယ် လုပ်စရာရှိတာတွေကိုသာ လုပ်ချေပါ၊ သည်ဟာကို ငါနိုင်အောင်စခန်းသွားလိုက် ပါမည်"ဟု မိန့်တော်မူလျက် ချိုးရေတော်ဆောင်ဘက်သို့ ရုတ်တရက် ထွက်ကြွတော်မူသွားရာ သလွန်တော်အနီး၌ ငယ်ကျွန်ကြီးနှစ်ယောက် ကျန်ရစ်ခဲ့လေ၏။

ငယ်။ ။ "ညက ဘယ်လိုဖြစ်ပြီး ဘယ်ခရီးမှာ စခန်းသပ်ကြသလဲဗျ၊ ကျုပ်ဖြင့် သည်တစ်ခါ မိုးမီးလောက်တာနဲ့ အလားတူမို့ ဘယ်လိုများပူလိုက်သည်ဆို တာစာမဖွဲ့နိုင်အောင် ရှိတော့တာပဲ"

တုတ်။ ။ "ကျုပ်လည်း သည်အတိုက်ပါပဲ၊ ဖြန်းခနဲဆိုတော့ ကျုပ်မှာ ကိုယ့်အရှင် စော်ကားတဲ့ မိဖုရား ပါပဲဗျာ၊ ဘွားအေတူ ကလေးမို့ထင်ပ"

ငယ်။ ။ "ရှူး.....ကိုတုတ်နော် ကြမ်းကြားလေးကြား ခင်ဗျားစကား ရပ်စမ်းပါ၊ ကျုပ် သိချင်တာက ညက ရွှေနန်းရှင်ဘုရား လုံတော်နဲ့ လိုက်သွားပြီး မိဖုရားကြီး ထိုးရောလား"

တုတ်။ ။ "မိရင်တော့ စိတ်တော်ဆိုးခိုက်မို့ ထိုးလိုက်မှာပဲ ထင်ပါရဲ့၊ ဒါပေမဲ့ နန်းမတော်ဆောင် အရောက်မှာ တစ်ခါတည်း တံခါးအလုံပိတ်ပြီး တိတ်တိတ်ကလေးပုန်နေကြသလိုပဲ၊ ရွှေနန်းရှင် ဘုရားမှာလည်း လုံတော်ကိုင်ပြီး တရကြမ်းထွက်တော်မူလာရတာတစ်ကြောင်း၊ စောစောက ဒေါမနဿအရှိန်နှင့် တည်ငြိမ်တော်မမူနိုင်တာတစ်ကြောင်း၊ စိတ်မောကိုယ်မောဖြစ်တော်မူပြီး ပိတ်ထားတဲ့ ကျည်းရှင်တံခါး၀ အရောက်မှာ အသာရပ်၍ နေတော်မူပါဘုရား၊ အမျက်တော်ပွား၍ မိဖုရားကို အပြစ်အလျောက် စီရင်တော်မူလိုလျှင် ကေရာဇ်ဘုရင်တို့ ရရှိအပ်သော အာဏာတော်နှင့် ရာဇဒဏ် ခတ်တော်မူနိုင်ပါလျက် ကိုယ်တော်တိုင် အမောခံပြီး လုံတော်နှင့် ဆုံးမတော်မူဖို့ မသင့်ကြောင်း ပါဘုရား"လို့ အနားကတတွတ်တွတ် သံတော်ဦးတင်ကာမှ ရွှေစိတ်တော် ကျသွားတယ်ဗျ၊ အဲဒီအချိန်မှာပဲ အထိန်တော် အမေသစ်ကြီး ဘယ်နည်းဘယ်ပုံ ရောက်လာတယ်မသိပါဘူး ကိုဖေငယ်ရာ၊ ပီယဂါစာ စကားနဲ့ သောက်တော်ရွှေဖလား ဆက်လိုက်တော့ ရွှေနန်းရှင်ဘုရားမှာ စိတ်မာန်တော်လျှော့သည်ထက် လျှော့သွားပြီး မှန်နန်းတော် ဆောင်ထဲ ပြန်ကြွလာရာက တစ်ခါတည်း စက်တော်ခေါ်လို့ ပျော်တော် မူသွားလိုက်တာ ယခု မိုးစင်စင်လင်းမှ နိုးတော်မူတာပါပဲ"

www.burmeseclassic.com

မောင်မောင်ငယ်မှာ မိမိထင်မြင်သလောက် အေခြေအနေမဆိုးကြောင်း သိရှိရသဖြင့် အသင့် အတင့် စိတ်အေး သွားတော့သည်။

"ယခုမိုးလင်းတော့ ဒီကိစ္စနှင့်ပတ်သက်လို့ ဘယ်လိုများဆက်လက်အမိန့်တော်မှတ်ပါသလဲ"ဟု မေးရာ

"မိဖုရားခေါင်ကြီးအပေါ်မှာ ဘယ်ပုံဘယ်နည်း အရေးယူတော်မူမယ်လို့ အတိအလင်းအမိန့်တော် မချသေးပါ၊ ခင်ခင်ကြီး ဘယ်မှာရှိတယ်၊ ဘယ်လိုနေတယ် ဆိုတာကိုသာ သိတော်မူလိုကြောင်း အမေးတော် ရှိပါတယ်၊ နောက်ပြီး ယမန်နေ့က အစီအစဉ်အတိုင်း အမြန် ကိစ္စပြီး မြောက်အောင် ဆောင်ရွက်ဖို့ အမိန့်တော်မြတ် မှတ်ပတော့တယ်၊ ကျုပ်တို့ ဆောင်ရွက်နေကြတဲ့ အချိန်အခါမှာ နန်းမဆောင် ဘုရားကြီးက တားဆီးအနှောင့်အယှက် မပြုနိုင်အောင် ကြံဆောင်တော်မူပါဆိုတော့ ခုနက ကိုဖေငယ်ကြား တဲ့အတိုင်း ဒီဟာကို ငါနိုင်အောင် စခန်းသွားလိုက်ပါမည်တဲ့"ဟု ခပ်မဲ့မဲ့ ငေါ့၍ပြောလိုက်သည်။

"ဒါဖြင့် ကိုရင်တုတ်က စိုးရိမ်စရာ မလိုပါဘူးဗျာ၊ ကျုပ်တို့ လုပ်စရာရှိတဲ့ တာဝန်ကိုသာ လုပ်ကြပါစို့၊ မြောက်ရွှေရေးဆောင်တော်ပေါ် ခင်ခင့်ကို အရောက်ပို့ ပြီးလျှင် ရွှေနန်းရှင်ဘုရား အလိုတော်ကျ ဖြစ်ရော မဟုတ်လား၊ ကဲ.......ကျုပ်တို့ သွားပြီး စီမံနှင့်ကြမှပဲ" ဟုဆိုကာ မောင်မောင်ငယ်သည် မောင်မောင်တုတ် လက်ကိုဆွဲ၍ အဆောင်တော်ထဲမှ စိတ်အားတက်ကြွစွာ ထွက်ခွာခဲ့လေ၏။

နန်းမတော်ဖုရား၏ အဆောင်တွင်း၌ ခင်ဘွားသစ် ခင်မကြီးတို့ နန်းမတော်ဖုရား အပါးတွင် တီးတိုးလေသံနှင့် တင်လျှောက်ကာ ပြဖွယ်ကိစ္စ အဖြာဖြာကို အမိန့်တော်နာခံကာ နေကြ့လေသည်တွင် အရှင်နန်းမတော် ဖုရားမှာလည်း ခင်မကြီးနှင့် ခင်ဘွားသစ်တို့လျှောက်တင်၍ ကြားသိတော်မူရသော သတင်း များကြောင့် အမျက်တော်ပြင်းစွာ ထွက်လျက် ရှိလေသည်။

"သည်အကောင်နှစ်ကောင်ဟာ ယခုအနေတွင် သင်းတို့သခင် အနားကပ်၍ ကြိုက်တတ်တဲ့ အစာကျွေးပြီး ပွတ်သီးပွတ်သပ် မြှောက်ထိုးပင့်ကော်လုပ်နေတာ အမှန်ပဲ၊ ဟိုလူကလည်း အရှုးအမူးဖြစ်လောက်အောင် ရာဇက္ကန္ဓေကိုမှ မဆောင်နိုင်တဲ့ အခြေဆိုက်လို့နေပြီ၊ ဒီဂြိုဟ်ကောင် နှစ်ကောင်ကို မြန်မြန် ထောင်သွင်း ထားမှ ဖြစ်တော့မယ်" ဟု မိန့်တော်မူလျှင် ခင်မကြီးနှင့် ခင်ဘွားသစ်မှာ စိတ်အားထက်သန်စွာ နှင့်-

"မှန်ပါ၊ မြန်မြန် အရေးယူတော်မူပါဘုရား၊ ဦးအောင်မနိမ်နင်းလျှင် သင်းတို့က ပြန်၍အရှင် နန်းမတော် ဘုရားကို မကောင်းကြံမည့် ရန်သူများ ဖြစ်နေကြပါပြီဘုရား" ဟုလျှောက်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နန်းမတော်။ ။ " တေတတ်ရဲ့ မတရားမှုနှင့် အပြစ်အနာအဆာတွေကို ငါအသိဆုံးပါပဲ၊ နောက်နောက်အခါတုန်းကတော့ ငါ့မျက်နှာ၊ မောင့်မောင့်မျက်နှာကြောင့် ဘာမှမဖြစ်ခဲ့တာကလား၊ အင်း... တေတတ်... တေတတ်၊ ငါ့ကို သင်းသစ္စာဖောက်သကိုးနော်၊ ဩော် ငါကတော့ ရင်းရင်းနီးနီး အလိုတော်ကျ အမှုကိစ္စ အရပ်ရပ်ကို လျင်မြန်ဖျတ်လတ်စွာ ဆောင်ရွက်အမှုထမ်းခဲ့တဲ့အတွက် မောင့်မောင့်ထက် ငါက လက်ရင်း လူယုံအဖြစ်ထားပြီး များများကြီး အရေးယူ မြှောက်စားခဲ့မိတယ်၊ သင်းသခင်က ဘယ်လိုပင် အရေးပါ အရာ ရောက်လို့ မြှောက်စားအမွှန်းတင်ချင်ပေတဲ့ ငါမသဒ္ဓါခဲ့လျှင် ဒီရာထူးနှင့် အခွင့်အရေး ဩဇာအာဏာတွေကို သည်လို မခံစားနိုင်ဘူးဆိုတာ သင်းအလိုလို သိဖို့ကောင်းသည်"

သစ် ။ ။ " ကျေးဇူးရှင်ကို သစ္စာဖောက်လျှင် ဒုက္ခရောက်ဖို့ မဝေးတော့ပါဘုရား"

ခင် ။ ။ " အရှင်နှစ်ပါးက သူ့ကို ချစ်ခင်မြှောက်စားပြီး ဘေးမဲ့ပေးထားလို့ အရှင့်ဓားနဲ့ဖြင့် ဒီတစ်သက်မှာ မသေရဘူးဆိုပြီး မိုက်လုံးကြီးကြီးနှင့် ခြေဖျားထောက် တာပါပဲဘုရား"

သစ် ။ ။" လုံတော်ဆွဲပြီး ထွက်တော်မူလာရာမှာ နောက်တော်က တောင်းပန်စကားနှင့် လျှောက်ထားသင်ထင်လိုက်မိတယ်၊ ဘယ်ဟုတ်လိမ့်မလဲ ဘုရား အရှင်နန်းမတော်ဖုရားကို ရာဇဒဏ် အပြစ်ပေးအောင် အရေးဆိုတဲ့ စကားမျိုးနှင့် အဆင်းတွန်း၍ လျှောက်ထားမှန်း နောက်မှ တွေးမိကြောင်း ပါဘုရား"

နန်းမတော် ။ ။ " ထီးတင်ပြီး ငြမ်းဖျက်ချမယ်ကြံကြတဲ့ ဆရာတပည့်တွေကို ဘယ်လို အရေးယူပြီး ဘယ်နည်းနှင့် ရန်တုံ့ပြန်လိုက်တယ်ဆိုတာ အသာကလေး ကြည့်နေကြစမ်း"

သစ်။ ။ " တစ်ခုတော့ တင်လျှောက်ခွင့်ပေးတော်မူပါဘုရား၊ ရွှေနန်းရှင်ဘုရားကို ပြောင်းတော်မူရပါသည်၊ ပင်ကိုသဘောတော်က အင်မတန်ကောင်းလှပါကြောင်း"

နန်းမတော် ။ ။ " ဒီအကြောင်းရင်းတွေကို သိပြီးပါပဲ သစ်သစ်ရယ်၊ ခုနယ်အခါမှာတော့ မောင်တော် ကလည်း အတော်ပင် ကဲတော်မူလာတာအမှန်မို့ အင်မတန် ခံပြင်းလှတော့တယ်၊ သို့သော်လည်း ကိုယ်တင်တဲ့ စစ်ကဲက ကိုယ်ကို ဖြဲလို့ချောက်တာကိုတော့ တစ်နည်းနည်းနှင့် ခုခံကာကွယ်ရမှာပေါ့၊ ဒီကိစ္စမှာ သစ်သစ်ကိုသာ ယုံကြည်တော်မူရင်းဖြစ်လို့ အတွင်းကျကျ စေစားရတော့မည်"

သစ်။ ။ " သစ်သစ်ကတော့ မဆုတ်မနစ်သော လုံ့လနှင့် အသုံးချတော်မူရာက အမှုတော် ထမ်းပါမည်ဘုရား"

www.burmeseclassic.com

နန်းမတော် ။ ။ " ကဲ...ကဲ သစ်သစ်ကို မှာတော်မူထားတဲ့အတိုင်း ကိုယ်တော်စားသွားပြီး သင့်သလို ခစားနေရမည်၊ ဟိုအကောင်များရှိလျှင်လည်း ရဲရဲသာဂင်။ ဘာမျှ မကြောက်မလန့်နှင့်"

သစ်။ ။ " အမိန့်တော်အတိုင်းပါဘုရား"

နန်းမတော် ။ ။ " ခင်မကြီးက ညီမတော် စုလေးအဆောင်ကိုသွား၊ မဖုရားက ညီမတော် စုလေး ယခု အမြန် မဖုရားအဆောင်တော်သို့ အခစားဂင်စေလိုကြောင်း လျှောက်တင်ချေရမည်" ခင်မကြီး ။ ။ " ကိုင်း... သစ်သစ်နှင့် ခင်မကြီးတို့ အသီးသီး ကိုယ့်တာဂန်ကိုယ် ထမ်းဆောင်ကြရန် အမြန် သွားကြ ပေတော့ဟု မိန့်တော်မူသဖြင့် ခင်ဘွားသစ်နှင့် ခင်မကြီး တို့ အပါးတော်မှ တာဂန်ဂတ္တရားများ ယူဆောင်ကာ ထွက်ခွာသွားသော လူယုံတော်နှစ်ဦးအနက်မှ ခင်ဘွားသစ်သွားသော ကိစ္စကို အလိုတော်ကျ ဖြစ်စေရန် ဇေဖန်သုံးသပ်တော်မူလျက် အကြမ်းမဖက် အနုသက်သက်ဖြင့် ခရီးသွားတော်မူရန် စိတ်တော်၌ ပိုင်းဖြတ်တော် မူထားလေသည်။

မောင်တော် ရွှေနန်းရှင်သည် သဘောတော် နူးညံ့သူဖြစ်ပါလျက် အကြမ်းဖက်၍ လက်နက် ဓားလုံ ကိုင်တော်မူသောကြောင့် နန်းမတော်သည် စိတ်ထက်မြက်တော်မူသူဖြစ်သည့်အလျောက် အမျက်မီးကြီးစွာ တောက်တော်မူမိသော်လည်း မိဖုရားခေါင်ကြီးဟူသော ရာဇဣန္ဒြေကို စောင့်၍ အောင့်အည်းမျိုသိပ်ကာ နူးညံ့သိမ်မွေ့လှသော ပရိယာယ်ကိုသုံးလျက် တစ်ဘက်ရန်ကို တွန်းလှန်ဖြိုဖျက်တော်မူမှသာ အောင်မြင်ရာကမ်းတစ်ဘက်သို့ ဣန္ဒြေမပျက် လှမ်းတက် ကြွချီနိုင်လိမ့်မည်ဟု ကြံစည် စိတ်ကူး ရတော်မူသည့်အတိုင်း တိုက်ချစ်ဆင်ရန် ခံတုတ်ရင်တား ကျုံးမြောင်းများ စီမံဆောက်လုပ်လျက်ရှိသော စစ်သူကြီးတစ်ဦးအလား အသိုင်းအပိုင်း အဖွဲ့အစည်းများကို စနစ်တကျ ပြုပြင်လျာထားတော်မူလျက် ရှိလေ၏။

များမကြာမီပင် ခင်မကြီးနှင့် အပျိုတော် အထိန်းတော် သုံးလေးယောက် နောက်ပါခြံရံပြီး ညီမတော် ရမည်းသင်းစုဖုရားကလေးသည် အစ်မတော်ဖုရား ဆောင်တော်သို့ ခစားရောက်လာ ခဲ့ရလေသည်။ နန်းမတော်ဖုရားလည်း ညီမတော်ကို စိမ်းစိမ်းလဲ့လဲ့ ကြင်နာတော်မူစွာ ရှုစားတော်မူလျက် စံတော်မူနေသော သလွန်တော်ပေါ်မှ လက်ကမ်းလင့်ကာ " မမနဲ့အတူ စံတော်မူစမ်းပါဦး စုလေးရဲ့၊ မိန့်တော် မူရမဲ့ ကိစ္စများကလည်း နှစ်ကိုယ်ကြား တိုင်ပင်တော် မူရန်ဖြစ်စတယ်" ဟုဆိုကာ မရွံ့ တရွံ့ဖြစ်နေ သော ညီမတော်ကို ခေါ်ယူ၍ သလွန်တော်တွင် အတူယှဉ်ထိုင်တော်မူစေသည်။

" မမဖုရား အရေးတကြီး ခစားရမယ်ဆိုလို့ အူယားဖားယား ထွက်တော်မူခဲ့ရကြောင်း ပါဘုရား"

စုဖုရားလေးက တည်ကြည်အေးဆေးသော လေသံနှင့် တင်လျှောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

နန်းမတော် ။ ။ " မဖုရား စီမံတော်မူရာကို ညီမတော်စုလေး မငြင်းဆန်ပါဘူးနော်၊ မမကတော့ 'ညလေး'ကို မမနဲ့ထပ်တူချစ်တော်မူလွန်းလို့ မမဖုရားဘယ်သူ့အပေါ်ကိုမှ မျှတပေါ်ခြမ်းတော်မမူနိုင်တဲ့ ကိုယ်ပိုင် ပစ္စည်း တစ်ခုကို ပေါ်ခြမ်းမျှတတော်မူလို၍ ခေါ်တော်မူခြင်းပါပဲ"

စုလေး။ ။ " ကျေးဇူးတော် ကြီးလှပါကြောင်းဘုရား ဘယ်လိုပစ္စည်းများကို သနားတော်မူမှာပါလဲ"

နန်းမတော် ။ ။ " အခြားဟုတ်ပါရိုးလား၊ မမဖုရားရဲ့ ချစ်လင် ရွှေနန်းရှင်မောင်မောင်ကိုပေါ့"

စုလေး။ ။" ဘုရား... ဘုရား.. မမဘုရား၊ စုလေးကို အထင်တော်မှားလို့ အမျက်တော်ထားလေသလား၊ စုလေးမှာရိုးသားစွာ စံတော်မူလျက်ပါ၊ ဘာအပြစ်မှ မလွန်မကျူးခဲ့ကြောင်းပါဘုရား"

နန်းမတော် ။ ။ " အို... စုလေးရယ်၊ ဘယ်လိုစကားတွေများ လျှောက်ထားနေပြန်ပါလိမ့်မလဲ၊ မဘုရားကလည်း 'ညလေး'ကို အမျက်တော်မမူပါဘူးကွယ်၊ မျက်ရည်တွေများ လည်လို့ပါကလား"

စုလေး။ ။ " မမဘုရား အမိန့်တော်ထားပုံက ထူးခြားလွန်းလို့ စုလေးမှာ အံ့ဩစရာ တစ်ရပ်ဖြစ်နေကြောင်းပါ။ စုလေးကိုများ အထင်တော်မှားပြီး ရွှေနန်းရှင်ဘုရားနှင့် ယုံမှားသံသယ"

နန်းမတော် ။ ။ " အို... မမကိုယ်က သဒ္ဓါတော်မူပြီးသားဖြစ်တဲ့အတွက် ရွှေနန်းရှင်ကိုပင် မကြာခင်က အသိပေးတော်မူခဲ့ပါသေးတယ်၊ မမဖုရားက တကယ်ပင် သဒ္ဓါကြည်ဖြူတော်မူလို့ မိန့်တော်မူပါသည်၊ ပူတော်မမူပါနှင့် 'ညလေး' ရယ်"

စုလေး။ ။ " ခုမှ လျှောက်ထားရဦးမည်ဘုရား၊ မမဖုရားက အခွင့်တော်ပေး၍လားမသိပါ၊ ယခင်တစ်လော ရွှေနန်းရှင်ဘုရားက အလွှာတော်များ သနားဖူးပါသည်၊ ညီမတော်စုလေးမှာ ဘာမှန်းမသိ ညာမှန်းမသိနှင့် ကြောက်လိုက်သည်မှာ ပြောစရာမရပါ"

နန်းမတော် ။ ။ " ဘယ်သူ့ကို ကြောက်တော်မူတာလဲ စုလေးရဲ့"

စုလေး ။ ။ " မမဖုရားကိုလည်းကြောက်ပါသည်၊ ရွှေနန်းရှင်ဘုရားကိုလည်းကြောက်ပါသည်၊ ဒါနှင့် ဘယ်လိုမှ မလှုပ်ဂ့ံတဲ့အတွက် အသာကလေး ကုတ်လို့ နေလိုက်ရပါသည်ဘုရား"

နန်းမတော် ။ ။ " သြော်... ဒီလိုများပင် စ, တင်တော်မူလာသေးသည်ကား၊ အာဂရွှေနန်းရှင်ဘုရားပါပေ၊ ကဲလေ ဒီအခြေမျိုးရှိခဲ့ဖူးလျှင် မဖုရား လိုအင်ဆန္ဒကို သာလို့ပင် ပြည့်ဝစေရန် ဖန်တီးလာတယ်လို့ ဆိုရ မှာပေါ့"

www.burmeseclassic.com

စုလေး။ ။" ညီမတော်စုလေး ဘာမျှမသိရသေးသဖြင့် အရေးကုန်နားလည်လိုလှပါကြောင်းဘုရား"

နန်းမတော် ။ ။ " မဖုရား အတိုချုံး၍ အကျဉ်ရုံးပြီး မိန့်တော်မူပါမယ်၊ မဖုရားကြီးနှင့် မဂ္ဂမဟေသီ ကိစ္စကြောင့် ညီအစ်မချင်းပေမဲ့ ခပ်ရှင်းရှင်းပြုခဲ့ရသည်၊ အဲဒီနောက်များမှာတော့ ရွှေနန်းရှင် မောင်မောင်ကလည်း တောင်ဆောင်၊ မြောက်ဆောင် ဆိုတဲ့မိဖုရားငယ်။ မောင်းမငယ်များကို လိုလားရပုံ ရကြောင်း ရိပ်မိတာနှင့် မဖုရားရဲ့လင်သားအား သူတစိမ်းများနှင့် ဝေခွဲချစ်ခင် တော်မူရမည်ကို ဘယ်လိုနည်း နှင့်မျှ သဒ္ဓါကြည်ဖြူ ရှိတော်မမူနိုင်တဲ့အတွက် ရွှေနန်းရှင် စိတ်လက် ပြေပြောက် တော် မူအောင်သာမပေးလို့ မနေသာတဲ့အဆုံးတွင် အင်မတန် ချစ်ခင်တော် မူတဲ့ ညလေးစုထားကိုသာ မဖျားရဲ့အချစ်ကို ဝေငှပေးတော်မူလိုတဲ့ စိတ်ရင်းရှိတော်မူသည် စုလေးရဲ့"

စုလေး။ ။" မမဖျားက ဤမျှ ချစ်ခင်ကြင်နာတော်မူခြင်းကို ကြားသိရတဲ့ စုလေးမှာဂမ်းသာ ဂမ်းနည်းနှင့် စိတ်ထဲဂယ် တစ်မျိုးကြီး ဖြစ်လာပါကြောင်း"

နန်းမတော် ။ ။ " အဲဒီလို ရည်ရွယ်တော်မူထားတဲ့ အတောအတွင်းမှာပဲ ဖယ်လွှဲလို့ မရတဲ့ ကိစ္စတစ်ခုက အရေး တကြီး ပေါ်လာပြန်တယ် စုလေးရယ်"

စုလေး ။ ။" မိန့်တော်မူပါဘုရား"

နန်းမတော် ။ ။ " တခြားဟုတ်ပါရိုးလား၊ တောင်သမန်စားငဖေငယ်နှင့် ရနောင်ငတုတ် တို့အားပေး အားမြှောက်လုပ်ပြီး ဒိုင်းမိခင်ကြီးနှင့် မောင်တော်ဘုရားကို တိတ်တိတ်ပုန်း ပေးစားလို့ထားကြသည်၊ မဖုရား လည်း သက်ာမကင်း ဖြစ်တော်မူနေသည်မှာ ကြာခဲ့ပြီ၊ သို့သော် မောင်တော်ကလည်း စကားအရာ လိမ္မာ ပါးနပ်စွာနှင့် ကွေ့ကာရှောင်ကာ ညာ၍သာ လာခဲ့ပါသည်၊ မဖုရားနှင့် ခင်မကြီးတို့ကလည်း အနည်းနည်း အဖုံဖုံ ချောင်းပြီးဖမ်းခဲ့သည်မှာ မနေ့ညကမှ ဖုံးကွယ်လို့မရအောင် အထုပ်အထည်နှင့်တကွ လက်ပူး လက်ကြပ်မိရတော်မူပစ်လိုက်သည်၊ သူကလည်း 'မယားငယ်မာန်'ကြောင့် မဖုရားကို ခုခံ တွန်းလှန် တော်မူလိုက်တယ် စုလေးရဲ့"

စုလေး ။ ။" အလို... ဘုရား၊ ဒီလိုများတောင်မှ ဖြစ်လို့ကုန်ကြသလား မမဖုရား"

နန်းမတော် ။ ။ " အရပ်သူပြော ပြောရရင် မမလင့်သဘောကို မမက နောကျေအောင် သိပါတယ် စုလေးရယ်၊ ဟိုခွေးနှစ်ကောင်က မြှောက်ပေးလို့ ဒီလိုဖြစ်ကြရတာပါ၊ အဲဒီတော့ ရွှေနန်းရှင်မောင်တော်ကို ကြာကြာပစ်၍ထားလျှင် သင်းတို့နားလှည့်ရာကို ချာချာလည်အောင် လိုက်နေရရှာတော့မယ်၊ ရွှေနန်းရှင်ကို မိခင်ကြီးနှင့် အမျှင်ပြတ်လို့သွားတဲ့အောင် စုလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

အရေးတကြီး ပေးစားရတော့မယ်၊ ဒါကြောင့် မဖုရားစကားကို နားထောင်၍ မောင်တော်ရှိရာ အဆောင်သို့ အမြန်သွားလို့ ခစားရမည် ညီမတော်"

စုဖုရားကလေးမှာ အရေးတကြီးနှင့် ကြက်သီးထမခန်း ခပ်ကြမ်းကြမ်း အရေးတော်ပုံကြီးအတွင်းသို့ အတင်းရိုက်သွင်း၍ ပို့သလို နားဝင်မချိုစေသော နန်းမတော် မဖုရား၏ အမိန့်တော်စကားကို နားထောင် လျက် ရုတ်တရက် ကြက်သေ သေနေရှာမိတော့သည်။ အပျိုစင် အစိမ်းသက်သက် အရွယ်မှာ မဖွယ်မရာ ကသော စစ်မြေပြင်တွင် ဓားစာဝင်၍ ခံရမည့် ကိစ္စ၌ လုံးဝစိတ်မပါနိုင်အောင် ရှိနေရှာသည်။ သို့ရာတွင် အစ်မတော်ဘုရား၏ ဓားတော်ကလည်း ထက်၊ အမျက်တော်ကလည်း ပွားနေဆဲဆဲမသွားဘဲ တွန့်ဆုတ်ဆုတ် လုပ်နေပါက ငါ့ညီမကပင် ငါ့ကိစ္စကို ကူညီဖော်မရဘဲ နေပေါ့ကိုဟု ရာဇမာန်ရှပြန် တော့မည်။

ရွှေနန်းရှင်ဘုရား စိတ်တော်မကြည်မသာခိုက်မှာ မျက်နှာပြောင်တိုက်၍ ဖွတ်ဝင်ခစား ရမည်မှာလည်း အရှက်အကြောက်ကြီးလှသော စုဖုရားကလေးအဖို့ သေရွာသို့ ကြွလှမ်းရမည်ကဲ့သို့ ဝန်လေးလှသည်။ မငြင်းသာမရှောင်သာဖြစ်လျက် သစ်နစ်ဖက်ညှပ်သော ဂါး၊ ဓားဦးနှစ်စင်းကြား ဝင်းမှားမိသူပမာ ရုတ်တရက် အဖြေမပေးနိုင်သဖြင့် မေးခိုင်းနေတော်မူရှာ လေ၏။

"မဖုရား စီမံတော်မူသည်ကို နာခံရွက်ဆောင်မယ် မဟုတ်လား ညီမတော်"

ဟု နောက်ထပ် အမေးတော်ရှိလိုက်လျှင်-

"တင်ပါဘုရား"

ဟု လွှတ်ခနဲ ကြောက်ကြောက်ရွံ့ရွံ့ နှင့် လျှောက်ထားလိုက်မိစေကာမူ သည်ဇာတ်ကို ဘယ်ပုံခင်း၍ ဘယ်သီချင်း ဘယ်လိုဆိုရမည် မသိသဖြင့် ရင်းတွင်းတွင်မချိ ကသိကအောက်နှင့် ရှက်ကြောက်စိုးရွံ့ သော စိတ်က တဒိတ်ဒိတ် ရင်ခုန်နေစေတော့သည်။

"အဲ... 'ညလေး' က အလိမ္မာသားပဲ ၊ မဖုရားကလည်း ဘယ်သူကိုမှ မသဒ္ဒါနိုင်တဲ့ ပစ္စည်းကို ရက်ရက်ရောရောကြီး ပေခဲ့တော်မူခြင်းမှာ 'ညလေး 'ကိုချစ်တော်မူလွန်းလို့ပါပဲ၊ကဲကဲ အရေးကိစ္စက ဒီကို အေးအေးလူလူ တိုင်ပင်တော်မူနေလို့ မပြီးကြသေးဘူး စုလေးရဲ့၊ မဘုရားစေလွှတ်တော်မူထားတဲ့ သစ်သစ်ကြီး ပြန်လာလျှင် သတင်းစကားဘယ်ပုံကြားရမည်မသိ ဘူး၊အကြောင်းထူးလျှင် ထူးသလို စခန်း သွားကြစေရသည်၊ဒီတော့ ညီမတော် မဖုရား အဆောင်တော်မှာပင် ပွဲတော်စာများသုံးလို့ သည်ကနေ့ တစ်နေ့လုံး စံတော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com

ဟူသော နန်းမတော်ဖုရား၏ အမိန့်တော်စကားကြောင့် ရမည်းသင်း စုဖုရားကလေးလည်း ရင်ထဲမှ တလှပ်လှပ် ဖြစ်ရာလျက်နှင့်ပင် ဆက်လက်ခစားနေရလေ၏။

အခန်း (၃၅) ဆက်ရန်

အခန်း(၃၅)

ဘမရာသန ရွှေနန်းမဆောင်တော်ကြီးအတွင်းတွင် ရွှေနန်းရှင်ဘုရား အပါးတော်၌ ခင်ဘွားသစ် နွားနို့ယာဂု နှင့် အချိုအုပ်များ ဆက်သလျက်ရှိလေသည်။

ထိုအချိန်၌ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့မှာ စေခိုင်းတော်မူရာ အမှုကိစ္စများ ဆောင်ရွက်ရန် အပြင်သို့ ထွက်သွားကြပြီဖြစ်သောကြောင့် သီပေါရွှေနန်းရှင်ဘုရား အပါးတော်တွင် ခင်ဘွားသစ်ကြီးသာ ရင်းနီးစွာ ခစား၍ စကားအတုံ့အပြန် လျှောက်ထားနေခိုက် ဖြစ်လေ၏။

သီပေါရွှေနန်းရှင်သည် ညဉ့်အချိန်က စိတ်တော် ပင်ပန်းခဲ့သဖြင့် နံနက်စက်တော်ရာမှ ထသောအခါလည်း ကြည့်ကြည့်ကြောင်ကြောင် ဖြစ်တော်မူလျက်ရှိလေ၏။ ညဉ့်နက်၍ အိပ်ရေးပျက်တော်မူခဲ့သော ကြောင့်လည်း မရွှင်မလန်း ဖြစ်တော်မူကာ တစ်ခါတစ်ခါလည်း လစ်ခနဲ လစ်ခနဲ သတိတော်များ ချွတ်ချော်မှားယွင်းလျက် ရှိတော်မူသည်။ မူးမူးဝေဝေနှင့် စိတ်တော်မကြည်၍ ကိုယ်တော် မအီမသာ ရှိတော်မူလာရာမှ ကြေကွဲဖွယ်ဖမ်းနည်းဖွယ် အကြောင်းအရာတို့ကလည်း စီကာစဉ်ကာ ပေါ်ပေါက်လာသော ကြောင့် ညအခါက မင်းဧကရာဇ်တည်းဟူသော စိတ်မာန်နှင့် အမျက်တော်ထန်ခဲ့သမျှသည် နံနက်ရောက် ကာမှ လျှော့ကျပြေပျောက်သွားကာ နွမ်းယဲ့ညှိုးငယ်တော်မူခြင်းက အရှိန်ပြင်း၍ လာတော်မူပြန်လေသည်။

ထို့ကြောင့် နောက်တစ်နေ့မနက်တွင် ညဉ့်ဘက်မှ ခက်ထန်တင်းမာသော စိတ်ထားဖြင့် မိဖုရားကြီးအား အပြစ်ရှိသလောက် မညှာမထောက်ပြုတော်မူရန် သန္နိဋ္ဌာန်ချတော်မူခဲ့သမျှ သွေးအေးစိတ်လူသွား တော်မူခိုက်တွင် ရွှေနန်းရှင်ဘုရားသည် ခင်ဘွားသစ် ဖင်ရောက်ဆက်သသော နံနက်ပွဲတော်တည်နေကျ နို့ယာဂုနှင့် အဖျော်ယမကာ၊ သကာ၊ ချိုချဉ် စသော အချိုအုပ်ကို ပွဲတော်တည်လျက်မှ ညဉ့်က အဖြစ်အပျက်များကို ဖမ်းနည်းကြေကွဲစွာ ဆက်လက် မိန့်ကြားတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သစ်သစ်မှာတော့ လူရင်းဖြစ်နေလို့ ကိုယ်တော် စိတ်ဆင်းရဲသမျှ ဖွင့်ဟမိန့်ကြားတော်မူတော့မည်၊ စုလတ်ဟာ အင်မတန်မှ မာန်မာန ကြီးတော်မူလှတယ်၊ ကိုယ်တော့်အပေါ်မှာလည်း နာနာကြည်းကြည်း ငယ်ကျိုးငယ်မှာ စကားတွေ မိန့်ကြားလို့သွားလိုက်သည်မှာ ရစရာမရှိပါကလား၊ မိဖုရားက ရှင်ဘုရင်ကို ဒီလိုရိုင်းပျစော်ကားခြင်းဟာ ရာဇဝတ်အပြစ်တော် ကင်းမည်ထင်သလား၊ ကျုပ်က ရှင်ဘုရင်ပါဗျ၊ ဒီမိဖုရားကို တရားနည်းလမ်းအတိုင်း အိမ်နိမ့်ချထား နိုင်ပါတယ်"

"မှန်လှပါဘုရား"

"ဒါပေမဲ့လို့ သစ်သစ်တို့ နန်းမတော် ရိုင်းပျသလောက် ကျုပ်ကတော့ ခမည်းတော်နှင့် မိကြီးတော် ဆင်ဖြူမရှင်ဘုရားတို့ မျက်နှာတော်ကို ထောက်ထားငဲ့ညှာတော်မူလိုက်တဲ့အတွက် သူ့ကို မရက်စက် လိုက်ပါဘူးဗျာ၊ သူကြိုက်သလိုသာ စံတော်မူပါစေ၊ ကျုပ် ရှောင်ဖယ်လို့ နေရပါရစေတော့၊ ကျုပ်မှာ ရှင်ဘုရင်လုပ်ရပေမဲ့ အချုပ်အချယ်တွေကလည်း များလှတယ်၊ ရှင်ဘုရင်ကို မိဖုရား အပိုအမိုထားမှာလည်း နည်းနည်းမှ မနှစ်မြို့က်နိုင်၊ ကျုပ်ရှင်ဘုရင်လုပ်ရတာ ဘယ်မှာ အရသာရှိတော့သလဲ၊ ဒါကလေးကိုပဲ သူ့အမေက ရွှေနန်းတင်လို့ ရှင်ဘုရင်ဖြစ်ရသလား ဘာလေးနှင့် အရေးရှိရင် ဂုဏ်အင်မတန်ဖော်ချင်တယ်၊ ဒီရှင်ဘုရင်အလုပ်ကို ကျုပ်ကလည်း မခံမင် ပါကလား၊ အဲဒီတော့ ကျုပ် အလိုတော်ကျ ရှင်ဘုရင်ပီပီ စံတော်မမူရလျှင် သစ်သစ်တို့ စုထားပဲ ရွှေနန်းတော် ဆက်ခံပြီး စံစားအုပ်စိုးပါစေ၊ ခုနေအခါ ရွှေထီးရွှေနန်းကို စွန့်ပစ်ပြီး ခင်ကြီးနဲ့ အေးအေးသာသာ နေလိုက်ပါတော့မယ်၊ ဒီအကြောင်းကို ယခုပင် သစ်သစ်တို့ နန်းမတော်စုထားကို သွားလို့ သံတော်ဦးတင်ပေရော့"

ဟု အားစလျော့နွမ်းလျသော မျက်နှာတော်ဖြင့် မိန့်တော်မူလေ၏။

"မှန်လှပါဘုရား၊ သံတော်ဦးတင်ခွင့်ပေးလျှင်ဖြင့် အကျိုးအကြောင်းကလေး လျှောက်တင်စမ်းရပါမဲ့ အကြောင်းပါဘုရား"

"အင်း ... ဆိုစမ်းပါဦးဗျာ "

သည်တစ်ကြိမ် သည်တစ်ခါ ဖြစ်မိတာတွေကို နောင်တတရားရတော်မူသွားပုံရပါတယ်၊ ဘုရာ့ကျွန်မက လည်း ယမန်နေ့ညဉ့်က ကျိုးကြောင်းပြသ လျှောက်တင်လိုက်ရသည်မှာ မိုးစင်စင် လင်းခဲ့ပါတယ်ဘုရား၊ သည်ယနေ့ နောက်ဆုံးမိန့်တော်မူလိုက်တဲ့ အရှင်၏ နန်းမတော်ဖုရားကြီး အမိန့်တော်မှာတော့ -

"စုစု မှားသွားပြီထင်ပါရဲ့ သစ်သစ်ရယ်၊ တကယ်ဆိုတော့ ဒီလိုဖြစ်တော်မူရတဲ့ အကြောင်းရင်း စစ်လိုက်လျှင် မောင်မောင်ဘုရားကို ချစ်တော်မူလွန်းတဲ့အတွက် အချစ်ကို မဖေခွဲရက်တာနှင့် အမျက်ကြီး မျက်လိုက် မိခြင်းပါပဲတဲ့ဘုရား၊ သို့ပေမဲ့ မောင်ဘုရားဟာ အငယ်အနှောင်းရှာလိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

စိတ်တွေက များလွန်းတော့ စုစုအပေါ်တွင် ချစ်ခင်မှုလျော့ပါးခိုက်မှာ စုစုက ဒီလိုလုပ်လိုက်တာကို အချစ်မပင်တဲ့ မောင်တော်က အပြစ်မြင်တော်မူထိုက်ပါပေတယ်၊ ဒီလောက် သဂန်ကြောင်တော်မူတာလည်း မဟုတ်သေးပါဘူး သစ်သစ်ရယ်၊ တကယ်ရက်ရောတဲ့ စေတနာရင်းနဲ့ ညီမတော် ရမည်းသင်းစုလေးကို ပေးတော်မူမည့် အကြောင်းကိုပင် ယခင်တစ်လောက အသိပေးခဲ့ပြီးပါ၊ ယခုလို ဘာမဟုတ်တဲ့ကိစ္စနဲ့ ကတောက်ကဆ ဖြစ်တော်မူ ရခြင်းကိုသာ အသည်းနာမိတော့သည်လို့ မိန့်တော်မူပါသည်ဘုရား"

သီပေါရွှေနန်းရှင်ဘုရားသည် ခင်ဘွားသစ် လျှောက်တင်စကားကို စဉ်းစားတော်မူလျက် -

"ခက်တယ် ... ခက်တယ်၊ ခု နင်က ကျုပ် မိန့်တော်မူသလို နန်းမတော်ကို အလိုတော် မကျလို့ ရှင်ဘုရင်ပီပီ ပြုတော်မူရမှာကိုလည်း မနှစ်သက်ပါဘူး၊ ဒါကြောင့် သူ့ခမည်းတော်၏ ရွှေနန်းတော်မှာ သူ့စိတ်တိုင်းကျသာ ပျော်ပျော်စံပါစေ၊ ရာဇပလ္လင်တွေ၊ မင်းခမ်းမင်းနားတွေကို မသာယာချင်ဘူး၊ ခင်ခင်နဲ့သာ ပျော်ရာမှာ စံနေပါတော့မယ်"

ခင်ဘွားသစ်မှာ ရွှေနန်းရှင်ဘုရား ထီးနန်းစွန့်တော်မူသွားမည်ကို နန်းမတော်ဖုရားကဲ့သို့ပင် စိုးရိမ် ပူပန်မိကာ -

"သာသနာတော်အရေး နိုင်ငံတော်အရေးနှင့် ဆွေတော်မျိုးတော်တို့ အရေးများကို ထောက်ထားငဲ့ညှာ တော်မူပြီး ရွှေနန်းစည်းစိမ်ကို ပယ်ခွာစွန့်လွှတ်တော်မမူသင့်ပါဘုရား၊ ရွှေနန်း စည်းစိမ် စံတော်မူလျက်က အလိုဆန္ဒတော် ပြည့်ဝရန် သားရွှေအိုးထမ်းလာသည်ကို တွေ့မြင်ရမည့် အစီအမံမျိုးကို အလိုတော်အတိုင်း ဘုရားကျွန်မများ ပိုင်းဂန်းအမှုတော်ထမ်းပါမည်ဘုရား"

ဟု အရေးတကြီး လျှောက်ထားသောအခါ ရွှေနန်းရှင်ဘုရားက နှစ်ထောင်းအားရ ဖြစ်တော်မမူလှဘဲ-

"သစ်သစ်တို့ လျှောက်တင်သလို ဖြစ်နိုင်လိမ့်မယ် မထင်ပါဘူး၊ နန်းမတော်ဟာ မာန်မာန ခက်ထန်လှတယ်၊ မိဖုရားငယ်ဆိုသည်မှာ ရှင်ဘုရင်မှန်သမျှ ထားရှိကြရတဲ့ ကိစ္စကလေးမျိုးကိုပင် သူက အင်မတန် ရေးကြီးခွင်ကျယ်ပြုတော်မူတယ်၊ ဒီမိဖုရားခေါင်ကြီးကို ကိုယ်တော် အင်မတန် ကြောက်လန့်ပြီး ခင်ခင်ကြီးကိုလည်း နည်းနည်းမှ မြတ်နိုးတော်မမူပံ့တော့ပါ။ မြတောင်စုဖုရား လတ်ကိုသာ ကိုယ်တော်ရဲ့ ရွှေမေတ္တာက ရှေ့ရှုတော်မူတာကြောင့် ရွှေလွှာတော်ကို လက်တော် အရောက် ပို့လိုက်ပါတယ်၊ အဆောင်တော်မှာလည်း နှစ်ပါးတည်း တွေ့ဆုံတော်မူရန် အမြန်လှမ်းကြွခဲ့ပါလို့ လျှောက်တင်လိုက်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com

ဟု အသံတော်လေးလေးနှင့် ရှေ့စကားနောက်စကား မမှန် တဖြည်းဖြည်းခြင်း မိန့်တော်မူနေပြန်လျှင် ခင်ဘွားသစ်မှာ အသံတော် တုန်လှုပ်ပြောင်းလဲလျက်ရှိသော ရွှေနန်းရှင် ဘုရားကို ရုတ်တရက် မော်၍ ဖူးမြော်မိလေသည်။ မျက်နှာတော် ကြည်ကြည်လင်လင် မရှိရာတွင် မှိုင်းမှိုင်းမှိုင်းမှိုင်း ထိုင်းထိုင်းလေးလေးကြီး ဖြစ်နေသည်ဟု ထင်ရပြီး သေရည်ယစ်မူးနေသူအလား မျက်လွှာကို ပိတ်ထားရင်း အသံတော်များ တုန်ရီလှုပ်ရှားလျက် ညည်းတွားလေးလံနေသည်ကို ကြားသိတွေ့မြင်ရသောကြောင့် ရုတ်တရက် အံ့ဩထိတ်လန့်ခြင်း ဖြစ်သွားလေ၏။

ရွှေနန်းရှင်ဘုရားသည် ခဏငြိမ်သက်နေရာက မျက်လုံးတော် ဖွင့်ပြီးလျှင် ဟင် ... ဟုညည်းညူ တော်မူလိုက်ရာမှ အလို ... ငါဘာဖြစ်ပါလိမ့်၊ စိမ့်ခနဲ စိမ့်ခနဲ ကျောချမ်းတက်၍ တစ်ချက်တစ်ချက် သတိလစ်လျက် အဖျားတက်သကဲ့သို့ ရှိလာတော့သည်။ ခင်ဘွားသစ်ရယ် မြုံတော်မူလေသည်။ ခင်ဘွားသစ်လည်း ကပျာကယာ ညဥ့်လွှာရုံ မြုံတော်စောင်နှင့် လုံအောင် မြုံရုံဆက်သရင်း ခြေတော်ကိုဆုပ်၍စမ်းရာ ပူရှိန်းရှိန်းဖြစ်လာသည်ကို တွေ့ရတော့မှ ညအချိန်က အအေးမိတော်မူဟန် တူပါသည်။ ကိုယ်အပူတော်မူလှချည့်ဘုရားဟု ပြောပြီး ပျာပျာသလဲကြီး ဖြစ်နေလေ၏။

ရွှေနန်းရှင်ဘုရားသည် ရုတ်ချည်းပင် အပြင်းအထန် အဖျားဖင်လာသူအလား မေ့မေ့လျော့လျော့ ဖြစ်တော်မူသွားလေသည်။ နှုတ်တော်ကလည်း ကယောင်ချောင်ချား တောင်စဉ်ရေတွက်မရသော စကားများ မိန့်တော်မူလျက်ရှိ၍ တစ်ချက်တစ်ချက်လည်း ငြိမ်သက်စွာ စက်ပျော်တော်မူသွား သည်ကို တွေ့ရသောအခါ ခင်ဘွားသစ်မှာ ရုတ်တရက် အကြံမရ အပါးတော်က ခွာသွားရမည်လည်း မဖြစ်သောကြောင့် ခြေတော်ကို ဆုပ်နယ်ပေးရင်းက မနီးမဝေးက လက်သုံး တော်တစ်ယောက်ကို လက်ပြခေါ်ပြီး တီးတိုးလေသံနှင့် -

"မောင်ရင် နန်းမတော်ဆောင်ကြီးကို အမြန်သွား၍ အရှင်နန်းမတော် ဖုရားရှေ့တော်ကိုဖင်ပြီး ရွှေနန်းရှင်ဘုရား ရုတ်တရက်ဖျား၍ သတိတော်များ လစ်လျက်ရှိသဖြင့် ကိုယ်တော်တိုင် အမြန်ထွက်ကြွ ရှုစားတော်မူပါဘုရားလို့ အမေသစ်က လျှောက်ထားခိုင်းကြောင်း သံတော်ဦးသွား တင်ပေးပါ" ဟု ပျာယီးပျာယာ မှာကြားစေလွှတ်လိုက်လေရာ လက်သုံးတော်သားကလေးလည်း အရေးတကြီး ပြေးသွားလေ၏။

အရှင်နန်းမတော် စုဖုရားလတ်သည် ညီမတော် ရမည်းသင်း စုဖုရားကို ဆိုင်းငံ့ထားတော်မူပြီး အထိန်းတော်ကြီး ခင်ဘွားသစ် ပြန်လာချိန်ကို အကျိုးကြောင်း စုံလင်စွာ ကြားသိတော်မူလိုသဖြင့် စောင့်လင့်တော်မူလျက်ရှိလေရာ လက်သုံးတော်ယ် ဖင်ရောက်လျှောက်တင်သောအခါမှကား ပူပန်စိုးရိမ်တော်မူအားကြောင့် အူယားသည်းယား ဖြစ်တော်မူကာ ညီမတော်ကို လက်ဆွဲ၍ အဆောင်တော် ထဲမှ အမြန်ထွက်ကြွတော်လိုက်ပါတော်မူလာလေ၏။

www.burmeseclassic.com

အချစ်အတွက် အမျက်တော်ပွားသော်လည်း သံယောဇဉ်ကြီးမားတော်မူလှသည်။ စိတ်နေသဘောထား အေးချမ်းတော်မူလှသော မောင်တော်ဘုရားမှာ မိုက်လုံးထွားသော တပည့်ကျေးကျွန်များကြောင့် အလွဲလွဲအမှားမှား ဖြစ်တော်မူရသည်ဟု သနားကြင်နာမှုက ဒေါသကို အကြွင်းမဲ့ နင်ထုတ်ပစ်သည်နှင့်မခြား ကြမ်းကြုတ်ခက်ထရော်ရှိလှသော အမျက်တော်များသည် ကရုဏာရသနှင့် ယှဉ်ကာ နူးညံ့သိမ်မွေ့သွား ကြတော့သည်။

မောင်တော် ရွှေနန်းရှင်ဘုရား၏ ပြောပါနေသော စိတ်တော်များကို ဖြစ်သည့်နည်းနှင့် တားဆီး လမ်းပြောင်းတော်မူရန် မဆွကပင် စီမံကြံရွယ်ထားတော်မူရင်းအတိုင်း ဆုတ်ဆိုင်းခြင်းမရှိ ပြည့်ပြည့် စုံစုံ လျာထားပြီးဖြစ်ရကား သလွန်တော်နားသို့ ရောက်တော်မူလျှင် ရွှေနန်းရှင်ကို စူးစိုက်ရှုစားတော် မူကာ ကရုဏာစိတ်ထားနှင့် စုတ်များသပ်တော်မူမိသည်။

"မောင်တုတ် ... မောင်တုတ် ခင်ခင့်ကို လုံအောင်ပှက်ထားနော်၊ နန်းမတော်ကြီးကို ကြောက်ပါတယ်၊ အနားမလာပါစေနဲ့၊ ခင်ဘွားသစ်ရဲ့ မြတောင်စုဖုရားက တကယ် ချစ်တော်မူသည်တဲ့လား"

ရွှေနန်းရှင်ဘုရားသည် စက်ရာတော်မှ စွဲလမ်းတော်မူရာကို ယောင်ရမ်းဟစ်အော်တော် မူလိုက်ကာ တစ်ဖန် ငြိမ်သက်စွာ စက်ပျော်တော်မူသွားပြန်သည်။

"သစ်သစ်ရဲ့ ဘယ်ပုံဖြစ်တော်မူတာလဲ၊ ကိုယ်တော်မှာလည်း ပူနေပါကလား"

လက်တော်ကိုစမ်းရင်း နန်းမတော်ဖုရားက မေးတော်မူသည်။

"အချိုအုပ်ကို ပွဲတော်တည်ရင်းက တစ်စတစ်စ အမူအရာပြောင်းပြီး သလွန်တော်ပေါ်လဲလျောင်း လိုက်ကာမှ အဖျားဖင်တော်မူနေသည်ကို အကဲခတ်မိပါကြောင်းဘုရား" ဟု ခင်ဘွားသစ်က တင်လျှောက် လျှင် -

"သောက်တော်ရေများကော ဘယ်နှကြိမ်လောက် ဆက်ရသလဲ"

"ယမန်နေ့ကတစ်ကြိမ်၊ ယခုနံနက် အချိုအုပ်ပွဲတော်တည်ရင်း တစ်ကြိမ် ဆက်ရကြောင်းပါဘုရား"

ဤအဖြေနှင့်ပင် နန်းမတော်စုဖုရားလတ်သည် ရွှေနန်းရှင်၏ ဝေဒနာတော်ကို ဆင်ခြင်စဉ်းစား တော်မူမိကာ -

www.burmeseclassic.com

www.burmeseclassic.com

"ညစဉ် ညဆက် ပန်းခုံတော် ထွက်ရသဖြင့် အအေးမိခဲ့၍ သတိတော်လစ်လောက်အောင် ရုတ်တရက် အဖျားရောဂါ အပြင်းအထန် ကပ်ရောက်တော်မူလာခြင်း ဖြစ်လိမ့်မည်၊ အပြင်းဖျားသူတို့ ဓမ္မတာ စွဲလမ်းထင်မြင်ရာတွေကို ကယောင်ချောက်ချား ပြောကြားမိန့်မြွက်တော်မူနေရှာတယ်၊ သမားတော်ကြီးများနှင့် အတွင်းဝန်ကြီးများ အမြန်သွား၍ ခေါ်စေရမယ်" ဟု အမိန့်တော်မှတ်သဖြင့် ရွှေနန်းတော်အမှုထမ်းများကို ခင်ဘွားသစ် သွားရောက် ဆင့်ဆိုကာ အဆောင်တော်သို့ အမြန်လာခဲ့လေသည်။

ညီမတော် ရမည်းသင်းစုဖုရားကလေးအားလည်း နန်းမတော်ဖုရားက သီပေါရွှေနန်းရှင်ဘုရား အပါးတော်တွင် ပြုစုခစားရန် အဆောင်တော်သို့ ပြန်ခွင့်မပေးဘဲ ထားတော့သည်။ စုဖုရားကလေးမှာ အစ်မတော်၏ ဩဇာအာဏာကို မလွန်ဆန်ပံ့ရှာ၍ ရွှေနန်းရှင် စက်ပျော်တော်မူသော သလွန်တော် အနီးအပါးမှ ခြေတော်ကို ဆုပ်နယ်၍ ခစားရစေကာမူ စိတ်တွင်းက ရှက်ကြောက်ရင်းကြောင့် မရဲတရဲ ဖြစ်နေမိသည်။ သို့ရာတွင် ရွှေနန်းရှင်ဘုရားမှာ သတိတော်များ လစ်နေခိုက်ဖြစ်သဖြင့် ရှက်စိတ်နှင့် ကြောက်စိတ်မှာ အမှုအရာပျက်လောက်အောင် လွှမ်းမိုးခြင်းမပြုနိုင်ရုံမက ရွှေနန်းရှင်ဘုရား၏ ဝေဒနာတော်အတွက် သောကဖက်၍ နေချိန်ဖြစ်သောကြောင့် ခြေဆုပ်လက်နယ် ပြုရာတွင် အကယ်ပင် စိတ်ဝင်စားရင်း စေတနာတော် ထားမိလေသည်။

"ညီမတော် စုလေးနှင့် သစ်သစ်တို့က မောင်တော့်အပါးတော်မှ ထမသွားကြဘဲ အမြဲစောင့်ကြပ်လို့ နေရမယ်၊ အဆောင်တော်တံခါးများ ပိတ်ထားပြီး လက်သုံးတော်နှင့် အိပ်ဖန်တော်သားတွေကို အဆောင်တော် အပြင်ဘက်ကသာ စောင့်ကြပ်နေစေရမယ်၊ အတွင်းဝန်မင်းများနှင့် သမားတော်ကြီးတို့ ရောက်လာလျှင် ငါ့ကိုလာ၍ လျှောက်တင်လှည့်" ဟု နန်းမတော်ဖုရားက မိန့်တော်မူကာ မောင်တော် ရွှေနန်းရှင်ဘုရား စက်တော်မူရာ သလွန်တော်ပေါ်တွင် ထိုင်လျက် စိတ်လက်ကြည်လင်တော်မနိုင်၍ ညှိုးမှိုင်စွာ စံတော်မူလေ၏။

များမကြာမီ ဘမရာသန အဆောင်တော်ကြီး၏ အပြင်ဘက် လေသာဆောင်တွင် ဝန်ကြီးများ အတွင်းဝန်များနှင့် သမားတော်ကြီးများ စုရုံးခစားမိလျှင် အရှင်နန်းမတော်ဖုရားထွက်တော်မူလာလေသည်။

ရှေးဦးစွာ ရွှေနန်းရှင်ဘုရား၏ ဝေဒနာတော်အတွက် စံတော်မူရာ အဆောင်တွင်းသို့ သမားတော်ကြီးများကို ဝင်ရောက်စေသည်။ အဖြစ်အပျက်တို့ကို အပြင်ဘက်ရှိ ဝန်ကြီး၊ အတွင်းဝန်များအား အနည်းအပါး မိန့်တော်မူနေလေသည်။ တစ်ခဏကြာလျှင် သမားတော်ကြီး များလည်း ရွှေနန်းရှင်ဘုရား အပါးတော်မှ ထွက်လာကြသည်။ နန်းမတော်ဘုရားက -

www.burmeseclassic.com

www.burmeseclassic.com

"သမားတော်ကြီးများ စမ်းသပ်ခဲ့ကြပြီလား၊ ဝေဒနာတော်ကို ဘယ်လိုအကဲရကြသလဲ" ဟု မေးတော်မူလေသည်။

"ဝေဒနာတော်မှာ စိုးရိမ်ဖွယ်ရာ မဟုတ်ကြောင်းပါဘုရား၊ အာဂန္တုရောဂါမျှ ဖြစ်ပါကြောင်း၊ သို့ရာတွင် ပြင်းပြင်းထန်ထန် စိတ်တော်ထိခိုက် လှုပ်ရှားမှုများ မခံရှိသဖြင့် အပူရှိန်တက်သည့်အခါ ကယောင်ကတမ်း မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်၊ သတိတော်ရလျှင် ဆက်သရန် ဆေးတော်များ ရွှေကလပ်ပေါ်တွင်တင်၍ ဆက်သထားခဲ့ကြောင်းပါဘုရား"

နန်းမတော်စုဖုရားလတ်သည် သမားတော်များ လျှောက်တင်ချက်ကို ကြားတော်မူလျှင် -

"မောင်တော်၏ ဝေဒနာတော်မှာ စိုးရိမ်စရာမရှိကြောင်း သိတော်မူရသဖြင့် အသင့်အတင့် စိတ်အေးတော်မူရပြီး သမားတော်ကြီးများကလည်း သင့်လျော်သည့် ဆေးဝါးတို့နှင့် အမြန်သက်သာရန် ကြိုးစား၍ ကုသကြပါ။ သို့ရာတွင် ရက်အနည်းငယ်အတွင်း မူရင်းပကတိအတိုင်း ကျန်းမာတော်မူလာသည် တိုင်အောင် ရွှေစိတ်တော် ပြိုပြင်စေမည့် အကြောင်းများကို နောက်ထပ်၍ တစ်စုံတစ်ရာ ကြားသိတော် မမူစေလိုဘူး၊ တိုင်းရေးပြည်ရာ အဖြာဖြာကို အစစကိုယ်တော်တိုင် ကြည့်ကြပ်စီမံတော်မူနေသည်မှာလည်း ကာလအတန်ကြာ၍ ပင်ပန်းတော်မူခဲ့လှပြီ၊ ဒီကိစ္စတွေဟာ ယခုလို ရုတ်တရက် မကျန်းမမာ ဖြစ်တော်မူလာရန် အကြောင်းရင်း အခြေခံတွေပဲလို့ "စွပ်စွဲတော်မူလိုသည်"ဟု မိန့်တော်မူလေ၏။

သမားတော်ကြီးများကလည်း "အရှင်နန်းမတော်ဖုရား အလိုတော်အတိုင်း ရွှေနန်းရှင်ဘုရား မကျန်းမာတော်မူခိုက် ကျွန်တော်မျိုးများက အားတိုက်အင်တိုက် စောင့်ရှောက်ကုသမည်ဖြစ်ကြောင်းပါဘုရား"ဟု လျှောက်ထားကြသည်။ မှူးတော်မတ်တော်၊ ဝန်ကြီးအတွင်းဝန်များမှာလည်း သမားတော်ကြီးများ စကားအရ စိတ်အေး၍ သွားကြလေသည်။ နန်းမတော်ဖုရားက ဆက်လက်ကာ -

"စိုးရိမ်စရာ အကြောင်းတစ်ရပ်မှာတော့ မောင်တော် ရွှေနန်းရှင်ဘုရားမှာ သတိတော်လစ်လျက် တစ်ချက်တစ်ချက် လက်လွတ်စပယ်နှင့် အကြားရခက်တဲ့ အမိန့်တော်စကားများ မြွက်ကြားတော်မူတတ်သည်၊ သို့အတွက် ပြုစုစောင့်ရှောက်ရန် အပျိုတော်များ လက်စွဲတော်များကို အပါးတော်တွင် ထားတော်မမူလိုဘူး၊ ကိုယ်တော်တိုင် သမားတော်ကြီးများ မှူးတော်မတ်တော်ကြီး များနှင့် တိုင်ပင်၍ ပြုစုတော်မူမည်" ဟု အမိန့်တော်ရှိပြီး အတွင်းဝန်ကြီးများအား -

"ကဲ ... အတွင်းဝန်မင်းများကလည်း မှန်နန်း စနဆောင်တော်မှာ ကျွန်မနှင့် နေ့စဉ် လာရောက်တွေ့ဆုံကြပါ၊ တိုင်းပြည်ရေးရာ ကိစ္စတွေမှာတော့ လုပ်ရိုးလုပ်စဉ်အတိုင်း ရွှေလွှတ်တော်ဝန်ကြီးများနှင့် လွှဲအပ်ပြီး စီမံခန့်ခွဲနိုင်ပါသည်" ဟု အမိန့်တော်မှတ်သဖြင့် ဝန်ကြီးများက -

www.burmeseclassic.com

www.burmeseclassic.com

"အရှင်နန်းမတော်ဖုရား အမိန့်တော်အတိုင်း ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူသည့် အချိန်ကာလ အတွင်းမှာ ရွှေလွှတ်တော်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ခွင့် အရပ်ရပ်ကို မလစ်မလပ်ရအောင် ဂရုအထူးစိုက်၍ ထမ်းဆောင်မည်ဖြစ်ကြောင်းပါဘုရား" ဟု အာမတာ ဂန်ခံကြလေသည်။

"ကောင်းပါပြီ၊ ဒီနိုင်ငံတော် အုပ်ချုပ်စီမံမှုအရေးကို စိတ်အေးရပေပေါ့၊ သို့ရာတွင် ကိစ္စတစ်ခုကတော့ ကျန်၍နေပါသေးသည်၊ အတွင်းဂန်မင်းတို့ရဲ့ နေပြည်တော်အရပ်ရပ်မှ စာအားဖြင့် ရေးသားလျှောက်တင် ကြမည့် တိုင်တမ်းစာများကို ရွှေသေတ္တာနှင့် ခံယူဆက်သစေရန် စီမံထားတော်မူခဲ့သည် မဟုတ်ပါလား၊ အဲဒီစာများကိုတော့ ဘယ်သူ့ကိုမှ တာဂန်မပေးဘဲ အရေးယူခဲ့ကြသည်၊ ယခုလို မောင်တော်ဘုရား မကျန်းမာတော်မူခိုက်မှာ သည်တာဂန်ကို ကျွန်မ တစ်ဦးတည်းက လက်ခံဆောင်ရွက်တော်မူရတော့မည်၊ ရွှေသေတ္တာအတွင်းမှ ရရှိသော စာများကို နံနက်ဖြန်ပင် ပြဲတိုက်တော် သံဆင့်များက ရွှေသေတ္တာနှင့်တကွ လာရောက်ဆက်ကြရမည့်နေ့ မဟုတ်ပါလား"

"မှန်လှပါ ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူခင် အာရှင်နန်းမတော်ဖုရားက ရွှေသေတ္တာပါ စာတင်လွှာများ ကြည့်ရှုစစ်ဆေးတော်မူပါလျှင် အတွင်းဂန် မင်းများကလည်း အပါးတော်တွင် တိုင်ပင်တော်မူရန် ခစားရှိနေကြသင့်ကြောင်းပါဘုရား" ဟုလွှတ်တော်ဂန်ကြီးများက လျှောက်တင်ကြ သည်၊ နန်းမတော်ဘုရားက -

"ရှိရမှာပေါ့၊ အတွင်းဂန်များသာမက မင်းကြီးများလည်း ရှိစေချင်ပါသည်၊ ရွှေသေတ္တာတွင်ပါရှိတဲ့ အလွှာတော်များကို မင်းကြီး အတွင်းဂန်များ စုံညီရှေ့တွင်ဖွင့်ပြီး စာလွှာအသီးသီးကို ရွှေနားတော် ကြားလောက်အောင် ဖတ်၍ လျှောက်တင်ကြရမည်၊ စာတွင်ပါသော အရေးကိစ္စများကိုလည်း တစ်ထိုင်တည်း ဂန်ကြီးများနှင့် တိုင်ပင်၍ အရေးကြီးလျှင် ကြီးသည့်အလျောက် အရေးမကြီးလျှင်လည်း မကြီးသည့်အလျောက် ဟုတ်တိုင်းမှန်ရာ အပြစ်ပေး အရေးယူနိုင် ပြုပြင်နိုင်အောင် စစ်ကြောထောက်လှမ်း စေရမည်"

ဟု မိန့်တော်မူလျှင် ဂန်ကြီးအတွင်းဂန်များက လျော်ကန် သင့်မြတ်လှပါကြောင်းဖြင့် ကျေနပ်စွာ လျှောက်တင်ကြပြီး အသီးသီး ဆိုင်ရာတာဂန်များကို ယူဆောင်ကာ လွှတ်တော်ရုံးတော်များသို့ ပြန်သွားကြလေ၏။

သမားတော်များကိုလည်း အချိန်ကျ ဆေးတော်များဆက်ရန် ဝေဒနာတော် အကဲခတ်ရန် အလိုတော်ရှိချိန်တွင် အတွင်းတော်ဂင်ရောက်ခစားစေခြင်းငှာ အပြင်ဆောင်တွင် အသင့်စောင့်

www.burmeseclassic.com

နေစေလိုကြောင်းဖြင့် နန်းမတော်ဘုရား မိန့်တော်မူချက်အရ စောင့်နေကြရသည်။ နေ့လှည့်ကိုယ်ရံတော် လက်သုံးတော်သားများလည်း အဆောင်တော် အနီးအပါးမှ လှည့်လည်စောင့်ရှောက် ခစားလျက်ရှိ ကြသည်။ ယမန်ညဉ့်က အရေးတော်ပုံကို အကြောင်းပြု၍ ရွှေနန်းရှင်ဘုရား သတိလစ်တော်မူသော ဝေဒနာတော် ရရှိကြောင်း ထပ်မံကြားသိကြရသောအခါ နန်းတော်သူအများပင် စိတ်ငယ်ချောက်ချား၍ ကြောက်အားပိုနေကြလေ၏။

နန်းမတော်ဘုရားသည် ဂန်ကြီးများ၊ အတွင်းဂန်များနှင့် ညှိနှိုင်းတိုင်ပင်တော်မူပြီး ရွှေနန်းရှင်ဘုရား၏ သလွန်တော်အနီးသို့ ပြန်လည်ရောက်ရှိတော်မူခဲ့သည်။ ညီမတော် ရမည်းသင်းစုဖုရားကလေးမှာ သလွန်တော်ဘေး ဆေးတင်သော ရွှေကလပ်အနီးတွင် ဥဒေါင်းမြီး ယပ်တောင်ဖြင့် မောင်တော်ကြီး ရွှေနန်းရှင်အား ကိုယ်တိုင်တော် ယပ်လေများ ဆက်လျက်ရှိ၍ ခင်ဘွားသစ်ကြီးမှာ ခြေရင်းတော်မှ စက်ပျော်တော်မူလျက်ရှိသော ရွှေနန်းရှင်ဘုရား၏ ခြေတော်ကို ဆုပ်နယ်ရင်း ခစားနေလေ၏။

ရွှေနန်းရှင်ဘုရားလည်း ငြိမ်သက်စွာ စက်တော်မူရာမှ ခဏကြာလျှင် လူးလွန့်တော်မူကာ "ငါ့လုံတော်ကို ဆွဲမထားကြနှင့်၊ မိဖုရားကြီးကို ထိုးပြီးမှ မြတောင်ဖုရားထံသွားမယ်" ဟု ရေရွတ်တော်မူလိုက်ပြန်သည်၊ နန်းမတော်ဖုရားလည်း မောင်တော် ရွှေနန်းရှင်၏ သလွန်ဘေးတွင် ဝင်၍ထိုင်တော်မူလျက် ပိုက်ဖက် ယုယကာ -

"သတိထားတော်မူပါ မောင်မောင်၊ မြတောင်စုစု အနားမှာ ခစားလျက် ရှိပါတယ်" ဟု တင်လျှင် သီပေါရွှေနန်းရှင်က မျက်လွှာတော်ကို မဖွင့်ဘဲထားရင်းမှ "စုစုလား မြတောင်စုဖုရားရေ မောင်မောင့်ကို ပစ်လို့မထားပါနှင့်" ဟု ထပ်၍ အမိန့်တော်ရှိလေ၏။

"သတိထားပါ မောင်မောင် သောက်တော်ရွှေဖလားမှ ဆေးတော်တစ်ခွက်လောက် သောက်တော်မူလိုက်ပါဦး" ဟုဆိုကာ သောက်တော်ရွှေဖလားမှ ရေမျှားနှင့် သမားတော်များ ဆက်သထားခဲ့သော ဆေးတော်ကို ညီမတော်လေးအား ဖျော်စေ၍ ကိုယ်တိုင် တိုက်တော်မူသည်တွင် ရွှေနန်းရှင်ဘုရားလည်း ဆေးတော်တစ်ခွက်ကြောင့် ငြိမ်သက်စွာ စက်ပျော်တော်မူသွားပြန်လေ၏။

ညနေ ပဟိုရ်လေးချက်တီး အချိန်လောက် ရောက်သောအခါ မယ်တော် ဆင်ဖြူမရှင် စံနေတော်မူသော အဆောင်တော်သို့ သီပေါရွှေနန်းရှင်ဘုရား၏ အစ်မတော်၊ နမတော်အရင်းများဖြစ်ကြသော ပုခန်းကြီးမြို့စား စုဖုရားကြီးနှင့် ညီမတော် မိတ္ထီလာ စုဖုရားကလေးတို့ ရောက်လာကြသည်တွင် ဆင်ဖြူမရှင်ဘုရားက -

www.burmeseclassic.com

www.burmeseclassic.com

"အလို ... စုစုတို့ မျက်နှာမကောင်းကြပါကလား၊ ဘယ်လိုအကြောင်းကိစ္စများ ထူးကြသလဲ" ဟု မေးတော်မူလေ၏။

"မောင်တော်ကြီး ရွှေနန်းရှင်ဘုရားသည် ယနေ့မနက် အချိန်ကစပြီး အပြင်းအထန်ဖျား၍ သတိတော်များပင် လစ်တော်မူလျက်ရှိနေကြောင်း ကြားရသဖြင့် စိတ်ပူလှလွန်း၍ပါ ဘုရား၊ မယ်မယ်ဖျားလည်း နတ်ရွာစံတော် မူသွားလေတော့ ဖျက္ကျွန်မများ အားငယ်လှတာတစ်ကြောင်း၊ လူငယ်တွေချည်းလည်း မသွားပုံ့ပါသဖြင့် မိကြီးတော်ဘုရားနှင့် မှီခို၍ နောက်တော်က အမေးလိုက်ချင်ပါကြောင်းဘုရား" ဟု ညီမတော်အငယ်က သနားစရာ တင်လျှောက်ရှာလေဒ။ ဆင်ဖြူမရှင်ဘုရားလည်း သမီးတော်ကြီး မိုင်းနောင်စုဖုရားကြီးကို သနားတော်မူသကဲ့သို့ပင် ရှင်ဘုရင်၏ အစ်မ၊ နှမတော်များ ဖြစ်ရှာကြသော်လည်း တန်ခိုးအရှိန် အစော်နည်း၍ နန်းမတော်ကို ကြောက်ရွံ့ရှိသေမှုအား ကြီးရှာကြရပါကလားဟု သနားကြင်နာစိတ် ယိုဖိတ်တော်မူလိုက်သည်။

"စုစုတို့ရယ် မယ်ဖျားလည်း နေ့လယ်က သတင်းကြား၍ သွားမေးတော်မူမည် စိတ်ကူးတော်မူနေဆဲမှာ ညဦးအခါက ရှင်ဘုရင်နှင့် မိဖုရား အမျက်တော်ပွားကြသည်လို့ သတင်းသန့်သန့် ကြားရပြန်သည်နှင့် သွားသင့်မသွားသင့် ချင့်ချိန်လို့နေတော်မူဆဲဖြစ်တယ်"

"မိကြီးတော်ဘုရား မိန့်တော်မူတဲ့အတိုင်း ဖျက္ကျွန်မတို့လည်း အဲဒီသတင်းကို နားစွန်နားဖျား ကြားရပါသဖြင့် သာ၍ပင် ကြောက်ရွံ့ခြင်း ပြင်းလှပါသည်ဘုရား" ဟု အစ်မတော် ပုခန်းကြီး စုဖုရားက တင်လျှောက်ပြန်ရာ -

"ရွှေနန်းရှင်တစ်ပါးလုံး မကျန်းမာတော်မူတဲ့အရေးကို သွား၍ မမေးပြန်လျှင်လည်း မသင့်တော်ဘူး၊ သွားပြန်လျှင်လည်း တစ်ပါးနှင့်တစ်ပါး အမျက်တော်ပွားပြီး မိုးမီးလောင်နေဆဲကို ကြားထဲက အခစားခက်၊ အမျက်ရာဇမာန် မလွတ်ပြန်မှ  သာလို့ဒုက္ခရောက်ဦးမည်ထင်ပဘုရား" ဟု ညီမတော်က ထပ်၍ တင်ပြန်သည်။ မိုင်းနောင်စုဖုရားကြီးမှာ တစ်စုံတစ်ရာ ဂင်ရောက်နားထောင်ပြောဆိုခြင်းမရှိ၊ လက်တွင်း၌ရှိသည့် စိပ်ပုတီးကိုသာ နာနာကြီးတိ၍ စိပ်တော်မူမြဲ စိပ်တော်မူနေရှာည်။ ဆင်ဖြူမရှင်ဘုရား လည်း အတန်ကြာ စဉ်းစားနေတော်မူရာမှ -

"အင်း ... စုစုကြီးတို့၊ စုစုကလေးတို့ လျှောက်တင်တဲ့အတိုင်း စိုးရိမ်စရာမကင်းလျှင် ရုတ်တရက် မဂင်ကြနှင့်ဦး၊ မိကြီးတော်ဖုရားလည်း ဖြုန်းခနဲ ထွက်တော်မမူသေးပါဘူး၊ ရိုးရိုးသားသားနှင့် အကြောင်း မထူးခြားလျှင် ကိစ္စမရှိဘူး၊ ယခုကိစ္စက တစ်ပါးနှင့်တစ်ပါး စကားကတောက်ကဆ များကြခြင်းမဟုတ်ဘဲ အတော်အကြောင်းထူးကဲတဲ့ အဖြစ်အပျက်ကြောင့် အမျက်တော်ပွားကြခြင်း ဖြစ်လို့ စဉ်းစားဖို့ အတော်ခက်တယ်၊ သားမယ်တော် သီပေါရွှေနန်းရှင်ဟာ အလွန်တရာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ထားနူးညံ့၍ ကျမ်းဂန်စာပေ နံ့စပ်သူ ပုဂ္ဂိုလ်တစ်ဦးမို့ ရှုးရှုးရှားရှားနှင့် နဂါးလို မျက်မာန်ပွားတော်မူသည် ဆိုခြင်းမှာ ယုံကြည်စရာပင် မရှိသလောက် ဖြစ်တော့တယ် စုစုကြီးတို့ရယ်"

"မှန်လှပါ၊ မတွေးတတ်သလောက်ပင် ရှိပါကြောင်း ဘုရား"

"စုစုကြီးတို့ ယောက်မတော်မှာတော့ ငယ်စဉ်ကပဲ မာန်မာနတရားနှင့် စိတ်ထားဆတ်တော်မူခဲ့သူဖြစ်လို့ အံ့သြဖို့ကိစ္စ မဟုတ်လှပါ၊ တစ်ခါမျှ စိတ်မဆိုးဖူးသူက အမျက်ဒေါသ အပြင်းအပြ ဖြစ်ရခြင်းသာ ဆန်းလှတယ်၊ ဘယ်နည်းနဲ့မဆို "လူကောင်းစိတ်တို" ဆိုတဲ့ စကားအတိုင်း သည်းမခံနိုင်ဘဲ ကိစ္စတစ်ခုခု ကြောင့် ဖြစ်ကြသည်ထင်ရဲ့"ဟု ဆင်ဖြူမရှင်ဖုရားက ညည်းညည်းတွားတွား မိန့်တော်မူသည်တွင် အပျိုတော်တစ်ဦးဖြစ်သော ခင်ညိုက-

"ဟိုတစ်လောက ဘုရာ့ကျွန်မများ ကြားသိရသော သတင်းတစ်ရပ်ရှိကြောင်းပါဘုရား"

"လျှောက်တင်စမ်းပါဦး ခင်ညိုရယ်"

"ဒိုင်းအတွင်းဝန် ကတော်ကြီးနဲ့ သူ့သမီးခင်ခင်ကြီးကို မံသကြီးရွာစားက မဟားတရားနှင့် အတော်များများ ကလေး ညှဉ်းဆဲလိုက်ပါသည်တဲ့ဘုရား"

"ဘယ်လို အပြစ်အနာများကြောင့်တဲ့လဲကွယ်"

"ရနောင်မင်းသားကြီး မောင်မောင်တုတ်တို့နှင့် ပတ်သက်ပြီး အရှင်နန်းမတော်ကြီးက မယုံမကြည် ရှိတော်မူနေတာ ကြာပါပြီတဲ့ဘုရား"

"အလို ... ဒီရနောင်မောင်တုတ်က ဒိုင်းခင်ကြီးကို သူနဲ့နီးစပ်အောင် လုပ်ပြန်သတဲ့လား၊ တယ်လည်း တရားမဲ့တဲ့ ဣတ္ထိယသိုက်သမားပါကလားကွဲ့"

"ဘယ်လိုနည်းနှင့် နီးစပ်တယ်လို့တော့ ဘယ်သူမှ အတတ်မပြောနိုင်ကြပါဘုရား၊ ဘုရားကျွန်မများ နားစွန် နားဖျားသာ ကြားရခြင်းဖြစ်ကြောင်းပါ"

"ငါသိသလောက်တော့ ဒိုင်းခင်ကြီးဟာ အဆင်းပြင်လျာနှင့် ပြည့်စုံသဖြင့် ဘိသိက်တော်ဆက်စေပြီး တဲ့နောက် နန်းမတော်ကြီးအနားမှာ ခစားထမ်းရွက်နေရသည် မဟုတ်လား၊ ရနောင်မောင်တုတ် ဆိုသည်မှာလည်း သားတော် ရွှေနန်းရှင်ထက်ပင် သူ့အရှင်နန်းမတော်ကြီးက ချီးကျူးမြှောက်စား၍ အလွန်အကျွံ သူကောင်းပြုထားသူ မဟုတ်လား၊ ငါ့သမီးတော် နန်းမတော်စုလတ်ဟာ သူ အလွန်အကျူး အထူးမြှောက်စားထားတဲ့ လူတွေကိုပဲ အထင်တော်လွဲပြန်သတဲ့လား ခင်ညိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"တင်ပါဘုရား၊ အထင်တော်လွဲနေတာတော့ အမှန်ပါပဲ၊ ဘယ်ပုံဘယ်နည်းနှင့် စွပ်စွဲပြီး အထင်တော်လွဲတယ် ဆိုတဲ့ အကြောင်းရင်းကိုတော့ အတွင်းကျတဲ့ အပျိုတော်ကြီးများသာ သိရှိကြပါလိမ့်မယ်ဘုရား"

"ဒါနဲ့ ယခု သားတော် ရွှေနန်းရှင်နှင့် သမီးတော် နန်းမတော်ကြီးတို့ မကြည်မသာ ဖြစ်တော်မူကြရာမှာ ဒီကိစ္စနဲ့ ဘယ်လိုများ စပ်ဆိုင်သည်ထင်သလဲ ခင်ညိုရဲ့"

"ပြုန်းခနဲ လျှောက်တင်ဖို့ အင်မတန် ခက်ခဲပါကြောင်းဘုရား၊ လုံးလုံး အကျုံးမဝင်သည်တိုင်အောင် တစ်စိတ်တစ်ဒေသတော့ ပါနေမည်ထင်ကြောင်းပါ၊ သို့ရာတွင် သည်အကြောင်း သတင်းစကားများဟာ ယခုတစ်ရက် နစ်ရက်အတွင်း ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း မကြာခင်ပဲ အကောင်အထည် ဒြပ်နှင့် ပြတ်ပြတ်သားသား ကြားသိကြရလိမ့်မည်လို့ ယူဆကြောင်းပါဘုရား"

"ကဲ ... ကဲ ... ကြားကြရဲ့လား၊ စုစုကြီးတို့၊ စုစုကလေးတို့၊ အေးအေးနေကြပေဦးတော့၊ မိကြီးတော် ဘုရားလည်း သူတို့ဆီက အရိပ်အကဲကို ဆိုင်းငံ့တော်မူရဦးမယ်"

"အမိန့်တော်အတိုင်းပါဘုရား၊ မိကြီးတော်ဖုရား သင့်လျော်မည်ထင်တဲ့အခါ ထွက်တော်မူလျှင်သာ စုစုတို့ နောက်တော်က ပါရအောင် ခေါ်တော်မူပါမည့်အကြောင်းပါဘုရား"

"ခေါ်ပါမယ်၊ ခေါ်ပါမယ်၊ စုစုတို့ ညီအစ်မ မပါဘဲနှင့် မိကြီးတော်ဖုရား မသွားပါဘူးကွယ်၊ ကဲ ... ကဲ အဆောင်တော်ကိုသာ စိတ်အေးချမ်းသာစွာ ပြန်ကြပါလေတော့" ဟု ဆင်ဖြူမရှင်ဘုရားက မိန့်တော်မူပြီး လျှင် ရှိဦးတင်ကာ ပြန်ကြွသွားရှာကြသော စုဖုရားနှစ်ပါးကို မျက်စိတစ်ဆုံး ရှုစားတော်မူကာ -

"ဩော် ... သူ့ခမျာများလည်း မယ်တော်မရှိရှာလို့ အားငယ်ရှာကြထင်ပါရဲ့၊ သနားစရာပါပဲ၊ ကဲ ခင်ညိုရေ၊ အခြေအနေကို အကဲခတ်ပြီး သတိမလစ်လပ် နေထိုင်စားကြမယ်၊ ဘယ်လိုအရေးကိစ္စများ ထူးခြားတယ် ဆိုတာ ကင်းဝန်မင်းကြီး ဦးကောင်းနှင့်တွေ့မှ သေသေချာချာ သတိတော်မူရန် မေးမြန်းစုံစမ်းရဦးမည်" ဟု အပျိုတော် ခင်ညိုအား ဆက်လက်မိန့်ကြားတော်မူကာ အနတ္တကမ္မဌာန်းကို စီးဖြန်းရွတ်ဆိုရင်း စံတော်မူလေ၏။

ရနောင်မြို့စား မောင်မောင်တုတ်နှင့် တောင်သမန်လယ်စား မောင်မောင်ငယ်တို့သည် ရွှေနန်းရှင်ဘုရား၏ အပါးတော်မှ ထွက်ခွာလာကြပြီး ဒိုင်းဝန်ကတော်ကြီးထံ ရောက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းဂန်ကတော်ကြီးနှင့် ခင်ခင်ကြီးတို့မှာ မောင်မောင်ငယ် ရွှေနန်းတော်သို့ သွားချိန်က စ၍ တကြောင့်ကြကြနှင့် သောကမအေး ဖြစ်နေကြရာမှ နေမွန်းလွဲချိန်လောက်တွင် မောင်မောင်ငယ်တို့ နှစ်ယောက်သား ပြန်ရောက်လာကြလျက် မျက်နှာရွှင်ရွှင်လန်းလန်း ရှိကြသည်ကို တွေ့မြင်ရသဖြင့် အသင့်အတင့် စိတ်အေးသွားကြလေသည်။

ခင်ခင်ကြီးမှာ မောင်မောင်ငယ်တို့ ရောက်လာသည်ကို မြင်ရသည်နှင့်တစ်ပြိုင်တည်း "အစ်ကိုရေ ... ရွှေနန်းရှင်ဘုရားက ဘယ်လိုများ အမိန့်တော်မှတ်ပါသလဲ" ဆိုသော အမေးမျိုးက စတင်ကာ စုံစမ်းမေးမြန်း ခြင်းပြုတော့သည်။ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်ကလည်း ညဥ့်အခါက အရေးတော်ပုံများကို အားလုံးခြုံ၍ ပြောပြလိုက်ရုံမက ရွှေနန်းရှင်ဘုရားက နောက်ဆုံးချမှတ်လိုက်သော အမိန့်တော်စကားအရ ကိစ္စပြီးမြောက်အောင် ယနေ့ နောက်ဆုံးအစခပ်သိမ်း ပြုပြင်စီမံရတော့မည်ဖြစ်ကြောင်း၊ နံနက်ဖြန်မှာ ရက်ရာဇာနှင့် အခါတော်ရွေးချယ်ထားသည့်အတိုင်း မြောက်ရွှေရေးဆောင်တော်သို့ ခင်ခင်ကြီးကို အရောက်ပို့ရတော့မည်ဖြစ်ကြောင်းများကို အားပါးတရ ပြောပြလိုက်ကြတော့သည်။

ဒိုင်းဂန်မင်းမှာ မင်းမှုမင်းရေး ဆွေးနွေးတိုင်ပင်၍ အမိန့်တော်ခံရန် ထုံးစံအတိုင်း ရွှေနန်းတော်သို့ အခစား ဝင်ရောက်သွားပြီဖြစ်ရာ ခင်ခင်ကြီးအတွက် ဂမ်းမြောက်ဖွယ်ရာ သတင်းများကို ဇနီးမောင်နှံ မျက်နှာချင်း ဆိုင် မကြားနိုင်သေးဘဲ အတွင်းဂန်ကတော်ကြီး တစ်ဦးတည်းသာ ဂမ်းမြောက် ဂမ်းသာ ဖြစ်နေရှာသည်။ ခင်ခင်ကြီးမှာမူကား ရွှေနန်းတော်ပေါ်သို့ သွားရတော့မည်ဆိုသော စကားကို ကြားရလျှင် နှစ်သက် ဂမ်းမြောက်စွာ မျက်နှာကလေးရွှင်ပြုံးပြီး အခန်းထဲ ဝင်ပြေးလာလေသည်။ တစ်ဖန် မိမိကိုယ်ဟန်ကို ကိုယ်လုံးပေါ်မှန်ကြီးတွင် အလျင်အမြန် သွား၍အရိပ်ကြည့်ကာ ရွှေနန်းတော်ပေါ်သို့ ဝင်ရာတွင် မည်သို့ ဂတ်ဆင်ပြုပြင်မည့် စိတ်ကူးထုတ်ရင်း ထဘီနှင့် ပဂါကို နံ့သာရောင် အသွေးနကလေးများ ရွေးချယ် သတ်မှတ်၍ ကိုယ်နှင့်ကပ်ကာ ကြည့်မိသည်။

ကြည့်ရင်းကြည့်ရင်းပင် ထူးခြားနေသော မိမိ၏ပုံအသွင်ကို မှန်ကြေးမုံတွင် အမှတ်မထင် တွေ့မြင်လိုက်မိသည်။ ရတ်တရက်အားဖြင့် အံ့အားသင့်ကာ ထွာဆိုင်မျှသာ ရှိခဲ့မြဲဖြစ်သော မိမိခါးကလေးကို လက်ဖြင့်စမ်းသပ် ချိန်ဆကြည့်ခြင်းအားဖြင့် အလန့်တကြား ဖြစ်သွားမိလေသည်။ ထို့နောက် လွန်ခဲ့သော ရက်၊ လ တို့က ဖောက်လွဲဖောက်ပြန် ရှိခဲ့ဖူးသည့် မိမိအခြေအနေကို ပြန်လည် သုံးသပ်ကာ ကြောက်ရွံ့ အားငယ်သလိုလိုဖြစ်လာပြီး မိခင် ဒိုင်းဂန်ကတော်ကြီးကို သွား၍ ပြောမည်ကြံစည်ရာမှ ပြောရမှာ ရှက်စနိုးဖြစ်လာသဖြင့် ခြေလှမ်းကို အသာနောက်ဆုတ်၍ ရတ်သိမ်းလိုက်မိသည်။

ဘယ်သူ့မှ မပြောသေးဘူး၊ ရွှေနန်းရှင်ဘုရားကို အားရဂမ်းသာ သံတော်ဦးတင်ပြီးကာမှ သူတကာများကို သိစေမည်ဟု တွေးကြံမိသည်။ ကိုယ့်အကြံအစည်ကို ကိုယ်သဘောကျကာ

www.burmeseclassic.com

www.burmeseclassic.com

ကြေးမုံပြင်တွင် ပြုံးရွှင်စွာ စိုက်ကြည့်လိုက်ပြီးနောက် ရွှေနန်းရှင်ဘုရားလည်း ဝမ်းမြောက်တော်မူရှာမှာလဲဟု အသည်းထဲဝယ် စိမ့်ကနဲဖြစ်သွားအောင် အားရဝမ်းသာတွေးကြည့်လိုက်ပြန်သည်။ မနက်ဖြန် ရွှေနန်းတော်ဝင်ရတော့ မည်တဲ့ ဟူသော သတင်းကောင်းကိုလည်း နှစ်ထောင်းအားရပြန်နေရှာသည်။

မောင်မောင်တုတ်တို့ကလည်း မြူးနေသော ခင်ခင်ကြီး၏ အမူအရာကို သတိမထားသာ၊ ဒိုင်းဝန်ကတော်ကြီးနှင့် ယခင်က ကြိုတင်စီမံ၍ အရံသင့် ပြုပြင်ထားစေသော မိဖုရား အသုံးအဆောင် အဆင်အယင်များကို အသင့်ရှိ မရှိ စိစစ်မေးနေရာ ဝန်ကတော်ကြီးကလည်း စိတ်အားထက်သန်စွာနှင့်ပင် စုဆောင်း သိုမှီးထားသမျှသော မိဖုရားတို့၏ အသုံးအဆောင်ပစ္စည်း ပရိဘောဂများ လိုလေသေးသည်မရှိ ပြည့်စုံနေပြီဖြစ်ကြောင်းနှင့် ပြောဆိုပြသလျက် ရှိလေသည်။

မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့က ဒိုင်းဝန်ကတော်ကြီးပြသမျှ အခမ်းအနား ပစ္စည်း အသုံးအဆောင် ပရိဘောဂများကို စစ်ဆေးကြည့်ရှု စာရင်းပြု၍ အစုလိုက် အပုံလိုက် အခန်းမကြီးတွင် အသင့်ပြလျက် နံနက်ဖြန် ရွှေနန်းတော်သို့ သယ်ယူပို့ဆောင်ရန် စီမံခန့်ခွဲလျက် ရှိကြလေ၏။

ခင်ခင်ကြီးကား အစ်ကိုကြီးများ အလုပ်ရှုပ်နေသလောက် မိမိ ငယ်စဉ်အခါက နှစ်သက်မြတ်နိုးသည့် ရွှေချူလုံး၊ ငွေချူလုံး၊ ရွှေဟင်္သာရုပ်စသော အဖိုးတန် ကစားစရာပစ္စည်းကလေးများကိုလည်း တစ်ပါတည်း ဆောင်ကြဉ်းသွားနိုင်ရန် အစေခံ အမှုလုပ် မိန်းမငယ်တို့အား သယ်ယူစုဆောင်းပြီး အထုပ်ကြီးတစ်ခုပြု၍ ထားစေခြင်းဖြင့် မောင်မောင်တုတ်တို့နှင့် အလုပ်ချင်း ဂုဏ်ပြိုင်သကဲ့သို့ ရှိနေလေ၏။

အဆောင်တော်ထဲတွင် ရွှေနန်းရှင် မောင်တော်ဘုရားနှင့် ပျော်ပျော်ရွှင်ရွှင် နေ့စဉ်အမြဲ မကွဲမကွာ တွေ့ကဆုံကာ နေရတော့မည်ဟူသော မျှော်လင့်ချက်နှင့်တကွ ရွှေနန်းရှင်ဘုရား၏ ရည်ရွယ်တော်မူချက်ကြီး ပြီးမြောက်လေပြီဟု စိတ်ချလက်ချ ဝမ်းမြောက်မိလှသည်။ မောင်မောင်ငယ်နှင့် မိခင်ဝန်ကတော် ကြီးတို့ ကြီးကြပ်ကာ များစွာသော အမှုလုပ် အိမ်ထောင်သိမ်းတို့ ရွှေ့ကြ၊ မ,ကြ သယ်ကြပိုးကြ ဧည့်ခန်းမကြီးအလယ်သို့ သယ်ယူပို့ဆောင် စုပုံထားစေသော အလုံးအဆောင် ပစ္စည်းပစ္စယများကို အားရဝမ်းသာ စိုက်ကြည့်ကာဖြင့် ဝမ်းသာဝမ်းမြောက်ဖြစ်မိသလောက် တစ်ခါတစ်ခါလည်း ဝမ်းနည်းသ လိုလို ငိုချင်သလိုလို၊ နောက်တစ်နေ့တွင် မိခင်ဖခင်ကြီးများကို ခွဲထားခဲ့ရမည့်အရေးတွေး၍ သနားသလိုလို၊ တောင်စဉ်ရေမရ သွေးလေချောက်ချား စိတ်ကစား၍ နေလေတော့သည်။

www.burmeseclassic.com

ယင်းသို့နှင့်ပင် ညနေစောင်း၍ ဒေါင်းစကြာ နေအရှိန် သေွ့မှိန်ပျော့ညံ့လာသောအခါ ယပူငင်သည် ပိုးစရာ ပစ္စည်းမှန်သမျှ စုပြီးပုံပြီး ဖြစ်နေသော အခန်းကျယ်ကြီးတွင် အိမ်သားအားလုံး စုရုံးရပ်နားကြရပြီ ဖြစ်သောကြောင့် မောင်မောင်တုတ်က ပစ္စည်းပစ္စယတွေကို ချင့်ကြည့်ကာ နက်ဖြန် တစ်နေ့တည်းနှင့် ရွှေနန်းတော်ကြီး အရောက်သယ်ယူရန်နှင့် ခင်ခင်ကြီးအတွက်လည်းဆောင်ရ မိဖုရားလောင်းဖြစ်သော သမီးကညာများ သိမ်းပိုက်ကြိုယူရာတွင် စီးနင်းရန် ရွှေနန်းအစဉ်အလာ အသုံးပြုရသည့် ဂေါ်တော်ယာဉ် တော်များကို ထုတ်ယူအသုံးပြုရမည်ဖြစ်ကြောင်း၊ သို့အတွက် ဂေါယာဉ်အုပ်ချုပ်မှုဆိုင်ရာ အကြီးအကဲ တို့အား သွားရောက် ဆင့်ဆိုရမည်ဖြစ်ကြောင်း ဂေါထမ်းယာဉ်ထမ်း အမှုထမ်းသမားများနှင့်တကွ နံနက် နေတက်အချိန်တွင် မိမိတို့က ဦးစီးကာ လာရောက်ကြိုယူလျက် ရွှေနန်းတော်ကြီးရှိ မြောက်ရွှေရေး ဆောင်တော်သို့ ပို့ရမည် ဖြစ်ကြောင်းများ ပြောဆိုမှာကြားကာ ညနေစာများ သုံးဆောင်ပြီးမှ ရွှေနန်းတော်ကြီးသို့ ညညီလာခံဝင်ရန် မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ ပြန်ခဲ့ကြလေ၏။

ရွှေနန်းတော်ကြီးသို့ ပြန်လည်ရောက်ရှိကြသောအခါ ရွှေတိုင်တော်များ ထွန်းညှိထားပြီဖြစ်သော ကြောင့် တောင်ဒဂယ်ဆောင်သို့ ရှေ့ရှုလာကြသည်။ မောင်မောင်ငယ်မှာ ရွှေတိုက်တော်ဆိုင်ရာ အမှုထမ်းဖြစ်သော် လည်း ရင်းနှီးသော လက်သုံးတော်ကြီးများကဲ့သို့ ညအချိန်မှာ လာရောက် ခစားမြဲဖြစ်သည်တွင် ယခုကဲ့သို့ အရေးကိစ္စကြီးသော အခါမျိုး၌ မောင်မောင်တုတ်နှင့်အတူ မခွဲမမြဲ တွဲလျက် အမှုတော်ထမ်းရွက် ရသူဖြစ်သည်။ တောင်ဒဂယ်ဆောင်သို့ ရောက်ခါနီးတွင် စိတ်ထဲက အလိုလို လေးလံထိုင်းမှိုင်းလာသော မောင်မောင်ငယ်က -

"ဒါနှင့် ကိုတုတ်ရေ၊ ကျုပ်တို့ကတော့ အမိန့်တော်အတိုင်း အမှုကျေကုန်အောင် ဆောင်ရွက်ခဲ့ကြပြီ၊ ရွှေနန်းရှင်ဘုရားကသာ ဒီမှာ ဘယ်ပုံစီမံတော်မူနှင့်သည်မသိ" ဟု စလိုက်မိသည်။

"ရွှေနန်းရှင်ဘုရားလည်း မိဖုရာခေါင်ကြီးရန်ကို အမှန်နှိမ်နင်းတော်မူပြီးသား နေမှာပါ၊ မိန်းဆိုတာမျိုးဟာ ယောက်ျားက သည်းခံမှန်းသိရင် အင်မတန်စွာချင်သည်၊ မခံဘူးဆိုတာ သိသွားရင်လည်း တစ်ခါတည်း ပျော့ခွေသွားတတ်တာမျိုးပါ၊ ဒီဟာ ဓမ္မတာပဲ ကိုဖေငယ်ရဲ့" ဟု မောင်မောင်တုတ်က ဖြေသည်။

"အဲလေ ... ဒီကိစ္စဟာ သူနိုင်ငါနိုင် အပြိုင်လွန်ဆွဲနေကြတုန်း အခါလိုဖြစ်နေတယ်၊ ဘယ်လိုပြောပြော ကျုပ်တို့သဘောတော့ ရွှေနန်းရှင်ဘုရားကို မိဖုရား သြဇာပေးနေတာ နည်းနည်းမှ မနှစ်သက်ပါဘူးဗျာ"

"ဖြစ်ပုံကတော့ ကျုပ်တို့ကသာ သြဇာပေးတယ်လို့ ထင်ရတာ၊ ကာယကံရှင်ဖြစ်တဲ့ ကိုယ်တော်တိုင် ကတော့ ငယ်စဉ်က ချစ်တော်မူခဲ့ကြလို့ နွဲ့ဆိုး ဆိုးခံတဲ့အနေမျိုးနှင့် ရိုးရိုးသားသား သည်းခံတော် မူခဲ့တာကိုး၊ ဒါပေမဲ့ မနေ့က ဖြစ်ပျက်လိုက်ကြတဲ့ ကိစ္စမှာတော့ ရွှေနန်းရှင်ဘုရား မခံမရပ်နိုင်အောင် မျက်မာန်တော်ရှသွားပြီး ဒီအခြေကျမှတော့ ဒီမိဖုရား ဦးကျိုးသွားရမှာအမှန်ပဲ" ဟု မောင်မောင်တုတ်က ရဲရဲကြီး ဆုံးဖြတ်လိုက် လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တီးတိုးပြောရင်း တောင်ဒဂယ်ဆောင်အတွင်းသို့ ရောက်လာကြသည်။ လက်သုံးတော် အိပ်ဖန်တော်သားတွေအစီအရီ စုဝေးထိုင်နေကြသည်ကို တွေ့မြင်ရသောအခါ မောင်မောင်တုတ်က "အလို ... ကိုယ့်လူတွေ ဘာဖြစ်လို့ ဒီမှာလာစုနေကြသလဲ၊ ညီလေး "ပြောင်း" ကောသူ့အိမ်တော် ပြန်သွားပြီလား" ဟု မေးလိုက်သည်။ လက်သုံးတော်သားများက -

"ကျွန်တော်များ အဆောင်တော်အတွင်း မဝင်ရ၊ အပြင်က နေကြရမည်ဆိုသောကြောင့် အလုပ်မရှိသည်နှင့် ဒီနေရာမှာ လာနေကြပါသည်။

"ရွှေနန်းရှင်ဘုရားကလား၊ နန်းမတော်ကြီးကလား မသိပါ၊ သမားတော်နှင့် ဂန်ကြီးများလာပြီး နေ့ခင်းက အမိန့်ချပါသည်၊ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူလို့ အတွင်းဆောင်"ကျွန်တော်တို့ သခင်ကို ကျွန်တော်တို့ ဝင်ကြည့်ပါရစေ"

အတွင်းမှ အဖြေကား ပေါ်မလာတော့ပေ၊ မောင်မောင်တုတ်သည် အတန်ကြာ စောင့်နေသော်လည်း တိတ်ဆိတ်မြဲပင် ရှိနေသဖြင့် တံခါးရွက်ကို လက်နှင့်အသာ တီးခပ်ပြန်သည်။ သို့ရာတွင် အစေကောင်းပြန်ကြား ခြင်း မပြုတော့ဘဲ နိုင်မြဲလုံခြုံသော ကျွန်းသားပန်းကွပ်များဖြင့် နယားရုပ်ဖော်ထုလုပ်၍ ရွှေပိန်းချထားသည့် တံခါးရွက်ကျည်းရှင်မှာ အလွန်လျှင်ကန္တနေ့ကောင်းနေတော့သည်။

"တောက် ... ဖြစ်ရပုံကတော့ ဆိုးကြပြီ ကိုဖေယယ်ရေ၊ ထိုးစစ်ဆင်မည့်အခိုက်မှ ရန်သူ့မြားအစိုက်ခံရသလို ရွှေနန်းရှင်ဘုရားကို ဘယ်လိုများ လှည့်ပတ်သိမ်းဆည်းလို့ထားပါလိမ့်"

"ကျွန်တော်တို့ ကြိုးကြိုးပမ်းပမ်း အလိုတော်ကျ အမှုတော်ထမ်းခဲ့သမျှ သဲရေသွန်ဖြစ်ရတော့မှာလား၊ ရွှေနန်းရှင်ဘုရားဟာ သတိတော်များ လစ်လောက်အောင် မကျန်းမမာဖြစ်တော်မူနေတယ်ဆိုတာ တကယ်တမ်း ယုံရမှာလား ကိုတုတ်ရဲ့"

မောင်မောင်တုတ်သည်လည်းကောင်း၊ မောင်မောင်ငယ်သည်လည်းကောင်း ရွှေနန်းရှင်ဘုရား အကယ်ပင် နေထိုင်ကောင်းတော်မမူခြင်း မှန်သလားဟု လက်သုံးတော် ကိုယ်ရံတော်များမှအစ ဂန်ကြီးအတွင်းဂန်များ သမားတော်ကြီးများအဆုံး တစ်ညဉ့်လုံး လှည့်လည်သွားရောက်ကာ မေးမြန်းစုံစမ်းခြင်း ပြုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အများကပင် ကျန်းမာတော်မမူဟု တစ်ဆင့်စကား ကြားသိရပုံ နေ့လယ်က အဆောင်တော်တွင်း၌ ဂန်ကြီးများ သမားတော်ကြီးများမှာ နန်းမတော်ဖုရားနှင့်အတူ ပျာပျာသလဲထွက်ဝင်ခစား ဆေးဝါး ဆက်သလျက် ရှိကြသည်ကို တွေ့မြင်ရကြောင်း ပြောကြသည်။ နောက်ဆုံးတွင် ရွှေနန်းရှင် အပါးသို့ကပ်၍ ဆေးဝါးဆက်သရသူ သမားတော်ကြီးများနှင့် တိုက်ရိုက်သွားရောက်တွေ့ဆုံ မေးမြန်းသောအခါတွင်မှ အမှန်ပင် ကျန်းမာတော်မမူ၍ ဆေးတော်များ ဆက်ခဲ့ရကြောင်း၊ မိမိတို့ အထင်မှာ အပူအအေး မမျှသောကြောင့် ရုတ်တရက် ငန်းဖင်သော အဖျားကဲ့သို့ ကယောင်ချောက်ချားပြောလျက် တစ်ချက် တစ်ချက် သတိတော်များ လစ်ဟင်းနေခြင်းဖြစ်သည်ထင်ကြောင်း၊ ကိုယ်တွေ့ပုဂ္ဂိုလ်များထံမှ ကြားသိရသောအခါမှ စိတ်ချလက်ချ ယုံကြည်ကြတော့သည်။

နံနက်အခါက ကျန်းကျန်းမာမာ တစ်စုံတစ်ရာ မဖြစ်ပါဘဲလျက် မိမိတို့ အပြင်ဘက်သို့ ထွက်၍ ဆောင်ရွက်ရန် ကိစ္စအသွယ်သွယ်ကို ပြုနေခိုက်တွင်မှ ရွှေနန်းရှင်ဘုရား သတိတော်များ လစ်လောက်အောင် ရုတ်ခနဲ မကျန်းမာတော်မူခြင်းကို စိတ်တွင်းက တစ်မျိုးတမည်ထင်မှားသံသယ ဖြစ်မိကြသည်မှာ မောင်မောင်တုတ်သာမက မောင်မောင်ငယ်၏ အတွေးအယူကလည်း တညီတညာတည်း တိုက်ဆိုင်မိကြသည်။

"ကိုင်း ... ဘယ်လိုလုပ်ကြမလဲ ကိုတုတ်၊ ကျုပ်တို့ အားကိုးအားထားရာ ရွှေနန်းရှင်ဘုရားဖြင့် မိဖုရားကြီး လက်ထဲမယ် ဗေဒနာသည် ဖြစ်တော်မူနေရှာပြီ" ဟု တီးတိုးပြောမိသည်။

"ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူတာကို တံခါးအလုံပိတ်ထားသည်မှာ တရားပါသလား သမားတော်ကြီးများ၊ ကျန်တဲ့တပည့် ကျေးကျွန်များကလည်း ကိုယ့်အရှင်သခင်ကို ဖူးမြင်ချင်ပါသေးတယ်" ဟု မောင်မောင်တုတ်က သမားတော်ကြီးတစ်ဦးအား ပြောကြားမိသည်။

"မောင်မောင်တို့ အတွေးမမှားနှင့်၊ ငန်းဖျားဆိုတာမျိုးဟာ ပြောချင်ရာ ပြောနေရုံနဲ့ မပြီးဘူး၊ အနီးအပါးလူများကိုလည်း ထုရိုက်ကုပ်ဖဲ့ ပြုတတ်သည်၊ အပြင်အပကိုလည်း ကယောင်ကတမ်းနှင့် ထပြေးတတ်သည်၊ ဧကရာဇ်မင်းဆိုသည်မှာ ရောဂါကြောင့် ဤသို့ဖြစ်ခဲ့လျှင် ရာဇဣန္ဒြေမဲ့မည် မဟုတ်ပါလား၊ ဤသတင်း ပေါက်ကြားလျှင် တိုင်းတစ်ပါးနှင့် နိုင်ငံတော်တလွှား ပြန့်နှံ့သွားမည်၊ သို့ကြောင့် အရှင်နန်းမတော်ဖုရားက လိမ္မာရေးခြားသော မိဖုရားခေါင်ကြီးပီပီ ဖုံးဖုံးဖိဖိ စီမံတော် မူထားခြင်း ဖြစ်ပါလိမ့်မယ်"

ဟု အကျိုးသင့် အကြောင်းသင့် ပြောသည်တွင်မှ မောင်မောင်တုတ်တို့မှာ သက်သာရာ ရကြတော့သည်။ သို့ကြောင့် နစ်ယောက်သား လွှတ်ရုံ့ ထွက်လာ၍ မျက်နှာချင်း ဆိုင်ရင်း -

www.burmeseclassic.com

www.burmeseclassic.com

"အင်း ... သမားတော်ကြီးပြောတဲ့အတိုင်း ဟုတ်ပါစေတော့လို့ ဆုတောင်းရမှာပဲ၊ ကဲ ဒီလိုအရေးတော်က ရုတ်တရက် ပေါ်လာမှ ကျွန်တော်တို့ စီစဉ်ထားကြတဲ့ကိစ္စကို ဘယ်လိုလုပ်ကြမလဲ ကိုဖေငယ်"

"ကိုရင်တုတ်ရေ ကျုပ်တော့ ပူထူနေပါပြီ၊ မနက်လင်းလို့ ချိန်းဆိုတဲ့အချိန်ကျလျှင် ခင်ခင်ကြီးကို ဘယ်လိုသွားပြောရမလဲ၊ မျက်ရည်တွေဝဲနေမည့် သူ့မျက်နှာကလေးကိုသာ ကျွန်တော့မှာ မြင်နေပြီ"

"အကြံကြီးကြံလိုက်တာ ဟန်မယ်လို့လုပ်ကာမှ ခွကျအောင် ဖန်တီးလာတော့ သူ့ခမျာ ကလေးပဲ ကုသိုလ်ကံ အင်မတန် နည်းလေရော့လားလို့ သနားမိတယ် ကိုဖေငယ်ရယ်"

"ကျုပ်တို့ဘက်က အင်မတန် အရေးကြီးနေတဲ့အချိန်အခါမှာမှ ရွှေနန်းရှင်ဘုရားဟာ ကောက်ကာငင်ကာ ယခုလို ဖြစ်တော်မူရတာ နစ်နာလှတယ်၊ ဒီကိစ္စကို ယနေ့အဖို့ ကျုပ်တို့ချည်း အပြီးအစီး ဆက်လက် ဆောင်ရွက်သွားမယ်ဆိုလျှင် နန်းမတော်ဖုရားနှင့် အတိုက်အခံ အများကြီးဖြစ်ကြမှာပဲ၊ ပြီးတော့လည်း ကာယကံရှင် ဘုရင်ဇကရာဇ် မင်းတရားကိုယ်တော်တိုင် သတိတော်များ မရအောင် နာမကျန်းဖြစ်တော်မူ နေတဲ့အခါ ကျုပ်တို့ကို ကာကွယ်ဖေးမမည့် ပုဂ္ဂိုလ်မရှိပါကလား"

"ကံတရားအတိုင်း ထားလိုက်ပါတော့ ကိုဖေငယ်ရာ၊ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မူလာတဲ့အခါတော့မှ ဒီကိစ္စကို ဆက်လက်ဆောင်ရွက်ကြသေးတာပေါ့၊ အခုတော့ အခွင့်မသာတဲ့ အချိန်မို့ ကိုယ်ရှိန်သပ်လျက် ကွန်ခြေမပျက်နေဖို့ရာက အရေးမကြီးဘူး၊ မနက်လင်းလျှင် ပေါ်တွေ၊ ယာဉ်တွေနှင့် အကြိုလာမှာကို ဖြိုးကာလိမ်းကာ အိမ်ဂက ထိုင်မျှော်နေရှာမဲ့ ကျွန်တော့်နမကလေးကို ဘယ်လိုသွားပြီး သတင်းပေးရမလဲ၊ နေ့လယ်က စုဆောင်းပြင်ဆင်ထားတဲ့ ပစ္စည်းတွေကလည်း မနည်းဘူး၊ အိမ်သူအိမ်သား တပည့်သားတွေအပေါ်မှာမှ မျက်နှာမထားရဲအောင် အရှက်တကွဲ ဖြစ်ရှာကြတော့မယ်"

"ဒီအထိတွေးပြီး ပူဆွေးမနေပါနဲ့တော့ ကိုဖေငယ်၊ ချိန်ရွယ်ပြီးထားသလို အကြောင်းမသင့် အဆင်မပြေအောင် မတော်တဆ ဖြစ်လာရတဲ့ကိစ္စကို ဘယ်လိုမှ မပြုပြင်နိုင်တော့ဘူး၊ ရွှေနန်းရှင်ဘုရားသာ နေ့ရက်မကြာခင် ကျန်းမာတော်လာဖို့ ဆုတောင်းနေရတော့မှာပဲ"

"ကိုင်း ... ဒါဖြင့်လည်း ဒီရွှေနန်းတော်ပေါ်မှာ နေရတာထက် ယခုညကပင် ခင်ခင့်ကို အကျိုးအကြောင်း သွားပြောထားလိုက်ရတာက မနက် သူမျှော်နေချိန်ကို သွားပြောရတာထက် အခံရသက်သာပါလိမ့်မယ်၊ ကျွန်တော် သွားတော့မယ်ဗျာ၊ ဒီမှာနေလို့လည်း အကြောင်းမထူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုဖေယံ သွားလိုရင်လည်း သွားပေတော့လေ၊ ကျုပ်လည်း ဒီမှာနေရတာ ရွှေနန်းရှင် အပါးတော် မဂင်ရလျှင် အပိုပါပဲ၊ ညီလေး မောင်မောင်ပြောင်းနဲ့ လက်သုံးတော်များကို အကြောင်းကြားမှာကြားပြီး အိမ်ပြန်နားလိုက်ဦးမယ်"

"ဒါနှင့် ကိုတုတ်ကို သတိပေးချင်တယ်၊ ခင်ဗျားအပေါ်မှာ အရှင်နန်းမတော်ဖုရားက အမျက် တော်များ ထားခဲ့ရင် ခင်ခင်နှင့် ပတ်သက်တဲ့ ကိစ္စသာ ဖြစ်မှာပဲ၊ အဲဒီတော့ ကိုတုတ်က ဘယ်ပုံဘယ်နည်း ရှောင်ရမယ်ဆိုတာကိုလည်း အမြဲတွေး၍ ထားပါ"

"ကျုပ်ကိုတော့ နန်းမတော်ဖုရားက အမျက်တော်ပွားမှာ မဟုတ်ပါဘူးဗျာ။ ဘာဖြစ်လို့လဲ ဆိုတော့ အလိုတော်လိုက် အကြံကိုကို ဆောင်ရွက်ပေးခဲ့တဲ့နေရာမှာ ကျုပ်ဟာ နန်းမတော်ဖုရား၏ အရင်းချာဆုံး သူလျှိုကြီးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်ဗျ'

"ဒါလောက်ပင် အထင်ကြီးသလား၊ သူလျှိုကြီးများပေမဲ့ စိတ်တော်နှင့် မတည့်လျှင် အရှင်မွေး နေ့ချင်းကြီးတဲ့လူဟာ တစ်သက်လုံး မွေးခဲ့ကြက် တစ်မနက်နှင့် ရိုက်သတ်နိုင်တဲ့ အခွင့်အာဏာ ရှိနေသေးတယ်"

"ကျုပ်အပေါ်မှာ ဘယ်သူမှ အခွင့်အာဏာ မသုံးနိုင်ဘူးမှတ်ပါ ကိုဖေယံရဲ့၊ ကျုပ် ဘာလုပ် လုပ် နန်းမတော်ဖုရားက အပြစ်မပေးနိုင်တဲ့ အတွင်းရေးတွေ ရှိပါသေးတယ်၊ ရွှေနန်းရှင် ဘုရားကလည်း ကျုပ်တစ်သက်မှာ အရှင့်လက်နက်တော်နှင့် မသေရဘူးဆိုတဲ့ ကတိတော်ပေးပြီး ဘေးမဲ့လွှတ်တော်မူ ထားတဲ့ လူပါ၊ ဒါတွေကို ပူစရာမရှိပါဘူး"

"ကောင်းပါလေရဲ့ဗျာ၊ ဒါဖြင့် အမျက်တော်ရှိသည်တိုင်အောင် လက်နက်၊ ဓားလှံနှင့် အသက်အန္တရာယ်ရမှာ စိုးရိမ်စရာ မရှိဘူးပေ့ါ"

"စိတ်ချက် စိတ်ချ ဒီတစ်သက်မှာ ကျုပ်ဟာ ဘုရင့်လက်နက်နဲ့ မသေရတဲ့လူလို့ ထစ်ထစ်ချ မှတ်ယူလိုက် ပေတော့ ကိုဖေယံရဲ့"

မောင်မောင်ယံမှာ မောင်မောင်တုတ်အတွက် စိတ်သက်သာရာ ရသွားကာ ဟုတ်ပေသား ပဲ၊ ဟုတ်ပေသားပဲ၊ ရွှေနန်းဘုရား၏ ခိုင်မာတဲ့ သစ္စာကတိတော်ကြီးက ရှိနေတယ်၊ ငါ့ သူငယ်ချင်း မိတ်ဆွေရင်းကြီးဟာ ရွှေနန်းရှင်ဘုရားတစ်သက်မှာ ဘာမျှစိုးရိမ်စရာ မလိုဘူး ဟု ပုံသေကားချပ် စွဲမှတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း ... ကိုဖေငယ် အိမ်ပြန်ပြီး ခင်ခင်ကြီးကို အကျိုးအကြောင်း ပြောပေတော့ ကျုပ်လည်း မြောက်ဒဂယ်ဆောင်မှာ ညီလေး မောင်မောင်ပြောင်း ရှိလေမလား သွားရှာ လိုက်ဦးမယ်"

"နောက်တစ်နေ့ ကိုတုတ်နဲ့ ကျုပ်နဲ့ ဘယ်မှာတွေ့ရမလဲ ရွှေနန်းတော်ထဲကို ဝင်ဦးမလား"

"လုပ်ကိုင်ကြံစည်ရာတွေကို စဉ်းစားရဦးမယ် ကိုဖေငယ်ရဲ့၊ ဒီတော့ မောင်မောင်ပြောင်းအား ရွှေနန်းတော် ကြီးအတွင်းက ရွှေနန်းရှင်ဘုရားနှင့် စပ်ဆိုသော အကြောင်းကိစ္စ အရပ် ရပ်ကို မလပ်အောင် ကြည့်ရှုစုံထောက်လို့ အကြောင်းထူးသလောက် သတင်းအမြန်ပို့ရန် မှာထားခဲ့တော့မယ်၊ နက်ဖြန် တစ်နေ့လုံး အိမ်မှာနားပြီး ညကျမှ ညဉ့်အိပ်ဖန်တော်လှည့်များ ကို ခေတ္တသွားရောက်ကြည့်ရှုတော့မည်"

"ကောင်းပါပြီ၊ ကျုပ်လည်း တစ်နေ့လုံး ဆိုသလိုပဲ ခင်ခင်ကြီးဆီမှာပဲ အချိန်ကုန်ရမှာပါ။ ညအခါရောက်မှ ခဏလျှောက်လာခဲ့တော့မယ်" ဟု နှစ်ဦးသား မှာကြားပြောဆိုကာ ခွဲခွာ ကြလေ၏။

ထိုညဉ့်အဖို့မှာ သီပေါရွှေနန်းရှင်ဘုရားလည်း သတိတော် မရတစ်ချက် ရတစ်ချက်နှင့်ပင် နံနက်အလင်း ဘက် ရောက်ခဲ့ရသည်။ နန်းမတော်ဖုရားသည် ညီမတော် ရမည်းသင်း စုဖုရားကလေး၏ အကူအညီကို ယူတော်မူကာ ခင်ဘွားသစ်၊ ခင်မကြီးစသော လူယုံတော် များနှင့် သမားတော်ကြီးများ ဆက်သသွားသော ဆေးတော်များကို ကြိုးကြိုးစားစား တိုက်ကျွေးယုယ ပြုစုတော်မူကြသဖြင့် ရုတ်တရက် ပေါ်လာသော အာဂန္တုဝေဒနာတော်မှာ ငြိမ်သက်သာလာလေသည်။ သို့ရာတွင် အဆောင်တော်တွင်း၌၏လည်းကောင်း၊ သလွန်တော် အနီးအပါးတွင်လည်းကောင်း လက်နက်၊ ဓါး၊ လှံ စသည်များနှင့် လေးလံသော အရာဝတ္ထုပစ္စည်း အသုံးအဆောင်များကို လုံးဝဖယ်ရှားထားစေပြီး ကိုယ်တော်ကိုလည်း လှုပ်ရှားလူးလွန့်မှု များ များစွာပြုတော်မမူစေရန် အချော့တော်ဆိုက၍ သက်သာစွာ ယုယ ထားကြရာ မျက်လုံးတော် တမှေးမှေးနှင့် အေးဆေးစွာ စက်ပျော်တော်မူနေသည့် အချိန်က များလာလေသည်။

ထိုနေ့တွင် နန်းမတော်ဘုရားက ညီမတော် ရမည်းသင်းစုဖုရားကလေးအား မိမိကိုယ်တော် စား မောင်တော် ရွှေနန်းရှင်ဘုရားအပါးမှ တစ်ဖဝါးမခွာ ယုယစောင့်ရှောက်မူနေရစ်ရန် မှာထားတော်မူကာ အဆောင်တော် အပြင်သို့ထွက်၍ မောင်တော် ဘုရင်မင်းမြတ်ကိုယ်စား မှူးတော်မတ်တော်ကြီးများနှင့် နိုင်ငံတော်ရေးရာများ ကို ဆွေးနွေးတိုင်ပင်တော်မူရန် ရှိသေး ကြောင်း မိန့်ကြားတော်မူပြီးလျှင် ခင်ဘွားသစ် ခင်မကြီးတို့ကိုလည်း အဆောင်တော်ထဲသို့ တိုင်တားမင်းကြီးနှင့် သားတော်ကြီးများ ဆေးတော်ဆက်လာသည်မှ တစ်ပါး မည်သူ့အားမျှ ဝင်ရောက်ခွင့်မပြုရန် ကျပ်တည်းစွာ အမိန့်တော်ပေးလျက် အပြင်သို့ ထွက်တော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မင်းတရားနှင့် အတွင်းဝန်ကြီးများ အရေးပေါ် ဆွေးနွေးညှိနှိုင်းတော်မူရာဌာနဖြစ် သော အတွင်းရွှေဆောင်တော်မှာ ယနေ့အဖို့ အချို့သော လွှတ်တော်ဝန်ကြီးများ၊ ဖြတိုက် သံတော်ဆင့်များသည် နန်းမတော်ဘုရား အပါးတော်တွင် စုံစုံညီညီ ခစားမိကြလျက် ရွှေသေတ္တာအတွင်းမှ ပြည်သူတို့ရေးသား ဆက်သ တိုင်ကြားကြသည့် အလွှာတော်စာများကို လက်ခံ ဖတ်လျှောက်ကြရသည်။ အဆောင်တော်တံခါး ကို ပိတ်ထား၍ အရေးမကြီး သော မင်းမှုထမ်းများ နားထောင်ရန် ဝင်ရောက်ခြင်း မပြုရပေ။ နေ့အခါဖြစ်၍ လက်သုံး တော်များလည်း တောင်ဒေါယ်၊ မြောက်ဒေါယ်ဆောင်တို့တွင်သာ နေရလေသည်။ ရွှေနန်း ရှင်ဘုရား ညီလာခံထွက်တော်မမူသဖြင့်လည်း လက်သုံးတော်၊ ကိုယ်ရံတော်မှအစ ကွမ်းရည်တော်သား လက်ဖက်ရည်တော်သားများလည်း ဆိုင်ရာ ၎င်းကို ကွမ်းရည်တော် ဆောင်၊ လက်ဖက်ရည်တော်ဆောင် တို့၌သာ ငြိမ်သက်စွာ ရှိကြရလေ၏။

ရွှေသေတ္တာများကို မှူးတော်မတ်တော်များ ရှေ့တွင် ဖြတိုက်သံတော်ဆင့်များက သော့ချက်ကို ဖွင့်ကာ များစွာသော စာရွက်လွှာတို့ကို ထုတ်ယူဆက်သရလေ၏။ လွန်ခဲ့သော သီတင်းပတ်ကမူ ရွှေနန်းရှင်ဘုရား နှင့်အတူ နန်းမတော်ဖုရားတို့ နှစ်ပါးစုံညီ လက်ခံ ကြည့်ရှုတော်မူခဲ့သည့် စာလွှာများမှာ ပြည်သူတို့သည် မိမိတို့ တွေ့ကြုံရသော မကျေနပ်ချက်ကလေးများကို ရေးသားတိုင်ကြားကြခြင်းဖြစ်သည့် အသေးအဖွဲ့ကိစ္စ ကလေးများကို ဆိုင်ရာ မြို့ဝန်၊ အဝေးဝန်တို့ကို ပြုပြင်ပေးစေရန် အမိန့်တော်မှတ်ခဲ့သည်။ သြဇာအာဏာ ရှိသော မြို့နယ်အရာရှိအချို့၏ အပြစ်အနာများကိုလည်း တိုက်ရိုက် မတိုင်ကြားပံ့သဖြင့် ပစ်စာသဘော မျိုးနှင့် လျှောက်ထားကြသည်ကို တွေ့ရလျှင် အမှားအမှန်ကို စုံစမ်း၍ ဝေဖန် စစ်ဆေးစေသည်။ အမှုမှန်လျှင် မှန်သလို အရေးယူနိုင်ရန် အထူးအရာရှိကြီးများကို ရွေးချယ်လျက် တိကျမှန်ကန်စွာ ဆောင်ရွက်စေရန် အမိန့်တော် ပြန်သည်။

ယနေ့အဖို့မှာ ရွှေသေတ္တာအတွင်းမှ တင်လွှာတော်များ ယခင် သီတင်းတစ်ပတ်ကထက် ထူးထူးခြားခြား များပြားလှသည်တွင် အရှင်နန်းမတော်ဘုရားလည်း အရေးမကြီးသော အလွှာတော်များကို တစ်ဖက်တွင် သီးသန့်စုပုံထားစေလျက် ရွှေနန်းရှင်ဘုရား ကျန်းမာ တော်မူသောအခါမှ နှစ်ပါးညှိနှိုင်းတိုင်ပင်၍ အရေးယူတော်မူသင့်လျှင် စဉ်းစားတော်မူမည်ဟု မိန့်တော်မူပြီးလျှင် ယခုလောလောဆယ် အရေးကြီးမည် ထင်ရသော တင်လွှာတော်များ ကိုသာ ရွေးချယ်တော်မူလေသည်။

ဆရာ၊ မိဘများက လက်ခံ၍မေးနေလျှင် ကျောင်းသားကလေးများက အတိုင်အတောတ ထူသကဲ့သို့ အသေးအဖွဲ ကိစ္စကလေးမှအစ မြို့ပြပြည်ရွာ အုပ်ချုပ်သော ကိစ္စအထိ သူတို့၏ နစ်နာမှုကို တိုင်တမ်းခြင်းပြုသော တင်လွှာစာများမှာ တစ်ကြိမ်ထက်တစ်ကြိမ် သာ၍ များပြားလာသည်နှင့်အမျှ

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းတော်ကြီး၏ အတွင်းရေးရာကိစ္စများကိုလည်း ပစ်စာကြီး၊ ပစ်စာငယ်နှင့် အသွယ်သွယ် ရေးသားတင်လျှောက်ကြသော စာလွှာများမှာလည်း ၎င်း နည်းအတိုင်းပင် များပြားလာတော့သည်။

သို့ကြောင့် ရွှေနန်းတော်ကြီး အတွင်းရေးနှင့် သက်ဆိုင်ရာ တိုင်ကြားစာများကိုမူကား အရေးကြီးသော စာများဖြစ်၍ ရောက်လာသမျှ ဝန်ကြီးဝန်ထောက် အတွင်းဝန်များပါ ကြားသိစေရန် အသံတီးတိုးနှင့် ဖတ်လျှောက်ရမည်ဟု နန်းမတော်ဖုရားက အမိန့်တော် မှတ်သောကြောင့် သံတော်ဆင့်ကြီးတစ်ဦး ကိုယ်တိုင် ဖတ်လျှောက်ရလေသည်။

ရောက်ရှိလာသော လျှောက်စာတို့ကား-

ခြေတော်စုံ ဦးခိုက်လျှောက်ထားပါကြောင်းဘုရား-

"ရနောင်စားသည် ကျေးဇူးသစ္စာမဲ့သော အလုပ်များကို နေ့ညမပြတ်ကြံစည် အားထုတ် လျက် ရှိနေသဖြင့် သူ၏ မတရားမှုများကို စုံစမ်းစစ်ဆေးအရေးယူတော်မူပါရန်ဘုရား"

ဟူ၍လည်းကောင်း-

"ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားထံတော်သို့ လျှောက်တင်စာ ပို့ဆက်ခြင်းပြုပါ ကြောင်းဘုရား-

ရနောင်စား မောင်တုတ်သည် အရှင်နှစ်ပါး မြှောက်စားသူကောင်းပြုထားသည်ကို တရား သဖြင့် နေထိုင်ခြင်းမရှိ၊ တိုင်းပြည်၊ နိုင်ငံတော်တစ်ဝန်းလုံးကို သူ၏ တန်ခိုးအာဏာဖြင့် ဖုံလွှမ်းထားလျက် မတရားမှုများကို အမြောက်အမြား ကျူးလွန်နေပါကြောင်း၊ ရနောင်စား မှာ ဘုန်းတောက်လွန်းလှ၍ သူ၏ မတရားညှဉ်းပမ်းမှုများကို တုင်ကြားခြင်းမပြုပံ့ဘဲ ကြိတ်မှိတ်ခံစားနေကြရပါသည်။ အရှင်နှစ်ပါး ကယ်တော် မူပါဘုရား"

စသော တင်လွှာမျိုးများသည်လည်းကောင်း။

"စွန့်စား၍ သံတော်ဦးတင်လွှာ ဆက်သရပါကြောင်းဘုရား-

ဘုန်းတော်ကြီးမြတ်တော်မူသော ရွှေနန်းရှင်ဘုရား၏ ကျွန်ယုံတော်ကြီး ရနောင်စားသည် လက်အောက်မှ အထမ်း ကျေးကျွန်များနှင့်တကွ နိုင်ငံတော်အတွင်းရှိ သူဌေး၊ သူကြွယ်မှ အစ သူ ညှဉ်းပမ်းလိုသမျှ ပုဂ္ဂိုလ်တို့ မတရားညှဉ်းဆဲနှိပ်စက်ခံစား၍ နေရပါကြောင်း၊ မိန်းမ ကိစ္စနှင့် စပ်လျှင်လည်း မတရားသော နည်းလမ်းဖက်၍ အနိုင်အထက် နှိပ်စက်ဖျက်ဆီးခြင်း

www.burmeseclassic.com

www.burmeseclassic.com

ခံနေကြရပါကြောင်း၊ လူဆိုး သူဆိုးနှင့် ဓားပြ၊ သူခိုးတွေ မွေးထားပြီး နိုင်ငံတော် အတွင်းမှာ ပစ္စည်းဥစ္စာကြွယ်ဝသူများထံမှလည်း အဓမ္မနည်းဖြင့် တိုက်ခိုက်လုယက်ခြင်း ပြုစေပါသည်။ ဆိုင်ရာမင်းစိုးအရာရှိများထံတွင် ဓားပြလူဆိုးများအား တိုင်ကြားဖမ်းဆီးရန် အားထုတ်ကြသော်လည်း မင်းစိုးအရာရှိကြီးများမှာ ရနောင်စားတို့၏ ဂိုဏ်းဂဏ်များသာ ဖြစ်သောကြောင့် အမှုမလုပ်ပံ့သည်သာမက တိုင်တန်းသူများကိုပင် အကြောင်းအမျိုးမျိုးရှာ၍ နှိပ်စက်ကြ ပြန်ပါသည်။ နိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများမှ မခံမရပ်နိုင်လှ၍ ရွှေနားတော်ကြား လျှောက်ထားသံတော်ဦးတင်ရပါကြောင်းဘုရား"

ဟု ရေးသားထားသော လျှောက်လွှာများကတစ်မျိုး -

လျှောက်တင်ပံ့ပါကြောင်းဘုရား -

"အရှင်နစ်ပါး ယုံကြည်မြှောက်စားတော်မူထားသော ရနောင်စား မင်းသားမောင်တုတ်သည် ယုတ်မာသော အမှုများကို တစ်နေ့တခြား ပြုကျင့်မငွေ များသည်ထက် များ၍လာပါပြီ၊ မောင်တုတ်နှင့်တကွ သူ၏ အပေါင်းပါတစ်စု၏ အင်အားမှာလည်း နိုင်ငံတော်ကြီး ထက်ဝက်ခန့် ရှိလာသည်မျှမက ရွှေနန်းတော်တွင်း မှာလည်း မင်းယောကျ်ားပိုင်းမှာ မောင်တုတ်၏ သြဇာခံများ မောင်တုတ်၏ မဟုတ်မတရား ပြုလုပ်မှုများကို အားပေး အားမြှောက် ပြုနေသူများသာလျှင် ဖြစ်ကြသောကြောင့် ဤအတိုင်း ကြာရှည် ပြုကျင့်နေ နိုင်လျှင် ရွှေနန်းရှင်ဘုရား အန္တရာယ်များတော်မူပါလိမ့်မည်။ အမြန်အရေးယူ သုတ်သင် တော်မူပါဘုရား" ဟူသော အသွားမျိုးကတစ်သွယ်-

ကယ်တော်မူပါဘုရား-

ကျွန်တော်မျိုး၏ မယားကို ချောမောလှပသည်ဆို၍ ရနောင်မင်းသားကြီး အတင်းဆွဲခေါ်သိမ်းကောက်သွားခြင်း ခံရပါသည်။ နို့စို့အရွယ် ကလေးငယ်မှာ ပုခက်တွင်း၌ ဟစ်အော် ငိုကြွေးကျန်ရစ်ပါသဖြင့် ကျွန်တော်မျိုးမှာ အလုပ်အကိုင်ပျက်နှင့် အတိဒုက္ခရောက်နေရပါ သည်။ ကလေးကိုသူ၏မိခင်ထံ လိုက်ပို့ရာ အစောင့်အနေတို့က ဂိုင်းရိုက်လွှတ်ပါသည်။ ကယ်တော်မူပါဘုရား"

ဟူသော တိုင်စာမျိုးများဖြစ်လျက်-

ရနောင်မြို့စားမင်းသား မောင်တုတ်၏ ယုတ်မာ၍ သစ္စာမဲ့မှုတို့ကို တစ်ခုမကျန် သံတော်ဦး တင်ရပါတော့ မည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

အရှင်နစ်ပါး ယုံကြည်မြှောက်စား၍ မင်းသားဟူသော အဆင့်အတန်းတွင် ချီးမြှင့်ထား သဖြင့် ရနောင်စားမှာ တန်ခိုးအာဏာ လွန်စွာကြီးမားသလောက် မတရားမှုများကို ရဲရင့်စွာ လုပ်လျက်ရှိရာ နိုင်ငံတော်နှင့်တကွ မင်းစိုးအရာရှိကြီးငယ်အချို့က မောင်တုတ်ကို အားပေးအားမြှောက်ပြုကာ သူ၏ ဩဇာကို နာခံကြရပါသည်။ အဓမ္မနည်းအမျိုးမျိုးနှင့် လုယက်ရှာဖွေထားသော ပစ္စည်းဘဏ္ဍာများမှာလည်း ဘုရင့်ရွှေတိုက်တော်မျှမက ကြွယ်ဝ ချမ်းသာနေပါပြီ၊ တပည့်ကျေးကျွန်သားမယား အခြွေအရံမှာလည်း ရွှေနန်းတော်ကြီးက လူဦးရေထက်ပင် ပိုမိုနေပါသည်။ ဘုရင်းမင်းမြတ် ယုံမှတ်ချီးမြှင့်ထားသဖြင့် ဤမျှ စည်းစိမ် ချမ်းသာဩဇာတန်ခိုး လွှမ်းမိုးကြီးမားနေသည်ကို လောဘသားပီပီ တင်းတိမ်ရောင့်ရဲမှု မရှိ လေဘဲ ကျေးဇူးတော်ရှင် ရွှေနန်းရှင်ဘုရား၏ ရွှေနန်းစည်းစိမ်ကိုပင် ကျေးဇူးသစ္စာတော်ကို မထောက် ကောက်ကျစ်ယုတ်မာစွာ အလွယ်တကူ လုယူသိမ်းပိုက်နိုင်ရန် အကြံကြီး ကြံနေပါပြီဘုရား"

ကျွန်တော်မျိုးများမှာ မဟုတ်မမှန် ကြံဖန်လည်ဆယ်၍ တင်လျှောက်သခြင်း မပြုပုံပါ၊ သေချာခိုင်လုံသော အထောက်အထား သက်သေခံများနှင့်တကွ လျှောက်ထားစာ ဆက်ရ ပါမည်ဘုရား။ ရနောင်မင်းသား မောင်တုတ်သည် သူ၏ အပေါင်းပါ လူယုံဖြစ်သော လက်သုံးတော်ကြီးများ မင်းစိုးအရာရှိကြီးအချို့ပါ သွေးစည်းလျက် အတွင်း စက်လှည့် နေကြပါသည်။ ပိုင်နိုင်သလောက်သောနေ့တွင် ရွှေနန်းရှင်ဘုရားကို အလွယ်တကူနှင့် နန်းချအကျယ်ချုပ်ထား၍ ရနောင်စားက နန်းတက်ရန် အကြံအစည်ပြုနေသည်မှာ အောင်မြင်ရန် ရက်ပိုင်းမျှသာ လိုပါတော့သည်။ တောင်ဒဂယ်၊ မြောက်ဒဂယ်ဆောင်မှ လက်သုံးတော်တို့နှင့် ရွှေနန်းတော်သား အမှုထမ်းများမှာ သူ၏ ဩဇာခံ လူယုံတပည့်များသာ ဖြစ်ကုန်ပါပြီ၊ ရွှေနန်းရှင်ဘုရားအား အကျိုးတော်လိုလားယောင် နည်းအမျိုးမျိုးနှင့် သွေးဆောင်ဖြားယောင်းကာ သူ၏ လက်ခုပ်တွင်းက ရေပမာ အချိန်မရွေး လွယ်ကူစွာ နန်းမှချနိုင်ရန် လေးဘက်လေးတန်ပိုင်း၍ ကြံစည်စိုင်းပြင်းနေသည်မှာ အောင်မြင်သ လောက် ခရီးရောက်လျက် ရှိနေပါကြောင်းဘုရား။

ရနောင်စား၏ အကြံအစည်များကို အောင်မြင်စေရန် သွေးစည်းကူညီပေးနေသူများတွင် သစ္စာကတိ ထားသော ပေစုကြီးစားများကို ထုတ်ဖော်လျှောက်ထားရလျှင် တောင်သမန် လယ်စား ရွှေတိုက်စိုး မောင်ဖေက ရနောင်စား နန်းတက်လျှင် တိုင်းပြည် ထက်ဝက် ပိုင်ဆိုင်ရမည့် အိမ်ရှေ့မဟာဥပရာ ရာထူးကို ယူပါလိမ့်မည်။ ဒိုင်းဂန်သမီး မိခင်ကြီးအား ရနောင်စား၏ မိဖုရားကြီးရာထူးကို ဖြစ်စေ၊ အိမ်ရှေ့မိဖုရား ရာထူးကို ဖြစ်စေပေးရန် လျာထားခြင်း ဖြစ်ပါသည်။ ယခုအခါ ဒိုင်းမိခင်က ရွှေနန်းရှင်ဘုရားကို ရူပါရုံနှင့် အတွေ့နှင့် လှည့်စားရသော တာဂန်ကို ဆောင်ရွက်နေရပါကြောင်းဘုရား။

ရွှေတိုက်စား တောင်သမန်လယ်စားကား ရွှေတိုက်တော်မှ ဘဏ္ဍာတော် ပစ္စည်းများကို ခိုးယူထုတ် ပေးခြင်းဖြင့် ဒိုင်းဂန်သားအမိနှင့် ရနောင်စားတို့ အကြံအစည်များ ပြီးမြောက် စေခြင်းငှာ အခါမရွေး အကူအညီရလျက် ရှိပါကြောင်း ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိုက်စိုးက ဘဏ္ဍာတော်များ ခိုးယူထုတ်ပေးခြင်းကြောင့် ရနောင်စား နန်းတက်လျှင် ဒိုင်းမိခင်ကြီး မိဖုရားအဖြစ်က အသင့်ရရှိစေရန် မိဖုရားကြီးများ အစီးအနင်း အဆောင် အရွက်ဖြစ်သော ရွှေသင်းဖြူ ငွေသင်ဖြူး၊ ရွှေဖလား၊ ရွှေစထေ၊ ရွှေထွေးခံ စသည့် မင်းခမ်းမင်းနားဂင် အသုံးအဆောင်များကို ပန်းတိမ်တော်များထံ၌ အပ်နှံလုပ်ဆောင်ထားပြီး ဖြစ်ပါ သည်။ ယုံကြည်တော်မမူလျှင် သင်းတို့နေအိမ်တွင် သွားရောက် ရှာဖွေပါက အဆိုပါ ပစ္စည်းများကို ခိုင်လုံသော သက်သေခံအဖြစ် တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်းဘုရား။

ဒိုင်းဂန်မယားမှာ အိုနာကျိုးကန်း ဖြစ်နေစေကာမူ အလွန်တရာ ပရိယာယ်များသော မိန်းမပါးကြီး ဖြစ်ပါသည်။ ရွှေတိုက်စိုး တောင်သမန်လယ်စားကိုလည်း ခင်ခင်ကြီး၏ ရူပါရုံနှင့် လှည့်စားဖြားယောင်းပြီး သာပေါင်းညာစားပြုထားပါသည်။ တောင်သမန်လယ်စားက အကြောင်း ဆက်သွယ်လျက် ရနောင်စား မောင်တုတ်အား စွမ်းရည်ထက်မြက်စွာ လုပ်ကြံနိုင်ရေးကိစ္စကိုလည်း ခင်ကြီးနှင့်ပင် ဘန်းပြ၍ အားပေးအားမြှောက် ပြုကြပါသည်။

ဒိုင်းဂန်ကတော်မှာ သားသမီးမထွန်း ကားပါဘဲ သူ့မောင်၏ မယားတစ်ယောက်ယောက်က မွေးသော သမီးကို ကောက်ယူ၍ မွေးစားပြီး သမီးရင်းကဲ့သို့ အမွှန်းတင်ထားခြင်း ဖြစ်ပါသည်။ မိခင်ကြီး၏ ရူပါရုံကို ဘန်းပြ၍ မြှူဆွယ်သွေးဆောင် လိုခြင်းကြောင့်လည်း အကြံကြီးကြီးနှင့် သမီးသဖွယ် မွေးစားခြင်း ဖြစ်ပါကြောင်း၊ ရွှေတိုက်စိုးတောင်သမန်လယ်စားသည် လည်းကောင်း၊ လက်သုံးတော်ကြီး ရနောင်စား မင်းသားမောင်တုတ်သည်လည်းကောင်း ရွှေနန်းရှင်ဘုရားသည် လည်းကောင်း ဒိုင်းမိခင်ကြီး၏ ရူပါရုံပိုက်ကွန်တွင်းဂယ် သားကောင်သဖွယ် တိုးဂင်နေမိကြခြင်းမှာ ဒိုင်းဂန်ကတော်ကြီး၏ စနက်သာလျှင် ဖြစ်ပါကြောင်း၊ အချိန်မနှောင်းမီအတွင်း ဤရန်ဆူးရန်ငြောင့် များကို ရှင်းလင်းသုတ်သင်တော်မူလိုက်ပါမှ အရှင်နစ်ပါးစလုံး ဘုန်းတော်ကြီးလျက် သက်တော်ရှည်ကြမည် ဖြစ်ပါကြောင်း စေတနာကောင်းနှင့် လျှောက်ထားသံတော်ဦးတင်စာ ဆက်သပါကြောင်းဘုရား"

ငှင်းစာကို ဖတ်ကြားလျှောက်တင်ပြီးသောအချိန်တွင်ကား မှူးတော် မတ်တော်ကြီးများသည် အံ့အားသင့် ခြင်း၊ ထိတ်လန့်စိုးရိမ်ခြင်းဖြစ်သော မျက်နှာများနှင့် အချင်းချင်း မျှော်ကြည့်လိုက်မိကြ သည်။

လျှောက်တင်ပုံ့ပါသည်ဘုရား -

ဒိုင်းဂမနက်တော်သည် တူမခင်ကြီးကို သမီးအဖြစ်နှင့်မွေး၍ သွေးဆောင်ကာ ကျေးဇူးကို မထောက်မျှော်ဘဲ သစ္စာတော် ဖောက်ဖျက်နေပါပြီ၊ ခင်ကြီး၏ ရုပ်ဆင်းအင်္ဂါကို ဘန်းပြလျက် ရွှေနန်းရှင်ကို လက်ရသိမ်းပိုက် ရန် အကြံကြီးပြီး အောက်လမ်းဆေးဂါးပယောဂနည်းဘ်းမျိုးစုံကို

www.burmeseclassic.com

အသုံးပြု၍ အလိုပြည့်မည့် စခန်းအထိ ခြေလှမ်းလျက်ရှိပါသည်။ ရွှေတိုက်စိုး တောင်သမန် လယ်စားနှင့် လက်သုံးတော်ရနောင်မင်းသား မောင်တုတ်တို့မှာလည်း ဒိုင်းမိခင်ကြီးသည် ရွှေနန်းရှင်ဘုရားအား ရှုပါရုံမာယာနှင့်မှူးပြီး အမျိုးမျိုး လှည့်စား၍ ပယောဂဆေးဝါးများဖြင့် ကိုယ်စိတ်နှစ်ပါး နွမ်းညှိုးဘုန်းတန်ခိုး လျော့ညံ့လာအောင် ဖြားယောင်းသွေးဆောင်ကာ လွယ်ကူစွာ နန်းချ၍ ထီးနန်းလုယူစေမည့် မောင်တုတ်တို့၏ သူလျှိုမသာ ဖြစ်ပါသည်။ ရွှေနန်းရှင်ဘုရား အသက်အန္တရာယ်တော်ကို လုပ်ကြံခြင်းမပြုသည့်တိုင်အောင်လည်း အောက်လမ်း၊ ပယောဂ၊ အင်းအိုင်ခလဲ့ လက်ဖွဲ့ကဆေးဝါးများကြောင့် ကြာလျှင် သတိတော်လစ်ဟင်း ရူးသွပ်ခြင်းဝေဒနာ ရပါလိမ့်မည်၊ ယင်းသို့ ရွှေနန်းရှင် လူ့ဘဝ ဆုံးရှုံးမှုဖြစ်သောအခါမှ အသာတကြည် နန်းချပြီး ဒိုင်းမိခင်ကြီးက မောင်တုတ်၊ မောင်ဖေတို့ကို သူလိုရာရွေးလျက် နန်းတက်နိုင်စေရန် ဒိုင်းဂန်ကတော်၏ အစီအမံအရ နှစ်ဖက်နှစ်လမ်းမှ ကြိုးစား နေကြပါကြောင်း၊ ယင်းသို့ အကြောင်းများ ကြောင့် ရွှေနန်းရှင်နှစ်ပါးမှာ "လူယုံသတ်လျှင် သေတတ်သည်" ဆိုသော ရှေးထုံးအရ မြွေပွေးကို ခါးပိုက်တွင် ထားမိမှားသူကဲ့သို့လည်း မဖြစ်တော် မူပါရန် အမြန်အရေးယူတော်မူပါမည့်အကြောင်း ရှိခိုးလျှောက်တင်စာ ဆက်ရပါကြောင်း ဘုရား။

ဟု နောက်ဆုံးဖတ်လျှောက်ရသောစာ၏ အဓိပ္ပာယ်တို့မှာ သာလွန်ဆိုးဝါးနေတော့သည်။

"ရွှေနန်းရှင်ဘုရားမှာ မအီမသာ ရုတ်တရက် ဝေဒနာတော် ခံသည်မှာလည်း စဉ်းစားချင့်ချိန်ရန် ဖြစ်လာတော့သည်။ မအီမသာ ဖြစ်တော်မူရာတွင် ပို၍ သင်္ကာမကင်းဖွယ် လက္ခဏာမှာ တစ်ခါ တစ်ခါ ရှေ့နောက် မညီညွတ်သော အမိန့်တော်စကားများကို မိန့်ကြားခြင်း၊ နီးရာလက်နက် ဓားလှံများ ကိုင်မြှောက်၍ တစ်စုံတစ်ဦးနောက်သို့ ပြေးမည်လိုက်မည် တကဲကဲဖြစ်တတ်ခြင်းများကြောင့် ထိုအခြင်းအရာမှာ သမားတော်ကြီးများ အစီရင်ခံသကဲ့သို့ ငန်းဖျားဖောက်ခြင်း လက္ခဏာမျိုး မဟုတ်တန်ရာ၊ ပယောဂနှင့်ယှဉ်သော သွေးသားချောက်ချား လှုပ်ရှားမှုသာ ဖြစ်နိုင်စရာရှိကြောင်း အတွေးအခေါ် တညီတညွတ်တည်း ကိုက်ညီကြတော့သည်။

နန်းမတော်ဖုရားသည် တင်လျှောက်တော်ပါ အကျိုးအကြောင်းများကို ကြားသိတော်မူရသောအခါ များစွာ စိုးရိမ်ထိတ်လန့်တော်မူသွားလေသည်။ မှူးတော်မတ်တော်များ ထင်မြင်ယူဆချက်ကဲ့သို့ပင် ရွှေနန်းရှင်၏ ရုတ်တရက် ရောင်တခင်ဖြစ်ပေါ်လာသော ဝေဒနာတော်နှင့် အခြေအနေ ထူးခြားပုံ များကို စဉ်းစားတော်မူမိသည်။

မှူးတော် မတ်တော်ကြီးများသည် နန်းမတော်ဖုရား၏ မျက်နှာတော်ကို အကဲခတ်၍ မည်သို့ အမိန့် တော်မှတ်မည်ကို စောင့်စားနာခံလျက် ရှိကြသည်။ ထိုအချိန်တွင် ရေနံချောင်းမင်းကြီးနှင့် ဒိုင်းအတွင်းဂန်မင်း၏ ဖခင် ခန်းပတ်မင်းကြီးတို့သည် ရွှေလွှတ်တော်ကြီး တရားခွင်တွင် အလှည့်ကျ တရားစီရင်နေရဆဲဖြစ်၍ ဒိုင်းအတွင်းဂန် မင်းမှာလည်း ပြဲတိုက်တော်တွင် အမှုထမ်း၊ အရာထမ်း

www.burmeseclassic.com

များအား စီမံခန့်ခွဲသော တာဂန် ဂတ္တရား ဆောင်ရွက်ခိုက်ဖြစ်သည်နှင့် ရွှေသေတ္တာပါ တင်လျှာတော်များကြည့်ရှုစစ်ဆေးရာတွင် ပါဂင်ခစားခြင်း မပြုရသောကြောင့် ၄င်းတို့မှာ စပ်နွယ်သူ သားမြေးများဖြစ်ကြသူ ဒိုင်းခင်ခင်ကြီး မောင်မောင်ဖေ၊ မောင်မောင်တုတ်တို့ အမှုကိစ္စများကို အချိန်မီ ကြားသိရခြင်းမရှိဘဲ ဖြစ်နေလေသည်။

ယင်းသို့ ခန်းပတ်မင်းကြီး၊ ရေနံချောင်းမင်းကြီးနှင့် ဒိုင်းအတွင်းဂန်တို့ အပါးတော်၌ မရှိခြင်းသည် ပင်အခြားမှူးတော်မတ်တော်များမှာ အရှင်နန်းမတော်ဖုရားက အမေးတော်ရှိရာကို လွတ်လပ်စွာ လျှောက်တင်နိုင်ခွင့် ရနိုင်သကဲ့သို့ ရှိလေသည်။ ရနောင်မြို့စား မင်းသား မောင်မောင်တုတ်တို့၏ အရှုပ်တော်ပုံများ၊ မဟုတ်မတရား အဓမ္မပြုကျင့်မှုများကို မနှစ်မြို့ဘဲ ရွှေနန်းရှင်နှစ်ပါး၏ ချစ်ခင်မြှောက်စားတော်မူထားသော မျက်နှာတော်ကိုငဲ့ကာ မလျှောက်တင်သာအောင် ရှိလာခဲ့သော မှူးတော်မတ်တော်ကြီးအချို့မှာ မှန်ရာကို လျှောက်တင်ရန် အခွင့်ကောင်းကြုံခဲ့ပြီဟု မေးတော် မူမည်ကိုသာ ငံ့လင့်ကာနေကြလေသည်။

နန်းမတော်ဖုရားမှာလည်း လက်သုံးတော်ကြီး ရနောင်စားနှင့် ခင်ခင်ကြီးတို့ သစ္စာဖျက်ကြသည်ဟု အမျက်တော်ရှလေပြီ။

"ဒီတင်လျှာတော်များမှာ အလွန်တရာပင် အရေးကြီးလှသည် မှူးတော်မတ်တော်ကြီးများ၊ ယခင် တစ်ကြိမ် ရွှေသေတ္တာတော် ဖွင့်စဉ်ကလည်း မောင်တုတ်၏ ဆိုးသွမ်းညစ်ပတ်မှုများကို တင်လျှာတော်များ ရခဲ့ဖူးသည်။ သို့ရာတွင် ရွှေနန်းရှင် မောင်မောင်ဘုရား၏ အိမ်တော်ပါ ကျေးကျွန်ရင်းချာများ ဖြစ်တာတစ်ကြောင်း၊ နောက်နောင်အခါက ကျွန်ကောင်းပီသစွာ အရာအကျိုးတော်ဆောင်ခဲ့ဖူးသည်ကတစ်ကြောင်း၊ အရှင်ဘုန်းကြီး ကျွန်ဓားပြီးဆိုသလို မင်းပျိုမင်းလွင် အရွယ်တွေဆိုသည်မှာ မော်မော်မောက်မောက်နှင့် မာနဂုဏ် ရောက်လေ့ရှိတဲ့ မှားယွင်းမှုကလေးများ ပြုမှားမိမြဲ ဓမ္မတာပေလို့ ယူဆတော်မူကာ သက်ညှာစွာ အပြစ်လွှတ်တော် မူခဲ့မိဖူးသည်။

ယခုကဲ့သို့ တစ်ကြိမ်က နှစ်ကြိမ် သုံးကြိမ် ရွှေနားတော်ကြား လျှောက်ထားကြသည်ကို အရေးမယူပါလျှင် ကျောသားရင်သား ခွဲခြားရာရောက်တော့မည်။ သို့အတွက် နိုင်ငံတော်သူ နိုင်ငံတော်သားတို့အပေါ်တွင် တရားမဲ့ ပြုကျင့်မှုများကို အထောက် အထားခိုင်လုံစွာနှင့် သိရှိရန် အမြန်စုံစမ်းသင့်ပြီ မဟုတ်လား"

ဟု နန်းမတော်ဘုရားက အမိန့်တော်ရှိရာ မှူးတော်မတ်တော်ကြီးများက ရနောင်မင်းသား မောင်တုတ် အကြောင်းကို ကြားသိနေရသည်မှာ အတန်ကြာပြီဖြစ်ကြောင်း၊ ရွှေလွှတ်တော်ကြီးသို့ ထိထိရောက်ရောက် လျှောက်ထားတိုင်ကြား စွဲဆိုမှုများ မရသဖြင့် ကြားသိလျက်နှင့်ပင် အမှုမှန် မမှန် စစ်ဆေး ဆုံးဖြတ်ရန် အခါအခွင့် မပေါ်ပေါက်ဖူးသေးကြောင်း၊ ယခုကိစ္စမှာ နိုင်ငံတော်အတွင်း ဆိုးသွမ်း

www.burmeseclassic.com

www.burmeseclassic.com

မှုပြုနေသည့် အရေးထက်များ ယခုလက်ငင်း ရွှေနန်းတော်အတွင်းရေးကိစ္စများကို ရှုပ်ရှုပ် ထွေးထွေး ခြယ်လှယ်နေကြသော ထိတ်လန့်ကြောက်မက်ဖွယ် ဘေးအန္တရာယ်ကို အရေးတကြီး ကာကွယ် ထိုက်ကြောင်း၊ စုပေါင်း လျှောက်တင်ကြလေသည်။

"ကောင်းပါပြီ၊ ဒီကိစ္စကို လွှတ်တော်ဝန်ကြီးများသို့ အထူးအခွင့် တာဝန်လွှဲအပ်ပေးတော်မူပါမည်၊ ရွှေနန်းရှင် မောင်တော်မှာလည်း တင်လျှာတော်စာများအတိုင်း စိုးရိမ်ဖွယ် လက္ခဏာများ တွေ့ရှိနေရခြင်းကြောင့် ဒိုင်းမိခင်နှင့် မောင်တုတ်တို့ မကောင်းကြံစည်မှုမှာ ဟုတ်တန်ရာသည်ဟု ယူမှတ်ရန်ရှိနေပြန်သည်၊ ရွှေနန်းတော် အရှေ့ပိုင်းတွင် မောင်တုတ်တို့ ခြယ်လှယ်ဖန်တီးချင်သလို အရေးပါအရာရောက်နေသည်မှာလည်း ရိပ်မိတော်မူခဲ့သည်မှာ ကာလအတန်ကြာခဲ့ပါပြီ၊ ယမန်နေ့ညဉ့်အခါကမှ တောင်ဘက် ပန်းခုံတော် ခပ်အေးအေးနှင့် အရေးမယူဘဲ နေလိုက်လျှင် အင်မတန်အနိမ်အနင်း ခက်လို့နေတော့မယ်၊ ရှင်ဘုရင်က ကိုယ်လုပ်မောင်းမငယ်တစ်ယောက် ထားမိတဲ့ ကိစ္စကိုနန်းမတော်ဖုရားက မကြည်ဖြူတဲ့အတွက် နိုပ်စက်ညှဉ်းပန်းရာဇဂတ်အပြစ်ဒဏ်နှင့် ဖမ်းတယ်လို့ သာမညအားဖြင့် ပေါ့ပေါ့ဆတွေးလျှင် ရယ်သွမ်းသွေးဖွယ် သေးငယ်တဲ့ကိစ္စကလေးကို အရေးတကြီးပြုလုပ်သကဲ့သို့ ထင်မှတ်ကြမည်ဖြစ်သော်လည်း ယခုကိစ္စက ရွှေနန်းစည်းစိမ်တော်ကို လုယက်ရန်အကြံနှင့် ယှဉ်တွဲနေခြင်းမှာ စိုးရိမ်ဖွယ်ရာ ဖြစ်တော့သည်။

သို့အတွက် မောင်တုတ်၊ မောင်ဖေငယ်၊ ဒိုင်းခင်ခင်ကြီး သားအမိ တစ်စုကို အရေးတကြီး လက်ဦးနှင့်အောင် ဖမ်းဆီးလိုက်ပြီးမှ တင်လျှာတော်စာများအရ မှန်မမှန် သက်သေခံ အထင်အရှားရမိရန် ရှာဖွေထောက်လှမ်း စူးစမ်းရမည်" ဟု အမိန့်တော် မှတ်လေသည်။ မှူးတော် မတ်တော်များကလည်း အမှုသွား မှန်စေခြင်းငှာ"

"အမိန့်တော်အတိုင်း ရနှောင်စားတို့ကို ဖမ်းဆီးစစ်ဆေးရန်ကိစ္စကို ရွှေလွှတ်တော်ကြီး အမိန့်နှင့် တာဝန်အရ ဖမ်းဆီးစစ်ဆေးပါမည်ဘုရား၊ သို့ရာတွင် ရနှောင်စား၏ အင်အားမှာ မသေးလှသဖြင့် ပေါ့ပေါ့ဆဆပြု၍ ဖြစ်မည်မထင်ပါ၊ သူတို့၏ ဘက်တော်သား သူလျှိုများ၏ နားစွန်နားဖျား မကြားမသိရမီ ယခုချက်ချင်းပင် ဌာနအသီးသီးခွဲ၍ ရဲဘက်တော် စစ်ပိုလ်စစ်ကဲများနှင့် ဘွားခနဲ ဝိုင်းဝန်းဖမ်းဆီးမှသာ လက်တွင်းသို့ ချောချောမောမော ရမိပါလိမ့်မည်။

မောင်တုတ်၏ လက်အောက်ခံ ကိုယ်ရံတော် လက်သုံးတော်သားများနှင့်တကွ လက်သုံးတော်ကြီး အချို့ကိုပါ တစ်ပြိုင်တည်း ဖမ်းဆီးချုပ်နှောင်ထားလိုက်လျှင် အင်အားပျော့ညံ့သွားသဖြင့် အမှုသွားအမှန်ကို

အစစ်အဆေး သက်သေခံပုံ့သူများ ထွက်ပေါ်လာပုံ့လာပါမည်ဘုရား" ဟုလျှောက်ထား ကြရာ-

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ၊ ဒီကိစ္စမှာ ရွှေလွှတ်တော်ဂန်ကြီးတို့ တရားနည်းလမ်း ရှိသလောက် မညှာမထောက် ဆောင်ရွက်နိုင်ကြစေရန် မောင်တုတ်၏ အဆွယ်အပွား ဘက်တော်သားမှန်သမျှ ဖမ်းဆီးနိုင်ခွင့် ရှိကြပေတယ်၊ စစ်ဆေးမေးမြန်းပြီးလျှင် အပြစ်မကြီးသော နောက်လိုက်များကို လွှတ်ငြိမ်းခွင့်ပေး၊ အပြစ်ကြီးလေးကလည်း ရာထူးစည်းစိမ်ကိုသာ ရုပ်သိမ်းလျက် အသက်ကို ချမ်းသာပေးကြပါမည်၊ ရှေ့ဆောင်ခေါင်းဆောင်တည်သူတို့ကိုမူ အပြစ်အလျောက် ရာဇဝတ်သင့်စေရမည် " ဟု နန်းမတော်ဖုရား အမိန့်တော်ရှိသည်။

ဂန်ကြီးများလည်း တရားသဖြင့် ဖြစ်စေရန် အမိန့်တော်ခံယူလျက် ကျေးဇူးသစ္စာတော် ဖောက်ဖျက် စော်ကားသူ အပေါင်းပါတို့ကို ရုတ်တရက် ဖမ်းဆီးချုပ်နှောင်ထားပြီးမှ အမှုသွားမှန် မမှန် သက်သေခံ အထောက်အထားရှိမရှိ စစ်ဆေးမေးမြန်း ထွက်ဆိုချက်များကိုလည်း အရှင်နန်းမတော်ဘုရားထံ လျှောက်ထားအစီရင်ခံပြီးမှ အမိန့်တော်ချမှတ်ချက်ကို နာယူ၍ ညှိနှိုင်း ဆုံးဖြတ်မည်ဖြစ်ပါကြောင်းနှင့် တာဂန်ခံ လျှောက်တင်ကြလျက် ရုတ်တရက် လျှို့ဝှက်ထားသော အမိန့်တော် ထုတ်ပြန်ရန် လွှတ်တော်ကြီး သို့ ပြန်ကြလေ၏။

နန်းမတော်ဘုရားလည်း၊ သံတော်ဆင့်ကြီးများ၊ ပြတိုက်သံတော်ဆင့်များအား တိုင်ပင် ဆွေးနွေးတော်မူရာ ရွှေဆောင်တော်အတွင်းမှ ရုတ်တရက် ထွက်ခွာသွားလျှင် အပြင်အပသို့ မတော်တဆ အချိန်မီ သတင်းပေါက်ကြားနိုင်မည်ဖြစ်သောကြောင့် ကျန်ရှိသော တင်လျှာတော် များကို ဆက်လက်ဖတ်ကြား ဆွေးနွေးတော်မူလျက် ရှိလေ၏။

အခန်း(၃၆)ဆက်ရန်

အခန်း (၃၆)

လက်သုံးတော်ကြီး ရနောင်မြို့စားမင်း မောင်မောင်တုတ်သည် ရွှေနန်းရှင်ဘုရား ရုတ်တရက် ရှောင်တခင် ကျန်းခန့်တော်မမူခြင်းနှင့် ဆောင်တော်တွင်း သို့ပင် ဝင်ရောက်ဖူးမြင်ခွင့် မရခဲ့ခြင်းများကို လည်း ကောင်း၊ ခင်ခင်ကြီးအတွက် အကြံအစည် ပျက်ခဲ့ရခြင်းကို လည်းကောင်း စဉ်းစားမိတိုင်း စိတ်ထိခိုက် လှုပ်ရှား၍ ထိုနေ့တစ်နေ့လုံး မိမိအိမ်တော်ကြီးတွင် ဇနီးကြင်ယာတို့ကိုမျှ အပါးသို့ မကပ်လာစေရဘဲ တစ်တည်း အကြံအစည် နည်းသစ်လမ်းစ ရှာဖွေကာ အချိန်ဖြုန်းနေခဲ့လေသည်။

စီးတော်မြင်းဂန်၊ ရွှေတိုက်စိုး၊ တောင်သမန်လယ်စား ညဥ့်ဦးကပင် အကြောင်းအကျိုး သတင်းဆိုး တို့ကို လာရောက်ပြောကြားပြီး နောက်တစ်နေ့တွင် ရွှေနန်းတော်သို့ ခစားရန် မဝင်သေးလို သဖြင်

www.burmeseclassic.com

www.burmeseclassic.com

အနားယူ နေလေသည်။ လမ်းစရှာနေသလောက် မောင်မောင်ငယ်မှာ စိတ်ကူးခရီးမရောက် နိုင်အောင် ဖြစ်တော့ သည်။

ဒိုင်းဂန်ကတော်ကြီးသည် အလယ်ခန်းမကြီးတွင် အစုလိုက်အပုံလိုက အသင့်ပြင်ထားသော ယမန် နေ့က ပစ္စည်းအသုံးအဆောင်များကိုကြည့်ရင်း သက်ပြင်းချလျက်ရှိနေသည်။

"မောင်မောင်ရေ........ဒီပစ္စည်းတွေကို ဒီလိုပဲ စုပုံလျက်ထားတော့မလား၊ လူသူလေးပါးမြင်လို့မေး

လျှင်ဘယ်လိုအဖြေပေးရမည်မသိ၊ ရက်စရာကောင်းလှပါဘိတယ်"ဟု ပြောမိလေသည်။

"မေဖုရားက ဒီစကားမျိုး မိန့်တော်မူမှဖြင့် ခင်အကြီးကသာလို့ဆွေးပါတော့မည်။ မောင်တို့လည်း အကြံအစည် ပြုလျက်မို့ အချိန်နည်းနည်းသည်းခံစောင့်စားဖို့ တောင်းပန်စကား ပြောပါရစေ မေဘုရား ရယ်၊ ရက်ရာဇာ အခါရွေးပြီးပြင်ဆင်ချိန်းဆိုထားပြီး ဖြစ်သည်ကိုလည်း သိတော်မူသည့် အတိုင်းပါ ကံမကောင်း ချင်သေးလို့ ဒီအချိန်အခါကိုမှ ရွှေးချယ်တိုက်ဆိုက်လျက် ရုတ်တရက် ရွှေနန်းရှင်ဘုရား နာမကျန်း ဖြစ်တော်မူရပါသည်။ မကြာမီ ကျန်းမာတော်မူလာလျှင် ဆက်လက် ရွက်ဆောင်ကြရန်သာ ဖြစ်ပါတယ်" ယင်းသို့ မောင်မောင်ငယ်က နှစ်သိမ့်စေသော်လည်း ဒိုင်းအ တွင်းဂင်ကတော်ကြီးမှာ စိတ်လက် မချမ်းသာလှသော မျက်နှာနှင့် ဖက်ဖြူချောဆေးပေါ့လိပ်ကြီးကို သောက်လျက် တစ်ချက် တစ်ချက်မှာလည်း ရွှေနန်းရှင်ဘုရား မကြာခင် ကျန်းမာလာတော်မူပါရန် ဘုရားစင်ဘက်သို့ လက်အုပ် ချီကာ ဆုတောင်းပတ္တနာပြု၍သာ နေတတ်တော့သည်။

မျှော်လင့်ကိုးစားခြင်း အားရဂမ်းသာဖြစ်လာခဲ့ပြီးမှ ညဦးကလာရောက်ပြောကြားသော မောင်မောင်ငယ်၏ သတင်းစကားကိုကြားသိရသည့်အချိန်က အစပြု၍မျှော်လင့်ချက် ပျက်ဆုံး ရသောကြောင့် ချုံးချုံးချ လူပါန်းပြီး ယနေ့တစ်နေ့လုံး အိပ်ရာထက်တွင် စောင်းလျက်တခွေခွေငို မျက်ရည်မစဲ ဖြစ်နေရသမှာ ဒိုင်းခင်ခင်ကြီးသာ ဖြစ်လေသည်။

သနားတော်မူထားသော ရွှေချူလုံး၊ ရွှေနောင်ဇကုံးတို့မှအစ အိုးပုတ်ချိုးရုပ်ကလေးများပါ မကျန် ယမန်နေ့က ရွှေနန်းတော်ပေါ်သို့ ပြောင်းရွှေ့နေမည်ဟူသော ရွှေနန်းရှင်ဘုရား အမိန့် တော်အရ မောင်မောင်တုတ်နှင့် မောင်မောင်ငယ်တို့ စီမံသမျှကို နှစ်လိုဂမ်းသာစွာနှင့် ပြင်ဆင်ထုပ်ပိုးထားကာ နံနက်ဖန် အကြိုတော် ဂေါယာဥ်များ ဆိုက်ရောက်လျှင် ပျော်ရွှင်စွာလိုက် ပါရတော့မည်ဟု မျှော်လင့်ခြင်း ကြီးစွာ ထားခဲ့ပြီး အကြောင်းမညီ ကပ်ခါသီခါပျက်ရချက်နာပြီးလျှင် မိမိချစ်ကြည့်မြတ်နိုး အားကိုး အားထား ပြုရာ ပုဂ္ဂိုလ်ဖြစ်သော ရွှေနန်းရှင်ဘုရားမှာ ရုတ်တရက် ဂေဒနာတော်ခံ၍ မကျန်းမမာ ဖြစ်တော် မူရခြင်းအတွက်လည်း ပူပင်စိတ်နှင့် တထိတ်ထိတ် စိုးရိမ် ကြည့်ကြ ဖြစ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမထင် အပြေးကလေးဝင်၍ ခြေရင်းတော်တွင် နှိုယ်နယ်ပြုစု တယုတယ လုပ်ချင် လှသော်လည်း ဖြစ်ရပုံက အဆင်မပြေနိုင်သဖြင့် မကြံနိုင် လက်မှိုင်ချလျက် မျက်ရည်စက်ကိုအ ဖော်ပြုကာ ကျန်းမာ တော် မူစေကြောင်းနှင့် ဆုတောင်းရင်း ငိုယိုပူဆွေးနေရာ တစ်ခါတစ်ခါ မောင်မောင်ငယ် အနီးသို့ ရောက်လာပြီး "ခင်အကြီးရယ် မငိုပါနှင့်ကွယ်၊ ရွှေနန်းရှင်ဘုရား မကြခင် ဝေဒနာတော် ကင်းစင်သွားပါစေလို့သာ ဆုတောင်းပါ၊ မည်သူမှ ဖျက်ဆီးလို့ ပျက်စီးရတဲ့ကိစ္စ မဟုတ်ပါဘူး၊ ကျန်းမာတော်မူလျှင် အမိန့်တော် ဝင်ခံပြီး မြန်မြန်ကြီး ခင့်ကို လိုက်၍ ပို့ပါမည်" ဟု အားပေးစကား ပြောကြားလာသည်တိုင်အောင် -

"အစ်ကိုရယ် မငိုဘဲ နေချင်တယ်၊ ခင်ကြီးရဲ့ ကုသိုလ်ကံကိုက အင်မတန်ဆိုးတယ် ထင်ပါရဲ့၊ ငိုရမဲ့ရတဲ့ အနောက် အယုက်တွေဟာ မကြာမကြာ ပေါ်လာပါတော့သည်၊ အဆောင် တော်နှင့်ထားတဲ့ မိဖုရား ဘဂကိုလည်း မမုန်းချင်ပါဘူး၊ ရွှေနန်းရှင်ဘုရားကို အားပါတရ အမြဲတမ်း ဖူးမြင်နေရလျှင် ခင်ကြီး စိတ်ပျော် ပါပြီ၊ ခုတော့ အပါးတော်ကိုလည်း မကပ်ရ၊ အရှင်နန်းမတော်ဖုရာ ကလည်း အမျက်တော်ရှ၊ အစ်ကိုတို့ ကိုလည်း ခင်သနားလှပါပြီ"ဟု ပြောကာ ငိုကြောကို ဆွလိုက် သလို ဟစ်၍သာ ငိုပစ်တတ်သဖြင့် မောင်မောင်ငယ်မှာကြာသော် ခပ်ရှောင်ရှောင်လုပ်နေ လိုက်ရတော့သည်။

နေတစ်ချက်တီး ကျော်လောက်ရှိလျှင် ဒိုင်းအတွင်းဝန်မင်းမှာ မြို့တိုက်တော်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာလေရာ မျက်နှာမသာမယာနှင့် ရှိနေကြသော အိမ်သူအိမ်သားများကို မြင်လျှင်-

"ဟင်.......ခင်ကြီးတို့အမေနဲ့ မောင်မောင်တို့ ဘာဖြစ်နေကြသလဲဟူသော အမေးကိုစ တင်၍ မေးလိုက်လျှင် ဝန်ကတော်ကြီးက ထူးထူးထွေထွေ အဖြေမပေးတော့ဘဲ "ကျွန်မတို့လည်း ရွှေနန်းရှင်ဘုရား ရုတ်တရက် နာမကျန်းဖြစ်တော်မူသည်ကြား၍ စိတ်များမကောင်းကြပါ၊ ခင်ကြီးတို့ ဘဘ ဘယ်လိုများ သတင်းရခဲ့ပါသေးသလဲ"ဟု ညှိုးငယ်စွာပြန်၍မေးမိလေသည်။

"ကျုပ်လည်း ထူးထူးထွေထွေ မကြားခဲ့ပါဘူး၊ ယနေ့နံနက်ကမှ ရွှေနန်းရှင်ဘုရား မှာကောက်ကာငင်ကာ ရုတ်တရက် ဝေဒနာတော် ခသဖြင့် မြို့တိုက်ဆောင် ညီလာခံသို့ ထွက် တော်အခြေအနေကို သိနိုင်ရန် အခစားဝင်မည့်ကြံတော့လည်း အဆောင်တော်ထဲ ဘယ်သူမှ မဝင် ရဘူး၊ ဒိုင်းဝန်မင်း အေးအေးသာ အိမ်ပြန်ကြွပါလို့ မြို့တိုက်သံတော်ဆင့်တစ်ဦးက ပြောတာနှင့် ပြန်လာခဲ့ရပါသည့်" ဟု ကြုံကြိုက် ကြားသိခဲ့ရသမျှ ပြောပြလေ၏။

ဒိုင်းအတွင်းဝန်မင်း အထင်မှာ အရှင်နန်းမတော်ဖုရာနှင့်တကွ ရွှေနန်းတော်တစ်ခု လုံးသည် ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရား ရုတ်တရက် နာမကျန်းဖြစ်တော်မူသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်သောကဖက်၍ စိတ်လက်မချမ်းသာကြသောကြောင့်သာ မျက်စိမျက်နှာ မသာဖြစ်နေကြသည် ဟုထင်မှတ်လာခဲ့လေသည်။ အိမ်သို့ ရောက်ပြန်ပါလည်း အတွင်းဝန်ကတော်ကြီးနှင့်တကွ သားသမီးတို့ မျက်နှာမကောင်းသည်ကို တွေ့ရပြန်သည်။ သို့သော် အတွင်းဝန်ကတော်ကြီး၏ အဖြေအတိုင်း အထူအထွေ မမေးမြန်းဘဲ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူသော သတင်းစကား ကိုကြားသိကြပြီးဖြစ်၍ စိတ်လက်မကောင်းကြခြင်းသာဟု နှလုံးပြုကာ နောက်ထပ် တစ်စုံတစ်ရာမ မေးဘဲ အရှင်သခင် ဘုရာမင်းမြတ် ကပ်ရောက်သော ဝေဒနာတော်မှ သက်သာရာရစေရန် ဆိတ်ငြိမ်စွာ ဆုတောင်းမေတ္တာပို့လျက် ရှိနေလေသတည်း။

အချိန်နာရီအားဖြင့် နေ့သုံးပဟိုရ်ပြောင်း၍ သုံးမောင်းခန့်ရှိလေသည်။ ရနောင်မြို့စား မောင်မောင်တုတ်သည် သူ၏ အိမ်တော်ကြီးတွင် ပင်ကျရေနှင့် အနားယူ စည်းစိမ်ခံရင်း နန်းတွင်း ကိစ္စများ စဉ်စားကြံထုတ်နေချိန် ဖြစ်လေ၏ မြောက်ဒဂယ်ဗိုလ်၊ လက်သုံးတော်ကြီးကိုင် ရနောင်မြို့ စားမင်း မောင်မောင်တုတ်ဟူသော အမည်သတင်းနှင့် တန်ခိုးအရှိန်အဝါမှာ အလွန်တရာ ကြီးမား နေသူဖြစ်သည့်အလျောက် မင်းမူထမ်း အရာရှိကြီးငယ်များမှာလွန်စွာ လေးစားခဲ့ကြသည်တွင် အချို့သော မှူးမတ်အရာရှိများမှ မောင်မောင်တုတ် ခြေဖျားထောက်သမျှကို မနိုင်၍ သည့်ခံရသော ခွေးတရာမျိုးနှင့် မျက်စိစပါးမွေးစူးလျက်နှင့် သည်းခဲ့ကြရာ ယခုကဲ့သို့ နန်းမတော်ဖုရာက အပြစ်အ လျောက်မထောက်မညှာ ပြုပေါ်တော့ဟု အခွင့်တော်သာလျှင်ပင် ယခင်အခါများကသည့်ခံခဲ့ရသမျှ အတိုးချ၍ အခွင့်အာဏာကို သုံးပြတော့မည်ဟု အားတက်သရော ဖြစ်လာကြလေ၏။

မောင်မောင်တုတ်၏ အခြွေအရံ ဘက်တော်သားများကလည်း အင်အားတောင့်တင်းလှရုံမ ကအစစ အရာရာ သူတို့ဘက်မှ လုပ်ရည်ကြံရည် သာခဲ့တတ်သောကြောင့် ယခုကိစ္စတွင် သေချာ ဂန မိမိရရ ဖြစ်စေခြင်း ဌာ အရာရှိကြီးများနှင့် ရဲဘက်တော်တို့ လျှို့ဝှက်သိမ်သည်းစွာ စီမံခန့်ခွဲလာ ပြီးစစ်သည်တော် ဗိုလ်ပါ အများနှင့် ဘွားခနဲ အိမ်တော်ကြီးကို ဝိုင်းထားပြီးမှ မောင်မောင်ငယ်မှလည်း စိတ်ထဲတွင် လေးလေး ထိုင်းထိုင်း ရှိလှ၍ မောင်မောင်တုတ်ထံသွားပြီး ကြံစည်ဆွေးနွေးရန် စိတ်ကူးမိရာ ရွှေနန်းတော်မှာ ယနေ့ည တွေ့ဆုံကြရန် ချိန်ဆိုးထားခဲ့သည့်ကို သွား၍ သတိရမိမှ မသွားတော့ပါဘူးလေဟု ခြေလှမ်းကို ရုပ်သိမ်း ပြီး မိမိနေထိုင်လေ့ရှိသည့် အခန်းထဲ့သို့ ဝင်ခဲ့လေ သည်။

သို့နှင့် အိမ်ထဲတွင် နေရန်မှလည်း စိတ်ရင်းကပင် ရွှေနန်းရှင်အတွက် မငြိမ်မသက်လှုပ်ရှား ရင်းလေးလျက် ရှိနေသူ ဖြစ်၍ ရပ်တည်မှု မရနိုင်သောကြောင့် အိမ်ကြီး၏ တစ်ဖက်အစွန်းရှိ မန်ကျည်းပင်ရိပ် လှွမ်းထား သော မိုးရေခံကြမ်းပြင်ကို ထွက်လာသော ဂါသနာအလျောက်မွေးမြူ ထားခဲ့သော စဥ္စအင်တုံကြီးအတွင်းမှ ရွှေငါး၊ ငွေငါးကလေးများ ကြည့်ရှုရင်း အစာများကျွေးနေမိ သည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေးယခင်အခါကဆိုလျှင် ဂါသနာအလျောက် စိတ်အေးလက်အေး ပန်းမန်ယျာဉ်ကလေး များ စိုက်ပျိုးခြင်း၊ မွေးမြူထားသော ရွှေငါး၊ ငွေငါးကလေးများနှင့် စိတ်လက်ပျော်ပါးကြည်လင်စွာ နေတတ်လျက် စာပေ ရပိုက်များ ဖက်ရှုကာ ရေးတန်ရာကိုရေး မှတ်တန်ရာကိုမှတ်နှင့် အလွန်တရာ လွတ်လပ်ခဲ့သည်။

ယခုအခါ မိမိဇာတိချက်ကြွေဖြစ်သော အမရပူရ ရွှေခဲရပ်ရှိ အိမ်ဂေဟာမှာ ကျန်ရစ်ခဲ့သော ပန်းမန်ယျာဉ် ကလေးများ၊ ရွှေငါး၊ ငွေငါးများကိုမှလည်း သွား၍မကြည့်အားနိုင်၊ မိမိ အဆွေမျိုးများဖြစ်သော ရေကူ မင်းသား ကြီး၏ အနွယ်တော်များနေထိုင်ရာ ဇောမိကုန်းအရပ်သို့ လည်းလုံးဝမရောက်နိုင်ရှိခဲ့သည်။ ခင်ခင်ကြီးနှင့် အရှင်သခင် ရွှေနန်းရှင်ဘုရားတို့ ဆက်သွယ်မှုကို စွတွင် ပါဝင်မိကာမှ နေ့ညမအား ချစ်ခင် သည်ပင် မရှိခဲ့သော မိမိဖြစ်အင်ကို ဆင်ခြင်သုံး သပ် မိတော့သည်။ မိဘအရင်းကဲ့သို့ ချစ်ခင်ကြင်နာ သံယောဇဉ် နှောင်ကြိုး ခိုင်မာနေပြီဖြစ်သော ဒိုင်းဂန် မင်းနှင့် ဒိုင်းအတွင်းဂန်ကတော်ကြီးတို့ကိုလည်း အားကိုးအားထား သားယောကျ်ားမရှိရာသဖြင့် အရေးကိစ္စမှန်သမျှတို့တွင်  တိုင်တိုင်ပင်ပင်နှင့် လုပ်ကိုင် ဆောင်ရွက်ရန် တာဝန်များမှ မိမိကာသာ အခါခပ်သိမ်းဦးဆောင်ရမည့် အလှည့်ကျရောက်နေသည်ဟု အတွေး အယူ ရှိနေလေ၏။

ယင်းသို ငြိမ်သက်စွာ စဉ်းစားလျက် ရေအင်တုံထဲမှ တစ်ချက်တစ်ချက် ပွတ်လိုက်၊အစာလု လိုက်နှင့် ငုပ်ချည် ပေါ်ချည် ဖြစ်နေသော ရွှေငါးကလေးများကို စူးစိုက်ကြည့်နေစဉ် ဂင်းအပြင်ဘက် လမ်းမဆီ မှ စိုင်းလာသော မြင်းခွာသံများကို ကြားရသည်။ ခြံဝင်းကြီးရှေ့နောက်မှ ရုတ်ရုတ် ရက်ရက်လှုပ်ရှားသော လူသံ သူသံများလည်း ပေါ်လာသည်။ ထိုနောက်ငြိမ်သက်သွားပြီး  အိမ်ရှေ့ လှေခါးဆီမှ အသံပြင်းပြင်း နင်း၍ တက်လာသော ခြေသံများကို ကြားရပြီလျှင် နောက်ဖေးလှေကား မှလည်း တစ်စုတရုံတည်း တက်လာသော ခြေသံများကို ကြားရပြန်၍ အိမ်ကြမ်းပြင် လသာဆောင် မှစောင်းငဲ့ကြည့်မိရာ ပိုင်းဂန်း တက်လာ သူတို့ကား အံ့အားကြီးသင့်နေမိသည်။

ထို့နောက် သတိရ၍ မည့်သို့ဖြစ်ကြသည်ဟု သိရှိရန် အိမ်ဦးခန်းသို့ လာခဲ့ရာ အခန်းတစ် ခုသို့ ဖြတ်ကူး နေစဉ်မှပင်-

"ဟောဒီမှာ ရွှေတိုက်စိုး" ဟုပြောလျက် စစ်ကြပ်တစ်စုက ပိုင်းဖမ်းလိုက်ခြင်း ခံရသည်။

"အို......ဘယ်လိုဖြစ်ကြတာလဲ" ဟု ပြောလိုက် သည်တိုင်အောင် အဖြေကားမရ ကယောင်ကတမ်းနှင့် အိမ်ရှေ့ခန်းကြီးသို့ ရောက်ခဲ့ရသည်။ အိမ်ရှေ့ခန်းသို့ ရောက်ခဲ့သော တစ်ခဏ ၌ မကြည့်ရက် မမြင်သာ သော ရှုမြင်ကွင်းကြီးကို ရင်ဆိုင်ရသောကြောင့် မောင်မောင်ငယ်၏ မျက်လုံးများမှ ပြာနောက် မှိုင်းဝေ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ငယ်၏ မကြည့်ရက်သော ရှုမြင်ကွင်းကား ဘုရားခန်းဘက်မှ လက်တွင် စိပ်ပုတီးကြီး တန်းလန်း နှင့် ဖမ်းဆီးခေါ်ဆောင်ရာသို့ ကသီကရီ လိုက်ပါလာသော ဒိုင်းအတွင်းဝန်ကြီးကို တွေ့မြင်ရခြင်း ဖြစ်လေ သည်။ ဒိုင်းဝန်မင်းနှင့် မောင်မောင်ငယ် အခန်းလယ်သို့ ရောက်ကြ၍မှု တစ်ခဏမကြာမီ အတွင်းခန်းဆီမှ ခင်ခင်ကြီး၏ စူးစူးရှရှ ဟစ်အော်လိုက်သောအသံကို ကြား လိုက်ရသော တစ်ခဏ၌ မောင်မောင်ငယ်မှာ ဖျင်းခနဲ့ သွေးဆူလျက် ရုတ်တရက် ရုန်းထွက်လိုက် မိရာ ကျပ်တည်းစွာ ကိုင်းဖမ်းထားသော စစ်ကြပ် စစ်အမှုထမ်း များက ဆောင့်ဆွဲခံလိုက်ရမှ နောက်ပြန်ယိုင်သွားရတော့သည်။

ဤသည်နှင့် မရှေးမနှောင်းတွင် ခေါင်းရင်းခန်းမှ စစ်ကြပ်မှုထမ်းတစ်ခု ဆွဲခေါ်လာသော ဒိုင်းအတွင်းဝန် ကတော်ကြီးမှာ "ညှာညှာတာတာ ပြုကြပါ မောင်တို့ရယ်၊ ဝေဒနာသည်မို့ ဘယ်မှမ ပြေးနိုင်ပါဘူး"ဟု အသံယဲ့ယဲ့နှင့်ပြောရင်း ဒရွတ်တိုက်ပါလာသည်ကို တွေ့မြင်ရပြန်သည်။ မောင်မောင်ငယ်သည် မျက်လုံးကို လက်နှင့်ပိတ်၍ အံ့ကြိတ်နေလိုက်ရုံမှတပါး မတတ်နိုင်တော့ပေ။ "ဖယ်ကြပါ ကျွန်မဘာသာလိုက်မယ်၊ အသားကို မထိကြပါနဲ့၊ ရွှေနန်းရှင်မောင်မောင်ဘုရား၊ စစ်သားတွေ ခင်ကြီးကို လာဖမ်းနေကြပါပြီ ကယ်တော် မူလှည့်ပါဦးဘုရား" ဟူ၍ ဟစ်ဟစ်ကလေး ငိုကြွေးလိုက်သော အသံနှင့်အတူ စစ်သား စစ်ကြပ် များ ရံပိုင်းထားသော ခင်ခင်ကြီး အလယ်ခန်းကြီ သို့ရောက်လာသောအခါမူကား ဒိုင်းဝန်မင်း၊ ဒိုင်းဝန် ကတော်နှင့် မောင်မောင်ငယ်တို့မှ မိမိတို့ ခံစားရသော ဝေဒနာကို မေ့ပျောက်သွားပြီး ခင်ခင်ကြီးအတွက် အသည်း ဆတ်ခတ်ခါ နာကျင်ခြင်း ဖြစ်ကြရလေ၏။

ခင်ခင်ကြီးကလည်း ယင်းသို့နည်းတူ မိမိမိုခိုးအားထားရာ မိဘနှစ်ပါးနှင့်တကွ ချစ်လှသော အစ်ကိုတို့မှာ စစ်အရာရှိများ အလယ်တွင် ယုန်သူငယ် ပိုက်တွင်မိသလို မချိသည့် မျက်နှာနှင့် ထိတ်လန့်စွာ အဖမ်း အဆီးခံနေရရှာပုံနှင့် လှမ်းခေါ်ဟစ်အော် ပြောလိုက်ငြားလည်း ဒိုင်းဝန်က တော်ကြီး၏ စကားရ နန်းခံ တို့လူစုမှာ ခင်ခင်ကြီးအနီးအပါးသို့မျှ မသွားရ၊ မကပ်ရ စစ်မှုထမ်းတို့ က ကန့်ကျောက် မောင်းမဲ လွှတ်ခြင်းကြောင့် ကြောက်ရွံ့စွာ လက်မှိုင်းချနေရသည်။ သို့နှင့် အချိန်အနည်းငယ်အတွင်းမှာ ဂြိုလ်ဆိုး ကြမ္မာ ဝင်ရောက်လာသော မိသားဖသားတစ်စုတို့သည် ဖမ်းဆီးထားသော စစ်မှုထမ်းများအလယ်တွင် မျက်နှာငယ် နှင့် ဘယ်အပြစ် ဘယ်အမှုဟူ၍ မသိရ သဖြင့် ဒိုင်းအတွင်းဝန်မင်း ကိုယ်တိုင် မျက်နှာသိ စစ်အရာရှိ တစ်ဦးအား-

"မောင်ရယ် ဦးကြီးတော်တို့ တစ်အိမ်သားလုံး ဖမ်းဆီးထားသည့်မှာ ဘယ်လိုအပြစ်မျိုးများ ကျူးလွန်မိ လို့ပါတဲ့လဲ၊ မောင်တို့သိခဲ့ရလျှင် ကြားပရစေကွယ်"ဟု မေးမိရာ-

www.burmeseclassic.com

"ကျွန်တော်တို့မှာ လွှတ်တော်ကြီးက အမိန့်တော်နှင့် ဂတ္တရားအရ လာရောက်ဖမ်းဆီးကြခြင်းဖြစ်တယ်၊ ဘာကြောင်းနှင့် ဖမ်းဆီးရန် အမိန့်တော်နှင့် ကျွန်တော်တို့ သိဖို့ မလို၍ မသိကြပါ၊ ကျွန်တော်တို့ တာဝန် ဂတ္တရားမှ ဖမ်းဆီးရန် အမိန့်ကျလျှင် ရမိအောင် ဖမ်းပေးဖို့နှင့် ဖမ်းဆီးပြီး ရာဇဝတ်သားကို လွတ်မြောက် မသွားဖို့မျှသာ ဖြစ်ပါသည်။

ဟုသာ ပြန်ပြောသောကြောင့် သိလိုသော အကြောင်းအရင်းကို မသိရတော့ပေ၊ မောင်မောင်ငယ် စဉ်းစား မိသည်မှ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူခိုက် ဖြစ်သောကြောင့် ဘုရင်မင်းမြတ်၏ အမိန့်တော် အရ ဖမ်းဆီးခြင်း မဟုတ် အရှင်နန်းမတော်ဖုရားက မျက်တော်မူသ ဖြင့် လွှတ်တော်ဝန်ကြီးတို့မှတဆင့် ချပေးသော အမိန့်သာဖြစ်ရမည်ဟု ယုံကြည်လိုက်သည်။ ဖမ်းဆီးသည်ဆိုရာမှလည်း အပြစ် ကြီးငယ် ရှိမှသာ ဖမ်းဆီးနိုင်ခွင့်ရှိလေရာ မိမိတို့အပေါ်တွင် မတရားစွပ်စွဲသော အမှုဖြစ်ပါကလည်း လွှတ်တော်တွင် လျှောက်လဲချေပနိုင်ခွင့် ရှိသေးသည်။ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မူလာလျှင်လည်း မိမိတို့အား ပစ်၍ ထားတော် မူမည်မဟုတ်သောဟု မျှော်လင့်ချက်တစ်ခုကို လက်ကိုင်ပြုကာ ဝမ်းနည်းထိတ်လန့်လှသော အမူအရာ မျိုးကို များစွာမ ပြဘဲ ရှိနေတော့သည်။ ထို့ကြောင့်-

"ဘဘဘုရားနဲ့ မေးဖုရားတို့ရယ်၊ တရားကို နတ်စောင့်ပါတယ်၊ ဒါလောက်လည်း အားငယ်တော် မမူကြပါနဲ့၊ ဘယ်အပြစ် ဘယ်အမှုကြောင့် ဖမ်းသည်ဖြစ်စေ လမ်းဆုံးလျှင် ရွာတွေ့ဆိုတဲ့ စကားအတိုင်း ရွှေလွှတ်တော် ပေါ် ရောက်တဲ့အခါ ရှင်းလင်းချေပနိုင်ပါသေးတယ်"ဟု အားပေးလေ့ရှိသည်။

ဆို့တတ်သွားရာမှ သဘာဝအလျောက်ပင် သတိပြန်ဝင်လာသော ခင်ခင်ကြီးမှာ လူးလွန် ကာ အားယူ ထပြီး မိခင်၊ ဖခင်များကို လှမ်းကြည့်မိပြန်ရာမှ ကြောက်ရွံ့ထိတ်လန့်လှသော မျက်နှာနှင့်"မိဖုရားရဲ့ ဖခင်ကြီး တို့ကို ဘာလုပ်ဖို့ ဖမ်းကြတာလဲဘုရား၊ အစ်ကိုလည်း မကယ်နိုင်တော့ပါ ကလား၊ အစ်ကို့ ရွှေနန်းရှင် ဘုရားကို ဘယ်သူသွားပြီး သံတော်ဦးတင်ပေပါမလဲ"ဟု ရေရွတ်တသ ရင်း အတွင်းဝန် ကတော်ကြီး၏ ရင်ခွင်သို့ ပြေးဝင်ကာ ဖက်၍ငိုလိုက်မိရာ ဖမ်းထားသော စစ်မှုထမ်း များလည်း ခင်ခင်ကြီး ကို ကြမ်းတမ်းသော လက်ကြီးများဖြင့် တအားဆွဲယူ၍ လူချင်းခွဲလိုက်လေ သည်။

အကြီးအကဲ စစ်ဗိုလ်တစ်ဦး ခေါင်းဆောင်သော စစ်မှုထမ်း လေးငါးဦးမှာ မြောက်ရွှေရေး ဆောင်တော် သို့ သယ်ယူရန် အသင့်စုပုံပြင်ဆင် ထုပ်ပိုးသော ပစ္စည်းများကို တစ်ခုမကျန် လှန်လှောရှာဖွေ စစ်ဆေး လျက် ရရှိသမျှ ပစ္စည်းများကို အမျိုးအမည် ဦးရေခွဲခြားပြီး ပုရပိုက်တစ်ခု ဖြင့်တင်ပြရန် သိမ်းယူ သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် မောင်မောင်ငယ် အပါအဝင် ဒိုင်းအတွင်းဝန်မင်းတို့ မိသားစုတစ်စုတို့အား အချုပ် စခန်းသို့ ခေါ်ဆောင် သွားကြတော့သည်။ ထောင်သို့ရောက်သောအခါလည်း တစ်စုတစ်ရုံးတည်း မထားဘဲ တစ်ကိုယ် လျှင် တစ်ခန်းစီခွဲလျက် အဆက်အသွယ်မရှိ တစ်ယောက် အကြောင်းတစ် ယောက် မမြင်မသိ နိုင် အောင် အချုပ်ထောင်အခန်းချင်း အလှမ်းဝေးရာသို့ ပို့ထားခြင်းခံရလေသ တည်း။

လက်သုံးတော်ကြီး မြောက်ဒဂယ်ဗိုလ် ရနောင်မြို့စားမင်းသား မောင်မောင်တုတ်နှင့် ရွှေတိုက်စိုး ထောင်သမန်လယ်စား စာဆိုတော် မောင်မောင်ငယ်၊ ဒိုင်းခင်ခင်ကြီးနှင့် ဒိုင်းအတွင်းဝန်မ မင်း၊ ဒိုးအတွင်းဝန် ကတော်ကြီးတို့ကို ဖမ်းဆီးသောအချိန်နှင့် တစ်ပြိုင်နက် တစ်ချိန်တည်းမှာပင် ရွှေနန်းတော်ကြီးတွင် အမှုထမ်း လျက်ရှိသော လက်သုံးတော်ကိုင်များ၊ ဂင်မှူးများကိုလည်း အမိန့် တော်နှင့် ဖမ်းဆီး လိုက်လေ သည်။

ရေနံချောင်းမင်းကြီး၏သား မြောက်ဒဂယ်ဗိုလ် လက်သုံးတော်ကြီးကိုင် ရနောင်မင်းသား မောင်မောင်တုတ် နှင့် ပေါင်းအသင်းပြုကာ မတရားပြုကျင့် ဆိုးသွမ်းသူများအဖြစ်နှင့် တစ်နွယ်ငင် တစ်စင်ပါ တစ်ချိန်တစ်ခါတည်း ဖမ်းဆီးခြင်းခံရသူများမှ မောင်မောင်တုတ်၏ ညီသူရဲဝန်ကျပင်းမြို့စား၊ ပင်သား မင်းသား မောင်မောင်ပြောင်း၊ ရွှေတိုက်စိုး စီးတော်မြင်းဝန်တောင်သမန်လယ်စား မောင်မောင်ငယ် (ကိုဖေငယ်)၊ ကောင်ဟောင်ဝန် မောင်မောင်လတ်၊ ငွေခွန်ဝန်မှူး ကိုမောင်ငယ်၊ ဘုန်းတော်တိုး ဗိုလ် ကိုပေါ်ညွှန်း၊ နတ်ရှင့်ရဲတင်ဗိုလ် ကိုမှန်၊ နတ်ရှင့်လူတော်ဗိုလ် ကိုဘိုးမောင်၊ နတ်ရှင့်တိုးဗိုလ် ကိုညို၊ သံတော်ဆင့် ကိုစော၊ မြို့စားရေးကိုမြို့၊ မြို့စာရေး ကိုကံကော်၊ အသုံးစာ ရေး ကိုဖာလီ၊ ဒိုင်းစာရေး ကိုသက်ရှည်၊ ပြတိုက်သံဆင့် ကိုတုတ်၊ ပြတိုက်သံဆင့်ကိုခင်၊ ပန်းပဲစား ရေးကိုဘိုးအို စသူတို့ ခေါင်းဆောင်လျက် ၎င်းတို့နှင့် အနီးကပ်ဆုံးသော အတူနေအချို့ပါ ဖမ်းဆီးခြင်းခံရပြီး အကျဉ်ထောင် ထဲတွင် လူချင်းခွဲထားလေ၏။

ဖမ်းဆီးချင်းနောင်ခံရသူတို့အား တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးကလေးမျှ မတွေ့မ မြင်ရ၊ မိမိတို့ ဆိုင်ရာ အဆွေအမျိုးများကလည်း မလာနိုင်၊ အဆက်သွယ် ကင်းပြတ်ကာ လွှတ်တော်ကြီးမှ စီရင်ချက် တစ်ခု သာလျှင် မည်သို့သောအပြစ်နှင့် မည်သို့သော ရာဇဝတ်ပြစ်ဒဏ် ခံရမည်ဟု ပိုင်းခြား သိသာနိုင် တော့မည်ကဲ့သို့ ရှိနေလေ၏။

နောက်တစ်နေ့ ရွှေနန်းရှင်ကြီးနှင့် လွှတ်တော်ကြီးတစ်ရပ်ကွက်လုံး ရှိသမျှ မင်းခစားတို့မှာ ယမန်နေ့က မောင်မောင်တုတ်နှင့် အပေါင်းပါတစ်စုကို တစ်ပြိုင်နက် ဖမ်းဆီးလိုက်သော သတင်း များကြောင့် တုန်လှုပ် ချောက်ချား လျက် ရှိလေ၏ မောင်မောင်တုတ်တို့နှင့် အပေါင်းဝန်ဆန့်သူတို့ မှာ ကြားရသော သတင်း ကြောင့် စိတ်မချမ်းမသာ ဖြစ်ကြရလျက် ရနောင်မောင်မောင်တုတ်တို့ ကောင်းစားသည်ကို အကြောင်းမဲ့ မနာလို သူတို့သည်လည်းကောင်း၊ မောင်မောင်တုတ်တို့ လူသိုက်၏ ဖိနှိပ်ချုပ်ချယ်မှု၊ အနိုင်အထက် နှိပ်စက်မှုများကို ခံစားရဖူးသူတို့ကလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com

မတရားမှုကို မလိုလားသော်လည်း စကားနည်းရန်နည်း နှုတ်ပိတ်နေခဲ့ရသော ဖြောင့်မတ်တည်ကြည်သူ မင်းမှုထမ်းကြီးငယ်များသည်လည်း၊ မောင်မောင်တုတ်တို့ အချုပ်အမနှောင်ဖမ်းဆီးခံရပြီးဟူသော သတင်းကို ကြားရသောခါ မာန်မာနဂုဏ်ရောက်၍ ခြေဖျား ထောက် လွန်းသူများ ၏ သွားရာလမ်းဆုံးသို့ ရောက်ကြလေပြီးတကားဟု အားရကျေနပ်ကုန်ကြသည်။ ရနောင် မောင်တုတ်၏ မတရား နှိမ်စက်မှု ခံရဖူးသူများကလည်း တရားရုံးတော်မှ အစစ်အဆေး အမေးအမြန်း ရှိ လျှင် မိမိတို့ခံခဲ့ရသမျှ ကိစ္စကို အားရပါးရ သွားရောက်လျှောက်တင်မည်၊ တကဲကဲ ဖြစ်နေကြသည်။

အရှင်နှစ်ပါးက သဒ္ဒါကြည်ဖြူ မြှောက်စားသူကောင်းပြုတော်မူထား၍ မတရားပြုမှုတွေကို သိရှိသော်ငြားလည်း မှူးတော်မတ်တော်ကြီးများကပင် အရေးမယူနိုင်သလောက် ရှိခဲ့ရာ ယခုကဲ့သို့ မောင်မောင်တုတ်ကို ရုတ်တရက် ဖမ်းဆီးလိုက်ခြင်းအတွက်လည်း ရွှေနန်းတော်ကြီးတစ်ပိုက်တွင် အံ့သြခြင်း ကြီးစွာနှင့် ဖြစ်ကြလေ၏ အချို့မှလည်း သူကောင်းပြုသူ အရှင်နှစ်ပါးကပင် အမျက်တော် ဝင်လောက် အောင် ဆိုးသွမ်း၍ ဖမ်းဆီးအရေးယူခြင်း ပြုရသည်အထိ ရောင့်တက်လွန်းလှသည်ဟု ပြောကြ၍ အချို့ကလည်း မောင်မောင်တုတ်တို့သည် နေပြည်တော်တစ်ပိုက်တွင်သာမက အရှင် နှစ်ပါး စံတော်မူရာ ရွှေနန်းတော်ကြီး တစ်ခို၌ပင် ထင်သလိုပြုကျင့် သောင်းကျန်းနေကြသောကြောင့် သာ ဖြစ်ပေ လိမ့်မည်ဟု မှတ်ချက်ချကြကုန်သည်။

ထို့ကြောင့် မောင်မောင်တုတ်တို့ကို မည်သို့သော ရာဇဝတ်အပြစ်ကိုပင် ပေးသည်ဖြစ်စေ အပြစ်ကျူးလွန် ၍သာ ခံရသည်ဟု လူတိုင်းက ယုံကြည်ကြမည့်အခြေသို့ ရောက်နေသည်။ ရနောင်မြို့စား၏ မတရား ပြုမှုများမှာလည်း၊ မိမိကိုယ်ရေးကိုယ်တာအတွက်နှင့်သော်လည်းကောင်း၊ မိမိအပေါင်းအသင်း တို့ အတွက်သော် လည်းကောင်း၊ မိမိအရှင်သခင် ရွှေနန်းရှင်နှင့် အရှင်မိဖုရား ခေါင်းကြီး စုဖုရားလတ် အတွက်သော်လည်းကောင်း၊ သောင်းပြောင်းအရေးရာ အမှုကိစ္စအဖြာဖြာ တို့ကိုပြတ်ပြတ်သားသား ဆောင်ရွက် ခဲ့ပုံသဖြင့်လည်း တစ်ပြိုင်နတ်တည်း မောင်မောင်တုတ် အပေါ်၌ အပြစ်ကြီးတွေ မရေမတွက် နိုင်အောင် ရှိနေသည်ဟု ယူဆကြသည်။

မိန်းမ မှု့နှင့် ရန်ဘက် ဖြစ်ပျက်ကြဖူးသော မြို့တော်ဝန်ကလေးနှင့်တကွ အပေါင်းပါတစ်စု တို့ကလည်း မောင်မောင်တုတ် အလဲ တွင် ဖိထောင်းရန် အချက်ကောင်း စောင့်စားနေကြလေရာ မြို့ဝန်မြို့ချုပ်တို့မှာ အကျဉ်းထောင် ရာဇဝတ်ထောင်များကို စီမံအုပ်ချုပ် အကြီးအမှူးလုပ်သူများ ဖြစ်သောကြောင့် အကျဉ်းထောင် အတွင်းမှ မောင်မောင်တုတ်ကို သူတို့ လက်ခုပ်ထဲရောက်လာ သောရေပမာ သွန်လိုရာ သွန် မှောက်လို့ရာမှောက်နိုင်တော့မည်ဟု ပီတိဖြစ်လျက် ရှိကြလေသည်။

အချို့ အမြော်အမြင်နှင့် ဆင်ခြင်စဉ်းစားတတ်သူများကမူ မောင်မောင်တုတ်မှာ မည်ကဲ့သို့ ပင်အပြစ်ကြီးမား၍ ရွှေနန်းရှင်ဘုရားက အမျက်တော်ထားစေကာမူ အထွတ်အမြတ်ရောက်တော်မူ

www.burmeseclassic.com

စဉ်က "မောင့်မင်းတစ်သက် ငါ့လက်နှင့် မသေစေရ” ဟုကတိသစ္စာ ဆုတော်ပေးထားသဖြင့် ထောင်တန်းချ၊ ရာထူးမှ ရုပ်သိမ်းရုံမျှသာ၊ အပြစ်ပေးတော်မူလိမ့်မည်၊ ငယ်ကျွေးငယ်ကျွန် ဖြစ်ခဲ့ရုံမ ကအရင့်အကြိုက်ကို တုံးတိုက်တို ကျားကိုက်ကိုက် မိုက်မိုက်ကန်းကန်းဆောင်ကျဉ်းပုံ့ခဲ့ဖူးသော ကျေးဇူးတရားကလေးကို တွေးမိပြီး သနားကြင်နာတော်မူလာသည့် တစ်နေ့တွင် ယခင်ရာထူး စည်းစိမ်း ကိုပြန်လည် ချီးမြှင့်တော် မူလိမ့် မည်သာ၊ သည်အခါရောက်လျှင် အောက်ကျနိမ့်လျှော့စဉ်က အဆင်းတွန်းခဲ့သူများကို မောင်မောင် တုတ်က ကလဲ့စား ပြန်ချေနိုင်သေးသည့်အတွက် အစွန်းအကွက်မလွတ်အောင် မပြုရဲသလောက် ရှိကြပြန် လေသတည်း။

သီပေါရွှေနန်းရှင် ဘုရား၏ အပါးတော်တွင် စောင့်နေခစားလျက်ရှိသော ခင်ဘွားသစ်အမှူး ရှိသည့် အပျိုတော် သုံးလေးဦးနှင့် ညီမတော် ရမည်းသင်းစုဖုရားကလေးတို့မှာ အရှင်နန်းမတော် ဘုရား၏ အမိန့်တော် အတိုင်း ရွှေနန်းရှင်ဘုရား ငြိမ်ငြိမ်သက်သက် စက်ပျော်တော်မူသောအခါ ခြေတော်ကို အသာ အယာ ဆုပ်နယ်ခြင်း၊ ဒေါင်းမြီးယပ်လေ ခပ်နေရခြင်းနှင့် စက်တော်ရာမှ လူးလွန့်လူပ်ရှားတော်မူလာလျှင် ပြင်ဆင် ထားသော ဆေးတော်များ ဆက်ခြင်းတို့ကြောင့် နောက်တစ်နေ့မှာ အော်ငေါက် ကြိမ်းငါး တော် မူတတ်သော အမိန့်တော်များ မိန့်ကြားခြင်းမပြု ယုယစွာ ပြုစုစောင့်ရှောက်မှုကိုသာ ခံတော်မူတော့သည်။ သို့ရာတွင် မျက်တောင်တော်များလေး လျက်မှေးယှက်ထားသည်က များသောကြောင့် အပါးတော်တွင် ဘယ်သူဂင်၍ ခစားပြုစုနေသည် ကိုမျှ သတိတော်မရသေးဘဲ ရှိတော်မူလေသည်။

သမားတော်ကြီးများ လျှောက်ထားချက်အရ ဝေဒနာတော်မှ စိုးရိမ်ဖွယ်ရာ မဟုတ်သော အာဂန္တု ဝေဒနာမျှသာဖြစ်၍ နေ့ရက်မကြာမီ ကျန်းမာတော်မူပါလိမ်မည်။ စိတ်တော်ထိခိုက်လှုပ်ရှား မှုကို အခြေပြု၍ ဖြစ်တော် မူသော ဝေဒနာတော်ဖြစ်ပါ၍ သီတင်းတစ်ပတ်ခန့် ငြိမ်သတ်စွာ စံတော်မူ စေလျက် ဆေးတော် များ ဆက်နေပါက လုံးဂပကတိ ကျန်းမာတော်မူပါတော့မည်။ သို့ရာတွင် ကျန်းမာတော် မူလာသည့် တိုင်အောင် တိုင်းနိုင်ငံတော်အရေးမှ စ၍ စိတ်တော်ရှုပ်ထွေးထိခိုက်စေ မည့် အကြောင်းကိစ္စ သတင်း စကားများ ကြားသိတော်မမူစေရန် အတန်တန် စောင့်ရှောက်ထိန်း သိမ်းမှု ပြုကြစေလိုကြောင်း လျှောက်ထား သည့်နှင့် အရှင်နန်းမတော်ဖုရားနှင့်တကွ ဂန်ကြီးအတွင်း ဂန်တို့ အညီအညွတ်ညှိနှိုင်းကာ ဘမရာသန နန်းမတော်ကြီးအတွင်၌ ဂရုတစိုက်ထား၍ ရွှေနန်းရှင် ဘုရားအရိပ်အကဲခက်လျက်သာ ငြိမ်ဂပ် တိတ်ဆိတ်စွာ ခစားနေထိုင်ကြရလေ၏။

အရှင်နန်းမတော် စုဖုရားလတ်သည် မောင်တော် ရွှေနန်းရှင်ဘုရား ကျန်းမာတော်မမူမီ အတွင်း အရေး တကြီး စီမံခန့်အပ်ဖွယ် ကိစ္စများကို ဘုရင့်ကိုယ်တော်စား နိုင်ငံတော်ကို ဘုရင်မင် မြတ်နှင့်ညီတူညီမျှ အစိုးရ တော်မူသော အဂ္ဂမဟေသီ မိဖုရားခေါင်းကြီး ဖြစ်တော်မူသည့် အားလျော် စွာဂန်ကြီး၊ အတွင်းဂန် များနှင့် ရွှေဆောင်တော်တွင် ဆွေးနွေးတိုင်ပင် စီရင်ခန့်အပ်တော်မူရန် တာဂန်ကို လက်ခံတော် မူထားသည်။ နန်းမတော်ဖုရားသည် အခြားသော အမှုကိစ္စများကိုလွှတ်

www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးများနှင့် စပ်လျဉ်းသော ကိစ္စများကိုမူကား အရေးတကြီးထား၍ ကိုယ်တော်တိုင် အမိန့်ချမှတ်လျက် စစ်ဘက်ဆိုင်ရာ အမှုထမ်းများ၊ မြို့ဝန်မြို့ကွပ် များကို ဆင့်ခေါ်ကာ လျှို့ဝှက်စွာ ဖမ်းဆီး ၍ အကျဉ်းထောင်ထဲ ချုပ်ထားပြီမှ အမှုကိစ္စကို သက်သေ သက္ကာသ ခိုင်ခိုင်လုံလုံရှိစေရန်၊ အထောက်အထား စုံစမ်းကြသောအခါ ဒိုင်းအတွင်းဝန်အိမ်မှ သိမ်းဆည်း ရမိခဲ့သမျှ ရတနာရွှေငွေတို့ဖြင့်ပြီးသော ထီးသုံးနန်းသုံး မင်းခမ်းမင်းနားဂင် ပစ္စည်း အမျိုးအမည် များကို စာရင်းအင်းနှင့်တကွ ဖတ်ကြားလျှောက်တင်ကြလေ၏။

သီတင်းရက်သတ္တပတ်အတွင်း ရွှေဆောင်တော်တွင် စီရင်ဆွေးနွေးတော်မူသောအခါ၌ အသင့်ရှိနေကြသော ဂန်ကြီးအတွင်းဂန်တို့သည် မောင်မောင်တုတ်၏ ရှုပ်ခဲ့သမျှသော အမှုတို့ကိုလည်းကောင်း၊ နန်းတွင်းဂယ် အမျိုးမျိုး ခြယ်လှယ်နေခဲ့သည့်တို့ကိုလည်းကောင်း၊ ဒိုင်းအတွင်းဂန်ကတော်ကြီးက ပန်းတိမ်တော်မှာ စုဆောင်းလုပ်ဆောင်ထားသမျှ မင်သုံးမင်းဆေတောင် ပစ္စည်းတို့နှင့် အခြားသော ကိစ္စ အဂဂ တို့ကိုလည်းကောင်း၊ မောင်မောင်ငယ်နှင့် မောင်မောင်တုတ် တို့က ညအခါရောက်တိုင်း ဒိုင်းခင်ခင်ကြီးကို တောင်ဘက် ပန်းခုံတော် အုတ်တိုက်နံ့သာဆောင် သို့ လျှို့ဝှက်စွာ ပို့ရသည် တို့ကိုလည်းကောင်း၊ ရွှေနန်းတော်အရှင်ပိုင်းရှိလက်သုံးတော်၊ ကိုယ်ရံ တော်၊ အိမ်ဖန်တော်သား အမှုထမ်များကို မောင်မောတုတ်၏ အမိန့်သြဇာနာခံသူ လူရင်းများကို သာရွေးချယ်အသစ် မွမ်းမံ ပြင်ဆင်ခြင်း ကိစ္စကို မောင်မောင်တုတ်က ဦးစီးဦးဆောင်လုပ်၍ စီမံနေခဲ့သည်တို့ကိုလည်းကောင်း၊ အကြောင်း ကြောင်း အချက်ချက်တို့သည် ကွင်းကွင်းကွက်ကွက် အမှုသွားပေါ်ထွက်လာသောကြောင့် နောက်ထပ်၍ အထူးအထွေ စစ်ဆေး နေရန်မလိုတော့ဘဲ ထီးနန်းလုပ်ကြံမှု အစီအရင်များ ထင်ရှား နေပြီဖြစ်သော အမှုသွားကို နန်းမတော်ဖုရား အမိန့်တော်ခံပြီးနောက် မှုပြစ်နှင့် ထိုက်လျောက်သော ရာဇဂတ် အပြစ်ဒဏ်ကို ပေးချရန်သာ လိုတော့ကြောင်း နန်းမတော်ဖုရား၏ အလိုတော်ကို ခွင့်လျှောက် တောင်းဆိုကြ ရတော့သည်။

နန်းမတော်ဖုရားကလည်း ရနောင်မောင်တုတ်အပေါ်တွင် ကိုယ်မွေးသောမျောက် ကိုယ့်ကိုချောက်ဆိုသော ဥပမာအတိုင်း ရှိုင်းစိုင်းယုတ်ညံ့စွာ အကြံအစည် ပြုရက်လေသည်ဟု အမျက်တော်ထားသလောက် မထောက်မညှာ ကျူးလွန်လာသောသူတို့ အပြစ်အမှု ကလည်း တစ်ခုပြီးတစ်ခု ရှုမဆုံး၊မျှော်မဆုံး ဖြစ်နေ သည်ကို သိရှိတော်မူရသောအခါ-

" ကိုင်း...ကိုင်း ... ကျေးရင်းကျွန်ရင်းရယ်လို့ ကျွန်မကလည်း မညှာသာပေဘူး၊ သူတို့ ကျူးလွန်ထားတဲ့ အပြစ်က ရှင်ဘုရင်ကို နန်းချရန် အကြံကြီးကြံကြတဲ့ကိစ္စ၊ သက်သေသက္ကာယက အခိုင်အမာ တွေ့ရတဲ့ အတွက် လွှတ်တော်ကြီးက တရားနည်းလမ်းရှိသလောက် စီရင်ချက်ချလိုက်ပေတော့၊ သို့သော် တစ်ခု ကျွန်မ မှာလိုတာကတော့ တိုင်းပြည်နိုင်ငံ ပုန်ကန်မှုဆိုသည်မှာ လက်ညှိုး မကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ၊ တစ်ဦးတစ်ယောက်တည်း အပြစ်ခံရတဲ့ကိစ္စမျိုး မဟုတ်ပေဘူး၊ ဆွေမျိုးတစ်စု၏ အသက်ပါ တစ်နွယ်ငင် တစ်စင်ပါ ရာဇဂတ်ခံကြရတဲ့ ထုံးစံပါပဲ၊ သို့သော်လည်း ယခုကိစ္စမှာ သူတို့ရဲ့ နောက်လိုက်နောက်ပါအများကိုတော့ သနားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အပြစ်လွှတ်ပစ်လိုက်ကြပါ၊ ခေါင်းစီးအချို့ကိုလည်း အသက် ချမ်းသာပေးပြီး အဂေးပို့ခြင်း၊ ရာထူးစည်းစိမ် ရုတ်သိမ်းခြင်းတို့ကိုသာ ပြုပါလေ၊ လုံးဂ အပြစ်လွှတ်၍ မရမည့် မူလပင်မ ရေသောက်မြစ်ကဲ့သို့ ဖြစ်ကြသော မောင်တုတ်၊ မောင်ဖေယံ၊ မိခင်ကြီး၊ ဦးဘိုးကြီး လင်မယားနှင့် ရေနံချောင်းမင်းကြီး ကိုမောင်ကလေး၊ ခန်းပတ်မင်းကြီး တို့မှာတော့ အပြစ်ကို ပေါ့၍ ရနိုင်တော့မည် မထင်သဖြင့် ထီးနန်းလုပ်ကြံရန် ကြံစည်ကျူးလွန်သောအခါ သုံးမြဲဖြစ်တဲ့ ရွှေလွှတ်တော် ရာဇဂတ် ဖြတ်ထုံးအတိုင်း စီရင်ပါလေတော့" ဟု မိန့်တော်မူလိုက်လေသည်။

ဂန်ကြီးနှင့် အတွင်းဂန်အချို့မှာ မောင်မောင်တုတ်ကို ရာဇဂတ် အပြစ်တော်ပေးရာ၌ အသက်ဆုံးရှုံးအောင် စီရင်ပိုင်ခွင့် မရှိကြောင်း။ ရွှေနန်းရှင်ဘုရား ကတိကဂတ် ပြုတော်မူထားကြောင်း ပြန်ပြောင်းစဉ်းစားမိ၍ စီရင်ရာ၌ အခက်အခဲတွေ့ နေရပြန်သောကြောင့် ထောင်တစ်သက်လွှတ်ရက် မရှိ၊ ထောင်ထဲတွင်လည်း ကျပ်တည်း ဆင်းရဲစွာထားရန်သာ အမိန့်ချမှတ်ကြရတော့သည်

များမကြာမီ စီရင်ချက်အမိန့်တော် ထွက်လာလေ၏။

ရနောင်မြို့စား ရာထူးဘွဲ့မည်နုတ်၍ အကျဉ်းထောင်တွင် လွှတ်ရက်မရှိ ကျပ်တည်းစွာ ထားစေ၊ဂင်း၏ညီ ကျပင်းမြို့စားကိုလည်း ရာထူးဘွဲ့မည်နုတ်သိမ်း၍ ထောင်အကျဉ်းသား ထားစေ။

ဒိုင်းအတွင်းဂန် ပုဂံမြို့စား ဦးဘိုးကြီး၏အဖေ ခန်းပတ်မင်းကြီးအားလည်း ရာထူးစည်းစိမ် ရုပ်သိမ်းလျက် ထောင်အကျဉ်းသား ထားစေ။

ရေနံချောင်းမင်းကြီး ဦးမောင်ကလေးကိုလည်း ရာထူးဘွဲ့မည်နုတ်၍ အချုပ်တွင်ထားစေ။

ဒိုင်းအတွင်းဂန် ပုဂံမြို့စား အတွင်းဂန်ဦးဘိုးကြီးအား ရာထူးဘွဲ့အမည်နုတ်၍ ထောင်အကျဉ်းထားရာမှ အသက် ဆုံး စီရင်ကွပ်မျက်စေ။

ရွှေတိုက်စိုး တောင်သမန်လယ်စား မောင်ဖေယံအား မိုးကောင်းမြို့သို့ ထောင်အကျဉ်း ပို့၍ ကွပ်မျက် စေ။

ဒိုင်းအတွင်းဂန်ကတော်ကိုလည်း အကျဉ်းမှ ယူ၍ ကွပ်မျက်စေ။

ဒိုင်းမိခင်ကြီးအားလည်း အကျဉ်းမှ ကွပ်မျက်စေ။

ရွှေမြို့တော်ဂန် မြို့သာမြို့စားအား ရာထူးမှချ၍ ထောင်အကျဉ်းထားစေ။

www.burmeseclassic.com

www.burmeseclassic.com

မြစ်ကွေးမြို့စား ဂန်ထောက်၊ ပထနဂိုရ်မြို့စား ဂန်ထောက်တို့အား ရာထူးမှ နုတ်ပယ်စေ။

ဟောင်ကောင်ဂန် မောင်လပ်၊ ငွေခွန်ဂန် မောင်ငယ်၊ ဘုန်းတော်တိုး ဗိုလ် မောင်ပေါ်ညွှန့်၊ နတ်ရှင့်ရဲတင် ဗိုလ်မောင်မှန်၊ နတ်ရှင့်လူတော် ဗိုလ်မေင်တိုးမာင်၊ နတ်ရှင့်တိုး ဗိုလ်မောင်ညို၊ သံတော်ဆင့် မေင်စော၊ မြို့စာရေး မောင်မြို့၊ မြို့စာရေး မောင်ကန်တော်၊ အသုံးစာရေး မောင်ဗာလီ၊ ဒိုင်းစာရေး မောင်သက်ရှည် ပြတိုက်သံဆင့် မောင်တုတ်၊ ပြတိုက်သံဆင့် မောင်ခင်၊ ပန်းပဲစာရေး မောင်ဘိုးအို တို့ကို အရာမှနုတ်၍ မိုးကောင်းမြို့ အကျဉ်ထောင်သို့ပို့စေ။ နေပြည်တော် လေးပြည်လေးရပ်နှင့်တကွ ရွှေနန်းတော်နှင့် ဆက်သွယ်သမျှ အရာရှိ အမှုထမ်းတို့မှာ မောင်မောင်တုတ်ကို ရာဇဂတ် အပြစ်ဒဏ်ပေးခြင်းအတွက် ထူးထူး ခြားခြား အံ့သြမှုများ မရှိကြတော့ပေ။ ဘယ်သူမပြု မိမိမှု ဟုသော စကားအရသာ နစ်ဦးနစ်ဖက် အကျိုးကို ကြည့်ရှုဆင်ခြင်လျက် ငြိမ်သက်ကြောက်ရွံ့စွာ နေကြလေတော့၏။

ဒိုင်းခင်ခင်ကြီးတို့ သားသမီးတို့အတွက်မူကား သနားကြင်နာသောစိတ်နှင့် တိုးတိုးတိတ်တိတ် စုပ်သပ်ကာ စိတ်မချမ်းမသာ ဖြစ်ကြကုန်သည်။

အကျဉ်းထောင်တွင်းမှာ ဆိုင်ရာဆိုင်ရာ သီးသန့်အချုပ်ခန်းများ၌ တလိုက်လုံလုံ ကြေကွဲဂမ်းနည်းစွာနှင့် လွတ်မြောက်ရေးကို မျှော်တွေးစောင့်စားနေကြသူတို့အနက် နနယ်ငယ်ရွယ်ရှာသူ ဒိုင်းခင်ခင်ကြီးကား ဆိုးဂါးသော မိမိအပြစ်ကို ဟစ်၍ ငိုလိုက်ချင်ပါသော်လည်း အနီးအပါးမှ အစောင့်အနေများ၏ ကြိမ်းမောင်းခြောက်လှန့်ထားမှုကြောင့် စိတ်တင်း၍ အောင့်ထားရင်းမှ မျက်ရည်သွယ်သွယ်ကျလျက်သာ ရှိရှာတော့သည်။

ကယ်သူကင်းဧး ဒုက္ခဘေးကြီးဆိုက်လျက် ရှိစဉ်မှာပင် မိခင်ဖခင်တို့နှင့်လည်း တကွဲတခြားဖြစ်ကာဘယ်သူဘာဖြစ်၍နေသည်ဟု မသိရ၊မောင်မောင်ငယ်မှအစ တောင်မင်းမြောက်မင်း မကယ်နိုင်ကြသလို ကိုယ်စီကိုယ်င အကျဉ်းထောင်သို့ ကျရောက်နေကြရသည်မှာ အချိန်အခါ မည်မျှကြာလေ မည်မသိ၊ လွတ်ရက်မျှရှိပါလေဦးမည်လား၊ ရွှေနန်းရှင်ဘုရားမှာလည်း ဂေဒနာတော် မသက်သာ သေးသမျှ မိမိကို သတိရတော်မူနိုင်မည် မဟုတ်၊ မောင်မောင်တုတ်ကိုလည်း ယနေ့အထိ မတွေ့ မမြင်ရဘဲ ရှိခဲ့ သည်မှာ သူ့ခမျာပါ ဘေးအန္တရာယ် ရောက်နေရှလေပြီလားဟု တွေးတော၍ သောကပွားမိပြန်သည်။

ရွှေနန်းရှင် မောင်မောင်ဘုရား မြန်မြန်ကျန်းကျန်းမာမာရှိပြီး ခင်ကြီးကို သတိရတော်မူပါစေ၊ သတိတော်ရလို့ မေးတော်ရှိလျှင် ခင်ကြီးတို့ဒုက္ခကို သိတော်မူသွားမှ ထောင်ထဲကမြန်မြန် ထွက်ရပါ တော့မယ်၊ မြတ်စွာဘုရား ကယ်တော်မူပါဘုရားဟု မြတ်ဘုရားနှင့် နတ်သိကြားတို့အား ပန်ကြား တိုင်တည် ကာ နေရရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထောင်ချုပ်ထဲတွင် ဒုက္ခကြီးခံနေရသောအခါမှ လွန်ခဲ့ပြီးသော အချိန်ကာလတုန်းက မိသားတစ်စု ပျော်ပျော် ရွှင်ရွှင် နေထိုင်ခဲ့ကြရသည်များကို အိပ်မက်အလား စမ်းတဝါးဝါးထင်မြင် တွေးဆကာ တမ်းတ မိရှာသည်။ ရွှေနန်းရှင်ဘုရား၏ သနားချစ်ခင်မှုကို အားကိုးပြုစအခါကလည်း တစ်စုံတရာ တွေးတော ပူပန်စရာများကို နားမလည်၊ မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့က လည်းတဖက်တစ်လမ်းမှ အားပေးအားမြှောက်ပြုကြသည်နှင့် ထောင်ချောက်ကိုမမြင်၊ မြက်ခင်းပြင် စိမ်းလဲ့လဲ့စားချင်တဲ့အသာငင်၍ မဆင်မခြင် ပြေးဂင်မိသော သမင်မကလေးကဲ့သို့ ဒုက္ခနှင့် ရင်ဆိုင် တိုးမိမှ ကံဆိုးလှသော ဘဝကြောင်းကို ပြန်ပြောင်း တွေးဆ ယူကျုံးမရ ဖြစ်လေတော့သည်။

မိမိအတွက်နှင့် မိဘနှစ်ပါးမှာလည်း ဒုက္ခကြီးစွာ တွေ့ရသည်။ မိခင်ဒိုင်းဂန်းကတော်ကြီးမှာ သန်သန် စွမ်းစွမ်း မဟုတ်ရှာ၊ ကျန်းမာခြင်းကလည်း ချို့ယွင်းနေသူဖြစ်သောကြောင့် ဆင်းရဲကျပ် တည်းစွာ အချုပ် အနှောင်ကို ဘယ်မျှဒုက္ခရောက်စွာ ခံစားနေရှာလေမည်လဲဟု အသည်းကြွေမ တတ်အခံရ ကျပ်လှ တော့သည်။ နမလေးကို ကောင်းစားစေချင်ပါတယ်ဆိုကာ အနည်းနည်းအဖုံဖုံ ကြိုးပမ်းရွက်ဆောင်ခဲ့ရှသော အစ်ကိုကြီး မောင်မောင်ငယ်မှာလည်း ယခုအခါအချုပ်ခန်းထဲ၌ အကြံကြီးခဲ့သမျှ ဒုက္ခအမြတ်ပေါ်၌ နေရှာလေပြီ။ မိမိကို အကြောင်းပြု၍တစ်စုံတစ်အုံလုံး မြှုံးမသော ငါးတစ်သိုက်ကဲ့သို့ ငြိုလ်ဆိုးကြမ္မာ ဆိုက်ရလေပြီ။ ဤဒုက္ခကိုဘယ်လိုပုဂ္ဂိုလ်မျိုးမှ ကယ်နိုင် မည် မထင်၍ ရွှေနန်းရှင်ဘုရားကိုသာ အားထား မျှော်ကိုး၍ နေမိတော့မည်။

အမှတ်မထင် နေထိုင်ခဲ့ရင်း ယမန်နေ့ကမှ ရိပ်မိခဲ့ရသော မိမိဘဂ ဓမ္မတာအခြေအနေ ပြောင်းလဲ လာမှုကလည်း ဒုက္ခဘေးကြောင့် ဂမ်းနည်းပူဆွေး စိတ်မအေးဖြစ်နေစဉ် ဘူးလေးရာဖရုံ ဆင့်သလို တနင့်နင့် တဆို့ဆို့ ပျို့ကာအန်ကာ မကြာမကြာမူးဝေယိုင်လဲသွားပြီးလျှင် ရင်ထဲတွင် တလှပ်လှပ်နှင့် သွေးတဆတ်ဆတ် ခုန်၍ ကတုန်ရီ ဖြစ်နေပြန်သော်လည်း အနီးအပါးမှ ယုယုယယ ဖေးမပြုစုမည့်သူ မရှိ သဖြင့် မချိမဆန့် အားငယ်စွာနှင့်သာ နေရလေတော့သတည်း။

သို့နှင့်တစ်နေ့ဂင် တစ်နေထွက် နေ့ရက်တွေ ကုန်ခဲ့ရာ အရေးကြုံ၍ သက်လုံကောင်းနေရ ရှာသူ ခင်ခင်ကြီးမှာ အစားမမှန် အနေပြောင်းလဲ၊ ဆင်းရဲပင်ပန်းလှစွာနှင့် ပိန်ချုံးနွမ်းညှိုးလျက်က မျော်လင့်ချက် ကို လက်မလျှော့ဘဲ အံခဲ၍ စောင့်စားနေမိစဉ် တစ်နေ့သောအခါအစောင့် အာဏာ သားများ ရုတ်တရက် ပေါ်လာပြီး ခင်ခင်ကြီးကို နှင်ကြိုးတဲကာ အပြင်သို့ထုတ်လာကြလေ၏။

မိမိကို ကိစ္စပြီးမြီး သုတ်သင်ရန်ပင်ဖြစ်မည်ဟု ထင်ခဲ့သောခင်ခင်ကြီးမှာ ကြောက်ရွံ့အား ငယ်စိတ်နှင့် ဒုက္ခ ဆင်းရဲမှုများ ထုံပေနေခဲ့သဖြင့် ထိတ်လန့်ခြင်းပင်မရှိနိုင်၊ မသယ်နိုင်သောကိုယ်ကို ဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစား သယ်ယူလျက် မိမိဖြတ်သန်းလာခဲ့သော ဂဲယာအချုပ်ခန်းများကိုသာ စိတ်အား ထက်သန်စွာ လှမ်းမျှော် ကြည့်ရင်း မိဘ၊ မောင်ဘွား၊အသိအကျွမ်းများကို ရှာဖွေမိလေသည်။

သို့ရာတွင် ထောင်နှင့်အပှမ်း မိမိတွေ့လိုသူများကို အရိပ်အခြည်မျှ မတွေ့မမြင်ခဲ့ရသဖြင့် သေ၍များ ကုန်ရှာကြပြီလားဟု စဉ်းစားမိကာ ရင်ထဲတွင်ဆို့၍လာပြန်သည်။ အို....သူတို့တစ်တွေမှ မရှိလျှင် ငါအသက်ရှင် နေလို့ ထူးတော့မှာလား ဟူသော စိတ်ထားကို ပြောင်းလိုက်ရာမှ ရွှေနန်းရှင် ဘုရား မျက်နှာတော် နှင့် သွေးတော်၊သားတော်၊သန္တေတော်ဖြစ်သည့် ရင်နှစ်သည်းချာအလေး အတွက်ကွက်ခနဲ စိတ်စော လိုက်မိသောအခါ သေရမှာစိုးရွံ့၍ စိတ်တွန့်သွားပြန်လေသည်။

မသယ်နိုင်သယ်နိုင် ခြေလှမ်းနှေးမှုကြောင့် မလှမ်းတစ်ချက် လှမ်တစ်ချက်ရှိနေရာ နောက် ဆုံးတွင် ကြမ်းတမ်းစွာ ဆွဲခေါ်လာသူ အာဏာသားတို့လက်၌ ဒရွတ်တိုက်ပါခဲ့ပြီး အကျဉ်းထောင် ကြီးအပြင်သို့ ရောက်ကာမှ လှူသတ်ကုန်းသို့ ထုတ်ယူခြင်းမဟုတ်ဘဲ တရုတ်ကပ်လှည်းတစ်စီးပေါ် သို့ပွေ့ခေါ် တင်ယူ သွားခြင်း ခံရပြန်သည်။

ဘုရား....ဘုရား ဘယ်အရပ်ကိုများ ဆောင်ကြဉ်း၍ သွားမှာပါလိမ့်ဟု တစိမ့်စိမ့်ကြေညက် လန့်ရင်း လိုက်ပါ လာခဲ့ရာ အတန်ကြာလျှင် လှည်းကလေးမှာ တစ်ခုသောဂင်းခြံကြီး၏ နောက်ဖေး ပေါက်မှ မောင်းဂင် သွားပြီး တန်းလျားဆောင်ကြီး တစ်ခုအနီးတွင် ရပ်လိုသည်။

အချိန်မှ နေဂင်ဆည်းဆာဖြစ်လေရာ မည်သည့်နေရပ်ဟု အမှတ်အသားမရှိ၍ အသိနိုင်စေ ကာမူ တန်းလျားကြီး တစ်ဖက်တွင် ကကြိုးဆင်သော မြင်းများ၊မြင်းစားခွက်များ ရှိနေသောကြောင့် မင်းမှုထမ်း အရာရှိကြီး တစ်ဦး၏ မြင်းဇောင်းဖြစ်မည်ဟု သိနိုင်လေသည်။ မြင်းဇောင်းတစ်ဖက် မြင်း စာများ သိုလှောင် ရန် လုံခြုံစွာ ကာရံပိတ်ဆို့ထားသော  အခန်းငယ်တစ်ခုကိုလည်း မသဲမကွဲ တွေ့ မြင်ရသည်။

လှည်းရပ်၍ခဏကြာသော် ပါလာသော အစောင့်အရှောက်များနှင့် မြင်းဇောင်းအတွင်းမှ ထွက်လာသော သူများ တီးတိုးတီးတိုးနှင့် စကားအနည်းငယ်ပြောကြပြီး ပိတ်ထားသော မြင်းဇောင်း တံခါးကို ဖွင့်လိုက်ရာ အတွင်းမှ တုတ်တုတ်ခိုင်ခိုင် ထဘီရင်လျားနှင့် မိန်းမကြီးတစ်ဦး ရေနံချေးမီး ခွက်ကြီးကိုကိုင်လျက် ထွက်လာသည်။ အစောင့်များသည် မိန်းမကြီးအား တရုတ်ကပ်လှည်းကို လက်ညှိုးညွှန်ပြလျက် တစ်စုံတစ်ရာ စေခိုင်း သည်ကို  မီးရောင်တွင် တွေ့မြင် ရပြန်သည်။

ခင်ခင်ကြီးမှာ ဖြစ်လတံ့သော အနာဂတ်အရေးကို တွေးတောစဉ်းစားခွင့် မရနိုင်အောင် ကြောင်တောင် ငေးလျက်သာ ကြည့်နေမိရှာသည်။ မိန်းမကြမ်းကြီးလည်း မီးခွက်ကို ကိုင်မြှောက်ကာ လှည်းအနီး သို့ ရောက်ပြီး ခင်ခင်ကြီးအား လက်ကမ်းကာ ဆွဲခေါ်လျက် လှည်းပေါ်မှ ချပေး သည်း။

www.burmeseclassic.com

www.burmeseclassic.com

ပျော့ပျော့နွမ်းနွမ်းနှင့် အားအင်ကုန်ခမ်းနေသော မိန်းကလေးအား လက်ပြန်ကြိုးများတဲ ထားရုံမက ကြိုးရှည် တစ်စမှာ လှည်းရုံတိုင်တွင် ခိုင်မာစွာ ချည်နှောင်လျက် ပါလာသည်ကို တွေ့ရသောအခါ မိန်မကြီး မှာ အတော်အံ့ဩသွားပုံ လက္ခဏာ ဖြစ်ပေါ်လာလေသည်။ တရှဲရှဲမြည် နေသော မီးခွက်ကိုမြှောက်ကိုင်ပြီး မျက်နှာကို သေသေချာချာ ကြည့်ပြန်သည်။ ဆီမတွေ့ဘဲဖွာရရာ ကျဲနေသော ဆံပင်အစအနများ ဖင်းဖါသော မျက်နှာပေါ်၌ စာပေါင်းသိုက်သမျှ ရှုပ်ပွနေလျက် မျက်ရည်ပေါက်စက်စက်နှင့် တစ်ချက် တစ်ချက် ရှိုက်နေသော ခင်ခင်ကြီး၏ မျက်နှာကလေးမှာ လင်းတစ်လှည့် မှောင်တစ်ခါ အရှိန်ဂါ ညှံ့နည်း သော မီးရောင်အောက်တွင် တွေ့မြင်လိုက်ရသည် တွင်-

"ဟင်....ဒီမိန်းကလေး"ဟု ယောင်ယောင်မှားမှား စကားသံ ထွက်သွားသော မိန်းမကြီးအား အစောင့် များက စကားမပြောရန် လက်ပြပြီး အခန်းထဲလှောင်ထား ဟူသောအမှတ်အသားကိုပြကာ ပြန်သွား ကြသည်တွင် ယခင်မိန်းမကြမ်းကြီးလည်း ခင်ခင်ကြီးကို ဆွဲရင်းတွဲရင်း မြင်းဇောင်းတစ်ဖက်ရှိ အခန်းငယ် အတွင်းသို့ သွင်းခဲ့လေရာ အရုပ်ပမာ ယူငင်ပြောင်းရွှေ့ရာကို အလိုက်သင့် ပါလာရသော ခင်ခင်ကြီး လည်း မြက်ခြောက်ကောက်ရိုးများ အကြား၌ မူးမေ့ခွေပျော့သွားပြန်လေသတည်း။

ဂတ်ဖြူစင်ကြယ်များကို ဂတ်ရုံထားသည့် ဒိုင်းအတွင်းဝန်မင်းနှင့် အတွင်းဝန်ကတော်ကြီးတို့ သည် ကောက်ရိုး မြစ်ခြောက်ဖြင့်ပြီးသော ကမ္ဘလာမွေ့ရာပေါ်တွင် အားအင်ကုန်ခမ်း ညှိုးနွမ်းပျော့ခွေနေရှာသူ သမီးချစ် ခင်ခင်ကြီးကိုမြင်လျှင် ရင်မကာ မချိတင်ကဲ ကြည့်ရှုနေရာမှ တစ်ဖက်တစ် ချက်ကိုထိုင်ပြီး သမီးကို ဖေးမ ပွေ့ထူကာ ကြင်နာယုယစွာ ပြုစုကြလေလျှင် ခင်ခင်ကြီးမှာ တစ်ခဏ နှင့် သတိရ၍လာလေ၏။

"အမယ်လေး........ဘဘဘုရားနဲ့ မေမေဖုရား၊ ခင်ကြီးအဖြစ်ကို မြင်ပံ့ကြပါသေးရဲ့လား" ဟုပြောပြီး အားရ ပါးရကြီး ဖက်၍ငိုလိုက်မိသည်။

"သမီး....သမီး၊ ဘာမှအားမငယ်နဲ့၊ ဘဘဘုရားနဲ့ မေမေဖုရားတို့အနားမှာ ရောက်နေကြ ပြီး၊ ဒီဒုက္ခက မကြာခင် လွတ်မြောက်ကြပြီး သမီး ဘဘတို့နှင့် ချမ်းသာသုခ ရှိတဲ့အရပ်ကိုရောက် ရတော့မယ်"

ဟု ဒိုင်းအတွင်းဝန်မင်းနှင့် ဝန်ကတော်တို့က ပွေ့ဖက်ယုယ နှစ်သိမ့်စေကြသည်။. ခင်ခင် ကြီးမှ ချစ်လှစွာသော မိဘနှစ်ပါးနှင့် ပြန်လည်တွေ့ဆုံရသောကြောင့် မိမိခံစားနေသော ဒုက္ခကို တစ်ခဏမျှမေ့ပြီး ဂမ်းသာ ဂမ်းနည်းကြီး ဖြစ်သွားလေသည်။

ဂမ်းသာအားရနှင့်ပင် မျက်လုံးများကို ဖွင့်လှစ်ကြည့်လိုက်မိရာ မိမိအနီးအပါးမှာ ဘယ်သူမျှ မရှိဘဲ စွဲလမ်းမှုကြောင့် မေ့မြော အသွားတွင် အိပ်မက်လိုလို မြင်လိုက်ရခြင်းဖြစ်သည်ဟု သိရတော့ သည်။

www.burmeseclassic.com

"ဘုရား...ဘုရား မေဖရားတို့ လူ့လောကကြီးမှာမှ ရှိရှာကြပါသေးရဲ့လား"ဟု ထိတ်လန့်ခြင်း ဖြစ်သွားလေသည်။ ဂတ်ဖြူစင်ကြယ်နှင့် ဒုက္ခသည် သမီးကလေး ခင်ခင်ကို သံယောဇဉ် မပြတ်နိုင်ရှာကြလို့ ဖြစ်ရာ ဘဂက ကိုယ်ထင်ပြကြလျှင် မြန်မြန်ပင်သေ၍ လိုက်ချင်လှတော့သည်။

ညဦးက ကောက်ရိုးကို အိပ်ခင်း၊ မြက်ထုံးကို ခေါင်းအုံးလျက် ရုတ်တရက် မေ့မြောနေခဲ့သည်မှာ မျက်လုံး ဖွင့်ကြည့်လိုက်သော ယခုအချိန်ရောက်ကာမှ နံနက်နေခြည်ရောင် ထွက်နေပြီဟု သိရှိရသည်။ မိမိအား ဤနေရာ သို့ ဘယ်သို့သော အကြောင်းကြောင့် ပြောင်းရွှေ့ခေါ်ယူလာခြင်းပေလဲ၊ ရွှေနန်းရှင်ဘုရား သိရှိတော်မူသွားလို့များ တစ်စုံတစ်ယောက်အား ကယ်ဆယ်စောင့်ရှောက်ထား ရန် စီမံတော်မူ ခြင်းပေလားဟု စဉ်းစားကာ တအား တက်လာပြန်သည်။

တစ်ဖန်လည်း ဤမြင်းစောင်းတန်းလျားကဲ့သို့ နိမ့်ကျသောနေရာ၌ လျှို့ပုက်စွာ ချုပ်နှောင်ထားခြင်း ခံရသော အဖြေကို ထောက်သော် မောင်မောင်ငယ်နှင့် မောင်မောင်တုတ်တို့၏ အကြံအစည် တစ်ရပ်ဖြင့် ဘေးလွတ်ရန် ဌာနသို့ ပို့ရန်ပင်လောဟု တွေးတောမိပြန်သည်။ သို့ရာတွင် အင်အားကုန်ခမ်း၍ နွမ်းနယ် ပျော့ခွေနေပြီဖြစ်သော မိမိအား ကျွဲနွား တိရစ္ဆာန်နှင့်မခြား လက်ပြန်ကြိုးထဲထားရုံတွင်မက ကြိုးရှည် တစ်စဖြင့် ထရံတွင် ချည်နှောင်ထားပြီး တံခါးပေါက်ကိုလည်း အပြင်မှ ကျပ်တည်းခိုင်ခံ့စွာ ပိတ်ဆို့ ထားသောကြောင့် ဘေးကင်းလွတ်လပ်ရာသို့ ပို့ထားရန် အမှတ်လက္ခဏာ မျိုး မဟုတ်သော ကြောင့် ထပ်လောင်း၍ စဉ်းစားမိပြန်လျှင် ယခင်က တက်ကြွမိသမျှသော မျှော်လင့်စိတ်ကလေးများမှာ တစ်ခါ တည်း မြေသက်လျှောသွားပြီး အားငယ်ဂမ်းနည်းခြင်း ဖြစ်ရပြန်ရှာသည်။

ယင်းသို့ မျှော်လင့်စိတ်ကလေးများ မြင့်ချည်နိမ့်ချည် အတည်မကျ ဖြစ်နေစဉ် ပိတ်ထားသော ဂင်ပေါက် တံခါးတစ်ချပ် ဖျက်ခနဲပွင့်လာပြီး ညဦးက မိန်းမကြီး၏ မျက်နှာကို ရေးဦးစွာ တွေ့မြင်ရလေသည်။ ယက်မန်းရည် (ဆန်ပြုတ်ကြဲ)ကို စဉ့်အင်တုံငယ်နှင့် တည့်လျက် ယူလာသည်။ မိန်းမကြီး သည် ခင်ခင်ကြီး အနီးတွင် စဉ့်အင်တုံကို ချပေးလေသည်။

"ဒီဟာ ညည်းအတွက် အာဟာရပဲ"ဟု တစ်ခွန်းတည်းပြောလျက် ပြန်ထွက်သွားတော့မည်ပြုလျှင် ခင်ခင်ကြီး မှာ ကပျာကယာလှမ်းပြီး "ဒေါ်ဒေါ်ကြီးရယ်၊ ကျွန်မကို ဘာလုပ်ဖို့ အချုပ်ခန်းက ဒီကိုခေါ် လာပါသလဲ"ဟု အရဲစွန့်၍ မေးလိုက်လေသည်။

"မသိပါဘူးအေ မေးမနေစမ်းပါနှင့်" ဟု စိတ်မရှည်သလိုပြောလက် သွက်လက်စွာ ထွက်ခွာသွား တော့သည်။ သို့သော် တံခါးပြန်မပိတ်မီ လူရိပ်တစ်ခု ပေါ်လာပြန်သည်။ သဏ္ဌာန်မှာ ခံ့ခံ့ညားညား ရှိသဖြင့် မျက်ရည် တွေဆိုင်း၍ မှိုင်းမှိုင်းဂါးဂါး ဖြစ်နေသော မိမိမျက်လုံးများကို လက်ဖမိုးသားနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပွတ်တိုက်၍ ကြည့်လိုက်ကာမှ မိမိအနားတွင် မားမား မတ်မတ်ရပ်နေသော တိုင်တားမင်းကြီးကို တွေ့မြင်ရလေ၏။

မိဘ ဘိုးဘွား ပမာ မျက်နှာနာခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ပါးကို အားငယ်နေစဉ်အခါ ရုတ်တရက် လာ၍ တွေ့မြင် လိုက်သောကြောင့် ဝမ်းနည်းလိုက်လှဲ့စွာနှင့် ကပျာကယာ ခြေကိုဖက်ပြီး တိုင်တား ဘိုးဘိုးကြီးဖျ ခင့် ဒုက္ခ ကယ်တော်မူ ပါဦးဟု ချုံးချုံးချ၍ ငိုကြွေးရင်း ပြောမိရှာသည်။

တိုင်တားမင်းကြီးမှာ မျက်နှာမကောင်းလျက်နှင့်ပင် ခင်ခင်ကြီး၏ ခေါင်းကိုသပ်ကာ

"တိတ်ပါဦးဟဲ ခင်ကြီးရဲ့၊ ဘိုးဘိုးဘုရား မေးချင်တဲ့စကားကလေးများ မေးစမ်းပါရစေဦး"

ငိုနေသော ခင်ခင်ကြီး၏ မျက်လုံးရွဲကြီးများကို ကော့ညွတ်သော မျက်တောင်နှစ်ခုက ဖွင့်မပေးလိုက်သည်။ မျှော်လင့်ချက် နှင့် ဝင်းလက် စိုပြောင် အရောင်တွေ လဲ့လဲ့နှင့် မော်တဲ့၍ ကြည့်ကာ-

"ဘိုးဘိုး မေးတော်မူချင်ရာမေးပါ၊ ခင်ကြီး မငိုပါဘူးဘုရား"

"အင်း ... ခင်ကြီး ... ခင်ကြီး၊ ကိုယ့်မီး ကိုယ့်မွှေးကြတာပဲပဲဟယ်၊ ကဲ ... ကဲ ဘိုးဘိုး မေးတာတွေ မှန်ရာကို ပြောစမ်း ရွှေနန်းရှင်ဘုရားက ခင်ကြီးကို သိမ်းပိုက်တော်မူထားတာ ဘယ်လောက်ကြာပြီလဲ"

"သမီးတော် ထိပ်စုမြတ်စုဖုရားကြီးကို မီးရှူးတော်မြင်ပြီးစကပါဘုရား"

"မောင်တုတ်နဲ့ မောင်ဖေငယ်တို့က ခင်ကြီးကို လက်ဆောင်ပို့ကြ၊ အောင်သွယ်ကြတယ်ဆိုတာ ကော အမှန် ပဲလား"

"ရနောင် ကိုကိုကြီး တို့ကစပြီး လက်ဆောင်တော်ဆက်ကြတာ မဟုတ်ပါဘူး တိုင်တားဘိုးဘိုးဘုရား၊ ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်က ခင်ခင်ကြီးကို မြတ်နိုးတော်မူလှတယ်၊ ရှေ့တော်ခေါ်၍ ဆက်ကြရမယ်ဆိုလို့ သူတို့က ခင်ကြီးကို လာခေါ်ကြခြင်း အမှန်ပါ"

"ဘယ်လိုနည်းနှင့် ဖြစ်စေပေါ့လေ၊ ရွှေနန်းရှင်ဘုရားကို ပရိယာယ်နှင့် ဖြားယောင်းလှည့်စားပြီး ထီးနန်း စည်းစိမ်ကို လုပ်ကြံကြရန် စီမံစိုင်းပြင်းနေတယ်ဆိုတဲ့ စွပ်စွဲချက်များအတိုင်း သက်သေခံ အထောက် အထားက တရားဝင်နေပြီ၊ ဒီကို မေးလာရတဲ့ကိစ္စကတော့ ကွပ်မျက်ခြင်းမပြုမီ ဘိုးဘိုးကိုယ်တိုင် ခင်ခင်ကြီး ကို မေးစရာကိစ္စတစ်ရပ် ပေါ်ပေါက်လာတဲ့အတွက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ခင်ကြီးကိုသတ်ဖို့ အမိန့်တော်မှတ်ပြီတဲ့လား ဘိုးဘိုးဘုရား"

"အေး ဟုတ်သကွဲ့၊ မင်းတို့ကလည်း အတင့်ရဲလွန်းကြသကိုးကွယ်"

"ခင်ကြီးတို့မှာ တုံးအောက်ကဖားကဲ့သို့ စေစားရာခံရတဲ့ ကျေးကျွန်များသာ ဖြစ်ပါတယ်ဘုရား၊ နီးရာဓားကို ကြောက်ရသူဖြစ်တဲ့အတွက် အဆုံးတစ်ရက်မှာ မြေနိမ့်ရာ လှံစိုက်ခြင်း ခံရမြဲ ဓမ္မတာပါဘုရား"

"ဒါတွေကို ပြောမနေပါနင့်တော့ မြေးရယ်၊ ကဲ ... ဘိုးဘိုး မေးစမ်းမယ်၊ အချုပ်ထောင်စောင့် အစောင့် အရှောက်များ ထံက အစီရင်ခံချက်အရ ခင်ကြီးမှာ ပေါ့ပေါ့ပါးပါး မရှိဟန် လက္ခဏာများ တွေ့မြင်ကြရတယ် ဆိုသည်မှာ ဟုတ်ကဲ့လား"

ခင်ခင်ကြီးမှာ မိမိမှတစ်ပါး ဘယ်သူ့ကိုမျှ ဖွင့်ဟပြောကြားခြင်း မပြုရသေးသော အရေးကိစ္စကို ထောင်အစောင့် အရှောက်များ မည်သည့်နည်းနှင့် သိရှိနိုင်ကြသလဲဟု စိတ်ထဲဂယ် အံ့သြခြင်း ဖြစ်သွားသည်။ သို့ရာတွင် မိမိအခြေအနေမှာ ကိုယ်ရောစိတ်ပါ ဆင်းရဲလျက် အစားပျက် အအိပ်ပျက် ဖြစ်ခဲ့ရသော နေ့ရက်များ ကြောင့် အသားအရေ ပိန်ချုံးနုံးချည့်လာသောအခါမှ ပိုမို သိသာထင်ရှား သည့် အမှတ်လက္ခဏာများ ပေါ်၍လာသည်ကို သတိပြုလိုက်မိလေသည်။

"မှန်ပါတယ် ဘိုးဘိုးဘုရား၊ ရွှေနန်းရှင်ဘုရား သွေးသားတော်တစ်ပါး ထွန်းကားရပါ တော့မယ်"

"အဲဒီအတွက် ခင်ကြီးရဲ့အသက်ကို ခေတ္တ ကဲ့ပှက်လို့ ထားရတော့မယ်"

ခင်ခင်ကြီးမှာ ရုတ်တရက် အားရဝမ်းသာဖြစ်လာပြီး-

"ကျေးဇူးတော်ကြီးလှပါပေရဲ့ တိုင်းတားဘိုးဘိုးဘုရား၊ ရွှေနန်းရှင်ဘုရားက သနားကြင်နာ တောမူလာတဲ့အတွက် အသက်ကို ချမ်းသာပေးမယ်တဲ့လားဘုရား"

"ဒီလိုမဟုတ်ဘူးဟဲ့၊ ရွှေနန်းစဉ်အဆက်ရဲ့ ထုံးစံမှာ ကောရာဇ်ဘုရင်မင်းမြတ်တို့၏ သွေးတော်သားတော် ဖြစ်တဲ့ သန္ဓေသားတော်များကို စီရင်သတ်ဖြတ်မိလျှင် ထိုဘုရင်တို့၏ မင်းဆက်ပြတ်တတ်သဖြင့် မသတ် စကောင်း ဘူးတဲ့၊ ခင်ကြီးကို သတ်မဲ့ဆဲဆဲ က ဘိုးဘိုးဆွဲဖယ်ထားရခြင်းမှာလည်း သည် ထုံးတမ်း စဉ်လာ ကိစ္စကြောင့်ပဲ"

"သြော်....သန္ဓေတော်သားကို ဖွားသန့်စင်ပြီးလျှင် ခင်ကြီးကို စီရင်မယ်ဆိုပါတော့ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အင်း...အင်း အပြစ်ထင်ရှားလို့ စီရင်ကွပ်မျက်စေရန် အမိန့်တော်မှတ်ထားပြီးသားပဲ"

"ကောင်းကြပါပေရဲ့ဘုရား၊ ဒီအမိန့်မြတ်ကို ရွှေနန်းရှင်ဘုရား ကိုယ်တိုင်တော် ပေးမှတ်တော်မူတယ်ဆိုလျှင် ခင်ကြီးကို ချစ်လှပါတယ်၊ ကြင်နာလှပါတယ်၊ မိဖုရားအရာပေးပြီး မြောက်ရွှေရေးဆောင် ပေါ်မှာ ပျော်ပျော်ထားလို့ စံစားပါမယ်စေမယ်ဆိုတဲ့ မုသားမျိုးတွေသုံးပြီး မိခင်ကြီးကို အညှန့်တုံး အောင် ပြုပါပဲလား ဘိုးဘိုးဘုရား"

"အို...ဒီလိုလည်း ရွှေနန်းရှင်ဘုရားကို ရမ်းရမ်းကားကား မစွပ်စွဲလေနဲ့ဟဲ့.... ခင်ကြီးတို့ရဲ့၊ အမှုကိစ္စတွေ ကလည်း ငြင်းကွယ်လို့မရအောင် သက်သေသက္ခာယ ခိုင်လုံနေလို့ ရာဇဂတ် ကြောင်း ဓမ္မသတ် အတိုင်း ဖြစ်ကြရတယ်လို့ သဘောထားရမယ်"

"ဓမ္မသတ်တွေ ရာဇသတ်တွေနဲ့ ဥပဒေဘယ်လိုပြုပြု ခင်ကြီးတော့ ချစ်တာတစ်ခုတည်း နားလည်ခဲ့ပါတယ်၊ ရှင်ဘုရင်ကိုချစ်ကြိုက်မိတဲ့ မိန်းမတွေသာ ရာဇဂတ်မူရောက်ရမယ်ဆိုလျှင် မင်းတုန်းဘုရားရဲ့ မိဖုရားတွေ အကုန်သေကြမှာပေါ့ဘုရား၊ ခင်ကြီးကို သက်သက်မဲ့ မတရား နှိပ်စက်ကြတာပါ မသေမီ ရွှေနန်းရှင်ဘုရားကိုသာ တစ်ကြိမ်လောက်ဖူးစမ်း ရစေလား ဘိုးဘိုးဘုရား၊ ခင်ကြီးအားရပါးရ လျှောက်တင် ချင် လွန်းလို့ပါ၊ ယခုအခါ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မူပြီ ပေါ့နော်"

"ရွှေနန်းရှင်ဘုရားမှာ ကောင်းစွာ ကျန်းမာတော်မူလာပေမဲ့ မင်းရေးမင်းခွင့် ကိစ္စမှန်သမျှ ဘာမှပြန်လည် စစ်ဆေးတော် မမူသေးဘဲ စိတ်အေးသက်သာ အတွင်းတော်မှာသာ စံနေတော်မူဆဲ ဖြစ်တယ်"

"ဒါဖြင့်ခင်ကြီးကို ရာဇဂတ်အပြစ်ဒဏ် ခံစေဆိုတဲ့အမိန့်ဟာ ရွှေနန်းရှင်ဘုရားနှုတ်တော် က အမိန့်ချတော် မူတာ မဟုတ်ဘူးပေါ့နော် ဘိုးဘိုးဘုရား"

"နှုတ်တော် တိုက်ရိုက် အမိန့်မချပေတဲ့ နိုင်ငံတော်၏ လွှတ်တော်ရုံးတော်များမှ စီရင်ချမှတ်သမျှ အမိန့် များဟာ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်ချည်းပေါ့ ခင်ကြီးရဲ့"

"သိပါပေါ့ဘုရား.......သိပါပေါ့၊ ခင်ကြီးတို့မှာ ခြေဖဝါးအောက်က နင်းပြားများဖြစ်ကြတဲ့အ တိုင်း အသိုင်း အဝိုင်း တွေနဲ့ လေးဘက် လေးတန်မှာ မပြေးသာ မလွတ်အောင် အမိခံရတာပါပဲ"

"ကဲ.......ကဲ ကံအကြောင်းတရားလို့ အောက်မေ့တော့မြေးရယ်၊ ဘိုးဘိုးတို့ ကယ်နိုင်တဲ့ ကိစ္စမျိုးလည်း မဟုတ် ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"မကယ်နိုင်လျှင် ရှိပါစေတော့ဘုရား၊ ခင်ကြီးသိလိုတဲ့ အကြောင်းကလေးများတော့ သနားသဖြင့် ပြောတော် မူပါဦးဘုရား၊ ဒီနေ့အထိ မိဘနှစ်ပါးအကြောင်းကိုလည်း မသိရတဲ့အတွက် သူ့ခများများ ဘယ်လို ဖြစ်လျက်ကုန်ရှာကြပါသလဲ ဘိုးဘိုးရယ်"

"မင့်မိဘများလား.......မသိချင်ပါနှင့်တော့ကွယ်၊ အတ္တသမံပေမံနတ္တိ ဆိုတဲ့စကားအတိုင်း ယခုငါ့မြေးမှာ ကိုယ့်ရာဇဝတ်အပြစ်ဒဏ်အတွက်ပင် မျက်ရည်မျက်ခွက်ဖြစ်အောင် ဒုက္ခရောက်နေ တဲ့အပေါ်မှာ ကိုယ်မချို အမိသော်လည်း သားတော်ခဲတဲ့၊ သူတို့ဒုက္ခနဲ့သူတို့ ရှိပါစေ"

"သေလို့များကုန်ကြပြီလားဘုရား"

"အင်း.........သူတို့လည်း ရာဇဝတ်အပြစ်မကင်းသူတွေထဲမှာ စာရင်းပါသကိုး"

"ရနောင်ကိုကိုကြီးနဲ့ အစ်ကိုကြီး မောင်မောင်ငယ်တို့ကော ရှိကြပါသေးရဲ့လားဘိုးဘိုး ဘုရားရဲ့"

"မသိချင်ပါနဲ့တော့လို့ ပြောနေပြီမဟုတ်လားမြေးရယ်၊ ကိုဒုက္ခနဲ့ကိုယ် ခံစားနေရာက သူတစ်ပါးကိစ္စကို လက်လှိုပြီး ဝင်မပူချင်ပါနှင့်တော့"

"ရာဇဝတ်မှု အပြစ်ချပြီးသူများ မဟုတ်စေကာမူ လူ့ဘဝရောက်လာကြတဲ့လူတွေဟာ တစ်နေ့ကျ သေရမှာ ချည်းပဲလို့ တွက်ထားပေတော့၊ ခုမသေသေးလည်း တဖြည်းဖြည်းသေရမှာပဲ ငါ့မြေး ကိုယ်တိုင် လည်း အမှုအပြစ်မရှိသည်ထားဦး တစ်နေ့သေရမှပဲ၊ ဘိုးဘိုးတို့လည်း ဒီသေဘေးကြီးကိုတော့ ပြေးလို့ မလွတ်ဘူး ကွဲ့၊ ကဲ.........ကဲ ဘိုးဘိုးသွားတော့မယ်၊ ငါ့မြေးကတော့ ဒီလိုပဲ ဟောဒီကဘိုးဘိုးရဲ့ မြင်းဇောင်း ထဲမှာ ပုက်ထားရဦးမှာပဲ၊ ကယ်လည်းမကယ်နိုင် ဘူးကွဲ့"

ဟုပြောဆိုကာ ခင်ခင်ကြီးထံမှ နောက်ထပ်ပြောမည့်စကားကိုပင် မစောင့်တော့ဘဲ တိုင်တားမင်းကြီးက ကျောပေးလျက် ထွက်သွားသောကြောင့် ခင်ခင်ကြီးမှာ ဩော်.........ငါတော့ ရုတ်တရက်မသေရသေးဘူး၊ ဒီကြိုးထဲမှာ ကံကောင်း ထောက်မလာလျှင်လည်း ကယ်ဆယ်မည့်သူ များတွေ့စရာရှိသေးရဲ့ဟု မျှော်လင့်ချက် အလင်းရောင်ကလေးမှာ တစ်ချက်တစ်ချက်လက်ခနဲ ဝင်းခနဲဖြစ်လာလေသည်။ သေသည် ရှင်သည် မသိရတော့ပြီးဖြစ်သော မိဘနှစ်ပါးနှင့် အစ်ကိုကြီး များအတွက်လည်း တစ်သက်သက် စိတ်မော နေရင်း အသက်ပြင်းနေသေးသော မိမိဘဝကိုသာ ရှုံရှာ စက်ဆုပ် နေရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ခန်းပတ်မင်းကြီး မှာလည်း သားချွေးမတို့ကို အကြောင်းပြုကာ တစ်နွယ်ငင်တစ်စင်ပါ မျက်တော်မူခြင်း ခံရသဖြင့် ဂန်ကြီးရာထူးမှ ချထားခြင်းခံရသောအခါ မိမိအသက်ဘေးကိုပင် ငဲ့ညှာရသောအားဖြင့် သားဖြစ်သူ ဒိုင်းအတွင်းဂန် ပုဂံမြို့စားရာဇဂတ်သင့်သည်ကို ကူညီစောင့်မခြင်းမပြုပံ့ ရှာဘဲ ဘုရားခန်း ထဲတွင် ပုတီးနာနာစိပ်၍ စိတ်မကောင်းသမျှကို မေ့မေ့လျော့လျော့ပြုနေပြုနေရရှာသကဲ့သို့ ရေနံချောင်း မင်းကြီးမှာလည်း သားကြီးရနောင်မြို့စားအတွက် တစ်စုံတစ်ရာစွတ်ဖက် ပြောဆိုပံ့ခြင်းမရှိ၊ မိမိရာထူး စည်းစိမ် ပါ အနုတ်အသိမ်းခံရရုံမျှနှင့် မပြီးဘဲအသက်စည်းစိမ်ပါ ဆုံးရှုံးမခံရ လေအောင်ပင်အင်မတန် ကြံစည် ရဦးမည်ကဲ့သို့ ဖြစ်နေလေ၏။

ဒိုင်းအတွင်းဂန်မင်းနှင့် ဒိုင်းဂန်ကတော်ကြီးတို့မှာလည်း သမီးကလေး မည်သို့ဖြစ်သည်ဟု မသိနိုင်ကြရုံမက မိမိတို့ ဇနီးမောင်နှံချင်းပင် တစ်ဦးနှင့်တစ်ဦး မတွေ့မမြင်ရ၊ သေလေပြီလား ရှင်နေသည်လားဟု မေးမြန်း စုံစမ်းလိုပါသော်လည်း ရာဇဂတ်အပြစ်တော်ကြီးကို ကြောက်ရွံ့ကာ မည်သူမှ အနားကိုမလာပံ့ကြ၊ ထောင်အာဏာသားများကို စွန့်စားမေးမြန်းမိသော အခါတိုင်းမှာ လည်း မျက်နှာထား ဆိုးကြီးတွေနှင့် အမျိုးမျိုး ကြိမ်းဂါး မာန်မဲခံရရင်းဖြင့်သာ လူရှာမှ တစ်ခန်းရပ်၍ ဇာတ်သိမ်းသွား ကြရရှာတော့သတည်း။

အခန်း (၃၇) ဆက်ရန်

အခန်း(၃၇)

ထောင်သွင်းအကျဉ်းချထားခြင်းခံရသော ရနောင်မြို့စားမင်းသား မောင်မောင်တုတ်မှာ တစ်နေ့ပြီး တစ်နေ့ နှင့် တရွေ့ရွေ့ ရက်ကြာခဲ့သည်။ မိမိနှင့် ဆက်သွယ်ပတ်သက်သမျှသော အရာရှိထဲက တစ်ဦး တစ်ယောက် မျှ လာရောက်မျက်နှာမပြကြခြင်းမှာ ရာဇဂတ်သင့်ရာတွင် အားလုံး ပါဂင်ကုန်ကြသလော၊ သာယာစီး သဘော နှင့် ကြောက်ရွံ့သောကြောင့် ရှောင်ဖယ်နေကြခြင်းလော၊ မိမိကို မှီခိုကာ ကျေးဇူးများစွာ ဖြစ်ထွန်း ခဲ့သူများ ကလည်း အနားမျှ မသီလာ၍ သတင်းစကား အကျိုးအကြောင်း ကောင်းဆိုးနစ်ရပ်ကို မကြား မသိရ၊ လူ့လောကကြီးနှင့် လုံးဂ အဆက်ပြတ်လျက် မသက်မသာ ရှိနေရတော့၏။

မသိရသဖြင့် သိချင်လှသော အကြောင်းများမှာ ရွှေနန်းရှင်ဘုရား ဝေဒနာတော် ပျောက်ကင်း ကျန်းမာခြင်း ရှိမရှိ၊ မိမိချစ်လှသော ရောင်းရင်းဘက် ရွှေတိုက်စိုး တောင်သမန်လယ်စား စာဆိုတော် မောင်မောင်ငယ်နှင့် မိဖုရား ဖြစ်ပါစေမည်ဟု အသွယ်သွယ်အဂဂ အကျိုးဆောင်သမှု ပြုခဲ့ရသော ဒိုင်းခင်ခင်ကြီးတို့၏ အခြေ အနေ သတင်းများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိအဖို့မှာမူကား မည်သို့သော အပြစ်ကြီးမျိုးကို ကျူးလွန်စော်ကားထားသည် ဖြစ်စေဦး အသက်သေသည် အထိ အဆုံးစီရင်နိုင်မည့် အခွင့်အလမ်းမရှိ၊ ဤသို့နယ် ထောင်ထဲမှာ ကြာရှည်ထားရုံမျှသာ အပြစ် ပေး နိုင်မည်ဟု ယုံကြည်ပြီး ဖြစ်လျက် မိမိအသက်အန္တရာယ်ကို စိုးရိမ်ခြင်း လုံးဝမဖြစ်မိ၊ သိလိုသော ကိစ္စကို သိချင်ရုံမျှရှိတော့သည်။

သို့ရာတွင် ဘယ်သူ တစ်ဦး တစ်ယောက်ယောက်ဆီကမှ သတင်းအစအန ထွက်လာ မည့် အရိပ်လက္ခဏာ မပြ၊ အကျဉ်းထောင်တွင်းမှာ နေ့စဉ်တွေ့မြင်နေရသော ထောင်ကြပ်၊ ထောင်ပှမ်း ထောင်အမှုထမ်း များမှာလည်း မိမိက မမေးရသေးမီ အနီးအပါးသို့ ရောက်တိုင်း အချင်းချင်း အော်ငေါက် မာန်မဲသွား ခြင်းကိုသာ ကြားရလေရာ ထောင်အမှုထမ်းချင်းပင် မိမိဘက်မှ ပင်းနေသည်လားဟု အယုံသင်္ကာ မကင်း သော မျက်နှာထားတွေနှင့် ရှိနေကြလေသည်။ နောက်နောင်သောအခါက ရနောင်မြို့စား မင်းသား ကြီးဟု ပြားပြားဝပ်မျှ ကြောက်ရွံ့ရှိသေကြရသည့် ထောင်အရာရှိကြီးများမှာ မောင်မောင်တုတ်က လက်ညှိုး ညွှန်ရာ ရေဖြစ်အောင် ချက်ချင်းပင် ကြံဆောင် ထမ်းရွက်ခဲ့ကြရသည်။

မင်းညီမင်းသားတွေ သတ်ပစ်စဉ်အခါက ညဉ့်တွင်းချင်း ထောင်ထဲမှာ ကျင်းကြီးတွေ တူးပေးရသည်။ သတ်ချ လိုက်သော အလောင်းများကို ကျင်းကြီးတွင် ထိုးချပြီး မသေမရှင် အထပ်ထပ် ဖိညှပ်နေရာက နောက်တစ်နေ့ မှာ ထမ်းကာ ထမ်းကာ သယ်ယူပြီး မြေတွင်းကြီးများ၌ စုလိုက်ပုံလိုက် မြေဖို့မြှုပ်ပေးခြင်းဖြင့် တစ်နေ့ နှင့် တစ်ည အတွင်း ပင်ပန်းကြီးစွာ လုပ်ဆောင်ပေးကြရသည်အထိ တန်ခိုးထက်မြက်လှခဲ့သည့် လက်သုံး တော် မြောက်ဒဂယ်ဗိုလ် မင်းသားကြီး ဖြစ်ခဲ့သည်။

ယခုကား ပြားပြားဝပ် ကြောက်ခဲ့ရသည့် ထောင်ကြပ် ထောင်အုပ်များ မဆိုထားနှင့် အာဏာ ပါးကွက် များကပင် မထီမဲ့မြင် ပြုကြလေသည်။ အရာရှိအချင်းချင်း အဆင်းတွန်းလိုက် မည်တကဲကဲနှင့် မောင်မောင်တုတ် အနား ရစ်ဝဲနေသူရှိက ရုတ်ချည်းသိရအောင် မယောင်မလည် ချောင်းဖမ်း နေကြပြန်သည်။ အလွန်အကျူး အထူးသဖြင့် တန်ခိုးထက်မြက်ခဲ့သူဖြစ်သောကြောင့်လည်း တစ်နည်းနည်းနှင့် ကြံစည် ကာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ပြုသွားမည်ကို စိုးရိမ်ကြဟန် ရှိလေသည်။

ဤနေ့ ဤရက်အထိ အသက်ကို မသေစေဘဲ ထောင်ချရုံမျှ ချထားသည့်ကိစ္စမှာလည်း သူတို့အဖို့ နောက်ပိုင်း မအေးနိုင် စရာ ကိစ္စတစ်ရပ်ကဲ့သို့ ဖြစ်နေတော့သည်။ ဘုရင့်ကိုယ်တော်စား ရွှေလွှတ်တော် ဝန်ကြီးတို့ ဦးစီးအုပ်ချုပ်နေရသော အလုပ်ဟား တရားလမ်းမှန်အတိုင်း စီမံအုပ်ချုပ်သွားရသည်။ ဘုရင် ထားသော ကတိစကားအတွက် ထီးနန်း လုပ်ကြံမည့်

www.burmeseclassic.com

www.burmeseclassic.com

ပုန်ကန်မှုကြီးအရ ရာဇဝတ် အပြစ်ပေး ချရသည့် ၊ တိုင်အောင် မောင်မောင်တုတ်မှာ သီပေါရွှေနန်းရှင်ဘုရား လက်ထက်တော်တွင် ဘုရင်၏ လက်နက် တော်နှင့် မသတ်ရဘဲ ထောင်ထဲ၌ လုံခြုံစွာ မကျဉ်းချရုံသာ ချထားရလေသည်။ မတော်တဆ မောင်မောင်တုတ် မှာ တန်ခိုး အာဏာ ပြန်လည်ရရှိရပါကလည်း ရှေးဦးစွာ လက်စားချေ ခံရမည့်သူများမှာ ထောင်အရာရှိ များသာ ဖြစ်နေပြန်သည်။

ထောင်ချုပ်ချ ထားစဉ် အမြော်အမြင်နှင့် မောင်မောင်တုတ်အပေါ်မှာ ညှာညှာတာတာ ပြုပြန်ကလည်း အချင်းချင်း တို့မီးရှို့မီးလုပ်၍ လောလောဆယ် ဒုက္ခတွေ့ရဦးမည်ဟု အရာရှိ အချို့မှာ မလွဲသာ မလှုပ်သာ နှင့် အလွန်တရာ စိတ်ကျဉ်းကျပ်ရှာကြသည်။ "တောက်... ဒီဂိုလ်ကောင်ကြီးဟာ တစ်ခါတည်း သေသွား ရင်လည်း ကိစ္စအေးသား"ဟု နှုတ်စကား အလွယ်တကူ ထွက်တတ်သူတို့က မူးမူးရူးရူးနှင့် ရေရွတ် တတ်ကြ ပြန်လေသည်။

အဆိုပါ လူတစ်စုဖြစ်သော ထောင်အမှုထမ်းအရာထမ်းဆို့အပေါ်တွင် မြို့ဝန်၊ မြို့အုပ်တို့ကလည်း အဆက် မကင်းခဲ့ရာ မောင်မောင်တုတ်အပေါ်တွင် အညှံ့ခံလာခဲ့ရသော မြို့ဝန်တစ်ပါး ဖြစ်သော ဦးချစ်သည် မှာလည်း ရန်ငြိုးအကြီးဆုံးဖြစ်နေလေ၏။

မောင်မောင်တုတ် တန်ခိုးအာဏာ ထွားစဉ်က မယားလုဘက် တန်ခိုးပြိုင်ဘက်ဖြစ်၍ တပည့်လက်သား နောက်လိုက် လူမိုက်များမှာ မကြာမကြာ ရန်ပွဲစည်ခဲ့ရာတွင် မြို့ဝန်၏ လူများမှာ တန်ခိုးချင်းမမျှ၍ ရှုံးဘက် ကသာနေခဲ့မြဲ ဖြစ်သောကြောင့် ချုံထဲက စောင့်၍ ချိုသွေးခဲ့သလို မောင်မောင်တုတ်အား အလဲတွင် ဖိထောင်းရန် အချိန်ကောင်းရခိုက်၌ ကတိုက်ကရိုက် အချုပ် ထောင်တွင်းသို့ ဆိုက်ရောက်လာကာ စီစဉ်မှု ကိစ္စများကို ထောင်အမှုထမ်းတို့အား စည်းဂါး ကိုက်ထားလိုက်ပြီး ဖြစ်လေသည်။

မြို့ဝန်မှာ လွှတ်တော်ဝန်ကြီးများ၏ တရားသဖြင့် ပြုမူမှုကိုလည်း ကျူးလွန်စော်ကားခြင်းမပြုသာပေ။ ထီးနန်း လုယူမှုကြီးအတွက် ကြီးလေးလှသော ရာဇဝတ်အပြစ်သင့်ထိုက် စီရင်ကွပ်မျက် သုတ်သင် ထိုက်လျက် ဘုရင့်လက်နက်တော်နှင့် မသေရအောင် ထောင်တစ်သက်ထားလိုက်ရုံသာ စီရင်ချက်ချ ထားသူကို မိမိလို မြို့ဝန်တစ်ဦးက လွန်ကျူးထိုက်သည်လည်း မဟုတ်ရကား မည်သို့သောနည်းဖြင့် ကလဲ့စား ချေရမည်နည်းဟု စဉ်းစားပြီး ဖြစ်လေသည်။

မြို့ဝန်မင်းသည် ထောင်အတွင်းရှိ အကျဉ်းချထားသူ ရာဇဝတ်ကောင်များကို မကြာမကြာ လာရောက် စစ်ဆေး ကြည့်ရှုရသူလည်းဖြစ်သည်။ မောင်မောင်တုတ်အပေါ်တွင် မြို့ဝန်မင်း ရန်ငြိုးထားကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ထောင်မှူးနှင့် ထောင်အရာရှိများ ရိပ်မိကြပြီး ဖြစ်လေသည်။ သို့ကြောင့်လည်း အဘယ်သို့သော ထောင်အမှုထမ်းများမှအစ အာဏာပါးကွက်တို့ အဆင့်အတန်းအထိ မောင်မောင်တုတ်ကို အရေး လုပ်ပံ့သူ မရှိ၊ အရေးလုပ်လိုသော စေတနာလည်း မပေါ်ပေါက်၊ နောက်နောက်က ကြောက်လန့် ခဲ့ရသမျှ ကိုသာ အတိုးချကာချကာ နာနာဖိ၍ နင်းပစ်ချင်သူများလေသည်။

ထို့ကြောင့် အစာရေစာ ပေးလာသော အမှုထမ်းတို့ကပင် မထေမဲ့မြင်ပြုကာ "ဒီမှာ ဒီမှာ သူများတကာရဲ့ မယားခိုးခဲ့တဲ့၊ မင်းသားဆိုးကြီးရဲ့ သုံးဆောင်လှည့်ပါ၊ ပွဲတော်စာတွေ အေးကုန်ပါမယ်"ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောပြီး ကျောက်ကာဗျပ်စုတ်ထဲ ထည့်ယူလာသော ဂက်စာကျိုထား၏သို့ ထမင်းပျော့စိစိများကို မလှမ်းမကမ်းမှ ချထားပြီး အနီးသို့ရောက်အောင် ဗျပ်ကို ခြေနှင့် ထိုးကော်ပို့သည့်အခါ ပို့ခဲ့၍ တချို့ကလည်း "စည်းစိမ်ကြီးမနေနဲ့ မင်းသား၊ ခင်ဗျာ့ မယားတွေ လင်ငယ်နေကုန်ပြီ"ဟု ခနိုးခနဲ့ ပြောလိုပြော မထိခလုပ် ထိခလုတ်၊ ပုတ်ခတ်ညှဉ်းဆဲသွားသူက သွားကြ၍ အံကြိတ်ခံခဲနှင့် မနည်းကြိတ်ခံခဲ့ရသော အခါပေါင်း လည်း မောင်မောင်တုတ်မှာ မရေတွက်သာအောင် ရှိခဲ့လေသည်။

ငါကိုယ်တိုင် စီရင်လိုက်ရမှ ဒီတစ်သက် အားရမယ်ဟု အခဲမကြေခဲ့သမျှ အကွက်ချ၍ အကြံအစည်းပြုထားသူ မြို့ဂန်မင်းမှာ တစ်နေ့တွင် ထောင်တွင်းသို့ အမှန်မထင် ရောက်လာလေသည်။ တပည့်လက်သား ထောင်မှူးထောင်ကြပ်များလည်း ဂတ္တရားအတိုင်း မြို့ဂန်မင်း စစ်ဆေးကြည့်လိုသော ထောင်အခန်း များကို သွားလိုရာနောက်က လိုက်လံပြသကြရလေသည်။

အချိန်ကား နေဂင်ဖျိုးဖျ ဖြစ်လေသည်။ အပြင်လောကတွင် နေခြည်မှာ ရွှေရည်သန်းလျက် ရှိသေးသော်လည်း အကျဉ်းထောင်ကြီးအတွင်းရှိ အခန်းများမှာ မှောင်ရိပ်လွှမ်းလျက် ရေနံဆီ မီးခွက် ကလေးများပင် တလက်လက် လင်းနေရလေပြီ။

မြို့ဂန်နှင့်နောက်ပါတို့သည် စစ်ဆေးလိုသော အခန်းများအနက် မောင်မောင်တုတ်ကို ချုပ်ထားသော အကျဉ်းခန်းသို့ တန်းတန်းမတ်မတ် ရှေ့ဦးစွာ ဂင်သွားလေသည်။ မောင်မောင်တုတ်မှာ ထိုအချိန်တွင် ပျဉ်ထောင် ထရံအနီး၌ စုပုံထားသော ကောက်ရိုးစများကို မှီလျက် ငြိမ်သက်စွာ ခေါင်းစိုက်ရင်း စဉ်းစားခန်း ဂင်နေလေသည်။

"ဟော့ကောင် မင်းလား ကွ ရှင်ဘုရင်ကို နန်းချခဲ့လူ"ဟု ပြောလျှက် ခြေတစ်ဖက်နှင့် မျက်နာကို ထိုးကော် မော့ယူကြည့်လိုက်သည်။ မောင်မောင်တုတ်သည် ရုတ်တရက် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိမိကသာ အမြဲ အနိုင်ယူလာခဲ့သော မြို့ဂန်ကို တွေ့လိုက်သဖြင့် မိုက်ခနဲ ဒေါသထွက်ပြီး လက်သီး လက်မောင်း တန်းကာ-

www.burmeseclassic.com

"အောင်မာ ချေစ်ရာ ငါ့ကို ခုမှ လာစော်ကားပုံတဲ့အကောင်ကိုး၊ သတ္တိရှိရင် မင်းနဲ့ငါ ဓားချင်းခုတ် ကြည့်ရအောင်" ဟု တောက်တောက် ခါးခါး ပြောလိုက်မိသည်။

မြို့ဂန်က ပြုံးမဲ့မဲ့လုပ်လျက် စက်ဆုပ်ရွံရှာသော လက္ခဏာနှင့် ဖျစ်ဖျစ်ပါအောင် တံတွေးထွေးလိုက်ပြီးမှ -

"မင်းလို ရာဇဝတ်ကောင်ကိုလားကွ၊ ငါက ဓားချင်းယှဉ်ခုတ်ရာမှ၊ ဟေ့ ကျေးတို့ ငလွှားတို့ ဒီအကောင် ဖမ်းကိုင် ချုပ်ထားလိုက်စမ်း၊ ကပြားက ပါးမော့သွားအောင် သင်းသျှောင်ကို နောက်လှန်ဆွဲထား"ဟု ဆိုကာ ဖျန်းဖျန်း ပါအောင် ရိုက်လေတော့သည်။ တပည့်လေးငါးယောက်က ဝိုင်းချုပ်၍ ရှုပ်ယှက်ခတ် ဖြစ်နေသော အခါ မြို့ဂန်လုပ်သူကိုယ်တိုင် ပါးနားရိုက်လျက် ရုတ်ရုတ် ရက်ရက် ဖြစ်သွားလေသည်။ မီးရောင် မလင်း တလင်း မှောင်တိုက်တွင်းဝယ် ဘယ်ပြန် ညာနက် အဆက်မပြတ် အားရ လောက်အောင် ရိုက်နက်၍ မောင်မောင်တုတ် ကလည်း တစ်ချက် တစ်ချက် ရှန်းကန် ဆဲရေး လျက်ရှိရာမှ ငြိမ်ကျသွားလေသည်။ မြို့ဂန်နှင့် နောက်ပါများလည်း အခြားသော အကျဉ်းထောင်ခန်းများကို ဆက်လက်ကြည့်ရှုရန် တံခါးပိတ် ခဲ့လျက် ထွက်ခွာ သွားကြ လေ၏။

မြို့ဂန်မင်းတို့ လူတစ်သိုက် ထွက်ခွာသွားပြီးသောအခါမူကား မောင်မောင်တုတ်မှာ နှုတ်ရောလူပါ လှုပ်ရှံမှုပင် မလှုပ်နိုင် မဆဲရေးနိုင်တော့ဘဲ တစ်ချီတည်း ငြိမ်သက်ကျသွားတော့သည်။ အချိန်အတန်ငယ်မျှ ကြာသောအခါ အခြားသော အခန်းများကို စစ်ဆေးကြည့်ရှုပြီးခဲ့ပြီဖြစ်၍ တစ်ပတ်လှည့်၍ လာကြသော မြို့ဂန်မင်းတို့ လူတစ်သိုက်သည် ထောင်ကြီးတစ်ဖက်တွင်ရှိနေသော ထောင်မှူးထောင်ကြပ်များကိုပါ ခေါ်လာပြီး မောင်မောင်တုတ်ကို ချုပ်ထားရာ အခန်းထဲသို့ ရေနံချေးမီးတိုင်များ ကိုင်ဆောင်ကာ အလင်းရောင် ထိုးရင်း ဝင်လာကြလေသည်။

"ကျုပ်ကို ပြန်ဆဲလို့ ဒီအကောင် တော်တော်ပဲ ဆုံးမထားခဲ့တယ်၊ ဒါကြောင့် ဘယ်လိုများ နေသလဲလို့ လာကြည့်တာ"ဟု မြို့ဂန်မင်းက ပြောသည်။

ထောင်မှူးနှစ်ယောက်မှာ မီးရောင်အောက်၌ မြင်ရသော မောင်မောင်တုတ်ကိုကြည့်ပြီး ဟင် ... ဟု တစ်ပြိုင်တည်း ဆိုလိုက်ကြလေ၏။

ကောက်ရိုး ပုံပေါ်တွင် ခပ်မော့မော့ ပက်လက်လန်၍ လက်တစ်ဖက်မှာ တန်းလန်းကျလျက် သံကတ်ကြေး ဦးချွန် အပျက်တစ်ခုကို ဆုပ်ကိုင်ထားသည်။ မော့ထားသော မျက်နှာအောက် လည်မျို တည့်တည့်တွင် သွေးစိမ်းရှင်ရှင် စီးယိုကျနေသော ထုတ်ချင်းခတ် အပေါက်ကြီးဖြစ်လျက် မလှုပ်မယှက်

www.burmeseclassic.com

www.burmeseclassic.com

အသက်ထွက်နေလေသည်။ လက်တွင်းက ကတ်ကြေးပျက် အချွန်တစ်လုံးမှာလည်း သွေးရောင်သွေးစ တွေဖုံးကာ ရဲရဲတောက် နီးမြန်းလျက်ရှိလေသည်။

"သူ့ကိုယ်သူ ထိုးသတ်လိုက်ပြီ"ဟု မြို့ဝန်မင်း၏ တပည့်များက တစ်ပြိုင်တည်း ပြောကြားလိုက်လေသည်။

မြို့ဝန်မင်းက အချုပ်ခန်းထဲမှာ ဘယ်ကလာ၍ လက်နက်ရသလဲဟု ပြူးပြူး ပြဲပြဲလုပ်၍ မေးနေပြန်သေးသည်။ လက်ထဲက သွေးရဲနေသော ကတ်ကြေးသံချေးတက် တစ်ခြမ်းပျက် ကို ယူကြည့်သူက ကြည့်ကာ "ဟာ ... ကတ်ကြေးပျက် သံချေးတက်ကြီးပါ၊ ထောင်နံရံမှာ ထိုးညှပ်ထားတာ ကြာလှပေါ့ပဲ၊ လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ကျွန်တော် မြင်နေတယ်" ဟု ထောင်အချုပ်ခန်းစောင့် တစ်ဦးက ပြောလိုက်သည်။

"ဟင် ... စောစောက ကျုပ်ကို ဆဲလို့ ပါးရိုက်ခဲ့တယ်၊ သူ ကျုပ်တို့ကို ပြန်မလုပ်နိုင်တာနဲ့ ဒေါသဖြစ်ပြီး သူ့ကိုယ်သူ တွေ့ရာလက်နက်နဲ့ ထိုးသတ်တာပဲ ဖြစ်မှာပေါ့"ဟု မြို့ဝန်မင်းက ပြောလေ၏။

ထောင်မှူး များက ဝန်ကြီးများ အပြစ်တင်မည်ကို များစွာ စိုးရိမ်ထိတ်လန့်သွားကြသည်။

"ကျွန်တော်မျိုးများ ကောင်းကောင်းမကြည့်ကောင်းလားလို့ လွှတ်တော်ကြီးက အပြစ်များ တင်ဦးမလား ဘုရား"ဟု ပြောကြသည်။

"သူ့ဘာသာသူ သတ်သေတာပဲ ဘယ့်နယ့်မှ မတတ်နိုင်ဘူး။ ကျုပ်တို့ ခင်ဗျားတို့ရော အားလုံးမြင်တဲ့အတိုင်း အစီရင်ခံစာပို့လိုက်ရုံပေါ့ဗျာ၊ တစ်ဦးတစ်ယောက်က သတ်သွားတယ်ဆိုရင်လည်း ဆွဲဖမ်းပေးရလေသေးရဲ့၊ ခုတော့ သူ့တရား သူစီရင်သွားတာဖြစ်လို့ တစ်နည်းအားဖြင့် ခင်ဗျားတို့ကျုပ်တို့တာဝန်ပေါ့သွားတာပဲ"ဟု မြို့ဝန်မင်းက ယပ်လှဲ့တရားဟောပြီး အထက်လူကြီးများကို အစီရင်ခံစာ ရေးသားတင်ပို့ရန် ဆုံးဖြတ် လိုက်ကြ လေ၏။

ဤနည်းဖြင့် တစ်ချိန်က တန်ခိုးအလွန်ကြီးခဲ့သော ရေနံချောင်းမင်းကြီး၏ သား လက်သုံးတော်ကြီး ကိုင်မြောက်ဒါဂယ်ဗိုလ် ရနောင်မြို့စားမင်းသား မောင်မောင်တုတ်သည် အကျဉ်းထောင်ထဲတွင် ကတ်ကြေးပျက်တစ်ဖက်နှင့် အသက်ကို စွန့်လိုက်ရရှာသည်။ ထိုကတ်ကြေးမှာ ရမည်းသင်းအရပ်ရှိ ပန်းပဲဖိုများမှ လုပ်ကိုင် ရောင်းချလေ့ရှိသော သံကတ်ကြေးဦးချွန်းမျိုးဖြစ်သည်။ ထိုအခါမှစ၍ ကတ်ကြေး ဦးချွန်ကို ရနောင် ကတ်ကြေး ဟု ခေါ်စမှတ်ပြုခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော်ဂန်ကြီးများလည်း မြို့ဂန်နှင့် ထောင်မှူးထောင်ကြပ်တို့၏ အစီရင်ခံချက် အရ ရနောင်မြို့စား ပောင်း မောင်မောင်တုတ်သည် ထောင်ထဲ၌ သူ့ကိုယ်သူ လုပ်ကြံသေဆုံးကြောင်းနှင့် မှတ်တမ်းဖွင့်၍ ရေးတင် ထားလိုက်လေသတည်း။

ရောဂတီမြစ်ရေပြင်သည် တသွင်သွင် တအေးအေး ငြိမ့်လေးစွာ စီးဆင်းလျက်ရှိလေ၏။

မြူခိုးများ ယှက်နေသော မြစ်ကမ်းတစ်ဖက်တစ်ချက်ရှိ တောင်ကမ်းပါးယံကြီးများမှာ မတ်စောက် မြင့်မားစွာ တည်ရှိကြလေသည်။

မြစ်ရေပြင်ဖွေးဖွေး၌ တဖြည်းဖြည်း ဆန်တက်လျက်ရှိသော အညာလှေကြီးငါးစင်းမှာ တင်းမာ ဖောင်းကော့ လျက်ရှိသော ရွက်ကြီးများနှင့် လေလွင့်ရာသို့ ရင်ပေါင်တန်း ရွ့လျားလျက် ရှိလေသည်။

ရွက်စုံဖွင့်၍ လွှင့်လျက်ရှိသော အဆိုပါလှေကြီးများမှာ တစ်စင်းနှင့်တစ်စင်း လှမ်း၍ မြင်သာရုံမျှ ရှိလေသည်။ လှေပဲ့တွင် ထိုင်လျက်ရှိသော ပဲ့နင်းကြီးများမှာ တစ်ဦးနှင့်တစ်ဦး အချက်ပြ ဆက်သွယ်ခြင်းဖြင့် ရေကြောင်း လေကြောင်းသင့်ရာ စောင်းကာကွေ့ကာ ပဲ့ကိုင်လိုက်ပါလာကြ သည်။ ထိုးဂါးသမားများ မှာမူကား လှေနှုတ်ခမ်း ပေါ် တွင် လေငြိမ်လျှင် ငြိမ်သလို အလုပ်များလျက် လေအားကောင်း၍ ရွက်ဖောင်းလျှင် လေသာ ခိုကာ လိုက်ပါလာကြသည်။

လှေကြီး၏ ပေါင်းမိုးအထက်ရှိ ဦးပိုင်းတွင် ခါးတောင်းကနား မျှောင်လောက်အောင် ကျိုက်လျက် ထိုးကွင်း ဒူးချ ရဲပုဆိုးရဲတဘက် ဂတ်ဆင်ပေါင်းထုပ်ထားသော မင်းမှုထမ်းလုလင်များက ဓားလုံ့ထမ်းကာ အလှည့် စောင့် သူက စောင့်၍ ထမင်းဟင်းချက်သူက ချက်ရင်း ပါလာကြသည်။

လှေဂမ်းတိုက်အတွင်းမှာ ဂက်ခြံပမာ ဂါးတို့ဖြင့် ခြံခတ်ကာရံပြီး အပေါ်မှာ ဂါးကပ်ဖိထားသော ယာယီ အချုပ်ခန်း ငယ်အတွင်းမှာမူကား ရာဇဂတ်သင့်သဖြင့် မိုးကောင်းသို့ အကျဉ်းချုပ်နှင့် အပို့ခံ ရသော ရာဇဂတ် အကျဉ်းသမားများ ဖြစ်လေ၏။ လှေကြီးတစ်စင်း တစ်စင်း အတွင်းရှိ အချုပ်ခန်းအတွင်းမှာ အပြစ် အလျောက် အကျဉ်းပို့ခံရသော ရာဇဂတ်ကောင်(တစ်ကျိပ်) ဆယ်ဦးစီ သယ်ယူလာရလေသည်။ အချို့ ရာဇဂတ်သားများကို မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်မှအစ မဲဇာရွှေလီ စခန်းအထိ လွှတ်တော်အမိန့်ချမှတ်ရာ ဌာနအရပ်ရပ်သို့ အရောက်ပို့အပ်ရန် သယ်ယူဆောင်ကြဉ်း လာခဲ့ရခြင်းဖြစ်ပေ၏။

ထိုလှေကြီးများ ထွက်လာသောအခါက်မှာပင် စီးတော်မြင်းဂန် ရွှေတိုက်စိုး တောင်သမန်လယ်စား ဘုရင့် စာဆိုတော်ကြီးဘဂမှ အရာချ၍ မိုးကောင်းသို့ ပို့ကာ ကွပ်မျက်ခံရရှာမည့် မောင်မောင်ငယ်

www.burmeseclassic.com

www.burmeseclassic.com

နှင့်တကွ တစ်ချိန် တည်း ဖမ်းဆီးအရေးယူခြင်းခံရသော အမှုထမ်းများဖြစ်သည့် ကောင်ဟောင်ဂန်၊ ငွေခွန်မှူး၊ ဘုန်းတော်တိုး ဗိုလ်များ၊ သံတော်ဆင့်မြို့စာရေး အသုံးစာရေး ဒိုင်းစာရေး စသူတို့အားလည်း တစ်ပါတည်း မိုးကောင်း မြို့ အကျဉ်းထောင်သို့ပို့ရန် ပါရှိလာကြလေသည်။

ရေသံ၊ မိုးသံတို့ ငြိမ့်ငြိမ့်ညံညံနှင့် အညာဆန်လှေ ဂမ်းဗိုက်ထဲမှာ ညှိုးငယ်ကျဉ်းကျပ်စွာ ရာဇဂတ်သား ဘဂဖြင့် ဆောင်ယူရာသို့ လိုက်ပါလာရသော (ဦးဖေငယ်) မောင်မောင်ငယ်မှာ မိမိနှင့် တစ်လှေတည်း စီးရသော ရာဇဂတ်သင့်သူများတွင် အပေါင်းအသင်းဖြစ်ခဲ့သူ ရွှေနန်းတော်သားထဲက တစ်ဦးတစ်ယောက်မျှ မပါဘဲ နိုင်ငံတော်အောက်တလွှားဆီမှ ခိုးဆိုးလုယက် သတ်ဖြတ်မှုကျူးလွန်သူ လူမိုက် ရာဇဂတ် ကောင် များချည်းသာ ဖြစ်နေသောကြောင့် မောင်မောင်ငယ်မှာ တိုးတိုးဖော် စကားနီးနှောရန်မျှ မရှိ၊ မိမိကဲ့သို့ စိတ်ပျော့ နူးညံ့သော စာဆုတော်မျိုးသည် ဤလူဆိုးလူမိုက် စရိုက်ယုတ်ကြမ်းသူများအား မိမိကြားလိုသော အကြောင်း နှင့် စပ်လျဉ်း၍ တစ်ခွန်းသော စကားကိုမျှ မေးမြန်းပြောဆို၍ မရ၊ လူဆိုးလူမိုက်များကလည်း ယောက်ျား ရင့်မာကြီးက မိန်းမလိုမိန်းမရ ပျော့ပျော့ညံ့ညံ့ ရှိလှသည်ဟု အဖက်မလုပ်ဘဲ နေကြလေ၏။

ယင်းသို့ ဒုက္ခသည်ချင်း အပေါင်းအဖော်မရ ကျဉ်းကျပ်လှသော လှေဂမ်းတိုက် အချုပ်ခန်းထဲမှာ ဘယ်အရပ် ဘယ်နေရာက ရောက်လာသည်ဟုလည်း မသိရ၊ လောကနှင့် အဆက်ပြတ်လျက် မျက်မမြင် ဒုက္ခိတ နှင့် မခြား ဖြစ်နေရသောကြောင့် ဒူးပေါ်တွင် ခေါင်းတင်ပြီးတွင်တွင်ကြီး စဉ်းစား၍ အချိန်ကုန်စေရတော့၏။

မောင်မောင်ငယ် စဉ်းစားတွေးတောပြီး မျက်လုံးအိမ်ထဲတွင် အမြဲ ထင်မြင်နေသော အာရုံတို့သည် ကား မိဘနှစ်ပါးကဲ့သို့ ခင်မင်သူ ဒိုင်းအတွင်းဝန်မင်းနှင့် ဂန်ကတော်ကြီး နှမကလေး ခင်ခင်ကြီးတို့ပင် ဖြစ်လေ သည်။ မိမိရှေ့မှာပင် မိမိနှင့်အတူတကွ ဖမ်းဆီးခြင်းခံရသည်ကို မြင်လိုက် ရပြီးနောက် တစ်ယောက်သတင်း တစ်ယောက် မကြား မသိရတော့ဘဲ တစ်ခါတည်း ကွဲခဲ့ရသည်။ သူတို့ခမျာတွေ ဘယ်ဆီဘယ်လမ်း ဘယ်စခန်းများ ရောက်နေရှာကြသလဲ၊ အသက်နှင့် ကိုယ်မှ မြဲနေကြပါသေးစ စသော မေးခွန်းများကို မိမိကိုယ်ကို ပြန်မေးခြင်းဖြင့် ဘာမှမသိသော မိမိကလည်း မဖြေနိုင်၊ အတွေးအထင်နှင့် စိတ်ကူးချင်သလို စိတ်ကူး ၍သာ နေခဲ့ရတော့သည်။

သူ့ခမျာများ ဘယ်လိုအပြစ်မျိုးမှ မရှိကြတာ ငါအသိဆုံးပါ၊ ဒါကို ဘယ်လိုပင် အပြစ်ပြု၍ ဖမ်းသည်ထား အမှုသွား မခိုင်လုံတဲ့အတွက် ရက်မကြာခင် ပြန်လွှတ်ရမှာပါပဲ ဟူ၍လည်း တစ်နည်းတစ်လမ်း စိတ်အေးချမ်း သာအောင် တွေးလိုက်မိသည်။ အပြစ်မရှိ၍ လွှတ်လိုက်သည်ဟူ သော သတင်းမျိုးကလေးကို ကြားလို လှသောကြောင့် မေးမြန်းစုံစမ်း၍ ရနိုင်မည့်လူများကို စောင့်စားခဲ့ပါသော်လည်း အချည်းနီးမျှသာ။

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ အညာဆန်လှေကြီးနှင့် သယ်ဆောင်ရာသို့ ပါလာခဲ့သည်အထိ သိလိုသော သတင်းကို မသိခဲ့ရ မကြားခဲ့ရ၊ ခင်မင်ရင်းနှီးလှသော မောင်မောင်တုတ်ကို တမ်းတခဲ့စဉ်ကလည်း အရိပ်အရောင်မျှ မပေါ်လာပုံ ထောက်ခြင်း အားဖြင့် မိမိကဲ့သို့ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရရှာပြီဟု တစ်ထစ်ချ ယူဆ လိုက်လေ သည်။

အရွယ်ကြီးရင့် အိုမင်းကာ မစွမ်းမသန်ရှာသူ မိန်းမသားတစ်ယောက်ဖြစ်သော ဒိုင်းအတွင်းဝန် ကတော်ကြီး နှင့် မလိမ်တမာ ငယ်ရွယ်ရှာသော ခင်ခင်ကြီးကဲ့သို့ မိန်းကလေးမျိုးကိုပင် ရေးကြီးခွင်ကျယ်လုပ်ကာ ဖမ်းလား ဆီးလားနှင့် မဟားဒယား လုပ်ကြသေးလျှင် မောင်မောင်တုတ်ကိုလည်း မည်သည့်နည်းနှင့်မျှ ချန်၍ ထားကြမည်မဟုတ်ဟု ယခင်ထင်မြင်ချက်ကို လေးနက်ခိုင်မြဲအောင် ထောက်ခံသမှု ပြုလိုက် ပြန်သည်။

မိမိတို့ အားလုံးကို ယခုကဲ့သို့ သိမ်းကျုံးဖမ်းဆီးခံရခြင်းမှာ ရွှေနန်းရှင်ဘုရား အမျက်တော်ပွားလောက်သည့် အမှုအပြစ်ကြီးများမရှိ၊ မကျန်းမာတော်မူမည့်နေ့ နံနက် နောက်ဆုံးတွေ့ကြုံဖူးမြင်ရသောအခါကလည်း ခင်ခင်ကြီးနှင့် ပတ်သက်သော စေခိုင်းတော်မူချက်ကို ရွက်ဆောင်ရန် အပါးတော်မှ ထွက်ခွာခဲ့ရပြီး နောက် တစ်နေ့မှ အဖမ်းအဆီး ခံရခြင်းဖြစ်သည်။

အမျက်တော်ထားခြင်းထားလျှင် အရှင်နန်းမတော်ဖုရားကသာ ထားစရာရှိသည့်အတွက် နန်းမတော် ဖုရား၏ အလိုတော်အတိုင်း စစ်တပ်နှင့် ဝိုင်း၍ ဖမ်းဆီးခြင်းသာ ဖြစ်ရာသည်။ ဤအတိုင်းမှန်လျှင် ဓားစာခံရသူ အိမ်တော်ပါ ကျွန်တော်ရင်းတို့အကြောင်းကို ရွှေနန်းရှင်ဘုရား သိရှိတော်မူမည်မထင်၊ မည်သူ ကမှ လည်း ကြားဝင် အမှန်းခံကာ လျှောက်တင်ခြင်း၊ သတင်းပေးခြင်း ပြုပုံ့ကမည်မဟုတ်တကားဟု စဉ်းစားရင်း အခံရခက်လှ တော့သည်။

မိမိတို့မှာ အရှင်သခင် အလိုတော်ကျ စေခိုင်းတော်မူသမျှ ဆောင်ရွက်ရသူများဖြစ်လေရာ ယခုလို အယူခံ ချက်မရှိ ပိပိရိရိ ဖမ်းဆီးအပြစ်ပေးနိုင်ရန် အဘယ်ဓမ္မသတ်၊ အဘယ်ရာဇသတ် ဘယ်ဖြတ်ထုံး ဥပဒေများနှင့် အကျုံးဝင်အောင် အပြစ်ပြုကြလေသနည်း။ မည်သည့်နည်းနှင့်မဆို ခင်ခင်ကြီးကိစ္စနှင့် စပ်လျဉ်း၍ ကိုယ်တော်ချင်းချင်း စိတ်ဂမ်းကွဲပြား အမျက်တော်ပွားရာမှာ နောက်ဆုံးတွင် မိမိတို့သာ ဓားစာခံ ဖြစ်ရခြင်း ပါတကားဟု စဉ်းစားမိစေကာမူ ချစ်ခင်ကြင်နာလှသူ နမငယ် ကောင်းစားရေးကို မိမိက အသက်ပေး၍ပင် ဆောင်ရွက်ပုံ့သော စေတနာရှိခဲ့သဖြင့် ခင်ခင်ကြီးသာ အပြစ်ချမ်းသာရာရလျှင် မိမိ သေချင်သေပေစေ သေရကျိုး နပ်လေသည်ဟု ကြည်ကြည်ဖြူဖြူ အသက်ကိုလှူရန် အသင့်ရှိသူဖြစ်ရကား ခင်အကြီးသာ ချမ်းသာ ကောင်းစား ရစ်ပါစေဟု စေတနာ ပြတ်ပြတ်သားသားနှင့် ထပ်မနား ဆုတောင်းလျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းရှင်ဘုရားမှာ ခင်ခင်ကြီးအား များစွာ စုံမက်မြတ်နိုးတော်မူသည်။ ကျန်းမာတော် မမူသေးလို့ မေးတော် မမူနိုင်ခင်သာ သူတို့ထင်သလို လုပ်ထားနိုင်မည်။ ရွှေနန်းရှင်ဘုရား အမေးတော်ရှိတဲ့ တစ်နေ့မှာ ပုက်ထား ရာမှ ထုတ်ပေးရမည် မုချဖြစ်တော့သည်။ မိဖုရားကြီးက ကြည်ဖြူတော်မမူ စေကာမူ ကောက်ယူ တော်မူပြီး မိဖုရားအရာ မြောက်၍နေလေပြီ။ သည်အခြေကျကာမှ ခင်ခင်ကြီး သည် မိဖုရား တစ်ပါးဟု အသိအမှတ်ပြုကြရုံမှ တစ်ပါး ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်က ဖျောက်ဖျက် လျှို့ပုက် ထားတော် မူနိုင်မည် မဟုတ်ဟု ယုံယုံကြည်ကြည်ကြီး ဆုံးဖြတ်သမှု ပြုလိုက် လေတော့သည်။

ရွက်စုံဖွင့်ထားသော အညာဆန်လှေကြီးကား တဖြည်းဖြည်းနှင့် မှန်မှန်ကြီးသွားလျက်ရှိလေ၏။ မောင်မောင် ငယ် မှာ လှေဝမ်းထဲတွင် ဆင်းရဲကြပ်တည်းစွာ လိုက်ပါမြဲ လိုက်ပါလျက် ရှိငြားသော်လည်း ခင်ခင်ကြီး ချမ်းသာ ကောင်းစားရေးကိုသာ တတွေးတွေး ဆုတောင်း ဆုယူပြုကာ လိုက်ပါခဲ့သည်။ အရှင်သခင် ၏ အလိုတော် ပြည့်ရန် ဦးဆွေးဆံမြည့် နေ့ရှိသရွေ့ ထမ်းရွက်ခဲ့လျက် အသက်ပါ ဆုံးရှုံးမှုဖြစ်ရ သော်လည်း စေတနာ ကြီးစွာထားလျက် အချစ်မပျက်နိုင်ရှာပေ။

မင်းခစား ကမ်းနားသစ်ပင် ဆိုသည့်စကားအတိုင်း သဒ္ဓါတော်မူတုန်းအခါ လျှမ်းလျှမ်းတောက် ကောင်းစား ခဲ့လျက် မင်းမျက်သင့်သည့်အခါမှာလည်း အသက်စည်းစိမ် အိုးအိမ်ပစ္စည်း ဆိုသမျှမှာ ဖွဲတစ်ထုပ်တစ်မျှ တန်ဖိုးမမြင် ဆံခြည်တစ်မျှင်ခြားနှင့် အပ်သွားပေါ် မုံညင်းစေ့ပမာသာရှိတော့ သည်ဟု နလုံးပြုမိကာမူ ရွှေနန်း ဘုရားကိုကား အကြည်ညိုမပျက်၊ ရက်စက်တော်မူလိုက်သည့် နန်းမတော် စုဖုရားလတ် ကိုသာ ပြုရက်ပါပေရဲ့ ဘုရားဟု ညည်းတွား ရေရွတ်မိ ခဲ့သည်။

အရှင်နစ်ပါး မင်းသားမင်းသမီးဘဝမှာ မိမိတို့ ကျွန်တော်မျိုးရင်းများက အားပေးအားမြှောက် ပြုလျက် တောင်ဉယျာဉ်တော် ထွက်သည်အထိ ချစ်ကြိုးတော်ဆောင်ခဲ့ကြပုံများကိုလည်းကောင်း၊ မိမိကလည်း သဘောကျ၊ လူကြီးများကလည်း ရည်စူးပြီးသော ခင်ခင်ကြီးနှင့် တောင်သမန်အင်းကို သွား၍ ပျော်ပျော် ပါးပါး နေခဲ့ကြပုံများကိုလည်းကောင်း တီတီတာတာ ချစ်စရာတွေပြောရင်း ကျော သပ်လက်သပ်နှင့် သံယောဇဉ် အချစ်ကြိုးတွေ အမျိုးမျိုး ရစ်ပတ်နေမိပြီးမှ ရွှေနန်းရှင် အလိုတော်ရှိလှသည်ဟု သိရသော အချိန်အခါ ကစလျက် သံယောဇဉ် ချစ်နှောင်ကြိုးကို သစ်စိမ်းချိုး ချိုးဖြတ်လျက် အရှင်သခင်လက်သို့ ကြည်ဖြူ စွာ ပို့ဆက်ခဲ့သည်ကိုလည်းကောင်း၊ ချစ်သူကလေး၏ ကောင်းစားကြီးပွားရေးကိုလည်း တစ်နည်း တစ်လမ်း အားဖြင့် စေတနာ ထားခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ရိုးအချစ်မှန်၊ အဖိုးတန်သော အချစ်စိတ်မှာ မြင့်မြတ် တည်ကြည်သော ကြင်နာမှုတွေ ဝေဝေဖြာအောင် ခြံရံကာနေမြဲဖြစ်သည်။ ထိုစဉ်အခါက ဘာမသိ ညာမသိနှင့် မိမိတို့ ခြယ်လှယ်ကာ ရွေနန်းရှင် ထံတော်ရောက် ပို့ဆက်ခြင်းခံရရှာသော ခင်ခင်ကြီးအတွက် တွေးမိတိုင်း တသက်သက် သနား လိုက်မိ သေးသည်။

အတိတ်အခါက ဖြစ်ခဲ့ပျက်ခဲ့ကြသော မိမိတို့ ရာဇဝင်ဇာတ်အခန်းကို တစ်လမ်းလုံး ပြန်လည် ဖော်ထုတ် စိတ်တွင်းမှ အသစ်လုပ်ကာ ဂိုပသနာ တင်လာခဲ့လေသည်။

တအိအိ တသက်သက်နှင့် ရွက်စုံဖွင့်၍ ဆန်တက်ခဲ့သော လှေကြီးများမှာ ရတနာပုံ နေပြည်တော်ကြီးနှင့် ခရီး တိုင်ပေါင်း များစွာ ဝေးကွာလာခဲ့လေပြီ။ ရာသီဥတု ပူပြင်းခြင်းမှလည်း တစ်စတစ်စ နည်းပါးကာ အေးချမ်းလာခဲ့လေပြီ။ ရောဂတီ နဒီမြစ်ကမ်းနှစ်ဖက်တို့ကိုလည်း ရုတ်ချည်း မြင်စွမ်းနိုင်ခြင်းမရှိပေ။ မြူခိုး တောင်ခိုးတွေ ဝေဝေမှိုင်းခဲ့ရာမှ ဆီးနှင့်တွေ ဖြိုင်ဖြိုင်ကျ၍ ဌာနဒေသအလျောက် တစိမ့်စိမ့် တစမ်းစမ်းနှင့် အချမ်း ကြောင့် ခိုက်ခိုက်တုန်လာကြရာ လဲဂါဝွမ်းပုံ တို့ဖြင့် ခြုံရုံမကွေးနိုင်ရာသူ ရာဇဂတ်ကောင် မောင်မောင်ငယ် ခမျာမှာ မြက်ခြောက် ကောက်ရိုးတည်းဟူသော ကြာဖုံပေါ်တွင် ဂတ်ဆင် လာရ ရင်း ဖြစ်သော ပိုးစင်ပုဆိုးဟောင်းခါးပုံစ တစ်ပိုင်းဖြင့် ရစ်သိုင်းလွှမ်းခြုံကာ အချမ်းလုံအောင် ကွေးလာခဲ့ ရရှာ တော့သည်။

သို့နှင့် တစ်နေ့သော နေထွက်တပြူ အချိန်လောက်တွင် တက်ကုန်ရွက်ကုန် ဖွင့်နှင်လာခဲ့သော နာဂါ လှေယာဉ်ကြီး များမှာ မှိုင်းမှိုင်းမှောင်သော တောင်စဉ်တောင်တန်းများ ပတ်သန်း ဂန်းရံထားသော မိုးကောင်းမြို့ ဆိပ်ကမ်းခြေသို့ ကပ်မိကြလေ၏။ မိုးကောင်းမြို့ကို စီရင် အုပ်ချုပ်ရန် နေပြည်တော်မှ ပို့အပ် ခန့်ထားခြင်း ခံရသော မိုးကောင်းဂန်မင်းသည် နောက်ပါ အမှုထမ်း တပည့်များနှင့် လှေဆိပ်သို့ ထွက်လာ ခိုက်ဖြစ်လေသည်။ ထိုအခါက နေပြည်တော်မှ အဆက်အသွယ်များမှာ လှေကြီးများနှင့်သာ ရောက်လာ တတ်သည်။ လွှတ်တော်ရုံးတော်မှ အမိန့် တော်စာချွန်များ၊ ရိက္ခာတော်များမှာ အဆိုပါ လှေကြီး များနှင့် တစ်လ တစ်ကြိမ်လောက်သာ ရောက်လာလေ့ရှိသည်။ ထိုလှေကြီးများနှင့်အတူ နေပြည်တော်မှ ရာဇဂတ် သင့်ကြသူ ထောင်ပြောင်း ခံရသူများလည်း အမြဲပါလာတတ်လေသည်။ ထို့ကြောင့် နေပြည်တော်မှ လှေကြီးများ ဆိုက်ကပ်လျှင် မြို့ရွာအုပ်ချုပ်သူ မင်းမှုထမ်းတို့ ဂမ်းပန်းတသာ ဆီးကြို တတ်ကြ မြဲ ဓမ္မတာ ပင် ဖြစ်ချေသည်။

မိုးကောင်းဂန်မင်းမှာလည်း လှေပေါ်တွင် ပါလာသမျှ ပစ္စည်းရိက္ခာ လက်နက်ခဲယမ်း မီးကျောက်မှအစ ပုရပိုက် စာရင်းအင်းနှင့် တိုက်ဆိုင်လက်ခံကာ နေပြည်တော်မှ သတင်းထူးများကို လှေသမား မင်းစေ လုလင် အမှုထမ်းများအား ကိုယ်တိုင်တွေ့ဆုံ မေးမြန်းနားထောင်လေ့ရှိသည် ဖြစ်ရာ-

www.burmeseclassic.com

www.burmeseclassic.com

လေ့သူကြီး များက နေပြည်တော်တွင် ထူးခြားသော သတင်းအရပ်ရပ်များကို ၎င်းတို့ တွေ့မြင်ကြားသိသမျှ ဖောက်သည် ချကြသည်။ ယခုအခေါက် ဖောက်သည်ချရသော သတင်းများမှာ အထူး များလှသည်။ နားထောင် သူများကလည်း တအံ့သြသြ ငေးမောနားထောင်ကြ ရသည်။

လေ့သူကြီးနှင့် မင်းမှူထမ်းတို့ ကြားသိခဲ့သမျှ ပြောကြသော သတင်းများတွင် နေပြည်တော် ဆယ့်နှစ်ရာသီ ကြံ့ကြိုက် မြဲ ပွဲလမ်းသဘင်များ၊ ဆယ့်နှစ်ရာသီ အလှူတော်များ၊ နယ်စပ်သို့ ညောင်အုပ်မင်းသားတို့ လာရောက် နှောင့်ယှက်သော သတင်းများ၊ မြင်ကွန်းမင်းသားကြီး ပြင်သစ် ပိုင်နယ်မှ ဖြတ်လျက် ကြယ်ဖိုး နယ်ဘက်မှ အဆက်အသွယ် ပြုနေသော သတင်းများ၊ ညောင်ရမ်း မင်းသားကြီး ကုလားပြည် ရောက်နေ သည်ဆိုသော သတင်းများ၊ နိုင်ငံခြားသို့ သံတမန်တော်များ စေလွှတ်စေ့စပ်မှု မပြီးပြတ် သေးသော အကြောင်းများ၊ ပြင်သစ်တို့နှင့် မဟာမိတ်စာချုပ် ပြုလုပ်ရန် စကားကမ်းလှမ်းနေသော သတင်း များ၊ နန်းတော်တွင် ၎င်း ပြင်သစ်သူ အပျိုတော်များ ထွက်ဝင်စားနေကြသည်ကို သူလျှိုဟု အချို့က မယုံသင်္ကာ ရှိကြောင်းများ၊ အထက်ဗန်းမော် အောက်မြေလတ် သရက်၊ မင်းလှ၊ အင်းဂ စသော ခံတပ်တော်ကြီးများကို နေပြည်တော်မှ အလျင်စလို အမိန့်ပေးနိုင်ရန် သံကြိုး၊ ကြေးနန်းများ သွယ်တန်းထားသော သတင်းထူးများ၊ မိုးနဲ စော်ဘွား မကျိုးမနွံ တော်လှန်မည့် အရိပ်နိမိတ်နှင့် ရှမ်းပြည်နယ်ကိစ္စများ၊ နိုင်ငံတော် အလယ်ပိုင်း တွင် ဆိုးသွမ်းသောင်းကျန်းနေသော လူဆိုးဓားပြမှုများနှင့် လှျမ်းလှျမ်းတောက် ကောင်းစား၍ တန်ခိုး အာဏာ ကြီးမားခဲ့သော ရနောင်မင်းသားကြီး မောင်မောင်တုတ်တို့ ရုတ်တရက် ရာဇဝတ်မှု ရောက်ရသော အကြောင်း များအထိ မိမိတို့ ကြားမြင်သိရှိခဲ့ကြသလောက် တစ်ယောက် တစ်ပေါက် လျှောက်တင် အစီရင်ခံ ကြလေသည်။

မိုးကောင်းဂန်မင်းမှာ ကြားရိုးကြားစဉ် သတင်းများထက် ရနောင်မင်းသားတို့ ကိစ္စအတွက် အထူး စိတ်ဝင် စားလျက် ရှိတော့သည်။ အပြန်ပြန် အထပ်ထပ် ရေငတ်သလို ခဏခဏ ပြန်၍ မေးမိသည်။ အမှုထမ်း တို့ကလည်း နားစွန်နားဖျား မိမိတို့ထောက်မှီ ကြားသိရသလောက် အသေးစိပ် ပြောရပြန် သည်။

နောက်ဆုံးတွင် "ကျွန်တော်မျိုးတို့တော့ ဤမျှသာ ကြားသိရပါသည်။ မိုးကောင်း အကျဉ်းထောင်သို့ လွှဲပို့ လိုက်သော လေ့ပေါ်က ရာဇဝတ်ကောင် အများထဲမှာ ရနောင်မင်းသားကြီးနှင့် အမှုဖြစ်ရာတွင် ရောယှက် ပါဝင်ခဲ့သောသူများ ပါကောင်း ပါပါလိမ့်မည်။ ရာဇဝတ်ကောင်တို့၏ ငယ်မည်စာရင်းကို ဖတ်ရှု ကြည့်တော် မူပြီးလျှင် သိချင်သေးသော အရေးကိစ္စများကို ရာဇဝတ်သားတို့အား မေးမြန်းပါ" ဟု လျှောက်တင်ကာ မိုးကောင်း ဂန်မင်းအား ပါလာသမျှ ရာဇဝတ်ကောင်တို့ စာရင်းကို ယူ၍ ပြကြရ သည်။

www.burmeseclassic.com

မိုးကောင်းမြို့ အကျဉ်းထောင်တွင် ထားရမည့်ရာဇဝတ်ကောင် သုံးဆယ်ကျော်၏ ယ်မည်စာရင်းကို အစဉ် လိုက် လျှောက်၍ ဖတ်ကြားသွားရာ လေတ်၊ ငပေါ်ညွန်း၊ ငမှန်၊ ဘိုးမောင်၊ ညို၊ ငစော၊ ငဘလီ၊ သေက်ရှည် မှအစ နေပြည်တော်မှာ နေစဉ်က မိမိကြားဖူးသော နာမည်များဖြစ်နေပြီး စိတ်ထဲမှ သင်္ကာယန မကင်းဖြစ်ခဲ့ရာ "ငဖေငယ်"ဟူသော အမည်ကို ဖတ်လိုက်သောအခါမူကား မိုးကောင်းဝန်မင်းမှာ ရုတ်တရက် ထိတ်ထိတ် ပျာပျာ ဖြစ်သွားလေ၏။

"ဟေ့ဟေ့ ... တော်စမ်းတော်စမ်း၊ ဘယ်မလဲ၊ အဲဒီရာဇဝတ်သားတွေ၊ ထောင်ထဲသို့လိုက်ပြီလား၊ ငါ့ဆီ ခေါ်ခဲ့ စမ်းပါဦး"ဟု အမိန့်ပေးလိုက်လေသည်။

"ရှိပါသေးဘုရား၊ လှေဂမ်းထဲက မချရသေးပါ၊ ထောင်မှူးများလာမှ စာရင်းနှင့်တကွ အပ်ရပါမည်ဘုရား"ဟု ပြန်လည်ဖြေကြားကြသည်။

"ဟေ့ ... ဒါဖြင့် နေပါစေ၊ အားလုံးမချခဲ့နဲ့ ဟောဒီ ငဖေငယ်ဆိုတဲ့လူကို မေးပြီး သူ့တစ်ယောက်တည်း ရွေးခေါ်ခဲ့စမ်း"ဟု မိုးကောင်းဝန်မင်းက အမိန့်ပေးလိုက်သည်။ သူ့နယ်တွင် သူမင်း၊ ရှုံးတစ်လုံးဓားတစင်းနှင့် ဂင်းဂင်းတောက် အခွင့်အာဏာရှိသော မိုးကောင်းဝန်မင်း၏ အမိန့်ကား ငယ်သားအရာများအတွက် ထိပ်ပေါ်တွင် သံမှိုနှက်သကဲ့သို့ ရှိလေသည်။

မိုးကောင်းဝန်မင်းသည် လှေဂမ်းထဲမှ ပေါ်လာမည့်သူမှာ မိမိထင်သူ မဟုတ်ပါစေနှင့်ဟု ကြိတ်ကာ ဆုတောင်းရင်း ကမ်းပါးစောင်း ကနားဖျဉ်းရိပ်မှ တထိတ်ထိတ် ဖြစ်နေသည်။ ခဏကြာလျှင် ပုသိမ်ပဂါ အဂါ ရင့်ရောင်ကို ကဖျစ်ကညစ် ဖြစ်သလို ရစ်လိမ်ပေါင်းထုပ်ထားလျက် မြောက်ပြင်ရက် ဘောင်စင်း ပိုးပုဆိုး ပန်းရောင် ညစ်ညစ် ပေပေကို ဒူးဖုံးမိရုံဂတ်ကာ ချေးညှော် အလိန်းလိန်းနှင့် ပိုးအင်္ကျီကရုပ်ပုံ လက်ကြပ်ကို ဖြစ်ကတတ် ဆန်း မြန်းထားသော လူရည်သန့် တစ်ယောက်အား မင်းလုလင်များက လက်ပြန်ကြိုး တည်းလျက်သား တဲအတွင်းသို့ ဆွဲသွင်းလာလေ၏။

မိုးကောင်းဝန်မင်းမှာ ခေါ်လာသူကို မြင်လျှင် မြင်ခြင်း "အမယ်မင်း ကိုကြီးဖေပါကလား" ဟု ထိတ်လန့် တကြား ပြောပြီး တစ်ခါတည်း ဖက်ထားလိုက်တော့သည်။ မင်းလုလင်များလည်း အံ့အားကြီးသင့်လျက် မလှုပ် မယှက် ကြည့်ကြလေ၏။

" ဟေ့ ... သူ့ကို ဒီမှာထားခဲ့၊ မင်းတို့ အပြင်ခဏထွက်နေကြ" ဟု ဝန်မင်းက အမိန့်ရှိလိုက် သောကြောင့် မင်းမှုထမ်းများ ထွက်သွားကြရသည်။

"ကိုကြီးဖေ ... ဘယ်အဖြစ်မျိုး ရောက်ရတာလဲ၊ ကျွန်တော်နဲ့သာ ခုလို အဆင်သင့် လာမတွေ့ရင် အခက် ပါလား"

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ငယ်မှာ အဖမ်းအဆီးခံရသည့် နေ့မှစ၍ မိမိကို ကြင်နာစွာ ခေါ်ပြောသူဆို၍ ယခုမှ တွေ့ရတော့ သဖြင့် ဂမ်းနည်းဂမ်းသာ ဖြစ်မိရှာသည်။

"ညီမောင်ရာ ကိုကြီးနဲ့လာတွေ့တဲ့အတွက် အထက်က ညီမောင့်အပေါ်မှာ အပြစ်တင်စရာများ နေမလား" ဟု မိုးကောင်းဂန်မင်းအား သနားကရုဏာနှင့် ပြောမိလေသည်။

"ကိုကြီးဖေ၊ ဒါတွေကို စဉ်းစားပြီး မပူပါနှင့်၊ ကိုကြီးဖေရဲ့ ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ များလှပါတယ်၊ ကျေးဇူးရှင်တစ်ယောက် ဒုက္ခရောက်နေတဲ့အခါ အစွမ်းကုန် ကူညီစမ်းပါရစေ၊ ကျွန်တော် ယခု အခြေ အနေ ရောက်အောင် ကြီးပွားခဲ့သည်မှာ ကိုကြီးဖေ ကျေးဇူးသာဖြစ်ပါတယ်၊ တတ်အားသမျှ ကျေးဇူးတပ်ပါရစေ"

"သာဓု သာဓု ညီမောင်ရယ်၊ ကျေးဇူးရှိတဲ့သူကို ကျေးဇူးတုံ့ပြန်ဆပ်သည်မှာ သူတော်ကောင်း လက္ခဏာပါပဲ၊ သို့သော်လည်း အစ်ကိုကြီးမှာ ရာဇဝတ်မှုနှင့် လူဖြစ်နေပြီ၊ ညီမောင်ကို ကိုကြီး အတွက်နဲ့ အကျိုးပျက် မခံစေ ချင်ပါဘူး"

"ကိုကြီးရယ်၊ ညီမောင့် စေတနာကို မချုပ်ချယ်ပါနဲ့၊ ယခု ညီမောင်ရရှိနေတဲ့ မိုးကောင်းဂန်ဆိုတဲ့ ရာထူးဟာ ဘုန်းတော်ကြီးလှသော ရွှေနန်းရှင်ဘုရားကို ကိုကြီး သံတော်ဦးတင်ပေးတဲ့အတွက် ခန့်ထား သူကောင်း ပြုတော်မူခြင်းခံရတဲ့ ရာထူးစည်းစိမ် ဖြစ်ပါတယ်၊ ဒီတော့ ကျွန်တော့် မျက်စိအောက်မှာ ကိုကြီး ဒီလို ဒုက္ခ ရောက်နေ တာကို ဘယ်လိုလုပ်၍ ကြည့်စိမ့်နိုင်မှာလဲ ကိုကြီးရယ်"

"ကဲ ... ကဲ ညီမောင်ရယ်၊ ဒီမြို့ ဒီနယ်မှာ ညီမောင် တန်ခိုးသြဇာ လွှမ်းမိုးနေတဲ့အခါ ကိုယ့်အပြစ် မရောက် မည့် ကိစ္စလောက်တော့ ကူညီထောက်မ တာပေါ့၊ ကိုကြီးတော့ ဒီနေ့ ဒီရက်အထိ ဘယ်လို အမှုမျိုးနှင့် အဖမ်းခံ ခဲ့ရပြီး ဒီမိုးကောင်းမြို့သို့ ခရီးထွက်လာရသည်ကို မသိခဲ့ရသေးပါဘူး"

"သိရပါစေမယ်၊ မင်းအမှုထမ်းများ လက်မှာပါလာတဲ့ အမိန့်စာချွန်တော်များကို ယခု ချက်ချင်း စိစစ် ဖတ်ရှု စေပါမည်" ဟု မိုးကောင်းဂန်မင်းသည် မိမိလက်အောက်တွင် ဂတ္တရားအရ အမှုထမ်းနေကြသော ဂန်စာရေးများ၊ ထောင်မှူးထောင်ပှမ်းများကို ခေါ်ယူပြီး နေပြည်တော်ကြီးမှ အမိန့်စာချွန်တော်များ ဖတ်ကြား စေရာ -

"ငဖေငယ် အမှုးရှိသော မိုးကောင်းပို့ ရာဇဝတ်ကောင်များသည် ထီးနန်းလုပ်ကြံသည့် ပြစ်မှုကြောင့် မိုးကောင်း အကျဉ်းထောင်တွင် ချထားရမည်၊ ဤရာဇဝတ်ကောင်များအနက် ခေါင်းဆောင် ငဖေငယ်ကို အကျဉ်းမှ ထုတ်၍ သုတ်သင်ကွပ်မျက်ရန်ဖြစ်သည်၊ ပို့အပ်လိုက်သော ရာဇဝတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

တို့၏ ငယ်မည် စာရင်း ဦးရေနှင့်တကွ လက်ခံရရှိကြောင်း မိုးကောင်းထောင်မှူးက တင်လျှာတွင် လက်မှတ်ရေးထိုး ဆက်သ လိုက်ရမည်"

မောင်မောင်ငယ်သည် မိုးကောင်းဂန်၏ စာရေးကြီးက တိုးတိုး တိတ်တိတ် ဖတ်ပြသော အမိန့်ကို ကြားရမှ မိမိ ရာဇဝတ် သင့်ရသောအမှုမှာ ဘယ်အခါကမျှ ကြံစည်ပြစ်မှားရန် စိတ်ကူးရုံမျှ စိတ်ကူး မရခဲ့သော ထီးနန်း လုပ်ကြံမှုကြီးဖြစ်နေကြောင်း သိရတော့လျက် အသက်ဆုံး ကွပ်မျက်ရန် မသေမီ ဆင်းရဲကြီးစွာ နှင့်နေရန် မိုးကောင်းအကျဉ်းထောင်ပို့ သို့ခံရသောအပြစ်မှာလည်း ကြီးလေးသော အပြစ်ကျူးလွန်မိသူ မင်းမှုထမ်းအရာရှိကြီးများကို မင်းပြစ်မင်းဒဏ် ပေးမြဲထုံးစံအတိုင်း ပြုလိုက်ကြခြင်းဖြစ်၍ မည်သည့် သက်သေခံ ခိုင်လုံမှုများ တွေ့ရသောကြောင့် ဤသို့ တစ်ဖက်သတ် အယူခံခွင့်မရအောင် စီရင် လိုက်ကြ သနည်းဟု အမျိုးမျိုး စဉ်းစားမရ အံ့သြ၍သာ နေရ တော့သည်။

"ကိုကြီးဖေ အမိန့်တော်က ပြင်းလှချည့်လား၊ ညီမောင် ကြိုးစားနိုင်သလောက် ကြိုးစားပြီး ကိုကြီးဖေကို ကူညီ ပါ့မယ်ဗျာ။ ဘာမှ အားမငယ်ပါနှင့်"

"ဒီအနေ ရောက်မှတော့ ကိုကြီး သေရမှာလည်း မကြောက်ပါဘူး၊ ဒါပေတဲ့ သူတို့ စွပ်စွဲလိုက်တဲ့ ထီးနန်း လုရန် ကြံစည်မှုမျိုးကို ကိုကြီး နည်းနည်းကလေးမှ မကြံခဲ့ရိုး အမှန်ပါရက်နဲ့ သက်သက်မဲ့ နာမည်ပျက်၊ သစ္စာ ပျက်စေလျက် အမှုလေးနက်အောင် ဆင်လိုက်ခြင်းကိုသာ မခံချင်စိတ် ဖြစ်မိတယ်"

"ရနောင် မင်းသားကြီးကိုလည်း ထီးနန်းလုပ်ကြံမှုနဲ့ ဖမ်းတာပဲလို့ ညီမောင်တို့ ကြားရပါတယ်"

"ဟုတ်ပါတယ်လေ၊ ဒီအမှုမျိုးနဲ့ ဆင်ဖမ်း မှသာ ကိုကြီးတို့ လူစုကို အမှုရှာလို့ ကောင်းတော့မှာကိုး၊ ရွှေနန်းရှင် ဘုရား မကျန်းမာတော်မူ၍ သိတော်မမူလိုက် အငိုက် အရိုက်ခံရသလို မလိုသူများက မတရား အမှု ဆင်ပြီး တစ်ဖက်သတ် စီရင်လိုက်ခြင်းပါပဲ ညီမောင်"

"ဒီလို မတရားမှုမျိုးဆိုလျှင် ရွှေနန်းရှင်ဘုရား ရွှေနားတော်ကြားတဲ့နည်းကိုရှာပြီး သံတော်ဦး တင်လျှာ ဆက်ကြည့် စမ်းပါဦးလား၊ ရုတ်တရက် မသတ်ရအောင် ညီမောင် ကိုကြီးကို အချိန်ဆွဲ ထားပါစေမယ်"

"ကောင်းပါရဲ့ ညီမောင်ရယ်၊ သို့သော်လည်း ရွှေနန်းရှင်ဘုရား ကိုယ်တော်တိုင်က အထင်တော် များလောက် အောင် သက်သေခံ မတရားနှင့် အမှုသွားပေါ်နေလျှင်လည်း အချည်းနှီးဖြစ်ပေလိမ့်မယ်၊ ဒီတော့ ကိုကြီး ပြောမယ်၊ ညီမောင် ကိုကြီးကို ကူညီနိုင်မယ်ဆိုလျှင် နေပြည်တော်ကို လူယုံ တစ်ယောက် စေလွှတ်ပြီး ဒိုင်းအတွင်းဂန်သမီး ခင်ခင်ကြီးအကြောင်းကို စုံစမ်းပေးပါ၊ သူကလေး

www.burmeseclassic.com

ချမ်းချမ်းသာသာနှင့် နေရတယ်ဆိုတဲ့ သတင်း စကားကို ကြားရမှ အစ်ကိုရဲ့ ကြိုးပမ်းမှုကြီး အောင်မြင်တယ်လို့ ယူဆလျက် အသက် ဖြောင့်ဖြောင့် ထွက်နိုင်ပါမည် ညီမောင်ရယ်"

"ကောင်းပါပြီ၊ ညီမောင် အမြန်ဆုံး စေလွှတ်စုံစမ်းပေးပါမည်၊ ဒီအတောအတွင်း မှာလည်း ကိုကြီးဖေ အနေ အထိုင် မဆင်းရဲရအောင် ညီမောင် ပြုစုယုယ ထားပါရစေ၊ ရွှေနန်းရှင်ဘုရားထံတော်သို့လည်း တင်လျှာ တော် ဆက်နိုင်တဲ့နည်းလမ်းကို ကြိုးပမ်းရှာဖွေပေးပါလို့ ညီမောင်ရဲ့ ဆွေမျိုးဉာတကာ တို့အား တိတ်တ ဆိတ် အကြောင်းကြား၍ အကူအညီ တောင်းလိုက်ပါမယ်"

"ကောင်းပါပြီ၊ သို့ရာတွင် ညီမောင်က ရာဇဝတ်သား တစ်ဦးတစ်ယောက်ကို ယခုလောက် ကူညီ ဖေးမ နေပါက ငယ်သားမင်းမှုထမ်းများက"

"အို ... ဒီမြို့မှာ ညီမောင်ဟာ ရှင်ဘုရင်ပါပဲ၊ ဘယ်သူက ဘာပြောပံ့မှာလဲ၊ ဘယ်နေ့ ဘယ်ရက်မှာ သတ်ပစ် ရမယ်လို့ ရက်ချိန်းနှင့် အတိအကျ အမိန့်တော်ပို့သည် မဟုတ်ပါ၊ တစ်လကြာမှ ဖြစ်စေ၊ တစ်နှစ်ကာမှဖြစ်စေ ထောင်အာဏာ ပိုင်များ၏ သဘောသာဖြစ်ပါတယ်၊ ထောင်အာဏာပိုင် အမှုထမ်းများ ဆိုသည်မှာလည်း ညီမောင်၏ အမိန့်ဩဇာကို နာခံရသူများ ဖြစ်တဲ့အတွက် ကိုကြီးဖေ စိတ်လက်ဖြောင့်ဖြောင့်သာ နေတော် မူပါ"

နေ့ရက်ပေါင်းများစွာ ထောင်အရသာနှင့် ဒုက္ခဆင်းရဲ အဖြာဖြာတို့ကို ကြိတ်ခါမှိတ်ခါ ခံစားလာခဲ့ရသော မောင်မောင်ငယ်မှာ မိုးကောင်းဂန်မင်း၏ အားပေးယုယမှုတို့ကြောင့် စိတ်ချမ်းမြေ့ သက်သာလျက် လွတ်မြောက်ရေး မျှော်လင့်ချက်ကလေးများပင် ရိပ်ခြည် ဂင်းလက်လာ ပြန်လေသည်။

ထိုနေ့အဖို့ကစ၍ မိုးကောင်းအကျဉ်းထောင်ကြီးတွင် နေရသည်ဆိုစေကာမူ မောင်မောင်ငယ်မှာ ကောင်းမွန် သော အစားအစာ ပူဇွေးသော အိပ်ခင်းအိပ်ရာ၊ ကမ္ဗလခြုံစောင်များနှင့် ချမ်းသာစွာ ပြုစု စောင့်ရှောက် ထားခြင်းခံရလျက် ကွပ်မျက်ရန် နေ့ကိုလည်း အကန့်အသတ်မရှိ ရွှေ့ဆိုင်းငံ့လင့် ထားလိုက် လေ သတည်း။

.......................

အခန်း (၃၈) ဆက်ရန်
အခန်း(၃၈)

www.burmeseclassic.com

အချိန်အခါအားဖြင့် တစ်လကျော်မျှ ကြာရှိလျှင် သီပေါဓွေနန်းရှင်ဘုရားမှာ လုံးဂကျန်းမာတော်မူ လာပြီ ဖြစ်သောကြောင့် နေ့ည ညီလာခံသဘင်များကို အစဉ်အလာအတိုင်း ကျင်းပလျက် ထွက်တော်မူမြဲ ထွက်တော်မူလေပြီ။ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်သူ နန်းမတော်စုဖုရားနှင့်လည်း နှစ်ပါးသော ရွှေချပ် ကို ဂဟေစပ်သကဲ့သို့ သင့်မြတ်ကြည်သာစွာ စံတော်မူကြလေသည်။

မောင်တော် နမတော်များ ကံကောင်းထောက်မ၍ ငါးပါးမဖောက်ကြတော့သည်။ ဤကျွန်ယုတ်မာ တစ်စု ကိုလည်း ယခုအခါ သင်းတို့နဲ့ တိုက်တန်ရာအပြစ်ဒဏ်များကို လွှတ်တော်ဂန်ကြီးများက ပေးသနား လိုက်ကြပြီ ဖြစ်တဲ့အတွက် အနှောင့်အယှက် ကင်းကြပါပြီ။ ရွှေနန်းတော်တွင်းပြင်နှင့်တကွ နိုင်ငံတော် အရပ်ရပ်တွင် ယခင်ကကဲ့သို့ လျှို့ဝှက်သော မတရားမှုများ ဖြစ်ပွားပေါ်ပေါက်ရန် မရှိတော့ကြောင်းတို့ကို ပြောင်းပြောင်း ညံ့ညံ့ ကယုကယ အပါးတော်မှ ပြုစုယုယရင်း ရွှေနားတော် သွင်းခဲ့ခြင်း တို့ကြောင့် တစ်ကြောင်း၊ သီပေါဓွေနန်းရှင်ဘုရားသည် စိတ်ထားတော် နူးညံ့သိမ်မွေ့လျက် ရက်စနိုးတော်မူစိတ် ရှိသဖြင့် တစ်ကြောင်း၊ ဖြစ်ပျက်ခဲ့ပြီးသော အရေးကိစ္စ အတန်တန်ကို အသစ်တစ်ဖန် ပြုတော်မမူ လိုသည် တစ်ကြောင်း တို့ကြောင့် နောက်ထပ် မေးမြန်း စိစစ်တော်မမူဘဲ ရှိလေသည်။ သို့သော်လည်း အဆောင် တော် ထဲတွင် တစ်ပါးချင်း စံတော်မူသော အခါမျိုးမှာကား ငေးငေးစိုက်စိုက်ကြီး စဉ်းစားတွေးဝေ နေတော်မူ တတ်ရှာသည်။

သို့ရာတွင် ထိုအခါမျိုး၌ နန်းမတော်ဖုရားသည် မောင်းမမိသံ ခြွေရံအများနှင့် အပါးတော်တွင် ပျော်ရွှင် ဖွယ်ရာ အဆို၊ အတီး၊ အက စိတ်ကြွရွှင်လန်းဖွယ် အသွယ်သွယ်သော ပရိယာယ်တို့ဖြင့် အချော့တော် ဆက်စေခြင်းဖြင့် ရုတ်တရက် အာရုံပြောင်းတော်မူသွားစေသည်။

"မောင်တော် ကျန်းမာပျော်ရွှင်စွာသာ စံတော်မူပါ၊ နမတော်လည်း ယခင်ကလို စိတ်လိုကိုယ်လိုက် နှင့် မောင်မောင့် အပေါ်တွင် အချစ်သဂန်ကြောင်တော်မမူတော့ပါ၊ ညီမတော် ရမည်းသင်း စုလေးကိုလည်း မောင်တော့် ရွှေလက်တော်ရောက် ဆက်သထားပါပြီ၊ စိတ်တော်ကြည်ကြည်လင်လင် ထားပြီး စံတော် မူပါတော့" ဟု မကြာခဏ မိန့်တော်မူခြင်းကြောင့် တစ်ကြောင်း၊ ယခင်အခါက ကြင်နာတော် မူလိုကြောင်း နှင့် မှာတမ်းတော်ပို့သလျက် ကူးလူးဆက်သွယ်ခဲ့ဖူးသော ရမည်းသင်းစုဖုရားကလေးကိုလည်း နန်းမတော် ကြီး ပို့ဆက်ခြင်းအရ သိမ်းပိုက်တော်မူရပြီဖြစ်သည် တစ်ကြောင်းများကြောင့် မှိုင်မှိုင်တွေတွေနှင့် အတိတ်က အာရုံတွေ ဂင်စားလာတတ်သော စိတ်တော်များသည် တစ်နေ့တခြား ဆုတ်ယုတ် ပျက်ပြယ် သွားခဲ့ လေ သတည်း။

နိုင်ငံတော် အုပ်ချုပ်မှု စက်ယန္တရားကြီးကား လည်မြဲ လည်လျက်ပင် ရှိလေသည်။ ဆယ့်နှစ်ရာသီ ပွဲလမ်း သဘင် များမှာလည်း မှန်မှန်ကြီး ကူးပြောင်းလှည့်လည်မြဲအတိုင်း သူ့အခန်းနှင့် သူ့အကွက်၊ အလှည့် သင့်ထွက်လျက် ရှိကြလေသည်။ သို့ရာတွင် ထိုအဖြစ်အပျက်ပြီး၍ ရွှေနန်းရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာတော်မူ ခဲ့သည့် နောက်ပိုင်းတွင် ကောင်းမှုကုသိုလ် အလှူတော်များ ပြုသည့်ဘက်၌ အထူး အားထုတ် တော်မူသည်၊ အနောက်တစ်လွှားရှိ နိုင်ငံရပ်ခြားတို့နှင့်လည်း ရှေးကထက် အဆက်အသွယ် ခိုင်မြဲစေရန် ရည်သန် တော်မူလျက် ရှိလေသည်။

ထို့ကြောင့် လန်ဒန်မြို့ ဂိတိုရိယဘုရင်မနှင့် အိန္ဒိယဘုရင်ခံတို့ထံ ရာဇသံများ ထပ်မံသွားရောက်ရန် အတွင်း ဂန် ကျောက်မြောင်းမြို့စားမင်းကြီး၊ ဂန်ထောက်တော် ဂက်မစွတ်မြို့စားမင်းကြီး မင်းတင် မဟာစည်သူ၊ ဂန်ထောက်တော် သံချက်ဂန်၊ မင်းလှမဟာစည်သူကျော်တို့ကို သံကြီးသံလတ်ခန့်အပ် ရတနာ ယာဉ်ပျံ သင်္ဘောတော်နှင့် ရန်ကုန်မြို့အရောက် စုန်ဆင်းစေ၍ ရန်ကုန်မြို့ရှိ အင်္ဂလိပ် ဂန်ရှင် တော်မင်းကြီး ဘာနကကြိုယူကာ ပင်လယ်သွားမီးသင်္ဘောနှင့် ကာလကတ္တားမြို့ ဆင်းမလားမြို့များသို့ မြန်မာ သံတော် အရာရှိ များကို မဟာမိတ်စာချုပ်အတွက် စကားကမ်းလှမ်းရန် အရောက်ပို့စေလေ၏။

နိုင်ငံတော် ရှမ်းပြည်နယ်တလွှားရှိ ပဒေသရာဇ် နယ်ပယ်တို့အနက်မှ မိုးနဲစော်ဘွားသစ္စာဖောက်ဖျက် ပုန်ကန် တော်လှန်လျက် ရှိသောအရေးမှာ တစ်ဆင့်တက်၍ မအေးမငြိမ်းဖြစ်လာပြန်သောကြောင့် စစ်ဗိုလ် စစ်ကဲ ကြီးများကို ထပ်မံစေလွှတ် နှိမ်နင်းရစေကာမူ နိုင်ငံတစ်ဂန်းလုံး ဆူပူလောက်သော ကိစ္စမျိုး မဟုတ်သဖြင့် နေပြည်တော်မှာ တစ်စုံတစ်ရာ ချောက်ချားခြင်း မရှိပေ၊ အလှူတော်ရေစက် လက်နှင့်မကွာ ထူးခြားစွာ ပြုလုပ်နေမြဲ နေခဲ့လေသည်။

ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ အနွယ်တော်များဖြစ်သော ညီတော် နမတော်များကို မင်းခမ်း မင်းနား ကြီးစွာဖြင့် သျှောင်ထုံးနားထွင်းမင်္ဂလာများ ပြုလုပ်ချီးမြှောက်တော်မူသည်။ သီပေါ ရွှေနန်းရှင် ဘုရား နံတော်သင့် နန်းမတော်စုဖုရားလတ်၏ နံတော်သင့် အရပ်များတွင် စေတီပုထိုးများ တည်ထား ကိုးကွယ်စေသော ကုသိုလ်တော်များ လောကမာရဇိန်ဘုရား၊ မဟာမြတ်မုနိဘုရားများတွင် ထီးတော်သစ် တင်လှူ သော ကုသိုလ်တော်များ ကျောင်းတိုက်တော် ကြီးများ ဆောက်လုပ်လှူဒါန်းသည့် ကုသိုလ်တော် များကိုလည်း မရပ်မနား နေ့ရက်မခြား ပြုတော်မူလျက် ရှိလေသည်။

သာသနာရေး ဆိုင်ရာမှာလည်း ဆရာတော်၊ သံဃာတော်ကြီးများကို သာသနာပြု အပ်နှင်းသော အလှူတော် နန်းတွင်းနန်းပြင် မင်းမှုထမ်းကြီးငယ်များအား ပရိတ်တော်တရား စာပေကျမ်းဂန်များကို အာဂုံပြန်ဆိုနိုင်သူတို့ကို ရွှေဖလား၊ ငွေဖလား၊ ထည်မျိုးစုံ၊ အုပ်မျိုးစုံ စုပုံဆုပေးအပ်ပွဲကြီးမှာလည်း ရွှေနန်းတော်ဦးတွင် သုံးလတိုင်တိုင် ခြိမ့်ခြိမ့်မွှမ်းမျှ ကျင်းပထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေနန်းတော်ကြီး၏ မှန်နန်းဆောင်ထဲတွင်လည်း ပွဲလမ်းသဘင် ကြီးကျယ်စွာ ဆင်ယင် ခင်းကျင်းပြီး သမီးတော် ထိပ်စုမြတ်ဖုရားကြီးအား မြပုခတ်တင် မင်္ဂလာအခမ်းအနားဖွင့်၍ ချီးမြှင့်တော်မူလေသည်။

ဆင်ဖြူတော်သိမ်း အခမ်းအနားမှာလည်း အရှင်နှစ်ပါးလုံး မင်းမြောက်တန်ဆာငါးပါး ဆင်ယင်လျက် ထွက်တော်မူလေရာ ညီမတော် ရမည်းသင်းစုဖုရားကလေးမှာလည်း မိဖုရားတစ်ပါးအဖြစ် အခြံအရံ မင်းခမ်းမင်းနားနှင့်ပင် ပါဂင်ထွက်တော်မူရလေသည်။ သီပေါရွှေနန်းရှင် ဘုရား၏ ညီမတော် မိတ္ထီလာ စုဖုရားကလေးအားလည်း ညီမတော် ရမည်းသင်းစုဖုရားနှင့် ရွယ်တူထားလျက် ရှေးကထက် အခွင့်အရေးပေးကာ သဒ္ဓါတော်မူလာလေသည်။ ထို့ကြောင့် ရွှေနန်းတော်သူ ရွှေနန်း တော်သားများ ပျော်ပျော်ပါးပါး ဖြစ်လာကြပြန်တော့သည်။

ဤနည်းနှင်နှင် ရေအယဉ်စီးသကဲ့သို့ ရွှေနန်းတော်ကြီး ပတ်ဂန်းကျင်၌ ပွဲသဘင် အခမ်းအနားနှင့် ပြောသံစည်သံများ မြိမ့်မြိမ့်မွှမ်း လွှမ်းခြုံရစ်သိုင်း၍ ထားလေသတည်း။

ကျဉ်းမြောင်းလုံခြုံသော အခန်းငယ်တွင် ကောက်ရိုးမျှင်တို့ကို အဖော်ပြု၍ နေ့ရှိသမျှ ဆင်းရဲငြိုငြင်စွာ နေခဲ့ရရှာသော ခင်ခင်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်သော ညဉ့်အချိန်များ၌ လေအလိုက်သင့်သောအခါ အတူရောနှော ပါလာသော ပြောသံစည်သံများ၊ ပစ္စဉ်တံမြှာ တူရိယာသံများကို သာယာဆူညံစွာ ကြားရလျှင် မိမိ ခံစားတွေ့ကြုံနေရသော ဆင်းရဲဒုက္ခများကို မေ့လျော့ကာ အားရဂမ်းသာ ဖြစ်မိရှာသည်။ ရွှေနန်းရှင်ဘုရား ကျန်းမာတော်မူနေပါပြီ။ ဒါကြောင့်သာ ပျော်ပွဲရွှင်ပွဲ သဘင်ပွဲတွေ ခံလို့နေသည်။ "ရွှေနန်းရှင်ဘုရားရယ် ... ခင်ကြီးကို အမေးတော်များ မရှိလေဘူးလားဘုရား၊ ရွှေနန်းရှင်ဘုရားကသာ မေးတော်မူလျှင် မိခင်ကြီးရဲ့ ဖြစ်ကြောင်း ကုန်စင်ကို လျှောက်တင်ချင်တဲ့သူတွေလည်း မနည်းဘဲ ရှိရစ်ပါလိမ့်ဦးမယ်ဘုရား၊ ခင်ကြီးတစ်ယောက်ကို မေ့ပျောက်တော်မူနိုင်ရက်ပါပေ့ ကျေးဇူးရှင်ဘုရားရယ်၊ ကြင်နာတော်မူလှပါတယ် ဆိုတဲ့ အမိန့်တော် စကားများ၊ မုသားဖြစ်ကုန်ပေါ့လားဘုရား"ဟု အမှောင်လောကထဲသို့ ရော်ရမ်းမျှော်မှန်းပြီး မျက်ရည်ချောင်းစီးအောင် သွန်ချနေရှာသည်။

"ရွှေနန်းရှင်ဘုရားမှာ မင်းစည်းစိမ်နှင့် ရိပ်ငြိမ်ချမ်းသာ စံစားတော်မူရာမှ သတိတော် မရသော်လည်း ဒုက္ခသည် ခင်ကြီးမှာတော့ အားကိုးကြီးနှင့် မျှော်လင့်မိပါတယ်၊ ခင်ကြီးရဲ့ အသက်နှင့် ကိုယ်ခန္ဓာ ယခုလို မြဲနေရသည်မှာလည်း ရွှေနန်းရှင်ဘုရား၏ သွေးတော်သားတော် ကလေးကို သန္ဓေဆောင်ထားရသေးလို့တဲ့ဘုရား၊ ဖြစ်သမျှ ကိုယ်တော် မသိရှာဘူးထင်ပါရဲ့၊ ခင်ကြီးအပေါ်မှာ ရက်စက်တော်မူမဲ့ ကိုယ်တော် မဟုတ်ရှာပါဘူး" ဟု လူးလိမ့်ကာ ပြင်းပြင်း ထန်ထန်ကြီး ကြိတ်၍ ငိုရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ငှက်ကလေးပမာ အတောင်ပေါက်ကာ ပျံနိုင်လျှင်လည်း ရွှေနန်းရှင် စည်းစိမ်တော် ယစ်မူးရာသို့ အမြန်သွားပြီး အနင့်သား ပြောလိုက်ချင်လှသည်။ လိုရာကို မသွားနိုင်ဘဲ အခန်းကျဉ်းကလေးထဲမှာ လက်ပြန်ကြိုးတစ်ထပ် ချည်ထားခြင်းခံရသော မိမိဘဂကို ပြန်ကြည့်လျက် အံကြိီးစိတ်ပေါက်မိပြန်တော့သည်။

ဒိုင်းခင်ခင်မှာ ဤသို့နှင်နှင် နေ့စဉ်ရက်ဆက် မျက်ရည်နှင့် မျက်ခွက် ဆင်းရဲဒုက္ခခံလျက်ပင် သီပေါ ရွှေနန်းရှင်ကို စိတ်တွင် တမ်းမှန်းပြီး အားကိုးမျှော်လင့်ခြင်းကြီးစွာ နေခဲ့ရာသည်။ ထိုညအဖို့မှာလည်း အခါတိုင်းကဲ့သို့ပင် နေဂင်ဖျိုးဖျ အချိန်လောက်ကစ၍ လေးလံလှသော စိတ်များ၊ အားငယ်ကြောက်ရွံ့သော လှုပ်ရှားမှုများကို ခံစားနေကျအတိုင်း ရှစ်ခွင်သိုင်း၍ မှိုင်းမှောင်လာသော ညမီးထွန်းချိန်အထိ မိမိဖြစ်အင်ကို စဉ်းစားဆင်ခြင်လျက်ရှိသည်။ အကျဉ်းထောင်မှ ထုတ်ယူလာပြီး ဤအခန်းကျဉ်းကလေးထဲသို့ ပြောင်းလာရသည်ပင် တစ်လကျော်ကျော် နှစ်လနီးပါးသို့ ရောက်ခဲ့လေသည်။ တိုင်တားမင်းကြီးကိုလည်း ပထမအကြိမ် တွေ့မြင်လိုက်ပြီးနောက် ယခုတိုင် တစ်ကြိမ် တစ်ခါမှ မတွေ့ရ၊ နေ့စဉ် အာဟာရပို့လာသူ အဒေါ်ကြီးကလည်း မျက်နှာကြီးစွာထား၍ စကားလည်းမဆို မေးလိုရာကို မမေးပံ့၊ ကြောက်ရွံ့လျက်သာ နေ့ရက်ကုန်လွန်ခဲ့ရာ ကြာသော် ထိုမိန်းမ ကြီးအား ခင်ခင်ကြီး စိတ်များက လူသားဟူ၍ပင် မမှတ်ထင် အကြင်နာတရားနည်းပါးလှသော ဘီလူး သရဲကြီးပမာ မြင်လိုက် သည့် တစ်ခဏ၌ ကြက်သီးများထ၍ လာမိရာသည်။

ယင်းသို့ နုနယ်ငယ်ရွယ်သူ မိန်းမသားကလေးမှာ ဆင်းရဲဒုက္ခ အသွယ်သွယ်နှင့် ပြည့်နှက်သော နေ့ရက် တည်း ဟူသော ကန္တာရခရီးကြမ်းကြီးကို အားငယ်စွာ လွန်မြောက်လာခဲ့ရာ ယနေ့အဖို့ကား အားအငယ်ဆုံး စိတအလေး ဆုံးသာ ဖြစ်ပါလေတော့သည်။ နေဂင်စက ညစာအပို့လာသော မိန်းမကြမ်းကြီးမှာ အကြောင်း မသိ ခါတိုင်းထက် ထူးခြားသော စကားတစ်ခွန်းကို ဆို၍ သွားလေ သည်။

တံခါး ဖွင့်လျက် ထမင်းခွက်ကို ချထားပြီး ခါတိုင်းကဲ့သို့ ဣန္ဒြေကြီးနှင့် ပြန်ဆင်းမသွားဘဲ

"ရော့ စား နက်ဖြန် ငါ မပို့ရတော့ဘူး "

ထူးခြားစွာ ဆိုသွားသော သူ့စကားမှာ ဘာကိုရည်၍ ပြောလိုက်ခြင်းဟု မစဉ်းစားတတ်အောင် ရှိလေသည်။ ထိုကြောင့်လည်း ပို၍ စိတ်လေးမိသည်။

မှောင်ရည်သန်းစအချိန်မှ အစပြု၍လည်း မြင်းဖောင်းတဲတန်းကြီး၏ နောက်ပိုင်းဆီမှ ကြည်ကွဲရှည်လျားစွာ အူလိုက်သော ခွေးအူသံကြီးမှာ မကြာခဏ ကြားနေရတော့သည်။ အတောင်တဖျပ်ဖျပ်ခပ်၍ ပြတ်သည် မရှိအောင် ပျံသန်းကူးသွားနေကြသော လင်ကောင်ပိုးခေါ်သည့်

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဆိုးသံမှာလည်း နားမခံနိုင် လောက်အောင် စူးရှကျယ်လောင်စွာ ထိုး၍ ထိုး၍ သွားတတ်သည်။ အားငယ်ကြောက်ရွံ့တတ်သော မိန်းမသား ပီပီ ဤအခြင်းအရာများကြောင့် တုန်လှုပ်ချောက်ချားနေမိသည်။ ခါတိုင်းနှင့်မတူ ဆိတ်ငြိမ်သော မြင်းဇောင်းအနီးအပါးမှာ တစ်ခါ တစ်ခါ ဖြတ်သွားသော လူခြေသံလိုလိုလည်း တရုပ်ရုပ်ကြားရသည်။ ခင်ခင်ကြီးမှာ ထိုအခြင်းအရာများကို မသင်္ကာသလို ဖြစ်လာပြီး ဂါးထရံအနီးသို့ တိုးကပ်ကာ သေးငယ် သော အပေါက်ကလေးမှ အသာတရ ချောင်း၍ ကြည့်လိုက်မိသည်။

အင်္ကျီမပါ ဗလာကိုယ်လုံးတွင် မဲပုဆိုးနွမ်းကို ခါးထောင်းမြှောင်အောင် ကျိုက်ထားသော လူကြီးနှစ်ယောက် မှောင်ထဲမှ ပေါ်လာသည်။ ကွမ်းတွေ တဗျစ်ဗျစ်ဝါးလျက် မျက်ထောက်ကြီးများ နီနေအောင် ထန်းရေတွေ အဂ သောက်ထားသည်ကို သူတို့လက်မှ ယိမ်းထိုးနေသော ရေနံချေးမီးခွက်အရောင်တွင် အတိုင်းသား မြင်နေ ရသည်။

တစ်ယောက်ကား လက်မောင်းခန့်ရှိသည့် ရှားသားနှစ်တုတ်ကြီးကို မီးခွက်နှင့် တစ်ဖက်စီ ကိုင်ထားသည်။ တစ်ဦးကား ဖျင်နီအိပ်ထောင်ရှည်တစ်ခုနှင့် ဂါးလုံးနှစ်ခု၊ လူသေကောင်တင် ဂါးကပ် တစ်ခုတို့ကို စု၍ ကိုင်ထား ရာမှ ဖုတ်ခနဲ မြေပေါ်သို့ ပစ်ချလိုက်လေသည်။

ခင်ခင်ကြီးကား ဖျင်းခနဲ ကြက်သီးထ၍ သွားမိသည်။ ရင်သွေးတော် ဖွားမြင်မှုကိစ္စမပြီးသေးသောကြောင့် ငါ့အသက်ကို ဆိုင်းငံ့ထားခြင်းဖြစ်သည်။ ဤလူတွေဟာ ငါ့ကို သတ်ဖို့ လာတာမဟုတ်ပါဘူးဟု ကြက်သီး မွေးညင်း ထမိသော မိမိစိတ်ကို ကြိတ်၍ ဖြေလိုက်ရသည်။

ထိုခဏ၌ မိမိကို ထမင်းပို့နေကျ မိန်းမကြမ်းကြီးမှာ အာဏာပါးကွက်နှင့်တူသူ နှစ်ဦးအား တီးတိုးပြောဆို ခေါ်ငင်သွားလေသည်။ များမကြာမီ မိမိနေထိုင်ရာ အခန်းမှ တံခါးကို တစ်စုံတစ်ယောက်က လာ၍ ဖွင့်သဖြင့် ပွင့်သွားသည်။ လူရည်သန့်သန့်တစ်ယောက် ဝင်လာပြီး လက်က မီးခွက်နှင့် ခင်ခင်ကြီးအပါး ရောက်လာ လေ၏။

"ခင်ခင်ကို မင်းမင်းဘုရားက တွေ့တော်မူလို၍ အခေါ်ခိုင်းပါသည်။ တဆိတ် အပြင်လိုက်ခဲ့ပါ" ဆိုကာ လက်ပြန်ကြိုးလျှော့လျှော့နှင့် တစ်ဆက်တည်း ထရံတွင် ချည်နှောင်ထားသော ကြိုးကိုဖြတ်၍ အပြင်သို့ ခေါ်လာသဖြင့် ခင်ခင်ကြီးမှာ ဒယီးဒယိုင်နှင့်ပင် ကြိုးစားလိုက်ပါလာခဲ့ရလေသည်။

အပြင် ရောက်လျှင် ယခင်တွေ့ရသော ဂါးကပ်ပစ္စည်းများအနီးရှိ ငုတ်တိုင်တစ်ခုတွင် ကြိုးစကို ချည်ခဲ့ပြီး အဆိုပါလူသည် မနီးမဝေးမှ ဖယ်နေလိုက်စဉ် အိမ်ကြီး၏ နောက်ဖေး လှေကားမှ အလင်းရောင်တစ်ခု ပေါ်လာလေသည်။ ထို့နောက် မီးခွက်ငယ်၏ အလင်းရောင်ကို အားပြုဆင်းလာသော တိုင်တားမင်းကြီးကို လှမ်းမြင်ရသောအခါ အားတက်၍ လာမိလေသည်။ မိမိကို

www.burmeseclassic.com

သည့်ထက်ကောင်းတဲ့နေရာများ ပြောင်းထား မယ်လို့လား၊ သို့တည်းမဟုတ် ရွှေနန်းရှင်ဘုရား သိတော်မူသွားလို့များ အချုပ်အနှောင်ထားရာက လုံးဝ လွှတ်ပစ် တော့မယ်လို့လား စသော အားထားမျှော်လင့်ချက်များမှာ တိုင်တားမင်းကြီး မိမိအနီးသို့ ရွှေ့လျား လာနေသော ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း တဖွားဖွား တိုးတက်ပေါ်ပေါက်လျက် ရှိလေ တော့သတည်း။

တိုင်တားမင်းကြီးသည် ခင်ခင်ကြီးအနီးသို့ ရောက်လာလေ၏။ မင်းကြီး၏ မျက်နှာမှာ ကြင်နာရောင် သန်း လျက် ရှိလေသည်။

"သြော် ... ခင်ကြီး ... ခင်ကြီး" ဟု လေးလေးကြီး မြည်တမ်းရေရွတ်ခါ ခေါင်းတညိတ်ညိတ်နှင့် စဉ်းစား လျက်ရှိလေ၏။

"တိုင်တားဘိုးဘိုးဘုရား၊ ခင်ကြီးအကြောင်း၊ ရွှေနန်းရှင်ဘုရား သိတော်မူသွားပါပြီလား ဘုရား"

ခင်ခင်ကြီးက မေးသော်လည်း တိုင်တားမင်းကြီးထံမှ အဖြေမရပေ။

"အခု ဘိုးဘိုးဘုရား ကြွတော်မူလာတာ ခင်ကြီးကို လွှတ်ဖို့လားဘုရား၊ ရွှေနန်းရှင် ဘုရားက အပါးတော် ဝင်စေ တဲ့လားပါဘုရား"

အားမလိုအားမရ ထပ်ခါလော၍ စိတ်ဇောကြီးစွာ မေးမြန်းပါလည်း တိုင်တားမင်းကြီးမှာ နှုတ်လေးလျက်သာ တစ်ခါ တစ်ခါ ရေနံချေးမီးစာကို လေမှုတ်သဖြင့် လှုပ်ရှားဖြတ်သန်းလာသော အလင်းရောင်၌ တစ်ခြမ်းမည်း တစ်ခြမ်း မှောင်နေသည့် တိုင်တားမင်းကြီး၏ မကြည်လင်လှသော မျက်နှာကို ခင်ခင်ကြီးက အကဲမခတ် နိုင်ရှာ အောင် ဖြစ်နေလေသည်။

တိုင်တားမင်းကြီးလည်း မပြောလျှင် မပြီးတော့သဖြင့် -

"ခင်ကြီးရယ်၊ နင့်ကံကလည်း ဆိုးလှသကွယ်၊ ဘိုးဘိုးလည်း တတ်နိုင်သလောက် အထောက် အထား ရသမျှနှင့် အကြောင်းပြလို့ ဆိုင်းထားပေမဲ့ အရှင့်အာဏာ ကျွန်မှာတည်စေဆိုတဲ့ စကားအတိုင်း ဘိုးဘိုး ခေါ်လို့ မထားနိုင်တော့ဘူးကွယ်၊ ဒါကြောင့် ဝါ့မြေးကို ဒီညပဲ အာဏာပါးကွက်များလက်ထဲ အပ်ရ တော့မယ်" ဟု ဂမ်းနည်းသံကြီးနှင့် ပြောရတော့သည်။

"ဘုရား ... ဘုရား သွေးတော်သားတော်ကလေးကို ငဲ့ညှာတော်မမူတော့ဘူးတဲ့လား ဘိုးဘိုးဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"အေး ဘိုးဘိုးက ခင်ကြီးကို သနားတာထက် ထီးဆက်နန်းဆက် ပြတ်သွားတတ်တယ် ဆိုတဲ့ အစဉ်အလာ အယူအဆကြောင့် ဖွားမြင်ပြီးတဲ့ အချိန်ကျအောင် ဆိုင်းငံ့ထားပရစေဦးလို့ အခါခါ ပြောသော်လည်း သဘောတော် မတွေ့၊ နေ့ရှိသရွေ့ ဘာပြုမဲ့ ရာဇဂတ်ကောင်ကို သိုလှောင်ထိန်ပှက်ထားရသလဲလို့ မေးတော် မူနေတော့ ကြာလျှင် ကိုယ်ပါ ရာဇဂတ်မကင်း ဖြစ်မလာရအောင် ထောင်မှူး အာဏာသား တို့လက်သို့ ငါ့မြေးကို ဂကွက်အပ်ရပေ့ါကွယ်၊ ဂိပါက ဂင်္ဂမကင်းလို့ မင်းတို့မှာ ယခုလို အသတ်ခံရသည်လို့ တွေးပြီး ဘဂကူးကောင်းအောင်သာ စိတ်ဖြောင့်ဖြောင့်ထားပေတော့ ခင်ကြီးရယ်၊ ဘိုးဘိုးတော့ မကယ်နိုင် ဘူး"

"အမယ်လေး ... ရက်စက်ကြပါပေရဲ့ တိုင်တားဘိုးဘိုးဘုရားရယ်၊ ဆိုးဂါးတဲ့ ကြမ္မာသည်ကို မကယ်နိုင်လျှင်လည်း ရှိပါစေတော့ ဘိုးဘိုးဘုရား၊ ကိုးပါးရတနာ ခြယ်မွစီစဉ် သီလဂင်နဲ့ လျှင်မကြာပိုင်းရင်လည်း စိတ်တိုင်း ကျ အသေခံရန် အသင့်ပါပဲဘုရား၊ မသေခင်သာ ရွှေနန်းရှင် မောင်မောင်ကို အားရအောင် တစ်ကြိမ် လောက်ဖူးမြင်လို့ ဦးတင်သွားပါရစေ၊ ဒါမှ ခင်ကြီး သေလို့ ဖြောင့်ပါလိမ့်မယ် ဘိုးဘိုးဘုရား"

တိုင်တား မင်းကြီးကား ခေါင်းကို ဖြည်းညှင်းစွာ ရမ်းခါလျက်ရှိသည်။ ခင်ခင်ကြီးမှာ တိုင်တားမင်းကြီး ဒူးကို ဖက်ကာ မသေခင် ဖူးမြင်ချင်လှသော ဆန္ဒကို မရမရ ပူဆာလျက် ရှိတော့၏။

"ဘိုးဘိုး မတတ်နိုင်ဘူးမြေးရယ်၊ ဘုရင့်သွေးသား လွယ်ပိုးထားရသော မိဖုရားများကို သတ်မိလျှင် ထီးစဉ်နန်းဆက် ပြတ်သွားတတ်တဲ့အတွက် ဘိုးဘိုး၏ ရာထူးစည်းစိမ် မငဲ့ကွက်ဘဲ အချိန်ဆွဲထားခဲ့မိတယ်၊ ယခင် မင်းညီ မင်းသားများ သတ်စဉ်ကလည်း အမှုမဲ့ အမှတ်မဲ့ မြေကျင်းကြီးထဲမှာ တူးမြှုပ်ထားမိတဲ့အတွက် မိုးသုံးနစ် ဆက်၍ ခေါင်ကာမှ မဟာဆီ မဟာသွေး မြေမကျရဆိုတဲ့ အစဉ်အလာကို သိရပြီး အရေး တကြီးဖော်ယူလို့ ဧရာဂတီမြစ်ထဲ ချပစ်ကြရသေးတယ်၊ ယခုအခါမှာလည်း အဲဒီကိစ္စကို သတိရမိတာနှင့် ကုန်းဘောင်နန်းရိုး မှဆိုးဆက်ပြတ်သွားမည်စိုးသဖြင့် ဘိုးဘိုးလက်မှာ ခင်ကြီးကို မီးဖွားပြီးသည်အထိ တာဂန်ယူကာ ဆိုင်းထားမိတယ်၊ တခြားသော ဂန်ကြီးများဆိုလျှင် ကိုယ့်အရေးထက် သူ့အရေးကို ငဲ့ကွက်ပံ့မည် မဟုတ်ရာဘူး၊ ဘိုးဘိုးမှာ အထူးသဒ္ဓါ ယုံမှတ်သူမို့သာ ရာဇဂတ်မရောက်ရသည် မှတ်ပါ၊ ဒီတော့ကာ ဘိုးဘိုးလည်း ဘာမှထပ်ပြီး မပြောနိုင်ဘူး၊ ငါ့မြေးတို့ ကုသိုလ်သာ အောက်မေ့ကြပေတော့" ဟု ဖြည်းဖြည်း ချင်း ပြောဆိုနားချရှာတော့သည်။

ခင်ခင်ကြီးကား မျက်ရည်များ မထွက်နိုင်လောက်အောင် ခန်းခြောက်ကုန်ပြီဖြစ်၍ သေနေ့စေ့သူပမာ မိမိကိုယ်ကို ပိုင်းဖြတ်လိုက်ကာ သွေးပူပြင်းပြီး စိတ်တင်းတင်းကြီးထားလျက် ရှိလေ၏။ ငိုနေ၍လည်း သေဘေး မှ ချမ်းသာရာရမည် မဟုတ်၊ ကြောက်ရွံ့ တွန့်ဆုတ်နေ၍လည်း မဖြစ်၊ ထပြေးနိုင်စေကာလည်း မလွတ်၊ ဂင်္ဂနှင့်ကြမ္မာ မလွှဲသာ၍ လည်စင်းကာခံရန်သာ ရှိကြောင်း ကောင်းစွာနားလည်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"တိုင်တားဘိုးဘိုးဘုရား၊ ခင်ကြီးအတွက် ဤမျှငွေ့ကွက်တော်မူခဲ့တဲ့ ကျေးဇူးတော်တွေ၊ သေရာအထိ မမေ့နိုင်တော့ ပါဘူးဘုရား၊ နောက်ဆုံးတစ်ခုကို ဘိုးဘိုးဘုရားကို ခင်ကြီး တောင်းပန် အသနား ခံသွားလိုသည်မှာတော့ ရွှေနန်းရှင်ဘုရား စိတ်တော်ပျော်ရွှင် ကြည်သာတော်မူခိုက်များ ဘိုးဘိုးဘုရားနှင့် စကား စပ်မိပါလျှင် ခင်ကြီးအဖြစ်အပျက်များ လျှောက်ထားပေးတော်မူပါ၊ ခင်ကြီးဟာ သေရာ အချိန် အထိပင် ရွှေနန်းရှင်ဘုရားရဲ့ ရာဇဂတ်ကို ဦးညွတ်ခံရင်း တစ်ကြိမ်လောက်မျှ မဖူးရလေခြင်းလို့ ယူကျုံး မရ ဖြစ်လျက် သေသွားတယ်ဆိုတဲ့ အကြောင်းနောက်နောင် ဖြစ်လေရာ ဘဂသံသရာတွင် ရွှေနန်းရှင်ဘုရားနှင့် ငှက်ဖြစ်သော်မှ တစ်ကိုင်းတည်း နားပါရစေလို့ သေမဲ့ဆဲဆဲ အံခဲပြီး ဆုတောင်းဆုယူပြုသွားပါတယ်လို့ သံတော်ဦး တင်ပါတော့ဘုရား"

"အေးအေး ... အမေးတော်ရှိလျှင် လျှောက်တင်လိုက်ပါမယ် မြေးရယ်၊ ဘိုးဘိုး မျက်နှာလွှဲတော့ မယ်နော်"

"အို ... ချက်ချင်းပင် မျက်နှာတော် လွှဲတော့မလား တိုင်တားဘိုးဘိုး၊ ကံဆိုးတဲ့ ခင်ကြီးက သေခါနီး ကန်တော့ လိုက်ပါရစေ ခဏနေတော်မူပါဦး" ဟု ပြောကာ ဦးသုံးကြိမ်ချလေသည်။ ထို့နောက် "ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ရေမြေ့သခင် ခင်ကြီးရဲ့ လင်၊ ရွှေနန်းရှင်ကို ဦးတင်ညွတ်ကာ ကန်တော့လိုက်ပါပြီ၊ ဤဘဂမှစ နိဗ္ဗာန်မရသေးသမျှ ဖြစ်လေရာ ဘဂတို့တွင် ရွှေနန်းရှင် မောင်မောင်နှင့် ကြင်နာ ပေါင်းဖက် ရေစက်ဆုံစည်းရပါစေသား၊ ကံ ကံ၏ အကျိုးပေးမှုအားကြောင့် လူ့ဘဂကို မရသော အလှည့်များမှာပင်လည်း ငှက်ဖြစ်သော်မှ တစ်ကိုင်းတည်းနားရပါလို၏ဘုရား၊ မြတ်စွာဘုရားအား ရည်စူး၍ ဆုထူးပန်ရာတွင် ထက်သန်သော အဓိဋ္ဌာန်စိတ်ထားနှင့် မှန်ကန်သောစကားကြောင့် တိုင်တားဘိုးဘိုးကို သက်သေ ထား၍ ယခု တောင်းလိုက်သော ဆုများ ပြည့်စုံရပါလို၏ဘုရား"

"ခင်ကြီး တောင်းတဲ့ဆုနှင့် ပြည့်စုံပါစေကွယ်၊ ကိုင်း ဘိုးဘိုး သွားတော့မယ်"

"ခင်ကြီး နောက်ဆုံးကန်တော့လိုက်ပါပြီဘုရား" ဟု ပြောသော်လည်း အဓိဋ္ဌာန်စိတ်နှင့် မိုတ်ထားသော မျက်လုံးကို မဖွင့်တော့ဘဲ လက်အုပ်ချီကာ ဘုရားအာရုံပြုနေရှာတော့သည်။ တိုင်တားမင်းကြီးမှာ စိတ်မကောင်း စွာနှင့်ပင် အိမ်တော်ကြီးရှိရာ မှောင်ထုထဲသို့ ဂင်ရောက် ပျောက်ကွယ်သွားလေ၏။

မြင်းဇောင်းထဲမှ အာဏာပါးကွက်ကြီး နှစ်ယောက်လည်း ခင်ခင်ကြီးအနီးသို့ ရောက်ခဲ့လေသည်။ မနီးမဝေးမှ လေထဲတွင် ယိမ်းထိုးလှုပ်ရှားနေသော ရေနံချေးမီးခွက်၏ အလင်းရောင် ပျောက်ကြားတွင် မလှုပ် မရှား ဘုရားအာရုံပြုလျက်ပင် ရှိနေသေးသူ ခင်ခင်ကြီးအား အာဏာသားတစ်ဦးက ခေါင်းမှဆံပင်ကို စုဆွဲလျက် မျက်နှာကို နောက်လှန်ချလိုက်သောအခါ ပြေပြစ်သော

www.burmeseclassic.com

www.burmeseclassic.com

လည်တိုင်ကလေးကို မော့ပေးသကဲ့သို့ ဖွေးခနဲဖင်းခနဲ ပေါ်လာတော့သည်။ အာဏာသားတစ်ယောက်ကား ရှားနှစ်တုတ်ကြီးကို တယုတယသုတ်၍ လက်ထဲတွင် ဆုပ်ကိုင်ချိန်ဆနေလေရာ မျက်လုံးကိုမှိတ်ထားပြီး ဘုရားအာရုံပြုနေသူ ခင်ခင်ကြီးမှာ အာဏာသားတို့၏ ကြောက်ရွံ့ဖွယ်အသွင်ကို လုံးဝမမြင်ရ မတွေ့ရတော့ဘဲ စွဲလမ်းထင်မြင် အာရုံကောင်းဝင်ဖို့ရာ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးဟန် ဘုရားရှိခိုးကို တီးတိုးရွတ်ဆိုလျက် ရှိလေသည်။

တိတ်ဆိတ်မည်းမှောင်သော ပတ်ဝန်းကျင်မှာ စူးရှစွာ ထိုးမြည်သွားသော ငှက်ဆိုးသံတစ်ချက် ပေါ်လာပြီး အသံနက်ကြီးနှင့် တစ်ချက်လွှတ်ထ၍ အော်လိုက်သော ခွေးအူသံအဆုံးတွင် ဖြုန်းခနဲ အိပ်တန်းမှ လန့်ဖျပ် ပျံသန်းသွားကြသော ကျီးပြိုသံများ ဆူညံသွားသည်။ ထိုအခိုက် အတန့်မှာ စိတ်မကြည် လင်လှသော တိုင်တားမင်းကြီးသည် ဘုရားခန်းတွင် ပုတီးစိပ်၍ ပရိတ်မေတ္တာဘာဝနာများ ပွားနေဆဲ ဖြစ်လေ၏။ တိုင်တားမင်းကြီးမှာ ဘုရားအာရုံပြုရာ ဘုရားစင် ဂရန်တာမှ အိမ်ကြီးနောက်ပိုင်းဆီသို့ အမှတ်မထင် မျက်စိရောက်သွားမိ၏။ လူနှစ်ယောက်သည် ရှည်လျားသော အိတ်ထောင်ကြီးကို ဂါးလုံး နှစ်ချောင်းနှင့် ထမ်းသယ်လျက် နောက်ဖေး ဝင်ပေါက်မှ ထုတ်ယူသွားသည်ကို မှုန်မှုန်မွှားမွှား မြင်လိုက်ရသောအခါ " အင်း... ကုန်းဘောင်ဆက်တော့ ပြတ်ပါပြီ" ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်မိပြီး သက်ပြင်းကြီး ချပစ် လိုက်ရှာတော့သတည်း။

တောင်ခိုးတောင်ငွေ့တွေ တဝေဝေလွှမ်းလျက်ရှိသော ကျောက်တောင်ခါးပန်းကြီးများ ကြားတွင် တသွင်သွင် ဖြတ်သန်းစီးသွယ်နေသော မြစ်ကျဉ်းငယ်မှာ ကြည်လင်အေးမြသော စမ်းရေယာဉ်တို့ အစဉ် ပြည့်လျှံ နေမြဲဖြစ်သည်။ ကြည်ကြည်လဲ့လဲ့ ရေအဟုန်ရစ်သွဲ့သော မိုးကောင်းမြစ်ကမ်းခြေမှာ သာယာ စိမ်းစိုသော သဘာဝသစ်ပင်ပျိုနှင့် လျှိုမြောင်ခင်တန်း ပန်းမျိုးစုံလွှမ်းလျက် ရှိစေကာမူ မိုးကောင်း မြို့နှင့် တောတောင်ရေမြေ သာယာပုံတွေကို ရှုမျှော်မိလေလေ အချုပ်ထောင်ကြီးအတွင်းမှ ရင်တွင်း လှိုက်လှဲကြေကွဲဆွေးမြည့်ရလေလေ ဖြစ်လျက်ရှိသူမှာ ဘုရင့် စာဆိုတော် ရာဇဝတ်အကျဉ်းသားကြီး မောင်မောင်ငယ် သာ ဖြစ်လေသည်။

ရွှေဘုံရွှေနန်း ရွှေကြငှန်းနှင့် ရွှေနန်းကြီးသခင် ကျေးဇူးတော်ရှင်ဘုရားကို အားကိုး တသမှုသည် လည်းကောင်း၊ စေတနာရေယဉ်စီးသဖြင့် ကြိုးကြိုးစားစားကြီး ဆောင်ရွက်ပေးမိသည့် ခင်ခင်ကြီးအတွက် သူကလေး မှာ အပြစ်ရာဇဒဏ် လွတ်မြောက်ခါ စည်းစိမ်ချမ်းသာမပျက် နေထိုင်လျက် ရှိပြီဆိုသော သတင်းကို မိမိ မသေမီအတွင်း ကြားသိသွားလိုသော ဆန္ဒသည်လည်းကောင်း ထိုအကြောင်း နှစ်ရပ်အတွက်သာ ပြင်းပြင်းပြပြ တောင့်တမျှော်လင့်နေမိခြင်းမှ တစ်ပါး မောင်မောင်ငယ်မှာ အခြားသော စိတ်အာရုံဝင်စားမှုဟူ၍ မရှိတော့ပေ။ မိုးကောင်းဂန်မင်းက ထောင်အတွင်းပင် ဖြစ်သော်လည်း ချမ်းသာစွာ နေထိုင်ရန် ခွင့်ပြုထားသဖြင့် အနေအစား ချမ်းသာလျက် ရှိနေသည်ကိုပင် စိတ်မဝင်စားနိုင်အောင် ဖြစ်ရ တော့သည်။ မိုးကောင်းဂန်မင်း

www.burmeseclassic.com

www.burmeseclassic.com

မကြာမကြာ လာရောက်ကာ စားသောက်နေထိုင်မှု စိတ်တိုင်းကျရှိမရှိ မေးမြန်း စုံစမ်းကာ အစစအရာရာ အားပေးစရာများ ပြောကြားလာတိုင်းပင် မိမိအရေးထက် နေပြည်တော်မှ ဒိုင်းခင်ခင်ကြီး၏ သတင်းကို ကြားလိုကြောင်းသာ ပြောကြားလျက်ရှိတော့သည်။

မိုးကောင်းဂန်မင်းကလည်း "ကျွန်တော် ကြိုးစားလျက်ပါပဲ ကိုကြီးဖေ၊ ကိုကြီးဖေသိလိုတဲ့ ကိစ္စအရပ်ရပ်ကို ညီမောင်ကိုယ်စား ထပ်တူထပ်မျှ စိတ်ချရတဲ့လူတစ်ဦးအား စေလွှတ်ထားပါတယ်၊ လွှတ်လိုက်တဲ့ရက်များ အတန် ကြာသဖြင့် ပြန်လာချိန်လည်း နီးပါပြီ" ဟူသော အဖြေနှင့် မောင်မောင်ငယ်ကို နှစ်သိမ့် စေခဲ့ လေသည်။

မိမိကိုယ်ရေးကိုယ်တာ ဒုက္ခရောက်နေရာတွင် မိမိအရေးထက် သူတပါးအတွက် ပူပင် ကြောင့်ကြလျက် ရှိသည်ကို မောင်မောင်ငယ် အပေါ်တွင် မိုးကောင်းဂန်မင်းကပင် အားမလိုအားမရရှိလှသည်။ အကယ်၍သာ နေပြည်တော် က သတင်းရောက်လာလျှင်လည်း ခင်ခင်ကြီးအကြောင်း မကောင်းသတင်း ပါလာက လျှို့ဝှက်ဖျောက်ဖျက်ပြီး သတင်းကောင်းအဖြစ်နှင့် သူ၏ စိတ်သက်သာရာရရန် ကြံဖန် လီဆယ်၍ ပြောရ တော့ မည်ဟု စိတ်ကူး စီစဉ်ထားမိလေ၏။

သို့နှင့်ပင် တစ်နေ့သောအခါ၌ မိုးကောင်းမြို့ ကမ်းခြေသို့ လှေကြီးတစ်စင်း ဆိုက်ကပ်လာလေသည်။ ထိုလှေမှာ နေပြည်တော်မှ ဆန်တက်လာသော လှေဖြစ်၍ မိုးကောင်းဂန်မင်း စေလွှတ်လိုက်သူမှာ ထိုလှေ နှင့်ပင် လိုက်ပါလာလေသည်။ လှေမှာ နေပြည်တော်မှ ခါတိုင်းကဲ့သို့ အရပ်ရပ်ဆင့်ဆိုရသော မင်းကိစ္စနှင့် စပ်လျဉ်းသော စာချွန်တော်များ ရာဇဂတ်ကောင်များ စားနပ်ရိက္ခာများပါလာသည့်အပြင် ဗန်းမော်မြို့မှ အထူး ကိစ္စ တာဂန်နှင့် လိုက်ပါလာကြသော မင်းလုလင်များနှင့် အရာရှိတစ်ဦးပါ မိုးကောင်းဂန်မင်း အိမ်တော် သို့ ရောက်လာတည်းခိုကြလေသည်။

နေပြည်တော်မှ သတင်းများကို စိတ်ထက်သန်စွာ ကြားသိလိုသူ မောင်မောင်ငယ်အဖို့ အကောင်းမရှိ အဆိုးချည်း သက်သက်ဖြစ်သော သတင်းနှစ်ရပ်မှာ ထိုလှေကြီးနှင့် ထက်ကြပ်ပါခဲ့လေပြီ။ မိုးကောင်းဂန်မင်း စေလွှတ်သူ သည် နေပြည်တော်ရှိ မိုးကောင်းဂန်မင်း၏ ဆွေမျိုး မိသင်္ဂဟတို့ထံမှ စုံစမ်းကြားသိရသော သတင်းများအရ ဒိုင်းအတွင်းဂန်မင်းနှင့် အတွင်းဂန် ကတော်တို့ ကွပ်မျက် လိုက်ပြီဖြစ်ကြောင်းကို လည်းကောင်း၊ ရနောင်မြို့စား မောင်မောင်တုတ်မှာ အကျဉ်းထောင်ထဲတွင် သူ့ကိုယ်သူ ကတ်ကြေးပျက် နှင့်ထိုး၍ သေဆုံးသွားပြီ ဖြစ်ကြောင်းကိုလည်းကောင်း၊ ရနောင်မင်းသား ညီပင်းသာ မောင်မောင်ဖျောင်းမှာ ကံအား လျော်စွာ သတ်ရာတွင်မပါ၊ မိုးကောင်းပို့ရာတွင်လည်း မလိုက်ရ၊ နေပြည်တော် အကျဉ်းထောင်မှာ ကျန်ရှိ နေခဲ့ရသေးကြောင်းတို့ကိုလည်းကောင်း၊ ဒိုင်းခင်ခင်ကြီးကိုလည်း ကွပ်မျက်စေရန် အမိန့်ချပြီး၍ ယခုအချိန်၌ ကွပ်မျက်ပြီးလောက်ပြီဖြစကြောင်းကို လည်းကောင်း၊ ရွှေနန်းရှင်ဘုရားမှာ ကျန်းမာတော် မူလျက် ရေးအထက်ကကဲ့သို့ အရှင်နှစ်ပါး ဆယ့်နှစ်ရာသီ အလှူတော်များ ပျော်ပွဲသဘင် မင်းပွဲသဘင်

www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနား များ ထွက်တော်မူမြဲအတိုင်းပင် ထွက်တော်မူနေပြီ ဖြစ်ကြောင်း၊ ညီမတော် ရမည်းသင်း စုဖုရားကိုလည်း ဘုန်းတော်ကြီးဘုရားက သိမ်းပိုက်တော်မူကာ ကြည်သာရွှင်လန်းစွာ စံတော်မူလျက် ရှိကြောင်းများကို တစ်ဆင့်ပြောပြသော အခါ မိုးကောင်းဂန်မင်းမှာ မောင်မောင်ငယ်အတွက် ကြားရချက် မသက်သာလှသော သတင်းများသာ ဖြစ်သောကြောင့် ပြောရမည်ကို စိတ်မကောင်းဖြစ်ရပြန်သည်။ ထို့ကြောင့် မူလစီစဉ် စိတ်ကူးထားချက်အရ ထိုသတင်းများကို ဖုံးဖိထားပြီး နားဝင်ချမ်းသာစေမည့် စကားလောက် ကိုသာ မှသားလွတ်ပြောကြားပါတော့မည်ဟု ပိုင်းဖြတ်ထားလေ၏။

သို့ရာတွင် ထိုထက်ဆိုးသော သတင်းတစ်ရပ်မှာကား ဗန်းမော်မြို့မှ မင်းမှုထမ်းများ ရောက်လာကြသော ကိစ္စဖြစ်လေ၏။ မိုးကောင်းဂန်မင်းသည် ၎င်းအရာရှိများ လာရောက်ကြသည့် ကိစ္စကို ဂတ္တရားအရ မေးမြန်း စုံစမ်းသော အခါ -

နေပြည်တော်ကြီးမှ ဗန်းမော်ဂန်ထံသို့ သံကြိုးနှင့် ပို့လိုက်သော အမိန့်တော်အရ ဗန်းမော်ဂန်က မိမိတို့ကို စေလွှတ်လိုက်သဖြင့် မိုးကောင်းမြို့သို့ ရောက်လာရကြောင်း၊ လာကြသော အကြောင်းကိစ္စမှာ နေပြည်တော်မှ မိုးကောင်းအကျဉ်းထောင်သို့ လွန်ခဲ့သော သုံးလေးလခန့်က ပို့လွှတ်ထားသော ရာဇဝတ်သား များအနက်မှ သုတ်သင်ကွပ်မျက်ရန် ပါလာသော ရာဇဝတ်သား ငဖေငယ်အား သုတ်သင် ကွပ်မျက်ခြင်း ပြုပြီးကြောင်းများ ယခုတိုင် အစီရင်ခံစာ မရသေးသဖြင့် ဗန်းမော်ဂန်က တာဝန်ခံ၍ သွားရောက်ခေါ်ယူပြီးလျှင် ဗန်းမော်စစ်တပ်၌ အပြီးပိုင်သတ်ဖြတ် သုတ်သင်ရမည်ဟူသော အမိန့်တော်အရ ရာဇဝတ် အကျဉ်းသားကို ခေါ်ယူရန် လာရောက်ကြရကြောင်းများ၊ ပြောပြကြသောအခါ မိုးကောင်း ဂန်မင်းမှာ မိမိပါ ရာဇဝတ်မကင်း ဖြစ်ရတော့မည်လားဟု တုန်လှုပ်ခြင်း ဖြစ်သွားမိလေသည်။

သို့ရာတွင် ကျေးဇူးရှင် မောင်မောင်ငယ်အတွက် မိမိတတ်နိုင်သည့်ဘက်မှ ကျေးဇူးပြုရခြင်းကြောင့် မင်းပြစ် မင်းဒဏ် ခံရသည်တိုင်အောင် ကျေးဇူးဆပ်ရန် စေတနာသန်လျက် ရှိသဖြင့် စိုးရိမ်သင့်သလောက် စိုးရိမ်ခြင်း မဖြစ်တော့ပေ။ ဤသတင်းဆိုးတွေကို မောင်မောင်ငယ်အား အဘယ်ပုံ ပြောကြားရမည်ဆိုသော အရေး ကိုသာ တွေး၍ စိတ်မချမ်းသာဖြစ်မိရာသည်။ လာရောက် တည်းခိုသော မင်းမှုထမ်းများကိုလည်း များစွာ လောကဝတ်ကျေစေလျက် ၎င်းတို့ နှစ်သက်သော အရာများနှင့် လေးစားစွာ ဧည့်ဝတ်ပြုလေလျှင် မိုးကောင်း ဂန်မင်းမှာ အာဂန္တုမင်းမှုထမ်းတို့၏ ချစ်ကြည်လေးစားခြင်း ခံရရုံမက အကြောင်းပေါင်းများစွာ သင့်သွား ကြတော့သည်။

"အစ်ကိုတို့ကလည်း ဒီရာဇဝတ်ကောင်ကို စီရင်ဖို့ကိစ္စနဲ့ နေပြည်တော်က အမိန့်တော်များ နောက်ထပ် ရောက်လာ ဦးမလားလို့ စောင့်စားနေမိတာနဲ့ ယခုလောက် ကြန့်ကြာသွားရပါတယ်။ မောင်တို့ အထင် မမှားပါနဲ့၊ ဗန်းမော်မြို့ဂန်ဖြစ်တဲ့ နောင်ကြီးထံသို့ အစ်ကိုပါ မောင်တို့နဲ့အတူ လိုက်လာပြီး

www.burmeseclassic.com

ဒီရာဇဝတ်သား ကို အပ်ပါမည်" ဟု ပြောဆိုထားပြီးလျှင် မိုးကောင်းမြို့မှ ဗန်းမော်မြို့ စုန်ဆင်းရန် လှေသဗ္ဗာန်များ အလျင် အမြန် ပြင်ဆင်ကြရန် မင်းမှုထမ်းများရှေ့တွင် ဆင့်ဆို စီမံထားလေ၏။

မိုးကောင်းဂန်မင်းမှာ ဧည့်သည်များကို စားဖွယ်သောက်ရန် စီမံခင်းကျင်း ကျွေးမွေးခြင်း ပြုထားခဲ့ပြီး အကျဉ်းထောင် ထဲသို့ အမှတ်မထင် ထွက်လာခဲ့လေသည်။

"ကိုကြီးဖေရေ နေပြည်တော်ကလွှတ်လိုက်တဲ့လူ ပြန်ရောက်လာပြီ ကိုကြီးဖေရဲ့"ဟု ဂမ်းသာရွှင်ပြသော မျက်နှာနှင့် ကြိုးကြိုးစားစား ဟန်လုပ်ကာ ပြောလိုက်ရတော့သည်။

"ပြောစမ်းပါဦး ညီမောင်ရယ်၊ ဘယ်လိုသတင်းများ ပါလာသလဲ" ဟု စိတ်အားထက်သန်စွာမေးလျှင် -

"ကိုကြီးဖေ ထင်သလို သူတို့ ဒုက္ခရောက်ပုံမရပါဘူး၊ ရွှေနန်းရှင်ဘုရားလည်း ကျန်းကျန်းမာမာနဲ့ အလှူတော် ကြီးများပေးလျက် မင်းပွဲသဘင်၊ ပျော်ပွဲသဘင်များ ထွက်တော်မူနေပါသည်တဲ့၊ နောက် တစ်ချက် ထူးခြားတဲ့ ကိစ္စတစ်ရပ်ကတော့ ရွှေနန်းရှင်ဘုရားနှင့် မိဖုရားခေါင်ကြီးများ ပွဲသဘင် အခမ်း အနား ထွက်တော်မူလေတိုင်း အင်မတန် ချောမောပြေပြစ်တဲ့ မိဖုရား အသစ်ကလေးတစ်ပါးလည်း အရှင်နှစ်ပါး ၏ အပါးတော်က အမြဲပါလျက် တွေ့မြင်ကြရပါသည်တဲ့၊ ကိုကြီးဖေ ပြောပြောနေတဲ့ ဒိုင်းခင်ခင်ကြီး ဆိုတာနှင့်ပဲ တူပါရဲ့" ဟု အမှတ်မဲ့ အရေးမကြီးသလို ပြောလိုက်လေသည်။

မိုးကောင်းအကျဉ်းထောင်သို့ ရောက်လာသည့်နေ့ကစ၍ ရာဇဝတ်မှု ရောက်နေရသော ဒုက္ခသည် ပီပီ ဘယ်ဆီဘယ်အခါမှ ရွှင်ပျသာယာစွာ မရှိခဲ့ဖူးသော မောင်မောင်ငယ်၏ မျက်နှာမှာ မိုးကောင်းဂန်မင်း ပြောလိုက်သော မုသားလွတ်သတင်းစကားကြောင့် ဘွားခနဲ မျက်နှာရွှင်လန်းလာလေသည်။

"အို ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ချောချောလှလှ မိဖုရားကလေးဆိုသည်မှာ ကိုကြီးနှမကလေး ဖြစ်မှာပါပဲ၊ ရွှေနန်းရှင်ဘုရားလည်း ကျန်းမာတော်မူလာပြီတဲ့လား ညီမောင်ရဲ့၊ ဂမ်းသာလိုက်တာ ညီမောင်ရယ်၊ သြော် ... ခင်ခင်ကြီး ခင်ခင်ကြီး ယခုလို တင့်တင့်တယ်တယ် ဖြစ်သွားသည်လို့ ကြားရတော့ အစ်ကိုတို့ ကြိုးစား ရကျိုး နပ်တာပါပဲ၊ အစ်ကိုတော့ သေမယ်ဆိုလည်း သေပျော်ပါပြီ ခင်ကြီးရယ်" ဟု ဂမ်းသာဂမ်းနည်း မျက်ရည် လည်ရွဲကြီးနှင့် လွှတ်ခနဲ ပြောလိုက်သည်။

အနီးအပါးက မိုးကောင်းဂန်မင်းသည် စိတ်တွင်းက မကောင်းလှဘဲ မောင်မောင်ငယ်၏ အကဲကို ခတ်လျက် ရှိလေ၏။ သေရမဲ့ဆဲဆဲ ခများမှာ ဂမ်းသာတဲ့စိတ်နှင့်သာ သေရာပါစေတော့လေဟု သေရာမှာ အယူ မဖြောင့်မည့် သတင်းဆိုးများကို ကြိုးကြိုးစားစား ထပ်မံဖုံးအုပ် ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သတ္တဂါတစ်ခု ကံတစ်ခုဆိုတဲ့ စကားအရှိသားပဲ ကိုကြီးဖေရယ်၊ ကောင်းစားထိုက်တဲ့ ကုသိုလ်ကံ ပါလာသူ များဟာ မကောင်းစားဘဲနဲ့ မသေနိုင်ပါဘူး၊ ကိုင်း ... ကိုင်း စိတ်အေးလက်အေးထားပြီး ကိုကြီး အတွက်သာ စိတ်ချမ်းသာ အောင်နေပေါ့" ဟု သက်သာအောင် ဖြည့်စွက်လိုက်ပြန်သည်။

"ညီမောင်ရယ် ကိုကြီးသိလိုတဲ့ သတင်းကို ဆောင်ကြဉ်းပေးတဲ့အတွက် ညီမောင့် ကျေးဇူးကြီးပါပေတယ်၊ ဘယ်တော့မှ မမေ့ပါဘူး" ဟု ဂမ်းသာဖွယ်သတင်းကို ဆောင်ကြဉ်းပေးသည့် အတွက်ပင် ကျေးဇူးတင် စကား ပြောကြားလိုက်ပြန်ရာ မိုးကောင်းဂန်မင်းမှာ ကြာလျှင် ဣန္ဒြေပျက်မည်စိုးသောကြောင့် ချက်ချင်းပင် ပြန်လာ ချင်တော့သည်။ သို့ရာတွင် အမှူင်မပြတ် သေးသော ကိစ္စတစ်ရပ်က ကျန်နေသေးသည်။ မောင်မောင်ငယ် ကို နက်ဖြန်ပင် ဗန်းမော်သို့ ပို့ရတော့မည်ဖြစ်ရာ ထိုသတင်းကိုလည်း တစ်လက်စတည်း ပြောထား လိုက်ချင်သေး သည်။ ဟုတ်မှန်သည့်အတိုင်း ဖွင့်ပြောရမည်မှာ နှုတ်မှ စကားမထွက်ရက်အောင် ရှိသော်လည်း သူသွားရမည့်ခရီးကို ကြိုတင်အသိပေးထားခြင်းဖြင့် စိတ်သက်သာမှု ရရှိစေခြင်းငှာ -

"ဒါနဲ့ ကိုကြီးဖေကို နက်ဖြန် ဗန်းမော်မြို့ကို ပို့ရပါမယ်တဲ့၊ ကျွန်တော့်သဘောတော့ ဗန်းမော်မြို့မှာ မိုးကောင်း မြို့ထက် နေပြည်တော်ကြီးနဲ့နီးတဲ့အတွက် အဆက်အသွယ် သတင်းစကားများကို ပိုမို လျင်မြန် စွာ ကြားနိုင်ပါတယ်၊ နေပြည်တော်နှင့် သတင်းအပေးအယူပြုရန် သံကြိုးကြေးနန်းများ သွယ်တန်း ထားရှိသော မြို့ဖြစ်သည့်အတွက်လည်း ပို၍ နှစ်သက်ဖို့ ကောင်းတယ် ထင်ပါတယ်"

ဟု ပြောလိုက် လေသည်။

"အို ... ညီမောင်ရယ်၊ ကိုကြီးဖေ ဘယ်မှာနေရသည်ဖြစ်စေ အရေးမကြီးပါ၊ ခင်ခင်ကြီး ကောင်းမွန် ချမ်းသာ စွာ နေရတဲ့ သတင်း ကြားရပြီးတဲ့နောက် အဖို့မှာတော့ ဘာမှ မလိုပါဘူးလေ၊ ခေါ်လိုရာ ခေါ်ထားပါစေ"

ဟု ကျေကျေနပ်နပ် ပြောလေသည်။

"ဗန်းမော်ထောင်ကို ပြောင်းရတဲ့အတွက် ကိုကြီးဖေ စိတ်မကောင်းမည် စိုး၍ ပြောပါသည်။ ညီမောင် ကလည်း ကိုကြီး တစ်ယောက်တည်း မလွှတ်ပါဘူး၊ အတူလိုက်လာခဲ့ပါဦးမယ်" ဟူသော မယုတ်မလွန် စကား ဖြင့် အသိပေးထားလိုက်လေ၏။

မိုးကောင်းဂန်မင်းမှာ မောင်မောင်ငယ်အား မသေမီ နားမချမ်းသာဖွယ်ဖြစ်သော စကားများကို မကြားစေခြင်းက သူ့အဖို့ ဘာဂကုသိုလ်ဖြောင့်ရှာမည်။ သူ့ကျေးဇူးကို ဤနည်းနှင့်သာ ဆပ်စရာရှိတော့သည်ဟု ရည်ရွယ် ထားသည်။ ထို့ကြောင့်ပင် မိုးကောင်းမြို့မှ ဗန်းမော်မြို့သို့

www.burmeseclassic.com

www.burmeseclassic.com

စုန်ဆင်းလာသည်အထိ မောင်မောင်ငယ် မှာ ခင်ခင်ကြီး မိဖုရားဖြစ်နေရှာပြီ ဟူသော ယုံကြည်မှုကြောင့် နှစ်သိမ့်ကျေနပ်နေသော မျက်နှာထား ကိုသာ တွေ့မြင်လာရလေသည်။

မိုးကောင်းမြစ်ရေယဉ်သည် လျင်လျင်စီးလျက်ရှိသောကြောင့် လှေသမ္ဗာန်များ ဆန်တက်ရာ၌ အင်တိုက် အားတိုက် ကြိုးစားရသလောက် ရေစုန်မြောရသောအခါမူကား ဒရောသောပါး လိုမ့်ချလာသည်နှင့်မခြား ရက်တိုတို နှင့် ဗန်းမော်မြို့ကို ရောက်ခဲ့လေပြီ။

ဗန်းမော်ဂန်မင်းလက်သို့ မိုးကောင်းဂန်မင်းကိုယ်တိုင် မောင်မောင်ငယ်ကို ပို့အပ်ရောက်လာ၍ မျက်နှာစုံညီ ရှိနေသောအခါမှာမှ မောင်မောင်ငယ်မှာ မိမိကို သုတ်သင်ကွပ်မျက်ရန် ဗန်းမော်မှ လာယူကြကြောင်း သိရတော့ သည်။ သို့ရာတွင် မောင်မောင်ငယ်ကား ပူပင်ထိန်လန့်မှုများ မဖြစ်ဘဲ ရှိလေ၏။ မိမိ အကြံအစည် အောင်မြင်၍ ခင်ခင်ကြီးကို ချစ်စေတနာအလျောက် ချီးမြှောက်လိုက်ရပြီးသော နောက်အနာဂတ် အဖို့မှာမူကား မိမိအတွက် လောကကြီးအတွင်းတွင် အသက်ရှင်လျက် နေရပါငြားလည်း သေသူနှင့် မခြားတော့ဟု မှတ်ထင်ထားပြီး ဖြစ်သဖြင့် သံကြိုးနှင့် အမိန့်ချသောကြောင့် ဗန်းမော် အကျဉ်းထောင် က သုတ်သင်ကွပ်မျက်ရန် လာရောက်ခေါ်ယူသည်ဆိုသော စကားကို မောင်မောင်ငယ်က အရေး မထားတော့ပေ။

"ကောင်းပါပြီလေ၊ အမိန့်အတိုင်းသာ ပြုပါလေတော့၊ သို့ရာတွင် ကိုကြီးဖေ သေခါနီးမှာ ညီမောင် အနားက ရှိစေ ချင်ပါတယ်၊ မှာလိုရာကလေး မှာခဲ့ပါရစေ" ဆိုသော လိုလားချက်တစ်ခုကိုသာ တောင်းပန်သဖြင့် ဗန်းမော် ဂန်မင်းက ခွင့်ပြုလိုက်ရလေသတည်း။

ဗန်းမော်မြို့ ပတ်ဂန်းကျင်ကား လားဂန်တင်တို့ဖြင့် ကူးသန်းသွားသခြင်းဖြင့် ပရိယေသနရှာဖွေ လုပ်ကိုင် စားသောက်သူများ နေထိုင်ရာဌာန ဖြစ်သောကြောင့် နေထွက်က နေဂင် တချွင်ချွင်မြည် သောဂန်တင်လား တိရစ္ဆာန်တို့၏ ချူဆည်းလည်းသံ ခလောက်သံများမှာ ငြီးငြီးညံမျှ ကြားနေရတော့သည်။

တောတောင် စိမ့်စမ်းများလည်း ထူပြော၍ အေးချမ်းစိုစွတ်လျက်ရှိသော ရာသီဥတု၏ ဖုံးလွှမ်းမှုကို အမြဲလိုလို ခံနေရသော ဌာနဖြစ်သဖြင့်လည်း မြို့သူမြို့သားတို့မှာ ထူထဲသော ဂွမ်းအင်္ကျီ၊ ဖျင်အင်္ကျီ ဂတ်စုံများကိုသာ ဂတ်ရုံ အားပြုထားကြရလေသည်။ မြန်မာနှင့် မိုင်းသား၊ လီရှော၊ ရှမ်းတရုတ်တို့ ရောနှောနေထိုင်ကာ အေးချမ်းငြိမ်သက်စွာ လုပ်ကိုင် ရောင်းဂယ်စားရာ ဒေသဖြစ်သော်ငြားလည်း နယ်ခြားဒေသနှင့် နီးစပ်သဖြင့် မြန်မာဘုရင်၏ ခံတပ်ကြီးများ ဆောက်လုပ်ထား၍ များစွာသော စစ် တန်းလျား များတွင် စစ်သည်ရဲမက်တော်၊ အမှုထမ်းတွေ အများအပြား နေထိုင်ရာ မြို့ကြီးတစ်မြို့လည်း ဖြစ်လေ၏။ ဗန်းမော်ခံတပ်ကြီးမှာ နေပြည်တော်နှင့်လည်း သံကြိုးကြေးနန်းများ

www.burmeseclassic.com

www.burmeseclassic.com

သွယ်တန်းထားရှိခြင်းဖြင့် တစ်နေ့တည်းနှင့် အရေးကြီးသော သတင်းများ၊ အမိန့်များကို ကြားသိစေရလျက် သွက်လက် ကျင်လည် သော မင်းမှုထမ်းများအပေါ်တွင် ဇန်းမော် ဂနမင်းဦးဆောင်ကာ စစ်ဗိုလ်စစ်ကြပ်တို့ ကွပ်ကဲအုပ်ချုပ်ခြင်းဖြင့် နယ်စပ ်နယ်ခြားတို့မှ ရှိသေခဲ့ညားခြင်းကို ခံယူရလေ၏။

နေစက်ဝန်းသည် အနောက်သို့ ယွန်းစပြုနေချိန် ဖြစ်လေသည်။ အနောက်မှ ရောင်ပြန်ဟပ်လျက်ရှိသော နေခြည်တန်းမှာ အရှေ့ဘက်ဆီမှ မြူမင်းလွင်ဆိုင်းလျက်ရှိသော ကုန်းမို့မို့ ဒေသရှိ ကြီးမားသော စကြာသုံးထပ်နှင့် အဆောက်အဦးကြီးများကို ပိုမိုထင်ရှားအောင် ညွှန်ပြထားကဲ့သို့ ရှိလေသည်။ တစ်ခါ တစ်ခါမှာလည်း အဆောက်အဦးကြီး၏ အထက်တွင် တပ်ဆင်ထားသည့် ဒုယင်စွန်းများမှ ဝင်းဝင်းဂါဂါ ရွှေရောင်များ ဖြာထွက်နေသော မြန်မာဘုရင်၏ ခံတပ် စစ်တန်းလျားကြီးများကို တွေ့ရသောသူများမှာ ရွှေနန်းတော်ကြီးကို ပြေး၍ ထင်မြင်မိစေတော့သည်။

ကုန်းပြင်မြင့်ရှိ ခံတပ်ကြီးပတ်လည်တွင်လည်း ကျင်းမြောင်းခလုတ်၊ ကတုတ်ရင်တားများနှင့် လက်နက် ခဲယမ်း မီးကျောက်ထားသိုရာ လက်နက်တိုက်များ စစ်မှုထမ်းတို့ နေထိုင်ရန် တဲအိမ်ကန္နား အဆောက် အဦးများလည်း ခံတပ်ကြီး၏ အနီးတစ်ပိုက်တွင် အလိုက်သင့် အစီအရီ တည်ရှိနေကြလျက် အဆိုပါ ခံတပ်ကြီး၏ မြောက်ဘက် ခင်တန်း အဆွယ်ကလေးအပေါ်တွင်မူကား ယနေ့ နေမဝင်မီ သုတ်သင် ကွပ်မျက်ရမည့် ရာဇဝတ်သင့်သူ အကျဉ်းသား ဘုရင့်စာဆိုတော် တောင်သမန် လယ်စားကြီး စီးတော်မြင်းဂန်၊ ရွှေတိုက်စိုး စသော ရာထူးဂုဏ်ထူးဟောင်းများ စွန့်လွှတ်ခဲ့ရသော မောင်မောင်ငယ် (ဦးဖေငယ်) အား လက်မရွံ့ အာဏာသားတစ်စုတို့ သုတ်သင်ကွပ်မျက်တော့မည်ဟု ပိုင်းရံနေပြီ ဖြစ်လေ၏။

မိုးကောင်း ဂန်မင်းမှာ သံယောဇဉ် မကင်းတရားကြောင့် မောင်မောင်ငယ် အပါးတွင် မှာထားလိုသော စကားများ နားထောင်ရန် ရောက်နေလေရာ သေရမည့်ဆဲဆဲ ဖြစ်နေသူ မောင်မောင်ငယ်ထက်ပင် မျက်နှာ ညှိုးနွမ်း နေလေတော့သည်။ "ညီမောင် ကိုကြီးဖေအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ တစ်ဘဝ တစ်ခါ သေရမည့် သူချည်းဖြစ်ပါတယ်၊ ကိုကြီးဖေကို ညီမောင် သနားကြင်နာပါက ကိုကြီးဖေ သေခါနီး မှာကြား ခဲ့သမျှကိုသာ ဆောင်ရွက်ပါလေတော့"ဟု ပြန်၍ ဖျောင်းဖျ လိုက်ပေသေးသည်။

စီရင်မည့် ထောင်မှူးအာဏာသားတို့ကား အနီးအပါးမှ ဓားတသသ ဖြစ်နေကြသည်။

"ညီမောင်ရယ်၊ ပုရပိုက်ငယ်တစ်လွှာနဲ့ ကန့်ကူဆံတစ်ချောင်းသာ အမြန်ရှာပေးပါ၊ ကိုကြီးဖေ ရေးသားလိုရာ ရေးခဲ့ပါရစေ" ဟု တောင်းဆိုမှုကြောင့် မိုးကောင်းဂန်မင်းက မောင်မောင်ငယ်

www.burmeseclassic.com

www.burmeseclassic.com

အလိုရှိသော အရာကို အမြန်ရှာ၍ ပေးရလေသည်။ မောင်မောင်ငယ်မှာ လောလောဆယ်ဆယ် မိမိ သေရမည့်အရေးကို မတွေး မိသည့် အလား အေးချမ်းငြိမ်သက်သော မျက်နှာထားနှင့် ရေးလိုသောမှာစာများကို ရေးသား နေလေ သည်။

နေမင်းသည် အနောက်စကြာဝဠာတွင် မေးတင်လျက်ရှိလေသည်။ ထောင်မှူးနှင့် ငယ်သားတို့သည် မောင်မောင်ငယ်အား ဆွဲငင်လျက် သူသတ်စင်သို့ တင်ထားလေပြီ။ မိုးကောင်း ဂန်မင်းမှာ နောက်ဆုံး အဖြစ်အပျက်ကို မကြည့်ရက်ရှာတော့သဖြင့် မောင်မောင်ငယ်ပေးခဲ့သော ပုရပိုက်လွှာကလေးကို ယူကာ မျက်နှာလွှဲခဲ့ပြီး ခံတပ်ကြီးဆီသို့ ပြန်တက်လာလေ၏။

ကညင်ဆီ မီးတိုင်အလင်းတွင် လက်တွင်းကပါခဲ့သော ပုရပိုက်လွှာကို အသာငုံ့ကြည့်မိသည်။ "ညီနောင် ကိုကြီးဖေအတွက် နောက်ဆုံးဆောင်ရွက်ခြင်းအဖြစ်နဲ့ သည်အလွှာကလေးကို မိဖုရားဖြစ်သူ အစ်ကို နမချစ် ကလေး ဗိုင်းခင်ခင်ကြီးလက်သို့ ရောက်တဲ့နည်းနဲ့ ပို့ပေးပါ ညီမောင်ရယ်" ဟု ထောင်သားများ ဆွဲယူ သွားရာမှ လှည့်ကာလှည့်ကာ အထပ်ထပ် မှာခဲ့ရှာသော မောင်မောင်ငယ်၏ အသံကို အပြန်ပြန် အခါခါ ကြားယောင်ကာနေတော့သည်။

ယခုအခါ ဗိုင်းခင်ခင်ကြီးမှာ လူ့လောကကြီးတွင် အသက်ရှင်လျက် ရှိရှာတော့သည် မဟုတ်ကြောင်း၊ မိုးကောင်းဂန်မင်း ကောင်းစွာ ကြားသိပြီးဖြစ်သည်။ ငါသည် သေမည့်ဆဲဆဲ လူကို လိမ်မိခြင်းမှာ မှားလေပြီလား၊ ဒီစာလွှာကို ငါ တကယ်မပို့နိုင်ပါဘဲနှင့် ယူလိုက်မိခြင်းမှာ သာ၍ အပြစ်လေးနေမည်လားဟု စဉ်းစား ကာ ကြက်သီးဖြာခနဲ ထလာမိလေသည်။ သူ့ခမျာ ဘယ်လိုများ ရေးသားမှာ ကြားခဲ့ လေသည်မသိဟု စာလွှာကို ငုံ့၍ ဖတ်ကြည့်မိသောအခါ -

တေးထပ်

ချစ်ရသူခင်ခင်ငဲ့၊ ဘဂင်မြင့်သည်ညှာ၊ ဆင်မသင့်ခက်ပါသည်၊

သက်သာရာမ့ရ ။ ။ သည်ကိုဖြင့် တိမ်းခဲ့ချော်ပြီ၊ စိမ်းနဲ့နော်

ဘုန်းခင့်လာပ။ ကလာပ်စုရုပ်ကြွင်းကို ပြုတ်ယွင်းယိုကာလ။ ။ ဖုတ်

သင်္ဂြိုဟ်ရျာပန၊ ပြာကျမှုပြန်ပါ။ ။ ဂဇီရာစိန်သံလျှင်းငယ်နှင့်

တရှိန်ချင်း လှမ်းချင်လို့မှာ ။ ။ ဂတ်ိဆင်း နန်းကိန္နရာလို လျှမ်း

www.burmeseclassic.com

www.burmeseclassic.com

ထိန်ဂါဝေဂင်းနှင့်၊ ရွှေပယင်းငွေလက်တော်၊ ဘုန်းကိုင်ခဲ့နော် ။ ။

အသုဘာကမ္ဘဋ္ဌာန်းတော်ကို ကြဋ္ဌာန်းပျော် အိုရှုလှည့်လေး။

ဟူ၍တွေ့ရလေသည်။ မိုးကောင်းဂန်မင်းက သာ၍စိတ်မချမ်းမသာ ဖြစ်ပြန်သည်။ မိမိက သေမည့်ဆဲဆဲ လူကို စိတ်မချမ်းသာမှု ထပ်၍ မဖြစ်စေရန် စေတနာကောင်းနှင့် ကြံဖန်လှည့်ဖျားလိုက်မိခြင်းကြောင့် မောင်မောင်ငယ်မှာ သူ၏ တစ်သက်တာတွင် ရည်ရွယ်ချက်နှင့် အကြံကြီးအောင်မြင်သွားခဲ့ပြီဟု အထင်မှား သွားရှာသည်။ သူအလွန်လျှင် ကောင်းစားကြီးပွားစေချင်သော ဒိုင်းခင်ခင်ကြီးအား သူ၏ ရည်သန်သော စေတနာ စိတ်ထားအတိုင်း မိဖုရားတစ်ပါး အဖြစ်နှင့် ပျော်ရွှင်ချမ်းသာစွာ နေရရှာလေပြီဟု ယုံကြည်မှု ရှိသွားသဖြင့်သာ သူ၏ ရုပ်အလောင်းကို ခင်ခင်ကြီးကိုယ်တိုင် ရောက်လာသဂြိုဟ်ပါရန် စာလွှာတမန် ရေးသား ၍ မှာကြားခဲ့ရှာခြင်းဖြစ်သည်။

ယခုမူ သူ၏ ဆန္ဒအတိုင်း ဤတေးထပ် မှာတမ်းကလေးကို ယူဆောင်သယ်ပို့ကာ ခင်ခင်ကြီးရှိရာသို့ သွားရောက် ပေးပို့ရန် မဖြစ်နိုင်တော့ပြီတကားဟု စဉ်းစားတွေးတောပြီး ယောကျ်ား ရင့်မာကြီး ပင်ဖြစ်လျက် မျက်ရည် များ ဝဲလာမိတော့သည်။

သို့ စိတ်ထိခိုက်မှုများကြောင့်ပင် မိုးကောင်းဂန်မင်းသည် ဘုရင့်စာဆိုတော် ပညာရှိပုဂ္ဂိုလ်တစ်ဦး သေအံ့မူးမူး အခါ၌ မထိတ်မရွံ့ သူရသတ္တိနှင့် ယှဉ်သော အာဇာနည်စိတ်ထားဖြင့် ရိုးသားမြင့်မြတ်စွာ ချစ်ခင်သူ တစ်ဦးအတွက် နောက်ဆုံးရေးသားပေးခဲ့သော ဤတေးထပ်မှာတမ်းကို အလဟဿ အချည်းနှီး ပျောက်ပျက် တိမ်မြုပ်ခြင်း မဖြစ်စေရအောင် နေပြည်တော်သို့ရောက်အောင် ယူဆောင် သတင်းပို့ သွားမည်။

ဒိုင်းခင်ခင်ကြီး လက်သို့ မအပ်နိုင်လင့်ကစား ဤလောကကြီးတွင် မိမိချစ်သူနှင့် အရှင်သခင်တို့အတွက် အရှုံး ဘက်ကနေ၍ အမှုထမ်းသွားရရှာသူ စာဆိုတော် တောင်သမန်လယ်စားကြီး ဦးဖေငယ်၏ နောက်ဆုံး လက်ရာ ဖြစ်သော ဤကဗျာ အတ္တုပ္ပတ္တိကို နောင်လာနောက်သားတို့ တစ်ဆင့်တစ်နား ပြန့်ပွား တည်ရစ် စေရန် ရွှေနန်းတော်သူ ရွှေနန်းတော်သားတို့ နှုတ်ဖျားသို့ လျှို့ပုက်စွာ သတင်းပို့ တော့မည်ဟု ခိုင်မြဲ တည်ကြည် စွာ သန္နိဋ္ဌာန် ချလိုက်လေသတည်း။ ။

ဤတွင် စာဆိုတော်ဂတ္ထုကြီး၏ ဇာတ်လမ်းဆုံးခန်းရောက် ရေးသားပြီးစီးလေပြီ။

www.burmeseclassic.com